နားစွင့်ကြားဟန် ရင်ခုန်သံ

နူးညံ့စိတ်ထား နှလုံးသား

သင့်လူ

အကျဉ်းစံ နှလုံးသား

whisper of words


သင့်လူ
နားစွင့် ကြားဟန် ရင်ခုန်သံ
Jan-Philipp Sendker
WHISPER OF WORDS
the Art of Hearing Heartbeats

ဂျူလီယာ၊ တင်ဝင်း၊ မိမိ၊ နုနု၊ သားသားနှင့် ဆန်ကာ

ခပ်ပေါ့ပေါ့သာ ထင်ခဲ့မိသည်လေ။ ဂျာမန်စာရေးဆရာ ယန်းဖိလစ်ဆန်ကာ၏ မြန်မာပြည်နောက်ခံ ဆွတ်ပျံ့ဖွယ် အချစ်အကြောင်း ရေးဖွဲ့ထားသည်ဆိုသော နှစ်အုပ်တွဲ စာအုပ်ကြီး လက်ထဲ ရောက်လာစဉ် ကပေါ့။ ဆွတ်ပျံ့ တာတွေ၊ လွမ်းမောတာတွေက စိတ်ပင်ပန်းစရာမို့ အစေးမကပ်လှ။ မြန်မာ ပြည်အကြောင်းဆိုတော့ လုပ်စားကိုင်စား မြန်မာပြည်နောက်ခံ ဝတ္ထုများ ပေါ်များလှသည့် ခုချိန်ကာလသမယမှာ ခွင့်သာခိုက် အလိုက်သင့် စီးမျော လေသလားဟုလည်း ထင်မိသေးသည်။ သို့သော် စာရေးဆရာ ကိုယ်တိုင် ဘာသာပြန်ဖို့ ရက်ရက်ရောရော ခွင့်ပြုခဲ့သည့် အပြင် အာမဘာန္တေတွေ လည်း ခံခဲ့ပြီးဖြစ်သည့် စာအုပ်တွေက လက်ထဲရောက်နေပြီ။ စာအုပ်အထူ ကြီး နှစ်အုပ်ကို ကြည့်ကာ ရင်တော့အမောသား။

သကြ်န်ပိတ်ရက်မတိုင်ခင် ပထမအုပ်ကို အပြီးဖတ်လိုက်သည်။ နယူးယောက်မှ သည် ကလောဆီသို့ တဖြည်းဖြည်း နူးညံ့ညင်သာစွာ ရွေ့လျား လာသော ဇာတ်အရွေ့ကို သတိပြုမိသည်။ အစပိုင်းမှာ ပျင်းစရာ အသွင် ဆောင်သည့် လောကီထုပ္ပတ် လူတို့ ဇာတ်သည် တဖြည်းဖြည်းနှင့် ဆန်းကြယ်လာခဲ့သည်။ စာရေးဆရာ ပေးထားသော အင်မတန်ရိုးသည့် တင်ဝင်း၊ မိမိ၊ ဦးဘစသည့် မြန်မာအမည်များ ၏ သာမညောင်ညဖြစ်မှုတို့ ပျောက်ကွယ်ကာ မိဘနှစ်ပါး၏ ပေယျာလကန် စွန့်ပစ်ခြင်းကို ခါးစည်းခံခဲ့ ရသော၊ အမြင်အာရုံ မှေးမှိန်ကွယ်ပျောက်ကာ ဒုက္ခပင်လယ် ဝေခဲ့ရသော၊လူ့ဘဝ ဖြစ်တည်မှုကို သာသနာ့ဘောင်မှာ အဖြေရှာသော်လည်း ရေသာ များ ၍ ငါးမတွေ့ခဲ့သော တင်ဝင်းဆိုသည့် ကောင်လေးတစ်ယောက်နှင့် မွေးရာပါ ခြေခွင်နေသည့် စိတ်နှလုံးလှသည့်၊ အသံသာလွန်းသည့် မိမိအမည်ရှိ ကောင်မလေး တစ်ယောက်တို့ ၏ လွမ်းမောဖွယ် အဖြစ်သနစ်တို့ က အားကောင်းစွာ လွှမ်းမိုး လိုက်သည်။

နယူးယောက်မှ နာမည်ကျော် ရှေ့နေကြီးမစ္စတာတင်ဝင်း ရုတ်တရက် ပျောက်ဆုံးသွားမှု ကြောင့် ဖခင်ကို ချစ်လှသော သမီးငယ် ဂျူလီယာဝင်းက ဖခင်ခြေရာကောက်ရင်း သူ့ဖခင် ဇာတိမြေ ကလောသို့ ရောက်လာ၊ မိုးပေါ် က ကျလာသလို အဘိုးကြီး ဦးဘနှင့် ဘွားခနဲတွေ့၊ ငယ်နုသော တင်ဝင်းနှင့် မိမိတို့ ၏ အတိတ်ဆီ တစ်ဆင့်ချင်း တစ်ရစ်ချင်း ဆွဲ၍ ခေါ်။ ရုံးပိတ်ရက် များ အတွင်း ထိုလွှမ်းမိုးမှုအရှိန်ကို စီးမျောလိုက်ပါကာ ပထမတစ်အုပ်ကို အပြီးအစီး ပြန်ဆိုလိုက်နိုင်သည်။

အလုပ်ပြီးပြီဟု မခံစားရ။ ဒုတိယအုပ်က မျက်စောင်းလှမ်းထိုးနေသည်။

ပထမအုပ်မှာ ဇာတ်လမ်းက ဆုံးနေပြီကို ဘာကြောင့် များ ဒုတိယအုပ်ဆက် ရေးရပါလိမ့် ဆိုသည့် သိချင်စိတ်က ဖတ်ဖို့ မြူဆွယ်နေသည်။ သို့နှင့် အလုပ်ပါးတုန်းမှာ ဖိတ်မိသည်။ ဖတ်မိတော့ ချထား၍ မရတော့ဘဲ ဆုံးခန်း တိုင်သွားသည်။ ပြီးသွားတော့ ဘာလုပ်ရမည်နည်း။ ဆက်ရေးရုံ ပေါ့။

ဒုတိယအုပ်က ပထမအုပ်နှင့် သိသာစွာ ကွာခြားသွားသည်။ စကတည်း က ထင်မထားတာနှင့် စဖွင့်ပြီး မမျှော်လင့်ခဲ့သည့် အဆုံးသတ်မျိုးကို ခင်းကျင်းဖန်တီးထားသည်။ ဒီစာအုပ်မှာ လည်း နုနု၊ မောင်စိန်၊ ကိုကြီး၊ သားသား၊ ဘိုဘို စသည့် ရိုးစင်းလွန်းလှသည့် နာမည်များကို ကျော်လွန် ဖုံးလွှမ်း သွားအောင် စာရေးဆရာ ယန်းဖိလစ်ဆန်ကာက ဆွဲဆောင်ရေးသားသွားခဲ့ပြန်သည်။

ဘာပဲလုပ်လုပ် အောင်မြင်လာလျှင် သုံးကြိမ် သုံးခါ သုံးတွဲလောက်တော့ ထုတ်လေ့ရှိသည့် ထုံးစံအတိုင်း ခုတော့ စာရေးဆရာ ဆန်ကာတစ်ယောက် ဂျူလီယာဝင်း၏ နောက်ဆုံးစာအုပ် တတိယတွဲကို ရေးသားနေသည် ဟု ဆိုသည်။ သူ ဆယ်နှစ် အချိန်ယူ ရေးခဲ့ရသည့် ပထမတွဲနှင့် ဒုတိယ တွဲကို တော့ ခု မြန်မာပြန် ရေးသားပြီးခဲ့ပြီ။ တတိယအုပ်ကိုတော့ ဂျာမန်မှ သည် အင်္ဂလိပ်သို့ ပြန်ဆိုသည် ကို စောင့်ဆိုင်း၍ ဖတ်ကြည့်ရဦးမည်။ သူ ဘယ်လိုများ ထပ်မံ ဖန်တီး ဖမ်းစားဦးမည်နည်း။ စောင့်၍ သာ နေရဦးမည်။

သင့်လူ

Whisper Of Words

ပထမပိုင်း(က)

အခန်း(၁)

အဘိုးအို၏ မျက်လုံးအစုံက ကျွန်မကို အရင်မြင်တွေ့ခဲ့ခြင်းသာ။

ချိုင့်ခွက်သည့် မျက်ရိုးအိမ်အတွင်းမှ ထိုမျက်လုံးတို့ သည် ကျွန်မထံမှ ဖယ်ခွာခြင်းငှာ မစွမ်းသာ သကဲ့သို့ ရှိနေခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင်းမှ လူ� ကုန်နီးပါး ကျွန်မကို ငေးမောနေခဲ့ကြသော်လည်း ထိုအဘိုးကြီးက အဆိုး ဆုံးဖြစ်၏။ တစ်ခါဖူးမျှ မမြင်ဖူးသော ဂြိုဟ်သားတစ်ကောင်လို စူးစူးရဲရဲ သည်းသည်းနင့်နင့် ကြည့်နေခြင်း ဖြစ်သည်။

သူ့ကို လျစ်လျူရှုဖို့ အတွက် လက်ဖက်ရည်ဆိုင်ကလေးကို ကျွန်မ လှည့်ပတ်ကြည့်ရှု လိုက်သည်။ ဖုန်ထူထူ မြေပြင်ပေါ်မှာ ခနော်ခနဲ့ စားပွဲ၊ ကုလားထိုင်လေးများ ခင်းကျင်းထားသည့် သစ်တဲကလေး တစ်လုံးသာ။ မှ န့်အချို့ ထည့်ထားသည့် မှန်သေတ္တာလေးထဲမှာ ယင်ကောင်များက တ လှုပ်လှုပ်။ မုန့်သေတ္တာဘေးမတော့ လက်ဖက်ရည်အိုး တည်သည့် ဂက်စ် မီးဖို။ ထောင့်တစ်နေရာမှာ လိမ္မော်ရောင် အချိုရည်ပုလင်းတွေ တင်ထားသည့် သစ်သားစင်ကလေး။ ဒီလောက်နုံချာလွန်းသည့် နေရာမျိုးကို တစ်သက် နှင့် တစ်ကိုယ် ဘယ်တုန်းကမှ မရောက်ဖူးခဲ့။ ပူလိုက် အိုက်လိုက်သည် က လည်း ရေနွေးအိုးထဲ ထည့်ပြုတ်ခံရသလား အောက်မေ့ရသည်။ နားထင်၊ နဖူးနှင့် လည်ပင်းတို့ မှ ချွေးများ ပေါက်ပေါက်ကျလျက်။ ဝတ်ထားသည့် ဂျင်းသည် အသားနှင့် ကပ်လျက်။ အသက်ကလေးဝဝရှူဖို့ ထိုင်ချလိုက်တုန်း ထိုအဘိုးကြီးသည် ကျွန်မနား ရောက်၍ လာတော့သည်။ သူက ကျွန်မ စားပွဲမှာ သုတ်ခနဲ ဝင်ထိုင်လိုက်ပြီး ကရားရေလွှတ် ပြော တော့သည်။

“ခုလို တဲ့ တိုး လာစကားပြောမိတဲ့ အတွက် ကျုပ်ကို ခွင့်လွှတ်ပါ ကလေး မ၊ ကျုပ်တို့ တစ်ခါဖူးမှ မတွေ့ဖူး မသိကျွမ်းခဲ့ဖူးဘူး ဆိုတာ ကျုပ် သိပါ တယ်၊ ကျုပ်နာမည်က ဦးဘပါ။ ကလေးမအကြောင်း ကျုပ် အများကြီး ကြားခဲ့ သိခဲ့ဖူးပါတယ်၊ ကလေးမအနေနဲ့ တော့ ခုလို ရေခြားမြေခြား တိုင်း တစ်ပါးက တစ်ခါမှ မရောက်ဖူးတဲ့ မြို့တစ်မြို့ရဲ့ လက်ဖက်ရည်ဆိုင်တစ်ခု မှာ လူထူးလူဆန်း တစ်ယောက်နဲ့ ဗြုန်းစားကြီးတွေ့ရလို့ စိတ် ကသိကအောက် ဖြစ်နေမှာ ပါပဲ၊ ဒါပေမဲ့ ကျုပ်မှာ ကလေးမကို မေးစရာ မေးခွန်းတစ်ခု ရှိနေတယ်၊ ကျုပ် ဒီနေ့ကို စောင့်နေခဲ့ရတာ ကြာခဲ့ပါပြီ၊ ဒါ ကြောင့် မို့ ကလေးမကို ငြိမ်ငြိမ် လေးထိုင်ပြီး ကြည့်မနေနိုင်တော့တာပါ။

တိတိကျကျ ပြောရရင် ကျုပ် စောင့်နေခဲ့တာ လေးနှစ် ရှိပါပြီ၊ နေ့လယ်ပိုင်းတွေဆို ဟောဟို ဖုန်ထူထူလမ်းမတစ်လျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဘတ်စ်ကားတွေပေါ်ကနေ ဆင်းလာတဲ့ ကမ္ဘာလှည့်ခရီးသည် တွေကို စောင့်ကြည့်ခဲ့ရတယ်။ လေယာဉ်ပျံသံ ကြားတိုင်းလည်း လေဆိပ် သွားသွား စောင့်ခဲ့ရတာ အကြိမ်ပေါင်း မနည်းဘူး။

ကလေးမက တကယ့်ကို အကြာကြီးနေမှ ပေါ်လာတော့တာပဲနော၊ ဒီလို ပြောလို့ ကျုပ် ကလေးမကို မရိုးမသား ချဉ်းကပ်ချင်တာနဲ့ ပဲ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေတယ်လို့ မထင်လိုက်ပါနဲ့၊ ကျုပ် အသက်ကြီးလှပါပြီ၊ သေဖို့ နီးလှပါပြီ၊ ကျုပ်တို့ တိုင်းပြည်မှာ က လူ့သက်တမ်း တိုတယ်ကိုးကွဲ့၊ ဒါပေမဲ့လည်း ကျုပ်အသက်ရှင်နေခိုက်မှာ ကလေးမအတွက် ဇာတ်လမ်း လေးတစ်ပုဒ် ပြောကို ပြောသွားမှ ဖြစ်မယ်ကွယ်။

သြော် - ကလေးမ ပြုံးနေသကိုး၊ ကျုပ်ကို စိတ်ပေါ့သွပ်သူ ထင်နေတယ် ထင်ပ၊ ဟုတ်စ... ထင်ချင်သလိုသာ ထင်ပါကွယ်၊ ဒါပေမဲ့ ကျုပ် အသွင်အပြင်ကို ကြည့်ပြီး အကဲဖြတ်မမှားလိုက်ပါနဲ့၊ ကျုပ် ပြောတာကို နားထောင်ပေးပါလို့ တောင်းပန်ချင်ပါတယ်။

ဒီလူကြီး ငါ့လာဖြီးနေပြန်ပြီလို့ ထင်နေတာ ကျုပ် သိပါတယ်၊ ကလေးမရဲ့ မျက်လုံးတွေကို ကြည့်ရင် သိတာပေါ့၊ ဒါပေမဲ့ အထင်မလွဲပါနဲ့ ကွယ်၊ ဒီမြို့ မှာ မင်းကို စောင့်နေမယ့်လူ၊ မင်းလုပ်စရာ အလုပ် ဘာတစ်ခုမှ မရှိဘူးဆို တာ ကျုပ် သိပါတယ်၊ မင်း တစ်ယောက်တည်း လာခဲ့တာလို့ လည်း ကျုပ် မျှော်လင့်ခဲ့ပြီးသားပါ၊ ဆိုတော့ ခဏလေး ငြိမ်ငြိမ်ထိုင်ပြီး ကျုပ် ပြောတာ နားထောင်နော်၊ ဟုတ်ပလား ဂျူလီယာ။

အံ့သြသွားသလား ကလေးမ၊ ငါ ပထမဆုံးအကြိမ် ရောက်ဖူးတဲ့ တိုင်းပြည်က တစ်ခါမှ မတွေ့ဖူးတဲ့ လူကြီးတစ်ယောက်က ငါ့နာမည်ကို ဘယ်လိုများ သိပါလိမ့် ဆိုတဲ့ အတွေးနဲ့ ကျုပ်ကို စေ့စေ့ ကြည့်နေတာ မဟုတ်လား၊ ခရီးဆောင်အိတ်တို့ ရင်ထိုးတို့ က နာမည်ကိုဖတ်ပြီး ကျုပ် ပြောနေတာလို့ ထင်နေတာ မဟုတ်လား၊ မဟုတ်ပါဘူး၊ မင်း မွေးတဲ့ အချိန် ကတည်းက မင်းနာမည်ကို ကျုပ် သိတာပါ။ မင်းဖေဖေပြောတဲ့ ပုံပြင်တွေ ထက် ဘာကိုမှ ပိုပြီး မနှစ်သက်တတ်တဲ့ ကလေးလေး ဂျူလီ၊ မင်း အနှစ် သက်ဆုံး ပုံပြင်က မင်းသားလေး၊ မင်းသမီးလေးနဲ့ မိကျောင်းကြီး(ရှင် မွေ့နွှန်းနဲ့ မင်းနန္ဒာ)လေ၊ ကျုပ် ပြောတာ ဟုတ်ရဲ့ လား။

ကဲ- မယုံရင် ကျုပ် ပြောပြမယ်၊ မင်းနာမည် ဂျူလီယာဝင်း၊ မွေးသက္ကရာဇ် က ၁၉၆၈ ဩဂုတ်လ ၂၈ ရက်၊ အမေရိကန်လူမျိုး မိခင်နဲ့ မြန်မာလူမျိုး ဖခင်ကနေ

နယူးယောက်မှာ မွေးတယ်၊ မင်းရဲ့ မျိုးရိုးနာမည် “ဝင်း”ဟာ ကျုပ် မွေးတဲ့ အချိန်ကစလို့ ကျုပ်ဘဝရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ခဲ့သလိုခုဇာတ်လမ်းရဲ့ အဓိကအကြောင်းအရာလည်း ဖြစ်တယ်ကွဲ့၊ လွန်ခဲ့တဲ့ လေး နှစ်အတွင်း ကျုပ်ဟာ မင်းအကြောင်း မတွေးမိတဲ့ နေ့ရယ်လို့ တစ်နေ့မှ မရှိ ခဲ့ဘူး၊ ကျုပ် အားလုံးကို ဖြည်းဖြည်းချင်း ရှင်းပြပါ့မယ်၊ဒါပေမဲ့ ခု မေးခွန်း တစ်ခွန်း မေးချင်တယ်၊ မင်း အချစ်ကို ယုံကြည်လားကွဲ့။

ဟော မင်း ရယ်တယ်၊ အင်း- မင်းဟာ တယ်လှတဲ့ ကလေးမပဲကွယ်၊ တကယ်ပြောတာ နောက်နေတာ မဟုတ်ဘူး၊ ဂျူလီယာ မင်း အချစ်ကို ယုံကြည်လား။

အင်း- ခု ကျုပ် ပြောတဲ့ အချစ်ဆိုတာ ဆန္ဒရမ္မက် မိုးလောက်တက်ပြီး စိတ်ဇောအဟုန် သိမ့်သိမ့် တုန်လို့ ချစ်သူကို လက်ဝယ်ပိုင်ပိုင် မရရင်ဖြင့် ကြွက်နာကြီး လည်လိမ်သလို ပူဆွေးသောက ဗျာပါဒတွေနဲ့ ရစ်သိုင်း မှိုင်းညို့နေတဲ့ အချစ်မျိုးတော့ မဟုတ်ဘူး၊ ကျုပ်ပြောတဲ့ အချစ်က မျက်စိနှစ် ကွင်း အလင်းမရသူကို အမြင်အာရုံ ပြန်လည်ဆောင်ယူပေးနိုင်တဲ့ အကြောက်တရားထက် အဆမတန် ပိုမို အားကောင်းပြင်းထန်တဲ့ ဘဝ အဓိပ္ပာယ်ကို ဝင်သက်နဲ့ အတူ သယ်ဆောင်လာတဲ့၊ ဖြစ်ပြီးရင် ပျက်စမြဲ ဆိုတဲ့ လောကနိယာမကို စိန်ခေါ်ဖီဆန်တဲ့၊ အနားသတ်ရယ်လို့ မည်မည်ရရမ ရှိတဲ့၊ အတ္တစိတ်နဲ့ သေခြင်း တရားကို ကျော်လွှားအောင်နိုင်လောက်အောင် မြင့်မြတ် လှပတင့်တယ်လှတဲ့ ချစ်ခြင်းတရားပါ။

ခေါင်းခါနေပုံထောက်တော့ ဒီလို အချစ်မျိုးကို မင်း မယုံဘူးပေါ့၊ အင်းပေါ့ လေ-မင်းက ကျုပ် ဘာပြောနေမှန်းမှ မသိဘဲကိုး၊ စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ပါကွယ်၊ ဒီလေးနှစ်လုံးလုံး ကျုပ် နှလုံးသားထဲမှာ ကိန်းအောင်းနေခဲ့တဲ့ ဒီဇာတ်လမ်းကို မင်း ကြားပြီးရင်တော့ အလုံးစုံ နားလည်သွားပါလိမ့်မယ်၊ စိတ်တော့ ရှည်ရှည်ထားနော်၊ ကဲ- အချိန်လည်း အတော်လင့်သွားပြီ၊ မင်း လည်း ခရီးရှည်ကြီး နှင်လာခဲ့လို့ ပန်းလောက်ပြီ၊ တကယ်လို့ မင်း ဆန္ဒရှိမယ်ဆို မနက်ဖြန် ဒီမှာ ပဲ တွေ့ကြဦးစို့ရဲ့၊ ကျုပ် မင်းအဖေကို တွေ့ခဲ့တာ လည်း ဒီနေရာမှာ ပဲလေ။ အဲဒီတုန်းကတော့ သူက မင်း အခု ထိုင်နေတဲ့ နေရာမှာ ထိုင်နေတဲ့ အပြောသမား၊ ကျုပ်က နားထောင်သမားပေါ့၊ တကယ်ပါပဲ၊ ကျုပ်မှာ မယုံသင်္ကာလည်း ဖြစ်ခဲ့ရတယ်၊ စိတ်လည်း ရှုပ်ခဲ့ရ တယ်၊ အင်း-စကားလုံးတွေဟာ အတောင်ပံ ပေါက်နိုင်ရှော့သလား၊ လိပ်ပြာ လို လေဟုန်စီးနိုင်လေရှော့သလား၊ နားထောင်နေသူကို ဖမ်းစားပြီး တခြားနေရာ တစ်ကမ္ဘာကို ပို့ဆောင် နိုင်စွမ်းများ ရှိလေရှော့သလား၊ ကျုပ်တို့ ရဲ့ နှလုံးအိမ်ထဲက လျှို့ဝှက်အခန်းငယ်လေးတွေကို ဟင်းလင်း ပွင့်စေနိုင် ရှော့သလားပဲ၊ တကယ်ပါပဲ ဂျူလီယာရယ်၊ မင်းအဖေရဲ့

စကားသံမျိုးကို ကျုပ်တစ်သက်နဲ့ တစ်ကိုယ် ဘယ်တုန်းကမှ မကြားဖူးခဲ့ရိုးအမှန်ပါကွယ်။

အဲဒီတုန်းက တိုးတိုးညင်းညင်းလေး ပြောနေခဲ့တဲ့ မင်းအဖေရဲ့ စကားသံဟာ တစ်ဆိုင်လုံးက လူတွေကို တုတ်တုတ်မှ မလှုပ်ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျစေတယ်ကွဲ့၊ သူ့စကားလုံးတွေဟာ ဇာတ်လမ်း တစ်ခုကို တည်ဆောက်သွားခဲ့တယ်၊ အဲဒီဇာတ်လမ်းထဲကနေ ဘဝတစ်ခု တိုးထွက်လာခဲ့တယ်၊ ဆန်းကြယ်လှတဲ့ ပဋ္ဌလက်စွမ်းအားတွေကို ခင်းကျင်းပြသွားတဲ့ ဘဝတစ်ခု ပေါ့၊ ဒါကို ကြားခွင့်ရပြီးချိန်ကစလို့ ကျုပ်ဟာ မင်းဖေဖေ ယုံကြည်သလို စွဲစွဲမြဲမြဲ ယုံကြည်ခဲ့တော့တယ် လေ၊ မင်းအဖေ ပြောသွားခဲ့တဲ့ စကားလုံးတွေ က “ဦးဘရေ..ကျွန်တော်က ဘာသာရေးသမား မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အသည်းခိုက်အောင် ယုံကြည်တဲ့ တစ်ခုတည်းသောအရာကတော့ ချစ်ခြင်း မေတ္တာပါပဲ”တဲ့ လေ”

ဦးဘက မတ်တတ်ထရပ်လိုက်သည်။ ကျွန်မကို ဦးညွှတ် လက်အုပ်ချီရင်း ဆိုင်ထဲမှ လျင်မြန် ပေါ့ပါးစွာ ထွက်ခွာသွားခဲ့သည်။ မြင်ကွင်းထဲမှ သူ ပျောက်ကွယ်သွားချိန်ထိ ကျွန်မ သူ့ကို ငေးကြည့် နေမိသည်။

“မင်း အချစ်ကို ယုံကြည်လား”တဲ့။ ဘယ်လို မေးခွန်းမျိုးပါလိမ့်။ ယုံကြည်ရအောင် အချစ်က ဘာသာတရားလား။ လောကမှာ အကြောက်တရား ထက် ပိုအစွမ်းထက်သော၊ သေခြင်းတရားထက် ပိုချောက်ချားဖွယ် ကောင်းသော အရာသည် နတ္ထိ-မရှိဟု သာ အဘိုးကြီးကို ပြန်ပြောချင်လှ တော့သည်။ ဘယ့်နှယ်-အဓိပ္ပာယ်မဲ့ လိုက်လေခြင်း။

ခွေးခြေပုလေးမှာ ဆက်ထိုင်နေရင်း အဘိုးအို၏ စကားသံတွေ နားထဲမှာ ပြန်လည် ပဲ့တင်ထပ် လာခဲ့သည်။ ဖေဖေ့အသံလိုပဲ အေးချမ်းနူးညံ့သည့် ဂီတသံစဉ်လို စကားသံတွေ...စကားလုံးတွေ..။

ခဏလေး ငြိမ်ငြိမ်ထိုင်ပြီး ကျုပ်ပြောတာ နားထောင်နော်၊ ဟုတ်ပလား၊ ဂျူလီယာ-ဂျူလီယာ- ဂျူလီယာ…

မင်း အချစ်ကို … အချစ်ကို အချစ်ကို ယုံကြည်.. ယုံကြည်.. ယုံကြည်ရဲ့ လား.. လား..လား..လား..လား

မင်းအဖေ ပြောသွားတဲ့ စကားလုံးတွေ..တွေ...တွေ..တွေ..

ခေါင်းထဲက ထိုးကိုက်လာသည်။ ပင်ပန်းလှပြီကွယ်။ မဆုံးနိုင်သည့် ချောက်အိပ်မက်ဆိုး ကြီးထဲ မျောနေရာက ရုတ်တရက်လှုပ်နှိုးခံလိုက်ရသလို ပါပဲ။

ယင်ကောင်တွေက ကျွန်မကို ဝိုင်းကြီးပတ်ပတ် ဒူဝေဝေလုပ်ရင်း ဆံပင်တွေပေါ်၊ နဖူးပေါ်၊ လက်ပေါ် လာနားနေကြသည်။ သူတို့ ကို မောင်း ထုတ်ပစ်ဖို့ အားအင်ဟူ၍ တစ်စက်ကလေးမျှပင် မကျန်ရစ်တော့။ စားပွဲပေါ်မှ မုန့်အချိုသုံးခုက ခြောက်သွေ့လျက်၊ စားပွဲက သကြားရည်တို့ ဖြင့် စေး ထန်းလျက်။

အေးစက်နေသည့် လက်ဖက်ရည်ကို တစ်ငုံ ငုံမိသည်။ လက်တွေက တဆတ်ဆတ် တုန်လျက်။ သူ့ကို ရပ်ခိုင်းပြီး ထထွက်သွား၍ ရပါလျက်ကယ်နှင့် ဘာဖြစ်လို့ များ ဒီသူစိမ်းတစ်ရံစာ အဘိုးကြီး စကားကို အချိန်ကြာမြင့်စွာနားထောင်နေခဲ့မိသလဲ။ တကယ်လည်း ထွက်သွားဖို့ ကြံခဲ့သေးသည် လေ။ ဂျူလီယာ…ဂျူလီယာဝင်း ဆိုသည့် အသံက ကျွန်မ ထထွက်မသွားနိုင် အောင် ကုပ်ဖမ်းဆွဲထားခဲ့သည် ကော။ သူ ဘယ်လိုများ သိပါလိမ့်။ သူ ဖေ ဖေ့ကို တကယ်ပဲ သိသလား၊ ဒါဆို ဖေဖေနဲ့ သူ ဘယ်တုန်းက နောက်ဆုံး တွေ့ခဲ့သလဲ၊ ဖေဖေ ခုထိ သက်ရှိထင်ရှား ရှိနေသေးသလား၊ ဒါဆို ဘယ်မှာ များ ပုန်းနေရှော့သလဲ ဖေဖေရယ်။

*****

အခန်း(၂)

စားပွဲထိုးကောင်လေးက ကျသင့်ငွေကို လက်မခံခဲ့။

လက်ဖက်ရည် ပန်းကန်အောက်မှာ ပိုက်ဆံ နွမ်းနွမ်းလေး တစ်ရွက်ညှပ်ထည့်ပြီး လက်ညှိုး ထိုးပြတော့ သူက ပြုံးရင်း-

“ပေးဖို့ မလိုကော၊ ဦးဘမိတ်ဆွေ ကျုပ်မိတ်ဆွေ”

ဟု ခေါင်းကလေး ညွတ်ကာ ညွတ်ကာ ပြောနေသည်။ ဘယ်လိုပါလိမ့်… ပိုက်ဆံက နည်းလို့ လား၊ စုတ်ပြတ်နွမ်းဖပ်နေလို့ လား၊ ပိုတန် ကြေးကြီးသော ပိုသစ်သောပိုက်ဆံတစ်ရွက် ထပ်ထုတ်ပေးတော့လည်း ထို နည်းလည်းကောင်း၊ အကြောင်းမထူး။

အပြင်ဘက်မှာ အပူရှိန်က ပို၍ တောင် ပြင်းချေသေးသည်။ ပူလွန်း အားကြီး၍ ပျော့ခွေ သွားမတတ်ပါပဲ။ လက်ဖက်ရည်ဆိုင် အမိုးရိပ်အောက် မှ ခြေတစ်လှမ်းတောင် မထွက်နိုင်။ နေရောင်က ကျွန်မအသားကို လောင်၏။ မျက်လုံးကို စူးစူးဝါးဝါး ထိုး၏။ ဘေ့စ်ဘောဦးထုပ်ကို ထုတ်ကာ ခပ်ငိုက်ငိုက် ဆောင်းလိုက်ရသည်။

လမ်းပေါ်မှာ လူတွေအပြည့်ပါပဲ။ သို့သော်လည်း ကြောက်စရာကောင်း လောက်အောင် တိတ်ငြိမ်လွန်းသည်။ ဆူညံသံ ထွက်စရာ စက်တပ်ယာဉ် လည်း မရှိဘဲကိုး။ လူတွေက လမ်းလျှောက် သူလျှောက်၊ စက်ဘီးစီးသူ စီး ကြ၏။ လမ်းဆုံမှာ မြင်းလှည်း သုံးစီးနှင့် နွားလှည်း တစ်စီး တွေ့သည်။

ရှားရှားပါးပါး တစ်စီးတလေ တွေ့ရသည့် မော်တော်ကားတို့ မှာ လူအပြည့်၊ ကုန်အပြည့် သံချေး အလိမ်းလိမ်းနှင့် ဂျပန်ပစ်ကပ်ဟောင်းများ သာ။

လမ်းဘေးတစ်ဖက်တစ်ချက်မှာ တော့ သွပ်မိုးထားသည့် သစ်သား တစ်ထပ်ဆိုင်ကလေးများ တန်းစီနေသည် ဆန်၊ မြေပဲ၊ ဟင်းခတ် အမွှေးအကြိုင်များမှသည် ရှန်ပူ၊ ကိုလာနှင့် ဘီယာများ ထိ ရောင်းချနေကြ သည်။ ကြုံသလို ခင်းကျင်းရောင်းချနေပုံပင်။ ဈေးဆိုင် နှစ်ဆိုင် သုံးဆိုင် ခြားကို လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိနေသည်။ အနီရောင်၊ အစိမ်းရောင် တဘက်ကြီးတွေ ခေါင်းပေါင်းထားသူတွေ စားပွဲဝိုင်းတွေမှာ ထိုင်နေကြ သည်။ ယောကျ်ားတွေအားလုံးလိုလို ဘောင်းဘီရှည် မဝတ်ကြ၊ ပတ်၍ ရ သော စကတ်လို လုံချည် ဆိုတာတွေ ကိုယ်စီ ဝတ်ဆင်လျက်။

ကျွန်မ ရှေ့တူရူမှ လျှောက်လာသည့် အမျိုးသမီးနှစ်ဦးမှာ မျက်နှာပြင်တစ်ခုလုံး ဝါတာတာ မှုန်ညက်ညက်(သနပ်ခါး)အရာကို လိမ်းကျံလျက် ဆေးပေါ့လိပ်ကြီးများ ကိုယ်စီ ဖွာရှိုက်ရင်း ဖေဖေ့ထံပါးမှာ အမြဲတွေ့ရပြီး ကျွန်မ သဘောကျ နှစ်ခြိုက်လှသည့် နွဲ့နှောင်းပေါ့ပါးသည့် ကိုယ်ဟန် ခြေလှမ်းများ ဖြင့် လျှောက်လှမ်းနေကြသည်။

သူတို့ က ကျွန်မကို စူးစူးရဲရဲ ကြည့်ကြသည်။ မျက်နှာများက မခို့တရို့ ပြုံးစစနှင့်။ ထိုအပြုံးတို့ ၏ အဓိပ္ပာယ်ကို ကျွန်မ မသိပါချေ။ အခြားသူတွေက လည်း ကျွန်မကို ခေါင်းညိတ် နှုတ်ဆက်ကြပြန်သည်။ ဘယ်လိုပါလိမ့်၊ သူ တို့ အားလုံး ကျွန်မကို သိနှင့် နေကြသလား၊ ဦးဘ ပြောခဲ့သလို ကျွန်မ ရောက်အလာကို ငံ့လင့်နေကြရှော့သလား။ မသိ…မသိတော့ပါ။ သူတို့ ကို မကြည့်မိအောင် ကြိုးစားပြီး မြန်နိုင်သမျှ အမြန်ဆုံးနှုန်းဖြင့် လျှောက်လာခဲ့ သည်။ မျက်လုံးတို့ ကို အဝေးတစ်နေရာဆီသို့ ပို့လွှတ်ရင်းပေါ့။

နယူးယောက်ကို လွမ်းလှသည်။ အချိန်ပြည့် လူတွေ ကျပ်ခဲနေသည့်လမ်းမတွေ၊ ဘယ်သူ့ကိုမျှ စိတ်ဝင်စားခြင်း အလျှင်းမရှိဘဲ ချဉ်းကပ်ဖို့ခက် လှသည့် လမ်းသွားလမ်းလာတွေ၊ ကျွန်မ အခြေခိုင် အသားကျနေသည့် ထို နေရာကို ပြန်ချင်စိတ်တွေ ငမ်းငမ်းတက်လာခဲ့သည်။

ကိုက်တစ်ရာခန့်လျှောက်မိတော့ လမ်းက နှစ်မြွာကွဲထွက်သွားသည်။ ကျွန်မဟိုတယ်က ဘယ်လမ်းမှန်း မမှတ်မိ။ မြင်ကွင်းက ကြည့်လေရာ အတူတူချည်း။ အရာရာသည် ကျွန်မနှင့် စိမ်းနေသည်။ အကျွမ်းဝင်မှု ကင်းမဲ့နေသည်။ ကြောက်စရာ ကောင်းနေသည်။

“မစ္စဝင်း…မစ္စဝင်း”

တစ်စုံတစ်ယောက်၏ အော်ခေါ်သံကို ကြားလိုက်ရသည်။

သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

လူငယ်တစ်ယောက် ရပ်နေ၏။ ဟိုတယ်က ဝန်ထမ်းလား၊ ရန်ကုန်လေဆိပ်က အသိအကျွမ်းလား၊ မြင်းလှည်းမောင်းသမားလား၊

လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးလား မမှတ်မိ။

“ဘာရှာနေသလဲ မစ္စဝင်း၊ ကျွန်တော် ဘာကူညီရမလဲ”

“ရပါတယ် မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်”

ချက်ချင်းပဲ မနက်က ချက်အင် ဝင်ခဲ့သည့် ဟိုတယ်အခန်းသို့ ပြန်ရောက်

လိုစိတ်တွေက လွှမ်းမိုး လာသဖြင့်-

"အင်း-ကျွန်မ ဟိုတယ်"ဟု ပြောလိုက်မိသည်။

"ဟောဟိုတောင်ကုန်းပေါ်မှာ ပါ၊ ဟုတ်ကဲ့ ညာဘက်ကို ခင်ဗျ၊ ငါးမိနစ်လောက် လျှောက်ရင် ရောက်ပါပြီ"

"ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ခင်ဗျား ကျွန်တော်တို့ မြို့မှာ ပျော်မယ်လို့ မျှော်လင့်ပါတယ်ဗျာ၊ ကလောက ကြိုဆိုပါတယ်"

သူက ပြုံးချိုစွာ ပြောနေစဉ်မှာ ပဲ ကျွန်မ လှည့်ထွက်ခဲ့လိုက်သည်။

ဟိုတယ် ပြန်ရောက်တော့ အပြုံးပန်းဝေကာ ကြိုဆိုနေသည့် ဧည့်ကြိုကောင်တာစာရေးကို ခပ်သွက်သွက်ဖြတ်ကျော်၊ ရောမ လှေကားထစ်ကြီး များကို ကျော်နင်းရင်း ဒုတိယထပ်ရှိ အခန်းထဲ ဝင်ကာ ခုတင်ပေါ် ပစ်လှဲချ လိုက်သည်။

နယူးယောက်-ရန်ကုန် ခရီးစဉ်သည် ၇၂ နာရီကျော် ကြာမြင့်ခဲ့သည်။ ပြီးတော့ တစ်ညလုံးနှင့် တစ်မနက်ခင်းလုံး လူတွေရော၊ ကြက်တွေရော၊ ပစ္စည်းတွေရော ကျပ်ညပ်နေသည့် ဘတ်စ်ကားဖြင့် ခရီးဆက်ခဲ့ကြသည်။ ပင်ပန်းလိုက်သည့် ဖြစ်ခြင်း။ ဒီတိုင်းပြည်၏ မြို့တော် ဆိုတာကနေ ခု ဇနပုဒ်ကလေးကို ရောက်ဖို့ အတွက်ပေါ့။

တကယ်တော့ ကျွန်မ အိပ်ပျော်နေသင့်ပြီ။ နေလုံးပျောက်၍ အမှောင်ရောက်လာခဲ့ပြီ။ ခရီးဆောင် သေတ္တာက ဟိုဘက်ခုတင်ပေါ်မှာ တင်ထားသည့်အတိုင်း အရာမယွင်း။ ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာ ရောက်နေမှန်း သေချာစေဖို့ တစ်ခန်းလုံး မျက်စိကစားကြည့်မိပြန်သည်။ မျက်နှာကြက်မြင့်ကြီးပေါ်မှ ပန်ကာဟောင်းကြီး တွဲရရွဲကျနေသည့် အခန်းကြီးက အတော် ကြီး၏။ ပရိဘောဂဟောင်းများကြောင့် အဟောင်းအမြင်းနံ့ ထွက်နေသည်။ အဝတ်ဗီရို၊ ပြတင်းပေါက်၊ စားပွဲ ကုလားထိုင်နှင့် ခုတင်နှစ်လုံးကြားမှ ညစားပွဲကလေး၊ နံရံဖြူညစ်ညစ်တို့ ကတော့ မှန်တွေ၊ ပန်းချီကားချပ်တွေ ဘာမျှမရှိ၊ ဒီအတိုင်း ဝတ်လစ်စားလစ်။

ကြမ်းခင်း ပျဉ်ချောတုံးကလေးများက ဟောင်းနွမ်းချောမွတ်လျက်။ တစ်ခန်းလုံးမှာ အသစ်လွင်ဆုံးဆို၍ ကိုရီးယားလုပ် ရေခဲသေတ္တာအသေးလေး သာ ရှိသည်။ သို့သော်လည်း ရေခဲသေတ္တာက အလုပ်မလုပ်။ ဖွင့်ထားသည့်ပြတင်းမှ တစ်ဆင့် လေအေးများကတော့ ဝင်လာခဲ့ပြီ။

ညီအစ်ကို မသိတသိအချိန် ရောက်လာတော့ နေ့လယ်က အဘိုးအိုနှင့် တွေ့ဆုံခဲ့သည့် ပုံရိပ် မြင်ကွင်းတို့ က ပို၍ ပို၍ ဒြပ်မဲ့ကာ ဒဏ္ဍာရီဆန်လာခဲ့ သည်။ မပီဝိုးတဝါး ဖြစ်လာခဲ့သည်။ မထင်မရှား ဖြစ်လာခဲ့သည်။ မှတ်မိဖို့ အပြင်းအထန် ကြိုးစားကြည့်သည်။ သူက ဝါကြင့်ကြင့် အဖြူရောင် ရှပ်အင်္ကျီ၊ အစိမ်းရောင်လုံချည်နှင့် ရော်ဘာညှပ်ဖိနပ်များ ဝတ်ဆင် ထားသည်။ ဆံပင်ကတော့ ဖြူလွှလွှ ထူထူထဲထဲပင်။ မျက်နှာက အရေး အကြောင်းတို့ ကလည်း ထင်ရှားလှသည်။ သူ့အသက် ဘယ်လောက်လဲ။ ခြောက်ဆယ်လား၊ ခုနစ်ဆယ်လား မသိနိုင်။ သူ့နှုတ်ခမ်းတွေပေါ်မှာ ကျွန်မ- ဘယ်လိုမှ အဓိပ္ပာယ် မဖော်တတ်သည့် အပြုံးတစ်ခုက ရှိနေခဲ့သေးသည်။ သူ ကျွန်မထံက ဘာများ လိုချင်ပါလိမ့်။

ငွေများ လား၊ သူ ငွေအကြောင်း တစ်လုံးတစ်ပါဒမျှ မပြောခဲ့။ သို့သော်လည်း သူ့အဝတ်အစား တွေ ကြည့်ရတာဖြင့် ငွေလိုချင်သည် မှာ အထင်အရှား။ သူ ကျွန်မနာမည်ကို ဟိုတယ်မှာ စုံစမ်းလိမ့်မည်။ ဧည့်ကြို စာရေးနှင့် သူ မဟာမိတ်တွေ ဖြစ်နိုင်သည်။ ပြီးတော့ ကျွန်မ အထင်ကြီး အောင် ရှေ့ဖြစ်ဟော သလိုလို၊ နိမိတ်ဖတ်သလိုလို၊ ဗေဒင်ပညာရှင်လိုလိုနှင့် လာလုံးခြင်း ဖြစ်မည်။ ဟင့်အင်း၊ ဒါမျိုး ကျွန်မ အထင်မကြီး။ အဘိုးကြီး အလကား အချိန်ဖြုန်းနေခြင်းသာ။

သူ ဖေဖေ့ကို တကယ် သိခဲ့သလား။

ဦးဘရေ၊ ကျွန်တော်က ဘာသာရေးသမား မဟုတ်ပါဘူးဗျာ။ ကျွန်တော် အသည်းခိုက်အောင် ယုံကြည်တဲ့ တစ်ခုတည်းသော အရာကတော့ ချစ်ခြင်း မေတ္တာပါပဲဟု သူ့ကို ဖေဖေ တကယ်ပဲ ပြောခဲ့သလား။ ဟင့်အင်း-ဖေဖေက ဒီလို ပြောဖို့ တစ်ယောက်တည်း ရှိနေရင်တောင် စဉ်းစားမိမယ် မထင်။

သူစိမ်းတစ်ယောက်ကို ပြောဖို့ ဆိုတာတော့ ဝေလာဝေးပေါ့။ နေစမ်းပါဦး၊ အဲလိုပြောရအောင် ညည်းက ညည်းအဖေအကြောင်း ဘယ်လောက်များ သိ လို့ လဲ ဂျူလီယာ၊ ညည်း သိလှပါချေရဲ့ ဆိုတဲ့ ညည်းအဖေ ဆိုတာ ခုလိုမျိုး စာလေးတစ်လုံးတောင် ရေးမသွားဘဲ မြေလွှိုးမိုးပျံသလို စုပ်စမြုပ်စ ပျောက်သွားတတ်တဲ့ လူမျိုးလား။ ဘာဆို ဘာမှ မပြောဘဲ မိသားစုကို ထား သွားရက်တဲ့ လူမျိုးလား။

ရဲဌာနကတော့ ဖေဖေ့ခြေရာသည် ဗန်ကောက်တွင် အစပျောက်သွားခဲ့ သည် ဟု ဆို၏။ ထိုင်းမှာ သူ လုယက် သတ်ဖြတ်ခံလိုက်ရသည် ဟု ယူဆ ကြသည်။

ဒါမှ မဟုတ် ထိုင်းပင်လယ်ကမ်းခြေတစ်ခုမှာ နှစ်ပတ်လောက် အနားယူ အပန်းဖြေခရီးသွားရင်း ရေနစ် သေဆုံးရခြင်းများ လား။ ဒါကတော့ ဖေဖေ ပျောက်ဆုံးမှုအတွက် ကျွန်မတို့ မိသားစု၏ တရားဝင် ရသေ့စိတ်ဖြေ အကြောင်းပြချက်တစ်ခုသာ။

သေမှုသေခင်း စုံစမ်းရေးအဖွဲ့ကတော့ ဖေဖေ၏ နှစ်မြှောက်ပွဲနေသည့် ဘဝ ကို သံသယ ရှိကြသည်။ သူ့ဘဝရှေ့ပိုင်း ပထမ နှစ်ပေါင်းနှစ်ဆယ် အကြောင်းကို ဘာဆို ဘာမှ မသိ ဟူသည့် မေမေ့ ဖြောင့်ချက်ကိုလည်း သူ တို့ လက်မခံချင်ကြ။ ဖေဖေ ပျောက်ဆုံးမှုမှာ မေမေပင်လျှင် ကြံရာပါလေ လားဟု သူတို့ သံသယ ဖြစ်ကြသေးသည်။ သို့သော်လည်း ဖေဖေ့ သေဆုံးမှု မှာ အသက်အာမခံနှင့် တခြားငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာ ဘာမျှ မရှိသည့် အချက်က ထင်ရှားလှသဖြင့် နောက်ဆုံးမှာ တော့ သံသယ အားလုံးကို ခဝါချခဲ့ရသည်။ ဖေဖေ့မိသားစု အရင်းအချာဖြစ်သော ကျွန်မ တို့ အဖို့ ကတော့ ကျွန်မတို့ ဖေဖေ၏ ပျိုနုစဉ် ပထမ နှစ်နှစ်ဆယ် အကြောင်း ဘာဆိုဘာမှ မသိကြကြောင်း ထင်ရှားသထက် ထင်ရှား ခဲ့ရတော့သည်။

****

အခန်း(၃)

ဖေဖေ့အကြောင်း နောက်ဆုံးအမှတ်ရချိန်သည် လွန်ခဲ့သည့် လေးနှစ်က ဖြစ်၏။ ကျွန်မ ဥပဒေကျောင်းမှ ဘွဲ့ရပြီး နောက်တစ်နေ့မနက်တွင် ဖြစ်၏။ ဘွဲ့ရသည့် ညနေက ကျွန်မကို ဂုဏ်ပြုပွဲ ကျင်းပခဲ့ကြသည်။ ထူးထူးဆန်းဆန်း ထိုညက ကျွန်မ အိမ်မပြန်လိုခဲ့။ ကလေးဘဝက ရရှိခဲ့သည့် လုံခြုံ စိတ်ချမှုမျိုး တစ်ဖန် ပြန်လည် လိုချင်နေခဲ့သည်။ တစ်ခါလောက်ပဲ ဖြစ်ဖြစ် ပေါ့။

ထိုခံစားမှုကပင် ကျွန်မမှာ ရှေ့ဖြစ်နိမိတ်ဖတ် စွမ်းရည်မျိုး ရနေခဲ့သည် လား မပြောတတ်ပါတော့။

ထိုနေ့နံနက်မှာ ဖေဖေက ကျွန်မကို အစောကြီး နှိုးခဲ့သည်။ ကျွန်မ၏ ခုတင်ခြေရင်းမှာ သူ ဝတ်နေကျ မီးခိုးရောင် ဂရိတ်ကုတ်၊ ဘော်ဆယ်လီနို ဦးထုပ်ညိုတို့ ကို ဆင်မြန်းရင်း ဖေဖေ ရပ်နေခဲ့သည်။ ကလေးပေါက်စဘဝ ကတည်းက မြင်နေကျ သူ၏ မပြောင်းလဲသော အ လုပ်သွားဝတ်စုံပါပဲ။ မနက်တိုင်း ပြတင်းပေါက်မှ တစ်ဆင့် လက်ဝှေ့ယမ်းပြရင်း ဖေဖေ့ကို မ သွားစေလို၍ ငိုခဲ့ရသည် မှာ လည်း အကြိမ်ကြိမ် အခါခါ။ အိမ်တံခါးမှ ထွက်၊ ခြေသုံးလှမ်းလှမ်းပြီး ကားမောင်းသမား အသင့် စောင့်ဆိုင်း နေသည့် ဇိမ်ခံကားထဲ ဝင်ရသည့် အခိုက်အတန့် ကာလကလေးကိုပင် ဖေဖေ သည် ဂရိတ်ကုတ်နှင့် ဦးထုပ်ကို အစဉ်ထာဝရ ဆင်မြန်းထားတတ်သည်။ ကုတ်နှင့် ဦးထုပ်များကို မကြာမကြာ ဝယ်ယူ တတ်သော်လည်း ညအိပ်ဝတ်ရုံကိုတော့ ဘယ်သောအခါမှ အသစ် မဝယ်။ ဝယ်သမျှ ဦးထုပ်တွေက လည်း ဘော်ဆယ်လီနိုတွေချည်း၊ ဖေဖေ့မှာ ဘော်ဆယ်လီနို ခြောက်လုံး တိတိ ရှိသည်။ အနက် နှစ်လုံး၊ အညို နှစ်လုံး၊ မိုးပြာရောင် နှစ်လုံး။ အင်မတန် ရှေးကျ ရိုးရာဆန်လှသည့် နယူးယောက် ဟောဘာဒတ်ရှ်ရှာလို နေရာမျိုးမှာ ပင် အသင့်ချုပ် ဂရိတ်ကုတ် ဝယ်မရတော့သည့် အခါမတော့ ဖေဖေသည် ဂရိတ်ကုတ်များကို စပယ်ရှယ် ချုပ်၍ ဝတ်တော့သည်။

ဘော်ဆယ်လီနိုကတော့ သူ့အဆောင်လက်ဖွဲ့လိုကို ဖြစ်၍ နေသည်။ ပထမဆုံး အလုပ် အင်တာဗျူးကို ဘော်ဆယ်လီနို ဆောင်း၍ ဖြေသဖြင့် အလုပ်ရခဲ့သည် ကိုး။ ဦးထုပ်ကိုလည်း သူ ကြိုက်၍ ဖြစ်ပေလိမ့်မည်။ မ ပြောင်းမလဲစတမ်း ဘော်ဆယ်လီနိုကို ဆောင်းလာခဲ့ရာ တဖြည်းဖြည်း ခေတ်နောက်ကျ ရှေးဆန်ပြီး ၁၉၅၀ ကျော် ရုပ်ရှင်များ ထဲမှာ တွေ့ရတတ် သည့် ဇာတ်ကောင်သဖွယ် တစ်ဦးတည်း ထီးတည်းကျန်သည် အထိ သူ ဘော်ဆယ်လီနိုကို ဆောင်းမြဲဆောင်းဆဲ။ ဆယ်ကျော်သက် တစ်ဦးအဖို့ ဖေဖေ့ အမူအရာနှင့် ဝတ်စားဆင်ယင်မှုက ကျွန်မကို စိတ်ကသိကအောက် ဖြစ်စေသည် မှာလည်း အမှန်။ ဝတ်ပုံစားပုံ ရှေးဆန်ရသည့် အထဲ ကျွန်မကို ကျောင်းလာကြို၍ ကျွန်မ

သူငယ်ချင်းများ၏ အမေများနှင့် တွေ့လျှင် ဦးညွတ် နှုတ်ဆက်တတ်သေးသဖြင့် သူငယ်ချင်းများ ရယ်သွမ်းသွေး ကြသည်မှာလည်း ခဏ ခဏ။ ခေါင်းစွပ်၊ လုံးစွပ်၊ တီရှပ်၊ ဂျင်းတို့ ကို ဘယ် သောအခါမှ သူ မဝတ်။ ထိုဝတ်ပုံစားပုံတို့ ကို သူအထင်သေး၏။ သက်သာရာသက်သာကြောင်း ရှာတတ်သည့် လူ့အောက်တန်းစား စရိုက် ဟု သူ ဆိုတတ်သည်။

ဖေဖေက ကျွန်မကို လေသံလေးနှင့် ခေါ်၏။ ယနေ့ ဘော်စတွန်မှာ အလုပ်ကိစ္စရှိ၍ သွားရမည် ဖြစ်ကြောင်းနှင့် ဘယ်အချိန် ပြန်ရောက်မည်ကိုမပြောနိုင်သေးကြောင်း ပြောသည်။ ဒီလိုဆို နောက်နှစ်ရက် အတွင်း ပြန်မ ရောက်သည် က သေချာ၏။ သူ့အလုပ်ဇယားသည် သူ့နာရီလိုပင် တိကျ သေချာလှသည် မဟုတ်လော။ အမှန်တော့ ဖေဖေ ဘော်စတွန်သို့ အကြိမ်ပေါင်းများ စွာ သွားခဲ့ဖူးသော်လည်း ဘယ်တုန်းကမှ ညအိပ်ညနေ နေလေ့မရှိသည်ကို ကျွန်မ သတိမပြု နိုင်လောက်အောင် ပင်ပန်းလွန်းနေခဲ့သည်။ သူက ကျွန်မ နဖူးကို နမ်းရင်း-

“ကလေးလေး၊ ဖေဖေ အရမ်းချစ်တယ်နော်၊ ဒါကို ဘယ်တော့မှ မမေ့နဲ့ ကြားလား”

ဟု ခပ်တိုးတိုး ပြောသည်။

ကျွန်မ အိပ်ချင်မူးတူးဖြင့် ခေါင်းညိတ်ပြရင်း-

“အင်း-သမီးလည်း ဖေဖေ့ကို ချစ်ပါတယ်”

ဟု ပြန်ပြောရင်း ခုတင်ပေါ် လှိမ့်ကာ မျက်နှာကို ခေါင်းအုံးဖြင့် အပ်ရင်း ပြန်အိပ်ပျော် သွားခဲ့သည်။ ထိုအချိန်မှ စ၍ ဖေဖေ့ကို ကျွန်မ နောက်ထပ် မတွေ့ရတော့ပါ။

တစ်ခုခု မှားနေခဲ့ပြီ ဆိုခြင်းကို ထိုနေ့ မနက် ဆယ်နာရီလောက်မှာ စတင်သိရှိခဲ့ရသည်။ အိပ်ချင်မူးတူးဖြင့် အိပ်ရာထပြီး မီးဖိုချောင်ထဲ ဝင်သွား တော့ မေမေက နံနက်စာ အဆင်သင့် တည်ခင်းရင်း ကော်ဖီတစ်ခွက်ဖြင့် စောင့်နေခဲ့သည်။ ကျွန်မတို့ သားအမိနှစ်ယောက်လုံး ညဝတ်အင်္ကျီ ကိုယ်စီ နှင့်။ ထိုင်နေကျ နေရာမှာ နံရံကို မှီရင်း ကုလားထိုင်ပေါ် ခြေထောက်တင်၊ ဒူးနှစ်ဖက်ကို ဖက်ကာ လိမ္မော်ရည် မြှို့ရင်း မေမေ့ကို ကျွန်မ၏ နွေရာသီ အစီအစဉ်များ အကြောင်း ပြောပြနေတုန်း ဖုန်းမြည်လာခဲ့သည်။ ဖေဖေ့ အတွင်းရေးမှူး ဆူဆန် ဆက်ခြင်း ဖြစ်၏။ ဖေဖေ နေမကောင်းဘူးလားတဲ့။ ဆယ်နာရီ ချိန်းထားသည့် အမှုသည် က တပူပူ တဆူဆူ လုပ်နေပြီတဲ့။

သူ ဘော်စတွန်အကြောင်း တစ်လုံးမျှ ပြောမသွားခဲ့။

အရေးပေါ်ကိစ္စ တစ်ခုခု ဖြစ်မည်ဟု မေမေရော ဆူဆန်ပါ ထင်နေကြသည်။ အစည်းဝေးခန်းထဲမျှား ရောက်နေသလား၊ ဘော်စတွန်သွား လေယာဉ်ပေါ် တက်နေသလား၊ တစ်ခုခုပေါ့။

မနက်စာကို စားနေရင်း ကျွန်မ ထိုကိစ္စကို တွေးကာ စိတ်ပူလာ သော်လည်း မေမေကတော့ တုံဏှိဘာဝေသာ။ ထို့ကြောင့် ကျွန်မလည်း အသာမေ့ထားလိုက်သည်။ စားပြီးတော့ ဖြီးလိမ်းပြင်ဆင် ကြပြီး ဗဟို ပန်းခြံကို ဖြတ်ကာ ဘာ့ဂ်ဒေါ့ဖ် ဂွတ်မန်းဆီ ချီတက်ကြသည်။ နွေဦးရာသီ ဖြစ်သဖြင့် နယူးယောက်သည် အစွမ်းကုန် လန်းဆန်းနေသည်။ ပန်းခြံမှာ လူတွေ စည်ကားလှသည်။ မြက်ခင်းရနံ့ လေးတွေက သင်းပျံ့လျက်။ အဘိုး ကြီးနှစ်ယောက် လက်ချင်းချိတ်ကာ စကိတ်စီးရင်း ကျွန်မတို့ ရှေ့မှ ဖြတ် ကျော်သွားသည်။

မေမေက တစ်လမ်းလုံး ကျွန်မလက်ကို တွဲထားသည်။ ဘာ့ဂ်ဒေါ့ဖ်ဂွတ် မန်း ရောက်တော့ အဝါရောင် ဝတ်စုံတစ်ထည် ကျွန်မဖို့ ဝယ်ပေးသည်။ ဝယ်ခြမ်းစရာတွေ ကုန်တော့ ပလာဇာမှာ လက်ဖက်ရည်သောက်ဖို့ ထွက် လာခဲ့ကြသည်။

ပလာဇာဟိုတယ်ကို ကျွန်မ သိပ်မကြိုက်လှပါ။ ပြင်သစ် ရီနေဆွန်းစတိုင် ဟိုတယ်က ကျွန်မ အတွက် ခမ်းနားကြီးကျယ်လွန်းလှသည်။ မေမေ ကတော့ မရ။ ဒီဟိုတယ်ကို အင်မတန် သဘောကျလှသည်။ ပြင်သစ်စားပွဲ ထိုးများ ၏ သုတိသာယာ နူတ်ခွန်းဆက်သံ “မင်္ဂလာပါ မဒမ်ဝင်း ခင်ဗျား” ဆိုသည် ကို သူ နှစ်ထောင်းအားရ ရှိလှသည်။ ကိတ်တွေ၊ အချိုမုန့်တွေ ရေခဲမုန့်တွေ ဘူဖေးစတိုင် တည်ခင်းထားသည့် စားပွဲမှာ ထိုင်ကြသည်။ တယောသမား နှစ်ယောက်က ဗီယင်နာ ဝေါ့ဇ်တေးသွား ကို တီးခတ်နေခဲ့သည်။ မေမေက ဘလီးနစ် ကားဗီးယားငါးဥနှင့် ရှန်ပိန် နှစ်ခွက် မှာ လိုက် သည်။

“ဘာဖြစ်လို့ တုံး မေမေ၊ ဘာများ အောင်ပွဲခံစရာ ရှိလို့ လဲ”

“သမီး ဘွဲ့ရတဲ့ အတွက်ပေါ့ အချစ်ဆုံးလေးရဲ့”

ဘလီးနစ် ကားဗီးယားက ငန်လွန်းသည်။ ရှန်ပိန်က နွေးလွန်းနေသည်။ မေမေက စားပွဲထိုးကို လက်ယပ်ခေါ်လိုက်သည်။ ဇာတ်လမ်းကတော့ စချေပြီ။

“ထားလိုက်ပါ မေမေရယ်၊ အဆင်ပြေပါတယ်”

မရ..မရ..မရပါချေ။

“သမီး အသာနေစမ်း”

ဟု ပင် ခပ်ထန်ထန် မာန်နေခဲ့ပြီ။ ကျွန်မကို ဘာမျှ မသိ နားမလည်သည့် ပီဘိ ကလေးငယ်လို သဘောထားနေပြီ။

စားပွဲထိုးလေး ရောက်လာတော့ ပယ်ပယ်နယ်နယ် ပျစ်ပျစ်နှစ်နှစ် ပြောတော့သည်။ စားပွဲထိုးခများ တောင်းပန်ရင်း အရည်ပျော်တော့မတတ် ဖြစ်နေရှာသည်။ မေမေ့အသံက အေးစက် မာကျောလွန်းလှသည်။ ကျွန်မ နေ မထိထိုင်မသာ ဖြစ်လာခဲ့ပြီ။

ဟော-သူ ကျွန်မကို ကြည့်နေပြီ။

"ဒီဟာတွေကို စားမကောင်းဘဲ သမီး စားမယ် မဟုတ်လား"

ကျွန်မ ယောင်နန ခေါင်းညိတ်ပြလိုက်တော့-

"ဟင်း-ညည်းအဖေလည်း ဒီတိုင်းပဲ၊ လိုက်လည်း လိုက်တဲ့ သားအဖအေ"

ဟု မြည်တွန် တောက်တီးတော့သည်။

"ဘာဖြစ်လို့ လဲ မေမေ"

"ဒါရိုကျိုးတာလား၊ နှိမ့်ချတာလား၊ လိုဘနည်းတာလား၊ ပြီးပြီးရော သဘောထားတာလား၊ ပြဿနာဖြစ်မှာ ကြောက်တာလား၊ ဒါကိုပဲ သဘောကောင်း မနောကောင်းလို့ ပြောကြတာလား သိတော့ပါဘူးအေ"

"ဩော်…ဘယ်က သဘောကောင်း မနောကောင်းက ပါလာရပြန်တာလဲ လို့"

"ညည်းတို့ သားအဖလေ၊ နှစ်ယောက်လုံး တစ်ပုံစံတည်း၊ စားပွဲထိုး ချပေးတာစား၊ ခေါင်းငုံ့ ပြန်လာကြတဲ့ ဟာတွေ၊ တစ်ခါမှ ကို စောဒကမတက်ဖူး ဘူး၊ သဘောကောင်း၊ မနောကောင်းကြီး တွေလေ"

မေမေ ဘာလို့ ဒီလောက် ဒေါသထွက်နေမှန်း မသိ။ ရှန်ပိန်က နွေးပြီး ကားဗီးယားက ဆားငန် နေလို့ တော့ မဟုတ်တန်ရာ။

"ဩော်…မေမေကလည်း ဘာမှ အရေးကြီးတာမှ မဟုတ်ဘဲ"

ထိုစကား တစ်ဝက်သာ မှန်၏။ ကျွန်မက စောဒကတက်ရမည်ကို မုန်း၏။ ဘာမျှ မဟုတ်ဘဲ ဆူပူ သောင်းကျန်းတာကို နည်းနည်းမျှ မကြိုက်။ ရှက်၏။ ဖေဖေကတော့ တစ်မျိုး တစ်ဘာသာ ဖြစ်သည်။ သူက ဒီလို အခြေအနေမျိုး ကို လုံးဝဥဿုံ ဥပေက္ခာပြုထားနိုင်သူသာ။ သူ့ရှေ့က ဖြတ်သွားသမျှ လူ တိုင်းကို

ပြုံးပြတတ်သည်။ ပြန်အမ်းငွေကို ဘယ်သောအခါမှ ရေတွက်ခြင်း မပြု။ မေမေကတော့ တစ်ဆင့်၊ နှစ်ဆင့်က အစ ရေတွက်တတ်သည်။ ဖေဖေနှင့် မေမေမှာ တကယ့်ကို ဘာအသွင်မျှ မတူသည့် အိမ်ထောင်ဖက် နှစ်ဦးသာ။

"တန်ရာတန်ကြေး ပေးထားပြီး တန်ရာတန်ကြေး ပြန်မရတာကို သည်းခံနိုင်ကြတာ အံ့ဩ ပါ့အေ၊ ငါကတော့ နည်းနည်းမှ သည်းမခံနိုင်ဘူး ဒါပဲ"

"တော်ပါတော့ မေမေရယ်၊ ဖေဖေ့ကို စိတ်မပူဘူးလား ဟင်"

"မပူပါဘူးအေ၊ ပူစရာလား"

ထိုစကားကလည်း ဟန်ဆောင်ပန်ဆောင် ပြောခြင်း မဟုတ်သည့် အမှန်တရားသာ။ မေမေက ဖေဖေ့အလုပ်နှင့် ပတ်သက်၍ ဘယ်တုန်းကမှ ဝင်မ စွက်ဖူးခဲ့။ သို့သော်လည်း ခုလိုအခြေအနေမှာ မေမေသည် နေနိုင်လွန်းလှ သည် ကော။ သံယောဇဉ် နည်းသည် လား၊ နှစ်ရှည်လများ မျှော်လင့်ခဲ့သည့် ကိစ္စတစ်ခု တကယ်ဖြစ်သွားပြီမို့ မိုးပြိုမှာ စိုးသည့် စိတ်တွေ လျော့ကျသွား ပြီး စိတ်ချမ်းသာ လက်ချမ်းသာ နေနိုင်သည် လား မပြောတတ်ပါတော့။

"ဩဇာတိက္ကမ ကြီးမားလှသည့် ဝေါစတွိရှေ့နေကြီး အစအန ရှာမ ရအောင် ပျောက်ဆုံးခြင်း"

ဖေဖေ ပျောက်ဆုံးပြီး ရက်အနည်းငယ် ကြာသောအခါ နယူးယောက်တိုင်းမ် သတင်းစာကြီးက ဤသို့ ခေါင်းကြီးတပ်ကာ ဖော်ပြခဲ့သည်။ ရက်ပိုင်း အတွင်း စာစောင်ပေါင်းစုံမှာ မှန်းဆချက်တွေနှင့် ပြည့်နှက်သွားခဲ့သည်။ အမှုကိစ္စ မကျေနပ်သော အမှုသည် တစ်ယောက်ယောက်က သတ်ဖြတ် သွားခြင်း လား၊ ပြန်ပေးဆွဲခံလိုက်ရသလား၊ ဟောလိဝုဒ်နှင့် ဆက်စပ်မှုတွေ ရှိနေသလား၊ ပထမ နှစ်ပတ်အတွင်း စုံစမ်းစစ်ဆေးမှုများ အရ အမှုသည် ပို၍ ပင် လျှို့ဝှက်သည်းဖို ဆန်လာခဲ့သည်။

သူ ပျောက်ဆုံးသွားသည့် နေ့က ဖေဖေသည် ဂျေအက်ဖ်ကေ လေဆိပ်ကို ရောက်ခဲ့သည်။ သို့သော် ဘော်စတွန်သို့ သွားရမည့် အစား လော့စ်အိန်ဂျယ်လိစ်သို့ ထွက်ခွာသွားခဲ့သည်။ လေဆိပ်တွင် လေယာဉ် လက်မှတ် ဝယ်ခဲ့ ပြီး ဘာအထုပ်အပိုးမျှ မပါခဲ့။ လော့စ်အိန်ဂျယ်လိစ်မှ ဟောင်ကောင်သို့ ယူနို က်တက် လေကြောင်းအမှတ် ၈၈၈ ဖြင့် ပထမတန်းလက်မှတ် ဝယ်ကာ ထွက်ခွာသွားခဲ့ပြန်သည်။ လေယာဉ်မယ် တစ်ဦးက ရှန်ပိန်မှာသတင်းစာမဖတ်ဘဲ ပါဗလိုနီရူဒါ၏ ကဗျာပေါင်းချုပ်စာအုပ်ကြီးကို တစ် ချိန်လုံး ဖတ်နေသည့် ဖေဖေ့ကို ကောင်းစွာ သတိထားမိခဲ့သည်။ အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး တည်ငြိမ်လှသည့် ဖေဖေသည် အစားလည်း မစား၊ အိပ်လည်း မအိပ်၊ ရုပ်ရှင်လည်း မကြည့်ဘဲ

တစ်ချိန်လုံး သဲသဲမဲမဲ ကဗျာ ဖတ်နေခဲ့သည် တဲ့။

ဟောင်ကောင် ပနင်ဆူလာဟိုတယ် အခန်းအမှတ် ၂၁၈ မှာ တစ်ညတည်း သွားခဲ့သည်။ ကြက်သားနှင့် ရေသန့် အခန်းထဲမှာ စားသည်။ နောက် တစ်နေ့မှာ ကဒ္ဒေး ပစိဖိတ်လေကြောင်းအမှတ် ၆၁၅ ဖြင့် ဗန်ကောက်သို့ သွားသည်။ ဗန်ကောက်ရှိ အရှေ့တိုင်း မန်ဒရင်း ဟိုတယ်မှာ တည်းသည်။ ဖေဖေသည် သူ့လမ်းကြောင်းကို ဖုံးကွယ်ရန် လုံးဝ မကြိုးစားခဲ့။ အလုပ်ကိစ္စဖြင့် သွားတိုင်း တည်းနေကျ ဟိုတယ်များ တွင်သာ တည်းခိုပြီး ပေးချေနေကျအတိုင်း ခရက်ဒစ်ကတ်ဖြင့်သာ ငွေရှင်းသည်။ သို့သော် ဗန် ကောက်သည် စုံစမ်းစစ်ဆေးသူများ အတွက် ခရီးဆုံး ဖြစ်၏။ နောက်လေး ပတ်ကြာတော့ ဗန်ကောက်လေဆိပ်အဝင်ဝမှာ သူ့နိုင်ငံကူးလက်မှတ်ကို ဆောက်လုပ်ရေး အလုပ်သမားတစ်ဦးက ရှာဖွေ တွေ့ရှိခဲ့သည် ဟု ဆိုသည်။

တွေ့ရှိရသည့် အချက်အလက်များ အရတော့ သူ ထိုင်းနိုင်ငံမှ မထွက်ခွာ ခဲ့။ ဗန်ကောက်မှ ထွက်ခွာသည့် ခရီးသည် စာရင်းကို ရဲက ပိုက်စိပ်တိုက် စစ်ဆေးသော်လည်း သူ့နာမည် ပါမလာခဲ့။ ထိုင်းမှာ နိုင်ငံကူး လက်မှတ် အတုလုပ်ကာ ထွက်ခွာသွားလေသလား။ ထိုင်းလေကြောင်း အမှုထမ်းများ ကတော့ သူ့ကို တွေ့ကြသည် ဟု ဆိုသည်။ တစ်ခုက လန်ဒန်၊ တစ်ခုက ပါ ရီ၊ တစ်ခုက ဖနွမ်းပင်။ အဓိပ္ပာယ်တော့ မရှိလှ။

လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ ထံမှ ရသည့် အချက်အလက်များအရတော့ ကျွန်မ၏ ဖေဖေ သည် ၁၉၄၂ ခုနှစ်တွင် မြန်မာပြည်မှ နေ၍ အမေရိကန်သို့ ကျောင်းသားဗီဇာဖြင့် ရောက်လာခဲ့သည် ဆို၏။ နယူးယောက် မှာ ပညာသင်ပြီး ၁၉၅၉ ခုနှစ်မှာ အမေရိကန်နိုင်ငံသား ဖြစ်လာခဲ့သည်။ မွေးဖွားရာ ဇာတိကို မြန်မာနိုင်ငံမြို့တော် ရန်ကုန်ဟု ရေးသွင်းထားခဲ့သည်။ အက်ဖ်ဘီအိုင်နှင့် ရန်ကုန်ရှိ အမေရိကန် သံရုံးတို့ ကို စုံစမ်းတော့လည်း ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလိုပင်။ ဝင်း ဆိုသည့် နာမည်က မြန်မာနိုင်ငံမှာ အလွန်ပေါသည် ဆိုပဲ။ ထို့ကြောင့် လည်း ဖေဖေ၏ မျိုးရိုး ဇာတိကို စုံစမ်းရာမှာ ခြေရာ လည်း ပျောက်၊ ရေလည်း နောက်ခဲ့ရ တော့သည်။

****

အခန်း(၄)

ဘဝပျက်လောက်သည့် အလှည့်အပြောင်းဆိုတာ ရှိလေသလား၊ နေသားကျနေသည့် ကမ္ဘာကလေး ပျက်စီးသွားလောက်သည် အထိပေါ့။ နှလုံးခုန်သံ တစ်ချက်ကနေ နောက်တစ်ချက်အကူး မျက်စိတစ်မှိတ် အချိန်လေးအတွင်းမှာ လူတစ်ယောက်ဟာ လုံးဝ ပြောင်းလဲသွားနိုင် သလား၊ ဘဝပေး ချစ်ရသူက သူ့မှာ တခြားတစ်ယောက် ရှိနေပြီဟု ဆိုင်းမ ဆင့် မှုမပါ ပြောရင်း ကျောခိုင်း ထွက်ခွာသွားတာမျိုး၊ ဒါမှ မဟုတ် အဖေ၊ အမေ၊ အချစ်ဆုံးသူငယ်ချင်းကို ထာဝရ ဆုံးရှုံးသွားတာမျိုး၊ ဒါမှ မဟုတ် ဆရာဝန်က ခင်ဗျားမှာ ကုမရတဲ့ ဦးနှောက်ကင်ဆာ ဖြစ်နေပြီဟု ပြောထည့် လိုက်တာမျိုး၊ ဒါမှ မဟုတ် ဒီတဒင်္ဂ အခိုက်အတန့် လေးများ သည် ကာလ ရှည်ကြာ ဖွဲမီးလို တငွေ့ငွေ့ လောင်ကျွမ်းလာခြင်း၏ မျက်ရည်တို့ ဖြင့် ထုံသင်းရသော နိဂုံးလေလား။

အကယ်၍ သာ ထိုအလှည့်အပြောင်းတို့ သည် အစစ်အမှန် ဖြစ်ခဲ့ပါလျှင် ကျွန်မတို့ သည် အဆိုပါ ဖြစ်ရပ်ကို တင်ကြိုသိနိုင်စွမ်းရှိမည်လား၊ သို့တည်းမဟုတ် ဖြစ်ပြီးမှ သာ နှောင်းတမြည့်မြည့် နှောင်တ ပင်လယ် ဝေ မည်လား။

အဆိုပါ မေးခွန်းတို့ ကို အရင်က ကျွန်မ စိတ်လည်း မဝင်စား၊ အဖြေ ထုတ်ဖို့ လည်း မကြိုးစားခဲ့။ ဖေဖေ့ ပျောက်ဆုံးမှုက အဆိုပါ အမျိုးအစား တွေထဲ မပါခဲ့။ ဖေဖေ့ကို လွမ်းလှပေမယ့် အဆိုပါမေးခွန်းတွေ ထုတ်ရလောက်အောင် မဖြစ်ခဲ့။ စဉ်းလည်း မစဉ်းစားမိခဲ့။

လွန်ခဲ့သော တစ်ပတ်က ညရှစ်နာရီခန့်မှာ ကျွန်မ ရုံးမှ အိမ်သို့ ပြန် ရောက်လာခဲ့သည်။ ဓာတ်လှေကားထဲ ဝင်ပြီးမှ လုံခြုံရေးအစောင့်က ခေါ်၍ ပြန်ထွက်ခဲ့ရသည်။ အပြင်ဘက်မှာ မိုးတွေ သည်းလှသည်။ တစ် ကိုယ်လုံးလည်း တုတ်တုတ်ကျနေပြီ၊ ချမ်းလည်း ချမ်းလှပြီ ဖြစ်သောကြောင့် ကိုယ့်အခန်းထဲ အရောက်ပြန်ဖို့ အရေးက လွဲ၍ တခြား ဘာမျှ စိတ်မ ဝင်စား။ ထို့ကြောင့် သူ့ကို ခပ်ဆတ်ဆတ် မေးမိသည်။

"ဘာတုံးရှင်"

"ပါဆယ်ထုပ် ရောက်လို့ ပါ"

ဧည့်ခန်းမှန်ပြတင်းများမှ တစ်ဆင့် အပြင်ကို ကြည့်မိသည်။ ကား နောက်မြီးအလင်းတန်းတို့ က မိုးရေဖြင့် ရွဲစို၊ မပီဝိုးတဝါး၊ ရေနွေးဖြင့် ရေချိုးကာ လက်ဖက်ရည်ပူပူတစ်ခွက် သေမတတ် သောက်ချင် လှပြီ။ သူ ကမ်းပေးသော ဖိနပ်သေတ္တာအရွယ် ညိုတိုတို အထုပ်ကို ချိုင်းကြားညှပ်ပြီး ဘွဲ့ရစဉ်က ဖေဖေ

ဝယ်ပေးခဲ့သည့် ၃၅ လွှာရှိ ကျွန်မအခန်းသို့ တက်လာခဲ့ သည်။

ဖုန်းဖြေကြားစက်ထဲမှာ မက်ဆေ့ချ်နှစ်ခု ဝင်နေသည်။ အလုပ်စားပွဲမှာတော့ ပြေစာတွေ၊ အရေးမပါသည့် စာတွေ ပြန့်ကျဲနေ၏။ အခန်းရှင်း ခေတုဆေးရည်နံ့ မွှန်နေသဖြင့် မိုးသည်းနေသော် လည်း လသာဆောင် ပြတင်း ကို ဖွင့်လိုက်ရသည်။ တိမ်တွေက နိမ့်လွန်းလှသဖြင့် အရှေ့မြစ် ဟိုဘက် ကမ်းကိုပင် ကောင်းကောင်း မမြင်ချင်။ အောက်မှာ တော့ ကားလမ်း ပိတ် နေခဲ့ပြီ။

ရေချိုးပြီးတော့ ပါဆယ်ထုပ်ကို ဖွင့်ဖောက်လိုက်သည်။ ရုံဖန်ရုံခါ စိတ်ကူးပေါက်လျှင် ကျွန်မဆီ နှုတ်ခွန်းဆက် သဝဏ်လွှာ အစရှိသည့် စာတို၊ စာရှည် ပို့တတ်သော မေမေ့လက်ရေးကို မြင်တာနှင့် သိသည် ပေါ့။ ဖုန်းမက်ဆေ့ချ်ကို မုန်းလှသော မေမေ၏ ဆက်သွယ်နည်းပေါ့။ သို့သော် သူ ပါဆယ်ထုပ် မပို့တာ ကြာလှပြီ။ ခုမှ -

အထဲမှာ ဓာတ်ပုံဟောင်းတွေ၊ စာရွက်စာတမ်းတွေ၊ ဖေဖေ့စာတွေနှင့် မေမေ့စာတိုလေး တစ်စောင်-

ဂျူလီယာ

အိမ်ရှင်းရင်း ဒီပစ္စည်းတွေ တွေ့တယ်၊ တရုတ်ဗီရိုဟောင်းထဲက ထွက်ကျ လာတာ၊ သမီးတော့ စိတ်ဝင်စားမယ် ထင်တယ်။ တို့ မိသားစု လေးယောက် ဓာတ်ပုံလည်း ထည့်ပေး လိုက်တယ်။ မေမေ့အတွက် မလိုတော့ပါဘူး။ အား ရင် ဖုန်းဆက်။

ချစ်တဲ့ -

မေမေ

ကျွန်မ ဘွဲ့ယူသည့် နေ့က မိသားစု ဓာတ်ပုံလေးက ထိပ်ဆုံးမှာ။ မေမေက လည်း ပြုံးလို့၊ ဖေဖေကလည်း ပြုံးလို့၊ အစ်ကိုကလည်း ပြုံးလို့၊ ကျွန်မက လည်း မိဘနှစ်ပါး တစ်ဖက်စီ ခြံရံ သူတို့ လက်တွေကို ချိတ်လို့၊ ပြစ်မျိုးမှဲ့ မထင် ပျော်ပျော်ရွှင်ရွှင် မိသားစုကလေးပေါ့လေ။ ဓာတ်ပုံတွေဟာ လိမ် တတ်တယ်နော်။ ဒီပုံ ကြည့်လိုက်ရင် မိသားစု တကွဲတပြား မဖြစ်ခင် ရိုက်ခဲ့ တဲ့ နောက်ဆုံးပုံလို့ ထင်ရက်စရာ အထောက်အထား ဘာရှိလို့ တုံး။

မေမေ့ရဲ့ သက်တမ်းကုန် နိုင်ငံကူးလက်မှတ်စာအုပ် နှစ်အုပ်။

ဖေဖေ့ အမေရိကန်နိုင်ငံသား အထောက်အထား စာရွက်စာတမ်းတွေ။

ဘော်စတွန်၊ ဝါရှင်တန်၊ လော့စ်အိန်ဂျယ်လိစ်၊ မီယာမီ၊ လန်ဒန်၊ ဟောင်ကောင်၊ ပါရီ အလုပ် အချိန်ဇယား စာအုပ်ဟောင်းတွေ။ ဖေဖေ

ကမ္ဘာပတ်အလုပ်လုပ်နေစဉ် ကာလများ ဆီကပေါ့။ ဖေဖေက ဖျော်ဖြေရေးလုပ်ငန်း ဆိုင်ရာ ဥပဒေအကြံပေးကိုး။ သူ့ဖောက်သည် တွေထဲ ဟောလိဝုဒ် စတား တွေ အများ သားပဲ။

သူ အလုပ်မှာ ဘာကြောင့်များ ဒီလောက်တောင် အံ့ဖွယ်သရဲ ထူးထူးကဲ ကဲ အောင်မြင်ရတာလဲ ကျွန်မ မသိရိုး အမှန်ပါ။ အလုပ်နဲ့ လက် မပြတ် တမ်း လုပ်နေပေမယ့် ဖေဖေ့မှာ မိုးစွန်တမွတ် ကြယ်ကို ဆွတ်မယ် ဘာညာ သာရကာ ဆိုတဲ့ ပုဂ္ဂလိက ရည်မှန်းချက် အိပ်မက် ဘာမျှ မရှိတာ ကျွန်မ အသိဆုံး။ ဖေဖေဟာ ဘယ်တော့မှ ကျော်ကြားအောင်မနေ၊ အတင်းအဖျင်း ကဏ္ဍထဲ သူ့နာမည် ဘယ်တော့မှ အပါမခံ၊ ပါတီပွဲတွေ၊ မေမေနဲ့ သူ့ အပေါင်းအသင်းတွေ လုပ်တဲ့ ပရဟိတ အလှူပွဲတွေလည်း ဘယ်တော့မှ မတက်၊ ပကတိ ပြကတေ့ တိုင်းခြားပြည်သားတစ်ယောက်လို ခပ်စိမ်းစိမ်း နေသည် ပဲ၊ အောင်မြင်ကျော်ကြား လူကြိုက်များ သည့် ရှေ့နေကြီး ဆိုသည့် အသွင်အပြင် ဘာတစ်ခုမျှ မရှိသူပဲ။ ဒီလို ခပ်ကုပ်ကုပ် မထင်မရှား နေခြင်း ကပဲ သူ့ကို သူမတူအောင် စွမ်းဆောင်နိုင်တဲ့ စေ့စပ်ညှိနှိုင်းသူအဖြစ် အောင်မြင်စေခဲ့လေသလား။ ဖေဖေ့၏ တည်ငြိမ်မှု၊ ထိန်းသိမ်းနိုင်စွမ်း၊ သမာသမတ်ရှိမှု၊ ရိုကျိုးနှိမ့်ချမှု နှင့် အပြစ်ကင်းသည့် ဟန်ပန်အမူအရာတွေ က ဒီအလုပ်မှာ တုနှိုင်းမမီ ယှဉ်သူမရှိ ဖြစ်စေခဲ့သလား။ လုပ်ဖော်ကိုင်ဖက် တို့ကတော့ ဒီအမူအကျင့်တွေအတွက် စိတ်မသက်မသာ ဖြစ်ကြရသည်တဲ့လေ။ သူ့မှတ်ဉာဏ်က ကောင်းလွန်းလှသည်။ တစ်ချက် ကြည့်ရုံမျှဖြင့် အရာအားလုံးကို မှတ်သားနိုင်သည်။ အတိတ်ကာလက စာရွက်စာတမ်း တွေ၊ ဒိုင်ယာရီတွေ၊ စာတွေကို အလွတ်ပင် ရနေသလား မသိ။ လူတစ် ယောက်နှင့် စကားပြောပြီ ဆိုလျှင် စစချင်းမှာ မျက်လုံးတွေ မှိတ်ကာ ထို လူ၏ အသံကို သီချင်း တစ်ပုဒ်အလား စိမ်ပြေနပြေ နားထောင်ပြီးသည် နှင့်ထိုလူ၏ စိတ်နေစိတ်ထား၊မိမိကိုယ်မိမိ ယုံကြည်ချက်၊ အမှန်ကို ပြော သလား၊ ဖြီးနေသလား ဆိုခြင်းကို ချက်ချင်း တန်းသိနိုင်သည် ကတော့ မယုံ နိုင်စရာပင်။ ထိုအရည်အချင်းကို သင်ယူ၍ ရသည် ဆိုခဲ့ပါလျှင် သူ့ကို ဘယ် သူက ဘယ်အချိန် ဘယ်နေရာမှာ သင်ပေးခဲ့သလဲ။ ကျွန်မ ဘယ်တော့မှ နားလည်နိုင်မည် မထင်။

၁၉၆၀၊ အလုပ် ဒိုင်ယာရီကို ကြည့်မိသည်။ မမြင်ဖူးသော နာမည်တွေ၊ နေရာတွေ၊ အချိန်တွေ။

အို-စာအုပ် အလယ်လောက်မှာ ဖေဖေ့လက်ရေးဖြင့် စာသားတစ်ပိုဒ်ပါ လား။

လူတစ်ယောက် ဘယ်လောက်ကြာကြာ ရှင်သန်နေနိုင်မှာ လဲ...

ရက်တစ်ထောင်လား တစ်ရက်လား...

တစ်ပတ်လား ရာစုနှစ်ပေါင်း များ စွာလား...

လူတစ်ယောက် သေအံ့မူးမူးအချိန် ဘယ်လောက်ကြာမှာ လဲ

ထာဝရလို့ ပြောမယ်ဆို အဲဒါဘာအဓိပ္ပာယ်လဲ…

ပါဘလို နီရူဒါ

စာအုပ်နောက်ကျောမှာ တော့ လေယာဉ်စာအိတ်ပြာလေးတစ်လုံးကို လေးထောင့်စက်စက် ဖြစ်အောင် သေသပ်စွာ ခေါက်ထားခဲ့သည်။ ကျွန်မ ဖွင့်ဖြန့်လိုက်သည်။ စာပါလိပ်စာက-

မိမိ

၃၈ မြို့ပတ်လမ်း

ကလော၊ ရှမ်းပြည်နယ်

မြန်မာနိုင်ငံ တဲ့။

ဟင်-ဒီစာအိတ်ပြာလေးဟာ ဖေဖေ့အညွှာကို ကိုင်ထားတာလား။ ဖြစ်မှ ဖြစ်ရလေ။ ဒေါသက ထောင်းခနဲထ၊ မီးရှို့ပစ်မှ။

စက္ကန့်ပိုင်းအတွင်း လောင်မီးကျွသွားမှာ။

ဂက်စ်မီးဖိုကို ဖွင့်လိုက်သည်။

စာအိတ်ကို ယူသည်။

လက်တစ်ချက်အလှုပ်မှာ မိသားစုအကုန် ငြိမ်းအေးရမှာ။

မီးဖိုနား ဘယ်လောက်ကြာကြာ ရပ်နေမိမှန်း မမှတ်မိတော့။ ငိုနေတာပဲ သိလိုက်မိသည်။ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ ဘယ်တုန်းက အိပ်ရာပေါ် ရောက်သွားပြီး ကလေးမလေး တစ်ယောက်လို ရှိုက်ကြီးတငင် ငိုနေမိသည် ကို မသိတော့။

ပြန်နိုးလာတော့ ငါးနာရီ နှစ်ဆယ် ရှိပြီ။ ဝမ်းနည်းစိတ်သည် အရိုးထဲထိ စိမ့်ဝင်နေသေးသည်။ ဒါ တကယ်မဟုတ်ဘဲ အိပ်မက်သာ ဖြစ်လိုက်ပါတော့ ဟယ်။ သက်ပြင်းချကာ လက်ထဲ ဆုပ်ထား၍ တွန့်ကြေနေသော စာအိတ်ထဲ မှ စာကို ထုတ်လိုက်သည်။

၁၉၅၅ ဧပြီ(၂၄)

နယူးယောက်

ချစ်ရတဲ့ မိမိရေ...

မိမိရဲ့ စည်းချက်ညီ နှလုံးခုန်သံလေးတွေ နောက်ဆုံး ကြားခဲ့တာ ရက် ပေါင်း ငါးထောင့်ရှစ်ရာ ခြောက်ဆယ့်လေးရက် ရှိသွားခဲ့ပြီ။ နာရီနဲ့ ဆို၊ မိနစ်နဲ့ ဆို ဒါဟာ ဘယ်လောက်တောင် ကြာမယ် ဆိုတာ မိမိသိရဲ့ လား ကွယ်။ သီချင်းမဆိုနိုင်တဲ့ ငှက်ငယ်၊ မပွင့်နိုင်တဲ့ ပန်း၊ ရေထဲကနေ ကုန်းပေါ် ရောက်နေတဲ့ ငါးရဲ့ ဘဝဟာ ဘယ်လောက် ပင်ပန်းဆင်းရဲတယ် ဆိုတာ မိမိသိရဲ့လား ဟင်။

မိမိဆီ စာရေးဖို့ အစ်ကို ခက်ခက်ခဲခဲ ကြိုးစားရတာပါ။ စာတွေ အများ ကြီး ရေးဖြစ် ပေမယ့် တစ်ခါမှ ပို့ခွင့်မသာခဲ့ဘူး။ တစ်ဦးနဲ့ တစ်ဦး ဆက် သွယ်ဖို့ မင်တွေ၊ စာရွက်တွေ၊ စကားလုံးတွေ၊ ဘာသာစကားတွေက လိုလို့ လားကွယ်။ မိမိ အစ်ကိုနဲ့ အတူ နာရီပေါင်း တစ်သိန်း လေးသောင်း ခုနစ် ရာ သုံးဆယ့်ခြောက်နာရီ နေခဲ့ပြီးပြီ၊ အင်း-ဒီလိုပြောတော့လည်း အများကြီး ပေါ့။ တို့ နှစ်ယောက် ပြန်မဆုံမချင်း အစ်ကို့ရင်ထဲမှာ မိမိဟာ ထာဝရ ရှိနေ မှာ ပါ(ခုလို ပြောမိလို့ ခွင့်လွှတ်ပါနော်) အချိန်ကျရင် အစ်ကို ပြန်လာမှာ ပါ။ အသံမထွက်တဲ့ စကားလုံးတွေဟာ ခြောက်ကပ်လှတယ်။ စကားလုံးတွေ သုံးပြီး၊ ဖောဠဗ္ဗ၊ စက္ခု၊ သောတအာရုံတွေ သုံးပြီးမှ တစ်ယောက်နဲ့ တစ်ယောက် နီးစပ်အောင် လုပ်ယူနိုင်တဲ့ ဘဝတွေဟာ ငြီးငွေ့ဖွယ် ကောင်းလှ တယ်။ ချစ်ပါတယ် ဆိုတာကို သက်သေပြဖို့၊ အတည်ပြုပေးဖို့ လိုအပ်နေ သေးသရွေ့ အင်း-ဒီစာဟာလည်း မိမိလက်ထဲ ရောက်မှာ မဟုတ်ပါဘူး ကွယ်။ ဒီစာတွေဟာ အစ်ကို့စိတ်ကို အစ်ကို ဖြေသိမ့်နိုင်ဖို့ ရေးနေတယ် ဆို တာ မိမိ နားလည်နိုင်ပါစေ။

ကျွန်မစာကို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်ဖတ်သည် ခေါက်သည်။ စာအိတ်ထဲ ပြန်ထည့်သည်။ စနေ မနက် ခုနစ်နာရီထိုးပြီးစ၊ မိုးတိတ်သွားပြီ။ မန်ဟက်တန်က တိမ်ကင်းစင်သော မိုးသားပြာပြာအောက် မှာ ဖြည်းညင်းစွာ နိုးထလာခဲ့ပြီ။ အရှေ့မြစ်ပေါ်က နေမင်း ထွန်းလင်းလာခဲ့ ပြီ၊ အေးစိမ့်လှပသည့် နေ့တစ်နေ့။

စာရွက်တစ်ရွက် ယူပြီး အခြေအနေကို ကမန်းကတန်း ချရေးရန် ကြံသည်။ ဘာလုပ်ရမလဲ၊ ဘာမဟာဗျူဟာတွေ ချမှတ်သင့်လဲ၊ သို့သော် စာရွက်က ဗလာ၊ တစ်လုံးမျှ ချမရေးဖြစ်၊ ပြန်လမ်း မရှိသည့် အခြေအနေကို ကျော်လွန်သွားခဲ့ပြီ ထင်သည်။ အလွတ်ရနေသော ယူနိုက်တက် လေကြောင်း ဖုန်းနံပါတ်ကို နှိပ်သည်။ ဟောင်ကောင်၊ ဗန်ကောက်မှ တစ် ဆင့် ရန်ကုန် သွားမည့် ခရီးစဉ်က တနင်္ဂနွေနေ့။ ဗန်ကောက်မှာ ဗီဇာယူပြီး ထိုင်းလေကြောင်းဖြင့် မြန်မာပြည်ကို ဗုဒ္ဓဟူးနေ့မှာ သွားရမည်။

“အပြန်လက်မှတ်အတွက်ရော”

ကျွန်မ စဉ်းစားလိုက်သည်။

“ထားလိုက်ပါ”

ပြီးတော့ မေ့မေ့ဆီ ဖုန်းခေါ်သည်။

******

အခန်း(၅)

ကျွန်မရောက်သွားတော့ မေမေက ကော်ဖီသောက်ရင်း တိုင်းမ် ဖတ်နေသည်။

"သမီး မနက်ဖြန် ခရီးထွက်မလို့၊ မြန်မာပြည်ကိုပါ"

ကျွန်မအသံက ကိုယ်ထင်ထားသည် ထက် ပို၍ မဝံ့မရဲ ဖြစ်၍ နေသည်။

မေမေက စာစောင်မှာ မျက်နှာအပ်ထားရင်း-

"အဓိပ္ပာယ်မရှိတာ မလုပ်စမ်းနဲ့"ဟု ဆို၏။

အဲသလို အပြောမျိုးတွေနဲ့ ကျွန်မကို အမြဲ နှုတ်ဆိတ်စေခဲ့သော မေမေ၊ ရေတစ်ငုံ သောက်ရင်း မေမေ့ကို ကြည့်လိုက်သည်။ သူ့ မီးခိုးရောင် ဆံပင်တွေကို ရွှေရောင်ပြန်ဆိုးပြီး အတိုညှပ်ထားသဖြင့် သူ့ကို ပိုငယ်ရွယ်သည့် ပုံပေါက်နေစေသလို တစ်ချိန်တည်းမှာ ပင် ပိုကြောက်စရာကောင်းသည့် အသွင်လည်း ဆောင်နေပြန်သေးသည်။ နှာခေါင်းက ပို၍ ချွန်မြလာသည်။ အပေါ်နှုတ်ခမ်းက မြုပ်လုနီးနီး၊ ပါးစပ်ထောင့်စွန်းတွေက အောက်စိုက်လာ သဖြင့် ခါးသီးသောအသွင် ဆောင်လာသည်။ ငယ်ငယ်က ငေးခဲ့ရသည့် မျက်ဝန်းပြာများက အရောင်မှိန်လာခဲ့ပြီ။ အချစ်မခံရသူ အရွယ်လွန် အမျိုးသမီးတစ်ဦး၏ ခံစားမှုပေလား၊ မိမိအကြောင်းကို သူများ အစောကြီး ကတည်းက သိထားလေသလား။ မေမေသည် ကော်ဖီတစ်ငုံ ငုံလိုက် ပြန်သည်။ သူ့ အမူအရာများကို ကျွန်မ ဘာသာမပြန်တတ်။

"ဘယ်လောက် ကြာမှာ လဲ"

"မပြောတတ်သေးဘူး"

"ညည်းအလုပ်ကရော"

"မသိသေးဘူး"

"ညည်း ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးနေတာပဲ"

မေမေ ပြောတာ မှန်လှသည်။ မိမိ ဘယ်သူလဲ၊ ဘယ်မှာ နေသလဲ၊ ဖေဖေ့ ဘဝမှာ သူ ဘယ်လောက် လွှမ်းမိုးသလဲ၊ သူ သက်ရှိထင်ရှား ရှိသေးသလား၊ ဘာမျှ မသိ။ လက်ထဲ ရှိနေသည် က နာမည်တစ်ခုနှင့် ဝေးလံလှသည့် ကမ္ဘာ တစ်ဖက်မှ ဘယ်နေရာမှန်း မသိသည့် နေရာတစ်ခု၏ လိပ်စာ။ ဖြစ်သလို လုပ်တတ်သော ဉာဉ်

ဘယ်တုန်းကမှ ကျွန်မမှာ မရှိခဲ့။ အာရုံသိထက် ဆင်ခြင်တုံတရားကိုသာ အမြဲ ယုံကြည်ခဲ့သော ကျွန်မ။ ခုတော့……။

"သွားပြီးတော့ ဘာလုပ်မယ် စိတ်ကူးလဲ"

"အမှန်ကို သိချင်လို့ ပါ"

ထိုစကားက ဖြေရှင်းချက်လား၊ မေးခွန်းလား၊ ကျွန်မ မကွဲပြား။

"ဘာရဲ့ အမှန်တုံး၊ သူ့အတွက် အမှန်တရားလား၊ ညည်းအတွက် အမှန်တရားလား၊ ငါ့အတွက် ဆိုရင်တော့ ခု ညည်းကို စာကြောင်းသုံးကြောင်းနဲ့ ပြောပြလိုက်လို့ ရတယ်၊ သေချာ နားထောင်မယ် ဆိုရင်ပေါ့"

မေမေ့အသံက နွမ်းလျ ခါးသီးကာ ဟာတာတာ ရှိလှသည်။

"ဖေဖေ ဘာဖြစ်သွားလဲ သိချင်လို့ ပါ"

"သိတော့ ဘာထူးမှာ မို့လဲ"

"ဖေဖေ သက်ရှိထင်ရှား ရှိချင် ရှိနေမှာ ပေါ့"

"အဲဒီတော့ ဘာဖြစ်တုံး၊ သူ ငါတို့ မိသားစုနဲ့ ပတ်သက်စရာ အကြောင်း ကိစ္စ ရှိသေးလို့ လား၊ ဒါမှ မဟုတ် ညည်းက စုံထောက်လုပ်တမ်း ကစားချင် နေတာလား"

ကျွန်မ ခေါင်းယမ်းကာ မေမေ့ကို ကြည့်လိုက်သည်။ သူက ထပ်မေးသည်

"ဘာကို သိချင်တာလဲ"

ကျွန်မက ထပ်ဖြေသည်။

"တကယ့်အမှန်တရားကိုပါ"

မေမေက စာစောင်ကို ချလိုက်ပြီး ကျွန်မကို စိုက်ကြည့်ရင်း-

"ဒီမယ် သမီး၊ ညည်းအဖေဟာ သူ ရုတ်တရက် ပျောက်မသွားခင် ရှေးပဝေသဏီကတည်းက အမေ့ကို စွန့်ခွာခဲ့ပြီးသား၊ သစ္စာဖောက်ခဲ့ပြီးသားကွဲ့၊ တစ်ခါ နှစ်ခါ မဟုတ်ဘူး၊ အိမ်ထောင်သက် သုံးဆယ့်ငါးနှစ်အတွင်း အချိန် တိုင်း နာရီတိုင်း နေ့တိုင်း တစ်ရက်မပြတ် သစ္စာဖောက်ခဲ့တာ၊ ခရီး သွား တုန်း သောင်းကျန်းတာတို့၊ အိမ်ကို နောက်ကျမှ ပြန်လာတာတို့ ဒီလိုပုံစံ မျိုးတော့ မဟုတ်ဘူး၊ အရှုပ်အရှင်း ကိစ္စတွေ ရှိတယ်ရယ်လို့ လည်း မကြား ဖူးပါဘူး၊ ဒါပေမဲ့ ဒါက အဓိက မဟုတ်ဘူး လေ၊ သူဟာ မေမေ့ကို ဟန်ဆောင် ကတိတွေ ပေးခဲ့တယ်၊

ကက်သလစ်ဘာသာကို အမေ့အတွက် ဝင်ခဲ့သလို ဟန်ခောတ်ခုတ်ခဲ့တယ်၊ မင်္ဂလာဆောင်တုန်းက ဘုန်းတော်ကြီးရဲ့ စကားလုံးတွေဖြစ်တဲ့ ပျော်ရွှင်ချိန်တွင်လည်းကောင်း၊ ဝမ်းနည်းပူဆွေးနေ ချိန်တွင် လည်းကောင်း ဆိုတာတွေကို သူ လိုက်ရွတ်ခဲ့တယ်။ ဒါတွေဟာ တကယ်တော့ အယောင်ဆောင်တွေကွဲ့၊ ဘုရားသခင်အပေါ် ယုံကြည်မှုရော၊ အမေ့ကို ချစ်တယ်ဆိုတဲ့ သူ့အချစ်ရော အားလုံးဟာ မာယာတွေကွဲ့၊ သာဓွေ ယျတွေကွဲ့၊ သူဟာ အမေ့လူ ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးဘူး” ဂျူလီယာ၊တစ်ခါမှ ကို မဖြစ်ခဲ့ဖူးတာ”

မေမေက စကားကို ခေတ္တ ရပ်နားရင်း သက်ပြင်းရှည်ကြီး ချလိုက်သည်။

“သူ့အတိတ်အကြောင်း အမေ မမေးဖူးဘူး ထင်လို့ လား သမီး၊ အမေနဲ့ မ တွေ့ခင် နှစ်နှစ်ဆယ် သော အချိန်ကာလကို အမေက ဘယ်လိုမှ သဘောမ ထားဘဲ အသာကြည့်နေမယ် ထင်တာလား၊ ပထမဆုံးအကြိမ် စမေးတုန်း က မှတ်မိသေးတယ်၊ သူ အမေ့ကို ကြည့်တယ်၊ ညည်း သိတဲ့ အတိုင်း နူး နူးညံ့ညံ့ ကြည့်တာ၊ သူ့အကြည့်ကို အမေ မခုခံနိုင်ဘူး၊ မတော်လှန်နိုင်ဘူး လေ၊ ပြီးတော့ သူ ပြောတယ်၊ တစ်နေ့နေ့တော့ အားလုံး ပြောပြမှာ ပါတဲ့၊ အဲဒါ လက်မထပ်ခင်တုန်းကလေ၊ အမေ သူ့ကို ချစ်ခဲ့တယ်၊ ယုံခဲ့တယ်၊ နောက်ပိုင်း တဖြည်းဖြည်း အခြေအနေကို သိလာခဲ့တယ်၊ ဒီလိုမျိုး ဆက်ပြီး လျှို့ဝှက်နေဦးမယ် ဆိုရင် ထွက်သွားမယ်၊ ဘယ်တော့မှ ပြန်မလာဘူး၊ ကွာရှင်းပေး အစရှိသဖြင့် တောင်းပန်တယ်၊ ခြိမ်းခြောက်တယ်၊ အမျိုးမျိုး နည်းတွေနဲ့ ကြိုးစားတယ်၊ သူကတော့ မင်းကို ကိုယ် ချစ်တာပဲတဲ့၊ တခြား ဘာလိုသေးလို့ လဲတဲ့၊ အတိတ်ကာလအကြောင်း တစ်လုံးမှ မပြောပြဘဲနဲ့ ချစ်တယ် ဆိုတာကို ဘယ်လို ယုံရမှာ လဲ သမီး၊ အမေ ပြောတာ မှား သလား၊ သမီးကို မွေးပြီးနောက်ပိုင်းမှာ သူ့စာအုပ်တွေ ကြားထဲက စာ အဟောင်းလေး တစ်စောင်ကို အမေ တွေ့ခဲ့တယ်၊ အမေတို့ မင်္ဂလာ မ ဆောင်ခင် မြန်မာပြည်က မိန်းမတစ်ယောက်ကို သူ ရေးခဲ့တဲ့ ချစ် သဝဏ်လွှာ ဖြစ်နေတာ တွေ့လိုက် ရတယ်၊ သူက ရှင်းပြမယ် ဆိုပေမယ့် အမေ ဘာမှ မကြားချင်တော့ပါဘူး၊ ဝန်ခံဖို့ အခါလွန်သွားခဲ့ပြီ၊ ဝန်ခံတယ် ဆိုတာမှာ အချိန်အခါ ရှိတယ်လေ၊ လက်ခံဖို့ အဆင်သင့်မဖြစ်သေးခင် သိပ် စောနေရင် ဝန်ခံချက်ကို လက်မခံနိုင်ဘူး၊ သိပ်နောက်ကျသွားရင် အခွင့် အရေးက ဆုံးရှုံးသွားခဲ့ပြီ၊ စိတ်ဆင်းရဲခြင်းနဲ့ အယုံအကြည်မဲ့ခြင်းတွေ မိုးလောက် မြင့်သွားပြီလို့ ခွင့်လွှတ်ခြင်းတံခါးက ပိတ်သွားခဲ့ပြီ၊ အမေ့ အတွက် တော့ ညည်းအဖေ ဝန်ခံမယ် ပြောတာဟာ သိပ်နောက်ကျသွားပြီ၊ အမေ ဟာ လက်တွေ့ ကျတဲ့ လူ၊ ပုံပြင်တွေကို စိတ်မဝင်စားဘူး၊ ဒါတွေ နားထောင်ရလို့ လည်း ချစ်စိတ်က တစ်ဖန် ပြန်လာဖြစ်လာမှာ မဟုတ် တော့ဘူး၊ အနာပေါ် ဆားပက်သလို ဖြစ်မှာ၊ ဒါနဲ့ အမေ သူ့ကို ပြောတယ်၊ နောက်ထပ် ဒီလိုစာ တစ်စောင် တွေ့လို့ ကတော့ ချက်ချင်း ကလေးတွေ ခေါ်ပြီး ထွက်သွားမယ်၊ ဘယ်တော့မှ ပြန်မတွေ့စေရ ဘူးလို့ ပေါ့၊

သူ့ပစ္စည်း တွေ အမေ မွှေနှောက်ရှာပေမယ့် နောက်ထပ် ဘာမှ ထပ်မတွေ့တော့ဘူး”

မေမေက ရေတစ်ခွက် သောက်လိုက်ပြီး ကျွန်မကို သိမှတ်မဲ့ ငေးနေခဲ့သည်။ သူ့လက်ကလေးကို ဆွဲယူ ကိုင်ထားဖို့ ကြိုးစားသော်လည်း ခေါင်းခါ ပြီး လက်ကို အကိုင်မခံ၊ သူပြောသလိုပါပဲ၊ အရာရာဟာ သိပ်နောက်ကျ သွားခဲ့ပြီ။ သူ ဆက်ပြောသည်။

“အမေ သူ့ကို ဘယ်လို တုံ့ပြန်သလဲ သိလား၊ အမေလည်း ကိုယ့်လျှို့ဝှက် ချက်နဲ့ ကိုယ် သီးသန့် နေနိုင်အောင် ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ယူ တယ်၊ သူ့ကို ဘာမှ မပြောတော့ဘဲ အတွေးတွေ၊ ခံစားချက်တွေအားလုံးကို စည်းနှောင်ထုပ်ပိုးလို့ သိမ်းထားခဲ့တယ်၊ ဒါပေမဲ့ သူက အရေးအရာ လုပ်ပြီး တစ်ခါမှ မမေးခဲ့ဖူးပါဘူး၊ တကယ်တော့ သူ အမေ့ကို ဂရုတစိုက်နဲ့ ကြင် ကြင်နာနာ ထွေးထွေးပွေ့ပွေ့ လင်ရယ် မယားရယ်လို့ တိုင်တိုင်ပင်ပင် နွေးနွေးထွေးထွေး နေမယ်ဆိုရင် အမေ့ တံခါးတွေကို ဖွင့်ပစ် လိုက်ဖို့ အဆင်သင့်ပါပဲ၊ ဒါပေမဲ့ သူ အဲလို မလုပ်ခဲ့တဲ့ အတွက် အမေနဲ့ ညည်းအဖေ ဟာ သူ ပျောက်သွားတဲ့ မနက်ထိ သီးခြားကမ္ဘာတွေထဲ ရပ်တည်နေခဲ့ကြ တာပေါ့”

မေမေက နောက်ထပ် ရေတစ်ခွက် သောက်၏။ မီးဖိုခန်းထဲခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး ပြန်ထိုင်ပြန်၏။ ကျွန်မကား တုံဏှိဘာဝေ။

“သူနဲ့ စတွေ့တော့ အမေ့အသက် နှစ်ဆယ့်နှစ်တောင် မပြည့်သေးဘူး၊ အင်မတန် အပြစ်ကင်းပြီး ပြောသမျှ ယုံလွယ်တဲ့ အရွယ်ပေါ့၊ သူငယ်ချင်း တစ်ယောက်ရဲ့ မွေးနေ့ပါတီပွဲမှာ ပိန်ပိန်ပါးပါး ရှည်ရှည် မြင့်မြင့်နဲ့ အမြဲ ပြုံး ယောင်သန်းနေတဲ့ နှုတ်ခမ်းပြည့်ပြည့်တွေကို ပိုင်သတဲ့ သူ့ကို အမေ စတွေ့ခဲ့ တာပေါ့၊ သူက ချောတယ်လေ၊ မိန်းမတွေ ကျတာပေါ့၊ သူကတော့ ဂရုစိုက် ပုံ မရပါဘူး၊ သူ့ကို ရဖို့ အမေ့ သူငယ်ချင်းတွေ အသည်းအသန် ဖြစ်ခဲ့ကြ တယ်၊ သူ့နှာတံ၊ နဖူး၊ မျက်နှာကျတွေဟာ သိပ်ဆွဲဆောင်မှု ရှိတာပဲ၊ မျက်မှန်နက်ကြီး တပ်ထားလို့ ရုပ်မဆိုးတဲ့ အပြင် ပိုတောင် ဆွဲဆောင်နိုင် သေးတယ်၊ သူ့ရဲ့ အေးအေးသက်သာနိုင်လှတဲ့ လှုပ်ရှားမှုတွေ၊ ငြိမ်းချမ်းတဲ့ မျက်နှာနဲ့ စကားသံ၊ ရောင်ဝါဖြာနေတဲ့ ကိုယ်ဟန်တွေဟာ မေမေ့မိဘတွေ ကိုတောင် အထင်ကြီးစေတယ်၊ တကယ်လို့သာ သူဟာ လူဖြူ ဖြစ်ခဲ့ရင် သမက်တော်ဖို့ တစ်ခါတည်း သဘောတူလိုက်မယ့် လူမျိုးပေါ့၊ ဒါပေမဲ့ သူက တခြားကမ္ဘာက အရောင်ရှိ လူသားလေ၊ သူနဲ့ လက်ထပ်တဲ့ အတွက် မေမေ့ မိဘတွေဟာ. . မေမေ့ကို သေချိန်ထိ ခွင့်မလွှတ်ခဲ့ကြဘူး၊ တကယ်တော့ လည်း မိဘစကား နားမထောင်မိခဲ့တာ၊ အဲဒါ ပထမဆုံးနဲ့ နောက်ဆုံး အကြိမ်ပါပဲ၊ သမီး သိတဲ့ အတိုင်း အမေက မိုက်မဲတဲ့ သူ မဟုတ်ပါဘူး၊ ဒါပေမဲ့ သမီးရယ်၊ တစ်ခါဆို

ဆိုသလောက်ပါပဲအေ၊ အမှားနယ်ကို တစ်ခါ လေး ကျွံမိပါတယ်၊ တစ်ဘဝလုံး ပြန်ပေးဆပ်နေရပါရောလား”

“ဖေဖေက သူ့ကို လက်မထပ်ချင်ခဲ့ပါဘူး”ဟု မေမေက ဆို၏။

“ပထမတော့ သူက တစ်ယောက်အကြောင်း တစ်ယောက် မသိသေးလို့ စောင့်ပါဦးတဲ့၊ နောက်ကျတော့ တို့ က ငယ်သေးလို့ အချိန်ယူရဦးမယ်တဲ့၊ မင်္ဂလာမဆောင်ခင်လေးမှာ တော့ သူ အမေ့ကို ပြောခဲ့တာက အမေ မျှော်လင့်နေတဲ့ အချစ်မျိုး သူ မပေးနိုင်ဘူး ဆိုပဲ၊ သူက အဲသလို ငြင်းလေလေ၊ တွန့်ဆုတ်လေလေ အမေ သူ့ကို ပိုလိုချင်လေပဲ၊ သူကလွဲလို့ တစ်လောက လုံး ဘာကိုမှ မလိုချင်ဘူးလို့ ကို ဖြစ်ခဲ့တာ၊ မြန်မာပြည်မှာ မိန်းမများ ရှိလို့ လားလို့ မေးတော့ မရှိဘူးတဲ့ သူ ဖြေတယ်၊ သူ့တိုင်းပြည်နဲ့ ပတ်သက်လို့ သူ ပြောတာ ဒါ အကုန်ပဲ၊ ဒါပေမဲ့လည်း အမေ ဒါတွေကို အဲဒီအချိန်တုန်းက ခေါင်းထဲ မထည့်ပါဘူး၊ ကြာရင် သူ မေ့သွားလိမ့်မယ်လို့ ထင်မိတာပေါ့၊ မြန်မာပြည် ဆိုတာက တခြား ကမ္ဘာ လိုပဲလေ၊ ဘာပဲပြောပြော သူ့နားမှာ အိပ်ခွင့်ရသူက အမေပဲလေ၊ အမေ သူ့ကို အလုံးစုံ အောင်နိုင် လိမ့်မယ်လို့ ယုံကြည်မိတာ မှားသလားကွယ်၊ မိဘတွေကို ပုန်ကန်ပြီး၊ အဖေ့ရဲ့ ကမ္ဘာကို ကျောခိုင်းပြီး အသားညိုတစ်ယောက်ကို လက်ထပ်လိုက်လို့ ပြန်ရတာက ဒါ လား မသိတော့ဘူး၊ အမေ တကယ်ကို မသိတော့ပါဘူး၊ ဒီမေးခွန်းတွေ အတွက် နှစ်ပရိစ္ဆေဒများ စွာ အဖြေရှာဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မ အောင်မြင်ပါဘူး၊ အမေ မျှော်လင့်သလို ညည်းအဖေကို မပြောင်းလဲနိုင်ခဲ့ ဘူးလို့ သေသေချာချာ သိတဲ့ အချိန်မှာ တော့ သိပ်နောက်ကျသွားခဲ့ပြီ၊ သမီး နဲ့ သားတို့ အတွက်သာ အမေတို့ တူတူနေဖြစ်တာပါ၊ ကွာရှင်းဖို့ သတ္တိမရှိ တာလည်း ပါတာပေါ့၊ ဒါက အမေ့ဘက်ကပါ၊ ညည်းအဖေကတော့ ဘယ် နည်းဘယ်ပုံ အသက်ရှင်သန် နေထိုင်နေတယ် မပြောတတ်တော့ပါဘူး”

မေမေက ခြေကုန်လက်ပန်း ကျသွားပုံပင်။ ခဏနားပြီးနောက် သူ ဆက် ပြောခဲ့သည်။

“သွားပါ၊ သမီး သိပ်သွားချင်ရင် အဲဒီ မြန်မာပြည် ဆိုတာကို သွားပါ၊ ပြန် ရောက်လာခဲ့ရင် အမေ ဘာတစ်ခုမှ မမေးဘူး၊ အမေ့ကိုလည်း ဘာမှ လာမ ပြောပြနဲ့၊ ညည်း ဘာပဲ တွေ့ခဲ့ တွေ့ခဲ့၊ အမေ အဲဒါတွေကို စိတ်မဝင်စား တော့ပါဘူး”

နောက်တစ်နေ့ နံနက်မှာ ကျွန်မ ထွက်ခွာခဲ့သည်။ ကြည်လင်အေးမြသည့် နံနက်ခင်းမှာ လေဆိပ် သွားဖို့ တက္ကစီက ကျွန်မ နေထိုင်သော အဆောက်အအုံရှေ့မှာ စောင့်နေခဲ့သည်။ ဒရိုင်ဘာက ဝင်သက်၊ ထွက်သက် တိုင်းမှာ အငွေ့တထောင်းထောင်းနှင့် ကားကို ခေါက်တုံ့ခေါက်ပြန် ပတ် လျှောက်နေသည်။ တံခါးစောင့်က ကျွန်မ အိတ်တွေကို ကားပေါ် တင်ပေး နေသည်။ နေလို့ ထိုင်လို့

မကောင်းလှ၊ ကြောက်နေသည်၊ စိုးထိတ် နေသည်၊ ဝမ်းနည်းနေသည်၊ ကြေကွဲနေသည်၊ မေမေ့ အသည်းတွေ ကြေ ပြုန်း နေသည် ကို အရင်ဘယ်တုန်းကမှ သိခွင့်မရခဲ့။ ဟိုတစ်နေ့က မေမေ ပြောသော စကားတစ်ခွန်းကို ကျွန်မ ပြန်စဉ်းစားနေမိသည်။ ညည်းအဖေ ဟာ သူ ရုတ်တရက် ပျောက်မသွားခင် ရှေးပဝေသဏီကတည်းက အမေ့ကို စွန့်ခွာခဲ့ပြီးသား၊ ဟင်-ကျွန်မကိုရော ဖေဖေ ဘယ်တုန်းကတည်းက စွန့်ခွာခဲ့ တာလဲ ဖေဖေရယ်။

*****

အခန်း(၆)

မလှုပ်နိုင်လောက်အောင် စိတ်ပင်ပန်း ဆင်းရဲ ချုံးချုံးကျနေပေမယ့် ကျွန်မ ကောင်းကောင်း အိပ်မပျော်ဘဲ နိုးနေခဲ့ပါသည်။ မေးခွန်းတွေ အသင်္ချေ အနန္တက ကျွန်မကို အနားမပေးဘဲ စဉ်ဆက်မပြတ် နှိပ်စက် နေခဲ့သည် ကော။ တစ်ညလုံး လှဲလိုက်၊ ထထိုင်လိုက်နှင့် နာရီကိုသာ ခဏ ခဏ ကြည့် နေမိသည်။ ၂:၃၀၊ ၃:၁၀၊ ၃:၄၀။

ထို့ကြောင့် လည်း မနက်ကျတော့ နေလို့ ထိုင်လို့ မကောင်း။ ခေါင်းက ကိုက်နေသည်။ ရင်က တဒိန်းဒိန်း ခုန်နေသည်။ တစ်ယောက်ယောက်က ရင်ဘတ်ပေါ် အတင်းတက်ဖိထားသလို ခံစားနေရသည်။ အရေးပါသော ကွန်ဖရင့်တွေ၊ စေ့စပ်ညှိနှိုင်းပွဲတွေ မတိုင်မီ ဖြစ်တတ်သော ခံစားမှုမျိုးပင်။

ဖွင့်ထားသော ပြတင်းမှ လေညင်းကလေး ကခုန်မြူးထူးကာ ဝင်လာခဲ့ သည်။ အခန်းထဲမှာ အေးမြလတ်ဆတ်သည့် ရနံ့တစ်မျိုး ရနေခဲ့သည်။

ရောင်နီပျို့လာခဲ့ပြီ။ အိပ်ရာမှ ထ၍ ပြတင်းပေါက်နား သွားရပ်သည်။ တိမ်ကင်းစင်သော နိုးထစ ကောင်းကင်က ပြာမှိုင်းမှိုင်း၊ နေမင်း ကတော့ ဟိုးအဝေး တောင်တန်းတွေနောက်မှာ ပုန်းကွယ်နေဆဲ။ ဟိုတယ် ရှေ့က သစ်ပင်တွေ၊ ပန်းချုံတွေက အရိုင်းဆန်လှသည်။ အရောင်တောက် လှသည်။

ရေချိုးသည့် အခါမတော့ ရေပူ မရခဲ့။

စားသောက်ခန်း နံရံနှင့် မျက်နှာကြက်တွေက သစ်သားမည်းမည်းကြီး တွေ၊ ပြတင်းပေါက်နားက စားပွဲမှာ ထိုင်လိုက်သည်။ ဟိုတယ်တစ်ခုလုံး ညှော်သည် ဆိုလို့ ကျွန်မ တစ်ယောက်တည်း။

ခေါင်းကလေး တညွတ်ညွတ်နှင့် စားပွဲထိုးလေးတစ်ယောက် အနား ရောက်လာသည်။ လက်ဖက် ရည်လား၊ ကော်ဖီလား၊ ကြက်ဥ အကျက် ကြော်လား၊ မွှေကြော်လားတဲ့။ ဝက်အူချောင်းမရှိ၊ ချိစ်မရှိ၊ ပြောင်းဆန်မှုန့် မရှိ။

"အကျက်ကြော်လား၊ မွှေကြော်လား ခင်ဗျာ"

"မွှေကြော်နဲ့ ကော်ဖီ ပေးပါ"

စားပွဲထိုးလေးက အလျင်အမြန် ပျောက်ကွယ်သွားသည်။ ခြေချ ညင်သာ လှသဖြင့် ခြေသံ တစ်စိုးတစ်စိမျှ မကြား၊ ကြမ်းကို မထိဘဲ လေနှင့် အတူ လွင့် မျောသွားသလားတောင် ထင်ရသည်။

ခုတော့ ကျွန်မတစ်ယောက်တည်း၊ တိတ်ငြိမ်လွန်းသဖြင့် သရိုးသရီ ဖြစ်လာသည်။ စားပွဲတွေ၊ ကုလားထိုင်တွေက မမြင်ရသည့် မျက်လုံးများ နှင့် ကျွန်မ လှုပ်ရှားမှုတိုင်းကို လိုက်ကြည့်နေသလို ခံစား နေရသည်။ ဒီ လောက်တိတ်ဆိတ်သည့် အခြေအနေမျိုးနှင့် ဘယ်တုန်းကမှ မကြုံဖူးခဲ့သ ဖြင့် နေသားမကျ။ ကော်ဖီနဲ့ ကြက်ဥမွှေကြော် လုပ်တာ ဘယ်လောက် တောင် ကြာမှာ လဲ မသိ၊ မီးဖိုခန်း ထဲကလည်း ဘာသံမျှ မကြား၊ တိတ်ဆိတ်ခြင်းက ကျယ်ကျယ်လောင်လောင်ဖြင့် ကျွန်မကို နှိပ်စက် ဖိစီး နေခဲ့သည်။ အရာရာ ငြိမ်လွန်းသဖြင့် နားတွေအူပြီး ဘာသံမျှ မကြား လောက်အောင် ဖြစ်လာသည်။ မခံစားနိုင်လွန်းသဖြင့် တဟာမ်းဟာမ်း လည်ချောင်းရှင်းရင်း ဇွန်းတွေ၊ ခားတွေကို အသံထွက်အောင် လုပ်နေ မိသည်။ လုပ်မိလုပ်ရာ။

ထရပ်လိုက်သည်။ အပြင်ထွက်လိုက်သည်။ အပြင်မှာ လေတဖြူးဖြူး၊ သစ်ပင်ကို လေတိုးသံ၊ ပျားတစ်ကောင်၏ တဝီဝီမြည်သံ၊ အကောင်ဗ လောင်လေးတွေထံမှ အသံတို့ သည် ဒီလောက် သုတိသာယာ ဖြစ်မည်ဟု ဘယ်တုန်းကမှ မတွေးဖူးခဲ့။

နောက်ဆုံးတော့ နံနက်စာ ရောက်လာခဲ့သည်။ ကော်ဖီက ကြက်သီးနွေး ကလေး၊ ကြက်ဥမွှေကြော်က နည်းနည်းတူးနေသည်။ အဲဒီ မွှေကြော်အတူး နှင့် ကော်ဖီ ကြက်သီးနွေးကို စားသောက်နေတုန်း စားပွဲထိုးကလေးက အခန်းထောင့်တစ်နေရာမှာ ရပ်ကြည့်ရင်း မျက်လုံးချင်းဆုံတော့ ခေါင်းညိတ် ပြုံးပြသည်။ ကျွန်မလည်း ခေါင်းညိတ်ကာ ပြန်ပြုံးပြရင်း ဒုတိယကော်ဖီ တစ်ခွက် ထပ်မှာ လိုက်သည်။ ဧည့်လမ်းညွှန်စာအုပ်ကို ဖွင့် ဖတ်လိုက်သည်။ ကလောအကြောင်းက တစ်မျက်နှာပင် မပြည့်ချင်။

ရှမ်းတောင်တန်း၏ အနောက်ဘက်စွန်းမှ တွဲရရွဲခိုနေသော အေးချမ်း တိတ်ဆိတ်သည့် ဤမြို့ကလေးသည် ကိုလိုနီ အငွေ့အသက် အများ အပြား ကျန်ရစ်နေသေး၏။ အမြင့်ပေ ၄၃၀၀ ရှိပြီး အေးမြသည့် ထင်းရှူးတော၊ ဝါး တော ပေါလှသည့် ဤရပ်ဝန်းသည် ရှမ်းပြည်နယ် ဆိုသည့် ဒေသ၏ တောင်စဉ်တန်းများ နှင့် တောင်ကြားလွင်ပြင်များကို ရှုမဆုံးတမ်း မြင်နိုင် သည့် အရပ်ပင်။

မြို့လေးတွင် မှီတင်းနေထိုင်ကြသူတွေကလည်း ရှမ်းတွေ၊ ဗမာတွေ၊ တောင်ပေါ်လူမျိုးစုတွေ၊ အိန္ဒိယလူမျိုးတွေနှင့် ဗြိတိသျှစစ်တပ်တွင် အမှုထမ်းခဲ့သော နီပေါ ဂေါ်ရခါးတွေတဲ့၊ အမေရိကန် သာသနာပြုကျောင်း တွေက ၁၉၇၀ ကျော် ကာလတွေအထိ ဒီမှာ ဖွင့်လှစ်ပညာသင်ကြားပေးခဲ့ သည့် အတွက် သက်ကြီးပိုင်း အတော်များများ သည် အင်္ဂလိပ်စကားကို ပြောနိုင်ဆိုနိုင် ရှိကြသတဲ့။

လည်ပတ်လို့ ကောင်းတဲ့ နေရာတွေကတော့ ဘုရားသုံးဆူနှင့် ကလော

ဈေးပါတဲ့။ ဗမာ စားသောက်ဆိုင် တစ်၊ တရုတ်စားသောက်ဆိုင် တစ်၊ နီပေါစားသောက်ဆိုင် တစ်၊ ရုပ်ရှင်ရုံ တစ်၊ လက်ဖက်ရည်ဆိုင် အများ အပြား ရှိပါသတဲ့။ ခု ကျွန်မ တည်းခိုနေသည့် ကျူးဒေါလ်စတိုင်ဟိုတယ်က အင်္ဂလိပ်လူမျိုးဗိသုကာတစ်ယောက်၏ ဒီဇိုင်းလက်ရာ ဖြစ်သတဲ့။ ကိုလိုနီခေတ်ကတည်းက ကလော၏ ဦးဆောင်ဟိုတယ် ဖြစ်ခဲ့သည် တဲ့။ တခြားဟိုတယ်နှင့် တည်းခိုခန်းအသေးစားလေးတွေ အများ အပြား ရှိပြီး ဧည့် သည် တွေ၏ လိုအင်ကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနေပါသတဲ့ လေ။

နံနက်စာ စားပြီးတော့ ပန်းခြံထဲ ဆင်းပြီး ထင်းရှူးပင်အောက်က သစ်သားခုံတန်းလေးပေါ် ထိုင်နေမိသည်။ နေထွက်လာခဲ့ပြီ။ ချမ်းစိမ့်စိမ့် နံနက်ခင်း အရသာကလေး ပျောက်ကွယ်သွားခဲ့ပြီ။ လေထုက စိုထိုင်းထိုင်း၊ ချိုအီအီ။

ကဲ-ကျွန်မရဲ့ ရှာဖွေရေး အစီအစဉ် ဘယ်က စရပါ့။ လွန်ခဲ့သည့် အနှစ်လေးဆယ်က ရေးထားခဲ့သည့် စာအိတ်ပြာတစ်လုံးပေါ်ရှိ-

၃၈ မြို့ပတ်လမ်း

ကလော-ရှမ်းပြည်နယ်

ဆိုသည့် လိပ်စာတစ်ခုသာ ကျွန်မမှာ ရှိသည် ပဲ။

သွားဖို့ လာဖို့ ယာဉ်တစ်စီးစီးနှင့် နယ်မြေဒေသကျွမ်းသည့် ဒေသခံတစ်ဦး ရမှ ဖြစ်မည်။ နောက်တော့ရော-

မှတ်စုစာအုပ်ထဲမှာ တော့ ကျွန်မ ထိုသို့ ရေးမှတ်ထားခဲ့သည်။

*ကားနှင့် ဒရိုင်ဘာတစ်ဦး ငှားရန်

*ဧည့်လမ်းညွှန်တစ်ဦး ရှာရန်

*ဖုန်းလိပ်စာ စာအုပ် ရှာရန်

*ဒေသမြေပုံ ဝယ်ရန်

*စာပါ လိပ်စာကို ရှာရန်

*အိမ်နီးနားချင်းများ နှင့် ရဲကို မေးခွန်းများ မေးရန်

*ရဲကို ဖေဖေ့အကြောင်း မေးရန်

*မြို့ဝန်နှင့် တွေ့ဆုံရန်

*အမေရိကန်၊ သို့မဟုတ် ဗြိတိသျှများကို ရှာဖွေရန်

*လက်ဖက်ရည်ဆိုင်များ၊ ဟိုတယ်များ နှင့် စားသောက်ဆိုင်များ တွင် ဖေ ဖွေဓာတ်ပုံပြ၍ စုံစမ်းရန်

“ဟိုတယ်များ၊ ကလပ်များကို စုံစမ်းရန်

ဒါတွေကကျွန်မ အလုပ်လုပ်တိုင်း လုပ်နေကျ ကျင့်သားရ ပုံစံမျိုး ဖြစ်၏။ ထိုအလေ့အကျင့်က ကျွန်မနှင့် ရင်းနှီးကျွမ်းဝင်လွန်းလှပြီ။

ဟိုတယ်ကဒရိုင်ဘာနှင့် ညှော်လမ်းညွှန် နှစ်ဖက်လှ ဆောင်ရွက်နိုင်သူတစ်ဦးကို ညွှန်းဆိုသည်။ သို့သော် သူက ဒိန်းမတ် တိုးရစ် စုံတွဲတစ်တွဲကို လိုက်ပို့နေသဖြင့် နောက်နေ့မှ ရမည်တဲ့။ ဟိုတယ်ကို ညရှစ်နာရီလောက် မှာ ရောက်လာတတ်သည် ဟု ဆိုသည်။ နောက်တစ်နေ့မှ ရမည် ဆို သော်လည်း သူ့ကို စောင့်နေရခြင်းက အဓိပ္ပာယ်ရှိပါသည်။ သို့သော်လည်း ဟို ဦးဘ ဆိုသူကို လိပ်စာ မေးလိုက်၍ လည်း ဘာမှ တော့ မဖြစ်လောက်။ သူ လူလိမ်ဖြစ်ပါစေဦး၊ သူ့တစ်သက်လုံး ကလောမှာ နေလာသည် ပဲ။ မွန်း တည့်ပြီးခါစသာ ရှိသေးသော်လည်း အပြေးလေ့ကျင့်ဖို့ ကျွန်မ ဆုံးဖြတ် လိုက်သည်။ ခရီးရှည်ကြီး နှင်ခဲ့ရပြီးနောက် ကျွန်မ ခန္ဓာကိုယ်က ကိုယ် လက် လေ့ကျင့်ခန်းကို သေလောက်အောင် တောင့်တနေခဲ့ သည်။

ရာသီဥတုက ပူသော်လည်း တောင်ပေါ်လေအေးကြောင့် ခံသာပါသည်။ အပူဆုံး နွေရာသီ ကာလများ တွင် ပင် ဗဟိုပန်းခြံတွင်း မိုင်ပေါင်းများ စွာ ပြေးခဲ့ဖူးသည် ပဲလေ။

ပြင်းပြင်းထန်ထန် ပြေးလွှားလိုက်ခြင်းသည် ကျွန်မအတွက် ကောင်း၏။ လွတ်လပ်စေ၏။ လူတကာ ဝိုင်းကြည့်နေသည် ကို ဂရုမစိုက်တော့။ ကိုယ့် ခြေထောက်ကိုယ် ဂရုစိုက်ရတာနဲ့ သူတို့ ကို ဂရုမစိုက်အား။ လူတကာ ဂရုစိုက်၊ စောင့်ကြည့်ခံရသည့် ဘဝက ထွက်ပြေးသည် ဟု ဆိုချင်ဆို။ လမ်းမကြီးအတိုင်း ပြေးလာခဲ့ရင်း စေတီတစ်ဆူ၊ ဗလီတစ်ခုကိုဖြတ်၊ ဈေး ကိုပတ်၊ နွားလှည်းတွေ၊ မြင်းလှည်းတွေ၊ ကိုရင်ကလေးတွေကို ဖြတ်ကျော်၊ ပြေးနေရင်း ဒေသခံတွေကို ကြည့်မိတော့ သူတို့ ဘယ်လောက် ခြေကျ ညင်သာပြီး အေးအေးဆေးဆေးနိုင်လှသည် ကို သတိမပြုမိဘဲ မနေနိုင်။

ရေမိုးချိုးပြီးတော့ ခုတင်ပေါ် ပစ်လှဲရင်း နားလိုက်သည်။ အတော်လေး နေလို့ ထိုင်လို့ ကောင်း လာခဲ့သည်။ လက်ဖက်ရည်ဆိုင်သို့ အသွားလမ်းမှာတော့ ခြေထောက်တွေကို ပူပင်သောက ဆွဲထားသည်ကို ခံစားမိ၏။ ပူ လည်း ပူသည်၊ စိတ်လည်း လှုပ်ရှားသည်၊ ကြောက်လည်း ကြောက်သည်။ ကျွန်မက

အံ့အားသင့်ရသည် ကို မကြိုက်၊ ဦးဘ ဘာပြောမှာ လဲ၊ သူ့စကား ဘယ်လောက်ယုံစားရမှာ လဲ၊ သူ့ကို အသေးစိတ်မေးခွန်းတွေ မေးဖို့ အစီအစဉ် ဆွဲနေမိသည်။ အမြီးအမောက် မတည့်လို့ ကတော့ တော့တာပဲ။

ဦးဘက ရောက်နှင့် နေပါသည်။ ကျွန်မကို တွေ့တော့ မတ်တတ်ထရပ် ရင်း ကျွန်မလက်တွေကို ဆွဲယူသည်။ သူ့လက်ဖဝါးက နူးညံ့ နွေးထွေးလို့ ပါပဲ။ သူက လက်ဖက်ရည်နှစ်ခွက်နှင့် မုန့်တွေ မှာ လိုက်သည်။ ပြီးတော့ မျက်စိကိုမှိတ်ကာ သက်ပြင်းရှည်ကြီး ချရင်း သူ့ဇာတ်လမ်းကို ပြန်ဆက် ခဲ့တော့သည်။

****

အခန်း(၇)

ကလောရဲ့ ဒီဇင်ဘာဟာ အလွန့်ကို အေးလှ၏။ တိမ်တစ်မျှင်တောင် မရှိဘဲ ပြာလဲ့သည့် ကောင်းကင်ယံမှာ အရှေ့မှ အနောက် မိုးကုပ်စက်ဝိုင်းဆီသို့ နေမင်းက အချိန်မှန် ရွေ့လျားနေသော်လည်း အနွေးဓာတ်ကို မည်မည်ရရ ပေးနိုင်စွမ်း မရှိလေ။ အေးမြလတ်ဆတ်သည့် လေထဲမှာ အပူပိုင်း မိုးများ ဒေသ၏ လေးလေးပင်ပင် ချိုမြမြရနံ့ကို သတိထားမိသူ အတော်ရှားလိမ့် မည်။ တိမ်တွေက မြို့ကလေး ပေါ်မှာ၊ တောင်ကြားလွင်ပြင်ထဲမှာ ခပ်နိမ့်နိမ့် တွဲရရွဲခိုနေသည်။ သို့သော်လည်း ပူအိုက် စွတ်စိုမှုနှင့် မြေကမ္ဘာ၏ ရေငတ်ဝေဒနာကို သက်သာစိမ့်သောငှာ ထက်ကောင်းကင်က ရေချိုအေး ဒလဟော သွန်ချ ဖျန်းပေးမှုကို မကြုံပါဘူးဟု အာမမခံ။ ထိုသို့ ဖြစ်လာ လျှင် ဈေးထဲက အသားတွေ ပုပ်လွယ် သိုးလွယ် လှသဖြင့် ယင်မမဲရိုင်းကြီး တွေ မည်းမည်းလှုပ်နေတတ်သည်။ ကမ္ဘာမြေသားကလည်း ချွေးစေးတွေ ပြန် လာပြီး ပိုးကောင်မျိုးစုံ တွင်းထဲက ထွက်လာတတ်သည်။

ကလောသူ၊ ကလောသားများ အတွက် စိတ်ချမ်းမြေ့ဖွယ် အေးမြသည့် နေ့တွေ၊ အေးစိမ့်သည့် ညတွေနှင့် ဒီဇင်ဘာသည် အယောင်ဆောင်သက်သက် ပါပဲဟု မြမြ တွေးနေမိသည်။

အိမ်ရှေ့က ကွပ်ပျစ်ကလေးပေါ် ထိုင်ကာ လယ်ကွင်းတွေ၊ တောင်ကြား လွင်ပြင်နှင့် အဝေးမှ တောင်ကုန်းတွေကို မြမြ ငေးမောနေသည်။ ခုနေတော့ ကြည်လင်အေးမြ သန့်ရှင်းလှသဖြင့် မှန်ပြောင်းနှင့် ကြည့်လိုက်လျှင်ကမ္ဘာမြေအဆုံးထိပင် မြင်ရမလား ထင်မိသည်။ သို့သော် လှည့်စားတတ် သော ရာသီဥတုကို မယုံလေနှင့်။ သူ မွေးကတည်းက ဒီဇင်ဘာ ကောင်းကင်မှာ တိမ်မမြင်ဖူးသော်လည်း ရုတ်တရက် ဝုန်းဒိုင်းကြဲပြီး မိုးမ ရွာဘူးဟု အာမမခံနိုင်။ သို့တည်းမဟုတ် ဘင်္ဂလားပင်လယ်အော် အခြေပြုသည့် မုန်တိုင်းတစ်လုံးလုံး ကလောတောင်တန်းများ ဆီ ရောက်မ လာဘူးဟု မပြောနိုင်။ မည်သည့် နေရာမှာ အခြေပြုသော မုန်တိုင်းဖြစ်စေ မြမြ၏ မွေးရပ်မြေကို ကောင်းကောင်း ဖျက်ဆီး နိုင်စွမ်း ရှိသည် လေ။ မြေ လျှောသည် လည်း ထိုနည်း လည်းကောင်း၊ အို-နေ့တိုင်းသည် ကမ္ဘာပျက်နိုင်သည် ပါပဲ။ ကြည်နူးစရာ နတ္ထိ၊ ယုံကြည်စရာ ဗလာဖြစ်ပြီ ဆိုကြောင်းကို သူ့နှလုံးသားထဲက မြမြ သိနေပါသည်။ သူ့ဘဝမှာ၊ ဤကမ္ဘာမှာ၊ အေးချမ်း တည်ငြိမ်ခြင်းသည် မရှိလေတော့။

လွန်ခဲ့သည့် ၁၇ နှစ်၊ ပြုတ်ထားသလို ပူလှသည့် ဩဂုတ်လ တစ်နေ့မှာ သူ နှင့် သူ့အမြွာမောင်တို့ မြစ်ကမ်းပါးမှာ ဆော့ကစားရင်း မောင်ငယ်သည် ကျောက်တုံးပေါ်မှ ခြေချော်ကျသွားခဲ့သည်။ ဟန်ချက် ပျက်ပြီး လက် ကလေးတွေ လေထဲမြှောက်ကာ ကူကယ်ရာမဲ့ ဖြစ်နေပုံမှာ မှောက်ထားသည့် ဖန်ခွက်ထဲမှ

ယင်ကောင်တစ်ကောင်ပမာ။ ရေစီးအတိုင်း သူ့ထာဝရခရီး အဖြစ် ထွက်ခွာသွားသော အချိန်မှာ မြမြခမျာ မြစ်ကမ်းနံဘေးမှာ ကူညီ ကယ်တင်ခွင့် မသာခဲ့။ မြစ်ပြင်ပေါ် ဘွားခနဲ တစ်ချက် ပေါ်လာသည့် မောင်ငယ် ၏ မျက်နှာလေးကို နောက်ဆုံးအကြိမ် သူ ငေးနေခဲ့ရသည်။

ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသာဆိုလျှင် ဤဖြစ်ရပ်ကို ဘုရားသခင်၏ အလိုတော်ကျဟု မိန့်ပေလိမ့်မည်။ ဘုရားသခင်အပေါ် ယုံကြည်စိတ်သဒ္ဓါကို စမ်းသပ်ခြင်းဟု ဆိုပေလိမ့်မည်။ ဘုရားသခင်က ပုံသဏ္ဍာန်မျိုးစုံဖြင့် စမ်းသပ်တတ်သည် မဟုတ်ပါလား။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု တရားနှလုံးသွင်းကြ ပေလိမ့်မည်။ မသိခြင်းကြောင့် ဘဝဆက်ထုံးတွေ များ ခဲ့ရပြီး ဝဋ်ကြွေးရှိလျှင် ဆပ်ရပေမည်ကိုး။

အခင်းဖြစ်ပြီး နောက်တစ်နေ့မှာ တော့ ဗေဒင်ဆရာ အကြားအမြင်ဆရာ တစ်ဦးက ခုလို မွက်ကြားခဲ့ပြန်သေးသည်။ ပြဿဒါးရက်ဖြစ်သည့် ဩ ဂုတ်လ၊ စနေမှာ မွေးနံနှင့် မအပ်စပ်သည့် မရဏ အရပ်ဖြစ်သော မြောက် အရပ်သို့ သွားကာ ဆော့ကစားမိ၍ ကြမ္မာငင်ရခြင်းတဲ့ သူ့ကို စောစောစီးစီး တိုင်ပင်ခဲ့လျှင် ဤအဖြစ်ဆိုးကို မုချသတိပေး တားဆီးနိုင် မည်တဲ့။ ဘဝ ဆိုတာ ထိုမျှ ရိုးစင်း၊ ထိုမျှ ရှုပ်ထွေးသတဲ့ လား။

သူ့ဝိညာဉ်တစ်စိတ်တစ်ပိုင်းသည် မောင်ငယ်နှင့် အတူ ပါသွားခဲ့ပြီဖြစ် သော်လည်း မောင်ကလေး အတွက် ရက်လည်ဆွမ်းသွတ်မျှပင် မလုပ်နိုင်ခဲ့။ လက်လှုပ်မှ ပါးစပ်လှုပ်ရသော တောင်သူမိဘနှစ်ပါး အတွက် အရေးအကြီး ဆုံး သီးနှံစိုက်ပျိုးချိန် ဖြစ်နေခဲ့သည် ကိုး။ ကျွေးရ မွေးရမည့် တခြား သားသမီး လေးယောက်လည်း ရှိသေးသည့် အတွက် ဝမ်းနည်းကြေကွဲနေဖို့ အချိန် မရှိရှာကြ။ မသေထမင်း၊ မသေဟင်းပင် မှန်မှန်စားနိုင်ဖို့ ခက်လှ သည် လေ။

ဤသို့ဖြင့် ဝိညာဉ်တစ်ဝက် သေဆုံးပြီးသား မြမြခမျာ အထီးကျန်ခဲ့ရသည်။ သူ အပြင်းအထန် အလုပ်လုပ်သည်။ ညနေစောင်းတိုင်း မြစ်ကမ်းနံဘေး သို့ သွားထိုင်သည်။ မောင်ငယ်လေးများ ဘွားခနဲ ရေပေါ် ပြန်ပေါ်လာမ လားဆိုသည့် မျှော်လင့်ချက်ကလေးနှင့် ပေါ့။ ဟင့်အင်း၊ ပေါ်မလာခဲ့ပါ။ မြစ်ပြင်သည် မောင်လေးခန္ဓာကိုယ်ကို ကျောက်ခဲတစ်လုံးလို စုပ်မျိုသွားခဲ့ သည်။ ပြန်ပေးဖို့ ရည်ရွယ်ချက်ရှိပုံ မရ။ မြမြသည် အိပ်ခါနီးတိုင်း တစ်နေ့ တာ လုပ်ငန်းစဉ်ကို မောင်လေး ကြားလေယောင် အစီရင်ခံသည်။ သူတို့အတူအိပ်ခဲ့သော ဖျာကလေးပေါ်မှာ မောင်ငယ်ဘက်အခြမ်းမှာ အိပ်၊ မောင် ငယ့်စောင်လေးကို ခြုံလိုက်လျှင် နှစ်ပရိစ္ဆေဒ ကြာလာသည့် တိုင် မောင်ငယ်လေး၏ ကိုယ်သင်းရနံ့ကို

သူ့နှာခေါင်းက ရနေဆဲ ဟု ထင်မိ နေသည်။

အမေက မြစ်ဆိပ်ဆင်း၍ အဝတ်လျှော်ဖို့ ခေါ်တိုင်း သူ ခါးခါးသီးသီး ငြင်းသည်။ တတ်နိုင်သမျှ သူ ရေကို ရှောင်သည်။ စည်ပိုင်းထဲမှ ရေကို ချိုး ဖို့ ပင် မိဘနှစ်ပါး ရှိနေမှ ချိုးသည်။ စည်ပိုင်းထဲမှာ ရေနစ် နိုင်သည့် အလား။ အသက် ၁၅ နှစ်အရွယ်ထိ စနေနေ့ဆို လုံးဝ စကားမပြော။ တနင်္ဂနွေနေ့ဆို ဘာမျှမစား။ စိတ်ဒဏ်ရာ ပင့်ကူအိမ်ထဲ ရုန်းမရအောင် ငြိတွယ်နေသည့် သားကောင်တစ်ကောင် အလား။

မိသားစုအတွက်တော့ ရိုးရာဓလေ့ကို လိုက်နာခြင်းသည် ဘေးကင်းလုံခြုံ သည် ဟု ယုံမှတ် ကြလေပုံပင်။ အရင်က တစ်နှစ် တစ်ခါလောက်မှ ဗေဒင် မေးတတ်သည့် သူ့မိသားစုသည် မောင်ငယ့် အဖြစ်ဆိုး ကြုံပြီးသည့် နောက် တစ်ပတ်တစ်ခါ ဗေဒင်ဆရာကို ပင့်ကြ ဖိတ်ကြသည်။ ဗေဒင်ဆရာ၏ နှုတ်ထွက်စကားမှန်သမျှ ဒူးတုပ်နာယူကြသည်။ ယတြာမှန်သမျှ အကုန် လေးလေးစားစား လုပ်ကြသည်။ မြမြက အဆိုးဆုံး၊ ကြာသပတေးနေ့ဖွား သူ့အဖို့ မီးလိုမွှေသည့် စနေကို ကြပ်ကြပ်ရှောင်ရမည်တဲ့ လေ။ အထူးသဖြင့် ဗြိတ္တိဂုဏ်နှင့် ဒီဇင်ဘာ စနေများ တဲ့။ ထို့ကြောင့် လည်း စနေနေ့များမှာ သူ အိမ်မှ တစ်ဖဝါးမခွာဘဲ နေခဲ့သည်။ တစ်ခုသော ဗြေိမှာ တော့ မီးဖိုနား မှာ လှန်းထားသည့် စောင်ကို မီးစွဲသည်။ မီးတောက်က သူတို့ တဲကလေး ကို မိနစ်ပိုင်းအတွင်း ဝါးမျိုလိုက်ရုံမျှမက မြမြတွင် ကျန်ရှိ နေသေးသည့် ယုံကြည်ချက် နောက်ဆုံးအလွှာလေးကိုပါ ဆွဲခွာသွားခဲ့သည်။ ဤလောက မြေမဟီမှာ သူ့အတွက် လုံခြုံစိတ်ချအပ်သော နေရာသည် မရှိလေတော့။

ထိုအဖြစ်ကို ခု သတိရတော့ ကျောထဲမှ စိမ့်တက်သွားခဲ့သည်။ ခြေထောက်က ဆတ်ခနဲ တုန်သွားတော့ အပေါ်ယံကြောတင်းပြီး ရေခဲစပြု နေသည့် ရေပုံးကို ကန်မိသည်။ ရေခဲလွှာလေး ဖျတ်ခနဲ ကွဲကြေသွားသည် ကို သူ ငေးနေမိသည်။

သက်ပြင်းတစ်ချက် ရှိုက်ကာ ဗိုက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း ခန္ဓာကိုယ်ကို ငုံ့ကြည့် လိုက်သည်။ သူ သိပ်လှသည် ပဲ။ သို့သော် လှသည် ဟု မခံစားမိ၊ တခြား ဘယ်သူမှ လည်း သူ့ကို လှသည် ဟု မပြောဖူးခဲ့။ မဟူရာဆံနွယ်ရှည်တွေက တင်ပါးဖုံးမတတ်၊ အရည်လဲ့နေသည့် မျက်နက် ဝန်းကြီးတွေ၊ ပြည့်တင်းနေသည့် နှုတ်ခမ်းတွေ၊ ရှည်သွယ်သွယ် လက်ချောင်းတွေ၊ တင့်တယ်သည့် ခြေဆံလက်ဆံတွေ။ ဗိုက်၊ ဗိုက်ကတော့ လုံးဝန်းတင်းကားကာ စူထွက်နေသည်။ ခုလပိုင်းများ အတွင်း ကြီးထွား ဖွံ့ဖြိုးလာခဲ့သည့် ဝမ်းဗိုက်။ သူ့အတွက်တော့ သူစိမ်းဆန်လှသည့် ထိုဗိုက်။ ဟော-အတွင်းက ကန်သည်၊ ထုသည်၊ လာကြပြန်ပြီ။

မနေ့ညကစ၍ ဗိုက်ထဲမှ လှုပ်ရှားမှုတွေ စတင်ခဲ့သည်။ အစကတော့ တစ်နာရီခြား တစ်ခါလောက်၊ ခုတော့ စိပ်၍ လာသည်။ နှစ်မိနစ်ခြား တစ်ခါ လောက် ဖြစ်လာခဲ့သည်။ လှုပ်ရှားမှုက မြန်လာခဲ့သည်။ အားကောင်းလာ ခဲ့သည်။ ပြင်းထန်လာခဲ့သည်။ ဟင့်အင်း၊ ဟင့်အင်း၊ မလာပါနဲ့ ဦး ကလေး ရယ်၊ အနည်းဆုံး ဒီဇင်ဘာ စနေည ဖြစ်တဲ့ ဒီနေ့တော့ မလာပါနဲ့ နော်။

ကိုယ်တိုင် ကလေးလေးယောက် မွေးထားသော အိမ်နားနီးချင်း မိန်းမကြီးကတော့ မြမြအဖို့ သားဦးကိုယ်ဝန် ဖြစ်သော်လည်း မွေးရ အတော်လွယ်သည် ဟု ဆိုခဲ့သည်။ သူကတော့ သေချာ မမှတ်မိပါ။ ခန္ဓာကိုယ်က စိတ်အလိုမလိုက်ဘဲ သူ ဖြစ်ချင်သလို ဖြစ်နေကြသည့် တခြား ကမ္ဘာတစ်ခုထဲမှာ နာရီနှင့် ချီပြီး နေခဲ့ရသည် ဟု သာ တွေးမိပါသည်။ ခုတော့ သူဟာ ဧရာမ အနာဟောင်းလောင်းကြီး တစ်ခုမျှသာ။ ဧရာမ တိမ် မည်းညိုကြီးတွေကို သူ တွေ့နေသည်။ နဖူးပေါ်လာနားသော လိပ်ပြာ တစ် ကောင်ကို သူ မြင်သည်။ ရေစီးနှင့် အတူ ပြန်မျောပါလာသည့် မောင် ကလေးကို မြင်သည်။ ကြက်မွေးလေး တစ်မျှင် လေထဲ လွင့်သွားသလို ဖမ်းယူဆုပ်ကိုင်လို့ မရသည့် အတွေးတစ်စက ဖျတ်ခနဲ ဝင်လာခဲ့သည်။ ဒီ သားဦးစနေလေးဟာ မီးလိုမွှေ၊ မမွှေ မသိရသေးပေမယ့် သူ့မောင်လေး ဝင်စားတာများ လား။

ကလေးငိုသံကို သူ ကြားရသည်။ ငိုသံက မာမာထန်ထန် ဒေါ်မာန်ပါပါ ပါ ပဲ။ မောင်လေး ပြန်လာတာလား၊ မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ဟင့်အင်း၊ ဟင့်အင်း၊ ဒီသွေးအလူးလူးနဲ့ ပိစိကွေး သတ္တဝါ လေးလား၊ မဟုတ်သေးပါ ဘူး၊ ကြည့်ပါဦး၊ ခြေကားရား လက်ကားရားနဲ့ အသည်းယားစရာ တွန့်လိမ် လို့ ပဲ။

ကလေးတစ်ယောက်၏ လိုအင်ကို မြမြ မသိ။ ဘာမျှ ပြင်ဆင်ထားခြင်း အလျှင်းမရှိဘဲ မိခင် ဘဝသို့ ရောက်ရှိလာခဲ့သော မြမြအတွက် ချစ်ခြင်း မေတ္တာဆိုသည် မှာ လွန်ခဲ့သော နှစ်ပေါင်းများ စွာတုန်းက ပူပြင်းလှသည့် ဩဂုတ် စနေ တစ်နေ့မှာ မြစ်ရေနှင့် အတူ စီးမျော ပါသွားခဲ့ပြီ မဟုတ်ပါ လား။

****

အခန်း(၈)

သားလေး လူ့လောကသို့ ရောက်လာခါစ ပထမနေ့များ အတွင်း မြမြခမျာ သူ့သားကို ပေယျာလကန် ပစ်ထားသည် ဟု မည်သူမျှ မစွပ်စွဲနိုင်။ အိမ်နီးနားချင်း အစ်မကြီး ညွှန်ကြားသမျှ ပြုဖွယ်ကိစ္စ အားလုံးကို သူ လုပ်ခဲ့ သည် သာ။ သားလေးကို ရင်ခွင်ထဲ ပွေ့ရင်း နို့ချို တိုက်ကျွေးသည်။ အို့-အို့- အေ့-အေ့ သားချော့ တေးဖြင့် ထွေးပွေ့ သိပ်သည်။ ငိုလျှင် ပျာနေအောင် ချော့သည်။ ဝယ်စရာ ခြမ်းစရာ ရှိ၍ အပြင် ထွက်လျှင်လည်း ကလေးကို အနီးဖြင့် ထုပ်ရင်း ကိုယ်နှင့် မကွာ။ ညညဆို လင်နှင့် သား အကြားမှာ လဲလျောင်းရင်း သားလေးပုလုကွေး၏ အမောတကော တိုဆတ်ဆတ် အသက်ရှုသံလေးများကို နားစွင့်ရင်း အိပ်မပျော်။ သားလေး၏ လက်ပေါက်စကလေးက သူ့လက်ချောင်းများကို အားကိုးတကြီး ဖမ်းဆုပ် လာလေတိုင်း သူ့ရင်မှာ ဖြစ်ပေါ်လာတတ်သည့် ခံစားချက်တွေကို အလေးဂရုပြု၍ အာရုံခံမိသည်။ ရင်ထဲမှာ ဗလာနတ္ထိ ဟင်းလင်းပြင်ဖြစ်နေ ခဲ့သည် ကို ကုစားနိုင်မည့် ခံစားချက်တွေများ လား။

သားဘက်သို့ လှည့်ကာ ဖက်ထားမိသည်။ မထိဝံ့၊ မတို့ ဝံ့၊ ဖွဖွညင်သာ ခြင်းနှင့် အကြမ်းပတမ်း ဖျစ်ညှစ်ခြင်းတို့ ကြား။ သားငယ်၏ မျက်ဝန်းညို တွေက သူ့ကို မော့ကြည့်လေတိုင်း ချစ်မေတ္တာတို့ လှိုင်းတံပိုးထန်လာသင့် သော်လည်း မြမြရင်ထဲမှာ ဗလာ။ အမေနှင့် သားမှာ သံ နှင့် သံလိုက်လို ပူးကပ် ဆွဲငင်ထားရမည့် အစား သံလိုက်နှစ်တုံးလို အချင်းချင်း တွန်းကန်နေတာများ လား။ ခုပင် သားကို ဖက်ထားတာလား၊ ဖိထားတာလား သူ မ သေချာ။

အချိန်၊ အချိန် လိုနေတာ နေမှာ ပါလေ။ သံယောဇဉ်နှောင်ကြိုးတွေ တစ် ရစ်ပြီး တစ်ရစ် တင်းလာဖို့၊ ချစ်ခြင်းမေတ္တာ၏ တန်ခိုး ပြာဋိဟာတွေ အသက်ဝင်လာဖို့ အချိန်လိုနေသေးတာ ဖြစ်မှာ ပါ။ အကယ်၍ သာ ကြက် ကိစ္စ မပေါ်ခဲ့လျှင် သူ့အတွေးတွေ မှန်ချင် မှန်မှာ ပေါ့လေ။

သားလေး မွေးပြီး နှစ်ပတ်တင်းတင်းပြည့်သည့် စနေ တစ်မနက်။ နေမ ထွက်ခင် မြမြ ခြံထဲ ဆင်းပြီး မီးမွေးဖို့ ထင်းကောက်သည်။ အေးလွန်းလှသ ဖြင့် ကတိုက်ကရိုက် အိမ်နောက်ဖေးမှ ထင်းပုံသို့ အသွား ထင်းပုံရှေ့မှာ သေ နေသော ကြက်တစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရသည်။ ကြက်သေ ကို သူတောင် နင်းမိတော့မလို့။ နောက်တစ်ကောင်ကို သားလေး မွေးချိန် ဖြစ်သော မွန်းတည့် ၁၂ နာရီ လောက်မှာ ထပ်တွေ့ရသည်။ တတိယတစ် ကောင်၊ စတုတ္ထတစ်ကောင် ဆက်တိုက်သေသည်။ ညနေပိုင်းမှာ တော့ အိမ်က ကြက်ဖကြီး သေဆုံးနေသည် ကို တွေ့လိုက်ကြရသည်။ ခင်ပွန်းဖြစ် သူက အနီးပတ်ဝန်းကျင်မှာ ပိုက်စိပ်တိုက် ရှာဖွေသော်လည်း ကြက်တွေ သေရသည့် အကြောင်းရင်းကိုတော့ ဘယ်လိုမှ

ရှာမတွေ့ခဲ့။ ချွေး၊ ကြောင်၊ ကျား ဘာသားရဲမျှ မတွေ့။ မြမြအတွက်ကတော့ ကြက်သေကောင်များ သည် သူ အကြောက်ဆုံးကိစ္စ ဖြစ်သော မဖြစ်စေချင်ပေမယ့် စိတ်ထဲမှာ တိတ်တခိုး မျှော်လင့်စောင့်စားနေခဲ့သော ဒီဇင်ဘာမှာ မုန်တိုင်းဝင်သလို၊ တော်လည်း သံကြီးပေး၍ မြေငလျင်လှုပ်သလို အတိတ်ဆိုး နိမိတ်ဆိုးတို့ ၏ ရှေ့တော်ပြေးလက္ခဏာမှန်း သေချာလွန်းနေခဲ့သည်။ ကျိန်စာဆိုးက သား အပေါ် ကျရောက်ခဲ့ပြီ။ သားဟာ ကံကြမ္မာဆိုးရဲ့ တမန်တော် ဖြစ်ခဲ့ပြီ။ ဗေဒင်ဆရာကြီး ကြိုတင်ဟောခဲ့သလို ဒီဇင်ဘာ သားဦးစနေသည် မီးလိုမွှေခဲ့ပြီ။

သူတို့ အိမ်က ကြက်တွေလို ကံကြမ္မာမျိုး အိမ်နီးနားချင်းတို့ ၏ ကြက်များ တွင် လည်း ကြုံတွေ့ခဲ့ပေမယ့် မြမြ၏ အယူသီးမှုကတော့ ပျောက်ပျက်မ သွားလေတော့။ ပို၍ သာ ဆိုးလာခဲ့သည်။ ဒါ ကျိန်စာဆိုးရဲ့ ရှေ့တော်ပြေးမျှ သာ။ ကလေးငယ် ယူဆောင်လာသည့် ကံဆိုးမိုးမှောင်ကျမှုတွေက ဒီ လောက်နဲ့ ရပ်ရိုးလား။ ဆိုးသထက် ဆိုးလိမ့်ဦးမည်။

ခုဆို ညစဉ်ညတိုင်း သူ ဖြစ်ရပ်ဆိုးတို့ ကို ငံ့လင့်နားစွင့်နေတော့သည်။ ဖြစ်သည် ကတော့ ဖြစ်မည်သာ။ အနေးနှင့် အမြန်သာ။ ကလေးငယ်၏ ချောင်းဆိုးသံ၊ လက်သီးဆုပ်သံ၊ သက်ပြင်းချသံ တိုးလျလျတွေကပင် မိုးကုပ်စက်ဝိုင်းဆီမှ ဆင်းသက်လာသော မိုးကြိုးခွင်းသံလို သူ့နားဝမှာ ကျယ်လောင်လှသည်။ မြမြသည် လှုပ်ပင် မလှုပ်ရဲဘဲ ကလေးငယ်၏ အသံဗလံတွေကို နားစိုက် ထောင်နေခဲ့သည်။ သားငယ်၏ အသက်ရှူ သံတွေကပင် ကျိန်စာဘီလူး၏ ဖြည်းဖြည်းမှန်မှန် ချဉ်းကပ် လမ်းလျှောက် သံတွေလို ဖြစ်နေပါပေါ့လား။

ဘာကြောင့် မှန်းတော့ မသိ၊ နောက်တစ်ပတ်လောက်မှာ သူ နို့ရည်တွေ ခန်းသွားခဲ့သည်။ သူ့ရင်သားအစုံက လေလျော့သွားသည့် ဘောလုံးနှစ်လုံး လို ရင်ဘတ်ပေါ် တွဲရရွဲ ကျနေသည်။ သူ့လိုပင် ကလေးမွေးထားတာ မ ကြာသေးသော အိမ်နီးချင်း အမျိုးသမီးတစ်ဦးက သူ့သားကိုပါ နို့ခေါ်တိုက် ပေးသဖြင့် တော်ပါသေးသည်။ အိမ်မှာ ကလေး မရှိတိုင်း သူ ပျော်သလိုလို ကျေနပ်သလိုလို ဖြစ်မိသည်။ အင်း-ယောက်ျားဖြစ်သူနဲ့ စကားပြောမှ ဖြစ် တော့မည်။ ခုလို နေလို့ တော့ မဖြစ်ရေးချ မဖြစ်၊ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်ချိမ့်မည်။

****

ပထမပိုင်း(ခ)

အခန်း(၉)

မြမြတစ်ယောက် အပူမရှိ အပူရှာနေသည် ဟု ခင်မောင် ထင်မိသည်။ သူလည်း နက္ခတ်ဗေဒင်ကို မယုံ မဟုတ်၊ ယုံပါသည်။ မွေးနေ့ မွေးရက် မွေး ချိန်သည် လူသားတစ်ယောက်၏ ဘဝလမ်းကြောင်းကို ပဲ့ကိုင် ပုံဖော်သည် ကို လူတိုင်း သိသည် မဟုတ်လား။ ဒီယုံကြည်မှုကို သူ သံသယ မရှိပါ။ ဝိပါက်ကြမ္မာ မရှောင်သာသည် ကို လည်းကောင်း၊ ဝဋ်ကြွေးရှိလျှင် ဆပ်ရ မည်ကို လည်းကောင်း သူလည်း ကောင်းကောင်း သိ၏။ မြမြလိုပဲ သူလည်း ခံစားရ၏။ နတ်တော်ပြဿဒါး စနေဖွား သူ့သားအတွက် ဘယ်လိုမှ စိတ် အား တက်ကြွစရာ အကြောင်းမရှိ။ နက္ခတ်တွေက သူတို့ သားတော်မောင် ကို ကောင်းချီးမပေး။ ဘဝကို ခက်ခဲ ပင်ပန်းစွာ ဖြတ်သန်းရမည်မှာ အသေအချာ။ ပြဿဒါး စနေဖွားတွေ၏ ဘဝသည် ခွေးကျိုးတစ်ကောင် လို ခက်ခဲပင်ပန်းသည်။ လောင်းရိပ်မိသည့် သစ်ပင်လို ဘယ်တော့မှ ကြီးပွား ဖူးပွင့်နိုင်စွမ်း မရှိ။ ကြက်တွေ သေခဲ့စဉ်ကလည်း သူ့မယားနည်းတူ သူ စိုး နှောင့်ဗျာဗွေစိတ်တွေဖြင့် ယောက်ယက်ခတ် ခဲ့ရသည်။ သို့သော်လည်း စနေနေ့မှာ မွေး၍၊ ပြဿဒါးနေ့မှာ မွေး၍ ကျိန်စာမိနေပြီ ဆိုသည့် ကောက်ချက်ကတော့ လွန်လွန်းသည်။ ဘာပဲပြောပြော ဗေဒင်ဆရာကြီးထံ သွားမှ ဖြစ်မည်ဟု မယား မြမြက ဆိုတော့လည်း ခင်မောင့်မှာ မကန့်ကွက် သာ။ အဆင်ပြေသွားပါစေ၊ သားလေး၏ အညံ့တွေ ပိန်းကြာဖက်ပေါ် ရေမတင်သလို လျှောကျ ပျောက်ကွယ်နိုင်ပါစေ၊ ယတြာများ လည်း စွမ်းပါစေ။

ဗေဒင်ဆရာက ရွာစွန်မှာ တဲကလေးဖြင့် နေ၏။ ဤလူ့အဖွဲ့အစည်းမှာတော့ သူ့ထက် ဂုဏ်ရှိန် ကြီးမြင့်သူ အတော်ရှားချိမ့်မည်။ အိမ်ပန္နက်ရိုက် မင်္ဂလာ၊ အိမ်သစ်တက်မင်္ဂလာ၊ အာဝါဟ ဝိဝါဟ မင်္ဂလာ၊ တောလည် မင်္ဂလာ၊ ခရီးထွက်မင်္ဂလာ၊ ဘယ်မင်္ဂလာဖြစ်ဖြစ် နက္ခတ်ကောင်းမှ အကြောင်းလှမည်။ အားလုံးကို အဆင်ပြေအောင် သူ စီမံဆောင်ရွက်ပေး နိုင်သည် သာ။ ထို့ကြောင့်လည်း သူ့ဂုဏ်သတင်းက ရပ်ကျော်ရွာကျော် ရုံမက ရှမ်းပြည်နယ်တစ်ခွင်မှာ ပါ မွှေးချင်တိုင်း မွှေးနေခဲ့သည်။ နက္ခတ် ဗေဒင်ဆိုတာ အယူသီးသူတို့ ကို ဖြန်းချင်တိုင်း ဖြန်းနေသည့် အလကား ပေါက်ပန်းဈေး အလိမ်အညာမျှသာဟု ရယ်သွမ်းသွေးခဲ့ကြသည့် ကလောမှ အုပ်ချုပ်သူ အင်္ဂလိပ် သခင်ကြီးများ ပင် ပုန်းလျှိုးကွယ်လျှိုး သူ့ဆီ လာ၍ ဗေဒင်မေး၊ ယတြာတောင်းကြရသည် ကိုး။

ဗေဒင်ဆရာအဘိုးအိုသည် သူ့တဲထဲမှာ တင်ပျဉ်ခွေ ထိုင်နေသည်။ လမင်း

ကြီးလို ပြည့်ဝိုင်းသော ဦးခေါင်းမှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်တို့ က အချိုးညီစွာ တည်ရှိနေသဖြင့် သူ့မျက်နှာက ကြည့်ကောင်းလှသည် ဟု ခင်မောင် ထင်မိသည်။ သူ့အသက် ဘယ်လောက်ရှိပြီမှန်း မည်သူမျှ မသိ။ ရွာထဲက အသက်အကြီးဆုံးလူပင်လျှင် ဗေဒင်ဆရာ လူငယ်လူရွယ်ဘဝကို မသိမီဟု ဆိုခြင်းကြောင့် သူ့အသက် ရှစ်ဆယ်ထက် မနည်းဟု ခန့်မှန်းရ သည်။ သီလ၊ သမာဓိကြောင့် လားတော့ မသိ၊ ဗေဒင် ဆရာကြီးသည် မျက်နှာမှာ အရေးအကြောင်း အနည်းငယ်ရှိပေမယ့် အသက် ၂၀ လူငယ် အလား သန်သန်မာမာ သွက်သွက်လက်လက် မြင်နိုင်စွမ်း၊ကြားနိုင်စွမ်းတွေ မယုတ်လျော့သေး။ လွန်ခဲ့သည့် နှစ်ပေါင်း များစွာကတည်းက တည်ငြိမ် အေးချမ်းသည့် သူ့အသံကလည်း ပြောင်းလဲသွားခြင်း အလျှင်းမရှိ။

ခင်မောင်နှင့် မြမြ နှစ်ဦးသား ဆရာကြီးကို ကန်တော့ကြသည်။ ဒီအိမ်ကို ကလေးဘဝ ကတည်းက အကြိမ်ပေါင်းများ စွာ ရောက်ခဲ့ဖူးပြီ ဖြစ် သော်လည်း မြမြဒီကို လာလေတိုင်း ကြောက်ရွံ့ ရိုသေရစမြဲ။

ခင်မောင့်အတွက်ကတော့ ခုတစ်ကြိမ်သည် ပထမဆုံး ဖြစ်သည်။ မြမြနှင့် လက်ထပ်ဖို့ အခါရွေးချိန် သူ့မိဘတွေ ဗေဒင်ဆရာဆီ ချောင်းပေါက် မတတ် သွားခဲ့တုန်းကလည်း သူ မရောက်ဖြစ်ခဲ့၊ ခုတော့ ရောက်ရပြီ။ သူ အိမ်ကလေးကို ဝေ့ကြည့်လိုက်သည်။ အခင်းအကာတွေက ကျွန်းသားမည်း မည်း ကြီးတွေ၊ ဖွင့်ထားသည့် ပြတင်းနှစ်ပေါက်မှာ နေရောင်သည် လေး ထောင့်ကွက်နှစ်ကွက်အသွင် အိမ်ထဲ ဝင်နေသည်။ နေရောင်တန်း တစ်လျှောက် ဖုန်မှုန့်လေးတွေ တလက်လက် လွင့်နေ၏။ ကြမ်းပြင်က ချော ပြောင်နေသည်။ ခင်မောင့်အကြည့်က ရွှေရောင် ဗုဒ္ဓဆင်းတုတော်ရှိရာ ဘုရားစင်သို့ ရောက်၏။ အလွန်သပ္ပာယ်လှသည့် ရုပ်ပွားတော်ဖြစ်သည်။ ရုပ်ပွားတော် ရှေ့မှာ တော့ ပန်းအိုးနှစ်အိုးနှင့် အသီးအနှံ မျိုးစုံ ဆွမ်းတော် ကပ်ထား၏။ လိမ္မော်သီး လေးလုံးကို ပိရမစ်ပုံ လှပစွာ စီထားသည်။ ငှက်ပျောသီး နှစ်လုံး၊ သဘော်သီးတစ်လုံးနှင့် လက်ဖက်ရည်ကြမ်းခွက်များ၊ အိမ်နံရံများမှာ ဂဏန်းတွေ၊ စာလုံးတွေ ပြည့်နေသည့် စာရွက်တွေ ကပ်ထား၏။ အခန်းထောင့် လေးထောင့်မှာ တော့ သဲအိုးလေးလုံး ချထား သည်။

အဘိုးအိုက ခေါင်းညိတ်ပြလိုက်သဖြင့် ခင်မောင်နှင့် မြမြတို့ နှစ်ဦး သူ့ ရှေ့က ဖျာပေါ် ရွှေ့ထိုင် ကြသည်။ မြမြ ရင်တွေ ခုန်လွန်းသဖြင့် ဘာစကား မျှ မပြောနိုင်ဘဲ ဖြစ်နေသည်။ ခင်မောင်က ဦးဆောင် ပြောလေမလား။ သူတို့ လက်ထပ်ခဲ့ကြသည့် တစ်နှစ်ကျော်ကျော် အချိန်အတွင်း သူ့ယောကျ်ား မည်မျှ နှုတ်ဆိတ်သည် ကို မြမြ ကောင်းကောင်း သိပြီး ဖြစ်သည်။ ခင်မောင့်ငှ်ထံမှ တစ်နေ့လုံး စကားတစ်ခွန်း ကြားရဖို့ အတော်ခဲယဉ်းသည်။ စိတ်ရှုပ်ခြင်း၊

ဒေါသထွက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း စသည့် ခံစားချက်မျိုး တွေ မည်သည့် အခါမျှ သူ့မျက်နှာမှာ မတွေ့ရ၊ အမြဲ ပြုံးစစနှင့် သာ။

သို့သော်လည်း ခင်မောင်သည် လူပျင်းမဟုတ်၊ အလွန် အလုပ်လုပ်သည့် တောင်သူတစ်ဦး ဖြစ်၏။ အမြဲ အလုပ်နှင့် လက် ပြတ်သည် ဟူ၍ မရှိ။ သူ့ ဘဝက လှိုင်းတံပိုးကင်းသည့် မြစ်တစ်စင်းလို ဖြောင့်စင်းလှသည်။ ဘာ ရည်မှန်းချက်မျှ ကြီးကြီးမားမား မရှိသည့်၊ သံသယတွေ ဝိစိကိစ္ဆာတွေ နည်းလှသည့်၊ ကိုယ့်ဘဝကိုယ် ကျေနပ်စွာ နေတတ်သည့် ခင်မောင်။

"ဆရာကြီး ခင်ဗျား"

ခင်မောင်က ခပ်တိုးတိုး တစ်ခွန်း ပြောပြီး အတော်ကြာအောင် အားယူနေခဲ့သည်။

"ကျွန်တော်တို့ ဆရာကြီးဆီ လာရပြန်ပြီ ခင်ဗျာ"

အဘိုးအိုက ခေါင်းညိတ်လိုက်ပြန်သည်။

"လွန်ခဲ့တဲ့ သုံးပတ်က သားကလေး မွေးပါတယ် ခင်ဗျာ၊ သူ့ကံကြမ္မာကို ကျွန်တော်တို့ သိချင်ပါတယ် ခင်ဗျ"

ဗေဒင်ဆရာက ကျောက်သင်ပုန်းနှင့် မြေဖြူကို ယူလိုက်သည် ဇာတာတွက်ဖို့ မွေးချိန် အတိအကျကို မေးသည်။

"ဒီဇင်ဘာ ၃ ရက်နေ့ မနက် ၁၁ နာရီ မိနစ် ၄၀ ပါ ခင်ဗျ"

ဗေဒင်ဆရာက ဇာတာခွင်ဖွဲ့သည်။ တွက်ချက်သည်။ မျဉ်းကြောင်းတွေ၊ စက်ဝိုင်းတွေ၊ ဇယားတွေ ဆွဲသည်။ ဂီတသင်္ကေတတွေနှင့် ပင် တူတူသေး တော့။

ခဏနေတော့ သင်ပုန်းကို ဘေးချရင်း မြမြနှင့် ခင်မောင့်ကို သူငေးကြည့်နေသည်။ သူ့မျက်နှာပေါ်မှာ အပြုံးတစ်စပင် မကျန်ရစ်ခဲ့။ ဟော-သူ စပြော"

"အိမ်း-ကလေးက မရဏဖွားကွဲ့၊ ဝမ်းနည်းစရာတွေကို ဆောင်ကြဉ်းလာခဲ့ သူပေပဲ"

ဆုံးစမဲ့ နွံ့အိုင်ကြီးထဲ မြုပ်သွားသလို မြမြ ခံစားလိုက်ရသည်။ ဆွဲစရာ ကောက်ရိုးတစ်မျှင်ပင် မရှိ၊ ကူကယ်ရာမဲ့၊ ဗေဒင်ဆရာကြီးနှင့် ကိုခင်မောင့် အသံတွေကို သူ ကြားနေရသော်လည်း မသိတော့။ အသံတွေက တခြား ဘဝက ပြောနေသယောင်။ ဝမ်းနည်းစရာတွေ၊ ကြေကွဲဖွယ်ရာတွေကို ဆောင်ကြဉ်း

လာသူတဲ့ လေ။

"ဘယ်လို ဝမ်းနည်းစရာမျိုးလဲ ခင်ဗျာ"

"မျိုးစုံပါပဲ၊ အဓိကကတော့ ကျန်းမာရေးပေါ့"

ဗေဒင်ဆရာကြီးက သင်ပုန်းကို ပြန်ဆွဲယူပြီး ရေးချတ် တွက်ချက် ပြန်သည်။

"သူ့ ဦးခေါင်းမှာ တစ်ခုခု ဖြစ်လိမ့်မယ်ကွဲ့"ဟု ပြောလိုက်သည်။

"ဦးခေါင်း ဘယ်နေရာမှာ လဲ ခင်ဗျာ"

ခင်မောင်က အထအနကောက်၍ လိုက်မေးနေသည်။ သူ အင်မတန် သိချင်နေရှာသည် လေ။

ဗေဒင်ဆရာကြီးက စကြဝဠာကြီးတစ်ခုလုံး၏ လျှို့ဝှက်ချက်တွေ ထည့်သွင်းထားသည့် အလား သူ့သင်ပုန်းကို ကြည့်နေပြန်သည်။ သူ့သင်ပုန်း သည် သေခြင်း၊ ရှင်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း အားလုံး၏ မှတ်တမ်းစာအုပ် ပင်။ တွေ့သမျှအားလုံး မခြွင်းမချန် ပြောပြလိုက်ရမလား၊ မြမြမှာ နားထောင်နိုင်စွမ်း မရှိတော့မှန်း၊ ခင်မောင်က သူပြောတာ နားမလည်မှန်းသူကောင်းကောင်း သိပါသည်။ ထို့ကြောင့် လည်း -

"မျက်လုံးမှာ ဖြစ်မှာ" ဟု သာ သူ ပြောလိုက်တော့သည်။

မြမြသည် အိမ်ကို ဘယ်လို ပြန်ရောက်လာမှန်း မသိ။ ကိုခင်မောင်က သူ့ တစ်သက်လုံး မပြောဖူး သမျှ အတိုးချ ပြောသည့် အလား တစ်လမ်းလုံး တတွတ်တွတ် စကားအမျှင်မပြတ် ပြောလာခဲ့သော်လည်း သူ ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ထွက်သွားခဲ့သည်။ စကားတစ်လုံးတည်းသာ သူ့ ခေါင်းထဲ ယင်ကောင်ဝဲသလို ပျံ့ဝဲနေခဲ့သည်။ ဝမ်းနည်းကြေကွဲမှုတွေကို ဆောင်ကြဉ်းလာလိမ့်မည်တဲ့။

ခင်မောင်သည် သူ့မိန်းမကို လပေါင်းများ စွာ ကြာအောင် ဖျောင်းဖျခဲ့ သည်။ ဗေဒင်ဆရာကြီး ပြောသည့် ဝမ်းနည်းကြေကွဲစရာ ဆိုသည် မှာ ကျန်းမာရေးကိစ္စကို ဆိုလိုခြင်းဖြစ်ကြောင်း၊ အတိတ် နိမိတ်ဆိုး၊ ကျိန်စာ ဆိုး မဟုတ်ကြောင်း ထပ်ကာထပ်ကာ ပြောသော်လည်း အကြောင်းမထူး၊ မြမြ နားမထောင်မှန်း သူ သိနေခဲ့သည်။ မြမြသည် သားကို ကြည့်နေ သော်လည်း မမြင်၊ သား အသံကို ကြားနေသော်လည်း နားမထောင်၊ သား ကို ထွေးပွေ့ကြင်နာခြင်းလည်း အလျှင်း မရှိလေတော့။

ဤသို့ဖြင့် တင်ဝင်း၏ ဘဝသည် ပထမ ၂၁ ရက်အတွင်းမှာပင် ကံကြမ္မာ

ဘဝလမ်းကြောင်းကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ခဲ့ရသည်။ တစ်ဘဝလုံး ကျိန်စာဆိုးသင့်နေသူတဲ့ လား၊ လွန်လွန်းလှသည် လေ။

****

အခန်း(၁၀)

ဘယ်လိုပဲဖြစ်ဖြစ်၊ ခုတော့ နက္ခတ်တွေက အဖြေပေးခဲ့ပြီ၊ ကလေး၏ ကံကြမ္မာလမ်းကြောင်း ကို ပြဋ္ဌာန်း ပေးခဲ့ပြီမို့ မြမြ ကောင်းကောင်း အိပ်ပျော်ပြီ ဖြစ်၏။ သူ ဘာကို မျှော်လင့်ရမည်ကို ကောင်းကောင်း သိခဲ့ပြီ။ ပျော်ရွှင်ခြင်း၊ စိတ်ချမ်းသာခြင်း စသည့် မျှော်လင့်ချက် အများတို့ နှင့် ကိုယ့် ကိုယ်ကိုယ် မလှည့်စားတော့၊ အိပ်မက်တွေနှင့် ကယောက်ကယက်လည်း ဖြစ်မနေတော့။ သူ တည်ငြိမ်ခဲ့ပါပြီ။

မြမြ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ချိန်မှာ ကလေးနှင့် မိန်းမကြားမှာ တလူးလူး တလိမ့်လိမ့်နှင့် အိပ်မပျော်သူက ခင်မောင် ဖြစ်လာသည်။ ကံကြမ္မာဆိုး က ပေါက္ခရဝဿန်မိုးလို ကံကွက်ကျားပြီး သူ့မိသားစုပေါ်မှ ကျရမတဲ့ လား။ အဘိုးကြီး ပမာဒ လေခပြီး မှားပြောတာရော မဖြစ်နိုင်ဘူးလား။ ကံ လမ်းကြောင်း ဆိုတာ သွေဖည်လို့ မရတော့ဘူးတဲ့ လား။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် မရှိတော့ဘူး တဲ့လား။ ကိုယ့်ဘဝ ကိုယ်သာ သခင်။ ကိုယ်သာ အရှင် မဟုတ်ဘူး လား။ နက္ခတ်က ပြောသမျှ လည်စင်း ခံရမတဲ့ လား။

ဗေဒင်ဆရာထံမှ ပြန် လာပြီးပြီးချင်း ပထမဆုံးညက သူ အိပ်ရာထက်မှာ ထိုင်နေမိသည်။ သူ့မိန်းမကတော့ သူ့ဘေးမှာ အိပ်ပျော်လျက်။

"မြမြ၊မြမြရေ၊မြမြ"

အသံအက်အက်ဖြင့် သူ ခေါ်တော့ မြမြ မျက်လုံးတွေ ပွင့်လာသည်။

ထိုညက တိမ်ကင်းစင်သည့် လပြည့်ည၊ စိတ်ညစ်စရာ လရောင်က တဲ တွင်းကို ပြတင်းက တစ်ဆင့် ဝင်နေသဖြင့် မြမြ၏ မျက်နှာလေးကို သူ မြင် နေရသည်။ မြမြသည် မိန်းမချော တစ်ယောက်ပေပဲ။ သူ ဒါကို တစ်ခါမျှ သတိမထားမိခဲ့။ မိဘ ပေးစားသဖြင့် ယူလိုက်ရသည့် မြမြအပေါ် အချစ်ရှိ၊ မရှိ သူ မသိ။ အချစ်က နောက်မှ လိုက်လာလိမ့်မည်ဟု သာ သူ တထစ်ချ ယုံစားထားခဲ့သည်။ အချစ်ဆိုသည့် အရာကို သူ သေချာမှ မသိဘဲလေ။ အချစ်ဆိုတာ တချို့လူတွေ ရပြီး တချို့ မရနိုင်သည့် ကောင်းချီး မင်္ဂလာ တစ်ပါးလေလား။

ဘာပဲဖြစ်ဖြစ် သူ မြမြကို ပြောစရာတွေ တနင့်တပိုး ရှိနေခဲ့သည်။

"မြမြရေ၊ ငါတို့ ငါတို့ လေ ဟို..."

"ကျွန်မ သိပါတယ် ကိုခင်မောင်ရယ်၊ ကျွန်မ သိပါတယ်"

မြမြက ထထိုင်ရင်း ခင်မောင့်ခေါင်းကို လက်ဖြင့် ပွေ့ယူကာ ရင်မှာ အပ်ထားလိုက်သည်။ အင်မတန် အေးလှသော ဟေမန္တ ဆောင်းတစ် ရက်မှာ ရေပူစမ်းကို ဘွားခနဲ တွေ့လိုက်ရသလို ရှားပါး လှသော ကြင်နာ ယုယခြင်း၊ ဒီလို အပြုအမူမျိုးက အိပ်မက်သမားတွေ၊ အချိန်ပိုလွန်းသူတွေ အတွက်သာ၊ မြမြက ဒီနှစ်မျိုးလုံးထဲမှာ စာရင်းမပါ။

သို့သော် သူ့ယောက်ျား ဘယ်လို ခံစားနေရသည် ကို သူ သိသဖြင့် သနား လှသည်။ ခင်မောင်သည် တစ်ကိုယ်လုံး တုန်ယင်လျက် မြမြကို တင်းတင်း ဖက်ထားသည်။ ဩော်-သူ့အတွက် အချိန်လိုသည် ပဲ။ ကြမ္မာဆိုးတွေ ဖြစ်မ လာအောင် တားဆီးနိုင်စွမ်း ရှိသည် ဟု သူ ခုထိ ယုံနေရှာတုန်းကိုး။ ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကို ဖြိုမယ် ကြံနေတုန်းကိုး။

ခင်မောင်က တိုးတိုးတိုးတိုးနှင့် တတွတ်တွတ် ပြောနေတုန်း၊ သို့သော် သူ့ ကို ပြောနေခြင်း မဟုတ်။ သူ ဘာပြောနေမှန်းလည်း မြမြ နားမလည်၊ သူ့ကိုယ်သူ မနားတမ်း ပြောနေခြင်းသာ။ အဆက်မပြတ် တသွင်သွင် စကား စမ်းချောင်းတွေ စီးနေခဲ့သည်။ သေအံ့မူးမူး လူမမာအနားမှာ အသံကုထုံးဖြင့် စဉ်ဆက်မပြတ် ကုပေးနေသူ တစ်ဦးအလား။

သူ့သားအတွက် သူ ကံကို အန်တုရ၍ စိန်ခေါ် တိုက်ပွဲဝင်ချင်လှသည်။ ရှင်သန်ခြင်း၏ ကတိကဝတ်တို့ ကို တတ်စွမ်းသမျှ သူ ဖြည့်ဆည်းမည်။ မြမြအကူအညီ မရလည်း ရှိစေတော့။ သူ့ တစ်ကိုယ်တည်း တိုက်မည်။ သူ မြမြကို ထိုအကြောင်းတွေ ပြောပြချင်လှသည်။ သိမှတ်မဲ့ ပြောမိသည်။ အဆက်မပြတ် ပြောသည်။ လင်းအားကြီးထိ ပြောသည်။ ထို့နောက်မှာ တော့ ခြေကုန်လက်ပန်း ကျကာ အိပ်ပျော်သွားတော့သည်။

သို့သော်လည်း မြမြကတော့ အပြောမခံ၊ မနက်စာစားချိန်၊ ညစာစားချိန်၊ နောက်တစ်နေ့ညထိ သူ ပြောခွင့်မသာ။ ညဘက်မှာ တော့ ဗေဒင်ဆရာ ပြောခဲ့သည့် စကားလုံးတိုင်းကို သူ အနုလုံ ပဋိလုံ ပြန် သုံးသပ်သည်။ ထို မြင်ကွင်းတွေကို ပြန်မြင်ယောင်သည်။ မြင်ကွင်းတို့ သည် မြူဖုံးနေရာမှ တဖြည်းဖြည်း ရှင်းသွားသလို ဝါးနေရာမှ ကြည်လင်လာခဲ့သည်။ ဗေဒင် ဆရာ၏ အိမ်ခန်း၊ ဖယောင်းတိုင်တွေ၊ မြေဖြူခဲတွေ၊ ကံကြမ္မာတွေ၊ မေတ္တာတွေ၊ သောကတွေ၊ ပရိဒေဝတွေ ခုန်ထွက်လာခဲ့သည့် သင်ပုန်းငယ်။ ဆရာကြီး၏ ဟောကိန်းတွေ၊ တစ်လုံးချင်းစီ ပြန်ကြားယောင်သည်။ ကျန် စာသင့်သည့် အကြောင်း တစ်လုံးတစ်ပါဒမျှ မပါတာ သေချာသည်။ ဒါကို သူ့မိန်းမ သိအောင် သူ ပြောမည်။ ခုမပြောရလျှင် မနက်ဖြန် မနက် ပြောမည်။ မနက် မပြောရလျှင် ည၊ အို-နောက်နေ့တွေမှာ ပြောမည်။

သို့သော်လည်း သူ့မှာ အခွင့်အရေး မရခဲ့ရှာ။ အကယ်၍ သာ ခင်မောင် သည်

ခင်မောင် မဟုတ်ခဲ့ပါလျှင် အခွင့်အရေးကို ရနိုးနိုး ထိုင်စောင့်နေမည် မဟုတ်၊ ဖန်တီးယူလိုက်မည်သာ။ သို့သော် ခင်မောင်က ခင်မောင်သာဖြစ်သည်၊ တိုက်တိုင်းအောင် သူရဲကောင်း မဟုတ်၊ အတွေးကမ္ဘာထဲသာ ချာချာလည်နေပြီး ထိုးဖောက်ကျော်လွှားဖို့ ခွန်းအားသတ္တိ သူ့မှာ မရှိ။ ထို့ကြောင့်လည်း သံသယစိတ်တို့ တပ်တောင်တာဗိုလ်ထု ချီလာသောအခါ သူ ကြံ့ကြံ့ခံနိုင်စွမ်း မရှိ။ နက္ခတ်တို့ သည် ထာဝရ မှန်သည် သာ။ နတ်တော် ပြဿဒါး စနေဖွား သားလေးသည် ကြေကွဲမှုတွေကို ဆောင်ကြဉ်းလာမည် သာ။

သားလေး မွေးပြီး ရှစ်ပတ်တိတိ အကြာမှာ ကြီးတော်ကြီး ဆုံးပါးသွားခဲ့ သည်။ အိမ်အပြင် မထွက်တာ ကြာလှပြီဖြစ်သည့် မီးစာကုန် ဆီခန်း အဘွားကြီး ဖြစ်သော်လည်း ဒါကံကြမ္မာဆိုး၏ လားရာလမ်းကြောင်းပင် ဖြစ်ကြောင်း၊ ခုတော့ ခင်မောင်တစ်ယောက် မြမြနှင့် သဘောတူခဲ့ရပါပြီ။

ကဲလေ-သူနဲ့ မြမြမှာ ဒီကလေးတစ်ယောက်ပဲ ရနိုင်တော့တာမှ မဟုတ်ဘဲ၊ နတ်တော် ပြဿဒါး စနေဖွား မဟုတ်သည့် တခြား ကလေးများ စွာ ထပ် မွေးလို့ ရသေးတာပဲ မဟုတ်လား။ ခင်မောင်သည် သူ့ယာတောကို သူရင်းငှားချ၏။ သူကတော့ အင်္ဂလိပ်တွေ၏ ဂေါက်ကွင်းမှာ ဥယျာဉ်မှူး လုပ်၏။ ဂေါက်အိတ်ထမ်း၏။ ဒါက ပိုက်ဆံ ပိုရသည့် အပြင် စိတ်ဆင်းရဲ စရာကောင်းလှသည့် အိမ်နှင့် ဝေးဝေး နေနိုင်သည် လေ။ ဂေါက်သီး အားကစား ဆိုသည်က ရာသီသုံးပါးမရွေး အမြဲ ကစားကြသည် ကိုး။

မြမြကလည်း အိမ်မှုကိစ္စတွေနှင့် ဂျင်ဂျာလည်နေအောင် အလုပ်ရှုပ်နေ လိုက်သည်။ သူတို့ က ခင်မောင့်ယောက်ဖဝမ်းကွဲ၏ ဧရာမ နှစ်ထပ်စံအိမ် ဝင်းနောက်မှာ သစ်သားတဲကလေး ထိုးနေကြခြင်း ဖြစ်သည်။ စံအိမ်ကြီး က ကလော အရှင်သခင်ကြီးများ စိတ်ကြိုက် ကျူဒေါ်စတိုင် ခွံ့ခွံ့ညားညား ကျယ်ကျယ်ဝန်းဝန်း ကုန်းမြင့်ကလေးတစ်ခုပေါ်မှာ တည်ရှိသည်။ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှာ ကျောကွဲအောင် ပူချိန်တွေမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေလေးထောင်ကျော်မြင့်သည့် ကလောက အညာနှင့် မြစ်ဝကျွန်းပေါ် ဒေသများ၏ အပူဒဏ်မှ ကင်းလွတ်သဖြင့် အုပ်ချုပ်သူ အင်္ဂလိပ်များ၏ နွေရာသီ အပန်းဖြေစံနန်းတွေများ လှသည်။ ထိုစံအိမ်ကြီးမှာလည်း အငြိမ်းစားယူထားသည့် အင်္ဂလိပ် အရာရှိကြီးတစ်ယောက် နေထိုင်ရန် စိတ်ကြိုက်ဆောက်ထားသည့် အိမ်ကြီး ဖြစ်သည် သို့သော်လည်း အငြိမ်းစားယူပြီး နှစ်ပတ်အကြာ ထိုအရာရှိကြီးမှာ တောလည်သွားရာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည့် အတွက် ကျန်ရစ် သူ အရာရှိကြီးကတော်က ခင်မောင့်ယောက်ဖကို ရောင်းချခဲ့ခြင်း ဖြစ်သည် ခင်မောင့်အစ်မဝမ်းကွဲ၏ ယောကျ်ားဖြစ်သူမှာ အိန္ဒိယလူမျိုး လက်တစ်ဆုပ်စာက လက်ဝါးကြီး အုပ်ထားသည့် ဆန်စပါးဈေးကွက်မှာ အောင်မြင်နေသည့် ရှားရှားပါးပါး

တိုင်းရင်းသား သူဌေးကြီး တစ်ဦး ဖြစ်သည်။ ကလောမှ စံအိမ်မှာ သူ့အတွက် ဘာမျှမဟုတ်။ ချမ်းသာကြွယ်ဝ ခြင်း၏ သရုပ်သကန် အထိမ်းအမှတ်အဖြစ်သာ ဝယ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ခြောက်နှစ်တာ ကာလအတွင်း သူ့စံအိမ် ကို သူ တစ်ခါမျှ လာမ ကြည့်ခဲ့။ စံအိမ်ကို ထိန်းသိမ်းဖို့ က ခြံစောင့်သဖွယ် ဖြစ်နေသည့် ခင်မောင် နှင့် မြမြ တို့ ၏ တာဝန်သာ။ အိမ်ကြီးရှင်က အချိန်မရွေး ရောက်လာ နိုင်သည် လေ။ ကလေးမွေးပြီးနောက်ပိုင်း မြမြသည် ထိုစံအိမ် ထိန်းသိမ်း ခြင်းတာဝန်ကို စိတ်ရောကိုယ်ပါ နှစ်၍ လုပ်သည်။ ကြမ်းတွေကို မှန်ကြည့်၍ ရလောက်အောင် ပေါလစ်တိုက်သည်။ တစ်ရက် နှစ်ကြိမ် ကြမ်းတိုက်သည်။ တံမြက်စည်း လှည်းသည်။ ဖုန်ရှင်းသည်။ ပြတင်းပေါက်တွေကို ဆေးကြောသန့်စင်သည်။ ဥယျာဉ်ကို သသည်။ ပန်းပင်တွေကို ပြုပြင် ထိန်းသိမ်းသည်။

ဟော-ရဲနှစ်ယောက် စံအိမ်ရှိရာ ကုန်းပေါ်တက်လာသည် ကို မြမြတွေ့နေရသည်။ ထိုအချိန်မှာ သူက မီးဖိုထဲ မုန်လာဥ လှီးနေချိန်။ တစ်ကျော့ပြန် ဒီဇင်ဘာ ရောက်ခဲ့ပြန်ပြီ။ မြမြ ပျာယာခတ်နေသည်။ ဟင်းချက်ပြီးသည် နှင့် စံအိမ် ဒုတိယထပ်ကို ကြမ်းတိုက် ပေါလစ်တင် ရဦးမည်။ အကယ်၍ သာ အိမ်ကြီးရှင် မနက်ဖြန် ရောက်လာခဲ့ပါလျှင် သူ့စံအိမ်ကို ကောင်းစွာ ထိန်းသိမ်းထားခြင်း မရှိဟု မြင်သွားခဲ့ပါလျှင် လုပ်ခဲ့သမျှ အဟောသိကံ ဖြစ်လိမ့်မည်ဟု သူတွေးနေသည်။

ဝတ်စုံပြာ ကိုယ်စီနှင့် ရဲနှစ်ယောက်သည် ကားလမ်းမှ တက်လာခြင်း မဟုတ်၊ ထင်းရှူးပင်တွေကြား မြွေလိမ်မြွေကောက် လူသွားလမ်းကလေးမှ တက်လာကြခြင်း ဖြစ်သည်။ သူတို့ မျက်နှာတွေကို မြင်ရတော့ မြမြကျောထဲမှ စိမ့်လာခဲ့သည်။ ဒီနေ့ သားကလေး တင်ဝင်း ခြောက်နှစ်ပြည့် မွေးနေ့ ဖြစ်၏။ မွေးနေ့တိုင်းမှာ ကြုံလာလတ္တံ့သော ကြမ္မာဆိုးတွေကို အံခဲ ကျော်လွှားနိုင်အောင် မျှော်လင့်စောင့်စားရင်း မြမြ မောလှပြီ၊ ခရော။

အသက်ကို အမောတကော ရှူ၏။ အစာအိမ်နှင့် အူတွေကို လက်မည်း ကြီးနှင့် ဆွဲကိုင် ယမ်းခါ နေသလို တင်းသထက် တင်းလာသည်။ အသက်မ ရှူနိုင်လောက်အောင် မွန်းကျပ် ဆို့တက်လာသည်။ ဘုရား ဘုရား၊ ဘာမှ မ ဖြစ်ပါစေနဲ့။ လွဲပါစေ၊ ဖယ်ပါစေ။

ရဲတွေက ခြံဝင်းတံခါးကို ဖွင့်၍။ အထဲဝင်၍။ ခြံတံခါးကို ပြန်ပိတ်၍။ ပြီး တော့ မြမြ ရှိရာသို့ ဦးတည် လျှောက်လှမ်းလာ၏။ သူတို့ ခြေလှမ်းတစ်လှမ်း ချင်းက မြမြကို ဆောင့်ကန်နေသလို အင့်ခနဲ အင့်ခနဲ ခံစားနေရသည်။ ရဲ နှစ်ယောက်အနက် ငယ်ရွယ်သူက ခေါင်းကို ငုံ့ထား၏။ အသက်ပိုကြီးသည့် ရဲက သူ့ကို ငေးရီနေသည်။ သူ့ကို မြမြ သိပါသည်။ သူနှင့် မျက်လုံးချင်း ဆုံမိသည်။ သူ သိပါပြီ။ ရှောင်လွှဲ မရသည့် ကြမ္မာငင်မှုတစ်ခုတော့ ဖြစ်ခဲ့ ပြီ။ နားထောင်ဖို့ အင်အားမှ ရှိ၊ ရှိသေးရဲ့

လား။ ဟော-သူ ပြောပြီ၊ ကျန်တစ်ယောက်ကတော့ ခေါင်းမဖော်နိုင်။

"ခင်ဗျား ယောက်ျား မတော်တဆ ဖြစ်သွားခဲ့တယ်"

"ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်"

"သူ ဆုံးရှာပြီဗျာ"

မြမြသည် တုဏှိဘာဝေ၊ ထိုင်ကျသွားခြင်း၊ ငိုယိုခြင်း၊ တက်ခြင်း၊ ချက် ခြင်း အလျှင်းမရှိ၊ ပကတိ ကျောက်ရုပ်။

လေအဟုန်ကြောင့် အရှိန်ပြင်းစွာ ဝင်လာသည့် ဂေါက်သီးသည် ညာဘက် နားထင် တည့်တည့်ကို ထိမှန်ပြီး ပွဲချင်းပြီး သေရသတဲ့။ တာဝန်ရှိသည့် အင်္ဂလိပ်လူကြီးလူကောင်းက အသုဘစရိတ်နှင့် ကရုဏာ ကြေးတွေ ပေးမည်တဲ့။ အမှုအခင်းတော့ မဖြစ်လိုပါတဲ့။ မြမြ ခေါင်းညိတ် ပြလိုက်သည်။

ရဲတွေ ပြန်သွားတော့ သူ့သားကို သူ လှည့်ကြည့်လိုက်သည်။ သူ့သားက ကစားနေခဲ့သည်။ သူ့ကို ခေါ်ပြီး သူ့အဖေ မရှိတော့သည့် အကြောင်း ပြော လိုက်ရမလား။ အို-ဘာကိစ္စ ပြောရမှာ လဲ၊ ဒီကြမ္မာတွေကို သင်းပဲ သယ်ယူ လာခဲ့တာ မဟုတ်လား။ နက္ခတ်ကြောင့် ဘာကြောင့် ညာကြောင့် ဆိုခြင်း ထက် ဒီကလေး တင်ဝင်းကိုယ်တိုင်ကိုက ဂြိုဟ်ကောင်လေး ဖြစ်သည်။ နတ်ဆိုးမိစ္ဆာ၏ ကိုယ်စားလှယ်တော်လေး ဖြစ်သည်။ သူ့ကို ကြည့်နေသည့် မျက်ဝန်းညိုညိုတွေက သူ့ကို တကယ် မြင်၊ မမြင်ပင် မြမြ မသိ။ သူ့ မျက်ဝန်းတွေက အကဲခတ်လို့ မရ။ ဘာခံစားချက်မျှ မတွေ့။ အော့နှလုံးနာစရာ ဟာကလေး။ မြမြသည် အပြစ်အားလုံး သူ့သားပေါ် ပုံချနေမိပြီမှန်း ပထမဆုံးအကြိမ်အဖြစ် သတိထား လိုက်မိသည်။

ဘယ်လိုဖြစ်ဖြစ် သူ လက်မြှောက်ပါပြီ။ အားလုံးကို ပစ်ချထားခဲ့တော့မည်။ သင်းမျက်နှာကို ဘယ်တော့မှ ထပ်မမြင်ချင်တော့။

နောက် သုံးဆယ့်ခြောက်နာရီအတွင်း သူ တစ်ကြောင်းတည်းသော စိတ် ဖြင့် အသက်ရှင် နေထိုင်ခဲ့သည်။ ပူပူနွေးနွေး မုဆိုးမကလေးအဖြစ် အိမ်နီးနားချင်းများ၊ မိတ်ဆွေများ အကူအညီဖြင့် ခင်မောင့် အလောင်း မြေ ကျသည် ထိ သူ မနားတမ်း လုပ်သည်။

နောက်တစ်နေ့မှာ တော့ သူ ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို ခင်မောင် ယူလာခဲ့ဖူးသည့် ဂေါက်သီးအိတ်ဟောင်းတစ်လုံးထဲ ထိုးသိပ်ထည့်သည်။ တင်ဝင်းက သူ့အမေနားမှာ ရပ်ရင်း အမေ လုပ်သမျှ ငေးနေခဲ့သည်။ သင်း မျက်နှာကို မမြင်ချင်၊ မကြည့်ချင်။ ထို့ကြောင့် မျက်နှာလွှဲရင်း-

“ငါ သွားစရာ ရှိတယ်” ဟု ပြောလိုက်သည်။ တင်ဝင်းထံမှ စကားပြန်မရ။

သူ အိမ်ပြင်ထွက်လိုက်သည်။ သူ့သားက နောက်မှ ပြေးလိုက်လာသည်။ တံ့ခနဲ ရပ်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။ တင်ဝင်း၏ ခြေလှမ်းတွေ ရပ်သွားသည်။

“နင် လိုက်မလာနဲ့”

“ဟို-အမေ ဘယ်တော့ ပြန်လာမှာ လဲဟင်”

“မကြာခင်ပေါ့”

မြမြ အိတ်လွယ်ပြီး ခြံပြင်ထွက်ဖို့ ဂိတ်တံခါးဆီ လျှောက်သည်။ တင် ဝင်း၏ ခြေသံဖွဖွကို သူ ကြားနေရသည်။ နောက်လှည့်ကြည့်လိုက်သည်။

“ဟေ့-ပြောနေတာ မကြားဖူးလား”

ဒေါထန်လှသည့် အမေ့အသံကြောင့် တင်ဝင်း ခေါင်းကလေးကို အမောတကော ညိတ်ပြ ရှာသည်။

မျက်စိထဲ တွေ့ရာ ထင်းရှူးပင်တစ်ပင်၏ ခြေရင်းကို လက်ညှိုးထိုးပြလိုက် သည်။

“နင် ဒီမှာ ထိုင်နေခဲ့၊ ငါ ပြန်လာတဲ့ ထိ စောင့်နေ၊ ကြားလား”

တင်ဝင်းကလေးက အပင်ရင်းမှာ ပြေးထိုင်ချလိုက်သည်။ ထိုနေရာမှ ဆို လျှင် တစ်အိမ်လုံးကို ကောင်းကောင်း ဆီးမြင်ရသည် ပဲ။ အမေ ခိုင်းသည့် အတိုင်း သူ လုပ်မည်။ အမေ သွားပြီ၊ တဖြည်းဖြည်း ဝေးသွားပြီ၊ ဂိတ်တံခါး ကို ဖွင့်သည်၊ အပြင်ထွက်သည်၊ ပြန်ပိတ်သည်၊ နောက်ကို တစ်ချက်မျှ လှည့်မကြည့်၊ ကုန်းမြင့်ပေါ်မှ ဆင်းသည်၊ တရွေ့ရွေ့ ဝေးရာ…ဝေးရာဆီသို့။ အစက်အပြောက်ကလေး ဖြစ်ပြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည် အထိ တင်ဝင်း ငေးကြည့်နေသည်။ အမေ ပြန်လာလျှင်လည်း ဤသို့ပင် လှမ်းမြင်ရမည်သာ။

****

အခန်း(၁၁)

တင်ဝင်း စောင့်နေသည်။

တစ်နေ့လုံး၊ တစ်ညလုံး ထင်းရှူးပင်ရင်းမှာ ငုတ်တုတ်ကလေး ထိုင်စောင့်သည်။

ဆာလည်း မဆာ၊ ရေလည်း မငတ်၊ ညချမ်းချိန်ခါ တောင်တန်းတွေပေါ်မှ ဖြတ်သန်းလာသော စိမ့်နေအောင် အေးသည့် လေအေးတို့ သည် ပင် သူ့ကို ချမ်းစိမ့်စေခြင်းငှာ မစွမ်းသာ။ သူ့အပေါ်မှ ဖြတ်ကျော်သွားသလို ထင်ရ သည်။

နောက်တစ်နေ့မှာ လည်း သူ ထင်းရှူးပင်ရင်းမှ တစ်ဖဝါးမခွာ။ မှောင်နှင့် မည်းမည်း ဘာမျှ မမြင်ရတော့ချိန်အထိ ဂိတ်တံခါးကို ပြူးကြည့်နေခဲ့သည်။ သူ့အမေ ထိုလမ်းမှ သာ ပြန်လာမည်လေ။ သူ့အမေ ဝတ်ထားသည့် အနွေးထည်နီနီရဲက အဝေးမှ ပင် လှမ်းမြင်နိုင်လောက်အောင် ထင်ရှား သည် လေ၊ အမေ ပြန်လာတာ တွေ့သည် နှင့် တစ်ဟုန်ထိုး ပြေးသွားမှာ ပဲ၊ ပါးစပ်ကလည်း အသံကုန် အော်ပစ်မှာ ပဲ၊ အမေက ဒူးထောက်ရင်း သူ့ကို အတင်းဖက်ထားမှာ ပဲ၊ ပျော်စရာ။

တကယ်တော့လည်း ထိုမြင်ကွင်းက သူ့အိပ်မက်တွေထဲမှာ အမြဲမက်ခဲ့ရ သည့် မြင်ကွင်းမျိုးပါ။ သူ လူမှန်းသိတတ်စကတည်းက အဖေသည် လည်းကောင်း၊ အမေသည် လည်းကောင်း သူ့ကို တစ်ခါဖူးမျှ ပွေ့ချီ နမ်းရှုပ် ခြင်းမျိုး မကြုံခဲ့ရဖူး။ သူကသာ အဖေနှင့် အမေကို ချစ်ခင်မြတ်နိုးစွာဖြင့်ခြေထောက်တွေကို မီရာ ဖက်ခဲ့ရသည်။ အဖေနှင့် အမေကတော့ သူ့ကို ထိ ရမှာ ပင် ရွံ့နေသလို သူ ခံစား မိသည်။ ဒါကလည်း သူ့အပြစ်ကြောင့် သာ ဖြစ်၏။ ဒါကို သံသယရှိစရာ မလို၊ သူ့ကို အပြစ်ပေးနေတာ ဖြစ်မည်။ ဒါပေမဲ့ ဘာအပြစ်အတွက်ကြောင့် များ လဲ ဖေ နဲ့ မေရယ်။ သူ ဘာအပြစ် လုပ်မိမှန်း သူ့ကိုယ်သူ မသိရှာခဲ့ပါ။ အို-ဘယ်လောက်ကြီးတဲ့ အပြစ် ဖြစ်ဖြစ် အချိန်တန်တော့လည်း ပြစ်ဒဏ်ပေးကာလက ပြီးဆုံးသွားမှာ ပဲ မဟုတ် လား။ ဒီမျှော်လင့်ချက်တွေက အေးစက် တောင့်တင်းပြီး နှုတ်ဆိတ်နေသည့် အဖေ့ကို သစ်သားသေတ္တာရှည်ရှည်ထဲ ထည့်ပြီး မြေကြီးထဲ မြှုပ်ပစ်လိုက် ကြပြီး နောက်ပိုင်း ပိုလို့ တောင် အင်အားကောင်းလာခဲ့သည်။ အမေ့ကို သူ စောင့်မည်။ ပြန်လာသည် အထိ တစ်ဖဝါးမျှ မခွာဘဲ ထိုင်စောင့်မည်။ ဟိုး အဝေးမိုးကုပ်စက်ဝိုင်း တစ်နေရာမှာ နီနီအစက်ကလေး ပေါ်လာလိမ့်မည်။ ပေါ်လာချိန်ထိ စောင့်ရမည်။

တတိယမြောက်နေ့မှာ သူ့အဖြစ်ကို ကြည့်ရင်း မချိတင်ကဲ ဖြစ်လှသည့် အိမ်နီးနားချင်း တစ်ယောက်က ရေတစ်ခွက်နှင့် ဟင်းသီးဟင်းရွက်ကြော်

ပုံထားသည့် ထမင်းတစ်ပန်းကန် လာပေးပြီး သူ့အိမ်မှာ လာစောင့်ဖို့ ပြော၏။ ဟင့်အင်း ဟင့်အင်း၊ အမေက ဒီကစောင့်လို့ ပြောသွားခဲ့သည်။ အစားအသောက်တွေကို သူ လက်ဖျားနှင့် ပင် မတို့။ ခရီးဝေးကြီးမှ မောမောပန်းပန်း ပြန်လာမည့် အမေ ဆာနေရှာလိမ့်မည်။ သူ အမေ့ကို ကျွေးရ မည်။

လေးရက်မြောက်နေ့မှာ တော့ မခံနိုင်လွန်းသဖြင့် ရေနည်းနည်းသောက်မိသည်။

ပဉ္စမမြောက်နေ့မှာ အိမ်နီးနားချင်း ဒေါ်စုကြည်သည် လက်ဖက်ရည်တစ်အိုး၊ ထမင်း၊ ဟင်း၊ ငှက်ပျောသီးများ နှင့် သူ့နား ရောက်လာသည်။ သူ့ကိုအစားစားဖို့ ရေသောက်ဖို့ ပြော၏။ သူ လက်မခံ၊ ဒေါ်စုကြည်က မကြာခင် အမေ ပြန်လာလိမ့်မည်၊ သူ အားရှိအောင် စားထားသောက်ထားမှ ဖြစ်မည် ဟု ဖျောင်းဖျသော်လည်း သူ မကြားသယောင်။

ခြောက်ရက်မြောက်နေ့မှာ တော့ သူ မျက်လုံးတွေ ပြာလာသည်။ သစ်တောကြီးတစ်ခုလုံး ယိမ်းထိုးနေသည်။ မျက်လုံးထဲမှာ အရည်တွေ ပြည့်နေသလို၊ အဝတ်စ တစ်ခု လေထဲ လွင့်နေသလို၊ အနီရောင် အပြောက်ကလေးတွေ၊ ဟော-အမေလား၊ အနီရောင် အစက်လေးတွေ တဖြည်းဖြည်း သူ့နား လွင့်လာသည်။ အင်္ကျီအနီလည်း မဟုတ်ပါလား။ အနီလုံးကလေး တွေ သူ့နားမှ ဖြတ်သွားပြီး မြေကြီးပေါ် ကျရောက် ပေါက်ကွဲ။

ခုနစ်ရက်မြောက်နေ့မှာ တော့ ငုတ်တုတ်ကလေး မလှုပ်မယှက် ထိုင်နေသည့် ကလေးကို တွေ့တွေ့ချင်းမှာ အသက်ကုန်နေပြီဟု ဒေါ်စုကြည် ထင်လိုက်မိသည်။ အေးစိမ့်ထုံကျဉ်နေသည့် ဇန်နဝါရီ နံနက်ခင်းမှာ တစ်ကိုယ် လုံး အေးစက် ဖြူရောက်နေသည့် ကလေးငယ်သည် မျက်တွင်းတွေ ချိုင့်ဝင် နေပြီး ကလီစာတွေ မရှိတော့သည့် အခွံချည်းသက်သက် ခန္ဓာတစ်ခုဟု ပင် ထင်ရသည်။ အနားကပ် ကြည့်တော့ ရုပ်အင်္ကျီလေးအောက်က ရင်ဘတ် ကလေးမှာ ငါးကို ကုန်းပေါ် တင်ထားသလို နိမ့်ချည်မြင့်ချည်ဖြင့် အသက်ရှူရင်း သေငယ်ဇောဖြင့် မြောနေရှာသည့် ကလေးလေးကို တွေ့လိုက်ရသည်။

တင်ဝင်းမှာ ဒေါ်စုကြည် ရောက်လာသည် ကိုလည်း မမြင်၊ သူ့အသံကို လည်း မကြားနိုင်ရှာတော့။ တစ်လောကလုံး မြူတွေ ဖုံးနေသလို ဝိုးတဝါး အဖြူရောင်တွေချည်းသာ မြင်နေခဲ့သည်။ သူ့နှလုံးက ပေါက်ကွဲတော့ မတတ် ခုန်နေသည်။ အသက်ရှိနေသေးသော်လည်း မျှော်လင့်ချက်က သေဆုံးလုလု။

သူ့ကို လက်နှစ်ဖက် လာပွေ့ဖက်သည်။ မ ယူသည်။ ချီပိုးသွားသည်။

အဝေးသို့ ဆောင်ယူ သွားသည် ကိုတော့ သူ ခံစားမိသည်။

ထိုအချိန်မှ စ၍ သူ့ ဒုတိယအမေသည် ဘဝအမောအားလုံးကို အသံနက်နက်ဖြင့် ရယ်ပွဲဖွဲ့ဖို့ ဝန်မလေးသည့် ဒေါ်စုကြည် ဖြစ်လာခဲ့သည်။ သူ၏ တစ်ဦးတည်းသော ကလေးမှာ မွေးပြီးပြီးချင်း ဆုံးသွားခဲ့သည်။ နောက် တစ်နှစ်မှာ သူ့ယောက်ျား ငှက်ဖျားဖြင့် ဆုံးခဲ့သည်။ ယောက်ျားဆုံးပြီးတော့ သူတို့ အိမ်ကလေးကို ရောင်းပစ်ခဲ့ရပြီး မကြည်ဖြူသည့် ဆွေမျိုးတွေနှင့် ကပ်ရပ်နေရရှာသည့် အမျိုးသမီးကြီး ဒေါ်စုကြည်။ သူ့အမျိုးတွေ အမြင်မှာ ဒေါ်စုကြည်သည် ဘဝကို ရွှဲ့စောင်းမြင်တတ်သော လက်ပေါက်ကတ်သည့် မိန်းမကြီး၊ ကံဆိုးမိုးမှောင်ကျခြင်းကို သရော်လှောင်ပြောင်တတ်သည့် ဟာမကြီး၊ ကျိန်စာဆိုးနက္ခတ်ဆိုးကြောင့် ချစ်ရသူတွေ အသေဆိုးဖြင့် သေရ သည် ဆိုခြင်းကို အယုံအကြည် မရှိသော ကြောက်စရာ မိန်းမရိုင်းကြီးသာ။ ဒေါ်စုကြည်အဖို့ ကတော့ ဒီလို ချစ်ရသူတွေနှင့် သေကွဲကွဲရခြင်းသည် တင် ကြိုမြင်နိုင်စွမ်းလည်း မရှိ၊ ရှောင်လွှဲ၍ လည်း မရနိုင်သဖြင့် ဖြစ်လာသမျှ ရင်ဆိုင်လိုက်ရုံသာ၊ ရှင်သန်နေသည့် ဘဝကိုသာ ချစ်တတ်ဖို့ လိုသည် လေ။ အနာဂတ်ကို တင်ကြို ခန့်မှန်းရင်း ကြောက်လန့်နေရတာ လူဖြစ်ရှုံးလှသည် ပဲ။ ဘဝဆိုတာ နေတတ်လျှင် ကျေနပ်စရာ ချည်းသာ။ သူ ဒါတွေကို ထုတ်မ ပြောခဲ့သော်လည်း အားလုံးက သိကြသည်။ ထို့ကြောင့် လည်း တင်ဝင်း ကို စောင့်ရှောက်ဖို့ သူသာ အသင့်တော်ဆုံးဟု အားလုံးက တညီတညွတ် လက်ခံကြသည်။

သူသည် တင်ဝင်းကို အရိပ်တကြည့်ကြည့် စောင့်ရှောက်ခဲ့သည်။ တင်ဝင်းကလေး တဖြည်းဖြည်း ကြီးပြင်းလာခဲ့သည် ကိုလည်းကောင်း၊ သူ့မိဘ နှစ်ပါးနှင့် ခြားနားစွာ အသားဖြူလှသည် ကို လည်းကောင်း၊ အမြဲထာဝရ အဖော်မဲ့ တစ်ကိုယ်တော် ဖြစ်နေသည် ကို လည်းကောင်း သူ မြင်နေခဲ့ရသည်။

တစ်ခါသာ မြို့ထဲသို့ အသွားမှာ ထင်းရှူးပင်အောက် ထိုင်ပြီး ပေါက်ဖတ် အစိမ်းလေးတစ်ကောင် လက်ပေါ် တက်နေတာကို ထိုင်ကြည့်နေသည့် သူ့ မွေးစားသားကလေးကို မြင်လိုက်ရသည်။

“သားလေး ဘာလုပ်နေတာတုံး”

“ကစားနေတာ ကြီးကြီးမေ”

“ဟင်-ငါ့သားက တစ်ယောက်တည်း ကစားနေတာလား”

“သား တစ်ယောက်တည်း မဟုတ်ဘူး ကြီးကြီးမေရဲ့”

“ဟဲ့-ဘယ်သူမှ လည်း မမြင်ပါ့လား”

“အနားမှာ ရှိတယ်လေ၊ ကြီးကြီးမေ မတွေ့ဘူးလား”

ဒေါ်စုကြည် ဘေးဘီဝဲယာ လှည့်ပတ်ကြည့်သည်။ ဘယ်သူမျှ မတွေ့။

"မတွေ့ပါဘူး ငါ့သားရယ်၊ ဘယ်သူတွေတုံးကွဲ့"

"ပျားလေးတွေ၊ ပေါက်ဖတ်လေးတွေ၊ ကျိုင်းကောင်လေးတွေ၊ လိပ်ပြာလေးတွေနဲ့ သစ်ပင်တွေလေ၊ အားလုံးဟာ သားသူငယ်ချင်းတွေပေါ့ ကြီး ကြီးမေရဲ့"

"ဟင်-သစ်ပင်တွေ၊ ဟုတ်လား သား"

"ဟုတ်တယ်၊ သူတို့ က ဘယ်တော့မှ ထွက်မပြေးဘူးလေ၊ အမြဲ ဒီမှာ ပဲ ရှိတာ၊ ကြီးကြီးမေမှာ ရော သူငယ်ချင်းတွေ ရှိလား"

"အင်း-ကြီးကြီးမေမှာ ညီမ ရှိတယ်လေ"

"ဟုတ်ဘူး၊ တကယ့် သူငယ်ချင်းကို ပြောတာ"

"သြော်-သားလိုမျိုး သစ်ပင်သူငယ်ချင်း၊ လိပ်ပြာသူငယ်ချင်းတွေလား"

တင်ဝင်းက ခေါင်းမော့ကြည့်လိုက်သည်။ သူ့အကြည့်က ဒေါ်စုကြည်ကို ကြောက်လန့် သွားစေခဲ့သည်။ သူ့မျက်နှာကို ကြည့်ပါဦး၊ ဒီလို ချောမောတဲ့ မျက်နှာကလေးမှာ အသက်ရှင်သန်နေတဲ့ လက္ခဏာ ဆိုလို့ ဘာတစ်ခုမှ မရှိပါကလား၊ ကျောက်တုံးကို မျက်နှာပုံ ထွင်းထားသလိုပါပဲလား၊ မျက်လုံး ချင်း ဆုံမိပြန်တော့ ဒေါ်စုကြည် ဒုတိယမ္ပိ ကျောထဲက စိမ့်သွားရ ပြန်သည်။ ကလေးဟာ အသက်နဲ့ မမျှအောင် လောကဓံကို တနင့်တပိုး ခံခဲ့ ရရှာသည် ကိုး။ ဟော-သူ ပြုံးပြီ၊ ကျောက်တုံးမျက်နှာ ပေါ် အပြုံးပန်းလေး တစ်ပွင့် ပွင့်လာသည်။ ထိုအပြုံးက သူ့ရင်ကို နင့်စေသည်။ မျက်စိထဲမှာ စွဲ ကျန်ရစ်သည်။ နောက်ပိုင်းမှာ လည်း အမြဲလိုလို ထိုအပြုံးကို သူ အမှတ်ရ နေခဲ့သည်။ ဒေါ်စုကြည် သွားတော့မည် အလုပ် တင်ဝင်းက ဖြုန်းခနဲ ထ မေးသည်။

"ပေါက်ဖတ်လေးတွေက တစ်နေ့မှာ လိပ်ပြာဖြစ်သွားတယ် ဆိုတာ ဟုတ်သလား ကြီးကြီးမေ"

"အင်း-ဟုတ်တယ် သားရဲ့"

"ဒါဆို သားတို့ ကရော ဘယ်လို ဘဝမျိုးကို ပြောင်းသွားမှာ လဲဟင်"

"ဟင်-ကြီးကြီးမေလည်း မသိဘူး သားရယ်"

နှစ်ယောက်လုံး အတန်ကြာအောင် တိတ်ဆိတ်သွားသည်။ ပြီးတော့ တင်ဝင်းက ထပ်မေးပြန်သည်။

"တိရစ္ဆာန်လေးတွေ ငိုတာရော တွေ့ဖူးလားဟင်"

"ဟင့်အင်း"

"သစ်ပင်နဲ့ ပန်းပွင့်တွေ ငိုတာရော"

"မတွေ့ဖူးဘူး သားရယ်"

"သား တွေ့ဖူးတယ်၊ သူတို့ ငိုတာက မျက်ရည်မထွက်ဘူး ကြီးကြီးမေရဲ့၊ သိလား"

"ဟင်-ဒါဆို သူတို့ ငိုနေမှန်း သားက ဘယ်လိုသိတုံး"

"သူတို့ ဝမ်းနည်းနေတာ သား သိတာပေါ့၊ ကြီးကြီးမေလည်း ကြည့်တတ်ရင် တွေ့လိမ့်မယ်"

တင်ဝင်းက မတ်တတ်ရပ်လိုက်ပြီး သူ့လက်ပေါ်က ပေါက်ဖတ်စိမ်းလေး ကို ဒေါ်စုကြည်ရှေ့ ကပ်ပြရင်း-

"ကြည့်-ခု သူ ငိုနေသလား"

ဟု မေးလိုက်သည်။

ဒေါ်စုကြည် တွေသွားသည်။ ပေါက်ဖတ်ကို ငူငူကြီး ကြည့်နေသည်။ ပြီးတော့ သူ တစ်ခုခု ပြောဖို့ ဆုံးဖြတ်သည်။

"မငိုဘူး သားရဲ့"

"ဟုတ်တယ်၊ ခု သူ မငိုဘူး၊ ဒါပေမဲ့ ကြီးကြီးမေက ဖြီးတာ"

"ဟင်-သား ဘယ်လိုသိတာတုံး"

တင်ဝင်းက ဘာမျှ မပြောဘဲ ထပ်ပြုံးသည်။ အဖြေက သိသာလွန်းသဖြင့် သူ ပြောစရာ မလိုသည့် အလား။

တင်ဝင်းကို စောင့်ရှောက်ရခြင်းက ဒေါ်စုကြည်အတွက် အင်မတန် ခက်ခဲသည့် ကိစ္စ ဖြစ်ခဲ့သည်။ ပထမတစ်လမှာ ရန်ကုန်-မန္တလေးမြို့ကြီးတွေမှာ လူကြုံဖြင့် မြမြ သတင်းကို စုံစမ်း၏။ ဘာသတင်းမျှ မရသည့် အခါ တင် ဝင်းအိမ်ကို သူပြောင်းနေပြီး တင်ဝင်းနှင့် စံအိမ်ကြီးကို သူက စောင့်ရှောက် ပေးခဲ့သည်။ တင်ဝင်းကတော့ ဆိတ်ငြိမ်လွန်းလှသည်။ ဘာတုံ့ပြန်မှုမျှ မရ။ ဒေါ်စုကြည်လို ပျော်ပျော်နေ သေခဲ အကောင်းမြင်ဝါဒသမားပင် လက်မှိုင်ချရမတတ်။

သူ့စိတ်အခြေအနေက လက်ဖျစ်တစ်တွက်အတွင်း မှာပင် ကုဋေပေါင်းများစွာ မနားတမ်း ပြောင်းလဲနေပုံပင်။ စကားတစ်လုံးမျှ မပြောဘဲ ရက်ပေါင်းများ စွာ ကုန်လွန်လာခဲ့သည်။ မီးဖိုထဲမှာ မီးလှုံရင်း ထမင်းစားကြတော့လည်း ခေါင်းကြီးငုံ့ပြီး ဘာမျှမပြော။ ထင်းရှူးတောထဲ မှာ ဘာကစားနည်းတွေ ကစားနေတုန်းဟု ရှာကြံမေးတော့လည်း အသိရ ခက်သည့် မျက်လုံးတွေနှင့် ငေးကြည့်တာကိုသာ ခံခဲ့ရသည်။

သို့သော်လည်း ညဘက်တွေ ဆိုလျှင်တော့ တစ်မျိုးတစ်ဘာသာ ဖြစ်၏။ တင်ဝင်းသည် ညအိပ်လျှင် ဒေါ်စုကြည်၏ ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကို တင်းကျစ်နေအောင် ဖက်ထားတတ်သည်။ တစ်ခါတလေများ အတင်းဖက် သဖြင့် အိပ်ရာမှ လန့်နိုးယူရသည်။

နောက်တော့ သူ စကားပြောလာသည်။ ခြံထဲဆင်းတိုင်း ဒေါ်စုကြည်ကို ခေါ်တတ်သည်။ သူ့သူငယ်ချင်း သစ်ပင်တွေ ပြောသမျှ သူ့ကြီးကြီးမေကို ဖောက်သည် ချသည်။ ပျားတွေ၊ ခရုတွေ၊ အင်မတန် လှသည့် လိပ်ပြာလေး တွေကလည်း တင်ဝင်းလက်ပေါ် မကြောက်မရွံ့ လာလာနားကြသည်။ တ ကယ့်ကို မိတ်ဆွေ ဖြစ်နေပုံပင်။

နောက်ပိုင်းမှာ အိပ်ရာဝင်တိုင်း ပုံပြောပြဖို့ ပူဆာသည်။ ပုံပြင် ဆုံးသည် အထိ မလှုပ်မယှက် နားထောင်ရင်း ပြီးသည် နှင့် “နောက်တစ်ပုဒ်ဆိုဦး”ဟု ပြော၏။ ဒေါ်စုကြည်က သဘောကျစွာ ရယ်ရင်း “ဟဲ့-ကြီးကြီးမေက သီချင်းဆိုပြနေတာ မဟုတ်ဘူး”ဟု ပြောတော့၊ “ဟင့်အင်း၊ အဲဒါ သီချင်းပဲ” ဆိုဦး နောက်တစ်ပုဒ်” ဟု ခိုင်းတတ်သည်။ ဒီလိုနှင့် သူ အိပ်ပျော်ချိန်အထိ ပုံပြင်သီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ် ဆိုပြခဲ့ရသည်။ တင်ဝင်း...တင်ဝင်း...သားလေး တင်ဝင်းသည် သူ့အလုံပိတ် ကမ္ဘာလေးထဲမှာ နေထိုင်ခြင်း ဖြစ်သဖြင့် သူ့ကမ္ဘာလေးကို သတိကြီးစွာ လေးစားသမှု ဖြင့် ချဉ်းကပ်ရမည် ဖြစ်ကြောင်း ကြီးကြီးမေ ဒေါ်စုကြည် သိပါ၏။ ဘဝ၏ ဒဏ်ရာဒဏ်ချက်တွေကို သူကိုယ်တိုင် တနင့်တပိုး ခံစားခဲ့ရပြီး ဖြစ်သဖြင့် သားကလေး၏ စိတ်ဒဏ်ရာကို သူ အသေအချာ နားလည်သည်။ သို့သော် အဲဒီ စိတ်ဒဏ်ရာတွေနှင့် အထီးကျန်လှောင်အိမ်ထဲ သေသည် အထိ ပိတ်မိ သွားမည်ကိုတော့ သူ စိုးရိမ်လှသည်။ ဒီတောင်ကို သူဖြတ်ကျော်နိုင်သလို သားလေး ဖြတ်ကျော်နိုင်ပါစေ။ အချိန်ဟူသော ဆေးသည် တချို့အနာတွေကို ကျက်အောင် မစွမ်းနိုင်သော်လည်း သေးငယ်သွားအောင်တော့ ချုံ့လို့ ရသည်ကို သားလေး သိနိုင်စေဖို့ သူ မျှော်လင့်နေခဲ့တော့သည်။

****

အခန်း(၁၂)

ဘယ်တုန်းက စသတိထားမိမှန်း ဒေါ်စုကြည် မမှတ်မိတော့။ မနက်တုန်းကများ လား။ တင်ဝင်းလေး ခြံစည်းရိုးနား ရောက်နေသဖြင့် အော်ခေါ်တော့ ခေါင်းကလေးလှည့်ပြီး ပြန်ကြည့်သယောင် လုပ်နေခဲ့ သည် ထင် မိသည်။ ဒါမှ မဟုတ် ပြီးခဲ့တဲ့ သုံး လေးရက်လောက်တုန်းက ညနေစာစား နေတုန်း ခြံထဲမှာ ငှက်ကလေးတစ်ကောင်တွေ့လို့ ပြောရင်း လက်ညှိုးထိုးပြ တော့-

"ဘယ်နားမှာ တုံး ကြီးကြီးမေ"ဟု သူ မေးရှာသည်။

"ဟိုမှာ လေ သားရဲ့ ကျောက်တုံးလေးနားမှာ"

"ဪ…ဪ"

တင်ဝင်းက ငှက်ရှိသောဘက်နှင့် ဆန့်ကျင်ဘက်ကို ကြည့်ရင်း ခေါင်းတဆတ်ဆတ် လုပ်နေခဲ့သည်။

ခြံထဲ၊ အိမ်ထဲ၊ သစ်တောထဲ သွားတိုင်း သူ သွားနေကျ လမ်းကြောင်းကို သာ အမြဲသွားခဲ့သည်။ တစ်ခါတလေ လမ်းကြောင်းကို မှတ်မိစေဖို့ သစ် စကလေးတွေ၊ ခဲကလေးတွေ ချထားတတ်သည်။ တစ်ခုခု ကျွေးတိုင်း ပန်းကန်ကို လှမ်းယူဖို့ အချိန်အတော် ကြာတတ်သည်။ အနီးနားမှ တစ်စုံတစ်ရာကို ကြည့်လေတိုင်း ဟိုးအဝေးတောင်ကြားလွင်ပြင်ကို ပိန်းပိတ်အောင် ကျနေသည့် နှင်းထုထဲမှာ ကြည့်ရသလို သူ ခက်ခဲပင်ပန်းနေ တတ်သည်။

တကယ်တော့လည်း ထိုဖြစ်ရပ် ဘယ်တုန်းက စခဲ့မှန်း တင်ဝင်းကိုယ်တိုင်ပင် မသိခဲ့။ အဝေးက တောင်တန်းကြီးတွေနှင့် မိုးကုပ်စက်ဝိုင်းတို့ ဘာကြောင့်များ အမြဲတမ်း တိမ်ဖုံးနေရတာလဲ ဟု သာ သူတွေးမိရှာသည်။

သူ့အမေ ပျောက်ဆုံးသွားပြီးနောက်ပိုင်း သူ့အမြင်အာရုံတွေက ပိုဆိုးလာခဲ့သည်။ သစ်ပင်တွေကို ကြည်ကြည်လင်လင်၊ ကွဲကွဲပြားပြား သူဘယ်တော့မှ မမြင်၊ အစိမ်းရောင် ပင်လယ်ကြီးအဖြစ်သာ ထွေထွေပြားပြား မြင်နေသည်။ မီးခိုးရောင်မြူတွေက အချိန်တန်လျှင် ဖုံးအုပ်တတ်စမြဲ။ အသံတွေကိုတော့ သူ ပြက်ပြက်ထင်ထင် ကြားရပေမယ့် လက်တစ်ကမ်း အကွာ မရောက်မချင်း ဘယ်အရာကိုမျှ သူ သဲသဲကွဲကွဲ မမြင်သည့် အတွက် သူ့မှာ အရောင်လောကထဲ နေရသလို ဖြစ်နေခဲ့သည်။ အစိမ်းက သစ်တော၊ အနီက အိမ်၊ အပြာက ကောင်းကင်၊ အညိုက မြေကြီး၊ ခရမ်းက ပန်း၊ အ မည်းက ခြံစည်းရိုး။ သို့သော် ထိုအရောင်တွေသည် ပင် ခုတော့ သူ့ထံပါးမှ ထွက်ခွာပြေးတော့မယောင်။

တစ်လောကလုံး ဖြူတူတူ အဝတ်စကြီးဖြင့် ဖုံးလွှမ်းထားသယောင်။ ကမ္ဘာလောကတစ်ခုလုံးသည် ခုတော့ သူ့မြင်ကွင်း ထဲတွင် အနွေးဓာတ်ရော အလင်းဓာတ်ပါ မပေးစွမ်းနိုင်တော့သည့် ငြိမ်းခါ နီး မီးတောက်သဖွယ်။

သို့သော်လည်း ထိုသို့ ဖြစ်နေခြင်းကို သူ နည်းနည်းမျှ မကြောက်။ အမြင်အာရုံတွေ ဆိတ်သုဉ်း၍ ထာဝရ အမှောင်ထုထဲပဲ နေရ နေရ၊ မွေးကတည်းက စက္ခုန္ဒြေကွင်း အလင်းမရတော့ရော ဘာအရေးတုန်း၊ ဘာများ လွမ်းလောက်စရာ ရှိလို့ လဲ။ ထို့ကြောင့် လည်း ဆယ်နှစ်ပြည့်မွေးနေ့အပြီး နောက်သုံးရက်အကြာ အိပ်ရာမှ နိုးထချိန်မှာ တစ်လောကလုံး မြူဖုံးသွားခဲ့ပေမယ့် ထူးပြီး မတုန်လှုပ်ပါတော့။

ထိုနေ့နံနက် အိပ်ရာက နိုးလာတော့ တင်ဝင်းလေး မထသေးဘဲ အသက် ကို ဖြည်းညင်းစွာ ရှူသွင်း ရှူထုတ် လုပ်သည်။ မျက်စိတွေကို ဖွင့်သည်။ ပြန်ပိတ်သည်။ ပြန်ဖွင့်သည်။ ဘာမျှ မထူးခြား။ ဟိုဟိုဒီဒီ လျှောက်ကြည့် သည်။ မျက်စိမှိတ်ထားတော့ မဟူရာရောင်။ ဖွင့်လိုက်တော့ ဖြူတူတူ အရောင်၊ ဖြူဖြူမည်းမည်း မမြင်တာက မမြင်တာပါပဲ။ သံချေးတက်နေသည့် သံချိတ်တွေ ရိုက်ထားသည့် အိမ်နံရံ ဘယ်မလဲ၊ ပြတင်းပေါက်ရော ဘယ်မလဲ၊ အဖေတောထဲမှာ ရှာတွေ့ခဲ့သော ကျားရိုးတင်ထားသည့် စားပွဲ ဟောင်းလေး ဘယ်မလဲ၊ သူ မြင်ရသည့် အရာက နောက်ခံ၊ ရှေ့ခံ မရှိသော အဆုံးအစမဲ့ ဖြူတူတူ လိုဏ်ခေါင်းကြီး တစ်ခုသာ။

သူ့နားမှာ ကြီးကြီးမေ အိပ်နေသည်။ သို့သော် သူ မကြာခင် နိုးတော့မည် မှန်း သူ့အသက်ရှူသံမှ တစ်ဆင့် တင်ဝင်း သိနေသည်။

အပြင်မှာ မိုးလင်းပြီ။ ဒါကိုလည်း ငှက်သံလေးတွေကတစ်ဆင့် သိရသည်။ အိပ်ရာမှ သတိကြီးစွာ ထလိုက်သည်။ ခြေချောင်းလေးတွေ ဖျာစွန်းနှင့် ထိတွေ့နေသည် ကို သိသည်။ ကြီးကြီးမေ ၏ ခြေထောက်တွေကို စမ်း မိသည်။ ကျော်ခွပြီး မတ်တတ်ရပ်လိုက်သည်။ ခြေလှမ်း နည်းနည်း လှမ်း လိုက်တော့ တံခါးကို တွေ့သည်။ မီးဖိုခန်းထဲ ဝင်သည်။ မီးဖိုကို ကျော်သည်။ ကြောင်အိမ်ကို စမ်းမိသည်။ ခြံနောက်ထဲ ဆင်းလိုက်သည်။ အားလုံးက နေသားတကျ ရှိလွန်းသဖြင့် လက်ဆန့်ပြီး စမ်းနေစရာပင် မ လို။ အပြင်ရောက်တော့ မျက်နှာပေါ် နေရောင်ကျလာသည် ကို ခံစား မိသည်။ ကောင်းလိုက်တာ၊ ခုတော့ ဘယ်သူမျှ မရှိသော မြူကမ္ဘာ မြူကျွန်း မှာ သူတစ်ယောက်တည်းပေါ့။

သို့သော်လည်း သစ်သားခုံတန်း ရှိနေမှန်း ပမာဒ လေခသွား၏။ ထို့ကြောင့် လည်း မျက်နှာနှင့် မြေကြီး ရိုက်မိအောင် မှောက်ထိုးလဲ၏။ ညို့သကျည်း နေရာက စူးခနဲ နာ၏။ မျက်နှာလည်း တစ်ခုခု ဖြစ်သွားပုံပင်။ တံတွေးထဲ သွေးတွေ ပါလာဟန်

တူ၏။

သူ ရုတ်တရက် မလှုပ်နိုင်ခဲ့။ တစ်စုံတစ်ခုသည် ပါးပြင်မှ တစ်ဆင့် တွားတက် လာပြီး နှာခေါင်း၊ နဖူးတို့ မှ တစ်ဆင့် ဆံပင်တွေကြား ဝင်ရောက်ပျောက်ကွယ်သွားမှန်း သူ သိနေခဲ့သည်။ ပေါက်ဖတ် မဖြစ်နိုင်၊ မြန်လွန်း သည်။ ပုရွက်ဆိတ်လား၊ ပျားလား မသိ။ မသိတော့ ငိုချင် လာပြီ၊ မျက်ရည် မကျဘဲ သူငိုသည်။ သူ့ သူငယ်ချင်းတွေလိုပေါ့၊ သူ ရှိုက်ကြီးတငင် ငိုသည် ကို မည်သူ့ကိုမျှ မတွေ့စေချင်တော့။

လက်ဖြင့် မြေကြီးကို စမ်းကြည့်မိတော့မှ မြေပြင်သည် ဘယ်လောက် ကြမ်းတမ်းမှန်း၊ ကျောက်တုံး ကျောက်ချွန် မည်မျှ ပေါများကြောင်း သိ တော့သည်။ ဒါကို အရင်က ဘာကြောင့် များ မသိခဲ့ပါလိမ့်။ သူ ရှာဖွေတွေ့ ရှိသမျှကို လက်ညှိုး၊ လက်မသုံး၍ တမေ့တမော ခံစား စမ်းသပ်ကြည့်နေ သည်။ ခုချိန်ကစလို့ သူ့တစ်ဘဝလုံးမှာ သိမ်းဆည်းထားသော မှတ်ဉာဏ် တွေ၊ စိတ်ကူးတွေနှင့် သာ လောကကို မြင်တွေ့ရတော့မည်လား၊ အရင် မြင် ခဲ့ဖူးသည့် ပုံရိပ်တွေကတော့ တဖြည်းဖြည်း မှိန် ပျောက်သွားမှာ လား။

သူ အသေအချာ နားစိုက်ထောင်သည်။ မြေကြီး၏ သီချင်းသံ၊ ညည်းသံ၊ ကမ္ဘာမြေကြီး၏ အသံကို သူ ကြားသည် ဆိုရုံ ကြားလိုက်ရသည်။

ဒေါ်စုကြည်က သူ့ကို မ ထူပေးသည်။

“ခုံက မင်းရှေ့တင် ရှိတာကို သားရယ်”

ဟုတ်သည် လေ။ သို့သော်လည်း ခုံက မြင်တွေ့မှ သာ ရှိသည် ဆိုခြင်းကို သိရမည့် အရာကိုး။ အသံထွက်သည့် အရာမှ မဟုတ်ဘဲကိုး။

သူ အဝတ်ရေဆွတ်ရင်း တင်ဝင်း၏ ထိခိုက်ဒဏ်ရာများကို ဆေးကြောသန့်စင်ပေးသည်။ မျက်နှာ သစ်ပေးသည်။ ပြင်းစွာ အသက်ရှူနေသံကြောင့် ကြီးကြီးမေခမျာ အတော်လန့်သွားကြောင်း တင်ဝင်း သိနေခဲ့သည်။

“နာလား သားလေး”

အင်း-သူ ခေါင်းညိတ်ပြလိုက်သည်။ သွေး၏ ငန်ငြိငြိ ချဉ်စူးစူး အရသာက ပါးစပ်ထဲမှာ ရနေသည်။

“လာ လာ၊ မီးဖိုချောင်ထဲ လာခဲ့”

ဒေါ်စုကြည်က ထ ထွက်သွားသည်။

တင်ဝင်းမှာ မျက်နှာမူရမည့် အရပ်မျက်နှာတွေ အာရုံထဲ ထွေးနေသဖြင့် မ ထနိုင်ဘဲ ထိုင်မြဲ ထိုင်နေခဲ့သည်။ ခဏနေတော့ ဒေါ်စုကြည် ပြန်ထွက်လာ သည်။

“ဟဲ့-သားလေး၊ မထနိုင်သေးဘူးလား၊ ဟင်-ဟယ်-အမယ်လေး”

ခုနစ်သံချီ အော်လိုက်သည့် သူ့အသံကို ကြားရသူတိုင်း လိပ်ပြာလွင့် မတတ် လန့်ခဲ့ရသည် ကို နောင်နှစ်ပေါင်းများ စွာအထိ ကလောက လူတွေ သတိရနေပေတော့မည်။

ဆေးရုံမှ ဆရာဝန်ခမျာ စိတ်ရှုပ်နေခဲ့သည်။ အထိအခိုက် ဒဏ်ရာ အနာတရ တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ ဒီအသက်အရွယ်မှာ အမြင် အာရုံ ကွယ်ရခြင်း အကြောင်းရင်းကို သူမစဉ်းစားတတ်။ ဦးနှောက် အကျိတ် ဆိုရအောင်လည်း မူးခြင်း၊ အန်ခြင်း၊ ခေါင်းကိုက်ခြင်းတွေ မရှိ၊ အာရုံကြောဆိုင်ရာ ဝေဒနာလား၊ မွေးရာပါ ချို့ယွင်းချက်လား၊ အနာမသိသ ဖြင့် ဆေးလည်း မရှိ၊ အကောင်းဆုံး မျှော်လင့် နိုင်သည် ကတော့ အသိရ ခက်စွာ ကွယ်ခဲ့သည့် အမြင်အာရုံကို ရုတ်တရက် ဘွားခနဲ ပြန်မြင်လာနိုင်စေဖို့ပေါ့။

****

အခန်း(၁၃)

စက္ကူ နတ္ထိ ဘဝ ပထမလများမှာ သူ့ကမ္ဘာလေးဖြစ်သည့် အိမ်၊ ခြံဝင်းနှင့် အနီးနားက ထင်းရှူးတောကို ပြန်ရဖို့၊ ရင်းနှီးဖို့ တင်ဝင်း အဆမတန် ကြိုးစားခဲ့ရသည်။ ခြံဝင်းထဲမှာ၊ ထင်းရှူးတောထဲမှာ၊ ထောပတ်သီးပင် အောက်မှာ၊ နေရာတိုင်း အပင်တိုင်း၏ ရနံ့ကို လူတွေ၏ ကိုယ်သင်းနံ့လို ရင်းနှီးအောင် လုပ်ရသည်။ အိမ်နောက်ဖေး ဥယျာဉ်၏ ရနံ့ကရော အရင် အတိုင်းပဲလား၊ ပြောင်းလဲတာများ ရှိသလား။

သူ ခြေလှမ်းတိုင်းကို ကိုင်မိ ထိမိသမျှ သစ်ပင်၊ ချုံပုတ်၊ ကျောက်တုံးတို့ မှ တစ်ဆင့် ပုံဖော် ထားသော စိတ်ပုံရိပ်ထဲ အကွက်ချ တွက်ချက်ပြီး လှမ်းသည်။ ဟုတ်ပြီ၊ ဒါတွေဟာ သူ့မျက်စိတွေပေါ့၊ ဒီလိုနှင့် သူ့စက္ကူ တိမ်သလ္လာကို တိုက်မည်။ အောင်ရမည်။

သို့သော်လည်း မအောင်၊ အလုပ်မဖြစ်။

နောက်တစ်နေ့မှာ သူ မှတ်မိသိရှိနေသည့် အရာတွေသည် ပြောင်းလဲ သွား၏။ တစ်စုံတစ်ယောက်က ညတွင်းချင်း ပရိဘောဂတွေကို တမင်တကာရွှေ့ပစ်ထားဘိသကဲ့သို့။ ဤလောကကြီးထဲမှာ မြဲသော အရာသည် မရှိပါကလား၊ အရာရာဟာ အမြဲ လှုပ်ရှားပြောင်းလဲ နေတာပါက လား။

ဆရာဝန်က ဒေါ်စုကြည်ကို အားပေးခဲ့သည်။ မျက်စိကွယ်သူတွေမှာ တခြားအာရုံတွေ ပိုမို ဖွံ့ဖြိုး အားကောင်းတတ်သည် တဲ့။ ချို့ယွင်းသည့်အမြင်အာရုံအစား နားတွေ၊ နှာခေါင်းတွေ၊ လက်တွေကို ပိုမို အသုံးပြုပြီး ဟန်ချက်ကို ညှိယူရင်း လောကမှာ အဆင်ပြေအောင် နေထိုင်သွားတတ်မှာ ပါတဲ့။

ဆရာဝန် ပြောသမျှ တင်ဝင်းက ရွဲ့နေသလား ထင်ရလောက်အောင် အဆင်မပြေ။ သူ တစ်သက်လုံး သိခဲ့သည့် အရာများကိုပင် သူ မမှတ်မိ၊ ခလုတ်တိုက်မြဲ၊ သစ်ပင်တွေနှင့် ဝင်တိုက်မိမြဲ၊ အိမ်တံခါးနှင့် အိမ်နံရံများ နှင့် တိုက်မိမြဲ၊ မီးဖိုထဲသို့ နှစ်ကြိမ်တိတိ နင်းမိမလိုဖြစ်ရာ ဒေါ်စုကြည်၏ အသံပြဲကြီးကြောင့် သာ ခြေထောက် မီးမလောင်ခြင်း ဖြစ်သည်။

နောက် နှစ်ပတ်၊ သုံးပတ်အကြာ သူ မြို့ထဲထွက်တော့ ကားတိုက်ခံရလုလု ဖြစ်ခဲ့သည်။ လမ်းဘေးမှာ ရပ်ရင်း နားစိုက် ထောင်နေခဲ့သည်။ ကားသံ၊ လူသံ၊ ခြေသံ၊ မြင်းသံ၊ ငှက်သံ၊ ကြက်သံ၊ နွားချေးပါသံ အားလုံးကို ကြားနေ ရသော်လည်း ဘာမျှ အသုံးမကျ။ ထိုအသံတွေက တည့်တည့်မတ်မတ် သွား နိုင်ဖို့ လမ်းကြောင်းကို

ညွှန်ပြနိုင်စွမ်း မရှိ။ သောတာရုံထက် စာလျှင် ဂန္ဓာရုံ နှင့် ဖောဋ္ဌဗ္ဗ အာရုံတွေကမှ ဟုတ်တုတ်တုတ် ရှိသေး။ တင်ဝင်းခမျာ တစ် ရက်တစ်ရက် ဒူးမပွန်းသည့် နေ့၊ အညိုအမည်း မစွဲသည့် နေ့၊ ခေါင်းမဖုသည့် နေ့၊ စူးရာခြစ်ရာ မရှိသည့် နေ့ ဟူသည် မရှိခဲ့။

သူ တက်နေသည့် အီတလီ ဘုန်းတော်ကြီး၊ သီလရှင်များ ၏ သာသနာပြု ကျောင်းကို ဆက်တက် ဖို့ က ခက်သထက် ခက်လာသည်။ သူ့ကို အလေးဂရုပြု၍ ရှေ့ဆုံးတန်းမှာ ထိုင်ခိုင်း၊ သင်ခန်းစာတွေကို လိုက်နိုင်၊ မ လိုက်နိုင် မကြာခဏ မေးကြသော်လည်း သူတို့ ပြောနေ သင်နေတာကို ပို၍ ပို၍ နားမလည်နိုင် ဖြစ်လာခဲ့သည်။ စာသင်ခန်းထဲက လူတစ်အုပ်တစ်မ ကြားမှာ သူ အထီးအကျန်ဆုံး ခံစားချက်ကို ပို ခံစားရသည်။ သူတို့ အသံတွေ၊ အသက်ရှူသံတွေကို ကြားနေရသော်လည်း လူလုံးတွေ မမြင်ရ။

လက်တစ်ကမ်းအကွာမှာ ရှိနေကြသော်လည်း မိုင်ပေါင်း အသင်္ချေ အနန္တ ဝေးကွာနေသလို။

ဒီလိုနှင့် အတန်းဖော်တို့ က သူ့အတွက် သည်းမခံနိုင်စရာ ဖြစ်လာခဲ့သည်။ သူတို့ အသံတွေ၊ ရယ်သံတွေက သူ့နားထဲမှာ အိပ်ရာဝင်ချိန်ထိ တစီစီမြည် အောင် ပဲ့တင်ထပ်နေခဲ့သည်။ သူတို့ ဘုရားကျောင်းထဲက ကစားကွင်းထဲ ပြေးလွှား အော်ဟစ်ဆူညံနေကြချိန် သူကတော့ ချယ်ရီပင် အောက်မှာ ကြိုး နှင့် တုပ်ခံရသလို ငြိမ်ငြိမ်ကုပ်ကုပ် ထိုင်ရင်း ခြေသံတိုင်း၊ အော်သံတိုင်း၊ ပျော်ပွဲဖွဲ့သံ တိုင်းကို ကြားနေခဲ့ရပြီး ရင်ထဲမှာ မိုးတွေရွာ။

ကမ္ဘာကြီးတစ်ခုလုံး သူ့မျက်စိအောက်မှာ အရည်ပျော်သွားခဲ့သည် လား၊ သို့တည်းမဟုတ် သားလေး တင်ဝင်း ကိုယ်တိုင်က လောကနှင့် ဝေးရာ အရပ်မှာ သူ့ကိုယ်သူ မြှုပ်နှံပစ်လိုက်သည် လား ဒေါ်စုကြည် မကွဲပြား။ ဘယ်လိုဖြစ်တာလဲ သားရယ်၊ ဒီတိုင်းဆို သက်ဆိုးရှည်နိုင်ပါ့မလားကွယ်၊ မျက်စိ ကွယ်ရုံမက နားတွေလည်း ကန်းကုန်ပြီလား၊ နှာခေါင်းတွေလည်း အနံ့မရတော့ဘူးလား၊ ခြေတွေ လက်တွေကလည်း စာခြောက်ရုပ်လောက် ပင် အသုံးမကျတော့ပြီလား။ သား၏ စိတ်ခွန်အားတို့ မှာ သူ ထင်တာထက် ပိုမို အားကောင်းသန်စွမ်းလှပေမယ့် သူ့ပါးလျှလျှ ခန္ဓာကိုယ်လေးက စိတ်နောက်ကို မလိုက်နိုင်တော့ပြီလေ။ သား၏ အံ့မခန်း စိတ်ဓာတ် အင်အားတို့ ကို ဒီနှစ်ပိုင်းအတွင်းမှာ ဒေါ်စုကြည် နားလည်ခဲ့ရသည်။ မျက်စိအမြင်တွေကို ရုပ်သိမ်းပစ်နိုင်သလို သူ့နှလုံးခုန်ခြင်းကိုလည်း ဆန္ဒရှိ လျှင် ရပ်ပစ်နိုင်စွမ်းများ ရှိနေသလား သားရယ်။ တစ်နေ့နေ့မှာ သား ကလေး မောင်တင်ဝင်းသည် သူ့ဘဝကို ဒီလိုနည်းမျိုးဖြင့်သာ နိဂုံးကမ္ပတ် အဆုံးသတ်ပစ်မည် ဆိုခြင်းကို ဒေါ်စုကြည် အတွင်းစိတ်ထဲက ခံစား သိရှိ နေခဲ့တော့သည်။

****

အခန်း(၁၄)

ဦးဘ အသံတိတ်သွားခဲ့ပြီ။

သူ ဘယ်လောက်ကြာအောင် ပြောနေခဲ့တာလဲ။ သုံးနာရီလား၊ လေးနာရီလား၊ ငါးနာရီလား ကျွန်မ မျက်လုံးတွေ သူ့ထံမှ မခွာနိုင်ခဲ့။ သတိဝင်လာ၍ ဘေးဘီကြည့်မိတော့ တခြား ဘယ်သူမှ မရှိတော့၊ တစ်ဆိုင်လုံး ခြောက်ကပ် တိတ်ဆိတ်လျက်။ မှန်ကောင်တာနောက်မှာ ထိုင်လျက် အိပ်ပျော်နေ သူ၏ ဟောက်သံ၊ ရေနွေးကရားအိုးက ရေနွေးဆူသံလို အသက်ရှူသံမှ တစ်ပါး ဘာသံမျှ မကြား။ ဦးဘနှင့် ကျွန်မကြားက ဖယောင်းတိုင်နှစ်တိုင်က ငုတ်တိုသာ ကျန်တော့သည်။ တစ်ခန်းလုံး မှောင်မည်းလျက်။ ကျွန်မ မသိမသာလေး တစ်ကိုယ်လုံး တုန်နေမှန်း ခုမှ သတိထားမိသည်။

"ဂျူလီယာ၊ ကလေးမ ကျုပ် ပြောတာကို မယုံဘူး ထင်တယ်"

"ကျွန်မက နတ်သမီး ပုံပြင်တွေကို မယုံတတ်ပါဘူး"

"ဩော်-နတ်သမီး ပုံပြင်တဲ့ လားကွယ်"

"ရှင်ပဲ ကျွန်မအကြောင်း အကုန်သိတယ်ဆို၊ ဒါဆိုရင် ကျွန်မ မျက်လှည့်တွေ၊ ပါဝါတွေ၊ နက္ခတ်တွေ၊ ဗေဒင်တွေတင်မက ဘုရားသခင်ကိုပါ မယုံတာကို သိရမှာပေါ့၊ ဘယ့်နှယ်...နက္ခတ်မှားပြီး မွေးတဲ့ ကလေးမို့ စွန့်ပစ် ကြသတဲ့၊ ရူးများ နေကြသလား မသိပါဘူး"

အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ထိန်းစမ်း၊ ဒေါသ ထွက်နေတာကို ဒီလူကြီး သိမသွားစေချင်ဘူး မဟုတ် လား။

"ကလေးမက ကမ္ဘာပတ်နေတဲ့ သူပါ၊ ကျုပ်ကတော့ တစ်သက်လုံး ဒီမှာ ပဲ နေခဲ့တာပါ၊ မြင်းလှည်းနဲ့ တစ်ရက်ခရီးသွားရတဲ့ ပြည်နယ်မြို့တော်ကို မ ရောက်ဖူးခဲ့တာတောင် နှစ်ပေါင်းများ စွာ ကြာခဲ့ပါပြီ၊ ကလေးမလို အကြားအမြင် များ တဲ့ လူကို ကျုပ်လို အနုညာတက ပမာမခန့် လုပ်ရဲပါ့မ လား ကွယ်"

ပြောနေလိုက်တာများ သူက သူ့ကိုယ်သူ နှိမ့်ချလေ ကျွန်မက ပိုပြီး ဒေါပွ လေ ဖြစ်လာသည်။

"ကလေးမ အဲသလို ပြောလို့ ကျုပ် ခုတော့ သိရပါပြီ၊ ကလေးမတို့ တိုင်းပြည်မှာ မိဘတွေဟာ သူတို့ ကလေးတွေကို ဘာအကြောင်းပြချက်နဲ့ မှ မမုန်းကြဘူး ဆိုတာကိုပေါ့၊ ဒီလို မိုက်မဲ နုံချာ ပညာမဲ့တဲ့ လူတွေ၊ ခေတ်

နောက်ပြန်ဆွဲတဲ့ လူတွေ ရှိနေတဲ့ ကျုပ်တို့ တိုင်းပြည်၊ ဒီဖြစ်ရပ်က သက်သေပေါ့လေ၊ စိတ်ရှည် လက်ရှည် နားထောင်ပေးပါဦးလို့ တောင်းပန်ချင်ပါတယ်”

“ကျွန်မ ဆိုလိုတာ အဲလို မဟုတ်ပါဘူး၊ ကလေးတွေကို ကြွယ်တွေကြောင့်တော့ မစွန့်ပစ်ဘူးလို့ ဆိုလိုတာပါ”

သူက ကျွန်မကို စိုက်ကြည့်ရင်း ငြိမ်နေခဲ့သည်။ ကျွန်မ မနေနိုင်တော့။

“ကျွန်မ ပုံပြင်တွေ နားထောင်ဖို့ မိုင်ခြောက်ထောင်ခရီးကို လာခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မ အဖေ ဘယ်မလဲ”

“သည်းခံပါ ကလေးမ၊ ဒါ ကလေးမ အဖေရဲ့ ဘဝဇာတ်ကြောင်းပါပဲ”

“ဒါက ရှင့်အပြောလေ၊ ဘယ်မတုန်း သက်သေသက္ကာယ၊ ကျွန်မ အဖေ မျက်စိကွယ်ခဲ့ဖူးသတဲ့ လား၊ ဒါကို ကျွန်မတို့ တစ်မိသားစုလုံး မသိကြဘူး ဆိုတာ ဖြစ်နိုင်သလား၊ သူ ကျွန်မတို့ ကို ပြောပြမှာ ပဲ လေ”

“ဟုတ်လား၊ မင်း သေချာလို့ လား”

ကျွန်မ မသေချာဘူး ဆိုတာကို သူ သေသေချာချာ သိနေတာ သိပ်ကို သေချာနေခဲ့ပါသည်။

ကျွန်မက အတွေးသမား အငေးသမား မဟုတ်ကြောင်း သူ့ကို ကျွန်မ ပြောပြသည်။ မည်သည့် အခါမျှ စိတ်ကျကုထုံးကို မခံယူဖူးသည့် နယူးယောက် သားလက်တစ်ဆုပ်စာထဲမှ တစ်ယောက် ဖြစ်ကြောင်းလည်း သိစေသည်။ ကလေးဘဝက ပြဿနာတွေကို တစိမ့်စိမ့် စားမြုံ့ပြန် ရမည် ရှာနေတတ်သူ တွေအပေါ် လေးစားသမှု မရှိကြောင်းလည်း တစ်ပါတည်း ပြော၏။ အဖေ မျက်စိကွယ်ဖူးသည် ဆိုတာ မယုံကြောင်းလည်း ဘယ်နှကြိမ်မှန်း မသိ ထပ်ကာ ထပ်ကာ ပြောမိသည်။ ပြောနေရင်းနှင့် ကိုယ်ပြောတာ ကိုယ် သံသယ ဝင်လာသည် ကတော့ ဘာမျှ မတတ်နိုင်။ ဦးဘက နားထောင်ရင်း ခေါင်းတ ညိတ်ညိတ်၊ ကျွန်မ ပြောသမျှ သူ နားလည်ပြီး သဘောလည်း တူပုံရ ပါသည်။ အားလုံးပြောအပြီးမှာ တော့ သူ မေးသည်၊ စိတ်ကျကုထုံး ဆိုတာ ဘာလဲတဲ့။

ဦးဘက လက်ဖက်ရည် တစ်မြို မြို့လိုက်သည်။

“ကဲ-ဂျူလီယာရေ၊ ကျုပ်ကို ခွင့်ပြုပါတော့၊ ကျုပ် ဒီလောက်ကြာကြာ စကားပြောလေ့ မရှိဘူး၊ များ သောအားဖြင့် ကျုပ်က နှုတ်ဆိတ်ပြီးပဲ နေကျင့် ရှိတာ၊ ကျုပ်အသက်အရွယ်မှာ ဘာမှ လည်း များများ စားစား ပြောစရာ က မရှိတော့ဘဲကိုး၊

မင်းအဖေ ရေးထားခဲ့တဲ့ စာထဲက မိမိဆိုတဲ့ အမျိုးသမီး အကြောင်းတော့ မင်း သိချင်နေမယ်ဆိုတာ သိပါတယ်၊ သူက ဘယ်သူလဲ၊ဘယ်ကလဲ၊ မင့်အဖေရဲ့ ဘဝမှာ သူ ဘယ်နေရာက ပါခဲ့သလဲ အစရှိသဖြင့် ပေါ့၊ ကဲ ကဲ၊ နောက်မှ တွေ့မယ်ကွယ်”

ဦးဘက မတ်တတ်ထရပ်ရင်း ကျွန်မတို့ ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။ ကျွန်မက ဦးဘထက် ခေါင်းတစ်လုံး ပိုမြင့်သော်လည်း သူက သေးလွန်း၍ မဟုတ်၊ ကျွန်မက ထွားကျိုင်းလွန်း၍ သာ။ သို့သော် သူ၏ သွက်လက် မြန်ဆန်သော လှုပ်ရှားမှုတွေနှင့် ယှဉ်လိုက်လျှင် ကျွန်မက လေးကန် ထိုင်း မှိုင်းနေသလို ဖြစ်နေသည်။

“ဟိုတယ် ဘယ်လို ပြန်ရမလဲ သိတယ်နော်”

ခေါင်းညိတ်ပြလိုက်သည်။

“မင်း ဆန္ဒရှိမယ်ဆိုရင် မနက်ဖြန် မနက်စာ စားပြီးချိန်လောက် လာခေါ် ပါ့မယ်၊ ကျုပ်အိမ်ကို လိုက်ခဲ့ပေါ့၊ အဲဒီမှာ ဘာမှ အနှောင့်အယှက် မရှိဘဲ အေးအေးဆေးဆေး စကားပြောနိုင်တယ်၊ ပြစရာ ဓာတ်ပုံကလေးတွေ လည်း ရှိနေတယ်လေ”

သူက နှုတ်ဆက် ခွဲခွာသွားခဲ့သည်။

ဟိုတယ်အပြန်လမ်းကို ကျွန်မ လျှောက်လှမ်းနေတုန်း ကျွန်မနောက်က သူ့အသံကို ကြားလိုက်ရသည်။ တကယ့်ကို လေသံလေးနှင့် ပြောလိုက် သော စကားသံ။

“ဂျူလီယာ၊ မင်းအဖေ ဒီနားတင် ရှိတယ်၊ သိပ်ကို နီးနီးကပ်ကပ် ရှိနေ တာ၊ မင်းသူ့ကို မတွေ့ဘူးလား”

ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဦးဘ မရှိလေတော့၊ အမှောင်ထုထဲမှာ နစ်မြုပ်ပျောက်ကွယ် သွားခဲ့ပြီ။

****

အခန်း(၁၅)

ဟိုတယ် ပြန်ရောက်ရောက်ချင်း အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ ခု ကျွန်မ ကိုယ်ပိုင်အိပ်ခန်းထဲက ငါးနှစ် သမီးလေး ပြန်ဖြစ်သွားခဲ့ပြီ။ ဖေဖေက ခုတင်စွန်းမှာ ထိုင်လို့၊ တစ်ခန်းလုံး ပန်းရောင်ဖျော့ဖျော့ သုတ်ထားသည့် ကျွန်မ ကိုယ်ပိုင် အခန်းလေး။ ခုတင်ဘေးမှာ စာအုပ်တွေ၊ ကစားစရာတွေ ပြည့်နေသည့် စင်နှစ်စင်။ အရုပ်မ သုံးရုပ်၊ တစ်နှစ် တစ်ခါ ချောကလက်ဥ လေးတွေ ဥပေးတတ်သည့် ကျွန်မ အချစ်တော် အဝါရောင် ယုန်ကလေး ဟော့ပ်စီ၊ မနာလိုစရာ လည်ပင်းရှည်ကြီးနှင့် သစ်ကုလားအုတ်ကြီး ဒိုဒို၊ လမ်းလျှောက်နိုင်သည့် ချင်ပန်ဇီ အရိကာ၊ ဒါလ်မေးတီယန် ခွေးသုံးကောင်၊ ကြောင်တစ်ကောင်၊ ဆင်တစ်ကောင်နှင့် ဝက်ဝံကလေး ဝင်နီ။

အဲဒီထဲက အချစ်ဆုံးအရုပ်ကလေး ဒေါ်လိုရီက ကျွန်မ ရင်ခွင်ထဲမှာ ဆံနွယ်နက်ကလေးတွေ ဖြန့်ချလျက်၊ သူကလေးမှာ လက်တစ်ဖက် မရှိရှာ။ ကျွန်မနှင့် ရန်ဖြစ်ပြီး ကျွန်မ မောင်ဖြစ်သူက သူ့လက်ကို ညှပ်ဖြတ်သွားခဲ့ သည်။ နွေလယ်ကောင်ညချမ်း ဖြစ်သည့် အတွက် နယူးယောက်က နွေး နေသည်။ ဖေဖေက ပြတင်းတံခါးကို ဖွင့်လိုက်တော့ လေနုအေးကလေး ဝင်လာသည်။ မျက်နှာကြက်မှ တွဲရရွဲချထားသော ပျားကောင်လေးတွေ ပုံ ပါသည့် ဘောလုံးကလေး မွှတ်နေအောင် လည်ချေပြီ။

ဖေဖေက ဆံပင်နက်နက်၊ မျက်ဝန်းနက်နက်၊ အသားက သံလွင်သီး ရောင်၊ ညိုမောင်းမောင်း၊ နှာတံမြင့်မြင့်ပေါ်မှာ ကိုင်းမည်းတပ် မျက်မှန်ဝိုင်းကလေးနှင့်။ နောက်ပိုင်းနှစ်တွေမှာ ဂပုံကို မြင်ရတော့ ဖေဖေ တပ် သည့် မျက်မှန်မျိုး သူလည်း တပ်သည် ကို သိခဲ့ရသည်။

ဖေဖေက ကျွန်မအပေါ် မိုးရင်း ပြုံးကြည့်နေသည်။ ဟော-သူ စကားပြော ပြီ။ တကယ်တော့ သူ့စကားသံသည် စကားသံ မည်ကာမတ္တ မဟုတ်၊ တူရိယာသံ တစ်မျိုးမျိုးသာ ဖြစ်သည်။ တယောလား၊ စောင်းလား တူရိယာ သံတော့ သေချာသည်။ ဖေဖေက ဘယ်တော့မှ စကားကို နင်ပဲငဆ အော်ကြီးဟစ်ကျယ် မပြောတတ်။ သာယာတိုးညှင်းလှသော ဖေဖေ့အသံက အင်မတန် စိတ်သက်သာရာ ရစေသည်။ ကျွန်မကို လုံခြုံစိတ်ချရအောင် အကာအကွယ် ပေးထားသလို ဖြစ်နေသည်။ စိတ်ချလက်ချ အိပ်ပျော်နိုင် စွမ်း အပြည့်အဝ ရှိသည်။ ဖေဖေ့အသံဖြင့် အိပ်ပျော်သွားလျှင် မနက်ကျ တော့ အပြုံးပန်း ပွင့်ပြီး နိုးလာတတ်သည်။ ခုချိန်ထိ ဖေဖေ့အသံထက် ကျွန်မကို လုံခြုံမှု ပေးစွမ်းနိုင်သော အရာသည် ကမ္ဘာပေါ်မှာ မရှိခဲ့။

တစ်ရက်…ဇဟိုပန်းခြံထဲမှာ စက်ဘီးသစ်ကလေး အစီးကျင့်ရင်း

ဟန်ချက်ပျက်ကာ လဲခဲ့သည်။ ခေါင်းနှင့် ကျောက်တုံးနှင့် ဆောင့်မိသဖြင့် ခေါင်းပေါက်သွားပြီး သွေးတွေ ဒလဟော စီးကျလာခဲ့သည်။ ကျွန်မကို ၁၇ လမ်းက ဆေးရုံတစ်ခုဆီ အရေးပေါ် လူနာတင်ကားနှင့် ခေါ်သွားခဲ့ကြသည်။ ဆေးအကူက ပတ်တီးစည်းပေးသော်လည်း သွေးတွေက စိမ့်ထွက်ဆဲ။ အရေးပေါ်ကားက ဥဩသံ ဆူညံညံ၊ အမေ၏ ပျာယာခတ်နေသော မျက်နှာ၊ မျက်ခုံးထူထူနှင့် ဆရာဝန်ကလေး၊ ဆရာဝန်က ခေါင်းပေါက်တာကို ချုပ် ပေးပြီးသော်လည်း သွေးက မတိတ်နိုင်သေး။

အဖေ ကျွန်မနားကို ရောက်လာခဲ့သည်။ အပြင်မှ သူ့အသံကို ကျွန်မ ကြားနေခဲ့သည်။ သူ ကျွန်မ လက်ကို ကိုင်၊ ကျွန်မ ဆံပင်တွေကို သပ်ရင်း ကျွန်မကို ပုံပြင်တစ်ပုဒ် စပြောသည်။ တစ်မိနစ် မပြည့်မီမှာ ပင် သွေးစီးကြောင်းသည် တန့်သွား၏။ သွေ့ခြောက်သွား၏။ ဖေဖေ့အသံမှာ အနာကို ကျက်စေနိုင်စွမ်းပင် ရှိနေသလား မသိတော့ပါ။

ဖေဖေပြောသော ပုံပြင်တွေက ပျော်စရာ ဇာတ်သိမ်းခဲလှသည်။ ထို့ကြောင့် လည်း မေမေက ဖေဖေ့ ပုံပြင်တွေကို မုန်းလှသည်။ အလကား လူမဆန် တဲ့ အရိုင်းအစိုင်းဇာတ်လမ်းတွေဟု ဆိုတတ်၏။ “နို့ မင်းတို့ နတ်သမီးပုံပြင် တွေကရော ဘာထူးလို့ တုံး”ဟု ဖေဖေက ပြန်မေးတော့ “ရှင့်ဟာတွေက ကြောင်တောင်တောင်နဲ့ တောင်ရောက် မြောက်ရောက်နှင့် ရှုပ်နေတာပဲ၊ ကလေးတွေအတွက် မသင့်တော်ဘူး”ဟု နှုတ်လုံ့ထိုးတတ်သည်။

မေမေ ဘယ်လိုပြောပြော ဖေဖေ့ပုံပြင်တွေကို ကျွန်မ ချစ်သည်သာ။ ဖေဖေ့ ပုံပြင်တွေက ကျွန်မ ကြားဖူး၊ ဖတ်ဖူးသမျှ ပုံပြင်တွေနှင့် လားလားမျှမတူ။ အားလုံး မြန်မာပုံပြင်တွေချည်းသာ။ ထိုပုံပြင်တွေကို ဖေဖေ ပြောလေတိုင်း သူ၏ ဒဏ္ဍာရီဆန်လှသော အတိတ်ကို ကျွန်မ မြင်နေရသလိုပင်။

ထိုပုံပြင်တွေထဲက ကျွန်မ သဘောအကျဆုံးကတော့ မင်းသားလေး၊ မင်းသမီးလေးနှင့် မိကျောင်းကြီး ပုံပြင်သာ။ ဖေဖေ့ကို အထပ်ထပ်အခါခါ ပြောခိုင်းခဲ့ဖူးသဖြင့် စကားလုံး တစ်လုံးချင်းစီကို လေယူလေသိမ်း အဖြတ် အတောက်က အစ ကျွန်မ နှလုံးသားထဲ စိမ့်ဝင်သည် ထိ မှတ်မိနေခဲ့သည်။

ဟိုရှေးရှေးတုန်းက အင်မတန် လှပချောမောတဲ့ မင်းသမီးလေးတစ်ပါး ရှိခဲ့သတဲ့ သမီးလေးရယ်၊ အဲဒီ မင်းသမီးလေးဟာ အလွန်ကျယ်ပြောလှတဲ့ မြစ် မင်းမဟာကြီးတစ်စင်းရဲ့ ကမ်းပါးမှာ ရှိတဲ့ တိုင်းပြည်ရဲ့ နန်းတော်ကြီးတစ်ခု ထဲမှာ ဖခမည်းတော် ဘုရင်ကြီး၊ မယ်တော် မိဖုရားကြီးနဲ့ အတူနေထိုင်ကြ သတဲ့ ကွယ်။ နန်းတော်ကြီးက ထူထဲမြင့်မား ခိုင်ခံ့လွန်းပြီး အတွင်းမှာ အမြဲတမ်း အေးမြ မှောင်မိုက် တိတ်ဆိတ်လို့ နေသတဲ့။ ပင်တိုင်စံမင်းသမီး လေးဟာ တခြား မွေးချင်း မင်းသား၊ မင်းသမီးတွေ မရှိတဲ့ အတွက် အရမ်းကို ပျင်းရိငြီးငွေ့နေခဲ့တာပေါ့။

သူ့မိဘတွေကလည်း သမီးတော်လေးကို စကားစမြည် ပြောဖို့ တောင် မအားလပ်ကြဘဲ တိုင်းရေးပြည်ရာနဲ့ ရှုပ်နေ ကြသတဲ့။ ရံရွေတော် မောင်းမမိဿံ တို့ ကလည်း "မှန်လှပါ သခင်မလေး ဘုရား"နဲ့ မဟုတ်ကြောင်းပါ သခင်မလေးဘုရား"ဆိုတဲ့ စကား နှစ်ခွန်းပဲ သူ့ကို အမြဲ သံတော်ဦးတင်ကြတဲ့ အတွက် မင်းသမီးလေးခမျာ အထီးကျန်လွန်း ငြီးငွေ့လွန်းလို့ ဘယ်အချိန်တုန်းက ရယ်မောပျော်ရွှင်ခဲ့ဖူးမှန်းတောင် သူ့ကိုယ်သူ သတိမရလောက်အောင် ဖြစ်ပြီး အမြဲပဲ ဝမ်းနည်းကြေကွဲနေခဲ့ရ တယ်၊ အပြုံးဆိုတာ ဘယ်လိုမျိုးပါလိမ့်၊ အပြုံးကို ပမာဒလေခပြီး မေ့လျော့ သွားမှာ စိုးလှတဲ့ အတွက် မင်းသမီးလေးဟာ ကြေးမုံရှေ့ရပ်ရင်း ပြုံးတော်မူ ဖို့ ကြိုးစားတယ်၊ မျက်နှာလေးကို တွန့်ပြီး သွားဖြဲကြည့်တယ်။ ဒါလည်း ပျော်စရာမကောင်းလှဘူး။ သည်းမခံနိုင်လောက် အောင် ငြီးငွေ့လာတဲ့ အခါ မတော့ သူ မြစ်ကမ်းပါးကို ဆင်းတယ်၊ ရေသဖန်းပင်ရိပ်အောက်မှာ ထိုင် ရင်း ရေစီးသံ၊ ငှက်သံနဲ့ ပုစဉ်းရင်ကွဲသံလေးတွေကို နားထောင်တယ်။ မြစ်ပြင်ပေါ် နေရောင်ကျလို့ ကြယ်ကလေးတွေလို တဖျပ်ဖျပ် လက်နေတာ ကို ကြည့်တယ်။ ဒီလိုအချိန်မျိုးမှာ သူ နည်းနည်း ပျော်လာတတ်တယ်။ ဒါပေမဲ့လည်း ရယ်မောပျော်ရွှင်အောင် လုပ်ပေးနိုင်တဲ့ သူငယ်ချင်းတစ် ယောက်လောက် ရှိခဲ့ရင် ဆိုတဲ့ အိပ်မက်ကို သူ မက်ဆဲပေါ့ သမီးလေး။

မြစ်ပြင်ကြီးရဲ့ ဟိုမှာ ဘက်ကမ်းက တိုင်းပြည်မှာ တော့ အင်မတန် စည်းကမ်းကြီးပြီး ရက်စက် တတ်တဲ့ ဘုရင်ကြီးတစ်ပါးက အုပ်စိုးနေသတဲ့။ သူဟာ အလုပ်လုပ်နိုင်တဲ့ အရွယ် တိုင်းသူပြည်သား အားလုံးကို တစ် ယောက်မကျန် အလုပ်နဲ့ လက် မပြတ်အောင် လုပ်စေသတဲ့။ လယ်သမား တွေက အမြဲ ထွန်ယက်စိုက်ပျိုး၊ အလုပ်သမားတွေက အမြဲအလုပ်လုပ်နေမှ သူ ကျေနပ်တော်မူသတဲ့။ အဲလို အလုပ်လုပ်၊ မလုပ် ဆိုတာကို အမြဲအထောက်တော်တွေ လွှတ်ပြီး စနည်းနာခိုင်းထားသတဲ့။ အလုပ် မလုပ်ဘဲ အလကားအချိန်ဖြုန်းနေတဲ့ မည်သူမဆို ကြိမ်ဒဏ်ဆယ်ချက် အပြစ်ဒဏ် ပေးတယ်။ သူ့ရဲ့ တစ်ဦးတည်းသော သားတော် မင်းသားလေးကိုတောင် ခြွင်းချက်ထားတော်မမူဘူးတဲ့။ သားတော် မင်းသားလေးဟာ မိုးလင်းက မိုးချုပ် မင်းသားတို့ တတ်အပ်သော အဠာရသ ဆယ့်ရှစ်ရပ်ကို မပြတ်တမ်း လေ့လာဆည်းပူးနေရတယ်။ တိုင်းပြည်တွင်းက အတော်ဆုံးဆိုတဲ့ အကျော်အမော် ဆရာတွေကို ဆင့်ခေါ်ပြီး သူ့သားတော်ကို လောကမှာ အထူးချွန်ဆုံး အထက်မြက်ဆုံး မင်းသားလေး ဖြစ်အောင် ကွပ်ညှပ် သွန်သင် ပဲ့ကိုင် ပုံသွင်းစေသတဲ့ သမီး.

အဲ-တစ်နေ့မှာ တော့ မင်းသမီးလေးလိုပဲ ပျင်းရိငြီးငွေ့တော်မူလှတဲ့ မင်းသားလေးဟာ နန်းတော်ထဲက ရအောင်ထွက်ပြီး မြစ်ကမ်းနံဘေးကို ဆင်းလာသတဲ့။ ဒီမှာ ပဲ ဟိုမှာ ဘက်ကမ်းက ရေသဖန်းပင် အောက်မှာ ထိုင်နေတဲ့

မဟူရာဆံနွယ်ရှည်တွေမှာ ပန်းဝါဝါလေးတွေ ပန်ထားတဲ့၊ ထူး ထူးကဲကဲ အံ့ဘွယ်သရဲ လှလွန်းတဲ့ မင်းသမီးလေးကို တွေ့ပါလေရော၊ တွေ့ တွေ့ချင်းပဲ မြစ်ကိုဖြတ်ကူးပြီး ဟိုဘက်ကမ်းကို အရောက်သွားချင်တဲ့ ဆန္ဒ တွေ မင်းသားလေးဆီမှာ ထိန်းမနိုင် သိမ်းမရ ပေါ်လာတော့သတဲ့ ကွယ်။

ဒါပေမဲ့လည်း အင်မတန် ရေးကျတဲ့ ခေတ် ဖြစ်လေတော့ မြစ်ပြင်ကျယ်ကြီးကို ဖြတ်ကူးဖို့ တံတား လည်း မရှိ၊ လှေလည်း မရှိတဲ့ အပြင် တိုင်းပြည် နှစ်ခုကဘုရင်နှစ်ပါးဟာ တစောင်းစေးနဲ့ မျက်ချေး ဖြစ်လေတော့ ကိုယ့် တိုင်းပြည်နယ်နိမိတ်ထဲ ကျူးကျော်ဝင်ရောက်လာတဲ့ တစ်ဖက်နိုင်ငံသားကို တွေ့ရာသင်္ချိုင်းခေါ မဆိုင်း သေဒဏ်ကိုယ်စီ ချမှတ်ထားကြတယ်တဲ့။ လွတ် အောင် ရှောင်နိုင်ဦးတော့ မြစ်ထဲမှာ ရာပေါင်း ထောင်ပေါင်းများ စွာ ရှိနေတဲ့ မိကျောင်းကြီးတွေဟာ မြစ်ထဲဆင်းလာတဲ့ မည်သူ့ကို မဆို စားဖို့ ဝါးဖို့အသင့်စောင့်နေကြတာတဲ့ ကွယ်။

ဆန္ဒချင်ခြင်းတွေ မွန်ထူ ပြည့်လျှံနေတဲ့ မင်းသားကလေးဟာ ပထမတော့ ဘာမျှ မစဉ်းစား နိုင်ဘဲ မြစ်ထဲ ဆင်းလိုက်သတဲ့။ ရေ ဒူးဆစ်လောက်အမြုပ်မှာ ပဲ ပါးစပ်ကြီးတွေ ဖြဲပြီး သူ့ဆီ အူယားဖားယား ချီတက်လာကြတဲ့ မိကျောင်းကြီးတွေကို တွေ့လိုက်ရတဲ့ အတွက် ကမန်းကတန်း ကမ်းပါးပေါ်ပြန်တက်လိုက်ရတယ်ကွဲ့။ ဒါကြောင့် မင်းသမီးလေးနဲ့ တွေ့ခွင့်၊ စကားပြော ခွင့်မရတဲ့ မင်းသားလေးဟာ မချိတင်ကဲနဲ့ ငေးပြီးပဲ နေရရှာသတဲ့။

နေ့စဉ် နေ့တိုင်း မြစ်ကမ်းပါးကို ရအောင် ထွက်လာ၊ ကျောက်တုံးကြီးတစ်တုံးပေါ် ထိုင်ရင်း မင်းသမီးလေးကို မင်းသားလေးဟာ မျှော်ငေးနေခဲ့ တယ်။ ဒီလိုနဲ့ ရက်တွေ လတွေ ကုန်ဆုံးခဲ့တယ်။ တစ်နေ့မှာ တော့ မင်းသား လေးရှိရာမြစ်ကမ်းပါးဆီကို ရောမ မိကျောင်းကြီးတစ်ကောင် ရောက် လာ ပြီး အခုလိုပြောသတဲ့။

“အို-အသင်မင်းသားလေး၊ ကျွန်ုပ် မင်းသားလေးကို စောင့်ကြည့်နေခဲ့တာကြာခဲ့ပြီ၊ မင်းသားလေး ရွှေစိတ်တော် မပျော်ပိုက်သည် ကိုလည်း ကျွန်ုပ်သနားလှသည်၊ ကျွန်ုပ် မင်းသားလေးကို ကူညီပါရစေ”

အံ့အားသင့်လှတဲ့ မင်းသားလေးက အခုလို ပြန်ပြောတာပေါ့။

“ဟင်-အသင်က ကျွန်ုပ်ကို မည်သို့ မည်ပုံ ကူညီမှာ လဲ”

“ကျွန်ုပ် ကျောပေါ်သာ တက်လှည့်ပါ အသင်မင်းသား၊ ကျွန်ုပ် သင့်ကိုတစ်ဖက်ကမ်း ရောက်အောင် ပို့ပေးပါ့မယ်”

မင်းသားလေးဟာ မိကျောင်းကြီးကို သံသယအပြည့်နဲ့ ကြည့်ရင်းက-

"မဖြစ်နိုင်ပါဘူး၊ သင်တို့ မိကျောင်းတွေဟာ ရေထဲရောက်လာတဲ့ လူကို ဘယ်တုန်းက အလွတ်ပေးဖူးလို့ တုန်း၊ သင် ကျွန်ုပ်ကို မလှည့်စားနဲ့"

လို့ ပြောရှာတာပေါ့။

"မိကျောင်းတိုင်း တစ်သဘောတည်းလို့ မထွေးပါနဲ့ အရှင်မင်းသား၊ ကျွန်ုပ်ကို ယုံတော်မူပါ"

လို့ မိကျောင်းကြီးက ပြန်ပြောတဲ့ အခါမတော့ မင်းသားလေးဟာ တွေဝေသွားခဲ့တယ်။ မိကျောင်းကြီးကလည်း ယုံတော်မူပါ ဘုရား လို့ ဆက်ကာ ဆက်ကာ ပြောနေခဲ့တယ်။

နောက်ဆုံးတော့ မင်းသားလေးခမျာ ရွေးစရာ မရှိတော့ဘူး။ သူ အင်မတန် တွေ့ချင်လှတဲ့ မင်းသမီးလေးနဲ့ တွေ့နိုင်ဖို့ ဆိုရင် မိကျောင်းကြီး ကို ယုံမှ ဖြစ်မယ် မဟုတ်လား။ ဒါကြောင့် မိကျောင်းကျောပေါ် သူ လှမ်း တက်လိုက်တယ်။ မိကျောင်းကြီးကလည်း သူ့ကတိအတိုင်း တစ်ဖက်ကမ်း ကို ရောက်အောင် ပို့ပေးခဲ့တယ် သမီးရဲ့။

မင်းသားလေး သူ့ရှေ့မှာ ဘွားခနဲ ပေါ်လာတာ မြင်တော့ မင်းသမီးလေး ဟာ သူ့မျက်စိတောင် သူ မယုံနိုင်အောင် အံ့အားသင့်ရရှာတာပေါ့။ သူက လည်း နေ့စဉ် မြင်နေရတဲ့ မင်းသားလေးကို သူ့နား ရောက်လာစေဖို့ တိတ်တခိုး မျှော်လင့်စောင့်စားနေခဲ့တာလေ။ ရုတ်တရက် နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတဲ့ အခါ မင်းသားလေးခမျာလည်း ရှက်သွေးတက်ပြီး ဘာပြော ရမှန်း မသိရှာဘူးတဲ့။ ဒါနဲ့ ပဲ တောင်တစ်လုံး မြောက်တစ်လုံးနဲ့ ပါးစပ်ထဲ တွေ့တာတွေ လျှောက်ပြောရင်း နှစ်ယောက်လုံး ရယ်ချင်စိတ်တွေ တလိပ် လိပ် တက်လို့ အတောမသတ်နိုင်အောင် ရယ်ကြသတဲ့။ မရယ်တာ ကြာပြီ ဖြစ်တဲ့ မင်းသမီးလေးဟာလည်း ရယ်ရလွန်းအားကြီးလို့ အူတွေတောင် နာ ပြီး အကျေနပ်ကြီး ကျေနပ် နေတာပေါ့။ အတော်လေးကြာလို့ မင်းသား လေး ပြန်ချိန်တန်တော့ မင်းသမီးလေးဟာ အပူလုံးကြွပြီး မင်းသားလေးကို မပြန်ဖို့ ပူဆာတော့တယ်။

"မောင်တော် မပြန်လို့ မဖြစ်ချေဘူး နှမတော်၊ မောင်တော့်ကို နှမတော်နဲ့ အတူရှိနေတာ ဖခမည်းတော် သိသွားခဲ့ရင် သူ မောင်တော့်ကို အကျဉ်းချ ထားလိမ့်မယ်၊ ဒါဆို နှမတော်ကို မောင်တော် ဘယ်တော့မှ တွေ့ခွင့်ရတော့ မယ် မဟုတ်ဘူး၊ ဒါပေမဲ့ မောင်တော် ပြန်လာခဲ့မယ် နှမတော်၊ မောင်တော် ကတိပေးတယ်"

ဒီလိုနဲ့ ကြင်နာတတ်တဲ့ မိကျောင်းကြီး စီးရင်း မင်းသားလေး တစ်ဖက် ကမ်းကို ပြန်သွားရှာသတဲ့ သမီးလေး။

နောက်တစ်နေ့မှာ တော့ မင်းသမီးလေးဟာ တစ်နေ့လုံး မင်းသားလေးကို မျှော်တော်ဇောနဲ့ မောနေရှာတယ်။ သူ လက်လျှော့လိုက်တော့မယ် ကြံတုန်းမှာပဲ မင်းသားလေးဟာ မိကျောင်းကြီး စီးရင်း ရောက်လာခဲ့တယ်။ ဒီလိုနဲ့ မင်းသားလေးနဲ့ မင်းသမီးလေးဟာ မိကျောင်းကြီး ကျေးဇူးနဲ့ နေ့စဉ် ဆုံတွေ့ မေတ္တာမျှခွင့် ရကြသတဲ့။

စားစရာရှိတာကို မစားဘဲ ကျောပေါ် တင်ပြီး ပို့ဆောင်ရေးလုပ်နေတဲ့ မိကျောင်းကြီးကို တခြား မိကျောင်းတွေက အင်မတန် ဒေါပွတာပေါ့။ ဒါ ကြောင့် တစ်နေ့မှာ မင်းသားလေးကို ကျောပေါ် တင်ရင်း မြစ်လယ်ရောက် တဲ့ အခါ တခြားမိကျောင်းတွေဟာ ပါးစပ်တွေ ဖြဲရင်း စုပုံ ရောက်လာခဲ့ကြ တယ်။ သူ့ကိုပေး၊ သူ့ကို ကျွေးလို့ ပြောသံတွေ ပေးရင်းပေါ့။

“ဟေ့-အသာနေကြစမ်း၊ သွားကြစမ်း ဖယ်ကြစမ်း”

လို့ ဧရာမ မိကျောင်းကြီးက ငေါက်ငမ်းပြီး မြန်နိုင်သမျှ မြန်အောင် ကူးပေမယ့် အများ နဲ့ တစ်ယောက် မဟုတ်လား။ ညှပ်ပူးညှပ်ပိတ် အဝိုင်းခံရတာပေါ့။ မိကျောင်းကြီးလည်း မတတ်နိုင်တော့ဘဲ-

“ကျွန်ုပ် အာခံတွင်းထဲ ဝင်တော်မူပါ အရှင်၊ အရှင် ဘေးကင်းအောင်လို့ပါ”လို့ ပြောရင်း ပါးစပ်ကြီးကို ဟာပေးရှာတယ်။

မင်းသားလေးလည်း မိကျောင်းခံတွင်းထဲ တိုးဝင်ရတာပေါ့။ တခြား မိကျောင်းတွေက သူတို့ ကို မျက်ခြည်ပြတ်မခံဘူး။ သူတို့ ကူးခပ်တဲ့ နောက် ကို တကောက်ကောက် လိုက်နေကြတယ်၊ စောင့်နေကြတယ်။ မင်းသား လေးလည်း မိကျောင်းခံတွင်းထဲက ထွက်လို့ မရဘူး။ မိကျောင်းကြီးဟာ နာရီပေါင်းများ စွာ စောင့်ဆိုင်းနေရတယ်။ နောက်ဆုံး တခြား မိကျောင်း တွေ လက်လျှော့သွားတဲ့ အခါမှ တစ်ဖက်ကမ်းကို ကူးသွားခဲ့တယ်။ ကမ်းပါးရောက်တော့ ပါးစပ်ကို ဟာပေးလိုက်တယ်။ မင်းသားလေးဟာ ထွက်မလာနိုင်တော့ဘူး။ သူ့ခံတွင်းထဲမှာ မလှုပ်မယှက်။ မိကျောင်းကြီးဟာ အင်မတန် တုန်လှုပ် ချောက်ချားသွားတယ်။

“အရှင်...အရှင်၊ ဟိုဘက်ကမ်း ရောက်ပြီလေ၊ မင်းသမီးလေးဆီ ပြေးပါ တော့လား အရှင်မင်းသားရယ်”

မင်းသားလေးကတော့ မလှုပ်ဘူး သမီး။

မင်းသမီးလေးကလည်း အသံကုန် အော်ခေါ်ရှာတယ်။

“မောင်တော်၊ မောင်တော်ရေ၊ ထွက်လာပါတော့ မောင်တော်ရယ်”

"ဒါပေမဲ့ အကြောင်းမထူးတော့ဘူး သမီး။ မင်းသားလေးဟာ မိကျောင်း ခံတွင်းထဲမှာ မွန်းကျပ်ပြီး ကံတော်ကုန်ရှာခဲ့ပြီလေ။

မောင်တော်မင်းသားရဲ့ အဖြစ်ကို သေချာသိသွားတဲ့ မင်းသမီးလေးမျာ လည်း ချက်ချင်း ဆိုသလိုပဲ ရင်ကွဲနာကျပြီး မြေပေါ် လဲကျ ကံတော်ကုန်ရှာ သတဲ့။

သားတော်နဲ့ သမီးတော်တွေကို ရုတ်တရက် ဆုံးရှုံးလိုက်ရတဲ့ ကေရာဇ်နှစ် ပါးဟာ မင်းသားနဲ့ မင်းသမီး အလောင်းတွေကို မြေမမြှုပ်ဘဲ မြစ်ကမ်းပါးမှာ မီးသင်္ဂြိုဟ်ဖို့ ကိုယ်စီကိုယ်င ဆုံးဖြတ်တော်မူ ကြသတဲ့။ တိုက်တိုက်ဆိုင်Fn

ဆိုင်ပဲ မီးသင်္ဂြိုဟ်ပွဲ အခမ်းအနားတွေဟာ တစ်နေ့တည်း၊ တစ်ချိန်တည်း ဖြစ်နေခဲ့တယ်။ ဘုရင်နှစ်ပါးဟာ သား နဲ့ သမီး သေရတဲ့ အတွက် တစ် ယောက်ကို တစ်ယောက် ဆဲရေး တိုင်းထွာ ခြိမ်းခြောက်ရင်း ကမ်းပါး တစ်ဖက်စီကနေ ရန်စောင်နေကြသတဲ့။

မကြာခင်ပဲ ကမ်းပါးနှစ်ဖက်ကနေ ရောမ မီးတောက်ကြီးတွေ ကိုယ်စီ တက် လာပြီး အလောင်းတွေ လောင်ကျွမ်းသွားခဲ့တယ်။ လေငြိမ်တဲ့ နေ့ ဖြစ်နေတဲ့ အတွက် မီးခိုးတွေဟာ ထက်ဘဝဂ် ကောင်းကင်ယံထိ ခေါင်းတိုင်လို ဖြောင့်ဖြောင့်တန်းတန်း တက်သွားခဲ့သတဲ့။ မီးတောက်တွေ ငြိမ်းသွားတဲ့ အထိ အရာရာဟာ ငြိမ်သက်နေခဲ့တယ်။ မြစ်ထဲက ရေစီး သံတောင် မကြားရဘူး။ ဘုရင်နှစ်ပါးလည်း ငြိမ်သက်နေခဲ့ကြတယ်။

အဲဒီနောက်မှာ တော့ တိရစ္ဆာန်တွေဟာ တေးသီကြတော့တယ်။ ပထမဆုံး မိကျောင်းတွေက အစပြုတာပေါ့။

ဟင်-ဖေဖေကလည်း မိကျောင်းက သီချင်းမှ မဆိုတတ်တာ။

ပုံပြင် ထိုနေရာ ရောက်တိုင်းမှာ ကျွန်မ အမြဲ စောဒကတက်တတ်သည်။

ဆိုတတ်တာပေါ့ သမီးရဲ့၊ သူတို့ ကို ဆိုခွင့်သာ ပေးလို့ ကတော့ မိကျောင်း တွေ သီချင်းဆို တတ်တယ်၊ ငြိမ်ငြိမ်ကလေး နားထောင်တတ်ဖို့ ပဲ လိုတာ ဟု ဖေဖေက အမြဲ ချေပတတ်သည်။

ပြီးတော့ ဆင်တွေရော သီချင်းဆိုလား။

အင်း-ဆင်တွေလည်း သီချင်းဆိုတယ် သမီးလေး။

နောက်တော့ရော ဘယ်သူတွေ ဆိုသေးလဲ ဖေဖေ။

မြွေတွေ၊ ပုတ်သင်ညိုတွေ၊ ကင်းလိပ်ချောတွေ၊ ခွေးတွေ၊ ကြောင်တွေ၊

ကျားတွေ၊ ကျားသစ်တွေ၊ ခြသေ့ တွေ၊ မြင်းတွေ၊ မျောက်ဝံတွေနဲ့ ငှက်တွေအားလုံး တစ်လှည့်စီ သီချင်းဆိုကြသတဲ့ သမီးလေးရဲ့။ သံပြိုင်ပုဒ်မှာ သူတို့ ပြိုင်တူ ဆိုလိုက်ကြတဲ့ အခါ အင်မတန် သာယာနာပျော်ဖွယ် ကောင်းတဲ့ အသံသာသာ ထွက်လာသတဲ့။ အဲဒီအသံ ထွက်လာတာနဲ့ တစ်ပြိုင်နက် မျဉ်းပြိုင်လို ဖြစ်နေတဲ့ မီးခိုးတန်း နှစ်ခုဟာ တဖြည်းဖြည်း ကွေးညွတ်လာခဲ့ တယ်။ သီချင်းသံဟာ ပိုကျယ်ပြီး ကြည်မြ လာလေလေ မီးခိုးတန်းနှစ်ခုဟာ နီးသထက် နီး လာလေ၊ နောက်ဆုံးတော့ မီးခိုးတန်းတွေဟာ တစ်ခုနဲ့ တစ်ခု ပေါင်းစပ်ပွေ့ဖက်လို့ တစ်ခုတည်း ဖြစ်သွားခဲ့တာကို ချစ်တတ်တဲ့ နှလုံးသားရှိသူတွေသာ မြင်ခွင့်ရခဲ့သတဲ့ သမီးလေးရယ်။

ကျွန်မ ပုံပြင်ပြီးသွားတိုင်း မျက်စိတွေ မှိတ်ထားရင်း တိရစ္ဆာန်တွေ၏ သီချင်းသံတွေကို နားစိုက်ထောင်နေမိသည်။ ဟုတ်ပ၊ ဖေဖေပြောတာ အမှန်ပင်။ ကျွန်မ အခန်းထဲက တိရစ္ဆာန်လေးတွေ လည်း သီချင်းဆိုတတ်ပါ သကော။ ကျွန်မကို ချော့သိပ်သည့် တေးကို သူတို့ သီကျူးနေလေပြီ။

မေမေကတော့ ကျက်သရေ ကျက်သရာ မရှိဟု ဆိုကာ ထိုပုံပြင်ကို နည်း နည်းမျှ မကြိုက်။ ဖေဖေကတော့ နောက်ဆုံး သူတို့ ပေါင်းစည်းသွားကြ သည် က ပျော်စရာ ဇာတ်သိမ်းပေါ့ဟု ထင်တတ်သည်။

ကျွန်မက ကျွန်မကရော..ကျွန်မ ဘယ်လိုထင်မှန်း ကျွန်မ ဘယ်တုန်းကမှ သေချာမသိခဲ့။

****

ဒုတိယပိုင်း(က)

အခန်း(၁)

အကာလ တိတ်ဆိတ်မှုက ချောက်ချားစရာ ကောင်းလှသလို ကျွန်မကို တရိရိ နှိပ်စက် ညှဉ်းပန်း နေခဲ့သည်။ ခုတင်ပေါ် လှဲရင်း အကျွမ်းဝင် အသားကျနေသည့် ကားဟွန်းသံ၊ ဥသြသံ၊ တစ်ဖက်ခန်းမှ ရက်ပ်ဂီတသံ၊ ရုပ်မြင်သံကြားသံ၊ ဓာတ်လှေကားက ခေါင်းလောင်းသံတွေကို နားစွင့် ငံ့လင့်နေမိသည်။ ဘာဆို ဘာမျှ မကြား။ လှေကားဆန်တွေက ကျိုးကျိုးကျွိကျွိ အသံတွေ၊ စကြံလမ်းက လမ်းလျှောက်သံ တွေကိုပင် မကြား၊ ပကတိ အ ငြိမ်။

ဘာသံမျှ မကြားတော့ ဦးဘ၏ အသံကို နားက ပြန်ကြားယောင်လာသည်။ ကိုယ်ပျောက် ကျူးကျော်သူတစ်ယောက်လို သူ့အသံက အခန်းထဲ ဝင် လာ ပြီး စားပွဲနားမှ၊ ဗီရိုနားမှ၊ ခုတင်နားမှ လာလာပြောနေသည်။ သူ ပြောသည့် ဇာတ်လမ်းကို ကျွန်မ ခေါင်းထဲက ထုတ်၍ မရ။ ထို့ကြောင့် လည်း ဦးဘ၏ တင်ဝင်းကိုချည်း တစ်ချိန်လုံး စဉ်းစားနေမိသည်။ အဲဒီတင်ဝင်းက ဖေဖေတဲ့ လား၊ ဖေဖေ့ အရိပ်အယောင် သရုပ်သကန် အမှတ်လက္ခဏာ တစ်ခုမျှ သူ့မှာ မတွေ့မိ။ သို့သော်လည်း ကျွန်မတို့ က မိဘတွေအကြောင်း ဘယ်လောက်များ သိလို့ လဲ၊ မိဘတွေကရော ကျွန်မတို့ အကြောင်း \ ဘယ်လောက် ထဲထဲဝင်ဝင် သိလို့ လဲ၊ မွေးကတည်းက တစ်သက်လုံး အတူ နေခဲ့ကြပေမယ့် ကျွန်မတို့ က သူတို့ မဟုတ်သလို၊ သူတို့ ကလည်း ကျွန်မတို့ မဟုတ်။ တစ်ယောက်အကြောင်း တစ်ယောက် အူမချေးခါး မကျန် သိဖို့ ဘယ်လောက်များ အားထုတ် ကြောင့် ကြခဲ့ဖူးလို့ လဲ။ အရာရာသိတဲ့ ကိုဖိုး သိ၊ မဖိုးသိ တွေချည်း လောကမှာ ရှိနေရင် လောကမှာ ရာဇဝတ်မှုဆိုတာ တောင် ရှိပါ့မလား၊ လူတွေက အမှန်တရား အကြောင်း မကြာခဏ ပြော တတ်သည်။ ဘယ်လို အမှန်တရား။ ဘယ်သူ့အမှန်တရား၊ ဘယ်လောက် မှန်တဲ့ အမှန်တရားအပေါ် ကျွန်မတို့ မှီခိုနေကြတာလဲ၊ ယုံကြည် ကိုးစားမှု ဆိုတာကရော၊ အကြွင်းမဲ့ ယုံကြည်ကိုးစားလို့ ရသူ လောကမှာ ရှိရော ရှိလို့ လား။

အိပ်စက်ခြင်းကလည်း ကျွန်မကို မလွတ်မြောက်စေခဲ့။ ဦးဘ၏ တင်ဝင်း ကို အိပ်မက် မက်ပြန် ပါလေသည်။ ထို မျက်မမြင် တင်ဝင်းကလေး ချော်လဲရင်း ကျွန်မရှေ့မှာ ထိုင်ငိုနေပါသတဲ့။ ကျွန်မ သူ့ကို ကုန်း၍ ထူ ပေးလိုက်သည်။ သူ့ခန္ဓာကိုယ်လေးက သေးသော်လည်း သူ့ကိုယ်က လေး လှသည်။ သူ့လက်တွေကို ဆွဲထူသည်။ သူ့ခန္ဓာကိုယ်ကို လက်တွေနှင့် မြဲမြဲ ကိုင်ရင်း အားကုန်ဆွဲသည်။ မရ၊

သံမဏိ နွားသိုးကြီးတစ်ကောင်အလား လေးလံလွန်းသည်။ ကျွန်မ သူ့နားမှာ ဒူးထောက် ထိုင်ချလိုက်သည်။ ကား တိုက်ခံရပြီး သွေးအလိမ်းလိမ်းနှင့် သေအံ့မူးမူး လူတစ်ယောက်နားမှာ ထိုင် ရဘိသကဲ့သို့။ ပြီးတော့ နှစ်သိမ့်စကားတွေ တတွတ်တွတ် ပြောသည်။ သူက ကျွန်မကို ထွက်မသွားဖို့၊ သူ့တစ်ယောက်တည်း ချန်မထားဖို့ တောင်းပန်နေသည်။ ဟော-ဘွားခနဲ ဖေဖေ ကျွန်မတို့ နား ရောက်လာသည်။ သူ ကောင်လေးကို စွေ့ခနဲ ဆွဲပွေ့လိုက်သည်။ သူ့နားနားကပ်၍ တစ်စုံတစ်ရာကို တီးတိုးညင်သာပြောသည်။ ဖေဖေ့ လက်ပေါ်မှာ တင်ဝင်း ကလေး အင်မတန် သက်သောင့်သက်သာ ရှိပုံပင်။ ဖေဖေ့ ပခုံးပေါ် မှီရင်း၊ တစ်ချက်တစ်ချက် ရှိုက်ရင်း သူ အိပ်ပျော်သွားသည်။ သူတို့ နှစ်ယောက်ကျွန်မနားမှ လှည့်ထွက်သွားကြသည်။ တဖြည်းဖြည်း ဝေး...ဝေး။

ကျွန်မ နိုးလာတော့ ချိုမြမြ ရနံ့ရှိသော လေနွေးနွေးလေး တိုက်နေသည်။ အပြင်ဘက်မှာ အင်းဆက်အသံလေးတွေ ကြားနေသည်။ လူနှစ်ယောက် ကျွန်မ ပြတင်းပေါက် အောက်တည့်တည့်မှာ ရပ်စကားပြောနေကြသည်။ မတ်တတ်ထရပ်လိုက်တော့ ခြေသလုံးသားတွေ ကိုက်ခဲနေသည်။ သို့သော် အရင်နေ့တွေတုန်းကထက် အများကြီး ပို၍ နေလို့ ထိုင်လို့ ကောင်းသည်။ အကြာကြီး အိပ်ပစ်လိုက် သဖြင့် လန်းဆန်းနေသည်။ ကနေ့ ပူနွေးသဖြင့် ရေအေးဖြင့် ရေချိုး၍ လည်း ကောင်းသည်။ ကော်ဖီပင် ပူပူလောင်လောင် နှင့် သောက်ကောင်းလှသည်။ မိမိကို ရှာဖွေဖို့ မူလရည်ရွယ်ချက်ကြီးကို သတိရသော်လည်း ဦးဘ၏ ဇာတ်လမ်းက ကျွန်မကို ဖမ်းဆုပ်ထားခဲ့သည်။ သူ ပြောသလိုများ ကျွန်မ ဇာတ်လမ်း ကျိန်စာသင့်ပြီလား မသိ။

စားသောက်ခန်းထဲ မလှုပ်မယှက် ထိုင်ရင်း အဘိုးကြီးတစ်ယောက် ဥယျာဉ်သုံး ကတ်ကြေးရှည်ကြီးဖြင့် အလုပ်လုပ်နေသည် ကို ငေးနေမိသည်။ အနီရောင်၊ အဝါရောင်၊ အဖြူရောင်၊ ပန်းရောင် ရာသီပေါ်ပန်းကလေး တွေက ဝေနေအောင် ပွင့်သည်။ ဥယျာဉ်အလယ်လောက်မှာ သစ်တော်ပင် ကြီးတစ်ပင်၊ သစ်တော်ကိုင်းတွေအောက်က မြေပြင်မှာ ပန်းဖြူဖြူလေးတွေ ရှိ၏။ ထန်းပင် နှစ်ပင်နှင့် ထောပတ်သီးပင်တို့ မှာ လည်း အသီးတွေ ပြွတ် နေသည်။ စားတော်ပဲ၊ မုန်လာဥနီ၊ ဥဝါ၊ စတော်ဘယ်ရီနှင့် ရက်စ်ဘယ်ရီ တွေလည်း အစုံအလင် ရှိနေသည်။

ဆယ်နာရီ ထိုးပြီးစမှာ ဦးဘ ရောက်လာခဲ့သည်။ သူ လာနေတာကို ဟိုး အဝေးကြီးကတည်းက ကျွန်မ မြင်သည်။ သူက ဖြည်းဖြည်း လျှောက်လာရင်း စက်ဘီးသမားတစ်ယောက်ကို ရပ်နှုတ်ဆက်သည်။ ပြီးတော့ ပြန် လျှောက်လာသည်။ ဟိုတယ်ရှေ့ ရောက် လာပြီ။ လျှောက်ရ လွယ်စေဖို့လား မသိ၊ လုံချည်ကို လက်နှစ်ဖက်ဖြင့် မကာ လျှောက်လှမ်းလာပုံမှာ စကတ်အရှည်ကြီး ဝတ်ပြီး ပုဒယ်ခွေးကလေးကို ကျော်ခွလျှောက်လာသည့် အမျိုးသမီးနှင့် ပင်

တူနေသေးသည်။ သူ ကျွန်မကို ပြုံးပြပုံက လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ နှစ်ပေါင်းများစွာ သိကျွမ်းလာခဲ့သည့် ငယ်ပေါင်းကြီးဖော် မိတ်ဆွေများကဲ့သို့ ညက စကားများ ပြီး ခွဲခွာသွားသည့် ပုံမျိုး မဟုတ်။

"မင်္ဂလာနံနက်ပါ ဂျူလီယာ၊ စက်တော်ခေါ်လို့ ပျော်ရဲ့ လား ကလေးမရဲ့"

သူ၏ ရေးကျလှသော စကားလုံး အသုံးအနှုန်းကြောင့် ကျွန်မ ပြုံးမိသည်

"အင်း-မင်းမျက်လုံးလေးတွေ လှပုံက မင်းအဖေအတိုင်းပဲ၊ ဒီနှုတ်ခမ်းလေးတွေ၊ သွားဖြူ ဖြူ လေးတွေဟာလည်း အဖေ့အမွေပဲ၊ ဟုတ်စ၊ ကျုပ်ထပ်ကာထပ်ကာ ပြောမိနေတာကို ခွင့်လွှတ်တော့ ကလေးမရေ၊ မင်းကို မြင်တိုင်း စကားလုံးတွေက ဒီလို ထွက်ထွက်သွားတယ်"

သူ ပြောမှ ကျွန်မ ရှက်အားပိုသွားမိသည်။ ကျွန်မတို့ ဟိုတယ်မှ ထွက်ပြီး ချောင်းဘက်ဆင်းသည့် လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ လမ်းဘေး တစ်လျှောက် ထန်းပင်တွေ၊ သရက်ပင်တွေ၊ ငှက်ပျောပင်တွေက တန်းစီ နေသည်။ လေထဲမှာ စံပယ်နံ့ သင်းနေသည်။

ချောင်းထဲမှာ မိန်းမကြီးတွေ အဝတ်လျှော်နေသည်။ တချို့က ဦးဘကို နှုတ်ဆက်ကြပြီး ကျွန်မကို စူးစူးရဲရဲ ကြည့်နေကြသည်။ သစ်သားတံတား လေးအတိုင်း တစ်ဖက်ကမ်းသို့ ကူးသည်။ မတ်စောက်စောက် အတက် လမ်းကို တက်ကြသည်။ အဝတ်လျှော်နေသည့် အမျိုးသမီးတစ်သိုက်၏ သီချင်းသံက နောက်မှ လိုက်လာခဲ့သည်။

အဝေးက တောင်ကြားလွင်ပြင်နှင့် တောင်ထိပ်တွေ မြင်ကွင်းက ပို့စကတ်တွေထဲ မြင်နေကျ မြင်ကွင်းမျိုး မဟုတ်။ တောင်စောင်းတွေမှာ ထင်းရှူးပင်ပျိုတွေ ကျိုးတိုးကျဲတဲ၊ အပင်တွေကြားက မြက်တွေက စိမ်းလွင်မနေဘဲ မီးလောင်ခံထားရသလို ညိုပုပ်နေသည်။

"ဒီနေရာဟာ တစ်ချိန်တုန်းကတော့ နေပြောက်မတိုးနိုင်တဲ့ ထင်းရှူးတောကြီးပေါ့ကွယ်၊ ၁၉၇၀ ကျော်လောက်မှာ ဂျပန်တွေ လာပြီး ထင်းရှူးပင်တွေကို အပြောင်ရှင်းသွားခဲ့ကြတယ်"

ဟင်-တယ်လွန်ပါ့လား၊ အဲသလို လုပ်ချင်တိုင်း လုပ်တာကို ဘယ်သူမှ မ ကန့်ကွက် ကြဘူးလား၊ ကျွန်မ ပြောလိုက်ချင်ပေမယ့် လျှာကို ကိုက်ထား လိုက်သည်။ ဒါ ကိုယ့်အလုပ် မဟုတ်။

တစ်ချိန်က ရွှေထီးဆောင်းခဲ့ပြီး ခုတော့ ပျက်စီးစ ပြုနေပြီဖြစ်သည့် အင်္ဂလိပ် အိမ်ကြီး အိမ်ကောင်းတွေကို ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံးမတော့

သစ်သားအိမ်ကလေးတစ်လုံးဆီ ရောက်လာခဲ့ကြသည်။ သွပ်မိုး၊ ပျဉ်ကာ ဝရန်တာသေးသေးလေးနှင့် အိမ်မည်းမည်းကလေး၊ ကြက်တွေ၊ ဝက်တွေ ကို ခြံထဲမှာ တွေ့ရသည်။

ပြတင်း လေးပေါက် ပါသော ဧည့်ခန်းထဲ ရောက်၍ လာသည်။ ပရိဘောဂတွေက ကိုလိုနီခေတ် လက်ကျန်ပစ္စည်းတွေ ထင်သည်။ နံရံမှာ လန်ဒန်မျှော်စင် ဆီဆေးပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။

"ကိုယ့်အိမ်လို သဘောထားပြီး သက်သောင့်သက်သာနေကွဲ့၊ ကျုပ် လက်ဖက်ရည် ဖျော်လိုက်ဦးမယ်"

ဦးဘက ပြောပြောဆိုဆိုဖြင့် အတွင်းသို့ ဝင်သွားခဲ့သည်။

ထိုင်မယ်ကြံရုံရှိသေး၊ တဝီဝီ မြည်သံ ကြားသဖြင့် ခေါင်းထောင်ကြည့် မိသည်။ ဟယ်-ပျားတွေ၊ အခန်းထဲမှာ လျှောက်ပျံနေသည်။

စာအုပ်စင် အပေါ်ဆုံးအကန့်မှာ ဘောလုံးအရွယ်ခန့် ရှိသော ပျားအုံကြီး။

ပျားအုံနှင့် အဝေးဆုံးနေရာကို ပြောင်းပြီး မလှုပ်မယှက် ထိုင်ရသည်။ အသက်ပင် ပြင်းပြင်း မရှူရဲ။

"ပျား မကြောက်ဘူး မဟုတ်လားကွဲ့"

လက်ဖက်ရည်အိုး၊ လက်ဖက်ရည်ခွက်များ ဖြင့် ပြန်ရောက်လာသော ဦး ဘက မေး၏။

"နကျယ်ကောင်ပဲ ကြောက်တာပါ"

ကျွန်မ ညာပြောလိုက်သည်။

"အင်း-ကျုပ် ပျားတွေက မတုပ်တတ်ပါဘူး"

"သြော်-ဒါဆို သူတို့ ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘူးပေါ့"

"တုပ်တာနဲ့ အန္တရာယ်ပေးတာ ဘာများ ကွာခြားလို့ လဲ ကလေးမရဲ့"

"ရှင်က ပျားရည် ကြိုက်တာလား"

"ဘယ်လို ဘာ ပျားရည်တုံး"

"ပျားအုံ ရှိမှ တော့ ပျားရည် ရမှာ ပေါ့"

ဦးဘက ကျွန်မကို ကြည့်ပြီး-

"ပျားရည်ဆိုတာ ပျားရဲ့ ကိုယ်ပိုင်ပစ္စည်းပါ ကလေးမ၊ ကျုပ် ပျားအုံကို တစ်ခါမှ မတို့ မထိဖူးပါဘူး"

ဟု ဆိုလိုက်သည်။

ညေ့ခန်းတစ်ခုလုံး လျှောက်ပျံနေသည့် ပျားတွေကို ကျွန်မ မယုံသင်္ကာဖြင့် ကြည့်မိသည်။ သူ တကယ် ပြောနေတာလား။

"ဒါဖြင့် ဒီပျားအုံကြီးကို ဘာလို့ ဖယ်မပစ်တာလဲ"

သူက ရယ်သည်။

"ဘာလို့ ဖယ်ပစ်ရမတုန်းကွဲ့၊ သူတို့ က ဘာမှ အန္တရာယ်မပေးဘဲနဲ့ ကို၊ အိမ်မှာ ပျားစွဲလို့ ကျုပ်က ဂုဏ်တောင်ယူသေးတယ်၊ ကျုပ်တို့ မြန်မာမှာ ပျားစွဲသော မုတ်ဆိတ်ဆိုတာ ရှိသကွဲ့၊ ပျားဟာ ကံကောင်းခြင်း လက်ဆောင်ပဲ၊ ကျုပ်တို့ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲ နေထိုင်ကြတာ ငါးနှစ်ငါးမိုး ရှိခဲ့ပြီ"

"ဟင်-တကယ်လား"

"အင်း-ဒီပျားတွေ စွဲပြီး တစ်နှစ်ကျော် ကြာတော့ မင်းအဖေ ပြန်ရောက်လာခဲ့တာပဲ၊ ခုလည်း မင်း ကျုပ်ရှေ့မှာ ထိုင်နေပြီလေ"

သူက ပြုံးပြန်သည်။ လက်ဖက်ရည် ငှဲ့ပေးသည်။

"ကဲ-မနေ့က ဇာတ်လမ်း ပြန်ဆက်ကြစို့၊ ဘယ်နား ရောက်သွားပြီလဲ၊ သြော်-တင်ဝင်းကလေး မျက်စိကွယ်သွားပြီး သူ့ မွေးစားအမေ ဒေါ်စုကြည် သောကရောက်နေတဲ့ နေရာ ရောက်ပြီနော်၊ ဟုတ်ပြီ"

ဒီလိုနှင့် သူ့ ပုံပြင်ကို ပြန်အသက်သွင်းပြန်တော့သည်။

****

အခန်း(၂)

မိုးပေါက်ကြီးတွေ သွပ်မိုးပေါ် တဖြောင်းဖြောင်း ကျနေသည့် အသံမှာ အိမ်ပေါ်ကို ခဲမိုး ရွာနေသလို ဆူညံလှသည်။ တင်ဝင်းသည် မီးဖိုချောင်ထဲ မှာ ကုပ်နေသည်။ ဒီလို မိုးကြီး လေကြီး ကျတာကို သူ နည်းနည်းမျှ မ ကြိုက်။ အသံဆူလွန်းသည်။ မိုးခြိမ်းသံတွေကလည်း ကြောက်စိတ်ကို ဖြစ် စေသည်။ ကြီးကြီးမေ အော်ခေါ်နေသံကပင် မိုးသံကို မလွှမ်းနိုင်။

"သားရေ၊ သား ဘယ်ရောက်နေတာလဲ၊ ဩော်-ဒီမှာ ကိုး၊ လာ လာ မိုးက တိတ်တော့မှာ"

ကြီးကြီးမေ မှန်သည်။ ရာသီဥတုနှင့် ပတ်သက်လျှင် သူ အမြဲ မှန်သည် ချည်း။ မိုးရွာခြင်း၊ မုန်တိုင်းကျခြင်းတွေနှင့် ပတ်သက်၍ သူ့မှာ ဝမ်းတွင်းပါ အသိသညာ ရှိသည်။ မိုးကျခါနီးလျှင် သူ့နားတွေက ယားလာသည်။ ကိုက် လာတတ်သည်။ ထို့ကြောင့် သူ ပြောသည် ကို တင်ဝင်း သံသယ မရှိ။ နောက်နှစ်မိနစ် မပြည့်တပြည့်မှာ သူတို့ အိမ်ပြင်ရောက်ပြီ၊ မိုးလည်း တိတ် ခဲ့ပြီ။ ခေါင်မိုးပေါ်မှာ တင်ကျန်ရစ်သည့် ရေစက်ကလေးတွေ ကျလာသံနှင့် လေတိုးသံလောက်သာ ကြားရတော့သည်။

ဒေါ်စုကြည်က သူ့လက်ကို ဆွဲလိုက်သည်။ မြေကြီးက စိုရွှဲ ချောကျို နေသည်။ မနက် ခုနစ်နာရီ မထိုးတတ်သေး။ ဟော-နေထွက် လာပြီ။ သူ့ မျက်နှာပေါ် နေခြည်နွေးနွေး ကျလာသည်။ မကြာခင် နေမင်းကြောင့် ဘူမိ ကမ္ဘလာ မြေသားလွှာမှာ ချွေးတစိုစိုနှင့် ရှိလိမ့်ဦးတော့မည်။ တဲတန်းစုစုလေးဆီမှ နံနက်ချိန်ခါ တေးသံသာတွေ စတင်ကြားနေရပြီ။ ကလေးငိုသံ၊ ခွေးဟောင်သံ၊ ပန်းကန်ခွက်ယောက် တွေအသံ။

ဒေါ်စုကြည်သည် သူ့ကို ကျောင်းထိုင်ဆရာတော်ကြီး ဦးမေ သီတင်းသုံး ရာ မြို့တွင်းရှိ ဘုန်းကြီး ကျောင်းသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ ဆရာတော်ကြီးကို သူ ကိုးကွယ်ဆည်းကပ်ခဲ့သည် မှာ နှစ်ပေါင်း အတော် ကြာခဲ့ပြီ။ သမီး နှင့် လင်ကို ရှေ့ဆင့်နောက်ဆင့် ဆုံးရှုံးခဲ့ရသည့် သူ့သောက ပရိဒေဝမီးတွေကို ဆရာတော်ကြီးကြောင့် သာ မဟုတ်လျှင် သူ ငြိမ်းသတ် နိုင်လိမ့်မည် မထင်။ ဆရာတော်ကြီးက သက်တော် ရှစ်ဆယ်ကျော်ခဲ့ပြီ ထင်သည်။ သက်တော်ကို သေချာတော့ မသိ။ လွန်ခဲ့သည့် နှစ်အနည်းငယ် လောက်ကစ၍ ဆရာတော်ကြီးသည် အမြင်ကွယ်ခဲ့သည်။ အဲဒီနောက်ပိုင်း မှာ သူ ဒေသခံ ကလေးတွေအတွက် ကျောင်းကလေး ဖွင့်၍ မနက်တိုင်း စာသင်ကြားပေးတော်မူနေခဲ့သည်။ ထို့ကြောင့် လည်း မျက်မမြင်ကလေး တင်ဝင်းကို

မျက်မမြင် ဆရာတော်ကြီးက ကျောင်းသားအဖြစ် လက်ခံ ပေးလိမ့်မည်ဟု ဒေါ်စုကြည်က မျှော်လင့်သည်။ စာပေပညာသာမက အမှောင် ခွင်း၍ အလင်းဆောင်နိုင်သော၊ ခန္ဓာအိမ် တည်ဆောက်တတ်သော တဏှာ ယောကျ်ား လက်သမားကို ရှင်းလင်းစွာ သိမြင်၍ သောက၊ ပရိဒေဝ၊ ဗျာပါဒများကိုသာမက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မစ္ဆရိယ၊ ဝိစိကိစ္ဆာ တို့ကို ပယ်သတ်နိုင်စွမ်းကိုလည်း သူ့ကို လမ်းညွှန်ပေးသလို သူ့ ဝမ်းမနာ သားကလေး တင်ဝင်းကိုလည်း ဆရာတော်ဘုရားကြီး လမ်းညွှန်ပေးပါစေ။ ခန္ဓာရှိလျှင် ဝေဒနာ ရှိပေလိမ့်မည်။ အို၊ နာ၊ သေရေး ဒုက္ခဘေးကို ရှောင်လွှဲ၍ မရ။ သောက ပရိဒေဝ မီးကို ကိုယ်တိုင် မငြိမ်းလျှင် မည်သူမျှ ငြိမ်းသတ်ပေး နိုင်ခြင်းငှာ မစွမ်းသာ။ အငိုနှင့် စသည့် ဘဝသည် အငိုနှင့် သာ အဆုံးသတ်လိမ့်မည်။ ဘဝဟူသည် ဆင်းရဲခြင်း၊ ပျော်ရွှင်မှုဟူသည်တစ်ခဏတာ ရေပွက်ပမာ စသည့် ဆိုဆုံးမမှုများကို ဆရာတော်ကြီးထံမှ မ ရေမတွက်နိုင်အောင် သူ နာကြားဖူးခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းသည် လမ်းမကြီးဘေးတွင် ရှိ၏။ အုတ်တံတိုင်း မြင့်မြင့် ကာရံထား၏။ ကျောင်းဝင်းအတွင်း စေတီဖြူ ဖြူ လေးတွေ အများ အပြား။ ပင်မကျောင်းကြီးက ဆယ်ပေခန့် မြင့်သော ဖို့ မြေပေါ် တည်ဆောက်ထားသဖြင့် ရေမဝပ်နိုင်။ ပင်မကျောင်းကြီးဘေးမှာ ကျောင်းဆောင်သစ်တွေက အများကြီး။ ထင်းရှူးသားဖြင့် တည်ဆောက် ထားသော ဘုံခုနစ်ဆင့် မျှော်စင်ကြီးကလည်း ကျောင်းဝင်း အလယ်မှာ ထီးထီးမားမား။ ပင်မကျောင်းကြီးထဲမှ ဧရာမ ရုပ်ပွားတော်ကြီးက မျက်နှာကြက် ထိမတတ် မြင့်မားတော်မူလှသည်။ သောက်တော်ရေချမ်း၊ ဆီမီး၊ ပန်း၊ ဆွမ်းတော်တို့ က ရုပ်ပွားတော်ကြီးရှေ့မှာ။ နံဘေးမှာ လည်း ဗုဒ္ဓရုပ်ပွားတော်လေးများ အများ အပြား အရွယ်စုံ။ သို့သော် တင်ဝင်းအဖို့ ကတော့ ဘာမျှ မမြင်။

ဒေါ်စုကြည်သည် တင်ဝင်းလက်ကို ဆွဲရင်း ကျောင်းကြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်ထပ်မှာ တော့ ဆရာတော်ကြီး ဦးမေ တင်ပလ္လင် ခွေထိုင်ရင်း သီတင်းသုံးနေသည်။ ဦးခေါင်းက ရိတ်ပြီးခါစ ပြောင်လက် နေသည်။ ရှေ့က စားပွဲဝိုင်းမှာ တော့ လက်ဖက်ရည်အိုးတစ်အိုး၊ ခွက်တစ် ခွက်၊ နေကြာစေ့လှော် တစ်ပန်းကန် ရှိနေသည်။ ဆရာတော်ကြီး၏ မျက်ကွင်းများက ချိုင့်ခွက်လျက်။ ပါးပြင် အရေပြားတို့က တွဲကျလျက်။ ခန္ဓာကိုယ်က ပါးပါးလျားလျား။ သို့သော် အားပြတ်ပိန်ချုံးနေခြင်းမျိုး မဟုတ်။ မျက်နှာတော်က ရှင်းသန့်လှသည်။ လောဘ၊ ဒေါသ၊ မောဟတို့ ကင်းသော ကြည်လင်သော မျက်နှာတော်။

ဆရာတော်ဘုရားနှင့် ပထမဆုံး စတင်ဆုံတွေ့ရချိန်ကို ဒေါ်စုကြည် မမေ့နိုင်။ လွန်ခဲ့သော နှစ်အစိတ်တုန်းက မြို့တော် ရန်ကုန်မှ ရထားဖြင့်

ကြွလာသော ဘုန်းတော်ကြီးကို ဘူတာရုံတွင် ရပ်တော် မူနေသည် ကို ဈေးသွားရင်း မစုကြည် စတင် ဖူးမြော်ခဲ့ရသည်။ ခြေဗလာနှင့် ဘုန်းတော်ကြီးက မ စုကြည်ကို ကလောဘုန်းကြီးကျောင်း သွားရာလမ်းကို မေး၏။ မစုကြည်က ကျောင်းအထိ လိုက်ပို့၏။ လမ်းတစ်လျှောက် စကားလက်ဆုံကျသွားရင်း ထိုအချိန်မှ စ၍ ဆရာ၊ ဒကာ ဆက်ဆံရေး စတင်ခဲ့သည် ဟု ဆိုနိုင်သည်။ နောက်ပိုင်းမှာ ဆရာတော်က သူ့ဘဝဇာတ်ကြောင်းကို မစုကြည်ကို ပြောပြခဲ့သည်။ ကလေးဘဝ၊ လူငယ်လူရွယ်ဘဝ၊ ရဟန်းဘောင်သို့ ရောက်လာခဲ့ ရပုံ၊ ဘဝဇာတ်ခုံ။

၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်အပြီး မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး အင်္ဂလိပ် လက်အောက် ရောက်ပြီးချိန်ကစ၍ ဆန်စပါးဈေးကွက်ကို လက်ဝါးကြီးအုပ်ထားသည့် အိန္ဒိယချစ်တီးတို့ အကြား ထူးထူးခြားခြား ဆန်စက်ပေါင်း များစွာ ပိုင်ဆိုင်သည့် ဆန်စက်သူဌေး မျိုးရိုးမှ ဆင်းသက် လာခဲ့သော ဦးမေ။ သူ့အဖေ သူဌေးကြီးက ဒေါသကြီးလှ၊ အာဏာပြင်းလှ သည့် အိမ်ထောင်ဦးစီး ဖြစ်သဖြင့် သားသမီးတွေက ကြောက်ကြသည်။ သူ့ အမေက ရန်ကုန်ရှိ ထိပ်တန်းအင်္ဂလိပ်ဆရာဝန်တွေပင် ရောဂါနာမည် မ တပ်နိုင်သော တရှောင်ရှောင် ရောဂါဆန်းတစ်မျိုး စွဲကပ်နေခဲ့သည်။ ကလေး သုံးယောက် ရပြီးချိန်မတော့ သူဌေးကြီးမှာ ရောဂါထူလှသော မိန်းမကို စိတ်ကုန်လှသဖြင့် ကလေး နှစ်ယောက်နှင့် အတူ ဆေးကုရန် ဆို သော အကြောင်းပြချက်ဖြင့် ကာလကတ္တားသို့ စေလွှတ်ခဲ့သည်။ မိသားစု လုပ်ငန်းကို ဆက်ခံရမည့် သားကြီးသြရသ မောင်မေကတော့ အဖေနှင့် အတူနေစေ။ အမေ့ ကျန်းမာရေး ပြန်ကောင်းလာကြောင်း၊ မကြာခင် ပြန်လာတော့မည် ဖြစ်ကြောင်း ကာလကတ္တားက စာတွေ ရောက်လာတော့မောင်မေ ပျော်လှသည်။ သို့သော်လည်း ရက်ကို လစား၊ လကို နှစ်စား၍ အချိန်တွေ ကြာအောင် စာမလာ သတင်းမကြား ဖြစ်လာသောအခါမတော့ ရန်ကုန်ဆိပ်ကမ်းမှာ အမေနှင့် ညီ၊ ညီမလေးတွေကို သင်္ဘောပေါ် လိုက်ပို့ခဲ့ ခြင်းက သူတို့ကို နောက်ဆုံးမြင်ရခြင်း ဖြစ်ကြောင်း ခုနစ်နှစ်သား မောင်မေ သဘောပေါက် လာခဲ့သည်။

သူ့ကို အိမ်စေများ၊ ကလေးထိန်းများက ထိန်းကျောင်းခဲ့ကြသည်။ ထမင်းချက် မိန်းမကြီးနှင့် ဥယျာဉ်မှူးတို့ လက်ထဲမှာ မောင်မေကလေး ကြီးပြင်းခဲ့သည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှာ ကတည်းက မောင် မေသည် သူတစ်ပါးကို သိပ်စိတ်ချမ်းသာစေလိုသည်။ အလိုပြည့်စေလို သည်။ ဥယျာဉ်ထဲ ကစားရသည် ကို သူ ပျော်လှသည်။ ဥယျာဉ်မှူးကို ကူညီ၍ သစ်ပင်တွေ စိုက်ပေးရသည် ကို သူ နှစ်ခြိုက်သည်။ အဖေတွေ့ တော့ သူ စိုက်ထားသည့် သစ်ပင်တွေကို အမြစ်ပါမကျန် ဆွဲနုတ်ပြီး ဒေါ သူပုန် ထသည်။ မတန်မရာအစေခံအလုပ်တွေ မလုပ်ရတဲ့ လေ။

မောင်မေကလည်း အဖေ့စကား နားထောင်ပါသည် အဖေ့ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာသည်။ အသက်နှစ်ဆယ်ပြည့်ခါနီးမှာတော့ သူ့အဖေက သူ့ကို သင်္ဘောသူဌေး တစ်ယောက်၏ သမီး နှင့် ကြောင်းလမ်းရမည်ဟု ကြေညာချက်ထုတ်သည်။ ရွှေချင်းထပ်မှ မြတ်သည်။ စီးပွားတွက်တွက်သည်။ ဥစ္စာခနေအင်အား ဆတက်ထမ်းပိုး တိုးလာမည်တဲ့။ သို့သော်လည်း မောင်မေမှာ သူတို့ အမှုတော်ကို ကာလ ရှည်ကြာ ထမ်းလာခဲ့သည့် ထမင်းချက်ကြီး၏ သမီးလေး မမူနှင့် မေတ္တာမျှ ပြီးနေခဲ့ပြီ။ မစွမ်းရင်းကရို ကန်စွန်းခင်းကလည်း ငြိခဲ့ပြီးပြီ။ ၁၆ နှစ်အရွယ် မမူကလေးမှာ ကိုယ်လေး လက်ဝန်ရှိနေပြီ ဆိုတာသိတော့ သူဌေးကြီးက ခေါင်းတညိတ်ညိတ်။ "ဒါမျိုးက ဖြစ်တတ်တာပဲလေ၊ အချိန်တန်တော့ ပြီးသွားမှာ ပေါ့ ငါ့သားရဲ့၊ ပူမနေနဲ့" တဲ့။ "မဟုတ်ဘူး အဖေ၊ မမူကို ကျွန်တော် အသည်းပေါက်မတတ် ချစ်တယ်"ဆိုတော့ အဖေက တစ်အိမ်လုံး တုန်သွားမတတ် ခွက်ထိုးခွက်လန် ရယ်၏။

"အဖေ ပေးစားတဲ့ သူကို မယူနိုင်ဘူးဗျာ"ဟု နှုတ်လှံထိုးမိတော့ အဲဒီနေ့မှာပဲ ထမင်းချက်နှင့် သူ့သမီးကို အထုပ်ပြင်ခိုင်းပြီး ဘုံဘေ ပို့ပစ်လိုက်သည်။ "မောင်မေ သိလို့ ကတော့ နင်တို့ အသေပဲ" ဆိုသည့် ခြိမ်းခြောက်မှုနှင့် အတူ ပေါ့။ မောင်မေတစ်ယောက် ရှာပုံတော်မင်းသားလေး ဖြစ်ခဲ့ရပြီ။ မြန်မာ ပြည် တစ်နံတစ်လျားသာမက ဗြိတိသျှပိုင်နက် အရှေ့တောင်နှင့် တောင်အာ ရှတစ်ခွင် ပြုပြစ်စင်အောင် မမူကို သူရှာသည်။ ဘုံဘေဆိပ်ကမ်းကို သင်္ဘော အဆိုက် မမူကို သူ တွေ့လိုက်ရသည်။ မမူအသံကို သူ ကြားလိုက်ရသည် ဟု ထင်နေမိသည်။ အသံကြားရာ လှည့်ကြည့်တော့ ဆိပ်ကမ်းမှာ ပျားပန်းခပ်နေသည့် လူအုပ်ကြီးကိုသာ တွေ့ရသည်။ ကလေးတစ်ယောက် ရေထဲ ပြုတ်ကျသွားသည်။

မမူနှင့် သူ့အမေကို အစအနတောင် ရှာမရတော့။ မောင်မေ ဆောက်တည်ရာမရ ဒေါသတွေ ထွက်လာသည်။ သူ့ဘဝကို လေလွင့် ပစ်လိုက်သည်။ လုပ်ချင်ရာ လုပ်သည်။ ကာလကတ္တားနှင့် စင်္ကာပူမှာ သောက်စားမူးယစ် ပျော်ပါးသည်။ သူ့အဖေ တစ်နှစ်လုံးရှာမှ ရသောငွေကို ဘိန်းကုန်ကူးရင်း တစ်ချီတည်း ရသည်။ အားလုံးကို လောင်းကစားဝိုင်းမှာ ကုန်အောင် ဖြုန်းပစ်သည်။ ကိုလံဘိုမှ ရန်ကုန် အပြန် သင်္ဘောပေါ်မှာ သူ့ အဖေနှင့် လုပ်ငန်းချင်း ဆက်စပ်သည့် ဘုံဘေဆန်စက်သူဌေးနှင့် စကားလက်ဆုံကျသည်။ သူ့မြန်မာထမင်းချက်၏ သမီးလေးနှင့် သူ့သမီး၏ သားကလေး ဘုံဘေ ဆိပ်ကမ်းမှာ အသေဆိုးနှင့် သေရပုံကို ပြောပြတာ နားထောင်ရသည်။ သင်္ဘောပေါ်မှ လူတစ်ယောက် နောက်ကို လိုက်ရင်းသားအမိနှစ်ယောက်လုံး ရေထဲ ကျသေရသည် တဲ့။ ထိုအဖြစ်ဆိုး နောက်ပိုင်း ထမင်းချက်၏ လက်ရာသည် စားမဖြစ်လောက်အောင် ညံ့ဖျင်း လာသဖြင့် အလုပ်ထုတ်လိုက်ရသည် တဲ့။

ထိုစကားကြားပြီးနောက်ပိုင်း သူဘာလုပ်ခဲ့သည် ဆိုခြင်းကိုတော့ ဒေါ်စုကြည်သာမက ဘယ်သူ့ကိုမှ သူ မပြောပြဖြစ်ခဲ့။ ရန်ကုန်သို့ သင်္ဘောဆိုက်ပြီးပြီးချင်း သူ ရွှေတိဂုံစေတီတော် ခြေရင်းရှိ ရွှေကျင်ကျောင်းတိုက်သို့ တိုက်ရိုက်သွားခဲ့သည်။ ရဟန်းခံခဲ့သည်။ ရွှေကျင်ကျောင်းတိုက်မှာ သုံး လေးနှစ်သီတင်းသုံးပြီး ဆစ်ခင်၊ နီပေါ၊ တိဗက်ဒေသများကို ကြွချီသည်။ ထေရဝါဒ၊ မဟာယာန ဗုဒ္ဓအဆုံးအမ မှန်သမျှ အစုံအလင် လေ့လာ ဆည်းပူးသည်။ ဒါဂျီလင်ရှိ ဘုန်းကြီးကျောင်းကလေးမှာ နှစ် နှစ်ဆယ် ကျော် သီတင်းသုံးပြီး နောက်ပိုင်းမှာ မမူ၏ မွေးရပ်မြေဖြစ်သော ကလော သို့ ကြွလိုစိတ် ဖြစ်ပေါ် လာသည်။ ဟိုးအရင်တုန်းက သူတို့ ချစ်သူနှစ်ဦး ဥယျာဉ်ထဲမှာ၊ အစေခံတန်းလျားထဲမှာ ပူးပူးကပ်ကပ် ချိန်းတွေ့ကြရင်း ကလောအကြောင်း အိပ်မက်မက်ခဲ့ကြဖူးသည်။ ကလေးနှင့် အတူ ကလော ကို ထွက်ပြေးကြဖို့ ကြံစည်ခဲ့ကြဖူးသည်။ တစ်လောကလုံး နေရာအနှံ့ ရောက်ခဲ့ပြီး ဖြစ်သော်လည်း ကလောကို ဦးပဥ္စင်း ဦးမေ ခြေမချရဲ။ ခုတော့ အချိန်ကျခဲ့ပြီ။ သူ့သက်တော်လည်း ငါးဆယ်ကျော်ခဲ့ပြီ။ ကလောမှာပင် သူ ခေါင်းချတော့မည်။

တင်ဝင်းသည် ဒေါ်စုကြည်လက်ကို ဆွဲလျက် ဆရာတော်ကြီးရှေ့မှာ ရပ်နေသည်။ ဟော-ကြီးကြီးမေက ထိုင်ခိုင်းပြီ။ တင်ဝင်း ပုဆစ်တုပ် ထိုင်လိုက်သည်။ လက်အုပ်မိုး၍ ထိခြင်းငါးပါးဖြင့် ဆရာတော်ကြီးကို ကန်တော့သည်။

တင်ဝင်း၏ အဖြစ်သနစ်ကို ဒေါ်စုကြည် ပြောပြနေချိန်တစ်လျှောက်လုံးဆရာတော်ကြီးက အာရုံစိုက်နားထောင်သည် ပြောပြီးသွားတော့ အတန်ကြာအောင် ဘာမျှ မိန့်တော်မမူသေးဘဲ ဒေါ်စုကြည်ဘေးမှာ ကျုံ့ကျုံ့ ကလေး ထိုင်နေသည့် တင်ဝင်းကို ငေးကြည့်နေသည်။

ဆရာတော်က တိုတိုပြတ်ပြတ်သာ မိန့်၏။ သက်န်းနှင့် သပိတ်မှ တစ်ပါး ပိုင်ဆိုင်မှုဗလာ ဖြစ်ရသော သာသနာ့ဘောင်မှ ရဟန်းဘဝအကြောင်း၊ မိုးလင်းလင်းချင်း ဆွမ်းခံရမည့် ကိုရင် သာမဏေတို့၏ နိစ္စဓူဝ ဝတ္တရား အကြောင်း၊ စာရေး၊ စာဖတ်၊ အတွက်အချက်တွေကို လက်ထောက်ဆရာ ဦးပဥ္စင်း ကလေး၏ အကူအညီဖြင့် သူ သင်ကြားပေးနေသည့် အကြောင်း၊ စာပေပညာထက် နှလုံးသားထဲ ထာဝရ ကိန်းဝပ်ရမည့် ဝိဇ္ဇာဉာဏ်အလင်း ကို ရစေချင်သည် က အဓိက ရည်ရွယ်ချက် ဖြစ်ကြောင်း မိန့်တော် မူသည်။ တင်ဝင်းက ဆရာတော်ကြီး စကားကို အသေအချာ နားယူသည်။ ဆရာတော်ကြီး၏ စကားလုံးတွေ၊ အဓိပ္ပာယ်တွေကို မဟုတ်။ ဆရာတော် ကြီး၏ ဆည်းလည်း သံလို တည်ငြိမ်အေးမြ ချိုသာသော အသံတော်ကို အာရုံစိုက်နေခြင်း ဖြစ်သည်။ ထိုအသံက အရဏ်ဦးငှက်ကလေးတွေ၏ အသံကို သတိရစေသည်။ သူ့နားမှာ အိပ်နေသည့် ကြီးကြီးမေ၏ အသက်ရှုသံ ဖြည်းမှန်မှန်ကို သတိရစေသည်။ ထိုအသံတို့ ကို သူ

ကြားရ ရုံတင်မက အရေပြားပေါ်မှာ လက်တင်လိုက်သလို ခံလည်း ခံစားရသည်။ သူ့စိတ်ဝိညာဉ်၏ အလေးချိန်ကို အသံတွေအပေါ် တင်ထားလိုက်သည် ပဲ။ ဟော-သူ သိလိုက်ပြီ။ ဒါ ပထမဆုံးအကြိမ်အဖြစ် ထိုအသိ ဝင်လာခြင်းပါ။ နောက်ပိုင်းမှာ တော့ အသေအချာကို သိလာခဲ့တော့သည်။ သူ အသံတွေကို မြင်ရပြီပဲ။ မီးခိုးငွေ့တွေလို၊ ရှေ့နောက် ရွေ့လျားနေသော လှိုင်းနုလေးတွေ လို၊ ပျောင်းညွတ်စွာ ကနေသော လက်အစုံလို။

အိမ်အပြန်ခရီးမှာ သားအမိနှစ်ယောက် စကားတစ်ခွန်းမျှ မပြောဖြစ်ကြ။

ကြီးကြီးမေ၏ လက်သည် နွေးထွေးနူးညံ့လှချေသည် တကား။

နောက်တစ်နေ့ နေထွက်ချိန်မှ စ၍ ဘုန်းကြီးကျောင်းသို့ သူ သွားရမည်။ သက်န်းဆီးရမည်။ သာမဏေတွေနှင့် အတူ ဆွမ်းခံကြွရမည်။ ထိုအတွေး က သူ့ကို စိတ်မသက်မသာ ဖြစ်စေသည်။ တစ်သက်လုံး နေခဲ့သည့် ခြံဝင်း ထဲမှာ ပင် ဖြောင့်ဖြောင့်တန်းတန်း မလျှောက်နိုင်သော သူ့မှာ ထိုခရီးတို့ ကို မမြင်မစမ်းဖြင့် ဘယ်လို လျှောက်လှမ်းရမှာ လဲ။ အိပ်ရာနှင့် မီးဖိုချောင်ထဲ က ခုံတန်းရှည်၊ ဒီနှစ်နေရာသာ သူ့အတွက် လုံခြုံစိတ်ချရသည် ကိုလေ။

သို့သော် ကြီးကြီးမေကို သူ စောဒက မတက်ချင်။ ထို့ကြောင့် လည်း ကြီး ကြီးမေလက်ကို ဆွဲရင်း သူ တရွတ်တိုက် ပါလာခဲ့သည်။ ကုတ်ကတ် ခေါင်းမာလှသော ခွေးပျင်းလေးတစ်ကောင်ကို ဆွဲလာရဘိ သကဲ့သို့။ ဟော- ဘုန်းကြီးကျောင်းက ကျောင်းသားလေးတွေ၏ သံပြိုင်သီကျူးသံ၊ ထိုအသံ များက တင်ဝင်းကို ရုတ်ခြည်း စိတ်သက်သာသွားစေသည်။ လက်တွေနှင့် ပွေ့ဖက် ပွတ်သပ် ချော့မြှူပေးလိုက် သလိုပါ။ သူ နေရာမှ မရွေ့ဘဲ အသံကို နားစိုက်ထောင်နေသည်။ သူတို့ အသံတွေကြားမှ သစ်ရွက်လှုပ်သံ တိုး ညင်းညင်းကိုလည်း ကြားရသည်။ မည်ကာမတ္တ ကြားရုံမျှ ကြားခြင်း မဟုတ်။ တကယ့်ကို အနုလုံ ပဋိလုံ အသေးစိတ် ကြားရခြင်း ဖြစ်သည်။ သစ်ရွက်ကလေးတွေ တစ်ရွက်နှင့် တစ်ရွက် ထပ်ကာ ပွတ်တိုက်ကာ၊ ဟော-အရွက်ကလေးတွေ ကြွေပြီ၊ ဟော-မြေပေါ်ကျပြီ၊ အင်း-ဗဟိဒ္ဓ စကြ္ဝာ ကမ္ဘာနှင့် အပြိုင် အဇ္ဈတ္တသောတကမ္ဘာ ဆိုတာလည်း ရှိသေး သလား။ လူသာမန်တွေ သတိမမူမိသည့် အာရုံ ခံစားမှုလေးတွေ ပြည့်နှက် နေသည့် အံ့ဖွယ်ကမ္ဘာလေးပေါ့။

နောက်နှစ်ပေါင်းများ စွာအကြာ နယူးယောက် သံစုံဂီတပွဲတစ်ခုမှာ ပထမ ဆုံးအကြိမ်အဖြစ် ထိုင်နားဆင်မိတော့ တင်ဝင်းတစ်ယောက် ထိုအခိုက်အတန့်လေးကို သတိရမိသည်။ နောက်ခံ ဒရမ်သံ တိုးတိုးကြားမှ တယော သံတွေ တိုးဝင်၊ ရှယ်လို၊ အိုးဘိုနှင့် ပလွေသံတွေ အားဖြည့်၊ ကလော နွေ နံနက်က သစ်ရွက်တစ်ရွက်ချင်းစီ၏ အသံလို သူ့နားထဲမှာ ပြက်ပြက်ထင်ထင် သံပြိုင်ပိုဒ်မှာ

တူရိယာတွေ တစ်ပြိုင်နက် တီးမှုတ်လိုက် တော့ အသက်ရှုရပ်မတတ် ဟာဒဟာနလုံးမှာ အပျော်ခါတ်တွေနှင့် မူး နောက် ရီဝေ။

ကြီးကြီးမေက သူ့ကို အတင်းဆွဲခေါ်သည်။ သူက အမူးသမားတစ်ယောက်လို ဒယီးဒယိုင် လိုက်လာရသည်။ အသံတို့ ဆိတ်ငြိမ်သွားခဲ့ပြီ။ သူ့ခြေသံတွေနှင့် ကြီးကြီးမေ၏ အမောတကော အသက်ရှူသံ၊ ကြက်တွန်သံတို့မှတစ်ပါး ဘာမျှမကြားတော့။ ဆိတ်ငြိမ်ခြင်းသည် မခံမရပ်နိုင်လောက် အောင် နာကျင်စေတတ်သည် ပဲလေ။

*****

အခန်း(၃)

သူတို့ ကျောင်းကိုရောက်တော့ မိုးလင်းခါစသာ ရှိသေးသည်။ ပင်မကျောင်းဆောင် ခန်းမကြီးထဲမှာ ဆရာတော်ကြီးနှင့် သက်ကြီးဝါကြီး ဘုန်းတော်ကြီးတွေ တရားရှုမှတ်နေကြသည်။ ဦးပဉ္စင်း ငယ်ငယ် တစ်ပါး ကတော့ မီးဖိုချောင်ထဲမှာ မီးမွေးဖို့ ထင်းခွဲနေသည်။ ခွေးနှစ်ကောင်က သူ့ ကို ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လုပ်နေကြသည်။ သက်န်းနီညိုရောင်နှင့် ကိုရင်ကလေး တစ်ဒါဇင်လောက်က လှေကား အောက်မှာ တန်းစီနေကြပြီ။ သူတို့ က တင်ဝင်းအတွက် သက်န်းတစ်စုံ ပေး၏။ သက်န်းတောင်းခြင်း အမှု မြန်မြန်ပင် ပြီးသွားခဲ့သည်။ တင်ဝင်းကလေး သက်န်းဆီးပြီ။ မနေ့ည ကတည်းက ကြီးကြီးမေက သူ့ကို ခေါင်းတုံးတုံးပေးခဲ့ပြီး ဖြစ်သည်။ ကိုရင် အသစ်စက်စက်ကလေး တင်ဝင်း၊ သူ့အသက်ထက်စာလျှင် အရပ်က မြင့် နေသည်။ ခေါင်းကလေးက လုံးလုံးဝန်းဝန်းနှင့် ချစ်စရာ။ အသားက ဖြူ ဖြူ၊ သက်န်းက နီနီညိုညို၊ ပနံရလိုက်သည့် ဖြစ်ခြင်း။ မကြာခဏ လဲထား သဖြင့် ဒူးခေါင်းမှာ အမာရွတ်စွဲနေသည်။ ရှည်လျားသည့် လက်ချောင်း လေးတွေက ကျက်သရေရှိသည်။ ခြေထောက်ကတော့ ဘယ်တုန်းကမှ ဖိနပ်မစီးခဲ့သဖြင့် ခြေဖလာနှင့် ကျင့်သားရပြီးသား ဖြစ်သည်။

သားကို သနားနေ၍ မဖြစ်ဟု သနားစိတ်ဝင်လာသော ဒေါ်စုကြည် မာန်တင်းသည်။ သနားနေလျှင် ဒီကလေးအဖို့ ဘယ်တော့မှ လူရာဝင်မည် မဟုတ်။ သို့သော်လည်း ထားခဲ့ရမည်ဆိုတော့ စိတ်က မချ။ ဆရာတော်ကြီးစီစဉ်ပါလိမ့်မယ်လေ။ အပေါင်းအဖော်တွေကြား နေနိုင်မှ သူ့အတွက် လုံခြုံ စိတ်ချပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ဆိုတာ ရှိလာမှာ ပေါ့။ နေရစ်ခဲ့တော့ သားရေ၊ အဲ-ကိုရင်ရေ။

ကိုရင်တင်ဝင်းလက်ထဲ သပိတ်တစ်လုံးနှင့် ဝါးတုတ်တစ်ချောင်း ရောက်လာခဲ့သည်။ ရှေ့က ကိုရင်က ဝါးတုတ်တစ်ဖက်ကို ဆွဲသည်။ ကျန် တစ်ဖက်ကို တင်ဝင်းကဆွဲ၊ ဒီလိုနည်းနှင့် ကိုရင်တင်ဝင်းကို ဆွမ်းခံထွက် စေတော့မည်။ ခြေလှမ်းမှန်မှန်ဖြင့် ကိုရင်တန်းကြီး ဆွမ်းခံကြွပြီ။ ကျောင်း ပေါက်ဝက ထွက်ပြီ။ ညာဘက်ကို ချိုးပြီ။ လမ်းအတိုင်း လျှောက်လှမ်းနေ ပြီ။ တင်ဝင်း သတိမထားမိခင်မှာ ကိုရင်တန်းသည် ခြေလှမ်း မြန်လာခဲ့ သည်။ ဆွမ်းလောင်းမည့် အိမ်ရှေ့ရောက်လျှင် ရပ်ကြသည်။ လင်းအားကြီး ထဲက သဒ္ဓါတတ်အား နည်းများ မဆို ထချက်ထားကြသော ဆွမ်းနှင့် ဟင်း ကို အလှူခံကြသည်။ ဒီလိုနှင့် တစ်အိမ်ဝင် တစ်အိမ်ထွက်၊ သပိတ်တို့ မှာ ဆွမ်း၊ ဟင်းတို့ ပြည့်လာခဲ့။

သပိတ်တစ်ဖက်၊ ဝါးလုံးတစ်ဖက်နှင့် ကိုရင်တင်ဝင်းကတော့ ကိုးရိုးကားရား ဖြစ်နေသည်။ တုတ်တစ်ချောင်းဖြင့် စမ်းစမ်း လျှောက်ရသည်ကို သူ ကျင့်သားရနေပေမယ့် ခုလို သူများ ကိုင်ပေးထားသော ဝါးလုံး စ တစ်ဖက်ကို ဆွဲပြီး အတန်းလိုက်ကြီး လျှောက်ရသည် ကို အကျွမ်းတဝင် မရှိ။ သူ့မှာ ရှေ့က ကိုရင်ကြီးကို လုံးဝဥဿုံ မှီခိုထားရသလို ဖြစ်နေသည်။ ကြီးကြီးမေ အနားမှာ မရှိသည့် အတွက် စိတ်အနှောင့်အယှက် ဖြစ်နေသည်။ သူ့လက်၊ သူ့အသံ၊ သူ့ရယ်သံတွေကို လွမ်းလှသည်။ ကိုရင်တွေက နှုတ် ဆိတ်လွန်းသည်။ သပိတ်ထဲ ဆွမ်းလောင်းချိန် သာဓုခေါ်သံမှ တစ်ပါး တခြား ဘာသံမျှ မထွက်။ ဒီလောက်တောင် တိတ်တိတ်နိုင်လွန်းတာ တင် ဝင်း မချင့်မရဲ ဖြစ်နေသည်။ သို့သော် တစ်နာရီ မပြည့်တပြည့် အချိန်လောက်မှာ ပင် သူ့ခြေထောက်တွေက သဲမြေပေါ်အသားကျလာသည်။ ရဲရဲ လှမ်းလာနိုင်သည်။ တွန့်ဆုတ်တွေဝေခြင်း မရှိ၊ လဲလည်း မလဲ။ ဟန်ချက် ကို ကောင်းစွာ ထိန်းနိုင်လာသည်။ လက်တွေက တင်းခဲမနေတော့ အသားကျ ပျော့ပျောင်းလာသည်။ ခြေလှမ်းတွေ သွက်လာ ကျဲလာသည်။

ကျောင်းပြန်ရောက်တော့ အပေါ်ထပ်တက်ဖို့ သူ့ကို ဝိုင်းကူကြသည်။ လှေကားက ကျဉ်းကျဉ်း မတ်မတ်၊ လက်ရန်းကလည်း မရှိ။ မာန်တက်နေ သည့် ကိုရင်တင်ဝင်းက သူ့ဘာသာသူ တက်ဖို့ ဆန္ဒရှိပေမယ့် ကိုရင်နှစ်ပါး က ရှေ့က ဆွဲ၊ တစ်ပါးက နောက်က တွန်းရင်း သူက မေးလိုက်ကာ လှေကားပေါ် တက်သွားကြသည်။

မီးဖိုချောင်ကြမ်းပြင်မှာ ဝိုင်းဖွဲ့ထိုင်ရင်း ဆွမ်းစားကြသည်။ မီးဖိုထဲမှ ထင်းမီးစွဲသံ တဖျစ်ဖျစ်၊ ရေနွေးအိုးဆူသံ တရှဲရှဲကို ကြားနေရသည်။ ကိုရင် တွေ အလယ်မှာ ဝိုင်းဖွဲ့ထိုင်နေသည့် တင်ဝင်းမှာ မဆာ၊ ဟိုက်တော့ ဟိုက် နေသည်။ ဆွမ်းခံရသည် က ပင်ပန်းပေသား။ ရှေ့က ကိုရင်ကြီးကို အားကိုး ရတာ စိတ်ဆင်းရဲသည် လား မသိ။ မောတာတော့ မောတာ အမှန်ပင်။ ထို့ ကြောင့် လည်း ဆရာတော်ကြီး စာသင်ချိန်မှာ၊ နေ့လယ် တရားထိုင်ချိန်မှာ သူငိုက်သည်။ ငိုက်သမှ အကြီးအကျယ် မှောက်ထိုးလဲမတတ် ဖြစ်သဖြင့် ကိုရင်တွေက ဝိုင်းရယ်ကြသည်။

ညဦးယံ အိပ်ရာပေါ် လှဲနေရင်း သူ အိပ်မပျော်နိုင်။ မနက်က ကြားခဲ့ရသည့် ထူးခြားသော အသံတွေကို ပြန်အမှတ်ရနေသည်။ ဒါဟာ အိပ်မက်များ လား။ သူ့နားရွက်တွေက သူ့ကို မလှည့်စားခဲ့ဘူး ဆိုပါလျှင် ခု ဒီအသံတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဘယ်လောက် အာရုံစိုက်စိုက် ဘေးက ကိုရင်တွေ၏ ဟောက်သံမှ တစ်ပါး တခြားအသံတွေ ဘာလို့ မကြားတော့တာလဲ။ မနက် ကလို အသေးစိတ် အသံလေးတွေကို သရုပ်ခွဲ ကြားချင်သည်။ သို့သော်ကြားနိုင်ဖို့ ကြိုးစားလေ ဘာမျှ မကြားလေ။ နောက်ဆုံးမှာ ဟောက်သံတွေ ဝေးကွာ

တိတ်ဆိတ်သွားချိန်အထိပေါ့။

ရက်တွေ ကြာလာတော့ ကိုရင်တင်ဝင်း ဘုန်းကြီးကျောင်းမှာ အသားကျလာခဲ့ပြီ။ တစ်မြို့လုံး ပတ်ကာ ဝါးလုံးကိုင်ရင်း ဆွမ်းခံ ပျော်ပျော်ကြီး ကြွနိုင် ပြီ။ ကျောင်းဝင်းကို အမှ ိုက်ရှင်းတတ်ပြီ။ သင်္ကန်းတွေကို ကိုယ်တိုင် လျှော်တတ်ပြီ။ ထင်းခွဲတတ်ပြီ၊ မီးမွေးတတ်ပြီ၊ ဦးပဥ္စင်း၊ ကိုရင်တို့ ၏ အသံ တွေကိုလည်း ခွဲတတ်ပြီ၊ စကားသံတွေသာမက ချောင်းဆိုးသံ၊ လေတက် သံ၊ ကြမ်းနှင့် ခြေဖဝါး ထိသံတွေကိုပါ သူ အသေးစိတ် သိလာခဲ့ပြီ။

ဆရာတော်ကြီးနှင့် စာသင်ရသော အချိန်တွေကတော့ သူ အပျော်ဆုံး ဖြစ်သည်။ ဆရာတော်ကြီးကို ပတ်လည်ဝိုင်းထိုင်ကြသော စာသင်သားထဲ မှာ သူက ရှေ့ဆုံး ဖြစ်၏။ ဆရာတော်ကြီး၏ အသံသည် ပထမဆုံးအကြိမ် ကြားစဉ်ကလို ကြည်လင်မြဲ၊ ချိုသာမြဲ၊ ညှို့ငင်ဓာတ် အပြည့်အဝ ရှိမြဲပင်။ များ သောအားဖြင့်တော့ ဆရာတော်ကြီး၏ လက်ထောက် ဦးပဥ္စင်းက ဦးဆောင်သင်ကြားသည်သာ။ သင်ကြားချိန်ကုန်လျှင် တခြားစာသင်သားတွေ ထွက်သွားကြလျှင် တော့ သူ ဆရာတော်ကြီးနား ကပ်ပြီး မေးခွန်းတွေ မေးစမြဲ။

"ဘုန်းဘုန်းကြီး မျက်စိမမြင်ဘူးဆို"

"ဟေ-ငါ မမြင်ဘူးလို့ ဘယ်သူ ပြောသလဲကွဲ့"

"ကြီးကြီးမေ ပြောတာ ဘုရာ့၊ ဆရာတော်ကြီးက မျက်စိကွယ်နေတယ်တဲ့

"ဩ-မျက်စိကွယ်သတဲ့ လား၊ အိမ်း-အမြင်အာရုံ ကွယ်သွားတာတော့ လေး ငါးနှစ် ရှိပြီပေါ့လေ၊ ဒါက မျက်ကန်းလို့ တော့ မဆိုနိုင်ဘူးကွဲ့၊ ဒါနဲ့ ကိုရင်ရော မျက်စိကန်းသလား"

ကိုရင်တင်ဝင်းက စဉ်းစားလိုက်သည်။

"တပည့်တော် လင်းတာနဲ့ မှောင်တာကိုတော့ သိတယ် ဘုရား၊ တခြား တော့ ဘာမှ မမြင်ရဘူး ဘုရား"

"အိမ်း-ကိုရင့်နှာခေါင်းက အနံ့မရဘူးလားကွဲ့"

"မှန်လှပါ၊ ရပါတယ် ဘုရား"

"လက်တွေကရော အထိအတွေ့ကို မသိဘူးလားကွဲ့"

"သိပါတယ် ဘုရား"

“နားကရော မကြားဘူးလားကွဲ့”

“ကြားပါတယ် ဘုရား”

ကြားသမှ ထူးထူးကဲကဲကို ကြားကြောင်း ဘုန်းဘုန်းကြီးကို လျှောက်တင်လိုက်ရ ကောင်းမလားဟု တင်ဝင်း တွေးရင်း ချီတုံချတုံ ဖြစ်နေသည်။ ဆရာတော်ကြီးက ဆက်မိန့်သည်။

“ဒါဆို ကိုရင်က ဘာများ ထပ်လိုချင်သေးလို့ တုံး၊ မမြင်ရလည်း အရာဝတ္ထုတွေ ရှိနေတယ်ဆိုတာ ကိုရင် သိနေတာပဲ မဟုတ်လား၊ အိမ်-လောက မှာ လူတွေဟာ စက္ခုအာရုံကို အားကိုးလွန်းတော့ ကျန်အာရုံတွေဟာ အစွမ်းမထက်တော့ဘူး ကိုရင်ရဲ့၊ အပေါ်ယံ မြင်တာလေးကိုသာ ယုံတတ်ကြတဲ့ ပုထုဇဉ်တွေကိုးကွယ်၊ ကျန်အာရုံတွေဆိုတာ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ အာရုံတွေတင် ပြောတာ မဟုတ်ဘူး၊ နှလုံးသားရဲ့ ခံစားမှု အာရုံ၊ အသည်းနှလုံးရဲ့ သံလိုက်အိမ်မြှောင်လို့ ခေါ်ကြပါစို့ ကိုရင်ရယ်”

ဆရာတော်ကြီး၏ လက်တွေ ကိုရင့်ပခုံးပေါ် ရောက်လာသည်။ လက်တွေက နွေးထွေးလွန်းလှသည်။

“အမြင်အာရုံ မရှိသူဟာ အသိ၊ သတိကို လက်မလွှတ်ရဘူး ကိုရင်ရဲ့၊ အရာရာကို သိနေဖို့ လိုတယ်၊ ဒါက ပြောတော့လည်း လွယ်လွယ်လေးပဲ၊ တကယ်တော့ အင်မတန် ခက်တယ်နော်၊ ဘုန်းကြီးကိုကြည့်၊ ဘုန်းကြီးမှာ အမြင်အာရုံ မရှိဘူး၊ ဒါကို ပေါ့ပေါ့ဆဆနဲ့ ရောက်ရာပေါက်ရာ စိတ်ကို ရွက်လွှင့်လိုက်မယ်ဆိုရင် အာရုံတွေဟာ ကစဉ့်ကလျား ဖြစ်လာမယ်၊ ကလေး ဆိုးတွေ မိဘဂရုစိုက်တာ ခံချင်သလို ဆူဆူဆောင့်ဆောင့်နဲ့ ဆန္ဒပြလာမယ်၊ စိတ်မရှည်ဘူး၊ အလောတကြီးနိုင်မယ် ဆိုရင် လက်ဖက်ရည်ကြမ်းတွေ မှောက်ကုန်မယ်၊ ဆန်ပြုတ်တွေ မှောက်ကုန်မယ်၊ စိတ်က တောရောက် တောင်ရောက် ဖြစ်နေရင် သူများ ဘာပြောမှန်း သတိမထားမိဘူး၊ ဦးပဉ္ဇင်း တစ်ပါးပါး ခိုင်းတာ မလုပ်လို့ ဒေါသထွက်ရင် မီးဖိုကြီး တက်နင်းမိချင်မိ မယ်၊ ဒေါသကြောင့် ထင်းမီးသံကို မကြားတော့ဘူး၊ မီးခိုးနံ့ကို မရတော့ဘူး ကိုး ကိုရင်ရဲ့၊ အိမ်-လူတွေကို တကယ်ကန်းစေ ထိုင်းစေတာက မျက်လုံး ကြောင့်၊ နားကြောင့် မဟုတ်ဘူး ကိုရင်ရဲ့၊ ဒေါသကြောင့်၊ လောဘကြောင့်၊ မောဟကြောင့်၊ ဝိစိကိစ္ဆာကြောင့်၊ ဣဿာမစ္ဆရိယကြောင့် ကွဲ့၊ ဒါကြောင့် ငြိမ်းချမ်းသော စိတ်နှလုံး၊ သင့်တင့်သော စိတ်နှလုံးသွင်းတတ် ရတယ်၊ သည်းခံတတ်ရတယ် ကိုရင်”

ကိုရင်တင်ဝင်းက ဘုန်းဘုန်းကြီးဘက် လှည့်လိုက်သည်။

“သည်းခံတတ်ရမယ် နော် ကိုရင်”

ဆရာတော်ကြီးက ထပ်ပြောပြီး မတ်တတ်ထဖို့ ကြိုးစားသည်။ ကိုရင်တင်ဝင်းက ဆရာတော်ကြီးကို တွဲမသည်။ ဆရာတော်ကြီးနှင့် ကိုရင် ဖြည်းဖြည်းချင်း ဝရန်တာသို့ ထွက်လာခဲ့သည်။ အပြင်မှာ နွေလယ်မိုးပါး ကလေး ဖွဲဖွဲရွာနေခဲ့သည်။ သွပ်ပြားပေါ်မှ ကျလာသည့် ရေစက်တွေ သူတို့ ခြေထောက်ကို လာစဉ်သည်။ ဆရာတော်က ဦးခေါင်းကို အပြင်ထုတ်လိုက် သည်။ မိုးရေတွေ စိုရွှဲ သွားသည်။ ကိုရင်တင်ဝင်းကိုလည်း ခေါင်းထုတ်စေသည်။ မိုးရေက နွေးနေသည်။ အရသာက နှဲ့ငြိငြိ-

"ကိုရင် ဘာကြောင့် စိုးထိတ် ကြောက်လန့်နေတာလဲ"

"ဟင်-တပည့်တော် ကြောက်တယ်လို့ ဘုန်းဘုန်းကြီးက ဘာလို့ ပြောတာလဲ"

"ကိုရင့်အသံကြောင့် ပေါ့ကွဲ့"

ဆရာတော်ကြီးစကားက သွေးထွက်အောင် မှန်လှသည်။ တင်ဝင်းလည်း သူ ဘာကို ကြောက်နေသည် ဆိုတာကို သူသေချာမသိ။ ကြောက်စိတ်သည် အရိပ်ပမာ သူ့နားမှာ အမြဲတွယ်ကပ်ပါလာသည် မှာ ကြာခဲ့ပြီ။ တစ်ခါတစ်ရံ သိသည် ဆိုရုံမျှ။ တစ်ခါတလေတော့ အင်မတန် အင်အားကြီးထွားပြီး လက် မှာ ချွေးစေးတွေပြန် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည် ထိ ဖြစ် တတ်သည်။

ဆရာတော်ကြီးက ထပ်မေးပြန်သည်။

"ကဲ-ကိုရင် ဘာကို ကြောက်တာလဲ ပြော"

"တပည့်တော်လည်း မသိဘူးဘုရား၊ တစ်ခါတလေ အိပ်မက်ထဲမှာ ပိုးကောင်လေးတစ်ကောင် ရောက် လာပြီး ရုတ်တရက် ကြောက်စရာ အသွင် ဖြစ်သွားလို့ လန့်နိုးတယ် ဘုရား၊ တစ်ခါတလေ သစ်ကိုင်းပေါ်က ပြုတ်ကျတာ အသူတစ်ရာနက်တဲ့ ထိ ကျသွားတယ်လို့ အိပ်မက်မက်တယ် ဘုရား"

ဆရာတော်ကြီးက ကိုရင်လေး၏ ပါးနှစ်ဖက်ကို အသာလိမ်ဆွဲလိုက်သည်

"ကြောက်စိတ်ဆိုတာ လူတိုင်းမှာ ရှိတယ်ကွဲ့၊ ကိုရင်ရယ်၊ နွားချေးထဲ ယင်ကောင်ဝဲသလို ကြောက်စိတ်ဟာ လူသားတွေနားမှာ တဝဲဝဲတလည်လည်နဲ့ အမြဲရှိနေတတ်တယ်၊ တိရစ္ဆာန်တွေဟာ ကြောက်စိတ် ပေါ်လာရင် ခြေဦးတည့်ရာ ပြေးကြတယ်၊ ပုံးကြတယ်၊ ကူးကြတယ်၊ နောက်ဆုံး အမောဆို့ သေသည် အထိပေါ့၊ လူတွေဟာလည်း ကြောက်စိတ် နဲ့ ပတ်သက်လာရင် တိရစ္ဆာန်ထက်ထူးပြီး ဉာဏ်ပို မရှိဘူး။ ကိုရင်၊ ကြောက်စိတ်ကို ဖုံးကွယ်ဖို့၊ ကြောက်စိတ်ကနေ ပုန်းကွယ်ဖို့ လောကမှာ နေရာ မရှိဘူး၊ မရှိပေမယ့် လူတွေဟာ ကြိုးစားကြတယ်၊

ချမ်းသာကြွယ်ဝမှု နဲ့ အာဏာပါဝါဟာ ကြောက်စိတ်ကို ပုန်းဖို့ အကောင်းဆုံးလို့ ထင်ပြီး ဒါ တွေရအောင် မနားမနေ ကြိုးစားကြတယ်၊ ရလာခဲ့ရင် ကိုယ့်ကိုယ်ကိုယ် ကြောက်စိတ်ကို အောင်နိုင်တဲ့ အနန္တစွမ်းအားရှင်လိုလို အာရုံမှောက်မှားပြီး စိတ်ကြီးဝင်လာတယ်၊ မိသားစုအပေါ်၊ ဆွေမျိုးသားချင်းအပေါ်၊ မိတ်ဆွေ တွေအပေါ်၊ တိုင်းသူပြည်သားတွေအပေါ် ဗိုလ်ကျ စိုးမိုးချင်လာတယ်၊ ရည်မှန်းချက်နဲ့ ကြောက်စိတ်ဟာ အကန့်အသတ် မရှိတာချင်း တူတူပဲကွဲ့၊ အာဏာ ပါဝါနဲ့ ကြွယ်ဝမှုဟာ ဘိန်းလိုပဲ စွဲတတ်တယ်၊ တင်းတိမ်ရောင့်ရဲ တယ် ဆိုတာ မရှိဘဲ လိုချင်ပြီးရင်း လိုချင်ရင်း ဖြစ်လာတတ်တယ်၊ တကယ် တော့ ပိုက်ဆံနဲ့ အာဏာဟာ ကြောက်စိတ်ကို ပျောက်စေတာ မဟုတ်ဘူး ကိုရင်၊ ကြောက်စိတ်ထက် ပိုအင်အားကြီးတဲ့ အရာဟာ လောကမှာ တစ်ခုပဲ ရှိတယ် ကိုရင်ရဲ့”

ထိုညက ကိုရင်တင်ဝင်း အိပ်ရာပေါ်လှဲရင်း နားစွင့်နေခဲ့သည် ဆရာတော်ကြီးမှ လွဲ၍ ကျန်သော ဦးပဉ္စင်းနှင့် ကိုရင်အားလုံး ခန်းမကြီးထဲ စုအိပ်ကြရသည်။ အားလုံး စောင်ထူထူခြုံပြီး အိပ်မောကျနေကြပြီ။ ကြမ်း အကွဲကြောင်းတွေကြားမှ စိမ့်နေအောင် အေးသည့် လေအေးကလေးတွေ ဝင်ဝင်လာတတ်သည်။ တင်ဝင်း အားစိုက်နားစွင့်သည်။ ခွေးတစ်ကောင် ဟောင်သည်။ နောက်တစ်ကောင်၊ နောက် တစ်ကောင်၊ နွေးအောင် ဖိုထားသော မီးဖိုထဲမှာ ထင်းမီးသံ တဖျစ်ဖျစ်။ လေအဝှေ့မှာ အသံမြည်တတ်သည့် ကျောင်းခေါင်မိုးပေါ်က ဆည်းလည်း လေးတွေ။ ဘုန်းကြီးများ ၏ အသက်ရှူသံတွေ၊ ဟောက်သံတွေ။ တဖြည်းဖြည်း တိုးတိတ်ညင်သာ တိတ်ဆိတ်။ ဟော-ချောက်ထဲ ကျပြန်ပြီ။ ကူကယ်ရာမဲ့၊ အတွယ် အတာမဲ့၊ ကျပြီးရင်းကျ၊ မဆုံးနိုင်အောင်ကျ၊ နက်သထက်နက်၊ အို-အသက်ရှူသံတွေ၊ ခွေးဟောင်သံတွေ၊ မော်တော်ဆိုင်ကယ်သံ၊ ဟင်-အိပ်မက်က လန့်နိုးလာ တာလား၊ ဘာသံမှ မကြားဘဲ ဖြစ်သွားတာလား၊ အမြင်အာရုံကွယ်သလို အကြားအာရုံများ ကွယ်သွားတာလား။

ကြောက်စိတ်က သူ့ကို ဖိစီးလာပြန်သည်။ ဘုန်းဘုန်းကြီး၏ ဩဝါဒ စကားတွေကို သူ နှလုံး သွင်းသည်။ လောကမှာ ကြောက်စိတ်ထက် အင်အားကြီးတာ တစ်ခုပဲ ရှိသကွဲ့ ကိုရင်ရဲ့ တဲ့။ သူ ဒါကို ရှာရမည်။ မျှော် တော်ဇောဖြင့် မောမနေဖို့ တော့ လိုသည် ပေါ့။

****

အခန်း(၄)

ကျောင်းဝင်းကို ဒေါ်စုကြည် ဖြတ်လျှောက်လာခဲ့သည်။ သဖန်းပင်ရိပ်အောက်မှ ကိုရင်ခြောက်ပါးက သူ့ကို လှမ်းနှုတ်ဆက်သည်။ ဝရန်တာ လှေကားအပေါ်ဆုံးအဆင့်မှာ ထိုင်နေသည့် တင်ဝင်းကို သူ အဝေးကပင် မြင်ပါ၏။ တင်ဝင်းက ပေါင်ပေါ်မှာ စာအုပ်ထူကြီးတစ်အုပ် တင်ကာ စာမျက်နှာတွေကို လက်ထိပ်လေးတွေနှင့် စမ်းလိုက်၊ ခေါင်းကလေး လိုက်၊ ပါးစပ်က တတွတ်တွတ် ရွတ်လိုက်နှင့် အလုပ်တွေ ရှုပ်နေသည်။ ဒီ လေးနှစ်အတွင်း သူ ဘုန်းကြီးကျောင်းသို့ ရောက်သည့် နေ့လယ်ခင်းတိုင်း မှာ တင်ဝင်းကို စာဖတ်နေသည် သာ တွေ့ရတတ်သည်။ ပြီးခဲ့သည့် အပတ် ကတော့ ဆရာတော်ကြီးက သူ့ကို အသေအချာ ပြောလိုက်သည်။ သူ့ သားတင်ဝင်းသည် အင်မတန် ထူးခြားသည့် ပါရမီရှင် စာသင်သား တစ်ဦး ဟူ၍ပေါ့။ ၁၅နှစ်သား ကျောင်းသားကလေး၏ မှတ်ဉာဏ်က အံ့မခန်းပါပဲ တဲ့။ သူ့အတွက် ဒီကျောင်းမှာ လောကီပညာ ဆက်သင်စရာ မရှိတော့။ အိမ် ပြန်ခေါ်သွားပြီး အိမ်ကနေသာ ကျောင်းတက် တော့။

သူများ တွေ ကျောက်သင်ပုန်းကိုယ်စီနှင့် နာရီဝက်ခန့် တကုပ်ကုပ်တွက်ရသည့် သင်္ချာပုစ္ဆာကို သူ မျက်စိတစ်မှိတ်အတွင်း စိတ်တွက်ဖြင့် ဖြေရှင်း နိုင်သည်။ ထို့ကြောင့် လည်း ဆရာတော်ကြီးကိုယ်တိုင် သူ့ကို သီးခြား ပို့ချ ရသည်။ လွန်ခဲ့သည့် နှစ်တွေတုန်းက အင်္ဂလိပ်တစ်ဦး ပေးခဲ့သည့် ဘရေး လ် အခြေခံဖတ်စာ စာအုပ်ကို စာအုပ်စင်မှ သူ ထုတ်သည်။ မကြာခင်မှာပဲ ဘရေးလ်အက္ခရာကို တင်ဝင်း အကျွမ်းတဝင် ရှိသွားခဲ့သည်။ မွေးရာပါ မျက်မမြင် သားငယ်ရှိသည့် ဆရာတော်ကြီး၏ မိတ်ဆွေ အင်္ဂလိပ်အရာရှိ တစ်ဦး၏ ကောင်းမှုနှင့် ဘရေးလ်စာအုပ်တွေ အမြောက်အမြား ရထားသဖြင့် တင်ဝင်း အတွက် ဖတ်စရာ မပြတ်ခဲ့။ ထိုစာအုပ်တွေမှ တစ်ဆင့် ပုံပြင် တွေ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေ၊ ခရီးသွား မှတ်တမ်းတွေ၊ စွန့်စား ခန်းဝတ္ထုတွေ၊ ပြဇာတ်တွေ၊ ဒဿနကျမ်းတွေကို သူ သိခွင့်ရခဲ့သည်။ သူ ဒီ စာအုပ် တွေကို အိမ်သယ်လာခဲ့သည်။ ပြီးခဲ့သည့် ညတွေတုန်းကလည်း သူ့ အသံတိုးတိုးကြောင့် လန့်နိုးတော့ မှောင်မိုက်ထဲမှာ စာအုပ်တစ်အုပ် ပေါင် ပေါ်တင်ရင်း လက်နှင့် စမ်းဖတ်ကာ တတွတ်တွတ် တီးတိုး ရွတ်နေသော တင်ဝင်းကို တွေ့လိုက်ရသည်။

"ဟဲ့-သား၊ ဘာလုပ်နေတာတုန်း" "ခရီးထွက်နေတာလေ ကြီးကြီးမေ"

မချိတင်ကဲဖြင့် ဒေါ်စုကြည် ပြုံးလိုက်မိသည်။ ဟုတ်သည်၊ သူ ပြော ဖူးသည် စာအုပ်ကို ဖတ်ရုံတင် ဖတ်တာမဟုတ်၊ စာအုပ်ထဲက အကြောင်းအရာတွေနှင့် အတူ စီးမျောလိုက်ပါသွားရင်း တခြား တိုက်ကြီး တွေ၊ တိုင်းပြည်တွေကို သူ ရောက်သည်။ မတွေ့ဖူးသူတွေနှင့် တွေ့ရသည်။ မိတ်ဆွေ ဖြစ်ခွင့် ရသည် တဲ့ လေ။

ဒေါ်စုကြည် ခေါင်းယမ်းလိုက်မိသည်။ ဩော်-သားလေးရယ်၊ စာအုပ်ထဲ မှာ မိတ်ဆွေ ပေါသလောက် အပြင်လောကမှာ အထီးကျန်လှပါလားကွယ်။ ပညာတွေ တတ်လာပေမယ့် ခုထိ အေးတိအေးစက်၊ ရှက်ကိုးရှက်ကန်းနှင့် သူငယ်ချင်းမိတ်ဆွေ မရှိခဲ့။ ဘုန်းကြီးကျောင်းသားတွေ၊ ကိုရင်တွေ၊ ဦးပဉ္စင်းတွေနှင့် ထိတွေ့ဆက်ဆံလာတာ ကြာခဲ့ပေမယ့် ထွေးရောယှက်တင် မရှိခဲ့။ အမြဲတမ်း စည်းတစ်ခု ခြားနေသလို။ ကြည့်ရတာ သူ့ကမ္ဘာထဲမည်သူမှ ဝင်မရအောင် တားထားသည့် အလား။ သူကိုယ်တိုင်ရော၊ ဆရာတော်ကြီးရောပေါ့။ တင်ဝင်းသည် သူ့သီးခြားကမ္ဘာထဲမှာ နေထိုင်နေ ခြင်း များ လား။

ဒေါ်စုကြည်က လှေကားခြေရင်းမှ နေ၍ တင်ဝင်းကို စုတ်သပ်ခေါ်လိုက်သည်။ သို့သော် စာအုပ် နှင့် ခရီးသွားနေသည့် တင်ဝင်းက မကြား၊ အောက်မှ မော့ကြည့်နေသော ဒေါ်စုကြည်သည် တင်ဝင်း ဘယ်လောက် အရွယ်ရောက် လာပြီ ဆိုခြင်းကို ခုမှ သေချာကြည့်မိသည်။ ကျောင်းမှာ ရှိ သမျှ လူတိုင်းထက် သူက ခေါင်းတစ်လုံး ပိုမြင့်နေသည်။ လယ်သမားတစ် ယောက်လို ကြွက်သားအဖုဖုနှင့် အားကောင်း မောင်းသန်။ သို့သော် လက်ချောင်းတွေကတော့ ရွှေပန်းတိမ်ဆရာတစ်ယောက်လို သွယ်လျ ရှည်လျားလှသည်။ မကြာခင် အရွယ်ရောက်လာတော့မည့် လူငယ် လူရွယ်လေး။

“မောင်တင်ဝင်းရေ”

သူ အော်ခေါ်လိုက်သည်။ လှေကားထိပ်မှ သူငယ်က အသံလာရာကို

ခေါင်းလေး ငဲ့စောင်း ကြည့်သည်။

“ကြီးကြီးမေ ဈေးခဏသွားဦးမယ်၊ သား လိုက်မလား၊ ဒီကပဲ စောင့်မ လား”

“ဒီကပဲ စောင့်မယ် ကြီးကြီးမေ”

ဟုတ်သည်။ သူ ဈေးကို မကြိုက်၊ ဆူညံလွန်းသည်၊ လူများ လွန်းသည်၊ အသံတွေ၊ အနံ့တွေက စိတ်ရှုပ်စေသည်။

“အေး အေး မြန်မြန် ပြန်ခဲ့မယ် သိလား”

တင်ဝင်း မတ်တတ်ထရပ်လိုက်သည်။ အစိမ်းရောင် လုံချည်သစ်လေးကိုခါးမှာ တင်းတင်းဆီး လိုက်ပြီး ဝရန်တာမှ တစ်ဆင့် ကျောင်းခန်းမကြီးထဲ ဝင်သည်။ မီးဖိုချောင်ထဲ သွားမလို့ ဟန်ပြင်နေတုန်း သူ တစ်ခါမှ မကြားဖူး သည့် အသံတစ်သံကို ကြားလိုက်ရသည်။ အုန်းမောင်းခေါက်သံလား၊ နာရီ စက်သံလား၊ ဟင့်အင်း-အသံက အဲသလောက်မကျယ်၊ မပြင်းထန်၊ ဖြည်းဖြည်းမှန်မှန်၊ ဟန်ချက်ညီ စည်းချက်ကျကျ၊

တင်ဝင်း ရပ်လိုက်သည်။ ဒီကျောင်းထဲက အခန်းတိုင်း၊ ထောင့်တိုင်း နေရာမှန်သမျှ သူ သိသည်။ ဒီ အသံကို သူ မကြားဖူးတာ သေချာသည်။ ဒီမှာ တင်မက ဘယ်မှာ မှ မကြား ဖူးခဲ့။ ဒါဖြင့် ဒီအသံ ဘယ်က လာသလဲ၊ ကျောင်းတွင်းကလား၊ ကျောင်းပြင်

ခြေတစ်လှမ်း ထပ်လှမ်းလိုက်သည်။ တံ့ခနဲ ရပ်သွားသည်။ အာရုံစိုက် နားထောင်သည်။ အသံက ပိုကျယ်လာသည်။ ပိုကြည်လာသည်။ တံခါးကို တိုးတိုးလေး ဖြည်းဖြည်းမှန်မှန် ခေါက်နေသလို အသံမျိုး။။ ခဏနေတော့ မီးဖိုချောင်ထဲမှ ဘုန်းကြီးများ ၏ ခြေသံ၊ လေတကိသံ၊ စကားသံ၊ ပန်းကန် ခွက်ယောက်သံ၊ တံစက်မြိတ်အောက်က ခိုတွေ၊ မျက်နှာကြက်ပေါ်က ပိုးဟပ်တွေ၊ ချေးပိုးထိုးတွေ၊ နံရံထက်က အသံစူးစူးက ... ဘာတုံး၊ ယင်ကောင်တွေ နောက်ခြေထောက်ကို ပွတ်နေသံလား၊ ဟော-အပေါ်က တစ်ခုခု ပြုတ်ကျ လာပြီ၊ ငှက်မွေးလေးတစ်မျှင်၊ ထုပ်တန်းထဲက ခြသံတွေ၊ လေအဟ့ေမှာ ပါလာသော သဲမှုန်လေးတွေ၊ အဝေးက လယ်ကွင်းတွေထဲက နွားတွေ နှာမှုတ်သံ၊ ဈေးထဲက အသံတွေ၊ ထိုအသံတွေက သူ့ကို ကမ္ဘာ လောကမြင်ကွင်းကို လိုက်ကာ လှပ်ပြသလို ပြပြီး ပြန်ပြန်ပျောက်ကွယ် သွားခဲ့သည်။ သူ့အာရုံတွေက ပေါ်တုံ ပျောက်တုံ။

ကျိုးကျိုးကျွတ်ကျွတ် မြည်သံ၊ ညည်းသံ၊ တီးတိုးလေသံ၊ မိုးပေါက်ကျသံ အားလုံးနှင့် မတူ တစ်မူ ကွဲပြားနေသည် က ခုနက တိုးညင်း ဖျော့တော့လှသည့် စည်းချက်မှန် ခေါက်သံလေးပေါ့။ တင်ဝင်းသည် အာရုံခံနေသည်။ ဖြည်းဖြည်းချင်း ချဉ်းကပ်သည်။ ခါတိုင်း အသံတွေလို ပေါ်တုံ ပျောက်တုံ များ ဖြစ်မည်လား၊ ခြေတစ်လှမ်း ထပ်လှမ်းလိုက်သည်။ အသက်ကို အောင့် ထားသည်။ ကြားရသေးလား၊ အင်း- ကြားရသေးသည်။ နောက်တစ် လှမ်း။ ရပ်ပြီး နားစွင့်၊ နောက်တစ်လှမ်း၊ ခြေလှမ်းတို့ နှင့် အတူ အသံက ပို ကျယ်လာသည်။ သူ ရပ်လိုက်ပြီ၊ အသံက သူ့ ရှေ့တည့်တည့်မှာ။

"ဘယ်သူ ရှိလဲဟင်"

သူ လေသံလေးဖြင့် မေးလိုက်သည်။

"ရှိပါ့၊ ရှင့်ရှေ့တည့်တည့်မှာ၊ ရှင် ကျွန်မကို နင်းမိတော့မယ်"

အလို-ကောင်မလေး တစ်ယောက် အသံပါလား၊ သူ တစ်ခါမျှ မကြားဖူးသည့် အသံ၊ သူ့ရုပ်ပုံလွှာက ဘယ်လိုမျိုးများ လဲ။

"ခင်ဗျားက ဘယ်သူများ လဲ၊ နာမည် ဘယ်လိုခေါ်လဲ"

"ဩော်-တဒုတ်ဒုတ်နဲ့ အသံတစ်သံများ ကြားမိလား"

“ဟင့်အင်း မကြားပါဘူး”

“ဒီနားမှာ ပဲဗျ”

တင်ဝင်းက ဒူးထောက်ထိုင်ချလိုက်သည်။ ခု အသံက အလွန့်အလွန်ကို နီးကပ်နေခဲ့ပြီ။

“ကျွန်တော့်နားထဲမှာ အတော်ကျယ်ကျယ်ကို ကြားနေတယ်၊ ခင်ဗျား မကြားဘူးလား”

“မကြားဘူး”

“မျက်စိမှိတ်ကြည့်ပါလား”

မိမိက မျက်စိတွေ မှိတ်လိုက်သည်။

“ဘာမှ မကြားဘူး”

ပြောရင်း ရယ်ချင်လာသဖြင့် ခိခနဲ ရယ်လိုက်သည်။ တင်ဝင်းက သူ့နား သို့ ကပ်သထက် ကပ်လာသည်။ သူ့ထွက်သက် နွေးနွေးပင် တင်ဝင်း မျက်နှာပေါ်ရိုက်ခတ်နေပြီ။

“အသံက ခင်ဗျားဆီက လာတာ ထင်တာပဲ”

နားကိုစွင့်ရင်း မိမိ၏ ရင်ဘတ်နားမှာ ရပ်သွားသည်။

အသံလာရာ ဘူမိနက်သန် နေရာမှန်ကား ဤနေရာ၊ အသံက တခြား မဟုတ်။ မိမိ၏ နှလုံးခုန်သံ ပင်တည်း။

အမှန်ကို သိချိန်မှာ သူ့နှလုံးသားကလည်း ပြင်းထန်စွာ ခုန်လာခဲ့သည်။ သူ့အဖြစ်က သူများ လျှို့ဝှက်ချက်ကို ချောင်းနားထောင်သူလို ဖြစ်နေခဲ့ပြီ။ ရှက်စိတ်၊ ကြောက်စိတ်တွေ တစ်ကိုယ်လုံး လွှမ်းသွားသည် ဆောက်တည်ရာမရ ဖြစ်လာသည်။ သူ့အဖြစ်ကို မြင်သွား၍ လား မပြော တတ်၊ မိမိ၏ လက်တစ်ဖက်က သူ့ပါးပြင်ကို အသာကိုင်လိုက်သည် ကို ခံစားမိသည်။ ထိုလက်ဖဝါးလေး၏ အနွေးဓာတ်က တစ်ကိုယ်လုံးကို ဖြာ ဆင်းသွားသည်။ ဒီလက်ကလေး သူ့ပါးပေါ်မှာ တစ်သက်လုံး မခွာတော့ လျှင် ကောင်းမည်ဟု တိတ်တခိုး မျှော်လင့်မိသည်။ မဖြစ်သေး၊ သူ ထရပ် လိုက်သည်။

“ကျ-ကျွန်တော် ကြားနေရတာ ခင်ဗျားရဲ့ နှလုံးခုန်သံပဲ”

“ဟင်-ဒီလောက်အဝေးကြီးကနေ နှလုံးခုန်သံကို ရှင် ကြားတယ်လား”

မိမိက တခိခိ ရယ်ပြန်သည်။ သူ့ကို လှောင်ရယ် ရယ်နေခြင်း မဟုတ်။ ယုံကြည် ကိုးစားလို့ ရသော ရိုးသားပွင့်လင်းသည့် ရယ်သံ ဆိုတာကို သူခံစားလို့ ရသည်။

"ခင်ဗျား မယုံဘူးလား"

"မသိပါဘူးရှင့်၊ ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့၊ နှလုံးခုန်သံကို ဘယ်လိုမျိုး ကြားရလဲဟင်"

"အံ့မခန်းပဲ၊ ဟင့်အင်း မဟုတ်သေးဘူး၊ အဲဒီထက် ပိုလှတယ် သူ့အသံ က......"

တင်ဝင်း စကားလုံး ရှာနေသည်။ အပြင်းအထန် စဉ်းစားသည်။ ရှာမတွေ့။ လက်လျှော့လိုက်သည်။

"မပြောတတ်ဘူးဗျာ၊ ဘယ်လို ပြောရမှန်း မသိဘူး"

"အင်း-ရှင့်ကြည့်ရတာ နားသိပ်ကောင်းပုံပဲ"

"အင်း-ဟင့်အင်း၊ မသိပါဘူးဗျာ၊ ကြားတာတော့ ကြားရတာပဲ"

သူ့အဖြစ်က လှောင်စရာ ပြောင်စရာများ ဖြစ်နေပြီလား။ မိမိ၏ လေသံထဲမှာ တော့ သူ့ကို ပြောင်ခြင်း လှောင်ခြင်းမျိုး သူ မကြားရပါ။

နှစ်ယောက်သား အသံတိတ်သွားကြသည်။ တင်ဝင်း ဘာဆက်ပြောရ မှန်း မသိ။ မိမိ ဆိုသည့် ကောင်မလေး သူ့အနားမှ ထထွက်ပြေးသွားမှာ စိုး လှသည်။ စကားပြောပြီးရင်း ပြောနေမလား မသိ။ သူ့အသံက မိမိအတွက် နားထောင်ချင်စရာမှ ဖြစ်ရဲ့ လား။ ကဲ-ပြော၊ တစ်ခုခုပြော၊ ဘာပဲဖြစ်ဖြစ် ပြော။

"ကျွန်-တော်-ခင်ဗျားကို ဒီကျောင်းမှာ တစ်ခါမှ မမြင်ဖူးဘူး မှတ်တယ်"

နောက်ဆုံးတော့ သူ အောင်မြင်စွာ ပြောလိုက်နိုင်သည်။

"ကျွန်မကတော့ ရှင့်ကို မြင်ဖူးပ၊ ခဏ ခဏ မြင်ဖူးတယ်"

ထိုအချိန်မှာ မိန်းမသံ တစ်သံ ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

မိမိက မျက်စိတွေ မှိတ်လိုက်သည်။

"ဘာမှ မကြားဘူး"

ပြောရင်း ရယ်ချင်လာသဖြင့် ခိခနဲ ရယ်လိုက်သည်။ တင်ဝင်းက သူ့နား သို့

ကပ်သထက် ကပ်လာသည်။ သူ့ထွက်သက် နွေးနွေးပင် တင်ဝင်း မျက်နှာပေါ် ရိုက်ခတ်နေပြီ။

"အသံက ခင်ဗျားဆီက လာတာ ထင်တာပဲ"

နားကိုစွင့်ရင်း မိမိ၏ ရင်ဘတ်နားမှာ ရပ်သွားသည်။

အသံလာရာ ဘူမိနက်သန် နေရာမှန်ကား ဤနေရာ၊ အသံက တခြား မဟုတ်။ မိမိ၏ နှလုံးခုန်သံ ပင်တည်း။

အမှန်ကို သိချိန်မှာ သူ့နှလုံးသားကလည်း ပြင်းထန်စွာ ခုန်လာခဲ့သည်။ သူ့အဖြစ်က သူများ လျှို့ဝှက်ချက်ကို ချောင်းနားထောင်သူလို ဖြစ်နေခဲ့ပြီ။ ရှက်စိတ်၊ ကြောက်စိတ်တွေ တစ်ကိုယ်လုံး လွှမ်းသွားသည် ဆောက်တည်ရာမရ ဖြစ်လာသည်။ သူ့အဖြစ်ကို မြင်သွား၍ လား မပြော တတ်၊ မိမိ၏ လက်တစ်ဖက်က သူ့ပါးပြင်ကို အသာကိုင်လိုက်သည် ကို ခံစားမိသည်။ ထိုလက်ဖဝါးလေး၏ အနွေးဓာတ်က တစ်ကိုယ်လုံးကို ဖြာ ဆင်းသွားသည်။ ဒီလက်ကလေး သူ့ပါးပေါ်မှာ တစ်သက်လုံး မခွာတော့ လျှင် ကောင်းမည်ဟု တိတ်တခိုး မျှော်လင့်မိသည်။ မဖြစ်သေး၊ သူ ထရပ် လိုက်သည်။

"ကျ-ကျွန်တော် ကြားနေရတာ ခင်ဗျားရဲ့ နှလုံးခုန်သံပဲ"

"ဟင်-ဒီလောက်အဝေးကြီးကနေ နှလုံးခုန်သံကို ရှင် ကြားတယ်လား"

မိမိက တခိခိ ရယ်ပြန်သည်။ သူ့ကို လှောင်ရယ် ရယ်နေခြင်း မဟုတ်။ ယုံကြည် ကိုးစားလို့ ရသော ရိုးသားပွင့်လင်းသည့် ရယ်သံ ဆိုတာကို သူခံစားလို့ ရသည်။

"ခင်ဗျား မယုံဘူးလား"

"မသိပါဘူးရှင့်၊ ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့၊ နှလုံးခုန်သံကို ဘယ်လိုမျိုး ကြားရလဲဟင်"

"အံ့မခန်းပဲ၊ ဟင့်အင်း မဟုတ်သေးဘူး၊ အဲဒီထက် ပိုလှတယ် သူ့အသံက..."

တင်ဝင်း စကားလုံး ရှာနေသည်။ အပြင်းအထန် စဉ်းစားသည်။ ရှာမတွေ့။ လက်လျှော့လိုက်သည်။

"မပြောတတ်ဘူးဗျာ၊ ဘယ်လို ပြောရမှန်း မသိဘူး"

"အင်း-ရှင့်ကြည့်ရတာ နားသိပ်ကောင်းပုံပဲ"

"အင်း-ဟင့်အင်း၊ မသိပါဘူးဗျာ၊ ကြားတာတော့ ကြားရတာပဲ"

သူ့အဖြစ်က လှောင်စရာ ပြောင်စရာများ ဖြစ်နေပြီလား။ မိမိ၏ လေသံထဲမှာ တော့ သူ့ကို ပြောင်ခြင်း လှောင်ခြင်းမျိုး သူ မကြားရပါ။

နှစ်ယောက်သား အသံတိတ်သွားကြသည်။ တင်ဝင်း ဘာဆက်ပြောရ မှန်းမသိ။ မိမိ ဆိုသည့် ကောင်မလေး သူ့အနားမှ ထထွက်ပြေးသွားမှာ စိုး လှသည်။ စကားပြောပြီးရင်း ပြောနေမလား မသိ။ သူ့အသံက မိမိအတွက် နားထောင်ချင်စရာမှ ဖြစ်ရဲ့ လား။ ကဲ-ပြော၊ တစ်ခုခုပြော၊ ဘာပဲဖြစ်ဖြစ် ပြော။

"ကျွန်-တော်-ခင်ဗျားကို ဒီကျောင်းမှာ တစ်ခါမှ မမြင်ဖူးဘူး မှတ်တယ်"

နောက်ဆုံးတော့ သူ အောင်မြင်စွာ ပြောလိုက်နိုင်သည်။

"ကျွန်မကတော့ ရှင့်ကို မြင်ဖူးပ၊ ခဏ ခဏ မြင်ဖူးတယ်"

ထိုအချိန်မှာ မိန်းမသံ တစ်သံ ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

မိမိရေ မိမိ၊ ဘယ်နား ပုန်းနေတုန်း ဒီကောင်မလေး"

"ဒီမှာ မေမေ၊ ဒီမှာ ရှိတယ်"

"သွားစို့လေ၊ အိမ်ပြန်ကြမယ်"

"ဟုတ် ဟုတ်၊ လာပြီရှင့်"

မိမိ၏ လှုပ်ရှားသံကို ကြားရသည်။ သို့သော် မတ်တတ်ထရပ်လိုက်သံကို မကြားရ။ မိမိ၏ လက်ဖဝါးလေးက သူ့ပါးပြင်ပေါ်သို့ ဒုတိယအကြိမ် ထိတွေ့လာပြန်သည်။

"ကဲ-သွားရတော့မယ်၊ နောက်မှ တွေ့မယ်နော်"

သူ ထွက်ခွာသွားခဲ့သည်။ တင်ဝင်း အသေအချာ နားထောင်သည်။ မိမိ သည် မတ်တတ်ရပ်၍ လမ်းလျှောက်သွားခြင်း မဟုတ်။ လေးဖက်ထောက် ရင်း တွားသွား ထွက်ခွာသွားခြင်းပင်တကား။

****

အခန်း(၅)

ခြေထောက်တွေကို ရင်ဘတ်မှာ ကပ်၊ ဒူးနှစ်ဖက်ပေါ် ခေါင်းတင်ရင်း ကြမ်းပေါ်မှာ တင်ဝင်း ထိုင်နေသည်။ ဒီနေ့တစ်နေ့လုံးရော၊ တစ်ညလုံး ရော၊ နောက်တစ်နေ့ရော သူ ဒီနေရာမှာ ဒီလိုပဲ ထိုင်နေချင်သည်။ မိမိ မရှိ တော့ပေမယ့် သူ့နှလုံးခုန်သံလေးက တင်ဝင်းနှင့် အတူ ကျန်ရစ်ခဲ့သည့် အလား။ ဒီနေရာလေးမှာ မိမိ သူ့ဘေးမှာ ထိုင်သွားခဲ့သည်။ ခုရော တခြား အသံတွေ ဘယ်လို ဖြစ်နေကြပြီလဲ။ ခေါင်းကို မော့ရင်း ဘယ်ညာလှည့်ရင်း သူ နားစိုက်ထောင်သည်။ ကြားသည်။ အားလုံးကို ကြားသည်။ ခေါင်မိုး ပေါ်က အသံ၊ နံရံက အသံ၊ သစ်သားထဲက အသံ၊ လယ်ကွင်းထဲက အသံ၊ လက်ဖက်ရည်ဆိုင်က အသံ၊ အံ့ဩမိသည်။ အရင်က ကြားချင်သည့် အခါ ကြားပြီး ခဏနေ ပျောက်သွားတတ်သည့် ထူးကဲသော သောတအာရုံသည် ခု သူနှင့် အတူ တစ်သားတည်း တည်ရှိနေခဲ့ပြီ။ ကျယ်သော၊ တိုးသော၊ နားဝင်ပီယံ ရှိသော၊ မရှိသော အသံပေါင်းစုံကို ခု သူ ကြားခဲ့ပြီ။ ထိုအသံ တွေက ကမ္ဘာလောကကို မြင်စေဖို့ သူ့ကို ကူညီလေမည်လား။

သူ ကျောင်းပေါ်မှ လှေကားအတိုင်း ဆင်းလိုက်သည်။ ကျောင်းဝင်းကို ဖြတ်လျှောက်ရင်း လမ်းမပေါ် ထွက်သည်။ လမ်းမအတိုင်း အစုန် အဆန် အပြန်အလှန် ရဲတင်းစွာ မတွန့်မဆုတ် လျှောက်သည်။ တစ်မြို့လုံးမှ အသံ တွေကို သူ ကြားချင်သေးသည်။ အကျွမ်းတဝင်မရှိသော အသံအသစ်တွေ ကို နားထောင်ချင်သေးသည်။ မြေကမ္ဘာ၏ တုန်ဟည်းသံ၊ လှုပ်ရှားသံ၊အက်ကွဲသံ၊ မြည်တွန်သံ တွေကို သူ ကြားနေရသည်။ ခုတော့ ကြောက် စိတ်ရယ်လို့ တစ်စက်ကယ်မျှ မရှိလေတော့။ နားတို့ သည် မျက်လုံးကို အစားထိုးနိုင်ခဲ့ပြီ။

ထင်းရှူးတောကို မြင်ခဲ့စဉ်က မြင်ကွင်းကို ပြန်လည်သတိရမိသည်။ သစ်ပင်တွေ၊ သစ်ကိုင်းတွေ၊ သစ်ရွက်တွေ၊ ချုံတွေ၊ ပန်းပွင့်တွေကို တစ်ပြိုင်နက် မြင်ရသော်လည်း အာရုံ စိုက်ကြည့်သည့် မြင်ကွင်းကိုသာ အသေးစိတ်မြင်သည် မဟုတ်လား။ အကြည့်ကို ရွှေ့လိုက်သည် နှင့် အာရုံစူး စိုက်ရာ မြင်ကွင်းပြောင်းသွားသော်လည်း နောက်ခံ မြင်ကွင်းကြီးကတော့ မြင်နေသည် သာ။ ခု အမြင်အစားအကြားအာရုံနှင့် အစားထိုးလျှင်လည်း ထိုနည်းလည်းကောင်း ဖြစ်ရမည်သာ။ အသံအားလုံးကို တစ်ပြိုင်နက် ကြား နေသော်လည်း နောက်ခံအသံနှင့် အာရုံစိုက်ရာအသံဟူ၍ ခွဲခြား နိုင်လာခဲ့ ပြီ။ ထို့ကြောင့် လည်း နေရထိုင်ရတာ အင်မတန် အရသာရှိလာသည်။ အသံအသစ် တွေကိုလည်း မပြတ်တမ်း သိလာခဲ့သည်။

ဘုန်းကြီးကျောင်း အုတ်တံတိုင်းတစ်လျှောက် လမ်းလျှောက်လိုက်၊ ရပ်လိုက်၊ နားထောင်လိုက်နှင့် သူ လှေကျင့်ခန်း ဆင်းနေခဲ့သည်။ လေထဲမှ

အသံအားလုံးကိုတော့ သူ ဖမ်းယူနိုင်စွမ်း မရှိတာ သေချာသည်။ လမ်းတစ်ဖက်ခြမ်းက အိမ်တစ်လုံးထဲမှ မီးမွှေးနေသံ၊ ကြက်သွန်၊ ချင်း၊ ခရမ်းချဉ်သီးတွေ တောက်တောက်စဉ်းသံ၊ ထမင်းအိုးငှဲ့နေသံတွေကို သူ ကြားသည်။ ကြီးကြီးမေ ချက်ပြုတ်တိုင်း ဒီအသံ တွေကို သူ ရင်းနှီးခဲ့သည် ပဲ။ ဒါပေမဲ့ ခု အသံကြားနေရသော အိမ်နှင့် သူ ကိုက်ငါးဆယ်ခန့် ဝေးသည်။ ပကတိမျက်စိဖြင့်ပင် လှမ်းမမြင်နိုင်သည့် အကွာအဝေး။ ထိုအိမ်ထဲမှ အိမ်ရှင်မငယ် ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေပုံကိုပင် သူ မြင်ယောင်လာ သည်။ သူ့နားက မြင်းတစ်ကောင် နှာမှုတ်သံ၊ လူတစ်ယောက် လမ်းမပေါ်ကွမ်းတံတွေးထွေးသံ၊ နောက်ထပ်ဘာအသံတွေကိုများ သူ ကြားနိုင်စွမ်းရှိ သေးသနည်း။ အသံတိတ် သီချင်းညည်းသံ၊ ညည်းသံ၊ ရှိုက်သံတွေကိုများ ကြားရလေဦးမလား၊ ကြားတော့ရော ဘယ်သူ့ထံမှ ထွက်လာသည့် အသံ ဆိုတာကို သူ ခွဲခြားနိုင်စွမ်း ရှိလို့ လား။ သစ်ကိုင်းကျိုးသံ တစ်ခု ကြားပြီ ဆို ပါတော့၊ ထင်းရှူးကိုင်းလား၊ ထောပတ်ပင်ကိုင်းလား၊ ရေသဖန်းပင်ကိုင်း လား၊ စက္ကူပန်းပင် ကိုင်းလား သူ သိနိုင်လို့ လား။ ခြေထောက်အောက်မှ တ စီစီ မြည်သံ ကြားပြီဆိုပါတော့၊ ချေးပိုးထိုးလား၊ မြွေလား၊ ကြွက်လား သူ ခွဲ နိုင်လို့ လား။ အသံတစ်ခု ဖြစ်တည်ရာ ရည်ရွယ်ချက်နှင့် ဖြစ်ရပ်ကို သူ ဘယ်လိုမှ မသိနိုင်။ ထိုသို့ မသိနိုင်ပါလျှင် သူ့စွမ်းရည်သည် ဘာအသုံးတည့် မည်နည်း။ ထို့ကြောင့် သူ အကူအညီ လိုသည်။ အကယ်၍ သာ အသံတို့ သည် ဘာသာစကားအသစ်တစ်ခု၏ စကားလုံးတွေ ဖြစ်ခဲ့ပါလျှင် အဓိပ္ပာယ် ကို သိရဖို့ သူ စကားပြန်လိုပါသည်။ ယုံကြည်လောက်သည့်၊ ကိုးစား လောက်သည့် အမှန်ကို ပြောမည့် တစ်စုံတစ်ယောက်ပေါ့။ 1 မလှည့်ဖြားတတ်သည့်

လူသွားလူလာများ သည့် လမ်းမကြီးသို့ ရောက်လာခဲ့ပြီ။ အမယ်လေး၊ ဘယ်ညာနှစ်ဖက်လုံးမှ တဒုန်းဒုန်းနှင့် လမ်းသွားလမ်းလာတွေ၏ နှလုံးခုန် သံတွေ၊ ဩော်-လူတစ်ယောက်နှင့် တစ်ယောက် အသွင်သဏ္ဍာန်မတူရုံမက နှလုံးခုန်သံပင် ကွဲပြားကြပါလား။ တချို့က ကြည်ကြည်မြမြ၊ တချို့က ပေါ့ ပေါ့ပါးပါး၊ တချို့က ကလေးသံလေးလို၊ တချို့က လေးလေးပင်ပင်၊ တချို့က အရိုင်းဆန်ဆန်၊ တချို့က သစ်တောက်ငှက် သစ်ပင်ကို ဆိတ်နေသလို အဆက်မပြတ်၊ တချို့က ပျာယီးပျာယာ၊ တချို့က အေးအေးမှန်မှန်၊ တချို့က နာရီသံလို တချက်ချက်။

"ဟဲ့-သား၊ ဘာလို့ လမ်းမကြီးကို တစ်ယောက်တည်း ထွက်လာရတာလဲ"

ကြီးကြီးမေ၏ ပူပန်သံကို ကြားလိုက်ရသည်။

"ကြီးကြီးမေကို စောင့်မယ်ဆိုပြီး ထွက်လာခဲ့လိုက်တာပဲ"

ဒေါ်စုကြည်က သူ့လက်ကို ဆွဲလိုက်သည်။ အဆင်းလမ်းအတိုင်း ဆင်း လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်တွေကို ဖြတ်သည်။ ဗလီကို ကျော်သည်။

စေတီလေးတစ်ဆူနောက်က သူတို့ နေရာ ကုန်းမြင့်ကလေး ကို တက်သည်။ ဒေါ်စုကြည်က သူ့ကို တစ်ခုခု ပြောသော်လည်း ဒေါ်စု ကြည်၏ နှလုံးခုန်သံကို နားစွင့်နေသော တင်ဝင်းက မကြား။ သူ့နားထဲမှာ ကြီးကြီးမေ နှလုံးခုန်သံက ဆန်းနေသည်။ ဖွဖွ တစ်ချက်၊ ပြင်းပြင်းတစ် ချက်၊ ဖွဖွတစ်ချက်၊ ပြင်းပြင်းတစ်ချက်။ ခဏနေတော့ သူ့နားထဲမှာ အသားကျသွားသည်။ ကြီးကြီးမေနှင့် လိုက်ဖက်သားပဲ။ သူ့နှလုံးသားက သူ့စိတ်နေစိတ်ထား ခံစားချက်တွေနှင့် လိုက်ဖက်အောင် ခုန်တာပါပဲ။ တစ်ခါတစ်ရံ သူ့အသံလိုပင် ရုတ်ခြည်း ပြောင်းသွားတတ်သေးသည်။ ဟုတ်ပြီ၊ ဟုတ်ပြီ။

အိမ်ရောက်တော့ သူ အရင်ကလို ကြီးကြီးမေ လုပ်ပါဦး၊ ကူပါဦး မပြော ဘဲ မီးဖိုချောင်ထဲက ခုံရှည်မှာ ထိုင်ရင်း စိတ်ရှည်လက်ရှည် နားစွင့်နေသည်။ ဒေါ်စုကြည်ကတော့ အိမ်ပြင်မှာ ထင်းခွဲ နေသည်။ သူ့နားမှာ ကြက်မတွေ ပတ်လည်ဝိုင်းနေသည်။ ထင်းရှူးကိုင်းတွေ လေအဝှေ့မှာ ယိမ်းနွဲ့ နေသည်။ ငှက်ကလေးတွေ တေးဆိုနေသည်။ သူ ဒါတွေကို သိသည်။ ခွဲခြား တတ်သည်။ ခဏနေတော့ တစီစီမြည်နေသံ ဖျော့ဖျော့လေးကို ကြားရ သည်။ သူ ဒါကို မသိ။ ချေးပိုးထိုးလား၊ ပျားလား၊ ကဲ-စကားပြန်လိုလာခဲ့ ပြီ။

"ကြီးကြီးမေ၊ ကြီးကြီးမေ၊ ခဏလာပါဦး"

စိတ်လှုပ်ရှားစွာ သူ အော်ခေါ်တော့ ဒေါ်စုကြည်ခမျာ ပုဆိန်ကြီး ဘေးချပြီး မီးဖိုချောင်ထဲ အမောတကော ဝင်လာခဲ့သည်။

"ဘာတုံး၊ သား မောင်တင်ဝင်း ဘာဖြစ်လို့ လဲ"

"စီခနဲ စီခနဲ မြည်နေသံကို ကြီးကြီးမေ ကြားရလား"

နှစ်ဦးသား နှုတ်ဆိတ်ကာ နားထောင်ကြသည်။

ကြီးကြီးမေနှလုံးက ကျယ်ကျယ်လောင်လောင် တဒိတ်ဒိတ် ခုန်နေသည်။ သူ အင်မတန် အာရုံစိုက်နေရပုံပင်။ ခုနက တောင်ကုန်းပေါ် တက်စဉ်က နှလုံးခုန်သံ လောက်ကို ကျယ်လောင်သည်။

"ဟင်-ကြီးကြီးမေတော့ ဘာမှ မကြားပါဘူး"

"တံခါး အပေါ်နားလောက်က ကြားရတာပဲ၊ အဲဒီနား ဘာရှိလဲ"

ဒေါ်စုကြည်က တံခါးနားသွားပြီး ကြည့်သည်။ မျက်နှာကြက်ကို မော့ကြည့်သည်။

"ဟင့်အင်း၊ ဘာမှ မရှိဘူး သားရဲ့"

"အနားကပ်ကြည့်ပါဦးဗျာ"

"ဩော်-မရှိပါဘူးဆိုမှ၊ ဖုန်တွေနဲ့ ပင့်ကူမျှင်တွေပဲ ရှိတယ်၊ နို့ မင်းက ဘာ ရှိမယ် ထင်လို့ တုံး"

"မပြောတတ်ဘူး၊ အသံက အဲဒီနားက လာတယ် ထင်တာပဲ"

ဒေါ်စုကြည် ပြူးပြဲ၍ ကြည့်ပြန်သည်။ ဘာဆို ဘာမျှ ထူးခြားတာ မတွေ့။

"ခုံပေါ်တက်ကြည့်ပါလား ကြီးကြီးမေ"

တက်ဆိုတော့လည်း တက်ကြည့်ပေးရသည်။ ကြည့်သာကြည့်ရသည်။ သူ့မျက်လုံးတွေက မကောင်းတော့။ အနီးကပ်ကြည့်တိုင်း ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ ခုလည်း မဲသဲနေသည့် မီးဖိုချောင် ထောင့်ကို သူ ပြူးပြဲ ကြည့်နေရသည်။ ပင့်ကူတစ်ကောင်မှ တစ်ပါး အခြားမရှိ။

"ဘာမျှ မရှိပါဘူးကွယ် တကယ်ပါ သားရဲ့"

တင်ဝင်း စိတ်ညစ်သွားသည်။ စကားပြန်က အလုပ်မဖြစ်။ သူ မကျေနပ် သေး။

"လာ ကြီးကြီးမေ၊ ခြံထဲလိုက်ခဲ့"

သူတို့ တဲကလေးရှေ့မှာ ရပ်နေကြသည်။ ဒေါ်စုကြည် လက်ကို ကိုင်ရင်း ထူးထူးခြားခြား အသံကို သူနားစွင့်နေသည်။ ဟော-တဂွတ်ဂွတ်နှင့် ရေသောက်နေသည့် အသံမျိုး သူကြားရပြီ။

"ရေသောက်တဲ့ အသံမျိုး ကြားရလား ကြီးကြီးမေ"

ဒေါ်စုကြည် သိပါပြီ။ တင်ဝင်းအတွက် အင်မတန် အရေးကြီးသည့် အလှည့်အပြောင်း တစ်ခုကို ကြုံတွေ့နေရပြီ။ သို့သော်လည်း သူ ဘာရေသောက် သံမျှ မကြားရ။

"သားရယ် ဒီခြံထဲ တို့ နှစ်ယောက်တည်းရှိတာ၊ ဘယ်သူမှ ရေမသောက်ပါ ဘူး"

"မဟုတ်ဘူး၊ တစ်ယောက်ယောက် ရေသောက်နေတယ်လို့ မပြောပါဘူး၊ သား ပြောတာက ရေသောက်သလို အသံမျိုး ကြားရတယ်လို့ ပြောတာပါ။ အနားမှာ ပဲ၊ သိပ်မဝေးဘူး ကြီးကြီးမေ"

ဒေါ်စုကြည်က ရှေ့နား နည်းနည်းတိုးကြည့်လိုက်သည်။

“တိုးပါဦး၊ ရှေ့နည်းနည်း တိုးဦး ကြီးကြီးမေ”

တင်ဝင်းက ညွှန်ကြားနေသည်။

ရှေ့ဆက်သွားသည်။ ခြံဝင်းနားထိ ရောက်သွားသည်။ မြေပေါ် ဒူး ထောက်လိုက်သည်။

“ကြားရပြီလားဟင်”

တင်ဝင်းအသံက မေးခွန်းမဟုတ်၊ မျှော်လင့်ချက်ဖြင့် တောင်းတောင်းပန်ပန် ပြောခြင်း ဖြစ်သည်။ ဒေါ်စုကြည် တစ်ခုခု တွေ့ချင်လိုက်တာမှ သေမ တတ်။ သို့သော် သူ ဘာမျှလည်း မတွေ့၊ ဘာမျှလည်း မကြား။

“ဟင့်အင်း”

“ဒါဆို ကြီးကြီးမေ ဘာမြင်ရလဲဟင်”

“ခြံဝင်းရယ်၊ မြက်တွေရယ်၊ မြေကြီးရယ်၊ ပန်းပင်တွေရယ်၊ ဒါတွေက လည်း ရေသောက်တဲ့ အသံတော့ မထွက်ဘူး ထင်တာပဲ သားရယ်”

သစ်ခွရိုင်းအဝါလေးတွေကို သူ ငေးနေသည်။ ပျားလေးတစ်ကောင်က ပွင့်ဖတ်တွေပေါ်မှာ ရှိနေသည်။ သူ ထရပ်လိုက်သည်။

*****

အခန်း(၆)

သဲပြင်ပေါ် မျက်နှာနှင့် မှောက်ရက်ကျသည်။ ပါးစပ်ထဲ သဲတွေ ဝင်ကုန်သည်။ တင်ဝင်းသည် လမ်းဘေး သဲပြင်ပေါ်မှာ မှောက်ခုံကြီး မထနိုင်ဘဲ ချေးပိုးထိုးကောင်ကို ပက်လက်လှန်ထားသလို ကူကယ်ရာမဲ့ ဖြစ်နေသည်။ သူ မျက်ရည်တွေ ကျလာသည်။ နာလို့ မဟုတ်၊ ရှက်ခြင်း၊ မခံချင်ခြင်းနှင့် ဒေါသထွက်ခြင်းကြောင့် ဖြစ်၏။ ဒီနေ့ သူ့ကို လုံးဝ ကူညီမပေးဖို့ ကြီးကြီး မေကို အပြတ်မှာ ထားသည်။ ဘုန်းကြီးကျောင်းမှ အိမ်အပြန်လမ်းမှာ အကူအညီမပါဘဲ သူ့တစ်ယောက်တည်း လျှောက်မည်။ ဖြောင့်ဖြောင့်တန်း တန်း လိုရာခရီးသို့ ရောက်ရမည်။ သူ သိပ်သေချာနေခဲ့သည်။

စက္ကူကို သောတဖြင့် အစားထိုးအံ့ဟု အသံတိတ်ကြွေးကြော်ရင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲနေသည့် တင်ဝင်းမှာ အသံမထွက်တတ်သည့် ကျောက်တုံး၊ သစ်မြစ်နှင့် ချိုင့်တွေ၊ ကျင်းတွေကို ဘယ်အာရုံနှင့် ရှောင်တိမ်းကျော်လွှားမည်နည်း။ သူ သွားနိုင်ပြီဟု မာန်တက်ပြီး သတိ တစ်ချက် လွတ်သည်နှင့် ခြေလှမ်းမှားပြီး ဖြစ်နေကျအတိုင်း လဲတော့သည်။ မလုပ်နိုင်။ သူ မလုပ်နိုင်ပြန်ခဲ့။ ဒီအတွေးကြောင့် စိတ်က ဆိုးလာသည်။ ဒေါက ထလာသည်။ ဆရာတော်ကြီး မိန့်ခဲ့တာ အင်မတန် မှန်လှသည်။ ဒေါသ၊ ဒေါသက အာရုံတွေကို ထွေပြားစေသည်။ တင်ဝင်း ဖြည်းဖြည်း ချင်း ထရပ်လိုက်သည်။ မျက်နှာကို လုံချည်ဖြင့် သုတ်သည်။ ဆက်သွား သည်။ သို့သော် သူ့ခြေလှမ်းတွေက မရေရာလှ။ တစ်လှမ်းချင်း စမ်း၍စမ်း၍ ရန်သူ့နယ်မြေကို ဝင်ရသလို စမ်းတဝါးဝါး သွားနေသည်။

ခု တတ်နိုင်သမျှ အိမ်ကို မြန်မြန်ပြန်ရောက်ချင်လှပြီ။ အစကတော့ လမ်းတစ်လျှောက် အသံတွေကို စူးစမ်းမည်၊ ရှာဖွေမည်၊ နယ်ပယ်ချဲ့ထွင်မည်၊ ဈေးကိုပင် ကြီးကြီးမေနှင့် အတူ သွားလိုက် ဦးမည်ဟု တွက်ရေးက စက် သူဌေး လုပ်နေခဲ့သည်။ ခုတော့ သူ ကြားနေရသော အသံတွေကို သူ ပြန်လ နံ့လာသည်။ တိတ်ဆိတ်ရာ အရပ်သို့ အမြန်ဆုံး ရောက်ချင်လှပြီ။ သူ စမ်းတဝါးဝါး လျှောက်လာသည်။ စေတီလေးကို ကွေ့သည်။ ညာဘက်ကို ချိုးသည်။ ကုန်းတက်အစကို ရောက်တော့မည်။ ထိုအချိန်မှာ ပင် သူ့အမည် ကို ခေါ်သံ ကြားလိုက်ရသည်။ သူစိမ်းတစ်ယောက်၏ အသံ။

"ကိုတင်ဝင်း…ကိုတင်ဝင်း"

အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ ဟော…။

"ကိုတင်ဝင်းရေ"

ခုတော့ အသံရှင်ကို သူ မှတ်မိပါပြီ။

"ဟုတ်ကဲ့"

"ဒီမှာ ဘာလုပ်နေတာလဲ"

"စေတီဖြူလေးမှာ ကျွန်မ ထိုင်နေတယ်၊ အစ်ကို့ကို စောင့်နေတယ်ကော"

"ဟင်-သူက ဘယ်သွားလို့ လဲ"

"ကျွန်မတို့ က ဈေးနေ့အပတ်တိုင်း ဈေးထဲမှာ အာလူး လာရောင်းတယ်၊ ခု ကုန်းပေါ်မှာ နေတဲ့ အဒေါ်တစ်ယောက် နေမကောင်းလို့ အစ်ကိုက ဆန်နဲ့ ကြက် သွားပေးတာ၊ သူ့ကို စောင့်နေတာရှင့်"

စေတီရှိရာသို့ တင်ဝင်း သတိကြီးစွာဖြင့် လှမ်းလိုက်သည်။ မိမိရှေ့မှာရုပ်ပျက်ဆင်းပျက် မလဲချင်။ စေတီပေါ်ရောက်တော့ မိမိနားမှာ သူ ဝင်ထိုင် လိုက်သည်။ ဟော-မိမိ၏ စည်းချက်ညီ ရင်ခုန်သံလေးကို သူ ကြားပြီ။ စည်းချက်ကျကျ လှလှပပ၊ သူ့ရင်ခုန်သံက တစ်ပါးသူတွေ၏ နှလုံးခုန်သံ ထက် ပိုနရီကိုက်သည်။ ပိုနူးညံ့သည်။ ရင်ခုန်သံဟု ပင် မဆိုနိုင်။ ရင်ထဲက ဂီတသံ။ နှလုံးသား၏ တေးတစ်ပိုဒ်။

"တစ်ကိုယ်လုံးလည်း ပေရေလို့၊ ကိုတင်ဝင်း လဲလာတာလား"

"အတော်ခိုက်မိသွားလား"

"ဟင့်အင်း"

မိမိ ရင်ခုန်သံနှင့် အတူ သူ တဖြည်းဖြည်း တည်ငြိမ်လာသည်။ ယုံကြည် မှုတွေ ပြန်ရလာသည်။ အသံတွေ သူ့နေရာမှန် သူ ပြန်ရောက်သွားသည်။ မိမိက သူ့အနား တိုးလာသည်။ ကိုယ်သင်းရနံ့လေး လှိုက်ခနဲ ရသည်။ ပထမဆုံးသော မိုးဦးတစ်ပြိုက်ကျအပြီး ထင်းရှူးတောမှ လှိုက်တက်လာသည့် ရနံ့မျိုး။ ချိုသည်၊ သို့သော် မဟားတရား မဟုတ်။ အင်မတန် နုညက်၍ အထပ်အလွှာ နုနုလေးတွေ များစွာ ရှိနေသော ချိုမြမှုမျိုး။ သူတို့ စကားမ ဆိုမိကြဘဲ တိတ်နေကြသည်။ ဟော- တိုးတိတ် ညင်သာလှသည့် တ ထပ်ထပ် အသံလေးတစ်သံ ကြားရပြန်ပြီ။ သူ နားစိုက်ထောင်သည်။ စေတီ ဟိုဘက်အခြမ်းက ထွက်လာတာ သေချာသည်။ ထိုအသံကို ကြားရသလား လို့ မိမိကို သူ မေးလိုက်ရ ကောင်းမလား။ ကြားရသည် ဆိုလျှင် ဘာတွေ့မ လဲလို့ သွားကြည့်ခိုင်းချင်သည်။ ဒါဆို သူ့ဘာသာစကား၏ စကားလုံး အဓိပ္ပာယ်ကို သူ သိရမည်။ သို့သော် ဘာမှ မကြား၊ ဘာမှ မတွေ့ ဆိုရင် ရော။ မနေ့က ကြီးကြီးမေနှင့် အလုပ်မဖြစ်တာ သတိရလာသည်။ မိမိရှေ့ မှာ

အရှုးလို ဖြစ်ရမည့် အဖြစ်မျိုး မဖြစ်ချင်။ တော်ပြီ။ မမေးတာ ကောင်းသည်။

သို့သော်လည်း အသံ၏ ညှို့ဓာတ်က ပြင်းလှသည်။ နောက်ဆုံးတော့ မီး စဉ်ကြည့်ကမည်ဟု သူ ဆုံးဖြတ်လိုက်သည်။ အမေးကို အမေးဖြင့် ဆင့် မည်။

"မိမိရေ၊ တထပ်ထပ်နဲ့ မြည်နေသံကို ကြားလားဟင်"

"ဟင့်အင်း၊ မကြားပါဘူး"

"တထပ်ထပ်နဲ့ ဆိုတာက စကားအဖြစ် ပြောတာပါ၊ တူသေးသေးလေးနဲ့ သာသာလေး ထုနေသလို အသံမျိုး"

တင်ဝင်းက အုတ်ခုံပေါ်ကို လက်သည်းဖြင့် တတောက်တောက် ခပ်မြန်မြန် ခေါက်ပြလိုက်သည်။

"အဲ-အဲသလို အသံမျိုး မိမိရဲ့"

"ဟင့်အင်း၊ ကျွန်မတော့ ဘာမှ မကြားဘူး ကိုတင်ဝင်းရယ်"

"ဒါဆို စေတီနောက်မှာ ဘာရှိလဲ တစ်ချက် ကြည့်ပေးကွယ်"

"ဟင့်အင်း ဘာမှ မရှိဘူး၊ ချုံပုတ်ကြီးပဲ ရှိတယ်"

"ချုံပုတ်ထဲမှာ ရော ဘာရှိလဲဟင်"

တင်ဝင်း စိတ်လှုပ်ရှားမှုကို ဖုံးကွယ်ဖို့ ခက်လာသည်။ မိမိသာ ကူညီခဲ့ လျှင် သူ့ပြဿနာကြီးကို ဖြေရှင်းနိုင်တော့မည် ဖြစ်သည်။

မိမိကလည်း သေချာ ကြည့်ပေးရှာသည်။ ဘာမှတော့ မတွေ့ရ။ ငှက်သိုက် တစ်ခုက လွဲ၍ ပေါ့။

"ဘာမှ မရှိပါဘူး"

"တွေ့တာကို ပြောပြစမ်းပါ"

"ချုံရယ်၊ အရွက်တွေရယ်၊ ငှက်သိုက်ဟောင်းတစ်ခုရယ်ပဲ"

"ငှက်သိုက်ထဲမှာ ရော ဘာရှိလဲ"

"မသိဘူးလေ၊ ကြည့်ရတာတော့ ဘာမှ ရှိပုံ မရပါဘူး"

"အသံက အဲဒီ ငှက်သိုက်ထဲက လာတာပဲ၊ သေချာတယ်၊ အနားကပ်ကြည့်

ပေးပါလား မိမိရယ်”

“သိပ်မြင့်လွန်းတယ်ရှင့် ကျွန်မ မမီဘူးလေ”

ဟင်-ချုံက သူ့ရှေ့တင်ရှိတာကို အသာလေး မတ်တတ်ရပ်ပြီး ကြည့်လိုက်ရင် ရရက်သားနဲ့၊ တစ်ချက်ကြည့်ရင် လုံလောက်ပြီပဲကို မိန်းကလေးရယ်။

“နေပါဦး၊ ရှင်က အဲဒီထဲမှာ ဘာရှိမယ် ထင်လို့ တုန်း”

တင်ဝင်း ငြိမ်သွားသည်။ ပြောလိုက်ရင် သူ ယုံပါ့မလား၊ ဖြီးနေတာဟု ထင်သွားမလား။

“ဥတစ်လုံး ရှိမယ်လို့ ထင်တယ်၊ ခု ကြားနေရတဲ့ တထပ်ထပ် အသံဟာ အကောင်မပေါက်သေးတဲ့ ငှက်ကလေးရဲ့ ရင်ခုန်သံလို့ ထင်တယ်”

တင်ဝင်းအဖြေကို ကြားရတော့ မိမိက သဘောကျစွာ တခိခိ ရယ်သည်။

“နောက်နေတာလား ကိုတင်ဝင်းရယ်၊ ဘယ်သူမှ အဲသလောက် မကြား နိုင်ပါဘူး”

သူ စကားမပြောနိုင်၊ ဘာပြန်ပြောရမည်နည်း။

“ကိုတင်ဝင်း ကျွန်မကို ကူညီမယ် ဆိုရင်တော့ ကျွန်မ ကြည့်ပေးမယ်လေ၊ ကျွန်မကို ကျောပိုးနိုင်မလား”

စိတ်အားထက်သန်လှသည့် တင်ဝင်းသည် ဘာမျှ မစဉ်းစားနိုင်ဘဲ ငုတ်တုတ်ထိုင်ချ လိုက်သည်။ မိမိက သူ့လည်ပင်းကို ဖက်လိုက်သည်။ တင် ဝင်း ဖြည်းဖြည်းထသည်။ မသက်မသာ ထရပ်သည်။ လူက ဘယ်ညာယိမ်းနေသည်။

“ဘာဖြစ်လို့ လဲ ကိုတင်ဝင်း၊ ကျွန်မက သိပ်လေးလို့ လားဟင်”

“မ-မဟုတ်ပါဘူး၊ မလေးပါဘူး”

တကယ်လည်း အလေးချိန်ကြောင့် မဟုတ်။ ကျောပေါ် လူတစ်ယောက် ပိုးထားရသည့် တစ်ခါမျှ မခံစားဖူးသော ခံစားချက် အသစ်၊ အထိအတွေ့ အသစ်ကြောင့် သာ။ မိမိသည် သူ့ခြေထောက်တွေကို တင်ဝင်း ခါးပေါ်မှာ ခါးထစ်ခွင် နေရာချသည်။ တင်ဝင်းက သူ့ကို နောက်ပြန်ဖက်ပေးထားရသည့် အတွက် အခု သူ့လက်နှစ်ဖက်လုံး မအားတော့၊ ရှေ့မှာ ဘာရှိမှန်း သူ မသိ။ ဒူးတွေ ခွေချင်လာသည်။

“မကြောက်နဲ့ ကိုတင်ဝင်း၊ ကျွန်မ ပြောပေးမယ် ရှေ့တစ်လှမ်းတိုးလိုက်”

တင်ဝင်းက မလှမ်းဝံ့ လှမ်းဝံ့နှင့် တစ်လှမ်း တိုးလိုက်သည်။

"ကောင်းတယ်၊ နောက်တစ်လှမ်း ထပ်လှမ်း၊ ရှေ့မှာ ကျောက်တုံးတစ်တုံး ရှိတယ်၊ မနင်းမိစေနဲ့ သတိထား"

ဘယ်ခြေထောက်နားက ကျောက်တုံးကို သူ စမ်းမိသည်။ အသာရှောင်၍ ရှေ့တစ်လှမ်း တိုးလိုက်သည်။ ဒီလိုနှင့် သူတို့ စေတီလေး အနောက်ဘက်သို့ ရောက်လာခဲ့ကြသည်။ ချုံတွေနှင့် တင်ဝင်း မျက်နှာကို မရိုက်မိအောင် မိမိ က ချုံတွေကို လက်တစ်ဖက်နှင့် ဖယ်ရသည်။

"ရှေ့တစ်လှမ်းပဲ ထပ်တိုးတော့၊ ရောက်ပြီ"

သူ့ပခုံးကို လက်ဖြင့်ထောက်ရင်း မိမိက ရှေ့ကို ကုန်းလိုက်သည်။ တင်ဝင်း ရင်တွေ တဒိုင်းဒိုင်း"ခုန်လာသည်။ ဟန်ချက်ကိုလည်း ထိန်းရသေး သည်။

"ဟုတ်တယ်၊ ငှက်ဥတစ်လုံး၊ သိပ်တော့ မကြီးဘူး"

"ဟင်-တကယ်လား"

တင်ဝင်း ပျော်လွန်းမက ပျော်သွားသည်။ မဖုံးကွယ်နိုင်လောက်အောင် ပင်။ လက်ခမောင်း ထခတ်မတတ်ပင်။ ဟုတ်ပြီ။ ဟုတ်ပြီ။ မိမိသည် သူ့ဘဝ အမှောင်မိုက်ကို အလင်းပြပေးခဲ့ပြီ။ ခုတော့ သူ စကားပြန်တွေ့ခဲ့ပြီ။ အသံ တိုင်းကို သူ အဓိပ္ပာယ် ဖော်နိုင်တော့မည်။ အထပ်ထပ် ကြားနေရသည့် အသံသည် ဥခွံထဲမှ မပေါက်သေးသည့် ငှက်ကလေး၏ ရင်ခုန်သံ ဆိုတာကို ခု သူ ပြက်ပြက်ထင်ထင် သိခဲ့ပြီ။ မိမိကြောင့် သူ့ကမ္ဘာ ရုပ်လုံးပေါ်လာတော့ မည်။

"မိမိရယ်၊ ဘာလို့ ငှက်သိုက်ကို ကိုယ့်ဘာသာကိုယ် ထမကြည့်ချင်တာလဲ ဟင်"

မိမိ၏ လက်တွေက တင်ဝင်းလက်များကို ကိုင်ပြီး သူ့ခြေသလုံးသားများ ဆီသို့ နေရာရွှေ့ပေးသည်။ မိမိ၏ အရေပြားက နူးညံ့လှသည် ကော။ သူ့ပါး ပြင်နှင့် မကြာခဏ ကပ်ကပ်ထားတတ်သော သစ်ပင်တွေမှာ ကပ်နေတတ် သည့် ရေညှိပွင့်လေးတွေထက်ပင် နူးညံ့သေးသည်။ သူ့လက်များက မိမိ၏ ခြေထောက်တွေကို စမ်းမိသည်။ ဒူးခေါင်းမှ သည် ခြေမျက်စိထဲ။ အို- ခြေထောက်တွေက ပုံပျက်ပန်းပျက် သေးကွေးကြုံလှီ အတွင်းသို့ ခွင်ပြီး လုံးလုံး လှုပ်ရှား၍ မရပါကလား။

*****

အခန်း(၇)

သားချည်းပဲ ငါးယောက်မွေးထားသည့် မရတနာသည် သမီးကလေး မွေးဖွားချိန်ကို သူ့ဘဝ၏ အလှဆုံး အချိန်ဟု မှတ်ယူခဲ့သည်။ သမီး မိန်းကလေး လိုချင်သော်လည်း ကလေး မရနိုင်တော့ဟု စိတ်တုံးတုံး ချလိုက်သည့် အရွယ်မှ သမီးကလေး ရလာသည့် အတွက် သူ ဝမ်းသာလှသည်။ ၃၈ နှစ် အရွယ်မှ မွေးခဲ့သည့် သမီးလေးသည် ဘဝမှာ တန်ကြေးမဖြတ်နိုင်သည့် လက်ဆောင်ပင်။ သမီးလေးကို ဝမ်းထဲမှာ ကိုးလလွယ်ခဲ့ရသည့် ကာလများ မှာ သူ့ကို ဘာဒုက္ခမျှ မပေးခဲ့။ နေ့စဉ် အလုပ်နဲ့ လက် မပြတ်တမ်း လုပ်နိုင်ခဲ့ သည်။ လယ်ကွင်းထဲမှာ အလုပ်လုပ်ရင်း ခါးဆန့်၊ မျက်စိမှ ိတ်၊ ဗိုက်ကို ပွတ်ရင်း ကြည်နူးခဲ့ရသည်။ ညည ဗိုက်ထဲမှာ ကလေးလှုပ်လျှင် သူ နိုးလာ တတ်သည်။ သားအိမ်ထဲမှာ လှုပ်ရှား ကန်ကျောက်နေသည့် ကလေးငယ်၏ လှုပ်ရှားမှုကို မြင်ရ သိရသည့် အခိုက်အတန့်ထက် လှပသောအရာသည် မ ရှိ။ မွေးမွေးချင်း သမီးလေးမှန်း သိရသည်။ အနက်ဘက် ယိမ်းသည့် မျက်လုံးညိုညိုကြီးတွေက လှလိုက်တာ၊ အသားအရောင်ကလည်း တခြား ကလေးတွေထက် လတ်၏။ ခေါင်းလေးက လုံးလုံးဝိုင်းဝိုင်း၊ ဘာ ဒဏ်ရာဒဏ်ချက်မျှ မရှိ၊ မျက်နှာကျကလည်း ပြောစရာ မရှိ။ မွေးပေးသော သားဖွားဆရာမပင်လျှင် မွေးပေးသမျှထဲ အလှဆုံးကလေးလေးဟု အံ့သြ ဘနန်းဖြင့် ချီးမွမ်းထောမနာ ပြုခဲ့သည်။ သမီးလေး မိမိကို ပွေ့ထားရင်း မ ရတနာ ပျော်လှသည်။ သမီးလေးက သူ့ကို မျက်ဝန်းညိုကြီးဖြင့် မော့ကြည့်လိုက်ချိန်တွေဆို ရင်ထဲမှာ သိမ့်ခနဲ သိမ့်ခနဲ။ သားတွေ မွေးစဉ်ကထက် ပိုကဲ သည့် ခံစားမှု။ ဟော-သမီးလေး ပြုံးပြီ။ လှလိုက်သည့် အပြုံးလေး။ တစ်ခါ မျှ မမြင်ဖူးလောက်အောင်ပါပဲ။ ရတနာ အားလုံးကိုမေ့၊ လောကကြီးကို မေ့။ ထိုသို့ မေ့နေသည့် အတွက် သမီးလေး၏ မွေးရာပါ ပုံပျက် ပန်းပျက် ခွင်ပြီး လှုပ်ရှားမှု အလျှင်းမရှိသည့် ခြေထောက်အစုံကို သူ သတိမထားမိ၊ သူ့ယောကျ်ား ကိုမိုးကသာ စတင် သတိထားမိ၏။ ကိုမိုးသည် ထိတ်လန့်တကြား ရေရွတ်ရင်း သမီးခြေထောက်တွေကို ရတနာ့အား ပြ၏။

"ကလေးတစ်ယောက်နဲ့ တစ်ယောက်တော့ ဘယ်တူပါ့မတုန်းတော်"

ရတနာက ကိုမိုးကို ဤသို့ပင် ခပ်ပေါ့ပေါ့ ပြန်ပြောခဲ့ပြီး အလွမ်းဇာတ်ကို ပြည်ဖုံးကား ချခဲ့သည်။ သို့သော်လည်း ရွာထဲမှ ပျံ့လွင့်လာသော ကောလာဟလများကို သူ နားရှိ၍ ကြားပါသည်။ သမီးလေးဟာ လွန်ခဲ့သည့် နှစ်တုန်းက ရေ့ခြေနှစ်ချောင်း ကျိုးသွား၍ ပစ်သတ် အဆုံးစီရင်လိုက် သော စကော့လူမျိုး သခင်ကြီးတစ်ယောက်၏ မြည်းကလေး ဝင်စားတာတဲ့ လေ။ ကြာကြာခံမယ် မထင်ဘူးတဲ့။ ဒါပေမဲ့ ဒီသမီးလေး မွေးပြီးမှ သီးနှံ တွေ ဖြစ်ထွန်း

စီးပွားတွေ တက်ပြီး သွပ်မိုး ပျဥ်ကာ အိမ်သစ်ကလေး ဆောက်နိုင်လာသည် ကို သူတို့ မျက်မြင်ကိုယ်တွေ့ပင်။ သို့သော်လည်း ကံကြမ္မာကောင်း၏ အဖိုးအခက ရောက်လာခဲ့သည် သာ။ ဒုက္ခိတကလေး လေး ရှိတာ ရှာနာတယ်၊ သူ့ကလေးဟာ ကပ်ဆိုး၏ ရှေ့ပြေး တမန်၊ တော ထဲ သွားပစ်လှည့် အစရှိသည့် အသံတွေမျိုးစုံ ထွက်လာသည်။ ကိုမိုး မိဘ များကလည်း ရတနာ့ကို နက္ခတ်ဗေဒင် မေးဖို့ စဥ်ဆက်မပြတ် တွန်းအားပေးသည်။ ဘယ်ဗေဒင်ဆရာ မေးမေး သမီးလေးကို ကံကောင်း ခြင်းလက်ဆောင်ဟု ဟောစရာ အကြောင်းမရှိ။ ဒါကြောင့် ဒီစကားတွေကို ရတနာ နားမထောင်။ ကြယ်တွေ၊ နက္ခတ်တွေထက် သူ့ကြမ္မာကိုသာ သူဖန်တီးမည်။ ကိုယ့်ကိုယ်ကိုယ်သာ ယုံစားသည်။ သူ့သမီးသည် အလွန် ရှားပါးတန်ဖိုးရှိသည့် ရတနာလေးပင်။

သမီး တစ်နှစ်ပြည့်ခါနီးအချိန်အထိ ကိုမိုးမှာ လည်း သူ့သမီးသူ ရွံနေခဲ့ သည်။ မထိရဲ၊ မတို့ ရဲ၊ သူ့သားတွေ ညီမလေးကို ချီမည် ပိုးမည် ကြံလျှင် သူက အရင်ဟန့်သည်။ နောက်ဆုံးတော့ ရတနာ သူ့ကို ပြောရပြီ။

“ခြေခွင်တာဟာ ကူးစက်ရောဂါ မဟုတ်ပါဘူးတော်”

“အင်းပါ၊ သိပါတယ်”

“သိတယ်လား၊ ဒါဖြင့် တော် သမီးကို ဘာလို့ ကြည့်တောင် မကြည့်တာ လဲ”

ရတနာက သမီးခန္ဓာကိုယ်ကို ထွေးပွေ့ထားသော စောင်တွေကို ခြေမြန် လက်မြန် ခွာချ ပစ်လိုက်သည်။

ကိုမိုး နောက်တွန့်သွားသည်။ သမီးလေး မိမိက ကိုယ်လုံးတီးကလေးနှင့် သူ့ရှေ့တည့်တည့်မှာ။ အေးလှသည့် အချိန်မို့ ကလေး ဖြဲခနဲ အော်ငိုမည် ထင်သော်လည်း မငို။ သူ့အဖေကိုသာ မျှော်လင့်ခြင်း ကြီးစွာ စိုက်ကြည့်နေ ခဲ့သည်။

“ဘာလို့ လဲ ကိုမိုး၊ ဘာဖြစ်နေလို့ လဲ”

ကိုမိုးသည် သမီး၏ ဗိုက်ကလေးကို အသာအယာ ထိကြည့်သည်။ သေးကွေး ကြုံလှီသော ပေါင်တံလေးများ၊ ဒူးခေါင်းလေးများကို လက်ဖဝါး များ ဖြင့် စမ်းရင်း အတွင်းသို့ ခွင်နေသော ခြေထောက် သေးသေးလေးနှစ် ဖက်ကို အသာဆုပ်ကိုင်ထားသည်။ မိမိလေးက သူ့အဖေကို ပြုံးပြနေသည်

သူ့အကြည့် သူ့အပြုံးက သူ့အမေ ရတနာချွတ်စွပ်။ ထိုအကြည့် ထိုအပြုံးတွေကို သူ ခုခံ တော်လှန်နိုင်စွမ်း မရှိ။ သမီးကို ပစ်ထားသလို ဖြစ်ခဲ့သည် ကို ကိုမိုး ရှက်နေမိသည်။

ရတနာက ကလေးကို အနီးပြန်ထုပ်ပြီး နို့တိုက်နေသည်။

သမီးသည် အမေဖြစ်သူ၏ မျက်လုံးလှလှ၊ အပြုံးလှလှတွေကိုသာ အမွေဆက်ခံသည် မဟုတ်။ ရတနာ၏ ရောင့်ရဲလွယ်သော၊ စိတ်ဆိုးခဲသော၊ ပျော်ပျော်နေသေခဲ စိတ်ထားကိုလည်း အမွေအပြည့်အဝ ဆက်ခံသည် ကို ကိုမိုးသိခဲ့ပါပြီ။ သမီးက ငိုခဲသည်။ ဟစ်အော် သောင်းကျန်းခြင်း အလျှင်းမရှိ။ ညဆိုဘာဒုက္ခမျှ မပေး၊ သူ့ပတ်ဝန်းကျင်မှ မြင်သမျှ အရာတိုင်းကို သူနှင့်လိုက်လျောညီထွေ ဖြစ်အောင် ညှိယူသည် သာ။

နောက်တစ်နှစ် ကျော်လာချိန်မှာ တော့ မိမိသည် တွားသွားဖို့ ကြိုးစားနေသည် ကို ကိုမိုးနှင့် ရတနာ တွေ့လိုက်ရသည်။

အိမ်ရှေ့ဝရန်တာ လက်ရန်းကလေးကို ကိုင်၍ ဆွဲတက်ဖို့ လုံ့လစိုက်နေသည်။ ခြံထဲမှာ ကြက်စာ ကျွေးနေကြသည့် လင်မယားနှစ်ယောက် သမီးလေးကိုဘာမျှ မပြောဘဲ ငေးကြည့်နေကြသည်။ ခွင်နေသော ခြေထောက်လေးများ ပေါ်ခန္ဓာကိုယ် တစ်ခုလုံး၏ အလေးချိန်ကို တင်နိုင် အောင် ချိန်ဆနေသည်။ ဟော-သူရပ်နိုင်သွားပြီ၊ မိဘတွေဘက် တစ်ချက် ကြည့်ရင်း ဖုတ်ခနဲ ခွေကျသွားသည်။ သူအလျှော့မပေး။ ရပ်ဖို့ ကြိုးစား ပြန်သည်။ လဲပြန်သည်။ ရပ်ပြန်သည်။ အကြိမ်ပေါင်းများ စွာ။ ကိုမိုး ရင် မှာ မချိလွန်းသဖြင့် သမီးကို ဟန့်ဖို့ ကြိုးစားသည်။ ရတနာကသူ့ကို ဆွဲထားရင်း-

"နေပါစေ၊ သူ့ခြေထောက်က သူ့ခန္ဓာကိုယ်ကို မသယ်နိုင်ဘူး ဆိုတဲ့ အမှန်တရားကို သူ သိပါစေ"

ဟု ပြောလိုက်သည်။ ဒါကို မည်သည့် တန်ခိုးရှင်ကမျှ ပြောင်းလဲပေးနိုင်စွမ်းမရှိ။

မိမိက လုံးဝ မငို။ မျက်လုံးလေးကို ပွတ်ရင်း ဝရန်တာ လက်ရန်းကိုကြည့်နေသည်။ လက်ရန်းက တစ်ခုခုများ မှားနေသလား ဆိုသည့် ပုံမျိုးပေါ့။ သူထပ်ကာ ထပ်ကာ ကြိုးစားနေသည်။ ခြောက်နှစ် ပြည့်ပြီးချိန်မှာ တော့လမ်းလျှောက်နိုင်ဖို့၊ ရပ်နိုင်ဖို့ ကြိုးစားမှုကို သူ လက်လျှော့လိုက်သည်။ အကြိမ်ပေါင်းများ စွာ ကြိုးစားခဲ့မှုကို ထိုင်ချရင်း၊ မိဘတွေဘက် လှည့်ကာရယ်ပြရင်း ရပ်တန့်ပစ်လိုက်သည်။ ထိုအချိန်မှ စ၍ သူ ဖင်တွန်းကာ သွား သည်။ တွားသွားသည်။ လေးဖက်ထောက် သွားသည်။ သွားလို့ ရသည့် နည်းမှန်သမျှနှင့်သွားသည်။ ကြက်တွေကို ခြောက်သည်။ မိုးရွာလျှင် ဗွက် ထဲ လူးသည်။ အစ်ကိုတွေနှင့် တူတူပုန်းတမ်း ကစားသည်။ သူ့ကို ရှာတွေ့ ခဲလှသည်။

ခြေထောက်၏ အသုံးဝင်မှုတွေကို နောက်တော့ သူ တဖြည်းဖြည်း ပိုပိုသိ

လာခဲ့သည်။ အိမ်နီး နားချင်းကလေးတွေ ပြေးလွှား ဆော့ကစား ယူကလစ်ပင်ပေါ် တက်နေသည် ကို ဝရန်တာမှ သူ ထိုင်ငေး တတ်သည်။ ကံစီမံရာ ဖြစ်သော လောကခံကို သူ လက်ခံနိုင်ဖို့ ကြိုးစားနေမှန်း ရတနာ သိသည်။ မိမိသည် လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်သည် မှာ မှန်၏။ သို့သော် သူ၏ စူးစမ်းချင်စိတ်နှင့် တခြားသော ဘဝ၏ အရည်အသွေးတို့ က အကန့်အသတ် မရှိ။

ထိုအရာများ ထဲမှ တစ်ခုက သူ့အသံ ဖြစ်သည်။ ကလေးပေါက်စ အရွယ် က ရတနာသည် လယ်ထဲ ဆင်းတိုင်း သူ့သမီးကို ကျောပိုးခေါ်သွား တတ်သည်။ အလုပ်လုပ်ရင်း သီချင်းလေး တအေးအေးဖြင့် ရှိနေ တတ်သည်။ ထို့ကြောင့် လည်း ကြာလာတော့ သူ့အမေ ဆိုသမျှ သီချင်းတွေ အားလုံးကို သူ အလွတ် ရလာသည်။ အရွယ်လေးရလာတော့ အမေနှင့်သမီး သံပြိုင်တေးသီကျူးကြသည်။ ခုနစ်နှစ် သမီးအရွယ်မှာ ပင် ထူးထူး ကဲကဲ ချိုကြည်မြနေသော သူ့အသံကို အိမ်နီးနားချင်းများ သတိထားမိ လာ ကြသည်။ သူ သီချင်းဆိုနေပြီဆိုလျှင် ရပ်၍ ထိုင်၍ နားအရသာခံ နားထောင်တတ်သော ပရိသတ် တဖြည်းဖြည်း တိုးလာသည်။ သူတို့ အိမ် ဝိုင်းကလေးအပြည့် ပရိသတ် များ လာသည် လမ်းပေါ်မှာ မိုးတိုးမတ်တတ် နားထောင်သူတွေကလည်း မနည်းမနော။ တဖြည်းဖြည်း နှင့် သူ့အသံသည် သုတိသာယာ ရှိခြင်းသာမက ပဥ္စလက်ဆန်ဆန် အစွမ်း တွေပါရှိသည် ဟု ယုံမှတ်လာကြသူတွေ ပေါလာသည်။ နှစ်နှစ်လောက် အိပ်ရာထဲ လဲနေသော မုဆိုးမကြီးသည် မိမိအသံကိုကြား၍ လူ့အုပ်ထဲ တိုးဝင် လာပြီး ကျန်းကျန်းမာမာ ထကသည့် အကြောင်း၊ တစ်ကိုယ်လုံး နှင်းခူကွက်တွေ ဖုံး၍ ငါးဟု ခေါ်ကြသော သူငယ်လေးတစ်ယောက် မိမိ သီချင်းသံကို နေ့စဉ် နားထောင်ပြီး ခြောက်လအတွင်း တစ်ကွက်မကျန် ရောဂါပျောက်သွားသည့် အကြောင်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လာကြသည်။

အမေနှင့် အတူ ဈေးသွားပြီး ဈေးထဲမှာ သူ သီချင်းဆိုလျှင် လူတွေက တစ် အုပ်တစ်မ ဖြစ်လာ တတ်သည်။ ရဲတွေ လာ၍ တားယူရသည် အထိ။ ပသို့ ဆိုစေ မိမိ၏ ကျော်စောသတင်းက ဟိန်းထွက်လာသည်။ ဘုရင့် တပ်မတော်မှ အငြိမ်းစားယူ၍ ကလောမှာ အခြေချနေသော အိုင်းရစ် ဗိုလ်မှူးတစ်ဦး သေအံ့မူးမူး အချိန်တွင် မိမိကို ဖိတ်ပြီး သီချင်းဆိုခိုင်းခဲ့ သည် နောက်တော့ မင်္ဂလာဆောင်တွေ၊ မွေးနေ့ မင်္ဂလာတွေ၊ အခမ်းအနားတွေမှာ ပင်တိုင်အဆိုရှင် ဖြစ်လာသည်။ သူ့မိသားစုသည် လည်း ဆန်ဆီဆား၊ လက်ဖက်ခြောက်၊ ကြက် အစရှိသဖြင့် တုံ့ပြန် လက်ဆောင်တွေ တနင့်တပိုးပေါ့။ သမီးလေး၏ အဆိုရှင် ဘဝကို အားပေးအားမြှောက်ပြုမည်၊ သူ့ယာကို လူငှားချထားမည် အစရှိသဖြင့် ကိုမိုးက ကြံစည်နေတုန်း ဖြုန်းခနဲ မိမိက သီချင်းမဆိုတော့ဟု ရုတ်တရက် ကြေညာ လိုက်သည်။

ထိုသို့ ပြောလိုက်ချိန်မှာ ခြံထဲက ကွပ်ပျစ်မှာ သူတို့ မိသားစု ဝိုင်းဖွဲ့ကြချိန်။ ဆည်းဆာချိန် ပေမယ့် အတော်အေးနေခဲ့ပြီ။ ရတနာက သူ့သမီးကို အနွေးထည်ကြီး ခြုံပေးထားသည်။ မိမိက သနပ်ခါးတုံးတွ ဆေးရင်း၊ ရတနာက ခရမ်းချဉ်သီးတွေ ရွေးရင်း၊ အိမ်အောက်က ဝက်က တအီအီ၊ ယာထဲက ကျွဲက မစင်စွန့်၊ အနံ့တွေက ခြံဝင်းထဲမှာ လှိုင်လို့။ သီချင်းမဆို တော့ဘူး ဆိုသည့် စကားကို ကိုမိုးက ရယ်စရာပြောသည် ဟု ထင်နေသည်

"ဟင်-ဘာဖြစ်လို့ လဲ သမီး"

"ပျော်စရာ မကောင်းတော့လို့ "

"ဟင်-ဘာများ ဖြစ်လို့ လဲ"

"ဘာမှ မဖြစ်ပါဘူး အဖေကလည်း"

"ဒါပေမဲ့ သမီးအသံက တနေ့တခြား ပိုကောင်းလာတာလေ"

"တော်ပါတော့ အဖေရယ်၊ အဲလို ပြောတာတွေ မကြားချင်တော့ပါဘူး"

"ဒါဆို နောက် ဘယ်တော့မှ သီချင်းမဆိုတော့ဘူးလား"

"အဲလိုတော့ မဟုတ်ဘူး အဖေ၊ သမီး အသံကို ချွေတာမလို့"

"ဟင်-ဘာအတွက် ချွေတာမှာ တုံး"

"သမီးလည်း မသိပါဘူး အဖေရယ်"

ကိစ္စပြတ်ပြီ၊ ပတ်တောပိတ်ပြီ ဆိုခြင်းကို ကိုမိုး ကောင်းစွာ သိသည်။ အမေတူသမီးပေပဲ။ အမေ့လိုပဲ ခေါင်းကြောမာသည်။ ဘူးဆို ဖရုံမသီးဘူး ဆိုသည့် အစားမျိုး။ ဒါကိုပဲ ကိုမိုးက သဘောကျ လှသည် မဟုတ်လား။

မိမိ အသက် ၁၄ နှစ် ပြည့်ပြီးခဲ့ပြီ။ ထို့ကြောင့် ဇွတ္တိယသဘာဝပြောင်းလဲမှုတွေကို ရတနာ ကောင်းကောင်း သတိထားမိသည်။ ခန္ဓာကိုယ် ကောက်ကြောင်းကလေးက လှသထက် လှလာသည်။ အသံက အပျိုဖော်ဝင်လာတော့ ပိုသာယာလာသည်။ မျက်ဝန်းညိုတွေက အရောင်တဖျတ်ဖျတ် လက်လာသည်။ မန်ကျည်းညိုရောင် အသားက စိုလာသည် တွားသွားရသည့် လက်တွေက အသားမာ တက်ခြင်း၊ ကြမ်းတမ်း ခက်တရော်ခြင်း မရှိဘဲ သွဲ့သွဲ့ပျောင်းပျောင်းကလေး။ လက်ချောင်းတွေ ကတော့ သွက်လက်မြန်ဆန်လွန်းလှသည်။ ချက်ပြုတ်လှီးချွတ်လျှင် သူ့ လက်မြန်မှုကို ရတနာ မမီ။ လွန်ခဲ့သည့် နှစ်နှစ်က သမီးကို ရက်ကန်းသင် ပေးခဲ့သည်။ အခုတော့

သူ့ထက်ပို ကျွမ်းကျွမ်းကျင်ကျင် ရက်တတ်နေပြီ။ အရင်တုန်းကတော့ သမီးလေးကို ကြည့်ရင်း တိတ်တခိုး ရင်မောနေတတ် သည့် ရတနာ့ခမျာ နိုးတစ်ဝက် ချောက်အိပ်မက်ဆိုးတွေ မက်ခဲ့ဖူးပါသည်၊ ဈေးထဲမှာ တိရစ္ဆာန်တစ်ကောင်လို ဖုန်းတောင်းယာစကာလို လေးဖက်တွား သွားရင်း အများ ရယ်ပွဲဖွဲ့ခံ ဖြစ်ရရှာသည့် သမီးကလေး၏ ရုပ်ပုံလွှာ။ တစ်ခါတလေ သာစည်သို့ အစုန်ရထားကို မီအောင် တွားသွားရင်း တွဲပေါ် မတက်နိုင်မီ ရထား ထွက်သွားသဖြင့် အမြဲ ကျန်ရစ်ခဲ့ရရှာသော သမီး ကလေး၏ ပုံရိပ်လွှာ။

တစ်ခါတလေလည်း အိပ်မက်မမက်ဘဲ တွေးမိသည်။ အပျိုကြီးဖားဖား ဖြစ်နေပြီဖြစ်သော မိမိသည် အိမ်သို့ ဧည့်သည် တွေ ရောက်လာလျှင် ဘယ်လို ကြိုမည်နည်း။ လေးဖက်ထောက်ရင်း ကြွပါရှင့်၊ လာပါရှင့်ဟု ခရီး ဦးကြိုပြုနေမည်လား တွေးမိသည် နှင့် ပင် ကြက်သီးဖြန်းဖြန်း ထသည်။

ခုတော့ သူ စိုးရိမ်သမျှ စိတ်ပူသမျှ အဟောသိကံ ဖြစ်ပြီ ဖြစ်ကြောင်းကိုသိတော့ ဝမ်းမြောက်စိတ်ဖြင့် သူ မယုံနိုင်အောင်ပင်။ မိမိသည် သူ ထင်သလို ရုပ်ပျက်ဆင်းပျက် တိရစ္ဆာန်သာသာ ဘဝမျိုးသို့ လုံးဝမရောက်။ တင့်တင့်တယ်တယ် လှသွေးကြွယ်ရင်း ဣန္ဒြေသိက္ခာအပြည့်နှင့် မိန်းမပျိုလေး ဖြစ်၍ လာတော့သည် ကိုး။

*****

ဒုတိယပိုင်း(ခ)

အခန်း(၈)

ထိုဇာတ်လမ်း ထိုနေရာအရောက်မှာ အရင်က ကျွန်မ တစ်သက်လုံး သိလာခဲ့သည့် ဂျူလီယာအနေနှင့် ထထွက်သွားပေမည်။ ဒေါသတကြီးဖြင့် အော်မည်။ ဦးဘကို စက်ဆုပ်ရွံရှာစွာ ကြည့်ရင်း စကားတစ်လုံးမျှ မပြောဘဲ ကျောပိုးအိတ်ကို ကောက်ယူ၍ ဆတ်ခနဲ ထလိုက်မည်။ ဒါမှ မဟုတ် သူ့ မျက်နှာကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်ရင်း အဖြီးအဖြန်း အရွှီးအ ရွှမ်းအနေနှင့် ဆင်ထားသည့် ဇာတ်နာတစ်ပုဒ်ဟု ကြေညာရင်း ကျောခိုင်း မည်။

သို့သော် ခုတော့ ကျွန်မ ကြွက်သားတစ်မျှင်ပင် မလှုပ်နိုင်။ ထရပ်လိုက်ချင်သော်လည်း အင်အား မရှိ။ ဦးဘ ပုံပြင်ကို ဘယ်လိုနားလည်ရမည်ကို ကျွန်မ မသိပါလေတော့။ လွန်လွန်းလှသည်။ ကျွန်မ အတွက် ဇာတ်နာ လွန်းလှသည်။ ဘယ့်နှယ်၊ ဖေဖေ့မှာ ငယ်ဘဝက မျက်စိကန်းနေရုံနှင့် ပင် အားမရသေးဘဲ လေးဖက်တွားသွားရသည့် အကြောသေ ဒုက္ခိတ ဝေဒနာရှင် မိန်းမတစ်ယောက်ရှေ့မှာ နှလုံးသားကို ပေးဆပ် ဒူးထောက်ခဲ့ရသတဲ့ လား။ ဒီမိန်းမကြောင့် ၃၅ နှစ်တိတိ ဆူကြံ့နိမ့်မြင့် အခြေအနေတွေကို အတူရင်ဆိုင်ဖြတ်သန်းခဲ့သည့် မိသားစုကို စွန့်ခွာသွားတဲ့ လား၊ နှစ်ပေါင်း ငါးဆယ်ကျော် ကွဲကွာနေခဲ့ပြီးမှ လေ။ အဓိပ္ပာယ်မဲ့လိုက်သည့် ဖြစ်ခြင်း။

တစ်ချိန်တည်းမှာ ပင် ဖေဖေ ပြောခဲ့ဖူးသည့် စကားတစ်ခွန်းကို မစဉ်းစားဘဲ မနေနိုင်ခဲ့။ လောကမှာ လူသားတွေ မလုပ်နိုင်တဲ့ အရာ ဆိုတာ မရှိ သလောက်ပဲ။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာ ဖြစ်ဖြစ်ပေါ့။ အင်မတန် ဘာသာတရား ကိုင်းရှိုင်းသည့် ကက်သလစ်စစ်စစ် မေမေ့ မောင်ဝမ်းကွဲ တစ်ယောက် ၁၆ နှစ်သမီး သူတို့ ကလေးထိန်းကောင်မလေးနှင့် ဇာတ်လမ်းရှုပ်ခဲ့သည့် အရှုပ်ထုပ်ကြီး အတွက် ဖေဖေပြောခဲ့သည့် စားပါ။ မေမေကတော့ ဒီကိစ္စကို ဘယ်လိုမှ လက်မခံနိုင်ခဲ့။ “ဖြစ်ရလေ ဝေါလ်တာ ရယ် ဖြစ်ရလေ၊ မင်း ဒီလိုလူစားမျိုး မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး”ဟု ဗွတ်ငြင်း ဗွတ်ပြောနေခဲ့သည်။ ဖေဖေကတော့ ဒီကိစ္စအတွက် ဘာမျှ တုန်လှုပ်ဟန်မပြ။ လူဟာ ဘာမဆို လုပ်နိုင်တယ်၊ ဒီလူတစ်ယောက်ကို သိကျွမ်းနေတဲ့ အတွက် ဒါမျိုး သူ မလုပ်လောက်ပါဘူးလို့ ယုံမှတ်ထားလို့ မရဘူးတဲ့။ ဒါအဆိုးမြင်တာ မဟုတ်ဘူး ဟု လည်း ရှင်းပြသည်။ လူတစ် ယောက်အပေါ် မျှော်လင့်ချက်တွေ သိပ်ထားခဲ့ရင် ကိုယ့်မျှော်လင့်ချက် အတိုင်း ဖြစ်မလာသည့် အခါ အင်မတန် ခံစားရတတ်သတဲ့။ အဲဒီ ခံစားမှု တွေကပဲ လူ့အဖွဲ့အစည်းမှာ ကွဲရဲ့ ခြင်း၊

ရှုတ်ချခြင်း၊ အထင်သေးခြင်း၊ ဝိုင်းပယ်ခြင်း ဆိုတဲ့ ကိစ္စတွေကို ဖြစ်လာစေသတဲ့။

ခုချိန်ထိ ဦးဘ၏ ဇာတ်လမ်းကို နားထောင်ပြီးသည့် အခါ ဖေဖွေ့ဘဝ ကောက်ကြောင်းကလေး တစ်ခု ပုံပေါ်စပြုလာခဲ့သည်။ ခုတော့ ကျွန်မ ကိုယ်တွင်းမှ အချေအတင် ပဋိပက္ခ ဖြစ်နေကြသည့် အသံနှစ်သံကို ကြားစ ပြုပြီ။ တစ်သံက ရှေ့နေမ အသံ။ သူက သံသယသမား၊ အချက်အလက်တွေ လိုချင်သည်၊ အပြစ်ရှိသူကို ရှာသည်၊ အပြစ်ပေးနိုင်မည့် အချက်တွေကို စွဲချက်တင်ဖို့ တကဲကဲ။ နောက်တစ်သံက ကျွန်မ တစ်ခါမျှ မကြားဖူးခဲ့သည့် အသံ။ စောင့်ပါ၊ ဆက်နားထောင်ပါ၊ ထွက်မသွားနဲ့၊ မကြောက်နဲ့၊ ရှောင်မ သွားနဲ့၊ ရဲရဲရင်ဆိုင်။

"ကလေးမ ဆာရောပေါ့"

ဦးဘ အသံကြောင့် ကျွန်မ သတိပြန်ဝင်လာသည်။

"ကျုပ် စားစရာ ပြင်ခိုင်းထားပါတယ်"

သူက ကျွန်မ နားမလည်နိုင်သည့် ဘာသာစကားဖြင့် အသံပြုလိုက်သည်။ မီးဖိုချောင်ထဲမှ အမျိုးသမီးငယ်တစ်ယောက် လင်ပန်း တစ်ချပ်ဖြင့် ထွက် လာသည်။ စားစရာတွေကို ရိုရိုကျိုးကျိုးပင် စားပွဲပေါ် ချပေးသည်။ ဦးဘ က ကျွန်မကို ပန်းကန်နှစ်ချပ် ပေး၏။ ပထမ ပန်းကန်ထဲမှာ နံပြား ခပ်ပါး ပါး သုံးချပ်နှင့် ထမင်းနည်းနည်း၊ နောက်ပန်းကန်ထဲမှာ ညိုတိုတို အရည် ဆမ်းထားသည့် အသားတုံးများ။ လက်သုတ်ပဝါ အဖြူတစ်ထည်နှင့် ဇွန်း လေးတစ်ချောင်းကိုလည်း သူ ကမ်းပေးသည်။

"ဒါ ဗမာ ကြက်သားချက်လေ၊ အိန္ဒိယ နံပြားနဲ့ တွဲစားရတယ်၊ ကလေးမ ကြိုက်မယ် ထင်ပါတယ်"

အစားအသောက်တွေကို ကျွန်မ မယုံသင်္ကာစိတ်ဖြင့် ကြည့်မိဟန်တူသည်။

ဦးဘက ဟက်ဟက်ပက်ပက် ရယ်ရင်း ကျွန်မကို နှစ်သိမ့်သည်။

"ဒါတွေ ချက်ပြုတ်တဲ့ အရာ တတ်နိုင်သမျှ သန့်သန့်ရှင်းရှင်း ချက်ဖို့ ကူညီ တဲ့ အိမ်နီးနားချင်းကို ကျုပ် မေတ္တာရပ်ခံထားတာပါ၊ ကျုပ်တို့ အစားအသောက်တွေဟာ တိုင်းခြားဧည့်သည် တွေအတွက် ဥပဒ် ဖြစ်တတ် တာ သိပါတယ်၊ ဒီလို ပြောလို့ ကျုပ်တို့ ကတော့ ခံနိုင်ရည်ရှိတယ်လို့ မဟုတ်ပါဘူး၊ ကျုပ်လည်း အခါပေါင်းများ စွာ အိမ်သာဒေဝ ဖြစ်ဖူးပ ဂျူလီ ယာ"

"အမယ်လေး အားရှိစရာပဲရှင်"

ကျွန်မ ပြန်ပြောရင်း နံပြားတစ်ဖဲ့ စားလိုက်သည်။ ခရီးသွား ဧည့်

လမ်းညွှန်စာအုပ်ထဲမှာ တော့ အရွက်သုပ်၊ အသီး၊ ရေစိမ်းနှင့် ရေခဲတွေကို ကြပ်ကြပ်ရှောင်ဟု သတိပေးထားသည်။ နံပြားတို့၊ ထမင်းတို့ မပါ။ ကြက်သား ဟင်းရည်ဆမ်းပြီး ထမင်းစားကြည့်သည်။ ခါးသက်သက်နိုင် ပေမယ့် အရသာ မဆိုးလှ။ ကြက်သားကတော့ မာလွန်းသည်။ မနည်း ကိုက်ဖဲ့နေရသည်။

စားသောက်ပြီးတော့ ခဏ ငြိမ်နေလိုက်သည်။ ပြီးတော့ ခု ကျွန်မ အဖေ ဘယ်မလဲဟု မေးလိုက်သည်။ ပြင်းပြင်းထန်ထန် တောင်းဆိုသည့် မာမာ ထန်ထန် မေးခွန်း။ ဒါ ကိုယ်တွင်းက ရှေ့နေမအသံ ဖြစ်သည်။

ဦးဘက နံပြားကို လက်စသတ်နေသည်။ ပါးစပ်ကို လက်သုတ်ပဝါဖြင့်

သုတ်ရင်း-

"မင်းအဖေဟာ ခု မင်းအနားမှာ ရှိနေခဲ့တာပဲ ဂျူလီယာ၊ ဒါကို မခံစားမိ

ဘူးလား"

ဟု အမေးကို အမေးဖြင့် တုံ့ပြန်ခဲ့သည်။

သူက လက်ဖက်ရည် တစ်ကျိုက်သောက်ကာ ပက်လက်ကုလားထိုင်ပေါ်

ပြန်လှဲရင်း-

"မင်းအဖေ ဒီမှာ လို့ တစ်ခွန်းတည်း ဖြေလို့ ရသားပဲ။ ဒါပေမဲ့ ကလေးမ လေးနှစ် လေးမိုးတောင် စောင့်ခဲ့ပြီးမှ တော့ နောက်ထပ် နည်းနည်း ထပ် စောင့်လို့ ဘာဖြစ်သွားမှာ မို့တုန်း။ မင်းအဖေအကြောင်းကို နောက်ထပ် ဘယ်တော့မှ သိခွင့်ရတော့မှာ မဟုတ်တဲ့ အတွက် ဆက်နားထောင်ပါကွယ်၊ သူနဲ့ မိမိ ရှေ့ဆက် ဘယ်လိုဖြစ်ကြလဲ၊ မိမိက သူ့ဘဝအတွက် ဘာလို့ ဒီ လောက်တောင် အရေးပါနေတာလဲ၊ မင်းဘဝကိုပါ ဘာဖြစ်လို့ ခုလို လမ်းကြောင်းပြောင်းစေခဲ့တာလဲ ဆိုတာတွေပေါ့"

သူ ကျွန်မ အဖြေကို စောင့်မနေတော့။

****

အခန်း(၉)

မျှော်သော်လည်း ပေါ်မလာသည့် အတွက် တင်ဝင်း တစ်ခုခုတော့ ဖြစ်ပြီ ဟု တွေးရင်း ဒေါ်စုကြည် ဆောက်တည်ရာ မရ ဖြစ်နေသည်။ ခြံပေါက်ဝ မှာ ဆောင့်ကြောင့် ထိုင်ရင်း သူ နေမထိထိုင်မသာ ဖြစ်နေသည်။ လွန်ခဲ့သည့် နှစ်ရက်က မိုးဆက်တိုက် ရွာထားသဖြင့် လမ်းကဆိုးလှသည်။ မြေ လမ်းမှာ နွားလှည်းဘီးရာတွေက ခပ်နက်နက်။ ခု နေပူလိုက်တော့ ခြောက် သွားပြီး လမ်းပေါ်မှာ လှည်းလမ်းကြောင်း ချိုင့်တွေ၊ တွင်းတွေအပြည့်နှင့် မျက်စိမြင်သူပင် သွားရခက်လောက်အောင် ဖြစ်နေသည်။ သူ ပြောလို့ တစ်ယောက်တည်း လွှတ်လိုက်မိတာ မှားများမှားသွားပြီလား၊ ဟော-အကျီ ဖြူ၊ လုံချည် နီစိမ်းကျားနှင့် ကုန်းပေါ်တက်လာသူက တင်ဝင်း မဟုတ်လား။ နေစမ်းပါဦး၊ သူ လျှောက်လာပုံက တစ်မျိုးပါလား။ မောင်တင်ဝင်းရော ဟုတ်ရဲ့ လား။

ထိုညက တင်ဝင်းတစ်ယောက် စကားတွေ ဖောင်ရင်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့သည်။ ဆရာတော်ကြီး၏ ဆိုဆုံးမမှုများ အကြောင်း၊ ဘုန်းကြီးကျောင်းမှ အိမ်သို့ တစ်ယောက်တည်း အပြန်မှာ ဘယ်လို စိတ် လှုပ်ရှားခဲ့ရကြောင်း၊ လဲသွားတော့ ဘယ်လောက် စိတ်ပျက်ဒေါသထွက် ရ ကြောင်း၊ ခုတော့ သူ့တစ်ယောက်တည်း ကောင်းကောင်း သွားတတ်အောင် စီမံနိုင်ပြီ ဖြစ်ကြောင်း၊ အသံတွေအကြောင်း၊ တချို့ရင်ခုန်သံတွေက ဂီတသံ လို သာယာလှကြောင်း တနင့်တပိုး ပြောသည်။ ဒေါ်စုကြည်လည်း သူ့သားကို ကြည့်ရင်း ပီတိတွေ ဖြာနေသည်။

မိမိအကြောင်းတော့ သူ တစ်လုံးမျှ မပြော။ ထို့ကြောင့် လည်း သနားစရာ ကြီးကြီးမေမှာ သူ့သား ဘာဖြစ်ခဲ့မှန်း သေသေချာချာမသိ။ အရင်က အိမ် ထောင့်မှာ ကုပ်ကုပ်ကလေး ဝစီပိတ် ထိုင်နေတတ်သည့် တင်ဝင်းမှာ ခု တော့ ထိုင်ပင် မထိုင်နိုင်။ အိမ်ထဲ၊ ခြံဝင်းထဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တတွတ်တွတ် ပြောနေသည်။ ထူးထူးဆန်းဆန်း သူ ဈေးအကြောင်းကို အလွန် အင်မတန် စိတ်ဝင်စား နေသည်။ ဘာကြောင့် များ ငါးရက် တစ်ဈေး ဆိုသည့် ဈေးနေ့ ဆိုတာကြီး လုပ်ထားရတာတုန်း၊ နေ့တိုင်း ဖွင့်ပါတော့လား၊ နောက်ဈေးနေ့က ဘယ်နေ့လဲ၊ ဘယ်နှရက်နေ့ လဲ။

သူ တစ်ရက်ထက် တစ်ရက် အစားနည်းလာခဲ့သည်။ တတိယမြောက်နေ့ မှာ တော့ လက်ဖက်ရည် သာ တစွပ်စွပ်သောက်ပြီး ဘာဆို ဘာမျှ မစား သလောက်ပင်။ ဒေါ်စုကြည်လည်း ဘာလုပ်လို့ ဘာကိုင် ရမှန်း မသိ။ သား လေး တင်ဝင်း နေမကောင်းဖြစ်ပြီ ထင်သည်။ သို့သော် နေမကောင်းပုံ လည်း မရ။ အသံဗလံပေါင်းစုံ ကြားပြီး ရူးများ သွားပြီလား၊ ဖွဟဲ့-လွဲပါစေ၊ ဖယ်ပါစေ၊

တင်ဝင်းကတော့ နောက်ဈေးနေ့ကို လက်ချိုးရေရင်း၊ တွန့်လိမ်ရင်း စောင့်နေခဲ့သည်။ တစ်ရက် တစ်ရက် ကြာလွန်းလှသည်။ ကမ္ဘာဟာ သူ့ဝင်ရိုး ပေါ် တစ်ပတ်ပြည့်ဖို့ ထာဝရများ အချိန်ယူနေသလား။ သစ်တောထဲမှ ပက်ကျိလို အချိန်တွေက ဖြည်းညင်းစွာ တရွေ့ရွေ့ သွားနေသည်။ မြန် အောင်လုပ်လို့ မရတော့ဘူးလား။ ထိုအကြောင်း လျှောက်တင်တော့ ပြုံးခဲ ရယ်ခဲလှသည့် ဆရာတော်ကြီးပင် ရယ်တော်မူသည်။

"သည်းခံ ဒကာလေး သည်းခံ၊ တရားရှုမှတ်ကွဲ့၊ အချိန်ဆိုတာ ပညတ်တစ်ခုပါပဲ"

အရင်တုန်းက တရားထိုင်ခြင်းသည် တင်ဝင်းအတွက် ဆေးနည်းကောင်း ကြီး ဖြစ်သော်လည်း ခု ဆေးနည်းကောင်းကြီး အလုပ်မဖြစ်တော့။ ကျောင်း မှာ၊ အိမ်မှာ တရားထိုင်လေတိုင်း မိမိ၏ ရင်ခုန်သံလေးတွေကို၊ သူ့အသံ လေးတွေကို၊ သူ့အထိအတွေ့တွေကို၊ ကျောပေါ်မှ သူ့ခန္ဓာကိုယ်လေးကိုသာ တဝဲဝဲ တလည်လည် မြင်ယောင် ကြားယောင်နေတော့သည်။

သူ့ရနံ့ကို တင်ဝင်း မမေ့နိုင်။ သင်းပျံ့ပျံ့ ရနံ့ချိုချို။ ဈေးနေ့မတိုင်ခင် ညမှာတော့ တင်ဝင်း ယောက်ယက်ခတ်လာသည်။ တစ်ညလုံး အိပ်မပျော်၊ ကြီးကြီးမေက သူ့နားမှာ စောင်ခြုံအိပ်နေသည်။ ကြီးကြီးမေ နှလုံးခုန်သံက ဖြည်းဖြည်းမှန်မှန်၊ သူ့ရင်ခုန်သံက တဝုန်းဝုန်း တဒိုင်းဒိုင်း။ ဘာကြောင့် များ ဒီလောက် စိတ်လှုပ်ရှားနေရသလဲ သူ မသိ။ အမြင်မဲ့ကမ္ဘာနှင့် လှုပ်ရှားမှုမဲ့ ကမ္ဘာလေးတစ်ခု။

မနက်ကျရင် ဈေးထဲက လူပေါင်းများ စွာ၊ ဆိုင်ပေါင်းများ စွာထဲမှာ မိမိကို ဘယ်လို ရှာရပါ့။ ကြီးကြီးမေ အပြောအရတော့ ဈေးဆိုတာ ငှက်အုပ်ကြီး ပြိုဆင်းလာသလို လူတွေ ခြေချင်းလိမ် ယောက်ယက်ခတ်နေတဲ့ နေရာတဲ့။ အသံတွေ၊ အနံ့တွေ၊ ရှုပ်ထွေး ဆူညံလှရာ နေရာ။ အင်းလေ-ဘယ်သူမှ ငါ့ ကို ဂရုစိုက်နေမှာ မှ မဟုတ်ဘဲ။ ရင်ခုန်သံကတစ်ဆင့်၊ ရနံ့ကတစ်ဆင့်၊ စကားသံလေးတွေက တစ်ဆင့် မိမိကို ရှာတွေ့မှာ ပါ၊ မြန်မြန်ဆန်ဆန်ကို ရှာတွေ့မှာ ပါ။

လမ်းဘေးမှာ သူ ခဏတစ်ဖြုတ် မလှုပ်မယှက် ရပ်နေလိုက်သည်။ လုံချည်ကို ပြင်ဝတ်သည်။ ချွေးသီးလေးတွေက မျက်ခုံးပေါ်မှာ၊ နှာသီးဖျား မှာ တွဲရရွဲခိုနေပြီ။ ဈေးထဲက အသံတွေက သူ ထင်တာထက်ကို ပိုပြီး ကျယ်လောင် ဆူညံလှသည်။ ကဲ-ဘာဆက်လုပ်မလဲ၊ ဘယ်သွားရမှန်းလည်း မသိ၊ ဘယ်အသံမှ လည်း သူနဲ့ မရင်းနှီး။

ခြေတစ်လှမ်း စလှမ်းလိုက်သည်။ ဖြေးညင်းစွာ၊ သို့သော် တွန့်ဆုတ်ခြင်း ကင်းစွာ။ လူအုပ်ကြီး ကြားထဲ ဝင်တိုးလိုက်သည်။ လူတစ်ယောက်နှင့် တိုက်မိသည်။

“ဟေ့-ကြည့်သွားလေကွာ”ဆိုသည့် အသံကို ကြားသည်။ ကွမ်းတံတွေး ဗျစ်ခနဲ ထွေးသံ ကြားလိုက်သည်။ ကလေးတစ်ယောက် ဝါး ခနဲ ငိုလိုက်သည်။ အသံတွေ၊ အသံတွေ၊ သက်ပြင်းချသံ၊ ချောင်းဟန့်သံ၊ နှာမှုတ်သံမျိုးစုံပါပဲ။ ဗိုက်တွေထဲက တဂွီဂွီ မြည်သံတွေကလည်း ကျယ်လှသည်။ ဘယ်သူ့ ဂွီသံလည်း ဆိုတာ ခွဲမရလောက်အောင်ပင်။ သို့သော် ဒါ တွေက ပြဿနာမဟုတ်၊ ပူတာက ပြဿနာ ဖြစ်သည်။ ချွေးထွက်လွန်းသ ဖြင့် ရှပ်အင်္ကျီလည်း ရွှဲရွဲစို၊ လူကလည်း အာခြောက်ပြီး ရေငတ်လာသည်။ ဟော-ဈေးလမ်းက ဘယ် ညာ နှစ်လမ်း ကွဲသွားသည် ကို သူ သိလိုက်သည်။ ခဏရပ်ပြီး စဉ်းစားချင်ပေမယ့် နောက်မှ လူအုပ်၏ တွန်းထိုးမှု ကြောင့် ညာဘက်လမ်းအတိုင်း သူ ပါသွားသည်။

“ဟဲ့ ဟဲ့ ဟဲ့”

မိန်းမတစ်ယောက်၏ အသံကို ကြားလိုက်သည်။ သူ့ခြေထောက်အောက် မှာ ကွဲအက်သံကို ကြားလိုက်သည်။ ခြေချောင်းတွေ ချွဲကျိသွားသည်။ ကြက်ဥတွေ တက်နင်းမိပြီ။

“ဟဲ့-နင် ကန်းနေလား”

အသံလာရာဘက် လှည့်ကြည့်လိုက်သည်။ မျက်လုံးအစုံမှာ မျက်ဆန်မ ပေါ်ဘဲ ဆွတ်ဆွတ်ဖြူ နေသည် ကို တွေ့လိုက်ရသည့် မိန်းမကြီးက တုန်လှုပ် သွားပြီး သူ့ကို တောင်းပန်သည်။ တင်ဝင်း ရှေ့ဆက် လျှောက်သည်။ ငါး တန်း ရောက် လာပြီ ထင်သည်။ နှာခေါင်းထဲက ငါးခြောက်နံ့ ရလာသည်။ တရုတ်နံနံ၏ ခါးသက်သက်အနံ့၊ နှာခေါင်းထဲမှ တစ်ဆင့် စူးခနဲ ပူခနဲ ဝင်သွားသည့် လိမ္မော်မြစ်၏ စူးရှရှအနံ့၊ သစ်ကြမ်းပိုးခေါက်နဲ့ ငရုတ်သီးနံ့၊ စပါးလင်နံ့၊ ချင်းနံ့၊ အမှည့်လွန်နေသည့် သစ်သီးရနံ့များ။

သူ့အဖြစ်ကို ရိပ်မိသွားကြတော့ လူတွေက သူ့ကို တွန်းထိုးခြင်း မပြုကြ တော့ အသာ ရှောင်ကွင်းပြီး သွားနိုင်အောင် လမ်းပေးကြသည်။ တင်ဝင်း အာရုံစိုက်နေသည်။ နားထောင်နေသည်။ ဟော- သူ ကြားပြီ၊ ညင်ညင်သာ သာ၊ နူးနူးညံ့ညံ့၊ စည်းချက်မှန်မှန် ဂီတသံလေး။ တစ်ကမ္ဘာလုံး ဝိုင်းအော် နေစေဦးတော့၊ ထိုအသံလေးကို သူ ပီသစွာ ကြားနိုင်သည်။ သူ့လက်ဖဝါး တွေက ထိတွေ့ခဲ့ရသည့် နူးညံ့သော အထိအတွေ့လေး။ သူ့ လည်ပင်းကို ဖက်ထားသည့် လက်ကလေးတွေ၊ ဈေးထောင့်တစ်နေရာဆီက ထွက်လာ သည့် ထိုအသံလေးနောက်ကို သူ ထက်ကြပ်မကွာ လိုက်ပြီ။

****

အခန်း(၁၀)

အာလူးပုံကြီးနောက်မှာ မိမိ ထိုင်နေသည်။ ဘယ်ဘက်လက်က နီညိုရောင် ထီးကလေးကို ဆောင်းရင်း နေပူဒဏ်ကို ကာကွယ်ထားသည်။ မနေ့ညကမှ ရက်လုပ်ပြီးစီးခဲ့သည့် အစိမ်းနှင့် အနီ ဖောက်ထားသည့် ထဘီ အသစ်ကလေးကို ဝတ်ထားသည်။ ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထားသည်။ မနက်က အမေ့ကို ပါးကွက်ကွက်ပေးဖို့ သူ ပူဆာခဲ့သည်။ အမေက ပြုံးရင်း သနပ်ခါး လိမ်းပေးသည်။ ပါးကွက် ကွက်ပေးသည်။ ဘာမှ တော့ မမေး၊ အစ်ကို့ကျောပေါ် ရောက်တော့ အမေက သူ့နဖူးကို လှမ်းနမ်းသည်။ ခါ တိုင်းလည်း အမြဲနမ်းနေကျပေမယ့် ဒီတစ်ခေါက်အနမ်းက ထူးခြားသည် ကို မိမိ ခံစားမိသည်။ ဘယ်လို ထူးနေသလဲ ဆိုတာတော့ မပြောတတ်။

လက်လုပ်ထိုင်ခုံကလေးပေါ် သူ ပုံ့ပုံ့လေး ထိုင်ရင်း စောင့်နေခဲ့သည်။ ပြီး ခဲ့သည့် လေးရက်အတွင်း သူ ဘာမျှ မည်မည်ရရ မလုပ်။ အရင်လို ကြက်ဥ ကောက်၊ စတော်ဘယ်ရီကောက်၊ အမေ့ကို ဟင်းချက်ကူ။ ရက်ကန်းရက် ဘာတစ်ခုမျှ မလုပ်၊ ထိုင်စောင့်နေခဲ့သည်။ ဈေးနေ့ကို... တင်ဝင်းကို။

စောင့်ရသည် က သူ့အတွက် ပြဿနာမဟုတ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်သည့် လူတစ်ယောက်အဖို့ သူတစ်ပါး အကူအညီကို အမြဲစောင့်ဆိုင်းခဲ့ရသည် မဟုတ်လား။ ထို့ကြောင့် စောင့်ရခြင်းသည် သူ့ဘဝ၏ တစ် စိတ်တစ်ပိုင်းသာ ဖြစ်သည်။ လူတွေ ပျာယီးပျာယာ အလောတကြီး ဖြစ်နေ ကြသည် ကို သူက အံ့သြမိသည်။ တစ်ကိုယ်တည်း စောင့်ဆိုင်းရခြင်း၏

ငြိမ်းချမ်းမှုကို သူတို့ မသိရှာကြလေ။ သူ့အစ်ကိုတွေဆိုလျှင် အမြဲ သုတ်သီးသုတ်ပျာ။ စောင့်ရခြင်းသည် အပြောင်းအလဲ တစ်ခုခုအတွက် ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ပြင်ဆင်ချိန်ရသည်။ ထို့ကြောင့် သူ စောင့် သည်။ ဘာကိုမျှ အလောသုံးဆယ် မလုပ်၊ ဖြည်းဖြည်း အေးအေးသာ။ ကမ္ဘာဟာ သူ့ဝင်ရိုးပေါ် ၂၄ နာရီတိုင်း တစ်ပတ် ပြည့်အောင် လည်၍ ၃၆၅ ရက်တိုင်း နေကို တစ်ပတ်ပြည့်အောင် လှည့်သည် ပဲ။ ဘာလောစရာများ ရှိလို့လဲ၊ အစ်ကိုတွေကတော့ နှေးလွန်းသည့် သူ့ကို ပက်ကျိမလေးတဲ့။

ကလောကို ဖြတ်သန်းသွားကြသည့် ရထား၊ ကား ဆိုသည့် စက်တပ်ယာဉ် တွေက အဆိုးဆုံး။ ဝီခနဲ ဝီခနဲ မြန်လှသည်။ အဲသလောက် မြန်မြန်ကြီး တစ်နေရာကနေ တစ်နေရာကို သွားဖို့ လိုလို့ လား။ အချိန်တိုတိုနှင့် မြန်မြန် ရောက်တော့ရော ဘာဖြစ်တုံး၊ မရောက်တော့ရော ဘာဖြစ်တုံး။

ဘာပဲဖြစ်ဖြစ် လေးရက်တိတိ စောင့်ပြီးတော့ မနက်ဖြန် ဈေးနေ့ရောက် တော့မည်ကို မိမိ ပျော်သည်။ စောင့်နေစဉ် ကာလအတွင်း သူ့အကြောင်း တွေ စဉ်းစားသည်။ နောက်ဆုံး တွေ့ဆုံခဲ့သည့် ဖြစ်ရပ်တွေကို အသေးစိတ် ပြန်တွေးသည်။ ဒါကလည်း စောင့်ဆိုင်းရခြင်း၏ အကျိုးအမြတ် တစ်ခု ပင်။ သူ့စိတ်အစဉ်မှာ ဖူးပွင့်လာသည့် စိတ်ရုပ်ပုံကားချပ်ကလေးတွေကို ရတနာစိန်ကျောက်များ သဖွယ် သူ အမြတ်တနိုး သိမ်းဆည်းထားခဲ့သည်။ တင်ဝင်း သူ့နားသို့ ဖြည်းဖြည်း လျှောက်လာပုံ၊ သူ့နားမှာ ဝင်ထိုင်လိုက်ပုံ၊ သူ့ကို ကျောပိုးပုံ၊ စိတ်လှုပ်ရှား ပျော်ရွှင်နေပုံ၊ အင်း-တင်ဝင်းသည် သူ့ကို ကျောပိုး၊ ကမ္ဘာကုန်ကျယ်သရွေ့ လျှောက်လှမ်းပြီး မသိသေးသည့် အရာများ စွာ နောက်သို့ လိုက်တော့မည်ဟု သူ ခံစားနေရသည်။

ဝရန်တာမှာ ထိုင်ရင်း၊ မျက်လုံးတွေကို မှိတ်ရင်း တင်ဝင်းလုပ်သလို သူ နားစိုက်ထောင်သည်။ အိမ်အောက်က ဝက်၏ အသံ၊ ခွေး၏ အသံ၊ ငှက်သံ၊ အိမ်နီးနားချင်းအသံတို့ ကို ကြားရပါသည်။ သို့သော် ဘယ်လို နားထောင် နားထောင် ရင်ခုန်သံကိုတော့ မကြားရေးချ မကြား။ နားစွင့်ကြားဟန် ရင်ခုန်သံ ဆိုသည် က မှော်ပညာ တစ်ခုလေလား။ တင်ဝင်းကို သင်ခိုင်း မည်။ အနည်းဆုံးတော့ နည်းလမ်းတော့ ရှိရမည်။

ငှက်သိုက်ထဲမှ ငှက်ဥကလေး ဇာတ်လမ်းကို အငယ်ဆုံး အစ်ကိုလေးကို သူ ပြောပြမိတော့ အစ်ကိုလေးက သူ့ကို ရယ်ပွဲဖွဲ့သည်။ လောကမှာ အဲ သလောက် ကြားနိုင်စွမ်းရှိတဲ့ လူစွမ်းကောင်း ရှိတယ်လို့ နင်က ယုံနေတာ လားတဲ့၊ အမေးခံရသည်။ တစ်ယောက်ယောက်က သူ့ကို ငှက်သိုက်ထဲက ငှက်ဥအကြောင်း ပြောပြထားမှာ ပေါ့၊ အဲဒီတင်ဝင်းက နင် အထင်ကြီး အောင် သက်သက်ဖြီးတာတဲ့။

မိမိ ဒေါသဖြစ်မိသည်။ သူ့အစ်ကိုကို မဟုတ်၊ ပြောမိသည့် သူ့ကိုယ်သူ ဒေါသဖြစ်ခြင်း။ လောကမှာ ခြေနှစ်ချောင်း အကောင်းပကတိ ရှိသူတွေ နား မလည်နိုင်သည့် အရာတွေ ရှိနေပါသည်။ မြင်မှ ယုံတတ်သည့် လူတွေ နား မလည်နိုင်သည့် အရာတွေလည်း များ စွာရှိသည် ပေါ့၊ သူတို့ ခြေလှမ်းတွေ က ခရီးရောက်ဖို့ ပဲ ရည်ရွယ်ရင်း ရှိကြသည် ကိုး။

****

အခန်း(၁၁)

မွန်းတည့်နေက ဈေးကလေးအပေါ် အညှာအတာကင်းစွာ ကျရောက်နေသည်။ တင်ဝင်းနှင့် မိမိ ထီးကလေးအောက်မှာ ပူးကပ်ထိုင်နေကြသည်။ မိမိအစ်ကိုက ရောင်းမကုန်သည့် အာလူးတွေကို အိတ်ထဲ ပြန်ထည့် နေသည်။ အာလူးအိတ်ကို အိမ်အရင်ပို့မည်။ ပြီးမှ ပက်ကျိမလေးကို နောက်တစ်ခေါက် ပြန်လာခေါ်မည်။

"ကျွန်တော် မိမိကို ခေါ်ခဲ့ပါ့မယ်၊ ခင်ဗျား နှစ်ခေါက် လာစရာ မလိုတော့ဘူးပေါ့"

တင်ဝင်းက မိမိ အစ်ကိုကို ပြောလိုက်သည်။

အစ်ကိုက နမဖြစ်သူ ဘာပြောမလဲလို့ ကြည့်နေသည်။ တောင်ပေါ်လမ်း ကို မျက်မမြင် တစ်ယောက်က လိုက်ပို့မယ်၊ ဟုတ်မှလည်း လုပ်ကြပါ ဆိုသည့် အကြည့်မျိုး။ မိမိက ခေါင်းညိတ်ပြသည်။ မပူပါနဲ့ တဲ့။

သူ့အစ်ကိုက ပါးစပ်မှ ပွစိ ပွစိ ပြောရင်း အာလူးအိတ် ထမ်းပြီး ထွက်သွားခဲ့သည်။

"မိမိရေ၊ တို့ မြို့ထဲကနေ ဖြတ်သွားကြည့်ရင် မကောင်းဘူးလား"

"အစ်ကို့သဘော၊ အစ်ကိုက ကျွန်မကို ကျောပိုးသွားရမယ့်လူ၊ ဘယ်လမ်းက သွားသွား၊ သွားချင်တဲ့ နေရာက သွား"

မိမိက ရယ်ရင်း တင်ဝင်း လည်ပင်းကို သိုင်းဖက်လိုက်သည်။ တင်ဝင်းခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ နွားလှည်း၊ မြင်းလှည်းတွေ ရပ်ထားသည့် လမ်းအတိုင်း သူတို့ ဖြည်းဖြည်း ဆင်းသွားခဲ့သည်။ ဒီလမ်းမှာ လည်း ဈေးသည် တွေ၊ ဆန်အိတ်၊ အာလူးအိတ်၊ သစ်သီးတောင်းတွေ သယ်လိုက် ချလိုက်နှင့် ရှုပ်လှသည်။ မြင်းတွေက တဟီးဟီး၊ နွားတွေက တရှူးရှူး နှာမှုတ်ရင်း မှက်တွေ ယင်တွေကို ယမ်းရင်း လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ နေပူထဲမှာ စောင့်နေရတာ ခများများ လည်း ပင်ပန်းရောပေါ့၊ ဆာနေရှာမှာ ပေါ့၊ သူတို့ ဗိုက်တွေထဲက တဂွီဂွီ မြည်သံတွေကို တင်ဝင်း ကြားနေရသည်။ ခု အသံတွေ ပေါင်းစုံကြောင့် တင်ဝင်း စိတ်ရှုပ်လာသည်။ တစ်ခုခုနှင့် တိုက်မိတော့မှာ ပဲဟု စိတ်ပူပင်လာသည်။ လှည်းတွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ချိုင့်တွေ၊ ကျင်းတွေ၊ ခဲတွေ၊ တောင်းတွေကို မတိုက်မိအောင် ဘယ်လို လုပ်ရမလဲ။ ဝင်္ကပါထဲ လမ်းပျောက်သူလို ခံစားလာရသည်။ သူ လေကြီး လေကျယ် ပြောထားသမျှ အလကားဖြစ်ပြီလား။ မိမိကို အိမ်ရောက်အောင် ပြန်ပို့နိုင်ပါ့မလား။

မျက်စိမမြင်ခြင်းအတွက် ခုလောက် သူဘယ်တုန်းကမှ ယူကျုံးမရ မဖြစ်ဖူးခဲ့။ ဒူးတွေ ခွေလာသည်။ ဘယ်ညာ ယိမ်းလာသည်။ အာရုံတွေ ထွေပြားလာသည်။ သူ ဘယ်ရောက်နေသလဲ၊ ဝိုင်းကြီးပတ်ပတ် သွားမိနေသလား၊ ချောက်ကမ်းပါးကို ဦးတည်နေသလား၊ နောက်ထပ် တစ်လှမ်း လှမ်းလိုက် လျှင် ချောက်ထဲများ ကျမလား။

“သတိထား၊ နောက်ထပ် နှစ်လှမ်း ထပ်လှမ်းရင် အစ်ကို ခရမ်းချဉ်သီးတောင်းကြီး နင်းမိတော့မယ်”

နားထဲမှာ တိုးညင်းလှသော မိမိ၏ လေသံကလေးကို ကြားလိုက်ရသည်။ “ဘယ်ဘက်ကို နည်းနည်းတိုး၊ အင်း-ရှေ့တည့်တည့်လျှောက်၊ ရပ်-ရပ်-လှည့်”

လေသံအပြင် လက်ချောင်းကလေးတွေကပါ သူ့ပခုံးထက်မှာ သူ့ကို ညွှန်ကြားနေသည်။ ခန္ဓာကိုယ်ကို ကိုးဆယ်ဒီဂရီ လှည့်လိုက်သည်။ ရှေ့တည့်တည့်မှာ နွားတစ်ကောင် ရှိနေသည် ပဲ။ သူ့နှလုံးခုန်သံက ဘုန်းကြီးကျောင်း၊ တုံးမောင်းသံလို မြည်ဟိန်းလှသည်။ နွားနှာမှုတ်သံနှင့် လေတိုးသည် ကို သူ ခံစားသိရှိရသည်။ ဘယ်ဘက်ပခုံးကို ဆွဲလိုက်သဖြင့် သူ ဘယ်ဘက်ကို ချိုးသည်။ သစ်သား ကိုယ်ထည် တစ်ခုနှင့် တိုက်မိသဖြင့် အင့်ခနဲ ဖြစ်သွားသည်။

“ဟိ-အစ်ကိုရေ၊ နွားလှည်းကြီးတော့်၊ ကျွန်မက လွတ်မယ်ထင်လို့၊ နာသွားလား အစ်ကို”

ခေါင်းယမ်းပြလိုက်သည်။ သူတို့ သတိကြီးစွာထား၍ လမ်းကြောင်း ပြောင်းသည်။

“အစ်ကို ရှေ့မှာ ဆန်အိတ်ကြီး၊ ကျော်လှမ်းလိုက်”

ဆန်အိတ်စွန်းကို ခြေချောင်းတွေက စမ်းမိသည်။ သူ ခွကျော်လိုက်သည်

“ဟုတ်တယ်၊ တော်လိုက်တာ”

မိမိက သူ့ပခုံးကို ဖွဖွညှစ်လိုက်သည်။

သူတို့ ဆက်သွားကြသည်။ ခုတော့ သင်္ဘောမောင်းသလို မိမိတစ်ယောက် တင်ဝင်းကို ကျွမ်းကျင်စွာ ပဲ့ကိုင်ထိန်းကျောင်းနိုင်ပြီ။ တင်ဝင်း ခြေလှမ်း တွေ ခိုင်လာသည်။ ရဲလာသည်။ နားနားကပ်၍ တီးတိုးပြောနေသည့် မိမိ အသံလေးက အားအင်တွေ ပြည့်ဖြိုးစေသည်။ သူ့ ညွှန်ကြားချက်တွေကို တင်ဝင်း ယုံသည်။ သူ့ကိုယ်ပိုင်အာရုံတွေကပင် ရံဖန်ရံခါ သူ့ကို လှည့်စား တတ်သော်လည်း မိမိကိုတော့ သူ ယုံလှသည်။

မိမိက သူ့လည်ပင်းမှ ချွေးတွေကို သုတ်ပေးရင်း-

“မိမိက သိပ်လေးနေလား အစ်ကို”

ဟု မေးလိုက်သည်။

“ဟင့်အင်း”

မလေးဘူး၊ နည်းနည်းမှ မလေးဘူး၊ မင်း ကျောပေါ် ရှိနေတာဟာ ကိုယ့် အဖို့ အင်မတန် နေလို့ ထိုင်လို့ ကောင်းလှတယ် ဆိုတာကို ဘယ်လိုများ ပြောရပါ့မလဲ။

“အစ်ကို ရေငတ်လားဟင်”

ခေါင်းညိတ်ပြလိုက်သည်။ ရေငတ်လိုက်သည် မှ အလွန်အမင်း။

“ဟိုရှေ့ရောက်ရင် ကြံရည် သောက်ကြမယ်လေ နော်”

ကြံရည်က သူတို့ အဖို့ ဈေးကြီးလှသည်။ သို့သော်လည်း အမေက ဈေးနေ့ အတွက် မုန့်ဖိုး ပေးထားသည်။ ကိုတင်ဝင်းကို ကြံရည်တိုက်မည်ကို အမေ ကန့်ကွက်စရာ အကြောင်းမရှိ။ သူတို့ နှစ်ယောက် သစ်ပင်ရိပ်အောက် ရောက် လာပြီဆိုတာ တင်ဝင်း သိသည်။

“ဒီမှာ ရပ် အစ်ကို၊ မိမိကို အောက်ချပေး”

ဒူးတစ်ဖက်ထောက်ရင်း ထိုင်ချလိုက်သည်။ မိမိက သူ့ကျောပေါ်မှ ဆင်း၍ ကြံရည်ဆိုင်က ခင်းထားသော သစ်သားခုံပုလေးပေါ်မှာ ထိုင်သည်။ တင်ဝင်းအတွက် ခုံတစ်လုံး ချပေးပြီး ထိုင်စေသည်။ တင်ဝင်း မတုံ့ဆိုင်း ဘဲ ထိုင်ချလိုက်သည်။

သူတို့ နှစ်ယောက် ရေမဲညောင်ပင်ကြီး အောက်မှာ ထိုင်နေကြသည်။ မိမိက ကြံရည်နှစ်ခွက် မှာ သည်။ ကြံကြိတ်သံကို တင်ဝင်း ကြားနေရသည်။ ညဘက် မီးဖိုချောင်ထဲအဝင် ပိုးဟပ်ကို ဖနောင့်ဖြင့် နင်းမိသည့် အသံမျိုး။ခုနက သူ လမ်းပျောက်သလို ဖြစ်ပြီး ကြောက်သွေးတွေ တက်သွားတာ မိမိ များ သိသွားသလား၊ သိတော့ရော ဘာဖြစ်လဲ၊ ခု အဲဒီဝက်ပါထဲကနေ ထွက် နိုင်ပြီပဲ။ နံ့ရုံနဲ့ လည်း မတိုက်၊ ချောက်ထဲလည်း မကျ၊ မိမိဟာ နံရံတွေကို ဖြိုပေး၊ ကမ်းပါးယံမှာ တံတားထိုးပေးတဲ့ မှော်ဆရာမလေးပဲလေ။

မိမိက ကြံရည်ကို သောက်လိုက်သည်။ အမယ်လေး-ကောင်းလိုက်သည့် ဖြစ်ခြင်း၊ ဘဝမှာ ဒီလောက် အရသာရှိသည့် ကြံရည် တစ်ခါမျှ မသောက်ဖူးခဲ့။ သူ တင်ဝင်းကို အသာစောင်းငဲ့ကြည့်သည်။ တင်ဝင်းမျက်နှာက ကြည် ရွှင်နေသည်။ သူ ပျော်နေပုံပင်။ မိမိ ပြုံးလိုက်သည်။ တင်ဝင်းလည်း ပြုံး နေသည်။

“အစ်ကို-ခု မိမိ ရင်ခုန်သံကို ကြားရသေးလား”

“အင်း-ကြားတာပေါ့ မိမိရဲ့”

“မိမိကို သင်ပေး”

“ဟင်-ဘာကို သင်ပေးရမှာ လဲ”

“ရင်ခုန်သံ နားထောင်နည်း”

“အဲဒါက သင်ပေးလို့ မရဘူးလေ”

“ရပါတယ်၊ သင်ပေးနော်”

“ဪ-ခက်တာပဲ၊ ဘယ်လို စသင်ပေးရမတုန်းကွယ်”

“ပြောတတ်ဘူးလေ၊ အစ်ကိုပဲ သိမှာ ပေါ့”

တင်ဝင်း စဉ်းစားလိုက်သည်။

“ကဲ-မျက်စိမှ ိတ်လိုက်”

မိမိက တင်းနေအောင် မျက်စိတွေ မှိတ်လိုက်သည်။

“ခု ဘာသံ ကြားရလဲ”

“ခြေသံ…စကားသံ…ဆည်းလည်း သံတွေ”

“တခြားရော ဘာသံကြားသေးလဲ”

“ငှက်သံ၊ ချောင်းဆိုးသံ၊ ကလေးငိုသံ၊ ရင်ခုန်သံတော့ မကြားဘူး အစ်ကိုရဲ့

တင်ဝင်းက နှုတ်ဆိတ်နေသည် မိမိက အားသွန်ခွန်စိုက် နားထောင်သည်။ သူ့နားထင်မှ သွေးတိုးသံ တဒုတ်ဒုတ်ကို ကြားရ သော်လည်း နှလုံးခုန်သံကိုတော့ မကြား။ သူ့နှလုံးခုန်သံပင် သူ မကြား။ တခြားသူ ဆိုလျှင်တော့ ဝေးရော့။

“အင်း-ဒီမှာ သိပ်ဆူညံနေလို့ ဖြစ်လိမ့်မယ်၊ တိတ်ဆိတ်တဲ့ နေရာ လိုတယ်၊ ဘာသံမှ မကြားရတဲ့ နေရာကို ရှာကြစို့၊ လာ သွားမယ်”

မိမိရှေ့မှာ ဒူးထောက်ပေးလိုက်သည်။ မိမိက သူ့ပခုံးတွေပေါ် တွယ်တက်နေရာယူသည်။ မတ်တတ်ထရပ်သည်။ မိမိ၏ ခြေခွင်သိမ်သိမ်လေး နှစ်ချောင်းကို သူ့ဗိုက်ပေါ်ချိတ်ထားစေသည်။

တိတ်ဆိတ်သော လမ်းကလေးတစ်ခုကို သူတို့ ဖြတ်လျှောက်ခဲ့ကြသည်။ လည်ပင်းမှာ မိမိ၏ ထွက်သက်နွေးနွေးကို ခံစားနေရသည်။ သူ့ခန္ဓာကိုယ် လေးက ပေါ့ပါးလှသည် ပဲ။ ဤသို့ဖြင့် အိမ်အရိပ် ခိုနေသည့် ခွေးတစ် ကောင်ကို တက်နင်းမိမတတ် ဖြစ်ခဲ့သည်။

"အစ်ကိုရေ၊ မိမိ သူ့ကို မမြင်ဘူးတော့"

"အင်း-ကိုယ်လည်း မမြင်ဘူးဗျ"

သူတို့ ပြိုင်တူ ရယ်လိုက်ကြသည်။

ဘူတာရုံ လွန်တော့ မိမိက တင်ဝင်းကို လမ်းမပေါ်မှ ဖယ်ခွာစေသည်။

ဖြတ်လမ်းရှိတယ်ဟု သူ ပြောသည်။ ခဏအကြာမှာ တော့ သူတို့ ခေါင်ရန်း ပန်းချုံတွေ ဝိုင်းနေသည့် ကမူကလေးတစ်ခုပေါ်ရပ်မိကြသည်။ ချိုရီရီ ပန်း နံ့က စူးရှလှသည်။ ကမူလေးပေါ်မှ ဆင်းရမည်။ သိပ်မမတ်ပေမယ့် ဟန်ချက် ပျက်နိုင်သည်။

"အစ်ကို၊ နောက်ပြန်ဆင်းရင် ပိုလွယ်မယ်"

မိမိက အကြံပေးလိုက်သည်။ အစ်ကိုတွေတုန်းကတော့ ဒီကမူလေးကို သုံးလေးလှမ်းဖြင့် လွှားခနဲ ခုန်ဆင်းလိုက်သည် ပဲ။ တင်ဝင်းက သတိကြီး စွာ ထား၍ ဖြေးညင်းစွာ နောက်ပြန်ဆင်းသည်။ မိမိကလည်း အထိန်း သဘောဖြင့် ခေါင်ရန်းချုံတွေကို ဆွဲကိုင်ပေးထားသည်။ ဒီလိုနှင့် နှစ်ဦး သား အောက်ရောက်လာခဲ့ကြသည်။

"ကဲ-ခု ဘယ်ရောက်နေပြီလေ"

"ရထားသံလမ်းလေ၊ ဇလီဖားတုံးတွေပေါ်ကနေ လမ်းလျှောက်သွားလို့ ရတယ်၊ မိမိအစ်ကိုတွေဆို ဒီလိုပဲ သွားကြတာ"

တင်ဝင်း ခဏ ရပ်နေလိုက်သည်။ ရထားသံလမ်းပေါ်က သွားတဲ့။ ဒီ သံလမ်းတွေကတစ်ဆင့် မန္တလေးသွား၊ ရန်ကုန်သွား၊ လန်ဒန်သွား။ ဘုန်းကြီးကျောင်းက စာသင်ဖက်တွေ ပြောတာ ကြားဖူးသည်။ သူတို့ ဒီ သံလမ်းတွေပေါ် ကစားကြသည် တဲ့။ ရထားလာချိန် ရထားနား ဘယ်လောက် နီးနီးကပ်နိုင်လဲ ဆိုသည့် သတ္တိ ပြိုင်ကြသည် တဲ့။ တင်ဝင်း သံလမ်းကို သဘောကျနေတာ ကြာပြီ။ သူတို့ နှင့် ပင် လိုက်သွားလုနီးနီး၊ သို့သော် သံလမ်းဆိုသည် က သူ့ဘဝ သူ့ကမ္ဘာနှင့် လားလားမျှ မဆိုင်။ အမြင်အာရုံ ရှိသူများ အတွက်သာ။

ခုတော့ ဇလီဖားတုံးတွေပေါ် သူ လမ်းလျှောက်နေပြီ။ မကြာခင်မှာ ခြေလှမ်းမှန် ရစ်သမ်ကို သူ ရှာတွေ့ခဲ့ပြီ။ သစ်ပင်နှင့် ဝင်တိုက်မိမှာ၊ ချိုင့်ထဲကျွံမှာ၊ ချုံတိုးမိမှာ ဘာမျှ ပူစရာမလို။ ခု အေးစက် မှောင်မိုက်နေသည့် ဂူထဲ ကနေ လှေကားတစ်စင်းအတိုင်း တက် လာပြီး နွေးထွေး လင်းကျင်းသည့် ကမ္ဘာပေါ် ရောက်လာသလို ခံစားနေရသည်။ သူ မြန်မြန်ကြီး လျှောက် သည်။ စိတ်က ရွှစိတက်နေပြီ၊ မရတော့။ သူ ဇလီဖားတုံးတွေကို တစ်တုံးစီ ကျော်ပြီး ပြေးတော့သည်။ ကျောပေါ်က မိမိက ဘာမျှ မပြော။ မျက်စိမှိတ်ကာ လည်ပင်းကို တင်းတင်းဖက်ပြီး မြင်းရိုင်းပေါ် လိုက်ပါရသလို လိုက် လာသည်။ တင်ဝင်းသည် အစွမ်းကုန် ပြေး၏။ ဘာမျှ မစဉ်းစားတော့။ တဒုန်းဒုန်း ခုန်နေသည့် သူ့ရင်ခုန်သံမှ တစ်ပါး တခြား ဘာမျှ မကြားတော့။ သူ့ရင်က မြင်းခွာသံလို ကျယ်ကျယ်လောင်လောင် ဝင့်ဝင့်ကြွားကြွား ခုန် နေသည်။ မီးရထားခုန်သံပင် ဒီလောက်ကျယ်မည် မထင်။

နောက်ဆုံးတော့ အိပ်မက်က လန့်နိုးသလို သူ ရပ်တန့်သွားသည်။ အသက်ကို အမောတကော ရှူရင်း-

"ကိုယ် တောင်းပန်ပါတယ်"

ဟု သူ ဆိုမိသည်။

"ဟင်-ဘာလို့ လဲ"

"မိမိ မကြောက်ဘူးလား"

"အို-ဘာလို့ ကြောက်ရမှာ လဲ"

သူတို့ မြက်ခင်းပေါ် လှဲလိုက်ကြသည်။ မိမိက ကောင်းကင်ကြီးကို ငေး နေသည်။ နေဝင်တော့မည်။ အရုဏ်ပျို့ချိန်ပြီးလျှင် တစ်နေ့တာ၏ ဒုတိယ အလှဆုံးဖြစ်သော နေညိုဆည်းဆာချိန် ရောက်တော့မည်။ သိပ်လှသည့် မြင်ကွင်းပေါ့၊ အလင်းကျပုံက ဆန်းကြယ်လှပလှသည်။ သစ်ပင်တွေ၊ တောင်တန်းတွေ၊ အိမ်တွေ၏ မြင်ကွင်းကား ဆည်းဆာချိန်မှာ အံ့မခန်းပါပေ။ ညနေခင်းအသံတွေနှင့် ညကာလ မီးဖိုချိန် အသံတွေကို သူ နှစ်သက် လှသည်။

"ရင်ခုန်သံဟာ ဘယ်လို အသံမျိုးလဲ ဆိုတာ မိမိ သိလား"

တင်ဝင်းက မေးလိုက်သည်။ မိမိက ရင်ခုန်သံ ကြားရဖူးချိန်ကို ပြန် စဉ်းစားမိသည်။

"တစ်ခါတော့ မိမိ မေမေ့ ရင်ဘတ်ကို နားရွက်ကပ်ပြီး နားထောင်ဖူး တယ်၊

အထဲက တဒေါက်ဒေါက်နဲ့ တံခါးခေါက်နေတာ ဘယ်သူလဲလို့ ပေါ့၊ ကြာလှပါပြီ”

ဟုတ်သည်။ အဲဒီတုန်းကတော့ အမေ့ရင်ဘတ်ထဲက သတ္တဝါကြီး တစ်ကောင် အပြင်ထွက်ချင်၍ နံရိုးတွေကို အဆက်မပြတ် ခေါက်နေသည့် အသံ ဟု သူ ထင်ခဲ့ဖူးသည် လေ။

****

အခန်း(၁၂)

ထိုညက တင်ဝင်း တစ်မှေးမျှ အိပ်မရ။ နောက်တစ်ည၊ နောက်ထပ် တစ်ညတွေမှာ လည်း ထိုနည်း လည်းကောင်း၊ ကြီးကြီးမေ အနားမှာ လှဲရင်း မိမိအကြောင်းသာ တွေးနေမိသည်။ သုံးည ဆက်တိုက် မအိပ်သော်လည်း သူ မပင်ပန်း၊ လန်းဆန်း၍ ပင် နေသေးသည်။ သူ့အာရုံတွေ၊ အတွေးတွေ၊ မှတ်ဉာဏ်တွေက ကြည်လင်ပြတ်သားနေသည်။ သူတို့ နှစ်ယောက် နေ့ တစ်ပိုင်းလောက် အတူရှိခဲ့ကြသည်။ ထိုအချိန်ကာလလေးက အဖိုးမဖြတ် နိုင်။ သူ ပြောခဲ့သည့် စကားလုံးတိုင်း၊ အသံတိုင်း၊ ရင်ခုန်သံတိုင်းကို တင် ဝင်း ပြက်ပြက်ထင်ထင် မှတ်မိနေသည်။

မိမိ သူ့ကျောပေါ်မှာ ရှိစဉ်မှာ၊ သူ့နားနားကပ်ပြီး တီးတိုးပြောစဉ်မှာ၊ ခြေထောက်လေးတွေ သူ့ခါးပေါ် ခါးထစ်ခွင်ထားစဉ်မှာ ဘဝတွင် ပထမဆုံး အကြိမ်အဖြစ် တစ်ကိုယ်လုံး အပျော်တွေ စိမ့်ဝင်နေခဲ့သည်။ ထိုခံစားမှုက သူနှင့် စိမ်းလွန်းသဖြင့် ဘယ်လို နာမည်တပ်ရမှန်းတောင် သူ မသိ။ ပျော် တာလား၊ ရွှင်တာလား၊ ကြည်နူးတာလား၊ အားလုံးသော ခံစားချက်တွေ ရောပြွမ်းနေခဲ့သည်။ ထိုစကားလုံးတွေ၏ အဓိပ္ပာယ်ကို သူ ဘယ်တုန်းကမှ သေချာမသိခဲ့၊ အဖြူရောင် မြူထုဖုံးနေသော နေ့ရက်များ သည် တစ်ရက် တစ်ရက် ပင်ပန်းလွန်းလှသည်။ လောကက သူ့ကို ကျောခိုင်းထားသည်။ ဆရာတော်ကြီးနှင့် ကြီးကြီးမေ ရှိပေမယ့် သူ့ဘဝက သည်းမခံနိုင်လောက် အောင် အထီးကျန်ဆန်လွန်းသည်။ နှစ်ယောက်လုံးကို သူ ချစ်ခင် ယုံကြည်သော်လည်း သူတို့ နှင့် သူ့အကြားမှာ အမြဲတမ်း အလှမ်း ကွာနေတတ်သည် ကိုခံစားရသည်။ ကျောင်းသားတွေကြားမှာ၊ ဘုန်းတော်ကြီးတွေကြားမှာ တိုးတိုးဖွေ့ဖွေ့ စားသောက်၊ မီးလှုံအတူတကွ ရှိကြပေမယ့် သူက အုပ်စုထဲ၊ စနစ်ထဲသို့ ရောက်မလာ၊ ဖော်မဲ့ သင်းကွဲ ထီးတည်း ဖြစ်နေသည်။ သူနှင့် လောကကို မျက်စိထဲမှာ အမြဲဖုံးနေတတ်သည့် မြူထုက ပိုင်းခြားထား သလို။

သို့သော် မိမိနှင့် ကျတော့ မတူ။ မိမိမျက်လုံးတွေက သူ့မျက်လုံးတွေ ဖြစ်လာသည်။ မိမိနှင့် အတူ ဆိုလျှင် သူ့ဘဝသူ ပိုင်ပိုင်နိုင်နိုင် ရှိသည်။ အားလုံးနှင့် တစ်သားတည်း စိမ့်ဝင်စီးမျောနိုင်သည်။ မိမိကြောင့် သာ သူ ဘဝဆိုတာထဲ ဦးလှည့်လာနိုင်ခြင်းပင်။

သူတို့ နှစ်ယောက် ဈေးနေ့တိုင်းမှာ အမြဲ မခွဲ တတွဲတွဲ ရှိခဲ့ကြသည်။ နယ် သစ်ပယ်သစ် ရှာဖွေတွေ့ရှိသလို ကလောတစ်ခွင် လှည့်လည် စူးစမ်းကြ သည်။ သိပ္ပံပညာရှင် နှစ်ယောက်လို လမ်းတိုင်း၊ အိမ်တိုင်းကို လေ့လာကြ သည်။ လမ်းဘေးမှာ တမေ့တမြော ထိုင်ကြသည်။ သို့သော်လည်း တစ်ခါ သွားလျှင်

လမ်းတစ်လမ်း၊ ရပ်ကွက်တစ်ကွက်ထက် ပို၍ မသွားနိုင်။

ကြာလာတော့ သူတို့ လောကသစ်၏ လျှို့ဝှက်တံခါးကို ဖွင့်နိုင်သော နည်းကို တွေ့လာကြသည်။ ခြေလှမ်းနည်းနည်းလှမ်း၊ ရပ်၊ အသံတိတ်၊ နားစွင့်။ အဲသလို တိတ်ဆိတ်နေသည် က တစ်ခါတလေ မိနစ် အနည်းငယ်၊ တစ်ခါတလေ နာရီဝက်၊ တစ်ခါတလေ ဒီထက် ပိုကြာတတ်သည်။ တင် ဝင်းက အသံအမျိုးမျိုးကြားမှာ နစ်နေသည် ထိုအသံများကို သူ အသေးစိတ် သရုပ်ခွဲ ပြောပြသည်။ မိမိက သူမြင်ရသည့် ကို ပြောသည်။ အသေးစိတ် ပြောခြင်း ဖြစ်သည်။ ပန်းချီဆရာ တစ်ယောက်လို သူ မြင်ကွင်းကို ပထမဆုံး ပုံကြမ်းခြစ်ပြသည်။ ပြီးတော့ အနုစိတ် တစ်ကွက်ချင်း ခြယ်မှုန်းသည်။ အရုပ်နှင့် အသံ စရွေးမကိုက်လျှင် ထိုအသံလာရာကို မမောတမ်း ရှာကြသည်။ မိမိခမျာ ချုံတွေကြားထဲလည်း လေးဖက်ထောက် တိုးရသည်။ အိမ်အောက်တွေထဲလည်း တိုးဝင်ရသည်။ ပန်းခင်းတွေထဲ လည်း ဖင်တွန်းသွားရသည်။ ကျောက်ဆောင်တွေကြားလည်း ဝင်ရသည်။ သစ်ဆွေးတုံးကြီးတွေကိုလည်း လှန်ကြည့်ရသည်။ တစ်ခါတစ်ရံ တင်ဝင်း ကြားနေရသော အသံရှင်တွေက သစ်ဆွေးတုံးအောက်မှာ စက်တော်ခေါ်နေ ကြသည့် မြွေတွေ၊ ခရုတွေ၊ တီကောင်တွေ ဖြစ်နေတတ်သည်။ ဤသို့ဖြင့် လောကကြီး ကို တင်ဝင်း ပို၍ ပို၍ သိခွင့်ရလာသည်။ မိမိကြောင့် သူ ကြား ရသော အသံများ ၏ လာရာ လားရာကို ဆက်စပ်၍ ရလာသည်။ လောက သစ်၊ အာရုံသစ်၊ စကားလုံးသစ်တွေ ရလာသည်။ ဆင်လိပ်ပြာက ရိုးရိုး လိပ်ပြာထက် တောင်ပံခတ်သံ ပိုကျယ်သည် ကိုလည်းကောင်း၊ လေအဝှေ့ မှာ ပိုးစာပင်ရွက်တွေ ပွတ်တိုက်သံနှင့် မာလကာရွက်တွေ ပွတ်တိုက်သံ ကွဲပြားပုံကိုလည်းကောင်း၊ ဈေးပိုးထိုးလောင်းနှင့် ခူယား လှုပ်ရှားမှုချင်း ကွဲပြားသည် ကို လည်းကောင်း၊ ယင်ကောင်တို့ ၏ နောက်ခြေချင်း ပွတ်သံ မှာ တစ်ကောင်နှင့် တစ်ကောင် မတူကြောင်းကိုလည်းကောင်း ခုတော့ သူ သိရပြီ။

လူတို့ ၏ အသံတွေကတော့ ပို၍ ရှုပ်ထွေးသည်။ အမြင်အာရုံ ပျောက်ဆုံး ပြီးကတည်းက တင်ဝင်းသည် လူသံတွေကို နားစွင့်၊ သရုပ်ခွဲ၊ အဓိပ္ပာယ် ဖော်နေခဲ့တာ ကြာခဲ့ပြီ။ သူ့အတွက် လူသားတို့ ၏ ခံစားချက်များကို လမ်းပြ ပေးသည့် သံလိုက်အိမ်မြှောင်သဖွယ်။ ကြီးကြီးမေ ဒေါသထွက်လျှင်၊ ခြေ ကုန် လက်ပန်း ကျနေလျှင် အသံမှ တစ်ဆင့် သူ သိသည်။ စာသင်ဖက် ကျောင်းသားတွေ သူ့ကို မနာလို နေသလား၊ ဘုန်းကြီးတွေ သူ့ကို ဒေါသ ထွက်နေသလား၊ လူတွေ သူ့ကို သဘောကျလား၊ မကျဘူးလား အားလုံးကို သူတို့ အသံတွေမှ တစ်ဆင့် သူ သိပါသည်။

စကားသံတွေက နှလုံးခုန်သံလိုပဲ တစ်ဦးနှင့် တစ်ဦး၊ တစ်ခုနှင့် တစ်ခု ကွဲပြားခြားနားသည့် ပုံသဏ္ဍာန်တွေ ရှိနေသည်။ သူစိမ်းတစ်ယောက်၏ ရင်ခုန်သံကို

နားထောင်ပြီး ဒုတိယအကြိမ်၊ တတိယ အကြိမ်မှာ ထိုသူကို မှတ်မိသိရှိဖို့ တင်ဝင်းအတွက် အခက်အခဲ မရှိ။ သို့သော်လည်း လူ တစ်ယောက်တည်း၏ ရင်ခုန်သံသည် ပင်လျှင် အမြဲတမ်း ထပ်တူကျစွာ မ ပြောင်းမလဲ တည်နေဖို့ က ခက်လှသည်။ အခြေအနေနှင့် အချိန်အခါကို လိုက်ပြီး အမြဲပြောင်းလဲနေသည် ပဲ။ ရင်ခုန်သံတွေက လူကြီးလား၊ လူငယ် လား၊ ပျင်းရိငြီးငွေ့နေသလား၊ တက်ကြွလန်းဆန်းနေသလား၊ သိရခက်သူ လား၊ ပွင့်လင်းသူလား ပြောပြနိုင်စွမ်းရှိသည်။ စကားသံနှင့် ရင်ခုန်သံ မ ကိုက်ညီသည် များ လည်း ရှိသည် သာ။ ဆရာတော် ဘုရားကြီးကိုပဲ ကြည့် လေ။ ဆရာတော်ကြီး၏ စကားသံသည် အမြဲတမ်း အင်ပြည့်အားပြည့် ခွန်အားရှိသောအသံ။ လေကြမ်း၊ မုန်တိုင်းကြမ်းကို မမှုသည့် ပင်စည်ကြီးနှင့် ဧရာမ ထင်းရှူးပင်ကြီးအလား။ ထိုအပင်မျိုးအောက်မှာ သူ ငယ်စဉ်က စိတ်ချလက်ချ ဆော့ကစားနိုင်ခဲ့သည်။ သို့သော် သူ့နှလုံးသား၏ အသံ ကတော့ ပန်းလျ အားပျော့လှသည်။ နှစ်ရှည်လများ မိုးလင်း မိုးချုပ် ထမ်းပိုးမဖြုတ်ရသည့် နွားကြီးအလား။ ဘာဖြစ်လို့ များ ဆရာတော်ကြီး၏ စကားသံနှင့် ရင်ခုန်သံဟာ ထပ်တူမကျရသလဲ။ ဘယ်အသံကို သူ ယုံစားရ မလဲ။ စကားသံလား၊ ရင်ခုန်သံလား၊ ထိုမေးခွန်းတွေအတွက် လောလောဆယ် အဖြေမရှိသေး။ သို့သော် မိမိ၏ အကူအညီဖြင့် ဒီပုစ္ဆာတွေ ကို သူ ဖြေရှင်းနိုင်မှာ သေချာသည်။ အနည်းဆုံးတော့ တချို့တလေကိုပေါ့။

*****

အခန်း(၁၃)

တင်ဝင်းအကြောင်း စကြားချိန်ကို မိမိ ကောင်းကောင်း မှတ်မိပါသည်။ လွန်ခဲ့သည့် နှစ်နှစ်တုန်းက အစ်ကိုယ် ကိုရင်ဝတ်သည်။ အမေနှင့် သူ ဘုန်းကြီးကျောင်းသို့ သွားတော့ အစ်ကိုယ်က ကနေ့မနက် ဆွမ်းခံရင်း ခလုတ်တိုက်လဲသော မျက်မမြင် ကိုရင်လေးတစ်ပါး အကြောင်း ဖောက်သည် ချသည်။ ဆွမ်းအပြည့်နှင့် သပိတ်မှောက်မည် စိုးသဖြင့် သပိတ်ကို မလွှတ်ဘဲ လမ်းနှင့် မျက်နှာ ရိုက်မိသဖြင့် မျက်နှာလည်း စုတ်ပြတ်၊ သပိတ်လည်း မှောက်ခဲ့ရသတဲ့။ ထိုကိုရင်မျက်ကန်းမှာ အင်မတန် ကြောင်သော်လည်း အတန်းထဲမှာ တော့ သူအတော်ဆုံးတဲ့။ ခု တော့ သူလူထွက်လိုက်ပြီတဲ့။ ထိုစကားကြားပြီးတော့ မိမိ ဝမ်းနည်းလိုက် တာမှ အရမ်းပါပဲ။ ဘာကြောင့် မှန်းတော့ မသိ။ မျက်ကန်း ကိုရင်က သူ့ ကိုယ်သူ သတိရသွားစေသည်။ သူလည်း ဘယ်သူမျှ မရှိသည့် အချိန်မှာ ပျော့ဖပ် ခွေကောက် နေသည့် ခြေထောက်လေးများ ပေါ် ရပ်နိုင်ဖို့၊ ခြေလှမ်းနည်းနည်း လျှောက်ကြည့်ဖို့ အကြိမ်ပေါင်းများ စွာ ကြိုးစားခဲ့ ဖူးသည် မဟုတ်လား၊ ခြေနှစ်လှမ်းလောက် လှမ်းအပြီး နာကျင်စွာ လဲကျခဲ့ ရဖူးသည် မဟုတ်လား။ မျက်ကန်း ကိုရင်ခမျာ အများ ရှေ့မှာ ဖြစ်ရသည့် အတွက် ဘယ်လောက်များ ရှက်ရှာ လိမ့်မလဲ။ သူ တစ်ရက် တစ်ရက်ကို ဘယ်လိုများ ဖြတ်သန်းနေခဲ့လဲ။ တစ်ခါတုန်းက သူငယ်ချင်းတွေနှင့် ဖန် ဂေါ်လီလိုမ့်တမ်း ကစားတုန်းက အဖြစ်ကို သတိရပြန်သည်။ ဖန်ဂေါ်လီကျင်းစိမ်ရာမှာ ကျွမ်းကျင်လှသော မိမိက ပျော်ပျော်ကြီး ကစားနေချိန်မှာ ကောင်မလေးတစ်ယောက်က ရုတ်တရက် ထပြီး ဗွေဖောက်သည်။ တော် ပြီ မကစားနဲ့ တော့၊ ပျင်းစရာကြီး၊ အပြေးပြိုင်တမ်း ကစားမယ်တဲ့။ ယူကလစ်ပင်ကြီးဆီ အရင်ရောက်သူက အနိုင်တဲ့။ သူတို့ တဝုန်းဝုန်း ပြေး ထွက်သွားကြသည်။ မိမိကတော့ သူ့ ဖန်ဂေါ်လီလေးတွေကို ပြန်သိမ်းရင်း ဘာဖြစ်လို့ များ သူ့မှာ မှ ခုလို ဖြစ်ရသလဲ ဆိုတာကို အသံတိတ် မေးနေ မိသည်။ အကြောင်းရင်းကို သူ ဘယ်တော့မှ သိမည် မဟုတ်။ ကံကြမ္မာကို သူ စောဒက မတက်ရဲပါ။ ဒါပေမဲ့ အင်မတန် ရင်နာရသည် ကို ကံကြမ္မာဆို သူ သိပါလေစ။

ရင်နာတာထက် ပိုဆိုးတာကတော့ မိသားစုနှင့် အနေနီးပါလျက် ဝေးကွာ နေခြင်းကိုသာ။ သူက မိဘနှစ်ပါးနှင့် အစ်ကိုတွေကြား နေရင်းက ဖော်မဲ့ သင်းကွဲ ဖြစ်နေခဲ့သည်။ ထိုခံစားချက်ကို သူ့မိသားစုဝင်တွေ ဘယ်တော့မှ နားလည်မည်မထင်။ သူ့အစ်ကိုတွေက သူ့ကို ပြုစုယုယ ဖေးမကူညီပါသည်။ ညီမထွေးလေးကို တစ်လှည့်စီ ကျောပိုးရင်း လယ်ကွင်းတွေ၊ ရေကန်တွေ၊ ဈေးထဲ၊ တောင်ပေါ်၊ မြို့ထဲ၊ ရွာထဲ နေရာအနှံ့ ပို့ကြပါသည်။ ဒါကို အနစ်နာခံရသည် ဟု သူတို့ မတွေးခဲ့ကြ။ သို့သော်လည်း ထင်းခွေသလို၊ ရေခပ်သလို၊ အာလူးစိုက်သလို

လုပ်နေကျ နိစ္စဓူဝ အလုပ်တစ်ခုလို လုပ်ကြ ခြင်းမျှသာ။ ကျေးဇူးတင်ခံချင်တာမျိုးလည်း မရှိ၊ ဘာမျှလည်း ပြန်ရဖို့ မ မျှော်လင့်။ သို့သော် မိမိသည် အမြဲ ဝမ်းနည်း နေခဲ့သည်။ ကြေကွဲနေခဲ့သည်။ ကူကယ်ရာမဲ့ ခံစားချက် ဖြစ်ပေါ်နေခဲ့သည်။ အကြောင်းမရှိဘဲ တရှုံ့ရှုံ့ ငိုခဲ့ ရသည်။ နားလည်ရခက်သည့် ဝေဒနာနှင့် ခံစားချက်သာ။ သူတို့ သိလျှင် ပြောကြလိမ့်မည်။ ဟဲ့-ငါတို့ နင့်ကို လိုလေသေးမရှိ ထားတာပဲ၊ ဒါနဲ့ တောင် မလုံလောက်သေးဘူးလားလို့ ပေါ့။ ထို့ကြောင့် မိမိမှာ ဝမ်းနည်းစိတ်ကိုမျိုချ၊ မျက်ရည်တွေကို ကြိတ်မှိတ်ချုပ်တည်းထားရသည်။ အမေနှင့် ပတ်သက်လျှင်လည်း ထိုနည်းလည်းကောင်းသာ။ အမေက သူ့ကို အထင်ကြီးသည်။ ပါရမီရှင်ဟု သတ်မှတ်သည်။ မသန်စွမ်းခြင်းကို ဖုံးကွယ်ပစ်နိုင်သည့် ထူးကဲသော ပါရမီပါလာသူ မေမေ့သမီး ပက်ကျိမ လေးဟု မကြာခဏခေါ်သည်။ သူ့အမေ စိတ်မပျက်ရအောင် သူ သန်မာ ဟန်ဆောင်နေရသည်။ ဒါကြောင့် လည်း အဖေ့ရှေ့၊ အမေ့ရှေ့၊ အစ်ကိုတွေ ရှေ့မှာ၊ ကိုယ်ကိုယ်တိုင်ရှေ့မှာ စိတ်အားငယ်မှုကို မပြရဲသလောက်ပင်။

နောက် သုံး လေးရက် ကြာတော့ ကျောင်းဝရန်တာမှာ ထိုင်နေတုန်း အစ်ကိုငယ် ပြသဖြင့် ကျောင်းဝင်းထဲ တံမြက်စည်းလှည်းနေသော တင်ဝင်း ကို သူ စမြင်ဖူးသည်။ မိမိ မျက်လုံးတွေက သူ့ဆီမှ မခွာနိုင်ခဲ့။ မမြင်ရဘဲ တံမြက်စည်းလှည်းနေပုံက စေ့စပ်သေချာလှသည် မို့ သူ အံ့အားသင့်ရသည်။ တခါတလေရပ်ပြီး ခေါင်းကလေး မော့မော့ရင်း တစ်ခုခုကို နားစွင့်နေ သလိုလို၊ ရှူရှိုက်အနံ့ခံနေသလိုလို။

ထိုနေ့မှ စ၍ သူ့အကြောင်း ရံဖန်ရံခါ အတွေးထဲ ရောက်လာသည်။ နောက်တစ်ခါ ဘုန်းကြီးကျောင်း ရောက်တော့ သူ့ကို တွေ့ပြန်သည်။ ထင်းစည်းကြီး သယ်ပြီး အနားမှ ဖြတ်သွားသည်။ မိမိကို ရှိနေမှန်းပင် သူ မသိ။ မိမိ သူ့ကို အဝေးက ကြည့်နေသည်။ တင်ဝင်းက ထင်းစလေးတွေ ချိုးပြီး မီးမွှေးနေသည်။ မီးအရှိန်ရလာတော့ ရေနွေးအိုးတည်သည်။ သူ့ကြည့်ရတာ အေးအေးဆေးဆေးပင်။ သူ၏ အေးဆေးတည်ငြိမ်မှုကို မိမိ အထင်ကြီးမိသည်။ ကျက်သရေတွေက ရောင်စဉ်ဖြာထွက်နေသလိုပင်။ သူ့ မျက်မမြင်ဘဝဟာ မိမိရဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်တဲ့ ဘဝထက် ပိုဆိုးသလား၊ ပိုသက်သောင့်သက်သာ ရှိသလား။ တခြားကလေးတွေ ယူကလစ်ပင်ဆီ သူ့ထက်ငါ အပြိုင်အဆိုင် ပြေးနေကြတာကို ငေးကြည့်နေရတဲ့ ခံစားချက်ကို သူနားလည်နိုင်ပါ့မလား။ အမေက ဂုဏ်ယူစွာ ကြည့်နေတဲ့ အချိန် ရက်သွေးတွေ တဖြန်းဖြန်းထမိနေတာကို သူကိုယ်ချင်းစာနိုင်ပါ့မ လား၊ အစ်ကိုတွေ ကျောပေါ်ကနေ လိုက်ရင်း အိမ်နီးနားချင်း အပျိုလေး တွေ၊ လူပျိုလေးတွေနဲ့ တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး သီချင်း သံပြိုင်ဆိုနေတာကို တွေ့ချိန်မှာ ဖြစ်လာတဲ့ သိမ်ငယ်မှုကို သူ သိပါ့မလား။ သူကို စကားပြောချင်စိတ် ပေါ်မိသည်။ တရွေ့ရွေ့ ဖင်တွန်းသွားပြီး သူ သတိထားမိအောင်

သူ သွားသည့် လမ်းပေါ် ပိတ်ထိုင်နေချင်သည်။ သို့သော် သူ့ဆန္ဒတွေကို သူ ထိန်းချုပ်ထားသည်။ အပျိုကလေး တစ် ယောက်၏ အရုက်ကြွန်းသိက္ခာကြောင့် မဟုတ်၊ မလိုအပ်ဘူး ထင်၍ သာ။ သူတို့ တစ်နေ့ ဆုံကို ဆုံကြလိမ့်ဦးမည်။ ဘဝလမ်းကြောင်း ကံကြမ္မာ အလှည့်အပြောင်း ဆိုသည် က တမင် ဖန်တီးယူ၍ မရ။

ထို့ကြောင့် လည်း တစ်နေ့လယ်မှာ တင်ဝင်း စမ်းတဝါးဝါးနှင့် သူ့နား ချဉ်းကပ်လာတာ မြင်တော့ သူ မအံ့ဩမိ။ သူ တင်ဝင်း၏ အဖြူသား သက်သက် မျက်ဝန်းတွေကို ငေးနေမိသည်။ ဖော်မဲ့သင်းကွဲ အထီးကျန် ဝေဒနာသည် ဖြစ်ကြောင်း သူမြင်ရုံနှင့် သေချာသိသည်။ သူ့ရင်ခုန်သံ အကြောင်း တင်ဝင်း ပြောစကားကို ကြားရတော့လည်း မအံ့ဩ။ တင်ဝင်း ပြောသမျှ သူ ယုံသည် ပဲ။

ဈေးနေ့ကို မျှော်ရင်း ဘဝမှာ ပထမဆုံးအကြိမ် စိတ်မရှည် ဖြစ်ခဲ့ရသည် ကို သူ သိနေခဲ့သည်။ နာရီတွေ၊ မိနစ်တွေကို ရေတွက်ရင်း တင်ဝင်းကို မြင် လိုဇောဖြင့် သူ မောနေသည်။ ဘုန်းကြီးကျောင်းမှာ သွားခေါ်လိုက်ရ ကောင်းမလား၊ နှောင့်ယှက်သလိုများ ဖြစ်မလား၊ တင်ဝင်းကရော သူ့ကို တွေ့ရင် ပျော်မှာ လား၊ မနေနိုင်တော့သဖြင့် အစ်ကို့ကို ဘုန်းကြီးကျောင်း လိုက်ပို့ခိုင်းမိသည်။ ဝရန်တာမှာ သူ ထိုင်စောင့်နေသည်။ တင်ဝင်း သူ့အသံ ကြားသည် နှင့် သူ့ဆီ တန်းတန်းမတ်မတ် ရောက်လာသည်။ ပြုံးပျော် နေသည့် တင်ဝင်းကို မြင်ရတော့ သူ့သံသယတွေ ပျောက်သွားသည်။ တင် ဝင်းလည်း သူ့နည်းတူ ပျော်တာပါပဲလား။ သူ့ဘေးမှာ ထိုင်၊ သူ့လက် ကလေးကိုကိုင်ရင်း နှစ်ယောက်သား စကားမဆိုမိကြ။ ထိုနေ့ကစ၍ သူတို့ နေ့စဉ် တွေ့ကြလေတော့သည်။

တင်ဝင်းသည် မိမိကို ကျောပိုး၍ ယာခင်းတွေကိုဖြတ်၊ တောင်တွေကို တက်၊ မြို့တွင်းကိုသွား၊ မမောမပန်းနိုင်၊ နေပူ မိုးရွာလည်း မရှောင်။ သူ့ ကျောပေါ်မှာ သူနှင့် အတူသာဆိုလျှင် မိမိကိုယ်ပိုင်ကမ္ဘာလေး အရည်ပျော် အငွေ့ပြန်သွားစမ်းပါစေ၊ မမှုတော့။ သူတို့ နှစ်ဦး နယ်ပယ်ချဲ့ထွင်ပြီးရင်း ချဲ့ထွင်နေကြသည်။ ခြံစည်းရိုးနယ်နိမိတ်ကို ကမ္ဘာအစွန်းအမှတ်ဖြင့် နေရ သော နေ့ရက်တွေ ကုန်ဆုံးခဲ့ပြီ။

မိုးသည်းလှသည့် မုတ်သုံရာသီမှာ တော့ ဘုန်းကြီးကျောင်းမှာ ကွန်းခိုရင်း တင်ဝင်း၏ စာအုပ် တွေထဲမှ တစ်ဆင့် ခရီးဆက်ကြသည်။ တင်ဝင်း လက်ချောင်းလေးတွေက စာမျက်နှာများ ပေါ် ပြေးလွှား ဖတ်ရှုရင်း ခုတော့ ခရီးစဉ်ကို သူက ဦးဆောင်လေပြီ။ တင်ဝင်းက ဖတ်ပြ၊ မိမိက သူ့အသံညှို့ ချက် အောက်မှာ စိတ်ချလက်ချ ခွေခွေလေးလှဲ့။ သူတို့ ကမ္ဘာအနှံ့ ရောက်ကြ သည်။ ကိုယ့်ခြေထောက်နှင့် ကိုယ် တစ်ဖက်ရွာပင် မရောက်နိုင်သည့် မိမိနှင့် တင်ဝင်း ကမ္ဘာပတ်နေကြသည်။ ပင်လယ်ကူး သင်္ဘောကြီးတွေပေါ် သူ ခေါ်သွားသည်။ ကိုလံဘို၊ ကာလကတ္တား၊ ပို့ဆက်၊ မာဆေး၊ ဟိုက်ပတ် ပန်းခြံ၊ ပစ်ကာဒေးလီး

ဆက်ကပ် အစုံအလင် တစ်ပုံတစ်ပင်။ နယူးယောက် မှာ မိမိ နမော်နမဲ့နိုင်လို့ ကားတိုက်ခံရမလို ဖြစ်ခဲ့ကြသည်။ ကိစ္စမရှိ၊ မိမိ ရှိ နေဖို့ သာ အရေးကြီးသည်။

အကြားအာရုံ သင်ခန်းစာတွေကို တင်ဝင်းက စိတ်ရှည်လက်ရှည်ပို့ချသည်။ မိမိနားတွေက တင်ဝင်းလောက် မကောင်းနိုင်တာ သေချာသဖြင့် ရင်ဘတ်ပေါ် နားရွက် အပ်မထားမချင်း ရင်ခုန်သံကို မကြားနိုင်တာ၊ ပုစဉ်းတို့၊ ဖားပြုပ်တို့ ကို အသံကြားရုံနှင့် မခွဲခြားနိုင်တာ သေချာလှပေမ ယ့် ကြားရသော အသံတွေကို မည်ကာမတ္တ သဘောမထားဘဲ လေးလေးစားစား သရုပ်ခွဲတတ်ဖို့ တော့ သူ သိလာခဲ့သည်။

ခုဆိုလျှင် တစ်ယောက်ယောက်က သူ့ကို စကားလာပြောခဲ့လျှင် ထို အသံ၏ အရောင်ကို သူ သတိထားမိပြီ။ စကားလုံးတွေ၏ လေသံကိုလည်း သူ ကျက်မိပြီ။ ဈေးထဲမှာ အာလူးဝယ်သူတွေဟာ ဈေးဆစ်လွန်းတတ် သလား၊ ပြောတဲ့ ဈေးအတိုင်း ဝယ်တတ်သလား ဆိုတာကို သူ ခန့်မှန်း တတ်ပြီ။ သူ့အစ်ကိုတွေ စကားတစ်ခွန်း နှစ်ခွန်း ပြောရုံနှင့် သူတို့ ပျော်နေ သလား၊ ပျင်းနေသလား၊ စိတ်အနှောင့်အယှက် ဖြစ်နေသလား သူ သိသည်။ သိတာကို ပြောသည်။ အလိုလေးလေ့-ပက်ကျိမ ကလေး၊ ခုတော့ ပက်ကျိ ဂေါက်ကြောင်ကလေး ဖြစ်နေပြီ။

တစ်နေ့မှာ တော့ မိမိကို သူ မတွေ့ရ။ တင်ဝင်း ထူပူသွားခဲ့သည်။ သူတို့ နိစ္စဓူဝ တွေ့နေခဲ့ကြတာ တစ်နှစ်ကျော်ခဲ့ပြီ။ မနေ့ ညနေကလည်း မိမိ ဘာမျှ ထွေထွေထူးထူး ပြောမသွားခဲ့။ ဘယ်လိုများ ဖြစ်နေလဲ မသိ။ နေများ မကောင်းဘူးလား၊ သူ့အစ်ကိုတွေလည်း ဘာမျှ လာမပြောပါလား။ ညက မိုး သည်း လွန်းသဖြင့် လမ်းတွေ အကုန်ဗွက်ပေါက်နေသည်။ တင်ဝင်းသည် လူသူကင်းမဲ့သည့် ဈေးကို ဖြတ်ရင်း မိမိရှိရာ တောင်ပေါ်တက်ခဲ့သည်။ တစ်လမ်းလုံး တဗိုင်းဗိုင်းလဲသည်။ တစ်ကိုယ်လုံး ဗွက်လူးနေသည်။ မိမိ ရင်ခုန်သံကို စဉ်းငယ်မျှ မကြား။

မိမိတို့ တစ်အိမ်လုံး ဘယ်သူမျှ မရှိ၊ ခြံစောင့်ခွေးပင် မရှိ။ အိမ်နီးနားချင်း တွေလည်း သူတို့ မိသားစု ဘယ်သွားမှန်းမသိ။

ယာထဲ ဆင်းနေကြတာ နေမှာ ပါ။ မကြာခင် ပြန်ရောက်လာကြမှာ ပါ။ သို့သော် ဘယ်သူမျှ ပြန်ရောက်မလာကြ။ နေညိုလာတော့ တင်ဝင်း ယောက်ယက်ခတ်လာသည်။ မိမိကို တကြော်ကြော် အော်ခေါ်သည်။ လေ့ကားလက်ရန်းကို အတင်း လှုပ်ယမ်းသည်။ ရောမ လိပ်ပြာကြီးတစ် ကောင် သူ့ကိုယ်ပေါ် လာနားသည်။ သူ သစ်ပင်ပေါ် တက်သည်။ ခြစ်ရာ ရှ ရာတွေ တဖြည်းဖြည်း များ လာသည်။ ခြံဝင်းထဲ လျှောက်ပြေးသည်။ လဲ သည်၊ မေးစေ့ကွဲသည်၊ သွေးတရဲရဲ၊ နောက်ဆုံးတော့ အိမ်နီးနားချင်း

ကောင်လေးသုံးယောက် သူ့ကို အိမ်ပြန်ပို့ကြသည်။

****

အခန်း(၁၄)

ထိုအသံမျိုး ဒေါ်စုကြည် တစ်ခါမျှ မကြားဖူးခဲ့။ စိတ်နှလုံး ထိခိုက်လွန်းသဖြင့် ထွက်လာသော ကျယ်ကျယ်လောင်လောင် ညည်းတွား မြည်တမ်းသံ။ သောကပရိဒေဝ အပူဟပ်သံ၊ အပူလုံးကြွသံ။

သူ နိုး လာပြီး လှည့်ကြည့်လိုက်သည်။ သူ့ဘေးမှာ တင်ဝင်းတစ်ယောက် ပါးစပ် ဟစိ ဟစိနှင့် ညည်းနေသည်။

သား-သားရေ ဟု ခေါ်သော်လည်း ပြန်မထူး၊ သူ အိပ်နေတာလား၊ နိုးနေတာလားပင် သေချာမသိ။ သူ သားကို ပခုံးက ကိုင်လှုပ်သည်။ တစ်ကိုယ် လုံး တောင့်တင်းနေသည်။

မောင်တင်ဝင်း၊ မောင်တင်ဝင်းရေ။

မျက်နှာကို လက်ဖဝါးဖြင့် သပ်ပေးသည်။ ခေါင်းကို ရင်ခွင်ထဲ ထည့်ထားလိုက်သည်။ တင်ဝင်း တဖြည်းဖြည်း ငြိမ်လာသည်။ တရှုးရှုးအိပ်ပျော် သွားသည်။ ဒေါ်စုကြည်က သူ့ခေါင်းကို ထွေးပွေ့လျက်။

အရုဏ်တက်ခါနီး သူ နိုးတော့ တင်ဝင်းထံမှ ရှိုက်သံတွေ ကြားရသည်။ နာမည်ခေါ်တော့ မထူးပြန်။ ဒေါ်စုကြည် လူးလဲထလိုက်သည်။ တင်ဝင်းကို စောင်ခြုံပေးသည်။ အအေးများ မိသွားသလား၊ ညက မိုးချုပ်မှ သူ ပြန်လာ ခဲ့သည်။ တစ်ကိုယ်လုံး ညစ်ပတ်ပေရေ ခြစ်ရာ ရှရာ အပြည့် သွေးသံ ရဲရဲဖြင့်။ လူငယ်သုံးယောက်က သူ့ကို လိုက်ပို့ခဲ့သည်။ ရောက်ရောက်ချင်း စကားတစ်လုံးမျှ မပြောဘဲ အိပ်ရာထဲ ခွေနေခဲ့သည်။

မီးဖိုချောင်ထဲ ဝင်ပြီး မီးမွှေးလိုက်သည်။ ကြက်သားဆန်ပြုတ် ပြုတ်ပေးဦးမှ။

ဝေါခနဲ အသံကြား၍ အိပ်ခန်းထဲ ပြန်ပြေးသည်။ တင်ဝင်းက ပြတင်းပေါက်ရှေ့မှာ ဒူးထောက်ပြီး အန်နေသည်။ တစ်ကိုယ်လုံး တုန်လာ အောင် အပြင်းအထန် အန်နေသည်။ သည်းခြေရည်စိမ်းစိမ်းတွေ ပါလာ သည် အထိ အအန်မရပ်။ အန်ပြီးတော့ သူ ခွေကျသွားသည်။ ဒေါ်စုကြည် က တင်ဝင်းခေါင်းကို ပေါင်ပေါ် တင်ထားသည်။ သူ့နှုတ်ခမ်းတွေက တွန့် လိမ်လျက်။ သူ့ အသက်ရှူသံက တရှူးရှူး တရှဲရှဲ။

သူ အိပ်မက်မက်နေသလား၊ နိုးနေသလား တင်ဝင်း မခွဲခြားတတ်တော့။

ဘယ်အချိန် ရှိပြီလဲ၊ ဘယ်နေရာ ရောက်ပြီလဲ သူ မသိတော့။ မျက်လုံးထဲမှာ ဖြူနေရာက မည်းလာသည်။ နှာခေါင်းထဲမှာ အနံ့ဖတ်နံ့တွေ လှိုင်နေသည်။ နားတွေက တစီစီမြည်နေသည်။ အူတွေက လှိုင်းထနေသည်။ သွေးတွေ တဒိတ်ဒိတ် တိုးနေသည်။ သူ့နှလုံးသားကား အကြောက်တရား ဆိုသည့် လက်မည်းကြီးဖြင့် ဖျစ်ညှစ် ဆုပ်နယ်ခြင်း ခံလိုက်ရပြီ။ ရှုသွင်းလိုက်သော လေကဲ့သို့ပင် အကြောက်တရားသည် နေရာတကာမှာ ကြီးစိုးခဲ့ပြီ။ ခန္ဓာကိုယ်ကိုရော၊ အတွေးတွေကိုရော အိပ်မက်တွေကိုပါ အကြောက် တရားက စိတ်ထင်တိုင်း မင်းမူနေခဲ့ပြီ။ အိပ်မက်ထဲမှာ မိမိ ရင်ခုန်သံကို ကြားရသည်။ မိမိကို တကြော်ကြော် အော်ခေါ်သည်။ သို့သော် ပြန်မထူးခဲ့။ ရင်ခုန်သံနောက် လိုက်တော့လည်း လိုရာသို့ ဘယ်တော့မှ မရောက်။ အမောဆို့ လဲကျသည် သာ အဖတ်တင်သည်။ တန်းလျားတစ်ခုမှာ ထိုင်နေ သည့် မိမိကို တွေ့သည် မိမိဆီသို့အသွား မဟာပထဝီမြေကြီး ဟက်တက်ကွဲပြီး သူ့ကို အရှင်လတ်လတ် မြေမျိုသည်။ မှောင်မိုက်ပူလောင်လှသည့် ဖြစ်ခြင်း၊ ထိုအိပ်မက်တွေက မဆုံးတမ်း ဆက်ကာဆက်ကာ သူ့ကို နှိပ်စက်နေသည်။ သေပါရစေတော့။ ဘာကြောင့် များ သေသည့် အကြောင်း အိပ်မက်ကလေးတောင် မက်ခွင့် မရှိတာလဲ။

သေခြင်းက သူ့ကို ခြောက်လှန့်ခြင်း မဟုတ်၊ ရှင်သန်ခြင်း၏ အရာ ခပ်သိမ်းက ခု သူ့ကို ခြောက်လှန့်နေခဲ့သည်။ အထိအတွေ့တွေ၊ စကားလုံး တွေ၊ အတွေးတွေ၊ အသက်ရှုသံတွေ၊ ရင်ခုန်သံတွေ။

သူ လှုပ်လည်း မလှုပ်နိုင်။ ဘာမျှလည်း မစားနိုင်။ ကြီးကြီးမေ လက်ဖက်ရည် လာတိုက်တော့လည်း ထွေးထုတ်မိသည်။ ကြီးကြီးမေ အသံကို ကြားနေပေမယ့် အဝေးတစ်နေရာက လိုလို၊ ကြီးကြီးမေ လက်တွေ၏ အထိအတွေ့ကို သိနေပေမယ့် တခြားကမ္ဘာကလိုလို။

ဆရာတော်ကြီး၏ စကားသံတွေကို ပြန်လည် ကြားယောင်လာသည်။

လောကမှာ ကြောက်စိတ်ကို ပျောက်ကင်းသက်သာစေတဲ့ အစွမ်းဟာ တစ်ခုပဲ ရှိတယ်ကွဲ့ ဒကာလေးရဲ့။

ဟုတ်တော်မူရဲ့ လား ဘုရား။ ချစ်သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲကို ဘယ် အစွမ်းက သက်သာ ပျောက်ကင်းစေမှာ လဲ ဘုရား။

သုံးရက်လုံးလုံး သေငယ်ဇောနှင့် သူ မြောနေသည်။ ကြီးကြီးမေက သူ့ကို အကြာကြီး နှိပ်နယ် ပေးသည်။ ဆေးတွေ အုံပေးသည်။ သုံးရက်လုံး အနားမှ တစ်ဖဝါးမှ မခွာ။

သားလေးဟာ နာတယ်လည်း မပြော၊ ချောင်းလည်း မဆိုး၊ ခန္ဓာကိုယ်က

လည်း ပူလောင် အေးစက်နေတာမျိုးလည်း မရှိ။ ဘာဝေဒနာမျိုးလဲ၊ ဘာရောဂါမျိုးလဲ၊ သူ့အသက်ကို ဘယ်အရာကများ လိုချင်နေတာလဲ၊ ကလော ဆေးရုံက ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဗေဒင်ဆရာတွေ၊ ခနေ ပအို့ဝ်၊ ပလောင် ဆေးဆရာတွေ အားလုံးပေါင်းတာတောင် သူ့သားလေး ရောဂါကို ကယ်နိုင်ပါ့မလား။ အင်း- တစ်စုံတစ်ယောက်က ကယ်နိုင်မည်ဆိုလျှင် ဆရာတော်ကြီးမှ တစ်ပါး တခြားမရှိ။ ဇေန္တတော့ သားကလေး အပမှီပြီ ထင်သည်။ ထို့ကြောင့် လက်ဖက်ရည်အိုးကလေး တင်ဝင်းနားထားပြီး ဒေါ် စုကြည် ဘုန်းကြီးကျောင်းကို ဒရောသောပါး ပြေးလေသည်။

ဖြစ်ကြောင်းရယ်ကုန်စင်ကို ဆရာတော်ကြီးထံ သူ လျှောက်တင်သည်။ ဆရာတော်ကြီး ဦးမေ အတွက်တော့ တင်ဝင်း အဖြစ်အပျက်သည် တုန်လှုပ် ချောက်ချားစရာ မဟုတ်ခဲ့။ အချစ်ဝေဒနာ စွဲကပ် ရာကား ကုရာနတ္ထိ ဆေးမ ရှိ ဆိုခြင်းကို သက်တော်ကြီးရင့်လှပြီ ဖြစ်သည့် ဆရာတော်ကြီး ကောင်းစွာ သိသည် ပဲ။ အချိန်တန်လျှင် သူ့အလိုလို သက်သာပျောက်ကင်းသွားလိမ့် မည်။

ထိုသို့ ကြားရတော့ ဒေါ်စုကြည် ကိစ္စတစ်ခုကို ပြန်အမှတ်ရလာခဲ့သည်။ သူ့ဘကြီးသည် အိပ်ရာထဲမှာ မလှုပ်မယှက် ၃၇ နှစ်ကျော် လဲခဲ့သည်။ ဖျာ ပေါ်လှဲ၊ မျက်နှာကြက်ကို ငေးရင်း ဘာမျှ မစားမသောက်ဘဲ အသေကောင် ကြီးလို တုံဏိဘာဝေ ကာလရှည်ကြာ ဝေဒနာ ခံစားခဲ့ရသည်။ အကြောင်း ကတော့ လူပျိုပေါက်ကတည်းက တိတ်တခိုး စွဲလမ်းနေခဲ့သည့် သူ့အိမ်ဘေး မှ အမျိုးသမီး လေးကို မိဘတွေက အတင်းအဓမ္မ ယောက်ျားပေးစား လိုက်၍ သာ။

သူ့တူတစ်ယောက်သည် လည်း ရပ်ကွက်တစ်ခုထဲက ကောင်မလေးတစ် ယောက်ကို မေတ္တာ ရှိလွန်း၍ ညနေတိုင်း အိမ်ရှေ့ သီချင်းသွားဆိုရင်း မေတ္တာတေးသီနေခဲ့သည်။ ဒါက မဆန်းသော်လည်း သူ့တူတော်မောင်က မေတ္တာတေးကို နေ့ရော ညရော မပြတ်သီကျူးလာသောအခါ မိန်းကလေး အိမ်က စိတ်အနှောင့်အယှက် ဖြစ်လာသည်။ ထိုအိမ်က အစ်ကိုတွေ၊ မောင်တွေ သူ့ကို တွန်းထိုးရိုက်ပုတ် မောင်းထုတ်လိုက်ကြသည်။ သူအိမ်ရောက် တော့ ထောပတ်သီးပင်ပေါ် တက်ကာ ဆက်တိုက် မနားတမ်း တေးသီလိုက် သည် မှာ သုံးပတ်နှင့် ခြောက်ရက်တိတိ။ နောက်ဆုံး အသံ လုံးဝ ပျောက် သွားသည် အထိ။ ဒေါ်စုကြည်စိတ်ထဲမှာ အချစ်ကြောင့် အမျိုးမျိုးအဖုံဖုံ ဝေဒနာခံစားကြကုန်သော၊ ရူးသွပ်ကြကုန်သော ဇာတ်လမ်းတွေ ထောင်ပုံ ရာပုံ ဆင့်ကာ ဆင့်ကာ ပြန်လည် တွေးမိနေသည်။ လယ်သမားတွေ၊ တောင်သူတွေ၊ ကုန်သည် တွေ၊ ပန်းထိမ်ဆရာတွေ၊ မြင်းလှည်းသမားတွေ၊ ဘုန်းတော်ကြီးတွေနှင့် မျက်နှာဖြူ အင်္ဂလိပ်တွေအားလုံး ဒီလို ဇာတ်လမ်း တွေချည်းသာ။

ဒါ ကလော၏ ရေခံမြေခံကြောင့် လား။ ဒါ အခိုက်ခာတ်ပြည့်နေသည့်

အိမ်ကြောင့် လား၊ ဒါ အမြဲစိမ့်အေးနေသည့် တောင်ပေါ်ရာသီဥတုကြောင့် လား၊ ဒီနေရာ ဒီဒေသသည် ပင်လျှင် ပညတ်သွားရာ ခတ်သက်ပါနေသည် လား။

သူ လျှောက်သမျှ ဆရာတော်ကြီးက ခပ်မဆိတ်သာ နေတော်မူခဲ့သည်။

အိမ်ရောက်တော့ တင်ဝင်းက နဂိုအတိုင်း မလှုပ်မယှက်။ သူ ယူကလစ်ရွက်တွေထောင်းပြီး တင်ဝင်း နှာခေါင်းနားတေ့သည်။ ခေါင်းရင်းပွင့်တွေ၊ စံပယ်ပွင့်တွေ ရှူစေသည်။ ခေါင်းကို၊ ခြေထောက်ကို နှိပ်နယ်ပေးသည်။ ဘာမျှမထူး။ အသက်ရှူသည်။ နှလုံးခုန်သည် ကလွဲ၍ အသက်ဇီဝ၏ အခြားလက္ခဏာတွေမရှိ။ သားကလေး မြောသွားပြီး ပရလောကသို့များ အလည်သွားနေသလား။

ခုနစ်ရက်မြောက်နေ့ နံနက်မှာ တော့ လူငယ်လေးတစ်ယောက် အိမ်ရှေ့ရောက်လာသည်။ သူ့ကျောပေါ်မှာ မိန်းမပျိုလေးတစ်ယောက်ကို ပိုး ထားသည်။ သြော်-သားလေးနှင့် တတွဲတွဲ ရှိနေသည့် မိမိကလေးပါလား။

“ကိုတင်ဝင်း ရှိလား ကြီးကြီး”

“အင်း-သူ အတော်လေး ဖြစ်နေတယ်ကွဲ့”

“ဟင်-အစ်ကို ဘာဖြစ်တာလဲ ကြီးကြီး”

“ကြီးကြီးလည် မသိဘူးကွယ်၊ စကားလည်း မပြော၊ အစာလည်း မစား၊ မြောနေသလိုပဲ”

“ကျွန်မ ကြည့်ပါရစေ ကြီးကြီးရယ်”

ဒေါ်စုကြည်က သူတို့ ကို အိပ်ခန်းထဲ ဝင်စေသည်။ တင်ဝင်းကား မလှုပ်မယှက်။ မျက်နှာတွေ ချောင်ကျလျက်။ အသားအရေ ပြာနှမ်းနှမ်းနှင့် ဇီဝခတ်မရှိသည့် အသွင်။ အနားက ထမင်းပွဲနှင့် လက်ဖက်ရည်ကြမ်းကား အရာမယွင်း။ မိမိက သူ့အစ်ကို ကျောပေါ်မှ လျှောဆင်းပြီး တင်ဝင်းဆီ တွားသွားနေသည်။ ဒေါ်စုကြည်က သူ့ကို ငေးနေသည်။ သြော်-ကလေးမ လေး အဖြစ်ဆိုးလှ ချေလားကွယ်။ သူ့ခြေထောက်တွေ အဲသလို ဖြစ်နေမှန်း ဒေါ်စုကြည် အသေအချာမသိခဲ့။ ခုမှ ပင် ပြက်ပြက်ထင်ထင် မြင်ရခြင်း ဖြစ်သည်။

မိမိက တင်ဝင်းခေါင်းကို လက်ဖြင့် မပြီး သူ့ပေါင်ပေါ် တင်လိုက်သည်။ သူ့ဆံပင်ရှည်တွေကြားမှာ ခေါင်းက မြုပ်သွားသည်။ တင်ဝင်းနားထဲ သူ တီးတိုးပြောနေသည်။ သူ့အစ်ကိုက အိပ်ခန်းထဲမှ ပြန်ထွက်သွားသည်။ ဒေါ်စုကြည် သူ့နောက် လိုက်သွားသည်။ ဧည့်သည် အတွက် ရေနွေးကြမ်းနှင့် ကွာစေ့၊ နေကြာစေ့ တည်သည်။ ပြီးတော့ ခြံထဲဆင်းပြီး ထောပတ်ပင် ရိပ်အောက်က

ကွပ်ပျစ်ဝိုင်းလေးမှာ ထိုင်လိုက်သည်။ ခြံထောင့်မှ ထင်းပုံ ကို ငေးသည်။ မြေကြီးပေါ် အစာကောက်နေသည့် ကြက် ခြောက်ကောင် ကို ငေးသည်။ ရင်ထဲမှာ လှိုက်ခနဲ ဆို့တက်လာသည်။ သူ့ဘဝတစ်ခုလုံး သတိသမ္ပဇဉ်နှင့် ထိန်းချုပ်ခဲ့သည့် ကူကယ်ရာမဲ့ ခံစားချက်က ပြန်ပေါ်လာသည်။ တင်ဝင်းကို ဆုံးရှုံးရမှာ ကြောက်လို့ လား။ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့မှာ ကြောက်လို့ လား။

ထိုအချိန်မှာ အိမ်ထဲက သီချင်းသံကို သူ ကြားလိုက်ရသည်။ အင်မတန် ချိုသာအေးချမ်းသည့် သီချင်းသံ၊ အိမ်ထဲမှ လာသော်လည်း တောင်ကြားမှ ပျံ့လွင့်လာသကဲ့သို့။ ဒေါ်စုကြည်က သီချင်းတွေနှင့် အကျွမ်းတဝင် မရှိ။ ဘာ သီချင်းမျှ လေးလုံးကွဲအောင် မရ။ သို့သော် ဒီသီချင်းသံကတော့ စိတ်ထဲ ထိ ထိခိုက်ခိုက် ရှိလှသည်။

ပရလောကသား နတ်ဆိုးတွေ၊ မိစ္ဆာတွေ၊ နာနာဘာဝတွေကို ဖယ်ရှားနိုင် စွမ်းရှိသည့် သီချင်းသံလေလား။ ဒေါ်စုကြည် ကွပ်ပျစ်ပေါ် မလှုပ်မယှက် ထိုင်နေသည်။ ဧကန္တတော့ မိမိဟာ တင်ဝင်းကို ဆေးကုပေးနေတာ ဖြစ် မည်။ သူ့အသံလေးက အိမ်ထဲက လျှံထွက် လာပြီး ခြံဝင်းထဲမှာ မွှေးရနံ့တစ် ခုလို နေရာတိုင်း ပြည့်လာခဲ့သည်။ ငှက်သံတွေ၊ ပုစဉ်းရင်ကွဲသံတွေ၊ ဖားအော်သံတွေ တဖြည်းဖြည်း ပျောက်ဆုံးကာ နောက်ဆုံး သူ့အသံတစ်သံ သာ နေရာတိုင်းမှာ တည်ရှိတော့သည်။ အသံက ဆေးစွမ်းကောင်းတစ် လက်လို ဒေါ်စုကြည်၏ ကလာပ်စည်းအားလုံး၊ အာရုံအားလုံးထဲ ပျံ့နှံ့နေရာ ယူသည်။ သူ တင်ဝင်းအတွက် မစိုးရိမ်တော့။ တင်ဝင်း မည်သည့် လောက သို့ ရောက်နေပါစေ၊ ထိုအသံက ပြန်ခေါ် နိုင်မည်မှာ သေချာသည်။

ကွပ်ပျစ်ပေါ် မလှုပ်မယှက် ထိုင်ရင်း ဒေါ်စုကြည် မျက်လုံးတွေ မှိတ် သွားသည်။

စိမ့်နေအောင် အေးသည့် အအေးဓာတ်ကြောင့် သူ ပြန်နိုးလာတော့ မှောင် နေပြီ။ အသံက ပျံ့လွင့်နေဆဲ။ ဒေါ်စုကြည် ကမန်းကတန်း ထပြီး အိမ်ထဲ ဝင်သည်။ ဖယောင်းတိုင်တွေ ထွန်းသည်။ မီးဖိုချောင်ထဲ တစ်တိုင်၊ အိပ်ခန်းထဲ တစ်တိုင်၊ မိမိက တင်ဝင်းကို ပွေ့ထားမြဲ။ ဟော-တင်ဝင်းမျက်နှာတွေ သွေးရောင်သန်း လာပြီ။ ပြည့်ပြည့်တင်းတင်း ဖြစ် လာပြီ။ မိမိ အစ်ကိုကတော့ ဘယ်တုန်းက ပြန်သွားသည် မသိ။ မိမိလေး ဆာနေ သလား၊ လဲချင်လား သူ မေးသည်။ ခေါင်းယမ်းပြသည်။

ဒေါ်စုကြည် ကမန်းကတန်း ညစာစားသည်။ သူ ပင်ပန်းလှပြီ။ ခု သူ့ အလုပ် မရှိတော့။ အိပ်ခန်းထဲ ဝင်သည်။ မိမိအတွက် အိပ်ရာပြင်သည်၊ မိမိကို အနွေးထည်ပေးသည်။ စောင်ပေးသည်။ ပြီးတော့ သူ အိပ်ရာပေါ် လှဲချလိုက်တော့သည်။

မနက်နိုးလာတော့ တိတ်ဆိတ်နေသည်။ သူ့ဘေးမှာ တင်ဝင်းနှင့် မိမိ အိပ်နေကြသည်။ ဒါဆို ဒါ အိပ်မက် မဟုတ်ဘူး ပေါ့။ ဘာဖြစ်လို့ များ သူ့ တစ်ကိုယ်လုံး အားအင်တွေပြည့်ဝကာ ပေါ့ပါးလန်းဆန်း နေပါလိမ့်။ သူ ထသည်။ မီးဖိုချောင်ထဲ ဝင်သည်။ မီးမွှေးသည်။ လက်ဖက်ရည်အိုး တည် သည်။ ထမင်း ချက်သည်။ ကြက်သွန်မြိတ်နှင့် ခရမ်းချဉ်သီးတွေ ဆေးသည်။ မနက်စာအတွက် ပြင်ဆင်သည်။ တင်ဝင်းနှင့် မိမိတို့ နှစ် ယောက်လုံး တော်ရုံနှင့် မနိုးကြ။ အတော်နေမြင့်မှ နိုးကြသည်။ ဒေါ်စု ကြည် ခြံထဲမှာ အလုပ်လုပ်နေတုန်း တင်ဝင်းကို အိမ်တံခါးဝမှာ တွေ့လိုက်ရ သည်။ မိမိကို ကျောပိုးလျက်။ တင်ဝင်း ကြည့်ရတာ တစ်မုဟုတ်ချင်း အိုစာ သွားသလိုပင်။ သည်းထန်လှသည့် သောကကြောင့် ဖြစ်လိမ့်မည်။ မိမိက သူ့ကျောပေါ်ကနေ ဘယ်လို ညွှန်ကြားသည် မသိ။ တင်ဝင်းသည် ပကတိ မြင်ဘိသကဲ့သို့ လမ်းလျှောက်နေသည်။ သူတို့ မီးဖိုချောင်ထဲက ခုံတန်းမှာ ထိုင်ကြပြီ။ ဒေါ်စုကြည် သူတို့ နား ပြေးသွားလိုက်သည်။

"ဆာနေကြပြီလား"

"အင်း-အရမ်းဆာတယ် ကြီးကြီးမေ"

တင်ဝင်းအသံက အရင်ကနှင့် မတူ။ ခပ်အောအော နက်ကျောကျော ဖြစ်နေသည်။ ဒေါ်စုကြည် နားထဲ စိမ်းနေသည်။

"ပြီးတော့ ရေလည်း ငတ်တယ်"

မနက်စာ ပြင်ပေးလိုက်သည်။ သူတို့ စားကြသည်။ တင်ဝင်းက အငမ်းမရ စားသည်။ အစားတစ်လုတ် စားတိုင်း အားတွေ ပြည့်လာသလို ပင်။

စားပြီး သောက်ပြီးတော့ တင်ဝင်းက မိမိကို အိမ်ပြန်မပို့ခင် လမ်းလျှောက် ထွက်ဦးမည်တဲ့။ သူ့ကြည့်ရတာ အားအင်အပြည့် ရှိနေပုံပင်။ ဒေါ်စုကြည် သူ့သားအတွက် မပူတော့။ ညမနက်ခင် ပြန်လာမည်ဟု သူက ကတိပေး သွားသည်။

တင်ဝင်းနှင့် မိမိတို့ တောင်ရိုးပေါ် ရောက်လာခဲ့သည်။ မိမိလက်ထဲသို့ လုံးဝ ဘဝကို အပ်နှံခွင့် ရှိပြီလား။ သူ့ရှေ့က အတားအဆီးတွေကို မိမိက လမ်းပြဦးမည်လား။

"အစ်ကို ပြီးခဲ့တဲ့ ရက်တွေတုန်းက ဘာဖြစ်ခဲ့သလဲ၊ မှတ်မိလား"

"ဝိုးတိုးဝါးတားပဲ၊ ကိုယ် အိပ်နေခဲ့တယ်လို့ ထင်တယ်၊ တကယ်တော့ အိပ် နေလား၊ နိုးနေလား ကိုယ့်ကိုယ်ကိုယ်မသိပါဘူး။ နားထဲမှာ တဝူးဝူးနဲ့ ဘာ မှ လည်း မကြားတော့ဘူး"

"အစ်ကို ဘာဖြစ်တာလဲ"

"မသိဘူး၊ ပြုစားခံရတာ ထင်တာပဲ"

"ဘာက ပြုစားတာလဲ"

"ကြောက်စိတ်ကလေ"

"ဘာကို ကြောက်တာလဲ အစ်ကို"

"မိမိတို့ အိမ် ရောက်သွားတော့ ဘယ်သူမှ မရှိကြဘူးလေ၊ ဒါကြောင့်ကိုယ် မိမိကို ဘယ်တော့မှ ပြန်မတွေ့တော့ဘူးလို့ ထင်တာပေါ့၊ ဘယ်သွား နေတာလဲ မိမိရယ်"

"ဘွားလေး ဆုံးလို့ တောင်ပေါ်ရွာကို အသုဘသွားကြတာ အစ်ကိုရဲ့" မိမိက တင်ဝင်းနားနားကပ်လိုက်ပြီး လေသံလေးဖြင့် ပြောလိုက်သည်။

"မကြောက်နဲ့ အစ်ကို၊ မိမိက အစ်ကို့ရဲ့ ကိုယ်ပွားလေးပဲ၊ အစ်ကိုကလည်း မိမိရဲ့ ကိုယ်ပွားလေးပဲ၊ အစ်ကို မိမိကို ဘယ်တော့မှ မဆုံးရှုံးစေရဘူး"

တင်ဝင်း ပြန်ပြောချင်ပါသည်။ သို့သော် သူ့ ဘယ်ခြေထောက်က လေဟာနယ်ကို နင်းမိသည်။ မြက်တွေ ဖုံးနေသော ဒီတောင်စောင်းကို မိမိ သတိမထားမိ။ သူတို့ တအိအိ ပြိုကျသွားသည်။ ကျနေတုန်း မျက်နှာကို မ ထိခိုက်အောင် သိမှတ်မဲ့ တုံ့ပြန်မှုဖြင့် လက်နှင့် ကာရမည့် အစား သူ မိမိကို သာ တင်းကျပ်နေအောင် ကိုင်ထားမိသည်။ မိမိကလည်း သူ့ကို အတင်း ဖက်ထားသည်။ အောက်မှာ ဘာရှိသည် ကို သူ မသိ။ ကျနေသည် က ကမ္ဘာတည်လောက်အောင် ကြာသလိုပင်။ သူတို့ မြက်တွေ ဖုံးသည့် တောင်စောင်းအတိုင်း လိမ့်ကာ လိမ့်ကာ ကျသွားသည်။ တစ်ယောက်နှင့် တစ်ယောက် တင်းနေအောင် ဖက်ရင်း တစ်ပတ်ပြီး တစ်ပတ် လည်ကျသွား သည်။ အောက်ရောက်တော့ မိမိက သူ့အပေါ်မှာ။ မိမိကို အတင်းဖက်ထား သည့် လက်ကို သူ မလွှတ်။ မိမိရင်ခုန်သံက မြန်ဆန်ကျယ်လောင်လှသည်။ ခုတော့ မိမိ ရင်ခုန်သံကို ကြားရုံကြားရသည် မဟုတ်။ ရင်ချင်းအပ်ထားသ ဖြင့် ရင်ခုန်သံကို သူ ခံလည်း ခံစားနေရသည်။ ခုတော့ မိမိသည် သူ့ကျော ပေါ်မှာ မဟုတ်တော့ဘဲ သူ့ရင်ခွင်ထဲ ရောက်နေပြီ။ လက်တွေကတော့ သူ့ လည်ပင်းကို ဖက်ထားဆဲ။ သူတို့ ခန္ဓာကိုယ်နှစ်ခု ပူးကပ်နေသည်။ ဆန်းကြယ် သည့် ခံစားမှုတွေ ကိုယ်စီဖြစ်လာသည်။ မိမိကို သူ ပိုင်ဆိုင်ချင် လာသည်။ သူ့ဘဝကိုလည်း မိမိကို ပေးချင်သည်။

"အစ်ကို နာသွားလားဟင်"

"ဟင့်အင်း-မိမိရော"

"မနာပါဘူး အစ်ကိုရယ်"

သူ့မျက်နှာမှ မြက်တွေ၊ ရွှံ့တွေကို မိမိက သုတ်ပေးသည်။ မျက်နှာချင်းက နီးကပ်လွန်းသည်။ နှုတ်ခမ်းချင်း စက္ကန့်အနည်းငယ်လောက် ထိတွေ့မိ ကြသည်။

"ကဲ-ထတော့ အစ်ကို၊ ထနိုင်သေးရဲ့ လား၊ မိုးရွာတော့မယ်ထင်တယ်"

မိမိကို ကျောပေါ်ပြန်တင်ရင်း တင်ဝင်း ထရပ်သည်။ သူတို့ ကွင်းပြင်ကြီး ကို ဖြတ်လျှောက်ခဲ့သည်။ ခဏကြာတော့ မိုးဆက်တိုက် ရွာထားသဖြင့် ရေအပြည့်ဖြစ်နေသော ချောင်းလေးတစ်ခုဆီသို့ ရောက်သည်။ တံတားက ဟိုးအဝေးကြီးမှာ။ အဲဒီကို ရောက်ဖို့ မလွယ်။ ချောင်းက ဆယ်ပေလောက် တော့ နက်မည်ဟု တင်ဝင်း မှန်းကြည့်သည်။ ချောင်း ဘယ်လောက် ကျယ် လဲလို့ မိမိကို မေးကြည့်တော့ ခြောက်ပေ၊ ခုနစ်ပေလောက်တော့ ကျယ်မှာ ပေါ့ဟု ပြန်ပြောသည်။

ဟင်-ဒီချောင်းကို တို့ ဘယ်လို ဖြတ်ကြမလဲ။

မိမိ သေချာကြည့်သည်။

"ဟောဟိုနားမှာ သစ်ပင်တစ်ပင် ချောင်းကိုဖြတ်ပြီး ကန့်လန့်ဖြတ် လဲကျနေတယ် အစ်ကို"

အပင်က ထင်းရှူးပင်၊ ပင်စည်က သူ့ပေါင်လုံးလောက် ရှိသည်။ ချောင်း ကို အလွယ်ကူးဖို့ တစ်ယောက်ယောက်က အရေးပေါ် တံတားထိုးထားတာ ဖြစ်လိမ့်မည်။ ထင်းရှူးပင်က အကိုင်းတွေ ခုတ်ပြီး ပင်စည်ကြီး လှဲချ ထားသည်။

"အစ်ကို ဖြတ်ရဲရဲ့ လား"

"ဘာဖြစ်တုံး၊ ဖြတ်တာပေါ့၊ မိမိ ရှိနေတာပဲလေ"

ထင်းရှူးပင်စည်ပေါ် ခြေတစ်လှမ်းချလိုက်သည်။ မိမိက ပခုံးစွန်းတွေ ဆွဲကိုင်ပြီး လမ်းပြဖို့ ကြိုးစားသည်။ သူ ခေါင်းခါလိုက်သည်။

"ကိုယ့်ကို ယုံပါ၊ ကိုယ့်ခြေထောက်တွေကို ယုံပါ၊ ကိုယ် လုပ်နိုင်ပါတယ်"

သူ သတိကြီးစွာ လှမ်းသည်။ ပုံမှန်ခြေလှမ်းမျိုးမဟုတ်၊ ခြေကို လျှော တိုက်စမ်းလျှောက်ခြင်းမျိုး။ မိမိက ရင်တုန်ပန်းတုန်။ သူ့ရင်ခုန်သံတွေ အတော်ကျယ်နေသည်။ ရေစီးသံကလည်း ကျယ်လောင်လှသည်။ သူတို့ ချောင်းလယ်သို့ ရောက်နေလောက်ပြီ။ သိပ်မကြီးသည့် ပင်စည်ကိုင်းက သူ တို့

အလေးချိန်ကြောင့် ညွတ်နေသည်။

တင်ဝင်း ဖြည်းဖြည်းချင်း ရွေ့သည်။ မိမိ မူးလာသည်။ မျက်လုံးတွေ ပိတ်လိုက်သည်။ အင်း-ဒါ ကောင်းတယ်၊ သူ ဘယ်ရောက်နေလဲ ဆိုတာ သူ မသိ ရင် အကောင်းဆုံး။

တရွေ့ရွေ့ တိုးရင်း နောက်ဆုံးတော့ တစ်ဖက်ကမ်း ရောက်ခဲ့ကြသည်။ အင်မတန် စိတ်သက်သာရာ ရသွားသော မိမိမျာ သူ့ပါးတွေ၊ ကုပ်တွေကို တရှုပ်ရှုပ် နမ်းနေရှာသည်။ သူတို့ ဆက်လျှောက် ကြသည်။ ဂျိန်းခနဲ မိုးခြိမ်းသံကြီး နီးနီးကပ်ကပ် ပေါ်ထွက်လာသည်။ တင်ဝင်း လန့်သွားသည်။ မိုးကြိုး မုန်တိုင်းတွေက သူ့ကို အမြဲ ထိတ်လန့်စေသည်။

"ပြေးပေတော့ အစ်ကိုရေ၊ မြစ်ကမ်းပါးအတိုင်း ပြေး၊ ဟိုးနားမှာ ကျီလွတ် လေးတစ်လုံး ရှိတယ်၊ မိုးကြီးလေကြီး မကျခင် အဲဒီ ရောက်အောင်သာ ပြေး"

တင်ဝင်း အမြန်လျှောက်သည်။ မြစ်ဘက်သို့ ကပ်လာတိုင်း မိမိက ပခုံးတို့သတိပေးသည်။ မိုးက ရွာ လာပြီ၊ မိုးပေါက်တွေက နွေးနေသည်။ သူတို့ မျက်နှာပေါ်၊ နှာခေါင်းပေါ်၊ လည်ပင်းပေါ်၊ ဗိုက်တွေပေါ် နေရာအနှံ့ ကျလာ သည်။ မိမိက သူ့ကို အတင်းဖက်၍ ကပ်ထားတော့ ရေစိုနေသည့် သူ့ ရင်သားလေးတွေ တင်ဝင်း ကျောမှာ ကပ်မိသည်။

ပြတင်းမရှိသည့် ကျီကလေးက ခပ်ကျဉ်းကျဉ်း။ ကြမ်းပြင်က ကောက်ရိုး ၇ ခင်းထားသည်။ မိုးက နင့်နေအောင် ရွာသည်။ ကျီခေါင်သွပ်မိုးပေါ်မှာ မုးပေါက်ကျသံတွေ ဝုန်းဒိုင်းကြဲနေသည်။ မိုးကြိုးကလည်း ဝင်းခနဲ ဝင်းခနဲ ပစ်သည်။ မိုးကလည်း အိန်းခနဲ ဒိန်းခနဲ ခြိမ်းသည်။ မိမိက နားလေး ပိတ် ထားသည်။ တင်ဝင်းကတော့ မိမိနှင့် အတူ ရှိနေသဖြင့် မကြောက်လှ တော့။

အလုံပိတ်ကျီထဲမှာ ပူလှသည်။ စိုထိုင်းစကလည်း များ လှသည်။ မိမိက ကောက်ရိုးခင်းပေါ် လှဲချ လိုက်သည်။ တင်ဝင်းက တင်ပျဉ်ခွေထိုင်ကာ မိမိ ခေါင်းကို သူ့ပေါင်ပေါ် တင်ထားသည်။ သူ့လက်ချောင်း တွေက မိမိဆံပင် ကို၊ နဖူးကို၊ မျက်ခုံးတွေကို၊ နှာတံကို၊ နှုတ်ခမ်းကို၊ ပါးပြင်ကို၊ လည်တိုင်ကို အသာအယာ တို့ ထိ စမ်းသပ်နေသည်။

သူ့လက်ဖျားလေးတွေ၏ အထိအတွေ့က မိမိကို ကျဉ်စက်ဖြင့် တို့ နေ သလို ဖြစ်ကာ ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထသည်။ ရင်တွေ ထိန်းမ နိုင် သိမ်းမရ ခုန်လာသည်။ တင်ဝင်း သူ့နဖူးကို ငုံ့နမ်းလိုက်သည်။ ပြီးတော့ နှာတံလေး တစ်လျှောက်၊ နှုတ်ခမ်းတွေက မိမိလည်တိုင်လေးတွေ၊ နားရွက်ဖျားလေးတွေမှာ တရွေ့ရွေ့ ပြေးနေသည်။ တင်ဝင်း၏ အထိအတွေ့ မှန်သမျှကို သာယာတတ်လွန်း၊

တုံ့ပြန်တတ်လွန်းသည့် သူ့ခန္ဓာကိုယ်သူ ပြန်အံ့သြနေသည်။ လက်ချောင်းတွေက မျက်နှာပေါ်၊ နားထင်နား၊ နှာဖျား လေးတွေပေါ် စမ်းပြန်သည်။ နှုတ်ခမ်းတွေပေါ်၊ မျက်ခွံပေါ်၊ မိမိ ပါးစပ်လေး ဟလာသည်။

မိမိခေါင်းကို ကောက်ရိုးခင်းပေါ် ပြန်ချရင်း တင်ဝင်း အင်္ကျီချွတ်လိုက် သည်။ မိမိကတော့ မျက်စိ မှိတ်ထားရင်း အသက်ပြင်းထန်စွာ ရှူ နေသည်။ သူ့ ပုံပျက်နေသည့် ခြေထောက်ကလေးကို တင်ဝင်း ကိုင်တွယ် နေပြီ။ ခြေချောင်းလေးတွေ၊ ခြေသည်းလေးတွေ၊ အသားမာတက်နေသည့် အရေပြားအောက်က အရိုးသေးသေးလေးတွေကို ခြေချင်းဝတ်ထိ အသေးစိတ် အနုစိတ်တို့ ထိ။ လက်ထိပ်တွေက သူ့သလုံးသားဆီ တရွေ့ရွေ့။ မိမိ တင်ပါးတွေ ကြွတက်လာသည်။ သူ အင်္ကျီကို အပေါ်ဆွဲလှန်လိုက်သည်။ တင်ဝင်းလက်ကို ကိုင်ရင်း သူ့ဗိုက်သားလေးပေါ် တင်လိုက်သည်။ တင် ဝင်း ရင်ခုန်သံက ကျယ်ကျယ် လောင်လောင် မြည်ဟိန်းနေသည်။

မိမိ ရှိုက်၍ ရှိုက်၍ အသက်ရှူနေတာကို တင်ဝင်းခံစားရသည်။ လက်ချောင်းတွေက မိမိ ဗိုက်သားပြင်လေးကို မထိတ့ံတံ့ ထိတံ့တံ့ ထိသည်။ လက်ချောင်းထိပ်များ နှင့် ဗိုက်အရေပြားကြားမှာ စိတ်လှုပ်ရှားမှုတွေက တင်းကြွတက်လာသည် တင်ဝင်းလက်ချောင်းတွေ တဖြည်းဖြည်း အောက်သို့ လျှောကျလာသည်။ ပြေလျော့နေသော မိမိ ထဘီအနားစ အောက်ထိ၊ ဆီးစပ်ထိ လက်တွေ ရောက်လာသည်။ တင်ဝင်း ဒူးထောက် လိုက်သည်။ သူ့လုံချည်ထဲမှ တိုးထွက်နေသည့် အရာတစ်ခုကို မြင်လိုက်ရ သည့် အတွက် မိမိ အသက်ရှူရပ်မတတ် ဖြစ်သွားသည်။ မြင်၍ မဟုတ်၊ ကြောက်၍ မဟုတ်၊ ပြင်းပြ လှသော ဆန္ဒတစ်ခုကြောင့် သာပါ။ သူ့ လက်ချောင်းတွေ ရပ်သွားခဲ့ပြီ။ မိမိ ထပ်ပြီး ခံစားချင်သေးသည်။ တင်ဝင်း ကို မချင့်မရဲ ဖက်ထားမိသည်။ သို့သော် တင်ဝင်းကတော့ သူ့ခေါင်းကို မိမိ ရင်သားတွေပေါ် တင်ရင်း မလှုပ်မယှက်။ သူ စောင့်နေသည်။ မိမိရင်ခုန် သံတွေ နဂိုအနေအထားသို့ ပြန်ရောက်ခြင်း မရှိရှာသေး။

သူ့ရင်ခုန်သံကို ဘာနဲ့ မှ အစားမထိုးနိုင်။ ရင်ခုန်သံတိုင်းဟာ ကြက်သီး မွေးညင်း ထလောက်ဖွယ်။ ခုလို နားအပ်ပြီး နီးနီးကပ်ကပ် ရှိလှသည့် အခါ မတော့ တင်ဝင်းအဖို့ သူ အထွတ်အမြတ်ထားရသည့် လောကယေလေးကို ချောင်းကြည့်ပေါက်မှ ချောင်းရဘိသကဲ့သို့ ရှိ၍ နေတော့သည်။

*****

ဒုတိယပိုင်း(ဂ)

အခန်း(၁၅)

မိမိနှင့် တင်ဝင်းတို့ နှစ်ယောက် လေးနှစ်နီးပါး ဤသို့ တတွဲတွဲ မခွဲဘဲ နေခဲ့ကြသည်။ တစ်ယောက်နှင့် တစ်ယောက် တစ်နေ့ မမြင်ရလျှင် မနေနိုင်ခဲ့ ကြ။ မိမိက ဘုန်းကြီးကျောင်းသို့ လာချင်လာ၊ တင်ဝင်းက ဈေးထဲသို့ သွား ချင်သွား၊ အလျဉ်းသင့်သလို၊ ပိတ်ရက်တွေဆိုလျှင် မိုးလင်းလင်းချင်း တင် ဝင်း တစ်ယောက် မိမိအိမ် ရောက်နေပြီ။ ထို့ကြောင့် လည်း မိမိအမေ ဒေါ် ရတနာက ရယ်ဟဟဖြင့် နင်တို့ ဟာ စွယ်တော်ရွက်ကလေးတွေဟု ပြောခဲ့ သည်။ စွယ်တော်ရွက်ကလေးတွေတဲ့ လား၊ နှစ်လွှာပေါင်းမှ တစ်ရွက်၊ ခွဲခြား၍ မရ၊ ခွဲခြားနိုင်စွမ်း မရှိလေ။ မိမိတစ်ယောက် အကြာကြီး စဉ်းစား နေသည်။ ဟုတ်သည်။ ထိုစကားထက် မှန်သော စကားမရှိ။ သူတို့ က စွယ်တော်ရွက်ကလေးတွေ။ တင်ဝင်းကို မြင်ရုံနှင့် သူ ရင်ခုန်လာသည်။ တင်ဝင်း မရှိလျှင် သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ပျောက်ဆုံးနေသလို ပင်။ တင်ဝင်းသာ မရှိတော့လျှင် ကမ္ဘာကြီး ရပ်တန့်သွားတော့မည့် အလား။ သူ မရှိလျှင် စိတ်ဟာနေရုံမျှမက ခန္ဓာကိုယ်ကပါ ဆန္ဒပြသည်။ ခေါင်းက ကိုက်ချင်သလိုလို၊ ခြေတွေ လက်တွေ လေးနေသလိုလို၊ ဗိုက်ထဲက ထိုးလာ သလိုလို၊ အသက်ရှူသံကပင် တင်ဝင်း မရှိလျှင် လေးလံထိုင်းမှိုင်းလျက်။

သူတို့ စွယ်တော်ရွက်များ အသွင် ရောက်ကြပြီး တတိယမြောက် နွေရာသီမှာ တော့ မိမိက တင်ဝင်းကို ရေကန်များ ဆီသို့ ခေါ်ဆောင်သွားသည်။ သူတို့ ရေကူးကြသည်။ မကြာခင် သူတို့ အတွက် ပျော်စရာအကောင်းဆုံး အပန်းဖြေနည်း ဖြစ်လာခဲ့သည်။ ကလောနားက သဘာဝရေကန်လေးခုထဲ က အသေးဆုံးကန်ကိုသာ သူတို့ သွားကြသည်။ ထိုကန်က ထင်းရှူးတောကလေးနောက်မှာ။ မြွေပေါသဖြင့် တခြားလူတွေ သိပ်မလာ။ မိမိကိုယ်တိုင် ပင် မြွေနှစ်ကောင် သုံးကောင် မြင်ဖူးသည်။ တင်ဝင်းကို မကြောက်ဘူး လား မေးတော့ တင်ဝင်းက ရယ်သည်။ မြွေမကလို့ နဂါးပဲဖြစ်ဖြစ် သူ့မှ မ မြင်ရတာ။

ထိုနေ့က မိမိ တင်ဝင်းကို အသေအချာ ကြည့်မိသည်။ လေအငွေ့မှာ ကန်ရေတွေ လှိုင်းကြက်ခွပ် ကလေးများ ထနေသည်။ တင်ဝင်း ရေကူးနေပုံက သူများနှင့် မတူ။ လက်တစ်ဖက်ကို အမြဲရှေ့ဆန့်ထားသည်။ ဒါမှ ရှေ့က အရာတွေကို သူ စမ်းမိမည်ကိုး။ ဒိုင်ဗင်ပစ်ကောင်းလှသော်လည်း တင်ဝင်း က ကန်စပ်နားမှာ ပင် ကူးချင်သည်။ ခြေထောက်တွေ ကန်အောက်ခြေကို ထိနေမှ လုံခြုံစိတ်ချသလို

ခံစားရသည်။

မိမိကတော့ ရေကို ချစ်လှသည်။ ငယ်ငယ်ကတည်းက ဒီကန်လေးကန် ကို သူ့အစ်ကိုတွေနှင့် အတူ အကြိမ်ပေါင်းများ စွာ ရောက်ဖူးသည်။ အစ်ကို တွေ သင်ပေးလို့ ရေကူးလည်း ကျွမ်းလှသည်။ ရေထဲမှာ ဆိုလျှင် သူက မြန်ဆန်သွက်လက်လှသည်။ ခြေထောက်တွေက ရေကူးရာမှာ အသုံးမလို ဘူး မဟုတ်လား။

တင်ဝင်းက ကန်လယ်ရှိ ကျောက်တုံးကြီးဆီသို့ ကူးသွားသည်။ ကျောက် တုံးပေါ် တက်သည်။ နေပူဆာလှုံသည်။ မိမိခမျာတော့ ဆန္ဒနှင့် ဘဝ ထပ်တူမကျရှာသေး။ တင်ဝင်း ကျောပေါ်မှာ နေရသည့် အချိန်များ ထက် ပိုမိုပျော်ရွှင် စိတ်ချရချိန် မရှိပေမယ့် ချောင်းကမ်းပါး အလုံပိတ်ကျီထဲက မိုး သည်း တစ်ညနေကို သူ့အာရုံထဲက ဖျောက်မရ။ ထိုနေ့က သူ့ကို တင်ဝင်းစိတ်လွတ်ကိုယ်လွတ် ကိုင်တွယ်ခဲ့သည်။ တရှိုက်မက်မက် နမ်းခဲ့သည်။ ထို့ ကြောင့် လည်း သူ့ရင်ထဲက ဆန္ဒတွေ နိုးထလာခဲ့သည်။ ထိုဆန္ဒတွေက တစ်ခါတစ်ရံ အရာအားလုံးထက် ပိုမို အင်အားကြီးမားလာခဲ့သည်။ ထို အချိန်က ခံစားခဲ့ရသည့် ခံစားချက်မှန်သမျှ ဘယ်တော့မှ ပျောက်ကွယ်မ သွားဘဲ သူ့ခန္ဓာကိုယ် တစ်နေရာမှာ ပုန်းကွယ် နေခဲ့ကြသည်။ အစ်ကိုသည် သူ့ခံစားချက်တွေကို အသက်သွင်းပေးခဲ့သလား၊ ဒါမှ မဟုတ် တခြား တစ် နေရာက ခေါင်းထောင်ထလာသည့် ခံစားချက်တွေလား၊ ဒါမှ မဟုတ် အစ်ကို သူ့ကို ပြုစားခဲ့တာလား၊ အစ်ကို့ အနမ်းတွေက ဒါတွေကို နိုးထစေခဲ့ တာလား။ လည်တိုင်ပေါ်က၊ ရင်သားပေါ်က၊ ဗိုက်သားပေါ်က အစ်ကို့ လက်ချောင်းတွေ၊ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ် ပြန်တွေ့ရှိစေဖို့ အစ်ကို စွမ်း ဆောင်ပေးခဲ့ခြင်းလား၊ ဟင့်-သူကတော့ မိမိ လက်တွေ၊ နှုတ်ခမ်းတွေ အပေါ် မတုံ့ပြန်သလို အေးတိအေးစက် ထူးမခြားနား။ ဒါမျိုးဖြစ်အောင် မိမိ လည်း လုပ်တတ်ပါတယ်နော်၊ ဆန္ဒတွေ ထိန်းမနိုင် သိမ်းမရနဲ့ အစ်ကို့ တစ် ကိုယ်လုံး တွန့်လိမ်သွားအောင် နမ်းပစ်လိုက်ရ။ ထိုအတွေးလေးတွေ ဝင်နေ ချိန်မျိုးဆို မိမိ တစ်ကိုယ်လုံး လေထဲ လွင့်နေသလိုလို၊ အလေးချိန်မဲ့နေ သလိုလို။ ထိုအစွမ်း ထိုသတ္တိကို နှိုးဆွပေးနိုင်သူ မှာ အစ်ကိုတင်ဝင်းမှ တစ်ပါး အခြား မရှိ။

အစ်ကိုဟာ မှော်ဆရာကြီးပါ။ ပြုစားတတ်တယ်၊ ယုံအောင် လုပ်တတ် တယ်၊ အားနည်း မှိုခိုအောင် လုပ်တတ်တယ်၊ အစ်ကိုနဲ့ အတူရှိနေရင် သူ အားလုံးကို မေ့နေသည်။ လေးဖက်တွားသွားရခြင်း၏ ရှက်ရွံ့သိမ်ငယ်လွန်း သည့် ခံစားချက်ကို မိမိ ရင်ဖွင့်မိသူမှာ လည်း အစ်ကိုတစ်ယောက်တည်း သာ။ ကလောတစ်ခွင် ပြုံပြုံစင်အောင် လျှောက်သွားလိုက်၊ ပြေးလိုက် ခုန် လိုက် လုပ်ချင်လွန်းသည့် ဆန္ဒကိုလည်း သူ ပြောမိသည်။ ထိုသို့ ပြောလေတိုင်း အစ်ကိုက ရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထားတတ်သည်။ ဘာမျှ တော့ မပြော။ သူ့ခံစားချက်တွေကို အစ်ကို

နားလည်တာ သိပ်သေချာသည်။ ထိုသို့ ရင်ဖွင့်လိုက်တိုင်းလည်း ရင်ထဲမှာ ပေါ့ပါးသွားတတ်သည်။ မိမိ ထက်လှသူ လောကမှာ မရှိဟု အစ်ကို ပြောတော့လည်း ယုံမိသည် သာ။ အစ်ကိုနှင့် အတူ သူ မသွားရဲသောနေရာ မရှိ။

အစ်ကို့ကို ကြည့်ရင်း အလှမ်းဝေးနေသည် ကို သည်းမခံနိုင်အောင် ဖြစ်လာသည်။ မိမိ အဝတ်တွေချွတ်ပြီး ရေထဲ လျှောဆင်းလိုက်သည်။ ကန်ရေပြင်ကို နေထိုးနေပေမယ့် ရေက အေးနေသည်။ မိမိက တင်ဝင်း ခြေထောက်ကြားထဲ ဝင်ထိုင်ပြီး ကိုယ်ကို မှီထားခဲ့လျှင် ကန်လယ်က ကျောက်တုံးကြီးသည် သူတို့ နှစ်ယောက်အတွက် နေရာဆံ့လောက်သည်။ တင်ဝင်းက မိမိကို လက်ကမ်းကြိုသည်။ ခါးလေးကို ကိုင်ပြီး တင်းနေ အောင် ဖက်ထားသည်။

"အစ်ကို၊ အစ်ကို မရှိရင် မိမိ မနေနိုင်ဘူး သိလား"

သူ လေသံသဲ့သဲ့လေးဖြင့် တင်ဝင်းကို ပြောလိုက်သည်။

"ဟင်-အစ်ကို မိမိနဲ့ တူတူရှိနေတာပဲကို"

"ဟုတ်ဘူး၊ ခုလိုမျိုးကို ပြောတာ"

"ဘယ်လို ခုလိုမျိုးလဲ မိမိရဲ့"

"ခုနက အစ်ကိုနဲ့ ဝေးနေတော့ အစ်ကို့ကို ဖက်ထား ကိုင်ထားလို့ မရဘူးလေ၊ အစ်ကိုနဲ့ ဝေးနေတိုင်း မိမိ ဝမ်းနည်းတယ် သိလား၊ ဘယ်ကိုသွားသွား အစ်ကို့ကျောပေါ်မှာ မဟုတ်ရင် မိမိ ဝမ်းနည်းတယ်၊ ညညဆို အစ်ကို့ကို ဖက်ထားလို့ မရဘူး၊ မနက်တိုင်းလည်း အစ်ကိုမရှိဘဲ နိုးလာရတယ်လေ"

မိမိသည် တင်ဝင်းဘက်လှည့်ကာ ဒူးထောက်ထိုင်ချလိုက်သည်။ ဟောမိမိ ငိုနေသည်။ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျနေသည်။ သူ တင်ဝင်း မျက်ခုံးတွေကို၊ မျက်လုံးတွေကို နမ်းသည်။ လည်တိုင်ကို တရှိုက်မက်မက် နမ်းသည်။ နောက်တော့ နှုတ်ခမ်းတွေ၊ မိမိနှုတ်ခမ်းတွေက နူးညံ့ စွတ်စိုလှ သည်။ တင်ဝင်း တစ်ကိုယ်လုံးကို သူ့အနမ်းတွေနှင့် ဖုံးပစ်လိုက်သည်။ တင်ဝင်း ခါးကို ခြေထောက်တွေနှင့် ခွထားသည်။ တင်ဝင်းကလည်း မိမိကို ပျံသန်းထွက်ခွာသွားမည်စိုးသည့် အလား တင်းကျပ်စွာ ဖက်ထားတော့သည်။

****

အခန်း(၁၆)

ရင်ခုန်သံစည်းချက်တွေက သူ့ကို ရေတံလျှောက်မှ တစက်စက် ကျနေသည့် ရေစက်တွေအသံကို သတိရစေသည်။ စည်းချက်က တဖြည်းဖြည်း နှေးကွေးလာသည်။ တစ်ချက်နှင့် တစ်ချက်ကြား ကွာဝေး ရှည်လျားလာသည်။ တဖြည်းဖြည်း ခန်းခြောက်သွားသည့် ရေတွင်းတစ်ခုပမာ။

လွန်ခဲ့သည့် ရက်တွေထဲက ဆရာတော်ကြီး၏ နှလုံးခုန်သံ စည်းချက်တွေ နွမ်းလျပင်ပန်းလှပြီ ဖြစ်ကြောင်း သူ သတိထားမိသည်။ သင်ကြားရေးကို လက်ထောက်ဆရာတော်နှင့် လွှဲထားခဲ့ရသည် မှာ ကြာပြီ။ ဆရာတော်ကြီး ကတော့ အိပ်ရာထက်မှ ထနိုင်ဖို့ အားနည်းလွန်းနေပြီ။ ဘာမျှ ဘုန်းပေး တော် မမူနိုင်။ ရေကိုသာ နည်းနည်းသောက်တော်မူသည်။

တင်ဝင်းနှင့် မိမိနှစ်ယောက်လုံး ဆရာတော်ကြီးနားမှာ နေ့ရောညပါ ဆေးပေးမီးယူ ပြုစုနေခဲ့ကြတာ သုံး လေးရက် ရှိခဲ့ပြီ။ တင်ဝင်းသည် သူ့ လက်ထိပ်ကလေးတွေ ရောင်ရမ်းလာချိန်ထိ ဆရာတော်ကြီးကို စာဖတ် ပြသည်။ မိမိကလည်း ရောဂါတွေ သက်သာပျောက်ကင်းစေသည် ဟု ကျော်စောသတင်းကြီးသည့် သူ့မှော်ဝင်အသံဖြင့် တေးသီဖို့ စိုင်းပြင်း ပါသည်။ သို့သော် ဆရာတော်ကြီးက လက်မခံပါချေ။ သူ့အသံမှာ ဘယ်လို မှော်ခတ်တွေ ပါပါစေ၊ ဘဝသက်တမ်းကို မရှည်စေလိုတော့။ ဆွဲမဆန့်လို တော့။ ဆရာတော်ကြီး၏ နှုတ်ခမ်းတွေက ပြုံးယောင်သန်းလျက်။

သူတို့ နှစ်ယောက် လမ်းဘေး လက်ဖက်ရည်ဆိုင်ထဲမှာ ကြံရည်သောက်ရင်း ထိုင်နေကြသည်။ ရာသီဥတုက ပူ လာပြီ။ လွန်ခဲ့သည့် နှစ်ပတ် လောက်ကတည်းက ကလောကို အပူလှိုင်းဖြတ်သည် ဟု ဆိုသည်။ ခုထိ မ သက်သာသေး။ လေကလည်း ငြိမ်လှသည်။ ယင်ကောင်တွေပင် အပူဒဏ် ကြောင့် အားနည်းချည့်နဲ့ နေသည် ကို တင်ဝင်း ကြားနေရသည်။ ဆိုင်ထဲ က လူမှန်သမျှ အပူဒဏ်အကြောင်း ညည်းညူနေကြသည်။ တင်ဝင်းအဖို့ တော့ နားမလည်နိုင်အောင် ဖြစ်ရသည်။ သူ့ကျေးဇူးရှင် ဆရာတော် ဘုရား ကြီး သေအံ့မူးမူး အသည်းအသန်ဖြစ်နေချိန်မှာ ကိုက်နှစ်ရာပင် မဝေးသော ဤဆိုင်ထဲမှ လူတွေသည် အလုပ်ကိစ္စအကြောင်း ပြောကြရင်း၊ လက်ဖက်ရည်သောက်ရင်း ရာသီဥတုအကြောင်း ညည်းနေကြသည်။

စည်းချက်မကျသည့် ခြေသံတစ်သံကို ကြားလိုက်ရသည်။ ဦးပဥ္စင်း ဇော်၏ ခြေသံမှန်း တင်ဝင်း သိသည်။ ဦးပဥ္စင်းဇော်က ခြေထောက်နှစ်ဖက် အတိုအရှည် မညီ။ ဘယ်ဘက်ခြေထောက်က နည်းနည်း တိုနေသည်။ သူများ တွေအတွက် မသိသာပေမယ့် တင်ဝင်းအတွက်တော့ သိသာသည်။ ဦးပဥ္စင်းဇော်က

အမေတကော အသက်ပင် မရှူနိုင်ဘဲ ခရီးရောက်မဆိုက် ပြောသည်။

"ဆရာတော်ကြီး သတိလစ်သွားပြီ"

တင်ဝင်း ထရပ်လိုက်သည်။ မိမိရှေ့မှာ ဒူးထောက်သည်။ မိမိက သူ့ကျော ပေါ်တက်သည်။ သူတို့ သုတ်သုတ်ပျာပျာ လျှောက်ကြသည်။ ကျောင်းထဲ ဝင်သည်။ ကျောင်းဝင်းကို ဖြတ်သည်။ ကျောင်းပေါ်တက်သည်။

ကျောင်းထဲမှာ ဘုန်းကြီးတွေ၊ ဒကာတွေ မည်းမည်းလှုပ်နေသည်။ တရား ထိုင်ခန်းမကြီး တစ်ဝက်ခန့် လူတွေ ပြည့်နေသည်။ တင်ဝင်းနှင့် မိမိက လူ တွေကြားထဲမှ တိုးဝှေ့ရင်း ဆရာတော်ကြီး ဘေး အရောက်ပြေးကြသည်။ မိမိ ဆရာတော်ကြီး မျက်နှာတော်ကို ဖူးရင်း ချောက်ချားမိသည်။ မျက်နှာတော်က လွန်ခဲ့သည့် တစ်နာရီနှင့် ပင်မတူ။ မျက်တွင်းတို့ က ချိုင့်ခွက် လျက်။ မျက်နှာက ချောင်ကျလျက်။ နှုတ်ခမ်းတွေက တိုဝင်လျက်။ မျက်နှာ တစ်ခုလုံး သွေးဆုတ်ဖြူရော်နေခဲ့ပြီ။ လက်တော် အစုံကတော့ ဝမ်းဗိုက်ပေါ် ယှက်တင်ထားသည်။

ဆရာတော်ကြီးကို သူတို့ စိုးရိမ်စွာ ကြည့်နေကြသည်။ ဘဝနတ်ထံ ပုံ့လွန်ချိန် မဝေးတော့ပြီကို တင်ဝင်း သိသည်။ ဆရာတော်ကြီး၏ နှလုံးခုန် သံသည် လိပ်ပြာတောင်ပံခတ်သံလောက်သာ ကျယ်တော့သည် ဆရာတော်ကြီးဘုရား၊ တပည့်တော်ကို ချန်ရစ်ခဲ့တော့မှာ လား ဘုရား၊ ဆရာတော်ကြီး မရှိသည့် ဘဝကို သူဘယ်တုန်းကမှ မစဉ်းစားမိခဲ့။ သူ့ ဘဝ၏ လက်ဦးဆရာ။ လောကီ၊ လောကုတ္တရာ နှစ်ဖြာ ဘက်စုံထောင့်စုံ သင်ကြားပေးခဲ့သည့် ကျေးဇူးရှင်။ ဇာတိ ပစ္စယာ ဇရာ၊ ဇရာ ပစ္စယာ မရဏ- ဘဝရှိ၍ အိုရသည်၊ ထိုအကြောင်းတရားများကြောင့် မရဏ ဆိုသည့် အကျိုးတရား ဖြစ်ပေါ်လာရသည် ဟု သင်ကြားပေးရင်း ကြောက်စိတ် ကို ဖြေဖျောက်ပေးဖို့ ကြိုးစားခဲ့သည့် မဟာကရုဏာရှင်ကြီး။ သေခြင်း တရားဟူသည် ဘဝ၏ ဖွားဖက်တော်တဲ့။ မည်သူမျှ ရှောင်လွှဲ၍ မရသဖြင့် ကြောက်နေ၊ တွန်းလှန်နေမည့် အစား သင့်တင့်သော နှလုံးသွင်း၍ လက်ခံ ရမည်တဲ့။

ထို အဘိဓမ္မာကို တင်ဝင်း တန်ဖိုးထားပါသည်။ သို့သော် သူ့မှာ က ပါရမီဉာဏ် မရင့်သန်၍ လား မသိ။ ကြောက်စိတ်က ပျောက်မသွား။ ခု လည်း ဆရာတော်ကြီး ဆုံးပါးသွားမှာ ကို သူ အကြောက်ကြီး ကြောက် နေသည်။ သေရမှာ ကြောက်သည့် စိတ်က ယုတ်ညံ့သည် ပြောပြော၊ တိရစ္ဆာန်စိတ်ဆိုဆိုပေါ့။ ငယ်ငယ်တုန်းက အဖေ ဝက်ကလေးတစ်ကောင် ပေါ်ချိန်ကို သတိရမိသည်။ မျက်လုံးကြီးတွေ ပြူးထွက်၊ တစ်ကိုယ်လုံး တွန့်လိမ်ပြီး ခွန်အားရှိသမျှ ရုန်းနေသည့် ဝက်ကလေး။ နောက်ပိုင်းတော့ သေရ မှာ ကြောက်စိတ်သည် ရှင်သန်လိုစိတ်၊ ရှင်သန်ရန် ကြိုးစားတတ်သည့် သက်ရှိတို့ ၏ မရှိမဖြစ် ဗီဇစိတ် ဖြစ်ကြောင်း

တင်ဝင်း သိလာခဲ့သည်။ ထို စိတ်ကို နှိမ်နင်း၍ ငြိမ်းချမ်းစွာ နှလုံးသွင်းရင်း သေခြင်းတရားကို ရင်ဆိုင်ဖို့ ဆိုသည် က သက်ရှိဗီဇစိတ်နှင့် ကဏ္ဍကောစ ဖြစ်လွန်းသည်။ ဆရာတော် ကြီး၏ ခန္ဓာဝန်ချလုလု အခြေအနေကို ဖူးမြော်ရင်း နောက်ဆုံးတော့ တင် ဝင်း၏ ယောက်ယက်ခတ်နေသည့် စိတ်တွေ တည်ငြိမ်လာသည်။ မလွဲမသွေ ဆုံးရှုံးရတော့မည်ကို ရှောင်လွှဲ၍ မရတော့ချိန်မတော့ သူ မ တုန်လှုပ်တော့။ ဆရာတော်ကြီးကို လျှောက်တင်လိုသည် များ ရှိနေသေးပေမယ့် အချိန်လင့်သွားခဲ့ပြီ။ ဟော-ဆရာတော်ကြီး၏ နှုတ်ခမ်းအစုံ ပွင့်တော်မူလာခဲ့ပြီ။

"တင်ဝင်းနဲ့ မိမိ ရှိကြသလား"

ဆရာတော်ကြီးက စကားပြောနေခြင်းထက် စကားလုံးတွေကို ရှူထုတ်နေသလိုပင်။

"မှန်လှပါ ဘုရား"

"ဘုန်းဘုန်းကြီး ဘယ်လို သေချင်တယ်လို့ ပြောခဲ့သလဲ မောင်တင်ဝင်း"

"ကြောက်ရွံ့ခြင်း ကင်းပြီး ပြုံးပြုံးကြီး သေချင်တယ်လို့ မိန့်ခဲ့ပါတယ် ဘုရား"

"အိမ်း-ခု ဘုန်းဘုန်းကြီး နည်းနည်းမှ မကြောက်ဖူးကွဲ့၊ ပြုံးမပြုံးကတော့ မောင်တင်ဝင်းကို မိမိ ပြောပြလိုက်"

တင်ဝင်းက ဆရာတော်ကြီးလက်ကို ကိုင်ဆွဲပြီး-

"စကားပြောတော်မမူပါနဲ့ ဘုရား" ဟု လျှောက်လိုက်သည်။

"အမယ် ဘာဖြစ်လို့ တုံးကွဲ့၊ ဘာကြောင့် မပြောရမှာ လဲ"

ဒါက ဆရာတော်ကြီး၏ နောက်ဆုံးစကားများ ပင်။ ဆရာတော်ကြီး တစ်ခုခု ပြောလိမ့်ဦးမည် ဟု တင်ဝင်း မျှော်လင့်နေသည်။ ဘာကြောင့် မ ပြောရမှာ လဲ ဆိုသည့် အမေးစကားဖြင့် ဘဝနိဂုံး မချုပ်သင့်ဘူး မဟုတ် လား။

သူ စောင့်သည်။ ဆရာတော်ကြီး၏ နွမ်းလျလှပြီဖြစ်သော နှလုံးခုန်သံ၊ ရပ်တန့်လုလု နှလုံးခုန်သံကို သူ ရေတွက်နေသည်။

ဆရာတော်ကြီး ပါးစပ်ဟလာပြန်သည်။ တင်ဝင်း အနားသို့ တိုးလိုက် သည်။

ဘာသံမျှ မထွက်။ တင်ဝင်း ငြိမ်သက်စွာ စောင့်သည်။ ကျောင်းခန်းမတစ်

ခုလုံး အပ်ကျသံ ကြားလောက်အောင် တိတ်ဆိတ်နေသည်။

မိမိ၏ ရင်ခုန်သံ၊ သူ့ရင်ခုန်သံတွေကို သူ ကြားသည်။ သူတို့ ရင်ခုန်စည်းချက်တွေ တဖြည်းဖြည်း ညီလာခဲ့သည်။ အတော်လေး ကြာလာသည့် အခါ မတော့ မိမိနှင့် သူ ရင်ခုန်သံစည်းချက် တစ်သားတည်း ဖြစ်နေပြီကို သူ သိလိုက်ရတော့သည်။

****

အခန်း(၁၇)

ဘဝ၏ ထိုခဏ အခိုက်အတန့်လေးတွေကို ဒေါ်ရတနာ သေချိန်ထိ မှတ်မိနေတော့မည်။ တင်ဝင်းကို ပထမဆုံး စမြင်ချိန်ကတည်းက သူ့မိသားစုဝင် ဟု မှတ်ယူခဲ့သည်။ အိမ်ရှေ့ဝရန်တာမှာ ထိုင်ပြီး ခြင်းတောင်းထဲ ကောက်ရိုးတွေ ထည့်နေသည့် ညနေခင်းတစ်ခုမှာ မိမိကို ကျောပိုးရင်း ခြံ ဝင်းထဲ ဝင်လာသည့် တင်ဝင်းကို ပထမဆုံးအကြိမ်အဖြစ် သူ စတင်မြင်တွေ့ ဖူးခဲ့သည်။ ထိုအချိန်က အိမ်မှာ သူတစ်ယောက်တည်း၊ ယောကျ်ားနှင့် သား တွေ ယာခင်းထဲက ပြန်မရောက်ကြသေး။ တင်ဝင်း၏ နုနယ် ပျိုမျစ်သော မျက်နှာလေးမှာ ပျော်ရွှင်မှုကြောင့် ဝင်းဝင်းတောက်နေသည်။ မိမိက သူ့ နားထဲ တီးတိုး ပြောတော့ ဟက်ဟက်ပက်ပက် ရယ်လိုက်သည့် သူ့အသံကို ဒေါ်ရတနာ ကြားရသည်။ တင်ဝင်းသည် အိမ်ပေါ် ဖြည်းဖြည်းချင်း တက် လာသည်။ ဆောင့်ကြောင့် ထိုင်သည်။ မိမိကို ကျောပေါ်မှ ညင်သာစွာ ချ ပေးသည်။ အို-သမီးလေးမျက်နှာကလည်း ရောင်စဉ်တွေ ဖြာလို့ ပါလား။ မျက်လုံးနှစ်လုံးက သောက်ရှူးကြယ်တွေလို လက်လက်ထနေသည်။

ထိုနေ့မှ စ၍ ညနေခင်းတွေတိုင်း မိမိကို အိမ်ပြန်ပို့ပေးသည့် တင်ဝင်းကို မကြာမကြာ တွေ့လာရသည်။ ပထမတော့ ပြန်ပို့ပြီးပြီးချင်း သူ ထပြန်သွား တတ်သည်။ နောက်ပိုင်းကျတော့ သူ အိမ်မှာ အနေကြာလာသည်။ မိမိကို ထမင်း၊ ဟင်း ချက်ကူသည်။ ညစာ စားပြီးမှ ပြန်လေ့ပြန်ထ ရှိလာ တတ်သည်။

ဒေါ်ရတနာသည် တင်ဝင်းကို "သားငယ်လေး"ဟု ခေါ်စပြုလာသည်။ တင်ဝင်းအကြောင်း သိ လာလေလေ တင်ဝင်းကို သဘောကျလေလေ ဖြစ်လာ သည်။ တင်ဝင်း၏ တည်ငြိမ်အေးချမ်းသော ဟန်၊ တွေးတွေးဆဆ ရှိလှ သော စကားသံ၊ မိမိအပေါ် ကြင်နာတတ်မှု၊ သူ့အရွှင်ဓာတ်ကလေးနှင့် သူ့ အာရုံသိတွေကို ဒေါ်ရတနာ အံ့သြရသည်။ တခါတလေများ စကားတစ်လုံး မျှ မပြောဘဲ သူ့အပေါ် ထားသည့် မိသားစု၏ သဘောထားတွေကို သူ သိနေ သလို။ မိမိသာ သူနှင့် အတူရှိနေပါလျှင် မျက်စိနှစ်ကွင်း အလင်းမရသည် ကိုသာမက ဘာကိုမဆို သူ သည်းခံနိုင်သည် ဟု ဒေါ်ရတနာ ထင်မှတ် မိသည်။ တစ်ခါတလေ သူတို့ နှစ်ယောက် တောင်တက်လမ်းတစ်လျှောက် တက်သွားကြသည် ကို နောက်ကျောမှ ငေးနေရင်း ဒေါ်ရတနာ မျက်ရည် ဝိုင်းလာသည်။ တင်ဝင်းသည် မိမိကို ဝန်ထုပ်ဝန်ပိုး တစ်ခုလို ပိုးသွားခြင်း မျိုး မဟုတ်။ ဘုရားပေးသည့် လက်ဆောင်သဖွယ် သဘောထား၍ ပျော်ရွှင် စွာ၊ ကျေနပ်စွာ၊ ဂုဏ်ယူစွာ သယ်ပိုးသွားခြင်းသာ။ မိမိကလည်း တင်ဝင်း ကျောပေါ်ကနေ သီချင်းဆိုချင်ဆို၊ တင်ဝင်းနားနားကပ်ပြီး တီးတိုးပြောချင် ပြော။ သူတို့ ကို မမြင်ရသေးခင် သူတို့ ရယ်သံလေးတွေကို အဝေးကြီး ကတည်းက

ကြားနေရသည်။

ဦးမိုးကတော့ သူတို့ နှစ်ယောက်ကို "ဒီမောင်နှမတွေ"ဟု ခေါ်တတ်သည်။ လေးနှစ်လုံးလုံး ဒီအတိုင်းပင် သူ ခေါ်သည်။ ဒီအတိုင်း အမှတ်တမဲ့ ခေါ် ခြင်းလား၊ ဒါမှ မဟုတ် အခြေအနေကို မရိပ်စား မိ၍လား၊ ယောကျ်ားတွေ ဟာ ဒီလိုပါပဲ။ တချို့ကိစ္စတွေမှာ ခပ်ပေါ့ပေါ့ သဘောထားလွန်းသည်။

မိမိနှင့် တင်ဝင်းတို့ နှစ်ယောက် ဘဂ်လားမောင်နှမ ဖြစ်နေတာ ကြာခဲ့ပြီ ဆိုခြင်းက သိသာလွန်း လှသည်။ မိမိ ပျော်နေပုံက ကလေးတစ်ယောက်၏ ပျော်ရွှင်မှုမျိုး မဟုတ်။ တင်ဝင်းသည် ငြိမ်သက်၊ တိတ်ဆိတ်၊ ယဉ်ကျေးသည် မှန်သော်လည်း သူ့အသံ၊ သူ့ဟန်တွေက မိမိအပေါ် နှမလေးတစ်ယောက် ဆိုသည်ထက် များစွာ ပိုသည်က အထင်အရှား။ သူတို့ နှစ်ဦး၏ နှစ်ကိုယ့်တစ်စိတ်ဖြစ်နေပုံက ဒေါ်ရတနာကို မနာလိုတောင် ဖြစ်စေသည်။ သူနှင့် ကိုမိုး ဤသို့နှစ်ကိုယ့်တစ်စိတ် ဘယ်တုန်းကမှ မဖြစ်ဖူးခဲ့။ တခြား ဇနီးမောင်နှံတွေမှာ လည်း ဤကဲ့သို့ မခွဲနိုင် မခွာရက် အခြေအနေမျိုးကို သူ မတွေ့ဖူးခဲ့။

ခုဆို သူတို့ နှစ်ယောက်လုံး ၁၈ နှစ်ကျော်ခဲ့ပြီ။ ထိမ်းမြားလက်ထပ်နိုင်သည့် အရွယ်ကောင်း ကိုယ်စီ ရောက်ခဲ့ပြီ။ သို့သော် တင်ဝင်းက မိဘမဲ့ကလေး တစ်ဦး ဖြစ်သည် မို့ သမီးကို ဘယ်သူက တောင်းရမ်းမည်နည်း။ အေးလေ မိဘဆိုတာက သိသာ သိစေ၊ မမြင်စေနဲ့ လို့ ဆိုရိုးရှိသမို့လား၊ တင်ဝင်းက ဖြစ်ဖြစ်၊ မိမိက ဖြစ်ဖြစ် ဖွင့်ပြောလာသည့် အချိန်ကို စောင့်ရမည်ပ။ သုံး လေးလ တစ်နှစ် နှစ်နှစ် ထပ်စောင့်ရတော့ရော ဘာအရေးလဲ။ သူတို့ နှစ် ယောက်အတွက် ပူနေစရာ မလိုပါဘူးလေ။ သူတို့ နှစ်ယောက်ဟာ ရှိမှန်းသိ ပေမယ့် သူ ဘယ်တုန်းကမှ ရှာမတွေ့ခဲ့တဲ့ ဘဝရဲ့ လျှို့ဝှက်ချက်တွေကို တွေ့ ခဲ့ပြီးကြတဲ့ မောင်နှံနှစ်ဖော် မဟုတ်လား။

****

အခန်း(၁၈)

မိမိနှင့် အတူ ရေကန်သို့ သွားခဲ့သည့် နွေတစ်နေ့က သူအိမ်ပြန်ရောက်တော့ မိုးချုပ်နေပြီ။ တောင်တက်ရခြင်း၊ ရေကူးရခြင်းတို့ ကြောင့် ပင်ပန်းသော်လည်း ပျော်စရာ ပန်းလျှခြင်းမျှသာ။ နွေည ဖြစ်သဖြင့် လေက နွေး နေသည်။ အိမ်ဘေး ရေအိုင်လေးထဲက ဖားတွေ သံပြိုင်အော်နေကြသည်။ ကြီးကြီးမေသည် သူ့ကို ထမင်းပွဲပြင်၍ စောင့်နေတော့မည်။ ခြံတံခါးအဖွင့် မှာ သူ မကျက်မိသည့် အသံစိမ်းတွေကို စတင်ကြားရသည်။ ယောကျ်ားနှစ် ယောက်အသံ၊ ကြီးကြီးမေနှင့် စကားပြောနေသံ၊ သူတို့ အိမ်ရှေ့မှာ ထိုင်နေ ကြသည်။ ကြီးကြီးမေ သူ့ဆီ ဒရောသောပါး လျှောက်လာသံကို ကြားရ သည်။ သူ့ကို လက်ဆွဲပြီး ကြီးကြီးမေက သူစိမ်းတွေထံ ခေါ်သွားသည်။ ထို သူတွေကလည်း ခရီးရောက်မဆိုက် လိုရင်းကို ပြောကြသည်။ သူ့ကို တစ်နေ့လုံး စောင့်နေကြသည် တဲ့။ ကြီးကြီးမေက သူတို့ ကို ဧည့်ခံ စကား ပြောနေသည် တဲ့။ ခု သူတို့ တည်းခိုမည့် ဟိုတယ် ရှာရဦးမည်တဲ့။ မနက်ဖြန်ဆို ခရီးစဉ်အတွက် စီစဉ်ရဦးမည်တဲ့။ သူတို့ ရန်ကုန်က လာကြ သည် တဲ့။ လာရခြင်း အကြောင်းရင်းကတော့ ရန်ကုန်က သူဌေးကြီး၊ တင် ဝင်း၏ ဦးလေးတော် ဦးစောက တင်ဝင်းကို အမြန်ဆုံး လိုက်လာစေဖို့ အမှာ တော်ပါးလိုက်၍ လာရောက်ခေါ်ငင်ခြင်းတဲ့ လေ။ ခေါ်ရခြင်းအကြောင်းရင်း ကတော့ ဦးစောကိုယ်တိုင် တင်ဝင်းကို ပြောပြမတဲ့။ မနက်ဖြန် မနက် စောစောသာစည်ရထားနှင့် ထွက်ရမည်။ ပြီးတော့ မန္တလေး-ရန်ကုန် အမြန်ရထားနှင့် ရန်ကုန်သို့ ခရီးဆက်ရန် အားလုံး စီစဉ်ပြီးပြီတဲ့။ ရထားက ကလောဘူတာကို မနက် ၇နာရီ ဆိုက်မည်။ မနက်ခြောက်နာရီမှာ အသင့် ပြင်ထားပြီး စောင့်နေပါ။ လာခေါ်မည်...တဲ့။

သူတို့ ဘာတွေပြောနေမှန်း တင်ဝင်းခမျာ နားမလည်နိုင်ရှာ။ သူစိမ်းလူတွေနှင့် တွေ့လေတိုင်း သူ လုပ်နေကျကဲ့သို့ပင် သူတို့ စကားထက် သူတို့ ရင်ခုန်သံကိုသာ နားစိုက်ထောင်နေမိသည် ကိုး။ သူတို့ ရင်ခုန်သံတွေက ခံစားချက်မဲ့လှသည်။ ဘာကိုမျှ မဖော်ပြနိုင်။ ဒါ သူတို့ အရေးကိစ္စမဟုတ်၊ တာဝန်ပေးချက်အရ လာရောက်ခြင်းမှန်း သိသာလှသည်။

ကြီးကြီးမေကရော...ကြီးကြီးမေ ရင်ခုန်သံကတော့ မြန်လှသည်။ တောင်ကြီးတစ်တောင်ကို မောမောပန်းပန်း တက်နေဘိအလား။ သို့သော်လည်း ထိုကဲ့သို့ ရင်ခုန်သံ မြန်ခြင်းမှာ ပင်ပင်ပန်းပန်း လှုပ်ရှားရမှု မဟုတ်။ ငြိမ် ငြိမ်သက်သက် ထိုင်နေရင်းနှင့် လည်း အပြင်ပန်းက စိတ်လှုပ်ရှားဟန် မပြ ဘဲ နှလုံးသားက မြင်းတစ်ကောင်လို ဒုန်းစိုင်းခုန်တတ်မှန်း မိမိကြောင့် တင် ဝင်း သိခဲ့ရပြီးသားဖြစ်သည်။ အိပ်မက်ရိုင်း၊ အိပ်မက်ဆိုးတွေကလည်း ထို နည်းလည်းကောင်း။

ကြီးကြီးမေ ဘာကို စိုးရိမ်ပူပန်နေတာလဲ။ ထိုလူတွေ ပြန်သွားတော့ သူတို့ ပြောခဲ့သည့် စကားတွေကို ကြီးကြီးမေက ထပ်ကာထပ်ကာ ပြန်ပြော နေသည်။ ရထားနဲ့ တဲ့၊ မြို့တော်ကြီးကိုတဲ့၊ တင်ဝင်း တစ်ယောက်တည်း တဲ့။ ဇာတ်ရည်လည်လာတော့ တင်ဝင်းက မေးသည်။

"ဦးလေးက သားကို ဘာလို့ တွေ့ချင်တာတဲ့ လဲ"

"ကြီးကြီးမေလည်း ဘယ်သိပါ့မလဲ သားရယ်၊ လူတွေ ပြောကြတာတော့ သူက အင်မတန် ချမ်းသာတဲ့ မင်းပေါက်စိုးပေါက် သူဌေးကြီးတဲ့၊ သားကို သူ ကူညီမလို့ ဖြစ်မှာ ပေါ့ကွယ်"

"ဟင့်အင်း သားမှ အကူအညီ မလိုတာ"

ဟုတ်သည်။ သူ့ကို သနားတာ၊ ကူညီတာ၊ စောင်မတာ၊ ဖေးမတာ၊ ဘာ တစ်ခုမျှ သူ မလိုချင်။

"ကြည့်ရတာ သားမျက်လုံးကို ဆရာဝန်ကြီးတွေနဲ့ စစ်ဆေးစေချင်လို့ ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ပစ္စည်းတွေထည့်တော့ သားရေ"

ကြီးကြီးမေက အိမ်ထဲသို့ လှမ်းဝင်သည်။

"ကြီးကြီးမေ၊ ဒါဆို ကြီးကြီးမေ တစ်ယောက်တည်း နေရစ်ခဲ့မှာ လား"

"သားရယ်၊ မောင်တင်ဝင်းရယ်၊ ကြီးကြီးမေ သားကို သိပ်လွမ်းမှာ ပေါ့ လူကလေးရဲ့၊ ဒါပေမဲ့ ကြီးကြီးမေ အတ္တကြီးလို့ မဖြစ်ဘူးလေ၊ သားအတွက် ကြီးကြီးမေ ဝမ်းသာရမှာ ပေါ့"

"ကြီးကြီးမေ၊ ကြီးကြီးမေရာ"

ကြီးကြီးမေ ညာနေသည်။ သူ့ခံစားချက်တွေကို ဖုံးကွယ်နေသည် ကို တင်ဝင်း ကောင်းကောင်း သိသည်။

"ကဲ-ခရီးသွားဖို့ ပြင်ဆင် လူကလေးရေ၊ သိပ်ကြာမှာ မဟုတ်ပါဘူးနော"

ဒေါ်စုကြည်က တင်ဝင်းစကားကို ဆက်နားထောင်မနေတော့။

တင်ဝင်းတစ်ယောက် နမူးနထိုင်းဖြစ်၍ ကျန်ခဲ့သည်။ ခရီးသွားရမယ် ဆို ပဲ။ တစ်သက်လုံး ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သည့် ခရီးသွားခြင်း။ သူ့ တစ်ဘဝလုံး မခွဲခွာခဲ့ဖူးသည့် ကလောကို ခွဲခွာ၍ နေရာသစ်မှာ၊ သူစိမ်း တွေကြားထဲမှာ အို-သူ ဘယ်လို နေရမည်ဆိုတာကို မသိတော့။ ဒေါ်စုကြည် မရှိဘဲ။ ဘုန်းတော်ကြီးတွေ

မရှိဘဲ၊ အိမ်မှာ မရှိဘဲ၊ ကြားနေကျအသံတွေ၊ ရင်းနှီးနေသည့် ရနံ့တွေ မရှိဘဲ၊ အခိက ကတော့ မိမိ မရှိဘဲ နေရမတဲ့ လား။

နောက်နာရီ အနည်းငယ်ကြာလျှင် ဘယ်အချိန် ပြန်လာရမှန်း မသိသည့် ခရီးရှည်ကြီးကို ထွက်ခွာဖို့ ပြင်ဆင်ရမတဲ့ လား။ တစ်ပတ်လား၊ နှစ်ပတ် လား၊ တစ်လလား၊ နှစ်လလား၊ တစ်သက်လုံးလား ရင်လေးလှသည်။ ရင်ဘတ်ကို နာနာဘာဝတွေ တက်ဖိထားသလို ခံစားနေရသည်။

တင်ဝင်းသည် တောင်တက်လမ်းအတိုင်း အမောတကော ပြေးတက်လာခဲ့သည်။ ဒီလမ်း တစ်လျှောက်က ကျောက်တုံးတွေ၊ ကျင်းတွေ၊ ချိုင့်တွေ ဘယ်နေရာ ဘာရှိသည် ကို သူ အားလုံး အလွတ်ရပြီး ဖြစ်သည်။ သူ မြန် မြန် လျှောက်သည်။ နောက်တော့ သူ ပြေးသည်။ လှစ်ခနဲ လှစ်ခနဲ ရောက် ချင်ဇောသာ ရှိတော့သည်။ ပြုတ်ကျမည်၊ လဲမည်ကို လုံးဝ မတွေး။ ခြေဖဝါးတွေက မြေနှင့် ပင် မထိချင်။ သူ မိမိအိမ်ကို ဦးတည်ပြီး ခွန်အားရှိ သမျှ ပြေးနေသည်။

မိမိအိမ်နား နီးလာတော့ သူ ခေါင်ရန်းချုံတွေနားမှာ ခဏရပ်ပြီး အမော ဖြေသည်။ ပြီးတော့ ခြံဝင်းထဲ လှမ်းဝင်လိုက်သည်။ မိမိတို့ ခြံထဲက ခွေးက သူ့ဆီ ပြေး လာပြီး ပတတ်ရပ် နှုတ်ဆက်သည်။ တင်ဝင်းက ခွေးကို ပွတ် သပ်ချော့မြူသည်။ အိမ်အောက်က ဝက်က တရှူးရှူး တရှုံရှုံ။ တစ်အိမ်လုံး တိတ်ဆိတ်လို့၊ သူ ဖွဖွလေး လျှောက်သည်။ အိမ်တံခါးက သော့ခတ်မ ထား။ သူ အသာ တွန်းဖွင့် လိုက်တော့ ကျွီခနဲ အသံမြည်သည်။ မိမိ ဘယ် မှာ အိပ်နေသည် ဆိုသည် ကို ရင်ခုန်သံ နားစွင့်ရုံဖြင့် သူ တန်းသိသည်။ သူ မိမိအိပ်ရာနား အသာလေး လျှောက်သွားသည်။ အခန်းအလယ်က ထွေးခံ ကို တိုက်မိမလို ဖြစ်သေးသည်။ သူ့နားမှာ ဒူးထောက်ထိုင်ချပြီး သူ့မျက်နှာ လေးကို အသာပွတ်သပ်ပေးတော့ မိမိ နိုးလာသည်။ နိုးနိုးချင်း ချက်ချင်း သိသည် ပဲ။

“ဟင်-အစ်ကို ဒီအချိန်ကြီး ဘာလာလုပ်”

“မိမိကို အစ်ကို ပြောစရာရှိလို့”

လေသံလေးဖြင့် ပြန်ပြောပြီး မိမိကို ပွေ့ယူလိုက်သည်။ မျက်နှာချင်းအပ် မတတ် ဖြစ်သွားသည်။ သူ မိမိကို တစ်ခါမျှ ပွေ့မချီခဲ့စဖူး။ သူတို့ ခြံထဲ ဆင်းလာကြသည်။ မိမိက သူ့မျက်နှာနှင့် လည်တိုင်ကို ပွတ်သပ်ရင်း-

“ခွေးတွေလည်း ရွှဲလို့ ပါလား အစ်ကိုရယ်”ဟု ဆိုသည်။

“မိမိကို တွေ့ဖို့ ဒုန်းစိုင်းပြေးလာတာ”

“အင်း-ခု ဘယ်သွားမလို့ တုံး”

"မသိဘူး၊ ဘယ်သူမှ မရှိတဲ့ နေရာ တစ်ခုခုပေါ့"

မိမိ စဉ်းစားလိုက်သည်။ ယာခင်းအစပ်မှာ လူမနေသည့် တဲလေးတစ်လုံး ရှိသည် ပဲ။ အဲဒီကို သွားခိုင်းလိုက်သည်။ သူတို့ တဲလေးထဲ တိုးဝင်ကြသည်။ ခနိမိုး၊ ထရံကာ တဲလေးက အမိုးတွေ ပေါက်ပြဲပြီး ကြယ်မြင် လမြင် ဖြစ် နေသည်။ ဒီည ကြယ်တွေ စုံသည့် ည။ နွေးထွေးသည့် ည။ မိမိ ရင်ခုန်သံ မြန်လာသည်။ တင်ဝင်း လက်တွေကို သူ့ရင်ဘတ်ပေါ် တင်စေသည်။

"မိမိရေ၊ မနက်ဖြန် မနက်ပဲ အစ်ကို ရန်ကုန်သွားရမယ်တဲ့၊ ရန်ကုန်က ဦးလေးက အစ်ကို့ကို ခေါ်ခိုင်းဖို့ လူနှစ်ယောက် လွှတ်လိုက်တယ်"

ဆယ်စုနှစ်ပေါင်းများ စွာ ကြာညောင်းလာပေမယ့် တင်ဝင်း၏ ထို နောက်ဆုံးစကားသံက မိမိ နားထဲမှာ ပွဲတင်ထပ်နေဆဲ။ နေ့လယ်ခင်းတုန်း က ရေကန်နား ထိုင်နေရင်း သူတို့ နှစ်ယောက်၏ လက်ထပ်ပွဲကို မိမိ စိတ်ကူးယဉ်နေခဲ့သေးသည်။ ကလေးတွေတစ်သိုက်နှင့် ကိုယ်ပိုင်အိမ် လေး၊ ခြံဝင်းလေးထဲက သူတို့ နှစ်ယောက်၊ သူတို့ ကလေးတွေက မျက်စိ လည်း မြင်သည်။ ခြေထောက်လည်း ကောင်းသည်။ ထိုမြင်ကွင်းကို သူက တင်ဝင်း ရင်ခွင်ထဲမှ ကြည်ကြည်နူးနူး ကြည့်နေသည် လေ။ သူတို့ နှစ်ယောက် ကိစ္စကို မိမိ မိဘတွေကို မကြာခင် ဖွင့်ပြောဖို့ ဆုံးဖြတ်ခဲ့ပြီးကြပြီ။ ခုတော့ ဆိုင်းမဆင့် ဗုံမပါ ရန်ကုန် ဆိုသော မြို့တော်ကြီးကို သွားရမည်တဲ့ လား။ ရန်ကုန်ဆိုတာ ကမ္ဘာရဲ့ တခြား တစ်ဖက်စွန်းလိုပါပဲလေ။ ဇာတိမြေ ကနေ ရန်ကုန်ကို သွားနိုင်သူ ရှားသလောက် ပြန်လာသည့် သူက ပိုတောင် ရှားသေးသည် ကို မိမိ သေချာသိသည်။ အဘိုးလေးဆိုသူက တင်ဝင်းကို ဘာကြောင့် ခေါ်တာလဲ၊ ဘယ်လောက် ကြာမှာ လဲ၊ သူတို့ နှစ်ယောက်က ဘာကိစ္စ ခွဲခွာရမှာ လဲ၊ တင်ဝင်းကို မေးလိုက် ချင်တာတွေ တစ်ပြုံတစ်ခေါင်း ရှိနေပေမယ့် အချိန်မရှိပါလေတော့၊ လက်ပြနှုတ်ဆက် ကျောခိုင်း ထွက်ခွာခြင်းနှင့် မကြုံခင် သူ့တစ်ကိုယ်လုံး တင်ဝင်းကို ပုံ ပေးလိုက်ချင်သည့် ဆန္ဒတွေက မိမိကို ခြေဆုံး ခေါင်းဖျား လွှမ်းမိုးလာသည်။ တင်ဝင်းလက်တွေကို သူ ဆွဲယူသည်။ သူတို့ နှုတ်ခမ်းချင်း ထိတွေ့ကြ သည်။ တရှိုက်မက်မက် အနမ်းစိုစိုတွေ၊ သူ့အင်္ကျီ ကျွတ်သွားသည်။ ရင်သားတွေကို တင်ဝင်း အနမ်းခြွေသည်။ တင်ဝင်း၏ ထွက်သက်နွေးနွေး က အရေပြားကို ဖိန်းခနဲ ရှိန်းခနဲ ဖြစ်စေသည်။ အနမ်းတွေကို တင်ဝင်း မ ရပ်နိုင်တော့။ မိမိ၏ ထဘီလေး ပြေလျော့လာသည်။ နှစ်ယောက်လုံး မိမွေး တိုင်း ဖမွေးတိုင်း။ မိမိ ခြေထောက်တွေကို သူ နမ်းနေချိန်မှာ တော့ မခံမရပ် နိုင်အောင် ဖြစ်လာသည်။ ခံစားမှု တွေက နက်ရှိုင်းသထက် နက်ရှိုင်း၊ လှပ သထက် လှပလာသည်။ တင်ဝင်း အနမ်းတစ်ချက်တိုင်း သူ့ခန္ဓာကိုယ် အသစ်တစ်ခု မွေးဖွားလာသလို ခန္ဓာကိုယ်က ငှက်မွေးကလေးလို ပေါ့ပါး လာသည်။ လေပေါ် ပျံဝဲစ ပြုလာသည်။ ကလော၏ ကောင်းကင်ယံမှာ၊ သစ်တောတွေပေါ်မှာ၊

တောင်တန်းတွေပေါ်မှာ၊ တောင်ကြားလွင်ပြင်ပေါ် မှာ၊ ထက်ကောင်းကင်လေထုထဲမှာ တစ်ကမ္ဘာလုံးကို ဘောလုံးလေး တစ်လုံးလို ဆီးမြင်ရသည့် အာကာသထဲမှာ၊ ရန်ကုန်နှင့် ကလောက လက်တစ်လုံးလောက်သာ ဝေးကွာတော့သည်။ မိမိသည် အထိန်းအကွပ်မဲ့သွား သည်။ ခံစားချက်အားလုံး ပွင့်ပေါက်ထွက်လာသည်။ ဒေါသတွေ၊ သံသယ တွေ၊ ကြင်နာမှုတွေ၊ ဆန္ဒတွေ၊ ရမ္မက်တွေ၊ တဒင်္ဂ တစ်ခဏတာ ရင်ခုန်သံ အနည်းငယ်သော အချိန်လေးအတွင်းမှာ ကမ္ဘာသူကမ္ဘာသားအားလုံး၏ ကတိတွေ၊ အလိုတွေကို တန်ခိုးရှင် တစ်ယောက်က ပြည့်စေဟု အမိန့် ပေးလိုက်သလို၊ ရင်ထဲမှာ ဘာမျှ မကျန်အောင် ပွင့်ထွက်သွားခဲ့သည်။

****

အခန်း(၁၉)

တကယ်တော့လည်း ဘာပစ္စည်းမျှ များများ စားစား ထုပ်ပိုးစရာ မရှိလှ။ ပိုင်ဆိုင်မှု ဆို၍ တင်ဝင်းမှာ စွပ်ကျယ်နည်းနည်း၊ အတွင်းခံ နည်းနည်း၊ ပုဆိုး သုံးထည်၊ ရှပ် လေးထည်နှင့် လုံးစွပ်အနွေးထည် တစ်ထည်လောက် သာ ရှိသည်ကိုး။ ရန်ကုန်က ပူအိုက်စွတ်စိုလှသည် ဆိုခြင်းကြောင့် အနွေးထည်ပင် လိုချင်မှ လိုမည်။ ဒေါ်စုကြည်က သူ ဖြိတ်သျှ ကလပ်တစ်ခု ရှေ့မှာ ကောက်ရခဲ့သည့် အိတ်ဟောင်း တစ်လုံးထဲ တင်ဝင်းပစ္စည်းတွေကို ထည့်ပေးနေသည်။ ခရီးအတွက် သား စားဖို့ ထမင်းနှင့် ငါးခြောက် ထ ချက်သည်။ ထမင်းပူပူ၊ ဟင်းပူပူကို ဒန်ထမင်းဘူးလေးထဲ ထည့်ပေးသည်။ ခရီးဆောင်အိတ် အောက်ခြေမှာ တော့ တင်ဝင်း၏ အဆောင်လက်ဖွဲ့ သဖွယ် ဖြစ်နေသည့် ကျားရိုး၊ မိမိ ပေးထားသည့် ခရုခွံလေးနှင့် ငှက်တောင် လေးတစ်ခုကို သေချာ ထည့်ပေးလိုက်သည်။ ပြီးတော့ သူ ပြတင်းပေါက်မှ တစ်ဆင့် အိမ်ပြင်ကို ကြည့်သည်။ မနက် ငါးနာရီခွဲပြီးခါစသာ ရှိသေး၍ အမှောင်ထုက မပြယ်တပြယ်၊ ငှက်ကလေးတွေတော့ တေးဆိုနေကြပြီ။ အရုဏ်အလင်းလည်း ပျို့လာခဲ့ပြီ။ တင်ဝင်းတစ်ယောက် ခုနကမှ အိမ် ပြန် ရောက်လာသည်။ သူ မီးဖိုချောင်ရှေ့မှာ ငူငူကြီး ထိုင်နေသည်။

သားကလေး တင်ဝင်းအတွက် ပူပန်စိတ်တွေ တစ်ကျော့ပြန် ဖြစ်ထွန်း လာခဲ့သည်။ မိမိနှင့် တတွဲတွဲ လုပ်ပြီးကတည်းက တင်ဝင်း အများကြီး ပြောင်းလဲသွားသည်။ ဘဝကို ပျော်ရွှင်ကျေနပ်စွာ ဖြတ်သန်းခဲ့သည်။

ပျောက်ဆုံးခဲ့သော ဘဝကာလများကို ပြန်ရသည့် အလား အတိုးချ ပျော်ရွှင် နေခဲ့သည့် ခုတော့ ပီဘိသူစိမ်းတွေကြား မိမိမပါဘဲ တစ်ကိုယ်တည်း သွားရတော့မည်။ လူနှစ်ယောက်၏ သီးသန့်ကမ္ဘာ ဆိုသည် ကို အရင်က သူမမြင်ဖူး၊ မကြားဖူးခဲ့။ တင်ဝင်းနှင့် မိမိသည် နှစ် ယောက် တစ်အိပ်မက် သီးသန့်ကမ္ဘာလေးတစ်ခု ဖြစ်သည်။ သို့သော်လည်း သူ့အဘိုးလေးက ကောင်းစေချင်၍ အခေါ်လွှတ်သည် ပဲ။ ဂုဏ်ကြီးရှင် ဓနရှင်တွေ၏ အခေါ်ကို ငြင်းလို့ ရရိုးလား၊ မကြာခင် ရောဂါ ပျောက်ကင်း ပြီး သားကလေး ပြန်ရောက်လာမည်သာပါ။ ကလေး၊

ဒေါ်စုကြည် ခြံပြင်ထွက်ပြီး တင်ဝင်းမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သောကဝေဒနာ ခံစား နေရသူတွေကို သူ များ စွာ ကြုံဖူးခဲ့ပါပြီ။ သို့သော် ခု လောက် ဝေဒနာခံစားရသည့် မျက်နှာမျိုး သူ မမြင်ဖူးခဲ့။ သားလေးကို သူ့ ရင်ခွင်ထဲ ထည့်ထားလိုက်သည် သားလေးက သည်းထန်စွာ ရှိုက်ကြီးတငင် ငိုရှာသည်။ သူ့ကို လာခေါ်သူ နှစ်ယောက် ရောက်လာချိန် ထိ ရှိုက်၍ ရှိုက်၍ ငိုနေတုန်း။ မောင်တင်ဝင်း၏ မျက်ရည်တွေကို သုတ်ပေး ရင်း ဘုတာရုံကို လိုက်လာခဲ့မယ်ဟု

ဒေါ်စုကြည် ပြောလိုက်သည်။ ထိုလူ များက တင်ဝင်းအိတ်ကို ဆွဲရင်း ထွက်သွားကြသည်။

လမ်းတစ်လျှောက် ဒေါ်စုကြည်က တင်ဝင်းလက်ကို ဆွဲလာခဲ့သည်။ သားအမိနှစ်ယောက် ဘာစကားမျှ မဆိုဖြစ်ကြ။ တင်ဝင်း တစ်ကိုယ်လုံး တုန်နေသည်။ ခြေလှမ်းတွေက ယိုင်ရွဲ့နေသည်။ လမ်းလျှောက်နေခြင်း ထက် တရွတ်တိုက် လိုက်ပါလာပုံမျိုး။ ဒေါ်စုကြည် ခြေထောက်တွေက ခဲဆွဲ ခံထား ရသလို လေးလံလှသည်။ မီးရထား၏ ဥသြသံကို ကြားနေရပါသည်။ ခေါင်းတွဲ မည်းမည်းကြီးက ထွက်လာသော မီးခိုးဖြူဖြူတွေကို တွေ့နေရ ပါသည်။ ဘူတာရုံက လူတွေ ဆူညံလွန်းလှသည်။ ကလေး အော်ငိုသံ၊မိန်းမတစ်ယောက် လဲကျသံ၊ ခရမ်းချဉ်သီးတောင်း မှောက်သံ၊ တင်ဝင်း၏ လက်တွေ ဒေါ်စုကြည် လက်တွေထဲက လွတ်သွားသည်။ လူနှစ်ယောက်က သူ့ကို ရထားတွဲပေါ် ခေါ်သွားသည်။ သူတို့ တွဲထဲ ဝင်သွားခဲ့ကြပြီ။

တင်ဝင်းကို နောက်ဆုံး မြင်ခွင့်ရသည့် မြင်ကွင်းက မျက်ရည်တို့ ကြောင့် ဝေဝါး၍ နေသည်။ ပြတင်းပေါက်ဘေးမှာ ထိုင်ရင်း မျက်နှာကို လက်ဖြင့် အုပ်ထားရှာသော တင်ဝင်း၊ ဒေါ်စုကြည် သူ့ကို ခေါ်သည်။ အော်ခေါ်သည်။ သူ မကြားသလို မတုန်မလှုပ်။ ဝီစီသံ ထွက်လာသည်။ ရထားစရွေ့ လာပြီ။ ဒေါ်စုကြည် တွဲပြတင်းကို ကိုင်ရင်း ပြေးလိုက်သည်။ ရထားက အရှိန်ရလာ သည်။ ဘူတာရုံ ပလက်ဖောင်း လမ်းဆုံးသွားသည်။ ရထားတွဲ နောက်မီးနီ နီ နှစ်လုံးက ညဘက် တောထဲက ကျားမျက်လုံးများ အသွင်။ ခဏနေတော့ ရထားတစ်စီးလုံး ကွေ့သွားသည်။ မြင်ကွင်းထဲက ပျောက်သွား သည်။ ဒေါ် စုကြည် ပလက်ဖောင်းပေါ် သိမှတ်မဲ့ ရပ်နေမိသည်။ ရင်ထဲမှာ တော့ ဗလာ။

****

အခန်း(၂၀)

ဦးဘသည် နာရီပေါင်းများ စွာ ကြာအောင် မနားတမ်း ပြောနေပြီး တီခနဲ ရပ်လိုက်သည်။ သူ့ပါးစပ်တွေက ပွင့်ဟလျက် ကျွန်မကို သူငေးနေသည်။ သူ့ရင်အစုံက နိမ့်ချည် မြင့်ချည်။ သူ့ အသက်ရှူသံပြင်းပြင်းနှင့် ဧည့်ခန်းထဲ က ပျားကောင်တွေ၏ တဝီဝီ မြည်သံတွေကို ကျွန်မ ကြားနေသည်။ ကုလားထိုင် လက်ရန်းကို အတင်းဆုပ်ထားမိသည် ကို ခုမှ သတိထား မိသည်။ လေယာဉ်ထဲမှာ လေလှိုင်းမိ၍ ထိုင်ခုံကို ကူကယ်ရာမဲ့ အတင်း ဆုပ်ထားမိသည့် အလား။ လက်ကို အသာ ဖြေလျှော့ရင်း နောက်မှီပေါ် မှီချ လိုက်သည်။

ကျွန်မတို့ နှစ်ယောက်လုံး အသံတိတ်နေသဖြင့် အိမ်ထဲမှ တခြားအသံတွေ ဆူညံစပြုလာသည်။ သစ်သားတန်းတွေထဲက တတောက်တောက် မြည်သံ၊ ခြေထောက်အောက်က တရှီရှီမြည်သံ၊ ခေါင်မိုးနှင့် ထုပ်တန်းကြားက တအီ အီ မြည်သံ၊ ပြတင်း တံခါးကြားမှ လေတိုးသံ၊ မီးဖိုထဲက ရေဘုံပိုင်ခေါင်းက ရေစက်ကျသံ၊ ဟုတ်ရော ဟုတ်ရဲ့ လား၊ ဦးဘရဲ့ ရင်ခုန်သံကိုများ ကျွန်မ ကြားယောင်နေတာလား။

ဖေဖေ့ရုပ်သွင်ကို ကျွန်မ မြင်ယောင်လာမိသည်။ တစ်ကိုယ်တော် ကေစာရီဘ၀၊ အမှောင်ထုထဲက သူ့ဘ၀၊ မိမိနှင့် တွေ့၍ လင်းမည်မှ မကြုံသေး၊ ကွေကွင်းရပြန်သတဲ့။ ဖေဖေ ဘယ်လိုများ ခံစားရမလဲ၊ ကျွန်မ ဟန်မဆောင်နိုင်၊ မျက်ရည်တွေ ကျလာသည်။ မျက်ရည်မကျအောင် ကြိုးစားတော့ ပိုဆိုးလာသည်။ ထို့ကြောင့် မကြိုးစားတော့။ ရှိုက်၍ ရှိုက်၍ ငိုမိသည်။ ကျွန်မကိုယ်တိုင်ပင် သူ့ကို ရန်ကုန် ဖမ်းခေါ်လာမိသကဲ့သို့။ ဦးဘက ထ လာသည်။ ကျွန်မခေါင်းကို အုပ်မိုးပြီး သူ့လက်ဖြင့် ကိုင်ထားသည်။ ၀မ်းနည်းစိတ်က လှိုက်ခနဲ လှိုက်ခနဲ တက်လာသည်။ ဒါ ဖေဖေနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် စိတ်လွတ်လက်လွတ် ရေရေလည်လည် ငိုမိ ခြင်း ဖြစ်သည်။ ဖေဖေ ပျောက်ဆုံးသွားခါစက ကျွန်မ ဖေဖေ့ကို အရမ်း လွမ်းသည်။ စိတ်ဓာတ်လည်း ကျသည်။ သို့သော် ငိုမိသလား မသေချာ။ အကယ်၍ အဲဒီတုန်းက ငိုသည် ဆိုဦးတော့၊ အဲဒီ မျက်ရည်တွေက ဖေဖေ့ အတွက်လား၊ ကိုယ့်ကိုယ်ကိုယ် အတွက်လား မခွဲခြားနိုင်။ မိသားစုကို ချန် ထားရစ်သည့် အတွက် ဒေါသမျက်ရည်တွေသာ ဖြစ်ဖို့ များ သည်။

သူ့ဘ၀၏ ပထမပိုင်းကို ကျွန်မတို့ မိသားစု လုံး၀ သိခွင့်မရခဲ့တာ သေချာ လှသည်။ ထို့ကြောင့် လည်း သူ့အတွက် ကျွန်မတို့ ပူဆွေးခွင့်မရ၊ ၀မ်းနည်း ခွင့် မရှိ။ ခုရော ဘာလို့ ငိုတာလဲ၊ သူ့ကို သနားလို့ လား၊ သူ့အတိတ်ကို သိခွင့်ရလို့ လား၊ ကျွန်မတို့ ကမ္ဘာလောကထဲ ရောက်မလာခင်က မောင်တင်ဝင်း ကို ပြက်ပြက်ထင်ထင် မြင်လိုက်ရလို့ လား။

ကျောပိုးအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ရင်း မျက်နှာကို သုတ်လိုက်သည်။

"ဗိုက်ဆာလား ဂျူလီယာ"

ခေါင်းခါပြလိုက်သည်။

"ရေရော ငတ်လား"

"အင်း-နည်းနည်း"

သူ မီးဖိုချောင် ဝင်သွားသည်။ လက်ဖက်ရည်အေး တစ်ခွက် ကိုင်ပြီး ပြန်ရောက်လာသည်။ ချင်းနှင့် သံပရာအရသာလို ချဉ်ဖြုံးဖြုံး လက်ဖက်ရည် အေးကြောင့် ကျွန်မ ခံစားနေရတာတွေ နည်းနည်း သက်သာသွားသည်။

"ပင်ပန်းပြီလား ဂျူလီယာ၊ ဟိုတယ် ပြန်ပို့ပေးရမလား"

ပင်ပန်းတာတော့ အမှန်ပါပဲ။ သို့သော် ကျွန်မ တစ်ယောက်တည်း မနေ ချင်။ ဟိုတယ်ခန်းကို ချောက်ချားစရာဟု မြင်လာသည်။ အခန်းကလည်း အကျယ်ကြီး၊ ခုတင်ကလည်း အကြီးကြီး၊ တစ်ယောက်တည်း ဟိုလှိမ့် ဒီလှိမ့်၊ အတွေးတွေအောက် လမ်းစပျောက်။

"ကျွန်မ-ကျွန်မ ခဏ နားချင်တယ်၊ ဒီမှာ ပဲ ခဏလောက် ဟို-" "ကဲ-ဆိုဖာပေါ်မှာ လှဲနေ ဂျူလီယာ...ကျုပ် စောင်ယူပေးမယ်"

ကုလားထိုင်ပေါ်မှ မနည်းအားယူထရသည်။ ကျွန်မ အားပြတ်သလို ဖြစ် နေသည်။ ဆိုဖာပေါ်မှာ နေလို့ ကောင်းလှသည်။ ကျွန်မ ကွေးကွေးလေး လှဲလိုက်သည်။ ဦးဘက စောင်ပါးလေးတစ်ထည် လာခြုံပေးသည် ကို သိ သလိုလို မသိသလိုလို။ ချက်ချင်းပင် အိပ်ပျော်သွားသလို ဖြစ်မိသည်။ ပျား သံတွေ ကြားရသည်။ ဦးဘ အိမ်ခန်းထဲ ဝင်သွားသည်။ ခွေးဟောင်သံတွေ၊ ကြက်တွန်သံတွေ၊ ဝက်သံတွေ၊ နှုတ်ခမ်းထောင့်က သွားရည်တွေ စီးကျနေ။

တစ်ခေါက် နိုးလာတော့ အပြင်မှာ ပိန်းပိတ်အောင် မှောင်နေသည်။ ကျွန်မ ဘယ်ရောက်နေလဲ ဆိုတာ သိဖို့ အတော် အချိန်ယူရသည်။ ဦးဘက ခေါင်းအုံး အုံးပေးထားပြီး စောင်ထူထူတစ်ထည် ထပ်ခြုံ ပေးထားသည်။ စားပွဲပေါ်မှာ လက်ဖက်ရည်တစ်အိုး၊ ပလာတာ သုံး လေးချပ်နှင့် စံပယ်တွေ ဝေနေသည့် ပန်းအိုးလေး တင်ထားသည်။ တံခါးထူထူ တစ်ချပ် ပိတ်သံ ကြားရသည်။ ဒူးကွေးကာ စောင်ကို တင်းနေအောင် ခြုံရင်း ပြန်အိပ်ပျော် သွားခဲ့သည်။

****

အခန်း(၂၁)

မျက်စိနှစ်လုံး ပြန်ပွင့်လာတော့ လောကကြီး လင်းနေခဲ့ပြီ။ ကျွန်မရှေ့မှာ အငွေ့တထောင်းထောင်း ထနေသော ရေနွေးဖြူ တစ်ခွက်၊ နက်စ်ကော်ဖီ၊ သကြား၊ နို့ဆီနှင့် ပူပူနွေးနွေး ချာပါတီတွေ။ ပြတင်း နှစ်ပေါက်အနက် တစ် ပေါက်မှ နေခြည်နွေးနွေးက အိမ်ထဲ ဖြာကျနေသည်။ ကျွန်မ ပြတင်းပေါက် မှ တစ်ဆင့် ကောင်းကင်ကြီးကို ငေးကြည့်လိုက်သည်။ ကျွန်မ သိခဲ့သော န ယူးယောက် ကောင်းကင်ထက် ပို၍ ကြည်စင်ပြာလဲ့သော ကောင်းကင်ယံ တစ်ခုကို မြင်လိုက်ရသည်။ မနက်ခင်း ရနံ့တွေကို ရမိတော့ ဟမ်ပတမ်စ် ကျွန်းစု ကမ်းခြေက နွေရာသီ အပန်းဖြေရက်တွေကို သတိမရဘဲ မနေနိုင်။ မနက်စောစောနိုး၊ ပြတင်းပေါက်မှ တစ်ဆင့် ပင်လယ်အော်သံကို နားစွင့်၊ အခန်းထဲ ဝင်လာသည့် လေအေးလေးတွေကို အနံ့ခံခဲ့သည့် မိသားစု အားလုံး အတူရှိနေခဲ့သည့် ကာလများ ပေါ့။

ထရပ်သည်။ အညောင်းဆန့်သည်။ အိပ်ရာပြောင်းတိုင်း ခံစားရတတ်သည့် ခါးနာခြင်းကို ထူးထူးဆန်းဆန်း မခံစားရ။ ဆိုဖာဟောင်းကြီးပေါ် ကောင်းကောင်း ကြီး အိပ်ပျော်ခဲ့ပုံပင်။ ပြတင်းပေါက်နား သွားလိုက်သည်။ အိမ်ဘေးနားမှာ စက္ကူပန်းတွေ ချုံဖြစ်နေသည်။ အိမ်ဝင်းက သန့်ရှင်းစွာ လှည်းကျင်းထားသည်။ သစ်နှစ်ပင်ကြားမှာ ထင်းပုံကို သပ်ရပ်စွာ တွေ့ရ သည်။ ဘာမျိုးမှန်း မသိရသည့် ခွေးတစ်ကောင်နှင့် အိမ်အောက်က ဝက် တစ်ကောင်က တအီအီ လုပ်နေကြသည်။

မီးဖိုခန်းထဲ ဝင်လိုက်သည်။ ရေနွေးအိုး တည်ထားသည်။ မီးခိုးတွေက ခေါင်မိုး ခေါင်းတိုင်မှ တစ်ဆင့် ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ကျွန်မ ကတော့ မီးခိုးမွှန်ဖြစ်အောင် မွှန်လိုက်သေးသည်။ ပန်းကန်စင်တစ်ခုပေါ် မှာ ပန်းကန်ခွက်ယောက်နှင့် ဇွန်းတွေ၊ အောက်စင်မှာ တော့ ကြက်ဥတွေ၊ ခရမ်းချဉ်သီးတွေ၊ ကြက်သွန်မြိတ်တွေ၊ ချင်းတွေ၊ သံပရာသီးတွေ၊ တရုတ်နံနံတွေ။

"ဂျူလီယာလား"

ဦးဘအသံက တစ်ဖက်ခန်းမှ ထွက်လာခဲ့သည်။

ဦးဘသည် စာအုပ်တွေ ပတ်လည်ဝိုင်းနေသည့် စားပွဲတစ်လုံးရှေ့မှာ ထိုင် နေသည်။ တကယ်တော့ တစ်ခန်းလုံး စာအုပ်တွေနှင့် ပြည့်နေသည် သာ။ စာအုပ်တွေက စင်တွေပေါ်မှာ သာမက ကြမ်းပြင်မှ မျက်နှာကြက်ထိ ပြည့် လုခမန်း။ တချို့က ခပ်ပါးပါး၊ တချို့က အဘိဓာန်တွေလောက်ကို ထူသည်။ တချို့က အဖုံးပျော့။ များ သောအားဖြင့်တော့ အဖုံးထူနှင့် တချို့ကတော့ သားရေဖုံးပင်

ဖုံးထားသည်။ ဦးဘက နှစ်ပရိစ္ဆေဒ ကြာမြင့်မှုကြောင့် ဝါကြ နီနေသည့် စာအုပ်တစ်အုပ်ကို သူ့ရှေ့မှာ ဖွင့်ထားသည်။ သူ့နားမှာ တော့ ဇာဂနာအရွယ်အစား အမျိုးမျိုးနှင့် ကော်ဘူး၊ မှန်အိမ်နှစ်လုံးကိုလည်း ဘယ်ညာ ထွန်းထားလိုက်သေးသည်။ ဦးဘက သူ့မျက်မှန်ထူကြီးပေါ်မှ ကျွန်မကို ကျော်ကြည့်သည်။

"ဦးဘ ဘာတွေ လုပ်နေတာလဲ"

"ဒီလိုပါပဲ၊ အချိန်ကုန်အောင်လို့ ပေါ့"

"ဘာလုပ်ပြီးတော့လဲဟင်"

ဦးဘက ဝါကြင့်ကြင့်စာရွက်ကို ဇာဂနာဖြင့်ညှပ်ပြီး တယုတယ ကိုင်သည်။ စက္ကူစလေးတွေကို ကော်သုတ်သည်။ ပြီးတော့ ပိုးစားထားသည့် အပေါက်တွေမှာ လိုက်ကပ်သည်။ စာလုံးတွေကို အပေါ်က မင်ဖြင့် ပြန်ဖြည့်သည်။ ကျွန်မ ဖတ်ကြည့်လိုက်သည်။

"လှည့်ပတ်သွားလာ မရပ်ရာ

ခရီးဆုံးတော့

အစကို ပြန်ရောက်ဦးမှာ

ပထမဆုံးအကြိမ် သိခဲ့ရသလိုပါ"

ဦးဘက ကျွန်မဖတ်နေသည့် စာကြောင်းတွေကို အလွတ်ရွတ်ပြနေသည်။

"အီလီယော့တ်ရဲ့ ကဗျာပေါင်းချုပ်ပေါ့၊ တီအက်စ် အီလီယော့တ်လေ၊ သိပ်တန်းမြင့်တဲ့ ကဗျာဆရာပေါ့"

သူက စာအုပ်ကို လှန်ပြနေသည်။ ဟင်-စာမျက်နှာ နှစ်ရာလောက် ပိုးပေါက်တွေ ဖြစ်နေတဲ့ ဒီစာအုပ်ကို သူ ဒီလိုပဲ ပြုပြင်နေမှာ လား၊ အချိန် ဘယ်လောက်တောင် ကြာမှာ လဲ။

"သုံး-လေး-ငါးလပေါ့။ အရင်ကတော့ ဒီထက်မြန်တယ်၊ ခုတော့ မျက်စိမွဲလာတာရော၊ လက်တွေ တုန်လာတာရော ဆိုတော့..."

သူက ပြုပြင်ရမည့် လက်ကျန် စာမျက်နှာတွေကို ကြည့်ရင်း သက်ပြင်း ကြီး ချလိုက်သည်။

"ဒီစာအုပ်က အတော်ဆိုးနေပြီ၊ ပိုးတွေကလည်း အီလီယော့တ်ကို

အသည်းစွဲဖြစ်ကြပုံပဲ”

“စာအုပ်ဟောင်း ပြုပြင်ထိန်းသိမ်းနည်းက သတ်သတ်ရှိမှာပါ၊ ဒီလိုတော့ ဟုတ်မယ် မထင်ဘူး”

“အင်းလေ ရှိချင်ရှိမယ်ပေါ့၊ ကျုပ်မှ မသိဘဲ ကလေးမရယ်”

“ဦးဘ လိုချင်တဲ့ စာအုပ်တွေကို ကျွန်မ နယူးယောက်ကနေ အသစ်ဝယ်ပို့ပေးပါ့မယ်”

“ဒုက္ခမရှာပါနဲ့ ကလေးမရယ်၊ ဒီစာအုပ်တွေ အကုန်နီးပါး ကျုပ် ဖတ်ပြီးပါ ဗီ”

“ဒါဆိုလည်း ဘာလို့ များ ခုလို အချိန်ကုန်ခံနေတာလဲရှင်”

ဦးဘက ငြိမ်းငြိမ်းချမ်းချမ်း ပြုံးလိုက်သည်။

ကျွန်မတို့ နှစ်ယောက် နှုတ်ဆိတ်သွားခဲ့သည်။ ကျွန်မ ပတ်ပတ်လည်ကို လျှောက်ကြည့်သည် လျှပ်စစ်မီးမရှိ၊ ရေပိုက်မရှိဘဲ စာအုပ်တွေ ထောင်ပေါင်းများ စွာ ရှိနေသည့် သစ်သားအိမ်လေးထဲမှာ ကျွန်မ ရှိနေတာ ပါလား။

“ဒီလောက်များ တဲ့ စာအုပ်တွေ ဘယ်က ရလာတာလဲ”

“အင်္ဂလိပ်တွေဆီကပေါ့၊ ကျုပ်က ငယ်ငယ်လေးကတည်းက စာအုပ်သရဲ၊ စစ်ကြီးပြီးတော့ ဗြိတိသျှ အရာရှိ အတော်များများ ဒီကို ပြန်မလာကြတော့ ဘူး၊ လွတ်လပ်ရေးရပြီးချိန်မတော့ ရှိတဲ့ သူတွေ တဖွဲဖွဲ ထွက်သွားကုန်တယ်၊ သူတို့ ပြန်မသယ်တော့တဲ့ စာအုပ်မှန်သမျှ ကျုပ်ဆီ ချန်ထားရစ်တာ ပေါ့၊ ဒီမှာ ကြည့်လေ၊ စာအုပ်အတော်များများက ခုနက အီလီယော့တ် ပေါင်းချုပ်လို ဖြစ်ကုန်တာပဲ၊ ရာသီဥတု ရယ်၊ ခြရယ်၊ ပိုးရယ် စားကုန်တာ ပေါ့”

သူက တစ်ဖက်မှာ ပုံထားသည့် စာအုပ်များကို လက်ညှိုးညွှန်ပြသည်။

“ဒါတွေက ကျုပ် ဖတ်ပြီးသားတွေ”

သူ ထိုအပုံထဲမှ စာအုပ်တစ်အုပ်ကို ဆွဲယူသည်။ သားရေဖုံး စာအုပ်ထူထူ တစ်အုပ်။ “လူတစ်စု၏ စိတ်ဝိညာဉ်-လန်ဒန် ၁၉၈၂”တဲ့။

“ကျုပ်တို့ တိုင်းပြည်အကြောင်း လေ့လာချင်တယ်ဆိုရင် ဒီစာအုပ်နဲ့ စတာ ကောင်းသကွဲ့”

“ဒီစာအုပ်က အတော်ဟောင်းနေပြီပဲ”

ကျွန်မ အလိုမကျစွာ ပြောမိတော့-

"လူတွေရဲ့ စိတ်ဝိညာဉ်ဟာ တစ်ရက် တစ်မနက်နဲ့ ပြောင်းလဲလို့ ရတဲ့ အရာမှ မဟုတ်ဘဲကွယ်"

ဟု သူတုံ့ပြန်ခဲ့သည်။

ဦးဘက တစ်စုံတစ်ရာကို ရှာဖွေနေခဲ့သည်။ စင်အောက်ဆင့်က စာအုပ်တွေကို ဖယ်လိုက်သည်။ သော့ခတ်ထားသည့် အံဆွဲ တစ်ခု။ သူ့စားပွဲပေါ် က အနီရောင် သစ်စေးသားသေတ္တာလေးထဲက သော့ကို ယူ၍ ဖွင့်သည်။ စာတစ်အုပ် ထွက်လာသည်။

"ဒေါ်စုကြည် မသေခင်က ကျုပ်ကို ပေးခဲ့တာလေ၊ ဒါ မင်းအဖေရဲ့ အကြိုက်ဆုံးစာအုပ်တဲ့၊ ရန်ကုန် ထည့်ပေးလိုက်ဖို့ မေ့သွားလို့ ကျန်ရစ်ခဲ့တဲ့ စာအုပ်လေးပေါ့"

စာအုပ်က အလေးကြီး၊ အနှောင့်ကို တိပ်တွေနှင့် မနိုင်မနင်း ပတ်ထားသည်။

"ကဲပါ၊ လာ၊ သွားထိုင်ပြီး ကော်ဖီလေး ဘာလေး သောက်တာပ၊ ပြီးမှ အေးအေးဆေးဆေး ကြည့်"

ဧည့်ခန်းထဲ ပြန်ထွက်လာကြသည်။ ဦးဘက ကျွန်မအတွက် ကော်ဖီဖျော်ပေးနေတုန်း စာအုပ်ကို ပေါင်ပေါ်တင်၍ လှန်ကြည့်လိုက်သည်။ ပိုးပေါက် ဗရပွနှင့် ဟောင်းနွမ်းလှသည့် စာအုပ်က ဘရေးလ်မျက်မမြင်စာဖြင့် ရေးထားသည်။ ကျွန်မ လက်ညှိုးထိပ်လေးနှင့် စာတွေကို စမ်းကြည့် လိုက်သည်။ ရင်ထဲမှာ မသက်မသာ ခံစားရသည်။ စာအုပ်ကို ပိတ်ကာ စားပွဲပေါ် တင်လိုက်သည်။ အဝေးတစ်နေရာမှ သံပြိုင်ဆိုနေကြသော သီချင်းသံသဲ့သဲ့ ကြားရသည်။ ကြားသည် ဆိုရုံ ကြားနေရသည့် သီချင်းသံက ပေါ်တုံ ပျောက်တုံ။

သေချာအာရုံစိုက် နားထောင်သည်။ ကြားတစ်ချက် မကြားတစ်ချက်။ ဟော-ခု နည်းနည်း ကျယ် လာပြီ။ အမှန်တော့ သီချင်းသံ မဟုတ်၊ ဘုရားရှိခိုး ဆုတောင်းဂါတာလိုမျိုးကို သံပြိုင်ရွတ်နေ ကြသံ ဖြစ်သည်။

"ဒါ-ဒါ ဘုန်းကြီးကျောင်းက ကျောင်းသားလေးတွေ အသံလား"

"မြို့တွင်းကျောင်းက အသံ မဟုတ်ပါဘူး၊ လေအငွေ့မှာ အခန့်သင့်လို့ ပါလာတတ်တဲ့ တောင်ပေါ် ကျောင်းက အသံပါ။ တင်ဝင်းတို့၊ မိမိတို့ တုန်း ကလည်း ဒီအသံကို ကြားခဲ့ရတာပဲ၊ နှစ်ပေါင်းငါးဆယ် ရှိပေမယ့် မ ပြောင်းလဲဘူးလေ"

ကျွန်မ မျက်စိမှိတ်ထားလိုက်သည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လာ သည်။ ကလေးတို့ ၏ သံပြိုင် ဆုတောင်းဂါတာရွတ်သံသည် နားထဲမှ တစ် ဆင့် ခန္ဓာကိုယ်အနှံ့အပြားသို့ စိမ့်ဝင်သွားပြီး တစ်ကိုယ်လုံးကို ထိတွေ့ ပွတ်သပ်နေခဲ့သည်။ ဒါ ဘယ်လို မှော်ပညာမျိုးပါလိမ့်။ သူတို့ ဘာတွေ ဆိုနေ မှန်း ကျွန်မ တစ်လုံးမျှ နားမလည်။ ဒါဖြင့် ဘာလို့ ဒီလောက်တောင် ထိ ထိခိုက်ခိုက် ဖြစ်ရတာလဲ။ နားမလည်တဲ့ ကိစ္စ တစ်ခုအတွက် မျက်ရည်ကျ မတတ် ခံစားနိုင်သတဲ့လား။

ဖေဖေ တစ်ခါက ပြောဖူးသည် ကို အမှတ်ရသည်။ ထာဝရ ဘုရားသခင်နှင့် ကောင်းကင်ဘုံ၏ တန်ခိုးကို တစ်ခါတလေ ယုံကြည်မိခြင်း၏ တစ်ခု တည်းသော အကြောင်းပြချက်က ဂီတသံကြောင့် တဲ့။

ညတိုင်း ညတိုင်း အိပ်ရာမဝင်ခင် ဧည့်ခန်းမှာ ထိုင်၊ မျက်စိတွေ ပိတ်ရင်းဂီတသံကို နားကြပ်ဖြင့် သူနားထောင်နေတတ်သည်။ ညဘက် စိတ်ဝိညာဉ်ကို အနားပေးခြင်းဟု သူတိုးတိတ်ညင်သာစွာ ဆိုတတ်သည်။

သူမျက်ရည်မကျသည့် သံစုံဂီတပွဲဟူ၍ မရှိ။ သွားကြည့်လေတိုင်း သူ့မျက်နှာမှာ မျက်ရည်တရွဲရွဲ။ သို့သော် မျက်နှာက ရွှင်ပြုံး၍ နေသည်။

တစ်ခါက သူ့ကို ကျွန်မ မေးခဲ့ဖူးသည်။

"ဘယ်သူမှ မရှိတဲ့ ကျွန်းတစ်ကျွန်းကို ဂီတ နဲ့ စာအုပ် တစ်မျိုးပဲ ယူသွားရမယ်လို့ ရွေးချယ်ရရင် ဖေဖေ ဘာကို ရွေးမလဲ"လို့ ပေါ့။

ကလေးတွေ၏ ဆုတောင်းသံ ပြီးမသွားပါနဲ့ ဦးလို့ ကျွန်မ တိတ်တခိုး ဆုတောင်းမိသည်။ ထိုအသံလေးကို ကျွန်မ အဆက်မပြတ် ကြားချင် နေသည်။ နေ့စဉ်မပြတ် ကြားချင်နေသည်။ ကျွန်မ ဖေဖေနဲ့ အရမ်းနီးကပ် နေပြီ။ ဦးဘ ပြောတာ သိပ်မှန်သည်။ ဖေဖေ ကျွန်မနားမှာ ရှိနေပြီ။ ကျွန်မ သူ့ကို လှည့်ကြည့်လိုက်ဖို့ သာ လိုတော့သည်။

****

တတိယပိုင်း(က)

အခန်း(၁)

ဖေဖေ နေခဲ့သည့် အိမ်ကလေးကို ကျွန်မ ကြည့်ချင်သည်။ သူနှင့် ဒေါ်မိမိ အဲဒီမှာ များ ပုန်းနေကြမလား။ ဦးဘကတော့ ခေါင်းယမ်းသည်။

"အဲဒီအိမ်က အတော်ပျက်စီးနေပြီ၊ ကလေးမ ဘာမှ တွေ့ရလိမ့်မယ် မထင်ဘူး"

သို့သော်လည်း မရပါလေတော့၊ ကျွန်မ သူ့ကို ဇွတ်ပို့ခိုင်းပါသည်။

ဖေဖေ့ အသက်ရှူသံပြင်းပြင်းကို ဟိုရှေ့နားဆီက ကျွန်မ ကြားနေရပြီ။ သူ့ကို ကျောပိုးရင်း တောင်ပေါ်တက်နေသည့် ဖေဖေ။ သူက အပျိုဖြန်းကလေး မဟုတ်တော့ဘဲ အဘွားကြီး ဖြစ်နေပြီမို့ အလေးချိန် ပိုလာဟန်တူသည်။ ဖေဖေလည်း အဘိုးကြီး ဖြစ်နေပြီကော။ ထို့ကြောင့် ဖေဖေ မောနေရှာသည်။ သူတို့ တွတ်ထိုးနေကြသည့် တီးတိုးစကားသံလေးတွေကို ကျွန်မ ကြားရ ပြီ။ ကျွန်မ သူတို့ကို မီတော့မည်။

နောက်ထပ် ခြေလှမ်းနည်းနည်း ထပ်လှမ်းရုံပါပဲ။

"ဂျူလီယာ၊ ကျုပ် ဒီနား ခဏဝင်လိုက်ဦးမယ်၊ တည့်တည့်ဆက်သွား၊ သွားတတ်တယ် မဟုတ်လား"

ဦးဘက သွားရမည့် လမ်းကို လက်ညှိုးညွှန်ပြသည်။ သူ အမီလိုက်ခဲ့မည် တဲ့။

ကျွန်မ တောင်ရိုးပေါ် တစ်ကိုယ်တည်း တက်သွားမိသည်။ ဦးဘ၏ အသေးစိတ် ပြောထားမှုကြောင့် ချိုင့်တွေ ကျင်းတွေ ပြည့်နေသည့် ဒီရွှံ့လမ်း ကို ကျွန်မ အကျွမ်းတဝင် ရှိနေသည်။ မျက်စိကို ပိတ်ကာ ဖေဖေ သွားခဲ့သည့် လမ်း၊ ဖေဖေ လှမ်းခဲ့သည့် ခြေလှမ်းတွေကို ပုံဖော်ကြည့်သည်။ ဖေဖေ ကြားခဲ့သော အသံတွေကိုရောပေါ့၊ ကျွန်မ အသံတွေကို ရုတ်တရက် ကျယ် ကျယ်လောင်လောင် ကြားလာရသည်။ ငှက်သံတွေ၊ ခါးခုတ်ကောင်အသံ တွေ၊ ပုစဉ်းရင်ကွဲအော်သံတွေ၊ ယင်ကောင်တွေ၏ တစီစီ အော်သံတွေ၊ အဝေးတစ်နေရာက ခွေးဟောင်သံတွေ၊ လမ်းပေါ်က ကျင်းတွေထဲ ကျတော့ ယိမ်းယိုင်သွားသည်။ လဲတော့မလဲ။ ယူကလစ်နံ့၊ စံပယ်နံ့တွေ လှိုင် နေသည်။ နွားလှည်းတစ်စီး ကျွန်မကို ဖြတ်ကျော်သွားသည်။

မျက်လုံး ပြန် ဖွင့်ကြည့်လိုက်သည်။ နွားတွေက အရိုးနှင့် အရေ ကပ်နေအောင် ပိန်လှသည်။ မျက်လုံးကြီးတွေက ခေါင်းခွံထဲမှ ပေါက်ထွက်လာမတတ် ပြူး နေသည်။

တောင်ထိပ်ကို ကျော်တော့ အိမ်ကို လှမ်းတွေ့ရပြီ။ ခပ်သွက်သွက် လှမ်းလိုက်သည်။ ခြံတံခါးကို မြင်လိုက်ရတော့ ကျွန်မ သာခွေယိုင်သွား တော့သည်။

ခြံတံခါးက အောက်ပတ္တာပြုတ်ပြီး တွဲလောင်းကြီး ဖြစ်နေသည်။ ခြံစည်းရိုးတိုင်တွေက ပြုတ်သည့် တိုင်က ပြုတ်၊ ကျိုးသည့် တိုင်က ကျိုး၊ ခြံ ထဲက မြက်တွေက နေလောင်ပြီး ညိုဝါဝါ အရောင် သန်းနေသည်။ ခြံလယ် မှာ တော့ ကျူဒေါလ်စတိုင် နှစ်ထပ် အိမ်ဝါကြီး၊ သစ်သားနဲ့ ချည်း ဆောက်လုပ်ထားသည့် အိမ်ကြီး၏ ဝရန်တာ၊ တံစက်မြိတ်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ လှေား၊ ပြတင်းတို့ က မြင်မကောင်းအောင် ရုပ်ပျက်ဆင်းပျက် ပျက်စီး နေခဲ့ပြီ။ မီးခိုးခေါင်းတိုင်ထဲမှ သစ်ပင်တစ်ပင်က တိုးထွက်နေသည်။

အုတ်ကြွပ်အမိုးကလည်း ကြယ်မြင်လမြင်။ ဝရန်တာ လသာဆောင်သည် လည်း ယိုင်ရွဲ့ပြီး ပြိုလုလု။

နယူးယောက်မှာ ကတည်းက လူမနေသည့် အဆောက်အအုံဟောင်းကြီး တွေကို ကျွန်မ ကြောက်သည်။ ထိုအဆောက်အအုံကြီးတွေ၏ ပြတင်းတွေ နားမှာ သရဲတွေက ကျွန်မကို ခြောက်ဖို့ ထိုင်စောင့်နေကြသည် ဟု ထင်မိသ ဖြင့် ကျွန်မ အဲဒါကြီးတွေကို ဖြတ်သွားဖြတ်လာ မလုပ်ရဲ။ ဖေဖေ့လက်ကို ဆွဲထားလျှင်တော့ တစ်မျိုးပေါ့လေ။

ခု စံအိမ်ပျက်ကြီးမှာ လည်း အဲသလို ခြောက်လှန့်နိုင်သည့် အရည်အသွေး အပြည့်ရှိသည်။ ဘာကြောင့် များ ဒီလို ရှေးဟောင်းအမွေအနှစ်တွေကို ပုံစံ မပျက် မထိန်းသိမ်းနိုင်ကြတာလဲ။ ဘာမှ ထွေထွေထူးထူး လုပ်စရာမလိုဘဲ ထိန်းသိမ်းနိုင်ပါလျက်နဲ့ ဘာကြောင့် များ ပေယျာလကန် ပစ်ထားကြတာ လဲ။ ဘာဖြစ်လို့ လဲ၊ အထဲမှာ ဘာရှိလို့ လဲ၊ တစ္ဆေလား၊ နာနာဘာဝလား၊ မ နေလိုက်ရသည့် ဘဝ နှစ်ခုလား။

စံအိမ်ကြီးနောက်မှာ တော့ ယိုင်ရွဲ့နေသည့် တဲငယ်လေး ရှိနေသည်။ ဒါ ဖေဖေနှင့် သူ့ကြီးကြီးမေ နေခဲ့သည့် တဲကလေး ဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲ။ တဲကလေးက နယူးယောက်က ကျွန်မတို့ ဧည့်ခန်း ထက်ပင် သေးသေးသည်။ ပြတင်းပေါက်ပင်မပါ။ အိမ်တံခါးကလည်း ပြုတ်ထွက်လျက်။ သွပ်မိုးတွေကလည်း သံချေးအလိမ်းလိမ်းနှင့်။ မီးဖိုခန်း လေးနှင့် သစ်သားခုံတန်းလေးကို ကျွန်မ ချက်ချင်း သတိထားမိသည်။ အမျိုးသမီးငယ် နှစ်ယောက်က ထိုခုံတန်းလေးမှာ ကလေးကိုယ်စီ ပေါင်ပေါ်တင်ရင်း ထိုင်နေကြသည်။ သူတို့ က ကျွန်မကို ပြုံးစစနဲ့ ကြည့်နေကြသည်။ တဲနောက်မှာ ထဘီလေးထည် လှန်းထားသည်။ ခွေးပေါက်လေး

နှစ်ကောင်က ဆော့ကစားနေကြသည်။ နောက် ခွေးလေးတစ်ကောင်က ကျောကုန်းကြီး ခုံးထလျက် အညစ်အကြေး စွန့်နေရင်း ကျွန်မကို တွေတွေ ကြီး ကြည့်နေသည်။

အသက်ပြင်းပြင်းကြီး နှစ်ခါ ရှူသွင်းရင်း ခြံပေါက်ဝသို့ ပြန်လျှောက်လာခဲ့ သည်။ ဟော-ခြံထဲမှ သစ်ပင်၊ အင်မတန်ကြီး၍ အင်မတန်အိုလှပြီဖြစ်သော ထင်းရှူးပင်ကြီး။ အပင်ပေါ် တက်နေသည့် ပုရွက်ဆိတ်တန်းကြီး။ သက်တမ်းရင့်လှပြီ ဖြစ်သော်လည်း တောင့်တင်းဆဲ အပင်ကြီးပေါ် အကိုင်း တွေကို ဆွဲရင်း ကျွန်မ တက်သည်။ စေးစေးပိုင်ပိုင်၊ အခက်အခဲမရှိ သစ်ပင် ပေါ် ရောက်သွားသည်။ တောင်ကြားလွင်ပြင်၏ မြင်ကွင်းကို ချုံတွေက ကွယ်ထားသည်။ ဒီအပင်ပေါ် ဘာကြောင့် တက်မိသည် ကို ကျွန်မ အသေအချာသိသည်။ ဒီအပင်သည် ဦးဘ ပြောခဲ့သော ဇာတ်လမ်း၏ သော့ချက်ပင် ဖြစ်သည်။ ကနေ့မနက် ဘုန်းကြီးကျောင်းက ကလေးတွေ၏ သံပြိုင်ဆုတောင်းဂါထာကို နားထောင်နေမိသည့် အတွက် သူ့ဇာတ်လမ်းကို ဆက်နားမထောင်ရသေး။ ဒီအပင်...ခုတော့ ကျွန်မ ဒီအပင်ကို မြင်လည်း မြင်ရပြီ၊ ထိလည်း ထိတွေ့ခွင့်ရခဲ့ပြီ။ ဒီအပင်အောက်မှာ ဖေဖေ့ကို သူ့အမေ ကျွန်မ အဘွားက ရက်ရက်စက်စက် ထိုင်စောင့်ခိုင်းပြီး ပြန်မလာမည့် ခရီး ကို ထွက်သွားခဲ့သည်။ ဖေဖေ ဒီအပင်အောက်မှာ ခုနစ်ရက် ခုနစ်ည ထိုင် စောင့်ရင်း သေမလို ဖြစ်ခဲ့သည်။ ဒီအပင်နားမှာ ဖေဖေ့ မျက်စိတွေ ကွယ်ခဲ့ သည်။ ဖေဖေ့ အဖြစ်သနစ်တွေ ဘယ်လိုပြောင်းပြောင်း ဒီအပင်နှင့် ဒီမြို့ လေးကတော့ ရာစုနှစ်ဝက်ခန့်ကာလအတွင်း ဘာမှ မပြောင်းလဲခဲ့။ ဖေဖေနှင့် ဒေါ်မိမိတို့ နေခဲ့ကြသည့် ဤမြို့လေးပေါ့။ ဦးဘကက ကျွန်မကို သူတို့ ရှိရာ ကို ညွှန်ပြပေးခဲ့သည်။ သူတို့ ၏ တီးတိုးစကားသံတွေကို ကျွန်မ ကြားနေခဲ့ ရပြီ။ နောက်ထပ် နည်းနည်းလေး ထပ်လှမ်းလိုက်ရုံသာပါ။

ခုနေများ သူတို့ ကျွန်မရှေ့ ဘွားခနဲ လာရပ်ရင် ဘယ်လို လုပ်ရပါ့။ ထိုအတွေးက ကျွန်မကို အလန့်တကြား ဖြစ်စေသည်။ ဖေဖေနှင့် ဒေါ်မိမိသည် လူမနေသော စံအိမ်ဟောင်းကြီးထဲမှာ များ ရှိနေသလား။ သူတို့ ပြတင်းပေါက်မှ တစ်ဆင့် ကျွန်မကို ကြည့်နေကြသလား။ သူတို့ ပုန်းကွယ် နေကြရာမှ ထွက် လာပြီး ကျွန်မနား ကပ် လာပြီလား၊ ဒါဆို ကျွန်မ ဘာ ပြောရပါ့။

“ဟိုင်း ဒက်ဒီ၊ ဘာလို့ သမီးတို့ ကို ပစ်သွားတာလဲ၊ ဘာလို့ သူ့အကြောင်း မပြောပြတာလဲ၊ သမီး ဖေဖေ့ကို လွမ်းနေတာ”

ဒါဆို ဖေဖေ ဘာများ တုံ့ပြန်မလဲ၊ ဒီလောက် အစအန မကျန်အောင် ပြေး တဲ့ ကြားက သူ့ကို မရရအောင် လိုက်ရှာလို့ ဒေါသထွက်နေမလား၊ နယူး ယောက်မှာ အေးအေးဆေးဆေး မနေဘဲ လိုက်လာမိတာကို အပြစ်ဆိုမ လား၊ ဒါမှ မဟုတ်

ကျွန်မကို ဖက်ပြီး ချော့လေမလား၊ ကျွန်မ လွမ်းလှတဲ့ သူ့ မျက်လုံးက တဖျတ်ဖျတ် အရောင်တွေကို မြင်ရမယ်လား၊ သူ ပျော်မှာ လား။ ဖေဖေ ဘယ်လို တုံ့ပြန်မည်ကို မှန်းရ ခက်လှသည်။

"မင်းအဖေနဲ့ မိမိ ဒီမှာ မရှိပါဘူးကွယ်"

ဦးဘ အသံ ရုတ်တရက် ထွက်လာသည်။ သူ လာသည် ကို ကျွန်မ မြင် လည်း မမြင်၊ ကြားလည်း မကြား။

"အမယ်လေး ဦးဘရယ်၊ လန့်လိုက်တာ"

"ဩော်-လန့်သွားသလား၊ စိတ်မကောင်းပါဘူးကွယ်၊ မရည်ရွယ်ပါဘူး"

"ကျွန်မ ဘာစဉ်းစားနေတယ် ဆိုတာကို ဘယ်လိုလုပ် သိလဲ"

"ဩော်-မင်းမှာ တခြား ဘာစဉ်းစားစရာများ ရှိသေးလို့ လဲ"

ဦးဘက ကျွန်မကို ပြုံးကြည့်နေသည်။ ချစ်ခင်ရင်းနှီးသောအကြည့်၊ ကရုဏာလွှမ်းသော အကြည့်၊ အားအင်တိုးစေသည့် အကြည့်၊ သူ့လက်ကိုဆွဲပြီး အိမ်ပြန်ချင်လိုက်တာ၊ ဒီခြောက်တတ်သော အိမ်ကြီးမှ ခေါ်ထုတ်ပြီး လုံခြုံစိတ်ချရသော နေရာသို့ သူ ပို့ပေးမည်မှာ အသေအချာ။

"ဂျူလီယာ ဘာကို ကြောက်နေတာလဲ"

"ကျွန်မလည်း မသိတော့ပါဘူးရှင်"

"မင်းက သူ့သမီးလေ၊ သူ့အချစ်ကို သံသယ မရှိသင့်ဘူး"

"ဒါပေမဲ့ သူ ကျွန်မတို့ ကို ထားသွားတာပဲလေ"

"တစ် မဟုတ်ရင် နှစ်ပဲ ဖြစ်ရမယ်လို့ မင်း ထင်တာလား"

"အင်းလေ မဟုတ်ဘူး လား"

"ချစ်ခြင်းမေတ္တာဆိုတာ မျက်နှာစာပေါင်းများ စွာ ရှိတယ်ကွဲ့ ကလေးမရဲ့၊ တို့ မမြင်နိုင်တဲ့ မျက်နှာစာတွေရောပေါ့"

"ဘာလို့ များ အဲသလောက်တောင် ခက်ခဲနေရတာလဲ"

"ဘာဖြစ်လို့ လဲဆိုတော့ ကျုပ်တို့ ဟာ ကျုပ်တို့ သိတာကိုပဲ မြင်တာကိုး ဂျူ လီယာ၊ ကျုပ်တို့ ဟာ ကိုယ့်ခံစားချက်အတိုင်း သူတစ်ပါးကလည်း ထပ်တူ ပြန်ပေးလိမ့်မယ်လို့ မျှော်လင့်ကြတာကိုး၊ ကောင်းတာကိုရော၊ ဆိုးတာကို ရောပေါ့၊

ကိုယ်ကချစ်ရင် ကိုယ့်ကိုလည်း အချစ်ခံချင်တယ်၊ အဲသလို အချစ် မခံရဘူးလို့ ထင်မှတ်ယူဆတာနဲ့ တစ်ပြိုင်နက် နေမထိထိုင်မသာ ဖြစ်လာ တဲ့ သံသယတွေ ဖြစ်လာ တယ်၊ စွပ်စွဲချင်လာတယ်၊ နားမလည်ဘဲ တလွဲ တွေးချင်လာတယ်၊ တကယ်တော့ သူဟာ ကျုပ်တို့ ကို ကျုပ်တို့ နားမလည် နိုင်တဲ့၊ မသိနိုင်တဲ့ နည်းလမ်းတစ်မျိုးနဲ့ ချစ်နေတာပါ၊ ဇာတ်လမ်းကို အဆုံးသတ် ပြီးရင်တော့ မင်း ဒါကို နားလည်လာမယ် ထင်တာပဲလေ”

နားမလည်ပါ။ သို့သော် ကျွန်မ ဦးဘကို ယုံသည်။

“ဈေးထဲက သစ်သီးလေးတွေ ကျုပ် ဝယ်လာတယ်၊ ကျုပ်တို့ ထောပတ်ပင်အောက်မှာ ထိုင်ပြီး ဇာတ်လမ်းကို ဆက်ကြပါစို့လား”

သူက ဘောက်ဆတ် ဘောက်ဆတ်နှင့် မိန်းမငယ်နှစ်ယောက်ထံ လျှောက်သွားသည်။ သူတို့ ကောင်းစွာ သိကြပုံရသည်။ ရယ်ရယ်မောမော စကားပြောကြရင်း ကျွန်မဘက် လှည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေကြ သည်။ ဦးဘက ခုံတန်းလျားလေးကို သယ်လာသည်။

“ဒါမင့်အဘိုး ရိုက်ခဲ့တဲ့ ကျွန်းခုံတန်းလေးပေါ့၊ နှစ်ပေါင်း တစ်ရာလောက် ရှိနေပြီ၊ ခုထိ တစ်ခါပဲ ပြင်ရသေးတယ်”

သူက အိတ်ထဲမှ ဓာတ်ဘူးနှင့် ဖန်ခွက်နှစ်လုံးကို ထုတ်လိုက်သည်။

ကျွန်မ မျက်စိတွေ မှိတ်လိုက်သည်။ ဖေဖေ ခု ရန်ကုန် သွားနေပြီ၊ အင်မတန် ပင်ပန်းသော ခရီး ဖြစ်မည်မှာ သေချာလှသည်။ ကျွန်မပင် မောလှပြီလေ။

****

အခန်း(၂)

အသေကောင်လိုနေ၊ မလှုပ်နဲ့၊ အချိန်တွေ ကုန်သွားပါစေ၊ အသံတစ်စက် မှ မထွက်နဲ့၊ ဘာမှ မစားနဲ့၊ မသောက်နဲ့၊ အသက်ကို ရှူတယ်ဆိုရုံ ရှူ၊ ဒါ တကယ် ဖြစ်နေတာ မဟုတ်ဘူး။

ရထားပေါ်မှာ သူ တစ်လမ်းလုံး မလှုပ်မယှက် နေခဲ့သည်။ ဟိုလူနှစ်ယောက် မေးသမျှ တုံဏှိဘာဝေ လုပ်နေခဲ့သည်။ ဘာမျှ မဖြေ။ နောက်ဆုံး တော့ လက်မြှောက်သွားခဲ့ကြသည်။ ခရီးသွားများ၏ စကားသံတွေ၊ နှလုံးခုန်သံတွေက သူ့ကို မသိလိုက်၊ မသိဘာသာ ဖြတ်ကျော်သွားခဲ့သည် ရထားပြတင်းမှ တစ်ဆင့် မြင်ရသော ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည့် ည မြင်ကွင်းများ လိုပေါ့။

ဦးလေးအိမ်မှာ တော့ အရာရာ ငြိမ်သက်တိတ်ဆိတ်သည်။ ရထား ပြောင်းစီးစရာ မလို၊ မေးခွန်းတွေကို မသိချင်ယောင်ဆောင်နေစရာ မလို၊ အခန်းတစ်ခုထဲမှာ သူ့တစ်ယောက်တည်း အိပ်ရာပေါ် ခြေဆန့်လက်ဆန့် လှဲရင်း လုံးဝ မလှုပ်။

မလှုပ်မယှက်နေခြင်းသည် သူ ကျင့်သားရနေသည့် ကိစ္စတစ်ခု။

သူ အသံတိတ် ရှိုက်နေသည်။ ရံဖန်ရံခါ တစ်ကိုယ်လုံး တုန်တက်လာသည်။ ခဏနေတော့လည်း သဲထဲရေသွန်လိုက်သလို တုန်ယင်ခြင်းတွေ ပျောက်သွားသည်။

တစ်စုံတစ်ယောက် အခန်းထဲ ရှိနေသည့် အလား သူ တီးတိုးပြောသည်။

"တော်ပါတော့၊ တော်ပါတော့၊ ဒီအိပ်မက်ဆိုးကြီး ဆက်မမက်ပါနဲ့ တော့၊ နိုးပါရစေတော့"

သူ့ကိုယ်သူ ကလောက သူ့တဲကလေးထဲ ကြိုးကြိုးမေနား လှဲနေသလို မြင် ယောင်လာသည်။ ဟော-သူထသွားပြီ၊ မီးဖိုချောင်ဝင်ပြီ၊ သဘော်သီးမှည့် အနံ့တွေ ရနေပြီ၊ မိမိက သူ့ရှေ့မှာ ထိုင်ရင်း သရက်သီးစား၊ သရက်စေ့ စုပ် နေသည်။

ရန်ကုန်ဆိုတာက အိပ်မက်ဆိုးကြီးပဲ၊ နားလည်မှုလွဲခြင်းပဲ၊ မိုးတိမ်တောင် တွေ ဆန့်ကျင်ဘက် အရပ်ကို ရွေ့လာသလို ဇာတိမြေနှင့် ဝေးကွာလွန်းခဲ့ပြီ။ ခုတော့ဖြင့် ပြန်မရနိုင်တော့။ လေထဲမှာ မီးခိုးငွေ့ လို ပျောက်ကွယ်ခဲ့ပြီ။

တံခါးခေါက်သံ ကြားရသည်။ တင်ဝင်းက ဘာမျှ ပြန်မဖြေ။ နောက်တစ် ချက် ထပ်ခေါက်ပြီး တံခါးပွင့်လာသည်။ တစ်ယောက်ယောက် အထဲဝင် လာသည်။ ယောကျ်ားတစ်ယောက်။ ခြေသံက ယောကျ်ားနှင့် မိန်းမကွဲပြား သည်။

ယောက်ျားခြေသံက ပြင်းပြင်းထန်ထန်၊ ခြေဖဝါးကို အပြားလိုက် ချ နင်း၍ မိန်းမခြေသံက တိုးတိုးဖွဖွ၊ ဖနောင့်နှင့် ခြေဖျား တစ်လှည့်စီ နင်း၍ ကြမ်းပြင်ကို ကလူကျီစယ် တို့ ထိကစားနေသလို၊ ခု ဝင်လာသူ၏ ခြေသံက ခပ်ပြင်းပြင်း။ သူက ခုတင်ဘေးက စားပွဲပေါ်ကို လင်ပန်းလေးတစ်ခု တင်သည်။ ထမင်း ဟင်းနံ့တွေ လှိုင်လာသည်။ ဖန်ခွက်ထဲ ရေထည့်သံ ကြားရသည်။

"ကိုတင်ဝင်း ရေများများ သောက်ရမယ်"

ဟု သူက ပြောသည်။ တောင်ပေါ်အရပ်မှ ဟောဒီ ပူအိုက်စွတ်စိုလှသည့် မြို့တော်ကြီးသို့ ရောက်လာသူအဖို့ ရာသီဥတုနှင့် အသားကျဖို့ နှစ်ပတ်သုံး ပတ် အချိန်ယူရသတဲ့၊ နောက်တော့လည်း နေကောင်းသွားမှာ ပါတဲ့၊

အနားယူပါတဲ့၊ လိုတာရှိရင် သူ့ကို ခေါ်ပါတဲ့၊ သူဌေးကြီးကတော့ ညစာ စားချိန် အမီ အိမ်ပြန်ရောက်ပါလိမ့်မည်တဲ့။

တင်ဝင်းသည် လင်ပန်းကို ဆွဲလိုက်သည်။ ထမင်းနှင့် ဟင်းကို သုံး လေး ဇွန်း စားသည်။ အရသာ ရှိသော်လည်း သူ ခံတွင်းပျက်နေသည်။ ရေ ကတော့ သူ့ကို အေးမြလန်းဆန်းစေသည်။

ရာသီဥတုနဲ့ အသားကျဖို့ နှစ်ပတ်၊ သုံးပတ် အချိန်ယူ ဆိုတဲ့ စကားက ကျိန်စာတစ်ခုလို သူ့နားဝမှာ စူးလှသည်။ မိမိနှင့် ခွဲပြီး တစ်ရက်ပင် မနေ နိုင်သော သူ့အဖို့ အတော်ခံရခက်စေသည့် စကားပင်။

နားထဲက တစီစီ အသံမြည်နေသည်။ တိုးသွားခြင်းလည်း မရှိ၊ ကျယ်လာ ခြင်းလည်း မရှိ၊ တစ်သမတ်တည်း အသံထွက်နေခြင်း ဖြစ်သည်။ တစ်ချိန် တည်းမှာ ပင် မိုက်ခနဲ မိုက်ခနဲလည်း ဖြစ်သွား တတ်သေးသည်။ ထို့ကြောင့် လည်း ရာသီဥတု ဘယ်လောက်ပူပြင်းသည် ကို သူ သတိထားမိလာသည်။ လေတိုက်တော့လည်း မအေး၊ လေပူကြီး တိုက်နေသည်။ သူ့အရေပြား တွေ လောင်မြိုက်တော့မည့် အလား။

လက်ရှိ နေထိုင်ရသည့် နယ်ပယ်ကို ချဲ့ထွင်စူးစမ်းဖို့ ထရပ်လိုက်သည်။ အသက်ကို မှူ၍ရှူပြီး နားစွင့်လိုက်သည်။ ရှေ့နံရံပေါ်မှာ ပုရွက်ဆိတ်နှစ် ကောင် လျှောက်သွားနေသည် ခုတင်အောက်က ပင့်ကူအိမ်မှာ ယင်ကောင်တစ်ကောင် မိနေသည်။ ယင်ကောင်က ရှင်သန်ဖို့ အတင်း ရုန်းကန်နေချိန်မှာ ပင့်ကူက သူ့သားကောင်ဆီ ဖြည်းဖြည်းချင်း ချဉ်းကပ် လာသည်။ မျက်နှာကြက်မှာ တောက်တဲ့ နှစ်ကောင် ပူးကပ်နေကြသည်။ အပြန်အလှန် လျှာထုတ်ပြနေကြသည်။ သို့သော် ထိုအသံတွေက သူ့ အတွက် အသုံးမဝင်လှ။ ထို့ကြောင့် လက်ကို ရှေ့ဆန့်တန်းပြီး တစ်လှမ်း တိုးလိုက်သည်။

ကုလားထိုင်တွေက အသံလည်း မထွက်။ ထူးခြားသော အနံ့လည်း မရှိ။ လက်ခုံကို ကုလားထိုင်စွန်းနှင့် ရိုက်မိသည်။ နာကျင်မှုက လက်မောင်းထဲ ထိ ဆောင့်တက်သွားသည်။ သူ ဒူးညွတ် ကျသွားသည်။ အခန်းထဲမှာ လေးဖက်ထောက် သွားနေရသည်။ စားပွဲတွေကလည်း အသံမရှိ၊ ရနံ့ မရှိ သဖြင့် သူ့နဖူးနှင့် ဒိန်းခနဲ မိတ်ဆက်ပြီး သွေးခြည်ဥပြန်သည်။

နယ်သစ်ပယ်သစ် တိုင်းထွာသော ကြေးတိုင်သမားတစ်ယောက်လို သူ အခန်းကို စေ့စေ့စပ်စပ် နားစွင့်သည်။ ကိုင်တွယ် စမ်းသပ်ကြည့်သည်။ ထို မှ သာ နောက်ထပ် အနာတရ ဖြစ်မည့် ဘေးမှ ရှောင်လွှဲနိုင်မည်။ စားပွဲနှင့် ကုလားထိုင်တွေနောက် နံရံမှာ ဗီရိုကြီးတစ်လုံး ရှိသည်။ ခုတင်ဘေးမှာ စားပွဲလေးနှစ်လုံး တစ်ဖက်တစ်ချက်မှာ ရှိသည်။ မီးအိမ်လိုလို အရာတွေ တင်ထားသည်။ စားပွဲတွေ အထက်မှာ ရုပ်ပုံကားချပ်တစ်ခု ရှိသည်။ ကြမ်းပြင်ထိလုနီး ရောမ ပြတင်းပေါက်ကြီး နှစ်ခုရှိသည်။ ကြမ်းကို ခေါက် ကြည့်သည်။ ကျွန်းသားတွေ ဖြစ်သည်။ တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှု ဖို့ စဉ်းစားသော်လည်း ဦးလေးဆိုသူ ပြန်လာသည် ထိ စောင့်ဖို့ ဆုံးဖြတ်ရင်း ပြန်လှဲနေလိုက်သည်။

တံခါးခေါက်ပြန်သည်။ နေ့လယ်က လာသောလူပင် ဖြစ်သည်။ ဦးလေး သည် ညစာစားရန် သူ့ကို စောင့်ဆိုင်းနေသည် တဲ့။

အောက်ထပ်သို့ ဆင်းသော ကြောင်လိမ်လှေကားကြီးမှ တစ်ဆင့် လက်ရန်းကို ကိုင်ရင်း တင်ဝင်း ဖြည်းဖြည်းဆင်းသည်။ အိမ်ကြီးက အင်မတန် ကျယ်ပုံရသည်။ သူ မမှန်းတတ်။ သူ့အခန်းထဲ ဝင်ဝင် လာတတ် သောလူက သူ့ဘေးမှ အတူလိုက်ဆင်းသည်။ နောက်ဆုံး လှေကားထစ်ကို ဆင်းပြီးချိန်မှာ တော့ သူက တင်ဝင်း လက်မောင်းကို ကိုင်ရင်း ထမင်းစား ခန်းသို့ ခေါ်ဆောင်သွားသည်။

သူ့တူ ဆိုသူကို စောင့်ဆိုင်းရင်း ဦးစောသည် ဆိုဒါနှင့် သံပရာ စပ်ထား သော ဖျော်ရည်ခွက်ကို ကိုင်ရင်း အိမ်နောက်က ဥယျာဉ်ကို ကြည့်နေသည်။ ဥယျာဉ်က ဖိုးရိုးဖားရား ဖြစ်နေသည်။ ဥယျာဉ်မှူး အသုံးမကျ၊ အသုံးမကျ ခြင်းကို ဦးစော သည်းမခံနိုင်။ ဒီနောက်ဘက်ကို တာဝန်ယူတဲ့ အကောင်ကို တော့ အလုပ်ထုတ်ပစ်မှ ဖြစ်မည်။ အသေအချာ မွေးထားသော မြက်တွေကို သူ ဥယျာဉ်ထဲ ဆင်းပြီး ကြည့်သည်။ မြက်တွေက အတို၊ အရှည် မညီ၊ တညီတညာမရှိ၊ အိမ်း-မနက်ဖြန်တော့ တွေ့ကြသေးတာ ပေါ့ကွယ်။

ဦးစောက ဗြိတိသျှ အုပ်စိုးမှုအောက်မှာ အဆမတန် ကြွယ်ဝချမ်းသာလာ သူ လူနည်းစုဗမာတွေထဲက ထိပ်ဆုံးလူ ဖြစ်သည်။ သူ့ပိုင်ဆိုင်မှုတွေအရ သူသည် မြန်မာပြည်၏ အချမ်းသာဆုံး ပုဂ္ဂိုလ်တွေထဲမှ တစ်ဦးဖြစ်ရုံမက တစ်ကမ္ဘာလုံးက

ချမ်းသာပေ့ဆိုသူတွေနှင့် လည်း ယှဉ်နိုင်သည်။ ဟယ်လ် ပင်လမ်းက သူ့စံအိမ်တော်ကြီးက ဟီးထနေသည်။ အခန်းပေါင်း နှစ်ဒါဇင် ကျော် ပါဝင်သည့် စံအိမ်ကြီး၊ ရေကူးကန်၊ တင်းနစ်ကွင်းတွေနှင့် ခြံကြီးက အိမ်နီးနားချင်း မျက်နှာဖြူတွေအဖို့ မနာလိုစရာပင် ကောင်းနေသည်။ တင်းနစ်ကွင်းထဲမှာ မနက်စောစောဆို ဥယျာဉ်မှူး ငါးယောက်ထဲက နှစ် ယောက်က တင်းနစ်ကစားသယောင် ဟန်ရေးပြရသည်။ ထိုမှ သာ အိမ်နီးနားချင်းတွေနှင့် ဧည့်သည် တွေက သူ့ကို အင်မတန် အားကစား လိုက်စားသူ၊ ကျန်းမာရေး လိုက်စားသူဟု မြင်ကြပေမည်။ အမှန်တော့ သူ ဘာအားကစားမျှ မလိုက်စား။ ဥယျာဉ်မှူး ငါးယောက်အပြင် ထမင်းချက် နှစ်ယောက်၊ ဒရိုင်ဘာ နှစ်ယောက်၊ အိမ်သန့်ရှင်းရေးအကူများ စွာ၊ ညစောင့်သုံးယောက်၊ စားပွဲထိုးတစ်ယောက်၊ တောက်တိုမည်ရ တစ်ယောက်နှင့် ဘဏ္ဍာထိန်း တစ်ယောက်ကို ခန့်ထားသေးသည်။

လွန်ခဲ့သည့် နှစ်ကာလတွေတုန်းကတော့ သူ့ ကြွယ်ဝချမ်းသာမှု၏ဇာစ်မြစ်နှင့် ပတ်သက်၍ အမျိုးမျိုးသော မှန်းဆချက်တွေ ထွက်ခဲ့ဖူးသည်။ သို့သော် သူ ပို၍ ပို၍ ချမ်းသာ ကြွယ်ဝလာသည် နှင့် အမျှ ကောလာဟလ တွေ ငြိမ်သွားခဲ့သည်။ လူနေမှုအဆင့်အတန်း မြင့်ခြင်းက လောကဓံကို ကြံ့ ကြံ့ခိုင်နိုင်ဖို့ အကောင်းဆုံးသော အရာ ဖြစ်သည် ကိုး။

မြို့တော်တစ်ခွင် လူသိများ သည့် သူ့ဇာတ်လမ်းကတော့ ၂၀ ရာစုအစ လူငယ်လူရွယ်ဘဝမှာ ဦးစောသည် ရန်ကုန်ရှိ ဂျာမန် အသိုင်းအဝိုင်းမှာ ကျင်လည် လှုပ်ရှားခဲ့သည် တဲ့။ ဂျာမန်စကားကို ကျွမ်းကျင်စွာ ပြောတတ် သည့် မောင်စောသည် ဂျာမန်ပိုင် ဆန်စက်ကြီးမှာ မန်နေဂျာ ဖြစ်လာခဲ့ သည်။ ပထမ ကမ္ဘာစစ်ဖြစ်တော့ ဗြိတိသျှ ကိုလိုနီနယ်မြေမှ ဂျာမန်တွေ ပြည်နှင်ဒဏ်ပေးခြင်း ခံရသည်။ ထို့ကြောင့် ပိုင်ရှင်က စစ်ပြီး၍ ပြန်လာလျှင် ပြန်လွှဲပေးပါမည် ဆိုသည့် ခံဝန်ကတိစာချုပ်နှင့် အတူ လုပ်ငန်းကို မောင်စောထံ လွှဲအပ်ခဲ့သည်။ သူ့မိတ်ဆွေ ဆန်စက်သူဌေး နှစ်ယောက်က လည်း သူတို့ လုပ်ငန်းတွေကို မည်ကာမတ္တ ငွေလောက်ဖြင့် မောင်စောကို အမည်ခံ ရောင်းခဲ့သည်။ သို့သော် သူတို့ ရန်ကုန်ကို ဘယ်တော့မှ ပြန်မလာ နိုင်ခဲ့ကြ။ ထို့ကြောင့် လည်း ကံကြမ္မာ အလှည့်အပြောင်းမှာ သူဌေးလေး ကို စော ဖြစ်လာခဲ့သည်။

၁၉၂၀ ကျော်ကာလများမှာ သူ ပိုကြီးပွားဖို့ အကြောင်းဖန်လာခဲ့သည်။ ၁၉၃၀ ကျော်မှာ စတင်ခဲ့သည့် ကမ္ဘာ့စီးပွားပျက်ကပ်ကြီးအတွင်း သူ လယ်ကွင်းတွေ၊ ဆန်စက်တွေ အဆမတန် နည်းလှသော ဈေးဖြင့် အမြောက်အမြား ပိုင်ဆိုင်လာခဲ့သည်။ အိန္ဒိယဆန်သူဌေးကြီးများ ၏ လုပ်ငန်း အတော်များများ သူပိုင် ဖြစ်လာခဲ့ပြီး နောက်ဆုံးတော့ ဆန်စပါး ဈေးကွက်ကို ထိန်းချုပ်နိုင်သူ ဘဝသို့ ရောက်လာခဲ့သည်။ ထိုလောကထဲက အင်္ဂလိပ်တွေ၊ ကုလားတွေ၊ တရုတ်တွေနှင့်

ပလဲနံပသင့်အောင် ပေါင်းပြီးအဆက်အသွယ်တွေ များ လှသည့် ဦးစောမှာ သူဌေးကြီး မကတော့ဘဲ သူကြွယ်ကြီးတစ်ဦး ဖြစ်လာ ခဲ့သည် ရန်ကုန်ရှိ အကြီးဆုံး ဘုန်းကြီးကျောင်းကြီး နှစ်ကျောင်း၊ ဘုရားသုံးဆူကို ဆောက်လုပ်လှူဒါန်း ပြီး "ဘုရားဒကာ၊ ကျောင်းဒကာကြီး ဦးစော ကောင်းမှု နတ် လူ သာဓု ခေါ် စေသောဝ်" ဆိုသည့် စာတန်းတွေ မရေမတွက်နိုင်အောင် ချိတ်ဆွဲထားနိုင်ခဲ့ သည်။

အသက်ငါးဆယ်အရွယ်မှာ တော့ သူထင်တာထက် ပိုချမ်းသာပြီး နာမည် ဂုဏ်သတင်း မွေးလှသော၊ အစစအရာရာ ပြည့်စုံသော ဘဝကို သူ ရခဲ့ပြီ။ လွန်ခဲ့သည့် နှစ်နှစ်က သူ့ဇနီး ဆုံးပါး သွားသည့် အတွက် စိတ်မကောင်းလှ သော်လည်း အလွန်အကျွံတော့ မဟုတ်။ သဘော်သူဌေး၏ သမီးကို အကွက်ချ စီမံလက်ထပ်ခဲ့ခြင်း ဖြစ်သဖြင့် အချစ်မပါ၊ သားသမီးလည်း မ ထွန်းကား။ တွက်ရေးက စက်သူဌေး ဖြစ်သော်လည်း လက်ထပ်ပြီး မကြာခင် သဘော်သူဌေးက ဒေဝါလီခံသွားရသဖြင့် မှန်းချက်နှင့် နှမ်းထွက်မကိုက်။ တရားဝင် လက်ထပ်ထားသော သူစိမ်းမျှသာ။

သူ့မယား၏ သေခြင်းကတော့ သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ သည်။ ကာလကတ္တားသို့ လုပ်ငန်းသဘောအရ သွားရမည့် ခရီးတစ်ခုမှာ သေကိန်းမြင်သည် ဟု ဗေဒင်ဆရာ တစ်ယောက်က သူ့ကို ဟောသည်။ မိသားစုအတွင်း အကြီးအကျယ် သောကရောက်စရာ ကိစ္စ ဖြစ်လိမ့်မည်ဟု ဟော သော်လည်း ဦးစောက ထိုခရီးကို ထွက်ဖြစ်အောင် ထွက်သည်။ နောက် နှစ်ရက် နေတော့ သတင်းစကား ရောက်လာသည်။ သူ့ဇနီး မြွေ ကိုက်၍ သေပြီတဲ့။ ဖွင့်ထားသော ပြတင်းပေါက်မှ ဝင်လာသည့် အဆိပ် ပြင်းလှသော တောကြီးမြွေဟောက်။

ထိုအချိန်ကစ၍ ဦးစောသည် အရေးကြီးသော ဆုံးဖြတ်ချက်မှန်သမျှကိုဗေဒင်ကိန်းခန်းနှင့် အညီသာ လုပ်ဆောင်တော့သည်။ ဗေဒင်ဆရာ၊ အကြားအမြင် ဆရာတို့ က သူ့ကိုးကွယ်ရာ ဖြစ်လာခဲ့သည်။ လွန်ခဲ့သည့် နှစ်ပတ်က ဗေဒင်ဆရာက ဟောပြန်သည်။ ခန္ဓာပျက်ချင်ပျက်၊ မဟုတ်လျှင် စီးပွားပျက် လိမ့်မည်တဲ့၊ ဒုက္ခရောက်နေသည့် ဆွေမျိုးသားချင်းတစ် ယောက်ကို စိတ်ရောကိုယ်ပါ ကူညီစောင်မခြင်းအားဖြင့် ယတြာပြုရမည် တဲ့။ ထိုဟောကိန်းက သူ့ကို အိပ်မပျော်နိုင်အောင် ဖြစ်စေသည်။ သူ့ဆွေမျိုး ဆိုသူတွေ အားလုံးက ဆင်းရဲသည်။ ငွေမက်သည်။ သူ့ဆီ အမြဲ ငွေတောင်း ဖို့ သာ လာကြသည်။ ထို့ကြောင့် ဆွေခန်းမျိုးခန်း ဖြတ်ထားခဲ့တာ ကြာပြီ။ အဲ-မိန်းမဘက် ဆွေမျိုးတွေထဲက သူ ကလောမှာ ဝယ်ထားခဲ့သည့် အိမ်ကို စောင့်နေသည့် အိမ်စောင့်မိသားစု၏ သားကလေးအကြောင်း သူ အမှတ်ရ လာသည်။ အဖေသေ၊ အမေ စွန့်ပစ်ခြင်း ခံရသည့် ထိုသူငယ်လေးသည် မျက်စိနှစ်ကွင်း အလင်းမရှိရှာတဲ့

လေ။ သူ့ကို အိမ်နီးနားချင်း မိန်းမကြီး တစ်ယောက်က စောင့်ရှောက်ထားသည်တဲ့။ ဘုရားတည်လို့ လည်း မရ၊ ကျောင်းဆောက်လို့ လည်း မထူး၊ ဒီကောင်လေးကို စောင်မ၊ ကြည့်ရှုမှ သာ ယတြာပြီးမြောက်ပြီး ပျက်ကိန်းတွေ လွန်မတဲ့ လေ။

ထို့ကြောင့်လည်း ဦးစောသည် လူယုံတော်နှစ်ယောက်ကို ကလောသို့ လွှတ်လိုက် ရလေတော့သည်။

ထမင်းစားခန်းထဲက အသံတွေကြောင့် ဦးစော အိမ်ထဲ ပြန်ဝင်လာခဲ့သည်။ သူက အနုပ်စုတ်ကုပ်စုတ်၊ အင်မတန် ဆင်းရဲမွဲတေ စုတ်ပြတ်ပြီး ကိုယ်ရောစိတ်ပါ ချုံးချုံးကျနေသည့် သနားစရာ မျက်မမြင် ကောင်ကလေး တစ်ယောက်ကို စိတ်အာရုံထဲ မှန်းထားခဲ့သည်။ ခု သူ မြင်လိုက်ရသည် က အင်္ကျီဖြူ၊ လုံချည်စိမ်းနှင့် အင်မတန် ရုပ်ရည်သန့်ပြန့်ပြီး သူ့ထက် ခေါင်းနှစ် လုံးမက မြင့်သည့် ကျက်သရေ ရှိလှသည့် လူငယ်လေးတစ်ယောက်။ သူ့ကြည့်ရတာ ဘာအကူအညီမျှ လိုပုံ မရ။ ဦးစော စိတ်ဆင်းရဲသွားသည်။

"ကိုင်း ငါ့တူ၊ လာ-လာကွဲ့၊ မင့်ကို မြင်ရတာ ဝမ်းသာတယ်ကွဲ့"

ထိုပဏာမ နှုတ်ခွန်းဆက်စကားမှ စ၍ ဦးစော၏ စကားသံက တင်ဝင်းကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။ ဘာကြောင့် မှန်းတော့ မသိ။ သူ့အသံ က မတိုးလွန်း၊ မကျယ်လွန်း၊ သို့သော် ဘာလိုနေမှန်း မသိ။ သူ့နှလုံးခုန်သံ က ပိုလို့တောင် ဆိုးသေးသည်။ နံရံကပ် နာရီသံလိုပင် တချက်ချက်နှင့် ဘာခံစားချက်မှ မပါ။

"ခရီးသိပ်မပန်းလှဘူး ထင်ပါရဲ့"

"ဟုတ်ကဲ့၊ ခံသာပါတယ် ခင်ဗျာ"

"မင့်မျက်လုံးတွေ ဘယ်လို နေသလဲ"

"ကောင်းပါတယ် ခင်ဗျာ"

"အို-ကျုပ် ကြားတာက မင့်မျက်စိ ကွယ်နေတယ်ဆိုကွဲ့"

ဦးစောအသံက စိတ်ရှုပ်သွားဟန် ပေါ်သည်။ မြင်ခြင်း၊ ကန်းခြင်းနှင့် စက္ခုအာရုံကို ရှုမြင်တတ်ခြင်းတို့ ကွဲပြားကြောင်း ဦးစောနှင့် ခု ဆွေးနွေးရန် အချိန်မဟုတ်သေးကြောင်း တင်ဝင်း ခံစားမိသည်။

"ကောင်းတယ် ဆိုတာက နာတာတို့၊ ကိုက်တာတို့ မရှိဘူးလို့ ပြောတာပါ ခင်ဗျာ"

"ဩ-ဩ၊ စကားပြော လိမ္မာသကိုးကွဲ့၊ ဒီလို ငါ့တူရဲ့၊ ရန်ကုန်ဆေးရုံကြီးက

အကြီးဆုံး မျက်စိ ဆရာဝန်ကြီး ဒေါက်တာ စတူးဝပ် မက်ခရေး ဆိုတာ ကျုပ်မိတ်ဆွေပဲ၊ အဲဒီ ဆေးရုံကြီးက မျက်စိဌာနမှာ ငါ့တူကို စစ်ဆေးပေးဖို့ ဦးလေး စီမံထားတယ်”

“ဦးလေးက ရက်ရောလှပါတယ် ခင်ဗျာ၊ ကျွန်တော် ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး”

“အတွေးမများ နဲ့ ငါ့တူ၊ ဆေးပညာဟာ အင်မတန် တိုးတက်နေတာကွဲ့၊ မျက်စိကို ခွဲစိတ် ကုသရင် ကောင်းလာမယ် ထင်တယ်”

ဦးစောသည် တဖြည်းဖြည်း စိတ်ကြည်လင်လာသည်။ သူငယ်လေးက အပြောအဆို လိမ္မာ ယဉ်ကျေးလှသည်။

“တစ်ခုခု သောက်ပါလား ငါ့တူ”

“ရေဆို ရပါပြီ ခင်ဗျာ”

ဦးစောက ရေတစ်ဖန်ခွက် ငှဲ့လိုက်သည်။ မျက်မမြင်ကလေးကို ရေ ဖန်ခွက် ဘယ်လို ပေးရပါ့။ ထို့ကြောင့် စားပွဲပေါ် ဖန်ခွက်ကို အသံမြည် အောင် တင်လိုက်သည်။ တင်ဝင်းက ယူပြီး တစ်ကျိုက် သောက်လိုက်သည်

“ကြက်စွပ်ပြုတ်ရယ်၊ ငါးဟင်းရယ် ချက်ခိုင်းထားတယ်ကွဲ့၊ မင်း ကြိုက်ရဲ့ လား”

“ကြိုက်ပါတယ် ခင်ဗျာ”

“စားသောက်တဲ့ အခါ အကူအညီများ လိုသေးလား”

“မလိုပါဘူး ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်”

ဦးစောက လက်ခုပ်တီး၍ နာမည်တစ်ခုကို ခေါ်လိုက်သည်။ တင်ဝင်း အခန်းထဲ ဝင်ဝင်လာတတ်သည့် လက်တိုလက်တောင်း ခိုင်းသော သူငယ် လေးက တင်ဝင်းကို ထမင်းစား စားပွဲသို့ ပို့ပေးသည်။ ထိုင်ခုံပေါ် နေရာချသည်။ ပန်းကန်ပြား၊ လက်သုတ်ပဝါ၊ ဇွန်း၊ ခ၊ ခက်ရင်း။ ဆရာတော်ကြီး သင်ကြားပေးထား၍ သူ အင်္ဂလိပ်အသုံးအဆောင်ဖြစ်သည့် ဒီပစ္စည်းတွေကို ကောင်းစွာ ကိုင်တွယ် စားသောက် တတ်သည်။ အခက်အခဲ မရှိ။

တင်ဝင်း စားသောက်နေပုံကို ကြည့်ရင်း ဦးစောမှာ စိတ်သက်သာသထက် သက်သာလာသည်။ အစက တောသား ဒိုက်ဖတ် အကန်းကလေး၊ အဖိတ် ဖိတ်အစဉ်စဉ် စားနေပုံကို သူ မြင်ယောင်မှန်းဆထားသည် ကိုး။

သူတို့ တိတ်တိတ်ဆိတ်ဆိတ် စားသောက်နေကြသည်။ တင်ဝင်းက မိမိအကြောင်း တွေးနေသည်။ သူ့ ဦးလေး သူဌေးကြီးကို မိမိ မြင်လျှင် ဘယ်လိုများ ပုံဖော်ပြလိမ့်မလဲ။ လက်ချောင်း တုတ်တိုတိုကြီးတွေနဲ့ လား၊ ရောမ လူဝကြီးလား၊ ကလောက ကြံကုန်သည် ကြီးလို မေးစေ့နှစ်ထပ်နဲ့ လား၊ မျက်လုံးတွေ အရောင်တောက်နေလား၊ ဒါမှ မဟုတ် သူ့ရင်ခုန်သံလို ထူးမခြားနား အကြည့်မျိုးလား၊ ဤလောကသစ်ကို ဝှက်စာ အနက်ပြန်ဖို့ သူ့ကို ဘယ်သူကူညီမှာ လဲ၊ ဆရာဝန်ကြီးဆိုသူက သူ့ကို ကုသပေးနိုင်မည် လား၊ ဒါမှ မဟုတ် ကုစ္ဆ မရဟု ဆိုကာ ကလောပြန်လွှတ်မည်လား၊ အဲသလို ဆိုရင် သိပ်ကောင်းမှာ ပဲ။ နောက်အပတ်ဆို မိမိနှင့် ပြန်တွေ့ရပြီ။

တကယ်လို့ များ မျက်စိပြန်မြင်လာမည်ဆိုရင်ရော၊ တင်ဝင်းတစ်ယောက် ဒီမျှော်လင့်ချက်ကို မထားရဲပါ။ သူ့မှာ သူလိုအပ်သမျှ အကုန်ရနေပြီပဲ၊ မျက်စိမြင်ဖို့ လိုလို့ လား။

တကယ်လို့ ခွဲစိတ်မှုအောင်မြင်လို့ မျက်စိ ပြန်မြင်ပြီ ဆိုပါစို့၊ သူအမြင်အာရုံပြန်ရသည် နှင့် တစ်ပြိုင်နက် သူ့မှာ ရှိနေသည့် ထူးကဲလှသော သောတအာရုံ ပျောက်ကွယ်သွားမှာ လား၊ သို့သော် မိမိကို သူ မြင်နိုင်ပေ မည်။ ခုပင် မိမိက သူ့ရှေ့မှာ ဝတ်လစ်စားလစ် လဲလျောင်းနေသည်။ သူ့ ကိုယ်လုံးကလေး၊ သူ့တင်းရင်းကျစ်လျစ်နေသည့် ရင်သားအစုံ၊ ရှပ်နေသည့် ဗိုက်သားကလေး၊ သေးသွယ်သွယ် ပေါင်တံကလေးတွေနှင့် သူ့ မအင်္ဂါ။ သို့သော် ထိုမြင်ကွင်းက သူ့ကို စိတ်လှုပ်ရှားမှုမပေးနိုင်။ သူ့ကို ပွေ့ဖက်နမ်းရှုပ်ရင်း သူ့ရင်ခုန်သံတွေ ထောင်နားစွင့်ရသည့် ခံစားမှုနှင့် မလဲနိုင်။

ဦးလေးအသံကြောင့် အတွေးတွေ ပျက်သွားသည်။

“ကျုပ်က လာမယ့်ရက်တွေမှာ အလုပ်နည်းနည်းများမှာ မို့ ငါ့တူကို ကိုယ်ဖိရင်ဖိ မစောင့်ရှောက်နိုင်ဘူးကွဲ့၊ ဒါပေမဲ့ ဒီကောင်လေး မောင်လှ တော်ကို မင့်အတွက် ပေးထားမယ်၊ လိုတာအကုန် သူ့ကို ခိုင်းပါ၊ ပြောပါ၊ စနေ၊ တနင်္ဂနွေတော့ ဒီညလို ညစာ အတူစားနိုင်ဖို့ ကြိုးစားမယ်၊ ဒေါက်တာ မက်ခရေးနဲ့ က အင်္ဂါနေ့မှာ ပြရမယ်”

ဦးစောက ပြောရင်းဖြင့် သတိရသွားသည် ဗေဒင်ဆရာသည် ဒုက္ခရောက်နေသည့် ဆွေမျိုးသားချင်းကို ကူညီဟု သာ ပြောသွားသည်။ ဘယ်လောက်ထိ ကူညီရမည် ဆိုခြင်းကို မပြော။ မနက်ဖြန် နေ့လယ်တော့ ဗေဒင်ဆရာကို အိမ်ပင့်ဦးမှ။

“ကျေးဇူးတင်ပါတယ် ဦးတော်ခင်ဗျား၊ ဦးတော်က ရက်ရောလှပါတယ်”

ဦးစော ထရပ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီ သူငယ်လေးဟာ လူတော် လူကောင်းလေးမှန်း သိသာ လွန်းသည်။ သူ့ကို ကူညီရတာ မထောင်းတာ ပါ၊ သူ မျက်စိပြန်မြင်အောင် လုပ်ပေးနိုင်လျှင် ကျေနပ်မိမည်ပဲ။ ရက်ရောမှု အတွက် အတုံ့အလှည့် ဆိုတာ မမှန်းစကောင်း။

****

အခန်း(၃)

တင်ဝင်းသည် ညဘက်မှာ နိုးနေပြီး နေ့ဘက်ဆို တစ်နေကုန် အိပ်တတ်သည့် အကျင့်စွဲလာသည်။ မကြာခင်မှာ သူ ဝမ်းလျှော့တော့သည်။ အိမ်သာ သည် တဖြည်းဖြည်း ဝေးဝေး၍ လာသည်။ အိမ်သာသို့ မသွားနိုင်မှာ စိုးသ ဖြင့် အိမ်သာရှေ့မှာ ပင် ရပ်နေရသည်။

အသံဆန်းတွေက သူ့ကို ကြောက်လန့်တကြား ဖြစ်စေသည်။ နံရံတွေ နောက်မှ၊ အိမ်သာအောက်မှ တရှီးရှီးမြည်သံ၊ သူ့ခုတင်အောက်မှ ပင့်ကူ ကြီး၏ ယင်ကောင်တွေကို ခြေထောက်ဖွဲ့ချီး စုပ်မျိုနေသံတွေက သူ့ကို အော်ဂလီဆန်စေသည်။ တစ်မနက်မှာ တော့ သူ့အခန်းထဲ မြွေတစ်ကောင် ရောက်နေသည် ကို သူသိလိုက်သည်။ မြွေက အသံမထွက်ပေမယ့် သူ့ နှလုံးခုန်သံကို တင်ဝင်း ကြားနေရသည်။ မြွေသည် ခုတင်ပေါ် တဖြည်းဖြည်း တက်လာသည်။ သူ့ ခြေထောက်တွေပေါ်က ဖြတ်နေသည်။ အေးစက် စိုစွတ်သည့် သူ့ကိုယ်လုံး၏ အထိအတွေ့ကို မလှုပ်မယှက် နေရင်း တင်ဝင်း သိနေသည်။ သူ့ နားနားသို့ မြွေ ရောက်လာသည်။ နားနားကပ် ပြီး ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြတော့မည့် အလား၊ အတော်လေး ကြာ တော့ ပြတင်းပေါက်မှ တစ်ဆင့် သူ ပြန်ထွက်သွားသည်။ တင်ဝင်း ဖြစ်နေ ပုံကို ကြည့်ရင်း နံရံပေါ်မှ တောက်တဲ့ နှစ်ကောင်က ရယ်ပွဲဖွဲ့နေသလိုလို၊ သူ နားတွေပိတ်ပြီး အသားကုန် အော်လိုက်မိသည်။

လုတော်ကတော့ အစားအသောက်နဲ့ ရာသီဥတုကို အပြစ်ပုံချသည်။

သို့သော် တင်ဝင်းက သူ့ထက် ပိုသိပါသည်။ စောင့်နေပြီ၊ သူ စောင့်နေပြီ၊ မျှော်တော်ဇောနဲ့ မော၍ နေရှာပြီ။

အသက်ပြင်းပြင်း ရှူသွင်း၍ ပြန်မထုတ်ဘဲ အောင့်ထားလိုက်သည်။ သူ့ အချိန်တွေကို ရေတွက်နေသည် စက္ကန့်လေးဆယ်၊ စက္ကန့် ခြောက်ဆယ်၊ သူ့ ရင်ဘတ်ထဲမှာ တင်းလာသည်။ စက္ကန့်ကိုးဆယ်၊ စ က္ကန့် တစ်ရာ့နှစ်ဆယ်၊ ရင်ကွဲထွက်တော့မလို သူမှူးလာသည် ခန္ဓာကိုယ်က အောက်ဆီဂျင် အပြင်းအထန် လိုလာသည်။ နှလုံးသားတွေ ပေါက်ထွက်မတတ် ဖြစ်လာသည်။ ကောင်းသည်။

အဝေးတစ်နေရာမှ သေမင်းကို သူ မြင်နေရပြီ၊ ဟော တဖြည်းဖြည်း ရှေ့တိုး လာပြီ။ ဟော- သူ့ ရှေ့တည့်တည့် ရောက် လာပြီ။

“သင် ဆင့်ခေါ်၍ ကျွန်ုပ် ရောက်လာခဲ့ရပြီ”

တင်ဝင်း ကိုယ့်ကိုယ်ကိုယ် ကြောက်လာသည်။ သူသေမင်းကို ဆင့်ခေါ်

မိသည်။ သို့သော် မသေချင်သေး။ ဒီမှာ မသေလိုသေး။ အနည်းဆုံးတော့ မိမိနှင့် တွေ့ချင်သေးသည်။ မိမိကို ကိုင်တွယ် စမ်းသပ်ချင်သေးသည်။ မိမိ၏ ရင်ခုန်စည်းချက် ဂီတသံလေးကို ကြားလိုသေးသည်။

သူ့အသက်ကို အမောတကော ရှူနေသည်။

ဦးလေး သူ့ဆီက ဘာကို လိုချင်တာလဲ သိအောင် လုပ်ရမည်။ ပြီးတာနှင့် ကလောကို အမြန်ဆုံး ပြန်မည်။ မဖြစ်ဖြစ်အောင် ပြန်မည်။

နောက်လေးရက် အကြာမှာ တော့ တင်ဝင်းသည် ပေါ်တီကို အောက်မှာ ရပ်ရင်း နားစွင့်နေခဲ့သည်။ မိုးရွာနေသည်။ သဲသဲမဲမဲ ပြင်းပြင်းထန်ထန် ရွာခြင်းမဟုတ်။ ဖြည်းဖြည်းမှန်မှန် ရွာနေခြင်း ဖြစ်သည်။ တင်ဝင်းက မိုးရွာသည် ကို ကြိုက်သည်။ မိုးသံတွေကြားမှာ မိမိ၏ တီးတိုးပြောသံလေးတွေကို ကြားရသလို ခံစားရသည်။ မိုးပေါက်ကျသံတွေကတစ်ဆင့် ဦးလေး၏ စံအိမ်ခြံဝင်းကြီးတစ်ခုလုံးကို သူ မြင်ရသလို ခံစားရသည်။ မြက်ခင်းတွေ၊ ပန်းပင်တွေ၊ ကျောက်ခင်းလမ်းလေးတွေ အားလုံးကို ပြက်ပြက်ထင်ထင် သူ့စိတ်အာရုံမှာ မြင်နေရသည်။ တင်ဝင်း လက်တွေ ဆ န့်တန်းလိုက်သည်။ မိုးပေါက်တွေက ခပ်နွေးနွေး၊ ကလောမိုးထက် အများ ကြီး ပိုနွေးသည်။ ပို၍ မိုးပေါက်ကြီးသည်။ မိမိကို ကျောပိုးပြီး ခြံကြီးကို လှည့်ပတ်ပြလိုက်ချင်သည်။ သူ ခြံထဲ ဆင်းသည်။ ပြေးသည်။ တင်းနစ် ကွင်း ပတ်ချာလည် လျှောက်ပြေးသည်။ ချုံလေးနှစ်ခုကို လွှားခနဲ ခုန် ကျော်သည်။ နှစ်ပတ်၊ သုံးပတ်၊ ပြေးခြင်းက ပြီးခဲ့သည့် ရက်တွေအတွင်း သေးကွေးကြုံလှီခဲ့ရသည့် သူ့ခွန်အားတွေကို ပြည့်တင်းလာစေသည်။

မိုးပေါက်တွေ ပိုကျ လာလေလေ သူက အားတက်ရွှင်လန်း လာလေလေ၊ မိမိက သူ့ကျောပေါ်မှာ၊ လောကတစ်ခွင်ကို မိမိအမြင်နှင့် သူ ကြည့် နေသည်။ အမြဲတမ်း သူနှင့် မခွဲတမ်း ရှိနေမည်။ အပျော်တွေ ကြားမှ အကြောက်နှင့် အလွမ်းက ဖောက်ဝင်လာသည်။ ဆရာတော်ကြီးစကားကို ပြန်ကြားယောင်လာသည်။ ကြောက်စိတ်က ကန်းစေ၊ ထိုင်းစေသည်။ ဒေါသက ကန်းစေ၊ ထိုင်းစေသည်။ သံသယနှင့် မလိုတမာစိတ်တွေကို လည်း ဖြစ်စေသည်။ ကြောက်စိတ်ထက် အားကြီးသောအရာက လောက မှာ တစ်ခုတည်းသာ။

အသက်ကို အမောတကောရှူရင်း ပျော်ရွှင်စွာဖြင့် ပေါ်တီကိုအောက် တင်ဝင်း ပြန်ရောက် လာသည်။

“မောင်တင်ဝင်းရေ”

ဟော-ဦးစောအသံ ကြားရသည်။ သူ ဘယ်တုန်းက ပြန်ရောက်နေပါလိမ့်။

“ဒီနေ့ ဒေါက်တာ မက်ခရေးနဲ့ တွေ့ရမယ်လေ၊ ခုပဲ သွားကြရမှာ”

ဦးစောက တစ်ကိုယ်လုံး မိုးရေ တုတ်တုတ်ကျအောင် ရွဲစိုနေသည့် တင်ဝင်းကို ကြည့်ရင်း-

“မျက်စိမမြင်ဘူးသာ ဆိုတယ်၊ ငါ့တူက လျှောက်ပြေးနေပါလား”

ဟု ပြောလိုက်သည်။ သူ့စကားက အမှန်တရားနှင့် အတော်လေး နီးစပ်သား။

စမ်းသပ်မှုက မိနစ်အနည်းငယ်သာ ကြာမြင့်ခဲ့သည်။

သူနာပြုဆရာမက သူ့ခေါင်းကို ထိန်းပေးထားပြီး ဒေါက်တာစတူးဝပ်မက်ခရေးက သူ့မျက်လုံးကို သန်မာသော လက်များ ဖြင့် ဖြဲကြည့်သည်။ သူ့ အနားက ဆေးလိပ်နံ့ ရသည်။

စမ်းသပ်နေချိန်အတွင်း မက်ခရေးက စကားတစ်လုံးမျှ မပြော၊ သူ့ရင်ခုန်သံကို တင်ဝင်း နားထောင်နေသော်လည်း ရင်ခုန်သံ စည်းချက်က လုံးဝ မ ပြောင်းလဲ တစ်သမတ်တည်း။ သူ့စကားသံ လိုပင် တင်းတင်းမာမာ ရှိလှ သည်။ မက်ခရေးက တိုတိုပြတ်ပြတ်သာ ပြောသည်။ ကြမ်းတမ်း သည် လည်း မဟုတ်၊ ချိုသာသည် လည်း မဟုတ်၊ စိတ်ခံစားမှု ကင်းသော အသံ။

ရောဂါအဖြေရှာတာ မြန်လှသည်။ တင်ဝင်း မျက်စိအမြင်ကွယ်သည် မှာ မှန်၏။ ကွယ်ရခြင်း အကြောင်းက တိမ်ကြောင့် ဖြစ်သည်။ သူ့ အသက်အရွယ်မှာ ဖြစ်ခဲလှပေမယ့် ကုမရတာတော့ မဟုတ်၊ မနက်ဖြန် မျက်စိခွဲမည်တဲ့။

ဆေးထိုးခံရသည် မှာ နာလှသည်။ အပ်ရှည်ရှည်တုတ်တုတ်ကြီးတွေကို သူ့မျက်လုံး ပတ်ပတ်လည်နှင့် နားရွက်နောက်မှာ သူတို့ ထိုးကြသည်။ အေးစက်စက် သတ္တုသွားက သူ့အသားတွေကို ဝါးမျိုမလို အရေပြားကတစ်ဆင့် နစ်ဝင်သွားသည်။ ထို့နောက်မှာ တော့ သူတို့ တင်ဝင်း မျက်လုံးက မှန်ဘီလူးတွေကို ထုတ်သည်။ ခွဲစိတ်နေသည် ကို ခံစားမိပေမယ့် နာကျင် ခြင်းမရှိ။ ခဏနေတော့ အပ်တွေနှင့် ချုပ်ကြ ပြန်သည်။ အဝတ်ချုပ်နေသည့် ပမာ။ နောက်နှစ်ရက် ကြာသည် အထိ စည်းထားသည့် ပတ်တီးကို မ ဖြေရတဲ့။

ဇာဂနာတွေ၊ ကတ်ကြေးတွေနှင့် ဆရာဝန်၊ ဆရာမတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာသည်။ တင်ဝင်းနားမလည်သည့် ညွှန်ကြားချက် တွေ ပေးသည်။ တင်ဝင်း၏ မျက်စိနှစ်ကွင်း အလင်းရစေဖို့ သေချာ သလောက်ပဲတဲ့။ မွေးကင်းစ ကလေးလေးတစ်ယောက်လို ခံစားရမှာ တဲ့။ သူတို့ ပတ်တီးတွေကို ဖြေကြသည် နှင့် တစ်ပြိုင်နက် အင်မတန် စူးရှပြီး နွေးထွေးသည့် အလင်းရောင်ကို

ကြုံတွေ့လိမ့်မည်။ လူတွေကို မြင်ရလိမ့် မည်။ သူ့အတွက် မျက်မှန်ရသည် နှင့် တစ်ပြိုင်နက် ကြည်လင်ပြတ်သားစွာ မြင်နိုင်ပြီဟု ဆိုကြသည်။

သူတို့ ကို ယုံရမည်လား။ သူတို့ သူ့ကို ဝိုင်းလှည့်စားနေကြတာလား။ တစ်စုံတစ်ခုအကြောင်း သူတို့ ပြောနေကြတာလား။ မခွဲစိတ်ခင်မှာ ဆရာဝန်ကြီး မက်ခရေးက မျက်စိထက် ပိုတန်ဖိုးရှိတာ ဘာရှိတုံးဟု မေးသည်။ ပြီးတော့ သူကပဲ ပြန်ဖြေသည်။ မျက်စိထက် တန်ဖိုးရှိတာ ဘာ မှ မရှိဘူးကွ၊ မြင်မှ ယုံတယ် ဆိုသကိုး။

ခု သူတို့ သည် သူ့ကို ထောင်မှ လွတ်တော့မည့် သူကဲ့သို့ ပြင်ဆင်နေကြ သည်။ သူနာပြုတွေက တင်ဝင်းကို စိတ်ရှည်ရှည်ထားပါတဲ့၊ ရှည်ပါ့ဗျာ။ ဘယ်တုန်းကမှ စိတ်မရှည်မဖြစ်ခဲ့ပါဘူး၊ ခင်ဗျားတို့ လည်း ကျုပ်အတွက် စိတ်မရှည်မဖြစ်ကြနဲ့ ဟု ပြန်ပြောလိုက်ချင်သည်။ သူ့ဘဝမှာ စိတ်မရှည် နိုင်လောက်အောင် ဖြစ်ရသည့် တစ်ခုတည်းသောအရာမှာ လက်တွေနှင့် ဒူးတွေသာ လှုပ်ရှားနိုင်သော မိန်းမပျိုလေးတစ်ယောက်နှင့် ပြန်ဆုံတွေ့ဖို့ ကိစ္စ ကိုသာ ဖြစ်သည်။ သူက မျက်စိဖြင့် မြင်သည် ထက် ပိုတွေ့နိုင်သော အရာ များ နှင့် ခြေလှမ်းဖြင့် လှမ်းသည် ထက် ပိုခရီးရောက်နိုင်သော အရာများ အကြောင်း သိထားသည် လေ။ သို့သော် ဆရာဝန်၊ ဆရာမများကို ဘာမျှ မ ပြောတာ အကောင်းဆုံး ဖြစ်လိမ့်မည်။

"ကဲ-စပြီနော်"

မက်ခရေးက ပတ်တီးကို စဖြေသည်။ တစ်ပတ်ချင်း၊ တစ်လွှာချင်း၊ ပတ်တီးတစ်လွှာ ပြေသည် နှင့် အခန်းထဲမှာ စိုးရိမ်စိတ် တစ်ရစ် တက်လာသည်။ ဆရာဝန်ကြီး မက်ခရေးကိုယ်တိုင်တောင် ဒီနေ့ ရင်ခုန်သံ နည်း နည်း မြန်နေသလို။

တင်ဝင်းက သူညွှန်ကြားသည့် အတိုင်း မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့် လိုက်သည်။ အလင်းလှိုင်းကြီးက ဝိုက်လက်သီးတစ်လုံးလို သူ့ကို ထိုးချ လိုက်သည်။ အမယ်လေး၊ စူးစူးရဲရဲ အလင်း၊ အရင်တုန်းကလို ဖြူတူတူ လိုဏ်ခေါင်းကြီး မဟုတ်၊ လင်းလွန်းသည် စူးလွန်းသည်၊ မျက်စိတွေ နာလှ သည်။ ခေါင်းက စူးခနဲ ထိုးသွားသည်။ မျက်စိကို အတင်းပိတ်ထားလိုက် သည်။ ပကတိအမှောင်။

"မောင်တင်ဝင်း၊ မောင်တင်ဝင်း၊ မြင်ရလား၊ ဦးလေးကို မြင်ရလား"

ဦးစော၏ ဒရောသောပါးအသံ။

မေးနေစရာ မလိုပါ။ ဦးစော၏ တဒိန်းဒိန်း ရင်ခုန်သံက ဆန္ဒစောနေ ကြောင်း ပြသပြီး ဖြစ်သည်။

"ငါ့တူ ကျုပ်ကို မြင်ရလား"

ဦးစောက ထပ်မေးပြန်သည်။

တင်ဝင်းက မျက်လုံးကို မှေးတေးတေးလေး လုပ်ထားသည်။ စူးရဲလှ သော အလင်း၏ နာကျင်ခြင်းကို လျော့ပါးသက်သာစေဖို့ ပေါ့။ အကယ်၍ သာ နာကျင်ခြင်းဝေဒနာကို အလင်းက ပေးဦးမည် ဆိုလျှင်ပေါ့။

****

အခန်း(၄)

မျက်မှန်က သူနှင့် အံဝင်ခွင်ကျ ရှိလှသည်။

တင်ဝင်းသည် မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ရှစ်နှစ်တာ အလင်းမရဘဲ နေခဲ့ရာမှ မြင်ချင်တော့လည်း ဒီလောက်တောင် လွယ်လေ သလား။ သူ့ရှေ့မှာ မိမိ ထိုင်စောင့်နေချိန်ထိ မျက်လုံးကို တင်ဝင်းတစ် ယောက် မှိတ်ထားလိုပါသည်။ သူ ပထမဆုံး မြင်ခွင့်ရသည့် အရာက မိမိ သာ ဖြစ်လိုသည်။ တင်ဝင်းသည် ချောင်းကြည့်ပေါက်မှ ချောင်းနေသည့် ကလေးငယ်သဖွယ် အသာလေး မှေးပြီး ချောင်းလိုက်သည်။

မြူထုတို့ လုံးဝ ကွယ်ချေပြီ။

သူ မြင်ရသမျှ အရာရာသည် ကြည်လင်ပြတ်သားလွန်းလှသည်။ အာရုံသည် သူ့ မျက်လုံး တွေမှ တစ်ဆင့် မျက်ခုံးတွေကို ဖြတ်ပြီး ဦးနှောက် နောက်စေ့ရှိ အမြင်အာရုံဌာနချုပ်သို့ သတင်း အဆက်မပြတ် ပို့ရင်း သူ့ တာဝန်သူ ကျေပွန်အောင် ထမ်းဆောင်နေပြီ။ မက်ခရေးနှင့် ဦးစော သူ့ရှေ့ မှာ ရပ်နေကြသည်။ သူ့ကို ဂုဏ်ယူစွာ၊ ကျေနပ်စွာ၊ စိတ်လှုပ်ရှားစွာ ငေးနေ ကြသည်။ ကမ္ဘာကြီးကို သူတို့ လက်ဖြင့် ဖန်တီးခဲ့သည့် အလား။

ဦးလေး...ခုတော့ ဦးလေးမျက်နှာကို မိမိ ပြောပြစရာမလိုဘဲ သူကိုယ်တိုင် ကြည်လင် ပြတ်သားစွာ မြင်ခဲ့ပြီ။

သူမျက်လုံးတွေ ပိတ်လိုက်ပြန်သည်။ နာ၍ မဟုတ်၊ မူး၍ မဟုတ်၊

အလင်းကို လက်မခံနိုင်သေး၍ လည်းကောင်း၊ သူ့ကို စိုက်ကြည့်နေကြသည့် မျက်လုံးတွေ၏ ဒဏ်ကို မခံနိုင်၍ လည်းကောင်း၊ အရောင်တွေ၊ မျှော်လင့်ချက်မျက်ဝန်းတွေက သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။ ဦးစော၏ သွားဖြူဖြူတွေ၊ ဒေါက်တာမက်ခရေး၏ ဆံပင်နှင့် မျက်ခုံးမွေး နီ ကြောင်ကြောင်တွေ၊ သူနာပြု၏ နှုတ်ခမ်းရဲရဲတွေက အရောင်တွေ စိုလွန်း လှသည်။ သူက အဖြူ၊ အမည်းကမ္ဘာထဲမှာ နှစ်ကာလများ စွာ ကျင်လည် ကျက်စားခဲ့သူ၊ အရောင်တွေမှာ အသံမပါ၊ အသံမရှိ၊ ရှိခဲ့လျှင်တောင် သူနှင့် ဝေးကွာခဲ့သည် မှာ ကြာလွန်းလှပြီမို့ ချောင်ထိုးထားသော စာအုပ်တစ်အုပ် ထဲမှ အက္ခရာတွေလို မှေ့မှေ့လျော့လျော့ ဖြစ်ခဲ့ပြီ။

"မျက်လုံး ပြန်ဖွင့်လိုက်ကွဲ့" တင်ဝင်းက ခေါင်းခါသည်။ "သူ ဘာများ ဖြစ်တာလဲ"

ဦးစော၏ ပူပင်သံ။

"ဘာမှ မဖြစ်ပါဘူး၊ မြင်ခါစလူတွေဟာ ဒီလိုပါပဲ၊ မကြာခင် အသားက သွားပါလိမ့်မယ်"

ဟုတ်သည်။ ဆရာဝန်ကြီးရော ဦးလေးရော နှစ်ယောက်လုံး မှန်သည်။

တင်ဝင်းသည် ရန်ကုန်မြစ်ကမ်းပါးက အုတ်တံတိုင်းနီနီတစ်ခုပေါ်မှာ ထိုင်နေသည်။ ဆိပ်ကမ်းက သူ့နောက်မှာ။

"ကဲ-မျက်စိတွေ ဖွင့်လိုက်စမ်း"

တင်ဝင်းက သူ့ကိုယ်သူ သတိပေးလိုက်သည်။ ခုဆို အလင်းပြည့်ကမ္ဘာမှာ ဆယ်ရက် ကြာခဲ့ပြီ။ ရောင်စုံမြင်ကွင်းတွေက အပ်နှင့် ထိုးနေသလို နာလှ သည်။ သူ ဒါတွေနှင့် အကျွမ်းတဝင် မရှိသေး။

သင်္ဘောဆိပ်က ပျားပန်းခပ်တမျှ စည်ကားလှသည်။ မနေ့ကလည်း ဆင်ကြီးတစ်ကောင် သင်္ဘောပေါ် တင်နေတာ မြင်နေခဲ့ရသည်။ အနီရောင် တာပေါ်လင်စကြီးအုပ်ကာ ကြိုးများ ဖြင့် ဆိုင်းလျက် ဝိုင်းဆွဲတင်နေကြ သည်။ ဆင်ကြီးခမျာ လိပ်ပက်လက်လှန်ခံရသလို ကူကယ်ရာမဲ့၊ မရုန်းနိုင် မ ကယ်နိုင်။ ကုန်တွေတင်ပြီးလျှင်တော့ ကာလကတ္တား၊ ကိုလံဘို၊ လီဗာပူး၊ မာဆေး၊ ပို့ဆက်၊ နယူးယောက် တစ်နေရာရာသို့ ထွက်ခွာကြလိမ့်ဦးမည်။

လှေကလေးတွေကလည်း ဆိပ်ကမ်းမှာ အများ အပြား။ တချို့က လှော်တက်နှင့်၊ တချို့က စက်တပ်လှေတွေ၊ သင်္ဘောကြီးတွေကလည်း အစုန်အဆန် အမျိုးမျိုး၊ တချို့ လှေကြီးတွေက အိမ်နှင့် မခြား။ မီးဖိုခန်းထဲ မှာ မိန်းမတွေက ချက်ပြုတ်၊ လှေဦးမှာ ကလေးတွေက ကစား၊ အဘိုးကြီး တစ်ယောက်က ကြိုးပုခက်ပေါ်မှာ နှပ်လို့။

ပင်လယ်စင်ရော်တစ်ကောင် လေဟုန်စီးနေ ဘာကို တင်ဝင်း ငေးနေ မိသည်။ ဒီကျက်သရေ ရှိလှတဲ့ ငှက်မျိုးကို တင်ဝင်း တစ်သက်လုံး တစ်ခါမှ မမြင်ဖူးခဲ့။ မြစ်ပြင်ပေါ်က လေညင်းလေးတွေ အဆက်မပြတ် တိုက်ခတ်နေ ပေမယ့် ရာသီဥတုကတော့ ပူလှသည် သာ။

သူမျက်လုံးတွေကို ပြန်ပိတ်လိုက်သည်။ စက်လှေမော်တာကပင်စတင် ခုတ်သံကို သူ ကြားရသည်။ သူ့နံဘေး သစ်သားကိုဒေါင်နံရံတွေကို သစ်ပိုး တွေ ထိုးနေသံ သူကြားရသည်။ သူ့ခြေရင်း ငါးတောင်းထဲက ငါးတွေ၏ ရပ်လုလု နှလုံးခုန်သံကို သူ ကြားသည်။ ဆိပ်ကမ်းတံတားကို လှိုင်းရိုက် ခတ် သံတွေကို သူကြားသည်။ သစ်သားလှေလား၊ သတ္တုလှေလား ဆိုတာ ကို အသံကြားရုံဖြင့် သူ

ခွဲခြားနိုင်သည်။ သစ်အမျိုးမျိုးနှင့် ရိုက်ထားသည့် ဆိပ်ကမ်းက ခြေနင်းပြားတွေ၏ အသံကို နားစွင့်ရင်း သစ်အမျိုးအစားတွေ သူ ခွဲတတ်သည်။ ဒီအသံတွေက ဆိပ်ကမ်း၏ အသွေးအရောင်ကို သူ့မျက်လုံးတွေထက် ပိုပြောပြနိုင်သည်။ မျက်လုံးက သူတို့ ၏ ပုံရိပ်ကို ဖမ်းယူရုံမျှသာ။ အကြည့်တစ်ချက်တိုင်းမှာ အမြင်အသစ်တွေ တွေ့ရသည်။ ထိုအမြင်တွေကို သူ နားစွင့် ခံစားသည်။ သူက စပ်စုသည့် စောင့်ကြည့် သူ တစ်ယောက်ထက် မပို။

အမြင်အာရုံတွေက သူ့ကို တစ်ခုခုတော့ ဖမ်းစားနိုင်သည် သာ။ ထိုအရာ ကို သူ စိုက်ကြည့်သည်။ ပြီးလျှင် အာရုံခံသည်။ ပြီးလျှင် နားစွင့်သည်။ အသက်သွင်းဖို့ ကြိုးစားရာမှာ တော့ သူ မအောင်မြင်။ အမြင်အာရုံသည် မြင်သည့် အတိုင်းသာ တည်၏။ စိတ်ကူးကမ္ဘာအတိုင်း အလုပ်မဖြစ်လှ။ ထို့ ကြောင့် မြင်သမျှ အရာရာသည် သူနှင့် စည်းခြားလျက် ရှိသည်။ မျက်မှန်တို့ သည် မိမိ၏ မျက်လုံးကို အစားမထိုး နိုင်ပေတကား။

အုတ်တံတိုင်းပေါ်မှ ဆင်း၍ ဆိပ်ကမ်းအတိုင်း လျှောက်လာသည်။ သူ အတွေးလွန်နေပြီလား၊ သူ ဘာကို မျှော်လင့်နေတာလဲ။ နိစ္စဓူဝ နေ့စဉ်ဘဝ မှာ ခု ပြန်ရသည့် အမြင်အာရုံက အသုံးကျနေသည် ပဲ။ ဟိုဟာနှင့် ဝင်တိုက် ဒီဟာနှင့် ဝင်ဆောင့်ပြီး လဲစရာ အကြောင်းမရှိ။ အိပ်နေသည့် ခွေးကို တက် နင်းစရာ လမ်းမမြင်။ အမြင်အာရုံကြောင့် သူ့ဘဝဟာ ပို၍ လုံခြုံစိတ်ချ သက်သောင့်သက်သာ ရှိ လာပြီပဲ။

တကယ်တော့ မြင်ရသည့် အရာတွေနှင့် သူ စည်းခြားသလို ဖြစ်နေခြင်း သည် ဆရာတော်ကြီး၏ ဆုံးမစကားတွေအတွက် ပြန်လည်ပေးဆပ်ရသည့် တန်ဖိုးသာ။ အရာဝတ္ထုတစ်ခု၏ ပကတိတန်ဖိုးကို မျက်စိဖြင့် မမြင်နိုင်။ နှလုံးသားဖြင့်သာ ခံစားသိရှိရာ၏။ အမြင်အာရုံက မှောက်မှားစေ တတ်သည်။ လမ်းလွဲစေတတ်သည် တဲ့။ ဆရာတော်ကြီး၏ စကားတွေ အားလုံးကို တင်ဝင်း အလွတ်ရနေပါသည်။

သူ့နားမှာ ဆန်သဘော်ာကြီးပေါ်မှ ဆန်အိတ်တွေကို ဂိုဒေါင်ထဲ ထမ်းထည့်နေကြသည့် ကုန်တင် ကုန်ချ အလုပ်သမားတွေ တစ်ပြုံတစ်မကြီး၊ လုံချည်ကို ဒူးလောက်ထိ တိုတိုဝတ်ရင်း ဆန်အိတ်တွေကို ကျောပိုးကာ ခါးကလေး ကုန်း၍ မလာကြသူတွေ၊ ချွေးတွေက တစ်ကိုယ်လုံး တုတ်တုတ်ကျ၊ ကြွက်သားတွေက အလေးချိန်ကြောင့် တင်းပြီး တစ်ကိုယ်လုံး မည်းပြောင် နေကြသည့် ကူလီတွေ။ တင်ဝင်း သူတို့ ၏ အသံတွေကို ကြားရပြန်သည်။ သူတို့ မာန်ဖီနေကြသည်။ သူတို့ ဗိုက်တွေ တဂွီဂွီ မြည်နေကြသည်။ သူတို့ အဆုတ်တွေက လေကို အငမ်းမရ ရှူနေကြသည်။ သူတို့ နှလုံးတွေက နွမ်း လှ ပန်းလှသည်။

ဆိုတော့ သူ၏ ထူးကဲလှသော သောတအာရုံ မပျက်ယွင်းသေးဘူးပေါ့။ ထို့ကြောင့် လည်း အမြင်အာရုံ ဆိုသည် က သူ့အတွက် အပိုတစ်ခုလို ဖြစ် နေသည်။ အမြင် မမှောက်မှားစေဖို့ တော့ ဆရာတော်ကြီး၏ စကား အတိုင်း နှလုံးသွင်းတတ်ဖို့ လိုသည်။

လမ်းကြားလေးတစ်ခုထဲ သူရောက်လာသည်။ အနံ့တွေက မခံမရပ်နိုင် လောက်အောင်ပါပဲ။ ဆိပ်ကမ်းက လေညင်းတွေ ဒီဘက် ရောက်မလာသလို ဥရောပသားတို့ ၏ ကျယ်ဝန်းလှသော အိမ်ကြီး မဟာတွေနှင့် လားလားမျှ မအပ်စပ်ဘဲ သေးနုပ် ကျပ်ညပ်နေသည့် အိမ်ကလေးတွေ၊ ချွေးနံ့၊ သေးနံ့ တွေက လှိုင်နေသည်။ ဖြူတူတူ လူတွေက အုံခဲနေသည်။ သူ့ကို ကျူးကျော် သူတစ်ယောက်လို ပြူးကြောင်ကြောင် ကြည့်နေကြသည်။

တင်ဝင်း မျက်လုံးတွေ ပိတ်လိုက်ပြန်သည်။ မီးဖိုချောင်ထဲက ချက်ပြုတ် သံတွေ၊ အသားလှီးသံတွေ၊ ဟင်းသီးဟင်းရွက် နွှာသံတွေ၊ ကလေးတို့ ရယ်မောသံတွေ၊ အန္တရာယ်ကင်းသည့် အသံများ ပါပေ။ ဒါ တရုတ်တွေ ချည်း နေသည့် လမ်းကြားကလေး။

ကုလားတွေ နေသည့် လမ်းကြားလေးကတော့ ခုနက တရုတ်လမ်းကြားလေးနှင့် တစ်မျိုး တစ်ဘာသာ ကွဲပြားသည်။ လူတွေက အရပ်ပိုမြင့်သည်။ အသား ပိုမည်းသည်။ လမ်းမတွေပေါ် ခုနကလို အလွန်အကျွံ အုံခဲနေခြင်း မရှိ။ သို့သော် အနံ့အသက်ကတော့ ထူးမခြားနား။ ဘုံစဉ်စံလောက၏ အောက်ဆုံးဘုံများ ပေါ့။ ချက်နေ ပြုတ်နေသည့် ရနံ့တွေကတော့ ချင်းနံ့၊ စပါးလင်နံ့၊ ငရုတ်သီးနံ့တွေ လှိုင်နေသည်။ သူ့ကို ပြူးတူးပြဲတဲ ဝိုင်းကြည့် သူ မရှိ။ ခုနက တရုတ်တန်း၊ ခု ကုလားတန်းတွေမှာ ရင်ခုန်သံကို နားစွင့် ပြီး ဒါ တရုတ်၊ ဒါ ကုလားဟု ပြောနိုင်စွမ်း တင်ဝင်းမှာ မရှိ။ ဒါ အင်္ဂလိပ်၊ ဒါ ဗမာဟု ပြောနိုင်စွမ်းလည်း မရှိပါ။ ရင်ခုန်သံ ဆိုသည် က လူမျိုးရေး ခွဲခြား ခြင်း မရှိ။ လူတစ်ယောက်မှာ သာ အသက်အရွယ်၊ ခံစားချက်ပေါ် မူတည်၍ ကွဲပြားခြင်း ဖြစ်သည် ကို ခုတော့ သူ သိလာပါပြီ။

ဒရိုင်ဘာက သူ့ကိုဆူးလေစေတီနားမှာ ကားနှင့် စောင့်ကြိုနေသည်။ နေဝင်ချိန် တောက်နေသည့် တိမ်မျှင်ပန်းရောင်တွေကြားမှ သူတို့ မောင်း ထွက်ခဲ့ကြသည်။

အိမ်ရောက်တော့ ဦးစောက သူ့ကို စောင့်နေခဲ့သည်။ ခွဲစိတ်ကုသပြီး နောက်ပိုင်းမှာ သူတို့ နှစ်ယောက် နေ့တိုင်း ညစာ အတူစားဖြစ်ခဲ့သည်။ စစ ချင်းမှာ တော့ တင်ဝင်း ဘာကိုမျှ မည်မည်ရရ မစားနိုင်။ အပူဒဏ်ကြောင့် ဟု သူအကြောင်းပြခဲ့သည်။ တကယ်တော့ သူခံတွင်းပျက်နေခြင်း ဖြစ်ကြောင်း ဦးစော

မရိပ်မိခဲ့။ ငါ့တူလေး ဘာများ လုပ်ချင်လဲဟု ဦးစောက တဖွဖွ မေးသည်။ သူ ဘာကို မြင်သလဲ၊ သူ ဘယ်ကို သွားချင်လဲ။

ထိုမေးခွန်းတွေက တင်ဝင်းကို စိတ်မသက်မသာ ဖြစ်စေသည်။ သူက သူ့ အမြင်အာရုံ အကြောင်းကို ဦးစောနှင့် ဝေမျှ ခံစားခြင်း မပြုလို။ မိမိကို ပြော ပြဖို့ ထုပ်ပိုးသိမ်းဆည်းထားလိုသည် သို့သော်လည်း ဦးစောက ကျေးဇူးရှင်ဖြစ်နေသည် မဟုတ်လား။ သူ တတ်နိုင်သလောက် ရိုသေယဉ်ကျေးစွာ ပြောပြပါသည်။ သို့သော် ငါးရက်မြောက် ညနေမှာ တော့ သူ ပြောသမျှကို တအင်းအင်း လိုက်ကာ ဦးစောမှာ သေချာနားထောင်ခြင်း မရှိ ကြောင်း သူ သိလိုက်သည်။ ကောင်းသည်။ ခါတ်တူ နာမ်တူ ဆေးဖက်ယူ ပေါ့။ ညစာစားရင်း စကားပြောချိန်သည် မိနစ်နှစ်ဆယ် ပတ်ဝန်းကျင်သာ ကြာကြောင်း သူ သတိထားမိလာသည်။ နောက်ဆုံးအလုတ် ပါးစပ်ထဲ သွင်းပြီးသည်နှင့် ဦးစောသည် မတ်တတ်ထရပ်ပြီး သူ့ကို နှုတ်ဆက်ရင်း ပျောက်ကွယ် သွားတတ်သည်။

ဒီနေ့တော့ အရင်နေ့တွေကနှင့် မတူ။ ဦးစောသည် ပေါ်တီကိုအောက်မှာ ရပ်ရင်း ဧည့်သည် တစ်ယောက်ကို ကြိုဆိုနေသည်။ တစ်ယောက်နှင့် တစ်ယောက် အခါပေါင်းများ စွာ ဦးညွှတ်ရင်းတင်ဝင်း နားမလည်သည့် ဘာသာစကားတစ်မျိုးဖြင့် စကားပြောဆိုနေကြသည်။ သူ ဝင်လာသည် ကို တွေ့တော့ ဦးစောက လက်ပြ နှုတ်ဆက်သည်။ သူ ဦးစော အလုပ်ခန်းထဲက ဆိုဖာကြီးပေါ်မှာ ထိုင်စောင့်သည်။ အခန်းက မှောင်နေသည်။ စာအုပ်စင် ပေါ်မှာ စာအုပ်တွေက ထောင်ပုံရာပုံ၊ ပန်ကာတစ်လုံးက လေပူတွေ မှုတ် ထုတ်နေသည်။ ခဏနေတော့ ဦးစော ပြန်ဝင်လာသည်။ အလုပ်စားပွဲမှာ ဝင်ထိုင်ရင်း တင်ဝင်းကို ကြည့်နေသည်။

"မောင်တင်ဝင်း၊ ကလောမှာ တုန်းက စာသင်ခဲ့ဖူးဆို၊ ဟုတ်စ"

"မှန်ပါတယ် ခင်ဗျာ"

"အတွက်အချက်ရော ရသလား"

"ရပါတယ် ခင်ဗျာ"

"စာဖတ်တာရော"

"မျက်မမြင်စာ ဘရေးလ်ကို ကောင်းကောင်း ဖတ်တတ်ပါတယ် ခင်ဗျာ"

"နို့ အရေးအသားကရော"

"မျက်စိမကွယ်ခင်ကတည်းက ကျွန်တော် စာရေးတတ်ပါတယ် ခင်ဗျာ"

"ဒါဆို အဆင်ပြေတာပေါ့၊ ကျုပ် ငါ့တူကို ရန်ကုန်မှာ ကျောင်းနေစေချင်

တယ်”

တင်ဝင်းကတော့ မနက်ဖြန်၊ သို့မဟုတ် လာမည့် ရက်အတွင်း ကလောသို့ ပြန်ရန် ရထားလက်မှတ် စီစဉ်ပြီးပြီဟု ပြောမလား မျှော်လင့်နေခဲ့သည်။ ထိုမျှော်လင့်ချက်ကြောင့် သူ အားအင်တွေ ရရှိပြီး ခုလို သွားသွားလာလာ နေနိုင်ခြင်းပင်။ ခုတော့ ကျောင်းတက်ပါဦးတဲ့။ ဆိုတော့ ရန်ကုန်မှာ နေဦး ဆိုတဲ့ သဘောပေါ့။ ဦးစောက တိုက်တွန်းခြင်း မဟုတ်။ ဘာလုပ်မည် ဆို တာကို အသိပေးခြင်းသာ။ တင်ဝင်း စောဒက မတက်ရဲပါ။ ဒီစံအိမ်မှာ တစ် ဦးသာ မေးခွန်းထုတ်ခွင့် ရှိသည် မဟုတ်လား။

“ကျေးဇူးတင်လှပါတယ် ဦးတော်ခင်ဗျား”

“ဘာမှ စိတ်ထဲမထားပါနဲ့ ငါ့တူ၊ စိန့်ပေါလ်ကျောင်းအုပ်ကြီးနဲ့ ကျုပ် သိတယ်ကွဲ့၊ မနက်ဖြန် သူ့ဆီ သွားလိုက်၊ ဒရိုင်ဘာ လိုက်ပို့လိမ့်မယ်၊ ငါ့တူက အသက်ကြီးလွန်းနေပေမယ့် သူက စမ်းကြည့်မယ် ပြောပါတယ်၊ အဆင်ပြေ မှာ ပါ”

ဦးစောက ပြောပြောဆိုဆို ထရပ်လိုက်သည်။

“ကဲ-ကျုပ်တော့ ဧည့်သည် နဲ့ စကားပြောလိုက်ဦးမကွဲ့၊ မနက်ဖြန် ညနေ မှာ ငါ့တူ စိန့်ပေါလ် ကျောင်းအကြောင်း ကျုပ်ကို ပြောပြကွဲ့ နော”

ဂျပန်ကောင်စစ်ဝန် စောင့်နေသော ဧည့်ခန်းဆီသို့ ဦးစော ထွက်သွားခဲ့သည်။ တင်ဝင်း၏ ကျေးဇူးတင်မှုကို သူ ခံယူထိုက်သလား။ အို-ဒါ ဘာ အရေးပါလို့လဲ။ ဗေဒင်ဆရာက သူ့ကို ရွေးချယ်ခွင့် မပေးခဲ့။ ရန်ကုန်ဆေးရုံကြီးကို ငွေအမြောက်အမြား လှူဒါန်းမည် ဆိုလည်း မရ။ ခု ကယ်တင်ထား သော ဆွေမျိုး သားချင်းကို သူ့ခြေထောက်ပေါ် သူရပ်တည်နိုင်သည် အထိ ရေရှည် အထောက်အပံ့တွေ ပေးရမတဲ့။ ဆိုတော့ ကောင်လေးကို သူ မွေးစားလိုက်ဖို့ သာ ရှိတော့သည်။ ဗေဒင်ဆရာ ဟောကိန်းကို အသာထား၊ ခုပင် စေတနာက အကျိုးပေးနေပြီ မဟုတ်လား၊ ခွဲစိတ်မှု မတိုင်ခင် နှစ်ရက် အလိုမှာ သူအစိုးရကို ဆန်တင်သွင်းခွင့်စာချုပ် ချုပ်ဆိုနိုင်လိုက်သည်။ ခု ဗြိတိသျှစစ်တပ်တစ်တပ်လုံး သူ့ဆန်ကို စားရတော့မည်။ သူ ရှည်ကြာ မျက်စိကျနေသည့် ရောဝတီကမ်းပါးက ဝါခင်းတွေကိုလည်း တင်ဝင်း ရောက် လာပြီး မကြာခင်မှာ အံ့သြဖွယ် ဝယ်ယူနိုင်ခဲ့သည်။

အင်း-ငါတော့ အဆောင်ကောင်းလေး ရလိုက်ပြီ ထင်တယ်ဟု ဦးစော တွေးနေသည်။ သူ့ကို ရန်ကုန်မှာ အနည်းဆုံး နှစ်နှစ်လောက် ထားကြည့် မည်။ ပြီးတော့ လုပ်ငန်းမှာ သုံးလို့ ရလျှင် လူယုံအဖြစ် သုံးမည်။ သူ့ကို အိမ် မှာ ထားသဖြင့် အကျိုးယုတ်စရာအကြောင်း တစ်ကွက်မျှ မမြင်။ ပြီးတော့ သူ ထမင်းစားပွဲမှာ

ပြောသည့် အကြောင်းတွေကလည်း စိတ်ဝင်စားစရာ တော့ အကောင်းသား။

*****

အခန်း(၅)

ဒီနေ့ ငှက်ကလေးတွေ အသံ ကြားရလား မိမိလေးရေ၊ သူတို့ အသံက ကျယ်ကျယ် လောင်လောင်လား၊ တိုးတိုးသက်သာလား ဟင်။ သူတို့ သီချင်းဆိုကြသေးလား၊ အစ်ကို ပါးလိုက်တဲ့ စကားတွေကိုရော သူတို့ မိမိ ကို ပြောပြရဲ့လား။ မနေ့ညနေက အစ်ကို ခြံထဲမှာ လမ်းလျှောက်ရင်း သူတို့ ကို တိုးတိုးလေး ပြောပြခဲ့တာလေ။ သူတို့ က အစ်ကို့စကားကို ပါးပေးမယ် တဲ့၊ ဒီလို ပြောပြီး သူတို့ မြစ်ဝကျွန်းပေါ်ကို ဖြတ်၊ စစ်တောင်းမြစ်ကို ဖြတ်၊ တောင်တွေကို ဖြတ်ပြီး ကလောထိ ပျံခဲ့ကြတယ်။ မိမိတို့ အိမ်ရှေ့က သစ်ပင်ကြီး ပေါ်မှာ နားရင်း အစ်ကို့စကားတွေကို မိမိဆီ ဆက်ဆက်ပါးပေးမယ်တဲ့ လေ။

မိမိ နေကောင်းအောင်နေနော်၊ နိစ္စဓူဝ မိမိ ဘာလုပ်နေလဲ ဆိုတာ အစ်ကို အမြဲ မြင်ယောင် ကြည့်နေမိတယ်။ ဈေးထဲကို အစ်ကိုတွေ ကျောပိုးရင်း သွားနေတာ၊ အိမ်မှာ ဟင်းချက်နေတာ တွေပေါ့။ မိမိ ရယ်သံလေးတွေကို အစ်ကို ကြားနေတယ်။ မိမိ ရင်ခုန်သံလေးတွေကို အစ်ကို ငံ့လင့်နေတယ်။ အစ်ကို ကြားခဲ့ဖူးသမျှ အသံတွေထဲမှာ အသာယာဆုံးနဲ့ ချစ်စရာ အကောင်း ဆုံးအသံက မိမိရဲ့ရင်ခုန်သံပါပဲ။ မိမိ ခံစားနေရတာတွေကို အစ်ကို မြင်ပါ တယ်။ ဒါပေမဲ့ စိတ်ဓာတ်မကျဘူး၊ မိမိ ကြေကွဲနေတာကို အစ်ကို သိပါတယ်၊ ဒါပေမဲ့ ပျော်ရွှင်မှုတွေ စောင့်ကြိုနေတယ် ဆိုတာ သိထားပါ မိမိ ရယ်၊ အစ်ကို ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ချင်လို့ ဒီစကားတွေ ပြောနေမိတာမဟုတ်ပါဘူး။ မိမိလည်း အစ်ကို့လိုပဲ ခံစားနေရတယ် ဆိုတာ အစ်ကို သိပါ တယ်။

စိတ်တွေမဆိုးနဲ့ မိမိရယ်။ ခု ပြောနေတာတွေကို တော်မှ ဖြစ်တော့မယ်၊ လုတော် စောင့်နေပြီလေ။ သူက အစ်ကို့စာတွေကို မနက်တိုင်း စာတိုက်ပုံး ထဲ သွားထည့်ပေးတတ်တယ်။ မိမိ အစ်ကို့ဆီက သတင်းစကား မကြားရတဲ့ နေ့ တစ်နေ့မှ မရှိရအောင်လို့ ပေါ့။ ကြီးကြီးမေ၊ အဖေ၊ အမေနဲ့ အစ်ကိုတွေ ကို သတိရကြောင်း ပြောပေးပါ။ အစ်ကို သူတို့ ကို သိပ်လွမ်းပါတယ်။

မိမိကိုတော့...မိမိကိုတော့ ဖက်ထားချင်တယ်၊ နမ်းချင်တယ်၊ အရမ်းပဲ။ အားလုံးထက် မိမိကို ပိုချစ်တဲ့ -

အစ်ကို။

ချစ်ရတဲ့ မိမိရေ

ညက ကောင်းကင်ကို မော့ကြည့်မိတယ်။ ရန်ကုန်ညဟာ ကြယ်တွေ စုံလို့ ပဲ။ အစ်ကိုတို့ နှစ်ယောက် ကောင်းကင်ကြီးကို ပြိုင်တူ ကြည့်နေရင် ကြယ် တွေကို တူတူ တွေ့ရမှာ

ပဲနော်။ အစ်ကိုတို့ နှစ်ယောက်ရဲ့ အနမ်းတွေကနေ ကြယ်လေးတစ်ပွင့်စီ ဖြစ်ထွန်းလာသလားလို့ စိတ်ကူးယဉ်မိတာလည်း ခဏခဏပေါ့။ ခုတော့ ကြယ်လေးတွေက ဟိုးအမြင့်ကြီးကနေ တို့ နှစ် ယောက်ကို ဆီးပြီး ကြည့်နေကြတယ်။ မှောင်မိုက်နေတဲ့ အစ်ကို့ရှေ့က လမ်း ကို သူတို့ က အလင်းပြနိုင်ပေမယ့် မိမိလို စကြဝဠာတစ်ခွင် အလင်းဆုံး နေမင်းကြီးတော့ ဘယ်ဟုတ်ပါ့မလဲ-နော်…။

ဦးစော ဆက်မဖတ်နိုင်တော့။ ခေါင်းကို လေးပင်စွာ ခါယမ်းကာ စာကို အိတ်ထဲ ပြန်ထည့်ပြီး သူ့ရှေ့မှ ထောင်ပုံရာပုံ စာအိတ်ထပ်ကြီးကို ဆွဲယူ လိုက်သည်။

ချစ်တဲ့ မိမိရေ

အစ်ကို မိမိနဲ့ အတူမရှိတဲ့ ခုလို အခြေအနေမှာ အချိန်ဟာ ကုန်ခဲလွန်းလှ တယ်ကွယ်၊ တစ်ရက် တစ်ရက် အသင်္ချေ အနန္တလောက်ကို ကြာနေသလိုပါ ပဲ။ ညညဆို အစ်ကို အိပ်မပျော်ဘူး၊ လန့်လန့်နိုးတယ်၊ အချိန်တွေကို ရေတွက်နေမိတယ်။ ခုလေ-အစ်ကို့ ကြားနိုင်စွမ်းတွေ လျော့ကျလာ သလိုပဲ။ မျက်စိအမြင်ကြောင့် အကြားအာရုံတွေ ဆုတ်သွားသလားတောင် မသိဘူး။

စက္ခုအတွက် သောတအာရုံတဲ့ -အတော်ကြောင်တဲ့ အတွေးပဲနော်၊ တကယ်တော့ အစ်ကိုဟာ နားတွေကို မျက်စိထက် ပိုယုံတယ်ဆိုတာ မိမိ သိ ပါတယ်၊ ခုတော့ မျက်စိဟာ တခြားကမ္ဘာက ပစ္စည်းလို အစ်ကို ခံစားနေရ တယ်။ စိတ်တောင် ပျက်မိသလိုပဲ။ ဘာဖြစ်လို့ တုံးဆိုတော့ အစ်ကို လောက ကို မိမိ မျက်လုံးနဲ့ မြင်စဉ်တုန်းက တစ်လောကလုံးဟာ ထင်ထင်ရှားရှား ပြက်ပြက်ထင်ထင်ကြီးကို လှနေတယ်။ ခု ကိုယ့်မျက်လုံးနဲ့ ကိုယ် မြင်တဲ့ အခါမတော့ လခြမ်းဟာ လခြမ်းပဲ၊ မိမိစားနေတဲ့ ဖရဲသီးစိတ်လို့ ဘယ်လိုမှ မြင်ကြည့်လို့ မရဘူးကွယ်။ ကျောက်တုံးဟာ ကျောက်တုံးပဲ၊ ပြုစားခံရတဲ့ ငါးလေးတစ်ကောင် ဖြစ်မသွားခဲ့ဘူး။ ကောင်းကင်ယံမှာလည်း ကျွဲတွေ၊ နှလုံးသားတွေ၊ ပန်းခင်းတွေ ပြည့်မနေဘူး၊ ညိုမှိုင်းမှိုင်းတိမ်တွေပဲ မြင် ရတော့တယ်။

ဒါပေမဲ့ အစ်ကို စိတ်မပျက်ပါဘူး။ ဦးတော်ဟာ အစ်ကို့အပေါ် သိပ် ကောင်းတာပဲ။ အစ်ကို ကျောင်းစာကို ကြိုးစားနေတယ်။ ကျောင်းပိတ်ရက် မှစ မိမိနဲ့ ပြန်ဆုံနိုင်လိမ့်မယ်လို့ အစ်ကို ယုံတယ် သိလား။

ကြီးကြီးမေကို အရမ်းသတိရတယ်လို့ ပြောပေးဦး၊ မိမိလေးကို ဖက်ပြီး နမ်းနေတာ ခု။

မိမိရဲ့ ထာဝရ-

အစ်ကို

ချစ်ရတဲ့ မိမိလေးရေ

ခုဆို ကျောင်းတက်နေတာ ခုနစ်လတင်းတင်းပြည့်ခဲ့ပြီ။ မနေ့ကတော့ တတိယအကြိမ်မြောက် အတန်းတက်ပေးကြတယ်။ အစ်ကို အထက်တန်းပညာသင်နေပြီ။ အသက်အရွယ်နဲ့ အတန်း ညီမျှ သွားပြီလို့ သူ တို့ က ပြောကြတယ်။ ကလောဘုန်းကြီးကျောင်းမှာ စာသင်ခဲ့တဲ့ မျက်မမြင် ကောင်လေး တစ်ယောက်ဟာ ဘာလို့ ဒီလောက် ပညာတွေ တတ်နေရတာ လဲလို့ သူတို့ အံ့သြဘနန်း ဖြစ်နေကြတယ်။ အင်း-ဆရာတော်ကြီးဟာ...။

အချစ်ဆုံး မိမိ

ဒီရက်ပိုင်း အစ်ကို့စာတွေ ဝမ်းနည်းစရာ ဖြစ်နေမယ်ဆိုရင် ခွင့်လွှတ် တော့ကွယ်။ အစ်ကို့ဆန္ဒ အစ်ကို့တောင့်တမှုတွေက မိမိကို ဝန်ထုပ်ဝန်ပိုး မ ဖြစ်စေချင်ဘူး။ အစ်ကို့အတွက် မပူပါနဲ့။ ဒစ်ကို မိမိ အကြောင်း စဉ်းစား လိုက်ရင် လွမ်းတာတွေ၊ ချစ်တာတွေအပြင် ကျေးဇူးတင်တာကိုပါ ခံစားမိ တယ်။ မိမိဟာ အစ်ကို့ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ်နဲ့ လောကကြီးကို မြင်စေ ခဲ့တယ်။ မိမိမျက်ဝန်းတွေက တစ်ဆင့် မြင်ရတဲ့ လောကဟာ သိပ်လှတယ်၊ အစ်ကို့ကြောက်စိတ်တွေကို ကျော်လွှားနိုင်အောင် ကူညီ ပေးခဲ့တယ်။ မိမိ ကြောင့် အစ်ကို အဲဒါတွေကို ကျော်လွှားနိုင်ခဲ့တယ်။ မိမိ အစ်ကိုနဲ့ ပူးကပ် နေတိုင်းမှာ ဒီကြောက်စိတ် စိုးရိမ်စိတ် သိမ်ငယ်စိတ်တွေ ပျောက်နေခဲ့ တယ်။ အစ်ကို ရဲရဲကြီး ရင်ဆိုင်နိုင်ခဲ့တာ မိမိကြောင့်ပဲ၊ ဒါကြောင့် အစ်ကို ဟာ မိမိအတွက်ပဲ။ တခြား ဘယ်သူ့အတွက်မှ မဟုတ်ဘူး။

ချစ်ခင်စွာ-

ကျေးဇူးတင်စွာဖြင့်-

အစ်ကို

ဦးစောတစ်ယောက် စာတွေကို ပြန်ခေါက်သိမ်းလိုက်သည်။ အချစ်ရူးလေးရဲ့ စာတွေ ဖတ်ရတာ ဒီလောက်ဆို တော်လောက်ပြီ။ စာတွေကို စာအိတ်ထဲ အသေအချာ ပြန်ခေါက်ထည့်သည်။

ဒီကောင်မလေးကို ကျေးဇူးတင်ကြောင်း၊ အထင်ကြီးကြောင်းချည်း တင ်ဝင်း ဘာကြောင့် လိုမ့်ရေးနေပါလိမ့်။ သူ့တစ်သက်လုံး အထင်ကြီးဖူးသည့် လူတစ်ယောက်မျှ မရှိ။ သူ့ထက် ပိုအောင်မြင်၊ ပိုချမ်းသာသည့် လက်တစ်ဆုပ်စာ သူကြွယ်ကြီးတွေကို သူ လေးစားပါသည်။ အင်္ဂလိပ် အရာရှိမင်းတွေ ကိုလည်း သူ လေးစားပါသည်။ သို့သော် အထင်မကြီး၊ အထင်ကြီးသည် ဆိုသည် က ဘာတုံး။ သူ့မိန်းမတုန်းကရော၊ ဟင့်အင်း- ထမင်းကောင်းကောင်း စားလို့ ရအောင်

ကျေးဇူးတင်သေးသည်။ ပါးစပ်ပိတ်နေတာကိုပင်

သူ့စားပွဲပေါ်မှာ စာစည်းကြီးကို ကြည့်လိုကသည်။ ပြီးခဲ့သည့် တစ်နှစ်လုံး တင်ဝင်းသည် ကလောမှ မိမိ ဆိုသည့် အမျိုးသမီးငယ်ထံ နေ့စဉ် မပျက်မကွက် စာရေးခဲ့သည်။ တစ်ရက်တောင် ပျက်ကွက်ခြင်းမရှိ။ လောက်ရေးတာတောင် သူ ပြန်စာတစ်စောင်မျှ လက်ခံရရှိခြင်း မရှိ။ တကယ်တော့ မိမိကလည်း သူ့ကို နေ့စဉ် စာပြန်သည် သာ။ သူတို့ နှစ် ယောက် တစ်ဖက်က ပြန်စာ တစ်စောင်ပင် မရပါ ဘဲလျက်ကယ်နှင့် နိစ္စဓူဝ စာရေးမပျက်ကြ၊ ရူးလည်း ရူးတဲ့ ဟာကလေးတွေ။ ဦးစော သည်းထန်စွာ ရယ်မိသည်။ ရယ်လွန်းသဖြင့် သီးတောင်သွားသည်။ အသက်ကို အမောတကော ရှူနေရသည်။ ကဲကဲ- တင်ဝင်းစာတွေကို အပေါ်ဆုံးအံဆွဲ ထဲ ပြန်ထည့်ပြီး အောက်ဆုံးအံဆွဲကို ဖွင့်လိုက်သည်။ အထဲမှာ မိမိ ပြန်စာ တွေ အပုံလိုက် မဖတ်ရသေးဘဲ ရှိနေသည်။ သူ ကြုံရာကျပန်း တစ်စောင်ဆွဲလိုက်သည်။ ဖောက်သည်။ ဖတ်သည်။

အစ်ကိုရေ-

မိမိရဲ့ စာကို ဖတ်ပြဖို့ တစ်ယောက်ယောက် ရှိမှာ ပါနော၊ မနေ့က ဝရန်တာမှာ ထိုင်နေတုန်း အမေက အနားလာထိုင်တယ်၊ မိမိလက်တွေကို ကိုင်ရင်း သမီးလေး နေလို့ ကောင်းရဲ့ လားတဲ့ သူကြည့်ရတာ ဝမ်းနည်းပက်လက် ဖြစ်နေပုံပဲ အစ်ကိုရယ်။ ကျေးဇူးပါ မေမေ၊ မိမိ နေလို့ ကောင်းပါတယ်လို့ ပြန်ဖြေလိုက်တယ်၊ မောင်တင်ဝင်း မရှိတော့ သမီး ဖြစ် ရဲ့ လားတဲ့၊ သူသွားတာ တစ်လတောင် ကျော်ပေါ့တဲ့။ အစ်ကိုဟာ မိမိနား မှာ မိုးလင်းက မိုးချုပ် ရှိနေတာပါ ဆိုတာ မေမေ သိအောင် မိမိ ဘယ်လို ရှင်းပြရမလဲ အစ်ကိုရယ်။ လေအဝေ့မှာ အစ်ကို့ကို မိမိ မြင်တယ်၊ တိတ်ဆိတ်နေရင် အစ်ကို့အသံကို မိမိကြားတယ်၊ မျက်စိမှိတ်လိုက်ရင် အစ်ကို့အယုအယတွေကို ခံစားရတယ်၊ အနားမှာ ဘယ်သူမျှ မရှိရင် အစ်ကို့ ကြောင့် မိမိ ရယ်ရပြီး အစ်ကို့ကို သီချင်းဆိုပြတာပေါ့။ ဒီလို ပြောပြလိုက် တော့ မေမေက မိမိကို အင်မတန် သနားတဲ့ အကြည့်နဲ့ ကြည့်ပြီး ဘာမှ ဆက်မပြောတော့ဘူး။ ဒါကြောင့် စကားလုံးတွေက နားလည်မှု လွဲတတ် တယ်လို့ ပြောတာပေါ့။

မိမိကို တစ်မိသားစုလုံး ဂရုစိုက်ကြတယ် အစ်ကိုရဲ့၊ ဘယ်သွားချင်သွား ချင် အစ်ကိုတွေက မညည်းမညူ ပို့ပေးတယ်။ သူတို့ ကျောပေါ်မှာ ငြိမ်ငြိမ် လေး လိုက်လာတော့ ဟဲ့-ကောင်မလေး ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ပျော်အောင် စကြတယ်၊ ဒါပေမဲ့ ပျော်ပါဘူး၊ စိတ်တောင်ညစ်သေး။ အစ်ကို နဲ့ အတူ သွားလာခဲ့ရတာတွေ၊ အစ်ကိုဟာ မိမိအတွက် ဘယ်လိုအဓိပ္ပာယ်ရှိ တယ်ဆိုတာတွေကို သူတို့ သိအောင် ဘယ်လို ရှင်းပြရမလဲ အစ်ကိုရယ်။ တစ်ယောက်လက် တစ်ယောက် ကိုင်ထားရမှ နီးစပ်တာ မဟုတ်ဘူး ဆိုတာကို သူတို့ သဘောမပေါက်ပါဘူး။

မနေ့က ကြီးကြီးမေဆီ သွားလည်တယ်၊ သူလည်း နေကောင်းပါတယ်၊ မောင်တင်ဝင်းဆီက ဘာသတင်း ကြားသေးလဲတဲ့။ သတင်းကြားရင် လာပြောပါ့မယ်လို့ ပြောခဲ့ရတယ်။ အစ်ကိုလည်း ကြီးကြီးမေ အကြောင်း သိ သားပဲ။ သူက စိတ်ပူတတ်တာကို...။

မိမိချစ်ရတဲ့ အစ်ကိုရေ

ပြီးခဲ့တဲ့ အပတ်က မိမိ ဆေးလိပ် စလိပ်တယ် သိလား။ ဆေးလိပ်လိပ်သင် ပြီးရင် မိမိ ပိုက်ဆံ ရှာနိုင်ပြီ။ ကြည့်ရတာ မေမေက အစ်ကို ပြန်မလာတော့ ဘူးလို့ ထင်ပုံပဲ။ ဘာမှတော့ မပြောပါဘူး။ အမေရော အဖေပါ သိပ်မမာကြဘူး။ အဖေလည်း မောမောနေတယ်။ ယာခင်းထဲ သိပ်မဆင်းနိုင်တော့ဘူး။ သူတို့ အသက်ကြီးလာကြပြီပဲ။ နှစ်ယောက်လုံး ငါးဆယ်တောင်ကျော်မှ ကို နော်။ ဘာပဲပြောပြော သူတို့ ခုလို တူတူနေကြတာကိုက ကျေနပ်စရာ ကောင်းလှပါပြီ။ မိမိလည်း အစ်ကိုနဲ့ အတူ အိုချင်တယ် အစ်ကိုရယ်၊ ဆေးလိပ်လိပ်ရင်း မိမိ အဲဒါကို စိတ်ကူးယဉ်နေတာ သိလား။

အလုပ်က လွယ်ပါတယ်။ သနပ်ဖက်ရယ်၊ သတင်းစာအဟောင်းရယ်၊ ပြောင်းဖူးရိုးရယ်၊ ဆေးစပ် ရယ်ကို မြို့ထဲကနေ လာပို့တယ်။ နေ့တိုင်း ဝရန်တာမှာ ထိုင်ပြီး မိမိ ဆေးလိပ်လိပ်တယ်။ လက်ဖဝါးလေးတွေနဲ့ ပွတ် ပွတ်ပြီး မကျစ်လွန်း၊ မပွလွန်း၊ သောက်ကောင်းတဲ့ ဆေးလိပ်ကလေး ဖြစ် အောင် လိပ်တာပေါ့။ ဆေးစပ်လာပို့တဲ့ လူကတော့ မိမိကို သိပ်တော်တာပဲ တဲ့။ ဒီလောက် မြန်မြန် လိပ်နိုင်တာ သူ တစ်ခါမှ မမြင်ဖူးဘူးတဲ့။ မိမိ လိပ်တဲ့ ဆေးလိပ်လေးတွေဟာ သူများ လိပ်တာထက်ကို ပိုချို့တယ်၊ ပိုသောက် ကောင်းတယ်တဲ့ လေ၊ မိမိတော့ တစ်နေ့ တစ်နေ့ အလုပ်နဲ့ လက်ကို မပြတ် ရဘူးတော့၊ ငွေတွေလည်း အများကြီးရတယ်၊ မိမိတို့ ရှေ့ရေးအတွက် ပူစရာ မလိုတော့ဘူး အစ်ကို။

မိုးရွာတော့မယ် အစ်ကိုရေ၊ ဟော-မိုးခြိမ်းပြီ၊ ကြက်သီးတွေ ထလိုက်တာ အစ်ကိုရယ်...။

ချစ်တဲ့ ကျားပေါက်လေးရေ

ပြီးခဲ့တဲ့ နှစ်ပတ်လောက်က ဒီလိပ်ပြာလေး ဝရန်တာမှာ သေနေရှာတယ်။ ခု စာအုပ်နဲ့ ဖိပြီး အစ်ကို့ဆီ ပို့လိုက်တာ။ အစ်ကိုချစ်တဲ့ လိပ်ပြာတောင်ပံ ခတ်သံလေးတွေလေ၊ တစ်ခါက မိမိ ရင်ခုန်သံနဲ့ တူတယ်လို့ ပြောဖူးသေး တယ်လေ၊ အစ်ကိုက ချစ်ဖို့ ကောင်းအောင် သိပ်ပြောတတ်း။

စာကို စားပွဲပေါ် လွှတ်ချလိုက်သည်။ မတ်တတ်ထရပ်ပြီး ပြတင်းပေါက် နား သွားလိုက်သည်။ မိုးတွေ ရွာနေသည်။ မိုးပေါက်ကြီးတွေကြောင့် မြေကြီးပေါ်မှာ

ရေတွေ အိုင်ထွန်းနေသည်။

ဒီတင်ဝင်းနှင့် မိမိ နှစ်ယောက်သား ရှုးနေကြ ဘာ ဖြစ်လိမ့်မည်။ တစ်နှစ်ကျော် သေလား၊ ရှင်လား မသိလောက်အောင် အဆက်အသွယ်ပြတ်နေကြသော်လည်း စာတွေထဲမှာ ခါးခါးသီးသီး တစ်လုံးမျှမပါ။ ဘာလို့ စာမရေး တာလဲ၊ ငါကဖြင့် နေ့တိုင်း ရေးလိုက်ရတာ၊ မင်း ငါ့ကို မချစ်တော့ဘူးလား၊ အသစ်များ တွေ့နေပြီလား အစရှိသဖြင့် တစ်လုံး မပါ။

အချစ် ဆိုသည့် ရောဂါသည် မကူးစက်တတ်သဖြင့် သူ စိတ်သက်သာရာ ရမိသည်။ နို့မို့ဆို သူ့အစေခံတွေအားလုံးကို အလုပ်ထုတ်ပစ်ပြီး တစ်အိမ် လုံး နွားနို့ဖြင့် ဆေးကောင်း ဆေးနေရမည်။ သူကိုယ်တိုင်လည်း ရုပ်ရည်သနားကမားရှိသည့် အစေခံ ကလေးမများ နှင့် ချစ်တမ်းကစားရင်း ကိုယ်ကျိုးကြီးနည်းပေလိမ့်မည်။ ဒီစာတွေဟာ သူ့အစီအမံတွေကို ပြောင်းသွားစေနိုင်သလား။ ဟင့်အင်း-အဲသလို မထင်ပါ။ လောကမှာ အချိန်ရဲ့ တိုက်စားမှုကို ကြံ့ကြံ့ခံနိုင်သည့် ခံစားချက်ဟူ၍ မရှိ အချိန်တွေ ကြာလာသည် နှင့် အမျှ အချစ်ဆိုတာလည်း အပိုင်းပိုင်း အတစ်တစ် အစိတ်စိတ် အမြွှာမြွှာ ဖြစ်ရမည်သာ။

တင်ဝင်းက သူ ထင်တာထက် အဆပေါင်းများ စွာ ပိုထူးချွန်သည်။ ခု တော့ ဗေဒင်ဆရာကို ရွှေချထားရမလိုပင်။ တင်ဝင်း ရောက် လာပြီးမှ သူများ တွေအားလုံး စီးပွားကျဆင်းနေချိန်မှာ သူ့စီးပွားက ဒီရေအလားတိုး နေသည်။ မြန်မာပြည်မှာ အကောင်းဆုံးဖြစ်သည့် စိန့်ပေါလ်ကျောင်းက ဆရာတွေအားလုံးက တင်ဝင်းသည် ပညာရေးမှာ အံ့ဖွယ်သရဲ ထူးထူးကဲကဲ တော်လွန်းလှကြောင်း တညီတညွတ်တည်း မှတ်ချက်ပေးကြသည်။ သူ အထက်တန်းစာမေးပွဲ အောင်လျှင် ဘယ်အင်္ဂလန် တက္ကသိုလ်ကမဆို ပညာသင်ဆုနှင့် သူ့ကို အလုအယက် ကမ်းလှမ်းကြလိမ့်မည်ဟု ကျောင်းအုပ်ကြီးက နှစ်ထောင်းအားရစွာ ပြောပြသည်။ မြန်မာပြည်သားတစ်ယောက် ပေါက်ပေါက် မြောက်မြောက် ဖြစ်မှာ ကို မြေတောင်မြှောက်ပေးသင့်သတဲ့။

မှန်ပေသည်။ သို့သော်လည်း ဥရောပက စစ်ရိပ်စစ်ငွေ့သန်းခဲ့ပြီ။ ဆိုးသထက် ဆိုးလာဖို့ သာ အကြောင်းရှိ၍ စစ်က တန့်သွားစရာ အကြောင်းမရှိ။ အာရှတိုက်မှာ ဂျပန်လွှမ်းမိုးမှုက အားကြီးလာခဲ့ပြီ။ ဗြိတိသျှကိုလိုနီအစိုးရ ကို အနေးနှင့် အမြန်ဆိုသလို ဂျပန်က တိုက်တော့မည်။ အင်္ဂလန်ကရော ဂျာမန်တွေကို ဘယ်လောက်ကြာကြာ ခုခံနိုင်မတဲ့ လဲ။ တစ်ကမ္ဘာလုံးပေါ်မှာ ဂျာမန်အလံ စိုက်ထူဖို့ အတွက် အချိန်ပိုင်းသာ လိုတော့သည် ဟု ဦးစောက တွက်သည်။ လန်ဒန်သည် ကမ္ဘာ့ထိပ်ခေါင်မြို့တော် ဖြစ်မည် မဟုတ် တော့။ သေချာပေါက် လျှောကျ နိမ့်ပါးသွားလိမ့်မည်။

ဦးစောမှာ တခြား အစီအမံတွေ ရှိနေခဲ့ပါသည်။

****

အခန်း(၆)

ခရီးသည်တင် ပင်လယ်ကူးသင်္ဘောကြီး၏ ထွက်ခွာပုံမှာ လွန်စွာ ပျော်စရာကောင်းလိမ့်မည်ဟု တင်ဝင်း တွေးထားခဲ့မိသည်။ သင်္ဘောသားတွေက ဖြူဆွတ်နေသည့် ယူနီဖောင်းကိုယ်စီနှင့် တီးဝိုင်းက သံစုံတေးတွေကို မြူးကြွစွာ တီးမှုတ်၊ လူတွေက လက်ခုပ်သြဘာတွေတီး၊ ကောင်းချီးပေးကြ၊ ခန့်ညားတည်ကြည်သော ကပ္ပတိန်က ခရီးသည် တွေကို နှုတ်ခွန်းဆက် ခရီးဦးကြိုဆိုလို့။

လက်တွေ့မှာ တော့ ဆီကွက်တွေ စွန်းနေသည့် ယူနီဖောင်းများ နှင့် သင်္ဘောသားများက သူ့ကို အတင်းအဓမ္မ ဖြတ်ကျော်ရင်း သုတ်ခြေတင်နေကြသည်။ ဘာတီးဝိုင်း၊ ဘာဂီတမျှ မရှိ။ ဥသြတဘူ ဘူ ဆွဲခြင်းလည်း နတ္ထိ၊ လူအုပ်ကြီးလည်း မရှိ၊ လက်ရန်းကို ကိုင်ရင်း အောက်သို့ ငုံ့ကြည့်လိုက် သည်။ ဆိပ်ကမ်းဂိုဒေါင်နားမှာ မြင်းလှည်းနှင့် ဆိုက်ကားတွေ ရပ် ထားသည်။ မြင်းလှည်းဆရာ၊ ဆိုက်ကား ဆရာတွေက သူတို့ စီးတော် ယာဉ်တွေပေါ် စက်တော်ခေါ်နေကြသည်။ ရှည်လျားလှသော ဆိပ်ခံ ဇောတံတားက တိတ်ဆိတ်ခြောက်သွေ့နေသည်။ ဆိပ်ကမ်းအာဏာပိုင် အချို့က သင်္ဘောဘေးမှာ ရပ်နေကြသည်။ ခရီးသည် တွေကို လိုက်ပို့သူ အချို့ သင်္ဘောခေါင်းတိုင် မည်းမည်းကြီးကို လည်တဆန့်ဆန့်နှင့် ငှက် ပေါက်စတွေလို မော့ကြည့်နေကြသည်။ သူ သိသောသူ တစ်ယောက်မျှ မပါ။ လှတော်လည်း အိမ်မှာ နေခဲ့ရသည်။ ဆိပ်ကမ်းသို့ ဒရိုင်ဘာကလိုက်ပို့ပြီး သူ့အထုပ်အပိုးတွေကို အလုပ်သမားနှစ်ယောက်က သင်္ဘောပေါ် သယ်သွားသည်။ ဒရိုင်ဘာလည်း အိမ်ပြန်သွားခဲ့ပြီ။

မနေ့ညက သူနှင့် ဦးစော ညစာ အတူစားရင်း ဦးစောက ခရီးသွားဖို့ စာရွက်စာတမ်းတွေ ထုတ်ပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စု ပြည်ဝင် ခွင့်ဗီဇာနှင့် နိုင်ငံကူးလက်မှတ်။ လီဗာပူးထိ သင်္ဘောလက်မှတ်က တစ် စောင်၊ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်၍ အမေရိကန်သို့ ကူးရမည့် သင်္ဘော လက်မှတ်က တစ်စောင်၊ နယူးယောက်က သူ့မိတ်ဆွေ အိန္ဒိယ ဆန်သူဌေးကြီးထံပါးသောစာ၊ တင်ဝင်း သူ့ဆီမှာ ခဏနေရမည်။ ပြီးတော့ စာအိတ်တစ်လုံးအပြည့် ငွေသားများ။ သူ့ဆီက ပြန်မျှော်လင့်သည် ကတော့ တစ်နှစ် အစီရင်ခံစာ ခြောက်စောင်နှင့် တက္ကသိုလ်ဘွဲ့ဒီဂရီပါပဲတဲ့။ ပြန်လာလျှင် လုပ်ငန်းတွေကို ခွဲပေးမည်တဲ့။ တစ်နိုင်ငံလုံးမှာ သြဇာအရှိ ဆုံးလူ ဖြစ်လာစေရမည်တဲ့။ ဘာမျှ ပြန်ပေးစရာ မလိုပါတဲ့။

သူ အောင်မြင်ပါစေကြောင်း ဦးစောက ဆုမွန်ကောင်းတောင်းရင်း

ပညာသင်ခရီးကို စေလွှတ် လိုက်သည်။ ပွဲ့ဖက်နှုတ်ဆက်ခြင်း အလျှင်းမ ရှိ၊ သူတို့ နှစ်ယောက် နောက်ထပ်လည်း ဘယ်တော့မှ ပြန်မတွေ့ရတော့။

အပင်ပျိုတစ်ပင်ကို အမြစ်က နုတ်ပြီး နေရာပြောင်းစိုက်လျှင် ကောင်းစွာ ကြီးထွားလာဖို့ ဘယ်လောက် ကြာသနည်း။ သုံး လေးလလား၊ တစ်နှစ် လား၊ နှစ်နှစ်လား၊ သုံးနှစ်လား။ ခုဆို ရန်ကုန် ရောက်တာ နှစ်နှစ် တင်းတင်း ပြည့်ပြီ။ သို့သော် ရန်ကုန်သည် သူ့အတွက် သူစိမ်းဆန်နေဆဲ၊ စေတောကြီးမျက်မည်း ဖြစ်နေဆဲ။ လေနှင့် အတူ ရွက်ကျပင်ပေါက်ပမာ ခံစားနေရဆဲ။ လွင့်လာသည့်

ကျောင်းမှာ သူ့ကို ဆရာတွေက အထင်ကြီးကြသည်။ အတန်းဖော်တွေက လေးစားကြသည်။ သို့သော် တင်ဝင်းအဖို့ မည်သူနှင့် မျှ နီးနီးကပ်ကပ် မဖြစ်ခဲ့။

ဆိပ်ကမ်းကတစ်ဆင့် ရန်ကုန်မြို့တော်ကြီးကို ဝေ့ကြည့်လိုက်သည်။ ရွှေတိဂုံစေတီတော်သည် ညနေခင်းနေခြည်အောက်မှာ ဝင်းဝင်းတောက် နေသည်။ ကောင်းကင်က တိမ်မရှိ၊ ပြာလဲ့နေသည်။ ဒီခရီး မထွက်ခင် သူ မြို့တော်တစ်ခွင် ပြဲပြဲစင်အောင် လျှောက်သွားခဲ့သည်။ ကောလာဟလတွေ က တစ်မြို့လုံး ပြန့်လျက်။ လူတွေက တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြသည်။ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဘယ်တုန်းကမှ မကြုံဖူးသည့် ဆိုင်ကလုန်း မုန်တိုင်းကြီးတစ်ခု အစပျိုးနေသယောင်၊ ကျားတစ်ကောင်က ရေကူးပြီး မြစ်တစ်ဖက်ကမ်းက မိသားစုငါးယောက်ကို ကိုက်သတ်သွားသ ယောင်၊ ဧရာမ ငလျင်ကြီး တစ်ခု လှုပ်တော့မယောင်၊ ဂျာမန် စစ်သင်္ဘော တွေက အင်္ဂလိပ်ဆိပ်ကမ်းတွေကို ပိတ်ဆို့ထားပြီး ဂျပန်က မြန်မာပြည်ကို တိုက်တော့မည်။ ဥရောပမှာ ရောဂါ အာရှမှာ ပါ ဗြိတိသျှတို့ အလဲလဲအကွဲကွဲ ရှုံးရမည်။ ဂျပန်ဝင်တာက ရက်ရာဇာ ဗုဒ္ဓဟူး၊ ဒို့မဟုတ် တနင်္ဂနွေ ဖြစ်ခဲ့ လျှင် မြန်မာပြည်အတွက် အဆိုးထဲမှ အကောင်းဖြစ်သည် စသဖြင့် ဗေဒင် ဆရာတွေ၏ ဟောကိန်းတွေကလည်း ပလူပျံနေသည်။

ကောလာဟလတွေကို တင်ဝင်းလည်း ကြားပါသည်။ ကောလာဟလ ဖြန့်ဝေခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်တော့ မဟုတ်။ သူ့အတွက်တော့ ဒါတွေက ဘာမျှ အရေးမကြီး။ သူ့ခရီးစဉ်က ဘင်္ဂလားပင်လယ်အော်ကို ဖြတ်၊ အင်္ဂလိပ်ပိုင်ဆိပ်ကမ်းတွေမှာ ကပ်ရင်း သွားရမည် ဖြစ်သော်လည်း သူ မကြောက်။ ငလျင်ပဲ လှုပ်လှုပ်၊ ဂျပန်ပဲ ဝင်ဝင်၊ မုန်တိုင်းပဲ ကျကျ၊ ဂျာမန် ယူဘုတ်ရေငုပ်သင်္ဘောတွေနဲ့ ပဲ တွေ့တွေ့၊ မကြောက်ရေးချ မကြောက်။

သူ့အကြောက်တရားတို့ ပျောက်ဆုံးသွားခဲ့တာ ကြာပြီ။ ဘယ်တုန်းက စ မှန်းတော့ မသိ။ နေ့ချင်း ညချင်းတော့ မဟုတ်။ မခံမရပ်နိုင်အောင် ပူပြင်းသော နွေနေ့တွေမှာ အစပြုခဲ့သည် ဟု တော့ ထင်သည်။ ကန်တော်ကြီး ပန်းခြံထဲ ချွေးတရွဲရွဲဖြင့် ထိုင်နေတုန်း ချိုးကလေးနှစ်ကောင် သူ့ရှေ့မှာ လာ နားသည်။ သူတို့

လည်း အပူဒဏ်ကြောင့် တိမ်းတိမ်းမူးမူး ဖြစ်နေပုံပင်။ ကန်ရေပြင်ကိုငေးရင်း မိမိကို အိပ်မက် မက်နေသည်။ သို့သော်လည်း ထို ခဏအခိုက်အတန့်မှာ ကြောက်စိတ်၊ ဝမ်းနည်းစိတ်တွေ ပျောက်ဆုံးနေမှန်း သူ သတိထားမိသည်။ သူ မိမိကို ချစ်သည်။ သို့သော် ထိုအချစ်ကြောင့် ကြောက်ရွံ့ ထိတ်လန့် သိမ်ငယ်ဝမ်းနည်းရတာတွေ မရှိတော့။ ခု သူ့ကို မ ချည်နှောင်ထားနိုင်တော့။

ဝေါခနဲ မိုးကျလာသည်။ သူ့မျက်လုံးတွေ မှိတ်ထားလိုက်သည်။ ခဏလေးပေမယ့် ရွဲစိုအောင် ရွာသည့် မိုး။ သူမျက်လုံးတွေ ပြန်ဖွင့်မိတော့ နေညိုချိန်ပင် ရောက်ခဲ့ပြီ။ သူထရပ်လိုက်သည်။ လမ်းလျှောက်ရင်း သူ တစ်ခုခု ပြောင်းလဲနေသည်ကို သတိထားမိသည်။ နှစ်ကာလရှည်ကြာစွာ ထမ်းထားခဲ့ရသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုသည် သူ့ပခုံးပေါ်မှ လျှောကျ သွားခဲ့ပြီ။ သူ လွတ်လပ်သွားသည်။ ဘဝမှာ ဘာကိုမှ မမျှော်လင့်ချင် တော့။ အလိုမကျ၍ လည်း မဟုတ်၊ ခါးခါးသီးသီး ဖြစ်လို့ ရယ်လည်း မဟုတ်ဘဲ ဘာကိုမှ မလိုချင်၊ ဘာမှ အရေးမကြီးပါဘူးဆိုသည့် စိတ်မျိုး ဝင် လာခဲ့သည်။ သူ့ဘဝမှာ ပျော်ရွှင်မှု ဆိုတာကို ခံစားခဲ့ဖူးပြီ၊ ချစ်ဖူးပြီ၊ အချစ် ခံဖူးပြီ၊ ဘာမှ အတုံ့အလှည့် အပေးအယူ မပါဘဲနှင့်ပေါ့။ သူ့နှုတ်ခမ်းတွေ တရွရွနှင့် အသံတိတ် တစ်စုံတစ်ခုကို ရွတ်နေ ခဲ့သည်။

သူအသက်ရှင်နေသမျှ သူမိမိကို ချစ်မည်။ မိမိကလည်း သူ့ကိုချစ်မည်သာ ပါ။ မိမိသည် နှစ်ရက်ခရီး အကွာလောက်မှာ ရှိနေပေမယ့် သူ့ဆီ စာလေး တစ်ကြောင်းတောင် မပြန်ပေမယ့်လို့ ပေါ့။ မိမိကို ပြန်တွေ့ရမည် ဆိုသည့် မျှော်လင့်ချက်တွေကို မကြာခင် လုံးဝဥဿုံ စွန့်လွှတ်ရတော့မည်။ သို့သော်နိစ္စဓူဝ မိုးလင်းက မိုးချုပ်၊ သူ မိမိနှင့် အတူရှိနေမည်မှာ သေချာလှသည်။

"သင်္ဘောအရာရှိငယ် တစ်ဦး၏ အသံ ထွက်ပေါ်လာသည်။"

"ကြိုးဖြုတ်ပြီ"

ဆိပ်ကမ်းအလုပ်သမားတွေက သင်္ဘောဆိုင်းကြိုးကို ဖြုတ်ကြသည်။ ကျောက်ဆူးနုတ်ပြီ၊ ခေါင်းတိုင်က မီးခိုးမည်းမည်းတွေ လှိမ့်ထွက်လာသည်။ သင်္ဘောတစ်စီးလုံး တုန်ခါပြီး ကျယ်လောင် နက်ကျောသည့် ဥဩသံကြီး ကို ပေးပြီ။ တင်ဝင်း နောက်လှည့်လိုက်သည်။ အဘိုးကြီးတစ်ယောက် ရန် ကုန် မြင်ကွင်းကို ငေးရင်း ဦးထုပ်ချွတ်ကာ အလေးပြုလိုက်သည်။ သူ့ မျက်လုံးတွေက ကြေကွဲရိပ် သန်းလျက်၊ မြို့တစ်မြို့ကို ခွဲခွာရသည် ထက် ပိုသည့် နာကျင်ကြေကွဲမှု၊ သူ့နောက်က အင်္ဂလိပ်မ နှစ်ယောက်ကတော့ လက်ကိုင်ပဝါလေး ကိုယ်စီထုတ်၍ တရှုပ်ရှုပ်ငို။

****

တတိယပိုင်း(ခ)

အခန်း(၇)

ဦးဘသည် ပြောနေရင်း ပြောနေရင်း တဖြည်းဖြည်း ပို၍ ပို၍ အိုစာလာသလို ကျွန်မ ခံစားမိသည်။ မျက်နှာနှင့် နဖူးပေါ်က အရေးအကြောင်းတွေ က ထင်ထင်ရှားရှား နက်နက်ရှိုင်းရှိုင်း ဖြစ်လာသည်။ ပါးတွေက ချိုင့်ခွက် ဝင်သွားသည်။ သူက မလှုပ်မယှက် ထိုင်ရင်း ကျွန်မကို စိုက်ကြည့်နေသည်။

ကျွန်မ စောင့်နေလိုက်သည်။

အတော်လေးကြာတော့ သူ အိတ်ကပ်ထဲက စာအိတ်ဟောင်းလေး တစ်အိတ်ကို ထုတ်ယူလိုက်သည်။ မကြာခဏ ဖတ်ရှုလွန်းသဖြင့် ခေါက်ရိုးပင် ကျိုးလုလု၊ ရန်ကုန်က ပို့လိုက်သည့် ထိုစာသည် မိမိထံ လိပ်မူထားသည်။ ပို့ သည့် လိပ်စာက “အမှတ်(၇) ဟယ်လ်ပင်လမ်း၊ ရန်ကုန်”တဲ့။ လက်ရေးက ကြီးကြီး ဝိုင်းဝိုင်း။ အဖေ့လက်ရေး မဟုတ်တာ သေချာသည်။

ရန်ကုန်

၁၄ ဒီဇင်ဘာ ၁၉၄၁

မိမိသို့-

အစီရင်ခံလိုက်ပါသည်။

ဦးတော်၏ တူတော်မောင် မောင်တင်ဝင်းသည် လွန်ခဲ့သည့် ရက် အနည်းငယ်က တိုင်းပြည်မှ ထွက်ခွာသွားခဲ့ပြီ ဖြစ်ကြောင်း သူ့သဘော အတိုင်း ဦးတော် တူမကို သိစေအပ်ပါသည်။ မောင်တင်ဝင်းသည် အမေရိ ကန်ပြည်ထောင်စုသို့ ထွက်ခွာသွားခြင်းဖြစ်ပြီး နယူးယောက်မြို့သို့ ရောက် ရှိပါလျှင် ဥပဒေ ကျောင်းတက်စေဖို့ စီမံထားပြီး ဖြစ်ပါသည်။

နိုင်ငံရပ်ခြားတွင် ပညာတော်သင်သွားရန် ကိစ္စများမှာ မြားမြောင် ရှုပ်ထွေးလှသည် ဖြစ်သောကြောင့် သူကိုယ်တိုင် တူမထံသို့ စာရေး အကြောင်းမကြားနိုင်သည် ကို တူမ သဘောပေါက် နားလည်မည်ဟု ဦး တော် မျှော်လင့်ပါသည်။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း တူမထံမှ ရရှိသည့် စာ များ အတွက် လွန်စွာ ကျေးဇူးတင်ကြောင်း၊ ရန်ကုန်တွင် ပညာသင်ကြား နေရခြင်းအတွက် မအားလပ်သည့် အတွက် စာမပြန်နိုင်ကြောင်း ဦးတော် ကို ပြောစေခဲ့ပါသည်။

ဘွဲ့ဒီဂရီရမှ မြန်မာပြည် ပြန်လာမည်ဖြစ်သဖြင့် မောင်တင်ဝင်းကို နောက် သုံး လေးနှစ်အတွင်း ဆက်သွယ်နိုင်မည် မဟုတ်ပါ။ တူမအတွက် သူက ဆု မွန်ကောင်း တောင်းပေးလိုက်ပါသည်။

လေးစားစွာဖြင့်-

ဦးစော

ကျွန်မ စာကို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်ဖတ်သည်။ ဦးဘက ကျွန်မကို မျှော်လင့်တကြီး ကြည့်နေသည်။ သူ သက်သောင့်သက်သာ ပြန် ဖြစ်သွားသည်။ အတိတ်၏ အရိပ်တွေက သူ့မျက်နှာပေါ်မှ ကွယ်ပျောက်စပြုပြီ။

ကျွန်မကတော့ ဘာပြောရမှန်း မသိ။ ထိုစာက မိမိကို အလွန် အင်မတန် ထိခိုက်နာကျင်စေမည်မှာ သေချာလှသည်။ စွန့်ပစ်ခံရသလို သူခံစားရပေ မည်။ နှစ်နှစ်တိတိ ဘာသံမျှ မကြား၊ စကားတစ်ခွန်းပင် စာမပြန်၊ ကလော မှာ ဆေးလိပ်လိပ်ရင်း၊ ဖေဖေ့ကို အိပ်မက်မက်ရင်း၊ မိသားစုပေါ်၊ အစ်ကို တွေပေါ် မှီခိုရင်း စောင့်ဆိုင်းနေရရှာသော ဒုက္ခိတမကလေး၊ ကျွန်မ ပထမ ဆုံးအကြိမ်အဖြစ် သူ့အတွက် ခံစားမိသည်။

ခရီးစဉ်အစမှာ တော့ သူဟာ စုံစမ်းရန် နာမည်တစ်ခုထက် မပိုခဲ့။ ကြာလာတော့ သူ့မျက်နှာ၊ သူ့ခန္ဓာတွေက ကျွန်မ မြင်ကွင်းထဲမှာ အသက်ဝင်လာ သည်။ ဖေဖေ့ကို ကျွန်မတို့ လက်ထဲက လုသွားသည့် ဒုက္ခိတမကြီး။ ခုရော- ဦးစော စာကြောင့် ကျွန်မ ဒေါသပင် ဖြစ်မိသည်။

"ဒီစာကို မိမိ ရတော့ ဘာဆက်ဖြစ်လဲ ဟင်"

ဦးဘက ဒုတိယစာတစ်စောင်ကို မျက်လှည့်ပြသလို ထုတ်လိုက်ပြန်သည်။ ထိုစာက ပိုထူ ပိုခေါက်ရိုးကျိုးနေသည်။

ကလော

၂၆-ဒီဇင်ဘာ-၁၉၄၁

သို့-ဦးစော

အမှတ်(၇) ဟယ်လ်ပင်လမ်း ရန်ကုန်

မှ- မိမိ

လေးမြတ်စွာ အစီရင်ခံအပ်ပါသည် ဦးမင်းရှင့်

ကျွန်မထံ စာရေးအကြောင်းကြားသည့် အတွက် ကျေးဇူးတင်လှပါသည်။ ဦးမင်းအနေနှင့် ကိုတင်ဝင်းထံမှ အမှာ စကားကို ကျွန်မထံ ထိုမျှ ရှည် ရှည်ဝေးဝေး ပါးရန် မလိုအပ်ပါ။

ဦးမင်း၏ စာကို ဖတ်ရှုရသောအခါ ကျွန်မ အင်မတန် ဝမ်းမြောက်မိ ပါသည်။ ကိုတင်ဝင်းသည် နိုင်ငံရပ်ခြားကို ပညာတော်သင်သွားရန် အတွက် မအားလပ်သည် ကိုလည်း ကျွန်မ ကောင်းစွာ သဘောပေါက် နစးလည်ပါသည်။ သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးသည့် အတွက် ဦးမင်းကို ကျေးဇူးအထူး တင်ရှိပါသည် ရှင့်။

လေးစားရိုသေစွာဖြင့်-

မိမိ

ကျွန်မနှင့် ဦးဘ တစ်ယောက်ကို တစ်ယောက် ပြုံး၍ ကြည့်မိကြသည်။ ကျွန်မ မိမိကို အထင်သေးခဲ့မိသည် ပဲ၊ လျှော့တွက်ခဲ့မိသည် ပဲ၊ ကိုတင်ဝင်း စွန့်ခွာသွား၍ ကူကယ်ရာမဲ့ သောကရတက် ပွေပြီး ဦးစောကို ကက်ကက်လန်အောင် ရန်တွေ့လိမ့်မည်ဟု ထင်ထားမိခဲ့သည်။ သို့သော် မိမိက ကြံ့ခိုင်လွန်းသည်။ လိမ္မာလွန်းသည်။ သူ့ကို ကျိတ်ချီးကျူးရင်း တစ် ချိန်တည်းမှာ ပင် သူ့အတွက် ကြေကွဲနေမိသည်။ တင်ဝင်း မရှိသည့် ဘဝ မှာ သူ ဘယ်လို ရှင်သန်မလဲကွယ်။

“အင်း-အစမှာ တော့ အတော်ရုန်းကန်ရတယ်၊ ဒါတွေဖြစ်ပြီး နောက်တစ်နှစ်လောက် အကြာမှာ မိမိ မိဘတွေ ရှေ့ဆင့် နောက်ဆင့် ဆုံးသွားကြတယ်၊ အဖေက အရင်ဆုံးတယ်၊ နောက်နှစ်လလောက် အကြာမှာ အမေ ဆုံးတယ်၊ အငယ်ဆုံး အစ်ကိုက ဂျပန်တော်လှန်ရေးတပ်ထဲ ဝင်သွားတယ်၊ ပြန်ရောက် မလာတော့ဘူး၊ အစ်ကိုအကြီးဆုံးမိသားစုက ၁၉၄၅ စစ်ကြီးပြီးခါနီး အင်္ဂလိပ် ဗုံးကြဲလေယာဉ်တွေ ဗုံးကြဲတုန်း တစ်မိသားစုလုံး ပါသွားတယ်၊ ခက်ခဲတဲ့ ကာလတွေပေါ့ ဂျူလီယာ၊ ဒါပေမဲ့ မိမိဟာ ပန်းပန် လျက်ပဲကွယ်၊ သူ့မိသားစုဝင်တွေအတွက် သူ ဝမ်းနည်းပါတယ်၊ ပြန်မလာတော့တဲ့ တင် ဝင်းကို စောင့်ရင်းလည်း သူ လွမ်းပါတယ်၊ ဒါပေမဲ့ အသည်းကွဲပြီး အိပ်ရာ ထဲ လဲနေတာမျိုး မဟုတ်ဘူး၊ လုပ်စရာ ရှိတာ ဇယ်စက်အောင် လုပ်ရက်ပဲ၊ မျက်နှာကလည်း ရွှင်ရွှင်လန်းလန်းပဲ၊ အသက်ကြီးတဲ့ထိ သူလှတုန်း၊ ကျက်သရေရှိတုန်းပဲ ဂျူလီယာရယ်၊ မိန်းမတစ်ယောက်အဖို့ အလှအပဆို တာ ဘယ်က လာသလဲ ပြောပြနိုင်မလား ဂျူလီယာ”

ကျွန်မ ခေါင်းခါပြလိုက်သည်။

“ကျုပ် ပြောပြမယ်၊ အလှအပဆိုတာ အချစ်က လာတာကွဲ့၊ ချစ်ခြင်း မေတ္တာက လူသားတွေကို လှစေ ပစေတယ်၊ အချစ်တွေ ပြည့်နေတဲ့ လူတစ်ယောက်

ရွှံစရာကောင်းအောင် အရုပ်ဆိုး အကျည်းတန်တာမျိုး မြင်ဖူးလို့ လား၊ ဘယ်မြင်ဖူးမလဲ၊ အဲသလိုလူမျိုး မရှိဘူးကွဲ့။”

ဦးဘက လက်ဖက်ရည် တစ်ကျိုက် ကျိုက်လိုက်သည်။

“အပိုပြောတာ မဟုတ်ဘူး၊ အဲဒီအချိန်ကာလတွေတုန်းက ကလောက လူပျိုလူရွယ်တိုင်း သူ့ကို လိုချင်ကြတယ်၊ ဇနီးမယားအဖြစ် ပေါင်းဖက်လို ကြတယ်၊ သူ့အလှဟာ ရှမ်းပြည်တစ်ခွင်သာမက ရန်ကုန်-မန္တလေးထိပါ ကျော်ကြားခဲ့တယ်၊ ပိုးကြေးပန်းကြေး အဖိုးတန်ပစ္စည်းတွေ အများကြီးနဲ့ လာကြောင်းလမ်း တောင်းရမ်းကြသူတွေလည်း သိပ်ပေါတာပဲ၊ တင်ဝင်း ထွက်သွားတာ ဆယ်နှစ်၊ အနှစ် နှစ်ဆယ်၊ အနှစ် သုံးဆယ် ကြာလာတဲ့ ထိ မိမိကတော့ လာသမျှ လူတွေအကုန်လုံးကို ငြင်းလွှတ်စမြဲပဲလေ၊ သူ့အချစ် ကို မရလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ် တကဲကဲ လုပ်တဲ့ လူတွေလည်း အများ သားပဲ။

မိမိက သူ့မိဘလက်ငုတ်လက်ရင်း အိမ်ကလေ မှာ ပဲ ဆွေမျိုးတွေနဲ့ အတူ နေတယ်၊ ကြက်တွေ၊ ဝက်တွေ၊ ကျွဲတွေ၊ ခွေးတွေလည်း မွေးရင်းပေါ့၊ နေ့လယ်ခင်းဆို ဝရန်တာမှာ ဆောင့်ကြောင့် လေး ထိုင်ရင်း ခန္ဓာကိုယ်ကို ရှေ့တိုး နောက်ငင် ယိမ်းထိုး၊ မျက်စိလေး မှေးပြီး ဆေးလိပ်လိပ်ရင်းပေါ့၊ နှုတ်ခမ်းတွေကလည်း တရွရွနဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောနေသလိုပါပဲ၊ သူ့ရဲ့ လှုပ်ရှားမှုတွေဟာ အင်မတန်ကို ကျက်သရေရှိတယ်လို့ ကြည့်မိသူ တိုင်း ပြောကြတယ်ပေါ့လေ။

သူ လိပ်တဲ့ ဆေးလိပ်တွေဟာလည်း အများ နဲ့ မတူ တစ်မူ ထူးခြားစွာ အရသာရှိသတဲ့၊ ပါးစပ်ထဲ ချိုသက်သက် အရသာလေး စွဲကျန်ခဲ့သတဲ့၊ လွတ်လပ်ရေး ရပြီးချိန်မတော့ သူ့ဆေးလိပ်တွေဟာ မှော်ဝင် အစွမ်းတွေ ရှိ သလိုလိုတောင် အလွန်အကြူး ပြောကြတယ်၊ ကျုပ်တို့ မြန်မာတွေဘယ်လောက် အယူသီးသလဲဆိုတာ မင်း သိတဲ့ အတိုင်းပဲ ဂျူလီယာ။

တစ်ညမှာ မုဆိုးဖိုကြီးတစ်ယောက် သူ့ဆေးလိပ်ကို သောက်သတဲ့။ ည အိပ်တော့ ဆုံးသွားတဲ့ သူ့မိန်းမ ဘွားခနဲ ပေါ် လာပြီး သူဆန္ဒရှိနေတဲ့ အိမ်နီးနားချင်း သမီးကို တောင်းရမ်းယူလိုက်ဖို့ တိုက်တွန်းသတဲ့။ အဲဒီ နောက်ပိုင်းမှာ မုဆိုးဖိုကြီး သဘောကျနေတဲ့ ကောင်မလေးဟာ သူ့ကို တုံ့ပြန် မေတ္တာထားလာခဲ့တယ်၊ ဆုံးပါးသွားခဲ့တဲ့ မိန်းမရဲ့ အပြုံးကို မိမိရဲ့ ဆေးလိပ်ကို သောက်ရင်း ဆေးလိပ် ငွေ့တွေကြားမှာ သူ တွေ့လိုက်ရတယ်၊ နောက်တစ်ပတ်ကြာတော့ သူ ကောင်မလေးကို တောင်းရမ်း နိုင်ခဲ့တယ်တဲ့။ ဒါကြောင့် မို့ မိမိရဲ့ ဆေးလိပ်တွေဟာ လာဘ်ကောင်းတယ်လို့ ကျော်စော သတင်း ဖြစ်ပြီး ကလောတစ်မြို့လုံးက လူငယ် လူရွယ်တွေ သူ့ဆေးလိပ်ကို မီးခိုးထောင်းထောင်း ထအောင် ဖွာရင်း ရည်းစားသန်နဲ့

အဆင်ပြေဖို့ ရွယ်စူး ခဲ့ကြသတဲ့။ နောက်ပိုင်းတော့ သူ့ဆေးလိပ်တွေဟာ ထိပ်ပြောင်တာ၊ ဆံပင်ကျွတ်တာ၊ ဝမ်းချုပ်တာ၊ ဝမ်းလျှောတာ ခေါင်းကိုက်တာ၊ ဗိုက်နာတာ ရောဂါစုံပျောက်တယ် ဆိုတဲ့ အထိ ဖြစ်လာခဲ့တယ်။

မိမိဟာလည်း ကလောက မြို့မျက်နှာဖုံးတွေ၊ လူကုံထံတွေ၊ ဗေဒင်ဆရာတွေ၊ ဆေးဆရာတွေ အားလုံးထက် ပိုနာမည်ကြီးတဲ့၊ အရိုအသေ အလေး အမြတ်ပြုရတဲ့ အမျိုးသမီးကြီး ဖြစ်လာခဲ့တယ်၊ ဗေဒင်ဆရာဆီ မသွားဘဲ သူ့ဆီ လာကြတဲ့ လူတွေလည်း မနည်းဘူး”

ဦးဘက စာအိတ်ကလေးများကို ခါးကြားမှာ ပုဆိုးစထဲ ထည့်လိပ်လိုက်သည်။ ထိုစာတွေ သူ့ဆီ ဘယ်လို ရောက်လာခဲ့သလဲ။ မိမိနဲ့ တင်ဝင်း အကြောင်း သူ ဘာလို့ ဒီလောက် သိရတာလဲ၊ ဖေဖေ ကိုယ်တိုင်တောင် မသိတဲ့ ကိစ္စတွေကို အူမချေးခါး မကျန် သူ သိနေတာက အံ့သြစရာကောင်းလှ သည်။

“ဦးဘရေ၊ ကျွန်မ တစ်ခုလောက် မေးလို့ ရမလား”

သူက ကျွန်မ အမေးကို စောင့်ဆိုင်းနေခဲ့သည်။

“သူတို့ နှစ်ယောက်ရဲ့ ဇာတ်လမ်းကို အဲသလောက် အသေးစိတ် ရှင် ဘယ်လို သိတာလဲ”

“မင့်အဖေ ပြောပြတာလေ”

“ဟင့်အင်း မဖြစ်နိုင်ဘူး၊ ဖေဖေက သူ့အကြောင်းပဲ သူသိမှာ ပေါ့၊ ဖေဖေ မသိနိုင်တာတွေလည်း ရှင် ပြောခဲ့တယ်လေ”

“နောက်ဆုံး ဇာတ်ရည်လည်သွားရင်တော့ မင်း ဒီလို မေးတော့မှာ မဟုတ်ပါဘူး”

“ထားပါ၊ ဒီစာနှစ်စောင်ကို ရှင် ဘယ်လို ရခဲ့တာလဲ”

“ဒေါ်စုကြည်ဆီကလေ၊ ၁၉၅၀ ကျော်လောက်မှာ ဦးစော ကလောကို လာခဲ့တယ်။ စစ်ပြီးကတည်းက သူ့စီးပွား ဇာတာ ခန်းလာဘ်တွေ ထိုးကျသွားခဲ့တယ်။ စစ်အတွင်း ဂျပန်နဲ့ ပေါင်းတဲ့ အတွက် သူ့ကို အင်္ဂလိပ်ကရော မြန်မာ ကရော ဘယ်သူမှ အဖက်မလုပ်ချင်ကြတော့ဘူး။ တိုင်းပြည်ထဲ အင်္ဂလိပ် ပြန်ဝင်လာချိန်မှာ သူ့ဆန်စက်တွေ တစ်လုံးပြီး တစ်လုံး မီးလောင်ဆုံးရှုံး တယ်၊ ရှို့မီးလား၊ ဘာလားတော့ မသိပါဘူး။ လွတ်လပ်ရေးမရခင်လေးမှာ နိုင်ငံခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်တဲ့ ကိစ္စတွေ ပေါ်ပြီး တစ်နိုင်ငံ လုံး စစ်ဖြစ်ဖို့ တာစူနေတယ်၊ ဦးစောဟာ လွတ်လပ်ရေးအစိုးရမှာ ဝန်ကြီး တစ်နေရာလောက် ရဖို့ ငွေနဲ့ ပေါက်

ကြိုးစားသေးတယ်၊ အဲဒီကာလတွေမှာ ကလောကို သူ နှစ်ကြိမ် လာတယ်၊ ပစ္စည်းတွေ တနင့်တပိုး သယ်လာတယ်၊ တတိယအကြိမ်တော့ သူ မလာနိုင်တော့ဘူး၊ သူ့ပစ္စည်းတွေထဲမှာ ဒီစာတွေ ကို ဒေါ်စုကြည်က ရှာတွေ့ခဲ့တယ်"

"သူကရော လုပ်ကြံခံရတာလား"

"အဲလိုတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သေခြင်းဆိုးနဲ့ သေတယ် ပြောရမှာ ပဲ၊ ဂေါက်ရိုက်နေတုန်း မိုးကြိုးပစ်ခံရတာတဲ့"

"ဦးဘရော သူ့ကို တွေ့ဖူးလိုက်လား"

"ရန်ကုန်မှာ တုန်းက တစ်ခေါက် တွေ့ဖူးပါတယ်၊ ခဏပါပဲ"

"ဦးဘက ရန်ကုန်မှာ နေဖူးသေးလား"

"အင်း-ကံလေးကောင်းလို့ ထောက်ပံ့မယ့်လူ ပေါ်ပြီး စိန့်ပေါလ်ကျောင်းမှာ အထက်တန်း အောင်တဲ့ အထိ နေခဲ့ဖူးပါတယ်၊ ဂရိတ်ဗြိတိန် တက္ကသိုလ် တစ်ခုက ရူပဗေဒ လာသင်ဖို့ ကမ်းလှမ်းခံခဲ့ရသေးတယ်"

"ဩော်-သွားရော သွားလိုက်လား"

"မသွားဖြစ်ပါဘူး၊ ကလော ပြန်လာခဲ့ရတယ်လေ"

"ဟယ်-ဘာလို့ လဲ ဦးဘရယ်"

"အမေ နေမကောင်းလို့ လေ"

"ဩော်-အသည်းအသန် ဖြစ်တာလား"

"လူကြီးရောဂါ တရှောင်ရှောင် ပေါ့ကွယ်၊ နိစ္စဓူဝ ဆိုတော့ ခက်ခဲတာ ပေါ့"

"ဦးဘမှာ တခြားမောင်နှမတွေ မရှိဘူးလား"

"ဟင့်အင်း"

"တခြားဆွေမျိုးတွေရော"

"ဒါတော့ ရှိတာပေါ့"

"ဒါဆို သူတို့ ပြုစုလို့ ရတာပဲ"

“ဒါက ကျုပ်တာဝန်လေ၊ ကျုပ်က သူ့သားကိုး”

“မဟုတ်ဘူး လေ၊ ဦးဘာအမေကို အင်္ဂလန်ခေါ်သွားပြီး ဟိုမှာ ဘွဲ့ရတဲ့ ထိ ကျောင်းတက်လို့ ရတာပဲကို”

“အမေက ဘယ်မှ မသွားချင်ပါဘူး”

“ဘာဖြစ်လို့ လဲ၊ မစွမ်းမသန် ဖြစ်နေလို့ လား”

“မဟုတ်ပါဘူး၊ ဘာလို့ ပြောတာလဲ”

ကျွန်မတို့ စကားဝိုင်းက ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေသည်။ ကျွန်မ ကလည်း ကိုယ် သံသယ ဖြစ်တာကို ဖွတ်မေး၊ သူကလည်း လှည့်ပတ် ရှောင်။

“ဦးဘာ အမေကို ဘယ်လောက်ကြာအောင် ပြုစုလိုက်ရလဲ”

“အနှစ်သုံးဆယ်”

“အနှစ်သုံးဆယ်လေ၊ သူ မြန်မာပြည်အနေနဲ့ ဆို လူတန်းစေ့အောင် နေသွားရ၊ အိုသွားရ ရှာပါတယ်”

“ဒါဆို အသက်နှစ်ဆယ်နဲ့ ငါးဆယ်ကြားမှာ အမေ့ကို ပြုစုတာကလွဲလို့ တခြား ဘာမှ မလုပ်ဘူးပေါ့”

“အင်း…ဒါနဲ့ တင် မအားရပါဘူးကွယ်”

“အဲဒီလို ပြောတာ မဟုတ်ပါဘူး၊ ပညာသင်ခွင့်ရရက်နဲ့ မသင်ရတာကို နှမြောလို့ ပါ”

ခုတစ်ကြိမ်မှာ တော့ ကျွန်မကို နားမလည် နိုင်သလို ကြည့်သူက သူ ဖြစ် နေသည်။

“ရူပဗေဒ ပညာရှင် အဖြစ် ထိပ်တန်းအလုပ်တွေကို ရနိုင်ရက်နဲ့ ဦးဘာ ရယ်”

“အင်း-ဂျူလီယာ၊ ကျုပ်က ကိုယ့်ဘဝကိုယ် ကျေနပ်ပါတယ်၊ ကျုပ် အင်မတန်ချစ်တဲ့ ကျုပ် အမျိုးသမီးဟာလည်း စောစောစီးစီးပဲ ဆုံးပါးသွားခဲ့ တယ်လေ၊ ထိပ်တန်းအလုပ်ရရ၊ ဘယ်မှာ နေနေ၊ ဖြစ်စရာရှိတာ ဖြစ်မှာ ပါ ပဲ ဂျူလီယာရယ်”

ကျွန်မတို့ နှစ်ယောက် သဘောမညီကြသေး။ သူကျွန်မ ဆိုလိုတာကို နားလည်ပုံမရသေး။ မထုံတက်သေးနိုင်လှသည့် သူ့အသွင်ကို ကြည့်ရင်း ဒေါသက

ထချင်ချင်။

“ကလောကို ပြန်လာလိုက်ရလို့ နောင်တ ရမနေဘူးလား”

“ကိုယ်ပိုင် ဆုံးဖြတ်ချက်ကို နောင်တ ရစရာလားကွယ်၊ မင်းရော ဘယ်ဘက်လက်နဲ့ စာရေးမိလို့ နောင်တရမိတယ် ဆိုတာမျိုး ရှိလို့ လား၊ ကျုပ်လို အခြေအနေမျိုးမှာ မြန်မာမှန်ရင် ဒီလိုပဲ ဆုံးဖြတ်ကြမှာ ပါပဲ”

“ဒါဆို ရှင့်အမေ ဆုံးသွားတော့ရော အင်္ဂလန်သွားဖို့ မကြိုးစားဘူးလား”

“ဘာအတွက်လဲ ဂျူလီယာ၊ ကမ္ဘာလောကကြီးကို ရှုမြင်ဖို့ လား၊ ဒီမြို့၊ ဒီ ရွာ၊ ဒီအိမ်၊ ဒီတဲမှာ နေရင်း လူသားရဲ့ ခံစားချက် လုံးကို မြင်ခဲ့ရပြီးပြီပဲ။ မေတ္တာ၊ ဒေါသ၊ ဘယာနက၊ ဣဿာ၊ မစ္ဆရိယ၊ အပျော်၊ အလွမ်း အားလုံးကို ပေါ့၊ တခြားမှာ သွားကြည့်နေစရာ လိုသေးလို့ လား”

ကျွန်မ သူ့ကို ငေးနေမိသည်။ ဒီအဝတ်အစား ကပိုကရိုနှင့် လူဖလံလေးသည် မန်ဟက်တန်၊ ဒါမှ မဟုတ် လန်ဒန်က ဇိမ်ခံတိုက်ခန်းကြီးမှာ ပါမောက္ခကြီးတစ်ယောက်အဖြစ် ဇိမ်ကျကျ နေထိုင်နိုင်သည့် ကံကြမ္မာရှိခဲ့ ပါလျက်နှင့် လွဲချက်ကယ်နာရရှာသည်။ ကျွန်မတို့ နှစ်ယောက်မှာ ဘယ်သူ့အမြင်က မှားနေသနည်း။ လိုဘများ သော ကျွန်မလား၊ နေစိမ့်နိုင်လွန်း သော သူလား၊ ကျွန်မ သူ့အတွက် ခံစားရသလား မသေချာပါ၊ သနားတာတော့ မဟုတ်၊ ခံစားချက်က တစ်မျိုး တစ်ဘာသာ။ ကျွန်မ အကူအညီ မလို မှန်း သိသော်လည်း သူ့ကို ကျွန်မ ကာကွယ်ပေးချင်မိသည်။ တစ်ချိန်တည်း မှာ ပဲ သူ ရှိနေလျှင် ကျွန်မ လုံခြုံစိတ်ချရသလို ခံစားနေရသည်။ ကျွန်မ သူ့ ကို ယုံသည်။ သူနှင့် ကျွန်မ ဘာကြောင့် မှန်း မသိ၊ အင်မတန် နီးကပ်နေ သလို ခံစားနေရတော့သည်။

*****

အခန်း(၈)

ဖေဖေနှင့် ကျွန်မ ဘရုတ်ကလင်းတံတားပေါ်မှာ ရပ်နေမိကြသည်။ အဲဒီတုန်းက ကျွန်မ အသက် ရှစ်နှစ်၊ ကိုးနှစ်ခန့်။ စိမ့်နေအောင် အေးသည့် ဆောင်းဦးလေအေးက ဆောင်းသရုပ်သကန်ကို နိမိတ်ပြနေသည်။ အင်္ကျီ ပါးလေး ဝတ်လာခဲ့မိသဖြင့် ကျွန်မ တစ်ကိုယ်လုံး တုန်နေတာ မြင်တော့ ဖေဖေက သူ့ကုတ်အင်္ကျီကြီးကို ခြုံပေးသည်။ အင်္ကျီကြီးက ရှည်လွန်းသဖြင့် အင်္ကျီထဲ ဝင်နေရသလို ဖြစ်သော်လည်း နွေးတော့ အင်မတန်နွေးသည်။ ခြေထောက်အောက်က တံတားကြမ်းခင်းတွေကြားမှ အရှေ့မြစ်ထဲသို့ ဖြာကျနေသည့် နေခြည်ဝင်းဝင်းကို မြင်နေရသည်။ တကယ်လို့ တံတားကြီး ကျိုးကျသွားရင် ဖေဖေ ကျွန်မကို ကယ်မှာ လား။ အင်း-ဖေဖေက အင်မတန် ရေကူးတော်တာပဲ၊ ကျိန်းသေပေါက် ကယ်မှာ ပေါ့၊ ကျွန်မ သံသယ တစိုးတစိမျှ မရှိ။ သားအဖ နှစ်ယောက် ဒီလိုမျိုး စကားမပြောဘဲ အကြိမ် ပေါင်းများ စွာ ရပ်ငေးနေခဲ့ကြဖူးသည်။

ဖေဖေက နိုင်ငံခြားသား တိုးရစ်တွေ စိတ်ဝင်စားသည့် နယူးယောက်၏ အစိတ်အပိုင်းတွေကို ခံတွင်းတွေ့သည်။ မန်ဟက်တန်ကို ပတ်လည်လှည့် နေသည့် စက်ဝိုင်း ဖယ်ရီကူးတို့ တွေ၊ အင်ပါယာ စတိတ် အဆောက်အအုံ၊ လွတ်လပ်ရေးရုပ်တု၊ ဘရုတ်ကလင်းတံတား အစရှိသဖြင့်ပေါ့။ သူ့ကိုယ်သူ နယူးယောက်၏ ဧည့်သည် မှတ်နေပုံပင်။ အားလပ်ရက်ဆိုလျှင် စတေတန် ကျွန်း ဖယ်ရီသင်္ဘော အဝါကြီး လျှောက်စီးနေတတ်သည်။ ဖယ်ရီသင်္ဘောပေါ်မှ နေ၍ နယူးယောက်မြို့ကြီးကို ငေးကြည့်ရင်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည့် မြို့မြင်ကွင်းကို အံ့သြဘနန်း ပြောတတ်သေးသည်။ မျက်စိတွေ မှိတ်လိုက်လျှင် တူးတူးခါးခါး အေးလှသည့် ၁၉၄၂ ခုနှစ် ဇန်နဝါရီ မနက်ခင်းမှာ ပင်လယ်ကူးသင်္ဘောပေါ်မှ တုန်တုန်ခိုက်ခိုက် မြင်ခဲ့ ရသည့် နယူးယောက်ကို မြင်ယောင်နေပါသေးသည် တဲ့။

ဘာဖြစ်လို့ များ ဒီလိုနေရာကြီးတွေကို သူ သဘောကျနေပါလိမ့်ဆိုခြင်းကို ကျွန်မ နားမလည်။ ဒါ တစ်ခါမျှ မရောက်ဖူးသူတွေက လွဲ၍ နယူးယောက် သားတွေ ခြေမချသည့် နေရာတွေလေ။ ကြာတော့ ကျွန်မ ပျင်းလာသည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်အဖို့ စိတ်ညစ်စရာ ကောင်းသည့် နေရာတွေမို့ ဖေဖေနှင့် လိုက်မသွားတော့။ ခုတော့ ကျွန်မ ပြန်စဉ်းစားကြည့်မိသည်။ ဖေဖေသည် တိုးရစ်တွေနှင့် အတူ ရောနှောရင်း သူ ဘယ်တုန်းကမှ အသားမကျခဲ့သည့် နယူးယောက်နှင့် သူ့ကြားက အကွာ အဝေးကို နယ်ပယ်သတ်မှတ်ထားခြင်း ဖြစ်လိမ့်မည်။ ဒီလို လုပ်လေလေ မိမိနှင့် ပိုပိုနီးလေလို့

များ ခံစားခဲ့ရသလား ဖဖေရယ်၊ လေယာဉ်ပျံပေါ်က နေရော နယူးယောက်ကို ဝဲကြည့်ဖို့ အိပ်မက် မက်နေခဲ့သေးသလား မသိ။

ဦးဘနှင့် ကျွန်မ လှည်းလမ်းကြောင်းအတိုင်း တောင်ထိပ်သို့ တက်လာခဲ့ကြသည်။ နေ့လယ်ခင်း အချိန်သို့ တိုင်ခဲ့ပြီ။ မီးခိုးနံ့လေးတွေ ရနေသည်။ အဆိုပါ မီးသင်းနံ့လေးတွေကို ခုတော့ ကျွန်မ အကျွမ်းတဝင် ရှိခဲ့ပါပြီ။

ခု ဘယ်ကို သွားနေသည် မသိ။ ဦးဘကတော့ အဲဒီနေရာကို ရောက်မှ သာ သူ့ဇာတ်လမ်းကို အဆုံးသတ်၍ ရမည်တဲ့။ ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်း ရင်း ကျွန်မကို သူ့နောက် လိုက်ခဲ့ဖို့ ခေါ်ရင်း အလောသုံးဆယ် ထွက်လာကြသည်။ ခုတော့ သူ နာရီကို ကြည့်ရင်း အရှိန်နည်းနည်း လျှော့လိုက်သည်။ ချိန်းဆိုထားသည့် နေရာကို စောရောက်မှာ စိုးနေဘိသကဲ့သို့။

ကျွန်မ ကြောက်လာသည်။

“ပြောစရာလည်း သိပ်မကျန်တော့ပါဘူး၊ အမေရိကမှာ သူ ရှိခဲ့တဲ့ အချိန်တွေအကြောင်းကို မင်းက ကျုပ်ထက် ပိုသိတာပဲလေ”

ပြီးခဲ့သည့် နှစ်ရက်အတွင်း မျိုသိပ်ထားရသည့် မေးခွန်းတစ်ခု ခေါင်းထဲ ရောက်လာပြန်သည်။ ကျွန်မ တကယ်ပဲ သိတာလား။

ဖေဖေနှင့် ပတ်သက်ပြီး ပျော်စရာအချိန်တွေ မှတ်ဉာဏ်ထဲမှာ ရှိခဲ့ပါသည်။ သို့သော်လည်း ဒါက ကလေးမျက်လုံးဖြင့် ကြည့်ခြင်း၊ မြင်ခြင်းမျှသာပါ။ အဲဒီမှတ်ဉာဏ်တွေက ခု ခေါင်းထဲ ပေါ်လာသည့် မေးခွန်းတွေကို မဖြေနိုင် တာ သေချာပါသည်။ စစ်ကြီးပြီးတော့ ဖေဖေ ဘာကြောင့် များ ကလော မ ပြန်ခဲ့တာလဲ၊ ဘာကြောင့် များ မေမေ့ကို လက်ထပ်ခဲ့တာလဲ၊ သူ မေမေ့ကို ချစ်ခဲ့သလား၊ မေမေ့အပေါ် သစ္စာ မဲ့ခဲ့တာလား၊ မိမိအပေါ် သစ္စာမဲ့ခဲ့တာ လား။

“ဖေဖေ ဥပဒေကျောင်းက ဘွဲ့ရတော့ ဘာလို့ နယူးယောက်မှာ ဆက်နေ တာလဲ”

ဟော-လေသံကိုက အလိုမကျသည့် မေမေ့ သံမျိုး ပေါက်လာခဲ့ပြီ။

“မင်းကရော ဘယ်လို ထင်လို့ လဲ ဂျူလီယာ

ဘယ်လိုမှ မထင်ဘူး။ အဖြေပဲလိုချင်တာ၊ အမှန်ကိုပဲ သိချင်တာ။

“မသိဘူးလေ”

“မင့်အဖေမှာ ရွေးစရာရော ရှိလို့ လား၊ မြန်မာပြည် ပြန်လာရင် ကျေးဇူးရှင်

မွေးစားအဖေ ဦးစော ဆန္ဒအတိုင်း သူ နေရမယ်၊ မိမိကို တွေ့ဖို့ မစဉ်းစားနဲ့၊ အရာရာ စီမံထားတဲ့ အတိုင်းနေ၊ သူဌေးသမီး တစ်ယောက်နဲ့ ယူ၊ ဒီလိုပဲ ဖြစ်မှာ လေ၊ ဒါတွေကို ရှောင်လွှဲချင်လို့ သူမပြန်ဘဲနေတာ ဖြစ်မှာ ပေါ့၊ ဒါ လွှန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကလေ၊ ကျုပ်တို့ က အစဉ်အလာ မိရိုးဖလာထဲက မထွက်နိုင်တဲ့ တိုင်းပြည်ကိုး၊ ခုထိလည်း ဒီလိုပဲလေ”

အင်း-အင်္ဂလန်သွားရမယ့်အစား အမေ့ကို ပြုစုဖို့ ဆုံးဖြတ်လိုက်တဲ့ ဦးဘရဲ့ ဆုံးဖြတ်ချက်ကို ကျွန်မ ပြန်စဉ်းစားနေမိသည်။ ကျွန်မနှုန်း ကျွန်မစံနှင့် ဖေဖေတို့၊ ဦးဘတို့ ကို အကဲဖြတ်၍ မှန်မည် မထင်။ ဒီကို လာရတဲ့ ရည်ရွယ်ရင်းက ဖေဖေ့ကို ရှာဖို့ လား၊ သူ့ကို နားလည်အောင် ကြိုးစားဖို့ လား။

“ဒါဆိုလည်း ဦးစော ဆုံးတော့ သူ ပြန်လာလို့ ရတာပဲလေ”

ခုတော့ ကျွန်မ လေသံက အကြံပြုသည့် လေသံမျိုး ဖြစ်သွားခဲ့ပါပြီ။ စွပ်စွဲသည့် လေမျိုး မဟုတ်တော့ပြီ။

“ဦးစောဟာ ၁၉၅၈ ခုနှစ် မေလမှာ ဆုံးခဲ့တယ်” ကျွန်မအစ်ကို မမွေးခင် သုံးလအလိုက ဖြစ်သည်။

“မေမေ့ကို ဘာဖြစ်လို့ လက်ထပ်လိုက်ရတာလဲ မသိဘူး၊ ဦးစောဆုံးတဲ့ အထိ စောင့်ပြီး မိမိဆီ ပြန်သွားလို့ ရရက်သာ

“အင်း ဒီမေးခွန်းကိုတော့ ကျုပ်လည်း မဖြေတတ်ဘူး”

ဦးဘအသံမှာ ပထမဆုံးအကြိမ်အဖြစ် ခံပြင်းဒေါသသံကလေး စွက် နေသည် ကို ကျွန်မ သတိထားလိုက်မိသည်။ ကျွန်မ ဒီကို မလာခင် မေမေ ပြောခဲ့တာ သတိရသည်။ ဖေဖေသည် သူ့ကို လက်ထပ်ဖို့ အကြာကြီး အချိန်ဆွဲနေခဲ့သည်၊ ငြင်းဆန်နေခဲ့သည်၊ လက်ထပ်မည့် ကိစ္စအတွက် တင်ကြို သတိပေးခဲ့သည် တဲ့။ ဒါဖြင့် ဘာလို့ လက်ထပ်သေးလဲ၊ နယူး ယောက်မှာ တစ်ကိုယ်တည်း အထီးကျန်မှု ဒဏ်ကို မခံနိုင်၍ လား၊ မိမိကို မေ့ပစ်နိုင်မည် ထင်၍ လား၊ မေမေ့ကို ချစ်လို့ တော့ မထင်။ မေမေကလည်းဒီလိုမထင်၊ နောက်ပိုင်း တဖြည်းဖြည်း ချစ်လာမည်ဟု မျှော်လင့်၍ လား၊ ကိုယ်ပိုင်မိသားစုလေး ရလာလျှင် ပျော်လာမည် ထင်လို့ လား။

မေမေ့ကို သူ ချစ်ချင်လည်း ချစ်ပေမပေါ့။ မေမေက မသိတာ၊ မမြင်တာ၊ မယုံကြည်တာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့။ မေမေ မျှော်လင့်တဲ့ ယုံကြည်တဲ့ အချစ်ဆိုတာက တစ်မျိုး တစ်ဘာသာလေ။

သနားစရာ မေမေရယ်၊ မေမေ၏ တင်းမာ ခါးသီးလှသည့် မျက်နှာကို

မျက်စိထဲ မြင်နေသည်။ စတေတန်ကျွန်း ဖယ်ရီသင်္ဘောစီးနေ၍ အိမ်ပြန်နောက်ကျသည့် ဖေဖေ့ကို ဆီးကြိုသည့် အေးစက်စက် အသံ၊ သူ မှောင်မည်းမည်း အခန်းထဲမှ ထွက်ခဲလှသည့် သူ့သဏ္ဍာန်။ ကျွန်မတို့ ငယ် ငယ်ကတည်းက တရှောင်ရှောင်နှင့် ဘာမှန်းမသိသည့် ရောဂါတွေ တစ်မျိုး ပြီး တစ်မျိုး စွဲကပ်ရင်း ဆရာဝန်နှင့် နှစ်ပါး သွားနေရသည့် သူ့ပုံစံ။ ခုတော့ ကျွန်မ သိပါပြီ။ မေမေသည် စိတ်ကျရောဂါ အကြီးအကျယ် စွဲကပ်နေခြင်း ဖြစ်သည် လေ။ ဒါကြောင့် ဖေဖေနှင့် မေမေမှာ တစ်ယောက်နှင့် တစ် ယောက် မမြင်ရလေ ကောင်းလေ ဖြစ်နေသည်။

သူတို့ နှစ်ယောက်လုံးအတွက် ကျွန်မ စိတ်မကောင်း ဖြစ်ရသည်။ ဖေဖေသည် နေရာမှားနေရှာသည်။ ကျွန်မတို့ တစ်တွေနှင့် နေထိုင်ရခြင်းသည် သူ့နေရာမှန် မဟုတ်၊ မိမိ မရှိသည့် နေရာ ဘယ်နေရာမှ သူ့နေရာ ဖြစ်လာ မည် မထင်။

မေမေ့မေတ္တာကို အသုံးချခဲ့၍ ဖေဖေ့ကို အပြစ်တင်ရမည်လား၊ သို့တည်းမဟုတ် ဖေဖေ ဘယ်လိုမှ မပေးနိုင်သည့် အရာကို မရအရ တောင်းဆိုခဲ့သည့် မေမေ့ကို အပြစ်တင်ရမည်လား ကျွန်မ မသိပါလေ တော့။

ကျွန်မတို့ တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာခဲ့ကြသည် ။ လမ်းကပြေပြေလေး ဆင်းသွားပြီး ချုံတောတန်းလေးတစ်ခုရှေ့မှာ ရုတ်တရက် ကွေ့ သွားသည်။ ကျွန်မတို့ ဆက်လျှောက်လာကြသည်။ ရထားလမ်းကို ကျော်သည်။ မြက်တောကြီးကို ဖြတ်သည်။ ကလော၏ အစွန်အဖျား လူသူ ပြတ်လပ် လှသည့် နေရာလေးတစ်ခုကို ရောက်လာသည်။ ကလေးတွေ ကစားနေသည့် ခြံတွေကိုဖြတ်ကျော် လာခဲ့သည်။ ခြံဝင်းတံခါး တစ်ခုရှေ့ မှာ ရပ်သည်။ ခြံဝင်းက အသေအချာ ပြုပြင်ထိန်းသိမ်းထားဟန် တူသည်။ ခြံထဲမှာ ကြက်တွေ အစာစားနေသည်။ အိမ်ရှေ့ ဝရန်တာမှာ ထင်းစည်း ကလေးတွေ ပုံထားသည်။ မကျယ်မကျဉ်း အိမ်ကလေးကတော့ အကောင်း ပကတိ ရှိသေးသည်။ ဝရန်တာ လှေကားရင်းမှာ ထိုင်လိုက်ကြသည်။

ခြံထဲကို မျက်စိ ကစားကြည့်သည်။ ယူကလစ်ပင်ကြီးက ဒီခြံနှင့် ဘေးခြံ ကို ခြားထားသည်။ ကြက်ခြံရှေ့မှာ ခုံတန်းရှည်လေး တစ်ခုရှိသည်။ ခုံ တန်းရှည်ရှေ့မှာ ကျောက်ရေတဆုံကလေး တစ်ခု ရှိသည်။

အို-ဒီအိမ်လေးထဲမှာ ဖေဖေ့ အသက်ရှူသံတွေ၊ မိမိ၏ လေးဖက်တွားသွား သံတွေ၊ တီးတိုး ပြောနေသည့် သူတို့ စကားသံတွေကို ကြားနေရပြီ၊ ဒီ တစ်ခါတော့ လက်ပူးလက်ကြပ် မိပြီပေါ့။

ထိုအချိန်မှာ ဦးဘက သူ့ဇာတ်လမ်းကို ဆက်ခဲ့ပါသည်။

*****

အခန်း(၉)

ဦးတင်ဝင်းတစ်ယောက် သူ့ဇာတ်လမ်းကို နိဂုံးချုပ်လိုက်ချိန်မှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်လုံး အပ်ကျသံ ကြားလောက်အောင် ငြိမ်သက် တိတ်ဆိတ်သွားခဲ့သည်။ ဖယောင်းတိုင်မီးတွေ လေအငွေ့မှာ ယိမ်းခါနေသံ ကို ကြားလောက်သည် ထိ။ မုန့်တွေပေါ် နားနေသည့် ယင်ကောင်တွေပင် ငြိမ်နေကြသလိုပင်။

ဦးတင်ဝင်း၏ နှုတ်ခမ်းများ လှုပ်ရှားနေပေမယ့် စကားသံအဖြစ် ပီပီ ပြင်ပြင် မကြားရတော့။ အပေါ်ယံကြောတင်းကာ အေးစက်နေသည့် လက်ဖက်ရည်ကို မော့ချလိုက်ပြီး သူ ထထွက်သွားခဲ့သည်။ ဆိုင်ထဲသို့ သမင်လည်ပြန် တစ်ချက် ပြန်ကြည့်သည်။ နှုတ်ခမ်းမှာ တွဲရရွဲခိုနေသည့် အပြုံးလေး တစ်စကို သူတို့ နောက်ဆုံး မြင်လိုက်ရသည်။

လမ်းမပေါ်မှာ စစ်ကားတစ်စီး၊ အထဲမှာ ယူနီ ဖောင်းစိမ်းနှင့် ကလေး အရွယ် စစ်သားငယ်လေးတွေ အပြည့်၊ အားလုံးကစ်ကားနှင့် စစ်သား တွေကို ပြူးပြဲကြည့်နေကြသည်။ အချိန်လင့်လှပြီလေ။

ဦးတင်ဝင်းက လုံချည်ပြင်ဝတ်ရင်း ဆိုင်ထဲမှ ထွက်သွားခဲ့သည်။ သူ့ ညီဘက်မှာ ဘုန်းတော်ကြီးကျောင်း ရှိသည်။ ကျောင်းက အတော်ယိုယွင်း ပျက်စီးနေခဲ့ပြီ။ စေတီငယ်လေးမှ ဆည်းလည်း သံလေးတွေသာ မူလ အတိုင်း ရှိနေခဲ့သည်။ သူ့ရှေ့တူရူမှ ဦးပဥ္စင်းလေးနှစ်ပါး ကြွလာသည်။ သူက ပြုံးပြတော့ သူ့ကို ပြန်ပြုံးပြကြသည်။

လူသူကင်းမဲ့ကာ ခြောက်ကပ်နေသည့် ဈေးတန်းကို ဖြတ်သည်။ ဘုတာရုံ ငယ်လေးဆီ လျှောက်သည်။ သံလမ်းတွေကို ကျော်သည်။ တောင်ရိုးပေါ် တက်သည်။ သူ့မိဘတွေအိမ်မှာ ပဲ သူရှိနေလိမ့်ဦးမည်။ နှစ်ငါးဆယ် ကျော်လွန် လာပြီးချိန်မှာတော့ သူ အလောတကြီး သုတ်သီးသုတ်ပျာလည်း မဖြစ်တော့။ စိတ်လှုပ်ရှားခြင်းလည်း အလျှင်းမရှိတော့ပါ။ ထိုင်းလေကြောင်းက ဘိုးရင်း ၇၃၇ ရန်ကုန် လေဆိပ်သို့ ဆိုက်ကပ်ပြီးချိန်မှ စ၍ သူ ကြောက်ရွံ့ ခြင်းတွေ ကွယ်ပျောက်သွားခဲ့ပါပြီ။ တုန်လှုပ်ခြင်း၊ ပျော်ရွှင်ခြင်းတို့ အတွက် သူ အရွယ်လွန်ခဲ့ပြီလေ။ သို့သော်လည်း မျက်ရည်စတို့ ကတော့ ကျဖြစ် အောင် ကျလာခဲ့သေးသည်။

ကလော၏ မြင်ကွင်းက သူ့ကို မှင်တက်စေနိုင်စွမ်းတော့ ရှိသေးသည်။ ရင်းနှီးစွာ စိမ်းကားနေသည့် ကလော၏ ရနံ့တွေကို သူ ပြက်ပြက်ထင်ထင်

ရှိလွန်းလှသည်။ ဒီမြို့ကလေး၏ သုံးရာသီ ရနံ့ကို သူ အူမချေးခါးမကျန် အလွတ်ရသည် ကော။ သူ့အသံတွေကိုလည်း သိပါ့။ ခုလို သူ့ကလောသည် ညည်းညူနေသည်။ ချွဲဆိုက်နေသည်။ တေးဆိုနေသည်။ ငိုရှိုက်နေသည်။ ဒါပေမဲ့ မြင်ကွင်းကိုတော့ ခုမှ မြင်ဖူးသည် လေ။ ငယ်ဘဝက တိမ်သလ္လာ မဖုံးခင် မြင်ခဲ့ရသည့် မြင်ကွင်းတွေနှင့် တူသေးရဲ့ လား၊ အင်္ဂလိပ် ကလပ်က ရေကူးကန်ဟောင်းကို မြင်သည်။ တင်းနစ်ကွင်းကို မြင်သည်။ အနီရောင် အုတ်ကြွပ်မိုးနှင့် ကလောဟိုတယ်ကို မြင်သည်။ မိမိ ပြောထားခဲ့ ဖူးသည့် ပုံစံအတိုင်း။ ဒီအနောက်ဘက် ကုန်းမြင့်ပေါ်မှာ သူနှင့် ကြီးကြီးမေ နေခဲ့ကြသည် လေ။

လမ်းဆုံလမ်းခွသို့ ရောက်လာသည်။ ညာဘက်လား၊ ဘယ်ဘက်လား၊ တည့်တည့်တက်သွား ရမည်လား၊ သူ မသေချာ။ မိမိကို ကျောပိုးပြီး လေးနှစ် ကျော် သွားခဲ့သော ဒီလမ်းကို သူမှ မမြင်ခဲ့ရပဲ။ သူ မျက်လုံးတွေ ပိတ်လိုက်သည်။ ခု အသုံးမှ မလိုတော့ပဲ။ သူ့ခြေထောက်တွေ၊ နားတွေ၊ နှာခေါင်းတွေ ကို သုံးရတော့မည်။ သရက်သီးမှည့်ရနံ့တွေ၊ စံပယ်နံ့တွေ လှိုင်နေသည်။ လမ်းမှာ သူတို့ တစ်ထောက် နားနေကျ ကျောက်ပြားကြီး ဘယ်မတုံး၊ ဟော-တွေ့ပြီ၊ လွယ်ပါ့။

ခြံဝင်းထဲမှာ ကလေးတွေ ကစားနေကြသည်။ ရယ်သံတွေ၊ ပြေးလွှားနေ သံတွေ ကြားရသည်။ ကလေးသံတွေက မပြောင်းလဲခဲ့။ ကလောမှာ မျက်စိ စုံမှ ိတ်၍ သွားလာရတာ သူ့အတွက် လွယ်လွန်းသည်။ နယူးယောက်မှာ တုန်းက စမ်းကြည့်တော့ ဟိုတိုက် ဒီတိုက်၊ တစ်ခါများ ကားတိုက် ခံရမလို တောင် ဖြစ်ခဲ့သေးသည်။

ဒီမှာ တော့ ဖြောင့်လို့ တန်းလို့၊ ခြေတစ်ချက်ပင် မချော်။

ခြံတံခါးရှေ့သို့ သူ ရောက်လာခဲ့ပြီ။

ယူကလစ်နံ့ကို ရပြီ။ ဒီအပင်အကြောင်း သူဘယ်လောက်တောင် စဉ်းစား မိဖူးသလဲ၊ နယူးယောက်ညတွေမှာ အိပ်ရာထဲ မျက်စိပွင့်နေရင်း နှာခေါင်း ထဲ ယူကလစ်နံ့တွေ မွှန်နေအောင် ရခဲ့ ဖူးသည်။

ခြံတံခါးကို ဖွင့်လိုက်သည်။ ခြံထဲ လှမ်းဝင်လိုက်သည်။ ခွေးနှစ်ကောင် ခြေဖမိုးကို လာလျက် နေကြသည်။ ကြက်တွေက ကြက်ခြံထဲမှာ ဆူဆူညံ။

အိမ်ထဲမှ အသံတွေ ကြားရပြီ။ သူ ဖိန က်လိုက်သည်။ သူ့ခြေဖဝါးတွေ က ဒီမြေကြီးကို မှတ်မှတ်သားသား ရှိ သည်။ နူးညံ့ပူနွေးသည့် မြေ သားက ခြေချောင်းတွေနှင့် ထိတွေ့သည်။ လှေကားပေါ် တက်သည်။ သစ်သားမြည်သံတွေက အရင်အတိုင်း၊ တစ်လှမ်းပြီး တစ်လှမ်း၊ တစ်ဆင့် ပြီး

တစ်ဆင့်၊ လောစရာအကြောင်းမရှိ။ နှစ်ပေါင်း ငါးဆယ် ကျော်ခဲ့ပြီ။

ဝရန်တာတစ်လျှောက် သူ ဖြည်းဖြည်း လှမ်းလာသည်။ အသံတွေ တိတ်သွားသည်။ တံခါးဝမှ လှမ်းဝင်လိုက်သည်။

လူတွေ သူ့နားက ဖြတ်၍ အလျှိုအလျှို ထွက်သွားသံကို ကြားနေရသည်။ မီးလုံးကို ပတ်ပြီး ပျံနေသည့် ပိုးဖလံပင် ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ထွက်သွားသည်။ ချေးပိုးထိုးတွေ၊ ပိုးဟပ်တွေ အကြိုအကြားသို့ ပြေးဝင်ပုန်းကြသည်။

အားလုံး သက်ငြိမ်။

မျက်စိမဖွင့်ဘဲ သူ့ထံသို့ လျှောက်လှမ်းသွားသည်။ မျက်စိဖွင့်စရာလည်း မလိုပါတော့။

သူ့အတွက် ခုတင်လေးတစ်လုံး တစ်ယောက်ယောက်က လုပ်ပေးထားပုံပင်။

တင်ဝင်း ခုတင်နားမှာ ဒူးထောက်ချလိုက်သည်။ သူ့အသံတွေ၊ တီးတိုးလေသံတွေ နားက ကောင်းကောင်း မှတ်မိနေပါသည်။

သူ့လက်တွေက တင်ဝင်း မျက်နှာပေါ် ရောက်လာသည်။ အထိအတွေ့ကို သူ့အရေပြားက အကျွမ်းဝင်လွန်းသည်။

နှုတ်ခမ်းတွေ၊ လက်ချောင်းတွေ၊ နှာခေါင်းတွေ အားလုံးက ကောင်းကောင်းကြီး မှတ်မိနေသည်။ ဒီရနံ့ကို သူ လွမ်းခဲ့ရသည့် ကာလ ရှည်တွေမှာ သူ မရှိဘဲ ဘယ်လိုများ နေနိုင်အောင် ခွန်အားတွေရခဲ့သလဲ။

ခုတင်က သူတို့ နှစ်ယောက်စာ ကျယ်ဝန်းသည်။

သူ့ခန္ဓာကိုယ်လေးက အရင်အတိုင်း ပေါ့ပေါ့ပါးပါး။

မျက်နှာပေါ်မှာ သူ့ဆံနွယ်တွေ၊ သူ့မျက်ရည်တွေ။

ပြောစရာတွေ၊ အတူခံစားစရာတွေ တနင့်တပိုး ရှိနေပေမယ့် အချိန်ကနည်းလွန်းခဲ့ပြီ။

မိုးလင်းတော့ ခြေကုန်လက်ပန်း ကျသွားကြသည်။ မိမိတစ်ယောက် တင်ဝင်း လက်မောင်းပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

မကြာခင် နေထွက်လာတော့မည်။ ငှက်ကလေးတွေ နေမင်းကို ကြိုနေပြီ။

ခေါင်းကို မိမိ ရင်ဘတ်ပေါ် တင်လိုက်သည်။ ဘယ်တော့မှ မမှားသည့် သူ့အကြားအာရုံက မိမိ နှလုံးသား ပန်းလျှ လွှန်းခဲ့ပြီမှန်း အတပ်သိလိုက်သည်။ မိမိ ရင်ခုန်သံတွေ မကြာခင် ထာဝရ ရပ်နားသွားတော့မည်။ သူ အချိန်မီရုံ လေးပါလား။

****

အခန်း(၁၀)

မိမိ၏ ဆွေမျိုးတစ်ယောက်က သူတို့ နှစ်ယောက်၏ အဖြစ်ကို နေ့လယ်ပိုင်းလောက်မှာ စသတိထားမိ၏။ မနက်က သူ ဒီကို တစ်ခေါက် ရောက် တော့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် အိပ်ပျော်နေကြသည် ဟု ထင် မိသည်။

တင်ဝင်း၏ ဦးခေါင်းက မိမိ၏ ရင်ဘတ်ပေါ်မှာ မှီတင်လျက်၊ မိမိ၏ လက်များက တင်ဝင်း လည်ပင်းကို ရစ်ဖက်လျက်။ သူတို့ နှစ်ယောက်လုံး အေးစက်တောင့်တင်း ဖြူဖျော့နေခဲ့ကြပြီ။

ဆေးရုံသို့ ကမူးရှူးထိုး ပြေး၍ ဆရာဝန် ပင့်သည်။

ဆရာဝန်သည် တွေ့ရသည့် အခြေအနေအတွက် မအံ့ဩမိ။ ဒေါ်မိမိတစ်ယောက် အိပ်ရာထဲ လဲနေသည် မှာ ကြာခဲ့ပြီကော။ ပြီးခဲ့သည့် တစ်နှစ် အတွင်း သူ လျှောင်း၍ သာ နေခဲ့ရသည်။ သူ့အတွက် အချိန် သိပ်မကျန် တော့ဘူးဆိုတာ ကောင်းကောင်း သိသည်။ နားကြပ်ထဲမှ ကြားရသည့် အတွင်းကလီစာတို့ ၏ အသံက အခြေအနေ ဘယ်လိုမှ မကောင်း။ နှလုံးက ပန်း၊ အဆုတ်ကန္တမ်း၊ ဒီအခြေအနေနှင့် သူ ဘယ်လို အသက်ရှင်အောင် နေ နေသည် ဆိုခြင်းကိုပင် နားမလည်နိုင်။ ရန်ကုန်ကို ဆင်း၍ ဆေးကုဖို့ အကြိမ်ပေါင်းများ စွာ တိုက်တွန်းခဲ့ဖူးသည်။ ဘာပဲပြောပြော ရန်ကုန်မှာ အထူးကုဆရာဝန်ကြီးတွေက သူ့ကို ကယ်ကောင်း ကယ်နိုင်လိမ့်မည် ထင်သည်။ သို့သော် ဒေါ်မိမိက ဘူးဆို ဖရုံမသီး။ အဒေါ်က သိပ်အသက်ပြင်းတယ်ဟု သူ ပြောမိတော့ အသာအယာပြုံးသည်။ ပြီးခဲ့သည့် ရက်ပိုင်းက သူဒီကို ရောက်တော့ အံ့ဩဖွယ်အဖြစ်ကို တွေ့ရသည်။ ဒေါ်မိမိ သည် လန်းဆန်းတက်ကြွစွာဖြင့် အိပ်ရာပေါ်မှာ ထိုင်ရင်း ပန်းဝါလေးများ ပင် ပန်ထားလိုက်သေးသည်။ သူ့အခြေအနေက အားရစရာ ကောင်း လောက်အောင် ထူထူထောင်ထောင်။ တစ်စုံတစ်ယောက်ကို အမျှော်ကြီး မျှော်နေသည့် အပျိုဖြန်းလေးလို။

သူနှင့် အတူ အသက်ကုန်ဆုံးနေသည့် အဘိုးကြီးကိုတော့ ဆရာဝန်မသိ။ ကြည့်ရတာတော့ မြန်မာလူမျိုးပဲ ဖြစ်မည် ထင်သည်။ သို့သော် မြန်မာနှင့် သိပ်မတူ။ ရုပ်ရည်သန့်လွန်းသည်။ ကလောမှာ တော့ သူ့ကို တစ်ခါမျှ မမြင် ဖူးခဲ့။ အသက်ကြီးရင့်နေပြီ ဖြစ်သော်လည်း သွားတွေက အကောင်းပကတိ၊ ခြေထောက်တွေက ပိုးသားလို နူးညံ့ပျော့ပျောင်းလှသည်။ တစ်ခါမျှ မြေကြီးနှင့် ခြေဖဝါး မထိဖူးသည့် အလား။ လက်တွေကလည်း ရှည်ရှည် သွယ်သွယ်၊ နူးနူးညံ့ညံ့၊ မျက်ကပ်မှန်ကို တပ်ထားသည်။ ရန်ကုန်က သူဌေး ကြီး တစ်ဦးဦးများ လား။ သူ့ကြည့်ရတာ ကျန်းကျန်းမာမာပါပဲ။ သေဆုံးရ ခြင်း အကြောင်းရင်းကို ဆေးစာပေါ်

ရေးဖို့ ဆရာဝန်လေး အတော်စဉ်းစား ယူရသည်။ နောက်ဆုံးတော့ နှလုံး ပန်းလျှ ကြေပြုန်းခြင်းဟု သာ သူရေး လိုက်နိုင်သည်။

မနေ့က တင်ဝင်း ရုတ်တရက် ပြန်ရောက်လာသည် ဆိုသည့် သတင်းကြောင့် အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ကြသည့် ကလော၏ ရှေ့မီနောက်မီ လူကြီးများ သည် ကနေ့ တင်ဝင်းနှင့် မိမိ ပြိုင်တူ ဆုံးကြပြီ ဆိုသည့် သတင်းကြောင့် အုတ်အော်သောင်းတင်း ဖြစ်ကြရသည်။ နယ်မြေဒေသ တစ်ခုလုံးကို ထိုသတင်းက လျှင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

ညနေပိုင်းလောက်မှာ မြို့ခံလူထုသည် စံပယ်ပန်း၊ သစ်ခွပန်း၊ ပန်းပေါင်းစုံတို့ ဖြင့် ပြုလုပ် ထားသော လွမ်းသူပန်းခွေ ကလေးတွေနှင့် ခြံထဲသို့ ကိုယ်စီ ကိုယ်ငှ ရောက်လာကြသည်။

အသုဘရှု ပရိသတ်က များ လှသောကြောင့် အိမ်ထဲမှာ နေရာမဆံ့။ ခြံဝင်း ထဲမှာ တော်သလို ကြည့်စီမံကြရသည်။ တချို့ကလည်း သရက်သီး၊ သဘော်သီး၊ ငှက်ပျောသီး၊ ပန်းသီးနှင့် သစ်သီးဝလံ ပေါင်းစုံကို ယူဆောင် လာကြပြီး သစ်သီးစေတီ တည်ကြသည်။ မိမိတို့ နှစ်ဦး ရှေ့ဆက်ရမည့် သံသရာ ခရီးအတွက် လိုလေသေး မရှိအောင် စီမံပေးကြသည့် သဖွယ်။ သဲ အိုးထဲ၊ မြေကြီးထဲ အမွှေးတိုင်တွေ ထွန်းကြသည်။

လယ်သမားတွေ၊ ဘုန်းတော်ကြီးတွေ၊ ကလေးတွေ၊ မိဘတွေ၊ သက်ကြီး ရွယ်အိုတွေ၊ ဝေဒနာ ရှင်တွေ၊ ဂိလာနတွေ အားလုံးလိုလို ရောက်လာခဲ့ကြ သည်။ ညချမ်းချိန်ခါမတော့ ခြံဝင်းတစ်ဝင်းလုံး ပြည့်နေလေပြီ။ လမင်း ထိန်ထိန်သာသည့် ညမှာ ဖိုရှိုက်သံတွေနှင့် ပြည့်လျှံလေတော့သည်။ ဖယောင်းတိုင်တွေ၊ ဓာတ်မီးတွေ ထွန်းထားကြသည် မို့ မိမိ၏ အိမ်ကလေး အလင်းပင်လယ်ထဲ စီးမျောနေသလို။

အားလုံးလိုလို လေသံကလေးများ ဖြင့် တင်ဝင်းနှင့် မိမိ၏ ဇာတ်လမ်းကို ကိုယ်စီကိုယ်င သက်ကြီးစကား သက်ငယ်ကြား လက်ဆင့်ကမ်းကြသည်။

နောက်တစ်နေ့မနက်မှာ တော့ ကျောင်းတွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ဘုန်းကြီးကျောင်းပါ မကျန် အားလုံးလိုလို ဆန်းကြယ်လှသော နှစ်လောင်း ပြိုင် အသုဘပွဲကို လာကြသည်။ နောက်ဆုံးတော့ စစ်တပ်၊ ဆရာတော်များ နှင့် မြို့မိမြို့ဖများ ခေါင်းချင်းဆိုင်ကြပြီး မိမိနှင့် တင်ဝင်း၏ အသုဘပွဲကို ကလောမြို့က ဂုဏ်ပြုသည့် အနေနှင့် အတူတကွ မီးသဂြိုဟ်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

အသုဘပို့သည့် လူတန်းကြီးက ရှည်လှသည်။ များ လှသည်။ မိမိ၏ အိမ်ကလေးမှ မြို့တစ်ဖက်ရှိ သင်္ချိုင်းထိ သုံးနာရီမျှကြာအောင် လမ်းလျှောက် လိုက်ပို့ကြသည်။

သင်္ချိုင်းမှာ ဘာအထိမ်းအမှတ်မျှ မလုပ်၊ ဘာစကားစမြည် မိန့်ခွန်းမျှ မ ဆို။ ဤလူသားတို့ အတွက် လူသာမန်တို့ ၏ ချီးမြှောက်မှုသည် မလိုတော့ပြီ။

သစ်တွေက ခြောက်သွေ့လှသည့် အတွက် ခန္ဓာကိုယ်နှစ်ခုလုံး မိနစ်ပိုင်း အတွင်း ကောင်းစွာ လောင်ကျွမ်းသွားခဲ့သည်။

လေငြိမ်သောနေ့မို့ မီးခိုးဖြူဖြူတွေက စံပယ်ပန်းကုံးလေးလို ထက်ကောင်းကင်ပြာဆီ ထောင်မတ်စွာ တက်သွားခဲ့တော့သည်။

****

အခန်း(၁၁)

ဖေဖေဆုံးသွားခဲ့ပြီတဲ့ လား။ အလစ်အငိုက်မှာ ကျွန်မကို အရိုက်ထိုးလိုက်သလို ခံစားလိုက်ရသည်။ မိဘကို ဆုံးရှုံးလိုက်ရသည့် အတွက် ဘယ်လို တုံ့ပြန်ဖို့ များ ဘဝက ပြင်ဆင်ပေးခဲ့သလဲ။

သူ့ဇာတ်လမ်းကို နားထောင်နေရင်း ကျွန်မ ယုံကြည်မှုတွေ တဖြည်းဖြည်း ပိုလာခဲ့သည်။ သူ့ဇာတ်လမ်းထဲက ဖေဖေက ကျွန်မ မှတ်ဉာဏ်ထဲက ဖေဖေ့ထက် ပိုမိုအသက်ဝင် လှုပ်ရှားလွန်းလှသည့် အတွက် ကျွန်မနှင့် အရမ်း အရမ်းကို နီးကပ်လွန်းနေပြီဟု ထင်မိခဲ့သည်။ ဖေဖေ ဆုံးပါးသွားပြီဟု ယောင်၍ ပင် မတွေးမိခဲ့။ ဟင့်အင်း-ဖေဖေ မသေပါဘူး၊ ကျွန်မ သူ့ကို ထပ် မတွေ့တော့တာပဲ ရှိတာပါ၊ သူတို့ အိမ်ထဲမှာ ရှိနေပါတယ်၊ သူတို့ လေသံ လေးတွေကို ကျွန်မ ကြားနေသေးပဲ။

ကဲ-ဇာတ်လမ်းက ပြီးပြီတဲ့လေ။ ဝုန်းခနဲ ထရပ်ပြီး အိမ်ထဲ ဆိုးဆိုးဆတ်ဆတ် ဝင်သွားလိုက်ချင်သည်။ သူတို့ကို နှုတ်ဆက်ပြီး ဖေဖေ့ ကို အတင်းဖက်ထားလိုက်ချင်သည်။ အတော်ကြာမှ ဦးဘ ပြောသည်ကို ရေရေရာရာသဘောပေါက်လာသည်။ သူ့ဇာတ်လမ်း နောက်ဆုံးပိုင်းကို ကျွန်မ မကြားလိုက်သလိုပါပဲ။ ထို့ကြောင့် လည်း အိမ်ထဲ ဝင်စရာ မလို တော့။ အတွင်းကိုလည်း မကြည့်လိုပါတော့။ အနည်းဆုံးတော့ ခု မကြည့် လိုသေး။

ဦးဘက ကျွန်မကို သူ့အိမ် ပြန်ခေါ်လာခဲ့သည်။ စိတ်ပန်းလူပန်း ရှိလှသဖြင့် သူ့ ဆိုဖာပေါ် ကျွန်မ ခြေပစ်လက်ပစ် အိပ်ပျော်သွားသည်။

နောက်နှစ်ရက်အတွင်း သူ့ စာကြည့်ခန်းထဲ ထိုင်ရင်း သူ စာအုပ်တွေ ပြုပြင်နေတာကို ငေးနေမိသည်။ စကား သိပ်မပြောဖြစ်။ သူက စားပွဲပေါ် ကုန်း၍ အလုပ်ကို သဲသဲမဲမဲ လုပ်နေသည်။ အသေးစိတ်၊ အနုစိတ် လုပ် နေသည်။

ဒီလို သူ နိစ္စဓူဝ တာဝန်ဝတ္တရားတွေ လုပ်နေတာ မြင်တော့ ကျွန်မ တဖြည်းဖြည်း တည်ငြိမ်လာခဲ့သည်။ သူက ဘာမှ မမေး။ ဘာမှလည်း မပြော။ မျက်မှန်ထူကြီးပေါ်မှ ကျော်ကြည့်ရင်း တစ်ချက် တစ်ချက် ပြုံး ပြသည်။ သူ ရှိနေခြင်းကပင် ကျွန်မအတွက် လုံခြုံစိတ်ချလှပြီ ဖြစ်သော ကြောင့် စကား အများကြီး မပြောဖြစ်လည်း ကိစ္စမရှိ။

တတိယမြောက်နေ့မှာ ကျွန်မတို့ ဈေးအတူ သွားကြသည်။ သူ့အတွက် ကျွန်မ ချက်ပြုတ်ပေးမည်ဟု ကတိခံခဲ့သည်။ မန်ဟက်တန်မှာ တုန်းက သူငယ်ချင်းတွေအတွက် ကျွန်မ လက်စွမ်းပြ ချက်နေကျ။ သူက အံ့သြပြီး

ပျော်သွားဟန် တူသည်။ ကျွန်မတို့ ဆန်၊ ဟင်းသီးဟင်းရွက်၊ ဟင်းခတ် အမွှေးအကြိုင်တွေ ဝယ်ကြသည်။ အိန္ဒိယက သူငယ်ချင်းတစ်ယောက် ကောင်းမှုဖြင့် ချက်တတ်နေသည့် သီးစုံကုလားဟင်း ချက်မည်။ အာလူးနှာ တံ ရှိလား မေးတော့ သူ နားမလည်ရှာ၊ ခေးတုံးတုံးကြီး တစ်ချောင်း ထုတ်ပေးသည်။

ထင်းမီးဖို ဆိုတာနှင့် တစ်ခါမျှ မချက်ဖူးခဲ့။ ကျွန်မ ထမင်းချက်လိုက်သည်။ ဟင်းသီးဟင်းရွက်တွေ ပြုတ်လိုက်သည်။ သူက ကျွန်မကို အရိပ်တကြည့် ကြည့်။

ချက်ပြုတ်ပြီးတော့ ကွပ်ပျစ်ပေါ်မှာ တင်ပျဉ်ခွေထိုင်ရင်း စားကြသည်။ ချက်ရ ပြုတ်ရတာ ပင်ပန်းလို့ လား မသိ၊ ခု ဝမ်းနည်းသလိုလို ဖြစ်လာပြန်ပြီ။

"မင်းဖေဖေကို ပြန်တွေ့ဦးမယ်လို့ ထင်နေတာလား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"အင်မတန် နာကျင်ခံစားရတာပဲ ဦးဘရယ်"

သူ ဘာမျှ ပြန်မပြော။

ခဏငြိမ်နေပြီး ကျွန်မ သူ့ကို မေးလိုက်သည်။

"ဦးဘရော အဖေ ရှိသေးလား"

"မရှိတော့ပါဘူး၊ လွန်ခဲ့တဲ့ သုံး လေးနှစ်က ဆုံးသွားပါပြီ"

"ဘာရောဂါနဲ့ လဲ"

"ဒီလိုပါပဲ လူကြီးရောဂါပေါ့"

"သူတို့ ဆုံးသွားလို့ ရှင် ခိုကိုးရာမဲ့ ဖြစ်သွားတာလား"

"အင်း-အမေ့ကို နှစ်ရှည်လများ ပြုစုခဲ့ရး ခုလို တစ်ယောက်တည်း ဆို တော့ နည်းနည်းတော့ ဟာတာတာပေါ့၊ ခိုကိုးရာမဲ့တယ် ရယ်လို့ တော့ မဟုတ်ပါဘူး"

"အဲဒီ ဟာတာတာကြီး ပျောက်သွားအောင် ဘယ်လောက် အချိန်ယူလိုက် ရလဲ"

"အင်း အဲဒီလိုတော့ မတွေးမိပါဘူး၊ ကျုပ်တို့ ဟာ ဒီလိုပဲ ကျော်ဖြတ်ခဲ့ကြ တဲ့ ထုံးစံ ရှိသကိုး၊ သေသူကို ချန်ထားခဲ့တာလား၊ ကိုယ်နဲ့ အတူ ခေါ်ထား တာလားလို့ မေးရင် အတူခေါ်ထားတဲ့ လူက များ မယ်လို့ ကျုပ် ထင်တယ်၊ သတိရ လွမ်းဆွတ်တမ်းတနေတယ် ဆိုတာက အတူခေါ်ထားခြင်း တစ် မျိုးပဲလေ၊ လူပေါ်

မှုတည်တာပေါ့၊ ကျုပ်အတွက်ကတော့ သုံး လေးရက် လောက်ပါပဲ”

“ဟင်-အဲသလောက်ပဲလား”

“သူတို့ ကို ဆုံးရှုံးလိုက်ရတာ မဟုတ်ဘူး လို့ ကျုပ်နားလည်သွားတဲ့ အတွက် သိပ်ပြီးတော့ ပူဆွေး တမ်းတတာမျိုး မဖြစ်လိုက်ဘူး၊ နေ့တိုင်း တော့ သူတို့ ကို သတိရပါတယ်၊ ခု ကျုပ် သင်္ချိုင်းကုန်း ခြေတစ်ဖက်လှမ်း နေတဲ့ အရွယ်ရောက်နေတာတောင် တစ်ခုခုဆို အဖေ၊ အမေကို တမ်းတ တုန်း၊ တိုင်ပင်ချင်တုန်း ဆိုတာမျိုးတော့ ဖြစ်မိပါတယ်၊ ဒါပေမဲ့ သူတို့ အတွက်တော့ ပူဆွေးမနေတော့ဘူး၊ သူတို့ အိုလှပြီ၊ ပင်ပန်းလှပြီ၊ ဘဝကို ငြီးငွေ့လောက်အောင် နေခဲ့ပြီးကြပြီ၊ အသေဖြောင့်ကြပြီ၊ သူတို့လည်း ဝမ်းမြောက်မှာ ပါပဲ၊ နာကျင်တုန်လှုပ်ခြင်း မရှိတဲ့ မရဏတရားအတွက် လေ”

“အင်းလေ၊ ဦးဘက အသက်ကြီးပြီဆိုတော့ ဒီလို ပြောနိုင်မှာ ပေါ့”

“ဟုတ်ပါတယ် ငယ်တဲ့ လူအဖို့ တော့ ဖြေသိမ့်ဖို့ ခက်တာပေါ့၊ ဒါပေမဲ့ ကျုပ်မိန်းမဟာ အသက်သုံးဆယ် မပြည့်ခင် ဆုံးသွားခဲ့တာ၊ ကျုပ်တို့ နှစ် ယောက် အင်မတန် ပျော်ရွှင်ခဲ့ရပါတယ်”

“သူကရော ဘယ်လို ဆုံးသွားခဲ့တာလဲ” ဦးဘက အကြာကြီး စဉ်းစားနေခဲ့သည်။

“ကျုပ်တို့ ဒါမျိုး မေးလေ့ မရှိဘူး ဂျူလီယာ၊ ဘာဖြစ်လို့ လဲ ဆိုတော့ အဖြေမရှိလို့ ပဲ။ မင်း ခု ကျုပ်တို့ နေရထိုင်ရတဲ့ ဘဝအခြေအနေကို မြင် သားပဲ၊ ဆင်းရဲခြင်းဆိုတဲ့ နွံထဲမှာ လေ၊ ဒီလို အခြေအနေမှာ သေခြင်းက ကျုပ်တို့ အတွက် မဆန်းဘူး ကလေးမ၊ မင်းအသက်လောက်တောင် မရှိဘဲ သေသွား ကြတဲ့ လူတွေ ကျုပ်တို့ ဆီမှာ ပုံလို့၊ ပြီးခဲ့တဲ့ အပတ်ကပဲ အိမ်နီးနားချင်းရဲ့ အသက်ရှစ်နှစ်ပဲ ရှိသေးတဲ့ သားကလေး အဖျားတွေ အရမ်းကြီးပြီး နောက်နှစ်ရက်နေတော့ ဆုံးပြီတဲ့၊ ဘာမဟုတ်တဲ့ ရောဂါလေးတွေနဲ့ လွယ်လွယ်ကူကူ သေကြတယ်၊ ဆေးကုဖို့ နောက်ကျကြတယ်၊ ဒါကြောင့် ဘယ်လိုသေတာလဲ ဆိုတဲ့ မေးခွန်းဟာ တန်ကြေးကြီးလွန်းတယ် ကွယ်၊ ကျုပ်မိန်းမဟာ ညဘက်ကြီး အိပ်နေရင်း သေတာပဲ၊ မနက် ကျုပ် နိုး လာတော့ သူ ကျုပ်ဘေးမှာ ဆုံးနေပြီ၊ ကျုပ် သိတာ ဒါပဲ”

“ကျွန်မ စိတ်မကောင်းပါဘူး ဦးဘရယ်၊ မေးမိတာ တောင်းပန်ပါတယ်”

ကျွန်မတို့ စကားမပြောဘဲ အတွေးကိုယ်စီဖြင့် ငေးနေကြသည်။ ဖေဖေ့ အပြင် ဘယ်သူတွေကို ကျွန်မ ဆုံးရှုံးသေးသလဲ။ မေမေ့ မိဘနှစ်ပါးက သက်ရှိထင်ရှား ကျန်းကျန်းမာမာ ရှိကြသေးသည်။ သူငယ်ချင်းတစ် ယောက်၏

ရည်းစားကောင်လေးက မနှစ်က ရေနစ်ပြီး ဆုံးသည်။ သူနှင့် အတူ သွားသွားလာလာ ရှိခဲ့သည့် အချိန်တွေကို သတိရမိသည်။ သူ့အသုဘ သို့ ကျွန်မ မသွားဖြစ်။ ဝါရှင်တန်က အလုပ်ကိစ္စတစ်ခုနှင့် တိုက်နေခဲ့သည်။ တင်းနစ်ရိုက်ဖော်ရိုက်ဖက်၏ မိခင်က ကင်ဆာဖြင့် လောလောလတ်လတ် ဆုံးသည်။ ငယ်ငယ်တုန်းက သူ ကျွန်မကို စန္ဒရား သင်ပေးခဲ့ဖူးသည်။ သူ ဝေဒနာ ကို အကြာကြီး ခံစားသွားရသည်။ ကျွန်မ ဆေးရုံကို တော်တော်နှင့် မရောက်ဖြစ်ခဲ့။ နောက်ဆုံးချိန်မှ သွားကြည့်ခဲ့သည်။ ဆိုလိုသည် ကတော့ သေခြင်းတရားသည် ကျွန်မနှင့် သူစိမ်းပြင်ပြင်သာ၊ ကမ္ဘာပေါ်မှာ လူမမာလောကနှင့် လူကောင်းလောကဟူ၍ ပြက်ပြက်ထင်ထင် ကွဲကွဲပြားပြား စည်းခြား ထားသည်။ လူကောင်းလောကက လူမမာ လောကကို အသိအကျွမ်း မလုပ်ချင်၊ ကိုယ်နှင့် မဆိုင်သလိုသာ နေချင်သည်။ ခေတ်မှန်ထဲမှာ ရင်သားက အကျိတ်ဖြူဖြူတွေ မတွေ့ရမချင်းပေါ့။ က

ဦးဘက စားပြီးသား ပန်းကန်တွေ ယူသွားသည်။ မီးထပ်မွှေးသည်။ ရေနွေးအိုး တည်သည်။

"လက်ဖက်ရည် မလုပ်နဲ့ တော့ ဦးဘရေ"

ကျွန်မက ထရပ်ကာ တံခါးဆီသို့ လှမ်းလိုက်သည်။

"ကျွန်မနဲ့ အပြင် လိုက်ခဲ့မလားဟင်"

"အင်း...လိုက်တာပေါ့"

ဦးဘက မီးဖိုထဲမှ လှမ်းအော်သည်။

"ဒါနဲ့ ဘယ်သွားမှာ တုံး"

ကျွန်မ၏ နောက်ဆုံး တောင်းဆိုမှုရှိရာသို့ ကျွန်မတို့ လျှောက်လှမ်းလာကြ သည်။ ဖေဖေ့ အတိတ်ခြေရာတွေ အားလုံး ကျွန်မ မြင်ပြီးခဲ့ပြီ။ ခု ဖေဖေ့ ခရီးစဉ် ဘယ်လို အဆုံးသတ်ခဲ့သည် ကို မြင်ချင်လှသည်။

"အုတ်ဂူတို့၊ ကမ္ပည်းတိုင်တို့ ဘာမှ မရှိဘူးနော်၊ အရိုးပြာတွေဟာ လေအဟုန့်မှာ အရပ်ရှစ်မျက်နှာကို လွင့်သွားခဲ့ကြပြီ"

ဦးဘက ကျွန်မကို သတိပေးသည်။ သင်္ချိုင်းကုန်းဆိုတာကို ကျွန်မလည်း လန့်တော့ လန့်မိသည်။ ကိုယ်လည်း တစ်နေ့ ဒီရောက်နိုင်သည် ဆိုသော အတွေးက မထိတ်သာ မလန့်သာ။

အုတ်ဂူလေးတွေကို ချုံတွေ မြက်တွေကြားမှာ စတင်တွေ့ရှိရပြီ။ တချို့က လည်း ခံ့ခံ့ညားညား၊ တချို့ကလည်း သေးသေးနုပ်နုပ်၊ အမျိုးမျိုးအပြားပြား

အရွယ်ရွယ်အစားစား၊ နောက်ဆုံးတော့လည်း မြက်ဖုံးသွားခြင်းကို ခံကြရ သည်သာ။ တောင်ကုန်းထိပ်ထိ တက်သွားပြီး ထိုင်လိုက်ကြသည်။ လူသူလေးပါး ကင်းမဲ့သည့် နေရာပါပဲ။ အဝေးတောင်တန်းတွေဆီ သွားသည့် လူသွားလမ်းလေး များကို လှမ်းမြင်နေရသည်။ တစ်လောကလုံး တိတ်ဆိတ်လို့၊ လေတောင် မတိုက်။

ဖေဖေနှင့် အတူ လမ်းလျှောက်ထွက်ခဲ့ကြသည် များကို ပြန်တွေးနေမိသည်။ ဘုရတ်ကလင်း တံတားပေါ်မှာ၊ စတေတန်ကျွန်း ဖယ်ရီပေါ်မှာ၊အိမ်နားမှာ၊ သစ်ကြမ်းပိုးခေါက်နဲ့ နွေးနွေးတွေကြားမှာ။

ဒါတွေကို လွမ်းလားဆိုရင် ဟင့်အင်းဟု ဖြေရမည်။ ခု ကျွန်မ ငြိမ်းချမ်းနေသည်။ ဖေဖေ ပုံပြင် ပြောပြခဲ့သည့် ညဦးယံတွေကို စဉ်းစားမိပြန်သည်။ နွေညနွေးနွေးမှာ ဖယောင်းတိုင်မီးလေးဖြင့် သူ့ပေါင်ပေါ် ခေါင်းအုံးရင်း သူ့အသံတွေ၊ သူ့ရယ်သံတွေကိုနားထောင်၊ သူ့လက်တွေဖြင့် လေထဲ မြှောက်ကစားပြီး အကျမှာ ပြန်ဖမ်းတတ်တာတွေ။

နှစ်ပေါင်းငါးဆယ် ကြာပြီးမှ မိမိဆီ ဘာလို့ များ ပြန်သွားခဲ့တာလဲ၊ နယူးယောက်မှာ မိသားစု တာဝန် ကျေချင်တာ တစ်ခုတည်းနဲ့ သူ နေနေတာ တော့ မဖြစ်နိုင်။ သူ မိမိကို ချစ်သလို မေမေ့ကို၊ အစ်ကို့ကို၊ ကျွန်မကိုလည်း သူ့နည်းသူ့ဟန်ဖြင့် ချစ်ပေလိမ့်မည်။ အချစ်အားလုံးကို သစ္စာရှိချင်သည့် ဖေဖေ၊ ခုတော့ ဖေဖေ့အတွက် ကျွန်မ ဂုဏ်ယူမိပါပြီ။

"ဒါလေးကိုတော့ ပြလိုက်ဦးမယ်"

ဦးဘကို ကျွန်မ ကြည့်လိုက်မိသည်။ ဘာများ လဲ။

"မိမိ အလောင်းစင်က ဒီနားမှာ၊ မင်းဖေဖေ အလောင်းစင်က ဟိုနားမှာ၊ တစ်စင်နဲ့ တစ်စင် ကိုက်နှစ်ဆယ်လောက် ကွာလိမ့်မယ်၊ ပြိုင်တူ မီးသဂြိုဟ်လိုက်တော့ ချက်ချင်းပဲ လောင်ကျွမ်း သွားကြတယ်၊ မီးခိုးတန်းတွေက ကောင်းကင်ပေါ် မျဉ်းဖြောင့်နှစ်ကြောင်းလို တက်သွားတယ်၊ လေကလည်း သိပ်ငြိမ်တာကိုး၊ ပြီးတော့ အားလုံး တိတ်ဆိတ်သွားခဲ့တယ်"

"တိတ်ဆိတ်တယ် ဆိုတာ"

"လူအများကြီး ဘာသံမှ ဘယ်သူ့ဆီကမှ ထွက်မလာဘူး၊ မီးလောင်နေတာတောင် ငြိမ်ငြိမ်သက်သက်ပဲ လောင်ကျွမ်းနေတာ"

ဖေဖေ...ဖေဖေရယ်...ပန်းရောင် ကျွန်မအခန်းလေး၏ ခုတင်စွန်းမှာ ထိုင်ရင်း မျက်နှာကြက်မှ တွဲလောင်းကျနေသော ဘောလုံးလေး လည်ရင်း ပုံ ပြောနေသော ဖေဖေ။

“ပြီးတော့ တိရစ္ဆာန်တွေ တေးသီကြတယ်လား”

“အင်း-အဲသလို အသံတွေ ကြားရတယ်လို့ ပြောကြတယ်”

“ပြီးတော့ မီးခိုးငွေ့နှစ်တန်း ရောယှက်လာတယ်လား”

“အဲဒါကိုတော့ ကျုပ်ကိုယ်တိုင် မြင်ခဲ့ရတာ”

“လေမတိုက်ဘဲနဲ့ မီးခိုးငွေ့ နှစ်တန်းဟာ ရောယှက်ပေါင်းစပ်ပြီး တစ်ခုတည်းဖြစ်...ဖြစ်...ဖြစ်”

“အမှန်တရားအားလုံးဟာ ထပ်ကျော့ပြန်ဖြစ်တာမျိုး မရှိဘူး ဂျူလီယာ၊ ထပ်ကျော့ပြန် ဖြစ်တတ်တဲ့ အရာအားလုံးဟာလည်း အမှန်တရားလို့ တော့ မဆိုနိုင်ပါဘူးကွယ်”

ဦးဘ ညွှန်ပြသည့် အလောင်းစင်တွေ မီးသင်္ဂြိုဟ်ခဲ့သည့် နေရာကို ကျွန်မ ကြည့်မိသည်။ ကောင်းကင်ကို မော့ကြည့်မိသည်။ ပြာလဲ့ ကြည်လွင်တိမ် ကင်းစင်။

****

အခန်း(၁၂)

မှောင်ကြီးမည်းကြီးထဲ လန့်နိုးလာခဲ့သည်။ ကျွန်မ ဟိုတယ်ခန်းထဲမှာ အိပ်မက်တစ်ခုက လှုန့်နှိုးလိုက်သလို။ အသက် ၁၂နှစ်၊ ၁၃နှစ်လောက်၊ နယူးယောက်က အိမ်မှာ ညကြီးသန်းခေါင်၊ ဖေဖေ့အိပ်ခန်းထဲမှာ အစ်ကိုနှင့် အမေတို့၏ အသံတွေကို ကြားလိုက်ရသည်။ ဖေဖေ့အသက်ငင် နေသံက တစ်အိမ်လုံးလွှမ်းအောင် ကျယ်လောင်လှသည်။ ညဝတ်ထည်ဖြူဖြူနှင့် ကျွန်မ အိပ်ရာမှ ထပြီး ဧည့်ခန်းကိုဖြတ်လျှောက်သည်။ ကြမ်းခင်း အေးအေးက ခြေဖဝါးကို စိမ့်နေစေသည်။ ဖေဖေ့အခန်းက မီးတွေ လင်းနေသည်။ မေမေက ဖေဖေ့ အိပ်ရာနား ဒူးထောက်ရင်း တရှုပ်ရှုပ် ငို နေသည်။

“ဘုရားသခင်ကယ်တော်မူပါ၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး” အစ်ကိုက ဖေဖေ့ကို လှုပ်နှိုးနေသည်။

“အဖေ ထပါဦး၊ ထပါဦး”

အစ်ကိုက ဖေဖေ့ ရင်ဘတ်ကို ဖိရင်း၊ နှုတ်ခမ်းချင်းတေ့ လေမှုတ်ရင်း အရေးပေါ် အသက်ကယ်နေသည်။ ဖေဖေ လက်မောင်းတွေ တဆတ်ဆတ် တုန်နေသည်။ မျက်လုံးတွေက ပြူးထွက်နေသည်။ တစ်ခေါင်းလုံး ချွေး တွေ ရွှဲနေသည်။ လက်သီးတွေ အတင်းဆုပ်ထားသည်။ သူရုန်းကန် လှုပ်ရှား ကြိုးစား တင်းခံနေသည်။ သေမင်း ခေါ်ရာနောက် သူ မလိုက်ချင်။

အကျယ်ကြီး တစ်ချက် ညည်းလိုက်သည်။ သူ့လှုပ်ရှားမှုတွေ နှေးလာ သည်။ ဆတ်ခနဲ ဆတ်ခနဲ အကြောဆွဲသလို ဖြစ်လာသည်။ ခဏနေတော့ လက်တွေ ပျော့ခွေကာ ခုတင်ဘေးသို့ တွဲလောင်း ကျလာသည်။

အိပ်မက်ကြောင့် လန့်နိုးလာတော့ ကျွန်မ အလွန်အမင်း စိတ်သက်သာရာ ရသွားသည်။ တကယ့် အဖြစ်မှန် သေခြင်းတရားက ဖေဖေ့ကို ဘယ်လောက်များ ကြင်နာလိုက်သလဲလေ။

မိမိနှင့် အတူ နောက်ဆုံးထွက်သက်ထိ ရှိနေသည့် ဖေဖေ့နောက်ဆုံး အချိန်တွေကို မြင်ယောင် ကြည့်ဖို့ ကြိုးစားသော်လည်း မရခဲ့။ ဒါ ကျွန်မ မ သိသည့် ဖေဖေ့ဘဝပေပဲ။ ဝမ်းနည်းပူဆွေးစရာ အကြောင်းမရှိမှန်း သဘောပေါက်လာသည်။ ဖေဖေ့ကို ကျွန်မ ချစ်သည် က ကလေးတို့ သဘာ ဝ မိဘကို ချစ်ခြင်း သက်သက်သာ။ သူ၏ သေဆုံးခြင်းသည် သူကိုယ်တိုင် အတွက်ရော ကျွန်မအတွက်ပါ ကြေကွဲစရာ မဖြစ်ခဲ့။ သူကိုယ်တိုင် လိုလိုချင်ချင် နေရာနှင့် အချိန်ကို ရွေးချယ်၍ တုန်လှုပ်ခြင်းကင်းစွာ၊ တွန်းလှန်မှုမဲ့စွာ လက်ခံခဲ့သည့်

သေခြင်းတရားသာ။ ထိုအတွက်ကြောင့် ကျွန်မပေါ်၊ မိသားစုပေါ် ထားရှိသည့် ဖေဖေ့ မေတ္တာတွေ ယုတ်လျော့စရာ အကြောင်း တစ်စက်ကယ်မျှ မရှိလေ။ ဂျွန်မ စိတ်သက်သာစွာ ပြန် အိပ်ပျော်သွားသည်။

နိုးလာတော့ နေမြင့်နေပြီ။ ပူနွေးနေသဖြင့် ရေအေးအေးဖြင့် ချိုးလိုက်ရတာ ကောင်းလှသည်။

*ထမင်းစားခန်းထောင့်မှာ စားပွဲထိုးလေး စောင့်နေသည်။ မနက် ခုနစ်နာရီ လောက် ကတည်းက သူ စောင့်နေခြင်း ဖြစ်လိမ့်မည်။

အကျက်ကြော်လား၊ မွှေကြော်လား၊ လက်ဖက်ရည်လား၊ ကော်ဖီလား။

ကောင်တာက အမျိုးသမီး ကျွန်မဆီ လျှောက်လာသည်။ စာအိတ်ညိုညိုကြီး တစ်လုံးကို လှမ်းပေးသည်။ မနက်စောစောက ဦးဘ လာပေးသွားတာ ဟု ဆိုသည်။ စာအိတ်က ကြီးလွန်းသဖြင့် စာတော့ မဖြစ်နိုင်။ ဖွင့်ဖောက် လိုက်သည်။ လက်ဖြင့် အရောင်ခြယ်ထားသော ဓာတ်ပုံငါးပုံ ထွက်လာ သည်။ ၁၉၂၀ လောက်က ပို့စကတ်များကိုပင် အမှတ်ရသေးသည်။ ဓာတ်ပုံတွေ နောက်ကျောမှာ ခဲတံဖြင့် ခုနှစ် သက္ကရာဇ်တွေ ရေးထိုး ထားသည်။

ပထမဆုံးပုံက ၁၉၄၉ ခုနှစ်။

တင်ပျဉ်ခွေ ထိုင်နေသည့် အမျိုးသမီးငယ်တစ်ယောက်ပုံ၊အနွေးထည်အနီ၊ လုံချည်အနီ၊ ဆံပင် နက်နက်မှာ ပန်းဝါဝါ တစ်ပွင့် ပန်လို့၊ ဒါ မိမိပဲ ဆိုတာ ချက်ချင်း တန်းသိသည်။ ဦးဘ ပြောတာ မလွန်။ မိမိက လှလွန်းသည်။ လှ ရုံမျှမက တည်ကြည်အေးချမ်း ကျက်သရေရှိသည် ကို အထင်းသား မြင်ရ သည်။ သူက ကျွန်မကို စိုက်ကြည့်နေသလို၊ သူ့ဘေးမှာ အင်္ကျီဖြူနှင့် အသက် ရှစ်နှစ်၊ ကိုးနှစ်သားလောက် ကောင်လေးတစ်ယောက်၊ သူ့တူလေး များ လား၊ သူက ကင်မရာကို ပြုံးပြီး ကြည့် သည်။

ဓာတ်ပုံ တစ်ပုံနှင့် တစ်ပုံ ဆယ်စုနှစ် တစ်နှ ခြားသည် ကို သတိထားမိ လာသည်။

ဒုတိယပုံမှာ မိမိသည် အနည်းငယ် ရင့်သွားသည်။ သူ့နောက်မှာ သူ့ပခုံး တွေကို ကိုင်ထားသော လူငယ်တစ်ယောက်၊ နှစ်ယောက်လုံး ပြုံးနေကြ သည်။ သို့သော် ကြေကွဲရိပ်ကိုယ်စီနှင့်။

“တတိယပုံမှာ အရွယ်ရ လာပြီဖြစ်သည့် မိမိက ပို၍ ပင် လှနေသေးသည်။ ဘာမျှ ပြုပြင် ခွဲစိတ် ထားခြင်းမရှိဘဲ သဘာဝအတိုင်း လှနေသည့် မိမိ နောက်မှာ လူတစ်ယောက်က ပါနေပြန်သည်။

နောက်ဆုံးပုံက ၁၉၈၉ တဲ့။

ဖေဖေ ကလော ပြန်မသွားခင် နှစ်နှစ်အလိုက။

မိမိ အတော်လေး ပိန်သွားသည်။ ကျန်းမာရေး မကောင်းတော့ပုံပင်။

သူ့ဘေးမှာ၊ သူ့ဘေးမှာ ရပ်နေသူက-

ဟင်-

သူ့ဘေးမှာ ရပ်နေတာ ဦးဘပဲ။ နှစ်ခါလောက် ပြန်ကြည့်မှ ဦးဘကို မှတ်မိသည်။ ဦးဘက ခုထက်တော့ အများကြီး နုပျိုနေသေးသည်။

ဓာတ်ပုံတွေကို ဖြန့်ရင်း တစ်ပုံချင်း ကြည့်လိုက်သည့် အခါမတော့ ၁၉၆၉ တုန်းက ပုံထဲက လူရွယ်ဟာလည်း ဦးဘ၊ မိမိနားက ကလေးငယ်ဟာလည်း ဦးဘ ဆိုတာ ငြင်းမရအောင် ပေါ်လွင် ထင်ရှားလာခဲ့သည်။ သူ့နှာတံ ဖြောင့်စင်းစင်း၊ သူ့အသံ၊ သူ့အရယ်၊ သူ့အပြုံး၊ သူ ခေါင်းကုတ်နေပုံ၊ ခုတော့ ပြက်ပြက်ထင်ထင် သိခဲ့ရပါပြီ။ ဘာဖြစ်လို့ များ သူ တစ်ခွန်းမျှ မပြောခဲ့တာ လဲ။

ဦးဘကို အရမ်းတွေ့ချင်လာသည်။ သူ အိမ်မှာ မရှိ။ အိမ်နီးနားချင်း တစ်ယောက်က သူ မြို့ထဲ ထွက်သွားသည် ဟု ဆိုသည်။ လမ်းမှာ တွေ့သူတွေကို လိုက်မေးမိသည်။ ဘယ်သူမျှ သူ့ကို မမြင်။

လက်ဖက်ရည်ဆိုင်မှာ များ လား၊ သူလက်ဖက်ရည်ဆိုင် တစ်ရက် နှစ်ခါ လာသည် ဟု စားပွဲထိုးလေးက ပြောသည်။ ဒီနေ့ ၁၅ ရက်နေ့မို့ လာမှာ မဟုတ်တဲ့။ ဦးတင်ဝင်းနဲ့ ဒေါ်မိမိတို့ ဆုံးတဲ့ လေးနှစ်ပြည့်လေ၊ ကလောက လူတွေ ဒေါ်မိမိအိမ်မှာ ညပိုင်း နှစ်ပတ်လည် အခမ်းအနား လုပ်ကြတယ်၊ ဦးဘ အဲဒီမှာ ရှိမှာ ပေါ့တဲ့။

ကျွန်မ သုတ်ခြေတင်ရပြီ။ ဘူတာရုံကို ဖြတ်ပြီး တောင်ကုန်းပေါ် တက်လိုက်သည်။ လူတွေ လူတွေ၊ မိန်းမတွေ၊ ယောကျာ်းတွေ၊ ညနေခင်းနေရောင်အောက်မှာ အရောင်စုံ အသွေးစုံ၊ မိမိတို့ အိမ်ဆီ ဦးတည်နေကြသည်။ လေအဝှေ့မှာ ဆည်းလည်း သံလေးတွေနှင့် ပြီးခဲ့သည့် ရက်ပိုင်းက ကြားခဲ့ဖူးသည့် တောင်ပေါ် ဘုန်းကြီးကျောင်းက ကလေးတွေ ဆုတောင်းဂါ တာရွတ်သံကို ကြားလိုက်သည်။

မိမိအိမ်ကို ရုတ်တရက် မမှတ်မိ။ အရောင်စုံ အသွေးစုံဖြင့် ဆင်မြန်းထား ကြသည် ကိုး။ ကျွန်မကို လူတိုင်းက အပြုံးဖြင့် ကြိုဆိုကြသည်။ ကလေး တွေက တေးသီ၊ လူကြီးတွေက တိတ်တိတ်ဆိတ်ဆိတ်၊ အိမ်ထဲ ဝင်သွားကြ သည်။ ဦးဘ ဘယ်မှာ လဲ။

ကျွန်မလည်း လူအုပ်နှင့် အတူ အိမ်ထဲ ဝင်လိုက်မိသည်။

အိမ်ထဲက ကြမ်းပြင်မှာ ဖယောင်းတိုင်တွေ အများကြီး ထွန်းထားသည်။ ဗုဒ္ဓဆင်းတုတော်ကို ပန်း၊ ရေချမ်း၊ ဆွမ်းတော်တွေ ခဲနေအောင် ကပ်လှူထားကြသည်။ ဆေးပေါ့လိပ်နံ့ သင်းသင်းလေး ရနေသည်။ အမျိုးသမီး တွေက ဘုရားပန်းအိုး လဲနေကြသည်။

သူတို့ ဘုရားကန်တော့ကြသည်။ ပြီးတော့ လွန်ခဲ့သည့် လေးနှစ်က ရင်ချင်းအပ် သေဆုံး သွားကြသည့် ချစ်သူနှစ်ဦး လဲလျောင်းခဲ့ရာ ခုတင်ကို အမြတ်တနိုး ကိုင်တွယ်ကြည့်ရှုနေကြသည်။ ကျွန်မတို့ ကိုယ်တွင်းက ချစ်ခြင်းမေတ္တာ ဆိုသည့် ဗိုင်းရပ်ကို အသက်ခတ်သွင်းနေကြသလိုပင်။

"သေတယ်ဆိုတာ ဘဝရဲ့ နိဂုံး မဟုတ်ပါဘူး၊ ဖြတ်သန်းရမယ့် အဆင့်တစ်ဆင့်ပါပဲ"

ဦးဘ၏ စကားသံကို ပြန်ကြားယောင်လာခဲ့သည်။ ထောင့်တစ်ထောင့်မှာ ကုပ်ကုပ်ကလေး မလှုပ်မယှက် ကျွန်မ ထိုင်နေမိသည်။ အပြင်မှာ မှောင်ရိပ်သန်းလာခဲ့ပြီ။ သို့သော် တစ်ခြံလုံး ဖယောင်းတိုင်မီးတွေနှင့် ထိန်ထိန်လင်းလျက်။

ရုတ်တရက် ချက်ချင်း ဦးဘက ကျွန်မအနား ရောက်လာခဲ့သည်။ ဘာတစ်ခုမှ မဖြစ်ခဲ့သလိုမျိုး သူ ကျွန်မကို ပြုံးပြနေသည်။ တစ်ခုခု ကျွန်မ ပြောလိုက်ချင်လှသော်လည်း ဦးဘက သူ့နှုတ်ခမ်းတွေပေါ် လက်ညှိုးကလေးတင်ရင်း ဆိတ်ဆိတ်နေဖို့ အသံတိတ် အချက်ပြနေသည် လေ။

သင့်လူ

Whisper Of Words


WHISPER OF WORDS
သင့်လူ
နူးညံ့စိတ်ထား နှလုံးသား
Jan-Philipp Sendker
A Well-Tempered Heart

နှုးညံ့စိတ်ထား နှလုံးသား

သင့်လူ

The Art of Hearing Heartbeats

Jan-Philipp Sendker

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း- ၀၁ ၈၆၁၀၇၄၄၊ ၀၉ ၂၅၀၀၁၂၃၄၈ ၊

၀၉ ၇၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

www.facebook.com/KantKawWut YeePublishing

http://kantkawwutyee.myanmaronlinesales.com တွင် ဝင်ရောက်ကြည့်ရှု
မှာယူနိုင်ပါသည်။

ပထမပိုင်း

အခန်း (၁)

ကျွန်မဘဝ လားရာလမ်းကြောင်း ပြောင်းသွားခဲ့သည့်နေ့ . . .၊ ထိုနေ့မနက်က ကောင်းကင်သည် ပြစ်မျိုးမဲ့မထင်အောင် ကြည်လင်ပြာလဲ့နေခဲ့သည်။ ကျေးဇူး တော်နေ့ မတိုင်မီ တစ်ပတ်အလို လတ်ဆတ်အေးမြသည့် သောကြာနေ့။ ဒါကို ကြိုမမြင်ရကောင်းလားဟု ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိသည်။ ကျွန်မ ဘယ်လိုများ မသိခဲ့ရပါလိမ့်။ ဒီလောက် သိသာလှသည့် ဖြစ်ရပ်ကြီးကို ဘာကြောင့် များ သတိမထားမိခဲ့ပါလိမ့်။ အံ့ဩမှင်တက်ရမှာကို မုန်းလှသည့် ကျွန်မ၊ အစည်းအဝေးတိုင်း၊ အပျော်ခရီး အပါအဝင် ခရီးစဉ်တိုင်း၊ သူငယ်ချင်းများနှင့် ညစာစားသည့်ကိစ္စပါ မကျန် အသေးစိတ် ပြင်ဆင်စီမံတတ်သည့် ကျွန်မ၊ ဘယ်သူ့ ကိုမှ ဘာအခွင့်အရေးမှ မပေးတတ်သည့် ကျွန်မသည် မမျှော်လင့်တာကို ကြုံရ သည့်ကိစ္စကို သည်းမခံနိုင်ဆုံး ဖြစ်သည်။ ရုတ်တရက် ချက်ချင်း ဖြုန်းခနဲ ဒိုင်းခနဲ ဆိုသည့် ကိစ္စမျိုးက ကျွန်မကို ဘယ်လိုမှ မဆွဲဆောင်နိုင်ခဲ့။

အေမီကတော့ ဒီကိစ္စမှာ တခြားကိစ္စတွေလိုပင် ရှေ့ပြေးနိမိတ်လက္ခဏာတွေ ရှိကိုရှိရမည်ဟု ငြင်းသည်။ အင်း- ဟုတ်ချင်လည်း ဟုတ်မပေါ့လေ။ ကျွန်မတို့က နှစ်စဉ်ဝ နေ့စဉ်ဘဝထဲ ရာသက်ပန် အကျဉ်းစံနေရသူတွေ ဆိုတော့ ဒီနိမိတ်လက္ခဏာတွေကို ကြည့်ရကောင်းမှန်း မသိ၊ မေ့မေ့လျော့လျော့ ဖြစ်နေပုံပင်။

သူ့အလိုအရတော့ ကျွန်မတို့ တစ်ဦးချင်းစီမှာ ကိုယ်ပိုင်ပြဿနာ၊ ကိုယ်ပိုင်လျှို့ဝှက်ချက်ကလေးတွေ ကိုယ်စီရှိကြပြီး ထိုကိစ္စများကို ဖြေရှင်းနေခြင်းသည် ကျွန်မတို့၏ ဘဝပေးတာဝန်သာတဲ့။ အမြဲ အောင်မြင်နိုင်သူ မရှိပေမယ့် ဘယ်လောက် ရှည်မှန်း မသိ၊ ဘယ်ကို ဦးတည်မှန်း မသိသည့် ဒီလမ်းကြောင်းကိုတော့ ကိုယ်စီ ကိုယ်င လိုက်ကြရတာပါပဲတဲ့။

ကျွန်မကတော့ သံသယန္တံထဲ နစ်နေခဲ့သည်။ အေမီ့ ယုံကြည်ချက်နှင့် ကျွန်မယုံကြည်ချက်က မတူ ကွဲပြားသည်ကိုး။ ဒီလို ပြောသည့်အတွက် ဤ ကိစ္စမှာ သူ့ဆိုလိုရင်းကို ကျွန်မ မမြင်တာ မဟုတ်ပါ။ အတိုင်းအတာတစ်ခုအထိ သူဆိုလိုချင်သည်ကို သိပါ၏။ သို့သော်လည်း လွန်ခဲ့သည့်လတွေတုန်းက ခုလို ကိစ္စမျိုးတွေ ဖြစ်တော့မည် ဆိုလျှင် ကျွန်မ အမြဲလိုလို တင်ကြိုသိနိုင်ခဲ့သည်။ အင်းလေ- အတွင်းစိတ်သန္တာန်ကို အမြဲ အာရုံစိုက် ကြည့်နေနိုင်ဖို့ ဘယ်လောက်အချိန်ပေးနိုင်မှာလဲ။ အတိတ်နိမိတ် အရိပ်လက္ခဏာတွေကို အမြဲ ဘယ်သိနိုင်ပါ့မလဲလေ။

ခန္ဓာကိုယ်မှာ တစ်ခုခု ချွတ်ချော် ပြောင်းလဲခြင်းဟာ စိတ်အာရုံ ဟန်ချက်တိမ်းစောင်းလွဲမှားမှုရဲ့ ရောဂါလက္ခဏာလို့ ယူဆကြသူတွေထဲမှာ ကျွန်မ မပါ။ ဘယ်တုန်းကမှ မပါခဲ့။ လည်ပင်းမှာ အနီစက်လေးတွေ ပေါ်လာခဲ့ဖူးသည်။

ထိုအစက်ကလေးတွေက ရက်ပိုင်းအတွင်း ကြီးထွားလာပြီး နာကျင် ပူလောင်နေခဲ့သည်။ ဘယ်ဆရာဝန်ကမှ အဆိုပါ အစက်များ၏ သရုပ်သကန်ကို မခွဲခြားနိုင်ခဲ့ကြ။ သုံး လေးပတ် နေတော့ ထိုအစက်များသည် ပေါ်လာတုန်းကလိုပင် ရုတ်တရက် ပြန်လည်ပျောက်ကွယ်သွားခဲ့သည်။ ဒါ ဘာကြောင့်လဲ၊ ဘာအကြောင်းကြောင့်မဆို ဖြစ်နိုင်တာပဲ မဟုတ်လား၊ တစ်ခါတလေ နားရွက်တွေ နီရဲနေတတ်သည်။ တစ်ခါတလေ ညဘက် အိပ်မပျော်။ ဘာကြောင့်မဆို ဖြစ်နိုင်တာပါ ပဲလေ။

စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်မရှည်ခြင်းတို့သည် အဆန်းတော့ မဟုတ်၊ အလုပ်ထဲမှာ အမြဲ ကြုံရတတ်သည့် အရာတွေသာပါ။ ဒီလိုနေရာမျိုးမှာ ဒီလောက်တော့ ပေးဆပ်ရမည် ဖြစ်သဖြင့် အထူးတလည် ညည်းညူနေ၍လည်း အကျိုးမထူး။

စာက ကျွန်မ စားပွဲပေါ်မှာ။ ခုခေတ် ဘယ်သူမှ မသုံးတော့သည့် တွန့်တွန့်ကြေကြေ လေယာဉ်စာအိတ် မိုးပြာရောင်လေးထဲက စာ။ သူ့လက်ရေး ကို မြင်တာနှင့် ကျွန်မ မှတ်မိပါသည်။ ဒီလို စာလုံးတွေကို သပ်ရပ်သေချာစွာ ရေးသူ ဘယ်သူမှ မရှိ။ စာတစ်လုံးချင်းကို အနုပညာပစ္စည်းတစ်ခု ဖန်တီးသလို သူ ရေးသည်။ လိုင်းအဆွဲအငင်တွေကို ဗာရုတ်လက်ရေးလှသမားတွေလောက် ကို သူ အားထုတ်သည်။ ထို့ကြောင့်လည်း စာတစ်လုံးချင်းစီက လက်ဆောင်ပစ္စည်းတစ်ခုလိုပင်။ စာလုံး စိပ်စိပ်ကလေးတွေနှင့် နှစ်မျက်နှာပြည့် ရေး ထားသည့် စာထဲက စာလုံးတိုင်း၊ စာကြောင်းတိုင်း၊ စာပိုဒ်တိုင်းဟာ မေတ္တာဖြင့် စီခြယ်ထားသည် ဖြစ်သောကြောင့် စာရှင်၏ သဝဏ်လွှာပါးခံရသူ ကာယကံရှင်အချို့ တန်ဖိုးမဖြတ်နိုင်သည့် ရတနာ စီခြယ်ထားသည့် စာ။

စာအိတ်ပေါ်မှာတော့ အမေရိကန် စာတိုက်တံဆိပ်ခေါင်း ကပ်လျက်။ သူ တိုးရစ်တစ်ယောက်ယောက်ကို ယုံယုံကြည်ကြည် ပါးလိုက်ပုံပေါ်သည်။ အမြန်ဆုံးနှင့် စိတ်အချရဆုံး စာပါးနည်းပေါ့။ နာရီကို ကြည့်လိုက်သည်။ နောက်နှစ်မိနစ်ဆို နောက်ထပ် အစည်းအဝေး စရတော့မည်။ သို့သော် စာကို ဖတ်ချင်လိုက်တာမှ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်နေသည်။ စာရွက်ကို ဖြန့်ကာ ဖတ်မည် ကြံတုန်းမှာ တံခါးခေါက်သံကျယ်ကြီးကြောင့် ခေါင်းထောင်ကြည့် လိုက်ရသည်။ တံခါးဝမှာ မူလီဂမ် ရပ်နေသည်။ ထွားကျိုင်းသန်စွမ်းလှသည့် မူလီဂမ်သည် တံခါးမှာ နေရာအပြည့် ယူထားသည်။ မြန်မာပြည်က အစ်ကိုကြီး ထံမှ စာရသည့်အတွက် သူ့ကို ခဏလေးစောင့်ဖို့ ပြောရန် စိတ်ကူးနေတုန်း သူက ပြုံးတုံးတုံးနှင့် သူ့လက်ပတ်နာရီကို လက်ထိပ်နှင့် တတောက်တောက် ခေါက်ပြနေလေပြီ။ မတတ်နိုင်၊ ခေါင်းညိတ်ပြလိုက်ရသည်။ ဆိုင်မွန်နှင့် ကွန်းစိ ရှေ့နေရုံးမှာ မူလီဂမ်က အထက်မြက်ဆုံးရှေ့နေ ဖြစ်သည်။ သို့သော် လက်ရေး က ဖတ်မရအောင် ဆိုးရွားလှသဖြင့် အင်မတန် လက်ရေးလှသည့် စာတစ်စောင် အပေါ် နားလည်နိုင်စရာ အကြောင်းတစ်စက်မျှ မရှိ။

ဟုတ်တော့လည်း ဟုတ်သည်။ အစည်းဝေးခန်းက လူစုံနေပြီ။ ကျွန်မ ကို စောင့်နေကြခြင်း ဖြစ်သည်။ ကော်ဖီနံ့တွေ ကြိုင်လှိုင်နေသည့် အစည်းအဝေး

ခန်းသည် အသီးသီး နေရာယူပြီးကြသည့်အခါ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားခဲ့သည်။ နောက်လာမည့် အပတ်များမှာ ကျွန်မတို့ ရှေ့နေရုံးအတွက် အရေးအကြီး ဆုံး အမှုသည်၏ အမှုအတွက် ပြင်ကြ ဆင်ကြရတော့မည်။ အမှုကတော့ သပွတ်အူထက် ရှုပ်သည်။ မူပိုင်ခွင့်ကိစ္စတွေ၊ အမေရိကနှင့် တရုတ်က တရားမဝင် ပစ္စည်းအတုတွေ၊ လူသန်းရာပေါင်းများစွာ၏ နစ်နာဆုံးရှုံးမှုတွေ၊ ဒီအမှုကြီး အတွက် အချိန်က အဓိက ဖြစ်သည်။

မူလီဂမ်က ခပ်တိုးတိုး ပြောသော်လည်း သူ့နက်ကျောကျော အသံက တစ်ခန်းလုံး လွှမ်းနေသည်။ သူ့စကား သုံး လေးခွန်း နားထောင်အပြီး ကျွန်မ အာရုံလွင့်သွားသည်။ သူ့စကားလုံးတွေကို အာရုံစိုက်ဖို့ ကြိုးစားပေမယ့် တစ်စုံ တစ်ရာက ကျွန်မ စိတ်ကို အခန်းတွင်းမှ တွန်းထုတ်နေသည်။ တရားစွဲခြင်း၊ တန်ပြန်တရားစွဲခြင်းတွေနှင့် ပြည့်နှက်နေသည့် ဤလောကနှင့် ဝေးရာ ဝေးရာ ဆီသို့။

စိတ်က မြန်မာပြည်မှ အစ်ကိုကြီးဆီ ရောက်သွားသည်။ ချက်ချင်းပဲ သူ ကျွန်မရှေ့မှာ ဘွားခနဲ ပေါ်လာသည်။ ကလောက ခနော်ခနဲ့ လက်ဖက်ရည် ဆိုင်လေးထဲ သူနှင့် ကျွန်မ ပထမဆုံးအကြိမ် တွေ့ခဲ့ပုံကို ပြန်သတိရသည်။ ကျွန်မကို ငေးကြည့်နေပြီး ဆိုင်းမဆင့်ဗုံမပါ အနားရောက်လာပုံ၊ အဝါဘက် လုနေသည့် သူ့ရုပ်ဖြူ၊ အကွက်မပေါ်သည့် ပုဆိုးနှင့် နွမ်းဖပ်ဖပ် ရော်ဘာဖိနပ် တွေ။ သူ ရှိနေလိမ့်မည်ဟု တစ်ကြိမ် တစ်ခါမျှ သံသယပင် မဖြစ်ခဲ့ဖူးသော် လည်း အမှန်တကယ် တည်ရှိနေခဲ့သည့် ကျွန်မ၏ အဖေတူ အမေကွဲ အစ်ကိုကြီးလေ။

စစချင်းမှာ ကျွန်မ သူ့ကို တူးတူးခါးခါး ဖြစ်မိသည်။ ဖုန်းတောင်းစား ယာစကာတစ်ယောက်လို ဆက်ဆံခဲ့မိသည်။

ကျွန်မ စားပွဲမှာ လာထိုင်ပြီး ကျွန်မကို မေးလိုက်သည့် “မင်း အချစ်ကို ယုံကြည်လား ဂျူလီယာ” ဆိုသည့် သူ့အသံကို ကနေ့ထိ ကျွန်မ မှတ်မိနေ သေးသည်။ ထိုမေးခွန်းကို ဖြေဆိုဖို့ အချိန်သည် ရပ်တန့်ပေးနေသလိုလို။ ကျွန်မ၏ သံသယအပြည့်ဖြင့် ပြက်ရယ်ပြုမှုတွေကို သူ မဖြုံခဲ့။ အစ်ကိုကြီးသည် သည်းခံ လွန်းလှသည်ပင်။

အသိဉာဏ်ပညာမူပိုင်ခွင့် တန်ဖိုးအကြောင်း မူလီဂမ် ပြောနေချိန်မှာ ကျွန်မ အစ်ကိုကြီး၏ စကားတွေကို တစ်လုံးချင်း ပြန်အမှတ်ရနေခဲ့သည်။ ကျွန်မ ရယ်ပွဲဖွဲ့တာတွေကို လျစ်လျူရှုရင်း “ကျုပ် အတည်ပြောနေတာ” အစချီ၍ သူ ဒီလို ပြောခဲ့သေးသည်ကော။

“အင်း- ခု ကျုပ်ပြောတဲ့ အချစ်ဆိုတာ ဆန္ဒရမ္မက် မိုးလောက်တက် ပြီး စိတ်ဇောအဟုန် သိမ့်သိမ့်တုန်လို့ ချစ်သူကို လက်ဝယ်ပိုင်ပိုင် မရရင်ဖြင့် ကြက်နာကြီး လည်လိမ်သလို ပူဆွေးသောက ဗျာပါဒတွေနဲ့ ရစ်သိုင်း မှိုင်းညို့ နေတဲ့ အချစ်မျိုးတော့ မဟုတ်ဘူး၊ ကျုပ် ပြောတဲ့ အချစ်က မျက်စိနှစ်ကွင်း အလင်းမရသူကို အမြင်အာရုံ ပြန်လည်ဆောင်ယူပေးနိုင်တဲ့၊ အကြောက် တရား ထက် အဆမတန် ပိုမို အားကောင်းပြင်းထန်တဲ့၊ ဘဝအဓိပ္ပာယ်ကို ဝင်သက်နဲ့ အတူ

သယ်ဆောင်လာတဲ့၊ ဖြစ်ပြီးရင် ပျက်စမြဲဆိုတဲ့ လောက နိယာမကို စိန်ခေါ် ဖီဆန်တဲ့၊ အနားသတ်ရယ်လို့ မည်မည်ရရ မရှိတဲ့ အတ္တစိတ်နဲ့ သေခြင်းတရား ကို ကျော်လွှားအောင်နိုင်လောက်အောင် မြင့်မြတ် လှပ တင့်တယ်လှတဲ့ ချစ်ခြင်း တရားပါ”

ဟင့်အင်း- ကျွန်မ ချက်ချင်းပဲ ပြန်ဖြေခဲ့မိသည်။ ဒီလိုအချစ်မျိုးကို ယုံလည်း မယုံ၊ သိလည်း မသိချင်၊ ရှိရှိ မရှိရှိ စိတ်မဝင်စား ဟူ၍ပေါ့။

ကျွန်မ အမှားကြီး မှားခဲ့ကြောင်း ရက်အနည်းငယ်အတွင်း အစ်ကိုကြီး ဦးဘက ကျွန်မကို ထင်ထင်လင်းလင်း ပြသွားခဲ့သည်။ ခု ဆယ်နှစ် ကြာပြီး သည့် အချိန်မှာရော။ မျက်စိနှစ်ကွင်း အလင်းမရသူ ရှင်းရှင်းကြီး မြင်လာအောင် အလင်းဆောင်ပေးနိုင်သည့် အချစ်ကို ခုရော ကျွန်မ ယုံနိုင်ခဲ့ပြီလား။ ကိုယ်ကျိုး အတ္တကို အောင်မြင်စွာ စွန့်ပယ်သတ်နိုင်ခဲ့သည့် လူပုဂ္ဂိုလ်တစ်ယောက် အကြောင်း ကို ဒီရုံးကလူတွေ ယုံအောင် ကျွန်မ ပြောနိုင်မည်လား။ သူတို့ ရယ်ရလွန်း သဖြင့် သေကုန်ကြလိမ့်မည်။

“ဒီနှစ်အတွက် အရေးအကြီးဆုံးအမှု ဖြစ်တဲ့အတွက် ကျွန်တော်တို့ .....”

မူလီဂမ်က အာပေါင်အာရင်းသန်သန် ပြောနေတုန်း။ ကျွန်မ တတ်စွမ်း သရွေ့ အာရုံစိုက်ထားပေမယ့် အတွေးတွေက လှိုင်းပုတ်ခံရသော သစ်တိုသစ်စ တွေလို ဦးတည်ရာမရှိ ရှေ့တိုးနောက်ငင် လွင့်မျော။

“ဂျူလီယာ”

မူလီဂမ့်အသံက ကျွန်မကို မန်ဟက်တန်သို့ အတင်းပြန်ဆွဲခေါ် နေသည်။

“ကဲ- ခင်ဗျားအလှည့်ပဲ”

ခေါင်းညိတ်ပြလိုက်သည်။ မှတ်စုတွေကို ငေ့ကြည့်လိုက်သည်။ လုပ်ရိုး လုပ်စဉ် အဖွင့်စကားလေး ပြောဖို့ ကြံစည်နေတုန်း အသံဖျော့ဖျော့လေးတစ်ခုက ကျွန်မကို ရိုက်ခတ်လာခဲ့သည်။ ကျွန်မ အတော်ပင် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

“နင် ဘယ် သူ လဲ..."

တိုးတိုးမျှင်မျှင်ကလေးပေမယ့် ဒါ စကားသံ ဆိုတာ မမှားနိုင်။

“နင် ဘယ် သူ လဲ..."

တိုးပေမယ့် ပီသလှသည့် အဝေးတစ်နေရာမှ လွင့်မျောလာသော အမျိုးသမီးတစ်ယောက်အသံ။ ဒီလိုအချိန်ကောင်းမှာ ဘယ်သူက လာနှောင့်ယှက် နေတာလဲ။ ကျွန်မ ညာဘက် လှည့်ကြည့်မိသည်။ ဘယ်သူမှမတွေ့၊ ဒါဆို ဒီအသံ ဘယ်က ထွက်လာသလဲ။ ဟော-

"နင် ဘယ် သူ လဲ...

ဘယ်ဘက် လှည့်ကြည့်ပြန်သည်။ ဘာဆို ဘာမျှမတွေ့၊ ဘယ်ကမှန်း မသိသည့် တီးတိုးသံ။

“ဒီ လူ တွေ နှင့် ဆီ က ဘာ လို ချင် နေ တာ လဲ...”

တစ်ခန်းလုံး တိတ်ဆိတ်လျက်။ အသက်ကို ပြင်းစွာရှူသွင်းရင်း ဖြည်းဖြည်းချင်း ရှူထုတ်လိုက်သည်။ ရုက်စိတ်ကြောင့် မျက်နှာ ရဲနေပြီဆိုတာ သိသည်။ သို့သော် အာစေးထည့်ခံထားရသလို ဖြစ်နေသည်။ မျက်လုံးတွေက အောက်စိုက်လျက်။ တစ်ယောက်ယောက်က ချောင်းဟန့်လိုက်သံ ကြားရ သည်။

“ယုံ ကြည် ရာ အ တိုင်း ခိုင် ခိုင် မာ မာ ရပ် တည် ပါ...”

“ဂျူလီယာ”

စကားတစ်လုံးမျှ မပြောနိုင်သေး။ ဘယ်သူမျှလည်း မရှိ။ ကျွန်မ အသက်ရှူကျပ်လာပြီ။ ဒါ ဘယ်သူလဲ၊ ဘယ်သူ လာပြောနေတာလဲ၊ သူ ကျွန်မ ဆီက ဘာလိုချင်တာလဲ၊ တစ်သက်လုံး လုပ်လာတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်မ ဘာလို့ ကြောက်နေတာလဲ။

“ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောချလိုက်ပါ ဂျူလီယာ၊ ကျွန်တော်တို့အားလုံး နားထောင်နေပါတယ်”

မူလီဂမ့်အသံက စိတ်သိပ်မရှည်တော့ ဟန်ပေါက်နေသည်။ စိတ်အနှောင့် အယှက်ဖြစ်ခြင်းကို ဖော်ပြသည့် ချောင်းဟန့်သံတွေ ဟိုက ဒီက ထွက်လာ ခဲ့သည်။

“သ တိ ထား၊ အ ပြော အ ဆို ဆင် ခြင်၊ သ တိ ထား..” ခေါင်းထောင်ရင်း တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ လူတွေက မျက်စိထဲမှာ တရိပ်ရိပ် ဖြစ်နေသည်။ မာ့ခ်၏ ပူပင်သော အကြည့်ကို တွေ့ရ သည်။ သူ ကျွန်မ ခုလို ဖြစ်နေတာကို သိနေလား၊ ခံစားမိလား၊ ဖရန့်ခ်၏ မျက်နှာပြင်ကြီးပေါ်မှာ လှောင်ပြုံးတစ်စ။ တစ်နေ့နေ့ ကျွန်မ ဒီလို မရှူနိုင်မကယ်နိုင် ဖြစ်မှာကို သူ သိနေသည့်အလား။

“သူ တို့ ဘာ ပြော ပြော သူ တို့ ကို နင် မ ယုံ နဲ့..”

ထိုအသံက ကျွန်မလည်မျိုကို နင်းချလိုက်သလို၊ ကျွန်မ တစ်ကိုယ်လုံး မလှုပ်နိုင်သလို ဖြစ်နေသည်။ မျက်စိထဲမှာ သူတို့မျက်နှာတွေ ရောယှက်ပြေးလွှား နေသည်။ လက်ဖဝါးတွေ ချွေးစေးပြန်လာသည်။ နှလုံးက တဒိန်းဒိန်း ခုန်လာ သည်။

“ဂျူလီယာ ခင်ဗျား အဆင်ပြေရဲ့လား”

“နင့် ကို ဘယ် သူ မှ မ ကူ ညီ နိုင် ဘူး...”

"ဟို - ကျွန်မ . . ."

တစ်ခန်းလုံး တိတ်သွားသဖြင့် အသံက လိုအပ်သည်ထက် ပိုကျယ်သွားသည်။ လူတွေ အာရုံစိုက်စေဖို့ ခြေဆင်းစကား ပြောတာနဲ့ မတူဘဲ ငိုသံပေါက်နေသည်။ သူတို့အားလုံး ကျွန်မကို ငေးနေကြသည်။ တိတ်နေကြသည်။ ခေါင်းတွေ တရိပ်ရိပ် မူးလာသည်။ လဲကျတော့မလို ဖြစ်လာသည်။

"ရေလေး သောက်လိုက်ပါလား"

ရိုးရိုးသားသား အကြံပေးတာလား၊ ကျွန်မ ထင်ယောင်ထင်မှားတွေ ဖြစ်နေတာလား၊ ယုံကြည်ရာကို ခိုင်ခိုင်မာမာ ရပ်တည် ဆိုပါလား။

"တစ် လုံး မှ မ ပြော နဲ့ ပါး စပ် ပိတ် ထား..."

မျက်စိရှေ့မှာ အက်ကြောင်းကြီး ပေါ်လာသည်။ စက္ကန့်ပိုင်းအတွင်း ကျယ်လာခဲ့သည်။ ကျွန်မ ဘယ်သူမှ မမြင်အောင် ပုန်းနေလိုက်ချင်သည်။ ဘယ်လိုဖြစ်နေတာလဲ၊ နေ့ခင်းကြောင်တောင် ဘယ်ကမှန်းမသိတဲ့ အသံကို ကြားနေရသည်။ လူစိမ်းတစ်ယောက် ခန္ဓာကိုယ်ထဲ ဝင်နေသလို။ တစ်ကိုယ်လုံး သေးသွား၊ ကျုံ့သွားသလို ခံစားနေရသည်။ ဘာဆိုဘာမျှ မရှိတော့သလို ခံစား နေရသည်။ ဒီအသံမပျောက်မချင်း ကျွန်မ စကားတစ်လုံးမျှ ပြောနိုင်တော့မှာ မဟုတ်။ နားတွေကို လက်နှစ်ဖက်ဖြင့် ပိတ်ချည် ဖွင့်ချည်လုပ်သည်။ အသက် ပြင်းပြင်း ရှူသည်။ ဟင့်အင်း- အလကားပါပဲ။

"သူ တို့ နင့် ကို ကောင်း ကျိုး မ ပေး ဘူး၊ အ ပြိုး တု နဲ့ လူ တွေ၊ အ န္တ ရာယ် ကောင် တွေ..."

သူ့ကို ကျွန်မ အသံကုန်အော်ပစ်လိုက်ချင်သည်။

"တော် ပါ တော့၊ မ ပြော ပါ နဲ့ တော့၊ ကျွန် မ ဘာသာ နေ ပါ ရ စေ"

သို့သော် စကားသံက တစ်လုံးမျှ ထွက်မလာခဲ့။

မူလီဂမ်နှင့် ကျွန်မ အကြည့်ချင်းဆုံသည်။ ခု ဘယ်သူမျှ မကယ်နိုင်တော့တာ အသေအချာ သိရပြီ။ ကျွန်မ ထွက်သွားမှ ဖြစ်မည်။ ခု ချက်ချင်းထွက်မှ၊ အိမ်သာထဲ၊ ရုံးခန်းထဲ၊ တိုက်ခန်းထဲ၊ ဘယ်ဖြစ်ဖြစ် အရေးမကြီး၊ ဒီနေရာနဲ့ ဝေးရင်ပြီးရော။ ကျွန်မဆီက အကြံဉာဏ် လိုချင်သူများကို အကြွေး တင်မိပြီ၊ တောင်းပန်ရမည်။ သူတို့ကို ဘာအကြံမျှ မပေးနိုင်တော့၊ အင်အားရယ် လို့ တစ်စက်ကယ်မျှ မရှိလေတော့။ ဘာမျှလည်း မပြောနိုင်တော့။ ခဏတာ ချီတုံချတုံ ဖြစ်နေပြီး ကျွန်မ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ ခြေထောက် တွေက တုန်နေသည်။

"နင် ဘာ လုပ် နေ တာ လဲ..."

“ဟေ့- ဂျူလီယာ၊ ဘာဖြစ်နေတာလဲ”

ကျွန်မ စာရွက်တွေ သိမ်းပြီး တံခါးဆီ ဦးတည်လိုက်သည်။ မူလီဂမ် က နောက်ကနေ လှမ်းအော်နေသည်။ သူ ဘာပြောနေမှန်း ကျွန်မ နားမလည် တော့။ တံခါးဖွင့်၊ အပြင်ထွက်၊ တံခါးကို အသံမမြည်အောင် ပြန်ပိတ်။

“ခု ဘာ လုပ် မှာ လဲ..”

ကျွန်မ ရုံးခန်းထဲ ဒရောသောပါး လျှောက်လာခဲ့သည်။ စာရွက်စာတမ်း တွေကို စားပွဲပေါ်ပစ်ချ၊ ကုတ်အင်္ကျီကိုယူ၊ ဦးဘ၏ စာကို လက်ပွေ့အိတ်ထဲ ထည့်ပြီး စကားတစ်ခွန်း ချန်မထားဘဲ ရုံးက ထွက်လာခဲ့သည်။

ကျွန်မ ခရီးဘယ်ကစလို့ ဘယ်မှာ ဆုံးမည်ကို မသိ။ တကယ့်ကို ရိုးရိုးသားသား မသိ။ ကျေးဇူးတော်နေ့မတိုင်ခင် တစ်ပတ်အလို ကြည်လင် အေးမြ ထိုနေ့ကပေါ့။

■■■

အခန်း(၂)

ကလော

၉-နိုဝင်ဘာ-၂၀၀၆

ချစ်စရာကောင်းတဲ့ နှမလေးရေ။

ဒီစာ နှမလေးဆီ ချောချောမောမော ကောင်းကောင်းမွန်မွန် ရောက်မယ်လို့ အစ်ကိုကြီး မျှော်လင့်တယ်ကွယ်။ အကြာကြီး နှုတ်ဆိတ်နေမိတာ အစ်ကိုကြီး ခွင့်လွှတ်တော့ နှမရေ။ နောက်ဆုံး ဘယ်တုန်းက နှမဆီ စာရေးမိမှန်းတောင် မမှတ်မိတော့ဘူး။ နွေတုန်းကလား၊ မိုးအဝင်မှာလား မသိ။

နှမလေး လာပြီးကတည်းက ခုထိ ကမ္ဘာအသ်ချေလောက် ကြာခဲ့ပြီ ထင်ရပေမယ့် ကလောရော၊ အစ်ကိုကြီးရော ဘာမှ သိပ်မပြောင်းလဲလှပါဘူး။ ဗေဒင်ဆရာမိန်းမက နေမကောင်းဖြစ်နေပြီး မကြာခင် သေတော့မယ်။ တို့ ပထမဆုံး စတွေ့တဲ့ လက်ဖက်ရည်ဆိုင်ရှင်သမီးက ခု သားလေးတစ်ယောက် တောင် ရပြီ။ ကမ္ဘာကြီးကတော့ ဒီလိုမျိုး ဟုတ်မယ် မထင်ပါဘူး။ အစ်ကိုကြီး တို့ ဘဝနဲ့ နှမတို့ဘဝက စည်းချက်မှ မတူဘဲလေ။ နှမလေးတို့ဆီမှာ ဘာတွေ ပြောင်းလဲနေသလဲ ဆိုတာတော့ အစ်ကိုကြီး မှန်းကြည့်ဖို့တောင် မလွယ်လှဘူး။

အစ်ကိုကြီးကတော့ အရင်လိုပါပဲ။ စာအုပ်ဟောင်းလေးတွေ ပြုပြင်နေ တုန်းပေါ့။ ဒါပေမဲ့ ဒီအလုပ်ဟာ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း ပိုခက်ခက်လာတယ်။ မျက်လုံးကလည်း မကောင်းတော့ဘဲကိုး၊ တစ်နေ့ထက် တစ်နေ့ ပိုပိုမွဲလာတယ်လေ။ အင်း-အစ်ကိုကြီးလည်း မီးစာကုန်ဆီခန်း အရွယ် ရောက်လာခဲ့ပြီ။ ညာဘက်လက်ကလည်း မသိမသာလေး တုန်ချင်နေတယ်။ ဆိုတော့ စာအုပ်ပိုးပေါက်တွေကို ပြုပြင်ရတာ ပိုပိုခက်လာတာပေါ့။ ပြီးခဲ့တဲ့ သုံးလအတွင်း စာတစ်အုပ်ပဲ ပြင်ပြီးတယ်။ ထူတဲ့ စာအုပ်ဆို ခုဆို ခြောက်လ လောက် အချိန်ယူရတော့မယ်။ ဒါတွေ လုပ်တာ ဘာကောင်းလို့လဲလို့ ကိုယ့်ကိုယ်ကိုယ် မေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုက အချိန်ပဲ လေ။ အစ်ကိုကြီးက အချိန်တွေ ပေါလွန်းတဲ့ အချိန်သူဌေးကြီးပေါ့အေ။ တောရေး တောင်ရေးတွေ ကလောင်ဦးတည့်ရာ လျှောက်ရေးနေလို့ သူငယ်ပြန်နေပြီလို့ ထင်မနေနဲ့ဦးအံ့။ ညည်း အစ်ကိုကြီး ဘာမှ မဖြစ်သေးပါဘူး။ ခု နယူးယောက် မှာ ဆောင်းဦး ဖြစ်မယ် ထင်တယ်။ စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတာတော့ နယူးယောက်ဟာ ဆောင်းဦးမှာ အလှဆုံး ဆိုပဲ။ တကယ်လား နှမရေ။ ဩ၀်- တို့ဟာ မောင်နှမသာ ဆိုတယ်၊ အစ်ကိုကြီးဟာ နှမ ဘဝအကြောင်း ဘာမှ နားမလည်ပါလားနော်။

အစ်ကိုကြီးတို့ဆီမှာတော့ မိုးကုန်တော့မယ်။ ကောင်းကင်က ကြည်ကြည် လင်လင်၊ ရာသီဥတုက ခြောက်ခြောက်သွေ့သွေ့ ဖြစ်လာခဲ့ပြီ။ တဖြည်းဖြည်း အေးလာပြီ။ မကြာခင် အိမ်ရှေ့ဥယျာဉ်လေးထဲက မြက်ဖျားတွေမှာ နှင်းသီးလေး တွေ တွေ့ရတော့မယ်။ အဲဒီမြင်ကွင်းကို အစ်ကိုကြီးအနေနဲ့ တန်ဖိုးမဖြတ်နိုင် အောင်ကို ခံစားရတာ။

မနေ့ကတော့ ထူးထူးခြားခြား ကိစ္စတစ်ခု ဖြစ်ခဲ့တယ်ကွဲ။ လမ်းလေးခွ ဆုံက ညောင်ပင်ကြီးအောက်မှာ မိန်းမတစ်ယောက် ထူးထူးဆန်းဆန်း ဆုံးပါး သွားခဲ့တယ်။ ဒီကိစ္စကို သူကိုယ်တိုင် မြင်ခဲ့တယ်ဆိုတဲ့ အိမ်နီးချင်းရဲ့ အပြော အရတော့ အဲဒီမိန်းမဟာ အော်ကြီးဟစ်ကျယ်နဲ့ ငိုလိုက် ညည်းလိုက် လုပ်နေခဲ့ သတဲ့။ သူ့ညီမနဲ့အတူ ဈေးကိုသွားရင်း ညောင်ပင်အောက်မှာ ခွေလဲကျသွား တယ်တဲ့။ သူ့ညီမကို တွဲထားရင်း အဲဒီမိန်းမဟာ သူ့ကို ခွင့်လွှတ်ဖို့ အကြိမ် ပေါင်းများစွာ ပြောရင်း မျက်ရည်ပေါက်ကြီးတွေ ကျလာလိုက်တာ တစ်ပေါက် တစ်ပေါက် မြေပဲဆန်လောက်ကို ကြီးတယ်ဆိုပဲ။ ဒီကလူတွေ ပိုတတ်တာ ကဲတတ်တာ နုမလေး သိတဲ့အတိုင်းပဲလေ။ ခဏနေတော့ သူဟာ တစ်မြို့လုံးက မကြားဖူးတဲ့ နာမည်တစ်ခုကို အော်ခေါ်ရင်း လမ်းမှာ တွေ့တဲ့ လူငယ်တစ်ယောက် နောက်ကို ဇွတ်အတင်းလိုက်မယ် တကဲကဲ လုပ်နေတယ်တဲ့။ အဲဒီလူငယ်က တအံ့တသြနဲ့ သူ့ကို လှည့်ကြည့်လိုက်တယ်၊ မျက်လုံးချင်းအဆုံမှာ အဲဒီမိန်းမဟာ ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းသွားပြီး ရုတ်တရက် လဲကျ သေဆုံးသွားခဲ့ တယ်တဲ့လေ။ နေ့ခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလိုမျိုးတဲ့။ သူ ဘယ်လို ဖြစ်လို့ သေသွားတာလဲ ဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး။ သူ့ညီမကတော့ ဖြစ်ရလေ အစ်မရယ်လို့ ပြောပြီး အော်အော်ငိုသတဲ့။ သူတို့ညီအစ်မဟာ မြို့စွန်မှာ နှစ်ယောက်တည်း နေကြတာတဲ့၊ မိတ်ဆွေအပေါင်းအသင်းလည်း မရှိကြဘူးတဲ့၊ သူတို့အကြောင်းလည်း ဘယ်သူမှ ရေရေရာရာ မသိကြဘူး။ ဒါပေမဲ့ ထူးဆန်းတာက သူတို့ဟာ အားလုံးကို သိနေသလိုပဲတဲ့။ အဲဒီကိစ္စကို ခုထိ တစ်မြို့လုံး ကျွက်ကျွက်ညံအောင် ပြောနေကြတုန်းပဲ။ အဲဒီမိန်းမ ပြေးလိုက်သွားတဲ့ လူငယ် ဟာ မော်ဆရာတဲ့၊ သူ့အကြည့်တစ်ချက်နဲ့ အဲဒီမိန်းမကို သေအောင် ပြုစား လိုက်တာတဲ့။ ကောင်လေးခမျာလည်း သနားပါတယ်။ မဟုတ်ပါဘူးလို့ တွင်တွင်ငြင်းရင်း သူ့အဒေါ်ရှိတဲ့ တောင်ကြီးကို ပြေးပါလေရော။

ညည်းရော ဘယ်လိုတုံးကွဲ၊ နောက်ဆုံးစာထဲမှာ ရေးထားခဲ့တဲ့ မစ္စတာမိုက်ကယ်နဲ့ မင်္ဂလာပွဲ အထမြောက်သွားပြီလား။ ကြည့်ရတာ လက်ထပ် ပြီးသွားလို့တောင် ကြာနေပြီ ထင်တယ်။ စာအဆက်အသွယ် မရှိတာလည်း ကြာမှကိုးကွဲ။ အင်းလေ- လက်ထပ်ပြီးပြီဆိုရင် ညည်းတို့လင်မယားအတွက် အစ်ကိုကြီး လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်။ အကောင်းဆုံးတွေ ဖြစ်ပါစေ လို့ နှလုံးသားထဲက ဆုတောင်းပေးပါတယ်။ အင်း- အမျိုးသမီး မဆုံးခင်တုန်း က အိမ်ထောင်သည်ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို အစ်ကိုကြီးလည်း နှစ် နည်းနည်းလောက်တော့ ခံစားခဲ့ရဖူးပါတယ်ကွယ်။

ကဲ- ဂျူလီယာလေးရေ၊ စာလည်း ရှည်သွားပြီ။ အသက်ကြီးတော့ ရောက်တတ်ရာရာတွေ ပြောရင်း ညည်းအချိန်တွေ ကုန်မှာလည်း စိုးလှတယ်။ ခု တော်ဦးမယ်နော်၊ ကလောက မီးမမှန်ဘူး၊ မီးအားကျတယ်။ ခုကို မီးလုံးက မှိတ်တုတ် မှိတ်တုတ်နဲ့ လျှို့ဝှက်သင်္ကေတ အချက်ပြနေသလိုပဲ။ တကယ်တော့ မီးအား ကျလိုက် တက်လိုက် ဖြစ်နေတာလေ။

ဂျူလီယာလေး၊ အစ်ကိုကြီး အချစ်ဆုံး နုမလေး... ဘဝမှာ အစစ အရာရာ ကံကောင်းခြင်းလက်ဆောင်တွေပဲ ရပါစေကွယ်။ အစ်ကိုကြီး ညည်း ကို သိပ်လွမ်းတာပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်။

ချစ်တဲ့ အစ်ကိုကြီး

စာကို ဘေးချထားလိုက်သည်။ တိတ်နေသည့် အသံ ပြန်ပေါ်လာမှာကို ကျွန်မ ကြောက်နေမိသည်။ သို့သော် ခု လောလောဆယ်တော့ အစ်ကိုကြီး စာကြောင့် သွေးရင်းသားချင်းအပေါ် ချစ်ခင်စိတ်တွေ၊ သတိရစိတ်တွေ၊ လွမ်းစိတ်တွေ၊ ဝမ်းနည်းစိတ်တွေသာ တဖွားဖွား ပေါ်နေခဲ့သည်။ အစ်ကိုကြီးကို လူကိုယ်တိုင် အရှင်လတ်လတ် တွေ့ချင်လိုက်တာ သေမတတ်ပင်။ သူ့အသံ၊ သူ့ဟန်၊ အရာရာ ကို မလိုအပ်ဘဲ အားနာနေတာ၊ တောင်းပန်နေတာတွေ၊ ယဉ်ကျေးလွန်းလှတာ တွေ၊ နှိမ့်ချလွန်းလှတာတွေ တရိပ်ရိပ် မြင်ယောင်လာခဲ့သည်။ သူ့ကျွန်းအိမ် အိုမည်းကလေးက မျက်စိရှေ့မှာ တရိပ်ရိပ် ပေါ်လာခဲ့သည်။ အိမ်အောက်က ရွှံ့ထဲ လူးနေသည့်ဝက်၊ ဟောင်းနွမ်းလှသည့် ပက်လက်ကုလားထိုင်တွေ၊ ကျွန်မ အိပ်ခဲ့သော ဆိုဖာခုံကြီး၊ သူနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေသည့် ပျားတွေ၊ သူနှင့် မဆိုင်သဖြင့် တစ်စက်မျှ မတို့မထိခဲ့သော ပျားရည်အပြည့်နှင့် ပျားအုံကြီး။

အစ်ကိုကြီးသည် စာအုပ်ဟောင်းတွေ ပြည့်နေသည့် သူ့စားပွဲပေါ်မှာ ကုန်းကုန်းကြီး ထိုင်ရင်း စာအုပ်ပြင်နေသည်။ အခန်းထဲက စာအုပ်ပုံကြီးက မျက်နှာကြက်ထိလုမတတ်။ စားပွဲပေါ်မှာ ကတ်ကြေးတွေ၊ ဇာဂနာတွေ၊ ကော်ဘူးတွေ၊ စာရွက်ပိုင်းလေးတွေ။ ထိုပစ္စည်းကိရိယာများကို သုံး၍ ပိုးပေါက်တွေ ဖြစ်နေသည့် စာအုပ်ဟောင်းတွေကို သူ စိတ်ရှည်လက်ရှည် ပြုပြင်နေသည်ကို ကျွန်မ နာရီပေါင်းများစွာထိုင်ကြည့်ခဲ့ဖူးသည်။ ဤနည်းဖြင့် နှစ်ပေါင်း များစွာ အတွင်း စာအုပ်ဒါဇင်ပေါင်းများစွာကို သူ ပြုပြင်ခဲ့သည်။

ဩော်- ကျွန်မဘဝနဲ့ ကွာလွန်းလှတဲ့ အစ်ကိုကြီးရဲ့ ငြိမ်းငွေ့ဖွယ် ကောင်းလှတဲ့ဘဝလေ၊ ကျွန်မ နှလုံးသားကို လက်ဖြင့် ဆုပ်နယ် ဖျစ်ညှစ်လိုက်သလို ခံစားရသည်ပင်။

မြန်မာပြည်မှအပြန် အမှတ်တရ လက်ဆောင်တွေ တင်ထားသည့် စပ်လေးဆီ အကြည့်က ရောက်သွားသည်။ စာအုပ်တွေ၊ သတင်းစာတွေ၊ အစ်ကိုကြီး ပေးလိုက်သည့် သစ်သားဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၊ ဖုန်တက်နေသည့် သစ်စေး သားသေတ္တာလေးထဲက ဆင်ရုပ်တွေ၊ မျောက်ရုပ်တွေနှင့် ကလောက မပြန်ခင် အစ်ကိုကြီးနှင့် ကျွန်မ ရိုက်ခဲ့သည့် ဓာတ်ပုံ။ ကျွန်မက အစ်ကိုကြီးထက် ခေါင်း တစ်လုံး ပိုမြင့်နေသည်။ အစ်ကိုကြီးက အစိမ်းနှင့် အနက်စင်း လုံချည်အသစ်ကို ဝတ်ထားသည်။ ခေါင်းမှာ ရှမ်းကြီးတွေလို ပန်းရောင် ခေါင်းပေါင်း ပေါင်းထား ပြီး ကင်မရာကို လေးလေးနက်နက် ကြေကြေကွဲကွဲ စိုက်ကြည့်နေခဲ့သည်။

ဓာတ်ပုံထဲမှ ကျွန်မကတော့ တစ်သက်တာလုံးမှာ အပျော်ဆုံး အချိန်မို့ လား မသိ၊ ကိုယ့်ကိုယ်ကိုယ်ပင် မမှတ်မိလောက်အောင် ရွှင်ပြုံးချိုမြနေခဲ့သည်။ တစ်ခါမျှ မသိခဲ့ဖူးသည့် ကျွန်မ ဖေဖေ၏ အင်မတန် လှပသည့် အချစ်ဇာတ်လမ်း ကြောင့် ပေါ့ပါးရွှင်လန်းနေပုံက ဓာတ်ပုံထဲမှာ အထင်းသား။ ထိုပုံကို သူငယ်ချင်း တွေ မြင်တော့ သူတို့က ကျွန်မပုံ ဆိုတာတောင် မယုံနိုင်ပေါင်တဲ့။ မိုက်ကယ် ကလည်း ဒီပုံကို မြင်စက အိန္ဒိယက ဆရာသခင် ဂုရုကြီးတစ်ပါးနှင့်အတူ ပျော်ရွှင်စွာ ရိုက်ထားသည့်ပုံလို့ ထင်နေခဲ့သည်တဲ့။ နောက်ပိုင်းကျတော့ သူ သေချာကြည့်ရင်း

ဒီလောက် မြူးလှတာ တန်တော့ မြန်မာပြည်က ဘိန်းပြောင်း ကို ရှူပြီး ရိုက်ထားတာနေမှာတဲ့လေ။

ခု ဆယ်နှစ်တောင် ကြာသွားခဲ့ပြီ။ ဒီဆယ်နှစ်အတွင်း ဖေဖွေ့ အုတ်ဂူဆီ၊ အစ်ကိုကြီး ဦးဘဆီ ပြန်သွားဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ဖူးသည်။ ကြိုးစားခဲ့ဖူး သည်။ လေယာဉ်လက်မှတ် မှာပြီး နောက်ဆုံးမိနစ်ကျမှ အရေးပေါ်ကိစ္စတွေ ကြောင့် ခရီးစဉ် ဖျက်လိုက်ရတာ နှစ်ကြိမ် နှစ်ခါ။ ထိုအရေးပေါ်ကိစ္စတွေ၊ နိစ္စဓူဝ ကိစ္စတွေက ဖိစီးနှိပ်စက်လွန်းလာသည့်အခါ မှတ်ဉာဏ်တို့သည် မှေးမှိန်၍ လာ၏။ ဆန္ဒတို့သည် ယုတ်လျော့၍လာ၏။ တစ်နေ့နေ့ပေါ့ ဆိုသည့် ခပ်ပေါ့ပေါ့ စိတ်တွေ ဝင်လာခဲ့၏။

အစ်ကိုကြီးဆီ နောက်ဆုံး ဘယ်တုန်းက စာရေးခဲ့မိသည်ကို မမှတ်မိ တော့။ ကြာလွန်းလှပြီ။ ဒါတောင် အစ်ကိုကြီးက သူ အကြာကြီး နှုတ်ဆိတ်နေမိ သဖြင့် ခွင့်လွှတ်ဖို့ တောင် ပန်နေသေးသည်။ တကယ် တောင်းပန်ရမည်က သူ့စာကို မပြန်နိုင်ခဲ့သည့် ကျွန်မကသာ ဖြစ်သည်။ အဲဒီရှေ့က စာကိုလည်း ကျွန်မ မပြန်ခဲ့မိဘူး ထတာပါပဲ။ သေချာမမှတ်မိ။ ကလောက ပြန်လာလာ ချင်းတုန်းကတော့ ကျွန်မတို့ မောင်နှမ စာမှန်မှန် ရေးခဲ့ကြသည်။ ကြာလာ လေလေ စာသွားစာလာ အကြိမ်ရေက လျော့ကျလာလေ။ အစ်ကိုကြီးက သူ ပြုပြင်ထားသည့် စာအုပ်တွေ ကျွန်မဆီ တစ်နှစ် တစ်အုပ် မှန်မှန်ပို့ပေးခဲ့သည်။ သို့သော်လည်း စာအုပ်တွေက ဟောင်းလှ နွမ်းလှသဖြင့် ကျွန်မ စိတ်မသန့်ချင်၊ ကိုင်ပြီးတာနှင့် လက်တန်းဆေးပစ်ရသည်။ အစ်ကိုကြီး လက်ရာတွေမို့ အစ ကတော့ ခုတင်ဘေးမှာ အမြတ်တနိုး ထားခဲ့သည်။ နောက်တော့လည်း တဖြည်းဖြည်း အခန်းထောင့်တွေကို ရောက်ရှိ ပျောက်ကွယ်။

အစ်ကိုကြီးဆီ နှစ်ခါလောက် ရန်ကုန် အမေရိကန်သံရုံးမှတစ်ဆင့် ကျွန်မ ငွေပို့ခဲ့ဖူးသည်။ အားလုံးပေါင်း ဒေါ်လာတစ်သောင်းလောက်။ လက်ခံရရှိကြောင်း စာပြန်သည်ကလွဲ၍ မြန်မာပြည် အနေအထားအရ အတော်လေး များသည့် ထိုငွေတွေအကြောင်း သူ တစ်လုံးမျှ မပြောခဲ့။ အစ်ကိုကြီး ကြိုက်ဟန် မတူသည့်အတွက် ကျွန်မလည်း နောက်ထပ်မပို့ဖြစ်တော့။ နယူးယောက်ကို လာခဲ့ဖို့၊ လာမည်ဆိုလျှင် အစစအရာရာ စီစဉ်ပေးမည် ဖြစ်ကြောင်းလည်း အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။ အစ်ကိုကြီးကတော့ အကြိမ်တိုင်းမှာ ယဉ်ယဉ် ကျေးကျေး ညင်ညင်သာသာပေမယ့် ခိုင်ခိုင်မာမာကို ငြင်းခဲ့သည်။

မြန်မာပြည်က ပြန်လာတော့ မကြာခင် ပြန်လာခဲ့ဦးမည်ဟု အခိုင်အမာ ကတိပေးခဲ့ပြီး ခု ဆယ်နှစ်ကြာချိန်အထိ အစ်ကိုကြီးနှင့် မတွေ့ဖြစ်တာကို တွေ့အောင် မစီမံနိုင်တာတွေကို ကျွန်မ စဉ်းစားနေမိသည်။ ဘာကြောင့်များ ကျွန်မ ဘဝထဲက သူ့ကို ပျောက်ကွယ်ခွင့် ထပ်ပေးလိုက်မိပါလိမ့်။ ဘာတွေများ အရေးကြီးနေလို့လဲ၊ ကျွန်မမှာ အဖြေမရှိ။ သူ့ဆီ စာရှည်ကြီးတစ်စောင် ရေးဦးမှ။

မြန်မာပြည်အကြောင်း စဉ်းစားလိုက်မိတော့ ကျွန်မ နည်းနည်း တည်ငြိမ် လာခဲ့သည်။ အပြန်မှာ တက္ကစီပေါ်ကနေ မူလီဂမ့်ဆီ အီးမေးလ် ပို့လိုက်သည်။ နေမကောင်း၍ အိမ်ပြန်သွားကြောင်း၊ ဖြစ်ကြောင်းရယ်ကုန်စင်ကို တနင်္လာနေ့မှာ ရှင်းပြမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။ အင်း- အခန်းရှင်းဦးမှ။ အခန်းက

ပွစိတက်နေသည်။ သန့်ရှင်းရေး တာဝန်ကျ အမျိုးသမီး နေမကောင်း၍ ခွင့်ယူထားတာ နှစ်ပတ်ရှိပြီမို့ ဖုန်အလိမ်းလိမ်း တက်နေသည်။ အိပ်ခန်းထဲမှာ မဖွင့်ရသေးသည့် ပုံးတွေ၊ သေတ္တာတွေ၊ မချိတ်ရသေးသည့် ပန်းချီကားတွေနှင့် စိတ်ရှုပ်စရာ။ ဩော်- မိုက်ကယ်နှင့် လမ်းခွဲပြီး ကျွန်မ အခန်းဟောင်းလေးမှာ တစ်ယောက်တည်း ပြန်နေတာ လေးလတောင် ကျော်ခဲ့ပြီပဲ။ သူငယ်ချင်း အေမီကတော့ အခန်းကို ကြည့်ရင်း ဒါ မိုက်ကယ်နဲ့ လမ်းခွဲရတာကို စိတ်က ငြင်းဆန်နေတဲ့ အမှတ်သညာဟု ဆိုခဲ့သည်။ အဓိပ္ပာယ်မရှိလိုက်တာ။ ပစ္စည်းတွေနေသားတကျ မချရသေးသည်ကတော့ ၂၈ နှစ်အရွယ်က တစ်ယောက်တည်း နေခဲ့ရသည့် တိုက်ခန်းကို ခု ၃၈ နှစ်မှာ တစ်ကျော့ပြန် ခြေချရခြင်းကို ဆုတ်ယုတ်ခြင်းဟု ခံစားရ၍သာ။ လွန်ခဲ့သည့် လေးနှစ်က မိုက်ကယ်နှင့် နှစ်ယောက်အတူ၊ ခုများ တော့ တစ်ယောက်တည်း။ သူနှင့် ကိစ္စအားလုံး ပြီးဆုံးခဲ့ပြီ ဆိုတာကို တိုက်ခန်း က ကျွန်မကို သတိပေးနေသယောင်။

"နင် ဘာ လို့ တစ် ယောက် တည်း နေ နေ တာ လဲ..."

အမယ်လေး...။

ဟိုအသံ ထွက်လာပြန်ပြီ။ အသံတိုးပေမယ့် လေသံလေးနဲ့ ပြောနေ သည့် တီးတိုးသံ မဟုတ်တော့ အသံက ကျွန်မခန္ဓာကိုယ်ထဲ ပဲ့တင်ထပ်သွား သည်။ တစ်ကိုယ်လုံး တုန်လာသည်။

"နင် ဘာ လို့ တစ် ယောက် တည်း နေ နေ တာ လဲ..."

အသံက ပိုကျယ်လာသည်။ တစ်ယောက်ယောက် ကျွန်မ နားကပ် လာရင်း ပြောနေသလို အင်မတန် ပီပြင်ထင်ရှားလာသည်။

"နင် ငါ မေး တာ ဘာ လို့ မ ဖြေ တာ လဲ......" "

တစ်ကိုယ်လုံး ပူလောင်လာသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ လက်ဖဝါးမှာ ချွေးစေးပြန်လာသည်။ မနက်ကလို ကျွန်မ ဖြစ်ပြန်ပြီ။ ထိုင်မနေရဲသဖြင့် ညေ့ခန်းထဲမှာ ပတ်ပြီး လမ်းလျှောက်နေမိသည်။

"နင် ဘာ လို့ တ ယောက် တည်း ဖြစ် နေ တာ လဲ..."

"ကျွန်မ တစ် ယောက် တည်း လို့ ရှင့် ကို ဘယ် သူ ပြောလဲ..."

အင်း- သူ မေးတာကို ပြန်ဖြေလိုက်လျှင် သူ ကျွန်မကို အေးအေးဆေးဆေး နေခွင့်လေးများ ပေးလေမလား။

"တ ခြား လူ တွေ ဘယ် မ လဲ..."

"ဘယ် က တ ခြား လူ တွေ လဲ..."

“နင့် ယော က်ျား လေ...”

“ကျွန် မ လက် မ ထပ် ရ သေး ဘူး...”

“က လေး မ ရှိ ဘူး လား...”

“ဟင့် အင်း...”

“ဩော် “

“ဩော် ဆို တာ ဘာလဲ၊ ဘာ ဩော် တာ လဲ”

“ဘာ မှ မ ဟုတ် ပါ ဘူး၊ က လေး မ ရှိ ဘူး ဆို တော့ စိတ် မ ကောင်း စ ရာ ပဲ...”

“ဟင့်အင်း ဘာမှ မဖြစ်ပါဘူး...”

“နင့် အ ဖေ ရော...”

"သေပြီ”

“နင့် အ မေ ရော...”

“ဆန် ဖ ရန် စ စ္စ ကို မှာ...”

“နင့် မှာ မောင် နှ မ သား ချင်း မ ရှိ ဘူး လား...”

“အစ် ကို တစ် ယောက် ရှိ တယ်...”

“သူ က ဒီ မှာ မ နေ ဘူး လား...”

“သူ လည်း ဆန် ဖ ရန် စ စ္စ ကို မှာ ပဲ...”

“ဦး လေး တွေ အ ဒေါ်တွေ နဲ့ နေ ပေါ့ ဒါ ဆို လည်း...”

“ကျွန် မ မှာ ဦး လေး တွေ အ ဒေါ် တွေ မ ရှိ ပါ ဘူး...”

“ဩော် ဟုတ် လား...”

“ဟုတ် တယ်...”

“မိ သား စု နဲ့ ဘာ လို့ တူ တူ မ နေ တာ လဲ...”

“တူ တူ မ နေ ရ တာ ဆိုး တဲ့ ကိ စ္စ မ ဟုတ်ပါဘူး...”

“ဒါ ဖြင့် နင် တစ် ယောက် တည်း ပေါ့ . . .”

“ကျွန် မ တစ် ယောက် တည်း နေ တာ ပါ။ တစ် ယောက် တည်း တစ် ကောင် ကြွက် မ ဟုတ် ပါ ဘူး”

"ဘာ ဖြစ် လို့ လဲ...”

“ဘာ ကို ဘာ ဖြစ် လို့ ရ မှာ လဲ... ဒီ လို နေ ရ တာ ကျွန် မ သ ဘော ကျ လို့ ပေါ့”

“ဘာ ဖြစ် လို့ လဲ..”

“ဪ ဘာ လို့ ဒါ ချည်း မေး နေ တာ လဲ...

“ဘာ ဖြစ် လို့ တစ် ယောက် တည်း နေ တာ လဲ...”

“ဘာ ဖြစ် လို့ လဲ ဆို တော့ ယောကျ်ား တစ် ယောက် နဲ့ တူ တူ မ နေ ချင် လို့ ပေါ့။ ည ည သူ့ ဟောက် သံ ကို ကြား လို့ လန့် နိုး ရ တာ ကို မုန်း တယ်။ မ နက် ခင်း သ တင်း စာ ကို တိတ် တိတ် ဆိတ် ဆိတ် နဲ့ စိတ် အေး လက် အေး ဖတ် ချင် တယ်၊ အင် တုံ ထဲ နှုတ် ခမ်း မွေး မုတ် ဆိတ် မွေး အ စ အ န တွေ တွေ့ ရ တာ ကို မုန်း တယ်။ ည သန်း ခေါင် မှ အ လုပ် က ပြန် လာ တာ ကို ဆူ မယ့် လူ ရှိ နေ တာ ကို မုန်း တယ်။ တ ခြား လူ တစ် ယောက် ကို ရှင်း ပြ နေ ရ တာ ကို မုန်းတယ်၊ ရှင် နား လည် လား”

ဘာသံမှ မကြား

“ဟယ် လို- ရှင် နား လည် လား...”

အသံဗလံအားလုံး ငြိမ်.

“ဟယ် လို- ဘာ လို့ စ ကား မ ပြော တော့ တာ လဲ...”

ကျွန်မ မတ်တတ်ရပ်ရက် စောင့်နေမိသည်။ ရေခဲသေတ္တာစက် လည်သံ၊ အပြင်ဘက်က တံခါးပိတ်သံ။

“ရှင် ဘယ် ရောက် သွား တာ လဲ...”

ရုတ်တရက် ဖုန်းမြည်လာသည်။ ကိုင်လိုက်တော့ အေမီ။ ကျွန်မ အသံကြားသည်နှင့် တစ်ခုခု ဖြစ်နေတာကို သူ တန်းသိသည်။

“ဟဲ့ နင် နေမကောင်းဘူးလား”

“အမှန်ပဲ”

“နင် ဘာ လို့ လိမ် နေ ပြန် တာ လဲ…”

အလိုလေး . . . နောက်မှ ထွက်လာသော အသံက လက်သီးနှင့် ထိုးလိုက်သလို။ ကျွန်မ ခွေကျမတတ် ဖြစ်သွားသည်။

“ဟို - ဟို …..”

ကျွန်မအမြင်တွေ ဝေဝါးလာပြီ၊ စိတ်တွေ ရှုပ်လာခဲ့ပြီ။

“ဂျူလီယာ၊ နင် ဖြစ်ရဲ့လား၊ ငါ လာခဲ့ရမလား”

ဟင့်အင်း၊ ဟင့်အင်း၊ ဒီအခန်းထဲက ထွက်မှကို ဖြစ်တော့မယ်။

“နေ… နေ.. ငါ လာခဲ့မယ်၊ ဘယ်အချိန် လာခဲ့ရမလဲ”

“ကြိုက်တဲ့အချိန်လာ”

“ဒါဆို တစ်နာရီအတွင်း ရောက်အောင် လာမယ်”

■■■

အခန်း (၃)

အရှေ့ဖျားက အောက်ပိုင်းရပ်ကွက်တစ်ခုထဲရှိ သုံးထပ် အဆောက် အအုံ အပေါ်ဆုံးမှ မျက်နှာချင်းဆိုင် စတူဒီယိုနှစ်ခုမှာ အေမီလီး တစ်ယောက် တည်း နေ၏။ တစ်ခုက သူ့အိမ်၊ နောက်တစ်ခုက သူ့ပန်းချီခန်းပေါ့။ ကျွန်မ အတွက် ဒီနေရာထက်ပိုပြီး နွေးထွေးသော၊ အရေးပေးခံရသော၊ ဂရုစိုက် ကြင်နာ ယုယခံရသောနေရာ မရှိ။ နှစ်ပေါင်းများစွာ ကြာသော်လည်း ဒါကတော့ မပြောင်းလဲခဲ့။ ပိတ်ရက်ဆို အေမီ၏ ရှောမ ဆိုဖာဆက်တီကြီးပေါ် ထိုင်ရင်း “လိင်မှုတဏှာနဲ့ မြို့တော်” ဇာတ်ကားကို ကြည့်ကြ၊ ရေခဲမုန့်စားကြ၊ ဝိုင်နီ သောက်ကြ၊ ယောကျ်ားတွေအကြောင်း ရယ်ပွဲဖွဲ့ကြ၊ ရင်နာစရာတွေအတွက် တစ်ယောက် နှင့် တစ်ယောက် အပြန်အလှန် နှစ်သိမ့်ကြရင်းပေါ့။

ကိုလံဘီယာဥပဒေသင်ကျောင်းမှာ ကော်ပိုရိတ် ဥပဒေအထူးပြုကျောင်းသူ တွေအဖြစ် အေမီနှင့် ကျွန်မ တွေ့ခဲ့ကြသည်။ ပုံစံတွေ ဖြည့်ကြရင်း သူနဲ့ ကျွန်မသည် မွေးသည့်နေ့တူသော ဖွားဖက်တော်များမှန်း သိခဲ့ကြသည်။ သူက ဟောင်ကောင်မှာ၊ ကျွန်မက နယူးယောက်မှာ။ သူ့မိဘတွေ အမေရိကသို့ ကျောင်းတက် ဖို့ မပို့ခင် အသက် ၁၉ နှစ်ထိ ဟောင်ကောင်မှာ မွေးဖွားကြီးပြင်းခဲ့သည့် အေမီ က သူ့မွေးရပ်မြေမှ ဗေဒင်ဆရာ၏ ဟောကိန်းကို ပြောပြခဲ့သည်။ ကျောင်းသွား တက်လျှင် မွေးရက်တူ ကျောင်းနေဖက် တွေ့မည်။ ကိုယ်ရင့်တတူ မိတ်ဆွေ သူငယ်ချင်း ဖြစ်လာလိမ့်မည်တဲ့။ ထို့ကြောင့်လည်း ထိုအချိန်မှစ၍ ကျွန်မတို့ အမြဲမခွဲ တတွဲတွဲ သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

အဲဒီအချိန်က ဗေဒင်တွေ ဟောကိန်းတွေ ကျွန်မ မယုံပေမယ့် အေမီ ကိုတော့ မြင်မြင်ချင်း သဘောကျခဲ့တာပါပဲ။ သူနှင့် ကျွန်မသည် တစ်ယောက် လိုအပ်ချက်ကို တစ်ယောက် ဖြည့်ဆည်းပေးနိုင်သော ရင်ဘတ်မိတ်ဆွေ၊ မောင်နှမ ထက်ပင် ပိုချစ်သည့် သူငယ်ချင်း အရင်းအချာသာ။

အေမီက အရာအတော်များများမှာ ကျွန်မနှင့် ဆန့်ကျင်ဘက်၊ သူက တုတ်တုတ်တိုတိုလေး။ သူ့ဆံပင်နက်တွေကို အရောင်ကြောင်ကျား ဆိုးထား တတ်သည်။ ဘာစီမံကိန်းမျှ ကြိုတင်မချ။ အံ့အားသင့်ရသည်ကို သဘောခွေ့ သည်။ လမ်းလျှောက်တာ အင်မတန်မြန်ပြီး စိတ်ဆိုးခဲလှသည့် ကလေးမပင်။ ဗုဒ္ဓဘာသာ ကိုးကွယ်သည်။ မကြာခဏ တရားစခန်းဝင်သည်၊ တရားထိုင်သည်။ ဗေဒင်ဆရာဆီ ပုံမှန်သွားသည်။ အယူသီးသည်။ တစ်ခါတလေ သည်းမခံနိုင် လောက်အောင်ပင်။ အဝတ်အစားမှာ အမြဲ အနီရောင် တစ်မျိုးမျိုး ပါတတ်သည်။ ကိုးထပ်မှာ ဘယ်တော့မှ ဓာတ်လှေကားထဲက မထွက်။ လိုင်စင် နံပါတ်ပြား ထဲက ဂဏန်းတွေ ပေါင်းခြင်း ၇ ကျနေသည့် တက္ကစီဆို ဘယ်တော့မှ မစီး။

ဖေဖေ့ဇာတ်လမ်းကို ဖြစ်ကြောင်းရယ်ကုန်စင် မခြွင်းမချန် ပြောပြ ဖြစ်ခဲ့သည့် တစ်ဦးတည်းသောသူမှာ အေမီပင် ဖြစ်သည်။ သူကလည်း ကျွန်မ စကားလုံးတိုင်းကို မေးခွန်း ပြန်မထုတ်ဘဲ လုံးဝဥဿုံ ယုံကြည်ခဲ့သည်။ တခြား

သူတွေ၏ ရင်ခုန်သံကို ကြားနိုင်စွမ်းသည် သဘာဝအတိုင်း ဖြစ်ဘိသကဲ့သို့ပင်။

မေမေနှင့် အစ်ကိုတို့ကတော့ ကျွန်မခရီးစဉ်ကို အမှောင်တိုက်ထဲမှာ သာ ချန်ရစ်ထားစေချင်သူတွေ ဖြစ်သည်။ ဖေဖေ အသက်ရှင်သလား ဆိုတာက လွဲ၍ ကျန်တာ သူတို့ မသိချင်ကြ။ ဖေဖေ ဆုံးပါးသွားပြီ ဖြစ်ကြောင်းနှင့် ဖေဖေ ဘာ့အတွက်ကြောင့် မွေးရပ်မြေမှာ ခေါင်းချဖို့ ပြန်သွားရသလဲ ဆိုသည့် ဇာတ်ကြောင်း ကိုတော့ သူတို့ သိလည်း မသိချင်၊ နားလည်း မထောင်ကြ။ ဒီမှာပဲ ကျွန်မတို့ မိသားစု သဘောထား ကွဲပြားမှု စတင်ခဲ့သည်။ ဖေဖေ့ရှာပုံတော်ခရီးက မိသားစု ကို နှစ်ပိုင်း ကွဲသွားစေခဲ့သည်။ မေမေနှင့် အစ်ကိုက တစ်ဖက်၊ ကျွန်မနှင့် ဖေဖေက တစ်ဖက်ပေါ့။ အေမီကတော့ ပြောသည်။ အဲဒီ အကွဲအပြဲက နင်တို့ မိသားစုကြားမှာ တစ်ချိန်လုံး ရှိနေခဲ့တာ၊ နင် သတိမထားမိတာ၊ ဒါမှမဟုတ် သတိမထားမိဘူးလို့ မျက်စိမှိတ် ငြင်းနေတာပဲတဲ့။ သူ ပြောတာ မှန်လောက် ပါသည်။ လွန်ခဲ့သည့် ငါးနှစ်က မေမေက အစ်ကိုရှိရာ ဆန်ဖရန်စစ္စကိုသို့ ပြောင်းရွှေ့ သွားခဲ့သည်။ အဲဒီအချိန်မှစ၍ သူတို့နှင့်ကျွန်မ တစ်နှစ်ကို တစ်ခေါက်၊ အလွန်ဆုံး နှစ်ခေါက်ထက် ပိုမတွေ့ဖြစ်ကြတော့။

အေမီကတော့ ကျွန်မ ဇာတ်လမ်းကို အမြဲ ဆတ်တငံ့ငံ့ မျှော်လင့်နေ တတ်သည်။ အစ်ကိုကြီးဆီ ဘယ်တော့ သွားလည်မလဲလို့ အမြဲ မေးသည်။ ဖေဖေ့အမွေဖြစ်သည့် အချစ်၏ မှော်ဝင်စွမ်းအင်အပေါ် သက်ဝင်ယုံကြည်မှုတွေ နယူးယောက်မှာ ကျွန်မ လျှောကျ ပျောက်ဆုံးသွားမှာကို သူ စိုးရိမ်လှသည်။ အဲဒီအတွက် ကျွန်မမှာ အဖြေ မရှိ။ ဒါကြောင့်လည်း အေမီကို ခဏ ခဏ ဒီကိစ္စ မေးစေဖို့ တွန်းအားပေး လှုံ့ဆော်သလို ဖြစ်နေသည်။

အေမီက ကျွန်မလို ဥပဒေပညာကို စိတ်ဝင်စားသူ မဟုတ်၊ နည်းနည်း မှ စိတ်မဝင်စား၊ သူ ပန်းချီပဲ ဆွဲချင်သည်။ မိဘတွေ၏ တွန်းအားပေးမှု ကြောင့်၊ ချစ်ရသည့် မိဘတွေကို မလွန်ဆန်ချင်သည့်အတွက်ကြောင့်သာ သူ ဥပဒေကျောင်း တက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူက အတန်းထဲမှာ အတော်ဆုံး ဖြစ်ခဲ့သည်သာ။ ဒါပေမဲ့ နောက်ဆုံး စာမေးပွဲကြီးမတိုင်ခင် တစ်လလောက်မှာ သူ့အဖေ လေယာဉ်ပျက်ကျပြီး ဆုံးပါးခဲ့သည်။ အေမီ ဟောင်ကောင်ကို ချက်ချင်း ပြန်သွားသည်။ နှစ်လလောက် ကြာတော့ သူ ပြန်ရောက်လာသည်။ နယူးယောက် ကို ပြန်ရောက်ရောက်ချင်း သူနှင့် ဥပဒေပညာ ရှင်ခန်းပြတ်ပြီ ဟု ဝံ့ဝံ့စားစား ကြေညာခဲ့သည်။ တက္ကသိုလ်မှာ တစ်ရက်တလေပင် နောက်ထပ် အချိန်မဖြုန်း လိုတော့။ ဘဝက လမ်းခွဲလမ်းမြှောင်တွေကို လမ်းကြုံဝင်ဖို့ တိုလွန်းလှသည်။ အိပ်မက်တစ်ခုသာ ရှိခဲ့ပါလျှင် ထိုအိပ်မက်ထဲမှာပင် နေသင့်သည် မဟုတ်လား။

ထိုအချိန်မှစ၍ အေမီသည် ဘရော့ဝေးလမ်းပေါ်က လွတ်လပ်သည့် ပန်းချီသမားဘဝကို စတင်ခဲ့သည်။ သူ့လက်ရာတွေကို ဘယ်ပြခန်းမှ မတင်၊ ဘယ်အရောင်းသမားလက်ထဲမျှ အရောက်မခံ။ သူ ဒါတွေ စိတ်မဝင်စား၊ သူက မဆွဲရ မနေနိုင်၍၊ သူ စိတ်ကျေနပ်စေဖို့၊ သူ့အတွက်သူ ပန်းချီဆွဲနေခြင်း ဖြစ် သည်။ တွေ့ဖူးသမျှထဲမှာ အလွတ်လပ်ဆုံး လူက အေမီပင်။

သူ့စတူဒီယိုတံခါးက ဟဟလေး ပွင့်နေသည်။ တံခါးပိတ်ခြင်း၊ လော့ခ်

ချခြင်း၊ သော့ခတ်ခြင်းက ကိုယ့်ကိုယ်ကိုယ် အကျဉ်းချခြင်း ဖြစ်သည်ဆိုသည့် အယူအဆ လက်ကိုင်ထားသည့် အေမီက တံခါးကို ဘယ်တော့မှ မပိတ်။ စက်ဘီး ကို ဘယ်တော့မှ သော့မခတ်။ တိုက်ဆိုင်တာလား၊ သူ မှန်တာလားတော့ မသိ၊ စက်ဘီးအခိုးမခံရသူ ဆို၍ ကျွန်မ သိသမျှ သူတစ်ယောက်တည်းသာ ရှိသည်။

ဘောင်ကြက်ထားသည့် ကင်းဗတ်စရှေ့မှာ နောက်မှီ လက်တင်မပါ သည့် ဆုံလည်ခုံကလေးပေါ် ထိုင်ရင်း ကင်းဗတ်စပေါ်မှာ လိမ္မော်ရောင် ရင့်ရင့် ကြီးတွေ သူ ခြယ်သနေသည်။ မြင်းမြီးဆံပင်က ရဲပတောင်းခတ်နေအောင် အနီရောင်ဆိုးထားသည်။ သူ့အလုပ်ဝတ်စုံဖြစ်သော မီးခိုးရောင် အားကစား ဘောင်းဘီနှင့် ဆေးစက်တွေ ပေပွနေသည့် ရောမ တီရှပ်ဖြူကြီး ဝတ်ထား သည်။ တစ်ခန်းလုံး ပန်းချီဆေးနံ့တွေ မွှန်၊ ကြမ်းပြင်နံရံတို့ကလည်း ဆေးစက် ဆေးပြောက်တွေ ပြည့်လျက်။ ဆေးအရောင်တွေကတော့ အေမ့်အကြိုက် အနီ မျိုးနွယ်တွေသာ။ အမေရိကန် ဒြပ်မဲ့ပန်းချီအကျော်အမော် ဘားနက် နယူးမန်း ကို အရူးအမူးကိုးကွယ်သည့် အေမီ။ စုတ်ချက်တွေမှာတော့ လိုင်းတွေအစား သူက အဝိုင်းတွေ ဆွဲသည်။ သူ့အဝိုင်း၊ သူ့ဘောလုံးတွေ မပေါက်ထွက်မချင်း ပေါ့။ ဘားနက်နယူးမန်းအသေးလေး အေမီလို့တောင် ခေါ်ရမည်လား မသိ။ သူ့စတူဒီယိုပေါက်စလေးထဲမှာ ဂျက်ဂျွန်ဆင်၏ ဂီတသံက ပျံ့လွင့်လျက်။

ကျွန်မခြေသံ ကြားတော့ သူ လှည့်ကြည့်လိုက်သည်။ သူ့ အနက်ဘက် သန်းသည့် အညိုရင့်ရင့်မျက်ဝန်းတွေ အံ့အားသင့်ခြင်းကြောင့် ပြူးကျယ်လာ ခဲ့သည်။

"ဟယ်- နင် ဘယ်လိုပုံ ဖြစ်နေတာလဲ"

နီးရာ ကုလားထိုင်ဟောင်းတစ်လုံးပေါ် ကျွန်မ ခွေကျသွားခဲ့သည်။ လက်တွေက ရေခဲတုံးလို အေးစက်နေသည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာသည်။ တစ်နေ့လုံး ခံစားနေရသည့် ဖိအားတွေ စက္ကန့်ပိုင်းအတွင်း ပျောက်ကွယ်သွားသလို ခံစားလိုက်ရသည်။ သူ ပန်းချီဆွဲထိုင်ခုံပေါ်မှ နေ၍ ကျွန်မနား ချက်ချင်း ရောက်လာသည်။ သူ တကယ် စိုးရိမ်နေသည်။

"နင် ဘာဖြစ်လာတာလဲ ဂျူလီယာ"

ကူကယ်ရာမဲ့ ပခုံး တွန့်ပြမိသည်။

"နေစမ်းပါဦး၊ နင့်ကို မူလီဂမ်က ကန်ထွတ်လိုက်လို့လား"

ခေါင်းကို ခါသည်ဆိုရုံ ခါပြခဲ့သည်။

"နင့်အမေ ဆုံးလို့လား"

မျက်ရည်ထပ်မကျအောင် မနည်းထိန်းသိမ်းနေရသည်။ အေမီက သက်ပြင်းမောကြီး ချလိုက်သည်။

"အင်း- နင် တကယ် ဆိုးဆိုးဝါးဝါး ဖြစ်လာတာကိုး"

ဒါ ကျွန်မ သူ့ကို အသည်းစွဲဖြစ်ရသည့် သူ့ ဟာသဉာဏ် ဖြစ်မလား

"ကဲ- ဘာဖြစ်လာတာလဲလို့"

"ငါက ဘာဖြစ်နေတဲ့ပုံပေါက်လို့လဲ"

ကျွန်မ သူ့ကို အားယူပြီး ပြန်မေးလိုက်သည်။

"နင်ကလား၊ ကြောက်ပြီး ရူးနေတဲ့ ကြက်နာမကြီးနဲ့ တူတယ်ဟဲ့"

ကျွန်မ ငြိမ်နေလိုက်သည်။ အေမီက ကျွန်မအဖြေကို ငံ့လင့်နေသည်။

ကျွန်မကို ခြောက်လှန့်နေခဲ့သည့် ကိစ္စကို ပြောရမှာ ခက်နေသည်။

"ငါ ငါ ရူးနေပြီလား မသိဘူးဟယ်"

အေမီက ကျွန်မကို ငေးရင်း-

"အေး- ဘာဖြစ်တာလဲ ပြောလေ၊ ဘာလို့ ကြောက်နေတာလဲ ပြောမှပေါ့"

"တစ်ယောက်ယောက် ငါ့နောက် လိုက်နေသလိုပဲ"

"ဟင်- ဘဲလား၊ ဘယ်လိုနေလဲ၊ ကြည့်ကောင်းလား"

"ဘာမှ မဘဲဘူး၊ ငါ အသံတွေ ကြားနေတယ်"

ကြက်သီးတွေ ထလာပြန်သည်။ အေမီကို ပြောပြနေရသည်ကိုပင် ကျွန်မ နောက်ကျော မလုံချင်။

"ဩော်- ဘယ်အချိန်က စတာလဲ"

အေမဲ့ လေသံနှင့် ဟန်က အံ့ဩပုံ မပေါက်တော့။ အလေးအနက်ဖြစ်လာခဲ့သည်။

"ဒီနေ့ မနက်ကတည်းက"

အေမီ့ကို ကျွန်မ ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက်တော့သည်။

အေမီက ကျွန်မ ပြောနေတာကို မလှုပ်မယှက် နားထောင်သည်။ တစ်ခါတလေ သူ ခေါင်းတညိတ်ညိတ်၊ ကျွန်မ ပြောတာကို သူ သိနေသလိုလို။ သူ ထရပ်သည်။ စုတ်တံကို ချလိုက်သည်။ သူ့ပန်းချီကားတွေကြားမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ အပြင်းအထန် စဉ်းစားတိုင်း သူ ဒီလို အမြဲ လုပ်နေကျ။

“ဒီလို ဖြစ်တာ ဒါ ပထမဆုံးအကြိမ်လား”

သူက အကြာကြီး စဉ်းစားရင်း ကျွန်မကို မေးသည်။

"အင်း"

“အဲဒီအသံက ဘယ်သူ့အသံလဲ”

“မိန်းမတစ်ယောက်အသံပဲ”

“သူက နင့်ကို ခြိမ်းခြောက်တာလား”

“ဟင့်အင်း၊ ဘာလို့ ခြိမ်းခြောက်ရမှာလဲ”

“နင့်ကို စော်ကားမော်ကား ပြောသလား”

“ဘယ်လို စော်ကားတာမျိုးလဲ”

“စောက်သုံးမကျတဲ့ကောင်မ၊ စောက်တလွဲရှေ့နေမ၊ ငတုံးမ၊ ငဖျင်းမ၊ နင် ဖျင်းတာ မကြာခင် တစ်လောကလုံး သိစေရမယ်ဟေ့-ဒီလိုမျိုးပေါ့”

ကျွန်မ စိတ်ရှုပ်စွာဖြင့် ခေါင်းခါပြလိုက်သည်။

“ဟင့်အင်း၊ အဲလို မဟုတ်ပါဘူး”

“ဒါဆို သူ နင့်ကို ဟိုဟာလုပ်စမ်း၊ ဒီဟာလုပ်စမ်းနဲ့ အမိန့်တွေ ပေးလား”

အေမီ ဘာတွေ ပြောနေတာလဲ၊ ကျွန်မ နားမလည်။

“မူလီဂမ့် မျက်ခွက်ကို ကော်ဖီနဲ့ ပက်လိုက်စမ်း၊ ပြတင်းပေါက်က ခုန်ချလိုက်စမ်း အစရှိသဖြင့်ပေါ့”

“ဟင့်အင်း- အဲလိုလည်း မဟုတ်ဘူး၊ နင် ဘာလို့ အဓိပ္ပာယ်မရှိ တာတွေ ပြောနေတာလဲ”

“ဒါဆို အဲဒီ မိန်းမသံက နင့်ကို ဘာပြောလဲ”

“ဘာမှတော့ ထွေထွေထူးထူး မဟုတ်ဘူး၊ ရုံးမှာတုန်းက သူက ငါ့ကို လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပတ်သက်ပြီး သတိပေးတယ်၊ ကျန်တာကတော့ ငါ့ကို မေးခွန်းတွေ မေးတာပဲ”

“ဘယ်လို မေးခွန်းတွေလဲ”

“နင် ဘယ်သူလဲ၊ ဘာလို့ နင်တစ်ယောက်တည်း နေတာလဲ၊ နင့်မှာ ကလေး

မရှိဘူးလား၊ အဲလိုမျိုးတွေ”

အေမီမျက်နှာပေါ်မှာ အင်မတန် စိတ်သက်သာရာရသွားဟန် အပြုံးလေး တစ်ပွင့် ပေါ်လာခဲ့သည်။

“အင်း- စိတ်ဝင်စားစရာပဲ”

“ဘာလို့တုံး”

“ငါ့အပြင် နင့်ကို ဂရုစိုက်ပေးမယ့် တခြားတစ်ယောက် ရှိနေတာ စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ ငါ့အသံနဲ့ သူ့အသံ တူလားအေ့”

“အေမီ မပြောင်စမ်းနဲ့”

စိတ်တိုတိုနှင့် သူ့ကို ငေါက်မိသည်။ သူ့ဆီ အားကိုးတကြီး လာပါ တယ် ဆိုမှ။

အေမီက ကျွန်မနားမှာ ဝင်ထိုင်၊ ကျွန်မ ဆံပင်တွေကို သပ်ပေးနေရင်း-

“မပြောင်ပါဘူးဟယ်၊ ဒီမေးခွန်းတွေလောက်က ကြောက်စရာ မရှိ ဘူး ဂျူလီယာရဲ့၊ ငါက ဒီထက် ပိုဆိုးတာတွေ ထင်လို့ စိုးရိမ်တာ”

“ဘာလို့တုံး”

“တခြား ဘယ်သူမှ မကြားတဲ့ အသံတွေကို ကြားတယ် ဆိုတာ စိတ်ရောဂါ ပြဿနာတစ်ခုပဲ၊ စိတ်ကစဉ့်ကလျား ဖြစ်ခြင်းဆိုတဲ့ ရောဂါရဲ့ စံလက္ခဏာ ပေါ့ ဂျူလီယာ၊ အဲဒီရောဂါသည်ဟာ ကြည့်လိုက်ရင် အမြဲ ညစ်ပတ်စုတ်ပြတ် ပြီး ဖိုးရိုးဖားရားနဲ့ လွယ်လွယ်ကုလို့လည်း မပျောက်တတ်ဘူး၊ ဒါပေမဲ့ စိတ် ကစဉ့်ကလျားသမားတွေ ကြားရတဲ့ အသံတွေဟာ သူတို့ကို တစ်နည်းနည်းနဲ့ ခြိမ်းခြောက်တာ၊ ခေါင်မိုးပေါ်က ခုန်ချလိုက်စမ်း၊ အိမ်နီးနားချင်းကို ဓားနဲ့ ထိုးလိုက်စမ်း စသဖြင့်၊ တချို့ကျတော့ စော်ကားခံရတာ၊ ရှုတ်ချခံရတာ၊ နင့်မှာ ဒါမျိုးတွေ မဖြစ်ဘူး”

“ဟင်- နင် ဘာလို့ ဒါတွေ သိနေတာလဲ”

“ငါ့အဖေလည်း အသံတွေ ကြားတတ်တဲ့လူ ဆိုတာ ငါ နင့်ကို ပြောဖူးလား”

ကျွန်မ သူ့ကို အံ့သြဘနန်း ကြည့်မိသည်။

“ဟင့်အင်း မပြောဖူးပါဘူး”

“အဖေ ဆုံးသွားမှ အမေက ငါ့ကို ဒီအကြောင်း ပြောပြတာ၊ အဲဒီ နောက်ပိုင်း ငါ ဒီအကြောင်း လေ့လာဖြစ်တယ်”

“ဒါဆို နင့်အဖေလည်း စိတ်ကစဉ့်ကလျားရောဂါသည်လား”

“မဟုတ်ဘူး၊ သူ ကြားတဲ့အသံက သူ့ကို အန္တရာယ်မပေးဘူး”

“ဒါနဲ့ သူ ဘာလုပ်သတဲ့လဲ”

“ဘာမှ မလုပ်ဘူး”

“ဟင်- ဟုတ်လား”

“အင်း- သူ ကြားရတဲ့အသံက ဘယ်လို ပြောရမလဲ၊ သူ့ကို အချိန်နဲ့ အမျှ လမ်းညွှန်ပဲ့ကိုင်ပေးနေတာလို့ သူက ယူဆသတဲ့”

အေမီက ခဏငြိမ်နေပြီး ဆက်ပြောသည်။

“ဒါပေမဲ့ အသံက လမ်းညွှန်တာကို သူ အမြဲမနာခံခဲ့ဘူးလေ”

“ဘယ်လို”

“လေယာဉ်ပျက်ကျတဲ့နေ့ မနက်က အသံက သူ့ကို ပြန်လှည့်ဖို့၊ လေယာဉ် မစီးဖို့ ပြောခဲ့တယ်တဲ့၊ သူ နားမထောင်ဘူး၊ လေဆိပ်ကနေ ဖုန်းဆက်ပြီး အမေ့ ကိုတောင် ဒီအကြောင်း သူ ပြောပြလိုက်သေးတယ်”

“ဟယ်- သူက ဘာလို့ နားမထောင်ရတာလဲ” ကျွန်မ သံသယစိတ်အပြည့်ဖြင့် မေးလိုက်သည်။

“အင်း- ငါ့အထင်တော့ အဖေဟာ သူ့ဘဝကို ကြီးစိုးလွှမ်းမိုးနေတဲ့ ဒီအသံကို အာခံချင်တယ် ထင်တယ်၊ ဘယ်လေယာဉ်ကို စီး၊ ဘယ်လေယာဉ် ကို မစီးနဲ့၊ ဘာလုပ်၊ ဘာမလုပ်နဲ့လို့ လိုက်ပြောနေတဲ့ အသံရဲ့ လမ်းညွှန်မှုကို ကျေနပ်နေတဲ့လူ ရှိပါ့မလား”

“နင် ဘာလို့ ငါ့ကို ဒီအကြောင်းတွေ မပြောပြခဲ့တာလဲ အေမီ”

“ပြောမလို့ပါပဲ၊ နင် မယုံမှာစိုးလို့”

ခုလည်း သူ ပြောတာ ယုံ၊ မယုံ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သေချာ မသိ။ မြန်မာပြည်က အစ်ကိုကြီး ဦးဘကို ရုတ်တရက် သတိရမိသည်။

“အမှန်တရား အားလုံးဟာ ထပ်ကျော့ပြန်ဖြစ်ကာမျိုး မရှိဘူး ဂျူလီယာ၊ ထပ်ကျော့ ပြန်ဖြစ်တတ်တဲ့အရာ အားလုံးဟာလည်း အမှန်တရားလို့တော့ မဆို နိုင်ပါဘူးကွယ်”

အစ်ကိုကြီး ကျွန်မကို ပြောခဲ့သည့်စကား၊ ကလောမှာတုန်းကတော့

သူ့စကားကို အတိုင်းအတာတစ်ခုထိ ကျွန်မ နားလည်သလို ခံစားရသည်။ အတိတ်တွေ နိမိတ်တွေ၊ တဘောင်တွေ၊ ကျိန်စာတွေနှင့် အယူသီးလှသော သူ့ကမ္ဘာမှာ ဒီစကားက ကျွန်မအတွက် အဓိပ္ပာယ်ရှိသည်။

သို့သော် နယူးယောက် ပြန်ရောက်ပြီး အချိန်တွေ ကြာလာတော့ ဒီစကားအပေါ် သံသယတွေ ပွားလာခဲ့သည်။ အမှန်တရားဆိုတာ ဘယ်အချိန် ဘယ်နေရာမှာ ဖြစ်ဖြစ် မှန်ရမည်သာ။ ဒါကြောင့် အမှန်တရားသည် ထပ်ကာ တလဲလဲ ဖြစ်ပေါ်နိုင်ရမည်ပဲ။ ကလေးမှာတော့ ဒီလို ဟုတ်ချင်မှ ဟုတ်မည်ပေါ့။

"နင် ငါ ပြောတာကို မယုံဘူး မဟုတ်လား"

သံသယဖြင့် ငေးငိုင်နေသည့် ကျွန်မကို အကဲခတ်နေသည့် အေမီက မေးလိုက်သည်။

"ဟင့်အင်း၊ အင်း- ထားပါတော့၊ အသံတွေ နင့်အဖေ ကြားတယ် ဆိုတာထိ ယုံတယ်၊ ဒါပေမဲ့ အဲဒီအသံက သူ့ကို ပျက်ကျမယ့် လေယာဉ်ပေါ် မတက်ဖို့ သတိပေးခဲ့တယ် ဆိုတာကိုတော့ မယုံဘူး"

"ဘာလို့ မယုံတာတုံး"

"နင် သိတဲ့အတိုင်း ငါက ဒီလို ကြောင်းကျိုးဆက်စပ်မှုနည်းတဲ့ ကိစ္စတွေမှာ မယုံတတ်ဘူးလေ"

"ဒါဖြင့် နင့်အဖေ ရင်ခုန်သံပေါင်းစုံကို ကြားရတာ၊ တောင်ပံခတ်သံ ကြားတာနဲ့ လိပ်ပြာ အမျိုးအမည် ခွဲတတ်တာတွေကျတော့ ဘယ်လို ကြောင်းကျိုး ဆက်စပ် ရှင်းပြမတုံး"

"အင်း- ဒါတွေအတွက် ရှင်းပြစရာ အဖြေမရှိဘူး ဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ ဒီလိုကိစ္စမျိုးအားလုံးကို မျက်စိမှိတ် ယုံတာတော့ မဟုတ်ဘူး လေ၊ ဒီလိုမျိုး..."

အေမီကို စော်ကားသလို မဖြစ်အောင် စကားလုံးကို အသေအချာ ရွေးချယ်နေတုန်း-

"မှော်လိုလို နတ်လိုလို အဓိပ္ပာယ်မဲ့တာတွေပေါ့"

ဟု သူက ကျွန်မစကားကို အဆုံးသတ်ပေးလိုက်သည်။

"အင်း... ဟိ ဟိ ဟိ"

ကျွန်မ မရယ်ဘဲ မနေနိုင်တော့။

"ထားပါတော့၊ ခု နင် အသံတွေ ကြားနေရပြီ၊ ဒါကို ရှင်းပြနိုင်လား"

"နိုင်ဘူး"

ရှက်ရှက်နဲ့ ကျွန်မ ပြောလိုက်ရသည်။

နှစ်ယောက်လုံး ပြောစရာစကား မရှိတော့သလို ငြိမ်နေကြသည်။

ခဏနေတော့ အေမီက ထရပ်လိုက်ရင်း-

"ကဲ- ထ တစ်ခုခု သွားသောက်ကြစို့"

ဟု ပြောလိုက်သည်။

"ဟင့်အင်း သွားဘူး၊ လူတွေနဲ့ တွေ့ချင်ဘူး"

"ဒါဆိုလည်း ဒီမှာပဲနေ၊ ကော်ဖီ သောက်မလား"

"ဝိုင်သောက်မယ်"

"ပိုကောင်းတာပေါ့"

ဝိုင်နီတစ်လုံး သူ ဖောက်ပြီး ဖန်ခွက်၊ ချောကလက်၊ သစ်စေ့ အမြည်းများနှင့် ပြန်ရောက်လာသည်။ ဖန်ခွက် နှစ်ခွက်ထဲ ဝိုင်နီထည့်၊ ဖယောင်းတိုင် နှစ်တိုင်ထွန်း၊ ခေါင်းအုံးတွေ ချရင်း ကြမ်းပေါ် ထိုင်လိုက်ကြသည်။ ဒီလို အနေအထား ကို နှစ်ယောက်လုံး သဘောခွေ့ကြသည်လေ။ အေမီ ရှိနေသည့်အတွက် တိတ်ဆိတ် ချောက်ချားခြင်း အလျှင်း မရှိ။

"နင် အခု သူ့အသံ ကြားသေးလား"

ကျွန်မ နားစွင့်ကြည့်သည်။ ဘာသံမှ မကြား။ ခေါင်းခါပြလိုက် သည်။

"ဆိုးတာပဲ၊ ငါ သူနဲ့ စကားပြောချင်တာ"

ဝိုင်ခွက်ပေါ်မှ ကျော်ကြည့်လိုက်သည်။

"သူက ဘာမှ မပြောဘူး၊ မေးချည်း မေးနေတာ"

"အဲဒီအသံမှာ ရည်ရွယ်ချက် တစ်ခုခု ရှိလိမ့်မယ်လို့ ငါ ထင်တယ်"

"ငါ ထင်တယ်" တဲ့။ ဒါ အေမွဲ့ မူပိုင်လက်သုံးစကား ဖြစ်သည်။ အမှန်တော့ သူ ထင်တာ မဟုတ်။ ဒါ သူ့အမြင်ကို ခိုင်ခိုင်မာမာ ပြောခြင်းသာ။ "ဂျူလီယာ၊ ဒီအသံမှာ ရည်ရွယ်ချက်ရှိတယ်" လို့ သူ ပြောခြင်းသာ ဖြစ်ကြောင်း ပေါင်းလာတာ ကြာလှပြီ ဖြစ်သဖြင့် ကျွန်မက သိသည်။

"ဘယ်လို ရည်ရွယ်ချက်မျိုးလဲ"

"ငါ့အဖေ ကြားရတဲ့အသံ ဆိုပါစို့၊ သူက ဒီအသံကို ကြောက်စရာ လန့်စရာလို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူး၊ သူ့ဘဝရဲ့ ရေရှည် လက်တွဲဖော် မိတ်ဆွေကြီးလို့ပဲ သတ်မှတ်ပုံရတယ်"

ဟင့်အင်း- ဟင့်အင်း။

ဒါမျိုး ကြားချင်တာ မဟုတ်ဘူး။ ခေါင်းကို ခါယမ်းလိုက်သည်။ တုပ်ကွေးမိနေသည့်အလား "ဘာမှမဖြစ်ဘူး၊ နည်းနည်း အနားယူလိုက် မကြာခင် ကောင်းသွားလိမ့်မယ်" ဆိုသည့် စကားမျိုးကိုသာ ကျွန်မ မျှော်လင့်နေခဲ့သည်ပဲ။

"ရေရှည်လက်တွဲဖော်လည်း မလိုချင်ဘူး၊ မိတ်ဆွေလည်း မလိုချင်ဘူး၊ ကိုင်လို့ ထိလို့ မြင်လို့မရတဲ့ နာနာဘာဝ လက်တွဲဖော် မိတ်ဆွေဆို သာတောင် မလိုချင်သေး"

အေမီက ဝိုင်ကို တစိမ့်စိမ့် သောက်ရင်း စဉ်းစားနေသည်။

"သူ့မေးခွန်းတွေကို နင် ဖြေကြည့်ပါလား"

"ဘာလို့ ဖြေရမှာလဲ"

"ဖြေလိုက်ရင် ကျေနပ်သွားပြီး ထပ်ပေါ်မလာတော့ဘဲ နေချင်နေမှာ ပေါ့"

"ငါ ဖြေကြည့်သေးတယ်၊ နောက်ထပ်မေးခွန်းတွေ ပိုပိုတိုးလာ တယ်ဟဲ့"

အေမီက ခေါင်းကလေးကို သွက်သွက်ခါအောင် ယမ်းလိုက်ရင်း ကျွန်မ ကို အကြာကြီး စိုက်ကြည့်နေခဲ့သည်။

"နင် ဘာလို့ ဒီအသံကို ကြောက်နေတာလဲ"

"အင်း- ဒီအသံကို ငါ မထိန်းချုပ်နိုင်ဘူး"

"ဘယ်လောက်တောင် ဆိုးလို့လဲ"

"အင်မတန် အရေးကြီးတဲ့ အလုပ်အစည်းအဝေးမှာ စကားတစ်လုံးမှ မပြောနိုင်ဘဲ ထထွက်လာရတဲ့အထိ ဆိုးတယ်"

"အိုး- မူလီဂမ်တော့ ဖွတ်မေ့ ပုတတ်မေ့ ဖြစ်ကျန်ခဲ့မှာပေါ့"

"နောက်တစ်ခါ ထပ်မဖြစ်ချင်ဘူး၊ ငါတို့ နောက်အပတ်တွေက စပြီး အလုပ်ရှုပ်တော့မှာ၊ အမှုက ကြီးတော့ အကြီးအကျယ် ပြင်ဆင်ရမှာ၊ ငါ ပြောရ မယ့်အချိန်တည့်တည့်ရောက်မှ အသံက ချက်ချင်းပေါ်လာတာ၊ တမင်များ စောင့်နေသလား အောက်မေ့ရတယ်"

“စိတ်အေးအေးထားပြီး သူ့ကို ခဏစောင့်ပါဦးလို့ ပြောပါလားဟဲ့”

“သူက နားမှ မထောင်တာဟဲ့”

“ဒါဆိုလည်း ထားလိုက်ပေါ့ဟဲ့”

“အေမီနော် ”

သူ ကျွန်မကို ဘာလို့ နားမလည်တာလဲ။

“ငါ ဒီလို ထပ်အဖြစ်မခံနိုင်ဘူး၊ ငါ အလုပ်ထဲမှာ စိတ်နှစ်ထားချင် တယ်၊ ငါ့အလုပ်က နင့်ပန်းချီလို ဆွဲချင်တဲ့အချိန် ထဆွဲလို့ရတာ မဟုတ်ဘူး၊ အချိန်နဲ့ လုပ်ရတာ”

“တို့အားလုံးမှာ ရွေးချယ်စရာတွေ ရှိပါတယ်အေ”

အေမီနဲ့ ကျွန်မ ဒီကိစ္စတွေမှာ သဘောညီစရာ အကြောင်းမမြင်။ အေမီ ဆိုသော မိန်းမက ပြင်ပဖိအားဒဏ်ကြောင့် မလုပ်ချင်တာ လုပ်လိုက် ရတယ် ဆိုတာမျိုး ဘယ်တုန်းကမှ မရှိခဲ့သူ။ သူ့အတွက်တော့ မိမိသာလျှင် မိမိကြမ္မာ၏ ဖန်တီးရှင်ပါပဲတဲ့။ ရာသီလာတာ အပါအဝင်ပေါ့။ ကိုယ်လုပ်ခဲ့ သမျှ ကိစ္စတွေကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တွေကို ကိုယ်ပဲ ခံစားရမည်၊ မခံစားချင် မလုပ်နဲ့တဲ့ ရွေးချယ်စရာက ဒီနေရာမှာ ဖြစ်သည်။ လုပ်မှာ လား၊ မလုပ်ဘူးလား။

ဘဝက တိုလွန်းသည်။ မှော်ရုံတောမှာ လမ်းပျောက်မခံနိုင်။ ယုံကြည်ရာ အိပ်မက်ထဲမှာပဲနေ။

ဝိုင်ခွက်ကို လက်စသတ်ပြီး နောက်တစ်ခွက် ထပ်ဖြည့်သည်။

“အဲဒီအသံ ဘယ်က လာသလဲ၊ ဘယ်လို ပျောက်အောင် လုပ်ရမလဲ ဆိုတာ ငါ အမြန်ဆုံးသိမှ ဖြစ်မယ်”

“ဒါဆိုလည်း စိတ်ကုဆရာဝန် တစ်ယောက်ယောက်နဲ့ ပြ၊ ဆေး သောက်၊ ဒါဆို သက်သာသွားမယ် ထင်တယ်”

သူ့မျက်လုံး၊ သူ့နှုတ်ခမ်းတွေက ဒီစကားကို ရွဲ့ပြောနေမှန်း သိသာလှသည်။

“အေမီ... နင် ငါ့ကို ဘာလုပ်စေချင်တာလဲ”

“ဒီအသံမှာ ရည်ရွယ်ချက် တစ်ခုခု ရှိကို ရှိတယ်”

“ဘယ်လို ရည်ရွယ်ချက်မျိုးလဲကွ၊ ပြောစမ်းပါ”

ကျွန်မ၏ သရော်တော်တော် အသံကြောင့် ကျွန်မ မယုံမှန်း သူ သိမည်မှာ

အသေအချာ။

"နင် ပြီးခဲ့တဲ့နှစ်အတွင်း ဖြစ်ပျက်ခဲ့တာတွေ၊ ဆုံးရှုံးခဲ့တာတွေ အများကြီး. . ."

သူ စကားကို တမင် ရပ်ပစ်လိုက်သည်။

ကျွန်မ ဒီအကြောင်းတွေကို ဘယ်သူနဲ့မှ မပြောချင်။ အေမီနှင့်တောင် မပြောချင်။

"အေမီရယ်၊ နင် ပြောချင်တာ ငါ သိပါတယ်၊ ဒါပေမဲ့ နွေဦးတုန်းက ဖြစ်ခဲ့တာတွေနဲ့ ဒီအသံနဲ့ ဘာမှ မပတ်သက်ပါဘူး"

"သေချာလို့လား"

"အင်း- နင် ဘာလို့ ဒီလို တွေးတာလဲ"

အေမီက ပခုံးတွန့်ပြလိုက်သည်။

"ဒီလိုပဲ တွေးကြည့်တာပါ"

ဝိုင်သောက်၊ သစ်စေ့စားရင်း အကြာကြီး ငြိမ်နေကြသည်။

"နင် အလုပ်ပင်ပန်းလွန်းလို့များလား"

"အလုပ်ကတော့ အားလုံး လုပ်ကြရတာပဲ"

"မဟုတ်ဘူး၊ နင်က အလုပ်ကြမ်းပိုး၊ နင် နားရက်မယူတာ ဘယ်လောက်ကြာပြီလဲ"

"ဟဲ့ - ဒီနွေတုန်းကပဲ နင်နဲ့ ငါ လောင်းအိုင်လန် သွားကြသေးတယ်လေ"

"အဲဒါက နှစ်ရက်တည်းလေ၊ ပြီးတော့ မူလီဂမ် ခေါ်တယ်ဆိုတော့ နင်ပဲ တန်းနေအောင် ပြန်ပြေးတာလေ၊ မိုက်ကယ်နဲ့ ကွဲပြီးကတည်းက နင် အခန်းထဲက ချပ်ထူပုံးတွေပေါ် ထိုင်ပြီး နေ့မီး ညမီး ဆက် အလုပ်ချည်း ခွလုပ် နေတာ မဟုတ်လား"

"ဒါကတော့ အလုပ်က အရေးကြီးတာကိုးဟဲ့"

ပျော့တီးပျော့ဖပ် ငြင်းချက် ထုတ်မိသည်။

"ဂျူလီယာ၊ နင်ဟာ လေးနှစ်လောက် အတူတူနေခဲ့တဲ့ ရည်းစားနဲ့ လောလောလတ်လတ် ပြတ်ထားတာနော်၊ နင်တို့ရုံးမှာ နင် တစ်ယောက်တည်း

ရှေ့နေရှိတာ မဟုတ်ဘူး”

ခေါင်းခါပြလိုက်သည်။

“ဒီအသံဟာ လက္ခဏာတစ်ခုဖြစ်…”

“အေမီ… နင် ဒီအသံကို ငါ နှစ်ရှည်လများ ဥပေက္ခာပြုထားတဲ့ ငါ့အတ္တကနေ ပေါ်ထွက်လာတဲ့ အသံလို့ ထင်နေတာ မဟုတ်လား၊ ငါ ကိုယ့်ကိုယ်ကိုယ် ပြန်စကားပြောနေတာ မဟုတ်ဘူး၊ သေချာတယ်၊ ဒီအသံက ငါ့အသံ မဟုတ်ဘူး၊ ငါ ကြားနေရတဲ့ အသံ”

“ဒါဆို သူ့အသံက ဘယ်လိုမျိုးလဲ”

“ငါ့ထက် အသက်ကြီးလိမ့်မယ်၊ အသံက ဝမ်းနည်းနေတဲ့ အသံနက် မျိုး၊ မိန်းမသံအနေနဲ့ အတော်လေး နက်ကျောကျောနိုင်တယ်”

တိတ်ဆိတ်ခြင်းကိုသာ သူ့အဖြေအဖြစ် ကျွန်မ ကြားလိုက်ရသည်။

“ငါ ကြောက်တယ်ဟယ်”

ကျွန်မ တိုးတိတ်ညင်သာစွာ ပြောလိုက်တော့ သူ ခေါင်းညိတ်ပြ သည်။ သူ့မျက်လုံးတွေက နံရံပေါ်က ရောမပန်းချီကားကြီး တစ်ချပ်ဆီ ရောက် သွားသည်။ ကြက်သွေးရောင် နောက်ခံမှာ အနီရဲရဲ လက်ဝါးကပ်တိုင်တစ်ခု၊ အဲဒီပေါ်မှာ အနီရောင်ဆိုးထားသည့် ကြက်မွေးတွေကို လိုက်ကပ်ထားသည်။ ပန်းချီကားနာမည်က “ကြက်ခြံထဲက ဗုဒ္ဓ”တဲ့။

“ငါ နောက်တစ်ပတ်ကျော်ကျရင် မြို့ထဲမှာ ရှိမှာ မဟုတ်ဘူး၊ နင် ငါနဲ့ လိုက်ခဲ့မလား”

ခေါင်းခါပြလိုက်သည်။ အေမီ မြို့ပြင်က ဗုဒ္ဓဘာသာ သာသနာ့ရိပ်သာ မှာ တရားသွားသွားထိုင်တတ်သည်လေ။ အရင်ကလည်း ကျွန်မကို ခေါ်ဖူး သည်။ ကျွန်မကလည်း အကြိမ်တိုင်း ငြင်းတတ်သည်။ ဘာမျှ မတွေးဘဲ တစ်နာရီ လောက် ငြိမ်ငြိမ်လေး ထိုင်နိုင်သည်မှာ အံ့ဩကုန်နိုင်ဖွယ်ပင်။ ယောဂသင်တန်း တွေမှာ ကျွန်မ ထိုသို့ ထိုင်ကြည့်ဖူးသည်။

အောင်မယ်လေး၊ ဝင်လာလိုက်သည့် အတွေးတွေ၊ ပုံရိပ်တွေ၊ ခေါင်းကြီး ပင် ပေါက်ထွက်သွားတော့မည့်အလား၊ မိနစ်ပိုင်းလောက်အတွင်းမှာ ပြန်ထ လိုက်ရသည်။ အေမီကတော့ ကမ္မဋ္ဌာန်းဆရာရဲ့ နည်းလမ်းပြသမှု ရှိရမည်ဟု ပြောသည်။ ကျွန်မကတော့ သံသယအပြည့်ဖြင့် တွေဝေနေဆဲ။

ဝိုင်က ဝေဝေရီရီ ဖြစ်လာစေသည်။ ကျွန်မ ပင်ပန်းလှပြီ။

“ကဲ- အေမီ၊ ငါ ပြန်တော့မယ်”

"ဟဲ့- ဒီမှာ နေချင် နေလေ"

"နေပါစေ၊ ကျေးဇူးပါပဲ၊ ငါ လုပ်စရာတွေ အများကြီး၊ မနက်ဖြန် စောစော စလုပ်ချင်တယ်"

အေမီက ပြုံး၍ ကျွန်မလက်မောင်းကို ကိုင်ထားသည်။ သူ့ အထိအတွေ့ က စိတ်သက်သာစေသည်။ တကယ်ပဲ ဒီမှာ နေချင်ပါသည်။

ရီဗင်တန်လမ်းတစ်လျှောက် တစ်ပြခန့် လျှောက်ပြီးနောက် သူ့အသံကို ကျွန်မ ပြန်ကြားရပြန်တော့သည်။

"နင် ဘယ် သူ လဲ..."

■■■

အခန်း (၄)

ကျွန်မတို့နှင့် ရှူးသွပ်ခြင်းကြား ခြားထားသည့်နံရံက ဘယ်လောက် ပါးလွှာသလဲ။ ဒီနံရံကို ဘာနဲ့ လုပ်ထားသလဲ။ ဘယ်လောက် ဖိအားထိ ခံနိုင်သလဲ ဆိုတာကို နံရံကျိုးပျက်သွားချိန်အထိ ဘယ်သူမှ သေချာ မသိ။

ကျွန်မတို့အားလုံးသည် နံရံတစ်ဖက်စွန်းမှာ စုဝေးနေထိုင်ကြပြီး ခြေ တစ်လှမ်း ကျွံလိုက်လျှင်ပင် တစ်ဖက်သို့ လုံးလုံးလျားလျား ရောက်သွားတော့ မည်ကို တချို့က ခံစားနိုင်သော်လည်း အများစုကတော့ မေ့မေ့လျော့လျော့ပင်။

စနေ လုပ်နေကျအလုပ်တွေကို အစီအစဉ်အတိုင်း လုပ်ရင်း ကျွန်မ အိပ်ရာဝင် နောက်ကျခဲ့သည်။ မနက်စာကို စိမ်ပြေနပြေ စား၊ သတင်းစာ ဖိမ်ဆွဲ ဖတ်၊ သူငယ်ချင်းတွေဆီ အီးမေးလ်ပို့၊ အဝတ်လျှော်။ အချိန်နဲ့အမျှ စိုးရိမ်ပူပန်မှု ပေါ့ကလည်း မြင့်တက်လာခဲ့သည်။ ဘာသံမှ မကြားရခြင်းကို မယုံကြည် တော့။ ကျွန်မ လှုပ်ရှားမှုတိုင်းကို တစ်ံု ဘာစ်ရာက စောင့်ကြည့်နေသလို ခံစား နေရသည်။ ဒီအသံက ကျွန်မနောက်ကို ကောက်ကောက်ပါအောင် လိုက်နေခဲ့ပြီ ဆိုခြင်းကို သံသယမရှိပါလေတော့။ အနေးနှင့်အမြန် ဆိုသလို သူ့အသံ ထွက်ပေါ် လာလိမ့်ဦးမည်သာ။

စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ တောင်လို ပုံနေသည်။ ထုံးစံအတိုင်း အလုပ်တွေ ပြည့်နေသည့် ပိတ်ရက်ကို ကျွန်မ မျှော်လင့်မိသည်။

"နင့် မှာ ဘာ ဖြစ် လို့ က လေး မ ရှိ တာ လဲ…"

သူ့အသံက အကြိမ်တိုင်းမှာ ကျွန်မကို ချောက်ချားစေပါသည်။ အိမ်နီး နားချင်း အခန်းက စန္ဒရားသံ၊ ခတ်လှေကားသံ၊ ဒုတိယရိပ်သာလမ်းက ရဲကား ဥသြသံ၊ သူ ကျွန်မကို မေးနေခဲ့ပြန်ပြီ။ အသံက ကျွန်မ နောက်တည့်တည့်မှာ၊ သူ မတ်တတ်ရပ်ပြီး နားထဲသို့ ပြောနေသလို ပီသလှသည်။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ချင်လှသည်။ သို့သော် ဘာအတွက်လဲ၊ ဘယ်သူ့ရန်ကနေ ခုခံ ကာကွယ်မှာလဲ။

"နင် ဘာ လို့ က လေး မ ရှိ တာ လဲ…" တဲ့။

မေးခွန်းကို ကျွန်မ မုန်းလှသည်။ ကလေးမရှိတဲ့ မိန်းမတစ်ယောက် ဖြစ်ခွင့် မရှိဘူးလား။ ကလေးအမေ တစ်ယောက်ကို "နင် ဘာလို့ ကလေး ရှိနေတာလဲ"ဟု မည်သူမှ မေးဖို့ စိတ်ကူးမရှိကြ။ သူ ဘာလို့ ဒါကို ထပ်ကာ တလဲလဲ မေးနေတာလဲ၊ ကျွန်မ မကြားချင်ယောင်ဆောင်နေလိုက်သည်။

"နင် တစ် ယောက် တည်း မ နေ သင့် ဘူး၊ ဒါ မ ကောင်း ဘူး"

သူ့အသံက ခပ်ဆတ်ဆတ် ဖြစ်လာသည်ကို သတိထားမိသည်။ အေမီ

ပြောခဲ့တာ သတိရသည်။ သူနှင့် စကားပြော၊ သူ ဘာလိုချင်လဲ ဆိုတာကို နားထောင်။

"နင် ဟာ..."

"ရှင် ဘယ်က လာတာလဲ..."

ကျွန်မ သူ့စကားကို ဖြတ်မေးလိုက်သည်။

တိတ်သွားသည်။ ကျွန်မ ထပ်မေးပြီး စောင့်နေလိုက်သည်။ သူ့မှာကျွန်မကို ပြန်ဖြေဖို့ တာဝန်ရှိနေဘိသကဲ့သို့။

"ငါ··· ငါ မ သိ ဘူး..."

သူ့အသံက တိုးသွားသည်။

"ဘာ လို့ မ သိ တာ လဲ..."

"ငါ မ မှတ် မိ ဘူး..."

"ရှင် ကျွန် မ ဆီ က ဘာ လို ချင် တာ လဲ..."

"ဘာ မှ မ လို ချင် ဘူး..."

"ဒါဆို ရှင် ဘာ လို့ ကျွန် မ ကို မေး ခွန်း တွေ တစ် ချိန် လုံး မေး နေ တာ လဲ....

"နင် ဘယ် သူ လဲ ဆို တာ ငါ သိ ချင် လို့···"

"ဘာ ဖြစ် လို့ လဲ..."

"ငါ က နင့် ထဲ မှာ နေ ရ တာ လေ၊ ငါ က နင့် ရဲ့ တစ် စိတ် တစ် ပိုင်း ဖြစ် နေ တာ လေ"

"မ ဟုတ် ဘူး၊ ရှင် က ကျွန် မ အ စိတ် အ ပိုင်း မ ဟုတ်ဘူး"

တုန်လှုပ်ချောက်ချားစွာ အပြင်းအထန် ကန့်ကွက်လိုက်သည်။

"ဟုတ် တယ်..."

"မ ဟုတ် ဘူး၊ ကျွန် မ ကိုယ့် ကိုယ် ကိုယ် သိ တယ်"

"သေ ချာ လို့ လား၊ ကိုယ့် ကိုယ် ကိုယ် တ ကယ် သိ တဲ့ လူ ရှိ လို့ လား"

“ရှင် က ကျွန်မ မ ဟုတ် ဘူး၊ သူ စိမ်း ပဲ”

ကျွန်မ နည်းနည်းမှ မလှုပ်ဝံ့။

"ငါ က နင့် အ စိတ် အ ပိုင်း ဖြစ် နေ ပြီ၊ နောက် လည်း ဖြစ် နေ ဦး မှာ”

ကျွန်မ မူးနောက်ရီဝေလာခဲ့သည်။

“ကဲ- ရှင်က ကျွန် မ အ စိတ် အ ပိုင်း ဆို ရင် ပါး စပ် ပိတ် ထား

"ငါ က နင့် အ စိတ် အ ပိုင်း တစ် ခု ဆို ပေ မယ့် နင် ငါ့ ကို အ မိန့် ပေး လို့ မ ရ ဘူး၊ ငါ့ ကိုယ် ငါ ပိုင် တယ်၊ နင် မ ပိုင် ဘူး”

ကျွန်မလက်တွေ တဆတ်ဆတ်တုန်လာပြီ။

“နင် ဘာ လို့ ကြောက် နေ တာ လဲ....”

“ကျွန် မ ကြောက် တယ် လို့ ဘယ် သူ ပြော လဲ...”

“ဒါ ဆို ဘာ လို့ တုန် နေ တာ လဲ။။။”

“ချမ်း လို့......”

“နင် ဘာ ကို ကြောက် နေ တာ လဲ...”

“မကြောက် ဘူး လို့ ပြောနေတယ်...”

“နင် ကြောက် နေ ပါ တယ်၊ ကြောက် တယ် ဆို တာ ကို ငါကောင်း ကောင်း သိ တယ်”

ကျွန်မ နှုတ်ဆွံ့သွားမိသည်။

“ဘာ ဖြစ် လို့ ရှင် က ကြောက် တယ် ဆိုတာကို ကောင်းကောင်း သိ ရ တာလဲ”

ငြိမ်နေသည်။

“ကြောက် ရွံ့ ခြင်း ဟာ ငါ့ နား မှာ အ မြဲ ရှိ နေ ခဲ့ တယ်၊ ငါ အား လုံး ကို ဆုံး ရှုံး ခဲ့ ရ တယ်”

“ဘာ တွေ ဆုံး ရှုံး ခဲ့ တာ လဲ”

“အား လုံး ပဲ၊ ငါ ဒီ လောက် ပဲ မှတ် မိ တယ်”

အသံတိတ်သွား၏။ သူ ဆက်ပြောဦးမလားလို့ ကျွန်မ စောင့်နေခဲ့ သည်။ ထလိုက်ပြီး တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက်သည်။

"ဘာ တွေ ဆုံး ရှုံး သွား တာ လဲ၊ ရှင် ဘယ် က လဲ၊ တစ် ခု ခု ပြော စမ်း ပါ"

ဘာသံမှ ထွက်မလာ။

"ရှင် ဘာ လို့ ပြန် မ ဖြေ တာ လဲ"

ဘာလို့ ကျွန်မ ဒီလို ဖြစ်နေတာလဲ၊ ကျွန်မ ဘယ်သူ့ကို စကားပြောနေတာလဲ၊ ကျွန်မမှာ ဒွိကိုယ်ရည်ကိုယ်သွေးများ ဖြစ်နေပြီလား။ တစ်ရက်၊ နှစ်ရက် နဲ့ ဒီလောက် ဖြစ်နိုင်ပါ့မလား။ ဒါ စိတ်ကစဉ့်ကလျား ဖြစ်ခြင်းပဲလား။ လက်ပ်တော့ ဖွင့်လိုက်သည်။ "စိတ်ကစဉ့်ကလျားရောဂါ"ဟု ဂူးဂဲလ် မှာ ရိုက်ထည့်လိုက်သည်။ ဝီကီပီဒီးယားက "အတွေးဖြစ်စဉ်များ ပြိုကွဲ၍ ခံစား တုံ့ပြန်နိုင်စွမ်း အားနည်းသွားသည့် စိတ်ရောဂါ"ဟု အဓိပ္ပာယ်ဖွင့်ပေးသည်။

"ဘာအရိပ်လက္ခဏာမျှ မပြဘဲ ဆိုင်းမဆင့် ဗုံမပါ ကောက်ကာငင်ကာ ဖြစ်တတ်သည်" တဲ့။ အောင်မယ်လေးလေ့၊ ဆက်ဖတ်သည်။

"အတွေ့များသည့် လက္ခဏာများမှာ မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်း၊ စကားပြောရာ၊ စဉ်းစားတွေးခေါ်ရာမှာ အထိန်းအကွပ်မဲ့လာခြင်း" တဲ့။

ကွန်ပျူတာ ပိတ်လိုက်ရ ကောင်းမလား။ မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်းတဲ့။ ဒါ ဘယ်လိုမျိုးပါလိမ့်။

စိတ်ညစ်စွာ ဆက်ဖတ်မိသည်။

"မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်းတို့ထဲတွင် အတွေးတွေ ရိုက်သွင်း ခြင်း ခံရသည်၊ သို့မဟုတ် ခေါင်းထဲမှ နုတ်သွားခြင်း ခံရသည်ဟု ယုံကြည်မှု များ၊ တစ်ယောက်ယောက်၏ အတွေးတွေ၊ လှုပ်ရှားမှုတွေကို နားထဲမှာ ကြားနေသည်များ ပါဝင်သည်" ဆိုပဲ။

ကဲ- ဆက်ဖတ်ဦး။

"စိတ်ကစဉ့်ကလျားရောဂါ၏ အဓိကကုထုံးမှာ စိတ်ရောဂါ ဆေးဝါး များ ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းက ပံ့ပိုးပေးခြင်းတို့ ဖြစ်သည်။ အလွန် ပြင်းထန်သည့် ရောဂါသည်များကိုတော့ ဝေဒနာရှင် သဘောတူသည် ဖြစ်စေ၊ (ဥပဒေ ရှိခဲ့ပါလျှင်) သဘောမတူသည် ဖြစ်စေ ဆေးရုံတက် ကုသစေရသည်။"

စာကြောင်းတိုင်း စာကြောင်းတိုင်းက ကျွန်မကို စိတ်မသက်မသာ ဖြစ်စေသည်။ ကျွန်မမှာ စိတ်ဝေဒနာလည်း မရှိ၊ မြင်ယောင် ကြားယောင်တာ မျိုးလည်း မရှိ။ သူ့အသံကို ကျွန်မ အာရုံပြု စိတ်ကူးနေတာမျိုး မဟုတ်၊ သူ့အလိုလို ပေါ်လာသည့် တကယ့်အစစ်အမှန် အသံရယ်ပါ။

အမေဇုန်မှာ ကြားနေရသည့် အသံများ ဆိုသည့် စာအုပ်တွေ ရှာကြည့်မိသည်။ စိတ်ကစဉ့်ကလျားရောဂါကို ကုသခြင်း၊ မြင်ယောင် ကြားယောင် ဝေဒနာ ကုထုံးများ၊ ဘုရားသခင်၏ အသံများကို ကြားရခြင်း ဆိုသည့် ခေါင်းစဉ် များက ခေတ်စားလှသည်။ သို့သော် ကျွန်မအတွက် မဟုတ်။

အသံများ ကြားရခြင်း ဆိုသည့် စာပုဒ်ကို ရှာကြည့်သည်။ အကြောင်း အရာ တစ်သန်းကျော်ကျလာသည်။ ပထမဆုံး အကြောင်းအရာက ရေဒီယို ပရိုဂရမ်တစ်ခု ဖြစ်နေသည်။ အဲဒီအောက်မှာတော့ အကြောင်းမဲ့ အသံကြားနေ သူတို့ကို နားလည် ဖေးမကူညီဖို့ ကွန်ရက်လိပ်စာတွေ။ ရောဂါနာမည် မှားယွင်း တပ်မိခြင်း ဒေါ့ကွန်း ဆိုသည့် ဝက်ဘ်ဆိုက်ကတော့ ပြဿနာများနှင့် ကုထုံး ဗျူဟာအမျိုးမျိုးကို တင်ဆက်ထားသတဲ့။ ဖွင့်ကြည့်လိုက်သည်။

အကြောင်းမဲ့ အသံတွေ ကြားစေနိုင်သည့် အကြောင်းများ -

(၁) စိတ်ကစဉ့်ကလျားရောဂါ

(၂) စိတ်ရောဂါ

(၃) စိတ်ကျရောဂါ

(၄) မြင်ယောင် ကြားယောင် ဖြစ်ခြင်း

ဝက်ဘ်ဆိုက်ကို ပိတ်ပြီး လက်ပ်တော့အဖုံးကို ဖျတ်ခနဲ ပိတ်ချလိုက် သည်။ ဒါတွေကို မမြင်ချင်။ ကျွန်မ ဖြစ်နေတာနဲ့ ဘာမျှ မဆိုင်။ ကျွန်မမှာ ဘာစိတ်ပိုင်းဆိုင်ရာ ပြဿနာမျှ မရှိ။ မေမေက နှစ်ရှည်လများ စိတ်ကျရောဂါကြောင့် ပရိုဇက် သောက်နေရတာ ကြာပြီ။ ကျွန်မ ယောက်မလည်း အတူတူပဲ ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက် တချို့လည်း ထိုနည်းလည်းကောင်း။ သို့သော် ကျွန်မကတော့ ဘာဆေးမျှ မသောက်ခဲ့ဖူးပါ။

ပြီးတော့ အင်္ဂမတန်ခိုးတော်တို့၊ တတိယမျက်လုံးတို့၊ စိတ်စွမ်းအားတို့ ဘာတစ်ခုမျှ ကျွန်မ အယုံအကြည် မရှိ။

ခုလို အခြေအနေမှာ အလုပ်လုပ်ဖို့ ဆိုတာ မဖြစ်နိုင်။ တစ်နေ့လုံး ကျွန်မ စိတ်နဲ့ကိုယ်နဲ့ မကပ်သည့်အတွက် အိမ်သန့်ရှင်းရေး လုပ်မည်။ မီးဖိုခန်းကို သန့်ရှင်းရေး စလုပ်သည်။ ဖိနပ်တွေကို တိုက်သည်။ အဝတ်တွေကို စီသည်။

ပြီးတော့ ဗဟိုပန်းခြံထဲ ထွက်ခဲ့သည်။ ပြေးမည်။ ပြေးသည်။ ပြေးတာ ကို မရပ်နိုင်။ ခြေထောက်တွေက ကျွန်မကို ဆန့်ကျင်နေသည်။ ခါတိုင်း ပြေးနေကျ ထက် သုံးဆလောက် ပိုပြီးပြေးမိသည်။ မရပ်မနား။ ခြေထောက်တွေ ကိုက်လာ သည်ထိ၊ နှလုံးတွေ ပေါက်ကွဲတော့မတတ် ဖြစ်သည်ထိ၊ ခြေထောက်တွေ ကြွက်တက်ချင်လာသဖြင့် အတင်းရပ်လိုက်ရသည်။ စတော်ဘယ်ရီခြင်း အစွန် က သစ်ပင်တစ်ပင်ကို မှီရင်း အော်ဂလီဆန်လာသည်။ အန်မိသည်မှာ မရပ်မနား။

ထိုညမှာတော့ ထူးဆန်းသည့် ငိုရှိုက်သံတစ်ခုကြောင့် လန့်နိုးလာခဲ့ သည်။ ပထမတော့ အိပ်မက်မက်နေသလိုလို မပီဝိုးတဝါး။ မိုက်ကယ် ရောက် လာပြီး ကျွန်မဘေးမှာ လာငိုညည်းနေတာလား။ မီးဖွင့်ပြီး ကြည့်လိုက်သည်။ ခုတင်ပေါ်မှာ တခြား ဘယ်သူမှ မရှိ။ ငိုရှိုက်သံက တိုးတိုးကနေ တဖြည်းဖြည်း ကျယ်လာသည်။ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းရှေ့တံခါးက ထွက် လာတဲ့ အသံလား၊ ဘေးအခန်းတွေကလား၊ မဟုတ်၊ တစ်လောကလုံး တိတ်ဆိတ် နေသည်။ ငိုရှိုက်သံကတော့ ပွဲတင်ထပ်မတတ် ကျယ်သထက်ကျယ်လာခဲ့ပြီ။

တစ်ခုခု မလုပ်လျှင်တော့ ကျွန်မ တကယ်ရူးရတော့မည် ထင်သည်။

"ဟယ် လို... ဘယ် သူ လဲ..."

ငိုသံက ပိုတောင်ဆိုးလာသည်။ ဒေါသကြောင့် ကြိတ်မနိုင်ခဲမရ ဖြစ်မှု ကြောင့် ငိုသည့်အသံမျိုး မဟုတ်။ စကားလုံးဖြင့် မဖော် ပြနိုင်လောက် အောင် ခံစားရသည့်အတွက် သည်းအူပြတ်မတတ် ငိုကြွေးနေခြင်းမျိုးသာ။

"ခု ငို နေ တာ ရှင် လား၊ ရှင် ဘာ လို့ ပြန် မ ဖြေ တာ လဲ"

သူ့ငိုသံကို ဆက်ကြားနိုင်စွမ်း မရှိတော့။ ကျွန်မ နားထက် နှလုံးသား ကို ပိုဒုက္ခပေးနေသည်။ ရင်ကို ဆွဲကိုင်လှုပ်ယမ်းနေသလို ခံစားနေရသည်။ ဒီငိုသံက ခန္ဓာကိုယ်တွင်းက တစ်စုံတစ်ရာကို နှိုးဆွနေသလိုပင်။ ငိုသံကြောင့် ကျွန်မ စိတ်ထဲက ဝမ်းနည်းမှုတွေ ထကြွသောင်းကျန်းလာသည်။

ဟော- ကျွန်မကိုယ်တိုင် မျက်ရည်ဖြိုင်ဖြိုင် ကျရင်း ရှိုက်ကြီးတငင ငိုမိပြီကော။ ကျွန်မ မီးတွေ အားလုံး ဖွင့်လိုက်သည်။ ရေဒီယိုကို အသံကုန်ဖွင့်လိုက်သည်။ ဂီတသံက စူးစူးရှရှ ကျယ်ကျယ်လောင်လောင်။ ခဏနေတော့ အိမ်တံခါးမှ ခေါင်းလောင်းသံတွေ ညံလာသည်။ အိမ်နီးနားချင်းတွေက ကျွန်မ ရူးသွားပြီလားဟု မေးကြသည်။ ကူကယ်ရာမဲ့ ဖြစ်လွန်းလှသည့် ထိုတဒင်္ဂ ထိုတစ်ခဏမှာပင် ကျွန်မ အကူအညီ ရေရေလည်လည် လိုနေပြီ ဆိုတာ သိလိုက်ရသည်။

■■■

အခန်း (၅)

တနင်္လာနေ့ နံနက် ဆယ့်တစ်နာရီ ထိုးခါနီး ဒေါက်တာအဲရစ်ဆင်၏ ရုံးခန်းထဲ မဝင်ခင်မှာ ကျွန်မ အကြောက်ကြီး ကြောက်နေခဲ့သည်။ ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေမှာ ဘာအလုပ်မျှ မလုပ်နိုင်။ အလုပ်လုပ်မည်ကြံတိုင်း သူ့မေးခွန်းတွေ သူ့အသံတွေက ကျွန်မကို ကြောက်ဆုတ်သွားစေခဲ့သည်ချည်းသာ။ နှစ်နှစ်ခြိုက်ခြိုက် လည်း ဘယ်လိုမှ အိပ်မပျော်ခဲ့။ ဒါကြောင့် ဒီနေ့မနက်စောစောမှာ မူလီဂမ်ကို ပြောပြလိုက်ရသည်။ ကျွန်မ နေမကောင်းတာက ပိုဆိုးလာကြောင်း၊ ခေါင်းထဲ က ရိပ်ရိပ်ပါအောင် မူးပြီး ဗိုက်ကလည်း နာနေကြောင်း ဒါကြောင့် အထူးကု ဆရာဝန်နှင့် ပြဖို့ လိုနေပြီဖြစ်ကြောင်း ပြောခဲ့သည်။ လိမ်ရတာကို ရှက်မိသော် လည်း မတတ်နိုင်တော့။ သူ့ကို အမှန်အတိုင်း ပြောလို့မှ မဖြစ်ဘဲ။

ဒေါက်တာအဲရစ်ဆင်က စိတ်ရောဂါအထူးကု ဆရာဝန်။ အေမွဲ့ သူငယ်ချင်း၏ စိတ်ရောဂါ ခံစားနေရသည့် မောင်လေးက သူနှင့် ပြသည်တဲ့။ ထိုသူငယ်ချင်းကပင် ခုလို ကုသမှု ခံယူနိုင်ဖို့ အချိန်တိုအတွင်း စီစဉ်ပေးခဲ့သည်။

ဒေါက်တာအဲရစ်ဆင်က ကိုယ်တိုင် တံခါးလာဖွင့်သည်။ ကျွန်မထက် ငါးနှစ်၊ ခြောက်နှစ်ခန့် ကြီးမည့် ရှည်ရှည်သွယ်သွယ် အားကစားသမား တစ်ယောက် အဆက်အပေါက်မျိုးနှင့် ဆရာဝန်။ တင်းတင်းရင်းရင်း လက်ဆွဲနှုတ်ဆက်ပုံ၊ ရည်ရည်မွန်မွန်ရှိပုံ၊ တည်ငြိမ်သည့် ဟန်ပန်တွေကြောင့် ကျွန်မ ကြောက်စိတ် တွေ လျော့သွားသည်။ လေးဖက်ပတ်လည် ဆေးဖြူသက်သက် သုတ်ထား သည့် နံရံတွေနှင့် အခန်းကျဉ်းလေးတစ်ခုထဲ သူ ကျွန်မကို ခေါ်သွားသည်။ မျက်နှာချင်းဆိုင် လှုပ်ကုလားထိုင်ကြီး နှစ်လုံးကို ညွှန်ပြပြီး ထိုင်စေသည်။ သူ့လက်ထဲမှာ စာရွက်၊ ခဲတံကို ကိုင်ရင်း သူ့ဆီ လာရခြင်း အကြောင်းကို မေးပါတော့သည်။

ပြီးခဲ့သည့် သုံးရက်က ကျွန်မ ကြုံတွေ့ခဲ့ရသည့် ဖြစ်ကြောင်းရယ် ကုန်စင်ကို ကျွန်မ သူ့ကို ပြောပြလိုက်သည်။ သူက နားစိုက်ထောင်လိုက်၊ မှတ်စု ရေးလိုက်၊ တစ်ခါတစ်ရံ မေးခွန်းတွေ မေးလိုက်နှင့်။

“ဘယ်လိုမှ ဒီတိုင်း ဆက်နေလို့ မဖြစ်တော့တာနဲ့ ခုလို ရောက်လာခဲ့ တာပါပဲ၊ ကျွန်မကို ဆရာ ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်”

ဟု ဆိုရင်း ကျွန်မ စကားကို အဆုံးသတ်ခဲ့သည်။

သူက ကျွန်မကို စိုက်ကြည့်ပြီး စကားစပြောသည်။ သူ့အသံက တိုးတိတ်ညင်သာလှသည်။

“ကျွန်တော် ခင်ဗျားကို ကူညီနိုင်ပါတယ်၊ စိတ်ချလက်ချသာ နေပါ၊ ခုခေတ် စိတ်ရောဂါ သုံး ဆေးဝါးတွေက မယုံနိုင်လောက်အောင် အစွမ်းထက် လာပါပြီ”

ဘယ်လိုဖြစ်ပါလိမ့်၊ သူ့စကားကြောင့် ကျွန်မ အလုံးကြီး

ကျသွားရမည့်အစား ပို၍ ပူပင်သောက ရောက်လာခဲ့သည်။

"အကြောင်းမဲ့ အသံတွေ ကြားတယ် ဆိုတဲ့ ကိစ္စဟာ မရှားလှဘူး ခင်ဗျ၊ စိတ်ကြောင့်ဖြစ်နိုင်သလို ရုပ်ပိုင်းဆိုင်ရာရောဂါတွေ ဖြစ်တဲ့ အယ်လ်ဇိုင်းမားတို့၊ ပါကင်ဆန်ရောဂါတို့၊ ဦးနှောက်ကင်ဆာကျိတ် တို့မှာလည်း တွေ့ရတတ် တယ်၊ စိတ်ကြောင့် ဖြစ်တာတော့ ပိုများတာပေါ့၊ တခြားအကြောင်းတွေကြောင့် လည်း ဖြစ်နိုင်သေးတယ် ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် များသောအားဖြင့် ကုသလို့ရပါတယ်၊ ခင်ဗျား ခုလောလောဆယ် စွဲသောက်နေတဲ့ဆေး ရှိသလား"

"ခါးနာ ကျောအောင့်တတ်လို့ အကိုက်အခဲပျောက်ဆေး အိုင်ဗျူ ပရိုဖန် သောက်တတ်ပါတယ်၊ ဒီလောက်ပါပဲ"

"ဟို- မူးယစ်ဆေးတွေ ဘာတွေရော"

"မရှိပါဘူး"

ဘောင်းဘီပေါ်က အစက်လေးတစ်စက်ကို အကြောင်းမဲ့ ပွတ်တိုက် နေမိသည်။

"အရက်ရော"

"အင်း- နည်းနည်းပါးပါးလောက်ပါပဲ"

"ဘယ်လောက် နည်းနည်းပါးပါးလဲ"

"ညစာစားရင်း ဝိုင်တစ်ခွက်တလေလောက်ပါ၊ တစ်ခါ တလေ နှစ်ခွက် ပေါ့"

"လူမှန်းသူမှန်း မသိလောက်အောင် မူးရူးသွားတာမျိုး ရှိလား"

"အို- ကြာလှပြီ၊ ကောလိပ်မှာတုန်းက တစ်ခါပဲ"

သူက ခေါင်းကို ခပ်မြန်မြန် ညိတ်လိုက်သည်။

"ဆေးတချို့မှာ မြင်ယောင်၊ ကြားယောင် ဖြစ်တတ်တဲ့ ဘေးထွက် ဆိုးကျိုး ရှိတယ်၊ အသံတွေ ကြားရတယ် ဆိုတာလည်း ဆေးတွေကြောင့်မို့ ဖြစ်တတ်တယ်"

သူ ကျွန်မ ပြောတာတွေကို ယုံရော ယုံရဲ့လား၊ သံသယဖြစ်လာသည်။

"အဲဒီအသံက ခင်ဗျား ရင်းနှီးနေတဲ့ အသံမျိုးလား"

"ဆရာ ဘာကို ဆိုလိုတာလဲ"

"ဩော်- မိဘ၊ ချစ်သူ၊ သူငယ်ချင်း တစ်မျိုးမျိုးကို ဆုံးရှုံးလိုက်ရတဲ့

တချို့လူတွေမှာ အဲဒီ ဆုံးပါးသွားတဲ့လူတွေရဲ့ အသံကို ကြားနေတတ်တယ်”

“လွန်ခဲ့တဲ့ ဆယ့်လေးနှစ် ဖေဖေ ဆုံးသွားပြီးကတည်းက ကျွန်မ ဘယ်သူ့ကိုမှ မဆုံးရှုံးရသေးပါဘူး”

“ဒါဆို ဒီအသံကို ညွှန်ပြနိုင်တဲ့ လူတစ်ယောက်မှ မရှိဘူးပေါ့”

အင်း- အသံက ကျွန်မကို တစ်ခုခု ခိုင်းနေတာမျိုး၊ စော်ကားနေတာမျိုးလည်း မရှိဘူးရှင့်”

ဆရာဝန်က ပြုံးလိုက်သည်။

“ခင်ဗျား ဒီကိစ္စတွေကို လေ့လာထားပြီးပြီပဲ၊ ခင်ဗျားအတွေးတွေကို လူတွေ သိနေတယ် ဆိုတဲ့ ခံစားချက်မျိုးရော ဝင်ဖူးလား”

“ဟင့်အင်း မဝင်ဖူးပါဘူး”

“တစ်ခါတလေ နောက်ကနေ လိုက်ခံရတာတို့၊ စောင့်ကြည့်ခံရတာ တို့ အဲလို ခံစားချက်မျိုး ဖြစ်ဖူးလား”

“ဟင့်အင်း၊ ဒီအသံပဲ ကြားနေတာ”

“တချို့လူတွေက ခင်ဗျားရဲ့ အတွေးတွေကို လွှမ်းမိုးနေတယ်လို့ရော ခံစားဖူးလား”

“ဩော် . ဒါကတော့ အမြဲလွှမ်းမိုးဖို့ ကြိုးစားကြတာပဲ မဟုတ် လား ဆရာရယ်”

သူက ပြုံးလိုက်ပြန်သည်။ ကျွန်မကို စေ့စေ့စပ်စပ် ကြည့်သည်။ ကျွန်မ စိတ်တွေ တင်းကျပ်လာသည်။ သူ့ကို ကျွန်မ ဖွင့်ပြောခဲ့ပြီးသော်လည်း စိတ်က သက်သာမလာခဲ့။ ဆွေးနွေးမှုကို တော်လိုက်ရင် ကောင်းမလား။ အသံ အကြောင်း စဉ်းစားမိတော့ တွန့်သွားသည်။ ကျွန်မ တကယ် အကူအညီ လိုနေ သည်လေ။ ကျွန်မ သူ့ကို မေးလိုက်သည်။

“ဒီအသံ ဘယ်က လာတာလဲ၊ ဒါ မကြားတော့အောင် ဘယ်လို လုပ်ရမလဲ”

သူက ရှေ့တိုးနောက်ငင် ကုလားထိုင်ကို လှုပ်ရင်း စဉ်းစားနေသည်။

“အင်း- ခင်ဗျား ဖြစ်စဉ်ကို လေ့လာကြည့်သလောက်တော့ စိတ်ပိုင်း ဆိုင်ရာ ပြဿနာပါပဲ၊ စိတ်ရောဂါ ဖြစ်လုနီးနီးပေါ့”

“အဲဒါက ဘာလဲ၊ ဘာဖြစ်လို့ ဖြစ်ရတာလဲ”

“ဒါက အခြေအနေပေါ် မူတည်ပြီး ကွာခြားပါတယ်၊ ဒီလိုကိစ္စမျိုး ဟာ အင်မတန် စိတ်ပင်ပန်းတဲ့အခါ၊ အထူးသဖြင့် အပြောင်းအလဲတစ်ခုခု ကြုံတွေ့တဲ့ အထွတ်အထိပ်ကာလတွေမှာ ရုတ်တရက် ပေါ်လာလေ့ရှိတယ်၊ အိမ်နဲ့ ခွဲခွာပြီး တစ်ယောက်တည်း နေရတဲ့ အရွယ်ရောက်စ အချိန်မျိုးတွေ၊ အလုပ်သစ် တစ်ခုခု အစပျိုးရတဲ့ အခြေအနေတွေ၊ ခုနက ပြောခဲ့သလို မိသားစုဝင် တစ်ဦးဦး ဆုံးရှုံးလိုက်ရတဲ့အခါ မျိုးတွေပေါ့၊ ခုတစ်လော ပုံမှန်ထက်ပိုတဲ့ အပြင်းအထန် စိတ်ဖိစီးမှုမျိုးတွေ ရှိခဲ့လား”

“ဟင့်အင်း၊ မရှိပါဘူး”

“စိတ်ကစဉ့်ကလျားရောဂါ ဖြစ်နိုင်ခြေကို လုံးလုံး ဖယ်ရှားလို့ မရသေး ပေမယ့် ခင်ဗျား ပြောပုံအရတော့ ဖြစ်နိုင်ခြေ နည်းပါတယ်၊ အသေအချာ သိဖို့အတွက်ကတော့ ဆက်ပြီး စောင့်ကြည့်ဖို့လိုမယ်၊ ခင်ဗျားအကြောင်းကို လည်း ဒီထက် ပိုသိဖို့ လိုဦးမယ် ခင်ဗျ”

ကျွန်မမျက်လုံးထဲက အကြောက်တရားကို သူ မြင်သွားပုံပေါ်သည်။ သူက ဆက်ပြောသည်။

“စိတ်တော့မပူပါနဲ့၊ ဖြစ်ခဲ့ရင်တောင် ဆေးကုလို့ရပါတယ်၊ မိသားစုထဲမှာ စိတ်ဝေဒနာ ခံစားရသူ ရှိလား”

“မေမေ့မှာ စိတ်ကျရောဂါ ရှိပါတယ်”

“ဘယ်တုန်းက စဖြစ်တာလဲ”

“ကျွန်မ လူမှန်းသိတတ်စကတည်းကပဲ”

“ဒါဖြင့် ခင်ဗျားရော”

“ဟင့်အင်း၊ ကျွန်မမှာ မရှိပါဘူး”

“မောင်နှမတွေထဲမှာရော

“မရှိဘူးရှင့်”

သူက စဉ်းစဉ်းစားစား ခေါင်းတဆတ်ဆတ် ညိတ်ရင်း မှတ်စု ရေးနေ သည်။

“ဒါဖြင့် ခင်ဗျား မိသားစုဝင်တွေ၊ ဆွေမျိုးတွေထဲမှာ ဒီလို အသံတွေ ကြားဖူးတဲ့လူ ရှိသလား”

“ဖေဖေကတော့ ရင်ခုန်သံတွေ ကြားနိုင်ပါတယ်”

ဘာပြောလိုက်မိမှန်း မသိဘဲ ရုတ်တရက် လွှတ်ခနဲ ပြောမိသွားသည်။

ဒေါက်တာအဲရစ်ဆန်က ဟာသပြက်လုံးတစ်ခု ကြားလိုက်ရသလို ရယ်နေသည်။ ပြီးတော့ ကျွန်မကို ပြုံးကြောင်ကြည့်နေမှာမျိုး မတွေ့ချင်။ သူ မေးခွန်းတွေ မေးခဲ့သည်။ ထို့ကြောင့် သူ့ကို ဖြေရလိမ့်မည်။

"ဖေဖေက မြန်မာပြည်မှာ မွေးတာပါ၊ သူ့အဖေက ငယ်ငယ်ရွယ်ရွယ် နဲ့ ဆုံးသွားတယ်၊ သူက ဂြိုဟ်ကောင်လေးလို့ သူ့အမေက ယူဆပြီး သူ့ကို ပစ်သွားတယ်၊ အသက်ရှစ်နှစ်သားမှာ မျက်လုံးကွယ်သွားတယ်၊ အဲဒီအချိန်က စလို့ သူ့ရဲ့ အကြားအာရုံဟာ ထူးကဲလာခဲ့တယ်၊ တောင်ပံခတ်သံကတစ်ဆင့် ငှက်တွေကို သူ အမျိုးအမည် ခွဲနိုင်တယ်၊ ပင့်ကူအိမ်ထဲက ပင့်ကူ သားကောင် ချောင်းနေတာကို သူ သိတယ်၊ သူ ကြားနေရတာကိုး"

ဆရာဝန်က ကျွန်မကို အံ့ဩတကြီး ပြုံးကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူ့ကို ကျွန်မ အလေးအနက် ပြောနေသည်လား၊ နောက်နေသည်လား သူ မဝေခွဲတတ်ရှာ။ သူ စိတ်ရှုပ်နေပုံကို ကျွန်မ ကျေနပ်စွာ ကြည့်ရင်း ဆက်ပြော သည်။

"ပြီးတော့ ကျွန်မ ပြောခဲ့သလိုပဲ သူက လူတွေရဲ့ ရင်ခုန်သံကိုလည်း အဝေးကနေ ကြားနိုင်တယ်ရှင့်"

"ရင်ခုန်သံ . . . ဟုတ်လား"

ဒေါက်တာအဲရစ်ဆင်က သူ ကြားရတာ သေချာ၊ မသေချာ အတည်ပြု သလို မေးနေသည်။

"ဟုတ်တယ်၊ ဖေဖေက လူတစ်ယောက်ကို ရင်ခုန်သံကြားရုံနဲ့ ခွဲခြား နိုင်တယ်၊ လူတွေရဲ့ ရင်ခုန်သံဟာ သူတို့လေသံတွေလို ကွာခြားတယ် ဆိုတာကို သိတယ်၊ ရင်ခုန်သံဟာ လူ့အတွင်းစိတ်ရဲ့ ပြတင်းပေါက်ပဲတဲ့၊ အဲဒီမှာပဲ သူ ကြားဖူးသမျှ ရင်ခုန်သံတွေထဲမှာ အလှဆုံး ရင်ခုန်သံပိုင်ရှင် ကောင်မလေး တစ်ယောက်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်"

"အင်း- စိတ်ဝင်စားစရာပဲ"

သူ့အသံက စိုးရိမ်တကြီး ဖြစ်လာခဲ့သည်။

"တခြားရော ခင်ဗျား ဘာဖြစ်သေးလဲ၊ သူများ မမြင်တာတွေ မြင်နေ ရလား"

သူ မေးတာကို လျစ်လျူရှုရင်း ကျွန်မ ဆက်ပြောလိုက်သည်။

"အဲဒီ ကောင်မလေးနာမည်က မိမိတဲ့၊ သူက သိပ်လှပေမယ့် မွေးရာပါ ခြေခွင်နေလို့ လမ်းမလျှောက်နိုင်ရှာဘူး၊ ဒါကြောင့် ဖေဖေဟာ သူ့ကို ကျောပိုး သွားခဲ့ရတယ်၊ ဖေဖေက သူ့ရဲ့ ခြေထောက်တွေ၊ သူက ဖေဖေ့ရဲ့ မျက်လုံး ဖြစ်ခဲ့ကြတာပေါ့၊ ကျွန်မ ဆိုလိုတာ ဆရာ နားလည်ရဲ့လား"

ဒေါက်တာအဲရစ်ဆင်က ခေါင်းမြန်မြန်ညိတ်ပြသည်။

“ဒါပေါ့၊ ကျွန်တော် ကောင်းကောင်းနားလည်ပါတယ် မစွစ်ဝင်း”

“နောက်ပိုင်း ခွဲစိတ်ကုသမှု ခံယူပြီး မျက်လုံး ပြန်မြင်တဲ့အခါ သူ့ရဲ့ ထူးကဲတဲ့ အကြားအာရုံတွေ တဖြည်းဖြည်း ပျောက်သွားတယ်၊ လုံးလုံးမကြား တော့တာ မဟုတ်ပေမယ့် မှေးမှိန်သွားတဲ့ သဘောပေါ့”

“ဒါဆို ခင်ဗျားရော အဲသလို ရင်ခုန်သံတွေ ကြားနိုင်စွမ်း ရှိသလား”

သူက မေးခွန်းကို ဂရုတစိုက် မေးလိုက်သည်။

“ဟင့်အင်း၊ ရှိချင်တာ၊ ကံအကြောင်းမလှတော့ မရှိဘူးရှင့်”

သူက နာရီကြည့်နေသည်။ သူ့မျက်နှာက မတင်မကျ သံသယတွေ ပြည့်နေသည်။

“နင် ဒီ ကို ဘာ လို ချင် လို့ ရောက် နေ တာ လဲ....”

ဟော-သူ လာပြီ။

“ငြိမ် ငြိမ် နေ စမ်း ပါ”

ကျွန်မ သူ့ကို အမိန့်ပေးလိုက်သည်။

“နင် ဒီ လူ့ ဆီ က ဘာ လို ချင် လို့ လဲ...”

“အ ကူ အ ညီ ပေါ့၊ ကျွန် မ အ ကူ အ ညီ လို နေ တယ်...

“မ လို ပါ ဘူး...”

“အိုး လိုတာပေါ့ ...”

“သူ နင့် ကို မ ကူ ညီ နိုင် ဘူး...”

“ဘာ ဖြစ် လို့ လဲ...”

“နင် ပြော နေ တာ ကို သူ နား မှ မ လည် တာ၊ သူ က လူ တွေ ဟာ မျက် လုံး ရှိ မှ မြင် ရ မယ် ထင် နေ တာ၊ ဒီ လို လူ မျိုး က နင့် ကို ဘယ် လို ကူ ညီ နိုင် မှာ လဲ”

“ရှင် ဒါ ကို ဘယ် လို လုပ် သိ တာ လဲ...”

“အို ဒီ လောက် သိ သာ တာ ကို”

“တစ်ခုခုများ မှားနေလား”

"ဘာမှားနေတာလဲ ဆရာ"

"ခင်ဗျား ဖြူဖပ်ဖြူရော်ဖြစ်ပြီး နှုတ်ခမ်းတွေ တရွရွ လှုပ်နေတယ်၊ အသံကြားရပြန်တာလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဘာပြောနေတုံး ခု"

"ကျွန်မက ဘာအကူအညီမှ မလိုဘူးတဲ့"

နင် ပြောတာ ငါ ကောင်းကောင်းသိတယ် ဆိုသည့် အပြုံးမျိုး သူ့ မျက်နှာမှာ တွေ့လိုက်ရသည်။

"တခြားရော ဘာပြောသေးလဲ"

"ဆရာက ကျွန်မကို ကူညီနိုင်မှာ မဟုတ်ဘူးတဲ့"

"ဩော်- ဘာဖြစ်လို့တဲ့လဲ"

"ပြော လိုက် လေ၊ သူ က မှ နင့် ကို နား မ လည် တာ..."

ကျွန်မ ခဏ စဉ်းစားလိုက်သည်။

"ဟင့်အင်း၊ မပြောဘူး"

"အင်း- သူ့ကို ကျွန်တော် ခြိမ်းခြောက်နေတယ်လို့ ခင်ဗျား ခန္ဓာကိုယ် ထဲက အသံက ယူဆနေပုံပဲ၊ ဒါက အင်မတန် ထင်ရှားတဲ့ ကာကွယ်တုံ့ပြန်မှု ပုံစံပဲလေ"

"သူ က အ ရူး ပဲ..."

"သူ ပြောတာကို နားမထောင်နဲ့၊ မေ့ထားလိုက်"

"အဲသလောက် လွယ်မှတော့ ကျွန်မ ဆရာရှေ့ ဘယ်ရောက်လာ ပါ့မလဲ"

"သိပါတယ်၊ ဒါပေမဲ့ ကြိုးစားကြည့်ပါ၊ သူ ပြောပါစေ၊ အာရုံစိုက် ပြီး နားထောင်မနေနဲ့၊ အသာလေး လွှတ်ထားလိုက်၊ သူ ခင်ဗျားကို ဘာမှ လုပ်နိုင်တာမှ မဟုတ်တာ"

"သူ ဘာ ပြော နေ မှန်း သူ မ သိ ပါ ဘူး၊ သူ က င ပေါ၊ ငါ ပြော တာ ယုံ၊ သူ က ဆ ရာ ကြီး လုပ် နေ တာ..."

ဟင်- ဆရာကြီး ဆိုပဲ၊ ဆရာကြီး ဆိုတာ ဘာပါလိမ့်၊ အစ်ကိုကြီးကို သတိရသည်။ အမေ့ကို သတိရသည်။ ခေါင်းတွေ ချာချာလည်လာသည်။

“ကဲ ကဲ ကျွန်တော် ခင်ဗျားကို ဖိုင်ပရီဆာ ညွှန်းလိုက်မယ်”

သူ့အသံက နံရံတစ်ချပ် ခြားနေသလိုလို။

“ညကျရင် ငါး မီလီဂရမ်သောက်၊ နောက်နေ့တွေမှာလည်း ညတိုင်း ညတိုင်း ခုနစ်ရက် ဆက်တိုက်သောက်၊ ဒါက ခင်ဗျားကို ကူညီနိုင်လိမ့်မယ်၊ ဒီဆေးမှာ ဘေးတွက်ဆိုးကျိုးလေးတွေတော့ ရှိပါတယ်၊ စစချင်း သောက်ခါစ မှာ နုံးနေမယ်၊ အိပ်ချင်နေမယ်၊ အပြည့်အဝ အနားယူပါ၊ ဒီအပတ် အလုပ် မသွားတာ ကောင်းလိမ့်မယ်၊ တချို့လူနာတွေလည်း ဒီဆေးသောက်ပြီး ဝလာ တယ်လို့ ပြောတယ်၊ မူးသလိုလို၊ ဝမ်းချုပ်သလိုလိုလည်း ဖြစ်တတ်တယ်၊ ဒါပေမဲ့ ခဏပါပဲ၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ဆိုတာ ရှိ စမြဲကိုး၊ ဒါပေမဲ့ နောက်အကျဆုံး ကျေးဇူးတော်နေ့ ပြီးရင်တော့ အလုပ်ပြန်လုပ် လို့ ရပါပြီ၊ နောက်တစ်ပတ်မှာ ပြန်လာခဲ့ပါ၊ နေလို့ထိုင်လို့ သိပ်ကောင်းလာလိမ့် မယ်လို့ ကျွန်တော် ကတိပေးပါတယ်”

ကဲ- လိုချင်တာ ရပြီ။ ရောဂါနာမည်တပ်၊ ဆေးပေး၊ ယုံယုံကြည်ကြည် ကုသခံ၊ ဒါဆို အလုပ်ဖြစ်ပြီ မဟုတ်လား။ ဩော်- ကျွန်မက သူ ပြောခဲ့သလို အလုပ်သစ်တက်ခါစမှာ စိတ်ဖိစီးတာ မဟုတ်။ ရှုံးကနေ စိတ်ရှုပ်ထွေးစွာဖြင့် ကူကယ်ရာမဲ့ ထွက်ခွာခဲ့ရသူပါလေ။

ဆေးဆိုင်မှ စာရေးက ဆေး၏ ဘေးထွက်ဆိုးကျိုးတွေကို ဒုတိယ အကြိမ်အဖြစ် အပြည့်အစုံ ရှင်းပြနေချိန်မှာ အာရုံစိုက် နားထောင်ဖို့ ကျွန်မ ပင်ပန်း လွန်းနေခဲ့ပြီ။ အိမ်ပြန်ရောက်တော့ ကုတ်အင်္ကျီ မချွတ်ဘဲ မီးဖိုခန်းထဲ တန်းဝင်သည်။ ဖန်ခွက်ထဲ ရေဖြည့်ပြီး အိတ်ကပ်ထဲမှ ဆေးထုပ်ကို ထုတ်သည်။ တစ်လုံး ယူသည်။

“ဟဲ့- မ သောက် နဲ့၊ ထား လိုက်. . .”

“သူ ပြော တာ ကို လျစ် လျူ ရှု ထား”

“ဒါ နှင့် အ တွက် ဘာ အ ကူ အ ညီ မှ မ ဖြစ် ဘူး…”

“နား မ ထောင် နဲ့၊ နား မ ထောင် နဲ့”

“မ သောက် ပါ နဲ့”

“သူ ဘာ ပြော ပြော ဂ ရု မ စိုက် နဲ့

ဆေးကို လျှာပေါ်တင်ပြီး ရေသောက်ချလိုက်သည်။

ခဏလေးနေတော့ မခံနိုင်အောင် ပင်ပန်းနွမ်းလျလွန်းသည့် ခံစားချက်တွေက ကျွန်မကို လွှမ်းမိုးသွားသည်။ အဝတ်အစား အပြည့်အစုံဖြင့် အိပ်ရာပေါ် ပစ်လှဲလိုက်ပြီး တစ်ချိုးတည်း အိပ်မောကျသွားတော့သည်။

အခန်း (၆)

နောက်နေ့တွေမှာတော့ အသံသည် ကျွန်မကို မေးခွန်းတွေဖြင့် နှိပ်စက်မြဲ နှိပ်စက် ဆဲသာ။ ညညဆို သူ့ ငိုသံကြီးဖြင့် ကျွန်မ လန့်နိုးအောင်လည်း နှိုးတတ်သေးသည်။ အိပ်ရေးပျက်ရလွန်းသဖြင့် ကျွန်မ တစ်ကိုယ်လုံး ကိုက်ခဲနာကျင် နုံးခွေနေသည်။ ဘာကိုမျှ အာရုံမစိုက်နိုင်၊ သတင်းစာပင် တစ်မိနစ်မပြည့်ခင် ပစ်ချထားလိုက်မိသည်။ စာအုပ် ဆိုလျှင်တော့ ပြောမနေနဲ့တော့။

ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘာမြင်မြင် ထိုအသံအကြောင်းသာ တစ်ချိန်လုံး စဉ်းစားနေမိသည်။ သူ့အသံထွက်နေနေ၊ တိတ်နေနေ သူက ကျွန်မ ကို တစ်ချိန်လုံး စိုးမိုးနေခဲ့ပြီ။

မူလီဂမ်ဆီ အီးမေးလ် ထပ်ပို့ရသည်။ ကျွန်းမာရေးပြဿနာက ထင်တာထက် ဆိုးကြောင်း၊ ရောဂါအတိအကျ မသိသေးကြောင်း၊ စမ်းသပ် စစ်ဆေးမှု တွေ လုပ်ရဦးမည့်အကြောင်း၊ သူကလည်း စိတ်ပူပန်စွာ အီးမေးလ်ပြန်သည်။ အမြန် နေပြန်ကောင်းစေဖို့ ဆုမွန်ကောင်း တောင်းပေးသည်။

မြို့တော်တွင်း ရောက်တတ်ရာရာ လှည့်ပတ်သွားလာနေစဉ် တစ်ရက် မှာ ယူနီယံစကွဲယား မြေအောက်ဘူတာမှာ လူတစ်ယောက်ကို ကျွန်မ သတိထား မိခဲ့သည်။ ဝတ်စုံနက်နှင့် ရှပ်ဖြူ ဝတ်ဆင်ထားပြီး ကျွန်မနှင့် သက်တူရွယ်တူခန့်ရှိသော ထိုလူသည် ခြေထောက်နားမှာ လက်ဆွဲသေတ္တာတစ်လုံး ချထားသည်။ လူတွေက များပန်းခပ်မျှ သွားလာနေကြသော်လည်း သူကတော့ ရပ်နေသည့် နေရာမှာ မူလီစုပ်ထားသလို တစ်လက်မမျှ မရွေ့။ ရထားသံတွေ ဆူညံနေသည့် ကြားက သူ့အသံကို ကျွန်မ ပြတ်တောင်း ပြတ်တောင်း ကြားနေရသည်။

"ဘုရားသခင်၏ စကားသံကို နားစွင့်ကြလော့... ကျွန်ုပ်တို့အားလုံး အပြစ်သားချည်းသာ.. ကိုယ်တော့်အပေါ် အကြွင်းမဲ့ယုံကြည်ကြလော့.. သင်တို့အားလုံး လမ်းမှန်မှ သွေဖည်နေခဲ့ကြပြီ"

သူ့ကို ဘယ်သူမျှ ဂရုမစိုက်ကြ။ တချို့လူတွေက သနားသလိုလို၊ အားနာသလိုလိုနှင့် ရပ်နားထောင်တတ်သော်လည်း ခေါင်းထဲ ဘာမျှဝင်ပုံမပေါ်။ သူဘာလို့ ဒီလို လုပ်နေတာလဲ။ သူ့ကို ဘယ်သူက ဒီလိုလုပ်ဖို့ အမိန့်ပေးခဲ့လဲ။ သူရော အသံတွေ ကြားတတ်တဲ့ လူမျိုးလား။ နယူးယောက်ရဲ့ အကြီးဆုံး မြေအောက် ဘူတာရုံမှာ ရထားတွေ ဝင်ထွက်နေချိန် ဒါတွေ ပြောရမယ်လို့ စေခိုင်းခံရတာ လား။ အချိန်တွေ ကြာလာခဲ့ရင် ကျွန်မကိုရော အသံက ဘာတွေစေခိုင်းဦးမှာလဲ။

ကြောက်စိတ်တွေ ပြည့်နေပေမယ့် ဆရာဝန်ညွှန်းသည့် ဆေးကို နှစ်ကြိမ် သာ သောက်ဖြစ်သည်။ အသံက သတိပေး၍ မဟုတ်၊ ဘေးထွက်ဆိုးကျိုးကို ကြောက်၍ မဟုတ်။ ဆေးအပေါ်ထားသည့် ကျွန်မသဘောထားကြောင့်သာ။ ဓာတုဆေးဝါးတွေက ကျွန်မကို လွှမ်းမိုး လမ်းညွှန် ထိန်းချုပ်နေခြင်းကို သည်းမခံ

နိုင်။ ခန္ဓာကိုယ်ထဲ လူစိမ်းတစ်ယောက် ဝင်နေသလိုလို မခံမရပ်နိုင်အောင် လေးလံလာခဲ့သည်။

ကျွန်မခန္ဓာကိုယ်၏ ကြွက်သားတစ်မျှင်ချင်းက ဆေးဝါးကို ငြင်းဆန်ကြသည်။ ဒီ ဆေးလုံးဖြူဖြူလေးတွေပေါ် လုံးဝဥဿုံ မှီခိုရမည့် ဘဝမျိုး မရောက်ချင်၊ သူ့ကျေးကျွန် မဖြစ်ချင်။ အသံကို ပျောက်ကွယ်အောင် လုပ်ဆောင်နိုင်သည့် တခြားနည်းလမ်းတွေ ရှိကိုရှိရလိမ့်မည်။ ဘာမှန်းမသိသေးပေမယ့် ကျွန်မ ကြွပြားသော နည်းလမ်းတွေကို ကြိုးစားကြည့်မည်။ အေမီ အကြံဉာဏ် အတိုင်း နယူးယောက် အပ်ပ်စတိတ် သစ်တောတွေထဲက ကမ္ဘာ့ဥာန်းဥာနကို လိုက်သွားပြီး အာနာပါန ရှုမှတ်ကြည့်ရမလား။ ပကတိ တိတ်ဆိတ်ငြိမ်သက် သည့်နေရာမှာ ခေါင်းထဲက အသံက ပိုဆိုးလာမှာလည်း ကြောက်သေးသည်။

ဂန္ထဝင်ဂီတက နည်းနည်းအလုပ်ဖြစ်သည်။ ဆိုဖာပေါ်လှဲရင်း မိုးဇက်၊ ဘက်ချ်၊ ဟေဒင်တို့ကို နားထောင်နေချိန်မှာ အသံက တိတ်နေတတ်သည်။ တယောတွေ၊ ရှယ်လိုတွေ၊ စန္ဒရားတွေ၏ အသံက တစ္ဆေနိုင် မန္တန်လို အကျိုးသက်ရောက်သည်လား မပြောတတ်။ ဂီတသံစဉ်တွေကြားမှာ သူ တိတ်တိတ်ငြိမ်ငြိမ် ရှိလှသည် ကတော့ အမှန်ပင်။ အဲ- တစ်ချိန်တည်းမှာ အလုပ် နှစ်မျိုး၊ သုံးမျိုး မလုပ်မိဖို့ တော့ သတိထားရသည်။ ဂီတသံဖြင့် စာဖတ်၊ အိမ်သန့်ရှင်းရေးလုပ်၊ ချက်ပြုတ် ဒီလိုတွေ လုပ်လျှင်တော့ သူ ချက်ချင်း ဝင်လာနိုင်သည်။ ဆိုးဖြတ်၊ စာဖတ် မလား၊ တေးဂီတနားထောင်မလား၊ ချက်ပြုတ်ပြီးလို့ ညစာ အဆင်သင့်ဖြစ်မှ ဂီတကို နားထောင်ချင်ထောင်၊ နှစ်ခု တစ်ပြိုင်နက်တော့ မလုပ်လေနှဲ့။ ကျွန်မက အလုပ်နှစ်ခု တစ်ပြိုင်နက် လုပ်ရသည်ကို အသားကျလှသဖြင့် ထိုကိစ္စမှာ အတော် ခက်သည်။ အသံက ဒါမျိုးကို သည်းမခံဘူး မဟုတ်လား။

ကျေးဇူးတော်နေ့မှာ အခြေအနေက ပိုလို့တောင် ဆိုးလာခဲ့သည်။ ဘဝ မှာ ပထမဆုံးအကြိမ်အဖြစ် အားလပ်ရက်ကို တစ်ယောက်တည်း အချိန်ဖြုန်းရ သည်။ အေမီက ဘော်စတွန်က သူ့အမျိုးတစ်ယောက်ဆီ သွားလည်နေသည်။ တခြား သူငယ်ချင်းတွေကလည်း မိသားစုတွေနှင့် အသီးသီးအသက ပျော်ရွှင်ဖွယ် အချိန်တွေ ရနေကြသည်။ တိုင်းပြည်တစ်ဝက်လောက်က ခရီးထွက်နေကြ သည်။ ဆန်ဖရန်စစ္စကိုက အစ်ကိုဖြစ်သူ၏ စိတ်မပါ့တပါ ဖိတ်ခေါ်ချက်ကို ကျွန်မ ငြင်းခဲ့ပြီးပြီ။

နယူးယောက်သည် ဤမျှ တိတ်ဆိတ်ခြောက်ကပ်သည်ကို တစ်သက်နှင့် တစ်ကိုယ် မကြုံခဲ့ဖူး။ လမ်းတွေပေါ်မှာ ကားလေးတစ်စစီးစ၊ နှစ်စီးစလောက် သာ ရှိသည်။ ဆိုင်တွေ အကုန်နီးပါး ပိတ်သည်။ ဒုတိယရိပ်သာလမ်းနှင့် ငါးဆယ့်ကိုး လမ်းထောင့်မှာ အမြဲတွေ့နေကျ အိမ်ခြေရာခြေမဲ့ လူတောင် ပျောက်နေသည်။ အစားအသောက် မှာဖို့ ဆိုင်ပေါင်း ခြောက်ဆိုင်လောက် ဖုန်းဆက်ကြည့်သည်။ တစ်ဆိုင်မှ မဖွင့်။

ညစာစားချိန်မတော့ အဆောက်အအုံတစ်ခုလုံး ကြက်ဆင်သားကင်နံ့ တွေ လှိုင်နေသည်။ အခန်းတွေထဲက ရယ်ပွဲဖွဲ့သံတွေ ပျံ့လွင့်လာသည်။ ဖန်ခွက်ချင်း

ထိသံတွေ၊ ဟင်းနံ့တွေ၊ အချိုပွဲရနံ့တွေ ကြိုင်လှိုင်။ ကျွန်မအဖို့က တော့ အထီးကျန် ရနံ့တွေပါပဲ။

ရေခဲသေတ္တာထဲက တွေ့တာတွေ ကောက်စားလိုက်ပြီး အသံက ကန့်ကွက် နေတုန်းမှာပဲ ဝိုင်နီ တစ်ပုလင်းလုံးနီးပါး သောက်ချလိုက်သည်။ သူ မှန်ပုံပါပဲ။ အရက်က ကျွန်မကို ကောင်းကျိုးမပေး။ ကိုယ့်ကိုယ်ကိုယ် သနားသည့် စိတ်က ပြင်းထန်စွာ ပေါ်ပေါက်လာခဲ့ပြီး ဆိုဖာပေါ်မှာ မျက်ရည်ဖြိုင်ဖြိုင် ကျရပြန်လေ သည်။

တနင်္ဂနွေညနေမှာ အေမီ မက်ဆာချူးဆက်မှ ပြန်ရောက်လာခဲ့သည်။ သူ သွားနေစဉ်ကလည်း ကျွန်မတို့ အကြိမ်ပေါင်းများစွာ ဖုန်းပြောဖြစ်ကြသည်။ ဆေးတွေ မသောက်တော့ဘူးဟု ပြောလိုက်တော့ သူက စိတ်သက်သာရာ ရသွားပြီး တရားစခန်း လိုက်ခဲ့ဖို့ ခေါ်မြဲတိုင်း ခေါ်နေသည်။ သူ ကျွန်မအတွက် တကယ် စိတ်ပူနေတာကို သိပါ၏။ သူကတော့ ကမ္မဋ္ဌာန်းဌာနကို လိုက်ခဲ့သည့် အတွက် မကောင်းတာ မဖြစ်စေရဘူးဟု အာမဘာဏ္ဍေ ခံနေသည်။ တကယ်လို့ မနေနိုင်တော့ရင် ချက်ချင်း အထုပ်အပိုးပြင်ပြီး မန်ဟက်တန်ကို သုံးနာရီအတွင်း ပြန်ရောက်နိုင်သည်ပဲ။ ဘာမျှ ဆုံးရှုံးစရာ မရှိ။

ကဲလေ- ဘယ်သွားသွား ကျွန်မအတွက်တော့ အရေးမကြီးတော့ပါ ဘူး။ ကျွန်မ တွင်းဆုံးကျနေခဲ့ပြီ။ ဘယ်လိုမှ သည်းခံနိုင်စွမ်းလည်း မရှိတော့။ ကျွန်မ တစ်နေရာရာတော့ သွားမှ ဖြစ်မည်။

■■■

အခန်း (၇)

မြေသားလမ်းပေါ်မှာ တက္ကစီက ဖြည်းဖြည်းချင်း ပြန်ကွေ့နေသည်။ ကားသမား က ကျွန်မတို့ကို သနားကြည့် ကြည့်ရင်း ပြန်လည် ထွက်ခွာသွားခဲ့သည်။ ပကတိ တိတ်ဆိတ်ငြိမ်သက်လှသည့် ရပ်ဝန်းမှာ အေမီနှင့် ကျွန်မ ရပ်နေကြသည်။ ငှက်သံ၊ အင်းဆက်သံ၊ ယုတ်စွအဆုံး သစ်ပင်ဖျားကို လေတိုးသံ ပင် မကြား။

ဘေးဘီသို့ လှည့်ပတ်ကြည့်လိုက်သည်။ အရွက်မဲ့သစ်ပင်တွေ၊ ကျိုးတိုး ကျဲတဲ ချုံတွေ၊ ပိတ်ပေါင်းတွေက အုပ်မှိုင်းမှိုင်း ညိုတိုတိုနှင့်။ ဗလာနယ်လိုပင်။ အေမီက ကျောပိုးအိတ်ကို လွယ်ကာ ကျွန်မကို ခေါင်းဆတ်ပြပြီး ရှေ့က ဦးဆောင် လျှောက်သည်။ တောအုပ်ထဲက လူသွားလမ်းလေးမှတစ်ဆင့် တောင်ကုန်းလေး တစ်ခုပေါ်က ထူးထူးဆန်းဆန်း အဆောက်အအုံ တစ်ခုဆီ ဦးတည်လျှောက် ခဲ့ကြသည်။ ထိုအဆောက်အအုံက အောက်ခြေမှာ ကွန်ဖရန့်စင်တာတွေလို ပြတင်းပေါက်ကြီးတွေနှင့် ကြီးကြီး ပြားပြား၊ အပေါ်ပိုင်းကတော့ စေတီလို အတွန့်အတက်တွေနှင့် ရွှေရောင်ဝင်းနေသည်။ ဗုဒ္ဓဘာသာ၏ သရုပ်သကန် သင်္ကေတအပြည့်နှင့် အဆောက်အအုံပေါ့။ ကျွန်မတို့ ထိုနေရာသို့ ဦးတည်၍ လျှောက်နေကြသည်။

ကတုံးနီးပါး တိုသော ဆံပင်နှင့် ပန်းနုရောင် သင်တိုင်းဝတ်စုံ ဝတ်ထား သည့် (သီလရှင်) အမျိုးသမီးတစ်ဦးနှင့် ဝင်ပေါက်မှာ ဆုံသည်။ သူ့အပြုံးနှင့် နူးညံ့ သိမ်မွေ့သည့် ကိုယ်ဟန်အနေအထားကြောင့် သူ့အသက်ကို ခန့်မှန်းရ ခက်လှသည်။ သူက အေမီနှင့် ကောင်းစွာသိကျွမ်းပုံပင်။ ကျွန်မကိုလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်သည်။ ကျွန်မတို့ သူ့နောက်မှ လိုက်သွား ကြသည်။ သူက ဒုတိယထပ်သို့ အသက်ရှူသံပြင်းပြင်းနှင့် တက်သွားသည်။ ကျွန်မတို့လည်း လိုက်တက်ကြသည်။ ဒီမှာတော့ တရားလာထိုင်ကြသည့် ဧည့်သည်(ယောဂီ)တွေ နေထိုင်ရန် အခန်းတွေ ဖွဲ့ထားသည်။

ကျွန်မရသည့် အခန်းက ရှစ်ပေ၊ ဆယ်ပေခန့်သာ ကျယ်သည်။ ခုတင် တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ဗီရိုသေးသေးတစ်လုံး၊ ခုတင်ဘေးက စားပွဲပေါ်မှာ တော့ သစ်သား ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေး ရှိသည်။ ဆင်းတုတော်ရှေ့က ပန်းအိုးထဲမှာ ပလတ်စတစ်ပန်းနီနီတွေ။ နံရံပေါ်မှာတော့ ကမ္မဋ္ဌာန်းထိုင်နေသည့် ဗုဒ္ဓပုံတော်နှင့် ဘုရားဟော နှုတ်ကပါဌ်တော်-

ကိလေသာကို ပယ်သတ်ပြီးသော အကြင်သူမှာ ပူဆွေးသောက ဗျာပါဒ သည် ဒုက္ခပေးနိုင်စွမ်း မရှိလေ။

မြန်မာပြည်က အစ်ကိုကြီးအကြောင်း ကျွန်မ တွေးမိသည်။ သူရော ဒီ ဒဿနကို အမြဲလက်ကိုင်ထားသလား။ ခိုင်ခိုင်မာမာ ကျင့်ကြံခဲ့သလား။ ဒါကြောင့်မို့ သူ ဘာကိုမှ သိပ်မတုန်လှုပ်ဘဲ နေနိုင်ခဲ့တာလား၊ ဒီလောက် ဆင်းရဲ နွမ်းပါးနေတာကိုတောင် သည်းခံနိုင်တာလား။

သီလရှင်က ကျွန်မတို့ကို ရေချိုးခန်း၊ အိမ်သာနေရာများကို ပြပေး သည်။ ပထမထပ်က ဘုံထမင်းစားခန်းသို့ လိုက်ပြသည်။ ရေခဲသေတ္တာနှင့် ကြောင်အိမ်တွေထဲက အစားအသောက်တွေက အားလုံးအတွက်တဲ့။ တခြား ယောဂီ ငါးယောက် ရှိသည်တဲ့။ ဆန္ဒရှိလျှင် ညနေ လေးနာရီမှာ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းအချိန်မှာ စတင် တရားထိုင်၍ ရပြီတဲ့။ ညနေ ခြောက်နာရီမှာ ညစာ စားကြရမည်တဲ့။ အားလုံး ကိုယ်ထူကိုယ်ထစနစ်တဲ့။

အေမီက တရားမထိုင်ခင် လက်ဖက်ရည် သောက်ချင်သေးလား မေးသည်။ ကျွန်မ ငြင်းလိုက်သည်။

အခန်းထဲမှာ ကျောပိုးအိတ်ကိုချ၊ အခန်းတံခါးကို ပိတ်ရင်း ပြတင်း တံခါးကို ဖွင့်လိုက်သည်။

ကျွန်မလည်း မျက်လုံးပြန်မှိတ်ပြီး ထပ်ကြိုးစားကြည့်သည်။ ခုတစ်ကြိမ် မှာတော့ ခုနက ဦးပဥ္စင်းကြီး မျက်နှာကို တစ်ချိန်လုံး မြင်နေပြန်တော့သည်။ ကျွန်မ ပို၍ပို၍ စိတ်တိုလာသည်။ တင်ပါးတွေ ကျိန်းလာသည်။ ခါးတွေ ကိုက်လာ သည်။ လည်ချောင်းတွေ ယားလာသည်။ တကယ့် ငရဲခန်းပဲ၊ နှိပ်စက်ခန်းပဲ။ အမှတ်မိဖို့ ဆိုတာက အဝေးကြီးမှာ။

တရားဖြုတ်နိုင်ပြီ ဖြစ်ကြောင်း အချက်ပြသံ ထွက်လာသည်။

အောင်မယ်လေး... တော်ပါသေးရဲ့။

မျက်လုံးတွေ ဖျတ်ခနဲ ပြန်ဖွင့်လိုက်သည်။ ဟော- အနားက ဦးပဥ္စင်းကြီး မရှိတော့။ တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက်သည်။ ဘယ်မှာမှ မတွေ့။ အေမီက တရားမဖြုတ်သေး၊ ကျန်ယောဂီတွေက ဖြည်းဖြည်းချင်း အားယူထကြသည်။ ဦးပဥ္စင်းကြီးကတော့ အစအနပင် ရှာမရအောင် ပျောက်ဆုံးသွားခဲ့ပြီ။

ညစာစားချိန်မတော့ ယောဂီအားလုံးနှင့် ဆုံရပါသည်။ သူတို့အားလုံး နယူးယောက်မှ လာသူများသာ။ ကျွန်မနှင့် သက်တူရွယ်တူလောက် ယောဂ နည်းပြဆရာ တစ်ယောက်၊ လွန်ခဲ့သည့် တစ်နှစ်လောက်က ဇနီးသည် ဆုံးပါး သွားခဲ့သည့် အပူသည် မုဆိုးဖိုကြီးတစ်ယောက်၊ သူ သေချာမသိသည့် တစ်စုံတစ်ရာ ကို ရှာဖွေဖို့ စိတ်အားထက်သန်နေသည့် ကျောင်းသူကော် လေး တစ်ယောက်၊ “ဆိတ်ငြိမ်ခြင်း၏ စွမ်းပကား” အမည်ရှိ စာတစ်အုပ် ရေးဖို့ ကြိုးစားနေသည့် ဂျာနယ်လစ်တစ်ယောက်၊ သက်သတ်လွတ်ဟင်းကို စားနေရင်း သူ့စကားတွေ ထက် သူ့စာအုပ်က ပိုအဓိပ္ပာယ်ရှိပါစေကြောင်း ကျွန်မ မျှော်လင့်နေမိသည်။ ခုနက ဦးပဥ္စင်းကြီးကို အတွေးထဲက ဖျောက်၍မရ၊ အေမီကို ဖျတ်ခနဲ ကြည့်မိ သည်။ ကျွန်မတို့နှစ်ယောက်ကြားမှာ အကြည့်တစ်ချက်က လုံလောက်သည်ပဲ။

အေမီက ကျွန်မအခန်းသို့ အိတ်တစ်လုံးဖြင့် ရောက်လာခဲ့သည်။ အိတ်ထဲမှ ဖယောင်းတိုင်တစ်တိုင်၊ ဖန်ခွက်လေး နှစ်လုံး၊ ဝိုင်ဖောက်တံနှင့် ဝိုင်တစ်ပုလင်းကို ထုတ်လိုက်သည်။

"ဟဲ့- ဒီမှာ ခွင့်ပြုလို့လား"

အေမီကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြောမိသည်။ ရှေ့နေစိတ်က ကျွန်မကို လွှမ်းမိုးထားသည်ကိုး။

အေမီက ပြုံးဖြဲဖြဲလုပ်ရင်း နှုတ်ခမ်းရှေ့ လက်ညှိုးတေ့ပြသည်။ အခန်းမီးကို ပိတ်သည်။ ဖယောင်းတိုင်ကို ထွန်းသည်။ ပုလင်းကို တိတ်တိတ်ဆိတ်ဆိတ် ဖောက်သည်။ ဝိုင် နှစ်ဖန်ခွက် ထည့်သည်။ ခုတင်ပေါ်ထိုင်လိုက်ကြသည်။

"ဗုဒ္ဓက ဟောထားတယ်ဟဲ့၊ သူ ဘာမှ မသိမှန်း သိတဲ့လူဟာ ပညာရှိ ပဲတဲ့"

"ဒါဆို ဝိုင်သောက်ရင်း ဂုရုဖြစ်အောင် ကျင့်ကြံမယ်ပေါ့လေ"

အေမီက အားတက်သရော ခေါင်းညိတ်ပြနေသည်။

"ဒါဆို နင် ဗုဒ္ဓဘာသာရော ဟုတ်ရဲ့လား"

"အင်း- ဖြစ်လုဖြစ်ခင်ပါပဲ"

"ဟဲ့- ဘာတုံး၊ ဖြစ်လုဖြစ်ခင် ဆိုတာ"

"ဗုဒ္ဓက ဟောခဲ့တယ်၊ သံသရာဝဋ်ဆင်းရဲတဲ့၊ ရှင်သန်ခြင်းဟာ ဝဋ်ဒုက္ခလို ဆင်းရဲသတဲ့"

"အဲဒီတော့"

သူ ဘာပြောချင်တာလဲ၊ ကျွန်မ သိချင်လာသည်။

အေမီက ကျွန်မနား ကပ်လိုက်ပြီး လေသံလေးနှင့် ပြောသည်။

"ငါကတော့ သံသရာဝဋ်ဆင်းရဲလို့ မထင်ဘူး၊ ရှင်သန်ခြင်းဟာ ချစ်ခြင်း မေတ္တာအတွက်လို့ ထင်တာ"

"ချစ်ခြင်းမေတ္တာနဲ့ ဝေဒနာဟာ ခေါင်းမဟုတ်ရင် ပန်း ဆိုတာမျိုး တော့ မဟုတ်ဘူး ထင်တယ်၊ အပြန်အလှန် ဖြည့်ဆည်းနေတာမျိုးများလား"

"ဒီမယ် ဂျူလီယာ၊ တကယ်ချစ်တတ်တဲ့လူဟာ ဘယ်တော့မှ ဒုက္ခ ဝေဒနာကို မခံစားရဘူး"

သူ့အသံက ပို၍ပင် တိုးညင်းလာခဲ့သည်။

"ဟယ်- အေမီကလည်း"

"ဟုတ်တယ် ဂျူလီယာရဲ့၊ ငါ့ကို ယုံစမ်းပါ"

သူက ပုံမှန်အတိုင်း ပြန်ထိုင်ကာ ပြုံး၍ ဝိုင်ခွက်ကို မြှောက်လိုက်ရင်း-

"ချစ်တတ်သူတွေအတွက်"

ဟု ဆိုလိုက်သည်။ ကျွန်မလည်း အားကျမခံ-

"ဝေဒနာရှင်တွေအတွက်"

ဟု ဆိုရင်း သောက်လိုက်ကြသည်။

ဒီအကြောင်း ဆက်မပြောလိုတော့သဖြင့် မျက်မှန်ထူကြီးနှင့် ဘုန်းကြီးအိုကြီး တစ်ပါးကို တွေ့မိသေးလားဟု အေမီကို မေးလိုက်သည်။ အေမီက ခေါင်းခါပြသည်။

"ဒါပေမဲ့ သီလရှင်ကြီး ပြောတာ ကြားလိုက်တယ်၊ မြန်မာပြည်က ဘုန်းကြီးတစ်ပါး ဒီကို ရောက်နေတယ်တဲ့"

"ဟုတ်လား၊ တခြား ဘာဆက်ပြောသေးလဲ"

"ဘုန်းကြီးက အတော်အသက်ကြီးပြီတဲ့၊ မြန်မာပြည်မှာတုန်းက သူ့မှာ တပည့်သာဝကတွေ အများကြီးပဲတဲ့၊ သူက အင်မတန် ထင်ရှားကျော်စောဘုန်းတန်ခိုးကြီးတယ် ဆိုပဲ၊ ဘာလို့ ဒီရောက်လာလဲ ဆိုတာတော့ မသိဘူး၊ ရောက်နေတာ တစ်လလောက် ရှိပြီတဲ့၊ သစ်တောထဲမှာ တဲကျောင်းလေးနဲ့ နေတယ် ပြောတယ်၊ ရိပ်သာထဲ သိပ်လာလေ့မရှိဘူးတဲ့၊ ဒီနေ့ နင် တွေ့လိုက် တယ် ဆိုတော့ ရယ်စရာပဲ"

ကျွန်မတို့နှစ်ယောက် ဖယောင်းတိုင်မီးကို အကြောင်းမဲ့ ငေးနေမိကြသည်။

"ဒီလာတာနဲ့ ပတ်သက်လို့ နင့်အသံက ဘာပြောသေးလဲ"

"ဘာမှ မပြောဘူး"

"အင်း- ဒီလာရင် ကောင်းတာတွေပဲ တွေ့ရမယ်လို့ နင့်ကို ငါ ပြောခဲ့သားပဲ၊ နင် ငါ့စကားကို ခုထက် ပိုနားထောင်သင့်တယ်"

"အင်း- တကယ်ပဲ အသံပျောက်သွားပြီလား ဆိုတာတော့ မသေချာသေးပါဘူး"

"ဒါဆို ဘာတုံး"

"မသိဘူးလေ၊ ငါ ဘယ်သိပါ့မလဲ"

"အေးလေ အချိန်က စကားပြောမှာပေါ့၊ မနက်ဖြန် ပြန်ချင်လား၊ ဒါမှမဟုတ်

ခဏာ ဆက်နေဦးမလား”

ခေါင်းညိတ်ပြလိုက်သည်။ ဖန်ခွက်ချင်း အသာအယာ ထိလိုက်ကြ သည်။ အောင်မြင်သော ဗျူဟာရှင်ကြီး နှစ်ယောက်ပေါ့လေ။

ညဘက်မှာ ရေခဲသည်ထိ အေးသည်။ မြက်ဖျားတွေမှာ ရေခဲမှုန်တွေ ကပ်နေသည်။ တခြားယောဂီတွေ အရုဏ်ချိန် တရားမှတ်နေခဲ့ကြပြီပဲ။ စင်္ကြံလမ်း က နှင်းတွေကြားမှာ သူတို့ခြေရာတွေ တွေ့နေသည်။ ထူထူထဲထဲ ဝတ်ရင်း အပြင်ထွက်လိုက်သည်။ လေက အေးစိမ့်သန့်ရှင်းနေသည်။ ဆောင်းရနံ့တွေ တထောင်းထောင်း ထနေသည်။ ရွက်ကြွေသစ်ကိုင်းတွေက မြေကြီးထဲမှ တိုးထွက်လာသော ဘီလူးကြီးတွေလိုပင်။

နေထွက်လာ ပြီ။ ကောင်းကင်က ပုစွန်ဆီရောင်။

ကိုယ့်ကိုယ်ကိုယ် တရားထိုင်ခြင်းဖြင့် မနှိပ်စက်ချင်တော့၊ လမ်းလျှောက် ထွက်တာ ပိုကောင်းသည်။ ရိပ်သာမှ သစ်တောထဲသို့ သွားသော လူသွားလမ်း ကလေးကို ထင်ထင်ရှားရှား တွေ့ရသည်။

စမ်းချောင်းလေးတစ်ခု ဖြတ်စီးနေသည်။ သစ်ကိုင်းဖျားမှ နှင်းဥလေး တွေ စမ်းချောင်းထဲ တစက်စက်ကျ၊ ကျွန်မ ခြေထောက် အောက်မှာတော့ သစ်ကိုင်းတွေ ကျိုးကြေသံ တဖြောက်ဖြောက်။

“ငါ တို့ ဒီ ကို ဘာ လို့ ရောက် နေ ကြ တာ လဲ…”

သူ့အသံ ကြားရ၍ပျော်သလား၊ မပျော်တာ သေချာသည်။ သို့သော် စိတ်သက်သာရာ ရသွားသလိုပင်။

“ကျွန် မ အ ဖြေ ရှာ နေတာ”

“ဘာ ရဲ့ အ ဖြေ လဲ”

“ရှင့် အ သံ ဘာ လို့ ကြား နေ တာ လဲ၊ ရှင် ဘယ် က လာ တာ လဲ ဆို တာ ပေါ့”

ငြိမ်နေသည်။

“ရှင် ခု တစ် လော ဘယ် ရောက် နေ တာ လဲ…”

ဘာမှ မတုံ့ပြန်။

“ရှင့် မှာ ဘာ ပြ ဿ နာ ရှိ လို့ လဲ…”

“ငါ ဒီ က ထွက် ချင် တယ်…”

"ဘာ ဖြစ် လို့ လဲ..."

"ကြောက် လို့"

သူ့အသံက တိုးတိုးလေး

"ဘာ ကို ကြောက် တာ လဲ..."

"ငါ သိပ် ကြောက် တာ ပဲ၊ ငါ့ ကို ကယ် ပါ..."

သူ့အသံက နယူးယောက်မှာတုန်းကလို ငေါက်ဆတ်ဆတ်၊ မာထန်ထန် မဟုတ်တော့။ အားနည်းဖျော့တော့ပြီး သနားစရာပင် ကောင်းသေးသည်။

"ဘာကို ကြောက်တာလဲ ပြောလေ..."

"မ သိ ဘူး..."

အတော်ကြာကြာ ငြိမ်သွားသည်။

"ဖိနပ် တွေ၊ အ နက် ရောင် ဘွတ် ဖိ နပ် တွေ၊ ပြောင် လက် နေ တယ်၊ လက် လွန်း လို့ ရောင် ပြန် ဟပ် ပြီး ငါ့ အ ကြောက် တ ရား ငါ ပြန် မြင် နေ ရ တယ်"

"ဘယ် သူ့ ဘွတ် ဖိ နပ် တွေ လဲ..."

"သေ ခြင်း တ ရား ရဲ့ ဘွတ် ဖိ နပ် တွေ.."

"ဘယ် သူ က စီး ထား တာ လဲ..."

"တ မ န် တော် တွေ..."

"ဟင်- ဘာ တ မန် တော် လဲ..."

"အ ကြောက် တ ရား ရဲ့ တ မ န် တော် တွေ..."

"ဘယ် သူ က သူ တို့ ကို လွှတ် လိုက် တာ လဲ..."

မဖြေ။

"ရှင် မှတ် မိ တာ ပြော၊ ရှင် ဘာ မှတ် မိ လဲ...."

"စေ တီ ဖြူ ဖြူ လေး တွေ၊ အ နီ ရောင် အ ကွက် တွေ၊ မြေ ကြီး ပေါ် မှာ၊ သစ် တော ထဲ မှာ၊ ပါး စပ် က နေ ထွက် ကျ နေ တာ၊ ငါ့ အ တွေး၊ ငါ့ အိပ် မက်၊ ငါ့ ဘ ဝ အား လုံး ကို အ ရောင် ခြယ် ပစ် ခဲ့ တယ်. .

"သွေး လား၊ ရှင့် သွေး ကို ပြော တာ လား..."

"ငါ့ မျက် နှာ ကို လာ စဉ် တယ်၊ မျက် လုံး ထဲ ဝင် ကုန် တယ်၊ ပူ လိုက် လောင် လိုက် တာ အ ရ မ်း ပဲ၊ အ မယ် လေး"

သူ့အသံက ငိုသံပါလာသည်။ ကျွန်မ ရှုံ့မဲ့လိုက်မိသည်။

"နောက် တော့ ဘာ ဆက် ဖြစ် လဲ..."

"နာ လိုက် တာ အ ရ မ်း ပဲ..."

"ဘယ် က နာ တာ လဲ၊ ဘာ ဖြစ် လို့ လဲ..."

"အ တိ တ် ကို သ တိ ရ စေ တဲ့ မှ တ် ဉာဏ် တွေ က ပေါ့"

"အ တိတ်၊ မှတ် ဉာဏ်၊ ဟုတ် လား၊ ရှင် ဘယ်က လာ ခဲ့ တာ လဲ"

"နင် ကောင်း ကောင်း သိ တဲ့ ဒေ သ တစ် ခု က...."

"ဘယ် ဒေ သ တုံး၊ ဘယ် နေ ရာ တုံး..."

"ကျွန်း ပေါ်က လာ ခဲ့ တာ..."

"ဟင် ဘာ ကျွန်းလဲ..."

(ဗမာလိုပြောသံ) သေ ဆုံး သူ များ၊ အ ထီး ကျန် သူ များ၊ အ သက် ရှင် နေ သူ များ သံ သ ရာ ကျွန်း ကို သွား မည်"

"ဘယ် လို၊ ဘယ် လို၊ အဲ ဒါ ဘာ အ ဓိ ပ္ပာယ် လဲ၊ ရှင် ဘာ တွေ ပြော နေ တာ လဲ"

သူ ခုနက စကားလုံးတွေကို ဒုတိယအကြိမ် ရေရွတ်လိုက်ပြန်သည်။

"ရှင် ပြော နေ တာ ဘာ စ ကား လဲ..."

"ငါ ဆက် မ သွား နိုင် တော့ ဘူး၊ ငါ့ ကို ကူ ညီ ပါ"

"ဘယ် လို ကူ ညီ ရ မှာ လဲ..."

"ဒီ မှာ မ နေ ပါ နဲ့၊ ငါ ပြန် မ သွား ချင် ဘူး.."

"ပြန် သွား မယ်၊ ဟုတ် လား ဘယ် ကို ပြန် သွား မှာ လဲ..."

"ကျွန်း ကို..."

“ကျွန် မ တို့ ဘယ် ကျွန်း မှ သွား စ ရာ အ ကြောင်း မ ရှိ ဘူး…”

“ဟယ်- ရှိ တာ ပေါ့၊ ခု ပဲ ဦး တည် နေ ပြီ ကို…”

“ရှင် ဘာ ပြော နေ မှန်း ကျွန် မ နား မ လည် ဘူး၊ ရှင်း ပြ ပါ ဦး”

ငြိမ်သွားပြန်သည်။

“ခ ဏ နေ ပါ ဦး၊ ထွက် မ သွား ပါ နဲ့ ဦး၊ စဉ်းစားပါဦး”

အဖြေ ပြန်မရတော့။

သူ့ရဲ့ ဟိုတစ်စ ဒီတစ်စ မှတ်ဉာဏ်တွေကို ဘယ်လို ဆက်စပ်ရမလဲ၊ ကျွန်မ ကောင်းကောင်းသိတဲ့ နယ်မြေဒေသတွေ၊ သေမင်းရဲ့ ဘွတ်ဖိနပ်တွေတဲ့၊ အကြောက်တရားရဲ့ ဘယာနက တမန်တော်တွေတဲ့၊ အဲဒါတွေက ဘာအဓိပ္ပာယ် လဲ၊ နှင်းထုထဲမှာ လမ်းပျောက်ခြင်းထက် ဆိုးနေပြီ။

ရုတ်တရက် ချက်ချင်း သစ်ပင်တွေကြားမှ သစ်တဲကလေးကို တွေ့လိုက် ရသည်။ တကယ့်ကို မြေစိုက်တဲသာသာကလေး။ သင်္ကန်းတစ်ထည် လှန်းထား သည့် ကြိုးတန်းကို တဲရှေ့မှာ တွေ့ရသည်။ တစုံတစ်ယောက်က လက်ယပ် ခေါ်နေဘိသကဲ့သို့၊ ကျွန်မ တုံ့ဆိုင်းမနေဘဲ ထိုတဲလေးရှိရာသို့ ခပ်သုတ်သုတ် လှမ်းလိုက်သည်။

ရှေ့ပြတင်းပေါက်ကြီးမှတစ်ဆင့် မနေ့က မြင်ခဲ့သည့် ဘုန်းကြီးအိုကြီး ကို လှမ်းမြင်နေရသည်။ သူက အခန်းအလယ်မှာ ဂျပန မြက်ဖျာတစ်ချပ်ပေါ် တိုင်ရင်း စာတစ်အုပ် ဖတ်နေသည်။ သူ့ဘေးက မီးလင်းဖိုထဲမှာတော့ မီးတရဲရဲ။

တံခါးခေါက်ပြီးတာနဲ့ အဖြေကို စောင့်မနေဘဲ တံခါးဖွင့် ဝင်သွား လိုက်သည်။ ဘုန်းကြီးက မော့ကြည့်ရင်း ပီသသည့် ဗြိတိသျှ လေဖြင့် ပြော လိုက်သည်။

“ဝင်ခဲ့ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်”

ဖိနပ်များကို ချွတ်ရင်း အထဲဝင်လိုက်သည်။ တံခါးပြန်ပိတ်လိုက် သည်။ သူ့ရှေ့မှာ မသေချာ မရေရာစွာ ရပ်နေမိသည်။ ကျွန်မ ဒီကို ဘာလာ လုပ်တာလဲ။

“လာပါ၊ ထိုင်ပါ”

သူက သူ့ရှေ့ကို ညွှန်ပြ၍ ထိုင်စေသည်။

ကျွန်မ ကြောက်ဆုတ် ကြောက်ဆုတ်ဖြင့် ရပ်နေမိသည်။ စကား မပြောဖြစ်ကြ။ ဘုန်းကြီးက စောင့်ဆိုင်းခြင်း အလုပ်မှာ ပါရဂူ မြောက်ပုံပေါ်သည်။ နောက်ဆုံးတော့ ကျွန်မ ရှေ့တစ်လှမ်း တိုးကာ ထိုင်ချလိုက် ရသည်။

"ကျွန်မ ဘယ်သူလဲ ဆိုတာ ဘုန်းကြီး သိလား"

"ကျုပ်က ဘုန်းတော်ကြီး၊ အကြားအမြင်ဆရာမှ မဟုတ်ဘဲ ဒကာမရဲ့"

ဘုန်းတော်ကြီးက ပြုံးတုံးတုံး တုံ့ပြန်၏။

ငြိမ်သွားကြပြန်သည်။ ထင်းမီးဖိုထဲက ထင်းတွေ မီးစွဲသံ တဖျစ်ဖျစ် သာ ကြားနေရသည်။ ဘုန်းကြီးက ကျွန်မကို စိုက်ကြည့်နေသည်။ သူ့အကြည့် က ဘာတောင်းဆိုမှုမှ မပါသလိုပင်။

"ဘုန်းကြီးက မြန်မာပြည်ကဆို"

သူ ခေါင်းညိတ်ပြသည်။

"ကျွန်မ ဖေဖေလည်း မြန်မာပြည်ကပဲ"

ခေါင်းညိတ်ပြပြန်သည်။

"မြန်မာပြည်မှာတုန်းက လူတွေ ဘုန်းကြီးဆီလာပြီး အကူအညီ တောင်းကြတယ်လို့ ကျွန်မ ကြားတယ်"

"အင်း- တစ်ခါတလေပါ"

"သူတို့ကို ဘယ်လို ကူညီတာလဲ"

"သူတို့ ဇာတ်ကြောင်းတွေကို နားထောင်ပြီး သူတို့ကို သတိပေးတာပေါ့"

"ဘာကို သတိပေးတာလဲ"

"ဘုန်းကြီးတို့အားလုံး သိပေမယ့် အတော်များများ မေ့နေကြတဲ့ အမှန်တရားတွေကိုပေါ့"

"ဘယ်လို အမှန်တရားမျိုးလဲ"

"ဒကာမလေးက တယ်စိတ်လောတာပဲ"

"အဲဒါက မကောင်းလို့လား"

"မြက်ပင်တွေကို မြန်မြန်ရှည်စေချင်လို့ ဆိုပြီး အတင်းဆွဲလို့ ဘယ်ရှည်ပါ့မလဲ၊ ဒကာမလေး တရားထိုင်ဘူးလား"

"ဟုတ်ကဲ့၊ မနေ့ကပဲ ထိုင်တယ်လေ၊ ဘုန်းကြီးရဲ့ဘေးမှာလေ"

"အဲဒါက တရားထိုင်တာ မဟုတ်ဘူး၊ ဘာမှမလုပ်ဘဲ ငူငူကြီး ထိုင်နေ တာ၊

ဒါက အင်မတန် ကွဲပြားတယ်”

“ဘုန်းကြီး ဘယ်လိုလုပ်သိလဲ”

ဘုန်းကြီးက ပြုံးတော်မူသည်။

“ကဲ ကဲ ... ဘုန်းကြီး ကူညီပါ့မယ်”

“ဘာနဲ့ ကူညီမှာလဲ”

“လုပ်ကြည့်ပါ”

ကျွန်မမှာ ငြင်းဆန်နိုင်အား မရှိ။

သူ ကျွန်မနှင့် မျက်နှာချင်းဆိုင် တည့်တည့်ထိုင်လိုက်သည်။ ဒူးချင်း ထိမတတ်။ ဘာမျှမလုပ်ဘဲ သူ အသာငြိမ်သက်စွာ စောင့်နေပြန်သည်။ သူ့နောက်ကျောက မီးလင်းဖိုကတော့ မီးရှိန်ကောင်းစွာ တောက်လောင်လျက်။ တစ်ကမ္ဘာလုံးက အချိန်တွေကို ကျွန်မ တစ်ယောက်တည်း ပိုင်ဆိုင်နေသလို ခံစားမှုမျိုး ဝင်လာသည်။ မြန်နေသည့် ကျွန်မ အသက်ရှူသံတွေ အချိန်ကြာလာသည်နှင့်အမျှ ဖြည်းဖြည်းမှန်မှန် ဖြစ်၍လာသည်။ အေးစက်နေသည့် ကျွန်မလက်တွေကို ဘုန်းကြီးက အသာဆုပ်ကိုင်လိုက်သည်။ လက်ဖဝါးတွေကို ဖြန့်ရင်း သူ ကြည့်နေသည်။ ကျွန်မ မျက်စိမှိတ်ထားလိုက်သည်။ သူ့ အသက်ရှူသံ မှန်မှန်ကို ကြားရသည်။ လက်နွေးနွေး၏ အထိအတွေ့ကို ခံစားရသည်။ မြင့်လှစွာသော အရပ်မှ သစ်ရွက်ကလေးတစ်ရွက် မြေကြီးပေါ် ဖြည်းဖြည်းချင်း ညင်သာစွာ ကျလာသလို ခံစားမှုမျိုး ရနေသည်။ အချိန်ကို သိမှုအာရုံတွေ အားလုံး ပျောက်သွားခဲ့သည်။

ရိပ်သာကို ကျွန်မ ပြန်ရောက်တော့ အေမီက နံနက်စာစားပြီး ပန်းကန်တွေတောင် ဆေးနေပြီ။

“ဟဲ့ နင် ဘယ်ပျောက်နေတာလဲ”

“တောထဲ ရောက်နေတာ”

“တရားသွားထိုင်တာလား”

ခေါင်းညိတ်ပြလိုက်သည်။

“ဟို ဘုန်းကြီးအိုကြီးနဲ့လား”

ခေါင်းညိတ်ပြရပြန်သည်။ သူ ကျွန်မအကြောင်း တယ်သိတာပဲ။ သူက မျက်စပစ်ရင်း ဆက်ပြောနေသေးသည်။

"ဘုန်းကြီးအိုကြီး ဖြစ်နေတာ ဆိုးတာပဲနော်၊ ဘုန်းကြီးပျိုလေးဆို ကောင်းမှာ" တဲ့လေ။

နောက်တစ်နေ့မနက်မှာ နေမထွက်ခင်ကျွန်မ နိုး၍နေလေပြီ။ ဘုန်းကြီး အိုကြီးထံ ချက်ချင်း ပြေးသွားချင်သော်လည်း တခြား ယောဂီတွေ တရားထိုင် ချိန်ထိ အောင့်အည်း စောင့်ဆိုင်းနေရသည်။ အားလုံး သွားကြချိန်မတော့

အိပ်ရာထ၊ အဝတ်အစား လဲရင်း ထွက်လာခဲ့သည်။

"လာပါ၊ ထိုင်ပါ"

သူက ကျွန်မကို မြင်သော်လည်း အံ့အားသင့်ဟန် မရှိ။

"လှဲချင်လည်း လှဲပါ"

ကျွန်မ ဖိနပ်တွေချွတ်၊ တဲထဲဝင်ပြီး ကြမ်းပေါ် လှဲလိုက်သည်။ ထိုအခါ မှပင် ကျွန်မ အေးလွန်း၍ ခိုက်ခိုက်တုန်နေကြောင်း သတိထားမိသည်။ ဘုန်းကြီး အိုကြီးက စောင်တထည်ထုတ်၍ လွှမ်းပေးသည်။ ကျွန်မနားမှာ တင်ပလ္လင်ခွေ ထိုင်ရင်း နားထင်တွေပေါ် သူ့လက်ချောင်းတွေက ခဏ ထောက် ထားသည်။ ပြီးတော့ သူ့လက်ဖဝါးအစုံကို ကျွန်မခေါင်းအောက်မှာ ခေါင်းအုံး သဖွယ် ခံပေးထားသည်။ သူ့လက်တွေက နွေးလှသည်။ သက်သောင့်သက်သာ ရှိလှသည်။ ကျွန်မ အသက်ရှူမှန်လာသည်။ တုန်ခိုက်နေတာတွေ ပျောက်သွား သည်။ အစ်ကိုကြီး ဦးဘနှင့်အတူ ရှိနေစဉ် ကြုံခဲ့ဖူးသည့် နွေးထွေးတည်ငြိမ်မှု ကို ခံစားရသည်။ ဘုန်းကြီး၏ လက်အစုံကို ကျွန်မ ယုံကြည်ကိုးစားနိုင်သည်ပဲ။

"ဒကာမလေးကို ဘာတွေက ဒုက္ခပေးနေတာလဲ"

တစ်ခါတလေတော့ တစ်ခွန်းတည်းသော အမေးသည်ပင် လုံလောက်ပြီ"

ဘုန်းကြီးကို ကျွန်မ ဘဝဇာတ်ကြောင်းကို တင်လျှောက်၏။ ထူးကဲ လွန်ကြူးသည့် ချစ်ခြင်းတရားနှင့် ကျွန်မ ပတ်သက်ခဲ့ရပုံများ၊ မနေလိုက်ရသည့် ဘဝများ၊ တောင်ပံခတ်ပုံကွဲပြားသော လိပ်ပြာများ၊ အထီးကျန်စာမျက်နှာများ၊ အဂ္ဂဘုံကို ပိန်းပိတ်အောင်မှောင်စေသည့် တောင်ပံခတ်ချက်များ၊ ကြေကွဲခြင်း၏ ရောင်စဉ်တန်းများ၊ သူ့အသံ၊ သူ့မေးခွန်းများနှင့် ကျွန်မ၏ အကြောက်တရား၊ သူ၏ အကြောက်တရားများ။

ပြောနေရင်း မျက်ရည်တွေ တသွင်သွင် စီးကျလာခဲ့သည်။ ရာသက်ပန် မြှုပ်နှံထားချင်သည့် အရာများက ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ပေါက်လာခဲ့သည်။ ဘုန်းကြီးက ဘာမှ မပြော။

ကျွန်မ စကားလုံးတိုင်းကို သူ အသေအချာ နားလည်သည် ဆိုတာကို ကျွန်မ သိသည်။ သူ ကျွန်မမျက်နှာပေါ်မှ ဆံနွယ်စလေးများကို ဖယ်ရှား၍ မျက်ခုံး တွေကို အသာအယာ ပွတ်သပ်ပေးနေသည်။ သူ့လက်ချောင်းတွေက ကလေး

တစ်ယောက်လို နူးညံ့လှ၏။ နောက်ဆုံးတော့ သူ့စကားသံ ထွက်လာခဲ့သည်။

"အင်း- ဒကာမလေးဟာ ပုံမှန်မဟုတ်တဲ့ ကိစ္စတွေနဲ့ ကြုံတွေ့ခဲ့ရ တာကိုး၊ ဒီကိစ္စမျိုး ဘုန်းကြီး တစ်သက်လုံးမှာ တစ်ခါပဲ ကြုံခဲ့ဖူးပါတယ်"

သူက ဖြည်းဖြည်းမှန်မှန် ဆက်ပြောသည်။

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေမှာ သံသရာဆိုတာ ရှိတယ် ဒကာမ လေး၊ ဘဝအသစ်တဖန် ပြန်လည်မွေးဖွားခြင်း ဆိုတာကို ယုံကြည်ကြတယ်၊ ကွယ်လွန်အနိစ္စရောက်သွားပေမယ့်၊ တစ်နည်းအားဖြင့် ခန္ဓာကိုယ်က သေဆုံး သွားပေမယ့် ငြိမ်းသွားတဲ့ ဆီမီးခွက်တစ်ခုကနေ နောက်ထပ် ဆီမီးခွက်အသစ် တစ်ခုကို မီးကူးလိုက်သလို ခန္ဓာသစ်၊ ဘဝသစ် ပြန်ရတတ်တယ်၊ ဒါကိုပဲ ဘဝ ကူးခြင်းလို့ ခေါ်ကြတယ်၊ အဲ နားလည်အောင် လွယ်လွယ်ပြောရရင်တော့ အရင် ဘဝက လုပ်ခဲ့တဲ့ ကံအကြောင်းတရားတွေက နောက်ဘဝမှာ အကျိုးပေးတတ် တယ်၊ ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မယ်၊ မကောင်းတာ လုပ်ခဲ့ရင် မကောင်းတာ ဖြစ်မယ်ပေါ့ကွယ်၊ ကံဆိုတာ ကုန်သွားလေ့မရှိဘူးကွဲ့၊ ဒါကြောင့် ဆိုးယုတ်ခဲ့တဲ့ လူတွေကို နောက်ဘဝကျရင် ခွေးဖြစ်မယ်၊ မျောက်ဖြစ်မယ်၊ သန်း ဖြစ်မယ်လို့ ဗုဒ္ဓဘာသာဝင်တွေ ပြောကြတာပေါ့၊ ဘုန်းကြီး ထွင်ပြောတာ မဟုတ်ဘူးနော်"

ဘုန်းကြီးက ခဏနားလိုက်သည်။ သူ့စကားတွေက ဘာအဓိပ္ပာယ်လဲ၊ ကျွန်မနဲ့ ဘာပတ်သက်နေလို့လဲ။

"ဒကာမလေး ကိစ္စကတော့ လိမ်ညာ ပြောဆိုတာလို့ ဘုန်းကြီး မထင်ပါဘူး၊ တစ်ခုခု မှားနေတာ သေချာပါတယ်၊ ခုနက ပြောသလို ခန္ဓာဟောင်း က ခွာပြီး ခန္ဓာသစ်ဖြစ်တည်မှု လုပ်ငန်းစဉ်ကြီးရဲ့ အမှားအယွင်းပေါ့၊ ဘုန်းကြီး ရှင်းပြပါ့မယ်"

ဘုန်းကြီးက မီးဖိုထဲ ထင်းထပ်ထည့်ပြီး ကျွန်မနား လာပြန်ထိုင်သည်။

"ဒကာမလေး ကြားရတဲ့အသံဟာ မိန်းမသံ မဟုတ်လား"

"ဟုတ်ကဲ့"

"စေတီဖြူဖြူလေးတွေ၊ မြေကြီးပေါ်က အနီရောင်အကွက်တွေကို သူ မှတ်မိတယ်၊ အနက်ရောင်ဘွတ်ဖိနပ်တွေကို ကြောက်တယ်လို့ သူ ပြောတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"မနေ့က ဒကာမလေး နားမလည်တဲ့ စကားတွေ သူ ပြောသွားတယ်ဆို"

"ဟုတ်ကဲ့"

“အဲဒါ ဗမာစကားကွဲ့၊ အဓိပ္ပာယ်ကတော့ သေသူတွေရော၊ အထီးကျန်သူတွေရော၊ ချစ်ခင်ရသူတွေရော အားလုံးဟာ သံသရာ ဆိုတဲ့ ကျွန်းကြီးပေါ် သွားကြရတာပဲတဲ့လေ၊ ဒီအသံပိုင်ရှင်ဟာ မြန်မာပြည်က ဖြစ်လိမ့်မယ်၊ သေပြီးတဲ့နောက် ခန္ဓာသစ် ဘဝသစ် မရနိုင်သေးဘဲ လှည့်လည်သွားလာနေတဲ့ ဝိညာဉ်ခန္ဓာ ဖြစ်လိမ့်မယ်၊ ဆိုတော့ ဒကာမလေး ခန္ဓာကိုယ်ထဲမှာ စိတ်နှစ်ခု၊ ဝိညာဉ်နှစ်ခု ရောက်နေတဲ့ သဘောပေါ့”

ကျွန်မ ငေါက်ခနဲ ထထိုင်လိုက်မိသည်။ ဘုန်းကြီးက အံ့အားသင့်ဟန်၊ ကျွန်မက သံသယ အသီးသီး အသက တွေဝေနေကြသည်။

“ခန္ဓာတစ်ခု စိတ်ဝိညာဉ် နှစ်ခုတဲ့လား”

“အင်း- ဟုတ်တယ်ကွဲ့”

“ကျွန်မ မယုံဘူး”

ရှင်းပြလို့ရသည့် အရာတိုင်းသည် အမှန်တရား မဟုတ်၊ အမှန်တရား တိုင်းသည် ရှင်းပြ၍ မရ။

“ဘုန်းကြီးက ဒကာမလေးကို အပြစ်တင်တာ မဟုတ်ပါဘူး၊ ဒါက အင်မတိအင်မတန် ဖြစ်ခဲတဲ့ကိစ္စပါ၊ ဒါပေမဲ့ ဖြစ်ခဲ့တာကိုတော့ ဖြစ်ခဲ့တယ်လို့ပဲ မှတ်ရလိမ့်မယ်”

“ဒါဖြင့် သူက ကျွန်မ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက် ကြာအောင် နေနေမှာလဲ”

“ဒကာမ လေး သေဆုံးချိန်အထိပေါ့”

“ဟာ- ဒါဆို တစ်သက်လုံးပေါ့၊ သူ့ကို ဖယ်ထုတ်လို့ မရတော့ဘူး လား”

ဘုန်းတော်ကြီးက ခန္ဓာကိုယ်ကို အနည်းငယ် ရှေ့တိုးနောက်ငင် ယိမ်းထိုးနေရင်း ကျွန်မလက်များကို ကိုင်ဆွဲကာ ပြောလိုက်သည်။

“တစ်ခုတော့ ရှိတယ်၊ သူ ဘယ်သူလဲ ဆိုတာရယ်၊ သူ ဘယ်လို သေဆုံးခဲ့တာလဲ ဆိုတာရယ်ကို ရှာနိုင်ရင်တော့ သူ့ကို ကောင်းရာမွန်ရာကို ပို့ပေး ဖို့ နည်းလမ်း တွေ့နိုင်လိမ့်မယ်၊ ဒါဆို သူ ဒကာမလေး ခန္ဓာထဲက ထွက်သွား လိမ့်မယ်၊ ဒါပေမဲ့ အဲဒီအတွက် သွားရမယ့် ခရီးက သိပ်ဝေးမှာ၊ ဘယ်ကို သွားရမယ် မှန်း မသိတဲ့ ခရီးရှည်ကြီးဖြစ်မှာ အသေအချာပဲ၊ ဒကာမလေး ဒီအတွက် အဆင်သင့် ဖြစ်ပြီလား”

■■■

အခန်း (၈)

ဆံပင်တွေကြားက လေနွေးကလေး ဖြတ်တိုက်သွား၏။ မျက်စိကန်းလောက် အောင် ကျိန်းလှ ပြင်းလှသည့် နေက ခေါင်းပေါ်တည့်တည့် ရောက်နေပြီ။ လေယာဉ်နောက်မြီးစွန်း၏ အရိပ်ကို ခိုရင်း၊ မျက်လုံးတွေကို လက်တစ်ဖက်နှင့် ကာရင်း ပတ်ဝန်းကျင်ကို လေ့လာနေမိသည်။ ဟဲဟိုးလေဆိပ် ဆိုသည်က ပိစိညှောက်တောက်ကလေးပါကလား။ ဆိုက်ရောက်ရော ထွက်ခွာပါ ပါဝင် သည့် အဆောက်အအုံသေးသေးလေး တစ်ခု၊ ပြေးလမ်းလေးတစ်ခု၊ သစ်ပင် တွေ ထိပ်ဖျားထက်ပင် နိမ့်သေးသည့် လေကြောင်းပြ မျှော်စင်လေးတစ်ခု ဒါပဲ တဲ့။ ကျွန်မတို့ လေယာဉ်က လေဆိပ်မှာ တစ်စီးတည်း ထီးတည်း။ တခြားဂြိုဟ် ကနေ ကျူးကျော်ဝင်ရောက်လာသည်နှင့်ပင် တူ တူသေးတော့။

လေယာဉ်မှူးက အင်ဂျင်တွေကို စက်သတ်လိုက်သည်။ လေတိုးသံ တွေကြောင့် ကျွန်မ နားတွေ အူနေသည်။ တခြားခရီးသည်တွေ ဖြစ်သည့် အီတလီ ခရီးသွားအုပ်စုတစ်ခု၊ ဗမာခရီးသည်အချို့နှင့် ဘုန်းကြီးနှစ်ပါးတို့က တော့ ဆိုက်ရောက်ဧရိယာထဲ သုတ်ခြေတင်သွားကြပြီ။ အထုပ်အပိုးတွေ လာသယ်သည့် ကားကလေးနှင့် လူသုံးယောက်ကတော့ အလုပ်တွေ ရှုပ်နေ သည်။ လေတစ်ချက် နှော့လိုက်တော့ တစ်ကွင်းလုံး ဖုန်တွေ ဖွေးနေအောင်ထသွားသည်။ အိတ်ကလေး ဆွဲပြီး လူတွေနောက် လိုက်ရသည်။ ကျီးကြည့်၊ ကြောင်ကြည့်နှင့် ဘယ်ရောက်နေသလဲ ဆိုတာ သေချာအောင် ကြည့်ရသေး သည်။

ဘုန်းတော်ကြီးနှင့် စကားပြောပြီးသည့် နောက်ပိုင်းရက်တွေမှာ ကျွန်မ အိပ်မက်ထဲမှာ နေနေရသလို ခံစားခဲ့ရသည်။ နောက်ဆုံး သူ အကြံပေးသလို ကျွန်မဆီ ရောက်နေသည့် ခန္ဓာမဲ့အသံ၏ ဇာစ်မြစ်ကို လိုက်ဖို့ ဆုံးဖြတ်လိုက် သည်။ အေမီကတော့ မတွေဝေဘဲ လုပ်စရာရှိတာ လုပ်ဖို့ တွန်းအားပေးသည်။ ခရီးရှည်ကြီးအတွက် အမောတကော ပြင်ဆင်ရသည်။ ဗန်ကောက်ထိ တမေ့ တမြော လေယာဉ်စီး၊ လေယာဉ်ဆိုက်တာ နောက်ကျ၊ ရန်ကုန်ကူးဖို့ အချိန်မမီ၊ အကြာကြီး ထိုင်စောင့်၊ ခရီးစဉ်တစ်လျှောက်လုံးလည်း ကျွန်မ ငူငူငေါင်ငေါင် သာ၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းက လေးလံလှသည်။ အစ်ကိုကြီးနှင့် တွေ့ဖို့ အချိန် တစ်မိနစ်ပင် မစောင့်ချင်တော့။ ကျွန်မကိုယ်ထဲက အသံ၏ လာရာ လားရာကို ဖော်ထုတ်ဖို့ အစ်ကိုကြီး ကူညီမှ ဖြစ်မည်။

လေဆိပ်ရှေ့မှာ ဘာကားမျှ မရှိ။ ဂိုဒေါင်လေး တစ်လုံးရှေ့က သဲမြေ ပေါ်မှာ မှန်တွေ ချထားသော တိုယိုတာ အစုတ်တစ်စီး ရပ်ထားသည်။ ဒရိုင်ဘာ က ထိုင်ခုံပေါ်မှာ ထိုင်ငိုက်နေသည်။ တက္ကစီ ဆိုသည့် စကားလုံးကို ဆေးနက် ဖြင့် ကားတံခါးမှာ ရေးထားသည်။ စိတ်ညစ်ညူးစွာဖြင့် သူ့ကားကို အသာ ခေါက်လိုက်သည်။ ဒရိုင်ဘာက တုတ်တုတ်ပင် မလှုပ်။ ဒုတိယအကြိမ် ခပ်ပြင်းပြင်း ခေါက်တော့ မှုန်ရီနေသည့် မျက်လုံးများဖြင့် ခေါင်းမော့ကြည့် သည်။

“ကလောကို လိုက်ပို့ပေးနိုင်မလား”

ဒရိုင်ဘာက လှိုက်လှိုက်လှဲလှဲကြီး ပြုံးသည်။ အားရပါးရ သမ်းသည်။ အပြင်ထွက်သည်။ အညောင်းဆန့်သည်။ လုံချည် ပြင်ဝတ်သည်။ ကားနောက်ဖုံး ကို ဝက်အူလှည့်တစ်ချောင်းဖြင့် ဖွင့်သည်။ ကျွန်မ အထုပ်အပိုးတွေကို ထည့် သည်။ နောက်ဖုံးက ပိတ်၍မရ၊ ဝါယာကြိုးတစ်ချောင်းဖြင့် သံချေးတက်နေ သည့် အပေါက်ထဲ ထိုးထည့်ပြီး နာနာတုပ်သည်။ ကားတံခါးကို အတွင်းဘက် မှ ဖွင့်ပေးသည်။ ထိုင်ခုံတွေက ဟောင်းလှ နွမ်းလှသည်။ ရှေ့ခန်းမှာလည်း ဘာမျှ အကောင်းမရှိ၊ ဝါယာကြိုး နက်-ဝါ-နီတွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ကျွန်မ အတော်စိတ်ညစ်သွားသည်။

သူကတော့ စိတ်အားထက်သန်စွာ ခေါ်နေသည်။ မထူးပါဘူး။ကျွန်မ ဝင်ထိုင်လိုက်သည်။ ထွက်လာပြီး ခဏနေတော့ လမ်းဘေးဆိုင်လေး တစ်ဆိုင် မှာ ရပ်သည်။ ဒရိုင်ဘာက ကွမ်းထုပ်နှင့် စံပယ်ပန်းကုံးကို ဆိုင်ထဲမှ ယူလိုက် သည်။ ပန်းရနံ့မွှေးမွှေးက တစ်ကားလုံး ပျံ့လွင့်သွားသည်။

လေတိုးတော့ အေးလာသည်။ ပြတင်းပေါက်မှန်ကို တင်ဖို့ လက်ကိုင် က နှစ်ဖက်စလုံးမှာ မရှိ။ ဒရိုင်ဘာက နောက်ကြည့်မှန်မှတစ်ဆင့် ကျွန်မကို ကြည့်နေကြောင်း ခံစားမိသည်။

"အေးလို့လား ခင်ဗျ"

"နည်းနည်းပါ"

ခေါင်းညိတ်လိုက်ပြီး အရှိန်လျှော့လိုက်သည်။ သို့သော် နောက်တစ်ကွေ့ မှာ အရှိန်ပြန်တင်ပြီး နဂိုအတိုင်း မောင်းတာပါပဲ။

"ကလော ဘယ်ကို ပို့ပေးရမလဲ ခင်ဗျ"

"ကလော ဟိုတယ် ရှိသေးလား"

"ရှိပါတယ်"

"အင်း- အဲဒီကို ပို့ပေး"

နောက်ကြည့်မှန်မှတစ်ဆင့် ဒရိုင်ဘာနှင့် မျက်လုံးချင်း ဆုံမိသည်။ သူက ပြုံးရင်း ခေါင်းယမ်းနေသည်။ သူ့သွားတွေက ကွမ်းချိုးတက်ကာ ရဲပတောင်း ခတ်နေသည်။

"တခြားဟိုတယ်မှာ တည်းပါလား ခင်ဗျာ"

"ကလောဟိုတယ်က ဘာဖြစ်လို့လဲ"

သူ ခဏ အသံတိတ်သွားသည်။ စကားလုံး ရွေးနေပုံပင်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော်တို့ ဒေသခံတွေက အဲဒီဟိုတယ် ကို မကြိုက်ကြဘူး ခင်ဗျ"

"ဘာဖြစ်လို့လဲဟင်"

"သရဲ သိပ်ခြောက်တယ်လို့ ဆိုကြတယ် ခင်ဗျ"

အိုး- သူ ဒီလို ပြောမှာကို ကျွန်မ သိသင့်တာပေါ့။

"ဘယ်လို သရဲမျိုးတဲ့လဲ"

မသိမသာ သက်ပြင်းချရင်း မေးမိသည်။

"အင်း- ဝမ်းနည်းစရာ ဇာတ်လမ်းတစ်ပုဒ်ပါပဲ၊ စစ်အတွင်းတုန်းက ဒီဟိုတယ်က ဆေးရုံဖြစ်ခဲ့ဖူးသတဲ့၊ အဲဒီမှာ အင်္ဂလိပ်တွေ အများကြီး သေခဲ့သတဲ့၊ သူတို့ဟာ ခုချိန်ထိ မကျွတ်မလွတ်ဘဲ ဟိုတယ်ထဲ လျှောက်သွားနေကြသတဲ့၊ ပြောကြတာပဲ

"ကျွန်မတော့ မယုံပါဘူး၊ ရှင် တွေ့ဖူးလို့လား"

"ဘယ်တွေ့ဖူးပါ့မလဲ"

"ကဲ- ဒါပဲ ကြည့်လေ"

"ဒါပေမဲ့ ကျွန်တော်က ကလောဟိုတယ်မှာ နေတာမှ မဟုတ်ဘဲ"

သူက ခေါင်းတခါခါဖြင့် ပြုံးနေပြန်သည်။

"အဲဒီ သရဲတွေကို မြင်ဖူးတဲ့လူနဲ့ရော စကားပြောဖူးလား"

"ဟင့်အင်း၊ ကျွန်တော့် ခရီးသည်တွေလည်း အဲဒီမှာ မနေကြဘူး"

"ကျွန်မ အဲဒီမှာ နေဖူးတယ်၊ နှစ်ပတ်တောင် ကြာတာ၊ သရဲ တစ်ကောင်မှကို မမြင်မိပါဘူး"

ကြည့်ရတာ သူ တခြား ဟိုတယ်တစ်ခုခုနှင့် ချိတ်ဆက်ထားပုံပါပဲ။ ခဏနေတော့ ဒီအကြောင်း မပြောဖြစ်ကြတော့။

တောင်ပတ်လမ်းကို တက်လာခဲ့ကြသည်။ ယာခင်းတွေကို ကြည့်ရ တာ မသက်သာလှ။ ကားလမ်းနှင့် မနီးမဝေးမှာ ကျွဲတစ်ကောင်နှင့် ထွန်ယက် စိုက်ပျိုးနေသူ တစ်ဦးကို တွေ့ရသည်။ ခုနက မိုးရွာထားပုံ ပေါ်သည်။ လူရော ကျွဲရော ရွှံ့အလိမ်းလိမ်းဖြင့်။ သခင်နှင့် တိရစ္ဆာန် နှစ်ဦးစလုံးက အရိုးပြိုင်းပြိုင်း နှင့်၊ အချိန်မရွေး လဲကျ သေဆုံးတော့မလို။

ကိုက်တစ်ရာ၊ နှစ်ရာလောက် အကွာမှာ ရွှေရောင်စေတီလေးက နေရောင်အောက်မှာ ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသည်။ တောင်တန်းတွေ၊ ယာခင်းတွေ၊ သစ်ပင်တွေ၊ ဝါးပင်တွေကြားမှာ စေတီတွေ၊ ဘုန်းကြီးကျောင်း တွေကို မပြတ်တမ်း မြင်နေရသည်။

တစ်နေရာမှာတော့ ခေါင်းမာလှသည့် နွားနှစ်ကောင် ပေရပ်နေသည့်အတွက် ကားလမ်းပေါ် ကန့်လန့်ဖြတ် ရပ်နေသည့် နွားလှည်းကြောင့် ရပ်စောင့်ရသေးသည်။

တစ်နာရီခန့် အကြာမှာတော့ ကလောဟိုတယ်ရှေ့ ရောက်လာခဲ့ သည်။ ဒရိုင်ဘာက ကျွန်မ အထုပ်အပိုးတွေ ချပြီး သူ့လိပ်စာ ကတ်ပြားလေး ပေးသည်။ အကယ်၍ စိတ်ပြောင်းသွားပြီး တခြား ဟိုတယ် ပြောင်းနေချင်သည် ဆိုလျှင် ဆက်သွယ်ပါတဲ့။ ဟိုတယ်ဝန်ထမ်းတွေကိုတော့ တစ်ယောက်တလေ ပင် မမြင်။

တံခါးကတော့ ဟောင်းလောင်း ပွင့်နေသည်။ ထို့ကြောင့် ကိုယ့်အထုပ် ကိုယ်ဆွဲရင်း ဟိုတယ်ထဲ ဝင်လိုက်သည်။ ကောင်တာရှေ့ ရောက်တော့ အတိတ် ဖြစ်ရပ်တွေ အလုံးအရင်း စီးဝင်လာခဲ့သည်။ နံရံပေါ်မှ ဗန်ကောက်-ပဲရစ်- တိုကျို နယူးယောက်-ရန်ကုန် ဆိုသည့် အချိန်ပြနာရီတွေက တစ်လုံးမျှ မမှန်။ နံရံဆေးတွေက နေလောင်ထားသည့် အသားအရေလို မွဲခြောက်ခြောက်။ သော့စင်ထဲမှာ သော့တစ်ချောင်းမျှ မမြင်။ အရင်တစ်ခေါက်ကလည်း မမြင်၊ ခုလည်း မမြင်။ နီယွန်မီးအလင်းရောင် အေးစက်စက်တွေ၊ ပေါလစ်တိုက်ထား သည့် ကြမ်းခင်းတွေ၊ လေအဟ့မှာ ပျင်းပျင်းရိရိ လေးတိလေးတွဲ့ လှုပ်နေသည့် ခန်းဆီးစ အဝါလေးတွေ။

အိမ်ပြန်ရောက်လာသလို ခံစားရသည်။ ဒီဟိုတယ်မှာ နှစ်ပေါင်း များစွာ နေသွားသကဲ့သို့ပင်။

“ဟယ်လို”

ဘာအသံမျှ ပြန်မကြား။

ဧည့်ခန်းမှာတော့ တီဗွီ ဖွင့်ထားသည်။ တီဗွီရှေ့မှာ လူငယ်တစ်ယောက်၊

ခုံပေါ်မှာ အိပ်ပျော်နေသည်။

“ဟယ်လို ဟယ်လို”

တံခါးကိုလည်း ခေါက်၊ အကျယ်ကြီးလည်း အော်ရသည်။ တီဗွီရှေ့ က လူငယ် အိပ်မှုန်စုံမွှားဖြင့် ထလာသည်။ ကျွန်မကို အံ့သြတကြီး ကြည့်နေ သည်။ ဧည့်သည် ရောက်လာလိမ့်မည် ဆိုတာ သူ့မျှော်လင့်ချက်တွေထဲမှာ မပါသလိုမျိုး။

ကျွန်မအခန်းက အခန်း (၁၀၁)၊ အရင်အခန်းအတိုင်း အပြောင်းအလဲ မရှိ။

မျက်နှာကြက်အမြင့်ကြီး၊ လေးဖက် ပတ်ရံ နံရံ ဖြူဖြူ။ အိပ်ရာ နှစ်ခု ကြားက စားပွဲပုကလေး၊ စားပွဲနှင့် လက်တင်ကုလားထိုင် နှစ်လုံး၊ ဒါ့အပြင် ပျက်နေသည့် ကိုရီးယားလုပ် ရေခဲသေတ္တာလေးကလည်း အရင်အတိုင်း၊ နေရာ မယွင်း ရှိနေဆဲ။

ကောင်တာက ကလေးမလေးက သိပ်ကို ပျူငှာဖော်ရွေပါသည်။ အင်္ဂလိပ် စကားလည်း မဆိုးလှ။ သို့သော် ဦးဘကိုတော့ မသိတဲ့။

အစ်ကိုကြီးနှင့် ပထမဆုံး စတင်ဆုံစည်းခဲ့သည့် လက်ဖက်ရည်ဆိုင် သို့ ကျွန်မ ချီတက်လာခဲ့မိသည်။ သူ ဘယ်မှာနေလဲ၊ ဘယ်မှာရှိလဲ ဆိုတာကိုဒီဆိုင်က တစ်ယောက်ယောက်ကတော့ ကျိန်းသေပေါက် သိလိမ့်မည်။ လမ်းကလေး တွေက အနည်းငယ် ပိုသပ်ရပ်လာသလို ရှိသည်။ ပန်းပင်တွေလည်း ပိုစိမ်းလန်း စိုပြည်လာသည်။ လမ်းသွားလမ်းလာတွေကလည်း လက်ချင်းချိတ်၍ ပျော်ပျော် ကြီး လျှောက်နေကြသည်။ ကျွန်မကို တပြုံးပြုံး နှုတ်ဆက်ကြသည်။ ရောမ စက်ဘီးကြီးကို မတန်မရာ စီးနေသည့် ကောင်ငယ်လေး တစ်ယောက်က ကျွန်မကို “ဟောင်းအာယူ”တဲ့ လှမ်းနှုတ်ဆက်သည်။ ဘာမျှ ပြန်မဖြေနိုင်ခင်မှာ သူ လမ်းချိုးတစ်ခုထဲ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ခု လမ်းဆုံလမ်းခွသို့ ရောက်ပြီ။ မှတ်ဉာဏ်တွေကို အလုပ်ပေးရပြီ။ ညာဘက်မှာ ဂေါက်ကွင်းငယ်လေးတစ်ခု ရှိခဲ့သည့် ပန်းခြံကလေး၊ ပန်းခြံ ဝင်ပေါက်ရှေ့ သစ်ပင်ရိပ်မှာ မြင်းလှည်းနှစ်စီး ရပ်ထားသည်။ ဘယ်ဘက်လမ်း ကတော့ မြို့ထဲသွားသည့်လမ်း၊ ဟုတ်ပြီ၊ ဘယ်ဘက်လမ်းအတိုင်း လိုက်လာ ခဲ့သည်။ ကလေးတွေ စာအံသံ ဆူဆူညံနေသည့် စာသင်ကျောင်းလေး တစ်ကျောင်း ကို ဖြတ်လာခဲ့သည်။

ဒီနောက်မှာတော့ ကျွန်မ အစ်ကိုကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့တော့သည်။ သူ လမ်းလျှောက်ပုံကို အဝေးက ကြည့်ရုံနှင့် ကျွန်မ တန်းသိ သည်။ ညာဘက်လက်က လုံချည်စလေးကို မ ကာ မ ကာဖြင့် ဆတ်တောက် ဆတ်တောက် လမ်းလျှောက်တတ်သော အစ်ကိုကြီး။ ကျွန်မရှိရာ တည့်တည့်သို့ လျှောက်လှမ်း၍ လာနေပါပကော။ ရင်ခုန်လိုက်တာ။

မျက်ရည်ဥတွေ အလိုလို တွဲခိုလာခဲ့သည်။ နှုတ်ခမ်းကို တင်းတင်း ကိုက်ရင်း မျက်ရည်တွေကို မျိုချနေရသည်။ ကျွန်မ စာမလာ၊ သတင်းမကြား အကြာကြီး နေခဲ့မိသည်။ နှလုံးသား အလိုကိုလိုက်ဖို့ ဆိုတာ ခက်ခဲလွန်းခဲ့မိ သည်။ ဒီဆယ်နှစ်အတွင်း ကျွန်မ ဘာတွေ လုပ်နေခဲ့မိပါလိမ့်။

အစ်ကိုကြီးက ကျွန်မကို ရပ်ကြည့်နေသည်။ ခြေလှမ်းတွေ နှေးသွားခဲ့ ကြသည်။ ခုတော့ မျက်နှာချင်းဆိုင် တွေ့ကြပြီ။

တစ်ယောက်က အရပ်မြင့်၍ တစ်ယောက်က ပုသည့် မောင်နှမ နှစ်ယောက်။ တစ်ယောက်က သက်လတ်ပိုင်း၊ တစ်ယောက်က အဘိုးကြီး ပေါက်စ အဖေတူ အမေကွဲ မောင်နှင့် နှမ။

အစ်ကိုကြီးကို အတင်းပွေ့ဖက်လိုက်ချင်သော်လည်း ခန္ဓာကိုယ်က စိတ်အလိုကို မလိုက်၊ ရွံ့ နေမိသည်။ နောက်ဆုံးတော့ အစ်ကိုကြီးကပဲ ရှေ့တိုး ကာ လက်တွေ ဆန့်တန်းရင်း ကျွန်မမျက်နှာကို သူ့လက်တွေနှင့် တုန်ရီစွာထိတွေ့ရင်း နှစ်ယောက်ကြားက စိတ်တံတိုင်းကို ဖြိုချပေးခဲ့သည်။ နွမ်းလျ ဝေသီသည့် မျက်ဝန်းအစုံဖြင့် သူ ကျွန်မကို ကြည့်နေသည်။ သူ့မျက်ဝန်းတွေက တဖြည်းဖြည်း စွတ်စိုပြည့်လျှမ်းပြီး မျက်ရည်စက်တို့ ပေါက်ခနဲ ပေါက်ခနဲ ကျလာ သည်။ နှုတ်ခမ်းတွေက တုန်တုန်ရီရီ။

"ကြာခဲ့ပြီနော်"

ကျွန်မ အသံက တိုးလွန်းလှသည်။

"အင်း- ဟုတ်တယ်၊ အစ်ကိုကြီး လေဆိပ်လာမကြိုနိုင်တာ ခွင့်လွှတ် ပါ ငါ့နှမရယ်"

"အို- အစ်ကိုကြီးကလည်း၊ ကျွန်မ လာမှန်း အစ်ကိုကြီးမှ မသိဘဲ"

"ဟုတ်လား၊ မသိဘူးလား"

သူ ပြုံးသည်။ ခဏမျှသာပါ။

ကျွန်မ အစ်ကိုကြီးကို ဖက်ထားလိုက်သည်။ သူက ခြေဖျားလေး ထောက်၍ ခေါင်းကို ကျွန်မ ပခုံးပေါ် ခဏမှီထားလိုက်သည်။

အိပ်မက်တို့သည် အချို့က ကြီးလွန်းပြီး အချို့က သေးလွန်းသည် ကော။

"ပစ္စည်းတွေရော"

"ဟိုတယ်မှာလေ"

"အင်း- နောက်မှ သွားယူတာပေါ့၊ အစ်ကိုကြီး အိမ်မှာ နေမယ် မဟုတ်လား"

သူ့သစ်တဲကလေးကို ကျွန်မ ပြန်လည်မြင်ယောင်လာသည်။ ညှော်ခန်း ထဲက ပျားတွေ၊ ဆိုဖာခုံဟောင်းတွေ၊ အိမ်အောက်မှ ဝက်။

"မသိသေးပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုလည်း ဒုက္ခမပေးချင် ပါဘူး"

"ဒုက္ခတဲ့လား ဂျူလီယာ၊ သုခပါကွယ်၊ အစ်ကိုကြီးအတွက် သုခပါ"

သူက မျက်ခုံးလေးပင့်ရင်း ဆက်ပြောနေသည်။

"အစ်ကိုကြီးဟာ တခြားကမ္ဘာခြမ်းကနေ တကူးတက လာတွေ့တဲ့နှမဖြစ်သူကို ဟိုတယ်မှာ နေခိုင်းတယ် ဆိုတာ သိရင်

ကလောကလူတွေကကဲ့ရဲ့ကြမှာ မေးစရာတောင် မလိုဘူးကွဲ့”

အစ်ကိုကြီးက ကျွန်မလက်ကို ဆွဲရင်း သူ လာရာလမ်းကို ပြန်လှည့်သည်။

“ကဲ- လက်ဖက်ရည်သောက်မယ်၊ တစ်ခုခု စားမယ်၊ ညည်းလည်း ဆာရောပေါ့၊ လေယာဉ်ပျံပေါ်မှာရော ဝဝလင်လင် ကျွေးကြရဲ့လား”

လမ်းတစ်ဖက်ခြမ်းသို့ ကူးပြီး စားသောက်ဆိုင်တစ်ခုထဲ ဝင်သွား သည်။ ထီးအကြီးကြီးတွေအောက်မှာ စားပွဲပု၊ ထိုင်ခုံပုကလေးတွေနှင့်၊ နေရာ အတော်များများက လူတွေ ပြည့်နေသည်။ စားပွဲလွတ်တစ်လုံးမှာ ထိုင်လိုက် ကြတော့ ကျွန်မ ဒူးတွေက စားပွဲပေါ် ထိုးထိုးထောင်ထောင်။

ဘေးခုံမှာ မိန်းမနှစ်ယောက်၊ ဟိုဘက် ဘေးခုံကတော့ အစိမ်းပုပ် ရောင် စစ်ဝတ်စုံတွေနှင့် စစ်သားနှစ်ယောက်၊ ဦးဘက သူတို့ကို ခေါင်းညိတ် နှုတ်ဆက်သည်။ ချောင်းခြောက် တစ်ချက် ဟန့်လိုက်ရင်း-

“ဒီဆိုင်က ဟိုလက်ဖက်ရည်ဆိုင် ပိုင်ရှင်တွေပဲ ပိုင်တာ၊ တို့များ ပထမဆုံး တွေ့ကြတဲ့ ဆိုင်ပေါ့”

ဟု သူ ပြောသည်။

စုတ်တီးစုတ်ပဲ့ လက်ဖက်ရည်ဆိုင်လေး မျက်စိထဲ မြင်ယောင်လာ သည်။ ဒါ အတော်ကြီးမားတဲ့ တိုးတက်မှုပေါ့။ အစ်ကိုကြီး ဦးဘကတော့ ကျွန်မ တွေးနေသည်ကို သိနေသည့်အလား။

“ဟုတ်တယ်၊ ညည်းက သူတို့အတွက် ကံကောင်းခြင်း လက်ဆောင် ပေါ့ဟဲ့” တဲ့။

စကားတစ်လုံးမျှ မဆိုဘဲ သူ ကျွန်မကို ထိုင်ကြည့်နေသည်။ လက်ဖက်ရည် က အက်စ်ပရက်ဆို ခွက်တွေနှင့် ရောက်လာသည်။ ကျွန်မအတွက် ခွက်ထဲမှာ ယင်ကောင်တစ်ကောင် ကျသေနေသည်။ လက်ညှိုးထိုးပြတော့ စားပွဲထိုးမလေး က အိုး-ဆောရီးဟု ဆိုကာ ဇွန်းကလေးတစ်ချောင်းဖြင့် ယင်ကောင်သေကို ခပ်ထုတ်လိုက်သည်။ ကျွန်မ အံ့သြလွန်းသဖြင့် စကားတစ်လုံးမျှ မဆိုနိုင်ဘဲ ကြောင်ကြည့်နေစဉ်မှာ သူ ပြန်ထွက်သွားသည်။

“အသစ်တစ်ခွက် ယူမယ် မဟုတ်လား ဂျူလီယာ”

အစ်ကိုကြီးကို ခေါင်းမြန်မြန် ညိတ်ပြရသည်။

အမယ်လေးလေ့၊ အစ်ကိုကြီးက သူ့ခွက်နှင့် ကျွန်မခွက် လဲပေးလိုက် ပါသကော။

“ဟယ်- ကျွန်မ ပြောတာ အဲလို မဟုတ်ဘူးလေ”

ဘာပဲပြောပြော ဒီလက်ဖက်ရည် အရသာကတော့ မြန်မာပြည်မှ တစ်ပါး တခြားနေရာမှာ ရှာမတွေ့နိုင်တာ သေချာသည်။ နို့ဆီ၊ နို့စိမ်းတို့၏ချိုမြ ဆိမ့်သက်မှုမှာ အဖန်ဓာတ်၊ အခါးဓာတ်ကလေး စွက်ထားသော ကောင်းလှ သည့် အရသာ။

အစ်ကိုကြီးက ကျွန်မကို အကြည့်မပျက်ဘဲ လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်သည်။ စပ်စုသည့်၊ စူးစမ်းသည့်၊ သုံးသပ်သည့် အကြည့်မျိုး လုံးလုံး မဟုတ်။ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ငေးနေခြင်းသာ။ မတွေ့ရတာ ဆယ်နှစ် ကြာ။ ထိုကာလရှည်ကြီးကို ကျော်ဖြတ်ခဲ့ကြသည့် မောင်နှမနှစ်ယောက်မှာ ပြောစရာစကား မရှိတော့ပြီလော။ ကျွန်မ စကားစရန် ကြံသော်လည်း အစ်ကို ကြီး၏ ချစ်မေတ္တာမျက်ဝန်းတွေကို မတားရက်။ စားပွဲထိုးမလေးက အငွေ့ တထောင်းထောင်းထနေသည့် ခေါက်ဆွဲနှစ်ပွဲ ယူဆောင်လာသည်။

“တဒင်္ဂ တစ်ခဏတာ ဖြစ်တည်မှုကို ဆန့်ကျင် တွန်းလှန်၊ စိတ်အလျင် ထက် ရှေ့ကြိုရောက်အောင်လည်း မသွား၊ အတိတ်မှာ တဝဲလည်လည် ကျန်ရစ် မနေအောင်လည်း စွမ်းဆောင်၊ ဒါဟာ ဆိုက်ရောက်ခြင်းရဲ့ အနုပညာ၊ တစ်ချိန်ကို တစ်နေရာတည်းမှာ နေရင်း တည်ရှိခြင်းရဲ့ အလှအပနဲ့ အကျည်းတန်မှုတွေကို ခံစားစုပ်ယူ၊ ကြောက်ရွံ့ ခြင်းကင်းစွာ လွှမ်းမိုးခံလိုက်ပါ၊ မင်း တည်ရှိနေရခြင်း ရဲ့ အနုပညာတဲ့ ဂျူလီယာရဲ့၊ အစ်ကိုကြီး ပြုပြင်နေတဲ့ “ခရီးသွားခြင်း” ဆိုတဲ့ စာအုပ်ထဲမှာ ပါတာလေ၊ မင်း ကြိုက်ရဲ့လား”

ခေါင်းညိတ်ပြလိုက်သည်။ အဲဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မ အသေအချာ မသိပါချေ။ အစ်ကိုကြီးက ခေါင်းကလေး စောင်းကာ ကျွန်မကို ပြုံးကြည့်နေပြန်သည်။

“ငါ့နှမက သိပ်ချစ်စရာကောင်းတာပဲ၊ အစ်ကိုကြီး စိတ်ကူးထား တာထက်တောင် ပိုချစ်စရာကောင်းသေး”

ကျွန်မ ရှက်ရှက်နှင့် ရယ်နေရသည်ပေါ့။

“ဒီနေ့ ဆယ့်ငါးရက်နေ့ပဲ၊ တိုက်တိုက်ဆိုင်ဆိုင်”

ကျွန်မ ပြောလိုက်သည်။ သူ သဘောပေါက်မှာပါလေ။

“သိပ်ါ၊ ဘယ်မေ့လိမ့်မလဲ ဂျူလီယာရယ်”

အရိပ်တစ်ခု သူ့မျက်နှာမှာ ဖြတ်သန်းသွားသည်။

“ဖေဖေနဲ့ မိမိအတွက် ပူဇော်ပွဲတွေ သူတို့ လုပ်ကြသေးလား အစ်ကိုကြီး”

အစ်ကိုကြီး ဦးဘက ခေါင်းယမ်းရင်း ဘေးဘီသို့ စိတ်မသက်မသာ ကြည့်လိုက်သည်။ သူက ရှေ့တိုးရင်း လေသံလေးဖြင့် ပြောနေသည်။

"စစ်တပ်က ပေးမလုပ်တော့ဘူးကွဲ့"

"ဟင်- ဘာဖြစ်လို့လဲ"

ကျွန်မအသံက အလွန်ကျယ်လောင်စွာ ထွက်လာသည်။

သူက မျက်နှာရှုံ့သွား၏။ ဘေးဝိုင်းက စစ်သားတွေက ထအထွက်မှာ ကျွန်မတို့ကို စပ်စပ်စုစု ကြည့်နေကြသည်။ ပြီးတော့ စစ်ဂျစ်ကားပေါ် တက်ကာ ဝူးခနဲ မောင်းထွက်သွားကြသည်။ ဆိုင်ထဲမှာ ဖုန်တလုံးလုံး ကျန်ရစ်ခဲ့သည်။ ကျွန်မ ချောင်းတောင် ဆိုးလာသည်။ အစ်ကိုကြီးကတော့ အေးဆေးပဲ။

"စစ်တပ်က ဆန္ဒပြတာတွေ၊ စုဝေးတာတွေ မကြိုက်ဘူးကွဲ့"

"ချစ်သူနှစ်ဦးအတွက် အထိမ်းအမှတ်ပွဲလေးပဲကို"

"ဘာပွဲဖြစ်ဖြစ် စုတာ ရုံးတာကို ကြိုက်ကို မကြိုက်တာ။ သေနတ်နဲ့ လူတွေဟာ ဘာကို အကြောက်ဆုံးလဲ သိလား၊ သေနတ် ကိုင်ထားတဲ့ တခြားလူတွေကို မဟုတ်ဘူးနော်၊ လူမိုက် လူရမ်းကားတွေဟာ တခြား လူမိုက်တွေကို အကြောက်ဆုံးလား၊ မဟုတ်ဘူး၊ တစ်ကိုယ်ကောင်းသမားတွေ အကြောက်ဆုံး ကရော ဘာလဲ၊ အားလုံးဟာ ချစ်ခြင်းမေတ္တာကို အကြောက်ဆုံးကွဲ့"

"ဒါပေမဲ့လည်း မိမိ အိမ်ကို ပန်းစည်းတွေ ယူသွားကြရုံပဲ မဟုတ် လား၊ အဲဒါ ဘာအန္တရာယ်ရှိလို့လဲ"

"ချစ်တတ်တဲ့လူတွေဟာ အကြောက်အလန့်မရှိတဲ့အတွက် အန္တရာယ် သိပ်ကြီးတာပေါ့"

အစ်ကိုကြီးက ပိုက်ဆံရှင်းမည် ပြုသည်။ စားပွဲထိုးကလေးမလေးက သူ့ကို ဗမာလို ပြောနေသည်။ သူက ပြန်ပြောပြီး ရယ်နေကြသည်။ ဘာတွေ ပြောနေမှန်းတော့ မသိ။

"ကဲ- ပိုက်ဆံမယူဘူးတဲ့ ဆိုင်ရှင်က"

"ကျေးဇူးတင်ပါတယ်"

"သူက ညည်းကို ကျေးဇူးတင်နေတာ"

"ဟင်- ဘာဖြစ်လို့လဲ"

"ကြင်နာသနား စာနာထောက်ထားတာကို ပြခွင့်ရလို့တဲ့"

ဘာတွေပြောနေမှန်း မသိ၊ သူ့ဒဿနကို စောကြောဖို့ ကျွန်မ မောလွန်းလှပြီ။ ခေါင်းညိတ်ရင်း ထရပ်လိုက်သည်။

"မြင်းလှည်း ငှားလိုက်မယ်လေ၊ ငါ့နှမ ပင်ပန်းနေရောပေါ့"

"နေပါ့စေ မဝေးပါဘူး လမ်းလျှောက်နိုင်ပါတယ်"

အစ်ကိုကြီးက ချောင်းဆိုးပြန်သည်။ ချောင်းခြောက် ပြင်းရှရှ။

"အအေးမိနေလား အစ်ကိုကြီး"

သူက ခေါင်းခါပြရင်း ကျွန်မလက်မောင်းကို ဆွဲကာ လျှောက်လာ သည်။ သို့သော်လည်း ကျွန်မက ဦးဆောင်ပြီး မြန်မြန် သွက်သွက် လျှောက်လိုက် သည်နှင့် အစ်ကိုကြီးက လက်မောင်းကို ဆွဲဆွဲထားသလို ခံစားမိသည်။ နေမင်း ကား လက်တံတွေ ရှည်ထွက်လာခဲ့ပြီ။ မကြာခင် တောင်တန်းကြီးတွေနောက်သို့ ပုန်းကွယ်သွားတော့မည်။ လေက သိသိသာသာ အေးလာခဲ့ပြီ။

ကျွန်မ ပစ္စည်းတွေ ထုပ်ပိုးပြီး ယူလာလိုက်သည်။ ဟိုတယ်ခကို နှစ်ညစာ ရှင်းလိုက်သည်။ အစ်ကိုကြီးကတော့ အပြင်းအထန် ကန့်ကွက်နေ သည့် ကြားက ကျောပိုးအိတ်ကို မရမက လွယ်ပြီး ရှေ့မှ စိုက်စိုက်စိုက်စိုက် ဖြင့် သွားနှင့်ချေပြီ။

■■■

အခန်း (၉)

သူ့အိမ်ကို ဘယ်လိုများ ပြုပြင်ထားလဲဆိုတာ သိချင်လိုက်တာ သေမတတ်။ ကျွန်မ ပို့ခဲ့သည့်ငွေနှင့်ဆိုလျှင် သူ တစ်အိမ်လုံး အသစ် ပြန်ဆောက်၍ ရသည်ပဲ။

မြစ်ဘက်ဆင်းသည့် လမ်းကျဉ်းကလေးအတိုင်း ဆင်းလာခဲ့ကြသည်။ လမ်းလေးက သဘော်ပင်တွေ၊ ငှက်ပျောပင်တွေ စီတန်းလျက်။ အစ်ကိုကြီး သည် မကြာခဏ ရပ်ကာ အမောဖြေနေရသည်။ သို့သော်လည်း ကျောပိုးအိတ် ကို လုံးဝမပေး။ သစ်သားတံတားလေးကတစ်ဆင့် မြစ်ကိုကူး၊ ဖောက်နက်သည့် ကမ်းပါးယံကို တက်၊ လေပြင်းပြင်းတိုက်လျှင် တိမ်တွေကြား လွင့်သွားမလား ထင်ရသည့် ခနော်ခနဲ့ တဲစုလေးတွေကို ဖြတ်လာခဲ့ကြသည်။ ခြံဝင်းတွေထဲမှာ အမှိုက် မီးရှို့ထားသဖြင့် မီးခိုးဖြူဖြူလေးတွေ ကောင်းကင်ပေါ်တက်နေသည်။ ကစားနေကြသော ကလေးများက ကျွန်မတို့ကို ငြိမ်ပြီး ရပ်ကြည့်နေကြသည်။

ပန်းနီနီလေးတွေ ပွင့်နေသည့် စက္ကူပန်းချုံကြီးက ဂိတ်ပေါက်ဝကိုပင် ဖုံးနေလေပြီ။ ထို့ကြောင့် အစ်ကိုကြီး၏ အိမ်ကလေးသည် မြင်ကွင်းထဲမှ ပျောက်နေသည်။ သူ့အိမ်ကလေးက ကျွန်မ မှတ်ဉာဏ်ထဲကအတိုင်း အပြောင်းအလဲ ဘာမျှမရှိ၊ သံချေးတက် သွပ်တွေ မိုးထားသည့်၊ ဝရန်တာသေးသေးလေးနှင့် ရေနံသုတ် ကျွန်းအိမ်မည်းမည်းကလေး၊ အိမ်အောက်မှ ဝက်ကလည်း ဒီအတိုင်းပင်။

ဝရန်တာလေးပေါ် လှေကားမှတစ်ဆင့် တက်လိုက်ကြသည်။ တစ်ချက် ကြည့်ရုံဖြင့် အိမ်တွင်းအပြင်အဆင်က အရင်အတိုင်းပဲ ဆိုတာ သိလိုက်သည်။ အညိုရောင် ဆိုဖာထိုင်ခုံကြီး၊ ကုလားထိုင်နှစ်လုံး၊ စားပွဲလေး၊ ဗီရိုမည်းမည်းနှင့် လန်ဒန်မျှော်စင်ပန်းချီကား၊ နံရံပေါ်က အနီရောင်စင်ကလေးပေါ်မှာတော့ မိမိ ဓာတ်ပုံနှင့် သူ့ဆီ ကျွန်မ နယူးယောက်ကနေ ပို့ပေးလိုက်သည့် ဖေဖေ့ဓာတ်ပုံ တို့ကို ယှဉ်တွဲထားသည်။ ဓာတ်ပုံတွေရှေ့မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတွေ။ ကျွန်မ အမှတ်မမှားဘူး ဆိုလျှင် အရင်က ဒါ ဘုရားစင်ပါ။

အိမ်ထဲမှာ နေရာအနှံ့ ရေပုံးသေးသေးလေးတွေ ခံထားတာ တွေ့ရ သည်။ ပျားအုံကြီး ရှိရာနေရာသို့ ကမန်းကတန်း ကြည့်မိသည်။

"ဟယ်.. ပျားတွေရော"

"ပျံသွားကြပြီ၊ တစ်နေရာရာမှာ အုံဖွဲ့နေကြမှာပေါ့"

ကျောပိုးအိတ်ကို ချရင်း အစ်ကိုကြီးက ပြောလိုက်သည်။

အမယ်လေး ကောင်းလိုက်တာ၊ စိတ်သက်သာရာ အတော်ရသွားသည်။

"ပျားတွေအစား မြွေနှစ်ကောင် ရောက်လာခဲ့တယ်"

"အောင်မယ်လေး... ဘာနှစ်ကောင်"

"မြွေဟောက်နှစ်ကောင်"

"အစ်ကိုကြီး မနောက်နဲ့နော်"

သူက ကျွန်မကို အံ့သြသလို ကြည့်ရင်း-

"အစ်ကိုကြီးတို့ သူ့စည်း ကိုယ့်စည်း ထားပြီး နေခဲ့ကြတယ်"

ဟု ဆိုလိုက်သည်။

"ဟင့်အင်း - ဟင့်အင်း၊ မြွေဟောက်ဆိုတာ သိပ်အဆိပ်ပြင်းတာ၊ တစ်ချက်ပေါက်တာနဲ့ သေမှာပဲ"

"သူတို့ ဘာဒုက္ခမှ မပေးကြပါဘူး"

မနေနိုင် မထိုင်နိုင် ထွန့်ထွန့်လူးနေသည့် ကျွန်မကို ကြည့်ရင်းအစ်ကိုကြီးက အံ့သြနေသည်။

ကျွန်မ စားပွဲပေါ် ခုန်တက်လိုက်သည်။

"ဘယ်မလဲ အဲဒီ မြွေတွေ"

"မသိဘူးကွဲ့"

"ဘာရယ်... မသိဘူး ဟုတ်လား"

ကျွန်မ ရူးချင်သလိုလို အော်ချင်ဟစ်ချင်သလိုလို ဖြစ်လာသည်။

"တစ်ရက်မှာတော့ သူတို့ ပျောက် သွားကြတယ်"

"ဟင်- အဲဒါ ဘာအဓိပ္ပာယ်လဲ၊ ဘယ်တုန်းက ပျောက်သွားတာလဲ"

သူက စဉ်းစားနေသည်။

"အင်း- သေချာမမှတ်မိဘူး၊ အချိန်က အစ်ကိုကြီးအတွက် အရေးမှ မပါတာ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကလား၊ နှစ်နှစ်လောက် ရှိပြီလား မသိ"

"ဟင်- ဒါဆို ဒီမှာ မရှိတော့ဘူးပေါ့"

"အင်းလေ ဘာဖြစ်လို့တုံး"

အသက်ရှူ အတော်ချောင်သွားသည်။

“အစ်ကိုကြီး မကြောက်ဘူးလား”

“ဘာကို ကြောက်ရမှာလဲ၊ ကောင်မလေးကလည်း”

သူ နောက်နေခြင်း မဟုတ်ပါ၊ ကျွန်မ အသည်းအသန် ကြောက်နေ သည်ကို အမှန်တကယ် နားမလည်နိုင်ခြင်း ဖြစ်သည်။ ကျွန်မ သူ့ မျက်ဝန်းတွေက တစ်ဆင့် သိနေသည်။ သူ ဘာပြောနေတာလဲ ဆိုတာ သိချင်လိုက်တာ ဆိုသည့် အဓိပ္ပာယ်ရသော မျက်ဝန်းညို သေးသေးလေးတွေ။

“အကိုက်ခံရပြီး သေမှာကို ကြောက်ရမှာပေါ့ အစ်ကိုကြီးရဲ့”

သူက အကြာကြီး စဉ်းစားပြီးမှ အဖြေပေးသည်။

“မကြောက်ပါဘူး၊ အစ်ကိုကြီး ကြောက်တာ အဲဒါ မဟုတ်ဘူး”

ကျွန်မ သူ့ကို မနာလိုတောင် ဖြစ်လာသည်။

“ကဲ- ညည်းက အစ်ကိုကြီး ခုတင်မှာ အိပ်နော်”

သူက ခန်းဆီးစ အစိမ်းလေးကို လှပ်ကာ အခန်းကလေးကို ပြသည်။ သစ်သားခုတင်လေး တစ်လုံး၊ စားပွဲပုလေး တစ်လုံး၊ ကုလားထိုင်လေး တစ်လုံး နှင့် မျက်နှာကြက်ကနေ မီးသီးလေးတစ်လုံး တွဲလောင်းကျနေသည့် အခန်းလေး။

“ဖျာလည်း ရှိတယ်၊ ဖျာကတော့ အစ်ကိုကြီးရဲ့ ဇိမ်ခံပစ္စည်းပေါ့အေ”

သူက ဂုဏ်ယူဝင့်ကြွားစွာ ပြောနေသည်။

“ကဲ- လက်ဖက်ရည် သွားလုပ်လိုက်ဦးမယ်”

မီးဖိုထဲ သူ ဝင်သွားတော့ ကျွန်မ လိုက်ဝင်သွားလိုက်သည်။ ပန်းကန်စင်လေးပေါ်မှ ပန်းကန်ခွက်ယောက်တွေ၊ အောက်အဆင့်မှ ကြက်ဥတွေ၊ ခရမ်းချဉ်သီး တွေ၊ ကြက်သွန်ဖြူတွေ၊ ချင်းတွေ၊ အာလူးတွေ၊ အခန်းထောင့်က ထင်းတွေ။အစ်ကိုကြီးက မီးမွှေးသည်။ မီးပြောင်းဖြင့် မှုတ်သည်။ ထင်းထည့်သည်။ မီးခိုးတွေက ခေါင်မိုးပေါက်မှ တလူလူထွက်။

ဒီလိုနေရာမျိုးမှာ ကျွန်မ တကယ်နေနိုင်လို့လား။ ဆောင့်ကြောင့်ထိုင် အိမ်သာကို သုံးရမည်။ ရေတွင်းထဲက ရေကို ချိုးရမည်။ အင်း- ကလောဟိုတယ် ကို ပြန်ဖို့ ဘယ်လိုများ ပြောရပါ့မလဲနော်၊ ခက်လိုက်တာကို။

လင်ပန်းလေးပေါ်မှာ လက်ဖက်ရည်ခွက်ဘူး၊ မတ်ခွက်နှစ်ခွက်၊ နေကြာစေ့လှော် တစ်ပန်းကန်၊ ကျွန်မတို့မောင်နှမ ဧည့်ခန်းထဲ ပြန်ထွက်လာခဲ့ကြသည်။

အေးလာပြီ၊ ကျောပိုးအိတ်ထဲက လုံးစွပ်ဆွယ်တာ ထုတ်ဝတ်လိုက် သည်။ ရေပုံးတစ်ပုံးကို ခလုတ်တိုက်မိသည်။

"အစ်ကိုကြီး ဘာလို့ ရေပုံးတွေ လျှောက်ထားထားတာတုံး"

သူက ခုမှ ရေပုံးတွေကို သတိထားမိပုံရသည်။

"ဩော်- ရေယိုတယ်လေ၊ ဒါကြောင့် ရေခံထားတာ၊ မပူပါနဲ့ အိပ်ခန်း က ရေမယိုပါဘူး"

"အိမ်ကို ဘာလို့ မပြင်တာလဲ"

"ဈေးကြီးတယ်ကွဲ့၊ သစ်ဈေးက ခေါင်ခိုက်နေတာ"

"ဟင်- ကျွန်မ ပို့ပေးတဲ့ ငွေနဲ့ဆို အိမ်အသစ်တောင် ဆောက်လို့ ရတာကို"

သူက ခေါင်းလေးစောင်းကာ ကျွန်မကို ကြည့်ရင်း-

"အင်း- အမှန်ပဲ"

ဟု စဉ်းစားရင်း ပြောနေသည်။

"ဒါဆို ဘာလို့ မဆောက်တာလဲ၊ ငွေတွေ ဘယ်ရောက်သွားလဲ"

မေးပြီးမှ လွန်သွားမှန်း သိလိုက်သည်။ သူ့ကို ပေးပြီးသည့်နောက်မှ တော့ သူ ဘာလုပ်လုပ်ပေါ့။ ကျွန်မက ပုလိပ်စစ် စစ်နေစရာ မလို။

"အင်းလေ ဒါက အစ်ကိုကြီး ကိစ္စပါ၊ ကျွန်မက အိမ်လေးကို ပြင်ဖို့...

"ညည်းမေးတာ မှန်တာပဲ ကောင်မလေးရဲ့၊ ဒီငွေတွေကို ငါ ဘာလုပ် လိုက်မိပါလိမ့်၊ ခဏလေး စဉ်းစားပါရစေဦး၊ တချို့ကို လက်ဖက်ရည်ဆိုင်ရှင် ကို ပေးလိုက်တယ်၊ စားသောက်ဆိုင်သစ် ဖွင့်နိုင်အောင်လို့၊ အိမ်နီးနားချင်းရဲ့ မိန်းမက ရန်ကုန်မှာ ဆေးရုံတက်ဖို့ ငွေမရှိဘူး၊ သူ့ကို နည်းနည်းပေးတယ်၊ မိတ်ဆွေတစ်ယောက်ရဲ့ သားက တောင်ကြီးမှာ ပညာသင်ဖို့ ငွေလိုတယ်၊ သူ့ကို နည်းနည်းပေးတယ်"

"တော်ပါတော့ အစ်ကိုကြီးရယ်၊ ဆက်မပြောပါနဲ့တော့၊ သူ တစ်ခု ပြောလိုက်တိုင်း အရှက်တရားက ကျွန်မကို သည်းထန်စွာ လာရိုက်ခတ်သည်။ "လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မိုးခေါင်တော့ သီးနှံအထွက်ညံ့တယ်၊တောင်သူတွေ ဒုက္ခရောက်ကြတယ်၊ သူတို့ကို နည်းနည်းစီ ပေးရတယ်"

သူ ခဏငြိမ်သွားသည်။ ပြီးတော့ ထ အော်သည်။

“ဟုတ်ပြီ ဟုတ်ပြီ၊ မေ့နေလိုက်တာ အစ်ကိုကြီးအတွက် ဝယ်ထား တာ ရှိတယ်၊ သိပ်ကောင်းတာ”

ကက်ဆက်ကလေးတစ်လုံးကို ယူလာပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြနေသည်။

“ဒါ ငါ့နှမ ပေးတဲ့ငွေနဲ့ အစ်ကိုကြီး ဝယ်ထားတဲ့ ပစ္စည်းပေါ့၊ ရန်ကုန် လူကြုံရှိတိုင်း အခွေသစ်တွေ မှာမှာလိုက်တယ်၊ ခဏလေး”

သူက အခွေတစ်ခွေကို ကက်ဆက်ထဲထည့်ကာ ဖွင့်လိုက်ပြီး ကျွန်မ ကို မျှော်လင့်တကြီး ကြည့်နေသည်။

ဂန္ထဝင်ဂီတသံ ထွက်ပေါ်လာခဲ့သည်။

“ညနေ ညနေဆို ဒီဂီတကို အိမ်နီးနားချင်းတွေ လာနားထောင်ကြ တယ်ကွဲ့၊ သိပ်ကောင်းတာ”

သံစုံတီးဝိုင်း၏ ဂီတသံကို ကျွန်မ အာရုံစိုက် နားထောင်နေမိသည်။ ဂီတသံက ရင်းနှီးသလို ရှိသော်လည်း နားထဲမှာ ထူးဆန်းနေသည်။ ဘီသိုဗင် သို့မဟုတ် ဘရေဟမ်၏ ဂီတကို မူးရူးနေသည့် ဂီတသမားတွေ စုပြီး ထင်သလို တီးမှုတ်နေကြသလိုပင်။ တရုတ်ကက်ဆက်က အသံထွက်မမှန်၊ အသံရှိန် မမှန် ပါကလား။

“အစ်ကိုကြီး ကက်ဆက်က အသံထွက်တာ တစ်မျိုးပဲ”

“ဟင်- ဟုတ်လား”

ခေါင်းညိတ်ပြလိုက်သည်။ ကြောင်တွေ ဝိုင်းအော်သလို စူးစူးရှရှ မြန်မြန်ကြီး ထွက်နေသည့် ဂီတသံကြောင့် နားတွေတောင် အူပြီး နာလာသည်။

အစ်ကိုကြီးက ဘာပြောရမှန်း မသိသလို ခဏ တိတ်နေပြီး ပြောပြန်သည်။ “ကိစ္စမရှိပါဘူးကွယ်၊ ဒီဂီတဟာ သိပ်လှတာပါ၊ ဘယ်လို အသံမျိုး ဖြစ်ဖြစ် အစ်ကိုကြီးအတွက် အဆင်ပြေပါတယ်”

မျက်လုံးမှိတ်ရင်း တယောသံတွေကို သူ နားဆင်နေသည်။

“အစ်ကိုကြီးအတွက်ကတော့ ဒါက ပိုကောင်းတယ်၊ ဒါက ညံ့တယ် လို့ နှိုင်းယှဉ်စရာမှ မရှိဘဲကွယ်၊ ဒါဟာ ပျော်ရွှင်စရာကောင်းတဲ့ ဘဝတစ်ခု ရဖို့ လျှို့ဝှက်ချက်ကွဲ့ ငါ့ညီမရဲ့”

ဟုတ်ပ၊ အစ်ကိုကြီးသည် ဂီတစည်းချက်နှင့်အတူ စီးမျော ပျော်ဝင် နေသည်ပဲ။ သူ မျက်လုံးတွေ မှိတ်ပြီး သာယာကျေနပ်နေချိန်မှာပင် တယောသံ တွေ တိခနဲ ရပ်သွားပြီ ရုတ်တရက် မှောင်ကြီးကျသွားသည်။ အရိပ်ပင် မမြင်ရ။ အင်းဆက်ကလေးတွေ အော်သံနှင့် အိမ်နီးနားချင်း အသံတွေသာ လွှမ်းသွားခဲ့ သည်။

“အင်း- မီးပျက်ပြန်ပြီ၊ ခုတစ်လော ခဏခဏ ပျက်တော့တာပဲ” အစ်ကိုကြီးက သက်ပြင်းချရင်း ထရပ်သည်။ မီးခြစ် ခြစ်သံနှင့်အတူ သူ့မျက်နှာကို ပြန်မြင်ရသည်။ သူက တစ်အိမ်လုံးအနှံ့ ဖယောင်းတိုင်တွေ လိုက်ထွန်း သည်။ နွေးထွေး ဖျော့တော့သည့် ဖယောင်းတိုင်အလင်းက ယိမ်းနွဲ့နေသည်။ သူက မတ်ခွက်ထဲ လက်ဖက်ရည် ဖြည့်ပေးရင်း-

“တစ်ခါတလေလည်း မီးက ခဏနဲ့ ပြန်လာတယ်၊ တစ်ခါတလေ လည်း မလာတော့ဘူး၊ နောက်နေ့မှ ပြန်လာတော့တယ်”

ဟု မရေမရာ ပြောသည်။

လက်ဖက်ရည် သောက်ရင်း ပင်ပန်းနွမ်းနယ်မှုကို ခံစားရသည်။ အစ်ကိုကြီးက ကုလားထိုင်ပေါ် ပြန်ထိုင်ရင်း-

“ကဲ- ပြောပါဦး၊ ညည်းရော ဘယ့်နှယ်တုံး၊ အချိန်ကောင်း အခါ ကောင်း နက္ခတ်ကောင်းတွေ ကြုံရဲ့လား၊ ဆုံရဲ့လား”

ကောင်းပါတယ်၊ ကျေးဇူးပါ၊ သိပ်ကောင်း၊ ဒီလိုပါပဲ၊ ပြဿနာမရှိ၊ ပိုဆိုးလာသလား မသိ။

အဲသလို မေးလာလေတိုင်း ဖြေခဲ့ဖူးသည့် အဖြေတွေကို အမှတ်ရ သည်။ အစ်ကိုကြီးကို အဲသလို ပေါ့ပြက်ပြက် ဖြေ၍ မဖြစ်။ စော်ကားသလို ဖြစ်လိမ့်မည်။

“အစ်ကိုကြီးက တယ်မေးတတ်တာပဲ”

ကျွန်မ ဝေ့လည်ကြောင်ပတ် ဖြေလိုက်သည်။

“မမေးတတ်ပါဘူးအေ၊ ခပ်တုံးတုံး မေးခွန်းပါ၊ ဒီလို မေးမိတာကို ခွင့်လွှတ်ပေတော့ နှမရေ၊ နှစ်ပေါင်းများစွာ ကြာပြီးမှ ပြန်တွေ့ရတာကို အချိန်အခါကောင်းစရာ လိုလို့လား နော၊ ဘဝ ဆိုတာက အံ့ဩစရာ အလှည့်အပြောင်း တွေလည်း ကြုံနိုင်တာကိုး၊ ကံဆိုးမလိုလိုနဲ့လည်း ကောင်းတတ်၊ ကောင်း မလိုလိုနဲ့လည်း ဆိုးတတ်တယ်ကော၊ အစ်ကိုကြီးက ငါ့ညီမ မေတ္တာထား ခံရရဲ့လား၊ ပျော်ရဲ့လားပဲ သိချင်တာပါ”

ဖယောင်းတိုင်မီး အလင်းအောက်မှ သူ့ကို ခိုးကြည့်ရင်း မငိုမိအောင် အားတင်းထားရသည်။ သူ့အမေးကို “ဟုတ်ကဲ့ရှင့်” ဟု မဖြေနိုင်လို့လား၊ အစ်ကိုကြီး စကားက နှလုံးသားထဲမှာ သိပ်ခံစားရ၍လား မသိ၊ ငိုချင်လာသည်။ မေတ္တာထား ခံရရဲ့လားတဲ့၊ မေမေကတော့ မေတ္တာထားတာ သေချာ သည်။ အစ်ကိုကတော့ မသေချာ။ အေမီက သေချာသည်။ လူနှစ်ယောက် မေတ္တာနှစ်မျိုးဖြင့် အချစ်ခံရတာတော့ အမှန်ပါပဲ။ တခြားလူတွေတော့ ခေါင်းထဲ မဝင်လာ။

တော်ပြီလား၊ လုံလောက်ပြီလား၊ ဘာအတွက်လဲ၊ ပျော်ဖို့အတွက် လူဘယ်နှယောက်လောက်ရဲ့ အချစ်ကို ခံရဖို့ လိုသလဲ၊ တစ်ယောက်တည်းလား၊

နှစ်ယောက်လား၊ ငါးယောက်လား၊ ဆယ်ယောက်လား၊ မျက်စိအောက်က အပျောက်မခံအောင် ဂရုစိုက်တတ်သည့် တစ်ယောက်ဆို၊ လုံလောက်ပြီလား။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးစေမည့် တစ်ယောက်၊ ရှင်သန်ခြင်း၏ အဓိပ္ပာယ်ကိုပေးစွမ်းနိုင်သည့် တစ်ယောက်။ အဲသလို လူမျိုးတော့ ကျွန်မဘဝမှာ မရှိခဲ့ပါ။ အချစ် ဘယ်က စသလဲ၊ အချစ် ဘယ်မှာ ဆုံးသလဲ။

အစ်ကိုကြီး၏ မျက်လုံးတွေက ကျွန်မ လက်သူကြွယ်တွေဆီ ရောက်လာသည်။ သူ ဘာကို ဆိုလိုတာလဲ ဆိုတာ ကျွန်မ ကောင်းကောင်းသိသည်။

"မိုက်ကယ်နဲ့ ကိစ္စကတော့ ပြောရမှာ အရှည်ကြီးပဲ အစ်ကိုကြီးရယ်" သက်ပြင်းချရင်း ကျွန်မ ပြောလိုက်သည်။ တစ်သက်တာ ထာဝရ အချစ် မဖြစ်နိုင်တော့ပေမယ့် ငံ့လင့်နေတုန်းပါပဲလေ။

ကျွန်မ မသက်မသာ ဖြစ်နေတာကို အစ်ကိုကြီးက ချက်ချင်းသိသည်။

"မေးမိတာ ခွင့်လွှတ်တော့ နှမရေ၊ ခရီးရောက်မဆိုက် အလိုက် ကမ်းဆိုးမသိ မေးမိတယ်၊ အစ်ကိုကြီး စိတ်မကောင်းပါဘူးကွယ်၊ ဒါကလည်း အစ်ကိုကြီး စိတ်လှုပ်ရှားနေတာကိုး၊ ညည်းကို မတွေ့ရတော့ဘူး ထင်ရာက ရုတ်တရက် ပြန်တွေ့ရတာကိုး အေ၊ တော်ပြီ မမေးတော့ဘူးနော်"

သူက နှုတ်ခမ်းပေါ် လက်ညှိုးလေး တင်ရင်း ပြောရှာသည်။ သူ လုပ်ပြနေပုံကြောင့် ကျွန်မ ရယ်ချင်လာသည်။

"ပြောပြမှာပေါ့ အစ်ကိုကြီးကလည်း၊ ခုတော့ အိပ်ချင်ပြီ" သူ ခုန်ထလိုက်သည်။

"အား- ဟုတ်တာပေါ့ ညံ့ပါ့ကွာ၊ ကဲ- ကဲ- အိပ်ရာပြင်ပေးမယ်"

ဆိုဖာခုံရှည်ပေါ်မှာပဲ အိပ်မည်ဟု ကျွန်မ အတင်းအကျပ် ပြောသည်။ အကြိတ်အနယ် ဈေးဆစ်အပြီးမှာတော့ သူ လက်ခံလိုက်ရသည်။ ကျွန်မအတွက် စောင်ထူထူတစ်ထည်၊ ခေါင်းအုံးတစ်လုံး ယူပေးပြီး ဖယောင်းတိုင်မီးတွေ တစ်တိုင်ပြီး တစ်တိုင် လိုက်မှုတ်သည်။ စားပွဲပေါ် ဓာတ်မီးတင်ပေးပြီး အိမ်သာ ကို သွားတတ်ရဲ့လား မေးသည်။ သက်သောင့်သက်သာ ရှိရဲ့လား၊ အဆင် ပြေရဲ့လား ထပ်ကာထပ်ကာ မေးပြီး ကျွန်မ နှာခေါင်းလေးကို ပွတ်သပ်ပေးရင်း ကောင်းကောင်း အိပ်ပျော်စေကြောင်း ဆုမွန်ကောင်းတွေ တောင်းပေးနေသည်။

သူ အိမ်ရှေ့မှာ တစ်ခုခု လုပ်နေသည်။ ရေသံတွေ ကြားရသည်။ ချောင်းဆိုးသံတွေ ကြားရသည်။ ခုတင်ပေါ် တက်သံ တကျွိကျွိ ကြားရသည်။ ခဏနေတော့ နောက်ဆုံးလက်ကျန် ဖယောင်းတိုင်မီး ငြိမ်းသွားခဲ့သည်။

ဆိုဖာခုံက ထင်တာထက် ပိုဖိမ်ကျသည်ပဲ။ ဒီခုံကြီးပေါ် ပထမဆုံး အကြိမ် အိပ်ခဲ့ရတုန်းက အင်မတန် စည်းစိမ်ရှိတာကို ပြန်အမှတ်ရသည်။ ဒီည တော့

အဆမတန် ပင်ပန်းနေပေမယ့် အိပ်ပျော်ဖို့ ခက်လိမ့်ဦးမည်ပင်။

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ဖေဖေ့ကို သတိရသည်။ ဖေဖေ့အကြောင်း တွေးမိသည်။ သူ ကျွန်မနားမှာ ထိုင်၊ ကျွန်မ လက်ကလေးကို ကိုင်ပြီး သူ့အသံ နူးနူးညံ့ညံ့လေးနဲ့ သာယာညင်းပျောင်းစကားတွေ ပြောတာ ကြားချင်လိုက်တာ။ ခုနက ဘယ်သူတွေ အချစ်ကို ခံရလဲဆိုတာ စဉ်းစားတော့ ဖေဖေ့ကို မေ့ချန်ခဲ့သည်။ မရဏကမ္ဘာသို့ ရောက်နေပေမယ့် ဖေဖေ့မေတ္တာက ကျွန်မပေါ် သက်ရောက်ဆဲသာ။ ဘယ်သူမှ ဒါကို ယူဆောင်သွားနိုင်စွမ်း မရှိ။

ထိုအတွေးက စိတ်ချမ်းမြေ့စေပေမယ့် အိပ်၍တော့ မပျော်နိုင်သေးပါ။ မကြာခင် အဖော်ရောက်လာတော့မည်ကို ကျွန်မ သိနေသည်။ ဆိုဖာပေါ်လှဲရင်း အင်းဆက်သံလေးတွေကို နားစွင့်နေရင်း... ဟော...။

“ဒီ က ထွက် သွား စမ်း ပါ...”

ကျွန်မ ထွက်လာပြီးကတည်းက ခုမှ သူ ပေါ်လာခဲ့သည်။ သူ ဘာလို ချင်လဲ ဆိုတာ ကျွန်မ သိပါသည်။ နယူးယောက်မှာကတည်းက ဒီခရီးကို မလာဖို့ သူ အကြိမ်ပေါင်းများစွာ သတိပေးခဲ့သည်။

“ဘာ လို့ ထွက် သွား ရ မ တုံး၊ ကျွန် မ ဒီ မှာ နေ မှာ...”

“အဲ လို မ လုပ် ပါ နဲ့၊ မြန် မြန် ထွက် သွား ပါ၊ သိပ် နောက် မ ကျ ခင် သွား ပါ..."

“ဘာ ဖြစ် လို့ လဲ”

"ငါ ဒီ နေ ရာ ကို သိ တယ်၊ နင် ဘယ် ရောက် နေ လဲ ဆို တာ သိ တယ်၊ ဒီ နေ ရာ ဟာ နင့် အ တွက် ကံ ဆိုး ခြင်း တွေ ပဲ ဆောင် ယူ လာ မှာ”

“ဘယ် လို ကံ ဆိုး ခြင်း တွေ လဲ...”

“နင့် ကို လာ ခေါ်ကြ မှာ...”

“ဘယ် သူ မှ လာ မ ခေါ် ပါ ဘူး...”

“ဒါ နင့် အ ထင် လေ၊ နင် မှ သူ တို့ ကို မ သိ တာ”

“ဘယ် သူ တွေ လဲ...”

“ဘုတ် ရှူး အ နက် တွေ ပေါ့၊ နေ့ ဖြစ် ဖြစ်၊ ည ဖြစ် ဖြစ်၊ သူ တို့ ကြိုက် တဲ့ အ ချိန် လာ နိုင် တယ်၊ သူ တို့ ကြိုက် တဲ့ လူ ကို ခေါ် နိုင် တယ်”

“ကျွန် မ ကို ခေါ် လို့ မ ရ ပါ ဘူး”

“ရ တယ်၊ နင် လည်း တူ တူ ပဲ∘∘∘”

“ကျွန် မ အစ် ကို ကြီး က ကာ ကွယ် ပေး လိမ့် မယ်…”

“ဘယ် သူ မှ မ ကာ ကွယ် ပေး နိုင် ဘူး…”

“ကျွန် မ က နိုင် ငံ ခြား သူ ပဲ…”

“သူ တို့ ဂ ရု မ စိုက် ဘူး၊ အ ဘိုး ကြီး ၊အ ဘွား ကြီး၊ မိန်း မ၊ က လေး ကြုံ ကြိုက် တဲ့ လူ ကို ကြုံ ကြိုက် သ လို ခေါ် သွား နိုင် တယ်”

“နေ ပါ ဦး၊ ခေါ် ပြီး ဘာ လုပ် ကြ တာ လဲ…”

“ဇာတ် လမ်း တွေ မျိုး စုံ ကြား ရ လိမ့် မယ်၊ အဲ ဒီ ကို ရောက် နှင့် ပြီး သား လူ တွေ ဆီ က၊ ပြန် လာ လို့ ရ တဲ့ လူ တွေ ဟာ အ ရမ်း ပြောင်း လဲ သွား တယ်…”

သူ တို့ ရှင့် ကို ခေါ် သွား တာ လား…”

“ငါ မ ဟုတ် ဘူး…”

“ဒါ ဖြင့် ဘယ် သူ တုံး…”

“ငါ့ သား၊ အဲ ဒါ ပို ဆိုး တယ်၊ ကျန် ရစ် ခဲ့ သူ ဟာ ဒဏ် ရာ ဗ ရ ပွ၊ ပြောင်း လဲ ရ တာ ပဲ”

“အဲ ဒီ ဘွတ် ရှူး နက် ဆိုတဲ့ ဟာ တွေ ကို ဘယ် မှာ ရှာ ရ မှာ လဲ….”

“သူ တို့ နင့် ကို ရှာ လိမ့် မယ်၊ သူ တို့ လာ ရင် မျက် လုံး ချင်း မ ဆုံ စေ နဲ့၊ သူ တို့ ဘွတ် ရှူး နက် တွေ ကို လည်း မ ကြည့် နဲ့…”

“ဘာ ဖြစ် လို့ လဲ…”

“သူ တို့ မှာ မှော် အ စွမ်း တွေ ရှိ တယ်၊ ငါ တို့ မှာ ရှိ တတ် တဲ့ မိ စ္ဆာ စိတ် နဲ့ ရက် စက် မှု အ ပေါင်း ကို သ ရ ဖူ ဆောင်း ထား တဲ့ လူ တွေ ပဲ..”

“ငါ တို့ ဆို တာ ဘယ် သူ တွေ လဲ…”

“ငါ တို့ လူ သား တွေ ပေ့ါ၊ သူ တို့ ရဲ့ ပြောင် လက် မည်း နက် နေ တဲ့ ဘွတ် ရှူး ဖိ နပ် ပေါ်ရောင် ပြန် ဟပ် နေ တဲ့ က မ္ဘာ မှာ ချစ် ခြင်း မေ တ္တာ မ ရှိ ဘူး၊ ခွင့် လွှတ် နား လည် မှု မ ရှိ ဘူး၊ အ ကြောက် နဲ့ အ မုန်း ပဲ ရှိ တယ်၊ ငါ တို့ မ ကြည့် ဝံ့ တဲ့ မြင် ကွင်း တွေ ရှိ တယ်၊ ငါ တို့ ကို တ ခြား လူ တစ် ယောက် ဖြစ် အောင် သူ တို့ ပြောင်း ပစ် ကြ တယ်၊ သူ တို့ ကို မ ကြည့် နဲ့∘∘∘”

သူ တစ်ခါမှ ဒီလောက် ရှည်ရှည်လျားလျား မပြောဖူး။အထူးသဖြင့် သူ့ဘဝအကြောင်းပေါ့၊ ကျွန်မ စောင့်စားနေလိုက်သည်။ သူ ထပ်ပြောပါစေ။

"ရှင် က ဘယ် သူလဲ၊ ဘယ် က လာ တာ လဲ..."

အမြဲ ဒီလိုချည်းပါပဲ။ သူ့အကြောင်း ပိုသိချင်လာလို့ မေးပြီဆိုတာနဲ့ သူ ငြိမ်သွားရော။ "ရှင့်နာမည် ဘယ်လိုခေါ်လဲ၊ ရှင် ဘယ်မှာ မွေးတာလဲ၊ ဘယ်မှာ နေတာလဲ" ဒီမေးခွန်းတွေကို အဖြေ တစ်စွန်းတစ်စတောင် သူ မပေးဖူးပေ။ ဘာပဲပြောပြော ခု သူ ကလောနဲ့ အကျွမ်းတဝင် ရှိတာ၊ သူ့မှာ သားတစ်ယောက် ရှိခဲ့တာ၊ သူ့သားကို ဘွတ်ရှူးအနက် စီးထားတဲ့ ဘယ်သူမှန်းမသိသူတွေ လာခေါ်သွားတာ၊ စတာတွေကို ကျွန်မ သိရပြီပဲ။

"သူ့ ကို ငါ့ အ ကြောင်း တစ် လုံး မှ မ ပြော နဲ့"

"ဘယ် သူ့ ကို လဲ...."

"နင့် အစ် ကို ကို..."

"ရှင် သူ့ ကို သိ လို့ လား..."

ဘာမှ မဖြေ။

"ကျွန် မ သူ့ ကို အ ကုန် ပြော ပြ မှာ ပဲ၊ ပြော ပြ ချင် လို့ ကို ဒီ ရောက် လာ တာ၊ သူ က ကျွန် မ ကို ကူ ညီ မှာ ပဲ၊ ရှင့် ကို တွေ့အောင် ရှာ နိုင် တဲ့ အ ထိ ပေါ့"

"ငါ ဆို တာ မ ရှိ တော့ ဘူး၊ ငါ က သေ ပြီး သား"

"အင်း လေ၊ ဘာ ဘာ လို့ သေ ရ တာ လဲ ဆို တာ ရယ်၊ ရှင် ဘယ် သူ လဲ ဆို တာ ရယ် သိ အောင် လုပ် မှာ"

"ငါ က တော့ နှောင့် ယှက် မှာ ပဲ..."

"ဟယ် ဘာ ဖြစ် လို့ လဲ..."

"နင် လုပ် နေ တာ တွေ က ပို ဆိုး အောင် လုပ် နေ တာ ပဲ...."

"ဘယ် လို ပို ဆိုး အောင် လဲ၊ ပြော ပြ လေ......"

"မ ပြော ပြ နိုင် ဘူး၊ ဒါ ထာ ဝ ရ လျှို့ဝှက် ချက် ပဲ..."

"ရှင် ကျွန် မ ကို ခြောက် ဖို့ ကြိုး စား နေ ပေ မယ့် အ လုပ် ဖြစ် မှာ မ ဟုတ် ပါ ဘူး"

“ငါ နင့် ကို မ ခြောက် ပါ ဘူး၊ သ တိ ပေး ချင် တာ ပါ၊ ငါ့ ကို ရှာ ဖို့ မ ကြိုး စား ပါ နဲ့၊ မ နက် ဖြန် နင် န ယူး ယောက် ကို ပြန်ပါ..."

“ဒါ ဆို ရှင် ဘာ ကြောင့် သေ ရ သ လဲ ဆို တာ ပြောလေ…”

“မ ပြော ဘူး၊ ဘယ် တော့ မှ မ ပြော ဘူး...”

“ရှင် အ သတ် ခံ ရ တာ လား...”

မဖြေ။

“ဟို ဘွတ် ရှူး နက် တွေ က ရှင့် ကို သတ် တာ လား...”

မဖြေရေးချ မဖြေ။

“မ တော် တ ဆ မှု ဖြစ် တာ လား၊ ဒီ အ တိုင်း အ သက် ကြီး လို့ ရော ဂါ ရ လို့ သေ ကိုယ့် ကိုယ် ကိုယ် သတ် သေ တာ သေ တာ လား၊

အရာရာ တိတ်ဆိတ်ငြိမ်သက်။

“မ ပြော ချင် လည်း နေလေ၊ ကိုယ့် ဟာ ကိုယ် ရ အောင် ရှာ မယ်”

သူ့အဖြေကို စောင့်မနေတော့။ မဖြေဘူးဆိုတာ သိနေသည်။ မျက်လုံး တွေ မှေးလာသည်။ ပိတ်သွားသည်။ အိပ်ပျော်ပြီ။

သန်းခေါင်သန်းလွဲမှာ တယောတစ်လက်၏ စူးစူးရှရှ အသံကြောင့် လန့်နိုးလာသည်။ ဘီသိုဗင်၏ တယော ကွန်ရှာတို။ သြော်. . . မီးပြန်လာနေပြီပဲ။ အိပ်ခန်းထဲမှ အစ်ကိုကြီး၏ ချောင်းဆိုးသံ၊ လူးလိမ့်သံတွေကို အိပ်ချင် မူးတူး ကြားရင်း ပြန်အိပ်ပျော်သွားခဲ့သည်။

■■■

အခန်း (၁၀)

ထူးဆန်းသည့် အသံတွေနှင့်အတူ နိုးထလာခဲ့ရပြန်သည်။ ငှက်ကလေးတွေ အော်သံ၊ ဝက်၏ တညီညီအော်သံ၊ ပုစဉ်းရင်ကွဲသံ၊ ကလေးတွေအသံ။ ကိုယ့်ကိုယ်ကိုယ် ဘယ်နားရောက်နေသလဲဆိုတာ မနည်း ပြန်စဉ်းစားရသည်။ အကြာကြီး အိပ်ပစ်လိုက်ပုံပင်။ နေလည်း မြင့်နေပြီ။ အတော်နွေးနေပြီ။ ဗိုက်ကလည်း တကြုတ်ကြုတ် မြည်လာပြီ။

အိမ်ရှေ့က တံမြက်စည်းလှည်းသံတွေ ကြားရသည်။ ထရပ်လိုက်ပြီး ပြတင်းပေါက်ရှေ့ သွားရပ်လိုက်သည်။ အစ်ကိုကြီးက ခြံဝင်းကို လှည်းကျင်းနေသည်။ ကျွန်မကို မြင်တော့ တံမြက်စည်းကို ကပျာကယာ ဘေးချပြီး အိမ်ပေါ် တက်လာသည်။

“အိပ်လို့ပျော်ရဲ့လား၊ ကောင်းကောင်းအနားရရဲ့လား”

အိပ်ချင်မူးတူး ခေါင်းညိတ်ပြလိုက်သည်။

“ဗိုက်ဆာနေပြီ မဟုတ်လား”

ခေါင်းမြန်မြန်ညိတ်ပြလိုက်သည်။

“ဒါဆို မနက်စာပြင်တော့မပေဟော့၊ ရေချိုးခန်းတော့ မရှိဘူး ဂျူလီယာ၊ ရေ .. ရေတွင်းမှာ ဆင်းချိုးချေ”

လုံချည်ဟောင်းတစ်ထည်၊ တဘက်ဟောင်း တစ်ထည် သူ ကျွန်မကို ပေးပြီး မီးဖိုခန်းထဲ ဝင်သွားခဲ့သည်။ ကျွန်မ အဝတ်အစားတွေ ချွတ်ပြီး လုံချည် ကွင်းကို စွပ်လိုက်သည်။ လုံချည်ကို လက်မောင်းရင်းမှာ ခပ်မြင့်မြင့် ဆီးလိုက် သဖြင့် အောက်အနားက ဒူးပေါ် ရောက်နေသည်။ ရေတွင်း ဆိုပေမယ့် အိမ်နီး နားချင်း၏ ရေတွင်းမှ ပိုက်တစ်ချောင်းသွယ်၍ ကွန်ကရစ် ရေကန်လေးထဲ ထည့်ထားခြင်းပါ။ ရေပုံးနီလေး နှစ်လုံးနှင့် ခွက်ဖြူဖြူတစ်လုံးက ကန်ပေါင် ပေါ်မှာ၊ ရေကို ခွက်ဖြင့် ခပ်ရင်း ခေါင်းပေါ်မှ လောင်းချလိုက်သည်။ ရေက စိမ့်နေ အောင် အေးသည်။ ခါးသက်သက်နှင့်။ တတိယမြောက် ခွက်ဖြင့် လောင်းချိုး အပြီးမှာတော့ ချိုးရတာ ကောင်းလာသည်။ ပဉ္စမမြောက်ခွက်အပြီး ရေအေးအေး ၏ အရသာကို ကြိုက်လာသည်။ တစ်ကိုယ်လုံး လန်းဆန်း သန့်စင်သွားတာပါပဲ။

အိမ်ထဲ ပြန်ဝင်လာတော့ စားပွဲပုလေးပေါ် မနက်စာ အဆင်သင့် ရောက် နေပြီ။ ရေနွေးအဖြူထည် ပူပူ မတ်ခွက် နှစ်ခွက်၊ အသင့်ဖျော် ကော်ဖီမစ် နှစ်ထုပ်၊ သကြားထုပ် နှစ်ထုပ်၊ နို့ဆီဘူး၊ ကြက်ဥကို ခရမ်းချဉ်သီး၊ ငရုတ်သီး တို့နှင့် မွှေကြော် ကြော်ထားသည်။ ပေါင်မုန့်မီးကင် ထောပတ်သုတ်ထားသည်။ သိပ်ကောင်းမည့်ပုံပင်။

“ဟယ်- ကောင်းလိုက်တာ၊ အစ်ကိုကြီးက သိပ်တော်တာပဲ၊ ဒါနဲ့ ထောပတ် ဘယ်က ရလဲ”

သူက စိတ်သက်သာရာရလေဟန်ဖြင့် ပြုံး၏။

“ဟိုတယ်က မိတ်ဆွေတစ်ယောက်ဆီက ခုမနက်ပဲ သွားယူလာတာ”

ထိုင်လိုက်ကြသည်။ မွှေကြော်က သိပ်ကောင်းတာပဲ၊ ကော်ဖီက လည်း အရသာရှိသည်။ ဒုတိယပေါင်မုန့်တစ်ချပ် အကုန်မှာ အစ်ကိုကြီးသည် ဘာမျှ မစားဘဲ ကျွန်မကို ထိုင်ကြည့်နေကြောင်း သတိထားမိလိုက်သည်။

“စားလေ၊ အစ်ကိုကြီး မဆာဘူးလား”

“ညည်း စားပြီးတဲ့ထိ စောင့်နေတာ”

“ဟယ်- ဘာလို့လဲဟင်”

“တို့များရဲ့ ဓလေ့က ဧည့်သည်ရောက်ရင် ဧည့်သည်စားပြီးတဲ့ထိ၊ ကျေနပ်တဲ့ထိ ဧည့်ခံရသကွဲ့၊ ညည်းတို့ အမေရိကမှာ ဒါမျိုး မဟုတ်ဘူးလား”

တဟိဟိ ရယ်မိသည်။

“ဟင့်အင်း၊ အဲလိုဆို မယဉ်ကျေးရာ ရောက်တယ်၊ အားလုံး စုပြီး စားမှ ကောင်းတာ၊ ပြီးတော့ ကျွန်မက ဧည့်သည်မှ မဟုတ်တာ၊ အစ်ကိုကြီးမိသားစုဝင်ပဲကို၊ ဟုတ်ဖူးလား”

သူက ပြုံးပြုံးကြီး လုပ်ရင်း ဝင်စားပါတော့သည်။ ကျွန်မတို့ နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ် စားသောက်နေကြသည်။ တိတ်ဆိတ်လွန်းသဖြင့် နေမထိ ထိုင်မသာ ဖြစ်လာပြန်သည်။

“အစ်ကိုကြီးရော ဒီနှစ်ပိုင်းတွေမှာ ဘယ်လိုလဲ”

“ သူက အကြာကြီး စဉ်းစားနေသဖြင့် ကျွန်မ သူ့အဖြေကို စိတ်မောစွာ စောင့်နေရသည်။ နောက်ဆုံးမှ ကောင်းပါတယ်ဟု တစ်ခွန်းတည်း ဖြေသည်။

“ကောင်းတယ်လား”

“အင်း- ကောင်းပါတယ်၊ တို့ ဗုဒ္ဓက ဟောခဲ့ဖူးတယ်၊ အာရောဂျ ပရမ လာဘာတဲ့ကွဲ့၊ ကျန်းမာခြင်းဟာ အကြီးကျယ်ဆုံးသော လာဘ်တစ်ပါး ပဲတဲ့၊ ကျန်းမာမှ စိတ်ရောလူပါ ချမ်းသာမယ်တဲ့၊ ခု အစ်ကိုကြီး ကျန်းမာသားပဲ ခြေတုန် လက်တုန် မဖြစ်သေးဘူး၊ တွေ့လား”

သူက ကျွန်မကို သူ့လက်ဖဝါးတွေ ဖြန့်ပြနေသည်။

"အစ်ကိုကြီးမှာ ဘာမှ မလိုပါဘူး၊ ဒါကြောင့် ကောင်းပါတယ် ပြောတာပေါ့ "

ကျွန်မ အခန်းကို လှည့်ပတ်ကြည့်လိုက်သည်။

"အင်း- အစ်ကိုကြီး အသုံးတည့်မယ့် ပစ္စည်းလေးတွေတော့ လိုပါတယ်"

"ဟင်- ဟုတ်လား၊ ဘာတွေတုံး ငါ့နှမရဲ့"

"ရေချိုးခန်းရယ်၊ လျှပ်စစ်မီးဖိုရယ်၊ ရေနွေးတည်စက်ရယ် ဒါမျိုးတွေပေါ့ "

"အင်း- ဒါတွေရှိရင် ပိုသက်သောင့်သက်သာ ရှိမှာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီး ဒါတွေကို လိုအပ်လို့လား"

ဘယ်လက်ဖြင့် ခေါင်းညာဘက်ခြမ်းကို သူ အသာကုတ်နေသည်။ တစုံတစ်ရာကို အပြင်းအထန် စဉ်းစားရချိန်မျိုးမှာ ဖေဖေလည်း ဒီလို လုပ်လေ့

ရှိသည်လေ။ ကျွန်မ ပြန်ဖြေလိုက်သည်။

"အစ်ကိုကြီးအတွက်တော့ လိုအပ်တယ် မထင်ပါဘူး

သူက ပါးစပ်ကို လက်ဖဝါးဖြင့် ပိတ်ရင်း ရယ်နေသည်။ ကျွန်မ ထပ်မေး လိုက်သည်။

"ချောင်းဆိုးနေတာ ဘယ်လောက် ကြာပြီလဲ အစ်ကိုကြီး"

"မပြောတတ်ဘူး၊ နှစ်ပတ်လောက်လား၊ ဒီထက် ပိုကြာသလား မမှတ်မိဘူး"

"ဖျားသလား"

"ဟင့်အင်း"

"နှာရည်ယိုတာ၊ လည်ချောင်းနာတာ ဖြစ်လား"

"ဟင့်အင်း"

"တစ်နေရာရာက နာနေတာရော"

"ဩော်- ဘယ်နေရာကမှ မနာပါဘူးကွယ်"

ကယ်ရင့်အဖြစ်အပျက်က ခေါင်းထဲ ရောက်လာသည်။ ဆိုင်မွန်နှင့် ကွန်းစ်ရှေ့နေရုံးက တစ်ဦးတည်းသော မိန်းမဖော်၊ အသက်က ကျွန်မထက် နှစ်နှစ်လောက် ကြီးသည်။ သူ ခု အစ်ကိုကြီး ဆိုးသလို ချောင်းခြောက်ကြီး ဆိုးဆိုးနေခဲ့သည်။ တခြားတော့ ဘာမျှ မဖြစ်။ ဓာတ်မတည့်တာလား ဆိုပြီး ဆရာဝန်ထံ မသွားဘဲ ဒီအတိုင်း နေနေခဲ့သည်။ ဆရာဝန်ဆီ ရောက်တော့ ဓာတ်မှန်ထဲမှာ အဆုတ်က

အကွက်ထင်နေသည်။ အဆုတ်ကင်ဆာ၏ သင်္ကေတ ပေါ့။ ရောဂါနာမည်တပ်နိုင်ပြီး ခြောက်လနေတော့ သူ ဆုံးသွားခဲ့သည်။

"အစ်ကိုကြီး ဆရာဝန် မပြောဘူးလား"

သူက ညင်သာစွာ ခေါင်းခါယမ်းရင်း ပြုံးနေသည်။

"မခေါ်ဘဲ လာတဲ့ ဝေဒနာဟာ အချိန်တန်တော့ မနှင်ဘဲ ပြေးမပေါ့ ငါ့နှမရယ်" တဲ့။

"ဘာပဲပြောပြော ဆရာဝန်နဲ့တော့ ပြထားသင့်တာပေါ့၊ စိတ်ချရတာ ပေါ့ အစ်ကိုကြီးကလည်း"

"အချိန်ကုန် လူပန်း ဖြစ်မှာစိုးတယ်ကွယ်၊ အစ်ကိုကြီးမှာ အချိန်တွေ အများကြီးရှိတယ် ဆိုပေမယ့် ဒီကိစ္စအတွက်တော့ အချိန်ကုန် မခံချင်ပါဘူး၊ ဒီမှာ အထူးကုလည်း မရှိဘူး၊ အရေးပေါ်ကိစ္စတွေအတွက် ဆေးရုံလေးတစ်ရုံနဲ့ စစ်ဆေးရုံတစ်ရုံရယ်ပဲ ရှိတာ၊ ပြည်သူ့ဆေးရုံ ဆိုတာက တကယ် ဝေဒနာသည်း လာရင် အလကားပဲ၊ စစ်ဆေးရုံ ဆိုတာကတော့ စစ်မျိုးစစ်နွယ်ကိုသာ ကုသ ပေးတာကိုး၊ မပူပါနဲ့ နှမရယ်၊ ဘာမှ မဖြစ်ပါဘူး၊ ပျောက်သွားမှာပါ၊ ခု ဘာတွေ ဖြစ်လာလဲ၊ ဘာကူညီရမလဲ ဆိုတာသာ ပြောပါ"

"ကျွန်မ အကူအညီ လိုနေတယ်လို့ အစ်ကိုကြီး သိလို့လား"

"ညည်းမျက်လုံးတွေထဲ၊ ညည်းအပြုံးတွေထဲ၊ ညည်းစကားသံတွေ ထဲမှာ မြင်နေ၊ ကြားနေရတာပဲကွယ်၊ တို့အဖေသာ ရှိသေးရင် မင်းရင်ခုန်သံ ထဲမှာလည်း ကြားနေရတယ်လို့ ပြောမှာပဲ"

ဘာမျှ ပြန်မပြောနိုင်၊ ခေါင်းသာ ညိတ်ပြလိုက်ရသည်။

မနေ့ညက ဟိုအသံ ပြောခဲ့သည့် အကြောင်းတွေကို ပြန်စဉ်းစားနေမိ သည်။ သူ မှန်နေလျှင် ဘယ်လိုလုပ်မလဲ၊ သူ့ရာပုံတော်က ဆုးခင်းလမ်းများ ဖြစ်လေမလား၊ သူ့ဘဝ သူ့မရဏတရားမှာ မဖော်ထုတ်အပ်သည့် အကြောင်းတရား လျှို့ဝှက်ချက်တွေများ ရှိနေသလား၊ အန္တရာယ်ကြုံလာလျှင် အစ်ကိုကြီးအပြင် တခြား အားကိုးရာ ရှိသလား၊ ရန်ကုန် အမေရိကန်သံရုံးက ဝေးလွန်းသည်။ တစ်ခုခု ဖြစ်ခဲ့လျှင် အကြောင်းကြားစရာ ဖုန်းလေးပင် ကျွန်မမှာ မရှိ။ ကမ္ဘာတစ်ဖက်ခြမ်းကနေ ဒီကို ထိတ်လန့်စရာတွေ ကြုံဖို့သက်သက်များ ရောက် လာခဲ့တာလား၊ မဟုတ်သေးဘူး၊ သူ့အကြောင်းကို ကျွန်မ သိရမှကို ဖြစ်မည်။

"အစ်ကိုကြီး ပြောတာ မှန်တယ်၊ ကျွန်မ သိပ်အဆင်မပြေဘူး"

ကျွန်မ သူ့ကို အသက်မရှူစတမ်း ဖြစ်ကြောင်းရယ်ကုန်စင် ဇာတ်ကြောင်း လှန်သည်။

သူကလည်း အသက်မရှုစတမ်း အားစိုက် နားထောင်သည်။

အစ်ကိုကြီးသည် မျက်ခုံးနှစ်ဖက် ဆက်လုခမန်း၊ မျက်စိမှိတ်ရင်း၊ ခေါင်းကုတ်ရင်း အပြင်းအထန် စဉ်းစားနေသည်။ သူ့ရိုးကြီးဂေါင်ဂင် ခန္ဓာကိုယ်လေးက ဆိုဖာထိုင်ခုံထဲ ကျုံ့ဝင်သွားမတတ်။ သူ့ပါးတွေက ချိုင့်ခွက်လျက်၊ မျက်လုံးတွေက ရှုံ့ဝင်လျက်၊ တစ်ဘဝလုံး မနိုင်ဝန် ထမ်းခဲ့ရသည့် ညိုတိုတိုလက်မောင်းတွေက ဘေးကို တွဲလောင်းကျလျက်။ သူ့ကြည့်ရတာ ကူကယ်ရာမဲ့ အားအင်ကုန်ခန်းနေသလို။

ခဏနေတော့ ကျွန်မကို စိုက်ကြည့်ရင်း ရုတ်တရက် ပြောသည်။

“အင်း - အစ်ကိုကြီး မင်းကို ကူညီနိုင်တယ်”

“ဟင်- ဒီအသံကို အစ်ကိုကြီး သိလို့လား”

အံ့အားသင့်စွာ မေးလိုက်မိသည်။

“မသိပါဘူး”

“ဘွတ်ရှူးနက်နဲ့ လူတွေ ဆိုတာ ဘယ်သူတွေလဲ၊ သိလို့လား”

အစ်ကိုကြီးက ချီတုံချတုံ ဖြစ်နေသည်။ ခေါင်းယမ်းရင်း ကျွန်မကို စိုက်ကြည့်နေသည်။ သူ အမှန်ကို ပြောနေတာလား၊ သိပ်မသေချာ။ နောက်ဆုံးတော့ သူ ပြောလေသည်။

“ဒါပေမဲ့ ဒီကိစ္စအတွက် အစ်ကိုကြီးတို့ ဘယ်ကနေ စရှာရမယ် ဆိုတာတော့ သိတယ်ကွဲ့”

■■■

ဒုတိယပိုင်း

အခန်း (၁)

အစ်ကိုကြီး ဦးဘတော့ အတွေးနွံထဲ နစ်နေလေပြီ။ တစ္ဆေပူးခံနေရသူလို ဖြစ်နေ သည်။ ကလောတစ်ခွင် ပြဲပြဲစင် လျှောက်လှမ်းလာတုန်းမှာ လှမ်းနှုတ်ဆက်နေ သူတွေကိုလည်း ဥပေက္ခာပြု၊ ကျွန်မ မေးတာတွေကိုလည်း သေချာမဖြေ၊ ဒါကြောင့်လည်း နောက်ထပ်မေးခွန်းတွေ မမေးတော့။

လက်ဖက်ရည်ဆိုင်ကို၊ ဗလီကို၊ ဖေဖေ နေခဲ့ဖူးသည့် ဘုန်းကြီးကျောင်း ကို ဖြတ်လာခဲ့ကြသည်။ ရောမသြောင်ပင်ကြီးတစ်ပင် ရှိသည့် နေရာမှာ ဘယ်ဘက် သို့ ချိုးပြီး မြေလမ်းလေးအတိုင်း တောင်ကုန်းလေးတစ်ခုဆီ ရောက်သည်ထိ လျှောက်လာခဲ့ကြသည်။

ချုံနွယ်ပိတ်ပေါင်းတွေ တောထနေသည့် ခြံတစ်ခြံ ဝင်ပေါက်ဝမှာ ရပ်လိုက်ကြသည်။ ချုံတွေကို တွန်းဖယ်ပြီး ခြံထဲ ဝင်သွားကြသည်။ ခြံထဲမှာ မြေစိုက်တဲကလေးတစ်လုံး၊ တဲပတ်ပတ်လည်မှာတော့ ငှက်ပျော၊ သဘော်နှင့် အုန်းပင်တွေ များစွာ။ ထရံကာ၊ ဓနိမိုး၊ ဝါးကြမ်းခင်း တဲကလေးက သေးသေး နိမ့်နိမ့်ကလေး။ ထဘီအနီတစ်ထည်၊ ဘလောက်စ် အဖြူတစ်ထည် နေလှန်း ထားတာ တွေ့ရသည်။

ဦးဘက နာမည်တစ်ခုကို ခေါ်သည်။ စောင့်သည်။ ဒုတိယအကြိမ် ထပ်ခေါ်သည်။

"ခင်ခင်" ဆိုသော အမျိုးသမီးကြီး၏ အသက်ကို ကျွန်မ မခန့်မှန်း တတ်။ ငါးဆယ်လည်း ဖြစ်နိုင်သလို ရှစ်ဆယ်လည်း ဖြစ်နိုင်သည်။ သေးသေး ရှည်ရှည် မျက်ဝန်းနက်တွေ၊ နဖူးနှင့် ပါးပြင်ပေါ်က အရေးအကြောင်းတွေ၊ ကန့်လန့် ဖြတ် အမာရွတ်တစ်ခုက မေးစေ့ကို မညီမညာ နှစ်ခြမ်းခွဲထားသည်။ အင်း- သူ့မျက်နှာပေါ်မှာ သူ့တစ်ဘဝလုံးက အရိပ်ထင်ဟပ်နေသည်ပဲလေ။

သူ့ခေါင်းမှာ ပန်းရောင်ပဝါတစ်စ ပေါင်းထားပြီး လက်ထဲမှာတော့ ဆေးပေါ့လိပ်ကြီးနှင့်။ အစ်ကိုကြီးက ဒီကို ဘာကြောင့်များ ခေါ်လာပါလိမ့်၊ ကျွန်မ ၏ ကံကြမ္မာက ဒီမိန်းမကြီးနှင့် ဘာများ ပတ်သက်နေလို့လဲ။

သူက အစ်ကိုကြီးကို အံ့သြစွာ ပြုံး၍ ခရီးဦးကြိုပြုသည်။ သူ့တဲလေး ထဲ ဝင်ခိုင်းသည်။ အခန်းထောင့်မှာ လိပ်ထားသည့်ဖျာတွေ၊ အဝတ်တွေ၊ နံရံထက် မှ စင်ကလေးပေါ်မှာတော့ ဗုဒ္ဓမြတ်စွာဆင်းတုတော်နှင့် ပန်း၊ ရေချမ်း၊ ဆွမ်း တွေ။ နောက်ဖေးမှာတော့ အငွေ့တထောင်းထောင်းထနေသည့် ရေနွေးအိုး။ ကျွန်မတို့ ဖျာလေးပေါ် ထိုင်လိုက်ကြသည်။ သူက ကျွန်မကို မျက်စိမလွှဲစတမ်း ကြည့်နေရင်း ရေနွေးခါတ်ဘူးနှင့် ခွက်သုံးခွက် ယူလာသည်။ သူလည်း မေးခွန်း တွေ

ထုတ်နေပေလိမ့်မည်။ ဒီထူးဆန်းတဲ့ မိန်းမကို ဦးဘက ဘာလို့ ငါ့အိမ်ခေါ်လာပါလိမ့်လို့ပေါ့။

အစ်ကိုကြီးက ဇာတ်လမ်းတစ်ပုဒ်ကို စပြောပါလေပြီ။ ရစ်သမ်မှန် သည့် သီချင်းတစ်ပုဒ်ကို သီကျူးနေသလိုပါပဲ။ ကျွန်မတို့ နားစိုက်ထောင်ကြ သည်။ သူကတော့ အဓိပ္ပာယ်ကို နားလည်ပေမည်။ ကျွန်မကတော့ အစ်ကိုကြီး အသံနှင့် စကားသံစဉ်ကိုသာ နားထောင်နေရသည်။ အသံက ကြင်နာဟန်၊ အလျင်လိုဟန်၊ တောင်းဆိုဟန်၊ တိုက်တွန်းဟန်တွေကို ကြားနေသယောင်။

သူက မယုံနိုင်သလို ခေါင်းယမ်းလိုက်၊ ဆေးလိပ်ဖွာလိုက်၊ တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောလိုက်၊ ကျွန်မကို ပြုံးကြည့်လိုက် လုပ်နေခဲ့သည်။ ဦးဘ ပြောလို့ပြီးသွားတော့ သူက ခေါင်းကို သွက်သွက်ယမ်းပြီး ရယ်လေသည်။

အစ်ကိုကြီးကတော့ စိတ်ပျက်ဟန် မရှိ။ သူ ဆက်ပြောသည်။ နူးညံ့စွာ ပြောသည်။ စိတ်အားထက်သန်စွာ ရှေ့ကို ကိုင်းညွတ်၍ ပြောသည်။ လေသံကလေးဖြင့် ပြောသည်။ သူတို့ တစ်ယောက်နှင့် တစ်ယောက် မျက်နှာမလွှဲတမ်း စိုက်ကြည့်နေကြသည်။ သူက မျက်မှောင်ကြီးကုတ်ရင်း အပြင်းအထန် စဉ်းစားနေသည်။ ကျွန်မကိုလည်း တမေ့တမြော ကြည့်နေသည်။ အစ်ကိုကြီး အသံတိတ်သွားတော့ သူ လက်ဖက်ရည်ကြမ်းကို တစ်ငုံ ငုံသည်။ အစ်ကိုကြီးကို ကြည့်သည်။ ကျွန်မကို ကြည့်သည်။ ခေါင်း မြန်မြန်ညိတ်သည်။

အစ်ကိုကြီးက ကျွန်မ ဖက်လှည့်ရင်း-

“ခု သူဟာ သူ့အစ်မဘဝဇာတ်ကြောင်းကို ပြောပြတော့မယ်၊ အစ်ကိုကြီးညည်းကို ဘာသာပြန်ပေးမယ်”

ကျွန်မ အတော်အံ့အားသင့်သွားသည်။ သူ့ကို လေသံတိုးတိုးဖြင့် ပြန်မေးမိသည်။

“ဟင်- သူ့အစ်မ ဘဝဇာတ်ကြောင်းနဲ့ ကျွန်မ ခေါင်းထဲက အသံနဲ့ ဘာဆိုင်လဲ”

“သူ့ဇာတ်လမ်းကို အစ အဆုံး နားထောင်ပြီးချိန်ကျရင်တော့ ညည်း ကောင်းကောင်း နားလည်သွားပါလိမ့်မယ် ငါ့နှမလေးရယ်”

■■■

အခန်း (၂)

ယာသမားလေးတစ်ယောက်၏ မယား။ နေရာလွတ်မရှိဘဲ ကြီးလှသည့် နှလုံးသား။ သို့သော် ထိုအရာက သူ၏ တစ်ခုတည်းသော ပိုင်ဆိုင်မှုသာ။

သားကလေးနှစ်ယောက်နှင့် သူတို့အမေ။ မည်သူ့အတွက်မျှ ပျော်ရွှင်သာယာချမ်းမြေ့မှုတွေ ဆောင်ယူမလာနိုင်သည့် အနန္တချစ်ခြင်းမေတ္တာ။ ဒါက သူတို့၏ တစ်ခုတည်းသော ပိုင်ဆိုင်မှုသာ။

ဒီဇာတ်လမ်းက ဒီထက်ပို၍ စောစီးစွာ စတင်ခဲ့ပုံရသည်။ နုနု တစ်ယောက် ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် သေခြင်းတရားနှင့် နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ခဲ့ရစဉ်ကပင် စတင်ခဲ့ခြင်း ဖြစ်လိမ့်မည်။ သူ့ဖခင်သည် ခေါင်းတွေ ထိုးကိုက် ရင်းအပြင်းဖျားရင်း အိပ်ရာမှ နိုးထလာခဲ့သည်။ မနေ့ကလည်း သူ ဝမ်းလျှော နေခဲ့သည်။ နုနုအမေက ဆေးဆရာပေးသည့် ဆေးတွေ ကျိုတိုက်တော့လည်း အကြောင်းမထူးလှ။ ကျောက်တုံး မီးမြှိုက်ပြီး ဗိုက်ပေါ်တင်ပေး၊ ခြေထောက် တွေကို နှိပ်နယ်ပေးသော်လည်း ထူးမခြားနား။

အဖျားက တက်သထက် တက်လာသည်။ ဘာစားစား၊ ဘာသောက်သောက် ခန္ဓာကိုယ်ကို အာဟာရ ထောက်ပံ့ပေးနိုင်ဟန် မရှိတော့။ အသက်ဓါတ်သည် သူ့ခန္ဓာကိုယ်တွင်းမှ တဖြည်းဖြည်း ထွက်ခွာနေခဲ့ပြီ။ ရေအိုင်လေး တစ်အိုင် တဖြည်းဖြည်း ခန်းသွားဘိသကဲ့သို့။

နောက်နှစ်ပတ်ကြာတော့ အဖေ့ဝေဒနာမျိုးပဲ ထပ်တူထပ်မျှနီးပါး ခံစားရရင်း အမေ ဆုံးပါးသွားသည့်အတွက် နုနုအဖို့ သေခြင်းတရားနှင့် ဒုတိယမို့ ရင်ဆိုင်ရပြန်တော့သည်။

အိမ်နီးချင်းတွေ အဆိုအရ နုနုသည် သူ့အမေ၏ အသက်မဲ့ခန္ဓာနားမှာ သုံးရက် သုံးညတိတိ စကားတစ်ခွန်းမျှမဆိုဘဲ ကျောက်ဆစ်ရုပ်အလား သူ့အမေ လက်ကို ကိုင်ရင်း မတုန်မလှုပ် ထိုင်နေခဲ့သည်တဲ့။ မျက်လုံးတို့သည် ပြူးလျက်၊ ခန္ဓာကိုယ်သည် တောင့်တင်းလျက်၊ ပကတိ တုဏှိဘာဝေ။ အလောင်းကို သယ်ထုတ်သွားကြချိန်မှာလည်း သူက မလှုပ်၊ သင်္ဂြိုဟ်တော့လည်း မျက်ရည် တစ်စက်မျှ မကျဘဲ ရပ်နေခဲ့သည်တဲ့။

ထိုအကြောင်းတွေကို တစ်ဆင့်စကားဖြင့်သာ နုနု ပြန်သိခဲ့ခြင်း ဖြစ်ပေသည်။ သေခြင်းတရားနှင့် ရင်ဆိုင်ခဲ့ရသည့် အစောပိုင်း ကာလများကို သူ ဝါးတားတားသာ မှတ်မိတော့သည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းကိုသာ သူ အမှတ်ရသည်။ မီးတောက်တစ်ခု ငြိမ်းသွားသလိုပေါ့။ ဒါကြောင့်လည်း ငြိမ်းခါနီး မီးတောက်သည် သူ မကြည့်ဝံ့ဆုံးအရာ ဖြစ်လာခဲ့သည်။

နွေးနေသည့် လက်တွေ တဖြည်းဖြည်း အေးစက်တောင့်တင်း။

ထိုကိစ္စတွေ ဖြစ်ခဲ့တုန်းက သူ့အသက် နှစ်နှစ်သာ ရှိသေးသည်ကော။ သူ့အဖေ၏ မောင်နှမသားချင်းတွေက သူ့ကို တစ်ယောက်မှ မလိုလား ကြ။ ကံဆိုးမကလေးကို ဘယ်သူမွေးချင်ပါ့မလဲလေ။ သူတို့မှာက ကျွေးရမယ့် ပါးစပ်ပေါက်တွေ အများသားကိုး။

နောက်ဆုံးတော့ အမေ့မောင်၊ သူ့ဦးလေးတစ်ယောက်က သူ့ကို ခေါ်ယူ မွေးစားခဲ့သည်။ တစ်ရွာတည်းနေသည့် ထိုဦးလေးက လောလောလတ်လတ် အိမ်ထောင်ကျထားပြီး သားသမီးလည်း မရှိသေး။ သူက အလွန်အလုပ်ကြိုးစား ပြီး သီးနှံဖြစ်ထွန်းလှသည့် ယာသမားတစ်ဦး ဖြစ်သည်။ ထိုမှတစ်ပါး ဦးလေး၏ သူမတူသည့် အရည်အသွေးတစ်ရပ်ကတော့ စိတ်ရှည်သည်းခံတတ်ခြင်းပင်။

သူ့ဦးလေး၏ သည်းခံတတ်မှုကို နုနု အံ့သြသည်။ အိမ်က ဆန်အိတ် တွေကို ကြွက်ဖောက်တော့လည်း သူ အပြုံးမပျက်။ မိုးခေါင်၍ မြေကြီးတွေ ပပ်ကြားအက်လာပြီး ဘာသီးနှံမှ မဖြစ်ထွန်းလည်း သူက မတုန်မလှုပ်။

သူ့မိန်းမက သူတို့ ရှာထားသည့် ငွေတွေကို ဘုရားပွဲ လေးကောင် ဂျင်ဝိုင်းမှာ ဆင်ကို အောထိုးပြီး ရှုံးပစ်လိုက်တော့လည်း သူ ဘာမှ မပြော။ ကြွက်ရယ်၊ ကျားရယ်၊ မျောက်ရယ်ချည်း အလှည့်ကျ ထွက်နေပြီး သူ ပိုက်ဆံ တစ်ကျပ်မှ မကျန်တော့ချိန်မတော့ ဆင် တွေချည်း အောတိုက်ထွက်နေခဲ့သည်။

သူ့အဖို့တော့ ဒါတွေက ထူးမခြားနားသာပါ။ ကလေးတစ်ယောက် အဖို့ ဘဝ၊ သေခြင်းတရား၊ နွေးရာမှ အေးသထက် အေးလာသော လက်များ အကြောင်း သိလွန်းအားကြီးနေသည်ကိုး။

သူ့စိတ်အစဉ်က ဝသန်ကာလ ရာသီဥတုလို အပြောင်းအလဲက မြန်လွန်း သည်။ တစ်ခဏမှာ ခေါင်းကြောမာ၊ နောက်တစ်ခဏမှာတော့ စိုးထိတ်ကြောက်လန့် နေပြန်လေသည်။ သူ့ကို ခန့်မှန်းနိုင်ဖို့က မလွယ်၊ ပျော်လွယ်၊ စိတ်ညစ်လွယ်၊ မျက်ရည်ကျလွယ်၊ ထမင်းပန်းကန် မှောက်ရုံဖြင့် မျက်ရည်ပေါက်ပေါက် ကျတတ် သည်။ အိမ်နီးနားချင်း ကလေးအချင်းချင်း ကတောက်ကဆတ် ဖြစ်တာလောက်ကို သူ ရက်ရှည်လများ တနုံ့နုံ့ ဖြစ်နေတတ်သည်။ သူ့စိတ်အခြေအနေအတိုင်း သူ့အရေပြားကပင် တုံ့ပြန်တတ်သည်။ စိတ်နည်းနည်း လှုပ်ရှားလိုက်သည်နှင့် လက်တွေ ခြေတွေမှာ အနီစက်ကလေးတွေ ထွက်လာသည်။ ရင်ဘတ်ပေါ် ဗိုက်ပေါ် မှာလည်း ထိုနည်းလည်းကောင်း။ ရှမ်းပြည်မှာ ပေါလှသည့် ခြင်တွေ ကိုက်ထား သော ခြင်ကိုက်ဖုလို ထိုအနီစက်ကလေးတွေက ယားလည်း ယားတတ်သေး သည်။ မခံမရပ်နိုင်အောင် ယားသဖြင့် တစ်ခါက အိပ်နေတုန်း ကုတ်ရင်း လန့်နိုး တော့ တစ်ကိုယ်လုံး သွေးတွေ ရဲနေသည်။ ဘယ်ဆေးဆရာနှင့်ကုကု မပျောက်၊ ဘာဆေးပေးပေး မသက်သာ၊ ပျောက်ချင်တော့လည်း ဘာမှ မလုပ်ရဘဲ သူ့အလိုလို ပျောက်သွားတတ်သည်။

သစ်တောထဲမှာ တခြားကလေးတွေနှင့်အတူ ဆော့ကစားနေရင်း အသက်ရှူသံ တစ်ခုနှင့်တစ်ခုအကြားမှာ အပူလုံးကြီး ကြွတက်ဖိစီးလာတတ် သည်မျိုး ဘာအကြောင်းရင်းခံမှ မရှိဘဲ မကြာခဏ ဖြစ်တတ်သည်။ ထိုသို့

ဖြစ်လာပြီဆိုလျှင် မကြာခင် သူ့ပေါ်မှာ တိမ်မည်းတွေ အုပ်ဆိုင်းလာပြီး သူ့ တစ်ယောက်တည်းပေါ်ကွက်၍ မုန်တိုင်းဆင်တော့မလို အုံ့ဆိုင်းမှိုင်းညို့နေသလို ခံစားရသည်။ လမ်းဘေးမှ လိပ်ပြာသေလေး တစ်ကောင်ကပင် သူ့အတွက် ရှိုက်ကြီးတငင် ဖြစ်စေဖို့ လုံလောက်သည့် အကြောင်းပြချက်ပင်။ ထိုသို့ ခံစား လာရပြီ ဆိုတိုင်း သူ တစ်ယောက်တည်း နေချင်သည်။ ကစားခြင်း၊ မီးမွှေးခြင်း၊ ဟင်းရွက်ခြွေခြင်းတို့ကို အသာထား သူတစ်ပါးနှင့် မျက်လုံးချင်း ဆိုင်ရသည်ကပင် သူ့အဖို့ ပင်ပန်းလွန်းလှသည်။ ထို့ကြောင့် ဒီလို မိုးမှောင်နေ့များဆို သူ ဖျာချောလေးပေါ် လှဲရင်း ဘယ်သူနဲ့မှ စကားမပြောဘဲသာ နေချင်၏။

နောက်တစ်နေ့ ရောက်သည်နှင့် တစ်ပြိုင်နက် တိမ်မည်းတို့သည် မခေါ်ဘဲ လာသလို မနှင်ဘဲ ပြေးတတ်၏။ တစ်လောကလုံး ကြည်ကြည်လင်လင် သာသာယာယာ ပြန်ဖြစ်လာတတ်သည်။ အဲသလိုနေ့မျိုးဆို သူ မခံနိုင်အောင် ပေါ့ပါးနေတတ်သည်။ အလုပ်တွေ ဇယ်စက်မတတ် လုပ်တတ်သည်။ ရေပုံး အလေးကြီးတွေကိုပင် မမောတမ်း ထမ်းတတ်သည်။ သူလည်း ဒါကို မရှင်းပြ တတ်။ ဘာကြောင့်လဲ ဆိုတာ သူ သိချင်သည်။ သိပ်သိချင်သည်။ အေးလွန်း သည့် ဦးလေးကို အတင်းမေးတော့ သူက ခဏ စဉ်းစားရင်း ဆွေးဆွေးမြည့်မြည့် ဖြေလေသည်။ သမီးရဲ့ ကံကြမ္မာဆိုးတွေကြောင့်ပေါ့တဲ့။

နောက်ပိုင်းမှာတော့ သူ တွေးမိလာခဲ့သည်။ ဒီကံကြမ္မာဆိုးတွေကြောင့် ပဲ သူ မိသားစုထဲ ဖော်မဲ့သင်းကွဲ ဖြစ်နေလေသလား။ တစ်မျိုးကြီး ခံစားရတာ တော့ အမှန်ပင်။ ဆွေမျိုးသွေးချင်း သားရင်းပေမယ့် မေတ္တာငတ်နေသလိုပင်။

ညကြီးသန်းခေါင်ထိ တစ်ခါတလေ အိပ်မပျော်၊ ထင်းမီးစာတွေ တဖျစ်ဖျစ် လောင်နေသည်ကို နားစွင့်နေတတ်သည်။ သူ့ဦးလေးနှင့် အဒေါ်၏ တီးတိုး စကားသံတွေ၊ နောက်ပိုင်း သူတို့ အိပ်ပျော်သွားပြီး အသံရှုသံတွေကို ကြားနေရ သည်။ သူတို့ သူ့ကို ချစ်ခင်ကြသည်၊ ဂရုစိုက်ကြသည်ကို သံသယ ဖြစ်စရာ မရှိ။ သူတို့ဟာ သူ့အဖေနှင့် အမေ ဖြစ်ခဲ့ကြသည်မှာ ကာလရှည်ကြာခဲ့ပြီပဲ။

သို့သော်-

သို့သော်လည်း သူတို့ကြားမှာ မမြင်နိုင်သည့် တံတိုင်းတစ်ခုက ခြားနေခဲ့သည်။

နုနု ထပ်ကာထပ်ကာ မက်တတ်သည့် အိပ်မက်တစ်ခု ရှိခဲ့သည်။ သူက ငြိမ့်ညောင်းညင်သာစီးနေသော မြစ်တစ်ခု၏ ဒီဘက်ကမ်းပါးမှာ၊ သူ့မိဘတွေက ဟိုဘက်ကမ်းပါးမှာ အထီးကျန်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကို သူ အပြင်း အထန် ခံစားနေရသည်။ မြစ်ထဲမှာက မိကျောင်းတွေ အများကြီး သူ့ကို စောင့်ဆိုင်း နေကြသယောင်။ ကမ်းပါးတစ်လျှောက် စုန်ဆန်ပြေးလွှားရင်း အလွယ်တကူ ကူးဖြတ်နိုင်သည့် နေရာကို သူ ရှာနေသည်။ မိဘတွေကို အော်ခေါ်သည်။ လက်လှမ်း ပြသည်။ သို့သော် သူ့မိဘတွေက သူ့ကို ဥပေက္ခာပြုထားကြသည်။ သူတို့ ရှေ့ဆက်သွားကြတော့မည်။ ရင်ထဲက အကြောက်တရားတွေကို မေ့သွားပြီး သိမှတ်မဲ့စွာ မြစ်ထဲ ပုန်းခနဲ ခုန်ချလိုက်သည်။ ရေနက်ပိုင်းသို့ သူ့ကို ဆွဲချနေသည့်

အင်အားတစ်ခုကို သူ ခံစားလိုက်ရသည်။ ထိုအင်အားကို တွန်းလှန်ရင်း ဖေဖေ သင်ထားပေးသည့်အတိုင်း သူ အစွမ်းကုန် လက်ပစ်ကူးသည်။ မြစ်လယ် ရောက်တော့ သူ့နောက်က မိကျောင်းတွေ လိုက်နေသည်ကို သိရသည်။ မြန်သထက် မြန်အောင် သူ ကူးသည်။ သို့သော် မိကျောင်းတွေ တဖြည်းဖြည်းနီးလာခဲ့ပြီ။ ငါးချက်ခန့် လက်ပစ်ကူးလျှင် တစ်ဖက်ကမ်းပါးဆီ ရောက်တော့မည်။ နီးလာ ပြီ။ လေးချက်၊ သုံးချက်၊ မိကျောင်းကြီးတစ်ကောင်၏ ပါးစပ်ပြဲကြီးက သူ့ကို ဝုတ်ခနဲ လှမ်းဟပ်လိုက်ချိန်မှာ တစ်ကိုယ်လုံး ချွေးတုတ်တုတ်ကျကာ အကြောက် လွန်ပြီး အသက်ရှူမရဘဲ ခက်ခဲပင်ပန်းစွာ လန့်လန့်နိုးလာတတ်သည်။

ဒီအိပ်မက်ကို ပြောပြတော့ ဦးလေးနှင့် အဒေါ်က သူ့ကို အရူးမလေး ဟု ခေါ်ရင်း ရယ်နေတတ်သည်။ ရှမ်းတောင်တန်းတွေပေါ် မိကျောင်းက ဘယ့်နှယ်လုပ် ရောက်နိုင်ပါ့မလဲတဲ့။ ဘာပြောပြော ကြောက်သည်ကတော့ အရမ်း၊ အိပ်ပင် မအိပ်ရဲ။

နှစ်ကာလ ရှည်ကြာလာတော့ ဦးလေးနှင့် အဒေါ်မှာ သားသမီးတွေ ပွားစီးလာသည်။ မောင်လေး နှစ်ယောက်၊ ညီမလေး တစ်ယောက် ရသော်လည်း ခြားထားသည့်တံတိုင်းက ကွယ်ပျောက်မသွားခဲ့။ မောင်လေး၊ ညီမလေးတွေက လည်း သူတို့ မိဘတွေ၏ စိတ်သဘောကောင်းမှု အမွေကို ဆက်ခံနိုင်ခဲ့ကြ သည်။

ပျော်ရွှင်ချမ်းမြေ့ အေးချမ်းသည့် စိတ်ဝိညာဉ်ငါးခုနှင့် ကူကယ်ရာမဲ့ အနီစက်တွေ ထွက်ထွက်နေတတ်သည့် စိတ်ဝိညာဉ် တစ်ခု။

ထို့ကြောင့်လည်း နုနုခမျာ သူ့ကိုယ်ပိုင်မိသားစုတစ်ခု စောစောစီးစီး ထူထောင်ဖို့ စိတ်ကူးမိခြင်း ဖြစ်ပုံရသည်။ မြို့ကြီးပြကြီးမှာ အိမ်ကြီးရခိုင်နှင့် နေနိုင်ဖို့ မလိုပါ။ သူ လိုသည်က အားကိုးရသည့် လင်ယောကျ်ားနှင့် အိမ့်ဆည်းလည်း သားသမီးမျှသာ။ ကလေးကို ကိုးလ လွယ်မည်။ ဆယ်လ ဖွားမည်။ ကောင်းစွာ ပြုစုစောင့်ရှောက်မည်။ သူ၏ သွေးသားမှ ဖြစ်ထွန်းလာခဲ့သည့် သူ့ကိုယ်ပွား ကလေး။

သူ့ကို ချစ်ခင်ကြင်နာ ယုယနိုင်သည့် ဘာတံတိုင်းမျှ ခြားမထားသော စိတ်ဝိညာဉ်လေးတစ်ခုပေါ့။

အခန်း (၃)

သူ့လက်ကို ခိုင်မြဲစွာ ကိုင်စွဲရင်း လက်ထပ်မည်ဟု ကထိထားသည့် ပထမဆုံး လူကို စတွေ့ချိန်မှာ သူ့အသက် ၁၇ နှစ်ပြည့်ပြီးခါစ ဖြစ်သည်။ အင်မတန် လှသွေးကြွယ်သည့် အပျိုစင်လေးအသွင် ပြောင်းလာခဲ့သည့် သူ့ကို ဈေးနေ့တွေ မှာ တွေ့သည့် ယောကျ်ားတိုင်းက ခြသေ့်လည်ပြန် ကြည့်ကြသည်ချည်း။ ယာခင်းထဲက လုလင်ပျိုတွေ၏ ရှက်သွေးနှင့် ရမ္မက်သွေး ရောယှက်နေသည့် အကြည့်တွေကိုလည်း သူ သတိထားမိသည်သာ။ ကိုယ်ဟန်သွယ်လျ မြင့်မား သော်လည်း သူ အမြဲ သွယ်မတ်စွာ နေနိုင်သည်ချည်း။ အလေးအပင်မည်မျှ ထမ်းထားသည်ဖြစ်စေ ကိုင်းညွတ်ခြင်း အလျှင်းမရှိ။ မဟာနဖူး၊ နှုတ်ခမ်း ပြည့်ပြည့် နီတျာရဲ၊ အလွန်လှသည့် မျက်ဝန်းညိုတွေနှင့် နုနုမှာ လှလွန်းသည်။ အလွန့်အလွန် လှသည်။

ဖူးစာရှင် ရွေးရတာတော့ သူ့အတွက် လွယ်လှသည် မဟုတ်။ ရုပ်ရည် သန့်ပြန့်ခြင်းနှင့် ယဉ်ကျေးသိမ်မွေ့ခြင်းအပြင် သူ့မှာ အလှဆုံးနှင့် အကြေကွဲဆုံး မျက်ဝန်းအစုံကို ပိုင်ဆိုင်ထားမှန်း နုနု သတိထားမိသည်။ တကယ်တော့လည်း ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သူတို့နှစ်ဦး အတူတူ ကြီးပြင်းလာ ကြခြင်းသာပါ။ ဘယ်ခြေက ညာခြေထက် အတန်ငယ် နိမ့်နေသဖြင့် လမ်းလျှောက်လျှင် ထော့နဲ့ ထော့နဲ့ဖြစ်တတ်သော သူသည် အရပ်ကလည်း နုနုထက် မဆို စလောက် နိမ့်နေသည်။ သူကလည်း တစ်ကိုယ်တော် အထီးကျန်သူ တစ်ယောက် ပါပဲ။ လုပ်ငန်းသိမ်းချိန် လုလင်ပျိုတွေ ယာခင်းထဲမှ အပြန်မှာ သူ တစ်ယောက် တည်း နောက်ဆုံးမှာ။ ဘောလုံး ကစားကြတော့လည်း သူ့ကို ဘယ်သူမှ မခေါ်၊ ဘေးစည်းနားက ထိုင်ပြီး တစ်ယောက်ယောက် မကစားတော့လျှင် သူ ဝင်ဖို့ တစ်ချိန်လုံး တက်ကြွစွာ စောင့်နေတတ်ရှာသည်။

မမြင်နိုင်သည့် တံတိုင်းတွေအကြောင်း၊ ရုတ်တရက် အုံ့ဆိုင်းလာသည့် တိမ်မည်းညိုတွေအကြောင်း၊ လမ်းလေးက လိပ်ပြာသေလေးတွေအကြောင်း၊ မီးတောက်တွေ ငြိမ်းကုန်မှာ သိပ်ကြောက်သည့်အကြောင်း နုနု ပြောပြခဲ့ဖူးသည့် တစ်ဦးတည်းသော လူမှာလည်း သူပင်။

သူကလည်း နုနု၏ စကားလုံးတိုင်းကို အသေအချာ နားစိုက်ထောင် တတ်သည်။ ကံဆိုးမိုးမှောင်ကျမှု ဆိုတာ သူနှင့် စိမ်းသည့်အရာ မဟုတ်ပေ။ နွေးနေသည့် လက်တွေ တဖြည်းဖြည်း အေးစက်လာခြင်းဟူသည် မည်မျှ အရေး ကြီးကြောင်း သူ ကောင်းကောင်းသိသည်။

သူတို့နှစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်သည်နှင့်တစ်ပြိုင်နက် တစ်ယောက် ခံစားချက်ကို တစ်ယောက် ကောင်းကောင်းသိနေခဲ့ကြပါပြီ။ ထို့ကြောင့် လည်း ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းဖို့ သူ ခွင့်ပန်လာသောအခါ နုနု မျက်ရည်ဖြိုင်ဖြိုင် ကျမိသည်။ သူကသာ ငြင်းလိုက်ပါလျှင် ထိုသူအဖို့ နောက်ထပ် ဘယ်မိန်းမကိုမှ လက်ထပ်ခွင့် ပန်ရဲတော့မည် မဟုတ်ကြောင်း နုနု ကောင်းစွာသိ၏။

သို့သော် ချီတုံချတုံ ဖြစ်နေမိသည်။ စဉ်းစားချိန်ပေးဖို့ ပြောမိ သည်။ မီးပုံဘေး ထိုင်ကာ တစ်ညလုံး အိပ်မပျော်ခဲ့။ သူ့နားမှာတော့ နုလုံး ကောင်း ဝမ်းကြီး မိသားစုငါးယောက် ငြိမ်းချမ်းစွာ အိပ်ပျော်နေခဲ့သည်။ သူ့ အနာဂတ် အရေးအတွက် သူတို့နှင့် တိုင်ပင်၍မရမှန်း နုနု သေချာသိသည်။ ငှက်ကလေးတွေက အရုဏ်လာပြီ ဖြစ်ကြောင်း ကြေညာသည့်အခါမတော့ သူ ဆုံးဖြတ်ပြီးခဲ့ပြီ။

အချစ်မှာ မျက်နှာစာတွေ များလှသည်။ သနားကရုဏာ ဆိုသည်က လည်း အချစ်၏ မျက်နှာစာတစ်ခုပင်။

သူက ငယ်သူငယ်ချင်း၊ သူ့ထက် ကောင်းသည့် သူငယ်ချင်း မရှိ၊ သို့သော် ချစ်သူတစ်ယောက်အနေနှင့်တော့ သူက မဖြစ်။

ဒီလို ပြောလို့ ဒုတိယလူမှာ အခွင့်အရေး ရှိသလား ဆိုတော့လည်း မရှိခဲ့ပါ။ သူကတော့ ရှမ်းပြည်နယ်မှာ အချမ်းသာဆုံး ယာခင်းပိုင်ရှင်ကြီး၏ သား ဖြစ်သည်။ နုနု၏ အလှအပက ကျော်ကြားလှသဖြင့် သူ ဒုတ်ဒုတ်ထိ ရောက်လာခြင်းသာ။ ရုပ်ချော၊ သဘောကောင်း သိမ်မွေ့သည့် သူ့ကို နုနု မွေးစားမိဘတွေက သဘောကျသည်။ သို့သော်လည်း နဖူးတွေ့ ဒူးတွေ့ တွေ့၍ မိနစ်ပိုင်းအတွင်း သူ့မှာ အကြောင်းမဲ့ ကြေကွဲခြင်း၊ အကြောင်းမဲ့ ပျော်ရွှင်ခြင်း တွေကို နားလည်နိုင်သည့် အခြေအနေ မရှိမှန်း နုနု သိလိုက်သည်။ အမြစ်မရှိ သည့် အချစ်သစ်စေ့က ဘယ်လိုများ ရှင်သန်ကြီးထွားနိုင်ပါ့မလဲ။

ဒီလိုနှင့် သူ မောင်စိန့်ကို မျက်စိလျှမ်းတော့မလို ဖြစ်ခဲ့ရသည်။

မျက်စိလျှမ်းသည် ဆိုခြင်းကြောင့် မောင်စိန်က သေးသေးကွေးကွေး ဟု မထင်လေနှင့်။ အင်္ဂလိပ်သွေးစပ်သည့် မောင်စိန်က ဖြူဖြူ ခံ့ခံ့ ထွားထွား ကျိုင်းကျိုင်း ဖြစ်သည်။ ကြွက်သား အဖုအဖုနှင့် ကြီးစွာသော ရင်အုပ်တွေ၊ လက်မောင်းတွေကြောင့် ခေါင်းပင် မြုပ်ကွယ်နေသလို။

လူရှည် လူမြင့်တွေကို သူ အရင်က သိပ်သတိမထားမိ။ သို့သော် တစ်ခုသော ဈေးနေ့မှာ နုနုသည် ညီမလေးခင်ခင်နှင့် အလုပ်တွေ ရှုပ်နေခဲ့ သည်။ ခင်ခင်က အဖျားကြီးနေသည်။ ထီးရိပ်အောက်မှာ အပူကြီးစွာ လူးလိမ့် နေသည်။ သူတို့အဖေ၏ ခြံထွက်သီးနှံတွေကို ဈေးထဲ လာရောင်းရင်း နေပြင်းလှ သည့်အတွက် နုနုသည် အဝတ်ရေဆွတ်ကာ ညီမလေးကို ရေဖတ်တိုက်ရင်း ဗျာများနေသည်။

ကလေး မှိန်းသွားသည့်အခါမတော့ အနားက စားသောက်ဆိုင်က မှာထားသည့် ခရမ်းချဉ်သီးတွေကို ပို့ဖို့ သတိရလာသည်။ ခရမ်းချဉ်သီးတောင်း ကို ရွက်ရင်း မတ်တတ်ရပ်လိုက်တော့ ဟန်ချက်ပျက်ကာ ယိုင်သွားသည်။ တောင်းထဲက ခရမ်းချဉ်သီးတွေ အောက်ပြုတ်ကျကုန်သည်။ နေရာအနှံ့ လွင့်စဉ် ကျကုန်သည်။ တချို့က လမ်းပေါ်၊ တချို့က မြက်ပင်တွေကြား၊ တချို့က ချုံအောက် လိမ့်ဆင်းကုန်သည်။ ချုံထဲဝင်သွားသည့် အသီးကို လေးဖက်ထောက်ကာ လိုက် ကောက်အပြီး ခြင်းတောင်းထဲ ပြန်ထည့်မလို့လုပ်တော့ တောင်းက ခရမ်းချဉ်သီး တွေ ပြန်ပြည့်နေပြီ။ ခေါင်းမော့ကြည့်လိုက်တော့ လူငယ်တစ်ယောက် သူ့ကို

ပြုံးကြည့်နေသည်ကို မြင်လိုက်ရသည်။ အကြည့်ချင်းဆုံတော့ သူက ရှုံးတိုး ရှုန့်တန့်နှင့် အကြည့်လွှဲပစ်သည်။

သူ့အပြုံးကို နုနု တစ်သက် မမေ့နိုင်ပါ။ နွေးထွေး ရိုးရှင်းပြီး စိတ်ထား ကောင်းသည့် အပြုံး။ ထို့ထက်ပိုသည်ကတော့ ကြေကွဲမှုမှာ အကြောင်းပြချက် မလိုသည်ကို အသေအချာ သိနေသည့် အပြုံးရယ်ပါ။

ညီမလေးဆီ စိတ်က ရောက်နေသည်မို့ အာရုံက သူ့ဆီမှာ သိပ်မရှိ။ သို့သော်လည်း ပြီးခဲ့သည့် ရက်တွေမှာတော့ ပုံမှန်မဟုတ်သည့် ကိစ္စများစွာကို သူ တွေ့ကြုံခဲ့ရသည်။

လူတွေ၏ အာရုံငါးပါးဖြင့် ခံစား၍ရသော ကမ္ဘာထက် စစ်မှန်သော အရာသည် မရှိဟု ကေန်မုချ ယုံကြည်နေကြသည့် ထင်မှတ်မှားမှုကို နုနု အံ့သြ မိသည်။ သိမှုနယ်နိမိတ်ကို ကျော်လွန်၍ တည်ရှိနေသည့် အရာများသည် ရှိလည်း ရှိ၊ ရှိကြောင်း အရိပ်လက္ခဏာတွေကိုလည်း ပြသတတ်ကြသည်။ ဒါတွေကို မြင်တတ်၊ ခံစားတတ်၊ အဓိပ္ပာယ်ဖော်တတ်ဖို့သာ လိုသည်။ ဆည်းဆာ မလင်းတလင်းအောက်က ငှက်ပျောနှင့် သဘော်ပင် အရိပ်တွေ၊ မီးပုံက အညွန့် တလူလူထွက်သော မီးခိုးတွေ၊ တိမ်တွေ၏ ပုံသဏ္ဍာန်တွေကို နုနု အသေးစိတ် လေ့လာသည်။ ကောင်းကင်ကို တမေ့တမြော မော့ကြည့်ရင်း တိမ်တွေ၏ ဖြစ်တည်မှုကို ဖတ်နေသည်။ သူတို့၏ ဆန်းကြယ်သော တည်ရှိမှုက သူ့ကို အံ့မခန်းဖြစ်စေသည်။ တိမ်တောင် တိမ်လိပ်တွေက အမြဲတမ်း ပုံသဏ္ဍာန် ပြောင်းလဲနေသည်။ မမြင်ရသည့် လက်အစုံဖြင့် ပြုပြင်ဖန်တီးပေးနေသည့် အလား၊ ခဏနေတော့လည်း ပုံသဏ္ဍာန် အတိအကျ မရှိသည့်ဘဝသို့ ပြိုကွဲ ပျက်စီးသွားကြပြန်သည်။

တိမ်တွေကို မိုးရွာမလား၊ သာယာမလား ဆိုသည့် သဘောဖြင့်သာ ကြည့်တတ်သူတွေကို နုနုက သနားမိသည်။ သူကတော့ တိမ်တွေကြားမှာ မျောက်တွေ၊ ကျားတွေ၊ ကျီးကန်းတွေ၊ ကွဲကြေနေသော နှလုံးသားတွေ၊ မျက်ရည် လည်ရွဲ မျက်နှာတွေကို မြင်နေရသည်။

ပြီးခဲ့သည့် အပတ်တွေတုန်းက ကောင်းကင်မှာ အင်အားကြီးလှသည့် ဆင်ပြောင်ကြီးတွေကို သူ မြင်ရသည်။ နောက် သုံး လေးရက် ကြာတော့ တိမ်တိုက် ဖြူတစ်ခုက သူ့မျက်စိရှေ့မှာ ငှက်တစ်ကောင်အသွင် ပြောင်းသွားခဲ့သည်။ ကံကောင်းခြင်း လက်ဆောင်တွေ ဆောင်ယူလာမည့် ဇီးကွက်ငှက်အသွင်။ ဒါကြောင့်မို့ တစ်ယောက်ယောက်၊ သို့မဟုတ် တစ်ခုခုတော့ သူ့နား ချဉ်းကပ်လာပြီ ဆိုတာကို နုနု အသေအချာ သိသည်။

မနေ့က ယာခင်းထဲမှာ ပုံသဏ္ဍာန်အားဖြင့်ထူးဆန်းသည့် လက်သီးဆုပ် အရွယ် ကျောက်တုံးတစ်တုံးကို သူ တွေ့ရသည်။ ကျောက်တုံးပုံက ကြည့်သည့် ဘက်ကို ပြောင်း၍ ကွဲပြားသွားသည်။ လိုဏ်ခေါင်းလိုလို၊ ဆင်းတုတော်လိုလို၊ တကယ်တော့ သူ့စိတ်ထဲက စိတ်ကူးပုံဖော်နေခြင်း ဖြစ်မည်။ တကယ့် ပုံသဏ္ဍာန် အမှန်က ဘာလဲ၊ သူလည်း သိပ်မသေချာ။

ဟော- ဒီနေ့တော့ မောင်စိန် သူ့ရှေ့မှာ ဘွားခနဲ ကိုယ်ထင်ပြလာခဲ့ပြီ။ မောင်စိန်သည် ပြည်နယ်အစွန်အဖျားမှ ရောက်လာခြင်း ဖြစ်သည်။ သူ့ဦးလေး၏ ယာခင်းမှာ လာရောက်ကူညီခြင်းတဲ့လေ။ ညီမလေး အဖျားကြီး နေကြောင်း၊ ခရမ်းချဉ်သီးတောင်းကို စားသောက်ဆိုင်သို့ ပို့ပေးစေလိုကြောင်း၊ ငွေပါ တစ်ခါတည်း ယူခဲ့စေလိုကြောင်း မောင်စိန်ကို သူ ပြောလိုက်သည်။ မောင်စိန်က စကားတစ်ခွန်းမျှ မဆိုဘဲ ခရမ်းချဉ်သီးတောင်းကို စွေ့ခနဲ ထမ်း လိုက်သည်။

ခဏနေတော့ နုနုရှေ့မှာ သူ ဒုတိယအကြိမ် ပေါ်လာခဲ့သည်။ သူ့ရောမ လက်ချောင်းကြီးတွေကို နုနု သတိထားမိသည်။

ခရမ်းချဉ်သီးဖိုး ငွေတစ်ကျပ်နှင့် အကြွေအနည်းငယ်ကို နုနုကို သူ ပေး၏။ ပြီးတော့ ဘာကူညီရဦးမလဲ မေး၏။

သေချာပေါက် ကူညီရမယ်ပေါ့။ ဖျားနေသည့် ညီမလေးကို အိမ်သွားပြန်ပို့ပေးဖို့ ကူညီပါ၊ နေမညိုခင် ဒီပြန်လာနိုင်မယ် မဟုတ်လား ရှင်။

ဟင့်အင်းတဲ့- ဒီမှာ စောင့်ပေးဖို့ဆို ကိစ္စမရှိပါဘူးတဲ့၊ ဒါပေမဲ့ သွားတော့ မသွားပေးနိုင်ပါဘူးတဲ့။

အံ့သြတကြီးဖြင့် နုနု ခေါင်းညိတ်ပြရသည်။

အိပ်ပျော်နေသည့် ကလေးနား နေရိပ်မှာ မောင်စိန်က ထိုင်ချလိုက် သည်။ ခင်ခင်ကလေး၏ ခေါင်းက နုနု ပေါင်ပေါ်မှာ။ မောင်စိန်က သောက်ရန် ရေအေးအေး သွားခပ်ပေးမည် ပြောသည်။ နုနုက ခေါင်းခါပြလိုက်သည်။ ခပ်တုန်းက အေးသော်လည်း မကြာခင် နွေးသွားမည်သာ။ ပြီးတော့ မောင်စိန့် ကို သူ့အနားကနေ ဘယ်မှ မသွားစေချင်။

သန်မာထွားကျိုင်းသော လုလင်ပျိုတစ်ဦးက ကလေး ပေါင်ပေါ် တင်ထားသည့် ဈေးသည်မလေးတစ်ဦးနား ထိုင်နေသည့် မြင်ကွင်းကို ဈေးသွား ဈေးလာတွေက လှည့်ကြည့်လှည့်ကြည့် လုပ်နေကြသည်။ ခရမ်းချဉ်သီး၊ ချင်း၊ ခရမ်းသီး လာဝယ်ကြသော ဖောက်သည်တွေကလည်း ကွက်ကြည့် ကွက်ကြည့်။

မောင်စိန်ကတော့ တရားထိုင်နေသည့်အလား ခါးကို မတ်မတ်ထား ထိုင်း မျက်လွှာကို ချရင်း ပတ်ဝန်းကျင်ကို ဥပေက္ခာပြုကာ သူ လုပ်ခဲ့မိသည် များအတွက် သူ မယုံနိုင်အောင် ဖြစ်နေသည်။ ပုံမှန်ဆိုလျှင် သူက အရှက် အကြောက် ကြီးလွန်းလှသူ။ ခုတော့ သူ တွေ့ဖူးသမျှထဲ အလှဆုံး ဖြစ်သည့် ဒီအမျိုးသမီးလေးနှင့် အတူယှဉ်တွဲထိုင်နေမိပြီ။ သူ ဘယ်က သတ္တိတွေများ ရသွားပါလိမ့်။ ရဲစွမ်းသတ္တိ ဆိုသည်က အချိန်အခါကောင်း ရွေးကာ ထွက်ပေါ် လာတတ်သည်လား မသိ။

နုနုက မေးခွန်းတစ်ခွန်း မေးလိုက်တိုင်း သူ ယဉ်ကျေးစွာ ဖြေသည်။ သူ့အဖြေတွေက စကားလုံးတွေ ထပ်နေသည်။ သူ့နှုတ်ထွက်စကားသံက တိုးတိုးညင်သာ။

တကယ်တော့လည်း မောင်စိန်မှာ တစ်နေ့လုံး နေလို့ စကားလေးလုံး ကွဲအောင် ပြောတတ်သူ မဟုတ်၊ စကားနည်းလွန်းသူ တစ်ဦး ဖြစ်သည်။ မပြောချင်လို့ မပြောတာ မဟုတ်၊ အပြောထက် အလုပ်ကိုသာ သူက အားသန်သူ ဖြစ် သည်။ ပြီးတော့ တိတ်ဆိတ်ခြင်းကို နှစ်ခြိုက်လှသူလည်း ဖြစ်နေသေးသည်ကိုး။

သူ့ငယ်ဘဝတစ်လျှောက်လုံးကို ကိုရင်ဘဝဖြင့် ကုန်ဆုံးခဲ့ရသည့် မောင်စိန်မှာ ဆရာဘုန်းကြီး သွန်သင်ဆုံးမခဲ့သည့် သံသရာ ဆိုတာ မရှည်စကောင်း ဆိုသည့် ဩဝါဒကို စိတ်ထဲ စွဲနေခဲ့သည်။ ဘဝကို လိုသည်ထက်ပို၍ မွေးမြူ လျှင် သံသရာရှည်ချိမ့်မည်။ စိတ်ကောင်းထား၊ တရားမျှတစွာနေ၊ ပျော်အောင် နေ၊ သူတစ်ပါးကိုကူညီ၊ ဆရာတော်နှင့် ဘုန်းကြီးတွေ၏ ထိုဩဝါဒတွေနှင့် အညီ သူ့ဘဝကို တည်ဆောက်ရင်း နေထိုင်သည်။ ကျန်အရာတွေက နောက်မှ သူ့အလိုလို လိုက်ပါလာလိမ့်မည်။ လိုက်မလာခဲ့လျှင်လည်း ဘာမျှ အရေးမကြီး ပေ။

ခု သူ့အနားက မိန်းမပျိုလေးကို သူ ဘာအကြောင်း ပြောရမည်နည်း။

ယာသူရင်းငှား၊ သစ်ခုတ်သမားဘဝ သူ့အလုပ်အကြောင်းကတော့ ဘာမျှ စိတ်ဝင်စားစရာ မရှိသည်မှာ သေချာသည်။ ဒါဖြင့် သူ့ထက် အသက် သုံးဆယ်ခန့် ငယ်သည့် အိမ်နီးနားချင်း၏ သမီးလေးကို အရယူပြီး ကလေး ပေါက်စလေး လောလောလတ်လတ် မွေးထားသည့် သူ့ဦးလေးအကြောင်းရော၊ ဟင့်အင်း- စိတ်ညစ်စရာ အကြောင်းအရာ ဖြစ်သည်။

ဒါဖြင့် သူ့အိမ်အကြောင်းရော။ သေမင်းက မကြာမကြာ လာလည် တတ်သည့် သူ့အိမ်၊ သူ့မိသားစုအကြောင်းပေါ့။ အသံတိတ် ရောက်လာတတ်ပြီးသူ ခေါ်ချင်သူကို မပြန်လမ်းသို့ ခေါ်သွားတတ်သည့် ဧည့်သည်ကြီးပေါ့။ သူ့ညီ အငယ်ဆုံးလေးကို မြွေဟောင်ဆောင်ကာ ခေါ်သွားခဲ့သည်။ ချုံပုတ်ကြားထဲ တုတ်တစ်ချောင်းဖြင့် ထိုးမွှေဆော့နေသည့် လေးနှစ်သားကလေးသည် ဘဝ အကြောင်း ဘာမျှ မသိသေးခင် ဘဝကို အဆုံးသတ်သွားခဲ့သည်။

သူ့အစ်ကိုအကြီးဆုံးကိုလည်း ယူကလစ်ပင် ယောင်ဆောင်၍ ခေါ်သွား ခဲ့သေးပြန်တာပါပဲ။ ရှစ်နှစ်သားကလေးတစ်ယောက် လောကကြီးကို အထက်စီး က မြင်ချင်ဇောဖြင့် ယူကလစ်ပင်ပေါ်တက်၊ အကိုင်းကျိုးကျ၊ တောင်ပံပါမှပင် သူ့ကို ကယ်တင်နိုင်လိမ့်မည်ပဲ။

ဟင့်အင်း- ပျော်စရာအကြောင်းတွေပဲ ပြောမှ ဖြစ်မည်။ သူက ကြုံခေါင့် ကြုံခဲ ဧည့်သည် မဟုတ်လား။ သူ နုနုကို မကြာခဏ ကြည့်နေမိသည်။

ကနေ့ဆိုလျှင် နုနုသည် သူ့ရှေ့ကို ခရမ်းချဉ်သီးတောင်း မှောက်သည့် အသွင်ဖြင့် ရောက်လာခဲ့သည်။ သူ့ကိုလည်း ထိုလမ်းမှ ဖြတ်သန်းသွားစေခဲ့ သည်။ ချမ်းသာသုခ မျက်နှာဖုံးတပ်ထားသည့် အရာများ၏ ဖြားယောင်းသွေးဆောင် မှုအောက်မှာ စီးမျောလိုက်ပါသွား၍ ဖြစ်မည်လား။

စဉ်းစားလေလေ ဘာမျှ မပြောသင့်မှန်း သိလာလေလေပင်။ ငြိမ်ငြိမ် လေး

ထိုင်နေခြင်းကပင် လုံလောက်နေခဲ့ပြီ။ သူ့နားမှာ ထိုင်၊ သူ့ကို မကြာခဏ ကြည့်ရင်း သူ့ဆီက တုံ့ပြန်မှုတွေကို ရနေပြီပဲ။

စပ်စုချင်စိတ်တွေ ပြင်းထန်လှပေမယ့် သူ အသံတိတ်နေခြင်းကို နုနုက သဘောကျသလို ဖြစ်နေသည်။ အချိန်တန်ရင် အားလုံး သိသွားမှာပါလေဟု သူ့ကိုယ်သူ အသာဖြေသိမ့်နေသည်။

မျက်လုံးချင်း ဆုံမိသည့်တစ်ခဏမှာပင် ထိုလူသည် သူ့ကို နောက်တစ်ခါ လိပ်ပြာအသေလေးတွေအတွက် မျက်ရည်မကျအောင် လုပ်ပေးနိုင်သည့်၊ မီးပုံထဲ မီးမပြတ်အောင် ဖန်တီးပေးနိုင်မည့်လူ ဆိုတာ နုနု သိလိုက်သည်။

ဈေးကွဲချိန်မတော့ နုနုသည် လက်ကျန်သီးနှံတွေကို တောင်းထဲ ထည့်လိုက်၏။ လေးလံလှသည့် တောင်းကြီးကို ခေါင်းပေါ် ပင့်ပေးဖို့ မောင်စိန့်ကို တောင်းဆိုသည်။ ဤမျှလေးသည့် အလေးအပင်ကို နုနု တစ်ယောက်တည်း ဘယ်တော့မှ မမသင့်ဟု တောင်းကို ဆကြည့်ရင်း မောင်စိန် ပြောလေသော အခါမတော့ ဤတောင်းကို နုနုခေါင်းပေါ် တင်ပေးဖို့ထက် သူကိုယ်တိုင် ထမ်း ၍ သုံး၊ လေးခေါက် သွားရလည်း ကိစ္စမရှိဟု ပြောနေဘိသကဲ့သို့ ခံစားရတော့ သည်။ မောင်စိန်က နုနု၏ နမငယ် ခင်ခင်ကို လက်တစ်ဖက်ဖြင့် ပွေ့သည်။တောင်းကို သူတို့နှစ်ယောက် အတူဆွဲလာကြသည်။ ပြီးတော့ ဖြည်းဖြည်းချင်း လျှောက်လှမ်းလာခဲ့ကြသည်။

သူတို့ ခွဲခွာချိန်မှာတော့ နောက်တစ်နေ့မှာ ထပ်တွေ့ရဖို့အရေး မောင်စိန်က ခွင့်တောင်းလေသည်။ ထိုညက နုနု တော်တော်နှင့် အိပ်မပျော်ခဲ့။ ယာခင်းထဲ တွေ့ခဲ့ဖူးသည့် ပုံသဏ္ဍာန် ပြောင်းလဲနေသည့် ကျောက်တုံးကို အမှတ်ရနေသည်။ ခုတော့ ထိုကျောက်တုံး ဘယ်လို ပုံသဏ္ဍာန်ဆိုတာ သူ သိခဲ့ပြီ။

■■■

အခန်း (၄)

အိပ်ပျော်နေသည့် ချစ်လင်အနားမှာ လှဲရင်း မိုးသံတွေကို နုနု နားစွင့်နေခဲ့သည်။ သူ အသံတွေကို သရုပ်ခွဲတတ်သည်ပဲ။ ငှက်ပျောရွက် အကြီးကြီးတွေက အားနှင့် မာန်နှင့် ပြင်းပြင်းရှရှ လှုပ်ယမ်းတတ်ပေမယ့် ဝါးရွက်သေးသေးလေးတွေက တော့ အသာအယာ နူးညံ့ညင်သာစွာသာ ခါယမ်းတတ်သည်။ ခြံထဲက ရေကန် ကလေးက ပလုံစီလေးတွေ ပွက်ခနဲ ပွက်ခနဲ ထတတ်သည်။ ခနိုအမိုးပေါ် မိုးပေါက်တွေကျတော့ တဖြတ်ဖြတ်အသံ ကြားနေသည်။ အိမ်ထရံတွေကလည်း ဆွေးစပြု ပေါက်စပြုနေခဲ့ပြီ။ ဝါးကြမ်းခင်းတွေက ဟိုမှ ဒီမှ ကျိုးကျိုး ကျွတ်ကျွတ် မြည်နေသည်။ အိမ်ပြင်ဖို့ ငွေက မရှိသေး၊ ဒီအတိုင်း အနည်းဆုံး တစ်နှစ်တော့ ဆက်နေသွားရဦးမည်။

အနီးနားအိမ်က သွပ်မိုးပေါ် မိုးပေါက်ကျသံတွေက ဒေါမာန်ပါပါ တဖြောင်းဖြောင်း မြည်နေသည်။ ထိုအသံများနှင့် ဆိုလျှင် သူ ဘယ်တော့မှ အိပ်ပျော်မည် မထင်။ ဘယ်လောက်ပဲ လုံခြုံစိတ်ချရတယ် ပြောပြောပေါ့။

မနေ့ နေ့လယ်ကတည်းက ရွာလိုက်သည့်မိုးက ခုထိ မတိတ်နိုင်သေး။ ဒါက ဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်စဉ်တစ်ခုသာ။ များသောအားဖြင့် ခုလို ရာသီမှာ မိုးသားတွေ မည်းလာပြီဆိုလျှင် လေထုထဲ စိုထိုင်းဆတွေ သိပ်သည်းလာပြီးတစ်နာရီ နှစ်နာရီခန့် မိုးရွာတတ်သည်။ မြေသားက အစိုဓာတ်တွေကို စုပ်ယူ လိုက်သည်။ နေပွင့်လာပြီ ဆိုသည်နှင့် အညှာအတာမဲ့စွာ ပူတော့သည်။ မြေကြီး သည် ချက်ချင်း ခြောက်သွေ့သွားပြီး နောက်ထပ် မိုးတစ်မ ရွာချိန်အထိ စိတ်ရှည် လက်ရှည် စောင့်ရတော့သည်။

အပြင်ဘက်မှာတော့ အရုဏ်တက်ပြီးခဲ့ပြီ။ အလင်းရောင်လေးတွေ ထရံကြားကနေ မြင်နေရသည်။ နုနုက အိပ်ပျော်နေသော လင်တော်မောင်၏ ရင်ဘတ်ကြီးကို ဖက်ထားလိုက်သည်။ မိနစ်အနည်းငယ်အတွင်း သူ့ခန္ဓာကိုယ်မှ အနွေးဓာတ်ကို ခံစားရသည်။ သူ့အသက်ရှူသံ၊ သူ့ ဖြည်းဖြည်းမှန်မှန် ရင်ခုန်သံ တွေကို ခံစားသိရှိနေခဲ့သည်။ နုနု အိပ်ရာ ထလိုက်သည်။ မီးမွှေးသည်။ ရေနွေး တည်သည်။ တံခါးဝမှာ ထိုင်ရင်း ခြံဝင်းထဲ အဆက်မပြတ် ကျနေသည့် မိုးပေါက် တွေကြောင့် ရေတွေ အိုင်ထွန်းနေတာကို ငေးနေသည်။

သူ မိုးရာသီကို ချစ်သည်။ မိုးပေါက်တွေကြောင့် နိုးထလာသည့် မြေ ကမ္ဘာ၊ သဘာဝတရားက ဖန်ဆင်းထားခဲ့သည့် သက်ရှိသတ္တဝါတို့ နေထိုင်ရာ သတ္တကမ္ဘာနှင့် တစ်လောကလုံး စိမ်းစိုနေသည့် မြင်ကွင်းတွေ။ ပြီးတော့ မိုးတွင်း မှာ အစောကြီး အိပ်ရာထစရာ မလို။ ခုလည်း မိုးသံတွေကို နားစွင့်နေရုံမှတစ်ပါး ဘာအလုပ်မှ မရှိ။ ထို့ကြောင့် -

ယောက်ျားကို မနိုး နိုးအောင် ချော့မြှူရင်း ချစ်ခန်းဖွင့်ကြဖို့ ဆန္ဒလေး တွေ ရင်ထဲမှာ ဖြစ်လာသော်လည်း သူ ကြွကြွခံ တွန်းလှန်လိုက်သည်။ နောက်

တစ်နာရီလောက်နေလျှင် ကိုရင်လေးတွေ ဆွမ်းခံကြွလာတော့မည်။ ထမင်းနှင့် သီးစုံဟင်းကို သူ ချက်ပြုတ်ရသည်။ အိမ်မှာ ဘယ်လို စားရစားရ၊ ဆွမ်းကိုတော့ အကောင်းဆုံး ဦးဦးဖျားဖျား လောင်းလှူရှိသည့် သူ့သဒ္ဓါတရားကို ဘုန်းကြီး ကျောင်းသား မောင်စိန်တောင် အံ့ဩယူရသည်။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း သူ အလွန်အင်မတန် ပျော်ရွှင် ချမ်းမြေ့ခဲ့ရသည်ပဲ။ ဒီပျော်ရွှင်ချမ်းမြေ့မှု သုခတွေက အရင်ဘဝက ပြုခဲ့သည့် ကုသိုလ်ကောင်းမှုကြောင့် မဟုတ်ပါလား။

သူတို့ လက်ထပ်ကြတော့ မောင်စိန့် ဦးလေးက ငွေချေးပေးသဖြင့် နုနု ဇာတိရွာမှ နှစ်ရက်ခရီး လမ်းလျှောက်ရသည့် ဤရွာလေးမှာ ယာလေး တစ်ခင်း၊ အိမ်ဝိုင်းလေး တစ်ဝိုင်းနှင့် တဲလေးတစ်လုံး ပိုင်ဆိုင်ခဲ့ကြသည်။ တဲကလေးက သူတို့အတွက် နေပျော်ပါသည်။ အိပ်ခန်းလေး တစ်ခန်းနှင့် တဲထောင့် က မီးဖိုချောင်ကလေး၊ နောက်က သစ်သားစင်ပေါ်မှာတော့ ပန်းကန်ခွက်ယောက် နည်းနည်း။ စင်ဘေးမှာ ဆန်အိတ်၊ ငါးပိအိုးနှင့် ဟင်းသီးဟင်းရွက်တွေ။

တံခါးအထက်နံရံမှာတော့ နံရံကပ်နာရီအို တစ်လုံး၊ နာရီက ခြောက် နာရီမှာ ရပ်နေတာ အတော်ကြာခဲ့ပြီ။ တစ်ဖက်နံရံမှာ ဘုရားစင်။ အိမ်ခေါင်မိုး သစ်သားဒိုင်းလွှားနှစ်ခုကြားမှာ ဝါးလုံးရှည် နှစ်လုံး တန်းထားသည်။ အဲဒီပေါ်မှာ မျက်နှာသုတ်ပဝါ နှစ်ထည်။ လုံချည်တစ်ထည်၊ ရှပ်အကျီတစ်ထည်၊ တီရှပ် တွေနှင့် အဝတ်အစားအချို့၊ ဒါ သူတို့ ပိုင်ဆိုင်သမျှ အကုန်ပင်။

ခြံဝင်းထဲမှာတော့ သဘော်ာပင်တွေ၊ ငှက်ပျောပင်တွေ၊ ဝါးပင်တွေနှင့် အုန်းပင်တွေ အစီအရီ။ တဲနောက်က အခန်းလေးထဲမှာတော့ ဆန်နှင့် သီးနှံရိက္ခာ တွေ ထည့်ထားသည်။

သစ်ခုတ်သမား မောင်စိန် ယာသမားဘဝမှာ အသားမကျပါ။ ယောက္ခမ ကြီး၏ သင်ပြမှုကို ကြိုးစား လေ့လာသင်ယူရင်း ယာခင်းထဲ ပထမဆုံး ရောက်သည့် ဝီရိယသမား ဖြစ်သော်လည်း ယာခင်းနှင့်သူ အကျိုးမပေး၊ သီးနှံလည်း သိပ်မဖြစ်ထွန်း၊ ဖြစ်ထွန်းသမျှကလည်း ကြုံကြုံလိုလိုသာ။

တစ်ခါတလေများဆို ခါးလှဖို့ မပြောနှင့်၊ ဝမ်းဝဖို့ပင် အနိုင်နိုင်မို့ ယာသမားအလုပ်ဖြင့် မိသားစုကို ထောက်ပံ့နိုင်ပါ့မလား ဆိုတာ မောင်စိန် ကိုယ့်ကိုယ်ကိုယ် သံသယရှိလာခဲ့သည်။ မူလ သစ်ခုတ်သမားဘဝကို ပြန်သွား ဖို့ ဆိုတာကလည်း သူတို့ ဒေသတစ်ဝိုက်မှာ ကျွန်းပင်တွေက ကုန်လုပြီ။ အဝေး သို့ သွား၍ သစ်ခုတ်လျှင် တစ်နှစ်မှာ လပေါင်းများစွာ ခရီးချည်းထွက်နေ ရမည်။ နုနုရော သူပါ ဒါကို မကြိုက်ကြ။ တစ်နာရီဝေးလျှင် တစ်နာရီ ဆုံးရှုံးသည် သာတည်း။ ထို့ကြောင့်လည်း ကျပ်တည်းဆင်းရဲမှုကို သူတို့ ဤစိတ်ဖြင့် သည်းခံနိုင်ခဲ့ကြသည်။

သူတို့နှစ်ယောက်လုံး အရင်နှင့်မတူ၊ အင်မတန် ကွဲပြားခြားနားသော သူတို့ ခန္ဓာကိုယ်များ၏ တုံ့ပြန်မှုကို အတူတကွ ရှာဖွေ တွေ့ရှိခဲ့ပြီးကြပြီလေ။ တွန့်ဆုတ် ရှက်ရွံ့သည့် ပထမဆုံး အထိအတွေ့တွေ၊ ပြီးလျှင်တော့ ရပ်တန့်လို့ မရတော့သည့်

ပြင်းပြသော ငံ့လင့်မှုနှင့် ဆန္ဒကိုယ်စီ။

ထိုဆန္ဒတွေက နုနု၏ အမြစ်တွယ်နေသည့် ကြေကွဲဝမ်းနည်းမှုတွေကို လွင့်စဉ်ထွက်သွားအောင် မောင်းထုတ်ပစ်လိုက်သည်။ လက်ထပ်ပြီးစ ပထမလများတုန်းကတော့ ကြေကွဲမှုတွေ သူ့မှာ အမြစ်တွယ်နေခဲ့သေးသည်။ နုနုကလည်း သူ့ငယ်ချစ် ထိုခံစားချက်တွေကို ယောက်ျား မသိအောင် ကွယ်ဝှက် သိမ်းဆည်းထားလိုသည့် သဘော။ သို့သော် မောင်စိန်က သူ့မယားအကြောင်း သိလွန်း သည်။ အကြည့်တစ်ချက်သည်ပင် နုနု ဘာဖြစ်နေသလဲ ဆိုတာကို သူ သိဖို့ လုံလောက်နေခဲ့သည်။ ဝမ်းနည်းမှုတွေ ဖိစီးနေလျှင် သူ အိပ်ရာကထဖို့ မည်မျှ ခက်ခဲသည်ကို လည်းကောင်း၊ ချက်ပြုတ်ဖို့၊ အိမ်နီးနားချင်းတွေနှင့် စကားစမြည် ပြောဖို့၊ ဈေးသွားဖို့ မည်မျှ အားစိုက်ရသည်ကို လည်းကောင်း မောင်စိန် ကောင်းကောင်းသိသည်။ ထို့ကြောင့် ထိုအချိန်မျိုးဆိုလျှင် သူ နုနုကို နှစ်ဆ တိုး၍ ဂရုစိုက်သည်။ ကြင်နာသည်။ ယုယသည်။ ကြေကွဲဝမ်းနည်းမှု ဟူသည် ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့။

ခုတော့ နုနုတစ်ယောက် ဘယ်တုန်းက နောက်ဆုံးအကြိမ် ဝမ်းနည်းစိတ်တွေ ဖိစီးခဲ့သည်ကို မမှတ်မိနိုင်တော့ပြီ။ ငြိမ်းချမ်းလွန်းသူနှင့် သောကဖိစီးလွန်းသူတို့ နှစ်ယောက်သား နောက်ဆုံးတော့ အေးချမ်းမှုကို အတူရှာဖွေနိုင်ခဲ့ကြပြီ။

မောင်စိန်နှင့် တွေ့ပြီးကတည်းက နုနုတစ်ယောက် ဖူးစာ ဆိုတာကို စိတ်ချလက်ချ ယုံကြည်လာခဲ့သည်။ မေတ္တာခြံ၍ ရင်ငွေ့လှုံကာ နွေးလှသည် ကော။ မောင်စိန်နှင့် အတူတကွ ကြည်ကြည်နူးနူး ဖြတ်သန်းခဲ့ကြသည့် နှစ်နှစ်တာ အချိန်ကာလ ဆိုတာ ဟုတ်ရော ဟုတ်ရဲ့လားဟု တစ်ခါတလေ နုနု တွေးနေမိသည်။ ကံကောင်းသည့် ကာလအခိုက်အတန့်ဆိုတာ သူ့အတွက် အဲသလောက် ရှည်ကြာနိုင်ပါ့မလား။ ကံကောင်းခြင်း လက်ဆောင် ဆိုတာ လူတစ်ယောက်ဘဝမှာ စောစောစီးစီး ကြုံတွေ့ရသည်လား၊ နောက်ကျမှ ကြုံတွေ့နိုင်သည်လား၊ ဒီပျော်ရွှင်ချမ်းမြေ့မှုတွေ အခွန့်ရှည်အောင် ဘယ်လို လုပ်ရမလဲ၊ ဒါဟာ ရေပွက်ပမာ တစ်ခဏတာများလား၊ ဘယ်စည်းမျဉ်း စည်းကမ်းကိုမျှ မလိုက်နာသည့် ကံဇာတ်ဆရာ၏ ကန်ချင်တိုင်း ကန်ထုတ်လိုက် သည့် ဘောလုံးတွေလို၊ အရှိန်ပြင်းသည့် မြစ်ရေပြင်ထဲ မျောချင်တိုင်း မျောနေရ သည့် သစ်ကိုင်းယင်လို ဘဝတွေက ကံစီမံတိုင်း ငံ့ခံရမည်လား။

တကယ်တော့လည်း ဘဝ ဆိုသည်က ဘာအဓိပ္ပာယ်ကိုမျှ ဆောင်ယူနိုင်စွမ်း မရှိလေ၊ အိပ်ပျော်နေသည့် လင်တော်မောင်၊ သူ ကာလရှည်ကြာ ငံ့လင့်နေပါသော်လည်း ခုထိ ပေါ်မလာသေးသည့် သားလေး ကိုကြီး၊ သူတို့သာလျှင် နုနု၏ ယောက်ယက်ခတ်နေသည့် စိတ်တို့ကို အနည်ထိုင်အောင် လုပ်နိုင်စွမ်း ရှိသူတွေ ဖြစ်သည်။ အချစ်၏ အရိပ်လက္ခဏာ သင်္ကေတတွေကသာလျှင် သူ့ သံသယတွေကို ပြေကျစေနိုင်သည်လေ။

ကိုစိန့် ချစ်ခြင်းမေတ္တာတွေကို သူ့နှလုံးသား၏ အနက်ရှိုင်းဆုံး နေရာ အထိ ခံစား၍ ရပါသည်။ နောက်ထပ် သံသယစိတ်တွေ ပေါ်မလာမချင်းပေါ့။ အို- ဒါတွေ ထာဝရ ပျောက်ကွယ်သွားမှာပါလေ။ သူ့ဘဝရဲ့ အမောတွေ၊ သံသယတွေ၊

ကြေကွဲမှုတွေကို ဆားက ရေကို စုပ်သလို စုပ်မျိုသွားမှာပါလေ၊ နောက်တော့ပေါ့၊ နောက်များမှာပေါ့။

ခုတော့ ထမင်း ဟင်းက အငွေ့တထောင်းထောင်းနှင့် အသင့်ဖြစ်နေ ပြီ။ လက်ဖက်ရည်ကြမ်း တစ်ခွက်ငှဲ့ တဲတံခါးဝမှာ ဆောင့်ကြောင့်ပြန်ထိုင်ရင်း ဘုန်းကြီးတွေ ဆွမ်းခံကြွလာမှာကို စောင့်မျှော်နေခဲ့သည်။ ဒါမှမဟုတ် ကိုစိန် နိုးလာပြီး သူ့နား လာ၍ သူ့ကို ချော့မြှူကာ အိပ်ချင်မူးတူး မျက်လုံးတွေနှင့် ကြည့်ရင်း သူ့ကို ပြုံးပျော်စေမှာကိုပေါ့။

မိုးက တဖြည်းဖြည်း စဲ၍လာနေသည်။ အနီးနားက အပင်ပေါ်မှ ရွက်ခြောက်တွေ တဲရှေ့က ရေအိုင်လေးထဲမှာ ကြွေကျ လွင့်လူးနေသည်ကို သတိပြုမိသည်။ မိုးပေါက်မှန်တော့ တစ်ရွက်ပြီး တစ်ရွက် အိုင်ထဲ နစ်မြုပ်သွားကြ သည်။ တစ်ရွက်ကတော့ မိုးပေါက် ဘယ်လောက်မှန်မှန် နစ်မသွားဘဲ ကြံ့ကြံ့ခံ နေခဲ့သည်။ နုနု မျက်စိတွေ မှိတ်ကာ တစ်မှ တစ်ဆယ်အထိ ရေတွက်လိုက် သည်။ မျက်စိ ပြန်ဖွင့်လိုက်ချိန်မှာ သစ်ရွက်ကလေး ပေါလောမျောလျက်ပင် ရှိနေဦးမလား၊ ဒါဟာ တိုက်ဆိုင်မှုမဟုတ်၊ အတိတ်နိမိတ် လက္ခဏာတစ်ခုသာ။

သူ နံပါတ်ရေတွက်ခြင်းကို ဖြည်းဖြည်း နှေးနှေးလေး လုပ်နေသည်။ တစ်ကနေ ငါးအရောက်မှာ သူ ကြောက်လာသည်။ ရှစ် ရောက်တော့ စိတ်ထဲမှာ ထွေလာသည်။ တစ်ဆယ်ပြည့်လို့ မျက်လုံးပြန်ဖွင့်လိုက်တော့ ညိုမွဲမွဲ ရွက်ခြောက်ကလေးက ရေအိုင်အလယ်မှာ ပေါလောမျောနေတုန်း။ သူ တဲထဲက ထွက်ပြီး သစ်ရွက်ကို ဆယ်လိုက်သည်။ စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ဘာမျှ ထူးထူးခြားခြား မရှိ၊ ထပ်ကြည့်သည်။ သစ်ရွက်၏ ကျောဘက်မှ အမည်းကွက် နှစ်ကွက်က သူ့ကို မျက်လုံးပြူးပြနေသလို မြင်လာသည်။ ရေစက်တွေက သစ်ရွက်၏ အလယ်ကောင်ရိုးတံမှာ စီးကျနေသည်။ ဒါက ကျောရိုးနှင့်တူသလို မြင်လာသည်။ အုံ့မှိုင်းနေသော ကောင်းကင်မှာ သစ်ရွက်ကို ထောင်ကြည့်လိုက်သည်။ သွေးကြောတွေ ဖြာထွက်နေသလို ပုံစံကို မြင်ရသည်။

မျက်လုံးတွေ၊ ကျောရိုးနှင့် သွေးကြောတွေ။

ဒါဟာ ကလေးတစ်ယောက်ရဲ့ နိမိတ်ပုံသင်္ကေတလား၊ ဟုတ်သည်၊ ဘာလို့ မဟုတ်ရမှာလဲ၊ ဒါ သူ့ကို ကိုယ်ထင်ပြလာခြင်း ဖြစ်မည်။ ဘာလို့များ သူက မြုပ်မသွားရတာလဲ။

သူ့အထင်တွေကို သေချာအောင် လုပ်ချင်သည်။ သစ်ရွက်ကို နောက်တစ်ခါ ထပ်ကြည့်လိုက်ပြီး လက်ထဲမှ အသာလွှတ်ချလိုက်သည်။ ဒီတစ်ခါ မြုပ်သွားခဲ့ ရင်တော့၊ ဒါမှမဟုတ် လေအဟုန့်မှာ အိုင်ထဲ မကျဘဲ မြေပေါ်ကျသွားလျှင် သံသယ အားလုံး ပြီးပြီ။ သို့သော် သစ်ရွက်သည် အိုင်ထဲသို့သာ တန်းတန်းမတ်မတ် ကျသည်။ အိုင်ထဲမှာ အသစ်ကြွေလာသည့် အရွက်တွေနှင့်အတူ မျောပြန်သည်။ နုနု မျက်လုံးတွေ မှိတ်လိုက်ပြီး သေချာအောင် တစ်မှ နှစ်ဆယ့်ရှစ်ထိ ရေတွက် သည်။ ရှစ်က သူ ကံကောင်းစေသည့် ဂဏန်း၊ ခုတော့ နှစ်ဆ တိုးအောင် နှစ်ဆယ် တိုးလိုက်သည်။

မျက်လုံးတွေ ပြန်ဖွင့်တော့ သူ့အရွက်မှတစ်ပါး တခြားသစ်ရွက်တွေ အကုန်မြုပ်သွားခဲ့ပြီ။ သူ့အရွက်သူ မြင်မြင်ချင်း မှတ်မိသည်လေ။

အင်း- ကမ္ဘာလောကမှာ နိမိတ်လက္ခဏာတွေ ပြည့်လို့ပါလား။ မြင်တတ် ဖို့ အမြော်အမြင်ပွင့်တတ်ဖို့သာ လိုသည်လေ။

သူ သားကလေးတစ်ယောက်ကို စောင့်စားနေခဲ့သည်မှာ နှစ်နှစ်လုံးလုံး ပင်။ လက်ထပ်ပြီးကတည်းက မကြာခင် ကိုယ်ဝန်ရဖို့ သူ မျှော်လင့်နေသည်။ ခြောက်လလောက် ကြာလာပြီး ဘာမျှ ဖြစ်မလာသောအခါ သူ မွေးစားအမေနှင့် တိုင်ပင်သည်။ အမေက စိတ်ရှည်ရှည်ထားပါအေတဲ့။

တစ်နှစ်ကုန်သွားတော့ သူ ဆေးဆရာနှင့် ပြသည်။ ဆရာ ပေးသည့် ဆေးတွေကို မပျက်မကွက် စားသည်။ သို့သော် အကြောင်းက မထူး။

ဗေဒင်ဆရာနှင့် ဗေဒင်မေးသည်။ ဗေဒင်ဆရာက အသေအချာ တွက်ချက် ပေးပြီး ကလေး ကျိန်းသေပေါက်ရစေမည့် အခါကောင်းနှင့် အစီအမံတွေကို ပေးလိုက်ရာ မောင်စိန်နှင့်ခမျာ မုတ္တာ-မ နေရသည့် ဘဝသို့ ရောက်ခဲ့ရှာသည်။

မြို့ပေါ်မှ အင်မတန် ထင်ရှားကျော်စောသည့် အကြားအမြင် ဆရာကြီး ဆီ ခြေကျင်ခရီးဖြင့် သူ သွားခဲ့ပြန်သေးသည်။ ထိုဆရာကြီးကလည်း မကြာခင် မှာ ကျန်းမာသန်စွမ်းသည့် သားနှစ်ယောက် ဆက်တိုက် မွေးလိမ့်မည်ဟု အသေ အချာ ဟောလိုက်သည်။ ဘယ်အချိန် ဆိုတာတော့ သူမပြော။ နောက် သုံး လေးနှစ် ကြာမှလိုလို၊ မသေချာခဲ့။

ထို့ကြောင့် မကျေမနပ်ဖြင့် ရွာသို့ သူ ပြန်လာခဲ့သည်။ သားတစ်ယောက် ချက်ချင်း မွေးဖို့မှတစ်ပါး တခြား ဘာမျှ မလိုချင်။ အိမ်နီးနားချင်းတွေ၊ သူ့ ကစားဖော် ကောင်မတွေ အားလုံး ကလေးအမေ ဖြစ်ကုန်ကြပြီ။ ဗေဒင်ဆရာက တော့ မကြာခင်တဲ့။ မကြာခင်က ကမ္ဘာတည်သလောက်ကို ကြာမှာလေ။ ဒါမှမဟုတ် သူဟာ ကလေးမမွေးနိုင်တဲ့ အမြုံမ ဆိုတာကို အားနာလို့များ မပြောလိုက်တာလား။

ထိုအချိန်ကာလတွေမှာ သူ ထုံးစံအတိုင်း ယောက်ယက်ခတ်နေခဲ့ သည်။ သူ တစ်ယောက်တည်းနှင့်သာ သက်ဆိုင်သည့်၊ သူ့ကိုသာ လိုအပ်သည့်၊ သူ မရှိလျှင် အသက်မရှင်နိုင်သည့် သားလေး၊ သားလေးဟာ ဘယ်လိုပုံမျိုး ဖြစ်မှာပါလိမ့်၊ အမေ့လို ရှည်ရှည်သွယ်သွယ်လေးလား၊ အဖေ့လို ဆံပင် ကောက်ကောက်၊ အသားဖြူဖြူ၊ ကြွက်သား အဖု အဖုနှင့် လူမျိုးလား။

နူးညံ့အေးချမ်းမည့် ကလေးလား၊ ဒါမှမဟုတ် သူ့လို ပူပင်စိတ် ငယ်ထိပ် တက်နေသူများ ဖြစ်မလား။

သူ့မိန်းမ ယောက်ယက်ခတ်နေပုံကို ကြည့်ပြီး မောင်စိန် စိတ်ရှုပ်နေရှာ သည်။ သားယောကျ်ားလေး ဖြစ်ဖြစ်၊ သမီးမိန်းကလေး ဖြစ်ဖြစ်၊ ကျန်းကျန်း မာမာ ဖြစ်ဖြစ်၊ မွေးရာပါ ရောဂါပါလာသည် ဖြစ်ဖြစ်၊ အသက်ရှည်ရှည် နေနေ၊

မွေးကင်းစမှာပဲ သေသေ၊ ဘဝတွေ ဆိုတာက တင်ကြိုပြဋ္ဌာန်းခံခဲ့ရပြီးသားသာ။ ကံကြမ္မာလားရာလမ်းကို ဇွတ်အတင်းပြောင်းဖို့ ကြိုးစား၍ ဘာကောင်းကျိုးမျှ မရှိ။ ဒါကြောင့် သန္ဓေအောင်မည့်ဆေး ဆိုတာတွေကို သူ မသောက်၊ ဗေဒင် ဆရာဆီ သွားမည် ဆိုလည်း သူ မလိုက်၊ အနာဂတ် ဆိုတာကို သူ မသိချင်၊ သိတော့ ရော ပြောင်းလဲလို့ ရတာလိုက်လို့၊ နုနုကို သည်းခံစိတ်မွေးဖို့၊ သင့်တင့်သော နှလုံးသွင်းနိုင်ဖို့ သူ ထပ်ကာတလဲလဲ ဖျောင်းဖျသည်။

ထိုသို့ နှလုံးမသွင်းနိုင်ပါလျှင် ဘဝ ဆိုသည့်ဝန်ကို ထမ်းဖို့ ခက်ခဲ ပင်ပန်းလွန်းချိမ့်မည်။

တစ်သက်လုံး သားသမီး မရလည်း သူ့အဖို့တော့ ဘာမျှ အရေးမကြီး၊ ထူးပြီး ဝမ်းနည်းနေစရာ မလို၊ မရေပွက်ပမာ တိုတောင်းလှသည့် ဘဝသံသရာထဲ က ဖြစ်တည်မှုတစ်ခုသာပဲ မဟုတ်လား။

မောင်စိန် ပြောသမျှ နုနု သဘောတူပါသည်။

သို့သော် နောက်နှစ်ရက် လောက်နေလျှင် ဘာဖြစ်လို့ ခုထိ ကိုယ်ဝန်က မရသေးတာလဲဟု တညည်းညည်း တညူညူ လုပ်လာပြန်သည်သာ။

ရှင် ဆေးမှန်မှန် မသောက်လို့ပေါ့၊ ရှင် ကလေးအပေါ် အာရုံမထားလို့ ပေါ့ဟု ရန်လုပ်ပြီ။ သူတို့နှစ်ယောက်ကြား ရန်လုပ်စရာက ဒါပဲ ရှိသည်ကိုး။

ကြမ်းခင်းမှ တကျွီကျွီ မြည်သံကြောင့် နောက်လှည့်ကြည့်လိုက်သည်။ မောင်စိန်က မျက်လုံးတွေကို ပွတ်ကာ သမ်းဝေလျက် ဖျာပေါ်မှာ ထထိုင်နေပြီ။ မောင်စိန့် ခွန်အားဗလကို သူ သဘောကျသည်။ သူ့ကို ကလေးလေး တစ်ယောက်လို လေပေါ် ပစ်တင်လိုက်၊ ပြန်ဖမ်းလိုက်လုပ်လျှင် အသည်းတယားယား ရင်တဖိုဖိုပေါ့။ သူ့လက်ချောင်းတွေနှင့် ထိတွေ့လျှင်ပင် ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထသွားတတ်သည်။ အင်း- သူ့ဆီ ပြေးသွားလို့ မဖြစ်သေး။

“ဆွမ်းခံ ကြွမလာသေးဘူးလား မိန်းမရေ”

မောင်စိန်က သူ့အတွေးတွေကို သိနေသည့်အလား မေးသည်။

“မလာသေးဘူး တော်ရေ”

“မိုးရွာနေတုန်းပဲလား”

“အင်း- စဲစတော့ပြုပါပြီ၊ တော် ဆာနေပြီလား”

သူ့လင်တော်မောင်က ခေါင်းညိတ်ပြသည်။ လုံချည် ပြင်ဝတ်သည်။ တန်းပေါ်က တီရှပ်တစ်ထည် ကောက်စွပ်သည်။ နုနု နဖူးကို ရွှတ်ခနဲ နမ်းသည်။ သူ့မျက်နှာကို ချစ်ခင်စွာ လက်ဖြင့် ပွတ်သပ်ရင်း သူ့ဘေးမှာ ဆောင့်ကြောင့်ထိုင် လိုက်သည်။ စိတ်လှုပ်ရှားသဖြင့် နုနု နှလုံးခုန်မြန်လာသည်။

ခေတ်ဘူးထဲက ရေနွေးကြမ်းငှဲ့လိုက်ပြီး ကောင်းကင်ကို မော့ကြည့် သည်။ ခြံထဲက ရေအိုင်တွေကို ကြည့်သည်။

"အင်း- ဒီနေ့တော့ တစ်နေကုန် အားနေတော့မှာပဲကွာ"

"အင်းလေ "

နုနုက ရှက်ကိုးရှက်ကန်း ပြောလိုက်သော်လည်း မောင်စိန်က သတိပြု မိပုံမရ။

ပန်းကန်နှစ်ချပ်ထဲ ထမင်းနှင့် ဟင်း ပုံရင်း နုနုကို တစ်ချပ်ပေးကာ လင်မယားနှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ် နံနက်စာ စားနေကြသည်။

ခဏနေတော့ ဘုန်းကြီးတွေ ဆွမ်းခံကြွလာကြသည်။ နုနုက ဆွမ်းတွေ၊ ဟင်းတွေကို ပန်းကန်ပြားထဲထည့်၊ မိုးစိုမည်စိုး၍ ပန်းကန်ကို အဝတ်ကလေး လွှမ်းရင်း အပြင်ထွက်လိုက်သည်။ မိုးရေတွေက နွေးနေသည်။ သူ့မျက်နှာ၊ လည်ပင်း၊ ကျောနှင့် ရင်သားတွေကြား မိုးစက်တွေ အနွေးအပြား ကျရောက်၊ မကြာခင် အဝတ်တွေစိုရွှဲလာသည်။ သူ ဆွမ်းလောင်းနေစဉ် မောင်စိန့်ကိုသာ မြင်ယောင်နေသည်။

အိမ်ထဲ ပြန်ရောက်တော့ မောင်စိန် မရှိတော့၊ အိပ်ခန်းလိုက်ကာလေး က ပိတ်ရက်သား။ စိတ်လှုပ်ရှားလာသည်။ ခြေထောက်တွေ တဆတ်ဆတ်တုန်လာသည်။ ဘုန်းကြီးတွေ မြင်ကွင်းထဲမှ ပျောက်သွားသည်ထိ စောင့်ကြည့် လိုက်ရင်း လိုက်ကာကို ဟ၍ အိပ်ခန်းထဲ ဝင်လိုက်သည်။ မောင်စိန်ကတော့ ဖျာပေါ် ပြန်လှဲရင်း ချစ်ဇနီးကို အဆင်သင့် စောင့်နေခဲ့ပြီ။

■■■

အခန်း (၅)

သူ သိသည်။

သံသယကင်းစွာဖြင့် သူ ချက်ချင်း သိသည်။

သူ့ခန္ဓာကိုယ်က တိုးလျှိုပေါက် ဖောက်ထွက်မြင်ရသည့်အလား။ မမြင်နိုင်သည့်အရာကို သူ့မျက်လုံးတွေက မှော်မျက်ဝန်းသဖွယ် မြင်နေရသည့်အလား။

သူ့ခန္ဓာကိုယ်ထဲမှာ အမြစ်တွယ်ရှင်သန် ကြီးထွားလာသည့် သားကလေး ကို မျိုးစေ့ချမိပြီ ဆိုတာကို သူ ချက်ချင်း သိလိုက်သည်။

ကိုစိန်ကတော့ ပြုံးတုံးတုံးလုပ်ရင်း မင့်ဟာက လွန်လွန်းလှသကွယ် ဟု ဆိုခဲ့သည်။ ဒီလောက် ဘယ်သူမှ မသိနိုင်၊ မဖြစ်နိုင်ဘူးပေါ့လေ။

မိန်းမသားတစ်ယောက်၏ ခန္ဓာကိုယ်နှင့် ခံစားမှုအာရုံအကြောင်း သင်းက ဘယ်လောက်များ သိလို့တုံး။

သူကတော့ ထင်ထင်ရှားရှားကို သိလိုက်သည်။ ဖော်ပြခြင်းငှာ မစွမ်းသာသည့် အာရုံခံစားမှုတွေ သူ ရနေခဲ့ပြီ။ ချစ်တင်းနှောခြင်းအမှု ပြီးစီး၍ အသက်ပြင်းပြင်းရှူရင်း လှဲနေကြစဉ်မှာ နုနု တစ်ကိုယ်လုံး တုန်တက်လာပြီး သတိမထားမိပါဘဲလျက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။

မောင်စိန် စိတ်ပူသွားသည်။ ဘာဖြစ်လို့လဲ၊ နာလို့လား၊ ဘာဖြစ်လို့လဲ။

ဟင့်အင်း။

ဒါဆို ဘာလို့ ငိုတာလဲ။

ပျော်လို့ တော်ရေ၊ ပျော်လို့။

မောင်စိန်က နုနုကို ပွေ့ယူပြီး ရင်ခွင်ထဲ ထည့်ထားလိုက်တော့ နုနု တစ်ယောက် သည်းထန်စွာ ငိုကြွေးတော့သည်။

နောက်ပိုင်းမှာ ဒီ တဒင်္ဂအခိုက်အတန့်လေးကို ပြန်သတိရမိတော့ နုနု ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသည်။ အဲဒီနေ့မနက်က ကျခဲ့တဲ့ မျက်ရည် တွေဟာ တကယ်ပဲ ပျော်လို့ ကျခဲ့တာလား။ သေချာလို့လား။ ပျော်ရွှင်မှုတိုင်းရဲ့ နောက်ကွယ်မှာ ကြေကွဲစရာ ဆိုတာက ကပ်ပါလာတာပဲ မဟုတ်လား။ နိဒါန်း ၏ အစ ဆိုတာမှာ နိဂုံးရဲ့အဆုံးက ပါပြီးသားပင်။ နွေးထွေးသော လက်တွေ တိုင်း တစ်နေ့တော့ အေးစက်တောင့်တင်းရသလိုမျိုး ချစ်ခြင်းမေတ္တာတိုင်းမှာ လည်း

နှုတ်ဆက် ခွဲခွာရခြင်း၏ နာကျင်မှုဆိုတာ ရှိစမြဲသာ။

ခုတော့ ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို သူ ကောင်းစွာ သဘော ပေါက်နားလည်ခဲ့ပြီဟု ထင်ပါသည်။ ရှင်သန်ခြင်း သံသရာသည် နာကျင် ခံစားမှုတွေ တာရှည်ဖို့သာပါပဲ။ ထာဝရ တည်မြဲနေသော အရာသည် ဤလောက တွင် မရှိချေ။

"တော် တစ်ခုခု ပြောဦးလေ"

မောင်စိန်က သူ့ဆံပင်လေးတွေကို အသာအယာ ပွတ်သပ်ပေးနေရင်း-

"ငါက ဘာပြောရမတုံး နုနုရယ်"

ဟု မေးလိုက်သည်။

"အို- ဘာပဲဖြစ်ဖြစ် တစ်ခုခုပြော၊ ကျုပ် တော့်အသံ ကြားချင်တယ်"

"ငါ နင့်ကို ချစ်တယ် နုနုရယ်"

ယောက်ျားကို တင်းကျပ်စွာ ဖက်ထားမိသည်။ ကိုမောင်စိန် ဆိုသည့် ရေခဲတုံးက ဒီလို စကားတွေကို ရက်စရာကောင်းသည်ဟု ယူဆကာ ပြောလေ့ မရှိ။ ခု သူ ပြောလိုက်သည့် စကားသံက နုနုနားထဲမှာ သုတိသာယာ ရှိလှစွာ သည်။

"နောက်တစ်ခေါက် ထပ်ပြောဦး"

"နင့်ကို ငါ သိပ်ချစ်တယ် နုနု"

ရေနစ်မှာ ကြောက်၍ တွေ့ရာ ဖမ်းဆွဲထားသူတစ်ယောက်လို သူ မောင်စိန့်ကို အားကုန်အင်ကုန် ဖက်တွယ်ထားသည်။ သူ့ဘဝမှာ ခုလောက် ပျော်ရွှင်ချမ်းမြေ့ရမှုမျိုး မကြုံခဲ့ဖူး။ သူ ကာလရှည်ကြာ မျှော်လင့်တောင့်တခဲ့ရ သည့် ဆန္ဒတွေ ပြည့်ဝသည့်အချိန်၊ ခုမှ လူ့လောကထဲ ရောက်လာမည့် သွေးသား သစ်ကလေးတစ်ခုကို ကြိုဆိုရမည့် အချိန်။

" ကျုပ်လည်း ရှင့်ကို သိပ်ချစ်ပါတယ် ကိုမောင်စိန်ရယ်"

နောက်ရက်ပေါင်းများစွာ ကြာအောင် နုနု တစ်ယောက် အကဲဆတ်နေခဲ့သည်။ ညညဆို တော်ရုံနှင့် အိပ်မပျော်၊ မနက်ကျတော့ အစောကြီး နိုးနှင့်နေသည်။ ဈေးထဲ၊ ယာခင်းထဲမှာ ဘယ်သူနှင့်မျှ စကားမပြော၊ မျက်လုံးချင်း ဆုံအောင် မကြည့်။ မောင်စိန်က စိတ်လိုလက်ရ စကားစမြည် ပြောလာလျှင် သူ့မှာ ပျော်လို့မဆုံး။ သူ့အရေပြားမှာလည်း အနီစက်ကလေးတွေ အပ်ချစရာ မရှိအောင် ပြည့်နေသည်။ ခြေတွေ၊ လက်တွေက အနီစက်လေးတွေကို သွေးထွက် သည်ထိ သူ့မှာ ကုတ်ရဖွဲ့ရသည်။

အစက်ထွက်ခြင်း၊ ယားယံခြင်းထက် ပိုဆိုးသည့်အရာက အကြောင်း မရှိဘဲ

ဖြစ်ထွန်းလာသည့် စိတ်လှုပ်ရှား ချောက်ချားမှုပင်။ တကယ်တော့ ဒါဟာ သူ့မှာ အမြဲတွယ်ကပ် ခိုအောင်းနေတတ်သည့် အခြေအမြစ် မရှိသော ကြောက်စိတ် ပင် ဖြစ်သည်။ ကိုမောင်စိန်များ လမ်းသွားရင်း မြွေဟောက် တက်နင်းမိလေ မလား၊ ညဘက် အိပ်နေကြရင်း မောင်စိန် အသက်ရှူ ရပ်သွားမလား စသဖြင့် သူ တွေးကြောက်သည်။ နက်ရှိုင်းမှောင်မိုက်နေသည့် ရေတွင်းကို မြင်လျှင် လည်း ကြောက်၊ မိုးသည်းသည်ကို မြင်လျှင်လည်း တစ်ရွာလုံး ရေမျောသွား လေမလား တွေးပူရင်း ကြောက်၊ အို- တစ်လောကလုံးဟာ အန္တရာယ်ဆိုးတွေနဲ့ ပြည့်နေတာကလား။ ဘယ်ဘေးဒုက္ခမှာ သူ ပါသွားလေမလဲ ဆိုတာ မသိနိုင်။

သူ ကယောက်ကယက် ဖြစ်ချိန် မောင်စိန်မှာ အလွန် ပင်ပန်းနာကျင်ရ သည်။ နုနု မနိုးခင် ထပြီး ဆွမ်းချက်ရသည်။ ရွာရေတွင်းမှ ရေငင်ရသည်။ နုနုနှင့်အတူ ဈေးသို့ သွားရသည်။ မပြောစဖူး စကားတွေ ဖောင်အောင် ပြောရသည်။ နုနုမှာ ဖြစ်နေသည့် ဘာမှန်းမသိသော စိုးရိမ်ထိတ်လန့် ကြေကွဲ ဝမ်းနည်းမှုတွေကို သူ ဖြစ်နိုင်လျှင် အမြစ်မှ ဆွဲနုတ်လိုက်ချင်သည်။ ယာခင်းထဲ မှာလည်း သူ နုနုကို မျက်စိအောက်မှ အပျောက်မခံ။ ယာအလုပ် လုပ်ရတာ သူ့အတွက် သိပ်ပင်ပန်းလိမ့်မည်ဟု ထင်လာသဖြင့် အိမ်ပြန်လာပြီး အိမ်မှာပဲ နေကြသည်။

သို့သော်လည်း နုနု၏ ဗျာပါဒတွေကို လျှော့ကျ ပြေပျောက်စေသူက မောင်စိန် မဟုတ်။ သူ့ခန္ဓာကိုယ်တွင်းမှာ တဖြည်းဖြည်း ရှင်သန်ကြီးထွားလာ သော အရာသာ ဖြစ်သည်။ ပြင်ပပုံသဏ္ဍာန် ဘာမျှ မပြောင်းလဲသေးသော်လည်း အသက်ဇီဝတစ်ခု ညင်သာစွာ ဖြစ်တည်နေပြီ ဆိုခြင်းကို သူ ကောင်းစွာ သိသည်။ မနက်စောစော ဝမ်းဗိုက်ထဲမှ အသာအယာ လှုပ်ရှားမှုတွေ၊ ရင်သားတွေ မသိ မသာ တင်းလာမှုတွေက အရိပ်လက္ခဏာအဖြစ် စတင် ပြသကြပြီ။

သူ့ယုံကြည်မှုတွေ တစ်နေ့တခြား တိုးလာသဖြင့် နှစ်လခန့်အကြာမှာ ဗျာပါဒတွေ ပျောက်ကွယ်ကုန်ကြသည်။ သူ ကလေးရတော့မည်။ သားလေး ရတော့မည်။ ကျန်းမာသန်စွမ်းသော သားကလေး ဖြစ်မည်။ သူ ကျန်းမာစွာ ဖွားမြင်နိုင်မည်။ ဗေဒင်ဆရာ၏ ဟောကိန်းထက် ပိုကောင်းတာတွေ ဖြစ်လာ တော့မည် ဆိုတာကို သူ ခံစားမိသည်။ မောင်စိန်နှင့် ကယုကယင် နေစဉ်မှာပင် တစ်ခါမျှ မဖြစ်ဖူးသည့် အကောင်းမြင်စိတ်တွေ သူ့မှာ တဖွားဖွား ပေါ်ပေါက် လာသည်။

မကြာခင် သူ့မိန်းမ ဘာဖြစ်နေသည် ဆိုတာကို မောင်စိန် ကောင်းစွာ သတိပြုမိတော့သည်။ တဖြည်းဖြည်း စူထွက်လာသည့် ဗိုက်နှင့်အတူ နုနုထံမှ ဖြာကျလာသော ရင့်ကျက်တည်ငြိမ်မှု၊ အေးချမ်းသာယာမှုတွေကို မြင်လိုက် ရသည်လေ။ ပြဿနာတွေအားလုံး နေ့ချင်းညချင်း ပျောက်ကွယ်သွားသလိုပင်။ မျက်လုံးတွေက တဖျပ်ဖျပ်၊ နှုတ်ခမ်းတွေက ပြည့်တင်း၊ ခန္ဓာကိုယ်က ပြည့်ပြည့် ဖြိုးဖြိုး ဖြစ်လာသည့်အပြင် မောင်စိန် တစ်ခါမျှ မတွေ့ခဲ့ဖူးသည့် ကြီးစွာသော အပြောင်းအလဲကတော့ နုနုသည် ဟက်ဟက်ပက်ပက် ရယ်တတ်လာခြင်းပင်။

ခုတော့ နုနုသည် အင်မတိ အင်မတန် ကြိုးစားသူ ဖြစ်လာပြန်ပြီ။ ငွေချေးပြီး အိမ်ကို သက်ငယ်အသစ် မိုးချင်နေသည်။ ခြံထဲမှာ ခရမ်းချဉ်ပင်တွေ

စိုက်ချင်နေသည်။ ကြက်ခြံလေးတစ်ခြံ ဆောက်ပြီး ကြက်မွေးချင်နေသည်။ အလုပ်နှင့်လက် မပြတ်။

တစ်ညမှာတော့ ဗိုက်ထဲမှ ပထမဆုံးအကြိမ် လှုပ်ရှားသည်ကို နုနု ခံစားလိုက်ရသည်။ မောင်စိန့်ကို နှိုးမည်ကြံပြီးမှ အသာငြိမ်နေလိုက်သည်။ ဒါ သူမတစ်ယောက်တည်း ခံစားပိုင်ဆိုင်သည့် အချိန်။ အဲ- သူနှင့် သူ့သား နှစ်ယောက်တည်း ခံစားပိုင်ဆိုင်သည့် အချိန်။

အသာလေး မလှုပ်မယှက် နေရင်း အသက်ပင်ပြင်းပြင်း မရှူဘဲ သူ နားစွင့်နေသည်။ ဒါ စိတ်ထင်တာများလား၊ စက္ကန့်အနည်းငယ် ကုန်လွန်သွားသည်။ ဟော- နောက်တစ်ကြိမ် ထပ်ခံစားရပြန်ပြီ။ လိပ်ပြာ တောင်ပံခတ်လိုက် သလို နူးညံ့လှသည့် လှုပ်ရှားမှုလေး။

ထိုအချိန်မှစ၍ ဘယ်သူမျှ သူ့ကို ကြည့်မနေတာ သေချာသော အခါများမှာ ဗိုက်ပေါ် လက်နှစ်ဖက်တင်၍ အသာအယာ ပွတ်ပေးရင်း သူ့သား နှင့်သူ စကားစမြည် ပြောတော့သည်။ သူ့သားကို သူတို့ တဲကလေးအကြောင်း ပြောပြသည်။ မိုးလင်း မိုးချုပ် ယာခင်းထဲ တကုပ်ကုပ်လုပ်ရင်း ထမင်းနပ်မှန်ဖို့ ကြိုးစားနေရသည့် သားရဲ့ဖေဖေအကြောင်း ပြောပြသည်။ သားကို ငံ့လင့်ရ လွန်းသဖြင့် တစ်လောကလုံးကို မေ့နေသည့် သားရဲ့ မေမေအကြောင်း ဖောက်သည် ချသည်။ အသက်ရှင်သန်ရခြင်း၏ ခက်ခဲပင်ပန်းမှုတွေကို သား သိမှ ဖြစ်မည်။ ဘယ်လိုပဲ ပြဿနာများများ ရှင်သန်ဖို့ ရုန်းကန်ရခြင်းသည်ပင်လျှင် အနည်းဆုံးတော့ ရှင်သန်ခြင်း၏ အလှတရားပါ သားရယ်။

ဗိုက်က တဖြည်းဖြည်း ပိုပိုစူလာလေလေ သူ သားလေးနှင့် နှစ်ယောက်တည်း အနေများလာလေလေ။ ယာခင်းထဲမှာ ကုန်းကွပြီး အလုပ်လုပ်ရသည်က ခက်ခဲလာခဲ့သည်။ ခြေလှမ်းတိုင်းကို သတိထားနေရသည်။ ခြေထောက်တွေက ဖူးဖူးရောင်နေသည်။ အိမ်အလုပ် လုပ်ရတာလည်း ခက်လာသည်။ ညညဆို ဘယ်လို အနေအထားဖြင့်နေနေ မသက်မသာ ဖြစ်နေသည်။ နာနေသည်။ ကျောနောက်မှာ စောင်ခင်းရင်း အိမ်တိုင်ကို မှီ၊ ရေနွေးခွက်ဘူးတစ်လုံးနှင့် ထိုင်၍ ဗိုက်ကို ပွတ်ရင်း သားကို စမ်းသပ်နေရသည်က အတန်ငယ် သက်သာ သလို။

ခုတော့ ကိုမောင်စိန်လည်း သူ့ကို ဘာမျှ မကူညီနိုင်တော့။ သူ ရှိနေတာ ကိုပင် စိတ်အနှောင့်အယှက် ဖြစ်လာသည်။ ညည သူဖက်ထားလျှင် အတင်း ရုန်းထွက်မိသည်။ ခန္ဓာကိုယ်ချင်း ထိနေရသည်က သူ့အတွက် ပင်ပန်းလွန်းလှ သည်။ အရင်တုန်းက သူ စွဲမက်ခဲ့ရသည့် ယာခင်းက အပြန် မောင်စိန့်ကိုယ်နံ့ ချွေးနံ့တွေက အခု သူ့ကို အော်ဂလီဆန်စေသည်။ အတင်း တွန်းလွှတ်ကာ ချောင်းထဲ ရေဆင်းချိုးခိုင်းမိသည်။

တစ်ည... ဖယောင်းတိုင်မီး မှုတ်ပြီး အိပ်ကြသောအခါ မကြာခင် မောင်စိန့် သွားကြိတ်သံကို သူ ကြားလိုက်ရသည်။ ဒါ သူ ဆောက်တည်ရာမရ ဖြစ်လျှင် လုပ်တတ်သော အကျင့်မှန်း နုနုသိသည်။ ဟော- သူ့အသံ ကြားရပြီ။

"နုနု"

သူ မဖြေ၊ အိပ်ချင်ယောင်ဆောင်နေသည်။

"ဟဲ့ နုနု"

မဖြေ၍ မဖြစ်တော့-

"ဘာတုံးတော့်"

"နင် ဘာဖြစ်နေတာလဲ ဟာ"

ဒီလို မေးဖို့ သူ အတော်ကြိုးစားရရှာမှန်း နုနု သိပါသည်။ သူ့ယောက်ျား သည် မေးခွန်းမေးတတ်သည့် အစားမျိုး မဟုတ်။ သို့သော် မှန်ရာကို ဖြေ၍ မဖြစ်၊ ကိုမောင်စိန် စိတ်ထိခိုက်မှာ သူ မလိုလား။

"ဘာမှ မဖြစ်ပါဘူး၊ တော် ဘာလို့ ဒီလို မေးတာတုံး"

"ဟိုလေ နင် နင်က"

မောင်စိန်သည် စကားလုံး ရွေးနေခဲ့သည်။

"နင် သိပ်ပြောင်းလဲသွားသလိုပဲဟာ"

"ဩော်- ကျုပ်က မပေါ့မပါးကြီးနဲ့ကိုးတော့်"

"ငါ သိပါတယ်၊ ငါ ဒါကို ပြောချင်တာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာတုံးတော့်၊ ကျုပ်က ဘာတွေ ပြောင်းလဲသွားလို့တုံး"

မောင်စိန့်ဘက်လှည့်၍ သူ့ဆံပင်တွေ ပွတ်သပ်ကာ နမ်းလိုက်ချင်သော်လည်း မလုပ်မိ။

"မသိဘူးဟ၊ ပြောင်းလဲသွားတာတော့ အမှန်ပဲ၊ နင် ငါ့ကို စေ့စေ့ မကြည့်တာ ကြာပြီ၊ ငါ နင့်ကို ဖက်နေ နမ်းနေရင်လည်း နင်က မကြိုက်သလို ကြီး

"အို- အဲလို မဟုတ်ပါဘူး၊ ကြိုက်ပါတယ်"

နုနု ကြိုးစားပြီး လိမ်လိုက်သည်။ သို့သော် မပီပြင်။

"နင် ငါ့နား ကပ်ရမှာကို ရွံနေသလိုပဲ"

"မဟုတ်ပါဘူး၊ တော် ဘာလို့ အဲလို ထင်နေတာလဲ"

နုနု အသံက အားမရှိ။

"ဩော် - နင်တောင် လိမ်တတ်နေပြီပဲ နုနုရယ်"

ကိုမောင်စိန် အရမ်းခံစားနေရပြီ။ သူ့ကို ဘယ်လို ခံစားနေရတယ် ဆိုတာ ပြောပြလိုက်ရမလား၊ ပြောပြရင် သူ နားလည်မှာ မဟုတ်ပါဘူး၊ နုနု ကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကိုယ် နားမလည်ဘဲကို။

"နုနု..."

စကားဆက်ပြောချင်စိတ် မရှိတော့။ သူတို့သားအမိ နှစ်ယောက် တည်းပဲ အေးအေးချမ်းချမ်း နေချင်သည်။ နားချင်သည်။

ဒီခံစားချက်က ဘာလို့ ဝင်လာမှန်း မသိတာ အမှန်ပါ။ မိန်းမတွေ ကိုယ်ဝန်ဆောင်ချိန်မှာ စိတ်ခံစားချက်တွေ ပြောင်းလဲတတ်သည်ဟုတော့ သူ ကြားဖူးသည်။ ဘာပြဿနာမျှ မပေါ်ချင်ပါ။ အေးအေးချမ်းချမ်းသာ ဖြစ်စေချင် သည်။

"ကဲ- ကိုမောင်စိန်၊ ဘာမှ တွေးမနေနဲ့ အိပ်မှာသာ အိပ်"

"နင် ငါ့အကြောင်း စဉ်းစားနေတာလား"

"မစဉ်းစားဘူး"

နုနုက ပိတ်ပြောလိုက်တော့ မောင်စိန် ပါးစပ်ပိတ်သွားသည်။ ထိုည က သူ တော်တော်နှင့် အိပ်မပျော်။ အင်းလေ- သားဦးကိုယ်ဝန် ဆိုတော့ သူလည်း ချောက်ချားပေမပေါ့။ ကလေးမွေးပြီးရင်တော့ သူတို့လင်မယား အရင်လို ပြန်ဖြစ်လာမှာပါလေ။

■■■.

အခန်း (၆)

တံခါးဝမှာ သေမင်း ကိုယ်ထင်ပြချေပြီ။ ပိန်ပိန်ရှည်ရှည် ရိုးကြီးဂေါင်ဂင်နှင့်။ တက်သစ်စ နေမင်း အလင်းရောင်အောက်က သူ့အရိပ်ရှည် မည်းမည်းကြီးကိုပင် နုနု ပြက်ပြက်ထင်ထင် တွေ့နေရသည်။ အိပ်ခန်းခန်းဆီးကို တွန်းဖယ်ရင်း ဟော- သူ လှမ်းဝင်လာခဲ့ပြီ။

နှုတ်ခမ်းနှင့် လျှာကို ကိုက်မိမှာစိုးသဖြင့် ပါးစပ်ထဲကို လက်သည် ထိုးထည့်ပေးထားသည့် အဝတ်စကို နုနု တင်းတင်းကိုက်ထားမိသည်။ မခံနိုင် တော့၊ ဘယ်လိုမှ မခံနိုင်တော့။ တစ်နေ့နှင့် တစ်ညတိတိ ဖျပ်ဖျပ်လူးအောင် ခံစားခဲ့ရပြီးပြီ။ မနေ့ မနက် အရုဏ်ဆွမ်းလောင်းနေတုန်းမှာ ဗိုက်စနာလာသည်။ မောင်စိန်က သူ့ကို မစိုးရိမ်ဖို့၊ စိတ်မပူဖို့ တဖွဖွ ပြောသည်။ ရေမွှာပေါက်ချိန် မတော့ မောင်စိန် လက်သည်ကို ပြေးခေါ်သည်။ လက်သည်မိန်းမကြီး နှစ်ယောက် ပါလာသည်။ အရိုးပြိုင်းပြိုင်း လက်ချောင်းတွေက သူ့အတွင်းကို နှိုက်ကာ ကလေး အနေအထားကို စမ်းသပ်နေကြသည်။ မကြာခင် အောင်မြင်စွာ မွေးတော့မည်ဟု အကောင်းမြင်စွာ သူတို့ ပြောနေကြသည်။

သူတို့ နုနု၏ ကိုယ်နေကိုယ်ထားကို ပြင်ဆင်သည်။ လက်ချောင်းတွေ နှင့် မွေးလမ်းကြောင်းကို ချဲ့နေသည်။ လုပ်ကြပါစေ၊ သူတို့ ပြောသမျှ နုနုအကုန်လိုက်လုပ်သည်။ ရပ်ဆို ထရပ်သည်။ လှဲဆို လှဲချလိုက်သည်။ ဒူးထောက်၊ လေးဖက်ထောက် ပုံစံ မျိုးစုံပင်။ ဆေးရည်၊ ဆေးငွေ့၊ ကျပ်ထုတ်၊ အနှိပ်မျိုးစုံ၊ ခုထိတော့ ဘာမျှ ထူးမလာသေး။

လူ့လောကထဲ ဝင်မလာချင်ဘူးလား ကလေးရယ်။

လက်သည်မိန်းမကြီးတွေ၏ စိုးရိမ်တကြီး မျက်နှာတွေကို သူ မြင်နေ ရသည်။ သူ သွေးဆုတ်နေပြီ။ တဖြည်းဖြည်း အေးစက်လာသည်။ ဗိုက်ခွဲ မွေးပေးမည့် ဆရာဝန် နတ္ထိ၊ နာကျင်ခြင်းကို မေ့ဆေးပေးမည့်လူ မရှိ။

အတွင်းက ကလေးကလည်း တုတ်တုတ်မျှ မလှုပ်။

နေ့စဉ် ရုန်းကန် လှုပ်ရှားနေခဲ့သည့် ကလေး။ ခု ဘယ်လိုများ ဖြစ်သလဲ ကွယ်။ ကလေး လှုပ်ရှားသည်ကို သူ မခံစားရပါတော့။ တဖြည်းဖြည်း လေးလံ လာသည့် ကျောက်တုံးကြီးတစ်တုံး ဗိုက်ထဲ ထည့်ထားရသလိုသာ ခံစားနေရ သည်။ သူ့ကြိုးစားမှုတွေ အဟောသိကံ ဖြစ်ခဲ့ပြီလား။

နာကျင်မှုက ပျောက်မသွား၊ ပိုပိုပြီး ဆိုးလာသည်။ ကလေးထွက်ရင် ထွက်၊ နာကျင်မှု ပျောက်ချင်ပျောက်၊ နှစ်မျိုးလုံး ဖြစ်ရမည်ကို။

လက်သည်မိန်းမကြီး နှစ်ယောက် တီးတိုးစကား ဆိုကြပြီ၊ သူတို့ ကူကယ်ရာမဲ့ ဖြစ်နေကြပြီ၊ အကြောင်း ဆိုးတော့မည်လား၊ ဒီနှစ်အတွင်းမှာပင် ရွာက

ကိုယ်ဝန်သည် ငါးယောက် မီးဖွားရင်း အသက်ပေးခဲ့ရပြီးပြီ။ ယောက်ျား ဖောင်စီး၊ မိန်းမမီးနေ သေဘေး နီးလှသည်ကောလေ။

အသက်ဇီဝ တစ်ခုအတွက် ပေးဆပ်ရသည့် တန်ဖိုးပင်။

နုနုက အဝတ်စကို တင်းတင်းကိုက်လိုက်ပြန်သည်။ သူ့မျက်နှာပေါ် က ဆံပင်စတွေကို တစ်ယောက်ယောက်က လာဖယ်ရှားပေးသည်။ သူ့ခေါင်း ကို တည့်အောင် ကိုင်ထားသည်။

မိန်းမကြီးတစ်ယောက်က မောင်စိန့်ကို ကပျာကယာ ပြေးခေါ်သည်။ ညသန်းခေါင်လောက်မှာ နုနု၏ ဒုက္ခတွေကို ဆက်မခံစားနိုင်တော့သည့်အတွက် မောင်စိန် တဲထဲမှ ထွက်သွားခဲ့သည်။ သူ ခြံဝင်းထဲမှာ မှောင်မှောင်မည်းမည်း ထင်းခွဲနေသံ ကြားရသည်။

နောက်တစ်ခါ နာလာပြန်ပြီ။ သူ မူးဝေလာခဲ့သည်။

သေမင်းက အခန်းဝကနေ မသတီစရာ အနံ့ဆိုးတွေ ထုတ်လွှတ်နေခဲ့ သည်။ သူ ဘာကြောင့်များ အထဲဝင်မလာပါလိမ့်၊ သူ ဘာကို စောင့်နေပါလိမ့်၊ ဘာဖြစ်လို့များ သူ ဒီလောက် ညှဉ်းဆဲနေပါလိမ့်။

မောင်စိန့်ကို သူ အသံကုန် အော်ခေါ်လိုက်သည်။ ထပ်ကာတလဲလဲ ခေါ်သည်။ ဘာလို့ မလာသေးတာလဲ။ သူ သေဆုံးချိန် အနားမှာ မောင်စိန် ရှိစေချင်သည်။ မောင်စိန့်လက်ကို ကိုင်ရင်းသာ သူ သေချင်သည်။

လက်သည်က ပြေလျော့နေသည့် ပါးစပ်ထဲက အဝတ်စကို ပြန်ထည့် ပေးသည်။ မောင်စိန့် ဒရောသောပါး ခြေသံတွေ ကြားရပြီ။

မောင်စိန်က နုနုအနောက်မှာ ထိုင်ရင်း နုနုကို ပွေ့ထားလိုက်သည်။ နောက်တစ်ခါ ထပ်နာပြီ။ မောင်စိန့်ဒူးကို အတင်းဆုပ်ရင်း ပါးစပ်ထဲက အဝတ်စ ပြုတ်ကျတော့ မောင်စိန့် လက်မောင်းကို အားကုန်ကိုက်ကာ သူ အစွမ်းကုန် ညှစ်ချလိုက်သည်။ မောင်စိန့်အော်သံ ကြားရသည်။ နောက် ဘာဆက်ဖြစ်သလဲ သူ မသိတော့၊ မိန်းမောသွားသည်။

သတိပြန်ဝင်လာတော့ လက်သည်မိန်းမကြီး၏ အသံကို ကြားရ သည်။ စိတ်လှုပ်ရှားကာ တုန်ရီနေသည့် အသံ။

ပြီးတော့.. ကလေး ငိုသံ။

ယာခင်းထဲမှာ၊ ရေတွင်းနားမှာ မိန်းမတွေ ကလေးမွေးကြသည့်အကြောင်း ပြောသံဆိုသံ ကြားခဲ့ဖူးသည်။ သေမတတ် ခံစားရကြောင်း၊ အသက်ရှင်နေ သည်အတွက် ဝမ်းသာမိကြောင်း အစရှိသဖြင့်ပေါ့။ ဒီဒုက္ခကြီးကို မေ့ပစ်ချင် တယ်ဟု ပြောကြရင်း မကြာခင် ကလေးကို ပြုစုစောင့်ရှောက်ကြရင်း တကယ်ပင် မေ့သွားကြသည်။ နုနုကတော့ ဤသို့ မဟုတ်။ နှစ်ပေါင်းများစွာ ကြာခဲ့သည့် တိုင်

ပထမဆုံးသော မီးနေခန်း အတွေ့အကြုံကို အသေးစိတ် မှတ်မိနေခဲ့သည်။ သွေးတွေ၊ ချွေးတွေ၊ ရှုံ့မဲ့နေသည့် ကိုမောင်စိန့်မျက်နှာ၊ ခမျာ လက်မောင်းမှာ သူ ကိုက်၍ အသားတွေပင် ပဲ့ပါသွားခဲ့သည်။ တဆတ်ဆတ် တုန်နေသည့် သူ့ခန္ဓာကိုယ်၊ ဘယ်လိုမှ မခံစားနိုင်သည့် နာကျင်မှု၊ ရေနွေးအိုးဆူသံ၊ ရေနွေး နှင့် ပြုတ်ထားသည့် တဘက်ပူပူတွေ၊ သားလေး၏ နှလုံးခုန်သံ၊ အသက်ရှူသံ၊ လက်ချောင်း ပိစိကွေးတွေ၊ မျက်ဝန်းညိုကလေးတွေ၊ သူ့ကို မော့ကြည့်နေပုံတွေ၊ ဒီမြင်ကွင်း၊ ဒီသာယာချမ်းမြေ့မှုကို ဘယ်တော့မှ မမေ့။

သားလေးကို တင်းတင်းဖက်ထားလိုက်သည်။ ဘယ်တော့မှ ပြန်မလွှတ်တော့၊ သားလေးဟာ သူ့ဘဝ၊ သူ့အစိတ်အပိုင်းအဖြစ် အစဉ်ထာဝရ တည်ရှိ ရမည်။ သူ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေပေါ့။

ထို့နောက်မှာတော့ သိစိတ်တွေ ပျောက်ဆုံး သတိလစ်သွားခဲ့ပြီ။

■■■

အခန်း (၇)

ကလေးမွေးပြီးစ ရက်သတ္တပတ်တွေမှာ နုနုတစ်ယောက် သေခြင်းနှင့် ရှင်ခြင်း ကြားက နတ္ထိကျွန်းပေါ် ရောက်နေခဲ့သည်။ သူတို့ တဲကလေး၊ မီးဖို၊ မီးခိုး၊ သူ့ပေါ် မိုး၍ကြည့်လာကြသော မျက်နှာများကို သူ မြင်နေသော်လည်း သိစိတ် အာရုံထဲ ရောက်မလာခဲ့။ နေ့နှင့်ည ရောယှက်သွားခဲ့သည်။ အချိန်ပြည့် အိပ်ချည်း နေခဲ့သည်။ ကလေးနို့ဆာ၍ ငိုသံကြောင့်၊ သို့မဟုတ် ရေငတ်လွန်းမက ငတ်ခြင်း ကြောင့်သာ နိုးနိုးလာခဲ့သည်။ သူ ကလေးကို နို့တိုက်သည်။ မောင်စိန် ကျွေးတာ စားသည်။ တိုက်တာ သောက်သည်။ ပြီးတာနဲ့ တုံးခနဲ ပြန်အိပ်ပျော်သွားသည်။ ကျန်တာ ဘာလုပ်လုပ် သူ သိသလို၊ မသိသလို။

နိုးထနေသည့် တစ်ခဏကလည်း သူ့မှာ မြူဆိုင်းနေသလိုသာ။ မတ်တတ် ထရပ်ဖို့၊ စကားပြောဖို့ကို သူ ပင်ပန်းလွန်းနေသည်။ နှာခေါင်းထဲမှာတော့ ဆွေးမြည့်ပျက်စီးနေသည့် ရနံ့မျိုး အမြဲ ရနေသည်။

မောင်စိန်မှာ ထမင်း ဟင်း ချက်ရသည်။ နုနုကို ရေဖတ်တိုက်ပေး၊ အဝတ်လဲပေး၊ သူ့နားမှာ ဆောင့်ကြောင့်ထိုင်ရင်း သတိဝင်လာနိုး စကားတွေ ပြောနေမိသည်။ ကလေး အိပ်နေတုန်း နုနုကို ပွေ့ရင်း ခြံဝင်းထဲ ဆင်းလာမိ သည်။ နုနုခန္ဓာကိုယ်က ဆန်အိတ်ပိုင်းလောက်ပင် မလေး၊ ပေါ့ပါးလွန်းလှသည်။ သူ့မျက်လုံးတွေ ခဏ ပွင့်လာသည်။ ဘာမှတော့ မပြောနိုင်။ သို့သော် မောင်စိန်က နုနုကို ပွေ့ပြီး ခြံဝင်းကို လှည့်ပြနေသည်။ စက္ကူပန်းတွေ၊ ခေါင်ရမ်း ပန်းတွေ ဝေဝေဆာဆာ၊ ခရမ်းချဉ်သီးတွေ အပွတ်လိုက်၊ ငှက်ပျောသီးတွေ အခိုင်လိုက် ဝင်းဝင်းမှည့်။

ဩကာသလောကကြီးက သူ့ကို စောင့်ကြိုနေပြီ ဆိုတာကို နုနု သိစမ်းစေချင်သည်။ နုနု မရှိလျှင် သူ မနေနိုင်၊ သူ နုနုကို လိုအပ်သည်။ တိတ်တခိုး အလည်လာသည့် သေမင်းကို အလိုမရှိ။ သူ ခေါ်ချင်သူကို ခေါ်သွား နိုင်စွမ်းရှိသော်လည်း နုနုကို မခေါ်စေရ၊ နုနု လိုက်မသွားရ၊ သူ မပါဘဲ ဘယ်ကိုမှ မသွားစေရ။

မောင်စိန် နုနုခေါင်းရင်းမှာ တင်ပျဉ်ခွေထိုင်ပြီး ဝင်လေ၊ ထွက်လေ ရှုမှတ်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်ခဲ့။ မိန်းမောနေသော မိန်းမနှင့် သားမျက်နှာကိုသာ သူ ငေးနေခဲ့ရသည်။ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ဘုန်းကြီးကျောင်းမှ ဆရာတော်ကြီး၏ စကားသံတွေကို ပြန်အမှတ်ရသည်။ ဘဝအကြောင်း သူ သိသမျှမှာ ဆရာတော့်ထံမှ သင်ယူခဲ့ရခြင်းသာ။ "အတ္တာဟိ အတ္တနော နာထော- မိမိကိုယ်သာ ကိုးကွယ်ရာ၊ ကိုယ့်ကြမ္မာကိုယ်သာ ဖန်တီး ရာ၏" တဲ့။ သို့သော် ခုချိန်မှာ မောင်စိန့်ခမျာ ကိုယ့်ကိုယ်ကိုယ် မပိုင်သလို ခံစား နေရသည်။ ကိုယ့်ကြမ္မာကိုယ် မဖန်တီးနိုင်ဘဲ တရွတ်တိုက် ဆွဲခေါ်ရာ လိုက်ပါ ရသလို ဖြစ်နေသည်။ အကြောက်တရား၏ ကျေးကျွန် ဖြစ်ချေပြီကိုး။

မယားနှင့်သားကို ဆုံးရှုံးရလောက်အောင် သူ ဘာပြစ်မှု၊ ဘာအကုသိုလ်တွေကိုများ ကျူးလွန်ထားမိပါလိမ့်၊ သူ့ကြေကွဲခံစားရမှုတွေအတွက် ဘယ်သူ့ ကိုမျှ အပြစ်မတင်လိုသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးဖို ဖြစ်ရလောက် အောင် သူ ဘာမျှ အမှားမလုပ်ခဲ့။ သူ့အမှားလား၊ သူ့ကုသိုလ်ကံလား။

ဒီမေးခွန်း၏အဖြေကို တကယ်တော့ သူ သိပြီးသားပါ။ သူ လက်မထပ် သင့်၊ နုနုကို မချစ်သင့်၊ အကယ်၍သာ မချစ်ခဲ့၊ လက်မထပ်ခဲ့ပါလျှင် ခုလို ခံစားရစရာ အကြောင်းမရှိ။ ဗုဒ္ဓမြတ်စွာက ဉာဏ်တော်အနန္တဖြင့် ကြိုမြင် ကြိုသိကာ ကြိုတင်ဟောကြားခဲ့ပြီးသား မဟုတ်လား၊ သူနှင့် နုနု မဆုံခဲ့ရပါလျှင် သားကလေးအတွက် သောကပရိဒေဝမီးတွေ လောင်မြိုက်စရာ အကြောင်း လည်း မရှိ။ သို့သော်လည်း အာသဝေါကုန်ခန်းသော ဘဝ၊ နှောင်ကြိုးမဲ့ဘဝ၊ ဘာကိုမှ ကြောက်ရွံ့ထိတ်လန့်စရာ မရှိသည့်ဘဝ ဆိုသည်မှာ လူဝတ်ကြောင်ကို စွန့်ပယ်မှသာ ဖြစ်ချိမ့်မည်။ သူ့အတွက် မဟုတ်၊ ထို့ကြောင့်လည်း ခု သူ နုနုကို ဆုံးရှုံးရမှာ အကြောက်ကြီး ကြောက်နေခဲ့သည်။ ဒါသည်ပင်လျှင် အချစ် အတွက် ပေးဆပ်ရသည့်တန်ဖိုး မဟုတ်လား။

သူက ဘုရား၊ ရဟန္တာ မဟုတ်၊ မည်မျှပင် တရားအားထုတ်ခဲ့သည် ဆိုဆို ပုထုဇဉ်လူသားမျှသာ။ ဘဝကို ရိုးသားစွာ နေထိုင် ဖြတ်သန်းရင်း မျှော်လင့် ချက်တွေ၊ ကြောက်ရွံ့ခြင်းတွေ၊ ဆန္ဒတွေ၊ တမ်းတမှုတွေနှင့်အတူတကွ ဖြတ်သန်း နေသည့် သူ့မှာ ပျော်ရွှင်ဖွယ် တစ်ခဏ ဆိုသည်က ကွဲကြေလွယ်လှပါကလား။ တစ်ချိန်ချိန် ပါရမီ ရင့်သန်လာချိန်မတော့ သူ ဘယ်အရာကိုမျှ မဆုံးရှုံးနိုင်သော နှလုံးသားတစ်စုံ ရရှိပိုင်ဆိုင်နိုင်လိမ့်မည်။ သို့သော် ဒီဘဝမှာတော့ မဟုတ်သေး။ နုနု ရှိနေသမျှ ကာလပတ်လုံး မဖြစ်နိုင်သေး။

နုနုကတော့ ဘာကိုမှ မသိသည့် အခြေအနေမှာပင် ရှိနေသေးသည်။ သူ့အတွက် သေမင်းက တံခါးဖွင့်ထားဆဲ၊ မသတီစရာ မရဏရနံ့ဆိုးတွေ ထုတ်လွှတ်ဆဲ၊ သူ ဘယ်သူ့ကို ခေါ်ချင်တာလဲ၊ အမေလား၊ သားလား၊ နှစ်ယောက်လုံး လား။

နုနု မကြောက်ပါ။ သူ့မှာ ကြောက်ဖို့ပင် အင်အားမရှိတော့ပြီလေ။ အချိန်ကြာလာသည်နှင့်အမျှ သားလေး နို့စို့နေတာ၊ အရေပြားပေါ်မှာ သူ့ထွက်သက်နုနုလေးတွေ ရိုက်ခတ်လာတာတွေကို ခံစားမိလာသည်။ သားလေး ၏ ငိုသံက ကျယ်လောင် စူးရှရမည့်အစား တိုးတိတ် အားပျော့လွန်းသည်။ အရေပြားတွေက ပျော့တွဲ နူးညံ့လှသည်။ သားလေးကို သူ ပွတ်သပ်ပေးနေ သည်ကို သူ သိနေသည်။

လက်သည်မကြီးကတော့ မောင်စိန့်ကို မျှော်လင့်ချက် သိပ်မထားစေ ချင်ခဲ့။ သွေးနုသားနုဘဝမှာ အမေရော ကလေးပါ သေတတ်တာကို သူ မြင်ခဲ့ဖူး လှပြီ။ ခုလို ခက်ခက်ခဲခဲ မွေးဖွားခြင်းမျိုးမှာ အန္တရာယ်က အချိန်မရွေး ကျရောက် နိုင်သည်။ နုနုတစ်ယောက် သွေးထွက်လွန်ထားသည်။ အလွန်အားနည်းနေ သည်။ အခွင့်အရေး စောင့်နေသည့် ပိုးမျိုးရှစ်ဆယ်က သူ့ကို ဒုက္ခပေးနိုင်သည်။ ခုတော့ လုပ်စရာရှိတာ အားလုံး လုပ်ပေးခဲ့ပြီမို့ စောင့်ကြည့်ဖို့သာ ကျန်တော့ သည်။ အိမ်နားက ရေသဖန်းပင်ပေါ်က ရက္ခစိုးကို တစ်ပတ် နှစ်ရက်လောက် ဗလိနတ်စာကျွေးပြီး

ဆုတောင်းကြည့်ပါ။ ဘာပဲဖြစ်ဖြစ် စိတ်ချရတာပေါ့ဟု ဆိုသည်။

ဤကဲ့သို့သော အခြေအနေမှ အမေရော ကလေးပါ လွတ်မြောက်လာနိုင်ခဲ့ကြပြီးသောအခါမတော့ လက်သည်မကြီးက အံ့သြဘနန်းဖြင့် ထူးထွေတည့် အံ့ရာသောဝ် ကိစ္စဟု မြည်တမ်းခဲ့သည်။ သေမင်းခံတွင်းဝမှ နှစ်ယောက် လုံး လွတ်ထွက်လာခြင်းက အမှန်တကယ်ပင် အံ့သြစရာကောင်းလှသည်။

တစ်မနက်မှာ နုနု နိုးလာတော့ သေမင်း စိတ်ပြောင်းသွားပြီကို သူ ချက်ချင်း သိသည်။ နှာခေါင်းဝမှာ အမြဲရနေသည့် ပုပ်အဲ့အဲ့ မရဏာနံ့မရတော့ဘဲ သရက်သီးမှည့်ရနံ့တွေ သင်းလာသည်။ သူ့ခန္ဓာကိုယ်က နွေးနေသည်။ အသက်ရှူလို့ ကောင်းလှသည်။ သားလေးကို ငုံ့ကြည့်လိုက်သည်။ သားလေးကလည်း ရနံ့တွေ ပြောင်းလို့ပဲ။ ပျားရည်နံ့လိုလို နှစ်လိုဖွယ် အသက်ဇီဝဓာတ်၏ ရနံ့ကို သူ ရလိုက် သည်။

ခေါင်းထောင်ကြည့်လိုက်သည်။ တဲတံခါးက ပွင့်ဟလျက်။ သဘော်ပင် တွေ၊ အုန်းပင်တွေကို တွေ့ရသည်။ လိပ်ပြာလေး နှစ်ကောင် နေခြည်နွေးနွေး ကြားမှာ ကခုန်နေကြသည်။ မောင်စိန်က မီးမွှေးပြီး ဟင်းအိုးတည်နေသည်။ နုနုနဘေးမှာတော့ တဘက်တွေ၊ ပန်းတွေ ပတ်လည်ဝိုင်းနေသည်။ နှင်းဆီ အနီလေး တစ်ပွင့်ပင် ပါသေးသည်။ ထထိုင်မည်ကြံတော့ ခေါင်းက မိုက်ခနဲ မူးသွားသည်။ သူ မောင်စိန့်ကို အော်ခေါ်လိုက်သည်။ မောင်စိန်က မလှုပ်၊ အင်း- ကြည့်ရတာ အိပ်မက်လားပဲ၊ လူ့လောကကို ပြန်ဝင်လာခြင်း မဟုတ်ဘဲ ထာဝရ နှုတ်ဆက်ထွက်ခွာဖို့များလား၊ အကြောက်တရားက နုနုတစ်ကိုယ်လုံး ကို ဆုပ်နယ်လိုက်သလိုပင်။ သူ မသေချင်၊ မသေချင်သေး၊ သားလေးကို ပွေ့ရင်း ပိုလို့တောင် မသေချင်သေး။ ရှိသမျှအားတွေ အကုန်စုစည်းရင်း မောင်စိန့်ကို အော်ခေါ်လိုက်သည်။ ဒီတစ်ခါတော့ ပီပီသသ ကြည်ကြည်မြမြ အသံထွက် သွားသည်။ မောင်စိန်က မယုံနိုင်စွာ လှည့်ကြည့်သည်။ တကယ်…။

"ဟယ်- နုနု၊ နုနုရယ်"

"အင်း"

မောင်စိန် သူ့နား ရောက်လာသည်။ သူ့အပေါ်က မိုးရင်း-

"နုနုရေ" ဟု အသာအယာ ခေါ်လိုက်သည်။

နုနုမျက်နှာမှာ အပြုံးလေးတစ်ပွင့် ဖျော့တော့စွာ ပွင့်ဖူးလာခဲ့သည်။

■■■

အခန်း (၈)

အိပ်ပျော်နေသည့် သားကလေးကို ပွေ့၍ ပထမဆုံးအကြိမ်အဖြစ် အိမ်ထဲက ထွက်လာတော့ ခြေထောက်တွေ မခိုင်ချင်၊ တန်းကို တင်းတင်းဆုပ်ထားရ သည်။ ခြံဝင်းတစ်ခုလုံး သူ စေ့စေ့စပ်စပ်ကြည့်မိသည်။ အရင်က အလွန် ရှင်းနီး ကျွမ်းဝင်ခဲ့သည့် ခြံဝင်းမှာ ခုတော့ ခပ်စိမ်းစိမ်း ဖြစ်နေသည်။ ဘာမှန်း မသိပေ မယ့် တစ်ခုခုတော့ ထူးဆန်းနေခဲ့သည်။ မနက်ခင်း နေရောင်ခြည်က ချုံတွေပေါ် ကျနေသည်။ ငှက်ပျောရွက်တွေက ခါတိုင်းထက် ပိုစိမ်းမြနေသည်။ ငှက်ပျောသီး တွေက ဝါထိန် ဝင်းမှည့်နေသည်။ ခေါင်ရန်းနှင့် စက္ကူပန်းတွေ ဒီလောက် လှတာမျိုး သူ တစ်ခါမှ မမြင်ဖူးခဲ့။ လေနုနု နွေးနွေးလေးက သူ့အရေပြားကို ကလူကျီစယ်သွားခဲ့သည်။ မောင်စိန်က သစ်တစ်တုံးကို ခုတ်နေသည်။ လက်သီးဆုပ် အရွယ်ခန့် သစ်တုံးတွေ ခွဲနေသည်။ သူ့လှုပ်ရှားမှုစည်းချက်က ကြည့်ကောင်း လှသည်။

သူ့လက်တွင်းမှ သားလေး ကိုကြီးကို ငုံ့ကြည့်လိုက်သည်။ သူ့နှာခေါင်း၊ သူ့ပါးစပ်၊ သူ့အသားအရေကို ကိုကြီး ရထားသည်။ လက်ကလေးတွေက နွေးနေသည်။ အမြဲတမ်း ဒီလို နွေးနေပါစေ။ ကလေးက မျက်စိတစ်ဖက် ဖွင့်ကြည့် သည်။ ဟော- နောက်တစ်ဖက်၊ မျက်လုံးကလည်း သူ့မျက်လုံးနှင့် တူသည်သာ။ ကိုကြီးသည် သူ့အမေကို စူးစူးစိုက်စိုက် ကြည့်နေသည်။ နုနု ပြုံးလိုက်သည်။ ကိုကြီး မျက်ဝန်းညိုညိုတွေက သူ့ထံမှ မခွာ။ အမေနှင့် သား အချိန်ကြာမြင့်စွာ အကြည့်ချင်း ပြိုင်နေကြသည်။ ကိုကြီးမျက်နှာပေါ်မှာ အပြုံးလေးတစ်ချက် အရောင်သန်းသွားသည်။ ဘယ်သူမှ သူ့ကို ထိုသို့ မပြုံးပြဖူးခဲ့။ ဘယ်သူ့ အကြည့်ကမှလည်း သူ့ကို ဤမျှ လှုပ်လှုပ်ခတ်ခတ် မဖြစ်စေခဲ့။

ခုတော့ သူ လူ့လောက လူ့ဘဝသို့ ပြန်ရောက်လာခဲ့ပြီ။

သူ တစ်နေ့တခြား အားအင်ပြည့်ဝလာခဲ့သည်။ မကြာခင် မောင်တစ်ထမ်း မယ်တစ်ရွက် ပြန်လုပ်လာနိုင်ခဲ့သည်။ ဈေးသွားသည်။ ဆန်နှင့် သီးနှံတွေကို ခေါင်းပေါ် ရွက်ရင်း၊ ကိုကြီးကို ရင်ခွင်ထဲမှာ တင်းတင်းပွေ့ရင်း အိမ်ပြန်လာ သည်။ ရွာထဲက တခြားမိန်းမတွေလို ကလေးကို ကျောမပိုး၊ ပွေ့ပဲ ပွေ့ထား သည်။ သူ ကလေးကို အမြဲမြင်ချင်သည်။ သူ့ဆံပင်နံ့လေးကို ခံစားချင်သည်။ နှလုံးသားချင်း ထိကပ်ထားချင်သည်။

ကလေးကို ပွေ့ထားရင်း သူ အလုပ်တွေအားလုံးကို လက်တစ်ဖက် တည်းဖြင့် လုပ်သည်။ မီးမွှေး၊ ဟင်းချက်၊ တံမြက်စည်းလှည်း၊ ခရမ်းချဉ်သီးခူး၊ အဝတ်လျှော်အားလုံးပေါ့။ သူ သားနှင့် တစ်စက္ကန့်လေးပင် မခွဲချင်။ သူတို့ နှစ်ယောက် အတူတူ သေရွာမှ ပြန်လာခဲ့ကြသည် မဟုတ်လား။ ထို့ကြောင့် မျက်စိအောက်မှ အပျောက်မခံနိုင်။

မနက်ပိုင်း မောင်စိန် ယာထဲ ဆင်းသွားပြီ ဆိုသည်နှင့် နုနုအတွက်

အလှပဆုံးနေ့တစ်ခု ဆိုက်ရောက်လာတော့သည်။ ကိုကြီး နိုးလာပြီဆိုလျှင် သူ အနီးကိုဖြေပြီး သားလေး၏ အဝတ်မဲ့ခန္ဓာလေးကို စူးစိုက်ကြည့်နေတတ် သည်။ သိပ်လှတာပဲ၊ အလှဆုံးပဲ။ ဆံပင်တွေ မည်းနေသည့် ဦးခေါင်းလေး၊ မျက်နှာ ဝိုင်းဝိုင်းလေး၊ မျက်လုံး လှလှလေး၊ နှုတ်ခမ်း ပြည့်တင်းတင်းလေး၊ ကလေးတစ်ကိုယ်လုံးကို သူ တရှုပ်ရှုပ် နမ်းသည်။ လက်ကလေးတွေ၊ ခြေထောက် လေးတွေကို ပါးစပ်ထဲ ငုံထားသည်။ ဗိုက်ကလေးကို အသာအယာ ပွတ်ပေး သည်။ သားလေးက သူ ထိလိုက်တိုင်း အင်မတန် ပျော်ရွှင်နေပုံပင်။ လက်ချောင်း သေးသေးလေးတွေက သူ့လက်ကို တင်းကျပ်စွာ ဆုပ်ထားတတ်သည်။ သူ့ ဆုပ်အားက တစ်ရက်ထက် တစ်ရက် ပိုပိုသန်မာလာသည်။ မျက်လုံးတွေက ပိုတောက်ပလာသည်။ အကန် အကျောက်တွေက မာကျောလာသည်။ ပေါင်တွေ၊ လက်မောင်းတွေမှာ အဆီပြင်လေးတွေ စုလာသည်။ သူ့အကြည့်တွေက နုနုဆီမှာ စုနေရာက ပတ်ဝန်းကျင်ကို စိတ်ဝင်စားစပြုလာသည်။ နံရံပေါ်က အရိပ်တွေကို ကြည့်စပြုလာသည်။ အဖူးအငုံလေးတစ်ခု ဖြည်းညင်းစွာ ပွင့်အာလာသလိုပါ။

သူ ငိုလေတိုင်း နုနုက အိမ်ထဲ ခြံထဲသို့ ဆင်းလျှောက်ရင်း သားကလေး ကို ချော့တတ်သည်။ သူ တွေ့သမျှအားလုံးကို သားလေးကို အသေးစိတ် ပြောပြ တတ်သည်။ ပန်းတွေ၊ မှည့်နေသည့် ခရမ်းချဉ်သီးတွေ၊ အင်းဆက်ကလေးတွေ၊ တေးသီနေသည့် ငှက်ကလေးတွေ။

ထိုသို့ ပြောလေတိုင်း ကိုကြီးမှာ အငိုတိတ်၍ သူ့အမေအသံကို နားစိုက် ထောင်တတ်သည်လေ။ နုနုကလည်း အမျှင်မပြတ်တမ်း စကားတွေ ပြောလေ သည်။ သူ့စကားသံတွေဖြင့် သိမ်းထုပ်ပြီး တစ်ဘဝလုံးမှာ အကာအကွယ်ပေး တော့မည့်အလား။

လက်ဖက်ရည်တစ်ခွက်ဖြင့် ဝရန်တာမှာ ထိုင်ရင်း ကိုကြီး မအိပ်မချင်း ချော့သိပ်တတ်သည်။ သားလေး၏ အပြုံး၊ သားလေး၏ အသက်ရှူသံ သားလေး ၏ သက်ပြင်းချသံ အားလုံးကို သူ အသေးစိတ် ကြည့်ရှုငေးမောနေတတ်သည်။

ယာခင်းက အပြန်မှာ မောင်စိန်က ကလေး ကူထိန်းပေးသော်လည်း နုနုလို စိတ်မရှည်။ မောင်စိန့်အနေနှင့်လည်း အိပ်မောကျနေသည့် ကလေးကို မတုန်မလှုပ် စိုက်ကြည့်နေတတ်သည့် သူ့မိန်းမကို နားမလည်နိုင်။

“ဟဲ့- နုနု၊ နင် မပျင်းဘူးလား”

“ဟင့်အင်း”

“ဟယ်- ဘာလို့များ ဒီလို နေနိုင်တာလဲ”

နုနုက စကားမပြန်။

“သားကို အဲလို ကြည့်နေတော့ နင် ဘာမြင်ရလဲ”

"အားလုံးပဲ"

"ဟင်- ဘာအားလုံးလဲ"

"ဘဝပုစ္ဆာပြဿနာတွေနဲ့ သူ့အဖြေတွေပေါ့တော်"

မောင်စိန့်ခမျာ မေးမိကာမှ စိတ်ရှုပ်ပြီးရင်း ရှုပ်ရသည်။

နုနုအတွက်ကတော့ သားလေးသည် အရာရာသာ။ စိတ်လှုပ်ရှားတိုင်း ပြောင်းလဲ ဖောက်ပြန်တတ်သည့် သူ့အရေပြား ဝေဒနာပင် ပေါ်မလာတာ အတော်ကြာလေပြီ။

သူ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်သည်။ ခြေထောက်တွေ၊ လက်တွေ၊ လည်ပင်းတွေ အနီစက်တစ်စက်ပင် မမြင်ရ။ ကျိန်စာဆိုး၊ အတိတ်ဆိုး၊ နိမိတ်ဆိုးတွေ နိဂုံးချုပ်ပြီဟု သူ တစ်နေ့တခြား ယုံကြည်မှု တိုးလာသည်။ ဈေးအသွား လမ်းမပေါ်မှာ ကြောင်သေတစ်ကောင် တွေ့တော့လည်း သူ မတုန်လှုပ်၊ သားအတွက် ငါးရုပ်ကလေး ထွင်းရင်း မောင်စိန်လက် ဓားရှတော့ လည်း မတော်တဆ ဖြစ်တာဟုသာ သူ ယူဆတော့သည်။

သူ့မွေးနေ့မှာ အိမ်နီးနားချင်း၏ ဝက်မကြီး ဝက်ကလေး ခြောက်ကောင် သားကျရာမှာ ဝက်ကလေးတစ်ကောင်က ခေါင်းနှစ်လုံး ပါလာတာ တွေ့တော့ လည်း သူ့မှာ ရယ်ရယ်မောမော။ ဘဝ၏ အမောတွေ၊ သောကတွေ၊ ဒုက္ခတွေကို သူ ကောင်းစွာ ခံနိုင်ရည်ရှိခဲ့ပြီဟု နုနု ခံစားရသည်။

ထိုညနေ မတိုင်ခင်အထိပေါ့။

တစ်ခါတလေတော့ တချို့ကိစ္စတွေသည် စက္ကန့်ပိုင်းလောက် အချိန်အတွင်းမှာ ပြောင်းလဲသွားတတ်သည်ပဲ။

■■■

အခန်း (၉)

စစချင်း အချိန်ကတည်းက နုနု သိခဲ့ပါသည်။ ပထမဆုံးအကြိမ် ပြန်လည်စတင် ကတည်းက သံသယမရှိတော့။ နုနု မသက်မသာ ဖြစ်နေသည်။ အထိမခံချင်၊ အကိုင်မခံချင်။ ဘာကြောင့်ပဲ ဖြစ်ဖြစ်ပေါ့။

မောင်စိန်ကတော့ သတိမထားမိ။ သူ့ဆန္ဒတွေနှင့် ထပ်တူထပ်မျှ နုနုမှာလည်း ဆန္ဒဇောတွေ ပြည့်လျှမ်းနေပြီဟုသာ ယုံကြည်နေသည်။ နုနု၏ လည်တိုင်ကို သူ မြတ်နိုးစွာ၊ မွတ်သိပ်စွာ နမ်းနေသည်။ တစ်ကိုယ်လုံးကို ပွတ်သပ်နှိုးဆွနေသည်။ ခါတိုင်း သူ့စိတ်တွေကို မှန်တိုင်းထန်စေသည့် ဤအထိအတွေ့ အပွတ်အသပ်၊ အနမ်းအရှုပ်တွေက ခုတော့ စိတ်မသက်မသာ ခံစားနေရသည်။ ဒီည ချစ်တင်းနှောလိုက်လျှင်ဖြင့် ရလဒ်ဆိုးတစ်ခုကို ကြုံရတော့မည် ဆိုတာကို နုနုက တင်ကြို သိနေဘိသကဲ့သို့ပင်။

မလုပ်ပါနဲ့ဟု ပြောလိုက်ချင်သော်လည်း မောင်စိန် စိတ်ပျက်သွားမှာ ကို သူ မလိုလား။ တူနှစ်ကိုယ် ထပ်တူညီစွာ စိတ်ဇောဆန္ဒကို မခံစားရလျှင် တစ်ယောက်သောသူ သာယာဖို့ကိုသာ အလိုက်သင့် နေပေးရမည်လား။

ချစ်တင်းနှောသည့်အခါမတော့ နုနုမှာ သာယာမှုထက် ဝမ်းဗိုက်ထဲ က စူးရှရှ နာကျင်မှုကိုသာ ခံစားရသည်။ မောင်စိန်က လှုပ်ရှားလေလေနာကျင်မှုက ပိုလာလေလေ။ တော်ခိုင်းလိုက်ရမလား၊ နေပါစေလေ၊ ဖြစ်ချင်တာ ဖြစ်ပေ့စေ။

ကိစ္စဝိစ္စပြီးတော့ မောင်စိန်က နုနုဘေးမှာ ခေါင်းစိုက်ကာ ဟောဟဲ လိုက်နေချိန်မှာ နုနုမှာ မျက်ရည်မကျအောင် အနိုင်နိုင် ထိန်းနေရသည်။ အရင်တုန်းက မောင်စိန့် သွေးသားကိုယ်ငွေ့ မျိုးစေ့တွေ ခန္ဓာကိုယ်ထဲ ဝင်သွားတိုင်း ကြည်နူးသာယာသလောက် ခု သူ နည်းနည်းမျှ မလိုချင်။ သူ့ခန္ဓာကိုယ်က စစချင်းကတည်းက ဒါကို ငြင်းဆန်တွန်းလှန်နေခဲ့သည်။

အော်ဂလီဆန်လာသည်။ တဲပြင်သို့ ဒရောသောပါး ပြေးထွက်ရင်း လက်ထိုးအန်လိုက်သည်။ ထွက်... ထွက်.... ခန္ဓာကိုယ်ထဲက သူစိမ်းတစ်ရံဆံ ရဲ့ ပစ္စည်းတွေ အကုန်ထွက်။

သူ နောက်ကလေးတစ်ယောက် ထပ်မလိုချင်၊ လောလောဆယ် ခု မလိုချင်သေး၊ နောက်တော့ မပြောတတ်။

သူ့ဘဝမှာ ကိုကြီးနှင့် မောင်စိန် ရှိလျှင် လုံလောက်ပြီ။ ကိုယ်ဝန်ရင့်လာသည့် ကာလများက စ၍ မီးဝေးချိပ် ဖြစ်ခဲ့ရသည့် သူတို့နှစ်ဦး ပြန်လည်ရင်းနှီးကျွမ်းဝင်ခဲ့သည်က မကြာသေး။ လင်နှင့်သား နှစ်ယောက်အပြင် နောက်ကလေးတစ်ယောက်ကို သူ ထပ်မချစ်နိုင်သေး။ နောက်တစ်ယောက်အတွက် သူ့နှလုံးသားမှာ နေရာလွတ် မရှိသေး။ နောက်ထပ်ကလေးတစ်ယောက် ရလာခဲ့ပါလျှင် ကြေကွဲမှုတွေကိုသာ ဆောင်ယူလာလိမ့်မည်။

သူ မှားတာ ဖြစ်ပါစေဟု နုနု ကျိတ်၍ ဆုတောင်းနေခဲ့သည်။ ကိုကြီး က နို့မပြတ်သေး။ ခန္ဓာကိုယ် အပြောင်းအလဲတွေလည်း ထူးထူးခြားခြား မတွေ့ရသဖြင့် သူ့ဆုတောင်း ပြည့်တော့မလိုလို။

သို့သော်လည်း မကြာခင် မနက်စောစော ပျို့အန်ခြင်း၊ ဗိုက်ထဲမှ တဆတ်ဆတ် လှုပ်ခြင်း နိမိတ်လက္ခဏာတွေ တွေ့လာရပါသည်။

မလိုချင်ဘဲ ရလာသည့် ထိုအသွေး ထိုအသားကို ရှင်သန်ကြီးထွားခွင့် မပြုလေနှင့်။ သူ့ကို အာဟာရ မထောက်ပံ့နှင့်။ သွေးထောက်ပံ့မှု မပြုလေနှင့်။

ဒါက အလုပ်မဖြစ်တော့ သူက စိတ်စွမ်းအင်ဘက်လှည့်သည်။ တစ်ရက် တစ်ရက် ဆောင့်ကြောင့်ထိုင်၊ မျက်လုံးတွေမှိတ်၊ အသက်ကို ပြင်းစွာရှူရင်း သွား-သွား-သွား-ထွက်သွား-ထွက်သွား-မလာခဲ့နဲ့-ထွက်သွားဟု အာရုံပြု မောင်းထုတ်သည်။

ရေသဖန်းပင်ထက်က ရက္ခစိုးကိုလည်း သူ အားကိုးသည်။ သဘော်သီး၊ ငှက်ပျောသီးတွေနှင့် ပူဇော်ပသရင်း သူ့ခန္ဓာကိုယ်ထဲမှာ ဖြစ်ထွန်းနေသည့် အသက်ဇီဝဓာတ် ချုပ်ငြိမ်းသွားဖို့ ဆုတောင်းသည်။ ယာခင်းထဲက ကောက်စိုက်သမ တွေ၏ စကားတွေကို သူ ပြန်ကြားယောင်သည်။ ကလေး ထိခိုက်မှာစိုး၍ အလေးအပင် မ မနှင့်တဲ့။ အဲဒီတုန်းက ထိုစကားတွေကို မြေဝယ်မကျ နားထောင် ခဲ့သလောက် ခုတော့ တမင်ကို လိုက်လုပ်သည်။ ကိုကြီးကို ကျောပိုးရင်း ယာထဲ ဆင်း၍ ပင်ပန်းပေ့ ဆိုတာတွေကို သူ လုပ်သည်။ လုပ်လိုက်သမှ ဗုန်းဗုန်းလဲ မည် စိုးသဖြင့် မောင်စိန်ကပင် တားယူရသည်။ ကိုကြီးအတွက် ကျန်းမာသည့် မိခင် ရှိရမည်လေ။

သူကတော့ မောင်စိန့်ကို အဖြေမပေး။ ပင်ပင်ပန်းပန်း လုပ်ခြင်းအား ဖြင့် လိုရာဆန္ဒ ပြီးမြောက်စေမည်ဟု မျှော်လင့်ပြီး လက်မောင်းတွေ အောင့်လာ သည်အထိ ဗိုက်ကို လက်နှစ်ဖက်ဖြင့် စုံထုလိုထု၊ ခုန်လိုခုန်၊ ပေါက်လိုပေါက်၊ မျိုးစုံကြိုးစားခဲ့သည်။ ထွက်သွားစမ်း၊ ငါ့ဘဝထဲကို ဝင်မလာနဲ့၊ ငါ့ခန္ဓာကိုယ် ထဲမှာ ကြီးထွားနေတာကို ခုချက်ချင်းရပ်။

တစ်ညမှာတော့ ကိုကြီး အိပ်ပျော်နေစဉ် သူတို့ လင်မယားနှစ်ယောက် မီးပုံဘေးမှာ ထိုင်နေခဲ့ကြသည်။ မောင်စိန်က သူ့မိန်းမကို ငေးနေသည်။ ခုတော့ ငြင်းဆန်၍မရလောက်အောင် ကိုယ်ဝန်က ရင့်မာလာခဲ့ပြီ။

မောင်စိန်က ထမင်းကို ဇွန်းဖြင့် ခပ်စားနေရင်း-

"ဟဲ့ - နုနု၊ နင် မပျော်ဘူးလား" ဟု မေးလိုက်သည်။

နုနုက မီးတောက်ကို ငေးနေသည်။ သူ့တစ်ကိုယ်လုံး အားမရှိ။ မလှုပ်နိုင်၊ အသက်မရှူနိုင်၊ ရင်တွေ တဒုန်းဒုန်း ခုန်နေသည်။ ကြောက်စိတ်တွေ တပ်တောင်တာ ဗိုလ်ထုချီ၍ ပြန်ရောက်လာသည်။ အရင်လတွေက ပျော်ရွှင် ပေါ့ပါးစွာ နေခဲ့ရမှုသည် ခုတော့ အတိတ်၏အရိပ် ဖြစ်သွားခဲ့ပြီ။ ဘာဖြစ်လို့များ

သူ့ခန္ဓာကိုယ်ဟာ သူ့ကို လျစ်လျူရှုထားရပါလိမ့်၊ ဘာဖြစ်လို့များ သူ ဖြစ်စေချင်သလို ခန္ဓာကိုယ်တွင်းက အရာဟာ ပျောက်ပျက်မသွားရပါလိမ့်။ သူ့ရှိသမျှ သတ္တိတွေ အားလုံးကို စုစည်းလိုက်သည်။

"ဟင့်အင်း၊ ကျုပ် မပျော်ဘူး"

မောင်စိန်က ဤအဖြေကို မျှော်လင့်ထားပြီးသလို ခေါင်းညိတ်လိုက်သည်။

"ဘာလို့ မပျော်တာလဲ"

ဒီလို မခံစားရဘူးလား၊ ရွာထဲမှာ ကလေး မမွေးနိုင်တဲ့ အမြုံမိန်းမ တွေ အများကြီး၊ ကလေးတစ်ယောက် ရရင်ကို ပျော်နေတာလေ၊ သူတို့ မတော့...။

"ကျုပ် နောက်ကလေးတစ်ယောက် ထပ်မလိုချင်ဘူး"

"ဘာဖြစ်လို့လဲ"

"သိပ်စောလွန်းနေတယ်လေ"

"မွေးရ ဖွားရမှာ ကြောက်လို့လား"

"ဟင့်အင်း"

"ဒါဆို ဘာဖြစ်လို့လဲ"

သူ့မှာ အဖြေ မရှိ၊ ဘာဖြေရမှန်း မသိ။

"ငါ နင့်ကို ဘယ်လို ကူညီရမလဲ နုနု"

"ကျုပ် ပျော်အောင်လို့လား"

မောင်စိန် ခေါင်းညိတ်ပြလိုက်သည်။ မောင်စိန့်မျက်လုံးထဲက ရိုးသားမှုတွေကို မြင်နေရသည်။

"တော်ရော ပျော်သလား"

မောင်စိန်က ဟက်ဟက်ပက်ပက် ရယ်သည်။

"ငါကလား၊ အင်း- ပျော်တယ်၊ သိပ်ပျော်တာပေါ့၊ ခုထက်ပိုပြီး ဘာများထပ်ရနိုင်ဦးမှာလဲလေ နော်၊ ငါ့အဖို့ပေါ့"

"တော် မကြောက်ဘူးလား"

"ဟေ- ဘာကို ကြောက်ရမှာလဲ"

မောင်စိန်က သူ့ကို စေ့စေ့ကြည့်ရင်း မေးသည်။

နုနုက နှုတ်ခမ်းတွေကို တင်းတင်းစေ့ပြီး ခေါင်းကို သွက်သွက် ခါယမ်းလိုက်သည်။

"ကျုပ် ပြောတာက ကျုပ်တို့ စဉ်းစားဖို့..."

သူ့စကားကို အဆုံးမသတ်နိုင်။

"ဘာကို စဉ်းစားဖို့တုံး"

"ရွာထဲက မိန်းမတွေ..."

မောင်စိန်၏ ပြုံးယောင်သန်းသည့် မျက်ဝန်းတွေကို သူ မြင်နေသည်။ သူ့အတွေးတွေကို မောင်စိန် နားလည်စရာအကြောင်း မမြင်။

"နုနုရာ နင် ဘာဖြစ်နေတာလဲဟာ"

ကူကယ်ရာမဲ့စွာ ခေါင်းယမ်းပြလိုက်သည်။ သူကိုယ်တိုင် နားမလည် သည့် ကိစ္စကို ဘယ်လိုများ ရှင်းပြရပါ့မလဲ။

မောင်စိန်က နုနုနား တိုးရင်း နုနုကို ဖက်ကာ-

"ငါ နင့်ကို ချစ်တယ်"

ဟု နားနားကပ်၍ တီးတိုးဆိုလိုက်သည်။

အဆိုပါ ငါးလုံးသော စကားကတော့ ဘယ်အချိန်ဖြစ်ဖြစ် မပြောင်းလဲ ခဲ့ပါ။

"ကျုပ်လည်း တော့်ကို ချစ်ပါတယ်"

နုနုကလည်း တီးတိုး သံယောင်လိုက်ကာ ပြောလိုက်သည်။

ကျောရိုးထဲမှ စိမ့်ခနဲ အေးသွားသည်။

"နင် စိတ်ပူမနေပါနဲ့ နုနုရယ်၊ ဒုတိယကလေးက မွေးရလွယ်သတဲ့၊ ငါ လက်သည်ကို မေးထားပြီးပြီ"

နုနု ခေါင်းညိတ်ပြလိုက်သည်။ ခဏနေတော့ ဗိုက်ထဲမှ အားကောင်း မောင်းသန် ကန်ချက်တစ်ခုကို ခံစားလိုက်ရသည်။ ကိုကြီးတုန်းက ဒီလို တစ်ခါ မျှ အားပြည့်အင်ပြည့် ရုန်းကန်မှုမျိုး မကြုံခဲ့ရဖူး။

မောင်စိန်က ဖယောင်းတိုင်တစ်တိုင် ထုတ်သည်။ မီးထွန်းသည်။ သံဖြူပုံးပေါ် ဖယောင်းစက်ချကာ စိုက်သည်။ သား ကိုကြီး၏ လောဘတကြီး

နို့စို့နေသံကို နားစွင့်သည်။ ကိုကြီး အိပ်ပျော်သွားတော့ နုနုက ကိုကြီးကို သူ့ယောကျ်ားနားမှာ အသာချသိပ်ရင်း လင်မယားနှစ်ယောက် တိတ်ဆိတ်စွာ ဘေးချင်းယှဉ်လှဲမိကြသည်။ နုနုက ရုတ်တရက် မောင်စိန့်ကို ကောက်ကာငင်ကာ မေးလိုက်သည်။

"လူတစ်ယောက်ဟာ အရေခွံလဲနိုင်တယ်လို့ တော်ထင်လား"

ဖယောင်းတိုင်မီး မှိန်မှိန်အောက်မှာ မောင်စိန် နုနုကို အံ့အားသင့်စွာ ကြည့်လိုက်သည်။ သူ့မေးခွန်းကို မောင်စိန် နားမလည်။

"ဟင်- ဘယ်လို အရေခွံလဲတာလဲ"

"မြွေတို့၊ တောက်တဲ့တို့လိုမျိုးပေါ့"

သူ့မိန်းမ နောက်နေသည် ထင်ပြီး မောင်စိန်က ပြုံးသည်။ နုနု လက်မောင်းက အရေပြားလေးကို မနာအောင် ဆွဲရင်း-

"နင်ကတော့ အရေခွံလဲစရာ မလိုသေးပါဘူး နုနုရယ်၊ တင်းရင်း နေတာကို"

ဟု ပြောလိုက်သည်။ နုနုက သူ့ကို စိတ်ထိခိုက်စွာ ကြည့်လိုက်သည်။ "ခန္ဓာကိုယ်ကို ပြောတာ မဟုတ်ဘူး တော်ရေ၊ စိတ်ဝိညာဉ်ကို ပြောတာ"

"ဟင်- စိတ်ဝိညာဉ် အရေခွံလဲတယ်တဲ့လား"

မောင်စိန် မျက်လုံးပြူးသွားသည်။

"အင်း- ကျုပ်တို့ရဲ့ စိတ်ဝိညာဉ် တစ်စိတ်တစ်ပိုင်းကို မြွေအရေခွံ လဲသလို ချွတ်ပြီး လဲလို့ရမလား မသိ၊ ကံနိမ့်နေတဲ့ စိတ်ဝိညာဉ်ကို ကံမြင့်တဲ့ စိတ်ဝိညာဉ်နဲ့ လဲလိုက်မယ်လေ၊ ဝမ်းနည်းနေတာကို ပျော်တာနဲ့၊ အထီးကျန်တာ ကို မိတ်ဆွေပေါတာနဲ့ လဲပစ်၊ တစ်ရက် နှစ်ရက်၊ တစ်ပတ် နှစ်ပတ် မဟုတ်၊ တစ်သက်တာ ထာဝရပေါ့"

မောင်စိန်သည် လက်နှစ်ဖက်ပေါ် ခေါင်းအုံးရင်း တဲခေါင်မိုးကို စိုက်ကြည့်နေသည်။ နုနု မေးသည့် မေးခွန်းကို သူ တစ်ခါမျှ မစဉ်းစားခဲ့ဖူးပါ။ ဆရာတော်သာ ရှိလျှင် ထိုမေးခွန်းကို ဘယ်လို ဖြေကြားတော်မူမလဲ သိချင်စမ်း ပါဘိ။ သက်ရှိလူသားတစ်ယောက်၏ စစ်မှန်သော ဖြစ်တည်မှုသည် အတွင်း အဇ္ဈတ္တပေါ် တည်သည်။ ထိုဖြစ်တည်မှုက ပုံသေကားကျ မဟုတ်ဘဲ အမြဲ ရှင်သန်လှုပ်ရှား ပြောင်းလဲနေသည်။ လွတ်လပ်သော လူတစ်ယောက်အဖို့ နာကျင်အောင်၊ ကယ်တင်ခြင်း ခံရအောင်၊ ပြောင်းလဲအောင် လုပ်ဆောင်နိုင်စွမ်း ရှိသူမှာ ကိုယ့်ကိုယ်ကိုယ်သာ။ မိမိကိုယ်တိုင် ပြောင်းလဲပါမှ စိတ်ဆင်းရဲ သောက ဗျာပါဒတွေ အေးငြိမ်းပြီး ချမ်းသာသုခ အစစ်ကို ရှာတွေ့နိုင်မည်ဟု ဆရာတော် ဖြေကြားမည် ထင်သည်။

ဟော.. နုနုက မေးပြန်ပြီ။

“ဒါမှမဟုတ် ကျုပ်တို့ဟာ တစ်သက်လုံး ပြောင်းလဲနိုင်စွမ်း မရှိတော့ဘူးလား”

မောင်စိန်က ထိုမေးခွန်းကိုတော့ ပိုင်ပိုင်နိုင်နိုင် ဖြေနိုင်ပါသည်။

“အဲသလို မဟုတ်ပါဘူး၊ ပြောင်းလဲချင်စိတ်ရှိရင် ပြောင်းလဲနိုင်ပါတယ်”

နုနုက မောင်စိန့် ရင်ဘတ်ပေါ်မှာ ခေါင်းအုံးရင်း သားလေးကို ငေးနေ သည်။ ကိုမောင်စိန် ပြောတာ မှန်ပါစေကြောင်း သူ မျှော်လင့်တောင့်တနေမိ သည်။

■■■

အခန်း (၁၀)

သားသား၏ ရှင်သန်လိုစိတ်က ပြင်းထန်လှသည်။ ထို့ကြောင့်လည်း သူ ပျက်စီးရာ ပျက်စီးကြောင်း သူ့အမေ၏ ကြိုးစားမှုတိုင်းကို သူ ကြံ့ကြံ့ခံ ချေဖျက် တွန်းလှန် နိုင်ခဲ့သည်။ နုနုခန္ဓာကိုယ်တွင်းမှာ သူ ကောင်းစွာ မျိုးစေ့ချပြီး ကြီးထွားလာ ခဲ့သည်။ သူ့အမေ၏ လက်သီးချက်တွေ၊ တွန်းထိုးဖိနှိပ်မှုတွေကြားကပဲ သူ ဆက်လက်ရှင်သန်ခဲ့သည်။

၃၉ ပတ်နှင့် ငါးရက်တိတိ ဝမ်းကြာတိုက်တွင်း ခိုလှုံပြီးချိန်မတော့ သူ ဆက်မစောင့်နိုင်တော့။ လူ့လောကထဲဝင်ရန် သူ အသင့်ဖြစ်နေခဲ့ပြီ။

မွေးဖွားရသည့် ဖြစ်စဉ်တစ်ခုလုံး တစ်နာရီမပြည့်တပြည့်အတွင်း ချောချော မောမော ပြီးမြောက်အောင်မြင်ခဲ့သည်။ ဘာပြဿနာမျှ မရှိ။ အရုဏ်တက် ခါနီးမှာ ရေမြွှာပေါက်၍ နေမထွက်ခင် သူက ထွက်နှင့်နေပြီ။ နုနုမှာ ညစ်လိုက် ရသည်ဟုပင် မထင်။

သားသားက ဘယ်သူ့အကူအညီမျှ မယူတတ်ကြောင်း သူ ဆောလျင် စွာ တွေ့ရှိခဲ့သည်။ ကိုကြီး မွေးခါစကထက် သူက အများကြီး လှကောင်ပိုကြီး သည်။ ငိုသံကလည်း အောင်လှသဖြင့် လွင်ပြင်တစ်ဖက်ခြမ်း ယာခင်းထဲက ယာသမားတွေပင် အသေအချာ ကြားရလောက်အောင် ကျယ်လှသည်။

လက်သည်ကတော့ သန်လိုက်တဲ့ ကလေးဟု မှတ်ချက်ပြုသည်ကို နုနု ကြားရသည်။ သူ့အမေလိုပဲ ချောသဟဲ့ဟုလည်း ပြောသေးသည်။ ကလေး ကို သူ့ဗိုက်ပေါ် တင်ပေးကြသည်။ ခေါင်းထောင်ကြည့်လိုက်သည်။ အလိုလေး လေ့-ခေါင်းချွန်ချွန်နှင့် သွေးတွေ ပေနေသည့် သတ္တဝါလေးသည် ဗိုက်ပေါ်မှာ ဒေါမာန်အပြည့်ဖြင့် လူးလိမ့်နေသည်။ ကုတ်လိုက်၊ ခြစ်လိုက်၊ ထိုးလိုက်နှင့် ကိုကြီး ဒီလိုမျိုး တစ်ခါမျှ မလုပ်။

နံဘေးမှ မိန်းမကြီးများ၏ တီးတိုးစကားသံတွေကို ကြားနေရသည်။ မောင်စိန်က နံဘေးမှာ ထိုင်ပြီး သူ့ကို ချွေးသုတ်ပေးနေသည်။ လက်သည် မိန်းမကြီး တွေက ကလေးကို သန့်စင်ပေးပြီး ချော့မြှူနေကြသည်။ ကလေး ဆာနေပြီ နို့တိုက်လိုက်ဟု တစ်ယောက်က ပြောသည်။

နုနုက မတိုက်ချင်။ သူ သိပ်ပင်ပန်းနေသည်၊ နောက်များမှပေါ့။ သို့သော် လက်သည်မကြီး ကျေးဇူးဖြင့် ကလေးက သူ့ရင်သားနား ရောက်လာခဲ့သည်။

နာလိုက်တာ… သူ နို့ကို ကိုက်ဆွဲကာ အားကုန်အင်ကုန် စို့နေသည်။ နုနု၏ နို့ရည်အားလုံး သူ့ထံ စီးဝင်စေရန် ရည်သန်နေသကဲ့သို့။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း နုနုကို သူ မော့မော့ကြည့်သေးသည်။

“ဟယ်… သန်လိုက် ကျန်းမာလိုက်တဲ့ ကလေးတော့်”

အားလုံးက ဤသို့ ချီးမွမ်းထောမနာပြုကြသည်။ နုနု ဂုဏ်ယူသင့် သတဲ့။ ခု ကျန်းကျန်းမာမာ သားနှစ်ယောက်အမေ ဖြစ်ပြီတဲ့။ ရွာထဲက မိန်းမ တွေအားလုံး ဒီလို ကံကောင်းရင် သိပ်ကောင်းမှာပဲတဲ့။

ဒီစကားတွေကို နုနု မကြားချင်ပါ။ ကျေးဇူးလည်း မတင်ပါ။ ခု သူ တစ်ယောက်တည်းသာ နေချင်သည်။

ညကျတော့လည်း သားသား၏ အသံပြဲကြီးကြောင့် လန့်နိုးရသည်။ မောင်စိန်က နိုးနှင့်နေပြီ။ ဖယောင်းတိုင်ထွန်းကာ သူ့သားငယ်နားမှာ ဒူးထောက် ရင်း ကြည့်နေသည်။ သားသားသည် တစ်ကိုယ်လုံး တောင့်တင်းကာ ပါးစပ်ရော မျက်လုံးပါ ပွင့်အာလျက် နှုတ်ခမ်းဖျားလေးတွေ တဆတ်ဆတ်တုန်နေသည်။ ဆောင့်ကာ ဆောင့်ကာ တက်မတတ် ချက်မတတ် သူ ငိုနေသည်။ ဘယ်လို ဖြစ်တာလဲ သားလေးရယ်။ မောင်စိန်က သားငယ်ကို တစ်လှည့်၊ မိန်းမကို တစ်လှည့် ကူကယ်ရာမဲ့စွာ ကြည့်ရင်း-

"ကလေးက အိပ်မက်ဆိုးများ မက်သလား မသိဘူးဟာ"

ဟု ဆိုလိုက်သည်။

ဘယ်လို၊ မွေးခါစ ကလေးလေးက အိပ်မက် မက်တတ်သတဲ့လား။

"ဒါမှ မဟုတ် သူ ဆာလို့များလား"

နုနုက နို့တိုက်ဖို့ ကြိုးစားသည်။ ကလေးက တွန်းဖယ်ပစ်သည်။ ပို၍ ကျယ်လောင်စွာ ငိုသည်။ မောင်စိန်က ကလေးခေါင်းလေးတွေ၊ ဗိုက်သားလေး တွေကို အသာပွတ်ပေးသည်။ သို့သော် အကြောင်းမထူး။

"နာလို့များလား မသိဘူး နုနုရယ်"

နုနု ဘာမျှ မတတ်နိုင်၊ စိတ်ရှုပ်နေသည်။ သူ့နားထဲမှာတော့ နာလို့ ငိုသည့်အသံမျိုး မဟုတ်။ အလိုမကျ၍ ဒေါသတကြီးငိုသည့် အသံမျိုးသာ။

"သူ ကျုပ်တို့နဲ့နေရတာ မကြိုက်လို့များလား မသိဘူး"

"ဟဲ့ - ဒါဆို သားလေးက ဘယ်မှာ နေရမှာတုံး"

"ကျုပ်လည်း မသိဘူးလေ၊ ကိုကြီးဆို တစ်ခါမှ အဲလို မငိုဘူး"

မောင်စိန်က ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ သားသားနဖူးက ချွေးစက်တွေ တပေါက်ပေါက် ကျနေပြီ။ မောင်စိန်က သားသားကို ပွေ့ရင်း တဲထဲ လှည့်ပတ်လျှောက်ကာ ချော့နေသည်။ သီချင်းဆိုသည်။ လေချွန်သည်။ ယိမ်းသည်။ ဝိုင်းကြီးပတ်ပတ် လုပ်သည်။

ဘယ်လိုလုပ်လုပ် ကလေးကတော့ ငိုမြဲ ငိုဆဲ။ နောက်ဆုံး ခြေကုန် လက်ပန်း ကျသွားမှပဲ တိတ်တော့သည်။ ခန္ဓာကိုယ်လေးက ဆတ်ခနဲ ဆတ်ခနဲ တွန့်သွားပြီး မျက်လုံးတွေ မှိတ်သွားသည်။ အိပ်နေရင်းတောင် တစ်ချက် တစ်ချက် ထ ထ ရှိုက်သေးသည်။

နောက်တစ်နေ့မှာ လက်သည်မိန်းမကြီး လာရောက်စမ်းသပ်သည်။ သို့သော် သူလည်း အကြောင်းရင်းကို ရှာမတွေ့။ စိတ်ရှည်ရှည်နှင့် စောင့်ကြည့် ဖို့သာ သူက အကြံပေးသည်။ ကလေးတွေက ကွဲပြားခြားနားကြသည်ကော။ တချို့ကလေးက အငိုသန်သည်။ တချို့က အနေအေးသည်။ ကိုကြီးတုန်းက အေးသည်၊ ငြိမ်သည်ဟု ထင်ရသည်မှာ ကလေးရော အမေပါ ကာလကြာမြင့် စွာ သေငယ်ဇောနှင့် မြောခဲ့ကြသည် မဟုတ်လား။

သုံးရက်လောက်အတွင်းမှာ သားသား၏ ကောင်းမှုဖြင့် သူ့ရင်သားတွေ အထိမခံနိုင်အောင် ဖူးဖူးရောင်လာသဖြင့် သားသားရော ကိုကြီးပါ နို့ငတ်တော့ သည်။ ကိုကြီးက ဖြည့်စွက်စာ စားတတ်သည့်အရွယ် ရောက်ခဲ့ပြီမို့ ကိစ္စမရှိ။ သားသားကိုတော့ လတ်တလော ကလေးမွေးထားသည့် ရွာထဲက အမျိုးသမီးငယ် တစ်ယောက်က နို့ကူတိုက်သဖြင့် အဆင်ပြေသွားသည်။ သူ့ကို မောင်စိန် ခေါ်သွား တိုင်း နုနု စိတ်သက်သာရာရသည်မှာ ဆိုဖွယ် မရှိ။ သားသား အနားမှာရှိလျှင် သူ့တစ်ကိုယ်လုံး တောင့်တင်းနေတတ်သည်လေ။ မောင်စိန့် စိတ်ရှည်သည်းခံမှု ကတော့ အောချလောက်သည်။ ကလေးငြိမ်ဖို့အရေး သူ နည်းမျိုးစုံဖြင့် ချော့တတ် သည်။ သားသားက ငြိမ်လည်း ခဏတစ်ဖြုတ်သာ။

သူ့အငိုတွေက တာရှည်လာပြန်တော့ လက်သည်မိန်းမကြီးမှာ ဒုတိယမို့ စမ်းသပ်ရပြန်သည်။ ကလေးဗိုက်ထဲမှာ လေပွနေတာ သူ စမ်းမိသည်။ လှုပ်ရှား မှုတွေမှာ ပြဿနာမတွေ့။ ပါးစပ်၊ နားရွက်၊ နားခေါင်းတွေမှာ ပိုးစင်သည့် လက္ခဏာမရှိ။ လက်ညှိုးကလေးယမ်းတော့ မျက်လုံးက လက်ညှိုးကို ထက်ကြပ် မကွာ လိုက်ကြည့်သည်။ ခြေလက်ခန္ဓာအားလုံး သန်စွမ်းကျန်းမာသည်။ ကိုယ်တုံးလုံး နှင့် သားသားမှာ သူ့ကို စမ်းသပ်နေသည့် မိန်းမကြီးကို စိတ်ဝင်တစား ကြည့်နေ သည်။ အေးအေးသက်သာပင် အစမ်းသပ်ခံသည်။

“ကလေးက ကျန်းမာပါတယ်”

လက်သည်က သားသားကို အနှီးဖြင့်ထုပ်ရင်း ပြော၏။

“ဒါဖြင့် ဘာလို့ ဒီလောက် ငိုနေတာလဲ”

“ဒါတော့ ဘယ်သိမလဲ အေ”

အင်း- သူ့ကိုမမွေးခင်တုန်းက ညညဆို ဒီဟာကလေး အနိစ္စသဘော နဲ့ ကိစ္စချောသွားပါစေကြောင်း ဆုတောင်းခဲ့ဖူးသည်ကို နုနု အမှတ်ရမိသည်။ သူ ဒါကို သိများနေလေသလား။

ရက္ခစိုးကို သစ်သီးတွေနှင့် ပူဇော်ပြီး သူ သေအောင် ဆုတောင်းခဲ့တာ တွေ၊ ကျခဲ့ရသည့် မျက်ရည်ပူတွေ၊ ဗိုက်ကို ထိုးနှက်ခဲ့တာတွေ၊ တခြားမှာ သွားဝင်စားဖို့ အာရုံပြုခဲ့တာတွေကို ကလေးက သိနေသလား၊ မဖြစ်နိုင်ပါဘူး၊ ရက်သားကလေးက ဘယ်လိုလုပ် သိနိုင်မှာလဲ၊ အဓိပ္ပာယ် မရှိတာ။

သို့သော် အတွေ့အကြုံရင့်လှသည့် လက်သည်အမယ်အိုကြီးကို သူ မေးမိသည်။ ကလေးတွေမှာ မှတ်ဉာဏ်ရှိသလား၊ မှတ်မိတတ်သလား။

မိန်းမကြီးက သူ့ကို စိုက်ကြည့်နေသည်။

“မှတ်မိဘာပေါ့” တဲ့။ ချက်ချင်း ပြန်ဖြေသည်။

“ဟုတ်လို့လား၊ ကျွန်မ မိဘတွေ ဆုံးတော့ ကျွန်မ နှစ်နှစ်သမီးပဲ ရှိသေးတယ်၊ ကျွန်မဖြင့် ဘာမှ ရေရေရာရာ မမှတ်မိသလိုပဲ”

“အင်း- လူပုံစံတွေ၊ အသံတွေ၊ အနံ့တွေကတော့ မှတ်ဉာဏ်ထဲက ပျောက်သွားနိုင်ပါတယ်၊ ဒါပေမဲ့ နှလုံးသားကတော့ အရာရာကို မှတ်ထား သကွဲ့၊ ကလေးတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ဟာ အားလုံးကို သိနိုင်တယ်”

ထိုစကားကြားတော့ နုနု ကျောချမ်းသွားသည်။

“ဘာလို့ မေးတာလဲ”

“ဘာရယ် မဟုတ်ပါဘူး၊ သိချင်လို့ပါ”

လက်သည်၏စကားက သူ့စိတ်ထဲ စွဲထင်နေသည်။ သူ့စကားအမှန်ဆို ဘယ်လိုလုပ်ရပါ့။ သားသား၏ နှလုံးသားထဲမှာ သူ့ကို မလိုချင်တာကို သိနေခဲ့ရင်၊ ဒီအသိဟာ မကြာခင် မေ့ပျောက်သွားမှာလား၊ ဘဝတစ်လျှောက်လုံး တည်နေမှာလား။

အတွေးသက်သက်နဲ့တင် ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ဖြစ်တတ်သလား ဟု သူ မောင်စိန့်ကို မေးပြန်သည်။

ဘုန်းကြီးကျောင်းသားဟောင်း သူတော်ကောင်း မောင်စိန်ကတော့ ဤသို့ ဖြေသည်။

“အရာရာတိုင်းမှာ နောက်ဆက်တွဲ အကျိုးဆက်တွေ ရှိတတ်စမြဲပေါ့ နုနုရယ်”

“ဟင်- တွေးရုံ တွေးတာကိုလေ”

“အရာရာတိုင်းပါဆို”

“ဟိုးအရင်တုန်းက တွေးခဲ့တဲ့ အတွေးတွေကရော”

နုနု ဘာကို ဆိုလိုမှန်း မောင်စိန် နားမလည်ပါ။ နုနုက အတွေးနက်နေသည်။ ပြီးတော့ သူ ပြောသည်။

“ကျုပ်တော့ မယုံပေါင်၊ အတွေးဆိုတာ တကယ်မလုပ်ရင် တိမ်စိုင် တွေလို လွင့်ပါးသွားတာပဲကို၊ မြေကြီးထဲ သွန်လိုက်တဲ့ရေလို ပျောက်သွားတာ ပဲကို”

မောင်စိန်က ပြုံးလိုက်သည်။

“ဟဲ့- မြေကြီးထဲ ရေသွန်လိုက်ရင် ပျောက်သွားတာပဲ နင် မြင်တာကိုး၊ အဲဒီရေကြောင့် အပင်တွေ ရှင်သန်လာတာ၊ ငှက်ပျောသီးတွေ သီးလာတာ၊ အဆိပ်ပင်တွေ ထွားကျိုင်းလာတာ နင်မှ မမြင်တာ၊ လောကမှာ ဘယ်ကိစ္စမှ အကြောင်းချည်းသက်သက် မရှိဘူး၊ အကြောင်းရှိရင် အကျိုးထင်တာချည်းပဲ နုနုရဲ့”

အဲဒီစကားဝိုင်း အပြီးမှာ နုနုသည် သားငယ်လေးကို အားကြိုးမာန်တက် စောင့်ရှောက်တော့သည်။ မောင်စိန်က ဖခင်ကောင်း ဖြစ်သလို သူလည်း မိခင်ကောင်း ဖြစ်စေရမည်။

သားလေးအတွက် သီချင်းဆိုသည်။ သားလေးကို စကားပြောသည်။ မောင်စိန် ယာထဲ ဆင်းလျှင် သူ သားသားကို ပွေ့ပြီး မောင်စိန် လုပ်သလို စိတ်ရှည်လက်ရှည် ချော့သည်။ သားသားကတော့ သူ့လက်ပေါ်မှာ ပျော်ပုံမရ။

သူ့လက်ထဲမှာ သားသားသည် ဘာလို့များ ခဏခဏ ငိုကြွေးပါလိမ့်၊ ဘာလို့များ အပြုံးတွေ ရှားပါးပါလိမ့်၊ ဘာလို့များ မကြာ မကြာ ကန်ကျောက်တွန့်လိမ်နေပါလိမ့်။

သားသား၏ အကြည့်စူးစူးက သူ့ကို စိတ်မသက်မသာ ဖြစ်စေသည်။ နုနု၏ ရင်ထဲသို့ ထွင်းဖောက်ဝင်ရောက်မတတ် စူးစူးဝါးဝါး ကြည့်သည်။ မျက်ခုံး တွေ တွန့်ကာ ကြည့်သည်။ ကလေးတစ်ယောက်အဖို့ ကြောက်စရာကောင်း လောက်အောင် သည်းသည်းနင့်နင့် စူးစူးရှရှ ကြည့်ခြင်းပင်။ သူ့မျက်လုံးနက် တွေထဲမှာ မယုံသင်္ကာအရိပ်တွေကို နုနု မြင်နေရသလား။

ကလေးတစ်ယောက်၏ စိတ်ဝိညာဉ်က ဘာမဆို သိသတဲ့။ သူ့ နှလုံးသားက ဘာကိုမှ မမေ့ဘူးတဲ့။

နုနုသည် သားကြီး ဩရသ ကိုကြီးကို မြင်မြင်ချင်း ချစ်သည်။ အင်မတန် ချစ်သည်။ အမေနှင့်သား ဆိုသည့် သံယောဇဉ်ကြိုးက ချက်ချင်း ငြိတွယ်သည်။ သို့သော် သားသားကတော့ သူ့အတွက် ပီဘိ သူစိမ်းတစ်ရံဆံသာ။

မောင်စိန်က နုနုကို သားချင်း မယှဉ်ဖို့ သတိပေးရသည်။

“မယှဉ်နဲ့ နုနုရယ်၊ နှိုင်းယှဉ်ခြင်းဟာ အလိုမကျ ဖြစ်စေတယ်”

ကံဆိုးသော ဝိညာဉ် ဆိုသည်က မွေးရာပါလား၊ လုပ်ယူတာလား တွေးမိပြန်သည်။ ထိုမေးခွန်းအတွက် သူ့မှာ အဖြေမရှိ။ ခု သားသား မေးစေ့ အောက်က အမှတ်ကို မြင်တော့ ဒီမေးခွန်းကို သူ အမှတ်ရသည်။ မွေးပြီးနောက် တစ်နေ့မှာ ဒီအမှတ်ကို မြင်တော့ သူ နှစ်ခါ ပြန်မစဉ်းစားဘဲ အဖေ့အစ်ကို ဘကြီး ကို ချက်ချင်း သတိရသည်။ ဘကြီးက အရက်သမား၊ သူ ရှာသမျှ အားလုံးကို ခေါင်ရည်သောက်ပစ်သည်။ သူ့အိမ်က သူ့ကို ပေယျာလကန် ထားသည်။ တစ်ရက်တော့ ရွာမှ ပျောက်သွားသည်။ ထိုအချိန်မှစ၍ သူ့ကို မတွေ့ရတော့။ တန်တော့ သားသားဟာ ဘကြီး ဝင်စားတာများလား။ ဘကြီး၏ အမှတ်နဲ့သားသား၏ အမှတ်မှာ တစ်ပုံစံတည်း၊ တစ်ရွယ်တည်း၊ ဒါ တိုက်ဆိုင်မှု ဖြစ်နိုင် ပါ့မလား။

သူ့အတွေး မောင်စိန့်ကို ပြောပြတော့ မောင်စိန့်ခမျာ စိတ်မသက်သာ။ နင့်ဘကြီးက အလွန်ဆိုးတယ်ဆိုရင် လူပြန်ဖြစ်စရာ အကြောင်း ဘယ်ရှိပါ့မလဲ တဲ့။ ငါတို့သားအဖြစ် ဘယ်ဝင်စားနိုင်မလဲတဲ့။ ဒုက္ခိတဖြစ်ချင်ဖြစ်၊ အရက်သမား သား ဖြစ်ချင်ဖြစ်မပေါ့တဲ့။ ခုလို မိဘတွေက ချစ်ကြတဲ့၊ ကျန်းမာတဲ့ ကလေး ဘယ်ဖြစ်ပါ့မလဲတဲ့။ ဒါလည်း ဟုတ်တာပဲ။

ဒါပေမဲ့ ချစ်ခြင်းမေတ္တာ ဆိုတာ တစ်ပြေးညီ ခွဲဝေပေးလို့ရတဲ့ အမျိုး အစားလား။ ဆန်မုန့်ပေါင်း ပူပူနွေးနွေးကြီး တစ်လုံးကို သုံး လေးခြမ်း အညီ အမျှ ခွဲသလို မေတ္တာကို ခွဲပေးလို့ ရသလား။ အဲသလိုများ ရခဲ့ပါလျှင် သူ တိတိကျကျ ခွဲပြီး သားနှစ်ယောက်ကို ပေးလိုက်ချင်ပါသည်။

ဒါ ပေမဲ့လည်း ချစ်ခြင်းမေတ္တာ ဆိုသည်က တရားမျှတမှုတွေ ဘာတွေ ကို သိလည်း မသိ၊ ဂရုလည်း မစိုက်။ သူ့ဘာသာ သီးခြား ဥပဒေသနှင့် နေခြင်း ဖြစ်သည်ကိုး။ မိခင်မေတ္တာလည်း အပါအဝင်ပေါ့။

■■■

အခန်း (၁၁)

သားသားက မည်သူ့ကိုမျှ အေးအေးသက်သာ မနေစေရ၊ အဖေကိုရော၊ အမေကို ရော၊ သူ့ကိုယ်သူရော။

အမြဲတမ်း ပတ်ဝန်းကျင်ကို သံသယအပြည့်ဖြင့် ကြည့်တတ်ပြီး ပူပင်သောက ရောက်ကာ စိတ်အနှောင့်အယှက် ဖြစ်နေတတ်သည့် ကလေး။ သူ့ဖွဲ့နပဲ ကို မောင်စိန်ကသာ သည်းခံနိုင်သည်။

သားသားသည် နည်းနည်းမျှ စိတ်မရှည်တတ်။ ခန္ဓာကိုယ်မှ ကောင်းကောင်း မဖြောင့်တန်းနိုင်ခင် သူက ထိုင်ချင်နေပြီ။ လဲချည်းကျနေတော့ ဒေါပွသည်။ သူ့ကြွက်သားတွေ သူ့ကိုယ် မသယ်နိုင်ခင် သူက လေးဖက်သွားချင်ပြီ။ နည်းနည်း လောက် ရွေ့ပြီးတော့ အားအင်ကုန်ခန်းကာ ပက်လက်လန်တော့သည်။ သူ့မှာ ဘာမျှ အထိုင်မကျနိုင်။ အိပ်တော့လည်း တွန့်လိမ်ကောက်ကွေးလျက်၊ နာကျင်

နေသည့်အလား၊ အိပ်မက်ဆိုး မက်နေသည့်အလား မသက်မသာ ရှိလှသည်။ ကြောက်စရာပင်။ အရွယ်နှင့်မမျှ အကြောက်တရားက ကြီးမားလှဘိ တောင်း၊ သောကများဘိတောင်း။ နုနုမှာ သားငယ်ကို စိတ်ဆင်းရဲစွာ ထိုင်ကြည့် နေရသည်။

လေးဖက် တွားသွားနိုင်သည်နှင့်တစ်ပြိုင်နက် သားသားမှာ အချီမခံ ချင်တော့။ သူ တွားသွားနေပုံကို ကြည့်ရင်း နုနုအဖို့ သားသားသည် သူ့ထံမှ ထွက်ပြေးဖို့ ကြိုးစားနေသယောင် ထင်မိသည်။ သူ့နား ချထားလျှင် မကြာမီ တံထောင့်သို့ ရောက်သွားတတ်သည်။ တံခါးဆီ ဦးတည်သွားသည်။ တစ်ချက်မျှ နောက်ပြန်လှည့်မကြည့်။ နုနု ဘယ်လောက်အော်အော် ဂရုမစိုက်။ သူ့နောက်မှ လိုက်ပြီး ကောက်ချီလိုက်လျှင် ဒေါသတကြီး ရုန်းကန်တတ်သည်။ သူတို့ သားအမိ ကြား ဒီလိုတိုက်ပွဲတွေက နိစ္စဓူဝ။

ကိုကြီးကတော့ မိဘတွေနား နေရလျှင် အပျော်ဆုံး ဖြစ်သည်။ သူ့ကို ချီထားမှ ကြိုက်သည်။ အမြဲတမ်း အမေနားမှာသာ ကပ်နေချင်သည်။ လိမ္မော်သီး လေး ပစ်ပေးလိုက်လျှင် လိုက်ကောက်သည်။ အသီးရသည်နှင့်တစ်ပြိုင်နက် မိခင်နားသို့ သုတ်ခြေတင် ပြန်ပြေးလာတတ်သည်။ သူတို့သားအမိ တူတူပုန်းတမ်း ကစားကြသည်။ မိခင်ကို ရှာတွေ့ပါလျှင် ကိုကြီး အပျော်က တုန္နိုင်းမမီ။

သားသားကတော့ သူတို့သားအမိ၏ ကစားနည်းတွေကို နည်းနည်းမျှ စိတ်မဝင်စား။

တစ်ခါမှာတော့ နုနုတစ်ယောက် ကိုကြီးနှင့် အလုပ်ရှုပ်နေတုန်း သားသား က တံထောင့်ကို တွားသွားရင်း မီးဖိုနား ရောက်သွားသည်။ မီးတောက်ရှေ့ တည့်တည့်မှာ မှောက်ရင်း မီးကျီးခဲတွေကို စိတ်ဝင်တစား ကြည့်နေသည်။ ခဏ နေတော့ ရှေ့တိုးပြီး ကြက်ဥခန့်ရှိသည့် မီးကျီးခဲကြီးကို လက်လှမ်းလိုက်သည်။

နုနုတစ်ယောက် ထိုမြင်ကွင်းကို မြင်လိုက်တော့ ကြောက်သွေးတက်သွားသည်။ မမီတော့၊ သားသားက မီးကျီးခဲကြီးကို လှမ်းကိုင်လိုက်ပြီ။

အသား မီးလောင်သည့်နံ့တွေ ထွက်လာသည်။

သားသားက တစ်ချက် အော်လိုက်သည်။ မီးကျီးခဲကို လွှတ်ချလိုက် သည်။ သူ့လက်တွေကို သူ ပြန်ကြည့်နေသည်။ လက်တွေက ရဲရဲနီနေပြီ။ နာလို့ ငိုရမည့်အစား သူ့အမေကို ဒေါသတကြီး လှည့်ကြည့်နေသည်ကို တွေ့လိုက်ရ သည်။ ဒါဟာ အမေ့ အပြစ်၊ အမေမှ မတားတာ ဆိုသည့် အကြည့်မျိုး။

နုနု သူ့နားသို့ ပြေးသွားသည်။ ဆွဲထူသည်။ မီးသင့်သွားသည့် လက် ကို ရေထဲ ထည့်သည်။ လေဖြင့် မှုတ်ပေးသည်။ မီးလောင်ဒဏ်ရာကို ကြည့်ရ တာ သူ ရင်နာလှသည်။

ကာယကံရှင် သားသားကတော့ သူ့ကိစ္စ မဟုတ်သလိုပင်၊ ငိုလည်း မငို၊ ညည်းလည်း မညည်း၊ အပြင်းအထန် ဒဏ်ရာရမှု၊ တိတ်ဆိတ်သော ကလေးနှင့် သောကပွားနေသည့် မိခင်။

သားသားသည် သူ့အတွက်တော့ အဖြေရှာမရသည့် ပုစ္ဆာတစ်ပုဒ် ပမာ။ နှစ်တွေ ကြာလာပေမယ့် သားသား၏ မနာတတ်သလို မထုံတက်သေး အမူအရာတွေကို နုနု မြင်နေရဆဲ၊ ဘာကြောင့် ဒီလို ဖြစ်နေမှန်းလည်း မသိ။

ဒါပေမဲ့ တစ်ပြိုင်နက်တည်းမှာပင် သူ ကျိတ်ကျေနပ်နေသေးသည်။ ခုဆို သူ အဖော်ရပြီ။ မိသားစုထဲမှာ ကံဆိုးသူ နှစ်ယောက် ရှိနေ သည်လေ။ အမေနှင့် သား၊ နှစ်ယောက်လုံး ဒီလိုဆိုတော့လည်း သူတို့ကို ခွဲခြား မရပေဘူးပေါ့ ။

သို့သော် သားသားအပေါ်မှာ မောင်စိန့်လို စိတ်ရှည်သည်းခံမှုမျိုး နုနုမှာ ရှိမနေခဲ့။ စိတ်ရှည်သည်းခံမှု မရှိခဲ့ပါလျှင် ဤကလေးကို ဘယ်လိုမှ ထိန်းသိမ်းစောင့်ရှောက်ခြင်းငှာ မစွမ်းသာ။ အနည်းဆုံးတော့ သူတစ်ပါးကို ခွင့်လွှတ်နိုင်ဖို့ အဆင်သင့် ဖြစ်နေရမည် မဟုတ်လား။

လမ်းလျှောက်တတ်ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် သားသားသည် လောက ကို စူးစမ်းလေ့လာတော့သည်။ ဘယ်လို သတိပေးချက်တွေကိုမှ မလိုက်နာ။ ခြံထဲမှာ လျှောက်သွားသည်။ ခြံစည်းရိုးနား ရစ်သီရစ်သီ လုပ်နေသည်။ ရေတွင်း ထဲ ဒုတိယမို ပြုတ်ကျတုန်းက အချိန်မီ သိကာ ကယ်နိုင်သဖြင့် ကံကောင်း၍ မသေခဲ့ခြင်း ဖြစ်သည်။ မောင်စိန်နှင့် အိမ်နီးနားချင်းများက ကလေးကို ဂရုမစိုက် ရကောင်းလားဟု နုနုကို အပြစ်တင်ကြသည်။ ကြံရာမရသည့် နုနုမှာ သားသား ခါးတွင် ကြိုးတပ်၍ အိမ်တိုင်နှင့် တွဲချည်ထားလိုက်သည်။ သူ့ကမ္ဘာက ငါးကိုက် အတွင်းသာ ရှိကြောင်း သိသွားသောအခါ သားသားသည် ကမ္ဘာပျက်မတတ် အော်ဟစ် သောင်းကျန်းတော့သည်။ မောရင် တိတ်သွားလိမ့်မယ်ဟု အမြင် ကတ်ကတ်ဖြင့် တွေးရင်း နုနု လွှတ်ထားလိုက်သည်။

ငြိမ်ငြိမ်နေရင် နေ၊ မနေရင် တိုင်မှာ ကြိုးနဲ့ တုပ်ထားမယ်ဟု နုနုက ရာဇသံပေးလိုက်သည်။ သားသားက မလိုက်နာသည့်အတွက် ရာဇသံကို လက်တွေ့ အကောင်အထည်ဖော်လိုက်သည်။ မငြိမ်မချင်း ကြိုးဖြေမပေး။ သို့သော် သားသားက ပြစ်ဒဏ်ကို မှုသည့် ကလေးမျိုး မဟုတ်။

ထို့ကြောင့် ညနေခင်း ယာခင်းမှ အပြန် သူ့သား၏ ဟစ်အော် သောင်းကျန်းသံ ကို ရွာထိပ်ကပင် မောင်စိန် ကြားနေခဲ့ရသည်။ ဒေါသနှင့်ကြေကွဲမှု ပေါင်းစပ်ထားသည့် ကြားနေကျအသံ။ အိမ်ရောက်တော့ ငုတ်တုတ် ကလေး ထိုင်နေသည့် ကိုကြီးနှင့် အကျဉ်းသားနှစ်ယောက်ကို တွေ့လိုက်ရ သည်။ တစ်ယောက်က ကြိုးတုပ်လျက်၊ တစ်ယောက်ကတော့ လွတ်လွတ် လပ်လပ်။ နုနု ဒီလောက် ဒေါသကြီးသည်ကို မောင်စိန် တစ်ခါမျှ မမြင်ဖူးခဲ့။ ဘာဖြစ်တာတုံး မေးတော့လည်း နုနုက ပြန်မဖြေ။

ထိုညက စိတ်ဆင်းရဲမှုဝေဒနာကို နုနု အကြီးအကျယ် ခံစားရသည်။ ကံကောင်းခြင်းလက်ဆောင် တစ်စက်ကယ်မျှ မကျန်ရစ်သလို သူ့မှာ ဖြစ်နေ သည်။ ကိုကြီးကတော့ အိမ်တွင်းရေး အခြေအနေ မကောင်းမှန်း သိသဖြင့် ငြိမ်ကုပ်နေသည်။ အိပ်ရေးပျက်လှသည့်ညတွေ များသဖြင့် ကိုယ်စီ ပင်ပန်းနေကြ သည့် နုနုနှင့် မောင်စိန် အကြီးအကျယ် စကားများနေသည်။ သားသားကို အိမ်မှာ မထားနိုင်တော့ဟု နုနုက ပြောသည်။ သူ့ဆွေမျိုးတွေ ရွာက နှစ်ရက်ခရီး ခြေကျင်သွားရမည်။ အိမ်နီးနားချင်းတွေကလည်း သူတို့သားသမီးတွေ သူတို့ ကိစ္စတွေနှင့် မအားကြ။ ဘယ်သူမျှ သားသားကို ကြည့်မပေးနိုင်။

ခဏနေတော့ မောင်စိန် ဉာဏ်အလင်း ပွင့်သွားသည်။ သားသားကို ယာခင်းထဲ ခေါ်သွားမည်။ ထိုနေ့မှစ၍ နေထွက်ပြီ ဆိုသည်နှင့် သားအဖ နှစ်ယောက် အိမ်က ထွက်ကြသည်။ ညကြီးမိုးချုပ်မှ ပြန်ရောက်ကြသည်။ ပထမ တစ်မိုင်လောက်ကိုတော့ သားသားက ဟန်ကျပန်ကျ လမ်းလျှောက် သည်။ ထို့နောက်မှာတော့ အဖေ့ အချီအပိုးကို ခံချင်တော့သည်။ ပစ္စည်းတွေ တနင့်တပိုးမို့ မောင်စိန်က သားကို ပခုံးပေါ် ထမ်းရသည်။ သားသားက အဖေ့ ဆံပင်တွေကို ကိုင်ဆွဲရင်း အဖေ့ခြေလှမ်းအတိုင်း ယိမ်းနွဲ့ကာ လိုက်ပါသည်။ တစ်ခါတလေ လက်ဖြင့် မောင်စိန့်မျက်လုံးတွေကို ကွယ်ထားသည်။ မောင်စိန် က ဘာမျှ မမြင်ရတော့သလို ဟန်ဆောင်ပြီး ဒယိမ်းဒယိုင် လုပ်ပြသည်။ ကျင်းထဲ ကျတော့မယောင်၊ သစ်ပင်ကို ဝင်တိုက်တော့မယောင် လုပ်ပြလျှင် သားသားမှာ သဘောကျ၍ မဆုံး။ အဖေနှင့်သား ကလူကျီစယ်နေကြ၍ ယာခင်း အရောက် နောက်ကျကြသည်။ အလုပ်လုပ်ရမည့်အချိန် တစ်နာရီခန့် လမ်းမှာ ကုန်ဆုံး တတ်သည်။

ယာခင်းထဲမှာ မောင်စိန်က သားသားအတွက် ယာစောင့်တဲလေး ထိုးပေးသည်။ ဝါးနှင့် အုန်းလက်တွေနှင့် ထိုးထားသည့် တဲကလေးက နေဒဏ် မိုးဒဏ် ခံနိုင်သည်။ မောင်စိန်က သားကို သူ့ပိုင်နက် ယာခင်းကို ပြရင်း ကြည်နူးနေတတ်သည်။

သားသားသည် ယာခင်းထဲမှာ ပျော်လှသည်။ တိရစ္ဆာန်တွေနှင့် အစဉ်

ကစားနေတတ်သည်။ နောက်ပိုင်းမှာတော့ သူ့လက်ချောင်းလေးတွေနှင့် ကျင်းတွေတူး၊ ကျောက်တုံးလေးတွေ စီပြီး ရေသွယ်မြောင်း teen သူ လုပ်နေတတ်သည်။ အလုပ်ကို စိတ်ဝင်စားလွန်းသဖြင့် သားသားသည် ပတ်ဝန်းကျင်ကို မေ့နေတတ်သည်။ သူ့အဖေ အလုပ်လုပ်နေတာကို မappli မောင်စိန်ကလည်း သူ့သား အားကြိုးမာန်တက် လုပ်နေတာတွေကို ကြည့်ရင်း အင်မတန် ကြည်နူးသည်။ မိုးသည်းသဖြင့် သူ့မြောင်းကလေးတွေ ပျက်သွား တော့လည်း သူ မညည်းညူခဲ့။

နေ့လယ်စာစားချိန်ဆို သားအဖနှစ်ယောက် ယာတဲလေးထဲ ခွေးတိုး ဝက်ဝင် ဝင်ပြီး စားကြ သောက်ကြသည်။ စကားတစ်ခွန်းမျှ မပြောကြဘဲ ယာခင်းတွေ ဟိုမှာဘက်ဆီက တောင်တန်းစိမ်းစိမ်းကြီးတွေကို ထိုင်ငေးနေ တတ်သည်။ တစ်ခါတလေ ရောမ ကျီးငှက်ကြီးတစ်ကောင်က သူတို့ စားကြွင်း စားကျန်တွေကို ချောင်းနေတတ်သည်။ ထိုအကောင်ကြီးကို မြင်လျှင် သားသား က မောင်စိန့်အနားသို့ တိုးကပ်ထိုင်တတ်သည်။ မောင်စိန်က သားငယ်လေးကို ဖက်ထားတတ်သည်။ အဖေ့ ရင်အုပ်ကြီးပေါ် ခေါင်းအုံးလိုက်သည်နှင့် မိနစ်ပိုင်း အတွင်း သူ အိပ်မောကျသွားတတ်သည်။

ထိုအချိန် အခိုက်အတန့်လေးတွေမှာ ဆိုလျှင် ဘာကြောင့်များ ဒီအမေနဲ့ ဒီသား သံယောဇဉ် အမျှင်မတန်းရတာလဲ ဆိုတာကို မောင်စိန် တွေးနေတတ် သည်။ ဝေးလေ ကောင်းလေ ဆိုသည့် သားအမိကို သူ မတွေ့ခဲ့ဖူး။ ဒါ နုနုဘက် က စိတ်ရှည် သည်းခံမှု နည်းတာပဲ ဖြစ်မည်။

ညနေ အိမ်ပြန်ချိန်ဆိုလျှင် သားအဖနှစ်ယောက်လုံး ပန်းလှ နွမ်းလှပြီ။ မောင်စိန်မှာ သားသားကို ထမ်းရင်း အပြန်လမ်းမှာ အကြိမ်ပေါင်းများစွာ နားရသည်။ တစ်ခါတလေ လမ်းဘေးမှာ လက်ချင်းချိတ်ပြီး အိပ်ပျော်နေကြ သည့် သားအဖကို ယာသမားတွေက နှိုးလွှတ်ရသည့် အကြိမ်ပေါင်း မနည်းလှ။

■■■

အခန်း (၁၂)

အကယ်၍သာ မောင်စိန်တစ်ယောက် အိုးမကွာ အိမ်ကွာ နေခဲ့ရမည်ဆိုလျှင် အဖြစ်သနစ်တို့သည် မတူ ကွဲပြားမည်မှာ အမှန်။ အမေ့ဆီက မရနိုင်သည့် လုံခြုံငြိမ်းချမ်းမှုကို အဖေ့ဆီက သားသား ရနေခဲ့သည့်အတွက် အဖေနှင့် သားကြားက သံယောဇဉ်ကြိုးမှာ ခိုင်မာသထက် ခိုင်မာလာခဲ့ပြီ။

သို့သော်လည်း မိုးက နှစ်ရာသီ ဆက်တိုက် ခေါင်သော အခါမတော့ နဂိုကတည်းက သီးနှံအထွက်ညံ့သည့် မောင်စိန့် ယာသမားဘဝ နိဗ္ဗာန်ရတော့ သည်။ ခုတော့ ဘယ်လောက် ကြိုးစား ကြိုးစား ဝမ်းမဝတော့၊ ငတ်ကြပြီ။

"တခြား အလုပ်တစ်ခုခု ရှာမှ ဖြစ်တော့မယ် နုနုရေ"

ကလေးတွေ အိပ်တော့ မီးဖိုနား ထိုင်ရင်း သူ နုနုကို ပြောမိသည်။

နုနုတစ်ယောက် ဒီစကား ကြားရမှာကို ကြောက်နေခဲ့တာ လပေါင်း များစွာကြာခဲ့ပြီ။ သို့သော် မငြင်းနိုင်သော အမှန်တရားမှန်း သူ သိသည်။

"တော် ဘာအလုပ် လုပ်မှာလဲ"

ဒီတစ်ရွာလုံးက ယာသမားတွေချည်းမို့ မောင်စိန် ဘာအလုပ် လုပ်မည် ကို နုနု မသိ။

"သစ်ပဲ ပြန်ခုတ်ရမှာပေါ့ဟာ"

ဒါ အဓိပ္ပာယ်ရှိလှသောစကား၊ သို့သော် သူ မကြားချင်ဆုံး စကား သာ

"အိမ်နီးနားချင်း တွေဆီ စုံစမ်းကြည့်ပါဦးတော်"

"အင်း- သူတို့လည်း ငတ်နေတာပဲ နုနုရယ်၊ ဘယ်သူက ကူညီနိုင် မှာလဲ"

"ဒါဆိုလည်း ရှင်.."

စကားမဆက်နိုင်။ ဒီရွာမှာ မောင်စိန့်အတွက် ဘာအလုပ်မျှ မရှိသည် ကို နုနု ကောင်းစွာ သိသည်။

သူတို့နှစ်ယောက် ဘာမျှ ဆက်မပြောနိုင်ကြ။

နုနု မောင်စိန့်ကို အဝေးမသွားစေချင်။ သူ ယာခင်းထဲ ရောက်နေချိန် မှာပင် သူ့ကို သတိရသည်။ မင်္ဂလာဆောင်ပြီးကတည်းက တစ်ညပင် မခွဲဖူး ခဲ့သည့် သူတို့မောင်နှံ၊ မနက် မိုးလင်းလို့ မောင်စိန့်မျက်နှာ မြင်ရမှ အားရှိသလို ခံစားရသည့် နုနု။ မောင်စိန့် ရယ်သံတွေ၊ မောင်စိန့် သည်းခံနိုင်စွမ်းတွေ၊ မောင်စိန့်

စိတ်နေသဘောထားတွေ၊ မောင်စိန့် ယုံကြည်မှုတွေ.... ခုတော့ဖြင့် ကလေး နှစ်ယောက်နှင့် သူ ကျန်နေရစ်ရတော့မည်တဲ့။ ကိုကြီးနှင့် သားသား၊ အထူး သဖြင့် သားသားကို ဘယ်လို လုပ်ရပ့ါ။

သစ်ခုတ်သမား ဆိုသည်က နယ်တကာ ကိုးကုန်းကိုးကျင်း လျှောက် သွားရမည်သာ။ လမ်းပေါ်အိပ်၊ လမ်းပေါ်စား ဘဝဖြင့် လပေါင်းများစွာ ကြာမည် သာ။ သူတို့ တစ်နှစ်ကို နှစ်ကြိမ်လား၊ သုံးကြိမ်လား၊ ဒီထက် ပိုတွေ့ခွင့်ရှိမည် မဟုတ်၊ ထိုအတွေးကို နုနု မခံစားနိုင်။ မျက်လုံးတွေ စိုစွတ်လာသည်။ နှလုံးသား က လေးလံလာသည်။

ဟင့်အင်း၊ ဟင့်အင်း ဟု မပီမသ ပြောရင်း သူ ငိုချင်လာသည်။ ငိုစ ပြုပြီ။ သူ ငိုသည်ကို မောင်စိန် သတိမပြုမိပါစေနှင့်ဟု မျှော်လင့်နေပြန်သည်။

“ငါတို့မှာ ရွေးစရာမှ မရှိတာ နုနုရယ်”

“ကျုပ်တို့ တော်နဲ့အတူ လိုက်ခဲ့မယ်လေ”

ထိုသို့ ပြောလိုက်စဉ် တစ်ခဏမှာ တကယ်ပဲ လိုက်သွားရတော့ မယောင် နုနု ပျော်နေမိသည်။

“ကလေးနှစ်ယောက် တန်းလန်း တန်းလန်းနဲ့ ရွာစဉ်တန်းလှည့် မလို့လား”

“ဘာဖြစ်တုံး”

မဖြစ်နိုင်ဘူးလို့ မပြောလိုက်ပါနဲ့ ရှင်ရယ်၊ အင်းလေ စဉ်းစားဦးမယ် လို့ ပြောနော်။

“ငါ့မိန်းမကလည်းကွယ်၊ သစ်ခုတ်သမား ဆိုတာ တစ်နေရာတည်း အကြာကြီး နေလို့မရဘူး၊ သစ်တောရှိတဲ့နေရာမှာ အလုပ်လုပ်ရတာ၊ ပြေးရ လွှားရတာက ရှိဦးမှာ၊ ကလေးတွေနဲ့ ဘယ်လို ဖြစ်မလဲကွယ်”

နုနု ဘာမျှ မဖြေနိုင်။ မောင်စိန်က ဆက်ပြောသည်။

“ဒီမှာနေပြီး ခြံထဲက သီးပင်စားပင်လေးတွေ ကြည့်ရဦးမယ် မဟုတ် လား၊ သစ်ခုတ်တာ တစ်ခုတည်းနဲ့ ဖူလုံမယ်လို့လည်း မပြောနိုင်ဘူးလေ”

“ဒါဆိုလည်း ဘာလို့ လုပ်နေမလဲ၊ ဒီမှာပဲ နေပေါ့”

နုနု စိန်ခေါ်ပြီ၊ ဒီကိစ္စအတွက် မောင်စိန့်မှာ အပြစ်ရှိသည့်အလား သူ ပြောပြီ။

စဉ်းစားစမ်း၊ တခြား ဘာလုပ်နိုင်သေးလဲ၊ စဉ်းစားစမ်း၊ သားတွေနှင့် သူ အိမ်မှာ ငုတ်တုတ်ကျန်ခဲ့ရတာက လွဲလို့ တခြား ဘာလုပ်နိုင်သေးလဲ။

"ကိုကြီးနဲ့ သားသားကို ဘုန်းကြီးကျောင်း ပို့လိုက်မယ်လေ"

"ခြောက်နှစ်သားနဲ့ ငါးနှစ်သား ရှိသေးတာကို၊ ကိုရင်ဝတ်ဖို့ ငယ်လွန်းသေးတယ်လေ"

"ခဏ ပို့ထားကြည့်မယ်လေ၊ သုံး လေးလလောက်ပေါ့"

"မဖြစ်ပါဘူးဟယ်"

ဖြစ်တယ်၊ ဖြစ်တယ်၊ ဖြစ်တယ်။

"တစ်ယောက်ပဲ ပို့လိုက်ရင်ရော. . ."

"နုနု"

"ဘာတုံး"

"မဖြစ်ဘူးလေ၊ နင်- နင်"

မောင်စိန့်အသံတွေ တုန်လာသည်။

မီးအလင်းရောင်အောက်မှာ မောင်စိန့်မျက်နှာကို နုနု ကြည့်မိသည်။ မောင်စိန့်မျက်လုံးတွေက ရဲတွတ်လျက်။ မျက်နှာက ရှုံ့မဲ့လျက်။

■■■

အခန်း (၁၃)

မောင်စိန် ထွက်ခွာသွားပုံက ဆိုင်းမဆင့်ဗုံမပါ။ နေမထွက်ခင် ထရပ်ကားဖြူကြီး တစ်စီးက တခြားရွာက သစ်ခုတ်သမားတွေနှင့်အတူ သူ့ကို ခေါ်တင်သွား သည်။ အိပ်ပျော်နေသည့် သားတွေကို သူ မနှိုးချင်၊ ညတုန်းကလည်း သူ သွားတော့ မည်ဆိုတာကို ဘယ်လိုမှ ပြောမထွက်။

ထရပ်ကား ရပ်ထားသည့် ရွာလယ်က ရေတွင်းနားထိ နုနု မောင်စိန် ကို လိုက်ပို့သည်။ သူတို့ ဘာစကားမျှ သိပ်မပြောနိုင်ကြ။ ပြောချင်စိတ်လည်း မရှိကြ။

"ဂရုစိုက်နော်"

"အင်း- နင်ရောပဲ"

"ငါ နင့်ကို ချစ်တယ်"

"ကျုပ်လည်း တူတူပဲ၊ မြန်မြန်ပြန်ခဲ့နော်"

"စိတ်ချပါ "

မောင်စိန်က ကားပေါ် တက်လိုက်သည်။ အထုပ်ကလေး ချပြီး ကားအောက် ငုံ့ကြည့်နေရှာသည်။ နုနုက သူ့ဆီ လှမ်းကြည့်လိုက်သည်။ ကားပေါ် ခုန်တက်လိုက်ရ ကောင်းမလား၊ မောင်စိန့်နားမှာ တူတူရပ်နေရလျှင်ဘယ်လောက် ကောင်းလိမ့်မလဲ။ ကားက ထွက်စပြုပြီ။ ကားနောက်မြီးကို ကိုင်ရင်း လက်မလွှတ်ဘဲ နုနု လိုက်နေသည်။ သူ့ယောကျ်ားနှင့်သူ သုံးပေသာ ကွာသည်။ ခုနေ ခုန်တက်လိုက်ရမှာပဲ။

မောင်စိန်က သူ့ကို စိုက်ကြည့်နေရာမှ အကြည့်လွှဲပြီး ခေါင်းမော့လိုက် သည်။ ထိုတဒင်္ခဏမှာ နုနု သေချာစွာ သိလိုက်ပါသည်။ သားသား မွေး ကတည်းက ကုန်ဆုံးသွားသော ကံကောင်းခြင်း လက်ဆောင်တွေက သူ့အတွက် အတိုင်းအဆမရှိ ဆက်လက် ဖြစ်တည်နေတော့မှာပါကလား။

သူ ကားနောက်မြီးကို လက်လွှတ်လိုက်သည်။ ရပ်လိုက်သည်။ ထရပ်ကားက အမှောင်ထဲမှာ နစ်မြုပ်ပျောက်ကွယ်သွားသည်။

ကလေးတွေ နိုးလာသည့်အခါမတော့ သူတို့အဖေ ခရီးထွက်သွား ကြောင်း၊ ဘယ်တော့ ပြန်လာမည်ကို သူ မသိကြောင်း ပြောပြသည်။ သားသားကတော့ သူ ပြောတာကို မယုံ။ ညနေ ပြန်လာမယ်လားဟု တတွတ်တွတ် မေးသည်။

"ဟင့်အင်း သုံးလေးပတ်လောက် ကြာမယ်"

ဟု နုနုက ဖြေသည်။

"အဖေက ဟိုဘက်ရွာ သွားတာလား"

"မဟုတ်ဘူး"

"ယာခင်းထဲ ဆင်းသွားတာလား"

"မဟုတ်ဘူး"

နုနု သက်ပြင်းချမိသည်။ ထရပ်ကားပေါ် တက်သွားသည့် မောင်စိန်၊ သူ သွားပြီ၊ ဟိုးအဝေးကြီးကို သွားပြီ။

သားသားက ထမင်းစားရင်း အဖေ့အကြောင်းကို အိမ်နီးနားချင်း တစ်ယောက် အကြောင်းအလား ပြောနေသည့် အမေ့ကို အေးဆေးစွာ ကြည့်နေသည်။

နောက်နာရီဝက်လောက် ကြာတော့ သူ ပျောက်သွားသည်။ ခြံထဲမှာ ရှာမတွေ့၊ သူ ပုန်းနေကျ ကြက်ခြံလေးထဲမှာလည်း မတွေ့၊ တစ်နေရာရာ သွားဆော့နေတာ ဖြစ်မည်ဟု နုနု ထင်သော်လည်း နေ့လယ်ခင်းသိ သားသား ပြန်ရောက်မလာ။ ရွာထဲမှာ သားပျောက်ရှာရပြီ။ အိမ်နီးနားချင်းတွေကလည်း ကလေးကို မတွေ့မိဟု ဆိုသည်။ ရေတွင်းဟောင်း၊ ရေတွင်းသစ် နေရာအနှံ့ ရှာသည်။ မတွေ့။ ရွာပြင်က ရေကန်တွေ၊ ဘုန်းကြီးကျောင်းတွေ ရောက်သည်၊ မတွေ့။ ညနေစောင်းလာပြီ။ အိမ်နီးနားချင်းတွေလည်း ကူရှာပေးကြသည်။ သားသားက တော့ စုပ်စမြုပ်စ ပျောက်နေသည်။ သစ်ပင်ပေါ်က ပြုတ်ကျပြီး ခြေကျိုး လက်ကျိုးနှင့် တစ်နေရာရာမှာ လဲများနေသလား။ ဂူတွေထဲ လျှောက်ဝင်ပြီး လမ်းများ ပျောက်နေပြီလား။ ခွေးလေခွေးလွင့် တစ်ကောင်ကောင်က ကိုက်တာ များ ခံနေရပြီလား။ ပြီးခဲ့တဲ့လကပဲ တခြားရွာမှ ကလေးတစ်ယောက် ခွေးရူး ကိုက်ခံရပြီးပြီ။

အိပ်မရသည့် ညတာက ရှည်လှဘိတောင်း။

နောက်တစ်နေ့မနက်မှာတော့ သူ့အဖေ ဆောက်ခဲ့သည့် ယာတဲဟောင်း လေးထဲမှာ အိပ်ပျော်နေသည့် သားသားကို ယာသမားများ ပြန်လာပို့ခဲ့ကြသည်။

သူတို့အဖေ မောင်စိန်မှာ ယာအလုပ် မလုပ်တော့ဘဲ ဟိုးအဝေးကြီးက သစ်တောတွေထဲမှာ သစ်ခုတ်သမားအလုပ်ကို လုပ်နေပြီ ဖြစ်ကြောင်း ကလေး တွေကို နုနု ထပ်ရှင်းပြသည်။ သားသားကတော့ သူ ပြောတာ မယုံနိုင်သေး။ ဒီမှာလည်း သစ်ပင်တွေ ရှိတာပဲဟာကို။ သစ်ပင်ခုတ်ဖို့ ဟိုးအဝေးကြီးကို သွားနေစရာ မလိုပေါင်။ ဒါကြောင့် တစ်ပတ်လုံးလုံး သားသားမှာ ရွာထဲသို့ တစ်အိမ် တက်ဆင်း ဝင်ရင်း အဖေ့ကို တွေ့မိကြသေးလားဟု လိုက်မေးရှာသည်။ မောင်စိန် မရှိတော့တာ သေချာသွားချိန်မှ သူ့အမေးကို ရပ်တော့သည်။ ဒေါသ ကုမ္ဘာရ

သားသားအဖို့ ပေါက်ကွဲကြမ်းတမ်းတော့မည်ဟု နုနု မျှော်လင့်ထား သော်လည်း အထင်နှင့် တခြားစီ၊ သားသားသည် လုံးဝဥဿုံ ငြိမ်သက် တိတ်ဆိတ်နေသည်။

သူသည် သူ့အစ်ကိုနှင့်လည်း ရန်မဖြစ်တော့။

နုနုကိုလည်း ဂျီမတိုက်တော့။

အိပ်၍ချည်း နေသည်။ အစားလည်း မည်မည်ရရ မစား။

နုနုနှင့် ကိုကြီးတို့ စားသောက်နေကြလျှင် သူ ကြက်ခြံထဲ ဆင်းနေ တတ်သည်။ ထမင်းကျန် ဟင်းကျန်တွေကို မညည်းမညူ စားသည်။ ခြံထဲက သစ်ပင်ကြီးအောက်မှာ နာရီပေါင်းများစွာ ထိုင်နေတတ်သည်။

နုနုကတော့ သားသားကို ကြည့်ရင်း စိတ်သက်သာရာရနေသည်။ သူ နေချင်သလို နေဖို့ လွှတ်ပေးထားလိုက်ပြီး သူ ကိုကြီးနှင့်သာ အချိန်ကုန်ဆုံး စေသည်။ ကိုကြီးကလည်း သူ့နားမှာ တွယ်ကပ်နေတတ်သည်။ ကိုကြီးက ကပ်လေလေ သူ မောင်စိန့်ကိုသတိရလေ။ ညညအိပ်နေလျှင်ပင် ကိုကြီးနားက မောင်စိန့်အနံ့ ရနေသလို ခံစားရသည်။

သားသားက သူတို့နှစ်ယောက်ကို မျက်လုံးထောင့်ကပ်ကာ ကြည့်ကြည့် နေကြောင်း နုနု သတိထားမိသည်။ အပြစ်မကင်းသလို ခံစားရသည့်အတွက် သားသားကို အနားလာဖို့ ခေါ်မိသည်။ သားအမိသုံးယောက် တူတူ စားကြ၊ သောက်ကြဖို့ ပြောတော့ သားသားက ခေါင်းခါပြသည်။ သူ အနေခက်အောင် ကြည့်နေသည့် သားသား၏ မျက်ဝန်းတွေ။

ကလေးတစ်ယောက်၏ စိတ်ဝိညာဉ်ဟာ အရာရာကို သိနိုင်သည် တဲ့လေ။

တခြား ကလေးတွေနှင့်အတူ ကစားနေပြန်တော့လည်း စိတ်က မချရပြန်။

သားသားသည် အမြင့်ဆုံး အပင်တွေကို ရအောင် တက်သည်။ အကိုင်းတစ်ခုမှ တစ်ခုသို့ မျောက်လွှဲကျော်လို ကူးနေသည်။ အောက်က ကလေး တွေက အသည်းတယားယားနှင့် ငယ်သံပါအောင် အော်ကြသည်။ ဂူတွေထဲ တစ်ယောက်တည်း ဝင်သည်။ မြစ်ကူးတံတားပေါ် မကြောက်မရွံ့ တွယ်တက် သည်။ ရန်ဖြစ်လျှင်လည်း လက်မနှေးသဖြင့် ကလေးတိုင်း သူ့ကို ကြောက် သည်။ သတ္တိဗျတ္တိ အရာတွင် သူ အစမ်းသပ်မခံနိုင်သော အရာသည် မရှိဟု ဆိုရမည်။

အိမ်ရောက်လျှင်တော့ သားသားသည် အိမ်အလုပ်တွေကို ကူစပြုလာ သည်။ ကိုကြီးထက် တစ်နှစ်ငယ်ပေမယ့် သူက ပိုထွားသည်။ ပိုသန်မာသည်။ ဖခင်၏ လှိုင်းတွန့်ဆံပင်နှင့် အသားဖြူဖြူသာမက သန်မာထွားကျိုင်းမှု၊ ခွန်အား ရှိမှုကိုပါ အမွေရသည်ဟု ဆိုရမည်။ သားသားသည် တစ်နေ့နေ့ အရွယ်ရောက် ချိန်မှာ လူချောလူလှတစ်ဦး ဖြစ်လာမည် ဆိုတာ နုနု သိသည်။ ခုဆို တစ်ခုခု ခိုင်းလိုက်လျှင် မညည်းမညူ လုပ်ပေးတတ်သည်။ ထင်းကောက်သည်။ ထင်း စည်းသည်။

ထင်းခွဲသည်။ ဈေးနေ့တွေမှာ ခရမ်းချဉ်၊ ချင်းတွေ ထည့်ထားသည့် တောင်းကိုလည်း သူပင် သယ်သည်။ ကိုကြီးကတော့ အမေ့လက်ကို ကိုင်ဆွဲ လျက်။ စကားတော့ သိပ်မပြော။ မေးလျှင် တိုတိုပြတ်ပြတ် ရှင်းရှင်းသာ သူ ဖြေသည်။

နောက် ခြောက်လကြာတော့ မောင်စိန် အိမ်ပြန်လာသည်။ အိမ်မှာ နှစ်ပတ်နေမည့် မောင်စိန့်ကို အရင်ဆုံး မြင်သူက သားသားသာ။ သူ ထင်းခွဲ နေတုန်း ခြံတံခါးဖွင့်သံ ကြားသည်။ သားသား ခဏတာ ကြောင်ငေးပြီး မလှုပ်နိုင်မရှားနိုင် ဖြစ်သွားသည်။ လက်တွေ ဆန့်တန်းရင်း ပြေးဝင်လာသူက အဖေ၊ အချစ်ရဆုံး အဖေပါကလား။ သားသားက သူ့ထံမှ အကြည့်မလွှဲဘဲ သစ်တုံးကို မြေပေါ် သေချာ ချနေသည်။ သူ့မျက်လုံးတွေကို သူ မယုံနိုင်သကဲ့ သို့၊ မျက်တောင်တစ်ဖျပ် အခတ်မှာ သူ့အဖေ ပျောက်ကွယ်သွားမှာကို စိုးဘိ သကဲ့သို့။ သားသားသည် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။ ပြီးတော့ ချီတုံချတုံ ဖြစ်နေသည်။ ချက်ချင်း သူ ပြန်လှည့်သွားသည်။ ပြီးတော့ တဲနောက် ထဲ ဝင်သွားသည်။ ပုန်းကွယ်နေသည်။ ညနေပိုင်းထိ ဘယ်လို ခေါ်ခေါ် ထွက်မလာခဲ့။ နောက်တစ်နေ့မှာ သူ့အဖေကို လုံးဝမရှိသလို လျစ်လျူရှုထား သည်။ ဒုတိယနေ့မှာ စူးစူးစိုက်စိုက် ကြည့်သော်လည်း စကားတစ်လုံးမျှ မပြော။ တတိယမြောက်နေ့မှာတော့ တစ်ခွန်းတည်းသော မေးခွန်းကို သူ မေးခဲ့သည်။

“အဖေ ဒီလောက် ကြာအောင် ဘယ်မှာ သွားနေနေတာလဲဗျာ” အဖေ့ အဖြေကို ကြားလိုက်ရတော့ သူ ငြိမ်ကျသွားခဲ့သည်။

နောက်နေ့တွေမှာလည်း အဖေ သူ့နားကို ကပ်လာတိုင်း သူ ရှောင်ဖယ် နေခဲ့သည်။ မောင်စိန် ခိုင်းသမျှ မညည်းမညူ လုပ်သော်လည်း စကားတော့ တစ်လုံးမျှ မပြော။ သူ့အဖေ ပြန်ရောက်နေသည့် အချိန်ကာလတစ်ခုလုံးမှာ သူတို့သားအဖ တစ်ခွန်း နှစ်ခွန်းထက် ပိုမပြောဖြစ်ခဲ့ကြ။

ပြန်ရတော့မည့်နေ့ မတိုင်ခင် တစ်ညနေမှာတော့ မောင်စိန် သူ့သားငယ် ကို အကြာကြီး လိုက်ရှာနေခဲ့သည်။ နောက်ဆုံး ကြက်ခြံထဲမှာ သွားတွေ့သည်။ ဘယ်လိုမှ ခေါ်မရသည့်အဆုံး မောင်စိန်တစ်ယောက် ကြက်ခြံထဲသို့ ကျဉ်းကျဉ်း ကျပ်ကျပ် ကုန်းကုန်းကွကွဖြင့် ဝင်ရသည်။ သားသားက ကြက်ခြံထောင့်က ကောက်ရိုးပုံပေါ်မှာ ထိုင်နေသည်။ သူ့နားမှာ ကြက်မတွေ ဝိုင်းလျက်၊ သူစိမ်းတစ်ယောက် ဝင်လာသဖြင့် ကြက်တွေ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ကြက်ခြံထဲမှာ ပူလောင်အိုက်စပ် နံစော်နေသည်။ သားလေး ဘယ်လိုများ နေနိုင်ပါလိမ့်။ သူ သားနားမှာ ထိုင်ချလိုက်ပြီး-

“ငါ့သား ဘာလို့ ပုန်းနေတာလဲကွာ”

ဟု မေးလိုက်သည်။

“ဟင့်အင်း၊ သား မပုန်းပါဘူး”

“ဒါဆို ဘာလုပ်နေတာလဲ”

“သား သူငယ်ချင်းတွေဆီ လာလည်နေတာ”

“ဟင်- ဘယ်သူတွေတုံး၊ ဒီကြွက်တွေလား”

မောင်စိန် အံ့ဩတကြီး မေးမိသည်။

“ဟုတ်တယ်၊ သူတို့က သားကို ချစ်တယ်လေ”

သားသားက လက်တစ်ဖက် ဆန့်တန်းကာ လက်ဖဝါးကို ဖြန့်လိုက် သည်။ ကြွက်တစ်ကောင်က သူ့လက်ကို နှုတ်သီးဖြင့် လာဆိတ်သည်။ အစာ ကောက်သလို ဆတ်ခနဲ ဆိတ်ခြင်း မဟုတ်၊ ညင်ညင်သာသာ ခင်ခင်မင်မင် တို့သည် ဆိုရုံမျှသာ။ သားသား၏ မျက်နှာက မပြုံးစဖူး ပြုံးနေသည်။

“တွေ့လား အဖေ”

မောင်စိန်က ခေါင်းညိတ်ပြလိုက်သည်။

“မင်းအမေ ပြောတော့ မင်း ဒီထဲမှာ အကြာကြီး နေတယ်ဆို”

“ဟုတ်တယ်၊ တစ်ခါတလေ သား ဒီမှာပဲ အိပ်တယ်”

“ဘာဖြစ်လို့လဲ လူကလေးရယ်”

“ဒီမှာ နေရတာ ကောင်းတယ်လေ၊ သူတို့က သားသူငယ်ချင်းတွေ၊ သားက သူတို့ကို ကာကွယ်ပေးရမှာ၊ တစ်ခါတလေ သူတို့က သားကို ဒီမှာပဲ နေဖို့ ပြောကြတယ်”

“ဟင်- မင်း ကြွက်တွေနဲ့ စကားပြောတယ်လား” “

“ဟုတ်ကဲ့၊ သား သူတို့ နာမည်တွေတောင် သိသေးတယ်”

“ဩ... သူတို့မှာ နာမည် ရှိတယ်လား”

“သား ပေးထားတာပေါ့ဗျ၊ သူက ကိုကို”

ညိုလွင်လွင် ကြွက်မတစ်ကောင်ကို သားသားက လက်ညှိုးထိုးပြရင်း ပြောသည်။

“သူ့ဥတွေက သိပ်အရသာရှိတယ်၊ သူက မိုမို၊ ချစ်စရာ အကောင်း ဆုံး၊ သူက မီမီ၊ သားကို ဂရုအစိုက်ဆုံး”

“ဒါဆို သားက သူတို့နဲ့ ဘာတွေပြောတုံး”

“အားလုံးပေါ့”

"သူတို့က မင်း ပြောတာ နားထောင်တယ်ပေါ့"

"အင်းပေါ့"

သားသား ပါးစပ်က အသံတစ်ခု ထွက်လာသည်။ ကြက်တွေအားလုံး ငြိမ်ကျသွားသည်။ သားသားက လက်ဆန့်လိုက်တော့ ခြံဟိုဘက်ထောင့်က မီမီက ပြေးလာပြီး နှုတ်သီးဖြင့် လက်ကို အသာအယာ လာတို့ပြန်သည်။

သားသား အတုခိုးကာ မောင်စိန်လည်း လိုက်လုပ်ကြည့်သည်။ သူ့လက်ကြီး ဆန့်တန်းလိုက်တော့ ကြက်တွေက ဒရောသောပါး ပြေးကြ ပုန်းကြသည်။ သားသားက ထူးဆန်းသော အသံဖြင့် ကြက်တွေကို ငြိမ်အောင် ချော့နေ သည်။ သူက ပြုံးရင်း-

"အမေ့ကို သူတို့လည်း မချစ်ဘူးဗျ"

ဟု ပြောသည်။

ဘာပဲပြောပြော သူ့သား စကားပြောလာသဖြင့် မောင်စိန် ကျေနပ်နေသည်။ သူ သားသားနှင့် စကားပြောချင်သည်။ လုပ်ငန်းခွင်ကို ပြန်မသွားခင် သားသားအသံကို ကြားချင်သည်။ သို့သော် သားသားက ထပ်မပြောတော့ သဖြင့် ကြက်ခြံတစ်ခုလုံး တိတ်ဆိတ်သွားပြန်သည်။

နောက်ဆုံးတော့ မောင်စိန် ပြောရပြီ။

"အဖေ မနက်ဖြန်ဆို ပြန်သွားရဦးမယ်"

သားသားက ကြက်ခြံခေါင်မိုးကို မော့ကြည့်နေသည်။

"မနက်ဖြန် အစောကြီး နေမထွက်ခင် သားတို့ အိပ်နေတုန်း သွားရမှာ"

"သား အဖေနဲ့ လိုက်ခဲ့ချင်တယ်"

ရုတ်တရက် သားသားက ပြောလိုက်သည်။

ကြက်တစ်ကောင်က မောင်စိန့်ခြေထောက်ကို လာဆိတ်နေသည်။

ခုတော့ မောင်စိန် နှုတ်ဆွံ့သည့် အလှည့်ပေါ့။ မောင်စိန် စဉ်းစားနေသည်။ သို့သော်လည်း သစ်ခုတ်စခန်းမှာ ကလေးတွေနေဖို့ နေရာ မရှိ။

"မဖြစ်ပါဘူး ငါ့သားရာ"

"ဘာလို့လဲ အဖေရာ"

“အဖေက တစ်ချိန်လုံး အလုပ်ချည်း လုပ်ရတာကွ”

“သား ကူညီမှာပေါ့”

မောင်စိန်က မချိပြုံး ပြုံးရှာသည်။

“သား ကူညီမှာ အဖေ သိပါတယ်ကွာ၊ ဒါပေမဲ့ သစ်ခုတ်ရတာက အန္တရာယ်များတယ် လူကလေးရ”

“သား မကြောက်ပါဘူး”

“အင်း- အဖေ သိပါတယ်၊ ဒါပေမဲ့ နည်းနည်းကြီးလာတဲ့ထိ စောင့်ဦး ငါ့သားရယ်၊ အဖေ မင်းကို ခေါ်မှာ၊ ကတိပေးတယ်”

သားသားထံမှ စကားပြန်မရ။ မောင်စိန် သူ့သားကို တိတ်ဆိတ်စွာ ကြည့်နေမိသည်။ ကြာကြာကြည့်လေ ဝမ်းနည်းလာလေ၊ ဖယောင်းတိုင်မီးအလင်းရောင်အောက်မှာ သားသား၏ မျက်နှာလေးသည် အရွယ်နှင့်မလိုက် အောင် ပင်ပန်းရှာလှသည်လေ။ နှုတ်ခမ်းလေးတွေက ကြွက်မြီးစွန်းလို ပြားလှ သည်။ ထိုနှုတ်ခမ်းပါးကလေးတွေကို သူ တင်းတင်းစေ့ထားသည်။ သူ့မျက်လုံး တွေက ပင်ပန်းမှုကြောင့် ဝေရီနေသည်။ မျက်လုံးထောင့်စွန်းမှာ အရစ်ကလေး တွေတောင် ထနေသလား ထင်မိသည်။ ကလေးတစ်ယောက်နှင့်ပင် မတူ။ အထီးကျန်နေသည့်၊ ပူဆွေးနေသည့် လူကြီးလေးတစ်ယောက်လိုပင်။

“အဖေ မရှိရင် မင်းအမေက မင်း အကူအညီကို လိုမှာလေ ငါ့သား ရဲ့”

“သူ သား ကူညီတာကို မလိုချင်ပါဘူး အဖေရာ”

“လိုချင်ပါတယ် ငါ့သားရယ်၊ မင်း အထင်မှားနေတာပါ၊ မင်း ဘယ်လောက် အားကိုးရလဲ ဆိုတာ မင်းအမေ ငါ့ကို ပြောပြပါတယ်”

“အမေ့မှာ ကိုကြီး ရှိတယ်လေ၊ အမေက သားကို မလိုချင်ပါဘူးဗျာ”

မောင်စိန် တံတွေးကို နှစ်ခါတိတိ မျိုချလိုက်ရသည်။ အဖြေ တစ်ခုခု ပြန်ပေးချင်သော်လည်း ဘာပြောရမှန်းမသိ။ ဆွေးဆွေးမြည့်မြည့် အေးအေး သက်သာ ပြောနေသော သားသားကို ကြည့်ရင်း သူ စိုးရိမ်စိတ်တွေ ဝင်လာ သည်။ အင်းလေ- ကလေးပီပီ ညည်းညူရှာတာပဲ ဖြစ်ပါစေတော့။

■■■

အခန်း (၁၄)

တကယ်တော့ နုနုအနေနှင့် မောင်စိန့်ကို အံ့သြဝမ်းသာသွားစေချင်ရုံ သက်သက်သာ။

သူလည်း ပျော်၊ ကလေးတွေလည်း ပျော်စေချင်ရုံမျှသာပါ။

ကလေးတွေအဖို့ သူတို့အဖေ ထွက်ခွာသွားပြန်သည်ကို မြင်ရသည်မှာ ခက်ခဲလွန်းလှသည်။ အထူးသဖြင့် သားသားပေါ့။ အဖေ ပြန်တာကို မြင်ရလေ တိုင်း သူ့ဆန္ဒမှာ အဖေနှင့် လိုက်ပါသွားဖို့သာပဲ။ ခုတော့ သူ့အဖေ လုပ်နေရ သော အလုပ် ဘယ်လောက် ခက်ခဲပင်ပန်းပြီး အန္တရာယ်များသည်ကို သူ မျက်ဝါးထင်ထင် မြင်ခွင့်ရတော့မည်။

ရွာမှာ ရှိသည့် နောက်ဆုံးလက်ကျန် သက်တမ်းရင့် သစ်ပင်အိုကြီးကို ခုတ်ချမှ ရတော့မည်။ လမ်းဆုံလမ်းခွမှာ ရှိနေသည့် ထိုအပင်ကြီးမှာ သစ်ခေါင်းထဲ ပိုးထိုးကာ ပျက်စီး၍နေချေပြီ။ မုန်တိုင်းတစ်လုံးလောက် ကျလာလျှင် အနားက အိမ်တွေပေါ် ကျိန်းသေပိတော့မည်မို့ ခုတ်ပစ်မှ ဖြစ်တော့မည်။ ထိုကိစ္စ အတွက် အတွေ့အကြုံအရှိဆုံးလူက တစ်ရွာလုံးမှာ မောင်စိန် တစ်ယောက်တည်း မို့ သူကလည်း ဒီတာဝန်ကို ဂုဏ်ယူစွာ ယူသည်။

လွှကြီး ထမ်းရင်း သစ်ပင်ပေါ် ကျွမ်းကျင်စွာ တက်သွားသည့် မောင်စိန့် ကို ကြည့်ရင်း ရွာသားတွေ အံ့ချီးဘနန်း ဖြစ်နေကြသည်။ အန္တရာယ်ကင်းအောင် လမ်းကို ပိတ်ပြီးသည့်အခါမတော့ မောင်စိန် သစ်ကိုင်းတွေကို လွှဖြင့် စတိုက် တော့သည်။ အဲဒီနောက်မှာတော့ အပေါ်မှာ ဘာဖြစ်နေမှန်း ဘယ်သူမျှ သေချာ မသိကြတော့။

ပထမ တစ်ကိုင်း ဒုတိယ တစ်ကိုင်း

လွှသံ... သစ်ကိုင်းကျိုးသံ... ပြုတ်ကြသံ ...တိုးရာမှ တဖြည်းဖြည်းကျယ်။

ခေါင်းမော့ကြည့်ကြသည်။ အသက်ပင် မရှူဝံ့ကြ။ အာမေဋိတ်သံတွေ . . ဟာခနဲ ဟင်ခနဲ အော်သံတွေ . . . ဝုန်းခနဲ မြေကြီးနှင့် ဆောင့်မိသံ။ အနားမှာရှိသူတွေ တစ်သက် မမေ့နိုင်သည့် မြင်ကွင်း။

ရွာသားတွေကတော့ မောင်စိန့်ကို သစ်ပင်စောင့်ရက္ခစိုးက အပြစ်ပေး လိုက်ခြင်းဟု ဆိုကြသည်။ တချို့ကတော့ မောင်စိန်မှာ ဆွဲနေသည့် သစ်ကိုင်း ကို နင်းမိတာ ဖြစ်သည်ဟု ပြောသည်။ အများစုကတော့ တွဲလောင်းကျနေသည့် သစ်ကိုင်းကို ကန်ချရာမှ ခုလို ဖြစ်ခြင်းတဲ့။ အနည်းစုကတော့ မောင်စိန်မှာ ကျွမ်းကျင်မှုကြောင့် အလေးမထားသဖြင့် ဟန်ချက်ပျက်သွားခြင်းတဲ့။ တချို့က တော့ သူ့ကံ ဒီလောက်ပဲ ပါတာကိုးဟု ဆိုကြသည်။ ဘာပဲပြောပြော ကံဇာတ် ဆရာ၏ စီမံမှုကို မည်သူမျှ လွန်ဆန်၍ မရသည်ကတော့ သေချာသည်။ ဒါကို နုနုက

သူများထက် ပိုသိသည်။

တကယ်တော့ ဒါ သူ့အပြစ်ပါ။ မောင်စိန့်ကို အာရုံနောက်အောင် သူ လုပ်မိတာ ဖြစ်သည်။ ရောမသစ်ပင်ကြီး၏ ထိပ်ဖျားမှာ ရှိနေသည့် မောင်စိန် ကို သူ အဝေးကြီးကတည်းက လှမ်းမြင်သည်။ မောင်စိန်က မြေပြင်မှ ကိုက် သုံးဆယ် လေးဆယ် အမြင့်မှာမို့ အဝေးက ကြည့်တော့ သစ်ရွက်စိမ်းတွေကြား မှ အမည်းစက်လေးကိုသာ မြင်ရသည်။

သူ သားနှစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။ သားတွေက သူတို့အဖေကို မြင်တော့ ပြေးသွားချင်ကြသည်မှာ ရှုပိုးကို ထိုးလို့။

အရုံအတားတွေနား ရောက်တော့ သစ်ကိုင်းတွေကြားက မောင်စိန့်ကို ထင်ထင်ရှားရှား တွေ့ကြရပြီ။ သားအမိသုံးယောက် သံပြိုင်အော်လိုက်ကြ သည်။ မောင်စိန်က အံ့သြတကြီးဖြင့် အောက်ငုံ့ကြည့်လိုက်သည်။

သူတို့ ပျော်ရွှင်စွာ လက်ပြကြသည်။

မောင်စိန်ကလည်း လက်ပြန်ပြသည်။

ကလေးနှစ်ယောက်က ခုန်ပေါက်ကာ လက်ခုပ်လက်ဝါး တီးကြသည်။

မယားနှင့် သားများကို သေချာမြင်ရဖို့ မောင်စိန် ရှေ့တိုးလိုက်သည်။ အမှတ်တမဲ့ဖြင့် လက်နှစ်ဖက်လုံး ဝှေ့ယမ်း...။

သစ်ကိုင်းကျိုးသံ.... ပြုတ်ကျသံ... တိုးရာမှ တဖြည်းဖြည်းကျယ်။

ဝုန်းခနဲ။

■■■

အခန်း (၁၅)

နှစ်နှစ် ကြာသွားခဲ့ပြီ။

ဒီနှစ်နှစ်အတွင်း သူ ဘယ်လို အသက်ရှင်သန် နေထိုင်နေသည်ကို နုနု မပြောတတ်ပါတော့။

နှစ်နှစ်အတွင်း သွက်သွက်ခါအောင် ရူးသွားမှာကို သေမတတ် စိုးရိမ်နေရသည့်နေ့တွေကိုချည်း သူ ကျော်ဖြတ်ခဲ့ရသည်။

ဘာကြောင့်များ ကံကွက်ကျား၍ သူ့ကိုမှ ကြမ္မာဆိုးက ဘယ်အငြိုး နှင့် ဖိစီးနှိပ်စက်ပါလိမ့်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ဖို့ သူက ဘယ်လို အကုသိုလ်တွေ လုပ်ထားလို့လဲ။ ကပ်စေးနဲ တွန့်တိုလှသည့် ရွာသူကြီး မိန်းမက ဘာလို့ ဒီလို မကြုံရတာလဲ၊ လောဘကြီးလှသည့် ဆန်ကုန်သည်ကြီး မိန်းမက ဘာလို့ ဒီလိုမဖြစ်ရတာလဲ၊ လူမမည် ကလေးနှစ်ယောက်နှင့် သူ့ကိုမှ ကံကြမ္မာ အငြိုးက ကြီးလှချည့်၊ လောကကြီးက နည်းနည်းမျှ မတရား။

သူ အိပ်ရာပေါ် ခွေလှဲနေပြီး တဲထဲက တဲပြင်မထွက်သည်က ရက်သတ္တပတ်ပေါင်းများစွာ။ အဝတ်လည်း မလျှော်၊ ဘာမှလည်း မချက်၊ ဆွမ်းတောင် မလောင်း။ တစ်ညလုံး မအိပ်ဘဲ တစ်နေကုန် အိပ်သည်။ ဒါ အိပ်မက်ပဲဟု ထင်လာချိန်မတော့ ကိုကြီးကို လက်ဆွဲပြီး သူ ထဘီစွန်တောင်ဆွဲ၊ ဆံပင်ဖိုးရိုးဖားရားဖြင့် ရွာထဲမှာ မောင်စိန့်ကို လျှောက်ရှာသည်။ သစ်ပင်ကြီးရှေ့အရောက်မှာ တော့ မြေပေါ် ထိုင်ချလိုက်ရင်း အဖြစ်ဆိုးကို ပြန်သတိရလာသည်။

သစ်ပင်ပေါ်က သူ။

လက်နှစ်ဖက်လုံး ဖွေ့ယမ်းပြနေသည့် သူ။

ထိုအချိန်မျိုးဆို သားသား ရောက်လာပြီး သူ့တို့ကို လက်ဆွဲကာ အိမ်ပြန် ခေါ်သွားတတ်သည်။

သူတို့ဖခင် သေဆုံးခြင်းနှင့် ပတ်သက်၍ သားနှစ်ယောက်၏ တုံ့ပြန်မှု က တစ်ယောက်နှင့်တစ်ယောက် ကွဲပြားလှသည်။ ကိုကြီးက အမေနားမှာ ကပ်ရင်း အမေ့ကို မျက်စိအောက်က အပျောက်မခံဘဲ အမေ အိပ်ချည်းနေသော အခါ ထဖို့ရန် ငိုယို တောင်းပန်သည်။ တုဏှိဘာဝေ နေတော့ စကားစမြည် ပြောဖို့ တောင်းပန်သည်။ နုနု အိမ်ပြင်ထွက်တိုင်း သူက ဖဝါးခြေထပ် လိုက် သည်။ အဖေ့ကို ဆုံးရှုံးလိုက်ရပြီးနောက် အမေ့ကိုပါ ဆုံးရှုံးရမှာကို သူ သိပ်ကြောက် နေသည်။ များသောအားဖြင့် သူ့အမေ အိပ်ရာဘေးမှာ ထိုင်ရင်း စောင့်နေတတ် သည်။ စောင့်မြဲတိုင်း စောင့်နေတတ်သည်။

အတွင်းအဇ္ဈတ္တမှာ ဖြောင်းဆန်နေသည့် သားသားကတော့ မိုးလင်း မိုးချုပ်

တကုပ်ကုပ် အလုပ်လုပ်သည်။ ရေတွင်းက ရေငင်ပြီး သောက်ရေ၊ ချိုးရေ ဖြည့်သည်။ အမေနှင့် ကိုကြီး တစ်ရက်ကို အနည်းဆုံး တစ်နပ်တော့ စားနိုင် အောင် သူပဲ စီမံသည်။ ကြက်တွေကိုလည်း သူပဲ ဂရုစိုက်ရသည်။ ချောင်းထဲ ဆင်းပြီး အဝတ်တွေကို မနိုင့်တနိုင်နှင့် လျှော်သည်။ အဝတ်ရေစိုတွေ ပခုံးပေါ် ထမ်းတင်ရင်း အိမ်ပြန်သယ်၊ တန်းမှာ လှန်းရသည်။ ဈေးသို့ သွားပြီး ဆန်ဝယ် သည်။ ပိုက်ဆံတစ်ပြားမျှ မကျန်တော့သည့်အခါ အိမ်နီးနားချင်းတွေဆီက သူ ချေးငှားသည်။ ခြံထဲမှာ ခရမ်းချဉ်သီးနှင့် ဟင်းသီးဟင်းရွက်တွေ စိုက်သည်။ နေ့စဉ် ဟင်းချက်သည်။ သူ့ဟင်းတွေက နုနု ချက်သည်ထက်ပင် အရသာ ကောင်းလှသည်။

အလုပ်တွေကို ဇယ်စက်သလို လုပ်နေသည့် ရှစ်နှစ်အရွယ် သားငယ် မှာ ဘယ်က စွမ်းအားတွေ ရနေသလဲ ဆိုတာ နုနု မပြောတတ်တော့။ မောင်စိန်၏ အားအင်တွေ၊ သန်မာမှုတွေ၊ ချစ်ခြင်းမေတ္တာတွေက သားသားထံ စီးမျော ဝင်သွားလေသလား။

မောင်စိန် ဆုံးတာ နှစ်နှစ်ကျော်ခဲ့ပြီ ဖြစ်သည့် နေ့လယ်ခင်းတစ်ခုမှာ တော့ နုနုတစ်ယောက် စောင်ခြုံလှဲနေရင်း ဟင်းသီးဟင်းရွက် လှီးနေသည့်၊မီးဖိုထဲ မီးမပြတ်အောင် စီမံနေသည့်၊ ထင်းမီးစာ ထည့်နေသည့် သားသားကို ငေးနေမိသည်။ ခလုတ်တိုက်မိပြီး ရေနွေးအိုးက မီးဖိုထဲ မှောက်ကျသွားသည်။ သားသား တစ်ကိုယ်လုံး မီးခိုးငွေ့ ဖြူဖြူတွေ ဖုံးသွားသည်။ မီးဖိုက မီးငြိမ်းသွား သည်။ သားသားက သက်ပြင်းတစ်ချက်ချရင်း ထင်းစိုနှင့် ထင်းခြောက်တွေကို ပြန်ခွဲနေသည်။ ခြံထဲ ဆင်းကာ မီးစာ ထင်းစလေးတွေ ယူပြီး စိတ်ရှည်လက်ရှည် မီးပြန်မွေးသည်။ ထမင်းအိုးတည်ဖို့ လုပ်နေသည်။ အိမ်ရှေ့က ရေစည်ပိုင်းထဲ ရေ မရှိတော့။ ရွာလယ်က ရေတွင်းသို့ ရေသွားခပ်ဖို့ လျှောက်သွားပြန်သည်။

သူ့ခွန် သူ့အားကို ငေးရင်း နုနု ရှက်လာသည်။ အမေက ဘာမျှ မလုပ်ဘဲ သားဖြစ်သူက တစ်အိမ်လုံးကို ကျွေးမွေး စောင့်ရှောက်နေသတဲ့လေ။ သားသား ဘယ်လို ဖြစ်သွားတာလဲ၊ ဒေါသကြီးတဲ့၊ သောင်းကျန်းတတ်တဲ့၊ ကြက်ခြံထဲ သွားသွားနေတတ်တဲ့ ကလေးလေး ဘယ်ရောက်သွားသလဲ။

သူ့အဖေ၏ မတော်တဆမှုက ကလေးအပေါ် သက်ရောက်လေ သလား။ သူ့သက်ရောက်ပုံက ဘာလို့ တခြားလူတွေနဲ့ မတူတာလဲ။

မောင်စိန့်ကို သတိရမိသည်။ မောင်စိန်ကား သေလေပြီ။ ဒီအတွက် သူ ဘာမျှ မတတ်နိုင်။ သို့သော် လင်သေသဖြင့် မိသားစု ဘဝပျက်ရမည် ဆိုလျှင်တော့ ဒါ သူ့တာဝန်သာ ဖြစ်သည်။

နုနု မတ်တတ်ထရပ်ဖို့ ကြိုးစားသည်။ ထရပ်လိုက်တော့လည်း လွယ်သားပါပဲ။ ထင်သလို မခက်။ သူ အဝတ်အစားလဲသည်။ မီးဖိုထဲ ထင်း ထည့်သည်။ စိတ်ရှည်လက်ရှည် မီးမွေးသည်။ ဆောင့်ကြောင့်ထိုင်ကာ ဓား�ပါး လေးကို ကောက်ကိုင်လိုက်သည်။ ဓားသွားကို အသာစမ်းသည်။ တစ်ယောက် ယောက် သွေးထားပုံပေါ်သည်။ မြည့်နေသည်။ စဉ်းတီးတုံးကို ယူလိုက်သည်။ ကြက်သွန်၊ ခရမ်းချဉ်၊ မုန်လာဥတွေ လှီးလိုက်သည်။ ချင်းကို ဓားပြားရိုက် သည်။

အလုပ်လုပ်ရင်း နေလို့ထိုင်လို့ ကောင်းလာသည်။ ချင်းနဲ့က နှာဝမှာ ရစ်သီ ရစ်သီ။ ဒီအနံ့ မရသည်မှာ ဘယ်လောက် ကြာသွားခဲ့ပြီလဲ။

ကိုကြီးက သူ့နား လာထိုင်သည်။ အမေ လုပ်သမျှ စကားမဆိုဘဲ ငေးနေသည်။ ခဏနေတော့ အိမ်ပေါက်ဝမှာ သားသား ပေါ်လာသည်။

"ဟာ- အမေ၊ ဘာတွေ လုပ်နေတာလဲဗျာ"

အံ့ဩဟန်ဖြင့် သူ မေးသည်။

"သားကို ကူညီနေတာလေ"

သားသားက ပြုံးသည်။ သူ့အပြုံးက စိတ်သက်သာရာရဟန်၊ ကျေးဇူးတင်ဟန် အဓိပ္ပာယ်များစွာ ထွက်နေသည်။

ထမင်း ဟင်း ချက်ပြုတ်ကြပြီးနောက် သုံးယောက်သား ခြံထဲ ဆင်း သည်။ ပန်းကန်ခွက်ယောက်တွေ ဆေးကြသည်။ ရေနွေးအိုးထဲ ရေဖြည့်သည်။ ရေနွေးတည်သည်။ လက်ဖက်ခြောက် ခတ်သည်။

တဲခေါင်မိုး တစ်နေရာမှာ ပေါက်ပြဲ၍ နေသည်ကို ပထမဆုံးအကြိမ် အဖြစ် နုနု သတိထားမိသည်။ ပျက်စီးယိုယွင်းနေပြီဖြစ်သည့် အပိုင်းတွေက နောက်တစ်မိုးထိ မခံတော့ပြီကို နုနု အသေအချာ သိသည်။ ခြံထဲကို ဝေ့ကြည့် လိုက်သည်။ ခြံကို အသေအချာ ရှင်းလင်း ပြုပြင်ထားသည်။ ခရမ်းချဉ်သီးကြီး တွေက အောင်လှ၊ ထွားလှသည်။ မုန်လာဥနှင့် ခရမ်းသီးတွေကိုလည်း သားသား က စိုက်ပျိုးထားသေးသည်။ ငုက်ပျောသီး၊ သဘော်သီးနှင့် ထောပတ်သီး တွေလည်း ပွတ်ခဲနေအောင် သီးနေသည်။ ခြံဝက စက္ကူပန်းချုံကြီးကတော့ ခြံပေါက်ဝကိုပင် ပိတ်မတတ်။ သူ့သားက မလွယ်ပေါက်မှသာ အဝင်အထွက် ပြုနေသည်ကို နုနု တွေ့လိုက်ရသည်။

နေဦး၊ ထူးထူးခြားခြား အသံတိတ်နေသည်။ ကြက်သံတွေ မကြားရ။

"ကြက်တွေရော"

သားသား မျက်လွှာချသွားသည်ကို သူ တွေ့ရသည်။

"ကြက်ခြံထဲမှာလေ"

"ဟုတ်လို့လား၊ ဘာသံမှ မကြားပါဘူး"

သားသားက သူ့အမေကို မကြည့်ဘဲ ခေါင်းညိတ်ပြသည်။

ကြက်ခြံနား သွားတော့လည်း ကြက်သံ မကြား။

ဆောင့်ကြောင့်ထိုင်ပြီး ကြည့်လိုက်တော့ ကြက်ခြံထောင့်မှာ ကြက်ကလေး သုံးကောင်။

"ဟင်- တခြားကြက်တွေရော"

"မရှိတော့ဘူး အမေ"

သားသားက တစ်ဖက်သို့ လှည့်ရင်း ပြောလိုက်သည်။

"မရှိတော့ဘူး ဟုတ်လား၊ ထွက်ပြေးသွားတာလား၊ ခွေးဆွဲခံရ တာလား"

ကြက်တွေအပေါ် သားသား ဘယ်လောက် သံယောဇဉ်ကြီးသည်ကို နုနု သိသည်။ ဂရုမစိုက်တာတော့ မဖြစ်နိုင်။

သားသားကတော့ ခေါင်းယမ်းနေသည်။ ဘာမျှ မပြော။

နုနုက ကိုကြီးကို တစ်လှည့်၊ သားသားကို တစ်လှည့် ကြည့်နေ သည်။ နောက်ဆုံးတော့ ကိုကြီးက ဖြေသည်။

"သူ တစ်ကောင်ပြီး တစ်ကောင် ကြက်တွေကို ရောင်းလိုက်ရတယ် အမေ"

"ဟင်- ရောင်းလိုက်တယ် ဟုတ်လား"

သားသားက ငြိမ်သက်စွာဖြင့် မြေပြင်ကို စိုက်ကြည့်နေသည်။ နုနုက မေးစေ့ကို ဆွဲမလိုက်သည်။ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျနေပါလား၊ သားသား နှုတ်ခမ်းပါးလေးတွေက တဆတ်ဆတ် တုန်လို့၊ မျက်လုံးပိတ်ထားပေမယ့် မျက်ရည် တွေက တသွင်သွင် စီးကျနေသည်။

"ဘာဖြစ်လို့လဲ သား"

ဘာမျှ မဖြေ။

"ဘာဖြစ်လို့လဲ လို့"

ဘာသံမျှ မထွက်။ တိတ်ဆိတ်ခြင်းသာ သူ့အဖြေ။

"အိမ်နီးနားချင်းတွေဆီက ချေးလို့ ငှားလို့ မရတော့ဘူး အမေ"

ကိုကြီးက သားသားအစား ဝင်ဖြေသည်။ ထိုအခါမှသာ သားသားအသံ ထွက်လာတော့သည်။

"အဲလိုမှ မရောင်းရင် ကျွန်တော်တို့ ငတ်သေမှာပဲ အမေ"

သားသားက ထိုစကားကို ပြောရင်း အိမ်ထဲသို့ ချာခနဲ လှည့်ဝင်ပြေး

သွားသည်။

ဘာတွေ ဖြစ်ကုန်တာလဲ ဆိုတာကို နားလည်ဖို့ နုနု မနည်းကြိုးစားနေရသည်။ ဖျတ်ခနဲ အတွေးတစ်ခု ပေါ်လာသည်။ ကြောက်ခွဲဖွယ် အတွေးမို့ မေ့ဖျောက်နိုင်အောင် ကြိုးစားရင်း ကိုကြီးကို မေးရသည်။

"သူတို့မှာလည်း ကြက်တွေ ရှိတာပဲ၊ သူတို့က ကြက်ဝယ်ပါ့မလား"

ကိုကြီးက ခေါင်းညိတ်လိုက်သည်။

"အင်.- အိမ်နီးနားချင်းတွေက သားတို့ ကြက်တွေကို မဝယ်ချင်ဘူး၊ ဈေးနည်းနည်းလေးပဲ ပေးတယ် အမေ"

သူ စကားပြောတာကို ခဏ ရပ်လိုက်သည်။ ပြီးတော့မှ တိုးတိုးလေး ပြောလိုက်သည်။

"ဒါကြောင့် သားသားဟာ ကြက်တွေကို သတ်ပြီး၊ အမွေးနုတ်ပြီး ဈေးမှာ သွားရောင်းရတာ အမေ"

■■■

အခန်း (၁၆)

အရုဏ်တက်ခါနီး နုနု နိုးလာတော့ အိုးသံခွက်သံတွေ ကြားနေရသည်။ အပြင်မှာ မှောင်ဆဲ။ ငှက်သံလေးတွေတော့ ကြားနေရပြီ။ သူ အိပ်ရာထဲမှာ ဟိုဘက်လှိမ့် ဒီဘက်လှိမ့်နှင့်။ သူ့ဘေးမှာ ကိုကြီးက အိပ်မောကျနေသည်။ ခဏနေတော့ ဘုန်းကြီးတွေ ဆွမ်းခံကြွလာသံ ကြားသည်။ ဘယ့်နှယ်၊ ဘာမျှ လောင်းစရာ မရှိတဲ့ အိမ်ကို ဘုန်းဘုန်းတွေ ဘာလို့ ဆွမ်းရပ်နေကြပါလိမ့်။ သားသားက ထမင်းအိုးကြီးနှင့် အိမ်ထဲမှ သုတ်သုတ် သုတ်သုတ် ထွက်သွားသည်ကို သူ တွေ့လိုက်သည်။ ဟယ်- သူ ဒီဘုန်းကြီးတန်းကို ဆွမ်းလောင်းမလို့လား။ အားလုံးကိုလား။ အိမ်မှာဖြင့် စားစရာမရှိဘဲနဲ့။ သူ ကြာကြာမတွေးနိုင်ပါ။ ပြန်အိပ်ပျော်သွားသည်။

သူ ပြန်နိုးလာတော့ လင်းကျင်းနေပြီ။ ငှက်သံတွေ တိတ်သွားပြီ။ သူ ထလိုက်သည်။ ကိုကြီးက အိပ်နေဆဲ။ မီးဖိုနားမှာ ထမင်းနှင့် ဟင်းက အဆင်သင့်။

သားသားကို ရှာမတွေ့။ သူ ခြံထဲ ပြေးဆင်းပြီး ကြက်ခြံကို သွားကြည့်သည်။ ကြက်သုံးကောင်က သူ့ကို မြင်တော့ လှုပ်လှုပ်ရွရွ။

သားသားအသံ ဟိုဘက်ခြံထဲက ထွက်လာသည်။ နုနု လှည့်ပတ်ကြည့်တော့ ဧရာမ ရေသဖန်းပင်ကြီးအောက်မှာ သားသား ထိုင်နေသည်။ သူ့နားမှာဝါးရွက်တွေ၊ မြက်တွေ ပုံထားတာ လူတစ်ရပ်လောက် ရှိသည်။ သူ့ရှေ့မှာတော့ ရက်လုပ်ဆဲ ဖျာတစ်ချပ်။ သားသားသည် အိမ်မိုးဖျာရက်နေသည်ပဲ။

"ဟဲ့- သား၊ နင် ဘာလုပ်နေတာလဲ"

နုနုက သူ့သားငယ်ကို အံ့သြစွာ မေးလိုက်သည်။

"ဦးဇော်ကို ကူညီနေတာပါ"

သားသားက လျှို့ဝှက်ကိစ္စ လူမိသွားသည့်အလား စိတ်မသက်မသာ ဖြေသည်။

ဦးဇော် မိန်းမက ထွက်လာသည်။

"ညည်းသားက ဖျာရက်တာ သိပ်တော်တယ်အေ့၊ မြန်လည်း သိပ်မြန်တယ်"

ဟု ပြောလိုက်သည်။ မယုံနိုင်အောင် ဖြစ်နေသည့် နုနုကို ကြည့်ရင်း-

"သုံးရက်လောက် ရက်လိုက်ရင် အိမ်ခေါင်မိုးတစ်ဝက်လောက်တော့ သူ အသာလေး ပြီးတာပဲ"

ဟု ဆိုလိုက်ပြန်သည်။

နုနု သူ့သားကို ငုံ့ကြည့်လိုက်သည်။

သားသားက ကျွမ်းကျင်စွာ အလုပ်လုပ်နေသည်။ အိမ်နီးနားချင်း အိမ် က ခေါင်မိုးအသစ်နှင့်။ အိမ်ခေါင်မိုးအသစ် တစ်ခြမ်းက သစ်ပင်မှာ ထောင်ထား သည်။

"အစ်မတို့အိမ်လေး အတော်လှသွားတာပဲ"

နုနုက ရက်ပြီးသား ခေါင်အသစ်တစ်ခြမ်းကို ကြည့်ရင်း-

"ဒါက ဘယ်သူ့အတွက်လဲ"

ဟု သံသယဖြင့် မေးလိုက်သည်။

"ဒါက ရောင်းဖို့လေ"

"ဟင်- ဘယ်သူ့ရောင်းမှာလဲ"

"လိုတဲ့လူပေါ့"

"ဪ- ဘယ်လောက်နဲ့လဲ"

"နှစ်ရာ"

"ဒါဆို ကျွန်မသားက ဘယ်လောက် ရမှာလဲ"

"နှစ်ဆယ် ရမယ်၊ ငါတို့ဆီက အကြွေးကို သူ ဒါနဲ့ ဆပ်နေတာလေ"

"နှစ်ဆယ်၊ ဟုတ်လား"

နုနု ဒေါသကို မဖုံးကွယ်နိုင်။ သူ့သားခမျာ ငွေဝယ်ကျွန် ဖြစ်နေရှာပြီ လား။ သားသားက မျက်လွှာချထားသည်။

"ဘယ်လောက်ကြာအောင် သူ လုပ်ရမှာလဲ"

"အင်း- ဒီနှုန်းအတိုင်းဆို မကြာပါဘူး၊ နောက်တစ်လလောက်ပေါ့"

"ထိုနေ့ညနေက သားသား၏ အသားမာ တက်နေသည့် လက်တွေကို သူ သတိထားမိသည်။ လက်သည်းတွေ ပွဲ့ရွဲ့လျက်။ လက်ထိပ်တွေက နီရဲကာ သွေးစလေးတွေပင် စွန်းထင်နေသည်။ သူတို့ သားအမိသုံးယောက် မီးဖိုဘေးမှာ ဝိုင်းထိုင်ကြသည်။ နုနုမှာ မေးစရာတွေ အများကြီး။ သားသားကတော့ မဖြေ ချင့် ဖြေချင်။ အိမ်နီးနားချင်းတွေအတွက် ဘယ်လောက်ကြာအောင် လုပ်ပေး ခဲ့ပြီးပြီလဲ၊ နင်တို့အဖေ ရှာပေးထားတဲ့ ငွေတွေ ဘယ်တုန်းက ကုန်သွားတာလဲ၊

တခြားအကြွေးရော ဘယ်လောက် ရှိလဲ၊ သားသားကတော့ ဘာမျှ မဖြေဘဲ မီးကျီးခဲတွေကို ထိုးဆွနေသည်။

အင်း- သူတို့သားအမိ ရှေ့ဆက် ဘယ်လို စခန်းသွားရပါ့။ သူတို့ သုံးယောက်လုံး ခေါင်မိုးရက်၊ ဖျာရက်ရင်တောင် ဘယ်လောက်မှ မရဘူး မဟုတ်လား။ လက်ထဲလည်း တစ်ပြားမျှ မရှိတော့။ ကြက်သုံးကောင်နှင့် မောင်စိန့် သစ်ခုတ်ကိရိယာတွေက လွဲ၍ ဘာမျှလည်း ရောင်းစရာ မရှိ။ ယာခင်းကလည်း သရောကြီးခိုင်းပြီးကတည်းက ကောသွားခဲ့ပြီ။ သူတို့ ယာလည်း မစိုက်တတ် ကြ။ ကူညီမည့် ဆွေမျိုးသားချင်းလည်း နတ္ထိ။ ရွာသားတွေကလည်း ကံဆိုးသူ တွေကို ကူညီလျှင် ခိုက်တတ်သည်ဟု အစွဲကြီးကြသည်။ နုနု ခေါင်းမီးထွက် မတတ် စဉ်းစားလည်း ဘာအကြံမျှ မထွက်။

“ကျွန်တော်တို့ ယာခင်းကို စိုက်လို့ ပျိုးလို့ရအောင် လုပ်မှ ဖြစ်မယ်” သားသားက နုနု အကြံကို သိနေသည့်အလား ရုတ်တရက် ပြော လိုက်သည်။

နုနုက ခေါင်းညိတ်လိုက်၏။

“အင်း- ဘယ်လို လုပ်မှာလဲ”

“သူများတွေ လုပ်သလိုပဲ လုပ်ရမှာပေါ့ အမေရဲ့”

“ဘယ်လွယ်မှာတုံး သားရယ်”

“ကျွန်တော် သိပါတယ်ဗျာ၊ အဖေ လုပ်တာ ကျွန်တော် အမြဲတမ်း ကြည့်နေကျပါ”

“ဒါက ကြာလှပြီလေ”

“ကျွန်တော် မှတ်မိပါတယ်”

“မှတ်မိရုံနဲ့ မရဘူးလေ”

“ဘာပဲဖြစ်ဖြစ် သားတို့ လုပ်ကြည့်ရမှာပဲ အမေ၊ ကြိုးစားကြည့်မှ ဖြစ်မယ်”

တစ်ချိန်လုံး ငြိမ်နေသည့် ကိုကြီးက ဝင်ပြောသည်။ သားသားက သူ့အစ်ကိုကို ထောက်ခံသည်။

“ဟုတ်တယ်၊ ယာခင်းက သေချာစိုက်ရင် ဝမ်းဝမှာပါ”

ကလေးနှစ်ယောက်၏ မျက်နှာကို သူ တစ်လှည့်စီ ကြည့်နေသည်။ အရွယ်နှင့်မမျှအောင် လောကဓံ ဖိစီးနှိပ်စက်မှု ခံထားရရှာသည့် လူမမည်လေး နှစ်ယောက်၊ သူတို့ ဘာပြောနေတယ် ဆိုတာရော သူတို့ဟာသူတို့ သိကြရဲ့လား။ ဘာတွေ ကြုံတွေ့မယ် ဆိုတာ၊ ဘယ်လောက် ခက်ခဲမယ် ဆိုတာ၊ ဘယ်လို

စိန်ခေါ်မှုတွေ ဖြစ်လာမယ် ဆိုတာ မသိနိုင်။ ဒါပေမဲ့ ခုဆို ထမင်းရက်ကျန် ရေရက်မှန် ဖြစ်နေကြပြီ မဟုတ်လား။

ယာခင်းက နုနု ထင်ထားတာထက်ပင် အခြေအနေ ဆိုးသေးသည်။ တစ်ခင်းလုံး မြက်တွေ၊ ပေါင်းတွေ ပြည့်ပြီး နေရောင်အောက်မှာ စိမ်းနေသည်။ မောင်စိန် ပင်ပန်းကြီးစွာ လုပ်ထားသည့် ဆည်ရေသောက်စနစ်တွေလည်း အစ အနပင် ရှာမရ။ နေကလည်း ပြဲနေအောင် ပူသည်။ ယာစောင့်တဲကလေးက လည်း ပိပြားပျက်စီးသွားလေပြီ။ ယာခင်းကြီးကို ကြည့်ကာ နုနု ကြက်သေ သေနေသည်။ ဒါကြီးကို အသက်ဝင်လာအောင် ဘယ်လိုများ လုပ်ရပါ့။ ထွန်ယက် စိုက်ပျိုးဖို့က လေးပတ်သာ လိုတော့သည်။ ဒီယာတစ်ခင်းလုံး အသင့် ထွန်ယက် နိုင်သည့် အခြေအနေရောက်ဖို့က လူပေါင်း တစ်ဒါဇင်လောက် ရှင်းမှ တော်ကာ ကျမည်။ မလုပ်နိုင်ခဲ့ပါလျှင် ဘယ်လို စားကြ သောက်ကြမည်နည်း။ ထင်းကောက် မလား၊ ဝါးတောင်း ရက်မလား၊ ယာသေးသေး တစ်ခင်းလောက် ငှားပြီး တစ်နိုင် တစ်ပိုင် လုပ်ကြမလား။ သူ တွေဝေငေးမောနေတုန်းမှာပဲ သူ့သား တွေကတော့ လုံချည်တိုတို ဝတ်ပြီး လက်ဗလာသက်သက်ဖြင့် ပေါင်းမြက်တွေကို နုတ်နေ ချေပြီ။ တစ်ခါမျှ ပင်ပင်ပန်းပန်း အလုပ်ကြမ်း မလုပ်ဖူးသော ကိုကြီးမှာ မကြာခင် လက်တွေ ပွန်းပဲ့ကုန်တော့သည်။

ယာခင်းအစပ်မှာ ညနေစောင်းတော့ ပေါင်းပင်တောင်လို ပုံနေပြီ။ သို့သော် ယာခင်းတစ်ခင်းလုံးအနေနှင့် မပြောပလောက်သေး။ သားတွေခမျာ ရေကန်ကြီး ခန်းစေဖို့ ကန်ရေကို ပုံးဖြင့် ပက်ထုတ်သလို ဖြစ်နေရှာသည်။ ခမျာများ အလကား အပင်ပန်းခံနေကြတယ်၊ ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဘာဆို ဘာမျှ ဖြစ်လာမှာ မဟုတ်ပါဘူးလေ။

နောက်တစ်နေ့မနက်မှာ သားသားက သူ့ပခုံးကို ညင်သာစွာ လှုပ်နှိုး သည်။ သူက လက်နက်ကိရိယာ တန်ဆာပလာ အစုံအလင်ဖြင့် သွားရန် အဆင်သင့် ဖြစ်နေပြီ။ ဒုက္ခပါပဲ၊ ကျောက်တောင်ကို ခေါင်းနဲ့ ဆောင့်ချင်ကြတဲ့ ကလေးတွေ။ သို့သော် သူ သားတွေနှင့်အတူ ယာခင်းထဲ လိုက်ခဲ့ပါသည်။

နေ့လယ်လောက်ကျတော့ သူတို့လက်တွေ အထိမခံနိုင်အောင် ဖူးဖူးရောင် နေပြီ။ သို့သော် အံခဲကာ ဆက်လုပ်နေကြသည်။ ညနေကျတော့ သားအမိ သုံးယောက် တပင်တပန်း အိမ်ပြန်လာကြသည်။

တတိယမြောက်နေ့မှာတော့ နုနု တစ်ကိုယ်လုံး အပ်ချစရာ မရှိအောင် နာကျင်ကိုက်ခဲနေသည်။ ကိုကြီးလည်း တူတူပင်။ တစ်ပတ်ခန့် လုပ်ကြပြီးသည့် အခါမတော့ ယာခင်းထောင့် တစ်နေရာသည် မြေသားနက်နက် ပေါ်ထွက်လာ ခဲ့သည်။ နှစ်ပတ်ကြာတော့ ယာစောင့်တဲလေးကို ပြုပြင်မွမ်းမံကာ အချိန်ကုန် သက်သာအောင် အဲဒီမှာပင် အိပ်ကြသည်။ နုနု၏ သံသယတွေက သူ့သားတွေ ၏ ဇောမာန်အဟုန်ကို မယှဉ်နိုင်။ ကိုကြီးနှင့် သားသား တကုန်းကုန်း လုပ်နေ ကြသရွေ့ အရာရာ ဖြစ်နိုင်သည်ဟု သူ စတင်ခံစားလာရသည်။ သတ္တိတွေ ရှိလာသည်။

သူ လျစ်လျူရှုထား၍ မရလောက်အောင် အပြောင်းအလဲတွေ ဖြစ်လာ

သည်။ ကြက်ဥတွေထဲက ကြက်ကလေးတစ်ကောင် ပေါက်လာသည်။ ကြက်ကလေးက သေးလွန်းလှ၍ အသက်မရှင်နိုင်ဟု ထင်ထားသော်လည်း ရှင်သန်ကြီးထွားလာသည်။ ငှက်ပျောပင်ကလည်း ငှက်ပျောဖူးတွေ ဝေဆာစွာ ပွင့်နေသည်။

မြွေနှင့် ကြုံခဲ့ရသည့် အဖြစ်သနစ်ကလည်း မှတ်မှတ်ရရ။ တစ်မနက် မှာ ယာခင်းထဲအသွား လမ်းမှာ မြွေတစ်ကောင်ကို တွေ့ကြရသည်။ သားသား က အနားကပ်သွားတော့လည်း မြွေက မတုန်မလှုပ်။ ခေါင်းထောင်ကြည့်သည်။ ပြီးတော့ သူတို့ကို လမ်းပြသည့်အလား မြက်တောထဲ ဖြည်းညင်းစွာ ဝင်ရောက် သွားခဲ့သည်။ သူတို့လည်း ဘာမျှ မစဉ်းစားဘဲ မြွေနောက်သို့ လိုက်ခဲ့ကြသည်။ မြွေကလည်း သူတို့ကို စောင့်နေသည့်အလား။ သွားလိုက်၊ ခဏရပ်လိုက်နှင့်။

တကယ်ပဲ ရက်သတ္တ လေးပတ်အတွင်းမှာ ယာခင်းကြီးတစ်ခုလုံး မြေသားကမွလာအတိ။ သူတို့သည် ချွေးသံရွှဲရွှဲဖြင့် မားမားမတ်မတ် ရပ်လျက် ငြိမ်သက်စွာ ကြည့်နေကြသည်။ လေထဲမှာပင် မြေဆီဩဇာရနံ့တွေ လှိုင်နေသည်။ နုနု မြေကြီးခဲ တစ်ခဲကို ကောက်ယူကာ သားသားဆီ လက်ကမ်းပေး လိုက်သည်။ သားသားက မြေခဲကို နမ်းရင်း ပြုံးလျက် လက်ချောင်းတွေဖြင့် တယုတယ ပွတ်နေသည်။

လက်သည်ကြီး ပြောခဲ့သည့် ကလေးတစ်ယောက်၏ စိတ်ဝိညာဉ် သည် အရာရာ သိနိုင်သည် ဆိုသည်က မှန်နေပြီလား။ သို့ပေမဲ့ တွေဝေငေးမော နေဖို့ သူတို့မှာ အချိန်မရှိရှာပါ။ ငွေချေးပြီး မျိုးစေ့တွေ ဝယ်သည်။ ပန်းဂေါ်ဖီ၊ အာလူး၊ ပဲပုပ်စေ့များ။ နောက်တစ်နေ့ ယာခင်းထဲ ပြန်လာတော့ မျိုးစေ့တစ်ဝက် လောက်ကို ငှက်ချီ ကြွက်ချီသွားခဲ့ပြီ။ ယာခင်းကို ညအိပ်စောင့်ပြီး ထိုသတ္တဝါ တွေကို မောင်းကြရသည်။ တစ်နေကုန် သူတို့ မျိုးစေ့တစ်စေ့ချင်း စိုက်ကြ သည်။ ရေလောင်းကြသည်။ ယာခင်းစောင့်နတ်အတွက် နတ်ကွန်းကလေး တည်သည်။ ငှက်ပျောသီးနှင့် လက်ဖက်ရည်ကြမ်း ကပ်သည်။

ကံကြမ္မာကောင်းတို့ အလှည့်တစ်ဖန် ပြန်လည်ကျရောက်လာပြန်ပြီ။ ဒီနှစ်ကျမှ မိုးကလည်း မှန်လှသဖြင့် သီးနှံက ဖြစ်ထွန်းလှသည်။ ကျွဲလှည်း ငှား၍ပင် အသီးအနှံတွေကို ရွာသို့ ပြန်သယ်ရသည်။ ကိုကြီးက ကျွဲပေါ် ဂုဏ်ယူ စွာ ထိုင်လိုက်ရင်း လမ်းပြနေသည်။ သီးနှံတွေ အောင်လှတာကို တွေ့ရတော့ သွားလေသူ ယောက်ျား၏ စကားသံတွေကို သူ ပြန်ကြားယောင်လာသည်။ “စောင့်ကြည့်ပါ၊ အချိန်က စကားပြောပါလိမ့်မယ်” တဲ့၊ အဲဒီတုန်းကတော့ သူ ပြောတာကို နုနု မယုံခဲ့။ ငါတို့မှာ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲနိုင်စွမ်းက ရှိပြီးသားပဲ။ ဒါကြောင့် ရနေတဲ့ ဘဝကို ငြူစူအပြစ်တင်နေစရာ မလိုဘူး။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာပါလို့ သူ ပြောခဲ့သည်ပဲ။

ကံကြမ္မာက သူတို့သားအမိသုံးယောက်ကို မေးခွန်းထုတ်ခဲ့သည်။ ကောင်းစွာ ပြုပြင်ထွန်ယက်ခဲ့သော ယာနှင့် ထွက်လာသည့် သီးနှံတွေက သူတို့ အဖြေ ဖြစ်ခဲ့သည်။

အထွက်များလှသည့် သီးနှံတွေက သူတို့ကို တစ်နှစ်လုံး ဖူလုံစေခဲ့ သည်။

ယာအလုပ် နားရသည့်အခါမှာတော့ သူတို့သည် ခြံထဲမှာပင် အိမ်အမိုး တွေ၊ ဖျာတွေ၊ တောင်းတွေ ရက်ကြသည်။ ဤသို့ဖြင့် သူတို့တဲလေးကို ခေါင်အသစ် မိုးနိုင် ပြုပြင်နိုင်ခဲ့ကြသည်။

ဒုတိယနှစ်မှာလည်း သူတို့မှာ ဝမ်းစာတောင့်ခဲ့ကြသည်။ ရာသီဥတု ကလည်း ကြိုးစားအားထုတ်သည့် သူတို့ဘက်မှာ။

တတိယနှစ်မှာတော့ စပါးစိုက်ရန် အရဲစွန့် ကြံစည်ကြပြီ။

သားသားသည် သူ့အဖေ၏ ကြီးခိုင်သည့် အဆက်အပေါက် ကိုယ်ကာယ ကို ရရှိဆက်ခံရုံမျှမက သူ့ဘကြီး၏ စိုက်ပျိုးရေး ပါရမီကိုလည်း အမွေဆက်ခံ ကြောင်း နုနု တွေ့ရှိရသည်။ တခြားလူတွေတော့ မသိ၊ သူတို့စပါးခင်းကလည်း ဖြစ်ထွန်းအောင်မြင်လှသည်။

သို့သော်လည်း ထိုအောင်မြင်မှုများက သားသား၏ အထီးကျန်စိတ် ကိုတော့ ပြောင်းလဲသွားအောင် မစွမ်းဆောင်နိုင်ခဲ့။ နုနု၊ ကိုကြီးတို့နားက ဖယ်ခွာ၍ သူ့တစ်ယောက်တည်း ဘာသိဘာသာ နေတတ်သေးသည်သာ။ အမေ နှင့် အစ်ကိုက ဒီဘက်မှာ အလုပ်လုပ်နေလျှင် သူက ဟိုဘက်မှာ တစ်ယောက် တည်း အလုပ်လုပ်တတ်သည်။ အားလျှင် လေးခွတစ်လက်နှင့် ဆော့နေတတ် သည်။ သူ့လောက် လက်တည့်သူလည်း နုနု မမြင်ဖူး။ အပင်ပေါ်က သရက်သီး တွေကို ထိအောင် ပစ်တတ်သည်။ အရွက်ကလေးတွေ အပေါက်ဖြစ်သွားအောင် ပစ်နိုင်သည်။ ယာခင်းထဲက ငှက်တွေကို ဒဏ်ရာမရစေဘဲ ခြောက်လှန့်ရုံ ပစ်နိုင်စွမ်းသည်။

ခဏနေတော့လည်း သူ့အထီးကျန်ဝေဒနာ ဘယ်တုန်းကမျှ မရှိနေ သလို ပြုံးပြုံးရွှင်ရွှင်နှင့် အနားရောက်လာပြန်သည်။ သားသား၏ စိတ်က ဆန်းပြားသည့် ပေါင်းစပ်မှုတွေနှင့် ဖွဲ့စည်းထားသည်ဟု နုနု ထင်သည်။ မောင်စိန် ၏ ကြီးထွားကြံ့ခိုင်သော်လည်း နူးညံ့ ဂရုစိုက်တတ်သည့် စိတ်မျိုးနှင့် သူ၏ ပေါက်ကွဲလွယ်၊ ဝမ်းနည်းလွယ်သော စိတ်တို့ ပေါင်းစပ်ထားသည်။

လေးနှစ်မြောက်တော့လည်း သူတို့ ယာခင်း အောင်ပွဲခံ၍ အောင်လံ လွှင့်တုန်းပင်။ ကံကြမ္မာကောင်းတို့သည် မကြာခင် ခြောက်ခန်းသွားတတ်သည် ဆိုသော သူ့အစွဲအလမ်းကို ပြောင်းလဲရတော့မလိုပင်။ တစ်ချိန်တည်းမှာပဲ သူ့ယောက်ျားကို မလွမ်းသည့်နေ့ တစ်နေ့မျှ မရှိ။ ကလေးတွေ အိပ်ပျော်နေချိန်မှာ မောင်စိန့် အသက်ရှူသံတွေ၊ မောင်စိန့် အငွေ့အဖက်တွေကို သူ လွမ်းနေတတ် သည်။ စိတ်ထဲမှာ ဟာနေသည်။ တစ်ကိုယ်လုံး နာနေသည်။

မောင်စိန် သေဆုံးခြင်းကြောင့် ဖြစ်ထွန်းလာသည့် သူ့ဘဝ၏ အနာ ပေါက်က ဟောင်းလောင်းပွင့်နေမြဲ၊ အချိန်က ကျက်သွားစေမည် ထင်သော် လည်း ပိုလို့တောင် ကျယ်လာခဲ့သေးသည်။

ငေးနေ ဆွေးနေသူ ထပ်မဖြစ်ချင်တော့ပါ။ ဒုက္ခသုက္ခတွေကို နင့်နေ အောင်

ခံစားခဲ့ပြီးပြီ မဟုတ်လား။ ခုဆို အူလည်း စိုပြီ၊ ငွေလည်း ပိုပြီ၊ အိမ် လည်း မအိုပြီ။ အမိုးသစ်၊ အကာသစ်၊ အိမ်သာသစ်နှင့်။ နောက်နှစ်မှာ ကျွဲသို့မဟုတ် ဝက်တစ်ကောင် ဝယ်မည်။ သားနှစ်ယောက်လုံး အလုပ်လုပ်လိုက် ကြသည်မှာ အားကြိုးမာန်တက်။ သူ့သားတွေအတွက် သူ အင်မတန်ဂုဏ်ယူ သည်။ မောင်စိန့်စကား၊ မောင်စိန့်ကိုယ်သင်းနံ့ ဘာတစ်ခုမျှ မရှိပါဘဲလျက် ပျော်ရွှင်မှုဆိုသည်က သူ့ခြေထောက်ပေါ် သူ ရပ်ရင်း လာတတ်သေးသကိုး။

■■■

အခန်း (၁၇)

သူ အသက်ရှင်သန်နေသမျှ စိတ်ထဲမှာ အစဉ်ထာဝရ မှတ်မိနေတော့မည့် ကာလ များသာ။

သူတို့သည် နုနု စိတ်ထဲသို့ လောင်ကျွမ်းဝင်ရောက်လာမည့် မမြင်ရ သည့် မီးလောင်နာ အမာရွတ်တွေ ချန်ထားခဲ့ကြသည်။ နောင်အခါ ထိုအမာရွတ် တွေကို ထိမိ၊ တို့မိလေတိုင်း နာကျင်မှုကြောင့် ဆတ်ဆတ်ခါသွားရသည်။ နှစ်တွေ လတွေ ကြာညောင်းခဲ့သော်လည်း ကြောက်စိတ်က တစ်စက်ကယ်မျှ မပြေ။ သူ့အရသာ... သူ့အသံ... သူ့ခံစားချက်တွေ။

ထိုကိစ္စတွေ၏ အဦးအစက ကားအင်ဂျင်စက်သံတွေပင်။

ညနေခင်းတစ်ခု။

တောင်တန်းတွေပေါ်က ဖြတ်တိုက်လာသော လေရူးကလေး ရွာထဲ နှော့နေသည်။ ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာထားသဖြင့် လေက နွေး၍ စိုစွတ်နေ သည်။ ခြေဖလာအောက်က လမ်းက ရွံ့တွေနှင့် စေးထန်းလျက်။ သတိထား လျှောက်နေရသည်။

တစ်နေကုန် ကောက်စိုက်ရသဖြင့် ဒူးတွေ ကိုက်နေသည်။ ခြေတွေ နာနေ သည်။ ခု သူတို့သားအမိနှင့် တခြား ယာသမားတွေ စုပေါင်းအိမ်ပြန်ချိန်။

သားကောင်ကို လိုက်နေသည့် သားရဲကြီး၏ ဟိန်းသံလို ကားအင်ဂျင် စက်သံတွေက တောင်ကြားထဲမှာ ဆူညံစွာ ပဲ့တင်ထပ်လာသည်။ အားလုံး နေရာမှာ ကြက်သေ သေကာ ရပ်နေမိကြသည်။ ဒီအသံတွေက ဘာအဓိပ္ပာယ် ဆိုတာ သူတို့အားလုံး ကောင်းကောင်းသိကြပါသည်။ ခုတော့ သူတို့ ရှုံ့မဲ့နေ သော မျက်နှာပေးကိုယ်စီ၊ တောင့်တင်းနေသည့် ခန္ဓာကိုယ်စီဖြင့် ဤအရာကို မျက်ဝါးထင်ထင် မြင်ကြရတော့မည်။

အသံလာရာကို နုနု ငေးနေသည်။ ထရပ်ကား နှစ်စီး၊ ဂျစ်ကား နှစ်စီး အဝေးမှ လာနေသည်။ မြန်သည်။ အလွန့် အလွန် မြန်သည်။

သူတို့လာမည်ဟု ကောလာဟလ ဖြစ်နေတာ ကြာပြီ။ ရွာက အဘိုးကြီး ဦးသန့်က အကြိမ်ပေါင်းများစွာ ဒီကိစ္စကို သတိပေးခဲ့သော်လည်း ရွာသူရွာသား တွေက သူ့စကားကို မသိကျိုးကျွန်ပြုကာ ဂရုမစိုက်။ အဘိုးကြီး ဦးသန့်က အရူးကြီးလိုလို။ ကမ္ဘာပျက်တော့မည်ဟု ကြိမ်ဖန်များစွာ ပြောခဲ့သည်။ ခုတော့ ကမ္ဘာပျက်ဖို့ နီးကပ်လာခဲ့ပြီလေ။ ကမ္ဘာ့နိဂုံးသည် အစိမ်းပုပ်ရောင် ယူနီဖောင်း များ၊ ပြောင်လက်နေသည့် ဘွတ်ဖိနပ်များကို ဆင်မြန်းလာခဲ့သည်ကော။ တစ်ရွာလုံးကို ဖြတ်သယ်သွားနိုင်အောင် ကြီးမားသည့် ထရပ်ကားကြီးများဖြင့် လာခဲ့ပြီကော။

ခုပင် သူတို့ရှေ့မှောက်သို့ ဒုတ်ဒုတ်ထိ ရောက်တော့မည်။

နုနုသည် ဘေးဘီကို ကြည့်လိုက်သည်။ ခုမှတော့ ထွက်ပြေးဖို့ နောက်ကျလွန်းခဲ့ပြီ။ ဘယ်ကို သွား၍ ဘယ်မှာ ပုန်းရပါ့မလဲ။ တစ်လောကလုံး မှာ သူတို့အတွက် လုံခြုံသော နေရာသည် မရှိလေ။ ထွက်ပြေးလို့ မိလျှင် ပိုလို့ တောင် ဆိုးဦးမည်။ သူတို့သည် ဘီလူး သရဲထက် ဆိုးသည်ဟု စျေးထဲမှာ သတင်း တော့ သိုးသိုးသဲ့သဲ့ ကြားဖူးသား။

ကောက်စိုက်သမတစ်စု တုတ်တုတ်မျှ မလှုပ်ရဲကြ။ ကလေးတွေက သူတို့ အမေတွေ နောက်မှာ ပုန်းကွယ်နေကြရှာသည်။ နုနု၏ သားနှစ်ယောက်ကတော့ သူ့ဘေး ခပ်လှမ်းလှမ်းမှာ ရပ်နေကြသည်။ ထိုအချိန်က သူတို့လေးတွေ၏ မျက်နှာ တွေကိုလည်း နုနု အစဉ်ထာဝရ မှတ်မိနေတော့မည်။

ဘယ်လိုကိစ္စမျိုး ကြုံလာပြီ ဆိုခြင်းကို သူတို့ ကောင်းကောင်းသိကြ သည်။ ဒီတပ်သားတွေက သူတို့ကို ခေါ်ဆောင်သွားတော့မည်။ အိမ်ပြန်ရောက် လာသည့်လူ ဆိုတာ မရှိသလောက်ပင်။ သူတို့အမေလည်း မကယ်တင်နိုင်။ ဘာမျှ မတတ်နိုင်။

ခုဆို ကမ္ဘာပျက်ကပ်ဆိုးက ကိုက်တစ်ရာသာ ဝေးတော့သည်။ တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ။ ထရပ်ကားတစ်စီးပေါ်မှာတော့ စက်သေနတ်ကိုင်ကာ မတ်တတ် ရပ်လျက် ပါလာကြသော တပ်သားတွေ၊ သူတို့၏ မျက်နှာသေတွေ၊ အများစုက ငယ်ငယ်လေးတွေ။ သူတို့နောက်မှာတော့ သံဆူးကြိုးခွေတွေ အပုံလိုက်။

ပထမဂျစ်ကားပေါ်မှ အရာရှိတစ်ယောက် ဆင်းလာသည်။ သူ့ဝတ်စုံ က သူ အရာရှိဆိုတာကို ဖော်ပြနေသည်။ နုနုနှင့် မျက်လုံးချင်း ဆုံမိကြသည်။ သူ့ထံမှ အခွင့်အရေးတစ်ခုခု ရနိုင်လေမည်လား။

တစ်ခုတည်းသော မျှော်လင့်ချက်ပေါ့။

ကားတန်းက ရွာလယ်မှာ ရပ်လိုက်သည်။ တပ်သားတွေ ဆင်းကြ သည်။ နေရာယူကြသည်။ ရွာသားတွေ တစ်ယောက်မကျန် ထွက်ခဲ့ဖို့ ဟစ်အော် အမိန့်ပေးနေကြသည်။

နာရီဝက်အတွင်း ရွာရှိလူကုန် သူတို့နားမှာ စုဝေးကြရပြီ။

အရာရှိက ထရပ်ကားတစ်စီးပေါ် တက်လိုက်သည်။ သူက ရှည်ရှည် မြင့်မြင့်၊ ထွားထွားကျိုင်းကျိုင်း ဗမာတစ်ယောက်၊ ရွာသားတွေထက် ခေါင်း တစ်လုံး ပိုမြင့်သူ။ သူက အော်လံကို ကိုင်ရင်း အားလုံး ကြောက်လန့်တကြား မျှော်လင့်နေကြသည့် ကိစ္စကို ကြေညာသည်။ နောက်တစ်နာရီအတွင်း ၁၄ နှစ်နှင့် ၂၂ နှစ်ကြား အိမ်ထောင်မရှိသည့် လူပျိုလူလွတ် ယောကျ်ားမှန်သမျှ သူတို့ သက်ဆိုင်ရာ အိမ်တွေအရှေ့မှာ အသင့်အနေအထားဖြင့် ရပ်နေရန်တဲ့လေ။ တပ်သားတွေက သူတို့ကို ရွာထိပ်ရှိ ယာယီစခန်းချထားသည့် နေရာသို့ ခေါ်သွား မည်။ ပါသမျှ ပစ္စည်းကို သိမ်းမည်။ ထွက်ပြေးလျှင် ပစ်သတ်မည်။ ပုန်းနေလို့ ရှာတွေ့လျှင်

သတ်မည်။ ဘယ်သူ့ကိုမျှ ထောက်ထား သနားညှာတာမှာ မဟုတ်။ မနက်ဖြန် မနက်မှာ ပြည်နယ်မြို့တော်က တပ်စခန်းကို ခရီးထွက်ရမည်။ ခု မင်းတို့အားလုံး အမိမြန်မာနိုင်ငံတော်ကို အလုပ်အကျွေးပြုရမည်။ နိုင်ငံတော် သည် ရန်သူတွေ ဝိုင်းနေပြီ။ ခုခံကာကွယ်ဖို့ လူလိုသည်။ အားလုံး ကိုယ်ကျိုးစွန့် အနစ်နာခံကြ၊ ဒါပဲ။

သူ ဘာပြောနေလဲ ဆိုတာ နုနု ကောင်းကောင်းသိပါသည်။ အားလုံး လည်း သိကြပါသည်။ တပ်ဖွဲ့သည် တပ်သားသစ်တွေ လိုသည် (ထိုတပ်သားသစ် တွေရဖို့ တိုင်းရင်းသား လူမျိုးစုကြီးတွေကို လစာကောင်းကောင်း ရမည်၊ ဝမ်းဝမည်၊ ခါးလှမည်ဟု ပြောကာ ဆွယ်ကြသည်) တပ်သားသစ်တွေထက် ပေါ်တာအထမ်းသမားတွေ ပိုလိုသည်။ လက်နက် အလေးအပင်တွေ၊ ရိက္ခာတွေ၊ ဗုံးတွေ ထမ်းဖို့၊ တောနက်ထဲဝင်ဖို့ သူပုန်တွေကို တိုက်ဖို့ ပေါ်တာ တွေ အများကြီး လိုသည်။ ပေါ်တာအလုပ်သည် ဘယ်လောက် အန္တရာယ်ကြီး ကြောင်း ဈေးထဲမှာ ပြောကြ ဆိုကြတာတွေ ကြားဖူးသည်။ ငှက်ဖျား အမြဲရှိ တတ်သည့် ဤဒေသမှာ ပေါ်တာတွေအတွက် ဆေးဝါးကုသမှု ဆိုသည်က အိပ်မက်ပမာ။ ဖျားနာလျှင်၊ ထိခိုက်ဒဏ်ရာရလျှင် နေရစ်တော့၊ သေရစ်တော့။ မြေမြှုပ်မိုင်း နင်းမိ၍ တစ်စစီ ဖြစ်သွားသော ပေါ်တာတွေလည်း မနည်းလှ။

ဒါတွေဟာ အမှန်ပါလို့ ဘယ်သူ ပြောဝံ့သလဲ။ တပ်က ပေါ်တာဆွဲ ခံရသူ တချို့ ပြန်ရောက်လာဖူးသည်။ သူတို့ပါးစပ်က ထိုအကြောင်း တစ်လုံး တစ်ပါဒမျှ မထွက်ကြ။

အရာရှိကတော့ အော်လံကို ချကာ လူအုပ်ကို အကဲခတ်နေသည်။ ရွာသားတွေက သေးကွေးကြုံလှီကာ ကြည့်နေရင်း ကျုံ့ဝင်သွားသလိုပင်။ ဘယ်သူမျှ ဘာတစ်ခွန်းမျှ မပြောကြ။

နုနုနှင့် သားနှစ်ယောက် အိမ်သို့ ပြန်လာခဲ့ကြသည်။ နုနု စိတ်တွေ ယောက်ယက်ခတ်နေသည်။ ပြေးဖို့ ပုန်းဖို့ အခွင့်အရေး ရှိမှာလား။ ဘယ်သွား ပုန်းရပါ့၊ အိမ်သာထဲလား၊ အိမ်နီးနားချင်း စပါးကျီထဲလား၊ ရွာစွန်က တဲလွတ် ထဲလား၊ အဓိပ္ပာယ်မဲ့လိုက်တာ၊ အဲဒီနေရာတွေကို သူတို့ အရင်ရှာကြမှာပေါ့။ ဟို ဝါးရုံတောလေးနောက်က ဘုန်းကြီးကျောင်း ဆိုရင်ရော၊ အဲဒီမှာ ဘုန်းကြီး လေးပါးနဲ့ ကိုရင်လေး တစ်ဒါဇင်လောက် ရှိနေတာ။ စစ်သားတွေ ဘုန်းကြီးကျောင်း ကိုတော့ ဝင်မမွှေရဲလောက်ပါဘူး။ ကိုကြီးနဲ့ သားသားကို အဲဒီသွားပို့ထားရင် ရွာသားတွေက နှုတ်လုံမှာလား၊ တစ်ယောက်တလေလောက် အာချောင်လိုက် တာနဲ့ သွားပြီ။

မဖြစ်သေးဘူး၊ အန္တရာယ်ကြီးလွန်းတယ်။ ဘယ်မှာမှ စိတ်မချရဘူး။ နေရာတိုင်းမှာ သေမင်းအရိပ်တွေ လွှမ်းလို့ပဲ။

ကိုကြီးနှင့် သားသားကတော့ အိမ်ရောက်သည်ထိ ဘာမျှ မပြောကြဘဲ သူ့အရိပ်အခြည်ကို ကြည့်နေကြသည်။

ဪ- သားနှစ်ယောက် ပေါ်တာဆွဲခံရရင် ဘာထည့်ပေးရပါ့။ သူတို့မှာ ဘာရှိလို့လဲ၊ ခုစီးထားတဲ့ ရော်ဘာဖိနပ်ကိုယ်စီ၊ တီရှပ်အပိုတစ်ထည်စီ၊ လုံချည်

အပိုတစ်ထည်စီ၊ ဂျာကင်တစ်ထည်စီနဲ့ သွားပွတ်တံ တစ်ချောင်းစီပဲ ရှိရှာကြတာကို။

အဆောင်လက်ဖွဲ့လေးတွေ ဆိုရင်ရော၊ မောင်စိန်နှင့် သူ ပထမဆုံး အကြိမ် အနမ်းတွေ ဖလှယ်ခဲ့သည့် ထင်းရှူးပင်က အခေါက်တစ်လွှာကို မောင်စိန် ဖဲ့ယူခဲ့တာ အမှတ်ရသည်။ သူ့ကို ထင်းရှူးခေါက်လေး ပေးပြီး သေသည်အထိ ထိန်းသိမ်းဖို့ ကတိထားခဲ့သည်လေ။ ခုတော့ ထိုထင်းရှူးခေါက်လေးသာ မောင်စိန့် အမှတ်တရပစ္စည်းအဖြစ် သူ့မှာ ကျန်ရစ်တော့သည်။ မောင်စိန့် အဝတ် အစားတွေလည်း မရှိတော့။ မောင်စိန့် ခေါင်းအုံးလည်း သူ့မှာ တစ်ပုံမျှ မရှိ။ ညညဆို ထင်းရှူးခေါက်ကလေးကို ကိုင်ရင်း ပွတ်ရင်း အိပ်ပျော်ခဲ့ရဖူးသည်။ ထိုသို့ဆိုလျှင် မောင်စိန်က သူ့ကို ကာကွယ်စောင့်ရှောက်နေသလို ခံစားရသည်။ ခုတော့ ထိုထင်းရှူးခေါက်ကလေးသည် အဝတ်ဖြင့် ထုပ်ပိုးလျက် သစ်သား သေတ္တာ အောက်ဆုံးမှာ ရှိနေခဲ့သည်။

သူ သစ်ခေါက်ကလေးကို ထုတ်လိုက်သည်။ ခါတိုင်းလိုပဲ မာတုန်း မာဆဲ။ သားနှစ်ယောက်နှင့် အဆောင်တစ်ခု။ ဒီ အဆောင် သစ်ခေါက်ကလေး ကို ချိုးလိုက်လျှင် သူ့အစွမ်းတွေ ယုတ်လျော့သွားမည်လား။ သားသားအတွက် တခြား တစ်ခုခု ပေးဖို့ သူ စဉ်းစားသော်လည်း ဘာမျှ ပေးစရာမရှိ။ သူ သစ်ခေါက် ကို နှစ်ပိုင်း ချိုးလိုက်သည်။ အပိုင်းကြီးကြီး တစ်ခု၊ သေးသေး တစ်ခုအဖြစ် ကွဲထွက်သွားသည်။

သူ သစ်ခေါက် နှစ်ခုကို အပေါက်ဖောက်သည်။ ကြိုးတပ်သည်။ သစ်ခေါက် အဆောင်ကို နမ်းလိုက်သည်။ မျက်လုံးတွေ ခဏ ပိတ်လိုက်သည်။ ပြီးတော့ သားနှစ်ယောက် လည်မှာ ဆွဲပေးလိုက်သည်။

သစ်ခေါက်ကြီးကြီးက အစ်ကိုကြီးအတွက်၊ သေးသေးက ညီလေး အတွက်။

ခဏနေတော့ တပ်သားတွေအသံ ကြားကြရပြီ။

ကိုကြီးနှင့် သားသား သူတို့ပစ္စည်းလေးတွေ ထုပ်ပြီး တဲပြင် ထွက်သွား ကြသည်။ စကားတစ်လုံးမျှ မဆိုမိကြ။

သူတို့ ထွက်သွားသည်ကို နုနု ငေးနေမိသည်။ နောက်သို့ တစ်ချက်လေး တောင် ပြန်လှည့်မကြည့်ကြ။ နုနု ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ဘယ်လိုမျှ မခံစားနိုင်သည့်အတွက် သူတို့နောက်ကို ပြေးလိုက်သွားမိသည်။ တပ်သား တစ်ယောက်က သေနတ်ပြရင်း သူ့ကို ပြန်ဖို့ပြောသည်။ သူ့သားနှစ်ယောက် ဝတ်ထားသော ပုဆိုးစိမ်းနှင့် ပုဆိုးနက်ကလေး နှစ်ထည်၏ လှုပ်ရှားမှုကိုသာ သူ မြင်လိုက်ရသည်။

အရွယ်ရောက်စ သားနှစ်ယောက် စစ်မြေပြင်ကို တိုးဝင်ရတော့မည်။ အဆောင်လက်ဖွဲ့ သစ်ခေါက်ကလေးကိုယ်စီ လည်ပင်း ဆွဲရင်းပေါ့။ သို့သော်လည်း သူ့အတွက် မျှော်လင့်ချက် လုံးလုံးလျားလျား ကင်းမဲ့ သွားသည်ကတော့ မဟုတ်။

အခွင့်အရေးတစ်ခု သူ့မှာ ရှိနေသေးသည်ပဲ။

[redacted]

အခန်း (၁၈)

ညကျတော့ ရေတွင်းနားမှာ သူတို့ တွေ့ကြသည်။

တစ်ရွာလုံး ကြိမ်မီးအုံးမတတ် ခံစားနေရပြီး သားတွေ ဆုံးရှုံးလိုက်ရ သည့် မိဘတွေ၏ အသည်းနှလုံးတွေ ကျောက်တုံးအသွင်ပြောင်း၊ လမ်းပေါ်မှာ ဘယ်သူမှ မရှိ၊ ဝက်တွေ၊ ကြက်တွေ၊ ကွက်တွေ၊ မြွေတွေပင် တိတ်ဆိတ်လျက်။

တစ်လောကလုံး တိတ်ဆိတ်နေသည်။ အိမ်တွေထဲမှာ ဖယောင်းတိုင် မီးအလင်းရောင်ပင် မရှိ။ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းသူ ဆို၍ ထိန်ထိန်သာ နေသည့် လမင်းသာ ရှိလိမ့်မည် ထင်သည်။

တပ်ဖွဲ့မှူးက စီးကရက်တစ်လိပ် သောက်ကာ ရေသဖန်းပင်အောက်မှာ ရပ်စောင့်ရင်း နုနုကို ခြေဆုံး ခေါင်းဆုံး ကြည့်နေသည်။ ဆံပင်ရှည်တွေကို ဖားလျားချ၍ ရေအိုး ခေါင်းပေါ်ရွက်လာသည့် နုနု၊ ဖြူစင်အောင် လျှော်ဖွပ် ထားသည့် အဝတ်သစ် အစားသစ်တွေနှင့်။ နုနုယ်ပျိုမျစ်သည့် အရွယ် မဟုတ် တော့သော်လည်း ချုံးချုံးကျနေသည့် ခန္ဓာကိုယ်မျိုး မဟုတ်သေး။ ထို့ကြောင့် ကြိုးစားရမည်။ အခွင့်အရေးကို အရယူမည်။

စကားတစ်လုံးမျှ မပြောဖြစ်ကြ။ တပ်သားတွေက ခြေဟန် လက်ဟန် ပြကာ အနားမှ ဖယ်ခွာသွားကြသည်။ နုနုက ရေတွင်းထဲမှ ရေခပ်လိုက်သည်။ ရေအိုးထဲ ထည့်သည်။ တပ်ဖွဲ့မှူးက သူ့ကို စူးစူးရဲရဲ ကြည့်နေသည်။ သူ့တစ်ကိုယ်လုံး ကို အနုလုံ ပဋိလုံ ရှုစားနေသည်ကို သူ သိသည်။

သူ စောင့်နေလိုက်သည်။ တပ်ဖွဲ့မှူးက မလှုပ်သေး။

ရေအိုးကို ရွက်လိုက်တော့ တပ်ဖွဲ့မှူးက သူ့ဆီ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာသည်။

"ဘယ်မတုံး"

အသံကျယ်ကြီးဖြင့် မေးသည်။

နုနုက ခေါင်းညိတ်ပြလိုက်ပြီး လမ်းပြသည်။ ရွာစွန်က အိမ်ပျက်ကလေး ဆီ ဦးတည်လျှောက်လာခဲ့ကြသည်။ ထိုအိမ်ကလေးက လူမနေတာ နှစ်ပေါင်း များစွာ ကြာခဲ့ပြီ။ ထိုတဲထဲမှာ တစ်ယောက်တည်း နေသည့် အဘိုးကြီး ဦးအောင် ဆုံးသွားပြီးကတည်းကပေါ့။ လပြည့်ညတိုင်း ထိုနေရာမှာ ဦးအောင် တစ္ဆေခြောက် တတ်သည်ဟု အဆို ရှိသည်။ ဒီည လပြည့်ည၊ သို့သော် နုနုမှာ ရွေးစရာ မရှိ။ တဲထဲ ဝင်လိုက်သည်။ အေးမြသည့် လရောင်ဆမ်းထားသည့် တဲကလေး အတွင်းမှာတော့ ညီညာပြန့်ပြူးစွာ ခင်းထားသည့် ကောက်ရိုးခင်းကလေး။ ဒီနေရာကို ဒီလို ရောက်လာခဲ့တာ သူတို့ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း ဟုတ်မည် မထင်။

ရေအိုးကို ကြမ်းပေါ် ချလိုက်သည်။ တပ်ဖွဲ့မှူး မျက်နှာပေါ်က ဆန္ဒတွေကို သူ မြင်နေရသည်။ ဒါက ပြဿနာ မဟုတ်။ တပ်မှူးက ရိုင်ဖယ်ကို အောက်ချသည်။ ယူနီဖောင်းကို ချွတ်သည်။ ပြောင်လက်နေသည့် ဘွတ်ဖိနပ်ကို ကောက်ရိုးအိပ်ရာနားမှာ ချွတ်သည်။ တောင့်တင်းကြံ့ခိုင်သည့် သူ့ကိုယ်ကာယအဆက်အပေါက်ကို နုနု မျက်လုံးထောင့် မှာ မြင်နေရသည်။ တပ်ဖွဲ့သည် တပ်ဖွဲ့မှူးတွေကိုတော့ ကောင်းစွာ အာဟာရ ဖြစ်စေသားပဲ။

သူ လုံချည်ကို ကွင်းလုံးပုံအောင် ချွတ်ချလိုက်သည်။ ဘလောက်စ် အင်္ကျီကို ခေါင်းမှ လှန်ချွတ်လိုက်သည်။

တပ်ဖွဲ့မှူးက စိတ်မရှည်။ သူကလည်း ဖြည်းဖြည်းချင်း လုပ်နေသည်။ တပ်ဖွဲ့မှူးဆိုသူ ဆန္ဒတွေ ပြင်းပြလာလေလေ သူ့အတွက် အခွင့်အလမ်းက များလေဟု သူ တွေးနေသည်။

နဖူးတွေ့ ဒူးတွေ့ တွေ့ကြတော့ သူ့ခေါင်းထဲမှာ ပုံရိပ်တွေ ထင်လာ သည်။ သွားလေသူ မောင်စိန်ကို သူ မြင်နေရသည်။ သားနှစ်ယောက်ကို တွေ့ရ သည်။ သူ့မိဘတွေ။ ဒီပုံရိပ်တွေ ပျောက်ကွယ်သွားဖို့ ဘွတ်ရှူးမည်းကြီးကိုသူ စူးစိုက်ကြည့်နေမိသည်။ ပြောင်လက်မည်းမှောင်သည့် သားရေမည်းပေါ်မှာ ခွင့်လွှတ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ တစိုးတစိမျှ မတွေ့ရ၊ မုန်းတီးခြင်း၊ ကြောက်ရွံ့ခြင်း အရောင်တွေသာ စွန်းထင်နေသည်။

လောကမှာ သည်းမခံနိုင်သည့် အရာများ ရှိနေသည် မဟုတ်လား။ ထိုအရာများက လူတစ်ယောက်ကို တခြား အသွင်ပြောင်းစေတတ်သေးသည် ကိုး။

သူ ဘွတ်ဖိနပ်တွေကို မကြည့်လိုတော့။ သို့သော် သိပ်နောက်ကျ သွားခဲ့ပြီ။

ခုတော့ဖြင့် တပ်ဖွဲ့မှူးမကလို့ သူ့တပ်စိတ်တစ်ခုလုံး၊ တပ်တစ်ခုလုံး နှင့် အိပ်ရ အိပ်ရ သားတွေ လွတ်ဖို့သာ အဓိက ဖြစ်သည်။ သူ့ဘဝမှာ ဒီသား နှစ်ယောက်အပြင် ဘာကျန်သေးလို့တုံး။

"မင်း ငါ့ဆီက ဘာလိုချင်လို့တုံး"

အမေး၊ တာရှည်စွာ ငံ့လင့်ခဲ့ရသည့် ထိုအမေး၊ အရာရာကို ဒီမေးခွန်း အတွက် သူ သည်းခံခဲ့ခြင်းသာ။

"ပြောလေ၊ မင်း ဘာလိုချင်တာလဲ"

တပ်ဖွဲ့မှူးလေသံက မေးနေတာနှင့် မတူ။ သူ့အပေါ်နှုတ်ခမ်းမှာ နားနေသည့် ယင်ကောင်ကို မှုတ်ထုတ်နေသလိုမျိုး။

နုနုက သူ့ရင်ဘတ်က အမာရွတ်ကို ကိုင်စမ်းနေသည်။ သူ့ ဆံပင်တွေ ကို ထိုးဖွသည်။ သူ့ကို ဆန္ဒရမ္မက်ဇောဖြန်လည်နိုးကြားလာအောင် လုပ်နေသည်။

“ကဲ- ပြောဟဲ့၊ ဘာလိုချင်လဲလို့”

တပ်ဖွဲ့မှူးမှာ ဆန္ဒရှိပုံမပေါ်တော့။ ကိုကြီးရေ၊ သားသားရေ၊ သူတို့ ရယ်သံတွေ၊ မျက်ရည်စတွေ၊ မရဏတရားတွေ အားလုံး တပ်မှူး၏ စိတ်အခြေအနေပေါ် မူတည်နေခဲ့ပြီ။

“ကျွန်မ သားတွေကို လွှတ်ပေးပါရှင်၊ တခြား ဘာမှ မလိုချင်ပါဘူး”

သူ့အသက်၊ သူ့ဘဝ။

“မရဘူး”

တပ်ဖွဲ့မှူးက လက်မောင်းခေါင်းအုံးရင်း တဲခေါင်မိုးကို စိုက်ကြည့်နေ သည်။ သူ့အတွေးတွေ ပျံ့လွင့်နေလောက်ပြီ။ နောက်ထပ်တစ်ရွာ၊ နောက်ထပ် တိုက်ပွဲတစ်ပွဲ၊ ဒီလောက် သူပုန်သူကန် ပေါသည့်ဒေသမှ အေးချမ်းသည့် ကမ်းရိုးတန်းဒေသသို့ ပြောင်းချင်နေသည့် သူ့စိတ်ကူး။ နုနု ခံစားမိသည်။သူ အစွမ်းကုန် ကြိုးစားမှ။

“ကျွန်မ သူတို့ကို လိုအပ်လို့ပါ”

“ငါတို့လည်း သူတို့ကို လိုအပ်တာပဲ”

“သူတို့ရှိလို့ ကျွန်မ ထွန်ယက် စားသောက်နေနိုင်တာပါ၊ အသက်ရှင် နေတာပါ ဗိုလ်ကြီးရယ်”

ချစ်ခြင်းမေတ္တာတွေ၊ မိခင်သောကတွေ ဘာတွေ မပါစေနဲ့။ လက်တွေ့ အသုံးကျတဲ့ကိစ္စကိုပဲ ပြော။ ဒါ သူ နားလည်နိုင်တဲ့ ဘာသာစကားပဲ။ ဒါမှ တစ်ပါး တခြား မရှိ။

“အဲဒီတော့ ဘာဖြစ်လဲ”

“ကျွန်မယောကျ်ားလည်း ဆုံးသွားခဲ့ပြီ။ တခြား အားကိုးစရာလည်း မရှိလို့ပါ”

ရှင်းပြ၊ ပြောပြ၊ မေးခွန်းမထုတ်နဲ့၊ မကျေမနပ် မဖြစ်နဲ့၊ နောက်မှ ဖြစ်ချင်သလောက်ဖြစ်၊ သနားခံ။

နုနုက ပြောရင်းနှင့် လက်တွေကို အငြိမ်မနေ၊ သူ့ရင်ဘတ်ပေါ်၊ သူ့ဗိုက်သားပေါ်၊ တဖြည်းဖြည်း အောက်လျှောဆင်း၊ ဒါ သူ့သားတွေ၏ သေရေး ရှင်ရေး၊ လက်မနှေးနှင့်။

တပ်ဖွဲ့မှူးသည် အသက်ရှူမြန်လာသည်။

ကြီးထွားသန်မာလာသည့် အရာက လိမ်၍ မရ။

နုနုအတွက် အခွင့်အရေး ရှိနိုင်သည်။

မောင်စိန် ဆုံးပြီးကတည်းက နုနုအတွက် ဒီ ပုဂ္ဂိုလ်သည် ပထမဆုံး ထိတွေ့မိသူ။

နုနုတစ်ယောက် အစွမ်းကုန် ကြိုးစားသည်။ လက်တွေ၊ လက်ချောင်း တွေ၊ နှုတ်ခမ်းတွေ၊ လျှာတွေ။

တပ်ဖွဲ့မှူးက အသားအရေ ကြမ်းတမ်းသလို အပြုအမူလည်း ကြမ်းတမ်း လှသည်ကိုး။

နုနု ခန္ဓာကိုယ်လေး ငါးဖယ်ပျံသလို ကော့ပျံနေသည်။ စိတ်လှုပ်ရှား ခြင်းကြောင့်တော့ အလျှင်း မဟုတ်။

တပ်မှူးက သူ့ခန္ဓာကိုယ်ပေါ်မှာ၊ လက်မောင်းတွေက တင်းတောင့် လျက်။ ကွမ်းသွေးနီစွေးစွေးက သူ့နှုတ်ခမ်းထောင့်မှ စီးကြလျက်။ ကွမ်းသွေး တွေ တစက်စက်၊ သေခြင်း၏ နိမိတ်တွေ။

အားရကျေနပ်သွားတော့ သူ အနားက ဖယ်ခွာသွားခဲ့သည်။ သူ့ခန္ဓာကိုယ် က တဖြည်းဖြည်း ပျော့ပျောင်း၊ အသက်ရှူ တဖြည်းဖြည်း မှန်လာသည်။

“တောင်း ပန် ပါ တယ် ရှင်”

စကားလုံးငါးလုံးသည် ကမ္ဘာပျက်မလား၊ တည်မလား အဆုံးအဖြတ် ပေးသကဲ့သို့။

တပ်ဖွဲ့မှူးက စီးကရက် မီးညှိလိုက်သည်။ တဲကလေးထဲ လင်းခနဲ။

တောင်းပန်ပါ တယ်ရှင် . . .

တောင်း ပန် ပါ တယ် ရှင်...

တောင်း ပန် ပါ တယ် ရှင်...။

“နင့်သားက ဘယ်နှယောက်လဲ”

“နှစ်ယောက်ပါရှင့်”

“ကျန်းကျန်းမာမာပဲလား”

“ဟုတ်ကဲ့ရှင့်”

“အသက်က”

“၁၆ နှစ် နဲ့ ၁၅ နှစ်ပါ”

တပ်ဖွဲ့မှူးက စဉ်းစားနေသည်။ ရှင်ခြင်းနှင့် သေခြင်းကို ချိန်ခွင်ထဲ ထည့်ချိန်နေသကဲ့သို့။

“ကဲ- နင်တစ်ယောက်ယူချေ၊ ငါတို့ တစ်ယောက် ခေါ်သွားမယ်”

“ဘယ်တစ်ယောက်လဲရှင့်”

“နင့်ဘာသာနင် ရွေးပေါ့”

လရောင်ဆမ်းသောညမှာ နှလုံးသားမှတစ်ပါး တခြား ဘာမျှ မကျန်တော့သည့် မုဆိုးမလေး နုနု။

နင် တစ်ယောက် ယူ…။

ငါတို့ တစ်ယောက် ခေါ်သွားမယ်။

ကိုကြီးနှင့် သားသား ဘယ်သူနေလို့ ဘယ်သူ သေရမလဲ။

သူတို့နှစ်ယောက်၏ အသက်ဇီဝကို နုနု ပေးခဲ့သည်။ ခုတော့ တစ်ယောက်၏ ဇီဝိန်ကို သူကိုယ်တိုင် ပြန်ရွေးချယ် နုတ်ယူရတော့မည်တဲ့လေ။

■■■

အခန်း (၁၉)

ခင်ခင်က တောက်လျှောက်ပြောနေရာမှ ခဏရပ်လိုက်သည်။ အစ်ကိုကြီးထံမှ ဘာသံမျှ မကြားရ။ ဘာသာပြန်ပြနေသော အစ်ကိုကြီး၏ လေသံမှာ တဖြည်းဖြည်း တိုးညင်းပါးလျလာခဲ့ပြီး နောက်ဆုံးစာကြောင်းတွေ အရောက်မှာ လေသံမျှသာ ကျွန်မ ကြားခဲ့ရသည်။

ကျွန်မ ခင်ခင့်ကို မသိမသာ အကဲခတ်နေမိသည်။ ပါးပြင်က အရေး အကြောင်းတွေက ထင်းလျက်၊ မျက်တွင်းတွေက ချိုင့်လျက်။ မျက်လုံးနက်ကလေး တွေက သေးငယ်လှသည်။ လည်ပင်းသွေးကြောတွေက တဒုတ်ဒုတ် ခုန်နေ သည်ကိုပင် အထင်းသား မြင်နေရသည်။

အစ်ကိုကြီးကတော့ ကျွန်မနားမှာ ခေါင်းငိုက်စိုက်ကျလျက်။ သူ့ မျက်ဝန်းထဲမှာ စိုစွတ်နေခဲ့သည်။ ကျွန်မလည်း တစ်ကိုယ်လုံး ပေါက်ကွဲထွက် တော့မလို ခံစားနေရသည်။ ဤဇာတ်လမ်းကို စနားဆင်သည့် လွန်ခဲ့သော သုံး လေးနာရီခန့်က စတင်ဖြစ်တည်လာခဲ့သော စိတ်ခံစားချက်တို့သည် ယခု အခါ သည်းမခံနိုင်လောက်အောင် ပြင်းထန်စွာ ဖိစီးလာခဲ့ပြီ။ နုနု၏ ဇာတ်လမ်း ကို ကျွန်မတို့ သုံး၊ လေးနာရီ ဆက်တိုက် မထတမ်း နားဆင်လာခဲ့သည်။ဟိုဘက်ခြံက ကြက်သံတွေ၊ လမ်းပေါ်က ခွေးတစ်ကောင် ဟောင်နေသံတွေ ကြားရသည်။

အဘွားကြီး ဒေါ်ခင်ခင်က အေးစက်နေပြီ ဖြစ်သည့် လက်ဖက်ရည်ကြမ်း ကို ငှဲ့ပေးသည်။ ကွာစေ့ပန်းကန် ရွှေ့တိုးပေးသည်။ ဆန်ခွေကြော်တွေ၊ ခရက်ကာမုန့်ထုပ်လေးတွေ ချပေးသည်။ သူ့မျက်နှာကို ကြည့်ရင်း ကျွန်မ နေပါစေ၊ ကျေးဇူးတင်ပါတယ်ဟုပင် ပြောမထွက်။

နုနု ဘယ်လို ဆက်လုပ်သလဲ၊ သူ့သားနှစ်ယောက်လုံးကို ကယ်လိုက် နိုင်သလား၊ ကယ်နိုင်မည့်ပုံမပေါ်။ ဒီချောက်အိပ်မက်ဆိုးကြီးနှင့်အတူ လက်ကျန် သက်တမ်းကို သူ ဘယ်လို နေထိုင်သွားသလဲ။ ခုချိန်မှာ ဒီမေးခွန်းတွေ၏ အဖြေထက် ဘာကိုမျှ စိတ်မဝင်စား။ သို့သော် ဒီမေးခွန်းတွေကို မမေးရက်ပါ။ ကျွန်မတို့အားလုံး တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ ဦးဘနှင့် ဒေါ်ခင်ခင် ဆီက တစ်ခုခုများ ကြားရလေမလား၊ အချိန်တွေ တရွေ့ရွေ့ ကုန်ခဲ့ပြီ။

သည်းမခံနိုင်တော့။ တဲတွင်းမှာ ဘယ်လိုမျှ မနေနိုင်တော့။ မတန်တဆ ခံစားရသည့် စိတ်သောကနှင့် ဝမ်းနည်းကြေကွဲမှုတွေ ဝိုင်းခြံရစ်သိုင်းထားသည့် ထိုတဲကလေး။ ကျွန်မကိုလည်း လွှမ်းခြုံထားသည်သာပါ။

ကျွန်မ ခုတော့ စိတ်အာရုံထဲမှာ နုနုကို မှန်းကြည့်၍ရပါပြီ။ စစ်ဗိုလ်က မိုးထားသော သူ့ကိုယ်ကလေး၊ တစ်ကိုယ်လုံး တုန်နေရှာသည့် ခန္ဓာကိုယ် ကလေး၊ ကွမ်းသွေးတွေ ပေနေသည့် မျက်နှာကလေး၊ သားတွေ၏ သေခြင်း၊ ရှင်ခြင်းကို စိုးထိတ်နေရသည့် စိတ်ကလေး။

နင် တစ်ယောက် ယူ

ငါတို့ တစ်ယောက် ခေါ်သွားမယ်...။

အော်ဂလီဆန်လာသည်။ အသက်ကို ပြင်းစွာ ရှူမိသည်။ ရင်ညွန့်နား ဆီက စူးဖြင့် ထိုးသလို နာကျင်လာသည်။

ထရပ်ဖို့ ကြိုးစားတော့ အစ်ကိုကြီးပေါ် ပြိုလဲကျမလို ဖြစ်သွားသည်။ ကျွန်မ ခြေထောက်တွေက အိပ်မောကျနေပြီ။ ကျွန်မ ခန္ဓာကိုယ်ကို ထမ်းပိုးနိုင်စွမ်း မရှိ။

"အစ်ကိုကြီး၊ ကျွန်မ ခြံထဲ ဆင်းမှ ဖြစ်မယ်"

တီးတိုးလေသံလေးဖြင့် ပြောမိသည်။

အစ်ကိုကြီးက ချောင်းဆိုးရင်း ခေါင်းညိတ်ပြသည်။

"အင်း- အစ်ကိုကြီး ခဏနေ လာခဲ့မယ်"

လေးဖက်တွားရင်း အိမ်ရှေ့ဆီ လာခဲ့ရသည်။ ခြေထောက်တွေ ကျဉ်နေ တာ ပျောက်သွားသည်ထိ ခဏထိုင်နေရသည်။ ပြီးတော့ တဲပြင်ထွက်ပြီး တဲရိပ်ကျသည့် မြေပြင်ပေါ် ထိုင်ချလိုက်သည်။ သူတို့ နုနုကို ဘယ်လို လုပ်လိုက် ကြတာလဲ၊ နုနု ဘယ်လို ဆုံးဖြတ်ခဲ့သလဲ၊ ပါးပြင်ပေါ် မျက်ရည်တွေ အလိုလို စီးကျလာခဲ့သည်။

ဦးဘနှင့် ဒေါ်ခင်ခင်၏ တီးတိုးစကားသံတွေ ကြားနေရသည်။ တစ်ချက် တစ်ချက် အစ်ကိုကြီး ဦးဘ၏ ချောင်းခြောက်ဆိုးသံ ထွက်လာသည်။ ဒေါ်ခင်ခင် စကားသံတွေက ဝမ်းနည်းကြေကွဲမှုကို အတိုင်းသား ဖော်ပြနေသည်။ အတော်လေး ကြာတော့ ဦးဘ တဲထဲမှ ထွက်လာသည်။ သူလည်း တုန်တုန်ယင်ယင် ဖြစ်နေကြောင်း ကျွန်မ သိသည်။ သူက သူ့နောက် လိုက်ခဲ့ဖို့ ကျွန်မကို ခေါင်းညိတ်ပြီး ခေါ်သည်။

ကျဉ်းလွန်းလှသဖြင့် တစ်ယောက်ချင်းစီသာ တန်းစီသွားလို့ရသော လမ်းကျဉ်းကလေးတစ်ခုမှာ ကျွန်မတို့ တိတ်ဆိတ်စွာ လျှောက်လှမ်းနေမိကြ သည်။ အဝေးတစ်နေရာမှာ လေထဲ လွင့်မျောနေသည့် မီးခိုးငွေ့တွေ၊ ညနေ စောင်းခဲ့ပြီ။ ယာခင်းထဲမှ အိမ်သို့ ပြန်လာကြသည့် ယာသမားများက ကျွန်မ တို့ကို နှုတ်ဆက်ကြသည်။ သူတို့နောက်မှာ ကျွဲစီးပြီး လိုက်ပါလာသည့် ကောင်ကလေး တစ်ယောက်က သွေးသွားဖြူဖြူလေးတွေ ပေါ်အောင် ကျွန်မကို ရယ်ပြနေသည်။ ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

သြောင်ပင်ကြီးဆီအရောက် ညာဘက်သို့ ချိုး၍ လမ်းမပေါ် တက်ကြ သည်။ စစ်ဂျစ်ကားတစ်စီးက ကျွန်မတို့ကို ကျော်ပြီး ဘရိတ် တကျွီကျွီ အုပ်ကာ နောက်ပြန်ဆုတ်လာသည်။ ကျွန်မတို့နား ဂျစ်ကားရောက်လာခဲ့ပြီ။

ကျွန်မ ဒူးတွေ ခွေညွတ်သလို ဖြစ်သွားသည်။ အစ်ကိုကြီးနှင့် ကျွန်မ ထံမှ

သူတို့ ဘာလိုချင်လို့လဲ။ ကျွန်မတို့ မသိဘဲ ကျွန်မတို့နောက်သို့ သူတို့ နောက်ယောင်ခံ လိုက်နေခဲ့သည်လား။ ကျွန်မတို့ အန္တရာယ်ကျလာပြီလား။ ကျွန်မခေါင်းထဲက အသံက အမှန်တရားကို ပြောနေခြင်းလား။

"သူ တို့ နင့် ကို လာ ခေါ် ကြ မှာ။ ဘယ် သူ မှ နင့် ကို အ ကာ အ ကွယ် မ ပေး နိုင် ဘူး..."

ဂျစ်ကားပေါ်မှာ တပ်သားလေးယောက် ထိုင်နေကြသည်။ အစိမ်းရောင် ယူနီဖောင်းများ၊ ပြောင်လက်နေသည့် ဘွတ်ရှူးနက်များ... သွားနီနီများ... စူးစမ်းသည့် အကြည့်များ။

အသံက ကျွန်မကို သတိပေးခဲ့သည်။

"သူ တို့ နဲ့ တွေ့ ရင် မျက် လုံး ချင်း မ ဆုံ မိ စေ နဲ့၊ သူ တို့ ဖိ နပ် တွေ ကို မ ကြည့် နဲ့၊ သူ တို့ မှာ မှော် အ စွမ်း ရှိ တယ်၊ ရက် စက် မှု အ ပေါင်း သ ရ ဖူ ဆောင်း တဲ့ အ စွမ်း ပေါ့"

မျက်နှာပေါ် တစက်စက်ကျနေသည့် ကွမ်းသွေးတွေ။

စစ်သားတွေက ကျွန်မကို လက်ညှိုးထိုးပြီး အစ်ကိုကြီးကို မေးနေ သည်။ အစ်ကိုကြီးက ရယ်လိုက်သည်။ သူတို့ကလည်း တဟေးဟေး တဟားဟား ပြန်ရယ်ကြသည်။ သူတို့ကို မျက်နှာချင်း မဆိုင်ချင်သဖြင့် ကျွန်မ ခပ်လှမ်းလှမ်း ကို လှည့်ထွက်လိုက်သည်။

စကား ခဏတစ်ဖြုတ် ပြောကြပြီးသည့်နောက် ရယ်ရယ်မောမော အံ့သြနေသည့် မျက်နှာများနှင့် သူတို့ မောင်းထွက်သွားကြသည်။

"သူတို့ ဘာလိုချင်လို့တဲ့လဲ"

သူတို့ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်နှင့် ကျွန်မ အစ်ကိုကြီးကို အသက်မရှူတမ်း မေးလိုက်မိသည်။

"ညည်းက ဘယ်သူလဲ၊ အစ်ကိုကြီးတို့ ဘယ်သွားကြမလို့လဲ သိချင် လို့တဲ့"

"ဘာလို့တုံး"

"အင်း..."

အစ်ကိုကြီးက ခဏ တုံ့ဆိုင်းနေသည်။

"အနောက်တိုင်းက ဧည့်သည်တစ်ယောက်နဲ့ ဒေသခံတစ်ယောက် ဒီလို တွဲသွား တွဲလာတာမျိုး မတွေ့ဖူးဘူးလေ၊ စပ်စုတာပေါ့"

"အစ်ကိုကြီးက ဘာပြန်ပြောလိုက်လဲ"

“အမှန်အတိုင်း ပြောလိုက်တာပေါ့၊ ဒါ နိုင်ငံခြားက ငါ့နှမ၊ ငါတို့ အိမ်ပြန်နေကြတာလို့ပေါ့။ သူတို့က ကားနဲ့ တင်ခေါ်သွားချင်ကြတယ်၊ အစ်ကိုကြီးက ငြင်းလိုက်ရတာပေါ့”

“ဒါပဲလား”

“အင်း... ဒါပဲ"

သူ့အသံက တိုတိုပြတ်ပြတ်၊ ကျယ်ကျယ်လောင်လောင်၊ ဒါ သူ့အသံ သူ့ဟန် မဟုတ်။

လက်ဖက်ရည်ဆိုင်ထဲ အရောက်မှာတော့ အစ်ကိုကြီးသည် သည်းထန် စွာ ချောင်းဆိုးပြီး အသက်ရှူနိုင်လောက်အောင် ဖြစ်လာသည်။

“အစ်ကိုကြီး ဆရာဝန်ပြမှ ဖြစ်မယ်”

ကျွန်မ ကြောက်လန့်တကြား ဆိုမိသည်။

အစ်ကိုကြီးက လက်ကာပြသည်။ စကားတစ်လုံးမျှ မပြောနိုင်သေး။

“အစ်ကိုကြီး၊ ဒီမှာ အစ်ကိုကြီးကို သေချာစမ်းသပ်ပေးမယ့် ဆရာဝန် ရှိမှာပါ၊ အစ်ကိုကြီး ရင်ဘတ် ဓာတ်မှန်ရိုက်မှ ဖြစ်မယ်”

“နေပါစေ... ဘာမှ မဖြစ်ပါဘူး ဆိုကွယ်၊ မကြာခင် ပျောက်သွား မှာပါ။ အစ်ကိုကြီးကို ယုံစမ်းပါ၊ စစ်ဆေးရုံ သွားကုရမလားပြော”

ကျွန်မ ပါးစပ်ပိတ်နေရသည်။

“ညည်း ဆာပြီလား”

ခေါင်းခါ ပြလိုက်သည်။

“အင်း အစ်ကိုကြီးတော့ ခေါက်ဆွဲပြုတ်ကလေး စားဦးမှ”

“စားလေ၊ အစ်ကိုကြီး”

လက်ဖက်ရည်ဆိုင်ထဲမှာ လူပါးနေသည်။ ချောင်ကျကျ စားပွဲမှာ ကျွန်မ တို့ ထိုင်လိုက်ကြသည်။

စားပွဲထိုးမလေး ရောက်လာသည်။ ဦးဘက လက်ဖက်ရည် နှစ်ခွက် နှင့် ခေါက်ဆွဲပြုတ်တစ်ခွက် မှာသည်။

ခင်ခင် ဆက်ပြောသည့် ဇာတ်လမ်းကို ကျွန်မ စောင့်မျှော်နေမိသည်။

အစ်ကိုကြီးက ဘာမျှ မပြောသေး။ ကျွန်မလည်း မမေးရဲသေး။

လက်ဖက်ရည်နှင့် ခေါက်ဆွဲပြုတ် ရောက်လာသည်။ အစ်ကိုကြီးက တိတ်တိတ်ဆိတ်ဆိတ် စားနေသည်။ ကျွန်မက လက်ဖက်ရည်ကို ဇွန်းဖြင့် မွှေနေမိသည်။

"အစ်ကိုကြီး"

သူ မော့ကြည့်သည်။

"နုနုက ဘာဆက်လုပ်သတဲ့လဲ"

သူက ခေါက်ဆွဲပြုတ်ကို သုံး လေးဇွန်း ဆက်သောက်လိုက်ပြီးမှ -

"တပ်ဖွဲ့မှူး ပြန်သွားပြီး နောက်ပိုင်းလား"

ဟု မေးလိုက်သည်။

ကျွန်မ ခေါင်းမြန်မြန်ညိတ်ပြလိုက်သည်။

"နုနုက ပထမ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တွေ ပေါက်နေ သတဲ့။ ဒါပေမဲ့ သူ့မှာ ကလေးတစ်ယောက်ကို ကယ်တင်နိုင်မယ့် အခွင့်အရေးရှိ နေခဲ့ပြီကိုး၊ ဒါပေမဲ့ သူ ဆုံးဖြတ်ဖို့ အားမရှိဘူး၊ သတ္တိမရှိဘူး ဖြစ်နေတယ်"

သူက စကားပြောတာကို ခဏရပ်လိုက်သည်။ ကျွန်မထံမှ အဖြေ တစ်ခုခု မျှော်လင့်၍တော့ ဟုတ်ဟန်မတူ။ သူ ဆက်ပြောသည်။

"အဲဒီညမှာပဲ သူ ပေါ်တာတွေ ထားတဲ့ စခန်းကို ရောက်ပြီး သူ့သား တစ်ယောက်ကို ခေါ်ထုတ်လာခဲ့တယ်"

"ဘယ်သူလဲ အစ်ကိုကြီး"

"ကိုကြီးတဲ့ကွယ်"

ကျွန်မ မူးမူးဝေဝေ ဖြစ်သွားသည်။ စားပွဲစွန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ထားရသည်။

"ကိုကြီးက အကြီးပေမယ့် လူကောင်လည်း ပိုသေးတယ်၊ အားလည်း ပိုနည်းတယ်၊ သူ စစ်သားတွေကြားမှာ ဘယ်လိုမှ ရှင်နိုင်မှာ မဟုတ်ဘူး၊ မကြာခင် ကိုကြီးဟာ ဘာမှ သုံးစားမရတာ သိသွားရင် သူ့ကို သေအောင် ပစ်ထားလိုက် ကြမှာပဲ၊ သားသားကတော့ အားလည်း ကောင်း၊ လူကောင်လည်း ထွားတယ်၊ သူ ဘယ်လိုပဲဖြစ်ဖြစ် ရှင်သန်အောင် ရှာကြံနေနိုင်မှာပဲ၊ ဒါကြောင့် သူ့မှာ ရွေးစရာ မရှိဘူး၊ ကိုကြီးကို ခေါ်ထားမှ ဖြစ်မယ်လို့ နုနု စဉ်းစားခဲ့တယ်၊ သူ အဲသလို

စဉ်းစားခဲ့တာကို သူ့ညီမ ခင်ခင့်ကို သူ ပြောပြခဲ့တယ်၊ ပြောတာမှ တစ်ခါတလေ တစ်ရက် သုံးကြိမ်လောက် ပြောသတဲ့၊ ငါ့မှာ ရွေးစရာမရှိဘူး၊ ငါ ကိုကြီးကို ခေါ်မှ ဖြစ်မယ်လို့ပေါ့”

“ဒါဆို သားသားကရော”

ကျွန်မအသံက ဖျော့တော့ တိုးတိတ်လွန်းလှသည်။

“နောက်တစ်နေ့မနက်မှာ စစ်သားတွေ သူ့ကို ခေါ်သွားခဲ့ကြတယ်”

“ ကျွန်မ ခံစားချက်ကို ဖော်ပြဖို့ စကားလုံး ရှာမရခဲ့ပါ။ လက်ဖက်ရည် တစ်ငုံ ငုံလိုက်သည်။ ဦးဘကတော့ သူ့ခွက်ကို တစ်ချက်တည်း မော့လိုက် သည်။ သူ့လက်တွေ တုန်နေသည်။

“အဲလို အခြေအနေမှာ ဘယ်အမေက အသက်ရှင်နေနိုင်မှာလဲ”

နောက်ဆုံးတော့ ကျွန်မ အသံထွက်လာသည်။

“ဟုတ်တယ်၊ ဘယ်အမေက အသက်ရှင်နေနိုင်မှာလဲ” အစ်ကိုကြီးက ကျွန်မစကားကို သံယောင်လိုက်နေသည်။

“ဒါပေမဲ့ ဘာဖြစ်လို့များ... ဟိုဟာလေ... သူ ဘာလို့များ......”

ကျွန်မ စကားဆုံးအောင် မပြောနိုင်။ ကျွန်မ ထိုညကို စိတ်မှန်းဖြင့် မြင်ယောင်ကြည့်နေမိသည်။ ညီအစ်ကိုနှစ်ယောက် ခွဲခွာခန်း။ ကိုကြီးက ပစ္စည်းလေးတွေ သိမ်းပြီး သားသားကို ထားသွားပုံတွေ၊ သူ ဘယ်လို ခံစားရမလဲ၊ သူ ဘယ်လို တွေးနေမလဲ၊ အဆောင် သစ်ခေါက်ကလေး လည်ပင်းဆွဲထား သည့် ကောင်လေးတစ်ယောက်၊ သားသား.. သူ ဘာများ ဖြစ်သွားခဲ့သလဲ။

“သားသား အသက်ရှင်ရက် အဲဒီက လွတ်လာတယ်လို့ အစ်ကိုကြီး ထင်လား”

“နုနုဟာ အဲဒီနောက်ပိုင်းမှာ ဗေဒင်၊ အကြားအမြင်တွေ ပေါင်းစုံလိုက်မေးသတဲ့။ တစ်ယောက်က သားသားဟာ သူပုန် ဖြစ်သွားတယ်လို့ ပြောခဲ့ တယ်၊ တခြားတစ်ယောက်ကတော့ သူ ဘုန်းကြီးဝတ်သွားပြီး တစ်ပြည်လုံးအနှံ့ လျှောက်သွားနေတယ်လို့ ပြောတယ်၊ နောက်တစ်ယောက်ကတော့ သားသားဟာ ထိုင်းဘက် ရောက်သွားပြီး ကြီးပွားချမ်းသာနေတယ်လို့ ပြောတယ်၊ အားလုံးက သူ့ဆီက သတင်းစကား မကြာခင် ကြားရမယ်လို့ ပြောကြသတဲ့၊ ဒါပေမဲ့ ဘာမှ မကြားပါဘူးတဲ့၊ ကြာတော့ နုနုလည်း မျှော်လင့်ချက်ကို စွန့်လိုက်တယ်”

“သူ တပ်သားဖြစ်သွားတာ ဖြစ်ချင် ဖြစ်မှာပေါ့”

“အဲလိုဆိုရင် သူ့မိသားစုကို အကြောင်းကြားမှာပေါ့၊ ခုဆို နှစ် နှစ်ဆယ်ကျော် ရှိသွားပြီ၊ သားသားအကြောင်း ဘာမှ မကြားခဲ့ကြရဘူးတဲ့၊ ဒါ့အပြင် တပ်မှာ တပ်သား အလုံအလောက် ရှိပါတယ်၊ ပေါ်တာကို တပ်သား မခန့်ဘူး၊ မိုင်းရှင်းတပ်ဖွဲ့အဖြစ်ပဲ အသုံးချကြတာ”

“ဘယ်လို မိုင်းရှင်းတပ်ဖွဲ့၊ ဟုတ်လား အစ်ကိုကြီး”

သူ ပြောတာ ကျွန်မ နားမလည်ပါ။

“အင်း- ဒီမှာ ပြည်တွင်းစစ်ဖြစ်နေတာ ဆယ်စုနှစ်ပေါင်း များစွာ ကြာခဲ့ပြီ။ ညည်း မြင်ရအောင်တော့ နေရာတိုင်း ဖြစ်နေတာ ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့ ပြည်နယ်တွေ၊ အစွန်အဖျားနယ်စပ်တွေမှာ ဖြစ်နေတာပေါ့၊ တိုင်းရင်းသား လူမျိုးစုတွေဟာ သူတို့ လွတ်လပ်ရေးအတွက် တောနက်ထဲမှာ တိုက်နေကြတုန်း ပဲ၊ တိုက်ပွဲ ဖြစ်တဲ့နေရာတွေဟာ တောင်ပေါ်ဒေသတွေ၊ တောနက်တွေ၊ ဘာလမ်းမှမရှိဘူး၊ ကားတွေ သွားဖို့ နေနေသာသာ လူတောင် မနည်းသွားရ တာလေ၊ ဒါကြောင့် လက်နက်ပစ္စည်းတွေ၊ ရိက္ခာတွေ သယ်ဖို့ လူအားကို လိုကြတာပေါ့၊ ဒါတွေကို ခင်ခင်က အရိပ်အမြွက်လောက်ပဲ ပြောတာပါ၊ တိုက်ပွဲဒေသတွေမှာ နှစ်ဖက်စလုံးက မိုင်းတွေ ပွနေအောင် ထောင်ထားတတ် တယ်၊ အဲဒီမိုင်းတွေ ရှင်းဖို့ကတော့ ပေါ်တာတွေကို ရှေ့က တက်ခိုင်းကြတာ ပဲပေါ့”

“ဟင်- ရွှေ့လျားမိုင်းရှင်းကိရိယာတွေ ရှိသားပဲ၊ အဲဒါတွေ လွှတ် လိုက်ပေါ့”

ဦးဘက ခေါင်းယမ်းလိုက်သည်။

“ကြံကြီးစည်ရာကွယ်၊ ဒါမျိုးတွေ ဘယ်ရှိပါ့မလဲ”

“ဒါဆို ပေါ်တာတွေက မိုင်း ဘယ်လို ရှင်းတာလဲ”

ဦးဘက စားပွဲပေါ်ကုန်း၍ ကျွန်မနား တိုးကပ်လိုက်ရင်း-

“ခြေထောက်နဲ့ တက်နင်းပြီး ရှင်းတာပေါ့ကွဲ့”

ဟု တိုးညင်းစွာ ပြောလိုက်သည်။

သူ ပြောတာကို နားလည်ဖို့ ကျွန်မ ခဏ အချိန်ယူလိုက်ရသည်။

“ဒါ - ဒါဆို တပ်က သူတို့ကို ဟို… ဟို…”

ကျွန်မ စကားမဆက်နိုင်။

“အစ်ကိုကြီးက ဒါတွေ ဘယ်လိုလုပ် သိတာလဲ”

“ဩော်- အသက်ရှင်ရက် ပြန်ရောက်လာတဲ့ ပေါ်တာတွေ ရှိတယ်ကွဲ့"

ကျွန်မ မတ်မတ်ပြန်ထိုင်လိုက်သည်။ လက်ဖက်ရည်ဆိုင်ထဲ မျက်စိကစားကြည့်မိသည်။ ဟိုဘက်ထောင့်က စားပွဲမှာ လူသုံးယောက် စကားလက်ဆုံကျနေကြသည်။ သူတို့ထဲက တစ်ယောက်က ကွမ်းသွေး ခဏ ခဏထွေးတတ်သည်။ သူ ထွေးလိုက်တိုင်း ကျွန်မ တွန့်ခနဲ ဖြစ်ဖြစ်သွားသည်။ သူတို့နားက စားပွဲမှာ ချစ်သူနှစ်ယောက် ချစ်ခွန်းတုံ့တင် ကယုကယင် စကားပြောနေကြသည်။ စားပွဲထိုးမလေးက ကြမ်းပြင်ကို တံမြက်စည်းလှည်းနေ သည်။ ဘုရားစင်အောက်မှာ ထမင်းချက် မိန်းမကြီးက စားပွဲပေါ် မှောက်အိပ်နေ သည်။ သူတို့ရော ခု ကျွန်မသိသလို သိနေကြသလား၊ အင်း- သိချင်လည်း သိကြမှာပါလေ။

သူတို့မှာလည်း အစ်ကိုတွေ၊ ယောက်ဖတွေ၊ တူတွေ၊ ဦးလေးတွေ မိုင်းကွင်းထဲက၊ သတ်ကွင်းထဲက ထွက်ပြေးလာတာမျိုး ရှိချင် ရှိနေမှာပါပဲ။ ဒါမှမဟုတ် သူတို့ အစ်ကိုတွေ၊ မောင်တွေ၊ တူတွေ၊ ဦးလေးတွေက ဘွတ်ရှူး အနက်စီးသူတွေလား။

အင်း- ခုမှပင် သတိထားမိသည်။ ကျွန်မ အဖေ၏ မွေးရပ်မြေ ဤတိုင်းပြည်အကြောင်းကို ကျွန်မ ဘာဆိုဘာမျှ မသိပါကလား။ သိပ်ထူးဆန်းလွန်းသည်။ သူတို့၏ ရယ်မော ပျော်ရွှင်နေကြသည်ဟု ထင်ရသော မျက်နှာတွေ ကို ကျွန်မ မဖတ်တတ်သေးပါလား၊ အဓိပ္ပာယ် မဖော်တတ်သေးပါလား။

“ဘာတွေများ ဒီလောက် စဉ်းစားနေတာလဲ ဂျူလီယာ”

“ဩော်- ကျွန်မ ဒီတိုင်းပြည်အကြောင်း ဘာမှ နားမလည်ပါလားလို့ တွေးနေမိတာပါ”

“အဲလို မဟုတ်ပါဘူး၊ သိသင့်သလောက် ညည်း အကုန်သိပါတယ် ဂျူလီယာရယ်”

“ဟင်- အစ်ကိုကြီး ဘာကို ဆိုလိုတာလဲ”

“နောက်တော့ သိမှာပေါ့ကွယ်”

ဦးဘက ပါးစပ်ကို စုလိုက်ရင်း ထူးထူးဆန်းဆန်း ကျွတ်. . . ကျွတ်ဟု အသံပြုလိုက်သည်။ စားပွဲထိုးမလေးက လှည့်ကြည့်သည်။ အစ်ကိုကြီးက တစ်ထောင်တန်တစ်ရွက် လက်ဖက်ရည်ပန်းကန် အောက်မှာ ညှပ်လိုက်ပြီး ထရပ်လိုက်သည်။

မှောင်လာပြီ။

လမ်းတစ်လျှောက် တိတ်ဆိတ်စွာ လျှောက်လှမ်းလာခဲ့ကြသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့က ရောမ တီဗွီကြီးရှေ့မှာ လူတွေ အုံခဲ ၍ ဘောလုံးပွဲကို ဆူညံစွာ ကြည့်နေကြသည်။ ကျွန်မကတော့ နုနုနှင့် သူ့သားနှစ်ယောက်အကြောင်း မစဉ်းစားဘဲ မနေနိုင်။

"အစ်ကိုကြီး"

"ဘာသိချင်သေးတုံး ဂျူလီယာ"

"သားသား မရှိဘဲ နုနုနဲ့ ကိုကြီး နှစ်ယောက်တည်း ဘယ်လို နေခဲ့ကြသတဲ့လဲ"

"အင်း- သူတို့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ကြရှာဘူးတဲ့"

"ဘယ်လို.. ကိုကြီးရော ဆုံးသွားပြီတဲ့လား"

"အဲလိုတော့ မဟုတ်ဘူး၊ အဲဒီနောက်ပိုင်းမှာ အင်မတန် ချစ်ခဲ့ကြတဲ့၊ အမြဲတမ်း တတွဲတွဲနေခဲ့ကြတဲ့ သားအမိနှစ်ယောက်ဟာ တကျက်ကျက် ဖြစ်လာခဲ့သတဲ့၊ အရင်က အင်မတန် အလုပ်ကြိုးစားခဲ့တဲ့ ကိုကြီးဟာ ယာခင်းထဲ ဆင်းဖို့၊ အလုပ်လုပ်ဖို့ စိတ်မပါဘဲ ဘုရားပွဲတကာ လှည့်ရင်း သောက်စားမူးရူးနေတော့တယ်တဲ့၊ ခင်ခင်ကတော့ ကိုကြီးဟာ သွေးလန့်သွားလိုက်တာ နာလန် မထူနိုင်တော့ဘူးလို့ ယုံကြည်နေတယ်၊ သူ အမြဲ အထိတ်ထိတ် အလန့်လန့် ဖြစ်နေတတ်သတဲ့၊ သားသားက သူ့ကို အမြဲခြောက်လှန့်နေသလို ခံစားနေရ သတဲ့၊ သူ တဖြည်းဖြည်း စကားနည်းသထက် နည်းလာတယ်၊ အမေဟာ သူ့အစား သားသားကို ခေါ်ထုတ်ခဲ့ရမှာလို့ ခဏခဏ ညည်းတတ်သတဲ့၊ သုံးနှစ် လောက်ကျတော့ ယာခင်းလည်း ပြန်ကောသွားခဲ့တယ်၊ ကိုကြီးလည်း အလုပ် ရှာမယ် ဆိုပြီး မြို့တက်သွားခဲ့တယ်တဲ့"

အစ်ကိုကြီး၏ အိမ်သို့ ရောက်လာခဲ့ကြပြီ။ အစ်ကိုကြီးက ခြံထဲက ရေခပ်သည်။ ဖယောင်းတိုင်တွေ ထွန်းသည်။ လက်ဖက်ရည် သောက်ချင်သေးလားဟု မေးသည်။ မသောက်ချင်ပါဟု ပြောလိုက်ပြီး လန်ဒန်မျှော်စင် ပန်းချီကား အောက်က ဆိုဖာပေါ် ပစ်လှဲလိုက်သည်။ အစ်ကိုကြီးကလည်း ပက်လက်ကုလားထိုင်ပေါ် ထိုင်ချ၍ ဇာတ်လမ်းကို ဤသို့ ဆက်ခဲ့သည်။

"နောက်တော့ ကိုကြီးဟာ မြို့တော်ကို ရောက်သွားသတဲ့၊ ပင်လယ်ကူး သင်္ဘောတစ်စီးမှာ သင်္ဘောသား ဖြစ်သွားခဲ့တယ်၊ ငွေအတော်ရသတဲ့၊ သူ့အမေဆီကိုတော့ ငွေပို့တစ်ချက် မပို့တစ်ချက်ပဲတဲ့၊ နောက်တော့ နုနုဟာ ငယ်ငယ်ရွယ်ရွယ် နဲ့ မုဆိုးမ ဖြစ်နေတဲ့ ခင်ခင်နဲ့ လာနေခဲ့တယ်၊ လွန်ခဲ့တဲ့ လေး ငါး ခြောက်နှစ် လောက်တုန်းက သူတို့ ကလောကို ပြောင်းလာခဲ့ကြတယ်၊ သူတို့ကို ဘယ်သူမှ မသိတဲ့နေရာ၊ ဘာအမှတ်တရမှ သူတို့အတွက် မရှိတဲ့နေရာ၊ အဲဒီအချိန်မှာ နုနုဟာ ချုံးချုံးကျနေခဲ့ပြီ၊ နုနု ဆုံးတဲ့နေ့က သူတို့နှစ်ယောက် ဈေးကို လာကြ ရင်း လူငယ်တစ်ယောက်ကို တွေ့တော့ နုနုဟာ သားသားလို့ ထင်မှတ်မှားသွား ခဲ့တယ်၊ တုန်လှုပ်မှုက အားကြီးလွန်းတော့ နှလုံးခုန်ရပ်သွားတဲ့အထိပဲတဲ့၊ ဒီအကြောင်း အစ်ကိုကြီး စာထဲ ထည့်ရေးမိတယ် မှတ်တယ်"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"ခင်ခင့်အပြောအရတော့ နုနု ကျန်းမာရေး ချို့ယွင်းနေတာ အတော်ကြာသွားပြီတဲ့၊ အဓိကကတော့ စိတ်ကျန်းမာရေး ချို့ယွင်းတာပေါ့၊ သူ ဘာကိုမှ သေချာ မမှတ်မိဘူး၊ အပြင်သွားရင် လမ်းပျောက်ပြီး အိမ်မပြန်တတ်တော့ဘူး၊ စစ်ကားတွေ တွေ့ရင် တဆတ်ဆတ် တုန်နေတတ်တယ်၊ စစ်သားတွေရဲ့ သားရေရှူးဖိနပ်အနက်တွေကို သူ လုံးဝ မကြည့်ဝံ့ဘူး၊ ညညဆို လန့်လန့် အော်တတ် တယ်၊ တစ်ကိုယ်လုံးလည်း အနီစက်လေးတွေ ထွက်လို့ပဲတဲ့၊ အစားအသောက်လည်း မဝင်၊ နှလုံးကလည်း ပန်း ဆိုတော့ သူ ဆုံးတော့မယ် ဆိုတာ ခန့်မှန်း လို့ ရပါသတဲ့၊ သူ့အဖြစ်အပျက်တွေကလည်း ဆန်းသကိုး"

"ကိုကြီးကရော ပြန်မလာဘူးတဲ့လား"

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က နောက်ဆုံး ငွေပို့တော့ ကိုကြီးဟာ ဩစတေးလျမှာတဲ့၊ သူ အဲဒီမှာပဲ အခြေချလိုက်ပုံပေါ်တယ်၊ အဲဒီနောက်ပိုင်း စာမလာ သတင်းမကြားတော့ဘူးတဲ့လေ"

အစ်ကိုကြီး၏ မျက်လုံးတွေ ပိတ်သွားခဲ့သည်။ ကျွန်မလည်း အဆမတန် ပင်ပန်းလွန်းပြီ။

"အိပ်ခါနီး ဂီတ နားထောင်ဦးမလား ဂျူလီယာ"

"တော်ပါပြီ အစ်ကိုကြီးရယ်"

တိတ်သွားကြပြန်သည်။ ကျွန်မတို့နှစ်ယောက်ကြားမှာ တိတ်တိတ်ဆိတ်ဆိတ်နေခြင်းသည် နှစ်လိုဖွယ်ကောင်းမှုန်း ပထမဆုံးအကြိမ်အဖြစ် သိလိုက်ရသည်။

"ကျွန်မ ခေါင်းထဲက အသံ ပျောက်သွားမယ်လို့ အစ်ကိုကြီး ထင် သလား"

"မသိဘူးလေ"

"ဘယ်လို ထင်သလဲ"

"ကြည့်ကြသေးတာပေါ့ကွယ်၊ ဒါနဲ့ ခင်ခင် ပြောနေတုန်း သူ ဘာ ဝင်ပြောသေးလဲ"

"ဘာမှ မပြောဘူး၊ ငြိမ်နေတယ် အစ်ကိုကြီး"

"အဲဒါ ကောင်းတာပေါ့ကွဲ့၊ မဟုတ်ဘူးလား"

မပြောတတ်။ ပခုံးသာ တွန့်ပြလိုက်ရသည်။

"ထင်တာပဲလေ"

အစ်ကိုကြီးက သမ်းလိုက်သည်။

"အစ်ကိုကြီးတော့ သိပ်ပင်ပန်းနေပြီ"

"အင်း- ကျွန်မလည်း တူတူပါပဲ"

"ဘာလိုသေးလဲ၊ ဘာစားချင်သေးလဲ"

"ဟင့်အင်း"

သူက ထရပ်လိုက်သည်။ ကျွန်မနား ကပ်လာသည်။ ကျွန်မခေါင်းကို ကိုင်ပြီး နဖူးကို နမ်းသည်။

"ကောင်းကောင်းအိပ်ကွယ်"

"ဟုတ်ကဲ့၊ အစ်ကိုကြီးလည်း ကောင်းကောင်းအိပ်"

"အိပ်မက်ဆိုးတွေ ဘာတွေ မက်ရင် အစ်ကိုကြီးကို နှိုးနော်"

■■■

အခန်း (၂၀)

ကျယ်လှသည့် ငိုကြွေးသံကြီးကြောင့် ကျွန်မ လန့်နိုးလာသည်။ အစ်ကိုကြီးများ ငိုနေတာလား။ ကမန်းကတန်း ထပြီး အနားက လက်နှိပ်ဓာတ်မီးကို စမ်းလိုက် သည်။ ဓာတ်မီးအလင်းရောင်အောက်မှာ အစ်ကိုကြီး အိပ်ခန်းသို့ ခြေဖျားထောက် သွားလိုက်သည်။ လိုက်ကာနောက်ကွယ်မှ ဖြည်းဖြည်းမှန်မှန် အသက်ရှူသံကို ကြားနေရသည်။ ကျွန်မများ အိပ်မက်မက်နေသလား၊ ဒါမှမဟုတ် ဟိုအသံ ပြန်ရောက်လာတာလား၊ သူ ကျွန်မကို နှိုးလိုက်တာလား၊ ကျွန်မ နားစွင့်နေသည်။ အင်းဆက်အသံတွေ၊ ခွေးဟောင်သံတွေသာ ကြားရသည်။

ဆိုဖာပေါ် ပြန်လှဲလိုက်သည်။ တစ်မိနစ်လောက် ငြိမ်၍ နားထောင် နေပြီး ပြန်အိပ်ပျော်သွားသည်။

ဒုတိယအကြိမ် ထပ်နိုးလာသည်။ ဒီတစ်ခါတော့ အသံက နှိုးခြင်း ဖြစ်သည်။

“သား သား ဘယ် မ လဲ..."

ဆတ်ခနဲ ထမိသည်။ အမှောင်ထုထဲ ငေးကြည့်မိသည်။ အမှောင်ရိပ် ထဲက တစ်ယောက်ယောက်က ကျွန်မကို စကားပြောနေသလိုပင်။

“ငါ့ သား ဘယ် ရောက် သွား လဲ၊ သူ တို့ ငါ့ သား ကို ဘာ လုပ် လိုက် ကြ တာ လဲ...”

ကျောရိုးတစ်လျှောက် စိမ့်ကျဉ်တက်လာသည်။ ဓာတ်မီးကို စမ်းသော် လည်း မတွေ့။

"နင် ငါ့ စ ကား ကို နား မ ထောင် ဘူး။ ဘာ လို့ န ယူး ယောက် ကို မ ပြန် တာ လဲ။ ဒါ ဟာ အ ဆုံး သတ် ကောင်း မှာ မ ဟုတ် ဘူး”

ရုတ်တရက် မီးလင်းလာသည်။ အစ်ကိုကြီး ဦးဘက ကျွန်မရှေ့မှာ ရပ်နေသည်။

“ဂျူလီယာ၊ ဘာဖြစ်တာလဲ၊ အသံကြားလိုက်လို့”

“ဟို... ဟို အသံလေ၊ ကျွန်မ ကြားရပြန်ပြီ”

အခန်းကို လှည့်ပတ်ကြည့်ရင်း ကျွန်မ ပြောမိသည်။

“ညည်းဟာက သေချာလို့လား”

“အင်း- ဟင့်အင်း၊ မသိတော့ပါဘူး အစ်ကိုကြီးရယ်၊ သူ့အသံနဲ့ တော့ တူတာပဲ”

"သူ ဘာပြောသွားလဲ"

ကျွန်မ မဖြေနိုင်။ ကယောင်ကယင်ဖြစ်၍ နေလေသည်။

"သားသား ဘယ်ရောက်နေလဲလို့ သူ မမေးဘူးလား"

"ဟုတ်တယ် ဟုတ်တယ်၊ သူ အဲလို မေးတယ်"

"နောက်ရော ဘာဆက်ပြောလဲ"

"နယူးယောက်ကို အမြန်ပြန်တဲ့၊ နို့မို့ရင် ဇာတ်သိမ်းကောင်းမှာ မဟုတ်ဘူးတဲ့"

"သူ့အသံက ဘယ်လိုမျိုးလဲ"

သူ့အသံကို ပြန်စဉ်းစားကြည့်တော့ တကယ် ဟုတ်ရဲ့လား ဆိုသည့် သံသယတွေ ဝင်လာသည်။

"ကျွန်မလည်း သေချာ မသိဘူး၊ အိပ်မက်များလား မသိ"

"အစ်ကိုကြီးတော့ အိပ်မက်လို့ မထင်ဘူးကွဲ့"

အလွန်အေးသည်။ စောင်ကို မေးစေ့ထိ ဆွဲခြုံပြီး ကွေးကွေးလေး လုပ်နေမိသည်။ ခေါင်းကို အစ်ကိုကြီးပေါင်ပေါ် တင်ထားမိသည်။ အဆမတန် ပင်ပန်းခြင်းနှင့် အိပ်မရခြင်းတို့ တစ်ပြိုင်နက် နှိပ်စက်နေခဲ့သည်။ လူတစ်ကိုယ်စိတ်ဝိညာဉ်နှစ်ခု ဆိုတာ ဟို ဘုန်းကြီးများ ပြောသလား၊ ရှုးရှုးနှမ်းနှမ်း အစွဲအလမ်းလား။

"ဘုန်းကြီးကတော့ အသံရှင်ကို ကျွန်မတို့ ရှာတွေ့ရင် သူ ထွက်သွားလိမ့်မယ်လို့ ပြောတယ်၊ ခု ရှာတွေ့ပြီပဲ၊ သူများ မှားနေတာလား"

"အဲလိုတော့ မဟုတ်ဘူး ထင်တယ်၊ တို့ အားလုံးကို သေချာသိတဲ့ အထိ သူ သွားဦးမယ် မထင်ဘူး၊ သူ လွတ်ရာကျွတ်ရာ သွားဖို့အတွက် တို့ အမှန် တရား တစ်ခုလုံးကို သိမှ ဖြစ်မယ်"

"အမှန်တရား ဟုတ်လား၊ ဒါဆို ဟိုမိန်းမကြီး ဒေါ်ခင်ခင်က လိမ်ပြော တာလား"

"မဟုတ်ပါဘူး၊ သူ မသိတဲ့ကိစ္စ၊ သားသား ဘာဖြစ်သွားသလဲ ဆိုတာကို တို့ ရှာရလိမ့်မယ်၊ အမေတစ်ယောက်အနေနဲ့ သူ့သား ဘယ်လို ဆုံးသွားတယ်၊ ဘယ်မှာ မြှုပ်လိုက်တယ် ဆိုတာကို သိချင်မှာလေ၊ ဒါ မသိမချင်း သူ ကျွတ်မှာ မဟုတ်ဘူး"

ဦးဘက ကျွန်မ မျက်နှာပေါ်က ဆံပင်စလေးတွေကို ဖယ်ရှားပေးပြီး

ကျွန်မကို ကြည့်နေသည်။

“အစ်ကိုကြီး၊ ကျွန်မကို မပြောပြရသေးတာတွေ ရှိနေတာလား”

“အဲလို မဟုတ်ပါဘူး၊ ကောလာဟာလ တစ်ခုပါ၊ ခင်ခင် ပြောတာ ကို မနေ့က အစ်ကိုကြီး သိပ်သတိမထားမိလို့”

“ဘာတုံးဟင်”

“ပေါ်တာတွေထဲက တစ်ယောက်ဟာ လွတ်သွားသတဲ့၊ ရွာက လူတွေ ဒီအကြောင်းကို ပေါ်ပေါ်တင်တင် မပြောဝံ့ဘူး၊ အသက်အန္တရာယ်ရှိတာကိုး၊ ဒါပေမဲ့ တီးတိုးပြောကြတာပေါ့”

ကျွန်မ ဆံပင်တွေ ပွတ်ပေးနေရင်း အစ်ကိုကြီးမှာ ရုတ်တရက် ဒေါသ ထွက်လာဟန်တူသည်။ သူ့အသက်ရှူသံတွေ မြန်လာသည်ကို၊ သူ့ဗိုက်ထဲမှ အသံတွေ မြည်လာသည်ကို ကျွန်မကြားနေရသည်။ သူ ရုတ်တရက် ထလိုက်ပြီး အိပ်ခန်းထဲ ပြန်ဝင်သွားသည်။ ခဏနေတော့ အဝတ်အစား အပြည့်အစုံ ဝတ်ကာ ပြန်ထွက်လာသည်။

“ခဏနေ နေထွက်တော့မယ် ဂျူလီယာ၊ အစ်ကိုကြီး ခင်ခင့်ဆီ ခဏ သွားလိုက်ဦးမယ်၊ မနေ့က သေချာမမေးလိုက်မိဘူး၊ အဲဒီ လွတ်လာတဲ့ ကလေး အကြောင်း သူ သိလိမ့်မယ်”

ကျွန်မ တစ်ယောက်တည်း မနေချင်၊ မနေရဲ။

“ကျွန်မလည်း လိုက်မယ်လေ”

ဦးဘက ခေါင်းယမ်းသည်။

“တစ်ယောက်တည်း သွားတာ ကောင်းမယ်၊ မကြာပါဘူး၊ ဒီကပဲ စောင့်နေ၊ ဘယ်သူ လာမေးမေး မသိဘူး၊ မရှိဘူးသာ ဖြေ၊ ကြားလား”

ကျွန်မ မသက်မသာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

သူ ကျွန်မ မြင်ကွင်းထဲက လျင်လျင်မြန်မြန်ပဲ ပျောက်ကွယ်သွားခဲ့သည်။ ဖွင့်ထားသော ပြတင်းများမှတစ်ဆင့် နံနက်ခင်း အလင်းရောင်သည် အိမ်ထဲသို့ လျှံကျ ဝင်ရောက်လာခဲ့သည်။ ကြက်တွေ၊ ဝက်တွေလည်း နိုးလာကြ ပြီ။ မီးမွှေး၊ ရေနွေးတည်၊ နံနက်စာတစ်ခုခု လုပ်ချင်ပေမယ့် ကျွန်မ အလွန် အင်မတန် ပင်ပန်းနေသည်။ စောင်ပုံထဲ ကွေးရင်း သားသားကို ခေါင်းထဲမှ ထုတ်မရအောင် ဖြစ်နေသည်။ သူ ကျွန်မနှင့် သက်တူရွယ်တူလောက် ရှိလိမ့် မည်။ အလွန်ထူးခြားသောသူပေပဲ၊ ကျွန်မ သူ့ကို တွေ့ချင်လိုက်တာ။

မေမေနှင့် အစ်ကိုကို ရုတ်တရက် သတိရလာသည်။ ဖေဖေက အလုပ်

ကိစ္စဖြင့် ခရီးသွားလွန်းသဖြင့် ကျွန်မတို့ သုံးယောက်တည်း ရှိနေသည့် အချိန်က များသည်။ တစ်ခုသောနွေမှာ မေမေ၊ အစ်ကိုနှင့် ကျွန်မတို့ လောင်းအိုင်လန် ကမ်းခြေမှာ ရှိနေခဲ့ကြသည်။ အဲဒီတုန်းက ကျွန်မ ခြောက်နှစ်၊ ခုနစ်နှစ်သမီး အရွယ်သာ ရှိဦးမည်။ မေမေနှင့် အစ်ကိုတို့နှစ်ယောက် တဘက်ကြီးတွေပေါ် ထိုင်ရင်း နေလောင်ခံဆေးကို တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် လိမ်းပေး နေကြသည်။ ကျောတွေ၊ လက်မောင်းတွေ၊ ခြေထောက်တွေ၊ မျက်နှာတွေ။ ပြီးတော့ သူတို့ ရေထဲ ပြေးဆင်းသွားကြသည်။ ကျွန်မကို သူတို့ မေ့ထားကြ သည်။ သူတို့နောက်က ကျွန်မ ပြေးလိုက်သွားသည်။ လှိုင်းတွေက အကြီးကြီး၊ သူတို့က ရေကူးနေကြသည်။ ကျွန်မက မကူးရဲ။ ထို့ကြောင့် သဲသောင်ပြင်ပေါ် မှာ ကျင်းတွေ တူးနေလိုက်သည်။ ထိုနေ့ညနေက ကျွန်မ ပေါင်တွေ၊ လက်မောင်း တွေ၊ နှာခေါင်းတွေက နီရဲနေသဖြင့် ဖေဖေက ဆေးခန်းခေါ်သွားသည်။

ပထမအဆင့်၊ ဒုတိယအဆင့် အပူလောင်နာများတဲ့။ အရေပြားအောက်ထိ လောင်ကျွမ်းသတဲ့။

ကျွန်မတို့ သားအမိတွေ တစ်ခါမျှ နီးနီးစပ်စပ် ဖက်လဲတကင်း မနေခဲ့ ဖူးပါ။ အစ်ကိုနှင့် ကျွန်မလည်း ခပ်စိမ်းစိမ်း၊ မေမေနှင့် ကျွန်မလည်း ထိုနည်း လည်းကောင်း၊ အကြောင်းရင်းကို ကျွန်မ မသိပါ။ ကြည့်ရတာ ကျွန်မလည်း သားသားလိုပင် သူတို့ သားအမိနှစ်ယောက်ကြားမှ အနှောင့်အယှက်လို ဖြစ်နေပုံရသည်။ ထိုနေလောင်နာများသည် မတော်တဆမှုလား၊ သူတို့သားအမိ တမင် လုပ်သည်လား ဆိုတာ ခုတော့ မရေရာတော့။ နောက်ပိုင်းမှာ ဒီအကြောင်း ဘယ်တော့မှ ပြန်မပြောဖြစ်။

နှလုံးသားထဲ အခန်းပို မရှိသည့် နယူးယောက်သူ၊ ဒါက မေမေ့ရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုပါပဲ။

ဦးဘ ပြန်လာချိန်ထိ ကျွန်မ စောင်ခြုံထဲ ကွေးနေတုန်းပင်။ ဦးဘ သည် အမောတကော အလောတကြီး ပြန်လာခြင်း ဖြစ်သည်။ ကျွန်မ အိပ်ရာထဲ မှာပင် ရှိသေးကြောင်း တွေ့လိုက်တော့ သူ နည်းနည်းတော့ အလိုမကျ ဖြစ်သွားပုံ ပေါ်သည်။

"ကောလာဟလက အမှန်ပဲတဲ့"

သူက အသက်ပြင်းပြင်း ရှူ၍ ပြောလိုက်သည်။

"ဒါဆို သူတို့ထဲက တစ်ယောက် တကယ်လွတ်သွားခဲ့တာပေါ့"

"အင်း "

သူက ကျွန်မ ခရီးဆောင်အိတ်ကြီးကို ကြည့်နေသည်။

"အိတ်သေးသေးနဲ့ ပစ္စည်းလေး ဘာလေးထည့် ဂျူလီယာ"

“အင်း… ဘာလို့လဲ”

ခရီးသွားရမယ်”

“ဟယ်… ဘယ်တော့လဲ”

“ခုပဲ”

“ဘယ်လောက် ကြာမှာလဲ”

“တစ်ရက်၊ နှစ်ရက်ပေါ့”

“ဘယ်ကို သွားမှာလဲ”

သူက စဉ်းစားလိုက်သည်။

“ကျွန်းကို”

“ဟင်- ဘယ်ကျွန်းလဲ အစ်ကိုကြီး”

“သေ ဆုံး သူ များ၊ အ ထီး ကျန် သူများ၊ အ သက် ရှင် နေ သူ များ သံ သ ရာ ကျွန်း ကို သွား မယ်°°°”

အစ်ကိုကြီး ဗမာလို ပြောလိုက်သဖြင့် ကျွန်မ သူ ပြောတာ တစ်လုံး မျှ နားမလည်ခဲ့။

■■■

အခန်း (၂၁)

အများကြီး သွားစရာ မလိုပါချေ။ ကျွန်မတို့ ရှာနေကြသောသူမှာ သာစည်မှာ အခြေချနေခဲ့တာ နှစ်ပေါင်းများစွာ ကြာပြီ။ သာစည် ဆိုသည်က ရန်ကုန်- မန္တလေး ရထားလမ်းပေါ်က မြို့၊ ကလောမှ ငါးနာရီခန့် ကားဖြင့် သွားရသည်။ သူက အိမ်ထောင်ကျနေပြီ။ ကလေး နှစ်ယောက်လား၊ သုံးယောက်လား ရနေ ပြီ၊ သူ့ယောက္ခမ၏ ကားဝပ်ရှော့မှာ ကားပြင်ဆရာ ဖြစ်နေပြီ။ သူသည် ထိုနေ့က နုနုတို့ရွာမှ ပေါ်တာဆွဲခံရသည့် လူငယ်လေးများအနက် တစ်ယောက် ဖြစ်သည်။ နှစ်နည်းနည်းကြာတော့ သူ အောင်မြင်စွာ ထွက်ပြေးလာနိုင်ခဲ့သည်။ သူက ကျွန်မတို့ကို သားသားအကြောင်းများ ပြောပြနိုင်မည်လား။

သာစည်သို့ ထွက်မည့် ခရီးသည်တင်ယာဉ်ဖြင့် ကျွန်မတို့ လိုက်ခဲ့ကြ သည်။ ကားခေါင်မိုးပေါ်မှ ခရီးသည်တင်အိတ်များ ထားသည့် ဝက်ခြံပေါ် ဦးဘ က တက်သည်။ တခြားလူငယ်လူရွယ် ဒါဇင်ဝက်ခန့် ခေါင်မိုးပေါ်မှာ ရှိနေ သည်။ ကျွန်မကို ကားတွင်းသို့ တစ်ယောက်က ဆွဲသွင်းလိုက်သည်။ အထဲမှာ ခရီးသည်တွေ ငါးပိသိပ် ငါးချဉ်သိပ်၊ ချက်ချင်း ချွေးတွေ ပန်းထွက်လာသည်။ အသက်ရှူကျပ်လာသည်။

ကားက တောင်ဆင်းလမ်းကို မြွေလိမ်မြွေကောက် မောင်းနေသည်။ အကွေ့ရောက်တိုင်း ကျွန်မ အသည်းတယားယား။ နေလို့ မကောင်း။ ကားထဲမှ ထွက်ချင်လာသည်။ ပထမဆုံးအကြိမ် ရပ်တော့ ကျွန်မ ခေါင်မိုးပေါ် တက်မိသည်။ အစ်ကိုကြီးနှင့် ကျွန်မ ဒရိုင်ဘာအပေါ် တည့်တည့်မှ ရှေ့ဆုံးနေရာမှာ ထိုင်ပြီး သံတန်းကို တင်းတင်းဆုပ်ထားကြသည်။ ကားက ဝန်နှင့်အား မမျှ၊ ကွေ့လိုက် တိုင်း ကြောက်စရာကောင်းလှသည်။

မိုးတွင်းမို့ လမ်းအခြေအနေက ဆိုးလှသည်။ အကွေ့တွေမှာ ဘာအကာ အရံမှ မရှိ။ ကျွန်မ အင်မတန် ကြောက်နေကြောင်း အစ်ကိုကြီးက သိပုံရသည်။

“ကောင်းကင်ကို ကြည့်နေ၊ တခြားကိစ္စ တစ်ခုခုကို တွေးနေ”

ဟု သူ ပြောသည်။

ကျွန်မလည်း ကောင်းကင်ကို ကြည့်ရင်း အသက်ကို သတိနှင့်ရှူကာ နယူးယောက်အကြောင်း၊ အေမွဲအကြောင်း၊ ကျွန်မ တိုက်ခန်းအကြောင်း တွေးနေသည်။ အကြောင်းမထူး၊ ပင်လယ်ကို တွေးသည်။ လှိုင်းတွေကို မြင်ယောင် သည်။ အနားမှ တတွတ်တွတ် ပြောနေသည့် ဦးဘ၏ စကားသံ၊ အဝေး တစ်နေရာ မှ ပျံ့လွင့်လာသော ကိုရင်လေးများ၏ ဆုတောင်းမေတ္တာပို့သံတွေကြားမှာ တဖြည်းဖြည်း တည်ငြိမ်လာခဲ့သည်။

မောင်ထွန်း၏ ပိန်ပိန်ရှည်ရှည် ခြေအစုံကို ကျွန်မတို့ ပထမဆုံး စတွေ့ခဲ့ရသည်။ မောင်ထွန်းက ဗင်ကားတစ်စီးအောက်မှာ တစ်ကိုယ်လုံး ဝင်နေ သည်။ လုံချည်တိုတိုဝတ်ကာ စက်ဆီတွေ ပေကျံနေသည့် တခြား ကားပြင် သမားတွေက ကျွန်မတို့ကို စပ်စုကြည့် ကြည့်နေကြသည်။

"ကိုမောင်ထွန်းရေ"

တစ်ယောက်က ခေါ်ပေးလိုက်သည်။

တဒုန်းဒုန်း ထုသံ ရပ်သွားသည်။ စက်ဆီတွေ ပေကျံနေသော မောင်ထွန်းသည် ကားအောက်မှ ထွက်လာသည်။

သူက ကျွန်မ အရပ်လောက် ရှိ၏။ မျက်ခုံးထူထူ၊ မျက်နှာရှည်ရှည်၊ ပါးရိုးငေါငေါ၊ နဖူးမှာ အမာရွတ်နှင့် ကွမ်းသွေးစွန်း နှုတ်ခမ်း၊ ကွမ်းချေးတက်သွားတွေနှင့် မောင်ထွန်းမှာ ဘယ်ဘက်လက်ချောင်း နှစ်ချောင်း မရှိသည်ကို တွေ့ရသည်။

သူ့အကြည့်တွေက အစ်ကိုကြီးနှင့် ကျွန်မထံ ကူးသန်းနေသည်။ အစ်ကိုကြီးက သူ့ကို တစ်ခုခု မေးသည်။ သူက ခေါင်းညိတ်ရင်း လက်က စက်ဆီတွေကို အဝတ်စုတ်ဖြင့် သုတ်နေသည်။ အစ်ကိုကြီးက ထပ်ပြောပြန်သည်။ ကျွန်မ ရိပ်ဖမ်းသံဖမ်းတော့ သိသလိုပင်။ သူ့ကို လက်ဖက်ရည်ဆိုင်၊ သို့မဟုတ် စားသောက်ဆိုင် တစ်ဆိုင်ဆိုင်ကို ခေါ်နေခြင်းပင်။

မောင်ထွန်းက ခေါင်းညိတ်ကာ ဝပ်ရှော့ အလုပ်သမားတွေကို တစ်စုံ တစ်ခု အော်ပြောလိုက်သည်။

"သူ မဆာပါဘူးတဲ့၊ လက်ဖက်ရည်ဆိုင်ကိုတော့ လိုက်ခဲ့ပါ့မယ်တဲ့" သာစည်က ကလေးနှင့်စာလျှင် အဆမတန် ပူပြင်းလှသည်။ နေရောင် စူးစူးက မျက်စိကန်းမတတ် ကျိန်းလှသည်။ နေကာမျက်မှန် တပ်ပြီးမှ ပြန်ချွတ် လိုက်ရသည်။ ကျွန်မ တစ်ယောက်တည်း နေကာမျက်မှန်နှင့်ဆိုတော့ ကြောင်စီစီ ဖြစ်နေသည်။

ဦးဘနှင့် မောင်ထွန်းက ကျွန်မရှေ့က သွားရင်း စကားလက်ဆုံကျ နေကြသည်။ ယာဉ်အသွားအလာ ရှုပ်လှသည့် လမ်းမကြီးကို ကျွန်မတို့ ဖြတ်ကူး ကြသည်။ လမ်းပေါ်မှာ ဗန်ကားတွေ၊ ထော်လာဂျီတွေ၊ ထရပ်ကားတွေ၊ ဘတ်စ်ကား တွေအပြင် နွားလှည်းတွေ၊ မြင်းလှည်းတွေ၊ စက်ဘီးတွေနှင့် လူတွေပါ ပြည့်လို့ လမ်းက ခြောက်သွေ့ ပူပြင်းလှသည်။ ကားတစ်စီး ဖြတ်သွားတိုင်း ဖုန် တထောင်းထောင်းနှင့်။ လမ်းလယ်ရောက်တော့ ဦးဘသည် ကျွန်မလက်ကို တင်းတင်းဆုပ်ရင်း ရုတ်တရက် ချောင်းဆိုးတော့သည်။ မောင်ထွန်းက သူ့ကို ကူတွဲရင်း လမ်းတစ်ဖက် ရောက်အောင် ကူးခဲ့ကြသည်။

လက်ဖက်ရည်ဆိုင် ရောက်တော့ မောင်ထွန်းက စီးကရက် မီးညှိ သည်။ နှစ်ရှိုက်ခန့် အပြင်းအထန် ရှိုက်သည်။ ပြီးတော့ ကျွန်မဘက် လှည့်ကာ တစ်စုံတစ်ရာ

ပြောသည်။ အစ်ကိုကြီးကို လှည့်ကြည့်ရသည်။

"ညည်း ဘာဖြစ်လို့ သားသားကို ဒီလောက် စိတ်ဝင်စားနေတာလဲ"

ဒီမေးခွန်းကို မျှော်လင့်ထားပြီး ဖြစ်သည်။ ခေါင်းထဲက အသံရှင်၏ စေခိုင်းချက်အရလို့ ပြော၍ မဖြစ်သည့်အတွက် သားသား၏ ဆွေမျိုးနီးစပ် တစ်ယောက် အမေရိကမှာ ရောက်ပြီး ကျွန်မနှင့် အိမ်နီးနားချင်းဖြစ်ကာ သားသားအကြောင်း မေး၍ ကြုံတုန်း စုံစမ်းခြင်းဟု ပြောမလို့ ပါးစပ်ပြင်ကာ ရှိသေး ဦးဘက သူ့ကို ဖြေလိုက်ပြီ ဖြစ်သည်။

"အစ်ကိုကြီး ဘယ်လို ပြောလိုက်လဲ"

"သေသွားတဲ့ သူ့အမေက ညည်းကို လာမေးလို့ သားသားကို လိုက်ရှာပေးပြီး သူ့အမေကို လွတ်ရာကျွတ်ရာ ရောက်အောင် လုပ်ပေးမလို့လို့ ပြောလိုက်တယ်"

မောင်ထွန်းက ခေါင်းတညိတ်ညိတ်နှင့်။ တစ်ကမ္ဘာလုံးမှာ သဘာဝ အကျဆုံး ကိစ္စတစ်ခုကို ကြားလိုက်ဘိသကဲ့သို့ သူ အားလုံး နားလည် သဘော ပေါက်ဟန်ပင်။ သူက အစ်ကိုကြီးကို တစ်စုံတစ်ခု ပြောသည်။

"ပေါ်တာဘဝက အကြောင်းတွေကို သူ ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူး ဘူး၊ သူ့မိန်းမတောင် မသိဘူး၊ ဒါပေမဲ့ သားသားရဲ့ အမေ ဒေါ်နုနုအတွက် ကတော့ ခြွင်းချက်ပေါ့တဲ့၊ သားသား ဘာဖြစ်သွားသလဲ ဆိုတာ သူ သိရမယ်၊ သိသင့်တယ်၊ သူ့သားဟာ ဘယ်လောက် သူရဲကောင်းဆန်ခဲ့တယ်၊ သတ္တိရှိခဲ့ တယ် ဆိုတာ ဒေါ်နုနု သိပါစေတဲ့"

ကျွန်မ နုနုကိုယ်စား မောင်ထွန်းကို ကျေးဇူးတင်မိသည်။ မောင်ထွန်းက စီးကရက်ကို ထိုးခြေကာ ရှေ့သို့ ကုန်းပြီး စတင် ပြောပါတော့သည်။

■■■

အခန်း (၂၂)

ရွာပြင်က ကွင်းပြင်ကျယ်ကြီးထဲ သံဆူးကြိုးတွေ ပတ်ပတ်လည်ကာပြီး စစ်တပ် က ကျွန်တော်တို့ကို အထဲ ပိတ်လှောင်ထားကြတယ်။ ညကလည်း အေးလိုက် တာ ပက်ပက်စက်စက်ပဲ။ အအေးသက်သာအောင် ပူးကပ်ပြီး ဝိုင်းထိုင်နေကြ ရတယ်။ ကျွန်တော့်နားမှာ ကိုကြီးနဲ့ သားသား ညီအစ်ကိုနှစ်ယောက် ထိုင်နေကြ တယ်။ ကျွန်တော် သူတို့နှစ်ယောက်လုံးကို ကောင်းကောင်းသိတာပေါ့၊ သက်တူ ရွယ်တူ၊ ဆော့ဖော်ဆော့ဖက်တွေပဲလေ။ ကိုကြီးက ခေါင်းဆုံးခြေဖျား တစ်ကိုယ်လုံး တုန်နေလို့ သားသားက သူ့အစ်ကိုကို ပွေ့ထား ထိန်းထားရတယ်။ စကားမပြော ရဘူး ဆိုလို့ ဘယ်သူမှ ဘာသံမှ မထွက်ရဲဘူး။ အကြောက်တရားရဲ့ ချွဲပျက် သံက လွှဲလို့ ဘာသံမှ မကြားရဘူးလို့ ပြောရမှာပဲ။ ရုတ်တရက် ချက်ချင်း တပ်သားတစ်ယောက် ပေါ်လာပြီး အော်ခေါ်တယ်။ ကိုကြီးနဲ့ သားသား ဂိတ် ပေါက်ဝကို ချက်ချင်း လိုက်ခဲ့တဲ့။ သူတို့နှစ်ယောက်လုံး ထရပ်လိုက်ကြတယ်။ သူတို့အမေ အပြင်ဘက်မှာ ရပ်နေတာကို လရောင်နဲ့ တွေ့လိုက်ရတယ်။ သူတို့ လေသံလေးနဲ့ စကားပြောနေကြတယ်။ ကိုကြီးက ခေါင်းယမ်းယမ်းနဲ့။ ဒေါ်နုနု က တရှုပ်ရှုပ် ငိုနေတယ်။ ခဏနေတော့ ဒေါ်နုနု ကိုကြီးကို ခေါ်ထုတ်သွား တယ်။ ကိုကြီးက မသွားဘူး၊ ပေရပ်နေတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်မျက်နှာချင်းဆိုင် ရပ်နေကြတယ်။ ကိုကြီးက သားသားလည်ပင်းကို တစ်ခုခု ဆွဲ ပေးလိုက်တယ်။ တပ်သားနှစ်ယောက် ရောက်လာပြီး ဒေါ်နုနုတို့ သားအမိကို မောင်းထုတ်လိုက်ကြတယ်။ သူတို့ အမှောင်ထဲမှာ ပျောက်သွားကြတယ်။

သားသားဟာ သူတို့ကို ငေးကြည့်ရင်း သံဆူးကြိုးနားမှာ အကြာကြီး ရပ်နေတယ်။ အစောင့်တပ်သားတွေက သူ့ကို ကိုယ့်နေရာကိုယ် ပြန်လာပြီး ထိုင်နေလို့ အမိန့်ပေးပေမယ့် သားသားက မလှုပ်ဘူး။ တပ်သားတစ်ယောက်က ရိုင်ဖယ် သေနတ်ဒင်နဲ့ သူ့နံစောင်းကို အားကုန်ထုတော့မှ သူ ကျွန်တော်တို့ဆီ လှည့်လာတယ်။ သူ့မျက်နှာကို ကြည့်ရတာ ကျွန်တော် ကြောက်တောင် ကြောက် တယ်။ မျက်လုံးကြီးတွေ ပြူးထွက်၊ ပါးတွေ ချိုင့်ဝင်ပြီး ဖြူဖပ်ဖြူရော်နဲ့၊ ခု တစ်ကိုယ်လုံး တုန်နေတာက သူ ဖြစ်နေပြီ။

သူက မတ်တတ်ရပ်ရင်း သူ့အမေနဲ့ အစ်ကို ပျောက်ကွယ်သွားတဲ့ အမှောင်ထုထဲကို ငေးနေတုန်းပဲ။ စစ်သားတွေက သူ့ကို အတင်း လက်ဆွဲပြီး ထိုင်ခိုင်းတယ်။ သူ တပ်သားတွေ လက်ကို ခါချလိုက်တယ်။ အခြေအနေတွေ ငြိမ်သွားတော့ ကျွန်တော်လည်း အိပ်ပျော်သွားတယ်။ မိုးလင်းလို့ နိုးလာတော့ သားသားက ရပ်နေတုန်းပဲ။

လာခေါ်တဲ့ ထရပ်ကားပေါ်မှာ သားသားနဲ့ ကျွန်တော် ဘေးချင်းယှဉ် ထိုင်ပြီး ပါသွားတယ်။ ကားက ဆောင့်လိုက် ခါလိုက်နဲ့၊ သားသားက ဘာကိုမှ ကိုင်မထားဘဲ ဒီတိုင်း ပေထိုင်နေတော့ သံဘောင်တွေနဲ့ ဆောင့်ပြီး ခေါင်းက သွေးတွေတောင် စီးကျလာတယ်။ လူတွေလည်း အော့ကြ အန်ကြနဲ့ ကားတစ်စီး လုံး ဟောင်နေတာပဲ။ သားသားကတော့ ဘာမှ ဂရုစိုက်ပုံ မပေါ်ဘူး။

စခန်းကိုရောက်တော့ ကျွန်တော်တို့ အုပ်စုကို နှစ်စု ထပ်ခွဲတယ်၊ တစ်စုကို ကားပေါ် တင်ပြီး ချက်ချင်း မောင်းထွက်သွားတယ်။ သားသားနဲ့ ကျွန်တော် ပါတဲ့ အုပ်စုကတော့ ကျန်နေရစ်ခဲ့တယ်။ အဲသလို ကျန်ခဲ့တဲ့အတွက် စောစောစီးစီး မသေတာ။

ခေါ်သွားခံရတဲ့ အုပ်စုက ရှေ့တန်းပါသွားပြီး တစ်ယောက်မှ မရှင်ကြ ဘူးလို့ ကြားတယ်။

အရာရှိတစ်ယောက်က ကျွန်တော်တို့ကို အုပ်စု ထပ်ခွဲပြန်တယ်။ စက်ပြင် တတ်လား၊ ဝပ်ရှော့ကိုသွား၊ ဘာမှမလုပ်တတ်ဘူးလား၊ ဒိုဘီကိုသွား၊ သားသား ကို သူတို့က ထမင်းချက်တတ်လား မေးတယ်။ သားသားက ခေါင်းညိတ်ပြ တော့ ကျွန်တော်နဲ့ သားသား စားဖိုဆောင် ရောက်သွားတယ်။

အဲဒီမှာ နှစ်နှစ်လောက် ကြာသွားတယ်။ ရှေ့ဆက်ဖြစ်လာမယ့် ငရဲခန်းထက်စာရင် အဲဒီနေရာက နတ်ဘုံနတ်နန်းတမျှပေါ့။ အကြောင်းမရှိဘဲ အရိုက်အနှက် မခံရဘူး။ ဝဝလင်လင် စားရတယ်။ အေးအေးလူလူ အိပ်ရ တယ်။ ဆောင်းတွင်းဆို စောင်ကလေးနဲ့ ကွေးလို့ရတယ်။

သားသားက အချက်အပြုတ် ကောင်းလွန်းတဲ့အတွက် ခဏနဲ့ နာမည် ရလာတယ်။ သူက ဆန်မုန့်အချိုလေးတွေ လုပ်တာ သိပ်ကောင်းတာပဲ။ ကျွန်တော်တို့ ရှေ့တန်းအပို့မခံရတာလည်း သူ့အချက်အပြုတ်ကြောင့်ပဲ။ သူ မရှိရင် အရာရှိ တွေ ငတ်ကြမှာလေ။

ကျွန်တော် အသက်ရှင်နေဖို့အတွက် သားသားကိုပဲ လုံးလုံးလျားလျား မှီခိုနေရတယ်ပေါ့ဗျာ။ ဒါကြောင့် သားသားရဲ့ လက်ထောက်အဖြစ် အစွမ်းကုန် လုပ်ပြရတာပေါ့။ ထမင်းချက်တယ်၊ ပန်းကန်ဆေးတယ်၊ ဟင်းသီးဟင်းရွက် လှီးတယ်၊ ကြက်သတ်တယ်၊ ကြက်မွေးနုတ်တယ်၊ စုံစီနဖာပေါ့။

သားသားကတော့ အဲဒီ နှစ်နှစ်လုံးလုံး စကားပြောတယ် ဆိုတာ မတွေ့သလောက်ပဲ။ ဘာခိုင်းခိုင်း မညည်းမညူ လုပ်တယ်၊ ခေါင်းညိတ် ခေါင်းခါလောက်ပဲ ဖြေတယ်။ ဟာသဆိုတာ ချိုနဲ့လား မေးရလောက်အောင် အရယ် အပြုံး နည်းတယ်။ ခြိမ်းခြောက်တာကိုလည်း သူ မမှုဘူး။ တစ်ခါသား အချိန်မီ နေ့လယ်စာမရလို့ ဆိုပြီး တပ်ဖွဲ့မှူးတစ်ယောက်က သူ့ကို ပါးရိုက်ဖူး တယ်။ သားသားက သူ့ကို စိန်းစိန်းကြီး ကြည့်နေလိုက်တာ နောက်ဆုံး သူ မအီမသာနဲ့ လှည့်ထွက်သွားတဲ့အထိပဲ။

သားသားရဲ့ အကြောက်အလန့်ကင်းမှုကြောင့် တချို့က သူ့ကို ငပိန်း လို့ ထင်တယ်၊ တချို့က သူ စကားမပြောလို့ အ နေတယ်လို့ ထင်ကြတယ်။ သူဟာ ငပိန်းလည်းမဟုတ်၊ အ အလည်း မဟုတ်ပါဘူး။ သူ့သတ္တိကို ကျွန်တော် သေချာသိပြီးသားပဲ။ သူဟာ ကျွန်တော် ကြုံဖူးသမျှထဲမှာ သတ္တိအရှိဆုံးလူပဲ။

သားသားဟာ ထိခိုက်ဒဏ်ရာရတာတောင် ညည်းညူနေတာမျိုး မရှိ ဘူး။

တစ်ခါတုန်းက ရေနွေးအိုးကြီး တက်နင်းမိလို့ သူ့ခြေထောက် ရေနွေး ပူလောင်သွားတာကို တစ်ချက် ရှုံ့မဲ့သွားပြီး ခဏနေတော့ သူ မဟုတ်သလိုပဲ။ ဘာမှကို မပြောတာ။

ကျွန်တော်တို့ အိပ်ဆောင်မှာ တစ်ယောက်နဲ့ တစ်ယောက် ပူးကပ်အိပ် ရတာ၊ တစ်ဖက်ကလူ ဗိုက်ထဲ တဂွီဂွီမြည်နေတာတောင် အတိုင်းသား ကြားရ တယ်။ ကျွန်တော်က သားသားနဲ့ အိပ်နေကျဆိုတော့ ညညဆို သူ ကျိတ်ငိုနေတာကို သိတယ်။ တစ်ခါတလေ ကျွန်တော့်လက်ကို အတင်းဆုပ်ထားတာ နာတောင် နာတယ်။ မလွှတ်တမ်းကို ဆုပ်ထားတော့တာ။

ဘာလုပ်ပေးရမလဲ မေးရင်တော့ နေပါစေ၊ ကျေးဇူးတင်ပါတယ်လို့ပဲ သူ အမြဲ ပြောတတ်တယ်။

ကျေးဇူးတင်ပါတယ် ဆိုတဲ့စကားလုံးဟာ သူ ပြောလို့သာပဲ၊ မဟုတ်ရင် မေ့တောင်နေတယ်။

အိပ်ပျော်သွားပြီ ဆိုရင်တော့ သူ ထထယောင်တတ်တယ်။ အဲဒီကျမှပဲ သူ့ပါးစပ် ပွင့်တော့တယ် ဆိုပါစို့။ သူ့အမေကို၊ သူ့အဖေကို ယောင်ပြီး ခေါ်နေ တတ်တယ်။ ဘာမှန်း သေချာမသိတဲ့ စကားတွေ ရွတ်ချင် ရွတ်နေတတ်တယ်။ သူ့အမေ ကိုကြီးကို လာခေါ်တဲ့ညက ဘာတွေဖြစ်ခဲ့လဲ ဆိုတာ မေးချင်ပေမယ့် ကျွန်တော် မမေးရဲဘူး။

တပ်ဖွဲ့က သူပုန်တွေကို ထိုးစစ်ကြီးဆင်နွှဲဖို့ အကြီးအကျယ် ပြင်ဆင် လာတဲ့အခါမတော့ ကျွန်တော်နဲ့ သားသားတို့ရဲ့ နတ်ဘုံ နတ်နန်းကလေး ပျောက်သွားတော့တယ်။ တောထဲ လိုက်ရတော့မယ်တဲ့လေ။

တပ်ထဲနေတာ ဒီလောက် ကြာပြီဆိုတော့ ပေါ်တာလိုက်ပြီး ရှေ့တန်း ထွက်ရပြီဆို သေမှာပဲ ဆိုတာ သိတာပေါ့။ ကျွန်တော့် တစ်ကိုယ်လုံး ကြောက်စိတ် တွေ ဖုံးနေတယ်။ ရှေ့တန်း ထွက်ရခါနီးလာတဲ့အခါ စားဖို့ချောင်ထဲ ဝင်လို့ တောင် မရတော့ဘူး။ ကျွန်တော် ဝမ်းလျှောလိုက်၊အန်လိုက်နဲ့ ကြောက်ချေးပန်း နေတယ်။ သားသားကတော့ တုဏှိဘာဝေပဲ။ တောထဲမကလို့ အဝီစိ သွားသွား ဆိုတဲ့ ရုပ်မျိုးပဲ၊ မတုန်မလှုပ်နဲ့၊ ဘာကိုမှ မကြောက်တဲ့ပုံပဲ။ ဒါပေမဲ့ သူ ဘာကို တကယ်ကြောက်တယ် ဆိုတာ သိရချိန်မတော့ အရမ်းနောက်ကျသွားခဲ့ပြီ။

နောက်ဆုံးတော့လည်း အချိန်ကျလာတာပါပဲ။ တပ်သားတွေဟာ ထရပ်ကား အမိုးပွင့်နှစ်စီးပေါ် ကျွန်တော်တို့ကို တက်ခိုင်းတယ်။ တစ်နေ့လုံး မနားတမ်း မောင်းတယ်။ ရှေ့တန်းအခြေစိုက်စခန်းကို ညနေပိုင်းမှာ ရောက် တယ်။ အဲဒီကနေပြီး တောထဲကို ခြေကျင် ချီတက်ရမတဲ့။ ဘယ်လောက် ကြာမယ် ဆိုတာ ဘယ်သူမှ မသိ။

ရှေ့တန်းနဲ့ နောက်တန်း ဆက်ဆံရေးက အလွန်ကွာတာပဲ။ တပ်သား တွေဟာ ကြောက်နေတော့ အလကားနေရင်း ဒေါသထွက်၊ ကျွန်တော်တို့ကို

အကြောင်းမရှိဘဲ ထိုးကြိတ် ကန်ကျောက်ကြတယ်။ ကျွန်တော်တို့က သူတို့စိတ်ဖြေစရာ သတ္တဝါတွေလိုပဲ။ ညညဆို သူပုန်တွေ လာမှာ ကြောက်ပြီး မှောင်ထဲ ကို ရမ်းသန်းပစ်တဲ့ အစောင့်တွေရဲ့ သေနတ်သံတွေကြောင့် လန့်လန့်နိုးတယ်။

ကျွန်တော်တို့က ဝါးတဲလေးတွေထဲမှာ အိပ်ရတာ၊ အခင်းက မြေကြီး ပေါ့၊ အိမ်သာက နတ္ထိ၊ တဲထောင့်မှာ ကိစ္စရှင်းရတော့ အီးက တောင်လို ပုံနေ တယ်။ ညနေစောင်းရင်၊ အရဏ်တက်ရင် ခြင်တွေက ခေါပဏီ တပ်ချီပြီး လာကြပြီ။ ငှက်ဖျား မဖြစ်ဖူးတဲ့လူ အဲဒီရောက်ရင် ကျိန်းသေပေါက် ဖြစ်တာပဲ။

ဘာမျှလည်း မည်မည်ရရ စားစရာ မရှိဘူး၊ ဆန်ရယ်၊ အသီးအရွက်ရယ်၊ တစ်ခါတလေ ငါးခြောက်နည်းနည်းရယ် ဒါပဲ။ ရေငတ်တာက ဆာတာထက် ပိုဆိုးသေး။ သောက်ရေက ခွဲတမ်းနဲ့ရတာ။ တပ်သားတွေ အကျန်ကို ရတာ ဆိုတော့ ဘယ်ပေါပေါများများ ရပါ့မလဲ။ ဆေးဆိုတာ တပ်သားတွေအတွက် သက်သက်ပဲ။ အနာတွေအတွက်၊ ငှက်ဖျားအတွက်၊ အဆုတ်ရောင်အတွက်၊ မြွေကိုက်တာအတွက်၊ ပေါ်တာတွေကတော့ တစ်ခုခုဖြစ်တာနဲ့ စခန်းအစွန်အဖျား က တဲကလေးထဲ ထည့်ထားလိုက်ကြတယ်။ အဲဒီတဲထဲကနေ အသက်ရှင်ရက် ပြန်ထွက်လာတဲ့လူဆိုတာ လက်ချိုးရေလို့ ရတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီတဲကို မရဏတဲလို့ နာမည်ပေးထားကြတယ်။

နိစ္စဓူဝလုပ်ငန်းက ဒါ ဒါချည်း အပ်ကြောင်းထပ်နေတာပါပဲ။ စစ်သား တွေရဲ့ ယူနီဖောင်းတွေလျှော်၊ ထမင်းချက်၊ ဝေယျာဝစ္စလုပ်၊ မျှော်စင်တွေပြင်၊ ကတုတ်ကျင်းတွေတူး။ ပြီးရင်တော့ ထိုင်နေကြတာပဲ။ တိုက်ပွဲပါသွားတဲ့ ပေါ်တာတွေကတော့ အလွန်ဆုံး တစ်ဝက်လောက်ပဲ ပြန်ရောက်လာတတ်တယ်။

တစ်ပတ်လောက်ကြာတော့ ကျွန်တော်တို့ ရှေ့တန်းထွက်ဖို့ အမိန့်ကျ လာတယ်။ တပ်သားနှစ်ဒါဇင်နဲ့ ပေါ်တာနှစ်ဆယ် ထောက်ပို့တပ်အဖြစ် နှစ်ရက်ခရီး ရှေ့တန်းထွက်ရမတဲ့လေ။

အရဏ်တက်မှာ ခရီးထွက်ခဲ့ကြတယ်။ ပေါင် ငါးဆယ် လေးတဲ့ ဆန်အိတ်ကို ကျွန်တော် ထမ်းရတယ်။ သားသားက လက်ပစ်ဗုံးအိတ်အလေးကြီး ကို ထမ်းထားတယ်။ သူက ကျွန်တော်တို့ထဲမှာ အထွားဆုံး၊ ဗလအကောင်းဆုံး၊ အရပ်ကလည်း တော်တော်လေး မြင့်ပါတယ်ဆိုတဲ့ ဗိုလ်ကြီးထက် နှစ်လက်မ လောက် ပိုမြင့်တော့ အားလုံးပေါ်ကနေ မိုးထားသလိုကြီး။

ကိုက်နှစ်ရာလောက် သွားပြီးတဲ့အခါမတော့ လမ်းရယ်လို့ မရှိတော့တဲ့ တောကြီးမျက်မည်းထဲ ရောက်သွားခဲ့တယ်။ အစောကြီးပေမယ့် ပူအိုက်လွန်းလို့ တစ်ကိုယ်လုံး ချွေးတုတ်တုတ်ကျလာတယ်။ ခြင်တွေကလည်း မောင်းလို့မနိုင်အောင် အုံခဲကိုက်တာပဲ။ ကောထဲကို နက်သထက် နက်အောင် တိုးဝင်လာကြ တယ်။ နှစ်နာရီလောက် လျှောက်ပြီးတဲ့အခါ ကျွန်တော် ဆက်မသွားနိုင်လောက် အောင် ပင်ပန်းလာတယ်။ ပခုံးတွေ၊ ခြေထောက်တွေ မခံနိုင်အောင် ကိုက်လာ တယ်။ ခြေဗလာနဲ့ သွားရတော့ ဆူးစူးပြီး ခြေဖဝါးတွေလည်း သွေးသံရဲရဲပေါ့။ ရှေ့ ဘယ်လို

ဆက်သွားရမှန်းတောင် မသိတော့ပါဘူး။

သားသားက ကျွန်တော့်နောက်က ကပ်လိုက်လာတော့ ကျွန်တော် အခြေအနေ မဟန်ဘူး ဆိုတာ သိတယ်။ သူ ကျွန်တော့်ကို တိုးတိုးလေး ပြော တယ်။ သည်းခံပြီး လျှောက်တဲ့၊ မကြာခင် နားရတော့မှာတဲ့၊ လူလစ်ရင် ဆန်အိတ် ကူသယ်ပေးသေးတယ်။

ခဏနေတော့ တပ်သားတွေဟာ ကျွန်တော်တို့ကို ရှေ့က သွားခိုင်းတယ်။ ပေါ်တာ သုံး လေးယောက်က ရှေ့ကင်းသဘောမျိုး ရှေ့က သွားရ တယ်။ စစ်သားတွေက စက်သေနတ်တွေ အဆင်သင့်ကိုင်ရင်း နောက်က လိုက်တယ်။ သူတို့လည်း ကြောက်တာပဲ။ တကယ်လို့သာ ချုံခိုတိုက်ခံရရင် သူတို့လည်း ကျွန်တော်တို့လိုပဲ သေကြမှာပဲလေ။ ရှင်ဖို့ အခွင့်အရေးက သိပ်မရှိ ဘူး။

ကျွန်တော် ရှေ့ကင်းကျပြီ။ ခြေထောက်တွေဟာ တဆတ်ဆတ် တုန် လာတယ်။ ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ မိုင်းပေါ် နင်းမိပြီး အသက်ပျောက် သွားနိုင်တယ်။ ကျွန်တော် လေဖြတ်သလို ဖြစ်သွားတယ်။ ခြေထောက်တွေ မမနိုင်တော့ဘူး။ စစ်သားတစ်ယောက်က နောက်ကနေ သေနတ်တပြပြနဲ့ ခြိမ်းခြောက်နေတယ်။ ကျွန်တော် သားသားကို ကူကယ်ရာမဲ့ ကြည့်မိတယ်။ သားသားက ရှေ့ထွက်လာတယ်။ ကျွန်တော့်အစား သူ ရှေ့ကင်းလျှောက်မယ်လို့ ပြောလိုက်တယ်။ တပ်သားတွေက သူ့ကို စိတ်ရောဂါ မှန်သေးရဲ့လားဆိုတဲ့ အကြည့် နဲ့ ကြည့်နေကြတယ်။ ဒါမှမဟုတ် ထွက်ပြေးချင်လို့လားပေါ့။ ဘယ်သူကများ စေတနာ့ဝန်ထမ်း လုပ်နိုင်မှာလဲလေ၊ ဒီလို အခြေအနေမျိုးမှာ ဘယ်လောက် ရူးတဲ့လူ ဖြစ်ဖြစ် အသေခံဝံ့တယ် ဆိုတာ ဟုတ်ပါ့မလား။ နောက်ဆုံးတော့ လည်း ကိုယ့်အသက်ထက် ပိုတန်ဖိုးမထားနိုင်ကြတော့ သားသားကို လျှောက်ခွင့် ပေးလိုက်ကြတယ်။ သားသားဟာ မမြန်လွန်း၊ မနှေးလွန်း သတိကြီးကြီး ထားပြီး လျှောက်တယ်။ မျက်လုံးက မြေကြီးပေါ်နဲ့ ချုံထဲတွေကို သတိထား ကြည့်နေတယ်။ ခဏနေတော့ သူ တုံ့ခနဲ ရပ်လိုက်တယ်။ မြေကြီးပုံ မို့မို့ကလေး ကို သူ ကြည့်နေတယ်။ ကျွန်တော်တို့အားလုံး ရှဲခနဲ အဲဒီနားကနေ ခွာလိုက်ကြတယ်။ တပ်သားတစ်ယောက်က အဲဒီနေရာကို သေနတ်နဲ့ပစ်တယ်။ ဘာမှ မရှိပါဘူး။ သားသားက ဆက်လျှောက်တယ်။ ကျွန်တော်တို့လည်း ခပ်လှမ်းလှမ်း ကနေ သူ့နောက်လိုက်ကြတာပေါ့။

နေ့လယ်ပိုင်းလောက်မှာ ကျွန်တော်တို့ တောစပ်ကို ရောက်လာကြ တယ်။ ရှေ့မှာ ရေစပ်စပ်ထဲ ဒူးလောက်မြင့်တဲ့ စပါးခင်းတွေ။ အဲဒီလယ်ကွင်း တွေကို ဖြတ်သွားရမယ်။ တပ်သားတွေဟာ အဲဒီ လယ်ကွင်းကို တောထက် ပိုကြောက်နေကြတယ်။ ဗိုလ်လုပ်သူက အော်ဟစ်ပြီး အမိန့်ပေးနေတယ်။ တပ်သား တစ်ယောက်စီဟာ ပေါ်တာတစ်ယောက်စီကို ရှေ့က ဒိုင်းကာလိုကာပြီး လယ်ကွင်း ကို ဖြတ်ကြတယ်။ တစ်ဝက်လောက်လည်း ရောက်ရော ဖောင်းခနဲ ဒိုင်းခနဲ ပစ်သံတွေ ကြားရတော့တာပါပဲ။ ရှေ့က သွားနေတဲ့ ပေါ်တာတွေ တုံးခနဲ လဲကုန်တယ်။ တပ်သားတွေဟာ ဆူညံနေအောင်အော်ကြတယ်။ ကျွန်တော်တို့ လည်း စပါးပင်တွေကြား ပြားနေအောင် ဝပ်ချကြတာပေါ့။ ရွှံ့တွေထဲ ခေါင်းစိုက် ပြီး

နေကြရတယ်။ သားသားလည်း ကျွန်တော့်နားမှာပဲ။ ကျွန်တော့်အပေါ်နားမှာ တော့ ပေါ်တာတစ်ယောက် အသက်ထွက်ခါနီး ညည်းနေတယ်။ ကျွန်တော် လည်း ရွှံ့တွေကို လက်ချောင်းတွေနဲ့ တူးပြီး အထဲရောက်နိုင်သမျှ ရောက်အောင် ရွှံ့ထဲ အတင်းတိုးဝင်တယ်။ ခဏနေတော့ သေနတ်သံတွေ စဲသွားတယ်။ တပ်သား တွေအသံ ကြားရတယ်။ လူစစ်နေတဲ့ အသံတွေ၊ အော်ခေါ်နေသံတွေ၊ ကျွန်တော် မလှုပ်ဘူး။ ထလိုက်ရင် သူပုန်တွေက ပစ်မှာ၊ တပ်သားတွေက ပေါ်တာတွေကို တမင်ထခိုင်းနေတာ၊ သားသားက မားမားကြီး ထရပ်လိုက်တယ်။ ကျွန်တော် အသက်အောင့်ထားလိုက်တယ်။ ဘာသံမှ မကြားရဘူး။ အားလုံး တိတ်ဆိတ် လို့ပဲ။

ပေါ်တာတွေကို ဒိုင်းလုပ်ပြီး ကျည်သင့်စေတဲ့အတွက် လေးယောက် ဒဏ်ရာရတယ်၊ တစ်ယောက် သေတယ်။ အရာရှိနှစ်ယောက် တွတ်ထိုးကြပြီး နောက်ဆုံးတော့ ဒဏ်ရာရတဲ့ ပေါ်တာတွေကို ပစ်ထားခဲ့ဖို့ ဆုံးဖြတ်ချက်ကျ တယ်။ ခရီးဖင့်လိမ့်မယ်တဲ့လေ။

ဒဏ်ရာတွေနဲ့ ပေါ်တာတွေဟာ သူတို့ကို ခေါ်သွားဖို့ တောင်းပန်ရှာ တယ်။ တစ်ယောက်ဆို လမ်းလျှောက်နိုင်ပါတယ် ဆိုတာ သက်သေပြတဲ့အနေနဲ့ နှစ်လှမ်းလောက် လျှောက်ပြီး ဗိုင်းခနဲ ပစ်လဲ သတိမေ့သွားတယ်။ ဗိုက်က ကျည်ဆန်ဝင်တဲ့ အပေါက်က သွေးတွေ ဒလဟောထွက်လို့။ အရာရှိက မြန်မြန် သွားကြဖို့ ပြောတယ်။ နောက်တစ်ခါ အပစ်မခံရခင် ချက်ချင်း သွားဖို့ ပြောတယ်။ ကိုက်ငါးဆယ်လောက် သွားပြီး နောက်ပြန်လှည့်ကြည့်မိတယ်။ ဒဏ်ရာ ရနေတဲ့ ပေါ်တာနှစ်ယောက်ဟာ လေးဖက်ထောက်ပြီး နောက်ကနေ လိုက်လာ ရှာတယ်။ အမျိုးမျိုး ငိုယိုတောင်းပန်နေကြတယ်။ သူတို့ကို မထားခဲ့ပါနဲ့တဲ့။ တပ်မှူးဆီက သေနတ်သံ လေးချက် ထွက်လာတယ်။ အဲဒီနောက်မှာတော့ စပါးခင်းတစ်ခင်းလုံး ငြိမ်ကျသွားတော့တယ်။

ခုတော့ ကျွန်တော် နောက်ထပ် ဆန်တစ်အိတ် အပိုထမ်းရပြီ။ မကြာခင် ဗုန်းဗုန်းလဲတော့မယ်။ ခြေထောက်တွေ ညွတ်နေပြီ။ ခဏနေတော့ ကျွန်တော် လဲတော့တာပဲ။

မြေကြီးနဲ့ မျက်နှာရိုက်မိလို့ ပါးစပ်ထဲ သွေးရဲ့ ငန်ငြိငြိ အရသာတွေ ခံစားလိုက်ရတယ်။ နှလုံးကလည်း တဒိန်းဒိန်း ခုန်နေတယ်။ အင်းဆက်ကောင် တွေ ခေါင်းနားမှာ တဝှီဝှီ ဝဲနေတယ်။ ကျွန်တော်တော့ လမ်းဆုံးပြီ။

“ဟေ့ကောင်၊ ထစမ်း၊ လျှောက်စမ်း” လို့ တပ်သားတွေ အမိန့်ပေးနေ ပေမယ့် ကျွန်တော် မတတ်နိုင်တော့ပါဘူး။ တစ်ယောက်က ကျွန်တော့်နံစောင်း ကို ခြေထောက်နဲ့ ကန်တယ်၊ သေနတ်နဲ့ချိန်ပြီး ပစ်တော့မလို လုပ်တယ်။ ကျွန်တော် ကယောင်ချောက်ချားနဲ့ ပါးစပ်က အသံတွေ ထွက်နေတယ်။ မျက်စိ ကို မှိတ်လိုက်တယ်၊ ပစ်ချင်လည်း ပစ်ပါစေ၊ မြန်မြန်သေတော့ မြန်မြန် ဒုက္ခငြိမ်းတာပေါ့၊ အဲဒီ အချိန်မှာ သားသားဟာ ကျွန်တော့်နားနားကပ်ပြီး တိုးတိုးလေး ပြောတယ်၊ အားမလျှော့လိုက်နဲ့တဲ့၊ နောက်တစ်နာရီလောက်ဆို ရောက်ပြီတဲ့၊ တပ်ဖွဲ့မှူးဆီက သူ သိခဲ့ရတာတဲ့၊ ကျွန်တော့် ဆန်အိတ်နှစ်အိတ် လုံးကို သူ ဆွဲခနဲ မ လိုက်ပြီး ကျွန်တော့်ကို တွဲထူလိုက်တယ်။

ရှေ့တန်းစခန်းကို ဘယ်ကနေ ဘယ်လို ရောက်လာမှန်း ကျွန်တော် မမှတ်မိတော့ဘူး။ အဲဒီမှာ လုံခြုံစိတ်ချရတယ်လို့ ထင်မိတာ မှားလိုက်လေခြင်း။ အဲဒီစခန်းကို ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း သူပုန်တွေ လာတိုက်တာ နှစ်ခါ ရှိပြီတဲ့။ အချိန်မရွေး ရင်ဆိုင်တိုက်ပွဲ ဖြစ်နိုင်တယ်တဲ့။ တပ်သားတွေဟာ ကျွန်တော်တို့နဲ့ သက်တူရွယ်တူလောက်ပါပဲ။ ဒါပေမဲ့ ရက်စက်ကြမ်းကြုတ်တဲ့ နေရာမှာတော့ သူတို့ကို မီတဲ့လူ မရှိဘူး။ ဆန်အိတ်မှောက်ကျလို့ ဆိုပြီး ကျွန်တော်တို့ထဲက တစ်ယောက်ကို သူတို့ သေလုမြောပါး ရက်ရက်စက်စက် ရိုက်ဟယ်။ နောက်တစ်နေ့ မနက်မှာ နောက်တစ်ယောက်ကို ခြေတစ်ပေါင်ကျိုး ရပ်ခိုင်း နေလှန်းထားပြီး လဲကျတဲ့အထိ မလှုပ်ဘဲ နေခိုင်းတယ်။ ဘယ်လောက်ကြာကြာ ခံမလဲ လို့ သူတို့အချင်းချင်း လောင်းတောင် နေကြသေးတယ်။

အပြန်လမ်းမှာ ပေါ်တာနောက်တစ်ယောက် မိုင်းထိပြီး ပွဲချင်းပြီးသွား တယ်။ သူက ကျွန်တော်တို့ထဲမှာ အငယ်ဆုံးကလေး၊ သားသားရဲ့ ရှေ့ပြေးကင်း တာဝန်ကို ခဏလေး ဝင်ယူတာ ခုလို အကြောင်းဆိုးသွားတာပဲ။ ဝုန်းခနဲ ပေါက်ကွဲသံကြီး ကြားတော့ သားသား သွားရှာပြီလို့ ထင်လိုက်မိသေးတယ်။ တပ်သားတွေက နီးစပ်ရာ ချုံတွေနောက်ကို ပြေးပုန်းကြတယ်။ ကျွန်တော်တို့ ပေါ်တာတွေကတော့ မြေကြီးပေါ် ဒိုင်ဗင်ပစ်ရတာပေါ့။ သေနတ်သံတွေ ဘာတွေ မကြားလို့ ခေါင်းထောင်ကြည့်လိုက်တော့ လဲနေတဲ့ ကောင်လေးကို ပွေ့ထားတဲ့ သားသားကို တွေ့လိုက်တယ်။ ကောင်လေးက ခြေတစ်ဖက် မရှိ တော့ဘူး။ ခဏနေတော့ သားသားလက်ပေါ်မှာပဲ သူ ဆုံးသွားရှာတယ်။

အဲဒီ ပထမဆုံးစစ်ဆင်ရေး အတွေ့အကြုံဟာ လူတိုင်းကို ပြောင်းလဲ သွားစေတယ်။ အစတုန်းကတော့ ကျွန်တော်တို့ ဒီကနေ အသက်ရှင်ရက် ထွက်လာနိုင်မယ် ဆိုတဲ့ မျှော်လင့်ချက်ကလေးတွေ ကိုယ်စီ ရှိကြတယ်။ အဲဒီနောက်ပိုင်းမှာတော့ အရှင်ထွက် ထွက်ဖို့ လမ်းမရှိဘူးဆိုတာ သိလာတယ်။ ကျွန်တော်တို့ဟာ သေဖို့ ရောက်လာကြတာပဲ။ မိုင်းထိလို့ သေရင်သေ၊ သေနတ်မှန်လို့ သေရင်သေ၊ တပ်သားတွေ ရိုက်လို့ သေရင်သေ တစ်မျိုးမျိုးနဲ့တော့ သေရမှာပဲ။ အနေးနဲ့ အမြန်ပဲ ကွာတာ။ တခြား အဖြေမရှိ၊ စစ်တပ်က ပေါ်တာဆွဲခံ ရပြီဆိုရင် သေလမ်းပဲ ရှိတယ်ဆိုတာ ခုတော့ ကောင်းကောင်းသိပြီ။

သားသားတောင် ပြောင်းလဲသွားသလိုပဲ။ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲလို့ သူ စိတ်တုံးတုံး ချလိုက်ပုံပေါ်တယ်။ အခြေစိုက်စခန်း ပြန်ရောက်ပြီး မကြာပါဘူး၊ ကျွန်တော်တို့ထဲက တစ်ယောက် ဆန်ခိုးတာ မိသွားတယ်။ ခိုးတဲ့ဆန်က လက်တစ်ဆုပ်စာရယ်၊ ဒါပေမဲ့ ကျွန်တော်တို့ပေါ်တာ ရာရှင်ဆန် ဖြစ်နေတော့ ကျွန်တော်တို့က သူ့ကို အပြစ်ပေးရမယ် ဆိုပြီး ဖြစ် ရော။ ဆန်ခိုးတဲ့ကောင်ကို လက်ပြန်ကြိုးတုပ်၊ အကျီချွတ်ပြီး ဗိုလ်တစ်ယောက် က ဘယ်လို အပြစ်ပေးရမယ်ဆိုတာကို သရုပ်ပြတယ်။ ကြိမ်နဲ့ တအား လွှဲရိုက် လိုက်တာ ကျောကုန်းမှာ အရိုးရာကြီး ထင်းခနဲပေါ်၊ လူလည်း ထွန့်ထွန့်လူးပေါ့၊ မင်းတို့လည်း ဒီလိုပဲ ရိုက်ရမယ်တဲ့။ လျှော့ရိုက်လို့ကတော့ သူခိုးနဲ့တူတူ အရိုက် ခံဖို့ ပြင်ထားတဲ့။

ပထမဆုံး ရိုက်ဖို့ အလှည့်ကျတဲ့ကောင်ဟာ ရှုံ့တွန့်တွန့်နဲ့ လှည့်ကြည့် လှည့်ကြည့် လုပ်နေတယ်။ အရာရှိက သူ့ကို လှမ်းငေါက်ပြီး သူ့လက်ထဲက ကြိမ်ကို သွားယူစမ်းလို့ တပ်သားနှစ်ယောက်ကို ခိုင်းတော့ ရိုက်ရမယ့် ပါးကွက်သားဟာ ခေါင်းယမ်းရင်း သူခိုးကို အားရပါးရ ဆော်ချလိုက်တော့တယ်။ ရွှမ်းခနဲ မြည်သံကြီးနဲ့အတူ ဆန်ခိုးတဲ့ ကောင်လေးရဲ့ ကျောမှာ သွေးစိမ်းရှင်ရှင် ကျလာ တယ်။ သူဟာ နာလွန်းလို့ အော်ရှာတယ်။ ဆယ်ချက်လောက် အရိုက်ခံရပြီး ချိန်မှာတော့ လည်ပင်းကနေ တင်ပါးထိ အရိုးရာ ဗရပွနဲ့ သွေးတွေ မြင်မကောင်း အောင် ဖြစ်လာတယ်။ ကျွန်တော့်အလှည့်။ အံကြိတ်ပြီး အာရုံစိုက်ပြီး အားရှိ သလောက် အသားကုန် ရိုက်ထည့်လိုက်တယ်။ သူခိုးဟာ ကျောကော့သွားပြီး တဟီးဟီး ရှိုက်နေတယ်။ အတော်လေး စိတ်သက်သာရာ ရသွားတယ်။ ကြိမ်ကို သားသားလက်ထဲ ထည့်ပေးလိုက်တယ်။ သားသားက သူ့အားကြီးနဲ့ လွှဲထည့် လိုက်တာ ကြိမ်ဟာ ဝှီးခနဲ ကြောက်စရာအသံကြီး ထွက်လာတယ်။ နောက် တစ်ကြိမ် ထပ်လွှဲလိုက်တယ်။ အရာရှိကို အေးစက်စက် တစ်ချက်ကြည့်တယ်။ ပြီးတော့ သူခိုးကောင်လေးကို ကြိမ်နဲ့ အသာလေး ထိတယ်ဆိုရုံလေး ထိလိုက် တယ်။

တစ်ယောက်မှ မလှုပ်ရဲကြဘူး။ တပ်သားတွေတောင် ဘာဖြစ်လာမလဲ ဆိုပြီး အသက်မရှူစတမ်း စောင့်ကြည့်နေကြတယ်။ အရာရှိဟာ ပစ္စတိုကို ထုတ်၊ သားသားဆီ လျှောက်သွားပြီး မျက်နှာကို သေနတ်နဲ့ ချိန်လိုက်တယ်။ လက်ညှိုးက မောင်းခလုတ်ပေါ် တင်ထားပြီးသား။ သူ့တစ်ကိုယ်လုံး ဒေါသ ကြောင့် တဆတ်ဆတ် တုန်နေတယ်။ သူ မပစ်ဘူးဆို အတော်အံ့သြစရာ

သားသားက တစ်စက်မှ မလှုပ်ဘူး။ သူတို့နှစ်ယောက် အပြိုင်အဆိုင် စူးစူးရဲရဲ ကြည့်နေကြတယ်။ သူ့မျက်လုံးထဲက တစ်စုံတစ်ခုကို အရာရှိက တော်ကို မြင်သွားပုံပဲ၊ သူ ပစ်ရမှာ လက်တွန့်နေတယ်။ တပ်သားတွေ ပြေးလာပြီး သားသား ကို ဝင်လုံးကြတယ်။ မြေပေါ် တွန်းလှဲကြတယ်။ ကြိုးတုပ်လိုက်ကြတယ်။ ကြိမ်တွေ အများကြီး ယူလာပြီး သားသားကို ဝိုင်းရိုက်ဖို့ အသေအကျေ ရိုက်ဖို့ အမိန့်ပေးတယ်။ အထူးသဖြင့် ကျွန်တော့်ကို သူတို့ မဲပြီး ကြည့်နေကြတယ်။ ကျွန်တော်နဲ့ သားသား သူငယ်ချင်းတွေမှန်း သိကြတာကိုး။ ကျွန်တော်လည်း သားသားကို အားကုန်အင်ကုန် ရိုက်ချလိုက်မိတယ်။

ဆက်မရိုက်နိုင်လောက်အောင် ခြေကုန်လက်ပန်း ကျသွားကြချိန်မှာ တော့ သားသားက သတိလစ်နေခဲ့ပြီ။ သူ့ ကျောကုန်းက စုတ်ပြတ် ဖွာလန်ကြဲ နေတယ်။ တပ်သားတွေက သူ့ကို မရဏတဲထဲ သွားထည့်ထားလိုက်လို့ အမိန့် ပေးကြတယ်။ ကျွန်တော်တို့ လူလေးယောက်လောက် သူ့ကို ဝိုင်းမ ရတယ်။

နောက်တစ်နေ့မှာ ကျွန်တော် သူ့ကို ခိုးကြောင်ခိုးဝှက် သွားတွေ့မိ တယ်။ ကျွန်တော် လုပ်ခဲ့မိတာတွေအတွက် ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ်၊ နောင်တလည်း ရမိတယ်၊ ဒါပေမဲ့ နောက်တစ်ခါဆိုလည်း ဒီလိုပဲ ထပ်လုပ် မိမှာပဲ၊ ကျွန်တော်က သူ့ရဲကောင်း လူစွမ်းကောင်းမှ မဟုတ်ဘဲ ခင်ဗျာ၊ အသက် ရှင်ချင်တာက ပဓာနကိုး ခင်ဗျ။

သားသားဟာ ဖျာကြမ်းလေးတစ်ချပ်ပေါ်မှာ သတိရတစ်ချက် မရ တစ်ချက် ဖြစ်နေရှာတယ်။ တခြား ပေါ်တာ ခြောက်ယောက်လောက်လည်း သူ့ဘေးမှာ တုံးလုံးပက်လက်ပေါ့။ တချို့က ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်၊ တချို့က သေနတ်ဒဏ်ရာနဲ့ ပိုးဝင်တာ၊ ဝမ်းလျှောတာ အားလုံးဟာ သေလောက် တဲ့ အသည်းအသန် ဝေဒနာရှင်တွေချည်းပဲ။ တဲတစ်ခုလုံးလည်း ပြည်တွေ၊ ဆီးတွေ၊ အီးတွေ ပေပွလို့။ သားသားက တဲထောင့်လေးမှာ ခွေခွေလေး။ သူ့အနား တွေမှာ ယင်မည်းရိုင်းကြီးတွေ နားလို့။ ကျွန်တော့်ကို မြင်တော့ ရေသောက်ချင် တယ်လို့ ပြောတယ်။ ရေယူခဲ့ပေးမယ်လို့ သူကို ကတိပေးလိုက်တယ်။ ရေယူ သွားတဲ့လမ်းမှာ တပ်သားတွေနဲ့ တိုးရော၊ ရေက ဘယ်သူ့အတွက်လဲတဲ့၊ ငေါက်ငမ်း ပြီး မေးတယ်၊ ရေကို ယူသောက်ပြီး ခွက်ကို ဆောင့်ပေါက်ချလိုက်တယ်။ ကျွန်တော်လည်း ရေခွက်ကို ပြန်ကောက်ပြီး လှည့်ထွက်လာလိုက်တယ်။

ညကျတော့ မရဏတဲထဲကနေ အလောင်း ခြောက်လောင်း တိတ်တဆိတ် ထုတ်လာပြီး ဖြစ်သလို မြေမြှုပ်နေကြတာ တွေ့မိတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်လည်း မသွားရဲတော့ဘူး။

ဆယ်ရက်လောက် ကြာတော့ အရိုးပြိုင်းပြိုင်းနဲ့ ချုံးချုံးကျနေတဲ့ သားသားကို ကျွန်တော်တို့ တဲဝမှာ တွေ့လိုက်ရတယ်။ သူ အသက်ရှင်သေးသား ပဲ၊ မရဏတဲထဲကနေ အရှင်ထွက် ထွက်လာနိုင်ခဲ့တယ်။

ကျွန်တော်တို့ဟာ သားသားကို တတ်အားသရွေ့ ပြုစုကြတယ်။ အစားအသောက် ကျွေးတယ်၊ ရေတိုက်တယ်၊ ရေမိုးချိုး သန့်စင်ပေးတယ်၊ သူ့ကျောမှာ တွယ်နေတဲ့ ယင်ကောင်တွေကို မောင်းထုတ်တယ်၊ သူ တဖြည်းဖြည်း နာလန်ပြန်ထူလာတယ်။ နှစ်ပတ်လောက်နေတော့ ကျန်းမာပကတိ ချမ်းသာ အတိပဲ။ အားပြည့်အင်ပြည့် အလုပ်လုပ်ဖို့ အသင့်။

ဒါပေမဲ့ သူ အရင်က သားသား မဟုတ်တော့ဘူး။ ဒေါသကြီး လာတယ်၊ မုန်ယိုလာတယ်၊ ကြမ်းတမ်းလာတယ်၊ ကျွန်တော်တို့ကို သူ စကား တစ်လုံးမှ မပြောဘူး၊ ခွင့်မလွှတ်နိုင်ဘူး ဆိုတာ သိပ်သိသာတာပဲ။

စစ်ဆင်ရေးထွက်တိုင်း အမြဲ သူ ရှေ့ပြေးကင်းတာဝန်ကို ယူတယ်။ သက်သောင့်သက်သာ သွားရတာတော့ မဟုတ်ဘူးပေါ့။ ဆန်အိတ်တစ်ဖက် ထမ်းပြီး မိုင်းမနင်းမိအောင် သတိကြီးကြီးထား သွားရတာ။ ဒါကို သူ့နောက် မလိုက်နိုင်ကြဘူး၊ ဖြည်းဖြည်းသွားပါလို့ တပ်သားတွေက တားယူရတယ်။

လမ်းမှာ ချုံထူထူ တွေ့ရင်၊ သစ်ပင်တွေ အုပ်ဆိုင်းနေရင် အတော် ကြောက်ရတယ်။ မြေပြင်မှာ သစ်ရွက်ခြောက်တွေ ဖုံးနေတဲ့ ရွက်ကြွေတောလမ်း ဆို သာတောင်ကြောက်စရာကောင်းသေး။ အဲလိုနေရာမျိုးဆိုလည်း သားသားက ရှေ့ဆုံးကပဲ။ သူ့ကို ပေးထားတဲ့ ပုဆိန်နဲ့ လမ်းရှင်းပြီး သွားတာပဲ။ ပုဆိန်ကြီး တယမ်းယမ်းနဲ့ သားသားဟာ ကြောက်စရာ သိပ်ကောင်းတယ်။ တွေ့သမျှ အကုန် ယမ်းသွားတာ။ တစ်ခါက မြွေဟောက်တစ်ကောင် သူ့ရှေ့မှာ တွေ့တာ တစ်ခါတည်း ခေါင်းပြတ်သွားတယ်။ နောက်တစ်ကောင်က နှစ်ပိုင်း ပြတ်သွား တယ်။

သူ အဲလို အန္တရာယ်ရှိတာတွေ ဦးဆောင်လုပ်တော့ ကျွန်တော်တို့က ပျော်တာပေါ့။ တပ်သားတွေကလည်း သူ ကြိုက်တာ လုပ်ပါစေ ဆိုပြီး လွှတ်ပေးထားတယ်။ တစ်ခါများ သူ သွားလိုက်တာ မြင်ကွင်းထဲကတောင် ပျောက်သွားတယ်။ ချုံရှင်းနေတဲ့ အသံပဲ ကြားတော့တယ်။ သူ ထွက်ပြေးချင်ရင် အလွယ်သားပဲ၊ ဒါပေမဲ့ မပြေးဘူး။ အမြဲတမ်း ရပ်စောင့်နေတတ်တယ်။ ဘာဖြစ်လို့လဲ ဆိုတာ ခုထိ မသိရဘူး။

မိုင်းကွဲလို့ သူ လက်ချောင်းတစ်ချောင်း ပြတ်သွားဖူးတယ်။ ကျည်ဆန် က ညာလက်မောင်းကို ရှပ်မှန်ဖူးတယ်။ ကျွန်တော်ကတော့ နောက်ပိုင်းမှာ သူ့ကို ကြည့်ရင်း ကြည့်ရင်း ကြောက်ကြောက်လာတယ်။ သူ ကျွန်တော့်ကို စိုက်ကြည့်လိုက်ရင် ကျောရိုးထဲက စိမ့်တက်လာတယ်။ တခြားလူတွေ သေရွာပြန်လာရင် သူတို့မျက်လုံးထဲမှာ သေခြင်းတရားကို ကြောက်လန့်မှု၊ ပျော်ရွှင်မှု၊ စိတ်သက်သာရာရမှု အရိပ်လက္ခဏာတွေ တွေ့ရတယ်။ ဆန်ခွဲတမ်း ပိုပိုသာသာ လေးရရင် ပျော်နေကြတာ။ သားသားကတော့ တုဏှိဘာဝေပဲ။ ပျော်စရာ ရွှင်စရာ ဆိုတာကို ဘာမှ ခံစားမိပုံ မရဘူး။

သားသားဟာ တပ်ဖွဲ့နဲ့ အတိုက်အခံ မလုပ်တော့ဘူး။ ဒါပေမဲ့ သူ့ရဲ့ ရှိသေကျိုးနွံမှုဟာ ကျွန်တော်တို့နဲ့ ကွာခြားတယ်။ သူ စစ်သားတွေကို ကြောက်လို့တော့ လုံးဝမဟုတ်ဘူး။ အချိန်ကောင်း အခါကောင်းကို စောင့်နေပုံပဲ။

ကျွန်တော် အပါအဝင် ကျန်တဲ့လူတွေကတော့ ခွေးလေးတွေလို ပက်လက်လှန်ပြီး လက်မြှောက်အရှုံးပေးလိုက်ပါပြီ။ သေဖို့ အချိန်ကို အလုပ်လုပ်ရင်း စောင့်နေတဲ့သဘောပဲ။ သားသားကတော့ အဲသလို မဟုတ်ဘူး။ မကြာခင် သားသားနဲ့ တပ်သားတွေ တစ်ချီတစ်မောင်း ဆော်ကြဦးတော့မယ်လို့ ကျွန်တော် အာရုံရနေခဲ့တယ်။

ဒါပေမဲ့ စခန်းကို ဘိုဘို ရောက်လာတဲ့အချိန်မှာတော့ အားလုံး ပြောင်းလဲသွားခဲ့တယ်။ ဘိုဘိုဟာ ရွာတွေကနေ ပေါ်တာဆွဲပြီး ရှေ့တန်း တန်းပို့ခံရတဲ့ လူငယ်အုပ်စုထဲက တစ်ယောက်ပဲ။ ဘိုဘိုဟာ တစ်အုပ်စုလုံးမှာ အငယ်ဆုံးနဲ့ အားအနည်းဆုံးကလေးပဲ။ သူ့ ခြေထောက်လေးတွေ၊ လက်လေး တွေက သေးသေးလေးတွေ၊ မျက်လုံးမည်းကြီးတွေကတော့ အရည်လဲ့ပြီး ရွှဲနေ တာပဲ။ သူ့ကို မြင်တော့ ဘာကြောင့်မှန်းမသိ ကျွန်တော့် နှမလေးကို သိပ်သတိရ တာပဲ။ ဒီကလေးအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။ တကယ့် ကလေးသာသာလေး၊ သူ့လို ကလေးတွေ အများကြီး ဒီရောက်လာကြတာ တွေ့ဖူးတယ်။ နှစ်ပတ်၊ သုံးပတ်လောက်ဆို အကြောင်းအမျိုးမျိုးနဲ့ သေကြ ရှာတာပဲ။

ရောက်ရောက်ချင်းနေ့တွေမှာ ဘိုဘိုဟာ တဲပြင်တောင် မထွက်ရဲဘူး။ တစ်ချိန်လုံး တဲထောင့်မှာ ခွေနေတယ်။ ညဘက်လည်း ဒီလိုပဲ။ ထမင်းသွား ပေးတော့လည်း ထိတောင် မထိဘူး။ တစ်ခုခု မေးလိုက်ရင် ခေါင်းကြီး ငုံ့ ထားတယ်။ ဘာမှ ပြန်မဖြေဘူး။ အတင်းမေးလည်း မောတာပဲ အဖတ်တင် တယ်။ တတိယမြောက်ညမှာတော့ သားသားဟာ ဘိုဘို့နားကို အိပ်ရာပြောင်း သွားပြီး ဘိုဘိုနဲ့ တူတူအိပ်တယ်။ ညဘက်မှာ တီးတိုးစကားသံတွေ ကြားရ တယ်။

သားသားအသံရယ်၊ တစ်ခါမှ မကြားဖူးတဲ့ ဘိုဘို့ အသံရယ်၊ ဟော ဘိုဘိုဟာ ထမင်းနဲ့ ငါးခြောက်ချက်ကို စားနေလေရဲ့။

နှစ်ပတ်လောက် ကြာပြီးတဲ့အခါမတော့ ဘိုဘိုဟာ ကျွန်တော်တို့နဲ့အတူ စစ်ကြောင်းလိုက်ရတော့တယ်။ တပ်သားတွေဟာ ရွာတစ်ရွာကို ရှာဖွေရေး ဝင်ကြတယ်။ လယ်သမားတွေဟာ သူပုန်တွေအတွက် လက်နက် ဝှက်ပေးထား တယ်လို့ သူတို့ သံသယရှိနေကြတယ်။ ရွာကိုသွားတဲ့ လှည်းလမ်းကြောင်း ကြီးက ဖြူးလို့။ ဒါကြောင့် ဒီစစ်ဆင်ရေးမှာ မိုင်းထိမှာ ပူစရာမလိုဘူး။ ဘိုဘို က ရေဘူး သယ်ရတယ်။ သားသားက သူ့နားကနေ လျှောက်ရင်း ထုံးစံအတိုင်းစစ်လက်နက်ပစ္စည်းတွေ အလေးကြီး ထမ်းရတယ်။ စကားမပြောကြနဲ့လို့ တပ်သားတွေက မှာထားလို့ သုံးနာရီလုံးလုံး ဘာစကားမှ မပြောကြရဘူး။

ရွာစွန်က သစ်ပင်ပေါ် တက်ကစားနေကြတဲ့ ကလေးတွေက ကျွန်တော် တို့ကို အရင်ဆုံးမြင်တယ်။ ပထမဆုံးတွေ့ရတဲ့ ယာခင်းထဲကို စစ်သား ခြောက်ယောက် ဝင်သွားပြီး ပိုက်စိပ်တိုက် ရှာကြတယ်။ ကျွန်တော်နဲ့ တခြား ပေါ်တာနှစ်ယောက်က သူတို့ သံသယရှိတဲ့ နေရာတွေကို မြေကြီး တူးကြည့် ရတယ်။ ဘာမှ မတွေ့ပါဘူး။ ကလေးကိုယ်စီနဲ့ မိန်းမသုံးယောက်၊ အဘိုးကြီး တစ်ယောက်နဲ့ ကလေးတစ်သိုက်က ကျွန်တော်တို့ကို ရပ်ကြည့်နေကြတယ်။ လက်ချင်းချိတ်ထားတဲ့ သူတို့ဟာ ကြောက်လွန်းလို့ တုန်နေကြရှာတယ်။

ဒုတိယယာခင်းထဲမှာလည်း ဘာမှ ရှာမတွေ့ပါဘူး။ ဒါပေမဲ့ ပထမ ယာခင်းထက်ပိုပြီး ကြောက်ရွံ့မှုတွေ များလာတယ်။ ဆယ်နှစ်၊ ဆယ့်တစ်နှစ် လောက်ရှိတဲ့ ကောင်လေးနှစ်ယောက်ဟာ ခေါက်တုံ့ခေါက်ပြန် ရှေ့ပြေးလိုက် နောက်ပြေးလိုက်နဲ့ ဗျာများနေကြတယ်။ အဘွားကြီးတစ်ယောက်က တုန်တုန် ယင်ယင်နဲ့ ကြည့်နေတယ်။ ကောင်မလေးတစ်ယောက်က အသံကုန်အော်နေ တယ်။ ဘယ်သူမှကို ချော့လို့ မရဘူး။

တတိယယာခင်းမှာတော့ လူမရှိဘူး။ လုံချည်တွေ၊ အင်္ကျီတွေ လှန်းထား တာ တွေ့တယ်။ တဲထဲမှာ မီးဖို ဖိုထားတာတွေ့တယ်၊ ကြက်တွေ တွေ့တယ်၊ ဒါပေမဲ့ လူမရှိဘူး။ တပ်သားနှစ်ယောက် အိမ်ထဲ ဝင်ကြတယ်။ ဘယ်သူမှ မရှိဘူး။ အရာရှိက တဲထဲက မြေကြီးကို တူးခိုင်းတယ်။ ဘာမှ မတွေ့ဘူး။ ရုတ်တရက် အိမ်ပြင်က တပ်သားတစ်ယောက်က အော်ခေါ်လိုက်တယ်။ အိမ်သာ ကျင်းထဲမှာ ရိုင်ဖယ်လိုလို တွေ့သတဲ့။ ကျွန်တော်တို့ကို အိမ်သာကျင်း ဖော်ခိုင်း တယ်။

တုတ်ချောင်းလား၊ သေနတ်လား မကွဲပြားဘူး။ ပေါ်တာနှစ်ယောက် အိမ်သာကျင်းထဲ ဆင်းကြရတယ်။ အညစ်အကြေးတွေက သူတို့ ရင်ဘတ်ထိ ရောက်တယ်။ စမ်းရင်းနဲ့ ခဏနေတော့ ရိုင်ဖယ်တစ်လက် ထွက်လာတယ်။ နောက်တစ်လက်၊ နောက်တစ်လက်၊ နောက်တစ်လက်၊ နောက်တစ်လက်။

အဲဒီ အချိန်မှာပဲ သေနတ်သံတွေ ထွက်လာတယ်။ အရာရှိဟာ အီးတွင်းထဲ ဒိုင်ဗင်ထိုးချလိုက်တယ်။ သူ့နားက တပ်သားနှစ်ယောက် ခွေခနဲ ကျသွားတယ်။

တခြား တပ်သားတွေက ဘယ်က ပစ်မှန်းမသိပေမယ့် ရမ်းသန်းပြီး ပြန်ပစ်ကြတယ်။ အော်သံတွေ၊ သေနတ်သံတွေ၊ လူတွေအားလုံး အကာအကွယ်ကို အရူးအမူး လိုက်ရှာကြတယ်။ ကျွန်တော်လည်း မြေပေါ်ပစ်လှဲ၊ တွားသွားပြီး အိမ်အောက်က ထင်းပုံနောက်ကို ရောက်အောင် အမြန်ဆုံး သွားလိုက်တယ်။ တခြားပေါ်တာတွေ သားသားရော၊ ဘိုဘိုရော အဲဒီမှာ။ ကျွန်တော်တို့နား လာဖို့ ကြိုးစားတဲ့ တပ်သားတစ်ယောက် နောက်ကျောကို သေနတ်မှန်တယ်။ ကျွန်တော့် ရှေ့ နှစ်ကိုက်လောက်မှာ သူ လဲကျပြီး သတိမေ့နေတယ်။ ခဏနေတော့ အိမ်ရဲ့ ဝါးကြမ်းခင်းကနေ သွေးတွေ စီးကျလာတယ်။ အငွေ့တွေ ထွက်လာတယ်။ ပူလာတယ်။ အောင်မယ်လေး... တဲက မီးလောင်နေပြီ။

သားသားဟာ ဘိုဘို့လက်ကို ဆွဲပြီး ပြေးထွက်တယ်။ ကျွန်တော် လည်း သူတို့နောက်က ပြေးလိုက်တယ်။ အပြင်ရောက်တော့ လေးဖက်ထောက် တွားသွားရင်း ခြံတံခါးကို တွန်းလှဲပြီး တစ်ဖက်ယာခင်းထဲ ကူးတယ်။ အဲဒီမှာ လည်း အလောင်းတွေနဲ့၊ တဲကလည်း မီးလောင်နေတယ်။ သေနတ်သံတွေ အရပ်ရှစ်မျက်နှာက ထွက်နေတယ်။ တပ်သားတွေဟာ အထိန်းအကွပ်မဲ့သွားပြီ။ မည်းမည်းမြင်ရာ ကြက်ရော၊ ဝက်ရော၊ လူရော၊ ခွေးရော အကုန်ပစ်တော့တာပဲ။

ပထမဆုံး ဝင်ခဲ့တဲ့ ယာခင်းထဲ ကုန်းကုန်းကွကွ ပြေးရင်း ရောက်လာ ကြတယ်။ ခုနက တွေ့ခဲ့တဲ့ အဘိုးကြီးဟာ ကျောကုန်းမှာ ကျည်ဆန်ရာဗရပွနဲ့ သေနေပြီ။ သူ့အောက်က ကလေးနှစ်ယောက်လည်း သေပြီ။ အမျိုးသမီး တစ်ယောက်က အုန်းပင်ကို မှီပြီး မျက်လုံးရော ပါးစပ်ပါ ပွင့်ရင်း သွေးသံရဲရဲ အသက်ပျောက်နေတယ်။ သူ့ကလေးက သူ့လက်ထဲမှာပဲ ရှိသေးတယ်။ ဘိုဘို ဟာ ဘယ်သူမှ မတားနိုင်ခင် အဲဒီနားကို တစ်ဟုန်ထိုး ပြေးသွားတယ်။ ကလေး ကို အမေ့လက်ထဲက အတင်းဖြုတ်ယူတယ်။ ပြီးတော့ အနား ပြန်ရောက်လာ တယ်။

ကလေးက တစ်ချက် အံ့ခနဲ ငိုလိုက်ပေမယ့် ခဏပဲ၊ ပြန်တိတ်သွား တယ်။ အမေရေ၊ အမေရေ၊ ကယ်ကြပါ၊ အောင်မယ်လေး နာလှချည်ရဲ့ ဆိုတဲ့ အသံတွေ ပွက်ပွက်ညံနေတယ်။ ဒီကနေ ထွက်ပြေးရကောင်းမလား စဉ်းစားမိ တယ်။ ဒါပေမဲ့ ပြေးလို့ မဖြစ်ဘူး။ ချက်ချင်း ပြန်မိမှာပဲ။ ခဏနေတော့ တစ်ရွာ လုံး ငြိမ်ကျသွားလိုက်တာ ခုနက သေနတ်သံ တညံညံထက်တောင် ပိုကြောက် ဖို့ ကောင်းသေးတယ်။

သူပုန်တွေ ပြေးတာလား၊ သေကုန်တာလား မသိဘူး။ စစ်သားတွေ ဟာ ပေါ်တာတွေကို အော်ခေါ်နေတယ်။ ကျွန်တော်တို့လည်း ထလိုက်ကြတယ်။ သားသားက ဘိုဘို့လက်ထဲက ကလေးကို ယူဖို့ ကြိုးစားပေမယ့် ဘိုဘို ဟာ ကလေးကို အတင်းဖက်ထားတယ်။

ပထမယာခင်းရှေ့မှာ ပေါ်တာတွေ၊ တပ်သားတွေ၊ ရွာသားတွေ စုကြ တယ်။ တပ်သားတစ်ယောက်က ကလေးကို မြင်သွားတယ်။ ဘိုဘိုကို ကလေး ချထားဖို့ ပြောတယ်။ ဘိုဘိုက မသိသလို နေနေတယ်။ စစ်သားက သေနတ်နဲ့ ချိန်ပြီး ပစ်တော့မလို လုပ်တယ်။ ဘိုဘိုက လှုပ်ကို မလှုပ်ဘူး။ စစ်သားက သေနတ်မောင်းတင်နေပြီ။ သားသားဟာ ဘိုဘို့ နားနားကပ်ပြီး တိုးတိုးပြော တယ်။

ကလေးကို လှမ်းယူတယ်။ ပြီးတော့ ရွာခံမိန်းမ တစ်ယောက်လက်ထဲ ထည့်ပေးလိုက်တယ်။

အဲဒီစစ်ဆင်ရေး ပြီးသွားတဲ့အခါ သားသားနဲ့ ဘိုဘိုဟာ ခွဲမရအောင် ဖြစ်လာခဲ့တယ်။ ဘိုဘို့ကို သားသားက သူ့ညီလေးလို အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်တယ်၊ အကာအကွယ်ပေးတယ်။ သူတို့နှစ်ယောက်ဟာ အမြဲတမ်း တတွဲတွဲ ဖြစ်လာတယ်။ အဝတ် တူတူလျှော်တယ်။ တူတူ ထမင်းဟင်းချက် တယ်။ ရိုင်ဖယ်တွေ သန့်ရှင်းရေးလုပ်တယ်။ အလောင်းတွေ မြေမြှုပ်တယ်။ အမြဲတမ်း အတူအလုပ်လုပ်ရအောင်လည်း စီမံထားနိုင်ကြပုံပဲ။ အိပ်တော့လည်း တူတူ၊ ကျွန်တော် တစ်ခါတလေ သူတို့ တွတ်ထိုးသံတွေ နားထောင်ရင်း အိပ်ပျော် သွားတတ်တယ်။ သားသားဟာ စကားပြန်ပြောလာတယ်။ သူ့ရဲ့ ဒေါသတွေ အမုန်းတရားတွေ အငွေ့ပြန် ပျောက်ကွယ်သွားသလိုပဲ။ ကျွန်တော်တို့ သူ့ကို လုပ်ခဲ့တာတွေကိုလည်း ခွင့်လွှတ်လိုက်ပုံပဲ။ သူနဲ့ ဘိုဘို့ကြားမှာ ကျွန်တော်တို့ နားမလည်နိုင်တဲ့ နားလည်မှုတစ်ခု ရသွားသလိုပါပဲ။ ဘယ်လို ပြောရမှန်း တောင် မသိပါဘူး။ သူတို့ နှစ်ယောက်တည်း စကားတွေ အကြာကြီး ပြောကြ တယ်။ တူတူ ရယ်မောကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ကူညီရင်း ပျော်ရွှင်နေကြတယ်။ စခန်းတစ်ခုလုံးမှာ ပျော်နိုင်တာ သူတို့ နှစ်ယောက်ပဲ ရှိသလို ဖြစ်နေလို့ ကျွန်တော် သူတို့ကို မနာလိုတောင် ဖြစ်တယ်။ သူတို့မှာ လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်။ ဒီလျှို့ဝှက်ချက်ကပဲ သူတို့ဘဝ ရှင်သန်အောင် လုပ်ပေးထားတယ်။ ကျွန်တော် အဲဒါကို ဘာမှန်း မသိခဲ့ဘူး။ သားသားနဲ့ ကျွန်တော်ဟာ သူစိမ်းတွေလို ဖြစ်သွားခဲ့ကြပြီ။

သူတို့ကို ကာကွယ်ပေးနေတဲ့ စွမ်းအားတချို့လည်း ရှိပုံပါပဲ။ ခြောက်လ လောက်ကြာတဲ့ထိ ဘိုဘိုဟာ အသက်နဲ့ခန္ဓာ မြဲနေတုန်း။ ကံကောင်းတယ်လို့ပဲ ကျွန်တော်တို့တွေကတော့ မှတ်ယူကြပါတယ်။

ဒီလိုနဲ့ တစ်နှစ်ကုန်၊ နောက်တစ်နှစ် ထပ်ကုန်။ အသက်နဲ့ခန္ဓာ မြဲနေတဲ့ မူလလက်ဟောင်း ပေါ်တာ တစ်ဒါဇင်လောက်ထဲမှာ ကျွန်တော်တို့ပါတာပေါ့။ အင်မတန်အန္တရာယ်များတဲ့ အခြေအနေမှာ မှန်မှန်ကန်ကန် လုပ်တတ်၊ နေတတ်ပြီး ရှင်သန်ဖို့ဆိုတာ ကံကောင်းလို့လား၊ ဗီဇကြောင့်လား၊ အာရုံကြောင့်လား မသိပါ ဘူး။ ကံကောင်းတာလား၊ ကံဆိုးတာလားလည်း မခွဲခြားတတ်ပါဘူး၊ ငရဲလို နေရာမှာ ဒီလောက် အကြာကြီး ရှင်သန်နေရတယ်ဆိုတာ နားလည်ရ ခက်တယ် လေ။

တချို့ကတော့ ဝဋ်လည်တာလို့ ပြောကြတယ်။ အရင်ဘဝက ကျွန်တော် တို့ဟာ တပ်သားတွေ ဖြစ်ခဲ့ပြီး ပေါ်တာတွေကို နှိပ်စက် သတ်ဖြတ်ခဲ့လို့ ခုဘဝမှာ ပေါ်တာအဖြစ် ဝဋ်ပြန်ခံရတာတဲ့။ အဲသလို မဟုတ်လည်း လူသတ်သမား၊ အရက်သမား၊ သူခိုး၊ ဓားပြ တစ်ခုခု ဖြစ်မပေါ့။

သားသားနဲ့ ဘိုဘိုကတော့ အဲသလို ပြောတာတွေကို လက်ခံပုံ မရပါ ဘူး။ သူတို့ဟာ ဗုဒ္ဓဘာသာတွေရော ဟုတ်ရဲ့လား မသိပါဘူး။ တစ်ခါမှ ဘုရား ရှိခိုးတာ၊ ဆွမ်းကပ်တာ၊ ဘုရားစာရွတ်တာ၊ အမျှဝေတာ၊ တရားထိုင်တာ မမြင်ဖူးဘူး။

အဲသလို နေကြရင်း တစ်နေ့တော့ ထမင်းရော ဟင်းပါ ရာရှင် ဖောဖော သီသီ ရပါလေရော။ အဲဒါ ကောင်းတဲ့ လက္ခဏာ မဟုတ်ဘူး။ ဝဝလင်လင် စားပြီးတိုင်း အထူးစစ်ဆင်ရေး လိုက်ရတတ်တာကိုး။ ထင်တဲ့အတိုင်းပဲ ဗိုလ်မှူး ကြီးတစ်ယောက် ရောက်လာပြီး လူတစ်ဒါဇင် ရွေးတယ်။ သားသားနဲ့ ကျွန်တော် ပါတယ်။ ဘိုဘိုက ကိုယ်တိုင် စာရင်းသွင်းပြီး လိုက်မတဲ့။

ဗိုလ်မှူးကြီးတစ်ယောက် ဦးဆောင်တဲ့ လက်ရွေးစင် တပ်သား ဆယ်ယောက် နဲ့ ကျွန်တော်တို့ လိုက်သွားရမယ်။ အနီးနားက မြစ်ကို ဖြတ်ကူးဖို့ သူပုန်တွေဟာ တံတားတစ်စင်း လျှို့ဝှက်တည်ဆောက်နေတယ် ဆိုတဲ့ ကောလာဟလ ဖြစ်နေ သတဲ့။ ဒီအတောအတွင်း ကျွန်တော်တို့ တပ်စွဲထားတဲ့ နယ်ထဲ သူပုန်တွေ နယ်ကျွံလာခဲ့တာ၊ ရိက္ခာလမ်းကြောင်းတွေကို ဖြတ်တောက်နေတာ အမှန်ပဲ။ ဒီစခန်းကို ထိုးစစ်ဆင်မယ်လို့လည်း ကြားနေတယ်။ ဒါကြောင့် တပ်သားတွေကြား မှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြတယ်။ တချို့က စခန်းကို စွန့်ပြေးမယ်တောင် ကြံနေကြတယ်။ ကျွန်တော်တို့ကတော့ ကောလာဟလတွေ မှန်ပါစေ ကျိတ် ဆုတောင်းနေကြတယ်။ သူပုန်တွေသာ စခန်းသိမ်းနိုင်ခဲ့ရင် ကျွန်တော်တို့ အတွက် လွတ်လမ်းတွေ့နိုင်မယ် မဟုတ်လား။

အရင် စစ်ဆင်ရေးတွေလိုပါပဲ။ သားသားနဲ့ ဘိုဘိုက ရှေ့ဆုံးက၊ ကျွန်တော်က သူတို့နောက် ဆယ်ကိုက်လောက် အကွာက။ လမ်းတစ်လျှောက် အေးအေးဆေးဆေးပါပဲ။ ဘေးမသီ ရန်မခ စခန်းပြန်ရောက်မယ့် သဘော ရှိတယ်။ တောနင်းပြီး ခဏနေတော့ မြစ်ဆီ ရောက်တယ်။ မိုးတွင်းမို့ မြစ်က ကြောက်စရာပဲ။ ရေတွေ တဟဲဟဲ အသံပေးပြီး ကြမ်းကြမ်းတမ်းတမ်း စီးနေ တယ်။

ကောလာဟလ ဖြစ်နေတဲ့ တံတားက တကယ် ရှိနေခဲ့တယ်။

တပ်သားတွေက ဘိုဘို့ကို စနည်းနာခိုင်းတယ်။ ဘိုဘိုဟာ အားလုံးထဲ မှာ အလျင်မြန် အဖျတ်လတ်ဆုံးကိုး။ တံတားပေါ် တွယ်တက်ပြီး ဗုံးထောင် ထား မထား၊ ဖြတ်ကူးလို့ ရ မရ ကြည့်ခိုင်းတယ်။ ဘိုဘိုဟာ ကမ်းပါးစောက် ကို ခပ်မှန်မှန် ဆင်းသွားတယ်။ ကျောက်တုံးတွေပေါ်က နင်းရင်း တံတားနား ချဉ်းကပ်သွားတယ်။ တံတားနား ရောက်ခါနီး လက်နှစ်ဖက် မြှောက်တက် ဟန်ချက်ပျက်ရင်း ဝုန်းခနဲ လဲကျသွားတယ်။ သူ လက်ဖြောင့်သမား သေနတ်စာ မိသွားပြီ။ တဝေါဝေါ စီးနေတဲ့ ရေသံတွေကြောင့် သေနတ်သံကို မကြားလိုက် ရဘူး။

ဘိုဘိုဟာ ကမ်းပါးတစ်လျှောက် လိမ့်ဆင်းသွားတယ်။ ပေါ်တာတွေနဲ့ စစ်သားတွေဟာ ဝရုန်းသုန်းကား နေရာယူကြတယ်။ ကျွန်တော် ကြက်သေ သေနေတယ်။ သားသားက အသံနက်ကြီးနဲ့ အော်ရင်း အတင်းပြေးဆင်းတယ်။ အလဲလဲ အပြိုပြိုနဲ့ ကမ်းပါးစောက်အတိုင်း လျှောကျသွားတယ်။

ဘိုဘိုက ရေထဲကျသွားပြီ။ သားသားက အတင်းပြေးဆင်းနေတယ်။ သေနတ်သံ ထပ်မကြားရဘူး။ နှစ်ဖက်စလုံးက ဒီမြင်ကွင်းကို ငေးနေကြမယ် ထင်တယ်။ သားသားဟာ ရေထဲ ခုန်ဆင်းလိုက်တယ်။ သန်လှတဲ့ ရေစီးထဲမှာ ဘိုဘိုနဲ့ သားသား မြုပ်ချည် ပေါ်ချည် ဖြစ်နေတယ်။ သားသား လက်တစ်ဖက်

မြောက်တက်လာပြီး ပြန်မြုပ်သွားတယ်။ အောက်ဘက် ဆယ့်ငါးကိုက်၊ ကိုက် နှစ်ဆယ်လောက်အကွာမှာ သစ်ပင်ကြီးတစ်ပင် မြစ်ဘက် ကိုင်းကျနေတယ်။ ဒါ သူတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ။ အဲဒီအောက်ဘက်မှာ မြစ်ဟာ ပင်လယ်လောက်ကို ကျယ်ပြန့်နေတော့တာ။ အဲဒီထိ မျောသွားရင်တော့ သူတို့ သေပြီ။

ဗိုလ်မှူးကြီးက မိကျောင်းတက် တက်လာပြီး ကျွန်တော့်နားကနေ လာကြည့်နေတယ်။ ဟော.... လက်တစ်ဖက် သစ်ကိုင်းကို ဆွဲလိုက်ပြီ။ သားသားခေါင်းပေါ်လာပြီ။ နောက် လက်တစ်ဖက်၊ မြုပ်ချည် ပေါ်ချည်၊ မြုပ်ချည် ပေါ်ချည်။

ဗိုလ်မှူးကြီးက သူတို့ကို သွားကူဖို့ ပြောတယ်။ ကျွန်တော်လည်း သတိဝင်လာပြီး ကမ်းပါးစောက်ကနေ ပြေးဆင်းတယ်။ သားသားကို တွေ့ရပြီ။ ဘိုဘို ဘယ်မလဲ။ ဟော... သားသားဟာ ပျော့ခွေနေတဲ့ ခန္ဓာကိုယ်လေး တစ်ခုကို ကမ်းပေါ်ဆွဲတင်နေတယ်။ ဟော... နှစ်ယောက်လုံး မြစ်ကမ်းဘေး မှာ ခွေကျသွားပြီ။

အဲဒီအချိန်မှာ ဒုတိယသေနတ်သံ တစ်ချက် ထွက်လာတယ်။ အဲဒါ ဗိုလ်မှူးကြီးအတွက်ပဲ။ အဲဒီနောက်ပိုင်း ဘာဆက်ဖြစ်တယ် ဆိုတာ ခပ်ဝါးဝါးပဲ။ သားသားတို့နှစ်ယောက် အကာအကွယ် မဲ့နေတာ တွေ့တယ်။ ကျွန်တော် ကမ်းပါးမှာ ပုန်းစရာ ရှာရင်၊ ဝုန်းခနဲ လက်ပစ်ဗုံးတစ်လုံး အနားမှာ ပေါက်ကွဲပြီး ကျွန်တော် သတိမေ့သွားတယ်။

ပြန်သတိရလာတော့ အနားမှာ သူပုန်တပ်သား နှစ်ယောက် ထိုင်နေ တယ်။ ကျွန်တော့်နားတွေ အူနေတယ်။ ခေါင်းက ထိုးကိုက်နေတယ်။ သူတို့ ဘာတွေ ပြောနေမှန်း နားမလည်ဘူး။ သူတို့ဟာ ကျွန်တော် မတ်တတ်ရပ်နိုင် အောင် ကူညီကြတယ်။ ခေါင်းနဲ့ လက်မောင်းတွေမှာ ပွန်းရာပဲ့ရာ ပြတ်ရာ ရှရာတွေ၊ ခေါင်းက မိုက်ခနဲ မိုက်ခနဲ မူးနေလို့ ရပ်ဖို့ အတော်ခက်တယ်။ သူတို့ ကျွန်တော့်ကို ခေါ်သွားကြတယ်။ တောစပ်မှာတော့ ပေါ်တာတွေနဲ့ တပ်သား အလောင်းတွေ၊ ဒီတိုက်ပွဲမှာ ကျွန်တော်တို့ထဲက ဘယ်နှယောက် အသက်ရှင် သလဲ မသိတော့ပါဘူး။ ဒုတိယအကြိမ် သတိပြန်လစ်သွားပြန်တယ်။

နောက်တော့ သူပုန်စခန်းတစ်ခုကို ရောက်သွားခဲ့တယ်။ သူတို့ ကျွန်တော့် ဒဏ်ရာတွေကို ကုပေးတယ်။ အစားအသောက် ဖောဖောသီသီ ကျွေးတယ်။ ကျွန်တော်တို့ ရှေ့တန်းစခန်းရဲ့ သတင်းအချက်အလက်တွေကို မေးတယ်။ လူသူလက်နက်အင်အား၊ အပြင်အဆင်၊ အထားအသို စသဖြင့်ပေါ့။ ဒါကလွဲလို့ ဘာဒုက္ခမှ မပေးကြပါဘူး။ နှစ်ပတ်လောက် အကြာမှာတော့ သူတို့နဲ့နေပြီး တော်လှန်ရေးသမား လုပ်ချင်လုပ်၊ ဒါမှမဟုတ် နီးရာမြို့ကို ပို့ပေးမယ်လို့ ပြောလာပါတော့တယ်။

မောင်ထွန်းသည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ကျွန်မကို အကဲခတ်နေပုံပင်။ စားပွဲထိုးလေးတစ်ယောက်က ရေနွေးကြမ်းခါတ်ဘူးနှင့် ကွာစေ့ တစ်ပန်းကန် လာချပေးသည်။ အစ်ကိုကြီး ဘာမေးမလဲ၊ ဘာပြောမလဲ

စောင့်နေမိသည်။ သို့သော် သူက တိတ်ဆိတ်နေသည်။ ဘာမျှ မပြော။

ကျွန်မလည်း ရှင်းရှင်းလင်းလင်း စဉ်းစားဖို့ပင် ခက်လှသည်။ ကြားရတာတွေက ငရဲကမ္ဘာက အဖြစ်အပျက်တွေအလား။ တစ်ချိန်တည်းမှာပင် သားသား ဘယ်လို ဆုံးသွားသလဲ၊ သူ့ကို ဘယ်သူ သတ်သွားသလဲ ဆိုတာ မောင်ထွန်း ပြောပြခြင်း မရှိသည့်အတွက် စိတ်ထဲက တစ်မျိုး ခံစားရပြန်သည်။ အလိုမကျမှု၊ အဖြစ်မှန်ကို ကြားရမှာ ကြောက်ရွံ့မှု။

"သားသား ဘယ်မှာ ဘယ်လို သေသွားတာလဲ ဆိုတာ ရှင် ကျွန်မ တို့ကို ပြောပြနိုင်မလား"

ကျွန်မ ခပ်လောလော ခပ်ကျယ်ကျယ် မေးလိုက်မိသည်။

ဦးဘက ကျွန်မကို ကြည့်ကာ ခေတ္တခဏ ချီတုံချတုံ ဖြစ်နေပြီး ခန္ဓာကိုယ်ကို ရှေ့သို့ ကုန်းပြီး မောင်ထွန်းကို ဘာသာပြန်ပြလိုက်သည်။

"သားသား ဘယ်လို သေသွားတာလဲ ဟုတ်လား"

မောင်ထွန်းက သူ ကြားလိုက်ရတာ မှန်၊ မမှန် ပြန်မေးနေသည်။ ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

မောင်ထွန်းက ခေါင်းယမ်းရင်း တစ်စုံတစ်ရာ ပြောလိုက်သည်။

အစ်ကိုကြီး၏ မျက်လုံးတွေ ပြူးကျယ်လာခဲ့သည်။

"သူ မသေပါဘူး၊ သားသားဟာ သက်ရှိထင်ရှား ရှိနေဆဲပဲတဲ့"

■■■

တတိယပိုင်း

အခန်း (၁)

အစ်ကိုကြီး ကျွန်မဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ သူ့ခေါင်းက ကျွန်မ ပခုံးပေါ် သာသာလေး မှီထားသည်။ ပါးစပ်က မပွင့်တပွင့်၊ သူ့လည်ချောင်း ထဲမှ ချွဲသံ တဂူးဂူး တဂဲဂဲ ကြားနေရသည်။ ကျွန်မ တဘက်ကလေး ထုတ်ကာ မျက်နှာပေါ်က ချွေးတွေကို သုတ်လိုက်သည်။ အစ်ကိုကြီးနဖူးကို အသာ စမ်းကြည့်မိသည်။ အစ်ကိုကြီးမှာ အဖျားသွေးရှိနေပြီကော။ အဖျားအတော် ကြီးပုံရသည်။ နဖူးက အတော်ပူနေသည်။ အိပ်မပျော်ခင်ကလည်း သူ အကြီး အကျယ် ချောင်းဆိုးသေးသည်။ သာစည်မှာတုန်းက သေမတတ် ချောင်းဆိုး၍ ဆရာဝန်နှင့် ပြဖို့ပြောတော့ ခေတ်မတည့်လို့ ဖြစ်တာ မကြာခင် ပျောက်သွား မယ်ချည်း ပြောကာ တွင်တွင်ငြင်းခဲ့သည်။ ဒီအချိန်၊ ဒီရာသီ ရောက်တိုင်း ဖြစ်နေကျတဲ့။ ကျွန်မဖြင့် သူ ပြောတာ တစ်လုံးမျှ မယုံ။

ခု ကျွန်မတို့ မန္တလေးသို့ သွားသော ရထားပေါ်မှာ။ တွဲက ခုန်လိုက် ခါလိုက်၊ ယမ်းလိုက်သည်မှာ ပြုတ်ထွက်မတတ်။ စာဖတ်ဖို့ ဆိုတာ စကားထဲ ထည့်ပြောနေစရာပင် မလို။ ပြတင်းပေါက်မှ လေတွေ ဝင်နေသော်လည်း လေက လေပူကြီး။ လေထဲမှာ အစားအသောက် အနံ့၊ ချွေးနံ့နှင့် ကျွန်မတို့ ရှေ့ခုံကတရုတ်ခရီးသည်တစ်ယောက် မကြာခဏ ထုတ်ထုတ်ဖျန်းသည့် ချွေးနံ့ပျောက် အမွှေးရနံ့ ပြင်းပြင်းတွေ ပါလာသည်။

ဦးဘသည် အထက်တန်းတွဲ ဆိုသည့် ထိုင်ခုံတွေကို ရအောင် စီစဉ် နိုင်ခဲ့သည်။ ထို့ကြောင့် ခြေထောက်တင်စရာ၊ နောက်သို့ လှန်စရာပါသော ကျယ်ကျယ်လွင့်လွင့် ဆိုဖာလက်တင်ခုံတွေနှင့် ထိုင်ရသည်။ သို့သော်လည်း ဖိမ်မကျ၊ သက်သောင့်သက်သာ မရှိ၊ ဆိုဖာခုံက စပရိန်တွေ တကျွီကျွီ မြည်နေ တာကို ကြားနေ သိနေသည်။ ဒါပေမဲ့ ရိုးရိုးတန်း ဆိုသည့် တွဲတွေထဲမှာ ခရီး သည်တွေ သစ်သားခုံမာကြီးတွေပေါ်မှာ ပစ္စည်းအပြည့်အသိပ်ဖြင့် ခွေခေါက် အိပ်နေရတာ၊ ကလော-သာစည် လိုင်းကား ခေါင်မိုးပေါ်က စီးခဲ့ရတာတွေနှင့် စာလျှင် နတ်ပြည် ရောက်နေသလိုပင်။

ခြင်းတောင်းတွေ၊ ဗန်းတွေ ကိုယ်စီနှင့် ဈေးသည် ယောက်ျား၊ မိန်းမ တွေ တွဲထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း ကြက်ဥပြုတ်၊ မြေပဲပြုတ်၊ ငှက်ပျောသီး၊ သရက်သီး၊ ကွမ်းယာ၊ ဆေးလိပ်တွေ ရောင်းနေကြသည်။ ဈေးသည် တစ်ယောက်က သူ့ဗန်းကြီး ကျွန်မမျက်နှာနား ထိုးပြသည်။ ဆီတွေ ရွှဲနေသည့် ကြက်ကြော်တွေက ယင်ကောင်တွေ ဝဲလျက်။ ကျွန်မ အော်ဂလီဆန်စွာ ခေါင်းယမ်း ပြမိသည်။

အပြင်မှာတော့ နေဝင်စပြုပြီ။ လမ်းလျှောက်သလောက် အမြန်နှုန်းဖြင့် ရထားသည် မြို့လေးတစ်မြို့ကို ဖြတ်နေသည်။ သံလမ်းတွေကြားမှာ ကောင်ကလေး

နှစ်ယောက် ကွဲတစ်ကောင်ကို မောင်းနေသည်။ သူတို့နောက်မှာ မြေအိုး ခြောက်လုံးလောက် ဆင့်ကာ ခေါင်းပေါ်ရွက်လာသော မိန်းမကြီး တစ်ယောက်။ တချို့ ခြံဝင်းတွေက မီးခိုးငွေ့တွေ တလူလူ။ ရေကန်လေး တစ်ကန်ထဲမှာ ကိုယ်တုံးလုံး ကလေးတွေ ပျော်မြူးနေကြသည်။

မောင်ထွန်း စကားကို စဉ်းစားနေမိသည်။ သားသား မသေဘူး၊ သက်ရှိထင်ရှား ရှိတုန်းပဲတဲ့။ ဒီစကားကို သေသေချာချာ အဓိပ္ပာယ် နားလည်ဖို့ အတော်အချိန်ပေးလိုက်ရသည်။ အစ်ကိုကြီးရော ကျွန်မပါ ဒီလို ဖြစ်လိမ့်မည်ဟု လုံးဝ ထင်မထား။ သေသူ့ခြေရာကောက်လိုက်သည်ဟုသာ တစ်ချိန်လုံး တွက်ထား ခဲ့ကြသည်။ နုနုကလည်း သူ့သား သေပြီဟု ထထစ်ချ မှတ်ယူထားသည်။ ဒေါ်ခင်ခင်တို့၊ ကိုကြီးတို့လည်း ထိုနည်း လည်းကောင်း။

တကယ်တော့ သားသားနှင့် ဘိုတို့အကြောင်း သူပုန်တွေဆီက မောင်ထွန်း ဘာမျှ မသိခဲ့ရပါ။ ရောမလူထွားကြီးသည် ပျော့ခွေနေသည့် ခန္ဓာကိုယ်လေးကိုထမ်းရင်း မြစ်အောက်ပိုင်း ဆင်းသွားသည်ဟုသာ သူတို့ ပြောပြကြသည်။ သူတို့ကို သူပုန်တွေက ဘေးမဲ့ပေးလိုက်ပါသတဲ့။

နှစ်တွေ ကြာလာတော့ အဝေးပြေးကားသမားတွေထံမှ သတင်းစကား တစ်ခု မောင်ထွန်း ကြားခဲ့သည်။ ထူးဆန်းသည့် ရသေ့တစ်ပါး ကလေးတွေ ကြက်တွေ တစ်ပြုံတစ်မကြီးနှင့် သီပေါမြို့စွန်က ဘုန်းကြီးကျောင်းဟောင်း ကြီးမှာ သီတင်းသုံးနေသည်တဲ့။ အင်မတန် ထူးခြားသည့် ထိုရသေ့သည် မိဘမဲ့ ကလေးတွေကို မွေးစားကာ ပြုစုစောင့်ရှောက်ရင်း နေထိုင်သည်တဲ့။ ညာဘက် လက်ချောင်း တစ်ချောင်း မရှိ၊ မေးစေ့မှာ အမှတ်ရှိ၊ ညာလက်မောင်းမှာ အမာရွတ်ရှိ၊ စစ်ပြန်တစ်ယောက်ဟု ယူဆရ ဆိုသည့် ထိုစကားများကို ကားသမားနှစ်ယောက်ထက် မနည်းထံမှ ကြားရတော့ ဒါ သားသားပဲဟု မောင်ထွန်း ယူဆခဲ့သည်။ ဦးဘကလည်း ထိုအတိုင်း ယူဆသည်။ ကျွန်မကတော့ တွေဝေ နေမိသည်။

ဘာပဲပြောပြော ခုတော့ ကျွန်မတို့ မန္တလေးဆင်းခဲ့ကြပြီ။ မန္တလေးမှာ ညအိပ်မည်။ နောက်တစ်နေ့မနက် သီပေါသို့ သွားမည်။

ရထားသည် ဆောင့်ကြီးအောင့်ကြီး ရပ်လိုက်သည်။ အစ်ကိုကြီး လန့်နိုးသွားသည်။ ဘေးဘီကို တောင်ကြည့် မြောက်ကြည့် ကြည့်နေသည်။ သူ့နှုတ်ခမ်းတွေ ခြောက်နေသည်။ ကျွန်မ သူ့ကို ရေသန့်ဘူး ပေးလိုက်သည်။ ဘေးခုံက လူနှင့် သူ စကားတစ်ခွန်း နှစ်ခွန်း ပြောသည်။

“မန္တလေးကို နောက်နှစ်နာရီလောက် နေရင် ရောက်မတဲ့၊ ညည်း ဆာနေပြီလား”

ခေါင်းမြန်မြန်ညိတ်ပြလိုက်မိသည်။

“အစ်ကိုကြီးလည်း အတော်ဆာပြီ၊ တစ်ခုခု သွားစားကြမလား”

“ဟင်- ဒီရထားပေါ်မှာလား”

“စားသောက်တွဲ ပါပါတယ်ဟဲ့၊ ညည်းကလည်း”

တွဲထဲကို စိတ်မသက်မသာဖြင့် ကြည့်မိသည်။

“ဖြစ်ပါ့မလား အစ်ကိုကြီးရယ်”

“ထမင်းကြော်နဲ့ ကော်ဖီ မှာမယ်လေ၊ သေချာ ကြော်လှော်ကြတာပါ၊ စိတ်မပူပါနဲ့”

ဦးဘက ထရပ်လိုက်သည်။ ကျွန်မ သူ့နောက်က မရဲတရဲ လိုက်သွားရသည်။

ရထားက ယမ်းလှ ခါလှသည်။ ဘေးဘောင်နှင့် ခေါင်း နှစ်ခါ ဆောင့်မိသည်။

စားသောက်တွဲထဲမှာ နေရာလွတ် နှစ်ခု တွေ့ရသည်။ အစ်ကိုကြီးက ဝင်ထိုင်ချလိုက်သည်။ ကျွန်မကတော့ တွေဝေစွာ ရပ်နေမိသည်။ ဘေးခုံမှာ စစ်သားတွေ အုပ်စုလိုက် စားသောက်နေကြသည်။ သူတို့၏ အစိမ်းပုပ်ရောင် ယူနီဖောင်းတွေက၊ ပြောင်လက်နေသော ဘွတ်ရှူးနက်တွေက၊ ကွမ်းသွေးတွေ နီရဲနေသည့် သွားတွေက ကျွန်မကို စိတ်မသက်မသာ ဖြစ်စေသည်။

ဦးဘက သူ့ဘေးမှာ အမြန်လာထိုင်ဖို့ မျက်ရိပ်မျက်ခြည် ပြနေသည်။ ကျွန်မ တွေဝေနေဆဲ။ လူတွေက များလှသည်။ အကြည့်တွေက စူးလှသည်။ မဆုံးဖြတ်တတ်။

ဒါပေမဲ့ ပြန်လှည့်ဖို့က နောက်ကျလွန်းခဲ့ပြီ။ အစ်ကိုကြီးကို တစ်ယောက်တည်း ထားခဲ့လို့လည်း မဖြစ်။ ဒါနဲ့ပဲ သူ့နားကို လျှောက်သွားခဲ့ရသည်။

“ထိုင်ပါ၊ သူတို့ ဘာမှ ဒုက္ခပေးလို့ မရပါဘူး၊ တို့ ဘာပြောနေမှန်း တောင် သူတို့ နားလည်တာ မဟုတ်ဘူး”

စစ်သားတွေက ကျွန်မတို့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။ ဦးဘက သူတို့ကို ပြုံးပြသည်။ ကျွန်မက ပြတင်းပေါက်ဘက်ကို ငေးနေမိသည်။

စားပွဲထိုး ရောက်လာတော့ ဦးဘက ကြက်ထမင်းကြော် နှစ်ပွဲနှင့် ကော်ဖီနှစ်ခွက် မှာသည်။ မီးဖိုထဲမှာ ချွေးတလုံးလုံးဖြင့် ယောကျ်ားကြီးတွေ ကြော်လှော်ချက်ပြုတ်နေကြတာ မြင်ရသည်။

“အစ်ကိုကြီး၊ ကျွန်မ တစ်ခု မေးလို့ရမလား”

“မေးလေ၊ မေးချင်တာမေး”

“ဒီတိုင်းပြည်မှာလေ၊ လူတွေဟာ ဘာလို့အကြောင်းမရှိဘဲ အချိန်တိုင်း

ရယ်နေကြတာလဲဟင်”

အစ်ကိုကြီးက ဒီမေးခွန်းကို ကာလရှည်ကြာ စောင့်မျှော်နေဟန်ဖြင့် ခေါင်းကလေးကို တစ်ဖက်သို့ စောင်းရင်း ပေါ့ပါးစွာ ဖြေပါသည်။

“ရယ်တယ်ဆိုတာ ဒီမှာ အဓိပ္ပာယ်အမျိုးမျိုး ထွက်တယ် ဂျူလီယာ ရဲ့၊ အစ်ကိုကြီးတို့ဟာ ပျော်လို့၊ သဘောကျလို့၊ အူမြူးလို့ ရယ်တတ်သလို မကြိုက်လို့၊ မနှစ်သက်လို့၊ မုန်းစရာ၊ ရွံစရာ၊ စက်ဆုပ်စရာကောင်းလို့လည်း ရယ်တတ်ကြတယ်၊ ကြောက်ရင်လည်း ရယ်တယ်၊ ဒေါသထွက်ရင်လည်း ရယ်တယ်”

“ဟင်- ဒါဆို ရယ်ခြင်းဟာ တစ်ခုခုကို ဖုံးကွယ်ချင်လို့ပေါ့”

“အဲဒီလို ပြောလို့လည်း ရပါတယ်။ အသေအချာ ကြည့်တတ်မယ်၊ မြင်တတ်မယ် ဆိုရင် ဘယ်လို ရယ်နည်းမျိုးဆိုတာ ညည်း သိလာမှာပါ”

စားပွဲထိုးက ရေနွေးနှစ်ခွက်နဲ့ အသင့်ဖျော် ကော်ဖီနှစ်ထုပ် လာချ တယ်။ ခဏနေတော့ ထမင်းကြော်တွေ ရောက်လာတယ်။ အမယ်လေး ကျွန်မ ထင်တာထက် အများကြီး ပိုကောင်းတယ်။ ဦးဘက အလောတကြီး စားလိုက် တာ လျှာအပူလောင်သွားတယ်။ သူက ရယ်ပြီး “ကြည့်စမ်း သေခါနီးတာ တောင် လောဘကကြီးတုန်း”လို့ သူ့ကိုယ်သူ ပြောရင်း ရယ်သွမ်းသွေးနေတယ်။ ထမင်းကြော်က အမွှေးအကြိုင်ပေါင်းစုံနဲ့ သေချာ ကြော်လှော်ထားတော့ သိပ် အရသာရှိ။

“သားသားကို ရှာတွေ့မယ်လို့ အစ်ကိုကြီး ထင်လားဟင်”

ကျွန်မလည်း အလောတကြီး စားမြိမ့်၍ လျှာပူလောင်ပြီးနောက် အစ်ကိုကြီးကို မေးလိုက်သည်။

ဦးဘက ခေါင်းညိတ်ပြသည်။

“လက်ချောင်းတစ်ချောင်း ပြတ်နေတဲ့ ရသေ့ဆိုတာ များများစားစား မရှိနိုင်ဘူးလေ”

“ဟုတ်တယ်နော်”

“ဒါမှမဟုတ် သားသားဟာ သေသွားတာလည်း ဖြစ်နိုင်တာပဲ၊ ကားသမားတွေ ပြောတယ် ဆိုတာလည်း ကြာခဲ့ပြီကိုး”

“အင်း- ဒါလည်း ဖြစ်နိုင်တာပဲ”

“အစ်ကိုကြီးကရော သားသားကို ရှာတွေ့မယ် ထင်လား”

အစ်ကိုကြီးက ခေါင်းညိတ်ပြသည်။

“ဘာဖြစ်လို့လဲ”

“အာရုံသိလေ ဂျူလီယာ”

“အာရုံသိက မှားနိုင်တာပေါ့”

အစ်ကိုကြီးက ခေါင်းယမ်းသည်။

“ဝမ်းတွင်းပါ အာရုံသိကို သံသယ မဖြစ်လေနဲ့ ကလေးမရဲ့”

ကျွန်မ ရယ်လိုက်သည်။

“ကျွန်မရဲ့ အာရုံသိကတော့ မစွံပါဘူး၊ အမြဲတမ်း ချောက်ထဲချည်း ဆွဲဆွဲချတာ”

“အစ်ကိုကြီးတော့ ဒီလိုမထင်ပါဘူး၊ အာရုံသိဟာ အစ်ကိုကြီးတော့ အတွေ့အကြုံတွေကနေ ထုတ်နုတ်ယူထားတဲ့ မမှားနိုင်သော မှတ်ဉာဏ်အာရုံတွေပဲကွဲ့၊ သူ ပြောတာကို အာရုံစိုက်နားထောင်တတ်ဖို့ပဲ လိုတာ၊ တစ်ခါတလေ အာရုံသိက တွဲတိုးတော့ မပြောဘူး၊ တစ်ခါတလေ ကိုယ် မကြားချင်တဲ့ အရာမျိုးတွေ ပြောကြတယ်၊ ဒါကြောင့်လည်း မှန်တယ် မထင်တာပေါ့”

ကျွန်မ စဉ်းစားရင်း ထမင်းကြော်ကို ပလုတ်ပလောင်း စားနေမိသည်။ အစ်ကိုကြီးက ကုန်နှင့်တာ ကြာပြီ။ သူ ကော်ဖီ နောက်တစ်ခွက် ထပ်မှာသည်။ သူ့ကြည့်ရတာ ပင်ပန်းနေပုံပင်။ မျက်နှာတွေလည်း သိသိသာသာ ချောင်ကျသွားသည်။

ပထမတော့ သူ ကော်ဖီ သီးသွားသည်ဟု ထင်မိသည်။ သူ့ကျောကို ပုတ်ပေးနေမိသည်။ သူက ရှုန်းသည်။ ပြီးတော့ မပြီးနိုင် မစီးနိုင် သည်းထန်စွာ ချောင်းဆိုးတော့သည်။ မျက်နှာတွေ နီရဲလာပြီး စားပွဲစွန်းကို လက်ဖြင့် အတင်း ဆုပ်ကိုင်ထားသည်။ သူ အသက်မရှူနိုင်။ စစ်သားတွေက ဝိုင်းကြည့်နေကြ သည်။ ကျွန်မ ကြောက်လာသည်။ သူ့လက်ကို ဆုပ်ထားမိသည်။ သူ့ကျော ကို ပွတ်ပေးနေမိသည်။ ချောင်းဆိုးပျောက်သွားတော့ သူ ပို၍ပင် ပင်ပန်းနွမ်းလျ နေသယောင်။

“မန္တလေး ရောက်တာနဲ့ အစ်ကိုကြီးကို ဆေးရုံခေါ်သွားမယ် ဒါပဲ”

ကျွန်မ သူ့ကို ခိုင်ခိုင်မာမာ ပြောလိုက်သည်။

“ဒီလောက်ကြီး မဟုတ်ပါဘူး”

သူက ကျွန်မကို ပြန်နှစ်သိမ့်နေသေးသည်။

“တော်စမ်းပါ အစ်ကိုကြီးရာ”

ကျွန်မ ဒေါပွလာသည်။

"အစ်ကိုကြီး အခြေအနေက ကြည့်နေရင်းနဲ့ ပိုပိုဆိုးလာတာ အသိသာကြီးပဲကို၊ ဒါ ခါတ်မတည့်တာ မဟုတ်ဘူး"

"ဟုတ်ပါတယ်"

သူ့အသံက အားမရှိ။

"ဘာနဲ့ ခါတ်မတည့်တာလဲ ပြော"

"မသိဘူးလေ"

"အစ်ကိုကြီး ဆေးကုတာခံမှ ဖြစ်မယ်"

"သူတို့ စမ်းသပ်လို့ တစ်ခုခု တွေ့ရင် ဘယ်လို လုပ်မလဲ"

"ဩော်- ကုရမှာပေါ့ အစ်ကိုကြီးရဲ့"

"သူတို့ မကုနိုင်ပါဘူး၊ မကုနိုင်ဘဲ ရောဂါနာမည်တပ်နေတော့ရော ဘာထူးမှာလဲ"

"ရတယ်၊ ဒီမှာ မကုနိုင်ရင် ရတဲ့ လေယာဉ်နဲ့ ဗန်ကောက် သွားမယ်၊ ဟိုမှာ ထိပ်တန်းဆေးရုံတွေ တစ်ပုံကြီး"

အစ်ကိုကြီးက နွမ်းလျလျ ပြုံးသည်။

"ဂျူလီယာလေး၊ အစ်ကိုကြီးမှာ နိုင်ငံကူးလက်မှတ်မှ မရှိတာကွယ်"

"မရှိရင် လုပ်ပေါ့၊ အစ်ကိုကြီးရဲ့"

"အောင်မယ်လေး နိုင်ငံကူးလက်မှတ်လုပ်ဖို့ ဆိုတာ ရန်ကုန် သွားရ မယ်၊ ကံကောင်းရင် သုံးလေးလ၊ တစ်ခါတလေ နှစ်နဲ့ချီ ကြာမယ်၊ ရ မရ မသေချာဘူးနော်"

"ဘာ- နိုင်ငံကူးလက်မှတ် ရဖို့ လနဲ့ချီ စောင့်ရမယ် ဟုတ်လား၊ ကျန်းမာရေးကိစ္စဆို အရေးပေါ် လုပ်ပေးရမယ် မဟုတ်လား"

"စွမ်းတဲ့လူတွေအတွက်တော့ ဟုတ်မှာပေါ့၊ အစ်ကိုကြီးလို အနုညာတ ကတော့ ဘယ်ရပါ့မလဲ"

"ဘာအစ်ကိုကြီးလို အနုညာတလဲ"

"တပ်နဲ့ ဘာအဆက်အသွယ်မှ မရှိတဲ့လူတွေကို ပြောတာ"

"ကဲပါ နောက်မှ စဉ်းစားတာပေါ့၊ လောလောဆယ် ဆရာဝန်နဲ့ ပြရမယ်"

"မသိတော့ပါဘူးကွယ်"

"မန္တလေး ရောက်ရင် အကောင်းဆုံးဆေးရုံကို တန်းသွားမယ်၊ အဲဒီလိုမှ မဟုတ်ရင် ကျွန်မ ဘယ်မှ ရှေ့ဆက် မသွားတော့ဘူး"

"ဒါပေမဲ့..."

"ဘာမှ ဒါပေမဲ့နဲ့၊ ကျွန်မ ပြောတာ နားထောင်၊ ဘူတာရုံက တစ်လက် မှ မခွာဘဲ နေလိုက်မှာ"

ဦးဘက သက်ပြင်းကြီးချရင်း အပြင်ကို ငေးနေသည်။ လမ်းတွေက ပိုကျယ်လာပြီ။ လူတွေ၊ အိမ်တွေ၊ အလင်းရောင်တွေ ပိုပို များလာပြီ။ မန္တလေး ရွှေမြို့တော် ဆိုတာကို ချဉ်းကပ်လာခဲ့ပြီ ထင်သည်။

အစ်ကိုကြီး ဘာလို့ နိုင်ငံကူးလက်မှတ် မလုပ်ထား တာလဲ"

"ဪ- လိုမှ မလိုတာ"

ကျွန်မဆီ လာလည်ဖို့ ဖြစ်ဖြစ် လုပ်ထားမှပေါ့"

"အင်း- ဒါလည်း ဟုတ်တာပဲ"

"ပြန်ရောက်ရင် လုပ်ထားနော်"

"အေးလေ၊ ကြည့်သေးတာပေါ့"

သူ့အဖြေကို ကျွန်မ ဘဝင်မကျ။

"ဘာကြည့်သေးတာပေါ့တုံး၊ အစ်ကိုကြီး ကျွန်မဆီ ဘယ်တော့မှ လာမလည်ဘူးလို့ ဆုံးဖြတ်ထားတာလား၊ ကျွန်မ ရှိတဲ့ နယူးယောက်ကို မလာချင်ဘူးလား"

"လာချင်ပါတယ် ဂျူလီယာရယ်၊ ဒါပေမဲ့ ခရီးက ဝေးလွန်းတယ်" ထိုင်ခုံနေရာ ပြန်ရောက်တော့ ဦးဘက မှိန်းနေသည်။ သူ့ကို ကြည့်ရင်း ကျွန်မ သနားကြင်နာစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာသည်။

ကျွန်မ စိတ်ရောကိုယ်ပါ နှစ်ပြီး ပေါင်းသင်း၍ရသူ နည်းနည်းသာ ရှိသည်။ သူတို့နှင့်ဆိုလျှင် ကျွန်မ သက်သောင့်သက်သာ ရှိလှသည်။ အစ်ကိုကြီး က ထိပ်ဆုံးကပေါ့။ အစ်ကိုကြီးမှာ ရောဂါဆိုးတစ်ခုခု စွဲကပ်နေခဲ့လျှင် ဘယ့်နှယ် လုပ်ရပါ့။ အစ်ကိုကြီး၏ ကျန်းမာရေးအတွက် ကျွန်မ စိုးထိတ်လာမိသည်။ သူ့ကို ဆုံးရှုံးရမည် ဆိုသည့် အတွေးနှင့်ပင် မခံနိုင်အောင် ဖြစ်ရသည်လေ။

အခန်း (၂)

မန္တလေးပြည်သူ့ဆေးရုံကြီးက ဘူတာရုံနှင့် နီးနီးလေး။ ကွမ်းယာသည် တစ်ယောက် က လမ်းညွှန်ပေးသည်။ ကျွန်မ အထုပ်အပိုးတွေ အကုန်သယ်လိုက်သည်။ အစ်ကိုကြီး က ဘာမှ မကန့်ကွက်သဖြင့် အံ့ဩရသေးသည်။

ဆေးရုံကြီးဝင်ပေါက်က ပွဲဈေးတန်းတမျှ စည်ကားလှသည်။ အသီးသည်တွေ၊ အအေးသည်တွေ၊ စာအုပ်သည်တွေ၊ လမ်းသွားလမ်းလာတွေ ခြေချင်းကို လိမ်လို့။ သူတို့ကြားမှ ဆိုက်ကားတွေ၊ တက္ကစီတွေက မရရအောင် ဖြတ်သန်းနေကြသည်။

လူငယ်လေးတစ်ယောက်က စံပယ်ပန်းကုံးတွေ လာရောင်းနေသည်။ စံပယ်နံ့သင်းသင်းက နှာဝမှာ မွှေးပျံ့လျက်။

"စံပယ်ပန်းနံ့ကို ကြိုက်လား ဂျူလီယာ"

"အင်း. . . ကြိုက်တယ် အစ်ကိုကြီး"

ပန်းသည်ကို ပိုက်ဆံပေးဖို့ အိတ်ထဲနှိုက်နေတုန်း ကောင်လေးက ပြုံးပြ ပြီး ပျောက်ကွယ်သွားသည်။ ဆေးရုံကြီးတစ်ဖက်က လမ်းမှာတော့ ဈေးဆိုင် တွေ စီတန်းနေသည်။ ထမင်းဆိုင်လေးတွေကလည်း ပလတ်စတစ်ခုံလေးတွေ လမ်းဘေးမှာ ခင်းရင်း ရောင်းချနေကြသည်။

ဦးဘက လမ်းဘေးမှ ကျားထိုးပွဲကို ရပ်ကြည့်နေလေသည်။ ကျားထိုး နေသူ တစ်ယောက်က တစ်ကိုယ်လုံးအနှံ့ လည်ပင်းပါ မကျန် ဆေးမင်ကြောင် အပြည့်နှင့်။

"အဲဒါ ဘာတွေတုံးဟင်၊ ဘာလို့ အဲသလို ထိုးထားတာလဲ"

ကျွန်မ တိုးတိုးလေး မေးမိသည်။

"မိစ္ဆာတွေ၊ နာနာဘာဝတွေ ရန်က ကာကွယ်နိုင်တဲ့ အဆောင်သဘော မျိုး ထိုးထားတာကွဲ့"

ဦးဘက ပြန်ဖြေသည်။

ကျွန်မ သူ့ကို ဆွဲခေါ်ခဲ့လိုက်သည်။ ဆေးရုံကြီး၏ အရေးပေါ်ခန်းဟု ယူဆရသည့် အဆောက်အအုံကြီးထဲ ဇွတ်ဝင်လာခဲ့သည်။ သူ့ကို ဆေးရုံ အတင်းခေါ် လာခဲ့တာ မှန်ရဲ့လား ဆိုသည့် သံသယတွေ ကျွန်မမှာ ပထမဆုံးအကြိမ်အဖြစ် ဖိစီးနှိပ်စက်လာခဲ့သည်။

အထဲမှာ ပူလှ အိုက်လှ နံလှ ဟောင်လှသည်။ မျက်နှာကြက် ပန်ကာနှစ်လုံးက တကျွီကျွီ အသံပေးရင်း မလည်ချင့် လည်ချင် လည်နေသည်။ နီယွန်မီးရောင် ဖြူဖြူဖြဲဖြဲအောက်မှာတော့ လူတွေလူတွေ အုပ်လိုက်ကြီး။ ခုံတွေပေါ်၊ ကြမ်းပေါ် ထိုင်နေ လှဲနေကြသူတွေ၊ ကလေးလေးတွေ ရင်ခွင်ပိုက်ထားသည့် ကလေးအမေတွေ၊ ကလေးငိုသံတွေ၊ အများအားဖြင့်တော့ ကျွန်မတို့ ဝင်လာသည်ကို မစပ်စုနိုင်လောက်အောင် အနာရောဂါ သည်းထန်စွာ ဖိစီးနှိပ်စက်ထားသည့် လူမမာများပါ။

အစ်ကိုကြီး နည်းနည်းမှ နေလို့မကောင်းမှန်း သိသာလွန်းလှသည်။ ဟန်ပင်မဆောင်နိုင်လောက်အောင် သူ ဝေဒနာခံစားနေရပြီ။ ဆရာဝန်ကို အမောတကော အပြေးအလွှား ရှာရင်း ကြမ်းပေါ် လှဲနေသည့် လူနာတစ်ယောက်ခြေထောက်ကို တက်နင်းမိသည်။ ညည်းသံ ထွက်လာသည်။ ကျွန်မ တောင်းပန် ရင်း တွေ့သည့် သူနာပြုတစ်ယောက်ကို ဆရာဝန် ခေါ်ပေးဖို့ ပြောမိသည်။ သူက ပြုံးပြုံး ခေါင်းညိတ်ရင်း ပျောက်ကွယ်သွားသည်။ စကားတစ်လုံးမျှ ပြန် မပြောသွား။ ကျွန်မ ပြောတာ နားလည်လား၊ မလည်လားလည်း မသိရ။

ခဏနေတော့ ဆရာဝန်လေးတစ်ယောက်က ကျွန်မကို စမ်းသပ်ခန်း ထဲ လက်ယပ်ခေါ်သည်။ ဦးဘက တွန့်တွန့်ဆုတ်ဆုတ်ဖြင့် ဝင်လာသည်။ စမ်းသပ်ခန်းရှေ့က ခုံတန်းရှည်မှာ ဝင်ထိုင်သည်။ သူက လူနာ မဟုတ်သလိုပင်။

"ကျွန်တော် ဘာကူညီရမလဲ"

ဆရာဝန်လေး၏ အင်္ဂလိပ်စကားပြောက ကောင်းလှသည်။ ဤမျှ ကောင်းမည်ဟု ထင်မထားမိသဖြင့် အံ့သြရသည်။

"ကျွန်မ အစ်ကိုကြီး ချောင်းဆိုးနေတာ ကြာပြီရှင့်၊ အခြေအနေက တစ်နေ့တခြား ပိုပိုဆိုးလာလို့၊ ခုဆို သူ ချောင်းဆိုးရင် အသက်တောင် မရှူနိုင်ဘူး"

ဆရာဝန်လေးက ဦးဘကို စေ့စေ့စပ်စပ် ကြည့်နေသည်။

"ခင်ဗျားအစ်ကိုက ဗမာလား၊ နိုင်ငံခြားသားလား"

"ဗမာပါ၊ ဘာဖြစ်လို့လဲ"

သူ့အမေးကြောင့် ကျွန်မ စိတ်ရှုပ်သွားသည်။ ဆရာဝန်လေးက စကားလုံး ရွေးနေသည်။

"ခင်ဗျား မြင်တဲ့အတိုင်းပဲ ကျွန်တော်တို့ ဆေးရုံက လူနာတွေ အပြည့်ပဲ၊ အရေးပေါ်ကုသမှုကို နိုင်ငံခြားသား ဆိုရင် ဦးစားပေးပြီး ကုပေးပါ တယ်၊ ဗမာဆိုရင်တော့ အင်း... နောက် သုံး လေး ရက်နေမှ ပြန်လာပါလို့ ပြောရမှာပဲ"

"နောက် သုံး လေးရက်... ဟုတ်လား"

ကျွန်မ နားကြားများ လွဲရော့သလား။

"ဟုတ်ကဲ့၊ ဒီနေ့ရယ်၊ မနက်ဖြန်ရယ်၊ သန်ဘက်ခါ ရယ်မှာ ဘယ်လိုမှ အားနိုင်ကြမှာ မဟုတ်ဘူး ခင်ဗျ၊ တောင်းပန်ပါတယ်ဗျာ"

သူက ပြုံးပြနေသည်။ ကျွန်မ သူ့အပြုံးကို အဓိပ္ပာယ်မဖော်တတ်။

"ဂျူလီယာ သွားကြပါစို့ကွယ်"

အစ်ကိုကြီးက ကျွန်မကို နောက်ကနေ လောဆော်နေသည်။

"ဟင့်အင်း မသွားဘူး၊ ဒီမယ် ကျွန်မတို့ ပြန်မလာနိုင်ဘူး၊ အစ်ကိုကြီး က အသည်းအသန် ဖြစ်နေတာ၊ စမ်းသပ်မှုခံယူဖို့ အခု လိုနေတာ၊ အောင့်ထား လို့ ရတာ မဟုတ်ဘူးရှင့်"

ဆရာဝန်လေးကတော့ ပြုံး၍သာနေသည်။ သူ့အပြုံး၏ အဓိပ္ပာယ်ကို ခုထိ ကျွန်မ မဖော်နိုင်သေး။

ဟောဟိုမှာ လူနာတွေ တွေ့လား၊ ဆရာဝန်ကို စောင့်နေကြတာလေ၊ ကျွန်တော်တို့မှာ ဝန်နဲ့အား မမျှဘူး ခင်ဗျာ၊ တကယ်ပဲ စိတ်မကောင်းပါဘူး

"ဂျူလီယာရယ်... လာပါကွယ်"

ကျွန်မ ပိုက်ဆံအိတ်ထဲက ဒေါ်လာ တစ်ရာတန် နှစ်ရွက် ထုတ်ပြီး စားပွဲပေါ် ချလိုက်သည်။

ဆရာဝန်လေးက ငွေကို တစ်လှည့်၊ ကျွန်မနှင့် အစ်ကိုကြီးကို တစ်လှည့် ကြည့်နေရှာသည်။ သူ့မျက်နှာက ကြေကွဲရိပ်သန်းလာသည်။ ဒီတစ်ခါ သူ့အပြုံး က နာကြည်းသယောင်၊ ဝမ်းနည်းသယောင်၊ ယူကျုံးမရသယောင် အရိပ်အယောင် တွေ သန်းနေသည်။ အစ်ကိုကြီးက သက်ပြင်းကြီး ဟင်းခနဲ ချလိုက်သည်။ ဆရာဝန်လေးသည် ချီတုံချတုံ ဖြစ်နေရှာသည်။ ခဏနေတော့ ထရပ် လိုက်သည်။ ငွေကို အိတ်ထဲ ထည့်လိုက်သည်။ သူ့နောက်က လိုက်ခဲ့ကြဖို့ ခေါ်သည်။

လူနာတွေ အပြည့်အသိပ် စီတန်းနေသည့် စင်္ကြံလမ်းမတစ်ဆင့် ဆရာဝန်လေးနောက် လိုက်ခဲ့သည်။ လူနာလေးယောက်ကို စမ်းသပ်နေသည့် စမ်းသပ်ခန်းတစ်ခုထဲ ရောက်သည်။ ဦးဘကို ထိုင်ခိုင်းသည်။ အင်္ကျီချွတ်ခိုင်း သည်။ အသက်ရှူသွင်း၊ ရှူထုတ် လုပ်ခိုင်းသည်။ နားကြပ်ဖြင့် စမ်းသည်။ ခေါင်း၊ လည်ပင်း၊ ပခုံး၊ ရင်ဘတ်တွေကို စမ်းသည်။ မျက်မှောင်ကုတ်ထား သည်။ ဦးဘကတော့ ဖြစ်သမျှအကြောင်း အကောင်းပဲဟု စိတ်တုံးတုံးချထား ဟန် တူသည်။ ဆရာဝန်လေးက အင်္ဂလိပ်လို မေးသည်။

"အသက်ပြင်းပြင်း ရှူသွင်းရင် ရင်ဘတ်ထဲက အောင့်သလား"

“မအောင့်ပါဘူး”

“လက်မောင်းရင်းက ချိုင်းကြားကရော နာသလား၊ အောင့်သလား”

“အဲဒီလိုလည်း မနာပါဘူး”

“ချောင်းဆိုးရင် ချွဲပါသလား”

“တစ်ခါတလေပါ”

“အတော်များလား”

“မမှန်ဘူး ခင်ဗျ၊ များတဲ့အခါ များ၊ နည်းတဲ့အခါ နည်း”

“သွေးရော ပါသလား”

အစ်ကိုကြီးက ခေါင်းခါပြသည်။

“သေချာရဲ့လား”

ဆရာဝန်လေးက ကျွန်မကို ကြည့်ရင်း မေးနေသည်။

ကျွန်မ ပခုံးတွန့်ပြလိုက်သည်။

“ခင်ဗျား အစ်ကိုကြီးက ပြင်းထန်တဲ့ လေပြွန်ရောင်ရမ်းနာ ဖြစ်နေ တာလို့ ကျွန်တော် သံသယရှိတယ် ခင်ဗျ၊ ရင်ဘတ် ဓာတ်မှန် ရိုက်ကြည့်ရင် ကောင်းလိမ့်မယ်”

ဓာတ်မှန်စက်ကား ကိုလိုနီခေတ် လက်ကျန်ပစ္စည်း ဖြစ်ဟန်တူသည်။ ဟောင်းလှ၊ အိုလှ၊ နွမ်းလှသည်က အလွန်ပင်။

တစ်နာရီလောက် ကြာတော့ ဦးဘနှင့် ကျွန်မ ဘေးချင်းယှဉ် ထိုင်နေ စဉ် ဆရာဝန်က စာရွက်စာတမ်းတွေနှင့် ဝင်လာသည်။ သူက ကျွန်မဘေးမှာ လာထိုင်သည်။

“ဟုတ်တယ်ဗျ၊ အပြင်းစား လေပြွန်ရောင်တာ၊ ဒါပေမဲ့ အဆုတ်မှာ အစက်တစ်စက် တွေ့နေတယ်၊ ပိုးဝင်တာက ဒါကြောင့်များလားလို့ သံသယ ဖြစ်မိတယ်”

“အစက်တစ်စက်... ဟုတ်လား”

“ဟုတ်တယ်၊ ဝိုင်းဝိုင်းကလေး”

“အဲဒါ ဘာကို ဆိုလိုတာလဲ”

“ဆိုလိုတာကတော့ အမျိုးမျိုး ဖြစ်နိုင်တယ်”

“ဘယ်လိုမျိုးပါလိမ့်”

“တီဘီဖြစ်နေတာလည်း ဖြစ်နိုင်တယ်၊ အရင်ဖြစ်ခဲ့ပြီးသား တီဘီ အမာရွတ်လည်း ဖြစ်နိုင်တယ်၊ ဒါဆိုရင်တော့ စိုးရိမ်စရာ မရှိဘူး”

“နောက်တော့ရော”

“ဒီထက် ပိုဆိုးတာလည်း ဖြစ်နိုင်တာပေါ့”

“ဘယ်လို ရောဂါမျိုးတွေလဲ ရှင်”

“လက်တစ်ဆုပ်စာလောက်ပဲ ရှိတာပါ”

“ပြောပါရှင်”

ကျွန်မ စိတ်မရှည်တော့ သိချင်လှပြီ။

“အဆိုးဆုံး ဖြစ်နိုင်ခြေကတော့ အဆုတ်ကင်ဆာပါပဲ”

ဗိုက်ကို ဆောင့်ထိုးလိုက်သလို ခံစားလိုက်ရသည်။ အသက်ရှူ၍ပင်မရချင်။

“သေချာအောင် စစ်လို့ရတဲ့ စမ်းသပ်ချက်တွေ ရှိပေမယ့် ဒီမှာ လုပ်လို့ မရဘူးခင်ဗျ၊ တစ်ကမ္ဘာလုံး ရှိသမျှ ပိုက်ဆံတွေ ပုံပေးလည်း လုပ်လို့မရပါဘူး ခင်ဗျာ

“ဒါဆို ဘယ်မှာ လုပ်လို့ရမလဲ”

“ခင်ဗျားနေတဲ့ တိုင်းပြည်မှာ ဆိုရင်တော့ သေချာပေါက် လုပ်လို့ ရပါမယ်"

“ရန်ကုန်မှာတောင် မရဘူးလား”

“ရန်ကုန်စစ်ဆေးရုံမှာတော့ ရချင်ရမယ်၊ ဒါလည်း မသေချာပါဘူး၊ ရခဲ့ရင်လည်း ခင်ဗျား အစ်ကိုကတော့ မရဘူး၊ ခင်ဗျားတို့ မိသားစုထဲမှာ ဗိုလ်ချုပ်တွေ ဘာတွေ ရှိသလား”

စိတ်ပျက်စွာ ခေါင်းယမ်းပြလိုက်သည်။ ဘာဆက်ပြောရမှန်း မသိ တော့။ အစ်ကိုကြီးက ခပ်လှမ်းလှမ်းမှာ ထိုင်နေသည်။ ဆရာဝန်နှင့် ကျွန်မ ပြောနေကြသည်ကို ညီကို သူ သူ နားလည်လိုက်တာမှ ဟိုဘက်ကမ်းတောင် လွန်သေးသည်။ သူ ကြမ်းပြင်ကိုသာ ငူငူကြီး စိုက်ကြည့်နေသည်။ ကျွန်မဘက် လှည့်မကြည့်။

“ခု ကျွန်မတို့ ဘာဆက်လုပ်ရမှာလဲ”

ကျွန်မ စိတ်ရှုပ်စွာ မေးလိုက်သည်။

"စောင့်ကြည့်ပါဦး"

"ဘာကို စောင့်ရမှာလဲ"

ဆရာဝန်လေးဟာ ကျွန်မတို့ကို အာရုံ မရှိတော့တာ သိပ်ထင်ရှား တယ်။ သူဟာ မျက်လုံးချင်း မဆိုင်တော့ဘဲ ဘယ်လက်ဖဝါးကို ညာလက်မနဲ့ ပွတ်နေတယ်။

"နောက်ထပ် ရောဂါလက္ခဏာတွေ ပေါ်လာတဲ့အထိပေါ့"

"ဟင်- အဲဒီ မတိုင်ခင် ဘာလုပ်ရမှာလဲ"

"ကျွန်တော် ပဋိဇီဝဆေး ပေးပါ့မယ်၊ ဒါက လေပြွန်ရောင်တဲ့အတွက် ပါ၊ တကယ်လို့ တခြားရောဂါအခံ မရှိဘူးဆို တဖြည်းဖြည်း သက်သာသွား လိမ့်မယ်"

"ရှိနေရင်ရော"

"ရှိနေရင်တော့ သူ ချောင်းဆိုးရင် သွေးပါလာလိမ့်မယ်၊ ရင်ဘတ် အောင့်မယ်၊ ချိုင်းကြားက နာလာမယ်၊ အကျိတ်ထွက်မယ်"

"အဲဒါ ပြီးရင်ရော"

ဆရာဝန်လေးနှင့် မျက်လုံးချင်း ဆုံမိသည်။ သူ့မျက်နှာမှာ အပြုံး ပျောက်ကွယ်နေသည်။

"အဲဒါ ပြီးရင်ရော"

ကျွန်မ တိုးညင်းစွာ မေးလိုက်သည်။

သူက ဘာမျှ ပြန်မဖြေ။

■

ဆေးရုံရှေ့မှ တက္ကစီ ငှားကြသည်။ ဦးဘက အနီးဆုံး ဟိုတယ်ကို မောင်းဖို့ ကားသမားကို ပြောသည်။ မန္တလေးက ပူလွန်းလှသည်။ ကားက အဲကွန်းပါသော်လည်း အလုပ်မလုပ်။ ကားသမားက နောက်ကြည့်မှန်ထဲက ကြည့်ရင်း ဆီးဖြူသီး ဆန်ကောထဲ ထည့်လှုပ်သလို ယမ်းခါလိုက်ပါလာသော ကျွန်မတို့ကို ပြုံးနေသည်။ လမ်းတွေပေါ်မှာ၊ ပလက်ဖောင်းတွေပေါ်မှာ၊ လမ်းဘေးက ဆိုင်တွေထဲမှာ လူတွေ အပြည့်အသိပ်။

"အစ်ကိုကြီး၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒီလို ဖြစ်ဖို့ ရည်ရွယ်တာ မဟုတ်ပါဘူး၊ ကျွန်မက......"

အစ်ကိုကြီးက အပြင်ဘက်သို့ ငေးရင်း အတွေးထဲ နစ်နေဟန်ရှိသည်။ သူက ကျွန်မလက်ကို ကိုင်ကာ အသာပွတ်သပ်နေသည်။ ရုတ်တရက် သူ့ကိုယ် သူ ပြောလိုက်သလို စကားသံ ထွက်လာခဲ့သည်။

"အင်း - တစ်သက်လုံး တစ်ယောက်ယောက်ကို လာဘ်ထိုးရတာ ဒါ ပထမဆုံး အကြိမ်ပဲ"

"အို- အစ်ကိုကြီး လုပ်တာမှ မဟုတ်တာ၊ ကျွန်မ လုပ်တာပဲကို" ကျွန်မ သူ့ကို ဆန့်ကျင်ဘက် ပြောလိုက်သည်။

"အဲလို မဟုတ်ဘူးလေ၊ ညည်းက အစ်ကိုကြီးအစား လုပ်ပေးတာပဲ၊ အဲဒီအတွက် အကျိုးခံစားရသူက အစ်ကိုကြီးပဲကို"

"ဟုတ်ဘူး၊ ဒါ ကျွန်မပိုက်ဆံ၊ ကျွန်မအကြံ၊ အစ်ကိုကြီးက ဘာမှ လုပ်တာ မဟုတ်ဘူး၊ ကျွန်မ အစ်ကိုကြီးကို မေးတောင် မေးတာ မဟုတ်ဘူး"

"သွားကြစို့လို့ အစ်ကိုကြီး ထပ်ကာထပ်ကာ ပြောနေသားပဲကို"

"ဒါပေမဲ့လည်း…"

ကျွန်မ ဘာဆက်ပြောရမှန်း မသိ။

"ဘယ်ဟုတ်ပါ့မလဲ၊ အစ်ကိုကြီးက ခွင့်ပြုလို့ လုပ်တာပေါ့၊ လူ ဆိုတာ ကိုယ်လုပ်တာ အတွက်ပဲ ကိုယ်တာဝန်ရှိတာ မဟုတ်ဘူး ဂျူလီယာရဲ့၊ လုပ်သင့်တာကို မလုပ်တဲ့အတွက်လည်း တာဝန်ယူရတတ်တယ်"

"ကျွန်မက အစ်ကိုကြီးကို ကောင်းစေချင်တာ၊ ကူညီချင်တာပါ

"အစ်ကိုကြီး သိပါတယ်ကွယ်"

သူ ကျွန်မလက်ကို ဖျစ်ညှစ်လိုက်ပြန်သည်။

ကျွန်မ အိတ်ထဲမှ ဆေးပုလင်းကို ထုတ်လိုက်သည်။

"ဒါကို မနက်တစ်လုံး၊ ညတစ်လုံး သောက် အစ်ကိုကြီး"

အစ်ကိုကြီးက ဆေးပုလင်းကို တစ်ချက် ကြည့်ရင်း ခေါင်းယမ်းပြီး ကျွန်မကို ပြန်ပေးသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ ဒါပဋိဇီဝဆေးတွေလေ၊ အစ်ကိုကြီး လေပြွန်ရောင်တာဆို ကျိန်းသေပေါက် ပျောက်မှာပဲ"

"ဒီဆေးတွေ သောက်လို့ မဖြစ်ပါဘူးကွယ်"

"ဪ- ခက်လိုက်တာ အစ်ကိုကြီးရယ်"

တကယ်ပဲ ကလေးဆိုးကြီးလို ခေါင်းမာလှသည့်အစ်ကိုကြီး။

"ဒီဆေးတွေက တရုတ်ကဝင်တဲ့ ဆေးအတုတွေကွဲ့ ဂျူလီယာရဲ့၊ ဘာအာနိသင်မှ မရှိဘူး၊ ကောင်းကျိုးထက် ဆိုးကျိုးပဲ ပေးတာ"

" ဟင်..."

ဆေးပုလင်းပေါ်က တရုတ်စာ၊ မြန်မာစာတွေ ပါသည့် အညွှန်းစာရွက် ကို ကျွန်မ ငေးနေမိသည်။

"ဒါက ဆရာဝန်ကိုယ်တိုင် ပေးလိုက်တာလေ၊ တကယ်ပဲ၊ ဟို-သူကလေ......"

"ဪ- သူ့မလဲ ဒါပဲရှိလို့ ဒါပဲ ပေးတာပေါ့ နှမရဲ့၊ ကလောဆေးရုံ မှာလည်း ဒီဆေးတွေကြောင့် လူနာတွေ သေပေါင်းများလှပါပကောကွယ်"

နီယွန်ဆိုင်းဘုတ်နီကြီး တပ်ထားသော ဟောင်းနွမ်းလှသည့် အဆောက် အအုံ တစ်ခုရှေ့မှာ တက္ကစီက ရပ်လိုက်သည်။ ဒါ ဟိုတယ်တဲ့လား၊ ညစ်ပတ် စုတ်ပြတ်လိုက်သည့် ဖြစ်ခြင်း။ အစ်ကိုကြီးကို သံသယဖြင့် ကြည့်မိသည်။

"ဒီမှာ တခြားဟိုတယ် မရှိတော့ဘူးလား အစ်ကိုကြီးရာ"

သူကလည်း ဝင်ပေါက်ဝကို ကျွန်မလိုပင် မနှစ်မြို့စွာ ကြည့်နေပြီး ကားဆရာကို စကားနည်းနည်းပြောသည်။ ကားဆရာက ခေါင်းညိတ်ပြသည်။ ကျွန်မတို့ ပြန်ထွက်လာခဲ့ကြသည်။

ခဏနေတော့ သစ်လွင်တောက်ပသည့် ခြောက်ထပ် အဆောက်အအုံ " တစ်ခုရှေ့မှာ ကားရပ်လိုက်သည်။ ဧည့်ကြိုက ကားတံခါးကို အပြေးအလွှား လာဖွင့်သည်။ နောက်တစ်ယောက်က အိတ်တွေကို သယ်ချသည်။ တခြား ဧည့်ကြိုနှစ်ယောက်က ရောမ မှန်တံခါးကြီးကို တရိုတသေ ဖွင့်ပေးသည်။ ကျယ်ဝန်းလှသည့် ဧည့်ကြိုခန်းကြီးက တောက်ပ အေးမြကာ လူသူနည်းပါး လှသည်။ ဧည့်ကြိုခန်းမ အလယ်မှာ ခရစ္စမတ် သစ်ပင်ကြီးတစ်ပင် စိုက်ထား သည်။ ဟိုတယ်ဝန်ထမ်းများက ခေါင်းညွှတ် နှုတ်ဆက်ကြသည်။ ဧည့်ကြိုကောင်တာကို ခေါ်သွားကြသည်။ ဧည့်ကြိုမယ်ကလေး တစ်ယောက်က တစ်ခါသုံး ရေမွှေးလက်သုတ်ပဝါနှင့် နီဝါဝါ ကော့တေးလ်တစ်ခွက် ပေးသည်။ ဓာတ်လှေကားနှင့်ဝေးဝေး၊ ဆေးလိပ်မသောက်ရ တစ်ယောက်ခန်း နှစ်ခန်း ပေးဖို့ ပြောလိုက်သည်။ မနက်ခြောက်နာရီမှာ နှိုးပေးဖို့ ပြောလိုက်သည်။ ခရက်ဒစ်ကဒ်ကို ပေးလိုက်သည်။

အလို... အစ်ကိုကြီးကို မတွေ့ပါကလား၊ ဟော- သူ ခရစ္စမတ် သစ်ပင်ကြီးနားမှာ ယောင်ချာချာ ရပ်ရင်း လုံချည်တမမနှင့် ထွက်သွားတော့ မလို

ဟန်ပြင်နေသည်။ ကျွန်မက လာဖို့ခေါ်တော့လည်း သူ မလှုပ်။ ကျွန်မ သူ့ဆီ သွားလိုက်သည်။

"အစ်ကိုကြီး ဘာဖြစ်နေတာလဲ"

"အစ်ကိုကြီး တစ်နေရာရာမှာ ဖြစ်သလို အိပ်လိုက်မယ်လေ၊ ဟို…"

"တော်တော့၊ ကျွန်မ အခန်းနှစ်ခန်းမှာပြီးပြီ၊ မနက်ခြောက်နာရီ သူတို့ နှိုးလိမ့်မယ်၊ ပြီးရင် မနက်စာစားမယ်၊ ပြီးရင် သီပေါသွားတဲ့ ရထားကို စီးမယ်၊ ဟုတ်ပြီလား"

သူက ခေါင်းညိတ်ပြရှာသည်။ ခတ်လေးကားဖြင့် ခြောက်ထပ်ကို တက်၊ စင်္ကြံရှည်ကြီးကို ဖြတ်ရင်း အခန်းများဆီသို့ ရောက်လာခဲ့ကြသည်။

"အစ်ကိုကြီး ဘာလိုသေးလဲ"

ခေါင်းခါပြသည်။

"ကျွန်မ ဘာလုပ်ပေးရဦးမလဲ"

"ဟင့်အင်း၊ ကျေးဇူးပါပဲ"

"ဒါဆိုလည်း ကောင်းကောင်းအိပ်"

"အင်း- ညည်းလည်း ကောင်းကောင်းအိပ်ချေ"

■

ကျွန်မအခန်းက လွန်လွန်ကျူးကျူး အေးလှသည်။ အေးလိုက်သမှ တုန်တောင် တက်လာသဖြင့် အဲကွန်းကို ပိတ်ရင်း အခန်းထဲ လှျောက်ကြည့်မိ သည်။ ဧရာမ ခုတင်ကြီးနှင့် မွေ့ရာကြီး၊ မီနီဘားကလေး၊ စားပွဲ၊ စာရေး စက္ကူ၊ တယ်လီဖုန်း နှစ်လုံး၊ ဝိုင်ဖိုင်၊ ကာလာတီဗွီ၊ ပန်းအိုးထဲက ပန်းတွေ၊ သစ်သီးခြင်း။ အရာအားလုံးသည် ကျွန်မနှင့် အကျွမ်းတဝင် ရှိလွန်းလှသည်။ဒလက်စ်၊ မီယာမီ၊ ချီကာဂို၊ ဟူစတန်၊ ဆန်ဒီယေဂို၊ အလုပ်ခရီးတိုင်း ဒီလို ဟိုတယ်ခန်းတွေမှာပဲ နေခဲ့ရတာ ဖြစ်သည်။

ဟိုတယ်ခန်းတွေ၊ ရုံးခန်းတွေ၊ ကွန်ဖရန့်ခန်းတွေသည် ကျွန်မအတွက် ဘယ်နေရာ ရောက်ရောက် အားလုံး အတူတူပင်။ ဟိုတယ် ဆိုတာက အမည်မဲ့ ကမ္ဘာပင်။ ကျွန်မနှင့် အကျွမ်းတဝင် ရှိလွန်းလှသည့် ဒီကမ္ဘာထဲမှာ ကျွန်မ လမ်းကို အခက်အခဲ မရှိ ရှာနိုင်သည်။ ကောင်းတယ်၊ ဆိုးတယ် ဆိုတာတွေ ဘာမျှ မခံစား၊ အလုပ်လုပ်ရာ လုပ်ငန်းခွင် အာရုံသာ ရှိခဲ့သည်ကော။ ခု ဟိုတယ်ခန်းထဲမှာလည်း ဒီခံစားချက်မျိုး ပြန်ရနေသည်။ နှစ်ကာလရှည်ကြာ ကွဲကွာနေသည့် မိတ်ဟောင်းဆွေဟောင်းနှင့် ပြန်တွေ့ရသလိုပင်။

လက်တင် ကုလားထိုင်ပေါ်မှာ ခြေဆန့်လက်ဆန့် ထိုင်ရင်း စောင့်နေမိသည်။ ဘာကို စောင့်နေမှန်းလည်း မသိ။ တကယ်တော့ ရေနွေးနွေးလေးဖြင့် ရေချိုးပြီး နူးညံ့သည့် အိပ်ရာပေါ် တက်လှဲလိုက်ရမှာ။ ဒါပေမဲ့ ကျွန်မ သိပ်ပင်ပန်းလွန်းနေသည်။ အဝတ်အစားပင် မလဲနိုင်လောက်အောင် ပန်းလျနေသည်။ မည်မျှကြာအောင် ထိုင်နေမိသည် မသိ။ ဦးဘ၏ ချောင်းဆိုးသံ တစ်ဖက်ခန်း က ထွက်လာမှပင် အသိပြန်ဝင်လာခဲ့သည်။ ချောင်းက ဆိုးသထက် ဆိုးလာ တော့ ကျွန်မ သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့အခန်းတံခါးက လော့ခ်မချထား။ အစ်ကိုကြီးသည် အိပ်ရာခင်းကြီး ကို ခုတင်ပေါ်မှ ဆွဲချ၊ တစ်ဝက်ခေါက်ကာ ကြမ်းပေါ်ချပြီး သူ့အဝတ်အစား အိတ်ကို ခေါင်းအုံးလုပ်ကာ ကြမ်းပေါ် အိပ်နေရှာသည်ကိုး။ ကွေးနေလိုက်သည် မှာ ဒူးခေါင်းနှင့် ရင်ဘတ် ထိမတတ်ပင်။ ချောင်းဆိုးသော်လည်း သူ မနိုး။ ဒါမှမဟုတ် ချက်ချင်း ပြန်အိပ်ပျော်သွားတာ ဖြစ်မည်။ ကျွန်မ တံခါးကို အသာ ပိတ်ကာ ခုတင်ပေါ် တိတ်တဆိတ် ထိုင်ရင်း အစ်ကိုကြီးကို ကြည့်နေမိသည်။ ပိန်လှီလှသည့် ခြေထောက်ကလေးတွေ၊ အသက်ရှူသံနှင့် စည်းချက်ညီ လှုပ်ရှား နေသည့် နံရိုးအပြိုင်းပြိုင်း ရင်အုံ။ ခုလို ကုကယ်ရာမဲ့ အိပ်ပျော်နေသည့်ဟန်က အစ်ကိုကြီးကို ပိုအိုစာစေသည်။ အဘိုးကြီးလုံးလုံး ဖြစ်နေသည့် အစ်ကိုကြီး၊ အကူအညီလိုနေပြီ ဖြစ်သည့် အစ်ကိုကြီး။

ခရီးစဉ် နှစ်ခုကြားက ကျွန်မတို့မောင်နှမ ကွဲကွာနေသော ဆယ်နှစ် ဆိုသည့် အချိန်အကြောင်းကို စဉ်းစားနေမိသည်။ ဘာလို့များ ကျွန်မ အစ်ကိုကြီး ကို လျစ်လျူရှုထားခဲ့မိပါလိမ့်။ ရုတ်တရက် သူ ဘာကြောင့် နယူးယောက် မလာချင်သည်ကို ကျွန်မ သဘောပေါက် နားလည်သွားခဲ့သည်။ အမြဲတမ်းလုံချည်နှင့်၊ ညှပ်ဖိနပ်နှင့် သူ့ကို မန်ဟက်တန်မှာ ဂျင်းနှင့်၊ ရှူးနှင့် မြင်ယောင် ကြည့်၍ မရပါကလား။

ဘာဖြစ်လို့များ သူ့ဆန္ဒနှင့် ဆန့်ကျင်ပြီး ကျွန်မ သူ့ကို အတင်းအကျပ် ဆေးရုံခေါ်သွားမိပါလိမ့်။ သူ့ကို ဘာမှ မတိုင်ပင်ဘဲ ဘာလို့များ ဆရာဝန်ကို လာဘ်ထိုးမိပါလိမ့်။ သူ့ကို နေကောင်းစေချင်သည်။ ကူညီချင်သည်။ သူ့အတွက် ကြောက်လန့်နေမိသည်။ သူ့အတွက် ကောင်းအောင် ကျွန်မက ဘာများ လုပ်ပေးနိုင်မှာမို့လဲ။

ဖေဖေ ပြောလေ့ရှိပြီး ငယ်စဉ်က ဘယ်လိုမှ နားမလည်ခဲ့သည့် စကား တစ်ခွန်းကို သတိရသည်။

“စေ တ နာ ဇ ရ ပွ နဲ့ င ရဲ ကျ မယ့် ဟာ တွေ” တဲ့။

မေမေ ကမကထ ပြုနေသည့် ရန်ပုံငွေ အလှူကပွဲတွေကို ရည်ညွှန်း ကာ ပြောခြင်း ဖြစ်သည်။ ငရဲနှင့် စေတနာ ဆိုသည်က ယှဉ်တွဲ၍ မရဟု ကျွန်မက အစဉ်ထာဝရ မှတ်ယူထားသည်လေ။

ခုတော့ ဖေဖေ့စကားကို ကျွန်မ သဘောပေါက်ပါပြီ။ စေတနာ ဆိုသည်ကို

တွန်းလှန်ခုခံရတာ အင်မတန် ခက်ခဲလှသည်ကိုး။ စေတနာအမှား အတွက် နောင်တတရားကလည်း ရှည်ကြာခါးသီး လွန်းလှသည်ကိုး။

အေမီကို သတိရလာသည်။ ခရီးထွက်လာပြီးကတည်းက သူနှင့် အဆက်အသွယ် ပြတ်နေခဲ့သည်။ ကျွန်မ သူနှင့် တစ်ရက် စကားမပြောဖြစ် သည့် နေ့ရယ်လို့ မရှိခဲ့သည်မှာ နှစ်ပေါက်နေပြီ။ ခုလို ကျွန်မကို ခုတင်ပေါ်မှာ ငူငူကြီး တွေ့ရလျှင် သူ ဘာများ ပြောလိမ့်မလဲ။ ကျွန်မတို့ ကြားခဲ့ရသည့်ဇာတ်လမ်းတွေကို သူ ကြားလျှင် ဘာတွေများ မှတ်ချက်ပေးမလဲ။ "အဲဒီအသံမှာ ရည်ရွယ်ချက် တစ်ခုခု ရှိလိမ့်မယ်လို့ ငါ ထင်တယ် ..."

ဟုတ်လိုက်တာ အေမီရာ၊ နင် ပြောတာ ဟုတ်ဟုတ် ဟုတ်ဟုတ် နဲ့တောင် မြည်နေသေးတယ်။ အေမီ၏ "ငါ ထင်တယ်" ဆိုသည့် စကားသံလေး ကို ကျွန်မ လွမ်းမိသည်။

"ဟဲ့- ဂျူလီယာ၊ နင် ဘယ်လို အတွေးနဲ့များ ဘာမှ လုပ်မပေးနိုင်တဲ့ ဆေးရုံကို နင့်အစ်ကိုကြီး အတင်းဆွဲခေါ်သွားရတာလဲအေ...။

သူ့ဘာသာသူ ရိုးရိုးသားသားနေတဲ့ ဆရာဝန်ကို အတင်းလာဘ်ထိုးပြီး နသားပါယား စမ်းသပ်ခိုင်းရလောက်အောင် နင် ဘာတွေ တွေးနေတာလဲ။

စေတနာဆိုတာ တစ်ခုခုကို ဖုံးကွယ်ဖို့ မျက်နှာဖုံးများလားလို့ ငါ ထင်တယ် ဂျူလီယာ..."

အေမီကို ဖုန်းခေါ်လို့ရသားပဲ။ ခုချိန်ဆို နယူးယောက်မှာ နေ့လယ်ပိုင်း စောစောသာ ရှိဦးမည်။ သူ့အသံလေး ကြားလျှင်ပင် ကျွန်မ အားရှိလာမည်မှာ အသေအချာ။ စားပွဲပေါ်မှ ဖုန်းခွက်ကို မ လိုက်သည်။ အလွတ်ရနေသည့် ၀၀၁-၅၅၅-၂၅၄-၁၉၇၃ ဆိုသည့် နံပါတ်ကို နှိပ်တော့မည်လုပ်ပြီးမှ ချီတုံချတုံ တွေဝေနေမိပြန်သည်။ နံပါတ်ကလေး အနည်းငယ် နှိပ်လိုက်လျှင် မန်ဟက်တန် က ရီဗီတန်လမ်းနှင့် ဆက်သွယ်မိပေမည်။ ဒါဆို ကမ္ဘာခြားနေတယ် ဆိုတာ မဟုတ်ပြန်ဘူးပေါ့။ ဒီလောက်ပဲ ရိုးရှင်း လွယ်ကူလေသလား။

ဦးဘက ချောင်းဆိုးလာပြန်သည်။ ကျွန်မ သူ့နားမှာ လှဲရင်း သူ့ လက်မောင်းကို ကိုင်ထားမိသည်။ ခဏနေတော့ ကျွန်မ အခန်းထဲက အိပ်ရာခင်း တွေ၊ စောင်တွေ သွားယူပြီး အစ်ကိုကြီး ခုတင်ပေါ် ခင်းလိုက်သည်။ သူ ခုလို နေထိုင်မကောင်းချိန်မှာ တစ်ယောက်တည်း ပစ်မထားချင်သည့်စိတ်နှင့် အစ်ကိုကြီးနှင့် နီးနီးကပ်ကပ် နေချင်သည့်စိတ် ဘယ်စိတ်ဆန္ဒက ပိုအင်အားကြီး သည်ကို ကျွန်မလည်း သေချာမသိ။

■■■

အခန်း (၃)

မဝမချင်း စိတ်ကြိုက်စား နံနက်စာက အလျှံပယ်။ စောလွန်းလှသဖြင့် စားသောက် ခန်းထဲတွင် ဧည့်သည် ဆိုလို့ ကျွန်မတို့ နှစ်ယောက်သာ ရှိ၏။ စားပွဲထိုး တစ်ဒါဇင်ကျော်နှင့် စားဖိုမှူးများက ကျွန်မတို့ကို အရိပ်တကြည့်ကြည့်ဖြင့် တယုတယ ဝန်ဆောင်မှု ပေးသည်။ အစ်ကိုကြီးကတော့ ချိစ်တွေ၊ ဝက်အူချောင်း တွေ၊ ပေါင်မုန့်ရှည်၊ ပေါင်မုန့်ချောင်း၊ ပေါင်မုန့်လိမ်၊ ယို၊ နို့နှင့် ပြောင်းဆန်မှုန့် တွေကို တစ်ခုချင်း စေ့စေ့စပ်စပ် ကြည့်ရှုပြီး နောက်ဆုံး မှာလိုက်တော့ ရှမ်းခေါက်ဆွဲ အရည်ဖျော်တစ်ပွဲတဲ့။

ကျွန်မ၏ ချိစ် အုန်းမလက်က ဘာအရသာမျှမရှိ။ ကျွန်မ ခံတွင်းပျက် နေလို့ ဖြစ်ချင် ဖြစ်လိမ့်မည်။ ပျို့ချင်သလိုလို၊ အန်ချင်သလိုလို ဖြစ်နေသည်။ ဗိုက်ထဲက မအီမသာ ဖြစ်နေသည်။ ညက အိပ်မရသဖြင့် တစ်ကိုယ်လုံး တင်းတောင့် နေသည်။ ဆေးရုံပေါ်က ပုံရိပ်များကို ကျွန်မ ခုထိ မေ့ဖျောက်လို့ မရသေး။ ဒေါ်လာနှစ်ရာ ချပေးလိုက်တော့ ဆရာဝန် ဖြစ်သွားသည့် မျက်နှာအမူအရာကို ပြန်မြင်ယောင်ရင်း နေလို့ ထိုင်လို့ မကောင်းလှ။ အစ်ကိုကြီး ပြောတာ အမှတ်ရ ၍ သိချင်လာသည်။ သူ့ကို မေးလိုက်သည်။

“အစ်ကိုကြီး တကယ်ပဲ ဘယ်သူ့ကိုမှ လာဘ်မပေးဖူးဘူးလား”

သူက လက်ဖက်ရည် သောက်နေရင်း ခေါင်းညိတ်ပြလိုက်သည်။

“နို့- ဒီက အာဏာပိုင်တွေမှာ လာဘ်ပေးလာဘ်ယူကိစ္စတွေ သိပ်များ တယ်ဆို”

“ဟုတ်တယ်လေ၊ ဒါပေမဲ့ အစ်ကိုကြီးမှာ သူတို့ကို လာဘ်ပေးစရာ အကြောင်းမှ မရှိဘဲ၊ စာမေးပွဲ အမှတ်ကောင်းအောင် လာဘ်ထိုးရဖို့ အတွက် အစ်ကိုကြီးမှာ သားသမီး မရှိ၊ စည်ပင်သာယာကို လာဘ်ထိုးဖို့အတွက် အစ်ကိုကြီး မှာ ဆိုင်မရှိ၊ တစ်ခါမှလည်း အကြီးအကျယ် နေထိုင်မကောင်း မဖြစ်ဖူးဘူး၊ ရဲနဲ့လည်း တစ်ခါမှ မပတ်သက်ဖူးဘူး၊ ပြောရရင် အာဏာပိုင်တွေကို လာဘ် ထိုးပြီး ဘာမှ မတောင်းဆိုခဲ့ရဖူးဘူးပေါ့ကွယ်”

“နိုင်ငံကူးလက်မှတ်အတွက်က လွဲလို့ပေါ့”

“အင်း.... နိုင်ငံကူးလက်မှတ်အတွက်”

အစ်ကိုကြီး မျက်နှာပေးကို ကျွန်မ အဓိပ္ပာယ်မဖော်တတ်။

စားပွဲထိုးလေးက အငွေ့တထောင်းထောင်းနှင့် ရှမ်းခေါက်ဆွဲ အရည်ဖျော် ယူလာသည်။ အစ်ကိုကြီးက တရှူးရှူး မှုတ်ရင်း ခေါင်းမဖော်တမ်း စားသည်။ သူ နေလို့ ကောင်းလာပုံပင်။

“စားကောင်းလား အစ်ကိုကြီး”

“အင်း- ညည်းရော”

“ကျွန်မ သိပ်မဆာဘူး”

“ဟဲ့- ဘာလို့လဲ”

ပခုံးသာ တွန့်ပြလိုက်မိသည်။

“ညည်းက ပူစရာမရှိ ကြံဖန်ပူနေတာကိုးအေ့”

“အမယ်…. ဘာများ ပူနေလို့တုံး”

ကျွန်မ အတင်းပြုံးကာ ပြန်မေးရသည်။

“အစ်ကိုကြီးက သေလောက်အောင် ဖြစ်နေတာ မဟုတ်ပါဘူးကွယ်၊ ယုံစမ်းပါ”

“ဘာလို့ ဒီလောက်တောင် သေချာနေတာလဲ”

“ဩော်- ဒီလိုပဲ သိတာပေါ့”

“အာရုံသိလား”

“အင်း… အာရုံသိပေါ့”

ကျွန်မ ရယ်နေသည်ကို သူ ကြည့်ရင်း “ညည်းဟာ အတော်လှတဲ့ ကောင်မလေးပဲ” ဟု ပြောတော့ “တော်ပါ အစ်ကိုကြီးကလည်း” ဟု ရှက်ကိုးရှက်ကန်း ပြန်ပြောမိသည်။

“အစ်ကိုကြီးဟာ ကျွန်မဆို ဘယ်တော့မှ အလေးမထားဘူး၊ စိတ်က တကယ်ပူတာရှင့်၊ သိရဲ့လား”

“ဘာလို့တုံး”

တကယ် မေးနေတာလား၊ သိရက်သားနဲ့ တမင်မေးနေတာလား မသိ။

“အစ်ကိုကြီး အရမ်းနေမကောင်းဖြစ်ပြီး လဲသွားမှာ စိုးလို့ပေါ့”

အစ်ကိုကြီးက ခေါက်ဆွဲကို လက်စသတ်ရင်း-

“အင်း- မှန်တယ်၊ နေမကောင်းဖြစ်ရင်တော့ လဲမှာချည်းပဲ၊ ညည်း လည်း တူတူပဲ မဟုတ်လား”

ဟု ပြောလိုက်သည်။

"သြော်- ကျွန်မက အဆုတ်မှာ အကျိတ်မရှိဘူး ရှင့်"

"ဟင်း ဟင်း ခုပဲ ညည်းနိုးလာတော့ ခေါင်းကိုက်နေတယ်ဆို၊ ဒါဆို ခေါင်းထဲမှာ အကျိတ်တစ်ခုခု ဖြစ်ချင် ဖြစ်နေမှာပေါ့ဟ"

"ဒါက စိတ်ဖိစီးလို့ ခေါင်းကိုက်တာပဲ၊ ကျွန်မ သိတယ်၊ သူက......"

"ဒါမှ မဟုတ်"

ကဲ- ကျွန်မ စိတ်ပေါက်လာပြီ။

"ဒါမှ မဟုတ် ဘူတာရုံအသွားမှာ ကျွန်မ ကားတိုက်ခံရနိုင်တယ်၊ ဟုတ်ပလား"

"အဲဒီလို ပြောတာ မဟုတ်ဘူးလေကွယ်"

"ဒါဆို ဘာတုံး"

"ရောဂါလက္ခဏာ ဆိုတာ တကယ်ဆိုးလာပြီဆိုရင် မသိစရာ အကြောင်း ကို မရှိဘူး"

"အင်းလေ- ခုလည်း ဆိုး၊ မဆိုး စောင့်ကြည့်နေရတာပဲ မဟုတ်လား အစ်ကိုကြီး၊ ဆရာဝန် ပြောလိုက်တယ်လေ၊ ခုလောလောဆယ်တော့ စောင့်ကြည့် ရမှာပဲလို့"

"အဲဒီလို မဟုတ်ပါဘူး၊ သူ ပြောတာကို အစ်ကိုကြီး မယုံပါဘူး"

"မသိတော့ဘူး အစ်ကိုကြီးရာ၊ ကျွန်မ ကူကယ်ရာမဲ့ ဖြစ်တာမျိုးကို နည်းနည်းမှ မကြိုက်ဘူး၊ သည်းမခံနိုင်ဘူး၊ ဘာပဲ လုပ်ရ လုပ်ရ တစ်ခုခုလုပ်စရာ တော့ ရှိမှာပဲ"

"ကဲ ကဲ ညည်းသဘော ညည်းသဘော"

အစ်ကိုကြီးက စပ်ဖြဲဖြဲ ပြောလိုက်သည်။ သူ့ ထေ့သံ ငေါ့သံမှာ ကျွန်မကို ချစ်သည့် ကြင်နာယုယခြင်းတွေ ပြည့်နေကြောင်း သိသည်ပေါ့။

တကယ်တော့လည်း အစ်ကိုကြီးနှင့် ကျွန်မကြားမှာ သဘောတူညီမှု ရဖို့ဆိုတာက ကျွန်မတို့ လာရာ ကမ္ဘာတွေ ကွာခြားလွန်းမှုကြောင့် ခက်ခဲလွန်း သည်က အမှန်ပင်။

"ဟိုအသံ ထပ်ကြားရသေးလား ဂျူလီယာ"

ခေါင်းယမ်းလိုက်သည်။

"သူ ဘာမှ ထပ်မပြောတော့ဘူး၊ မောင်ထွန်း ဇာတ်လမ်းကိုတောင် သူ ဘာမှ ဝင်မပြောဘူး"

"ဟုတ်လား၊ အံ့သြစရာပဲ၊ သူ့သား အသက်ရှင်နေသေးမှန်း သိရင် တစ်ခုခု ပြောကို ပြောမယ် မှတ်နေတာ၊ ကြည့်ရတာ ကျေနပ်သွားသလား မသိ"

"ဒါမှမဟုတ် သူလည်း ကျွန်မနဲ့ အစ်ကိုကြီးလိုပဲ သားသားကို ရှာတွေ့၊ မတွေ့ သိချင်လို့ စိတ်လှုပ်ရှားနေတယ် ထင်တယ်"

■

သီပေါ ရောက်တော့ ဘူတာရုံနားက လက်ဖက်ရည်ဆိုင်သို့ ဦးစွာ ချီတက်ခဲ့ကြသည်။ အစ်ကိုကြီးက လက်ဖက်ရည် မှာရင်း စားပွဲထိုးလေးကို စုံစမ်းမေးမြန်းနေသည်။ ခဏနေတော့ အနီးနား စားပွဲတွေက လူတွေနှင့် သူ စကားပြောသည်။ သူ ပြန်လာတော့ အင်မတန် ကျေနပ်နေသည့် မျက်နှာထားကို တွေ့လိုက်ရသည်။

"သူတို့ အားလုံး သူ့ကို သိကြတယ်၊ ကလေးတွေ၊ လူငယ်တွေ အများကြီးနဲ့ နန်းရှောဘက်သွားတဲ့ လမ်းဘေးက ဘုန်းကြီးကျောင်းပျက်ကြီးထဲ မှာ နေတဲ့ ရသေ့တဲ့၊ လမ်းမကြီးအတိုင်းသွား၊ စေတီဖြူလေးနား ရောက်တော့ ညာကွေ့ပြီး ဆက်သွားရမတဲ့၊ စားပွဲထိုးလေးက သူ့ဆိုင်ကယ်နဲ့ အစ်ကိုကြီးတို့ကို လိုက်ပို့ပေးမယ်တဲ့"

နာရီဝက် ကြာသော အခါ ဟွန်ဒါ ဒရင်းနှစ် ဆိုင်ကယ်ပေါ်မှာ သုံးယောက် ကျပ်ကျပ်သပ်သပ် ထိုင်ရင်း ခရီးနှင်ကြပြီ။ ကျွန်မက နောက်ဆုံး၊ အစ်ကိုကြီးနှင့် ကျွန်မကြားမှာ ခရီးဆောင်အိတ်တွေ။ စားပွဲထိုးလေးက စစချင်းမှာ ယိုင်ထိုးယိုင်ထိုး၊ ခဏနေတော့ သူ ဆိုင်ကယ်ကို ကောင်းစွာထိန်းနိုင်လာပုံပင်။ မြို့ပြင်ရောက်ပြီ၊ စေတီဖြူဖြူလေးနား ရောက်တော့ ညာချိုးပြီး မြေလမ်း အတိုင်း ဆက်မောင်းလာကြသည်။ ကျွန်မ ကြောက်ကြောက်နှင့် တွန့်လိမ်နေမိ သည့်အတွက် စားပွဲထိုးကောင်လေးခမျာ ဆိုင်ကယ်ကို ခက်ခဲစွာ ထိန်းမောင်း နေရသည်။ ကြောက်တာရော စိတ်လှုပ်ရှားတာရော ရောယှက်နေသည်သာ။ ကျွန်မတို့ သားသားနှင့် တွေ့ရမည်လား။ သူ ခု ဘယ်လိုပုံစံမျိုး ဖြစ်နေမလဲ၊ သူက ကျွန်မတို့နှင့် စကားပြောချင်ပါ့မလား၊ ခု တွေ့ဖို့ သွားနေတာ တကယ်ပဲ သားသား ဟုတ်ရဲ့လား၊ သူ ငရဲခန်းထဲမှာ ဘယ်လို ရှင်သန်အောင် နေနိုင်ခဲ့ သလဲ၊ သူ ဘာတွေကို အမှတ်ရနေမလဲ၊ သူ့အမေ နုနုရဲ့ တစ်ကိုယ်ကောင်း ဆန်တဲ့ ဆုံးဖြတ်ချက်ကိုလား၊ သူ အင်မတန်ချစ်တဲ့ အဖေ အသေစောရတာကို လား၊ ကျွန်မတို့ တွေ့ရမှာ ဘယ်လိုလူမျိုးလဲ၊ ဘိုဘို ဆိုတဲ့လူရော ဘာဖြစ်သွားလဲ။

တောင်ကုန်းလေး တစ်ခုပေါ် တက်လာအပြီးမှာတော့ အဝေးက ဘုန်းကြီးကျောင်းအိုကြီးကို လှမ်းမြင်ကြရပြီ။ သစ်ရိပ်ဝါးရိပ်တွေကြားက သစ်သား

ကျောင်းအိုကြီး၊ ဝါးရုံတောကြီးက အကာအကွယ် ပေးထားသလို ရှိနေခဲ့သည်။

စားပွဲထိုးလေးက ထိုကျောင်းကို လက်ညှိုးညွှန်ပြသည်။ ကဲ- ခု နောက်ပြန်လှည့်ဖို့ နောက်ဆုံးအခွင့်အရေး ဖြစ်သည်။ ဦးဘက ချောင်းတစ်ချက်၊ နှစ်ချက်ဆိုးပြီး စားပွဲထိုးလေးကို ရှေ့ဆက်သွားဖို့ လက်ဟန်ပြသည်။ ကျွန်မတို့ တောင်ကုန်းပေါ်မှ ဆင်းခဲ့ကြသည်။

ငါးမိနစ်လောက် ကြာတော့ ကျောင်းပရဝဏ်ရှေ့သို့ ခွေးနှစ်ကောင်၏ ဟောင်သံ၊ ကြက်တွေ၏ ကြောက်လန့်တကြား ပြေးလွှားသံ တွေ ဆူညံသွားသည်။ အစ်ကိုကြီးနှင့် ကျွန်မ ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ကြ သည်။ စားပွဲထိုးလေးက ဆိုင်ကယ်ကို ပြန်လှည့်နေပြီ။ ကျွန်မတို့ သူ့ကို ကျေး ရောက်ကြပြီ။ တင်စကား ပြောသည်။ ကျွန်မ သူ့ကို ပိုက်ဆံပေးမည်အလုပ်မှာ အစ်ကိုကြီးက အသာဆွဲထားသည်။

“သူက ခုလို ကူညီရတာကို ပျော်နေရှာတာ ဂျူလီယာ” "

ကျွန်မတို့ ကျောင်းဝင်းကို လှည့်ပတ်ကြည့်ရှုသည်။ ကျောင်းဝင်းထဲမှာ ပန်းတွေ ရောင်စုံ ဖူးပွင့်နေသည်။ နှင်းဆီတွေ၊ ခေါင်ရန်းတွေ၊ စက္ကူပန်းတွေ နှင့် တခြား အမျိုးအမည်မသိပန်းတွေ အစုံအလင်။

ကျောင်းကတော့ အခြေအနေ သိပ်မကောင်းလှ။ ဟောင်းလှ အိုလှ ဆွေးလှပြီ။ ခေါင်မိုးက ပေါက်သည့်နေရာ ပေါက်၊ ပြဲသည့်နေရာ ပြဲ၊ ကျောင်း တစ်ဖက်ခြမ်းကလည်း နိမ့်ဝင်နေသလိုပင်။ သို့သော် နေလို့တော့ဖြစ်သေးသည်။ ကျောင်းခန်းမကြီးပေါ် တက်ဖို့ လှေကားကြီးက ကြီးမားကျယ်ပြန့်လှသည်။ ကျောင်းနောက်ဘက်မှာတော့ သင်္ကန်းတွေကို ဝါးလုံးတန်းများပေါ်မှာ လှန်းထား သည်။ ဦးဘက အသံပြုသည်။ သို့သော် တုံ့ပြန်ဖြေဆိုသံ မကြား။ ကြက်တွေ ခွေးတွေ အသံပင် ငြိမ်သွားသလို။ ခေါင်မိုးပေါ်က ဆည်းလည်းသံလေးတွေမှ တစ်ပါး တခြားအသံ မကြားရလောက်အောင် တိတ်နေသည်။

ရုတ်တရက် လှေကားထိပ်မှာ ကောင်လေးတစ်ယောက်၊ ကောင်မလေး တစ်ယောက် ပေါ်လာသည်။ သင်္ကန်းဆီးထားသည့် ကိုရင်ကလေးနှင့် မယ်သီလရှင်ကလေး၊ ကျွန်မတို့ကို ကြည့်နေကြသည်။ ဟော -သူတို့နောက်မှာ ရသေ့တစ်ပါး၊ ကိုရင်လေးနှင့် သီလရှင်လေး၏ ပခုံးပေါ် လက်တင်ပြီး သူ တီးတိုးပြောသည်။ ကလေးတွေက ရယ်ကြသည်။ ရသေ့က လှေကားပေါ်မှ ဖြည်းဖြည်းချင်း ဆင်းလာသည်။ ကျွန်မတို့နားသို့ တဖြည်းဖြည်း ချဉ်းကပ်လာ သည်။ ကျွန်မ နှလုံးခုန်သံ တဒိတ်ဒိတ်ကို ပြန်ကြားနေရသည်။ ဒါ သားသား လား၊ ကျွန်မ သူ့အကြောင်းကို အကုန်လုံးနီးပါး သိနေခဲ့သည့် သားသား ဆိုသော လူတစ်ယောက်လား၊ သူက ကျွန်မ မှန်းထားသည်ထက်ပင် သန်မာထွားကျိုင်း မြင့်မားသေးသည်။ ရသေ့ သားသားသည် ဆံပင်က တိုတို၊ သွားတွေက မနေ့က တွေ့ခဲ့သော စံပယ်ငုံလေးတွေအလား ဖြူဖွေးသန့်စင်လျက်၊ အနေတော် ဦးခေါင်း၊ ပြည့်တင်းသည့် နှုတ်ခမ်း၊ သန်မာသည့် လက်မောင်းများနှင့် ညိုနီမှောင် ရသေ့သင်္ကန်းကို မ ကာ မ ကာနှင့် လျှောက်လာသည့်သူ။ သူ့မေးစေ့က အမှတ်ကို

ကျွန်မ ချက်ချင်း သတိထားမိသည်။ လက်မောင်းက အမာရွတ်ကို ရော၊ ညာဘက်က လက်တစ်ချောင်း မရှိသည်ကိုရောပေါ့။ ဦးဘကို သူက "နေကောင်းရဲ့လား" ဟု ဗမာလို နှုတ်ဆက်ပြီး ကျွန်မဘက် လှည့်လာသည်။ ကျွန်မကို လက်ကမ်းပေးသည်။ ကျွန်မနှင့် မျက်လုံးချင်း ဆိုင်ကြည့်ရင်း သူ စကားပြောသည်။ အလို- သူ အင်္ဂလိပ်လို ပြောသည်ပဲ။ သူ့အင်္ဂလိပ်စကားက

ကျွန်မ၏ အီတာလျံ သူငယ်ချင်းလို အီတလီသံ ဝဲလျက်။ "ကျုပ် ကျောင်းက ကြိုဆိုပါတယ် ဆီညော်ရာ၊ နေလို့ ထိုင်လို့ ကောင်းပါသလား"

■■■

အခန်း (၄)

ရသေ့သားသားက နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်နေသည်။ သူ့အင်္ဂလိပ်စကားကြောင့် အငိုက်မိကာ ကြောင်တက်တက် ဖြစ်သွားသော ညှော့်သည်မှာ ကျွန်မ ပထမဆုံး ဟုတ်ဟန် မတူ။ သူ ရယ်နေပုံက အံ့ဩစရာကောင်းလှသည်။ အတိတ်ကာလ ဖြစ်ရပ်တွေနှင့် ဘာမှ မသက်ဆိုင်တော့သည့်အလား ကြည်ကြည်မြမြ ပေါ့ပေါ့ပါးပါးကြီးကို ရယ်နေခြင်း ဖြစ်သည်။

နောက်ထပ် ကျွန်မ သတိထားမိသည်က သူ့မျက်လုံးများ ဖြစ်သည်။ ဒီလို မျက်လုံးပိုင်ရှင်မျိုးနှင့် တစ်ခါမှ မဆုံတွေ့ခဲ့ဖူးပါ။ မျက်လုံးက မျက်ဆန်အိမ် ကြီးကြီး၊ အရောင်က အညိုရင့်ရင့်၊ ကျွန်မကို တည်ငြိမ်စွာ ကြည့်နေသည်။ အကြည့်ခံရသူ ရှိုးတိုးရှန့်တန့် မဖြစ်ဘဲ နှစ်သက်ကြည်နူးမှုကို ခံစားရစေသည့် အကြည့်မျိုး။ အို- နှစ်သက်ကြည်နူးသည်ထက်ပင် ပိုသည်ပဲ။ သူ့အကြည့်တွေ စွမ်းအားတစ်မျိုးမျိုး ပြည့်ဝနေသောကြောင့် အကြည့်ခံရသည့် ကျွန်မမှာ ကြက်သီးမွေးညင်းပင် ထရသည်။ ဘာကြောင့်မှန်းတော့ မသိ၊ သားသားနှင့် အတူရှိနေလျှင် ကျွန်မ သက်သောင့်သက်သာ ရှိလွန်းသည်ဟု ခံစားရသည်။

အစ်ကိုကြီးကတော့ ဒါကို သိလျှင် အာရုံသိဟု ကင်ပွန်း ကင်ပွန်းတပ်ဦးမည်ပင်။ ကျွန်မတို့ လက်တွေ ထိတွေ့မိကြသည်။ မျက်နှာချင်းဆိုင်ရင်း စကား မဆိုမိ။ ကျွန်မလည်း ဘာပြောရမှန်း မသိ။

“ခင်ဗျား အင်္ဂလိပ်လို မပြောဘူးလား”

သူက စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ပြောသည်။

“မဟုတ်ပါဘူး၊ အင်္ဂလိပ်စကား ပြောပါတယ်”

“ဩော်- ဟုတ်ပြီ၊ ဒီကို ဘယ်လို ရောက် လာတာလဲ”

သားသားက ဦးဘကို အရင်ဆုံးကြည့်သည်။ ပြီးတော့ ကျွန်မဘက်သို့ လှည့်ကြည့်သည်။

အစ်ကိုကြီးက ကျွန်မကို လှမ်းကြည့်သည်။ သူ့မျက်နှာပေးက “ကဲ- ဘယ်လို ဖြေမလဲ” ဆိုသည့် အမေးမျိုး၊ ကျွန်မ တွန့်ဆုတ်နေမိသည်။

“အင်း- တပည့်တော်တို့...”

ဦးဘက စကားစလိုက်သည်။

“ဘာရယ် မဟုတ်ပါဘူး၊ ဒီလိုပဲ သတင်းကြားလို့ လာလေ့လာတာပါ”

ကျွန်မက ကြားဝင်ဖြတ်ပြောလိုက်သည်။

အစ်ကိုကြီး မျက်ဝန်းထဲမှာ အံ့သြရိပ်တွေ ထင်လာသည်။ တကယ် တော့ ကျွန်မ သားသားကို အမှန်အတိုင်း မပြောချင်သေး။ နည်းနည်းစောနေ သေးသလို ခံစားရသည်။ ဒါ ကျွန်မတို့၏ ခရီးဆုံးဖြစ်မှာကို ကြောက်ရွံ့စိုးရိမ် နေသည်လား၊ ဒါမှမဟုတ် အမှန်တရားကို ကြားလိုက်ရလျှင် သူ ဘယ်လို တုံ့ပြန်မည်ကို မသိ၍ ပူပင်သည်လား၊ ကိုယ့်ကိုယ်ကိုယ် မသေချာ။

ကျွန်မတို့ကို ရှုးနေကြသည်ဟု သူ ထင်သွားလျှင် ဘယ်လို လုပ်မလဲ။ သို့တည်းမဟုတ် သူ့အမေနှင့် ဆက်သွယ်ရမည့် ကြားခံနယ်နိမိတ်အဖြစ် ကျွန်မ ကို မြင်သွားမည်လား။ အကြောင်းရင်းမှန်ကို သိသွားလျှင် ချာခနဲ လှည့်ထွက် သွားပြီး ကျွန်မတို့ကို ချက်ချင်း ပြန်ခိုင်းမည်လား။ ဘာအကြောင်းကြောင့် ကျွန်မ ပြောမထွက်သည်ကို မသိလေတော့။

"မြို့ထဲမှာ ကျုပ်တို့ကျောင်းအကြောင်း ကြားလာတယ် ထင်တယ်"

သားသားက ပြောလိုက်သည်။ အစ်ကိုကြီးနှင့် ကျွန်မကြားက နားလည်မှု လွဲနေခြင်းကို သူ စိတ်ရှုပ်နေပုံရသည်။

"အင်း- ဟုတ်တယ်၊ ဒါကြောင့်မို့ လာကြည့်တာ"

ကျွန်မ အလျင်အမြန်ပဲ သူ့စကားကို အတည်ပြုလိုက်သည်။

"အင်း- ကျုပ်လည်း ထင်ပါတယ်၊ ကျုပ်တို့မယ်..."

အစ်ကိုကြီး အကြီးအကျယ် ချောင်းဆိုးလိုက်ခြင်းကြောင့် သူ့စကားစ ပြတ်သွားသည်။ အစ်ကိုကြီးက လှည့်ထွက်သွားသည်။ သားသားက သူ ချောင်းဆိုးသက်သာသွားသည်အထိ ရပ်စောင့်နေသည်။ ပြီးမှ ဆက်ပြောသည်။

"ခြင်းတောင်းရက်တဲ့နေရာမှာတော့ သူတို့လောက် တော်တဲ့လူ မရှိဘူး၊ ကျုပ်လည်း ခြင်းတောင်းရက်တတ်ပါတယ်၊ ဒါပေမဲ့ သူတို့နဲ့ ယှဉ်တော့ ရွက်ကြမ်းရေကျိုသာသာပဲ"

ကိုရင်နှစ်ပါးက သံပြိုင် ရေရွတ်ကြသည်။ ကျွန်မနားထဲမတော့-

"နေကောင်းကြရဲ့လား"

ဟု အင်္ဂလိပ်လို ပြောလိုက်ဟန်တူသည်။

"ကျုပ် သူတို့ကို တတ်အားသရွေ့ ပညာသင်ပေးတယ်၊ အင်္ဂလိပ်လို လည်း နည်းနည်းပါးပါး ပါတာပေါ့"

သားသားက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်သည်။

ကျွန်မက နေကောင်းကြောင်း၊ ဒီကို ရောက်လာရသည့်အတွက် ဝမ်းသာကြောင်း တစ်လုံးချင်း ပြောလိုက်သည်။ သူတို့ နားလည်ကြဟန်ပင်။ မျက်နှာလေးများမှာ အပြုံးပန်းကိုယ်စီ ပွင့်လန်းလျက်၊ သူတို့ ဦးညိတ်ပြီး အလုပ်ရှိရာသို့ ပြန်ကြွသွားကြလေသည်။

တခြား ကိုရင်ကလေးတွေ ယာထဲ ဆင်းနေကြသည်ဟု သားသားက ရှင်းပြသည်။ ကျောင်းပေါ်သို့ လက်ဖက်ရည်သောက်ကြွဖို့ ဖိတ်ကြားသည်။

ရောမ လှေကားကြီးမှတစ်ဆင့် ကျောင်းပေါ် တက်လိုက်ကြသည်။ ဟယ်- ကျွန်မ အံ့သြလွန်းသဖြင့် ကြောင်စီစီ ရပ်နေမိသည်။

ခန်းမကြီးက ကျယ်ဝန်းလှပါကလား။ ဗုဒ္ဓရုပ်ပွားတော် တစ်ဒါဇင်ခန့် ကို ရောမ ဘုရားစင်ကြီးပေါ်မှာ တွေ့ရသည်။ တချို့ ဆင်းတုတော်တွေက ရွှေရောင်ဝင်းလျက်၊ တချို့က မည်းနက်လျက်၊ တချို့ကတော့ ရောင်စုံကျောက်များဖြင့် ထုလုပ်ထားဟန် တူသည်။ ထိုင်ဆင်းတု၊ ရပ်ဆင်းတု၊ လျောင်းဆင်းတုများအပြင် ဗိုက်ကြီးရွဲကာ ရယ်မောနေသည့် (ဦးတည်ဘွား) ဆင်းတု ပုံစံမျိုး လည်း မြင်ရသေးသည်။ ဘုရားပန်းနှင့် ဆွမ်းတွေကလည်း ရောင်စုံ၊ အဆင်းစုံ ပင်။ ဆွမ်း၊ ပလတ်စတစ်ပုံးလေးတွေ၊ သကြားလုံးတွေ၊ ပလာတာတွေအပြင် ဘက်ထရီတွေတောင် ပါသေးသည်။ ခန်းမကြီးထဲ ဘုရားပန်းနံ့တွေက မွှေးပျံ့နေသည်။ အလို- ဘုရားစင်နောက်က နံရံပေါ်မှာ မယ်တော်မာရီ ပိုစတာတစ်ခု နှင့် သူတော်စင် မဂ္ဂီ ပိုစတာတစ်ခု ချိတ်ဆွဲထားပါလား။ အစ်ကိုကြီးကို လှမ်းမေး မလို့ ကြံနေတုန်း အစ်ကိုကြီးသည် သစ်သားကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး အပြင်းအထန် ချောင်းဆိုးလေတော့သည်။

“ခင်ဗျားအဖော်က အတော်ပင်ပန်းနေပုံပဲ၊ ကျုပ် လက်ဖက်ရည် ပူပူ နွေးနွေး သွားလုပ်လိုက်ဦးမယ်”

သားသားက ပြောရင်း ကျောင်းခန်းမ တစ်ဖက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ကျွန်မ အစ်ကိုကြီးဘေးမှာ ထိုင်ချလိုက်သည်။

“စိတ်မကောင်းပါဘူး ဂျူလီယာရယ်၊ အစ်ကိုကြီး ခဏ အနားယူမှ ဖြစ်မယ်”

“ဟိုနံရံပေါ်မှာ ခရစ်ယာန်သူတော်စင်ပုံတွေ တွေ့လား အစ်ကိုကြီး”

“အင်း- အီတာလျံဘုန်းတော်ကြီးရဲ့ “ လက်ဆောင် ဖြစ်မှာပေါ့ကွယ်”

“ဒါပေမဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမှာ ဒါတွေကို ဘာလို့ ချိတ်ထားတာလဲ”

ဦးဘက ပခုံးတွန့်ရင်း ပြုံးပြရှာသည်။ သူ့အပြုံးက ပန်းလျလျ နွမ်းလျလျ။ ရသေ့သားသားက ဓာတ်ဘူးတစ်ဘူး၊ ခွက်ကလေး သုံးခွက် တင်ထား သည့်

လင်ပန်းနှင့်အတူ ပြန်ရောက်လာသည်။ စားပွဲဝိုင်းကလေးကို ခင်းသည်။ကျွန်မဖို့ မီးရန် ခေါင်းအုံးတစ်လုံး ပေးသည်။

လက်ဖက်ရည်ကြမ်းက ပူပူ၊ ခါးသက်သက်နှင့်။

"အပန်းမကြီးဘူးဆိုရင် တပည့်တော် ခဏလေး အနားယူချင်ပါ တယ် ရသေ့ကြီးဘုရား"

ဦးဘက နွမ်းလျစွာ လျှောက်တင်သည်။

သားသားက ချက်ချင်း ထပြီး ဖျာတစ်ချပ် ခင်းသည်။ မွေ့ရာခင်း တစ်ခု ထပ်ခင်းပေးသည်။

"ခင်ဗျားတို့ သီပေါမှာ ဟိုတယ် ငှားထားသေးလား"

"ဟင့်အင်း"

"အင်း- ဒါဆို ဒီမှာပဲ တည်းကြလေ၊ ကျုပ်ကျောင်းက ကြိုဆိုပါတယ်"

ကျွန်မ အိပ်ခန်းနှင့်တူတာ တစ်ခုမျှ မတွေ့။ ကျီးကြည့်ကြောင်ကြည့် ကြည့်မိသည်။

"ဟို- အိပ်စရာ အခန်း ရှိလို့လား"

ရသေ့က ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

"အခန်းမှ အကြီးကြီးပဲ၊ ညဆို ဒီမှာ ဖျာတွေခင်း၊ အိပ်ရာခင်းပြီး အိပ်ကြတာဗျ၊ ခင်ဗျား လုံလုံခြုံခြုံ အိပ်ချင်တယ်ဆိုရင် ဟိုထောင့်မှာ ခင်ဗျား အတွက် အိပ်ရာသတ်သတ် ပြင်ပေးမယ်၊ အဲဒီမှာ လိုက်ကာလည်း ရှိတယ်၊ ဒီမှာ နိုင်ငံခြား ဧည့်သည်တွေ ညအိပ်ညနေ လာတတ်ကြတယ်၊ သူတို့ အဲဒီမှာ အိပ်ကြတာပဲ၊ သူတို့ ချန်ရစ်သွားတဲ့ အိပ်ရာလိပ်ကြီးနှစ်ခုတောင် ရှိသေးတယ်၊ ခင်ဗျား အဖော်အတွက် အဲဒီ အိပ်ရာလိပ်ကြီးက အဆင်ပြေမယ် ထင်တယ်"

"သူက ကျွန်မ အစ်ကိုကြီးပါ"

သားသားသည် ခေတ္တ တုံ့ဆိုင်းသွားသည်။

"မောင်နှမလား၊ ခင်ဗျားတို့ တူလည်း မတူပါ့လား"

"ဖအေတူ အမေကွဲ အစ်ကိုပါ၊ ကျွန်မက နယူးယောက်မှာ နေတယ်၊ အစ်ကိုကြီးဆီ လာလည်တာပါ"

သားသားက သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်သည်။ ဘာမျှ

ထပ်မမေးတော့။

ညနေစောင်းချေပြီ။ ကျောင်းအောက်မှာ အသံဗလံတွေ မျိုးစုံလာခဲ့ သည်။ ကလေးသံလေးတွေ၊ ပျော်ရွှင်ရယ်မော တွန်းထိုး ဆော့ကစား တွတ်ထိုးနေ သည့် အသံတွေ။ ဟော... သူတို့ ကျောင်းပေါ် တက်လာကြပြီ။ ကိုရင်လေး ကိုအောင်နှင့် ကိုလွင်ကိုတော့ ကျွန်မ သိပြီးဖြစ်သည်။ သူတို့က ထော့နဲ့ ထော့နဲ့ လူငယ်လေး နှစ်ယောက်နောက်မှ လိုက်လာကြခြင်း ဖြစ်သည်။ သူတို့နောက်မှ တုတ်တစ်ချောင်းကို ချိုင်းထောက်လို အသုံးပြုကာ လျှောက်လာသည့် ကောင်မလေး တစ်ယောက် လိုက်လာသည်။ သူ့မှာ ခြေတစ်ဖက်မရှိ၊ နောက်ကောင်မလေး တစ်ယောက်က လက်တစ်ဖက် မရှိ။ သူတို့နောက်က လိုက်လာသည့် ကောင်လေး နှင့် ကောင်မလေးကတော့ ကျွန်မ အမြင်မှာ ရုပ်ခန္ဓာ ချို့ယွင်းချက် မရှိ။ သူတို့ အားလုံး ကျွန်မတို့ကို နွေးထွေးစွာ၊ စိတ်အားထက်သန်စွာ နှုတ်ဆက်ကြသည်။ ပြီးတော့ ကျောင်းတစ်ဖက်ခြမ်းက မီးဖိုချောင်ထဲ ဝင်ရောက် ပျောက်ကွယ်သွားခဲ့ သည်။ ထင်းချိုးသံ၊ မီးမွှေးသံ၊ ပန်းကန်ခွက်ယောက်သံတွေ ကြားနေရသည်။

"အားလုံးပေါင်း ဘယ်နှယောက်ရှိလဲ"

"ဆယ့်သုံးယောက်"

"ဒါဆို ရှင်က ကျောင်းထိုင်ဆရာတော်ကြီးပေါ့"

"အင်း- အဲလိုလည်း မဟုတ်ဘူး၊ ဒါ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းရယ်လို့လည်း ပြောလို့ မရဘူးဗျ"

"ဟယ်... ဒါဆို ဘာလဲ"

"မိသားစုလေ၊ ကျုပ်တို့ အတူတကွ နေကြတယ်၊ ကျုပ် ကလေး ဆယ့်နှစ်ယောက်နဲ့ ကျုပ်နဲ့ပေါ့၊ သူတို့အားလုံးက ဟို - အားနည်းချက်ကိုယ်စီ ရှိတယ်လို့ပဲ ပြောရမှာပေါ့၊ ကိုအောင်က မျက်စိကွယ်နေတယ်၊ ကိုမောင်က နားမကြားဘူး၊ ကိုလွင်က မြင်တဲ့အတိုင်း နှုတ်ခမ်းကွဲနဲ့ ခါးဘုနဲ့၊ ကိုထူးက ခြေထောက် မသန်ဘူး၊ စိုးစိုးက ခြေတစ်ဖက်မရှိဘူး၊ မိုးမိုးက လက်တစ်ဖက် မရှိဘူး၊ တိုးတိုးက အတက်ရောဂါရှိတယ်၊ အိအိက ခြေထောက် ကွေးလို့ ဆန့်လို့ မရဘူး၊ တခြား ကလေးတွေလည်း ဒီလိုပဲ၊ အင်း- သူတို့လေးတွေဟာ မိသားစု က ဘယ်လိုမှ မထောက်ပံ့နိုင်ကြတော့ဘဲ စွန့်ပစ်လိုက်တဲ့ ကူကယ်ရာမဲ့ ကလေး တွေပါ၊ တခြား ဘုန်းကြီးကျောင်းတွေကလည်း သူတို့လေးတွေကို လက်မခံကြ ဘူးလေ"

"ဟင်- ဘာဖြစ်လို့လဲ"

"သာမဏေဘဝက စလို့ မြင့်မြတ်တဲ့ ရဟန်းဘောင်ဘဝကို တက်လှမ်း ဖို့အတွက် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေရဲ့ ထုံးတမ်းစဉ်လာက မောင်ရင်လောင်း ဟာ ကိုယ်လက်အင်္ဂါစုံရတယ်၊ ရောဂါကြီး တစ်ခုခု စွဲကပ်မနေရဘူး၊ ရဟန်းဘဝ ဟာ

မြင့်မြတ်လှတဲ့အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံသူများသာ ရနိုင်ကြတယ်လို့ အစွဲကြီးကြတယ်၊ ဒါကြောင့်မို့ ဒီကလေးတွေ ကျုပ်ဆီ ရောက်လာကြတာပေါ့”

“ဒါဆို ရှင်က သူတို့နဲ့ ဘာလုပ်တုံး”

ကျွန်မ လက်ဖက်ရည်ခွက်ကို သူ ပြန်ဖြည့်ပေးသည်။ ပြီးတော့ ကျွန်မကို ကြောင်စီစီကြည့်နေသည်။ ကျွန်မ မေးခွန်းက သူ့အတွက် အဓိပ္ပာယ်ရှိဟန်မတူ။

“မိသားစုဆိုတာ တစ်ယောက်ကို တစ်ယောက် ကြင်နာယုယစွာ စောင့်ရှောက်ဖို့ပဲ မဟုတ်လားဗျ၊ ကျုပ် သူတို့ကို ကိုယ်စွမ်း ရှိသလောက် သွန်သင်တယ်ဗျ၊ ယာခင်းလုပ်တယ်ဗျ၊ ခြင်းရက်တယ်ဗျ၊ သက်ငယ်မိုးတွေ၊ ဝါးကပ်တွေ ရက်ပြီး ရောင်းတယ်ဗျ၊ စုပေါင်းဘုရားရှိခိုးပြီး တရားထိုင်ကြတယ် ဗျ။ အတူတကွ ချက်ပြုတ် စားသောက်ကြတယ်ဗျ၊ ဒါ မိသားစုအလုပ်ပဲပေါ့ဗျ၊ ခင်ဗျားမှာ မိသားစု မရှိဘူးလား”

သူ့မေးခွန်းကြောင့် ကျွန်မ အတော်အထိနာသွားသည်။ ပြောချင်သည့် စကားများကို မျိုချပြီး အိပ်ပျော်နေပြီ ဖြစ်သည့် ဦးဘဘက် လက်ညှိုးညွှန်ပြလိုက်ရင်း-

“ရှိတာပေါ့၊ ဟောဟိုမှာ ကျွန်မ အစ်ကိုကြီးလေ”

ဟု ပြောလိုက်သည်။

“အမေရိကမှာရော”

“အတူတူနေတဲ့ မိသားစုဝင်တော့ တစ်ယောက်မှ မရှိဘူး”

“ယောကျ်ားရော”

“ဟင့်အင်း”

“ကလေးရော”

သက်ပြင်းကြီး တစ်ချက် ချလိုက်မိသည်။

“မရှိဘူး”

“အို- တကယ့်ကို တစ်ယောက်တည်း နေတာပေါ့”

ကျွန်မ ကလေးဘဝကတည်းက ခုလို ကရုဏာသက်စွာ ကြည့်တာကို မခံခဲ့ရဖူးဘူး။ အပင်း- အဟမ်းနှင့် အတင်း လည်ချောင်း ရှင်းလိုက်သည်။

"ဟုတ်တယ်၊ ကျွန်မ တစ်ယောက်တည်း နေရတာပဲ ကြိုက်တယ်"

ဟု ပိတ်ပြောလိုက်သည်။

ရသေ့က တစ်ဖက်သို့ လှည့်ကာ ခန္ဓာကိုယ်ကိုယ် ရှေ့တိုး နောက်ငင် လှုပ်လိုက်သယောင် ထင်ရသည်။ သူ့ထံမှ စကားပြန် မရ။

ကလေးမလေး တစ်ယောက်က စားဖို့သောက်ဖို့ အဆင်သင့်ဖြစ် ကြောင်း လာပြောသည်။ ကျွန်မတို့ မီးဖိုကြီးနားမှာ ဝိုင်းထိုင်လိုက်ကြသည်။ ကလေး ၁၂ ယောက်ရယ်၊ ရသေ့ရယ်၊ ကျွန်မရယ်၊ ထမင်းရယ်၊ သီးစုံဟင်း ရယ်၊ ကြက်ဥကြော်ရယ် ကိုယ်စီ ရကြသည်။ ဝိုင်းလုပ်ဝိုင်းစား မိသားစုအသွင် နေကြသောကြောင့် တကယ့်ရဟန်းတွေလို စောင့်ထိန်းစရာ သိက္ခာပုဒ်တွေ များများစားစား မရှိပုံပင်။ ကလေးတချို့က ကျွန်မကို ခိုးကြည့်နေကြသည်။ တချို့ကတော့ ဆာရှာလွန်း၍ထင့်၊ အတင်းကုန်းရုန်းကာ လွေးနေကြသည်။ သီးစုံဟင်းက ခါးသက်သက်နိုင်သော်လည်း စား၍တော့ ကောင်းသည်။ ဆန်က တော့ သေချာသန့်စင်ထားပုံ မပေါ်။ သဲလိုလို ခဲလိုလို ဝါးမိနေသည်။

အခန်းတစ်ခုလုံး ကျေနပ်ရောင့်ရဲတင်းတိမ်စွာ တိတ်ဆိတ်နေ၏။ မီးပုံထဲက ထင်းမီးတွေ တဖျစ်ဖျစ်မြည်သံ၊ ဝါးရုံတော တရှဲရှဲ မြည်သံတွေသာ အတိုင်းသား ကြားနေရသည်။

ခုမှ သတိထားမိသည်။ ကလေးမလေးတစ်ယောက်က ပါကင်ဆန် ရောဂါသည်လို တစ်ကိုယ်လုံး တုန်တုန်ချည့်ချည့် ဖြစ်နေသည်ပဲ။ ဇွန်းဖြင့်ကော်ပြီး ပါးစပ်နား မရောက်မီမှာပင် ဇွန်းထဲက စားစရာတွေက ဖိတ်စဉ် လွင့်ကျကုန်တော့သည်။ သူ အထပ်ထပ် အခါခါ ကြိုးစားပါသော်လည်း မအောင်မြင်။ ဇွန်းကိုင်ထားသည့် လက်ကို တခြားလက်တစ်ဖက်ဖြင့် ချုပ်ကိုင် ဆုပ်ယူထားတော့ ပို၍ပင် တုန်လာခဲ့သည်။

ထိုကလေးမ၏ ဘေးမှာတော့ လက်တစ်ဖက် မရှိရှာသည့် မိုးမိုး ထိုင်နေ သည်။ မိုးမိုးက ပါကင်ဆန် ကလေးမလေး၏ ပန်းကန်ကို ယူလိုက်သည်။ ဒူးနှစ်ဖက်ကြား ညှပ်ကာ စားစရာများကို ဇွန်းဖြင့် ကော်ရင်း သူ့ကို ကျွေးနေ သည်။ သူနှင့် ကျွန်မ အကြည့်ချင်းဆုံသည်။ ကျွန်မကို ကြည့်လျှင် မျက်နှာမလွှဲ တတ်သည့် ကလေးမလေး မိုးမိုးအား ကျွန်မ ထမင်း ကူကျွေးပေးမည် ဖြစ်ကြောင်း ခြေဟန်လက်ဟန် ပြလိုက်သည်။ မိုးမိုးက ခေါင်းယမ်းပြသည်။ ပြုံးပြသည်။ ကျွန်မကို ကျေးဇူးတင်သည့် သူ့အကြည့်၊ သူ့အပြုံးက မြင်ဖူးသမျှထဲမှာ အလှဆုံး နှင့် ကြေကွဲဖွယ် အကောင်းဆုံး အပြုံး ဖြစ်သည်။

ကျွန်မ အစ်ကိုကြီးအတွက် ထမင်းနှင့် ဟင်း ယူသွားပေးသည်။ သူ ခံတွင်းပျက်နေသည်။ စားချင်စိတ်မရှိ၊ အနားသာယူချင်သည်တဲ့လေ၊ ခုည ကိုတော့ ဒီမှာပင် အိပ်ဖို့ ကျွန်မတို့ ဆုံးဖြတ်လိုက်ကြသည်။

ကျွန်မတို့ အိပ်ရန် နေရာကို သားသားက စီစဉ်ပေးနေသည်။ ကြမ်းပြင် ကို

တံမြက်စည်းလှည်းပြီး ဖျာတွေ ခင်းသည်။ သေတ္တာကြီးတစ်လုံးထဲမှ အိပ်ရာလိပ်ကြီးနှစ်ခုနှင့် စောင်တွေ ဆွဲထုတ်သည်။ ကျောင်းထောင့်က လိုက်ကာ ကာထားသည့် နေရာမှာ အိပ်ရာများကို ခင်းပေးသည်။ အထူးသဖြင့် ကျွန်မ အတွက် အိပ်ရာကို ထူထူထဲထဲ ဖြစ်အောင် သူ ခင်းပေးသည်။ ကျွန်မ ကြမ်းပေါ် မအိပ်ဖူးဘူးဟု သူ ထင်နေပုံပေါ်သည်။ ဘုရားစင်ပေါ်က နှင်းဆီပန်းအိုးလေးကို ချပြီး ကျွန်မတို့ အိပ်ရာ နှစ်ခုကြားမှာ ထားပေးသည်။ အိပ်မက်ဆိုးတွေ ကင်းဝေး စေပြီး ကောင်းစွာ အိပ်ပျော်အောင်လို့တဲ့။ သူ ဂရုတစိုက် ရှိလွန်းလှသည့်အတွက် ကျွန်မ တစ်မျိုး ဖြစ်မိသည်။ ကျေနပ်သလိုလို၊ နှစ်သက်သလိုလို။

အစ်ကိုကြီးနား သွားပြီး ထိုင်ချလိုက်သည်။ သူက ကျွန်မကို နွမ်းလျစွာ ပြုံးပြရင်း ကျွန်မ လက်ကို ကိုင်ထားကာ မိနစ်ပိုင်းအတွင်း ပြန်အိပ်ပျော်သွားခဲ့ သည်။ ကျောင်းအပြင် ထွက်လိုက်သည်။ လှေကားထစ်များပေါ် ထိုင်ချလိုက် သည်။ အမှောင်က ရစ်သိုင်း လွှမ်းခြုံထားခဲ့ပြီ။ ကြယ်ကလေးတွေက မှိတ်တုတ် မှိတ်တုတ်ဖြင့် ကျွန်မကို ပြုံးပြနေသည်။ ကြယ်တွေစုံတဲ့ ည၊ စုံလွန်းသည့်ကြယ်တွေကြောင့် အသက်ရှူပင် မှားမိသည်။ အထဲမှာတော့ အိပ်နေရင်း တဟွတ်ဟွတ် ချောင်းဆိုးနေသည့် အစ်ကိုကြီး၏ ချောင်းဆိုးသံကို ကြားရသည်။

ခဏနေတော့ သားသား ရောက်လာသည်။ သူ့ခြေသံတွေက ပြင်းပြင်း ကြမ်းကြမ်း၊ ကျောင်းလုံးသိမ့်တုန်၊ ရှည်သွယ်သွယ် သူ့လက်ချောင်းတွေနှင့်ပင် မလိုက်ဖက်။ ဖယောင်းတိုင်တစ်ချောင်း၊ လက်ဖက်ရည်အိုး၊ လက်ဖက်ရည်ခွက် နှစ်ခွက်နှင့်အတူ သူ ရောက်လာသည်။

“လက်ဖက်ရည် သောက်မယ်နော်”

“အင်း- သောက်တာပေါ့”

သားသားက လက်ဖက်ရည်ငှဲ့ရင်း-

“ခင်ဗျားအစ်ကိုတော့ အအေးအတော်မိနေတယ် ထင်တယ်”

ဟု ပြောလိုက်သည်။

“အင်း- အအေးမိတာပဲ ဖြစ်ပါစေလို့ ကျွန်မ မျှော်လင့်ပါတယ်”

“တခြား ဘာဖြစ်နိုင်သေးလို့လဲ”

ကြေကွဲရိပ်သန်းနေသည့် မျက်ဝန်းများနှင့် ဆရာဝန်အကြောင်း ကျွန်မ သူ့ကို ပြောပြသည်။ အစ်ကိုကြီး အဆုတ်မှ အစက် တစ်စက်အကြောင်း၊ ဆေး ကုသဖို့ နည်းလမ်း မရှိသည့်အကြောင်း။

“ခင်ဗျား ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာလား”

“မဟုတ်ပါဘူး၊ စိုးရိမ်တာပါ၊ စိတ်ပူတာပါ”

"ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ စိတ်ပူစရာမလိုပါဘူး၊ ခင်ဗျား အစ်ကိုဟာ သေလုမြောပါး ဖြစ်နေတာမှ မဟုတ်တာ"

"အင်း- သူလည်း အဲလိုပဲပြောတာပဲ၊ ရှင်တို့က ဘာလို့ ဒီလောက် သေချာနေတာလဲ၊ ဗေဒင်ဆရာတွေလား၊ အကြားအမြင် ရနေကြတာလား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ ချောင်းဆိုးသံကို ရင်းနှီးနေတယ်၊ အေးလာရင် လူတွေ ဒီလိုချောင်းမျိုး ဆိုးတတ်ကြတယ်၊ ပြီးတော့ သူ့မျက်နှာနဲ့ သူ့မျက်လုံးမှာ သေမင်းရဲ့ အရိပ်လက္ခဏာတွေ မတွေ့ရပါဘူး"

"ဒါဆို ရှင်က လူတစ်ယောက် မျက်လုံးထဲမှာ သေခြင်းတရား ရှိ မရှိကို သိတယ်ပေါ့"

"အမှန်ပဲ"

သူက တည်ငြိမ်စွာ ပြောလိုက်သည်။

"ဘယ်လိုလုပ် သိတာလဲ"

ကျွန်မက သံသယအပြည့်ဖြင့် မေးလိုက်သည်။

သားသားက အကြာကြီး စဉ်းစားနေခဲ့သည်။ သူ့ခေါင်းကို လက်နှစ်ဖက် လုံးဖြင့် ပွတ်ရင်း စဉ်းစားနေသည်။

"ဒါက အခြေအနေပေါ် မူတည်တယ်၊ တချို့လူတွေရဲ့ မျက်လုံးထဲမှာ သေခြင်းတရားရဲ့ အရိပ်အယောင်တွေကို ထင်ထင်ရှားရှားကြီး မြင်ရတယ်၊ အထီးကျန်၊ ကူကယ်ရာမဲ့ခြင်းတွေပေါ့၊ ရှင်သန်ခြင်းက ထွက်ခွာသွားနှင့်တဲ့ ပုံမျိုး ပေါ့၊ ဗလာနယ်ချည်းသက်သက် ကျန်ရစ်တာကို ကြည့်တတ်ရင် မြင်တယ်လေ၊ ခင်ဗျားအစ်ကို မျက်လုံးထဲမှာ ဒါမျိုး တစ်ခုမှ ရှာလို့ မတွေ့ပါဘူး"

"ဆရာဝန်ကတောင် မသေချာဘူးလို့ ပြောတာကို"

"ဆရာဝန်က မျက်လုံးထဲကို သေချာစိုက်ကြည့်တတ်တာမှ မဟုတ်ဘဲ"

တော်ပြီ၊ ဒီအကြောင်း ဆက်မပြောချင်တော့။ သူ့ကို အီတာလျံဘုန်းကြီး အကြောင်း မေးလိုက်သည်။

"ဒါက ပြောရမှာ အရှည်ကြီးပဲ"

"ကိစ္စမရှိပါဘူး၊ ကျွန်မမှာ အချိန်တွေ အများကြီး ရှိနေတာပဲ"

"အချိန်တွေ အများကြီးရှိတဲ့ အနောက်တိုင်းသားက ခင်ဗျား ပထမ ဆုံးပဲ"

သူက ရယ်မောရင်း ပြောလိုက်သည်။

"အနောက်တိုင်းသားတွေ အများကြီး တွေ့ဖူးတာလား"

"အများကြီးဆိုတာ ဘာလဲ၊ ကျုပ်တို့ဆီ အချိန်တိုင်း နိုင်ငံခြားသား ဧည့်သည်က လာနေတာပဲ၊ အရင်ကဆို ဘုန်းတော်ကြီး အိန်ဂျယ်လို ကိုယ်တိုင် ဧည့်ခံခဲ့တာပေါ့၊ လာတိုင်းလည်း အမြဲတမ်း ကသုတ်ကရက်တွေချည်းပါပဲ၊ အားလပ်ရက်မှာလည်း သုတ်သုတ်လာ၊ သုတ်သုတ် ပြန်ကြတာချည်းပဲ"

"ကျွန်မကတော့ အဲလို မဟုတ်ပေါင်"

"ခင်ဗျား ဘယ်လောက်ကြာအောင် နေမှာလဲ"

"ကြည့်ဦးမယ်လေ၊ ခုထိတော့ ဘာအစီအစဉ်မှ မရှိသေးဘူး"

"အစီအစဉ် မရှိသေးဘူး၊ ဟုတ်လား၊ အင်း- ပုံမှန်မဟုတ်ဘူးပဲ၊ ဒါဖြင့် သုံးလေးရက် နေမယ်လား"

"နေတာပေါ့၊ ဘာဖြစ်တုံး"

"ဒီမှာ နေရင်ဖြင့် တာဝန်ကိုယ်စီ ယူရလိမ့်မယ်ဗျား"

"အဲဒါက ဘာကို ဆိုလို….."

"အချက်အပြုတ်၊ သန့်ရှင်းရေး၊ အလျှော်အဖွပ်၊ ကြက်စာကျွေး၊ ကြက်ဥကောက် စတဲ့ အလုပ်တွေကိုပေါ့"

"ကောင်းပါပြီ၊ ရှင် အီတာလျံဘုန်းကြီးနဲ့ ဘယ်လို တွေ့ခဲ့သလဲဆိုတာ ပြောပြရင် လုပ်တာပေါ့"

"ခင်ဗျား ဒါကို ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေတာလဲ" သူ့ကို အမှန်အတိုင်း ပြောပြလိုက်ရတော့မလား။ ပြောပြလိုက်ရင် တစ်ခါတည်း ကိစ္စပြတ်သွားမှာလည်း စိုးသည်။ ဘိုဘို့ကို ရေထဲမှ ဆွဲတင်လာပြီး နောက် ဘာဆက်ဖြစ်သွားသည် ဆိုတာကို ကျွန်မ သိချင်လွန်းလှသေးသည်လေ။

ပြီးတော့ သားသားသည် ကျွန်မအတွက် ဖြေရှင်းမရသည့် ပုစ္ဆာ တစ်ပုဒ် ဖြစ်နေသေးသည်။ သူ့ဟန်အသွင်အပြင်မှာ ကျွန်မ တွေ့ဖို့ မျှော်လင့် ထားသည့် သားသား လုံးဝ မဟုတ်။ ဒေါ်ခင်ခင်တို့၊ ကိုမောင်ထွန်းတို့ ဇာတ်လမ်း တွေကို နားဆင်ပြီး ပုံဖော်ကြည့်ခဲ့သည့် သားသားနှင့် ခု တွေ့နေရသည့် ရသေ့ သားသားက တခြားစီ။ ကျွန်မ စိတ်ကူးပုံဖော်ထားသည့် သားသားက ဒေါသ အမျက် ခြောင်းခြောင်းထွက်နေသော၊ အရာရာကို အလိုမကျသော၊ သံသယ ကြီးလှသော၊ စိတ်ဓာတ်တွေ အဝိစိထိကျနေသော၊ တစ်ကမ္ဘာလုံးကို မုန်းတီးနေ သော သားသား ဖြစ်သည်။ ခုတော့…။

“ရှင့်ဇာတ်လမ်းက ပုံမှန်မဟုတ်မှာ သေချာတယ်လေ၊ ကျွန်မ သိချင်တာပေါ့”

ဒါ လိမ်ပြောတာ မဟုတ်၊ တကယ်လည်း သိချင်လှသည်။ သားသားက ကျွန်မအဖြေကို လက်ခံသည်။ လက်ဖက်ရည်ခွက်တွေ ထပ်ဖြည့်သည်။ ခေတ္တမျှ ငြိမ်သက်စွာ ထိုင်နေမိကြသည်။ ကြက်ဖတစ်ကောင် က တွန်လိုက်သည်။ နောက်တစ်ကောင်က လိုက်တွန်သည်။

ဖယောင်းတိုင် မီးအလင်းအောက်က သူ့ကို ကျွန်မ မျက်လုံးထောင့်က နေ မြင်နေရသည်။ သူ့တစ်ကိုယ်လုံး တည်ငြိမ်အေးချမ်းမှုတွေ ရောင်စဉ်ဖြာ နေသည်။ ဟန်ပန်အမူအရာက သက်သောင့်သက်သာ ရှိလွန်းသည်။ သူက တရားထိုင်နေသလို တင်ပျဉ်ခွေကာ တောင့်တောင့် ဖြောင့်ဖြောင့် ထိုင်နေခြင်း ဖြစ်သည်။

“ကျုပ်ဟာ….”

အတော်လေး ကြာတော့ သူ စပြောသည်။

“ဘယ်လို ပြောရမလဲ၊ ကျုပ်ဘဝမှာ အတော်လေး ဒုက္ခသုက္ခ ရောက်ခဲ့ဖူးတယ်၊ မိသားစုကို ဆုံးရှုံးခဲ့ရတယ်၊ ကျုပ်ဟာ ရှာဖွေသူ တစ်ယောက်ပါပဲ လေ”

“ဘာကို ရှာတာလဲ”

သူ ပြုံးသည်။ သွားတွေက အဖွေးသား။

“ကဲ- ကြည့်၊ ခင်ဗျား ဘယ်လောက် စိတ်မရှည်ဘူးလဲ ဆိုတာ တွေ့ပြီ မဟုတ်လား”

ကျွန်မ ကိုယ့်ကိုယ်ကိုယ် ရယ်သွမ်းသွေးမိရင်း ခေါင်းညိတ်ပြလိုက် သည်။ ဟုတ်လည်း ဟုတ်သားပဲ။

သူက ဆက်ပြောသည်။

“လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဖာသာအိန်ဂျယ်လို အကြောင်း စကြားခဲ့တယ်၊ သူက ကျုပ်လို အပူလုံးကြွနေတဲ့ ဒုက္ခသည်တွေကို ကူညီတတ်သတဲ့ လေ၊ သူ ဒီမှာနေတာ အတော်လေး ကြာသွားခဲ့ပြီ၊ မြန်မာကို ဘားမားလို့ ခေါ်ခဲ့ ကြတဲ့ အင်္ဂလိပ်တွေ အုပ်စိုးခဲ့တဲ့ ကိုလိုနီခေတ်မှာ သူ ဒီကို သာသနာပြုအနေနဲ့ ရောက်လာခဲ့တယ်။ အဲဒီတုန်းက ခရစ်ယာန်သာသနာပြုတွေဟာ အမေရိကန်က၊ အင်္ဂလန်က၊ စပိန်က၊ အီတလီကနေ ရောက်လာခဲ့ကြတယ်၊ ဒီက တိုင်းရင်းသားတွေကို ခရစ်ယာန်တွေအဖြစ် ပြောင်းလဲပစ်နိုင်ဖို့ပေါ့၊ တချို့လည်း ဒီမှာပဲ ခေါင်းချသွားခဲ့တယ်၊ ဖာသာအိန်ဂျယ်လိုလည်း တစ်ယောက် အပါအဝင်ပေါ့၊ ဒီလိုနဲ့ တွေ့ကြရော ဆိုပါတော့၊ သူ ကျုပ်ကို ဘာမှ မေးမနေဘဲ ချက်ချင်း လက်ခံလိုက်တယ်၊ ကျုပ်က အိမ်မှုကိစ္စတွေ လုပ်ပေးတယ်၊ ဈေးသွားတယ်၊ ထမင်းဟင်းချက်တယ်၊ အဝတ်လျှော်တယ်၊ သန့်ရှင်းရေးလုပ်တယ်၊ အပြန်အလှန်

အားဖြင့် သူက ကျုပ်ကို နေစရာ ထိုင်စရာပေးတယ်၊ စာရေး၊ စာဖတ်အတွက် အချက်သင်ပေးတယ်၊ အတွက်အချက်ကတော့ သူလည်း သိပ်အားမသန်လှဘူး၊ သူက အင်္ဂလိပ်စာသင်ပေးတယ်၊ အီတာလျံစကား သင်ပေးတယ်၊ စာအုပ် ဆိုတာကို ကျုပ်လက်ထဲ ထည့်ပေးတဲ့ ပထမဆုံးလူဟာ သူပါပဲ၊ သူ့ဆီကနေ စကားလုံးတွေရဲ့ အင်အားကို သိခဲ့ရတယ်၊ သူ့အိမ်က စာကြည့်တိုက်ငယ်လေး မှာ စာအုပ်တွေ စိတ်ကြိုက်ဖတ်ခွင့်ရခဲ့တယ်၊ အဲဒီကနေပဲ ရော်ဘင်ဆင်ကရူးဆိုး ဆိုတာ၊ မိုဗီဒစ် ဆိုတာ၊ အိုလီဗာတွင် ဆိုတာ၊ ကိန်းနဲ့ အေဘယ်လ် ဆိုတာတွေ ကို ကျုပ် သိခွင့်ရခဲ့တယ်၊ သမ္မာကျမ်းဟောင်း ကျမ်းသစ်တွေကို ဖာသာနဲ့အတူ လေ့လာခဲ့တယ်၊ ခရစ်ယာန်ထုံးစံ သင်္ဂြိုဟ်ပွဲတွေ၊ နှစ်ခြင်းမင်္ဂလာတွေ၊ မင်္ဂလာဆောင်တွေမှာ ကျုပ် သူ့ကို အများကြီး ကူညီခဲ့တယ်၊ ခရစ္စမတ်ပွဲတော်၊ အီစတာ ပွဲတော်တွေကို အတူတကွ ဆင်နွှဲခဲ့ကြတယ်၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဟောင်း ကြီးကနေ သူ ခရစ်ယာန်အသိုင်းအဝိုင်းလေး စုဆောင်းမိလာတယ်၊ ရှစ်နှစ်အတွင်း သူ့တရားပွဲတွေကို ကျုပ် မလွတ်တမ်း နာခဲ့တာပေါ့”

“ဒါပေမဲ့ သူ ရှင့်ကို မပြောင်းလဲပေးနိုင်ခဲ့ဘူးပေါ့လေ”

“ခင်ဗျား ဘာကို ဆိုလိုတာလဲ”

“ဒီ ဘုန်းကြီးကျောင်းရယ်၊ ဗုဒ္ဓဆင်းတုတော်တွေရယ်၊ ရှင့်ရဲ့ ရသေ့ သင်္ကန်းတွေရယ်. . .”

“ဒါတွေက အပေါ်ယံတွေပါ၊ ဒါတွေကြောင့်မို့ တစ်ယူသန် တထစ်ချ စွဲမှတ်မယ် ဆိုရင်တော့ မဟုတ်သေးဘူး၊ ခု ကျုပ်ဆီ လာနေနေတဲ့ ကလေးတွေ ဟာ ဗုဒ္ဓဘာသာ မိသားစုတွေက ဆင်းသက်လာကြတာ၊ ဗုဒ္ဓမြတ်စွာရဲ့ အေးရိပ် အောက်မှာ ရှိနေမှသာလျှင် သူတို့အတွက် လုံခြုံစိတ်ချရမှာကိုး၊ ဒီအမြင်နဲ့ ကြည့်ရင် ခင်ဗျား မှန်တာပေါ့၊ တကယ်တော့ ဖာသာဟာ ကျုပ်ကို ပြောင်းလဲ ပေးခဲ့ပါတယ်၊ ဒါပေမဲ့ ခရစ်ယာန်ဘာသာဝင်အဖြစ် ပြောင်းလဲပေးတာတော့ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ”

“ကျုပ်က အပြစ်သားမှ မဟုတ်ဘဲဗျ”

သူက ပြုံးရင်း ပြောသည်။

“ဒါဆို သူ ရှင့်ကို ဘာပြောင်းလဲပေးခဲ့တာလဲ”

သူက ချီတုံချတုံ ဖြစ်၍ နေသည်။

“ဒါက တခြားဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားပြီ”

“ကျွန်မ အချိန်ရှိပါတယ်”

သူက ခေါင်းယမ်းလိုက်သည်။

"ဒါ ခုညအတွက် မဟုတ်သေးဘူး၊ ကျုပ် ပြောနိုင် မပြောနိုင် ဆိုတာ လည်း မသေချာဘူး၊ ဒါ စကားလုံးတွေနဲ့ ပြောပြလို့ရရဲ့လား ဆိုတာတောင် မသိဘူး"

သူ ကျွန်မကို အဓိပ္ပာယ်မဖော်နိုင်သော အကြည့်တစ်မျိုးဖြင့် ကြည့်လိုက်သည်။ ကြင်နာယုယခြင်းတွေ ပြည့်လျှမ်းနေသည့် အကြည့်မျိုးလေလား။

"ဖာသာအိန်ဂျယ်လိုနဲ့ ဘယ်အချိန် လမ်းခွဲခဲ့ကြတာလဲ"

"သူ အိုမင်းမစွမ်း ဖြစ်လာတော့ ကျန်းမာရေး ညံ့လာခဲ့တယ်၊ သူ လေဖြတ်သွားပြီးတော့ ကျုပ် သူ့ကို တစ်နှစ်လောက် အနီးကပ် ပြုစုရတယ်၊ အသက်ကိုးဆယ်ပြည့်ပြီး သိပ်မကြာဘူး၊ တစ်ရက်မှာ သူ နှလုံးခုန် ရပ်သွား ခဲ့တယ်၊ အဲဒီနေ့က ကျုပ် သူ့ခုတင်ပေါ် ထိုင်နေခဲ့တယ်၊ သူက ကျုပ်လက်ကို ကိုင်ပြီး သူ့ရင်ဘတ်ပေါ် တင်ထားလိုက်တယ်၊ နှလုံးခုန်သံဟာ တဖြည်းဖြည်း နှေး နှေးသွားပြီး နောက်ဆုံးတော့ ရပ်သွားတော့တယ်"

လထွက်လာသည်နှင့်အမျှ အေးမြသည့် လရောင်အလင်းကြောင့် ဝါးရုံတောတွေ၊ သစ်ပင်တွေ၊ ချုံပုတ်တွေနှင့် မြေပြင်တို့မှ တဖြည်းဖြည်း ဆုတ်ခွာ တပ်ခေါက်သွားခဲ့ရသည့် အမှောင်ထုကို ကြည့်ရင်း ငြိမ်သက်နေမိကြသည်။

အကြောက်တရားက သစ်ပင်ပေါ် ခွထိုင်ပြီး လူတွေပေါ် သူ့အရိပ်မည်းကြီး ထိုးကျစေခဲ့သည့် ရွာကလေးတစ်ရွာ၏ အကာလည်း။

နှလုံးသားတွေ မာခဲ၍ ကျောက်ဖြစ်ရုပ်ကြွင်းအသွင် ပြောင်းသွား ခဲ့သော...။

ခေါင်မိုးပေါက်နှင့် တဲကလေးတစ်လုံး....။ ပြောင်လက်နေသည့် ရှူးဖိနပ်နက်တွေ...။

ကြွခိုင်တောင့်တင်းသည့် ခန္ဓာကိုယ်တစ်ခုနှင့် ဆန္ဒရမ္မက်ကြောင့် မဟုတ်ပါဘဲ တုန်ရီနေသည့် ပါးလျလျ ခန္ဓာကိုယ်လေးတစ်ခု . . . ။

ပါးစပ်ထဲက တစက်စက် ကျနေသည့် ကွမ်းသွေးစက်တွေ. . . ။

သေခြင်းနှင့် ရှင်ခြင်းကြား ချိန်ခွင်လျှာအလှည့်အပြောင်းကို ဆုံးဖြတ် ပေးမည့် စက္ကန့်တွေ....။

နင် တစ်ယောက်ယူ။

ငါတို့ တစ်ယောက် ခေါ်သွားမယ်။

ကျွန်မနားမှာ ထိုင်ပြီး ကျွန်မကို ကြည့်နေသည့် မျက်လုံးတွေက တောက်ပလှချည့်။ ဘာကြောင့်များလဲကွယ်၊ တစ်သက်တာမှာ ဘယ်တုန်းကမှ

ပျော်ရွှင်မှုဆိုတာ မတွေ့ခဲ့ရဖူးသည့်၊ လူတွေ အမြောက်အမြား သေကျေပျက်စီးတာကို မျက်ဝါးထင်ထင် ကြုံခဲ့ဖူးသည့်၊ ချစ်လှစွာသော အဖေ သစ်ပင်ပေါ်မှ ပြုတ်ကျသေဆုံးသည်ကို တွေ့ခဲ့ရဖူးသူ တစ်ယောက်၏ မျက်လုံးတွေက ဤမျှ ကြည်လင် တောက်ပစရာလား။

ဒီလို တဖျပ်ဖျပ် လက်နေရခြင်း၏ လျှို့ဝှက်ချက်က ဘာများလဲ။

အင်း- ကျွန်မ ကျွန်းတစ်ခုကို ဆိုက်ကပ်မိပြီဟု ခံစားနေရသည်။ သေဆုံးသူများ၊ အထီးကျန်သူများ၏ သံသရာကျွန်း မဟုတ်။ မတူကွဲပြား ခြားနားသည့် ကျွန်းတစ်ခု ဖြစ်သည်။ ဘယ်သူ တစ်ဦးတစ်ယောက်ကမျှ တည်ရှိနေကြောင်း ကျွန်မကို ပြောမပြခဲ့ဖူးသည့် ကျွန်းတစ်ခုပေါ့။

■■■

အခန်း (၅)

နံနက်ခင်းက စောစီးစွာ ရောက်လို့လာခဲ့သည်။ ကိုရင်လေးတွေ၏ အိပ်ရာသိမ်း သံ၊ ဖျာလိပ်သံ၊ တီးတိုးပြောသံ၊ ရယ်သံတွေက အရုဏ်တက်ချိန်ကတည်းက ကြားနေရသည်။ သားသားက ဦးဆောင်ပြီး သူတို့ သီချင်းဆိုကြသည်။ အို- သီချင်းဆိုတာ ဟုတ်ဟန်မတူ။ မန္တန်လား၊ ဂါထာလား၊ ဘုရားရှိခိုးလား၊ တစ်ခုခု ရွတ်နေကြခြင်း ဖြစ်လိမ့်မည်။ ခေါင်မိုးထက်က ဆည်းလည်းလေးတွေ ကလည်း လေအဝှေ့မှာ ချိုလွင်လွင် အသံပေးလို့။ မနေ့က သတိမထားမိခဲ့သည့် ကျောင်းဘေး စမ်းချောင်းလေးထဲက ရေစီးသံကိုပင် ကြည်ကြည်လင်လင် ကြား နေရသည်။ အိပ်ရာထ အညောင်းဆန့်လိုက်သည်။ အပြည့်အဝ အနားယူလိုက်ရ သည့် ခန္ဓာကိုယ်က အင်မတန် နေလို့ထိုင်လို့ ကောင်းလှသည်။

အစ်ကိုကြီးကတော့ အိပ်တုန်းပင်။ ပက်လက်လှန် ကျောခင်းရင်း နှုတ်ခမ်းတွေက ခပ်ဟဟ၊ ပါးပြင်က ချိုင့်ခွက်လို့၊ သူ့နှာခေါင်းက အရင်ထက် ပင် ပိုမို ပါးလျ ချွန်မြနေသေးသည်။ အသက်ရှူရင်း တစ်ချက် တစ်ချက် တံ့ဆိုင်း သွားသလိုလို၊ ကမန်းကတန်း ထထိုင်ပြီး သူ့အသက်ရှူသံကို နားစွင့်လိုက် သည်။ မဟုတ်ပါဘူး၊ မှန်မှန်ရှူနေတာပါ၊ ချွဲသံလေးတွေတော့ ကြားရတုန်း ပင်။

အစ်ကိုကြီး မသေပါစေနဲ့ ...။

ကျေးဇူးပြု၍ လုံးဝ မသေပါစေနဲ့...။

လုံးဝ လုံးဝ လုံးဝ ကျေးဇူးပြု၍ မသေပါနဲ့...။

ကလေးဘဝကတည်းက တစ်ခါမျှ မပြုဖူးသည့် ကိစ္စတစ်ခုကို လုပ်နေ မိမှန်း သတိထားမိလိုက်သည်။ ကျွန်မ တန်ခိုးရှင် တစ်ယောက်ယောက်၏ တန်ခိုး ပြာဋိဟာ တစ်မျိုးမျိုးကို တောင်းဆိုနေပါပကော။ အရင်က ဘုရားသခင်ထံ တိတ်တခိုး အာရုံပြု ဆုတောင်းခဲ့သည့် အဖြစ်အပျက်တွေ ရှိခဲ့ဖူးသလား။

အင်း- အချစ်ဆုံးသူငယ်ချင်း ရှသ် ဝါရှင်တန်သို့ ပြောင်းသွားတုန်းက တစ်ခါ၊ ကျွန်မ အချစ်တော် ပူးကလေး သေလုမြောပါး ဖြစ်စဉ်က တစ်ခါ၊ မေမေ အခန်းထဲမှ မထွက်ဘဲ တစ်ပတ်လောက် အခန်းအောင်းနေစဉ်တုန်းက တစ်ခါ။

ခု ကျွန်မ ဘယ်သူ့ထံမှာ ဆုတောင်းနေတာလဲ၊ ကံကြမ္မာကိုလား၊ ကြယ်တာရာ နက္ခတ်တွေကိုလား၊ မြန်မာနတ်တွေကိုလား၊ ဗုဒ္ဓကိုလား။

တကယ်တော့ ဘယ်သူ့ကိုမှ ရေရေရာရာ ဦးတည်ခြင်း မဟုတ်၊ ကျွန်မ ဆုတောင်းစကားကို ကြား၍ ဖြည့်စွမ်းပေးနိုင်မည့် တန်ခိုးရှင် တစ်ပါးပါးပေါ့။

ပြုခဲ့လှသည့် ဆုတောင်းခြင်းအမှု ပြုပြီးလေသောအခါမတော့ ကျွန်မ

နံနက်ခင်း၏ တေးသံသာများကို နားစွင့်နေမိသည်။ မီးဖိုချောင်ထဲက မီးမွှေးနေ သံ၊ မီးတောက်လာသံ၊ ချက်ပြုတ်ဖို့ ပြင်ဆင်နေကြသံ၊ လှေကားမှ ဆင်းသွားကြ သူတွေ။ အိပ်ရာလိပ်ကြီးထဲမှ လူးလဲထလိုက်သည်။ သီပေါ နံနက်ခင်းက ထင်ထားတာထက် ပို၍ အေးမြလွန်းနေသည်။

ကျောင်းပေါ်မှာ ကလေးမလေး နှစ်ယောက် ကျန်ရစ်ခဲ့သည်။ သူတို့ တွေက ဖျာပေါ်လှဲရင်း စောင်ဟောင်းကြီးတွေ ခြုံထားကြသည်။ သူတို့ထဲက တစ်ယောက်က လက်တစ်ဖက်သာ ရှိသည့် မိုးမိုး ဖြစ်သည်။ သားသားက သူတို့ဘေးမှာ ထိုင်နေသည်။

“ဘာဖြစ်လို့လဲဟင်၊ ကလေးတွေ မနေ့ကပဲ ကျန်းကျန်းမာမာ ရှိနေသေးတာကို”

ကျွန်မ စိုးရိမ်စွာ မေးလိုက်သည်။

“အအေးမိပြီး ဖျားကြတာပါ”

သားသားက ပြန်ဖြေသည်။

“ရှင့်မှာ ဆေးရှိလား”

မေးသာ မေးရသည် အဖြေက မျှော်လင့်ပြီးသားပါ။ မျှော်လင့်ထားသည့်အတိုင်း သူက ခေါင်းခါပြသည်။

“ဟင်- ဘာဆေးမှ မရှိဘူးလား”

“နိုင်ငံခြားဒေ့သည်တွေ ချန်ရစ်တဲ့ အဖျားကျဆေး၊ ခေါင်းကိုက် ပျောက်ဆေးတွေ ရှိပါတယ်၊ ကလေးတွေက ဒီဆေးတွေ ဒဏ်ကို မခံနိုင်ကြဘူး၊ ဒါတွေ သောက်ပြီးရင် သူတို့ မိုက်နာကြရော၊ တကယ်လို့ မသက်သာရင် သီပေါက ဆေးဆရာကို ခေါ်ရမယ်၊ သူ့ရှမ်းဆေးတွေက အစွမ်းထက်တယ်၊ အနည်းဆုံးတော့ တရုတ်ဆေးအတုလို ဥပဒ်မပေးဘူးပေါ့လေ”

“ကျွန်မ သူတို့ကို ရေဖတ်တိုက်ပေးမယ်လေ”

“ဟင်- ဘာဖြစ်လို့လဲ”

“ရေဖတ်တိုက်ပေးရင် အဖျားကျတယ်လေ”

သူက ရေဇလုံတစ်လုံးနှင့် အဝတ်တွေကို ပေး၏။ ကျွန်မ အဝတ်တွေ ကို ရေထဲနှစ်၊ ရေညှစ်လိုက်သည်။ မိုးမိုး ဘေးမှာတော့ ခြေတစ်ဖက် ဆာနေ သည့် ကောင်မလေး၊ သူ့နာမည် အိအိဟု ထင်သည်။ သူ့ဆာနေသည့် ခြေထောက် က စောင်အောက်မှ ထိုးထွက်နေသည်။ ကြွက်သားမရှိ၊ ခြေထောက် ပုံပန်း သဏ္ဌာန် မရှိ၊ တုတ်ချောင်းမာမာ တစ်ချောင်းလိုပင်။ ဒီခြေထောက်ကို ရေ ဖတ်တိုက်ရင်

ကလေးမလေး အဖျားကျပါ့မလား၊ အိအိ အဖျားမကျဘဲ မိုးမိုးပဲ အဖျားကျရင် ဘယ့်နှယ်လုပ်မလဲ။ ကောင်မလေး နှစ်ယောက်က ကျွန်မကို ခေါင်းထောင်ကြည့်ကြသည်။ သူတို့အဖို့ ဒီအခြေအနေက ဆန်းနေဟန်တူသည်။

သူတို့ကို ရေဖတ်တိုက်ပေးတော့ သူတို့ ဘာမှ မငြင်းဆန်ဘဲ ခံကြ သည်။ ကျွန်မ တစ်ယောက်ယောက်ကို ရေဖတ်မတိုက်ပေးတာ ဘယ်လောက် ကြာပြီလဲ။ လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက အေမီ အပြင်းဖျားစဉ် တစ်ခါ လုပ်ပေးခဲ့ဟန်တူသည်။

ကောင်မလေးနှစ်ယောက် ခိုက်ခိုက်တုန်နေကြပြီ။ ရေဖတ်တိုက်ခြင်း ကို ရပ်လိုက်သည်။ မိုးမိုးက အဖျားသွေးတက်နေသည့် မျက်နှာလေးနှင့် ကျွန်မကို ကြိုးစား ပြုံးပြရှာသည်။

■

သားသားက မီးဖိုထဲမှာ ကျွန်မကိုစောင့်နေသည်။ မီးဖိုရှေ့မှာ ဒူးထောက်ကာ မီးမွှေးနေခြင်း ဖြစ်သည်။ မီးဖိုချောင် တစ်ဖက်ထောင့်မှာ အိုးတွေ၊ ခွက်တွေ၊ ခြင်းတောင်းတွေထဲက အာလူးတွေ၊ ခရမ်းချဉ်သီးတွေ၊ ပန်းဂေါ်ဖီတွေ၊ မုန်လာဥ တွေ၊ ချင်းတွေကို တွေ့ရသည်။ ဒါတွေနောက်မှာတော့ ကြက်သွန်ဖြူတွေ၊ ငရုတ်သီးခြောက်တွေ အိတ်ဖြင့် ထည့်ထားသည်။ သစ်သားစင်ပေါ်မှာတော့ အရည်ညိုညို မည်းမည်းတွေ ထည့်ထားသည့် ပုလင်းတွေ၊ ခွက်တွေ။ မနက်စာက မနေ့က ညစာလိုပင်။ သို့သော် တစ်ယောက်ကို ကြက်ဥ ကြော် နှစ်လုံး ခွဲတမ်းရကြသည်။ ခါးလှသည့် လက်ဖက်ရည်ကြမ်းက အာခေါင်ထဲမှာ ထူးဆန်းသည့် ရနံ့နှင့် ခံစားမှုမျိုးကို ပေးစွမ်းနိုင်ခဲ့သည်။

“ကလေးတွေအတွက်တော့ အစပ် လျှော့ထည့်ရတယ်၊ ခင်ဗျား ခပ်စပ်စပ်လေး ကြိုက်လား”

“အင်း- ကြိုက်ပါတယ်”

သားသားက ငရုတ်သီးမှုန့် တစ်ဇွန်း ခပ်ကာ ကျွန်မဟင်းထဲ ထည့်မွှေ လိုက်သည်။ ခံတွင်းတစ်ခုလုံး စပ်ရှိန်းရှိန်း ဖြစ်သွားသည်။ ဒုတိယအလုတ် စားပြီးတော့ နှုတ်ခမ်းတွေ ပူတက်လာသည်။ သို့သော် ခံစား၍ကောင်းသည့် အရသာမျိုး။ သူက ချင်းတွေကို ပါးပါးလှီးနေသည်။ ကျွန်မ စားလို့ပြီးတော့ သူ ပြောသည်။

“တံမြက်စည်းလှည်း၊ ချက်ပြုတ်၊ အဝတ်လျှော် ဘာလုပ်ချင်သလဲ ရွေးပါ”

“အချက်အပြုတ်”

“ကောင်းတယ်၊ ဒါဆို တူတူလုပ်လို့ရတယ်၊ ပထမဆုံး ကြက်ဥ ကောက်ရမယ်၊ လိုက်ခဲ့”

သူက ကျွန်မကို ခြင်းတောင်းတစ်ခု ပေးသည်။ ကျွန်မတို့ ခြံထဲ ဆင်းလာခဲ့ကြသည်။ ကြက်တွေက သူ့နားလာပြီး သူ့ခြေထောက်နားမှာ ရစ်သီရစ်သီ လုပ်နေကြသည်။ သူ့ကို ကာလရှည်ကြာ စောင့်မျှော်နေကြဘိသကဲ့သို့။

"အားလုံးပေါင်း ကြက်ဘယ်နှကောင် ရှိတာလဲ"

"မပြောတတ်ဘူး၊ များသထက် များလာလို့ ရေမနိုင်တော့ဘူး"

"သူတို့မှာ နာမည်တွေ ရှိကြလား"

မစဉ်းစားဘဲ လွတ်ခနဲ ပြောထွက်သွားသည်။

သူက ချာခနဲ လှည့်လိုက်ရင်း-

"ကြက်ကို ဘယ်သူက နာမည်ပေးလို့လဲ"

ဟု မေးလိုက်သည်။

ကျွန်မ စိုးထိတ်သွားသည်။ အမြန်ဖြေလိုက်သည်။

"ကလေးတွေက နာမည်ပေးတတ်တာပေါ့"

သားသားက ပြုံးလိုက်သည်။

"တချို့လည်း နာမည်ရှိပါတယ်၊ တချို့တော့ မရှိဘူး၊ ကြက်တွေက အများကြီးကိုး"

သူက လေတစ်ချက် ချွန်လိုက်ရာ အညိုရင့်ရောင် ကြက်မတစ်ကောင် ချုံကြားမှ ပြေးထွက်လာခဲ့သည်။

"ဒါက ကိုကိုးပဲ၊ ဒီကြက်အုပ်တစ်အုပ်လုံးက သူကနေ ဆင်းသက်ပေါက်ဖွားလာကြတာ"

သူက ဒူးထောက်ထိုင်ချကာ လက်တစ်ဖက် ဆန့်တန်းပေးသည်။ ကြက်မကြီး ကိုကိုးက သူ့လက်ကို အသာဆိတ်နေသည်။ ကိုကိုးသည် ခေါင်းလေးတစ်ဖက်စောင်းငဲ့၍ ကျွန်မကို တစ်ချိန်လုံး ကြည့်နေသည်ဟု ထင်မိသည်။ ဆိတ်များဆိတ်လေမလား၊ ကျွန်မ နောက်တစ်လှမ်း အသာဆုတ်လိုက်သည်။

"စိတ်မပူပါနဲ့၊ သူက မကိုက်ပါဘူး"

သားသားက ကိုကိုးကို ပွတ်သပ်ပေးရင်း ပြောနေသည်။

"သူက သိပ်လိမ္မာတာပဲ၊ ကြက်တစ်ကောင်အဖို့တော့ သိပ်ထူးဆန်း

တာပေါ့လေ”

ကျွန်မတို့ ကြက်ဥ နှစ်ဒါဇင်ခန့် ရ၏။ သားသားက ကြက်တွေ ဥတတ် သည့် နေရာတွေကို အကုန်သိသည့်အတွက် ချောင်ကြိုချောင်ကြားမှ လိုက်နှိုက် နေသည်။

မီးဖိုချောင်ထဲ ပြန်ရောက်တော့ သူက ကျွန်မကို စဉ်းတီတုံးနှင့် ဓားထက်ထက် တစ်ချောင်း ပေးသည်။ ခရမ်းချဉ်သီး ခြင်းတောင်း တစ်လုံး ပေးသည်။ အဲဒါတွေကို လှီးရမတဲ့။ သူကိုယ်တိုင်ကတော့ အာလူးတွေ အခွံနွှာ နေသည်။ သူ့ လှုပ်ရှားမှုတွေ အားလုံးမှာ တည်ငြိမ်အေးချမ်းခြင်း သဏ္ဌာန်က အထင်အရှား။ အာလူးပုံထဲ ခေါင်းစိုက်နေရင်းက-

“ကဲ- ခင်ဗျား ကျုပ် ဘယ်လို နေထိုင်တယ် ဆိုတာ သိပြီ၊ ဒါပေမဲ့ ကျုပ် ခင်ဗျားအကြောင်း ဘာမှ မသိရသေးဘူး”

ဟု ပြောလိုက်သည်။

“အင်း- ရှင်က ဘာသိချင်လို့လဲ”

သူ ကျွန်မကို စိတ်ဝင်တစား ရှိလာသည်ကို အံ့ဩမှင်တက်မိရင်း ပြန်မေးလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ပြောချင်တာကို ပြောပြပေါ့”

“တစ်ခုခု မေးလေ၊ ကျွန်မ ဖြေမယ်”

“ဟင့်အင်း၊ မမေးတတ်ပါဘူး”

ဘာဖြစ်လို့လဲ”

“ဒါက မယဉ်ကျေးဘူးလေ၊ သူစိမ်းတစ်ယောက်ကို မေးခွန်းမေးဖို့ ဆိုတာ”

“ကျွန်မအဖို့တော့ လွယ်တယ်၊ မေးတာဟာ မယဉ်ကျေးတာ မဟုတ် ပေါင်"

ကျွန်မ သူ့ကို မျက်စောင်းထိုးမိသည်။ အေမီ တွေ့လျှင်တော့ နင် ဒီဘဲကြီးကို မြူဆွယ်နေပြီဟု ပြောမှာ သေချာသည်။

သားသားက ရယ်၏။ ဓားကိုချကာ ခေတ္တစဉ်းစားနေသည်။ ဟော- သူ စမေးပြီ။

“ခင်ဗျားအတွက် ဘာအရေးကြီးဆုံးလဲ”

အမယ်လေး၊ မေးခွန်းကြီးကလည်း၊ လက်ကို ဓားဖြင့် လှီးမိတော့ မလိုတောင် ဖြစ်သွားသည်။ ဒီလို မေးခွန်းမျိုးကို မျှော်လင့်မထား၊ ကျွန်မ ဘယ်မှာ

နေလဲ၊ မိသားစုက ဘယ်မှာလဲ၊ အသက်၊ ဝင်ငွေ ဒါတွေ မေးမည်ဟု မျှော်လင့်ထားခဲ့တာ။ ခုတော့ ဘာအရေးကြီးဆုံးလဲတဲ့။ ဘယ်လို ဖြေရပါ့။ ကျွန်မ အလုပ်လား၊ အင်းပေါ့ - အေမီနှင့် ရင်းနှီးကျွမ်းဝင်မှု၊ အစ်ကိုကြီးအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာတွေလား၊ ဟုတ်တာပေါ့။ မေမေလား၊ အစ်ကိုလား၊ သူတို့က သူတို့လမ်း သူတို့ လျှောက်နေပြီလား။ ဒါကို သူ သိချင်တာလား။

ကျွန်မ အကျပ်အတည်း တွေ့နေပြီ ဆိုတာကို သူ ရိပ်မိပုံပင်။

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ဒါကြောင့် ကျုပ် မေးခွန်း မမေးတတ်ပါဘူး လို့ ပြောသားပဲ"

"အဲလို မဟုတ်ပါဘူး၊ ရှင့်မေးခွန်းက ဖြေဖို့ မလွယ်လို့ပါ"

"အိုး- ဒါ ကျုပ် စဉ်းစားမိသလောက် အလွယ်ဆုံး မေးခွန်းပဲ"

"ဒါပေမဲ့ ကိုယ်ရေးကိုယ်တာမေးခွန်းလေ ရှင်ကြီးရဲ့"

"ဟုတ်လား၊ ဒါမျိုး မမေးအပ်ဘူးလား"

သူ၏ တဲ့တိုးဆန်မှု၊ ဟောဟောဒိုင်းဒိုင်း ရှိမှုက အစ်ကိုကြီးနှင့်ပင် တူတူသေးတော့။

"အဲလိုမဟုတ်ပါဘူး၊ ရုတ်တရက် ဖြေဖို့ကျတော့......"

"အား- သိပြီ၊ နောက်မှပေါ့"

"အင်း- နောက်မှပေါ့"

"ဒါဆို ခု ကျုပ် သိချင်တာက......"

ရသေ့ခမျာ နောက်မေးခွန်းအတွက် အပြင်းအထန် စဉ်းစားနေရရှာ သည်။

"ခင်ဗျား အိမ်မှာ အိပ်ခန်း ဘယ်နှခန်း ရှိတုံးဗျ"

ကြည့်စမ်း၊ ကျွန်မ အသည်းယားလာသည်။ သူ့ကို ပွေ့ဖက်ပစ်လိုက်ချင်လာပြီ။

"နှစ်ခန်းရှင့်၊ ကျွန်မက နယူးယောက် မန်ဟက်တန်မှာ နေတာလေ"

ပြောပြီးနောက် သူ့ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

"အင်း- မန်ဟက်တန် ဘယ်နားရှိမှန်း သိပါတယ်၊ ကျုပ် စာအုပ်ထဲမှာ ဖတ်ဖူးတယ်လေ"

"ကျွန်မအခန်းက သုံးဆယ့်ငါးထပ်မှာ..."

ကျွန်မ ဆက်ပြောလိုက်သည်။

"အိပ်ခန်း နှစ်ခန်း၊ ရေချိုးခန်း တစ်ခန်း၊ မီးဖိုခန်းနဲ့ ထမင်းစားခန်းက တစ်ခန်း"

"ဩ- ဒီမှာလိုပေါ့နော"

သူ့မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်လိုက်သည်။ သူ တကယ် ပဲ ကျွန်မ တိုက်ခန်းနှင့် သူ့ကျောင်းပျက်ကို နှိုင်းယှဉ် ပြောနေတာလား။ သူက ကျွန်မကို စေ့စေ့ကြည့်သည်။ ကျွန်မတို့ မျက်လုံးချင်း ဆုံမိကြသည်။ သူ့နှုတ်ခမ်းထောင့်စွန်းလေးတွေ ကွေးတက်နေတာ မြင်ရပုံထောက်တော့ သူ ကျွန်မကို စနေတာ ဖြစ်လိမ့်မည်။

"အင်း- ဟုတ်တယ် ဒီမှာလိုပဲ"

သူက ပြုံးပြုံးကြီး လုပ်ရင်း-

"သိသားပဲ၊ ဒါနဲ့ ခင်ဗျား ဘာအလုပ်လုပ်လဲ"

"ကျွန်မက ရှေ့နေပါ"

"ရှေ့နေတဲ့လား၊ ဒီနိုင်ငံက ရှေ့နေတွေကတော့ မျက်နှာကောင်း မရကြဘူး"

"ကျွန်မတို့ဆီမှာလည်း အတူတူပါပဲ"

"ဒါနဲ့ ခင်ဗျား ဘယ်သူတွေအတွက် ရှေ့နေလိုက်ပေးတာလဲ၊ ဓားပြ တွေ အတွက်လား၊ သူခိုးတွေ အတွက်လား"

"ဟင့်အင်း၊ ကျွန်မက ရာဇဝတ်မှုရှေ့နေ မဟုတ်ပါဘူး၊ အသိဉာဏ် ပညာဆိုင်ရာ မူပိုင်ခွင့်တွေကို အထူးပြုတဲ့ ကော်ပိုရိတ်ရှေ့နေပါ ၊ မူပိုင်ခွင့်အတု လုပ်တာတွေ၊ ပစ္စည်းအမှတ်တံဆိပ် တုပတာတွေအတွက် ရှေ့နေလိုက်ရတယ်၊ ရှင် ကျွန်မ ဆိုလိုတာကို သိလား"

ကျွန်မက သေချာအောင် မေးသည်။ သူကလည်း သေသေချာချာ ခေါင်းခါပြသည်။

"ပစ္စည်း အတုအပ လုပ်တာလေ"

ထပ်ပြောသည်။ ဖြည်းဖြည်းလေး ပြောသည်။ ကျွန်မ ပြောတာကို နားလည်စေချင်လှသည်။

သို့သော် ခေါင်းခါ ပြခြင်းကိုသာ မြင်ရသည်။ သူ့မျက်နှာက ကျွန်မ ပြောတာကို သူ နားမလည်သည့်အတွက် တောင်းပန်သည့်ဟန် ပေါက်နေရှာ သည်။

"ဘယ်လို ရှင်းပြရမလဲ မသိ၊ ပစ္စည်းအတု ဆိုတာလေ၊ ဟို ရှင်က အင်မတန်ဈေးကြီးတဲ့ လက်ကိုင်အိတ်တွေ ထုတ်လုပ်တဲ့လူ ဆိုပါတော့ အဲသလို ဆိုရင်..."

"ဘယ်လောက် ဈေးကြီးတာလဲ"

"ဒေါ်လာ တစ်ထောင်လောက် ထားပါတော့"

"အလို- ဒေါ်လာတစ်ထောင်တန်တဲ့ လက်ကိုင်အိတ်ဆိုတာ ရှိလို့ လား"

"အမယ်လေး၊ ဒီထက်အပုံကြီး ဈေးကြီးတာတွေတောင် အများကြီး၊ ထားပါတော့၊ ဒါကို ပြောချင်တာ မဟုတ်ဘူး"

ပြောနေရင်း စိတ်က မရှည် ဖြစ်လာသည်။

"ဒါက ဥပမာပေးတာ ရှင်ကြီးရဲ့ ရှင် အဲဒီ လက်ကိုင်အိတ်ကို ထုတ်တယ်၊ တစ်ယောက်ယောက်က ရှင့်တံဆိပ်အတိုင်း အတု ထုတ်ပြီး ရှင် ရောင်းတဲ့ဈေးရဲ့ ဆယ်ပုံ တစ်ပုံလောက်နဲ့ လျှော့ရောင်းတယ်ဆိုရင်"

"အား- ဒါဆို ကောင်းတာပေါ့ "

"ဟယ်- ဘယ်ကောင်းရမတုံး"

"ဘာလို့တုံး"

"ဒါ ခိုးပြတိုက်တာပဲလေ၊ လက်ခံလို့ ဘယ်ရမလဲ"

"အား- သူတို့က ကျုပ် လက်ကိုင်အိတ်တွေကို ခိုးပြီး ပြန်ရောင်းတာလား"

"သြော် တယ်ခက်တာပဲရှင်၊ လက်ကိုင်အိတ်ကို ခိုးတာ မဟုတ်ဘူး၊ အကြံဉာဏ်ကို ခိုးတာ၊ စိတ်ကူးစိတ်သန်းကို ခိုးတာ၊ မူပိုင်ခွင့်ကို ခိုးတာ၊ ဒါကို ကာကွယ်ပေးရတယ်၊ ဒါကြောင့် ကုမ္ပဏီတွေဟာ ရှေ့နေတွေကို လိုအပ် တယ်၊ ဥပမာအားဖြင့် တရုတ်ပြည် ဆိုပါတော့၊ ပစ္စည်းအတုတွေ အများကြီး ထုတ်လုပ်တယ်၊ တံဆိပ်တစ်ခုတည်းတောင် မဟုတ်ဘူး၊ တစ်ဆိုင်လုံးကို ပုံတူကူးချတာမျိုး"

သူ စိတ်ညစ်နေပြီ။ မျက်မှောင်ကြီး ကုတ်ထားသည်။

"ဒါက ဒီလိုလေ"

သူ့ကို မြင်သာအောင် ဥပမာပေးဖို့ ကျွန်မ မီးဖိုချောင်ထဲမှာ ဟိုဟို သည်သည် လျှောက်ကြည့်သည်။ မီးဖိုမှသည် သူ့ဝတ်ရုံစထိ ဥပမာပေးဖို့ ပစ္စည်းလိုက်ရှာတာ မောတာပဲ အဖတ်တင်သည်။ ကြာကြာကြည့်လေ အဓိပ္ပာယ် မရှိလေ။ နောက်ဆုံးတော့ ပြောလိုက်ရသည်။

"ကဲ- မေ့လိုက်ပါတော့၊ ဒီကိစ္စ အရေးလည်း မကြီးလှပါဘူး"

"ဟာ- ဘယ်ဟုတ်ပါ့မလဲ၊ အရေးကြီးတာပေါ့"

သားသားက အတိုက်အခံ ပြောနေသည်။

"ထပ်ပြောပြပါဦး၊ တကယ်လို့သာ ဓားပြတွေဟာ ခင်ဗျားအတွက် အရေးကြီးတယ် ဆိုရင် တကယ်အရေးကြီးလို့ပေါ့၊ ဒါ ရှင်းနေတာပဲကို"

"တော်ပါတော့၊ ကျွန်မ ဒါတွေကို ဂရုမစိုက်ပါဘူး"

"ဟင်- လွန်ခဲ့တဲ့ တစ်မိနစ်လောက်ကပဲ ခင်ဗျား ဂရုစိုက်နေတာလေ"

"ဂရုစိုက်တယ်လို့ ထင်ခဲ့မိတာပါရှင်"

သူက ခန္ဓာကိုယ်ကို ရှေ့တိုးနောက်ငင် ယိမ်းရင်း ဘယ်လက်က ညာလက်ကို ပွတ်နေသည်။

ကဲ- ဒါဖြင့် ကျွန်မအတွက် ဘာအရေးကြီးလဲ။

အင်မတန် ရိုးစင်းသည့်မေးခွန်း၊ ကျယ်ပြန့်သည့် မေးခွန်း၊ သားသား မှန်သည်။ ဒီမေးခွန်းကို ဖြေဖို့ ခက်ခဲမနေသင့်။ နယူးယောက်မှာတုန်းက ဆိုလျှင်တော့ ကျွန်မ ချက်ချင်း တုံ့ဆိုင်းမှုမရှိဘဲ ဖြေပစ်လိုက်မည်သာ။ ခု ပဇာကြောင့် တုံ့ဆိုင်းနေတာလဲ။

ကျွန်မ သတိမထားမိဘဲ တစ်ခုခုတော့ ကျွန်မမှာ ဖြစ်နေတာ သေချာ ပြီ။ ဘဝ၏ အပြောင်းအလဲတွေကို ချက်ချင်း လက်ငင်း သတိထားမိတတ် သလား၊ နောက်မှ ဖြည်းဖြည်းချင်း သတိထားမိတတ်တာလား။

အစ်ကိုကြီး၏ ချောင်းဆိုးသံကြောင့် အတွေးစတွေ ပြတ်သွားသည်။ မတ်တတ်ထရပ်လိုက်သည်။ အစ်ကိုကြီးကို ချောင်းကြည့်လိုက်သည်။

အစ်ကိုကြီး နိုးလာပြီ။ ကျွန်မကို မှုန်သီသော မျက်ဝန်းအစုံနှင့် ကြည့်နေ ရှာသည်။ သူ ဘယ်ရောက်နေလဲ ဆိုတာ ဝေခွဲတတ်ရှာဟန် မတူသေး။ ကျွန်မ သူ့နားမှာ ထိုင်ပြီး သူ့လက်ကို ကိုင်ထားမိသည်။ သူ့လက်၏ အနွေးဓာတ်က ကျွန်မကို သက်သောင့်သက်သာ ရှိစေသည်။

"အစ်ကိုကြီး၊ အိပ်ပျော်ရဲ့လား"

“အင်း- မဆိုးပါဘူးကွယ်”

“ဆာပြီလား အစ်ကိုကြီး”

“မဆာပါဘူးကွယ်၊ ရေပဲ ဝေတ်တာပါ”

သားသားက လက်ဖက်ရည် မတ်ခွက်တစ်ခွက်၊ ယူကလစ်နံ့ ထွက် နေသည့် အဆီတစ်မျိုး ထည့်ထားသော သစ်သားခွက်ကြီး တစ်ခွက်နှင့် ရောက်လာသည်။

“ဒါ ဆေးဆရာ ပေးထားတဲ့ ရင်လူးဆေး၊ ခင်ဗျားအစ်ကို ရင်ဘတ်နဲ့ နောက်ကျောတွေကို လိမ်းပေး၊ သက်သာလာလိမ့်မယ်”

ဦးဘက ထထိုင်ပြီး လက်ဖက်ရည်ပူပူကို သောက်နေသည်။

ကျွန်မ တွေဝေနေမိသည်။

“ကျုပ် လုပ်ပေးရမလား”

“ဟင့်အင်း၊ ရပါတယ်၊ ကျေးဇူးပါပဲ”

ကျွန်မ ချီတုံချတုံ ဖြစ်နေပုံကို သူ ချက်ချင်း သိသည်မှာ အံ့သြစရာ၊ သားသားက အနားမှ ထွက်သွားသည်။ ကျွန်မ ဦးဘ နောက်ကျောမှာ ဝင်ထိုင်ပြီး သူ့ ရှပ်အင်္ကျီကို မ တင်လိုက်သည်။ လက်နှစ်ချောင်းဖြင့် ဆေးဆီကို ကလော်ယူပြီး သူ့ပခုံးနှစ်ဖက်ကြားမှ စလိမ်းပေးလိုက်သည်။ သူ့အရေပြားက နွေးထွေးနူးညံ့ ပျော့ပျောင်းလှသည်။ ကလေး အရေပြားလိုပင် နူးညံ့လှသည်။ ကျောကုန်းမှာ အသက်ကြီးလာလျှင် ဖြစ်တတ်သည့် မှဲ့ခြောက်ကလေးတွေကို တွေ့ရသည်။ ဖေဖေ့တုန်းကလည်း ကျွန်မ တွေ့ဖူးသည်။ ကျွန်မ ကိုယ်တိုင်မှာ ပင် ဒါကလေးတွေ ဖြစ်နေခဲ့ပြီ။

ကျောကုန်း လိမ်းပြီးသွားတော့ သူ့ကို အိပ်ခိုင်းပြီး ရင်ဘတ်ကို ဆေးလူး ပေးရပြန်သည်။ အစ်ကိုကြီးက မျက်လုံးကို ပိတ်ကာ အသက်ကို ငြိမ်းငြိမ်း ချမ်းချမ်း ရှူနေသည်။ သူ့နှလုံးခုန်သံက စည်းချက်မှန်မှန် ညင်ညင်သာသာ။ ကွဲကြေပျက်စီးလွယ်သည့် ရှားတောင့်ရှားပါး ငြိမ်းချမ်းမှုကလေး။

ဖေဖေသာ ဆိုလျှင် အစ်ကိုကြီး နှလုံးခုန်သံကို ဘယ်လိုများ အမည် တပ်လေမလဲ၊ ကျောက်စက်ရေ တစက်စက်ကျသံ၊ နံရံကပ်နာရီ တချက်ချက် မြည်သံ၊ တယောကြိုးခတ်သံ တစ်ခုခုလို့ ကင်ပွန်းတပ်မည်လား။

“အစ်ကိုကြီး ဘာမှ မစားချင်ဘူးလား”

မီးဖိုထဲမှာ ရေသွားခပ်လိုက်သည်။ ကျွန်မ ပြန်ရောက်လာချိန်မတော့ အစ်ကိုကြီးက ပြန်အိပ်ပျော်သွားခဲ့ချေပြီကော။

သားသားက အာလူးတွေအားလုံး အခွံနွှာပြီး ထမင်းအိုး တည်ပြီး၍ ကျွန်မ ခရမ်းချဉ်သီး လှီးတာကို လာကူသည်။ ဟင်းသီးဟင်းရွက်တွေကို အင်မတန် ကျွမ်းကျင်စွာ လှီးဖြတ်နေတာမျိုးကို ကျွန်မ တစ်ခါမျှ အနီးကပ် မမြင်ဖူးခဲ့။

"ခင်ဗျား အစ်ကိုနဲ့ ခင်ဗျားအကြောင်း ပြောပြပါဦး၊ သူက ဘာလို့ ဒီမှာ နေပြီး ခင်ဗျားက ဘာလို့ နယူးယောက်မှာ နေတာလဲ"

"အင်း- ဒါက အင်မတန် ရှည်လျားရှုပ်ထွေးတဲ့ ဇာတ်လမ်းပါပဲ" "ခင်ဗျားပဲ အချိန်ရှိတယ်ဆို"

"အင်းပါ - ဒီလို၊ ကျွန်မတို့က အဖေတူ အမေကွဲတွေ၊ ကျွန်မတို့ အဖေက ကလောဇာတိ၊ သူ လူငယ်လူရွယ်ဘဝမှာ သူ့ကို ရန်ကုန်က သူ့ဆွေမျိုး တစ်ယောက်က ခေါ်သွားခဲ့တယ်၊ ပြီးတော့ အမေရိကကို ကျောင်းတက်ဖို့ လွှတ်လိုက်တယ်၊ အဲဒီမှာ ကျွန်မ အမေနဲ့ လက်ထပ်တယ်၊ ပြီးတော့ အောင်မြင်တဲ့ရှေ့နေတစ်ယောက် ဖြစ်လာခဲ့တယ်"

"သြော်.... ခု သူ ရှိသေးလား"

"ဟင့်အင်း၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူ ကလောကို ပြန်လာပြီး အဲဒီမှာပဲ ဆုံးသွားခဲ့တယ်"

"သြော်... သူ့သားကို တွေ့ချင်လို့ ပြန်လာတာလား"

"မဟုတ်ဘူး၊ သူ့မှာ သားတစ်ယောက် ရှိနေမှန်းတောင် သူ မသိပါ ဘူး"

"ဟာ- တကယ်လား"

"အင်း- အစ်ကိုကြီးက သူ့အမေနဲ့ နေတယ်၊ ကျွန်မ အဖေနဲ့ သူတို့နဲ့ ဘာအဆက်အသွယ်မှ မရှိခဲ့ကြဘူး"

"သြော်.... သူကရော သက်ရှိထင်ရှား ရှိသေးလား"

"ဟင့်အင်း၊ ဖေဖေ ပြန်ရောက်ပြီး နောက်နေ့မှာပဲ သူတို့ နှစ်ယောက်လုံး ပြိုင်တူလို ဆုံးပါးသွားကြတယ်၊ သူတို့ မတွေ့ဖြစ်ခဲ့ကြတာ နှစ်ပေါင်း ငါးဆယ် ကြာခဲ့တယ်"

"သိပ်ကြည်နူးဖို့ကောင်းတဲ့ ဇာတ်လမ်းပဲ"

"ဘာဖြစ်လို့လဲ"

"နောက်ဆုံးတော့ သူတို့နှစ်ယောက် ပြန်လည်ဆုံစည်းခဲ့ကြတယ်လေ၊

တစ်ယောက်တည်း အထီးကျန် အဖော်မဲ့ သေဆုံးရတာမျိုး မဟုတ်ဘူးပေါ့၊ သူ့အတွက်ပဲ ခင်ဗျားအဖေဟာ ကလော ပြန်လာခဲ့တာ မဟုတ်လား”

“ဟုတ်မယ် ထင်တယ်၊ သူဟာ အင်မတန် နေမကောင်း ဖြစ်နေတာ လေ၊ ဖေဖေက ဒါကို အာရုံရပုံပဲ”

စကားစ ပြတ်သွားသည်။

ကျွန်မ စိတ်ထဲမှာ မနာလို ဝန်တိုစိတ်တစ်ခု ဖြစ်ထွန်းလာသည်ကို ခံစားမိသည်။ ဒေါ်မိမိကို မဟုတ်။ သူနှင့် ဖေဖေတို့ကြားက ချစ်ခြင်းတရားကို ဖြစ်သည်။

မနာလိုဝန်တိုခြင်းနှင့် အထီးကျန် အဖော်မဲ့ခြင်း။

သူတို့ ချစ်ခြင်းလိုမျိုး ကျွန်မကို ချစ်နိုင်မည့်သူ ရှိပါလေစ။

ထိုသို့ဆိုလျှင် ကျွန်မ ခံနိုင်ရည် ရှိပါလေစ။

ထိုအဖြစ်မျိုး ကြုံခဲ့လျှင် ကျွန်မ သိနိုင်ပါစ။

အစ်ကိုကြီး တစ်ခါက ပြောခဲ့ဖူးသည်။ အချစ်ဆိုတာ ကိုယ် ဖြစ်စေ ချင်တဲ့ ပုံရိပ်လှလှတစ်ခုသာ၊ ကိုယ်ချစ်သလို ကိုယ့်ကို ပြန်ချစ်စေချင်ကြသည်၊ အဲဒီလို မဟုတ်ခဲ့လျှင် အလိုမကျ ဖြစ်ရသည်သာတဲ့။

သူ မှန်သလား၊ မှန်ခဲ့ရင် အဲဒီစကားက ဘာအဓိပ္ပာယ်လဲ၊ ကျွန်မက ဘယ်လို အချစ်မျိုးကို မျှော်လင့်နေသလဲ၊ ကျွန်မ ချစ်တတ်သည်က ဘယ်လိုမျိုး လဲ၊ ခု ၃၈ နှစ်ဆိုသည့် အသက်အရွယ်မှာပင် ဒီမေးခွန်းကို ရေရေရာရာ ဖြေနိုင်စွမ်း မရှိတာ ဖြစ်နိုင်ပါရဲ့လား။

ကျွန်မ၏ ကြေကွဲဝမ်းနည်းမှုတွေကို သားသားက ခံစားမိဟန်တူ သည်။ ကျွန်မ ပါးပြင်ကို သူ အသာအယာ ပွတ်သပ်ပေးနေသည်။ ကျွန်မ သူ့လက်တွေကို တင်းတင်းဆုပ်ထားမိသည်။ သူ့လက်ပေါ်မှာ ခေါင်းကို အသာ မှီထားမိသည်။

ရုတ်တရက် နိဒါန်းသွယ်မနေဘဲ ကျွန်မ ပြောလိုက်သည်။ “ဖေဖေကလေ ရင်ခုန်သံတွေကို ကြားနိုင်စွမ်းရှိတယ်၊ သိလား” ကျွန်မ ပြောသမျှ သူ ယုံမည် ဆိုသည်ကို ကျွန်မ သံသယမရှိဘဲ သိနေပါသည်။

ဖေဖေနှင့် ဒေါ်မိမိအကြောင်းကို ကျွန်မ ခရေစေ့တွင်းကျ သူ့ကို ပြောပြနေမိသည်။ သူက အသေအချာ နားထောင်ပြီး ဇာတ်လမ်းအဆုံးမှာ မေးသည်။

“ခင်ဗျားရော ခင်ဗျားအဖေလို ရင်ခုန်သံကြားနိုင်စွမ်း ရှိလား”

ခေါင်းခါ ပြလိုက်သည်။

“ခင်ဗျား အစ်ကိုကြီးကရော”

“ဟင့်အင်း”

“ဩော်- ဆိုးပါ့ဗျာ”

သားသားက ကျွန်မကို ကြည့်ရင်း တစ်စုံတစ်ရာကို အတွေးနက်နေခဲ့ သည်။ နောက်ဆုံး သူ ပြောသည်။

“တစ်ခါကတော့ ကျွန်တော်လည်း နှလုံးသားသံစဉ် ကြိုးညှိနိုင်သူ တစ်ယောက်ကို သိခဲ့ဖူးပါတယ်”

“ဘယ်လို၊ နှလုံးသားသံစဉ် ကြိုးညှိနိုင်သူ ဟုတ်လား”

နားကြားများ လွဲလေရော့သလား။

“ဟုတ်တယ်၊ တူရိယာတစ်ခုလိုပေါ့၊ နှလုံးသားကြိုး လျော့နေရင် သူ ကြိုးညှိတတ်တယ်”

“ဘယ်နှလုံးသားကို မဆိုလား”

“အဲသလိုတော့ ဘယ်ဟုတ်ပါ့မလဲ”

“နှလုံးသားက ဘယ်လိုများ ကြိုးလျော့နိုင်ရတာလဲ”

သားသားက ခေါင်းကို ဘယ်ညာ ယမ်းရင်း-

“ရင်ခုန်သံ ကြားနိုင်သူ တစ်ယောက်ရဲ့ သမီးအနေနဲ့ ခင်ဗျား ဒါကို သိသင့်တာပေါ့”

ဟု ပြောလိုက်သည်။

သူ ကျွန်မကို ဟာသ လုပ်နေတာများလား။

“နည်းလမ်းကတော့ အမျိုးမျိုးရှိတာပေါ့၊ စည်းချက်မမှန်တဲ့ နှလုံးခုန်သံတွေ၊ မြန်နေတဲ့ နှလုံးခုန်သံတွေ၊ ပိုနေတဲ့ စည်းချက်လွန် နှလုံးခုန်သံတွေ ကို မကြားဖူးဘူးလား၊ ဥပမာ ဆိုပါစို့၊ မန်ကျည်းစေ့ ဝါးမိလို့ ခါးတယ်ဆိုရင် နှလုံးသားဟာ သိမ့်သိမ့်တုန်အောင် ခါတတ်တယ်၊ ကြောက်နေတဲ့အခါမျိုးမှာ နှလုံးသားဟာ ငှက်ပေါက်လေးတစ်ကောင်လို ဆတ်ဆတ်တုန်နေတတ်တယ်၊

ဝမ်းနည်းစိတ်ဆင်းရဲလွန်းတဲ့အခါ နှလုံးသားဟာ ရပ်တန့်သွားတော့မလို မခုန် ချင့် ခုန်ချင်လေးနဲ့ ခုန်နေတတ်တယ်၊ စိတ်ရှုပ်နေရင် နှလုံးခုန်သံဟာလည်း ကမောက်ကမပေါ့၊ အမေရိကမှာတော့ တစ်မျိုး ခုန်ကြသလား မသိပါဘူး”

"အဲလိုတော့ မဟုတ်ပါဘူး၊ ကျွန်မတို့ကတော့ နှလုံးခုန်သံ မမှန်ဘူး ထင်ရင် နှလုံးအထူးကုဆီ ပြေးကြတာပဲ"

"ဒါက တစ်မျိုး တစ်ဘာသာလေ၊ သူတို့က နှလုံးရဲ့ စက်ပြင်ဆရာ တွေပါ၊ စည်းချက်ညီတဲ့ကိစ္စကို သူတို့ ဘာမှ မသိပါဘူး"

"ဒါဆို ဘယ်သူက သိလဲ ပြော"

သားသားက ချောင်းဟန့်လိုက်သည်။ စဉ်းတီတုံးပေါ် ဓားကို ချလိုက် သည်။ ခဏငြိမ်သွားသည်။ သူ့မျက်နှာပေါ်မှာ အရိပ် တစ်ခုခု ဖြတ်သန်းသွားသည်။

"ဘယ်သူက နှလုံးသားသံစဉ်ကို ကြိုးညှိနိုင်စွမ်း ရှိတာလဲ"

ကျွန်မ တိုးတိတ်ညင်သာစွာ မေးလိုက်သည်။

သူ ပြန်မဖြေ။

"အဲဒါက ပါရမီလား"

သူက ကျွန်မကို ကျော်ပြီး ငေးနေသည်။ သူ့ အောက်နှုတ်ခမ်းလေး တွေ တုန်စပြုလာသည်။

သူ့ ပွင့်လင်းလှသည့် ရယ်သံတွေ ဘယ်ရောက်သွားပြီလဲ၊ သူ့တည်ငြိမ်မှု တွေ ဘယ်မလဲ။

"နှလုံးသားသံစဉ် ကြိုးညှိတဲ့လူ၊ ဘယ်သူကများ ဒီလိုလုပ်နိုင်မှာလဲ၊ ပဉ္စလက်ဆရာလား၊ အကြားအမြင်ဆရာလား၊ ဗေဒင်ဆရာလား"

သူက ခေါင်းသာ တွင်တွင်ယမ်းနေသည်။ စကားတော့ တစ်လုံးမျှ မပြော။ ဟော... သူ ချာခနဲ လှည့်ထွက်သွားသည်။ ကျောင်းခန်းမထဲ လှည့်ဝင် သွားသည်။ ခဏလေး နေတော့ ကြက်တွေနှင့် စကားသွားပြောနေသလိုလို သူ့အသံတွေကို ကြားလိုက်ရသည်။

နှလုံးသားသံစဉ် ကြိုးညှိသတဲ့။ ဘယ်သူကတုံး၊ ဘိုဘိုလား၊ ဖာသာ အိန်ဂျယ်လိုလား၊ ဒီအကြောင်း စကားစမိတာနဲ့ ဘာလို့များ သူ မျက်နှာညှိုးသွား တာလဲ၊ မျက်နှာပျက်သွားတာလဲ။

ခရမ်းချဉ်သီးတွေ ဆက်လှီးနေမိသည်။ ပြီးတော့ မုန်လာဥတွေ ဆက်လှီး နေလိုက်သည်။ သူ ပြန်လာတာကို စိတ်တင်းကျပ်စွာ စောင့်နေမိသည်။ အားလုံး လှီးချွတ်ပြီးတော့ မီးဖိုချောင် ပြတင်းပေါက်က ငေးကြည့်လိုက်သည်။ သူ ထင်းတွေ ခွဲနေပြန်ပေါ့။

■

နေ့လယ်ပိုင်းရောက်မှ ကလေးတွေနှင့်အတူ သားသား ပြန်ရောက်လာခဲ့သည်။ ခုတော့လည်း သူ မဟုတ်သည့်အတိုင်း ကလေးတွေကို အင်္ဂလိပ်စာ လေးနည်းနည်းပါးပါး သင်ပေးနိုင်မလားတဲ့ လာမေးနေသည်။ တကယ့် အမေရိကန် တစ်ယောက်နဲ့ သင်ကြားလေ့ကျင့်နိုင်တဲ့ အခွင့်အရေး သူ့ကလေးတွေ ရစေချင်သတဲ့။

ကျောင်းခန်းမအလယ်မှာ ကလေး ၁၂ ယောက်၊ ၄ ယောက် တစ်တန်း ဖြင့် သုံးတန်း ထိုင်ကြသည်။ ကျွန်မ ထိုင်ဖုံနှစ်ခု ထပ်ကာ သူတို့ရှေ့မှာ မြင့်မြင့် ထိုင်သည်။ သားသားက ကျွန်မဘေးမှာ လာထိုင်ပြီး သူတို့ကို မြန်မာလို စကားနည်းနည်းပြောသည်။ သူ့တပည့်တွေက ခေါင်းညိတ်ပြကြသည်။ အများစုက တော့ ကြောက်ပြုံးလေးတွေ ကိုယ်စီနှင့်။ သားသားက နောက်ဆုံးတန်းမှာ ဝင်ထိုင်လိုက်သည်။

ကျွန်မ ဘာမှ မပြောမိသေး။

ခုနတုန်းက အင်မတန် ရိုးရှင်းလွယ်ကူလှသည့် သူတို့လေးတွေကို ကျွန်မ၏ မိခင်ဘာသာစကား ဖြစ်သည့် အင်္ဂလိပ်စကားနှင့် စကားစမြည်ပြောဆိုခြင်းကိစ္စသည် ခုတော့ မဖြစ်နိုင်သည့် အလုပ်ကြီးပမာ ခက်ခဲနေတော့ သည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ခက်ခဲလှသည့် ကိစ္စကြီးကို တာဝန်ယူခဲ့မိပုံပင်။ အင်္ဂလိပ်စာ သင်ခန်းစာကို စာရွက်မရှိ၊ ခဲတံမရှိ၊ စာအုပ်မရှိ၊ သင်ပုန်း မရှိ၊ သင်ခန်းစာ အစီအစဉ်မရှိ၊ ဘာမှမရှိဘဲ နှုတ်တိုက် သင်ကြားရမတဲ့လေ။ သူတို့ မျက်နှာကလေးတွေပေါ်မှာ စူးစမ်းချင်စိတ်တွေ ပြည့်လျှံနေလေပြီ။ သူတို့ ကျွန်မဆီက ဘာတွေ မျှော်လင့်နေကြသလဲ။ ကျွန်မ သူတို့ကို ဘာပေးရ မလဲ။

သူတို့ကတော့ စိတ်ရှည်လက်ရှည် မျှော်လင့်တကြီး စောင့်ဆိုင်းနေကြ တုန်းပင်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ကျွန်မအတွက် ကြီးစွာသော ပြဿနာ ကြီး ဖြစ်လာခဲ့သည်။ သူတို့အတွက်တော့ အကြောင်း မဟုတ်။

ကျွန်မ တစ်ယောက်ချင်းစီကို လိုက်ကြည့်နေမိသည်။ မိုးမိုးက အဖျား ရှိနေသေးပေမယ့် ရှေ့ဆုံးတန်းမှာ ထိုင်နေသည်။ သူ့နားမှာ ပုံပျက်ပန်းပျက် ခြေထောက်ကလေးကို ရှေ့ထုတ်၍ ထိုင်နေသည့် အိအိ၊ နားမကြားသည့် ကိုမောင်ကတော့ ကမ္ဘာပေါ်ရှိ လျှို့ဝှက်ချက်မှန်သမျှကို ဖွင့်ဆိုရှင်းပြတော့မည့် ကျွန်မ နှုတ်ခမ်းအလှုပ်ကို မျက်တောင်မခတ်စတမ်း အားတက်သရော ကြည့်နေသည်။ သူ့နောက်က ကိုလွင်က ကျောဘုကြီး ရှိသော်ငြား တတ်နိုင်သမျှ တောင့်တောင့် ဖြောင့်ဖြောင့် ထိုင်နေသည်။ သူ့ ညာဘက်မှာတော့ တစ်ကိုယ်လုံး ယမ်းခါနေ သည့် တိုးတိုး ရှိနေသည်။

နေစမ်းပါဦး၊ ကျွန်မက ဘာကြောင့်များ ကြောက်နေရတာလဲ။ တကယ် တော့ ကျွန်မ ကြောက်မိသည်က သူတို့ မျက်ဝန်းတွေကိုပါ။ သူတို့မျက်လုံးများ သည် လောကကို ကျွန်မမျက်လုံးထက် ပို၍ အရောင်အသွေးစုံစွာ ရှုမြင်ခဲ့ကြ ပြီးပြီ။

ကျွန်မအနေနှင့် တစ်ဆင့်စကားလောက်သာ ကြားဖူးသော ခက်ခဲ ကြမ်းတမ်းသည့် အဖြစ်အပျက်ပေါင်းစုံကို သူတို့ကိုယ်တွေ့ ကြုံခဲ့ကြပြီးပြီ။ သူတို့ စိတ်နှလုံးတို့က ကျွန်မထက် များစွာ ပိုမို ရင့်ကျက်ခဲ့ကြပြီး ဖြစ်သည်။ တကယ်တော့ သူတို့ ကျွန်မထံမှ ဘာမျှ မျှော်လင့်ထားခြင်း မဟုတ်။ ကျွန်မ လည်း ကိုယ့်ကိုယ်ကိုယ် သက်သေပြနေစရာ ဘာအကြောင်းမှ မရှိ။ ကျွန်မ သူတို့ကို ဘာပေးပေး သူတို့ ကျေနပ်ကြမည်သာ။ တကယ်တော့လည်း ကျွန်မ သူတို့နှင့်အတူ ရှိနေသည့် နာရီ၊ မိနစ်၊ နေ့ရက်တွေအတွက် သူတို့ ကျေနပ် ကျေနပ်ကြပြီး ဖြစ်သည်။ သူတို့ထံမှ ဖြာထွက်နေသည့် ဂုဏ်သိက္ခာနှင့် နှိမ့်ချရိုကျိုးမှု ရောင်စဉ် တန်းတွေက ကျွန်မကို ရင်သပ်ရှုမော ဖြစ်စေခဲ့သည်ပင်။

တံတွေး မျိုချလိုက်သည်။ လည်ချောင်း ရှင်းလိုက်သည်။ ကြမ်းပြင် ကို ငုံ့ကြည့်နေမိရင်းက-

"ကျန်းခံ့သာလို့ မာပါစ"

ဟု တိုးတိတ်ညင်သာစွာ မေးလိုက်သည်။

ဘာသံမျှ မကြား။

"ကျန်းခံ့သာလို့ မာပါစ"

ကျွန်မ ထပ်ပြောသည်။

"ကျန်း ခံ့ သာ လို့ မာ ပါ စ"

ဟော... အားလုံး လိုက်ဆိုသံ ထွက်လာသည်။

တချို့က တီးတိုးညင်သာ။

တချို့က အသံကုန်အော်ဟစ်။

တချို့က ညည်းတွားရေရွတ်။

တချို့က အုပ်အုပ်ဆိုင်းဆိုင်း ရှက်ရွံ့ရွံ့။

ဝါကျတစ်ကြောင်းကို ရောင်စဉ်တန်းလို ကွဲပြားခြားနားစွာ တစ်ပြိုင်နက် ရွတ်လိုက်သံမျိုး ကျွန်မ တစ်ခါမျှ မကြားခဲ့ဖူးပေ။ အသံတစ်သံလျှင် မျက်နှာ တစ်ခုကို ကိုယ်စားပြုနေပြီး အရမ်းကို ရိုးသားဖြူစင်လွန်းသည်။ ပြိုကျလုဆဲဆဲ ဘုန်းကြီးကျောင်းအိုကြီးမှာ ခုတော့ "ကျန်းခံ့သာလို့ မာပါစ"၊ "ကျန်းမာပါတယ်၊ နင်ရော ကျန်းမာရဲ့လား" အစရှိသည့် အင်္ဂလိပ် နှုတ်ခွန်းဆက်စကားတွေနှင့် ပြည့်လျှမ်းနေတော့မည်လေ။

"ကျန်း ခံ့ သာ လို့ မာ ပါ စ"

ကျွန်မ တစ်လုံးချင်း ပီပီသသ ကြည်ကြည်မြမြ ရွတ်သည်။

"ကျန်း ခံ့ သာ လို့ မာ ပါ စ"

သူတို့လည်း အားတက်သရော ကျယ်ကျယ်လောင်လောင် ပီပီသသ လိုက်ရွတ်ကြသည်။

စိတ်လက်ပေါ့ပါးစွာ ကျွန်မ ပြုံးမိတော့ သူတို့မျက်နှာလေးတွေက လည်း ပြုံးချိုကြည်မြလာကြသည်။

"မမ နာမည် ဂျူလီယာ၊ သမီးနာမည် ဘယ်လိုခေါ်လဲ"

ကျွန်မ မိုးမိုးကို ကြည့်ရင်း မေးလိုက်သည်။ အဖျားသွေးကြောင့် မှုန်ရီနေရှာမည့် သူ့ခေါင်းကလေး ခုဆို အလုပ်များနေတော့မည်။ မေးခွန်းက သူ့မှတ်ဉာဏ်တွေကို သတိပေးခေါင်းလောင်း ထိုးလိမ့်မည်။ စကားလုံး တစ်လုံးချင်း၏ ဖြစ်တန်ရာသော အဓိပ္ပာယ်တွေကို စဉ်းစား ချိန်ဆရင်း ဆုံးဖြတ်ချက်ချရမည်။ သတ္တိတွေ မွေးရမည်။ မွေးကင်းစကလေး၏ လက်ကလေးတွေလို သူ့နှုတ်ခမ်းလေးတွေ တရွရွ လှုပ်လာခဲ့ပြီ၊ ဟော- သူ ဖြေပြီ။

"သမီးနာမည် မိုးမိုးပါရှင့်"

သူ့အသံက ဆည်းလည်းလေးလို သာယာလှသည်ကော။

"အိုး- သိပ်ကောင်းတာပဲ"

ကျွန်မ အူလှိုက်သည်းလှိုက် ချီးကျူးလိုက်သည်။

သူ့မျက်လုံးတွေက ဂုဏ်ယူဝမ်းမြောက်ရိပ်တွေ ရစ်သန်းလျက်။

ကိုလွင့်ဘက် လှည့်လိုက်သည်။

"သား နာမည် ဘယ်လိုခေါ်လဲ"

သူ့ဦးနှောက်လည်း အလုပ်ပေးနေလေပြီ။ ကိုလွင်သည် အောက်နှုတ်ခမ်းလေးကို ကိုက်ရင်း မျက်မှောင်ကို ကုတ်ကာ အပြင်းအထန် စဉ်းစားနေသည်။ သူ့အတွေးတွေက ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေပုံပင်။ ကျွန်မ မေးလိုက် သည့် စကားလုံးတွေက သူ့အတွက် မရှင်း၊ အသိဉာဏ်တိမ်သလ္လာ ဖုံးနေဆဲ။

"မမ နာမည် ဂျူလီယာ၊ သားနာမည် ဘယ်လိုခေါ်လဲ"

ထပ်မေးလိုက်ပြန်တော့ သူ့အတွက် ပိုတောင် ရှုပ်ထွေးသွားသေးသည်။

ကိုလွင့်အတွက် အချိန်လိုသည်။ ကျွန်မလည်း အလျင်မလို၊ တခြား

ကလေးတွေကလည်း သူ့ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေကြသည်။

"နေ လို့ သိပ် ကောင်း ပါ တယ်"

ခပ်တိုးတိုးနှင့် ဗလုံးဗထွေး ဖြေလိုက်သည့် သူ့အသံကို ကျွန်မ ရုတ်တရက် နားမလည်။

မိုးမိုးက လှည့်ကြည့်ကာ သူ့ကို တီးတိုးပြောသည်။ သူ ဒုတိယ အကြိမ် ကြိုးပမ်းဖို့ သတ္တိမွေးရင်း မျက်လုံးတွေ အရောင်တောက်လာသည်။

"ကျ- ကျွန်တော့်- နာမည်- ကို- လွင်"

သူ့ဘဝသည် ထိုအဖြေပေါ် မူတည်နေသည့်အလား သူ သတိကြီးစွာ ဖြင့် ဖြေလိုက်သည်။

ခေါင်းညိတ်ရင်း "သိပ်သိပ်ကောင်းတာပဲ"ဟု သူ့ကို ချီးကျူးလိုက်သည်။

အားလုံးလည်း ကိုလွင့် အောင်ပွဲကြောင့် ဝမ်းမြောက်ကြည်နူးသွားကြပုံပင်။

ကျွန်မ သူတို့ တစ်ယောက်ချင်းစီကို နာမည်တွေ မေးသည်။ ဘာတွေ လုပ်နေလဲ၊ ဘယ်က လာကြလဲ အစရှိသဖြင့်လည်း မေးသည်။

သားသားက ကျွန်မကို နောက်ဆုံးတန်းမှ ပြုံးပြုံးကြီး ကြည့်နေသည်။

သူ့အပြုံးက ... အင်း- သူ့အပြုံးက ကျွန်မ ရင်တွေကို ခုန်စေသည်ပဲ။ ရင်ခုန်ခဲ့ရသည့် အကြိမ်တွေထဲမှာ ခုတစ်ကြိမ်သည် အပြင်းပြဆုံး။ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ခုန်တာက ခုန်တာပဲလေ။

အိပ်ရာပေါ် လှဲရင်း အေမီကို သတိရနေသည်။ ရင်ခုန်သံ စည်းချက်ညီခြင်းတဲ့လေ။ အေမီ ဘယ်လောက်များ သဘောကျလိုက်မလဲ။ ရင်ခုန်သံ စည်းချက်ညီခြင်း (၁) (၂) (၃)၊ သို့တည်းမဟုတ် နှလုံးသားသံစဉ်ညီခြင်း အနုပညာ၊ နှလုံးသားသံစဉ်ညီသူ၊ သံစဉ်လွဲသော နှလုံးသား အစရှိသဖြင့် နာမည် တွေပေးပြီး သူ ပန်းချီတွေ အတွဲလိုက်များ ဆွဲလေမလား။ အနီရောင် ကင်းဗတ်စကြီးပေါ်မှာ စက်ဝိုင်းတွေ အကွင်းလိုက် အကွင်းလိုက်၊ အလယ်မှာ စာလုံးမည်းလေးတွေ၊ ဒါမှမဟုတ် စက္ကူဖြူပေါ်မှာ အနီရောင် စက်ဝိုင်းကြီး တစ်ခု၊ စက်ဝိုင်းပေါ်မှာ ခက်ရင်းခွလို သံစဉ်ညှိကိရိယာပုံနှင့်၊ ဒါမျိုးတွေပေါ့။

သို့တည်းမဟုတ် ကျွန်မများ မှားသလား။ တချို့ကိစ္စတွေသည် အရုပ်ရေး၍မရ၊ စကားလုံးနှင့်တောင် ဖော်ပြ၍မရ ဟူ၍ အေမီ အမြဲပြောခဲ့ဖူးသည်။ ဘယ်လိုနည်းမျိုးနှင့်မျှ ဖော်ပြ၍မရသောကိစ္စ ဟူ၍ တကယ် ရှိလေသလား၊ ရှိခဲ့လျှင် ကမ္ဘာပေါ်က အနုပညာရှင်အားလုံး ထိုအရာကို ဦးညွှတ် ပူဇော်ကြရ လိမ့်မည် ထင်သည်။

ထိုအတွေးတွေ စိတ်ထဲမှာ ဝဲလည်ရင်း အိပ်ပျော်ခြင်းသို့ ရောက်သွားခဲ့သည်။

တဒုန်းဒုန်း ထုသံတစ်ခုကြောင့် အချိန်မတော် လန့်နိုးသည်။ မြေကြီး ပေါ်တိုင်ရိုက်နေသလို အသံမျိုး။ အသံက အဝေးတစ်နေရာမှ လာလေသလား၊ နီးလာလိုက်၊ ဝေးသွားလိုက်၊ ခဏတော့ အာရုံစိုက်နားထောင်နေမိသေးသည်။ သို့သော်လည်း အာရုံစိုက်ဖို့ရန် ပင်ပန်းလွန်းနေသည်။ ခဏနေတော့ ကျွန်မပြန်အိပ်မောကျသွားတော့သည်။

■■■

အခန်း (၆)

နောက်တစ်နေ့မှာတော့ သားသားက ကျွန်မကို ယာခင်းထဲမှာ အလုပ်လုပ်ကူဖို့ ပြော၏။ ချင်း၊ မုန်လာဥနှင့် အာလူးနုတ်ချိန် ရောက်ပြီတဲ့လေ။ လူများလေ အလုပ်တွင်လေတဲ့။

မနက်စာစားပြီးနောက် ကျွန်မတို့ စောစောစီးစီးပင် ချီတက်ခဲ့ကြ သည်။ နေမထွက်သေးသဖြင့် ချမ်းစိမ့်စိမ့်။ လေက အေးစိမ့်နေသည်။ နှင်းစက် ကလေးတွေ မြက်ဖျားနှင့် သစ်ရွက်ဖျားတွေမှာ တွဲရရွဲခိုနေသည်။ ကောင်းကင် က တိမ်မရှိဘဲ အပြာရင့်ရောင်သန်းနေသည်။ ရုတ်တရက် ဥသြငှက်သံလေး တစ်သံ ကြားလိုက်ရသည်။

"ခင်ဗျား ဆုတောင်းသင့်တယ်"

ကျွန်မနောက်မှ ကပ်လိုက်လာသည့် သားသားက ကျွန်မကို ပြောလိုက်၏။

"အလို... ဘာအကြောင်းကြောင့်တုံး ရှင့်"

"ဒါက ကျုပ်တို့ထုံးစံပဲ၊ မနက်စောစော ဥသြငှက်သံ ပထမဆုံး ကြားရရင် ဆုတစ်ခု တောင်းတဲ့"

"ပြည့်ရော ပြည့်လို့လား"

"တောင်းကြည့်ပေါ့"

"ရှင်က ဒါတွေ ယုံသလား"

"မယုံတဲ့လူ ရှိလို့လား၊ လူတိုင်း သူတို့နည်း သူတို့ဟန်နဲ့ တစ်ခုခုပေါ် ယုံကြည်နေကြတာပဲ မဟုတ်လား"

ယာခင်းက ကျွန်မ ထင်ထားတာထက် များစွာ ကျယ်ပြောလှ၏။ တချို့ နေရာတွေမှာ ရိတ်သိမ်းပြီးနေခဲ့ပြီ။ တချို့နေရာတွေက အပင်တွေ ဝေဝေ ဆာဆာ။ အာလူးခင်းက နုတ်နေဆဲ။ နေကောင်းလာပြီ ဖြစ်သည့် မိုးမိုးက ကျွန်မကို ဘယ်လို လုပ်ရမည် ဆိုတာကို သင်ကြားပြသနေခဲ့သည်။

"ဟော.. တွေ့လား"

အာလူးပင်တွေကို သူ နုတ်ပြသည်။ အာလူးသီးလေးတွေက အပင် အောက်ခြေမှာ တွဲရရွဲစီလို့။ မိုးမိုးက ဒူးထောက် ထိုင်ချလိုက်သည်။

"တွေ့လား"

ကျွန်မကို ဂုဏ်ယူဝင့်ကြွားစွာ ကြည့်ရင်း အာလူးတွေကို သူ တူး သည်။ ပြီးခဲ့သည့် ရက်ပိုင်းက မိုးအကြီးအကျယ် ရွာထားပုံပင်။ မြေသားက နူးညံ့စိုစွတ်နေသည်။ ကျွန်မလည်း လက်နှစ်ဖက်ဖြင့် အားတက်သရော တူး သည်။ မိုးမိုးက အာလူးသီးတွေကို ခြင်းတောင်းထဲ ကောက်ထည့်သည်။

အာလူး နှစ်ဒါဇင်ခန့် အလွယ်တကူ ကောက်ထည့်နိုင်ခဲ့သည်။ ကျွန်မ တို့ စူးစမ်းဖွေရှာကြသည်။ ကျွန်မက တူး၊ သူက ကောက်နှင့် လိုက်ဖက်ညီ လှသည်။ ရွှံ့တွေ တံတောင်ဆစ်အထိ ပေကျံပြီး မဲသဲနေသည့် ကျွန်မ လက်တွေ ကို သူက ကြည့်ရင်း "မမ အဆင်ပြေရဲ့လား" တဲ့၊ သူက မေးရှာသည်။

"ပြေပါတယ်၊ သိပ်ကို အဆင်ပြေတယ်" ပြန်ပြောရသည်။

"ဟုတ်လို့လား၊ တကယ် အဆင်ပြေလို့လား"

"အင်း- ပြေပါတယ်ဆို"

မဲသဲပေတူးနေကြသည့် ကျွန်မတို့ တစ်ယောက်နှင့် တစ်ယောက် အပြန် အလှန် ကြည့်ကြရင်း ရယ်ချင်စိတ်က တလိပ်လိပ် တက်လာသည်။ တဝါးဝါး တဟားဟား ရယ်လိုက်ကြသည်မှာ မျက်ရည်တွေ ထွက်လာသည့်အထိ။

နေထွက်လာခဲ့ပြီ။ နွေးလာသည်။ ပူလာသည်။ လည်ပင်းမှာ ချွေးစီးကြောင်း တွေ ဖြစ်လာပြီ။ သူတို့မှာတော့ ဦးထုပ်ကိုယ်စီနှင့်၊ ကျွန်မက ဘာမျှ မပါ။ အပြင်းအထန် ချွေးထွက်နေသည်ကို မိုးမိုးက မြင်သည်။ သူ့ကောက်ရိုးဦးထုပ် ကလေး ကျွန်မ ခေါင်းပေါ် လာတင်ပေးသည်။ ကျွန်မ သူ့ကို ပြန်ပေးပေမယ့် မရ။ "ပြန်ပေးဖို့ မကြိုးစားနှင့်"ဟု သူ့မျက်ဝန်းတွေက ပြောနေသယောင်။

ကလေးမလေးကို ပေးကမ်းခြင်း၏ အရသာ ခံစားခွင့်ပေးလိုက်ပါ ဟု ဒီမြင်ကွင်းကို အစ်ကိုကြီး တွေ့လျှင် ပြောလေမလား မသိ။

အာလူးခြင်းတောင်းကြီး ပြည့်သွားတော့ ကျွန်မတို့ ဘုန်းကြီးကျောင်း သို့ ပြန်သယ်ရသည်။ လေးလိုက်တာမှ နင့်လို့။ တစ်ယောက်တည်း သယ်ရင်း ခဏနေတော့ မသယ်နိုင်တော့။

"အောင်မယ်လေးဟယ် လေးလိုက်တာ"

ခြင်းတောင်းကြီးကို ချရင်း ကျွန်မ ညည်းမိသည်။

"လေးလိုက်တာ"

မိုးမိုးက သံယောင်လိုက်သည်။

"အရမ်းလေးတာလား"

သူ့မျက်နှာလေးက သိချင်စိတ်တွေ ပြည့်လျှမ်းလျက်။

"ဟုတ်ပ၊ အရမ်းလေးတာ"

ကျွန်မ ထပ်လောင်း ပြောဆိုလိုက်သည်။

"ကူညီရမလား"

"အေးပေါ့၊ မမကို ကူညီပါကွယ်"

သူ့မျက်လုံးလေးတွေ ဝင်းဝင်းလက်သွားသည်။ ခု သူနှင့် ကျွန်မကြား ဘာသာစကား အတားအဆီး နံရံကြီး ကျိုးပျက်သွားပြီ။ စကားလုံး တစ်လုံးချင်း စီမှာ သူ့အတွက်တော့ စကားလုံးသက်သက် မဟုတ်၊ တန်ဖိုးကြီးလှသည့် လက်ဆောင် ဖြစ်သည်။ ထို့ကြောင့်လည်း သူ ထပ်ကာတလဲလဲ ရေရွတ်နေခြင်း ဖြစ်လိမ့်မည်။ မိုးမိုးတစ်ယောက် လောကသစ်ထဲ ဝင်မိချေပြီ။

ကျွန်မတို့နှစ်ယောက် အာလူးခြင်းတောင်းကို ဝါးလုံးတစ်လုံး လျှိုု၍ တစ်ယောက်တစ်ဖက်စီ ဆွဲလာခဲ့ကြသည်။ ထို့နေ့ နေ့လယ်မှာတော့ အင်္ဂလိပ်စာ သင်ခန်းစာပို့ချရင်း မလုပ်စဖူး လုပ်ခဲ့ရသည့် အလုပ်ကြမ်းကြောင့် ကျွန်မ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေခဲ့သည်။ သို့သော်လည်း ခံစား၍ကောင်းသည့်သာယာနာပျော်ဖွယ် နာကျင်မှုပင်။ ညကျတော့ ညစာစားနေတုန်းမှာပင် ကျွန်မ စိုက်ခနဲ စိုက်ခနဲ ငိုက်ကျနေခဲ့ပြီ။

ဤသို့ဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးခဲ့သည်။ မနက်စောစော ယာခင်းထဲဆင်း၊ နေ့လယ်မှာ သားသားရယ်၊ ကျွန်မရယ်၊ ကောင်မလေး တစ်ယောက်ယောက်ရယ်က ကျောင်းပြန်၊ အစ်ကိုကြီးကို ပြုစု၊ ချက်ပြုတ်၊ လျှော်ဖွပ်၊ မိနစ်တိုင်း အတူတကွ ရှိနေခဲ့ကြသည်။ လက်ချင်းထိ၊ ခန္ဓာကိုယ်ချင်း ထိမိကြလျှင် ရင်တွေ တသိမ့်သိမ့်တုန်ရသည်။ သူလည်း ဒီလိုပဲ ဖြစ်လိမ့်မည် ထင်သည်။

ကလေးတွေ ပြန်ရောက်လို့ စားသောက် အနားယူပြီးကြလျှင်တော့ အင်္ဂလိပ်စာသင်ခန်းစာကို ဆက်လက် ပို့ချရသည်။ တစ်နေ့လယ်လုံး ညနေစောင်း ထိ စာသင်ရသည်။ ကလေးတွေ၊ အထူးသဖြင့် မိုးမိုးက ပညာလိုလားလွန်း သည်။ ဆာလောင်လွန်းသည်။ အမြဲတမ်း သိချင်နေသည်။ သားသားက နောက်ဆုံး တန်းမှာ ထိုင်ကြည့်နေတတ်သည်။ သူ ရှိနေလျှင် ကျွန်မ အမြဲ အားရှိနေသလိုလို။

ကျွန်မနှင့် သားသားတို့ ပူးပူးကပ်ကပ် နေနိုင်အောင် ကြိုးစားနေမိကြ သည်။ သို့သော်လည်း ရောက်ခါစ ပထမနှစ်ရက်ကလို နှစ်ကိုယ်ကြား တွတ်ထိုး ဖို့ အခွင့်မသာခဲ့ကြ။ သူ တမင်တကာ ရှောင်နေရော့သလားလို့တောင် တွေးမိ သည်။ ညစာစားပြီး၍ ကျောင်းလှေကားရင်းမှာ ထိုင်နေလျှင် သူ ရောက်လာ တတ်သော်လည်း မိုးမိုး၊ သို့မဟုတ် အိအိ တစ်ယောက်ယောက် ဖြစ်စေ၊ နှစ်ယောက် လုံးဖြစ်စေ အမြဲတမ်း ကပ်ပါလာတတ်သည်။ စိတ်တော့ မပျက်လှပါ။ တစ်ချိန်ချိန် တော့ သူနှင့် နှစ်ယောက်တည်း အချိန်ကုန်ဆုံးရလိမ့်ဦးမည် ဆိုတာကို ကျွန်မ

သံသယ မရှိခဲ့။

ဒီကျောင်းအိုကြီးမှာ နေလို့ထိုင်လို့လည်း ကောင်းလှသည်ပင်။ ခန္ဓာကိုယ် ပင်ပန်းပေမယ့်၊ သုံးနေကျ အိမ်သာမျိုး မသုံးရပေမယ့်၊ ရေပန်းမရှိပေမယ့် စားလို့လည်း ကောင်း၊ အိပ်လို့လည်း ပျော်လှသည်။ ခေါင်းကိုက်တာတွေ၊ ခါးနာ တာတွေဆိုတာ ချိုနဲ့လားဟု မေးရမလောက်ပင်။ မခံစားရတာကြာ၍ မေ့တောင် နေသည့် ပေါ့ပါးလန်းဆန်းမှုမျိုး အပြည့်အဝ ခံစားရသည်။ အေမီ ဆိုလျှင်တော့ အပြင်းအထန် လွတ်လပ်ပေါ့ပါးခြင်း”ဟု ကင်ပွန်းတပ်လေမည်လား မသိ။

မနက် အိပ်ရာက နိုးလေတိုင်း ကျွန်မ အိပ်ရာနားမှာ လက်ဖက်ရည်ပူပူနှင့် ပန်းမွှေးမွှေးလေးတွေ မိုးမိုးက လာချပေးထားတတ်သည်။ သူ ကျွန်မကို ပန်းတွေလည်း ပန်ပေးတတ်သေးသည်။ နယူးယောက်မှာဆို ကော်ဖီပဲ သောက်သည်ဟု သားသားကို လွှတ်ခနဲ ပြောမိတော့ နောက်တစ်နေ့မနက်မှာ မိုးမိုးသည် ရေနွေးပူပူနှင့် အသင့်ဖျော် ကော်ဖီထုပ်ကလေး လာချပေးရှာသည်။ သူ ကျွန်မ အတွက်သက်သက် သီပေါသို့ တကူးတက သွားဝယ်ခဲ့ရရှာသတဲ့လေ။

မမဖို့ နော် ဆိုသည့် သူ့ အမောတကော အသံလေးနှင့်အတူ ချစ်စရာ အကောင်းဆုံး၊ ကြေကွဲဖွယ် အကောင်းဆုံး သူ့အပြုံးကလေးကို ကျွန်မ တစ်နေ့လုံး ပြန်လည် မြင်ယောင်နေမိသည်။

အစ်ကိုကြီးက တဖြည်းဖြည်း ပြန်လည် နာလန်ထူလာခဲ့သည်။ ကျွန်မ သူ့ကို ရင်လူးဆေး တစ်ရက်၊ နှစ်ကြိမ် လိမ်းပေးသည်။ ချောင်းဆိုးတိုင်း သလိပ် ကို ဂရုတစိုက် ကြည့်မိသည်။ သွေး မပါ။ ရင်ဘတ်အောင့်၊ ချိုင်းကြားနာ ဝေဒနာ တွေလည်း ပေါ်မလာခဲ့။ သားသားကတော့ ချောင်းဆိုးသံ ပြောင်းလာကြောင်း၊ အခြေအနေ ကောင်းလာကြောင်း ပြော၏။ ကျွန်မကတော့ သူ့ ချောင်းဆိုးသံကို မခွဲခြားတတ်။

ရောက်ခါစက အိပ်၍ချည်းနေသော အစ်ကိုကြီးသည် နေကောင်း အားပြည့်လာသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ထတော့သည်။ ကျွန်မတို့ကို ကူညီတော့သည်။ ကြက်စာကျွေးသည်။ ကြက်ဥကောက်သည်။ တံမြက်စည်း လှည်းသည်။ ချက်ပြုတ်ဖို့ လိုးချွတ်ပေးသည်။ အဝတ်လျှော်လျှင်တော့ သူ နည်းနည်းမောတတ်သေးသည်။ အလုပ်လုပ်နေသည့် ယာခင်းကို အစ်ကိုကြီးက ကြည့်ချင်နေ၏။ ဖြည်းဖြည်းလျှောက်လာကြသော်လည်း သူ မောနေသေးသည်။ သူက ကျွန်မ လက်မောင်းကို တွဲခို အမောဖြေရင်း လျှောက်သည်။ ယာခင်းအစပ်နား ရောက်တော့ ရပ်လိုက်ကြသည်။ အဝေးက တောင်တန်းတွေနှင့် ပြန့်ပြူးသည့် ယာခင်း က ပနံရလှသည့် မြင်ကွင်း ဖြစ်သည်။ သူက ရုတ်တရက် မေးလိုက်သည်။

“အစ်ကိုကြီးတို့ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ ဂျူလီယာ”

“ဟင်- သိဖူးတော့၊ တစ်ပတ်လား ဆယ်ရက်လားပဲ”

ခါတိုင်းဆို အချိန်နှင့်ပတ်သက်၍ အမှတ်သညာကြီးလှသော ကျွန်မ ခုတော့

သတိလက်လွတ် ဖြစ်၍ နေလေပြီ။

အစ်ကိုကြီးက ကျွန်မ ပခုံးပေါ် ခေါင်းမှီရင်း အမောဖြေနေသည်။

“ဒီနေရာကလေးက သိပ်လှတယ်နော် ဂျူလီယာ”

“အင်း- သိပ်လှတာပဲ”

“ဒီနေရာကနေ ဘယ်သူမျှား စွန့်ခွာချင်ပါ့မလဲ”

သူ ဘာအဓိပ္ပာယ်နှင့် ပြောမှန်း မသိ၊ ကျွန်မ ပြန်မဖြေမိ။

“ညည်း ဒီမှာ ဘယ်လောက်ကြာကြာ နေမယ် စိတ်ကူးထားလဲ”

ဒီမေးခွန်းကို မျှော်လင့်ထားပြီး ဖြစ်သည်။ ကိုယ့်ဘာသာကိုယ်လည်း မေးကြည့်ဖူးပါသည်။ အဖြေ မရသဖြင့် ဖြေဖို့ ရှောင်လွှဲနေမိခဲ့သည်ကော။

“ သိဘူး၊ အစ်ကိုကြီးရော ဘယ်လို ထင်တုံး”

“ဒါက ညည်းပေါ် မူတည်တာပါအေ”

“ဘာလို့တုံး အစ်ကိုကြီးရဲ့”

“အစ်ကိုကြီးမှာ ဘာတာဝန်မှ မရှိဘူး၊ ဘယ်သူမှလည်း အစ်ကိုကြီး ပြန်လာတာကို စောင့်ကြိုနေမယ့်လူ မရှိဘူး၊ ဘယ်လောက်နေနေ အကြောင်း မဟုတ်ဘူးလေ”

“အင်း- ဘယ်လောက်ကြာအောင် နေမယ်ဆိုတာ ကျွန်မတို့ ဒီမှာ ဘာကို ရှာဖွေနေတာလဲ ဆိုတဲ့အပေါ် မူတည်တာပါ”

သူက သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

နောက်ထပ် အဖြေမရှိသည့် မေးခွန်းတစ်ခု ရှိနေသေးသည်။ နယူးယောက်မြို့စွန် တရားစခန်းက ဘုန်းကြီးအိုကြီး ပြောခဲ့သည့်အတိုင်း ခု ကျွန်မ ခေါင်းထဲ က အသံ၊ နုနု၏ အသံသည် ပေါ်မလာတော့။ သားသားကို ရှာတွေ့ပြီး ကတည်းက သူ့အသံ ပျောက်သွားမည်ကို ကျွန်မ မျှော်လင့်ပြီး ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်မ ဘာကြောင့်များ ဒီမှာ ဆက်နေမိနေသလဲ။ သိဘူး၊ မစဉ်းစား ချင်ဘူး၊ မိုးမိုးလေးနှင့် ယာထဲသွား၊ သီးနှံရိတ်သိမ်း၊ စာသင်ပေး ဒါတွေပဲ လုပ်ချင်နေမိသည်။ ပြီးတော့၊ ပြီးတော့ နုလုံးသား သံစဉ်ညှိသူအကြောင်းလည်း သားသား ပြောတာ ကျွန်မ ကြားချင်သေးသည်။ နားထောင်ချင်သေးသည်။ သိချင်သေးသည်။

“ညည်း အိမ်မပြန်ချင်ဘူးလား၊ အမေရိကကိုလေ”

"ပြန်မှာပေါ့ အစ်ကိုကြီးရဲ့ ဖြည်းဖြည်းပေါ့၊ လောစရာမှ မရှိတာ"

အကန့်အသတ် မရှိ လစာမဲ့ ခွင့်ယူဖို့ မူလီဂမ်နှင့် ကျွန်မ ညှိနှိုင်းခဲ့ပြီး သား။ နှစ်ပတ် သုံးပတ် ဖြစ်ဖြစ်၊ ဒီထက်ပိုကြာလည်း ကိစ္စ မရှိ။ ဗီဇာကလည်း တစ်လ ရထားသည်။ ရက်နည်းနည်း ပိုနေလို့လည်း လေဆိပ်ထွက်ခွာဂိတ်မှာ ဒဏ်ကြေးနည်းနည်း ဆောင်ရတာကလွဲလို့ ပြဿနာ ကြီးကြီးမားမား မရှိဟု သိထားသည်။

ကျွန်မကို စောင့်ကြိုနေသူ ဘယ်သူများ ရှိသလဲ။

အေမွိအပြင် တခြား ဘယ်သူများ ရှိသေးလဲ။

"ညည်း အာရုံသိစိတ်က ညည်းကို ဘာပြောတုံး"

ကျွန်မ သူ့လက်မောင်းကို နည်းနည်းဖျစ်ညှစ်လိုက်သည်။

"အမယ်လေး၊ ကျွန်မ အာရုံသိစိတ် ဆိုတာ အမြဲ အားကောင်းနေတာ မှ မဟုတ်တာ၊ အစ်ကိုကြီး အာရုံသိစိတ်ကရော ဘာပြောသတဲ့တုံး"

"တို့များ မကြာခင် ဒီက သွားကြမှ ကောင်းလိမ့်မယ်တဲ့လေ"

သူက ဆွေးဆွေးမြည့်မြည့် ပြောလိုက်သည်။

"ဟင်- ဘာဖြစ်လို့တုံး"

"တို့ ဒီ ငြိမ်းချမ်းတဲ့နေရာလေးကို ခလောက်မဆန်မိခင် သွားကြမှ ကောင်းမယ်"

"ဘာကို ပြောတာလဲ အစ်ကိုကြီး၊ ကျွန်မတို့က ဘာလို့ ခလောက်ဆန် ရမှာလဲ"

"ဒါက အလိုလို သိတာလေကွယ်၊ စကားလုံးနဲ့ ဖော်ပြဖို့ ခက်တယ်"

"အစ်ကိုကြီးက လုပ်ပြန်ပြီကွာ၊ ကျွန်မတို့က ခလောက်ဆန်စရာအကြောင်း မရှိပါဘူး၊ ကျွန်မတို့ ရှိနေလို့ အားလုံး ပျော်နေကြတာ မတွေ့ဘူး လား၊ ဘာလဲ၊ သူတို့ ဟန်ဆောင်နေကြတာလား၊ အပြင်ပန်းမှာ ရယ်မောပျော်ရွှင် နေကြပေမယ့် တကယ်တမ်းက ကြောက်နေကြတာလား"

"အဲဒီလို မဟုတ်ဘူးကွဲ့၊ ဒီလိုလေ... ဘယ်လိုပြောရမလဲ၊ ဆိုလိုတာက..."

သူ သက်ပြင်းရှည်ကြီး တစ်ချက် လေးလေးပင်ပင် ချလိုက်သည်။

"တို့ ဒီကျောင်းမှာ တစ်သက်လုံး နေနိုင်မှာ မဟုတ်ဘူး၊

ဟုတ်တယ်မဟုတ်လား”

“အင်းလေ”

“ဒါဆို တို့ ကြာကြာနေလေ ခွဲခွာဖို့ ခက်လေ၊ ပြန်ဖို့ ခက်လေ ဖြစ်လာလိမ့်မယ်ကွဲ့”

“ကျွန်မ အရမ်း စိတ်ထိခိုက်သွားမယ်လို့ အစ်ကိုကြီး ထင်တာလား”

“စိတ်ထိခိုက်ရမှာက ညည်း တစ်ယောက်တည်း မဟုတ်ဘူးကွယ်၊ ညီမလေးရယ်”

အိပ်မောကျနေတုန်း ကျောင်းဝင်းကို တံမြက်စည်းလှည်းနေသလို စည်းချက် မှန်မှန်ထွက်ပေါ်လာသည့် အသံတစ်သံကြောင့် ကျွန်မ နိုးလာခဲ့သည်။ အစ်ကိုကြီးက အသက်မှန်မှန်ရှူကာ အိပ်ပျော်နေသည်။ တခြားလူတွေလည်း အားလုံး အိပ်မောကျနေကြသည်။ ဟော- ထိုအသံ တဖြည်းဖြည်း တိုးတိတ် ပျောက်ကွယ်သွားပြီ။ အလို- ထင်းခွဲနေသလို အသံမျိုး ကြားရပြန်ပြီ။ အရင် ညတွေတုန်းက ကြားခဲ့ရသည့် အသံမျိုး။ နာရီကြည့်တော့ သုံးနာရီ သုံးဆယ့်နှစ်မိနစ်တဲ့။ ကျွန်မ ထလိုက်သည်။ သားသား အိပ်ရာက လွတ်နေသည်။

အပြင်ဘက်မှာတော့ တစ်လောကလုံး လရောင်ဆမ်းထား၏။ ပြောင်နေအောင် လှည်းထားသည့် ကျောင်းဝင်းမြေပေါ်မှာ ဝါးရုံရိပ်က ယိမ်းနွဲ့နေသည်။ သားသားက ပုဆိန်ကို လွှဲရင်း ထင်းတုံးတွေကို ခွမ်းခနဲ ခွမ်းခနဲ ခွဲနေသည်။ ခြေထောက်တွေကို ကားရင်း အားနှင့် မာန်နှင့် လွှဲကာ ပေါက်ချလိုက်သည့် ပုဆိန်၊ အစိတ်စိတ် အမြွာမြွာ ကွဲကျသွားသည့် ထင်းတုံးများ။ ကျွန်မ အနွေးထည် ကောက်စွပ်ပြီး အပြင်ထွက်လိုက်သည်။

နားလည်ရခက်သည့် မြင်ကွင်းမျိုးပါပဲ။ ခြေဗလာနှင့် အားကောင်းမောင်းသန် ရသေ့တစ်ပါး သင်းပိုင်ကို တိုတိုဆီးလျက် အချိန်မတော် ထင်းခွဲ နေသည့် မြင်ကွင်း။ သားသားက အလုပ်ကို အာရုံစူးစိုက်လွန်းသဖြင့် ကျွန်မကို သတိမထားမိ။ သူ့ဘေး ဝဲယာမှာ လောလောလတ်လတ် ခွဲထားသည့် ထင်းတွေ ပုံနေပြီ။

“ရှင် ဘာလုပ်နေတာလဲ”

“ထင်းခွဲနေတာလေ”

ကြည့်စမ်း၊ ကျွန်မဘက်ကို တစ်ချက်မှ လှည့်မကြည့်ဘဲ သူ ဖြေသည်။

“ဒါတော့ သိတာပေါ့၊ ခု ဘယ်အချိန်လဲ ဆိုတာရော သိရဲ့လား”

“ဘာဖြစ်လို့တုံး၊ အချိန်က အရေးမကြီးပါဘူး”

“မနက်မှ လင်းလင်းကျင်းကျင်း ခွဲလည်း ရတာပဲကို”

ထင်းတုံးပေါ် ပုဆိန်ပေါက်ချလိုက်သည်။ အားပြင်းလှသဖြင့် ကျွန်မ ခြေဖဝါးအောက်က မြေကြီးပင် သိမ့်သိမ့်တုန်သွားသလို။

သူ့မျက်နှာကို ကြည့်ရင်း ကျွန်မ မှင်တက်မိသည်။ ချွေးတွေက မျက်ခုံးပေါ်မှတစ်ဆင့် ပါးပြင်နှင့် လည်ပင်းဆီ စီးကျလျက်။ သူ့ ချစ်စဖွယ် မျက်လုံးလေးတွေက သေးသေး မှေးမှေး။ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသည်။ အသက်မရှူနိုင်လောက်အောင် သူ မောနေသည်။ လရောင်ဆမ်းသည့် ညချမ်းမှာ အလင်းရောင်ရှိသည့် နေ့ဘက်ထက် သူ ပိုအိုမင်းနေပုံ၊ ပိုပင်ပန်းနေပုံ၊ ပိုအထီးကျန်နေပုံ ပေါက်နေသည်။

"အိပ်မက်ဆိုး တစ်ခု မက်တယ်၊ ကျုပ်မှာ ဒါမျိုး တစ်ခါတလေ ဖြစ်တတ်တယ်၊ ထင်းခွဲလိုက်ရင် သက်သာလို့"

"ဘာကို သက်သာတာလဲ"

"အိပ်မက်ဆိုး မက်တာတွေ၊ မေ့ပစ်ချင်တဲ့ အတိတ်မှတ်ဉာဏ်တွေ၊ မကောင်းတဲ့ အာရုံတွေပေါ့"

"ဘယ်လိုဟာမျိုးတွေလဲ"

သားသားက ပုဆိန်ကို ပေါက်ရန် လွဲနေရင်း ကျွန်မကို ပထမဆုံး အကြိမ် လှည့်ကြည့်လိုက်သည်။

"ခင်ဗျား သိချင်မှာ မဟုတ်ပါဘူး"

"သိချင်တယ် ဆိုရင်ရော"

သူ ချီတုံချတုံဖြစ်နေသည်။ ထင်းခြမ်းကို ပုဆိန်ဖြင့် ပေါက်ခွဲလိုက်သည်။

"သိချင်တယ် ဆိုရင်ရော"

ကျွန်မ ကျယ်ကျယ်လောင်လောင် ပီပီသသ ထပ်ပြောလိုက်သည်။

သူက ကျွန်မကို လျစ်လျူရှုထားသည်။

အားအလွန်အကျွံ သုံး၍ ထင်းခွဲနေမှုကြောင့် ထင်းစတွေ ဖွာခနဲ စဉ်ထွက်သည်။ ကျွန်မ ခြေထောက်နား ထင်းစတစ်စ လာကျသည်။ ကျွန်မ သူ့ဘက်သို့ ခြေတစ်လှမ်း တိုးလိုက်သည်။ နောက်တစ်လှမ်း . . . သူ ထင်းတုံးကို ပေါက်ချလျှင် ကျွန်မကို ထင်းစ စိုက်တော့မည်။ ခု အချိန်ကျပြီ။ ကျွန်မခရီးစဉ် ၏ တကယ့် ရည်ရွယ်ချက်မှန်ကို ကျွန်မ သိသမျှ သူ့ကို ပြောပြရတော့မည်။

နုနု အကြောင်း။

ဗိုက်ထဲမှာ ကန်ကျောက်နေသော သန္ဓေသားလေးတစ်ယောက် အကြောင်း။ လူ့လောကထဲ မဝင်ခင် သေကိန်းဆိုက်ခဲ့သည့် ကလေးတစ်ယောက် အကြောင်း။

ကြက်သတ်နေသည့် ကောင်လေးတစ်ယောက် အကြောင်း။

သားသားက ပုဆိန်ကို ချလိုက်ရင်း ကျွန်မကို လှည့်ကြည့်သည်။

"ခင်ဗျား ဘာလိုချင်လို့လဲ"

"ရှင်နဲ့ စကားပြောစရာ ရှိတယ်"

"ဘာအကြောင်းများလဲ"

"အိပ်မက်ဆိုးတွေနဲ့ အာရုံဆိုးတွေ အကြောင်းပေါ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မ ရှင့်ကို ပြောပြစရာတစ်ခု ရှိနေလို့ပဲ"

သူက ခွေးသုတ်လိုက်သည်။ ပုဆိန်ပေါ် လက်အစုံတင်ပြီး ကျွန်မကို တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေသည်။ အတိတ်ကို အတိတ်မှာပဲ ချန်ရစ်ထားနိုင်ခဲ့သည့် မျက်လုံးအစုံနှင့်ပေါ့။

"ကျွန်မက ရောက်ရာပေါက်ရာ လျှောက်သွားနေတဲ့ တိုးရစ်တစ်ယောက် မဟုတ်ပါဘူး"

"အင်း- ကျုပ် သိတယ်"

"ဘယ်လို သိတာလဲ"

ကျွန်မ အံ့သြတကြီး မေးမိသည်။ အစ်ကိုကြီးများ သူ့ကို တစ်ခုခု ပြောထားနှင့်သလား။

"ဒီလိုပဲ အလိုလို သိတာပေါ့"

"ဒါဆို ကျွန်မ ဘာလို့ ဒီရောက်လာလဲ ဆိုတာရော သိလား"

"ဟင့်အင်း၊ အဲဒါကို ကျုပ် သိချင်ရဲ့လား ဆိုတာတော့ မသေချာဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ် အိပ်မက်ဆိုး မမက်တာ ကြာခဲ့ပြီ၊ ခုတစ်လော ပြန်ပြန်မက်နေတယ်"

"အဲဒါ ကျွန်မနဲ့ ပတ်သက်တယ်လို့ ထင်နေတာလား"

"အင်း"

"ဘာလို့ အဲလို ထင်တာလဲ"

"ခင်ဗျားဆီက ပျံ့လွင့်လာတဲ့ တစ်ခုခုက ကျုပ်ကို မသက်မသာ ဖြစ်စေတယ်"

"ကျွန်မကြောင့် ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"ဒါဆို ဘယ်သူ့ကြောင့်လဲ"

ဒီမှာပဲ ကျွန်မ သိသမျှ သူ့ကို အိတ်သွန်ဖာမှောက် ပြောမိတော့သည်။ ကောင်းရာမွန်ရာ မရောက်နိုင်သေးသည့် ဝိညာဉ်တစ်ခု၏ အသံ၊ ရုတ်တရက် ခန္ဓာကိုယ်တွင်းမှ စကားသံထွက်လာသည့် မိန်းမပျိုလေး တစ်ယောက်၊ တစ်ခုတည်းသော နှလုံးသားက သားနှစ်ယောက်အတွက် အလုံအလောက် ကြီးထွားခြင်း မရှိခဲ့သည့် မိခင်တစ်ယောက်၊ ဒီဇာတ်ကြောင်းတွေကို ပြောပြ ခဲ့သည့် အဘွားအိုကြီး တစ်ယောက်။

မင်း တစ်ယောက် ယူ။

ငါတို့ တစ်ယောက် ခေါ်သွားမယ်။

အားလုံး ပြောပြီးတော့ ကျွန်မ သစ်ပင်တစ်ပင်ကို မှီရင်း ခွေကျသွားခဲ့ သည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေသည်။ ငြိမ်သက်တိတ်ဆိတ် ခြင်းက ကျွန်မတို့ကို လွှမ်းမိုးထားခဲ့သည်။ လေက ငြိမ်သွားပြီ။ တစီစီ အော်နေ ကျ အင်းဆက်ကောင်တွေ၏ အသံကိုပင် မကြားတော့။ တစ်ခုတည်းသော အသံက သားသား၏ ပြင်းထန်လှသော အသက်ရှူသံသာ။

"ကျွန်မ ရူးနေတယ်လို့ ရှင် ထင်သလား"

သူက ကျွန်မဘေးမှာ လာထိုင်သည်။ သူ့ဒူးနှင့် ကျွန်မဒူး ထိနေ သည်။ သူ ခေါင်းယမ်းပြသည်။

သူ့ပါးပြင်မှာ မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျနေတော့သည်။ ကျွန်မ သူ့လက်တွေကို ဆွဲယူလိုက်သည်။ သူ့လက်တွေက ရေခဲတုံးအလား အေးစက် နေခဲ့သည်။ ကျွန်မ သူ့ကို ထွေးပွေ့ထားမိသည်။ သူ့ခေါင်းကို ရင်ခွင်ထဲ ထည့်ထား မိသည်။ သူ ကျွန်မ လက်မောင်းတွေနှင့် ဂျာကင်ကို တင်းတင်းဆုပ်ရင်း ရှိုက်စ ပြုလာသည်။ တိုးတိတ်ညင်သာစွာ ရှိုက်ခြင်းပါ။

ကျွန်မ မှားများသွားသလား၊ သူ့ကို အားလုံး မပြောပြဘဲ ချန်ထား လိုက်ရင် အကောင်းသား။

နုနု၊ မောင်စိန်၊ ကိုကြီး၊ သားသား။

တချို့မိသားစုတွေက ကံခေလွန်းသည်။ ကံဆိုးလွန်းသည်။ ကံကြမ္မာ ဆိုးက ဘယ်အငြိုးနှင့်များ နှိပ်စက်လေသည် မသိ။ အချစ်တော်ကြလေသော၊ ချစ်ခြင်းမေတ္တာက ကံဇာတ်ဆရာ၏ ကလူကျီစယ်မှုကို ခံရလေသော မိသားစုတွေပါ၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာမလို၊ ဘာရည်ရွယ်ချက်မှလည်း မရှိပေမယ့် ခံစားရသည့် ဒဏ်ရာ ဝေဒနာကတော့ ဘဝတစ်ခု ရှင်သန်နေထိုင်စဉ် ကာလ အချိန်အတွင်းမှာ ကျက်နိုင်ဖို့ ခဲယဉ်းလှသည်တကား။

ထိုအရာတွေအားလုံး စတင်သန္ဓေတည်ရာ အာရုံသည် ချစ်ခြင်းမေတ္တာဖြစ်သည်။ ချစ်ခြင်းမေတ္တာကို ငံ့လင့်မှု၊ မွတ်သိပ်မှု၊ ကြောက်ရွံ့မှု၊ ကျွန်မတို့ အားလုံး ဘယ်တော့မှ တင်းတိမ်ရောင့်ရဲနိုင်စွမ်း မရှိသည့် ကိစ္စ။ နှလုံးသားတွေကျယ်ပြောသည် ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ၊ မွတ်သိပ်သည်ဖြစ်စေ၊ ကျေနပ် သည်ဖြစ်စေ၊ ထိုချစ်ခြင်း ဆိုသည့်ကိစ္စနှင့် ပတ်သက်လာလျှင် ကျွန်မတို့အားလုံး ကူကယ်ရာမဲ့၊ ခုခံနိုင်စွမ်းမဲ့လှသည်လေ။

ချစ်ခြင်းမေတ္တာက တရားမျှတမှု ဆိုတာကို နားမှ မလည်ဘဲ။ မိခင် မေတ္တာ၊ ဖခင်မေတ္တာ ဆိုတာတွေကလည်း ထူးမခြားနားပါပဲလေ။

မန်ဟက်တန် အရှေ့ပိုင်း ခြောက်ဆယ့်လေးလမ်းပေါ်က အဆောက် အအုံကြီးပေါ်မှာ စိတ်ကူးဖြင့် တဲလေးတစ်လုံး ထိုးကြည့်မိသည်။ အမဲလိုက်ခွေး တွေ အလိုက်ခံရပြီး ခြေဦးတည့်ရာ ပြေးနေရသူလို နွမ်းလျ တုန်ရီကာ ကြေကွဲစိတ်တွေ ဖိစီးလာခဲ့သည်။ မငိုမိအောင် အတင်းကြိုးစားနေပေမယ့် မျက်ရည် မကျအောင်နေလေ ဝမ်းနည်းမှုက ဖိစီးလာလေ ဖြစ်နေသည်။

ကျွန်မတို့ ဘယ်လောက်ကြာအောင် ထိုင်နေမိမှန်း မသိတော့။ သားသား ၏ အသက်ရှူသံတွေ မှန်စပြုလာချိန်မှာတော့ ရုတ်တရက် ကျွန်မ သူ့ခေါင်းကို နမ်းမိသည်။ သူက ကျွန်မကို မော့ကြည့်သည်။ အတိတ်ကို ချန်ရစ်ထားနိုင်ခဲ့ပြီ ဟု ယူဆခဲ့သော သူ့မျက်လုံးတွေမှာ အတိတ်၏ အရိပ်တွေ တစ်ဖန် ပြန်လည် နိုးထရင်း တဖျပ်ဖျပ် လက်နေသည်လေ။ သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် မော့စေပြီး သူ့ မျက်ခုံးတွေကို နမ်းမိပြန်သည်။

တစ်ကြိမ်၊ နှစ်ကြိမ်။

သူ့ကို အနမ်းမိုးရွာမိပြီ။ သူ့ပါးပြင်တွေ၊ သူ့နှာတံတွေ၊ သူ့ပါးစပ်၊ သူ့နှုတ်ခမ်း။ ထိုအနမ်းမိုးက ကျွန်မ၏ ပြင်းရှလှသည့် ဝမ်းနည်းစိတ်တွေကို ဆွဲယူ ပြေပျောက်စေနိုင်သည့်အလား။

"ကျုပ်အမေ ခင်ဗျားကို ခု စကားလာပြောသေးလား"

သူက လေသံကလေးဖြင့် မေးသည်။

"ဟင့်အင်း"

"သူက ခင်ဗျားကို ဒီလို နမ်းဖို့ ပြောတာလား"

"ဟုတ်ဘူး၊ ဟုတ်ဘူး၊ ဟုတ်ဘူး"

တစ်ခါတလေတော့လည်း ပျော်ရွှင်ကြည်နူးမှု ဆိုသည့် အရာနှင့် ကျွန်မ တို့ နှောင်ကြိုးဖွဲ့တတ်ကြသေးသည်။ ပျော်လာပြီဆိုလျှင် နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားတတ်ကြသည်။ လွန်ခဲ့သည့် စက္ကန့်အနည်းငယ်မှစ၍ ကျွန်မတို့ နှစ်ကိုယ့် တစ်စိတ် ဖြစ်သွားခဲ့ကြပါပြီ။ ထိုအခိုက်အတန့်၏ ပြင်းပြသည့် ခံစားမှုတွေကို လူဆိုသည့် သတ္တဝါက တစ်ဦးတည်း ခံစားတတ်ပို့ဆိုတာ မဖြစ်နိုင်ခြင်းကြောင့်ပင်။

တစ်ခါတလေတော့လည်း ကြေကွဲမှုက ကျွန်မတို့ကို တုပ်နှောင်ထား တတ်သည်။ ထိုတစ်ခဏမှာလည်း ကျွန်မတို့ နှစ်ကိုယ့်တစ်စိတ် ဖြစ်တတ်ကြ သေးသည်။ လွန်ခဲ့သည့် စက္ကန့်အနည်းငယ်မှစ၍ ကျွန်မတို့ နှစ်ကိုယ့်တစ်စိတ် ဖြစ်သွားခဲ့ကြပါပြီ။ အဘယ်ကြောင့်ဆိုသော် ထိုအခိုက်အတန့်၏ ပြင်းပြသည့် ခံစားမှုတွေကို လူဆိုသည့် သတ္တဝါက တစ်ဦးတည်း ခံစားတတ်ဖို့ ဆိုတာ မဖြစ်နိုင်ခြင်းကြောင့်ပင်။

■

သားသားနှင့် ကျွန်မ စပါးကျီလေးထဲမှာ ပူးပူးကပ်ကပ် လှဲနေမိကြ သည်။ သူ့လက်မောင်းပေါ် ခေါင်းအုံးရင်းပေါ့။ နှာခေါင်းထဲမှာ ကျင့်သားမရ သော်လည်း သိပ်မဆိုးသည့် ရနံ့တွေ လှိုင်နေသည်။ ကျွန်မ တစ်ကိုယ်လုံး တုန်နေ သည်။ သူလည်း တူတူပါပဲလေ။ နှလုံးသား တစ်စုံသည် ဆောက်တည်ရာမရ၊ ကူကယ်ရာမဲ့၊ ပြင်းပြင်းရှရှ၊ မြူးမြူးကြွကြွ ခုန်လွန်းနေခဲ့ကြပြီ။ ညလေအေးအေး တသုန်သုန်တိုက်နေပေမယ့် ကျွန်မ ပူပူလောင်လောင်ကြီး ခံစားနေရသည်။ သူက ချွေးတွေ စိုနေသည့် ဆံပင်တွေကို ကျွန်မ မျက်နှာပေါ်မှ ကြင်ကြင်နာနာ ဖယ်ပေးနေသည်။ အပြုံးနုနုလေးတစ်ခု ပြုံးသည်။

"အမေ့အသံကို ဘယ်တုန်းက နောက်ဆုံး ကြားခဲ့တာလဲ ဟင်"

သူ တိုးတိုးလေး မေးသည်။

"ကလောမှာတုန်းကပေါ့၊ ခုနေများ အသံပြန်ကြားရမယ်ဆိုရင် ရှင် သူနဲ့ စကားပြောမှာလား"

သားသားက အကြာကြီး တွေနေသည်။ နောက်ဆုံးတော့ သူ ပြော သည်။

"ဟင့်အင်း၊ မပြောပါဘူး"

"ခု မပြောချင်သေးတာလား"

"ဘယ်တော့မှ မပြောတော့ပါဘူးလေ"

"ရှင့်အမေကို မေးချင်တာတွေ မရှိဘူးလား"

"မရှိတော့ပါဘူး"

"ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက်ကြောင့်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့တုံး"

"ဒါက အတိတ်ဖြစ်သွားခဲ့ပြီလေ"

"ရှင် ရှင့်အမေကို မုန်းနေတာလား"

"ဟင့်အင်း မမုန်းပါဘူး"

သူ့အဖြေကို စဉ်းစားရင်း သူ့နှာခေါင်းထိပ်ကလေးကို နမ်းမိသည်။ "နောက်ဆုံးတော့ သူ ဘာဖြစ်သွားတယ် ဆိုတာ ရှင် သိချင်- ချင်"

"မသိချင်တော့ပါဘူး"

သူက ဖြတ်ပြောလိုက်သည်။

"ပေါ်တာဖြစ်နေတုန်းက မေးခဲ့ရင်တော့ တစ်မျိုး ဖြေမိမယ် ထင်တယ်"

သူက တံတောင်ဆစ်ပေါ် လက်ထောက်ကာ ခေါင်းမှီရင်း ပြော၏။

"အဲဒီတုန်းက ကျုပ်တစ်ကိုယ်လုံး အမုန်းတွေနဲ့ ပြည့်နေတယ်၊ ဒေါသထွက်လွန်း၊ ခါးသီးလွန်းလို့ ကျုပ်နှလုံးသားကို ထုတ်ပြီး လျက်ကြည့်မယ် ဆို အဆိပ်သင့်သွားမှာတောင် စိုးရတယ်၊ စခန်းမှာ ကျုပ်တို့အားလုံးဟာ အကျဉ်းသားတွေပါပဲ၊ ပေါ်တာတွေတင်မကဘူး၊ တပ်သားတွေရော၊ အရာရှိတွေရောပေါ့၊ တစ်ယောက်ကလွဲလို့ အားလုံး အကျဉ်းသားချည်းပဲ"

သူ့စကားကို ကျွန်မ နားလည် မလည်၊ လိုက်နိုင် မလိုက်နိုင်ကို သူက စူးစမ်းကြည့် ကြည့်နေသည်။

"တစ်ယောက်ကလွဲလို့တဲ့လား"

"ဟုတ်တယ်၊ ကျုပ်တို့အားလုံးဟာ ကိုယ့်အမုန်းတွေထဲမှာ၊ ခါးသီးမှုတွေထဲမှာ၊ ကြေကွဲမှုတွေထဲမှာ၊ ဆုံးရှုံးမှုတွေထဲမှာ ပိတ်မိနေကြတဲ့ အကျဉ်းသားတွေပေါ့၊ စခန်းကနေ လွှတ်ပေးလိုက်ရင်တောင် လက်ကျန် တစ်ဘဝလုံး

အကျဉ်းသားတွေအဖြစ်နဲ့ပဲ နေသွားကြရမယ့် သဘောပါပဲ၊ တိုက်ပွဲဖြစ်နေတဲ့ ရှေ့တန်းစခန်းကို တစ်ခါရောက်ပြီးရင် သူ့ဘဝတစ်လျှောက်လုံး အဲဒီစခန်းက အဖြစ်သနစ်တွေနဲ့ နှစ်ပါးသွားရလောက်အောင်ပါပဲ၊ အနိုင်ကျင့်ခံရတဲ့လူ၊ စော်ကားခံရတဲ့လူ၊ သစ္စာဖောက်ခံရတဲ့လူဟာ တစ်ဘဝလုံး အဲဒီ ခံစားချက်ကို ဖျောက်ဖျက်မရသလိုပေါ့၊ အမေ့ကို ကျုပ် သိပ်မုန်းခဲ့တယ်၊ တစ်ချိန်လုံး ကျိန်ဆဲနေခဲ့တယ်၊ ကိုကြီးကို ကွက်ခေါ်သွားပြီး ကျုပ်ကို ချန်ရစ်ထားခဲ့တဲ့ ပုံရိပ်ကို မေ့ပစ်လို့မရဘူး၊ ကျုပ်တစ်ဘဝလုံး လုပ်ပေးခဲ့တာတွေကိုမှ မထောက်၊ သူ လုပ်ရက်လေခြင်းပေါ့လေ၊ အဖြေမရှိတဲ့ မေးခွန်းတွေနဲ့ ကျုပ် ချောင်ပိတ်မိနေခဲ့တယ်၊ တောနင်းတုန်း မိုင်းနင်းမိစမ်းပါစေလို့ အမြဲတမ်း ဆုတောင်းနေတတ်တယ်၊ မိုင်းနင်းမိပြီး အစိတ်စိတ် အမွှာမွှာ ဖြစ်သွားစမ်းပါစေ၊ မြန်မြန်သေရင် အေးတယ်လို့ သဘောထားမိတယ်၊ ငရဲလို နေရာမျိုးမှာ နေတာထက်စာရင် သေသော်မှတည့် ဩော်ကောင်း၏ ဆိုတာမျိုး မဟုတ်လား၊ ဒီလိုပဲ တစ်ချိန်လုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေလာခဲ့တာ အလင်းရောင်ကို မမြင်ရမချင်းပေါ့၊ အလင်းကို ဆောင်ယူလာခဲ့တဲ့ တစ်ယောက်နဲ့ မတွေ့မချင်းပေါ့။

အိပ်မက်တွေထဲမှာ ကျုပ်အမေနဲ့ ကျုပ်အစ်ကိုဟာ ကျုပ်ရှေ့မှာ ရပ်နေကြတယ်၊ အရမ်းနီးကပ်လွန်းလို့ သူတို့ အသက်ရှူတဲ့ လေဟာ ကျုပ်အရေပြား ကို လာထိတဲ့အထိပဲ၊ ရုတ်တရက် ချက်ချင်း သူတို့ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး လှည့်ထွက်သွားကြတယ်၊ ကျုပ် ပြေးလိုက်ချင်ပေမယ့် လှုပ်လို့မရဘူး၊ ကျုပ်ကို စောင့်ပါဦးလို့ အသည်းပေါက်မတတ် အော်လိုက်ချင် ပေမယ့် အသံမထွက်နိုင်ဘူး၊ သူတို့ တဖြည်းဖြည်း ဝေး... ဝေးသွားခဲ့တယ်၊ သူတို့နောက်ကို ကျုပ်မလိုက်နိုင်ဘူး၊ ကျုပ် သေတော့မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လာတယ်၊ ဒါ အင်မတန်ဆိုးတဲ့ ခံစားချက်နော်၊ တပ်သားတစ်ယောက်က ကျုပ်ရှေ့ရောက်လာပြီး မျက်နှာကို သေနတ်ဒင်နဲ့ တအားလွှဲရိုက်ချလိုက်တယ်၊ အိပ်မက်က လန့်နိုးတိုင်း အမြဲ ဒီနေရာမှာချည်းပဲ၊ နိုးလာတိုင်းလည်း အမြဲ မေးခွန်းတွေ ခေါင်းထဲမှာ ဆူညံနေတယ်၊ ငါ ဘာလုပ်ခဲ့မိလို့ ဒီလိုဖြစ်ရတာလဲ၊ ဘာဖြစ်လို့ ငါကပဲ အမြဲ ဒုက္ခခံနေရတာလဲလို့ပေါ့”

သူ ပြန်လှဲချလိုက်သည်။ လက်နှစ်ဖက်ပေါ် ခေါင်းအုံးပြီး ခေါင်မိုးကို ငေးကြည့်နေသည်။ ကျွန်မ သူ့နှုတ်ခမ်းတွေကို လက်ချောင်းထိပ်ကလေးများ ဖြင့် အသာအယာ စမ်းနေမိသည်။

“အဲဒါတွေဟာ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း လျော့ပါးလာတာလား”

“ဟင့်အင်း၊ အချိန်ကြောင့် မဟုတ်ဘူး”

“ဒါဆို ဘာကြောင့်လဲ၊ ဘယ်လိုလဲ”

သားသားက ပါးစပ်ပိတ်နေသည်။

“ခု ရှင် အကျဉ်းသားတစ်ယောက် မဟုတ်တော့ဘူး မဟုတ်လား”

“အင်းလေ၊ ကျုပ်က အကျဉ်းသားနဲ့ တူနေလို့လား”

“ရှင် ဘယ်လိုများ ဒီလို အခြေအနေကနေ ရုန်းထွက်လာနိုင်ခဲ့တာလဲ”

“ချစ်ခြင်းမေတ္တာကြောင့်ပေါ့”

“ဩော်- ကိုယ့်ဘာသာကိုယ် ဆင်ခြင်သုံးသပ် ဆုံးဖြတ်လိုက်တာ လား”

“အဲဒီလို မဟုတ်ဘူး”

“ဟင်- ရှင့်ပေါ်ပဲ မူတည်တာဆို”

“ဒီလို မဟုတ်ဘူး”

သူ ကျွန်မဘက် လှည့်လာခဲ့သည်။ စတွေ့တွေ့ချင်း ရက်များတုန်းက တောက်ပခဲ့သည့် မျက်ဝန်းမျိုးတွေ ခု သူ့မှာ ပြန်တွေ့ရသည်။ သူ့ကို ခွလိုက်ပြီး ကျွန်မနား တိုးကပ်အောင် လုပ်လိုက်သည်။ သူက ဆက်ပြောသည်။

“အင်း- ခင်ဗျား မှန်တယ်၊ တစ်နေ့မှာ ချစ်ခြင်းတရားက ကျုပ်ဆီ ရောက်လာခဲ့တယ်လို့ ပြောရမယ်၊ သူဟာ တံခါးဝမှာ ရပ်ရင်း ကျုပ်ဆီ လျှောက်လာခဲ့တယ်၊ သူ အင်မတန်ဝေးတဲ့ ခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်းလာခဲ့တယ်၊ ကျုပ် သူ့ကို မငြင်းဆန်နိုင်ခဲ့ဘူး၊ ဒုတိယအကြိမ် ပြန်လာတော့မယ် မဟုတ်ဘူး လို့ ကျုပ် သေသေချာချာ ခံစားမိလို့ပဲ”

“အကျဉ်းကျနေခဲ့တဲ့ ရှင့်စိတ်ကို ချစ်ခြင်းတရားက ဘယ်လိုများ လွတ်မြောက်အောင် လုပ်ပေးခဲ့တာလဲ”

“ချစ်တတ်၊ အချစ်ခံတတ်တဲ့အပြင် ခွင့်လွှတ်တတ်အောင်ပေါ့ ၊ အာဃာတ မထားဘဲ အလုံးစုံ ခွင့်လွှတ်တတ်သူတွေသာ အမှန်တကယ် လွတ်မြောက် နိုင်စွမ်းရှိတာလေ၊ အားလုံးကို နားလည် ခွင့်လွှတ်တတ်ပြီ ဆိုရင် ဘယ်တော့မှ စိတ်အကျဉ်း မကျနိုင်တော့ဘူးကိုး”

■■■

အခန်း (၇)

သူ ကျွန်မကို ထွေးပွေ့ယုယ ကြင်နာခဲ့သည်။ ကျွန်မ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၊ ဖျပ်ဖျပ်လူးနေခဲ့သည်။ သူ ကျွန်မ၏ အတွင်းပိုင်းတစ်နေရာထိ အနက်ရှိုင်းဆုံး တိုးဝင်ခဲ့သည်။ ကိုယ်ကာယအားဖြင့် သက်သက်သာ မဟုတ်ခဲ့။ သူ့ တစ်စိတ် တစ်ပိုင်းက ကျွန်မထံပါးမှာ အမြဲ ထာဝရ တည်ရှိတော့မလိုမျိုး။

နောက်တစ်နေ့မနက်မှာတော့ ကျွန်မ အိပ်ရာဘေးမှာ လက်ဖက်ရည် ပူပူတစ်ခွက်နှင့်အတူ ပန်းနီနီလေးတွေနှင့် မွှေးလှသည့် စံပယ်တွေ အများအပြား ရောက်နေခဲ့သည်။ အစ်ကိုကြီး အိပ်ရာက လွတ်နေသည်။ ကျွန်မ အလွန်အကျွံ အိပ်မိသည်ကော။

ကျောင်းခန်းမအတွင်းမှာလည်း အိပ်ရာတွေအားလုံး သိမ်းထားပြီးပြီ။ သားသားနှင့် အစ်ကိုကြီးမှ လွဲ၍ အားလုံး ယာခင်းထဲ ရောက်နေခဲ့ကြပြီ။ သူတို့ နှစ်ယောက် ကျောင်းလှေကားမှာ ထိုင်ရင်း လက်ဖက်ရည်ဝိုင်း ဖွဲ့နေကြသည်။ ထိုမြင်ကွင်းကို ကြည့်၍ ကျွန်မ ရင်တုန်လာပြန်သည်။

ကျွန်မကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သားသားက ထိုင်ရာမှ ထလိုက်သည်။ ရက်ကိုးရက်ကန်း အကြည့်ဖြင့် သူ ကျွန်မကို နှုတ်ဆက်သည်။ ထိုအခိုက်အတန့်မှာ ကျွန်မတို့နှစ်ယောက် ဆယ်ကျော်သက်လေးတွေလို စိတ် ကျဉ်းကျပ်စွာ နှုတ်ဆွံ့နေခဲ့ကြသည်။

“ပန်းပွေ့ အများကြီးပဲ၊ ချစ်ဖို့ သိပ်ကောင်းတယ်၊ သိလား”

ကျွန်မ မပွင့်တပွင့် ပြောလိုက်မိသည်။

သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ် လက်နေလိုက်သည်မှာ မနာလို ချင်စရာပင် ကောင်း ကောင်းသေးတော့။

“ဂျူလီယာလေး၊ ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား”

အစ်ကိုကြီးက လှမ်းမေးလိုက်သည်။ အစ်ကိုကြီး တစ်ခုခုများ ရိပ်မိနေ လားဟု ကျွန်မ ရှက်ရွံ့စွာ ကြည့်မိသည်။ ကြည့်ရတာတော့ သူ ဘာကိုမျှ စိတ်အနှောင့်အယှက် ဖြစ်ပုံ မပေါ်။

“အင်း- အိပ်လို့ သိပ်ကောင်းတယ်”

သားသားကတော့ အကြီးအကျယ် စိတ်ကျဉ်းကျပ်နေပုံပင်။

“မိုးမိုးလည်း လာမနိုးဘူး”

"အင်း- ညည်း အိပ်ဖို့လိုတယ်လို့ တို့များ ထင်လို့ပါ"

အစ်ကိုကြီးက ပြောလိုက်သည်။

"ခင်ဗျား စားဖို့ သွားယူလိုက်ဦးမယ်"

သားသားက မီးဖိုချောင်ထဲ အပြေးတစ်ပိုင်း ဝင်ရောက်ပျောက်ကွယ်သွားသည်။

အစ်ကိုကြီးက သူ့နားမှာ လာထိုင်ဖို့ ကျွန်မကို လက်ယပ်ကာ လှမ်းခေါ်သည်။ ကလေးက လက်ဖက်ရည်ဆိုင်မှာ ပထမဆုံးအကြိမ် စတွေ့ကြတုန်းက ကြည့်သလို သူ ကျွန်မကို စူးစူးရဲရဲ ကြည့်နေသည်။

"ဘာတုံး အစ်ကိုကြီးကလဲ"

ကျွန်မ ရှိုးတိုးရှန့်တန့် ဖြစ်ကာ ပြောမိသည်။

အစ်ကိုကြီးက ခေါင်းကလေး စောင်းငဲ့ရင်း စကားလုံး ရွေးနေသည်။

"ညည်း ဒီမနက် အတော် ထူးခြားနေတယ်"

"ဘာထူးခြားလို့လဲလို့"

"ညည်းဟာ ပြုစားခံရသလိုပဲ သိရဲ့လား၊ ဒီနေ့မနက်မှာ ထူးထူး ခြားခြားကို လှနေတယ်"

"ဟီ ဟိ အစ်ကိုကြီးနော်"

ကျွန်မ သူ့ကို ချစ်ခင်စွာ ဖက်ထားမိသည်။

"အင်းလေ- ဒီမှာက အရာရာ သိပ်လှနေတာကိုး"

သားသားက ပန်းကန်လုံးထဲ ထမင်း၊ အသီးအရွက်ကြော်၊ ကြက်ဥကြော် နှစ်လုံး ထည့်ပြီး ပြန်ရောက်လာသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ကျွန်မ မျိုမကျအောင် ဖြစ်နေသည်။ လှေကားထစ်တွေပေါ် ကျွန်မတို့ တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ ကြက်တွေက ကျောင်းဝင်းထဲမှာ ဆူဆူညံ၊ ခွေးတစ်ကောင်က လှေကားချောင် အရိပ်မှာ ခွေအိပ်နေခဲ့သည်။ ရာသီဥတုက နွေးနွေး၊ ပန်းရနံ့လေးတွေက မွှေးလှသည်။

သားသားက နှုတ်ခမ်းလေးတွေ တရွရွနှင့် ကျွန်မကို တစ်ခုခု ပြောတော့မလို တာစူနေသော်လည်း ပြောရဲပုံမတူ။ အစ်ကိုကြီးက ထပြီး အထဲဝင် သွားပြီ။ သားသားကို ချစ်ရည်ရွှန်းလဲ့သည့် အကြည့်တစ်ချက် ကြည့်ပစ်လိုက် သည်။

"ကိုင်း- ရသေ့ကြီး၊ ကျွန်မတို့ ဘာလုပ်ကြမတုံး၊ လှည်းရ ကျင်းရ မလား၊ ချက်ရ ပြုတ်ရမလား၊ လျှော်ရဖွပ်ရမလား ပြော"

"အပြင်သွားရအောင်၊ တောင်ကုန်းလေးတစ်ခုပေါ် တက်ကြစို့၊ စာသင်ချိန်ကျမှ ပြန်လာမယ်လေ"

"အား- ကောင်းတာပေါ့၊ ဘယ်သွားကြမတုံး"

"ကျုပ် ပြစရာတစ်ခု ရှိလို့ပါ"

■

မြေနီလမ်းကလေးအတိုင်း ကျွန်မတို့ လျှောက်ခဲ့ကြသည်။ လယ်ကွင်း တွေ၊ ငှက်ပျောခင်းတွေ၊ အုန်းပင်တွေ၊ ဝါးရုံတောတွေကို ဖြတ်ကျော်ခဲ့ကြသည်။ တောင်ကြားလမ်းလေးတစ်ခုကို ဖြတ်၊ စမ်းချောင်းလေးတစ်ခုကို ကျော်ကာ သစ်တော ထူထပ်သည့် တောင်တက်လမ်းတစ်ခုဆီ ရောက်လာခဲ့ကြသည်။ တိမ်ကင်းစင်သည့် ကောင်းကင်ပြာက ကျွန်မတို့ကို မိုးလျက်။ မျက်လုံးဖြင့် သာ စကားပြောဖြစ်ကြပြီး ဆိတ်ဆိတ်နေခြင်းသည် ကျွန်မတို့နှစ်ယောက်အဖို့ ပို၍ သက်သောင့်သက်သာ ရှိနေသလိုပင်။

မနေ့ညက အဖြစ်အပျက်တို့ကို ပြန်ပြောင်းသတိရမိသည်။ နယူးယောက်က ချစ်ဇာတ်လမ်းနှင့် အင်မတန် ကွဲပြားခြားနားသည့် ဇာတ်လမ်းတစ်ပုဒ်ရယ် ပါ။ ညက အဖြစ်အပျက်သည် တစ်မူ ထူးခြားလွန်းလှသည်။ သူသည် ကျွန်မကို တံခါးတစ်ချပ် ဖွင့်လှစ်ပေးခဲ့သည်။ ရွှေလက်တော် ကမ်းပေးပြီး ပျော်ရွှင်ဖွယ် ကောင်းသည့် လျှို့ဝှက်နေရာများကို ပြသပေးခဲ့သည်။ ကျွန်မ ကိုယ်ပိုင်ဆန္ဒတွေကြားမှာ ပိတ်မိပြီး ကြောက်ရွံ့ထိတ်လန့်နေမှုကို သူ ပြေပျောက်စေခဲ့သည်။

သူနှင့်ဆိုလျှင် စကားတစ်လုံးမျှ ပြောစရာမလိုဘဲ နီးနီးစပ်စပ် ရှိလှ သည်။ ရင်းရင်းနှီးနှီး ရှိလှသည်။ ဘာကြောင့်မှန်း ဆိုသည်ကိုတော့ ရှင်းမပြ တတ်။ မည်သည့် ယောကျ်ား တစ်ဦးတစ်ယောက်နှင့်မျှ မဖြစ်ခဲ့ဖူးသည့် စိတ်၏ အဖော်အဖြစ် သူက အံဝင်ခွင်ကျ ရှိလွန်းသည်။ ခု ရောက်ရာနေရာမှာပင် ရပ်ပြီး သူ့လက်ကို ဆွဲကာ သူ့ကို တရှိုက်မက်မက် နမ်းပစ်လိုက်ချင်သော်လည်း ကျွန်မ မဝံ့စားခဲ့။

တောင်ထွတ်ပေါ် မရောက်ခင် စေတီတော်တစ်ဆူကို အဝေးတစ်နေရာ မှ လှမ်းတွေ့လိုက်ရသည်။ ထိုနေရာတစ်ဝိုက်မှာ သစ်ပင်တွေ ရှင်းလင်းထားပြီး ညီညာပြန့်ပြူးစွာ ပြုပြင်ထားသည်။ အရုံစေတီကလေးတွေလည်း အများကြီး၊ ဆွမ်း၊ ရေချမ်း၊ ပန်းတွေလည်း ကပ်လှူထားကြသည်။ စေတီထက်မှာ ဆည်းလည်း ကလေးများ၏ အသံက သာယာလှဘိတောင်း။ တောင်ကြားလမ်းဘက် မျက်နှာ မူသောအပိုင်းကို ထုံးဖြူသုတ်ထားသော်လည်း နောက်ကျောကတော့ ကျောက်တုံး စီထားသည်၊ ထိုကျောက်တုံးတွေကလည်း ကွဲအက်ကာ စေတီက တောင်ကြား လမ်းဘက်သို့ စောင်းကျနေသည်။ ကမ္ဘာ့ဆွဲငင်အား သီအိုရီကို ဆန့်ကျင်

အန်တုနေသကဲ့သို့။

"ပုံကြည့်ရတာ အချိန်မရွေး ပြိုတော့မလိုပဲနော်" ကျွန်မ ကြက်သီးထစွာ ပြောလိုက်သည်။

"အင်း- ပါးစပ်ရာဇဝင်အရတော့ ဒီစေတီဟာ ပြီးခဲ့တဲ့ ရာစုနှစ် အတွင်း မကြာခဏ ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရသတဲ့၊ အကြိမ်တိုင်း ပြန်ပြုပြင်ခဲ့တာချည်းပဲ၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ဖြစ်ခဲ့တဲ့ ငလျင်မှာတော့ ခုလို အခြေအနေမျိုး ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ မြေခမသွားဘူး၊ တန်ခိုးတော် တစ်မျိုးမျိုး က မြေမခအောင် ပံ့ပိုးပေးထားတယ်လို့ ယုံကြည်ကြတဲ့အတွက် တန်ခိုးကြီးလာခဲ့တယ်"

သားသားက လွယ်အိတ်ထဲမှ ရေနွေးဓာတ်ဘူးကို ထုတ်သည်။ ခွက် ထဲ ရေနွေးထည့်သည်။ အသင့်ဖျော်ကော်ဖီထုပ်ကို ဖောက်သည်။ ကော်ဖီ ဖျော်သည်။ ခရက်ကာ မုန့်ထုပ်ကို ယူသည်။ ပြီးတော့ ဆွမ်းတော်တင်လိုက် သည်။ လက်အုပ်ချီ၊ မျက်စိတွေ မှိတ်ရင်း ဦးညွတ်လိုက်သည်။

"ဘာတွေ ဆုတောင်းနေတာလဲ"

ကျွန်မ သူ့ကို မေးမိသည်။

"ဘာမှ ဆုမတောင်းပါဘူး၊ စကားစမြည် ပြောနေတာပါ"

"ဟင်- ဘယ်သူနဲ့တုံး"

"စေတီတော်နဲ့ ကျုပ်နဲ့ပေါ့"

"ဘာအကြောင်းများတုံး"

"ပျော်ရွှင်စရာရဲ့ ကွဲအက်ကြေမွလွယ်တဲ့ အခြေအနေအကြောင်းပေါ့ ၊ ထိန်းသိမ်းဖို့ ခက်ခဲတဲ့ အကြောင်းပေါ့၊ ပြီးတော့ ခရက်ကာတွေအကြောင်း၊ သူက ခရက်ကာ ကြိုက်တယ်လေ"

"ဒါတွေ ဘယ်က ရလာတာလဲ"

"ဒီမနက်အစောက သီပေါ သွားဝယ်လိုက်တာ"

စေတီရိပ်မှာ ကျွန်မတို့ ထိုင်လိုက်ကြသည်။ ငြိမ်သက်တိတ်ဆိတ်မှုက ကြီးစိုးနေသည်။ လေတိုက်သဖြင့် သစ်ရွက်ကလေးတွေ တရှဲရှဲ မြည်သံသည် သာ တစ်ခုတည်းသော အသံ။

"ခင်ဗျားအကြောင်း ပြောပါဦး"

သူက မေးလာပြန်သည်။

"ဟင်- ထပ်ပြောရဦးမှာလား"

ကျွန်မ အလိုမကျဖြစ်နေပုံကို သားသားက ဂရုမစိုက်။ ပြုံးရင်း ပြောနေသည်။

"အရေးကြီးတယ် ထင်တာကို ပြောပေါ့"

ကော်ဖီတစ်ကျိုက် ကျိုက်ရင်း ကျွန်မ တောင်ကြားလမ်းကလေးကို ငေးကာ ကျွန်မ ဘဝအကြောင်း စပြောသည်။ တစ်စုံတစ်ရာကို မနေမနား လိုက်လံရှာဖွေခဲ့ရသော မိန်းမပျိုကလေးတစ်ယောက်၊ စိတ်နောက်ရှုးသွပ်နေပြီဟု ထင်စရာကောင်းလောက်သည့် အခြေအနေ၊ အချစ်ဟာ ဘယ်လောက် အကဲဆတ် ကြောင်း၊ ဘယ်လောက် တန်ဖိုးရှိကြောင်း၊ ဘယ်လောက် အလင်းလိုကြောင်း၊ ဘယ်လို ယုံကြည်ထိုက်ကြောင်း၊ အချစ်ပျက်ယွင်းသော ဘဝက ဘယ်လောက် မှောင်မိုက်ကြောင်း၊ ဒါတွေကို မေ့ပျောက်သွားခဲ့သည့် မိန်းကလေးသည် ခု ပစ္စုပ္ပန်အခြေအနေမှာ ထိုအခြင်းအရာများကို ပြန်အမှတ်ရလာပြီး ထိုသို့ အမှတ်ရလာသည့်အတွက် ကျေးဇူးတင်ရှိနေကြောင်း။

သားသားက သေချာစွာ နားထောင်နေသည်။ ကျွန်မ လက်ကလေးကို ကိုင်၊ ဒါမှမဟုတ် ကျွန်မကို ထွေးပွေ့လေမလားဟု အမျှော်လင့်ကြီး မျှော်လင့် ခဲ့ပေမယ့် အဟောသိကံပင်။ သမာဓိကောင်းလှသူကြီးက တုတ်တုတ်မျှမလှုပ်။ ပြောပြီးတော့ သူ့ကို တစ်ချက် ကြည့်လိုက်သည်။ မသေချာ မရေရာ မှုတွေ ပြည့်လျှမ်းလျက်၊ ရင်က မြင်းတစ်ကောင်လို ခွာသံပေး ဒုန်းစိုင်းခုန်လျက်။

ကျွန်မ ထရပ်လိုက်သည်။ သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူ့ ခေါင်းကို လက်တွေနှင့် ဆွဲမ ယူလိုက်သည်။

"သားသား... သားသားရယ်"

ကျွန်မ တစ်ကိုယ်လုံး တုန်ရီနေခဲ့ပြန်ပြီ။

သူက ကျွန်မ နှုတ်ခမ်းတွေပေါ် လက်ချောင်းကလေး တင်ပြီး ထရပ် လိုက်သည်။ ပြီးတော့ ကျွန်မ တစ်သက်တာလုံး ဘယ်တုန်းကမှ မရရှိ မခံစားခဲ့ ရဖူးသည့် နမ်းနည်းမျိုးဖြင့် ကျွန်မကို နမ်းတော့သည်။ ဒီလို အနမ်းမျိုး မခံစားရဘဲ အသက် ၃၈ နှစ်အရွယ်ကို ဘယ်လိုများ ရောက်လာခဲ့ပါလိမ့်။ ရယ်, နှလုံးသားသံစဉ်ညှိတဲ့လူအကြောင်း ပြောမယ်ဆို ပြောလေ သားသားရယ်"

"အင်း- အဲဒါက ကြာခဲ့ပါပြီ"

သားသားက ပြန်ထိုင်ချလိုက်ပြီး တွေဝေငေးမောနေပြန်သည်။

"ဘာလို့ သိချင်တာလဲ"

"ရှင့်အကြောင်း ပိုပိုပြီး သိချင်လာလို့ပေါ့"

"ဟင် သိဖို့လိုသေးလို့လား၊ ကျုပ်အကြောင်းကို ခင်ဗျားဟာ ကျုပ်ထက်ပိုသိနေတာပဲကို"

"ဟင့်အင်း ဟင့်အင်း၊ အရေးအကြီးဆုံး လျှို့ဝှက်ချက်ကြီးကို သိသေးဘူး၊ ပြောပြ.. ပြောပါဆိုမှ"

"ဩော်- လျှို့ဝှက်ချက်ရှိတယ်လို့ ဘာလို့ ထင်နေပြန်တာလဲ"

"ရှင် အမုန်းတရားတွေထဲက လွတ်မြောက်လာခဲ့တယ် မဟုတ်လား"

"အင်း- တကယ်တော့ ဘဝသက်တမ်း အတော်များများမှာ အမုန်းတရားတွေနဲ့ နေခဲ့ရတာ"

"အင်းလေ- ခု အမုန်းတရားတွေ မရှိတော့ဘူးဆိုတော့ အဲသလို အမုန်းမဲ့လူသားဖြစ်အောင် ဘယ်သူ သင်ကြားပြသပေးခဲ့တာလဲ ဆိုတာ သိချင်တာလေ၊ ဖဘသာ အိန်ဂျယ်လိုလား"

သူက ခေါင်းယမ်းပြသည်။

"ဒါဖြင့်... ဘိုဘိုလား"

သူ မျက်လွှာချသွားသည်။ လေးလေးပင်ပင်ကြီး ခေါင်းညိတ်ပြတော့ သည်။

အလို- သူနှင့် ဘိုဘို ချစ်သူတွေ ဖြစ်ခဲ့ကြတာများလား။ မောင်ထွန်း အပြောအရ သူတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ချက်တွေ ရှိနေခဲ့သတဲ့။ ခု သူ ဝန်ခံလိုက်တော့ ပါးစပ်ဟောင်းလောင်း ဖြစ်လောက်အောင် အံ့အားသင့်ရသလို မနာလို ဝန်တိုမှုတွေက တရှိန်ရှိန် လောင်မြိုက်လာခဲ့သည်။ ယောကျ်ားချင်း ကြိုက်စရာလားကွယ်။

"နေစမ်းပါဦး၊ ဒီအကြောင်းနဲ့ ပတ်သက်လို့ မောင်ထွန်းက ဘာပြော ခဲ့လဲ၊ တိတိကျကျ ပြန်ပြောပြစမ်းပါ"

သားသားက ရုတ်တရက် မေးလာသည်။

"အများကြီးတော့ မဟုတ်ပါဘူး၊ ဘိုဘိုဟာ ပေါ်တာတွေထဲမှာ အသက်အငယ်ဆုံး၊ လူကောင် အသေးဆုံးတဲ့၊ ဒါပေမဲ့ အင်မတန် သတ္တိရှိတယ်တဲ့၊ ရှင်တို့နှစ်ယောက်ဟာ အမြဲတမ်း တတွဲတွဲပဲတဲ့"

သားသားက တံတွေးမျိုချနေသည်။

"ဒါပဲလား"

"အင်း- ဒါပဲ"

"ကျုပ်တို့နှစ်ယောက်အကြောင်း ဘာမှ သူ မပြောဘူးလား"

"ပြောတယ်လေ၊ ရှင်တို့နှစ်ယောက်က အမြဲတမ်း တတွဲတွဲပါလို့"

"ဒါပဲလား"

"အင်း- ဒါပဲ"

သားသားက ဘာကိုမျှ မမျှော်လင့်ထားသလို ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူ စပြောပါပြီ။

"တကယ်တော့ ဘိုဘို့မှာ ဘယ်သူမှ မသိတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်"

သူ ဘာဆက်ပြောမလဲ ဆိုတာကို ကျွန်မ နားထောင်နေမိသည်။ ဖြတ်မပြောမိအောင် လျှာကို အသာကိုက်ထားရသည်။

"သူ ပါလာတဲ့ ထရပ်ကားကြီး စခန်းဝင်းထဲ ဝင်လာတော့ ဝင်းထဲမှာ ကျုပ် ရှိနေခဲ့တယ်။ မရဏတဲထဲက အလောင်းသုံးလောင်းကို မြှုပ်ပြီး အိပ်ဆောင် ကို အပြန်လမ်းမှာပေါ့။ လူသစ်တွေဟာ ကားပေါ်မှာ ဝိုင်းကြီးပတ်ပတ်ထိုင်ပြီး ငူငူငိုင်ငိုင် လိုက်လာကြတယ်။ ဘိုဘိုကတော့ ကားထောင့်မှာ ကွေးကွေး ခွေခွေကလေး ပါလာတယ်၊ ထလည်း မထဘူး၊ စစ်သားတွေ ကန်ချမှ ကား ပေါ်က ဆင်းလာတယ်၊ သူ့အထုပ်ကလေး ဆွဲရင်းပေါ့၊ တစ်ချက် ကြည့်လိုက် တာနဲ့ သူဟာ တစ်မူထူးနေတယ် ဆိုတာ ကျုပ် သိတယ်၊ သူ သွားပုံလာပုံ ကြည့်ပုံ ရှုပုံတွေမှာ အကြောက်တရားအပြင် တခြား ထူးဆန်းတဲ့ အရာတစ်ခု ရောပါ နေတယ်၊ ဂုဏ်သိက္ခာလို့ပဲ ပြောရမလား၊ ဘာမှန်းတော့ မသိခဲ့ဘူးပေါ့။

ပထမ သုံး လေးရက်လောက်မှာတော့ သူ တဲထောင့်မှာပဲ ခွေနေ တယ်၊ ဘာမှလည်း မစား၊ ဘာမှလည်း မပြောဘူး၊ ကျုပ်တို့ လူဟောင်းတွေ ဟာ သူ့နားထိုင်ပြီး စကားစမြည် ပြောဖို့ ကြိုးစားပေမယ့် သူက ပါးစပ်ကို ပိတ်ထားတယ်၊ အစာတော်ခံပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းများ ကြံနေတာ လားလို့ စိုးရိမ်လာတာနဲ့ တစ်ညတော့ သူ အိပ်နေတုန်း သူ့ကို မ ပြီး ကျုပ် အိပ်ရာနား ရွှေ့လိုက်တယ်၊ သူ့ခန္ဓာကိုယ်က ပေါ့ပေါ့လေးပဲ။ ရုတ်တရက် သူ ကျုပ်လက်ကို တင်းတင်းဆုပ်ပြီး မလွှတ်တော့ဘူး။ ပြီးတော့ တိုးတိုးလေး မေးတယ်၊ လူတစ်ယောက် သေဆုံးဖို့ အချိန်ဘယ်လောက် လိုတယ် ထင်လဲတဲ့၊ တစ်စက္ကန့်လား၊ တစ်နာရီလား၊ တစ်ရက်လား၊ တစ်ဘဝလုံးလားတဲ့၊ သူ့ မေးခွန်းကို ကျုပ် နားမလည်ပါဘူး၊ ဒါနဲ့ ကျုပ်တို့ တီးတိုးစကားဝိုင်းဖွဲ့ကြတယ်၊ သူ့အသံကို ကျုပ် သိပ်သဘောကျတယ်၊ တိုးတိုးလေးပြောတဲ့အခါ သူ့အသံဟာ သီချင်းဆိုနေသလိုပဲ၊ သံစဉ်တစ်ပုဒ်ကို ဖော်ကျူးနေသလိုပဲ။

ဘိုဘိုက ကျုပ်တို့လို လူကြမ်း မဟုတ်ဘူး၊ အင်မတန် နူနယ်တယ်၊ ကျုပ်တို့နှစ်ယောက် ချက်ချင်းပဲ အဖွဲ့ကျသွားခဲ့တယ်၊ ပထမတော့ လူကောင်သေးတဲ့ သူ့ကို ကျုပ် ကာကွယ်ပေးမယ်ပေါ့၊ ပထမဆုံးစစ်ဆင်ရေးမှာပဲ ကလေးတစ်ယောက်ကို ဝင်ကယ်ခဲ့တဲ့ ဘိုဘိုဟာ အင်မတန် သတ္တိရှိမှန်း ကိုယ်တွေ့ကြုံလိုက်ရတယ်၊ ဒီအကြောင်း မောင်ထွန်း ပြောပြခဲ့လား"

"အင်း- ပြောပြတယ်"

"အဲဒီနောက်မှာတော့ ဘိုဘိုဟာ ကျုပ် ကာကွယ်ပေးစရာ မလိုဘူး ဆိုတာရှင်းရှင်းသိလာခဲ့တယ်။ ကျုပ်တင် မဟုတ်ဘူး၊ ဘယ်သူမှ သူ့ကို ကာကွယ်ပေးစရာ မလိုတာ၊ ဒါ သိပ်အံ့ဩဖို့ကောင်းတယ်၊ အဲဒီနေရာမှာ ကျုပ်တို့ အားလုံး အကာအကွယ် တစ်ခုမဟုတ် တစ်ခုတော့ လိုကြတာချည်းပဲ၊ စစ်သားတွေ၊ သူပုန်တွေ၊ ကိုယ့်အချင်းချင်း တစ်မျိုးမျိုးပေါ့၊ ဘိုဘိုကတော့ ဘယ်သူ့ အကာအကွယ်မှ မလိုဘူး၊ သူ့ကိုယ်သူ ကောင်းကောင်းကြီး ကာကွယ် နိုင်တယ်။

မိသားစုစိတ်ခံစားချက် ဒီလောက်ရှိတဲ့ လူမျိုး ကျုပ်ဘဝမှာ မကြုံခဲ့ဖူး ဘူး။ ကျုပ်လေ သူ အနားမှာ ရှိနေရင်ကို နေလို့ထိုင်လို့ ကောင်းတယ်၊ စကား အများကြီး ပြောစရာမလိုဘဲ သူ ကျုပ်အတွက် စိတ်ချမ်းသာမှု၊ ငြိမ်းချမ်းမှုတွေ ကို ဆောင်ယူပေးနိုင်စွမ်း ရှိခဲ့တယ်၊ အလိုလို ဖြစ်တည်လာတဲ့ ပျော်ရွှင်မှုဆိုတာ အခက်ခဲဆုံးနဲ့ အလှပဆုံးအရာ မဟုတ်လား၊ သူဟာ ကျုပ်ကို ဘဝမှာ ရင်ဆိုင် ရင်သန်နိုင်ဖို့ သတ္တိတွေ ပေးခဲ့တယ်၊ သူ့အကြည့်၊ သူ့အပြုံးဟာ အားဖြစ်စေ တယ်၊ ဘာမှ နားလည်ရခက်တဲ့အရာတော့ မဟုတ်ပါဘူးလေ၊ သဘော ပေါက်ရဲ့လား"

"အင်း"

ကျွန်မ အင်းလိုက်ရပြန်သည်။ ခုနေခါ မေးခွန်းတွေ မေးပြီး သူ့ကို နှောင့်ယှက်ချင်စိတ် မရှိ။ ပြောပါစေ၊ ပြောချင်သလောက် ပြောပါစေ။

"ဒါက ကျုပ်တို့ ပေါ်တာ အားလုံးအတွက် အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင် ဖြစ်လာခဲ့တယ်။ အထီးမကျန်ခြင်း ဆိုတာ ရှင်သန်ဖို့အတွက် တစ်ခု တည်းသော နည်းလမ်းလို့ ယုံမှတ်ထားကြတဲ့ နေရာမျိုးမှာ ဒါဟာ အင်မတန် အဖိုးတန်တယ်၊ တစ်ရက် ပိုအသက်ရှင်နေရမယ်ဆို တစ်ယောက်ယောက်ကို သေသည်အထိ ရိုက်သတ်ပစ်ဖို့ ဝန်မလေးတဲ့ နေရာမျိုးမှာ အထီးကျန် ကူကယ် ရာမဲ့ ခံစားချက်ဟာ အဆိုးဆုံး အပြစ်ပေးခြင်းမျိုးပဲ၊ ဒါကို သည်းခံနိုင်ဖို့၊ ရင်ဆိုင်နိုင်ဖို့ ဘယ်သူမှ မစွမ်းကြဘူး၊ ပေါ်တာတွေ၊ တပ်သားတွေ သေတာ ကျုပ် တွေ့ဖူးပေါင်းများလှပါပြီ၊ သေခါနီးမှာ တစ်ယောက်ယောက်ကို တ သွားတဲ့လူတွေချည်းပဲ၊ ချစ်ရတဲ့ သူတွေကိုပေါ့၊ အဖေ၊ အမေ၊ မိန်းမ၊ ကလေး စသဖြင့်ပေါ့၊ ဘယ်သူမှ အထီးမကျန်ချင်ဘူးလေ။

ဘိုဘိုက ကျုပ်ကို ဒါထက် အရေးပါတဲ့ အရာတစ်ခုကို သင်ပေးခဲ့ တယ်၊ ခုထိ အရေးပါတုန်း ဆိုပါတော့"

သားသားက တုံ့ဆိုင်းနေသည်။ ကျွန်မ သူ့ကို မျှော်လင့်တကြီး ကြည့်မိသည်။

"ချစ်တတ်ဖို့ ဆိုတဲ့အရာပေါ့"

"ဒါဆို ရှင်……"

ကျွန်မ စကားဆုံးအောင် မဆက်ရဲ။

သားသားက သက်ပြင်းကြီးတစ်ချက် ဟင်းခနဲ ချလိုက်သည်။

"ကျုပ် ဆိုလိုတာက အဲဒါ မဟုတ်ဘူး၊ ဘိုဘိုရဲ့ သူ့ညီအပေါ် ထားတဲ့ အချစ်၊ အစ်မတစ်ယောက်ရဲ့ မောင်လေးအပေါ် ထားတဲ့ အချစ်ကိုပါ"

ဟင်- သူ ဘာတွေ ပြောနေတာလဲ။

"သူ့မောင်ကရော ပေါ်တာပဲလား"

"သားသား ဆိုတဲ့ ကောင်မလေးရဲ့ မောင်လေးလား"

"ဟင်- ဘယ်လို ကောင်မလေး ဖြစ်ရပြန်တာလဲ၊ ကျွန်မတော့ နား မလည်တော့ဘူး"

"တကယ်တော့ ဘိုဘို ဆိုတာ လုပ်ကြံဖန်တီးထားတာ၊ သူ့နာမည်က မော်မော်တဲ့၊ မိန်းကလေးပါ"

ကျွန်မ အသက်ရှူရပ်မတတ် ဖြစ်သွားသည်။

"ရှင်- ဒါကို- ဘယ်လို-သိ-ကျွန်မ ဆိုလိုတာက…"

ဘာဆက်ပြောရမှန်းပင် မသိ။ မိန်းကလေးတစ်ယောက် ပေါ်တာ စခန်းကို ဘာလာလုပ်သနည်း။ သူ ဘယ်လို ရောက်လာသနည်း။ မောင်ထွန်းက ဒီအကြောင်း ဘာလို့များ မပြောခဲ့သနည်း။

သားသားက စေတီကို မှီရင်း မျက်ရည်တွေတွေကျနေသည်။ ခန္ဓာကိုယ်ကတော့ မလှုပ်မယှက်။

"သူ တစ်ခုခုကို ဖုံးကွယ်ထားတယ်လို့ သံသယရှိခဲ့တာတော့ ကြာပြီ၊ တစ်နေ့ ကျုပ်တို့ မြစ်ကမ်းပါးကို အဝတ်လျှော် ဆင်းကြရင်း သူ ခြေချော်ပြီး မြစ်ထဲကျသွားတယ်၊ သူ ရေကောင်းကောင်းမကူးတတ်ဘူး၊ ကျုပ် ဆင်းဆယ် မိတယ်၊ တစ်ကိုယ်လုံး တုတ်တုတ်ကျအောင် ရွှဲစိုနေတဲ့ ဘိုဘို့ကို မိန်းကလေး မှန်း ကျုပ် အဲဒီအချိန်က စသိခဲ့တယ်"

ကျွန်မအတွေးတွေကို အစီအစဉ်တကျ ဖြစ်အောင် မနည်း ကြိုးစား နေရသည်။ သားသားကတော့ မျက်လွှာ အောက်ချထား၏။

"စစ်တပ်က မိန်းကလေးတွေပါ ပေါ်တာဆွဲတာလား"

"ဟင့်အင်း၊ မဆွဲပါဘူး"

"ဒါဆို ဘိုဘိုက ဘယ်လိုလုပ်ပြီး..."

"မော်မော်ပါ"

"မော်မော်က ဘယ်လို ပါလာတာလဲ"

"သူ့ကိုယ်သူ ယောက်ျားဟန်ဆောင်လာတာ"

"သူ့ကို အဲလိုလုပ်ဖို့ ဘယ်သူ ခိုင်းတာတုံး"

"ဘယ်သူမှ မခိုင်းဘူး"

"သူ့ဘာသာသူ လုပ်တာလား"

"ဟုတ်တယ်"

ဒီဇာတ်လမ်းက ပိုသိလာလေလေ အဓိပ္ပာယ်မဲ့လေပင်။ ဘယ်သူက များ ငရဲတွင်းထဲသို့ ကိုယ့်သဘောနှင့်ကိုယ် ခုန်ဆင်းချင်ကြလိမ့်မလဲ၊ ဘာ အတွက်လဲ၊ ဘာအဓိပ္ပာယ်လဲ။

"သားသား ... သူ ဘာလို့ အဲလို လုပ်တာလဲ"

ကြည့်စမ်း၊ သူ ကျွန်မ မေးတာကို လျစ်လျူရှုထားသည်။

"သူ ဘာလို့ ယောက်ျားဟန်ဆောင်ရတာလဲ"

ကျွန်မ ဖွဲမလျှော့တမ်း ထပ်မေးသည်။

သူက ကျွန်မကို တည့်တည့် စိုက်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူက ချစ်တတ်လို့ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ဘာအဓိပ္ပာယ်လဲဆိုတာကို သူ နားလည်လို့ပဲ"

"သူက ဘယ်သူ့ကို ဒီလောက်တောင် ချစ်တာလဲ"

"သူ့မောင်လေးကိုပါ"

"သူ့မောင်လေး. . . ဟုတ်လား"

ကျွန်မ သံယောင်လိုက်ပြောမိသည်။ မောင်လေးကို ချစ်လွန်းလို့ မိန်းကလေး တန်မဲ့နဲ့ ငရဲတွင်းထဲ ခုန်ဆင်းသတဲ့လားကွယ်။

"သူတို့က အမြွှာတွေလေ၊ မော်မော်က သူ့မောင်ထက် ဆယ်မိနစ် စောမွေးတယ်၊ သူတို့နှစ်ယောက်ဟာ မွေးကတည်းက ခွဲမရခဲ့ဘူး၊ တစ်ယောက် ဖျားရင် တခြားတစ်ယောက်လည်း လိုက်ဖျား၊ တစ်ယောက် ငိုရင် တခြား တစ်ယောက်ကလည်း လိုက်ငို၊ သွားပေါက်တော့လည်း တူတူ၊ လမ်းလျှောက် တတ်တော့ မော်မော်က အရင်၊ သူ့မောင်လေးက သူ့လက်ကလေး ဆွဲရင်း လမ်းလျှောက်သင်သတဲ့၊ ဒီလိုနဲ့ လဲကျတော့လည်း တူတူပဲတဲ့၊ သူတို့ တစ်ယောက် နဲ့ တစ်ယောက် မျက်စိအောက်က အပျောက်မခံခဲ့ကြဘူး။ တကယ့်ကို နှစ် ကိုယ့်တစ်စိတ်ပဲတဲ့လေ။ သူတို့နှစ်ယောက်တည်း သီးခြားကမ္ဘာလောကတစ်ခု မှာ တူတူနေနေကြသလိုပဲ၊ အဲ တပ်သားတွေ ရောက်လာပြီး တစ်အိမ်တက်ဆင်း ရှာကြ တဲ့အခါ မော်မော့်မိဘတွေနဲ့ သူ့မောင်လေးက ယာခင်းထဲမှာ၊ ညကြီး မိုးချုပ်မှ ပြန်လာကြမှာ၊ တပ်သားတွေ အသံလည်း ကြားရော မော်မော်ဟာ အကြီးအကျယ် ကြောက်သွေးတက်သွားတယ်၊ အားလုံး သိကြသလိုပဲ ပေါ်တာ ဆွဲခံရရင် ပြန်လမ်းမရှိ ဆိုတာကို သူလည်း သိတာပေါ့၊ မောင်လေးအတွက် စိုးရိမ်လွန်းလို့ နှလုံးခုန်တောင် ရပ်မတတ်ပဲလို့ သူ ပြောပြခဲ့တယ်၊ သူ့မောင်လေး ရဲ့ ပစ္စည်းတွေကို ကြည့်ရင်း သူ အကြံရလာတယ်။ သူ့မောင်ရဲ့ အဝတ်အစား တွေကို သူ ဝတ်လိုက်တယ်၊ အဲဒီအချိန်ကစလို့ သူ အင်မတန် တည်ငြိမ်သွားခဲ့ တယ်၊ သေရမှာလည်း မကြောက်တော့ဘူးတဲ့၊ ဂျူလီယာ နားလည်နိုင်ရဲ့လား"

"ဟင့်အင်း"

တကယ်ပဲ နားမလည်ပါ။ ကျွန်မ ဆိုလျှင်ရော ချစ်ရသူတစ်ယောက် အတွက် ကိုယ့်ကိုယ်ကိုယ် အနှိပ်စက်ခံ၊ အသေခံသည့် စွန့်လွှတ်မှုမျိုး ပြုနိုင် ပါ့မလား။

"အင်း- ကျုပ်လည်း နားမလည်နိုင်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီတုန်းက ကျုပ် ချစ်ခြင်းမေတ္တာအကြောင်း ဘာဆို ဘာမှ မသိခဲ့ဘဲလေ၊ ဒါပေမဲ့ လူတစ်ယောက် ဟာ ဘာမဆို လုပ်နိုင်တယ်ဆိုတာကို မော်မော်က သင်ပေးသွားခဲ့တယ်၊ အားလုံးကို အောင်မြင် အနိုင်ယူနိုင်တဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို သင်ပေးခဲ့ တယ်၊ ကျုပ်အတွက်တော့ ရေငတ်လို့ သေအံ့မူးမူး ဖြစ်နေသူတစ်ယောက် စမ်းရေချို တစ်ခွက် သောက်လိုက်ရသလိုပါပဲ၊ စခန်းမှာ နေရထိုင်ရပုံတွေကို မောင်ထွန်း ပြောပြတယ် မဟုတ်လား"

"အင်း"

"သိပ်အခြေအနေဆိုးတယ်၊ အတော်များများဟာ ကြောက်လွန်းလို့ ရူးမတတ်ပဲ၊ တချို့များဆို ခွေးရူးများလို မည်းမည်း မြင်ရာ အကုန်လိုက်ကိုက် ပြီး တပ်သားတွေက သတ်ကို ပစ်လိုက်ရတယ်၊ သနားလို့ သတ်တာလို့ ပြောကြ တာပဲ၊ ဒါရော သူ ပြောပြလား"

"ဟင့်အင်း၊ မပြောဘူး"

"မော်မော်ကတော့ ဒုက္ခမှန်သမျှကို သည်းခံတယ်၊ ဘယ်စစ်သားမှ နှိပ်ကွပ်ချေချွတ်လို့ မရတဲ့ စွမ်းအင်တစ်မျိုး သူ့မှာ ရှိနေသလိုမျိုးပေါ့၊ အစာ ဖြတ်ခံရလို့ သေမတတ် ဆာနေလည်း သူ့မောင်လေးကို တွေးရင်း သူ သည်းခံ တယ်၊ ခြေတစ်ပေါင်ကျိုးနဲ့ နေလှန်းခံရလည်း သူ့မောင်လေး ရှင်သန်နေတာကို ဝမ်းမြောက်ရင်း သူ သည်းခံတယ်၊ တကယ်တော့ သူဟာ တွေ့ဖူးသမျှထဲမှာ သတ္တိအရှိဆုံး လူသားပါပဲ၊ သူ့ စွန့်လွှတ်အနစ်နာခံ ပေးဆပ်မှုတွေကို ကြည့်ရင်း ကျုပ် ဘဝကို ရှင်သန်နေထိုင်ဖို့ အားအင်သတ္တိတွေ ရလာခဲ့တယ်၊ သူ့ရဲ့ ဒီအပြုအမူတွေကပဲ ကျုပ်ရဲ့ နှလုံးသားကို တစ်ရက် နည်းနည်းချင်း ကျုပ်ကိုယ်တိုင် တောင် သတိမထားမိဘဲ သိမ်းကျုံးယူသွားခဲ့တာပဲ၊ အချိန်တစ်ခုကို ရောက်တဲ့ အခါမတော့ ကျုပ်ရဲ့ ခါးသီးမှုအားလုံး နေလာနှင်းပျောက် ဖြစ်သွားခဲ့တယ်၊ ဒေါသတွေ၊ မောဟတွေ၊ ဒေါမနဿတွေ၊ အမုန်းတွေအားလုံး ရေမရတဲ့ စမ်းချောင်းလေးလို ခန်းခြောက်သွားတော့တယ်"

သူ ကျွန်မဘက် လှည့်လာသည်။ ကျွန်မကို သူ့နား ပိုရောက်အောင် ဆွဲယူလိုက်သည်။ သူ့မျက်ခုံးတွေမှာ ချွေးစက်ကလေးတွေ အစီအရီ၊ လက် နှစ်သစ်ခန့်သာ ရှည်သော ဆံပင်ကလည်း ချွေးလေးတွေ တစိုစို။ သူ တုန်တုန် ခိုက်ခိုက် ဖြစ်နေသည်။ ကျွန်မ သူ့ကို ဖက်ထားလိုက်သည်။ ကျွန်မတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားရင်း အကြာကြီး ထိုင်နေမိ ကြသည်။ သူ မတ်တတ်ထရပ်လိုက်သည်။ ကျွန်မ ဆံနွယ်တွေကို မျက်နှာပေါ် မှ ဖယ်ရှားလိုက်သည်။ ပြီးတော့ ကျွန်မကို သူ တရှိုက်မက်မက် နမ်းတော့ သည်။ နဖူးတွေ၊ မျက်လုံးတွေ၊ နှုတ်ခမ်းတွေ၊ သူ ကျွန်မကို ဆွဲထူလိုက်သည်။ ကျွန်မ သူ့ပေါ် တက်ခွလိုက်မိသည်။ ပြီးတော့ .. ပြီးတော့ သူ လူသူကင်းမဲ့ရာ နေရာဆီသို့ ဦးတည်နေခဲ့ပြီ။

■

သူ့ကို ကျွန်မ အရူးအမူး ဖြစ်မိနေလေပြီ။ သူ့ရင်ခုန်သံတွေကို နားစွင့် ရင်း သူ့ ထွက်သက်တွေကြားမှာ ကျွန်မ လမ်းပျောက်ခဲ့ပြီ။ ပန်းကလေးတွေ၊ သစ်သီးကလေးတွေက သူတို့၏ ဘဝဇာတ်လမ်းကို အသံတိတ် ပြောပြနေကြ သည်။ စေတီကြို စေတီကြားမှာ၊ ရှိပါစေတော့၊ နေပါစေတော့၊ ကျွန်မတို့၏ ပျော်ရွှင်မှုကို တားဆီးနိုင်သည့် အရာသည် ဝိညာဉ်တွေဖြစ်ဖြစ်၊ နက္ခတ်တွေ ဖြစ်ဖြစ် ဖြစ်ချင်ရာ ဖြစ်ပါစေတော့။

■■■

အခန်း (၈)

နောက်တစ်နေ့ မနက်မှာ မိုးမိုးက ကျွန်မကို လာနှိုးသည်။ ထိုအချိန် အခိုက်အတန့် လေးအတွင်း ကျွန်မကိုယ် ကျွန်မ သားသားရင်ခွင်ထဲ ခေါင်းတိုးဝင်နေသလို စိတ်ကူးကြည့်မိသည်။ သူ့လက်နွေးနွေးက ကျွန်မ ဗိုက်သားလေးတွေပေါ် တင်ရင်းပေါ့။ မိုးမိုးက ကျွန်မဘေးမှာ ဒူးထောက် ထိုင်ချလိုက်သည်။ တစ်ခုခု ဖြစ်နေပြီ ဆိုတာကို ကျွန်မ ချက်ချင်း သိလိုက်သည်။ မိုးမိုး မျက်နှာပေါ်မှာ ခါတိုင်း မြင်နေကျ အပြုံးတို့ ပျောက်ကွယ်နေသည်။ လက်ဖက်ရည်ခွက်ပေါ်မှာ ခေါက် ထားသည့် စာကလေးတစ်စောင်ပါလာ၏။

"မမအတွက်"

"စာလား၊ မမအတွက်လား၊ သေချာလို့လား"

သူက ခေါင်းညိတ်ရုံ ညိတ်ပြပြီး အနားက ထထွက်သွားသည်။ ဘယ်လို ဖြစ်တာလဲ၊ ညက သားသားနှင့် ကျွန်မ အပြင်ခိုးထွက်တာ သူ သိများသွား သလား၊ စပါးကျီထဲမှာ ကျွန်မ ဘာတွေများ ပျော်စရာ တွေ့ခဲ့ရသလဲ။

ရင်တုန်ပန်းတုန်နှင့် စာကို ဖြန့်လိုက်သည်။ စာခေါက်ထဲမှ စံပယ်ပန်း ခြောက်ကလေးတွေ ထွက်ကျလာခဲ့သည်။

■

အချစ်ဆုံး ဂျူလီယာ...

စာရေးတယ် ဆိုတာ ဒီလောက် ခက်ခဲမှန်း တစ်ခါမှ မသိခဲ့ပါဘူး။ ခု ဘောလ်ပင်ကိုင်ထားတဲ့ လက်တွေဟာ တဆတ်ဆတ် တုန်နေတာပဲ။ စကားလုံး တွေကို စာရွက်ပေါ် ချရေးရတာဟာ နာကျင်စေမှန်းလည်း မသိခဲ့ရိုး အမှန်ပါ။

ဘာလုပ်ရမှန်း မသိလို့ ငိုင်နေမိတာလည်း အကြာကြီးပဲ။ ဂျူလီယာ့ နာရီကတစ်ဆင့် အချိန်ကို မြင်ရတယ်၊ မနက် သုံးနာရီခွဲတဲ့။ အားလုံး အိပ်ပျော် နေကြတယ်၊ ဂျူလီယာ့ အစ်ကိုကြီးတောင် ချောင်းတစ်ချက်မှ မဆိုးဘဲ နှစ်နှစ် ခြိုက်ခြိုက်ကြီး အိပ်နေလိုက်တာ။

ကျုပ်ကတော့ ရင်တွေ တဒိန်းဒိန်းခုန်နေတယ်၊ တစ်ကိုယ်လုံး တုန်နေ တယ်၊ အိပ်ဖို့ဆိုတာ ဝေလာဝေးပေါ့။ ဂျူလီယာ့နားမှာ ထိုင်ပြီး ဖယောင်းတိုင် ထွန်းကြည့်မိတယ်။ ကျုပ်လေ ဂျူလီယာ့ကို စိုက်ကြည့်နေမိတာ အကြာကြီးပဲ။ ဂျူလီယာရဲ့ အထိအတွေ့တွေကိုလည်း ပြန်သတိရမိတာပေါ့၊ လက်ချောင်းလေး တွေ၊ နှုတ်ခမ်းလေးတွေ၊ ကျုပ်ကို မင်း လုပ်ပေးခဲ့သမျှ အားလုံးဟာ သတိရစရာ တွေချည်းပါပဲ။ မင်း ကျုပ်ကို ဘယ်နေရာထိ ခေါ်သွားခဲ့တာလဲကွယ်။ ကျုပ် တစ်ခါမှ မရောက်ဖူးတဲ့၊ ရောက်ဖို့လည်း မမျှော်မှန်းခဲ့တဲ့ နေရာတွေကိုလည်း ရောက်ခဲ့ရတယ်။ အဲဒီမှာ တစ်သက်လုံး နေလိုက်ချင်ပေမယ့် ဒါဟာ ရေပွက် ပမာ တစ်ခဏတာပဲ ဖြစ်လာလိမ့်မယ်ဆိုတာကို သိနေတယ်၊

စိုးရိမ်နေတယ်၊ အဲဒီနေရာမှာ ကျုပ် ကြောက်ရွံ့ခြင်း ကင်းခဲ့ရတယ်။ ကျုပ်တို့နှစ်ယောက်လုံး လွတ်လပ်ပေါ့ပါးလွန်းခဲ့တယ်။

မင်းဟာ ပက်ပက်စက်စက်ကို လှလွန်းသူပါ။ မင်းအစ်ကိုကြီး ပြောတာ သိပ်မှန်တယ်။ အိပ်ပျော်နေတုန်းမှာ မင်းအလှက ပိုလို့တောင် ပီပြင်လာသေး တယ်။ မင်းဘေးနားမှာ ဝင်မအိပ်မိဖို့၊ မင်းရဲ့ ထွက်သက်နွေးနွေးလေးတွေ ကျုပ်အရေပြားပေါ်မှာ ငြိတွယ်နေတာကို မခံစားမိဖို့၊ မင်းကို မနမ်းမိဖို့ ကျုပ် ဘယ်လောက်တောင် ကြိုးစားခဲ့ရတယ်ဆိုတာ မင်း သိမယ် မထင်ပါဘူး။

မင်းနားမှာ ထိုင်ပြီး မင်းကို မတို့မထိ ဒီအတိုင်း ထိုင်ကြည့်နေရတာ ကို ကျုပ် ရင်နာမိပါတယ်။ ခုချက်ချင်းပဲ မင်းကို နိုးပြီး ဟိုနေရာကို ပြန်သွား လိုက်ချင်တဲ့စိတ်တွေလည်း တားမနိုင် ဆီးမရပေါ့။ အင်း- ကြာကြာနေရင် ဂျူလီယာရယ်၊ ကျုပ် မင်းအနားက ခွာနိုင်တော့မယ် မထင်ဘူး၊ ဒါကြောင့်လည်း ကျုပ် ထွက်သွားဖို့ ဆုံးဖြတ်ခဲ့ရတယ်။

မင်း ဒီစာဖတ်ရချိန်ဆို ကျုပ် အတော်ဝေးဝေး ရောက်လို့နေလောက်ပါပြီ။ ကျုပ် ထွက်လာတော့ နေမထွက်သေးဘူးလေ။

ကျုပ်ကို ခွင့်လွှတ်ပါတော့ ဂျူလီယာ။

ပြီးခဲ့တဲ့ ရက်တွေဟာ ကျုပ်ဘဝတစ်လျှောက်လုံးမှာ အပျော်ဆုံး အချိန်တွေပါ၊ ဘယ်လို စကားလုံးမျိုးနဲ့မှ ဖော်ပြလို့ မရလောက်အောင်ကို ပျော်ခဲ့ ရပါတယ်။ ဒီလိုမျိုး နောက်တစ်ခါ ထပ်ကြုံလိမ့်ဦးမယ်လို့ မမျှော်လင့်ရဲပါဘူး။ ဒီအပျော်ဟာ အင်မတန် ကွဲကြေလွယ်တယ် ဆိုတာလည်း ကျုပ် ကောင်းကောင်း သိပါတယ် နှလုံးသားထဲ အလည်လာခဲ့တဲ့ ဧည့်သည်မလေးရယ်။

ကျုပ် ခုထွက်သွားမှ ဖြစ်မယ်၊ မင်းနဲ့ ကြာကြာနေလေလေ ကျုပ် နှလုံးသားက နယ်ကျွံလေဖြစ်မှာကို ကျုပ် ကောင်းကောင်းသိတယ်။ အဲသလို များ ဖြစ်ခဲ့ရင် မင်း ဌာနေပြန်သွားတဲ့အခါ ကျုပ် နှလုံးသားကို ဘယ်သူကများ သံစဉ်ကြိုးညှိပေးလိမ့်မလဲ။ ကျုပ်နေရာမှာ တခြား တစ်ယောက်ယောက် ဆိုရင်တော့ ဒီဒဏ်ကို ခံနိုင်ချင် ခံနိုင်လိမ့်မယ်။ ကျုပ်ကတော့ နှစ်ရှည်လများ နှလုံးသားသံစဉ် လွဲခဲ့တဲ့လူ၊ အဲသလို ထပ်မဖြစ်ချင်တော့ဘူး။ ထပ်အဖြစ်မခံနိုင် တော့ဘူး။ ဒါကြောင့် ကျုပ် တစ်ရက်ကလေးတောင် မနေနိုင်တော့ဘူး ဂျူလီယာ။

တစ်ကြိမ် စွန့်ပစ်ခံထားရသူတစ်ယောက်ဟာ အဲဒီဆုံးရှုံးမှုကို ရာသက်ပန် ခံစားရတတ်တယ်။

တစ်ခါမှ အချစ်မခံရဖူးသူ တစ်ယောက်ဟာလည်း ချစ်ခြင်းမေတ္တာကို ရာသက်ပန် ငံ့လင့်နေတတ်တယ်။

တစ်ခါလောက် အချစ်ခံရပြီး အဲဒီအချစ် ပျောက်ဆုံးသွားရသူကတော့ ချစ်ခြင်းမေတ္တာကို ငံ့လင့်ရုံတင်မကဘူး၊ ချစ်မေတ္တာ ပျောက်ဆုံးသွားမှာကို တွေးပူရင်း အမြဲ စိုးရိမ်ကြောင့်ကြရင်း နေရတာပေါ့။

ဒါတွေ အားလုံးကို ကျုပ် ခံစားနေရတယ် ဂျူလီယာ။

အဲဒါတွေအားလုံး ပေါင်းလိုက်တော့ ကျုပ်သွေးထဲမှာ အဆိပ်တွေ လှည့်လည်နေသလို ခံစားရတယ်။ ကျုပ် စိတ်နှလုံးရဲ့ အဝေးဆုံးနေရာထိ အဆိပ် က ပြန့်လာတယ်။ ကျုပ်အာရုံတွေကို ဖမ်းစားတယ်၊ အကြောသေသွားသလို ဖြစ်အောင် လုပ်ပစ်တယ်၊ ကျုပ် ယုံကြည်မှုတွေ ဆိတ်သုဉ်းကုန်တယ်။ မနာလို ဝန်တိုမှု၊ ဆောက်တည်ရာမရမှုတွေ ပြည့်လာတယ်။

လူတစ်ယောက်ဟာ ဘယ်အတိုင်းအတာအထိ ဆုံးရှုံးမှု၊ နာကျင်မှု၊ အထီးကျန်မှုတွေကို တောင့်ခံနိုင်မတဲ့လဲ။

မင်းဟာ တစ်ယောက်တည်း လာခဲ့တာ မဟုတ်ဘူးလေ။ မင်း အစ်ကိုကြီးနဲ့အတူ ကောင်လေးတစ်ယောက်ကိုပါ ခေါ်လာခဲ့တယ်။ အဲဒီ ကောင်လေးကို မင်း ဝှက်ထားဖို့ ကြိုးစားပေမယ့် ကျုပ် အစကတည်းက သိခဲ့ပါတယ်။

ဘယ်တုန်းကမှ မရှိခဲ့တဲ့၊ သူ့အမေက တစ်လျှောက်လုံး လျစ်လျူရှု ထားခဲ့တဲ့ ကောင်ကလေးတစ်ယောက်ပေါ့။

ကလေးတစ်ယောက်ဟာ အရာရာကို သိနိုင်စွမ်းရှိခဲ့တယ်။

သူများတကာထက်ပိုပြီး အထီးကျန်ခဲ့တဲ့ ဒီကောင်ကလေးဟာ လက် မှာ ကြက်သွေးတွေ စွန်းခဲ့ဖူးတယ်။ ကြက်ဆိုတာထက် သူ့သွေး သူ့သားလို သဘောထားတဲ့ သတ္တဝါတွေရဲ့သွေးတွေ သူ့လက်မှာ စွန်းခဲ့တာ။ သူ့လက်ကို သူ ပြန်တောင် မကြည့်ရဲခဲ့ဘူး။

ကလေးတစ်ယောက်ဟာ ဘာကိုမှ မမေ့ဘူး။

တဖြည်းဖြည်း ကြီးပြင်းလာခဲ့တော့ ကောင်ကလေးဟာ သင်ယူစရာ တွေ များလာခဲ့တယ်။ မယုံတတ်အောင်၊ မုန်းတတ်အောင်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်အောင်၊ ချစ်တတ်အောင်၊ ခွင့်လွှတ်တတ်အောင် အမျိုးမျိုး သင်ကြားခဲ့ရတယ်။ မင်းက ကျုပ် ဘယ်တော့မှ ပြန်မတွေ့တော့ဘူးလို့ ထင်ထား တဲ့ အဲဒီ ကောင်ကလေးကို ပြန်ခေါ်လာခဲ့တယ်လေ။

မင်း ပြန်သွားခဲ့ရင် ဒီကောင်လေးဟာ ကျုပ်ဆီမှာ ကျန်နေရစ်ခဲ့ဦးမှာ၊ ကျုပ်က သူ့ကို စောင့်ရှောက်ထားရဦးမှာ၊ သူ ဝမ်းနည်းနေရင် နှစ်သိမ့်ပေးရမှာ၊ သူ ကြောက်နေရင် ကာကွယ်ပေးရမှာ၊ သူ အထီးကျန်နေရင်လည်း အဖော်ပြု ပေးရဦးမှာပါ။

မင်း ပြောခဲ့တယ် မဟုတ်လား၊ ကျုပ်အဖေဟာ နှောင်ကြိုးမဲ့ဘဝကို အိပ်မက်မက်ခဲ့ဖူးပေမယ့် မအောင်မြင်ခဲ့ရှာဘူး ဆိုတာလေ။ ကျုပ်လည်း တူတူ ပါပဲကွယ်။ ကျရှုံးခဲ့တဲ့ အညွှံစားဗုဒ္ဓဘာသာဝင်တစ်ယောက်လို့ ဆိုချင်လည်း= ဆိုပါစေတော့၊ မတတ်နိုင်ပါဘူး။

ကျုပ် စိတ်နှလုံးရဲ့ အစိတ်အပိုင်း အချို့ဟာ အချုပ်နှောင်ခံ အကျဉ်း ဘဝမှာပဲ ရှိသေးတယ် ဆိုတဲ့ အကြောင်းကို မင်းက ကျုပ်ကို အသေအချာ ပြသ ပေးခဲ့တယ်။ အမြဲထာဝရ

အချုပ်နှောင်ခံနေရမယ်ပေါ့။ ဒီအခိုက်အတန့်လေးမှာ ကျုပ်ဟာ လွတ်လပ်သူတစ်ယောက် မဟုတ်သေးဘူး ဆိုတာကို ပြက်ပြက ထင်ထင်ပဲ သိခွင့်ရခဲ့တယ်။

ဒီအမှားအတွက်ရော ဒီစာအတွက်ပါ ကျုပ်ကို ခွင့်လွှတ်ပါတော့ ဂျူလီယာ၊ ကျုပ်အပြုအမူတွေအတွက် မင်း ရင်နာကြေကွဲရမယ် ဆိုရင်ပေါ့။ မင်းကို နာကျင်အောင် လုပ်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ရိုး အမှန်ပါပဲ။ ကျုပ် သွားရတော့မယ်။ တခြား နည်းလမ်းလည်း မရှိတော့ဘူးလေ။

အရာရာတိုင်းအတွက် ကျေးဇူးတင်ပါတယ် ဂျူလီယာရယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။

သားသား

■

ကျွန်မတစ်ကိုယ်လုံး လွင့်စဉ်ထွက်သွားသလို ခံစားလိုက်ရသည်။ စာကို ဒုတိယအကြိမ် ပြန်ဖတ်မိသည်။ နှုတ်ခမ်းကို တင်းတင်းကိုက်မိသည်။ ထို့နောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူ့ရဲ့ဘောကြောင်လုတ်တဲ့လူပဲ။ ပထမဆုံးအတွေး က ခေါင်းထဲကို မိုးကြိုးပစ်ချလိုက်သလို ဝင်ရောက်လာခဲ့သည်။ အသုံးမကျတဲ့ သူ့ရဲ့ဘောကြောင်၊ လူညံ့၊ ဒီစာကြောင်းလေး သုံး လေးကြောင်းနဲ့ ကျွန်မကို ချန်ထားရစ်နိုင်ရက်သည်။ ကျွန်မအတွက် အခွင့်အရေးလေးတစ်ခုပင် မပေး သွားခဲ့။ ကျွန်မ ဘယ်လို ခံစားနေရသလဲ၊ ဒီလို တိခနဲ ဖြတ်ချဖို့ကလွဲ၍ တခြား ဘာနည်းလမ်းရှိသေးလဲ၊ ဘာမှ မမေး၊ မဆွေးနွေးခဲ့။ ကျွန်မစိတ်တွေ ထွေလွှန်း နေခဲ့သည်။ ရှင်းရှင်းလင်းလင်း တွေးနိုင်ဖို့အတွက် ကျွန်မ ပင်ပန်းနာကျင်လွန်း နေခဲ့သည်။ သူက ခုထိ အကျဉ်းသားတစ်ယောက်ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ သူ့ကို ဘယ်သူက ချုပ်နှောင်ထားသလဲ၊ ဘိုဘို ဆိုသော မိန်းကလေးကို ခုထိ သူ ချစ်နေတုန်းလား၊ ဘာလို့ သူ ကျွန်မကို ချက်ချင်း မပြောခဲ့တာလဲ၊ သူ ကျွန်မ ကို ကျောရရုံ ကြံခဲ့တာလား။

"ဒီအမှားအတွက်ရော ဒီစာအတွက်ပါ ကျုပ်ကို ခွင့်လွှတ်ပါတော့ ဂျူလီယာ၊ ကျုပ်အပြုအမူတွေအတွက် မင်း ရင်နာကြေကွဲရမယ် ဆိုရင်ပေါ့"တဲ့၊ ဟင်း- သူက ဘာတွေများ မျှော်လင့်နေခဲ့တာလဲ၊ ကျွန်မ အူမြူးသွားမယ်လို့များ မျှော်လင့်နေတာလား၊ ဒေါသစိတ်က တစ်ကိုယ်လုံးကို မီးတောက်စေခဲ့သည်။ ရင်ကွဲမတတ် အော်ဟစ်ပစ်လိုက်ချင်သည်။ သူ ဘယ်မလဲ၊ သူ ဘယ်မှာ ပုန်းနေ တယ် ဆိုတာ မိုးမိုးများ သိမလား၊ သူ ကျွန်မကိုများ ပြောပြမလား၊ သူ့ကို နောက်တစ်ကြိမ် တွေ့ခွင့်ရဦးမလား၊ ကျွန်မကရော တွေ့ချင်သေးတာလား။

အစ်ကိုကြီး နိုးလာခဲ့ပြီ။ သူက လက်ဖက်ရည်သောက်ရင်း ကျွန်မကို ခွက်နှုတ်ခမ်းပေါ်မှ ကျော်၍ကြည့်နေသည်။ ကျွန်မ ငိုချင်တာပဲ သိတော့သည်။

"သူ ဒီလိုလုပ်မယ် ဆိုတာ အစ်ကိုကြီး သိလား"

ကျွန်မ ငေါက်ဆတ်ဆတ် အသံဖြင့် မေးလိုက်မိသည်။

"ဘယ်သူလဲ ဂျူလီယာ"

"သားသားပေါ့၊ ဘယ်သူ ရှိရဦးမလဲ"

ကျွန်မ သူ့ကို အသံပြဲဖြင့် အော်မိသည်။

အစ်ကိုကြီးက ကျွန်မကို မမိုတ်မသုန် ကြည့်ရင်း ခေါင်းယမ်းပြရှာသည်။

"ရိုးရိုးသားသား ပြောစမ်းပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီး သံသယ လေး နည်းနည်းတောင် မဝင်ဘူးလား"

"ဟင့်အင်း၊ သူ အစ်ကိုကြီးကို ဘာမှ မပြောပါဘူး၊ သူ ဘာဖြစ် လို့လဲ"

စိတ်ညစ်စွာဖြင့် ပခုံးတွန့်ပြလိုက်ပြီး သူ့ကို စာပစ်ပေးလိုက်သည်။ သူက စာကို အသေအချာ ဖတ်သည်။ သူ ဖတ်နေရတာတွေကို မယုံကြည် နိုင်သလို ခေါင်းကို ဖြည်းဖြည်းယမ်းနေသည်။ စာကို ခေါက်ကာ ကျွန်မကို သူ ပြန်ပေးသည်။

"ကျွန်မတို့ သွားကြမယ်"

"ဟင်- ဘယ်တော့လဲ"

"ခုပဲ"

"ညည်းပြောတော့.."

"မဟုတ်ဘူး၊ အစ်ကိုကြီးပဲ ကြာကြာနေလေ ခွဲခွာဖို့ ခက်လေဆို"

သူ ခေါင်းညိတ်ပြသည်။

"ဒါဆို ကျွန်မတို့ အမြန်ဆုံး ထွက်သွားကြရအောင်"

ကျွန်မ ဂျင်းနှင့် အနွေးထည်ကို ဝတ်သည်။ ပစ္စည်းတွေ ကျောပိုးအိတ် ထဲ ထိုးထည့်သည်။ သူ့စာက ဒီထက်ရှင်းတာ မရှိတော့။ သူ ကျွန်မကို ထပ်တွေ့ ဖို့ စိတ်ကူးမရှိ။ ကျွန်မနားကို ရောက်လာစရာ အကြောင်းမရှိ။ ကျွန်မတို့ ထွက်သွားမှသာ သူ ကျောင်းကို ပြန်လာတော့မည့်ပုံ။ စောစောထွက်သွားလေ ကောင်းလေပင်။ ကျွန်မ အိပ်ရာတွေ အမြန်သိမ်းသည်။ အစ်ကိုကြီးက ကူညီမလို့ လုပ်တော့ သူ့ကို လက်ခါပြလိုက်သည်။

မိုးမိုးက မီးဖိုချောင်ထဲမှာ မီးမွှေးရင်း မျက်လုံးလေး ကလယ် ကလယ် ဖြင့် ကြည့်နေရှာသည်။ ကျွန်မ မီးဖိုချောင်ထဲ ဝင်သွားတော့ "မမတို့ သွားတော့ မလို့လား" ဟု မရွံ့မရဲ မေးရှာသည်။

“အင်း- ဟုတ်တယ်၊ သွားတော့မယ်”

“သွားတော့မယ်လား”

“ဟုတ်တယ်၊ ထွက်သွားတော့မယ်လို့ ပြောတာ”

ကျွန်မ ငေါက်ဆတ်ဆတ် ဖြေမိသည်။

သူ့မျက်လုံးလေးတွေက ကြေကွဲနေသည်။ ဝမ်းနည်းနေသည်ကို အတိုင်းသား တွေ့ရတော့ ကျွန်မ ငေါက်မိတာကို ရှက်သွားမိသည်။

“စိတ်မကောင်းပါဘူးကွယ်၊ မမ တို့......”

သူ နားလည်အောင် ဘယ်လို ပြောရပါ့။

“မမ သွား မှ ဖြစ် မယ် နား လည် လား”

ခေါင်းညိတ်ပြရှာသည်။

“ဘာဖြစ်လို့လဲဟင်”

အစ်ကိုကြီး ဝင်လာသည်။ ကျွန်မ ခွင့်ရက်တွေ ကုန်ခါနီးပြီမို့ အလုပ် လုပ်ဖို့ ပြန်ရမှာ ဖြစ်ကြောင်း၊ ဒီကို လာလည်ရတာ အင်မတန် ပျော်ရွှင်မိ ကြောင်း၊ မနက်ခင်း လက်ဖက်ရည်ကို လွမ်းနေမှာ ဖြစ်ကြောင်း၊ နောက်ထပ် လာလည်ဦးမှာ ဖြစ်ကြောင်း အစ်ကိုကြီးကို ပြောခိုင်းလိုက်သည်။ အစ်ကိုကြီးက သူ့ကို ဗမာလို ရှင်းပြသည်။ သူက တစ်စုံတစ်ခု မေးသည်။ အစ်ကိုကြီးက ပြန်ဖြေသည်။ သူက ထပ်ကာတလဲလဲ မေးနေသည်။

“ညည်း ဘယ်တော့ ပြန်လာဦးမလဲတဲ့ သူ မေးနေတယ်”

“ဘယ်တော့လဲဆိုတော့ မကြာခင်ပေါ့၊ မကြာခင်ပေါ့”

ကျွန်မ မရယ်ချင့် ရယ်ချင် ရယ်ရင်း ပြောလိုက်သည်။

အစ်ကိုကြီးက ဘာသာပြန်ပေးလိုက်သည်။ မိုးမိုးအဖို့ ဒီအဖြေကလုံလောက်ပုံ မပေါ်။

“မပြန်ပါနဲ့၊ ဒီမှာပဲ နေပါ” .

သူက ဝမ်းနည်းပက်လက်အသံလေးဖြင့် ပြောလိုက်သည်။ သူ့အသံ က ကျွန်မကို နေစေ ဆိုသော အမိန့်ဒီကရီ ချမှတ်နေသလို။

သူ ဒီစကားလုံးကို ဘယ်ကများ သင်ထားပါလိမ့်၊ ကျွန်မ သင်မပေး

မိတာတော့ သေချာသည်။

"မဖြစ်နိုင်ဘူးကွယ်၊ မမ နေချင်ပါတယ်၊ ဟိုလေ-ရုံးက...." ကျွန်မ စကားဆုံးအောင် မဆက်နိုင်။ သူ့ကို ပြောရတာ ခါးသီးနာကျင် လွန်းလှသည်။ ကျွန်မတို့ အကြာကြီး တိတ်ဆိတ်စွာဖြင့် ရပ်နေမိကြသည်။

မိုးမိုးက တစ်စုံတစ်ရာကို တီးတိုးပြောလိုက်သည်။ အစ်ကိုကြီးက သူ့စကားကို ဘာသာပြန်ပေးဖို့ အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေခဲ့သည်။ နောက်ဆုံးတော့ သူ ပြောသည်။

"သားသားအတွက် အမှာစကားများ ပါးချင်သေးသလားတဲ့၊ သူက မေးနေတယ်"

ကျွန်မနှင့် မိုးမိုး မျက်လုံးချင်း ဆုံမိကြသည်။ သူ ကျွန်မ ထင်ထား သည်ထက်ပင် ကျွန်မနှင့် သားသားအကြောင်း ပိုသိနေလေရော့သလား။

တံတွေး မျိုချလိုက်သည်။ ချီတုံချတုံ ဖြစ်နေသည်။

"ဟင့်အင်း၊ မမှာတော့ဘူး" ဟု ပြောမိသည်။

"မမှာတော့ဘူးလား"

"တကယ် မမှာတော့ဘူးလား"

သူက ထပ်ကာတလဲလဲ ပြောနေသည်။ ကျွန်မ ပြောတာ အမှန်တရား မဟုတ်ကြောင်း သူ သေချာသိပုံပင်။ သူ ကျွန်မထင်တာထက် ပိုသဘောပေါက် ပုံပင်။

"အင်း- တကယ် မမှာတော့ဘူး"

ကျွန်မ မောပန်းစွာ ဖျော့တော့စွာ ဖြေမိသည်။

"မှာစရာရှိ မှာပါ၊ မှာပါ"

မိုးမိုးက အတင်းပြောနေသည်။

ကျွန်မ မျက်လွှာချလိုက်မိသည်။

"အင်း- သူ့ကို သတိရနေမယ်၊ လွမ်းနေမယ် လို့ ပြောလိုက်ပါ"

အစ်ကိုကြီးက ဘာသာပြန်ပြလိုက်တော့ မိုးမိုး မျက်နှာမှာ အပြုံးလေး တွေ ပွင့်လာသည်။

ကျွန်မ ကျောပိုးအိတ်ကို လွယ်လိုက်သည်။ မိုးမိုးက ကျောင်းဝထိ လိုက်ပို့သည်။ ကျွန်မတို့ မျက်လုံးချင်း ဆုံပြန်သည်။ အကြည့်နှင့် နှုတ်ဆက်လိုက်ကြသည်။ ကျောင်းအောက်ကို ဆင်းပြီ။ ကျောင်းဝင်းထဲမှာ ကြက်တွေက ခါတိုင်းထက်ပို ဂနာမငြိမ် ဖြစ်နေသည်။ ကျွန်မ လှည့်ကြည့်မိသည်။ မိုးမိုးက လက်ပြနေသည်။ လက်ပြန်ပြရင်း လှည့်ထွက်လာသည်။ အတော်လေး ဝေးလာတော့ လှည့်ကြည့်မိပြန်သည်။ သူ လက်ပြနေဆဲ။ ကျွန်မတို့ လမ်းမကြီးပေါ် ရောက်၍ သူကလေး၏ သဏ္ဌာန် သေးကွေးမှုန်ဝါးသွားချိန်ထိ သူ လက်ပြ နေဆဲ။

■■■

အခန်း (၉)

ရှန်းမထွက်နိုင်သည့် အမှတ်တရ ဆိုသည်က ခက်လှသည်ပဲ။ ကျွန်မတို့ ဘယ် သွားသွား၊ ဘယ်လောက်ဝေးဝေး သူတို့က အတူတကွ မခွဲမခွာ ကပ်ပါလာတတ်သည်။ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်ပေါ့။ အခွင့်အခါ သင့်သင့်၊ မသင့်သင့် သူတို့ကတော့ ရွှေလည်တွဲရင်း မခွဲအတူပင်။ သူတို့ရနံ့တွေ၊ သူတို့ အသံတွေကို မြင်ယောင် ကြားယောင်ရင်း၊ သူတို့ ခေါ်ရာနောက် တရွတ်ဆွဲ လိုက်ရင်း နေ့တွေ၊ ညတွေကို ကုန်ဆုံးစေရသည်ပဲ။

သီပေါကျောင်းအိုကြီးမှာ ကြုံတွေ့ခဲ့ရသည့် အမှတ်တရတွေက မခံနိုင်လောက်အောင် ကျွန်မကို ရစ်သိုင်းလွှမ်းခြုံထားခဲ့သည်။ မိုးမိုး၏ အပြုံးလေးကို ကျွန်မ လွမ်းလှသည်။ ပြုံးပျော်နေသည့် သူ့ဟန်ကလေးတွေကို အမြဲ မြင်ယောင်နေသည်။ စကားလုံးသစ် တစ်လုံး သိလေတိုင်း ဂုဏ်အယူကြီး ယူနေသည့် ကိုလွင်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည့် တိုးတိုးကို စိတ်ရှည် သည်းခံ စွာ ထမင်းကျွေးနေကြပုံတွေ။

ဘိုဘိုတစ်ဖြစ်လဲ မော်မော်ကိုလည်း စိတ်ထဲက ထုတ်မရ။ သူ့အကြောင်းတွေးမိတိုင်း မျက်ရည်က ဝဲလာသည်။ သဝန်တိုမိသည့်စိတ်က ဂုဏ်ယူ ဝမ်းမြောက်မှုအသွင် ပြောင်းလာသည်။ လေးစားလာသည်။ သူက သူ့မောင်လေးကိုသာမက သားသား၏ ဘဝကိုပါ ကယ်တင်ခဲ့သည်ပဲ။ မော်မော်သာ မရှိလျှင် သားသားသည် အနေးနှင့်အမြန် ခန္ဓာစဲ၍ သေပွဲဝင်မည်သာ။ မိုင်းနင်းချင် နင်းမိမည်။ သူပုန်တွေ၊ သို့မဟုတ် စစ်သားတွေ ပစ်သတ်တာ ခံချင်ခံရမည်။ သူက သေချင်လွန်းလှသည်ကိုး။

မော်မော်က သားသား၏ ဆောက်တည်ရာမဲ့ စိတ်နှလုံးကို ချစ်တတ် သောနှလုံးသားတစ်ခုအသွင်၊ နူးညံ့စိတ်ထား နှလုံးသားတစ်ခုအသွင် ပြောင်းလဲ အောင် သံစဉ်ညှိပေးခဲ့သည်။ မောင်ထွန်း စကားတွေကို သတိရလာပြန်သည်။ မော်မော့်အသက်မဲ့ ခန္ဓာကိုယ်လေးကို ပွေ့ရင်း မြစ်ထဲမှ တက်လာသော သားသားကို ကျွန်မ စိတ်ကူးပုံဖော်ကြည့်မိသည်။ မော်မော်ဟာ သေနတ်မှန်လို့ သေရတာလား၊ ရေနစ်ပြီး သေရတာလား၊ သူ့အလောင်းကို ကောင်းကောင်း မွန်မွန် မြှုပ်နှံပေးခဲ့သလား၊ သူဟာ ဘယ်လိုလူစားမျိုးလဲ၊ သူ့သတ္တိတွေ၊ သူ့ခွန်အား တွေပါ သူနှင့်အတူ ရေထဲနစ်ကာ ဇီဝိန်ကြွေခဲ့ရသလား။ သားသား၏ ဇာတ်လမ်း အဆုံးမှာ မော်မော့်အချစ်က သားသား၏ နှလုံးသားကို သံစဉ်မှန်အောင် အောင်အောင်မြင်မြင် ညှိပေးနိုင်ခဲ့ကြောင်း ကျွန်မ နားလည်ခဲ့ရသည်။ ကျွန်မမှာ မေးစရာမေးခွန်းတွေ တနင့်တပိုး ရှိပေမယ့် သားသားကို တစ်ခုတလေတောင် မမေးရဲခဲ့။

အတွေးထဲမှာတော့ ကျွန်မ ထာဝရ သူနှင့်အတူ ရှိနေတော့မည်။ ကျွန်မတို့နှစ်ယောက်ကြားက ဘယ်အရာကိုမှ ကျွန်မ သည်းမခံနိုင်။ သူ နမ်း သလို၊ သူ ချစ်သလို ကျွန်မကို ဘယ်သူမှ မနမ်းခဲ့စဖူး၊ မချစ်ခဲ့စဖူး။ သူနှင့် ကျွန်မ ဆယ်ရက်တိတိ အတူတကွ ရှိခဲ့ပေမယ့် ခုတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ပမာသာ။

လူတစ်ယောက်နှင့် ခွဲခွာရခြင်း ဆင်းရဲသည့် ဒီလောက် ကြီးမား လေးလံသည်ကို ကလေးဘဝကတည်းက ကျွန်မ မခံစားခဲ့ရဖူးပါ။ ကျွန်မ စားလည်း မစားနိုင်၊ အိပ်လည်း မအိပ်နိုင်ခဲ့။ ကျောတွေလည်းနာ၊ အသက်ရှူလို့ လည်း မဝ၊ ရင်ဘတ်ကလည်း အောင့်စူးစူးကြီး ဖြစ်နေသည်။ အစ်ကိုကြီး၏ ပက်လက်ကုလားထိုင်မှာ အသေကောင်ကြီးလို နာရီပေါင်းများစွာ မလှုပ်မယှက် ထိုင်နေမိသည်။ အစ်ကိုကြီးကတော့ စာအုပ်တွေကို ပြင်နေဆဲပင်။ သားသား၏ စာကို အခေါက်ပေါင်း မရေမတွက်နိုင်အောင် ဖတ်နေမိသည်။

စာရေးတယ် ဆိုတာ ဒီလောက် ခက်ခဲမှန်း တစ်ခါမှ မသိခဲ့ပါဘူး။ ခု ဘောလ်ပင်ကိုင်ထားတဲ့ လက်တွေဟာ တဆတ်ဆတ် တုန်နေတာပဲ။ စကားလုံးတွေကို စာရွက်ပေါ် ချရေးရတာဟာ နာကျင်စေမှန်းလည်း မသိခဲ့ရိုး အမှန်ပါ။

တစ်ခေါက်ဖတ်လေတိုင်း ဒေါသတွေ၊ အလိုမကျမှုတွေ လျော့လျော့ လာတတ်သည်။ နောက် သုံး လေးရက် ဆိုလျှင် သူ ဒီလို သစ်စိမ်းချိုး ချိုးသွား ခဲ့သည်ကို ကျွန်မ ကျေးဇူးတင်နေမိတော့မည် ထင်သည်။

မင်း ကျုပ်ကို ဘယ်နေရာထိ ခေါ်သွားခဲ့တာလဲကွယ်၊ ကျုပ် တစ်ခါမှ မရောက်ဖူးတဲ့၊ ရောက်ဖို့လည်း မမျှော်မှန်းခဲ့တဲ့ နေရာတွေကိုလည်း ရောက်ခဲ့ရ တယ်။ အဲဒီမှာ တစ်သက်လုံး နေလိုက်ချင်ပေမယ့် ဒါဟာ ရေပွက်ပမာ တစ်ခဏ တာပဲ ဖြစ်လာလိမ့်မယ် ဆိုတာကို သိနေတယ်၊ စိုးရိမ်နေတယ်၊ အဲဒီနေရာမှာ ကျုပ် ကြောက်ရွံ့ခြင်း ကင်းခဲ့ရတယ်၊ ကျုပ်တို့ နှစ်ယောက်လုံး လွတ်လပ် ပေါ့ပါးလွန်းခဲ့တယ်။

ကျွန်မလည်း တူတူပါပဲ။ စာကိုဖတ်လို့ ဒီနေရာ ရောက်လေတိုင်း ကျွန်မလည်း တူတူပါပဲဟု ပြန်ပြောချင်နေမိတတ်သည်။

သူ့ကို စာပြန်ရေးမည့် အကြံကိုတော့ စွန့်လွှတ်လိုက်ပါပြီ။ ရေးလို့ရော ဘာထူးဦးမှာလဲ။ ဘာများ ရေးရဦးမှာလဲ။ ကျွန်မ ရှင့်ကို သေမတတ် လွမ်းနေ တယ်၊ ကျွန်မ သီပေါမှာပဲ နေတော့မယ်လို့ ပြောရမှာလား။

အစ်ကိုကြီးက ကျွန်မကို ကရုဏာသက်စွာ ကြည့်လေတိုင်း ကျွန်မ အတော်ခံစားရသည်။ ကျွန်မ အချစ်နာကျနေပြီဟု သူ ပြောသည်။ သူ့စကား အရ ဆိုလျှင် ကျွန်မမှာ ကျွန်မတို့ လူသားအားလုံး သယ်ဆောင် မွေးမြူထား တတ်သည့် အချစ်ဆိုသည့် ဗိုင်းရပ် ဝင်နေခဲ့ပြီ။ ထိုဗိုင်းရပ်၏ နှိပ်စက်မှု အောက်မှာ ကျွန်မ ကျရှုံးခဲ့ပြီ။ အကြီးအကျယ် ကျရှုံးခဲ့ပြီ။ ကုရာနတ္ထိ ဆေးမရှိ။ အချိန်တန်၍ အနာကျက်သွားမည်လား၊ ထာဝရ ဒီအတိုင်း တည်နေမည်လား၊ မသိ မသိ မသိပါလေ။

စိတ်ပြေလက်ပျောက် ဖြစ်မလားလို့ ကျွန်မတို့ တောင်တွေ တက်ကြ သည်။ အင်းလေးကန်ကို အလည်သွားသည်။ ထိုင်နေကျ လက်ဖက်ရည်ဆိုင် ကလေးကို မကြာခဏ သွားထိုင်သည်။ သို့သော်လည်း အကြောင်းကတော့ မထူး။ အမှတ်တရတွေက ရစ်သီ အုပ်ဆိုင်းနေဆဲ။

နေ့လယ်ခင်းတစ်ခုမှာတော့ အစ်ကိုကြီးနှင့် ကျွန်မ တမေ့တမြော လမ်းလျှောက်ကြသည်။ ကလောမြို့ကို ဖြတ်လျှောက်ပြီး တောင်ကုန်းလေးတစ်ခုဆီ ဦးတည်ကြသည်။ လမ်းက မြေသားလမ်း မညီမညာ။ ကျွန်မ ဒီလမ်း ကို မှတ်မိနေသလိုလို။ ချုံတွေ၊ မြက်ပင်တွေ၊ အို- အုတ်ဂူလေး နှစ်ခု။ ဒီနေရာ မှာ တင်ဝင်းနှင့် မိမိ” တည်းဟူသော အသက်မဲ့ ခန္ဓာကိုယ်နှစ်ခုကို မီးသင်္ဂြိုဟ် ရာမှ ထွက်ပေါ်လာသော မီးခိုးတန်းတို့ ထက်ကောင်းကင်ဆီ တလူလူ ဖြောင့်ဖြောင့် တန်းတန်း တက်နေရာမှ ရုတ်တရက် ကွေးညွတ်ပြီး ပေါင်းစပ်သွားကြကြောင်း အစ်ကိုကြီး ကျွန်မကို ပြောပြခဲ့သည်ပဲ။

အမှန်တရားတိုင်းဟာ ရှင်းပြ၍မရ၊ ရှင်းပြ၍ရသည့် အရာတိုင်းဟာ အမှန်တရား မဟုတ်တဲ့လေ။

ဒီနေရာကို သူ ဘာလို့များ ပြန်ခေါ်လာပါလိမ့်။

“အစ်ကိုကြီး၊ ကျွန်မကို ဘာပြောချင်လို့လဲ”

ဟု မေးမိသည်။

“ဘာမှ မပြောချင်ပါဘူး၊ ဒီနေရာမှာ အစ်ကိုကြီးတို့ရဲ့ အဖေနဲ့…”

သူ တုံ့ဆိုင်းသွားသည်။ အတော်လေးကြာမှ ဆက်ပြောနိုင်သည်။

“ညည်း ဒီကို ပြန်လာချင်မယ်လို့ တွေးမိလို့ပါ၊ ဒီနေရာလေးဟာ ညည်းအတွက်… ဟိုသင်း”

သူ စကားလုံး ရွေးနေသည်။

“အထောက်အကူဖြစ်မယ်လို့ အစ်ကိုကြီး ထင်တယ်လေ”

ခေါင်းညိတ်ပြမိသည်။

“ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုကြီးရယ်၊ ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် ဘာတွေ ဖြစ်နေမှန်းတောင် မသိတော့ပါဘူး”

သူက ကျွန်မလက်ကို ဆွဲကာ ထိုင်ခိုင်းသည်။ အကြာကြီး ထိုင်နေမိကြသည်။ လယ်ကွင်းတွေ၊ သစ်တောတွေ၊ ဝါးရုံတောတွေ၊ စေတီဖြူဖြူလေး တွေကို ဦးတည်ရာမဲ့ ငေးနေမိသည်။

“ကျွန်မ ဘာဆက်လုပ်ရမလဲ”

“အစ်ကိုကြီးလည်း အကြံမပေးတတ်ဘူးကွယ်”

“အစ်ကိုကြီးက ကျွန်မအစ်ကိုပဲ၊ ကျွန်မ အစ်ကိုကြီးကို မေးနေတာလေ”

သူ ကျွန်မကို ငေးကြည့်သည်။ သူ့နှလုံးသားထဲမှာ လွန်ဆွဲနေပုံပင်။

"အင်း- ပြန်ဖို့ အချိန်ကျပြီနဲ့ တူတယ်"

"ဘယ်ကို ပြန်ရမှာလဲ အစ်ကိုကြီး"

"ညည်းရဲ့ ကမ္ဘာကိုပေါ့အေ"

"ဒါက ကျွန်မ ကမ္ဘာ မဟုတ်ဘူးလား"

စိတ်က တိုချင်သလို ဖြစ်လာသည်။ သူ့စကားတွေကို ဒေါသဖြစ်မိသည်။

"ဟုတ်ပါတယ်"

"ဘာလို့ အစ်ကိုကြီးက ကျွန်မကို နှင်နေတာလဲ"

သူက သက်ပြင်းကြီး ဟင်းခနဲ ချလိုက်သည်။

"ညည်း ဆန္ဒရှိရင် တစ်သက်လုံး နေချင်နေပါ ဂျူလီယာ၊ ဒါပေမဲ့ ညည်း ရှာနေတဲ့အရာကို မတွေ့မှာတော့ စိုးမိတယ်"

"ကျွန်မက ဘာကို ရှာနေလို့လဲ"

"ရှင်းရှင်းလင်းလင်း မြင်သာတာကိုပေါ့"

"ဘာနဲ့ ပတ်သက်ပြီးတော့လဲ"

"ညည်းကိုယ်ညည်းလေ"

"ဒါဆို အဲဒါကို ကျွန်မက နယူးယောက်ပြန်ရင် ရှာတွေ့မယ်လို့ အစ်ကိုကြီး က ထင်တာလား"

"မပြောတတ်ဘူး၊ ဒါပေမဲ့ ဒီမှာထက် စာရင်တော့ မြန်မြန် ရှာတွေ့ လောက်တယ်"

"ဘာဖြစ်လို့လဲ"

"တစ်ခါတလေ အနီးကပ်ကြည့်တာထက် အဝေးက ကြည့်တာက ပိုထင်ရှားတတ်တယ်လေ"

သူ ဘာကို ဆိုလိုမှန်း ကျွန်မ သေချာ မသိ။

"တစ်ခါတလေ တို့ဟာ တစ်ခုခု လိုချင်တာကို သိအောင် တခြား တစ်ခုကို ကြိုးစားရှာဖွေကြည့်ရတယ်"

"ဒါဆို သိပ်နောက်ကျသွားမှာ..."

"တစ်ခါတလေ..."

ကျွန်မ အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ ရှူထုတ်လိုက်သည်။

"ဗုဒ္ဓမြတ်စွာက ဘယ်လို ဟောထားသတဲ့လဲ"

အစ်ကိုကြီးက ဟက်ခနဲ ရယ်လိုက်သည်။

"တရားရှာ ကိုယ်မှာတွေ့တဲ့ အေ့၊ အမှန်တရား ဆိုတာ ကိုယ်တွင်း မှာပဲ ရှိတာ၊ အဲဒီမှာပဲ ရှာတွေ့တာ"

"မတွေ့ရင်ရော"

"ဒါဆို သေချာ မရှာလို့ နေမှာပေါ့"

ကောင်းကင်ကို မော့ကြည့်မိသည်။ တိမ်တွေက ဟိုတစ်စ ဒီတစ်စ။ တိမ်တွေက ကျွန်မကို နိမိတ်လက္ခဏာ တစ်ခုခုများ ပြနေသလား။ စူးစိုက်ကြည့်တော့ ဖြူဖြူဖွေ သဏ္ဍာန်တွေက နေရောင်ကို အုပ်မိုးသွားတတ်တာကလွဲ၍ ဘာမျှ မထူးခြား။ ကျွန်မ အစ်ကိုကြီးကို မေးမိသည်။

"သားသား ပြောတာ မှန်သလား အစ်ကိုကြီး၊ တစ်ခါမှ အချစ်မခံ ရဖူးသူ တစ်ယောက်ဟာလည်း ချစ်ခြင်းမေတ္တာကို ရာသက်ပန် ငံ့လင့်နေတတ် တယ်၊ တစ်ခါလောက် အချစ်ခံရပြီး အဲဒီအချစ် ပျောက်ဆုံးသွားရသူကတော့ ချစ်ခြင်းမေတ္တာကို ငံ့လင့်ရုံတင်မကဘူး၊ ချစ်မေတ္တာ ပျောက်ဆုံးသွားမှာကို တွေးပူရင်း၊ အမြဲ စိုးရိမ်ကြောင့်ကြရင်း နေရတာပေါ့ ဆိုတာလေ"

"အင်း"

"ဒါဆို ကျွန်မတို့ အားလုံးဟာ အကျဉ်းစံတွေပေါ့"

အစ်ကိုကြီးက မဖြေခင် အကြာကြီး စဉ်းစားနေသည်။ ပြီးမှ စဉ်းစဉ်း စားစား ဖြေသည်။

"အဲလိုလည်း မဟုတ်ပါဘူး၊ လူပေါ် မူတည်တာပါပဲ၊ လူတိုင်းဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရှိတာပဲ၊ ထာဝရ မလွတ်မြောက်နိုင်တဲ့ အစ္စုတ္တ အကျဉ်းစံဆိုတာ မရှိပါဘူး"

"ကျွန်မ သဘောမတူဘူး အစ်ကိုကြီး၊ တချို့အတိတ်ရဲ့ အရိပ်တွေက သိပ်ရှည်လျားလွန်းတယ်လေ"

"ရုန်းထွက်ဖို့လား"

"အင်းပေါ့"

သူက ခေါင်းယမ်းလိုက်သည်။

"တို့များ အမြဲတမ်း သဘောတူစရာလည်း မလိုပါဘူးအေ"

သူက ပြုံးရင်း ကျွန်မဘေးမှာလှဲချလိုက်သည်။

သူ့ယောက်ျားကို နုနု မေးခဲ့သည့် မေးခွန်းကို ပြန်သတိရလာခဲ့သည်။ လူကို တဲလို အစားထိုးလို့ ရသလား၊ မကောင်းတဲ့ အပိုင်းကို ဖယ်ပြီး ကောင်း တာနဲ့ လဲလို့ရသလား တဲ့။ သူမေးနေပုံကို ကျွန်မ မြင်ယောင်လာမိသည်။ ကျွန်မ တို့ဟာ ကိုယ်ဘယ်သူ ဘယ်ဝါဆိုတဲ့ အရှိတရားအတိုင်းပဲ နေကြရတော့မလား။ လဲစရာ မရှိတဲ့ မကောင်းတဲ့ အစိတ်အပိုင်းတွေကို ခွာချလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ။

အေမိုဆီ စိတ်က ရောက်သွားပြန်သည်။ သူနှင့် ဒီအကြောင်းတွေ တိုင်ပင်ရရင် ဘယ်လောက် ကောင်းလိမ့်မလဲ။ သူ့ ဆိုဖာကြီးပေါ် တူတူထိုင်၊ ဝိုင်သောက်၊ ချိစ်စားရင်း အခြေအနေကို အနုလုံ ပဋိလုံ သုံးသပ်ကြမည်။ ညနက် သည်အထိ အသေးစိတ် ဆိုးကျိုး၊ ကောင်းကျိုးတွေကို ခွဲခြမ်းစိတ်ဖြာကြမည်။ မြန်မာပြည်မှာ ဆက်နေလျှင် ဘာလုပ်ရမည်ကို ဆွေးနွေးကြမည်။ နေပြီ ဆိုပါစို့၊ ကျွန်မ ဘာလုပ်ရမလဲ၊ ရန်ကုန်မှာ ရှေ့နေရုံး ဖွင့်ရမလား၊ ကလောမှာ လက်ဖက် ရည်ဆိုင် ဖွင့်ရမလား၊ သီပေါက ဘုန်းကြီးကျောင်းအိုကြီးမှာ နေရမလား၊ နေခြင်း၏ အကျိုးကျေးဇူးတွေ၊ အပြစ်အနာအဆာတွေ၊ တန်ကြေးတွေက မည်မျှ ရှိမည်လဲ၊ ကျွန်မကို သူ မေးခွန်းတွေ အတွဲလိုက်ပစ်ပြီး တရစပ် နှိပ်စက်ပေ မည်။ သူနှင့် ပြောနေရင်း တစ်ခုခုတော့ ရလာမည်ပဲ။ အမေရိကကို ပြန်၊ ဘာမှ မဖြစ်သလို ခပ်တည်တည် ရုံးပြန်တက်ဖို့ ဆိုတာလည်း ဒီမှာ နေဖို့လောက်ကိုခက်လိမ့်မည်ပဲလေ။ ခုတော့ နောက်ဆုတ်လို့ မရတော့သည့် အမှားကြီးကို ကျွန်မ ကျူးလွန် ခဲ့မိပြီ။

စိတ်ထဲမှာ တွက်ချက်နေမိသည်။ မိဘတွေ အိမ်ကို ရောင်း၍ ရထား သည့် အမွေက မြန်မာပြည်လို နေရာမျိုးမှာဆို တစ်သက်လုံး ထိုင်စား၍ ရလောက် သည်။ ဒါဖြင့် နယူးယောက်ကို ဘာပြန်လုပ်မှာလဲ၊ ဘဝမှာ တခြား လုပ်စရာ ရော ရှိသေးလို့လား၊ တစ်ခါမှ လေးလေးနက်နက် မစဉ်းစားခဲ့မိသည့် မေးခွန်းပါ။

အစ်ကိုကြီးကို ကြည့်လိုက်သည်။ သူက မျက်လုံးတွေ မှိတ်ကာ အသက် မှန်မှန်ရှူနေသည်။ ကျွန်မ ထိန်းချုပ်နိုင်ခြင်း မရှိသည့် ခေါင်းထဲက အသံ အတွက် ဒီကို ရောက်လာခဲ့ခြင်း ဖြစ်သည်။ ခုတော့ အဲဒီအသံ မရှိတော့။ သူ့နေရာ မှာ ကျွန်မ အင်မတိ အင်မတန် ရင်းနှီးကျွမ်းဝင်နေသော အသံတစ်သံ အစားထိုး ရောက်ရှိလာသည်။ ကျွန်မ၏အသံ၊ ခန္ဓာကိုယ်တွင်းမှနေ၍ အကြံတွေ အမျိုးမျိုး ပေးနေသည်။

ခု ပစ္စည်းတွေ သိမ်း။

ဒီမှာပဲ နေလိုက်။

ကိုယ့်အာရုံသိကို ကိုယ် ယုံစမ်းပါအေ။

နင် ဒီမှာ ဘာလုပ်နေတာလဲ။

နယူးယောက်မှာရော ဘာလုပ်စရာ ရှိလို့လဲ။

အလုပ်ဖြစ်မယ် မထင်ဘူးအေ။

ကြောက်မနေစမ်းနဲ့ ဂျူလီယာ။

ငါ ပြောတာကို နားထောင်။

ဟင့်အင်း သူ့စကား နားမထောင်နဲ့၊ ငါ ပြောတာ နားထောင်။

ကျွန်မ အတွေးတွေ ချာချာလည်၊ လူလည်း ချာချာလည်။ အစ်ကိုကြီး မှန်ပုံပေါ်သည်။ ကျွန်မ အမှန်တကယ် လိုချင်သော အရာကို ရှာဖွေကြည့်ဖို့ ကြိုးစားရမည်။

ဒါက သိပ်နောက်ကျမနေဖို့တော့ မျှော်လင့်လျက်သာ။

■■■

အခန်း (၁၀)

အစ်ကိုကြီးက လေဆိပ်ကို မရမက လိုက်လာသည်။ သူ့မိတ်ဆွေတစ်ယောက် နှင့်အတူ ကားတစ်စီး ရအောင် စီစဉ်ပြီး ကျွန်မတို့ကို ဟဲဟိုးလေဆိပ် ခေါ်ဆောင် လာခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာ အစ်ကိုကြီးက ကျွန်မလက်ကို မလွှတ် တမ်း ဆွဲကိုင်ထားသည်။ တစ်လမ်းလုံး သိပ်စကားမပြောမိကြ။ အကြည့်တို့ သည်ပင် လုံလောက်လျက် ရှိနေခဲ့ပြီ။ စကားလုံးမဲ့ နားလည်မှုတွေကို ကျွန်မ အမြဲ လွမ်းနေရတော့မည်သာ။

ရုတ်တရက် ကျွန်မတို့ကားကို အတင်းရပ်ခိုင်းတာ ခံရသည်။ စစ်ကား တစ်စီးက လမ်းကျဉ်းလေးပေါ်မှာ ကန့်လန့်ခံ ပိတ်ထားသည်။ ကားပေါ်က စစ်သားကလေးတွေက ကျွန်မတို့ကို မျက်နှာသေများဖြင့် ကြည့်နေသည်။ ပြောင်လက်တောက်ပနေသော အနက်ရောင် ဘွတ်ရှူးနှစ်ဖက် ကျွန်မတို့ ကားနား သို့ ချဉ်းကပ်လာခဲ့သည်။ အစ်ကိုကြီး မိတ်ဆွေ မျက်လုံးတွေ ပြူးသထက် ပြူးလာတာကို နောက်ကြည့်မှန်ထဲကနေ မြင်နေရသည်။ အကြောက်တရား၏ ရနံ့ဆိုသည်ကို ကျွန်မ အရင်က ခံစားသိရှိခဲ့ခြင်း မရှိ။ ကျွန်မအထင်တော့ ထိုရနံ့က ပုပ်ဟောင်လွန်းလှသည်။ အန်ဖတ်အနံ့မျိုး။ အစ်ကိုကြီးပင် ဖင်ဂနာ မငြိမ်ဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

သူ့မိတ်ဆွေက ကားပြတင်းမှန်ကို ဖြည်းဖြည်းချင်း ချလိုက်သည်။ ကွမ်းချေးတက်နေသည့် သွားတွေနှင့် စပ်စုသည့် မျက်လုံးတွေ ကားပြတင်းမှာ ပေါ်လာသည်။

ဘိုဘို တစ်ဖြစ်လဲ မော်မော့်ကို တွေးမိသည်။ သူ့အကြောင်း စဉ်းစား မိလေ ကျွန်မ စိတ်တွေ တည်ငြိမ်လာလေပင်။ ဒီ ဘွတ်ရှူးနက်တွေကို ကောင်းစွာ ခုခံကာကွယ်နိုင်ခဲ့သည့် အားအင်တစ်ခု၊ ကွမ်းချေးတက်သွားတွေကို ကြောက်စရာ မလို၊ အကြောက်တရားထက် အင်အားကြီးမားသော စွမ်းအင်၊ မိစ္ဆာစိတ်ကို နှိမ်နင်းနိုင်သည့် အစွမ်း။ သားသား မှန်၏။ ထိုစွမ်းအင်က ကျွန်မတို့အားလုံးမှာ ရှိနေခဲ့သည်။

ကွမ်းချေးတက် စစ်ဗိုလ်နှင့် အစ်ကိုကြီးမိတ်ဆွေတို့ စကားနည်းနည်း ပြောကြသည်။ ရယ်ကြသည်။ ဘယ်လို အဓိပ္ပာယ်နှင့် ရယ်မှန်းတော့ မသိ။ ပြီးတော့ စစ်ကားက လမ်းဘေးချပေးသည်။ စစ်သားတွေက ကျွန်မတို့ကို လက်တွေ ဘာတွေ ပြလို့။

တောင်တက်လမ်းထိပ် ရောက်သည်နှင့် လေဆိပ်ကို ဘွားခနဲ တွေ့တော့ သည်။ နှလုံးသားက ခဲဆွဲထားသလို လေးလံလာသည်။ အစ်ကိုကြီးလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်မိသည်။

ကျွန်မ ဒါကို မလိုချင်။ မရောက်ချင်၊ မမြင်ချင်။

ကားက လေယာဉ်ကွင်းဆီ ဖြည်းဖြည်းချင်း ချဉ်းကပ်လာလေလေ ကျွန်မ ခန္ဓာကိုယ်က ရှိသမျှ ကြွက်သားမျှင်တွေ အားပျော့လာလေလေ၊ နေမကောင်း ချင်၊ ပူနွေးသည့် ဒီနေ့မှာ ချမ်းသလို တုန်သလို ဖြစ်လာသည်။

ကားရပ်နားသည့် နေရာမှာ ရပ်လိုက်သည်။ ဘတ်စ်ကားတစ်စီးပေါ်မှ တိုးရစ်တွေ ဆင်းလာကြသည်။ ကျွန်မတို့ စကားမဆိုမိကြသေး။ အစ်ကိုကြီးက အရင်ဆင်းသည်။ ကျွန်မ အထုပ်အပိုးတွေကို ကားထဲမှ ထုတ်သည်။ သံတန်း ကာထားသည့် ဂိတ်ပေါက်ထိ သူ လမ်းဖြတ်ကူးပြီး သယ်သွားသည်။ ရဲ တစ်ယောက်က သူ့ကို အထဲပေးမဝင်။ ကျွန်မ ကူကယ်ရာမဲ့ ရပ်နေမိသည်။

“ကဲ- အစ်ကိုကြီး အထဲလိုက်ဝင်လို့ မရဘူးကွယ်”

“ဘာလို့တုံး”

ကျွန်မ မေးခွန်းက အရူးအနှမ်း မေးခွန်းဖြစ်ကြောင်း သိသာလွန်းလှ၍ သူ ဘာမျှ ပြန်မဖြေ။

ကျွန်မတို့ မျက်နှာချင်းဆိုင် ရပ်နေမိသည်။ ကျွန်မ ဘာပြောရမှန်း မသိ။ အစ်ကိုကြီးက ကျွန်မလက်ကို ကိုင်ကာ ကျွန်မကို ကြည့်နေသည်။ မမှိတ် မသုန် စိုက်ကြည့်နေသည်။

“ ပြန်တွေ့မယ်နော်”

“အင်း- ပြန်တွေ့မယ်၊ အားလုံးအတွက် ကျေး..ဇူး...”

သူက နှုတ်ခမ်းတွေပေါ် လက်ညှိုးကလေး ကန့်လန့်ဖြတ် တင်လိုက် သည်။ ကျွန်မ အလိုက်သိစွာ စကားစဖြတ်လိုက်သည်။ သူ့လက်ညှိုးကလေးကို သူ နမ်းကာ ကျွန်မ နှုတ်ခမ်းပေါ် တင်လိုက်သည်။ ပြီးတော့ သူ ချာခနဲ လှည့် ထွက်သွားသည်။

နေပါဦး အစ်ကိုကြီးရယ်၊ မသွားပါနဲ့ဦး၊ ကျွန်မနဲ့ နေပါဦး၊ အစ်ကိုကြီး ကို အသံကုန် အော်ခေါ်လိုက်ချင်သည်။ ပြတင်းပေါက်နား ချထားခဲ့သော ကလေးလေး ဂျူလီယာလို စွန့်ပစ်ခံရသည့် ခံစားချက်တွေ တနင့်တပိုး ခံစားနေရသည်။

ကျောပိုးအိတ်ကလေး လွယ်ရင်း နောက်ဆုံးတစ်ကြိမ် သမင်လည်ပြန် လှည့်ကြည့်မိသည်။ အစ်ကိုကြီးက ကားနားမှာ ရပ်ရင်း လုံချည်ကလေး တစ်ဖက်က မ ရင်း ကျွန်မကို လက်လှမ်းပြနေသည်။

သူ့အပြုံး . . . ဒီအပြုံးကို ကျွန်မ နောက်တစ်ကြိမ် တွေ့ခွင့်ရပါ့ဦး မလား။ မကြာခင် ပြန်လာမယ် ဆိုတာရော တကယ်ပဲ ဟုတ်ရဲ့လား။ မသိ၊ မသိတော့ပါ။

လေဆိပ်အဆောက်အအုံထဲ လေးလေးတွဲ့တွဲ့ လျှောက်လာမိသည်။ ဟင့်အင်း၊ မလိုချင်ဘူး၊ မဖြစ်ချင်ဘူး။။

လက်သမားတွေ သစ်ကုန်သွားလို့ တစ်ဝက်တစ်ပျက်နှင့် ချန်ထားခဲ့ သလို လူဝင်မှုကြီးကြပ်ရေးဌာနကို တိုရေရှားရေ အခန်းလေးထဲ ကောင်တာ သုံးခုဖြင့် မြင်ရသည်။ ခရီးဆောင်အိတ်ကို တင်သည်။ ထွက်ခွာခွင့်ပုံစံကို ယူသည်။ စစ်သည်။ အရာရှိတစ်ယောက်က သတ္တုရှာကိရိယာဖြင့် ကျွန်မ ခန္ဓာကိုယ် ကို စမ်းသည်။ တစ်ဝက်ကျန်သေးသည့် ရေဘူးကို ချန်ထားခဲ့ဖို့မှတစ်ပါး သူ တခြား စိတ်မဝင်စား။

■

ခရီးသည် နားနေဆောင်ထဲမှာ ထိုင်မရ ထမရနှင့် ကျွန်မ ခေါက်တုံ့ ခေါက်ပြန် မရပ်မနား လမ်းလျှောက်နေမိသည်။ လေယာဉ်က ရောက်နေပြီ။ ခဏနေတော့ လူတင်ဖို့ ခေါ်ပြီ။ ကျွန်မ ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ဟင့်အင်း၊ မလိုချင်ဘူး၊ မဖြစ်ချင်ဘူး။

ထွက်ခွာခြင်းသည် ဘယ်တုန်းကမှ ခုလောက် ခက်ခဲပင်ပန်းခြင်း မရှိခဲ့စဖူး။ နယူးယောက်က ဘယ်အရာကမှ ကျွန်မကို ဆွဲငင်ခေါ်ဆောင်ခြင်းငှာ မစွမ်းသာ။ ကျွန်မ တိုက်ခန်း၏ ဇိမ်ကျမှုတွေ၊ ရေပန်းနွေးနွေးတွေ၊ ရေချိုးခန်း ထဲက အပူပေးထားသော ကြမ်းခင်းတွေ၊ အေမီနှင့် စကားပြောရခြင်းသည်ပင် လျှင် ကျွန်မကို မဆွဲဆောင်နိုင်တော့။ ဘာမျှ စွဲငုနေစရာ မလို၊ သုံးသပ်နေစရာ မရှိ။ ကောင်းခြင်း၊ ဆိုးခြင်းတွေကို စိတ်မဝင်စားတော့။ စကားလုံးတွေကို ငြီးငွေ့ပြီ။ ဆုံးဖြတ်ဖို့သာ ကျန်တော့သည်။ အစ်ကိုကြီး စကား သိပ်မှန်သည်။ အမှန်တရားက ကျွန်မကိုယ်တွင်းမှာသာ ရှိသည်။ ကျွန်မ ဘယ်လောက် လွတ်လပ်သလဲ၊ အတိတ်၏ အရိပ်လက်တံတွေ ဘယ်လောက် ရှည်လျားသလဲ၊ ကျွန်မကို ဘယ်အရာက အကျဉ်းစံဖြစ်အောင် ဖမ်းဆီးချုပ်နှောင်ထားသလဲ။

■

ချာခနဲ လှည့်၏။ အစ်ကိုကြီးကို ရှာ၏။ ညှော်သည်လာပို့သူတွေ၊ ကစား နေကြသည့် ကလေးတွေ၊ အစ်ကိုကြီးကို မတွေ့။

ခရီးဆောင်အိတ်တွေ တင်သောကားက လေယာဉ်ဘေးမှာ ဆိုက်ထား ၏။ လေယာဉ်ပေါ် အိတ်တွေ၊ ပစ္စည်းတွေ တင်နေသည်။ ကျွန်မအိတ်ကို လှမ်းမြင်နေရသည်။

ဟင့်အင်း၊ မလိုချင်ဘူး၊ မဖြစ်ချင်ဘူး။။

အပေါက်ဝမှာ အေးခဲသွားသလို တောင့်တောင့်ကြီး ရပ်နေမိသည်။ လေယာဉ်အမှုထမ်းတစ်ယောက်က ကျွန်မကို လေယာဉ်ပေါ် တက်ရန် ခေါ်နေ သည်။ လေးလံလှသည့် ခြေလှမ်းများဖြင့် နောက်ဆုံးခရီးသည်အဖြစ် လေယာဉ် လှေကားတိုလေးကို တစ်ထစ်ချင်း တက်သည်။ လေယာဉ်မယ်ကလေး၏ အပြုံးကို တွေ့ရသည်။

ဟင့်အင်း၊ မလိုချင်ဘူး၊ မဖြစ်ချင်ဘူး။။

လေယာဉ်တက်ခွင့် ကတ်ကို သူ တောင်းသည်။ ကျွန်မ သူ့ကို တစ်ခွန်း မျှ မပြောဘဲ စေ့စေ့ကြည့်နေမိသည်။ သူက ထပ်ပြောသည်။ ထပ်တောင်း သည်။

"ကျွန်မ ဒီမှာ နေတာပါ"

ဟု ပြောလိုက်မိသည်။

သူ့အပြုံးက မပြောင်းလဲ။ ကျွန်မ ဘာမျှ မပြောမိသကဲ့သို့။

"ကျွန်မ လေယာဉ်ပေါ် မတက်ပါဘူး၊ ကျွန်မ ဒီမှာ နေခဲ့မယ်"

ကျွန်မ ထပ်ပြောသည်။

သူ ကြောင်ကြည့်နေသည်။

ကျွန်မ ပြန်ပြုံးပြလိုက်သည်။ ပြန်ဆင်းသည်။ လှည့်ထွက်သည်။ လေယာဉ်ပေါ် မတင်ရသေးသည့် ကျွန်မ ခရီးဆောင်အိတ်ကို ပြန်တောင်းသည်။ လေယာဉ်အမှုထမ်းက ကြောင်ကြည့်နေသည်။ လေယာဉ်မယ်လေးက သူ့ကို တစ်စုံတစ်ခု အော်ပြောသည်။ သူက ကျွန်မအိတ်ကို ထုတ်ပေးလိုက်သည်။

ဝင်ပေါက်မှ ကျွန်မ ပြန်ထွက်လာခဲ့သည်။ ခုတော့ဖြင့် ပကတိ အငြိမ်။ လေဆိပ်အဝင်မှာ တက္ကစီတစ်စီး။ တက္ကစီဘေးမှာ ကျွန်မတို့ စီးလာ ခဲ့သည့် ကားကလေး။ အစ်ကိုကြီးက ကားကို မှီရင်း ရပ်နေသည်။

အို- သူ ကျွန်မ ကို စောင့်နေတာများလား။

အင်း- သူ့လက်ထဲမှာ စံပယ်ပန်းကုံးလေး တစ်ကုံး။ ကျွန်မကို မြင်သော် လည်း သူ မတုန်မလှုပ်။ သူ့အပြုံးကသာ သူ့အပျော်ကို မဖုံးနိုင်အောင် ဖော်ကျူး နေသည်။

ခုတော့ဖြင့် ကျွန်မမှာ ဘာအစီအမံမျှ မရှိလေတော့။ အိပ်မက်တစ်ခု သာ ကျန်ရစ်တော့သည်လေ။

သင့်လူ

■■■

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR



အကျဉ်းစံ နှလုံးသား
သင့်လူ
Jan-Philipp Sendker
the heart remembers
WHISPER OF WORDS

Jan-Philipp Sendker

The Heart Remembers

အကျဉ်းစံနှလုံးသား

သင့်လူ ဘာသာပြန်သည်

For Anna, Florentine, Theresa, Jonathan and Dorothea

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

နှလုံးသားမှတ်တမ်း

သင့်လူ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလဆန်း

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး ၏ရလဒ်ကြောင့် တိုင်းပြည်တစ်ခုလုံး စိတ်အင်အားများ တက်ကြွပြီး ဧပြီလတွင် တက်လာမည့် အစိုးရသစ် ကို တစ်သက်မှာ တစ်ခါကြုံဖူးသော နိုင်ငံရေးစိတ်ဝင်စားမှု ရေချိန်မျိုးဖြင့် ခန့်မှန်းကြိုဆိုနေကြချိန်။ နိုင်ငံတကာစာမျက်နှာမှာလည်း မြန်မာသည် အလွန်အင်မတန်မျက်နှာပွင့်လန်းကာ တစ်သက်လုံး ညှိုးငယ်နေရရှာသော မျက်နှာပိုင်ရှင်တို့ ပြုံးနိုင်ပျော်နိုင် ဖြစ်လာကြချိန်။

ထိုအချိန်မှာ ဂျာမန် စာရေးဆရာ ယန်းဖိလစ်ဆန်ကာ၏ နာမည်ကျော် မြန်မာပြည်(ကလော) နောက်ခံဝတ္ထုကြီး ဖြစ်သော The art of hearing heartbeats ကို ဘာသာပြန်ဆိုရန် အကြောင်းဖန်လာခဲ့လေသည်။ ထိုဝတ္ထုက အငြိမ်၊ အညက်၊ အလွမ်း၊ အဆွေး၊ အချစ်၊ မေတ္တာဖွဲ့ ဝတ္ထုမျိုး။ မိမိနှင့် မကိုက် ဟု ယူဆ၍ ပထမ ငြင်းမိသည်။ မိမိက ငြိမ်ငြိမ်သက်သက် အတည်အခန့် လေးလေးနက်နက် ကတ္တရာပုံးချိတ် ရေးထားသော စာအုပ်မျိုးကို ဘာသာပြန် ရေးဖို့ မဆိုထားနှင့်၊ ဖတ်ရမှာပင် ပျင်းလှသည်။ ဝုန်းဒိုင်းကြဲ နန့်ကြောဆွဲ ဟီလာတိုက်ချင်တိုက်၊ လောကကို စိတ်ချဉ်ပေါက်ပြီး လှောင်ပြောင် သရော်ခနိုးခနဲ့ ကျိုးပဲ့အောင် ပြောသော ပြသော စာမျိုးကိုသာ ခံတွင်းတွေ့၏။ ထိုစာမျိုးကိုသာ ရွေး၍ ဘာသာပြန်တတ်၏။ ကြာတော့ သင့်လူဆိုတာ သရော်စာ၊ ခနဲ့စာ၊ ရွဲ့စာ ဝတ္ထုမျိုး ဘာသာပြန်တတ်သူဟု မိမိနှင့် စာကို တွဲမြင်ထားကြသူတွေများလာခဲ့သည်။

သို့သော်လည်း တိုင်းပြည်အနာဂတ်အတွက် ဝမ်းမြောက်ကြည်နူးနေ သည့် စိတ်အခံဖြင့် ယန်းဖိလစ်၏ ဝတ္ထုကို ဖတ်မိပါသည်။ ဆွတ်ပျံ့ကြည်နူးဖွယ် လူသားတို့၏ မေတ္တာနှင့် သံယောဇဉ် အဖွဲ့ကိုလည်း ခံစားမိပါသည်။ ထို့ကြောင့် ဘာသာပြန်ရန် ဆုံးဖြတ်လိုက်သည်။ သူ ဖွဲ့ဆိုသီကုံးထားသည့် သံစဉ်အတိုင်း လိုက်လံ စီးမျောကာ ဘာသာစကား အရွေ့အပြောင်းကို ပြုခဲ့သည်။ ဝတ္ထုနာမည်ကိုလည်း ခေါင်းထဲပေါ်လာသည့်အတိုင်း "နားစွင့်ကြားဟန် ရင်ခုန်သံ" ဟု ပေးလိုက်သည်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ ညနေ ၆:၃၀ တွင် စတင်ရေးသားပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက် ည ၁၀:၀၄ တွင် အပြီးသတ်ခဲ့သည်ဟု ကဗ္ဗည်းမှတ်တမ်း တင်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဧပြီလနှောင်းပိုင်း

ယန်းဖိလစ်၏ အဆိုပါဝတ္ထုကို နှစ်အုပ်တွဲ ဆက်တိုက် ရထားခြင်း ဖြစ်သည့်အတွက် နားစွင့်ကြားဟန် ရင်ခုန်သံ ပထမအုပ်အပြီးမှာ ဒုတိယအုပ် ဖြစ်သော A Well-Tempered Heart ကို ဆက်လက် ပြန်ဆိုရေးသားရန် တာဝန် ရှိနေခဲ့သည်။ ပထမအုပ်ကို ရိုက်နှိပ်၊ ဈေးကွက် အနေအထားကို စောင့်ကြည့်၊ လူကြိုက်များမှ ဆက်ပြန်၊ ဆက်ထုတ် ဆိုသည့် အတွေးမျိုး တစ်ခါမှ မဝင်စဖူး၊ စာအုပ်ဈေးကွက်ကို မိမိ သိလည်း မသိ၊ စိတ်လည်း မဝင်စား၊ လုပ်ချင်တာ လုပ်ရလျှင် ကျေနပ်ပြီ။

ဒုတိယအုပ်ကို "နူးညံ့စိတ်ထား နှလုံးသား" ဟု အမည်တပ်သည်။ နားစွင့် ပြီးပြီးချင်း တစ်ပတ်သာနား၍ ၂၇-၄-၂၀၁၆ နေ့လယ် ၁:၄၃ မှာ စကိုင်သည်။ ဇာတ်လမ်းအရှိန်တက်ပြီး အာရုံဝင်စားမှု တည်ငြိမ်နေသဖြင့် ၃၁-၅-၂၀၁၆ ည ၁၁:၄၇ မှာ အပြီးသတ်နိုင်သည်ဟု မှတ်တမ်းရေးထိုးခဲ့သည်။ နာရီ မိနစ် တွေ အတိအကျ ဖြစ်နေခြင်းမှာ ကွန်ပျူတာတွင် ပေါ်နေသည့် အချိန်ကို မှတ်တမ်း တင်ထားသောကြောင့် ဖြစ်သည်။

အဆိုပါ ဝတ္ထုနှစ်အုပ်သည် စာဖတ်ပရိတ်သတ်များစွာ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်ခဲ့သည်ဟု ဆိုရပေမည်။ မြန်မာစာဖတ်ပရိသတ်ကလည်း ကိုယ့်မြေကိုယ့်ရေပေါ်က ဇာတ်လမ်း၊ အဖြစ်သနစ်၊ အတွေ့အကြုံကိုသာ အနှစ် သက်ကြဆုံးမို့လား၊ နိုင်ငံရပ်ခြားက စာရေးဆရာရေးသော ကိုယ့်လူမျိုး ဇာတ်ကောင်တွေနှင့် အဖြစ်အပျက်က စိတ်ကူးယဉ်ချင်စရာ ကောင်းလှသည်။ တသိမ့်သိမ့် တငြိမ့်ငြိမ့် ရင်ခုန်စိတ်လှုပ်ရှားမှုကို ညင်ညင်သာသာ ပေးစွမ်းသော အရေးအသားမျိုးပေကိုး။

သို့သော် "နူးညံ့စိတ်ထားနှလုံးသား"ကို ဇာတ်သိမ်းထားပုံအရ ဆက်ရန် ရှိသေးသည်ဆိုတာ သိသာလှသည်။ ဘယ်ကိစ္စမဆို အောင်မြင်လျှင် သုံးကြိမ် သုံးခါတော့ လုပ်လေ့ရှိသည့် အနုပညာရပ်ဝန်း၏ ဓလေ့အရ သူ နောက်ဆုံးပိတ် အိတ်နှင့်လွယ်မည့် တတိယအုပ်ကို ရေးလိမ့်ဦးမည်ဆိုတာ ဇာတ်လမ်းအရ သိနှင့်သည်။ နောက်တော့ သူကိုယ်တိုင်လည်း ပြောသည်။ ရေးတော့မည်။ သုတေသနလုပ်နေပြီ၊ အချက်အလက် စုဆောင်းနေပြီ။ ဟော... ရေးပြီတဲ့။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလဆန်း

'နားစွင့်ကြားဟန်' ပြီးခဲ့တာ သုံးနှစ်ကျော်၍ လေးနှစ်နီးပါး ရောက်လာခဲ့ပြီ။

ယန်းဖိလစ်၏ နားစွင့် တတိယအုပ် ဂျာမန်လို ထွက်နေပြီ ဆိုတာ သိရသည်။ ဂျာမန်လိုထွက်တာ ဘာမှမဆိုင်သလို ခံစားရသည်။ ဘာသာစကား

ဆိုသည်က စကားပြောလှသည် ကော။ အင်္ဂလိပ်မူ ရရချင်း အကြောင်းကြားမည်ဟု သူ ပြောသည်။ ကြာလိမ့်ဦးမည်ပဲ ထင်ထားခဲ့သည်။ တခြားအလုပ်ကိစ္စတွေက လည်း များတော့ ဒီကိစ္စ မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့၏။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလလယ်

ကံ့ကော်ဝတ်ရည်မှ အီးမေးလ် ဝင်သည်။ ကြည့်လိုက်တော့ ငွေစာရင်း ကြီး၊ ကိုယ်နဲ့လည်း မဆိုင်၊ ဘာမှန်းလည်း မသိ။

ဘာတွေပို့နေတာလဲဟု စာပြန်သောအခါ ဗဲရီးဆောရီး တောကြီးမြိုင်လယ် ဟု စာပြန်လာသည်။ ဖိုင်တစ်ခုကို တွဲထားသည်။ မိုက်ခရိုဆော့ဖ်ဝေ့ဒ်ဖိုင်။ ဖိုင်းရပ်စ်တော့ တွဲမပို့တန်ကောင်း။

ဖွင့်လိုက်သောအခါ The Heart Remembers ဆိုသော ခေါင်းစဉ်ကို တွေ့လိုက်ရသဖြင့် ဒါ နားစွင့်' တတိယပိုင်းပဲ ဆိုတာ တန်းသိသည်။ ယန်းဖိလစ် လေက မမှားနိုင်လောက်အောင် ပုဂ္ဂလိက ဆန်လွန်းသည်ကိုး။ တည်းဖြတ်ပြီး ပူပူနွေးနွေး အင်္ဂလိပ်မူဟု ဆိုသည်။ စာအုပ်အဖြစ် ထွက်မလာသေး။ သူက ပြန် စေချင်လွန်လွန်းသဖြင့် ဦးဦးဖျားဖျား ပေးပို့ခြင်းဖြစ်သည်။

သို့သော် 'နားစွင့်ကြားဟန်' ၏ အာရုံဝင်စားမှုတို့က လွန်ခဲ့သည့် သုံးနှစ် ကျော် အတိတ်မှာ ကျန်ရစ်ခဲ့ပြီ ဆိုတော့ အင်္ဂလိပ်မူ တတိယတွဲကို မဖတ်နိုင် သေးဘဲ 'နားစွင့်ကြားဟန် ရင်ခုန်သံ' နှင့် 'နူးညံ့စိတ်ထား နှလုံးသား' နှစ်အုပ်ကို အပြေးအလွှား ပြန်နွေးရသည်။ မူကွဲ၍ မဖြစ်၊ လေကွဲ၍ မရ၊ တစ်သမတ်တည်း ဖြစ်မှုက သူ့စာအုပ်တွေမှာ အရေးကြီးလှသည်။ အတော်အတန် စေ့ငုမိချိန်မှာ တတိယတွဲကို ဖတ်သည်။ သူ့ထုံးစံအတိုင်း နူးညံ့ညင်သာသော သဘာဝလွန် စွမ်းအားတစ်ခုက ပါစမြဲ၊ နှလုံးသားရပ်ဝန်း၏ စေ့ဆော်မှုတွေက ပါနေမြဲ။

တတိယအုပ် 'ရွှေနှင့်ယိုးမှား နှလုံးသား" ဟု ယာယီအမည်ပေးပြီး ၂၀၁၉ ခရစ္စမတ်နေ့မှာ စကိုင်သည်။ ၂၅-၁၂-၂၀၁၉ အလုပ်တာဝန် များပြားသဖြင့် ကြာဦးမည်ဟု ထင်နေဆဲ မထင်မှတ်သည့် အခြေအနေများကြောင့် ကိုဗစ် ကပ်ရောဂါ ကွာရန်မတင်းခင် နှစ်လလောက်စောပြီး အိမ်ထဲက အိမ်ပြင် မထွက် နိုင်ဖြစ်ခဲ့ရသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူရင်း စူးစူးနစ်နစ် ရေးလိုက် ရာ ၁၃-၂-၂၀ တွင် ပြီးစီးခဲ့သည်။ တစ်အုပ်လုံးကို ခြုံဖတ်သည့်အခါ မူလ တေးထားသည့် "ရွှေနှင့်ယိုးမှားနှလုံးသား" ဆိုသည့် ခေါင်းစဉ်နှင့် မဟပ်မိ။ ခေါင်းစဉ် လှလှကို နှမြောနေ၍ မဖြစ်သဖြင့် ဇာတ်လမ်းနှင့် အလိုက်ဆုံး "အကျဉ်းစံ နှလုံးသား" ဆိုသည့် အမည်ကို ပြောင်းလဲလိုက်သည်။ စာမူကို ကံ့ကော်ဝတ်ရည် သို့ အပ်လိုက်သည်။ မိမိ အလုပ်ပြီးပြီ၊ ကျန်တာတော့ စာအုပ်တိုက်၏ အလုပ် ဖြစ်တော့သည်။

ဤအမှာစာကို ၃-၄-၂၀၂၀ တွင် ရေးခဲ့သည်။ ယခုစာအုပ် မည်သည့်အချိန်မှာ ထွက်လာနိုင်မည်ကို မသိ။ ခုတော့ လူတွေ အိမ်တွင်းစံ ဖြစ်နေခဲ့ပြီ။ "အကျဉ်းစံ နှလုံးသား" ဆိုသည့် အခြေအနေနှင့် ဟပ်မိလှချေသည်တကား။

သင့်လူ

ပထမပိုင်း

တစ်

ခမ်းနားခန့်ညားသည်ဖြစ်စေ၊ ရိုးရှင်းသည်ဖြစ်စေ၊ လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ ပသို့ဆိုစေ ဇာတ်လမ်းတိုင်းမှာ ချစ်ခြင်းမေတ္တာသည် တစ်စိတ်တစ်ပိုင်း၊ တစ်ထောင့် တစ်နေရာမှ ပါဝင်နေတတ်သည်ဟု ကျွန်တော့်ဘကြီးက ဆိုခဲ့ပါသည်။ ကျွန်တော် တို့ကို မျက်ရည် ဖြိုင်ဖြိုင်ကျစေသည့် ဇာတ်လမ်းတွေထဲမှာလည်း စိတ်ခါတ်တွေ မိုးပျံအောင် တက်ကြွစေသည့် ဇာတ်လမ်းများနည်းတူ ချစ်ခြင်းမေတ္တာကို တွေ့ရှိ ရတတ်စမြဲသာ။

ကျွန်တော်တို့နှစ်ယောက် မီးဖိုချောင်ကြမ်းပြင်ပေါ် ထိုင်နေခဲ့ကြသည်။ ညယံသို့ ချင်းနင်းဝင်ရောက်လာပြီ ဖြစ်သောကြောင့် အအေးဓာတ်က ကြီးစိုးလာခဲ့ပေပြီ။ ဘကြီးမှာ အအေးဒဏ်ကြောင့် ခိုက်ခိုက်တုန်စ ပြုပြီ။ စောင်သွားယူ၊ ဘကြီး ပခုံးပေါ်လွှမ်းတင်ပေးပြီး ကျွန်တော် နေရာမှာ ပြန်ထိုင်နေလိုက်သည်။ မီးပုံက တဖျစ်ဖျစ် အသံပေးကာ အရှိန်အဟုန်ဖြင့် တောက်လောက်နေ၏။ ဘကြီး ဘာတွေ ပြောနေသလဲဆိုတာ အလုံးစုံ နားမလည်ပေမယ့် ကျွန်တော် ငြိမ်းလုလု မီးပုံကို ငေးရင်း သူ့စကားတွေကို နားစွင့်ထောင်နေခဲ့သည်။

ဇာတ်လမ်းတွေသည် ဟိုးလွန်ခဲ့သော နှစ်ပေါင်း ရာချီ ထောင်ချီတုန်းက အဝေးတစ်နေရာမှာပဲ ဖြစ်ခဲ့ ဖြစ်ခဲ့၊ မနေ့တစ်နေ့ကမှ မြစ်နံဘေးက တဲကလေး မှာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ရည်ရွယ်ရင်းကတော့ လူသားသည် ချစ်ခြင်းမေတ္တာကို လိုအပ်သည် ဆိုသည့် တစ်ကြောင်းတည်းသော အကြောင်းအရာသာ။

"ဘိုဘို၊ သား နားထောင်နေရဲ့လားကွဲ့" ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ချစ်ခြင်းမေတ္တာထက် ပိုမိုအင်အားကြီးမားသော အရာဟူသည် မရှိ ကြောင်း ဘကြီးက တိတ်ဆိတ်စွာ ဆက်ပြော၏။ ချစ်ခြင်းမေတ္တာသခင်မ ထံပါး မှာ မျက်နှာတော်များစွာ ရှိသည်ကော။ ကဗျာစာဆိုတို့အပေါ် ချစ်ခြင်းမေတ္တာ ထက် ပိုမိုလွှမ်းမိုးနိုင်သော အကြောင်းအရာဟူသည် မရှိ၊ နောင်လည်း ဘယ်တော့ မှ ရှိလာလိမ့်မည် မဟုတ်။ အင်အားကြီးသလောက် မေ့ပျောက်ဖို့လည်း ပင်ပန်း ကြီးစွာ ကြိုးစားရသည့် အရာ။

ကျွန်တော့် နားမလည် ပါးမလည် လိပ်ခဲတည်းလည်း အမူအရာကို တွေ့လိုက်ရသောအခါ ဘကြီးသည် လျှို့ဝှက်ချက်ကြီးတစ်ခုကို နှစ်ကိုယ်ကြား

ဖွင့်ဟာတော့မည့်အလား ရှေ့ကို ကုန်းလာ၏။ သို့သော်လည်း နောက်ဆုံးမတော့ ထုံးစံအတိုင်း အဖျားရှူးသွားသည်သာ။

သူသည် အမြဲတမ်း ဒီအတိုင်းပဲ ဖြစ်၏။ ပြီးခဲ့သော ရက်သတ္တပတ်တွေ တုန်းကလည်း မီးပုံဘေး ပုံပြင်တွေနှင့် ပြည့်နှက်နေခဲ့သော်လည်း အစကောင်း သလောက် တစ်နေရာအရောက်မှာ အီလည်လည် ပြီးဆုံးသွားတတ်တာပါပဲ။

သူ အသက်အရွယ်အားဖြင့် ငယ်တုန်း ရွယ်တုန်း၊ ကမ္ဘာကြီးက သူ့အတွက် ရောမကြီးဖြစ်နေတုန်း အချိန်က ဇာတ်လမ်းတွေ၊ အဲဒီတုန်းက ကလောမှာ ကား တွေ၊ တီဗွီတွေလည်း မရှိသေးတဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်ဆုံးပါးသွားခဲ့ရ တဲ့အိမ်ထောင်ရှင်မ တစ်ယောက်ရဲ့ ဇာတ်လမ်းတွေ။ ခြေတစ်လှမ်းမှ မရွေ့ဘဲ ခရီးမိုင်အကွာအဝေး ရောမကြီးကို အောင်နိုင်ခဲ့တဲ့ မိခင်တစ်ယောက်ရဲ့ ဇာတ်လမ်းတွေ။ တောင်ပံခတ်သံကို နားစွင့်ရုံနဲ့ လိပ်ပြာတွေကို အမျိုးအစား ခွဲခြားတတ်တဲ့ သူငယ်လေးတစ်ယောက်ရဲ့ ဇာတ်လမ်းတွေ။

ပွင့်ပွင့်လင်းလင်း မကွယ်မဝှက်ပြောရလျှင် ဘကြီးရဲ့ ဇာတ်လမ်းအများစု ကို ဖြီးနေတာလို့ ကျွန်တော် ထင်မိပါသည်။ လိပ်ပြာတောင်ပံခတ်သံကို ဘယ်သူ ကများ ကြားနိုင်စွမ်းရှိလို့လဲ။ ဒါပေမဲ့ ဒီဇာတ်လမ်းတွေဟာ ဘယ်တော့မှ ငြီးငွေ့ သွားတယ်ရယ်လို့ မရှိ၊ ဘကြီး၏ စကားလုံး တစ်လုံးချင်းစီမှာ ကျွန်တော် ငြိတွယ် မိသည်။

ဆိုတော့ နားစွင့်ရပြန်သည်။ ဘကြီးက တိုးတိတ်ညင်သာစွာ ပြောနေ ၏။ ဒီဇာတ်လမ်းတွေ အဆုံးဘယ်မှာ ရှိလိမ့်မှာလဲ။ ကျွန်တော်ကကော ဘကြီးကို ဘာပြန်ပြောရမှာလဲ။ ကျွန်တော့်အရွယ် ကောင်လေးတစ်ယောက်အဖို့ အချစ် ဆိုတာကို ဘယ်လောက်များ နက်နက်နဲနဲ သိနိုင်မှာလဲ။

ဒီမေးခွန်းကို ဘယ်လိုများ ဖြေရမလဲ။

၁၂ နှစ်သား ကောင်လေးတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာအကြောင်း သိနိုင်တာဟာ ဘာမှမရှိတာ၊ ဒါမှမဟုတ် မရှိသလောက်၊ ဒါမှမဟုတ် သူထင်တာ ထက် ပိုသိ ဆိုတဲ့ အဖြေတွေထဲက များလား။

ကျွန်တော်တို့ရဲ့စကားဝိုင်းဟာ ထိုကောက်ချက်နဲ့ အဆုံးသတ်ရ သည်ကို ကျေနပ်လှသည် မဟုတ်။ သို့သော် နားထောင်ရသည်ကို ကျွန်တော် ကြိုက်ပါသည်။ ဘကြီးမှာ ထူးခြားသော အသံ ရှိ၏။ သူ စပြောလိုက်သည်နှင့် ကျွန်တော့်မှာ တစ်နေ့တာ နိစ္စဓူဝ လုပ်ငန်းဆောင်တာ အားလုံးကို အမေ့မေ့ အလျော့လျော့။ သူ့အသံက ကျွန်တော့်ကို သီချင်းဆိုကာ ချော့သိပ်နေသလို။

ဒါဟာ အလွန့်အလွန်ရှည်လျားသော ဇာတ်လမ်းကြီးတစ်ခု၏ နိဒါန်း အစ ဆိုတာ ကျွန်တော် ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။ နိဂုံးရောက်လျှင်တော့ ဘကြီး ကျွန်တော့်ကို စကားလုံးများနှင့်ရော၊ စကားလုံးမဲ့ရော ပြောဖို့ ကြိုးစားခဲ့သည့် ကိစ္စအားလုံးကို ကျွန်တော် အသေအချာ နားလည်သွားလိမ့်မည်လား။

နောက်တစ်နေ့မနက်မှာတော့ ဘကြီးသည် ခါတိုင်းနဲ့မတူ တစ်မူထူးခြား စွာဖြင့် ကျွန်တော့်ကို သူ့ နှမလေးအကြောင်း ပြောပြခဲ့သည်။

ဘကြီးက စောင်ပါးလေးခြုံ ဆိုဖာခုံရှည်ပေါ် ခေါင်းအုံးလေးနှစ်လုံး ကျောမှီရင်း ထိုင်၊ ကျွန်တော်က သူ့အတွက် လက်ဖက်ရည် ဖျော်ပေးပြီး သူ့နားက ကြမ်းပေါ်မှာ ထိုင်၊ သူ့မျက်လုံးအစုံက ပိတ်လျက်၊ ပါးစပ်က ပွင့်လျက်၊ မသိလျှင် အိပ်မောကျနေသလို။ မိုးတိတ်သွားပြီ။ ငှက်ကလေးတွေ တေးဆိုနေကြပြီ။ ခြံထဲဆင်းပြီး ကြက်တွေကို အစာကျွေးဖို့ စိတ်ကူးနေတုန်း သူ ကျွန်တော့်နာမည် ကို ခပ်တိုးတိုးခေါ်သံ ကြားရသည်။

"ဘိုဘို၊ သား ရှိနေလား"

ကျွန်တော် ဘကြီးလက်ကို ကိုင်လိုက်သည်။ ကျွန်တော် အမြဲ အဲသလို လုပ်လေ့ရှိသည်။ ဘကြီး၏လက်က နွေးထွေး ပျော့ပျောင်းလွန်းလှသည်။ သူ့ မျက်လုံးတွေ မဖွင့်ဘဲ ယောင်ယောင်လေး ပြုံးသည်။ ကျွန်တော် သူ့လက်ကို တင်းတင်းဆုပ်ထားသည်။ သူ ပင်ပန်းနေလျှင် သော်လည်းကောင်း၊ အိပ်မပျော် လျှင် သော်လည်းကောင်း ထိုသို့ ပြုလုပ်ပေးလျှင် ဘကြီး နှစ်သက်မှန်း ကျွန်တော် သိသည်။

ခုတစ်လော ဘကြီးတစ်ယောက် မောမောနေတတ်သည်။ အထူးသဖြင့် နံနက်ခင်းတွေမှာပေါ့။ ဘကြီး နေထိုင်မကောင်း ဖြစ်သလားဟု တစ်ခါတစ်ရံ ကျွန်တော် ပူပင်မိသော်လည်း သူကတော့ သက်ကြီးနာပေါ့ကွယ် ဟုသာ ပြော တတ်သည်။ အသက် ရှစ်ဆယ်ခန့် ရှိသည့် လူတစ်ယောက်အဖို့ အချိန်နှင့်အမျှ မောပန်းနေရတာပါတဲ့။ မှန်၊ မမှန် ကျွန်တော် မသိ။ ကျွန်တော်က အသက် ၁၂ နှစ်သာ ရှိသေးပြီး သူက အသက် ၈၀ သာ ရှိသေးတာတော့ ကျွန်တော် သိသည်။ တစ်နည်းအားဖြင့်တော့ ဤကမ္ဘာလောကမှာ ကျွန်တော် သေသေချာချာ သိ သော တစ်ဦးတည်းသော ပုဂ္ဂိုလ်ပေါ့။

နှစ်ဦးသား တုံဏှိဘာဝေလုပ်နေကြ၏။ ခြံဝင်းထဲမတော့ဝါးရုံတောကို လေတိုးသံ တရှဲရှဲမြည်နေသည်။ ယင်ကောင်အချို့ ကျွန်တော်တို့နားမှာ ဝဲနေသည်။ အိမ်နီးနားချင်းတို့ ချက်နေသည့် ဟင်းနံ့တွေ လှိုင်လာသည်။ ဘကြီးဦးဘ သည် ကျွန်တော့်လက်ကို ဖျစ်ညှစ်လိုက်ပြီး သူ့ဇာတ်လမ်းကို စတင်လိုက်သည်။

သူ့နှမဟာ နှလုံးကောင်း ဝမ်းကြီး တဲ့။ သူ တွေ့ဖူးသမျှ မိန်းမတွေထဲမှာ အလှဆုံးတဲ့။ သူ့မိန်းမက လွဲရင်ပေါ့။ ပြီးတော့ သူ့အမေက လွဲရင်ပေါ့။ သူ့မှာ ကချေသည့်၏ ကိုယ်ဟန်၊ တဖျတ်ဖျတ် လက်နေသည့် မျက်ဝန်းအစုံနဲ့ သင့်နှလုံးသားကို နွေးခနဲ ဖြစ်သွားစေသော ရယ်သံလွင်လွင်လေးတွေလည်း ရှိသေးသတဲ့။

သူ ပိုပိုကဲကဲ ပြောနေတာဟု ကျွန်တော် မယုံးစွပ်နိုင်ပါ။ ကျွန်တော်မှ သူ့ကို မမြင်ရတာ ကြာလှပြီပဲ။ သူ့ပုံစံ၊ သူ့ရယ်သံတွေက ဘယ်လိုဆိုတာကို ကျွန်တော် မေ့နေခဲ့ပြီ။

"ဘကြီးနဲ့ သူနဲ့က ရုပ်တူလား"

သိချင်ဇောကလေးဖြင့် ကျွန်တော် ကသောကမျော မေးမိသည်။

ကျွန်တော့်မေးခွန်းကို သူ စဉ်းစားနေတာ ကြာလွန်းလှသဖြင့် မဖြေတော့ဘူးတောင် အောက်မေ့မိသည်။

"တူလည်း တူတယ်၊ တူလည်း မတူဘူးလို့ ပြောရမယ်ကွဲ့၊ မောင်နှမ ဆိုတာတော့ ဒီလိုပါပဲ၊ တချို့ကိစ္စတွေမှာ သိပ်ကို နီးနီးစပ်စပ် ရှိပေမယ့် တချို့ ကိစ္စတွေမှာတော့ နာနာကျင်ကျင် ဖြစ်ရလောက်အောင် ကွဲပြားကြတယ်"

သူပြောတာ မှန်သလား။ ကျွန်တော် မသိနိုင်ပါ။ ကျွန်တော့်မှာ ညီအစ်ကို၊ မောင်နှမ ဆိုတာမှ မရှိတာ၊ အနည်းဆုံးတော့ ရှိ၊ မရှိ ကျွန်တော် မသိ။ ကျွန်တော့် မှာဘကြီးဦးဘ တစ်ယောက်သာ ရှိ၏။ သူနှင့် ကျွန်တော် နာကျင်ခံစားရလောက် အောင် ကွဲပြားမှု မရှိဟု ကျွန်တော် ထင်၏။

"သူ့မှာ ကလေး ဘယ်နှယောက်ရှိလဲ ဘကြီး" ထိုမေးခွန်းကို ကျွန်တော် ဂရုတစိုက် မေးလိုက်သည်။

ဘကြီးဘက ခေါင်းယမ်း၏။ စကားတစ်လုံးမှ မဆိုဘဲ မျက်မှောင်ကြီး ကြုတ်ထား၏။ ဒါ ဘာကို ဆိုလိုသလဲ။ ကျွန်တော် ဘယ်နည်းနဲ့မှ မသိနိုင်။ ကျွန်တော့်အတွေ့အကြုံအရ ပြောရလျှင် လူကြီးဆိုသူများကို နားလည်ဖို့ကား မလွယ်လှ။

သူ့အကြောင်း ဘကြီးကို ကျွန်တော် ဆတက်ထမ်းပိုး မေးလိုလှသည်။ သူ ကျန်းမာရဲ့လား၊ ဘာတွေ လုပ်နေလဲ၊ ကျွန်တော်တို့ဆီ လာဦးမှာလား စသည်ဖြင့် ပေါ့။ သို့သော် ဘယ်သောခါမှ အဖြေမရ ဆိုသည်ကိုလည်း ကျွန်တော် သိနှင့်ပြီး သားပါ။

ဘကြီးဘ နှုတ်ဆိတ်နေတာကို ကုစားဖို့ နည်းလမ်း ကျွန်တော့်မှာ ရှိ၏။ သူ့ ဆိုဖာစောင်းမှာ ထိုင်ရင်း သူ့ခြေထောက်တွေကို နှိပ်နယ်ပေးလျှင် သူ သဘောတွေခွေ့ပြီး စကားတွေ ဖောင်လာတတ်၏။

"ဘကြီး သားကို သူ့ အကြောင်း ထပ်ပြောပြပါဦး၊ နော်... နော်..."

အသစ်တစ်စုံတစ်ရာ သိရလေမလား ဆိုသော မျှော်လင့်ချက်ဖြင့် ကျွန်တော် ပူဆာမိသည်။

"အေး... နောက်တစ်ခါမှပဲ .."

ဘကြီးက သမ်းဝေရင်း ပြန်ပြော၏။

"ဟင့်အင်း... ဟင့်အင်း... ခုပြောပါ၊ ခုပြောပြပါ"

မရတော့၊ ပတ်တောပိတ်သွားခဲ့ပြီ။ မျက်စိကလေး ခဏဖွင့်ပြီး သူ ကျွန်တော့်ကို ပြုံးစစဖြင့် ကြည့်သေး၏။ သူ့ကြည့်ရတာ ခြေကုန်လက်ပန်း ကျနေ သလို။ ခဏနေတော့ သူ့ခေါင်းသည် ခေါင်းအုံးတစ်ဖက်သို့ ငိုက်ကျသွား၏။ ယင်တစ်ကောင်က သူ့ပါးမှသည် နှာခေါင်းထိပ်သို့ တရွေ့ရွေ့ ချီတက်နေသည်။ ကျွန်တော် ယင်ကောင်ကို မောင်းထုတ်ပစ်လိုက်သည်။

"ဘကြီးဘ၊ ဘကြီးဘ"

ကျွန်တော် ခပ်တိုးတိုး ခေါ်ကြည့်သည်။ ဘကြီးကတော့ တုတ်တုတ်မျှ မလှုပ်။

ဆိုတော့ သူ့ကို နှိုးလို့ မရတော့ဘူးပေါ့။ ကျွန်တော် နေရာမှာ တစ်ခဏ မလှုပ်မယှက် ငေးငိုင် ထိုင်နေမိသည်။ ပြီးတော့ မတ်တတ်ထရပ်ပြီး ခြံထဲ ဆင်း သည်။ နိစ္စဓူဝ ပြုဖွယ်တွေက များလှသည်ကော။ ကြက်တွေ၊ ဝက်တွေကို အစာ ကျွေးရမည်။ အဝတ်တွေ လျှော်ရမည်။ ပေါင်းတွေ ရှင်းရမည်။ ရွှံ့တောထဲ စီးမိလို့ ဖန်ကွဲစလား၊ သံလား စိုက်လာသလား မသိတဲ့ စက်ဘီးကို ပြင်ရမည်။

တစ်ခါတလေ ဘကြီးကို ကျွန်တော် ဘယ်လိုမှ နားမလည်။ ဒီမနက် ဘာကိစ္စ ရုတ်တရက်ထပြီး သူ့နှမအကြောင်း ပြောရတာလဲ။ ဒါ ပုံမှန်တော့ မဟုတ်။ ဘကြီးတစ်ယောက် ကြောက်ရွံ့ထိတ်လန့်နေသလား။ ဒီလိုတွေးမိတာနဲ့တင် ဝမ်းနည်းလို့မဆုံး။

ဘကြီးမှာ နှမ တစ်ယောက်ပဲ ရှိတယ်။ ဆိုတော့ ယထာဘူတကျကျ စဉ်းစားရင် အဲဒီ ဘကြီးရဲ့ နှမဆိုတာ ကျွန်တော့် အမေပဲပေါ့။

နှစ်

ဆာလောင်နေသော ကြက်များသည် ကျွန်တော့်အနားသို့ ဘောက်ဆွ ဘောက်ဆွ နှင့် အမြန်လျှောက်လာကြပြီး ခြေထောက်နားမှာ ရစ်သီရစ်သီ လုပ်နေကြသည်။

အစာပက်ကျွေးလိုက်သောအခါ ရက်ပေါင်းများစွာ ဘာမှ မစားခဲ့ရသကဲ့သို့ အငမ်းမရ နှုတ်သီးဖြင့် ပေါက်ကာ ပေါက်ကာ စား၍ နေကြ၏။ ဆန်တစ်ဆုပ်အတွက် အချင်းများနေသော ကြက်မနှစ်ကောင်ကို ကျွန်တော်ကြားဝင်စေ့စပ် ဖြေရှင်းပေးရသေး သည်။

သြော်… အဟိတ်တိရစ္ဆာန် ဖြစ်တဲ့ ကြက်တောင် ဗိုက်ဆာတဲ့အခါ ကျွန်တော့်နား ပွတ်သီးပွတ်သပ် လုပ်တတ်ကြသကိုး။

အလုပ်လုပ်နေတုန်း အမေ့အကြောင်း မစဉ်းစားမိဖို့ ကြိုးစားသော် လည်း အတွေးတို့က သူတို့စိတ်နှင့် သူတို့ကိုယ် ရှိနေသည့်အလား။

ကျွန်တော် သိသမျှသော ကလေးတို့သည် မိဘနှင့်အတူသာ နေထိုင် ကြ၏။ အများစုကပေါ့။ မရှင်မိုး၏ မိဘနှစ်ပါးဆိုလျှင် မနှစ်က ဘတ်စ်ကား မှောက်ရာမှာ ပါသွားပြီး ဆုံးပါးခဲ့ကြသည်။ ကိုမြတ်၏ မိခင်ကတော့ ထိုင်းနိုင်ငံ မှာ အလုပ်လုပ်နေပြီး တစ်နှစ် တစ်ခါ၊ အနည်းဆုံး နှစ်နှစ် တစ်ခေါက်လောက် တော့ ပြန်လာလေ့ ရှိသည်။

ထိုအကြောင်းကို မသိစိတ်က စူးစူးနစ်နစ် စဉ်းစားနေမိသည်။ မစန်းရီ နှင့် မောင်တင်ဦး၊ ထိုအမွှာနှစ်ယောက်ကို မွေးရင်း သူတို့မွေးသမိခင်ကြီးမှာ မီးတွင်း ထဲ ဆုံးပါးခဲ့သည်ဟု ဆို၏။ သူတို့အဖေက နောက်မိန်းမ ကောက်ယူလိုက်သော ကြောင့် အနည်းဆုံးတော့ ကြင်ကြင်နာနာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူတို့မှာ မိခင်အစားထိုး မိထွေးတော့ ရှိကြသေးသည်။

အမေနှင့်ပတ်သက်၍ ကျွန်တော် သိသည့် တစ်ခုတည်းသော အရာမှာ အမေသည် ရန်ကုန်မှာ နေထိုင်ပြီး နေထိုင်မကောင်း ဖြစ်နေသည် ဆိုခြင်းပင်။ ဘာဝေဒနာတွေ ခံစားနေရသည် ဆိုခြင်းကိုတော့ ကျွန်တော် မသိ။

သူ ဘာတွေ ကြိုက်တတ်ပြီး ဘာတွေ မကြိုက် ဆိုတာ ကျွန်တော့်မှာ အဖြေ မရှိ။ အမေဟာ ကျွန်တော့်လို ထမင်းကြိုက်သလား၊ သူ့အစ်ကို ကျွန်တော့် ဘကြီးဘလို ခေါက်ဆွဲ ကြိုက်သလား။

အမေဟာ ညညဆို နှစ်နှစ်ခြိုက်ခြိုက် တိတ်တိတ်ငြိမ်ငြိမ် အိပ်တတ်သလား၊ ဒါမှမဟုတ် ဘကြီးဘလို တစ်ရေးနိုးပြီး ကျွန်တော့်ကို အိပ်ရာမှာ မတွေ့လျှင် တကြော်ကြော် အော်ခေါ်နေတတ်သလား-ဒါလည်း ကျွန်တော် မသိ။

အမေ့ရန့်ကကောဘယ်လိုများလဲ။ အမေ့အသံကကော၊ ကျွန်တော်က အမေနဲ့ တူသလား၊ မတူဘူးလား။

ကုန်ကုန်ပြောရလျှင် အမေ့ကို ဘယ်တုန်းက နောက်ဆုံးတွေ့ခဲ့သလဲ ဆိုတာတောင် ကျွန်တော် မမှတ်မိနိုင်တော့။

ဘကြီးဘမှာတော့ စာအုပ်ညှပ်အဖြစ် သုံးသော အမေ့ ဓာတ်ပုံလေး တစ်ပုံ ရှိခဲ့ဖူးသည်။ အမေရယ်၊ ဘကြီးဘရယ်၊ ကျွန်တော်ရယ်၊ ဦးထုပ်တွေ သိုးမွှေး လက်အိတ်တွေ ကိုယ်စီနှင့် နှင်းတွေဝေနေသည့် ဝရန်တာစကြံတစ်ခုမှာ မတ်တတ် ရပ်နေသည့် ပုံ။ ကျွန်တော်က အမေ့ရင်ခွင်ထဲမှာ၊ အမေက ကျွန်တော့်ကို စောင်နှင့် ထွေးပွေ့ထားသည်။ အားလုံး ကင်မရာကို စူးစူးစိုက်စိုက် ငေး၍ ကြည့်နေကြသည်။

တစ်နေ့မှာတော့ ဘကြီးသည် စာအုပ်ကို ခြံဝင်းထဲ မေ့ထားခဲ့ရာမှ မိုးကြီးလေကြီး ကျသောအခါ စာအုပ်ရော ဓာတ်ပုံပါ ပျော့ဖတ်ဖြစ်သွားခဲ့သည်။ ခုတော့ အမေ့ဓာတ်ပုံသည် အရောင်တွေ ရောနေသည့် ရောင်ပြေးတစ်ခု အဖြစ် သာ မြင်ရတော့သည်။

ကျွန်တော့်အကျင့်တစ်ခုက စိတ်ထဲမှ မောင်းထုတ်လိုသည့် အတွေး များ ဝင်လာပြီ ဆိုလျှင် ကိန်းဂဏန်းတွေကို ကျယ်ကျယ်လောင်လောင် ရွတ်ဆို ရေတွက်တတ်၏။ မစဉ်းစားလိုသည့် ကိစ္စနှင့် ကြုံပြီ ဆိုတာနဲ့ ကျွန်တော် စတင် ရေတွက်ပြီ။ ခြိမ်းခြောက်ခံရလျှင်၊ သို့တည်းမဟုတ် ပူပင်သောက တစ်ခုခု ရောက် လာလျှင်လည်း ထိုနည်းလည်းကောင်း။ ထောပတ်သီးတွေကို လည်းကောင်း၊ စံပယ်ပွင့်တွေကို လည်းကောင်း၊ စက်ဘီးက စပုတ်တိုင်တွေကို လည်းကောင်း၊ လှေကားထစ်တွေကို လည်းကောင်း ဘာဖြစ်ဖြစ် ရေတွက်လို့ရလျှင် ပြီးရော။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ ဆယ့်တစ်၊ ဆယ့်နှစ်၊ ဆယ့်သုံး။

ဒါပေမဲ့ ဒီနေ့တော့ စိတ်အနှောင့်အယှက် ဖြစ်စေသည့် အတွေးတွေကို ပြုမြဲနည်းဖြင့် ဖယ်ထုတ်၍ မရ။

အမေ့ကို ခေါင်းထဲက ထုတ်လို့ မရ။

ကြက်တွေကြားမှ ခြံထောင့်ရှိ ပုရွက်ဆိတ်အုံဆီ ဦးတည်၍ လျှောက် လာမိသည်။

ထောင်ချီသော ပုရွက်ဆိတ်များသည် မည်းမည်းအတန်းကြီး နှစ်တန်းအဖြစ် စက္ကူပြန်းချံ့မှသည် သဘော်ပင်ဆီသို့ ဦးတည်နေကြသော်လည်း ဘယ်လိုအကြောင်းကြောင့်လဲ မသိ၊ ရုတ်တရက် ကွေ့သွားပြီး တစ်ဖက်ခြံထဲ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

ပုရွက်ဆိတ်များကို ငေးနေရခြင်းသည် ကျွန်တော့်အကြိုက် ဖြစ်၏။ အင်အားဟူသည် အရွယ်အစားနှင့် မဆိုင်ကြောင်း ပြသနိုင်သည့် သက်ရှိသက်သေဖြစ်သည်။ သူတို့ထက် အဆမတန်ကြီးသော လေးသော သစ်ရွက်တွေ၊ အပ်တွေ၊ သစ်ခေါက်တွေကို သူတို့ သယ်ဆောင်နိုင်သည်။ သူတို့လမ်းကြောင်းပေါ်တုတ်ချောင်းတွေ၊ ခဲလုံးတွေ ချထားသည် ဆိုပါစို့၊ ခဏတော့ သူတို့ ရပ်တန့်သွားမည်။ ပြီးလျှင် ခြေချောင်းသေးသေးလေးတွေနှင့် စမ်းကာစမ်းကာ အတားအဆီးပေါ်မှဖြစ်စေ၊ ဘေးမှဖြစ်စေ ကျော်သွား ဖြတ်သွားပြီး ပန်းတိုင်ကို ရှေးရှုမည်သာ။ ပုရွက်ဆိတ်ဆိုတာ တစ်ကြောင်းတည်းသော စိတ်နှင့် သတ္တဝါ၊ သူတို့ ပန်းတိုင်ကို မရောက်နိုင်အောင် တားဆီးမည့်အရာ ဟူသည် မရှိ၊ ဘယ်အတားအဆီးကိုမှ သူတို့ မမှု၊ မဖြုံ။

ထိုအတွေးက ကျွန်တော့်ကို များစွာ စိတ်သက်သာရာ ရစေသည်ကို တွေ့လိုက်ရ၏။

ပြီးတော့ ပုရွက်ဆိတ်မှာ အကြောက်တရား နတ္ထိ။ သူတို့ကို ခြေထောက် ဖြင့် နင်းခြေသွားဦး၊ မတုန်မလှုပ်၊ မူလအလုပ်ကို လုပ်နေမည်သာ။ ခဲနဲ့ပေါက် လိုက်လျှင် ရှဲခနဲ အရပ်ရှစ်မျက်နှာ ခြေဦးတည့်ရာ ပြေးတတ်သည့် ပျားတွေ၊ ပိုးတုံးလုံးတွေ၊ ချေးပိုးထိုးတွေနှင့် အကွာကြီး ကွာ၏။

ပုရွက်ဆိတ်တွေကို အငေးကြီးငေးရင်း အချိန်ကို မေ့သွားသည်။ နေလို့ ထိုင်လို့ ကောင်းလာသည်။ ထို့ကြောင့် အိမ်သို့ ပြန်လာခဲ့၏။

အဝတ်တွေ ဖွပ်ရမည်။ ဘကြီးဘ၏ ရှပ်အင်္ကျီ နှစ်ထည်၊ ကျွန်တော့် ကျောင်းစိမ်းလုံချည် နှစ်ထည်၊ တီရှပ်တွေ၊ အဝတ်တွေ နားမှာတော့ ပေါင်းမြက်ရှင်းသည့် ကောက်ဆွတံ၊ သို့သော်လည်း ခု ဘာမှ မလုပ်ချင်သေး၊ ဘကြီးဘကို သွားကြည့်ဦးမည်။

ဘကြီးသည် ဆိုဖာပေါ်တွင် မလှုပ်မယှက် လှဲနေဆဲ၊ စောင်ကတော့ ကြမ်းပေါ်ကျနေ၏။ စောင်ကို ယူပြီး ခေါက်လိုက်သည်။ ခု အတော်နွေးလာပြီပဲ။

ကျွန်တော် စက်ဘီးကို မပြင်သေးဘဲ တခြားစက်ဘီးကို ယူကာ မြို့ထဲ သို့ စီးလာခဲ့သည်။

ယနေ့သည် ဈေးနေ့ ဖြစ်သောကြောင့် မြို့ထဲမှာ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ ဒိန်းဒလိန်း ထိုးနေသည်။ မော်တော်ဆိုင်ကယ် တစ်စီးကြောင့် ကျွန်တော့်စက်ဘီး လမ်းဘေးထိုးကျမလို ဖြစ်သွားသေးသည်။ အာရုံစိုက်၍ အသေအချာ နင်းလာရသည်။ ဘကြီးဘ၏ အပြောအရတော့ ကလော လမ်းမ တွေပေါ်မှာ မကြာသေးခင် အချိန်လောက်အထိ ကားတွေ၊ ဆိုင်ကယ်တွေ သိပ်မရှိသေး တဲ့။ လမ်းလျှောက်ချင် လျှောက်၊ စက်ဘီး စီးချင် စီး၊ မြင်းလှည်း စီးချင် စီး၊ ထိုသို့သာ လိုရာခရီးကို နင်တတ်ကြသတဲ့။ ည ကိုးနာရီလောက်ဆို လျှပ်စစ်မီးက မရတော့။ တစ်လောကလုံး ချစ်စရာအသွင်ဖြင့် တိတ်ဆိတ် ငြိမ်သက်နေတတ်သတဲ့။ တတ်နိုင်သူတွေက ဖယောင်းတိုင်လေးတွေ ထွန်း၊ မတတ်နိုင်သူတွေက စက်ရာခန်းကို ကြွမြန်း၊ ဒါပဲ။ ကွန်ပျူတာ မရှိ၊ တယ်လီဖုန်း မရှိ၊ နိုင်ငံခြားခရီးသည် နတ္ထိ ဆိုပဲ။

အဲသလိုအခြေအနေမျိုးကို တွေးကြည့်ဖို့တောင် ခပ်ခက်ခက်ရယ်။ ခုဆို ဆဲလ်ဖုန်းမရှိဘဲ မနေတတ်သည့် လူကြီးတွေ အဲဒီအချိန်တုန်းက ဘာမှ မရှိဘဲ ဖြတ်သန်းလာတယ် ဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား။

ဈေးထဲက ဆိုင်ခန်းတွေကတော့ မိုးပက်မှာ စိုး၍ တာလပတ်ကြီးတွေ ကာထားကြသည်။ တာလပတ်တွေ အတွင်းမှာတော့ လူတွေ ကြိတ်ကြိတ်တိုး။ ငါးခြောက်နံ့၊ နံနံပင်နံ့၊ လတ်လတ်ဆတ်ဆတ် ကြိတ်ထားသည့် ငြုပ်သီးမှုန့် နံ့တွေ လှိုင်လို့၊ အသားတန်းကိုတော့ ရှောင်ခဲ့သည်။ အသားစိမ်းနံ့ကို ကျွန်တော် မခံနိုင်၊ နှာခေါင်းထဲမှာ နာရီနှင့်ချီ၍ စွဲကျန်ခဲ့သည်။ တော်တော်နှင့် မပျောက်။

လူပေါင်းစုံကြားထဲမှာ ကလေးလေးတွေနှင့် သားသည် မိခင်တွေကို သာ ကွက်မြင်နေသလို ခံစားမိသည်။ တချို့မိခင်တွေက ကလေးပေါက်စလေး တွေကို မုန်လာဥနီတွေ၊ အာလူးတွေနှင့်အတူ ပွေ့ပိုက်ထားကြသည်။ တချို့က ကျောမှာ အဝတ်နှင့် သိုင်း၍ ပိုးထားသည်။ တချို့က ချီပိုးထားသည်။ ကလေး ချော့နေသော မိခင်၊ နို့တိုက်နေသော မိခင်၊ သီချင်းဆို သိပ်နေသော မိခင်။

တို့ကို မြင်ရတော့ လှိုက်ခနဲ ဝမ်းနည်းလာပြန်သည်။ ဈေးထဲမှာ ယောင်လည်လည်ဖြင့် လျှောက်သွားနေမိသည်။ အိမ်ပြန်ပြီး ဘကြီးအနားမှာ လှဲ၍သာနေချင်တော့သည်။ သို့သော် သူမနေ့ကမှာထားသော လက်ဖက်ခြောက် နှင့် ဆေးပေါ့လိပ်ထုပ် ဝယ်ရမည်။ နေ့လယ်စာအတွက် ကြက်ဥတွေ၊ ဟင်းသီး ဟင်းရွက်တွေ ဝယ်သည်။ မုန့်တွေ ဝယ်သည်။ ဘုရားပန်းလဲဖို့ ဂန္ဓာမာ အဝါနှင့် အဖြူ တစ်စည်းစီ ဝယ်သည်။ အချိုမုန့်တွေ ရောင်းသောဆိုင်မှ ဘကြီးအတွက် ဘရဖီ နှစ်ခု ဝယ်သည်။ သူ မတောင်းဆိုပေမယ့် သူ ဒါတွေ ကြိုက်တတ်မှန်း ကျွန်တော် ကောင်းကောင်းသိသည်။ ပြီးတော့ စက်ဘီးပေါ်တက်၍ ကိုအေးမင်း ဆီ ထွက်လာခဲ့သည်။

ကိုအေးမင်း၏ ရုံးခန်းက ဈေးနှင့် သိပ်မဝေးသည့် လမ်းကလေးတစ်ခု မှာ တည်ရှိ၏။ အကြမ်းပတမ်းခရီးဆန်း-အာရွှန်နှင့်အတူ လန်း ဆိုသော ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသည်။ သူ့ကိုယ်သူ အာရွှန်တဲ့။ သူ့ဖောက်သည်တွေက ဇမာနာမည်ကို မမှတ်နိုင်မှာစိုးလို့ အာရွှန် ရခြင်း ဖြစ်ပါသတဲ့။ သူ့အလုပ်က လူတွေနှင့်အတူ လျှောက်သွားရင်း ပိုက်ဆံရသော တိုးရစ်ဂိုက်အလုပ်ဟု သူကဆို၏။ ဧည့်သည်တွေနှင့်အတူ လမ်းလျှောက်ရုံနှင့် ငွေရသည် ဆိုသော ထူးဆန်း သည့် အလုပ်အကြောင်း သေချာရှင်းပြဖို့ ကျွန်တော် သူ့ကို တစ်ခါမက တိုက်တွန်း မေးမြန်းဖူးပါ၏။ ကူညီချင်စိတ်၊ ပျူငှာယဉ်ကျေးမှုနှင့် ဝန်ဆောင်မှု သဘောတဲ့။ တိုးရစ်ဇင် ပါပဲတဲ့။ ကျွန်တော်က သိပ်ငယ်သေးလို့ သေချာ နားမလည်သေးတာပါတဲ့။ ဘာတွေမှန်းတော့ မသိတာ အမှန်။

ကလောမြို့ကို ဝိုင်းရံထားသော ပအိုင်းရွာ၊ ကရင်ရွာ၊ ဓနုရွာ၊ ပလောင်ရွာတွေကို လျှောက်သွားရတာ ဘာများ အကြမ်းပတမ်း ခရီးဆန်း ဖြစ်လို့တုံး။ ကျွန်တော့်အတွက်တော့ နားမလည်နိုင်စရာပင်။ သို့သော် ပွင့်လင်းရာသီဆို နိုင်ငံခြားခရီးသည်တွေ ပြုံဆင်းလာပြီး ကိုအေးမင်းလည်း လွန်စွာမှ အလုပ်များတော့သည်။ သူ့ကို မြင်ရတွေ့ရဖို့ ခက်လောက်အောင်ပင် ခရီးတွေ လက်မလည်အောင် ပို့ရသည်။ မိုးတွင်းဆိုလျှင်တော့ ဧည့်သည် ပါးရှားလှ၏။ ကိုအေးမင်း လည်း သူ့ရုံးခန်းမှာ ဖင်မြဲနေသည်ကို တွေ့ရသည်။ ဘာမှလည်း လုပ်စရာ မရှိဘူး ကိုး။ ထိုအခါမျိုးဆို သူကျွန်တော့်အတွက် အချိန်တွေ တစ်ထောကြီး ပေးနိုင်သည်။ နှစ်ယောက်သား စစ်တုရင် ကစားလျှင် ကစား၊ ဘောလုံးပွဲအကြောင်း ပြောချင် ပြော၊ သူ့မှာက သားလည်း မရှိ၊ မယားလည်း မရှိ၊ သို့သော် မန္တလေးက အမျိုးသမီး တစ်ဦးနှင့် ချစ်သူဖြစ်ခဲ့ဖူးသည်။ ထိုအမျိုးသမီးက ကိုအေးမင်းကို သူ့မိဘများနှင့် မိတ်ဆက်မပေးချင်၊ သူတို့နှစ်ယောက် ခဏခဏလည်း မတွေ့ဖြစ်ကြ၊ ထိုအမျိုး သမီး ကလော ရောက်လာလျှင်တော့ ကိုအေးမင်းမှာ ကျွန်တော့်အတွက် အချိန် မရှိလေတော့၊ သို့သော်လည်း ပြဿနာ မရှိပါ။ သူ ကလောမှာ ဘယ်တော့မှ ကြာကြာနေလေ့ မရှိ၊ ခုတော့ မလာတာ ကြာလေပြီ။ ပြတ်သွားကြပြီ ထင်သည်။

ကိုအေးမင်းသည် အသက်သုံးဆယ် ပတ်လည်ခန့် ရှိလောက်ပြီ။ ကျွန်တော့် ထက် များစွာ အသက်ကြီးသော်လည်း ကျွန်တော့်အတွက်တော့ အစ်ကိုလိုပင်။ အသက်ကွာခြင်းက အကြောင်းမဟုတ်။ ပြောစရာစကားတွေ အများကြီး ရှိကြသည်။ သို့သော် ဒီနေ့လိုမျိုး စကားပြောဖို့ အာရုံမရကြတာမျိုးလည်း ရှိတတ်သေးသည်။ ထို့ကြောင့်လည်း ဘာမှ သိပ်မပြောဖြစ်ကြ။

ကိုအေးမင်းကား ကျွန်တော့်ကို မေးရမည့် မေးခွန်း၊ မမေးရမည့် မေးခွန်း ကောင်းစွာ ခွဲခြားသိသူ ဖြစ်၏။ ပြောစရာမလိုဘဲ နားလည်တတ်သည့်လူမျိုး ဖြစ်မည် ထင်သည်။ သူ ကျွန်တော့်ကို ကျွန်တော့်မိခင်အကြောင်း တစ်ခါ ဖူးမှ မမေးခဲ့။

ကျောင်းက ဆရာမတွေ၊ တခြားကလေးတွေနှင့် ကွဲပြားစွာပင် ကျွန်တော့်မျက်နှာက အမာရွတ်ကြီး အကြောင်းလည်း တစ်ခါမှ မမေးခဲ့။ မီးခြစ်ဆံ ခေါင်းလောက် ကျယ်ပြန့်သော နီညိုညို အမာရွတ်ကြီးသည် ကျွန်တော့်ဘယ်ဘက် နှုတ်ခမ်းထောင့်မှသည် နားရွက်အောက်ထိ ရောက်လုအောင် ဖြန့်ကြက် တည်ရှိသည်။ အိမ်မှာ မှန်တစ်ချပ်မှ မရှိသဖြင့် ထိုအမာရွတ်ကို ကျွန်တော် မြင်တွေ့ရခြင်း မရှိဟု ဘကြီးဘက ယူဆနေသော်လည်း သူ့အထင် မှား၏။ မှန်မရှိသော်လည်း လူတိုင်းက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ ကြည့်ကြည့်သွားသည့် အကြည့်တို့ မှာ အမာရွတ်ကို ကျွန်တော် ထင်းနေအောင် မြင်ရပါသည်။

ထိုအမာရွတ်က တင်းသလို၊ ယားသလို ဖြစ်လာသောအခါမျိုးမှာ ရာသီဥတုတစ်မျိုးတစ်ဖုံ ပြောင်းလဲတော့မည် ဆိုခြင်းကို ကျွန်တော် သိနေတတ်သည်။ အမာရွတ်က နာသလိုလို၊ ပူစပ်ပူလောင်လိုလို ဖြစ်လာချိန်များမှာလည်း ပြဿနာ တစ်စုံတစ်ရာကို ရင်ဆိုင်ရမည်မှန်း ကျွန်တော် သိနေပြန်သေးသည်။

ကျွန်တော့်ကို မြင်ရသည့်အတွက် ကိုအေးမင်းကား ဝမ်းမြောက်ပျော်ရွှင်နေပုံပင်။ ရုံးနောက်ခန်းထဲမှာ ထိုင်ရင်း သူ စာအုပ်တစ်အုပ် ဖတ်နေ၏။ စားပွဲပေါ်မှာတော့ မဖွင့်ရသေးသည့် စာတွေ၊ သတင်းစာတွေနှင့် မြေပုံတွေ ရှိနေသည်။ သူ့ခြေနှစ်ဖက် ကြားမှာတော့ တစ်ဝက်ကျန် ကိုကာကိုလာ တစ်ပုလင်း တွေ့ရသည်။

သူက စာအုပ်ကို ဘေးသို့ ချလိုက်ပြီး "ဟေး... ရှားလော့ခ်" ဟု ကျွန်တော့်ကို နှုတ်ဆက်သည်။ သူနှင့် ကျွန်တော် ရှားလော့ခ်ဟုမ်း ရုပ်ရှင်နှစ်ကားကို အတူကြည့်ပြီးကတည်းက သူ ကျွန်တော့်ကို ထိုသို့ ခေါ်လေ့ရှိသည်။ မေးခွန်းတွေ အဆက်မပြတ် မေးတတ်ခြင်းနှင့် ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးတို့ ကြောင့် ကျွန်တော့်ကို မြင်လေတိုင်း ကမ္ဘာကျော်စုံထောက်ကြီးကို သူ အမှတ်ရမိ သည်ဟု ကိုအေးမင်းက ဆို၏။

"တွေ့ရတာ ဝမ်းသာသကွာ၊ အခြေအနေ ဘယ်လိုတုံး"

"ကောင်းပါတယ်၊ အစ်ကိုကော"

"အေးဆေးပဲကွ"

သူ မုသားဆိုခြင်း ဖြစ်သည်။ ကိုအေးမင်းသည် အကြီးအကျယ် စိတ်ဓာတ်ကျနေ၏။ သူ ကျွန်တော့်ကို ညာ၍ မရ။ ကျွန်တော့်မှာ ပါရမီတစ်ခု ပါလာသည် ဆိုရမည်လား၊ လူတွေ၏ ခံစားချက်ကို သူတို့ မျက်ဝန်းတွေကတစ်ဆင့် ကျွန်တော် ခံစားသိရှိ နေတတ်သည်။

မျက်ဝန်းထဲမှာ မိုးရွာသလို မျက်ရည်တွေ ပြည့်နေခြင်းကြောင့် ထိုသူ ဝမ်းနည်းကြေကွဲနေကြောင်း သိရှိခြင်းမျိုးကို ပြောနေသည် မဟုတ်။ ဒါကတော့ လူတိုင်း သိနိုင်သော အရာ ဖြစ်သည်။ ကျွန်တော်က ထိုသို့ မဟုတ်။ လူတစ်ယောက် ရယ်မောနေချိန်မှာပင် ထိုသူသည် ကြေကွဲနေကြောင်း သိရှိနိုင်ခြင်းမျိုး ဖြစ်သည်။

အားလုံးကောင်းပါသည် ခင်ဗျားဟု ဟစ်ကြွေးနေသော်ငြား အကြင်သူ တစ်ဦးသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေခြင်းကို ကျွန်တော် သိ၏။

စိတ်ဆိုးပြနေသူတစ်ဦးသည် ဒေါသကို သူ့အကြောက်တရားအတွက် မျက်နှာဖုံးအဖြစ် အသုံးပြုနေကြောင်းကို ကျွန်တော် သိ၏။

ခင်မင်ရင်းနှီးဟန် လေသံပစ်နေသော်ငြား နောက်ကွယ်က စိတ်မသက် မသာ ခံစားမှုတွေကို ကျွန်တော် သိ၏။

မျက်လုံးကား ဟန်မဆောင်တတ်၊ မလိမ်တတ်။ ဟန်ဆောင်ချင်ဦး၊ လိမ်ချင်ဦးတော့ မျက်လုံးမှာ ထိုထိုသော အစွမ်းအစသည် နတ္ထိ-မရှိ။ ကျွန်တော် ပိုသိလိုလျှင် မျက်ဝန်းများက ပို၍ ပို၍ပင် ပြောပြနိုင်စွမ်း ရှိသေးသည်။ တစ်စုံ တစ်ယောက် လိမ်နေသည်ကို သိသိနှင့် ထိုင်ကြည့်နေရခြင်းသည် ပင်ပန်းလှချေ သည်တကား။

ထို့ကြောင့်ပင် ကျွန်တော်သည် တစ်စုံတစ်ယောက်ကို ကြာကြာ မျက်လုံး ချင်း ဆိုင်၍ မကြည့်၊ အဝေးသို့ ငေးနေလိုက်သည်။ နောက်ပိုင်းမှာတော့ ကြည့် သော်လည်း မမြင်အောင် နေတတ်လာသည်။ နားထောင်သော်လည်း မကြားဘိ သကဲ့သို့။

ထိုပါရမီကို သိရှိသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ကတော့ ကျွန်တော် ဘကြီးဘသာ။ ကျွန်တော် သူ့ကို ထိုအကြောင်း ပြောပြသောအခါ သူက အတွေးနှံ့ ထဲ နစ်သွားခဲ့သည်။ မီးသေနေသော ဆေးပေါ့လိပ်ကို သတိလက်လွတ် ဖွာရင်း ခေါင်းတွေ ယမ်းနေသည်။ သူ့နား သူ မယုံနိုင်သကဲ့သို့။ သို့သော် ကျွန်တော့်စကားကို သူ သံသယမရှိကြောင်းတော့ ကျွန်တော် သေချာ ပြောနိုင်သည်။ ထူးကဲသော အကြားအာရုံမျိုးကော ရှိသလားဟုဘကြီးက ကျွန်တော့်ကိုမေးသည်။ ဘာကြောင့် မှန်းတော့ ကျွန်တော် မသိ။ အဆုံးမှာတော့ လူတွေ၏ စိတ်ခံစားမှုတွေကို မည်သို့ သိရှိနိုင်သနည်းဟု သူ မေးပြန်၏။ သူ့မေးခွန်းကို ကျွန်တော် မဖြေတတ်။ ဒီအတိုင်း သိနေခြင်းမျှသာ။ ကျွန်တော့်အတွက်တော့ မျက်လုံးများသည် မီးတောက်ထဲက မီးကျီးခဲလေးတွေလို တောက်တတ်၊ လောင်တတ်၊ လင်းတတ်သည်။ တစ်ခါ တလေ လင်းလက်တောက်ပ၊ တစ်ခါတလေ မှေးမှိန်၊ တစ်ခါတလေတော့ ငှက်သေ မျက်လုံးအလား အထဲမှာ ဗလာနတ္ထိ၊ တစ်ခါတလေလည်း အသတ်ခံရလုဆဲဆဲ ကြက်၏မျက်လုံးလို အကြောက်တရားတွေ တင်းကျမ်းပြည့်နှက်၊ တစ်ခါတလေ

တော့ အိုင်ထဲက ရွှံ့ရေတွေလို နောက်ကျိ ရှုပ်ထွေး၊ တစ်ခါတလေမှာ နေမင်းလို ဝင်းဝင်းတောက်၊ ပသို့ဆိုစေ အကြည့်တိုင်းမှာတော့ အဓိပ္ပာယ်ကိုယ်စီ ရှိကြ သည်မှာ အသေအချာပင်။

မွေးကင်းစ ကလေးငယ်လေးများသည် မွေးပြီး လအနည်းငယ်ကြာ သည်အထိ ထိုစွမ်းရည်မျိုး ရှိတတ်သည်ဟု ဘကြီးက ဆို၏။ ကလေးငယ်များ သည် မေမေ့ မျက်ဝန်းအကြည့်ကို ဖတ်တတ်သည် တဲ့။ အရင်တုန်းကလည်း ဒီကိစ္စကို ဘကြီးနှင့် ကျွန်တော် ပြောခဲ့ဖူးသလား။ ကျွန်တော် မသိတာလည်း ဖြစ်ချင် ဖြစ်မည်။ သို့သော်တစ်ခါတလေတော့ဘကြီးဘသည် သူ့မျက်လုံးတွေကို ကျွန်တော် စေ့စေ့ကြည့်ခွင့် မပေးခဲ့သည့် အချိန်တွေ ရှိခဲ့ဖူးသည်ဟု ကျွန်တော် ခံစားနေမိသည်။

ကလောမှာ လူ့စိတ်ကို ကောင်းစွာ ဖတ်တတ်သည့်သူ တစ်ယောက်၊ နှစ်ယောက် ရှိသည်ဟု ဘကြီးက ဆိုသည်။ ဥပမာအားဖြင့် ဝေဒကဝိ ဆရာကြီး ပေါ့တဲ့။ တောင်ပေါ်ကျောင်းက ဘုန်းဘုန်းကြီးလည်း ထိုအစွမ်းမျိုး ရှိချင် ရှိမည်။ တကယ် ဟုတ်၊ မဟုတ် ကျွန်တော် မသိပါ။ လူတွေ၏ အတွေးကို မည်သည့်နှုန်း နှင့်မှ ကျွန်တော် မဖတ်တတ်။ ကာယကံရှင်ကိုယ်တိုင် သူတို့ ဘာစဉ်းစားနေသည် ဆိုခြင်းကို ဖွင့်ဟဦးတော့၊ သူတို့ ဆိုလိုသည်ကို နားလည်ဖို့ ကျွန်တော့်အတွက် ခက်လွန်းလှသေးသည်။

ခု ကိုအေးမင်း၏ မျက်လုံးများမှတစ်ဆင့် တစ်စုံတစ်ရာက သူ့ကိုဖိစီးနှိပ်စက်နေကြောင်း ကျွန်တော် မြင်နေရသည်။ ထိုအရာ ဘာလဲ ဆိုတာကို ကျွန်တော် စောကြောရတော့မည်။ ဒါက ကျွန်တော် အမြဲကြုံနေရသည့် ပြဿနာ။ လူတစ်ယောက် ပျော်နေသလား၊ ပူပင်သောက ရောက်နေသလား၊ စိတ်ဓာတ်ကျ နေသလား ဆိုတာ ကျွန်တော် ပြောနိုင်သည်။ သို့သော် ဘာကြောင့်ဆိုတာ ကျွန်တော် မသိ။ အေးဆေးပဲ ဟု ပြောနေသော်လည်း တကယ်တမ်းမှာ နည်းနည်းမှ မအေးဆေး ကြောင်း ကျွန်တော် မြင်နိုင်သည်။ စကားလုံးထက် မျက်ဝန်းအကြည့်ကို ပိုမို အားစိုက်မိသည်ကလည်း အမှန်ပင်။ ခုတော့အရင်ကထက် ပိုသိလာပြီ ထင်မိသည်။

ကိုအေးမင်းက အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ကိုလာ တစ်ကျိုက် မော့လိုက်သည်။

"မင်း တစ်ခုခု သောက်ဦးမလား" ဟု ကျွန်တော့်ကို မေးသည်။

"တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

သူ့နောက်က နံရံမှာ ကပ်ထားသည့် မြန်မာနိုင်ငံ မြေပုံကြီးကို ငေးရင်း ကျွန်တော် ပြန်ပြောလိုက်သည်။

“ဖတ်စရာအသစ် ဘာရှိလဲ အစ်ကို”

ကိုအေးမင်းက ထရပ်လိုက်ပြီး စာအုပ်စင်ဆီ သွား၏။ သူ ဂိုက်လုပ်နေ သည့် ဧည့်သည်များ၊ တောင်ပေါ်ခရီး ထွက်ကြသည့် ဧည့်သည်များဆီမှ စာအုပ် တွေ သူ အမြဲရတတ်သည်။ ကျွန်တော်တို့အတွက် အသုံးမတည့်သော ဖင်လန် ဘာသာ၊ ကိုရီးယားဘာသာ၊ ပြင်သစ်ဘာသာဖြင့် ရေးထားသော စာအုပ်များ လည်း ရတတ်သည်။ အင်္ဂလိပ်စာအုပ်တွေ ဆိုလျှင်တော့ ကျွန်တော်တို့ ပျော်ပွဲဖွဲ့ရ သည်ပေါ့။ ကလောမှာ တခြား ဘယ်နေရာမှာမှ ရှာ၍ မရနိုင်သည့် စာအုပ်တွေ၊ ကျွန်တော်တို့ နှစ်ယောက်လုံးက စာအုပ်သရဲတွေ။ ကိုအေးမင်းသည် စာအုပ် အနှောင့်တွေကို သေချာကြည့်ပြီး တစ်အုပ်ကို ဆွဲထုတ်ကာ ကျွန်တော့်ဆီ ကမ်း ပေး၏။

အင်တာနေရှင်နယ် ဘက်ဆဲလား တဲ့။ ဂျွန်ဂရင်းတဲ့။ တစ်ခါမှ မကြားဖူး။ ခေါင်းစဉ်ကို ဖတ်ကြည့်လိုက်သည်။

“နက္ခတ်မှားတဲ့ ကျွန်တော်တို့၏ ကြယ်တာရာများ” ဆိုပဲ။

“တော်ပြီ၊ တော်ပြီ ကျွန်တော် ဗေဒင်တွေ၊ နက္ခတ်တွေ စိတ်မဝင်စားဘူး”

“အာ.... အဲဒါမျိုး မဟုတ်ဘူးဟ၊ ဒါက တကယ်ကောင်းတာ၊ ငါ အာမခံတယ်”

ကျွန်တော် စာအုပ်ကို ဝယ်လာသော ပစ္စည်းတွေနှင့်အတူ ဈေးဝယ်အိတ်ထဲ ထည့်ပြီး ကျေးဇူးပဲဟု ပြောလိုက်သည်။

“ကွန်ပျူတာ သုံးဦးမလား”

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

ကိုအေးမင်းသည် သူ အသုံးမလိုချိန်များမှာ သူ့ ကွန်ပျူတာကို ကျွန်တော် သုံးလိုရာ သုံးဖို့ ခွင့်ပေးထားသည်။ ကျွန်တော်တို့အိမ်မှာက တယ်လီဗီးရှင်းပင် မရှိ။ ကွန်ပျူတာ ဆိုတာကတော့ စကားထဲ ထည့်ပြောနေစရာပင် မလို။ ကျွန်တော် တို့၏ ဆဲလ်ဖုန်းကလည်း ကမ္ဘာဦးက ခုနစ်ဆွေး ရှစ်ဆွေး ဖုန်းကြီး။ ဖုန်းဆက်ဖို့ က လွဲ၍ ကျန်တာ ဘာမှ လုပ်မရ။

တကယ်တော့လည်း ကျွန်တော်တို့ဆီ ဘယ်သူမှ ဖုန်းမခေါ်ပါ။ ဖုန်းစာရင်း မှာလည်း နံပါတ်က တစ်ခုသာ ရှိ၏။

ထွေရာလေးပါး အကုန်လုပ်လို့ရသော ခေတ်မီ ဆဲလ်ဖုန်းမျိုး ကျွန်တော် တို့ မလိုအပ်ဟု ဘကြီးဘကတော့ ပြော၏။ တစ်ကမ္ဘာလုံးကို ဝင်ခွင့်ပြုရလောက်

အောင်သူ့နှလုံးသားက ကြီးမားကျယ်ပြန့်ခြင်း မရှိသလိုကျွန်တော့်နှလုံးသားက လည်း နုနယ်ပျိုမျစ် လှသေးသတဲ့လေ။

"စစ်တုရင် ကစားကြမလား"

ကျွန်တော် ကိုအေးမင်းကို မေးလိုက်တော့ သူ ခေါင်းညိတ်သည်။ ပြီးခဲ့သည့် သုံးလေးပတ်လောက်က ကျွန်တော် သူ့ကို ပေးထားသည့် စစ်တုရင်ခုံသစ် နှင့်အတူ အရုပ်တွေကို သူ ထုတ်လာသည်။ အဆိုပါ စစ်တုရင်ခုံကို ကျွန်တော့် ဘကြီး အကူအညီဖြင့် ကျွန်တော်ကိုယ်တိုင် ပိတောက်သားနှင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အနုစိတ် စိတ်ရှည်လက်ရှည် လုပ်ခဲ့ခြင်းပါ။ ကိုအေးမင်း၏ ပလတ် စတစ် စစ်တုရင်ခုံဟောင်းမှာ ကြွက် ဖျက်ဆီး၍ ပျက်စီးခဲ့ပြီး ဖြစ်သည်။ ကိုအေးမင်း က ခုံနားမှာ အချိန်မှတ်နာရီကို ချ၏။ ကျွန်တော်တို့ ခပ်မြန်မြန် နှစ်ပွဲကစား၏။ သူက နှစ်ပွဲလုံး အလွယ်တကူ အနိုင်ရခဲ့သည်။

"မင်း ဘာဖြစ်နေတာလဲ"

သူရော ကျွန်တော်ပါ စစ်တုရင်ကစားသမားကောင်းတွေ ဖြစ်ကြ၏။ သို့သော် ယနေ့မှာတော့ ကျွန်တော့်စိတ်က တခြားရောက်နေခဲ့သည်။

ကချေသည်တစ်ယောက်၏ ကကြိုးတွေက ဘယ်လိုများ ခမ်းနားလှပ နေပါသလဲ။

လူတစ်ဦး၏ မျက်ဝန်းတွေ တောက်ပကြည်လင်မှုက ဘယ်လောက် တောင် လှပနေပါသလဲ။

တစ်စုံတစ်ယောက်၏ နှလုံးသားကို နွေးထွေးလာစေဖို့ ဘယ်လိုရယ်သံ မျိုးက စွမ်းဆောင်နိုင်ပါသလဲ။

"ဘာမှ မဖြစ်ပါဘူးဗျာ၊ ဘာမှ မဖြစ်ဘူး" ကျွန်တော် ပြန်ပြောလိုက်သည်။

သုံး

"ဟေ့… ရုပ်ဆိုးကောင်၊ ဟေ့… အမာရွတ်ကောင်"

ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ စိုးအောင်ပဲ။ သူ ကျွန်တော့် ကို မုန်းသလို ကျွန်တော်ကလည်း သူ့ကို ရောင်းသူ၊ ဝယ်သူ အသံတူ မုန်း၏။ အမြဲတမ်း ဟောင်ဖွာ ဟောင်ဖွာ လုပ်တတ်သော စိုးအောင်ကို သူ့နည်းတူ ဆိုးသော သူ့အစ်ကို နှစ်ယောက်ကြောင့် လူတိုင်း ရွံ့ကြရသည်။ အင်္ဂလိပ်စာ စာမေးပွဲမှာ သူ ကျွန်တော့်ဆီက ခိုးချသည်ကို ကျွန်တော်က ခွင့်မပြုသဖြင့် သူ ကျွန်တော့်ကို ငြိုးနေသည်။

"ဟေ့.. အမာရွတ်ကောင်"

"နောက်တစ်ခွန်း ထပ်ပြောကြည့်စမ်း၊ ငါ မင်းကို တွယ်ပြီသာ မှတ်"

ဘကြီးဘ၏ စည်းကမ်းချက်များကို စိတ်မှာ ဖျတ်ခနဲ အမှတ်ရမိ သည်။ ကိုယ့်ကို မုန်းတဲ့ လူတွေအပေါ် စိတ်ထား ကောင်းကောင်းထား၊ သူတို့မှာ မေတ္တာလိုအပ်တယ် ဘာညာသာရကာပေါ့။

"ဟေ့… အမာရွတ်ကောင်"

မချိုမချဉ်မျက်နှာပေးဖြင့် သူ ထပ်အခေါ်မှာ ကျွန်တော် လှုပ်ရှားလိုက် သည်။ သူ့ပါးနှင့် ကျွန်တော်လက်ဝါး အထိအတွေ့က အရသာရှိလှဘိခြင်း၊ ဖြန်းခနဲ အသံမှာ ကျောင်းဝင်း တစ်ဝက်လောက်က ကြားရမည် ထင်သည်၊ သူက ကျွန်တော့်ကို ချုပ်ပြီး တွန်းလှဲဖို့ ကြိုးစားသော်လည်း သူ့ထက်သန်မာ သော ကျွန်တော်ကသာ သူ့ကို ပြန်ချုပ်ထားနိုင်ခဲ့သည်။ တခြားကောင်တွေ ကျွန်တော်တို့နားကို ဝိုင်းလာကြပြီ။ စိုးအောင်က ကျွန်တော့်ကို ကိုက်ရန်၊ ကုတ် ရန်၊ ဆံပင်ဆွဲဆောင့်ရန် အပြင်းအထန် ကြိုးစားနေသည်။ အရင်ကလည်း ကျွန်တော် တို့နှစ်ယောက် အချင်းများဖူးသော်လည်း ဒီတစ်ကြိမ်က ပို၍ ပြင်းထန်သည်။ ကံမကောင်းချင်တော့ ကျွန်တော်တို့ သတ်ကြလေတိုင်း အနေးနှင့် အမြန် ဆိုသလို သူ့အစ်ကိုကြီးတွေ ရောက်လာလေ့ ရှိ၏။ ခုလည်း သူတို့၏ သန်မာ အားကောင်း သော လက်ကြီးတွေနှင့် ကျွန်တော့်ပခုံးကို ဆွဲကိုင်နေကြပြီ။ သူတို့က ကျွန်တော့် ကို သူတို့ညီနှင့် ဝေးအောင် ဆွဲထုတ်သည်။ ကျွန်တော့် ဗိုက်တွေ၊ ရင်ဘတ်တွေကို လက်သီးနှင့် ထိုးကြသည်။ နောက်ဆုံး ရွှံ့အိုင်ထဲ လဲ၊ နှုတ်ခမ်းလည်း ကွဲကာမှ ကျေနပ်တော်မူကြလေတော့သည်။

ဆရာတစ်ယောက် ရောက်လာပြီး ရန်ပွဲကို စဲစေ၏။ သူတို့ညီအစ်ကို

သုံးယောက်ကို ထုံးစံအတိုင်း ဝတ္တရားကျေ ဆူပူပြီး ကျွန်တော့်ကိုတော့ ထုံးစံ အတိုင်း ကျောင်းအုပ်ဆရာမကြီး ရုံးခန်းသို့ ပို့လေ၏။

ကျောင်းအုပ်ဆရာမကြီးကား သေးသေးညှက်ညှက် မိန်းမအိုကြီး ဖြစ်သော်လည်း အသံကတော့ အေးစက် မာကျောလှသည်။ ကျွန်တော့်အတွက် အခြေအနေက ကောင်းပုံ မရ။ သူ့မျက်လုံးတွေက ဒေါသခိုးတွေ လျှံနေသည်။

"ဟဲ့... ရန်ဖြစ်ပြန်ပြီလား"

ကျောင်းအုပ်ကြီးက ငေါက်ဆတ်ဆတ်မေး၏။ သူ့ရှေ့မှာ ကြောက်ရွံ့ ရိုကျိုးစွာဖြင့် ခေါင်းကလေး ငုံ့ကာ နေစေချင်ပုံပင်။ ကျွန်တော်ကလည်း ထိုသို့ မလုပ်နိုင်။ ခါးကိုမတ်မတ် ခြေစုံရပ်ကာ ရှေ့တည့်တည့်က နံရံကို စိုက်ကြည့်နေ လိုက်သည်။ သူ အခန်းထောင့်က လက်စွဲတော်ကြိမ်ကို သွားယူနေပြီ။ ကျွန်တော် ပုဆိုးတိုတို ပြင်ဝတ်လိုက်သည်။ မျက်လုံးအစုံကို ပိတ်ကာ သရက်ပင်ကို စိတ်ကူး အာရုံမှာ မြင်ယောင်ရင်း သရက်သီးတွေကို ရေတွက်နေလိုက်သည်။

တစ်

နှစ်

သုံး

ရွှမ်းခနဲ ကြိမ်ဝင့်သံကို ပထမအကြိမ် ကြားလိုက်ရသည်။ ဒုတိယ အကြိမ်။ နောက်တော့ အရိုက်ခံနေရခြင်းအပေါ် အာရုံ မရှိလေတော့။

ရေတံလျှောက်များမှ လျှံကြလာသော မိုးရေလွှာများနောက်က လှေကား အပေါ် ဆုံးဆင့်မှာ ဘကြီး ထိုင်နေ၏။ သူ့ဘေးမှာတော့ သူ့လက်စွဲရေဒီယို ရှိနေသည်။ တစ်နေ့ တစ်ခါတော့ ဘကြီးသည် ကမ္ဘာကုန်ကျယ်သရွေ့ကို သူ့နှလုံးသားထဲ အဝင်ခံပုံ ရ၏။ ခုလည်း ဘီဘီစီသတင်း နားထောင်နေသည်။ ရုပ်သွင်က ညို့ညို့ မှိုင်းမှိုင်း။ ဘာကြောင့်များ စိတ်မချမ်းသာစရာ ကိစ္စတွေကို နိစ္စဓူဝ လုပ်နေရသလဲ ဆိုတာ မတွေးတတ်။

တစ်ကိုယ်လုံး ရွှံ့အလူးလူး၊ မည်းသည်းညစ်ပတ်၊ အင်္ကျီမှာ သွေးစက် တွေ စွန်းထင်းကာ ရွှံနစ်လျက် ပြန်လာသော ကျွန်တော့်ကို မြင်ကတည်းက ဘာဖြစ်ခဲ့သလဲ ဆိုတာ ဘကြီး ချက်ချင်းသိပါ၏။ သူ့ကို ဖြတ်ကာ အိမ်ထဲဝင်၊ တီရှပ်သန့်သန့်နှင့် လုံချည်လဲပြီး ပြန်ထွက်လာကာ သူ့နားမှာ ထိုင်မိသည်။

ဘကြီးက ရေဒီယိုကို ပိတ်ကာ ကျွန်တော့်ဒူးပေါ် သူ့လက် တင်လိုက် သည်။ ဘာမှတော့ မပြောသေး။ တောက်တဲ့ကြီးတစ်ကောင် ဖြတ်သွားသည်။ ဟော...

နောက်တစ်ကောင်။ မိုးဒဏ်မှ လွတ်ကင်းအောင် အိမ်ထဲ အပြေးအလွှား ဝင်သွားကြသည်။

"ဘကြီး ဗိုက်ဆာပြီလား၊ စားဖို့ တစ်ခုခု လုပ်ပေးရမလား"

သူက ရုတ်တရက် ကျွန်တော်မေးတာကို နားမလည်။ သူ့ဘက် ကိုင်းလိုက်ပြီး ခပ်ကျယ်ကျယ် ထပ်မေးသည်။

"မဆာသေးပါဘူးကွယ်၊ ကျေးဇူးတင်ပါတယ်" ဟု ပြန်ပြော၏။

မိုးကား ကောင်းဘိခြင်း။ မိုးရေစက်ကြီးတွေသည် သွပ်မိုးပေါ် တဖြောင်းဖြောင်း ကျနေ၏။ ခြံဝင်းထဲက ငှက်ပျောရွက်ကြီးတွေလည်း မိုးစက်တွေကြောင့် ရွှဲရွှဲစို။ မိုးသံတွေကြားမှာ စကားလက်ဆုံကျဖို့ ခက်လှသည်။ သို့သော် ကျွန်တော့်အတွက်တော့ မထောင်းတာလှပါ။

"ဘိုဘို၊ သား ကျောင်းမှာ ရန်ဖြစ်လာတာလား"

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ဘကြီးက ကျွန်တော့်ကို မေးလိုက်သည်။

"ဟုတ်တယ်၊ စိုးအောင်ပေါ့..."

ကျွန်တော် လျှာကိုက်မိသည်။ ဆက်ပြောသည်။

"သူ သားကို ဟေ့... အမာရွတ်ကောင်လို့ ခေါ်တယ်"

"ဒါနဲ့ပဲ ချပစ်လိုက်ကောလား"

"မဟုတ်ပါဘူး၊ သားက… သားက… နောက်တော့..."

"နောက်တော့ ဘာဖြစ်လဲ"

"နောက်တော့... နောက်တော့... ဘာဖြစ်မှန်းကို သေချာမသိပါဘူး၊

ဒေါသတွေ အရမ်းထွက်လာတာပဲ သိတယ်၊ နောင်တလည်း မရဘူး ဘကြီးရဲ့"

"ဒါဆို ဘကြီး၊ သားရဲ့ ကျောင်းအုပ်ဆရာမကြီးဆီ သွားတွေ့ရမှာပေါ့နော်"

"ဟုတ်တယ် ဘကြီး၊ ဒီတစ်ခါ အတော်ဆိုးတယ်"

"အင်း… ဘကြီးလည်း အဲသလိုပဲ ထင်ပါတယ်ကွယ်"

ဘကြီးဘသည် သက်ပြင်းကြီး ချလိုက်သည်။ နောက်ထပ် စကား ထပ်မပြောတော့။ ကျွန်တော့်ဒူးကို သူ ခပ်ဖွဖွ ပုတ်နေသည်။ မိုးရေတွေ နစ်နေ သော ခြံဝင်းကို ငေးငေးရီရီ ကြည့်သည်။ ဘကြီးမှာ ပခုံးတွေ ကျ၊ ရင်အုံတွေ ပိန်၊ ခါးတွေ ကိုင်း၍နေချေပြီ။ ကျွန်တော်က ဘကြီးထက် ပိုထွား၊ ပိုသန်မာနေပြီ ဖြစ်ကြောင်းကို ပထမဆုံးအကြိမ် သတိပြုလိုက်မိသည်။ တကယ်တော့ ထိုသို့ ဖြစ်နေသည်မှာ ခုမှ မဟုတ်။ ကျွန်တော် သတိမထားမိတာ ဖြစ်ပါလိမ့်မည်။ ဘကြီး လက်မောင်းမှ တွဲရရွဲကျနေသော အရေပြား၊ တီရှပ်ပေါ်ငေါ်ထွက်နေသော သူ့ ကျောရိုးတွေကိုကျွန်တော် ငေးနေမိသည်။ ကျွန်တော်သိသမျှ ဘဝတစ်လျှောက် လုံး ကျွန်တော့်ကို အရိပ်မိုးပေးခဲ့သူ၊ ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့သူ၊ အန္တရာယ်အသွယ်သွယ်မှ အကာအကွယ်ပေးခဲ့သူ၊ ထိုသူ့ထက် ကျွန်တော်က ပိုမို ထွားကျိုင်းသန်မာနေပြီဟု တွေးမိခြင်းကို ရှက်နေမိသည်။ ဒါ ကျွန်တော့် အမှားမဟုတ်၊ သဘာဝအလျောက် ဖြစ်ခြင်းကို သိပေမယ့် ထိုအတွေးကို ကျွန်တော် မကြိုက်နိုင်ပါ။

ပြီးခဲ့သည့် အပတ်က ဘကြီးနှင့် ကစားခဲ့သော စစ်တုရင်ပွဲကို သတိရ နေမိသည်။ ဘကြီးသည် သတိလက်လွတ် ကစားသဖြင့် စောစောစီးစီး မြင်း တစ်ကောင် ဆုံးရှုံးသွားသည်။ ထို့နောက် နယ်ရုပ်တစ်ရုပ် ဆုံးပြန်သည်။ သို့သော် ကစားချိန် ကြာလာသည်နှင့်အမျှ ကျွန်တော့်ရွှေ့ကွက်တွေကိုသူနားလည်အောင် ကြိုးစားလာသည်ကို ထင်ရှားစွာတွေ့ရသည်။ ကျွန်တော်သူ့ကို ထောင်ချောက်မိ အောင် ကြိုးစားသည်။ သို့သော် ခုနစ်ကွက်၊ ရှစ်ကွက် ရွှေ့အပြီးမှာ ကျွန်တော် ဘကြီး ကိုဘယ်သောအခါမှ မနိုင် ဆိုသည့်အတွေးက ဝင်လာခဲ့သည်။ ထိုအတွေးကြောင့် အမှားတွေ လုပ်မိသည်။ ဘုန်းကြီးနှင့် နယ်ရုပ်တစ်ရုပ်ကို ကျွန်တော် ဆုံးရှုံးသွား သည်။ ဘကြီးဘက အခွင့်အရေးကို ပျော်ပျော်ကြီး ယူသည်။ ကစားပွဲ ဆုံးသော အခါ ကျွန်တော့်ကို နှိပ်စက်နေသည့် အတွေးကတော့ ဘကြီးသည် အိုမင်းမစွမ်း ဖြစ်လာသဖြင့် သူ သတိမထားမိအောင် ကျွန်တော်က ဘကြီးကို တမင်တကာ အရှုံးပေးလိုက်သည် ဆိုသော အချက်ပင်။

ထိုခံစားချက်ကြောင့် ခုနောက်ပိုင်း စစ်တုရင်ကစားဖို့ ဘကြီး ပြောလေတိုင်း ကျွန်တော်အကြောင်းပြချက် တစ်မျိုးမျိုးပေးကာရှောင်လွှဲတတ်လာသည်။

လှေကားနှစ်ဆင့် ဆင်းလိုက်ပြီး ကျွန်တော် ဘကြီးခြေထောက်ကို ကိုင်လိုက်သည်။ သူ့ခြေထောက်တွေက သစ်ခေါက်တွေလို ကြမ်းတမ်းခက် တရော်လှသည်။ ထို့ကြောင့်ပင် တစ်ခါတလေ လမ်းလျှောက်ရ ခက်လောက် အောင် နာကျင်သော ဝေဒနာကို ဘကြီးခမျာ ခံစားရရှာသည်။ ကျွန်တော် ဘကြီး ခြေထောက်ကို စတင်၍ နှိပ်နယ်ပေးသည်။ လက်ခေါက်တွေနှင့် သူ့ခြေဖဝါးကို ခပ်ဖိဖိ ထိုးသည်။

“ကောင်းတယ် သားရဲ့”

ဘကြီး နှစ်သက်အောင် လုပ်ရန်မှာ မခက်လှပါ။ ဘကြီးပြောလေ့ ရှိသလို ပျော်ရွှင်ခြင်းတံခါးကို ဖွင့်ဖို့ သော့ကလေးတွေ ရှိစမြဲ။ နှိမ့်ချ ရိုကျိုးခြင်းက တစ်ခု၊ ကျေးဇူးသိတတ်ခြင်းက တစ်ခု။

ဘကြီးခြေသည်းတွေ အတော်ရှည်နေပြီ။ ကျွန်တော် လက်သည်းညှပ် ယူပြီး ညှပ်ပေးသည်။

ဘကြီးဘက ကျွန်တော့်ကို စေ့စေ့ကြည့်၏။ သူ တစ်ခုခု ပြောချင်ပုံ ရသည်ဟု ခံစားမိသည်။ သူ့စိတ်ထဲမှာ တစ်ခုခု ရှိနေမှန်း သူ့မျက်လုံးတွေက တစ်ဆင့် ကျွန်တော် သိသည်။ မျက်လုံးတွေက မသက်မသာ ခံစားနေရသည်။ မကြာခဏ ပုတ်ခတ်ပုတ်ခတ် လုပ်သည်။ ကြည်လင်တောက်ပခြင်း အလျှင်း မရှိ။ မှိန်ဖျော့နေသည်။ သူ့ခြေဖဝါးက အသားမာတွေအလား။ ဘကြီး၏မျက်လုံး ကို တခြား မည်သူထက်မဆို ကျွန်တော် ပိုသိသည်ကော။

ကေန္တတော့ မကောင်းတာ တစ်ခုခုများ ဖြစ်တော့မလား။

“ဘကြီး ခရီးသွားမလို့လား”

လေသံကို အတတ်နိုင်ဆုံး ပုံမှန်ဖြစ်အောင် ကြိုးစား၍ မေးလိုက်သည်။ ဘကြီးက နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ တိတ်တိတ်ဆိတ်ဆိတ် ခေါင်းညိတ်ပြသည်။

တစ်နှစ် တစ်ခါတော့ ဘကြီးသည် သူ့နှမထံ အလည်သွားလေ့ ရှိသည်။ တစ်ခါသွားလျှင် ရက်သတ္တ အပတ်ပေါင်းများစွာ ကြာ၏။ များသောအားဖြင့် တော့ ပွင့်လင်းရာသီအစမှာ သွားလေ့ရှိသည်။

သူ ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့ရမှာ ခက်လှကြောင်း သိပါသည်။ ရင်ထဲက မကောင်းလှသော်လည်း ဘကြီးအတွက် အခက်အခဲ မဖြစ်စေလိုပါ။

သို့သော်လည်း တိမ်မည်းညိုတို့မှာ ငွေနားကွပ်ရှိစမြဲ ဆိုသလိုပင် ဘကြီး ခရီးသွားလေတိုင်း ကျွန်တော့်ဖေဖေ ရောက်လာလေ့ ရှိသည် မဟုတ်ပါလား။

နေမထွက်ခင် ခပ်စောစောကပင် မီးဖိုချောင်ထဲက အိုးသံ ခွက်သံတွေကို ကျွန်တော် ကြားနေခဲ့ရသည်။ မီးမွှေးသဖြင့် မီးခိုးနံ့ကိုလည်း ရ၏။ ဒီလပိုင်းတွေမှာ ဘကြီး ဒီလောက် အစောကြီး မထခဲ့စဖူး။

ဧည့်ခန်းထဲ ကျွန်တော် ရောက်ချိန်မတော့ ဘကြီးသည် ဘုရားပန်း ထိုးဖို့၊ ဆွမ်းကပ်ဖို့အတွက် ပန်းအိုးထဲ ပန်းတွေ ရိုးတံဖြတ်ထည့်၊ ဆွမ်းခွက်ထဲ ဆွမ်းထည့်၊ ငှက်ပျောသီးနှစ်လုံး ထည့်ရင်း အလုပ်များနေသည်။ သူ့နိစ္စဓူဝ လုပ်ငန်းဆောင်တာတွေကို ကျွန်တော် အူမချေးခါးမကျန် သိသည်ကော။

ဘကြီးသည် အမြဲတမ်း ပေါ့ပေါ့ပါးပါး ခရီးသွားတတ်သူ။ ခရီးအတွက် လိုအပ်သော ပစ္စည်းမှန်သမျှ အစိမ်းရောင် သားရေတု အိတ်ကလေးတစ်လုံးထဲမှာ ချောင်ချောင်ချိချိ ရှိလှသည်။ လုံချည်တွေ၊ အတွင်းခံတွေ၊ ရုပ်သုံးထည်၊ မှတ်စု စာအုပ်၊ ဒါပဲ။ အိမ်မှာနေလျှင် မျက်လုံးတွေ ဝေသီလာချိန်အထိ နာရီပေါင်းများစွာ စာအုပ်နှင့်မျက်နှာ မခွာတမ်း ဖတ်တတ်သော်လည်း ခရီးသွားလျှင် ဘကြီးတစ်ယောက် ဘာစာအုပ်မှ ယူမသွား။ ဒါကို ကျွန်တော် အံ့ဩမိသည်။ စာအုပ် ကင်းမဲ့သော ဘဝ သည် ဘကြီးအတွက် အတော် ဗလာကျင်းနေပေမည်။

ဘကြီးသည် စာအုပ်မွေ့လျော်သူ၊ အလိုရှိသော အချိန်များတွင် စာအုပ် များဖြင့် ကိုယ့်ကိုယ်ကိုယ် သက်သောင့်သက်သာ ဖြစ်စေသူ၊ အချို့စာအုပ်များ သည် သူ့အတွက် လမ်းပြ သံလိုက်အိမ်မြှောင်အလား အသုံးဝင်လှသည်ဟု တစ်ခါ က သူ ကျွန်တော့်ကို ပြောဖူးသည်။ စာအုပ်သာ မရှိခဲ့လျှင် ဤလောကမှာ သူ လမ်းကိုပင် ရှာတွေ့မည် မဟုတ်တဲ့။

သူ သွားဖို့ အဆင်သင့်ဖြစ်ချိန်အထိ ကျွန်တော်တို့ စကား သိပ်မပြော ဖြစ်ကြ။ ဘကြီးက ခရီးသွားခါနီး ထိုသို့ တိတ်ငြိမ်စွာ နေရခြင်းကို နှစ်သက်သည်။ ပြည်နယ်မြို့တော် တောင်ကြီးသို့ တစ်ရက်ခန့် သွားလျှင်လည်း မသွားခင် ငြိမ်သက် စွာနေစမြဲ။ ဘကြီးအလိုအရ စိတ်ဝိညာဉ်သည် လူတစ်ယောက် လမ်းလျှောက် သလောက်ပင် မြန်မြန်မသွားနိုင်၊ ရထားတို့ဘတ်စ်ကားတို့ထက် များစွာနှေးကွေးသည်။ ထို့ကြောင့်ပင် ဘကြီးသည် လူကိုယ်တိုင် ခရီးမသွားခင် သူ့စိတ်ဝိညာဉ်ကို အရင်ဦးစွာ ခရီးနှင်စေခြင်း ဖြစ်လိမ့်မည်ဟု ကျွန်တော် ခံစားရသည်။

ခြံဝင်းထဲရှိ ရေတိုင်ကီကြီးထဲမှ ရေကို ကျွန်တော် ခပ်၏။ ရေနွေးအိုးထဲ ထည့်ပြီး မီးဖိုပေါ် တင်၏။ ဘကြီးကို ရေနွေးဖြင့် ခေါင်းလျှော်ပေးလိုက်ရမည်။

စိတ်ထဲမတော့ ပြောချင်တာတွေ၊ သူ မသွားခင် မေးလိုက်ချင်တာတွေ ရှိစိထိုးနေသည်။ သို့သော် နှုတ်ကတော့ အာစေးထည့်ခံထားရဘိ သကဲ့သို့ အဆုံးမတော့ ကျွန်တော် ဘာတစ်ခွန်းမှ ပြောမထွက်။

ဘူတာရုံသို့ မရောက်ခင်ကလေးမှာ ကျွန်တော်တို့ကို စစ်ဂျစ်ကား တစ်စီး ကျော်တက်သွားသည်။ ဂျစ်ကားသည် ဘရိတ်ကို ဆောင့်နင်းလိုက်ပြီး နောက်ပြန်ဆုတ်လာသည်။ ကျွန်တော်တို့နားမှာ ရပ်သည်။ ခရီးသည်ထိုင်ခုံမှာ လွှန်ခဲ့သော လအနည်းငယ်အတွင်း ကျွန်တော်တို့ဆီ မကြာခဏ လာခဲ့ဖူးသော စစ်သားတစ်ယောက်ကို မြင်သည်။

ပထမဆုံးအကြိမ် သူ့ကို မြင်ရစဉ်က ကျွန်တော် အိမ်အောက်သို့ တွားသွားပြီး ဝက်ခြံထဲမှာ ပုန်းနေချင်စိတ်တွေ ပေါ်မိသည်။ သူသည် ကျွန်တော် မြင်ဖူးသော ယောကျာ်းသားတွေထက် အလုံးအထည် ပိုကြီးသည်။ ပိုတောင့် သည်။ ပိုကြမ်းတမ်းမည့်ပုံ ပေါ်သည်။ သူ့ယူနီဖောင်းမှာ အပွင့်တွေ၊ အခက်တွေ အများကြီး တင်ထားသည်။ ကြယ်သုံးလုံး၊ အခက်နှစ်ခက်၊ သူသည် သာမန်စစ်သား မဟုတ်။ ဗိုလ်မှူးကြီးအဆင့်လောက် ဖြစ်မည် ထင်သည်။ နောက်ပိုင်းမှာ ဘကြီးဘက ဗိုလ်မှူးကြီးဟု ပြောပြခဲ့သည်။

"ဟေ့... မင်းဘကြီး ဘယ်မလဲ"

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလို အဆိုပါဗိုလ်မှူးကြီးက ကျွန်တော့်ကို ဟိန်းဟောက်လေသည်။

ကျွန်တော် ယို့ခနဲ နောက်ဆုတ်မိသည်။ အသံမထွက်ဘဲ အိမ်ထဲသို့ လက်ညှိုးထိုးပြမိသည်။ သူက အိမ်လှေကားထစ်တွေကို တဝုန်းဝုန်းနှင့် တက်သွား၏။ သူ့နားက မသတီစရာ အနံ့အသက်အချို့ ကျန်ရစ်ခဲ့သည်။

သူ လာလေတိုင်း ဘကြီးဘက ကျွန်တော့်ကို အနားမှာ မနေစေခဲ့။ ခြံထဲမှာ အလုပ်တစ်ခုခု လုပ်နေခဲ့ရသည်။ တစ်ခါတော့ သိချင်စိတ်တွေကို မတွန်းလှန်နိုင်သဖြင့် ကျွန်တော် အိမ်နားကပ်ကာ ချောင်းနားထောင်ဖူးသည်။ ကြားရသည်ကတော့ ကလောမြို့စွန်မှာ ဘကြီးပိုင် လယ်တွေ ရှိသတဲ့။ ဆုံးသွား တာ ကြာခဲ့ပြီဖြစ်သော ဘကြီးမိန်းမပိုင် လယ်များပါ။ ထိုလယ်တွေကို ခု ချက်ချင်း ထိုစစ်သားကြီးက ဝယ်လိုပါသတဲ့။

သူ ထွက်သွားတော့ အိမ်နီးနားချင်းတွေဆီက သတင်းတွေ ကြားရပါသည်။ သူတို့အပြောအရ ဘကြီး၏ လယ်ကွင်းတွေ နေရာမှာ သူတို့က အိမ်ရာ တွေ၊ ဈေးဝယ်စင်တာတွေ၊ ဂေါက်ကွင်းတွေ၊ ရဟတ်ယာဉ်ရပ်နားကွင်း ပါသော ဆေးရုံတွေ ပါဝင်သည့် အိမ်ရာ အဆောက်အအုံကြီး ဆောက်ရန် ရည်ရွယ်နေကြ သည် တဲ့။

ဘကြီးသည် ထိုလယ်ကွင်းတွေကို အနီးနားရွာမှ လယ်သမားများကို သီးစားခ နည်းနည်းဖြင့် ငှားရမ်းထွန်ယက်ခွင့် ပြုထားတာ ကြာခဲ့ပြီ။ ဈေး ဘယ် လောက် တက်တက်၊ ဘယ်လောက်ပဲ ရရ ဘကြီးက ထိုအရာများကို ပြောင်းလဲ ပစ်ဖို့ရန် စိတ်ဆန္ဒ မရှိ။ ထိုအကြောင်းကို ဗိုလ်မှူးကြီးဆိုသူ လာတိုင်း ဘကြီးက ပြောစမြဲ။ တစ်ခါတလေ များများပြောသည်။ တစ်ခါတလေ နည်းနည်းပဲ ပြော သည်။

ဘယ်လိုပြောပြော ဗိုလ်မှူးကြီး ဆိုသူကတော့ နားမထောင်၊ သို့တည်း မဟုတ် နားမလည်၊ သို့မဟုတ် နားလည်သော်လည်း လက်သင့်မခံ။ သူလာတိုင်း အခေါက်တိုင်းမှာ ဈေးကို တိုးတိုးပေးခဲ့သည်။

"အေး... လူတွေဟာ ကိုယ် ကြားချင်တာကိုပဲ ကွက်ပြီး ကြားသလား မသိပါဘူးကွာ"

နောက်ဆုံးအခေါက် သူတို့ တွေ့ကြအပြီးမှာ ဘကြီးဘက ထိုသို့ ညည်း ရှာသည်။ ခု ဗိုလ်မှူးကြီးသည် ကားပေါ်ကနေ ဘကြီးကို အောက်ကလိအာ ကြည့်နေပြီ။

"တစ်နေရာရာ သွားမလို့လား"

"ဟုတ်ပါတယ်"

ဘကြီးက လမ်းလျှောက်နေသော အရှိန်ကို မလျှော့။

ကားက တစ်ဘီးချင်း လိမ့်ကာ လိုက်လာသည်။ ဒီအပြုအမူက ယဉ်ကျေး သမှု မရှိလှ၊ ဘကြီး ထိုသို့ လုပ်လေ့ မရှိ။

"လိုက်ပို့ရမလား ဦးဘ"

"ကျေးဇူးပါပဲ၊ ကျွန်တော် ရထားနဲ့ သွားမှာပါ၊ ရောက်ခါနီးပါပြီ"

ကျွန်တော်တို့နှစ်ယောက် စိုက်စိုက် စိုက်စိုက်ဖြင့် လျှောက်လာခဲ့ကြသည်။

"ဒါနဲ့ ခင်ဗျား စဉ်းစားပြီးပြီလား"

"ဗိုလ်မှူးကြီးပေးတဲ့ ဈေးက ရက်ရောလွန်းပါတယ်၊ ရက်ရောလွန်းလို့ ကို ကျွန်တော် လက်မခံနိုင်တာ ခင်ဗျ"

"ဟာ… ခင်ဗျားကတော့ ကျုပ်ကို စိတ်ပူအောင် လုပ်နေတာပဲ ဦးဘရဲ့"

ဘကြီးသည် အသက်အရွယ်နှင့်မလိုက်အောင် လမ်းကိုအမြန်လျှောက်လေသည်။ ကျွန်တော် ဘကြီးကို မီအောင် အပြေးတစ်ပိုင်း

လိုက်နေရသည်။

ဘကြီးက ရုတ်တရက် ရပ်လိုက်သည်။ ဂျစ်ကားကလည်း ဘရိတ်ကို ဆောင့်နင်းလိုက်သည်။

"ပြီးခဲ့တဲ့အခေါက်က ဗိုလ်မှူးကြီး နားလည်မှု လွဲသွားသလား မသိဘူး ခင်ဗျာ၊ အဲသလိုဆိုရင် ကျွန်တော်က အနူးအညွတ် တောင်းပန်ပါတယ်၊ ကျွန်တော် အဲသလို မရည်ရွယ်ပါဘူး၊ အဲဒီတုန်းက ဗိုလ်မှူးကြီး ကမ်းလှမ်းတာကို ကျွန်တော် ငြင်းခဲ့ပြီးသား မှတ်ပါတယ်"

ဘကြီးကခဏနားလိုက်သည်။ဗိုလ်မှူးကြီးကသူ့ကို စိုက်ကြည့်နေသည်။

"ဒီလယ်ကွင်းတွေဟာ ကျွန်တော့် အမျိုးသမီး ပိုင်ခဲ့တာပါ၊ ကျွန်တော်နတ်ဆရာကြီး ဦးသန်းဝင်းဆီ သွားတယ်၊ ဦးသန်းဝင်းက ကျွန်တော့် အမျိုးသမီး နဲ့ ဆက်သွယ်ပေးတယ်၊ မြေရောင်းဖို့ကိစ္စကို သူက သဘောမတူဘူး ခင်ဗျ၊ ဒါကြောင့် သူ့ဆန္ဒကို ဆန့်ကျင်ပြီး ဒီမြေ ရောင်းလိုက်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ် နိုင်ပါဘူး ခင်ဗျာ၊ ဗိုလ်မှူးကြီး နားလည်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ကျွန်တော် ဗိုလ်မှူးကြီးဆိုသူ၏ မျက်လုံးတွေကို ဖျတ်ခနဲ ကြည့်မိ သည်။ ချက်ချင်းပင် အကြည့်ကို လွှဲလိုက်ရသည်။ ဘကြီး ပြောသလိုပင် တချို့ လူတွေ၏ နှလုံးသားမှာ ရှာလကာရည်တွေနှင့် ပြည့်နေသည်ကိုး။

"ဩ... နတ်ဝင်သည်နဲ့ တွေ့သတဲ့လား၊ ခင်ဗျားမလဲ ကြီးတောင့် ကြီးမားမှ ဒါမျိုးတွေ ယုံနေသေးသကိုး ဦးဘရဲ့"

သူ့လေသံက ပြောင်နေလှောင်နေမှန်း သိသာလှသည်။ ကျွန်တော်ပင် သိ၏။

"အားလုံးကတော့ တစ်ခုမဟုတ် တစ်ခု အယူသီးကြတာပဲ မဟုတ်လားဗျ"

ဗိုလ်မှူးကြီး ဆိုသူသည် ဒေါသံပါပါဖြင့် တိုပြတ်ပြတ် ပြော၏။

"ခင်ဗျား တူကလေးအတွက် မစဉ်းစားတော့ဘူးလား၊ ခင်ဗျား အမှား လုပ်မိပြီဗျ၊ ဒီထက်ကောင်းတဲ့ဈေး မရနိုင်တော့ဘူး"

"သိပါတယ်... သိပါတယ်"

ဘကြီးဘက ကားပြတင်းပေါက်ဆီ ကိုင်းပြီး-

"ကျွန်တော့်အမျိုးသမီးကို ဒါတွေ ရှင်းပြပါတယ်၊ ဒါပေမဲ့ သူ့ကို ဆွဲဆောင်

လို့ မရဘူး ခင်ဗျ၊ ခုတော့ ကျွန်တော့်ကို ခွင့်ပြုဦး ဗိုလ်မှူးကြီး”

ဘကြီးသည် ထိုသို့ပြောပြီးနောက် သုတ်ခြေတင်တော့သည်။ ကျွန်တော် လည်း သူ့နောက်က အပြေးအလွှား လိုက်ရသည်။

ကားက ခဏတော့ လိုက်လာသေးသည်။ ဗိုလ်မှူးကြီး၏ ဒေါသမျက် စောင်းက ကျွန်တော့်ကို ပူလောင်စေသည်။ ထို့နောက်မှာတော့ ဂျစ်ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွားတော့သည်။ ထိုကား မြင်ကွင်းထဲမှ ပျောက်ကွယ် သွားသောအခါမှသာ ကျွန်တော်တို့ ပုံမှန်ခြေလှမ်းဖြင့် ခရီးဆက်ခွင့်ရတော့သည်။

“အတော် စိတ်ရှည် ဖွဲကောင်းတဲ့ လူပေပဲ”

ဘကြီးဘက သူ့ဘာသာ တီးတိုးရေရွတ်နေသည်။

“ခုတော့ သူ့ကြည့်ရတာ စိတ်ရှည်ပုံ နည်းနည်းမှ မပေါက်ပါဘူး”

“သူ ဒီမြေကို ကျားကုတ်ကျားခဲ ဝယ်နေတာ သား သိတာပဲ ဘိုဘိုရဲ့”

“အဲဒီတော့ သူ ဘာရလဲ”

“ဘာမှတော့ မရဘူးပေါ့”

ဘူတာမှာ ရထားက ရောက်နေခဲ့ပြီ။ ဈေးသည်တွေက ကြွပ်ကြွပ် အိတ်ကလေးတွေနှင့် ထည့်ထားသော ကော်ဖီ၊ လက်ဖက်ရည်တွေ ရောင်းနေကြ သည်။ ကျောင်းမှ ကျွန်တော် သိသည့် ကျောင်းသားအချို့ကိုလည်း ငှက်ပျောဖီး တွေ၊ ပန်းသီးတွေ၊ မုန့်တွေ သယ်ပိုးလျက် ခရီးသည်တွေကို ရောင်းချနေတာ တွေ့ရသည်။ ခွေးလေ ခွေးလွင့်တွေကလည်း နေရာအနှံ့၊ ခရီးဆောင်အိတ်တွေ ပုံးတွေ၊ သေတ္တာတွေ၊ ကလေးတွေကို ရထားပြတင်းပေါက်မှ အတင်အချ လုပ်နေ ကြသည်။ ရထားတွဲပေါ်တက်၍ ဘကြီးထိုင်ဖို့ နေရာရှာရသည်။ သီတင်းကျွတ် ပွဲတော်ရက်မို့ တွဲတိုင်း လူတွေ အပြည့်အသိပ်။ လူတွေက ခုံပေါ်မှာသာမက ခုံကြားမှာ၊ တံခါးနားမှာလည်း ထိုင်နေကြသည်။ အိမ်နီးနားချင်းတစ်ယောက်၏ သားက ဘကြီးအတွက် နေရာပေးသည်။ ဘကြီးက ကျေးဇူးတင်စွာဖြင့် လက်ခံ လိုက်သည်။ သူ့ဘေးမှာ အတန်ကြာအောင် ကျွန်တော် ရပ်နေမိသည်။ စကားတော့ မပြောဖြစ်။ ရထား ထွက်တော့မည်။ ဈေးသည်အချို့ ခုန်ဆင်းကြသည်။ ခရီးသည် အချို့ ခုန်တက်ကြသည်။

ဘကြီးဘက ကျွန်တော့်လက်ကို ဖျစ်ညှစ်လိုက်သည်။ စကားတော့ တစ်ခွန်း မပြော။ ဒါကပဲ ကျွန်တော်တို့ နှစ်ယောက်ကြားက ခွဲခွာခါနီး သင်္ကေတ ဖြစ်လေသည်။ ဒီနေ့တော့ ဘကြီးကို ခွဲရမှာ ဝန်လေးသလို ဖြစ်မိသည်။ နောက်

ဆုံးတော့လည်း လက်ကို လွှတ်လိုက်ရတာပါပဲ။

တစ်ယောက်လက်ကို တစ်ယောက် လွှတ်လိုက်ချိန်မှာ ကလောသည် အနောက်မှာ ကျန်ရစ်ခဲ့ပြီ။ ကျွန်တော် ပန်းဂေါ်ဖီတွေ၊ အာလူးတွေ၊ မုန်လာဥတွေ၊ ကြက်ခြင်းတွေ ကြားကနေ တွဲတံခါးရောက်အောင် အမြန်သုတ်ခြေတင်ရသည်။ သမင်လည်ပြန် ကြည့်တော့ ဘကြီးဘသည် ပြတင်းမှတစ်ဆင့် အဝေးသို့ ငေးနေခဲ့ပြီ။

ခဏစောင့်သည်။

ဘကြီးက မလှုပ်။

ထပ်စောင့်သည်။

နည်းနည်းမှ မလှုပ်။

ရထားတွဲလှေကားမှ တစ်ဆင့် အောက်သို့ အသာခုန်ချလိုက်သည်။ ရထားဘေးမှ အပြေးလိုက်မိသည်။ နောက်ဆုံး ရထားကြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသောအခါမှ ခေါင်း ငိုက်စိုက်ချလျက် ကလောဘက် ဦးတည်လိုက်သည်။ ဇလီဖားတုံးလေးတွေပေါ် ခုန်၍ ခုန်၍ လမ်းလျှောက်ရတာ ကျွန်တော် ကြိုက်သည်လေ။

အင်း… လူကြီးတွေဟာ ပဟေဠိ ဆန်လွန်းလှသည်ကိုး။

ဘကြီး မရှိချိန်ဆိုလျှင် အရာအားလုံးသည် ပြောင်းလဲသွားလေ့ ရှိ၏။

ကျွန်တော်တို့ အိမ်ကလေးက ရုတ်ခြည်း ပို၍ ကြီးလာ၏။

ညတွေက ပို၍ ပို၍ အေးစက် မှောင်မိုက်လာ၏။

မိုးသံတွေက ပို၍ ကျယ်လောင်လာ၏။

တိတ်ဆိတ်မှုက ပို၍ ငြိမ်သက်။

အထီးကျန်မှုက ပို၍ ထီးတည်းဆန်။

ဖေဖေ လာမှာကို မျှော်နေခဲ့သော်လည်း ဘကြီးမရှိသည်နှင့် တစ်ပြိုင်နက် နာရီနှင့်အမျှ ပို၍ ငြိမ်သက်၊ ပို၍ အထီးကျန်လာခဲ့သည်က ခက်လှသည်။

ထိုသို့ဖြစ်နေသည်မှာ ထူးဆန်းနေသော်လည်း အမှန်တကယ် ဖြစ်နေခြင်းသာ။

တစ်ခါကတော့ ဘကြီးဘကို ကျွန်တော် အိမ်မှာ မရှိရင်ကော ထိုသို့ ဖြစ်တတ်သလားဟု မေးဖူးသည်။

သူက တစ်မိနစ်ခန့် စဉ်းစားပြီး ပြန်ဖြေသည်။

“မဖြစ်ဘူး၊ သားက အိမ်မှာ မရှိတာ နာရီပိုင်းထက် မပိုဘူးလေ”

ကျွန်တော် စိတ်အလိုမကျ ဖြစ်သွားတာကို သူ မြင်တော့ ဖြည့်စွက်ပြော၏။

“ဒါပေမဲ့ သားမရှိတာနဲ့ ဘကြီး သားကို လွမ်းနေတော့တာပါပဲကွယ်၊ တကယ်လို့ သားသာ ရက်ရှည် ခရီးထွက်မယ် ဆိုရင် သားလိုပဲ ဘကြီး ခံစားရ မှာ သေချာတာပေါ့ကွဲ့”

အင်း… ကြည့်ရတာ ကျွန်တော် အထီးကျန်ရတာကို မနှစ်သက်လို့ ဒီလို ခံစားနေရတာ ဖြစ်မှာပါလေ။

အပြင်မှာ အိမ်နီးနားချင်း ကလေးတွေ၏ အသံတွေကို ကြားနေရ သည်။ တချို့ကောင်လေးတွေက ခြင်းခတ်နေကြ၏။ တဝါးဝါး တဟားဟား သူတို့အသံတွေကို ကြားရတာ နားဝမှာ မချမ်းသာ။

ဘကြီး၏ကက်ဆက်အဟောင်းလေးကို ထုတ်လာမိ၏။ ကျွန်တော်တို့ အိမ်မှာ ရှေးပဝေသဏီက စန္ဒရားတီးလုံးတွေ ပါသော ကက်ဆက်ခွေ သုံးခွေသာ ရှိ၏။ ပသို့ဆိုစေ အပြင်က အသံတွေနှင့် အိမ်တွင်းက ဗလာကျင်း တိတ်ဆိတ်မှု ထက်တော့ သာလိမ့်ဦးမည်။

မီးဖိုကို ရှင်း၏။ မီးဖိုချောင်ကို တံမြက်လှည်း၏။ အိပ်ခန်းတွေကို သန့်ရှင်း ရေး လုပ်၏။ ဘုရားစင်က ဘုရားဆင်းတုတော်ကို ရေသပ္ပာယ် သန့်ရှင်းစေ၏။ စာအုပ်စင်တွေကို ဖုန်ခါ တော့ ကိုအေးမင်း ပေးလိုက်သော စာအုပ်ကို တွေ့သည်။ ဆိုဖာပေါ်ထိုင်ကာ စတင်ဖတ်လိုက်၏။ နှစ်မျက်နှာလောက် ဖတ်ပြီးတော့ စာအုပ် ကို ပိတ်လိုက်သည်။ စိတ်တွေ ပျံ့လွင့်ပြီး ဇာတ်လမ်းခေါ်ရာ မလိုက်နိုင်လျှင် စာတစ်အုပ်ကို ဖတ်ခွင့်မရှိဟု ဘကြီး ပြောဖူးသည်။

ဘကြီးနတ္ထိ ရက်စွဲများမှာ ပထမဆုံးနေ့သည် ထုံးစံအတိုင်း အဆိုးဆုံး ဖြစ်လေသည်။

ထိုအချိန်များတွင် ကျွန်တော့်မျက်နှာမှ အမာရွတ်ကလည်း တင်း၍ နာနေတတ်သည်။

အိမ်ထဲမှာ လူးလာခေါက်ပြန် လမ်းလျှောက်ရင်း ကျွန်တော် စတင် ရေတွက်သည်။

တစ်- နှစ်- သုံး- လေး- ငါး-

တစ်ရာ အရောက်မှာ စိတ်သည် ငြိမ်သက်လာ၏။ ငါးရာအရောက်မှာ နေလို့ထိုင်လို့ ကောင်းလာ၏။

မျက်နှာကြက် ထိလုနီးပါး မြင့်သော ညှော်ခန်းထဲမှ စာအုပ်စင်များကို ကျွန်တော် ကြည့်မိသည်။ မင်းလမ်းမပေါ်က အသစ်ဖွင့်ထားသော စာအုပ်ဆိုင် ထက် ကျွန်တော်တို့အိမ်မှာ စာအုပ်တွေ ပိုများသည်၊ ပိုစုံသည်။ စာအုပ်တွေက စင်ပေါ်မှ လျှံကျမတတ်၊ တချို့က ကြမ်းပေါ်မှာ၊ တချို့က ဆိုဖာပေါ်၊ တချို့က ခုတင်ခြေရင်းမှာ။

စာအုပ်အများအပြားမှာ နွမ်းရိ စုတ်ပြဲလုမတတ် အခြေအနေ ဆိုးလှ သည်။ ဘကြီးသည် ထိုစာအုပ်များကို စိတ်ရှည်လက်ရှည် အကောင်းပကတိ ဖြစ်အောင် ပြင်ဆင်တတ်၏။ ကျွန်တော် ငယ်ငယ်ကဆိုလျှင် ဆိုဖာပေါ်လှဲကာ စာအုပ်တွေကို ထိန်းသိမ်းရေး လုပ်နေသည့် ဘကြီးကို ငေးရင်း အိပ်ပျော်သွား တတ်သည်။ စာအုပ်တစ်အုပ်ကို ပြင်ဆင်ထိန်းသိမ်းဖို့ အနည်းဆုံး နှစ်လ၊ သုံးလ ကြာတတ်သည်။ ဘယ်လောက်ထူသလဲ၊ ဘယ်လောက် အခြေအနေဆိုးသလဲ ပေါ်တော့

မူတည်သည်ပေါ့။ ပြောရလျှင် ကျွန်တော် တစ်သက်လုံး ဘကြီး စာအုပ်ပြင်ဆင်နေသည်ကို ကြည့်ရင်း ကြီးပြင်းလာသည်ပါပဲ။ သူ မျက်စိလည်း မှုန် လက်လည်း တုန်လာသည့် ခုချိန်ထိပေါ့။ စာအုပ်တွေကို ထိန်းသိမ်းရတာဟာ ခု ခက်ခဲပင်ပန်းလှသည်ဟု ဘကြီးဘ ညည်းရှာသည်။

စာအုပ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် ဘကြီးကိုဘယ်လောက်ထိ ခက်ခဲပင်ပန်းစေမှန်း ကျွန်တော် အသိဆုံးဖြစ်ပါသည်။ ဘကြီးအလိုအရတော့ ကျွန်တော်တို့သည် ရှမ်းပြည်နယ် တစ်ခုလုံး မဟုတ်လျှင်တောင် ကလောမှာတော့အချမ်းသာဆုံးပုဂ္ဂိုလ်တွေဖြစ်ကြသတဲ့ ။ကျွန်တော် တို့ကို အသိဉာဏ်ပညာ ဗဟုသုတ၊ အလှတရားနှင့် စိတ်ကူးစိတ်သန်းတွေက ဝန်းရံ သိုင်းခြုံထားသ ကျွန်တော်တို့ထက် ချမ်းသာသူသည် နတ္ထိ-မရှိဟု ဆို၏။ ထိုသို့ ကြုံးဝါး ကြွေးကြော် နိုင်သူ လောကမှာ မှတစ်ပါး အခြား ရှိပါလေစ။

သူ မရှိချိန်တွေမှာ စာအုပ်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းကို ကျွန်တော် အမွေဆက်ခံ လုပ်ကိုင်နေတတ်သည်ကို ဘကြီးတစ်ယောက် အံ့သြကြည်နူး လိမ့်မည်ဟု ထင်မိပါသည်။ ဘကြီး၏ ကိရိယာပုံးကို စာအုပ်စင် တစ်ခုပေ ကျွန်တော် ယူလိုက်သည်။ ပုံးထဲမှာတော့ စက္ကူဖြူ အပိုင်းရှည်ရှည်လေးတွေထည့်ထားသော ဖန်ကရားလေးတစ်လုံး၊ ကော်ပုလင်းတစ်ခု၊ ဇာဂနာ တစ်ချေ နှင့် မင်နက်ဘောလ်ပင်များ ရှိနေသည်။ ထိုပစ္စည်းများကို စားပွဲပေါ်တင်လိုက်သည်။ လက်သင့်ရာ စာအုပ်ဟောင်းတစ်ခုကို ထုတ်ပြီး ဖွင့်လိုက်သည်။ အဲလ်ဘတ်ကမူး ရဲ့ သူစိမ်း (စည်းအပြင်က လူ) တဲ့။ နှစ်လိုဖွယ် ကျစ်လျစ်လှပသည့် ခေါင်းစဉ်- ကျွန်တော် နှစ်သက်လှသည်။ စာရွက်တွေကတော့ ဝါကြင်ပြီး ပိုးပေါက်ဗရပွနှင့် စာလုံးတွေပင် ပျက်ယွင်းနေချေပြီ။ ပထမဆုံး စာမျက်နှာများက စာကြောင်းတွေ၊ ဝါကျတွေမှာ ပိုးပေါက်တွေနှင့် အကျအပေါက်တွေ တင်းကျမ်း။

စာရွက်ပိုင်း သေးသေးလေးတွေ ရအောင် ညှပ်၏။ ဇာဂနာသုံးပြီး စာရွက် ပိုင်းလေးတွေကို ကော်ထဲနှစ်၊ စာလုံး အကျအပေါက် ရှိသော နေရာမှာ ဖြည့်၊ လက်ညှိုးကလေးနှင့် ဖိ၊ ကော် ခြောက်သွားတော့ ကျနေသည့် စာလုံးကို ထိပ်ချွန် ဘောလ်ပင်လေးဖြင့် ဖြည့်ရေး။ S—an-er ဖြစ်နေသည့် အကျအပေါက်ကို Stranger ဖြစ်အောင် ပြင်ဆင်။ M-th-r ကို Mother ဖြစ်အောင် ပြင်ဆင်။ ci-dol-n--s ဆိုသည့် စကားလုံးကိုတော့ အတော်ခက်ခက်ခဲခဲ စဉ်းစားပြီးမှ condolences ဟု ဖြည့်နိုင်သည်။

စာအုပ် ပြင်ဆင်ထိန်းသိမ်းရသည့် လုပ်ငန်းမှာ ကျွန်တော် ထင်သည် ထက် အဆမတန် ပိုခက်လှသည်။ ကျွန်တော် မသိသော စကားလုံးတွေ၊ စာပိုဒ်တွေက အများကြီး။ ဖြိုတိန်စွယ်စုံကျမ်းဟောင်းကြီးကို မပြတ်တမ်း လက်ကိုင်ပြု နေရသည်။

ဥပမာ- casket ဟူသော စကားလုံး၊ private life ဆိုသော စာပိုဒ်၊ ဒီဟာတွေအတွက် သင့်တော်သည့် မြန်မာအဓိပ္ပာယ်က ရှာရခက်လှသည်လေ။

ခြောက်

“Much money ဗျ Many money မဟုတ်ဘူးဗျ”

ကျွန်တော် လေသံလေးဖြင့် ပြောလိုက်သည်။

ကျွန်တော့်နား ကပ်လျက်မှာ ထိုင်နေသော ကိုသိန်းအောင်က ကျွန်တော့် ကို ပြူးပြူးကြီး ကြည့်၏။

“ဘာပြောတာလဲ ဟင်”

“ဖြေနေတာကို ပြောတာ--much money ဖြစ်ရမယ်၊ many money မဟုတ်ဘူး”

မည်သို့ဆိုစေ တစ်တန်းလုံး ညီညီညာညာ ငါးကြိမ်ငါးခါ ဆိုနေကြ သည့် အင်္ဂလိပ်စကားက-

“I do not have many money”

သက်ပြင်းကြီးတစ်ချက် ဟီးခနဲ ချလိုက်မိသည်။ ဘာမှ မပြောချင် တော့။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ငေးနေလိုက်သည်။ အပြင်မှာ မိုးရွာ နေ၏။ ပြတင်းပေါက်မှန်ကို လာစဉ်သော မိုးစက်တွေကို ရေတွက်ကြည့်ဖို့ကြိုးစား မိသည်။ အင်္ဂလိပ်စာ သင်ခန်းစာက ဖွတ်ကျားကျလှသည်ကော။

“Three people ဗျ၊ Peoples မဟုတ်ဘူးဗျ”

ဒီတစ်ခါတော့ မအောင့်နိုင်တော့သဖြင့် ကျွန်တော် အသံကျယ်ကြီး ဟိန်းထွက်သွားသည်။ အားလုံးက ကျွန်တော့်ကို လှည့်ကြည့်ကြသည်။ တစ်တန်း လုံး ငြိမ်သက်သွားသည်။ အားလုံးက ကျွန်တော်တို့၏ ဆရာမ ဒေါ်မြင့်နိုင်ကို ငေးကြည့်နေကြသည်။ အင်း... ပြောမိပြန်ပြီ။ တမင်တကာ ရည်ရွယ်ပြီး ပြောခြင်း မဟုတ်ပါ။ ဒီအတိုင်း လွှတ်ခနဲ ထွက်သွားခြင်းသာ။ ပါးစပ်ထဲက သကြားလုံး ဖြုတ်ခနဲ ပြုတ်ကျသွားသလိုမျိုးပေါ့။

“မင်း ဘာပြောလိုက်တာလဲ”

ဒေါ်မြင့်နိုင်သည် သူ့စားပွဲမှသည် ကျွန်တော့်နားသို့ တစ်မုဟုတ်ချင်း ရောက်လာခဲ့သည်။ လက်ထဲမလဲ သစ်သားပေတံကြီးကို တဆဆ ကိုင်ထား၏။ လက်မှာ အနီရောင်သွေးခြေတွေ ဥသွားစေနိုင်သည့် လက်နက်ကြီး။

"ဘာမှ မဟုတ်ပါဘူး ဆရာမ"

"မင်း လိမ်နေတာ၊ ငါ သေချာကြားလိုက်တယ်"

ဒါဆိုလည်း ဘာလို့ လာမေးနေသေးတုံးဟု ဖြေပစ်လိုက်ချင်သည်။ သို့သော် ခုပင် ကျွန်တော့်မှာ ပြဿနာအလုံးအထည်နှင့် တိုးနှင့်နေချေပြီ။

"မင်း ဘာပြောလိုက်တာလဲ"

ဆရာမအသံက တိုပြတ်ပြတ်။

"ဘာမှ မဟုတ်ဘူး၊ ကျွန်တော့်ဘာသာ ပြောတာပါ"

ဗလုံးဗထွေး ပြန်ပြောမိသည်။

"ဘိုဘို၊ မင်းကို ငါ နောက်ဆုံးအကြိမ် မေးနေတယ်နော်"

"ကျွန်တော် ပြောတာက People ဟာ နဂိုကတည်းက အများကိန်းမို့ အက်စ် ထည့်စရာ မလိုဘူး၊ Three people ပဲ ဖြစ်ရမယ်၊ Three Peoples မဟုတ်ဘူး လို့ပါ"

ဒေါ်မြင့်နိုင်သည် ဆရာမို့ စည်းကမ်းကျပ်နိုင်၏။ တစ်ဖက်စောင်းနင်း ဆုံးဖြတ်နိုင်၏။ လက်ဖဝါး သွေးခြင်းခြင်းနီသည်အထိ ရိုက်နှက်အပြစ်ပေးနိုင်၏။ အင်္ဂလိပ်စာ သင်နေသော်လည်း အင်္ဂလိပ်လိုတော့ သူ တစ်ခွန်းမှ မပြောတတ်။ ကျွန်တော်က ပြောနိုင်၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့အတွက် ပြဿနာထုပ်ကြီး ဖြစ်နေခြင်း ဖြစ်မည်။ လူမှန်း သိတတ်စကတည်းက ဘကြီးဘသည် ကျွန်တော်နှင့် ပြောလျှင် အင်္ဂလိပ်လိုသာ ပြောစမြဲ။ ထို့ကြောင့် အင်္ဂလိပ်စကားကို မြန်မာဘာသာစကားလိုပင် ကျွန်တော့်အတွက် ဘာမှ မခက်။ ကျောင်း မှာတော့ အတန်းထဲမှာ သင်နေသော ဆရာကို အင်္ဂလိပ်စာ ပြင်မပေးပါဟု ကျောင်း အုပ်ကြီးကို ကျွန်တော် ကတိပေးထားရသည်။ ပြင်ချင်လျှင် သင်တန်းချိန် ပြီးမှ နှစ်ကိုယ်ကြား ပြောတဲ့။ မဟုတ်လျှင် ဆရာမကို ကျောင်းသားတွေ အရိုအသေ တန်လိမ့်မတဲ့။ ဒါကို ကျွန်တော် နားလည်နိုင်ပါသည်။ သို့သော် ခုလိုမျိုး တစ်ခါ တလေတော့ အသည်းယားလွန်းသဖြင့် ပါးစပ်က လွှတ်ခနဲ ထွက်ထွက်သွား တတ်သည်။ အထူးသဖြင့် ဒေါ်မြင့်နိုင် အချိန်များမှာပေါ့။ သူ့ယောကျ်ားက ကလောက အရာရှိကြီးတစ်ဦး ဖြစ်သည်။ သူ့သား အငယ်ဆုံးက ကျွန်တော်နှင့် အတန်းတူ။ ဉာဏ်ရည်က ချူချာလှ၏။ အတန်းထဲမှာဆိုလျှင် ဒေါ်မြင့်နိုင်သည် သူ့သားကို ဘယ်တော့မှ စာမမေး။ မေးလည်း ဖြေနိုင်မည် မဟုတ်။ သို့သော်လည်း အိမ်စာနှင့် အစမ်းစာမေးပွဲများ ဆိုလျှင် သူ့သားအမှတ်က မိုးထိုးနေသည်။ ရီပို့ ကတ်မှာဆိုလျှင် ထူးချွန်ကျောင်းသား တဲ့။ ဘာမှမတတ်တဲ့အကောင်က ကျွန်တော့်

နည်းတူ ထူးချွန်သည် ဆိုသော အချက်က ကျွန်တော့်ကို အစဉ်ထာဝရ စိတ်အနှောင့် အယှက်ဖြစ်စေသည်။

ဒေါ်မြင့်နိုင်သည် အင်္ဂလိပ်စာသာမက၊ သင်္ချာရော၊ ရူပဗေဒပါ သင်၏။ ထိုဘာသာရပ်များတွင်လည်း သူ့သားက ထူးချွန်ကြောင်း မှတ်တမ်းတင် ခံရလှသည်။ သူတစ်ယောက်တည်းမဟုတ်၊ သူ့အစ်မတွေလည်း ထိုနည်းလည်းကောင်း ဖြစ်၏။

ဒေါ်မြင့်နိုင်၏ မျက်လုံးတို့သည် ဒေါသအရောင် လျှမ်းလျှမ်းတောက် လာသည်။

"စာသင်နေတုန်း မနှောင့်ယှက်နဲ့လို့ မင်းကို ဘယ်နှခါ ပြောရမလဲ"

ကျွန်တော့်ရှေ့က စားပွဲကို ပေတံဖြင့် ဖြန်းခနဲ ချရင်း သူ မေးသည်။ သို့သော် သူ ကျွန်တော့်ကို မရိုက်ရဲ။ တစ်တန်းလုံးမှာ ကျွန်တော့်တစ်ယောက် တည်းကိုသာ သူ မရိုက်ရဲခြင်း ဖြစ်သည်။

"မင်း ငါ့ကို တောင်းပန်စမ်း"

ကျွန်တော် ပြတင်းပေါက်ဘက် မျက်နှာလှည့်၍ ငေးနေလိုက်သည်။

"ခုချက်ချင်း စာသင်ခန်းထဲက ထွက်သွားလိုက်စမ်း"

ချက်ချင်း ထ,ထွက်လာလိုက်သည်။ အရိုးသားဆုံး ပြောရမည်ဆိုလျှင်

ဒီမှာ အလကား အချိန်ဖြုန်းနေရခြင်း ဖြစ်၏။ ဒေါ်မြင့်နိုင်သာမက ဆရာ၊ ဆရာမ အများစုက ကျွန်တော့်ကို လုံးဝ နှစ်သက်ခြင်း မရှိ။ ဘာကြောင့်မှန်းတော့ ကျွန်တော် မသိ။ သူတို့က ကျွန်တော်ကို ဟောင်ဖွာဟောင်ဖွာ လုပ်သည်၊ အရိုအသေ တန်သည် ဟု ယိုးစွပ်ကြသည်။ တခြားကလေးတွေကို ဖျက်ဆီးနေသူ တဲ့။ ဘာမှ အဓိပ္ပာယ် မရှိ။ ကျွန်တော်လုပ်သည်က မှန်ကန်သော အဖြေကို ပြောခြင်းသာ။ သို့သော် ထိုအဖြေက ဆရာ၊ ဆရာမတွေ သင်နေတာနှင့် ကန့်ကောစ ဖြစ်နေသောအခါ သူတို့ ဒေါသအမျက် ခြောင်းခြောင်းထွက်ကြ၏။ မပြောရ၊ မဆိုရတော့ စားပွဲပေါ် လက်တင်ပြီး အိပ်ဖို့ ကြိုးစားသည်။ ဒါကိုလည်း သူတို့က ကြိုက်တော် မမူပြန်။

ပထမတန်းကတည်းက ဘကြီးသည် ကျွန်တော့်ကို စာသင်ပေးလေ့ ရှိသည်။ ကျောင်းမှာ ဘာမှ အသုံးကျတာ သင်မှာ မဟုတ်ဟု သူက ထင်၏။ ဘကြီး သင်ကြားပေးမှုကြောင့် ကျွန်တော်သည် အတန်းထဲမှာ အတော်ဆုံး ကျောင်းသား ဖြစ်လာသည်။ အဲ... ဆရာမတွေ ပေးသော ကျူရှင်ကို ယူစရာ မလိုသူ

ဖြစ်လာသည်ပေါ့။

ကျွန်တော့်ကို မျက်မုန်းကျိုးနေကြခြင်း၏ အဓိက အကြောင်းအရင်း မှာ ထိုကိစ္စ ဖြစ်မည်လား မသိ။ ဘကြီး ပြောတာ မှန်ပုံရသည်။

ခုနစ်

ဘကြီးသွားပြီး နှစ်ရက်အတွင်း ဖေဖေ ရောက်လာတတ်စမြဲ။ နေ့လယ်ပိုင်း ရောက်လျှင် သာစည်မှ တစ်ဆင့် ရထားစီးလာခြင်း၊ မနက်ပိုင်း ရောက်လျှင် ရန်ကုန်မှ အဝေးပြေးကား စီးလာခြင်းဟု မှတ်ရသည်။ ပြီးလျှင် ဖေဖေသည် ကျွန်တော်နှင့် သုံး၊ လေးပတ် အတူနေမည်။ သူ ပြန်သွားပြီး များမကြာခင် ဘကြီး ပြန်ရောက်လာလေ့ ရှိသည်။

ခုတော့ ဘကြီးသွားတာ သုံးရက် ရှိခဲ့ပြီ။ ဖေဖေ့ အရိပ်အယောင်ကို မမြင်ရသေး။

ဖေဖေ့ကို မမျှော်မိဖို့ ကြိုးစားသည်။ သို့သော် တစ်ယောက်ယောက် အလာကို ငံ့လင့်နေသူအတွက် ထိုသို့ ကြိုးစားရတာ မလွယ်လှ။

ဖေဖေ ရောက်လာချိန်အထိ သူနှင့်လာနေဖို့ ကိုအေးမင်းက ကျွန်တော့် ကို ဖိတ်ခေါ်သည်။ သူ့ကို ကျေးဇူးတင်သော်လည်း အဲသလို မနေချင်ပါ။

ဖေဖေလာချိန်မှာ ကျွန်တော် မရှိမှာကို စိုးလှသည်။ တကယ်တော့ ဒါက ရူးနှမ်းခြင်းမျှသာ။ ဖေဖေသည် ကျွန်တော်နှင့် တစ်ရက် တစ်မနက်မျှသာ နေခြင်းမျိုးမှ မဟုတ်ဘဲ။ မည်သို့ဆိုစေ ဖေဖေ ရောက်လာချိန်မှာ ကျွန်တော်က အသင့်ဆီးကြိုနေချင်လှသည်။

လေးရက်မြောက်နေ့မှာတော့ အရဏ်မတက်ခင် ကတည်းက ကျွန်တော် နိုးနေသည်။ မှောင်ကြီးမည်းကြီးထဲမှာပဲ စက်ဘီးကို နင်း၍ ကမ္ဘာလောကကြီး နှင့် ကျွန်တော်တို့ကို ဆက်သွယ်ပေးထားသော အဝေးပြေး ဘတ်စ်ကားဂိတ်ဆီ ဦးတည်သွားခဲ့မိသည်။

မိုးမွှားလေးတွေ ကျနေသဖြင့် မြို့ထဲရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံး စိုထိုင်းထိုင်းနှင့် အေးစိမ့်လာခဲ့သည်။ အစောကြီးဖွင့်သည့် တစ်ဆိုင်တည်းသော လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်ထိုင်သည်။ ထိုဆိုင်ကကားဂိတ်မျက်စောင်းထိုး လောက်မှာရှိပြီး လူတွေ ကျပ်ညပ်နေ၏။ တချို့က ကိုရီးယားဒရာမာ ဇာတ်လမ်း တွဲကို ငေးနေသည်။ တချို့က ဖုန်းတွေကိုယ်စီနှင့် အလုပ်ရှုပ်နေကြသည်။ စားပွဲထိုး က ကျွန်တော့်ကို သိ၏။ သူက ဘကြီးမိတ်ဆွေ၏ သမီးနှင့် ရည်းစားဖြစ်နေ သည်။ ကျွန်တော် ခိုက်ခိုက်တုန်နေတာ မြင်တော့ ရေနွေးတစ်ခွက်နှင့် နေကြာစေ့ တစ်ပန်းကန် လာချပေးသွားသည်။ စကားတော့ တစ်ခွန်းမှ မဆို။

ဘတ်စ်ကားက ဆိုက်ချိန် နောက်ကျနေသည်။ အချိန်တွေ ကုန်လာတော့

ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်၍ လာသည်။

နေကြာစေ့တွေကို ငေးရင်း ရေတွက်နေမိသည်။

တစ်

နှစ်

သုံး

ဆယ့်ခုနစ်

လေးဆယ့်ငါး

ခြောက်ဆယ်

တစ်ရာ့တစ်ဆယ်

နေထွက်လာပြီ။ ဘတ်စ်ကားကို လှမ်းမြင်ရပြီ။

ဘယ်သူတွေ ဆင်းလာ သလဲ ဆိုတာ စိုက်ကြည့်ရင်း ရင်က တဒိတ်ဒိတ် ခုန်နေသည်။

ဟော... ရဟန်းပျို သုံးပါး။

အိပ်နေသည့် ကလေးလေးကို ချီလာသော သားသည်မိခင်။

ဝန်စည်စလယ် များစွာနှင့် တစ်လှမ်းချင်း ဆင်းလာသော မိန်းမဝကြီး။

"သား ကြီးကောင် ဝင်လာပြီ၊ လူကလည်း အလေးကြီး၊ အရပ်ကြီး လည်း ရှည်လာလိုက်တာ၊ ခဏနေ အဖေ့ထက်တောင် မြင့်သွားတော့မှာ"

"ဟင့်အင်း... အဲသလို မဟုတ်လောက်ပါဘူး"

တကယ်လည်း အရပ်မြင့်လှသော ဖေဖေ့ထက် ကျွန်တော်က ပို၍ မြင့်မည် ဆိုခြင်းကို စိတ်ကူးကြည့်၍ပင် မရ။

ဖေဖေက သွားဖြဲပြ၏။

တစ်ခါတလေတော့ သူပြောနေသည့် အရာများကို ကျွန်တော် သေချာ နားမလည်ပါ။ တစ်ယောက်နှင့် တစ်ယောက် တွေ့ရခဲလွန်း၍လည်း ဖြစ်ချင် ဖြစ်မည်။ သို့တည်းမဟုတ် ဖေဖေ့ မျက်လုံးတွေက အခြားသူတွေထက် အဓိပ္ပာယ်

ဖော်ရခက်ခြင်းလည်း ဖြစ်ချင် ဖြစ်လိမ့်မည်။

ဖေဖေ့ မျက်လုံးတွေက အနက်ဘက် သန်းသည့် အညိုရင့်ရောင် မျက်လုံးကြီးတွေ၊ ကြီးသမှ အလွန့်အလွန်ကို ကြီး၏။ ကျွန်တော် တွေ့ဖူးသမျှထဲ အကြီးဆုံးလောက် ရှိသည်။ သို့သော် ထိုမျက်ဝန်းတွေက ကျွန်တော့်အတွက်တော့ အဓိပ္ပာယ်ဖော်မရ။ သူ ကျွန်တော့်ကို စိုက်ကြည့်နေပြီ ဆိုလျှင် ကျွန်တော့်မှာ ထိုမျက်ဝန်းတွေကို အဓိပ္ပာယ်ဖော်ဖို့ နေနေသာသာ နေမတတ် ထိုင်မတတ် ဖြစ်နေရသည်။ မျက်ဝန်းအကြည့်တွေက အေးချမ်းလွန်းလှသဖြင့် ကျွန်တော် ဘာကိုမှ အဓိပ္ပာယ်ရှာမရ။ ကြယ်တွေစုံသော ကောင်းကင်ကို ညဘက် ထိုင်ကြည့်သလိုသာ ဖြစ်ချိမ့်သည်လေ။

ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ ဖေဖေ့လက်ကို ဆုပ်ကိုင်လျက် ပေါ့။ လက်တွေက ဘကြီးလက်တွေထက် အများကြီး ပိုကြီး၊ ပိုသန်စွမ်းသည်။ ကျွန်တော့်လက်ကို ဖွဖွလေး ဆုပ်ကိုင်ထားသည်။ ဤသို့ အမြဲထာဝရ ရှိချင်စမ်းပါဘိ။ဤအထိအတွေ့ကို ကမ္ဘာကုန်ကျယ်သရွေ့ သယ်ဆောင်သွားချင်စမ်းပါဘိ။

ကျွန်တော် လှုပ်ရှားချင်လာသည်။ ဖေဖေ့ရှေ့ကနေ ပြေး၏။ ပြီးတော့ ရပ်စောင့်၏။ ရေအိုင်ကလေးတွေကို လွှားခနဲ ခုန်ကျော်၏။ ဖေဖေက ကျွန်တော့် ကို တပြုံးပြုံး ကြည့်နေသည်။ အပြုံးက နွမ်းလျလျ။ ခရီးကလည်း ပန်းသည်ကိုး။

နောက်ဆုံးတစ်ခေါက် ဖေဖေလာစဉ်က သူ့ကို ကျွန်တော် မေမေ့အကြောင်း မေးချင်လှသည်။ မေးဖို့ ပါးစပ်ပြင်နေသည်မှာ သူ ပြန်မည့်နေ့အထိ။ သူ သွားခါနီး နောက်ဆုံးမိနစ် အရောက်မှာတော့ သတ္တိတွေ ကုန်ဆုံးသွားခဲ့သည်။ နေပါစေဦး... ဒီတစ်ခေါက် မမေးသေးဘူး။ နောက်တစ်ခေါက်တော့ ကျိန်းသေမေးပြီဟု ကိုယ့်ကိုယ်ကိုယ် မောင်းတင်ထားခဲ့သည်။

ဘကြီး အမြဲသတိပေးခဲ့တာ တစ်ခုကို သတိရမိသည်။

“ဘယ်ကျောက်တုံးကို လှန်ကြည့်မလဲ ဆိုတာ မလှန်ခင် သေချာ စဉ်းစား သားရဲ့။ လှန်လိုက်တိုင်း လိပ်ပြာ တွေ့လိမ့်မယ်လို့တော့ မျှော်လင့်မထားနဲ့ပေါ့”

တိရစ္ဆာန်တွေနှင့် ပတ်သက်လာလျှင် ဖေဖေ့မှာ နည်းလမ်းတစ်ခု ရှိလေသည်။ တိရစ္ဆာန်တွေကို ဖေဖေ့လို ဆက်သွယ်နိုင်သည့် နည်းလမ်းမျိုးသုံးသူ ဆို၍ တစ်ဦး တစ်ယောက်မှ မတွေ့ဖူးခဲ့။ အထူးသဖြင့် ကြက်တွေကိုပေါ့။ တကယ်ပဲ မယုံနိုင် စရာ ကောင်းလွန်းလှသည်။ ခြံဝင်းထဲ ကျွန်တော်တို့ ဝင်လာသောအခါ ကြီးကြီး ငယ်ငယ်၊ နုနုရင့်ရင့်၊ ကြက်ဖြူ ကြက်ညို အားလုံး အပြေးအလွှား ရောက်လာကြ သည်။ သူတို့အားလုံး ဖေဖေ့ကို မှတ်မိသိရှိ၍ လာရောက် နှုတ်ဆက်ကြသည့် အလား။ ဖေဖေက ဒူးထောက် ထိုင်လိုက်ပြီး ကြက်တွေကို လက်ကမ်းသည်။ ကြက်များကလည်း အကြောက်အရွံ့မရှိ သူ့နားမှာ ဝိုင်းလို့။ လက်ကို တတောက် တောက် ဆိတ်နေကြသည်။ ပွတ်သပ်ပေးခြင်းကိုလည်း ကြည်ဖြူစွာ ခံကြသည်။ ဖေဖေ့ဆီက ထူးဆန်းသောအသံ ထွက်လာသည်။ ထိုအသံ ကြားတော့ ကြက်တွေ တကွတ်ကွတ်ဖြင့် အော်ကြလေသည်။

ကျွန်တော် မနေနိုင်၊ ရယ်မိသည်။

"ဖေဖေက ကြက်လို ပြောတတ်တယ်နော်"

"ဟုတ်တယ်ကွ၊ အဖေက ကြက်စကား ကျွမ်းတယ်လေ၊ သားကော"

"ဟင့်အင်း... တိရစ္ဆာန်စကား ဘယ်သူမှ မတတ်ပါဘူး ဖေဖေရာ"

"မဟုတ်ဘူးကွ၊ အဖေ တစ်ချိန်တုန်းက ကြက်တစ်ဒါဇင်လောက်ကို အဖော်လုပ်ပြီး နေခဲ့ရဖူးတယ်"

"ဘယ်လိုလုပ် ကြက်ဟာ အဖော်ဖြစ်မှာလဲ"

သူ ကျွန်တော့်ကို စမ်းပြန်ပြီ ဆိုတာ သိလိုက်သည်။ ဖေဖေသည် ကျွန်တော့် ဆီ လာသည့် အချိန်များမှာ ပုံပြင်တွေ အများကြီး ပြောတတ်သည်။ တချို့က လည်း အဖြစ်မှန်၊ တချို့ကလည်း လံကြုတ်ပေါ့။ ပြီးလျှင် ဘယ်ဟာက အမှန်၊ ဘယ်ဟာက လံကြုတ် ဆိုတာ ကျွန်တော် သိနိုင်သလား ဆိုတာ သူက အကဲခတ် နေတတ်ပြန်၏။

"ခွေးနဲ့ ကြောင်နဲ့ အပေါင်းအဖော်ဖြစ်နိုင်ပေမယ့်ကြက်နဲ့ အပေါင်းအသင်း ဖြစ်နိုင်ပါ့မလား"

"မင်းမှာ ပေါင်းသင်းစရာဆိုလို့ ကြက်ပဲ ရှိတယ်ဆိုရင်ကော၊ တခြား ဘာမှ မရှိဘူးကွာ၊ အရမ်းကို အထီးကျန်နေတယ်ကွာ"

အထီးကျန်ခြင်း ဆိုသည့် အဓိပ္ပာယ်ကို ကျွန်တော် သိပါသည်။ ကျွန်တော့် တစ်ကိုယ်တည်း နေရသည့် ရက်တွေ ရှိခဲ့သည်ကော။ သို့သော် ကြက်နှင့် အပေါင်းအသင်း လုပ်ရလောက်အောင်တော့ အထီးကျန်ခြင်းသည် အလျှင်း မရှိ။

ဖေဖေက ဟိုဟိုဒီဒီ လျှောက်ကြည့်နေသည်။ ကြက်တွေ ပတ်လည် ဝိုင်းရင်း လျှောက်လာကာ ခြံဝင်းထဲက အရာအားလုံးကို ကြည့်၏။ သူလာလေ တိုင်း အိမ်မှာ လုပ်စရာ ပြင်စရာ ရှိတာတွေ အားလုံး ကျုံးလုပ်သွားလေ့ ရှိသည်။ မနှစ်က ကြက်ခြံအသစ် ဆောက်သွားသည်။ ဟိုးတစ်နှစ်က ခေါင်မလုံသည့် အမိုးနှင့် လှေကားထစ်တွေ ပြင်သွားသည်။ ခုလည်း သူ့အကြည့်က ဘကြီးနှင့် ကျွန်တော် ဖြစ်သလို လုပ်ထားသော ရေတံလျှောက်သို့ ရောက်နေ၏။ ထင်သလို ဆော်ထားသော အိမ်ခေါင်မိုး တံစက်မြိတ် ရေတံလျှောက်မှသည် ပလတ်စတစ် ပိုက်ပြာများမှတစ်ဆင့် မိုးရေကို တိုင်ကီကြီး နှစ်လုံးဖြင့် ခံကာ သုံးရေဖြစ်အောင် ကျွန်တော်တို့ ကြံဆောင်ထားကြသော်လည်း အကြံအစည်ကား အပြည့်အဝ အောင်မြင်ခြင်း မရှိလှ။ မိုးရေက ဖိတ်တစ်ဝက်၊ စဉ်တစ်ဝက်မို့ မိုးကြီးကြီး ရွာလျှင် ပင် တိုင်ကီတစ်ဝက်မျှသာ ပြည့်၏။ ထိုမိုးရေကား ကျွန်တော့်တို့အတွက် အရေးကြီးလှသည်။ ဘုံပိုင်ရေက လာချင်သည့် နေ့မှသာ လာတတ်သည်ကိုး။ ထို့ကြောင့် သုံးရေအတွက် ထိုမိုးရေတိုင်ကီနှစ်ခုကို အားကြီးကြီးကိုးရသည်။ ရေတံလျှောက် က ကချော်ကချွတ်မို့ ကျွန်တော်တို့မှာ ရေပြတ်ချိန်ဆိုလျှင် အိမ်နီးနားချင်းတို့၏ သဒ္ဒါတရားပေါ် မူတည်ကာ ရေပုံးကလေးများနှင့် သူများရေကို ခပ်သုံးကြရသည်။

လှေကားထစ်ကလေးများမှ တစ်ဆင့် ကျွန်တော်တို့ အိမ်ပေါ်တက်လာခဲ့ကြသည်။ဖေဖေက ခရီးဆောင်အိတ်နှင့် ဂစ်တာကို အိပ်ခန်းထဲသွားထားသည်။ သူ့ကြည့်ရတာ အတန်ငယ် ပင်ပန်းနေသယောင် ရှိပြီး အနည်းငယ်လည်း ပူပင်သောက ရောက်နေပုံ ပေါ်သည်။

“ဖေဖေ ဆာပြီလား”

သူ စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြား ကျွန်တော် မေးလိုက်သည်။

“အင်း”

“ဒါဖြင့် တူတူချက်ကြစို့လေ”

“အေးပါ... ချက်မယ်လေ”

ဖေဖေ့အကြိုက် စားဖွယ်ကတော့ မုန့်ဟင်းခါးပင်။ ထိုသို့ ကျွန်တော် သိထားခြင်းကြောင့် ဘကြီးသွားပြီး နောက်တစ်ရက်ကတည်းက မုန့်ဟင်းခါး

အမည်တွေ တင်ကြို ဝယ်ထားပြီး ဖြစ်သည်။ ဟင်းရည်ကတော့ အသင့်လုပ်ပြီး သား မုန့်ဟင်းခါး အသင့်စားအထုပ် ဖြစ်သော်လည်း ကျွန်တော်တို့ အမည်စုံ အောင် ထည့်ကြ ချက်ကြဦးမည်လေ။

ကျွန်တော် ကြက်သွန်နီတွေကို နွှာ၏။ ကြက်သွန်နွှမ့်မွှန် မျက်စိစပ်လှ သဖြင့် မျက်လုံးမှာ မျက်ရည်တွေ ပြည့်လာချိန်မတော့ ဖေဖေက ကျွန်တော့်နေရာ ကို အပြေးအလွှား ဝင်ယူသည်။ သူက ကြက်သွန်နီ နောက်ထပ်တစ်လုံး ထပ်နွှာ သည်။ ကြက်သွန်ဖြူတွေ ဆက်နွှာသည်။ စပါးလင်တွေ ရိပ်ရိပ်ပါအောင် လှီး သည်။ ချင်းတွေကို အခွံသင်၍ လှီးသည်။

ကျွန်တော်က အိုးပြားထဲ ဆီထည့်၊ ကြက်သွန်ထည့်၊ ငရုတ်သီးမှုန့်၊ ဆနွင်းမှုန့်ထည့် ဆီသတ်။ ဟင်းရည်ထုပ်ကို ဖောက်ထည့်၊ ဆန်လက်တစ်ဆုပ်ကို ရေထည့်ပြီး ဆန်လှော်ဟင်းရည် ချက်။ ဟင်းရည်ထုပ်နှင့် ရော။ အနံ့ကလေးက မွှေးတက်လာသည်။ ဖေဖေ့ဗိုက်ထဲက ဂွီဂွီ ဂွမ်ဂွမ် အသံတွေ ထွက်လာပြီ။ ဖေဖေ က ဟင်းရည်ကို မြည်းကာ ငရုတ်သီးမှုန့် ထပ်ထည့်ပြန်သည်။ ကျွန်တော်တို့ သားအဖ နှစ်ယောက်လုံးက ပူပူစပ်စပ် ကြိုက်သလေ။

ဖေဖေ မုန့်ဖတ်တွေကို ဖျင်နေပြီ။ နာရီဝက် အကြာမတော့ ကျွန်တော် တို့ နှစ်ယောက် ဆိုဖာမှာ ထိုင်ပြီး မုန့်ဟင်းခါးပန်းကန် ကိုယ်စီဖြင့် အားပါးတရ လွေးကြသည်။ ဖေဖေ ရှလွတ် ရှလွတ်ဖြင့် စားနေသံက ကျွန်တော့်ထက် ပိုကျယ်၏။

စားနေစဉ်ကာလအတွင်း သားအဖနှစ်ယောက်လုံး စားမာန်ခုပ်နေ ခြင်းကြောင့် စကားတစ်ခွန်းမှ မဆိုဖြစ်။ ခုတော့ အကြည့်ချင်းဆုံပြီ။ ဖေဖေက ကြင်နာချစ်ခင်စွာ ပြုံးနေ၏။ ထိုမျှဆိုလျှင် ကျွန်တော့်အတွက် လုံလောက်ပါ ပြီလေ။ ကျွန်တော် ပြောခဲ့ဖူးသလို ဖေဖေသည် နှုတ်နည်းသူတစ်ဦး ဖြစ်၏။ မေးခွန်းတွေ စီနေအောင် မေးတတ်သူမျိုး မဟုတ်။ တစ်ခါတလေ စကားလုံးတွေ သုံးစရာမလိုဘဲ လိုရင်းကို ရောက်အောင် သွားတတ်သူမျိုး။

ညစာ စားပြီးသောအခါ ဖေဖေက ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိ ဖွာရှိုက်သည်။ ဆေးလိပ်သောက်ပြီးသောအခါ ခရီးဆောင် အိတ်ထဲက ဗူးကလေး တစ်ခုကို ထုတ်လိုက်သည်။

“ဖေဖေ သားအတွက် ဝယ်လာတာ” ဟု ပြော၍ ကျွန်တော့်ကို ကမ်းပေးသည်။

အင်း… နှစ်စဉ်နှစ်တိုင်း ဖေဖေသည် ကျွန်တော့်ဖို့ လက်ဆောင်ပစ္စည်း တစ်ခုမဟုတ် တစ်ခုတော့ ဝယ်လာစမြဲ ဖြစ်သည်။ များသောအားဖြင့်တော့ စာအုပ်ဟောင်းကလေးတွေ။ ဒီဘူးကလေးကတော့ စာအုပ်တစ်အုပ် ထည့်ဖို့

သေးလွန်းသည်။ အထဲမှာ ဘာပါသလဲ သိချင်စိတ် စောကာ ကျွန်တော် ဘူးကို ဖွင့်၏။ ဟော… ဘာဂျာကလေး တစ်လက်ပါလား။ သေချာကြည့်တော့ အသစ် မဟုတ်၊ တစ်ပတ်ရစ် အဟောင်းကလေး ဖြစ်မည်။ ကျွန်တော် မှုတ်ကြည့်သည်။ ဘာသံမှ ထွက်မလာခဲ့။

"ငါ့သားရဲ့ ခပ်ပြင်းပြင်းလေး အားစိုက်မှုတ်ကွ"

အသက် တဝကြီးရှူသွင်းကာ အားကုန်မှုတ်လိုက်သည်။ စီခနဲ ထွက် လာသည့် အသံက ဆိုးရွားလှ၏။ ငရဲအော်သံအလား ထင်ရသည်။

ဖေဖေက ရယ်ရင်း ဘာဂျာကို လက်ကမ်းယူသည်။ လက်မနှင့် လက်ညှိုး ကြား ဘာဂျာကို သာသာလေးတင်ကာ နှုတ်ခမ်းကလေးကို စုပ်ယူတော့မည့် အလား ဘာဂျာနား တင်ထား၏။ မျက်စိကို မှိတ်ကာ စတင်၍ မှုတ်သည်။

ပထမဆုံးသံစဉ်မှာတင် မှော်ဆန်သော အခြင်းအရာသည် ပေါ်ပေါက် လာခဲ့၏။ ကျွန်တော့်မျက်စိအောက်မှာ ဖေဖေသည် တခြားသူ တစ်ယောက်ကဲ့သို့ အသွင်သဏ္ဌာန် ပြောင်းသွားသည်။ ကျွန်တော့်ဖေဖေမှ ဟုတ်ပါလေစဟု ထင်ရ လောက်အောင်ပင်။ ဖေဖေသည် ခြေတစ်ဖက်၊ နောက်တော့ ခြေစုံကို လှုပ်၍ စည်းချက်လိုက်နေသည်။ ခန္ဓာကိုယ်က ဂီတစည်းချက်နှင့် လိုက်ကာ ယိမ်းနွဲ့ လှုပ်ရှားနေသည်။ လက်နှစ်ဖက် စုံကိုင်၍ ဘာဂျာကို သံစဉ်တွေ ဖန်တီးနေသည်။ ဂီတသံက ကျွန်တော့်ကို လွင့်စဉ်ထွက်သွားမတတ် ဖြစ်စေ၏။ ကျွန်တော် မှုတ် သလို ငရဲအော်သံ မဟုတ်၊ အင်မတန် လှပညက်ညောသော ဂီတသံ။ ကျွန်တော် သတိမထားမိလိုက်ဘဲ ခန္ဓာကိုယ်သည် သံစဉ်နှင့်အတူ လှုပ်ရှားနေမိသည်။ ဒါ ကျွန်တော် ကြားဖူးသော သီချင်း မဟုတ်။ သို့သော် ဂီတသံစဉ်ကို ကျွန်တော် နှစ်သက်လှသည်။ စားပွဲခုံကို ဒရမ်တီးသလို ခေါက်နေမိသည်။ ထို့ကြောင့် တစ်အိမ်လုံး ဂီတသံက လွှမ်း၍ နေတော့သည်။

ဘာဂျာကို မှုတ်ပြီးသောအခါ ခြောက်သွေ့အောင် လုပ်ပြီး ကျွန်တော့် ထံ ပြန်ပေး၏။

"ထပ်ကြိုးစားကြည့်ဦး သား၊ ဘာမှ မခက်ပါဘူးကွာ"

"ဒီလို မှုတ်တတ်အောင် ဖေဖေ ဘယ်က သင်လာခဲ့သလဲ ဟင်"

"ဖေဖေက ကိုယ့်ဘာသာ လေ့ကျင့်ယူတာပါ သားရယ်၊ သားကြိုက်ရင် ဘယ်လို လုပ်ရသလဲ ဖေဖေ ပြောပြပါ့မယ်၊ တတ်သွားရင် သားက ဘာဂျာမှုတ် ဖေဖေက ဂစ်တာတီးမယ်လေ ဘယ်နှယ့်လဲ"

ကျွန်တော် ခေါင်းကျိုးမတတ် တဆတ်ဆတ် ညိတ်ပြရုံကလွဲ၍ စကားသံ

ထွက်မလာခဲ့။ ပျော်လွှန်းသဖြင့် စကားလုံးတွေ ရှားပါး ပျောက်ကွယ်ခဲ့ပြီလေ။

ရက်သတ္တနှစ်ပတ် ဆိုသည့်ကာလအတွင်း အချိန်တို့သည် အလွန်လျင်မြန်စွာ၊ သို့တည်းမဟုတ် အလွန်နှေးကွေးစွာ ကုန်ဆုံးသွားခဲ့သည်။ ကျောင်းချိန်များ ဆိုလျှင် အချိန်သည် ရပ်နေဘိသကဲ့သို့။ သင်ခန်းစာများသည် ခါတိုင်းထက် ပို၍ အဆမတန် ငြီးငွေ့ဖွယ် ကောင်းလှသည်။ မပြီးနိုင် မစီးနိုင်တော့သကဲ့သို့။ ကျွန်တော့်မှာ ညနေ သုံးနာရီခွဲစေဖို့အရေး မိနစ်တွေကို ထိုင်ရေတွက်နေရသည်။

ဘကြီးဘ၏ လက်မှတ်အတုထိုး၊ ခွင့်စာအတုတင်ကာ ကျောင်းလစ် ရန်ပင် စိတ်ကူးမိသည်။ ဘကြီး ရှိနေချိန်များတွင် တစ်ခါတလေ ကျွန်တော် ထိုသို့လုပ်လေ့ရှိသည်။ လစ်ပြီး ငါးသွားမျှားချင် မျှား၊ ကိုအေးမင်း၏ ကွန်ပျူတာ သုံးချင် သုံး။ သို့သော် ခု ကျောင်းလစ်ချင်သည်ကတော့ ဖေဖေနှင့် တစ်နေကုန် နေလို၍သာ။ သို့သော်လည်း ဖေဖေက ထိုသို့ ခွင့်ပြုမည် မဟုတ်။

အတန်းထဲမှာ အကျိုးမဲ့ တစ်နေကုန် ထိုင်နေပြီး ဖေဖေနှင့်အတူ လုပ်ချင်သော အရာများကို စဉ်းစားနေရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ တစ်ရက် ကုန်ဆုံးတိုင်း ဖေဖေ ရန်ကုန်ပြန်ဖို့ တစ်ရက် နီးလာပြီ ဆိုသော အသိက လက်ခံဖို့ ခက်လှသည်။ ကျွန်တော် လုပ်နိုင်သည်ကတော့ ရေတွက်နေဖို့သာ။

တစ်-နှစ်-သုံး-လေး-ငါး။

ကျောင်းဆင်းဆင်းချင်း ကျွန်တော် အိမ်သို့ အတိုဆုံးလမ်းမှ အမြန်ဆုံး သုတ်ခြေတင်လာခဲ့သည်။ ထိုအချိန်မှစ၍ အချိန်သည် ဆီလို အပေါက်ရှာပြီး လျင်မြန်စွာ ကုန်ဆုံးတော့သည်။ အိမ်သို့ ရောက်သောအခါ ကျွန်တော့်မှာ အသက်ကို ဘယ်က ရှူရမှန်းပင် မသိ။ ဖေဖေက အိမ်ခေါင်မိုးပေါ် တက်ပြီး ရေတံလျှောက်ကို ပြင်ချင်ပြင်၊ ဒါမှမဟုတ် ကြက်ခြံကို ပြင်နေသည်။ ဘိလပ်မြေ အိတ်တွေ၊ အုတ်ခဲတွေ၊ ဂေါ်ပြားတွေနှင့် အလုပ်တွေ ရှုပ်နေတတ်သည်။ ဩော်... ဖေဖေသည် ကျွန်တော့်တို့အတွက် ရေလှောင်ဖို့ အုတ်ကန်တစ်ကန် ဆောက်ပေး နေတာပါလား။ ကျွန်တော်လည်း နိုင်သမျှ ကူ၏။ အိမ်နီးနားချင်း နှစ်ဦးကလည်း လာ၍ ကူညီပေးဖို့ ကမ်းလှမ်းကြသည်။ ဖေဖေက အကူအညီအတွက် ကျေးဇူး တင်သော်လည်း ကျွန်တော်တို့ဘာသာ လုပ်နိုင်ကြောင်း ယဉ်ကျေးစွာ ပြော၏။ သူ ဘာလို့ ငြင်းပယ်မှန်း ကျွန်တော် မသိ။ အကူအညီဆိုတာ ယူကောင်းသည် မဟုတ်လား။ ရက်ရောပျူငှာမှုကို လက်ခံဖို့ ခက်ခဲတတ်သော လူမျိုးထဲ ဖေဖေ ပါနေသလား။

ဖေဖေက အလုပ်ကို မြန်ဆန် ကျွမ်းကျင်စွာ လုပ်တတ်သည်။ ကျွန်တော်တို့

နှစ်ယောက်သည် လက်ဖျားခါရလောက်သည့် အသင်းအဖွဲ့တစ်ခု ဖြစ်၏။ ရက်အနည်းငယ်အတွင်း အုတ်ရေလျှောင်ကန် နှစ်ခုအနက် ပထမတစ်ခုကို လက်စသတ်နိုင်ခဲ့သည်။

ညဦးပိုင်းမှာ ကျွန်တော်တို့ ချက်ကြ ပြုတ်ကြသည်။ စားပြီးလျှင်တော့ ဂီတကို အတူ ဖန်တီးကြသည်။

ဖေဖေသည် ဘာဂျာကို လည်ပင်းနေရာနားမှာ တပ်ဆင်နိုင်သော သတ္တုကိုင်းလေးတစ်ခုပါ ဝယ်လာသဖြင့် ဂစ်တာနှင့် ဘာဂျာကို တစ်ပြိုင်နက်တည်း တီးမှုတ်နိုင်ခဲ့သည်။

ဖေဖေ့အသံက ချိုသည်၊ လှပသည်။ သူ အမြဲတမ်း သီချင်း နှစ်ပုဒ်ခန့် ကျွန်တော့်ကို ဆိုပြလေ့ ရှိသည်။ ဂစ်တာဆိုလိုနောက်က ဘာဂျာသံ လိုက်လာ သည့် သီချင်းကို ကျွန်တော် ကြိုက်လှသည်။ သုံးလေးခေါက် နားထောင်ပြီးတော့ စာသားကို ကျွန်တော် ရလာသည်။

“I want to live, I want to give,

I've been a miner for a heart of gold

that keep me searching for a heart of gold------

and I'm getting old---

(Neil Young: Heart of Gold- ဇော်ဝင်းထွဋ်၊ တနင်္ဂနွေမှာ မင်္ဂလာဆောင်မယ်- တိမ်ပြာပြာနွေတစ်နွေ... ဆန်းဒေးမှာကွယ်---)

ရွှေနှလုံးသားတဲ့လား။ ဖေဖေ ဆိုဖာမှာ ထိုင်ပြီး ဒီသီချင်းကို ဆိုနေချိန် မှာ ဖေဖေဟာ ရွှေနှလုံးသားနဲ့ လူပါပဲဟု ကျွန်တော် တွေးနေမိသည်။

ဘကြီးဘနှင့် ဖေဖေ၊ ရွှေနှလုံးသား ပိုင်ရှင်များ။

မေမေ၊ အင်း... မေမေရောပေါ့။

ပိတ်ရက်တွေမှာ တောင်တက်ဖို့၊ ရေကူးဖို့ မျှော်လင့်ထားကြသော် လည်း ဘာတစ်ခုမှ မလုပ်ဖြစ်ကြ၊ ဂီတရေယာဉ်ကြောမှာသာ မျော၍ နေကြသည်။ ဖေဖေ မှန်သည်။ ဘာဂျာသည် ကျွန်တော် ထင်သလို သင်ယူဖို့ မခက်ခဲ လှ။ ပထမနေ့မှာတင် လေကို ဘယ်လို ရှူသွင်း ရှူထုတ် ပြုရမည်ကို ကျွန်တော် စောကြောမိပြီ။

ငါးမိနစ် အမှုတ်ကျင့်လိုက်၊ ကျောင်းက အိမ်စာတွေ လုပ်လိုက်နှင့် အလုပ်များရသည်။ ကျောင်းသွားမည့်အစား သစ်တောထဲ သွားပြီး တစ်နေကုန် ဘာဂျာ မှုတ်နေလိုက်ချင်သည်။ ဆရာတွေ ကျွန်တော့်ကို မမြင်ရလျှင် သော်လည်းကောင်း၊ ကျွန်တော်က ဆရာတွေကို မမြင်ရလျှင် သော်လည်းကောင်း နှစ်ဦးနှစ်ဖက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်ကို ကျွန်တော် မြင်ယောင်နေမိ သည်။

တချို့ရက်တွေမှာတော့ ကိုအေးမင်းဆီ ဝင်ပြီး ဘာဂျာမှုတ်နည်းကို ဆံပင်ရှည်နှင့် လူငယ်တစ်ဦးက ပြသနေသည့် ဗွီဒီယိုကို ကွန်ပျူတာမှ တစ်ဆင့် ကြည့်မိသည်။ ဆရာကောင်းပါပေ။

နှစ်ပတ်ကြာပြီးနောက်မှာတော့ အဖေနှင့်သား စုံတွဲ ဂီတဖျော်ဖြေမှုကို ပထမဆုံးအကြိမ်အဖြစ် စတင်နိုင်ခဲ့သည်လေ။

တစ်ဆယ်

အားလုံး သူ့အမှားချည်းသာ ဖြစ်သည်ဟု ဖေဖေက ယူဆနေသည်။ ကျွန်တော် ကတော့ ကျွန်တော်တို့ သားအဖနှစ်ယောက်လုံး သေချာ သတိထားသင့်သည်ဟု ထင်သည်။

ကျွန်တော် ကျောင်းစကြံမှာ ပျင်းရိငြီးငွေ့စွာ ရပ်နေခိုက်မှာ ဖေဖေသည် ဒုတိယမြောက် ရေကန်အတွက် စတင်တူးဖော်မှု ပြုထားခဲ့သည်။ မိုးတွေ ရွာလာတော့ တွင်းထဲ ရေပြည့်လာမည် စိုးသဖြင့် တာလပတ်ဖြင့် အုပ်ထား၏။ ညနေဘက် ကျောင်းမှ ပြန်လာတော့ ကျွန်တော် ထိုတွင်းကို လုံးဝ သတိမထားမိ။ အကျိုးဆက်အားဖြင့် ကျင်းထဲ ကိုရို့ကားရား ပြုတ်ကျပြီး ဘယ်ဘက် ခြေချင်းဝတ် လည်သွားခဲ့သည်။ တစ်စုံတစ်ယောက်က ခြေချင်းဝတ် အရေပြားအောက်မှာ ဂေါက်သီးကြီးတစ်လုံး လာထည့်သွားသလို ရုပ်ပျက်ဆင်းပျက် ရောင်ကိုင်းလာခဲ့သည်။ လမ်းလျှောက်ဖို့ ဆိုသည်ကတော့ စဉ်းတောင် မစဉ်းစားလေနှင့်။ သို့သော် ကျွန်တော့်အတွက်တော့ ကောင်း၏။ ခုဆို အိမ်မှာနေပြီး ဘာဂျာမှုတ် ကျင့်နိုင်ပြီ။ ဖေဖေ ဟင်းချက်တာကို အနားမှာ ထိုင်ကြည့်နေနိုင်ပြီ။

နောက်တစ်နေ့ မနက်မှာတော့ အရောင်လျော့သွားပြီး နာကျင်မှု သက်သာသွားခဲ့သည်။ သို့သော် ခြေလှမ်း လှမ်းလိုက်တိုင်း စစ်ခနဲ နာ၏။ ထော့နဲ့ ထော့နဲ့ ဖြစ်နေသောကြောင့် ကျောင်းသို့ စက်ဘီးနင်းသွားဖို့ပင် မဖြစ်နိုင်။

"ဖေဖေ သားကို သယ်သွားမယ်ကွာ"

"ဘယ်လို သယ်သွားမှာလဲ"

"ကျောပိုးသွားမှာပေါ့ကွ"

ကျောပိုးမတဲ့။ ဒီအကြံကို ကျွန်တော် နှစ်သက်လှသည်။ သွားဖို့ အချိန်တန်သောအခါ ဖေဖေက ကျွန်တော့်ရှေ့မှာ ဆောင့်ကြောင့် ထိုင်၏။ကျွန်တော်က ဖေဖေ့ကျောပေါ်တွားတက် ၊ဖေဖေ့ခါးကို ခြေခွင်နှင့်ထစ်၊ ဖေဖေ့ လက်မောင်းတွေ ကို သိုင်းဖက်လိုက်သည်။ သူက ကျွန်တော့်ကို ပြုတ်မကျအောင် လက်ဖြင့် ထိန်းပေး ထားသည်။

"သားက အရမ်းလေးနေလား ဟင်"

"မလေးပါဘူး၊ အေးဆေးပါ"

သုံးလေးလှမ်းလောက်ပဲ လှမ်းရသေးသည်။ သစ်ငုတ်တစ်ခုကို တိုက်မိ မလို

ဖြစ်၏။ သို့သော်လည်း ဖေဖေက တမင်တကာ ခုန်လိုက်သလို ဟန်ဓာတ် ခုတ်၏။ စိတ်ထဲ ပျော်လာသဖြင့် စီးတော်မြင်းကွဟု အော်လိုက်ရာ ဖေဖေသည် တက်ကလောက် တက်ကလောက် အသံထွက်ရင်း လမ်းတစ်လျှောက် ကဆုန် စိုင်းလေတော့သည်။ မီတာတစ်ရာလောက် ပြေးပြီးတော့ ရပ်သွားသည်။ အသက် ကို အမောတကော ရှူနေသည်။ ဟိုင်းရော ဟိုင်းရော ဟု ကျွန်တော်က အော် လိုက်ရာ ပြေးရရှာလေ ပြန်တော့သည်။

ဒီလိုနှင့် ခရီးတစ်ဝက် ကျိုးလာခဲ့သည်။ ကျွန်တော်က ဖေဖေ့ မျက်လုံး တွေကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်သည်။

"ဟော့... ဘာလုပ်တာတုံး၊ ငါ မမြင်ရတော့ဘူးကွ"

ဖေဖေက ရယ်ရင်း ပြော၏။

"ဖေဖေ မြင်စရာ မလိုဘူးလေ၊ ဖေဖေ့ကို သား လမ်းပြမယ်"

ဖေဖေသည် တုန့်ခနဲ ဖြစ်သွား၏။

"စီးတော်မြင်းကြီး ဘာလို့ ရပ်သွားတာတုံး"

"သား ဘကြီးက သားကို တစ်ခုခု ပြောထားသေးလား"

"ဟင်... ဘာပြောရမှာတုံး"

သူ ဘာမှ ပြန်မပြော။

"သား ကိုယ်က လေးလား ဟင်"

"မလေးပါဘူးကွာ"

"ဘကြီးက ဘာအကြောင်း ပြောပြတာလဲလို့"

"ဘာမှ မဟုတ်ပါဘူး"

ဖေဖေသည် ကျွန်တော့်ကို သူ့ကျောပေါ်နေသားတကျ တင်၍ "ကဲ... စီးတော်မြင်းကြီး စိုင်းတော့မယ်" ဟု ပြော၏။ ကျောင်းမရောက်မီ ကျွန်တော့် ခြေထောက်အခြေအနေကို သူ သေချာကြည့်သည်။ ဆရာဝန်နှင့် ပြမှဖြစ်မည် ဟု သူ ဆုံးဖြတ်သည်။

လမ်းမှာ ကျွန်တော်တို့ မြမြင့်မိုရ် လက်ဖက်ရည်ဆိုင်သို့ ဝင်ကြ၏။ ဖေဖေ က လက်ဖက်ရည်၊ ကျွန်တော့်အတွက်က အအေး၊ စားပွဲထိုး ကောင်မလေးက

စားပွဲပေါ် မုန့်တွေ လာချသည်။ ဖေဖေက တူနှစ်ချောင်းကို တစ်ဖက် တစ်ချောင်း ကိုင်ရင်း စားပွဲကို ဒရမ်ခေါက်သလို ခေါက်နေသည်။

ထွက်လာသော အသံက နားထောင်ကောင်း၏။ ကျွန်တော်လည်း တူတစ်စုံ ကောက်ကိုင်ကာ စည်းချက်လိုက်၏။ ဖန်ခွက်၊ ပုလင်းနှင့် မုန့်ပန်းကန် တွေကိုလည်း ဖေဖေက သူ့ ဒရမ်ဆက်ထဲက ပါဝင်ပစ္စည်းများလို တီးခတ်နေ လေသည်။ ဟော... သူ ခပ်တိုးတိုး ဆိုပြီ။

“I want to live-----I want to give--------- “

ဆိုင်ထဲမှ ဧည့်သည်အချို့က ကျွန်တော်တို့ကို စိတ်အနှောင့်အယှက် ဖြစ်လေဟန်၊ အချို့ကတော့ ခေါင်းတဆတ်ဆတ် ညိတ်လျက် အားပေးဟန် ပြုကြ၏။

ရုတ်တရက် ချက်ချင်း ဖေဖေ့ခန္ဓာကိုယ်သည် ဆတ်ခနဲ တောင့်တင်း သွားသယောင်။ သူထိုင်သော နေရာမှာ လမ်းကို ကောင်းကောင်းမြင်ရသဖြင့် လမ်းကို ကျောပေးထားသော ကျွန်တော် မမြင်သည့် တစ်စုံတစ်ရာကို သူ မြင်ရ ခြင်း ဖြစ်လိမ့်မည်။ တူတွေကို ချလိုက်သည်။ မျက်လုံးတွေက ပြူးလာသည်။ သူ့မျက်လုံးတွေကို စိုက်ကြည့်ရင်း တစ်စုံတစ်ရာကို ကျွန်တော် သိလာတော့ မယောင် ခံစားမိသည်။ သို့သော် ရုတ်ခြည်း ပွင့်လာပြီး ဆတ်ခနဲ ပြန်ပိတ်သွား သော တံခါးတစ်ချပ်လိုပါပဲ။

အဲဒါ အကြောက်တရားလား၊ ဒေါသလား။

ဆတ်ခနဲ လမ်းဘက် လှည့်ကြည့်လိုက်သည်။ ပုံမှန်မဟုတ်သည့် မြင်ကွင်း မျိုး မရှိ။ ဈေးဗန်းကြီး ရွက်ထားသော မိန်းမနှစ်ယောက် လက်ဖက်ရည်ဆိုင် ရှေ့မှာ ရပ်ရင်း စကားကောင်းနေကြသည်။ သူတို့နားမှာ စစ်ဂျစ်ကား တစ်စီး၊ စစ်သားလေးယောက် ကားပေါ်က ဆင်းလာသည်။ ကျွန်တော့်တို့ ဘေးစားပွဲမှာ ဝင်ထိုင်ကြသည်။ ဖေဖေသည် ထိုစစ်သားတို့ကို ပိုက်စိပ်တိုက် စောင့်ကြည့်၍ နေလေ၏။

“ဖေဖေ ဘာဖြစ်လို့လဲ”

သူ ကျွန်တော် မေးတာကို ကြားပုံ မရ။

“ဖေဖေ”

ကျွန်တော်တို့ကို ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သဘောမထား သော ထိုစစ်သားတို့ကို ဖေဖေသည် မမှိတ်မသုန် ကြည့်နေတုန်းပင်။ သူ့ရင်ထဲမှာ

တစ်စုံတစ်ရာ အပြင်းအထန် လွန်ဆွဲနေဘိသကဲ့သို့။ အချိန်မရွေး ထရပ်ပြီး စစ်သား တွေဆီ ဦးတည်သွားတော့မယောင်။ သူ့တစ်ကိုယ်လုံး မသိမသာလေး တုန်နေ သည်ကို ကျွန်တော် ခံစားမိသည်။ ဖေဖေ ထိုသို့ ဖြစ်နေခြင်းကြောင့် ကျွန်တော် ကြောက်လာမိသည်။

"သား ခြေထောက်နာတယ်"

ကျွန်တော့်ဘက်သို့ စိတ်လည်လာနိုးဖြင့် ပြောမိသည်။

သူကတော့ တုံဏှိဘာဝေ။

"ဖေဖေ... သား ခြေထောက် တကယ်နာနေတာ"

ခပ်ကျယ်ကျယ်လေး ပြောလိုက်သည်။

သူ ကျွန်တော့်ဘက် လှည့်လာသည်။ တစ်ထောင်တန် တစ်ရွက်ကို စားပွဲပေါ်တင်သည်။ ရုတ်တရက် ထရပ်လိုက်တော့ သူ့ထိုင်ခုံက လဲသွားသည်။ စစ်သားတွေ ကျွန်တော်တို့ဘက် လှည့်ကြည့်ကြသည်။ ကျွန်တော်တို့မှာထားသည့် အရာများကို တို့ပင် မတို့ရသေး။

"သွားကြစို့"

ဖေဖေက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ အမိန့်ပေးသကဲ့သို့။

ဆိုင်ထဲမှ သူ အလျင်အမြန် ထွက်သွားသည်။ ကျွန်တော် သူ့နောက်သို့ ခြေထော့ကျိုးဖြင့် လိုက်ရသည်။ ကျွန်တော် ဘယ်လိုမှ မလျှောက်နိုင်တော့မှန်းသူ သိသွားသည်။ ကျွန်တော့်ကို သူ ကျောပြန်ပိုးသည်။

အတော်ဝေးဝေး ရောက်တော့မှ ကျွန်တော် ဖေဖေ့ကို မေးလိုက်သည်။

"ဖေဖေ အဲဒီစစ်သားတွေကို သိလို့လား"

"သူတို့ထဲက တစ်ယောက်ကို သိတာပါ"

"ဘယ်မှာ သိခဲ့တာလဲ"

မဖြေ။

တိတ်တိတ်နေခြင်းမှာ အကြောင်းများစွာရှိကြောင်း ဘကြီးထံမှ သင်ယူ ခဲ့ရပြီး ဖြစ်သည်လေ။

ကြောက်ရွံ့ထိတ်လန့်ခြင်း၊ သို့တည်းမဟုတ် အရှက်တရား၊ ဥပေက္ခာ၊

သူရဲဘောကြောင်မှု၊ တစ်ခါတလေတော့ အတူရှိနေသူကို နှိပ်စက်လို၍၊ တစ်ခါတလေတော့ တိတ်တဆိတ် ပျော်ရွှင်ဝမ်းမြောက်ခြင်းကြောင့်။

ခု ဖေဖေ ဘာလို့ စကားမဆိုမှန်း အကြောင်းရင်းကို ကျွန်တော် မသိ နိုင်ပါ။ တစ်ခုတော့ သေချာသိသည်။ ဖေဖေ ကျွန်တော့်ကို ပြန်ဖြေမည် မဟုတ်၊

ဆရာဝန်က လိမ်းဆေးလိမ်း၊ ပတ်တီးစည်းပေးသည်။ ပတ်တီးကို တစ်ရက် နှစ်ကြိမ်လဲရန် ညွှန်ကြားသည်။ ကံမကောင်းချင်တော့ ရက်ပိုင်းအတွင်း အရောင်လျော့သွားပြီး ဘာမှ မဖြစ်ခဲ့သလို အကောင်းပကတိ လမ်းလျှောက် နိုင်လာသည်။

လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့သည့် စစ်သားများအကြောင်းကိုကျွန်တော့် တို့ နောက်ထပ် စကားတစ်ခွန်းမှ မဟဖြစ်တော့။

တစ်ဆယ့်တစ်

ဖေဖေ့အသံ၊ ဧည့်ခန်းထဲမှ ထွက်လာခြင်း ဖြစ်သည်။ အသံက တကယ့်ကို တိုးတိုး လေး။ ဘကြီးဘ စောစောစီးစီး ပြန်ရောက်လာပြီ အထင်နှင့် ကျွန်တော် အိပ်ရာမှ လူးလဲထလိုက်သည်။

ဖေဖေက ဆိုဖာပေါ်မှာ ကျွန်တော့်ကို ကျောပေးထိုင်နေသည်။ ဖယောင်းတိုင်တစ်တိုင်ကို ထွန်းထားပြီး ဆေးပေါ့လိပ် သောက်နေသည်။ ဘကြီး အရိပ်အယောင် ဘယ်မှာမှ မမြင်။

ဖေဖေသည် ဖုန်းပြောနေခြင်း ဖြစ်၏။ သူ့အသံက အမောတကော ဒရောသောပါးနှင့် ကျွန်တော် နားမလည်။ ကြားရသလောက်တော့ ရန်ကုန်မှာ တစ်ခုခုဖြစ်နေသလို ထင်ရသည်။ ခြေဖျားထောက်ကာ အိပ်ရာထဲ ပြန်ဝင်နေလိုက်သည်။

အိပ်ရာထဲမှာ လှဲရင်း မေမေ့ကို စိတ်ကူးပုံဖော် ကြည့်နေမိသည်။ တကယ်တော့ အိပ်မပျော်သည့် အချိန်တိုင်း ကျွန်တော် ထိုသို့လုပ်လေ့ ရှိသည်။ တကယ်တော့လည်း ဘကြီး၏ အပြောအရသာ စိတ်အာရုံမှာ မြင်ယောင် ကြည့်ရခြင်း မျိုးပါ။ မေမေက အရပ်မြင့်မြင့်၊ ကိုယ်လုံး သွယ်သွယ်လေး တဲ့။ ဆံပင်က မဟူရာရောင်၊ အဖျားက ကော့ကော့ကောက်ကောက်၊ ကျောလည်ထိ ရှည်သတဲ့။ တစ်ခါတလေလည်း ဆံပင်ကို သိမ်း၍ ဆံထိုးတစ်ချောင်း ထိုးထားတတ်သည် ဆိုပဲ၊ ဈေးထဲက အမျိုးသမီးတွေလို ပန်းတွေ ဘာတွေများ ပန်သေးလား မသိ။ အဖြူရောင် တရုတ်စံကားပွင့်လေးတွေလား၊ အနီရောင် ခေါင်ယမ်းပွင့်ကလေးတွေများလား။

မေမေ့အသံက နူးညံ့၊ တက်ကြွ၊ ငယ်ရွယ်လွန်းလှသည်။ ကျွန်တော် မေမေဟုပင် မထင်ရ၊ အစ်မကြီးအလား။ မေမေ့ မျက်ဝန်းတွေကလည်း တဖျပ်ဖျပ် လက်လွန်းလှသည်။ အပြုံးကလေးက နှလုံးသားကို နွေးခနဲ ဖြစ်သွားစေသည်။

ဘယ်ဘက်ပါးပေါ်က မီးခြစ်ဆံခေါင်းလောက်ရှိသော နီညိုရောင် အမာရွတ်ကတော့ ပါးစပ်ထောင့်ကနေ နားရွက်ဖျားထိ ရှိနေသည်။ ပသို့ဆိုစေ ကျွန်တော့် အထင်တော့ မေမေသည် အင်မတန်လှ၏။

ကျွန်တော်နှင့် မေမေမှာ တူ တူလွန်းလှသည်။ တူအားကြီးသဖြင့် မေမေ နှင့် ကျွန်တော် ယှဉ်ရပ်လိုက်လျှင် ကျွန်တော်က မေမေ့ ကိုယ်ပွားအလား ထင်ရသည်။

ထိုသို့ဖြစ်ရသည်ကို ကျွန်တော် ကြိုက်သည်လေ။

ခုတင်ပေါ်သို့ ဖေဖေ အသာလေး တွားတက်လာသည်။ အသက်ရှူသံ က မြန်မြန်စိပ်စိပ်။ ကျွန်တော့် ဖေဖေ့ဘက်သို့ လှည့်ကာ သူ့လက်ကို ကိုင်လိုက် သည်။ ဖေဖေကလည်း ကျွန်တော့်ဘက် လှည့်လိုက်သည်။ နှာခေါင်းချင်း တိုက် မတတ် ပူးကပ်သွားကြသည်။ ဖေဖေ့ဆံနွယ်များကြားမှ ဆေးပေါ့လိပ်နံ့ သင်းပျံ့ပျံ့ ကို ရ၏။ သူ့ထွက်သက် နွေးနွေးကို ကျွန်တော့်အရေပြားက တစ်ဆင့် ခံစားရ သည်။ ရနံ့က ချဉ်စူးစူး ခါးသက်သက်လိုလို။

"ဖေဖေ"

အနားရှိနေသူသည် ကျွန်တော့်ဖခင် ဖြစ်ကြောင်း အတည်ပြုချက် ရယူ လိုသလိုမျိုး ကျွန်တော် ဖေဖေ့ကို ခေါ်လိုက်သည်။

သူ ဘာမှ ပြန်မဖြေ။

"ဖေဖေ"

ထပ်ခေါ်သည်။

"ဘာလဲကွာ"

မေမေနဲ့ ဖုန်းပြောနေတာလားဟင်ဟု မေးလိုက်ချင်မိသည်။ ဖေဖေ့ အသံက ဘာလို့ တိုးလွန်းနေတာလဲ။ မေမေ နေကောင်းရဲ့လား။ မေမေ ကျွန်တော့် အကြောင်း မေးသေးလား။

မေးချင်စိတ်တွေ များလှသော်လည်း တကယ်တမ်း မမေးဝံ့ပါ။ မေး လိုက်၍ ပြန်ဖြေလိုက်မည်ကို မကြားဝံ့။ မေမေ နေမကောင်းမှန်း ကျွန်တော် သိသည်။ ပိုများ ဆိုးလာလေရော့သလား။ ကျွန်တော့်အကြောင်း ခေါင်းထဲကို မရှိသဖြင့်၊ လုံးဝ စိတ်မဝင်စားသဖြင့် မမေးတာများလား။ သို့မဟုတ်... သို့တည်းမဟုတ်... အစိုးရွံ့ဆုံးကိစ္စကတော့ ဖေဖေသည် မေမေနှင့် ဖုန်းပြောခြင်း မဟုတ်ဘဲ တခြားသော မိန်းမတစ်ယောက်နှင့် တိတ်တဆိတ် ချစ်ဇာတ်လမ်း ခင်းနေခြင်း များလား။ ဒါမှမဟုတ် မေမေ သေဆုံးသွားပြီမို့ မေမေ့ကို ဘယ်သူမှ စကားပြော ခွင့် မရှိတော့တာများလား။ အဖြေတစ်ခုခုရမှာ ကြောက်လှသဖြင့် တစ်ခွန်းတောင် မမေးဝံ့ပါ။

"ဘာလဲ သားရဲ့ ပြောလေ"

"သား... သား နေလို့ကောင်းတယ်လို့ ပြောမလို့ပါ"

"အင်း ခုမှ သန်းခေါင် ရှိသေးတယ်၊ ပြန်အိပ်တော့နော်"

ဖေဖေလည်း ကျွန်တော့်လိုပင် အိပ်ပျော်သေးဟန်မတူ။ ဟိုလှည့် ဒီလှည့် နှင့်။ သို့သော် ခဏနေတော့ သူ့ဆီက ဟောက်သံ ထွက်လာ၏။

ခဏထပ်စောင့်ပြီး ခုတင်ပေါ်က အသာလေးဆင်းကာ ဧည့်ခန်းဆီ ထွက်လာခဲ့သည်။ ဖေဖေက သူ့ဖုန်းကို ဧည့်ခန်းထဲက စားပွဲပေါ်တင်ထားခဲ့သည်။ ဘာမှ သေချာမစဉ်းစားနိုင်မီမှာပင် ဖုန်းကို ကောက်ကိုင်ကာ အဝင်ကောလ်၊ အထွက်ကောလ်တွေကို ကြည့်မိသည်။ သန်းခေါင်မတိုင်ခင် ဖုန်းခေါ်ဆိုမှု နှစ်ကြိမ်၊ နောက်တစ်ကြိမ်က ၁၂ : ၃၇ AM တဲ့။ ခေါ်သည့် နံပါတ်က တစ်ခုတည်း။ ထိုနံပါတ်ကို ကျွန်တော် မသိ။ ကိစ္စတော့ မရှိ။ ကျွန်တော်သိသော ဖုန်းနံပါတ်က ကိုအေးမင်းနှင့် ဘကြီးဘ၏ ဖုန်းနံပါတ် နှစ်ခုတည်းသာ။

ခဏတော့ ချီတုံချတုံ ဖြစ်နေမိသည်။ ပြန်ခေါ်သည့် ခလုတ်ကို နှိပ်လိုက်မိပြီ။ ဟော... လိုင်းဝင်သွားပြီ။ ဖုန်းခေါ်သံ ကြားနေရပြီ။ ခြေဖျား လက်ဖျားတွေ အေးစက်လာသည်။ နှလုံးကား တဒိတ်ဒိတ်ခုန်နေ၏၊ ရင်ဝမှာ အလုံးကြီး ဆို့ထားသလို ဖြစ်နေပြီး အသက်ရှူရ ခက်လာသည်။

ဖုန်းကို နားနားကပ်ကာ စောင့်စားနေမိသည်။ ဖုန်းမြည်သံကား ရှည်သည်ထက် ရှည်လာသလို။

ဖုန်းချလိုက်တော့မည့်ဆဲဆဲမှာ အမျိုးသမီးအသံတစ်ခုကို ရုတ်ခြည်း ကြားလိုက်ရသည်။ နက်နက်ကျောကျောနှင့် ပင်ပန်း နွမ်းနယ်နေဟန် ရှိသည့် ဟယ်လို ဆိုသော အသံ။ ဖုန်းကို မယုံနိုင်သလို ပြန်ကြည့်မိသည်။ ကျွန်တော် တကယ်ပဲ မေမေနဲ့ ဖုန်းပြောခွင့် ရပြီလား။

တစ်ခုခုကို အရမ်းကာရော ပြောပစ်လိုက်ချင်သည်။ သို့သော် ဘာပြောရမှန်း မသိ။

"ဘယ်သူလဲ"

အသံက စကားသံနှင့်ပင် မတူ။ လည်ချောင်းထဲက ထွက်လာသော မာန်ဖီသံကဲ့သို့၊ ထိုအသံက ကျွန်တော့်သတ္တိတွေ အားလုံးကို ဆွဲငင်ယူဆောင်သွားဘိသကဲ့သို့။ သို့သော်လည်း တစ်ခုခုတော့ ပြောရမည်။

"ဘိုဘိုပါ ခင်ဗျာ၊ ဘိုဘိုပါ"

အသံတိမ်ကလေးနှင့် တိုးညင်းစွာ ပြောမိသည်။

တိတ်ဆိတ်စွာ ငြိမ်သက်လျက်။

တစ်ဖက်က အမျိုးသမီးကြီး၏ လေးပင်သော အသက်ရှူသံကို ကြားနေ

ရသည်။ အချိန် အသင်္ချေ အနန္တ ကုန်ဆုံးသွားပြီးချိန်မတော့ သူက ပြန်မေးသည်။

"ဘယ်သူ"

"ဘိုဘိုပါ"

ငြိမ်သွားပြန်သည်။ ကျွန်တော့်နားထဲမှ လေတွေ ထွက်လာသည်။

"ဘိုဘို ဟုတ်လား"

"ဟုတ်ကဲ့"

အသက်အောင့်ထားမိသည်။ နည်းနည်းမှ မလှုပ်ဝံ့။

"မ.... မ... မသိဘူး"

သူ့အသံက တစ်စုံတစ်ရာကို ပြန်လည်အမှတ်ရဖို့ ကြိုးစားနေရသည့်မသေချာ မရေရာသော အသံမျိုး။

"ကလောကလေ... ဘိုဘိုနဲ့ ဦးဘလေ ခင်ဗျာ"

ကျွန်တော် ဒရောသောပါး ပြောမိသည်။

ဟာ.... သူ ဖုန်းချသွားပြီ။

ဖုန်းကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ ကျွန်တော့်ကို မေမေ မေ့သွားပြီလား။ ဒေါ်နှင်းအေး၏ ဘွားအေကြီးလို ဘာဆို ဘာမှ မမှတ်မိတော့သည့် သက်ကြီး အတိတ်မေ့ဝေဒနာများ စွဲကပ်နေရှော့သလား။ ထိုဘွားအေကြီးသည် မီးဖိုထဲ ရေလောင်းထည့်လို ထည့်၊ အိမ်အပြန်လမ်းကို မေ့လိုမေ့၊ မြေး နာမည်တွေကိုလည်း မနက်တိုင်း ပြန်ပြန်ပြောပြနေရ၏။ မေမေကကော... အဲသလိုပဲလား။

မဟုတ်သေး၊ ဒါ မေမေ့အသံ မဟုတ်နိုင်။

ထိုအသံက ဝေဒနာသည် အဘွားကြီးတစ်ယောက်၏ အသံမျိုး။

သူစိမ်းတစ်ရုံဆံတစ်ယောက်၏ အသံ။

ဖုန်းမြည်လာပြန်သည်။

တစ်ခါ-

နှစ်ခါ-

ဖေဖေ့ကို ဖုန်းမြည်သံကြောင့် မနိုးစေချင်။ ထို့ကြောင့် ဖုန်းမြည်သံကို တိုးလိုက်သည်။

ဖုန်း၏ တုန်ခါမှုကြောင့် တစ်ကိုယ်လုံး ခါယမ်းလာသလို ဖြစ်လာ၏။ ဖုန်းခေါ်သံတိုင်းမှာ တုန်ခါမှုက ပိုပြင်းထန်လာသည်။

နောက်ဆုံးမှာ ဖုန်းသံ ရပ်သွား၏။ တစ်မုဟုတ်ချင်းမှာ ပြန်မြည်လာပြန်သည်။

ပြင်းထန်သော ကြောက်ရွံ့ထိတ်လန့်ခြင်းဖြင့် ဆိုဖာပေါ်မလှုပ်မယှက် ထိုင်နေမိသည်။ ဘာလုပ်ရမှန်း မသိ။ နောက်တစ်ကြိမ် ဖုန်း ထပ်မြည်လာချိန် မတော့ ဖုန်းကို ချထားလိုက်ပြီး အိပ်ရာထဲ ပြန်ဝင်လာလိုက်သည်။

ဒီတစ်ခါတော့ အိပ်မောကျသွားဖို့ အချိန်များများ ယူစရာ မလိုတော့ပေ။

***

ညနေပိုင်းမှာ ဖေဖေသည် ကျွန်တော့်ကို ကျောင်းရှေ့က စောင့်နေခဲ့သည်။ ဒါကို ကျွန်တော် လုံးဝ သတိမထားမိ။ ကျောင်းဆင်းချိန်ဆိုလျှင် လူတွေ ပျားပန်းခပ် နေသည်ကိုး။ ဝီစီ တဝီဝီနှင့် ယာဉ်ထိန်းရဲလည်း ရှိရသည်။ တပ်မှ အရာရှိ သားသမီး များကို လာကြိုသော စစ်ဂျစ်ကားတွေလည်း မနည်းမနော။ မော်တော်ဆိုင်ကယ် လေးတွေနှင့် လာကြိုကြသော မိဘတွေလည်း ရှိ၏။ ထီးလေးတွေ ကိုယ်စီ ဆောင်းကာ သားသမီး ကျောင်းဆင်းချိန်ကို စောင့်နေသော မိခင်တွေကလည်း တစ်အုပ်ကြီး။

ဖေဖေက လမ်းတစ်ဖက်ခြမ်းက စက္ကူပန်းချုံလေးနားမှာ ရပ်နေသည်။ မျက်လုံးချင်း ဆုံမိကြသောအခါ ဖေဖေက ကျွန်တော့်ကို လက်ပြသည်။ ကျွန်တော် တခြား ကျောင်းသားတွေကြားမှ တိုးဝှေ့ပြီး ဖေဖေ့ဆီ အပြေးသွားမိသည်။

ဖေဖေက ကျွန်တော့်အကြိုက်ကို သိသည်ပဲ။

“ငါ့သား ကြံရည်သောက်မလား၊ ရေခဲမုန့် စားမလား” ရေခဲမုန့်ဆိုင်သို့ ကျွန်တော်တို့ ချီတက်ကြ၏။ လက်ဖက်စိမ်းနှင့် သဘော်သီး ရေခဲမုန့်အရသာ နှစ်မျိုးသာ ရ၏။ ထိုနှစ်မျိုးလုံး ကျွန်တော် မကြိုက်။

ဖေဖေက ကျွန်တော့်လက်ကို ဆွဲကာ ဈေးအနီးက သစ်သားဆိုင်လေး ဆီ ချီတက်ပြန်၏။ တာလပတ်မိုးအောက်မှာ ထိုင်ကြ၏။ မိုးရွာတော့မယောင်။

ကြံ့ရည်က သိပ်မချိုသော်လည်း အေးစိမ့်၍ အရသာရှိလှသည်။ ကြံ့ရည် ကို တစ်စက်မကျန် ဇိမ်ဆွဲ၍ သောက်မိသည်။

ဖေဖေက ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိရင်း ကျွန်တော့်ကို ကြည့်ကာ ရုတ်တရက် ပြောလိုက်သည်။

“မင်းမေမေနဲ့ ဖေဖေ ဖုန်းပြောဖြစ်တယ် သား”

ကစားကွင်းထဲမှာ ကစားဖော်တစ်ယောက်၏ တံတောင်ဖြင့် အတွက် ခံလိုက်ရသလို ကျွန်တော် အရှိုက်ထိသွား၏။ ထိချက်က ပြင်းထန်လွန်းလှသဖြင့် ရှေ့သို့ပင် ငိုက်ကျသွား၏။ ညည်းသံပင် ထွက်သွားခဲ့သည်။

မနေ့ညက ထူးဆန်းသော မိန်းမကြီးသည် သူ့ကို တစ်စုံတစ်ယောက် ဖုန်းထပ်ဆက်ကြောင်း ဖေဖေ့ကို ပြောပြလိုက်သလား။

ထိုမိန်းမကြီးနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒတောင် မကြားချင်။

“သား... သား... ဘာဖြစ်တာလဲ”

ကျွန်တော့်ကို အကဲခတ်နေသော ဖေဖေက စိုးရိမ်စွာ မေး၏။

“ဗိုက်အောင့်လာလို့ပါ၊ သိပ်မဆိုးပါဘူး”

“သူက ချစ်ပါတယ် တဲ့”

“ဘယ်သူကလဲ”

“မင်းအမေကလေ”

သူ့မျက်လုံးတွေကို စေ့စေ့ကြည့်ကာ ဖတ်ကြည့်ဖို့ ကြိုးစား၏။ အကယ်၍သာ လုံလောက်သောအချိန် ရခဲ့ပါလျှင် သူ့စိတ်ထဲ ဘာတွေ ဖြစ်နေမည် ဆိုတာ ကို ကျွန်တော် သူ့မျက်ဝန်းများမှတစ်ဆင့် မြင်နိုင်မည်ဟု ထင်မိသည်။ ဒါကကျွန်တော့်ခွန်အား ဖြစ်၏။ တခြား ဘာမှ မလုပ်နိုင်သေးဘဲ ဖေဖေ့ကို စိုက်ကြည့် မိသည်။ ဖေဖေက ကျွန်တော့်အကြည့်ကို မရှောင်လွှဲပါ။ ရုတ်တရက် သူ့မျက်ဝန်း တွေ အရောင်လက်သွားသလို ထင်ရသည်။ ဟော... သူ မျက်မှောင်ကြုတ်ပြီ။ နဖူးတွေ တွန့်သွားသည်။

“မင်း ဘာဖြစ်နေတာလဲ သား”

သူ့အသံက အံ့ဩနေသယောင်၊ သို့မဟုတ် စိတ်ကျဉ်းကျပ်နေသလား၊ စိတ်မလုံခြုံ ဖြစ်နေသလား၊ ဒါမှမဟုတ် ကျွန်တော့်ကို မုသားဆိုနေသလား။

မိုးခြိမ်းသံကြီးတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မိုးပေါက် တွေ ကျလာသည်။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ရင် ဘာလို့ ဒီလို စိုက်ကြည့်နေတာလဲ"

"ဟင်... ဘယ်မှာ စိုက်ကြည့်လို့လဲ"

ကျွန်တော် ခေါင်းကို ငုံ့လိုက်မိသည်။

"မင်းကြည့်နေပုံက ဖေဖေကပဲ မင်းကို ရန်ပြုမယ့် သူစိမ်းတစ်ရံဆံလိုပဲ ငါ့သား"

ဘာပြန်ပြောရမည်မှန်း မသိ။

ဖေဖေက ကျွန်တော့်စကားကိုငံ့လင့်နေသည်။ နောက်ဆုံးတော့ ဘိုဘိုရေ ဟု သူခေါ်သည်။ကျွန်တော့် မေးကို လက်ဖျားဖြင့် ပင့်မကာ သားအဖနှစ်ယောက် အကြည့်ချင်း ဆုံကြပြန်သည်

"ဘိုဘို၊ မင်းမေမေ ငါ့ကို လိုအပ်နေပြီ၊ ဒီညနေပဲ အဝေးပြေးကားနဲ့ ဖေဖေ ပြန်ရလိမ့်မယ်၊ ဖေဖေ စိတ်မကောင်းပါဘူးကွာ"

ကျွန်တော် ခေါင်းကို ခါထုတ်လိုက်သည်။ ဖေဖေက လက်ပြန်ရုပ်သွားသည်။

သူ့စိတ်ထဲ ဘာဖြစ်နေနေ ခု ကျွန်တော် ဂရုမစိုက်ချင်တော့။ တကယ် စိတ်မကောင်းတာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ အမှန်ပြောပြော လိမ်ပြောပြော ဖြစ်ချင်ရာ ဖြစ်ပါစေတော့။ ဘာမှလည်း မသိချင်တော့။

ခုလုပ်ချင်တာကတော့ အာခေါင်ခြစ်ကာ အသံကုန် အော်လိုက်ချင်သည်။

တွေ့ရာကို ဆောင့်ကန်လိုက်ချင်သည်။

ဖေဖေဆိုသော ထိုလူကြီး မိုက်ကို လက်သီးနှင့် ထိုးချင်သည်။

သူရောက်နေသည်မှာသုံးပတ်ပင် မပြည့်သေး။ ဒုတိယ ရေလှောင်ကန်ကို အတူ အပြီးသတ် ချင်သေးသည်။ ဂီတတွေကို အတူတကွ ဖန်တီးချင်သေးသည်။ သစ်သားပန်းပုလေးတွေ ထွင်းချင်သေးသည်။ အတူ ချက်ပြုတ်ချင်သေး သည်။ တောင်တက်၊ ရေကူးချင်သေးသည်။

"ကြံ့ရည်ယူဦးမလား သား"

ဖေဖေက ညင်သာစွာ မေး၏။

"မယူဘူးဗျာ"

ကျွန်တော့်အသံက ကျယ်လောင်စူးရှနေ၏။ အတွင်းမှာ ခံစားရတာနှင့် ထွက်လာသည့် အသံက မတူကွဲပြား နေရော့သလား မသိပါလေတော့။ တစ်ခါမှ မမေးဝံ့ခဲ့သော စကားတစ်ခွန်း ထွက်လာသည်။

"သား လိုက်ခဲ့လို့ မရဘူးလား"

ဖေဖေက ကျွန်တော့်ကို အံ့သြစွာ ကြည့်၏။

"မရဘူးလေ သား၊ ဒါမေးစရာမှ မလိုတာ"

"လုပ်ပါ ဖေဖေရာ"

"မဖြစ်နိုင်ဘူး သားရဲ့"

"ဘာဖြစ်လို့လဲ ဖေဖေ"

"မဖြစ်နိုင်လို့ပေါ့ကွာ၊ အချိန်စောလွန်းနေသေးတယ်"

"ဘာဖြစ်လို့လဲလို့"

"မဖြစ်ဘူးလို့ ပြောနေတယ်လေကွာ"

ဖေဖေ့အသံက ခပ်ဆတ်ဆတ် ဖြစ်လာ၏။

"သုံးလေးရက်ပဲလေ"

"တော်... တော်... ပါးစပ်ပိတ်ထားတော့၊ တစ်ခွန်းမှ မပြောနဲ့တော့ မကြားချင်ဘူး၊ နားလည်လား"

သိတတ်စ အချိန်ကတည်းက ဖေဖေ ကျွန်တော့်ကို တစ်ခါဖူးမှ ဒီလို လေသံမျိုးဖြင့် မပြောဖူးခဲ့။

မိုးက ဖြိုင်ဖြိုင်ကြီး ရွာသွန်းနေခဲ့ပြီ။ တာလပတ်ပေါ်မိုးရေတွေ အလုံး အရင်း ကျနေသည်။ သို့သော် ကျွန်တော် ဂရုမထားနိုင်။ ဆတ်ခနဲ ထရပ်လိုက်ပြီး ဘူတာသို့ ဦးတည်သော လမ်းတစ်လျှောက် သိမှတ်မဲ့ လျှောက်လာမိသည်။ သုံးလေးလှမ်းလောက်ပဲ လျှောက်ရသေးသော်လည်း တစ်ကိုယ်လုံး တုတ်တုတ်ကျအောင် ရွှဲစိုနေပြီ။ ရော်ဘာဖိနပ် တစ်ဖက် ရွှံ့နစ်၍ ကျွတ်ကျန်ခဲ့ပြီ။ သို့သော် ဆက်လျှောက်နေတုန်း။

"ဘိုဘို နေဦးလေ"

ဖေဖေ့အသံကို ကြား၏။

အပြေးတစ်ပိုင်း လျှောက်မိသည်။

"အဲဒီမှာ ရပ်နေ"

ဆိုင်ကယ်တစ်စီးက ကျွန်တော့်ဘေးမှ ရေအိုင်ကွက်ထဲ ဖြတ်မောင်းသွားသဖြင့် ရှပ်အင်္ကျီ အဖြူလေးမှာ ရွှံ့တွေ မြင်မကောင်းအောင် စဉ်ကုန်၏။

"ဖေဖေ့ကို စောင့်ပါဦး"

စောင့်ဆို၍ စောင့်၏။ ကျွန်တော်နှင့် အတူတကွ ရှိနေဖို့ သူ့မှာ အချိန်သိပ်မရှိတော့။

မိုးရေနှင့်အတူ မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းလာသည်။ ရှိပါစေလေ၊ ဂရုမစိုက်ချင်တော့။

ဖေဖေ ရောက်လုရောက်ခင် အချိန်မတော့ ကျွန်တော် ရုတ်တရက် ပြေးမိသည်။ မြန်နိုင်သမျှ မြန်အောင် ပြေး၏။ ဘူတာရုံထဲ ဖြတ်ပြေး၊ သံလမ်းတွေ ကို ကျော်၊ တောင်ပေါ်သို့ ဦးတည်။ တရစပ်ကျနေသော မိုးစက်တွေ၊ တူနှင့်ထု ထားသလို အောင့်နေသော ရင်ဘတ်၊ ခြေထောက်မှ ထိခိုက်ပွန်းပဲ့ သွေးစွန်းသော ဒဏ်ရာတွေ အားလုံး ကျွန်တော့်အတွက်တော့ ဘာမှ မထူးလေတော့။

နောက်ဆုံးတော့ အိမ်ပြန်ရောက်လာခဲ့သည်။ အခန်းထဲက ဖေဖေ့ လက်ဆောင် ဘာဂျာကို ထုတ်ယူ၍ ဧည့်ခန်း စားပွဲပေါ် ပစ်တင်လိုက်သည်။

ခဏနေတော့ တစ်ကိုယ်လုံး စိုရွှဲနေသော ဖေဖေသည် မောကြီးပန်းကြီး ပြန်ရောက်လာခဲ့သည်။ လက်ထဲမတော့ ကျွန်တော့် ဗွက်အိုင်ထဲ ကျွတ်ကျ ကျန်ရစ်ခဲ့သော ဖိနပ်ကလေးတစ်ဖက်ကို ကိုင်ထားလျက်။

"အဖေ့ ဘာဂျာ ပြန်ယူသွား မလိုချင်ဘူး" ဟု ကျွန်တော်သူ့လက်ဆောင် ကို လက်ညှိုးထိုးကာ အော်လိုက်မိသည်။

တစ်ဆယ့်နှစ်

နောက်ရက်များမှာ ကျွန်တော် ကိုအေးမင်း၏ ရုံးအိမ်မှာသာ နေဖြစ်ခဲ့သည်။

ညနေခင်းတစ်ခုမှာ ကျွန်တော်နှင့် ကိုအေးမင်း စကားပြောကြသည်။ ဖုန်းထဲက အသံကြားခဲ့ရသော မိန်းမကြီးအကြောင်းနှင့် ဖေဖေ ချက်ချင်း ပြန်သွားသော အကြောင်း။

ကျွန်တော် ပြောနေစဉ် ကာလအတွင်း ကိုအေးမင်းက တစ်ခွန်းမှ ဝင်မပြောဘဲ နားစိုက်ထောင်၏။ မျက်မှောင်ကြုတ်လျက်၊ သက်ပြင်းချလျက်၊ နှုတ်ခမ်းကို ကိုက်လျက်။ ပြောပြီးသွားတော့ သူ အကြာကြီး စဉ်းစားနေသည်။ နောက်ဆုံးတော့-

"အင်းလေ.. မင်းအဖေမှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပါကွာ" ဟု ဆိုလာလေသည်။

ကျွန်တော် သူ့ကို ဘုကြည့် ကြည့်လိုက်မိသည်။ သူ့ဆီက ဒီစကား ကြားလိုခြင်း မဟုတ်။ ဒါဖြင့် ဘယ်လိုစကားမျိုး ကြားချင်တာလဲ။ သေချာစဉ်းစား ကြည့်သော်လည်း ကျွန်တော့်မှာ မသေချာ မရေရာ။

သနားစရာ ဘိုဘို။

ဟင့်အင်း.... ကျွန်တော် သူများ သနားတာ မခံချင်ပါ။

ဘာပြောတယ်။ မင်းအဖေက မင်းကို တစ်ယောက်တည်း ထားခဲ့ပြီး ပြန်သွားတယ် ဟုတ်လား။ ဘယ်လိုလူလဲကွာ၊ ကလေးတစ်ယောက်တည်း ထားခဲ့ လို့ ဖြစ်မလားကွာ။ ဒီလို အပြောမျိုးကို ကျွန်တော် ငံ့လင့်နေတာလား။

ဒီလိုလည်းမဟုတ်။အကယ်၍သာကိုအေးမင်းဖေဖေ့ကို ဝေဖန်စကား ပြောလာလျှင် ကျွန်တော် ဖေဖေ့ဘက်က ကာကွယ်မိမည်သာ။ ရင်ထဲမှာ သပွတ်အူ ထည့်ထားသလို ရှုပ်ထွေးပွေလီနေ၏။ ကျွန်တော့်ပြဿနာကို ဘယ်သူ ရှင်းပေး နိုင်မည်ကို မသိတော့။ ကိုယ်တိုင် မဖြေရှင်းနိုင်သည်ကတော့ သေချာလှ၏။

မင်းအဖေမှာ သူ့အကြောင်းနဲ့သူ ရှိမှာပါကွာ တဲ့လား။

စကားကို ကြာကြာ စဉ်းစားလေလေ မျှော်လင့်ချက် မဲ့လေလေ ဟု ခံစားနေရသည်။

သူ့အကြောင်းနဲ့သူ တဲ့လား၊ ဟုတ်မှာပေါ့၊ သူ့မှာ အကြောင်းရင်း ရှိတာ

တော့ သေချာလှ၏။ တစ်ယောက်ယောက်က ထို အကြောင်းရင်းအား ကျွန်တော့် ကို ရှင်းပြနိုင်လျှင်ပေါ့။

နောက်တစ်နေ့ မနက်မှာ ကျွန်တော် ကိုယ့်ဘာသာကိုယ် ခွင့်စာရေးပြီး အတန်းထဲက အခင်ဆုံးဖြစ်သော၊ ကျွန်တော့်ကို ဘယ်တော့မှ ချောက်မချသော သူငယ်ချင်း ကိုသူရိယနှင့် ပါးလိုက်၏။

ကိုအေးမင်းသည် အိမ်မှ စောစော ထွက်သွားနှင့်ပြီ။ ညှော့သည်တွေကို ဟဲဟိုးလေဆိပ်မှာ ကြိုရမည်၊ ပြီးလျှင် အင်းလေး လိုက်ပို့ရမည် တဲ့။ ကျွန်တော် သူ့ကွန်ပျူတာရှေ့မှာ ထိုင်၏။ အမေရိကက ကောင်လေးတစ်ယောက်နှင့် အွန်လိုင်း စစ်တုရင် ဆော့၏။ ပွဲတိုင်း ရှုံး၏။ စာအုပ်စင်ကို စိတ်မပါလက်မပါ မွှေ၏။ ခရစ္စတီယာနို ရော်နယ်ဒို၏ အလှဆုံး သွင်းဂိုးများကို ယူကျူမှာ ကြည့်၏။ ငြီးလာ သောအခါ ပင်ဂွင်းတွေ၊ ကြက်တူရွေးတွေအကြောင်း ဗွီဒီယိုကို ကြည့်ပြန်၏။ ကျွန်တော့်အသည်းစွဲ သတ္တဝါလေးများ ဖြစ်သော်လည်း ခုတော့ စိုးစိမှ စိတ် မဝင်စား။

တံစက်မြိတ်မှာ ထိုင်ရင်း စောင့်နေမိသည်။ ဘာကို စောင့်နေမိသည် ဆိုခြင်းကို ကျွန်တော့်ဘာသာ သေချာမသိ။ မိုးတွေညို့လာ၊ မိုးပေါက်တွေ ကျလာ သည်ကို သိမှတ်မဲ့ ငေးနေမိသည်။

ညနေပိုင်းမှာကိုအေးမင်း ပြန်ရောက်လာသည်။သတင်းစာ စက္ကူဟောင်း ဖြင့် ထုပ်ထားသည့် အထုပ်သေးသေးလေး တစ်ခုကို လှမ်းပေးသည်။

“ဒီမှာ မင်းအတွက် လက်ဆောင် ဝယ်လာတယ်”

ကိုင်ကြည့်လိုက်တာနှင့် သူ့လက်ဆောင်က ဘာဆိုတာ ကျွန်တော်ချက်ချင်း သိသည်။ ဖွင့်ပင် မကြည့်ချင်တော့။

“ဖွင့်ကြည့်ဦးလေ”

သူ့အသံကကျွန်တော့်အေးတိအေးစက်အမူအရာကြောင့်ကသိကအောက်ဖြစ်နေသ

“ဟုတ်ကဲ့”

ကျွန်တော်ဖွင့်လိုက်သည်။ဘာဂျာအသစ်ကလေးကဖိတ်ဖိတ်တောက် နေသည်။

အင်း... ကိုအေးမင်းကတော့ ကျွန်တော့်ကို ချစ်လို့ ဒီလိုလုပ်တာပါ။ ဒါပေမဲ့ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးပေးတာ ဆေးအတွက်ကြောင့် ပိုလေးပြီလား။

"ကျေးဇူးပဲ ကိုအေးမင်း"

ကျွန်တော် ဘာဂျာကို မှုတ်လိုက်သည်။

ဖေဖေ မှုတ်သလို အသံမျိုး ထွက်လာသည်။

ဂီတသံကား အံ့မခန်းပင်။

"မိုက်တယ်ကွာ၊ သီချင်းတစ်ပိုဒ်လောက် လုပ်စမ်းပါ"

"နေပါဦး... နောက်မှပဲ"

ကျွန်တော် ဖြီးလိုက်သည်။ ကိုအေးမင်းကို အားနာပြီး အလိုက်သင့် ပြောနေမိခြင်းကို ရှက်မိပြန်၏။

ထိုနေ့ညက ကိုအေးမင်းသည် သူ့ချစ်သူ မအိနှင့်အတူရက်ဒ်ဟောက်စ် မှာ ညစာစားရန်အတွက် ကျွန်တော့်ကိုပါ ခေါ်သွားခဲ့သည်။ ပီဇာတွေ၊ ခေါက်ဆွဲ တွေ၊ မော့ဇရီလာ ခေါ်စံပယ်ဖြူရောင် ချိစ်တွေကို ခရမ်းချဉ်သီး၊ သံလွင်ဆီတို့နှင့် တည်ခင်းသော စားပွဲ။ ကျွန်တော့်အတွက်တော့ စိတ်ဆင်းရဲစရာပင်။ သံလွင်ဆီ ဆိုတာ အုန်းဆီလိုပင် အမျိုးသမီးများ ခေါင်းကို လိမ်းသော အဆီဟု သိထားသော ကျွန်တော့်အဖို့ စားရမှာ အောက်ကလိအာ နိုင်လှ၏။ ထို့ကြောင့် စပါဂက်တီကို ခရမ်းချဉ်သီး အစပ် အနှစ်ဖြင့် မှာ၏။ သံလွင်ဆီ မထည့်ဟု မျှော်လင့်ရသည်။

မအိကို ကိုအေးမင်း ရုံးခန်းမှာ တစ်ခါ တွေ့ဖူးသည်။ သူက ကျွန်တော့် ထက် နည်းနည်းပဲ ရှည်မည်။ အရပ်က ခပ်ပျပ်ပျပ်ကလေး။ ကျွန်တော့်ကို စစ်တုရင်ထိုးနည်း သင်ပေးဖို့ ပြောဖူးသည်။ ကိုအေးမင်းက ဆိုးသောဆရာဟု သူက ပြော၏။ မအိကတော့ တစ်နယ်တစ်ကျေးက မဟုတ်။ ကလောသူပင်။ ဈေးအနီးက သူတို့အမေ ဖွင့်ထားသော စားသောက်ဆိုင်မှာ သူ့ညီမနှင့်အတူ အလုပ်လုပ်သည်။

မအိ ဆံပင်က တင်ပါးဖုံးမတတ် အရှည်ကြီး။ သို့သော် သူ၏ ထူးခြား ထင်ရှားသော အမှတ်အသားက သူ့မျက်လုံးများ ဖြစ်သည်။ အညိုရင့်ရောင် မဟုတ်ဘဲ အပြာရောင်ဘက် သန်းနေသော မျက်လုံးရွဲကြီးများ။

ကျွန်တော်တို့ နှစ်ယောက်ကို မြင်လိုက်ရတော့ မအိ ဝမ်းသာသွားပုံ ပေါ်သည်။ တွေ့တွေ့ချင်းတော့ ရှိုးတိုးရှန့်တန့်လိုလို ဖြစ်နေသော်လည်း တစ်ခဏ အတွင်းမှာ ပုံမှန်ဖြစ်သွားခဲ့သည်။ သူက ကျွန်တော့်ကို ကျောင်းမှာ ဘယ်ဘာသာရပ်ကို အကြိုက်ဆုံးလဲ၊ ဘကြီးက ဘာတွေ လုပ်လေ့ရှိလဲ၊ ဘကြီးရယ်၊ ကြက်တွေ ရယ်၊ ဝက်တွေရယ်နှင့် အတူနေရတာ ဘယ်လိုနေလဲ အစ ရှိသည်ဖြင့် မေးနေသည်။ ကျွန်တော့် အဖြေတွေကို သူ သေချာ အာရုံစိုက်၍ နားထောင်သည်။

သူ့မျက်လုံး တွေ သိပ်လှတယ်ဟု ကျွန်တော် ပြောတော့ ရယ်ပြီး ကျွန်တော့်လက်ကို ဖွဖွလေး ပွတ်သပ်ပေးနေသည်။

ခုချိန်ထိ ဘယ်သူစိမ်းတစ်ရံဆံမှကျွန်တော့်ကို ထိုသို့ ဂရုတစိုက် မရှိစဖူး။

"ချစ်စရာကောင်းတဲ့ ကလေး" တဲ့။

ဘယ်သူစိမ်းမှ ကျွန်တော့်ကို ထိုသို့ နူးညံ့ညင်သာစွာ မပြောဖူး။

ကြည့်ရတာ သူ ကိုအေးမင်းကို တကယ်ချစ်ပုံပင်။ သူ့မျက်ဝန်းတွေ ထဲမှာ ပျော်ရွှင်ခြင်း၊ ချစ်ခင်ခြင်း၊ အလေးအမြတ်ပြုခြင်းတို့ဖြင့် အရောင်တောက် နေသည်။ ဒါကို ကျွန်တော် ချက်ချင်း သတိမပြုမိ။ သူ့မေးခွန်းတွေ၊ သူ့အပြုံးတွေ ကြားမှာ မျောနစ်နေခဲ့သည်ကိုး။ အချိန်ကြာကြာ ထိုင်ပြီး စကားပြောမိလေ ထိုအချက်ကို သိသာထင်ရှားစွာ မြင်ရလေပင်။

သူ့မျက်ဝန်းထဲမှ မြူခိုးတွေ တဖြည်းဖြည်း ကင်းစင်လာ၏။ စိတ်ရှည် ရှည်ထား၍ စောင့်ကြည့်ဖို့သာ လိုသည်။

လူများစုကတော့ တူတူပါပဲဟု တွေးနေမိသည်။ နှလုံးသားက ခဲဆွဲထား သလို လေးလံနေသော်လည်း မျက်လုံးတွေ အရောင်တောက်ကာ အားပါးတရ ရယ်ပွဲဖွဲ့နိုင်စွမ်း ရှိကြသည်ကော။ ဒါကို မအိဆီမှာ ထင်ရှားစွာ တွေ့နေရသည်။ တူတူရှိနေသည့် တစ်ချိန်လုံးလိုလိုပင် တွေ့နေရသည်။

စားသောက်ပြီးကြ၍ ကိုအေးမင်း ကောင်တာမှာ ငွေသွားရှင်းနေတုန်း မအိနှင့် ကျွန်တော် မျက်လုံးချင်း ဆုံမိကြသည်။ ထိုတဒင်္ဂအခိုက်အတန့်လေး အတွင်းမှာပင် သူ့လျှို့ဝှက်ချက်ကို ကျွန်တော် ရှာဖွေတွေ့ရှိသွားပြီမှန်း သူ နားလည် သွားပုံ ပေါ်သည်။ ပါးစပ်က ဘာမှ မပြောပေမယ့် မအိသည် ကျွန်တော့်လက်ကို ဆွဲယူ၍ သာသာလေး ပွတ်ပေးနေပြန်သည်။ ဒုတိယအကြိမ်မြောက်ပေါ့။

နောက်တစ်နေ့မှာတော့ ကျွန်တော် ဘကြီးဘကို ကိုအေးမင်း ရုံးခန်း တံခါးဝမှာ ဘွားခနဲ တွေ့လိုက်ရသည်။ ဒီတစ်ခါ ဘကြီးကို တွေ့ရတာလောက် ပျော်တာမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့။

"ကြည့်စမ်း.. မင်းက ဒီမှာကိုး သားရဲ့၊ ကျောင်းက လူတွေ မင်း ဘယ် ရောက်နေလဲ ဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး၊ ဆရာတွေလည်း ယောင်နန ဖြစ်နေကြတယ်၊ မနေ့ကပဲ ရှင့်တူအတွက် ရှင် ခွင့်တိုင်ထားတာလေ တဲ့"

ဘကြီး ကျွန်တော့်ကို စိတ်ဆိုးနေပြီဟု တွေးရင်း ရုတ်တရက် ကျောစိမ့် သွားသည်။

"ဆော… ဆောရီးပါ ဘကြီး"

မဟုတ်တာ လုပ်တာ လူမိသွားသဖြင့် ရှက်လည်း ရှက်မိသည်။

"ကျွန်တော်လည်း သူ ဘယ်ရောက်နေလဲ မသိပါဘူးဗျာလို့ မင့် ဆရာမ တွေကို ပြောဖို့ အတော်အားယူလိုက်ရတယ်"

ဘကြီးဘက ပြုံးတုံးတုံးလုပ်နေသည်။ သူ စိတ်မဆိုးကြောင်း ကျွန်တော် သိပြီ။ သူ့ဆီ ဝရုန်းသုန်းကား ပြေးသွားမိသည်။ သူက ကျွန်တော့်ကို ဆီးဖက် ထား၏။

"ဘကြီးရောက်နေတာ ကြာပြီလား"

"ခုပဲ ရောက်တာလေ၊ ဘတ်စ်ကားနဲ့လာတာ၊ အိပ်ရေးပျက်တယ်ကွဲ့၊ အိပ်ဦးမှပဲ"

ဘကြီးကို ကျွန်တော် တင်းတင်းကြီး ဖက်ထားမိသည်။

"သား အိမ်ပြန်လိုက်မှာလား"

"လိုက်မှာပေါ့၊ သားက ဘကြီးကို စောင့်နေတာ၊ အိမ်က ဘကြီးနဲ့ ဖေဖေ နဲ့ တစ်ယောက်ယောက် မရှိရင် သားအတွက် သိပ်ကြီးလွန်းတယ်လေ"

ကိုအေးမင်း ရုံးခန်းကို သော့ခတ်ပြီး သော့ကို ခြေသုတ်ဖုံအောက် ထားလိုက်သည်။ ဘကြီးနှင့် လက်ချင်းချိတ်ရင်း လမ်းပေါ် ထွက်လာခဲ့သည်။ ဈေးထဲ ရောက်တော့ ဘုရားပန်းတွေ ဝယ်ကြသည်။ မနက်စာအတွက် ပေါင်မုန့် နှင့် ကော်ဖီထုပ်တွေ၊ ညစာအတွက် ကြက်ဥတွေ၊ ဆန်တွေ၊ ကြက်သွန်နီတွေ၊ ဟင်းသီးဟင်းရွက်တွေကို တပျော်တပါး ဝယ်ကြတော့သည်။

တစ်ဆယ့်သုံး

ဘကြီးသည် ကလောမှာ မရှိတုန်း အတန်ငယ် ပြောင်းလဲသွားသည်။ ရန်ကုန်ထိ သွားရသော ခရီးက သူ့အတွက် ရှည်လွန်းမည် ထင်သည်။ သူ့ခြေဖဝါးတွေကို နှိပ်နယ်ပေးတော့ တော်တော်နှင့် မပေါက်။ မင်း ထင်လို့ပါဟု သူက ပြောသော် လည်း ကျွန်တော်ကတော့ သေချာသိ၏။

ဘကြီးက ပိုပိန်၊ ပိုကိုင်းသွားသယောင်။ လမ်းလျှောက်တာလည်း ပိုနှေးလာသည်။ ခြေတစ်လှမ်း တစ်လှမ်းကို ခဲဆွဲထားသည့်ပမာ။ ကျွန်တော်သာ ဖေဖေ့လောက် သန်မာထွားကျိုင်းလျှင် ဘကြီးကို ကုန်းပိုးပြီး ကလောတစ်ခွင် ပြဲပြဲစင်အောင် လျှောက်သွား ပစ်လိုက်မည်ဟု တွေးနေမိသည်။ ဈေးသို့ သွားမည်။ ရှမ်းခေါက်ဆွဲ စားကြမည်။ သူ့အကြိုက် လက်ဖက်ရည်ဆိုင်မှာ သူ့အသည်းစွဲ လက်ဖက်ရည် ပြင်းပြင်းကျကျ သောက်စေမည်။ သူသွားလိုလျှင် လှေကားထစ် ပေါင်း နှစ်ရာကျော် တက်ရသည့် တောင်ပေါ်ကျောင်းကို တက်ပြီး တစ်မြို့လုံး မြင်ကွင်းကို အပေါ်စီးက ကြည့်စေဦးမည်။ သို့သော် ထိုသို့ လုပ်နိုင်ဖို့ကတော့ သုံးလေးနှစ် စောင့်ရဦးမည်။ ကျွန်တော် သန်မာထွားကျိုင်းလာချိန်ထိပေါ့။

ဘကြီးသည် မနက်ပိုင်း အိပ်ရာထချိန်မှာ အထခက်သည်ထက် ခက်လာသည်။ သူ ကျွန်တော်နှင့်အတူ မနက်စာ ထစားဖို့ပင် ခက်ခဲလှသည်။ ညနေပိုင်း ကျောင်းက ပြန်ရောက်ချိန် ဘကြီးကို မြင်ရသည်မှာ ခုမှ အိပ်ရာထလာသလို ငူငူငိုင်ငိုင်ကြီး။ ညဘက်ကျတော့ မအိပ်ပြန်။ မနက်မိုးလင်း၍ မီးဖိုခန်းထဲ ဝင်သွားလျှင်မီးဖိုက ပြာတွေနွေးနေတုန်း။ လက်ဖက်ရည်အိုးလည်း ထိုနည်းလည်းကောင်း။ ဘကြီး ဘာဖြစ်လို့ ညဘက် မအိပ်တာလဲ။ သူ ဘာတွေ လုပ်နေသလဲ။ အားလုံး အိပ်မောကျနေချိန် တစ်ယောက်တည်း ဆိုဖာပေါ် ထိုင်နေသလား။ အိမ်နီးချင်း အသံတွေ၊ ငှက်သံတွေ၊ ကြက်သံတွေ အားလုံး နတ္ထိ၊ အသံမဲ့ကမ္ဘာမှာ ထီးတည်း နိုးထ ဘကြီးဘ။

သြော်… သူ့ စိတ်ဝိညာဉ်သည် ရထားတို့၊ ကားတို့ အရှိန်ထက် လွန်စွာ နှေးကွေးစွာ ခရီးသွားတတ်သည်ဟု ဘကြီး ပြောခဲ့သည်ကော။ ကြည့်ရတာ သူ့စိတ်ဝိညာဉ် အိမ် ပြန်ရောက်မလာသေးဘူး ထင်ပါရဲ့။ တစ်နေရာရာများ ဝင်နေရော့သလား။ စိတ်ဝိညာဉ် အိမ်ပြန်ရောက်၍ ရုပ်ခန္ဓာနှင့် ပေါင်းစပ် တစ်သားတည်း ဖြစ်သွားမှသာ ပုံမှန်ဖြစ်လာလိမ့်မည် ထင်သည်။ စောင့်ရမည်။ စောင့်သည်။ စောင့်ပြီးပြီ။ အချိန်တွေ ကြာလာသော်လည်း ထင်သလို ဖြစ်မလာတော့ ကျွန်တော် စိတ်ပူစ ပြုလာသည်။ ဘကြီးကတော့ ကျွန်တော့်ကို စိတ်မပူစေချင်။ သို့သော် စိတ်က သူ့ဘာသာ ပူလာသည်ကို ကျွန်တော် ဘာမှ မတတ်နိုင်။

သူ့ခရီးစဉ်အကြောင်း တစ်ခုခုတော့ ကျွန်တော့်ကို ပြောလိမ့်မည်ဟု ကျွန်တော် အချိန်ပြည့် မျှော်လင့်နေခဲ့သည်။ တစ်ချိန်တည်းမှာပဲ ကျွန်တော် ကြောက်မိသည်။ အရဲစွန့်၍ မေးလိုက်ချင်သော်လည်း သတ္တိက တစ်စက်ကယ်မှ မရှိ။ မထင်မှတ်ဘဲ ဖုန်းပြောခဲ့ရသော ဟိုမိန်းမကြီး၊ ရုတ်တရက် ထွက်ခွာသွားခဲ့ သောဖေဖေ၊ ထိုအချိန်မှစ၍ ကျွန်တော် ကြောက်သည်။ မေးလိုက်၍ ဘကြီးဖြေ မှာကို ကြောက်မိသည်။

သူ ပြန်ရောက်ပြီး သုံးလေးပတ်ကြာတော့ ညညဆို ထူးဆန်းသော အသံတစ်ခုကြောင့် လန့်လန့်နိုးတတ်လာသည်။ နာရီသံလား... မဟုတ်၊ ကျယ်လွန်းသည်။ တူထုသံလား...မဟုတ်၊ တိုးလွန်းသည်။ သို့သော် တစ်ခုခုကို ထိရိုက်နေသည့် အသံမှန်းတော့ သိသည်။ အိမ်နီးနားချင်း အိမ်များမှ လာသော အသံလား... မဟုတ်၊ ဝေးလွန်းသည်။

ခုတင်ကျယ်ကြီးမှာ ဘကြီးဘက်အခြမ်းသည် လွတ်နေ၏။ ညှော့ခန်း ထဲမှ မီးရောင်ကို မြင်နေရသည်။ ခုတင်ပေါ်မှ အသာလေး ဆင်းပြီး သစ်သားထရံ အကွဲကြောင်းလေး ကြားမှ ချောင်း၍ ကြည့်မိသည်။

ဘကြီးသည် သူ့ စာရေးစားပွဲမှာ လက်ဖက်ရည်တစ်အိုးနှင့် ထိုင်နေ၏။ သူ့ရှေ့မှာတော့ လွန်ခဲ့သည့် တစ်နှစ်လောက်က ဈေးမှ ဝယ်ထားသော လက်နှိပ်စက်ဟောင်းကြီး ရှိသည်။ ထိုဟာကြီးကို တစ်ခါမှ သူ မသုံးခဲ့ဖူး။ လက်နှိပ်စက်ဘေးမှာတော့ စာရွက် တစ်ထပ်ကြီး ရှိသည်။ လက်နှိပ်စက်ထဲမှာ စာတစ်ရွက်ထည့်ထားသည်။ ဖယောင်းတိုင် ဒါဇင်ဝက်ခန့် ထွန်းညှိခဲ့ပြီးပြီ ထင်သည်။ အချိန်ကား မနက် လေးနာရီ။

ဘကြီးက လက်နှစ်ချောင်းထိုးဖြင့် လက်နှိပ်စက်ကို ရိုက်နှိပ်နေသည်။ ပြီးတော့ ရှေ့ကို ကုန်းပြီး သူ ရေးထားပြီးသမျှကို ဖတ်သည်။ မျက်နှာကြီးက မအီမလည်၊ မျက်မှောင်ကြီး ကြုတ်လျက်၊ သူ အလွန်ကို မကျေမနပ် ဖြစ်နေ ပုံပင်။

စာရွက်ကို လက်နှိပ်စက်ထဲမှ ထုတ်၊ ခဲတံနှင့် တစ်ခုခုရေး၊ အများအားဖြင့်တော့ လုံးခြေကာ အမှိုက်တောင်းထဲ လွှင့်ပစ်လိုက်သည်သာ။ တောင်းထဲ မတော့ စာရွက်လုံးကြီးတွေ တောင်ပုံရာပုံ။

ဘကြီးကိုဒီလိုအခြေအနေမျိုးမြင်ရသဖြင့်ရင်ထဲကအကြောက်တရား တွေ မပြေနိုင်။ သူ့ကြည့်ရတာ နှိပ်စက်ညှဉ်းပန်း ခံနေရသလိုပင်။ စူးစူးနစ်နစ်၊ စိတ်နှင့်ကိုယ် မကပ်၊ စက်တော် မခေါ်၊ တစ်ကိုယ်တော်။ တစ်ခါတလေ ဟင်းခနဲ ရင်ခေါင်းသံကြီး ထွက်လာ။ ခေါင်းကို သွက်သွက်ခါ။ တစ်ခါတလေတော့ ခေါင်းငိုက်စိုက်ချ၊ လက်ဖဝါးနှစ်ဖက်ကြား ခေါင်းကို ဝှက်လို့။

နောက်တစ်နေ့ ညမှာတော့ ကျွန်တော် သတိထား၍ နိုးနိုးကြားကြား နေ၏။ ဘကြီးက ကျွန်တော့် အရိပ်အကဲကို ကြည့်နေသည်။ ကျွန်တော် အိပ်ပျော် သွားပြီဟု သူ စိတ်ချသွားသောအခါ သူ ထသွားသည်။ လက်နှိပ်စက်ကို ထုတ်၊ စာရွက်ထုပ်တွေကို တင်နေသည့် အသံတွေ ကျွန်တော် ကြားနေသည်။

နောက်နေ့တွေမှာတော့ စူးစမ်းလိုစိတ်ကြောင့် အကျိုးဖြစ်လာခဲ့သည်။ ညဘက် ဖီးကွက် လုပ်မနေတော့ဘဲ စောစောအိပ်၍ ဝေလီဝေလင်းမှာ ထသည်။ မီးဖိုသည်။ ရေနွေးတည်သည်။ ဘုရားစင် သန့်ရှင်းရေး လုပ်သည်။ ဘုရားပန်း လဲသည်။ ဆွမ်းတော် ကပ်သည်။ ငှက်ပျောသီး အကြီးကြီးတစ်လုံး ကပ်သည်။ ဘကြီးအကြိုက် ချိုချဉ်နှစ်လုံး ထည့်ကပ်သည်။ ယနေ့ သူ့ဆန္ဒတွေ၊ သူ့ လျှို့ဝှက်ချက်တွေကို ဖော်ရမည်။

အိပ်ခန်းထဲ ချောင်းကြည့်သည်။ ဘကြီး အိပ်မောကျနေတာ သေချာအောင်ပေါ့။ ပြီးတော့ ဗီရိုနား ခြေဖျားထောက်၍ သွား၊ အံဆွဲကို ကျိတ်ဖွင့်။

အထဲမှာတော့ လက်နှိပ်စက် အနက်ရယ်၊ စာရွက်လွတ် တစ်ထုပ်ရယ်၊ စာရိုက်ထားပြီးသား စာရွက်အနည်းငယ်ရယ် တွေ့ရသည်။ ခဏလောက် ချီတုံချတုံ ဖြစ်နေမိသည်။ ညဘက် သူ လုပ်နေသည့် အလုပ်အကြောင်း ဘကြီး ကျွန်တော့် ကို သိစေချင်သည် ဆိုလျှင် ဧကန် အမှန် သူ ပြောမည်သာ။ သူ ရေးနေတာတွေကို ဖတ်စေချင်သည် ဆိုလျှင် သူ ပြမည်သာ။

သို့သော်လည်း အဆုံးမှာတော့ သိလိုစိတ်က အနိုင်ယူသည်လေ။ စာရွက်တွေကို ယူ၊ အံဆွဲကို ပိတ်၍ ကြမ်းပေါ် ထိုင်ချလိုက်သည်။ နှလုံးက ပရမ်းပတာကို ခုန်လှသည်။ ဈေးထဲမှ တောင်ပေါ်ထိ မရပ်မနား ပြေးနေဘိသကဲ့သို့။ စာရွက်တွေကို ဖတ်ကြည့်ချင်လှသလို တစ်ချိန်တည်းမှာ အပြစ်ရှိသလို မလုံမလဲ ခံစားနေရသည်။ ဘကြီးကို မထွေးနိုင် မအန်နိုင် သိမ်းထုတ် ထားသည့် လျှို့ဝှက်ချက်ကြီးနှင့် ဝန်ပိမနေစေချင်ပါ။

မှောင်နေသေးသဖြင့် ဖယောင်းတိုင် ထွန်းလိုက်သည်။ ပထမဆုံးစာရွက် က အလွတ်၊ ဖြည်းဖြည်းချင်း ဆွဲလှန်လိုက်သည်။ နောက်တစ်ရွက်ကတော့ စာတစ်ကြောင်းသာ ပါ၏။

ချစ်လှစွာသော သတ္တိခဲလေး ဘိုဘို့အတွက် တဲ့။

ဩ-ကျွန်တော့်အတွက် ဆိုလျှင်ကျွန်တော် ဖတ်လို့အကြောင်းဆိုးစရာ မမြင်ဟု တွေးမိသည်။

ပထမပိုင်း သူတို့နှလုံးသား၏ ခံနိုင်ဝန် အင်အားထက် ပိုလွန်သော သတ္တိ ကို သူတို့

တောင်းဆိုခဲ့ကြသည်။

ထိုအမှားကို သူတို့ သတိထားမိချိန်မတော့ အရာရာသည် နောက်ကျလွန်းခဲ့ပြီ။

ဒီစာနှစ်ကြောင်းနဲ့တင် ကျွန်တော့်မိဘများ၏ ဇာတ်လမ်းဆိုတာ သိသာလှသည်။

တစ်နည်းအားဖြင့် ကျွန်တော့် ဇာတ်လမ်း။

ကျွန်တော်တို့ မိသားစု၏ အကြောင်း။

သိချင်စိတ်နှင့် တစ်ချိန်တည်းမှာ ဖတ်ရမှာ ကြောက်စိတ်က ဖြစ်တည်လာသည်။ ကျွန်တော်တို့ အကြောင်းမို့ ဖြစ်သည်။

နှလုံးသား၏ ခံနိုင်ဝန်ထက် ပိုတဲ့ သတ္တိကို တောင်းဆိုခဲ့ကြသူတွေ အကြောင်းကို ကျွန်တော် သိချင်စိတ် တကယ်ရှိရဲ့လား။ အဲဒီကနေ ဘာတွေ ဆက်ဖြစ်သလဲ ဆိုတာ ကျွန်တော် သိချင်ပါရဲ့လား။

စာရွက်တွေကို ချထားပြီး ဖယောင်းတိုင်မီး အလင်းကို ငေးကြည့်နေမိသည်။ ထိုအလင်းထဲကများ ကျွန်တော့်အတွက် အဖြေတစ်ခုခု ထွက်လာရယ်မလားဟု မျှော်နေမိသလား မပြောတတ်တော့ပါ။

ခုတော့ ကမ္ဘာလောကတစ်ခုလုံးမှာ တစ်ယောက်တည်းအထီးကျန်နေ သလို ခံစားရသည်။ တစ်ဖက်ခန်းမှာ အိပ်နေသော ဘကြီးဘသည်ပင် လက်လှမ်းမမီအောင် ဝေးလွန်းနေသလို။ မိဘတွေ ဆိုတာကတော့ ပြောမနေနှင့်တော့။

မိန်းကလေးမှာ နောင်ရေးအစီအမံ ဘာမှ မရှိ။ သို့သော် အိပ်မက် တစ်ခု ရှိ၏။

ကောင်လေးမှာတော့ ဘာဆို ဘာမှ မရှိ။ သူ ကြောက်နေ၏။

သဘာဝဓမ္မအားဖြင့် အကြောက်တရားသည် မေတ္တာ၏ ရန်သူ။

မေတ္တာပြည့်ဝနေသော အကြင်သူသည် အကြောက်တရား မရှိ။

ကြောက်ရွံ့ထိတ်လန့်နေသော အကြင်သူသည် မေတ္တာ နတ္ထိ။

ဆန့်ကျင်ဘက်ဖြစ်နေသော ထိုတရားနှစ်ပါး ရှေ့လက်တွဲ၍ ခိုင်မြဲ လေသောအခါ။

တစ်ယောက်နှင့် တစ်ယောက်ကြားက ချစ်ခြင်းမေတ္တာသည် လုံလုံ လောက်လောက် အင်အားကြီးမားလျှင် နှစ်ယောက်လုံး လွတ်မြောက် အောင် အပြန်အလှန် ဆောင်ရွက်ပေးနိုင်ကြသည် ဆိုသော စကားလုံးကျော့ကွင်းကြားမှာ နှစ်ယောက်သား

ပိတ်မိနေကြသည့် သနားစရာ အကျဉ်းစံများပါ။

ချစ်ခြင်းမေတ္တာသည် အံ့ဖွယ်တန်ခိုး ပြာဋိဟာ များစွာကို ပြည့်မြောက်စေနိုင်သော်လည်း ချစ်ခြင်းမေတ္တာလောက်ပင် သက်တမ်းရှင့်လှပြီ ဖြစ်သော မျှော်လင့်ချက်တစ်ခုကိုတော့ မဖြည့်စွမ်းနိုင်ခဲ့။ သူတို့ဇာတ်လမ်း သည်လည်း ထိုတရားနှင့် များစွာ ကွဲပြားခြားနားခြင်း မရှိ။

ကျောပိုးခရီးဆောင်အိတ်ကို လွယ်ပြီး ဟဲဟိုးလေဆိပ် တာမီနယ် တွင်းမှ ပြန်လည်ထွက်ခွာလာချိန် ဂျူလီယာ့ စိတ်ထဲ ထိုအရာတွေသည် (ယာယီ) ရေးတေးတေးသာ ရှိသေး၏။ ရှားပင်ရိပ်အောက်မှာတော့ သူ့ကို တက္ကစီတစ်စီး စောင့်ဆိုင်းနေခဲ့သည်။ စံပယ်တစ်ကုံးကို လက်မှာ ကိုင်၍ ရှားပင်ကို ကျောမှီနေသော သူ့အစ်ကိုကြီးက ဂျူလီယာ့ကို (နားလည်မှု ရှိသည့်) အပြုံးဖြင့် ကြိုနေသည်။

စကားတစ်လုံးမှ မဆိုဖြစ်ဘဲ လေယာဉ်ပျံ တက်သွားသည်ကို ငေးနေကြသည်။ လေယာဉ်သည် ပြေးလမ်းတစ်လျှောက် အရှိန်ယူ ပြေးပြီး (ချက်ချင်း) ဦးမော့ကာ လေထဲ ကော့တက်သွားသည်။ စက်ဝိုင်း ခြမ်းပုံ ပတ်ပြီး မန္တလေးဘက် ဦးတည်ပျံသန်းသွားသည်။ တစ်ခဏ အတွင်းမှာပင် ပြာလဲ့ကြည်လင် တိမ်ကင်းစင်နေသော ကောင်းကင်တွင် အဖြူရောင်အစက်ကလေး အဖြစ်သာ လေယာဉ်ကို မြင်ရတော့သည်။

ဂျူလီယာက မျက်စိကို စုံမှိတ်ထားသည်။ သူ့ခန္ဓာတွင်းမှာ ပဋိညာဉ် တစ်ခုထက် ပို၍ ရှိနေပြီ ထင်၏။ ထို့အပြင် ခုမှ မီးခြစ်ဆံခေါင်းလောက် သာ ရှိသေးသော ဘဝအသစ်တစ်ခုကလည်း သန္ဓေသားအဖြစ် သူ့ ဝမ်းမှာ ရှိနေခဲ့ပြီ။

ဒုတိယမိ္ဗ အခွင့်အရေး၊ တစ်စုံတစ်ယောက်မှာ ဒုတိယအခွင့်အရေး ရခွင့် ဘယ်လောက်များ ရှိပါလိမ့်။

လက်ဆောင်တစ်ခု။

သူ၏တစ်စိတ်တစ်ပိုင်း၊ ထို့ကြောင့်ပင် ထိုအရာသည် (အမြဲတမ်း) တည်ရှိနေပေရော့မည်။

ဒီတစ်ခါတော့ ဂျူလီယာ သတိကြီးကြီးထားမှ ဖြစ်မည်။ ဤ ကမ္ဘာပေါ်မှာ ဘယ်အရာကမှ သူ့ဆီက ဒါကို အဝေးသို့ ယူဆောင်သွား ခြင်းကို ခွင့်မပြုနိုင် (ဘယ်သူကမှ သူတို့ကို ခွဲခွာစေရန် မစွမ်းသာတော့)

ရှေ့ဆက်ဖတ်ဖို့ရန် စိတ်တွေ ရှုပ်ထွေး နောက်ကျိလွန်းလာသည်။ သူ့ ဝမ်းထဲမှာ ရှိနေသည့် ဘဝအသစ် ဆိုတာ ကျွန်တော်လား။ ဘယ်သူကမှ သူတို့ကို ခွဲခွာစေရန် မစွမ်းသာတော့ ဆိုသော နောက်ဆုံးဝါကျကို ရေးပြီးမှ ဘာကြောင့်

ခြစ်ပစ်ထားရသနည်း။ ကျွန်တော်က ခု ဘကြီးနဲ့ ကလောမှာ နေနေရပြီး မေမေ က ရန်ကုန်မှာ နေရလို့များလားဟု မှန်းဆကြည့်မိသည်။

ဒါဆို မေမေဟာ ကျွန်တော့်ကို ဝေးလွင့်စေခဲ့တာပေါ့၊ အနည်းဆုံးတော့ သူ ခွင့်ပြုခဲ့တာပေါ့။ သတိကြီးကြီး မထားခဲ့တာပေါ့။ ဒါပေမဲ့ ဘယ်သူကများ ကျွန်တော်တို့ကို ကွဲကွာစေတာလဲ၊ ဘာကြောင့်လဲ။ ခြေဗလာအစုံကိုမျက်လုံးထောင့်ကမြင်လိုက်၍မော့ကြည့်လိုက်သည်၊ ဘကြီးဘ ကျွန်တော့်နားမှာ ရပ်နေသည်။ သူ ရောက်လာသည်ကို ကျွန်တော် လုံးဝမကြားမိ။

"မင်း ဒါ ဘာလုပ်တာလဲ"

ဘကြီး ကျွန်တော့်ကို ဒီလိုလေသံမျိုးဖြင့် တစ်ခါမှ မပြောဖူးခဲ့။ သူ့လေသံကြောင့် ကျွန်တော့် နှလုံးသားတွေ ခဲလုခမန်း ဖြစ်သွားခဲ့သည်။

"ဘိုဘို ငါ့သားရယ်.. မင်း.. မင်း... ဒီလို...လုပ်လို့ မရ..."

ဒုတိယပိုင်း

တစ်

ခုနစ်ရက်လုံးလုံး ဘကြီးဘနှင့် ကျွန်တော် စကားတစ်ခွန်းတောင် မပြောဖြစ်ခဲ့ကြ။

ခုနစ်ရက်တာ ကာလ အတွင်းမှာ ကျွန်တော်တို့၏ တိတ်ဆိတ်ခြင်း သည် တစ်အိမ်လုံးအနှံ့ အကြားအလပ်မရှိ ပျံ့နှံ့ ထိုးဖောက်သွားခဲ့သည်။

အဆိုပါ ခုနစ်ရက်အတွင်း စိတ်အလိုမကျခြင်းနှင့် ဒေါသတို့သည် ကျွန်တော်တို့၏ နလုံးအိမ်များအတွင်းသို့ အဆိပ်ရည်များအလား စီးဆင်းဝင်ရောက်သွား ခဲ့သည်။

ဘကြီးအတွက်တော့ ကျွန်တော်က သူ့ကို သစ္စာဖောက်သည်၊ လှည့်ဖြားသည်၊ နောက်ကျောခားနှင့် ထိုးသည်ဟု ခံစားနေရမည် ထင်၏။ သူ့ပစ္စည်းတွေကို ကျွန်တော် ခုလိုမျိုး ကိုင်တွယ် ကြည့်ရှုလိမ့်မည်ဟု သူ တစ်ခါမှ တွေးဖူးပုံ မပေါ်။ သူ့ခွင့်ပြုချက်မရဘဲ သူရေးထားသည့် စာတွေကို ခုလိုမျိုး ကျွန်တော် ဖတ်ရဲလိမ့် မည်ဟုလည်း ထင်ပုံမရ။ ကျွန်တော်က ဒီလိုကိစ္စမျိုးတွေအတွက် ငယ်လွန်းသေး သည်၊ အတွေ့အကြုံမဲ့လှသည် မဟုတ်လား။ ထို့ကြောင့် ဘကြီးမှာ စိတ်အနှောင့် အယှက် ဖြစ်ရလေသည်။

သူ စိတ်အနှောင့်အယှက် ဖြစ်ခြင်းသည် အိမ်အပေါ် ကြီးစွာသော သက်ရောက်မှုကို ဖြစ်စေသည်။ အိမ်က ကြက်တွေ၊ ဝက်တွေပင် ခါတိုင်း မဟုတ်ဘဲ ငြိမ်သက်နေသလို။

ဘကြီးတစ်ယောက် စိတ်ဆင်းရဲနေသည်ကို ကြည့်ရတာ ကျွန်တော် အဖို့လည်း ထိခိုက်နာကျင်လှပါသည်။ သို့သော် ဘကြီးမှာ ကျွန်တော့်ကို ဒေါသ ထွက်ပိုင်ခွင့် မရှိ၊ မည်သည့် ပြစ်မှုကိုမှ ကျွန်တော် ကျူးလွန်ထားသည် မဟုတ် ဘာပစ္စည်းကိုမှ ကျွန်တော် ခိုးဝှက်ခဲ့သည် မဟုတ်။ ဘယ်သူ့ကိုမှ ထိခိုက်နာကျ အောင် မလုပ်၊ လိမ်လည်လှည့်ဖြားခဲ့တာ မရှိ။ ပြောရလျှင် ကျွန်တော့် မိဘများ သူတို့နှလုံးသားမှာ ရှိသော ခွန်အားထက် ပိုလွန်သော အဘယ်သတ္တိမျိုးကို ကျွန်တော့် မိဘများ မွေးခဲ့ကြသလဲ ဆိုတာကို သိချင်ရုံလေးမျှသာပါ။

မိဘနှစ်ပါးနှင့် အတူမနေရဘဲ ဘာကြောင့်များ ကျွန်တော်က ကလော မှာ ဘကြီးနှင့် အတူနေနေရပါလိမ့်။

ဘာဖြစ်လို့ အဖေဟာ ကျွန်တော့်ဆီ တစ်နှစ်မှ တစ်ကြိမ်ပဲ ရောက်လာပါလိမ့်။

အဖေနှင့် ဖုန်းပြောနေသော အမျိုးသမီးကြီး၏ အသံကို ဘာဖြစ်လို့များ ကျွန်တော် မမှတ်မိနိုင်ပါလိမ့်။

ဒါ.. ဒါဟာ... ကျွန်တော်နှင့် သက်ဆိုင်သော ကျွန်တော့်ဘဝ ဇာတ်ကြောင်း မဟုတ်လို့လား။ ကျွန်တော်က ကျွန်တော့်ဘဝအကြောင်းကို သိခွင့်မရှိ ဘူးလား။

ခုတော့ ဘကြီး၏ ထိုဇာတ်လမ်းကို စာတစ်ကြောင်းပင် ဆက်မနေ တော့။ ထို့ကြောင့်ပင် ကျွန်တော် အသံတိတ် ဆန္ဒပြနေခြင်း ဖြစ်သည်။

ထိုလူကြီးကို ထမင်းလည်း ချက်မကျွေး။

ခြေထောက်ကိုလည်း မနှိပ်ပေး။

သူ အိမ်မှာ ရှိမနေသလို သဘောထားသည်။

ထိုသို့သဘောထားလိုက်သောအခါဘကြီး မရှိသောအခါဖြစ်မြဲအတိုင်း-

အိမ်သည် ရုတ်တရက် အဆမတန် ကြီးထွားလာ...

ညတွေက ပို၍ အေးမြလာ...

ငြိမ်သက်ခြင်းက ပို၍ တိတ်ဆိတ်လာ...

အထီးကျန်ခြင်းက ပို၍ ဗလာကျင်းလာခဲ့သည်။

တတိယမြောက်နေ့မှာ သူ ကျွန်တော့်ကို စကား တစ်ခါ နှစ်ခါ ပြော၏။ ကျွန်တော်က တုံဏှိဘာဝေ နေပြလိုက်တော့ သူ ကျွန်တော့်ကို မနှောင့်ယှက် တော့။

စတုတ္ထမြောက်နေ့မှာတော့ သူက ကျွန်တော့်ကို မရှိသလို သဘောထားလာသည်။

ငါးရက်မြောက်နေ့မှာ ဒါကို မကြာခင် သူ ပြောပြပါ့မည်ဟု ကြေညာ ချက် ထုတ်လာသည်။

ခြောက်ရက်မြောက်နေ့မှာ ကျွန်တော် အစာလည်း မစား၊ ကျောင်းလည်း မသွား၊ အိပ်ရာထဲမှာပင် အိပ်သပိတ် ဆင်နွှဲ၏။

ခုနစ်ရက်မြောက်နေ့မှာတော့ ဘကြီးတစ်ယောက် သဘောပေါက်လာ သည် ထင်၏။

မွန်းမတည့်မီအချိန်မှာ သူ အိပ်ရာထဲ ဝင်လာသည်။ ခုတင်စွန်းမှာ ထိုင်သည်။ လည်ချောင်းကို ရှင်းသည်။ လက်ဆစ်တွေကို တဖြောက်ဖြောက် ချိုးနေသည်။

ကျွန်တော်က သူနှင့် ဆန့်ကျင်ဘက်သို့ လှည့်အိပ်လိုက်သည်။

"ဘိုဘို… ဘကြီး ဒီကိစ္စတစ်ခုလုံးကို သေချာ ပြန်စဉ်းစားကြည့်တယ်"

ကျွန်တော် အသံမပေးဘဲ နားစွင့်ထောင်နေလိုက်သည်။

"ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာ မင်း သိသင့်ပါတယ်လေ"

ကျွန်တော် သူ့ဘက်သို့ လူးလဲ လှည့်လိုက်သည်။

"ဒါ သားဘဝ ဇာတ်ကြောင်းပဲ"

ကျွန်တော် ဘကြီး လက်ကို ကိုင်လိုက်သည်။ သူ့လက်တွေက အေးစက်နေ၏။ ကျွန်တော့်စိတ်ထဲက အစိုင်အခဲတွေ ကွဲကြေသွားမှုကြောင့် ကိုင်ထားသော ဘကြီးလက်များ နွေးလာခဲ့သည်။

"ဒါဆို ဘယ်တော့ ပြောပြမှာလဲ" ဂရုစိုက်၍ မေးလိုက်သည်။

"ဒီနေ့ မနက်ဖြန်၊ သန်ဘက်ခါ၊ ဒီအကြောင်းက တစ်ထိုင်တည်း နားထောင်လို့ ရတာမျိုး မဟုတ်ဘူး လူလေး။ ဒါကြောင့် သား ကြီးလာရင် ဖတ်နိုင်အောင် ဘကြီးက စာနဲ့ရေးထားဖို့ ကြိုးစားကြည့်တာပါကွယ်၊ လူကိုယ်တိုင် မပြောပြနိုင်ရင်တောင် ဘာတွေ ဖြစ်ခဲ့သလဲ ဆိုတာ သားကို သိစေချင်ပါတယ်။ ဒါပေမဲ့ အစပိုင်းမှာတင် တစ်နေတာ သား အမြင်ပဲလေ"

ဘကြီးက ခဏနား၏။ ပြီးတော့ ဆက်ပြော၏။

"ဇာတ်လမ်းက ရှည်လည်း ရှည်၊ ရှုပ်လည်း ရှုပ်ထွေးတယ်ကွဲ့၊ လောကမှာ အရေးအကြီးဆုံးသော မေးခွန်းတစ်ခု အကြောင်းကိုးကွဲ့"

"အဲဒါ ဘာလဲဟင်"

ဘကြီးက လည်ချောင်းရှင်းလိုက်၏။

"သားအဘိုး- ဘကြီး အဖေပေါ့လေ၊ သူ မဆုံးခင်တုန်းက ကမ္ဘာလောက တစ်ခုလုံးမှာ သူ စူးစူးနစ်နစ် ယုံကြည်တဲ့ အရာဟာ တစ်ခုတည်း ရှိတယ်လို့ ပြောခဲ့ဖူးတယ်"

“ဘာတဲ့လဲ ဘကြီး”

“**ချစ်ခြင်းမေတ္တာ** တဲ့”

စကားမဆက်ခင် အတန်ကြာအောင် ငြိမ်သက်နေခဲ့သည်။

“သားတို့ဇာတ်လမ်းဟာ ဘကြီးအဖေ ပြောတဲ့စကား မှန်သလား၊ မှား သလား ဆိုတဲ့ မေးခွန်းနဲ့ ဘကြီးတို့ဘဝမှာ မေတ္တာထက် အင်အားကြီးတဲ့ စွမ်းအား ရှိလား၊ မရှိဘူးလား ဆိုတဲ့ အကြောင်းပါ”

***

ဘကြီးသည် ဆိုဖာပေါ်ထိုင်နေ၏။ သူ့လက်ထဲမှာတော့ သူ့ဘေးမှာ ချထားသော စာအိတ် တစ်အိတ်ထဲက ထုတ်ယူထားဟန် တူသည့် လက်ရေးဖြင့် ရေးထား သော စာရွက်များ ရှိနေသည်။

“ဘာတွေလဲ ဘကြီး”

“မင်းအမေရဲ့ ဒိုင်ယာရီထဲက စာရွက်တွေရယ်၊ မင်းအဖေက မင်းအမေ ဆီ ရေးခဲ့တဲ့ စာတစ်စောင်ရယ်ပါ၊ ဘကြီးကို သိမ်းခိုင်းထားတာ ကြာလှပြီ။ ခု ဘကြီး ဖတ်ပြမယ်နော်”

ကျွန်တော် ဘကြီးပေါင်ပေါ် ခေါင်းအုံးရင်း ဆိုဖာပေါ်လှဲလိုက်သည်။ ကျွန်တော်တို့ ခုလိုပုံစံမျိုးဖြင့် ညနေခင်းပေါင်းများစွာ၊ ညချမ်းချိန်ခါများစွာကို အတူတကွဖြတ်ကျော် ခဲ့ကြဖူးသည်။ ဘကြီးက ဝတ္ထုဖတ်ပြ၊ ပုံပြောပြ၊ ကျွန်တော် က နေကြာစေ့ စားရင်း ဇိမ်နှင့် နားထောင်။

ဘကြီးသည် အသက်ပြင်းပြင်း ရှူနေ၏။ ချောင်းဟန့်ကာ လည်ချောင်း ရှင်းနေ၏။ သူ့ဗိုက်ထဲက အသံတွေကို ကျွန်တော် ကြားနေရ၏။ လက်ဖက်ရည် တစ်ငုံ ယူသောက်ပြီးချိန်မှာတော့ သူ ဇာတ်လမ်းကို စလိုက်လေတော့သည်။

နှစ်

အချစ် ဘယ်က စခဲ့ပါသလဲ။

လူနှစ်ယောက် ပထမဆုံးအကြိမ် စတင်ဆုံတွေ့စဉ်တဒင်္ဂ အခိုက်အတန့် လေးမှာလား။ အကြည့်ချင်းဆုံသော တဒင်္ဂလား၊ အပြုံးချင်း ဖလှယ်မိသော တဒင်္ဂလား။

သို့တည်းမဟုတ် အချိန်တွေ ကြာပြီးမှ ဆန္ဒတွေ၊ လိုအင်တွေကို ကျော် လွှား အနိုင်ယူပြီး အတ္တအတွက် နေရာလွတ် မပေးနိုင်သော အချိန်ကာလ ရောက်သောအခါတွင်လား။ ဘယာနက၏ စွမ်းပကားတွေ လျှော့ကျပျက်စီးပြီး သတ္တိအဖြစ် အသွင် ပြောင်းသွားခဲ့ချိန်မှာလား။

ဂျူလီယာ့အဖို့ကတော့ အချစ်သည် ဖော်ပြခဲ့ပြီးသော အရာတွေ အားလုံးထက် စောစီးစွာ ပေါ်ထွန်းခဲ့ခြင်းသာ။ သားသား၏ ကလေးဘဝ အတိတ်ဇာတ်ကြောင်းကို ကြားခဲ့ပြီးချိန်မှ စ၍ ချစ်ခြင်းတရားသည် သူ့ထံတွင် အမြစ်တွယ်ခဲ့သည် ထင်၏။

သားသား၏ အထီးကျန်ခြင်းက သူ့ကို ထိထိရှရှ ဖြစ်စေခဲ့သည်။ သူ့ တစ်သက်တာမှာ တစ်ခါမှ ခုလို မဖြစ်ခဲ့ဖူး။

ထိုဇာတ်လမ်း၊ ထိုခံစားချက်များကြောင့် သားသားကို အရှင်လတ်လတ် နဖူးတွေ့ ဒူးတွေ့ တွေ့ချိန်မှာ သားသားသည် ဂျူလီယာ့အတွက် သူစိမ်းတစ်ရံဆံ ဖြစ်မနေခဲ့။ နှလုံးသားချင်း ဖလှယ်ထားသလို ရင်းနှီးကျွမ်းဝင်နေလွန်းလှသည်။ ပြီးတော့ သားသားက ပုစ္ဆာဆန်မှု၊ လျှို့ဝှက်ဆန်းကြယ်မှုတွေ အပြည့်နှင့် လူ။ အချစ်နိဂုံး ဘယ်က စခဲ့ပါသလဲ။

သံသယမျိုးစေ့ကို ကြဲပက်ခဲ့သော ပထမဆုံး မုသားဖြူကလား။ ဘယ် လောက်ပဲ သေးငယ်သေးငယ်ပေါ့။ ပထမအကြိမ်၊ ဒုတိယအကြိမ် ခွန်းကြီးခွန်းငယ် အချေအတင် ဖြစ်ခြင်းကလား။

အတ္တသည် သူ့နေရာမှန်ကို ပြန်ရောက်လာချိန်မှာလား။

သတ္တိတွေ ငုတ်လျှိုးပျောက်ကွယ်သွားပြီး ဝဿန်ကာလမှာ သန်ချင် တိုင်း သန်လာသော စပျစ်နွယ်များကဲ့သို့ ဘယာနက က ကြီးစိုးအနိုင်ယူချိန် မှာလား။

တစ်ယောက်သော သူ၏ ကိုယ်ပိုင်ဆန္ဒနှင့် လိုအင်တွေက အလွန် အင်မတန် ကြီးထွား သန်စွမ်းလာချိန်မှာလား။ သို့သော်လည်း အဆိုပါ မေးခွန်းတို့က

သူတို့နှစ်ယောက်၏ ဘဝထဲကို အလွန့်အလွန် အချိန်နှောင်းကာမှ ဝင်ခဲ့လေသည်ကော။

***

လက်ဖက်ရည်ဆိုင်ထဲကို ဂျူလီယာ စောစောစီးစီး ရောက်နေသည်။ ကလောကား နှိုးထခါစ၊ အိပ်မှုန်စုံမွှား။ သံဃာတော်တွေ၊ ကိုရင်လေးတွေကတော့ စီတန်း ဆွမ်းခံကြွတော်မူကြလေပြီ။ မြက်ခင်းပြင်များနှင့် တောင်တန်းတွေကြားက ပိန်းပိတ်နေသော မြူထုကြီး ကွဲစပြုပြီ။ အရုဏ်တက်ချိန် တိမ်ကင်းစင်နေသော နက်ပြာရောင် ကောင်းကင်ပေါ်သို့ အဖြူရောင် မီးခိုးတန်းတွေ တလူလူ တက်နေ ၏။ ကြည့်လေရာမှာ မီးခိုးနံ့နှင့် လတ်လတ်ဆတ်ဆတ် အစားအသောက်ရနံ့ တွေ လှိုင်နေသည်။

အအေးဒဏ်ကား စူးစူးရဲရဲ။ သိုးမွေးဦးထုပ်ကို နားရွက်တွေနှင့် နဖူး လုံအောင်ဆွဲချလိုက်သည်။ သူ့ရှေ့မှာတော့ အငွေ့ တထောင်းထောင်း ရှမ်းခေါက်ဆွဲ၊ မြန်မာလက်ဖက်ရည်နှင့် ဖွင့်ထားသော သူ့ ဒိုင်ယာရီစာအုပ်တို့ အတူတကွ ရှိနေကြသည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့ ရက်စွဲဖြင့် နောက်ဆုံး ရေးမှတ်ထားသည်က သားသား ဆိုသော စာနှစ်လုံးသာ။

သူ့အတွက်ကြောင့် ဂျူလီယာသည် ထွက်ခွာအံ့ဆဲဆဲ လေယာဉ်ပေါ်မှ ဆင်းခဲ့သည်။

သူ သိရုံသိသော လူတစ်ယောက်နှင့် အတူနေဖို့ပေါ့။ ရက်အနည်းငယ် သာ တစ်မိုးအောက်မှာ အတူနေခဲ့ဖူးသော လူတစ်ယောက် အတွက်ပေါ့။

ပြီးတော့ ထိုနှစ်ညှ။

ညဝက်များ။

သူ သိသလောက်တော့ ထိုလူက သူ့ကို ချစ်၊ မချစ် အသာထား၊ သူ ဒီမှာ ရှိနေတာကိုတောင် အလိုမရှိပေ။

ဤစကား မှန်စေ။

အံ့ဩရခြင်းကို မုန်းလှသည့် ဂျူလီယာ။ ဘယ်အရာကိုမှ ကံကြောင့်ဟု ပုံမချချင်သည့် ဂျူလီယာ၊ မျှော်လင့်မထားသည့် အရာနှင့် ဘွားခနဲ ကြုံရခြင်း ကို ဘယ်တုန်းကမှ အသားမကျခဲ့သည့် ဂျူလီယာ၊ ခုတော့ သူကိုယ်တိုင်ပင် ရောမ အံ့ဩစရာ၊ မျှော်လင့်မထားသည့်အရာ ဖြစ်နေပါပေါ့လား။

နယူးယောက်က သူ့ တကယ်ဘဝနှင့် ကလော၊ သို့မဟုတ် သီပေါက အနာဂတ်ဘဝအကြား ပင်လယ်နှစ်စင်း၊ တိုက်ကြီး သုံးတိုက်နှင့် မိုင်ပေါင်း ရှစ်ထောင် ခြားနားလျက် ရှိသည်။

ဒါတွေက ကိန်းဂဏာန်းနှင့် တိုင်းတာ၍ ရသော အတိုင်းအတာ များသာပါ။

ဒီနေ့ကနေ နောက်တစ်နေ့ အကူးမှာ လူတစ်ယောက်၏ ကိုယ်ပိုင် အတ္တကို နောက်တစ်ယောက်ထံ လွှဲပြောင်းပေးအပ်၍ ရနိုင်သလား။

ခုဆို ဂျူလီယာသည် အသက် ၃၈ နှစ်၊ အိမ်ထောင် မရှိ၊ လူတွေ အပြော အရ တွယ်ငြိစရာ သံယောဇဉ် ကျောထောက် နောက်ခံ မရှိ၊ သို့သော် ဒါက ဘာအဓိပ္ပာယ်လဲ။ ကမ္ဘာလောကကြီးမှာ ဘာကိုမှ ဘယ်သူ့ကိုမှ တွယ်ငြိခြင်း မရှိသော ဥပေက္ခာလူသား ဆိုတာ ရှိလို့လား။

လေးဆယ် မပြည့်တပြည့်ဆိုသော အသက်အရွယ်သည် လည်းကောင်း၊ ဆိုးလည်း ဆိုး ဟု သူ တွေးနေမိသည်။ ဘဝမှာ တစ်ခုခု အပြောင်းအလဲလုပ်ဖို့ ထိုက်သင့်သည့် အရွယ် ဆိုသော်လည်း ခုမှ ဘဝအသစ်တစ်ခု စဖို့တော့ ကြီးလွန်း နေပြီ။ အသွင်သဏ္ဍာန် ပြောင်းလဲခြင်း ဆိုသည်မှာ တိရစ္ဆာန်များအတွက်သာ။ လူသားဟူသည် အရေခွံချွတ်လဲနိုင်သော မြွေမဟုတ်၊ လိပ်ပြာအဖြစ် အသွင် ပြောင်းနိုင်သော ပိုးတုံးလုံး မဟုတ်။

အကယ်၍သာ လူသားတွေမှာ အသွင်ပြောင်းနိုင်စွမ်း ရှိခဲ့ပါလျှင်...။ ဤနေရာ ဤဒေသမှာ သူ့အနာဂတ်ဟာ ဘယ်လိုများပါလိမ့်။ ဘာတွေ များ လုပ်လို့ရနိုင်မလဲ။ အလုပ်အကိုင်အားဖြင့် ဂျူလီယာသည် ရှေ့နေတစ်ယောက်။ နိုင်ငံစုံကျော် ကော်ပိုရေးရှင်းများဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့် ဉာဏမူပိုင်ခွင့် ဥပဒေများကို အထူးပြုထားသော ရှေ့နေ။ ကိုလံဘီယာ တက္ကသိုလ် မှ အမြင့်ဆုံး ဘွဲ့ထူးဂုဏ်ထူးများ ပိုင်ရှင်။ ဝေါစထရိက ထိပ်တန်းဥပဒေ အကြံပေး အဖွဲ့တစ်ခု၏ အစုစပ် ပါတနာဖြစ်လာမည့် သူ။ သူ့အမှုသည်များသည် သူ၏ စွမ်းဆောင်ရည်၊ စွမ်းရည်၊ ထူးချွန်ထက်မြက်မှုတို့ကို အောချခဲ့ရသည်။ သူသည် ရည်မှန်းချက် ကြီး၏။ ဆုံးဖြတ်ချက် ပြတ်သား၏။ အလုပ်ကို စူးစူးနှစ်နှစ် လုပ် တတ်၏။ သူ၏ရှေ့ခရီးကား ပန်းခင်းသောလမ်း ဖြစ်ကြောင်း သူများတွေကရော သူ့ကိုယ်သူပါ မျှော်လင့်ထားပြီး ဖြစ်သည်။ သူ့ကိုယ်ရေး အချက်အလက်တွေကား လူတကာ အထင်ကြီးစရာ ဖြစ်၏။ နယူးယောက်မှာပေါ့လေ။ မြန်မာပြည်မှာ ကော၊ သိပ်တော့ မထင်။

သူ စွဲစွဲနစ်နစ် ချစ်မိသော ထိုသူမှာ မူပိုင်ခွင့် ဆိုသော စကားလုံးကိုပင် ကြားဖူးပုံ မရ။ ပစ္စည်းမူပိုင်ခွင့်၊ ဉာဏမူပိုင်ခွင့်တင်မက ဘာမူပိုင်ခွင့်ကမှ သူ့ဘဝ မှာ အရေးမပါ။

ထိုသူ နေသော တိုင်းပြည်မှာ ဥပဒေဆိုတာ ရှားတောင့်ရှားပါး အရာ တော့ မဟုတ်။ သို့သော် ဥပဒေကို တန်ဖိုးထားသည့် အသိုင်းအဝိုင်း မဟုတ်။ ရှေ့နေဆိုတာ နာမည်ကျော်ဖို့ ဝေးစွ၊ ဘယ်သူမှ မသုံး။

အကယ်၍သာ ဂျူလီယာသည် ဆရာဝန်၊ သို့မဟုတ် အင်ဂျင်နီယာ၊ သို့မဟုတ် ကျောင်းဆရာမ ဆိုလျှင်တောင် မြန်မာပြည်မှာ ရှေ့နေထက် ပို၍ အသုံးဝင်လိမ့်ဦးမည်။

နယူးယောက်က သူ့တိုက်ခန်း၊ စတော့ရှယ်ယာတွေ၊ ငွေတိုက်စာချုပ် တွေ ဒါတွေကို ရောင်းလိုက်လျှင်တော့ မြန်မာ့စံဖြင့် ဆိုလျှင် အတော်လေး ဖူလုံ ပြည့်စုံသော အခြေအနေကို ရောက်ပေမည်။ ဒီမှာ ငွေရှိလျှင်ကော အသုံးတည့်ရဲ့ လား သူ မသိ။

ရိုးရိုးသားသား ဆိုရပါလျှင် ရှေ့ဆက် ဘာလုပ်ရမည်မှန်း သူ မသိ၊ ဘာအကြံမှ မရှိ။

လက်ဖက်ရည် တစ်ငုံငုံရင်း ဒိုင်ယာရီကို ပြန်လှန်ဖတ်မိသည်။ မနက်မနက်ပျို့ချင်တယ်၊တ စ်ခါတလေအန်တယ်၊ နယူးယောက်တုန်း ကလို စိတ်လှုပ်ရှားရင် အစာအိမ်ထပြန်ပြီ ထင်ပါရဲ့။

***

အိပ်မရဘူး။ အရုဏ်လာတဲ့အထိ လူးလူးလိမ့်လိမ့်ပဲ။ နားထဲမှာ အသံတွေ ပြန် ကြားမှာ ကြောက်နေမိတယ်။

***

ဗမာစာ၊ ဗမာစကားကို အစ်ကိုကြီးက သင်ပေးတယ်။ ကိုယ့်ကိုယ်ကိုယ် ရှာဖွေ တွေ့ရှိတယ်တို့ ကိုယ့်ကိုယ်ကိုယ် သံသယ ဖြစ်တယ်တို့ ဆိုတဲ့ စကားအသုံး ဗမာ မှာ မရှိဘူးတဲ့။ ဒါမျိုးဆို အတော်လေး ပြောပြ ရှင်းပြရမတဲ့။

***

အစ်ကိုကြီးနဲ့ အချေအတင် ဖြစ်ကြတယ်။ သူ ဈေးသွားနေတုန်း ကိုယ်က ပထမဆုံး အကြိမ်အဖြစ် အိမ်ကို ရှင်းလိုက်မိလို့တဲ့လေ။ ဒီလောက် ဖုန်တသောသောနဲ့ ရှုပ်ပွလန်နေတာကို။

တကယ်တော့အိမ်ရှင်းတာက အစ်ကိုကြီးဆီကမျက်နှာရချင်လို့လည်း ပါပါတယ်။ ဒါပေမဲ့ သူ့ကို အရင် ပြောပါတော့လား တဲ့။ ပြီးတော့ တစ်နေကုန် ကိုယ့်ကို သူ စကားမပြောတော့ဘူး။

***

အကြောက်ဆုံးကတော့ သားသား ကိုယ့်ကို ထပ်မတွေ့ချင်တော့မှာ၊ သူနဲ့ အတူမနေစေချင်မှာကိုပဲ။

ဒီနောက်တော့ ဘာများ ရှိဦးမလဲ။

***

သားသားဆီ စာရှည်ကြီးတစ်စောင် ရေးမိတယ်။ ကလောကို အမြန်ဆုံး လာဖို့ ပေါ့။ ကိုယ်တို့ တွေ့တွေ့ဆိုင်ဆိုင် စကားပြောဖို့ လိုပြီ။

***

နေ့တိုင်း လမ်းထွက်လျှောက်ဖြစ်တယ်။ တစ်ယောက်တည်း ထီးတည်း ဖြစ်နေ ပေမယ့် ခုထိ ငြိမ်းချမ်းမှုကို ရှာမတွေ့သေး။ အစ်ကိုကြီးကတော့ ပြောရှာပါတယ်။ အချစ်နဲ့ ပတ်သက်လာရင် အားလုံးဟာ ပဟေဠိချည်းပဲတဲ့။

***

နယူးယောက်ကို အိပ်မက် မက်တယ်။

ကိုယ်က ဆင်ကြီးစီးပြီး ဗဟိုပန်းခြံကို ဖြတ်၊ ငါးလမ်းရိပ်သာထိ ဆင်းချ သွားသတဲ့။ ဆင်ဦးစီးက မချွှိမသား ကောင်လေးတစ်ယောက်ပဲ။ ကားတွေက ဟွန်းတပွမ်ပွမ် တီးကြတယ်။ လမ်းလျှောက်နေသူ တချို့က ကိုယ်တို့ကို ရပ်ပြီး ငေးကြည့်နေကြပေမယ့် အများစုကတော့ ဂရုမစိုက်ပါဘူး၊ ကိုယ့်လမ်း ကိုယ် သွားနေတာပဲ။ ၅၇ လမ်းရောက်တော့ တက္ကစီတစ်စီး ကိုယ်တို့နား လာရပ်တယ်။ ကားပေါ်မှာ မေမေရယ်၊ ကိုယ့်သူငယ်ချင်း အေမီရယ်။ သူတို့က ကိုယ်တို့ကို ကြည့်တယ်။ ခေါင်းတွေ ယမ်းခါပြီး ဆက်သွားကြတယ်။ ဆင်ပေါ်က ဆင်းပြီး သူတို့ဆီ သွားချင်ပေမယ့် အကူမပါဘဲ ဆင်းလို့ တက်လို့ မရဘူးကိုး။ ဒါနဲ့ ကောင်လေးကို ရပ်ခိုင်းတယ်။ သူက ဂရုတောင် မစိုက်ဘူး။ ဘေးကို အော်ခေါ်ပြီး အကူအညီ တောင်းပေမယ့် ကိုယ့်အသံကို ဘယ်သူမှ မကြားဘူး။ ကျယ်ကျယ်အော်လေ၊ ဆင်က ပိုမြန်လေပဲ။ နောက်ဆုံး အစ်ကိုကြီး နှိုးမှပဲ အိပ်မက်ထဲမှာ အသံထွက်အောင် အော်နေမိမှန်း သိတော့တယ်။

***

သားသားဆီ ပို့မယ့် စာကို မီးရှို့ပစ်လိုက်တယ်။ သူ့အဖြေကို မကြားဝံ့ဘူး။

***

ညညအိပ်မပျော်တော့ တစ်နေကုန် နုံးနေတယ်။ ဆတ်ဆတ်ထိမခံ ဖြစ်နေတယ်၊ ဂနာလည်း မငြိမ်၊ နေရတာလည်း မကောင်း။

***

အစ်ကိုကြီးအိမ်က ထွက်လာပြီး ကလောဟိုတယ်မှာ နေတယ်။ အဲဒီမှာ နေရင် အခြေအနေများ တိုးတက်မလားလို့ပေါ့။ ကွပ်ပျစ် မဟုတ်ဘဲ တကယ့်အိပ်ရာနဲ့ အိပ်ရမယ်ပေါ့။ ရေနွေးရမယ်၊ ခြံထဲ ဆင်းသွားရတဲ့ ကျင်းအိမ်သာ မဟုတ်ဘဲ တကယ့် ဘိုထိုင်ရေအိမ်ကို သုံးရမယ်။

ကိုယ် ထွက်လာတာကို အစ်ကိုကြီးက စိတ်မဆိုးပါဘူး တဲ့။ ဒါပေမဲ့ အိမ်မှာနေနေ၊ ဟိုတယ်မှာနေနေ ကိုယ့်အခြေအနေ တိုးတက်လာမယ်လို့တော့ သူ ယုံပုံ မရပါဘူး။

***

ပူစီဖောင်းထဲ နေရတဲ့ ဘဝပေါ့ဟယ်။ တီဗွီ၊ ရေဒီယို၊ သတင်းစာ၊ ဆဲလ်ဖုန်း၊ အင်တာနက်။ ဒါတွေ ကလောမှာ မရှိ။

အပြင်လောကမှာ ဘာဖြစ်နေနေ ကလောနဲ့ မဆိုင်။ ထွေလာကေလာ မရှိဘဲ သူ့အချိန်ဇုန်နဲ့ သူ၊ သူ့ရစ်သမ်နဲ့ သူ ရှိနေတဲ့ နေရာ။

နေစမ်းပါဦး-အဲဒါ ကိုယ့် ရစ်သမ်လား။ မဟုတ်ရင် တခြား ဘာဖြစ်ရဦးမှာလဲ။

***

အစ်ကိုကြီးက ကိုယ့်ကို လွှတ်ထားတယ်။ သူ့ဟာသူ စာအုပ်ဟောင်းတွေ ပြင်ရင်း အလုပ်ရှုပ်နေတယ်။ အဲလို ပေယျာလကန် ထားလို့လည်း ဘာမှ မထူးပါဘူး။

ကိုယ့် တစ်ဘဝလုံး တကျည်ကျည် တောင်းဆိုသူတွေနဲ့ချည်း နေလာရတာလေ။ ဒါနဲ့က အသားကျနေပြီ။

***

ကိုယ် ကလောမှာ ဘယ်လောက်ကြာအောင် နေရဦးမှာလဲ။ သီပေါသွားပြီး သားသား နဲ့ တွေ့လိုက်ချင်ပြီ။ ဒါပေမဲ့ ဘယ်တော့လဲ။ ဘယ်အချိန်လဲ၊ ကိုယ်လာပြီ ဆိုတာ သူ့ကို အသိပေးမလား၊ ဘာတွေ ဖြစ်နေတယ် ဆိုတာ ရှင်းပြမလား၊ ဒါမှမဟုတ် ဒီအတိုင်း တိတ်တိတ်လေး သွားလိုက်ရမလား၊ မသိတော့ဘူး။

အစ်ကိုကြီး ဘယ်လိုထင်လဲလို့ မေးကြည့်တယ်။ သူကတော့ အချိန်ယူပါဦးတဲ့။ တချို့ကိစ္စတွေက လောလို့ မရဘူးတဲ့။ အချစ်မှာ သူ့အရှိန်နဲ့သူ ရှိသတဲ့။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေဟာလည်း ဒီလိုပဲတဲ့။ ရွေးချယ်မှုတိုင်းဟာ သတင်းအချက်အလက်တွေကို စစ်တမ်းထုတ်၊ တွက်ချက်ပြီး အကျိုး၊ အပြစ်တွေ ခွဲခြမ်းစိတ်ဖြာလို့ ရလာတဲ့ ရလဒ်မျိုး မဟုတ်ဘူးတဲ့။ အဖြေဟာ အစ်ကိုကြီးတို့ဆီ သူ့အလိုလို ရောက်လာတတ်တယ်ကွဲ့။ သူတို့ ကိုယ့်ကို ရှာတွေ့အောင် လုပ်ဖို့ပဲ လိုတာပါ ဆိုပဲ။

ဒါ အဖြေမှန်လို့ ကိုယ်က ဘယ်လိုများ သိနိုင်ပါ့မလဲ။

***

ဟိုတယ်မှာ သာတောင် အိပ်မပျော်သေးတယ်ဟယ်။ ပျို့ချင်စိတ်က ပိုဆိုးလာ တယ်။ အတွင်းက လှိုက်လှိုက်ပြီးကို ဖြစ်တာ။ နှလုံးခုန်တွေ မြန်လိုက်တာ။ တစ်ခါ တလေ အသက်တောင် မရှူနိုင်ဘူး။ ပေါက်ကွဲတော့မလိုပဲ။

***

ဖေဖေ့ကို အရမ်းသတိရတယ်။ နယူးယောက်မှာ နေတဲ့ တစ်ချိန်လုံး သူ ဘယ်လောက်များ နာကျင်ခံစားရရှာလိမ့်မလဲ။

သူ့ကို တစ်ရက်လောက်ပဲ ဖြစ်ဖြစ် ဒီမှာ ရှိစေချင်လိုက်တာ။

ကိုယ့် နှလုံးခုန်သံတွေကို ဖေဖေများ နားစွင့်နေမလား။

ဒါဆို ကိုယ် ဘာဆက်လုပ်ရမလဲ၊ ဘာဆက်လုပ်သင့်လဲ ဆိုတာ သူ ပြောချင် ပြောနိုင်မှာနော်။

***

ဒိုင်ယာရီစာအုပ်ကို ဆတ်ခနဲ ပိတ်လိုက်သည်။ မြူတွေက တောင်ကြားမှာ ဆိုင်း နေတုန်း။ ကျသင့်ငွေကို ရှင်း၍ သူ ထရပ်လိုက်သည်။ ဈေးဘက်သို့ ဦးတည်သော လမ်းမကြီးတစ်လျှောက် စိုက်လိုက်မတ်တတ် လျှောက်နေသော်လည်း ဘယ်ဆီ ဘယ်ဝယ် သွားရမည် ဆိုခြင်းကို ဂျူလီယာခမျာ မသိရှာပေတကား။

သုံး

ဝါးကုလားထိုင်ပေါ် ခြေချိတ်ထိုင်ရင်း လမ်းမဘက်သို့ ငေးနေသော အဘိုးအို တစ်ယောက်။ သူ့နောက်ကျောက အိမ်ကတော့ သစ်ကြွပ်ပြားတွေ မိုးထားပြီး ခန့်ညားလှ၏။ ဒုတိယထပ် ဝရန်တာမှာ လုံချည်၊ အင်္ကျီတွေ နေလှန်းထားသည်။ မြေညီထပ်မှာတော့ ဆိုင်လေး တစ်ဆိုင်။

ဟိုတယ်မှ မြို့ထဲသို့ လျှောက်လာသည့် လမ်းမှာ ထိုအဘိုးကြီးကို ဂျူလီယာ သတိထားမိတာ သုံးလေးရက် ရှိခဲ့ပြီ။ အစိမ်းနှင့် အဖြူကွက် လုံချည်၊ သူနှင့် ကြီးလွန်းနေသော ပန်းရောင်ဆွယ်တာကြီးနှင့် အဘိုးကြီးမှာ ပိန်ပိန်ပါးပါး။ နှာခေါင်းက ရှည်လျားလှပြီး နဖူးကျဉ်းကျဉ်းပေါ်မှာတော့ ဘေ့စ်ဘောဦးထုပ်ကို ဆောင်းလို့။ ဗလာကျင်းနေသော ခြေထောက် ပိန်တာရိုးလေးတွေကတော့ အအေးဒဏ်ကြောင့် နီရဲလျက်။

အဘိုးကြီးက သူ့ကို ခေါင်းညိတ် နှုတ်ဆက်နေသဖြင့် သူကလည်း ပြန်နှုတ်ဆက်သည်။

"မင်္ဂလာပါ"

နှုတ်ဆက်နေပုံက မိတ်ဆွေရင်းအလား လှိုက်လှိုက်လှဲလှဲ ရှိလှသည်။

"မင်္ဂလာပါ"

"ဘယ်က လာသလဲ"

"နယူးယောက်၊ အမေရိကန် ကပါ"

"အို… နယူးယောက် ဘယ်မှာ ရှိမှန်း ကျုပ် သိပါတယ်"

သူပြောသည့် အင်္ဂလိပ်စကားလေသံက လေးလေးပင်ပင် ဗြိတိသျှ ဟန်။ သူက ဂျူလီယာ့ကို ဖြူဖွေးနေသော မျက်ခုံးထူထူ နှစ်ခုအောက်က စူးစမ်း သော မျက်လုံးသေးသေးလေးများနှင့် ကြည့်ရင်း ဆက်ပြောသည်။

"ကျုပ်က ခင်ဗျားကို ဗမာမှတ်နေတာ၊ ရန်ကုန်က လာတယ် ထင်တာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား လမ်းလျှောက်တာ အင်မတန် မြန်သဗျ၊ ရန်ကုန်က လူတွေ လိုပဲလေ"

အဘိုးကြီးက စပ်ဖြဲဖြဲနှင့် ဘေးဘီလှည့်ကြည့်ရင်း-

"လမ်းလျှောက်တယ် ဆိုတာထက် အပြေးတစ်ပိုင်းဆို ပိုမှန်မယ်"

ဟု ဆိုသည်။

ဂျူလီယာ သဘောကျစွာ ရယ်မိသည်။

"ကျွန်မက မန်ဟက်တန်မှာ နေတာ၊ အဲဒီက လူတိုင်းက ဒီလိုပဲ အမြဲ အလျင်လိုနေကြတာ"

"ဘာလို့များလဲ ခင်ဗျာ"

"လုပ်စရာတွေက များပြီး အချိန်က နည်းနေလို့ ထင်ပါတယ်"

"ဟုတ်လား... ကျုပ်ကတော့ ဆန့်ကျင်ဘက်ပါပဲဗျာ"

ကွမ်းချိုးတက်နေသော သွားများ ပေါ်အောင် ရယ်ရင်း ဆက်ပြော ပြန်သည်။

"မန်ဟက်တန်ကတဲ့လား၊ ခင်ဗျား ကြည့်ရတာ ဗမာနဲ့ တူသဗျာ"

"တကယ်တော့ ဗမာသွေး တစ်ဝက် ပါတယ်ရှင့်၊ ကျွန်မ ဖေဖေက ကလောကလေ၊ ဦးတင်ဝင်းတဲ့၊ ကြားဖူးလား မသိဘူး"

"ဟင့်အင်း၊ ကျုပ်က လွိုင်ကော်ကဗျ၊ ဒီက ညီမတော်ဆီ ခဏလာလည်တာ"

လုံချည်တွေ၊ အထည်တွေ ထည့်ထားသည့် မှန်ဘီရိုနောက်က မိန်းမကြီးကို လက်ညှိုးထိုးပြသည်။ ထိုမိန်းမကြီးကလည်း ဂျူလီယာ့ကို နှစ်လိုဖွယ် မျက်စချီပြလေသည်။

"ခင်ဗျား အနာဂတ်အကြောင်းများ သိချင်လား၊ ကျုပ် ခင်ဗျားအတွက် ဗြိုဟ်စီးဗြိုဟ်နင်းတွေ ဖတ်ပေးမယ်"

"နေပါစေ၊ ကျေးဇူးပါ"

"ဟာ...ဘာဖြစ်လို့လဲ"

"ကျွန်မက နက္ခတ်လည်း မယုံ၊ ဗေဒင်လည်း မယုံဘူးရှင့်"

အဘွားကြီးက သူ့အစ်ကိုကို တစ်စုံတစ်ရာ ပြောလိုက်သည်။ သူတို့ နှစ်ယောက် တသောသော ရယ်ကြသည်။

"ကျုပ်နှမက ပြောသဗျ၊ ခင်ဗျားက အမေရိကန်နဲ့ လေးပုံ သုံးပုံ တူ သတဲ့"

"လေးပုံ ငါးပုံလောက် နေမှာပါ"

"အင်း... ဒါပေမဲ့ ကျုပ်က ဗေဒင်ဆရာ မဟုတ်ဘူးဗျ၊ သိပ္ပံပညာရှင်"

ဂျူလီယာ မျက်ခုံးတွေ ပင့်သွား၏။ ဒီအဘိုးကြီး သူ ဘာပြောနေတယ် ဆိုတာကော သေချာသိရဲ့လား။ ဂျူလီယာ ဘာမှ ပြန်မပြောတော့ အဘိုးကြီးက စကားဆက်၏။

"ကြယ်တွေ၊ ဂြိုဟ်တွေဟာ ကျုပ်တို့ဘဝအပေါ် လွှမ်းမိုးမှု ရှိတယ် ဆိုတာ မယုံဘူးလား"

"ဟင့်အင်း"

"လဟာ အိပ်စက်မှုအပေါ်၊ ပင်လယ်အပေါ်၊ နေ့တွေအပေါ်လွှမ်းမိုးမှု ရှိတာကော"

"ဒါက တခြားကိစ္စပါ"

"ခင်ဗျား သေချာလို့လားဗျ"

ဘော့စ်ဘောဦးထုပ်ကို ချွတ်ကာ ပြောင်နေသော ထိပ်ကို ကုတ်၏။

"ခင်ဗျား နည်းနည်း စမ်းကြည့်လေ၊ ပြီးမှ မှန် မမှန်ပြောပေါ့"

ချီတုံချတုံ ဖြစ်နေမိသည်။ တစ်ဖက်ကလည်း ဂီတသံလို ဆွဲဆောင်မှု ရှိသော အဘိုးကြီး၏ လေသံကို သဘောကျနေ၏။ သူ့အပြော၊ သူ့အပြုံးတွေက ပျူငှာလှသည်။

"ပြီးရောလေ၊ သတင်းဆိုးတော့ မလိုချင်ဘူးနော်"

သေချာအောင် ကြေညာထားလိုက်သည်။

"ဟင်.. ဘာဖြစ်လို့လဲ"

အဘိုးကြီးက အံ့အားသင့်သွားဟန် ပေါက်သည်။ သူ့လေသံမှာ အတန်ငယ် စိတ်အနှောင့်အယှက် ဖြစ်သွားဟန်လည်း ပါသည်။

အဘိုးကြီး မေးခွန်းက ဂျူလီယာ့အတွက်တော့ အဓိပ္ပာယ် မရှိ။

"ဟင်... ဘယ်သူကများ မကောင်းသတင်းကို သိချင်မှာမို့လဲ"

အဘိုးကြီးက မျက်ခုံးပင့်လိုက်သည်။

"ဒါက တစ်စိတ်တစ်ပိုင်းပဲလေ"

"ရှင့်ခန့်မှန်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းလား"

"ဘဝရဲ့တစ်စိတ်တစ်ပိုင်းဗျ၊ ကျုပ် အကောင်းဆုံး ကြိုးစားပါ့မယ်၊

သို့သော် ကောင်းတာတွေချည်း ဖြစ်လိမ့်မယ်လို့တော့ အာမ မခံနိုင်ပါဘူး၊ အကောင်း ချည်း ပြောလို့ လူတွေ ကျုပ်ဆီ လာကြတာ မဟုတ်ဘူး၊ တကယ်က ရှေ့မှာ ဘာမကောင်းတာ ဖြစ်မလဲ သိချင်လို့သာ လာကြတာ"

"အဲသလို ကြိုသိတော့ ဘာများ ကောင်းလို့လဲ"

"ဘာလုပ်သင့်သလဲ၊ ဘယ်လို ရှောင်လွှဲနိုင်သလဲ ဆိုတာ ကျုပ် အကြံ ပေးနိုင်တာပေါ့၊ ဒါကို ဖယ်ရှားဖို့ လုပ်ရမယ့် ကိစ္စတွေ ပြောပြနိုင်တာပေါ့"

"ဘယ်လိုမျိုးလဲဟင်"

"ဥပမာအားဖြင့် ခရီးတစ်ခုပေါ့"

စိတ်မသက်မသာဖြစ်သော ခံစားမှု ဝင်ရောက်လာခဲ့သည်။ စကားဝိုင်းက သူ မကြိုက်သည့် ပုံစံ ဖြစ်လာခဲ့ပြီ။ အယူသီးသူ မဟုတ်ပေမယ့် ဖေဖေ့ အကြောင်း စဉ်းစားနေမိတာကို ရပ်တန့်၍ မရ။ ဒီလူကြီး ပြောသလိုပင် ဖေဖေသည် ခရီးတစ်ခုကြောင့် ဝမ်းနည်းစရာ ကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရသည် မဟုတ်လော။

"ကျွန်မ စဉ်းစားပါဦးမယ်၊ နက်ဖြန်လောက်မှ ပြန်လာချင် လာမယ်"

အဘိုးကြီး၏ နှမ အမယ်ကြီးက ဂျူလီယာ့ကို လှိုက်လှဲ ပျူငှာစွာ ဖိတ်ခေါ်နေ၏။ ဂျူလီယာသည် ဆိုင်ထဲမှာ ခင်းကျင်းပြသထားသော အထည်တွေကို အနီးကပ် ကြည့်၏။ ဈေးထဲက အထည်တွေနှင့်စာလျှင် ထိုအထည်တွေက လှပ လွန်းနေသည်။ သာမန်ရောင်းတန်းတွေထက် များစွာ သာ၏။

အသက်အရွယ် မရွေး၊ မြန်မာအမျိုးသမီးတိုင်း ကြိုက်သည့် အပြာ၊ အနီနှင့် အဖြူ အရောင်တွေ စပ်ထားသော လုံချည်ကို မိန်းမကြီးက ပြ၏။ ဂျူလီယာက စိတ်ဝင်စားပုံ မပေါ်သောအခါ လုံချည်တစ်ထည်ကို ထုတ်ပြပြန်၏။ အင်္ကျီပါ ပါသော ဝမ်းဆက်၊ ဂျူလီယာက လက်နှင့် သပ်ကြည့်သည်။ မနက်ခင်း နေရောင်အောက်မှာ ရွှေရောင် တလက်လက် တောက်နေသော၊ ဆင်ရုပ်ကလေး တွေနှင့် ပိုးထည်။ ထိုထက် ပိုလှသော လုံချည်မျိုး သူ မမြင်ဖူးခဲ့။

"ကောင်းလိုက်တာ၊ ဈေးနှုန်းက ဘယ်လောက်လဲ"

မိန်းမကြီးက လက်ဆယ်ချောင်း နှစ်ခါထောင် ပြ၏။ အဘိုးကြီးက တစ်စုံတစ်ခု ရေရွတ်လိုက်တော့ နောက်ထပ် လက်ငါးချောင်း ထပ်ထောင်ပြ သည်။

ဂျူလီယာက ငါးထောင်ကျပ်တန် ငါးရွက်ကို ပိုက်ဆံအိတ်ထဲမှ ထုတ်ပေး လိုက်သည်။ ဟိုတယ် ရောက်တော့ လုံချည်ကို ခုတင်ပေါ် ဖြန့်ခင်းလိုက်သည်။ ဘလောက်စ်နှင့် ဂျင်းကို ချွတ်၍ ဘဝတစ်သက်တာမှာ ပထမဆုံးအကြိမ်အဖြစ် လုံချည်ဝတ်ဖို့ ကြိုးစားသည်။ လုံချည်က ရင်ညွန့်မှသည် ခြေမျက်စိထိ ရှည်လျား ၏။ လက်နှစ်ဖက်နှင့် တင်းတင်းကိုင်ကာ ဆီးဖို့ ကြိုးစား၏။ အတော်လေး ဝါယမ စိုက်ထုတ်ပြီးချိန်မတော့ သူ လုံချည်ကို ခါးမှာ ဆီးလိုက်နိုင်သည်။ သို့သော် မပြေ၊ ကျွတ်ချင်ချင် ဖြစ်နေ၏။ သူ လုံချည်ကို ပုဆိုးဝတ်သလို ဝတ်ပြန်၏။ မြန်မာမိန်းမ တွေ ထဘီဝတ်သလို ချပ်ချပ်ရပ်ရပ် ဝတ်နိုင်ဖို့ သူ့မှာ အချိန်အတော်လေး ယူ လိုက်ရသည်။

မှန်ရှေ့သွားပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်သည်။ ဘယ်ဘက်စောင်း လိုက်၊ ညာဘက် လှည့်လိုက်၊ ပခုံးထိဝဲနေသော အညိုရင့်ရောင် ဆံနွယ်တို့ကို လက်ဖြင့် သပ်မိသည်။ သူ ချီတုံချတုံနှင့်ပင် အင်္ကျီကို ဝတ်၏။ အင်္ကျီက သူနှင့် တိုင်းချုပ်ထားသလို ကွက်တိ။ မှန်ထဲမှ သူ့ပုံကို သူ ပြန်ငေးနေမိသည်။ ဒါ ဘယ်သူလဲ၊ သူ့ညီမလား၊ မိတ်ဆွေလား၊ သူစိမ်း တစ်ယောက်လား။

ဝတ်စုံက သူနှင့် ပန်းတင့်လှ၏။ သူ့ခန္ဓာကိုယ် ကောက်ကြောင်းအလှကို ဝတ်စုံက ပို၍ပင် ပေါ်လွင်စေသည်။ ထိုဝတ်စုံကြောင့် သူဟာ မြန်မာသွေး တစ်ဝက်ပါသော ကပြားမလေးဆိုတာ သိသာလာသည်။ သူ အချိန်အတော်ကြာ မေ့လျော့နေခဲ့သော၊ ကိုယ့်ကိုယ်ကိုယ် မမြင်ခဲ့သော ကိစ္စ။

အရင်တုန်းက သူ ဒီလို ခံယူခဲ့ဘူးသလား ပြန်စဉ်းစားကြည့်သည်။ ဟင့်အင်း.. သူဟာ တင်းပြည့်ကျပ်ပြည့် အမေရိကန်လို့ပဲ တစ်သက်လုံး ခံယူ ထားခဲ့သည်။

မန်ဟက်တန် အရှေ့ အပေါ်ခြမ်းက ပုဂ္ဂလိကကျောင်းတွေမှာ အတန်းဖော် တွေနှင့် သူ ကွာခြားသော တစ်ခုတည်းသော အရာက သူ၏ မဟူရာရောင် မျက်ဝန်း များနှင့် ညိုရေးရေး အသားအရေသာ။ သူ့သူငယ်ချင်း မိဘအချို့က သူ့ကို ဥရောပ တောင်ပိုင်းသူဟု ထင်ကြသည်။ တချို့ကတော့ မက္ကစီကို၊ သို့မဟုတ် ဘရာဇီး က သံကြီး တမန်ကြီး သမီးဟု ထင်ကြသည်။ သူ့ အရိုးအစဉ်ကိုတော့ ဘယ်သူမှ သေချာစေ့ငု မေးမြန်းခဲ့ခြင်း မရှိ။ မေးလာခဲ့လျှင်လည်း သူ့အဖေ မြန်မာပြည်က လာသည်ဟု သာမန်ကာလျှံကာ သူ ဖြေ၏။ ဝင်း မိသားစုဘဝမှာ အိမ်ထောင်ဦးစီး မွေးဖွားရာ တိုင်းပြည်က ဘယ်အခန်းကဏ္ဍကမှ ပါဝင်နေခဲ့ခြင်း မရှိ။ ဦးတင်ဝင်း

သည် အသက်နှစ်ဆယ်ကျမှ နယူးယောက်တစ်နေရာမှာ ဘွားခနဲ မွေးဖွားလာဘိသကဲ့သို့ သူ့ငယ်ဘဝအကြောင်း ဘယ်သူမှ ဘာတစ်ခုမှ မသိခဲ့ကြ။ ဂျူလီယာ က တစ်ခါတလေ အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေးတွေ ရှိသလား မေးလျှင်လည်း အဖေက ယောင်ဝါးဝါးသာ ဖြေ၏။ အတင်း မရမက မေးလျှင် အမေက မမေးဖို့ ဝင်ပြော၏။ ဒီလိုနှင့် အဖေ့နောက်ကြောင်းကို ဂျူလီယာ စိတ်မဝင်စားတော့။ ထိုနှစ်ကာလများအတွင်း အဖေ ဗမာလို ပြောတာ တစ်ခွန်းတောင် မကြားဖူးခဲ့။ အဖေ့မှာ ဗမာမိတ်ဆွေလည်း မရှိ။ ရှာလည်း မရှာ။

အဖေ့အတိတ်နှင့် ပတ်သက်သည့် တစ်ခုတည်းသော အရာကတော့ ညအိပ်ရာဝင်တိုင်း အဖေ သူ့ကို ပြောပြတတ်သည့် မြန်မာပုံပြင်များသာ။ ဘုန်းကြီးကျောင်းတွေ၊ စေတီတွေ၊ မင်းသမီးလေး၊ မင်းသားလေး၊ မိကျောင်းကြီး၊ နဂါး တွေ၊ အသက် သေဆုံးလျှင် နောက်ဘဝမှာ လူပြန်ဝင်စားခြင်းအားဖြင့် ဘယ်တော့ မှ မဆုံးနိုင်တော့သည့် ဘဝတွေ။

ဪ ... ဒဏ္ဍာရီတိုင်းပြည်၊ ပုံပြင်တိုင်းပြည်။

ကလေးဘဝသို့ ထွက်သော ညချမ်းချိန်ခါ ခရီးများမှာ သမီးလေး ဂျူလီယာ့ကို ခေါ်ဆောင်သွားစဉ်မှာ အဖေ ဘာကို တွေးနေခဲ့ပါလိမ့်။

တစ်ခါကတော့ မီးဖိုခန်းစားပွဲမှာ နယူးယောက်တိုင်း ဖတ်ရင်း ဖြူဖပ်ဖြူရော်နှင့် မျက်ရည်အဝိုင်းသား ဖြစ်နေသော အဖေ့ကို ဂျူလီယာ မှတ်မှတ်ထင်ထင် ရှိခဲ့ဖူးသည်။ ရှေ့ဆုံးစာမျက်နှာ ခေါင်းကြီးသတင်းက ရန်ကုန်တဲ့။ တော်လှန်ရေးကောင်စီ အစိုးရကို ကျောင်းသားများနှင့် သံဃာတော်များ ဆန္ဒပြကြခြင်း တဲ့။ တစ်တိုင်းပြည်လုံးမှာ ဆန္ဒပြပွဲတွေ ပေါ်ပေါက်၊ စစ်သားတွေက ဆန္ဒပြသူတွေကို ပစ်ခတ်နှိမ်နင်းသဖြင့် ရာချီ ထောင်ချီ ကျဆုံး... ... ...။ ပုံမှန်အားဖြင့် တုန်လှုပ်ခဲလှသော အဖေ၊ ထိုနေ့ကတော့ သတင်းစာဖတ်ရင်း ထိထိခိုက်ခိုက် ရှိလှသည်ကို တွေ့ရတော့ ထိုမြင်ကွင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသည်။ သူ ဘာမှ မသိသလို ဟန်ဆောင်ရင်း ဂျူလီယာ မီးဖိုခန်းမှ ထွက်လာခဲ့လိုက်သည်။

လွန်ခဲ့သည့် ဆယ်နှစ်ကတော့ သူ မြန်မာပြည်ကို ပထမဆုံးအကြိမ် ရောက်လာခဲ့သည်။ သူ၏ ဇာစ်မြစ်ကို စေ့ငုလို၍ မဟုတ်။ အစအန ရှာမရအောင် ပျောက်ဆုံးသွားသော ဖခင်နောက် ခြေရာကောက်ခဲ့ခြင်းသာ။

ထိုခရီးစဉ်မှာလည်း ကိုယ့်ကိုယ်ကိုယ် မြန်မာသွေး တစ်ဝက်ပါသည့် ကပြားဟု တစ်ခါဖူးမှ တွေးထင်မိခြင်း မရှိ။

နေပါဦး... ထိုကပြားဆိုတာက ဘာအဓိပ္ပာယ်လဲ။ မတူကွဲပြားသော

သွေးတစ်ဝက်စီ ပါတယ်ပေါ့။ နို့... ဘယ်တစ်ဝက်က ဗမာသွေး၊ ဘယ်တစ်ဝက်က အမေရိကန်သွေး ဖြစ်မလဲ။ ဒီကိစ္စက သူ့ဘဝကို ဘယ်တုန်းကမှ ပုံဖော်ပေးခြင်း မျိုး မပြုနိုင်ခဲ့သည့် မျိုးနွယ်စုအမွေ ဆိုတာထက် ပို၏။

ဒီအကြောင်း ကြာကြာတွေး၍ သူ့အဖေအကြောင်း များများစဉ်းစား မိလေ အခိပ္ပာယ်မဲ့မှုကို ပိုခံစားရလေပင်။ ဖေဖေသာ မြင်လျှင် ထုံးစံအတိုင်း ခေါင်းလေး တခါခါနှင့် သမီးဖြစ်သူကို ရယ်ပွဲဖွဲ့နေမှာ မြင်ယောင်၏။ ဖေဖေက အဝတ်အစားကို ကြော့နေအောင် ဝတ်တတ်သည်။ စပါယ်ရှယ် ချုပ်ထားသော အဝတ်အစားများကိုသာ သူ ဆင်မြန်း၏။ ခေါင်းပေါ်မှာ ရာသီအချိန်နှင့် လိုက်ဖက် သော ဘော်ဆယ်လီနို ဦးထုပ်ကို အမြဲဆောင်း၏။ ဒီနိုင်ငံက အမျိုးသားတွေ အမြဲဝတ်လေ့ရှိသော ပုဆိုး ဆိုသည်ကို ဖေဖေ ဝတ်တာ တစ်ခါမှ မမြင်ဖူးခဲ့။

ခု သူ ဝတ်လိုက်သော မြန်မာဝတ်စုံသည် အင်မတန် လှ၏။ သူ့အလှ ကို ပေါ်လွင်စေ၏။ သို့သော် ဖေဖေ မြန်မာဝတ်စုံ ဝတ်ထားလျှင် မထော်မနမ်း ဖြစ်သလိုမျိုး သူ့မှာလည်း ဖြစ်နေ၏။ ဝတ်စုံက သူစိမ်းဆန်နေသည်။ အထူးအဆန်း ဝတ်စုံပြိုင်ပွဲ ဆင်နွှဲနေသလို ခံစားနေရသည်။ လမ်းမှာ၊ ဈေးမှာ တွေ့သည့် ဌာနေအမျိုးသမီးတွေလို ဝတ်စုံလှလှလေးနှင့် တင့်တယ် ကျက်သရေ ရှိနေမှုမျိုး သူ့မှာ မရှိ။ သူတို့နှင့် ယှဉ်လျှင် လေးလံ နေးကွေးနေသလိုလို။

လမ်းပေါ်မှာ တွေ့ခဲ့သည့် နက္ခတ်ဆရာ အဘိုးကြီး ပြောတာ မှန်၏။ သူက လမ်းလျှောက်ခြင်း မဟုတ်၊ ဒရောသောပါး ပြေးနေခြင်း ဖြစ်သည်။

ထိုသို့ ပြေးရင်းလွှားရင်းဖြင့်သာ ခုချိန်ထိ ဘဝသက်တမ်းကို ကုန်ဆုံးခဲ့ စေသည်။ လုံချည်က သူ့ကို နေးကွေးအောင် ဆွဲထားမည့် ဘဝအနှောင် ဖြစ်နေ မလား။

***

လေး

နိုးလာသောအခါ ဂျူလီယာသည် ရုတ်တရက် သူ ဘယ်ရောက်နေသည်ကို မမှတ်မိ၊ ယောင်နန ဖြစ်နေသည်။ သူ့ကိုယ်သူ နယူးယောက်က မိသားစုအိမ်၏ ကလေး ဘဝ အိပ်ခန်းနွေးနွေးလေးထဲ ပြန်ရောက်နေသည်ဟု တဒင်္ဂ အရသာရှိရှိ စိတ်ကူး ယဉ်မိသေးသည်။ ဧည့်ခန်းထဲက အမေ့အသံ စူးစူး၊ မီးဖိုခန်းထဲက ပန်းကန်ခွက်ယောက် အသံတွေ၊ သစ်ကြံပိုးကိတ်လိပ်နှင့် နှပ်ကော်ဖီရနံ့တို့က ခုခံတွန်းလှန် နိုင်ဖို့ မဖြစ်နိုင်ခဲ့။

အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် ဖြစ်နေတုန်း ရုတ်တရက် ဖေဖေ့ထံမှ မြန်မာစကားသံ ထွက်လာသည်ကို ကြားလိုက်ရသဖြင့် ငေါက်ခနဲ ထထိုင်မိ သည်။ အမှောင်ထဲမှာ ဧရာမ ဗီရိုကြီးတစ်လုံးနှင့် သူ့ ခရီးဆောင်ကျောပိုးအိတ်ကြီး တင်ထားသော ဒုတိယ ခုတင်ကို မြင်လိုက်သည့် မြင်ကွင်းက သူ့ကို ကလောဟိုတယ်သို့ ပြန်ဆွဲခေါ်လာနိုင်ခဲ့သည်။

ညအိပ်မီးကို ဖွင့်လိုက်ပြီး အသံတွေကို နားစွင့်သည်။ ပုစဉ်းရင်ကွဲသံ လေးတွေကိုပင် မကြားရ။ တစ်လောကလုံးမှာ သူ တစ်ယောက်တည်း ရှိသကဲ့သို့ တိတ်ဆိတ်လွန်းနေသည်။ မနက် နှစ်နာရီခွဲ။ သူ လုံးဝ နိုးနေလေပြီ။ ခုတင်ဘေးက ညစားပွဲပေါ်မှာတော့ သားသား သူ့အတွက် ထားခဲ့သော စာတစ်စောင် ရှိနေ၏။ နှုတ်ဆက်ခွဲခွာသည့် စာ။ ဖတ်ပါ များလွန်း၍ အလွတ်နီးပါး ရပြီး စာကလည်း ခေါက်ရိုးပင် ကျိုးနေပြီ။

အချစ်ဆုံး ဂျူလီယာ...

ကျုပ်ဘဝမှာ စာတစ်ကြောင်းရေးဖို့ ဒီလောက်ခက်ခဲတာမျိုး တစ်ခါမှ မဖြစ်ဖူးဘူး။

ကျုပ်ကို ခွင့်လွှတ်ပါ။

ပြီးခဲ့တဲ့ ရက်သတ္တပတ်တွေဟာ ကျုပ်ဘဝမှာ အပျော်ဆုံး ကာလတွေပါ။ စကားလုံးတွေနဲ့ ဖော်ပြနိုင်တာထက် သာလွန်တဲ့ ပျော်ရွှင်မှုမျိုးပေါ့။ ဒီလိုပျော်ရွှင်မှုမျိုး ထပ်တွေ့ရဦးမယ်လို့ တွေး တောင် မတွေးဝံ့ပါဘူး။ ပျော်ရွှင်မှုဆိုတာ အထိမခံ ရွှေပန်းကန် ဆိုသလို ကွဲလွယ် အက်လွယ်၊ ပျောက်လွယ် ရှလွယ်လွန်းတာ ကျုပ် သိပါတယ်လေ။ အင်းလေ... လောကမှာ ထာဝရ ဆိုတာ ရှိမှ မရှိဘဲ။ ပျော်ရွှင်မှု ဆိုတာလည်း ထိုနည်းလည်းကောင်းပေါ့။

ကျုပ် ထွက်သွားမှ ဖြစ်တော့မယ်။ ကြာကြာနေရင် ကျုပ် နှလုံးသားဟာ ပြန်လမ်းမရှိဘဲ နစ်သထက် နစ်သွားတော့မှာကို ကြောက်မိတယ်။

တစ်ခါ စွန့်ပစ်တာ ခံရဖူးတဲ့ လူတစ်ယောက်ဟာ ဒါကို တစ်သက် လုံး ကြောက်နေတတ်တယ် ဂျူလီယာ။

တစ်ခါမှမချစ်ခဲ့ဖူးတဲ့ လူတစ်ယောက်ဟာလည်း ချစ်ခြင်းမေတ္တာ ကို ငတ်မွတ်စွာ ငံ့လင့်နေတတ်တယ်။

အဲ... ချစ်ခဲ့ဖူးပြီး အဲဒီအချစ်ကို ဆုံးရှုံးခဲ့ရသူ ဆိုရင်တော့ အချစ် နဲ့ အချစ်ကို ဆုံးရှုံးခြင်း ဆိုတဲ့ အရာနှစ်ပါး ဆုံးရှုံးရမှာကို အကြောက် ကြီး ကြောက်နေတတ်တာ မဆန်းပါဘူး၊ ကျုပ်ဟာ အဲသလို လူစား ပါ။ ဒီ ဆုံးရှုံးမှုတွေကို ရင်ဝယ်ပိုက်ထားခဲ့သူပါ။ ကြာတော့ ဒီ ခံစား ချက်တွေဟာအဆိပ် လိုဖြစ်လာပြီးကျုပ်ဝိညာဉ်ချောင်ကြိုချောင်ကြား မကျန် ထိုးဖောက် ဝင်ရောက်သွားခဲ့တယ်။ ကျုပ်ရဲ့ အာရုံခံစားမှု အားလုံးကို ထိန်းချုပ်ခဲ့ကြတယ်။

အသေ သတ်ပစ်တာမျိုး မဟုတ်၊ မလှုပ်နိုင် မရှားနိုင် အကြော သေသွားအောင် လုပ်ထားတာမျိုး။

အသေသတ်ပစ်တာ မဟုတ်၊ စိတ်ချယုံကြည်မှု ပျောက်ဆုံး သွားစေတာမျိုး။

ဒေါသ၊ ဒေါမနဿ၊ နာကြည်းစိတ်နဲ့ မစ္ဆရိယတွေကို ယူဆောင် လာခဲ့တာမျိုး။

လူတစ်ယောက်ဟာ ဆုံးရှုံးမှု ကိုဘယ်အတိုင်းအတာထိခံနိုင်သလဲ။

နာကျင်မှုကိုကော၊

အထီးကျန်ဝေဒနာကိုကော။

မင်းက ဒီကို တစ်ယောက်တည်း လာခဲ့တာ မဟုတ်ဘူးလေ။ မင်း အစ်ကိုကြီးရယ်၊ ကလေးလေးတစ်ယောက်ရယ်ကို ခေါ်လာခဲ့ တယ်။ အဲဒီကလေးကို ဝှက်ထားဖို့ မင်း ကြိုးစားခဲ့ပေမယ့် ကျုပ်က သူ့ကို ချက်ချင်းပဲ သိပါတယ်။

ဘယ်တုန်းကမှ ဘယ်နေရာမှာမှ မရှိခဲ့တဲ့၊ အမေက တစ်သက် တာလုံး လျစ်လျူရှု ဥပေက္ခာပြုခြင်းကို ခံခဲ့ရတဲ့ ကလေးတစ်ယောက်။

ကလေးတစ်ယောက်ရဲ့ ဝိညာဉ်ဟာ၊ နှလုံးသားဟာ အရာရာ ကို သိနိုင်စွမ်း ရှိပါတယ်။

လူတကာထက် ပိုအထီးကျန်ခဲ့ရတဲ့ ကောင်လေး၊ လက်မှာ လည်း ကြက်သွေးတွေ စွန်းလို့။ သူ့သွေးသားလို သဘောထားခဲ့တဲ့ ကြက်ကလေးတွေရဲ့ သွေးတွေပေါ့။ လက်မှာ သွေးစွန်းချိန် သူ့လက် သူတောင် ပြန်မကြည့်ရဲခဲ့ဘူး။

ကလေးတစ်ယောက်ရဲ့ ဝိညာဉ်ဟာ၊ နှလုံးသားဟာ ဘယ်အရာ ကိုမှ မမေ့တတ်ဘူး။

ဒါပေမဲ့ ကြီးပြင်းလာတဲ့အခါ မယုံတတ်အောင်၊ မုန်းတတ် အောင်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်အောင်၊ ဒါမှမဟုတ် ချစ်တတ်အောင်၊ ခွင့်လွှတ်တတ်အောင် သင်ယူလာခဲ့ရတယ်။ ကျုပ် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်ထားတဲ့ ကောင်လေးကို မင်းဟာ မင်းနဲ့အတူ ကျုပ်ဆီ ခေါ်လာခဲ့တယ်လေ။

မင်း ပြန်သွားတဲ့အခါ ဒီ ကောင်လေးဟာ ကျုပ်ဆီ ကျန်နေရစ် ခဲ့မှာ၊ ကျုပ် သူ့ကို စောင့်ရှောက်ထားရမှာ၊ သူ ဝမ်းနည်းရင် နှစ်သိမ့် ပေးရမှာ၊ သူ ကြောက်ရွံ့ ထိတ်လန့်နေရင် ကာကွယ်ပေးရမှာ၊ သူ အထီးကျန်နေရင် သူ့ကို အဖော်ပြု ပေးရဦးမှာ . . .။

ကျုပ် စိတ်ဝိညာဉ်ရဲ့ အစိတ်အပိုင်းအချို့ဟာ ခုချိန်ထိ... .. ထာဝရ အကျဉ်းစံ ဘဝမှာ ရှိနေမယ် ဆိုတာ မင်းက ထင်းနေအောင် ပြပေးနိုင်ခဲ့တယ်။ ကျုပ်ဟာ ကျုပ် ထင်နေသလို လွတ်လပ်သူ တစ်ယောက် မဟုတ်သေးဘူး ဆိုတာ သိလိုက်ရတဲ့ အခိုက်အတန့် ပေါ့။

ဒီအမှားအတွက် ကျုပ်ကို ခွင့်လွှတ်ပါတော့။ ဒီစာအတွက် လည်း ခွင့်လွှတ်ပါ။ မင်း နာကျင် ကြေကွဲရမယ် ဆိုရင် ကျုပ်မှာ မင်း ကို နာကျင်စေဖို့ ရည်ရွယ်ရင်း မရှိဘူး ဆိုတာ ပြောပါရစေ။ ကျုပ် သွားပါရစေတော့။ တခြားနည်းလမ်းလည်း ရှာမတွေ့တော့လို့ပါ။

အရာအားလုံးအတွက် ကျုပ် မင်းကို ကျေးဇူးတင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ ဂျူလီယာ။

အကြိမ်ပေါင်း ရာထောင်ချီ ဖတ်ခဲ့ပြီးသော စာ၊ သို့သော် စာဆုံးတော့ မျက်ရည်တွေတွေ ကျနေသည်ကို ခံစားရသည်။ စာကို ပြန်ခေါက်ပြီး ညစားပွဲပေါ် ပြန်တင်ထားလိုက်သည်။

ကနဦးမှာတော့ သူ ဒီစာကို ပြင်းပြလှသည့် ဒေါသဖြင့် တုံ့ပြန်ခဲ့သည်။ သူ သားသားကို ကျိန်ဆဲခဲ့သည်။ မြည်တွန် တောက်တီးခဲ့သည်။ သူ့မှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုစိတ်က အားကြီးနေခဲ့သည်။ သူ့ကို ဘယ်သူမှ ဒီလို ပေယျာလကန် စွန့်ပစ်ချင်တိုင်း စွန့်ပစ်သွားခွင့် မပြုနိုင်။

အဲဒီနေ့ မနက်မှာတင် ပစ္စည်းတွေ သိမ်းပြီး သူ ပြန်ချလာခဲ့သည်။ ဘာတစ်လုံးမှ အမှာစကား ပါးမထားခဲ့။

အဲဒီနောက်ပိုင်းမှာတော့ စာကို တစ်ကြိမ်ဖတ်လိုက်တိုင်း သူ့ဒေါသနှင့် အလိုမကျမှုတွေ တစ်ထစ် လျော့ပါးလာခဲ့သည်။

အပတ်ပေါင်းများစွာ ကြာသည့်အခါမတော့ သားသားတစ်ယောက် ရန်သူ့လက်မှ ထွက်ပြေးသလို ညကြီးသန်းခေါင် အလောတကြီး ထွက်ခွာသွား ရသည့် အကြောင်းကို သူ နားလည်စ ပြုလာခဲ့သည်။

တကယ်တော့ သားသားမှာ ထိုစာကို ရေးလိုစိတ် စိုးစဉ်းမျှ မရှိ။ သို့သော် သူ့မှာ ရွေးချယ်စရာသည် နတ္ထိ၊ မရှိ။ ထိုစာကို ဘယာနက ခေါ် အကြောက် တရားက စိုးမိုးထားသည်။ စာတစ်လုံးချင်း၊ တစ်ကြောင်းချင်းစီမှာ ကြီးစိုးထား သည်။ သူသည် အကြောက်တရား အကျဉ်းသားတစ်ယောက်၊ ဘယာနက ထောင်သား တစ်ယောက် မဟုတ်လား။

ထိုအကြောက်တရားမှ သူ လွန်မြောက်နိုင်အောင် ကူညီနိုင်မည်ကို သံသယ မရှိ။ အကြောက်တရားသည် တစ်ရက်ပြီး တစ်ရက်၊ တစ်ညပြီး တစ်ည အားနည်းလျော့ပါးလာပြီး နောက်ဆုံးမှာ နေလာနှင်းပျောက် ဖြစ်စေရမည်။

သို့သော် ထိုအချိန် မတိုင်မီမှာတော့ ဂျူလီယာ့အနေနှင့် သူ၏ ကိုယ်ပိုင် အကြောက်တရားကို ကျော်လွှားအောင်မြင်နိုင်ဖို့ ဦးစွာ ပထမ ကြိုးစားရဦး မည်သာ။

ခါတိုင်းနေ့တွေလိုပါပဲ။ မြမြင့်မိုရ် ဆိုင်မှာ နေ့လယ်ပိုင်း ဘကြီးတို့ မောင်နှမ နှစ်ယောက် ဆုံကြတယ်။ ဘကြီးက ထိုင်နေကျ ဆိုင်ပေါက်ဝနားက စားပွဲမှာ ထိုင် စားနေကျ ထမင်းကြော်ကို စားရင်း ဆိုင်ရှင်နဲ့ စကားလက်ဆုံ ကျနေခဲ့တာပေါ့။

ဂျူလီယာဟာ ဗမာစကား တစ်ခွန်း၊ နှစ်ခွန်း ပြောဖို့အရေး အတော် လေးကို ရုန်းကန်နေရရှာတယ်။ ကော်ဖီနဲ့ စွပ်ပြုတ်ကို မှာပြီး ဘကြီးစားပွဲမှာ သူ ဝင်ထိုင်တယ်။

"စားကောင်းပါစေ"

"ကျေးဇူးပဲ အစ်ကိုကြီး"

ဂျူလီယာ အသက်ပြင်းပြင်း ရှူတယ်၊ လည်ချောင်းကို ရှင်းတယ်၊ ပြီးတော့ သူ့ကြေညာချက်ကို ခုလို ထုတ်ပြန်တယ်။

"ကျွန်မ ဆုံးဖြတ်ချက် ချလိုက်ပြီ အစ်ကိုကြီး၊ သားသားနဲ့ ကလေးတွေ ကို တွေ့ဖို့ သီပေါကို သွားတော့မယ်"

အင်း.. ဘယ်တော့လဲ"

"မနက်ဖြန်ပဲ"

ဘကြီးလည်း ခေါင်းညိတ်ပြလိုက်တယ်။ သူ စိတ်သက်သာရာ ရသွားပုံပဲ။

"ကားနဲ့ ဒရိုင်ဘာ စီစဉ်ပေးရမလား"

"ဟင့်အင်း... ကျွန်မ ရထားနဲ့ သွားမယ် စိတ်ကူးတယ်၊ အစ်ကိုကြီး လိုက်မှာလား"

"ဒါက မေးတာလား၊ တောင်းဆိုတာလားကွဲ့"

"မေးတာပါ"

"ဒါဆို မလိုက်ဘူးကွာ"

"ဘာရယ်"

ဂျူလီယာ မျက်ခုံးလေး ပင့်သွားရင်း မေးတယ်။

“မလိုက်ဘူးလို့ ပြောတာလေ၊ အစ်ကိုကြီး ဒီမှာပဲ နေမယ်”

“ဟယ်.. ဘာဖြစ်လို့လဲ”

ဂျူလီယာကအံ့သြတကြီးမေးတယ်။ သူ့အသံကစိတ်အနှောင့်အယှက် ဖြစ်နေတာ သိသာလွန်းတယ် သားရဲ့။

“ဘာဖြစ်လို့လဲဆိုတော့ ညည်းတို့နှစ်ယောက် အချိန်ယူဖို့ လိုတယ်၊ အစ်ကိုကြီးအတွက် အချိန် မကုန်စေချင်လို့ပဲ”

“မဟုတ်ဘူးလေ.. မိုးမိုးတို့၊ အိအိတို့၊ တခြားကလေးတွေလည်း အများကြီး ရှိတာပဲ။ ကျွန်မတို့ နှစ်ယောက်တည်း ရှိနေလို့မှ မရတာ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီး ရှိနေဖို့မှ မလိုတာ”

“အဓိပ္ပာယ် မရှိတာ အစ်ကိုကြီးရာ”

ထမင်းကြော်ကို လက်စသတ်၊ ပန်းကန်ကို စားပွဲအလယ်ကို တွန်းပို့၊ ပါးစပ်ကို လက်ခုံနဲ့ သုတ်ပြီး ဘကြီး သူ့ကို ထပ်မေးလိုက်တယ်။

“နေစမ်းပါဦး၊ ညည်းက ဘာဖြစ်လို့ အစ်ကိုကြီးကို လိုက်စေချင်ရ တာလဲ”

“ဘာလို့… ဘာလို့လဲ ဆိုတော….”

သူ စဉ်းစားနေတာကို ကျယ်ကျယ်လောင်လောင် ဖွင့်ဟဖို့ သူ ဆန္ဒရှိပုံ မရ။ ဘကြီးလည်း စိတ်ရှည်လက်ရှည် စောင့်နေရတာပေါ့၊ သူ အချိန်ယူပါစေလေ။

“ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကိုကြီး ရှိနေမှ ကျွန်မ လုံခြုံစိတ်ချရသလို ခံစားရတယ်”

“စိတ်ချရတယ် ဆိုတာ ဒီတိုင်းပြည်ထဲမှာလား၊ ကိုယ့်ကိုယ်ကိုယ်အတွက် ပြောတာလား”

“ကိုယ့်ကိုယ်ကိုယ်အတွက် ပြောတာပေါ့”

“ညည်း ဒီလောက်တောင် ကြောက်တတ်နေပြီလား ဂျူလီယာ”

“အင်း”

“ဘာကို ကြောက်တာလဲကွယ်”

“အဲဒီ သားသားပေါ့၊ ကျွန်မကို မြင်ရင် သူ စိတ်ဆင်းရဲမှာ၊ ကျွန်မကို ထပ်ပြီး

အဝေးကို ပို့လိုက်မှာကိုပေါ့”

အင်း…. ဒီအကြောက်တရားကတော့ ဘကြီးသူ့ဆီကနေ ဖယ်ရှားပေးဖို့ မစွမ်းသာပါဘူး သားရယ်။

“တောင်းဆိုတာ ဆိုရင်ကော”

“ဟင်…. ဘာကို တောင်းဆိုတာလဲ”

“ကျွန်မနဲ့ လိုက်ခဲ့ဖို့ပေါ့”

ဘကြီးလေ သက်ပြင်းမောကြီး ချလိုက်မိတယ်။

“အေးလေ… ဒီလိုဆိုရင်တော့ တစ်မျိုးပေါ့ကွယ်”

***

ဘကြီးတို့ကားဟာ ခြံဝင်းကြီးထဲကို တိတ်တိတ်ဆိတ်ဆိတ် ဝင်လာတော့ ခွေး နှစ်ကောင် ဟောင်ရင်း ကြိုကြတယ်။ တစ်ချိန်တစ်ခါက လူတိုင်း ရင်သပ်ရှုမော ဖြစ်ခဲ့ရတယ် ဆိုတဲ့ ဘုန်းကြီးကျောင်းအိုကြီးဟာ ခုတော့လည်း ပျက်စီးယိုယွင်းပြီး နေလို့ရတယ်ဆိုရုံ။ သစ်သားနံရံတွေဟာ ကျိုးပဲ့လို့။ခေါင်မိုးသွပ်တွေကလည်း သံချေး ဗရပွ။ ကျောင်းတစ်ခြမ်းလုံး ပြိုလဲကျ။ ကျောင်းဆောင်အဝင်က လှေကား ကျယ်ကြီး လက်ရန်းတွေကလည်း အကြောင်းဆိုးပြီး မီးကျိုးမောင်းပျက်။

နောက်ခြံဝင်းထဲမှာတော့ ထင်းပုံကြီးနားမှာ ကိုရင်လေးတစ်ပါး နံရံကို မှီရင်း ရပ်နေတယ်။ ဝါးရုံတောရှေ့က ကွင်းပြင်လေးမှာတော့ ကောင်လေး နှစ်ယောက် ဘောလုံးကန်နေကြတယ်။

ဘကြီးတို့ ကားထဲက ဆင်းလိုက်ကြပြီး ဒရိုင်ဘာကို ခဏစောင့်ဖို့ ပြောလိုက်တယ်။

ဘကြီးတို့ကို ပထမဆုံး စတွေ့တာကတော့ မိုးမိုးပဲ။ လျှော်စရာ အဝတ် တွေ ခြင်းကြီးတစ်လုံးအပြည့် ထည့်ရင်း ထောင့်တစ်နေရာကနေ ထွက်လာတဲ့ မိုးမိုးဟာ ဘကြီးတို့ကို တွေ့လိုက်ရတဲ့အခါ သူ့မျက်လုံး သူ မယုံနိုင်သလိုမျိုး နေရာမှာတင် ငူငူကြီး ရပ်လို့ နေတယ်။ ပြီးတော့ အသံကျယ်ကြီးနဲ့ အော်လိုက် တယ်။

“ပြန်လာကြပြီဟေ့”

“ပြန်လာကြပြီဟေ့”

ထင်းပုံနားက ကိုရင်လေးဟာ ဆတ်ခနဲ မတ်မတ်ရပ်လိုက်တယ်။

ဘောလုံးကန်နေတဲ့ ကလေးနှစ်ယောက်ဟာ ဘောလုံးကို ချုံပုတ်တွေထဲ ကန်ထည့်လိုက်တယ်။

ခဏနေတော့ ကျောင်းပျက်ကြီးမှာ မိုခိုနေထိုင်သူတွေအားလုံး ဘကြီး တို့အနားမှာ ပတ်လည်ဝိုင်းနေတော့တယ်။ လက်တစ်ဖက်ပဲ ရှိတဲ့ မိုးမိုးလေး ခများ ပျော်လွန်းလို့ ဆွေ့ဆွေ့ခုန်။ နို့နှစ်ရောင်မျက်လုံးအစုံနဲ့ စုံလုံးကန်းနေရှာတဲ့ ကိုအောင်၊ ခြေတစ်ဖက်မသန်ဘဲ ထော့နဲ့ ထော့နဲ့နဲ့ အိအိ၊ နားမကြားပေမယ့် အားလုံး နားလည်သယောင် လုပ်တတ်တဲ့ ကိုမောင်၊ ခြေတစ်ဖက် မရှိပေမယ့် အပြုံးတွေ ဘယ်တော့မှ မပျောက်တဲ့ စိုးစိုး၊ ကျောကုန်းဘုကြီးနဲ့ စိတ်လှုပ်ရှား တိုင်း ကျို့ထိုးတတ်တဲ့ ကိုလွင်။ အားလုံးဟာ ဧည့်သည်ကြီးတွေကို စေ့စေ့ကြည့် ရင်း တစ်ယောက်ယောက်က တိတ်တခိုး အမိန့်ပေးလိုက်သလိုမျိုး ကြိုဆိုပါ တယ်လို့ အင်္ဂလိပ်လို သံပြိုင်ပြောလိုက်ကြတယ်။

ဂျူလီယာဟာ ယောင်နနနဲ့ အားလုံးကို ပြုံးပြနေရှာတယ်။

ခဏနေတော့လှေကားထိပ်မှာ သားသား ပေါ်လာတယ်။ သူတို့နှစ်ယောက် အကြည့်ချင်း ဆုံကြတယ်။ သားသားရဲ့ အကြည့်က စူးစူးရဲရဲ၊ တစ်ခုခုပြောတော့ မလိုပါးစပ်ပွင့်လာပြီးမှ ဘာတစ်ခွန်းမှ မပြောဘဲ ချာခနဲ လှည့်ပြီး အတွင်းကို ဝင်သွားတယ်။

ဂျူလီယာက ဘကြီးလက်ကို ဆွဲလာတယ်။ သူ့တစ်ကိုယ်လုံး သိမ့်သိမ့် တုန်နေလို့ပေါ့ သားရယ်။

ခြောက်

သားသားသည် ဘုရားဆင်းတုတော်တွေကြား၊ ဘုရားစင်နှင့် ဆွမ်းတော်ကြားမှာ ပုန်းကွယ်စရာ နေရာ တစ်ခုခု ရှိနေဘိသည့်အလား ဘုရားခန်းထဲမှာ ဆောက်တည်ရာမရ ဖြစ်လျက်ရှိသည်။

သူ ပြန်ရောက်လာပြီ။ ထိုထက်ပို၍ သူ ဆန္ဒရှိတာ ဘာမှမရှိ။ ထိုထက် ပို၍ သူ့ကို တုန်လှုပ်ချောက်ချားစေသော အရာသည်လည်း မရှိ။

သားသားသည် သူ့ကိုယ်သူ ကာကွယ်ရန် အလို့ငှာ သန်းခေါင်သန်းလွဲ မှာ ထွက်ပြေးလာခဲ့သည်။ နမ့်ဆမ်ကို ဦးတည်နေ သော တောင်တန်းများပေါ်မှ သူ လျှောက်ခဲ့၏။ တစ်ခါတလေလည်း အပြေးတစ်ပိုင်း၊ ဂျူလီယာ့ကို ဘယ်တော့ မှ ထပ်မတွေ့နိုင်စေဖို့အရေး ဟိမဝန္တာတောင်ခြေရင်း ရောက်အောင် ပြေးလို သော ဆန္ဒသည် ရှိနေ၏။ လက်ဖက်ခင်းတွေ၊ ဘိန်းခင်းတွေကို သူ ကျော်ဖြတ်ခဲ့ သည်။ ဘယ်သူမှ မနေတော့သည့် ဘုန်းကြီးကျောင်းပျက်တစ်ခုမှာ ခိုအောင်းရင်း ဂျူလီယာ့အကြောင်း မတွေးမိဖို့အရေး တစ်ပတ်တိတိ ဝင်သက်၊ ထွက်သက် ရှုမှတ်ရင်း အချိန်ကုန်စေခဲ့သည်။

စည်းချက်ရစ်သမ် ပျောက်ဆုံးသွားသော သူ့နှလုံးသားကို တည်ငြိမ်စေဖို့။

ဂျူလီယာ ဆွဲဖွင့်သွားသော သူ့ အစ္ဈတ္တတံခါးတွေကို ပြန်ပိတ်ဖို့။

သို့သော် လူတစ်ယောက်အဖို့ သူ့ကိုယ်ပိုင် အမှတ်တရတွေ၊ မှတ်ဉာဏ်တွေကို ဆန့်ကျင်ပြီး ဘယ်လိုများ နေထိုင်မှာတဲ့လဲ။

ပွင့်လန်းလာ၊ နိုးထလာခဲ့ပြီဖြစ်သော ဆန္ဒတစ်ခုကို ဘယ်လိုများ ထိန်းချုပ်ကွပ်ကဲပြီး ငြိမ်သက် သေဝပ်စေမှာတဲ့လဲ။

ထိခိုက်လွယ်မှုကို ဆန့်ကျင်ပြီးလား။

လိုအင်ကို ဆန့်ကျင်ပြီးတော့လား။

ဘယ်လိုလူသားမျိုးကများ ချစ်ခြင်းမေတ္တာကိုအန်တုဆန့်ကျင်နိုင်မတဲ့လဲ။

ခြံဝင်းထဲမှ ပျံ့လွင့်လာသော အသံများကို သူ ကြားနေရသည်။ ကလေးတွေနှင့် ဧည့်သည်တွေ၏ အသံများ။ လွမ်းဆွတ်တမ်းတခြင်း နှင့် ကြီးစွာသော မျှော်လင့်ခြင်းတို့၏ အသံများ။

ပြီးတော့ မမှားနိုင်သည့် ကြောက်ရွံ့ထိတ်လန့်ခြင်း ဘယာနက၏ အသံ

တွေကိုလည်း သူ ကြားနေခဲ့ရသည်။

ကလေးဘဝက သူ့အဖေ သေဆုံးခဲ့ပုံကို သူ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။ ချစ်ခြင်းမေတ္တာဟူသည် တရားမျှတမှုကိုသိရှိခြင်းအလျှင်းမရှိကြောင်း ထိုအတွေ့အကြုံက သူ့ကို သင်ကြားပေးခဲ့သည်။ ချစ်ခြင်းတရားက သူ့ကိုယ်ပိုင်ဥပဒေသတို့ကိုသာ လိုက်နာတတ်၏။ မိခင်မေတ္တာသည်ပင်လျှင် ထိုနည်းလည်းကောင်း။ အမေသည် သူနှင့် ဘယ်တုန်းကမှ လက်ပွန်းတတီး မနေဖူးခဲ့။ သူ့အစ်ကိုနှင့်သာ ထိုသို့ ရှိတတ်၏။

နောက်ပိုင်းမှာတော့ အမေ သူ့ကို သစ္စာဖောက်မှုကြောင့် စစ်သားများလက်တွင်းသို့ သူ သက်ဆင်းခဲ့ရသည်။ စခန်းမှာ သူ့ကို အကျဉ်းသားတစ်ယောက် လို နှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့ကြသည်။ စစ်ကြောင်းရှေ့ဆုံးမှ မိုင်းရှင်းသမားပေါ်တာများထဲ သူ ပါခဲ့ရသည်။ မိုင်းကို ခြေအစုံဖြင့် နင်းကာ အသက်ပေး၍ ရှင်းရခြင်းမျိုး။ လူငယ်လေးတွေ လူမမည်လေးတွေ ရာပေါင်းများစွာ သူ့မျက်စိရှေ့ မှာပင် တစ်စစီ ဖြစ်သွားတာတွေ တွေ့ခဲ့ မြင်ခဲ့ရသည်။

ထိုငရဲခန်းမှာ အသက်နှင့်ခန္ဓာ တွဲရက် လွတ်မြောက်လာခဲ့သော သားသားအဖို့ဤကမ္ဘာပေါ်မှာ သူ ကြောက်ရွံ့ထိတ်လန့်ရသော အရာသည် မရှိဟု ယုံကြည်ယူဆထားခဲ့သည်။

သို့သော် သူ မှားခဲ့သည်ပဲ။

တစ်ခဏတော့ သူ အရင်လိုပဲ ထွက်ပြေးဖို့ စဉ်းစားမိသည်။ အနောက်ပြတင်းမှ ခုန်ချ၊ ဝါးရုံတောထဲက ပုန်းလျှိုးကွယ်လျှိုး ဖြတ်၊ ဘယ်သူမှ သတိမထားမိခင် သစ်တောထဲ ဝင်၊ ထိုမှတစ်ဆင့် မြစ်ကြောင်းအတိုင်း တောင်တန်းတွေဆီ ရှေးရှု၊ ဂျူလီယာခများတော့ သူ့ကို နှစ်ရက်၊ အင်း... အလွန်ဆုံး သုံးရက်ခန့် လည်တဆန့်ဆန့် မျှော်နေရှာပေမည်။ ထို့နောက်မှာတော့ သူ ပြန်သွားလိမ့်မည်။ ဘယ်တော့မှ ပြန်လာမည် မဟုတ်တော့။

ထိုအကြံကို သူ အမြန် ပယ်ချ ဖျောက်ဖျက်လိုက်သည်။ သူ့အတွက် ဘယ်လိုနေရာမျိုးကမှ လုံခြုံစိတ်ချရသည် မရှိ။ သူက အန္တရာယ်ကို သူနှင့်အတူ တစ်ပါတည်းသယ်ပိုးခဲ့သည်ပဲ။ သူ ဘယ်သွားသွား ဖဝါးခြေထပ် လိုက်နေမည်သာ၊

မျက်လုံးကို စုံမှိတ်၍ အသက်ပြင်းပြင်းရှူလိုက်၏။

ဝင်တယ်။

ထွက်တယ်။

ဝင်တယ်။

ထွက်တယ်။

လေးလံသော ခြေလှမ်းများဖြင့် သူ ဝရန်တာသို့ ထွက်လာ၏။ ကျောင်းလှေကားထစ်တွေကို တင်းတင်းဆုပ်ကာ သူ အောက်သို့ ဆင်း၏။

ဂျူလီယာ့ နောက်မှာ သူ ရပ်လိုက်သည်။ မြင်တွေ့ရသမျှကို ဖော်ပြခွင့်မရှိသော သဏ္ဍာန်မျိုးဖြင့် မျက်ဝန်းတွေ အရောင်တောက်နေသည်။

ကလေးများ၏ အကြည့်က သားသားဆီမှာ။

"ခရီးပန်းလာကြရော့မယ်၊ လက်ဖက်ရည်နဲ့ စားစရာတစ်ခုခု လုပ်ပေးမယ်လေ၊ ခဏတစ်ဖြုတ် နေကြဦးမယ် ထင်ပါတယ်"

"ကောင်းပါတယ်၊ ကျွန်မတို့ အေးအေးဆေးဆေးပါပဲ"

"ကြားရတာ ဝမ်းသာပါတယ်"

***

ကားထဲက ဘကြီးတို့ အထုပ်အပိုးတွေ ချ၊ ကားဆရာကို ကားခ ရှင်းပေး၊ သူက ဘယ်နေ့ လာကြိုရမလဲတဲ့၊ မကြိုနဲ့လို့ ပြောလိုက်တယ်။ ဘယ်တော့ ပြန်ရမယ်ဆိုတာ ဘကြီး မသိနိုင်ဘူးလေ။

ကျောင်းလှေကားတွေကို တက်တော့ မိုးမိုးဟာ ဂျူလီယာ့ဘေးက ထက်ကြပ်မကွာ လိုက်လာပြီး တတွတ်တွတ် ပြောနေတယ်။ အင်္ဂလိပ်စကားအပိုင်းအစလေးတွေနဲ့ပေါ့။

"မမ ပြန်လာ၊ သူ သိပ်ပျော်၊ အရမ်း အရမ်းပျော်"

"ဟုတ်လား၊ သေချာလို့လား"

"သိပ် သိပ် သေချာ"

တစ်ခန်းလုံး ပန်းနံ့တွေ ကြိုင်၊ လှိုင်နေတဲ့ ဘုရားရှိခိုး ခန်းမဆောင်ကြီး ထဲ လျှောက်လာခဲ့ကြတယ်။ မီးလုံးတွေရဲ့ အလင်းအောက်မှာ ဗုဒ္ဓ ဆင်းတုတော်တွေဟာ ဖျိုးဖျိုးဖျပ်ဖျပ် တောက်ပလို့၊ တချို့ဆင်းတုတော်တွေက မီးစလွယ်၊ တချို့ဆင်းတုတော်တွေမှာ စံပယ်ပန်းကုံးတွေ ပူဇော်ထားတယ်။ ဘုရားပန်းအိုးတွေထဲမှာ သစ္စာပန်းနဲ့ ခေါင်ရန်းပန်း နီနီလေးတွေ။ အမွှေးတိုင် မီးခိုးငွေ့တွေက ပန်းတွေကြား ယှက်သန်းလို့၊ တခြားစင်လေးနှစ်ခုမှာတော့ ခရစ်တော် လက်ဝါး

ကပ်တိုင်တွေ၊ ပြီးတော့ မယ်တော်မာရီ ပိုစတာ ရုပ်ပုံလွှာ။

မီးဖိုချောင်က အသံတွေ ကြားနေရတယ်။ ခဏနေတော့ အိအိဟာ လင်ဗန်းကလေး ကိုင်ပြီး မီးဖိုခန်းထဲက ထွက်လာတယ်။ ခေတ်ဘူးတစ်လုံး ခွက်သုံးခွက် ပါတယ်။ မိုးမိုးက မုန့်ပန်းကန် ကိုင်လာတယ်။

သွက်ချာပါဒ ဝေဒနာသည်လေး တိုးတိုးက ခွက်တွေထဲကို လက်ဖက် ရည် ဖြည့်ပေးဖို့ ပြင်နေတယ်။ သူ့ခမျာ အတော်အားစိုက်ပြီး ဖိတ်တစ်ဝက် စဉ်တစ်ဝက်နဲ့ ခွက်တစ်ဝက်လောက်စီ ဖြည့်နိုင်ရှာတယ်။

ကလေးမလေးသုံးယောက်လုံးဟာဘကြီးတို့ကိုမျက်ခြည်မပြတ်တမ်း ကြည့်နေကြတယ်။

ဂျူလီယာဟာ စကား စပြောချင်နေတယ်။ ဉ္စေ့ဝတ်ကျောလို့ ကျေးဇူး တင်ကြောင်း၊ မာကြောင်း သာကြောင်း၊ ဒီကို ပြန်ရောက်လာလို့ ဘယ်လောက် ဝမ်းသာကြောင်းပေါ့။ ဒါပေမဲ့ ဒါတွေ ပြောနေလို့ ခုအခြေအနေနဲ့ တစ်ခုမှ အံဝင် ခွင်ကျ ဖြစ်မှာ မဟုတ်ဘူး ဆိုတဲ့ ခံစားချက် ဝင်လာတယ်။ ခေါင်းထဲ ဝင်လာသမျှ အတွေးတွေဟာ သူ့ကို စကား အကျယ်ကြီး အော်ပြောနေသလိုပဲ။ ဒါကြောင့် သူဘာမှမပြောမိဘူး။ ခန်းမတစ်ခုလုံးကိုတောင်စဉ်ရေမရလျှောက်ငေးနေတယ်။ သူ့ဘေးက သားသားကတော့ရင်အုံကြီး ဖောင်းချည် ပိန်ချည်နဲ့ ဆောက်တည်ရာ မရ။

တိတ်ဆိတ်မှုကို စတင် ဖြိုခွင်းလိုက်သူကတော့ မိုးမိုးပဲ။

“မမ ဘယ်လောက်ကြာကြာ နေမလဲ ဒီမှာ”

လို့ မေးလိုက်တယ်။ ဂျူလီယာ့ခမျာ ဘာဖြေရမှန်း မသိတာနဲ့ ဘကြီး ကို စစ်ကူတောင်းတဲ့ အနေနဲ့ ကြည့်ရှာတယ်။ ဒါပေမဲ့ ဒါ ဘကြီး သူ့အတွက် ကူဖြေ ပေးနိုင်တဲ့ မေးခွန်း မဟုတ်ဘူးလေကွယ်။

မိုးမိုးဟာ မျက်လုံးကလေး ကလယ်ကလယ်နဲ့ ဂျူလီယာနဲ့ ဘကြီးကို ကြည့်နေရှာတယ်။

“မမ… မမတို့ကို သမီးတို့က နှင်မထုတ်မချင်းပေါ့”

ဂျူလီယာက ကြောက်ရယ် ရယ်ရင်း ဖြေတယ်။

သားသားနဲ့ ကလေးတွေဟာသူ့ကိုကြောင်စီစီနဲ့ ငေးကြည့်နေကြတယ်။

“ကျုပ်တို့က ဘယ်တော့မှ နှင်မထုတ်တတ်ပါဘူး”

သားသားဟာ စိတ်ရှုပ်နေတဲ့ လေသံနဲ့ ပြောတယ်။

"ဘုရားရေ… ကျွန်မ ပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူး၊ စတဲ့ နောက်တဲ့ သဘောပါ၊ အဲသလို ပြောလေ့ ရှိကြလို့ပါ"

"ဟင်.. တကယ်လား"

"အင်း… ဟုတ်တယ်၊ ဆိုလိုတာကတော့ ကျွန်မတို့မှာ တခြား ဘာအစီအစဉ်မှ မရှိဘူး ပြောတာ"

သားသားက ကလေးတွေဘက် လှည့်ပြီး ဗမာလို တစ်ခုခု ပြောတယ်။ လေသံလေးနဲ့ပဲ။ ဘကြီးလည်း မကြားလိုက်ဘူး။ ကလေးတွေက ခေါင်းညိတ်ပြတယ်။

"အစ်ကိုကြီး သူ ဘာပြောနေတာလဲ ဟင်"

ဂျူလီယာဟာ ချက်ချင်းကို သိချင်တော့တာပဲ။ ဘကြီး ပြန်ဖြေလိုက် တယ်။

"သေချာတော့ မသိဘူးကွယ်၊ ညီမလေး ပြောသမျှအကုန် အထအန လိုက်မကောက်ဖို့ လိုတယ်လို့ ပြောတာ ထင်ပါရဲ့ "

ခုနစ်

ကလေးများသည် ဂျူလီယာ့ကို ဤနေရာ ဤဒေသကနေ ဘယ်တုန်းကမှ မခွာ ခဲ့ဖူးသလို ခံစားချက်မျိုး ရစေခဲ့သည်။ သူတို့သည် ဂျူလီယာ့ကို ချစ်မြဲတိုင်း ချစ်၊ ဂျူလီယာနှင့် ဆိုလျှင် ပျော်မြဲတိုင်းပျော်၊ အရာရာကို ဂျူလီယာနှင့် မျှဝေခံစား ချင်စိတ် ကိုယ်စီ ရှိကြသည်လေ။

မိုးမိုးက ခန်းမထဲရှိ သူ့ ကိုယ်ပိုင်ထောင့်ကလေးဆီ ဂျူလီယာ့ကို ဆွဲခေါ် သွား၏။ အဲဒီမှာ သူ့ပိုင်ဆိုင်မှုတွေကို ပလတ်စတစ် အိတ်ကြီးတစ်လုံးဖြင့် ထည့် ထားသည်လေ။ သီပေါက ဝယ်လာသည့် တစ်ပတ်ရစ် အင်္ဂလိပ်-မြန်မာ အဘိဓာန် စာအုပ်ကလေးကို ထုတ်၍ ဂျူလီယာ့ကို ဂုဏ်ယူဝင့်ကြွားစွာ သူ ပြသည်။ လွယ်အိတ် ထဲက ဝေါဟာရ မှတ်စုစာအုပ်ကလေးကိုလည်း ဖွင့်ကာ ဖွင့်ကာဖြင့်။ သားသား ၏ သင်ခန်းစာများထဲမှ အင်္ဂလိပ်ဝေါဟာရ အသစ်များကို သူ ခဲတံလေးဖြင့် ရေးမှတ် ထားပြီး စာလုံးတစ်လုံးချင်း ဘေးမှာတော့ မြန်မာဘာသာဖြင့် အဓိပ္ပာယ်ရေးမှတ်၊ တစ်ခါတလေပုံလေးတွေဆွဲ၊တစ်ခါတလေမှာတော့မေးခွန်းအမှတ်အသားလေး တွေ လုပ်ထားသည်။

အိအိကတော့ ဂျူလီယာ့လက်ကိုမလွှတ်တမ်းဆွဲ၊ လှေကားကိုထော့နင်းထော့နင်း ဆင်းကာ ခြံဝင်းအတွင်းသို့ အတင်းခေါ်တတ်၏။ ထင်းထည့်သော သစ်သားတဲကလေး အရိပ်အောက်မှာတော့ သူနှင့် ကိုအောင်တို့ လွှန်ခဲ့သော ရက်သတ္တပတ်တွေတုန်းက အပတ်တကုတ် ရက်လုပ်ထားကြသော ဝါးတောင်း ကလေး နှစ်ခု ရှိနေသည်။

ကိုလွင်- သူက ဂျူလီယာ့ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်မှာ ထိုင်တတ် ပြီး အားလုံး တိတ်ဆိတ်သွားချိန်အထိ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းတတ်၏။ စရောက်ခါစက ကျွန်တော့်နာမည် ကိုလွင် ဆိုသော ဝါကျတစ်ကြောင်းကိုသာ အင်္ဂလိပ်လို ပြောတတ်ရှာသည့် ဤကလေးကို သူ စာသင်ပေးဖို့ အတော် ဝါယမ စိုက်ထုတ်ခဲ့ရသည်။ ခုတော့ နေကောင်းရဲ့လား၊ ကျွန်တော် အင်မတန် နေလို့ ကောင်းပါတယ် စသည်ဖြင့် ပြောတတ်နေပြီ။ ကိုလွင်သည် ခဏစဉ်းစားနေပြီး- “ကျွန်တော်က မြန်မာပြည်ကပါ၊ ခင်ဗျားက ဘယ်နိုင်ငံကလဲ” ဟုပင် မေးလိုက် သေးသည်။ ထိုသို့ ပြောနိုင် ဆိုနိုင်သဖြင့် အလွန်တရာ ကျေနပ်နေသည်ကိုလည်း သူ့မျက်ဝန်းများမှတစ်ဆင့် မြင်နေရသည်။

သူတို့အားလုံး အတူတကွ ချက်ပြုတ်ကြသည်။ အာလူးတွေ အခွံနွှာ ပြီ ဆိုလျှင် ဂျူလီယာနှင့် အိအိက အမြဲ ကြီးကြပ်တတ်သည်။ စားချိန်တန်လျှင် တော့ ဂျူလီယာသည် ထမင်း၊ ဟင်းကို ဇွန်းဖြင့် ခပ်ဖို့ ခက်လောက်အောင် တဆတ်ဆတ်

တုန်နေရှာသော သွက်ချာပါဒ ဝေဒနာသည်လေး တိုးတိုးကို သူ ရှိစဉ်ကလို ခွံ့ကျွေးမြဲ။

စိမ်းနေသည် မဟုတ်သော်လည်း သားသားက ခုထိ ခပ်ခွာခွာ နေမြဲ။ သို့သော် ညချမ်းချိန်ခါမတော့ အိပ်ရာ အခင်းအကျင်းကို သူကိုယ်တိုင် စီမံတော့သည်။ ကြမ်းပြင်ကို တံမြက်စည်းလှည်းအပြီးမှာ သူနှင့် မိုးမိုးက ဖျာတွေ၊ စောင် တွေ၊ မွေ့ရာတွေကို ဗီရိုတစ်လုံးထဲမှ ထုတ်ကာ ခန်းမကြီး ထောင့်တစ်နေရာတွင် ခင်းကျင်း၏။ အခန်းသဘောမျိုးဖြစ်အောင် လိုက်ကာ ကာ၏။ ဂျူလီယာ့အတွက် အိပ်ရာကို ဖျာသုံးထပ်ခင်း၊ မွေ့ရာခင်း၊ ပျော့ပျောင်းနူးညံ့မှု ရှိ မရှိ အိပ်ရာပေါ် ဒူးထောက်ကာ စမ်းသပ်နေပြန်သည်။ ဘုရားပန်းအိုးများထဲမှ နှင်းဆီတစ်ခိုင် ကို သူယူ၏။ နှင်းဆီနံ့က ငြိမ်းချမ်းစွာ အိပ်ပျော်စေပြီး အိပ်မက်ဆိုးများကို ဖယ်ရှား ပေးမတဲ့။ ဂျူလီယာ အိပ်ရာဝင်တော့ ခေါင်းအုံးပေါ်မှာ ခေါင်ရန်းပန်းနီလေး တစ်ပွင့်ကို တွေ့လိုက်ရသည်။

“အစ်ကိုကြီး မအိပ်သေးဘူးမို့လား”

ဂျူလီယာက လေသံကလေးဖြင့် မေး၏။

“အင်း... မအိပ်သေးပါဘူး”

“ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်”

“ဘာဖြစ်လို့လဲ၊ မအိပ်သေးလို့လား”

“ဟုတ်ပါဘူး၊ညီမလေးနဲ့တူတူလိုက်လာပေးလို့ ညီမလေးကို တစ်ယောက်တည်း ပစ်မထားလို့ပါ”

“ငါက ညည်းအစ်ကိုလေ၊ ဒါ ပြောနေစရာ မလိုပါဘူး”

“ပြောရမယ် အစ်ကိုကြီး၊ အစ်ကိုကြီးသာ မပါရင် ကျွန်မ ဘာလုပ်မိမယ် ဆိုတာ မသိဘူး”

မနက်မိုးသောက် အလင်းရောက်တော့ ခွေးဟောင်သံတွေနှင့်အတူ နိုးထလာကြသည်။ လိုက်ကာအပြင်ဘက်မှာတော့ ကလေးတွေ ခြေဖော့နင်း၍ သွားလာနေသံ၊ လေသံလေးများဖြင့် စကားပြောနေသံတွေကို ကြားနေရ၏။ မီးခိုးနံ့၊ ကြက်သွန်ဖြူ ဆီသတ်နံ့၊ ကြက်ဥကြော်နံ့၊ နံနံပင်နံ့တွေ ကြိုင်... လှိုင်....။

ကျောင်းဝင်းထဲမှ ဆိုင်ကယ်စက်သံကိုလည်း ကြားနေရ၏။

တစ်စုံတစ်ယောက်က လိုက်ကာကို ဆွဲလှပ်လိုက်ချိန်မှာ ဂျူလီယာ

ငေါက်ခနဲ ထထိုင်လိုက်သည်။ အိပ်ရာတွင်း နံနက်စာအတွက် မိုးမိုးသည် ရေနွေး၊ ကော်ဖီထုပ်၊ နို့ဆီထုပ်၊ မုန့်များကို လင်ဗန်းလေး တစ်ချပ်ဖြင့် သယ်လာသည်။ ဦးဘ အတွက်တော့ လက်ဖက်ရည်။

"ကျေးဇူးအများကြီး တင်ပါတယ်"

"You is welcome"

"မဟုတ်ဘူးကွဲ့၊ You are welcome လို့ ပြောရတယ်"

ဂျူလီယာက မိုးမိုးကို အမှားပြင်ပေးသည်။

မိုးမိုးက တွေခနဲ တစ်ချက်ဖြစ်ပြီးမှ ရှက်စနိုးဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်၏။

"အိုး... ဆောတီး ဆောတီး၊ ဆိုးဆောတီး"

"တခြားကလေးတွေကော"

မိုးမိုးက မှန်ကန်သော စကားလုံးကို ကြိုးစားပန်းစား ရှာဖွေနေ၏။

"အလုပ် လုပ်နေတယ်"

"သားသားကကော"

မိုးမိုးက ပြုံးတုံးတုံးလေး ဖြစ်လာ၏။

"အလုပ်လုပ်ရင်း စောင့်နေတယ်"

ဂျူလီယာက ကော်ဖီနှင့် မုန့်ကို မြည်းလိုက်သည်။

"အရမ်းကောင်းတယ်၊ သိပ်တော်တာပဲ မိုးမိုးက"

မိုးမိုးမျက်နှာလေး ဝင်းသွားသည်။

အိပ်ရာများကို သိမ်းရင်း ဦးဘနှင့် ဂျူလီယာ၊ မောင်နှမနှစ်ယောက်

ကျောင်းဝင်းထဲ ဆင်းလာခဲ့ကြသည်။

သားသားသည် အာလူးအိတ်ကြီး နှစ်အိတ်ကို မော်တော်ဆိုင်ကယ်ပေါ် ဟန်ချက်ညီအောင် တင်နေသည်။ ဆိုင်ကယ် မောင်းသူက အာလူးအိတ်တွေကို ကြိုးနှင့်ချည်၊ ကျသင့်ငွေကို ရှင်းပြီး ဆိုင်ကယ်ကို မောင်းထွက်သွားသည်။

သားသားက ဦးဘနှင့် ဂျူလီယာ့ အနားကို လျှောက်လာသည်။ နှုတ်ဆက်သည်။ မောသံက မပျောက်တတ်သေး။

"ဂွတ်မောနင်းပါ၊ စားပြီးကြပြီလား"

"မိုးမိုးက မနက်စာ ပြင်ပေးပါတယ်၊ ကျေးဇူးပါပဲ"

စိတ်လှုပ်ရှားမှုကြောင့်လား မသိ။ သားသား၏ဘယ်ဘက် မျက်လုံးက ဆတ်ခနဲ ဆတ်ခနဲ တွန့်တွန့်သွားသည်။ သူ ဂျူလီယာ့ဘက် လှည့်လိုက်သည်။

"သီပေါမြို့ထဲမှာ လုပ်စရာလေး ရှိလို့၊ အချိန်ရရင် လိုက်ခဲ့မလား"

ဟု ဂျူလီယာ့ကို သူ မေးလိုက်သည်။

"လမ်းလျှောက်ပြီး သွားမှာလား"

"မဟုတ်ပါဘူး"

ဂိုဒေါင်ထဲ ဝင်သွားပြီး ဆိုင်ကယ်လေးတစ်စီးကို သူ ထွန်းထုတ်လာ သည်။ ဆိုင်ကယ်လေးက ဟောင်းနွမ်းလှပြီ။ နောက်မှန်တွေလည်း မပါ။ ရှေ့ ရွှံ့ကာလည်း မရှိ။ ရှေ့မီးကြီးမှ ဝါယာကြိုးတွေကအပြင်သို့ ထိုးထိုးထောင်ထောင် ထွက်လျက်။ သို့သော် တစ်ချက်နှိုးရုံဖြင့် စက်က ဂူးခနဲ နိုး၏။ သားသားက ဆိုင်ကယ်စီး ဦးထုပ်တစ်လုံး လှမ်းပေး၏။ ဦးထုပ်က ဂျူလီယာ့အတွက် သေးလွန်း နေသည်။ သားသားသည် ဆိုင်ကယ်ကို ခွရင်း သူ့နောက်က ထိုင်ဖို့ ဂျူလီယာ့ကို ဖိတ်ခေါ်နေလေပြီ။

သူတို့ရိပ်မြုံ ကျောင်းအိုဟောင်းမှသည် လမ်းမကြီးအထိ ကျင်းတွေ၊ ချိုင့်တွေ၊ သစ်မြစ်တွေ ဗရပွနှင့် မြေလမ်းကို သားသားသည် အေးဆေး ကျွမ်းကျင်စွာ မောင်းနှင်ခဲ့သည်။ ဂျူလီယာကတော့ သားသား ခါးကို သိုင်းဖက်ထားဖို့ရန် ယုံကြည်ချက် ရှိမနေသေး။ ထို့ကြောင့် တန်းကိုသာ လက်နှစ်ဖက်ဖြင့် တင်းတင်း ဆုပ်ကိုင်ထားမိသည်။

သူ ဆိုင်ကယ် မစီးဖြစ်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သူ့ဆံနွယ်တွေ က လေထဲ တလွင့်လွင့်၊ ပန်းရနံ့နှင့် လတ်လတ်ဆတ်ဆတ် ခုတ်ထားသော သစ်စိမ်းနံ့တွေ ရတော့ ခရီးရှည်ပါစေဟု သူ မျှော်လင့်မိနေခဲ့ပြန်သည်။

သီပေါရောက်တော့ အပေါ်ထပ် ဝရန်တာကျယ်ကြီးနှင့် ကျွန်းအဆောက် အအုံကြီး တစ်ခုရှေ့မှာ ရပ်ကြသည်။ ရပ်စောင့်နေသော လူအုပ်ကြီးက မနည်း မနော။ အတွင်းမှာ ယောကျ်ား၊ မိန်းမများသည် စာဖိုင်တွေ တောင်ပုံရာပုံ တင်ထား သည့် စားပွဲကြီးတွေနောက်မှာ ထိုင်နေကြသည်။ လက်နှိပ်စက် ရိုက်သံတွေကို

လည်း တဖြောင်းဖြောင်းနှင့် ကြားနေရ၏။

သားသားက ဂျူလီယာ့ကို ဆိုင်ကယ်နားမှာ စောင့်ဖို့ ပြောရင်း အတွင်း သို့ ဝင်သွားသည်။ သူ့သက်နှ်းကြောင့်လား မသိ၊ လူတွေက သားသားကို ရိုသေလေးစားစွာ ရှဲခနဲ ဖယ်ပေးကြသည်။ သားသားက အဆောက်အအုံထဲ ဝင်သွား၏။

လူတစ်ယောက်က ဂျူလီယာ့ကို လှမ်းခေါ်သည်။ မြန်မာလို တစ်ခုခု လှမ်းပြောသည်။ ဂျူလီယာ နားမလည်။ သူ့လေသံကို မဖမ်းတတ်။ ထို့ကြောင့် လျစ်လျူရှုထားလိုက်သည်။ ထိုသူက လက်လျှော့မသွား။ ဒုတိယလူတစ်ယောက် က လှမ်းပြောပြန်သည်။ သူ ဘယ်က လာတာလဲဟု မေးသည်ထင်၍ အမေရိကန် ဟု လှမ်းဖြေလိုက်သည်။

ထိုလူနှစ်ဦးသည် တစ်ပြိုင်နက် စကားလုပြောနေကြသဖြင့် အသံတွေ ဆူညံနေ၏။ အဆောက်အအုံထဲမှ ရဲအရာရှိနှစ်ဦး ထွက်လာမှ သူတို့ တိတ်သွား ကြသည်။

ခဏနေတော့ သားသား ပြန်ရောက်လာသည်။

"ခင်ဗျားကို ဧည့်သည်အနေနဲ့ သတင်းပို့ရတယ်လေ၊ မဟုတ်ရင် ကျုပ် တို့က နိုင်ငံခြား စပိုင်တွေ လက်ခံထားတယ်လို့ သူတို့ ထင်ကြလိမ့်မယ်"

"ဟင်... စပိုင် ဟုတ်လား၊ ဘယ်သူ့အတွက် စပိုင် လုပ်ရမှာလဲ"

သားသားက ပခုံးတွန့်သည်။

"အမေရိကန် ထောက်လှမ်းရေးအတွက်၊ ဒါမှမဟုတ် ဗြိတိသျှ ဘုရင်မ ကြီးအတွက်၊ ဒါက အရေးမကြီးပါဘူး၊ ကဲ... တစ်ခုခု စားချင်လား"

"ဟင့်အင်း... အဲ... နည်းနည်းပေါ့"

မြစ်ငယ်မြစ်ကမ်းပါးက လက်ဖက်ရည်ဆိုင်လေးတစ်ခုဆီ ဆိုင်ကယ် ကို မောင်းလာခဲ့သည်။ သားသားသည် ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး ဆိုင် ဝရန်တာရှိ တိတ်ဆိတ်ငြိမ်သက်သော စားပွဲရှိရာသို့ ဂျူလီယာ့ကို ဦးဆောင် ခေါ်လာခဲ့သည်။ ဆိုင်ထဲမှ လူတွေအားလုံး၏ မျက်လုံးတွေက သူတို့ဆီမှာ ရောက်နေသည်။ စကားသံတွေ ရုတ်တရက် တိတ်သွားသည်။ တချို့က ပါးစပ် ဟောင်းလောင်း၊ တချို့က နှစ်လိုဖွယ် အံ့အားသင့်၊ တချို့ကတော့ ကဲ့ရဲ့ ရှုတ်ချချင် သလို မဲ့ရွဲ့ညိုမှောင်။ ဂျူလီယာက အားလုံးကို ကျောခိုင်းလိုက်ပြီး ခုံမှာ ထိုင်လိုက် သည်။

သူတို့ရှေ့မှာတော့ ဒုဋ္ဌဝတီ မြစ်ပြင်ကျယ်သည် တငြိမ့်ငြိမ့် စီးဆင်း နေ၏။ မြစ်ကမ်းပါးမှာ လှေအိမ်ကြီးတွေ ရှိနေသည်။ တစ်စီးပေါ်မှာ ကလေး တစ်ယောက်

ဆော့နေသည်။ နောက်တစ်စီးပေါ်မှ လူတစ်ယောက်က ငါးဖမ်း ပိုက်ကွန်ကို ရေပြင်ပေါ် ဖြန့်းခနဲ ပစ်ကြဲနေသည်။ လှေအိမ်ကြီးတွေ အနားမှာ တော့ ဒူးဆစ်လောက် နက်သည့် ရေထဲ မိန်းမနှစ်ယောက် မတ်တပ်ရပ်ကာ အဝတ်လျှော်နေကြသည်။

ဆိုင်ထဲကို ဂျူလီယာ ဝေ့ကြည့်လိုက်သည်။ ဆိုင်ထဲက လူတွေက သူ့ကို ငေးနေဆဲ။

သူ သားသားနား တိုး၍ လေသံလေးဖြင့် ပြောလိုက်သည်။

"ကျွန်မတို့ကို ဒီနေရာက ကြိုဆိုချင်စိတ် မရှိဘူး ထင်တယ်"

"ဒါ ကျုပ်အမှားပါ၊ စိတ်ပူမနေနဲ့"

"သူတို့ ဘာလို့ ဒီလိုကြီး စိုက်ကြည့်နေကြတာလဲ"

"ကျုပ်တို့က ဒီက လောကဥပဒေသကိုမှ မလိုက်နာဘဲ"

"ဘယ်လို ဥပဒေသလဲ"

"ရသေ့၊ ရဟန်းက မိန်းမလှလေးတစ်ယောက်နဲ့ တွဲသွားနေတာလေ၊ ဒီလိုမြင်ကွင်းမျိုး သူတို့ တစ်ခါမှ မမြင်ဖူးဘူး။ ဒါမျိုး မဖြစ်ရဘူးလို့ ယုံကြည်ထားတာကိုး"

"ဒါပေမဲ့ ရှင်က တကယ့် ရသေ့၊ ရဟန်းမှ မဟုတ်တာ"

"ဟုတ်၊ မဟုတ် သူတို့ဘယ်သိပါ့မလဲ ဂျူလီယာ၊ သင်္ကန်းဝတ်ပြီး ဦးပြည်းနဲ့ မြင်ရင်ကို လုံလောက်ပြီလေ"

စားပွဲထိုးမလေးကို သားသားက ခေါ်လိုက်သည်။ ထိုကောင်မလေးသည်လည်း သူတို့ကို အံ့သြတကြီး ငေးနေသည်ပဲ။ သားသားက ရှမ်းခေါက်ဆွဲ အရည်ဖျော် နှစ်ပွဲ မှာလိုက်သည်။

စားပွဲထိုးမလေး ထွက်သွားတော့ သားသားသည် ပင့်သက်တွေ အကြိမ်ကြိမ် ရှိုက်ပြီး-

"တစ်ခုလောက် မေးလို့ ရမလား" ဟု စကားစ၏။

"ကြိုက်တာ မေးပါ"

"အမေရိကန် နည်းနဲ့တော့ မဖြေနဲ့နော်၊ ကျုပ် နားမလည်ဘူး"

“စိတ်ချပါ၊ အဲလို မလုပ်ပါဘူး၊ ကတိပေးပါတယ်”

“ဂျူလီယာ ဘယ်လောက်ကြာကြာ နေမှာလဲ”

စက္ကန့်ပိုင်းလောက် ငြိမ်နေပြီးမှ ဂျူလီယာ ဖြေလိုက်သည်။

“ရှင် နှင်မထုတ်မချင်း”

“ကျုပ် ဆိုလိုတာက မင်း နယူးယောက်ကို ဘယ်တော့ ပြန်မှာလဲ”

“ရှင် မပါရင် ဘယ်တော့မှ မပြန်ဘူး”

ဂျူလီယာက ခပ်တိုးတိုး ထပ်ပြောသည်။

“ရှင့်မေးခွန်းကို ကျွန်မ အသေအချာကို နားလည်ပါတယ်”

မယုံနိုင်အောင် ဖြစ်နေသော အမူအရာ၊ လူတစ်ကိုယ်လုံး ထွင်းဖောက် မတတ် ကြည့်နေသော အကြည့်။

သားသားသည် ဂျူလီယာ့ကို စိုက်ကြည့်နေ၏။ ဂျူလီယာ့ မျက်လုံး တွေ၊ နှုတ်ခမ်းတွေ၊ ခေါင်းကို ငဲ့စောင်းပုံတွေ၊ သူပြောနေတာ သူ သေချာသိရဲ့လား ဆိုသည့် အကြည့်။

“ဒါကလည်း ရှင် အလိုရှိမှပါလေ”

ဂျူလီယာ မော့ကြည့်လိုက်သည်။

သားသား၏ အရိုးခံမျက်နှာကို လှမ်းမြင်ရသည်။

စားပွဲထိုးတစ်ယောက်က အငွေ့တထောင်းထောင်း ခေါက်ဆွဲတွေ သယ်လာသည်။ ခေါက်ဆွဲပန်းကန်တွေကို စားပွဲပေါ် အမြန်တင်တော့ အရည်တွေက ဂျူလီယာ့ ခြေထောက်ပေါ် အတန်ငယ် စဉ်ကုန်၏။ ဂျူလီယာ မလှုပ်။

“မင်း... မင်း... နေချင်တယ်၊ ဟုတ်လား”

ဂျူလီယာက ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

“ကျုပ်နဲ့အတူ နေချင်တယ်လား ဂျူလီယာ”

ထိုတဒင်္ဂ ခဏမှာတော့ သားသားသည် ပျော်ရွှင်ဝမ်းမြောက်နေပုံ မပေါ်။

"နေပါဦး... ဘကြီးရဲ့"

ကျွန်တော် ဘကြီးစကားကို ဖြတ်ပြောလိုက်သည်။

"ဒါတွေ အကုန်လုံးကို ဘကြီးက ဘယ်လိုလုပ် သိတာလဲ၊ မေမေနဲ့ ဖေဖေ လက်ဖက်ရည်ဆိုင်မှာရှိကြတုန်းက ဘကြီးမှ မပါဘဲကို"

"အတော်များများကို ဘကြီး ကိုယ်တွေ့မျက်မြင် တွေ့ခဲ့ပြီး ကျန်တာ တွေကတော့ သား မိဘနှစ်ပါးက ပြောပြတာပေါ့ကွယ်"

ဘကြီးဘက ရှေ့ကို ကုန်းလိုက်ပြီး ကျွန်တော့်ကို နေကြာစေ့ ပန်းကန် ကမ်းပေးသည်။ ကျွန်တော် မေမေ့အကြောင်း စဉ်းစားနေမိသည်။

"မေမေ ပြန်ရောက်လာတာကိုဖေဖေကဘာဖြစ်လို့ဝမ်းမသာတာတဲ့လဲ"

"သူ ဝမ်းသာပါတယ်ကွယ်"

"မေမေက သူနဲ့ တူတူနေချင်တယ် ပြောတော့ ဖေဖေ ဝမ်းမသာပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ လူကလေးရဲ့၊ သူ အရမ်းကို ဝမ်းသာရှာတာ"

"ဘကြီး ပြောပုံအရတော့ ဝမ်းသာပုံ မပေါ်ဘူး ဆို"

"သူက ဝမ်းသာတာကို ချက်ချင်း မဖော်ပြတတ်ဘူးလေ၊ တကယ်လို့ဖော်ပြခဲ့မယ် ဆိုရင်လည်း ဂျူလီယာ နားမလည်လောက်ပါဘူး၊ ဒီကိစ္စတွေက ရှုပ်ထွေးတာကိုး။ လူနှစ်ယောက်ဟာ အကြောင်းအရာတစ်ခုတည်းကို ပြောနေ တယ် ဆိုရင်တောင် အကြောင်းအရာက တူတူပဲလို့ ဆိုလိုတာမျိုး ဟုတ်ချင်မှ ဟုတ်တာ။ အကြောင်းအရာတစ်ခုတည်းကို နှစ်ယောက်ပြိုင်တူ ကြားခဲ့ရင် တောင် နားလည်မှုက ထပ်တူကျချင်မှ ကျတာ၊ တူညီတဲ့ ကိစ္စတစ်ခုကို နှစ်ယောက် လုံး လုပ်ချင်တယ် ဆိုဦးတော့ ကျိန်းသေပေါက် လုပ်လိမ့်မယ်လို့ အာမခံတာမျိုး မဟုတ်ဘူး"

"သားသားဟာဖြစ်ပေါ်လာတဲ့ပီတိသောမနသကြောင့်နှုတ်ဆွံ့နေတာ၊ ဂျူလီယာကတော့ စိုးရိမ် ကြောက်ရွံ့တာလား၊ ဒါမှမဟုတ် လိုဘမပြည့်တဲ့ ဒေါသ တရားကြောင့်လား နှုတ်ဆွံ့ရရှာတာ၊ တကယ်တော့လည်း တခြား လူတစ်ယောက် ရဲ့ ခံစားချက် ဘာသာစကားကို အပြည့်အဝ နားလည်နိုင်ဖို့ ဆိုတာ ဘကြီးတို့ဟာ အချိန်အကြာကြီး ယူရတာကိုးကွဲ့၊ တချို့လူတွေကတော့ ဒီကိစ္စမှာ သူများတကာ

ထက် ပိုကျွမ်းကျင်တယ်၊ အချိန် သိပ်မယူရဘူးပေါ့”

“သား မေမေက နားမလည်နိုင်ခဲ့ဘူးပေါ့… အဲလိုလား ဘကြီး”

“စစချင်းတော့ သူ့အတွက် မလွယ်ခဲ့ဘူးလို့ပဲ ပြောကြပါစို့ကွယ်”

“ဘာဖြစ်လို့လဲ ဟင်”

“အင်း…. ဘိုဘိုရေ၊ သားက ခက်ခက်တွေ မေးသကိုးကွဲ့၊ အဲဒီတုန်းက မင်းမေမေဟာ သူ့ကိုယ်သူ လုံခြုံအောင် ထုပ်သိမ်းထားတဲ့ အခြေအနေမျိုးမို့ ထင်ပါရဲ့”

ဘကြီးက ခေါင်းကုတ်နေသည်။ အသက်ရှူသံက ချွဲသံ နည်းနည်းပါ လာသည်။ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောနေစဉ် တစ်လျှောက်လုံးမှာ သူ့ ဗိုက်ထဲက ဂွီဂွီ ဂွမ်ဂွမ် အသံတွေ မြည်နေခဲ့သည်။ ခုတော့ သူ ဘူခနဲ အကျယ် ကြီး လေလည်နေပြီ။ ဘကြီး ပင်ပန်းလွန်းနေသည်ကို ကျွန်တော် မြင်နေရသည်။

“ဘကြီး ပင်ပန်းနေပြီ ထင်တယ်၊ ခဏလောက် နားပါလား”

“အင်း… မဆိုးဘူး”

“တစ်ခုခု စားမလား ဘကြီး”

“နည်းနည်းပေါ့”

ပေါင်မုန့်မီးကင်နှင့် အသင့်ဖျော်ကော်ဖီ လုပ်ပေးလိုက်သည်။ ဘကြီး က ပေါင်မုန့်မီးကင်ကို ကော်ဖီထဲ နှစ်ကာ တို့စားရသည်ကို နှစ်ခြိုက်၏။ စားသောက်ပြီးတော့ သူ ဆိုဖာပေါ် လှဲ၍ အညောင်းဆန့်၏။ ကျွန်တော် ပန်းကန်တွေကို အမြန်ဆေးပြီး ပြန်ထွက်လာတော့ သူ့မျက်လုံးတွေ မှိတ်သွားပြီ။
ဘကြီး မေးစက်နေတုန်း ကျွန်တော် စက်ဘီးကို ထုတ်၍ ကိုအေးမင်း ဆီသို့အမြန်ဆုံး နင်းလာခဲ့သည်။ မိဘများ၏ ဇာတ်လမ်း ကိုအေးမင်းကို ဖောက်သည် ချချင်လိုက်သည်မှာ တစ်ပိုင်းကို သေလို့။ သို့သော် သူက မရှိ၊ ရုံးခန်းကလည်း ပိတ်လို့။

ဈေးဘက်ကို တစ်ချက် ပတ်ကြည့်သည်။ မအိတို့ ခေါက်ဆွဲဆိုင်မှာများ သူ ရှိနေမလား။ မအိက ဆိုင်ကောင်တာမှာ ထိုင်ကာ ဆဲလ်ဖုန်းနှင့် ကစားပြီး ယင်ကောင် ယမ်းနေသည်။ သူက ကျွန်တော့်ကို တွေ့၍ ပျော်ပုံရသည်။

“ကိုအေးမင်း ဘယ်သွားလဲ အစ်မ”

“ပြင်သစ်တိုးရစ် နှစ်ယောက်နဲ့ အင်းလေး လိုက်သွားတယ်၊ နက်ဖြန် ပြန်လာမတဲ့”

ကျွန်တော့် အလိုမကျမှုတွေကို မျက်နှာမှာ သူ မြင်သည်ထင့်။

“အစ်မ ဘာလုပ်ပေးရမလဲ မောင်လေး”

ခေါင်းခါပြလိုက်သည်။

“ဗိုက်ဆာလား၊ ခေါက်ဆွဲ စားမလား”

“ဟင့်အင်း... မစားတော့ဘူး၊ ကျေးဇူး အစ်မ”

ကျွန်တော် သူ့ကို နှုတ်ဆက်၊ ရည်ရွယ်ချက် မရှိဈေးထဲ တဝဲလည်လည် လျှောက်ပတ်ပြီး လမ်းမကြီးပေါ်ပြန်တက်လာခဲ့သည်။ လူတွေ စည်ကားလွန်း သည်။ တစ်ကိုယ်တည်း နေလို့ရသော နေရာ ရှာရမည်။ ထို့ကြောင့် လှေကားထစ် ပေါင်း ၂၇၃ ထစ်ကို တက်၍ မြို့ကို စီးမိုးမြင်ရသော သိမ်တောင်ကျောင်းပေါ် တက်လာခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်လှသည့် ထိုနေရာသည် ကျွန်တော်တို့၏ ကလော တောင်ကြားလေးတစ်ခုလုံးကို မြင်ကွင်းကျယ် မြင်ရသဖြင့် ကျွန်တော် အလွန်သဘောကျသည်။ ဈေး၊ ကျွန်တော့်ကျောင်း၊ ဘောလုံးကွင်းတွေနှင့် ကလော ဟိုတယ်ထိ တိုးလျှိုပေါက် မြင်နေရ၏။

တောင်ထိပ်မှာ အိမ်ချင်မူးတူး ကြောင်ကြီးနှစ်ကောင်က ကျွန်တော့်ကို ကြိုဆိုနေကြသည်။ ကိုရင်လေးတချို့က ကျောင်းခန်းမ နောက်က ကွင်းထဲမှာ ဘောလုံး ကန်နေကြသည်။ လျှော်ဖွပ်ပြီးစ သင်္ကန်းများကို တန်းစီ နေလှန်းထား၏။

စေတီတော်၏ အရိပ်ကို ခိုပြီး ထိုင်ချလိုက်သည်။ တစ်မြို့လုံးကို ဘာရယ် မဟုတ် ငေးကြည့်နေမိသည်။ ကလေးတစ်ယောက်၏ စိတ်ဝိညာဉ်သည် အားလုံး ကို သိရှိနေပြီး ဘယ်အရာကို မှ မေ့လျော့သွားခြင်း မရှိဟု ဖေဖေ ရေးခဲ့ဖူးသည်။ အကယ်၍သာ ထိုစကား မှန်ခဲ့ပါလျှင် မေမေ့အကြောင်းကို ကျွန်တော် ဘာဖြစ် လို့များ မသိသလောက် ဖြစ်နေရတာလဲ။ ကျွန်တော်တို့ တူတူရှိခဲ့ကြသော အချိန် များကို ဘာဆို ဘာမှ မမှတ်မိရခြင်း အကြောင်းရင်းက ဘာကြောင့် ဘကြီးကတော့ကျွန်တော်သည်ကလောမှာမနေခင်မိဘများနှင့်အတူ သီပေါရှိ ကျောင်းအိုပျက်ကြီးမှာ နှစ်အတော်ကြာ တူတူနေခဲ့ဖူးသတဲ့။ သို့သော် လုံးဝ မမှတ်မိရခြင်း အကြောင်းအရင်းက ဘာကြောင့်များလဲ။

ခွေးငယ်လေးတစ်ကောင် ကျွန်တော့်နားသို့ သတိကြီးကြီးထား၍ ချဉ်းကပ်လာသည်။ ကျွန်တော့်ကို နှုတ်သီးလေးဖြင့် တို့ကာတို့ကာနှင့် ချစ်ခင် ယုယမှုကို ခံချင်နေရှာသယောင်။ ကျွန်တော် ခွေးလေးကို ပွတ်သပ်ပေးရင်း

နောက်ကျောဘက်မှဘောလုံးသမားကိုရင်များ၏အသံကို နားစွင့်နေမိစဉ်မှာပင် မျက်လုံးထဲမှာ ထူးဆန်းသော မြင်ကွင်းများ မြင်ယောင်လာခဲ့သည်။ စိတ်မြင်ကွင်း လေလား မပြောတတ်။

အသံလွင်လွင်လေးနှင့် မိန်းမပျိုလေးတစ်ဦးသည် ကျွန်တော့်ကို သစ်ပင် တက်နိုင်အောင် ကူညီလျက်ရှိသည်။ သူ့မှာ လက်တစ်ဖက်သာ ရှိသော်လည်း သစ်ပင်ထိပ်ဖျားထိ တက်နိုင်သော အံ့မခန်း ကောင်မလေးပင်။

မတ်နေအောင် မရပ်နိုင်သော်လည်း ကျွန်တော့်ကို လျှာထွက်သည် အထိ ဘောလုံး ယှဉ်ကစားနိုင်သော ကောင်လေးတစ်ယောက်။

လေးလံလှသော ပုဆိန်ကြီးဖြင့် ထင်းတွေ ခွဲနေသော ဖေဖေ။

ကျွန်တော့်နားက ဘယ်တော့မှ မခွာသော ခွေးကလေး တစ်ကောင်၊

အင်း… မှတ်ဉာဏ်ဆိုတာ အဖြေ၏ အခြားပုံသဏ္ဌာန် ဖြစ်လိမ့်မည်၊ မှတ်ဉာဏ်မှာ ကိုယ်ပိုင်အချိန် ရှိသည်။ အခါသင့်လို့ အခွင့်သာမှသာ ပေါ်လာ တတ်သည်။ မှတ်ဉာဏ်တို့က ကျွန်တော်တို့ကို ရှာဖွေတွေ့ရှိစေဖို့သာ လို၏၊ သို့တည်းမဟုတ် မှတ်ဉာဏ်တွေ မတွေ့နိုင်အောင် ပုန်းအောင်းနေဖို့ပေါ့။

ကျွန်တော်နှင့် ကိုက်အနည်းငယ်အကွာမှာ ရပ်နေကြသည့် ကိုရင်ကြီး နှစ်ပါးက ကျွန်တော့်ကို ခေါင်းညိတ် နှုတ်ဆက်သည်။ ကျွန်တော်လည်း ထိုအတိုင်း ပြန်နှုတ်ဆက်လိုက်သည်။

ကျောင်းပရိဝုဏ်နှင့် ကျောင်းခြံဝင်းတွေကို ကျွန်တော် စတင်မှတ်မိစ ပြုလာခဲ့ပြီ။ ကျွန်တော့် မှတ်ဉာဏ်ထဲက သီပေါ ကျောင်းအိုပျက်မှာ ဘကြီးဘ ပြောသော ပုံစံနှင့် ထပ်တူ မကျလှ။ ဘုရားခန်းကြီး၊ ဗုဒ္ဓရုပ်ပွားတော်များကို လျှပ်စစ်မီး စလွယ်တွေ ပူဇော်ထားခြင်း၊ ကွဲအက်နေသော ဂိုးတိုင်များနှင့် ဘောလုံး ကွင်း၊ ဒါတွေက တူသည်။ သို့သော် ထင်းထည့်သည့် စတိုခန်း နောက်မှာ အုတ် အဆောက်အအုံတစ်ခု ရှိနေသည်။ အတွင်းမှာ ရေပူရသော ရေပန်း၊ ရေအင်တုံ တွေနှင့်၊ ဘိုထိုင် ကမုတ်အိမ်သာနှင့်၊ ကျွန်တော် မေမေ အိမ်သာထိုင်နေသည်ကို လှမ်းတွေ့နေရသည်။

ကျောင်းမှနေ၍ မြို့ထဲ သွားဖို့ ကားတစ်စီးကိုလည်း တွေ့ရသည်။

နားထဲမှာ ထူးဆန်းသော အသံတွေ ကြားယောင်လာသည်။ ငယ်သံ ပါအောင် ဟစ်အော်သံများ။ မဟူရာည ကောင်းကင်ထိ ထိုးတက်နေသော မီးတောက်ကြီး။ မည်းနက်ညိုမှိုင်းနေသော မီးခိုးလုံးကြီးတွေ။ ကျွန်တော့် လက်မောင်း ကို တစ်စုံတစ်ယောက်က ဆွဲကာ ကျွန်တော့်ကို ဓွေ့ ခနဲ ပွေ့ချီလိုက်ပြီး

ပြေးလွှား နေခဲ့သည်။

သစ်သားကို မီးလောင်သော ညှော်နံ့က စူးစူးဝါးဝါး။ မေမေနဲ့ ဖေဖေ ဘယ်မှာလဲ။

မြင်ယောင် ကြားယောင်နေသော အတိတ်မြင်ကွင်းတို့သည် အလာ တုန်းကလိုပင် ဆိုင်းမဆင့် ဗုံမပါ ရပ်ဆိုင်းသွားခဲ့သည်။ ပြီးပြီ။ ဒါပဲ။ တစ်စုံ တစ်ယောက်က ကျွန်တော့်စိတ်စင်မြင့်ကို မဟူရာကတ္တီပါ ပြည်ဖုံးကား ချလိုက် သည့်အလား။ ပြန်ပွင့်လာမလား ဟူသော မျှော်လင့်ချက်ဖြင့် စောင့်မျှော်နေသော် လည်း အကြောင်းမထူး။ မှတ်ဉာဏ်သည် ဟောင်းလောင်း။ ဘာပုံရိပ်မှ မရှိ။ အမြင်၊ အကြား၊ အနံ့ ဘာဆို ဘာမှ မရှိ။

ကျွန်တော့်မှာ မဖြစ်နိုင်တာကို လွန်လွန်ကြူးကြူး တောင်းဆိုမိဘိ သကဲ့သို့ ဖြစ်နေပါသည်။

အိမ်ပြန်ရောက်တော့ ဘကြီးက အိမ်ရှေ့ကပြင်မှာ ရပ်နေသည်။ သူက သမ်းဝေရင်း အညောင်းဆန့်နေသဖြင့် သူ့အဆစ်တွေ ကျိုးကျိုးကျွတ်ကျွတ် မြည်သံထွက်နေ၏။

“အားကို ရှိသွားတာပဲ၊ ကော်ဖီတစ်ခွက်လောက် ထပ်ဖျော်ပေးဦး သား၊ ပြင်းပြင်းလေး လုပ်နော်”

ဘကြီးသည် ပြောပြောဆိုဆိုနှင့် ခြံထဲ ဆင်းသွား၏။ သူ့အတွက် ကော်ဖီ ဖျော်နေတုန်း တဗွမ်းဗွမ်း ရေသံတွေ ကြားရသည်။ ရေအေးတွေကို အားပါးတရ ခေါင်းပေါ် လောင်းချိုးနေလေသည်ကိုး။

ရေချိုးပြီး အိမ်ထဲ ပြန်ဝင်လာတော့ ဘကြီးသည် ဖျတ်လတ်၊ သွက်လက် ကာ စိတ်နှလုံး ပေါ့ပါးနေပုံ ပေါ်၏။ ဘကြီးကို ထိုသို့ မတွေ့ရသည်မှာ အတန် ကြာခဲ့ပြီ။ စားပွဲပေါ်မှာ အငွေ့တထောင်းထောင်း ကော်ဖီခွက် တင်ပေးထားပြီး ပေါင်မုန့်မီးကင် နှစ်ချပ်ကိုလည်း ကျွန်တော် ပြင်ဆင်ပေးထားခဲ့သည်။

“ကျေးဇူးပဲ သားရယ်၊ ဘကြီးတို့ ဇာတ်လမ်းကို ဆက်ကြမလား”

“ဟုတ်ကဲ့ ဘကြီး၊ ဒါပေမဲ့ သား မေးစရာတစ်ခု ရှိတယ်” ဘကြီးက ပေါင်မုန့်ကို ကော်ဖီထဲ နှစ်လိုက်သည်။ ကျွန်တော် သူ့ကို မေးပြီ။

“သားတို့အားလုံး ဘုန်းကြီးကျောင်းပျက်ကြီးမှာ တူတူနေခဲ့ကြတာ ဟုတ်လား”

“အင်းလေ... ဟုတ်တယ်”

“အဲဒါ ဘယ်လောက် ကြာလဲဟင်”

ဘကြီးက ခဏ စဉ်းစားပြီး-

“လေးနှစ်ကျော်လောက်ကွဲ့” ဟု ပြန်ဖြေသည်။

“အဲဒီလောက်တောင် ကြာတာလား၊ ဒါဆို သား ဘာဖြစ်လို့ တစ်ခုမှ မမှတ်မိတာလဲ ဟင်”

“သားက သိပ်ငယ်လွန်းသေးလို့ပေါ့ကွယ်”

“ဘယ်လောက်များ ငယ်လို့လဲ ဘကြီးရယ်”

“ဘကြီးတို့ ထွက်လာတော့ သားက ငါးနှစ်လေ၊ မှတ်ဉာဏ်တွေဟာ သားရဲ့ နှလုံးသားထဲမှာ သိမ်းဆည်းထားမှာပါ သားရယ်”

“ဩော်.. ဒါဆို သား နှလုံးသားက မှတ်ဉာဏ်သိမ်းစက်လိုမျိုးလား”

“သဘာဝအားဖြင့် နှလုံးသားဟာ စိတ်ထက်ပိုပြီး တိတိကျကျ မှတ်မိတတ်တယ်၊ နှလုံးသား မှတ်ဉာဏ်ဟာ ပျောက်ပျက်သွားတယ်ရယ်လို့ မရှိဘူး၊ အရေးကြီးတဲ့ကိစ္စ မှန်သမျှအတွက် နှလုံးသားမှာ နေရာလွတ် ရှိပါတယ်၊ အဲဒီ မှတ်ဉာဏ်တွေကို စကားလုံးအဖြစ် ပြောင်းလဲပေးဖို့သာ ခက်ကောင်းခက်မှာ”

“ဒါဆို အားလုံး အဲဒီမှာ ရှိနေတယ်ပေါ့နော်”

“ဟုတ်တယ် သား”

“သားတို့ နေခဲ့တဲ့ ဘုန်းကြီးကျောင်းပျက်မှာ မီးလောင်ခဲ့ဖူးသလား ဟင်”

“ဟင်… ဘာဖြစ်လို့ အဲ့လို မေးတာလဲ”

ကျွန်တော့်မေးခွန်းက ကန့်သတ်ချက်ဘောင်ကို ကျော်လွန်သွားသည့်အလား ဘကြီး၏ လေသံသည် ခပ်ဆတ်ဆတ် ဖြစ်သွားခဲ့သည်။

“မပြောတတ်ပါဘူး၊ အဲ့သလို ခံစားမှုမျိုး ရနေတယ် ဘကြီး”

“အင်း... ဟုတ်တယ်ကွယ်”

“အဲဒီမှာ”

ကျွန်တော် ဆွံ့အ တုံ့ဆိုင်းနေသည်။

“အဲဒီလိုဖြစ်တော့ တစ်ယောက်ယောက်များ သေသွားခဲ့လား”

“ဟင့်အင်း.. မသေပါဘူး”

“မီးကို မငြိမ်းကြဘူးလား”

“မီးက ငြိမ်းမနိုင်လောက်အောင် ကြီးလွန်းခဲ့တယ်ကွယ်၊ တစ်ကျောင်းလုံး ပြာကျသွားခဲ့တယ်၊ တိုင်တွေနဲ့ သွပ်မိုးပဲ နည်းနည်းကျန်တယ်”

“မီးက ဘယ်က စလောင်တာလဲ ဟင်”

“တစ်ခါတလေ အဲ့သလိုပဲ လောင်တတ်တယ်ကွယ်”

“အကြောင်းမရှိဘဲတော့ ဒီအတိုင်း ထမလောင်ပါဘူး ဘကြီးရာ”

ကျွန်တော် အတိုက်အခံ ပြောလိုက်သည်။

“ဖယောင်းတိုင်မီးကနေ စတာလား၊ မီးဖိုချောင်က စတာလား မသိပါ ဘူး၊ ကျောင်းအို ကျောင်းဆွေး ဆိုတော့ လောင်စာကလည်း ပေါတယ်လေ၊ အကြောင်းရင်းကို ရှာမတွေ့ခဲ့ပါဘူးကွာ”

အမှန်တရားကို ပြောနေခြင်း ဟုတ် မဟုတ် သိနိုင်ဖို့ ဘကြီး၏ မျက်လုံး တွေကို ကျွန်တော် စိုက်ကြည့်နေစရာ မလိုခဲ့။ ဘကြီး တစ်ခါက ကျွန်တော့်ကို ပြောခဲ့ဖူးသလိုပင် မုသားဟူသည် ခက်ခဲလွန်းလှသော အခြေအနေမှ ပေါက်ဖွားလာခဲ့ခြင်းကိုး။ ဘကြီးတစ်ယောက် ဒီ မုသားစကားကို ဆိုဖို့ ဘယ်အရာကများ သူ့ကို တွန်းအားပေးခဲ့ပါသလဲ။

နောက်မေးခွန်း ထပ်မမေးနိုင်ခင် ဘကြီးက ကော်ဖီကို ကျိုက်ချလိုက်သည်။

“မကြာခင် မှောင်တော့မယ်၊ ဇာတ်လမ်းကို ဆက်ပြောရမလား မပြော ရတော့ဘူးလား သား” ဟု ကျွန်တော့်ကို မေးလိုက်လေသည်။

နောက်တစ်နေ့မနက် အိပ်ရာအထမှာ နှုတ်ဆက်စာ တစ်စောင်များ တွေ့နေရဦး မလားဟု ဂျူလီယာ တစ်ဝက်တစ်ပျက် မျှော်လင့်ထားခဲ့သည်။ လက်ဖက်ရည် ဆိုင်မှာ စကားတွေ ပြောခဲ့ကြပြီးနောက်ပိုင်း သားသားတစ်ယောက် အငြိမ်ကြီး ငြိမ်နေ၏။ သူစိမ်းတစ်ရံဆံလို ငြိမ်ခြင်း မဟုတ်၊ ရင်တွင်းက ဝေဒနာတွေကို မြှုံထား တတ်သူတစ်ဦး၏ ငြိမ်နည်းမျိုးပါ။

ကလေးတွေက ပျော်ပွဲစားခရီးတစ်ခုလို ပြင်ဆင်ပေးနေကြသည်။ အိအိက ပန်ကိတ်တွေ၊ ဟင်းရွက်စုံဟင်းတွေ၊ ကြက်ဥကြော်တွေ၊ ထမင်းတွေ ချက်ပြုတ် ပြင်ဆင်ရင်း အလုပ်များနေသည်။ မိုးမိုးနှင့် ကိုမောင်က အစောကြီး ထပြီး မြို့ထဲသို့ သွားကာ ခရက်ကာ မုန့်တွေ၊ ပတ်ဖ်တွေ၊ ငှက်ပျောသီးတွေ၊ ရေသန့်ဘူးတွေ ဝယ်လာကြသည်။ အဆိုပါ စားသောက်ဖွယ်များကို သပ်ရပ်စွာ ထုပ်ပိုး၍ ဝါးခြင်းတောင်းလေးထဲ ပန်းကန်တွေ၊ စားပွဲခင်းတစ်ခုနှင့် အတူထည့်၊ ဆိုင်ကယ်နောက်မှာ ကြိုးဖြင့် ခိုင်ခိုင်ချည်။ ကနေ့ သားသားသည် ဂျူလီယာနှင့် အတူ အပြင်ထွက်မည်။ ကလေးများအားလုံး ခြံဝင်းထဲ ဆင်း၍ ကမ္ဘာတစ်ပတ် ပတ်တော့မည့် ဟန်မျိုးနှင့် သူတို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်နေကြသည်။

သီပေါအထွက်လမ်း ရောက်တော့ သားသားသည် လမ်းမကြီးပေါ်မှ ဆင်းလိုက်သည်။ ခြောက်သွေ့ ဖုန်ထူ၍ ကျဉ်းလှသော လမ်းကလေးများမှ ဆိုင်ကယ်ကို မောင်းလာခဲ့သည်။ ငှက်ပျောခင်းတွေ၊ စပါးခင်းတွေကို ကျော်ဖြတ် လာခဲ့သည်။ တစ်နေရာအရောက် ရေမရှိသလောက် ဖြစ်နေသည့် စမ်းချောင်း ကလေးထဲမှ နှစ်ယောက်သား ဆိုင်ကယ်ကို တွန်းယူကြရသည်။

ရှေ့မှာ လမ်းဟူ၍ မည်မည်ရရ မရှိတော့၊ ရှေ့ဆက်သွားရန် လမ်းမရှိ တော့ဘိသကဲ့သို့ ချုံနွယ်ပိတ်ပေါင်းတို့က လမ်းကို မျိုထား၏။ အတက်ကြမ် လှသော နေရာအရောက် သားသားသည် ဆိုင်ကယ်ကို ရပ်ထားခဲ့ကာ ဂျူလီယာ့ ကို ရှေ့မှ သွားစေ၍ သူက ခြင်းတောင်းကို ပခုံးထမ်း၍ လိုက်ရသည်။

အတော်လေး တက်ပြီးသည့် အခါမတော့ ရေတံခွန်လေးတစ်ခုက ရေ ဖြည့်ပေးနေသော ရေကန်လေးတစ်ခုနား ရောက်နေသည်ကို နှစ်ယောက်သား တွေ့လိုက်ကြရသည်။ အစကတော့ ရေတံခွန်များစွာ ရှိမလား မသိ၊ အခုတော့ တစ်ခုသာ ကျန်၏။ ရေစီးအားလည်း သိပ်မသန်လှ။ သစ်ပင်တွေ ချုံနွယ်ပိတ်ပေါင်း တွေ ပတ်လည်ဝိုင်းထားသော ကန်ကလေးက တစ်ဝက်ခန့်သာ ရေရှိသည်။ ကောင်းကင်ပြာနှင့် တိမ်သားဖြူတို့၏ အရိပ်က ကန်မျက်နှာပြင်ပေါ်မှာ ကျရောက် နေသည်။

သားသားက ဘေးဘီကို ကြည့်ကာ အံ့အားသင့်နေ၏။

"မနှစ်က ဒီအချိန်မှာ ရေများသေးတယ်၊ ဒီလောက် မခြောက်သေးဘူး"

"ဒါပေမဲ့ အရင်အတိုင်းပဲ လှပါတယ်"ဟုဂျူလီယာက ပြောလိုက်သည်။

သူ ရေထဲ ဆင်းကြည့်သည်။ ရေက ကြည်လှသဖြင့် အောက်ခြေကို တိုးလျှိုးပေါက် မြင်နေရသည်။

"တို့များ ရေကူးကြမလား"

သားသားက ခေါင်းခါလိုက်သည်။

"ကျုပ် သိပ်မကူးတတ်ဘူးရယ်"

"အို… လာစမ်းပါ"

"မလုပ်ပါနဲ့"

နှစ်ခါပြန် မစဉ်းစားဘဲ ဂျူလီယာ ရေထဲ ဆင်းလိုက်သည်။ ရေက နူးညံ့အေးမြ ကာ စိတ်ကြည်လင်စရာ ကောင်းလှသည်။ တစ်ချက် နှစ်ချက် ကူးလိုက်တော့ အအေးဓာတ်က အသားထဲ စိမ့်လာသည်။ ပက်လက်ကူးရင်း၊ လက်ပစ် ကူးရင်း တစ်ဖက်ကမ်းသို့ လျင်မြန်စွာ ရောက်ရှိသွားခဲ့သည်။

သားသားက သူ့ကို လက်ဝှေ့ယမ်းပြရင်း အစားအသောက် ခြင်းတောင်း ကို ဖွင့်စ ပြုနေသည်။

ဂျူလီယာက အချမ်းပြေ နေစာလှုံရင်း ကျောက်ဖျာကြီး တစ်ခုပေါ်မှာ ပျော်ပွဲစားဖို့ ပြင်ဆင်နေသော သားသားကို သေချာကြည့်နေ၏။ ကြည့်ရင်း ဖေဖေ့ အကြောင်း တွေးနေမိသည်။ သားသားထံမှ ဖေဖေ့လိုပင် တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု တွေ ရောင်စဉ်ဖြာထွက်နေသည်။ ဖေဖေ့နည်းတူ အထီးကျန်မှုနှင့် ဗလာနတ္ထိ ခံစားချက်တွေလည်း တွေ့နေရသည်။ ဖေဖေသည် သူ့ ကိုယ်သူသာ တင်းကျပ်ချင် ကျပ်မည်၊ သူတစ်ပါးအပေါ်ငြိုငြင်ခြင်း အလျှင်းမရှိ။ တန်းစီနေစဉ် တစ်ယောက် ယောက်က သူ့ ရှေ့မှ ကြားဖြတ်လိုက်လျှင် သော်လည်းကောင်း၊ သူ ငှားနေသော တက္ကစီကို လုငှားလျှင် သော်လည်းကောင်း သူ ပြုံး၍သာ ကြည့်နေတတ်သည်။ တစ်စုံတစ်ယောက်က သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပါလျှင် အဆိုပါကိစ္စမှာ သူ့ပြဿနာ မဟုတ်၊ ထိုသူ၏ပြဿနာသာဟု သူ ခံစားနေတတ်သည်။ သားသား လည်း ထိုနည်းလည်းကောင်းပဲ မဟုတ်လား။ ဂျူလီယာတစ်ယောက် သူတို့နှင့် မတူ ကွဲပြားခြားနားသော စဉ်းစားပုံ၊ စဉ်းစားနည်း၊ ခံယူချက်ကို ဖြစ်ထွန်းစေ သည့် ကွဲပြားခြားနားသော ကမ္ဘာကို ရှုမြင်ပုံ ရှုမြင်နည်းတို့ကို သဘောပေါက် နားလည်စ

ပြုလာခဲ့ပြီ။

အပြင်ဗဟိဒ္ဓ ပုံပန်းအရလည်း သားသားနှင့် ဖေဖေသည် အလွန်အမင်း ကွာခြားမှု မရှိ။ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့်၊ တင်းရင်းသော နှုတ်ခမ်းများနှင့် သူ အမြဲ မနာလိုဖြစ်ခဲ့ရလောက်အောင် ညီညာဖြူဖွေးသော ပုလဲသွယ် သွားတန်းများ၊ သူတို့၏ လှုပ်ရှားမှုတွေကလည်း ကျက်သရေ တစ်မျိုးကို ဆောင်ကြဉ်းထား၏။

ရုတ်တရက် သူ သားသားကို လွမ်းဆွတ်လာသည်။ ဟိုဘက်ကမ်းမှာ ရှိနေသည်ဟု မထင်ဘဲ ကမ္ဘာခြားနေသည်ဟု ထင်လာသည်။ လူကလည်း ချမ်းစိမ့်လာခဲ့ပြီ၊ သားသားထံ ပြန်သွားရတော့မည်။ သူ ရေထဲ ဆင်းသည်။ ခပ်သွက်သွက် ကူးသည်။ အကြိမ် သုံးဒါဇင်ခန့် ကူးခပ်ပြီးသည့်နောက် တစ်ဖက်ကမ်းသို့ ပြန်ရောက်လာသည်။ ခန္ဓာကိုယ်ကို ခြောက်သွေ့အောင် အမြန်သုတ်သည်။ ရေကူးစဉ်က အဝတ်တွေကို ချွတ်ကာ တီရှပ် လဲသည်။

“ရေကူးကောင်းပဲ၊ မအေးဘူးလား ဂျူလီယာ”

“ဟင့်အင်း”

သားသား ပြင်ဆင်ထားသော ပျော်ပွဲစား စားဖွယ်တို့ကို နှစ်သက်စွာ ကြည့်ရင်း သူ ပြောသည်။

“ရှင့် ကြည့်ရတာ ဖေဖေ့ကို သတိရတယ်” သားသားက ရက်ပြုံးပြုံးသည်။

“ဘာဖြစ်လို့လဲ၊ သူကော ရေမကူးတတ်ဘူးလား”

ဂျူလီယာက စဉ်းစားလိုက်သည်။

“သူ ရေကူးတာ တစ်ခါမှ မမြင်ဖူးဘူး ထင်တယ်၊ ဒါပေမဲ့ ကျွန်မ အဲဒါ ကို ဆိုလိုတာ မဟုတ်ဘူး”

“ဒါဆို ဘာများလဲ”

“ရှင်နဲ့ ဖေဖေဟာ အတော်များများ တူတယ်၊ ဖေဖေ ရှင့်ကို မြင်ရင် သဘောကျမှာပဲ”

ဂျူလီယာ့လက်တွေက သားသားကို တွယ်မှီလာသည်။

“အို… ချမ်းလို့ တုန်နေတာလား၊ ရေက သိပ်အေးတာလား”

သားသားက အံ့ဩတကြီး မေးရင်း ဂျူလီယာ့ကို တင်းကျပ်စွာ ဖက်

ထားသည်။ သူ့ကိုယ်ငွေ့က ဂျူလီယာ့ကို နွေးစေသည်။

သူ့ခန္ဓာကိုယ် အထိအတွေ့က သားသားကိုမိန်းမောစေတာကိုဂျူလီယာ ခံစားမိနေသည်။ သားသားတစ်ယောက် ရင်ခုန်သံ မြန်လာချေပြီကော။

ဂျူလီယာလည်း စိတ်ဆန္ဒတွေ ပြည့်ဖောင်းလာခဲ့သည်။ ပြည့်ဖောင်းရုံ မက ပေါက်ကွဲချင် ကွဲထွက်သွားပါစေ။

သူ မျက်လုံးတွေကို မှိတ်လိုက်သည်။

သားသားက ဂျူလီယာ့ နှုတ်ခမ်းလေးတွေနှင့်လည်တိုင်လေးကိုစတင်၍ အနမ်းပန်းတွေ ခြွေသည်။ သားသား၏ ထွက်သက်နွေးနွေးကို ဂျူလီယာ့ အရေပြား က သိနေသည်။ သူ့လက်တွေ... သူ့လက်တွေကတော့ ဂျူလီယာ့ တစ်ကိုယ်လုံး နေရာအနှံ့ မပြတ်မလပ်။

သားသားသည် ဂျူလီယာ့ကို ဆွေ့ခနဲ ပွေ့ကာ အုပ်မိုးနေသော ကျောက် တောင်ကြီးတစ်ခု အနောက်ထဲ သယ်ဆောင်သွား၏။ သားသား၏ လက်မောင်း အိုးကြီးတွေနှင့် ကိုယ်သင်းနံ့က ဂျူလီယာ့ကို တစ်သက်မှာ တစ်ခါဆိုသလို အရူးအမူး စိတ်လှုပ်ရှားစေလာခဲ့သည်။

အထိန်းအကွပ်မဲ့နေသည့် ဂျူလီယာ၊

ကိုယ့်ကိုယ်ကိုယ် ပြန်လည်ရှာဖွေနေသော ဂျူလီယာ။

အရင်က ဘယ်ယောကျာ်းမှ သူ့ကို ထိုသို့ ပွတ်သပ် ချော့မြူ ထိတွေ့ ကိုင်တွယ်ခဲ့ခြင်းမျိုး မရှိ။ ဆန့်ကျင်ဘက်လိင်အပေါ် ခုလောက် စိတ်ဆန္ဒ ပြင်းထန် တာမျိုးလည်း တစ်ခါမှ မရှိဖူးခဲ့။

ပန်းကန်လွတ်တွေ၊ ခွက်လွတ်တွေ နားမှာ သူတို့နှစ်ယောက် ထိုင်နေကြသည်။ အိအိ လက်ရာ ပန်ကိတ်တွေကို ခွံ့ကျွေးနေတုန်း သားသားက ဂျူလီယာ့ ဆံပင် လေးတွေကို ပွတ်သပ်ပေးနေသည်။ ဂျူလီယာက သားသားပေါင်ပေါ်ခေါင်းအုံး ၍ အိပ်သည်။

“ရှင် ကလေးတွေ အများကြီး လိုချင်တာလား”

သားသားက ရယ်သည်။

“မဟုတ်တာ၊ မလိုချင်ပါဘူး”

“ဒါနဲ့ ဒီကလေးတွေဟာ ဥပဒေကြောင်းအရ ဘယ်လိုရှိလဲ”

"ဟင်… ဘာကို ဆိုလိုတာလဲ"

"ဩော်.. သူတို့နဲ့ ပတ်သက်လို့ ဘယ်သူ့မှာ တာဝန်ရှိလဲ မေးတာပါ"

"သူတို့မှာပဲ တာဝန်ရှိတာပေါ့၊ တခြား ဘယ်သူရှိရဦးမလဲ"

"မဟုတ်သေးဘူးလေ၊ သူတို့မှ အသက် မပြည့်သေးတာ"

"အင်း… တချို့ကတော့ ငယ်သေးတာ ဟုတ်တယ်"

"အုပ်ထိန်းခွင့်က ဘယ်သူ ရထားလဲ"

"အုပ်ထိန်းခွင့်…."

"သူတို့ကို တရားဝင် အုပ်ထိန်းသူအဖြစ် ဘယ်သူက တာဝန်ယူထား သလဲ မေးတာ"

သားသားက စဉ်းစားနေသည်။

"မပြောတတ်ဘူး၊ ကျုပ်ပဲ နေမှာပေါ့"

"သူတို့ကို တရားဝင် မွေးစားထားတာလား"

"ကျုပ်တို့က မိသားစုပဲလေ၊ ဒါကို ဆိုလိုတာလား"

သားသားက ဂျူလီယာ့ နဖူးလေးနှင့် နှာခေါင်းထိပ်လေးကို ယုယစွာနမ်းရင်း ဖြေသည်။

"တရားဝင် စာချုပ်စာတမ်း ရှိသလား မေးတာပါ"

"ဟင်.. ဘယ်သူ့ဆီကလဲ"

"အာဏာပိုင်တွေဆီက ခွင့်ပြုချက်တို့၊ မိဘ သဘောတူညီချက်တို့ပေါ့"

"ဟင့်အင်း၊ မရှိပါဘူး၊ အဲဒါတွေက အရေးကြီးလို့လား"

သားသားက ဂျူလီယာ့ မေးခွန်းတွေကို ရိုးသားစွာ ဖြေနေသည်။

ဂျူလီယာ ထထိုင်လိုက်သည်။

"အရေးကြီးတာပေါ့ရှင့်"

"ဘာဖြစ်လို့လဲ"

"တစ်ခုခုဖြစ်ရင် တစ်ယောက်ယောက်ကတော့ တာဝန်ယူရမယ် မဟုတ်လား"

"ဘာကို တစ်ခုခု ဖြစ်ရမှာလဲ"

"အဲဒါတော့ မသိဘူးလေ၊ တစ်ခုခုကတော့ အမြဲတမ်း ဖြစ်တတ်တာပဲ"

"ဟင်"

"တရားဝင်မွေးစားခွင့် စာရွက်စာတမ်း မရှိရင် မိဘတွေက သူတို့ကို အချိန်မရွေး ပြန်လာခေါ်နိုင်တယ် မဟုတ်လား"

သားသားက မျက်မှောင်ကြီး ကြုတ်၍ နေသည်။

"အဲဒီကလေးတွေကို သူတို့မိဘတွေ ကိုယ်တိုင်ပဲ ကျုပ်ဆီ ခေါ်လာကြတာလေ၊ သူတို့လည်း နေရတာ ပျော်နေတာပဲ၊ ဒါနဲ့ မလုံလောက်သေးဘူးလား"

"အို... သားသားရယ်"

ဂျူလီယာ သက်ပြင်းမောကြီး ချလိုက်မိသည်။

ထိုခဏမှာ သားသားသည် ဂျူလီယာ့ နားနားကပ်ကာ သီချင်းဆိုလိုက်သည်။ ဗမာသီချင်းတစ်ပိုဒ်၊ နားနားကပ်၍ တိုးတိုးလေး ဆို၏။ သူ နားလည်နေသလိုပင်။

"တစ်နေ့နေ့တော့ ချစ်၍ လာလိမ့်မည်"

ဂျူလီယာ ရှက်ရွံ့စွာ ပြုံးမိသည်။ ညအိပ်ရာဝင်ချိန်မှာ ဖေဖေ တစ်ခါ တလေ ဆိုပြတာက လွဲလို့ တစ်ဘဝလုံးမှာ ဘယ်ယောက်ျားကမှ သူ့ကို သီချင်း ဆိုမပြဖူးခဲ့။

သားသား၏ သီချင်းသံက သာယာစွာ ပျံ့လွင့်နေဆဲ။

သူပန်ထားတဲ့ ပန်းနီနီ

နေရာခဏ လဲချင်သည်

ကြင်နာသူလေး လှဖို့ အစွမ်းကုန် ကြိုးစားမည်။

ရင်မှာ ဒီလောက်ချစ်ပါသည်

သူပျော်တာ အမြဲတွေ့ချင်သည်

သူ့အရိပ်အဖြစ် အမြဲ ရှိနေတတ်ပြီ။

သူဆင်မြန်းတဲ့ ဖိနပ်နီနီ

နေရာခဏ လဲချင်သည်

ကြွင်နာသူလေး ခလုတ်မထိဖို့

ကိုယ်ကြိုးစားမည်

ရင်မှာဒီလောက် ချစ်ပါသည်

ဒါကို သူလဲ သိနေပြီ

တနေ့နေ့တော့

ချစ်၍လာလိမ့်မည်။

သူပန်ထားတဲ့ ပန်းနီနီ

ကျွန်တော် ခဏဖြစ်ချင်သည်

တနေနေ့တော့ ချစ်၍ လာလိမ့်မည်။

တစ်ဆယ်

ချစ်ခြင်းမေတ္တာကို အမှန်တကယ် ခံစားမိသူများသည် အလှတရားများ ဖြာထွက် လာပြီး အတွင်း စိတ်သန္တန်ကလည်း ငြိမ်းချမ်းလာတတ်သည်။ သဒ္ဓါစိတ်တွေ လျှံတက်လာပြီး သူတို့၏ ပျော်ရွှင်မှုကို သူတစ်ပါးနှင့် မျှဝေခံစားလိုစိတ်တွေ ပေါ်လာတတ်သည်။ သူတစ်ပါးကို ကူညီလိုလာသည်။ ဘယ်လို တာဝန်ဝတ္တရား မျိုးကမှ သူတို့အတွက် ကြီးလွန်းသည် မရှိ။ သူတို့ ပျော်ရွှင်နေမှုကို ခံစားကြည့်လို့ ရသည်။ ပျော်ရွှင်မှုက မျက်ဝန်းထဲမှာ၊ ရယ်သံတွေထဲမှာ၊ လှုပ်ရှားမှုတွေထဲမှာ စိမ့်ဝင်နေတတ်သည်။ ခြေထောက်တွေပင် မြေကြီးနှင့် မထိတော့သလို။

ထိုသို့သော ပျော်ရွှင်မှုသည် ကူးစက်တတ်စမြဲ။ ထို့ကြောင့်ပင် ထို ရက် သတ္တပတ်များအတွင်း ဂျူလီယာ၊ သားသားနှင့် ကလေးတို့၏ ပေါ့ပါးပျော်ရွှင်မှု က လေထဲ ရောက်မတတ်။

ဂျူလီယာသည် ဒီတစ်ကြိမ်မှာတော့ကလေးတွေကိုအင်္ဂလိပ်စကားကို စိတ်ရှည်လက်ရှည် အချိန်ယူကာ သင်ပေး၏။ သူကိုယ်တိုင်က ကလေးတွေထံမှ ဗမာစကားကို သင်ယူ၏။ ထိုဘာသာစကားကို အချိန်တိုအတွင်း သူ ထုံးလိုခြေ ရေလိုနှောက် ပြောတတ်စေရမည်။

နေ့လယ် နေ့ခင်းဆိုလျှင် ဂျူလီယာနှင့် သားသားတို့နှစ်ယောက် ကျောင်းမှ ပျောက်သွားကြသည်။ အနီးနားတစ်ခွင် ပြဲပြဲစင်အောင် နှစ်ယောက်တည်း လျှောက်သွားကြသည်။ များသောအားဖြင့်တော့ ဆိုင်ကယ်လေးနှင့် ခရီးနှင်ကြပြီး တစ်ခါတလေတော့ သူတို့ တောင်တက်ကြသည်။ ပြန်ရောက်လာလျှင် ပျော်ရွှင် စိတ်ပေါ့ပါးစွာ ရယ်သံ တလွင်လွင်နှင့်။

ဂျူလီယာသည် နေ့သစ်တိုင်းကို အားပြည့်အင်ပြည့်ဖြင့် ကြိုဆိုတတ် လာသည်။ အမေရိကမှာတုန်းက အပန်းဖြေခရီးစဉ်တွေ အတွင်းမှာတောင် သူ ဒီလို မခံစားခဲ့ရစဖူး။

သားသားတစ်ယောက် ကလေးတွေအပေါ်ပြုမူဆက်ဆံပုံကို သူသေချာ ကြည့်မိသည်။ သားသားသည် အလွန်စိတ်ရှည်၏။ ခြေတစ်ဖက်ဆွံ့နေသော အိအိ၊ လက်တစ်ဖက် မရှိသော မိုးမိုးတို့ စိုက်ခင်းထဲမှာ ရွှာလည်နေလျှင်လည်း သူ ဘာမှ မပြော။ သူ၏တည်ငြိမ်မှု၊ ဂရုစိုက်မှုတွေဖြင့်သာ ကလေးတွေကို သာသာယာယာ ဆက်ဆံတတ်သည်။ ဘယ်သောအခါမှ မလုပ်နိုင်ရစကောင်းရယ်လို့ အပြစ်မဆို။ “ရှင်က ဖခင်ကောင်းပဲ” ဟု ဂျူလီယာ တီးတိုး ဆိုမိလေသောအခါ-

"ကျုပ်တော့ အဲ့လို မထင်ပါဘူးဗျာ" ဟု သားသားက ရက်တက်တက် မျက်နှာပေးဖြင့် ပြန်ပြောသည်။

"အို... ဘာဖြစ်လို့တုံး"

"ကျုပ်ကိုယ်တိုင်ကိုက ကလေးပဲ ရှိသေးတာလေ"

"ဟင်... ရှင်က ကလေး ဟုတ်လား၊ ဒီခန္ဓာကိုယ်ကြီးနဲ့လေ၊ ရှင့်ထက် ပိုပြီး လူကြီးဆန်တဲ့လူ ကျွန်မတော့ တစ်ခါမှ မမြင်ဖူးဘူး"

အိအိကတော့ သူ့ ပန်ကိတ်လုပ်နည်း လျှို့ဝှက်ချက် ဂျူလီယာ့ကို ပြောပြမည်ဟု ကတိပေးထားသည်။

သူတို့နှစ်ယောက် မီးဖိုချောင်ထဲ ဆောင့်ကြောင့် ထိုင်မိကြသည်။ အိအိ သည် နို့ကျို၏။ ကြက်ဥ ခြောက်လုံး၊ ရသာမှုန့်၊ သကြား လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် ဆားနည်းနည်းကို ခလောက်၏။

"မမကော မိဘတွေအတွက် နေ့တိုင်း ချက်ပေးလား"

အိအိက သိချင်နေသည်။

ဂျူလီယာ ခဏ စဉ်းစားလိုက်သည်။

"ဟင့်အင်း... မမက တစ်ယောက်တည်း နေတာ"

"ဟင်... တကယ် တစ်ယောက်တည်း နေတာလား"

ခုလို အိအိရှေ့မှောက်မှာ ဖြစ်နေသော သနားစရာ သတ္တဝါပါလား ဆိုသည့် အခြေအနေမျိုး ဂျူလီယာ တစ်သက်နှင့် တစ်ကိုယ် မကြုံဖူးခဲ့။

"ဟုတ်တယ်၊ မမတို့ဆီမှာ အဲသလိုပဲ၊ လက်မထပ်ရသေးဘူး၊ အဖော် လည်း မရှိ၊ ကလေးလည်း မရှိဘူး ဆိုရင် တစ်ယောက်တည်း နေကြတယ်ကွဲ့"

"အဲလို ဥပဒေထုတ်ထားတာလား"

"ဟယ်... ဥပဒေတော့ ဘယ်ဟုတ်ပါ့မလဲ"

အိအိက သူ့ကို ပါးစပ်ကလေး အဟောင်းသားဖြင့် ကြည့်ပြီး-

"ဒါဆို ဘာလို့ အဲ့သလိုကြီး နေနေတာလဲ" ဟု မေးလေသည်။

ဂျူလီယာ စဉ်းစားလိုက်သည်။

“ဘာဖြစ်လို့လဲ ဆိုတော့ အဲ့သလိုနေတာက လွတ်လပ်တယ်လေ”

“ဘယ်လို လွတ်လပ်တာမျိုးလဲ မမ”

“မမတို့ လုပ်ချင်တာကို လုပ်နိုင်တယ်လေ၊ တစ်ယောက်တည်း နေရတဲ့ အခါ ဘယ်သူ့အတွက်မှ စိတ်ပူပင်သောက ရောက်နေစရာ မလိုတော့ဘူးလေ”

ဝါကျတစ်ကြောင်းချင်းစီဟာ အိအိအတွက် စိတ်ရှုပ်ထွေးမှုကို ဆောင်ယူလာတယ် ဆိုတာကို ဂျူလီယာ သိနေသည်။

“ရှင်းပြဖို့ခက်တယ်ကွဲ့၊ နယူးယောက်နဲ့ ဒီမှာနဲ့က အရမ်းကွာခြားလွန်းတယ်၊ နယူးယောက်မှာတော့ တစ်နေကုန် အလုပ်ချည်း လုပ်နေရတဲ့အတွက် ညချမ်းဆို တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာလေးမှာ တစ်ကိုယ်တည်း နေချင်ကြ တယ်လေ”

“ဒါဆို မမ ဘာတွေ ချက်စားလဲ”

“အင်း... စနေ၊ တနင်္ဂနွေမှပဲ ချက်ဖြစ်တာပါ၊ တခြားရက်တွေကတော့ အပြင်မှာ စားချင် စား၊ မဟုတ်ရင် မှာစားတာပေါ့”

“ဩော်... အိမ်နီးနားချင်းတွေဆီက မှာစားတာလား”

“မဟုတ်ဘူးလေ၊ စားသောက်ဆိုင်တွေကပေါ့၊ လူတိုင်း အဲသလိုပဲ၊ ချက်ဖို့ အချိန်မှ မရတာ”

“ဟင်... ချက်ဖို့ အချိန်တောင် မရဘူးတဲ့လား”

အိအိဟာ ထောပတ်ကို ဒယ်ပြားကလေးထဲ အပူပေးရင်း ခေါင်းကလေး ယမ်းသည်။ ထောပတ် အဆင်သင့် ဖြစ်သောအခါ သူ နို့ လောင်းထည့်၏။ ပန်ကိတ် အလွှာပါးလေး ဖြစ်အောင် လုပ်နေ၏။

“ဒါက ထင်းရှူးရွက်ထက် ပိုထူလို့ မရဘူး” ဟု ဆိုရင်း ဂျူလီယာ့ကို သူ ပညာပေးနေသည်။ ဒယ်ပြားထဲက ပန်ကိတ်အလွှာကို သူ ဆတ်ခနဲ မြှောက်ပြီး အထက်အောက် လှန်၏။ ရွှေရောင်သန်းလာတော့ နို့ဆီလေး ဆမ်းကာ လိပ်လိုက်သည်။

တကယ်ပါပဲ။ စားဖူးသမျှထဲ အရသာ အရှိဆုံး ပန်ကိတ်ဟု ဂျူလီယာ သိလိုက်သည်။

နောက်တစ်နေ့မှာ ကျေးဇူးတုံ့ပြန်သောအားဖြင့် သီပေါဈေးထဲမှ ဒီ ကိုလိုနီခေတ် သံစုံသေတ္တာလေး တစ်လုံးကို ဂျူလီယာ ရှာဖွေ ဝယ်ယူလာခဲ့သည်။

သေတ္တာလေးက စကော့တလန်ရဲတိုက်ပုံစံ ရှိပြီး အင်္ဂလိပ် စစ်ချီတေးတွေ လွှင့်တတ်သည်။ အိအိသည် လွန်စွာကြိုက်ပြီး သွားလေရာ ယူဆောင်သွားတော့သည်။

***

တစ်မနက်တော့ သူနဲ့ သားသား အကြိမ်ပေါင်းများစွာ သွားခဲ့ကြတဲ့ စေတီလေး တစ်ခုကို ဂျူလီယာက ဘကြီးကို ပြချင်သတဲ့။ စေတီက အနီးနား တောင်ကုန်း တစ်ခုရဲ့ အစွန်းမှာ။ စေတီ ငှက်မြတ်နားနဲ့ ငှက်ပျောဖူးက ရွှေရောင်တဝင်းဝင်း၊ လုံးပတ်ကတော့ တစ်ဖက်က ထုံးသင်္ကန်းရှိသေးတယ်။ တခြားတစ်ဖက်ကတော့ အုတ်တွေ ပေါ်နေပြီ၊ အက်ကွဲကြောင်းတွေလည်း မြင်နေရပြီ။ သစ်ပင်လေးတွေ၊ မြက်လေးတွေတောင် အမြစ်တွယ်လို့။ ပြိုကြတော့မလို တစ်ဖက်ကို စောင်းလို့ နေသေးတယ်။ ဒါပေမဲ့ ကမ္ဘာမြေဆွဲအားကို ကြံ့ကြံ့ခံပြီး နေတော်မူတုန်း။

“ဒီလိုမျိုး မြင်ဖူးလား အစ်ကိုကြီး”

ဂျူလီယာက ဘကြီးကို မေးလိုက်တယ်။

ဘကြီး စေတီကို သေချာ လှည့်ပတ်ကြည့်တာပေါ့။

“ဟင့်အင်း... မမြင်ဖူးဘူး၊ ထူးတော့ ထူးဆန်းသလိုပဲ”

အဲဒီအချိန်မှာ သားသားက ဒီစေတီ သမိုင်းကို ရှင်းပြတယ်။ ရာစုနှစ်ပေါင်းများစွာအတွင်း ဒီစေတီတော်ဟာ မြေငလျင်ရဲ့ ဒဏ်ကို ကြိမ်ဖန်များစွာ ခံခဲ့ရပြီး ပြိုလဲတိုင်း အသစ်ပြန်လည် တည်ဆောက်ခဲ့တယ်တဲ့။ နောက်ဆုံးအကြိမ်မှာတော့ မြေတုန်ခါမှုမှာ ခုလိုပြိုလဲတော့မလိုဖြစ်ရသတဲ့။ လူတွေကတော့ စေတီတော် ပြိုလဲမသွားအောင် တန်ခိုးတော် တစ်ခုခုက ဟန့်တားထားတယ်လို့ ယုံကြည်ကြ ပြီး ဒီတန်ခိုးတော်က သူတို့ကိုလည်း ပြိုလဲမသွားအောင် ဆောင်ရွက်ပေးနိုင်စေ ကြောင်း ဒီစေတီတော်ကို လူတွေ လာဆုတောင်းကြတာ တဲ့။

ဂျူလီယာက ကျောပိုးအိတ်ထဲက မုန့်သုံးခုကို ဂရုတစိုက် ထုတ်လိုက် ပြီး ဆွမ်းတော်ဗန်းထဲ ထည့်လိုက်တယ်။ ဘကြီးကိုသူ ခေါင်းညိတ်ပြပြီး တစ်ယောက် တစ်ခုနော်လို့ ပြောလိုက်တယ်။

ဂျူလီယာဟာ ပြန်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပြီ။ ဒါပေမဲ့ ရာသီဥတုက နွေးပြီး တောင်တက်လာရတာလည်း နည်းနည်းဟိုက်နေတော့ စေတီရိပ်မှာ ခဏနားဖို့ ဘကြီး အကြံပေးလိုက်တယ်။ သားသားက ဘကြီးကို ရေဘူးတစ်ဘူး လှမ်းပေးတယ်။ ဂျူလီယာ့ ကြည့်ရတာ ဂဏှာမငြိမ်ဘူး၊ ဘကြီးနားက နေရာကို

လက်ညှိုးညွှန်ပြလိုက်ပြီး ထိုင်ကြဦး လို့ ပြောလိုက်တယ်။

သူတို့နှစ်ယောက်က ဘကြီးအနားမှာ ဆောင့်ကြောင့်လေးတွေ ထိုင်နေကြတယ်။

ခဏနေတော့ ဂျူလီယာ ထလာတယ်။ ဘကြီးတို့ရှေ့မှာ သူ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။

"ကျွန်မတို့ အားနေတဲ့ အချိန်မှာ ဘာတွေ လုပ်နိုင်မလဲ ဆိုတာ စဉ်းစားကြည့်တယ်၊ ကျွန်မမှာ အကြံတချို့ ရှိတယ်"

"ဘာအကြံတွေများလဲ"

သားသားက မေးလိုက်တယ်။

"အချိန်ကို အကျိုးရှိအောင် အသုံးချဖို့ပေါ့"

"အချိန်ဆိုတာ လူတစ်ယောက် သုံးလို့ရတဲ့ ကိရိယာမို့လို့လား"

"ကျွန်မတို့ဆီမှာတော့ ဒီလိုပဲ ပြောကြတယ်"

"ကဲပါ... ဘယ်လို အသုံးချမှာလဲ"

"ခေါင်မိုးကို ပြင်လိုက်ပြီး အပြင်က ကလေးတွေကို အင်္ဂလိပ်စာသင်တန်းဖွင့်မယ်၊ စိုက်ခင်းကို တိုးချဲ့မယ်၊ ပြီးရင် ဈေးကွက်ထဲ ရောင်းမယ်၊ သီပေါမြို့ထဲ မှာတောင် ကဖေးဆိုင်သေးသေး၊ ဒါမှမဟုတ် စားသောက်ဆိုင် ဖွင့်ချင် ဖွင့်လို့ ရသေးတယ်"

"ဟင်"

သားသားက ကျောမှီ ချလိုက်ပြီး စဉ်းစားနေတယ်။

"အဲသလိုဆို ခုလို စေတီရိပ်မှာ နားရင်း အစ်ကိုကြီးနဲ့ ထိုင်နေရတာက အချိန်ကို အကျိုးရှိစွာ အသုံးပြုတာမျိုး မဟုတ်ဘူးပေါ့"

"အဲသလို မဟုတ်ဘူး၊ ဒါကလည်း အကျိုးရှိစွာ အသုံးပြုတာပါပဲ"

"ဟင်... ဘာဖြစ်လို့"

"တစ်ခုခုကို အောင်မြင် ပေါက်မြောက်တာမျိုး မဟုတ်ရင် အကျိုးရှိစွာ အသုံးချတယ် မခေါ်ဘူး"

“ဩော်… ဂျူလီယာက ဘာတွေ အောင်မြင် ပေါက်မြောက်ချင်လို့လဲ”

“သားသား… ရှင် တကယ်ပဲ နားမလည်တာလား”

“နားလည်ပါတယ်၊ ဒါပေမဲ့ ...”

“ကျွန်မ အောင်မြင် ပေါက်မြောက်စေချင်တာတွေ အများကြီးပဲ၊ ဥပမာ အားဖြင့် ကလေးတွေရဲ့ဘဝ ပိုပြီး ကောင်းလာစေချင်တာမျိုးပေါ့”

သားသားဟာမျက်ခုံးကြီးနှစ်ဖက်ထိလုမတတ်အတွေးနက်နေတယ်။

“သူတို့ဘဝက ခု မကောင်းဘူးလို့ ခံစားရလို့လား”

“အဲသလို ဆိုလိုတာ မဟုတ်ဘူးလေ”

ဂျူလီယာဟာ တဖြည်းဖြည်း စိတ်မရှည် ဖြစ်လာတယ်။

“ဒါဆို ဘယ်လိုမျိုးလဲ”

“အသီးအနှံ တစ်မျိုးမျိုး စမ်းစိုက်ပြီး ဈေးကွက်ထဲ အောင်မြင်ရင် ငွေရ မယ်၊ ဒါဆို ခြံဝင်းထဲမှာ အိမ်သာ ကောင်းကောင်း၊ ရေချိုးခန်း ကောင်းကောင်း ဆောက်နိုင်မယ်၊ လမ်းမီးကို သွယ်ချင် သွယ်၊ ဒါမှမဟုတ် မီးစက်ဝယ်၊ ရေပူ ရအောင် လုပ်၊ ဒါဆို မနက်တိုင်း ရေခဲလို ရေမျိုးနဲ့ ချိုးစရာ မလိုတော့ဘူး၊ ဒါက တိုးတက်မှု မဟုတ်ဘူးလား သားသားရဲ့”

“မဟုတ်ဘူးလေ”

ဘကြီးတို့ နှစ်ယောက်ကို ဂျူလီယာဟာ တစ်လှည့်စီ ကြည့်တယ်။

“မဟုတ်ဘူးတဲ့လား၊ ဘာလို့ မဟုတ်ရမှာလဲ”

“ဒီကလေးတွေဟာ တခြားနည်းလမ်းနဲ့ တစ်ခါမှ နေဖူး ထိုင်ဖူးတာ မဟုတ်ဘူး၊ သူတို့ ရေနွေးနဲ့ ရေမချိုးဖူးဘူး”

“တစ်ခါတောင် မချိုးဖူးဘူးလား”

“တစ်သက်လုံး တစ်ခါမှကို မချိုးဖူးတာ”

“တစ်ပတ်အတွင်း သူတို့ ဒါကို အရမ်းကြိုက်ပြီး ရေအေးနဲ့ ချိုးချင်စိတ် တစ်ခါတည်း ကုန်သွားစေရမယ်၊ ကျွန်မ ကတိပေးတယ်”

“ဟုတ်ချင် ဟုတ်မှာပါ၊ ဒါပေမဲ့ အဲဒါကို သူတို့ တမ်းတမ်းစွဲနေမှာတော့

မဟုတ်လောက်ဘူး၊ အဲသလိုဆို ခုလို အေးအေးလူလူ ထိုင်နေနိုင်မှာ မဟုတ်ဘူး၊ အဲဒီအချိန်လေးတွေကိုတော့ လွမ်းနေရမှာ...”

သားသားက မျှော်လင့်ပြုံးလေး ပြုံးလိုက်တယ်။

“ကျွန်မလည်း လွမ်းမှာပါပဲ၊ ဒါပေမဲ့ ဒီနှစ်ခုဟာ တစ်ခုမဟုတ် တစ်ခု ရယ်တော့ မဟုတ်ဘူးလေ”

“အဲလို မဟုတ်ဘူးလား”

“မဟုတ်ဘူး”

သားသား ကြည့်ရတာ ဘဝင်ကျပုံ မပေါ်ဘူး၊ ဒါပေမဲ့ သူတို့ ဒီကိစ္စ ဒီအတိုင်းပဲ ထားလိုက်ကြတယ်။

အဲဒီနောက်တော့ ဘကြီးတို့ ပြန်လာခဲ့ကြတယ်။ လမ်းမှာတော့ ဘာမှ သိပ်မပြောဖြစ်ခဲ့ကြဘူး။

တစ်ဆယ့်တစ်

ကလေးတဲ့လား။

ဒီစစ်ဆေးမှုဟာ ဘာမှ မခက်တဲ့အတွက် သီပေါက ဆေးရုံမှာပင် အလွယ်တကူ ရနိုင်၏။ ပေါ့စတစ်တဲ့။ ဆရာဝန်၏ ထစ်ငေါ့ငေါ့ အင်္ဂလိပ်စကားက အဓိပ္ပာယ် အပြည့်အဝ ဆောင်ယူပေးရန် လုံလောက်သည်။

မနက်တိုင်း ပျို့ချင်သည်။ မကြာခဏ ဗိုက်က တဆတ်ဆတ် တုန်သည်။ ရင်သားတွေ တင်းလာသည်။ အားလုံးသော လက္ခဏာများကလည်း ထိုအရာ ကိုပင် ညွှန်ပြနေသည်။ ခုတော့ ဂျူလီယာ အသေအချာ သိရပြီ။

သူ့ကိုယ်တွင်းမှာ မီးခြစ်ဆံခေါင်းလောက်ပဲ ရှိသေးသော ဘဝသစ် တစ်ခုသည် ဖြစ်တည်နေခဲ့ပြီ။

ဒါ ဒုတိယမွေ့ အခွင့်အရေးပဲ၊ လူတိုင်း မရနိုင်တဲ့ အခွင့်အရေးဟု သူ တွေးနေသည်။

ကလေးလေး၊

သူ့ရဲ့ ရင်သွေးလေး။

သားသားတစ်ယောက် ဂျူလီယာ ပြောသည်ကို လုံးစေ့ပတ်စေ့ နားလည်ဖို့ ခဏတော့ အချိန်ပေးလိုက်ရသည်။

ကံဇာတ်ဆရာကပေးသော လက်ဆောင်တစ်ခု၊ ဘယ်လိုလက်ခံရမည် ဆိုခြင်းကို သူ မသိ။ သူ့ဘဝမှာ ကိစ္စများစွာ ကြုံခဲ့ရပြီးပြီ။ အစ်ကို၊ အိမ်မွေးတိရစ္ဆာန်၊ အချစ်မဲ့သား၊ မိဘမဲ့၊ ရှေ့တန်းပေါ်တာ၊ ရသေ့၊ ဒုက္ခသည်၊ အစားထိုး မိသားစု၊ ချစ်သူ။

ဖခင်တစ်ယောက် ဘဝကတော့ သူ့ စိတ်ထဲ ဘယ်တုန်းကမှ ဝင်မလာခဲ့စဖူး။ သူ ဆန္ဒရှိတာမျိုး မဟုတ်သလို ရှောင်လွှဲ ကြောက်ရွံ့နေတာမျိုးလည်း မဟုတ်။ သူ ဘယ်တုန်းကမှ ဒါမျိုး ကြုံခွင့် မရတာမျိုးပါ။ စစချင်း ဂျူလီယာဟာ တခြား မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် အကြောင်း ပြောနေတာလို့တောင် သူ ထင်မိသည်။

ကလေးတစ်ယောက်အတွက် လိုအပ်ချက်တွေကို သူ ဖြည့်ဆည်းနိုင်ပါ့မလား။ သူ့မိဘတွေ အကြောင်း တွေးမိသည်။ သူတို့နှင့်ပတ်သက်သည့် အတိတ် အမှတ်တရ များများစားစားတော့ မရှိပါ။ သူ့အဖေ၏ ပုံပန်းကိုပင် ခုသူ ဖမ်းမရ

ချင်တော့။ အဖေသည် ခွန်အားဗလ ကြီးမား သန်စွမ်းသူ ဖြစ်ရလိမ့်မည်။ နေ့စား အလုပ်သမား၊ သစ်ခုတ်သမားမို့ တစ်နှစ်ပတ်လည်လုံးလိုလို အိမ်မှာ မရှိ၊ ဧည့်သည်သွား ဧည့်သည်လာ ရက်ပိုင်းလောက်သာ ပြန်လာတတ်သည်။ ပြန်လာချိန်တွေမှာလည်း ကလေးတွေအတွက် သူ့မှာ အချိန်မရှိ၊ သူ့အဖေနှင့် အတူတူ ဆော့ကစားတာမျိုး သားသား မမှတ်မိ။ အဖေဟု မှတ်မိခြင်းက မျက်နှာ၊ သို့မဟုတ် အသံတစ်ခုထက်အထီးကျန်ခြင်းနှင့် လို၍ မရသော ဆင်းရဲကို ခံစားရခြင်းမျှသာ။

သူ့အဖေနှင့် ပတ်သက်၍ အရှင်းလင်းဆုံး မှတ်မိနေသည့် မြင်ကွင်းက အဖေ့ဘဝ နောက်ဆုံး စက္ကန့်ပိုင်းကလေးကိုသာ။ အဖေသည် သစ်ပင်ထိပ်ဖျားမှာ မတ်တတ်ရပ်ရင်း သူ့ကို လက်ပြနေ၏။ ဖြောင်းခနဲ သစ်ကိုင်းကျိုးသံ၊ ဝေါခနဲ လေးလံသော တစ်စုံတစ်ရာ သစ်ပင်ထက်မှ ကျလာသံ။ ဝိုင်းအုံလာကြသော လူတို့၏ မျက်နှာများ။

သူ အင်မတန် ငယ်ရွယ်သော အချိန်မှာပင် သူ့အဖေက သူ့ကို ချန်ရစ်သွားခဲ့ခြင်း ဖြစ်သည်။

ဂျူလီယာ့ စကားသံတွေ ကြားရတော့ သူ ဒါတွေကို ပြန်အမှတ်ရသည်။ ကလေးတစ်ယောက်တဲ့လား။

ဘာတွေ ဖြစ်နေပါစေ၊ သူ့ကလေးအတွက် သူ ကြုံခဲ့ရတာနှင့် လုံးဝ ကွဲပြားခြားနားသော ဖခင် ဖြစ်စေရမည်ဟု သူ သန္နိဋ္ဌာန် ချမိသည်။

မိုးမိုးနှင့် အိအိတို့ကလည်း သူတို့နည်း သူတို့ဟန်ဖြင့် မိသားစုဝင် တစ်ဦး တိုးလာတော့မည့်အပေါ် အောင်ပွဲခံကြသည်။ သူတို့ ဂျူလီယာ့ကို မျက်စိအောက် က အပျောက်မခံ။

ညကျတော့ ခေါင်းအုံးပေါ်မှာ တွေ့နေကျ ပန်းတစ်ပွင့်အစား နှစ်ပွင့် ဖြစ်လာသည်ကို ဂျူလီယာ တွေ့လိုက်ရသည်။ အကြီး တစ်ပွင့်၊ အသေး တစ်ပွင့်။ မနက်မိုးလင်း၍ မျက်စိနှစ်လုံး ပွင့်ပြန်တော့ အနားမှာ ကလေးမ တစ်ယောက်ယောက်က အမြဲ ရှိနေခဲ့သည်။ ဘယ်လို နေသေးလဲ၊ ဘာလိုသေးလဲ အမြဲ မေးခံရသည်။

လယ်ကွင်းထဲမှာ အလုပ်လုပ်ချိန်၊ ခြံဝင်းထဲမှာ အဝတ်လှန်းနေချိန် တွေမှာ သူတို့ ဂျူလီယာ့နား အမြဲ တကောက်ကောက်လိုက်ကာ မျက်စိဒေါက် ထောက် ကြည့်နေကြသည်။ သူ ဘာမှ မဖြစ်ကြောင်း၊ ကိုယ်ဝန်ရှိတာသာ ဖြစ် ကြောင်း ဂျူလီယာ သူတို့ကို သေချာ ရှင်းပြရတော့သည်။

“ဒီက လူတွေဟာ ကိုယ်ဝန်သည်တွေကို အမြဲ ဒီလိုပဲ အကာအကွယ်

ပေးတတ်တာလား ဟင်”

သူ သားသားကို ခုလို မေးမိတော့ သားသားက တွေးတွေးဆဆနှင့် ရယ်၏။

“ဟင့်အင်း၊ အဲသလို မဟုတ်ဘူး၊ သူတို့ ထင်တာက မင်းကို အမေရိက မှာဆို ဒီလိုပဲ စောင့်ရှောက်ကြလိမ့်မယ်ပေါ့၊ ဒါကြောင့် အမေရိကန်က အိမ်နဲ့ တူအောင် မင်းလိုသမျှ သူတို့ ဖြည့်ဆည်းပေးဖို့ ကြိုးစားရှာကြတာ ထင်ပါတယ် ဂျူလီယာရယ်”

ဒီ ဘုန်းကြီးကျောင်းအိုက တစ်စုံတစ်ယောက်ကိုမှ သူ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ရမည်ကို ဂျူလီယာ မလိုလားပါ။ သူ ကိုလွင်နှင့် ကိုအောင်ကို ခြင်းတောင်း ရက်နည်း သင်ခိုင်းပြီး ရအောင် ရက်သည်။ နောက်ဆုံး လှုပ်ရှားမှုတွေ သိပ်ခက်ခဲလာချိန် အထိပေါ့။ သူတို့က ခြင်းရက်ရန် သင့်တော်သည့် ဝါးကို ပြ၏။ ဝါးကို ပါးလွှာသော ဝါးခြမ်းလေးတွေအဖြစ် လက်မထိအောင် ဘယ်လို လွှာရမည်ကို ပြ၏။ ပြီးတော့ ဝါးခြင်းတောင်း အကြီးနှင့် အသေး ဘယ်လို ရက်ရမည်ဆိုသော နည်းလမ်းကို သင်ပေး၏။ မျက်မမြင် ကိုအောင်သည် စကားတစ်ခွန်းမှ မဆိုဘဲ သူ့လက်တွေကို စိတ်ရှည်စွာ နေသားတကျဖြစ်အောင် ထားသိုပြသည်။ ဂျူလီယာ မှားလုပ်မိလေတိုင်း သူက အားပေးသည်။

“ခြင်းတောင်း တစ်တောင်း ရက်ရင် အချိန် ဘယ်လောက် ကြာသလဲ”

သူတို့လည်း သေချာ မသိ၊ အကြမ်းဖျင်းတော့ အကြီး နှစ်တောင်း၊ သုံးတောင်းနှင့် အသေး တစ်တောင်း ပြီးသည်ဟု ဆိုကြ၏။ ခြင်းတောင်းကြီးကို ခြောက်ထောင်ကျပ်၊ ခြင်းတောင်းသေးက လေးထောင်ကျပ် ရောင်းကြသတဲ့။

ဂျူလီယာ စိတ်ရှုပ်သွားသည်။

“ခြင်းတောင်းသေးက ခြင်းတောင်းကြီးထက် သုံးဆလောက် အချိန် ပိုပေးရပြီး ဈေးကျ ဘာလို့ နည်းနေတာလဲ”

“ဝယ်သူတွေက ဒီထက် ပိုမပေးချင်ကြဘူးလေ”

ဟု သားသားက ရှင်းပြသည်။

“ဒါဆိုလည်း ခြင်းတောင်းကြီးတွေပဲ ရက်ပေါ့”

“ဝယ်သူက အသေးလည်း လိုချင်တယ်”

“ဒါဆို ဈေးကောင်းပေးပေါ့”

“နို့… ပေးသားပဲကို”

"မလုံလောက်ဘူးလေ"

"လေးထောင်ဆိုတာ မနည်းပါဘူးကွယ်"

သားသားက အတိုက်အခံလုပ် ပြောနေသည်။

"ဟုတ်ချင် ဟုတ်မှာပါ၊ ဒါပေမဲ့ အချိန်ပေးရတဲ့ တောင်းသေးက မြန်တဲ့ တောင်းကြီးထက် စျေးနည်းနေတာဟာ အဓိပ္ပာယ် မရှိဘူး"

"ဟင်… ဘာဖြစ်လို့လဲ"

ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ဝယ်လိုအား နှင့် ရောင်းလိုအား အကြောင်း နှစ်ကြိမ်တိုင်တိုင် ရှင်းပြပြီးသည်အထိ သားသားမှာ သဘောမပေါက်နိုင်သေး။

ဂျူလီယာ့လက်ရာ ပထမဆုံး ခြင်းတောင်းကို ကြည့်ပြီး သူတို့ သုံးယောက် သည် ကောင်းလိုက်တာဟု ချီးကျူးကြသော်လည်း စိတ်ထဲကမူ တစ်ခုခု ထည့်လိုက် တာနဲ့ တစ်စစီ ပြုတ်သွားမယ် ထင်တယ်ဟု စိုးရိမ်နေကြ၏။ ကျင့်သားရ ကလေး တွေနှင့် ယှဉ်လျှင် သူလုပ်ပုံက မထော်မနမ်း၊ ကိုးရိုးကားယား။

သို့သော် ဂျူလီယာ လက်မမြှောက်၊ အရှုံး မပေး။ တစ်နေ့လယ်ခင်းလုံး ခြင်းတောင်း ယက်လိုက်၊ တဖျစ်တောက်တောက် ကျိန်ဆဲလိုက်နှင့် နောက်ဆုံး သူ့ အလွန် ကျွမ်းကျင်လာချိန်ထိပေါ့။ သူ့ခြင်းတောင်းသည် ဘာထည့်ထည့် ပြုတ်မထွက်တော့။ အောင်ပြီ။

သူ ကိုယ်ဝန်ရှိသည်ကို သိပြီးစ ရက်သတ္တပတ်များအတွင်း ဂျူလီယာ သည် ဘုန်းကြီးကျောင်းအိုမှာ ကလေးနှင့် နေရမည့် ဘဝအတွက် စီမံကိန်းတွေ ဆွဲနေခဲ့သည်။ အမေရိကမှ ငွေတွေကို သုံးပြီး ရေပန်းတွေ အများကြီးနှင့် ရေချိုးဇလုံ ပါသော ရေချိုးခန်းကြီးတစ်ခု ဆောက်မည်။ လျှပ်စစ်မီး ရအောင် လုပ်မည်၊ ခေါင်မိုးကို သေချာပြင်မည်၊ တစ်ပတ်ရစ်ဂျစ်ကားလေး တစ်စီး ဝယ်မည်။ ရေစုပ်စက် တပ်ထားသော ရေတွင်းတစ်ခု တူးမည်၊ ဘုန်းကြီးကျောင်းအိုမှ လမ်းမပေါ် တက်သော လမ်းကလေးကား ပြုပြင်ဖို့လိုတာ ကြာပြီ၊ မိုးတွင်းများဆို ဗွက်အိုင် အနန္တနှင့် ကားသွားလို့ လုံးဝမရ။

သူ့အကြံတွေကို သားသားက ဘာတစ်ခုမှ မကန့်ကွက်၊ ကန့်ကွက်ချင် ရင်တောင် ဘယ်တော့မှ မပြော။ သားသားသည် အလွန် အင်မတန် ကြင်နာယုယ တတ်နေသည်။ ဂျူလီယာ ငါးဟင်း တောင့်တနေလျှင် သူကိုယ်တိုင် စျေးသွား၊ ငါးဝယ်ပြီး ချက်ပြုတ်ပေးသည်။ မနက်စာ စားတုန်း လတ်လတ်ဆတ်ဆတ် နို့သောက်ချင်သည် ဆိုလျှင် ရအောင် လုပ်ပေးသည်။ ညဘက် အိပ်မပျော်လျှင် ခြေဖဝါးလေးတွေကို ဆုပ်နယ်ပေးသည်။ ထိုသို့မှ အိပ်မပျော်ဘူး ဆိုလျှင် အိပ်ပျော်

သွားချိန်ထိ ဂျူလီယာနှင့် ကလေးအကြောင်းကို တီးတိုးပြောနေတတ်သည်။

သို့သော် ကိုယ်ကာယ နှီးနှောဖလှယ်ခြင်းမျိုးကို သူရှောင်၍ နေသည်။ ဂျူလီယာ့အဖို့ ဒါ ထူးဆန်းလို့ နေသည်။ အပြင်သွားချိန် နှစ်ယောက်တည်း ရှိချိန်များမှာ ဂျူလီယာ မည်သို့ပင် မြူဆွယ်စေကာမူ အနမ်းနှင့် ကြင်နာသော ထွေးပွေ့မှုတို့က လွဲ၍ ဘာမှ မဘာ။ သားသားသည် ဂျူလီယာ့ ဝမ်းကြာတိုက်ထဲတွင် ကြီးထွား နေသော ကလေးငယ်ကို မည်သည့်နည်းနှင့်မှ အနှောင့်အယှက် မပေးချင်။

ကလေးလေး။

ဂျူလီယာ့ရဲ့ ကလေးလေး။

တစ်ဆယ့်နှစ်

မိသားစု ဆိုတာ ဂျူလီယာ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သိ= သည့် အဓိပ္ပာယ်က ဖေဖေရယ်၊ မေမေရယ်၊ အစ်ကိုရယ်၊ သူရယ်ပေါ့။

တစ်ကမ္ဘာလုံးက အရာအားလုံးထက် ပိုချစ်ပေမယ့် အိမ်မှာ အမြဲ ရှိမနေတတ်၊ သူ လိုအပ်ချိန်တိုင်း မရှိတတ်သည့် ဖခင်တစ်ယောက်။

တစ်ခါတလေ ကြောက်စရာ ကောင်းလောက်အောင် စိတ်တိုတတ်၊ သမီးဖြစ်သူ ဘာဖြစ်နေမှန်း စိတ်မဝင်စားဘဲ မှောင်မိုက်သော သူ့ အိပ်ရာထက်မှာ ရက်ပေါင်းများစွာ နေချင် နေတတ်သည့် မိခင်တစ်ယောက်။

သူက လေးစား အားကျသော်လည်း သူ့ကို ရှိလို့ ရှိမှန်းတောင် မသိဘဲ ဘာမှန်း မသိသည့် အကြောင်းများကြောင့်သူနှင့် စိမ်းလှသော အစ်ကိုတစ်ယောက်။

မပြီးနိုင်လောက်အောင် ကြာပြီး ပန်းကန် ခွက်ယောက်သံများမှအပ တိတ်ဆိတ်လှသော ညစာစားပွဲများအကြောင်း သူ သတိရနေသည်။ အမေနှင့် သားအကြား ဖလှယ်ကြသော အကြည့်များက လျှို့ဝှက်ချက်တို့ ပြည့်နှက်နေ သည့် ကမ္ဘာတစ်ခု၊ သူ ဘယ်တော့မှ လက်လှမ်း မမီနိုင်သည့် ကမ္ဘာတစ်ခုကို ညွှန်ပြသည်။ အရှေ့အပေါ်ခြမ်းက အိမ်ကြီးမဟာမှာ ရယ်သံဆိုတာ ရှားတောင့် ရှားပါး အရာ။

အပျော်တွေ ဘယ်တော့မှ မဆိတ်သုဉ်းသည့် မိသားစုတွေ အများကြီးပါ။ တချို့ကျတော့လည်း ပျော်ရွှင်မှုဆိုတာ တစ်သက်မှ တစ်ခါလောက် လာလည် တတ်တဲ့ ဧည့်သည်လိုပါပဲ။ တစ်ယောက်ချင်းစီက ချစ်ခြင်းမေတ္တာတွေ ထည့်ဝင် ထားကြပေမယ့် လုံလောက်ခြင်း မရှိသေးတဲ့ မိသားစုတွေလည်း ရှိရဲ့။ အားလုံး က ကိုယ် လုပ်နိုင်သလောက် လုပ်ကြပေမယ့် ဝေါမွတ်နေတဲ့ နှလုံးသားပိုင်ရှင် မိသားစုတွေလည်း ရှိတာပါပဲ။ ဘယ်သူ့ကိုမှ အပြစ်တင်နေဖို့မလို၊ ရည်ရွယ်ချက်ဆိုး မရှိ၊ ဒါပေမဲ့လို့ သေရာပါမယ့် ဒဏ်ရာတွေ၊ တစ်သက်လုံး မကျက်နိုင်မယ့် အနာတရ တွေလည်း ဖြစ်တတ်သေး။

အားလုံးရဲ့ အစ၊ မူလဘူတကတော့ ချစ်ခြင်းမေတ္တာနဲ့ အချစ်ကို ဝေါ မွတ်ခြင်းကြောင့် ဖြစ်လာတဲ့ စိုးထိတ်ဗျာပွေ သောကအပူ။

ဘယ်သူမှ ဘယ်တော့မှ မလွတ်မြောက်နိုင်တဲ့ အရာ။ ကြီးမားလွန်းတဲ့၊ သေးငယ်လွန်းတဲ့၊ ဝေါမွတ်လွန်းတဲ့၊ ရောင့်ရဲလွန်းတဲ့ နှလုံးသားတွေ တည်ရှိရာ နေရာ။

အဲဒီနေရာမှာ အားလုံးဟာ ကူကယ်ရာ မဲ့လွန်းတယ်၊ ထိခိုက်လွယ် လွန်းတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ အချစ်မှာ တရားမျှတမှု ဆိုတာ နတ္ထိ-မရှိ မို့လို့ ပါပဲ။

ဂျူလီယာ့ရဲ့ ငယ်ဘဝ မိသားစုလေး မရှိတော့ပြီ။ ဖေဖေက သေပြီ။ မေမေက အစ်ကိုနဲ့ ဆန်ဖရန်စစ္စကိုမှာ အခြေချနေပြီ။ မွေးနေ့တို့၊ ကျေးဇူးတော်နေ့ တို့မှာ မာကြောင်း သာကြောင်း ဖုန်းကလေး တစ်ခါနှစ်ခါ ဆက်ရုံသာ သူတို့နှင့် အဆက်အသွယ် မပြတ်ရုံကလေးသာ ဆက်ဆံရေး ကျန်တော့၏။

ခု သူ့ကိုယ်ပိုင် မိသားစုတစ်ခုကို အစပျိုးတော့မည်။ ကိုယ်ပိုင် စည်းမျဉ်း တွေနှင့် မိသားစုတစ်ခုပေါ့၊

အမေရယ်... အဖေရယ်... ကလေးရယ်...။

ညီအစ်ကို၊ မောင်နှမ ဆယ့်နှစ်ယောက်ရယ်။

ဘကြီးရယ်...။

ရှမ်းတောင်တန်းတွေပေါ်က ဘုန်းကြီးကျောင်းအိုကြီး တစ်ခုမှာ အတူ တကွ နေကြမယ်။

အားလုံးအတွက် နေစရာ အကျယ်ကြီး ရှိတဲ့ သူတို့ ကွန်းခိုရာ ရိပ်မြုံ ကလေး။ မိသားစုဝင်တွေ အားလုံး တစ်ယောက်နဲ့ တစ်ယောက် ဖေးမကူညီပြီး စိတ်ဝင်တစား ရှိလှတဲ့ မေတ္တာဂေဟာလေး။ အမုန်းတွေ အငြိုးတွေ အထင်သေး တာတွေ မရှိ၊ ဘယ်သူမှလည်း စိတ်ကောက်ပြီး အမှောင်ချထားတဲ့ အိပ်ခန်းထဲ တံခါးပိတ်နေလို့ မရ။

ဆိုတော့ ပျော်စရာမိသားစုလေးကို စိတ်ရှည်ရှည်နဲ့ စောင့်ရလိမ့်မည်။ သားသားနှင့် အစ်ကိုကြီး ဦးဘတို့၏ အကူအညီဖြင့် အရာရာသည် အကောင်း ချည်း ဖြစ်လာလိမ့်မည်။ ထို့အတွက် သူ သံသယ မရှိ။

တစ်ဆယ့်သုံး

ကံဆိုးမိုးမှောင်က ဆိုင်းမဆင့် ဗုံမပါ ကျရောက်လို့ လာခဲ့ပါတော့သည်။

အိအိသည် ဤရိပ်မြုံတွင် သားသား ပထမဆုံး လက်ခံထားခဲ့သော ကလေးများထဲမှ တစ်ယောက်။ ရက်တတ်ပြီး စကားနည်း လွန်းခြင်းကြောင့် ဒီကလေး စကား တစ်လုံး၊ နှစ်လုံးအပြင် ပိုပြောတတ်ရဲ့လားဟု သားသား သံသယ ရှိခဲ့ဖူးသည်။

ပိုလီယိုရောဂါကြောင့် ခြေထောက်တစ်ဖက်က တောင့်တင်းပြီး လက်တွေက ပျော့ဖပ်နေသော ရှစ်နှစ်အရွယ် သမီးလေးကို စွန့်ပစ်ဖို့ သဘောတူခဲ့ကြသည့် မိဘနှစ်ဦး၊ စွန့်ပစ်ကလေးများကို စောင့်ရှောက်ပေးနေသည့် ရသေ့တစ်ပါး ရှိကြောင်း သူတို့ ကြားဖူးသည်။ သူတို့က စာမတတ်သည့် လယ်သမားတွေ၊ ကလေးတွေကလည်း အများကြီး၊ ပါးစပ်ပေါက်များစွာအတွက် ဝမ်းဝဖို့ ကုန်းရုန်း ရှာကြရသူများ။

ရောက်ခါစက အိအိသည် သားသား သွားလေရာ လိုက်၏။ တစ်နေ့မှာ ထိုရသေ့ကြီးလည်း သူ့ကို စွန့်ပစ်သွားမှာ စိုးရိမ်သည့်အလား။ ယုတ်စွအဆုံး သားသား အခင်းကြီးသွားလျှင်ပင် အိမ်သာ တံခါးပေါက်ဝမှာ သူ ထိုင်စောင့်တတ်သည်။ သားသားသည် အိအိအကြောင်း ပိုသိလာသောအခါ အဆင်ပြေလာခဲ့ သည်။ အိအိ နောက်က လိုက်လာလျှင် သားသားက ခြေလှမ်းကို နှေးပေးသည်။ အလျင်စလို သွားရမည့် ကိစ္စ ဆိုလျှင်တော့ အိအိကို ကျောပိုးချင် ပိုး၊ ချီချင် ချီပြီး သုတ်ခြေတင်ပေါ့။

ထိုအချိန်များတုန်းက အိအိသည် သားသား အနားမှာ ရှိနေမှ အိပ်ပျော်တတ်သည်။

အချိန်ကြာလာသည်နှင့်အမျှ ယုံကြည်မှုတွေ တိုးလာခဲ့သည်။ သားသား အနားမှာ မရှိလည်း သူ နေတတ်ပြီ၊ နေပျော်ပြီ။ ထမင်း၊ ဟင်း ချက်တတ်ပြီ။ သူ့ဟာသူ သွားလာတတ်ပြီ။ နောက်ထပ် ဝင်လာမစဲ တဖွဲဖွဲ ရောက်လာသည့် ကလေးငယ်များအတွက် ချစ်စရာ အစ်မကြီးအဖြစ် နေတတ်ပြီ။ သားသား စိတ်ချရသော အကူလက်ထောက် ဖြစ်လာခဲ့ပြီ။

မနက်ခင်းတစ်ခုမှာ အိအိ စိုက်ခင်းထဲ မဆင်းနိုင်ခြင်းကို ဘယ်သူမှ စိုးရိမ်သောက မဖြစ်ကြ။ ပိုလီယိုရောဂါသည် ခြေထောက်ကိုသာမက တစ်ကိုယ်လုံးကို ဒဏ်ရာဟောင်းတွေ ချန်ရစ်ထား တတ်သည်ကိုး။

ပထမတော့ ဂျူလီယာရော သားသားပါ အိအိ အအေးမိသည်ပဲ ထင်ကြ ၏။ ချောင်းဆိုးခြင်း၊ အဖျားရှိခြင်းအတွက် မစိုးရိမ်။ ကလေးအများစုသည် ဆောင်းကာလမှာ ဒီလိုပဲ ဖြစ်တတ်ကြသည်။ ဒါအတွက်လည်း စိတ်ချရသည့် ဆေးဝါးတွေ ရှိပြီးသား။

သားသား၏ တိုင်းရင်းဆေးရည်ကား အလုပ်မဖြစ်။

ဂျူလီယာ့ ဆေးသေတ္တာထဲမှ အအေးမိပျောက်ဆေး၊ အကိုက်အခဲ ပျောက်ဆေးတို့လည်း မတိုး။

အိအိ၏ အဖျားကား တက်သည်ထက် တက်လာခဲ့သည်။ သူ့ခြေထောက်မှာ ပြုတ်ရှ ဒဏ်ရာလေး တစ်ခု။

ပိုးဝင်နေချေပြီတကား။

အကယ်၍သာ အိအိတစ်ယောက် ခံစားနေရသည့် ဝေဒနာကို ဖွင့်ဟ ခဲ့ပါလျှင် သူတို့ ဆေးရုံသို့ စောစောစီးစီး ခေါ်ဆောင်သွားနိုင်ပေလိမ့်မည်။ သို့သော် အိအိသည် တစ်ချက်မငြီး၊ ဘယ်သူ့ကိုမှ ဝေဒနာကို မကြေညာခဲ့။

အိအိ၏ သွေးဆိပ်အတွက် သီပေါမှာ ဆေးမရှိ၊ ဂျူလီယာသည် တက္ကစီ တစ်စီး ငှားပြီး မန္တလေးထိ ဆင်းခိုင်းသည်။ သီပေါ-မန္တလေး-သီပေါ အသွား အပြန် ခရီးသည် မနားတမ်း တောက်လျှောက်မောင်းလျှင် ၁၂ နာရီမှ ၁၆ နာရီထိ ကြာနိုင်သည်။ ဂျူလီယာသည် ဒရိုင်ဘာ နောက်တစ်ယောက် ထပ်ငှားသည်။ ဒရိုင်ဘာနှစ်ယောက် အလှည့်ကျ မောင်းရန်။

ထိုအချိန်အတွင်း သူ အိအိနားက တစ်ဖဝါးမှ မခွာခဲ့။ သံစုံသေတ္တာလေး ကို သံပတ်ပေး၍ မြည်စေ၏။ နဖူးပေါ် ရေစိုဝတ် တင်ပေး၏။ စကားလုံးတွေက အဖျားကို ကုစားနိုင်သည့်အလား အိအိ နားနားမှာ စိတ်အားတက်ကြွဖွယ် စကားတို့ကို ပြောပေး၏။

အိအိသည် ဂျူလီယာ့ လက်ကို သူ့အမေ လက်သဖွယ် မလွှတ်တမ်း ဆုပ်ကိုင်ထားသည်။

မနက်စောစောမှာ ကားပြန်ရောက်လာသည်။ ဒရိုင်ဘာနှစ်ယောက် သည် လမ်းမှာ လုံးဝမနားဘဲ ခရီးပြင်း နှင်လာခဲ့ကြသည်။ ဂျူလီယာသည် အိအိ ကို ဆေးတိုက်၏။ စောင့်၏။ သို့သော် နောက်ကျလွန်းခဲ့ပြီ။

အိအိ၏ နှလုံးသားကား ကြီးမားသော်လည်း ကြံ့ခိုင်ခြင်း မရှိပေသည် တကား။

သံစုံသေတ္တာလေး သော့ပေးသော အသံသည် သူ နောက်ဆုံး ကြား လိုက်ရသည့် အသံ ဖြစ်လိမ့်မည် ထင်၏။

***

အိအိ သေဆုံးခြင်းသည် များစွာသော ကိစ္စတွေကို ပြောင်းလဲသွားစေခဲ့သည်။

ဂျူလီယာသည် အိအိကို အလွန်ချစ်၏။ အိအိ၏ မလျှော့သော ဖွဲ၊ သတ္တိ၊ စိတ်ဓာတ် အားလုံးကို သူ သဘောကျသည်။ ခုတော့ အိအိ၏ ဖျော့တော့သော အသက်မဲ့ ခန္ဓာလေးသည် ဖျာစုတ်တစ်ချပ်ပေါ်ဝယ် မထသော အိပ်ခြင်းဖြင့် လှဲ၍ နေခဲ့ပြီ။ ဂျူလီယာသည် အရင်က တစ်ခါမှ လူသေကို မမြင်ဖူး၊ မကိုင်ဖူးခဲ့၊ သူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုသည် အိအိနှင့်အတူ သေဆုံးသွားခဲ့ပြီဟု ခံစားနေရသည်။

သားသားက ဂျူလီယာ့ကို နှစ်သိမ့်ဖို့ ကြိုးစားသည်။ အိအိတစ်ယောက် မကြာခင် ဘဝအသစ်တစ်ခု ဖြစ်တည်တော့မည်။ ထို ဘဝအသစ်မှာ အိအိသည် ခုန်ဆွခုန်ဆွ ဆတ်တောက်ဆတ်တောက် သွားစရာ မလိုတော့ပြီ။ ကျန်းမာကြံ့ခိုင်သော ဘဝသစ်တစ်ခု။ ထိုအတွေးက သားသားကို စိတ်ဖြေသိမ့်စေနိုင်သော် လည်း ဂျူလီယာ့အတွက်တော့ မဟုတ်။

ထိုနေ့မတိုင်ခင်အထိ သူ ကလေးကို သီပေါ၊ သို့မဟုတ် မန္တလေးမှာ မွေးဖို့သာ စိတ်ကူး မျှော်လင့်ထားခဲ့သည်။ သူ လွန်ခဲ့သော နှစ်နှစ်က သားအိမ်နံရံ မှ အလုံးကြောင့် သားပျက်ခဲ့ဖူးသည်။

ကံ၊ ကြမ္မာ၊ ကံဆိုးခြင်း၊ ကြိုက်သလို အမည်တပ်ပေါ့။

ဆေးပညာရှုထောင့်မှ ကြည့်လျှင် ထိုကိစ္စက ဒုတိယကိုယ်ဝန်ကို အန္တရာယ် ပြုစရာ ဘာအကြောင်းမှ မရှိ။ ဆရာဝန်များစွာက သူ့ကို ထိုသို့သာ ပြောခဲ့ကြ သည်။ ဒီတိုင်းပြည်မှာ ကျန်းမာသော မိခင်များမှ ကျန်းမာသော ကလေးများကို နေ့စဉ် ဖွားမြင်နေကြသည်ပဲဟု ကိုယ့်ကိုယ်ကိုယ် ပြောမိသည်။ ကိုယ်ဝန် ပထမ သုံးလသည် အခက်အခဲ မရှိ လွန်မြောက်ခဲ့ပြီ။ နယူးယောက်မှ သူ့ သားဖွားမီးယပ် ဆရာဝန်နှင့်ထပ်တူ ယုံကြည်စိတ်ချရသော အင်္ဂလန်မှ ဘွဲ့ရလာသည့် အမျိုးသမီး သားဖွားမီးယပ် ဆရာဝန်ကြီးနှင့်လည်း မန္တလေးမှာ ပြထားပြီးပြီ။

ခုတော့ မဟုတ်တော့ပြီ။

ခြေထောက်မှ ခြစ်ရာလေးတစ်ခုက ကလေးတစ်ယောက်ကို သေစေ နိုင်လျှင် မွေးကင်းစကလေးအတွက် အန္တရာယ်တွေ တပ်ထောင်တာ မိုလ်ထုဖြင့်

စောင့်ဆိုင်းနေမည်မှာ သေချာလှသည်။

ကလေးမိခင်အတွက်ကော။

ဂျူလီယာ့အတွက် တစ်ရက်တစ်ရက် သံသယနှင့် နေရသည်က များလာသည်။ ခြင်ကောင်တို့သည် အန္တရာယ်၊ ရွှံ့ဗွက်တွေသည် အန္တရာယ်၊ ကျိုချက်မထားသော ရေသည် အန္တရာယ်။ လူကို ဒုက္ခပေးမည့် ဗိုင်းရပ်စ်တွေ၊ ဗက်တီးရီးယားတွေက နေရာစုံ ထောင့်စုံမှာ သွားဖြဲကာ စောင့်နေကြသည်။

ရိုးရိုးကိုယ်ဝန်သည် ရုတ်ခြည်းပင် အန္တရာယ်ပတ်လည် ဝိုင်းနေသော ကိုယ်ဝန် ဖြစ်လာခဲ့သည်။ အကြောက်အလန့် မရှိသော အမျိုးသမီးသည် ရုတ်တရက် နေစရာမရှိအောင် ကြောက်လာခဲ့သည်။ မိုးထက်မြင့်သော ယုံကြည်မှုတို့သည် ချက်ချင်းပင် မြေကြီးထဲ ရောက်သွားခဲ့သည်။

သူ့ သားဖွားမီးယပ်ဆရာဝန်ကတော့ နယူးယောက်သို့လေယာဉ်စီးရန် အတွက် ဂျူလီယာ့မှာ ဘာအခက်အခဲမှ မရှိဟု ဆို၏။ အရေးအကြီးဆုံးကတော့ ကလေး မွေးဖွားရန် လုံခြုံစိတ်ချရသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်တွင် မွေးဖွားခြင်းသည် အကောင်းဆုံးပါ တဲ့။

အိအိ သေဆုံးပြီးနောက် ဂျူလီယာ သေချာသိလာတာ တစ်ခု ရှိသည်။ သူ့ကလေးကို မန်ဟက်တန် ဆေးရုံမှာ မွေးမည်။ တခြား ဘယ်နေရာမှာမှ မမွေး၊ ဘန်ကောက်၊ ဟောင်ကောင်၊ စင်ကာပူတို့မှာပင် မမွေးနိုင်။

သူ့ပတ်ဝန်းကျင်မှာ လူတွေ၊ မျက်နှာတွေ၊ အသံတွေက ခု ဂျူလီယာ့အတွက် စိမ်းနေခဲ့ပြီ။ မနေ့တစ်နေ့ကပင် သူ့အတွက် နွေးထွေးလှသော ရပ်ဝန်းသည် ခုတော့ စိတ်ဒုက္ခရောက်စရာအတိ ဖြစ်၍ နေသည်။ နယူးယောက်ကိုသာ ပြန်ချင်သည်။ သူ သေချာနားလည်သည့် ဘာသာစကားကိုသာ ကြားချင်သည်။ အကဲခတ်လို့ ရသော မျက်နှာတွေကိုသာ မြင်ချင်သည်။ သူ ကျွမ်းဝင်သော ဓလေ့ထုံးစံတို့ကိုသာ ဆောင်ရွက်ချင်သည်။ သူ့ လုံခြုံစိတ်ချမှုအတွက် အာမခံနိုင်သော ပတ်ဝန်းကျင်တွင်သာ ကျင်လည်ချင်သည်။

သူ့အတွက် ကောင်းသောအရာ မှန်သမျှ သူ့ကလေးလေးအတွက် လည်း ကောင်းမည်သာ။

ဂျူလီယာ လုပ်သမျှ ဟုတ်သပ လုပ်ခဲ့သော သားသားမှာ ဒီတစ်ခါတော့ အခက် တွေ့နေခဲ့သည်။ ဘယ်လိုကြောင့် ဂျူလီယာတစ်ယောက် နေ့ချင်း ညချင်း ပြောင်းလဲ သွားရသလဲ ဆိုတာကို သူ လုံးဝ သဘောမပေါက်။

ဂျူလီယာသည် ဒီနေရာမှ ချက်ချင်းထွက်ခွာလို၏။ မြန်နိုင်သမျှ မြန် အောင် သွားချင်သည်။ တတ်နိုင်လျှင် ပြေးသွားလိုက်ချင်သည်။ ဘယ်သူမှ ဘာ ရောဂါမှ မရှိကြသော်လည်း ကူးစက်တတ်သည့် ရောဂါသည်များ အလား၊ ကလေး တွေကိုလည်း လက်တစ်ကမ်းအကွာထက် ပို၍ သူ့နား တိုးလာခွင့် မရှိ။

သားသားသည် သူ့ကို ဖျောင်းဖျချင်သည်။ သို့သော် ဘယ်လို လုပ်ရမှန်း မသိ။ အိအိ၏ရုတ်တရက်သေဆုံးခြင်းကြောင့် သားသားလည်း ပူဆွေးရပါသည်။ သို့သော် လူဆိုတာ သေမျိုးချည်း မဟုတ်လား။ ကလေးတွေသည်လည်း ခြွင်းချက် မဟုတ်စကောင်း။ ဝမ်းနည်းစရာ ဆိုပေမယ့် ဒါနှင့်ပတ်သက်၍ ဘာမှ လုပ်ပေးလို့ မရ။ သေခြင်းကို ကြောက်ရွံ့ခြင်းသည် ဘဝကို ကြောက်ရွံ့ခြင်း မည်၏။ အိအိ ဆုံးပါးခြင်းနှင့် ဂျူလီယာ့ကိုယ်ဝန်အကြား ဆက်စပ်မှုကို သူ ဘယ်လိုမှ နားမလည် နိုင်ခဲ့။ သူ ဂျူလီယာ့ကို သတိထား၍ မေးကြည့်သည်။

"ဒီနှစ်ခုက ဆက်စပ်မှု ရှိလို့လားကွယ်၊ သွေးဆိပ်တက်တယ် ဆိုတာ ကူးစက်တတ်တာမှ မဟုတ်တာ"

"ရှင်က ဒါကို ကျွန်မ မသိဘူး မှတ်နေလို့လား"

ဂျူလီယာက ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"ဆောရီးပါ၊ ဒေါသထွက်အောင် လုပ်တာ မဟုတ်ပါဘူး"

မဟုတ်၊ သူသိသော ဂျူလီယာက ထိုသို့ မဟုတ်။

သူတို့ စကား ဆက်မပြောဖြစ်ကြ။ ယခင်ကတော့ စကားမဆိုဖြစ်ဘဲတိတ်ဆိတ် ငြိမ်သက်နေသည်ကို သဘောကျတတ်သော သားသားသည် ခုလို ငြိမ်သက်နေသောအခါ စိတ်မသက်မသာ ဖြစ်လာသည်။ ထို့ကြောင့် သူ နောက် တစ်ခါ ကြိုးစားပြန်သည်။

"အိအိ ဆုံးသွားတဲ့အတွက် မင်းနဲ့ ကလေးရဲ့ အသက်ဟာ အန္တရာယ် ရှိလာတယ်လို့များ စဉ်းစားမိတာလား ဂျူလီယာ"

“မဟုတ်ပါဘူး”

ဖျတ်ခနဲ ဖြေလိုက်ပြီးမှ ဂျူလီယာသည် တွေသွားပြီး ဟုတ်တယ်ဟု ပြန်ပြင်ပြောသည်။

“ဘာဖြစ်လို့လဲ”

“ကျွန်မ ကြောက်လို့ပါ၊ ဒီမှာနေရတာကို လုံခြုံတယ်လို့ မထင်တော့ဘူး”

အိအိ၏ သေခြင်းက ဂျူလီယာ့ကို သတိပေးခေါင်းလောင်း ထိုးခဲ့ခြင်း ဖြစ်လေသည်။ သေမင်းဟူသည် ဤတိုင်းပြည်မှာ မဖိတ်ခေါ်ဘဲ လာလာလည် တတ်သော ဧည့်သည်ကြီး ဆိုသည့် အသိ။ မခေါ်ဘဲ လာတတ်သော ဧည့်သည်။ အိမ်တံခါးဝမှာ သူ ဘွားခနဲ ကိုယ်ထင်ပြလာရင် ဘယ်သူမှ မတားဝံ့၊ မတားနိုင်။ ဒီဧည့်သည်ကြီးကို ရှောင်လွှဲ၍ မရ။ သူသည်လည်း ထိုနည်းလည်းကောင်း၊ မတားနိုင်၊ မတားဝံ့။

“အရင်ကလောက် မလုံခြုံတော့တာလား”

“ဟုတ်တယ်”

“ဘာလို့လဲ”

“အိအိဟာ ခြေထောက်က မဖြစ်စလောက် အနာကလေးကြောင့် ကျွန်မတို့ဆီကနေ ဆွဲထုတ်သွားတာကို မြင်လိုက်ရတာပဲ၊ အဲဒါဟာ နားလည်ရ မခက်လွန်းဘူးလား”

“မခက်ပါဘူး”

သားသားက နာနာကျင်ကျင် ပြန်ပြောတယ်။

“ကျွန်မ သတိလက်လွတ် ဖြစ်သွားတယ်၊ ဒီတိုင်းပြည်မှာ နေထိုင် မကောင်းရင် ဘယ်လောက် အန္တရာယ်ကြီးတယ် ဆိုတာ မေ့နေတာ”

“တခြားနေရာတွေထက် ဒီမှာ ပိုအန္တရာယ်ကြီးတယ် ထင်တာလား”

“ဟုတ်တယ်၊ ကျွန်မ အတည်ပြောတာ သားသား၊ ၊ အမေရိကမှာဆိုရင် ကလေးတစ်ထောင် မွေးတိုင်း ခုနစ်ယောက်လောက် သေကြတယ်၊ မန္တလေးက ဆရာဝန်ကို ကျွန်မ ကလေး သေနှုန်း မေးကြည့်ဖူးတယ်၊ ဘယ်လောက်လို့ ထင် တုံး”

သာသားက ခေါင်းခါပြရှာတယ်။

"ခုနစ်ဆယ်ရှင့်၊ ဆယ်ဆ ပိုများတယ်"

စာရင်းအင်းဗေဒဟာ ဖြစ်တန်စွမ်းလိုပါပဲ။ သားသားအတွက်တော့ ဘာမှ အဓိပ္ပာယ် မရှိလှ။ ကလေးတစ်ထောင် မွေးရင် ခုနစ်ဆယ် သေတာ လွန်လွန်း တယ်ဟု သူ သိပေမယ့် တစ်ထောင်မွေးမှ ခုနစ်ယောက်သာ သေခြင်းကလည်း လွန်လွန်းသည်ပင်။

"ပြီးတော့ မီးဖွားတုန်း ဖြစ်နိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို စဉ်းစားကြည့်ဦး၊ ကျွန်မ အသက်နှစ်ဆယ် မဟုတ်တော့ဘူးလေ၊ တွေးနိုင်မှ တော်ကာကျမယ်"

သားသား အသံတိတ်နေသည်။ ဂျူလီယာ၏ အကြောက်တရားတို့ သည် များစွာသော အကြောက်တရားတို့နည်းတူ ယထာဘူတ မကျ။ သို့သော် ဤကိစ္စအတွက်ရွေးချယ်ခွင့်သည် ဂျူလီယာ့ဆီမှာ၊ကလေးကိုမြေကမ္ဘာလောက ထဲ ဆောင်ယူလာမည့် သူမှာ ဂျူလီယာ။ ဂျူလီယာ ဆုံးဖြတ်သမျှ နာခံရမည်သာ၊

"ပြန်စဉ်းစားကြည့်ဖို့ အခွင့်အရေး ရှိသေးလား"

"ဟင့်အင်း"

သားသားသည် ကလေးများကို ပြောမထွက်။ နေ့ရွေ့ ညရွေ့နှင့် ရက် ပေါင်းများစွာ ကြာသွားသည်။ မနက်ခင်းမှာ ဒီညနေတော့ ကျိန်းသေပြောမည်ဟု ဂျူလီယာ့ကို သူ ကတိတွေ ပေးသည်။ တရားထိုင်ပြီးချိန်မှာတော့ ကလေးတွေ ကို ဂွတ်နိုက်လုပ်၊ နှုတ်ဆက်ရင်း အနားက ခွာပြန်သည်။

ကလေးတွေ အနားက သူ ထွက်သွားမည်၊ ခွဲခွာသွားမည် ဆိုခြင်းကို မည်သို့ ပြောထွက်ပါ့မည်နည်း။ ဒီကလေးတွေသည် သူ့မိသားစု။ သူ နှစ်ပေါင်း များစွာ ငတ်မွတ်နေသည့် မေတ္တာကို ပေးခဲ့သူလေးများ။

သူ့မိဘတွေ သေကြပြီ။ သူ့အစ်ကိုက ပျောက်ဆုံးနေသည်။ တပ်မှ ထွက်ပြေးပြီးသည့်နောက် သူသည် ကက်သလစ် ဘုန်းတော်ကြီး တစ်ပါးနှင့် ရှစ်နှစ်တိတိ အတူနေခဲ့သည်။ ဘုန်းတော်ကြီးအတွက် သူ အိမ်ရှင်းပေးသည်၊ စျေးဝယ်၊ ချက်ပြုတ်၊ လျှော်ဖွပ် ဝေယျာဝစ္စ လုပ်ကိုင်ပေးခဲ့သည်။ ဘုန်းတော်ကြီး ခရစ်တော်မှာ အိပ်ပျော်တော့ သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြန်သည်။

သက်န်းတစ်ထည် ကောက်ရုံပြီး တစ်ရွာပြီး တစ်ရွာ၊ ဘုန်းကြီးကျောင်း တစ်ကျောင်းပြီး တစ်ကျောင်း ဦးတည်ရာမဲ့ သူ လျှောက်သွားသည်။ တစ်ခါတလေ ရက်သတ္တပတ်အချို့၊ တစ်ခါတလေ ရက်အနည်းငယ် တည်းခိုနေထိုင်၍ မေးသမျှ လူအားလုံးကိုတော့ မဂ္ဂင်လမ်း လျှောက်လှမ်းကာ တရား အားထုတ်နေသည်ဟု သူ

ဖြေသော်လည်း တကယ်တမ်းက ရောက်ရာပေါက်ရာ သွားနေခြင်းသာ။

စွန့်ပစ်ထားသော ဘုန်းကြီးကျောင်းအိုကြီးကို သီပေါနားမှာ တွေ့ရချိန်မတော့ သူ ခိုလှုံစရာ အိမ်ကို တွေ့ပြီဟု သူ သိလိုက်သည်။ စစချင်းတော့ ထိုနေရာမှာ သူ တစ်ပါးတည်း စံမြန်းသည်။ ကျောင်းကို သူ တတ်နိုင်သလောက် ပြုပြင်သည်။ ဈေးထဲမှာ တောင်းရမ်းနေသော မိုးမိုးကို သူ တွေ့သောအခါ မိုးမိုး ၏ မိဘများက တစ်ခါတည်း သူ့ကို ပေးလိုက်တော့သည်။

များမကြာခင် ခြံဝင်းထဲမှာ ရပ်နေသော ကိုမောင်၊ နောက်တော့ အိအိ၊ နောက်တော့ ကိုအောင်၊ ဒီလိုနှင့် ကလေးတွေဟု သူ ခေါ်သော အုပ်စုသည် တစ်ဒါဇင်ခန့် ဖြစ်လာသည်။ သူတို့နှင့် နှစ်ပေါင်းများစွာ အတူနေခဲ့သည်။ ခု သူတို့လေးတွေ အရွယ်ရောက်စ ပြုပြီ။ သူတို့ဆီမှ ဘဝ၏ အရေးအကြီးဆုံး သင်ခန်းစာကြီးကို သူ ရသည်။ ထိုအရာကတော့ လူဆိုသည်မှာ အားနည်းချက် ကို အားကောင်းအောင် ပြောင်းလဲနိုင်၊ ကြေကွဲဝမ်းနည်းမှုကို ပျော်ရွှင်ကြည်နူးမှု အဖြစ် အသွင်ပြောင်းနိုင်၊ ထိတ်လန့်အားငယ်မှုကို ရဲစွမ်းသတ္တိအဖြစ် ကူးပြောင်း နိုင်စွမ်း ရှိသူများပါပေ။

သူ အိပ်မပျော်လေတိုင်း၊ မိုင်းကွင်းတွေကို နင်းဖြတ်ရင်း ပေါက်ကွဲသေဆုံးရသော အကျဉ်းသားများ၊ ပေါ်တာများ၏ အသံတွေ စိတ်အာရုံမှာ ဆူညံ လာလေတိုင်း သူ တရားထိုင်၊ ဘုရားရှိခိုးသော ကျောင်းခန်းမကြီးထဲ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေတတ်သည်။ ကလေးတွေ အိပ်မောကျစဉ် အသက် ရှူသံလေးတွေကို နားထောင်ရင်း စိတ်အစဉ် တည်ငြိမ်လာတတ်သည်။

"တကယ်တော့ ဒီက ခွာဖို့ ဆိုတာ ကျွန်မအတွက်လည်း ခက်ခဲတာပါပဲ။ ဒါပေမဲ့ သုံးလေးလပါပဲ"

"အင်း... ကျုပ် သိပါတယ်"

"အားလုံး အဆင်ပြေလို့ရှိရင် နောက်အကျဆုံး ဒီနှစ်ကုန်လောက်မှာပြန်လာမယ်လေ... နော်"

"အဆင်မပြေရင်ကော"

ဂျူလီယာ့ထံမှ အဖြေမရ။

"ဒါဆို ဒီမှာ နေခဲ့ချင်လား ဟင်"

ဆိုသော အမေးစကားသာ ကြားရသည်။ နေခဲ့ရ ကောင်းမလား ဆိုသော အတွေးကလေး ဖြစ်ပေါ်လာပေမယ့် ချက်ချင်း သူ မောင်းထုတ်လိုက်သည်။

"နေခဲ့ရင်လည်း အပြစ်မတင်ပါဘူး"

ဂျူလီယာက သူ့ဗိုက်ပေါ် သားသားလက်ကို တင်စေသည်။ ခု ဗိုက်ကလေး စူထွက်နေသည်ကို ထင်ထင်ရှားရှား ခံစားလို့ ရပြီ။

"ဒါမှမဟုတ် မွေးခါနီးမှ လာခဲ့ပေါ့၊ ကျွန်မ အစ်ကိုကြီးကို ခေါ်သွားမယ်၊ နယူးယောက်မှာက မိတ်ဆွေတွေလည်း အများကြီးပါ"

သားသားက ခေါင်းခါလိုက်သည်။ ကလေးတွေကို စိတ်ချရသူထံ ထားခဲ့မည်။ သီပေါက သူ့မိတ်ဆွေ မုဆိုးဖိုကြီး ဦးကိုထွန်းက သူတို့ သွားနေစဉ် ဒီမှာ လာနေပေးမည်ဟု ကတိပေးထားခဲ့ပြီးပြီ။ အရင်ကလည်း ခဏခဏ လာပြီး ရက်ချီ လချီ ဒီမှာ နေတတ်သူ ဖြစ်သည်။

နောက်ဆုံးတော့ ကလေးအားလုံးကို ခန်းမထဲ စုဝေးကြဖို့ ဆင့်ခေါ်သူ မှာ ဂျူလီယာသာ ဖြစ်ရလေသည်။ ကလေးတွေက ဂျူလီယာ့ကို ပတ်ပတ်လည် ဝိုင်းထိုင်ကြသည်။ ဂျူလီယာ့ ဘေးမှာတော့ သားသား။

ဂျူလီယာက တောင့်တောင့်မတ်မတ်ထိုင်၊ အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းရင်း ကြက်ရိုး နင်နေသလို မျက်နှာပေးမျိုး ဖြစ်၍ နေသည်။ သူ က ကလေး တစ်ယောက်ချင်းစီ၏ မျက်နှာကို လိုက်ကြည့်နေသည်။ အကူအညီ တောင်းနေ သည့် မျက်နှာမျိုး ဖြစ်နေသလား မသိ။

သူ စကား စပြောပြီ။ အင်္ဂလိပ်လို ပြောသည်။ သားသားက မျက်လွှာချ ခေါင်းငုံ့ရင်း ခပ်တိုးတိုး ဘာသာပြန်ပေးနေသည်။

ဂျူလီယာက သူ့ဗိုက်ထဲမှကလေးကို မည်သို့မည်ပုံကာကွယ်သင့်သည် ဆိုခြင်းအား ကလေးများကို ပြောပြနေသည်။ ကလေးကို ကာကွယ်ဖို့က သူ့ အလုပ်တဲ့၊ အရင် ကိုယ်ဝန်တုန်းက သားပျက်ကျခြင်း အကြောင်း၊ ခု ကိုယ်ဝန်ကို အလွန်သတိကြီးစွာ စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ တစ်ကိုယ်ရေ သန့်ရှင်း ရေး စံစနစ်များ၊ ကိုယ်ဝန်၏ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ၊ မမျှော်လင့်ဘဲ ဝင်နိုင်သည့် ဆိုးကျိုးများနှင့် အကောင်းဆုံး ကျန်းမာရေး စောင့်ရှောက်မှုကို မှတပါး အခြားမရှိ ရနိုင်သော နေရာ။

နောက်ဆုံးစာကြောင်းကို ဘာသာပြန်ဖို့ သားသားမှာ အတော် အချိန် ယူလိုက်ရသည်။

ကလေးများက နားစိုက်ထောင်နေသည်။ တစ်ချက် တစ်ချက် ချောင်းဆိုး သံ၊ နှာရှုံ့သံလေးတွေ ကြားရသည်။ ဂျူလီယာ့စကား ဆုံးသွားချိန်မှာ အားလုံး ငြိမ်သက်သွားကြသည်။ ဆယ်နှစ်သားတုန်းက အနားမှာ ဖုံးကွဲ၍ အကြားအာရုံ

ဆုံးရှုံးခဲ့သော ကိုမောင်သည် ရှေ့ဆုံးမှာ ထိုင်လျက် ငိုမဲ့မဲ့လေး ဖြစ်နေသည်။ ဂျူလီယာ့စကား အားလုံးကို သူ နားလည်နေသယောင်၊ မိုးမိုးက မျက်ရည်စတွေ ကို ခိုးသုတ်နေသည်။ တခြားကလေးတွေက ခေါင်းတညိတ်ညိတ်။ တစ်နေ့ ဒီလို ဖြစ်လာမှာကို သူတို့ ကြိုမြင်နေသယောင်။ ဂျူလီယာသည် ကလေးကို ဒီမှာ မမွေး၊ တခြားတိုင်းပြည်တစ်ခုမှာ မွေးမည်။ သူတို့ ဒါကို လက်ခံရမည်။ ဂျူလီယာ့ ဆုံးဖြတ်ချက်အပေါ် မေးခွန်းထုတ်၊ ပြန်စဉ်းစားခိုင်းတာမျိုး အတင်းအကျပ် လုပ်၍ မဖြစ်။

ဆိုတော့ ဒါပဲပေါ့။

သူနှင့် သားသားတို့ နယူးယောက်ကို သွားမည်၊ ကလေးကို မွေးမည်၊ ခရစ္စမတ်၊ သို့မဟုတ် နောက်အကျဆုံး မြန်မာနှစ်သစ်ကူးချိန် ဧပြီလောက်တွင် ပြန်လာမည်။ အချိန်တို့သည် မျှော်လင့်သည်ထက် ပို၍ မြန်ဆန်စွာ ကုန်ဆုံးတတ်သည်ကော။

ထိုအချိန်က သီပေါမှာ အင်တာနက် မရသေး၊ ဆဲလ်ဖုန်းလည်း မရှိသော ကြိုးဖုန်းများမှ နယူးယောက်ကို ခေါ်၍လည်း မရနိုင်သေး။ သို့သော် ဂျူလီယာက သူ့ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာကို ပေးခဲ့သည်။ အရေးပေါ်အခြေအနေမှာ ဆက်သွယ်နိုင်ဖို့ပေါ့၊ နိုင်ငံခြားကို ဖုန်းခေါ်၍ ရသော မန္တလေးရှိ ဟိုတယ်တစ်ခုမှ ဆက်သွယ်၍ ရသည်။

ခရီးကို ပေါ့ပေါ့ပါးပါးပဲ သွားကြလေသည်။ သားသားက ဂျူလီယာ့ ခရီးဆောင် ကျောပိုးအိတ်ကြီးကို သယ်လာသည်။ သူ့အတွက်ကတော့ သားရေ အိတ်ကလေး တစ်လုံးသာ။ ဒါတောင် ချောင်နေသေးသည်။ ဦးဘကတော့ ဈေးက ဝယ်လာသော ခရီးဆောင်အိတ် အသေးလေး တစ်လုံး။

သို့သော်လည်း ခရီးသွားတစ်ယောက် ဝန်စည်စလယ် မည်မျှ သယ်ဆောင်လာမိသည် ဆိုခြင်းက အမှန်တကယ် ခရီးသွားချိန်မှသာ ပေါ်လွင်ထင်ရှားလာတတ်သည်လေ။

တစ်ဆယ့်ငါး

လေကြောင်းခရီးစဉ်၏ အမြန်နှုန်းကို သားသား မည်သို့မှ မလိုက်နိုင်ခဲ့။ ခရီးစဉ် တစ်လျှောက်လုံးမှာ သူ နေရာတွေ အချိန်တွေ မှား၍ နေတော့သည်။ တစ်စုံတစ်ယောက် က သူ့ရှေ့မှာ စားစရာ တစ်ခုခု လာချသည်နှင့် ဆာဆာ၊ မဆာဆာ သူ အကုန် စားပစ်လိုက်သည်။ ကောင်းကင်မှာ နေမင်းကြီး ဝင်းဝင်းတောက်နေသော်လည်း သူ အလွန်အိပ်ချင်နေသည်။ ကြယ်စင် ထွန်းလင်း ညခင်းချိန်ခါတွေမတော့ သူ မျက်လုံးကြီး ပြူးနေသည်။

"သားသား စိတ်လှုပ်ရှားနေလား"

ဂျူလီယာက မေးလိုက်သည်။

"မလှုပ်ရှားပါဘူး"

"နယူးယောက်ကို ပထမဆုံးအကြိမ် သွားတာလေ၊ စိတ်မလှုပ်ရှားဘူးလား"

"စိတ်လှုပ်ရှားသင့်တယ်လား"

"ဟယ်... နယူးယောက်လေ၊ နယူးယောက်... တော်ရေ့"

ဂျူလီယာ့ကို စိတ်မပျက်စေချင်သည့်အတွက် သားသားသည် အလေးအနက် စဉ်းစားနေသည်။ လနှင့် ချီနေရမည့် ထိုနေရာအကြောင်း သူ ဘာဆို ဘာမှ မသိ။ မန္တလေးက လက်ဖက်ရည်ဆိုင်တစ်ခုမှာ မြူခိုးတွေကြားက မိုးမျှော်တိုက် ကြီး တစ်ခုပုံ ပိုစတာတစ်ခု ကပ်ထားသည်။ လက်ဖက်ရည်ဆိုင် ပိုင်ရှင်က ဒါ မန်ဟက်တန် ဖြစ်သည်ဟု ဆိုသော်လည်း သူ့ဆိုင်မှာ လက်ဖက်ရည် လာသောက် သော စစ်သားများကိုတော့ ဘန်ကောက်မြို့ပုံဟု ပြောတတ်သည်။ မိုးမျှော်တိုက် ကြီးများ၊ တံတားကြီးတစ်ခုနှင့် မိုးမျှော် မျှော်စင်ညီနောင်ပုံကို သူ မှတ်မိနေသည်။ ထို မျှော်စင်ကြီးများကား အကိုင်းအခက်မဲ့ ရောမသစ်ပင် ပင်စည်ကြီးများကဲ့သို့။

ဖာသာ အိန်ဂျလိုနှင့် နေစဉ်က နယူးယောက်ကို အခြေပြုသော ဝတ္ထု နှစ်အုပ်လောက် သူ ဖတ်ဖူးသည်။ သို့သော် သူ ဘာမှ သိပ်မမှတ်မိ။ စိတ်ထဲလည်း စွဲမနေခဲ့။

"အဲဒီမှာ ကျုပ်ကိုဘာတွေ စောင့်နေလဲ ဆိုတာ မသိဘူးလေ၊ ကျုပ်ဘယ်လို လုပ် စိတ်လှုပ်ရှားရမလဲ"

“စိတ်ပျက်မှာ စိုးရိမ်နေတယ်လား”

“ဟင့်အင်း... ကျုပ် ဘာမှ မျှော်လင့်မထားပါဘူး”

“ဘာဆို ဘာမှ မမျှော်လင့်ဘူးလား”

“နယူးယောက်နဲ့ ပတ်သက်လို့ပါ”

“အဲဒီမှာ သက်သောင့်သက်သာ မဖြစ်မှာ စိုးရိမ်နေတာလား”

“ကျုပ် မင်းနဲ့အတူ ရှိနေရရင် သက်သောင့်သက်သာ ရှိမှာပါ”

ဂျူလီယာက ရယ်ရင်း သားသား ခေါင်းကို ချစ်မြတ်နိုးစွာ အသာပွတ်သပ်နေသည်။ သားသားကို သူ နားလည်ရဲ့လား ဆိုတာတော့ မသိ။

ဘုန်းကြီးကျောင်းအိုနှင့် ကလေးတွေအကြောင်း ဂျူလီယာ စဉ်းစားနေမိသည်။ သူတို့ကလေးတွေကို ဂွတ်ဘိုင်ဟု နှုတ်ဆက်ရမှာ ခက်ခဲလှသည်ပဲ။ သင်္ကြန်မတိုင်ခင် ပြန်ရောက်အောင် လာမည်ဟု အားလုံးကို သူ ကတိ အထပ်ထပ် ပေးသည်။

သို့သော်လည်း မန္တလေးသို့ ဦးတည်သော ရထား စထွက်သည်နှင့် သူ့အကြောက်တရားတွေ၊ ဝမ်းနည်းမှုတွေ နေရာမှာ စိတ်သက်သာရာ ရခြင်းက လွှမ်းမိုးလာခဲ့သည်။ ဒီနေရာနှင့်ဝေးလေ၊ စိတ်သက်သာလေ။

သူ့အပြန်ကို မျှော်လင့် စောင့်စားနေသူ ဆို၍ သူငယ်ချင်း အေမီသာ ရှိသော်လည်း ဒီတစ်ခါ အိမ်ပြန်ရတာလောက် ပျော်တာမျိုး မရှိ။ နယူးယောက်မှာ လွမ်းရသည့် အရာက နည်းပါးလှသည်။ အဝတ်လျှော်ဆိုင်မှ မစ္စစ်လီ၏ အပြုံး လား။ ဒုတိယရိပ်သာလမ်း ဂျိုးမုန့်တိုက်မှ သစ်ကြံပိုး ဒိုးနတ် ပေါင်မုန့်မွှေးမွှေး နွေးနွေးလေးလား၊ ဆောင်းတွင်းရဲ့ ပထမဆုံး နှင်းလား၊ နှင်းနှင့်အတူ ပါလာသည့် ဆိတ်ငြိမ်သော ငြိမ်းချမ်းမှုလား။

ခရီးသွားနေကျဖြစ်သည့် ဂျူလီယာကတော့ ခရီးရှည်ကြီးကို အိပ်စက်ခြင်းဖြင့် ကုန်ဆုံးစေပြီး စိတ်ပင်ပန်းမှုတွေကို လျှော့ချနိုင်သည်။

လွန်ခဲ့သည့် ငါးလ၊ နယူးယောက်က ထွက်လာခဲ့သည့် ခရီးအကြောင်း သူ ပြန်ပြောင်းစဉ်းစားနေမိသည်။ သူ နယူးယောက်ကနေ စိတ်ချောက်ချားစွာ၊ အကြောက်တရား အပြည့်နှင့် တစ္ဆေခြောက်ခံရသလို၊ ထောင်ချောက်မိနေသလို လူမမာကြီး လုံးလုံးဘဝနှင့် အရုပ်ကျိုးပြတ် ထွက်လာခဲ့သည်။ သူမလုပ်ချင်သော တစ်ပတ် နာရီခြောက်ဆယ် အလုပ်ကလည်း သူ့အင်အားတွေကို ရောဂါတာ ကျိုးပေါက်သလို ကုန်ဆုံးစေခဲ့သည်။ တစ်ကိုယ်ရေဘဝများမှာ ကိုယ့်ကိုယ်ကိုယ်

ဝန်မခံချင်ပေမယ့် ပျော်ရွှင်ခြင်းသည် အလျှင်းမရှိ။ သူများ မကြားရသော အသံတွေကို ကြားနေရသည်ဟု သူ့ကိုယ်သူ ထင်မိသည်။ ထိုအသံတွေကြောင့်ပင် အရေးကြီး အစည်းအဝေးတစ်ခု အလယ်မှ ထ,ထွက်လာခဲ့မိသည်။ ဘယ်သူ့ကိုမှ ဘာမှ တစ်ခွန်း မရှင်းပြဘဲ ရုံးသို့ သွား၊ ပစ္စည်းတွေ သိမ်းပြီး နောက်ပြန်မလှည့် စတမ်း ထွက်လာမိခဲ့သည်။ အားလုံးက ရည်မှန်းချက်ကြီးသည့်၊ အလုပ်အလွန်ကြိုးစားသည့် ဂျူလီယာဝင်းဟု ထင်ခဲ့ကြသည့် သူလေ။ ထိုအသံက သူ့ကို အဖြေမရှိသည့် မေးခွန်းတွေ ဆက်တိုက်မေးနေခဲ့သည်။

နင် ဘယ်သူလဲ။

နင် ဘာလို့ တစ်ကိုယ်တည်း နေတာလဲ။

ဘာလို့ နင့်မှာ သားသမီး မရှိတာလဲ။

စိတ်ရောဂါအထူးကု ဆရာဝန်ကတော့ ဒါ စိတ်ကစဥ့်ကလျားရောဂါ၏ နိဒါန်းအစ ဖြစ်နိုင်သည်ဟု သူ့ကို ပြောသည်။

သူ့ သူငယ်ချင်း အေမီကတော့ သူ့ဘဝကို မသိစိတ်က မုန်းနေခြင်း၏ တုံ့ပြန်မှုတစ်ခုတဲ့။

ဒီဘဝကို သူ မလိုချင်တော့၊ သို့သော် ဘယ်လိုဘဝမျိုး လိုချင်မှန်းလည်း သူ မသိ။

ခုတော့ သူ့မှာ ကိုယ်ဝန် ရှိလာခဲ့ပြီ။ သူ့ဘေးမှာ အရာအားလုံးထက် ပိုချစ်ရတဲ့ သူ၊ ကလေး၏ ဖခင်လည်း ရှိနေခဲ့ပြီ။

သူ တစ်ယောက်တည်း မဟုတ်တော့။

သူ ဘယ် သူလဲ ဆိုတာ ရှာဖွေသည့် ခရီးစဉ်ကို သူ စခဲ့ပြီးပြီ။

သို့သော် သူ့ကိုယ်သူ အရူးလုပ်နေတာလည်း ဖြစ်ချင်ဖြစ်မည်။ သွင် ရုပ်လွှာ ပြောင်းလဲခြင်း ဆိုသည်က တချို့သော တိရစ္ဆာန်များသာ လုပ်နိုင်သည့် အရာ။

ဆိုက်ရောက်တာမီနယ် အပြင်ဘက်မှာတော့ အေးစိမ့်သောလေ တသုန်သုန် တိုက်ခတ်နေသည်။ သူ နယူးယောက် ရနံ့ကို ရပြီ။ အတ္တလန်တစ် သမုဒ္ဒရာမှ ဆားနံ့သင်းသော လေ၊ ထိုရနံ့ထဲမှာ အမှတ်ရစရာတွေ အများကြီး။ သူ ကြိုက် သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူ ဒီ မြို့တော်နှင့် အစဉ်ထာဝရ ဆက်စပ်နေ မည်သာ။

ခရီးရှည်ကြီးကြောင့် ပင်ပန်းသော်လည်း ဂျူလီယာ ကောင်းကောင်းကြီး နိုးနေသည်။ သားသားကတော့ ရောက်ကတည်းက တိတ်ဆိတ် ငြိမ်သက်နေ သည်။

သူလည်း ပင်ပန်းရှာလို့ပေါ့ဟု ဂျူလီယာ တွေးမိသည်။ သို့မဟုတ် စကား မပြောနိုင်လောက်အောင် အံ့ဩနေတာလား၊ ဘုန်းကြီးကျောင်းသို့ စိတ်တွေ ရောက်နေတာလား။ သူ သားသားကို စာနာနိုင်ပါသည်။ သားသား အချိန်ယူဖို့ လိုသည်။

လေဆိပ်မှ ကားစီးလာချိန်မှာ သားသားသည် စကားတစ်ခွန်းမှ မဆို။ ဂျူလီယာကတော့ စိတ်လှုပ်ရှားမှုကြောင့် ဖင်တကြွကြွ။ ဘာပြောနေမိမှန်း သတိ မထားမိဘဲ ပါးစပ်က တတွတ်တွတ် ပြောနေသည်။ ဝါကျတွေ ထွက်ကျနေသည်။ အရင်က သူ ဒီလို မဟုတ်။

နယူးယောက်က တက္ကစီအားလုံးသည် အဝါရောင် ဖြစ်ကြောင်း၊ မည်သူ မဆို လက်ပြလိုက်လျှင် တက္ကစီ ငှားနိုင်ကြောင်း၊ နယူးယောက်မှာ လေဆိပ် သုံးခု၊ ခရိုင်ငါးခုနှင့် မြေအောက်ရထားလိုင်း တစ်ဒါဇင်ကျော် ရှိကြောင်း၊ အမေရိကန်၏ အကြီးဆုံးနှင့် အရေးအပါဆုံးမြို့ ဖြစ်ကြောင်း၊ လူဦးရေ အထူထပ်ဆုံး၊ ကဇာတ်ရုံ အများဆုံး၊ ပြတိုက်အများဆုံး၊ စားသောက်ဆိုင် အများဆုံးမြို့ ဖြစ်သည့်အတွက် ဗမာတွေလည်း ကျိန်းသေရှိမှာ ဖြစ်ကြောင်း၊ ကားပိတ်နေတုန်းမှာ သူ တတွတ်တွတ် ပြောနေသည်။ သူ ပြောသမျှထဲက နည်းနည်းသာ သားသား နားလည်သည်။

ဂျူလီယာသည် တက္ကစီဒရိုင်ဘာကိုလည်း ညနေပိုင်း ကားပိတ်သည့် အချိန် ဘရုတ်ကလင်းကို ဘယ်လမ်းကြိုလမ်းကြားမှ သွား၊ ဘယ်လို ကျော်ဖြတ် ဆိုတာတွေကို သင်ကြား ပြသနေလိုက်သေးသည်။

စာအုပ်စင်တွေ၊ စားပွဲတွေ၊ ကြမ်းပြင်တွေမှာ ဖုန်ထုတက်နေသည်က လွဲ၍ သူ့တိုက်ခန်းသည် သူ ချန်ထားခဲ့သည့် အတိုင်းသာ။ မီးဖိုခန်းက ပန်းအိုးလေး နှစ်လုံးထဲက ပန်းတွေကတော့ ခြောက်သယောင်း နေခဲ့ပြီ။

ဂျူလီယာက ဦးဘနှင့် သားသားကို ရေပန်း ဘယ်လိုဖွင့်၊ တဘက်တွေ ဘယ်မှာရှိ ဆိုတာ ပြ၏။ အဝတ်အိတ်ကို ဖွင့်၏။ အဝတ်လျှော်ဖို့ ပင်မင်းပေးဖို့။ သို့သော် ခြေတွေ လက်တွေက လေးလံလွန်းလှသည်။

“ဆာကြလား၊ တစ်ခုခု မှာလိုက်ရမလား”

“ဟင့်အင်း၊ အိပ်ပဲအိပ်ချင်တယ်၊မြန်မာပြည်မှာခုဘယ်အချိန်လောက်လဲ”

“ခု ညနေငါးနာရီ မထိုးလောက်သေးဘူး၊ ခု အိပ်လိုက်ရင် မနက် သုံးနာရီ လောက် နိုးပြီး ပြန်အိပ်မရ ဖြစ်လိမ့်မယ်၊ ကျွန်မတို့ နှစ်နာရီ၊ သုံးနာရီလောက် တော့ အချိန်ဖြုန်းဦးမှ”

နာရီဝက်အတွင်း အားလုံး အိပ်ရာထဲရောက်ပြီး နှစ်ခြိုက်စွာ အိပ်မော

ကျသွားကြလေတော့သည်။

တစ်ဆယ့်ခြောက်

"မေမေက နားထဲမှာ တကယ်ပဲ အသံတွေ ကြားရတာလား၊ ဒါမှမဟုတ် လံကြုတ် လား ဘကြီး"

ဘကြီးက လက်ဖက်ရည်တစ်ခွက်ထပ်ငှဲ့လိုက်ပြီးတစ်ဝက်ကျိုးအောင် ကျိုက်ချလိုက်သည်။

"ဒီကိစ္စကို သူက ဘာဖြစ်လို့ လံကြုတ်ဇာတ်လမ်း ထွင်ရမှာတုံးကွဲ့ "

"သိဘူးလေ၊ ရုံးမှာ ထိုင်နေရတာ ငြီးငွေ့လို့ ဖြစ်မှာပေါ့၊ သားလည်း ကျောင်းမှာဆို အဲ့သလိုပဲ"

"အဲဒီတော့ မင်း လံကြုတ်ဇာတ်လမ်း ထွင်ရောလား"

ဘကြီးလေသံ မာသယောင် ဖြစ်နေပေမယ့် နှလုံးသားက ပြုံးနေမှာကို ကျွန်တော် သိပါသည်။

"မဟုတ်ဘူးကွဲ့၊ သားအမေဟာ အသံတွေကို တကယ်ကြားခဲ့တာ၊ သားအဖေနဲ့ မတွေ့ခင် သားအမေရဲ့ အခြေအနေဟာ မကောင်းလှဘူး"

သူ့အသံက ကြေကြေကွဲကွဲ။

"ဘာဖြစ်လို့လဲဟင်"

"အကြောင်းအမျိုးမျိုးကြောင့်ပေါ့"

သူ ဘာမှ ဆက်မပြောတော့၊ ဘကြီး ဒီအကြောင်း ပြောချင်ပုံ မရ။

"လူကြီးတွေဟာ အဲသလိုပဲ အသံတွေ ကြားတတ်တယ်လား"

"ဟင့်အင်း"

"ဘကြီးကော ကြားလား"

"ကံကောင်းထောက်မလို့ မကြားဘူးကွဲ့"

"တော်သေးတာပေါ့နော်"

အပြင်မှာ မှောင်နေပြီ၊ ညချမ်းချိန်ခါ အသံဗလံတွေ လေထုထဲမှာ ပျံ့လွင့်နေသည်။ ပန်းကန်ခွက်ယောက် အသံတွေ၊ ကလေးတွေ အသံတွေ၊ အမှောင်ည ၏

ဟောင်သံတွေ၊ ဟိုဘက်အိမ်က တစ်ယောက်ယောက် ဂစ်တာတီး၍ သီချင်း ဆိုနေသည်။ ဘကြီးဗိုက်ထဲက ဂွီဂွီ ဂွမ်ဂွမ် အသံတွေ ထွက်လာပြီ။

"နောက်ကျနေပြီ၊ စားဖို့ သောက်ဖို့ ပြင်လိုက်ရတော့မလား"

ဘကြီးက ခေါင်းညိတ်ပြသည်။ ကျွန်တော် မီးဖိုထဲ သွားလိုက်သည်။ ထမင်းကြမ်း ရှိသေးသည်။ ထမင်းကြမ်းကို ငရုတ်ကောင်း၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ပဲငံပြာရည်၊ ကြက်ဥ၊ ငရုတ်သီး ထည့်ကာ ကြော်၊ နံနံပင်လေး တင်လိုက်သည်။ ဘကြီးက ကျွန်တော့်ကို ကူချင်သော်လည်း ဘကြီးကို နားစေချင်သည်။ ကျွန်တော်တို့ ညစာကို တိတ်ဆိတ်စွာ အတွေးကိုယ်စီဖြင့် စားကြသည်။

ညစာစားပြီးချိန်မှာတော့ ဘကြီးသည် ဇာတ်လမ်းကို ဆက်ပြောရန် ပင်ပန်းလွန်းနေပေပြီ။ ကျွန်တော့်အတွက် ကိစ္စမရှိ၊ စိတ်သက်သာရာတောင် ရသေးသည်။ ခု ကြားထားရတာတွေနဲ့ပင် ခေါင်းတွေ ချာချာလည်နေပြီ။

ကျွန်တော့်ဘေးမှာ ဘကြီးတစ်ယောက် အိမ်အောက်က ဝက်လိုတခေါခေါ ဟောက်သံပေးရင်း အိပ်မောကျနေသည်။ မေမေ့အကြောင်းနှင့် သူ ကြားရသော အသံအကြောင်း ကျွန်တော် ဆက်မတွေးဘဲ မနေနိုင်။ အဲဒီအသံများ ပြန်ပေါ်လာ တာလား၊ ဒါကြောင့် မေမေ့အတွက် အခက်အခဲတွေ ကြုံနေတာလား။ အဲဒီအသံ က နင့်သားကို နင် တွေ့လို့ မဖြစ်ဘူးလို့များ ပြောနေသလား။ ဘယ်သောအခါမှ မတွေ့ရလို့ပေါ့။ ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ။ ဒီပြဿနာအတွက် ကုစရာ ဆေး ရှိသလား။

နောက်ဆုံး အိပ်ပျော်သွားခဲ့သည်။ သို့သော် အိပ်မက်ဆိုးတစ်ခုကြောင့် လန့်နိုးလာသည်။ ကြွက်ကလေးတစ်ကောင်လို ငြိမ်ကုပ်ရင်း ကျွန်တော်လည်း အသံတွေ ကြားရလေမလားလို့ ကြောက်ကြောက်နဲ့ နားစွင့်နေမိ၏။ ဒါပေမဲ့ ကျွန်တော် ကြားရတဲ့ အသံတွေကတော့ ဘကြီးဘရဲ့ ဟောက်သံ၊ ပုစဉ်းရင်ကွဲသ နဲ့ ဖားအော်သံတွေ။

မနက်လင်း ကြက်တွန်တော့ ကျွန်တော် နိုးပြီ။ သေလောက်အောင် ပင်ပန်းနေ၍ ကျောင်းလစ်ရ ကောင်းမလားလို့ စဉ်းစားမိသည်။ ဘကြီးကတော့ သဘောတူမယ် မထင်။ အပြစ်ပေးတဲ့ အနေနဲ့ ဇာတ်လမ်းကို ဆက်မပြောပြမှာ စိုးရိမ်မိသည်။

အိပ်ရာ ထလိုက်သည်။ ခြံဝင်းထဲ ဆင်းကာ ရေတိုင်ကီထဲ ခေါင်းနှစ်ပစ် လိုက်သည်။ ပင်ပန်းနေလျှင် ထိုအပြုအမူက အမြဲ အကူအညီ ဖြစ်တတ်သည်။

ဘကြီးကို မနှိုးတော့။ သူ အိပ်ပါစေ၊ ကြက်ဥပြုတ်နှစ်လုံး၊ ပေါင်မုန့် မီးကင်နှစ်ချပ်ကို ထုတ်ကာ ကျောင်းသို့ ဦးတည်လိုက်သည်။

ကျောင်းသွားရသည်မှာ အမြဲ ငြီးငွေ့စရာ ဖြစ်ခဲ့သော်လည်း ကနေ့တော့ ကျွန်တော့်ကို သိပ်ဒုက္ခမပေးနိုင်။ ပြတင်းပေါက်နားမှာ ထိုင်ပြီး ခေါင်းထဲမှာ အသံအလိုလို ကြားတတ်သူ ရှိလား ဆိုတာ တွေးနေမိသည်။ ကျွန်တော်တို့အတန်းထဲမှာ စုမြတ်ဖြူ၏အဒေါ်သည် မနှစ်က သူ့ယောက်ျားကို ကြွက်သတ်ဆေးကျွေး သတ်ဖို့ ကြံစည်ခဲ့ဖူးသည်။ အစားအသောက်ထဲ ရောထားသည့် ကြွက်သတ်ဆေး အနံ့ကို မသင်္ကာသဖြင့် သူ့ယောက်ျားက ခွေးကျွေးလိုက်သည်။ စုမြတ်ဖြူအဒေါ် သည် ပင်ကိုစိတ် ပျောက်သွားပြီး ပယောဂ ပူးဝင်တာ ခံရခြင်းဟု လူတွေက ပြောကြသည်။ ဒီလိုနည်းနဲ့ သူ ဘယ်က လာမှန်း မသိရသော အသံတွေကို ကြားရ တာများလား။

လူတစ်ယောက် သူများ မကြားရသော အသံတွေကို ကြားနိုင်သည် ဆိုခြင်းကို မြင်ရုံဖြင့် သိနိုင်ပါသလား။ ထိုသို့သော အကြားအာရုံ ရှိသူများသည် နားပိတ်ထားလည်း ကြားနိုင်သလား၊ အသံရှင်၏ မျက်နှာကို ပုံဖော်နိုင်သလား။ အသံက သူတို့ နှာခေါင်းကို ကလိနေသလား။ ကြည့်ရတာ ကျွန်တော်တို့၏ ဆရာမများသည် ကျွန်တော်တို့လို မျက်နှာမွဲ လူဆင်းရဲ ကျောင်းသားတွေကို ရိုက်ဟ၊ နှက်ဟ၊ စစ်ဗိုလ်ကြီးတို့၏ သားသမီးတွေကို ဖူးဖူးမှုတ်ထားဟ ဆိုသည့်အသံများ သူတို့နားထဲ ကြားနေလို့များလား။ ဒါကြောင့် သူတို့ ဒီလိုဖြစ်နေကြ တာများလား။ ကျွန်တော် နားမလည်နိုင်သော အရာများစွာကို ဖြေရှင်းနိုင်သော အချက်က ထိုအကြားအာရုံလေလား။

သို့သော် ဒီကိစ္စက ဒီလောက် မလွယ်လှ။

အိမ်အပြန်လမ်းမှာ စုမြတ်ဖြူက ကျွန်တော်နှင့်အတူ ဘူတာရုံအထိ လမ်းလျှောက်လာခဲ့သည်။ သူ့အဒေါ်ဘယ်လိုနေလဲဟု သတိဖြင့် မေးလိုက်တော့ လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က သူ့ကိုယ်သူ အဆုံးစီရင်သွားပြီဟု ပြန်ဖြေလေသည်။ ကိုယ့်အသက် ကိုယ် အဆုံးစီရင်သတဲ့လား၊ ကြောက်စရာ ကောင်းလိုက်တဲ့ အတွေး။

အိမ်ပြန်ရောက်တော့ ဘကြီးက ကနေ့ ပင်ပန်းလွန်း၍ ဇာတ်လမ်း မဆက်နိုင်၊ နက်ဖြန်ထိ စောင့်ဟု ပြော၏။

ပထမတော့ ကျွန်တော် စိတ်ထဲ မကျေနပ်။ ကျွန်တော့်မိဘတွေ နယူး ယောက်မှာ မည်သို့ ဖြစ်ပျက်ကြသည်ကို သိလိုလှသည်။ တစ်ချိန်တည်းမှာပင် သိလျှင် စိတ်ဆင်းရဲရမည်ကိုလည်း ကြောက်သေးသည်။ မကောင်းတာ တစ်ခုခု ဖြစ်ကို ဖြစ်ခဲ့ရမည်။ ဘာမှ မဖြစ်ခဲ့လျှင် သူတို့က ရန်ကုန်မှာ နေပြီး ကျွန်တော်က

ဘကြီးနှင့်အတူ ကလေးမှာ နေရစရာ အကြောင်း မရှိ။ ဘကြီး ရေးထားသလို သူတို့နှလုံးသား၏ ခံနိုင်ဝန်အင်အားထက် ပိုလွန်သော သတ္တိကို သူတို့ မတောင်း ဆိုသင့်ဟု ထင်မိသည်။

နောက်တစ်နေ့မှာတော့ ဘကြီးသည် ကျွန်တော့် ကျောင်းပေါက်ဝမှာ စောင့်ဆိုင်းနေခဲ့သည်။ ဘကြီး ဈေးသွားပြီး မလုပ်တာ ကြာပြီဖြစ်သော အလုပ် တစ်ခုကို လုပ်လာသည်။ ကျွန်တော့်အကြိုက် ပဲကုလားဟင်း ချက်ရန်နှင့် အင်းလေး ကန်မှ ရသည့် ပုစွန်ကလေးတွေကို ကြော်ရန်အတွက် ဈေးဝယ်လာခြင်း။

ချက်ပြုတ် စားသောက်ကြပြီးသောအခါ ဘကြီးက ဆိုဖာမှာ ထိုင်ရင်း ဆေးပေါ့လိပ် မီးညှိသည်။

"သား ဆက်နားထောင်တော့မလား"

"ဟုတ်ကဲ့"

ကျွန်တော် သူ့ဘေးမှာ လှဲပြီး သူ့ပေါင်ပေါ် ခေါင်းအုံးလိုက်သည်။ သူက ကျွန်တော် လည်ကုပ်ကလေးကို ကလိထိုးသလို ကစားနေ၏။ သူ စပြောတော့ မည်အလုပ် ကျွန်တော် ဖြတ်မေးလိုက်သည်။

"သား တစ်ခုလောက် မေးချင်တယ်"

"အေး… မေးလေ"

"အသံတွေ ကြားရတာက မျိုးရိုးလိုက်တတ်လား"

ဘကြီးက ပြုံးပြီး "မလိုက်ပါဘူး၊ မပူပါနဲ့" ဟု ဖြေသည်။

"သေချာလို့လား ဘကြီးရာ"

"သိပ်သေချာတာပေါ့ ငါ့သားရာ"

သူ အမှန်ပြောတာ ဟုတ်၊ မဟုတ် မသေချာပေမယ့် ထိုစကားကြောင့်

ကျွန်တော် စိတ်ချသွားမိသည်ကတော့ အမှန်ပင်။

တစ်ဆယ့်ခုနစ်

သန်းခေါင်ယံလောက်မှာ သားသား နိုးလာသည်။ လမ်းမထက်မှ သူ ပထမဆုံး ကြား ရသည့်အသံက ဥသြသံ တစ်ခု၊ ဟော… နောက်တစ်သံ၊ ဟော… နောက်တစ်သံ၊ ဥသြသံက ပဲ့တင်သံ ထပ်၍ နေသည်။ သူ ဘယ်ရောက်နေလဲ ဆိုတာ ပြန်မှတ်မိဖို့ စက္ကန့်အနည်းငယ် အချိန်ယူလိုက်ရသည်။ ကြမ်းခင်းမီးက သူ့ဘေးက နံရံဖြူဖြူ မှာ အရိပ်ထင်နေစေသည်။ အရိပ်က ကြိုးစင်အရိပ်အလား၊ ချောက်ချားစရာ။ ခုတင်တစ်ဖက်မှာ ဂျူလီယာ ခွေခွေလေး အိပ်ပျော်နေသည်။ သက်သောင့်သက်သာ အနေအထားသို့ ပြင်ပေးချင်သော်လည်း နိုးသွားမှာ စိုးသည်။ ထို့ကြောင့် အသာ ထားလိုက်သည်။ သားသားက သူ့နား အသာတိုးလိုက်သည်။ အနည်းဆုံးတော့ သူ့ကိုယ်သင်းနံ့လေးတွေကို ရှူရှိုက်ချင်သေးသည်။

သားသားသည် လုံးဝ နိုးနေပြီး မကြုံစဖူး ယောက်ယက်ခတ်သလို ဖြစ်နေသည်။ သာသာယာယာ လှဲမနေနိုင်လောက်အောင်ပင်။ ထို့ကြောင့် သူ အသာလေး ထထိုင်သည်။ ခြေထောက်တွေကို ကွေးပြီး တင်ပျဉ်ခွေ ထိုင်သည်။ ဝင်လေ၊ ထွက်လေ မှတ်သည်။ အသက်ရှူပုံက မြန်သည်၊ တိမ်သည်၊ အားမပါ။ ဝင်လေက အေးစိမ့်နေပြီး ထွက်လေက နွေးနေတာကို နှာသီးဖျားက သတိထားမိသည်။ သူ့စိတ်အာရုံမှာ ပုံရိပ်တွေ၊ မြင်ကွင်းတွေ တသွင်သွင် စီးဝင်။ သစ်ပင်တွေ ထက် ပိုမြင့်မတ်သော အဆောက်အအုံ၊ အိအိက မီးဖိုချောင်ထဲ ထော့နင်း ထော့နင်း နှင့် ဝင်သွားပြီး မီးပုံထဲ ဝုန်းကနဲ ခုန်ဆင်း။ မှုန်ရီဝိုးတဝါး အလင်းအောက်မှာ ဘုန်းကြီးကျောင်းအို။ အထက်မှာ တိမ်ထု၊ တောတွင်းမှ လူသွားလမ်းငယ်လေး။ မြေသားမွမွ၊ သစ်ကိုင်းခြောက်များ ဝုန်းခနဲ လေထဲ လွင့်ပျံ၊ အော်သံတွေ၊ ငိုသံ တွေ၊ သေနတ်သံတွေ၊ ပြတ်ထွက်သွားသော်လည်း တဆတ်ဆတ် တုန်နေဆဲ ခြေတစ်ဖက်။ ကြောက်စိတ်က သားသားကို မျက်လုံးတွေ ပွင့်လာစေသည်။ ခုလို တစ်ခါမှ မဖြစ်ခဲ့ဖူး။ စိတ်ငြိမ်အောင် ဝင်လေ၊ ထွက်လေ ကြိုးစားမှတ်သော် လည်း ထိုပုံရိပ်တွေက ပျောက်ကွယ်မသွား။

အသံမထွက်စေဘဲ သူ ထရပ်လိုက်သည်။ ဧည့်ခန်းကို လှည့်ပတ်ကြည့် သည်။ နံရံကပ်စင်တစ်ခုမှာ ဂျူလီယာ ပထမဆုံးအကြိမ် မြန်မာပြည် လာစဉ်က အမှတ်တရများကို သူ ရှာဖွေတွေ့ရှိသည်။ စာအုပ်တွေ၊ ပန်းအိုးတွေနှင့် တစ်ဝက် တစ်ပျက် ဖုံးလွှမ်းနေသော သစ်သားဗုဒ္ဓဆင်းတုတော်ဘေးမှာတော့ ဖုန်တက်နေ သည့် အရက်ဘူးခွံတစ်ခုနှင့် စေတီတစ်ဆူရှေ့မှာ ရိုက်ထားသော ဂျူလီယာ့ ဓာတ်ပုံ၊ ပုံမှန် မဟုတ်သည့် သူ့အပြုံးက နေ့ခင်းကြောင်တောင် အိပ်မက်မက်နေသလို။ မျက်နှာချင်းဆိုင် နံရံမှာတော့ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ဦးခေါင်းခွံ နီနီကြီးမှ ပြူးထွက်နေသော မျက်လုံးများနှင့် ယောင်ယမ်း ထူအမ်းနေသော

နှုတ်ခမ်းများကို စုတ်ချက်ကြမ်းကြီးများဖြင့် ရေးဆွဲထားသည်။ ဒီပန်းချီကားကို မြင်မြင်ချင်း သားသား စိတ်အနှောင့်အယှက် အတော်ဖြစ်၏။ ခုလည်း ညကြီး သန်းခေါင် မြင်ရပြန်တော့ စိတ်နှလုံး မချမ်းမြေ့သဖြင့် ပြတင်းပေါက်မှ တစ်ဆင့် မြို့တော်ကြီးကို ကြည့်မိသည်။

***

သားသားတင်မက ဘကြီးလည်း အိပ်လို့ကို မရ။ ဆိုဖာက ကျုပ်အတွက် ပျော့လွန်း နေတယ်။ ကြမ်းပြင်ပေါ် စောင်ခင်းအိပ်တော့ ချက်ချင်း အိပ်ပျော်သွားပေမယ့် သိပ်မကြာလိုက်ဘူး၊ ပြန်နိုးလာတယ်။ ခု အိပ်မရလို့ ထပြီး သားသားနား သွားရပ် နေလိုက်တယ်။ အချိန်မတော်ပေမယ့် ပြတင်းပေါက် တချို့မီးတွေ လင်းနေတုန်း၊ လမ်းပေါ်မှာ ကားတွေ သွားနေတုန်း၊ နှစ်ယောက်သား ဘာမှ လုပ်စရာ မရှိတာနဲ့ နီလိုက်၊ စိမ်းလိုက်၊ ဝါလိုက်နဲ့ စည်းချက်ညီ အလုပ်လုပ်နေတဲ့ မီးပွိုင့်တွေကို ငေးနေမိတယ်။

"အဲသလောက် မြင့်တဲ့ အဆောက်အအုံကြီးတွေ ရှိလိမ့်မယ်၊ အဲဒီမှာ လူတွေအများကြီး နေနေလိမ့်မယ်လို့ တွေးမိဖူးလား အစ်ကိုကြီး" လို့ သားသား က မေးလိုက်တယ်။

"ဟင့်အင်း"

"ဒီလောက် လူတွေ၊ ကားတွေ အများကြီးရှိတဲ့နေရာ နေရလိမ့်မယ်လို့ကော"

"ဟင့်အင်း"

"များလွန်းတယ်ဗျာ"

"ဘာများလွန်းတာလဲ"

"အရာအားလုံးပဲ၊ လိုတာထက် ပိုများလွန်းတယ်"

ဘကြီး ခေါင်းယမ်းမိတယ်။ နောက်ထပ် ဥဩဆွဲသံတစ်ခု၊ ရဲကားတစ်စီး ဟာ မီးနီကြီးကို ဖြတ်ပြီး တရကြမ်း မောင်းသွားတယ်။

သားသားက ရေငတ်သတဲ့။ ကြွေအင်တုံဆီ သွားပြီး ရေပိုက်ခေါင်းကို ဖွင့်၊ ဖန်ခွက်ထဲ ထည့်ပြီး သူ စိုက်ကြည့်နေတယ်။

"ဒါ သောက်လို့ အဆင်ပြေပါ့မလား" တဲ့။ မသိဘူးလေ၊ ကျုပ်လည်း ပခုံးတွန့်ပြမိတယ်။ သူ ဖန်ခွက်ကို ကြည့်ရင်း ရေကို သောက်လိုက်တယ်။

“ဂျူလီယာ အိပ်မောကျနေပြီ၊ လမ်းလျှောက်ထွက်ကြမလား” တဲ့၊ ကျုပ်ကို မေးတယ်။

“ခုလား”

သူက ခေါင်းညိတ်တယ်။

“ကျွန်တော်တော့ မပင်ပန်းလှဘူး၊ အစ်ကိုကြီးကော”

“မပင်ပန်းပါဘူး”

ဒီလိုနဲ့ ဘကြီးတို့ အဝတ်တွေ လဲကြတယ်၊ ဂျူလီယာ့အတွက် စာတို လေး ရေးထားပစ်ခဲ့တယ်။ သူပေးထားတဲ့ သော့ကို ယူပြီး တံခါးကို အသံမထွက် အောင် ပိတ်ရင်း အပြင်ထွက်လာခဲ့ကြတယ်။

သုံးဆယ့်ငါးလွှာကနေ လှေကား ကျဉ်းကျဉ်းလေးအတိုင်း ဆင်းလာခဲ့ ကြတယ်။ သားသားက ဓာတ်လှေကားကို ကြောက်သတဲ့၊ မယုံဘူးတဲ့။ အဆောက် အအုံ ဝင်ပေါက်မှာ ဘကြီးတို့ ရောက်စက ထိုင်စောင့်နေတဲ့ အစောင့်ကို တွေ့ရ တယ်။ ဂျူလီယာက ဘကြီးတို့နှစ်ယောက်ရဲ့ နာမည်တွေ အစောင့်ကို ပေးထား တယ်။ အစောင့်က ငိုက်မျဉ်းသမ်းဝေရင်း ဘကြီးတို့ကို နှုတ်ဆက်တယ်။

အပြင်မှာတော့ လေညင်းကလေး တိုက်နေတယ်။ လေရဲ့ အနံ့နဲ့ အရသာ က ကလော၊ သီပေါတို့နဲ့ တစ်မူကွဲတယ်ကွဲ့။ ဘကြီးတို့နှစ်ယောက်လည်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ရင်း ချီတုံချတုံနဲ့ပဲ ဒုတိယရိပ်သာလမ်းဆီ ဦးတည် နေတဲ့လမ်းအတိုင်း လျှောက်လာခဲ့မိတာပေါ့။ ဒုတိယလမ်းဆုံမီးပွိုင့်ရောက်တော့ အဆောက်အအုံတစ်ခုရဲ့ နံရံကို မှီပြီး လဲနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ကြ တယ်။ စောင်တစ်ထည်ကို ခင်းပြီး တစ်ထည်ကို ခြုံထားတဲ့ အဲဒီလူဟာ ဆံပင်ရှည် တစ်ဝက်ဖြူ တစ်ဝက်မည်း ဖရိုဖရဲနဲ့၊ အဝါရောင်လက်အိတ်တွေ စွပ်ထားပေမယ့် ခြေထောက်မှာ ဖိနပ်က မပါ။ ရုတ်တရက် ကြည့်ရင် ခွေးကြီးတစ်ကောင် လဲနေ သလိုပဲ။ သူ့နားမှာတော့ ဈေးဝယ်တွန်းလှည်းကလေး၊ အထဲမှာ ပလတ်စတစ်ဘူး လွတ်တွေနဲ့ စောင်အပိုတွေ။

လမ်းသွားလမ်းလာ တစ်ယောက်မှ မရှိဘူး။ သားသားဟာ အဲဒီလူနား ဒူးထောက်ထိုင်ချလိုက်ပြီး ဘာကူညီရမလဲ မေးနေတယ်။ ဘာအဖြေမှ ပြန်မရ တော့ သူ့ ပခုံးကို ခပ်သာသာ လှုပ်ကြည့်တယ်။ ဘာမှ တုံ့ပြန်မှု မရှိ။ စောင်က လည်း အန်ဖတ်နံ့နဲ့ သေးစော် ဟောင်နေတာပဲ။ သားသားက အဲဒီလူကို လက်သွေး စမ်းကြည့်တယ်။ သွေးခုန်နှုန်းက မြန်ပြီး ပုံမမှန်ဘူးတဲ့။ သူဟာ ချွေးတွေလည်း ပြန်နေတယ်။ ဆံပင်တွေက သူ့မျက်နှာပေါ် ဝဲကျနေတယ်။ သူဟာ အရက်အမူးလွန်

နေတာလား၊ နေထိုင်မကောင်း ဖြစ်နေတာလား မသိပေမယ့် ဆရာဝန်ပြဖို့တော့ လိုတယ်လို့ ဘကြီးတို့ နှစ်ယောက်လုံး ထင်မိကြတယ်။

သားသားက လမ်းဘေးမှာရပ်လိုက်ပြီး လက်တဖက် မြှောက်ထားတယ်။ ခဏနေတော့ တက္ကစီတစ်စီး လာရပ်တယ်။ လမ်းဘေးကလူ လဲနေတာ သားသားက လမ်းဘေးမှာ ရပ်လိုက်ပြီး လက်တစ်ဖက် မြင်လို့ ဆေးရုံတစ်ခုခု ပို့ချင်လို့လို့ ပြောလိုက်တဲ့အခါ ဒရိုင်ဘာဟာ ဘာတစ်ခွန်း မှ ပြန်မပြောဘဲ ဒီအတိုင်း မောင်းထွက်သွားတယ်။

ဒုတိယတက္ကစီလည်း ခဏပဲ ရပ်ပြီး ထိုနည်းလည်းကောင်း။ တတိယ တစ်စီးက သာတောင် ဆိုးသေး။

စတုတ္ထမြောက် ဒရိုင်ဘာကတော့ ဒီနားမှာ ဆေးရုံတစ်ခုရှိတယ်ဆိုတာ ပြောဖော်ရတယ်။ ဒါပေမဲ့ ကားပေါ်တော့ အတင်မခံဘူး။ မောင်းထွက်သွားတာပဲ။ ဘကြီးတို့လည်း အဲဒီလူနား ရပ်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ နောက်ဆုံး တော့ သားသားဟာ အဲဒီလူကို ကျောပိုးလိုက်တယ်။ သူက ထင်ထားတာထက် သေးကွေးပြီး ခန္ဓာကိုယ်ကလည်း ပေါ့ပေါ့ပဲတဲ့။ ပါးစပ်က ဝူး... ဝါး ညည်းသံမျိုး ခဏထွက်ပေမယ့် မနိုးဘူး၊ သတိရမလာဘူး၊ ဘကြီးက လက်တွန်းလှည်းကြီး တွန်းရင်း မင်းအဖေနောက်ကနေ လိုက်ရတော့တာပေါ့။

ဒုတိယရိပ်သာလမ်းကို ဖြည်းဖြည်းချင်း တက်လာခဲ့ကြတယ်။ လမ်းပေါ် မှာ လူတစ်ယောက်မှ မရှိ။ အစားအသောက်နဲ့ ပန်းတွေ ရောင်းတဲ့ ဆိုင်လေးတစ်ခု တွေ့ပေမယ့် ကောင်တာက လူက အင်္ဂလိပ်လို မပြော၊ ဒါမှမဟုတ် သူ့လေသံကို ဘကြီးတို့ နားမလည်တာလည်း ဖြစ်ချင် ဖြစ်မယ်။ ၆၇ လမ်းထောင့်မှာတော့ စလုန်းကီတာရင်း အောက်မေ့ဖွယ်ဆေးရုံသို့ ဆိုတဲ့ လမ်းညွှန် ဆိုင်းဘုတ်လေး သွားတွေ့တယ်။

အရေးပေါ်ဌာန ကောင်တာစားပွဲနောက်မှာ သူနာပြုနှစ်ယောက် ထိုင်နေ ဘယ်။ နှစ်ယောက်လုံး အိပ်ချင်နေပုံပဲ။ ဘကြီးတို့ ပြောပြတဲ့ ဖြစ်ကြောင်းရယ် ဘုန်စင်ကို သူတို့ တစ်စက်မှ ယုံပုံ မရဘူး။

“လမ်းပေါ်မှာ တွေ့တဲ့ လူကို ဒီခေါ်လာတယ် ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ ရှင်တို့နှစ်ယောက် ဒီလူကို မသိဘူးလို့ ဆိုလိုတာလား”

“မဟုတ်ပါဘူး” လို့ သားသားက ဖြေလိုက်တယ်။

“သူက ရှင်တို့ကို အကူအညီတောင်းလို့လား”

နောက်သူနာပြုတစ်ယောက်က မျက်နှာထားတင်းတင်းနဲ့ မေးပြန်တယ်။

"မတောင်းဘူး၊ ကျုပ်တို့ တွေ့တော့ သူက လဲနေတာ"

"သူ့ဘာသာသူ လှဲနေချင်လို့ နေမှာပေါ့"

သားသားက သူနာပြုတွေကို နားမလည်နိုင်ဘဲ ကြည့်နေတယ်။

"သူက ဘာဖြစ်လို့ လှဲနေချင်ရမှာလဲ၊ လမ်းဘေးမှာကို"

"ဘယ်သိနိုင်ပါ့မလဲ"

တုတ်တုတ်ခိုင်ခိုင် သူနာပြုကြီးက နက်ကျောကျောအသံနဲ့ ပြန်ပြောတယ်။

"ဘာဖြစ်ဖြစ်လေ၊ ဒါ ကျွန်မတို့ ကိစ္စ မဟုတ်ဘူး။ လူတွေက ရှုးရှုး နှမ်းနှမ်း လုပ်တတ်ကြတာပဲ၊ သူ အိပ်ချင်တဲ့ နေရာ အိပ်မှာပေါ့"

"ကျုပ်... ကျုပ်တော့ စဉ်းစားလို့ မတတ်..."

သားသားက အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်တယ်။

သူနာပြုမကြီးဟာ ကောင်တာကနေ ရှေ့ကို ကိုင်းလိုက်လို့ ဘကြီးတို့ နှစ်ယောက်လုံး ယောင်မှားပြီး နောက်ကို ယို့ယို့လေး ဆုတ်ပေးလိုက်ကြတယ်

"ရှင့်ဟာရှင် စဉ်းစားလို့ တတ်တတ်၊ မတတ်တတ် ခု ဒီကို ရောက်လာ တာနဲ့ ဘာမှ မဆိုင်ဘူး ထင်တယ်"

"သူ နေမကောင်းဘဲ အကူအညီလိုနေတယ် ထင်မိလို့ပါ"

သားသားက အသံတိမ်လေးနဲ့ ပြောတယ်။

"ဟုတ်လား၊ ရှင် ဘယ်လိုလုပ် သိလဲ၊ ရှင်က ဆရာဝန်လား"

"မဟုတ်.... မဟုတ်ပါဘူး"

သူနာပြုဆရာမက မျက်လုံးကို ဝိုင်းဝိုင်းလည်အောင် လုပ်ပြရင်း-

"ကဲ...... နေမကောင်းဘူးဘဲ ထားဦး၊ သူ့ကို ကုသလို့ ကုန်ကျစရိတ်ကို ဘယ်သူ ပေးမှာတုံး၊ ရှင်လား" လို့ မေးထည့်လိုက်တယ်။

သူတို့ခေါ်လိုက်လို့ရောက်လာတဲ့ရဲတွေလည်း စိတ်ညစ်ကုန်ကြတယ်။ သားသား ကျောပိုးလာတဲ့ လူက ဘာနိုင်ငံသားကတ်မှ မပါ၊ ပိုက်ဆံလည်း တစ်ပြားမှ မပါ၊ ဘကြီးတို့ဆီမှာလည်း အမေရိကန်ဗီဇာ ထုထားတဲ့ မြန်မာ နိုင်ငံကူး လက်မှတ်တွေပဲ ပါ။ မေးခွန်းတွေ အများကြီး မေး၊ အကြာကြီး ငြင်းခုံပြီးတဲ့အခါ

ဘကြီးတို့ကို သွားခွင့်ပြုလိုက်တယ်။ ဟိုလူကိုတော့ ဆရာဝန်လေးတစ်ယောက် ကြည့်ပေးနေပြီ၊ မတတ်နိုင်ဘူးလေ သားရယ်၊ သူ့ကို ထားပစ်ခဲ့ရတယ်။

လမ်းပေါ် ပြန်ရောက်တော့နေထွက်စပြုနေပြီ။ မိုးမျှော်တိုက်ကြီးတွေရဲ့ ထိပ်ဖျားတွေဟာ ထွက်ပြူစ နေမင်းရဲ့ အလင်းအောက်မှာ ဝင်းဝင်းတောက်နေတယ်။ ဘကြီးကတော့ သီပေါတောင်တန်းတွေရဲ့ နေထွက်စ မြင်ကွင်းကို သတိရနေမိတယ်။

တစ်ဆယ့်ရှစ်

သားသားဟာ သုံးဆယ့်ငါးထပ်ကို လှေကားက တက်ချင်နေပေမယ့် ဓာတ်လှေကားထဲက လူငယ်လေးတစ်ယောက်က ဘကြီးတို့ကို ဓာတ်လှေကားတံခါး ဖွင့်ပြီး ရပ်စောင့်ပေးနေတာ မြင်ရလို့ အထဲဝင်လိုက်ကြတယ်။ သူကလည်း သုံးဆယ့် ငါးထပ်ကို သွားမှာပဲ။ လူငယ်လေးဟာ ဂျူလီယာ့ အခန်းနားက အခန်းတစ်ခုထဲ မဝင်ခင် ဘကြီးတို့ကို ကောင်းသောနေ့ပါလို့ နှုတ်ဆက်သွားသေးတယ်။

ဂျူလီယာဟာ မီးဖိုခန်းစားပွဲမှာ ထိုင်ရင်း ဘကြီးတို့ သူ့အတွက် ရေးထားပစ်ခဲ့တဲ့ စာလေးကို လက်မှာ ကိုင်ထားတယ်။ ကော်ဖီနဲ့၊ ပေါင်မုန့်နံ့တွေ လှိုင်နေတယ်။

"အမယ်လေး.. လေး... ပေါ်တော်မူလာကြပြီ"

ဂျူလီယာဟာ အကြီးအကျယ် စိတ်သက်သာရာ ရသွားတဲ့ လေသံနဲ့ ပြောလိုက်တယ်။

"တော်တို့နှစ်ယောက် မန်ဟက်တန်လမ်းတွေပေါ် အချိန်မတော်ကြီး ဘာထွက်လုပ်ကြတာတုံး၊ ခု ကျွန်မ ရဲခေါ်တော့မလို့"

ဂျူလီယာ့ နှာခေါင်းဟာ ပြောရင်းနဲ့ ရှုံ့ပွ ရှုံ့ပွ ဖြစ်လာတယ်။

"အလိုလေး... ဒါက ဘာနံ့ကြီးတုံး"

ခုနက ဇာတ်လမ်းကို ပြောပြတော့ ဂျူလီယာက မျက်မှောင်ကြီး ကြုတ်ရင်း နားထောင်တယ်။

"နောက်တစ်ခါ ဒါမျိုး ဘယ်တော့မှ ထပ်မလုပ်ပါဘူးလို့ ကျွန်မကိုကျေးဇူးပြုပြီး ပြောလိုက်ကြစမ်းပါ"

"ဟင်.. ဘယ်လိုဟာမျိုးလဲ"

"ညကြီးသန်းခေါင်သူများတိုက်တံခါးရှေ့ကသူစိမ်းကိုကူညီတာမျိုးလေ"

"ဒါဆို ကျုပ်တို့ ဘာလုပ်သင့်တာလဲ"

"ဒီအတိုင်း ထားလိုက်ရမှာ"

"ဟာ... တကယ်ပြောတာလား"

"ဩော်... တကယ်ပေါ့"

"ဘာဖြစ်လို့လဲ"

သားသားဟာ နားမလည်ခြင်း များစွာနဲ့ စိတ်တွေ ရှုပ်နေပုံပဲ။

"နယူးယောက် လမ်းမတွေပေါ်မှာ အဲသလို အိမ်ခြေရာခြေမဲ့တွေ ထောင်သောင်း သိန်းချီပြီး ရှိတယ်၊ ရှင်က သူတို့ အကုန်လုံးကို ကူညီချင်လို့လား"

"အကုန်လိုက်ကူညီတာတော့မဟုတ်ဘူးပေါ့၊ တကယ် ဒုက္ခရောက်နေတဲ့ လူကို ကူညီတာပါ"

"ကံမကောင်းရင် ဇာတ်သိမ်းမလှ ဖြစ်သွားနိုင်တယ်"

"ဟင်.. ဘယ်သူကတုံး"

"ရှင်တို့ပေါ့၊ ရှင် ဘယ်သူ့ကို ကူညီနေတယ် ဆိုတာ ဘာမှ မသိဘူး မဟုတ်လား"

"ဩော်... အဲဒါ အရေးကြီးလို့လား"

"သိပ်အရေးကြီးတာပေါ့"

ဂျူလီယာဟာ သူ နယူးယောက်တိုင်းမ်မှာ ဖတ်ခဲ့ရတဲ့ ဇာတ်လမ်းတစ်ပုဒ် အကြောင်း ဘကြီးတို့ကို ပြောပြတယ်။ လော့စ်အိန်ဂျယ်လိစ်လား၊ ဆန်ဒီယေဂိုလား၊ အနောက်ဘက် ကမ်းခြေတစ်ခုမှာ အိမ်ခြေရာခြေမဲ့ တစ်ယောက်ကို ကူညီမိတဲ့ အမျိုးသမီးတစ်ယောက် ဓားနဲ့ တွက်လွတ်တာ ခံလိုက်ရသတဲ့။ အဲဒီ အိမ်ခြေ ရာခြေမဲ့ဟာ လာကူညီတဲ့ အမျိုးသမီးကို မိစ္ဆာနတ်ဆိုးလို့ ယူဆလို့တဲ့။

ဂျူလီယာ့ လေသံဟာ သီပေါမှာနဲ့ မတူတော့ဘဲ အသက်မရှူတမ်းတရစပ် စက်သေနတ်ပစ်သလို ပြောတဲ့ နယူးယောက်လေ ပေါက်လာပြီ ဆိုတာကို သားသားက သတိထားမိနေတယ်။ သားသားဆီက အသံမကြားတော့ ဂျူလီယာက မေးတယ်။

"မြန်မာပြည်မှာကော အိမ်ခြေရာခြေမဲ့တွေ မရှိဘူးလား" တဲ့။

"မရှိဘူး"

သားသားက အပြတ်ဖြေနေတယ်။

“မယုံပါဘူး၊ အိမ်ခြေရာခြေမဲ့ဆိုတာ နေရာတိုင်းမှာ ရှိတယ်”

ဂျူလီယာဟာ သူ့ကိုယ်သူ သိပ်ယုံကြည်မှု ရှိနေတဲ့ လေသံနဲ့ပြောနေ တာ။ သားသားက ခဏစဉ်းစားတယ်။ ဘကြီးဘက်ကို စစ်ကူတောင်းသလို ကြည့်တယ်။ ပြီးတော့ သူ ဖြေတယ်။

“ကျုပ်တော့ မထင်ဘူး၊ အားလုံးမှာ ကူညီပေးမယ့် မိသားစု၊ အိမ်နီး ချင်း၊ မိတ်ဆွေ၊ သူငယ်ချင်း ဆိုတာတော့ ရှိကြစမြဲပဲ၊ ဟုတ်တယ်မို့လား... အစ်ကိုကြီး” တဲ့။

“ရှင့်ကျတော့ ဘယ်သူမှ မရှိပါလား”

“ကျုပ်က ခြွင်းချက်လေ၊ ဒါပေမဲ့ အဲဒါလည်း ရှားပါတယ်၊ ဖာသာ အိန်ဂျလိုက ကျုပ်ကို ကူညီခဲ့တာပဲလေ”

“ထားပါတော့... ဒီမှာတော့ အဲသလို မရှိဘူး။ ကဲ... ကော်ဖီလား၊ လက်ဖက်ရည်လား၊ မုန့်တွေ နွှေးလိုက်ဦးမယ်”

ဂျူလီယာဟာ ရေခဲသေတ္တာထဲက ချောကလက် ခရိုးဆန့်တွေကို နွှေး တယ်။ ခဏနေတော့ စားချင်စဖွယ် ပူပူနွေးနွေး မုန့်တွေ အဆင်သင့်။

စားပွဲပေါ်မှာ အနက်ရစ်တစ်ရစ် ပတ်ထားတဲ့ ဦးထုပ် အညိုတစ်လုံး တင်ထားတယ်။

“ဒါ ကျွန်မ ဗီရိုထဲက တွေ့တာ၊ ဖေဖေ့ရဲ့ ဘော်ဆယ်လီနို ဦးထုပ်တွေ လေ၊ အစ်ကိုကြီး ဆောင်းကြည့်ပါလား”

ဂျူလီယာက ဦးထုပ်ကို လှမ်းပေးတယ်။ ဦးထုပ်က ဘကြီးနဲ့ ကြီးလွန်း နေတယ်။ ဒါနဲ့ သားသားကို လှမ်းပေးလိုက်တယ်။ သူနဲ့ကျတိုင်းချုပ်ထားသလား မှတ်ရတယ်၊ အတော်ပဲ။ ဂျူလီယာက ဓာတ်ပုံဟောင်းလေးတစ်ပုံ ထုတ်လာ တယ်။ ဘကြီးတို့အဖေ ဦးတင်ဝင်း အဲဒီဦးထုပ် ဆောင်းထားတဲ့ ပုံ၊ အဖေနဲ့ သားသားဟာ ခုလိုဆိုတော့ အတော်တူတာပဲ။ ဂျူလီယာက ရေချိုးခန်းထဲက မှန်ယူလာပြီး ပြတယ်။ သားသားဟာ ဂျူလီယာ ဘန်ကောက်မှာ ဝယ်လာတဲ့ ရှပ်ဖြူ၊ ဂျင်းပြာ၊ ဘော်ဆယ်လီနို ဦးထုပ်ညိုနဲ့ အတော်ပနံရနေတယ်။ သက်န်းကြီး ဆီးထားတုန်းကနဲ့ တခြားစီပါပဲ။ ခုတော့ သူလည်း ပြုံးပြုံးကြီး လုပ်နေလေရဲ့။

“ရှင် ယူထားလိုက်တော့”

ဂျူလီယာက ဘကြီးကို ကြည့်ပြီး ပြောလိုက်တယ်။ ဒီဦးထုပ် သားသား ကို ပေးတဲ့ ကိစ္စမှာ ဘကြီးရဲ့ ခွင့်ပြုချက် ယူချင်တဲ့ ပုံပါပဲ။

"အင်း…ကျေးဇူးပဲ"

ဦးထုပ်ကို ကြိုက်နေပုံရတဲ့ သားသားက မငြင်းဘူး။

"ခုနက မင်း အိမ်နီးနားချင်းနဲ့ ကျုပ်တို့ ခေတ်လှေကားထဲမှာ ဆုံတယ်၊ သူက ခင်ဖို့ ကောင်းသားပဲ၊ သူ့နာမည် ဘာတဲ့လဲ"

"မသိဘူးလေ"

"ဟင်.. ကိုယ့်အိမ်နီးနားချင်း နာမည်တောင် မသိဘူးလား"

"မသိဘူး၊ သူက မနှစ်ကလား ပြောင်းလာတာ၊ ကျွန်မက ဒီမှာ မရှိတာ ကြာပြီကို"

"အရင်က အဲဒီမှာ ဘယ်သူ နေသွားတာလဲ"

"မိုက် ထင်တယ်၊ နေပါဦး… ဖေးလ်လား၊ အင်း… ရှင်းရှင်းပြောရရင် မသိဘူးတော့"

"ဒီအထပ်မှာ နေကြတဲ့ တခြားသူတွေကိုကော"

"ပြောတတ်ဘူး၊ ဘာအရေးကြီးလို့လဲ"

"ဩော်… လူတွေဟာ သူတို့ အိမ်နီးနားချင်းတွေနဲ့ ရင်းရင်းနှီးနှီး နေသင့်တယ်လေ"

"မြန်မာပြည်မှာ ဟုတ်ချင် ဟုတ်ပေမယ့် နယူးယောက်ကတော့ ဒီလို မဟုတ်ဘူး တော်ရေ့၊ ဒီ အဆောက်အအုံမှာ လူ ဘယ်နှယောက် ရှိတယ် ထင်လို့လဲ"

"ငါးဆယ်လောက်လား"

"နည်းလွန်းတယ်၊ ထပ်မှန်းဦး"

သားသားက ကူကယ်ရာမဲ့ ပခုံး တွန့်ပြတယ်။

"အနည်းဆုံး နှစ်ရာ့ငါးဆယ်ကျော် ရှိတယ်၊ လမ်းတစ်ဖက်က မိုးမျှော်တိုက်ကြီးမှာ လူ တစ်ထောင်ကျော် နေတယ်၊ သူတို့တွေ အိမ်နီးနားချင်း အကုန် လုံးကို သိကြမယ် ထင်လို့လား"

"အင်း… မထင်ပါဘူး၊ ဒါပေမဲ့ တစ်ထပ်တည်း နေတဲ့ လူတွေကတော့ သိသင့်တာပေါ့၊ ဟုတ်ဘူးလား"

"ဒီက လူတွေက တစ်နေရာတည်း ကြာကြာမနေဘူး သားသားရဲ့၊ အမြဲ ဝင်လိုက် ထွက်လိုက်၊ ဒီနေ့ ရှင့်အိမ်နီးချင်းက တွမ်ဆိုရင် နက်ဖြန် ဒစ်၊ သန်ဘက်ခါ ဟယ်ရီ အဲသလိုမျိုး"

"ဒါဆို အကူအညီ လိုခဲ့ရင် ဘယ်လို လုပ်မလဲ"

"ဘယ်လို အကူအညီမျိုးလဲ"

သားသားက လှည့်ပတ်ကြည့်တယ်။

"ဥပမာ ရေမလာဘူး ဆိုပါတော့"

"ရေမလာဘူးတဲ့ လား၊ ရေက ဘာကိစ္စကြောင့် မလာရမှာလဲ"

"ဥပမာပြောတာပါ၊ မီးပျက်ရင်ကော"

"မီးပျက်ရင်တဲ့လား၊ ကျားသားမိုးကြိုး၊ ထားပါတော့... အဲဒါတွေက စူပါဗိုင်စာကို ပြောရုံပဲလေ"

"သူ့နာမည်က ဘာတဲ့လဲ"

ဂျူလီယာ သက်ပြင်းချလိုက်တယ်။

"ပက်ဒရိုလား၊ မန်နွယ်လား၊ ရိုဒရီဂေးလား တစ်ခုခုပဲ၊ ဘယ်လိုလုပ် သိမလဲ၊ သူတို့လည်း အမြဲပြောင်းနေကြတာပဲ၊ သားသားရာ... ဒီနာမည်ကိစ္စနဲ့ ရှင် ကျွန်မကို ရူးအောင် လုပ်နေတယ်၊ ဒီမှာ ဒါတွေ အရေးမကြီးဘူး၊ မီးတို့၊ ရေတို့၊ အိမ်သာတို့က စူပါဗိုင်စာ ရှင်းလိမ့်မယ်၊ သူ ဘယ်ကလာလာ သူ့နာမည် ဘယ်သူဖြစ်ဖြစ် ဘာမှ အရေးမကြီးဘူး၊ သိပလား"

အေမီသည် အူယားဖားယားဖြင့် လှေကားပေါ်မှ ဝရုန်းသုန်းကား ပြေးဆင်းလာ သည်။ ဂျူလီယာ့ကို လည်ပင်းမှ သိုင်း၍ တင်းနေအောင် ဖက်ထားသည်။ ဂျူလီယာကလည်း ခပ်တင်းတင်း ပြန်ဖက်၊ ကြည့်ရတာ သူတို့ အပွေ့အဖက်သည် ကမ္ဘာဆုံးတိုင် တည်နေတော့ ဩော်မလို။ မျက်ဝန်းမှာလည်း ဝမ်းသာမျက်ရည်တွေ စို့လို့။ ထို့နောက်မှာတော့ အေမီက သားသားနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး သားသားကို ခြေဆုံး ခေါင်းဆုံး ကြည့်နေသည်။

"ရှင်က သူ့တစ်ဘဝလုံး အချစ်ရဆုံး ဆိုတဲ့ လူကိုး"

သားသားသည် ခပ်လန့်လန့်နှင့် ပြုံးပြလိုက်၏။ ဘယ်လို တုံ့ပြန်ရမည် မှန်း သူ မသိ။

"ရှင် ကံကောင်းတယ် မှတ်၊ ကျွန်မ သူငယ်ချင်းက သိပ်ဇီဇာကြောင်တာ"

အေမီက ပြောရင်း ရယ်၏။

"ကြိုဆိုပါတယ်ရှင်၊ ရှင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

အေမီက သားသားကို အကြာကြီး ပွေ့ဖက်နှုတ်ဆက်သောအခါ သားသား တစ်ကိုယ်လုံး တောင့်တင်းပြီး မနေတတ် မထိုင်တတ် ဖြစ်၍ နေသည်။ ဂျူလီယာ့ကို ဘယ့်နှယ်တုံးဟု မေးချင်သလို သူ ကြည့်နေသည်။ တစ်ခါမှ မတွေ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်က တွေ့တွေ့ချင်း ဖက်လား ယမ်းလားနဲ့။

ရီဗင်တန်လမ်းက အဆောက်အအုံတစ်ခု ထိပ်ဆုံးထပ်မှာ အေမီက နှစ်ခန်းတွဲအိမ်ခန်း ပိုင်၏။ တစ်ခန်းကို လူနေ၊ တစ်ခန်းကို စတူဒီယိုအဖြစ် လုပ် ထား၏။ ထိုအခန်းတံခါး နှစ်ခုကြားက နေရာကလေးမှာ ဘုရားစင်ကလေး တစ်ခု ရှိပြီး အမွှေးတိုင်တွေ အများကြီး ပူဇော်ထားသည်။ ကနေ့ ဂျူလီယာ ပြန်ရောက် ခြင်း အထိမ်းအမှတ် ကြိုဆိုညစာ တဲ့။ ကြက်သွန်ဖြူ ဆီသတ်နံ့၊ နံနံပင်နံ့၊ ငရုတ်သီး နံ့တွေကို လှေကားတက်လာတုန်း ရနှင့်နေပြီ။

သားသားက အခန်းကိုလှည့်ပတ်ကြည့်သည်။ အခန်းတိုင်းမှာ ဗုဒ္ဓဆင်းတု တော် ကြီးကြီးငယ်ငယ်တွေ စံပယ်တော်မူနေကြသည်။ စင်တွေပေါ်၊ စားပွဲတွေ ပေါ်၊ မီးဖိုခန်းထဲပါ မကျန်။ ကြေးဆင်းတု အသေးလေးတွေရောပဲ။ သီပေါက သူ့ ဘုန်းကြီးကျောင်းထက် မလျော့။ နံရံပေါ်မှ ပန်းချီကားတွေကိုလည်း သူ ကြည့်သည်။ ကြောက်စရာ အသွင်တွေပါပဲ။ ဂျူလီယာ့ အိမ်က ပန်းချီကားကြီး လိုပဲ

ဘယာနကရသကို ပေးစွမ်းနိုင်ပါပေ့။

"ရှင် ကြိုက်လား"

အေမီက သ္မနား လာရပ်ရင်း ရုတ်တရက် မေးလိုက်သောအခါ-

"အင်း.. ဟို… ဒီပန်းချီကားတွေက သိပ်ကို ကွဲပြားခြားနားတဲ့ အသွင်ဆောင်တယ်" ဟု သားသားက မရေမရာ ပြန်ဖြေလေသည်။

"အဲဒါက မကြိုက်ဘူးလို့ အာရှလို ယဉ်ယဉ်ကျေးကျေး ပြောတာ ပေါ့နော်"

သူပြောတာ မှန်နေသဖြင့် သားသားလည်း ရှက်ရယ် ရယ်နေလိုက်သည်။

"ဘာမကြိုက်တာလဲ ပြောပါဦး"

"မသိဘူးဗျ၊ ဘာကို ဆွဲထားမှန်းတောင် မသိဘူး၊ ဘာမှလည်း မတွေ့သလိုပဲ"

"ရှင် ကြာကြာကြည့်ပါ၊ ဒါဆို ရှင် မြင်ချင်တာကို ဒီထဲမှာ မြင်လာလိမ့်မယ်"

အေမီက သွားဖြဲပြပြီး တခြားဧည့်သည်တွေဆီ လှည့်ထွက်သွားသည်။

အခန်းနှစ်ခန်းလုံးကို ဖယောင်းတိုင်တွေသာ ထွန်းညှိထားသည်။ စားပွဲအရှည်ကြီးတစ်လုံးကို တည်ခင်းထားသည့် အခန်းထဲ လူတွေ ထပ်ထပ်ရောက်လာကြသည်။ သူတို့အားလုံး တစ်ယောက်နှင့် တစ်ယောက် ကောင်းစွာ သိကျွမ်းကြသည်။ သူတို့က သားသားကို သူတို့ အုပ်စုဝင်ကဲ့သို့ ဖက်ယမ်း နှုတ်ဆက်ကြသည်။

"ဟိုင်း..ကျွန်မက ချားလော့ပါ၊ ရှင်ကကော"

ဆံပင်နီကောက်ကွေးနှင့် မျက်နှာတစ်ပြင်လုံး မှဲ့ခြောက်တွေ ရှိနေသော အမျိုးသမီးငယ်လေး တစ်ဦးက နှုတ်ဆက်ပြန်သည်။

"သားသားပါ"

"ရှင်က မြန်မာပြည်က လာတာဆို.. အေမီ ပြောတယ်"

သားသားက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မက ဖရီးဘားမား ညွန့်ပေါင်းအဖွဲ့မှာ အလုပ်လုပ်တယ်"

ချားလော့က ရှင်းပြနေသည်။

"ဩော်… ဖရီးဘားမား ဆိုတာက ဘာများလဲ"

"မြန်မာပြည်မယ် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်ပွဲတွေ ဖြစ်ပေါ်လာဖို့နဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ရဖို့ လှုပ်ရှားနေတဲ့ အဖွဲ့ပါ"

"ဩ… ကောင်းတယ်၊ ကောင်းတယ်"

တကယ်တော့သူဘာပြောရမည်မှန်းမသိ၍ထိုသို့ပြောလိုက်ခြင်းသာ။

"လွန်ခဲ့တဲ့ သုံး၊ လေးလက ကျွန်မ ထိုင်း-မြန်မာ နယ်စပ်က ဒုက္ခသည် စခန်းမှာလေ၊ အဲဒီမှာ ဘာတွေ ဖြစ်နေလဲ ဆိုတာ ရှင် တွေးကြည့်လို့တောင် ရမှာ မဟုတ်ဘူး။ ထောင်ချီတဲ့ လူတွေဟာ ရေမရှိ၊ မီးမရှိဘဲ တဲကလေးတွေနဲ့ နေရ တယ်၊ ဆရာဝန် မရှိ၊ စာသင်ကျောင်း ဆိုတာ ဝေလာ ဝေး၊ ဒါပေမဲ့ ပြန်ချင်တဲ့ လူ တစ်ယောက်မှ မရှိဘူးရှင့်၊ သူတို့အားလုံး ပြန်ရမှာကို သေမလောက် ကြောက် ကြတယ်၊ တကယ့်ကို စိတ်ချောက်ချားစရာပဲ"

သူ့စကားလုံးတိုင်းကို သားသားသည် တစ်ခါမှ မကြားခဲ့ဖူးသလို အသေအချာ နားထောင်၏။ ချားလော့က ဆက်ပြောသည်။

"သူတို့ ပြောပြတဲ့ ဇာတ်လမ်းတွေကို ရှင် ယုံမှာ မဟုတ်ဘူး၊ စစ်သားတွေ က မိန်းမတွေကို မုဒိမ်းကျင့်၊ ကလေးတွေကို သတ်ဖြတ်၊ အင်း… မြန်မာ အတော် များများဟာ ဒါတွေကို ဘာမှ သိပုံ မရဘူး၊ ဟုတ်ရဲ့လား"

သားသားအဖြေကို မစောင့်ဘဲ သူက စကား တပြောပြောဖြင့် အခန်းထဲ လှည့်ပတ်သွားသည်။ မိတ်ဆွေ သူငယ်ချင်းတွေဆီက အဆိုပါ ဒုက္ခသည် စခန်းတွေအတွက် အလှူငွေတွေ သွားရောက် ကောက်ခံခြင်း တဲ့။ သူနှင့် သူ့ သူငယ်ချင်းများသည် ငါးကီလိုမီတာ၊ ဆယ်ကီလိုမီတာ မာရသွန်ပွဲတွေ ဝင်နွှဲပြီး ရန်ပုံငွေ စုဆောင်းကြသတဲ့။ စုဆောင်းရငွေဖြင့် ခုဆို ဒုက္ခသည် စခန်းတစ်ခုမှာ စာသင်ကျောင်းလေးတစ်ကျောင်း ဆောက်ပေးတော့မတဲ့။ သူက ပြောပြီးရင်း ပြော၊ သားသားက ခေါင်းညိတ်ပြီးရင်း ညိတ်။ တစ်ခါတလေတော့ မျက်လုံးကို ပိတ်။

အေမီက အားလုံး စားပွဲရှည်ကြီးမှာ နေရာယူကြဖို့ ဆော်ဩနေသည်။ ဂျူလီယာက သားသားနှင့် မျက်နှာချင်းဆိုင် ထိုင်၏။ ဂျူလီယာ့ နားမှာတော့ မျက်မှန်ဝိုင်းကို တပ်၊ နှာခေါင်းချွန်ချွန်၊ ပိန်ပိန်ပါးပါး၊ ဆိတ်မုတ်ဆိတ်ချွန်လေး နှင့် လူတစ်ယောက်။ သူက သူ့ကိုယ်သူ ဘော့ပ်ဟု မိတ်ဆက်ပြီး ကိုယ်ကို ကိုင်း၍ သားသားဆီ ဦးတည်ကာ-

"ခင်ဗျား မြန်မာပြည်မှာ ဘာအလုပ် လုပ်လဲ" ဟု မေးလိုက်သည်။

“ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ နေပါတယ်”

“ဩ… ခင်ဗျားက ဘုန်းကြီးလား”

“မဟုတ်ပါဘူး”

“ဒါပေမဲ့ ဘုန်းကြီးကျောင်းမှာ နေတယ်လား”

သူက အံ့ဩသော လေသံဖြင့် မေးနေသည်။

“ဟုတ်ကဲ့”

“ဩ… သိပြီ၊ အနားယူနေတာပေါ့၊ အဲဒီမှာ တရားထိုင်ရလား”

“အင်း… ထိုင်ရပါတယ်”

“ကျွန်တော်လည်း လွန်ခဲ့တဲ့ နှစ်တွေတုန်းက ထိုင်ဖူးတယ်။ တစ်ခါ ထိုင် နာရီဝက်၊ တစ်ရက် နှစ်ကြိမ်၊ မနက်နဲ့ ညပေါ့၊ ကျွန်တော့် အိမ်ထောင်ရေးကို ဒါက ကယ်သွားတာ”

ဘော့ပ်က ရယ်လိုက်ရင်း သားသားကို မေးတယ်။

“တရားထိုင်တော့ ဘယ်ကျင့်စဉ်ကို လိုက်လဲ”

သားသား စိတ်ရှုပ်သွားသည်။ ဂျူလီယာ့ကို စစ်ကူတောင်းဖို့ ကြည့် တော့ အေမီနှင့် စကားကောင်းနေသည်။

“ခင်ဗျားမေးတာကို ကျွန်တော် နားလည်ရဲ့လား မသိဘူး”

“ဘယ်လိုနည်းနဲ့ တရားထိုင်တာလဲ မေးတာပါ၊ ဇန်နည်းလား၊ ဝိပဿနာ လား၊ မေတ္တာကမ္မဋ္ဌာန်းလား”

သားသားက အကြာကြီး စဉ်းစားပြီးမှ-

“ကျွန်တော့်နည်းနဲ့ ထိုင်တာပါ” ဟု ဖြေလိုက်သည်။

ထိုသူက ကျောမှီထိုင်လိုက်ပြီး သားသားကို ပြုံးပြဲကြည့်သည်။

“ဟင်.. ကိုယ်ပိုင် တရားထိုင်နည်းလား”

စားပွဲရှည်ကြီးမှ တခြားသော စကားသံတွေ ရုတ်ခြည်းတိတ်ဆိတ် သွားသည်။ အားလုံးက သူ့ကို ကြည့်နေကြသည်။ အားလုံး၏ စိတ်ဝင်စားမှုက

သားသားကို ပိုလို့တောင် အနေရခက်စေသည်။

"ဟုတ်ကဲ့ ခင်ဗျ"

သူ့အသံက တိုးတိုးလေး၊ တိမ်တိမ်လေး၊ လေသံလေးတမျှ။

"ခင်ဗျားနည်းမှာ နာမည် ရှိလား"

"ဘယ်လို နာမည်မျိုးလဲ"

"တရားထိုင်နည်း အားလုံးမှာ နာမည်ရှိကြတယ် မဟုတ်လား"

"ဪ... ဟင့်အင်း၊ ကျွန်တော် ထိုင်တဲ့ နည်းမှာတော့ နာမည် မရှိဘူးခင်ဗျ"

"သားသားက စွန့်ပစ်ထားတဲ့ ဘုန်းကြီးကျောင်းအိုကြီးမှာ မသန်စွမ်း ကလေး ၁၂ ယောက်ကို ပြုစုစောင့်ရှောက်ရင်း နေတာလေ၊ သူတို့အားလုံး အတူတူ တရားထိုင်ကြလေ့ ရှိတယ်"

ဂျူလီယာက အကျပ်တွေ့နေသောသူ့ကို ဝင်ရောက် ကယ်တင်လေပြီ။ စားပွဲတစ်ခုလုံး တစ်ခဏတော့ တိတ်ဆိတ်သွားသည်။ အားလုံး၏ မျက်လုံးတွေက သူ့ကို စိုက်ကြည့်နေကြသည်။ သူ ပို၍ နေရခက်လာသည်။ ဘယ်တုန်းကမှ လူအများ၏ အာရုံစူးစိုက်ခြင်းကို မခံလိုသော သားသားသည် နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ ဂျူလီယာ့ဆီ ကူကယ်ရာမဲ့ ကြည့်နေရှာသည်။

"သူက ကလေးတွေကို စာရေး၊ စာဖတ် သင်ပေးတယ်၊ ဂရုစိုက်တယ်၊ ကျွေးမွေးပြုစု စောင့်ရှောက်တယ်၊ ကလေးမိဘတွေက ကလေးတွေကို သူ့ဆီ ငယ်ငယ်လေးကတည်းက လာအပ်ထားကြတာ"

ဂျူလီယာက ဆက်ရှင်းပြနေသည်။ "မသန်စွမ်း ဆိုတာ ဘယ်လိုမျိုးလဲ" ချားလော့က သိချင်စိတ်ဖြင့် ဝင်မေးလိုက်သည်။

"တစ်ယောက်က မျက်စိ မမြင်ဘူး၊ နောက်တစ်ယောက်က နားမကြားဘူး၊ မိုးမိုး ဆိုတဲ့ ကလေးမက လက်တစ်ဖက် မရှိဘူး၊ နောက် ကလေးမတစ်ယောက် က ခြေထောက်တစ်ဖက် ဆုံးရှုံးထားတယ်၊ ကောင်လေးတစ်ယောက်က စကား မပြောနိုင်ဘူး"

"ဂျူလီယာ၊ ရှင်ကော သူတို့နဲ့ အတူတူနေခဲ့တာလား" တခြားအမျိုးသမီး တစ်ယောက်ကလည်း ဝင်မေးသည်။

"ဟုတ်တယ်လေ"

“ရှင် သူတို့ကို ဘယ်လို ဆက်ဆံလဲ၊ ဘယ်လို သည်းခံပြီး နေရတာမျိုးလဲ”

ဂျူလီယာက သားသားကို ပြုံးပြုံးကြီး ခေါင်းညိတ်ပြပြီးနောက် ဘုန်းကြီးကျောင်းအိုတွင် နေရသည့် အချိန်များအကြောင်း သူတို့ကို ပြောပြပါတော့သည်။ ကလေးတွေနှင့် အတူတူ သီးနှံရိတ်သိမ်းကြပုံတွေ၊ ချက်ပြုတ်ကြပုံတွေ၊ တောင်တက်ကြပုံတွေ၊ အိအိ လုပ်ပေးသော အရသာရှိလှသည့် ပန်ကိတ်များနှင့် အိအိ၏ သေခြင်းတရား။

သားသားက နားထောင်ရင်း ဂျူလီယာတစ်ယောက် ပုံပြောကောင်း ခြင်းကို ဝမ်းမြောက်၍ နေ၏။ သူသာဆိုလျှင် ဒီအကြောင်း သူစိမ်းတွေကို ပြောပြ ဖို့ ခက်မှာ သေချာသည်။ သူပြောလည်း စိတ်ဝင်စားကြမည် မထင်။

စကားဝိုင်းသည် တခြားအကြောင်းခြင်းရာများဆီသို့ ဦးလှည့်သွားသည့်အတွက် သားသားတစ်ယောက် လွန်စွာမှ စိတ်သက်သာရာ ရသွားခဲ့သည်။ ဂျော့ချ် ဒဗလျူဘုရှ်ဟာ စစ်ရာဇဝတ်ကောင်လား၊ တရားရုံး တင်သင့်သလား ဆိုသည့် အကြောင်း၊ အီရတ်နှင့် အာဖဂန်နစ္စတန်က စစ်ပွဲတွေအကြောင်း၊ လာမည့် သမ္မတရွေးကောက်ပွဲ အကြောင်း၊ ရီပတ်ပလစ်ကန်တွေ ဟီလာရီ ကလင်တန် ကို ရှုံးနိမ့်မလား ဆိုသော အကြောင်း။ အားလုံးက အော်ကြီးဟစ်ကျယ်နှင့် တစ်ပြိုင်နက် လုပြောနေကြသလို။ သားသား နားထဲမှာတော့ အားလုံး တစ်စိတ် တည်း တစ်ဝမ်းတည်း ပြောနေကြသလို တစ်သံတည်း ကြားရသလို။

“ဘယ့်နှယ်တုံး ပျော်ရဲ့လား”

အပြန်လမ်းမှာ ဂျူလီယာက မေးသည်။

“အင်း... ဆိုပါတော့”

သားသားက နွမ်းရိရိလေသံဖြင့် ဖြေသည်။

“တကယ်လား၊ ဒီလိုဆိုရင် ခဏနေ နယူးယောက်သား ဖြစ်တော့မှာပဲ”

ဂျူလီယာက ရယ်သံစွက်၍ ပြောလိုက်သည်။

“ဟင်...... ဘာကို ဆိုလိုတာလဲ”

“ရှင် ဘယ်လိုများ သည်းခံနေသလဲလို့ပါ”

“ဘာကို သည်းခံတာလဲ”

“ချားလော့ ရှင့်ကို ပြောနေတဲ့ လေသံကိုပေါ့၊ ရှင် ကြုံခဲ့ရတာတွေကို ဘာလို့

ပြောမပစ်လိုက်တာလဲ”

“သြော်... သူမှ မမေးဘဲ ဘယ်လိုလုပ် ပြောမလဲလေ”

“ဆိုတော့ ရှင်က ကိုယ် ကြားချင်မှ ပြောတဲ့ လူလား”

ဂျူလီယာက သားသား ပခုံးပေါ် ခေါင်းလေးမှီရင်း မေးလိုက်သည်။

သားသားက ခွန်းတုံ့မပြန်။

“ကျွန်မသာဆိုရင်တော့ သူနည်းနည်းပြောပြီးတာနဲ့ ရေပက်မဝင်အောင် ပြန်ပြောပစ်လိုက်မှာပဲ”

“ဘာလို့လဲ၊ အဲဒီလိုဆို ရိုင်းရာကျမှာပေါ့”

“တစ်ခါတလေရိုင်းသင့် ရိုင်းရတယ် တော်ရေ့၊ သူ ရှင့်ကို လုပ်သွားတာ မမြင်ဘူးလား”

သားသားက ခေါင်းယမ်းသည်။

“ဟင့်အင်း”

“ဟယ်... တကယ်လား၊ သူ ရှင့်ကို စကားပြောနေပုံကို ကြည့်ပြီး အေမီ ဆို ရှက်လွန်းလို့”

“သြော်... ဒါတွေ မလိုပါဘူးကွယ်”

"ရှင့်အတွက်" ဟု ဂျူလီယာကိုယ်တိုင် မြန်မာလို ရေးထားသော စာအိတ်ကလေး တစ်လုံး သားသား ခေါင်းအုံးပေါ်မှာ။

"ဟင်… ဒါက ဘာလဲ"

"အံ့အားသင့်စရာ တစ်ခုပေါ့"

စာအိတ်ထဲမှ ပို့စကတ်အရွယ် ပုံလေးတစ်ပုံ ထွက်လာသည်။ အနက် ရောင် နောက်ခံမှာ အဖြူစက်ကလေးတွေမှတစ်ပါး တခြား ဘာမှ မမြင်ရ။ ပုံကြည့် ရတာ ကြယ်စုံသော ညကိုပင် သတိရသေးသည်။ သူ ပုံရိပ်ကို အသေအချာ ကြည့် သည်။

"ဒါ ဘာပုံလဲ၊ ကျုပ် ဘာမှကို သေချာ မတွေ့ရဘူး"

ပုံအလယ်မှ ပုရွက်ဆိတ်ပမာဏမျှ ရှိသော ဖြူဖြူအစက်လေးတွေကို ဂျူလီယာက လက်ညှိုးထိုးပြသည်။

"ဒါ ကျွန်မတို့ရဲ့ ကလေးလေးပုံလေ" တဲ့။

သူ ကြည့်သည်။ အနားကပ်ကြည့်သည်။ မျက်စိ အနီးမှုန်နေသူလို မျက်နှာနား ကပ်၍ ကြည့်သည်။

ဂျူလီယာက အတန်းလေး လေးတန်း၊ အစက်လေး နှစ်စက်ကို ပြပြီး-

"ဒါက လက်တွေ၊ ခြေတွေ၊ ခေါင်းနဲ့ ဗိုက်လေးလေ" ဟု ဆိုသည်။ သားသားသည် ဘာမှန်း မသိသည့် ထိုပုံကို သံသယအပြည့်ဖြင့် ကြည့်ပြီး ဂျူလီယာ့ကို ပြန်ပေးလိုက်သည်။

"ရှင် မပျော်ဘူးလား"

"ကျုပ်တို့ကလေးနဲ့ ပတ်သက်ပြီးလား… ပျော်တာပေါ့၊ ဒါပေမဲ့ ပုံမှာ ကလေးမှ မမြင်ရဘဲ၊ အစက်ကလေးတွေဟာကို"

ဂျူလီယာက စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ဖြင့် ပုံကို စာအိတ်ထဲ ပြန်ထည့်လိုက်သည်။

"ဟင်… ကျုပ် ဘာအမှား လုပ်မိလို့လဲ"

"မလုပ်ပါဘူး၊ ပုံမြင်ရင် ရှင် ပျော်မယ် မှတ်နေတာ၊ ကျွန်မကတော့

ကလေးကို သေချာ မြင်နေရတယ်”

“ကျုပ် မင်းကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်တာ မဟုတ်ပါဘူး”

“အင်း..မလုပ်ပါဘူး၊ ဒါက......”

ဂျူလီယာက သားသားလက်ကို ဆွဲယူလိုက်သည်။

“နယူးယောက် ရောက်လာကတည်းက ရှင် အရမ်း တိတ်ဆိတ်နေ တယ်၊ ရှင် ဘယ်လိုနေလဲ ဆိုတာတောင် ကျွန်မ မသိဘူး၊ ရှင် ပျော်နေလား၊ ကလေးတွေကို လွမ်းနေလား၊ တစ်ခုခု လိုအပ်နေလားပေါ့၊ ဒီမှာနေရတာ ရှင့် အတွက် လွန်လွန်း အားကြီးနေလားဟင်၊ လိုက်လာမိတာ နောင်တရနေလား တောင် မသိတော့ပါဘူး”

သားသားက ခဏစဉ်းစားနေပြီး-

“ကျုပ် တစ်သက်လုံး ဘယ်သူကမှ ကျုပ် ပျော်နေသလားလို့ မမေးဖူး ဘူး၊ တစ်ခုခုကို လွမ်းနေလားလို့ မေးတဲ့လူလည်း မရှိဘူး၊ ဒီမှာ နေရတာ ဆိုးသလားလို့ မေးဖို့တော့ ဝေလာ ဝေးပေါ့”

“ဘယ်သူမှ မမေးဖူးဘူးလား”

“ဟင့်အင်း”

“ဟိုလေ...ဟို”

“ဟင့်အင်း”

သားသားက စကားဖြတ်လိုက်သည်။

“ဆော်ရီးပါ”

“ကျုပ်တို့က ကွဲပြားခြားနားတဲ့ ကမ္ဘာတစ်ခုစီက လာကြတာနော်”

“ကျွန်မ သိပါတယ်၊ ဒါကြောင့်လည်း ဒီစကားတွေ ပြောနေရတာပေါ့”

အရာရာသည် တိတ်ဆိတ်လွန်းနေ၏။ ဒုတိယရိပ်သာလမ်းမှ အမြဲ ပိတ်နေတတ်သော ကားတွေပင် ငြိမ်သက်နေသည်ဟု ဂျူလီယာ ထင်မိသည်။ သားသားက ခုတင်ပေါ် ပြန်လှဲချလိုက်သည်။ ဂျူလီယာ့ကို စေ့စေ့ကြည့်ဖို့ ခက်ခဲနေသလို ထင်မိသည်။

“ဘာအကြောင်း ပြောချင်တာလဲ ဟင်”

"အားလုံးပေါ့၊ ရှင်နဲ့ ကျွန်မ၊ ကျွန်မတို့ရဲ့ ခံစားချက်တွေ၊ ကျွန်မတို့ နှစ်ယောက်၊ များမကြာခင် သုံးယောက်၊ ပြီးရင် လေးယောက်"

"အင်း... အဲဒါ ခက်လိမ့်မယ်"

သားသားက ခပ်ညည်းညည်းပြောသည်။

"ဘာဖြစ်လို့လဲ"

"ကျုပ် အဲသလို ပြောကျင့်မှ မရှိတာ၊ ကျုပ်ကိုယ် ကျုပ်လည်း အဲသလို မေးခွန်းတွေ မမေးဖူးဘူး ဂျူလီယာ၊ ဖြစ်သမျှအကြောင်းပဲ ဆိုပြီး နေနေခဲ့တာ"

"အဲဒီတော့ ဖြစ်သမျှအကြောင်းတွေက ကောင်းလား၊ ဆိုးလား သားသား"

ထိုမေးခွန်းကို သူဖြေဖို့အတော်ကြာအောင် အချိန်ယူရသည်။ နောက်ဆုံးတော့ သူ့နှုတ်ဖျားက စကားသံ ထွက်လာခဲ့သည်။

"ဖြစ်ခဲ့သမျှ အကြောင်းတွေကတော့ အဆိုးများတယ်။ ကျုပ်ထက် အစ်ကို့ကို ဘာလို့ ပိုချစ်တာလဲဟင်လို့ ကျုပ်အမေကို ကျုပ် မေးသင့်လား၊ ရွှေတန်းမှာ မိုင်းရှင်းပေါ်တာ လုပ်နေတုန်း ဘယ့်နှယ့်နေတုံးကွလို့ ကျုပ်ကိုယ် ကျုပ် မေးသင့်လား၊ မင်း ကျုပ်ဘဝ ဇာတ်လမ်းကို သိပါတယ်လေ၊ ကျုပ်ဘဝမှာ အချိန်တော်တော်များများကို အသက်ရှင်သန်ဖို့ ပူနေပင်နေခဲ့ရတယ်၊ နောက်တော့ ကလေးဆယ့်နှစ်ယောက်ကို ပြုစုကျွေးမွေးရပြန်တယ်၊ ဆိုတော့ ဒီလိုမေးခွန်းမျိုး တွေကို တွေးဖို့ ဖြေဖို့ အချိန်က သိပ်မရှိဘူးလေ"

"ဒါပေမဲ့ ဒီမေးခွန်းတွေဟာ အရေးကြီးတယ်လေ"

သားသားက ခေါင်းကို ဘယ်ညာယမ်းတယ်။ ဂျူလီယာ ပြောတာကို သူ သဘောတူသင့်သလား။

"ဟုတ်ပါတယ်၊ မင်းအတွက် အရေးကြီးတယ်"

"ကျွန်မတို့ နှစ်ယောက်လုံးအတွက်ပါ၊ ရှင် ဒီလို မထင်ဘူးလား"

"အင်း... သိပ်တော့ မသေချာဘူး၊ ဟုတ်ချင် ဟုတ်မှာပါ"

"မဟုတ်ဘူး၊ ခုပြောမှ ရမယ်၊ ကျွန်မတို့မှာ ခု အချိန်ရှိတယ်၊ ကျွန်မတို့ နဲ့ ပတ်သက်လို့၊ တဖြည်းဖြည်း ပူလာတဲ့ ဒီဗိုက်ကြီးနဲ့ ပတ်သက်လို့ ရှင် ဘယ်လို ခံစားရလဲ၊ နယူးယောက်မှာ ကျွန်မနဲ့ အတူနေရတာကို ရှင် အိုကေရဲ့လား ဆိုတာ ကျွန်မ သိဖို့လိုတယ် သားသား"

“အင်း… အိုကေပါတယ်”

“ကလေးတွေက လွဲလို့ ရှင့်မှာ တခြားလွမ်းစရာများ ရှိသလား”

“ဟင့်အင်း… ကျုပ်တို့ဆီမှာတော့ ဘယ်သူမှ အဲသလောက် မေးခွန်း တွေ အများကြီး မမေးကြဘူးလေ”

“ဘာလို့လဲ”

“မယဉ်ကျေးဘူးလို့ ယူဆကြလို့လေ၊ တစ်ခါတလေတော့ အရိုအသေ တန်တယ်လို့ ယူဆကြတယ်၊ လူတစ်ယောက်ဟာ သူ့ အကြောင်း သူ ပြောချင်မှ ပြောမယ်၊ မပြောချင်လည်း နေမှာပေါ့”

“ဖြေရမှာ ကြောက်လို့ နေမှာပေါ့”

“တစ်ခါတလေတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အရေးကြီးတာကတော့ မေးခွန်း မှားမေးရင် အန္တရာယ်ကြီးတယ်”

“ရှင်ပြောတာ ဘာအဓိပ္ပာယ်လဲ”

“ကဲ… ထားပါတော့၊ ကျုပ်က သီပေါ ရဲမင်းကြီးကို ခင်ဗျားရဲ့ ရောမ စံအိမ်တော်ကြီးကို ဒီမဖြစ်စလောက် လခနဲ့ ဘယ်လိုများ ဆောက်သလဲလို့ မေးသင့်သလား၊ တရားသူကြီးကို ခင်ဗျား ကား ဘယ်လို ဝယ်စီးနိုင်တာလဲလို့ မေးသင့်သလား”

ဂျူလီယာက ခေါင်းကို ယမ်းလိုက်သည်။

“ဟင့်အင်း… ဒါပေမဲ့ ရှင် ကျွန်မကိုတော့ ကြိုက်ရာ မေးနိုင်ပါတယ်”

“အတော် ကြိုးစားရမှာပဲ”

“ကဲ… မေးစမ်းပါ၊ မေးကြည့်လိုက်စမ်းပါ”

ဂျူလီယာက ပြုံးပြုံးလေး စောင့်၍ နေသည်။

သားသားက စဉ်းစားပြီး-

“ခု ပျော်လား”

“သိပ်ပျော်တာပေါ့”

“ဂျူလီယာ လိုအပ်တာ တစ်ခုခု ရှိလား”

"ဟင့်အင်း"

"ကျုပ်နဲ့ အတူတူရှိနေရတာ ပျော်လား"

"ဟေး... ရှင် ဒါတွေ မေးနေတာက အဖြေ သိချင်လို့လား၊ ကျွန်မက မေးစေချင်တာကို သိလို့လား"

"အင်း... နှစ်ခုလုံးပဲ"

ဂျူလီယာက သားသား မျက်နှာကို ညင်သာစွာ ပွတ်သပ်ပေးနေသည်။ ပြီးတော့ သားသားရှေ့မှာ မတ်တတ်ရပ်လိုက်ပြီး သားသား ခေါင်းကို သူ့ဗိုက်မှာ အပ်ထားစေသည်။ သားသားက ဂျူလီယာ့ကို တင်းတင်းလေး ဖက်ထားပြီး သူတို့ ထိုအနေအထားဖြင့် ကြာမြင့်စွာ ရှိနေခဲ့ကြသည်။

သားသား နားထဲမှာ ဂျူလီယာ့ အသံလေး ကြားနေရသည်။

"ကျွန်မလေ ရှင့်ကို အရာအားလုံးထက် ပိုချစ်တယ်"

"ကျုပ်လည်း မင်းကို အရမ်းချစ်ပါတယ်"

အင်း... ပျော်ရွှင်မှု ဟူသည် မျှဝေခံစားမှု မပါဘဲ အဓိပ္ပာယ်မရှိဟု သားသား တွေးနေမိသည်။

နှစ်ဆယ့်တစ်

တစ်စုံတစ်ယောက်ကို ချစ်မြတ်နိုးဖို့အတွက် သူတို့ကို ဘယ်လောက်အတိုင်းအတာ ထိ သိနေဖို့ လိုပါသလဲ။ တစ်စုံတစ်ယောက် ကို ယုံကြည်ကိုးစားဖို့အတွက် သူတို့ နှင့် သူတို့သမိုင်းကြောင်းကို ဘယ်လောက်ထိ သိနေဖို့ လိုပါသလဲ။

ဒီမေးခွန်းတွေအတွက် သားသားမှာ အဖြေ မရှိ၊ ဒါပေမဲ့ ဂျူလီယာ့ကမ္ဘာ ကို သူ သိအောင်ကြိုးစားရန် ဆုံးဖြတ်ချက် ချပြီးပြီ။ နယူးယောက်က ထူးဆန်း သော ဘဝတွေ ဘယ်လို လည်ပတ် အလုပ်လုပ်နေကြလဲဆိုတာကို သူ ဖမ်းဆုပ် ကြည့်ချင်သည်၊ လှမ်းကိုင်ကြည့်ချင်သည်။ ဘယ်လို စည်းမျဉ်းတွေ၊ ဥပဒေသ တွေ ရှိနေသလဲ။ ထိုဥပဒေ၊ စည်းမျဉ်းများကို ချိုးဖောက်လျှင် ဘယ်လို အပြစ် ဒဏ်မျိုး ရနိုင်သလဲ။ လိုက်နာလျှင် ဘယ်လို ချီးမြှင့် မြှောက်စားမှုတွေကို ခံစား ရမလဲ။ ဒီမြို့တော်က လူတွေကို ဘယ်အရာကများ လှုပ်ရှားသက်ဝင်စေသလဲ။ သူတို့ ဘယ်ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ကြသလဲ။ သူတို့ အတွက် ဘယ်ဟာ က အရေးပါပြီး ဘယ်အရာက အရေးမပါဘူးလဲ။ တစ်စုံတစ်ယောက်အတွက် လေးစားသမှု၊ သို့တည်းမဟုတ် သရော်စော်ကားမှုကို ဘယ်လို ပြသပါသလဲ။ ထိုဒေသတွင် အပြုံး၏ အဓိပ္ပာယ်အမှန်က ဘာများလဲ။

သားသားသည် အပြင်သို့ မကြာခဏ ထွက်တတ်သည်။ အမြဲတမ်း လည်း တစ်ယောက်တည်းလိုလိုပင် ထွက်တတ်သည်။ ဂျူလီယာက ဆရာဝန် တွေ၊ ရှေ့နေတွေနှင့် ရက်ချိန်းယူကာ မကြာမကြာ တွေ့နေသည်။ ဦးဘ အဖို့က တော့ သားသား၏ မြန်လွန်းသော ခြေလှမ်းကို အမီမလိုက်နိုင်။ သားသားက တော့ မန်ဟက်တန်ကို ခြေကျင်ပတ်ဖို့ အကြံကို အတည်ကြီး အကောင်အထည် ဖော်နေပုံပင်။ မြေပုံကြီးပေါ်တွင် သူရောက်ခဲ့ပြီးသော လမ်းတွေကို မင်နီဖြင့် အမှတ်အသား လုပ်ထားသည်။ ၆၄ လမ်းမှစ၍ ကျွန်းတောင်ဘက်စွန်းထိ တောက်လျှောက်ဆင်း၍ တစ်လမ်းဝင် တစ်လမ်းထွက် လည်သည်။ စီးပွားရေး ရပ်ကွက်ကြီးကို ဖြတ်သန်း၊ တရုတ်တန်းကို မွှေ၊ အီတလီလေးကို၊ နောက်တော့ ဆိုဟိုကို၊ အရှေ့ရွာကို၊ ဂရင်းဝစ်ရွာကို တစ်ပတ်ကြီး ပတ်ပြီး ၁၂၅ လမ်း နောက်မှ ပတ်၍ ပြန်သည်။

စစချင်းမှာတော့ သူ့အာရုံကို ဆွဲဆောင်နိုင်သည်က အသေးအမွှား အရာလေးတွေသာ။

ကော်ဖီဆိုင်တစ်ခုမှာ သူ တန်းစီရင်း လူပေါင်းများစွာကို သူ့ရှေ့မှ တန်းစီ စေခြင်းကြောင့် ကော်ဖီသောက်မှာလား၊ မိုးခိုမှာလား ဟု အပြောခံခဲ့ရသည်။

မြေအောက်ဘူတာ ဝင်ပေါက်တစ်ခုမှာလည်း သူက ဝင်ပေါက်တံခါးကို ဖွင့်လိုက်ရာ သူ ဖွင့်ထားသော တံခါးမှ မဆုံးနိုင်သော လူအုပ်ကြီးက သူ့ကို တစ်ချက် တောင်မကြည့်ဘဲ ဖြတ်သန်းသွားကြသည်။ တံခါးကို ကိုင်ပြီး သူ မိနစ်ပေါင်းများစွာ ထိုနေရာမှာရပ်နေခဲ့သည်။ သူစိတ်ရှုပ်ပါသည်။အံ့သြတာလေးတစ်ခုသာ။

ကန်နယ်လမ်းပေါ်မှ တီရှပ်သည်တွေကြောင့်လည်း သူ စိတ်ရှုပ်ရသေးသည်။ တီရှပ်တွေပေါ်မှာ ရိုက်နှိပ်ထားသော စာတန်းတွေက-

"ဘဝဟာ ကောင်းတယ်"

"ဒါ မင့်ဘဝ၊ ခံစားလိုက်"

"လုပ်သာလုပ်"

"ပျော်ရွှင်မှုများ ရောင်းရန် ရှိသည်"

"ငါ့ကိုနမ်းပါ" ဆိုပဲ။

မြို့လယ်က လမ်းဆုံမီးပွိုင့် တစ်ခုမှာတော့ ရုတ်တရက် ကြည့်လျှင် ဂျူလီယာနှင့် ခပ်ဆင်ဆင် အမျိုးသမီးတစ်ယောက် သူ့နား ချဉ်းကပ်လာသည်ကို သူ သတိထားမိသည်။ သူသည် ဂျူလီယာ့အရွယ်၊ ဂျူလီယာလို အာရှနွယ်သည့် မျက်နှာပေါက်မျိုး၊ ချွန်မြဲသောဒေါက်တွေနှင့် ဒေါက်မြင့်ဖိနပ်၊ ကျပ်လှသော စကပ်အနက်၊ အဖြူရောင်ဘလောက်စ် အင်္ကျီ၊ ရွှေလက်ကောက် တစ်ရန်တို့ကို ဆင်မြန်းထားသည်။ ဖုန်းကို နားနားကပ်ရင်း စကားလုံးရေစီးကြောင်းကြီး မပြတ် စီးဆင်းစေသည်။ မြန်လွန်း၍ သူ တစ်လုံးမှ နားမလည်။ လမ်းလျှောက်တာက လည်း အရှိန်မြန်လှသဖြင့် သူ့ညာဘက်မှ ဒရောသောပါး ဖြတ်သွားခဲ့သည်။

ဂျူလီယာလည်း ထိုပုံစံမျိုးပဲ ဖြစ်နိုင်သည်လေ။ လွန်ခဲ့သော တစ်နှစ် လောက်က ဂျူလီယာသည် ဒီလို ဝတ်စားဆင်ယင်၊ ဒီလိုပဲ စိတ်ဖိစီးပြီး မန်ဟက်တန် လမ်းမတွေပေါ်မှာ ချိန်းဆိုမှုတစ်ခုမှ တစ်ခုသို့ သုတ်သုတ် သုတ်သုတ်ဖြင့် လျှောက် ၍ နေလိမ့်မည်။ သားသား သူ့ကို လိုက်ကြည့်နေမိသည်။ ဟွန်းသံ တတီတီ ကားတွေကြားမှ သူ မီးပွိုင့်ကို ဖြတ်ကူးပြီး ငါးလမ်းထဲ ဝင်ရောက် ပျောက်ကွယ် သွားသည်အထိ အကြည့် အမျှင်တန်းနေခဲ့သည်။

မိုးမျှော်တိုက်ကြီးတစ်လုံးပေါ်မှာ ထိုင်နေသော ဂျူလီယာ၊ သူ နားမလည် သော ကိစ္စတွေကို ညှိနှိုင်းနေသည်။ ဝတ်စုံပြည့် လူတစ်ယောက်နှင့် ခပ်သုတ် သုတ် နေ့လယ်စာစား။ ကော်ဖီတစ်ခွက် ဝင်သောက်၊ ခဏလေး တွေး-ငေး၊ ဖုန်းဆက်၊ နောက် ချိန်းဆိုမှုတစ်ခုဆီ ကူး။

တစ်ပြိုင်နက်တည်းလိုလိုပင် သီပေါ ကျောင်းအိုထဲက မီးဖိုချောင်မှာ ဆောင့်ကြောင့်ထိုင်၍ အိအိနှင့်အတူ ပန်ကိတ်တွေ လုပ်နေသော ဂျူလီယာ့ ပုံရိပ်တွေကိုလည်း သားသား မြင်နေရပါသေးသည်။ ဂျူလီယာနှင့် မိုးမိုး လယ်ကွင်းတွေထဲမှာ ချွေးတစိုစို နှင့် ဒူးတုပ်ထိုင်ပြီး အာလူးတွေ ကောက်နေပုံ၊ ကလေး တွေနှင့် ဂျူလီယာ ဘောလုံးကစားရင်း ခြေတစ်ဖက် ဆာနေသော ကိုအောင့်ကို သူ သိုင်းဖက်လိုက်ပုံ၊ ကိုအောင်က သူ့ဘဝ၏ ပထမဆုံးဂိုးကို တခြားကလေးတွေ အကူအညီဖြင့် ခက်ခက်ခဲခဲ သွင်းနေပုံ။

အင်း... ဂျူလီယာ့ခရီးစဉ်ဟာ အမှန်တကယ် ရှည်လျားခဲ့တာပါလား၊

သူတို့နှစ်ယောက် လွန်စွာ ကွဲပြားခြားနားသော ကမ္ဘာတစ်ခုစီမှ လာခဲ့ကြကြောင်းကို သူ လက်မွန်မဆွကတည်းက နားလည်ခဲ့ပါသည်။ သီပေါမှာတုန်းကတော့ သူ အဲဒီအချက်ကို လျစ်လျူရှုထားနိုင်ခဲ့သည်။ ဂျူလီယာက သူ့ဆီ လာခဲ့သည်ပဲ။ ဂျူလီယာသည် ဘုန်းကြီးကျောင်းမှ ဘဝကို နေသားကျအောင် အသွင်ပြောင်းယူနိုင်ခဲ့သည်။ ဘာမှ အတွန့်တက်မှု၊ တောင်းဆိုမှု၊ ဇီဇာကြောင်မှု တွေ မရှိခဲ့။ ခုတော့ သူ၏ စိတ်မရှည်မှုတွေကို မြင်တွေ့လာရပြီ။ ဂျူလီယာသည် အစီအစဉ်တွေဆွဲ၏။ ထို အစီအစဉ်တွေအတိုင်း ဆောင်ရွက်၏။ သူ့အစီအစဉ် အတိုင်း မဖြစ်လျှင်၊ သူ့အတွက် အဆင်မပြေလျှင်၊ သူ့လိုဘ မပြည့်လျှင်၊ တစ်ခုခု ကိုအကြာကြီး စောင့်ရလျှင်သူ ဒေါသူပုန်ထတော့သည်။ သားသားအတွက်တော့ ထိုအရာများသည် ဘယ်တုန်းကမှ အရေးကြီးသည်ဟု မတွေးဖူးခဲ့။ ရိုးအလွန်း သည် ဆိုချင်ဆို။

မန်ဟက်တန်တစ်ခွင် ပြဲပြဲစင်အောင် လျှောက်တော့မှ သူတို့ကမ္ဘာတွေ ဘယ်လောက်တောင် ခြားနားနေသလဲ ဆိုတာကို လက်တွေ့ မြင်ရ သိရ ခံစား တတ်ရတော့သည်။ သူတို့မှာ ဘုံတူညီမှု ဆိုတာ မရှိသလောက်ပါလား။ သူတို့ ဖြတ်ကျော်နိုင်ဖို့ ထိုးရမည့် တံတားက ဘယ်လောက်တောင် ရှည်လျားရန် လိုသလဲ။

ထိုအတွေးကို စဉ်းစားသောအခါ သံသယအရိပ်က တိတ်တဆိတ် ဝင်ရောက်လာတတ်သည်။ သီပေါမှာ ကလေးတွေနှင့် အတူနေဖို့၊ သူနှင့် အတူနေဖို့ ဂျူလီယာ့အတွက် ဘယ်လိုမှ အထိုင်မကျနိုင် ဆိုသော သံသယ။ သုံးလ၊ ခြောက် လ မဟုတ်၊ နှစ်ပေါင်းများစွာ ကိစ္စ၊ ပြီးတော့ ကလေးလေး တစ်ယောက်နှင့်အတူ။ ထိုအရာတွေ ဘာမှ မရှိခဲ့သော ဘဝက ဂျူလီယာ အသားကျနေသော ဘဝ ဖြစ် ၏။ သက်သောင့်သက်သာ၊ နည်းပါးစွာသော မသိကိန်းများစွာနှင့် ဘဝ၊ ဖုန်တွေ၊ ရွှံ့တွေ ပတ်လည်ဝိုင်းနေသော ဘဝကို သူ့တိုက်ခန်းထဲ ဘာဒုက္ခမှ မပေးနိုင်သော ပင့်ကူတစ်ကောင်၊ ပိုးဟပ်တစ်ကောင် တွေ့တာကိုပင် သည်းမခံနိုင်သော ထိုမိန်းမက ကြာတောင့်ကြာရှည် သည်းခံနိုင်မတဲ့လား။

သူ့အတွက် အရာအားလုံးကို ဂျူလီယာက လွှတ်ချခဲ့နိုင်ပါမည်လား။

ကိုယ်ပိုင်စိတ်ဆန္ဒကို လျစ်လျူရှု၍ တစ်သက်တာ နေနိုင်မတဲ့လား။

သို့တည်းမဟုတ် သူ့ကို နယူးယောက်မှာပဲ နေကြစို့ဟု ပြောမည်လား။ သားသား ဒါကိုတော့ စဉ်းစားလို့ မရနိုင်ခဲ့။ ဂျူလီယာ ကိုယ်တိုင်ပင် ကလေးတွေ ကို သကြၤန်မတိုင်ခင် နောက်ဆုံးထား၍ အရောက်ပြန်လာခဲ့မည်ဟု ကတိစကား ဆိုထားခဲ့သည်။ ဂျူလီယာက ကတိစကားကို လွယ်လင့်တကူ ဖျက်တတ်သူ မဟုတ်။

ဂျူလီယာ၏ ကမ္ဘာသည် သားသားအတွက် စိမ်းလွန်းလှသော်လည်း ဂျူလီယာ အရေးထားသော ကိစ္စအားလုံးကိုတော့ သူသိနေပါသေးသည် ဟု သားသာထင်မိသည်။ ကလေးတွေကို အင်္ဂလိပ်စာ စိတ်ပါလက်ပါ သင်ပေးနေ သော ဂျူလီယာ၊ ညကြီးသန်းခေါင် အဖျားတွေ တက်နေသော အိအိကို ရေဖတ် တိုက်ပေးနေသော ဂျူလီယာ၊ အိအိ ဆုံးပါးသွားချိန်ထိ အိအိနားက တစ်ဖဝါးမှ မခွာခဲ့သော ဂျူလီယာ။

ဒါသည်ပင် သူ့အတွက် လုံလောက်ပြီပဲ။

သူ့နှလုံးသားကို ထိုသို့ဆွဲကိုင်လှုပ်ယမ်းခဲ့သော ဂျူလီယာ့အပေါ်ချစ်စိတ်၊ လွမ်းစိတ်များနှင့် လက်ဆင်တန် ရိပ်သာလမ်းပေါ်မိုးရေတွေကြားမှာ သူ မားမား ကြီး ရပ်နေမိသည်။

လူတစ်ယောက်ကို ဘယ်လောက် အတိုင်းအတာထိများ သိနိုင်မှာလဲ။ အားလုံးမှာ လျှို့ဝှက်ချက်ကိုယ်စီ ရှိကြစမြဲ။ သေးသေးကြီးကြီးသာ ကွာလိမ့်မည်။ ထိုလျှို့ဝှက်ချက်များသည်ပင် လူတိုင်း၊ ဆက်နွယ်မှုတိုင်းအတွက် ဇာတ်လမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးတော်ခံ တတ်ကြသည်ပဲ။

နှစ်ဆယ့်နှစ်

သူ ဘက်မလိုက်သော စောင့်ကြည့်သူတစ်ယောက် ဖြစ်ချင်သည်။ နယူးယောက် ကိုသူ နားလည်ဖို့သာ လိုသည်။ အကဲဖြတ် သုံးသပ်ဖို့မလိုပါ။ အစဉ်အမြဲ သမာသမတ် ကျဖို့ ဆိုတာ မလွယ်ကူလှမှန်း သူ သင်ယူခဲ့ဖူးပါသည်။

စင်ထရယ်ပန်းခြံထဲမှာ ရှိသော လေ့အိမ်ဟု နာမည်ရသည့် သူ့အကြိုက် ဘားဆိုင်တစ်ခုသို့ ဂျူလီယာက သားသားကို ခေါ် ထုတ်သွားခဲ့သည်။ ရေကန် ငယ်လေးကို မျက်နှာမူထားသော လသာဆောင်လေးမှာ ထိုင်ရင်း မြန်မာပြည် ပထမဆုံး ခရီးစဉ်အကြောင်း ဂျူလီယာက ပြောပြနေသည်။ သို့သော် သားသား အာရုံစိုက်ဖို့ရန် ခက်နေသည်။ သူ့မျက်လုံးက တစ်ဖက်စားပွဲမှ မောင်နှံနှစ်ဖော်ဆီ ရောက်နေသည်။

ဂျူလီယာသည် ထိုမောင်နှံကို သတိထားကြည့်မိသည်။

"ရှင် ဘာဖြစ်လို့ သူတို့ကို သိပ်စိတ်ဝင်စားနေတာလဲ"

"အဲဒီမိန်းမဟာ ပုံသဏ္ဌာန်ပျက်ယွင်းနေပုံပဲ"

သားသားက လေသံလေးနဲ့ ပြောလိုက်တယ်။

"ဘယ်လို ပုံသဏ္ဌာန်ပျက်ယွင်းတာလဲ၊ သူ့အသက်အရွယ်နဲ့သူ ကြည့်လို့ ကောင်းပါတယ်"

"သူ့မျက်နှာနဲ့ သူ့လက်က တူတူ မဟုတ်ဘူး"

"ဟဲ့… ဘယ်လိုများလဲ သားသားရဲ့"

"သူ့လက်တွေက အမယ်အိုကြီးလို တွန့်နေပြီး မျက်နှာက ငယ်ငယ် ရွယ်ရွယ်တစ်ယောက်လို တင်းတင်းရင်းရင်း ဖြစ်နေတယ်"

"သူ့မျက်နှာကို ပင့်တင်ထားတာ နေမှာပေါ့"

"ဘယ်လို… ဘယ်လို"

"မျက်နှာကို ပင့်တင်ထားတာလေ၊ အရေပြားကို နားရွက်နောက် ဆွဲပြီး တင်းလိုက်တာ၊ အရေးအကြောင်းတွေ ပျောက်သွားအောင်"

သားသားက ခေါင်းတယမ်းယမ်း လုပ်နေတယ်။

"လူတစ်ယောက်ဟာ သူ့မျက်နှာသူ မကြိုက်တော့ဘူးရယ်လို့ ရှိလို့ လား ဂျူလီယာရယ်"

"သူ့မျက်နှာက အရေးအကြောင်းတွေ သိပ်များတယ်လို့ သူထင်မှာပေါ့ မျက်ခွံတွေ တွဲကျလာလို့ မျက်လုံးတွေ သေးလာတယ်၊ နှုတ်ခမ်းက သေးနေတယ် စသည်ဖြင့် အကြောင်းပြချက် များစွာ ရှိမှာပေါ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ ပြင်လိုက်တာပေါ့"

စားသောက်ပြီး ဘေလ်ရှင်းတဲ့အခါ ဘေလ်စာရွက်ကို ကြည့်ရင်း သားသား မျက်လုံးပြူးနေတယ်။

"လူနှစ်ယောက်စားတာ ဒေါ်လာနှစ်ရာ ကျတယ်လား၊ ညစာအတွက် ဘာလို့ ဒီလောက် သုံးရတာလဲ"

"ဒါ ဘယ်လောက်မှ မရှိသေးဘူး၊ ဒီထက် အဆပေါင်းများစွာ ဈေးကြီး တဲ့ နေရာတွေ တစ်ပြုံတစ်ခေါင်းကြီး"

"သီပေါမှာဆို ဒေါ်လာနှစ်ရာဟာ တစ်လလောက် သုံးလို့ ရတယ်"

"ဒါ သီပေါ မဟုတ်ဘူး… နယူးယောက်၊ ပန်းသီးနဲ့ လိမ္မော်သီး ယှဉ်လို့ မရဘူး သားသား"

သားသားက တစ်ခုခု ပြန်ပြောရန် စိုင်းပြင်းလိုက်သော်လည်း ဂျူလီယာ့ စကားကို စဉ်းစားနေသည်။

ဂျူလီယာကလည်း သားသားနှင့် အချေအတင် မဖြစ်ချင်သောကြောင့်ပြေရာပြေကြောင်း ခုလို ပြော၏။

"ဆောရီးပါ၊ ရှင့်ကို နည်းနည်း စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်သလို ဖြစ်သွားတယ်"

"ဘာဖြစ်လို့ ဒီမှာ စားတာလဲ"

"ပျော်စရာ ကောင်းလို့လေ၊ သိပ်ဆိုးနေလို့လား"

"မဟုတ်ပါဘူး၊ မင်း တကယ်မှ မလိုဘဲ"

"ကျွန်မ အဲသလို ရှင်နဲ့အတူ အပြင်ထွက်စားရတာ ကြိုက်တယ်"

"ကျုပ်က ဒီလို ဇိမ်ခံရတာမျိုးနဲ့ မတန်ပါဘူး"

"လူတွေဟာ ကိုယ်နဲ့ ထိုက်တန်တာကို အမြဲရနေတာ မဟုတ်ဘူးလေ၊ ရှင်က တခြားလူထက် ပိုသိမှာပါ"

"ဘာကို ဆိုလိုတာလဲကွယ်"

"ရှင်တို့ တောထဲမှာ ပေါ်တာဆွဲခံရတော့၊ ရှေ့တန်း မိုင်းရှင်းထွက်ရတော့ အဲဒီ အကျဉ်းသားတွေဟာ ဒုက္ခ သုက္ခ ခံစားဖို့ ထိုက်တန်လို့လား"

"ဟင့်အင်း"

"အိအိကကော ငယ်ငယ်ရွယ်ရွယ်နဲ့ သေဖို့ ထိုက်တန်လို့လား"

"ဘယ်ထိုက်တန်လိမ့်မလဲ၊ ဒါပေမဲ့လည်း..."

"ဒါပေမဲ့လည်း.... ဆိုတာက ဘာလဲ"

"ဒီလောက် ကုန်ကျတာကို စိတ်ထဲ မကောင်းတာ အမှန်ပဲ"

"ကြားရတာ စိတ်မကောင်းပါဘူး၊ ရှင့်ကို အလွယ်တကူနဲ့ ဖျက်ဆီးလို့ မရဘူးပဲနော်၊ ရှင်က အင်မတန်မှကို မိန်တိန်းနန့်စ် နည်းသူပါပဲ"

ဂျူလီယာ ဘာပြောချင်သည်ကို သားသား နားမလည်။

"အဲဒါ ကောင်းတာလား၊ ဆိုးတာလား"

ဂျူလီယာက သားသား လက်ကို ညင်သာစွာ ဆွဲယူလိုက်ပြီး-

"ကြိုက်သလိုသာ ယူပါကွယ်" ဟု ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ မိန်တိန်းနန့်စ် နည်းတယ် ဆိုတာ ဘာကို ဆိုလိုတာလဲ မေးတာပေါ့"

"အလိုရမ္မက် နည်းတယ်လို့ ဆိုလိုတာပဲ"

"ကျုပ်က ရိုကျိုး နှိမ့်ချတတ်တယ်လို့ ဆိုလိုတာပေါ့"

"အဲသလိုလည်း ပြောလို့ ရပါတယ်"

"ရောင့်ရဲလွယ်တယ်လို့ကော"

"အဲဒါက ပိုမှန်သေးတယ်"

"ဒါဆိုမင်းကကော၊မင်းကအင်မတန်မှ တောင်းဆိုမှု တွေများ တယ်လား"

"သိပ်သေချာတာပေါ့"

"အဲဒါကကော ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့..."

ဂျူလီယာသည် အဖြေပေးရန် စဉ်းစားနေ၏။ သားသားက စိတ်ရှည်လက်ရှည် စောင့်၍ နေသည်။

"ဒီမြို့တော်မှာ နေရင်ကို တောင်းဆိုမှုက များမှာပဲ သားသား"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲ သိချင်လား၊ ငြိမ်သက်အေးဆေး ရောင့်ရဲခြင်း ဆိုတာဒီမှာ ရှာတွေ့မှာ မဟုတ်လို့ပဲ၊ နယူးယောက်ကို စတည်တဲ့ လူတွေကိုက သူတို့မှာ ရှိသလောက်နဲ့ ရောင့်ရဲတာမျိုး မရှိ၊ ရောင့်ရဲတယ် ဆိုတဲ့ စကားလုံးကို ဘာမှန်း မသိကြလို့ပဲ၊ သူတို့ဟာ သူတို့ကိုယ်သူတို့ရော၊ တခြားသူတွေကိုရော၊ ဘဝကို ရော အမြဲ တစ်ခုမဟုတ် တစ်ခု တောင်းဆိုနေတတ်ကြတယ်"

အဲဒီညမှာ ဂျူလီယာ အိပ်မပျော်ခဲ့။

"ကျွန်မကို ပုံပြောပြ၊ ရှင့်အသံကို နားထောင်ရတာ ကြိုက်တယ်"

ဟု သားသားကို ချွဲနွဲ့နေသည်။

"ဘယ်လိုပုံမျိုးလဲ ဂျူလီယာရဲ့"

"ဘာဖြစ်ဖြစ်"

"ဗမာ့ရိုးရာ ပုံပြင်ဆိုရင်ကော"

"ဒါဆို ကောင်းတာပေါ့"

"ဉာဏ်ရှိသော မျောက်နဲ့ မိကျောင်း ဆိုတဲ့ပုံပြင် ကြားဖူးလား"

ဂျူလီယာ ပြန်စဉ်းစား၏။

"ဟင့်အင်း... ကြားဖူးဘူး"

"မင်းအဖေ တစ်ခါမှ မပြောပြဖူးဘူးလား"

သားသားက အံ့အားသင့်သွားသည်။

ဂျူလီယာက သားသား ရင်ဘတ်ပေါ် ခေါင်းအုံးရင်း သားသား၏ ရင်ခုန်သံကို နားစွင့်နေသည်။

“ပြောတတ်ဘူး၊ တခြားနာမည်နဲ့များ ပြောဖူးသလား မသိ၊ ပုံပြင်က ဘယ်လိုမျိုးလဲ၊ ပြောပြလေ”

“ဟိုးရှေးရှေးတုန်းက အပြောကျယ်တဲ့ မြစ်တစ်စင်းရဲ့ ကမ်းပါးတစ်ခုမှာ မိကျောင်းကြီး တစ်ကောင်ဟာ သူ့ကြင်ရာတော် မိကျောင်းမကြီးနဲ့ အတူနေခဲ့ကြသတဲ့။ တစ်နေ့မှာတော့ မိကျောင်းမကြီးဟာ နေမကောင်း ဖြစ်ပါလေရော၊ မျောက်အသည်းနှလုံးကို စားရမှ သူ့ရောဂါ ပျောက်လိမ့်မယ်၊ ဒါကလွဲလို့ တခြားနည်းလမ်း မရှိဘူးလို့ မိကျောင်းမကြီးက ယုံကြည်နေသတဲ့။ ကြင်ရာတော် မိကျောင်းမကြီးကို အင်မတန်ချစ်တဲ့ မိကျောင်းကြီးဟာ ချက်ချင်းဆိုသလိုပဲ မျောက်ရှာထွက်ခဲ့သတဲ့။ မြစ်ကြောင်းတစ်လျှောက် စုန်ချည်ဆန်ချည် စိတ်ရှည်လက်ရှည် မျောနေပြီး သစ်ပင်တွေကို သတိထားကြည့်နေတယ်။ မျောက်တစ်ကောင်ကို တွေ့ရတဲ့အခါ သူဟာ ကမ်းပေါ် ကမန်းကတန်း တက်သွားပြီး မျောက်ကို စကားဆိုသတဲ့၊ “အို… အဆွေမျောက်၊ ဟောဟို မြစ်မင်းမဟာရဲ့ ဟိုမှာဘက်ကမ်းကို အသင် ရောက်ဖူးပါစ၊ တစ်ဘက်ကမ်းသည်ကား သစ်သီးဝလံများ ပေါကြွယ်ဝပေစွ၊ ငှက်ပျောသီးတို့သည် ဒီမှာဘက်ထက် ပို၍ဝ၊ ပို၍ချိုမြ၊ သဘော်သီးတို့သည် ပို၍လှ၊ ပို၍ အရည်ရွှမ်းပေသည်၊ အကယ်၍သာ အဆွေမျောက် အာသီသရှိခဲ့ပါလျှင် အကျွန်ုပ် ကျောပေါ် ကြွခဲ့ပါ၊ လိုက်ပို့စမ်းပါရစေ ဆိုပြီး ရွှန်းရွှန်းဝေ အောင်လောကွတ်လုပ်သတဲ့”

“ပထမတော့ မျောက်က ဘယ်ယုံပါ့မလဲ၊ အသင့်စကား ကျွန်ုပ် တစ်လုံး မှ မယုံ၊ သင် ကျွန်ုပ်ကို စားချင်၍သာ ပရိယာယ် ဆင်နေသည် မဟုတ်တုံလောလို့ ပြန်မေးတာပေါ့”

“မိကျောင်းက မဟုတ်ရပါ အဆွေမျောက်၊ သင် အထင်မှားနေခြင်း ဖြစ်ပေသည်လို့ ခါးခါးသီးသီး ငြင်း၊ မျောက်ကလည်း မယုံ၊ ဒီလိုနဲ့ ရက်ကြာလာတော့ မျောက်ဟာ ယုံစပြုလာတယ်၊ သြော်… မိကျောင်းဟာ ငါ့အကျိုးကို လိုလားရှာတာပဲလို့ ယုံကြည်လာပြီး တစ်နေ့တော့ မျောက်ဟာ မိကျောင်းရဲ့ ကျောပေါ် ခုန်တက်လိုက်တယ်”

“ဒီလိုနဲ့ မြစ်လယ်လည်း ရောက်ရော မိကျောင်းဟာ မြစ်ထဲကို ငုပ်လျှိုးဖို့ ပြင်လိုက်တဲ့အခါ မိကျောင်းကျောပေါ်က မျောက်ဟာကြောက်လန့်တကြားနဲ့ အသင် ဘာလုပ်တာလဲ ကျွန်ုပ် ရေနစ်တော့မယ်လို့ ပြောလိုက်တယ်”

"မိကျောင်းက သူ့ မိန်းမဟာ ရောဂါဖြစ်လို့ မျောက်အသည်းနှလုံးကို စားမှ ပျောက်ကင်းမှာ ဖြစ်ကြောင်း၊ ဒါကြောင့် ပရိယာယ် သုံးရတာ ဖြစ်ကြောင်း ဝန်ခံလိုက်တယ်"

"မျောက်က ဟက်ဟက်ပက်ပက် ရယ်တယ်၊ သူ့တစ်ကိုယ်လုံး စားချင်စား၊ အသည်းနှလုံးတော့ ရမှာမဟုတ်ဘူးလို့ ပြန်ပြောတယ်"

"အသို့နည်း... ဘဇာကြောင့်လဲလို့ မိကျောင်းကြီးက မေးတာပေါ့"

"ခက်ပ မိကျောင်းရယ်.. ကျွန်ုပ်တို့ မျောက်ဆိုသဟာမျိုးက နှလုံးသား ကို ကိုယ်နဲ့မကွာ သယ်ဆောင်တတ်တယ်လို့များ သင် ထင်နေရှော့သလား တောထဲမှာ သစ်ပင်ထိပ်ဖျားကနေ တစ်ပင်နဲ့တစ်ပင် လွှားခနဲ ခုန်ကူးနေကြတဲ့ ကျွန်ုပ်တို့မျိုးနွယ်ဟာ လေးလံတဲ့ နှလုံးသားကို ခန္ဓာကိုယ်ထဲ ထည့်ပြီး အမြဲ ဘယ်သယ်နိုင်လိမ့်မလဲ"

"ကျွန်ုပ်တို့ဟာ နှလုံးသားကို သစ်ခေါင်းပေါက်တွေထဲ ထည့်ဝှက်ထား တတ်ကြတယ်။ အမှန်တကယ် လိုအပ်မှသာ ထုတ်ယူပြီး ခန္ဓာကိုယ်ထဲ ပြန်တပ် တာ။ ကျွန်ုပ်ကို ကမ်းခြေ ပြန်ပို့မယ်ဆိုရင် ကျွန်ုပ်က သင့်ရောဂါသည် မိန်းမ အတွက် မျောက်နှလုံး တစ်ခုမဟုတ် နှစ်ခုတောင် လက်ဆောင်ပေးလိုက်ဦးမယ်။ တခြားမျောက်တွေ သူတို့နှလုံးကို ဘယ်မှာ သိမ်းထားတယ် ဆိုတာ ကျွန်ုပ် ကောင်းစွာ သိသလေ"

"မျောက်စကားဟာ ယထာဘူတ ကျတယ်လို့ ခံစားရတဲ့ မိကျောင်း ဟာ မျောက်ကို မြစ်ကမ်းပါးဆီ ပြန်ပို့တယ်"

"ကမ်းပေါ် ရောက်ရောက်ချင်း မျောက်ကလေးဟာ အမြန်တက်သွား ပြီး ခဏနေတော့ နီရဲမှည့်ပြီး အရည်တွေ ရွှမ်းနေတဲ့ သဖန်းသီးမှည့် နှစ်လုံးနဲ့အတူ ပြန်လာတယ်၊ အဆိုပါပစ္စည်းတွေဟာ အင်မတန် အာဟာရဓာတ် ပြည့်ဝတဲ့ မျောက် အသည်းနှလုံးတွေ ဖြစ်ကြောင်း၊ မိန်းမကို အမြန် ပြန်ကျွေးသင့်ကြောင်း၊ မကြာခင် ကျန်းခန့်သာလို့ မာပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်တယ်"

"မိကျောင်းကြီးဟာ မျောက် ညွှန်ကြားတဲ့အတိုင်း တသဝေမတိမ်း လုပ်လိုက်တာ မကြာခင်မှာပဲ မိကျောင်းမကြီးဟာ နေကောင်းထိုင်သာ ဖြစ်လို့ လာပါတော့သတဲ့ကွယ်"

သားသားသည် ဂျူလီယာ့ ဆံနွယ်ကလေးများကို အသာပွတ်သပ်ရင်း အိပ်ပျော်သွားပြီလား အသာနားစွင့်သည်။

"ဟင့်အင်း... ဒီပုံပြင် ကျွန်မ မကြားဖူးဘူး"

ဂျူလီယာ့အသံ ထွက်လာသည်။

"တကယ်လား အံ့သြစရာပဲ၊ အဲဒါ မြန်မာပြည်မှာ သိပ်ခေတ်စားတဲ့ပုံပြင်ပဲ"

"ဒီပုံပြင် ပြောဖို့ ဘာဖြစ်လို့ ရွေးတာလဲဟင်"

"အရင်ရက်တွေက ကျုပ် အပြင်သွားသွားပြီး လူတွေ သုတ်ခြေတင်နေကြတာကို ကြည့်ကြည့်နေမိတယ်"

ဂျူလီယာက အိပ်ချင်မူးတူးဖြင့် ခေါင်းကို မော့လိုက်သည်။

"ဒီလောက် ဒရောသောပါး ပြေးလွှားနေကြတဲ့ လူတွေကို မိကျောင်း ကြီးမြင်ရင် ဩော်... ဒီလူတွေလည်း သူတို့နှလုံးသားကို တစ်နေရာရာမှာ ဝှက်ထားခဲ့မှာပဲလို့ တွေးမယ် ထင်တယ်"

ဂျူလီယာက သားသား လက်တွေ လက်မောင်းတွေကို နမ်းရင်း "ကျွန်မကို သီချင်းဆိုပြ" ဟု ပြောလိုက်သည်။

နေရိပ်မိုးတဲ့ ထီးနီနီ...

ကျွန်တော် ခဏဖြစ်ချင်သည်.....

ကြင်နာသူလေး အေးမြဖို့ ....

ကိုယ်... ကြိုးစားမည်။

ရင်မှာ ဒီလောက်ချစ်ပါသည်....

ဒါကို.. သူလည်း သိနေပြီ...

တနေ့နေ့တော့

ချစ် ၍ လာ လိမ့် မည်။

ခဏနေတော့ ဂျူလီယာ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ သားသားကတော့ ဂျူလီယာ့အနားမှာ လှဲရင်း စိတ်တွေ အဝေးရောက် လို့နေသည်။ ပုံပြင်နှင့် သီချင်းတို့က သူ့ကို ကလေးတွေရှိရာ သီပေါသို့ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။ သူတို့လေးတွေ အကြောင်း သူ မတွေးဘဲ မနေနိုင်တော့။ နေ့ရက်တွေ ကြာလာလေ ကလေးတွေကို ပို၍ လွမ်းလာလေ။ အဆိုးဆုံးက သူတို့ ဘယ်လို နေကြသလဲဆိုတာ မသိရခြင်းပင်။ နေကောင်းရဲ့လား၊ ကျန်းမာကြရဲ့လား၊ ဦးကိုထွန်းက လာစောင့်ပေးရဲ့လား။ လွန်ခဲ့သည့် လက သူ စာရှည်ကြီးတစ်စောင်

ရေးထည့်ထားသည်။ ပြန်စာကို စိတ်မရှည်စွာဖြင့် စောင့်ဆိုင်း နေဆဲ။

လေကြောင်းစာပို့ နှစ်ရက်ခရီးအကွာမှာ သူတို့တစ်ကွဲစီ နေခဲ့ကြရသည်ပဲ။ သူဘယ်ရောက်နေလဲဟု မေးလာရင် ဘယ်လိုရှင်းပြရပါ့။သူ ကြုံတွေ့ခဲ့ရတာတွေကို ရှင်းပြဖို့ သင့်တော်သည့် စကားလုံး ရှာတွေ့ပါ့မလား၊ သူ တစ်နေရာမှ တစ်နေရာ သို့ အကြောင်းကိစ္စ မရှိဘဲ မသွားခဲ့ဖူး။ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ သွားခြင်း ဆိုတာ တော့ ဝေးပေါ့။ ခုတော့ မည်မျှ အန္တရာယ်ကြီးမှန်း သူနားလည်ပါပြီ။ နယူးယောက် မှာ ကြာကြာနေလေ၊ မပြန်နိုင်တော့မှာကို စိုးရိမ်လေပင်။ လူတစ်ယောက်သည် နေရာတစ်ခုသို့ လွယ်လင့်တကူ ပြန်သွား၍ ရသော်လည်း အချိန်တစ်ခုသို့ ပြန်သွားဖို့ ဆိုတာကတော့...။ အကျွမ်းတဝင် မရှိသည့်အရာများကို လူတစ်ယောက်အဖို့ ဘယ်လောက်ထိ သည်းခံနိုင်မည်လဲ။

"ဂျူလီယာ… ဂျူလီယာရေ"

လမ်းတစ်ဖက်မှ အော်သံကျယ်ကြီး စီခနဲ ထွက်လာသည်။

ပရင့်စ်လမ်း ဟိုဘက်ခြမ်းမှ လူတစ်ယောက်က လက်ဝှေ့ယမ်းပြနေပြီး သူတို့ဆီ သုတ်ခြေတင် လျှောက်လာသည်။ ဂျူလီယာနှင့် သက်တူရွယ်တူခန့် ရှိသော ထိုလူသည် သူ၏ သန်မာထွားကျိုင်းသော ခန္ဓာကိုယ်ကြီးကို သူနှင့် အတော် လေး သေးငယ်နေသည့် ရှပ်နှင့် ဘောင်းဘီတွင်းသို့ မဆံ့ရင်ကာ အတင်းသွပ် ထည့်ထားသည်။ ဂျူလီယာကို မြင်ရသဖြင့် သူ ဝမ်းသာနေတာတော့ သေချာ သည်။

"အိုး… မက်ဂ်၊ ကြည့်စမ်း… တိုက်တိုက်ဆိုင်ဆိုင် တွေ့နေတာ"

"မင်း ဘယ်လိုနေလဲ"

ထိုသူက သားသားကိုလုံးဝ သတိမထားမိဘဲ ဂျူလီယာ့ကိုသာ နှုတ်ဆက် နေသည်။

"ကောင်းပါတယ်၊ ရှင်ကော"

"ငါ အဆင်ပြေတယ်၊ ကျေးဇူးပဲ၊ မတွေ့တာ ကြာပြီနော"

"ဟုတ်ပ၊ တစ်ကမ္ဘာလောက် ရှိပြီ၊ ရှင် ဝိတ်ကျသွားတယ်"

"မကျလှပါဘူးဟာ"

မက်ဂ်က ခေါင်းယမ်းနေသည်။

"ခုတော့ ငါ့ရဲ့ ဒိုးနတ်တွေ၊ ကိတ်ဝိုင်းတွေကို ဝှက်ထားမယ့် လူတစ်ယောက်မှ ရုံးမှာ မရှိတော့ဘူးလေ၊ နင် ခု နေကောင်းသွားပြီလား၊ နင် ရုတ်တရက် ပျောက်သွားတာနော်၊ မူလီဂန်ကတောင်…"

"အင်း… ခု ကျွန်မ အများကြီး နေထိုင်ကောင်းသွားပြီ"

"တော်သေးတာပေါ့.. ကြားရတာ ဝမ်းသာလိုက်တာ"

သူက သက်ပြင်းကြီး ချလိုက်သည်။

"ငါ မင်းကို စိတ်ပူနေတာ"

ဂျူလီယာ့နောက်မှာရပ်နေသောသားသားကိုခုမှသူသတိထားမိသွား သည်။ မက်ဂ်က သားသားကို ကြည့်လိုက်သည်။ အံ့အားသင့်နေသည့် သူ့အကြည့် က ဒီ အသားညိုမောင်းမောင်း၊ မျက်လုံးအိမ် ခပ်ကြီးကြီးနဲ့ ခေါင်းတုံးဟာ ဂျူလီယာ နဲ့ ဘာမှ မဆိုင်လောက်ဘူးဟု ယူဆနေဟန်။ ထို့ကြောင့် သူ ဂျူလီယာ့ကို ဆက်မေး သည်။

"မူလီဂန် ပြောတော့ မင်း အလုပ်ထွက်လိုက်ပြီ ဆို"

"ဟုတ်တယ်"

"ဒီထက် ပိုကောင်းတဲ့ အရာကို တွေ့သွားပြီ ထင်တယ်"

ဂျူလီယာက ခေါင်းညိတ်ပြလိုက်သည်။

"ကံကောင်းတာပဲ၊ ဘယ်နေရာမှာလဲ"

"ဘာကို ဘယ်နေရာလဲ"

"ငါ မေးတာက ဘယ်ဥပဒေရုံးလည်း မေးတာပါ၊ ဝယ်လင်တန်မှာလို့ တော့ မဖြေနဲ့နော်"

"မဟုတ်ပါဘူး"

"အဲဒီမှာ လုပ်လို့ကတော့ မူလီဂန်က နင့်ကို တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ဘူးဗျ"

"ကျွန်မ လက်ထပ်တော့မယ်၊ ဆောင်းဦးမှာ ကလေးမွေးမယ်၊ ဒါကြောင့် အလုပ်နားထားတယ်"

"အလုပ်နားတယ် ဟုတ်လား… နင်ကလေ"

အသံက တိုးသွားခဲ့သည်။

သို့သော် စက္ကန့်ပိုင်းမျှသာ။

"အိုး… ငါ…. ငါ ဆိုလိုတာက… ဒါ သတင်းဦးပဲ၊ နင် ကိုယ်ဝန် ရနေတာ လား၊ ဘုရားရေ… ကွန်ဂရက်ကျူလေးရှင်းပါ၊ ဟာ.. ဒါနဲ့… ဒါနဲ့ ကံထူးသူက ဘယ်သူလဲ ငါ မေးလို့ ရမလား"

ဂျူလီယာက ပြုံးလိုက်ပြီး သားသားဘက် လှည့်ကာ မဟာဆန်ဆန် မေးငေါ့ ပြလိုက်သည်။

ထိုလူက သားသားကို ကြည့်ပြန်သည်။

ဂျူလီယာ တကယ်ပြောနေတာလားဆိုတာ မသေချာသည့် ပုံ။ ဂျူလီယာက ဘာမှ ဆက်မပြောသောအခါ သူက သားသားဆီ လက်ကမ်းပေးပြီး-

"မက်ဂ် ဖစ်ရှာပါ" ဟု မိတ်ဆက်လိုက်သည်။

"သားသားပါ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဘယ်လိုလဲ"

မည်သို့ တုံ့ပြန် ပြောဆိုရမည်မှန်း မသိသဖြင့် သားသားက ဘာမှ ပြန်မပြော။

"ခင်ဗျား... ခင်ဗျားက နယူးယောက်ကပဲလား"

"မဟုတ်ပါဘူး၊ မြန်မာပြည်ကပါ"

"ဒါပေမဲ့ ခု ခင်ဗျား ဒီမှာနေတာ မဟုတ်လား"

"ဟင့်အင်း"

"ကျွန်မတို့ ဒီမှာ ကလေးမွေးပြီးရင် မြန်မာပြည် ပြန်ကြမှာ"

"ဩော်.. သိပြီ၊ ခင်ဗျားလည်း ရှေ့နေပဲလား"

"မဟုတ်ဘူး၊ ရသေ့ပါ"

မက်ဂ်ဖစ်ရှာက ခပ်ကြောင်ကြောင် ကြည့်ပြီးမှ သူ့ကို ဟာသလုပ်သည် ထင်၍ ရယ်လိုက်သည်။ သို့သော် ဂျူလီယာရော သားသားပါ လိုက်မရယ်သော အခါ ငြိမ်သွားပြီး ဘာပြောရမှန်းမသိ ဖြစ်၍ နေသည်။ အဟင်း... အဟင်းနှင့် လည်ချောင်းရှင်းကာ သူ၏ ထူထဲသော ဆံပင်များကြားသို့ လက်ချောင်းများ ထိုးထည့်ကာ ဖွနေသည်။ သူ မည်မျှ စိတ်ရှုပ်နေမည်၊ နေရခက်နေမည်ကို သားသား ရိပ်မိသည်။ သူ အနေချောင်စေရန် အာလာပ သလ္လာပ စကားတွေ ပြောချင်သော်လည်း ဂျူလီယာ့ကို မေးခွန်းတွေ မေးမိသလို ပိုဆိုးမည် စိုးသည်။ ဘာမှ မပြောဘဲ နေတာ ပိုကောင်းသည်ဟု သားသား စဉ်းစားနေသည်။

မက်ဂ်ဖစ်ရှာသည် အတော်ကြာအောင် တိတ်ဆိတ်နေပြီးမှ-

"ကဲ.... ငါ သွားရတော့မယ်၊ တစ်ခါလောက် ကော်ဖီ တူတူသောက်ကြတာပေါ့" ဟု ဆို၏။

"ကောင်းတာပေါ့"

"နင့်မှာ ငါ့ ဖုန်းနံပါတ် ရှိသေးတယ်မို့လား၊ အေး... ဂရုစိုက်နော်၊ ကံကောင်းပါစေ"

"ရှင်လည်း ကံကောင်းပါစေ၊ မကြာခင် တွေ့ကြမယ်"

ခဏနေတော့ ဘရော့ဒ်ဝေးဘက်က လူစုလူဝေးထဲ သူ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဂျူလီယာက သားသား၏ လက်ကို ဆွဲကာ ခပ်တင်းတင်း ဖျစ်ညှစ်လိုက်သည်။ သူတို့နှစ်ယောက် တိတ်ဆိတ်စွာ လမ်းလျှောက်နေမိကြသည်။

"ကျုပ်တို့ လက်ထပ်ကြမယ်လား"

ဂျူလီယာက ခေါင်းညိတ်လိုက်သည်။

"အမေရိကမှာ မိန်းမတွေက အဲသလို စပြောရတာလား"

ဂျူလီယာက ခိခနဲ ရယ်ရင်း-

"ဟုတ်တယ်၊ ဒီကိစ္စကို ဒီမှာ မိန်းမတွေကပဲ စရတာ"

"ဩော်.. ကျုပ် မသိဘူး၊ နေ့ကောင်းရက်သာ ရွေးပြီးပြီလား"

"ရှင် ကြိုက်တဲ့ အချိန်ပေါ့"

"မနက်ဖြန် ဆိုရင်ကော"

ဂျူလီယာက တုန့်ခနဲ ရပ်ကာ သားသားဘက် လှည့်သည်။

"မနက်ဖြန်လား"

"အင်းလေ... ဘာလို့ မဖြစ်ရမှာလဲ"

ဂျူလီယာသည် သားသား၏ မျက်နှာကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ သူ့နား ဆွဲကပ်လိုက်သည်။ သားသားက ချီတုံချတုံ ဖြစ်နေသည်။ လူကြားထဲမှာ ချစ်ခြင်းမေတ္တာကို ပြသသော လူ့အဖွဲ့အစည်းနှင့် သားသား အသားမကျကြောင်း သိပါသည်။ သို့သော် မတတ်နိုင်။ အိမ်ရောက်သည်အထိ သူ မစောင့်နိုင်။ ဒီနေရာ၊ ဒီအချိန်မှာပင် ခုချက်ချင်း သားသားကို ထိတွေ့လိုသည်။ သားသားက နှုတ်ခမ်းတွေကိုတင်းတင်းစေ့ထားသည်။ လက်ကလည်း ဖက်ထားတာ မဟုတ်ဘဲ ဂျူလီယာ့ကို တွန်းထားသလို။ သို့သော် စက္ကန့်ပိုင်းအတွင်း သားသားသည် အလိုက်သင့်

ပျော့ပျောင်းလာ၏။ ဂျူလီယာ့တစ်ကိုယ်လုံးကို ဖက်ကာ စိတ်တိုင်းကျ အနမ်းမိုးစွေတော့သည်။

"ချစ်တယ် ရှင်ရယ်"

"ကျုပ်လည်း ချစ်တယ် ဂျူလီယာ"

"ကျွန်မကို ပစ်မသွားနဲ့နော်"

နှစ်ဆယ့်လေး

ဂျူလီယာက သားသားကို အင်ပါယာစတိတ် အဆောက်အအုံ အပေါ်ဆုံးထပ်မှ မြင်ကွင်းတွေကို ပြချင်သည်။ သို့သော် ရှစ်ဆယ့်ခြောက်ထပ်ထိ ဓာတ်လှေကား စီးရမည်ဟု သားသား သိသောအခါ သူတို့နှစ်ယောက်လုံး ဒါ အကြံကောင်း မဟုတ်ဟု ဆုံးဖြတ်လိုက်ကြသည်။

ထိုအစား သူတို့ ဘရုတ်ကလင်းတံတားသို့ မြေအောက်ရထား စီးသွား ကြသည်။ ထို့နေ့က ပူနွေးပြီး တိမ်ကင်းစင်သော နွေတစ်နေ့၊ ဂျူလီယာက သားသားနှင့် လက်ချင်းချိတ်ပြီး တံတားအလယ်သို့သူတို့လျှောက်သွားကြသည်။ တံတားအလယ်တွင် ရပ်ကြသည်။ ထိုနေရာသို့ သူ့ဖခင်နှင့်အတူ ရံဖန်ရံခါ လာခဲ့ ဖူးကြောင်း ဂျူလီယာက ပြောပြသည်။ သို့သော် သားသားက ကြားတစ်ချက်၊ မကြားတစ်ချက်။ သူ့အကြည့်က မြို့လယ်ကောင်က မိုးမျှော်တိုက်ကြီးတွေဆီ ရောက်နေသည်။

နောက်ဆုံးတော့ သူ စကားသံ ထွက်လာသည်။

"ကောင်းကင်မှာ အပေါက်တစ်ပေါက် ဖြစ်နေတာပဲ"

"ဘယ်လိုအပေါက်လဲ သားသား"

"ရောမ မိုးမျှော်တိုက်ကြီးနှစ်ခု မရှိဘူး ဖြစ်နေတယ်၊ မန္တလေးက လက်ဖက်ရည်ဆိုင်မှာ နယူးယောက် မိုးမျှော်တိုက်တွေ ပုံ ကျုပ် တွေ့ဖူးတယ်၊ ကောင်းကောင်း မှတ်မိတယ်၊ ခု ပြောင်းလဲနေတာ သေချာတယ်"

သားသား ပြောတာ မှန်ကြောင်း ဂျူလီယာ ချက်ချင်းသိလိုက်သည်။ သူ သားသားကို ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြနေပြီ။

စက်တင်ဘာလ၏ နွေနှောင်းတစ်ရက်၊ ခုလိုပင် တိမ်ကင်းစင်သည့် နေ့တစ်နေ့မှာ အမုန်းတရားက ဦးဆောင် မောင်းနှင်လာသော လေယာဉ်ကြီးနှစ်စင်း။

ယောက်ျားတွေ၊ မိန်းမတွေ၊ မိခင်တွေနှင့် လောကထဲ မရောက်သေး သည့် ကလေးငယ်တွေကို ထိုအမုန်းတရားက သေခြင်းတရားဆီ ဦးတည်စေခဲ့ သည်။

မီးဟုန်းဟုန်းတောက်လောင်နေသော မိုးမျှော် မျှော်စင်ညီနောင်၏ ခေါင်မိုးပေါ်မှ ခုန်ချရရှာသူတို့အား အမုန်းတရားက တခြားနည်းလမ်းကို ရွေးချယ်ခွင့် အလျင်း မပေးခဲ့။

သားသားသည် ထိုစကားများကို ကောင်းကင်ယံအပေါက်ထံမှ မျက်စိမလွှဲဘဲ နားစိုက်ထောင်နေသည်။ ဂျူလီယာ ဘာကိုပြောနေသလဲ ဆိုတာ သားသား ကောင်းစွာ သိပါသည်။ လူသားတို့၏ ရက်စက်တတ်မှုနှင့် ပတ်သက်သည့် အတိုင်းအတာကို ဂျူလီယာတစ်ယောက် သားသားကို ရှင်းပြနေစရာ မလိုပါ။ ဆိုတော့ အမုန်းတရားသည် ဒီနေရာမှာလည်း သူ့ခြေရာကို ထင်စေခဲ့သည်ပဲ။ အမုန်းတရားဟူသည် တောကြီးမျက်မည်းအတွင်းသာ ကျင်လည် ကျက်စားတတ်သည် မဟုတ်၊ မိုးမျှော်တိုက်တွေ၊ နောက်ဆုံးပေါ်ကားတွေနှင့် လူတွေ ကျပ်ခဲနေသော မြို့တော်ကြီးများမှာလည်း အသွေက် ပေါက်လာတတ်သည်ပင်။ သူ့မှာ နယ်နိမိတ်ဆိုတာ မရှိတော့ပြီလား။

ထိုနေရာမှာတော့ အမုန်းတရားသည် ချစ်ခြင်းမေတ္တာနှင့် တူသည်လေ။ သူတို့ တံတားပေါ်မှာ အချိန်ကြာကြာ လက်ချင်းချိတ်ကာ စကားမပြော ဖြစ်၊ အကြည့်ချင်းလည်း မဆုံဖြစ်ဘဲ ရပ်နေခဲ့ကြသည်။ ထို့နောက်မှာ သူ မိုးမျှော် တိုက် ၃၅ ထပ်သို့ ပြန်သွားရန် အဆင်သင့် မဖြစ်သေးသည့်အတွက် သူတို့ စင်ထရယ်ပန်းခြံသို့ ဦးတည်ခဲ့ကြသည်။

မြက်ခင်းပြင်ပေါ်မှာ လူငယ်လေးတွေ ဘောလုံး ကစားနေကြသည်။ ကြည့်လေရာမှာ ကလေးတွေ ကစားနေကြသည်။ ချစ်သူစုံတွဲတွေက မြက်ခင်း ပေါ် လှဲကာ နေစာလှုံနေသည်။ သားသားသည် ပင်ပန်းလာ၏။ ယင်းပင်ကြီး တစ်ပင်၏ အရိပ်မှာ သူတို့ ထိုင်လိုက်ကြသည်။ သားသားက ပင်စည်ကို မှီပြီး ခဏနေတော့ ခေါင်းငိုက်စိုက် ကျလာသည်။

သားသား အိပ်ပျော်နေသည်ကို ဂျူလီယာ ငေးနေမိသည်။ ရင်ဘတ် သည် ဖြည်းဖြည်းချင်း နိမ့်ချည် ကြွချည်။ မျက်နှာသည့် အလုံးစုံ ပြေလျော့လျက်၊ လူတစ်ယောက်တည်းက ကွဲပြားခြားနားလွန်းသည့် အသွင်ကို အခြေအနေပေါ် မူတည်ပြီး ဆောင်ကြဉ်းတတ်သည်ကို သူ စဉ်းစားနေမိသည်။

လူတစ်ယောက်တည်းပါပဲ။

သူ ဆောင်ယူခဲ့သော အားအင်နှင့် ယုံကြည်ချက်တွေ၊ ကမ္ဘာကို ပြောင်းလဲစေနိုင်သော သူ့အပြုံး။ သူသာ မရှိခဲ့လျှင် ဘယ်အရာမှ ခုလိုဖြစ်မည် မထင်။

သူနှင့်အတူ နယူးယောက်မှာ ရှိနေသည့် ဤကာလများအတွင်း သားသား သည် သူ၏ ကမ္ဘာကို ပြောင်းလဲစေသည်ကို ဂျူလီယာ ခံစားမိနေသည်။ မရပ်မနား လှုပ်ရှားနေတတ်သော သူ့အတွင်းစိတ်တွေကို သားသားက တည်ငြိမ်အေးဆေး စေသည်။ သူ အလိုရှိသည့် ကိစ္စ၊ အလိုရှိသည့် အရာကို အမြဲတမ်း ရှာဖွေနေတတ်သည့် သူ့ကို သားသားက ပြောင်းလဲစေသည်။

အရင်က ဂျူလီယာသည် အမြဲတမ်း တင်းကျပ်မာခဲစွာ နေတတ်သူ။ ပြဿနာကို ချက်ချင်း ဖြေရှင်းတတ်သူ။ သူ့ကိုယ်သူ အတွက် ကြည့်ကာ တွဲခဲ့ သော ယောက်ျားများကို အပြစ်ဆိုရင်း လမ်းခွဲခဲ့သူ။ တကယ်တော့ သူ့မှာ ဒီလမ်း ကိုသာ စိုက်လိုက်မတ်တတ် လိုက်မည်ဟု ရည်ရွယ်ရင်း မရှိ။ သူ့ကို ယဉ်ပါးစေရာ တွင် အဘယ့်ကြောင့် သားသားသာ အောင်မြင်၍ အခြား ပုရိသများ ကျရှုံးခဲ့ရ သနည်း ဆိုခြင်းကို သူ မသိ။ သူ့ကြောက်စိတ်တွေကို လျော့ပါးစေဖို့ သားသားမှာ ဘယ်လိုအရာတွေ ပိုင်ဆိုင်ထားပါသနည်း။ သေချာ စဉ်းစားကြည့်တော့လည်း သူ ဒါတွေကို ဂရုမထားကြောင်း သိလာသည်။

ခုချိန်မှာ တစ်ခုတည်းသော ကိစ္စက ဘယ်အရာကမှ ဟန်ချက် ချိန်ခွင်လျှာ ကို မပြောင်းလဲစေခြင်းသာ။ အကာအကွယ်မဲ့နေလည်း ကိစ္စမရှိ။

လူတိုင်းသည် မွေးကတည်းက ကူကယ်ရာမဲ့သာပါ။ အချိန်တစ်ခုကိုရောက်မှသာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်ဖို့ သင်ယူခဲ့ကြရသည်။ တစ်ပါးသူ၏ အန္တရာယ်မှ၊ ကိုယ့်ကိုယ်ကိုယ်၏ အန္တရာယ်မှ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် မလိုအပ်တော့ချိန်၊ သို့တည်းမဟုတ် ကာကွယ်လိုစိတ် မရှိတော့ချိန်မျိုးမှာ အချစ် ဟူသည် စတင်ပေါက်ဖွားလေ့ ရှိခြင်း ဖြစ်သည်။

ခု သူ့ကိုပဲ ကြည့်၊ ဂျူလီယာသည် နေစရာမရှိအောင် ကြောက်ခဲ့ဖူး တယ်။ ကိုယ့်ကိုယ်ကိုယ် အကာအကွယ်မဲ့နေသလို ခံစားရအောင် ဖြစ်ခဲ့ဖူးသည်။ ခုတော့ စိတ်တွေ လျှော့ချလိုက်ပြီ။ သူ့ဘဝမှာ ပထမဆုံးအကြိမ်ပင် ဖြစ်လိမ့်မည်။ သူ့အတွက် အရာရာသည် အကောင်းဘက် လှည့်နေခဲ့သည်။ အဖြစ် အပျက်တို့က စိတ်အာရုံမှာ လတ်လတ်ဆတ်ဆတ် ရှိနေသေးသော်လည်း သူ ကြောက်သည့် အသံတွေကို ထပ်မကြားရတော့။

သူ အကြောက်တရားနှင့် ရက်သတ္တပတ်ပေါင်း များစွာ နေခဲ့ဖူးသည်။ ခုခံတွန်းလှန်နိုင်စွမ်း နည်းပါးလှသည့်အတွက် ကိုယ့်ကိုယ်ကိုယ်ပင် ချောက်ချောက် ချားချား အံ့ဩမိဖူးသည်။

သူ့ဘဝ အနှောင်တွေကို နောက်ကျလွန်းချိန်မှ သတိထားမိခဲ့သည်။ ဒီလိုနှင့် အတ္တပါဝါတွေ တဖြည်းဖြည်း လျော့ပါးလာတာကို မကြည့်ချင်ချင် ကြည့်ချင်ချင် ကြည့်နေခဲ့ရသည်။ သူ့ ထိန်းချုပ်နိုင်စွမ်းတွေ ပျောက်ဆုံးကာ သူ့ကို စွန့်ခွာသွားခဲ့ဖူးသည်။

ဒါမျိုး နောက် ဘယ်တော့မှ ထပ်မဖြစ်စေရ။

ဂျူလီယာသည် သူ့ဗိုက်ပေါ်လက်နှစ်ဖက် တင်လိုက်သည်။ အတွင်းမှ လှုပ်ရှားမှုလေးတွေကို သူ ပထမဆုံးအကြိမ် စတင် ခံစားနေရသည်။ နူးညံ့

ညင်သာသော လှုပ်ရှားမှုလေးတွေက စည်းချက်မမှန်သော နှလုံးခုန်သံအလား။

ဘယ်လို လူစားမျိုးများ သူ့ကိုယ်တွင်းမှာ ကြီးထွားလာနေပါလိမ့်။ သူ အရူးအမူး သိချင်နေသည်။ ကမ္ဘာလောကထဲသို့ ကြီးမားသော စိတ်ဝမ်းနှလုံးသား ဖြင့် ဝင်လာမည်လား။ သို့တည်းမဟုတ် သေးငယ်သော နှလုံးသားဖြင့်လား။ သူနှင့် တူမှာလား။ သားသားနှင့် တူမှာလား။

သူ့အချစ်ကကော ပြည့်စုံလုံလောက်ရဲ့လား၊ သူဟာ မိခင်ကောင်း ဖြစ်နိုင် မည်လား။ သူ့အမေထက် ပိုကောင်းသော မိခင် ဖြစ်နိုင်ပါ့မလား။

သူ့ကလေးကို ဤလောကမြေမဟီ၏ နာကျင်ခံစားမှု အပေါင်းမှ အလုံးစုံ ကာကွယ်ပေးလိုသည်။ သို့သော် မဖြစ်နိုင်မှန်း သိသောအခါ သူ့မျက်ဝန်းမှာ မျက်ရည်တို့ စို့လာခဲ့သည်။

သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုနံရံမှာ အက်ကွဲကြောင်းလေးတွေ ဖြစ်လာ တာကို ဂျူလီယာ ခံစားရသည်။ သူ တာဝန်မကျေလျှင် မည်သို့ ဖြစ်မည်နည်း။ သူ့ခွန်အားတွေ ဆုံးရှုံးပြီး ခေါင်းထဲမှာ အသံတွေ ပြန်ပေါ်လာဦးမည်လား။

ထိုသို့ တွေးလိုက်သည်နှင့် သူ ပျော့ကျသွားသည်၊ နွမ်းလျလာသည်။ သားသား မရှိဘဲ သူတစ်ယောက်တည်း ရင်မဆိုင်နိုင်၊ မလုပ်နိုင်။ သားသား ရင်ဘတ်ကို တင်းတင်းဖက်ပြီး နွေးထွေးသော ခန္ဓာကိုယ်နှင့် ကပ်ထားလိုက် သည်။ သားသား၏ ကိုယ်သင်းနံ့က သူ့ကို အတန်ငယ် တည်ငြိမ်စေသည်။

“အဆင်ပြေရဲ့လား ဂျူလီယာ”

သားသားက အိပ်ချင်မူးတူးဖြင့် ဂျူလီယာ့လက်ကလေးကို ဖျစ်ညှစ် ရင်း မေးလိုက်သည်။

“အင်း... ပြေတယ်၊ အိပ်... အိပ်... အနားယူ”

သူ့မှာ တခြားရွေးချယ်စရာကော ရှိလို့လား။

ချစ်ခြင်းမေတ္တာမှာ အရာအားလုံးဟာ အမြဲတမ်း အန္တရာယ် မကင်းဘူး မဟုတ်လား။

ပထမရိပ်သာလမ်းပေါ်က ပိတ်နေသော ကားတန်းရှည်ကြီးအတွင်း တစ်ခုသော တက္ကစီပေါ်မှာ သူတို့ ထိုင်နေခဲ့ကြသည်။ လမ်းတွေ အများအပြား ကားတန်းတွေ ပိတ်ဆို့နေသည်။ ခေါင်းပေါ်မှာ ဟယ်လီကော်ပတာ တစ်စီး ပတ်ပျံနေပြီး ရဲတွေက လမ်းထောင့်တိုင်းမှာ ရှိနေသည်။ လမ်းလျှောက်သွားတာက ပိုမြန်မည် ဖြစ်သော်လည်း မိုးကလည်းရွာ၊ ဂျူလီယာ့ ခြေထောက်ကလည်း နာနေသည်။ မီးပွိုင့် အရောင်တွေက မိုးရေစိုနေသောလမ်းမှာ ရောင်ပြန်တွေ ဟပ်နေသည်။ သားသားက ပြတင်းပေါက်မှ အပြင်ကို ငေးရင်း ဂျူလီယာ့လက်ကို ဆုပ်ကိုင်ထားသည်။

"ဂျူလီယာ တကယ်လို့ တစ်ယောက်ယောက်က မင်း ဘယ်နေရာနဲ့ သက်ဆိုင်သလဲလို့ မေးလာရင် ဘယ်လို ပြန်ဖြေမလဲဟင်"

သားသားက ရုတ်တရက်ကြီး သိချင်လာခဲ့သည်။

"ဘာလို့လဲ၊ ဘာလို့ အဲသလို စဉ်းစားတာလဲ"

ဂျူလီယာက တအံ့တသြ မေးလိုက်သည်။

"မင်းက နယူးယောက်မှာ မွေး၊ နယူးယောက်မှာ ကြီးပြင်းတာလေ။ ဒါက မင်းရဲ့ ကမ္ဘာ၊ မင်းရဲ့ ဘာသာစကားပဲ။ ဒါကြောင့် မင်းဟာ ဒီနေရာနဲ့ သက်ဆိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ဘယ်က ဘယ်လိုတွေ တွေးနေပြန်ပြီတုံး"

"ဘာမှ မဟုတ်ပါဘူး၊ အဲသလို တွေးမိလို့ပါ"

"ကျွန်မဘဝရဲ့ ပထမ ၂၈ နှစ်ဟာ နယူးယောက်မှာပဲ ဖြတ်သန်းခဲ့တာ ကျွန်မဟာ အမေရိကန် တစ်ယောက်၊ မှန်တယ်၊ ဒါကြောင့် ဒီနေရာနဲ့ သက်ဆိုင်သလားလို့ မေးရင်တော့..."

ဂျူလီယာက ပခုံးတွန့်လိုက်ပြီး-

"ကျွန်မလည်း သက်ဆိုင်တယ်လို့ပဲ ထင်ပါတယ်"

သူ ဒီရက်ပိုင်း ခေါင်းထဲ ပေါ်နေသော မေးခွန်းတစ်ခုကို မေးရန် ဂျူလီယာ ချီတုံချတုံ ဖြစ်နေသည်။

“ရှင် ဒီမှာ ကြာကြာနေဖို့ စိတ်ကူးမိလား”

“ကြာကြာဆိုတာ ဘာကို ဆိုလိုတာလဲ”

“တစ်နှစ်၊ နှစ်နှစ်လောက်ပေါ့”

သားသားသည် အထိတ်တလန့် ဖြစ်သွားဟန် ပေါ်၏။

“အင်း… ဘယ်လို ဖြေရမှန်း မသိပါဘူး”

“ဘယ်လို စဉ်းစားလဲဆိုတာ ပြောပြ”

“ဒါက ဒီလောက် မလွယ်ဘူး ဂျူလီယာရဲ့”

“အင်း လား၊ ဟင့်အင်း လား”

“ဟင့်အင်း ဖြစ်ဖို့ များတယ်”

“သီပေါမှာ ကလေးတွေ ကောင်းကောင်းမွန်မွန် နေနေကြတယ် ဆိုတာ သိနိုင်ရင်ကော”

သားသားက အကြာကြီး စဉ်းစားပြီးမှ “ဟင့်အင်းပဲ” ဟု ပြောလိုက်သည်။

“ဟယ်… ဘာဖြစ်လို့လဲ”

“ကျုပ်လေ.. အင်း.. ကိုယ်လေ ဒီမှာ အံဝင်ခွင်ကျ မဖြစ်ဘူးလို့ ခံစား နေရတယ်”

“ဘာလို့ အဲသလို ပြောရတာလဲ သားသားရယ်”

“ဒါက တကယ့်အမှန်တရားမို့ပေါ့ ဂျူလီယာရယ်”

“အံဝင်ခွင်ကျ မဖြစ်ဘူးလို့ ရှင် ထင်လာအောင် ဘယ်အရာတွေကများ ဖန်တီးနေလဲ ပြောပါဦး”

“ကိုယ်လာခဲ့တဲ့ လောကက ဒီကနဲ့ သိပ်ကို ကွဲပြားခြားနားတာကိုး”

“အဲ့ဒါ ဘာအရေးလဲ သားသားရယ်”

ဂျူလီယာက ဖောင်းထုပ်ကြီးနှင့် ကားဒရိုင်ဘာကို ကြည့်ပြီး

“ရှင် ဘယ်က လာတာလဲ” ဟုမေးလိုက်သည်။

“အိန္ဒိယအနောက်ပိုင်း ဂူဂျာရက်ကပါ မဒမ်”

ဒရိုင်ဘာက ခေါင်းကလေး ညိတ်ကာညိတ်ကာဖြင့် ဂျူလီယာ့ မေးခွန်း ကို ယဉ်ကျေးစွာ ဖြေ၏။

“အဲဒီက အခြေအနေတွေက မန်ဟက်တန်နဲ့ တူသလား”

“ဘယ်တူလိမ့်မလဲ မဒမ်”

ဒရိုင်ဘာက နောက်ကြည့်မှန်ကို ပြုံး၍ ကြည့်ရင်း-

“တူစရာ အကြောင်းကို မရှိတာ ခင်ဗျ”

“ဘာတွေများ ကွာခြားတာလဲဟင်”

“အရာအားလုံးပါပဲ မဒမ်ခင်ဗျာ”

“ရှင် ဇာတိမြေကို ပြန်မသွားချင်ဘူးလား”

“မသွားချင်ဘူး မဒမ်၊ မသွားပါရစေနဲ့”

ဂျူလီယာက သားသားဘက်ပြန်လှည့်ပြီး-

“တွေ့လား သားသား၊ ကျွန်မတို့ တက္ကစီ နောက်တစ်စီး စီးရင် ဒရိုင်ဘာ ဟာ ဘင်္ဂလားဒေ့ရှ်က ဖြစ်ချင် ဖြစ်မယ်၊ အယ်လ်ဂျီးရီးယားက ဖြစ်ချင် ဖြစ်မယ်၊ လိုက်ဘေးရီးယားက ဖြစ်ချင် ဖြစ်မယ်၊ အဲဒီမှာလည်း ဘဝတွေဟာ အင်မတန် သင်းကွဲပြားခြားနားတာပါပဲ၊ရှင်ကျွန်မဆိုလိုရင်းကိုမြင်ရဲ့လား။ နယူးယောက်ဆိုတာ ကမ္ဘာအရပ်ရပ်က လူတွေ ပြည့်နေတဲ့နေရာပဲ။ ကွဲပြားခြားနားတဲ့ နေရာ အသီးသီး သည်ကနေ ရောက်လာကြတာ။ သူတို့ဟာ ဒီမှာ နေစရာလေး တစ်နေရာ ရှာနိုင်ခဲ့ကြတယ်၊ ရှင့်ကျမှ ဘာဖြစ်လို့ သူတို့နဲ့ မတူဘူး ထင်နေရတာလဲ”

“ဒါပေမဲ့ ဒီမှာနေမှ ဖြစ်မယ်လို့ မင်း ဘာဖြစ်လို့ ထင်နေတာလဲ။ ရောင့်ရဲမှု ဆိုတာ ဒီမှာ မရှိဘူး မဟုတ်လား”

“မန်ဟက်တန်မှာ မနေလည်း ဖြစ်တာပဲလေ”

“ဒါဆို ဘယ်မှာ နေမှာလဲ”

“တောပိုင်းကို ပြောင်းနေမယ်လေ၊ အပ်စတိတ် နယူးယောက်ဖြစ်ဖြစ်၊ ဗားမောင့်ဖြစ်ဖြစ်၊ မိန်းဖြစ်ဖြစ်ပေါ့”

ဂျူလီယာက သားသား၏ လက်ကို ဆွဲ၍ သူ့ဗိုက်ပေါ် တင်ပေးလိုက်သည်။

"အဲသလိုဆိုလည်း ကိုယ်က တစ်ခုခုတော့ ပျောက်ဆုံးနေသလို ခံစားရမှာပါပဲ"

"ဘယ်လို"

"ဒါကို စကားလုံးတွေအဖြစ် ဘယ်လို ဖော်ပြရမလဲ၊ ဆောရီးပါ၊ ကိုယ် အရမ်းကို ကျေးဇူးကန်းသလို ဖြစ်နေတာ သိပါတယ်"

သားသားက ခေတ္တ တုံ့ဆိုင်းနေပြီးမှ ဆက်ပြောသည်။

"ကိုယ် ဒီမြို့တော်၊ ဒီတိုင်းပြည်မှာ နိုင်ငံသားကောင်း တစ်ယောက် အဖြစ် အောင်မြင်ချင် အောင်မြင်မယ်၊ ဒီက စည်းကမ်းဥပဒေသတွေကို လွယ်လင့် တကူ တတ်မြောက်ချင် တတ်မြောက်မယ်၊ ဒါပေမဲ့ ကိုယ် အဲသလို မဖြစ်ချင်ပါ ဘူး"

"ဩော်... ဘာဖြစ်လို့လဲ ဟင်"

"ကိုယ် အဲသလိုလုပ်လိုက်ရင် ကိုယ်ဟာ မင်း ချစ်ခဲ့ဖူးတဲ့ သားသား မဟုတ်တော့ဘဲ တခြားတစ်ယောက်အဖြစ် အသွင်ပြောင်းသွားလိမ့်မယ်၊ ကိုယ် ဆိုလိုတာကို နားလည်လား ဟင်"

"အဲသလိုပြောကြေးဆို ကျွန်မလည်း ဒီရောက်တော့ မြန်မာပြည်မှာလို မဟုတ်ဘဲ ကွဲပြားခြားနားတဲ့ အသွင် ပြောင်းသွားခဲ့တာပဲလေ၊ အဲဒီတော့ ရှင် ကျွန်မအပေါ် အချစ်လျော့သွားသလား"

"ဟင့်အင်း... မလျော့ဘူး"

ဂျူလီယာသည် ထိုစကားများကို စိတ်ထဲမှာ ထပ်ကာထပ်ကာ ရေရွတ် နေခဲ့သည်။ မင်းနဲ့ သက်ဆိုင်တဲ့ နေရာဟာ ဘယ်မှာလဲ။ သားသား၏ ထိုမေးခွန်း ကို သူ့စိတ်ထဲမှ ထုတ်ပစ်၍ မရ။ သူဟာ နယူးယောက်နဲ့ တိတိကျကျ ပြောရရင် သူ့မွေးရာ ဇာတိ နယူးယောက် အရှေ့အပေါ်ပိုင်းနဲ့ သက်ဆိုင်သူလား၊ မွေးရပ်မြေ မို့ သက်ဆိုင်နေတာလား။ ဒီမှာပြောတဲ့ ဘာသာစကားတွေ၊ ဓလေ့ထုံးစံတွေ၊ စည်းကမ်းဥပဒေသတွေနဲ့ အကျွမ်းတဝင်ရှိလို့ သက်ဆိုင်နေတာလား။ အဲသလို မျိုး သူ မခံစားရတာကတော့ အမှန်ပင်။

လူသားဆိုတာ တိုင်းပြည် တစ်ပြည်၊ လူမျိုးစု တစ်စု၊ ရွာ တစ်ရွာနဲ့ပဲသက်ဆိုင်တာမျိုးလား၊ မိသားစုတစ်စု၊ ဒါမှမဟုတ် လူတစ်ယောက်နဲ့ပဲ သက်ဆိုင် တာမျိုးလား။

သူ အဖြေပေးရရင်တော့ ကျွန်မက ရှင်နဲ့ပဲ သက်ဆိုင်တာလေ၊ ရှင့် တစ်ယောက်နဲ့ပဲ သက်ဆိုင်တာ။

သားသားသည် ခုတင်ရှေ့က ကြမ်းပြင်မှာ တင်ပျဉ်ခွေ ထိုင်ပြီး တရား ထိုင်ရန် ကြိုးစားနေခဲ့သည်။ အာရုံတည်နေအောင် ကြိုးစားပေမယ့် အတွေးတွေ က ပြောင်းဆန်နေသည်။ ငြိမ်းချမ်းခြင်းသည် သူ့ကို ဖယ်ခွာသွားခဲ့ပြီကော။

တရားထိုင်ခြင်း ဆိုသည်မှာ ခန္ဓာအိမ်ဆီ ပြန်ခြင်းသာဟု သူ့ကို ဆရာ တော်ကြီးတစ်ပါးက သင်ကြား ပြသပေးတော်မူခဲ့ဖူးသည်။ နယူးယောက်တွင် အရာရာသည် သူ့ ခန္ဓာအိမ်မှ ဖယ်ခွာလျက် သူ့ကို ဆွဲခွာထုတ်နေသလို ခံစားနေရသည်။ ညကြီးသန်းခေါင်မှာတောင် နယူးယောက်သည် တိတ်ဆိတ်ခြင်း အလျှင်း မရှိ၊ အသံတွေက ဆူညံလွန်းလှသည်။ မရင်းနှီးသော မျက်နှာတွေ၊ အသံတွေ၊ အလင်းတွေ၊ အနံ့တွေ အားလုံးသည် သူ့အတွက် သူစိမ်းဆန်နေသည်။ အားလုံး က သူ၏ အာရုံစူးစိုက်မှုကို တောင်းဆိုနေကြသည်။ ဘုန်းကြီးကျောင်းက ကလေး တွေ ထောင့်တိုင်းမှာ ရပ်ကာ ဒီကိုလာ ဒီမှာ ဒီမှာဟု အော်ခေါ်နေဘိ သကဲ့သို့။

သူ့အတွက်တော့ နယူးယောက်ဟူသည် တစ်ကမ္ဘာလုံးမှ ပေါက်ပန်းဈေး အော်ညည်းသံတို့ ကြီးစိုးနေသော နတ်ဘုရား များစွာတို့၏ မြို့တော်သာ။

နှစ်ဆယ့်ခြောက်

ပထမဆုံးသော သတင်းတို့သည် ဩဂုတ်လလယ်မှာ စတင်ထွက်ပေါ်လာခဲ့သည်။ သားသားသည် မနက်ပိုင်းဆိုလျှင် ဘီဘီစီ ကမ္ဘာ့ရေးရာကဏ္ဍမှ အရှေ့တောင် အာရှ သတင်းများကို နားထောင်လေ့ ရှိသည်။ ထိုကဏ္ဍမှ မြန်မာနိုင်ငံတွင် အစိုးရ က လောင်စာဆီ ဈေးနှုန်းများကို တိုးမြှင့်ခြင်းကြောင့် အခြေခံ စားသောက်ကုန် ဈေးနှုန်း တက်လွန်းသဖြင့် ဆန္ဒပြကုန်ကြပြီ ဆိုသော သတင်းတွေကို သူ ကြားခဲ့ ရသည်။ ထင်ရှားသော အစိုးရ အတိုက်အခံများ ထောင်နန်းစံကုန်ကြပြီ တဲ့။

ရက်အနည်းငယ် အကြာမှာတော့ ရန်ကုန်တွင် လူပေါင်းထောင်နှင့်ချီ၍ အကြီးအကျယ် လမ်းပေါ်ထွက် ဆန္ဒပြကြသည့် သတင်းတွေ တက်လာသည်။ တိုင်းပြည်၏ တခြားအစိတ်အပိုင်း များကတော့ စိတ်မသက်သာစရာ တိတ်ဆိတ် ငြိမ်သက်နေခဲ့သည်။

ထိုအပတ်ထဲမှာပင် ပခုက္ကူမြို့ တွင် ရဟန်းသံဃာ ငါးရာကျော် ပတ္တနိက္ကုဇ္ဇန ကံဆောင်ပြီဟု ဘီဘီစီက ကြေညာသွားခဲ့သည်။ လူထောင်ပေါင်းများစွာက လက်ချင်းယှက်၍ သံဃာတော်တို့ကို အကာအကွယ်ပေးရင်း လမ်းပေါ်ထွက်ခဲ့ ကြသည်။ စစ်သားတွေက သတိပေးသည့် အနေနှင့် လေထဲ သေနတ်တွေ ဖောက်၊ အရုံအတားတွေတားရင်း ဆန္ဒပြသူတွေကို တားဆီးခဲ့ရာ အတည်မပြုနိုင်သော သတင်းရင်းမြစ်များအရ ဒဏ်ရာရသူများထဲတွင် သံဃာတော်သုံးပါး ပါဝင်ခဲ့ သည်ဟု ဆိုသည်။

ထိုအချိန်မှစ၍ သားသားသည် အချိန်အားရတိုင်း ရေဒီယိုနှင့် တီဗွီရှေ့ က မခွာတော့။ ဆန္ဒပြပွဲများနှင့် အစိုးရ၏ တားဆီး နှိမ်နင်းမှုများအကြောင်း နေ့စဉ် သတင်းသစ်တွေ တက်လာသည်။ ဓာတ်ပုံတွေက သူ အရင်တစ်ခါမှ မမြင် ဖူးခဲ့သော ပုံမျိုးတွေ၊ ပိတ်ဆို့ထားသော အရုံအတားများ အလယ်မှာ လူတွေ အုပ်လိုက်ကြီး ရပ်နေကြသည်။ ရောမလူအုပ်ကြီးက လွတ်လပ်ခွင့်နှင့် အရင်က အချင်းချင်း လေသံလေးနှင့်သာ တီးတိုးပြောဝံ့သော လူထုခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်၏ အမည်ကို ရင်ကွဲမတတ် အော်ခေါ်နေကြသည်။ ရဲနှင့် စစ်သား တို့က ရပ်စောင့်နေကြသော်လည်း ခုချိန်ထိ ဘာမှ မလုပ်ကြသေး။

သားသားသည် ထိုအခြင်းအရာများကို တီဗွီမှတစ်ဆင့် ကြည့်နေရင်း သူပင် သတိမထားမိဘဲ မျက်ရည်သွယ်သွယ် ကျလာခဲ့သည်။ ရင်ထဲက ဆို့လာခဲ့ သည်။

သူ့ကို စစ်တပ်က ပေါ်တာအဖြစ် ခေါ်ဆောင်သွားချိန်မှာ သူ့အသက်

ဆယ့်ခြောက်နှစ်။ တစ်ခါတလေမှာ ကမ်းကုန်အောင် ရက်စက်မှုတွေကြားက သူ့ကိုယ်သူဘယ်လို ကာကွယ်ခဲ့ရသလဲ ဆိုတာ အံ့ဩနေမိသည်။ ယူနီဖောင်းဝတ် လူတွေအတွက်ကတော့ သူ သေသေရှင်ရှင် ဘာမှ အရေးမပါ။

လွတ်လပ်ရခြင်း၏ ခံစားချက်က ဘယ်လိုများလဲ။

ဆန်ခိုးသော ဘဝတူ ပေါ်တာတစ်ဦးအား ရိုက်နှက်ရန် ငြင်းဆန်မှုကြောင့် သေလုမြောပါး အရိုက်ခံရပြီး မရဏတဲဟု သူတို့ အမည်ပေးခဲ့ကြသော ရှေ့တန်း စခန်းမှ မသေမရှင် ပေါ်တာများအတွက် တဲထဲတွင် သူ လဲနေခဲ့ချိန်တုန်းက ဒီစစ်သားတွေ သူတို့လုပ်သည့် ကံ သူတို့ထံ ပြန်မည့်နေ့ကို သူ စိတ်ကူးကြည့်နေခဲ့ဖူးသည်။ အဖျားတွေတက်ပြီး မက်သည့် ချောက်အိပ်မက်ထဲတွင်လည်း လက်နက်မဲ့ကာ လန်ကွတ်တီလေးများသာ ပါသော စစ်သားတွေကို သူ မြင်ခဲ့ဖူး သည်။ ဖုန်တထောင်းထောင်းထသော လမ်းများပေါ် ခေါင်းငိုက်စိုက်ချကာ တန်းစီ လျှောက်လာရင်း အနီစစ်သားတို့သည် ဒူးထောက်ကာ ငိုကြွေးကာ ပြည်သူလူထု ၏ ခွင့်လွှတ်မှုကို ရင်နဲ့အမျှ တောင်းခံနေကြသတဲ့။ ထိုအတွေး၊ ထိုမြင်ကွင်းတွေ ကပင် နောက်တစ်နေ့ မိုးလင်းတာ မြင်ရမည် မထင်သော နေ့မျိုးမှာ သူ့ကို ရှင်သန်အောင် ထောက်ပံ့ထားနိုင်ခဲ့သည်။

တစ်မနက်မှာတော့ ဂျူလီယာက သူ့ စားပွဲရှေ့မှာ နယူးယောက်တိုင်း သတင်းစာကို ချပေးလိုက်သည်။ မျက်နှာဖုံးသတင်းက မြန်မာပြည်မှ ကြီးထွား လာသော ဆန္ဒပြပွဲများအကြောင်း။ သံလက်သီး စစ်ဥပဒေကို နှစ်နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြောင်ဆန်ကျင်ဝံ့သော တိုင်းသူပြည်သားများကြောင့် ဝရုန်းသုန်းကား ဖြစ်နေသည့် တိုင်းပြည်တစ်ပြည်၏ မြင်ကွင်း။

ထိုသတင်း ဖတ်ပြီးသောအခါ သားသားက ထရပ်လိုက်ပြီး ဂျူလီယာ့ လက်မောင်းတွေကို အသာကိုင်လိုက်သည်။

"ကိုယ် ပြန်မှ ဖြစ်တော့မယ်"

သူ လေသံတိုးတိုးလေးနှင့် ပြော၏။

"ပြန်မယ်၊ ဘယ်ကို ပြန်မှာလဲ"

"မြန်မာပြည်ကို"

"ဩော်... ဘယ်တော့ ပြန်ချင်တာလဲ"

"မနက်ဖြန်၊ သန်ဘက်ခါ၊ အမြန်ဆုံးပေါ့"

ဂျူလီယာက သားသား ဖက်ထားသည့် လက်တွေကြားမှ ရုန်းဖယ်

ထွက်ရင်း-

"ဘာဖြစ်လို့ ပြန်မှာလဲ ပြော" ဟု မေးလိုက်သည်။

"ဘာဖြစ်လို့.. ဘာဖြစ်လို့လဲ ဆိုတော့"

သားသားသည် နှုတ်ဆွံ့နေ၏။ သူ့အတွက် အကြောင်းပြချက် မလိုသည့် ကိစ္စတစ်ခုကို ဂျူလီယာ့ကို ဘယ်လိုရှင်းပြရမည်လဲ။ ရှင်းပြတော့ကောသူ နားလည်မတဲ့လား။ ခုချိန်က မားမားမတ်မတ် ရပ်ပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုသူ တွေ လက်တွဲ မဖြုတ်စတမ်း ရှိနေရမည့် အချိန် ဆိုတာကို သူ ဘယ်လိုလုပ် နားလည်ပါ့မလဲ။ ပျောက်ဆုံးသွားခဲ့သော ဂုဏ်သိက္ခာတွေကို ပြန်လည်တောင်းဆိုရမည့် အချိန် ဆိုတာကို ဘယ်လို သဘောပေါက်နိုင်ပါ့မလဲ။ သူ ဘာမှမှ မဆုံးရှုံးခဲ့ဖူးပဲ၊ သူ့အတွက် ရဲ ဆိုတာ ကြောက်စရာ မဟုတ်၊ ညဘက်မှာ စစ်သားတွေ အိမ်ထဲ ဝင်လာ ပြီး ဖမ်းခေါ်သွားမှာကို စိုးရိမ်ဖို့ မလို၊ သတ္တိ ဗျတ္တိနှင့် မိမိကိုယ်မိမိ လေးစားနိုင်မှု၊ အုပ်စိုးသော စစ်အစိုးရသည် တစ်တိုင်းပြည်လုံးရှိ ပြည်သူတွေထံမှ ထိုအရာနှစ်ခုကို ချွတ်ယူ ခွာချပစ်ဖို့ ကြိုးစားခဲ့သည်။ ခု သူတို့ မအောင်မြင်ကြောင်း ထင်ရှား လာခဲ့ပြီ။ သတ္တိနှင့် ဂုဏ်သိက္ခာက ခေတ္တခဏ ပုန်းအောင်းနေခြင်းသာ။ ခုတော့ ထွက်ဝံ့ပြီ။ မျက်နှာပြဝံ့ကြပြီ။

"ခုနက သတင်း မဖတ်မိဘူးလား"

"ဖတ်သားပဲ"

"တီဗွီမှာ ပြနေတဲ့ ပုံရိပ်တွေ မမြင်ဘူးလား"

"မြင်သားပဲ"

"ဒီအခြေအနေကို ကိုယ်တို့အားလုံး ဘယ်လောက်ကြာအောင် စောင့်နေခဲ့ရလဲ ဆိုတာ ဂျူလီယာ သိလား"

"အတော်ကြာမှာပေါ့"

"အတော်ကြာမယ် တဲ့လား၊ အတော်ကြာမှာပေါ့ တဲ့လား"

သားသားသည် ဂျူလီယာ့ကို စူးစူးရဲရဲ ကြည့်နေသည်။ သူ့အကြည့်က တစ်ဖက်လူ မျက်လွှာချသွားလောက်စရာ ပြင်းအားမျိုး။

"ကိုယ်တို့ တစ်ဘဝလုံးကွ အချစ်ရဲ့ တစ်ဘဝလုံး စောင့်ခဲ့ရတာ"

ဂျူလီယာ ဘာမှ ပြန်မပြော။ သားသားကသာ တရစပ် ဆက်ပြော၏။

"ကိုယ်တို့ဟာ နှစ်ငါးဆယ်နီးပါး ရာဇဝတ်ကောင်တွေ အုပ်ချုပ်တာကို ခံခဲ့ရတယ်၊ လက်မရှိ့ လူသတ်သမားတွေ အုပ်ချုပ်တာနော်၊ ဒီမှာလို မဟုတ်ဘူး"

"သိပါတယ်"

ဂျူလီယာ့အသံက ထွက်သည် ဆိုရုံမျှ။

"အဲဒီ အာဏာရှူးတွေကို ဒီမှာလို မဲနဲ့ ဆင်းခိုင်းလို့ မရဘူး၊ သူတို့ဟာ ပြည်သူအားလုံးကို ကိုယ့်မွေးရပ်မြေမှာတင် ထင်သလို လုပ်ရင်း ဆယ်စုနှစ်ပေါင်း များစွာ ကြာလာခဲ့ပြီ။ ကိုယ်တို့ရွာတွေကို မြေလှန်တယ်၊ ကိုယ်တို့ကို မောင်းထုတ်တယ်၊ သတ် တယ်၊ လုပ်ချင်တိုင်းကို လုပ်တာ"

သားသားက ဆက်မပြောခင် ပင့်သက်ရှိုက်သည်။

"မင်း ကိုယ့်ဇာတ်လမ်းကို သိပါတယ်၊ ဒါဟာ ရာပေါင်း ထောင်ပေါင်း များစွာသော ဇာတ်လမ်းတွေထဲက တစ်ခုပဲ ရှိသေးတယ်။ ကိုယ်တို့ ဘာဖြစ်လို့ ငြိမ်ခံနေခဲ့လဲလို့ မေးချင်မှာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့မှာ လက်နက်ရှိပြီး ကိုယ်တို့မှာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့သာ အင်မတန်ကြီးမားလှတဲ့အကြောက်တရားကြောင့် မသန်မစွမ်းလို ဖြစ်နေခဲ့ကြတယ်၊ ခု အဲဒီအချိန်တွေ ကုန်ဆုံးပြီ"

ဂျူလီယာ့ကို ဖက်ရန် ဟန်ပြင်ပါသော်လည်း ဂျူလီယာက သားသား နားမှ ခွာ၍ နောက်ဆုတ်လိုက်လေပြီ။

"အဲဒါတွေ အားလုံး ကျွန်မ နားလည်ပါတယ်၊ ကျွန်မ စိတ်ပူတာက ရှင့်ရဲ့ လုံခြုံမှုကိုပါ၊ နောက်နှစ်လဆို ကျွန်မတို့ ကလေးလေး လူ့လောကထဲ ရောက်လာတော့မှာလေ သားသားရယ်"

သားသားက ခေါင်းငုံ့သွားသည်။ ဂျူလီယာ့ကို မော့ကြည့်လာချိန် မတော့ သူ့မျက်ဝန်းတွေ စွေးစွေးနီနေသည်။

"ကိုယ် ပြန်လာမယ်၊ ကတိပေးတယ်"

သားသားသည် ဧည့်ခန်းထဲမှာ အစုန်အဆန် လမ်းလျှောက်နေသည်။ ပြတင်းပေါက်မှာ ရပ်ပြီး အပြင်ကို ငေးသည်။ ရောမ မိုးစက်များက ပြတင်းပေါက် မှန်ကို ရိုက်ခတ်၍ နေသည်။ သူ ထိုသို့ ဆောက်တည်ရာမရ ဖြစ်နေပုံမျိုး ဂျူလီယာ တစ်ခါမှ မမြင်ဖူးခဲ့။ ဟော... ဂျူလီယာ့ဖက် လှည့်လာပြန်ပြီ။

"ရန်ကုန်နဲ့ မန္တလေးမှာ လူတွေ အသက်ပေးပြီး နောက်ဆုံးတိုက်ပွဲ ဆင်နွှဲနေချိန်မှာ ကိုယ်က မန်ဟက်တန်မှာ ထိုင်ပြီး ဘာမှ မလုပ်ဘဲ စားလိုက်

အိပ်လိုက်နဲ့ ဖိမ်ခံနေတာ”

သားသားရယ်.. ဘယ်လိုများ ပြောလိုက်တာလဲ။

“ကိုယ် သည်းမခံနိုင်တော့ဘူး၊ တိုင်းပြည်က ကိုယ့်ကို လိုအပ်နေပြီ”

“ကျွန်မလည်း ရှင့်ကို လိုအပ်တာပဲ သားသားရယ်”

“ကိုယ် သိပါတယ်၊ ကိုယ့်ကို နားလည်ပါ ဂျူလီယာရယ်”

“ရန်ကုန်ရောက်ရင် ဘာလုပ်မှာလဲဟင်”

“ဒီလှုပ်ရှားမှုကြီးရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာမှာပေါ့”

“တစ်မြို့လုံး သံဃာတော်တွေ၊ ဆန္ဒပြသူတွေနဲ့ ပြည့်နေတာပဲ သားသားရယ်၊ တစ်ယောက် လျော့သွားလို့ ဘာအကြောင်းထူးမှာလဲ”

“တကယ်လို့သာ လူတိုင်းက ဒီလိုပြောရင် ဘယ်သူမှ စုဝေးကြမှာ မဟုတ်ဘူး”

ဂျူလီယာသည် သက်ပြင်းမောကြီးတစ်ခု ချလိုက်သည်။ ရုတ်တရက် ဆိုသလို သူ အလိုမကျ၊ ဒေါကလေး ထလာခဲ့သည်။

“ကျွန်မ ရှင့်ကို နားမလည်နိုင်ဘူး”

သူခပ်ဆတ်ဆတ်ပြောလိုက်သည်။ သူ့လေသံကိုသူပြန်အံ့ဩနေမိသည်။

“နှစ်ပတ်၊ သုံးပတ်လောက်ပါပဲ ဂျူလီယာ၊ ကိုယ် ပြန်လာခဲ့ပါ့မယ်”

သားသားက ဂျူလီယာ့ကို နှစ်သိမ့်ရန် ကြိုးစားသည်။

“ပြန်လာမယ်ဆိုတာ ဘယ်အချိန်လဲ သားသား၊ ဆန္ဒပြပွဲတွေ အောင်မြင် ပြီး အစိုးရ ပြုတ်ကျသွားတဲ့အခါလား၊ အဲဒီအချိန်ကြရင် သူတို့က ရှင့်ကို ဝန်ကြီး တွေ ဘာတွေ ခန့်ချင် ခန့်နေမှာပေါ့၊ ရှင့်တိုင်းပြည်က ရှင့်ကို အလိုရှိနေတယ် မဟုတ်လား”

သားသား ခွန်းတုံ့ မပြန်နိုင်။

“ဒါမှမဟုတ် သူတို့က လူတိုင်းကို ပစ်သတ်ပြီးချိန်လား။ စစ်တပ် ဆိုတာ မျိုးက ဒါမျိုးကို ဘယ်တော့မှ အကြာကြီး အချိန်ဆွဲ မထားတတ်ဘူး”

“ဒီတစ်ခါတော့ မတူဘူးကွ၊ ဗုဒ္ဓဘာသာ လွှမ်းမိုးတဲ့ စစ်တပ်ဟာ ပထ

နိက္ကာဗ္ဗနှ ကံဆောင်တော်မူနေတဲ့ သံဃာတော်တွေကို မပစ်ရဲပါဘူးလေ”

“ရှင် တကယ်တမ်း ဒီလို မယုံနေပါဘူး သားသားရာ”

“ဒါ သူတို့ မကျော်ဝံ့တဲ့ စည်းပဲ။ ကိုယ်တို့ လူ့အဖွဲ့အစည်းမှာ သံဃာ ဟာ ဘယ်လောက်အရေးပါလဲ ဆိုတာ ဂျူလီယာ သိပါတယ်၊ သံဃာအားလုံး ပေါင်းရင် ငါးသိန်းကျော် ရှိတယ်၊ ဆရာ၊ ဒကာ ဆက်ဆံရေးမှာ သံဃာဟာ အမြဲ ဆရာပဲ၊ သံဃာများများ လမ်းပေါ်တက်လာလေ အန္တရာယ် နည်းပါးလေပါပဲ”

ပြတင်းပေါက်နားမှာ ရပ်နေသော သားသားထံ ဂျူလီယာ လျှောက် သွားသည်။ သားသား ခေါင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း-

“မသွားနဲ့၊ မသွားဖို့ ကျွန်မ ပြောနေတယ်” ဟု ပြောလိုက်သည်။

သို့သော်လည်း ချစ်ရသည့် တစ်စုံတစ်ယောက်ထံမှာ မတောင်းဆိုအပ် သည့် အရာတွေက ရှိနေသည်ပဲ။ ထိုအရာများကို သူတို့ထံမှ ရချင်လည်း ရမည်၊ မရချင်လည်း မရ။ သားသားတစ်ယောက် ကြီးစွာသော စိတ်ဒုက္ခဖြင့် ကိုယ်တွင်း တိုက်ပွဲ ဆင်နွှဲနေသည်ကို မြင်ရသောအခါမတော့ စဉ်းစားပါဦး သားသားရယ် ဟုသာ ဂျူလီယာ ပြောလိုက်နိုင်တော့သည်။

နောက်တစ်နေ့မှာတော့ နယူးယောက်မှ ရန်ကုန်သို့ သားသား ပြန်သွား ခဲ့သည်။ ဖရန့်ဖွတ်နှင့် ဘန်ကောက်မှ တစ်ဆင့်ပေါ့။ အပြန်လက်မှတ်ကို နောက်နှစ်ပတ်အကြာမှာ လုပ်ထားခဲ့သည်။ ပြန်လဲ၍ မရသော လက်မှတ် လုပ်ထား သဖြင့် သားသားတစ်ယောက် နှစ်ပတ်အတွင်း ကတိအတိုင်း နယူးယောက်သို့ ပြန်ရောက်လာမည်ဟု ဂျူလီယာ စိတ်ချထားလိုက်သည်။

ပထမဆုံး ခြောက်ရက်၊ ခုနှစ်ရက်လောက်ကို သူ ရန်ကုန်မှာ နေမည်၊ ဒုတိယအပတ်မှာတော့ သီပေါကို သွား၍ ကလေးတွေ အခြေအနေ ကြည့်ဦး မည်ဟု သားသား စိတ်ကူးထားခဲ့သည်။ ရန်ကုန်တွင် နေစဉ်ကာလအတွင်း တစ်ရက် တစ်ခါ ဖုန်းခေါ်ပါမည်ဟု သဘောတူညီခဲ့ကြသည်။ စထရန်း သို့မဟုတ် ထရိတ်ဒါး ဟိုတယ်မှ နယူးယောက် သို့ ဖုန်းခေါ်ရန် မခက်ခဲလှဟု ယူဆရသည်။

နောက်တစ်နေ့မှာ ဖုန်းခေါ်တော့ အသံက ဟိုဖက်ခန်းမှ ပြောနေသလို ပီသကြည်မြလှသည်။ သားသား၏ အသံက တက်ကြွလှသည်။ ရန်ကုန်လမ်းမ တွေပေါ်မှာ ထောင်ပေါင်းများစွာသော သံဃာတော်တွေနှင့်အတူ ယောကျ်ား တွေ၊ မိန်းမတွေနှင့် ကလေးတွေပါ မကျန် ထွက်ကြပြီတဲ့။ အခြေအနေက တင်းမာ နေသော်လည်း အားလုံးက မျှော်လင့်ချက်ကိုယ်စီနှင့် တက်ကြွလှသည်။ စစ်သား တွေ အရိပ်အယောင် မမြင်ရ၊ ကင်းချထားသော ရဲတွေပင် ဆုတ်သွားခဲ့ပြီ။ ဂျူလီယာ

ပူစရာ ဘာမှ မရှိ၊ လွမ်းသည်။ သတိရသည်။

ဒုတိယနေ့မှာတော့ သံဃာအပါး နှစ်သောင်းကျော် ပရိတ်ရွတ်ကာ ကံဆောင်တော်မူလာကြပြီး ဝန်းရံသူများကြောင်း လမ်းတွေပေါ်ပြည့်နှက်သွားပါသတဲ့။ လမ်းတွေ၊ လသာဆောင်တွေ၊ ပြတင်းပေါက်တွေ၊ ခေါင်းမိုးတွေပေါ် လူတွေ လူတွေဆိုတာ ဖွေးဖွေးလှုပ်နေသည်။ အစာတွေ၊ ရေတွေ ကပ်ကြသည်။ အခြေအနေက မနေ့ကထက် ပိုကောင်းလာသည်။ ပွဲတော်တစ်ခု ကျင်းပနေသလိုပင်။ လူတိုင်းက အပြောင်းအလဲကြီးတစ်ခု ကျိန်းသေပေါက် ဖြစ်တော့မည် ဟု ခံစားနေရသည်။ ဂျူလီယာကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ခံစားစေချင်လိုက် တာ ဆိုပဲ။

တတိယနေ့။ တတိယနေ့မှာ သားသားသည် အသက်မရှူနိုင်အောင် ဖြစ်နေသည်။ ဆန္ဒပြလူအုပ်ကြီးက တစ်သိန်းကျော်မျှ ကြောက်ခမန်းလိလိ၊ တခြားမြို့များမှာလည်း အုံလိုက် ကျင်းလိုက် ဆန္ဒတွေပြနေကြပြီ။ မန္တလေးမှာ လူအုပ်ကြီးက တစ်မိုင်ကျော်မျှ ရှည်လျားသတဲ့။ ရန်ကုန်မှာ ကောလဟာလတွေပလူပုံနေသည်။ စစ်သားတွေ နောင်တရပြီ၊ သံဃာတော်တွေနှင့် ပူးပေါင်းပြီ။ မန္တလေးမှာ တပ်ရင်းတစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်သွားသည်။ အရာရှိကြီး တွေက သံဃာတော်တွေကို တစ်စုံတစ်ခု လုပ်ဖို့ အမိန့်မပေးဝံ့။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အနားယူတော့မည်။ ရာထူးမှ ဆင်းပေးတော့မည်။ တချို့ကတော့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ မကြာခင် ပြန်လွတ်တော့မည်ဟု ဆိုနေကြသည်။ ဒီတိုင်း ဆက်သွားလျှင် မကြာမီ ဆန္ဒပြ သူ တစ်သန်းကျော် လမ်းပေါ် ရောက်လာတော့မည်။ ဂျူလီယာ ဒီမှာ ရှိစေချင် စမ်းပါဘိ၊ မည်မျှ လွမ်းကြောင်း၊ ဘယ်လောက် ချစ်ကြောင်း ဖော်ပြခြင်းငှာ မစွမ်း

နောက်တစ်နေ့မှာတော့ သားသားဆီက ဖုန်းလာသည်။ သူ့အသံက မကြားတစ်ချက် ကြားတစ်ချက်၊ အလောသုံးဆယ်လည်း နိုင်လှသည်။ နောက်က ဝရုန်းသုန်းကား အသံတွေ၊ အော်သံတွေကို ကြားနေရသည်။ ဖုန်းလိုင်းက လည်း တဂျစ်ဂျစ် အဆက်မပြတ် မြည်နေသည်။

“ရှင် ဘယ်မှာလဲ”

“ဆူးလေဘုရားနားက ဆိုင်တစ်ဆိုင်မှာ”

“ဟင်.. ဘာဖြစ်လို့လဲ”

“..... ....!?”

“သားသားရေ နားမလည်ဘူးတော့၊ ဘာလို့ ဟိုတယ်ကနေ

ဖုန်းမခေါ်တာလဲ”

“….. …. …..!”

“ဟယ်.. မကြားရဘူး ဘာတွေ ဖြစ်နေတာလဲ”

“လမ်းတွေ၊ . ဟိုတယ်တွေ…. ပိတ်ထား”

“ဟင်…. ဘာတွေ ပြောနေတာလဲ”

ဖုန်းထဲမှ တဂျစ်ဂျစ်မြည်သံက နားမခံသာလောက်အောင် ကျယ်လာသည်။

“…. …….. …....ဘယ်တော့မှ……… …….. ……”

“ဟယ်လို… ဟယ်လို… သားသား”

“...........စိတ်မပူနဲ့…………မဟုတ်…….……သိပေါ”

“သားသား”

သူ ဖုန်းထဲကို ကုန်းအော်ထည့်လိုက်သည်။

“ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ၊ သားသား၊ သားသား”

“ကိုယ် မင်းကို….. ….. …..”

မရင်းနှီးသည့် အသံတစ်သံ၊ ရုတ်တရက် အော်ဟစ်လိုက်သံ၊ ဖုန်းလိုင်း မအားကြောင်း အချက်ပြ ဆစ်ဂနယ်သံတွေ ကြားပြီးတော့ လိုင်းကျသွားတော့သည်။

“သားသားရေ၊ သားသား”

တုန့်ပြန်မှု မဲ့နေသည့် ဖုန်းကို သူ အသံတိမ်လေးဖြင့် ခေါ်နေမိသည်။

ကိုယ်မင်းကို……… ….. ……. တဲ့။

သိပ်မကြာပါ။ ရွှေတိဂုံစေတီတော်ကြီး ပတ်ပတ်လည်တွင် စစ်ကား အစင်းပေါင်းများစွာ နေရာယူထားပြီ ဆိုခြင်းကို ရေဒီယိုမှာ ကြားရပြီ။ လမ်းတွေ အားလုံးမှာ စစ်သားတွေ ချထားပြီ။ သတင်းတွေအရ သံဃာများက အလျှော့ မပေးကြ၊ လမ်းတွေပေါ် မှာ ထောင်ပေါင်းများစွာ ကံဆောင်နေကြဆဲ။

နောက်တစ်နေ့မှာရော နောက်ထပ်တစ်နေ့မှာပါ သားသားဆီက ဘာသံ မှ

မကြား။

ဂျူလီယာသည် အချိန်ရှိသရွေ့ တီဗွီနှင့် ရေဒီယို သတင်းတွေကို နားထောင်သည်။ ဘီဘီစီကတော့ စစ်အစိုးရသည် ကာဖျူး ခေါ် လူမစုဝေးရ၊ ညမထွက်ရ အမိန့်ကို ထုတ်ပြန် ကြေငြာပြီဟု ဆို၏။ သို့သော် ဘုန်းကြီးနှင့် သီလရှင်တွေ သောင်းချီ၍ လမ်း ပေါ် ထွက်လာကြပြန်သည်။ ထိုသို့ ထွက်လာသော အခါမှာ တော့ မည်သည့် သတိပေးမှုမျိုးမှ မပြုလုပ်ဘဲ ဆန္ဒပြလူအုပ်ထဲသို့ ကျည်ဆန်တွေ ပစ်သွင်းလိုက်ကြတော့သည်။ ကံဆောင်နေသော သံဃာတော်များကိုလည်း ချမ်းသာမပေး။ အမြောက်အများ သေကြေ ဒဏ်ရာရကြသည်။ သေဆုံးဒဏ်ရာရ စာရင်း အတိအကျကို မည်သူမှ မသိ။ စစ်အစိုးရကတော့ ရှစ်ယောက် သေသည်ဟုကြေငြာသည်။ ပြည်ပရောက် အတိုက်အခံများကတော့ ရာချီသေဆုံးသည်ဟု အခိုင်အမာ ဆိုကြသည်။ ရေဒီယိုဖရီးဘားမားက ထောင်ချီသေသည်ဟု ဆိုသည်။ ရေခဲတိုက်တွေ၊ မီးသင်္ဂြိုဟ်စက်တွေ နေ့မအား ညမနား အလုပ်လုပ်ကြရသည် ဆို၏။

ခုတော့ စစ်သားများသည် တစ်ပြည်လုံးမှ ဘုန်းကြီးကျောင်းများကိုစစ်ဆင်ရေး ဝင်ချေပြီ။ ဘုန်းကြီးအများအပြား ထောင်သွင်း အကျဉ်းချခံကြရပြီ။ ထောင်ချီသော သံဃာတော်များကို စစ်ကားများပေါ်သို့ မောင်းတင်ပြီး မောင်းထွက် သွားကြသည်။ ဘယ်ကို ခေါ်ဆောင်သွားသလဲ၊ သူတို့ ဘာဖြစ်သွားသလဲ ဆိုတာ တော့ တပ်မှတစ်ပါး အခြား မသိနိုင်ပြီ။

သားသား ဘယ်ဆီ ရောက်၍ နေပြီလဲ။

သားသား နောက်ဆုံးခေါ်ခဲ့သော ဖုန်းနံပါတ်ကို ပြန်ဆက်သွယ်ရန် ကြိုးစားသည်။ သို့သော် ဖုန်းလိုင်း ပိတ်သွားပြီ။ သူ့မှာ ထိုနံပါတ်သာရှိ၏။ သားသား ဘယ်မှာလဲ ဆိုတာ သူ့ကို ဘယ်သူ ပြောပြနိုင်မည်လဲ။ ရန်ကုန်က အမေရိကန် သံရုံးကတော့ သားသားသည် အမေရိကန်နိုင်ငံသား မဟုတ်သဖြင့် သူ့အတွက် တာဝန်မရှိဟု ဆိုသည်။ ဝါရှင်တန် နိုင်ငံခြားရေးဝန်ကြီး ဌာနကလည်း ထိုသို့ပင် ပြော၏။

အမေရိကန်ရှိ မြန်မာကောင်စစ်ဝန်ရုံးသို့ ဖုန်းခေါ်တော့လည်း ကိုင်မည့် သူမရှိ။ ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း မှတ်ချက်ပေးရန် နှုတ်ဆိတ်၍ နေသည်။

သားသား၏ ဘုန်းကြီးကျောင်းအိုမှာ တယ်လီဖုန်းနှင့်တူတာ ဘာမှမရှိ။

ဆိုတော့ ဂျူလီယာ့အနေဖြင့် သားသားတစ်ယောက်မြေလျှိုးပြီးလုံခြုံရာ ရှာရင်း အခြေအနေပေးပါက သူ့ဆီ ဖုန်းဆက်လိမ့်မည်ဟုသာ မျှော်လင့်ရတော့သည်။

ကိုယ်မင်းကို ....။

ကိုယ် မင်း ကို.......................................

နှစ်ဆယ့်ခုနစ်

ဂျူလီယာ စောင့်သည်။ ဖုန်းနားမှာ ထိုင်၍ စောင့်သည်။ မဖြစ်စလောက်သာ စား၍ စောင့်သည်။ မနက်နှင့် နေ့လယ်များမှာ အိပ်စက်၍ မြန်မာပြည်မှာ နေ့အချိန်ဖြစ်သော နယူးယောက် ညကာလများကို ဖုန်းနားမှာ ထိုင်ရင်း စောင့်သည်။ သို့သော် မလွယ်လှပါ။ ဗိုက်ထဲက ကလေးက ငြိမ်ငြိမ်မနေ။ ကန်သည်၊ ကျောက်သည်၊ တံတောင်နှင့် တွတ်သည်၊ သူ့ကို အမြဲတစေ နှိုးနေသည်။ အပြင်လောကမှာ ဘာတွေဖြစ်နေသည် ဆိုခြင်းကို သူ အတွင်းကနေ သိနေသည့် အလား။

ဂျူလီယာ အပြင်းအထန် ခါးတွေ ကိုက်လာသည်။ ကိုက်ခဲမှုက ပေါင်ရင်း ဆီ ဆင်းလာခဲ့သည်။ သွေး အနည်းငယ်သွန်သည်။ ဆရာဝန်က စိုးရိမ်လာခဲ့သည်။ သူ ကိုယ်ဝန် သုံးဆယ့်လေးပတ်ထဲ ရောက်နေခဲ့ပြီ။

အာထရာဆောင်းမှာ မြင်ခဲ့ရသော အစက်အပြောက်လေးများသည် ခုပုံမှန်အတိုင်း ကြီးထွားလာခဲ့ပြီ။ အချိန် မတန်ဘဲ စောမွေးလျှင်လည်း အသက်ရှင်နိုင်သော်လည်း အန္တရာယ်နှင့် နဘန်း လုံးရလိမ့်မည်။

တစ်စုံတစ်ခုကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသလား။ စိတ်ဒုက္ခရောက်နေသလား။ စိတ်ဖိစီးမှုက လမစေ့ဘဲ မွေးခြင်းကို တွန်းအားပေးနိုင်သည်။

ဆရာဝန့်မေးခွန်းတွေအတွက် ဂျူလီယာ ခေါင်းကိုသာ သွက်သွက်ခါပြခဲ့သည်။

ဆရာဝန်က အိပ်ရာထက်မှာ အနားယူဖို့ ညွှန်ကြားသည်။ စိတ်လှုပ်ရှားစရာတွေကို ရှောင်ကျဉ်ရမည်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမည်။ နောက် သုံးလေးပတ်အတွင်း ဂရုစိုက် စောင့်ကြည့်ပေးမည့်သူ ရှိသလား။ ဂျူလီယာက ခေါင်းညိတ်သည်။ ကလေးအဖေ နယူးယောက်ကို ပြန်လာနေပြီ။ နောက်သုံးရက်ဆို နီဝေါ့ခ်လေဆိပ်သို့ ရောက်ပြီ။

နောက်နှစ်ရက်၊

နောက်တစ်ရက်။

ယနေ့။

သားဖွားမီးယပ်ဆရာဝန်၏ သတိပေးချက်ကို လျစ်လျူရှုကာ ဂျူလီယာ လေဆိပ်သို့ ကားမောင်းသွားသည်။ အကယ်၍ ဖရန့်ဖွတ်လေယာဉ် စောဆိုက်ခဲ့ လျှင် ဆိုသော အတွေးကြောင့် အစောကြီး ကြို၍သွားသည်။

သူ့နားမှာတော့ လူတွေအားလုံး လက်ချင်းချိတ်လို့၊ ကလေးလေး နှစ်ယောက်က သူတို့မိခင်ဆီ ပြေး၍ သွားသည်။ သက်ကြီး စုံတွဲတစ်တွဲက ကြင်နာ ယုယစွာ အနမ်းချင်း ဖလှယ်နေကြသည်။ အဘိုးကြီးက အဘွားကြီး၏ မျက်ရည် တွေကို သုတ်ပေးနေသည်။ သူ့နားက ကောင်လေးက အသည်းပုံ ဘောလုံးလေး ကိုင်ကာ စိတ်လှုပ်ရှားစွာဖြင့် လက်သည်းတွေ ကိုက်နေသည်။ ဂျူလီယာ့ လက်ထဲ မတော့ ရိုးတံရှည် နှင်းဆီတစ်ပွင့်။

ဖရန့်ဖွတ်လေယာဉ်မှ ပထမဆုံး ခရီးသည်များသည် စကြံရှည်ကြီးမှ တစ်ဆင့် ဆိုက်ရောက်ဆောင်သို့ ဆင်းလာကြပြီ။ သူတို့ လက်ဆွဲအိတ်မှ ဖရန့်ဖွတ်-နီဝေါ့ခ် ဆိုသည့် အမှတ်အသားအရ ဂျူလီယာ သေချာသိသည်။

သူ စိုးရိမ်စိတ်ကြောင့် တုန်တုန်ခိုက်ခိုက် ဖြစ်လာခဲ့သည်။ ထိုင်ချလိုက် မိသည်။ ကလေးကလည်း အဆက်မပြတ် ကန်ကျောက်နေသည်။ သားသား၏ အရိပ်အယောင် မတွေ့ရသေး။

ကေနဲ့တော့ လူဝင်မှုကြီးကြပ်ရေး ကောင်တာမှာ ပြဿနာ တွေ့နေပြီ ထင်သည်။ ခက်ခဲသော နေ့ရက်များတုန်းက နိုင်ငံခြားသား တစ်ယောက်လျှင် သုံးနာရီမျှ ကြာတတ်သည်ကိုး။ ဒါမှမဟုတ် ခရီးဆောင်အိတ် ထွက်မလာသေး လို့လား။

ဆိုက်ရောက်ဘုတ်ပြားမှ ဖရန့်ဖွတ်လေယာဉ် ပျောက်ကွယ်သွားချိန် ယိ သူ စောင့်နေသည်။ ဖရန့်ဖွတ်-နီဝေါ့ခ် ဆိုသည့် စတစ်ကာလေးတွေကို မတွေ့ရတော့။

မှောင်ရီပျိုးချိန်ထိလည်း သူ စောင့်နေဆဲပါ။

သူ သေပြီ။

ဒါ အရင်ကြားနေကျ ခေါင်းထဲမှ အသံမျိုး မဟုတ်၊ သံသယစိတ်၊ အလိုလို သိစိတ်၏ ရောင်ပြန်ဟပ်ခြင်း ဖြစ်သည်။

သူ သေပြီ၊ သူ သေပြီ၊ သူ သေပြီ။

နေမကောင်းဘူးလား၊ဘာအကူအညီပေးရမလဲဟုအမျိုးသမီးတစ်ယောက် က လာမေးသည်။

အင်း... အကူအညီလိုတယ် ဟု ဂျူလီယာ တွေးမိသော်လည်း ပါးစပ်ကတော့-

“ဟင့်အင်း... ကျေးဇူးတင်ပါတယ်၊ သွေးလည်ပတ်မှု အားနည်းလို့ပါ၊ တစ်မိနစ်အတွင်း ကောင်းသွားမှာပါ”

ဟု ပြောရင်း ဗိုက်ကို လက်ညှိုးထိုးပြခဲ့သည်။ ထိုအမျိုးသမီးက သူ့ကို ကုလားထိုင်တစ်လုံးဆီ ပို့ပေးသည်။ ရေတစ်ခွက် ပေးသည်။

ထိုနေရာတွင် သူ ဘယ်လောက်ကြာအောင် ထိုင်နေမိသည် မသိ။ အတန်ငယ် သက်သာလာသောအခါ သူ ကားမောင်းပြီး အိမ်သို့ ပြန်လာသည်။ ပြန်ရောက်ရောက်ချင်း အိပ်ရာထဲ တန်းဝင်သည်။ တစ်ယောက်ယောက်က ခဲတွေ အရေကျိုပြီး သူ့တစ်ကိုယ်လုံးကို လောင်းချခံထားရသလို တစ်ကိုယ်လုံး လေးလံ၍ နေသည်။ အားအင် ဟူသမျှ တစ်စက်မှ မကျန်အောင် ကုန်ဆုံးသွားခဲ့ပြီ။ ငိုရှိုက်ရန်ပင် အားက မရှိ။

သူ သေပြီ။

နောက်လာမည့် ရက်သတ္တပတ်တွေ၊ လတွေမှာ သူ ဘယ်လို ရင်ဆိုင် ဖြတ်သန်းရမည်လဲ။ သူ့ကလေးကို ဘယ်လို ပျိုးထောင်ရမလဲ။

ရှုံးသွပ်ခြင်းမှ ကာကွယ်ထားသည့် အရံအတားတွေ က ပါးလွှာလွန်းလှသည်။ လူတစ်ယောက် သွက်သွက်ခါ ရှုံးသွားစေဖို့ ဘယ်လို စိတ်သောကတွေ ကို ဘယ်လောက်ထိ ဒဏ်ခံနိုင်ပါမည်လဲ။

သူ သေပြီ။

တို့အားလုံးဟာ အစွန်အဖျားလေး တစ်နေရာမှာ နေနေရတာပါဟု သူ တွေးနေမိသည်။ ဒါကို တချို့က သတိထားမိသော်လည်း အများစုကတော့ ဖာသိဖာသာသာ နေခဲ့ကြသည်။

ခုတော့ ခြေတစ်လှမ်းစာသာ လိုတော့လည်း။ ခြေလှမ်းသေးသေးလေး တစ်လှမ်းပေါ့။

“သား မယုံဘူးဗျာ”

ကျွန်တော် ဘကြီးကို ဖြတ်ပြောလိုက်သည်။

“ဘာကို မယုံတာလဲ သားရဲ့”

“စစ်သားတွေက ဘုန်းဘုန်းကြီးတွေကိုသေနတ်နဲ့ ပစ်တယ်ဆိုတာလေ”

“ဒါပေမဲ့ ဒါက အမှန်ပဲ သားရဲ့”

“သူတို့ ဘာဖြစ်လို့များ အဲသလို လုပ်ကြတာလဲဟင်”

မယုံနိုင်သေးသဖြင့် ကျွန်တော် ထပ်မေးလိုက်သည်။

“ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို အမိန့်ပေးလို့ပေါ့၊ တပ်မှာက အမိန့် ကို လိုက်နာရတယ်လေ”

“မလိုက်နာရင် ဘာဖြစ်လဲ”

“မလိုက်နာရင် ထောင်ကျမယ်၊ ပစ်သတ် ခံရမယ်၊ သားတို့ ကျောင်းမှာ လို မဟုတ်ဘူးကွဲ့”

“ဟင်… သားရော ကြီးလာရင် အဲဒီ စစ်တပ်ထဲ ဝင်ရမှာလား”

ယခင်က တစ်ခါမှ ပေါ်မလာခဲ့ဖူးသော ထိုအတွေးကြောင့် ကျွန်တော် ကြောက်လန့်သွားသည်။ ဂဏန်းတွေ စတင် ရေတွက်မိသည်။

တစ် နှစ် သုံး လေး ငါး ခြောက် ခုနှစ် ရှစ် ကိုး တဆယ် ….။

“ဟင့်အင်း… စစ်မှုမထမ်းမနေရ ဥပဒေ မရှိဘူး၊ ဒါကြောင့် အတင်း အကျပ် ဝင်ခိုင်းလို့ မရပါဘူး”

“တကယ်လားဟင်”

ဘကြီးမျက်လုံးထဲမှ အရိပ်အယောင်တစ်ခုက သူ အမှန်ကို ပြောခြင်း မဟုတ်ကြောင်း ကျွန်တော်ကို ပြောပြနေသည်။ အနည်းဆုံးတော့ သူ ပြောတာ အကုန်အမှန်ချည်း မဟုတ်။

“တကယ်လို့ စစ်မှု မထမ်းမနေရ ဆိုရင်တောင် ဘကြီး ရှိပါတယ်ကွယ်

မပူပါနဲ့”

ခဏသာ စိတ်သက်သာရာ ရပါသည်။ အကယ်၍သာ စစ်သားတွေ လာပြီး ကျွန်တော်ကို ဆွဲခေါ်သွားခဲ့လျှင် အိုမင်းမစွမ်း ကျွန်တော့်ဘကြီးက ဘာများ လုပ်နိုင်ဦးမည်နည်း။ သူတို့လမ်းကို ပိတ်ရပ်နေမှာလား၊ သူတို့ကို ခြိမ်း ချောက်မှာလား၊ သူ့ ကာကွယ်စောင့်ရှောက်မှုကို ထည့်မတွက်တာ ကောင်းလိမ့် မည်ဟု ကျွန်တော် တွေးနေမိသည်။ ပုန်းခိုဖို့ နေရာကောင်းကောင်း တစ်ခု ရှာရင် ရှာ၊ ကိုအေးမင်းကို အကူအညီ တောင်းချင် တောင်း။ ကျွန်တော် သိသလောက် ကိုအေးမင်းသည် တစ်ခါမှ စစ်သား မဖြစ်ခဲ့ဖူး။ ဆယ့်နှစ်နှစ်သားတွေကို စစ်သား အဖြစ် ခေါ်မှာ မဟုတ်ဘူး ဆိုသော အတွေးကြောင့် နည်းနည်း စိတ်သက်သာ လာပြန်သည်။ စဉ်းစားရန် အချိန်တွေ ရသေးသည်ပေါ့။

“သံဃာကို သေနတ်နဲ့ ပစ်တဲ့လူဟာ နောက်ဘဝမှာ ခြေတွေ၊ လက်တွေ မပါဘဲ မွေးချင်မွေး၊ မျက်စိကန်း နားပင်းပြီး မွေးချင် မွေးလာမယ် မဟုတ်လား ဘကြီး”

“သေချာတာပေါ့”

ဘကြီးက ခေါင်းညိတ်ပြီး ပြန်ပြောသည်။

“သူတို့ အဲဒါကို မကြောက်ကြဘူးလားဟင်”

“အင်း… အမိန့်ကို မလိုက်နာခဲ့ရင် နောက်ဘဝ မကူးဘူး သားရဲ့၊ ဒီဘဝ မှာတင် ရက်ရက်စက်စက် အပြစ်ပေးခံရမှာ”

ကျွန်တော် သဘောပေါက်နားလည်သလိုမျိုး ခေါင်းညိတ်ပြလိုက် သည်။ သို့သော် နည်းနည်းမှ အဓိပ္ပာယ်မရှိ၊ စစ်သားတွေက ဘုန်းကြီးတွေကို သေနတ်နဲ့ ပစ်သည်တဲ့။ မည်သူ နားလည်နိုင်ပါ့မလဲ။

ကုတင်ပေါ်မှာ မေမေ တစ်ယောက်တည်း လဲ့ရင်း ဖေဖေ့ကို လွမ်းဆွတ် တမ်းတနေမှာကို ကျွန်တော် စဉ်းစားမိသည်။ တစ်စုံတစ်ယောက်ကို လွမ်းဆွတ် ရသည်က ဘယ်လိုအဓိပ္ပာယ်မျိုး ရှိသလဲဆိုတာ ကျွန်တော် ကောင်းကောင်း သိပါ သည်။ မေမေ့အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိသည်။ ထိုဖြစ်ရပ် ဖြစ်ခဲ့ပြီး ခု ဆယ့်သုံးနှစ်နီးပါး ကြာခဲ့ပြီ ဖြစ်သော်လည်း ကျွန်တော် မေမေ့နားသို့ သွား၍ နှစ်သိမ့်ပေးချင်စိတ်တွေ တဖွားဖွား ပေါ်နေသည်။ မေမေ့နားမှာ လဲ့မည်။ မေမေ့ ကို ဖက်ထားမည်။ ဘယ်တော့မှ ပြန်မလွှတ်။ ထိုသို့ဆိုလျှင် မေမေ့ကို ကူညီရာ ရောက်မှာ သေချာသည်။

“ဘကြီးက မေမေ့အတွက် ဘာမှ မလုပ်ပေးဘူးလား”

"ဘကြီးလည်း ကြိုးစားပါတယ်၊ ဒါပေမဲ့ မလွယ်ဘူး သားရဲ့။ ဂျူလီယာ ဟာ နေ့နေ့ညည အိပ်ရာထဲမှာပဲ နေပေမယ့် လုံးဝ မအိပ်ဘူး။ ဘကြီး ဈေးသွား တယ်၊ ချက်ပြုတ်ပေးတယ်၊ ဒါပေမဲ့ သူ စားလည်း မစား၊ သောက်လည်း မသောက် ဘူး။ ဂျူလီယာဟာလေ ဘကြီး မျက်စိအောက်မှာတင် ယူပစ်သလို ကျသွားရှာ တယ်။ ဘကြီး လုပ်ပေးနိုင်တာကတော့ သူ့ခုတင်စွန်းမှာ ထိုင်ပြီး သူ့လက် ကလေးကို ကိုင်ပေးထားရုံပါပဲ။ ဘကြီးလေ... ညီမလေးအတွက်လည်း စိုးရိမ် သလို ဗိုက်ထဲက သားအတွက်လည်း အရမ်း စိုးရိမ်တာ"

ဘကြီး၏အသံက နောက်ဆုံးစကားလုံးများမှာ သိသိသာသာ တုန်ခါ သွားခဲ့သည်။

"သားအတွက် ဘာလို့ စိုးရိမ်တာလဲ"

"သားက ညီမလေးရဲ့ တစ်စိတ်တစ်ပိုင်းလေ။ ဂျူလီယာ သူ့ကိုယ်သူ လုပ်နေသမျှဟာ သားကို လုပ်နေသလို အကျိုးသက်ရောက်တယ် သားရဲ့၊ ဆရာဝန်ဆီ သွားဖို့ ဘကြီး တိုက်တွန်းပေမယ့် သူ လုံးဝမသွားခဲ့ဘူး"

"အဲဒီတော့ ဘာဆက်ဖြစ်လဲ ဘကြီး"

"သူ တစ်ရက်ထက် တစ်ရက် အားနည်းလာတယ် သား။ တစ်မနက်မှာ တော့ သူ ဂယောင်ခြောက်ခြားတွေ ဖြစ်ပြီး ဘကြီးကို သားသားလို့ ထင်မှတ်မှား ရှာတယ်။ ဘကြီးလည်း ထူပူပြီး အိမ်နီးနားချင်းကို သွားအကူအညီ တောင်းမိ တယ်၊ သူကလည်း လူ နာတင်ယာဉ် အရေးပေါ် ခေါ်ပေးရှာတယ်"

ဘကြီးဘက အတန်ကြာအောင် တိတ်ဆိတ်နေခဲ့သည်။ ပြီးမှ စကား ဆက်သည်။

"တို့ ကံကောင်းတယ်၊ မင်း အမေဟာ နေမကောင်းတာ မဟုတ်ဘူး၊ ရေသောက်နည်းလွန်းလို့ ရေဓာတ် ခန်းခြောက်သွားတာတဲ့။ ဆေးရုံ နှစ်ရက်လောက် တက်ပြီးတော့ သူအတော် ကောင်းလာတယ်၊ အနည်းဆုံးတော့ ရုပ်ပိုင်း ဆိုင်ရာပေါ့လေ"

ဘကြီးက မတ်တပ်ထရင်း ဖယောင်းတိုင်တွေ မီးညှိသည်။

ဒီဇာတ်လမ်းကို နားထောင်ရင်း ကျွန်တော် နှလုံးသားက ခဲဆွဲထား သလို လေးလံလာခဲ့သည်။ အပြင်မှာ မှောင်တော့မည်။ မီးဖိုချောင်ထဲမှာ ထမင်း ဟင်းတွေ ရှိသော်လည်း ကျွန်တော် စားချင်စိတ် မရှိ။ အင်းလေးကန်က ပုစွန် ဆိတ်နှင့် ပဲကုလားဟင်းကိုပင် နည်းနည်းမှ စားချင်စိတ် မရှိ။

"ဘကြီး ဆာပြီလား"

ကျွန်တော် မေးလိုက်သည်။

"မဆာဘူးကွယ်"

"လက်ဖက်ရည် ဖျော်ပေးရမလားဟင်"

သူက ခေါင်းခါသည်။ ဖယောင်းတိုင်မီး အလင်းအောက်မှာ ဘကြီး သည် အိုမင်းကာ ခြုံးခြုံးကျနေရှာသည်။

ကျွန်တော်တို့နှစ်ယောက် အိပ်ရာမဝင်ခင်အထိ တစ်ညလုံး ဆိုဖာပေါ် မှာ ထိုင်နေခဲ့ကြသည်။ ကျွန်တော်ရော သူပါ စကားပြောချင်စိတ် မရှိကြ၊ တစ်ခါ တလေတော့ ဘကြီးနားမှာ တိတ်ဆိတ်စွာ ထိုင်နေရတာ ကောင်းသည်ပဲ။ ဘကြီး က စာအုပ်တစ်အုပ် ဖတ်နေသည်။ သူ ဘာဖတ်နေသလဲ ဆိုတာတောင် ကျွန်တော် စပ်စုချင်စိတ် မရှိ။

နောက်တစ်နေ့ မနက်မှာတော့ ပင်ပန်းနွမ်းနယ် လေးလံလွန်းသဖြင့် ကျွန်တော် လှုပ်ပင် မလှုပ်နိုင်။ တစ်ညလုံး ပေါင်းနှုတ်ထားရသလို၊ အဝတ်တွေ လျှော်ထားရသလို တစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသလိုဖြစ်နေသည်။ ဘကြီး၏ ပုခုံးကို အသာကိုင်၍ ဒီနေ့ နေမကောင်းသဖြင့် ကျောင်းမသွားလို့ ဖြစ်မလားဟု မေးတော့ သူက အင်းဟု ဖြေကာ ပြန်အိပ်ပျော်သွားခဲ့သည်။

မနက်စာ စားပြီးကြသောအခါ ဘကြီးက နေကောင်းပြီလားဟုမေးသည်။ နေကောင်းလျှင် သူနှင့် ပျော်ပွဲစားလေး ထွက်ကြစို့တဲ့။ ကျွန်တော့် နားကိုပင် မယုံချင်။

"ပျော်ပွဲစား ဟုတ်လား ဘကြီး၊ ဘယ်ကို သွားမှာလဲ"

"ရှားပင်ကိုလေ၊ ပျော်ပွဲစားထွက်ဖို့ နေရာကောင်းလေး မဟုတ်လား"

ကျွန်တော် စိတ်ပျက်မှုကို ဖုံးကွယ်မထားနိုင်ခဲ့။ ပြီးခဲ့သော ပွင့်လင်း ရာသီတုန်းက ကျွန်တော် အဲဒီကို ကိုအေးမင်းနှင့်အတူ ရောက်ခဲ့ဖူးသည်။ ထိုနေရာ ရောက်အောင် အချိန်တစ်နာရီလောက် သွားရသည်။ ဘကြီးနှင့် အတူသွားလျှင် နှစ်နာရီခန့် ကြာမည်။ ထိုနေရာမှာ ဘာမှ လုပ်စရာ၊ ကြည့်စရာ မရှိ၊ တောင်ကြား နှင့် တောင်တန်းများ မြင်ကွင်းကို ငေးရုံသာ။ သို့သော် နိုင်ငံခြား ခရီးသွားများ အလွန်ကြိုက်သည်ဟု ကိုအေးမင်း ပြောဖူးသည်။ ဓာတ်ပုံတွေ အများအပြား ရိုက်ကြသည်တဲ့။ ကျွန်တော်ကတော့ ပျင်းစရာကောင်းသည်ဟု ထင်သည်။

"အဲဒီကို ဘာသွားလုပ်မှာလဲ ဘကြီး"

"ရောက်တော့ ပြောတာပေါ့ သားရယ်၊ လမ်းခရီးအတွက် အစားအသောက်တွေ စီစဉ်ဦးမယ်"

ဘကြီးက ကြက်ဥပြုတ်တွေ၊ ပေါင်မုန့်မီးကင်တွေ၊ ပတ်ဖ်တွေ၊ ရေနွေးပုလင်း၊ ငှက်ပျောသီး နှစ်လုံးကို ကျောပိုးအိတ်ထဲထည့်ကာ ကျွန်တော်က အိတ် ကို စလွယ်သိုင်းလိုက်သည်။ ကျွန်တော် နားမလည်နိုင်၊ ရှားပင်လို ခရီးတိုလေးကို သွားဖို့ ဘာဖြစ်လို့ ဒီလောက် စားစရာတွေ လိုမှာလဲ။

ဝါးကို အကျောသတ်၍ ဘကြီးအတွက် လုပ်ပေးထားသော တောင်ဝှေး ကို သူကိုင်ကာ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ လမ်းမအတိုင်း လျှောက်ခဲ့ကြ ပြီး နွားလှည်းလမ်းလေးအတိုင်း ဖွဲ့ဆင်း၊ ဆေးဝင်ဘာဘုန်းကြီးကျောင်းကို ကွေ့ပတ်ရင်း ကလောအထွက်ဆီ ဦးတည်ခဲ့ကြသည်။ ခေါင်းထဲ တရိပ်ရိပ် ဖြစ် နေသေး၍ ခြေလှမ်းတိုင်းကို အားစိုက်နေရသည်။ ဘကြီးကတော့တစ်မျိုးထူး၏။ ယခင်ရက်များတုန်းက လှုပ်ရှားမှုမှန်သမျှ နာကျင်ခြင်းဝေဒနာ ခံစားနေရပုံပေါက်သော ဘကြီးမှာ ယနေ့တော့ ခြေလှမ်းတွေ ပေါ့ပါးသွက်လက်နေသည်။ ဘကြီး ထိုသို့ လန်းဆန်းတက်ကြွသည်ကို မမြင်ရတာ ကြာပြီကော။

"အတိတ်ဖြစ်ရပ်တွေဟာ ခြေထောက်ကို အတောင်ပံ တပ်ပေးသလို သွက်လက်လာစေတယ် ဘိုဘိုရဲ့"

ဘကြီးက သွားဖြဲရင်း ကျွန်တော်ကို ရယ်ကြဲကြဲ ရှင်းပြနေသည်။ ထိုစကားကို ကျွန်တော် အကြာကြီး စဉ်းစားနေသည်။ ကျွန်တော့်မှာ တော့ ခြေထောက်ကို တောင်ပံတပ်ပေးနိုင်သော အတိတ်မှတ်ဉာဏ် ဆိုတာ မရှိ။

ကျွန်တော် ဘာစဉ်းစားနေသည်ကို သူ သိပုံပင်။

"အတိတ်မှတ်ဉာဏ် အားလုံးကတော့ ဒီလို မဟုတ်ဘူးပေါ့"

ဟု ဖြည့်ပြောသည်။

"တချို့ဖြစ်ရပ်တွေကတော့ ပြန်စဉ်းစားလိုက်ရင် တစ်ကိုယ်လုံး ပျော့ခွေသွားသလို၊ နှလုံးသားကို ခဲဆွဲထားသလို ဖြစ်တတ်တယ်ကွဲ့"

"ပြီးတော့ရော"

"ပြီးတော့ အဲသလို မှတ်ဉာဏ်မျိုးကို ဘေးချထားနိုင်ရတယ်"

"ဘယ်လို လုပ်ရမှာလဲ ဘကြီး"

"စိတ်ထဲကို အဝင်မခံရဘူးကွယ်၊ ဒါဆို အများစုက သူ့အလိုလို ပျောက်

ကွယ်သွားမှာပဲ၊ အလေ့အကျင့်လေးပဲ လိုတာပါ”

“ဘယ်လို အလေ့အကျင့်မျိုးလဲ”

“လွတ်ချတတ်တဲ့ အလေ့အကျင့်ပေါ့”

မကောင်းတဲ့ ဖြစ်ရပ်ဆိုးအတိတ်တွေကို တွယ်ကပ် သိမ်းဆည်းထား တတ်ကြတယ်လား။ အင်းလေ... ကျွန်တော် ကျောင်းက ဆရာမ တစ်ယောက် ယောက်ကို စိတ်ဆိုးလာခဲ့လျှင် နောက်တစ်နေ့အထိ ထိုကိစ္စက တွယ်ငြိလိုက်ပါ လာတတ်သည်ပဲ။

ဘုန်းကြီးကျောင်းကို ဖြတ်ကာ လျှောက်လာခဲ့သည်။ အတက်လမ်းက ပို၍မတ်စောက် လာသောကြောင့် ဘကြီးသည် အရှိန်နှေးသွားခဲ့သည်။ သို့သော်လည်း မဆိုစလောက်မျှသာ။

“ဒီနေ့ ဘကြီးခြေထောက်တွေကို တောင်ပံတပ်ပေးနေတဲ့ အတိတ် မှတ်ဉာဏ်က ဘာများလဲ”

ဘကြီးက ရယ်လိုက်ပြီး ဝါးတောင်ဝှေးပေါ် အားပြုရပ်လိုက်သည်။ တောင်ပံတပ်သည်ဖြစ်စေ၊ မတပ်သည်ဖြစ်စေ သူ အသက်ကို အမောတကော ရှူနေရတာကို ကြားနေရသည်။ နဖူးမှာလည်း ချွေးတွေ သီးလို့။

“အရင်တုန်းက ဒီလမ်းကို ဘကြီးအမေနဲ့အတူ ခဏခဏ လာခဲ့တာပေါ့”

“ဟင်... ကျွန်တော် သိတာက အဘွားဟာ လမ်းမလျှောက်နိုင်ဘူးဆို”

ကျွန်တော်က အံ့အားသင့်စွာ မေးလိုက်သည်။

“ဘကြီးက ကျောပိုးသွားတာပေါ့ကွဲ့”

“တစ်လမ်းလုံးလား”

သူက ခေါင်းငြိမ့်လိုက်သည်။

“ဘကြီးလည်း တစ်ခါကတော့ လူငယ်လူရွယ် ဖြစ်ခဲ့ဖူးသားပဲ၊ ဘကြီး တို့ နောက်ဆုံး ရောက်ဖြစ်တာ အမေ မဆုံးခင် သုံးလေးပတ် အလိုလောက်က ပေါ့၊ ဒီခရီးကို သူ နောက်ဆုံးအကြိမ် သွားချင်ရှာခဲ့တာလေ။ ဘကြီးမှ မဟုတ်ရင် အမေက ဘယ်သူ ကျောပိုးတာမှ မခံဘူး၊ သူ့ဖာသာသူ လေးဖက်လေးထောက်ပြီး တွားသွားရှာတာ။ သူ ဘယ်လိုမှ မတက်နိုင်တဲ့အတွက် တောင်ကုန်းလေးတွေဆို ပိုချစ်ရှာတယ် တူပါရဲ့ကွယ်၊ အဲဒီကနေ တစ်လောကလုံးကို ကြည့်ရတာဟာ

အမေ့အတွက်တော့ အခိပ္ပာယ် အများကြီး ရှိတယ်”

“ဘကြီး အဲဒီအတိတ်က ဘကြီးကို ဝမ်းမနည်းစေဘူးလား”

“ဟင့်အင်း၊ အဲဒီနေ့က သာယာတယ်ကွဲ့။ ဘကြီးတို့သားအမိ ခဏ နားလိုက်ကြ၊ စကားလက်ဆုံ ကျပြီး ရယ်လိုက်ကြနဲ့ပေါ့၊ ဘကြီးက အမေ မြင်ကွင်းကောင်းရနိုင်တဲ့ ကျောက်တုံးကြီးတစ်တုံးပေါ် အမေ့ကို အသာလေးချပေးတယ်။ အမေက ငေးရင်း တွေးနေတယ်၊ တိတ်ဆိတ်ငြိမ်သက်နေတယ်၊ ခဏနေတော့ ဆိုင်းမဆင့် ဗုံမပါ ဆိုသလို ကိုတင်ဝင်း ပြန်လာတော့မယ်လို့ ပြောလိုက်တယ်”

“ဟင်... အမေ၊ ဘာလို့ အဲသလို ထင်နေတာလဲ”

ဘကြီးလည်းအမေ့ကိုအံ့ဩပြီး မေးမိတယ်။ အမေက ဘာပြန်ပြောလဲ ဆိုတော့ ဟိုးမှာ အမေ မြင်နေရတယ်၊ ဟိုးအဝေး မိုးကုတ်စက်ဝိုင်း တစ်နေရာ မှာပေါ့ တဲ့၊ အမေ ထင်မိယောင်မှားတွေ ဖြစ်နေပြီလားလို့ ဘကြီး စိုးရိမ်သွား ခဲ့တယ်။ ဘကြီးအဖေ ဦးတင်ဝင်းက နယူးယောက်မှာ နေတာလေ၊ အမေဟာ အဖေ့ကို မတွေ့ရတာ နှစ်ပေါင်းငါးဆယ် ကျော်သွားခဲ့ပြီ။ ခုမှ ရုတ်တရက် ကိုတင်ဝင်း ပြန်လာတော့မယ်လို့ သေသေချာချာကို ပြောနေတာ၊ ကိုတင်ဝင်း တစ်ယောက် ဒီခရီးအတွက် စီစဉ်ရင်း အလုပ်တွေ ရှုပ်နေပြီလို့တောင် ပြောလိုက် သေးတယ်။ အဲဒီနောက်ပိုင်းတော့ အမေဟာ အဖေ့ အိမ်အပြန်ခရီးအတွက် စပြီးပြင်ဆင်တော့တယ်။ အိမ်ထဲမှာ ဖင်တွန်းသွားရင်း သန့်ရှင်းရဲ့လား၊ အမှိုက်တွေ ဖုန်တွေရှိလား ဆိုတာ ကြည့်တယ်။ လှဲကျင်းတယ်၊ မနက်ဆို ဘကြီးက ခေါင်းရမ်း ပန်းလေးတွေ၊ ဂန္ဓမာပန်းတွေ၊ တရုတ်စကားပန်းလေးတွေ ခြံထဲက ခူး၊ အမေက အိမ်ခန်းကို အဲဒီပန်းကလေးတွေနဲ့ အလှဆင်၊ ခေါင်းမှာလည်း ပန်းတွေနဲ့ ဝေအောင် ပန်၊ ဒီလိုနဲ့ အမေ့ကြည့်ရတာလေ တနေ့ထက်တနေ့ ပိုပိုလှပပြီး နုပျိုလာသလိုပါပဲ။ နောက်သုံးလေးပတ်လောက် ကြာတော့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တည်း ဘကြီးဟာ အဖေရှေ့မှာ ထိုင်မိလျက်သား ဖြစ်နေတယ်။ အမေ ကြိုတင် ပြောခဲ့သလိုပဲ သူ အမှန်တကယ် ပြန်ရောက်လာခဲ့တယ်။ အဲဒီညမှာပဲ အဖေနဲ့အမေဟာ တစ်ယောက်နဲ့တစ်ယောက် ဖက်လျက်သားလေး အသက်ကုန်သွားခဲ့ကြတယ်ကွယ်”

“ဘကြီး ငယ်ငယ်တုန်းက ဘကြီး ဖေဖေကို မလွမ်းဘူးလားဟင်”

“ဘကြီးမှ အဖေ့ကို သေချာမသိဘဲ သားရယ်၊ မသိတဲ့ လူတစ်ယောက် ကို လွမ်းဖို့ဆိုတာ လွယ်ပါ့မလားကွဲ့”

“အင်း... ဟုတ်တယ်နော်”

“အင်း… ဒါပေမဲ့ ဘကြီးမှာ အားလုံး ပြည့်စုံပါတယ် ဘိုဘိုလေးရယ်”

“သားက သိပ်မသေးတော့ပါဘူး ဘကြီးရာ”

“အဲဒီသဘော ပြောတာ မဟုတ်ဘူး လူကလေးရဲ့ မင်း ထွားလာပြီ အရွယ် ရောက်တော့မယ် ဆိုတာ ဘကြီး သိတာပေါ့၊ မင်းက အထွားမြန်တာ ပဲလေ”

ဘကြီးက ကျွန်တော့်ဖက် လှည့်ကာ သူ လုပ်နေကျအတိုင်း ကျွန်တော့် ကို ဖက်လိုက်သည်။ သို့သော် သိပ်မကြာလှ၊ ကျွန်တော့် နောက်ကျောမှ ဘကြီး၏ လက်တွေ၊ အမာရွတ်ရှိသော ပါးပြင်ပေါ် ထိတွေ့ထားသည့် သူ၏ နူးညံ့ပျော့ ပျောင်းသော ပါးကလေး၏ အထိအတွေ့ကို ခံစားနေရသည်။ ဘကြီးက ကျွန်တော့် ကိုတင်းနေအောင် ဖက်ထားသည်။ သူ့နှလုံးခုန်သံက ကျွန်တော်ရင်ဘတ်ပေါ်မှာ ကျနေသည်။ ရုတ်တရက်ကြီး ကျွန်တော် ငိုချင်လာသည်။ ပြတင်းပေါက်မှန်မှ မိုးရေတွေ စီးကျသလို ပါးပြင်ပေါ် မျက်ရည်တွေ တလိမ့်လိမ့် ကျလာခဲ့သည်။ ဒီလိုပုံမျိုးနှင့် ကျွန်တော် မငိုချင်သော်လည်း ဘာမှ မတတ်နိုင်၊ ခါးသက်စွာ ရှိုက် လိုက်မိသည်။

ဒီလိုမျိုး မကြာခဏ ဖြစ်နိုင်သည်တော့ မဟုတ်ပါလေ။ တကယ်တော့ တစ်ခါမှ မဖြစ်ဖူးခဲ့။

ဘကြီးက ကျွန်တော့်ကို တင်းတင်းဖက်ထားပြီး ဘာတစ်ခွန်းမှ မပြောခဲ့။ အငိုတိတ်သွားတော့ ကျွန်တော် နေလို့ ထိုင်လို့ ကောင်းလာခဲ့သည်။ ခနေ့ရွာလေးတစ်ရွာကို ဖြတ်ကျော်လာခဲ့ကြသည်။ ပန်းတွေ ကပ်ထား သော နတ်စင်လေးတစ်ခုကို ကျော်လာသည်။ တောင်ကြားလမ်းလေး တစ်ခု အတိုင်း တက်ပြီး တစ်ဖက်သို့ သုတ်ခြေတင်ကြသည်။ အတိတ်ဖြစ်ရပ်တွေက ဘကြီးခြေထောက်ကို ဒုတိယ အတောင်ပံတပ်ပေးလိုက်ပြန်ပြီ ထင်သည်။

ညောင်ပင်ကြီးတစ်ပင်၏ အရိပ်အောက်မှာ ကျွန်တော်တို့ နားကြ သည်။ ငှက်ပျောသီးနှင့် ရေပေးဖို့ သူက တောင်းသည်။

“ကဲ… အခု ဘကြီးတို့ ဇာတ်လမ်း အဆုံးသတ်ခါနီးပါပြီ”

ရေကိုတကျိုက်ကျိုက်သောက်ရင်း ဘကြီးက ပြောလိုက်သည်။ ကျွန်တော် ဆုံးအောင် နားထောင်ရန် စိတ်အားထက်သန်ဖို့ နေနေသာသာ သူ့ကို ဆက်၍ မပြောစေချင်၊ ကျွန်တော့်အပိုင်း ရောက်လာတော့မည် မဟုတ်လား။

ကျွန်တော့်နှလုံးသားက ထိုအရာကို လက်ခံနိုင်စွမ်း ရှိပါ့မလား၊ သတ္တိရော။

ကျွန်တော် ဂဏန်းတွေ စတင်ရေတွက်သည်။

တစ်

နှစ်

သုံး

လေး

ငါး

ဘကြီး၏အသံ ထွက်ပေါ်လာခဲ့ပြီ။ ကျွန်တော် နယူးယောက်မှ မေမေ့ဆီ ပြန်သွားရတော့မည်။

ဘာတောင်ပံမှ ထွက်ပေါ်လာခြင်း မရှိနိုင်သော အတိတ်ဆီသို့။

ဖုန်းက အသံမြည်လာသည်။ ပြီးတော့ ပြန်တိတ်သွားသည်။ စားပွဲတင်နာရီက မနက် ၄ : ၄၄ ဟု ပြနေသည်။ ခဏနေတော့ ဒုတိယအကြိမ် ပြန်မြည်လာပြန် သည်။

"ဟယ်လို"

ဂျူလီယာအသံက စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေခဲ့သည်။

သားသားလား"

"....................."

"ဟယ်လို... ဟယ်လို"

"....................."

"ဘယ်သူလဲ"

"ဂျူလီယာ... ဂျူလီယာလား"

"သားသား... အမယ်လေး သားသား၊ နောက်ဆုံးတော့... တော်ပါသေး ရဲ့၊ ခု ရှင် ဘယ်မှာလဲ"

ဂျူလီယာ့အသံတွေက အိမ်ခန်းတစ်ခန်းလုံး ပျံ့လွင့်သွားခဲ့သည်။

".......... မှာ"

"ဘယ်မှာလဲ အချစ်ရယ်၊ သေချာ မကြားရဘူးကွယ်"

"ကိုယ်..... ...."

"ဘယ်မှာ... သေစမ်းဟာ၊ လိုင်းကလည်း ဆိုးလိုက်တာ"

"........ မန္တလေး.......ဟိုတယ်မှာ ..... ဖုန်းနဲ့ ဆက်နေတာ"

"ဘုရားရေ.. ဖုန်းဆက်လို့ရလို့တော်ပါသေးရဲ့၊ ကျွန်မ အရမ်းကြောက် နေခဲ့တာ၊ ရှင် အိုကေရဲ့လား"

“..................”

“ဇာတ်လမ်းက...........”

သားသားက တစ်စုံတစ်ခုကို ဗမာလို ပြော၏။ တစ်ယောက်ယောက် ပြန်ပြောသံကို ကြားရသည်။

“ကိုယ်တို့ အချိန် သိပ်မရဘူး ဂျူလီယာ”

လေသံလေးဖြင့် ပြောလိုက်သည့် သားသားအသံကို သေချာကြားရ သည်။ ဖုန်းထဲက တဂျစ်ဂျစ်အသံတွေ ပျောက်သွားသည်။ သေချာကို ကြားရပြီ။

“အချစ် ဘယ်တော့ ပြန်လာမလဲ၊ ကျွန်မ လေယာဉ်လက်မှတ် လုပ်လိုက် ရမလား”

“ကိုယ် ပြန်လာလို့ မရဘူး ဂျူလီယာ”

“ကျေးဇူးပြုပြီး အဲသလို မပြောပါနဲ့ အချစ်ရယ်”

“မဟုတ်ဘူး ဂျူလီယာ၊ ရဲတွေက ကိုယ့်ပတ်စ်ပို့ကို သိမ်းသွားကြတယ်”

“ဟင်... ဘာဖြစ်လို့လဲ”

သားသား ခွန်းတုံ့မပြန်။

“ဘယ်သူက သိမ်းတာလဲ၊ ဘာဖြစ်လို့လဲ၊ သူတို့အဲသလိုလုပ်လို့မရဘူးလေ”

“သူတို့လုပ်ချင်တာ လုပ်လို့ ရတယ်ကွယ်”

သားသားက ဖြတ်ပြောလိုက်သည်။

“ဒါဆို ဘယ်တော့ ပြန်ရမတဲ့လဲ”

“ဘာမှ မပြောကြဘူး ဂျူလီယာ၊ နက်ဖြန်လား၊ နောက်နှစ်မှလား၊ တစ်သက်လုံး ပြန်မရတော့တာလား မသိဘူး”

ဂျူလီယာ့အသံသည် ခပ်ဆတ်ဆတ် ဖြစ်လာသည်။

“ရှင့်အသံ ကြားရတာ ဝမ်းသာလိုက်တာ၊ ကျွန်မလေရှင် သေပြီမှတ်နေ တာ၊ သားသားရယ်... ရှင် သိခဲ့ရင်လေ.....”

“မငိုပါနဲ့ ဂျူလီယာရယ်၊ ကိုယ် ဘာမှ မဖြစ်ပါဘူး”

"သေချာရဲ့လား"

ထိုအသံကိုက ငိုသံ ပါချင်နေခဲ့ပြီ။ သို့သော် ဂျူလီယာ ထိန်းချုပ်ထားသည်။

"သေချာပါတယ်၊ အရေးအကြီးဆုံးက မင်း ဘယ်လိုနေသလဲ"

အိပ်မရသည့် ညအပေါင်းအကြောင်း သူ့ကို ပြောရမည်လား။ သူ၏ အကြောက်တရားတွေ အကြောင်းကိုရော၊ ကလေးက ဖိသဖြင့် အသက်ရှူရ ခက်နေတာကိုရော၊ နိစ္စဓူဝ လှုပ်ရှားမှုလေးတွေပင် သိပ်ခက်ခဲနေပြီ ဆိုသည့် အကြောင်းရော၊ သားသားက သူ့ကို မကူညီနိုင်သော အဝေးတစ်နေရာမှာလေ၊ ဘာဖြစ်လို့ ဒါတွေပြောပြီး ဒုက္ခပေးနေမှာလဲ။

"အဆင်ပြေတယ် စိတ်မပူနဲ့" ဟုသူသေသေချာချာ လိမ်ညာလိုက်သည်။

"တကယ်လား"

"အင်း....အဆင်ပြေတယ်၊ကျွန်မတို့သားလေးလည်းအဆင်ပြေတယ်"

"ဟင်... မွေးပြီးပြီလား"

သားသားက သတိကြီးစွာ ထား၍ မေးလိုက်သည်။

"ဟင့်အင်း... ဆရာဝန်ကတော့ နောက်နှစ်ပတ်လောက်မှ မွေးမယ်တဲ့၊ ဒါပေမဲ့ ဒီကြားထဲလည်း အချိန်မရွေး မွေးသွားနိုင်တယ်"

နောက်မှ အော်သံဟစ်သံတွေ ကြားရသည်။ သားသားက ဆက်ပြော နေသည်။

"ကိုယ် အဲဒီမှာ မရှိလို့ အရမ်းကို စိတ်မကောင်းဖြစ်ရတယ်၊ မင်း စကား ကို ကိုယ် နားထောင်လိုက်ရမှာ ဂျူလီယာရယ်... ကိုယ့်ကို ခွင့်လွှတ်ပါ"

"တော်တော့... အဲသလိုမပြောနဲ့၊ အရေးအကြီးဆုံးက ရှင် အသက်ရှင် နေတာပဲ ဒါဆိုရပြီ ကျွန်မ ရှင့်ကို ဘယ်လို ဆက်သွယ်ရမလဲ"

"ဆက်သွယ်လို့ မရဘူး၊ ကိုယ်ပဲ ဖုန်းခေါ်မယ်"

"ဆက်သွယ်လို့ မရဘူးတဲ့လား"

ဂျူလီယာ့အသံက ကျွတ်ဆတ်လာပြန်သည်။

"ဒါပေမဲ့ ကျွန်မ..."

“................................”

“ဟယ်လို သားသား မကြားရတော့ဘူး”

“............ဒီမှာ အားလုံး အရမ်း ခက်ခဲနေ…………..”

“ဘာကို ဆိုလိုတာလဲဟင်”

“အကြောက်တရားတွေပြန့်ကြီးစိုးနေပြီလေ၊ စစ်တပ်က နေရာတကာ ရောက်နေပြီ၊ လူတွေ ပျောက်သွားကြ…………..”

“ကလေးတွေနဲ့ တွေ့ပြီးပြီလား”

“မတွေ့ရသေးဘူး၊ မနက်ဖြန် အဲဒီကို သွားမယ်”

“အဲဒီမှာ ဆက်သွယ်လို့ရတာ တစ်ခုခုများ…………”

လူတစ်ယောက် အော်ပြောလိုက်သံ ကြားရသည်။ သားသားက တစ်ခုခု ပြန်ပြောနေသည်။ သူတို့နှစ်ယောက် အပြန်အလှန် ပြောနေကြသည်။

“ခဏကိုင်ထားဦး အချစ်၊ မချလိုက်နဲ့ဦး”

သားသားက ပြောသွားသည်။ သို့သော် စက္ကန့်ပိုင်းမျှအကြာတွင် ဖုန်းလိုင်း ကျသွားတော့သည်။

“သားသားရေ… အချစ်ရေ၊ ဟယ်လို… ဟယ်လို”

ဒီကနေ အော်ပြောလျှင် မြန်မာပြည်မှ ကြားရတော့မည့်အလား ဂျူလီယာ အသံကုန် အော်ပြောနေသည်။

သို့သော် ဖုန်းလိုင်းက ကျသွားခဲ့ပြီ။

ပသို့ဆိုစေ ဒီဖုန်းက သူစောင့်မျှော်နေခဲ့သည့် ဖုန်း၊ သားသား အသံကို ကြားရဖို့ သားသား တည်ရှိနေသေးတာကို ခံစားနိုင်ဖို့ပေါ့။ မိနစ် အနည်းငယ်သာ ကြာသည်ဆိုဦးတော့သားသားသည် ကျန်းကျန်းမာမာ အသက်ရှင်နေသေးသည် ကို သိရပြီ။

ထိုအသိက သူ့ကို တည်ငြိမ်မှုတွေ ပေးနိုင်ဖို့ သူ မျှော်လင့်သည်။ သို့သော်လည်း ဆန့်ကျင်ဖက်ရလဒ်သာ ထွက်လာသည်။ပထမ စိတ်သက်သာရာ ရတာလေး ပျောက်ကွယ်သွားချိန်မှာ သူ ပို၍ ခံစားရတော့သည်။ ပို၍ အထီးကျန်၊ ပို၍ ကူကယ်ရာမဲ့ ဖြစ်၊ ပို၍ စွန့်ပစ်ခံရသော ခံစားမှုတွေ တိုးလာသည်။ သူ သားသား

နှင့် အဆက်မပြတ် စကားပြောချင်သည်။ သားသားကို ကူညီချင်သည်။ သို့သော် သူလုပ်နိုင်တာ ဘာမှ မရှိ၊ ထိုင်စောင့်ရုံသာ။ ထိုသို့ ကူကယ်ကာရာမဲ့ ဖြစ်နေခြင်းက သူနှင့်အတူ ယှဉ် တွဲနေထိုင်၍ မရ။

သူ့ အိမ်ခန်းက သူ့အတွက် ထောင်လို ဖြစ်လာသည်။ သူ အပြင်ထွက်ချင်သည်။ သို့သော် နည်းနည်းလေး လမ်းလျှောက်လိုက်တာနှင့် အသက်ရှူရ ခက်လာသည်။ သေမတတ် မောလာသည်။ စင်ထရယ်ပန်းခြံထဲ လမ်းလျှောက်ဖို့ အေမီနှင့်အတူ ထွက်ခဲ့သော်လည်း မဒီဆန်ရိပ်သာ လမ်းထောင့်ကနေ ပြန်လှည့်ရသည်။ လူအုပ်ကြီးနှင့် ဆူညံသံတွေက တိုက်ခန်းထဲ အထီးကျန်နေရတာထက် ပိုဆိုးစေသည်။

တယ်လီဖုန်းနားမှာ ထိုင်ရင်း လက်သည်းတွေကို သွေးစို့သည်ထိ ကိုက်မိနေသည်။ ထိုအကျင့်ပျောက်သွားခဲ့တာ ကလေးဘဝထဲက၊ ခုတော့ မတတ်နိုင်ပြီ။ ဖုန်းသံကြားတိုင်း နှလုံးသားက ရပ်ရပ်သွားသလို။

နောက်တစ်ကြိမ် သားသား ဖုန်းခေါ်တော့ ဖုန်းလိုင်းသည် အနားကပ်ပြောနေရသလို ကြည်လှသည်။

"ပတ်စ်ပို့တော့ ပြန်ရပြီ"

သို့သော် သူ့အသံက စိတ်သက်သာရာရခြင်း အလျှဉ်းမရှိ။

"ဘုရားရေ... အံ့သြစရာပဲ၊ ရှင် ဘယ်တော့ပြန်လာမလဲ လက်မှတ် စီစဉ်လိုက်တော့မယ်"

"ပြန်မလာနိုင်ဘူး ဂျူလီယာ"

"ဟောတော့... ဘာဖြစ်ရပြန်ပြီလဲ"

"ထွက်လာပြီးရင် မြန်မာပြည်ထဲ ပြန် ဝင်လို့ ရတော့မှာ မဟုတ်ဘူး"

"ဟင်. ကိုယ့်တိုင်းပြည်ထဲ ကိုယ်ပြန်ဝင်လို့ မရစရာ အကြောင်း ရှိသလား"

"ခု အဲလိုပဲ ဖြစ်နေတယ်၊ ထိုင်းကို ထွက်ပြေးသွားကြတဲ့ လူတွေကို ပတ်စ်ပို့က တရားမဝင်တော့ဘူး ဆိုပြီး ပြန်လက်မခံဘူး လေ"

"ဟယ်.. မယုံနိုင်လောက်အောင်ပါပဲ၊ နေပါဦး... သူတို့က ရှင့်ကို ဘာမှုနဲ့ စွဲချက်တင်မတဲ့တုန်း"

"အဲလိုတော့ မဟုတ်ဘူး"

"သူတို့တစ်ခုခုလိုချင်လို့နေမှာပေါ့၊ ကျွန်မတို့က အခြေအနေတွေကို မသိဘူးလေ၊ ဒါပေမဲ့ ထွက်ပြီး ပြန်ဝင်လို့ မရဘူး ဆိုတာတော့ မဟုတ်သေးပါဘူး သားသားရယ်"

"ခု အဲသလို ဖြစ်နေတာပဲ ဂျူလီယာ"

"တိုင်းပြည်ထဲ ပေးမဝင်ရင် စာေဒကတက်လွှာ တင်မယ်လေ"

"ဘာတွေပြောနေတာလဲ ဂျူလီယာရယ်၊ စာေဒကမပြောနဲ့ ဘာတင်တင် အစိုးရက သူ လုပ်ချင်တာ လုပ်မှာ"

"သိပါတယ်၊ ဆိုလိုတာက ထွက်ပြီး ပြန်ဝင်လို့ မရဖို့ ဆိုတာ အခွင့်အလမ်း နည်းပါတယ်၊ သားသားရယ်... ကျွန်မတို့ ရှင့်ကို လိုအပ်နေပြီ"

"သိပါတယ် ဂျူလီယာရယ်... ခုတော့ ဂွတ်ဘိုင်လို့ပဲ ပြောရဦးမယ်၊ ကိုယ် သွားမှ ရမယ်"

"ဘယ်ကို သွားမှာလဲ၊ ဘာဖြစ်လို့"

"နောက်တော့ ကိုယ် အကုန် ရှင်းပြပါ့မယ်၊ ခု ဆက်ပြောလို့ မရတော့ ဘူး ဂျူလီယာ"

"ခဏလေးနေပါဦး"

"ကိုယ် ပြန်ဆက်သွယ်ပါ့မယ်"

သားသားက အလောသုံးဆယ် ဖုန်းချသွားခဲ့သည်။

ထိုရက်ပိုင်းအတွင်း မြန်မာပြည်သတင်းများက စိတ်ညစ်ညူးဖွယ် ကောင်း လှသည်။ အစုလိုက် အပြုံလိုက် လူဖမ်းပွဲကြီးတွေ ကျင်းပနေသည်။ ဘုန်းကြီး တွေ အစရှာမရအောင် ပျောက်သွားသည်။ ထိုင်းဖက်သို့ ဒုက္ခသည်အဖြစ် ထွက်ပြေး ကြသည်။ ထိုသူတွေကို ဘီဘီစီက အင်တာဗျူးတော့ နှိပ်စက်မှုတွေအကြောင်း ကြားရသည်။

သားသားက ဖုန်း ပြန်မခေါ်။

နောက်တစ်ပတ်ကြာတော့ လော့စ်အိန်ဂျယ်လီးစ် စာတိုက်တံဆိပ်ဖြင့် စာတစ်စောင်ရသည်။ စာအိတ်ပေါ်က သားသား လက်ရေးကို ဂျူလီယာ ကောင်းစွာ မှတ်မိသည်။ သားသားသည် တစ်ယောက်ယောက်နှင့် မဖြစ်ဖြစ်အောင် စာကို ထည့်ပေးလိုက်ပုံပင်။ ပြက္ခဒိန်စာရွက်ဟောင်း နောက်ကျောမှာ ခပ်သော့သော့

ရေးထားသည်က-

အောက်တိုဘာ ၂၀၀၇၊ သီပေါ

ဂျူလီယာရေ...

အဆင်ပြေတယ်၊ ကလေးတွေနဲ့ အတူရှိနေပြီ။

သူတို့ ဘုန်းကြီးတွေကို ဖမ်းနေတုန်းပဲ၊

သီလရှင်တွေလည်း မရှောင်ဘူး။

ကိုယ် ခဏတော့ ရှောင်နေရဦးမယ်၊

ကိုယ့်အတွက် ဘာမှ စိတ်မပူနဲ့၊ ဖုန်းခေါ်လို့ ရတာနဲ့ခေါ်မယ်နော်။

ခွင့်လွှတ်ပါ၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။

လွမ်းတယ်....

အချစ်များစွာနဲ့

သားသား။

သုံးဆယ်

နောက် နှစ်ဆယ့်လေးနာရီ အကြာမှာ သားကို မွေးခဲ့တယ်။ လစေ့ဖို့တော့ ရက် နည်းနည်း လိုတာပေါ့။ ဒါပေမဲ့ သားက မစောင့်နိုင်တော့ဘူးတဲ့လေ။ သား မေမေ ရဲ့ သောက ပရိဒေဝ ဗျာပါဒ အပြည့်နဲ့ ခန္ဓာကိုယ်ထဲမှာ သားဟာ ဘယ်လိုမှ နေနိုင် စွမ်း မရှိတော့သလိုပါပဲ။

သားဖွားမီးယပ် ဆရာဝန်ကတော့ မွေးဖွားတာ လွယ်လွယ်ရှူရှူပါပဲတဲ့။ ဒါပေမဲ့ သူ ဂရုစိုက်တာက ဂျူလီယာရဲ့ ခန္ဓာကိုယ်ပဲလေ။ စိတ်နှလုံး ဝိညာဉ်ကိုမှ သူ လက်လှမ်းမမှီရှာပဲကိုး။

ဘကြီးလည်း ကလေးပုလု ပိစိကွေးကို တစ်ခါမှ မချီဖူးပါဘူး။ လောက ကမ္ဘာမြေရဲ့ ထပ်တိုး အလေးချိန်လေး။ မွေးကာစကလေးလေးပေမယ့် သားရဲ့ မျက်ဝန်းညိုကြီးတွေကို ဘကြီး ခုထိ မမေ့နိုင်အောင်ပါပဲ။

ဘကြီး ညီမလေး၊ မင်းအမေ ဂျူလီယာခမျာတော့ သူ့ကိုယ်သူ ဂရုစိုက်ဖို့ရော၊ ပျော်ဖို့ရော မလုပ်နိုင်လောက်အောင် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံး ပင်ပန်း လွန်းနေခဲ့တယ်။ ခြေကုန်လက်ပန်း ကျနေခဲ့တယ်။ ခုတင်ပေါ်မှာ ပက်လက်ကလေး၊ တစ်ကိုယ်လုံး ဖြူဖျော့လို့ပဲ။ သူနာပြုက မင်းကို ရေချိုးသန့်စင် အနှီးသစ် ထုတ်ပေးပြီး လာပြတာတောင် သူ ဘာမှ မတုံ့ပြန်နိုင်ရှာခဲ့ဘူး။ သူနာပြုကတော့ ကလေး မွေးပြီးတဲ့အခါ ပင်ပန်းလွန်းလို့ အဲသလိုမျိုး ဖြစ်တတ်တဲ့အတွက် စိုးရိမ်စရာ မရှိပါဘူးလို့ ပြောခဲ့တယ်။ ပင်ပန်းနွမ်းနယ်မှုတွေ ကုန်ဆုံးသွားတဲ့အခါ ကလေးနဲ့ အမေရဲ့ ခိုင်မာတဲ့ သံယောဇဉ်ကြိုးဟာ ပေါ်ထွန်းလာမှာ မလွဲသေချာပဲတဲ့။ ရက်နည်းနည်းတော့ အချိန်ပေးရမယ်တဲ့။ မိခင်တိုင်းဟာ သူဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ သားသမီးအပေါ် တမဟုတ်ချင်း မေတ္တာစိတ် ဖြစ်လာတာဟာ လူ့ဘဝရဲ့ အံ့တစ်ပါး ပါပဲ လို့ဆိုတယ်။

ဘကြီးက သူနာပြုရဲ့ စကားကို ဘယ်လိုလုပ် ငြင်းမလဲ။ မိခင်နဲ့ ကလေး ကြားက ဆက်ဆံရေးကို ဘကြီး ဘာသိမှာလဲ။

ဘကြီး အဲဒီတုန်းကတော့ စိတ်ပူရုံပဲ တတ်နိုင်တာပေါ့။

သားဟာ ဆာနေပုံပဲ။ သား လိုချင်တာကို ဂျူလီယာကလည်း မပေးနိုင်။ ပေးတော့လည်း မလောက်မငံ။ သားကို ချီပိုးရတာတောင် သားမေမေဟာ ခက်နေရှာတယ်။ သူ့လက်ထဲက သားကို သူနာပြုက ယူလိုက်ရင် သူ သိသိသာသာ ကို စိတ်သက်သာသွားသလိုပါပဲ။ သူ ဟက်ဟက်ပက်ပက် ရယ်တာမျိုး မတွေ့ရ တော့ဘူး။ တကယ်က ပြုံးကို မပြုံးတော့တာ။

ဘကြီးလေ၊ မင်းအဖေ သားသားကြောင့် သူ စိုးရိမ်ခဲ့ရသမျှ၊ ကြောက်လန့်ခဲ့ရသမျှ အားလုံးကို မင်းက ဖြေလျှော့ပေးနိုင်လိမ့်မယ်၊ မင်းဟာ မင်းမေမေရဲ့ မျက်ဝန်းထဲ အလင်းရောင်ကို ပြန်လည် ဆောင်ယူပေးလာလိမ့်မယ်လို့ မဝံမရဲ မျှော်လင့်မိတာ။ နေသာလာတာနဲ့ ဂျူလီယာဟာ ဘကြီးကို မြန်မာပြည်သတင်း မေးတော့တာပဲ။ သားသား ဖုန်းဆက်သေးလား၊ စာရောက်သလား စသဖြင့်ပေါ့။

ဆရာဝန်က ဆေးခန်းကနေအိမ်ကိုပြန်စေချင်တယ်။ ဒါမှ ရင်းနှီးကျွမ်းဝင်တဲ့ ပတ်ဝန်းကျင်မှာ သက်တောင့်သက်သာ နေနိုင်မယ်တဲ့။ အိမ်ပြန်တော့မယ်လို့ ဂျူလီယာ ပြောတော့ သူက ဝမ်းမြောက်ဝမ်းသာ လက်ခံတယ်။

အိမ်ရောက်ပြီး ပထမဆုံးရက်တွေဟာ အင်မတန် ပင်ပန်းတယ်၊ ကိစ္စတွေဟာ ပိုပိုခက်ခဲလာသလိုပဲ။ သူ့ခန္ဓာကိုယ်မှာရှိတဲ့ ခွန်အားတွေ၊ စွမ်းအင်တွေဟာသားနဲ့အတူ အပြင်ကို ထွက်သွားသလိုပဲ။ ဂျူလီယာဟာ ဘဝအသစ် တစ်ခု ကို ဆောင်ယူပေးပြီး သူ့အတွက်တော့ ဘာမှ ပြန်မရသလို၊ အနည်းဆုံးတော့ သူ လိုအပ်နေတာကို ပြန်မရသလို ဖြစ်နေခဲ့တယ်။

ဒီလိုနဲ့ သားမေမေဟာ ဘာကိုမှ အာရုံမစိုက်နိုင်ဘူး ဖြစ်လာတယ်။ ဘကြီး သူ့အတွက် ဝယ်လာပေးတဲ့ မဂ္ဂဇင်းတွေကို လှန်တောင် မကြည့်ဘူး။

ခေါင်းမူးတယ်၊ ခေါင်းကိုက်တယ်လို့လည်း မကြာခဏ ညည်းရှာတယ်။ ဘကြီးက သူ့ပုခုံးလေးတွေ၊ ခြေထောက်လေးတွေကို နှိပ်ပေးတဲ့အခါ ကြွက်သားတွေဟာ တင်းမာ ကျုပ်ခဲနေတာပဲ။

တချို့ ညနေခင်းတွေမှာတော့ သူဟာ ရုတ်တရက်ဆိုသလို စကားတွေ ဖောင်ဖွဲ့ ပြောချင် ပြောနေပြန်ရော။ သီပေါပြန်မယ့် ကိစ္စအကြောင်း ဘကြီးနဲ့ သူ ဆွေးနွေးတယ်။ ဘုန်းကြီးကျောင်းကို သူ ဘယ်လို ပြင်ဆင်လိုက်မယ်၊ ဘာတွေ လုပ်လိုက်မယ်နဲ့ အားတက်သရော။ အဲ.. တစ်ခါတလေတော့ ဆိုဖာပေါ်ငူငူကြီး ထိုင်ပြီး စကားတစ်ခွန်းတောင် မဟာဘူးရယ်။

ခင်ဗျားညီမ အလိုအပ်ဆုံးက သူ့အပေါ် ဂရုစိုက်မှုဘဲလို့ ဆရာဝန်က မှာလိုက်တဲ့အတွက် ဘကြီးလည်း တတ်အားသရွေ့ ဂရုစိုက်ပါတယ်။ ဈေးဝယ်တယ်၊ သူ ကြိုက်တာလေးတွေ ချက်ပေးတယ်။ စာအုပ်တွေ နယူးယောက်တိုင်း တွေ ဖတ်ပြ၊ သိသလောက် ဗမာ့ရိုးရာ ပုံပြင်လေးတွေ ပြောပြနဲ့ နေလာရင်း တဖြည်းဖြည်း သိလာတာကတော့ ပျော်ရွှင်မှု ဆိတ်သုဉ်းနေသူတစ်ဦးနဲ့ တူတူ နေရတာဟာ မဖြည့်ဆည်းနိုင်ခြင်း အနုပညာပါပဲ။ ကိုယ်က မဖြည့်ဆည်းပေး နိုင်လေ၊ စိတ်မကောင်းဖြစ်ရလေပေါ့။

ကံကောင်းတာကတော့ အဲဒီကာလအတွင်း သားဟာ ဘာမှ ပူညံပူညံ

မလုပ်ဘဲ သူ့ကို မလိုအပ်လောက်အောင် နေနိုင်တာပဲ။ များသောအားဖြင့် ပုခက်ထဲမှာ အေးအေးသက်သာလေး အိပ်နေတာပဲ။ သားကို အချိန်မှန် နို့ဘူး တိုက်၊ အနှီးလဲ၊ သန့်စင်ပေးတဲ့ အလုပ်ကို ညဖက်တွေဆို ဘကြီးတို့ မောင်နှမ အလှည့်ကျ တာဝန်ယူမယ်လို့ သဘောတူကြတယ်။ ဒါပေမဲ့ အဲသလို တာဝန် ခွဲဝေပြီး ဒုတိယည အရောက်မှာ မင်းအမေဟာ ဘကြီးကို နှိုးပါလေရော။ မင်းကို ချီပြီး ဘကြီးနားမှာ သူ ရပ်နေတယ်။ မင်းကလည်း ငို၊ သူကလည်း မျက်ရည် တစိုစို။

"ကလေးက နို့ဘူးမစို့ဘူး အစ်ကိုကြီး၊ ဘာလုပ်ပေးရမှန်းတောင် မသိပါဘူး"

သားကို ရှေ့တိုးနောက်ငင် ယိမ်းရင်း၊ ချော့ရင်း ဂျူလီယာဟာ ငိုသံပါကြီး နဲ့ ပြောတယ်။

ဘကြီးတို့ ဆိုဖာပေါ်ထိုင်ကြတယ်။ ဂျူလီယာက နို့ဗူးကို ကိုင်ပြီး သား ကို တိုက်တယ်။ သားက နည်းနည်း စို့ပြီးတာနဲ့ နို့တွေ ပါးစပ်ကနေ လျှံကျလာ တယ်။

"တွေ့လား... ကလေးက တစ်ညလုံး အဲလိုပဲ လုပ်နေတယ်၊ နို့ကို ပြန်ပြန် ထွေးထုတ်နေတယ်"

"သူ မဆာလို့လည်း ဖြစ်ချင် ဖြစ်မှာပေါ့ ဂျူလီယာ"

"ညနေကလည်း သူ သိပ်စို့တာ မဟုတ်ဘူးရယ်"

ဂျူလီယာဟာ စိတ်မရှည် ဖြစ်လာတယ်။ သားကို သူ တင်းတင်းပွေ့တယ်။

"ဘိုဘို၊ သားလေး၊ ချိုချိုစို့နော်၊ ကျေးဇူးပြု၍ စို့လိုက်ပါ" လို့ ပြောတော့ သားဟာ နို့ဗူးကို ခေါင်းယမ်းပြီး ရှောင်နေတယ်။ အမေ့ဆီက စိတ်သောကတွေ သားဆီ ကူးသွားသလား အောက်မေ့ရတယ်။

ဘကြီးမျက်စိ ရှေ့မှာပဲ ညီမလေးဂျူလီယာဟာ တဖြည်းဖြည်းနဲ့ မေတ္တာ ကနေ သောက၊ သောကကနေ ဒေါသကို အဆင့်ဆင့် ကူးပြောင်းသွားတာ မြင်နေ ရတယ်။ နို့ဗူးက နို့သီးခေါင်းကို မင်းပါးစပ်ထဲ အတင်းအဓမ္မ ထိုးထည့်တော့မလို လုပ်နေတယ်။ သားက တဗြဲဗြဲ အော်ငိုနေပြီ။

ဘကြီးလည်း မနေသာတော့ သားကို ပေါင်ပေါ်တင်၊ သီချင်းလေး ညည်း၊ ချီပြီး ချော့နဲ့ အတော်ကြာအောင် ချော့မှ သားက ငြိမ်သွားတယ်။ နို့လည်း ကောင်းကောင်းစို့လာတယ်။ အဲဒီအချိန်မှာ မင်းအမေ ဂျူလီယာကတော့ ဆိုဖာ ပေါ် အိပ်ပျော်သွားခဲ့ပြီ။

မနက်ခင်းတစ်ခုမှာ သားသားဆီက ဒုတိယစာကို ရကြတယ်။ ထိုင်း စာတိုက် တံဆိပ်နဲ့၊ မင်းအမေက ဘကြီးကို ဖတ်ပြခိုင်းတယ်။

အချစ်ရေ…

ဒီစာကြောင်းတွေ အချစ်ကို ရှာတွေ့ပါစေလို့ ကိုယ် မျှော်လင့် ပါတယ်၊ စာယူသွားပေးတဲ့ လူကတော့ စာကို ဘန်ကောက်ကနေ ထည့်ပေးမယ်လို့ ပြောသွားတယ်။ ဒါပေမဲ့ နယ်စပ်မှာ သူတို့တွေကို ဖမ်းမိသွားတယ်လို့လည်း ကြားတယ်။ ဒါကြောင့် ဒီ စာ နယူးယောက် ကို ရောက် မရောက် ကိုယ် မသိပါဘူး။ မသေချာပါဘူး။

ကိုယ်တို့သားလေးမွေးပြီလားဟင်၊ ဘယ်လိုနေလဲ၊ ဘယ်သူ နဲ့ တူလဲ၊ သားက မင်းလို နှုတ်ခမ်းဖူးလေးနဲ့လား၊ အချစ်လို မျက်ဝန်း တောက်တောက်လေးလား၊ ကိုယ် အချစ်နားမှာ မရှိတာကို ကျေးဇူး ပြုပြီး ခွင့်လွှတ်ပါတော့။ နေ့တိုင်း၊ အချိန်တိုင်း ကိုယ် မင်းအကြောင်း တွေးနေခဲ့တာ၊ နေထိုင်ကောင်းမယ်လို့လည်း မျှော်လင့်ပါတယ်။

မင်းစကားကို နားထောင်လိုက်ရမှာလို့ ကိုယ်တွေးနေခဲ့ မိတာ ကြာပြီ။ ပြန်လာခဲ့မိတာ မှားများသွားသလား။ အချစ်ကို အားငယ်စေ၊ စိတ်ပျက်စေ၊ ဝမ်းနည်းစေသလို ဖြစ်စေခဲ့တာကို စဉ်းစားမိရင် ရင်ကွဲမတတ် နာကျင်ရတယ်။

ဒါပေမဲ့ အဲဒီ အရေးအခင်းကြီးအတွင်း ရန်ကုန်မှာ နေခဲ့ရ တဲ့ နေ့ရက်တွေကို ကိုယ် တစ်သက်လုံး ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး။

လူတွေ အကြောက်တရားကို ဖယ်ခွာချပြီး ရဲဝံ့လာတာကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရတယ်။ သူတို့မျက်ဝန်းတွေဟာ ဂုဏ် သိက္ခာ၊ ပျော်ရွှင်မှုတွေနဲ့ လက်လက်ထနေတာကို၊ ဘဝမှာ ပထမဆုံး အကြိမ်အဖြစ် အားလုံးအတူတကွ ထရပ်လိုက်ကြတာကို ကြုံခဲ့ ဆုံခဲ့ရတယ်။ ဘယ်လောက်ပဲ ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ ခြေလှမ်းတိုင်းဟာ အောင်ပွဲတစ်ခုပါပဲ။ မိုးရေစက်တွေကြားမှာ လူတွေ လမ်းပေါ် စီတန်းရင်း မိုးရေစိုစို၊ မျက်ရည်စိုစိုနဲ့လေ။

ငါလုပ်သမျှ ဟုတ်သပ ဆိုတဲ့ စစ်အာဏာရှင်ခေတ် အောက် မှာ ဆယ်စုနှစ်တွေ ကြာလာတော့ အကြောက်တရားဟာ မိုးထိ အောင် လှေကားထောင်လာတယ်။ ကြောက်တယ် ဆိုတာ ဘဝရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာတယ်။ အကြောက်တရားက ကိုယ်တို့ကို ဘယ်လောက်ထိ လွှမ်းမိုးချုပ်ကိုင်ထားသလဲ၊ ဘယ်လောက်ထိ စွမ်းအားကြီးသလဲဆိုတာ ကိုသေချာသိတဲ့လူဟာ ပြည်သူတွေထဲမှာ မရှိသလောက် ဖြစ်လာတယ်။

တောထဲမှာ နေခဲ့ရတဲ့ ကိုယ့်ဘဝ အကြောင်းကိုလည်း ပြန်သတိရတာပေါ့။ အဲဒီမှာ ကိုယ် ဘယ်လိုတွေ ခံခဲ့ရတယ်ဆိုတာ အချစ် သိပြီးသားပါ။ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ကြုံဖူးမှ သိမှာပါ။ အဲဒီနေရာမှာ ကိုယ်တို့ဝိညာဉ်တွေကို အကြောက်တရားက ဝါးမြိုစားသုံးသွားခဲ့တယ်လို့တောင်

ဆိုခဲ့ကြ တယ်။ အားလုံးကတော့ ကိုယ်ဟာ အကြောက်တရားကို အောင်နိုင် သူလို့ ထင်ကြတယ်။ ကိုယ့်မှာ အကြောက်တရား မရှိဘူးလို့ ယူဆ ကြတယ်။ တကယ်တော့ ကိုယ် မကြောက်ဘူး ဆိုတာက ကိုယ်က အကြောက်တရားကို အတွင်းမှာ ပိတ်လှောင် ထည့်ထားတာကိုး။ ကြောက်ပါများတော့ ထုံ ဆိုသလို ဖြစ်သွားခဲ့တာ။ ဒါက မကြောက် တာနဲ့ အများကြီး ကွာခြားတယ်။

ကိုယ် ယုံကြည်တာကတော့ အကြောက်တရားကို လုံးဝ ခွာချနိုင်တဲ့တစ်နေ့မှာ ကိုယ်တို့ဟာ လွတ်လပ်ခြင်းရဲ့ အရသာကို မြည်းစမ်းကြည့်နိုင်လာကြလိမ့်မယ်။ ခု ကိုယ်တို့ သတိကြီးကြီး ထားပြီး နေချင်နေရမယ်၊ ထိုးမယ့် ဆင် နောက်တစ်လှမ်း ဆုတ် သလို အသာလေး ဆုတ်ခွာပြီး နေချင်နေရ မယ်၊ ပုန်းအောင်းနေချင် နေရမယ်၊ အကြောက်တရားတွေ ပြန်ဖြစ် ချင် ဖြစ်လာမယ်၊ ဒါပေမဲ့ အကြောက်တရားက လုံးဝဥဿုံ ဖမ်းစားသွားတဲ့ အခြေအနေမျိုး တော့ လုံးဝ ပြန်အဖြစ်မခံနိုင်ဘူး။ ခု ကိုယ် ထိုင်းနယ်စပ်က ဒုက္ခသည် စခန်းလေးတစ်ခုမှာ ခဏခိုနေတယ်။ မြန်မာပြည်က ထွက်ချင်ရင် အချိန်မရွေး ထွက်လာလို့ ရပါပြီ လိုအပ်ရင်ပေါ့။

ကလေးတွေကတော့ သီပေါမှာပဲ။ ဦးကိုထွန်းကလည်း သူတို့ကို စောင့်ရှောက်ပါတယ်။ သူတို့ အန္တရာယ်မရှိပါဘူး။ အခြေ အနေတွေ အေးဆေးသွားရင်တော့ သူတို့ဆီ ပြန်သွားမယ်။

ကိုယ့်ရဲ့ အရိုးသားဆုံး ဆန္ဒကတော့ မင်းကို အမြန်ဆုံး ပြန်တွေ့ဖို့ပါပဲ။ ဒါက မင်းအပေါ် မူတည်ပါတယ်။ ခရီးသွားနိုင် လောက်အောင် ကျန်းမာလာရင်၊ ဒါမှမဟုတ် အခြေအနေကို စောင့် ကြည့်ချင်သေးတယ် ဆိုလည်း ကိုယ် လုံးဝနားလည်ပါတယ်။ ဘာကို မျှော်လင့်ရမှန်း မသိတဲ့ အခြေအနေအတွက်တော့ အကောင်းဆုံး ရွေးချယ်မှု ဖြစ်မှာပါ။ ဒီက ဘဝတွေဟာ ကောင်းမလာသေးတာ လည်း အမှန်ပဲကိုး။

ဘာပဲပြောပြော မင်းကို ဖက်ထားဖို့ မစောင့်ချင်တာတော့ အမှန်ပဲ။ ကိုယ့်သဘောအတိုင်းဆို မနက်ဖြန်တောင် ပြန်တွေ့ လိုက်ချင်သေးတယ်။

ကိုယ့်ကိုမမေ့သွားနဲ့နော်။

မင်းတို့သားအမိနှစ်ယောက်လုံးကို အရမ်းချစ်တဲ့

သားသား

ဂျူလီယာဟာ ဘကြီးလက်ထဲက စာကို ယူပြီး ဒုတိယအကြိမ်၊ တတိယ အကြိမ် ထပ်ဖတ်တယ်။ ပြီးတော့ ချက်ချင်း စာပြန်မတဲ့။ ဘောပင် ယူပြီး စာအိတ် ပေါ် ချရေးတယ်။

သားသား

မသန်စွမ်းကလေးများအတွက် ဘုန်းတော်ကြီးကျောင်း

သီပေါ၊ ရှမ်းပြည်နယ်

မြန်မာနိုင်ငံ

စာရွက်လွတ်ကို သူ ငေးကြည့်နေတယ်။ ဘယ်က စရေးရမှန်း မသိဘူး နေမှာပေါ့။ သားကိုမွေးတဲ့အကြောင်းလား၊ သူ့ရဲ့ အကြောက်တရားတွေ အကြောင်းလား၊ သူတို့ ဘယ်နေရာ ဘယ်အချိန်မှာ တွေ့မှာလဲ ဆိုတဲ့ အကြောင်းလား။

ဂျူလီယာဟာ ခေါင်းတွေ ချာချာလည်လာပုံပဲ။ အတွေးတွေက ရှုပ်လွန်းတော့ ဘာတစ်လုံးမှ ချမရေးနိုင်ဘူးပေါ့။ နောက်ဆုံးတော့ ဘကြီးဆီ စာရွက်နဲ့ ဘောပင် ထိုးပေးတယ်။

"ညီမလေးအနေနဲ့ သူ့ဆီ စာပြန်ပေးပါ အစ်ကိုကြီး" တဲ့။

"အင်း… ဘာရေးလိုက်ရမလဲ"

"ညီမလေးက သူ့ကို ချစ်တယ်လို့ ရေးလိုက်ပါ"

"အင်း.. နောက်တော့ရော"

"ဒါပဲ"

သုံးဆယ့်တစ်

ခရစ္စမတ်အတွက် ဘကြီးတို့ဟာ အပ်စတိတ် နယူးယောက်မှာ အေမီ ဝယ်ထားတဲ့ ယာတောအိမ်ဟောင်းနဲ့ စပါးကျီကို ခရီးထွက်ခဲ့ကြတယ်။ အဲဒီမှာပဲ နှစ်သစ် ကူးကြမယ်လို့ စီစဉ်ထားကြတာပေါ့။

အနှောင့်အယှက် ကင်းကင်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေရရင် ဂျူလီယာ့ အဖို့ ကောင်းမယ်လို့ အေမီက ယုံကြည်တယ်လေ။ အေမီဟာ အစစ အရာရာ လိုလေသေး မရှိ လုပ်ပေးတယ်။ ဈေးဝယ်တာ၊ ခရစ္စမတ်သစ်ပင် လုပ်တာ၊ လူတိုင်း အတွက် လက်ဆောင်တွေ စီစဉ်တာ၊ သစ်ပင်ကို အလှဆင်တာ၊ ကွတ်ကီးတွေ ဖုတ်တာ၊ ချက်ပြုတ်တာ အားလုံး သူချည်း ဒိုင်ခံလုပ်တယ်။ ပထမဆုံး ရက်တွေ မှာ ဂျူလီယာဟာ ကာလရှည်ကြာ အချိန်အတွင်း နေလို့ ထိုင်လို့ ကောင်းလာခဲ့ တယ်။ အိပ်လို့လည်း ပျော်တယ်၊ လမ်းလည်း လျှောက်တယ်၊ ချက်ပြုတ်ရာမှာ လည်း ကူတယ်၊ စကားတွေလည်း ပြောလာတယ်။ မီးဖိုခန်းဟာ သူ့ရယ်သံတွေ ကြောင့် နွေးထွေးလာခဲ့တယ်။

အပြင်မှာတော့ ဒီနှစ်ရဲ့ ပထမဆုံး နှင်းပွင့် နှင်းဖတ်တွေ ကျလာခဲ့ပြီ။ ဘကြီးတို့လည်း နေ့နေ့ညည မီးဖိုနားက မခွာနိုင်ဘူးပေါ့။

တို့များ သီပေါမှာ ကျန်းမာရေးစင်တာ တစ်ခုလောက် ဖွင့်ရရင် ကောင်း မလားလို့ စဉ်းစားမိတယ်”

တစ်ညတော့ ဂျူလီယာဟာ ဘကြီးကို တစ်ဝက်၊ အေမီကို တစ်ဝက် ပြောလိုက်တယ်။

“အဲဒီမှာ အမျိုးမျိုးသော အနှိပ်တွေ၊ ကုထုံးတွေ၊ ယောဂသင်တန်းတွေ အပြင် ညှော်သည်တွေ မြန်မာ့ချက်ပြုတ်နည်းတွေကို လေ့လာနိုင်မယ့် စားသောက် ဆိုင်လေး တစ်ခုလည်း ပါရမယ်”

ဂျူလီယာဟာ စိတ်အားထက်သန်မှု အပြည့်နဲ့ ပြောရင်း-

“နင် ဘယ်လိုထင်လဲ”

လို့ မေးလိုက်တယ်။ အေမီကို မေးတာ သေချာသမို့-

“နင် ဘာဖြစ်လို့ အဲသလို တွေးတာလဲ”

လို့ အေမီက ပြန်မေးလိုက်တယ်။

"ကလေးတွေဟာ အတတ်ပညာ တစ်ခုခုကို တတ်ကျွမ်းသင့်တယ်။ မျက်စိမမြင်သူတွေဟာ အနှိပ်ကောင်းတတ်ကြတယ်။ ထိုင်းက အနှိပ်သင်ပေးတဲ့ ဆရာကို ခေါ်ပြီး သင်လိုက်မယ်။ နိုင်ငံခြားခရီးသွား ဧည့်သည်တွေ ဒါကို ကြိုက် မှာပဲ။ သီပေါရဲ့ ပထမဆုံးစင်တာ ဖြစ်မှာ၊ အစ်ကိုကြီး ဘယ်လိုထင်လဲ"

လို့ ဘကြီးကို မေးတယ်။

"အင်း.. အဲသလိုဖြစ်မယ် ထင်တယ်"

လို့ ဘကြီးလည်း အလိုက်သင့် ဖြေရတာပေါ့။

အေမီက ဘကြီးကို စိတ်အနှောင့်အယှက် ဖြစ်နေတဲ့ မျက်နှာနဲ့ ကြည့်နေတယ်။

"နေပါဦး... နင် ငါ့ကို ပြောပြခဲ့တဲ့ အချက်တွေအရ သီပေါ ဆိုတာ တိုးရစ်အလာများတဲ့ နေရာမှ မဟုတ်ဘဲ။ ခုလို ဗရုတ်ဗရက်ကာလဆို ပိုတောင် မလာဦးမယ်၊ ခုနေ မြန်မာပြည် အလည်သွားတဲ့လူများ ရှိလို့လား"

"ဟုတ်တယ်လေ၊ စိတ်ဝင်စားလာအောင် ငါတို့က လုပ်ယူမှာပေါ့ အေမီရဲ့"

"အချက်အပြုတ် သင်တာရယ်၊ ယောဂရယ်၊ အနှိပ်ရယ်နဲ့လား"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ နင့်မှာ ပိုကောင်းတဲ့အကြံ ရှိရင် ပြောလေ၊ ငါကြားချင်တယ်"

"အိုကေ၊ ပြီးမှ စိတ်မဆိုးနဲ့။ ငါတော့ နင့်အကြံ ကောင်းတယ် မထင် ဘူး။ အရိုးသားဆုံး ပြောရရင် သားသားကလည်း ကြိုက်မယ် မထင်ဘူး"

"ကြည့်ကြတာပေါ့လေ"

ခဏနေတော့ ဂျူလီယာဟာ အိပ်ရာဝင်သွားတော့တယ်။

နောက်တစ်နေ့ မနက်မှာတော့ ဂျူလီယာ မီးဖိုခန်းထဲ အစောကြီး ရောက်နေတဲ့ အသံတွေ ကြားတယ်။ ညက သူ အိပ်ပျော်ပုံ မပေါ်ဘူး။ တစ်နေ့လုံး ဂဏာမငြိမ် ဖြစ်နေတယ်။ တင်းကျပ်ကျပ်ကြီး ဖြစ်နေတယ်။

"ငါ ဘာလုပ်ပေးရမလဲ"

အေမီက နေ့လယ်ပိုင်း လက်ဖက်ရည်သောက်ချိန်မှာ မေးလိုက်တယ်။

"နင် အများကြီး လုပ်ပေးပြီးပါပြီ"

“ဘာ ထပ်လုပ်ပေးရမလဲ မေးတာပါ။ ငါ စိတ်ပူတယ်၊ နင့်ကြည့်ရတာ သိပ်မဟန်ဘူး”

“ရတယ် ကျေးဇူးပါ”

“ဟယ်... ငါ ဒီလိုတောင် မပြောရဘူးလား”

“ငါ့အခြေအနေ ငါ သိပါတယ်၊ မှန်ကြည့်ရုံပဲဟာကို”

“အေးပါဟယ်... ဆောရီးပါ”

အေမီက မီးလင်းဖိုထဲ ထင်းတစ်တုံး ထပ်ထည့်တယ်။

“ဒီမှာ ဆောင်းခိုကြရင် မကောင်းဘူးလား။ ငါ စပါးကျီထဲ ပန်းချီဆွဲနိုင်တယ်၊ နင်နဲ့ ဘိုဘိုလေးလည်း သေချာ အချိန်ရတာပေါ့၊ ဦးဘလည်း အဆင်ပြေ မယ်တင်ပါတယ်၊ အခန်းတွေ အများကြီးပဲလေ”

“ကျေးဇူးပဲ အေမီ၊ ဒါပေမဲ့ ငါ သီပေါကို ပြန်ဖို့ လိုတယ်”

“ဟင်.... ဘယ်တော့လဲ”

“မြန်နိုင်သမျှ အမြန်ဆုံးပေါ့”

“ဘာလို့ အလောသုံးဆယ် ဖြစ်နေတာလဲ ဂျူလီယာရယ်”

“ဟဲ့... နင် တကယ် မေးနေတာလား”

“ခု သားသား ဘယ်ရောက်နေမှန်းတောင် နင်မသိဘဲနဲ့၊ နင့်မှာ ဆက်သွယ်စရာ ဖုန်းနံပါတ်လည်း မရှိ၊ လိပ်စာလည်း မရှိ၊ သီပေါကနေ သွားစောင့်လို့ ဘာထူးမှာလဲအေ့”

“သူ စာထဲမှာ ရေးထားတယ်၊ အခြေအနေတွေက အမြန်ဆုံး ပြန်တည်ငြိမ်သွားမှာပါတဲ့၊ သူ သီပေါကို ပြန်မယ်တဲ့”

“သူ ပြန်မရောက်ရင် ဘယ့်နှယ့်လုပ်မလဲ”

“ငါ သူ့ကို လိုက်ရှာမှာပေါ့”

“ဘယ်မှာ လိုက်ရှာမှာတုန်း၊ မွေးကင်းစ ကလေးပေါက်စလေး ချီပြီး ဒုက္ခသည်စခန်းတွေ တစ်ခုပြီးတစ်ခု လျှောက်ရှာမှာလား”

ဂျူလီယာက နှုတ်ခမ်းကို တင်းတင်းကိုက်ပြီး ချာခနဲ လှည့်ထွက်သွား တယ်။

မီးလင်းဖိုထဲက တောက်နေတဲ့ မီးတောက်တွေကို ငေးရင်း သား အိပ်နေ တဲ့ ပုခက်ကို လွှဲပေးနေတယ်။

"ပြီးတော့ နင့်အခြေအနေနဲ့ ဖြစ်မလားဟဲ့"

"ငါ့အခြေအနေက ဘာဖြစ်နေလို့လဲ"

"နင် ခု ချုံးချုံးကျနေတယ်၊ အိပ်လည်း မအိပ်၊ စားလည်း မစားနဲ့ကိုး၊ နင် အားပြန်မွေးဖို့ လိုတယ်"

အေမီက စစ်ကူတောင်းတဲ့အနေနဲ့ ဘကြီးကို ကြည့်တယ်။

"ငါ့အစ်ကိုကြီး ရှိတာပဲ"

ဂျူလီယာကလည်း ဘကြီးကို မေးဆတ်ပြပြီး-

"အစ်ကိုကြီးဟာ ငါ့အတွက် အင်အားပဲ၊ ငါ့အတွက် အားဆေးပဲ"

လို့ ပြောပြန်တယ်။

"သိပါတယ်၊ ဒါ သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ ဒီမှာ နှစ်လ၊ သုံးလနေ အေးအေးဆေးဆေး အားမွေးပြီး အခြေအနေတွေ တကယ်ကောင်းလာတဲ့ထိ စောင့်ပါဦးတော့လား"

"အရာအားလုံးပဲ"

ဂျူလီယာဟာ မတ်တပ်ထရပ်လိုက်တယ်။ ပြတင်းပေါက်နား သွားပြီး နှင်းတွေကို ငေးနေတယ်။ သူ့အတွေးတွေကတော့ ဒီလိုတဲ့ သားရဲ့။

တစ်ခါလောက် ခံစားလွယ်တဲ့လူအဖြစ် ကိုယ့်ကိုယ်ကိုယ် အဖြစ်ခံပြီး ခဲ့ရင်၊ တစ်ခါလောက် ချစ်ရတဲ့ အရသာနဲ့ အချစ်ခံရတဲ့ အရသာကို မြည်းစမ်းပြီးခဲ့ရင် အထီးကျန်ခြင်းကို ဘယ်တော့မှ အလိုရှိတော့မှာ မဟုတ်ပါဘူး။

ဒီလိုအတွေးကို မင်းအမေခန္ဓာကိုယ်ထဲက အရာအားလုံးက ဆန့်ကျင်တယ်၊ ဂျူလီယာဟာ သူ့အဖေကို သတိရလာပြန်တယ်။ သူ့ဘဝရဲ့ အချစ်ရဆုံးနဲ့ ခွဲခွာပြီး နှစ်ငါးဆယ်ကျော် နေခဲ့ရတဲ့ ဖေဖေ။ အဲဒီကာလ တစ်လျှောက်လုံး သူ မိမိဆီက စာလေးတစ်စောင်တောင် မရခဲ့ဖူးဘူး။ အသံလေး တစ်ချက်တောင် မကြားခဲ့ဖူးဘူး။ ဒါပေမဲ့ ဦးတင်ဝင်းနဲ့ ဒေါ်မိမိတို့ရဲ့ နှလုံးသားတွေဟာ တိုက်ကြီး တွေကို ဖြတ်သန်းရင်း တစ်နည်းနည်းနဲ့ ဆက်သွယ်မိခဲ့ကြတယ်။ ဒီလောက် နှစ်ရှည်လများ ကွဲကွာပြီးတာတောင် သူတို့အချစ်တွေ ရှင်သန်နေခဲ့တာကို ဘာနဲ့မှ ရှင်းပြလို့

မရခဲ့ဘူး။ တစ်နေ့နေ့တော့ သူလည်း ဒါမျိုးဖြစ်စေရမယ်လို့ မင်းအမေ တွေးနေတာပေါ့။ ခု သားသားမရှိတဲ့ နေ့တွေဟာ နေ့တာရှည်လွန်း လှတယ်ကိုး။

အေမီက သက်ပြင်းချရှာတယ်။

"ဦးဘရေ… ရှင်က နှုတ်ဆိတ်မနေနဲ့လေ၊ ရှင် ဘယ်လိုစဉ်းစားလဲ ပြောပါဦး" တဲ့။

သူ့မေးခွန်းက ဘကြီးကို မသက်မသာ ဖြစ်စေတယ်။ အေမီ ပြောတာ တွေ အားလုံး သူ့ဖက်က ကြည့်ရင် အမှန်ချည်းပဲ။ ဒါပေမဲ့ ဘကြီးက ညီမလေးကို လုံးဝဥဿုံ နားလည်တယ်လေ။ ဂျူလီယာဟာ ကိုယ်ပိုင်စည်းမျဉ်း၊ ကွဲပြား ခြားနားတဲ့ ယုတ္တိဗေဒတွေနဲ့ နေထိုင်နေသူ ဖြစ်ခဲ့ပြီကိုး။

ဒါထက်ပိုတာတော့ ဒါဟာ ဂျူလီယာ့ ဆုံးဖြတ်ချက် အတိုင်းပါပဲ။ သူ ဆုံးဖြတ်မှ ပြီးမှာကိုး။ ဘကြီးက ဘေးကနေ ဘာလုပ်ပါ၊ ဘာမလုပ်ပါနဲ့လို့ အမိန့် ဝင်ပေးလို့မှ မရတာ။ သူ မနက်ဖြန် မြန်မာပြည် ပြန်ချင်တယ် ပြောလည်း ဘကြီး က ကူညီမှာပဲ။ အမေရိကမှာ နေချင်တယ်ဆိုလည်း သူ့ကို ထောက်ပံ့ကူညီပေး မှာပဲ။ ဘကြီး ပြောနိုင်သလောက်ကတော့ ဒီဆုံးဖြတ်ချက်မှာ မှားတယ် မှန်တယ် မရှိပါဘူး။ ဘကြီး အေမဲ့မေးခွန်းကို ဘယ်လို ပြန်ဖြေရမှန်း မသိဘူး။ ဒါကြောင့် ဘာမှ ပြန်မပြောခဲ့ဘူး။

ပြန်မပြောတော့ အေမီက ဒေါပွလာရော။

"ဦးဘ… တစ်ခုခုတော့ ပြောလေ၊ ရှင် ပြောတာကို သူနားထောင်မှာပါ"

သုံးဆယ့်နှစ်

ဘကြီးသည် ရေကို စွတ်ကယ်စွတ်ကယ် သောက်ပြီး ကျွန်တော့်ကို ဂရုမထားနိုင် ဖြစ်နေသည်။ သူ့ သားရေအိတ်လေးထဲမှ စာအုပ်ပါးလေး တစ်အုပ်ကို ထုတ် လိုက်သည်။ ကျွန်တော် တစ်ခါမှ မမြင်ဖူးသော စာအုပ်။ အတော်လေး နွမ်းကြေ နေသည်။ မျက်နှာဖုံးမှာတော့ နှစ်ပတ်လည် အမှတ်တရများဟု ရေးထားခဲ့သည်။

"အဲဒါ ဘာလဲဟင်"

ကျွန်တော် မေးလိုက်မိသည်။

"မှတ်စုတွေပါ"

"ဘယ်သူ့ဟာလဲ မေးတာ"

"မင်းအမေရဲ့ မှတ်စုတွေ"

"သားအတွက်လား"

ဘကြီးက ခေါင်းလေး တစ်ဖက်ငဲ့ရင်း-

"ဟုတ်မလား မသိဘူး၊ သားတို့ သီပေါ ပြန်ရောက်ကြပြီးတဲ့အခါ ဂျူလီယာဟာ ဒိုင်ယာရီ စရေးပြန်တယ်။ အတော်များများကတော့ မီးထဲ ပါသွားပြီ။ ဒီတစ်ခုတော့ သူ သိမ်းထားလိုက်နိုင်တယ်"

စာအုပ်က မီးသင်းနံ့ ရနေသလို ခံစားလိုက်ရသည်။

"နှစ်ပတ်လည် အမှတ်တရများ ဆိုတာ ဘာအဓိပ္ပာယ်လဲဟင်"

"မင်းတို့မိသားစုရဲ့ အမှတ်တရတွေပေါ့ကွယ်။ သားရဲ့မွေးနေ့၊ သူ့မွေးနေ့၊ သားသားမွေးနေ့၊ မင်းတို့ သီပေါ ပြန်ရောက်တဲ့နေ့၊ မင်းအဖေနဲ့ အမေ စတင် ဆုံဆည်းခဲ့တဲ့ နေ့၊ ဘကြီး နည်းနည်းဖတ်ပြမယ်၊ ဘုန်းကြီးကျောင်းမှာ နေခဲ့ရတဲ့ အချိန်တွေအကြောင်း ဘကြီးထက်ပိုပြီး ဒီမှတ်စုတွေက စုံစုံလင်လင် ပြောနိုင် လိမ့်မယ်"

"အဲဒါ ဘကြီး ဘယ်က ရလာတာလဲ"

"လုံလုံခြုံခြုံ သိမ်းထားပေးဖို့ မင်းအမေကိုယ်တိုင် ဘကြီးကိုပေးခဲ့တာပါ"

စာမျက်နှာ အတော်များများကို စာရွက်ပိုင်းလေးတွေ ထိပ်မှာ ကပ်ပြီး အမှတ်အသား လုပ်ထားတာကို ကျွန်တော် သတိထားမိသည်။ ဘကြီးက စာဖတ် ရန် ကိုယ်ဟန်ပြင်ရင်း ပထမဆုံး မှတ်ထားသည့် စာပိုဒ်ကို ဖတ်လိုက်သည်။

မေ ၁၇၊ ၂၀၀၈

သားသား မွေးနေ့

မွေးနေ့လက်ဆောင် ကိတ်မုန့် ဖုတ်ပေးဖို့ ကြိုးစားမိတယ်။ တကယ့် ငရဲပဲ။ ကလေးတွေ လုပ်ထားတဲ့ မီးဖိုက အလုပ်မဖြစ်ဘူး။ ကိတ်မုန့်က ကျောက်ခဲ လို မာပြီး သဲလို ခြောက်နေလို့ စားလို့တောင် မရဘူး။

ဒါပေမဲ့ သားသားကတော့ သူ ပထမဆုံး ရဖူးတဲ့ မွေးနေ့လက်ဆောင် ကိတ်ပဲတဲ့လေ။

ကိုယ်က သူ့ထက်တောင် ပိုပြီး စိတ်အနှောင့်အယှက် ဖြစ်ရသေး၊ ဒါမှမဟုတ် ကိုယ် ဒါကို လိုအပ်တာထက် ပိုပိုသာသာ ပြလိုက်မိပြီလား၊ တစ်ခါ တလေတော့ သူနဲ့ စကားပြောရတာ ခက်သား။

သားသားက ကိုယ့်ကို ပြောပြတယ်။ သူ ငယ်ငယ်တုန်းက ကလေးတွေ ဟာ မွေးနေ့မှာ လက်ဆောင်ရလေ့ မရှိဘူးတဲ့။ အဲဒီအစား မွေးနေ့ရှင်က လက်ဆောင် တို့၊ မုန့်တို့ လုပ်ပြီး တခြားလူတွေကို ပေးရ ကျွေးရသတဲ့။ အဲသလို လုပ်ပေးရတာ ကို ဝမ်းသာကျေနပ်ရတာတဲ့။ ပျော်ရွှင်မှု အစစ်အမှန် ဆိုတာ ရယူခြင်း မဟုတ် ပေးဆပ်ခြင်း တဲ့လေ။

ခုတော့ အဲဒီဓလေ့တွေ သုဉ်းကုန်လောက်ပါပြီ။ မြန်မာပြည်မှာတောင် ရှိသေးရဲ့လား မသိ။

***

သားသားဟာ ကိုယ့်ကို နယူးယောက်မှာ တစ်ယောက်တည်း ထားခဲ့မိတဲ့အတွက် သူ့ကိုယ်သူ အတော် ဒေါသထွက်နေပုံပဲ။

ကိုယ်ကရော သူ့ကို စိတ်ဆိုးနေသေးလား။ အင်း... တစ်ခါတလေပေါ့။ အဲဒီအတွက် ကိုယ် သူ့ကို ဝမ်းနည်းစေမိသလား။ ဟင့်အင်... တိုက်ရိုက် တော့ မလုပ်ဖူးပါဘူး။

ဒါပေမဲ့ ခံစားချက်က ချက်ချင်းတော့ ပျောက်မတဲ့လား။ ပထမ သုံး

လေးပတ်လောက်မှာ ကိုယ် ထိုင်နေလို့တောင် မရဘူး၊ တစ်ခုခုပေါ်အာရုံစိုက်ပြီး အဲဒီခံစားချက်ကို မေ့ထားရတယ်။ နောက်မှ ဖြည်းဖြည်းချင်း မိန်ဖျော့သွားခဲ့တာ။

သားသားက ကိုယ့်ကို စိတ်ရှည်ပါတယ်။ အရာရာ ကိုယ့်အတွက် ဦးစား ပေး စဉ်းစားတာပဲ။ သားလေး ဘိုဘိုကိုလည်း လူတိုင်းက ဂရုစိုက်ကြပါတယ်။ အထူးသဖြင့်တော့ မိုးမိုးနဲ့ ကိုမောင်ပေါ့။ ဒါပေမဲ့ ကိုယ့်မှာ ပူစရာတစ်ခုတော့ ကျန်နေတုန်းပဲ။ တစ်ယောက်ယောက်က ကိုယ်တို့ကို ကွဲကွာအောင် လုပ်နိုင်သေး တယ် ဆိုတဲ့ အကြောက်တရားပေါ့။ သူတို့က ကျောင်းဝင်းထဲမှာ ရပ်ပြီး ကိုယ်တို့ ကို ကျောင်းထဲက ဆွဲထုတ်၊ သားသားရယ်၊ ကိုယ်ရယ်၊ သားလေး ဘိုဘိုတောင် မချန်ဘူး၊ သူတို့ကို တားစရာနည်းလမ်းလည်း မရှိဘူးရယ်လို့ပေါ့။

သားသားက ကိုယ့်ကို နှစ်သိမ့်ပါတယ်။ သံဃာတော်တွေရဲ့ သပိတ် ဟာ ခု လူတွေ စိတ်ထဲမှာ မရှိကြတော့ဘူးတဲ့။ ဘင်္ဂလား ပင်လယ်အော်က လာတဲ့ ရောမ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ရန်ကုန်နဲ့ ဧရာဝတီ တစ်ခုလုံး ဖွတ်ဖွတ် ညက်ညက် ကျေသွားသတဲ့။ သေလိုက်ကြတဲ့လူတွေ ဆိုတာ သောက်သောက်လဲ ပဲတဲ့။ အစိုးရဟာ အဲဒီကိစ္စနဲ့ အလုပ်များနေသတဲ့။

ဒီလိုဆိုရင်တောင် ကိုယ်ကတော့ မြို့ ထဲ မသွားဘူး။ ကိုယ်တို့ ဒီမှာ ရှိနေ တာကို လူတွေ မေ့သွားစေချင်လိုက်တာ။ ကိုယ် အဲသလို မျှော်လင့်ပါတယ်။

***

ဩဂုတ် ၂၈၊ ၂၀၀၈

ဒီနေ့ အသက်လေးဆယ် ပြည့်ပြီ။ ငယ်လည်း မငယ်တော့၊ ကြီးလည်း သိပ်မကြီးသေး။

ဖေဖေနဲ့ မေမေ့အကြောင်း စဉ်းစားနေမိတယ်။ အစ်ကို့အကြောင်း လည်း ပါတာပေါ့။ အကြာကြီးတော့ မစဉ်းစားမိပါဘူး။ လူတစ်ယောက်ဟာ မိသားစုနဲ့ ဘယ်လောက်များ ခွဲခွာနိုင်မတဲ့လဲ။ အမြဲတမ်း ကွဲကွာနေတာလည်း ဖြစ်နိုင်တာပဲလေ။

တစ်ခါတလေ စိတ်ကူးထဲ ဖေဖေနဲ့ စကားလက်ဆုံကျမိတယ်။ တကယ် လို့များ ဖေဖေ အသက်ရှိနေသေးရင် ကိုယ် သူ့မွေးရပ်မြေ တိုင်းပြည်မှာ အခြေချ နေတာကို ဘာများ ပြောမယ်မသိ။ ဟင်... ဘုန်းကြီးကျောင်းပျက်တဲ့လား၊ ဒီအခြေ အနေမှာ နေသတဲ့လား၊ သူ အံ့ဩနေမလား၊ ကိုယ့်အတွက် ဂုဏ်ယူနေမှာလား။

သေချာတာပေါ့။

သေချာတာပေါ့ တဲ့လား။ ဘာကိုလဲ။

သားသားက ကိုယ့်ကို ကျောက်စိမ်းလေးတစ်ခု ပေးတယ်။ ကိုယ် စိတ်ထင်လို့လား မသိ၊ အသည်းပုံလေး။

ဒီနှစ်သစ်နဲ့ ကိုယ့်ဘဝရဲ့ ဆယ်စုနှစ် လေးခုမြောက်အတွက် ဘာတွေ ဆုတောင်းလဲ ဆိုတာကို ဘယ်သူမှ မမေးကြဘူး။ သူတို့ ကိုယ့်ကို ဂရုမစိုက်လို့ မမေးတာ မဟုတ်ဘူး။ ဒီမှာ အဲသလို မေးကျင့်ကို မရှိတာ။ အနာဂတ်အတွက် စီမံကိန်းတွေ၊ မျှော်လင့်ချက်တွေ ဆိုတာ ဘာမှ အရေးမပါလှဘူးလေ။

ကိုမောင် ပြောသလိုပဲ ဖြစ်စရာ ရှိတာ ဖြစ်လာမှာပါပဲ။

ဆိုတော့... ကိုယ်ကရော ဘာများ ဆုတောင်း မျှော်လင့်နေရဦးမှာလဲ။

***

နိုဝင်ဘာ ၂၁၊ ၂၀၀၈

ဒီနေ့ သားလေး ဘိုဘို တစ်နှစ်ပြည့်ပြီ။

ကလေးတွေက ဘိုဘို ကြိုက်တဲ့ သရက်သီး ကုလားတည်နဲ့ နို့ထမင်း လုပ်ပေးကြတယ်။ ဘိုဘို့အတွက် သူတို့ သီချင်းတွေ ဆိုကြ၊ ကကြ။

အင်း...ဒီလိုမိသားစုကြီးနဲ့ အုံလိုက်ကျင်းလိုက်နေရတာက နယူးယောက် မှာ သားသားနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း သူ့ကို ပြုစုတာထက် အများကြီး ပိုကောင်း ပါတယ်။ ဘိုဘိုလေးကို ချစ်ကြသူတွေ တစ်ပုံကြီးလေ။ သူ့ကို ဂရုစိုက်မယ့် လူက တစ်ဒါဇင် ရှိတယ်။ အမြဲတမ်း အစာကျွေးဖို့၊ ချီပိုးဖို့၊ ကစားဖို့တစ်ယောက်ယောက် ကတော့ အမြဲ အဆင်သင့် ရှိနေတာပါပဲ။

တစ်ယောက်ယောက်က ကိုယ့်လက်ထဲကနေ သူ့ကို ချီသွားရင် သူ ဘယ်တော့မှ ကလန်ကဆန် မလုပ်ဘူး၊ ပျော်နေရှာတာပဲ။ ဒါကို မြင်ရတာ ကိုယ် စိတ်အေးပါတယ်လေ။ ကိုယ်က စိတ်မရှည်တတ်ဘူး။ ဒီအကျင့်တွေ ပြောင်းလဲ လာမယ်လို့တော့ မျှော်လင့်ရတာပဲ။

စိတ်မရှည်တဲ့အတွက် ကိုယ်ဟာ မိခင်ဆိုးတစ်ယောက်များ ဖြစ်နေသလား။

သားသားကတော့ ကိုယ့်အပူ ကိုယ့်သောကကို နားမလည်နိုင်ရှာဘူး။ ပူစရာမရှိ အခြောက်တိုက် ပူနေတာက ဘဝကို ပိုပြီး ခက်ခဲရှုပ်ထွေး သပွတ်အူ လိုက်စေသတဲ့လေ။

တစ်ခါတလေတော့ အဲသလို ရှင်းအောင်နေတတ်တဲ့ သူ့ကို အားအကျသားပဲ။

***

ဒီဇင်ဘာ၊ ၂၀၀၈

လွန်ခဲ့တဲ့ နှစ်နှစ်က ဒီအပတ်ထဲမှာပဲ သားသားနဲ့ ကိုယ်နဲ့ ပထမဆုံး အကြိမ် မျက်လုံးချင်း စကားပြောမိကြတယ်။ အဲဒီ အခိုက်အတန့်လေးကို ကိုယ့် စိတ်ထဲ ထင်းနေအောင် မှတ်မိတာပေါ့၊ သူ ဝရန်တာလှေကားက ဆင်းလာပြီး ကိုယ်တို့ကို လာနှုတ်ဆက်တဲ့အခါ သူ့ မျက်ဝန်းညိုကြီးတွေဟာ ကိုယ့်အပေါ် ဖြာကျ၊ တိတ်ဆိတ် ငြိမ်သက်စွာ အကြည့်တွေ ရောက်ခဲ့တာ။ သူ ခံစားခဲ့ရတဲ့ ဒုက္ခသောကတွေနဲ့ မလိုက်လောက်အောင်ပဲ သူ့ရယ်သံ ပေါ့ပေါ့ပါးပါးက အံ့ဩ စရာ ကောင်းလိုက်တာ။

ဒါပေမဲ့ အဲဒီနေ့ကို ပြန်စဉ်းစားလို့ မရဘူး။ ဒီဇင်ဘာ ၁၂ လို့ ထင်ပေမယ့် ၁၃ လား၊ ၁၄ လား မသေချာဘူး။

သားသားကတော့ ဘာအရေးကြီးလို့လဲ အချစ်ရယ်လို့ ပြောတယ်။ ကိုယ့်အတွက်တော့ အရေးသိပ်ကြီးတယ် အချစ်ရယ်။

***

သီပေါ၊ ဇန်နဝါရီ၊ ၂၀၀၉

ဘုန်းကြီးကျောင်းအိုမှာ နေခဲ့ရတဲ့ ပထမတစ်နှစ်ကတော့ ကိုယ်တို့ နောက်မှာ ကျန်ရစ်ခဲ့ပြီ။

လာပါ့မယ်လို့ ကတိအထပ်ထပ် ပေးခဲ့တဲ့ မိရွှေအေမီကတော့ ပေါ်မလာခဲ့ဘူး။

ဒီနှစ်တော့ ကျိန်းသေပေါက် လာမယ်လို့ စာပါးလာပြန်တယ်။ လူတိုင်းက ကိုယ်ပြောတဲ့ ဗမာစကားကို သိပ်ပီတာပဲလို့ပြောကြတယ်။ မိုးမိုးကတော့ ကိုယ်ဟာ အရင်ဘဝက ဗမာ ဖြစ်ခဲ့လို့ နေမှာတဲ့လေ။ နေ့တိုင်း အသစ်တစ်ခုခု သင်ယူနေရတယ်။ သားသား ပြောတာက တော့ ဗမာတွေဟာ တောင်းပန်ဖို့ရော၊ အများဝန်ခံဖို့ပါ အင်မတန် ဝန်လေးကြ သတဲ့။ အဲသလို လုပ်လိုက်ရင် လူကြားထဲ မျက်နှာပြဖို့ ခက်သတဲ့။ ပြီးတော့ တခြားလူတွေကို ပြောင်ဝေဖန်တာမျိုးကို ဘယ်တော့မှ မလုပ် မိအောင် သတိထားပါတဲ့။

သူ မှန်ပါတယ်။ ကိုယ် သိသားပဲ။ နယူးယောက်က လူတွေဟာလည်း အများကို ဘယ်တော့မှ ဝန်မခံဘဲ တစ်ယောက်ယောက်ကိုသာ ပုံချလေ့ ရှိတာကို

ကိုယ် သိတယ်လေ။ ကိုယ့်ကို နည်းနည်းလေး ဝေဖန်ရင်ကို ကြက်ခေါင်းဆိတ်မခံ ဖြစ်တတ်ကြတာပဲ။ ဒါ ဗမာ့စရိုက်အစစ်လို့ သူ ပြောနေတဲ့ဟာတွေကို အမေရိက မှာလည်း ကိုယ် တွေ့နေရတာပဲ။ ကိုယ်တို့ဟာ ထင်ထားတာထက် ပိုပြီး တူညီမှု ရှိသားပဲ။

***

ဇန်နဝါရီ ၂၁၊ ၂၀၀၉

ဘိုဘိုလေး နှစ်နှစ်ပြည့်ပြန်ပြီ။

တစ်ခါတလေတော့ သားဟာ ကိုယ့်ကို ခပ်ရှောင်ရှောင် လုပ်နေတယ်လို့ ခံစားမိတယ်။ မနေ့က သူချော်လဲပြီး ဒူးပြဲသွားတယ်။ ဘာလုပ်တယ် မှတ်လဲ၊ တစ်ခါတည်း အော်ဟစ်ငိုယိုပြီး မိုးမိုးဆီ ပြေးသွားတာ။ အင်း... မိုးမိုးက သူနဲ့ အနီးဆုံးမို့လည်း ဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမဲ့ ခဏနေတော့ သူ့ကို ပွေ့ချီလိုက်တဲ့ အခါ သူက အတင်းဖက်ထားပြန်ရော၊ အဲဒီကျတော့လည်း ကြည့်နူးရပြန်တယ်။ ကိုယ့်မလဲ နှစ်နှစ်သားလေး တစ်ယောက်က ကိုယ့်ကို ချစ်၊ မချစ် သက်သေ သက္ကာယ လိုက်ရှာနေသလို ဖြစ်နေပါပေါ့လား။

***

ဩဂုတ် ၂၈၊ ၂၀၁၀။

လေးဆယ့်နှစ်နှစ်တဲ့။ ဆိုတော့ ဘာဖြစ်တုန်း။ ဒီဘုန်းကြီးကျောင်းအိုထဲမှာ အချိန်ဟာ အရေးမှ မပါဘဲ။ အသက်ဆိုတာ ဘာအရေးလဲ။

မျက်လုံးနားက အရေးအကြောင်းတွေ ထင်းလာပြီလား၊ ဆံပင်တွေ ဖြူလာပြီလား ဆိုတာ ကြည့်ဖို့ ကိုယ့်မှာ ကြည့်မှန်ကောင်းကောင်း တစ်ချပ် တောင် မရှိဘူး။ နယူးယောက်မှာတုန်းက ရေချိုးခန်းထဲက မှန်ကို တမေ့တမော ကြည့်ရင်း ဆံပင်ဖြူ မြင်တာနဲ့ ဆွဲနှုတ်ပစ်တာ၊ ခုတော့လည်း ဒါတွေက ကိုယ့် အတွက် ဘာမှ မဟုတ်တော့ပါဘူး။ အရေးကြီးတာကိုပဲ လုပ်တတ်တာ ကိုယ် ကျင့်သားရနေခဲ့ပါပြီ။

နောက်အပတ်ဆို ရေချိုးခန်းနဲ့ ရေဆွဲအိမ်သာတွေ ပြီးပြီ။ နှစ်နှစ်ကြာ သတဲ့လေ။ နယူးယောက်မှာ မိုးမျှော်တိုက်ကြီး တစ်ခုလုံး ဆောက်ဖို့ ကြာချိန် ပေါ့။

***

နိုဝင်ဘာ ၂၁၊ ၂၀၁၀

ဘိုဘို့အသက် သုံးနှစ်ပြည့် မွေးနေ့။ ကိုယ်တို့လုပ်နေကျအတိုင်း ကိတ်တွေ၊

ဖယောင်းတိုင်တွေ၊ သီချင်း တွေ၊ လက်ဆောင်တွေနဲ့ ပွဲခံကြ၊ ဘိုဘိုက စကားရှည်ရှည် ပြောတတ်နေပြီ။ ကိုယ်နဲ့တော့ အင်္ဂလိပ်လိုပြောတယ်။ အကျင့် လုပ်ပေးထားတာ။ တခြားလူတွေနဲ့ တော့ ဗမာလိုချည်း ပြောတာ။

ဘိုဘိုက တိတ်တိတ်ဆိတ်ဆိတ်လေး နေတတ်တယ်။ ရန်လိုတာ အနား ကပ်မခံတာမျိုး မဟုတ်ပါဘူး၊ သူ့ဖာသာသူ ဖာသိဖာသာ နေတတ်တာမျိုးပေါ့။ အမြဲတမ်း လူတွေရဲ့ မျက်လုံးကို စိုက်ကြည့်တတ်တယ်။ ပြူးနေအောင် စိုက်ကြည့် တာ။ သူ့ အကြည့် ခံလိုက်ရရင် တစ်ခါတလေ လူကို တစ်မျိုးကြီး ဖြစ်ဖြစ်သွား တယ်။ ဘာဖြစ်လို့မှန်းတော့ မသိ။

ကိုယ်လည်းလေ အသက်သာ ကြီးလာတယ်၊ စိတ်က ရှည်ထွက်မလာ ဘူး၊ သူနဲ့မှ မဟုတ်ပါဘူး၊ ဘယ်သူနဲ့မှ စိတ်မရှည်တဲ့ အကျင့်။

စိတ်ထဲ အလိုမကျတဲ့ နေ့မျိုးဆို အမေ့ကိုတောင် သတိရမိသေး။ အတော်ဆိုးတဲ့ အတွေး။

အရင်တုန်းက အစ်ကိုကြီးနဲ့ ပြောခဲ့ဖူးတာတစ်ခု အမှတ်ရမိတယ်။ အစ်ကိုကြီးက ကိုယ်တို့အားလုံးဟာ အကျဉ်းစံတွေတဲ့။ ကလေးဘဝမှာ သွားချင် တိုင်း သွားမရ၊ လာချင်တိုင်း လာမရနဲ့ မွေးလာ၊ ငယ်တုန်း ရွယ်တုန်းမှာ အကန့် အသက်တွေနဲ့ နေရ၊ ဘဝအနှောင်ရဲ့ အကန့်အသတ်တွေကို ရှာဖွေဖို့ တစ်သက်လုံး အချိန်ပေးရနဲ့ နောက်ဆုံးတော့ အကောင်းဆုံးက နှောင်ကြိုးတွေကို ဖြတ်ချ၊ လွှတ်ချလိုက်တာပါပဲတဲ့။ ပုတုဇဉ်လူသားအဖို့တော့ အဲဒီနှောင်ကြိုးတွေကို လုံးဝ ကုန်စင်အောင် ဖြတ်ပစ်ဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ဘူးတဲ့လေ။

သူ မှန်လားဆိုတာ မသေချာပါဘူး။ တကယ်လို့ သူ မှန်တယ်ဆိုရင် ဒီနှစ်ပိုင်းတွေအတွင်း ဘိုဘို့ကို ကိုယ်တို့ ဘယ်လိုနှောင်ကြိုးတွေ စွပ်ပေးနေမိ ကြသလဲ။

မသိတော့ပါဘူး။

သားသားကတော့ ခုအတိုင်း ပိုကောင်းပါတယ်တဲ့။

***

ဇန်နဝါရီ ၂၀၁၁

လွန်ခဲ့တဲ့သုံးနှစ်တုန်းက ဒီနေ့မှာ ကိုယ် သီပေါကို သားလေး ဘိုဘိုနဲ့အတူ ရောက်ခဲ့တယ်။ ခု မှတ်တမ်းတင်ချင်ပေမယ့် အဲ့ဒီတုန်းက ဘယ်အချိန် ရောက်လာတယ် ဆိုတာ ကိုယ် မသိဘူး၊ မှတ်ချင်စိတ်လည်း မရှိဘူး။ ဘယ်သူမှ ဒါကို

သတိမထားမိကြဘူး။

ကိုယ်တို့ ရောက်လာတာကို သတိတရ မရှိလို့ မဟုတ်ပါဘူး။

နှစ်ပတ်လည် အမှတ်တရဆိုတာ သားသားနဲ့ ကလေးတွေအတွက် ဘာမှ မဟုတ်ဘူး။ ပစ္စုပ္ပန်တည့်တည့် ရှုဖို့သာ အရေးကြီးသတဲ့လေ။

***

မေ ၁၇၊ ၂၀၁၁

သားသားမွေးနေ့။

နေ့ကောင်းတစ်နေ့တော့ မဟုတ်ခဲ့ဘူး။ သားသားနဲ့ကိုယ် ရန်ဖြစ်ကြတယ်လေ။ တကယ်တော့ ကြိတ်ဖြစ်နေတာ ကြာပြီ။ ဒီနေ့ မှ ပေါက်ကွဲထွက်တာ။

သူက ကလေးအသစ် လေးယောက်လောက် ထပ်လက်ခံချင်သတဲ့။ မျက်မမြင်ကောင်လေး တစ်ယောက်နဲ့ လမ်းမလျှောက်နိုင်တဲ့ ကောင်မလေး သုံးယောက်။ ဆယ်နှစ်ပတ်ချာလည်ပဲ ရှိကြသေးတော့ သူတို့ကို နေ့စဉ် ဂရုတစိုက် ပြုစုရမယ်။ သူတို့ ဘယ်ကရောက်လာလာပေါ့။ မနှစ်က လက်ခံထားတဲ့ လေးယောက်နဲ့ ပေါင်းရင် အားလုံးပေါင်း အယောက်နှစ်ဆယ် ရှိမယ်၊ ကိုယ့်အတွက် တော့ မနိုင်ရင်ကာပဲလေ။

သူက မနိုင်ရင်ကာ ဆိုတာ ဘာကို ဆိုလိုတာလဲတဲ့။

မနိုင်ရင်ကာ ဆိုတာ ဆန်နဲ့အိုး မမျှအောင် တာဝန်တွေ ပိနေတာ ပြောတာပေါ့။

အကူအညီတွေ လိုလာတော့မယ်လို့ ပြောတာပေါ့။

မိသားစုက မဆန့်မပြဲ ကြီးလာပြီး ကိုယ်တို့အတွက် ကိုယ်ပိုင်အချိန် ဆိုတာ မရှိသလောက် ဖြစ်တော့မယ်လို့ ပြောတာပေါ့။

အဲသလို သူ မေးတာကိုက ကိုယ့်ကို စိတ်တိုစေတယ်။ ဒါ တမင် ညစ်မေးတာလိုပဲ။

သားသားက နားမလည်နိုင်ဘူး ဖြစ်နေတယ်။ ကလေးတွေဟာ အမှီ အခိုကင်းနေပါပြီ တဲ့။ အများစုက အရွယ်ရောက်လာပြီ တဲ့။ သူတို့ဘာသာ စောင့်ရှောက်တတ်နေပြီတဲ့။ ကလေးအကြီးတွေက အငယ်တွေကို စောင့်ရှောက် လိမ့်မပေါ့တဲ့။ နည်းနည်း ပိုများတော့ရော ဘာဖြစ်တုန်းတဲ့။ အဲသလို ပေကပ်ကပ်

ပြောတော့ ဒေါသက ဟုန်းကနဲ၊ ကိုယ် သူ့ကို ခွက်နဲ့ ကောက်ပေါက်လိုက်တယ်။ ပေါက်ပြီးပြီးချင်း မှားမှန်းသိလို့တောင်းပန်ပေမယ့် သူက စကား တစ်ခွန်း မှ မပြောဘဲ ထထွက်သွားတယ်။ ညထိ ပြန်မလာခဲ့ဖူး။ ကိုယ့်ရဲ့ ပေါက်ကွဲလွယ်တဲ့ စိတ်ကို ရှက်မိပါတယ်။ အဲဒီ ဒေါသတွေ ဘယ်ကနေ ရောက်လာမှန်း မသိဘူး။ ကိုယ် ကြောက်မိတယ်။ ကိုယ့်ပြဿနာကလေ သူကလွဲလို့ ကိုယ် စကားပြောရမယ့် လူ မရှိတာပဲ။

***

ဩဂုတ် ၂၈၊ ၂၀၁၁

ကိုယ့်မွေးနေ့ကိုယ် မေ့တော့မလို့ပဲ။

ပြီးခဲ့တဲ့လတွေဟာ တကယ်ခက်ခဲတာပဲ။ ကိုယ့်ကို အသည်းမာတဲ့သူ လို့ မထင်စေချင်တာနဲ့ပဲ သူပြောတဲ့ ကလေး လေးယောက်ကို လက်ခံလိုက်ရ တယ်။ ထင်တဲ့အတိုင်းပဲ။ ကိုယ်ကြောက်တဲ့ အခြေအနေထက် ပိုဆိုးတယ်။ အမြဲ စောင့်ကြည့် ဂရုစိုက်ပေးရတဲ့ ကလေးတွေ။

ကိုယ်လည်း အဖျားလေးက ပေါ်လိုက် ပျောက်လိုက်နဲ့ ဖြစ်နေတယ်။ မန္တလေးက ကိုယ့်ဆရာဝန်ကလည်း ဘာမှ မရှင်းပြဘူး။ သားသားက ကိုယ့်ကို အထိမခံ ရွှေပန်းကန်တဲ့။ ထစ်ကနဲရှိ ဒေါသပဲ ထွက်နေတာပဲ တဲ့။ သူ မှန်တယ် ထင်တယ်။ ကိုယ် နယူးယောက်ကို လွမ်းတယ်။ ဘာကို လွမ်းတာလဲလို့ မေးရင် တော့ ဖြေစရာ တိတိကျကျ မရှိပါဘူး။ ဒါပေမဲ့ အရမ်းကို လွမ်းတာ။ နယူးယောက်မှာ ကိုယ်နဲ့ ခုထိ အဆက်အသွယ် မပြတ်တာဆိုလို့ အေမီပဲ ရှိတယ်။ ဒါပေမဲ့ လည်းလေ။ အိမ်လွမ်းနာလို့ ခေါ်လို့ရမယ် ဆိုရင် ကိုယ် အဲသလိုမျိုး ဖြစ်နေတယ်။ တဖြည်းဖြည်း ကောင်းမလာဘဲ ပိုပိုဆိုးလာတယ်။ သားသားကတော့ ခဏတဖြုတ် ပြန်ချင် ပြန်လိုက်ပါလားတဲ့။ ဒါပေမဲ့ အဲသလိုဆိုတော့လည်း မပြန်ရဲပြန် ဘူး။ ကိုယ် ဘာကို ကြောက်နေမိပါလိမ့်။

အတွင်းစိတ်ထဲ မသက်မသာ ဖြစ်နေတာကြီး ပြန်ပေါ်လာခဲ့ပြီ။ ကြည့် ရတာ တစ်သက်လုံး မပျောက်တော့ဘူး ထင်ပါရဲ့။ ဒါမှမဟုတ် အမြဲရှိနေတာကို ခုမှ ရပ်ကြည့်မိလို့ သတိထားမိတာလား။ တစ်ခါတလေ အဲဒါကြီးက ဒေါသအနေ နဲ့ တစ်ရှိန်ထိုး ဘီလူးဆိုင်းတီး ထွက်ပြလာရင် ကိုယ်တောင် ကြောက်မိတယ်။ ဘယ်သူမှ ကိုယ့်ကို မဝေဖန်ပေမယ့် လာမယ့်နေ့တွေမှာ ကိစ္စတွေဟာ ချောချော မွေ့မွေ့ ဖြစ်ပါ့မလားပဲ။

အဲဒါကြီးဘယ်က ဘယ်လို ကိုယ့်စိတ်ထဲ ရောက်လာသလဲ ဆိုတာ မသိပါဘူး။ ကိုယ့်ဘဝက ပန်းခင်းသောလမ်းလို့ ပြောလို့ ရနေပြီပဲကို။ ကိုယ်တို့ ဟာ

ကျန်းမာတယ်၊ စိတ်ချမ်းသာတယ်၊ ဈေးထဲမှာ ကဖေးဆိုင်လေး ဖွင့်ဖို့ အစီအမံတွေလည်း အကုန် လုပ်ပြီးပြီ။ တစ်ယောက်ယောက်က ကိုယ်တို့ကို လာဖမ်းမယ်၊ ဆွဲချမယ် ဆိုတဲ့ အကြောက်တရားတွေဟာလည်း မဟုတ်ကြောင်း အချိန် က သက်သေပြခဲ့ပြီးပြီ။ ပိုပြီး လုံခြုံစိတ်ချရတဲ့ ခံစားချက်မျိုး ဝင်သင့်တာ၊ ခုတော့ကွယ်...။

ခုတော့ ဘယ်သူမှ မမြင်နိုင်ပေမယ့် ဝင်လာတော့မယ့် မုန်တိုင်းတစ်ခုရဲ့ အရိပ်အယောင်ကို ကိုယ့်မယ် ကူကယ်ရာမဲ့ ထိုင်ကြည့်နေရသလို ခံစားရတယ်။

သားသားကတော့ ထုံးစံအတိုင်း မင်းက ပူစရာမရှိ ကြံဖန်ပူနေတာ ပါလို့ ပြောပြန်တယ်။ ဒါလည်း သူ မှန်တာပါပဲ။ ဒါပေမဲ့ ဒါကို ပြောင်းလဲပစ်ဖို့ ကိုယ် ဘာလုပ်နိုင်သလဲ ဆိုတာတော့ သူ ဘယ်သိရှာပါ့မလဲ။

***

စတုတ္ထနှစ်ပတ်လည်နေ့

ခရစ္စမတ်ပြီးရင် သားသားနဲ့အတူ တစ်နေရာရာ သွားချင်တယ်။ ကိုယ်တို့ နှစ်ယောက်တည်းပေါ့။ မန္တလေး၊ ပုဂံ၊ ဘယ်ဖြစ်ဖြစ်ကွာ၊ ကိုယ်တို့နှစ်ယောက် သုံးနှစ်ကျော် နေ့တိုင်း အတူရှိနေခဲ့တာပဲ။ ဒါပေမဲ့ ကိုယ်တို့ ဝေးကွာလာသလို ခံစားရတယ်။ သူနဲ့အတူ နှစ်ယောက်တည်း အချိန်ပေးကြည့်ချင်တယ်။

ကျွန်မ ရှင့်ကို လွမ်းတယ်လို့ကိုယ် သူ့ကို ပြောမိတော့ ကိုယ် ဒီမှာပဲ မင်းနဲ့ အတူ ရှိနေတာလေ တဲ့။

အဲသလို မဟုတ်ဘူး။ ကိုယ် ပြောတာ သူ နားမလည်ဘူး။ ဘယ်မှာ ရှိနေတာ မရှိနေတာကို ပြောတာ မဟုတ်ဘူး။ ဒါပေမဲ့ ထုံးစံအတိုင်း ကိုယ် ပြောတာ ကို နားလည်လည်၊ မလည်လည် သားသားက ကိုယ့်ဆန္ဒကို အလေးထားပြီး ချက်ချင်း သဘောတူလိုက်တာပါပဲ။

မနေ့က သီပေါမှာ ပထမဆုံး အင်တာနက်ကဖေးဆိုင်လေး ဖွင့်တယ်။ ကမ္ဘာလေး ကဖေး တဲ့။ နံရံမှာတော့ ဆန္ဒကို သိက္ခာဖြင့် ထိန်းပါ ဆိုတာကို အင်္ဂလိပ်လို၊ ဗမာလို ရေးထားတယ်။ ဘာကို ဆိုလိုတာလဲလို့ ဆိုင်ရှင်ကို မေးကြည့်တော့ သူက ရှင်းပြ ရမှာ ခက်နေတဲ့ ပုံနဲ့ လူတွေကို အပြာဝက်ဘ်ဆိုက်တွေ မဝင်အောင် သတိပေး ထားတာလို့ ရှင်းပြတယ်။

အဲဒါကို မဝင်ရအောင် တားမြစ်ထားလို့ မဟုတ်ဘူး။ လူမြင်ကွင်းမှာ အဲဒီ ဝက်ဘ်ဆိုက်တွေ ဝင်နေတာဟာ သိက္ခာမဲ့တာတဲ့။

အဲသလို သတိပေးတာမျိုးဟာ အမေရိကမှာ ဘယ်တုန်းကမှ အလုပ်မဖြစ်ဘူးလို့ ကိုယ် သူ့ကို ပြောပြတယ်။ လူတွေမှာ ကိုယ့်သိက္ခာ ကိုယ်ထိန်းဖို့ ဆိုတာ အများစုအတွက်တော့ မဟန်။

ကိုယ် ပြောတာကို သူ နားမလည်ပါဘူး။

နာရီဝက်လောက် အချိန်ဖြုန်းပြီးတဲ့အခါ နယူးယောက်တိုင်းမ် ဝက်ဘ်ဆိုက်ကို ဝင်ဖို့ ကြိုးစားနေမိတာကို လက်မြှောက်လိုက်တယ်။

အေမီဆီတော့ အီးမေးလ်ပို့ချင်သား။ ဒါပေမဲ့ ကော်နက်ရှင်က အီးမေးလ်လေး ပို့ဖို့အတွက်တောင် နှေးလွန်းအားကြီးတယ်။

***

မှတ်သားထားသော စာရွက်အပိုင်းအစလေးများ ဤတွင် ဆုံး၏။ ဘကြီးက စာအုပ်ကို ပိတ်လိုက်ပြီး သူ့အိတ်ထဲသို့ ဂရုတစိုက် ပြန်လည် ထည့်သွင်းလိုက် သည်။ ပြီးတော့ သူက ခုလို ပြောလေသည်။

"အဲဒီနောက်ပိုင်း ဘာဆက်ဖြစ်တယ် ဆိုတာ ဂျူလီယာ့ မှတ်စုထဲမှာ မရှိတော့ဘူး သားရဲ့၊ ဘကြီးကိုယ်တိုင်ပဲ သားကို ပြောပြရတော့မှာပဲ"

သုံးဆယ့်သုံး

သီပေါဖက်မှာ မီးခိုး တလူလူ တက်လာခဲ့သည်။ မြို့အထက် ကောင်းကင်ယံမှာ တိမ်မည်းညိုတွေက အုပ်ဆိုင်းထားသည်။ မီးလောင်ညှော်နံ့က လေအဝှေ့မှာ ဘုန်းကြီးကျောင်းအို အထိ ရောက်လာခဲ့သည်။

သားသားက ဆိုင်ကယ်ကို ထုတ်ပြီး ဘာဖြစ်သလဲ သွားကြည့်ဦးမယ် ဟု ဆိုကာ ထွက်လာခဲ့သည်။ အကူအညီများ ပေးနိုင်မလားပေါ့။

မီးလောင်နေသော အိမ်များ၊ တဲများကို အဝေးကပင် လှမ်းမြင်ရသည်။ တောင်ပိုင်းမှာတော့ မြစ်နားက ရပ်ကွက်ကြီးတစ်ခုလုံး မီးတွေ ဟုန်းဟုန်းတောက် နေသည်။ ဗလီနားက ရပ်ကွက်၊ မွတ်စလင်အများစု နေကြသော ရပ်ကွက် ဖြစ် သည်။

လူတွေ လမ်းပေါ်မှာ ခြေချင်းလိမ်နေကြသည်။ လက်ထဲမလဲ ရဲတင်း တွေ၊ တင်းပုတ်တွေ၊ ပေါက်ချွန်းတွေ၊ ဓားတွေနှင့်။ တချို့မျက်နှာတွေကို သူ ကောင်းကောင်း ရင်းနှီးသည်။ တချို့ကိုတော့ ခပ်ရေးရေးမှျသာ၊ သို့သော် အများစု ကိုတော့ သူ လုံးဝ သိလည်း မသိ၊ မြင်လည်း မမြင်ဖူး။

ဈေးသည် ပိတ်ထား၏။ ဆိုင်တွေကို တံခါးအထပ်ထပ်၊ သော့အသွယ်သွယ် ခတ်၍ ထားသည်။ အမျိုးသမီးတွေနှင့် ကလေးတွေ ပြတင်းပေါက်လေး တစ်ခုမှ ပြူတစ်ပြူတစ် ချောင်းနေကြတာကို တွေ့မိသည်။

ရဲလည်း မရှိ၊ တပ်လည်း နတ္ထိ။

စေတီလေးတစ်ဆူရှေ့မှာ ရဟန်းပျိုတွေ ရပ်တော်မူနေကြသည်။ လူအုပ် ကြီးနောက် စိတ်ချရသော အကွာအဝေးမှ သူတို့ လိုက်လာကြပုံပင်။ သူတို့က သားသားကို ဘာဖြစ်တာလဲ ဆိုတာ ရှင်းပြသည်။ ကောလဟာလတွေက များလှ ၏။ မနေ့ညက ဗုဒ္ဓဘာသာ မိန်းမပျိုလေး နှစ်ယောက်ကို ဘာသာခြား ညီအစ်ကို နှစ်ယောက်က မုဒိန်းကျင့်လိုက်ကြသတဲ့။ နောက်ပုံစံ တစ်မျိုးကတော့ မုဒိန်း ကျင့်ခံရသူက မိန်းမကြီးတစ်ယောက်တဲ့။ တတိယပုံစံမှာတော့ လူမမည် ကလေး မလေးတဲ့။ သားကောင်က တစ်ခါပြော တစ်မျိုးဖြစ်ပေမယ့် ကျူးလွန်သူကတော့ အမြဲတစေ မွတ်စလင်တွေပါပဲဟု သတင်းများက ဆို၏။ ဒီနေ့မနက်တော့ ဒေါသ ထွက်နေသည့် လူအုပ်ကြီးက မွတ်စလင်အိမ်တွေ၊ တဲတွေကို မီးတင်ရှို့လိုက် ကြသည်။ ခံရသူ မွတ်စလင်တို့အနက် အချို့က ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကြိုးစားကြသည်။ အများစုက တောထဲသို့ လည်းကောင်း၊ မြစ်ကိုကူး၍ လည်း ကောင်း ပြေးကြသည်။ အချို့ ရေနစ်ကုန်ကြသည်။ အသေအပျောက် ဒဏ်ရာရ

သူများ မနည်းမနောဟု ရဟန်းပျိုတို့က မိန့်၏။

သူ ဘာလုပ်ရကောင်းမလဲ ဆိုသော အတွေးဖြင့် ဆိုင်ကယ်ကို မောင်းလာခဲ့သည်။ တံတားတစ်ခု အောက်မှာ ပုန်းနေသော ကောင်လေးတစ်ယောက် ကို သူ ဖြတ်ကျော်လာခဲ့သည်။ နေပါဦး... ဒီကောင်လေးကို မြင်ဖူးပါတယ်။ ဪ... သူတို့မိသားစုက ဈေးထဲမှာ ကုန်စုံဆိုင် ဖွင့်ထားတာပဲ။ သားသားနှင့် မိုးမိုး တို့ အဲဒီဆိုင်မှာ မကြာခဏ ဆန်ဝယ်ဖူးသည်။ ဆိုင်ကယ်ကို ရပ်၍ ဒေါက်ထောက်လိုက်သည်။

"သားလေး... အဆင်ပြေရဲ့လား၊ လာပါဦး"

ကလေးက မြက်ရိုင်းတောထဲ ပို၍ တိုးဝင်သွားသည်။ တုတ်တုတ်မျှ မလှုပ်ဘဲ ထိုနေရာမှာ ထိုင်နေရှာသည်။

"သား... လာလေ၊ မင်း ညီလေး မဟုတ်လား"

ကလေးက မလှုပ်။

သားသားက သူပုန်းနေသော နေရာထိ ဆင်းသွားသည်။ ကောင်လေးက သားသားကို မှတ်မိပုံပင်။ အလန့်တကြား မရှိ။ သို့ မဟုတ် သူ့ခမျာ လှုပ်ကို မလှုပ်နိုင်လောက်အောင် အမောဆို့နေတာများလား။ ခြေတွေ လက်တွေမှာ လည်း မီးလောင်ရာတွေ၊ ခြစ်ရာတွေ မြင်မကောင်း၊ မျက်နှာကလည်း မီးခိုးတွေ နှင့် မည်းလို့။

သားသားက သူ့လက်မောင်းလေးတွေကို ကိုင်လိုက်သည်။

"ကလေး၊ ဘာဖြစ်တာလဲဟင်၊ ပြောပြမယ်မို့လား၊ မင်းအဖေရော" သားသား ပြန်သောအခါ သူ့ခါးကို ကျစ်ကျစ်ပါအောင် ဖက်ထားသော ကောင်ကလေး တစ်ယောက် ဆိုင်ကယ်နောက်မှာ ထိုင်ရက်သား ပါလာခဲ့သည်။ နှစ်ယောက်လုံးဆီမှ မီးလောင်ညှော်နံ့တွေ ထွက်လို့ နေသည်။

"ဒါ ညီလေးလို့ ခေါ်တယ်၊ သူ ဒီနေ့ကစပြီး တို့နဲ့ နေရမယ်"

ကလေး၏ ခြေနှင့်လက်တွေမှာ မီးလောင်ဒဏ်ရာနဲ့ အခြားဒဏ်ရာ တွေကို ဂျူလီယာ မြင်၏။

"သူ ဘာဖြစ်လာတာလဲ သားသား"

"နောက်မှ ပြောပြမယ်"

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေရှာသော ကလေးငယ်ရှေ့မှာ သားသားက ဒူးထောက်ထိုင်လိုက်သည်။ ကျောင်းမှာရှိသော ကလေးများကို တယောက်ချင်း မိတ်ဆက်ပေးသည်။ ကလေးကို ခုချိန်ကစ၍ ဘာမှ ကြောက်စရာ မလိုကြောင်း၊ လုံခြုံစိတ်ချရပြီ ဖြစ်ကြောင်း အားပေး၏။ ဘုန်းကြီးကျောင်း ကို မည်သူမှ မတိုက်ခိုက်ရဲ။

ဂျူလီယာက အရေးပေါ်ဆေးသေတ္တာကို ထုတ်ကာ ကလေး၏ ဒဏ်ရာများကို ကုသပေးသည်။ ခြေထောက်တွေကို အဝတ်ရေစိုနှင့် သုတ်ကာ ပိုးသတ် ဆေး ဖြန်းသည်။ ကလေးက နာကျင်မှုကြောင့် မျက်နှာလေး ရှုံ့မဲ့နေသော်လည်း အသံတော့ မထွက်ရှာ။

"သားက အသက် ဘယ်နှနှစ် ရှိပြီလဲ"

အာရုံလွှဲသည့် အနေဖြင့် ဂျူလီယာက မေးလိုက်သည်။ ကလေးက ရှေ့တူရူကို ငေးကြည့်နေသော်လည်း ပြန်မဖြေခဲ့။

ဘယ်ဘက်လက်မှာ အရည်ကြည်ဖုတွေ ပေါက်နေတာ အများကြီး တွေ့ရသည်။ ဂျူလီယာက ဆေးထည့်ပေးသည်။ အတော် နာမှာ သေချာသည်။

"သားအသက်အသက်ကရှစ်နှစ်လောက် ထင်တယ်၊ သုံးတန်းလား၊ လေးတန်းလား"

ဘာမှ မဖြေ။

"ဒါမှမဟုတ် မင်းက ကျောင်းမသွားဘူး ထင်တယ်"

တိတ်ဆိတ်။

"အစ်ကိုတွေ၊ အစ်မတွေ ရှိတယ် မဟုတ်လား"

"ဂျူလီယာ"

သားသားက ဂျူလီယာ့ကို ခေါင်းယမ်းပြသည်။ ဘာမှမမေးနဲ့ ဆိုသည့် သဘော။ သူ ခပ်မဆိတ် နေလိုက်ရသည်။

ညီလေးကို ဆေးထည့်ပြီးသောအခါ အခြားကလေးတွေက သူ့ကို မီးဖို ထဲ ခေါ်သွားကြသည်။ တစ်ခုခု ကျွေးကြမည် ဖြစ်သည်။

ဂျူလီယာနှင့် သားသားတို့ နှစ်ယောက် ဝရန်တာမှာ ထိုင်ကြသည်။ သားသားက သူ မြင်ခဲ့၊ ကြားခဲ့တာတွေကို ပြောပြသည်။ အဆိုပါ ဒေါသထွက်နေ

သော လူအုပ်ကြီး ဆိုတာ တစ်ယောက်မှ သီပေါက မဟုတ်ဟု မြို့ခံတွေက အတိအကျ ဆိုသည်။ မနက်အစောက သူတို့ကို အစိမ်းပုပ်ရောင် ထရပ်ကားကြီးတွေနှင့် တင်ခေါ်လာခဲ့သည်ကို တွေ့ရပါသတဲ့။ ဒါက အမှန်တကယ် ဖြစ်ခဲ့သော ကိစ္စ၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်လိမ့်မည်။ သူသိနေသော မြို့ထဲက လူတွေလည်း အိမ်နီးနားချင်းတွေကို မီးရှို့သည့်ထဲ ပါနေသည်ကို သားသား သိသည်ပဲ၊ မြင် သည်ပဲ။

"ညီလေးတို့ မိသားစုရော ဘာဖြစ်သွားလဲ"

"တစ်အိမ်လုံး ပြာကျသွားတယ်။ ကောင်လေးက ဘာမှ သိပ်မပြောပါဘူး။ ကိုယ် သိသလောက်တော့ သူ့အဖေရယ်၊ အမေရယ်၊ သူ့ညီမလေးရယ် မီးထဲ ပါသွားတယ်။ သူ့အစ်ကို နှစ်ယောက်ကတော့ လွတ်သွားတယ်၊ ဒါပေမဲ့ ဘယ်မှာ ပုန်းနေလဲ သူလည်း မသိဘူးတဲ့"

ဂျူလီယာက မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်ပြီး ခေါင်းယမ်းသည်။

"ဘုရား... ဘုရား၊ ရဲတွေ မလာကြဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မပြောတတ်ဘူး"

"စစ်တပ်ကရော"

"ဘယ်မှာမှ မတွေ့ဘူး"

"ကျွန်မတို့ ဘာလုပ်ပေးနိုင်လဲ"

"ဘာမှ သိပ်မလုပ်ပေးနိုင်ပါဘူး"

"ဒါဆို သူ့အစ်ကိုတွေကို မတွေ့မချင်း ညီလေးကို ဒီမှာ ထားရမှာပေါ့"

သားသားက ခေါင်းညိတ်သည်။

"အင်း.... သူ့အစ်ကိုတွေ အသက်ရှင်နေပါစေလို့ မျှော်လင့်မိတယ်"

"သူ့ဆွေမျိုးတွေများ ဒီမှာ ရှိသလား၊ ဒါမှမဟုတ် မန္တလေးမှာပေါ့"

"ရှိချင်လည်း ရှိမှာပေါ့လေ"

သားသားက ဂျူလီယာ့ကို အနားသို့ ဆွဲယူလိုက်သည်။ ခုမှ သူ့တစ်ကိုယ်

လုံးလည်း တုန်ယင်နေသည်ကို ဂျူလီယာ သတိထားမိသည်။ သားသားကို သူ ဖက်လိုက်သည်။ ချွေးစေးတွေ ခေါင်းမှသည် လည်ကုတ်ဆီသို့ စီးကျနေပါလား။

"ကိုယ် မြို့ထဲ သွားကြည့်ဦးမယ်"

"ကျွန်မ လိုက်ခဲ့ရမလား"

"ဟင့်အင်း.. ဒီမှာနေခဲ့နော်။ ကလေးတွေနဲ့ နေခဲ့ပါ၊ ကိုယ်မကြာဘူး၊ ညီလေး ဆွေမျိုးတွေကိုလည်း ရှာကြည့်ရဦးမယ်လေ"

သုံးဆယ့်လေး

ကျောင်းဝင်းတံခါးရှေ့မှာ လူ နှစ်ဒါဇင်ခန့် ရပ်နေကြသည်။ အများစုက ဝါးရင်းတုတ် တွေနှင့်၊ အချို့ကတော့ ရဲဒင်းတွေ၊ ဓာတ်မီးတွေ ကိုင်ထားကြသည်။ သူတို့အင်္ကျီ၊ လုံချည်တွေမှာ မီးခိုးမှိုင်းတွေနှင့် သွေးခြောက်တွေလို အရာတွေ မသဒ်ီစရာ ကပ်ညှိ နေသည်။

သားသားက ပြန်မလာသေး။ မိုးမိုးကို ဘိုဘိုနှင့် ညီလေးကို ခန်းမထဲ ပို့ထားဖို့ ဂျူလီယာက မှာသည်။ အခြားကလေးတွေလည်း လိုက်သွားကြသည်။

ကလေးအားလုံး ခန်းမထဲ ရောက်သွားချိန်ထိ ဂျူလီယာ စောင့်နေလိုက်သည်။ ပြီးမှ အသက်ကို ကြိမ်ဖန်များစွာ ရှူပြီး ထိုလူအုပ်နှင့် ရင်ဆိုင်လိုက်သည်။

သူ့ဘဝမှာ ဘယ်တုန်းကမှ ခုလို အချိန်မျိုးအတွက် ပြင်ဆင်ထားခြင်းမရှိခဲ့။

တကယ်လို့များ သားသားသာ သူ့ဘေးမှာ မားမားမတ်မတ် ရပ်နေခဲ့ရင်လို့ သူ တွေးနေမိသည်။ အမုန်းတိမ်သလ္လာ ဖုံး၍ ဆင်ခြင်တုံတရား နတ္ထိဖြစ် နေသော ဤလူစုကို ကိုင်တွယ်ရန် နည်းလမ်း သူ့မှာ ရှိပေလိမ့်မည်။ ဒေါသနှင့် အမုန်တို့က ဤလူတွေကို ကန်းစေ၊ ထိုင်းစေခဲ့ပြီ။

သူကတော့ ထိုသူတွေကို မကိုင်တွယ်တတ်။

သားသားမှာ ဤလူစုအတွက် သင့်တော်သည့် စကားလုံးတွေ ရှိပေလိမ့်မည်။ သူ့ဘဝမှာ သေခြင်းတရားနှင့် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ထွေခင်း ကစားခဲ့ပြီးသူ တစ်ယောက်အဖို့ ရဲဒင်းလေး မဖြစ်ညစ်ကျယ် ကိုင်ထားသော လူတစ်စုသည် ဘာမှ မဟုတ်။

သူကတော့ ထိုသို့မဟုတ်။

ဂျူလီယာ့နှလုံးက လည်ချောင်းဝ ရောက်နေသလို တစ်ဆို့ဆို့ ဖြစ်နေသည်။

ထိုလူစုနှင့် ဆယ်ကိုက်အကွာမှာ သူ ရပ်လိုက်သည်။

"ဘာကူညီရမလဲ"

ဟု ဗမာလို မေးလိုက်သည်။ သူ့ဗမာ စကားက မြန်မာတစ်ယောက်လို စင်းလုံးချောနီးပါး ဖြစ်သည်။ အမေရိကန် လေသံလေး မဆိုစလောက်သာ ပေါက်သည်။ ယဉ်ကျေးသည်။ ရိုးသားသည်။ သို့သော် ခိုင်မာသည်။ အားရှိသည်။ သူ

ထင်ထားသလို မဟုတ်။

လူတစ်ယောက်က ရှေ့ထွက်လာသည်။ သူက ဂျူလီယာ့ထက် ခေါင်းတစ်လုံးလောက် ပုသည်။ သို့သော် ကြွက်သား အမြှောင်းမြှောင်းနှင့်၊ လက်ထဲ မလဲ ပုဆိန်နှင့်၊ မျက်နှာက စိတ်လှုပ်ရှားမှုကြောင့်လား မသိ ရဲနေသည်။ နဖူးနှင့် လည်ပင်းမှ သွေးပြန်ကြောကြီးတွေက တီကောင်တွေလို ထင်းနေသည်။

"ခင်ဗျား ဘာကြောင့် မွတ်စလင် တစ်ယောက်ကို အကာအကွယ် ပေးထားတာလဲ"

ဟု သူက အော်ဟစ်လိုက်သည်။

"ကျွန်မတို့ ဘယ်မွတ်စလင်ကိုမှ အကာအကွယ်ပေး ထားတာ မဟုတ်ဘူး"

ဂျူလီယာက တည်ငြိမ်စွာ ပြောလိုက်သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် ရှိလှသည့်အတွက် သူ အံ့သြမိသည်။

"ခင်ဗျား ညာနေတာ၊ ခင်ဗျား ယောက်ျားက ဒီကိုကောင်လေး တစ်ယောက် ခေါ်လာခဲ့တယ်၊ မျက်မြင် သက်သေတွေ အများကြီး။ အဲဒီကောင်လေးက မွတ်စလင်၊ ဒါ ခင်ဗျား သိပြီးသား ဖြစ်မယ်"

သူက ပြောရင်း ပေါက်ဆိန်ကို တဆဆ လုပ်နေသည်။

နောက်ဆုတ်သွားရမည့်အစား ဂျူလီယာသည် ထိုသူနှင့် လက်တစ်ကမ်း အကွာထိ ရှေ့တက်သွားသည်။ ထိုသူ့ခန္ဓာကိုယ်က မီးခိုးနံ့၊ နှိပ်စက်ကလူပြုလိုမှု နှင့် အကြမ်းဖက်လိုစိတ်တို့၏ အနံ့ဆိုးတွေ ထောင်းထောင်းထနေခဲ့သည်။

"ကျွန်မတို့က လူသားတစ်ယောက်ကို အကာအကွယ် ပေးထားတာ၊ ဒါ ကျွန်မအတွက် အရေးကြီးတယ်၊ အဲဒါ ဘာဖြစ်လဲ၊ ဘာ ပြဿနာရှိလဲ ပြောစမ်းပါ"

ဂျူလီယာက ခပ်အေးအေး ပြောလိုက်သောအခါ သူ၏ အကြောက်အလန့်မရှိပုံက ထိုသူ့ကို ဖြုံသွားစေသည်။ ခဏနေတော့ သူက ပြောသည်။

"သူ့အစ်ကိုတွေက ကောင်မလေးကို မုဒိမ်းကျင့်ခဲ့ကြတာ"

သူအော်နေသေးသော်လည်း ခုနကလိုသိပ်မကျယ်တော့၊ သူ့အကြိုက် ဆုံးလက်နက်ဖြစ်သည့် ယုံကြည်မှုမှာ အက်ကြောင်းကလေးတွေ ထလာခဲ့ပြီ။

"ကျွန်မလည်း အဲဒီ စွပ်စွဲချက်ကို ကြားပါတယ်၊ တကယ်လို့ မှန်ခဲ့ရင် ပြင်းပြင်း ထန်ထန် အရေးယူရမှာပေါ့၊ ဒါပေမဲ့ အရေးယူရမှာက သူ့အစ်ကိုတွေပဲ၊

ဒီရှစ်နှစ်သား ကောင်လေးက ဒါကို လုပ်ခဲ့လို့လား”

“ဒါပေမဲ့ သူက ဒီမိသားစုဝင်လေ၊ ဒီပုတ်ထဲက ဒီပဲပဲ”

“မိသားစုဝင် ဖြစ်တော့ ဘာဖြစ်လဲ၊ သူက ကလေးပဲ ရှိသေးတာ”

“သူ့ကို ထုတ်ပေး”

“သူက ကျွန်မတို့ရဲ့ အကာအကွယ်အောက်မှာ ရှိနေတယ်”

“ဒါဆို ကျုပ်တို့ကိုယ်တိုင် ဆွဲထုတ်ရမှာပေါ့”

တကယ်လုပ်မည့်သဘော ပြောသော်လည်း သူ့လေသံက ခပ်ပျော့ပျော့။

သူတခြားလူတွေဖက် လှည့်လိုက်သည်။ သူတို့လည်း ချီတုံချတုံ ဖြစ်နေကြသည်။

ဂျူလီယာက လက်ပိုက်ပြီး ဘာမှ မပြောဘဲ ရပ်နေသည်။ သူ့မှာ ဘာ လက်နက်မှ မရှိ ကျားသနားမှ နွားချမ်းသာရမည့် အခြေအနေ ဖြစ်သည်။ ပေါက်ဆိန် တစ်ချက် ပေါက်လိုက်လျှင် သူ့လည်ချောင်း ဟက်တက် ကွဲသွားနိုင်သည်။ သို့မဟုတ် ဗိုက်ပေါ့။ သူ့ကို တွန်းထုတ်ပြီး ကျောင်းထဲ ဝင်၊ ခန်းမထဲက ကောင်လေးကို ဆွဲထုတ် သွားချင်လည်း အလွယ်လေး။

သူ ဘာမှ တတ်နိုင်မည် မဟုတ်။ သို့သော် သူတို့မလုပ်ဝံ့၊ အကြောင်းတစ်ခု ကြောင့် ရှေ့မတိုးဝံ့ကြ၊ ခေါင်းဆောင်က ဂျူလီယာ့ကို စေ့စေ့ မကြည့်ဝံ့၊ သူ ဒီလို ခုခံမှု တွေကို မျှော်လင့်မထား။ သူက အကြိမ်ပေါင်းများစွာ တခွီးခွီး လုပ်နေသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားသည်။ တခြားသူတွေလည်း စကားတစ်လုံးမှ မဆိုဘဲ သူ့နောက်က လိုက်သွားကြသည်။ သူတို့တွေ မြင်ကွင်းထဲက ပျောက်သွား ချိန်ထိ ဂျူလီယာ မားမားမတ်မတ် ရပ်နေခဲ့သည်။

နောက်တစ်နေ့မှာတော့ ကိုလွင့် မိဘတွေရောက်လာပြီး သူတို့သားကို ပြန်ခေါ်သွားကြသည်။ ကိုလွင်သည် ဆန့်ကျင်ဖက်စကား တစ်ခွန်းမှ မပြောဘဲ သူ့ပစ္စည်းတွေ သိမ်းကာ မိဘများနောက် လိုက်သွားခဲ့သည်။ နောက်နေ့မှာ စိုးစိုး မိဘတွေ ကျောင်းပေါက်ဝကနေ သူ့တို့သမီးကို ပြန်ထည့်လိုက်ဖို့ပြောကြပြန်သည်။ အင်း… စိုးစိုးလေ၊ သူ့ကို စက်ချုပ်နဲ့ အချက်အပြုတ် သင်ပေးခဲ့တဲ့ ကောင်မလေး။ ပြီးတော့ ကိုအောင်၊ တိုးတိုး၊ ကိုမောင်၊ မိဘတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာသည်။ လာခေါ်ကြသည်။ မည်သူမှ မိဘများကို ကလန်ကဆန် မလုပ်ဝံ့၊ သားသားနှင့် ဂျူလီယာ့ကို မျက်လုံးဝိုင်းကြီးတွေနှင့် ကြည့်ရင်း သူတို့ မြင်ကွင်း ထဲမှ ပျောက်ကွယ်သွားခဲ့ကြသည်။

ကလေးတစ်ယောက် သူတို့ကို စွန့်ခွာသွားသည့် အချိန်တိုင်း သူတို့နှစ်ယောက် ကျောင်းဝင်းထဲမှာ ယှဉ်တွဲ မတ်တပ်ရပ်ရင်း အသံတိတ် ငေးနေခဲ့ကြသည်။ ထိုသို့ တိတ်ဆိတ်စွာ ခွဲခွာရမှုက သားသားကို မည်မျှ နာကျင်စေမှန်း ဂျူလီယာ သိပါသည်။ သူ့သဘောသာ ဆိုလျှင် သူတို့ အထွက်လမ်းမှာ ရပ်နေချင်သည်။ သားသားနှင့်အတူ ဆယ့်နှစ်နှစ်တိတိ နေခဲ့ပြီး၊ ခု လူကြီးတစ်ယောက် ဖြစ်နေပြီဖြစ်သော ကိုမောင့်ကို ဘာလို့များ ကလေးတစ်ယောက်လို ပြောတိုင်း လိုက်လုပ်နေတာလဲဟု မေးမိတော့ သားသားက ဂျူလီယာ့ လက်မောင်းကို အသာဆွဲ၍ နောက်ဆုတ်စေခဲ့သည်။

မိုးမိုးတစ်ယောက်သာ သူ့မိဘတွေကို ကလန်ကဆန် လုပ်ခဲ့သည်။ သူ့မိဘများက သူ့အစ်ကိုအကြီးဆုံးအား မိုးမိုးကို အခေါ် လွှတ်လိုက်သည်။ သူ့အစ်ကိုက ဆိုင်ကယ်ပေါ်ကပင် မဆင်း၊ မိုးမိုးကို ပစ္စည်းသိမ်းပြီး ဆင်းခဲ့ဟု အော်ခေါ်နေခဲ့သည်။

မိုးမိုးက ကျောင်းဝင်းထဲမှာ မတုန်မလှုပ် ကျောက်ရုပ်လို ရပ်နေရင်း ခေါင်းသာ တွင်တွင်ရမ်းနေခဲ့သည်။ သူ့အစ်ကိုက အော်ငေါက်နေပြန်သော်လည်း မိုးမိုးက မလှုပ်။

ဒေါသထွက်နေသော မိုးမိုးအစ်ကိုက ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး မိုးမိုးဆီ ရောက်လာသည်။ ရောမအကောင်ကြီး ဖြစ်သောကြောင့် မိုးမိုးကို မိုး၍ နေ၏။ သူက သူ့ညီမကို အမျိုးမျိုး ဆူသည်၊ အော်သည်၊ ငေါက်သည်၊ သူ့အသံက ခန်းမထဲတွင်ပင် ဆူညံ၍နေသည်။

မိုးမိုးက ခေါင်းကို တစ်ဖက် လှည့်ထားသည်။ အော်ရုံမကလို့ ရိုက်ချင် ရိုက်၊ ကန်ချင်ကန်၊ မလိုက်ရေးချ မလိုက်။

သူက သားသားနှင့်သာ သက်ဆိုင်သည်။ ဂျူလီယာနှင့်သာ သက်ဆိုင် သည်။ ကလေးလေး ဘိုဘိုနှင့်သာ သက်ဆိုင်သည်။

ပြောမရသောအခါ သူ့အစ်ကိုက မြည်တွန်တောက်တီးရင်း ဆိုင်ကယ် ကို စက်နှိုးကာ ဆောင့်ကြီးအောင့်ကြီး ထွက်ခွာသွားခဲ့သည်။

ထိုနေ့ညက ဂျူလီယာတစ်ယောက် ကျောင်းခန်းမကြီးထဲမှာ ဆောက်တည်ရာ မရခဲ့။ မိုးမိုးက ဘာမှမဖြစ်ခဲ့သယောင် နိစ္စဓူဝ ကိစ္စတွေကို လုပ်နေ သည်။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ သူထွန်း၏။ ဘုရားစင်မှာ အာလူးတွေ၊ ဆန်တွေ၊ ငှက်ပျောသီးတွေ ကပ်၏။

သို့သော် တိတ်ဆိတ်မှုက မခံမရပ်နိုင်အောင်ပင်။ ဂျူလီယာ ကိုလွင့် ရယ်သံ

တွေကို လွမ်း၏။ ကိုမောင်၏ အသံစူးစူးလေးကို လွမ်း၏။ အိုးသံ၊ ခွက်သံတွေကို လွမ်း၏။ သူ့ဘဝ တစ်ခြမ်းလောက် ကလေးတွေနှင့်အတူ ကျောင်းပြင်လွင့်ထွက် သွားပြီလား။

သားသားက ဘုရားစင်ရှေ့မှာ တင်ပလ္လင်ခွေ ထိုင်ရင်း လုပ်မြဲတိုင်း တရားရှုမှတ်နေသည်။ သူ သားသားနားမှာ တင်ပလ္လင်ခွေ ဝင်ထိုင်လိုက်သည်။

"ရှင့်ကို ပြောစရာ ရှိတယ်"

သူ့မျက်လုံးတွေ ပွင့်လာသည်။

"အခုလား"

"အင်း"

"ပြီးတဲ့ထိ မစောင့်တော့...."

"မစောင့်နိုင်ဘူး၊ ခုပြောမှ ဖြစ်မယ်၊ ကျွန်မတို့ ဒီကနေ ထွက်သွားမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ အရမ်းကြောက်နေပြီ"

"ဘာမှ ကြောက်စရာ မရှိပါဘူးကွယ်"

"ဒီလောက်ထိ ဖြစ်ပျက်ခဲ့ပြီးမှ ကြောက်စရာမရှိဘူးလို့ ပြောနေသေးတာလား သားသားရယ်၊ သီပေါက အဖြစ်အပျက်တွေကို ကြည့်ပါဦးတော့လား"

"ဒါက သတ်သတ်ပါ၊ ကိုယ်တို့ကို သူတို့ ဘာမှ မလုပ်နိုင်ပါဘူး"

"ရှင်မှ အဲဒီလူတွေနဲ့ မတွေ့လိုက်ရတာ၊ သူတို့ ပြန်လာကြလိမ့်မယ်"

"မပူပါနဲ့ ရက်နည်းနည်းကြာရင် အားလုံးပြီးသွားမှာပါ"

"သူတို့က ကောင်လေးကို လိုချင်တာ"

"သူတို့က ဗရုတ်ဗရက် လူစုပါကွာ၊ ပြန်မလာပါဘူး၊ စိတ်ချနေပါ"

"ရှင် ကျွန်မစကားကို အလေးအနက်မထားဘူးနော်"

ဒေါသက ရှူးကနဲ ထောင်ထလာခဲ့ပြီ။

"ဘာလို့ အဲ့သလို ပြောရတာလဲကွာ"

“ဒါက အမှန်မို့လို့ပေါ့၊ သောက်ကျိုးနည်းတဲ့မှပဲ။ ကျုပ်က ပုဆိန် ကိုင်ထားတဲ့ လူအယောက် နှစ်ဆယ်နဲ့ မျက်နှာချင်း ဆိုင်ခဲ့ရတာ၊ သူတို့ မွေးညှင်းပေါက်တွေထဲကနေ အမုန်းတွေ စိမ့်ထွက်နေကြတဲ့ လူစုတော့၊ တစ်ချက် ခုတ်လိုက်တာနဲ့တော့ မိန်းမ သေပြီ၊ ဒါကို ဘာမှ ကြောက်စရာ မရှိပါဘူး ဟုတ်လား”

သားသား ဘာမှ ပြန်မပြောခဲ့။

သူ အသက် မှန်မှန်ရှူနေသံ ကြားရသည်။ တရားထိုင်ခြင်းအမှုကို ပြုနေဘိသကဲ့သို့။ အတန်ကြာမှ-

“ဒီကျောင်းက တို့ နားခိုရာ၊ တို့အိမ်ပဲ၊ တို့မှာ တခြား သွားစရာ မရှိဘူး” ဟု ပြန်ပြောသည်။

“သိပါတယ်၊ ဒါပေမဲ့ ကလေးတွေမရှိရင် ခြောက်ကပ် တိတ်ဆိတ်ပြီး မရဏတိုင်းပြည်လိုပဲလေ”

“ကလေးတွေ ပြန်လာကြမှာ သေချာပါတယ်၊ စိတ်ရှည်လက်ရှည် စောင့် ဖို့ပဲ လိုတယ်”

ဂျူလီယာက ဒေါသတကြီး ခေါင်းယမ်းလိုက်သည်။

“ရှင့်မလဲ သေချာပါတယ် သေချာပါတယ်နဲ့ချည်းပဲ၊ ဘာကို သေချာတာတုန်း၊ ဘာကိစ္စ တော်က သိပ်သေချာနေရတာတုန်း”

သားသား ပြန်မဖြေနိုင်ခင် သူက တရစပ် ဆက်ပြောသည်။

“ရှင် ကျုပ်ကို နားလည်မပေးဘူး၊ ကြောက်နေပါတယ်လို့ ဒီလောက် အထပ်ထပ် အခါခါ ပြောနေတာကို။ ဒီကနေ ထွက်သွားမှ ဖြစ်မယ်၊ သူတို့က သတ်မှာ၊ တော်တို့ ကျုပ်တို့အားလုံးကို သတ်ပစ်မှာ၊ အခြေအနေ တကယ် အေးဆေးမှ သုံးလေးလနေမှ ပြန်လာကြမယ်”

“ကဲ… မင်းက ဘယ်သွားမယ် စိတ်ကူးလဲ”

“အစ်ကိုကြီး ရှိတဲ့ ကလောကိုပေါ့”

“ပြီးတော့ရော”

“ပြီးတော့ စောင့်ကြည့်ရမှာပေါ့”

“မိုးမိုးကရော”

"ကျွန်မတို့နဲ့ လိုက်ခဲ့မှာပေါ့"

"ညီလေးကရော"

"သူလည်း လိုက်ခဲ့ပါစေ"

ခြေသံ တရှပ်ရှပ်လိုလို ကြားလိုက်ရသည်။ တီးတိုးစကားသံလိုလို ကြားလိုက်ရသည်။ ဂျူလီယာက သားသားကို ကြောက်သွေးတက်ပြီး ပြောသည်။

"ကြားလား၊ ကြားလား"

သားသားကအသာလေး ခေါင်းညိတ်ပြကာ လက်နှိပ်ဓာတ်မီးကိုင်ရင်း အပြင်ထွက်သွားသည်။

သူ ကျောင်းအောက် ဆင်းသွားသံ ကြားရသည်။ ပြီးတော့ သူ့အော်သံ၊ မှောင်ထဲမှ ခြေသံများ။

"သားသား အဆင်ပြေရဲ့လား"

ဂျူလီယာ လှေကားထိပ်ထိ ရောက်လာသည်။ လှေကားကို တက်လာကြသော လူသံတွေ ကြားရသည်။ သားသား၊ သူ့ နောက်က ကိုမောင်၊ ဘိုဘို့ အစ်ကိုကြီး ကိုမောင်၊ အတော်ဆုံး အင်္ဂလိပ်စာကျောင်းသား ကိုမောင်၊ အမြဲကူညီ တတ်သော ကိုမောင်။ ကိုမောင်က မျက်လွှာချရင်း ပြောသည်။

"ကျွန်တော် ထွက်သွားမိတာ ခွင့်လွှတ်ပါ၊ ကျွန်တော် ဒီမှာပဲ အမြဲနေချင်တာပါ"

သုံးဆယ့်ငါး

နောက်တစ်နေ့ညမှာ ဘယ်က ဘယ်လို မီးစလောင်သည်ကို မည်သူမှ မပြောနိုင် ခဲ့ကြ။ ကြည်လင်ပြီး ကြယ်တွေစုံသောညမှာ မီးပွားက အလိုလို ထထွက်လာ သည့် အလား။

ဘုန်းကြီးကျောင်းသည် ခြောက်သွေ့အိုဟောင်းနေသော သစ်များနှင့် ဆောက်ထားသည်မို့ အကောင်းဆုံးလောင်စာ ဖြစ်ခဲ့ရသည်။ သို့သော်လည်း ထိုအကြောင်းတစ်ခုတည်းကြောင့် ဤမျှ ကြီးမားသော အဆောက်အဦကြီးသည် အချိန်တိုအတွင်း ပြာပုံဖြစ်သွားရသည်ကို ရှင်းပြနိုင်ခြင်း မရှိခဲ့။ မီးတောက်တွေ က မီးဖိုထဲမှ၊ ကျောင်းခန်းမထဲမှ၊ ဂျူလီယာ၊ သားသား၊ ညီလေး၊ ကိုမောင်၊ မိုးမိုး နှင့် ဘိုဘိုတို့ စုအိပ်ကြသော အနောက်ဆောင်ထဲမှ တစ်ပြိုင်နက် ထွက်လာသည် ကိုရှင်းပြစရာအချက်သည် မရှိခဲ့။ ဘုန်းကြီးကျောင်း တစ်ခုလုံးမီးရှူးတန်ဆောင် ကြီးလို ဖြစ်သွားသည်မှာ ထင်းသိုလှောင်ခန်းနှင့် ရေချိုးခန်း အိမ်သာပါ မကျန် တစ်ပြိုင်နက် လောင်ကျွမ်းကြ၍သာ။

သူတို့ကို အသက်ဘေးမှ ကယ်တင်လိုက်သည်မှာ ကြက်များ၊ ခွေးများ ဖြစ်သည်။ ကြက်တွန်သံ၊ ခွေးဟောင်သံတွေက မိုးမိုးကို အိပ်ယာမှ နိုးစေခဲ့သည်။

သို့မဟုတ် သူ့ နှာခေါင်းထဲ ရနေသော အနံ့များကြောင့် အသိဝင်လာတာလည်း ဖြစ်နိုင်သည်။ အမုန်း၏ ရနံ့ကို သူ ချက်ချင်းရ၏။ အမုန်းက ထုတ်တန်းတွေကို လောင်ကျွမ်းနေခဲ့ပြီ။ သစ်သားကို မီးလောင်သော တဖျစ်ဖျစ်မြည်သံတွေကို သူ ကြားရသည်။

ဘာအကြောင်းကြောင့်ဖြစ်စေ၊ မိုးမိုးသည် ချောင်းတဟွတ်ဟွတ် ဆိုးရင်း ထထိုင်လိုက်သောအခါ တစ်ခန်းလုံး မီးခိုးတွေ မွှန်နေခဲ့ပြီ။ မိုးမိုးက ဘိုဘို့ကို ကောက်ချီပြီး အပြင်ဖက် ပြေးထွက်ဖို့ ကြိုးစားသည်။ ခန်းမထဲက မီးလောင်ပြီး ပြုတ်ကျနေသော ထုတ်တန်းကြီးတွေက သူ့လမ်းကြောင်းကို ပိတ်ဆို့ထားသည်။ အသက်ရှူ၍ မရ၊ မျက်စိတွေလည်း ပူစပ်လှပြီ။ မီးလောင်ပြင်ကို မျက်စိမှိတ်ကာ ဖြတ်၍နင်းလိုက်သည်။ တစ်ကိုယ်လုံး အပူရှိန်ကြောင့် တဆတ်ဆတ် တုန်သွား သည်။ သူ့လုံချည်ကို မီးစွဲတော့မည်။ ဘိုဘိုလေးကို မီးစွဲတော့မည်။ ပတ်လည် ဝိုင်းထားသော မီးနှင့် မီးခိုးတွေကြောင့် သူ့မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ။ ထိုအခိုက်မှာ ကြမ်းပြင်က ကျွံကျသွားတော့သည်။ မိုးမိုးအတွက် ထွက်ပေါက်ရသွား သည်။ သူ ကျောင်းအောက်က သဲမြေပေါ်ကျသွားသည်။ ညာဖက်ခြေထောက်က စူးကနဲ နာသွားသည်။ ခေါင်းက ရိပ်ရိပ်ပါအောင် မူးလာသည်။ သူ့ရှေ့မှာ ကျောင်း မြေ ကွက်လပ်၊ သို့သော် ထွက်မရ၊ လှုပ်ရှား၍တော့ ရသေးသည်။ သူ ဘိုဘို့ကို ချီရင်း

လေးဖက်ထောက်ထွက်သည်။ ဘောလုံးကွင်းရှိရာဖက် လှိမ့်ပစ်လိုက်ရင်း မိုးမိုးနှင့်ဘိုဘိုမှာ အရှင်လတ်လတ် မီးလောင်တိုက်သွင်းခံရမည့် ဘေးမှ လွတ်သွားတော့သည်။

မျှားမကြာခင် ဂျူလီယာနှင့် သားသားလည်း မီးခိုးတွေကြားက ထွက်လာနိုင်ခဲ့ကြသည်။ သူတို့လက်ထဲ သားရေအိတ် တစ်လုံးတော့ ပါလာသေးသည်။ သူတို့နှစ်ယောက်လုံး ခေါင်းတွေဆိုးကာ အသက်ကို အငမ်းမရ ရှူနေရသည်။ သားသား လက်မောင်းမှာ လက်သီးဆုပ်အရွယ်မျှ မီးလောင်နာကြီး နှစ်ခု ထင်နေသည်။ သားသားက ဘေးဘီကို ကြည့်ရင်း-

“ညီလေးနဲ့ ကိုမောင် ဘယ်မလဲ”

ဟုမေးလိုက်သည်။

“ဦးတို့နဲ့ အတူရှိနေတာ မဟုတ်ဘူးလား”

မိုးမိုးက မေးလိုက်သည်။

ဂျူလီယာက သူတို့ကို တွေ့နိုးနိုးဖြင့် လှည့်ပတ်ကြည့်နေပြီး-

“ညီလေးရေ၊ ကိုမောင်ရေ နင်တို့ ဘယ်မှာလဲ”

ဟု တစာစာအော်ခေါ်နေသည်။

သားသားက အထဲပြေးဝင်မည့်ဟန် ပြင်သည်။ သို့သော် မီးက အဟုန်ကြီးလွန်းလှပြီ၊ ကျောင်းခန်းမကား လုံးဝ ပြိုကျသွားခဲ့ပြီ။ သူ ကျောင်းဝင်းကို ပတ်လည် လှည့်ပြေးရင်း ညီလေးရေ၊ ကိုမောင်ရေဟု အော်ခေါ်ရုံသာ တတ်နိုင်တော့သည်။

“ညီလေးရေ၊ ကိုမောင်ရေ အသံလေး ဘာလေး ပေးကြပါဦးကွာ”

သုံးဆယ့်ခြောက်

ဘကြီးက ငြိမ်နေသည်။ နေတောင် အတော်စောင်းသွားခဲ့ပြီ။ လေညှင်းကလေး တွေ တိုက်လာသည်။ လေက အေးစပြုပြီ။ ကျွန်တော် ရုတ်တရက် အေးလာပြီး ကြက်သီးကလေးတွေ ထလာသည်။ ခုတော့ ကျွန်တော် သစ်သား မီးလောင်နံ့ကို ဘာဖြစ်လို့ ဒီလောက် ခါးခါးသည်းသည်း ဖြစ်ခဲ့ရသည် ဆိုခြင်းကို သေချာစွာ သိခဲ့ပါပြီ။ မီးတောက်မြင်တိုင်း ရင်ထဲက မကောင်း၊ စိတ် မသက်မသာ ဖြစ်ရ သည်ကိုလည်း နားလည်ခဲ့ရပါပြီ။

ညီလေးတို့၊ ကိုမောင်တို့ အကြောင်းကို မေးလည်း မေးချင်သည်။ ကြောက်လည်း ကြောက်သည်။ ထို့ကြောင့် စကားလုံးတွေ သေချာရွေးချယ်ပြီး မေးလိုက်သည်။

“ညီလေးနဲ့ကိုမောင်က သူတို့ကိုယ် သူတို့ ကယ်တင်နိုင်ခဲ့ကြသလား”

“ဟင့်အင်း”

“ဒါဆို ဘာဖြစ်သွားခဲ့လဲဟင်”

“ဘယ်သူမှသေချာမသိခဲ့ပါဘူးသားရယ်၊ ထုတ်တန်း ပြုတ်ကျသလား၊ မီးခိုးမွန်ပြီးပဲလား၊ နောက်တစ်နေ့ မနက်မှာတော့ တစ်ယောက်နဲ့ တစ်ယောက်ဖက်ပြီး မီးသွေးတုံးဖြစ်နေရှာတဲ့ သူတို့နှစ်ယောက်ရဲ့ အလောင်းကို မင်း မိဘတွေ ရှာတွေ့ခဲ့ကြတယ်”

ညီလေးကိုရော၊ ကိုမောင့်ကိုပါ ကျွန်တော် လုံးဝ မမှတ်မိ။ သို့သော် ဘကြီးစကားအဆုံးမှာ မျက်ရည်တွေ စို့လာသဖြင့် အင်္ကျီလက်ဖျားနှင့် သုတ် လိုက်ရသည်။ ဘကြီးက ကျွန်တော့်လက်ကို ကိုင်သည်။ သူလည်း မျက်ရည်ကျ နေသည်။

“ဘိုဘို.. မင်း.. မင်း သိတဲ့အတိုင်း.....”

ဘကြီး စကား မဆက်နိုင်ရှာ။ သူ့အသံတွေ အက်ကွဲ တုန်ရီနေခဲ့သည်။ ကျွန်တော် ဘကြီးနားသို့ အတင်းတိုးကပ်မိသည်။ ကျွန်တော် ဝမ်းနည်း တိုင်း၊ ထိတ်လန့်တိုင်း လုပ်လေ့ရှိသလို သူ့နားမှာ ခွေပြီး နေချင်သည်။ ဘကြီး၏ ရနံ့၊ ဘကြီး၏ ခန္ဓာကိုယ်အနွေးဓာတ်တို့က ကျွန်တော်ကို လုံခြုံစိတ်ချစေသည်။ ခုတော့ ကျွန်တော်တို့ ယှဉ်လျက်သား ထိုင်ကာ ကျွန်တော့်ပုခုံးပေါ် ဘကြီးက ခေါင်းမှီထားပြီး ကျွန်တော်က ဘကြီးကို ဖက်ထားသည်။ ကျွန်တော်တို့ရှေ့မှာ တော့ ဘာမှမရှိသော

တောင်ကြား ရှိနေသည်။ မျက်စိတဆုံး တည်နေသော တောင်တန်းတွေ ရှိနေသည်။ ငှက်သံ၊ ပုရစ်သံ၊ သစ်ပင်လေတိုးသံမှ တစ်ပါး တခြား ဘာသံမှမကြား၊ တိတ်ဆိတ်ခြင်းကြောင့် ကျွန်တော် နည်းနည်း နေသာ ထိုင်သာ ရှိလာသည်။ ခုချိန်မှာ ဘကြီးမှတစ်ပါး တခြား ဘယ်သူ့ကိုမှ မတွေ့ချင်၊ မမြင်ချင်။ ကျွန်တော် ထပ်မေးသည်။

"မီးသတ်သမားတွေ လာကြလား"

"မလာဘူး"

"ဘာဖြစ်လို့တဲ့လဲ"

"မပြောတတ်ပါဘူး သားရယ်၊ လူတွေ အကူအညီလိုချိန်မှာ ဘာကြောင့် များ ကူညီဖို့ ငြင်းဆန်ကြသူတွေ ရှိနေကြတာလဲ ဆိုတာကို ဘကြီး အဖြေ သိချင် ပါရဲ့ "

"အဲဒီနောက် ဘာဆက်ဖြစ်လဲဟင်"

"အဲဒီနေ့ပဲ သားတို့အားလုံး ဘကြီးဆီ လာခဲ့ကြတယ်။ သီပေါက အာလူးတောင်သူ တစ်ယောက်က မင်း မိဘတွေကို ငွေကြေး ကူညီလိုက်တယ်၊ သူတို့ ကလောထိ ရထားလက်မှတ်တွေ ဝယ်လို့ ရသွားတယ်။ မင်းတို့အားလုံးဘကြီး အိမ်ခြံဝင်းထဲမှာ အားလုံးပေါင်းမှ သားရေအိတ်ကလေး တစ်လုံးနဲ့ ရုတ်တရက် တွေ့လိုက်ရတော့ လန့်ဖြန့်သွားခဲ့တယ်။ မင်းအမေ အင်္ကျီ၊ လုံချည် တွေဟာ မည်းသည်းလို့၊ မိုးမိုးကလည်း မျက်နှာမှာ မီးခိုးမည်းတွေနဲ့၊ မင်းက မင်းအဖေ လက်ထဲမှာ မွေးကာစ မျောက်ကလေးလို ဖြစ်နေတယ်။ သားတို့မျက်လုံး တွေက တစ်ဆင့် ဘကြီးလေ လောင်မီးကျသွားတဲ့ ကျောင်းကြီးကို မြင်နေရ တယ်၊ အဲဒီ ခရီးအကြောင်း သား မှတ်မိလား"

"ဟင့်အင်း"

ကျွန်တော် သိချင်လည်း သိနေလိမ့်မည်။ သို့သော် ပြန်မစဉ်းစားချင် သော ခရီးစဉ်သာ ဖြစ်လိမ့်မည်။

အားလုံး အိပ်မောကျနေသော ညသန်းခေါင်မှာ အိမ်တစ်လုံးသည် အလိုလို မီးထတောက်စရာ အကြောင်း ရှိလို့လား။

"သားတော့ တစ်ယောက်ယောက် ရှို့တယ် ထင်တာပဲ"

ဘကြီးက ပုခုံးသာ တွန့်ပြသည်။

"မီးဆိုတာ အလိုလို မလောင်ဘူး မဟုတ်လား"

“အကြောင်းမရှိဘဲ ဖြစ်တဲ့ အကျိုးရယ်လို့ ဘယ်ရှိပါ့မလဲ သားရယ်”

“ဒါဆို ဘကြီးရော ရှု့မီးလို့ ထင်လား”

“အများဆုံး ဖြစ်နိုင်တာကတော့ အဲဒါပဲပေါ့”

“ဘယ်သူက တရားခံလဲ”

“ဘယ်သူ့ကိုမှ စွဲချက်မတင်ခဲ့ဘူးကွယ်”

“ဘကြီးရယ်၊ သားကို သေချာပြောစမ်းပါ၊ သီပေါမှာ ဖြစ်ခဲ့တဲ့ ကိစ္စမျိုးဟာ ကလောမှာရော ဖြစ်နိုင်လားဟင်”

“ဟင့်အင်း... ဘယ်ဖြစ်နိုင်မလဲ”

“ဘကြီး သေချာလို့လား”

စိတ်သက်သာရာ ရသွားသည်။ သို့သော် သူ့အဖြေကို စိတ်ချလက်ချယုံရပါ့မလား။

“သိပ်သေချာတာပေါ့”

“ဘာလို့ မဖြစ်နိုင်တာလဲ”

“ဘာလို့... ဘာဖြစ်လို့လဲဆိုတော့...”

ဘကြီးက အဖြေကို ရှာဖို့ ကြိုးစားနေရသည်။

ကျွန်တော်က အဖြေကို စောင့်ရင်း စဉ်းစားနေမိသည်။ ကျောင်းက ကျောင်းသားအများစုဟာ ဗုဒ္ဓဘာသာဝင်တွေပါ၊ ဒါပေမဲ့ ခရစ်ယာန်လည်း ရှိ၊ ဟိန္ဒူ၊ မွတ်စလင်လည်း ရှိ၊ ဂေါ်ရခါးတွေတောင် ရှိသေး။ ကျွန်တော်တို့ ရန်ဖြစ်ဖူး ပေမယ့် ဘာသာတရားနဲ့ပတ်သက်လို့တော့ တစ်ခါမှ စကားများ ငြင်းခုံခဲ့ဖူးသည် ဟု မမှတ်မိ။ သို့သော် ကျွန်တော်တို့က ကလေးတွေကိုး။ လူကြီးတွေကတော့ ကွဲ ပြားခြားနားချင် ခြားနားလိမ့်မည်။

ကျွန်တော်တို့ အိမ်နီးနားချင်းတွေအကြောင်း ဆက်တွေးနေမိသည်။ အမြဲ နှုတ်ဆက်တတ်သော၊ အမြဲ နှစ်လိုဖွယ် ခင်မင်ဖွယ် ဖြစ်သော၊ ကျွန်တော်တို့ လိုအပ်သည့်အခါတိုင်း ဆန်တွေ၊ ရေတွေ၊ ကြက်ဥတွေ ပေးတတ်သော အိမ်နီး နားချင်းတို့သည် ရုတ်တရက် ကျွန်တော်တို့ကို အမုန်းကြီး မုန်းရင်း ကျွန်တော်တို့ အိမ်ကို မီးနှင့်တိုက်ခြင်းမျိုး ဖြစ်နိုင်ပါ့မလား။ ကျွန်တော် စိတ်ကူးထဲမှာတောင် စဉ်းစား၍ မရနိုင်။ ညီလေးလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်လိမ့်မည်။ အရင်က

အမြဲ နှစ်လိုဖွယ်ကောင်းသော အိမ်နီးနားချင်းတို့သည် အမုန်းကမ္ဘာ မကြေချိန်မှာတော့ သူ့အဖေနှင့် သူ့ညီမလေးကို အပိုင်းပိုင်း ခုတ်ထစ်ရန် ဆုံးဖြတ် ခဲ့ကြလေရော့သလား။

"ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ ဒါမျိုး မဖြစ်နိုင်လို့ပဲ"

ဘကြီးစကားက ကျွန်တော် အတွေးမျှင်တန်းကို ဖြတ်ပစ်ခဲ့သည်။

"ဘကြီး ဒီမြို့မှာနေတာ နှစ်ပေါင်း ရှစ်ဆယ်နီးပါး ရှိခဲ့ပါပြီ။ ဘကြီး သိသလောက် ဒီမှာ ဘယ်တုန်းကမှ ဗုဒ္ဓဘာသာ၊ မွတ်စလင် ဒါမှမဟုတ် ခရစ်ယာန်တွေအကြား ဘာသာရေးအဓိကရုဏ်း ဆိုတာ မဖြစ်ခဲ့ဖူးဘူး။ အဲသလို ရှိခဲ့တယ် လို့လည်း မမှတ်မိဘူး၊ ကလောက တမူထူးတာကိုး"

"ဘယ်လို တမူထူးတာလဲ ဘကြီး"

"တခြားနေရာတွေနဲ့ ကွဲပြားခြားနားတာကို ပြောတာပါ"

"ဘကြီးရယ် ဒါက ဘယ်လိုအဖြေကြီးလဲ"

ဘကြီးက နာကျင်မှုကြောင့် ရှုံ့မဲ့နေသလို မျက်နှာထား ဖြစ်လာပြီး သက်ပြင်း တစ်ချက်ကို ချသည်။ သူ ဗိုက်နာလျှင် သို့မဟုတ် လေလည်ချင်လျှင် ဖြစ်တတ်သော မျက်နှာမျိုး။ သူက အဝေးကို ငေးနေသည်။ ထို့နောက်မှာတော့ သူ ကျွန်တော့်ကို သူ့နား ဆွဲရင်း-

"နားထောင်စမ်း ဘိုဘို"

သူ့အသံက တိုးလှသည်။

"ဒါမျိုးဟာ ကမ္ဘာပေါ်မှာ ဘယ်နေရာမဆို ဖြစ်တတ်တယ်၊ တိုင်းပြည် မရွေး၊ မြို့မရွေး၊ ရွာမရွေးဘူးကွ၊ ကဲ... ဒါဆို ပိုကောင်းသလား အဖြေက"

ကျွန်တော် သူ့နားမှ အလန့်တကြား ဆုတ်ခွာမိသည်။

"ဟင့်အင်း... အဲဒါက ပိုကောင်းတဲ့အဖြေ မဟုတ်ပါဘူး"

"ဒီမှာ ငါ့သား၊ တကယ်လို့ ဘကြီးတို့ဟာ သူတစ်ပါးကို လူသားရယ်လို့ မမြင်နိုင်ရင် ဒါမျိုးဟာ နေရာတိုင်းမှာ ဖြစ်နိုင်တယ်။ လူသားလို့ မမြင်ဘဲ ဒါက ညို၊ ဒါက ငမည်း၊ ဒါက ငဖြူ၊ သူက မွတ်စလင်၊ သူက ခရစ်ယာန်၊ သူက ဗုဒ္ဓဘာသာရယ်လို့ ခွဲခြားမြင်နေပြီ ဆိုတာနဲ့ ဒီလိုဖြစ်ဖို့ လမ်းကြောင်းကို ဦးတည်နေပြီသာ မှတ်။ ဒီလိုဖြစ်ရပ်မျိုး မကြုံစေဖို့ တိုင်းပြည်တိုင်း၊ မြို့တိုင်း၊ ရွာတိုင်းမှာ

ဘကြီးတို့ကို ကာကွယ်ထားတဲ့ စွမ်းအားဟာ တစ်ခုပဲ ရှိတယ်၊ အဲဒီ တစ်ခုတည်း အပေါ်သာ ဘကြီးတို့ယုံကြည် ကိုးစားလို့ရတယ်။ ဒါကို မင်း ဘယ်တော့မှ မေ့မသွား ပါဘူးလို့ ဘကြီးကို ကတိပေးစမ်းပါ"

"ဟုတ်ကဲ့"

ဘကြီး ခုလောက် အလေးအနက် ပြောတာမျိုး ကျွန်တော့်တစ်သက်လုံးမှာ မကြုံဖူးခဲ့။

"ဘယ်တစ်ခုလဲ ဘကြီး"

"မေတ္တာတရား၊ ပြီးတော့ အဲဒီ မေတ္တာတရား နောက်ကို လိုက်ဝံ့တဲ့ သတ္တိပဲကွဲ့"

ဘကြီး ဘာဆက်ပြောဦးမလဲ ကျွန်တော် စောင့်နေသည်။ သို့သော် ဆက်ပြောရမည့်အစား ဘကြီးက ကျွန်တော် မျက်လုံးတွေကို စေ့စေ့ကြည့် လိုက်သည်။ ကျွန်တော် သူ့စကားတွေကို ပေယျာလကန် ပြုပစ်လိုက်မှာ စိုးရိမ် သည့်အလား။

သို့သော်လည်း သူပြောနေသည့် မေတ္တာတရားက ဘယ်လို မေတ္တာ မျိုးလဲ ဆိုတာ ကျွန်တော် နားမလည်။ မေးချင်သည်။ ဘကြီးနှင့် တူ ကြားက မေတ္တာလား၊ အဖေ၊ အမေနှင့် သားသမီးကြားက မေတ္တာလား၊ မောင်နှမကြားက မေတ္တာလား၊ ယောက်ျားနှင့် မိန်းမကြားက မေတ္တာလား၊ ကျွန်တော် မသိနိုင် သော အခြားမေတ္တာမျိုးလား။

ဘကြီးက ကျွန်တော့်စိတ်ကို ဖတ်လိုက်နိုင်ဘိသကဲ့သို့ သူက ရုတ်တရက် ပြောလိုက်သည်။

"ဘကြီး ဆိုလိုတဲ့ မေတ္တာက နာမည်တို့ကန့်သတ်မှုတို့၊အလျားအနံတို့၊ အသွားအပြန်တို့ မရှိဘူးကွယ်၊ အဲဒီ မေတ္တာတရားဟာ ဘကြီးတို့ကို ကြီးမြတ်စေ တယ်၊ တင့်တယ်လှပစေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကိုယ်ကိုယ်အတွက် ထက် သူတစ်ပါးအတွက် ပိုပြီး ဦးစားပေးတဲ့ စိတ်ထားကို ဖြစ်ပေါ်စေလို့ပဲ။ မေတ္တာတရားဟာ ဘကြီးတို့ကို ကိုယ့်ကိုယ်ကိုယ်ထက် ပိုပြီး ကြီးကျယ်မြင့်မြတ် စေပြီး အဆုံးအစရယ်လို့ မရှိဘူး၊ မည်းမည်းမှောင်နေတဲ့ နှလုံးသားကို ထွန်းညှိ ပေးမယ့် အလင်းရောင်ပေါ့"

ဘကြီးက မတ်တပ်ထရပ်ဖို့ ကြိုးစားသည်။ သို့သော် ကြာတောင့် ကြာရှည် ထိုင်နေခဲ့မှုကြောင့် သူ့ကြွက်သားတွေအားပျော့နေဟန်တူသည်။ သစ်ကိုင်းလေး ကို အားပြုပြီး ထရပ်ပါသော်လည်း မထနိုင်ဘဲ လိပ်တစ်ကောင် ပက်လက်လှန်

ထားသလို ယက်ကန်ယက်ကန် ဖြစ်နေရှာသည်။ ကျွန်တော် ခုန်ထရင်း လက်ကို ကမ်းပေးလိုက်သည်။ သူ့ကို ဖြည်းဖြည်းချင်း ဆွဲထူရသည်။

"အေး… သားရေ၊ ကျေးဇူးတင်တယ်ကွယ်"

ကျွန်တော် လက်မောင်းကို မှီခိုရင်း ဘကြီးက ပြောသည်။ ထိုမျှလောက် လေးကိုပင် သူ အသက်ရှူ မှားမတတ် မောနေသည်။ မသက်မသာပင်။

အပြန်ခရီးကား အတော်ခက်ခဲသည်။ ကျွန်တော် ပစ္စည်းအားလုံးကို သိမ်းလိုက်သည်။ ဘကြီးက ကျွန်တော့်လက်ကို ဆွဲရင်း ပြန်ဖို့ ဦးတည်လိုက်သည်။ များသောအားဖြင့် အဆင်းလမ်းချည်းဖြစ်သော်လည်း သူ့အဖို့ အတက်လမ်း ထက်ပင် ပို၍ ခက်နေသေးသည်။ ကျွန်တော်တို့ မကြာခဏ နားရသည်။ တစ်ခါ တလေ စကားတစ်ခွန်းမှ မဆိုဘဲ လမ်းဘေးမှာ ဒီတိုင်းရပ်၍ နားရသည်။ ကျွန်တော် တို့နှင့် အတူလိုက်ပါလာသော အတိတ်ဖြစ်ရပ်တွေက တူဝရီးနှစ်ယောက်လုံး၏ ခြေထောက်ကို အတောင်ပံ တပ်မပေးဘဲ နှလုံးသားမှာ ခဲဆွဲပေးခဲ့ကြသည်။ ဘကြီးလို ပုဂ္ဂိုလ်မှာပင် ထိုခံစားချက်တွေကို ခွာချပစ်ဖို့ ခက်ခဲလှသည်ပင်။

ကျွန်တော် တစ်ချိန်တည်းမှာ နှစ်နေရာ ရောက်နေသလို ခံစားရသည်။ တစ်ကိုယ်က ဘကြီးဘနှင့် လက်ချင်းချိတ်၍ ကလောသို့ အပြန်လမ်းမှာ ရောက် နေချိန်ဝယ် နောက်တစ်ကိုယ်ကတော့ မိုးမိုးက ပွေ့ထားခြင်း ခံနေရသည်။ မိုးမိုး၏ ပြင်းလှသော အသက်ရှူသံကို ကြားနေရသည်။ မျက်လုံးထဲ မီးခိုးရိုက်၍ ဖွင့်လို့တောင် မရ၊ မေမေ အပြေးအလွှား ရောက်လာသည်ကို တွေ့ရသည်။ ဖေဖေ မျက်ရည်တွေနှင့် တုန်ယင်နေသည့် သူ့အသံ။

ညီလေးရေ၊ ကိုမောင်ရေ၊ မင်းတို့ ဘယ်မှာလဲကွာ။

ပြန်ထူးကြပါဦးကွာ။

မဆုံးနိုင်သော တွဲပေါင်းများစွာနှင့် ရထားကြီး။

ကျွန်တော် သိထားသည့် အတိတ်မှတ်ဉာဏ် ဘာနှင့်မှ မတူသော ထိုကိစ္စ။

လာလိမ့်ဦးမည်၊ နောက်ထပ် လာလိမ့်ဦးမည်။

ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ မှောင်စပျိုးပြီ။

မီးအမြန်ဖို၊ ရေနွေးအိုးတည်၊ ထမင်းချက်သည်။ ဘကြီးက ဆိုဖာပေါ် ခွေနေရင်း တဖြည်းဖြည်း ပြန်ကောင်းလာပုံ ပေါ်သည်။

"ဘိုဘို ဒီနား လာခဲ့ဦး"

သူ ရုတ်တရက် ကျွန်တော့်ကို ခေါ်လိုက်သည်။

"လက်ဖက်ရည်လေး လုပ်မလို့လေ ဘကြီး"

"ထားလိုက်ပါ၊ လက်ဖက်ရည်က စောင့်နိုင်ပါတယ် ငါ့သားရယ်"

ကျွန်တော် ညှော်ခန်းထဲသွားကာ ဘကြီးဘေးမှာ ထိုင်လိုက်သည်။

"ဘာလဲ ဘကြီး၊ နေကောင်းရဲ့လား၊ အဆင်ပြေရဲ့လား"

ကျွန်တော် အမှန်ပင် စိုးရိမ်မိသည်။

ကျွန်တော့်ကို ကိုင်လိုက်သော ဘကြီးလက်တွေက အေးစက်လို့နေသည်။

"သားလေး ဘိုဘို၊ ဘကြီးတို့အားလုံးမှာ အမာရွတ်ကိုယ်စီ ရှိကြတယ် ကွဲ့၊ တချို့အမာရွတ်တွေက မြင်နိုင်ပြီး တချို့က မမြင်နိုင်တာပဲ ကွာတာ"

ကျွန်တော့်မှာလည်း မြင်ဖို့ ခဲယဉ်းသော အနာဟောင်းတစ်ခု ရှိကို ရှိရမည်ဟု ကျွန်တော် ကာလရှည်ကြာ တွေးခဲ့ဖူးသည်။ ခုတော့ မမြင်ရသော အနာဆိုတာ သည်းခံဖို့ပိုခက်လှသည်ဟု ကျွန်တော် တွေးနေမိပြီ။ သို့သော်လည်း အရေးမကြီးပါ။ ဘယ်သူ့မှာ ဘယ်လိုအနာမျိုး ရရမည်ဟု ရွေးချယ်ခွင့်မှ မရှိဘဲ။

လုံးဝမှောင်သွားခဲ့ပြီ။ မီးထွန်းမည်လုပ်တော့ ဘကြီးက ခေါင်းယမ်းပြသည်။ ဖယောင်းတိုင်မီးပင် မထွန်းနှင့်တဲ့။

ကျွန်တော်တို့ အတူယှဉ်တွဲ၍ ထိုင်နေကြသည်။ ကျွန်တော် သူ့အရိပ်ကိုသာ မြင်ရသည်။ တစ်ချိန်တည်းမှာပဲ သူ့မှာ ပြောချင်စရာ စကား၊ ပြောပြစရာ ဇာတ်လမ်း ကျန်နေသေးမှန်း ကျွန်တော် ခံစားရသည်။ ကျွန်တော် ကာလရှည်ကြာ စောင့်ဆိုင်းနေမိသည့် အချိန်များလား။

"ဘကြီး ကျွန်တော့်ပါးက အမာရွတ်ကြီးက ဘယ်လို ရခဲ့တာလဲ"

ခုဘကြီးလေသံက တိုးသထက် တိုး၍ လာသည်။ သူ့စကားကို ကြားရ ကျွန်တော် ရှေ့သို့ ကုန်း၍ နားထောင်နေရပြီ။

"သား အမာရွတ်က သားအမေဆီကနေ ရခဲ့တာ"

သိနေသည်။ ကျွန်တော် သိနေခဲ့သည်။ ဒါ အမေ့အမွေပဲ ဆိုတာ အမြဲလိုလို ကျွန်တော် သိနေခဲ့သည်။

"အမေ့ အမာရွတ်က ကျွန်တော်ထက် ကြီးသလား ဘကြီး"

"မင်းအမေမှာ ဘာအမာရွတ်မှ မရှိဘူးကွဲ့"

ကျွန်တော် နားမလည်နိုင်။

"ခုနကပဲ ဘကြီးပြောတာ အမွေဆီက ရခဲ့တာဆို…"

"အမာရွတ်ဆိုတာ အမွေဆက်ခံရတာမျိုး မဟုတ်ဘူးကွဲ့၊ မျိုးဆက်တစ်ဆက်ကနေ နောက်တစ်ဆက်ကို လက်ဆင့်ကမ်း ပေးရတာမျိုး မဟုတ်ဘူး၊

"သား ပါးကို အဲသလိုမျိုး ဖြစ်လာအောင် သူ လုပ်ခဲ့တာကို ပြောတာ"

ဘကြီးစကားလုံးတွေက အမှောင်ထုထဲ ကျွံဝင်သွားသလို ခံစားလိုက်ရသည်။

သူ လုပ်ခဲ့တာ။

သူ လုပ် ခဲ့ တာ တဲ့ လား။

"ဘယ်လို လုပ်ခဲ့တာလဲ"

ကျွန်တော် မေးလိုက်သည့် အသံကလည်း လေသံလေးမျှသာ။

"ဘယ်သူမှ သတိမထားမိလိုက်ကြဘူး"

သူက ပြန်ပြော၏။ သူ အမှန်ကို ပြောနေခြင်း မဟုတ်ကြောင်း သိအောင်သည်။ကျွန်တော် သူမျက်လုံးကို ကြည့်စရာ မလို၊ သူ့အသံ နားထောင်တာနဲ့တင် သိသည်။ သူပြောသမျှ အားလုံး အမှန်မဟုတ်ကြောင်းပေါ့။ သူ့ မျက်လုံးတွေကို ကြည့်ခွင့် ရှိခဲ့လျှင် ကျွန်တော် ခုထက် ပိုပြောနိုင်မည်။ ခုတော့ အမှောင်ထဲထိုင်နေရ၍ ကြည့်ခွင့် မသာ။ မေးခွင့်သာ သာ၏။

"အဲဒါ ဘာကို ဆိုလိုတာလဲ ဘကြီး"

"ဆိုလိုတာကတော့ အဲဒီကိစ္စမှာ ဘကြီးရော၊ မင်းအဖေပါ အပြစ် မကင်းခဲ့ဘူးလို့ ဆိုလိုတာပေါ့"

သူစကားကိုအလွန်အင်မတန် သတိထားပြီး ပြောနေတာ သေချာသည်။

"ဖြစ်ခဲ့တာကို သေချာပြောပြပါ ဘကြီးရာ"

ဘကြီးက တစ်ဖက်သို့ လှည့်သွားသည်။

"လုပ်ပါ ဘကြီးရာ"

"အဲဒီတုန်းက သားက ငယ်ငယ်လေး ရှိသေးတယ်"

"ဘယ်လောက် ငယ်လို့လဲ"

"မင်း ငါးနှစ်ပြည့်ခါစ ရှိသေးတယ်"

"ဖြစ်ခဲ့သမျှက ကလောမှာပဲ၊ ဒီအိမ်မှာပဲ၊ ဟောဟို မီးဖိုခန်းထဲက စားပွဲမှာပေါ့။ သားက အင်မတန်ထက်တဲ့ ဓားတချောင်းနဲ့ ကစားနေတယ်။ မင်း အဖေ က အိမ်ပြင်မှာ။ ဘကြီးက မင်း အမေ၊ မိုးမိုးတို့နဲ့အတူ ဟင်းချက်နေတယ်၊ တကယ်တော့ သားက ဟင်းချက်တာကို ကူနေတာ နေမှာပါ၊ ကလေးဆိုတော့ ဘာသိမှာလဲကွယ်"

ဘကြီးနှုတ်မှ စကားတို့သည် အင်မတန် ခက်ခဲစွာထွက်လာခဲ့သည်။ ကျွန်တော် စောင့်နေရသည်။

"ပြောပါ ဘကြီးရယ်... ပြောစမ်းပါ"

"အင်း... သားတို့ ဘယ်သူမှ အခြေအနေ မကောင်းကြဘူး။ ဘုန်းကြီးကျောင်းက မီးလောင်၊ ကလေးတွေက စွန့်ခွာ၊ သီပေါကနေ အတင်း ထွက်ပြေးလာရ၊ အကုန်လုံးက အဆိုးချည်း ဖြစ်နေတဲ့အချိန်"

"မိုးမိုးဟာ စကားမပြောတော့ဘူး၊ တစ်လုံးတောင် မပြောဘူး"

"သားလည်း လုံးဝ ပြောင်းလဲသွားခဲ့တယ်။ ကျောင်း မီးမလောင်ခင်က အင်မတန် မျက်နှာချိုပြီး မြူလိုက်ရင် တခစ်ခစ် ရယ်ပြတတ်တဲ့ သဘောကောင်း မနောကောင်း ကလေးလေးဟာ ခု ဂျစ်တိုက်တတ်တဲ့ ကလေးဆိုးလေး ဖြစ်လာခဲ့တယ်။ မိုးလင်းကနေ မိုးချုပ်ထိ တစ်အိမ်လုံး၊ တစ်ခြံလုံး ရစရာမရှိအောင် လုပ်တတ်တယ်။ သတိပေးနေတဲ့ကြားကပဲ ဝရန်တာ လက်တန်းပေါ် ကုတ်တက်လိုတက်၊ ကြက်တွေကို လိုက်ချင် လိုက်နေတတ်တယ်၊ အဲသလို မရပ်မနားပြေးနေမှ ဖြစ်ခဲ့သမျှကို မေ့ထားနိုင်တော့မယ့် အတိုင်းပဲ။ မင်းအဖေ ချီထားမှ၊ ပေါင်ပေါ် တင်ထားမှပဲ မင်းဟာ ငြိမ်တယ်၊ မင်းအဖေတောင် အမြဲ ငြိမ်အောင်တော့ မထိန်းနိုင်ပါဘူး၊ သူ့မှာလည်း သူ့ပြဿနာနဲ့ သူ ရှိနေတာကိုး"

"သူ့အိမ်နဲ့ ကောင်လေးနှစ်ယောက်ကို ဆုံးရှုံးလိုက်ရတာဟာ သားသား အဖို့တွင်းဆုံးကျသွားခဲ့သလိုပဲ။ သူ မင်းကို ဂရုစိုက်ဖို့ ကြိုးစားပေမယ့် အမြဲတမ်းတော့ ဂရုမစိုက်နိုင်ရှာခဲ့ဘူး။ အရင်တုန်းက အင်မတန် ထွားကြိုင်းသန်မာတဲ့ မင်းအဖေဟာ ညတွင်းချင်း ယူပစ်သလို ကျသွားခဲ့တယ်။ ပါးချောင် နားချောင်နဲ့ မျက်တွင်းတွေလည်း ကျလို့ပေါ့၊ သူ ဆိုဖာပေါ်၊ ကွပ်ပျစ်ပေါ် ထိုင်ရင်း အဝေးကို ငေးနေတတ်တယ်။ သူ့ခန္ဓာကိုယ်ထဲကတစ်စုံတစ်ရာဟာ ပြင်မရလောက်အောင် ပျက်စီးသွားခဲ့သလိုမျိုးပေါ့"

"မင်းအမေလည်း မထူးပါဘူး၊ ဂျူလီယာဟာ ခဏခဏ ငိုတယ်။ ညီလေးနဲ့ ကိုမောင်ကို မကယ်ခဲ့နိုင်လို့ သူ့ကိုယ်သူ အပြစ်တွေ တင်၊ ညညဆို အိပ်မပျော်၊ အိပ်မက်ဆိုးတွေ မက်၊ ဂယောင်ချောက်ခြားနဲ့ လန့်နိုး၊ ထစ်ခနဲဆို တုန်နေအောင် ကြောက်.. ကြောက်နေရှာတယ်။ ရဲတွေ ရောက်လာပြီး သူနဲ့ သားသားကို လာဖမ်းမှာကို အချိန်ပြည့် စိုးရိမ်နေတယ်။ ပိုပြီး စိုးရိမ်တာကတော့ တစ်ယောက်ယောက်က အိမ်ကို လာပြီး မီးတင်ရှို့မှာကိုပေါ့၊ ညဆို ဝုန်းခနဲ ထ၊ အိမ်ကို ပတ်ပတ်လည် စစ်ဆေး၊ စိတ်ချရရဲ့လားလို့ ပတ္တယောင် လှည့်သလိုမျိုး လုပ်၊ စိတ်ကလည်း အင်မတန် တိုလွယ်လာတယ်၊ ဘယ်လိုရှေ့ဆက်ကြမလဲ ပြောရင်း မင်းအဖေနဲ့ ရန်ထဖြစ်တာလဲ အသချေ အနန္တ၊ သူ ကလောမှာ နေချင် တယ်၊ အိမ်တစ်လုံး ဝယ်ချင်တယ်၊ ဒါမှမဟုတ် ရန်ကုန်မှာ အခြေချမယ်ပေါ့၊ နယူးယောက်ကို ပြန်ပြောင်းပြီး အခြေချဖို့လည်း သူစဉ်းစားတယ်။ မင်းအဖေ ကတော့ မင်းအမေ ပြောသမျှ ဟိုဖက်နားကဝင် ဒီဖက်နားက ထွက်ပုံပါပဲ၊ တစ်လ၊ နှစ်လလောက်နေရင် သီပေါ ပြန်သွားဖို့ပဲ စိတ်အားသန်နေတယ်၊ မင်းအမေ အတွက်ကတော့ သီပေါဆိုတာ စကားထဲ ထည့်ပြောဖို့ မလိုတဲ့ အရပ် ဖြစ်သွားခဲ့ပြီ"

ဘကြီးက အသက်ပြင်းပြင်းကြီး တစ်ချက်ရှူလိုက်တယ်။

"အဲဒီအချိန်မှာ ဘကြီးတို့က မီးဖိုချောင်ထဲမှာ အလုပ်တွေ ရှုပ်နေတယ်၊ သားကို မင်းအမေက ခေးကို ချက်ချင်းချထားလိုက်ဖို့ ပြောပေမယ့် သားက နားမထောင်ခဲ့ဘူး"

သူ နားလိုက်ပြန်သည်။ ကျွန်တော် ကျောက်ရုပ်သဖွယ် မလှုပ်မယှက် ထိုင်နေမိသည်။ တစ်အိမ်လုံး ထူးထူးခြားခြား တိတ်ဆိတ်နေခဲ့သည်။ ပိုးကောင် လေးတွေ၊ ယင်ကောင်လေးတွေ၊ ကြွက်တွေ၊ ဝက်တွေပင် ဘာဆက်ဖြစ်မလဲ ဆိုတာ စောင့်ဆိုင်းပြီး နားစွင့်နေကြသလိုမျိုး။

"သားအမေဟာ ဒုတိယအကြိမ် ထပ်ပြောတယ်၊ သားကတော့ ဂရု မစိုက်ဘူး၊ သူ သားကို အော်ထည့်လိုက်တယ်။ ဂျူလီယာ့အသံ အဲသလောက် ဒေါမာန်ပါတာမျိုး ဘကြီး တစ်ခါမှ မကြားခဲ့ဖူးဘူး။ သူ စိတ်လွတ်သွားသလိုပဲ။ သားက သူ့ကို မျက်လုံးကြီး ပြူးကြည့်နေတယ်၊ စကားတော့ နားမထောင်ဘူး"

"ပြီးတော့ရော"

"ဘယ်သူမှ ဘာမှ မလုပ်နိုင်ခင်မှာ သားဟာ ခေးကို ပါးစပ်ထဲ ထည့်လိုက် တယ်၊ ဘာဖြစ်လို့လဲ ဆိုတာတော့ ဘကြီး မသိပါဘူး။ မင်းအမေ အော်ထည့်လိုက် လို့ ကြောက်စိတ်မွှန်ပြီး လုပ်မိလုပ်ရာ လုပ်တာများလားတော့ မပြောတတ်ဘူး။ သူ့ကို စိတ်ပူစေချင်လို့လား၊ ဘာလုပ်လို့ လုပ်မိမှန်း မသိဘဲ လုပ်လိုက်တာလား၊ မပြောတတ်ဘူး၊ မင်းအမေဟာ မင်းနား ချက်ချင်းရောက်သွားတယ်၊ မိုးမိုးဟာ

ကျောက်ရုပ်လို တင်းတောင့်နေတယ်”

“မင်းအဖေဟာ အိမ်ပေါ်ကို အတင်း ပြေးတက်လာတယ်၊ သူ မီးဖိုထဲ ရောက်တဲ့ အခါမှာတော့ အားလုံးဟာ သိပ်နောက်ကျသွားခဲ့ပြီ သူရော ဘကြီးပါ ဘာမှ မပြောနိုင်ဘူး၊ မင်းအမေဟာ ခေးကို ကိုင်ပြီး မင်းနဲ့ ဝေးဝေးကို လွှင့်ပစ် လိုက်တယ်”

“အဲသလိုမျိုးနဲ့ အမာရွတ် မထင်ပါဘူး ဘကြီးရာ”

“ခေးသွားက မင်းပါးကနေ ပေါက်ထွက်လာပြီး မင်းအမေက ခေးကို… ခေးကို.. ခေးသွားဖက်ကနေ ဆွဲထုတ်လိုက်တာ ဘိုဘို”

တတိယပိုင်း

တစ်

တစ်ပတ်လုံးလုံး ကျွန်တော် ဘာကိုမှ ခံစား၍ မရတော့၊ ဘာဆို ဘာမှ ခံစား၍ မရ။ အမာရွတ်ရှိသော ဘယ်ဖက်ပါးတစ်ခြမ်းလုံး ထုံနေခဲ့သည်။

အမာရွတ်က ခြောက်သွေ့နေသည်။ ကျွန်တော်တို့ခြံဝင်းထဲက ငှက်ပျော ရွက်တွေလို တွန့်လိမ် ခြောက်ကပ်နေသည်။

အတွင်းမှ လျှာဖြင့် ထိုးကြည့်သည်။ လက်သည်းဖြင့် ဆိတ်ကြည့်သည်။ ဘာမှ မထူး၊ ကျွန်တော် မည်သည့် အထိအတွေ့ကိုမှ မခံစားရ။

ကျောင်းမှာလည်း ကျွန်တော် အားတိုင်း ဘယ်ဖက်ပါးကို လက်ဖြင့် ကိုင်ကြည့်နေသည်။ ပါးရော ရှိသေးရဲ့လားပေါ့၊ အပေါက်ကြီးများ ဖြစ်သွားပြီ လားပေါ့။ အစာစား၊ ရေသောက်လျှင်လည်း ထိုပါးအပေါက်မှ ထွက်ကျကုန်မှာ စိုးရိမ်မိသည်။ စာသင်နေချိန်မှာ ကျွန်တော် စကားတစ်လုံးမှ မပြောဖြစ်။ ကျွန်တော် တစ်ခုခု ဖြစ်နေတာကို တခြားသူငယ်ချင်းတွေလည်း သိကြသည်။ သူတို့ ကျွန်တော့် ကို အနှောင့်အယှက် မပေး။

သို့သော်လည်း မကြာလိုက်ပါ။ ထိုအမာရွတ်က နာကျင်ခြင်းဝေဒနာကို ပေးလာခဲ့သည်။ ပထမတော့ ကလိယားထိုးနေသလိုလို၊ ပူသလိုလို ခံစားချက်မျိုး စတင်ဖြစ်လာသည်။ ထိုခံစားချက်နှင့် အသားကျနေသည်ကတော့ ကြာခဲ့ပြီ။ အရင်ကလည်း မကြာခဏ ဖြစ်ဖူးသည်ပဲ။ သို့သော် အမာရွတ်က ဆိုးဆိုးရွားရွား နာလာခဲ့သည်။ နှစ်ရက်လောက်ကြာတော့ မနေနိုင်တော့၊ ဘကြီးကို ကျွန်တော့် ပါးစပ်ထဲ ဘာများ ဖြစ်နေသလဲဆိုတာ ကြည့်ပေးစမ်းပါဟု ပြောမိသည်။ ဘကြီး ဓာတ်မီးလေးဖြင့် စေ့စေ့စပ်စပ် ထိုးကြည့်သည်။ ပုံမှန်မဟုတ်တာ ဘာမှ မတွေ့ရတဲ့။ ပါးနှစ်ဖက်လုံး ပုံမှန်ပါပဲတဲ့။ အမာရွတ်ရှိတာက လွဲ၍ပေါ့။ ကျွန်တော့် ဝေဒနာက သွားကိုက်တာလား၊ မေးရိုးက ယောင်နေတာလားတစ်ခုခုဖြစ်မည်ဟု သူက ပြောခဲ့သည်။

မသက်သာသောအခါ ဘကြီးက ကျွန်တော့်ကို ဆရာဝန်ဆီ ခေါ်သွား ခဲ့သည်။ ဆရာဝန်လည်း စမ်းသပ်ပြီး ဘာမှ မတွေ့၊ သွားတွေက အင်မတန် ကျန်းမာ သန်စွမ်းသည်ဟုပင် ပြောလိုက်သေးသည်။

ထိုညမှာ စူးကနဲ စူးကနဲ မခံမရပ်နိုင်အောင် နာခြင်းကြောင့် အိပ်ရာမှ ကျွန်တော် လန့်နိုးသည်။ ပါးက မီးကျီးခဲတွေ ငုံထားမိသလို အလွန်ပူလောင်နေ

သည်။ အသားကို ထိုးခွဲ၍ ခဲကို မေမေ ဆွဲထုတ်လိုက်သည့် အချိန်က ထိုထက် အဆပေါင်းများစွာ ပိုဆိုးမည် ထင်သည်။

ဘကြီးကို မနှိုးချင်တော့၊ ဘာမှလည်း မစဉ်းစားနိုင်။ ဂဏာန်းတွေကို မြန်နိုင်သမျှ မြန်အောင် ရေတွက်နေမိသည်။ တစ် နှစ် သုံး လေး ငါး ခြောက် ခုနှစ် … …. …. …..ငါးဆယ်…. ..တရာ.. …. နှစ်ရာ။

တစ်ထောင် ရောက်သောအခါ ဘကြီးကို နှိုးလိုက်ရတော့သည်။

ဆေးရုံရောက်တော့ အနာသက်သာစေသည့် ဆေးတွေ ပေးသည်။ ကျွန်တော် သောက်သည်။ သို့သော် ဘာမှ မထူး။ တစ်စက်မှလည်း မသက်သာ။ ကျွန်တော့်ဝေဒနာနှင့် ပတ်သက်၍ ဘယ်ဆရာဝန်မှလည်း မရှင်းပြနိုင်။

ဘာလုပ်ရမှန်း မသိသည့်အခါ ဘကြီးသည် ကျွန်တော့်ကို အိန္ဒိယနွယ် ဖွား ဗေဒင်ဆ^ရာ၊ ဆေးဆရာကြီးဆီ ခေါ်သွားသည်။ တစ်ခါတုန်းက ဘကြီး၏ မိခင်၊ ကျွန်တော့်ဘွားဘွား ဒေါ်မိမိ၏ ခွင်နေသော ခြေထောက်မှာ ညတွင်းချင်း ယောင်လာပြီး မခံမရပ်နိုင်အောင် နာကျင်လာသောအခါ ထိုဆရာကြီး ကုပေး၍ သက်သာရာ ရခဲ့သည်တဲ့။

ထိုဆရာကြီးအမည်က ဦးသာခင် ဖြစ်၏။ သူက ကလောမြို့ ဟိုဖက်အခြမ်းမှာ နေထိုင်သည်။ မြို့ကို ဖြတ်၍ သူ့ဆီ သွားရသည်ကိုက တစ်နာရီခန့် ကြာသည်။ ခြေလှမ်းတိုင်း လှုပ်ရှားမှုတိုင်းမှာ ပါးပြင်က နာသည်။

ထိုဆရာကြီးမှာ လက်ဆိပ်ရှိပုံ ရသည်။ သူ့ခြံဝန်းကား နှင်းဆီတွေ၊ ဒေစီတွေ၊ ခေါင်ရမ်းပန်းတွေ ဝေဝေဆာဆာ ပွင့်နေသည်။ ဝရန်တာမှာလည်း အဖြူနှင့်အဝါ သစ်ခွတွေ တွဲရရွဲ ကျနေသည်။ ခရစ္စမတ်ပန်းနှင့် မေမြို့ပန်းတွေက လှေကားပေါ်မှာ အိုးတွေနှင့် အစီအရီ။

ဘကြီးက လှေကားပေါ် ဦးဆောင်တက်သွားသည်။

ဧည့်ခန်းထဲမှာတော့ ကွတ်ကီးဘူးတွေ၊ အဝတ်လျှော် ဆပ်ပြာဗူးတွေ၊ ဆန်အိတ်လေးတွေ၊ အချိုရည်ဗူးတွေနှင့် ဆေးပေါ့လိပ်တွေ အများအပြား။ သူ့ လူနာတွေ လာကန်တော့ထားတာ ဖြစ်လိမ့်မည်။

ဆရာကြီး ဦးသာခင်က ပိန်ပိန်ရှည်ရှည်နှင့် ကျွန်တော် တွေ့ဖူးသမျှထဲ အရှည်ဆုံး နှာခေါင်းပိုင်ရှင် ဖြစ်တော့သည်။ ဆရာကြီးသည် ဝတ်ဖြူစင်ကြယ် ဝတ်ထားပြီး ခေါင်းမှာလည်း ပအိုဝ်းတွေလို ခေါင်းပေါင်းဖြူ ပေါင်းထားသည်။ ရှည်လျားသော ဆံပင်ဖြူတွေက ခေါင်းပေါင်းအောက်မှ ထိုးထွက်နေသည်။ ကြည့်ရတာ ကျွန်တော့်ဘကြီးဘထက် အသက်ကြီးမည် ထင်သည်။ အမြင်အာရုံ နှင့်

အကြားအာရုံလည်း အတော် အားနည်းနေပုံ ရသည်။ စကားပြောလျှင် သူ့နားနား ကပ်၍ ပြောကြရသည်။

ဆရာကြီးက ဘကြီးပြောသမျှ သေချာနားထောင်ပြီး ခေါင်း တညိတ် ညိတ် လုပ်နေသည်။ ခဏနေတော့ သူ့ကုသခန်းထဲ ခေါ်သွားသည်။ နံရံများမှ တစ်ပါး ဘာဆိုဘာမှ မရှိသည့် အခန်းလွတ်ကလေးတစ်ခု။ ဆရာကြီးက ဖယောင်း တိုင် နည်းနည်း ထွန်းလိုက်သောအခါ လေထုသည် ထူးဆန်းသော မွှေးရနံ့ တစ်မျိုး သင်းလာခဲ့သည်။

ဒီ အိုမင်းလှသော ဆရာကြီးသည် ကျွန်တော့်ကို ကူညီနိုင်မည်လား၊ မပြောတတ်။

ဆရာကြီးသည် ကျွန်တော်ကို ပတ်၍ အခေါက်ပေါင်းများစွာ လျှောက် နေပြီးမှ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ ကျွန်တော့် မျက်လုံး တွေထဲသို့ စိုက်ကြည့်သည်။ ကျွန်တော့်လည်ပင်းနှင့် မေးရိုးကို ခပ်ဖွဖွ ပုတ်ပေး သည်။ သူ့လက်တွေနှင့် ကျွန်တော့်ရင်ဘတ်နှင့် ဗိုက်တွေကို စမ်းသပ်သည်။ပါးစပ် ဖြဲခိုင်းသည်။ လျှာထုတ်ခိုင်းသည်။ ကြမ်းပြင်ပေါ်လှဲကာ မျက်စိမှိတ်နေ စေသည်။

ကျွန်တော် ဘကြီးကို ကြည့်မိသည်။ ဘကြီးက ခေါင်းညိတ်ပြသည်။ ကျွန်တော် ချီတုံချတုံနှင့် ကြမ်းပေါ် လှဲချလိုက်သည်။

ဆရာကြီးက ကျွန်တော့်ကို စောင်တစ်ထည် လွှမ်းပေးပြီး ကျွန်တော့် ဦးခေါင်းထက်မှာ တင်ပလ္လင်ခွေကာ ထိုင်လိုက်သည်။ နာကျင် ကိုက်ခဲနေသော ကျွန်တော့်ပါးကို သူ့လက်ပေါ်တင်စေသည်။ ခေါင်းတစ်ခုလုံး သူ့လက်နှစ်ဖက် ဖြင့် ထိန်းကိုင်ထားသည်။ ကျွန်တော် စိတ်စနိုးစနောင့် ဖြစ်လာပြန်သည်။ ကျွန်တော့် မျက်နှာကို အထူးသဖြင့် အမာရွတ်ကို မည်သူမှ ထိတာ ကိုင်တာ မကြိုက်။

ဘယ်ဖက်ပါးကို လက်တစ်ဖက်ဖြင့် ထိန်းကိုင်ထားပြီး ကျန်လက် တစ်ဖက်က ကျွန်တော့်ဂုတ်တွေကို ဖြည်းညှင်းစွာ နှိပ်နယ်ပေးနေသည်။ စစချင်း တွန့်ကနဲ ဖြစ်သွားသော်လည်း သူ့လက်တွေက ဘကြီးလက်ထက် ပို၍ နွေးထွေး ပျော့ပြောင်းသည်။ သူက ကျွန်တော့်ကို အသက်မှန်မှန်ရှူ၊ မျက်စိတွေ ပိတ်ထား ပြီး ဘာမှ မစဉ်းစားဖို့ ပြောသည်။ ကျွန်တော် စိတ်လျှော့လိုက်သည်။ ကျွန်တော့် ခေါင်းက သူ့လက်ပေါ် နစ်ဝင်သွားသည်။

ဘာမှ မစဉ်းစားဖို့ ကြိုးစားသော်လည်း မလွယ်လှ၊ မျက်စိမှိတ်လိုက် သည်နှင့် ကျွန်တော် မမြင်လိုသော မြင်ကွင်းတွေ စိတ်အာရုံထဲ တန်းစီပေါ်လာခဲ့ သည်။ ခုတစ်လော ညအိပ်ရာဝင်တိုင်း ဖြစ်သလိုမျိုးပေါ့။

"မျက်စိမှိတ်ထားပြီး ငှက်ကလေးတွေ မင်းကို ပြောပြနေတာကို နားထောင်ကွဲ့"

မျက်စိမှိတ်ထားပါသည်။

"ဘာငှက်သံမှ မကြားပါဘူး ဆရာကြီး"

"အာရုံစိုက်လေကွယ်"

ကြမ်းက ကျိုးကျိုးကျွတ်ကျွတ် မြည်သံတွေ ကြားသည်။ ဘေးအိမ်က ကလေးငိုသံကို ကြားသည်။ ကြက်တွန်သံ၊ အဝေးတစ်နေရာမှ ခွေးဟောင်သံ၊ ငှက်ကလေးတွေ၏အသံကို ကြားရသော်လည်း သူတို့က ကျွန်တော်ကို ဘာစကား မှ မဆိုကြ။

"ခု ကြားပြီလား"

"ဟင့်အင်း"

"ကလေး မင်း ဘာတွေကို စိုးရိမ်နေတာလဲ၊ ဘာကြောင့်များ အလိုမကျ ဖြစ်နေတာလဲ၊ မင်း စိတ်လေး နည်းနည်းရှည်ဖို့ လိုတယ်ကွယ်"

"ကျွန်တော် ဘာဖြစ်နေလို့လဲ ဆရာကြီး"

ကြောက်နေသည့်အသံ မဖြစ်အောင် ကြိုးစားမေးလိုက်သည်။

"မသိဘူးလေကွယ်"

"ဆရာကြီးက ဆေးဆရာကြီးပဲကို"

"ဒါနဲ့ပတ်သက်လို့ အဖြေရှိတာ မင်းတစ်ယောက်ပဲ ရှိတယ် ကလေးရဲ့"

"ကျွန်တော်တဲ့လား"

"တခြား ဘယ်သူများ ရှိရဦးမှာလဲကွယ်"

သူ မှားနေတာ သေချာပါသည်။

အချိန်တွေ ကုန်ဆုံးသွားခဲ့သည်။ အချိန်အတိုင်းအတာတစ်ခု ရောက် တော့ ကျွန်တော် တည်ငြိမ်လာခဲ့သည်။ ဆရာကြီးက ကျွန်တော့်ခေါင်းကို လက် နှစ်ဖက်ဖြင့် ကိုင်ကာ ဘေးတစ်ဖက် တစ်ချက်သို့ ဖြည်းညှင်းစွာ လှည့်သည်။ သံစဉ်တစ်ခုကို ညည်းနေသည်။ ပထမတော့ ခပ်တိုးတိုး။ ဆရာကြီး၏ အသံက တခြားအခန်းမှ လာသကဲ့သို့၊ တဖြည်းဖြည်း အသံက နီးလာတော့ ကျွန်တော့်

မေမေအကြောင်း အဆက်မပြတ် စဉ်းစားမိနေတာတွေ ရပ်သွားတော့သည်။

ဆရာကြီးက ကျွန်တော့်ကို ဖြည်းဖြည်းဆွဲယူလိုက်သည်။ ကျွန်တော့် ခေါင်းကို သူ့ပေါင်ပေါ် တင်လိုက်ပြီး သူ့လက်တွေကို ကျွန်တော့်ဗိုက်ပေါ် တင် သည်။ လက်တွေ၏ နွေးထွေးမှုက ကျွန်တော့်ကို သက်တောင့်သက်သာ ဖြစ်စေ လှသောကြောင့် လက်တွေ ပြန်လွှတ်လိုက်မှာကိုပင် ကြောက်မိသည်။ ထို့နောက် မှာတော့ အလွန်ထူးဆန်းသော ကိစ္စတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာလေတော့ သည်။ ကျွန်တော် ငိုချလိုက်ခြင်းပင်။ ပုံမှန်ငိုသည့် ငိုခြင်းမျိုး မဟုတ်၊ ကျွန်တော် ရှိုက်လည်း မရှိုက်၊ ဆို့လည်း မဆို့၊ သို့သော် ပါးပြင်ပေါ်မျက်ရည်တွေ တသွင်သွင် စီးကြလာသည်။ ဝမ်းနည်းမှုကို ခံစားရမည့်အစား ကျွန်တော် နေလို့ ထိုင်လို့ ကောင်းစ ပြုလာခြင်းကို ခံစားမိနေသည်။

ထို့နောက်မှာတော့ ကျွန်တော် အိပ်ပျော်သွားခဲ့သည်။ ပြန်နိုးလာတော့ ဘယ်ရောက်နေသည်ကို ရုတ်တရက် မမှတ်မိ၊ ဘယ်သူက ကျွန်တော့်ခေါင်းကိုကိုင်ထားပါလိမ့်၊ ဘယ်သူက သံစဉ်တစ်ခုကို ညည်းနေပါလိမ့်။ ကျွန်တော့် ပါးကို စမ်းမိသည်။ နာကျင်ခြင်းသည် လုံးဝ မရှိလေတော့။

ကျွန်တော် ထထိုင်လိုက်သောအခါ ဆရာကြီးက ဘကြီးဘကို နားလေး သူတို့၏ ထုံးစံအတိုင်း အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

“ခင်ဗျား တူကလေးဟာ ခုတော့ ကောင်းနေလိမ့်မယ်၊ ဒါပေမဲ့ ဘယ် လောက်ကြာကြာ ခံမယ် ဆိုတာတော့ မပြောနိုင်ဘူး”

ဆရာကြီးက ခေါင်းကလေးကုတ်ရင်း ဆက်ပြောသည်။ “သူ ကျုပ်ဆီ အချိန်မရွေး လာနိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ် ဒီထက်ပိုပြီး သူ့ကို ကောင်းအောင် မလုပ်ပေးနိုင်မှာတော့ စိုးမိပါတယ်”

ဆရာကြီးဦးသာခင်၏ စကား မှန်လှသည်။ ဘယ်ဖက်ပါးပြင်မှ နာကျင်မှုက ရက်အနည်းငယ်အကြာမှာ ပြန်လည် ဖြစ်တည်လာခဲ့သည်။ ကံကောင်းသည် ကတော့ အရင်တစ်ခါလောက် ဆိုးဝါး ပြင်းထန်ခြင်း မရှိ။ မခံမရပ်နိုင်လောက် အောင် မဟုတ်သဖြင့် ဘကြီးကို ပြောမနေတော့ဟု ဆုံးဖြတ်မိသည်။

သို့သော် ကျွန်တော် ဘာမှ မယ်မယ်ရရ မစားနိုင်။ ကျွန်တော့်မှာ အချိန် တိုင်း ပင်ပန်းနေပြီး ဆတ်ဆတ်ထိမခံ ဖြစ်နေသည်။ ပိုး တောင်မာကောင်လေး တစ်ကောင် သေနေသည်ကို မြင်ရတာနှင့်ပင် ရင်ထဲက ဆို့မတတ် ဝမ်းနည်းလာ သည်။ ညညဆို အိပ်၍ မပျော်၊ မနက်ဆိုလျှင် ပင်ပန်းလွန်းသောကြောင့် ဘာမှ မလုပ်ချင်။ အိပ်ရာထဲမှာပင် တစ်နေကုန် ခွေနေချင်မိသည်။ သို့သော် ထိုသို့ ဆိုလျှင် ဘကြီးက ကျွန်တော့်ထက် ပို၍ စိတ်ပူပင်သောက ရောက်ရှာမည်။ ထို့ကြောင့်ပင် အပူရုပ်ကို ဟန်လုပ်ကာ အိပ်ရာထ၊ ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်၊ ငှက်ပျောသီးတစ်လုံး ယူရင်း နေ့လယ်စာဗူးကို ပြင်ဆင်ကာ ကျောင်းသို့ သွားရ သည်။ အိမ်မှ ထွက်သည်နှင့် ကျွန်တော် ခွင့်စာရေး၊ သူငယ်ချင်း သူရိယနှင့် ထည့် ပေးလိုက်ပြီး ကိုအေးမင်းဆီသို့ သုတ်ခြေတင်သည်။ ဒီအချိန်က ပွင့်လင်းရာသီမို့ ခရီးသွားတွေ ကျနေသည်။ ကိုအေးမင်းသည် ရုံးမှာရှိသည် ဟူ၍ မရှိ။ ထို့ ကြောင့် သူ့ရုံးမှာ ကျွန်တော် တစ်ယောက်တည်း၊ ပြဿနာမရှိ၊ ပိုကောင်း၏။ ကျွန်တော် ဘာမေးခွန်းမှလည်း မဖြေချင်၊ ဘာမှလည်း မလုပ်ချင်၊ ဘောလုံးပွဲလည်း ကြည့်ချင် စိတ် မရှိ၊ ဗွီဒီယိုဂိမ်းလည်း ဆော့ချင်စိတ် မရှိ။ သူ့စားပွဲမှာ ထိုင်ပြီး ယင်ကောင် တွေ၊ ပိုးဟပ်တွေ ဒါမှမဟုတ်လည်း နံရံကြီးကို ထိုင်ငေးနေမိသည်။

နာရီပေါင်းများစွာ၊

ရက်ပေါင်းများစွာ၊

ထိုအချိန်အတွင်း ကျွန်တော့်အာရုံက စကားလုံး တစ်လုံးပေါ်မှာသာ တည်နေသည်။

သူ လုပ်ခဲ့တာ။

သူ လုပ် ခဲ့ တာ။

အမာရွတ်ဟာ မျိုးရိုး မလိုက်ဘူး၊ မျိုးဆက် တစ်ဆက်ကနေ တစ်ဆက် ကို လက်ဆင့်ကမ်း ပေးတာမျိုး မဟုတ်ဘူးဟု ဘကြီး ပြောခဲ့သည်။

အဖေ့ညာဖက်လက်မှာ လက်ချောင်းတစ်ချောင်း မရှိမှန်း ကျွန်တော် သတိရမိသည်။ သူ မတော်တဆ ဆုံးရှုံးခဲ့တာလား၊ တစ်ယောက်ယောက်က သူ့ကို အဲသလိုဖြစ်အောင် လုပ်ခဲ့တာလား။ အရင်က ထိုဖြစ်နိုင်ချေကို တစ်ခါဖူးမှ မတွေးမိခဲ့။

မချိုချိုကရော ဘယ်လိုလဲ။ သူ့ခြေထောက်တစ်ဖက်က တခြားတစ်ဖက် ထက် တိုဝင်နေသည်။ သူငယ်ငယ်တုန်းက ရွာမှာ ကစားနေတုန်း နွားလှည်း ကြိတ်မိတာဟု ဆိုသည်။ ဒါ မတော်တဆလား တစ်ယောက်ယောက်က သူ့ကို အဲသလိုဖြစ်အောင် လုပ်ခဲ့တာလား။

ကျောင်းက ကိုထွန်းမင်းကရော။ သူက စကားထစ်သည်။ လူတွေက တော့ သူ အမြဲ အဲသလိုပဲဟု ဆိုကြ၏။ သို့သော် မွေးရာပါလား၊ တစ်ယောက် ယောက်က သူ အဲသလို ထစ်အောင် လုပ်ခဲ့တာလား၊ ကျွန်တော် မသိ။

ကြီးကြီးငယ်ငယ် အပေါင်းတို့သည် တစ်ချိန်ချိန်တုန်းက တစ်ယောက်ယောက် ရတ်တရက် ကျွန်တော် စဉ်းစားမိသမျှ ဒဏ်ရာ အမာရွတ် ရှိကြသော သူတို့ကို လုပ်ခဲ့သည့်အတွက် ဖြစ်လိမ့်မည် ဟူသောအတွေး ဝင်လာသည်။ တချို့ က ငယ်ငယ်၊ တချို့က ကြီးမှ အလုပ်ခံရခြင်းဖြစ်မည်။ ဒါ ကောင်းသည့် အတွေးတော့မဟုတ်။ ထိုအတွေးထဲ နစ်နေလေလေ ကူကယ်ရာမဲ့လေ၊ ထို့ကြောင့် ဈေးဘက် ဂျက်လာလိုက်သည်။ မအိကို ရှာမည်။

မအိက ဆိုင်မှာထိုင်ရင်း ဖုန်းပွတ်နေသည်။ ကျွန်တော့်ကို တွေ့ရ၍ သူ ဝမ်းသာပုံ ပေါ်၏။

"ဟေး... ဘယ်လိုလဲ"

"ကောင်းပါတယ်"

ကျွန်တော် ညာပြောလိုက်သည်။

"ဒီနေ့ကျောင်းမတက်ရဘူးလား"

"ဟင့်အင်း"

"တစ်ခုခု စားမလား၊ ရှမ်းခေါက်ဆွဲ အရည်ဖျော် လုပ်ပေးမယ်လေ"

"ဟုတ်"

ဗိုက်ထဲက မအီမသာဖြစ်ပြီး လုံးဝမဆာသော်လည်း ကျွန်တော် ထိုသို့ ဖြေလိုက်မိသည်။

မအိက ရှမ်းခေါက်ဆွဲ လက်တစ်ဆုပ်ကို ဆန်ကာလေးထဲ ထည့်ကာ ရေနွေးထဲ နှစ်လိုက်သည်။ စက္ကန့်ပိုင်းလောက် ကြာသောအခါ ပျော့ပြောင်းလာ သော ခေါက်ဆွဲများကို ပန်းကန်ထဲ ထည့်ပြီး ဘရိုကိုလီ၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ မှျစ်၊ တို့ဟူးနှင့် ကြက်သားချက် နည်းနည်းထည့်သည်။ အရည် လောင်းထည့် သည်။ ငရုတ်သီးမှုန့် နည်းနည်းထည့်သည်။ ကျွန်တော်က ရှမ်းအရည်ဖျော်ဆို ပူပူစပ်စပ် ကြိုက်တတ်ကြောင်း သူ သိထားသည်။

"ကျေးဇူးပါ အစ်မ"

ကျွန်တော် ခေါက်ဆွဲပန်းကန်ကိုတဟူးဟူးမှုတ်ပြီး တဇွန်းမြည်းကြည့် သည်။ အလွန်ကို ပူနေသေးသည်။

မအိက ကျွန်တော့်ကို စူးစမ်းသလို ကြည့်နေသည်။

"မင်း တကယ်မဆာဘူး မဟုတ်လား"

"ဆာပါတယ်ဗျ"

"မင်းက လိမ်မှ မလိမ်တတ်ဘဲ ဘိုဘိုရဲ့"

သူက ရယ်သံစွက်၍ ပြောလိုက်သည်။

သူ့ရယ်သံက ကျွန်တော့် သောကတွေ၊ ဝမ်းနည်းမှုတွေကို အတန်ငယ် လျော့ပါးစေသည်။

"ဘာဖြစ်လာတာလဲ ပြော"

"ဘာဖြစ်ရမှာလဲ၊ ဘာမှ မဖြစ်ပါဘူးဗျာ"

"မင်း တစ်ခုခု ဖြစ်နေတာတော့ အမှန်ပဲ"

ကျွန်တော်ပုခုံးတွန့်ပြလိုက်တုန်းမှာပဲမျက်လုံးတွေစိုစွတ်လာသည်ကို သတိထားမိသည်။ ကျွန်တော့်အမာရွတ်၏ ရာဇဝင်ကို ဘကြီးဘ ပြောပြပြီး ကတည်းက ကျွန်တော်သည် မျက်ရည် ခဏခဏ ကျနေမိသည်။ ခုလည်း လူပုံ အလယ်မို့ ရှက်ပြီး ခေါင်းငုံ့ထားလိုက်မိသည်။

မအိက ဘာမှ မပြော။ သူ့လက်ကတော့ ကျွန်တော့်လက်ကို ဆွဲကိုင် လိုက်သည်။ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ကျလာသည်။

"အစ်မ ဘာကူညီရမလဲ"

မအိက တိုးတိုးလေး မေးသည်။

ကူညီပါ၊ ကူညီပါ အစ်မရယ်၊ ကျွန်တော် အဖြေ လိုချင်တယ်။

ကျေးဇူးပြုပြီး ကူညီပါ။

သို့သော် သူ ကျွန်တော်ကို ဘာလုပ်ပေးနိုင်မှာလဲ။ ဒီမျက်ရည်တွေ တောင် ဘယ်က ဘယ်လိုကျလာမှန်း ကျွန်တော် မသိ။ ထို့ကြောင့် ခေါင်းကိုသာ ခါယမ်းပြလိုက်သည်။

မအိက ကျွန်တော် ညာဖက်ပါးကိုပွတ်သပ်ပေးရင်း ကျွန်တော့်ဘယ်ဖက် ပါး အမာရွတ်ပေါ်သူ့လက်တွေ ရောက်လာသည်။ ထိုသို့ပွတ်သပ်မှုကို ကျွန်တော် ဘကြီးကိုသာ လုပ်ခွင့်ပေးဖူးသည်။ မအိ ထိုသို့ တစ်ခါမှ မလုပ်ဖူးခဲ့။ အမာရွတ်ကို အထိခံရသော အခါ အရာအားလုံး ပိုဆိုးကုန်တော့မည်ဟု ကျွန်တော် တွေးမိ သည်။

“တစ်ခုလောက် မေးလို့ရမလား”

ကျွန်တော် သူ့ကို မေးလိုက်သည်။

“အေး…မေးလေ”

“အစ်မကို တစ်ယောက်ယောက်က တစ်ခုခု လုပ်ခဲ့ဖူးသလား”

မအိက ခေါင်းလေး တစ်ခြမ်းစောင်းရင်း ကျွန်တော့်ကို ကြည့်နေသည်။ သူ့မျက်လုံးတွေကို ကျွန်တော် မကြည့်ရဲ။ ပြည့်စုံနေသော လူတစ်ယောက်အဖို့ ဘယ်အရာကိုမှ ထပ်ထည့်၍ မရဘူး မဟုတ်လား။ ဘယ်လောက် ကြိုးစားသည် ဖြစ်စေပေါ့။

မအိက စကားလုံး ရွေးနေသည်။

“မင်း မေးတဲ့ မေးခွန်းက ထူးထူးဆန်းဆန်းပဲ။ လုပ်ခံရတယ် ဆိုတာ ဘာကို ဆိုလိုတာလဲ”

“ဟိုဟာလေ၊ တစ်ယောက်ယောက်က အစ်မကို အင်မတန် နာကျင် အောင်၊ ဒဏ်ရာရအောင် လုပ်တာမျိုးပေါ့”

“တမင်ကလာ ရည်ရွယ်ပြီးလား”

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

“နေပါဦး… စဉ်းစားပါဦးမယ်၊ အစ်မ ငါးနှစ်သမီးတုန်းက အဖေ ဆုံး တယ်။

အဖေက စစ်ကား အတိုက်ခံရတာ။ သူတို့ကတော့ အဖေက မူးပြီး ကားရှေ့ အတင်းပြေးဝင်လာတာလို့ပြောကြတယ်၊ အဲဒါ ညာတာ။ အစ်မ အဖေက ဘယ်တုန်းကမှ အရက် မသောက်ဘူး။ အဖေက လက်သမားဆရာကြီး မောင်လေးရဲ့ နှစ်တိုင်းနှစ်တိုင်း အစ်မမွေးနေ့ဆို တိရိစ္ဆာန်အရုပ်ကလေး တစ်ရုပ် ထွင်းပေးတတ်တယ်၊ အစ်မ သူ့ကို နေ့တိုင်း လွမ်းနေတုန်းပဲ၊ ဒါပေမဲ့ မောင်လေး ဆိုလိုတာ အဲဒါ မဟုတ်ဘူး ထင်တယ်”

ဟင့်အင်း၊ မဟုတ်ပါဘူး။ သူ သူ့အဖေဆီက ရတာက တိရိစ္ဆာန်ရုပ်ကလေးတွေပဲ၊ အမာရွတ်မှ မဟုတ်ဘဲ။ ဒါပေမဲ့ ဒုတိယအကြိမ် ပြန်စဉ်းစားတော့ နီးစပ်သွားပဲ။ သူ ရယ်မောနေချိန်မှာပင် မပျောက်တတ်သည့် သူ့မျက်ဝန်းထဲက အမှောင်ရိပ်တွေအကြောင်း ခုတော့ ကျွန်တော် နားလည်ခဲ့ရပြီ။

ဘကြီး၏ စကားလုံးတွေကို ပြန်ကြားယောင်လာသည်။ လူတိုင်းမှာ အမာရွတ်ကိုယ်စီ ရှိတယ်။ မြင်ရတာနဲ့ မမြင်ရတာပဲ ကွာတာတဲ့လား။ ဒါပေမဲ့ မအိအဖေသေရတာက မတော်တဆလေ၊ ကံကြောင့်ပဲ ပြောပါတော့၊ ဝမ်းနည်းစရာဆိုပေမယ့် ကျွန်တော့်အမာရွတ်နဲ့တော့ အကွာကြီးပဲ။

ခေါင်းကို ယမ်းမိသည်။

မအိဖုန်းမြည်လာသည်။ ဘယ်သူ ခေါ်တာလဲဆိုတာပင် မကြည့်ဘဲ သူက ဖုန်းကို ချပစ်လိုက်သည်။ စဉ်းစားရင်း သူ့နှာခေါင်းကို ပွတ်၍ နေသည်။

“တစ်ယောက်ယောက်က ရည်ရွယ်ပြီး တမင်နာကျင်အောင် လုပ်ခဲ့တာမျိုးတော့ အစ်မ မခံခဲ့ရဖူးဘူး ထင်တယ်၊ ဒါမှမဟုတ် အစ်မက သိပ်ငယ်သေးလို့ မမှတ်မိတာလားတော့ မသိဘူး”

တချို့ စကားလုံးတွေသည် နာကျင်မှုကို ပေးစွမ်းစေနိုင်သလား။

“မင်းက ဘာဖြစ်လို့ သိချင်တာလဲ”

မအိက ကျွန်တော့်ကို မေးလိုက်သည်။

ဓားတစ်ချောင်းနဲ့ ကစားနေတဲ့ကလေးလေးတစ်ယောက်အကြောင်း၊ ကလေးအနားမှာ ရှိနေတဲ့ မိခင်တစ်ယောက် အကြောင်း၊ လှေကားထစ်တွေကို ပြေးတက်လာပေမယ့် အားလုံးဖြစ်ပြီးမှ ရောက်လာတဲ့ ဖခင်တစ်ယောက် အကြောင်း ကျွန်တော် သူ့ကို ပြောပြချင်ပါသည်။

သို့သော် မပြောပြနိုင်ပါ။ ကျွန်တော့်အမာရွတ် ဘယ်လိုဖြစ်လာသလဲ ဆိုတာ မအိ ဘယ်လိုနည်းနှင့်မှ မသိနိုင်။ ဒါက ကျွန်တော့်၏ ထာဝရ လျှို့ဝှက် ချက်

ဖြစ်ရပေမည်။ ဘကြီးရယ်၊ ကျွန်တော့် မိဘတွေရယ်ပဲ သိမည့် လျှို့ဝှက်ချက်။ ကျွန်တော့်မေမေမှာ နေမကောင်း ဖြစ်နေသည် ဆိုခြင်းကို ဘယ်သူ့ကိုမှ မသိစေချင်။ သူ နေမကောင်းကြောင်းပင် မစဉ်းစားချင်။

ထို့ကြောင့်ပင် "မင်းကိစ္စကရော ဘယ်လိုလဲ" ဟု သူ မေးလာတော့ ကျွန်တော် ပုခုံးသာ တွန့်ပြမိသည်။ ဘာမှ မပြောဖြစ်။

ကျွန်တော့်အမူအရာကို သူက အဓိပ္ပာယ်ကောက် လွဲပုံပင်။

"မသိဘူးလား၊ အင်း.. ဒါလည်း မှန်တာပါပဲ၊ တစ်ခုခုက တို့ကို ထိခိုက်နာကျင်အောင် လုပ်လိုက်တယ် ဆိုတာကို နောက်အကျကြီး ကျတဲ့ထိ တို့များ ဟာ သိချင်မှ သိတာ မဟုတ်လား"

အိမ်ပြန်ရောက်တော့ ကျောင်းမှာ ဘယ်လိုလဲ၊ ဘယ်ညာလဲ စသဖြင့် ဘကြီးက မမေးပါ။ ကျွန်တော် ကျောင်းမသွားဘဲ သက်သာသလို နေနေမှန်း သူ ကောင်းကောင်းသိပုံပင်။ ကျွန်တော့်ကိုစိတ်ပူကြောင်း၊ အနားယူသင့်ကြောင်း ပြောသည်။ နောက်နေ့တွေမှာ သူပဲ ဈေးသွားမည်။ သူပဲ ချက်မည်တဲ့လေ။

သို့သော် အနားယူရတာက သက်သာရာမရ။ ဒီအိမ်ထဲမှာ နားနေရတာကိုက ကျွန်တော်အတွက် ဒုက္ခတစ်ခုလို ဖြစ်နေသည်။ အိမ်သည် ကျွန်တော့် အတွက် ထူးဆန်းစွာ သူစိမ်းဆန်လာသည်။ ဘကြီး၊ မိုးမိုး၊ မေမေနှင့် ကျွန်တော် တို့ ထိုင်နေခဲ့ကြသည် ဆိုသော မီးဖိုခန်းထဲက စားပွဲကို ကြည့်မိသည့်အခါတိုင်း အမာရွတ်က စစ်ခနဲ စစ်ခနဲ ဖြစ်ဖြစ်သွားသည်။ ထိုစားပွဲကို ကျွန်တော် ရှောင်ဖို့ နေ့စဉ်နှင့်အမျှ ဆိုဖာပေါ်မှာ၊ ဝရန်တာမှာ၊ ခြံဝင်းထဲမှာ အစာစားရန် အကြောင်းပြချက် အသစ်တွေ ပေးနေရသည်။

မီးတောက်ဟာ မီးတောက်သက်သက်၊

ဓားဟာ ဓားသက်သက်၊

အမာရွတ်ဟာ အမာရွတ် သက်သက် မဟုတ်လေတော့။

ဘကြီးဟင်းချက်ရန်အတွက် ငရုတ်ကောင်းစေ့တွေကို ဓားထက်ထက် နှင့်လှီးနေသည်ကို မြင်ရသည့်အခါ ကျွန်တော် ဗိုက်ထဲ က အောင့်ကနဲ အောင့်ကနဲ ဖြစ်ဖြစ်သွားသည်။ ကျွန်တော် မကြည့်နိုင်သော အခြားအရာတွေလည်း ရှိ၍ လာခဲ့သည်။

တစ္ဆေ ဆိုသည်ကို ကျွန်တော် အမှန်တကယ် ယုံကြည်သလား ဆိုတာ မသေချာပါ။ တစ်ခါတလေ ကျိန်းသေပေါက် ယုံသည်။ တချို့နေ့တွေမှာတော့ မယုံ။

သို့သော် ဒီအိမ်မှာ ဘကြီးနှင့် ကျွန်တော် နှစ်ယောက်တည်း မဟုတ် ဆို သည့် ခံစားချက်မျိုး ရှိလာခဲ့သည်။

တစ်နေ့တော့ သူ့ကို ကျွန်တော် မေးမိသည်။

“ဘကြီး သရဲကို ယုံလားဟင်”

“ဒါက ယုံ မယုံ ဖြေရမယ့် မေးခွန်းမျိုး မဟုတ်ဘူး ဘိုဘို”

“ဒါဖြင့် ဘကြီး သရဲ မြင်ဖူးလား”

“မမြင်ဖူးဘူးကွဲ့၊ မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရင်လည်း သရဲ၊ တစ္ဆေလို့ ဘယ်ခေါ်လို့ရပါ့မလဲ။ ဒါပေမဲ့ မမြင်ရတိုင်း မရှိဘူးလို့တော့ မပြောနိုင်ဘူး မဟုတ်လား။ ဥပမာအားဖြင့် သား လေကို မြင်ရလား၊ ဒါနဲ့ နေပါဦး.. ဘာဖြစ်လို့ မေး တာလဲ”

“ခုနောက်ပိုင်း သား အခန်းထဲမှာ တစ်ယောက်တည်း ရှိနေပေမယ့် တစ်ယောက်တည်း မဟုတ်ဘူးလို့ ခံစားနေရလို့ပါ”

“ဒါပေါ့ ဘိုဘို၊ သားတစ်ယောက်တည်း မဟုတ်ဘူး၊ ဘကြီးတို့ဟာ ဘယ်တော့မှ တစ်ယောက်တည်း မဖြစ်ဘူးကွဲ့”

“အဲဒါ ဘာကို ဆိုလိုတာလဲ ဘကြီးရယ်”

ဘကြီးက ခဏ စဉ်းစားလိုက်သည်။

“ဥပမာ- ဘကြီးမိန်းမ ဆိုပါတော့ကွယ်၊ သူ ဆုံးပါးသွားတာ နှစ်ပေါင်းငါးဆယ်ကျော်ပြီ၊ ဘကြီးဆီမှာ သူ့ဓာတ်ပုံလေး တစ်ပုံတောင် မကျန်ရစ်ခဲ့ဘူး။ သူ့ရုပ်ရည်၊ သူ့အသံတွေလည်း ဘကြီးမှတ်ဉာဏ်ထဲကနေ တဖြည်းဖြည်း မှေးမှိန်သွားခဲ့ပြီ။ ဒါပေမဲ့ သူဟာ ဘကြီးနဲ့ အတူရှိနေတယ် ငါ့သား။ မနက် အိပ်ရာက နိုးရင် သူ ကုတင်ပေါ်မှာ ထိုင်နေတယ်၊ ဘကြီးလက်ကို ကိုင်ချင်ကိုင် ထားတယ်၊ ခုတော့ အဲသလို သိပ်မလုပ်တော့ပါဘူး၊ ဘကြီး စာအုပ်တွေ ပြင်နေတိုင်းလည်း သူ အနားကနေ ရပ်ကြည့်နေတတ်တယ်”

“အဲဒါကို ဘကြီးက ဘယ်လို သိလဲဟင်”

“ဘကြီး ခံစားမိတာပေါ့၊ ဝိညာဉ်တစ္ဆေ ဆိုတာ ခံစားလို့ပဲ ရတဲ့ အရာကွဲ့”

“ခုရော သူ ရှိနေလားဟင်”

ဘကြီးက သူ့မိန်းမကို လှည့်ကြည့်သလို တစ်ဖက်သို့ လှည့်ကြည့်၍

နေသည်။ ကျွန်တော် လေသံလေးဖြင့် မေးလိုက်သည်။

"ဘကြီး သူပြောတာ ကြားရလားဟင်"

ဘကြီးက ပြုံးသည်။

"ဟင့်အင်း၊ တစ္ဆေတွေ စကားပြောတာကို ဘယ်သူမှ မကြားနိုင်ဘူး၊ ခုလည်း သူ ဒီမှာ မရှိပါဘူး။ တစ်ခါတလေ ရက်ပေါင်းများစွာ ပျောက်နေတတ် တယ်၊ ဘယ်သွားလဲ ဆိုတာတော့ ဘကြီး မသိဘူး၊ ဒါပေမဲ့ သူ အမြဲပြန်လာတတ် တယ်"

"သူ ဘကြီးကို စကားမပြောဖူးလား"

"ဟင့်အင်း၊ ဒါပေမဲ့ ဘကြီးကတော့ သူ့ကို စကားပြောတယ်"

"တခြားရော ဘယ်သူတွေ ရှိသေးလဲဟင်"

"ဘကြီးရဲ့ အဖေရယ်၊ အမေရယ်၊ မြစ်ထဲမှာ ရေနစ်ပြီးသေသွားကြတဲ့ အိမ်နီးနားချင်းနဲ့ သူ့သမီးလေးရယ်၊ အရင်အိမ်ပိုင်ရှင် မိန်းမကြီးရယ်ပေါ့၊ အများ ကြီးပါပဲ၊ သေသူတွေဟာ ဘကြီးတို့အနားမှာ ဘကြီးတို့ ကြိုက်ကြိုက် မကြိုက် ကြိုက် ရှိတတ်ကြတာပဲလေ"

အင်း... ဒီအတိုင်းဆို ကျွန်တော်တို့ အသက်ရလာလေ အနားမှာ ဝိုင်းရံ နေသော တစ္ဆေတွေက ပို၍များလေ ဖြစ်မည် ထင်သည်။ သို့မဟုတ် ဒါကို လူကြီး တွေကပဲခံစားနိုင်သလား။ ကျွန်တော့်နားမှာ ရှိနေသူကရော ဘယ်သူလဲ။ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဆိုသော ခံစားချက်မျိုးက လွဲ၍ တခြား ဘာမှတော့ မဖြစ်။

ကျွန်တော်သည် ခြံဝင်းထဲ ဆင်း၍ နေရခြင်းကို ပိုနှစ်သက်လာသည်။

အိမ်ထဲမှာ ထိုင်မနေချင်တော့။ အပြင်ထွက်နေရလျှင် နေ၍ထိုင်၍ ကောင်းသလို ရှိသည်။ အဝတ်တွေလှန်းနေရလျှင်၊ ပေါင်းသင်းနေရလျှင်၊ ဟင်းသီးဟင်းရွက်ပင် တွေ စိုက်နေရလျှင်၊ ကြက်စာ၊ ဝက်စာ ကျွေးနေရလျှင်။

ခုတော့ ပုရွက်ဆိတ်တွေသည် ကျွန်တော့်အတွက် အကူအညီ မဖြစ် တော့။ သူတို့ ရည်ရွယ်ချက်တစ်ခုအတွက် မဆုံးတမ်း ချီတက်နေသည်ကို တွေ့ရတာ ပို၍ ဂဏှာမငြိမ် ဖြစ်စေသည်။

ထို့ကြောင့် အပြောင်းအလဲအနေဖြင့် ကျွန်တော် အိမ်နားက ယူကလစ် ပင်ကြီး၏ အရွက်တွေကို ရေတွက်၏။ ဒါ ကောင်းသည်။ တစ်ရာထိ ရောက်တော့ ရေတွက်ပြီးသား သစ်ရွက်တွေကို မျက်စိမှောက်ကုန်သည်။ အစက ပြန်စရပြန်

သည်။

ညဟောင်းကင်ယံမှ ကြယ်ကလေးတွေကို ရေတွက်ရသလိုပေါ့။

ဘကြီးကတော့ ကျွန်တော် ရှိသေးရဲ့လား ဆိုတာကို လာလာကြည့် သည်။ ကျွန်တော် ပျောက်ကွယ်သွားမှာ စိုးရိမ်နေပုံပင်။

ဒီလိုနှင့် နာရီတွေ၊

ဒီလိုနှင့် ရက်တွေ၊

ညတွေ ကုန်ဆုံးခဲ့ပြန်လေသည်။

ကောက်ကျစ် ယုတ်မာသော အကြင်သူတစ်ဦးသည် ကောက်ကျစ်ယုတ်မာသော အလုပ်များကိုသာ အစဉ်ထာဝရ လုပ်နေရမည်လား။ သို့တည်းမဟုတ် လူကောင်း ဟုသတ်မှတ်ထားသူ တစ်ဦးမှာရော တစ်ခါတရံ ကောက်ကျစ်ယုတ်မာတတ်ခြင်းမျိုး ရှိသလား၊ ထိုသို့ဖြစ်ခဲ့လျှင် ထိုလူကောင်းသည် တစ်ခါတည်း လူယုတ်မာ တစ်ဦးအဖြစ် ပြောင်းလဲသွားနိုင်သလား။

ကလေးတစ်ယောက်ရဲ့ ပါးကို ဓားနဲ့ ထိုးခွဲခြင်းသည် ကေန်အမှန် ကောက်ကျစ် ယုတ်မာသော လုပ်ရပ် ဖြစ်သည်။

ခု ကျွန်တော့်အမာရွတ် ဘယ်လို ရလာမှန်း သိမှပင် မေမေ့ကို ပို၍ သတိရလာသည်။ ပို၍ တမ်းတလာသည်။ ပို၍ နီးကပ်သည်ဟု ခံစားလာရသည်။ တချို့ ရက်များဆိုလျှင် မေမေ့ကို လွမ်းလွန်း၍ တခြား ဘယ်အရာကိုမှ မစဉ်းစားနိုင်ခဲ့။

ကျွန်တော့်ကို သူ လုပ်ခဲ့သည့် ဒဏ်ရာက ကျွန်တော်တို့ကို မကွဲကွာ စေဘဲ ပေါင်းစပ်သွားစေသလိုပင်။ ဘာဖြစ်လို့ အဲသလို ခံစားရပါလိမ့်။

မေမေ ကျွန်တော်ကို သတိရော ရလို့လား။ လွမ်းရော လွမ်းတတ်လို့လား။။ ကျွန်တော်မှာ မေးခွန်းတွေ တပုံတပင်၊ သံသယတွေ အနန္တဖြစ်၍ နေသည်။ ကျွန်တော့်ပါးကို ဖောက်၍ ဓားကို ဆွဲထုတ်ပြီး နောက်ပိုင်းတွင် မေမေ ဘာဖြစ်သွားသလဲ ဆိုတာကို သိချင်လှသည်။ ကျွန်တော့်ကို ဘယ်သူ ပြုစုစောင့် ရှောက်သလဲ။ သူကရော.. သူ့ကိုရော။ ကျွန်တော့်မိဘတွေ ဘယ်တုန်းက ရန်ကုန် ပြောင်းသွားခဲ့ကြသလဲ။ မိုးမိုးကရော ဘယ်မှာလဲ။ နောက်ဆုံးတော့ ကျွန်တော့် ကံကြမ္မာကြောင့်သာ ခုလို ဖြစ်ရသည်ဟု စိတ်ဒုံးဒုံး ချလိုက်လျှင် ဖြေရှင်းချက် ကောင်း ဖြစ်မည် မှန်သော်လည်း ကျွန်တော့် အတွင်းတည်းမှ တစ်စုံတစ်ရာက ဒီအတွေးကို ဆန့်ကျင်နေခဲ့သည်။ ဘကြီးကို ထိုမေးခွန်းတွေ မမေးရဲ။ ကျယ်ကျယ် လောင်လောင်ပင် မတွေးရဲ။ တစ်ယောက်ယောက်က ကျွန်တော် စကားလုံးတွေ

ကို ခိုးယူသွားသောကြောင့် ချရေးမရ ဖြစ်နေသကဲ့သို့ပင်။ ကျွန်တော့်စိတ်တွေက ကြောက်စရာကောင်းလောက်အောင် ကစဉ့်ကလျား ဖြစ်၍ နေသည်။ အတွေးတွေ၊ ဇာတ်လမ်းတွေ၊ ပုံရိပ်တွေက မိုးကြိုးမုန်တိုင်း ဆင်နေသလိုပင်။

ဘတ်စ်ကားတစ်စီး၏ပြတင်းပေါက်နား ထိုင်ခုံမှာ တစ်ယောက်တည်း ထိုင်နေသော ကျွန်တော့်ပုံရိပ်ကို အာရုံမှာ မြင်သည်။ ကျွန်တော့်မိဘတွေက ကားအပြင်မှာ ရပ်ရင်း ကျွန်တော်ကို လက်ပြနေကြသည်။ ပြုံးနေကြသော်လည်း

ပျော်ဟန် မတူ။ ကျွန်တော် သူတို့နှင့် မခွဲချင်။ ထို့ကြောင့် ငိုသည်။ ကားဘီးက စလှိမ့်ပြီ။ မေမေသည် ကျွန်တော်ကို မသွားစေချင်တော့သလို ဖြစ်လာသည်ကို သူ့မျက်နှာမှာ မြင်နေရသည်။ သူ တစ်စုံတစ်ခုကို အော်ဟစ်ရင်း ကားနောက် ပြေးလိုက်သည်။ ကားတံခါးကို ထုသည်။ သို့ သော် သိပ်နောက်ကျသွားခဲ့ပြီ။ ဒရိုင်ဘာက ရပ်မပေး။ ကားက မြန်သည်ထက် မြန်လာသည်။ သူ ခဏပြေးလိုက် ပြီး နောက်မှာ ကျန်ရစ်ခဲ့တော့သည်။

တံခါးအပေါက်ဝမှာ တစ်ယောက်တည်း ထိုင်နေသည့် ကျွန်တော်။ ကျွန်တော် စောင့်သည်။ ထပ်စောင့်သည်။ ထပ်၍ ထပ်၍ စောင့်သည်။ စောင့်ပြီး ရင်း စောင့်သည်။

ဈေးတစ်ခုတည်းမှာ မေမေနှင့်ကျွန်တော် လမ်းလျှောက်နေကြသည်။ ဈေးက လူတွေ ကြိတ်ကြိတ် တိုးနေသည်။ မေမေက ကျွန်တော့် လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ရုတ်တရက်ဆိုသလို သူ လက်ကို လွှတ်လိုက်ရာ ကျွန်တော်တို့ သားအမိ တကွဲစီ ဖြစ်သွားသည်။ ကျွန်တော့်ကို ရှာနေသော သူ၏ ဆန့်တန်းထားသည့် လက်တစ်ဖက်ကိုသာ မြင်နေရပြီး ခဏနေတော့ ဒေါသကြီးသည့် မြစ်တစင်းကသစ်တုံးတွေကိုမျောချလိုက်သလိုလူအုပ်ကြီး ရေစီးကြောင်းတည်း သူ မျောပါသွားတော့သည်။

တစ်ညနေတော့ ဘကြီးနှင့်ကျွန်တော် သူ့စားပွဲမှာ ထိုင်နေသည်။ သူ စာအုပ်တွေ ပြုပြင်နေတာကို ကျွန်တော် ကူညီနေသည်။ သို့ သော် အဆင်မချော၊ ဇာဂနာနှင့် ညှပ်ယူသော စာရွက်ပိုင်းလေးတွေ လွတ်ကျလိုက်၊ စာရွက်ပေါ် ကော်တွေ သုတ်မိလို သုတ်မိနှင့် အလုပ်တခြား အတွေးတခြား ဖြစ်နေကြသည်။ ဘကြီးက ရုတ်တရက် ပြောလိုက်သည်။

“ကနေ့ ဦးသာခင်ဆီ ရောက်ခဲ့သေးတယ်”

“ဟင်… ဘာဖြစ်လို့လဲ”

“သားအတွက် စိတ်ပူလို့ပေါ့”

“ဩော်.. မပူပါနဲ့ ဘကြီးရယ်”

ဘကြီးက ကျွန်တော့်ကို စာကြည့်မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်သည်။

“တကယ် မပူရဘူးလား”

“ဟင့်အင်း… မပူနဲ့”

“သေချာလား သား ကတိပေးလား”

“ဟုတ်ကဲ့၊ သား နေကောင်းတယ်။ ပါးက မနာတော့ဘူး ပုံမှန်အတိုင်းပဲ”

ကျွန်တော် အကြီးအကျယ် လိမ်ပြောလိုက်သည်။

ဘကြီးကတော့ ယုံပုံ မရပါ။ သို့သော်-

“ခုလို ကြားရလို့ ဝမ်းသာပါတယ်” ဟု ပြောသည်။

ရုတ်တရက်ချက်ချင်း ခြံဝင်းထဲမှ ဆူဆူညံညံအသံတွေကြားရသည်။ ခြေသံတွေ၊ ဘယ်သူတွေလဲ၊ ကျွန်တော် ထမည်အလုပ် ဘကြီးက ကျွန်တော်ကို ဒီမှာပဲ ထိုင်နေဖို့ မှာသည်။ ဒီအချိန်ကြီး ဆူဆူညံညံ လာပုံထောက်လျှင်တော့ အင်း...။ ကျွန်တော်လည်း သိနေပါသည်။ လှေကားမှ ဘွတ်ရှူးဖိနပ်သံကို ကြားရသည်လေ။

တံခါးဝမှာ ငယ်ရွယ်သော စစ်သားတစ်ယောက် ရပ်နေသည်။ သူက ဖိနပ်လည်း မချွတ် အိမ်ထဲလည်း မဝင် “ဦးဘ... ဦးဘ” ဟုသာ အော်ခေါ်နေသည်။

“အေး... အေး... ရှိတယ် “

ဘကြီးက အမိန့်ပေးသလို အသံကျယ်ကြီးနှင့် ထူးလိုက်သည်။ သူ ဒီလို မာမာထန်ထန် ပြောတာမျိုး ကျွန်တော် မကြားခဲ့ဖူးပါ။

စစ်သားက ခန္ဓာကိုယ်ကို တောင့်နေအောင် ကိုယ်ဟန်ပြင်လိုက်ပြီး- “ဗိုလ်မှူးကြီးတင်ရွှေဆီက အမိန့်ပါလာတယ်။ ဗိုလ်မှူးကြီးက ခင်ဗျား ကို အကြောင်းကြားခိုင်းတာက နိုင်ငံတော်လုံခြုံရေးအတွက် ခင်ဗျား ပိုင်ဆိုင်တဲ့ မြေတွေကို နိုင်ငံတော်က သိမ်းယူတယ် ဆိုတဲ့အကြောင်းပဲ။ လျော်ကြေးတော့ ရလိမ့်မယ်၊ မကြာခင် လျော်ကြေးကိစ္စ ဌာနချုပ်က အကြောင်းကြားလိမ့်မယ်”

ဘကြီးဘက ထိုစစ်သားကို စိုက်ကြည့်နေသည်။ “ကျေးဇူးပါပဲ။ ခုလို အကြောင်းကြားတဲ့အတွက်...”

ဘကြီးစကား မဆုံးသေးခင် စစ်သားက လှေကားမှ ဒုန်းဒုန်းဒိုင်းဒိုင်း အသံပေး၍ ဆင်းသွားခဲ့သည်။

“အဲဒါ ဘကြီးရဲ့....”

“အင်း... ဘကြီးရဲ့..... ဘကြီးရဲ့.....”

သူက စကားကို မဆက်ဘဲ ပြုံး၍နေသည်။ သူ့မျက်လုံးထဲမှာ ဒေါသ လည်း မတွေ့၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းလည်း မတွေ့၊ ထိုစစ်သား ဆောင်ယူ လာသော

သတင်းနှင့် မလိုက်ဖက်သည့် ငြိမ်းချမ်း တည်ငြိမ်ခြင်းကိုသာ တွေ့သည်။

"ဘကြီး တစ်ခုခုများ ဖြစ်သလား"

ကျွန်တော် စိုးရိမ်တကြီး မေးမိသည်။

"အင်း.. ခုမှ အစဉ်တကျဖြစ်သွားလို့ စိတ်သက်သာသွားတာကွဲ့"

"ဘယ်လို အစဉ်တကျလဲ"

"ရှိရမယ့် နေရာအတိုင်း ရှိတာပေါ့။ အရာဝတ္ထုတွေဟာ ကိုယ့်နေရာ ကိုယ်မရှိတာလောက် ဆိုးတာ မရှိဘူးကွဲ့၊ လူတစ်ယောက်အဖို့ ကိုယ့်နေရာ ကိုယ်သိရင် ငြိမ်းချမ်းတာပဲ။ အဲသလို မဟုတ်ရင် စိတ်ရှုပ်ရတယ်"

သူ့စကားကို ကျွန်တော် အကြာကြီး စဉ်းစားနေရင်း အကြံတစ်ခု ရလာသည်။ လူတစ်ယောက်ရဲ့ နေရာ။

ကျွန်တော်က ဘယ်နေရာနှင့် သက်ဆိုင်ပါသလဲ။

ဘကြီးနှင့်အတူ ခုလိုနေရတာလား။

ဖေဖေနှင့် အတူနေရတာလား။ ပြီးတော့ မေမေနှင့် အတူလား။

ဘကြီး ကျွန်တော့်ဘေးမှာ ဟောက်နေချိန်ထိ ကျွန်တော် အိပ်မပျော်။ တစ်ညလုံး ကျွန်တော့်အကြံကို အသေးစိတ် စဉ်းစားရင်း နာရီပေါင်းများစွာ ကုန်လွန်ခဲ့သည်ပင်။

လေး

ကျွန်တော့်ဘယ်ဖက်ပါးက ပေါက်ကွဲထွက်တော့မလို ခံစားနေရသည်။ အရေပြား က တင်းလွန်းနေပြီး အတွင်းမှ သွေးခုန်သည်ကိုပင် ခံစားနေရသည်။ အလွန် ကြောက်စရာ ကောင်းလှသည်။ အိမ်နံရံ အက်ကြောင်းများကြားမှ နေ့သစ်တစ်နေ့ ၏ အလင်းရောင် ဝင်လာခဲ့သည်။ ဘကြီးက အိပ်မောကျ၍ ကောင်းဆဲ။ ကျွန်တော် အသာလေး ထသည်။ အဝတ်လဲသည်။ ဧည့်ခန်းထဲ လှမ်းဝင်လာခဲ့သည်။ ဝတ်စုံအပိုကို အိတ်ထဲ ထည့်သည်။ အတွင်းခံတွေ၊ စာအုပ်တစ်အုပ်နှင့် လွန်ခဲ့ သည့် နှစ်က ဘကြီး ပေးထားသော ဝက်ဝံရုပ်ကလေးကိုလည်း ထည့်သည်။

ဘကြီး၏ ဖုန်းထဲမှ ကျွန်တော့်မိဘတွေ၏ ဖုန်းနံပါတ်၊ လိပ်စာတွေကို စာရွက်နှင့် ကူးသည်။ အိတ်ထဲ ထည့်သည်။ သူ့ပိုက်ဆံ ပုံးထဲမှ ငွေတစ်သောင်းကို ယူသည်။ လက်မှတ်ဖိုးနှင့် လမ်းခရီးအတွက် စားဖို့ သောက်ဖို့စရိတ်။ ပြီးတော့ ဘကြီးအတွက် စာတစ်စောင် ရေးသည်။

> ဘကြီးရေ...
>
> ဘကြီးကို တစ်ယောက်တည်း ထားခဲ့ရလို့ သားကို ခွင့်လွှတ်ပါ။ သား မေမေ့ကို တွေ့ဖို့ လိုနေပြီ။ သူ သားကို လိုအပ်နေပြီ ထင်တယ်။
>
> သားအတွက် နေရာဟာ မေမေနဲ့ ဖေဖေတို့နဲ့ တူတူနေဖို့ပါပဲ။ သား ဘယ်တော့ ပြန်လာမယ်ဆိုတာ မသိဘူး။ အဲဒီအတွက် စိတ်မပူပါနဲ့နော်။ သားကိုလည်း စိတ်မဆိုးပါနဲ့။ သား ဘကြီးကို အရမ်း အရမ်းချစ်ပါတယ်။
>
> ဘိုဘို

စာကို သူ့စားပွဲပေါ်တင်ခဲ့သည်။ နို့ဆီဗူးနှင့် ဖိထားခဲ့သည်။ ဘကြီးကို ထိုသို့ထားခဲ့ရသည်က လွန်စွာခက်ခဲလှသည်။ ကျွန်တော့်မှာ အပြစ်ရှိသလို ခံစားရသည်။ သို့သော် သူ့ဆီက ခွင့်တောင်းလျှင် သူပေးမည့် အဖြေကို ကျွန်တော် သိသည်ပဲ။

တစ်မိနစ်ခန့် ချီတုံချတုံ ဖြစ်နေသည်။ ကျွန်တော် သူ့ကို ဒီလိုလုပ်လို့ ရပါ့မလား။ သို့သော် ကျွန်တော်မှာ ရွေးစရာမရှိ။ ကျွန်တော် စိတ်မပြောင်းခင် အထုတ်ကို ပိုက်ရင်း ကိုအေးမင်း ရုံးခန်းဆီ ချီတက်လာခဲ့သည်။

ထင်သည့်အတိုင်း သူ မရှိ။ သူ့ကွန်ပြူတာထဲမှာ ရန်ကုန်မြေပုံကို ကြည့်သည်။ ကျွန်တော့်မိဘတွေ ဒီမြို့တော်ကြီး၏ ဘယ်နေရာမှာ နေပါလိမ့်။ မိဘ တွေနေသော ရပ်ကွက်က ရွှေတောင်ကြားတဲ့။ မြို့လယ်နှင့် သိပ်မဝေး၊ ရေကန်ကြီးတစ်ခုနှင့် သံရုံးကြီး တစ်ခုနားမှာ။

ရထားက ဥဩသံ အကြိမ်ကြိမ်ပေးရင်း ဘူတာမှ စတင်ထွက်ခွာသည်။ မနက်ခင်းတိုင်း ဒီအချိန်မှာ ဒီအတိုင်းသာ။ ဥဩဆွဲရသည်က ရထားလမ်းပေါ် လူရှိနေမည် စိုးသောကြောင့်။ လွန်ခဲ့သော လအနည်းငယ်က ရထားလမ်းပေါ် မှူးပြီး အိပ်ပျော်နေသော သူကို ကြိတ်မိဖို့ သီသီလေး လိုသည်။

ကျွန်တော် ရထားနောက်သို့ အပြေးလိုက်သည်။ တွဲတစ်တွဲ၏ ဝင်ပေါက်လက်ရန်းကို မှီလာသည်။ ကိုင်ပြီး ဆွဲတက်လိုက်သည်။ ထိုနေရာမှာ ခဏမတ်တပ်ရပ်ရင်း ကလောကို ငေ့ကြည့်လိုက်သည်။ သူရိယနှင့်ကျွန်တော် တစ်ခါတလေ ငါးလာမျှား၊ ရေလာကူးခဲ့ကြသည့် မြစ်ကို ကျော်လာခဲ့ပြီ။ ကိုအေးမင်း၏ ရုံးခန်းကို ကျော်လာခဲ့ပြီ။ ဘကြီးဘ၊ ကျွန်တော်တို့၏ အိမ်နှင့် ခြံဝင်းကလေး အကြောင်း စဉ်းစားမိသည်။ အားလုံးကို ကျွန်တော် လွမ်းနေတော့မည်။ ကြက်တွေကိုရော၊ ဝက်ကိုရောပေါ့။ အမှောင်ထုကြီးက ကျွန်တော့်နှလုံးသားကို ပိတ်ဖုံးလာသလို ခံစားရသည်။

ကလော၏ နောက်ဆုံးအဆောက်အအုံတို့ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသောအခါ လက်မှတ်စစ်ရောက်လာသည်။ ကျွန်တော်သူ့ကိုအကျိုးအကြောင်း ပြော၍ လက်မှတ်ဖိုး ပေးလိုက်သည်။ ကံကောင်းထောက်မသဖြင့် သူ ကျွန်တော့် ကို မသိ။ ကျွန်တော် ဘာကြောင့် တစ်ယောက်တည်း ခရီးသွားသလဲ၊ ဘာကြောင့် ဘူတာမှာ လက်မှတ် ဝယ်လာခဲ့သလဲ မမေး။ လက်မှတ်ဖိုးကို အိပ်ထဲ ထည့်ရသဖြင့် ကြည်နူးနေပုံပင်။

တွဲတွေက လူမပြည့်။ ကျွန်တော့်အတွက် ထိုင်စရာနေရာ တွေ့သည်။ နောက်ဘူတာတစ်ခုမှာ အမေတစ်ယောက်နှင့် ကလေးလေး နှစ်ယောက် တက်လာပြီး ကျွန်တော့်နားမှာ လာထိုင်သည်။ သူက ကျွန်တော့်ကို ကြင်နာစွာ ပြုံးပြ ပြီး အိတ်ထဲမှ ခရက်ကာမုန့်တွေ ထုတ်ကာ ကျွန်တော့်ကို ကျွေး၏။ ကျွန်တော် က ကျေးဇူးတင်ကြောင်း ပြောလိုက်သော်လည်း ထိုင်ရာမှ ထကာ နောက်ထပ် ထိုင်စရာနေရာကို ရှာရ၏။ မှန်စရာအကြောင်း မရှိသော်လည်း ဒီရထားပေါ်မှာ မိသားစု မပါဘဲ တစ်ကိုယ်တော် ခရီးသွားနေတာ ကျွန်တော် တစ်ယောက်တည်း ဟု ခံစားမိသည်။

ညဦးပိုင်းမှာ သာစည်သို့ ရောက်သည်။ မန္တလေး - ရန်ကုန် အမြန်ရထား က လူအပြည့်။ ရထားတစ်စီးလုံး ပိုက်စိတ်တိုက် ရှာသော်လည်း ထိုင်စရာနေရာ

တစ်နေရာပင် မရှိ။ ကလေးသုံးယောက်နှင့် မိသားစုတစ်စုက နေရာပေးသဖြင့် ကျပ်ကျပ်သိပ်သိပ် ထိုင်ခွင့်ရသည်။

တဖြည်းဖြည်းနှင့် ကျွန်တော် ကြမ်းပြင်ပေါ်ရောက်သွားသည်။ အိတ် ကို ခေါင်းအုံးလုပ်ကာ ကျောခင်းလိုက်သည်။ ရထားက လှုပ်လှ၊ ယမ်းလှသည်။ ဇလီဖားတုံးတွေကို ရထားကြိတ်နင်းသည်ကို သိနေသည်။ ကျွန်တော် ရေတွက်နေမိသည်။ ဒ ဂလက် ဒ ဂလပ် နှင့် စည်းချက်မှန်မှန် ထွက်လာသံကို သဘောကျလာရင်း အိပ်ပျော်သွားခဲ့သည်။

ကျွန်တော် နိုးတော့ မိုးလင်းနေပြီ။ အညောင်းဆန့်ရင်း အိတ်ဆီ လက်ရောက်သွားသည်။ ခေါင်းခုထားသည့် အိတ်အစား ညစ်ပတ်နံစော်သော အဝတ်ဟောင်း တစ်ခုသာ တွေ့လိုက်ရသည်။ တစ်ယောက်ယောက်က အိတ်အစား ထိုတဘက်ဟောင်းကြီးဖြင့် ကျွန်တော့်ခေါင်းကို ခုရင်း ကျွန်တော့်အိတ်ကို ယူသွား ခဲ့ပြီ။ ထထိုင်ပြီး ဘေးဘီသို့ ကြည့်လိုက်သည်။ ထိုင်နေကြသည့် သူတွေကမျက်နှာစိမ်းတွေ၊ ညက နေရာပေးခဲ့သည့် မိသားစုက တစ်နေရာရာမှာ ဆင်းသွား ခဲ့ပြီ ထင်သည်။ ရထား တစ်တွဲလုံး အိပ်ပျော်နေကြသည်။ တွေ့လိမ့်နိုးနှင့် ခုံတွေ အောက်မှာ ရှာကြည့်သည်။ ထရပ်လိုက်ပြီး ခုံတိုင်းကို ကြည့်သည်။ ပစ္စည်းတင် သည့် စင်ပေါ်တက်ကြည့်သည်။ ဘယ်နေရာမှာမှ မတွေ့။ ကျွန်တော် ကြောက် လာသည်။ ဒုတိယအကြိမ်ထပ် စစ်ကြည့်သည်။ ကျွန်တော့်နောက်ခုံက မယ်သီလ ရှင် နှစ်ပါးကတော့ မဖြစ်နိုင်၊ သူတို့နောက်က မိန်းမကြီးလည်း မဖြစ်နိုင်၊ ဆံပင် ရွှေရောင်ဆိုးထားသော လူတွေထဲက တစ်ယောက်များလား။ သူတို့ရှေ့ခုံမှာထိုင်၍ အိပ်ချင်ယောင်ဆောင်ကာ ကျွန်တော့်ကိုမျက်စိမှေးကြည့်နေသူများလား။ ဘယ်လိုလူမျိုးကများ ကလေးတစ်ယောက်ရဲ့ အိတ်ကို လုရက်တာပါလိမ့်။

သူတို့မျက်လုံးတွေကို သေချာ ကြည့်ခွင့်ရလျှင် ကျွန်တော် တရားခံကို သိနိုင်လိမ့်မည်။ သို့သော် ခရီးသည်တွေအားလုံးကို နှိုး၍ လိုက်ကြည့်ဖို့ ဆိုတာ မဖြစ်နိုင်။

အိတ်ပျောက်ရှာပုံတော်အတွက် ကျွန်တော် ရထားတစ်စင်းလုံး ရှေ့ဆုံး မှ နောက်ဆုံးတွဲထိ နှစ်ခေါက်တိတိ ရောက်ခဲ့သည်။ သို့သော် အသုံးမဝင်။ သူ စောစောတည်းက ဆင်းသွားခဲ့ပြီ ထင်သည်။ ကျွန်တော့်တစ်ကိုယ်လုံး အေးစက်လာပြီး ပျို့ချင်စိတ် ပေါက်လာသည်။ စာရွက်ပေါ် ရေးမှတ်ခဲ့သော မိဘများ၏ ဖုန်းနံပါတ်နှင့် လိပ်စာကို အလွတ်မရ။ သိကြသည့်အတိုင်း ရန်ကုန် ဆိုသည်က အပြောကျယ်လှသည့် မြို့တော်ကြီး။ ကျွန်တော် ဘယ်လိုလုပ်ပြီး သူတို့ကို ရှာရ ပါ့မလဲ။

တွဲတံခါးဝမှာ ခြေတွဲလောင်းချပြီး ထိုင်နေမိသည်။ ပူနွေးသော လေတွေ တဟူးဟူး တိုက်နေသဖြင့် လုံချည်စတွေ လန်နေသည်။ တစ်ယောက်ယောက်ကို ဒေါသထွက်ချင်သော်လည်း ခုတော့ ဒေါသမထွက် စိတ်သာ ညစ်၏။

ရန်ကုန်နယ်နိမိတ်ကို ချဉ်းကပ်ချိန်မှာ မှောင်ရီပျိုးစ။ ရထားက ဝင်ရ မည့် အချိန်ထက် နာရီပေါင်းများစွာ နောက်ကျသည်။ နောက်ဆုံးတော့ ရထားကြီး ရပ်သွားခဲ့ပြီ။ ကျွန်တော် ပြတင်းပေါက်မှ ခြေကုန်လက်ပန်းကျစွာ ငေးနေမိ သည်။ ပလက်ဖောင်းလည်း မတွေ့။ ဘယ်လိုဖြစ်တာပါလိမ့်။ တချို့ ခရီးသည် တွေက ပစ္စည်းတွေ သိမ်းပြီး ဆင်းသွားကြသည်။

လက်မှတ်စစ်တွေ တက်လာသည်။ စက်ခေါင်းအင်ဂျင် ပွင့်သွားပြီ ပြန်ပြင်၍ မရတော့ဟု ပြောသည်။ သို့သော် ဘူတာကြီးနှင့် နီးနေပြီ။ တစ်မိုင် နှစ်မိုင်ခန့်သာ လိုတော့သည်။ လမ်းလျှောက်ချင်လျှင် သံလမ်းအတိုင်း လျှောက် သွားရုံသာ။

ကျွန်တော့်နားမှာ ထိုင်နေသည့် မိသားစုတွေက အထုတ်အပိုးတွေ သွယ်ပြီး လာကြပြီ။ ကျွန်တော်လည်း သူတို့နှင့် လိုက် သွားသည်။

ကိုက် သုံးလေးရာလောက်မှာတော့ ဘေးကိုကွေ့လိုက်ပြီး အုတ်တံတိုင်း ဟနေ သည့်နေရာမှ တိုးထွက်လိုက်သောအခါမတော့ မီးတွေ ထိန်နေအောင် ထွန်းထားသော လမ်းမကျယ်ကြီးတစ်ခုပေါ် ရောက်နေတာ ကိုယ့်ကိုယ်ကိုယ် တွေ့လိုက်ရသည်။

ဆူညံသည်။

လူများသည်။

ပူသည်။

ကလောထက် အဆပေါင်းများစွာ ပူသည်။ ချွေးတွေ ကျွန်တော့် မျက်နှာ နှင့် လည်ပင်းမှာ စီးကျနေသည်။ ညစ်ထေးနေသည့် ရှပ်အင်္ကျီက အရေပြားမှာ ချွေးစိုပြီး ကပ်၍နေသည်။

လူတိုင်းက သူတို့ ဘယ်သွားရမည် ဆိုသည်ကို သေချာသိပုံဖြင့် အရပ် မျက်နှာ အသီးသီးသို့ လိုရာခရီး နှင်ကြပြီ။ ကျွန်တော့်မှာသာ မီးပွိုင့်တွေ အများ ကြီးနှင့် လမ်းဆုံကြီးတစ်ခုမှာ ရပ်ရင်း ဘာလုပ်လို့ ဘာကိုင်ရမည် မသိ။ ဆာ သည်။ ရေငတ်သည်။ အဆမတန် ပင်ပန်းမှုကြောင့် မျက်ခွံတို့သည် ပိတ်လုလု။ စီးတီးစင်တာသို့ ဦးတည်သော လမ်းမှ အမျိုးသမီးတစ်ယောက်ကို ကျွန်တော် မေးသည်။ သူညွှန်သောလမ်းအတိုင်း လျှောက်သွားမိသည်။ လမ်းမလျှောက်နိုင် တော့သောအခါ ဘတ်စ်ကား တစီးပေါ် ခုန်တက်သည်။ နှစ်မှတ်တိုင် လွန်လာ တော့

စပယ်ယာက ကျွန်တော်ကို မောင်းချသည်။ ဆင်းပြီး လမ်းလျှောက်ရပြန် သည်။

လူသွားလမ်းပေါ် ဆိုင်တန်းတွေ ခင်းထားသော လမ်းကျဉ်းလေး တစ်ခု။ ထိုဆိုင်တွေတည်းက နောက်ဆုံး စားပွဲတစ်ခုမှာ ရပ်၏။ ကုလားထိုင်ပေါ် ထိုင်မိသည်ဆိုလျှင်ပဲ ကျွန်တော်ထက် အသက်ကြီးပုံ မပေါ်သည့် ကောင်လေးတစ်ယောက် ရောက်လာသည်။ ဆံပင်ရှည်ရှည်၊ ကျွန်တော့် အဝတ်အစားထက် ပင် ပို၍ ညစ်ပတ်သေးသော လုံချည်စိမ်းနှင့် အင်္ကျီဖြူကို ဝတ်ဆင်လျက်။

“ဘာစားမလဲ”

“အင်း... ငါ ဗိုက်အရမ်းဆာတယ်ကွာ”

လူတစ်ယောက် အလိုအပ်ဆုံးအချိန်ကျမှသာ သူ့ စရိုက် သဘာဝ အစစ်အမှန်ကို တွေ့မြင်နိုင်သည်ဟု ဘကြီး အမြဲပြောခဲ့သလိုပါပဲ။

ကောင်လေးက တစ်ဖက်စားပွဲမှ မီနူးကို ယူပေးသည်။

“ဒါပေမဲ့ ငါ့မှာ ပိုက်ဆံ တစ်ပြားမှ မရှိဘူးကွ”

ကောင်လေးက တစ်မိနစ်လောက် စဉ်းစားပြီး ချာခနဲ လှည့်ထွက် သွားသည်။ မီးဖိုကြီးတစ်လုံးနှင့် ကြော်လှော် ချက်ပြုတ်နေသော မိန်းမကြီး တစ်ဦးထံ လျှောက်သွားသည်။ သူတို့ စကားပြောနေကြသည်။ မိန်းမကြီးက ကျွန်တော့်ဖက်သို့ ခြေဟန် လက်ဟန်တွေ ပြနေသည်။ ပြီးတော့ ကောင်လေး ပြန်လာခဲ့သည်။ သူ့လက်ထဲမှာ ပူပူနွေးနွေး ထမင်းကြော် တစ်ပန်းကန်။ သူက ပန်းကန်ကို စားပွဲပေါ် ချပေးလိုက်သည်။ စကားတော့ တစ်လုံးမှ မပြော။

“ရေဆာသေးလား” ဟုသာ မေးသည်။ ကျွန်တော် ခေါင်းငြိမ့်ပြလိုက်တော့ ရေသန့်တစ်ဗူး ချပေးသည်။

“ကျေးဇူးအရမ်းတင်ပါတယ်”

ကျွန်တော် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

သူက ဘာမှ မပြော၊ ကျွန်တော်ကို ရပ်၍ ကြည့်နေသည်။

“မင်း ဘာတွေ ကြည့်နေတာလဲ၊ အမာရွတ် မမြင်ဖူးဘူးလား”

“အဲဒါက နာလား”

“ဟင့်အင်း”

သူက ငြိမ်သွားပြန်သည်။

ကျွန်တော့် ဗိုက်က ဆာလွန်း၍ နာသလိုတောင် ဖြစ်လာပြီ။ ကျွန်တော် ထမင်းကြော်ကို ဟပ်ထိုးလိုက်အောင် စားမိသည်။

"ကောင်းတယ် အရသာ သိပ်ရှိတယ်"

ပလုပ်ပလောင်းဖြင့် ကောင်လေးကို ပြောမိသည်။

"မင်းတစ်ယောက်တည်းလား"

ကောင်လေးက ကျွန်တော်ကို မေးပြီ။

"မဟုတ်ဘူး"

ကျွန်တော် ဘာမှ သိပ်မစဉ်းစားမိဘဲ လွှတ်ခနဲ ဖြေလိုက်သည်။

"ဒါဆို ဘာလို့ ပိုက်ဆံ တပြားမှ မရှိတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့…"

"မင်းအမေရော"

"ခရီးသွားနေတယ်"

"အဖေကရော"

"တူတူပဲ"

ကောင်လေးက စဉ်းစားလိုက်သည်။

ပြီးမှ ဆုံးဖြတ်ချက် ချပြီးသော အသံဖြင့်-

"ငါ မယုံဘူးကွ၊ မင်း တစ်ယောက်တည်းပဲ သေချာတယ်"

ဟု ဆိုလိုက်သည်။

"မဟုတ်ဘူး မဟုတ်ပါဘူးကွ"

ဟု ကြောက်ကန် ကန်နေသော်လည်း အားက မရှိ။

မိန်းမကြီးက သူ့ကို လှမ်းခေါ်ပြီး အသစ်ရောက်လာသော စားသုံးသူ တွေဆီ လက်ညှိုးထိုးပြသည်။ သူက မသွားခင် ထပ်လိုချင်သေးလားဟု မေးသည်။

ဗိုက်က မဝ,တတ်သေးသော်လည်း ခေါင်းယမ်းပြလိုက်သည်။ အလကားလည်း စားသေး၊ လောဘကလည်း ကြီးသေးဟု မထင်စေလို။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဘိုဘိုတဲ့ကွ၊ မင်းရော"

"ထွန်းထွန်း"

ကောင်လေးက စားပွဲကို သုတ်၊ စားဖွယ်များ မှာသည်ကို မှတ်သားရင်း မီးဖိုနားက မိန်းမကြီးကို မှာထားသော အစားအသောက် စာရင်းကို ပြော၏။ ရေခဲပုံးထဲမှ ဘီယာနှစ်လုံး ထုတ်၍ စားပွဲပေါ်ချပေးသည်။ ဖယ်ဆက်သလို အလုပ် လုပ်ရင်း ကျွန်တော်ကို လှည့်ကြည့်ကာ သွားဖြဲပြသည်။

ကျွန်တော် ပန်းကန်ထဲက ထမင်းကြော်တွေကို တစ်စိမကျန် အပြောင် ရှင်းပြီး သူ့ကို စောင့်နေခဲ့သည်။ ခဏနေတော့ သူ ပြန်ရောက်လာသည်။၏

"အမေက ပြောတယ်ကွ၊ မင်း အိပ်စရာမရှိရင် ငါတို့နဲ့ လိုက်အိပ်လို့ ရတယ်တဲ့"

ကျွန်တော် ပုခုံးတွန့်လိုက်မိသည်။ ဘယ်မှာ အိပ်ရ အိပ်ရ အရေးမဟုတ် ပါလေတော့။

ဧည့်သည်အားလုံး ရှင်းသွားသောအခါ မိန်းမကြီးနှင့် သူ့ယောက်ျား သည် ဆိုင်သိမ်းရန် ပြင်ဆင်ကြ၏။ စားပွဲတွေကို ခေါက်သည်။ ခုံတွေကို စီသည်။ ကောင်လေးက ကူညီနေသည်။ ကျွန်တော်လည်း ဝိုင်းကူသည်။ အမှိုက်အိတ်ကြီး ပေါင်းများစွာကို နှစ်ဘလောက်အကွာက အမှိုက်ပုံသို့ သွားပစ်ရသည်။ အမှိုက်ပုံ က ကြွက်များဖြင့် ပြည့်နေသည်။ ရွံရှာဖွယ်လိလိ။

သူတို့မိသားစု၏ အိပ်ရာကား ပန်းခြံကြီးတစ်ခု၏ အစွန်မှ သစ်ပင် တစ်ပင်အောက်တွင် ဖြစ်လေသည်။ သစ်ပင်ကြီးက ကြီးလှသောကြောင့် သူ့ အကိုင်းတွေက ခေါင်မိုးသဖွယ် ဖြစ်၍နေသည်။ သူတို့က လူသွားလမ်းပေါ်တွင် တာပေါ်လင်စကို ခင်း၊ သတင်းစာတွေ၊ အိတ်ခွံတွေ အပေါ်ကထပ်ပြီး အိပ်ရာ ခင်းကြသည်။ ကလေးပေါက်စလေး သုံးယောက်ကို အလယ်က အိပ်စေသည်။ အင်း... လူတွေ၊ လူတွေ၊ ထိုလူတွေထဲမှာပင် နှလုံးသား ကြီးမားသူနှင့် သေးကွေး သူ၊ ကောင်းမွန်သော နှလုံးအိမ်နှင့် ပျက်စီးချို့ယွင်းနေသော နှလုံးအိမ် ရှိသူတို့ သည် အပြားပြား အစားစား ရှိနေကြပါလား။

အကြောင်းကိစ္စတစ်ခုကြောင့် ထိခိုက် နာကျင်ရသူတွေ ရှိသလို ခုထက်

ပိုပြီး ထိခိုက်နာကျင်စရာအကြောင်း ရှိနေသော သူတွေလည်း အများအပြား။

ထွန်းထွန်း၏ မောင်နှမတွေနားက ဂုံနီအိတ်ခွံ နှစ်လုံးပေါ်ကျွန်တော် နှင့် ထွန်းထွန်း လှဲချလိုက်သည်။ ရာသီဥတုက ပူလွန်း သဖြင့် ဘာစောင်မှ မလို။

ကျွန်တော် စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလှသော်လည်း အိပ်ပျော်ဖို့ ကလည်း ခက်ခဲလွန်းလှသည်။ ပါးတခြမ်းလုံး နေရာလွတ် မကျန်အောင် နာလှ သဖြင့် မခံစားနိုင်လောက်အောင် ဖြစ်နေသည်။ ကျွန်တော် ဟိုဖက် ဒီဖက်ကို လှည့်ကြည့်မိသည်။

“ဟေ့ကောင် ဘာဖြစ်နေတာလဲ”

ထွန်းထွန်းက လေသံလေးဖြင့် မေးလိုက်သည်။

“မင်း ဘာကိုဆိုလိုတာလဲ”

“မင်း ငြိမ်ငြိမ်သက်သက်မှ လှဲမနေနိုင်တာ”

“အဲဒီတော့ ဘာဖြစ်လဲ”

“မင်းမိဘတွေ သေကုန်ပြီ မဟုတ်လား”

“ဟာ... မဟုတ်ဘူးကွ”

“ဟုတ်ကို ဟုတ်တယ်၊ ငါ့မှာ မိဘတွေ သေသွားတဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ်။ သူလည်း မင်းလိုပဲ ငြိမ်ငြိမ်သက်သက် ထိုင်မနေနိုင်ဘူး၊ မင်းမှာ ဦးလေးတို့၊ အဒေါ်တို့လို ဆွေမျိုးတွေရော မရှိဘူးလား”

“ငါ့မိဘတွေ မသေဘူးကွ၊ ရှိတယ်”

“ဒါဆို မင်း ဘာလို့ သူတို့နဲ့ တူတူမရှိဘဲ လမ်းဘေးမှာ တစ်ယောက် တည်း ဖြစ်နေတာတုန်းကွ”

“အဲဒါ မင်းနဲ့ ဘာဆိုင်တုန်းကွ”

“မင်း ထွက်ပြေးလာတာလား”

ကျွန်တော် တစ်မိနစ်ခန့် စဉ်းစားလိုက်သည်။

“မဟုတ်ဘူးကွ၊ တကယ်တော့ ထွက်ပြေးသွားတာက ငါ့မိဘတွေ”

ထွန်းထွန်းက ကျွန်တော့်ဖက် လှည့်ကာ တံတောင်ဆစ်ကို ထောက်၍

ခေါင်းကို လက်ဖဝါးမှာ မှီရင်း ကျွန်တော့်ကို ကြည့်နေကြောင်း မှောင်ထဲမှာကျွန်တော် ခံစားမိသည်။

"နှစ်ယောက်လုံးလား"

"အင်း"

"ဘာလို့တုန်းကွာ"

"ငါ ဘယ်သိပါ့မလဲ"

"မိဘဆိုတာ အဲသလို ပြေးလို့ ရရိုးလားကွာ"

ကျွန်တော် တစ်ဖက်သို့ လှည့်လိုက်သည်။ သို့သော် သူက ကျွန်တော့် ပုခုံးကို လာတို့ပြီး-

"မင်း ငါတို့နဲ့ တူတူနေချင်လား၊ ဘာမှ ပြဿနာ မရှိဘူး။ စားပွဲထိုးတာ ကူရုံ၊ ပန်းကန်ဆေးတာ ကူရုံပဲ" ဟု ပြောသည်။

"ဟင့်အင်း၊ ငါ့အမေနဲ့ တွေ့ချင်တယ်ကွာ၊ ငါ သူ့ကို မတွေ့ရတာ ကြာလှပြီ"

"ဘာဖြစ်လို့လဲ"

ကျွန်တော် မညာချင်ပါ။ ဖြစ်ခဲ့သမျှအားလုံး ဇာတ်စုံ ခင်းပြချင်ပါသည်။ သို့သော် မဖြစ်နိုင်။

အမှန်တရားသည်ကား...။

ကဲ... ကျွန်တော် သူ့ကို စကားသုံးခွန်းမျှဖြင့် အကျဉ်းချုံ့ ပြောပြမည်။ နှစ်ခွန်း၊ တစ်ခွန်း၊ သို့သော် စကားလုံးတို့ နှုတ်ဖျားသို့ ရောက်မလာခဲ့။ ထိုအကြောင်း စဉ်းစားမိရုံမျှဖြင့် နေရတာ ပျို့ချင်သလို ဖြစ်လာသည်။ ဖြစ်ခဲ့သမျှအတွက် ဖော်ပြရန် ကျွန်တော့်မှာ စကားလုံး မရှိ။ ထို့ကြောင့် ကျွန်တော် သူ့ကို ခုလို ပြောသည်။ ကျွန်တော့်မေမေက အမေရိကန်မှ ရုပ်ရှင်မင်းသမီး ဖြစ်ကြောင်း၊ သူ့မှာ အလုပ်တွေ များလွန်း၍ ကျွန်တော့်ကို တွေ့ဖို့ အချိန်မရှိကြောင်း၊ ကျွန်တော်နှင့် ကျွန်တော့် ဘကြီးရှိရာ ကလောကို သူ လာခဲ့မည်ဟု ကတိ အထပ်ထပ် ပေးသော်လည်း သူ့ခရီးစဉ်မှာ စင်ကာပူ၊ လော့စ်အိန်ဂျယ်လိစ် နှင့် လန်ဒန်တို့တွင်သာ ရုပ်ရှင်များ ရိုက်ကူးရန် ထွက်လေ့ရှိကြောင်း၊ ခု သူ့ကို မတွေ့ရတာ ခုနစ်နှစ် ကြာပြီမို့ သူ့မွေးနေ့ အမီ သူ့ကို အံ့အားသင့်အောင် လုပ်ရန် ကျွန်တော် လာခဲ့ကြောင်း၊ ကလေးဆီက ပစ္စည်းကိုပင် ခိုးဝံ့သည့် လူတွေလည်း ရှိကြောင်း၊ သို့သော် ထိုအကြောင်း သူ သိပြီး ဖြစ်မည်ဟု မျှော်လင့်ကြောင်း ပြောလိုက်သည်။

ကျွန်တော် ပြောပြီးသည့်အခါ ထွန်းထွန်းက ဘာမှ မှတ်ချက်မပေးဘဲ ငြိမ်သက်နေသည်။ သူ အိပ်များပျော်နေပြီလားဟု ထင်မိသော်လည်း သူ့ တိုးလိုက် ကျယ်လိုက် အသက်ရှူသံက မအိပ်သေးကြောင်း ဖော်ပြနေသည်။

"သူက နာမည်ကြီးလား"

"ဘယ်သူလဲ"

"မင်းအမေလေ"

"အင်း.... အမေရိကမှာတော့ နာမည်ကြီးပေါ့"

"အရမ်းနာမည်ကြီးတာလား"

"မင်းအဖေကရော နာမည်ကြီးပဲလား"

"မကြီးပါဘူး၊ သူက အမေနဲ့ အမြဲလိုက်ရတာ"

"ဘော်ဒီဂတ် သဘောမျိုးလား"

"အေးပေါ့"

"အင်း... ငါသိပြီ"

ထွန်းထွန်းက စဉ်းစားနေသည်။ နောက်ဆုံးမှာတော့ သူ တိုးတိုးလေးပြောသည်။

"ဒီမယ် နားထောင်၊ ငါ့မှာ ဦးလေးတစ်ယောက် ရှိတယ်၊ ဆိုက်ကား ဆရာ။ သူက ဘယ်လမ်းမဆို အကုန်သိတယ်၊ မင်း မိဘတွေကို ရှာနိုင်အောင် သူ ကူညီနိုင်လိမ့်မယ်။ မနက်ဖြန် မိုးလင်းတာနဲ့ ငါ မင်းကို သူ့ဆီခေါ်သွားမယ် ဟုတ်ပလား"

ထွန်းထွန်း ညွှန်းသည့် သူ့ဦးလေးသည် မနက်အစောကြီး ထရသဖြင့် သော်လည်း ကောင်း၊ သူ့တူ ပြောသည့် အကြောင်းအရာကြောင့် သော်လည်းကောင်း စိတ်လက် မကြည်မသာ ဖြစ်၍ နေသည်။

"ရွှေတောင်ကြားဆိုတာ အဝေးကြီးကွ၊ ဘတ်စ်ကားဖြစ်ဖြစ် တက္ကစီ ဖြစ်ဖြစ် စီးသွားပါလား"

သူက ငြီးငြီးငြူငြူဖြင့် ပြောလိုက်သည်။

"သူ့မှာ ပိုက်ဆံ တပြားမှ မပါဘူးဗျ"

ထွန်းထွန်း ဦးလေးက ခပ်တိုးတိုး ရေရွတ် ကျိန်ဆဲလိုက်သည်။ သူ ပင်ပန်း နွမ်းနယ်နေဟန်ဖြင့် ဆိုက်ကားပေါ်က ဆင်းသည်။ သူ့လုံချည်ကို တင်းတင်း ဆီးသည်။ သူ့တူ၏ ပုခုံးပေါ်လက်တင်ပြီး ခပ်တင်းတင်းညှစ်လိုက်သည်။ သူ့ဦးလေးက ကျွန်တော့်ဖက် လှည့်လာသည်။

"ငါ့ကို ညစာကျွေးရမယ်လို့မင်းအမေကို ပြောလိုက်၊ သဘောတူလား"

ထွန်းထွန်းက မျက်နှာကြီး မဲ့ပြသည်။ ပြီးတော့ ပြုံးလာသည်။ ကျွန်တော့် ကို မျက်စပစ်ပြသည်။

သူ့ဦးလေးက ကျွန်တော့ဖက်လှည့်လာသည်။

"ကဲ လိပ်စာပေး"

"လေးဆယ့်နှစ်"

"ဟေ.. ဘာ လေးဆယ့်နှစ်တုန်း"

ကျွန်တော့် ခေါင်းခါပြလိုက်သည်။

"မင်း လမ်းနာမည် မသိဘူးလား"

"လမ်းနာမည်က အနဲ့ စတာပဲ"

ကျွန်တော့် ရှက်ရွံ့စွာ ပြောလိုက်မိသည်။ ကိုယ့်ဖက်က မှားနေတာကိုး။

"အင်းလျားကန်လမ်းလား"

“ဟုတ်ဘူး”

“လမ်းနာမည် မသိရင် ခက်ပြီ၊ ရွှေတောင်ကြားဆိုတာ ရပ်ကွက်ကွ၊ အကျယ်ကြီးရယ်”

“သူတို့အိမ်နားမှာ ကန်ကြီးတစ်ကန် ရှိတယ်၊ သံရုံးတစ်ခုလည်း ရှိတယ်”

“ဘယ်သံရုံးလဲ”

“မ… မမှတ်မိဘူး၊ မြေပုံထဲမှာတော့ အကြီးကြီးပဲ”

သူ့ဦးလေးက တစ်ချက် ဆဲလိုက်ပြန်သည်။

“အမေရိကန်သံရုံးလား”

“အား… ဟုတ်တယ်၊ ဟုတ်မယ် ထင်တယ်”

“မင်း… မင်းမိဘ နာမည်တွေတော့ သိပါတယ်နော်”

ထွန်းထွန်း၏ ဦးလေးက ကျွန်တော့်ကို ငေါ့၍ မေးလိုက်သည်။

ကျွန်တော် သူ့ကို ကျွန်တော်သိသမျှ ပြောပြသည်။ သူတို့နာမည်တွေ၊ ကျွန်တော့်အမေ နာမည်ကြီးမင်းသမီး အမေရိကန်သူ၊ ကျွန်တော့်အဖေ ဂစ်တာတီးသည်၊ ဘယ်ဖက် လက်တစ်ချောင်း မရှိ၊ မေမေက အရပ်အလွန်မြင့်၊ အလွန်လှ၊ ပြုံးလိုက်လျှင် ကြည့်နေသူ နှလုံးသားတွေ နွေးထွေးသွားစေနိုင်သည့် အပြုံး ပိုင်ရှင်။

ထွန်းထွန်းဦးလေးက မျက်လုံးကြီးကို ကလယ်ကလယ် လုပ်ပြရင်း သက်ပြင်းကြီးတစ်ချက် ရှည်လျား ပြင်းထန်စွာ ချသည်။ ခေါင်းကို ယမ်းရင်း-

“ကဲ တက်တက်” ဟု ပြောလိုက်တော့သည်။

သူက ဆိုက်ကားကို တွန်းပြီး ခုန်တက်လိုက်ကာ အားအင်အပြည့်ဖြင့်နင်းလိုက်သည်။ လမ်းမပေါ်မှာ ကားတွေ များများစားစား မရှိသေး။ သူက အရှိန် ဖြင့် မီးရထား ဂုံးကျော်တံတားကြီး တစ်ခုပေါ် နင်းတက်လိုက်သည်။ သူ့ ခြေ သလုံးကြီးတွေက ကျွန်တော့် မြင်ဖူးသမျှထဲ အကြီးဆုံးလောက်ရှိသည်။ သို့သော် လည်း အားသုံးရသဖြင့် အသက်ရှူသံ ပြင်းပြင်းကြီး ထွက်နေရှာသည်။

နာရီဝက်ခန့် ခရီးဆက်ကြပြီးနောက် လမ်းဘေးတစ်နေရာက ဆိုင်လေး တစ်ခုမှာ ရပ်လိုက်သည်။ သူက ဆိုက်ကားပေါ်မှ ဆင်းပြီး ဆောင့်ကြောင့် ထိုင် လျက် စားပွဲတစ်လုံးပေါ်မှ ဟင်းသီးဟင်းရွက်တွေကို လှီးနေသော မိန်းမကြီး

တစ်ဦးထံ သွားသည်။ လက်ဖက်ရည် မှာပြီး သူတို့နှစ်ယောက် စကားပြောနေကြသည်။ ကျွန်တော့်ကို ဂရုမထား။

ဆိုင်ထဲက မှန်ပုံးလေးထဲတွင် မိုင်ဘွိုင်းနို့ဆီဗူးတွေ အများကြီး၊ ကျွန်တော် ဗူးတွေကို ရေတွက်ကြည့်နေသည်။

တစ် .... ဆယ့်နှစ်......နှစ်ဆယ့်လေး။

ပြီးတော့ ကျွန်တော် အစက ပြန်ရေတွက်သည်။

"သူက မင်းအဖေကို သိတယ်"

နောက်ဆုံးမှာ သူပြန်ရောက်လာပြီး ဆိုက်ကားပေါ်တက်ကာ ကျွန်တော့် ကို ပြောလိုက်သည်။

"မင်းအဖေက သူ့ဆိုင်မှာ လက်ဖက်ရည် လာလာသောက်တတ်တယ် တဲ့၊ နေတာက ဒီနားကနေ သိပ်မဝေးဘူးတဲ့"

ဟုတ်ရဲ့လား၊ ဟုတ်ပါ့မလား။

"သူက အဖေ့ကို ဘယ်လိုသိသတဲ့လဲ"

ကျွန်တော် မယုံသင်္ကာဖြင့် မေးမိသည်။

"ရွှေတောင်ကြားထဲမှာ ဘိုမကို ယူထားတဲ့၊ လက်ချောင်း တစ်ချောင်း မရှိတဲ့၊ ဂစ်တာတီးတဲ့ ဗမာကောင်ဆိုလို့ သိပ်မရှိဘူးလေကွာ၊ ရေလည်မိုက်တဲ့ ဘဲတွေပေါ့" ဟု သူက ပြောလိုက်သည်။

တောင်ကုန်းလေးတစ်ခုပေါ်ဦးတည်သည့် လမ်းကျဉ်းလေး တစ်ခုထဲ ချိုးဝင်လိုက်သည်။ ဆိုက်ကားဆရာက အားရှိသမျှ အစွမ်းကုန် နင်းတော့သည်။ ဆိုက်ကားပေါ်က ဆင်းပြီး လမ်းလျှောက်လိုက်ရန် ဟန်ပြင်သော်လည်း သူက အသာနေဟု ပြောသည်။ ထိုလမ်းထဲက အိမ်တွေအားလုံး သံဆူးကြိုးတပ် အုတ်နံရံမြင့်ကြီးတွေ ကိုယ်စီနှင့်။ အိမ်ပြတင်းပေါက်တွေကလည်း သံတိုင်တွေနှင့် ကာထားသည်။ ထောင်တွေအလား။

ဂျာနယ်အရောင်းဆိုင်လေးတစ်ခုမှာ သူ ဒုတိယအကြိမ် မေးသည်။ လူတစ်ယောက် ထွက်လာပြီး လမ်းကို လက်ညှိုးညွှန်ကာ ညာဖက်ကို ချိုးပြသည်။

"မင်းအဖေကို လူတိုင်း သိတယ်ကွ၊ မင်းအမေကိုတော့ ဘယ်သူမှ မသိဘူး"

သူ ထိုသို့ မပြောသင့်၊ သို့သော် ပြော၏။

နောက်လမ်းဆုံရောက်တော့ ဆိုင်းဘုတ် တွေ့ရသည်။ အင်းလျားမြိုင် လမ်းတဲ့။ ကျွန်တော် ချက်ချင်း မှတ်မိသွားသည်။

"ဟောဟိုကအိမ် ဖြစ်မယ်"

သူက အပင်ပုလေးတွေ၊ သစ်ပင်တွေ ဝိုင်းနေသော ခြံထဲက နှစ်ထပ် တိုက်ဖြူဖြူတစ်လုံးကို လက်ညှိုးထိုးပြသည်။ အစိမ်းရောင် သံတံခါးရှေ့မှာ ရပ်လိုက်သည်။ နံပါတ် လေးဆယ့်နှစ်။ ကျွန်တော် ဆိုက်ကားပေါ်မှ ဆင်းလိုက်သည်။ တစ်ပြားမှ မပေးဘဲ အလကားစီးလာသည့်အတွက် မျက်နှာပူလှသည်။

"ကျေးဇူးတင်ပါတယ် ဦးလေး၊ ကျွန်တော်..."

"နောက်တစ်ခါတွေ့ရင် နှစ်ဆ ပေးကွနော့၊ ကဲ... မင်း ကံကောင်းပါစေ"

သူက ရယ်ရင်း ဆိုက်ကားကို ကွေ့ကာ နင်းထွက်သွားသည်။ တစ်ချက်တောင် ပြန်လှည့်မကြည့်။

"ကျေးဇူးပါ"

ကျွန်တော် ထိုစကားကို အသံတိတ် ထပ်ကာထပ်ကာ ပြောနေမိသည်။

ခြောက်

သံတံခါးက ပိတ်ထားသော်လည်း သော့ခတ် မထား၊ အသာလေး တွန်းကာ ခြံ ဝင်းထဲ ဝင်လိုက်သည်။

ခြံအရိပ်တွေကို ခိုကာ ချောင်းကြည့်လိုက်သည်။ အိမ်ရှေ့တံခါးက ပွင့်နေသည်။ အိမ်ထဲသို့ တိုးယိုပေါက် မြင်ရသည်။ မီးဖိုခန်းထဲမှာ အမျိုးသမီး နှစ်ယောက် စကားတပြောပြောနှင့် ချက်ပြုတ်နေကြသည်။ သူတို့ကို လှမ်းခေါ် မည် အလုပ်မှာ ဒုတိယထပ်က လာသော တတိယအသံ တစ်သံကို ကြားလိုက်ရ သည်။

ထိုအသံကို ကြားကြားချင်း ကျွန်တော် ချက်ချင်း သိလိုက်ပါသည်။ မီးဖိုချောင်ထဲမှ အမျိုးသမီးတစ်ယောက်က ဆေးတွေ လက်မှာ ကိုင် ကာ လှေကားပေါ်ကပျာကယာ ပြေးတက်သည်။ ခဏနေတော့ ပြန်ဆင်းလာပြီး မီးဖိုထဲ ပြန်ဝင်သွားခဲ့သည်။

ကျွန်တော် အသံမထွက်စေဘဲ အိမ်ထဲသို့ ဝင်သည်။ ညှော်ခန်းကို အသာ ဖြတ်၍ အပေါ်ထပ် တက်သည့် လှေကားပေါ် အသာတက်သည်။

ကျွန်တော့်ခြေထောက်တွေက တစ်ထစ်တက်လေ ပိုလေးလံလေ ဖြစ်လာသလို ခံစားနေရသည်။

ကျွန်တော် လှည့်ပြန်ချင်သည်။

ကျွန်တော် ပုန်းကွယ်နေချင်သည်။

ကျွန်တော် ဘကြီးဘဆီ ပြန်သွားချင်သည်။

အပေါ်ထပ်မှ စာရွက်ဖြန့်သံတွေ ကြားနေရသည်။ ကျွန်တော့်နှလုံးတွေက အထိန်းအကွပ်မဲ့စွာ ခုန်နေသည်။ ကလောက

လှေကားထစ် ၂၇၂ ထစ် မြင့်သော တောင်ပေါ်ဘုရားဆီ ပြေးတက်ထားဘိသကဲ့သို့၊ သို့တည်းမဟုတ် မိုးထိအောင် ထောင်ထားသော လှေကားကြီးကို တက်နေရဘိ သကဲ့သို့။

အပေါ်ထပ်မှာ အခန်းတွေ အများကြီး။

အခန်းတစ်ခုက ပွင့်နေသည်။

ကျွန်တော် ခြေဖျားထောက်ကာ ဝင်လိုက်သည်။

အခန်းထဲမှာ စာအုပ်တွေ၊ စာအုပ်တွေ အများကြီး၊ ကုလားထိုင်တွေ ပေါ်မှာ၊ ကြမ်းပြင်မှာ ပုံထားသည်။ ကျွန်တော့်တို့ အိမ်မှာလိုပဲ။

ကျွန်တော် အတွင်းသို့ ဝင်လိုက်သည်။

အခန်းတစ်ဖက်စွန်းမှာတော့ ပြတင်းပေါက်နားမှ စားပွဲနှင့် ဆုံလည်ဆိုဖာကုလားထိုင် ရှိသည်။

အဲဒီမှာ...

အဲဒီမှာ ကွန်ပြူတာ ကီးဘုတ်နှင့် စာရေးနေသည်က ကျွန်တော့် မေမေ။

ကျွန်တော့်ကို ကျောခိုင်းထားသည်။

ကျွန်တော် ရပ်လိုက်သည်။

"မေမေလား"

ကျွန်တော် လေသံကလေးဖြင့် မေးမိသည်။

သူက စာရိုက်နေဆဲသာ။

"မေမေ"

ဒီတစ်ခါတော့ ခပ်ကျယ်ကျယ် ခေါ်လိုက်သည်။

သူသည် ကျောက်ရုပ်လို ဖြစ်သွားသည်။ လှုပ်ရှားမှုတွေ အလုံးစုံ ရပ်တန့်သွားသည်။

ဆုံလည် ဆိုဖာကုလားထိုင်က ကျွန်တော့်ဖက်သို့ တဖြည်းဖြည်းချင်း လှည့်လာသည်။

တစ်လက်မချင်း ရွေ့နေသလို။

"မေမေ"

ကျွန်တော် ခြေတစ်လှမ်း ရှေ့တိုးလိုက်သည်။

နောက်ထပ် တစ်လှမ်း။

သူ ထရပ်လိုက်သည်။ စားပွဲကို လက်ထောက် အားပြုရင်း ခန္ဓာကိုယ်ဟန်ချက်ကို သူ ထိန်းထားသည်။

ကျွန်တော် ရပ်လိုက်ပြန်သည်။

ခုသူနှင့်ကျွန်တော့်အကြား ကိုက်အနည်းငယ်သာ ကွာသည်။ လေးကိုက်လား၊ ငါးကိုက်လား။

ပြီးတော့ အချိန်ကာလ ခုနစ်နှစ် ကွာသည်။

ပြီးတော့ အမာရွတ်တစ်ခု ကွာဝေးသည်။

အနည်းဆုံးပေါ့။

ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး တစ်ယောက်ကိုတစ်ယောက်ငေးနေမိတာ မည်မျှကြာမှန်း မသိတော့။

တယ်လီဖုန်း မြည်လာသည်။

တစ်ယောက်ယောက်က သူ့ကို ခေါ်နေသည်။

သူ မလှုပ်။

အသံ ပိုကျယ်လာသည်။

မလှုပ်သေး။

"ဘိုဘို… ဘိုဘိုလား"

သူ့ထံ ပြေးသွားချင်သည်။

သို့သော် မလှုပ်နိုင်၊ ခြေတစ်လှမ်းတောင် မလှမ်းနိုင်။

ကျွန်တော့်က ထိလိုက်လျှင် ထွက်ပြေးမည့် အိမ်မွေးတိရိစ္ဆာန်လေး အလား သူ ကျွန်တော့်နားသို့ သတိကြီးစွာဖြင့် တိုးကပ် လာသည်။

သူကလည်းတလှမ်းချင်းတရွေ့ရွေ့ခြင်း၊ သတိကြီးစွာဖြင့် လှမ်းလာသည်။

ကျွန်တော်က ပျံပြေးသွားမှာ စိုးနေသည့်အလား။

သူက ကျွန်တော့်အတွက် ရင်းနှီးလွန်းသလိုတစ်ချိန်တည်းမှာပဲ စိမ်းလွန်း နေသည်။

ကျွန်တော့်လက်တွေအတွက်၊ နှာခေါင်းအတွက်၊ မျက်လုံးတွေ၊ နားရွက် တွေအတွက် အချိန်လိုသည်။

ကျွန်တော့်တစ်ကိုယ်လုံးအတွက်၊ တစ်ကိုယ်လုံးမှ အစိတ်အပိုင်း အားလုံး နီးပါးအတွက် အချိန်ပေးရန် လိုသည်။

ခု ကျွန်တော်တို့နှစ်ယောက် နီးကပ်နေပြီ။ ကျွန်တော့်လက်တွေ သူ့ကို ဖက်... ဖက်။

မိုက်ကနဲ မူးသည်။ အရာအားလုံး ချာချာလည်သွားသည်။ စာအုပ်စင်၊ ကုလားထိုင်နှင့် မေမေ့မျက်နှာက ပြောင်းပြန် ဖြစ် သွားသည်။

ကျွန်တော့် ခွေကျမသွားမီ မေမေ ကျွန်တော့်ကို လှမ်းဆွဲလိုက်သည်။

ခုနစ်

သတိပြန်ရလာတော့ ဆိုဖာပေါ် ကျွန်တော် လှဲနေသည်ကို တွေ့ရ၏။

ဖေဖေက ကျွန်တော့်နားမှာ ထိုင်နေသည်။

"မေမေရော"

"နားနေတယ် သားရယ်"

"မေမေ နေမကောင်းဘူးလား"

"မဟုတ်ပါဘူး၊ သူ ပင်ပန်းသွားတာပါ"

ဖေဖေ ဘာကြောင့်များ အမှန်အတိုင်း မပြောပါလိမ့်။

"သား အမှားကြောင့်လား ဖေဖေ"

"ဟင့်အင်း သားက ဘာမှ မမှားဘူး"

"မဟုတ်ဘူး... မဟုတ်ဘူး၊ အားလုံးဟာ သားအမှားတွေချည်းပဲ"

"ဘိုဘို၊ အဲသလို ဘာလို့ ပြောနေရတာလဲကွယ်"

ဘာဖြစ်လို့လဲဆိုတော့ အဲဒါ အမှန်မို့လို့ပေါ့။ ဒီထက်ကောင်းတဲ့ အဖြေ ကျွန်တော့်မှာ မရှိ။

"သား မေမေ့ဆီ သွားလို့ရမလား"

"သူ အိပ်ပျော်နေတယ် ထင်တယ်"

"ဒါဆို သားတို့ မေမေ့ကို သွားကြည့်ကြစို့"

သူက ထရပ်လိုက်ပြီး ကျွန်တော့်လက်ကို ဆွဲလိုက်သည်။ ဖေဖေ့ကြောင့် ကျွန်တော်အားတက်လာသည်။အခန်းတစ်ခုသို့ ကျွန်တော်တို့ ဦးတည်ကြသည်။ ဖေဖေက တံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ အခန်းထဲက ပြူတင်းပေါက် တွေ အကုန်ဖွင့်ထားသည်။ လေညှင်းလေးက ခန်းဆီးစ ဖြူလွလွကို သက်ဝင် လှုပ်ရှားစေသည်။ မေမေက ကုတင်ပေါ်မှာ၊ တကယ်ပဲ အိပ်ပျော်နေသည်။ မေမေ့ အသားအရောင်က ဖြူဖျော့လျက်၊ နှုတ်ခမ်းတွေက နီရဲပြီး ဆံပင်က နက်မှောင် လှသည်။ ကျွန်တော် တွေးထားသည်ထက် ပိုနက်သည်။ မေမေသည် ဘကြီး

ပြောတာထက် ပိုလှကြောင်း ကျွန်တော် တွေ့ရပြီ။

ဖေဖေက အခန်းတံခါးကို အသာ ပြန်ပိတ်ပေးခဲ့ပြီး ကျွန်တော့်ကို တခြား အခန်းတစ်ခုထဲ ခေါ်လာသည်။ ထိုအခန်းထဲမှာ ကုတင်ကြီးတစ်လုံး၊ အဝတ်ဗီရို၊ စာအုပ်ဗီရိုနှင့် စားပွဲ ကုလားထိုင် အားလုံး ပြည့်ပြည့်စုံစုံရှိသည်။ မျက်နှာကြက်မှာ သစ်သား လေယပ်ပန်ကာကြီးက တွဲလောင်းကျနေသည်။ နံရံမှာ ပန်းချီကားတွေ ချိတ်ထားသည်။ နေရောင်ကြောင့် ပေါလစ်တင်ထားသော ကြမ်းပြင်က ဖိတ်ဖိတ် တောက်နေသည်။ အခန်းထဲမှာ ရေချိုးခန်း၊ အိမ်သာ တွဲရက်ပါသည်။ ဒီလောက် လှပသည့် အခန်းမျိုး တစ်သက်လုံး တစ်ခါမှ မမြင်ဖူးခဲ့။

"ဒါ သား အိပ်ဖို့ အခန်း" ဖေဖေက ပြောလိုက်သည်။ ကျွန်တော် တွေသွားသည်။

"ဒီမှာ အိပ်ရမှာလား၊ သားတို့အားလုံး စုအိပ်ကြမှာ မဟုတ်ဘူးလား"

ထိုမေးခွန်းကြောင့် ဖေဖေ အခက်တွေ့သွားပုံပင်။

"အင်း.... ဟိုဟာလေ၊ တကယ်တော့ အိမ်က အကြီးကြီး၊ အခန်းတွေက အများကြီး၊သားမေမေနဲ့ ဖေဖေလည်းတခန်းစီအိပ်တယ်။ ဧည့်သည်တွေအတွက် လည်း..."

သူက ကျွန်တော် ထိခိုက်နာကျင်စေဖို့ရည်ရွယ်ရင်း မရှိ၊ သို့သော် ထိုစကား လုံးကြောင့် လှိုက်ခနဲ ဝမ်းနည်းကာ မျက်ရည်က ပေါက်ခနဲ ကျလာသည်။

ဧည့်သည်အတွက် အခန်းမှာ ကျွန်တော် မအိပ်ချင်ပါ။

ကျွန်တော့်မျက်နှာပေါ်က အလိုမကျမှုကို ဖေဖေ မြင်ပုံပင်။

"ဖေဖေ ဆိုလိုတာက ဒါ သားရဲ့ ကိုယ်ပိုင်အခန်းလို့ပြောတာပါကွယ်"

ဟင့်အင်း... ကျွန်တော့် ကိုယ်ပိုင်အခန်းလည်း မလိုချင်ပါ။ ကျွန်တော် တစ်ယောက်တည်း အိပ်ရန် ဆန္ဒ လုံးဝမရှိ။

ကျွန်တော့်တို့နှစ်ယောက် စကားတလုံးမှ မဆိုဖြစ်ကြဘဲ ငူငူကြီး ရပ်၍ နေကြသည်။ ခဏနေတော့ ဖေဖေက မေးသည်။

"သား ဆာပြီလား"

"ဟင့်အင်း... အဲ... ဟုတ်တယ်၊ ဆာတယ်"

ကျွန်တော့်တို့ အောက်ထပ်သို့ ဆင်းလာကြသည်။ မီးဖိုခန်းထဲ ဝင်ကြသည်။

ခုနက မြင်လိုက်ရသော မိန်းမနှစ်ယောက်က ဟင်းသီးဟင်းရွက်တွေ လှီးနေကြသည်။ သူတို့နှစ်ယောက်က တူ၊ တူနိုင်လွန်းသည်။ ကျွန်တော့်ဖြင့် ခွဲကို မခွဲတတ်။ ဖေဖေက ကျွန်တော့်ကို သူတို့နှင့် မိတ်ဆက်ပေးသည်။ သူတို့ အမွှာ ညီအမတွေတဲ့။ မီးဖိုခန်းနားက အခန်းမှာ တူတူနေကြသည်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ပြုံး၍ ကြည့်နေမိကြသည်။ သူတို့ဘဝမှာ ၁၂ နှစ် သားကောင်လေးကို တစ်ခါမှ မမြင်ဖူးသလို ကျွန်တော့်ဘဝမှာလည်း အမွှာ ညီအမကို တစ်ခါမှ မတွေ့ဖူးခဲ့သလို ကြောင်၍ ကြည့်နေမိကြသည်။

ကျွန်တော် ဘာစားချင်လဲတဲ့။ ဘာပြောရမှန်း မသိ။ သူတို့က သရက်သီး နှင့် နို့ထမင်း စားမလားတဲ့။ ကျွန်တော်က ကူညီဟန် ပြင်သော်လည်း သူတို့က အကူမခံ။ ကျွန်တော့်နှင့် ဖေဖေက ထမင်းစားခန်းမှ စားပွဲရှည်ကြီးမှာ ထိုင်နေ ကြသည်။ ခဏနေတော့ ညီအမနှစ်ယောက်အနက် တစ်ယောက်က လတ်လတ် ဆတ်ဆတ် လှီးထားသော သရက်သီးစိတ်များနှင့် အရသာရှိလှသော နို့ထမင်း တစ်ပန်းကန်လာချပေးသည်။ဘကြီးနှင့်ကျွန်တော့်တစ်သက်လုံးချက်ပြုတ်လာခဲ့တာ ဒီလောက် တစ်ခါမှ စနစ်မကျ။

ဖေဖေက ကျွန်တော့်ကို ငေးနေသည်။ သူကတော့ ဘာမှမစား။

"မနေ့ညနေက ဖေဖေ မင်းကို ဘူတာရုံမှာ ကြိုနေခဲ့တာ"

"ရထားက ဘူတာ ဝင်ခါနီးမှ ပျက်တယ်လေ ဖေဖေ"

"အင်း... ဖေဖေလည်း ကြားတယ်"

"ဒါနဲ့ ဖေဖေက ဘယ်လိုလုပ်သိလဲ"

"မင်း ဘကြီးဘက မင်း ရေးထားတဲ့ စာတွေ့တော့ ဖုန်းဆက်တာပေါ့"

ဟုတ်သားပဲ။ ကျွန်တော် ဒါကို စဉ်းစားခဲ့မိဖို့ ကောင်းသည်။

"သူ သားကို စိတ်ဆိုးနေလား"

ဖေဖေက ကျွန်တော့်ကိုသူ့မျက်ဝန်းညိုကြီးများဖြင့် ကြည့်လိုက်သည်။

"သူက စိတ်ပူတာပါ၊ တို့များလည်း တူတူပဲပေါ့ သားရယ်"

"ဆောရီးပါ ဖေဖေရယ်၊ သားကို ခွင့်လွှတ်ပါ"

"မင်းဘကြီးဆီ ဖုန်းခေါ်လိုက်ဦးနော်"

"ဟုတ်ကဲ့"

သရက်သီးနှင့် နို့ထမင်းကား ခံတွင်းလိုက်လှသည်။ တစ်ပန်းကန် ကုန် တော့ ယူဦးမလားတဲ့။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"သူတို့နှစ်ယောက်က ဘယ်ကလဲ"

ကျွန်တော် ဖေဖေ့ကို တိုးတိုးလေး မေးလိုက်သည်။

"သူတို့က သီပေါကလေ၊ သူတို့ ဒီမှာ ဝေယျာဝစ္စ အကုန် လုပ်ကြတယ်၊ သူတို့လည်း အလုပ်ရ၊ ဖေဖေတို့လည်း အဆင်ပြေတယ်"

"ဒါနဲ့ မိုးမိုးက ဖေဖေတို့နဲ့ တူတူမနေတော့ဘူးလား"

"အင်း... မနေတော့ဘူးကွယ်"

"ဘာဖြစ်လို့လဲဟင်"

"သူ ယောကျ်ားရသွားလို့လေ၊ မနှစ်က မင်္ဂလာဆောင်တယ်၊ ခု သူ့ ယောကျ်ား မိသားစုနဲ့ ပဲခူးမှာ နေကြတယ်"

"ခုညီအမတွေက ချက်ပြုတ်ပေးကြလား"

"အင်း... စနေ၊ တနင်္ဂနွေဆို သူတို့ နားတယ်၊ အဲဒီကျရင် ဖေဖေတို့ ချက်ကြတယ်"

"မေမေရော ချက်လား"

"အင်းပေါ့... မင်းမေမေက သိပ်ဟင်းချက်ကောင်းတာ"

"သားလည်း ဟင်းချက်ကောင်းပါတယ် ဖေဖေရာ"

ဖေဖေက ပြုံးပြုံးကြီး ခေါင်းငြိမ့်ရင်း-

"ငါသိပါတယ် ငါ့သားရာ" ဟု ပြောလိုက်သည်။

"မေမေက ဘာအလုပ် လုပ်လဲဟင် သူ အလုပ်ရော လုပ်ရဲ့လား"

"လုပ်တာပေါ့ကွ၊ မင်းအမေက ဥပဒေ အတိုင်ပင်ခံလေ"

"အဲဒါ ဘာလဲ"

"သူက မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ကုမ္ပဏီတွေကို အကြံပေး တယ်။ အစိုးရကိုလည်း ဥပဒေအသစ်တွေ မထုတ်ပြန်ခင်မှာ သူ့ရဲ့ ထင်မြင်ချက်နဲ့

အကြံဉာဏ်တွေကို ပေးတယ်”

“အဲသလို ပေးတော့ သူတို့က နားထောင်လား”

“တစ်ခါတလေပေါ့”

“ဖေဖေကရော ဘာလုပ်လဲ”

“မင်းအမေကို ကူတယ်လေ”

“အကြံပေးတဲ့ နေရာမှာလား”

ဖေဖေက ခဏငြိမ်သွားသည်။

“ဟင့်အင်း... ငါ အဲသလိုတွေ မလုပ်တတ်ပါဘူး”

“ဒါဆို ဘာလုပ်တာလဲ”

သူ့အဖြေကတော့ ပြုံးနေခြင်းသာ။

“တခြားအလုပ်ရော မလုပ်ဖူးလား”

“လုပ်တာပေါ့ကွ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ ညနေတိုင်း အင်္ဂလိပ်စာ သင်တယ်”

ပါးဖြဲနားဖြဲ စားသောက်ပြီးချိန်မတော့ ကျွန်တော့်ကို ပင်ပန်းမှုက ဖိစီးလာသည်။ မီးဖိုခန်းထဲမှ နာရီက တစ်ချက်ချက်။

“ခရီးဝေး နှင်လာရတာ သား ပင်ပန်းနေပြီ။ ညကလည်း လမ်းပေါ်မှာ အိပ်ခဲ့တာ မဟုတ်လား”

ခေါင်းညိတ်ပြလိုက်သည်။

“သား လှဲချင်လား”

ခေါင်းညိတ်ပြလိုက်ပြန်သည်။

ကျွန်တော်နှင့် အလွန် ပွယောင်းနေသော သူ့ ရှပ်အင်္ကျီနှင့် လုံချည်ကို ထုတ်ပေးသည်။ အခန်းထဲ ခေါ်လာသည်။ ကျွန်တော် ကုတင်ပေါ် ပစ်လှဲလိုက် သည်။ သူက ကျွန်တော့်နား ထိုင်နေသည်။ စကားတစ်လုံးမှ မဆို။ ပေါလစ်တိုက် ကြမ်းပြင်ကိုသာ စိတ်ဝင်စားစရာ တစ်ခုခု တွေ့နေသည့်အလား စူးစူးဝါးဝါး ကြည့်နေသည်။ ကျွန်တော် သူကြည့်တာ လိုက်ကြည့်တော့ ဘာမှ ထူးထူးခြားခြား

မတွေ့။

သူက တိတ်ဆိတ်ငြိမ်သက်နေသည်။

ဖေဖေက ငြိမ်သက်စွာ နေတတ်သူမှန်း ကျွန်တော် သိပါသည်။ သို့သော် ရန်ကုန်မှာ ငြိမ်သက်ခြင်းက ကလောမှာ ငြိမ်သက်ခြင်းနှင့် ကွဲပြား ခြားနားနေ မှန်း ကျွန်တော် ခံစားရသည်။ ဒီမှာ ဖေဖေ ငြိမ်သက်နေတာက လျှို့ဝှက်မှုတွေ ပါနေသည်။

"ဖေဖေ ကျွန်တော့်ကို စိတ်ဆိုးနေတုန်းလား"

သူ့အတွေးတွေကို ဖြတ်တောက်ခံလိုက်ရသည့်အလား သူ ထရပ် လိုက်သည်။

"အော်... ဖေဖေက ဘာကိစ္စ စိတ်ဆိုးရမှာလဲ သားရယ်"

"ကျွန်တော်က ဘာဂျာကို ပြန်ပေးလိုက်လို့လေ"

"ဟင့်အင်း... စိတ်မဆိုးပါဘူး"

ကျွန်တော့် လက်မောင်းကို သူ အသာလေး ပွတ်သပ်နေသည်။

"ဒါက"

သူက ထထွက်သွားတော့မယောင် ဟန်ပြင်ပြီးမှ အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။ ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ကြည့် သည်။ အပြင်မှာ ကျီးအာသံတွေ ကြားနေရသည်။

"ငါ....ငါ....."

သူ ရပ်သွားတာ ကြာလှသဖြင့် သူ ဆက်ပြောရမည့် အကြောင်းအရာကို မေ့များသွားသလား ဟု ထင်လိုက်မိသည်။

"ငါလေ. ငါ့သား ရောက်လာတာကို အင်မတန် ပျော်တယ်၊ ဝမ်းသာ တယ် သိလား"

"သားက ဖေဖေ စိတ်ဆိုးမယ်ထင်နေတာ..."

"ဟင့်အင်း"

သူက ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး-

“ဒါပေမဲ့ သား သိအောင် ပြောထားမယ်၊ နောက်ရက်တွေကတော့ လွယ်မှာ မဟုတ်ဘူး၊ ဖေဖေတို့ အားလုံးအတွက်ပေါ့” ဟု ပြောချလိုက်သည်။

သူ ထွက်သွားတော့ ကျွန်တော် ကုတင်အလယ်မှာ လှဲရင်း ခြေတွေ လက်တွေ တစ်ဆုံး ဆန့်ထုတ်လိုက်သော်လည်း ကုတင်အစွန်းကို မမီ။ ဘကြီးဘ နှစ်ယောက် ကျွန်တော့်ဘေး လာအိပ်ပြီးတော့ နေရာတွေ အများကြီး လွတ်သေး သည်။

အနည်းဆုံးပေါ့။

လွယ်မှာ မဟုတ်ဘူး။

အားလုံးအတွက်ပေါ့ တဲ့လား။

စောင်ခြုံဖို့ မလို၊ ပူလွန်းသည်။ သို့သော် ကျွန်တော် တစ်ခုခုကို ဖက်ထား ဖို့ လိုသည်။ ဘကြီးမှ မရှိဘဲလေ။ ရေချိုးခန်းထဲမှာ ဧရာမ တဘက်အထူကြီး နှစ်ထည်တွေ့သည်။ အဲဒါတွေကို လိပ်လိုက်သောအခါ ခွခေါင်းအုံးကြီးလို ဖြစ် သွားသည်။ အဲဒါတွေကို ဖက်ရင်း ကျွန်တော် မေ့ကနဲ အိပ်ပျော်သွားလေ တော့သည်။

ရှစ်

ကျွန်တော့် မိဘနှစ်ပါး၏ အိမ်တွင် ကျယ်ပြန့်သော ခေါင်မိုးထပ် လသာဆောင် ရှိ၏။ ရေပန်းလေးနှင့် ကြာပန်းလေးတွေ၊ ကြိုးပုခက်လေး နှစ်ခုအပြင် အနီ ရောင်၊ အဖြူရောင်၊ အပြာရောင် စက္ကူပန်းနှင့် ကြွေပန်းပင် အိုးလေးတွေ အများ အပြား။ အမိုးခုံး ဂိတ်ကလေးနှင့် ထိုဂိတ်ကလေးပေါ် ထူထပ်စွာ ပေါက်နေသော နွယ်ပင်တွေ၊ ထိုအောက်မှာတော့ စားပွဲတစ်လုံး၊ ခုံရှည် တစ်လုံး၊ ကုလားထိုင် နှစ်လုံး ရှိသည်။

ထိုနေရာမှာ ကျွန်တော်တို့ ညစာစားကြခြင်း ဖြစ်သည်။ စားပွဲကို ဖန်မီးအိမ်လေးများနှင့် အလှဆင်ထားသည်။ ဖေဖေနှင့် ကျွန်တော်တိတ်ဆိတ်စွာ တိုင်ရင်း မေမေ့ကို စောင့်ဆိုင်းနေခဲ့ကြသည်။

ကျွန်တော့်မှာ စိတ်လှုပ်ရှားလွန်း၍ ငြိမ်ငြိမ် မထိုင်နိုင်အောင် ဖြစ်နေ သည်။ ကုလားထိုင်ပေါ်မှာ ထိုင်ရင်း ကျွန်တော့်ရှေ့မှာ ပန်းကန်ပြားလေးဖြင့် ချထားသော သီဟိုစေ့ ဆယ့်ခုနှစ်စေ့ကို အပြန်ပြန် အလှန်လှန် ရေတွက်နေမိ သည်။ ဖေဖေကလည်း ဂနာမငြိမ်။ သူ့ခြေထောက်တွေ တလှုပ်လှုပ် ဖြစ်နေပုံ ကြည့်ပြီး ကျွန်တော် သိသည်။ သူ ဒီလိုလုပ်တာမျိုး ကျွန်တော် မတွေ့ခဲ့ဖူးပေ။

မေမေလှေကားကိုဖြည်းညှင်းစွာတက်လာသည်ကိုသားအဖနှစ်ယောက် လုံး ကြားသည်။ ဖေဖေက ခုန်ထပြီး မေမေ့ကို သွားကြိုသည်။ လက်မောင်းမှ တွဲကာ စားပွဲဆီ ခေါ်ဆောင်လာသည်။ ကျွန်တော့် ညာဖက်မှာ မေမေ့ကို နေရာ ချသည်။

မေမေက အနီနှင့်အနက် ရောစပ်ထားသော လုံချည်နှင့် ပေါ့ပေါ့ပါးပါး ဘလောက်စ်အင်္ကျီကို ဝတ်ထားသည်။ နက်မှောင်သည့် ဆံကေသာမှာတော့ တရုပ်စကားပန်းပွင့်ဖြူလေး တစ်ပွင့် ပန်ထားသည်။ မေမေ့ လှုပ်ရှားမှုတွေက ဖြည်းဖြည်းဆေးဆေး၊ ညင်ညင်သာသာ၊ ကချေသည်တစ်ယောက်လို ခန့်ငြား မနေသော်လည်း ရှုမငြီးဖွယ်တော့ ဖြစ်နေသေးသည်။

မေမေ့ ရှည်လျား သေးသွယ်သော လက်ချောင်းတွေကို ကြည့်ရင်း ကျွန်တော် ကိုယ့်လက်ချောင်းတွေကို ကိုယ် ပြန်မြင်ယောင်နေသည်။ လက် ကောက်ဝတ်မှာတော့ ကျောက်စိမ်းလေးနှစ်ခု ထည့်သွင်း ထုလုပ်ထားသော အနီရောင် လက်ကောက် တစ်ရန်ကို ဖေဖေနှင့် ဆင်တူ ဝတ်ဆင်ထားသည်။

မေမေက လက်သုတ်ပုဝါကို ပေါင်ပေါ် ဖြန့်ခင်းလိုက်သည်။

“ဘယ်လိုနေသေးလဲ ဟင်”

ကျွန်တော့်ကို ဖြည်းဖြည်းတိုးတိုး သူ မေးသည်။ အိပ်တစ်ဝက်နိုးတစ်ဝက် ဖြစ်နေသည့် ပုံစံမျိုး။ မေမေ့အသံကလည်း ကျွန်တော်အသံနှင့် ဆင်တူသည်ဟု ကျွန်တော် ထင်မိသည်။

မှားဖြေမိမှာ ကြောက်လှသဖြင့် အဖြေပေးရန် ချီတုံချတုံ ဖြစ်မိသည်။ "ကောင်းပါတယ်" ဟု နောက်ဆုံးမှာတော့ ပါးစပ်က ထွက်သွားခဲ့သည်။

"ခုလို ကြားရတာ ဝမ်းသာပါတယ်"

တိတ်သွားပြန်၏။

"အစ်ကိုကြီးရော"

"နေကောင်းပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်"

သူ့အစ်ကိုကြီး နေကောင်း၊ မကောင်း သူ့ဘာသာ ဖုန်းဆက်မေးလို့ ရတာပဲဟု ကျွန်တော် တွေးမိသည်။ သို့သော် ခုချိန်မှာ ဒါက အရေးမကြီး။ သူ စကားပြောနေဖို့သာ အရေးကြီးသည်။ ကလောက ကြက်တွေ၊ ဝက်တွေ၊ ရာသီဥတုတွေ ဘာအကြောင်းပြောပြော၊ ပြောချင်ရာ ပြော ကျွန်တော် မေမေ့အသံကို နားစွင့်နေချင်သည်။ ကြားနေချင်သည်။

"အိမ်ရှိသေးလား"

"ဟုတ်ကဲ့"

အကြာကြီး တိတ်သွားပြန်သည်။

"သားသား ပြောတာတော့ သားက ဟင်းချက်ကောင်းဆို"

"ဟုတ်ကဲ့"

မေမေ ငြိမ်သွားပြန်သည်။ ကျွန်တော် သူ့ကို ဘာမေးရမလဲဟု စဉ်းစား မိသည်။ တုံးချာညံ့ဖျင်းတာတွေ၊ မဆိုင်တာတွေ မမေးမိဖို့ လိုသည်။ အရေးမပါ သော မေးခွန်းများဖြင့် မေမေ့ကို စိတ်အနှောင့်အယှက် မဖြစ်စေလို။ ဥပမာအား ဖြင့် သားနဲ့ ဖုန်းပြောတုန်းက မေမေ ဘာလို့ သားကို မသိချင်ယောင်ဆောင်နေ တာလဲဆိုသည့်မေးခွန်းမျိုးပေါ့။ ကျွန်တော် သေလောက်အောင် မေးချင်နေသော် လည်း အလွန်ဆိုးသည့် မေးခွန်းမျိုးမှန်း သိသာသည်လေ။

ကျွန်တော် စဉ်းစားပြီးမှ-

"မေမေရော ဘာဂျာ မှုတ်တတ်သလား"

ဟုမေးလိုက်သည်။

ဖေဖေနှင့်မေမေ တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။

မေမေ့ မျက်နှာမှာ အပြုံးတစ်ပွင့် ပေါ်လာသည်။

"ဟင့်အင်း၊ ဘာလို့ မေးတာလဲ"

"သားက... သား ထင်တာက မေမေနဲ့ ဖေဖေ အတူတူ တီးမှုတ်တတ်ကြတယ်ပေါ့"

"အေး... မဆိုးဘူးကွဲ့"

မေမေက တုန့်ဆိုင်းဆိုင်း ပြောလိုက်သည်။ ဘကြီး၏ ကက်ဆက်အို လေးတည်းမှ ထွက်လာသော အသံမျိုး။

"ဒါပေမဲ့ မေမေက မတီးတတ် မမှုတ်တတ်ပါဘူး"

"သားလည်း တူတူပဲ"

"မဟုတ်ပါဘူး၊ သားက ဘာဂျာ အတော်လေး မှုတ်တတ်နေပါပြီ၊ ကလော မှာတုန်းကလေ"

ဖေဖေက ဝင်ရောက် ကန့်ကွက် ပြောဆိုလိုက်သည်။

မေမေက ရေတစ်ငုံ ငုံသည်။ သူ့လက်တွေ တုန်နေသည်။ သို့မဟုတ် ကျွန်တော့်စိတ်က ထင်တာလည်း ဖြစ်နိုင်သည်။

အမွှာညီအမသည် ငါးပေါင်း၊ ဟင်းသီးဟင်းရွက်ဟင်းတွေ၊ ထမင်း အုပ်ဆောင်းတွေကို နေရာချသည်။ ဖေဖေက သူတို့ကို အလုပ်လုပ်တာ တော် ကြောင်း ချီးကျူးနေသည်။

"သား ငါး ကြိုက်သလား"

မေမေက ခက်ရင်းကို ကိုင်ရင်း မေးသည်။ ဓားကိုတော့ သူ လုံးဝ မထိ။

"အရမ်းကြိုက်တယ်"

"မင်းအကြိုက်ဆုံး အစားအစာက ဘာလဲ"

ကိုယ့်သားသမီး အကြိုက်ဆုံး အစားအစာကို မသိသည့် မိခင်တွေ ရှိနိုင်သည်ဟု ယူဆသော်လည်း မေမေ့ မေးခွန်းက ကျွန်တော်ကို ဝမ်းနည်းစေ သည်။

"သားက ထမင်းကြော်၊ ငါးဟင်း၊ ခေါက်မုန့်ကို နို့ဆီ၊ အုန်းသီး ဆမ်း ထားတာတွေ ကြိုက်တယ်၊ တကယ်တော့ ဘာမဆို ကြိုက်ပါတယ်၊ သားက အစားအသောက် ဇီဇာမကြောင်ဘူး"

ဟု ပြောလိုက်သည်။

ငါးပေါင်းက လွန်စွာ အရသာရှိလှသော်လည်း မေမေက တို့ကနန်း ဆိတ်ကနန်းမျှသာ စားသည်။

မေမေ ဘယ်လောက် ပိန်ပါးနေသည်ကို ခုမှ သတိပြုမိသည်။ ဘာမှမှ မည်မည်ရရ မစားဘဲ။

ခုတော့ မေမေ ကျွန်တော့်ကို ခိုးခိုးကြည့်သည်ကို မကြာခဏ မိသည်။ သို့သော် မသိချင်ယောင်ဆောင်နေလိုက်သည်။

ဖေဖေကတော့ ခြေထောက်တွေ လှုပ်လို့ ကောင်းတုန်း။

အမြွာညီအမက စားပွဲကို ရှင်းကာ ဖရဲသီးပန်းကန် ယူလာသည်။ မေမေက တစ်စိတ်သာ စားသည်။ ထိုတစ်စိတ်ပင် တစ်ဝက်သာ ကုန်သည်။

"မေမေ့ကို ခွင့်လွှတ်နော်၊ မေမေ နေသိပ်မကောင်းဘူး"

ဟုပြောရင်း ကုလားထိုင်မှ ထရန် ကြိုးစားသည်။ သို့သော် မထနိုင်၊ ပြန်ပြန်ကျနေသည်။ ၊ ဖေဖေက မေမေ့ကို ကူတွဲပြီး အိပ်ခန်းထိ လိုက်ပို့သည်။ သူ အတော်ကြာသည်အထိ ပြန်မလာသေး။

ကျွန်တော်တစ်ယောက်တည်း ဖရဲသီး ထိုင်စားရင်း စားပွဲပေါ်မှ ပန်းကန် လုံးထဲ ပါးစပ်ထဲမှ အစေ့ကို မှုတ်ထုတ်သည်။ အများစုက ပန်းကန်ထဲ မရောက်။ ဘကြီးကို သတိရသည်။ ဘကြီးက ကျွန်တော့်အကြိုက်ဆုံး ဘာလဲဆိုတာ အချိန် မရွေး သိသည်။

ဖေဖေ ပြန်ရောက်လာပြီ။ ကျွန်တော့်ကို ပြုံးပြဖို့ ကြိုးစားသော်လည်း မအောင်မြင်၊ မဲ့တဲ့တဲ့ကြီး ဖြစ်နေသည်။

"...I want to live....

I want to give...."

ကျွန်တော် မရှံ့မရဲ သီချင်းဆိုလိုက်သောအခါ ဖေဖေ မျက်နှာကြောတွေ လျော့လာခဲ့သည်။ သူလည်း ဝင်ဆိုလေပြီ။

"I've been a miner for a heart of gold...

that keep me searching for a heart of gold....

---and I'm getting old...."

ကျွန်တော်က သီချင်းကို ထပ်ကျော့သောအခါ ဖေဖေက စားပွဲခုံကို သူ့လက်ချောင်းများဖြင့် ခေါက်ရင်း ဒရမ်စည်းချက် လိုက်၍ နေသည်။

"မေမေ ဘာဖြစ်နေတာလဲဟင်"

ဒရမ်ခေါက်တာ ရပ်သွားပြီ။

"အင်း... ကြည့်ရတာတော့ မနေ့ညက စားတဲ့ ညစာလား၊ မနက်က စားတဲ့ မနက်စာလား အဲဒါကြောင့် သူ့အစာအိမ် နာနေတယ်၊ အဲသလိုပဲ ဖြစ် တတ်တယ်၊ မနက်ဖြန်ဆို ကောင်းသွားမှာပါ"

လိမ်ညာခြင်းသည် ခက်ခဲသော အခြေအနေမှာ ထွက်ပေါ်လာတတ်သည်ဟု ဘကြီး သင်ကြားပေးခဲ့ဖူးသည်။ ပိုလိုအပ်လေ ပိုညာရလေပေါ့။

"တကယ်တော့ ငါလည်း နေလို့ သိပ်မကောင်းလှဘူး၊ သား ဘာမှ မဖြစ်တာ သေချာလား"

အင်း... လိမ်ညာရန် လိုအပ်ချက်က သိပ်ကြီးမားနေသည် ထင်၏။

"မေမေက ဘာဖြစ်လို့ စကားပြောတဲ့ပုံစံက ထူးဆန်းနေတာလဲ၊ အစာ အိမ် မကောင်းတာနဲ့ အဲဒါနဲ့က ဘာဆိုင်လို့လဲ"

ဖေဖေ၏ ဖျစ်ညှစ် လိမ်လည်နေရသော စကားတန်ဆာတို့အပေ ကျွန်တော် စိတ်မဝင်စားတော့ပါ။ ထို့ကြောင့် ခုလို မေးလိုက်သည်။

"မဟုတ်ပါဘူး"

ဖေဖေက ခေါင်းကို ဟိုဖက် ဒီဖက် လှည့်ရင်း တစ်ခုခုကို ရှာနေသ လုပ်နေသည်။

"အဲဒါက... ဘယ်လိုပြောရမလဲ...၊ သူက ခက်ခဲတဲ့ အချိန်ကာလတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ညအိပ်ရာ မဝင်ခင် ဆေးတွေ သောက်ရတယ်၊ ပြီးတော့ သားကို

ရုတ်တရက် တွေ့လိုက်ရတဲ့အခါ…”

ဖေဖေ့စကားလုံးတွေက ခြောက်သွေ့နေသော မြေကြီးသည် သူ့ပေါ် ကျလာသည့် ရေတွေကို လျင်မြန်စွာ စုပ်ယူလိုက်သလို နစ်ဝင်ပျောက်ကွယ် သွားခဲ့သည်။

ကျွန်တော့်ကို ရုတ်တရက် တွေ့လိုက်ရတော့ ဘာဖြစ်သလဲ။

ထိုအချိန်အထိ ကျွန်တော်တို့ မိသားစု ပြန်လည် ဆုံဆည်းခြင်းက မေမေ့ ကို ခုလောက် ထိခိုက်ခံစားစေနိုင်သည်ဟူသော အတွေးမျိုး ကျွန်တော် တစ်ခါမှ မဝင်ဖူးခဲ့။

တစ်ခါလေးတောင် မဝင်ဖူးခဲ့။

စိတ်တည်းက စူးကနဲ ဖြစ်သွားသည်။ ကျွန်တော် ဒဏ်ရာသည် အနည်းနဲ့ အများ သူ့ဒဏ်ရာလည်း ဖြစ်နေမည်မှာ သေချာသည်။ ကျွန်တော့်ပါးပြင်မှ အမာရွတ်ကြီးကို ဖြစ်စေခဲ့သည့် ဓားသည် ကျွန်တော့်အတွက်တော့ ဓားသက်သက် မဟုတ်၊ ဒါဆို မေမေ့ အတွက်ရော၊ ဘာဖြစ်မလဲ။ ဈေးထဲမှာ သားအမိနှစ်ယောက် ကို မြင်ရချိန်မှာ ကျွန်တော် ဆို့ဆို့နင့်နင့် ခံစားခဲ့ရသည်ဆိုလျှင် မေမေကရော ဘယ်လိုများ ခံစားရမလဲ။

“သား မေမေ့ကို ကူညီချင် ကူညီနိုင်မှာပါ”

ဖေဖေက ခေါင်းယမ်းလိုက်သည်။

“အဖေတော့ ဒီလိုမထင်ပါဘူး သားရယ်”

“ကူညီနိုင်မှာ သေချာပါတယ်ဗျာ”

“သားက ဘယ်လိုများ ကူညီနိုင်မတဲ့လဲကွယ်”

ဖေဖေ့မေးခွန်းအတွက် အဖြေ ခုလောလောဆယ် ကျွန်တော့်မှာမရှိသေး။ သို့မဟုတ် ထိုအဖြေအတွက် စကားလုံး မရှိသေး။ ဘကြီး ပြောခဲ့သလိုပဲ မမြင်ရတာနဲ့ပဲ မရှိဘူးလို့ မပြောနိုင်ဘူး မဟုတ်လား။ ကျွန်တော် စကားလုံးများ အဖြစ် မပြောနိုင်တာနဲ့ဘဲ ဒီအဖြေကို ကျွန်တော် မသိဘူးဟု အဓိပ္ပါယ် မရ။ ကြာကြာစဉ်းစားလေ ကျွန်တော် မေမေ့ကို အမှန်တကယ် ကူညီနိုင် မည် ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချလာလေဟု ခံစားနေရပြီလေ။

အပေါ်ဆုံးထပ် လသာဆောင်မှာ ဖေဖေနှင့် ကျွန်တော် နှစ်ယောက်တည်း မနက်စာ စားကြရသည်။ မေမေက ခုထိ နေမကောင်းသေးဟု ဖေဖေက ဆိုသည်။ ဒီနေ့ တစ်နေ့လုံး အိပ်ရာထက်မှာ အနားယူရင်း အားပြန်မွေးရမည် ဆိုပဲ။ ဒါ သူ ဖြစ်နေ ကျတဲ့။ ဘာမှ စိတ်ပူစရာမရှိဘူး တဲ့။ စားပွဲပေါ်မှာတော့ လတ်ဆတ်သည့် သစ်သီး များ၊ ဒိန်ချဉ်၊ ပေါင်မုန့်မီးကင်၊ ယိုများနှင့် မုန့်ဟင်းခါး။ ကျွန်တော်က မုန့်ဟင်းခါး စားသည်။ ဖေဖေကတော့ သရက်သီး၊ သဘော်သီးနှင့် ဒိန်ချဉ်သာ စား၏။

"သားအမာရွတ်က နာနေလား"

ဖေဖေက ဆိုင်းမဆင့် ဗုံမပါ ထိုသို့ မေးလိုက်သည်။ ကျွန်တော် မုန့်ဟင်းခါး သီးမလို ဖြစ်သွားခဲ့သည်။ ဖေဖေသည် ကျွန်တော် အမာရွတ်အကြောင်း ဘယ်တုန်း ကမှ စကားမစဖူးခဲ့။

ကျွန်တော် စိတ်ရှုပ်နေတာ မြင်ရတော့ သူက ဆက်ပြောသည်။

"အစ်ကိုကြီးဦးဘက သားရဲ့ အမာရွတ်က နာ... နာနေတယ်လို့ ပြော ထားတယ်"

"အမှန်ပဲ ဖေဖေ၊ တစ်ခါတလေများ ညဖက်ဆို အိပ်ရာကတောင် လန့်နိုးတယ်"

"မနေ့ညကရော"

"ဟင့်အင်း... မနေ့ညကတော့ သိပ်မနာဘူး၊ နေလို့ ကောင်းတယ်"

"ဘယ်တုန်းက စဖြစ်တာလဲ"

"ကြာပြီ ဖေဖေ။ ဒီကို လာတုန်းက ရထားပေါ်မှာ အတော်နာတယ်၊ ရောက်ရောက်ချင်း ညကလည်း နာတာပဲ၊ မနေ့ကတော့ သက်သာတယ်"

"ခုရော"

"သား လုပ်နိုင်တာမှ မရှိဘဲလေ"

"ဖေဖေ တစ်ချက် ကြည့်ကြည့်မယ်"

ကျွန်တော် ခေါင်းကို စောင်း၍ ဘယ်ဖက်ပါးမှ အမာရွတ်ကို ပြလိုက် သည်။ သူက ကျွန်တော့်ဖက် စောင်း၍ အမာရွတ်ကို ကြည့်သည်။ အနီးကပ် ကြည့်သည်။ သူ အမာရွတ်ကို တစ်ခါမှ ကြည့်ဖူးသည်ဟု မမှတ်မိခဲ့။

"ကလောမှာ ဆရာဝန် ပြခဲ့သေးတယ် မဟုတ်လား"

"အင်း.. ဆေးရုံတောင် ရောက်သွားသေးတယ်၊ ဒါပေမဲ့ ဘယ်သူမှ ဘာမှ မလုပ်ပေးနိုင်ပါဘူး"

"သားမေမေ ပြနေတဲ့ အရေပြားအထူးကု ဆရာဝန်ရှိတယ်၊ သူက သားမေမေကို အကြိမ်ပေါင်းများစွာ ကုဖူးတယ်၊ သူနဲ့ ပြကြည့်လို့ ရတယ်"

သူကရော ဘာများ တတ်နိုင်မှာလဲဟု သံသယဖြစ်မိသော်လည်း ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

မနက်စာ စားပြီးသောအခါ ဖေဖေက ကျွန်တော့်ကို ရွှေတိဂုံဘုရား လိုက်ပို့မည်ဟု ဆိုသည်။ သို့သော် သူ ဖုန်းခေါ်ဦးမည်တဲ့။ ဖေဖေ ဖုန်းပြောနေချိန် မှာ ကျွန်တော် မေမေ့ အခန်းတံခါးကို ဖွင့်ကာ ဝင်လိုက်သည်။

ပြတင်းပေါက် နှစ်ပေါက်မှ နေရောင်ခြည်သည် အခန်းတည်းသို့ ဖြာကြနေသည်။ မျက်နှာကြက်မှ ပန်ကာလည်နေသည်။ မေမေက အဖြူရောင် ပဂျားမား ဝမ်းဆက်ကို ဝတ်ပြီး ကုတင်ပေါ်မှာ မတ်မတ်ထိုင်နေသည်။ သူ့ရှေ့မှာ လက်ဖက် ရည်နှင့် အသီးအနှံတွေ တင်ထားသော မနက်စာဗန်း။ မေမေ့ မျက်ကွင်းတွေ သိသိသာသာ ညိုနေသည်။

"ဂွတ်မောနင်း မေမေ"

သူ ကျွန်တော့်ကို မြင်တော့ ပြုံးသည်။

"ဂွတ်မောနင်း အသည်းလေး၊ လာ... လာ"

ကျွန်တော် အခန်းတံခါးကို ပိတ်ပြီး အခန်းထဲ ဝင်လိုက်သည်။

"မေမေ ဘယ်လိုနေသေးလဲ"

"ကောင်းပါတယ်ကွယ်"

ဟင်း... ဟင်း... သူလည်း သူ့အစ်ကိုကြီးလိုပဲ။ လိမ်လည်သည့် နေရာမှာ အင်မတန် ညံ့သည်ပဲ။ ကျွန်တော့်လိုပဲ။

"ဒါပေမဲ့ အိပ်လို့ သိပ်မပျော်ဘူးကွယ်"

“ဘာဖြစ်လို့လဲ မေမေ”

သူက ပုခုံးတွန့်လိုက်သည်။

“မေမေ အိပ်ပျော်ဖို့ အင်မတန် ခက်တယ်၊ ပျော်ရင်လည်း ဖျတ်ကနဲဖျတ်ကနဲ လန့်နိုးတာပဲ။ ညညဆို ပုရွက်ဆိတ်တွေဟာ ဆင်ကြီးလောက် ဖြစ်လာ တယ်ကွဲ့၊ မေမေပြောတဲ့ အဓိပ္ပာယ်ကို သား သိလား မသိဘူး”

“အင်း… သိတယ်”

ကျွန်တော် ပြောလိုက်ရင်း မေမေ့ဆီသို့ ခြေနှစ်လှမ်းလောက် တိုးလိုက် သည်။

“လာ… ထိုင်ထိုင်”

ကုတင်အစွန်းမှာ ကျွန်တော် ထိုင်ချလိုက်သည်။ ညစားပွဲပေါ်မှာ စာအုပ် တစ်ထပ်၊ စာအုပ်တွေပေါ်မှာတော့ ဆေးကဒ်တွေ တင်ထားသည်။

“သားရော အိပ်ပျော်လား”

“ဟုတ်ကဲ့”

မေမေ့ လက်တစ်ဖက်က ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်ပေးလာ သည်။ ကျွန်တော် ရုတ်တရက် လန့်သွားပြီး ခေါင်းကို အနည်းငယ် နောက်ဆုတ် လိုက်မိသည်။

တချို့ကိစ္စတွေက အလေ့သုံးဆယ် ရှေ့တိုး၍ မရ။

မေမေက ပဂျားမား အင်္ကျီလက်ဖြင့် မျက်နှာကို သုတ်လိုက်သည်။ ဒါ ကျွန်တော် မျက်ရည်ကျတိုင်း အမြဲလုပ်လေ့ ရှိသည့် အရာ။ မေမေ့ထံက တုန်ရီလှိုက်လှဲသော လေသံလေး ထွက်လာသည်။

“ဆောရီး… ဆောရီးပါ သားရယ်”

“ဘိုဘိုရဲ့… ဘိုဘို၊ မင်း ဘယ်မှာလဲ” ဖေဖေ့ ခေါ်သံ ထွက်လာခဲ့သည်။

မေမေနှင့်ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက် ကြသည်။ မေမေ့ မျက်လုံးတွေက ဇာပဝါပါးဖြင့် အုပ်ထားသလို ဖြစ်နေသည်။ သို့သော် ဘကြီးမျက်လုံးလိုပင် ကျွန်တော် အသေအချာ ဖတ်နိုင်သည်သာ။

အကယ်၍သာ အခြားနေ့တစ်နေ့ ဆိုပါလျှင် ရွှေတိဂုံစေတီတော်ကြီး ကို

ကျွန်တော် အံ့သြခြင်းကြီးစွာဖြင့် ကြည်ညို သဒ္ဓါပွားနေနိုင်လိမ့်မည် ဖြစ် သည်။ ဉာဏ်တော် ပေသုံးရာကျော်မြင့်သော ရွှေရောင်ပုထိုးတော်ကြီး။ အရံ စေတီတော်လေးပေါင်း များစွာ၊ ဗုဒ္ဓဆင်းတုတော်ပေါင်းများစွာ၊ ကြည့်ကြည့်လေ ရာ သဗ္ဗညုရိသန္တယ်ဝင် သူတော်စင်များစွာနှင့်။ ဖေဖေက ဗုဒ္ဓဟူးဂြိုလ်တိုင်ကို ခေါ် သွားခဲ့သည်။ မေမေရော ကျွန်တော်ပါ ဗုဒ္ဓဟူးသားများ ဖြစ်သည်တဲ့။ အဲဒီမှာ ရှိသော ဗုဒ္ဓရုပ်ပွားတော်ကို ကျွန်တော်တို့ ရေသပ္ပာယ်ကြသည်။ ဖေဖေက ရေ သပ္ပာယ်နေစဉ် မျက်စိများကို မှိတ်ထားသည်။ ကျွန်တော်လည်း တူတူပါပဲ။ ဆုတောင်းချင်သည်။ တောင်းဆုတစ်ခု ပြုချင်သည်။ သို့သော် ဘာမှ စဉ်းစား၍ မရ။ ကျွန်တော့် စိတ်တွေက ဒီမှာမှ မရှိဘဲ။

မေမေ့ မျက်လုံးတွေ၊ တောက်ပမှု ကင်းမဲ့သော မေမေ့မျက်လုံးတွေ။

ထိုမျက်လုံးတွေက...

မေမေ့မှာ ဘယ်လောက်ထိ အကြောက်တရားတွေ ပြည့်နေကြောင်း။

ဘယ်လောက်ထိ အထီးကျန်နေကြောင်း။

ဘယ်လောက်ထိ ဝမ်းနည်းပြီး ဘယ်လောက်ထိ ပျော်ရွှင်နေကြောင်း။ ဘယ်လောက်ထိ ဇာကနာမဲ့ပြီး ဘယ်လောက်ထိ ဝေးကွာခြင်း နီးကပ် ခြင်းတို့ ရှိနေကြောင်း ကျွန်တော့်ကို တိကျစွာ ပြောပြနေခဲ့သည်။

မေမေ့အကြောင်း ကျွန်တော်ကို ဘကြီး ပြောမပြခဲ့သောအရာ များစွာ ရှိသည်ဆိုတာကို ကျွန်တော် သိလာရပြီဟု တွေးနေမိသည်။

ထိုနေ့ နေ့လယ် အိမ်ပြန်ရောက်တော့ မေမေ အိပ်နေသည်။ ဖေဖေက မေမေ့အခန်း၊ သူတို့အခန်းပေါ့လေ ထိုအထဲ ခဏဝင်သွားသည်။ ပြန်ထွက်လာ တော့ညစာကို တို့သားအဖ နှစ်ယောက်တည်း စားရမယ်ဟု သတင်းပို့လာသည်။ သူ့ရုံးခန်းထဲ ကျွန်တော့်ကို ခေါ်သွားပြန်သည်။ ကျွန်တော့် အခန်းနှင့် ကပ်ရက်။ မေမေ့ အခန်းထက် များစွာကျဉ်းသော အခန်းလေး။

နံရံမှာ ဂစ်တာတစ်လက် မှီ၍ ထောင်ထားသည်။ အဲဒီအပေါ်မှာတော့ ဘုရားစင်ကလေး ရှိ၏။ ဘုရားစင်ပေါ်မှာ ဗုဒ္ဓဆင်းတုတော် တစ်ဆူနှင့် ဘုရား ပန်းအိုးများ။ ဒီအခန်းကို ဖေဖေ တရားထိုင်လျှင် အသုံးပြုသည်ဟု ထင်၏။ စင်တွေပေါ်မှာ စာအုပ်တွေ ရှိသည်။ မှန်ဘောင်သွင်းထားသော ဓာတ်ပုံတွေ ရှိ သည်။ ဓာတ်ပုံတစ်ပုံမှာ ဘုန်းကြီးကျောင်းအိုကြီး တစ်ခုကို မြင်ရသည်။ ကျောင်းအို ကြီးရှေ့မှာ လူတစ်စု။ အများစုက ဓာတ်ပုံဆရာကို ခပ်တင်းတင်း ငေးနေကြ သော ကလေးတွေ၊ သူတို့နောက်မှာတော့ မေမေနှင့် ကျွန်တော့်ကို ချီထားသောဖေဖေ။

အခြားဓာတ်ပုံတွေမှာ တွေ့ရသော မေမေသည် ဘကြီး ကျွန်တော်ကို ပြောပြသည့် ပုံသဏ္ဍာန်အတိုင်း၊ အင်မတန် လှသည်။ မျက်လုံးတွေက အရောင်တောက်ပလှသည်။ အပြုံးတွေက သူတစ်ပါးနှလုံးသားကို နွေးထွေးစေသည်။

ကျွန်တော် သူ့ကို မှတ်မိဖို့ မနည်းကြိုးစားရသည်။

ဓာတ်ပုံတွေ နောက်မှာတော့ ဘာဂျာလေးတစ်လက်။

“ဒါ သားဟာလား”

“အေးလေ”

“သား ယူကြည့်မယ်နော်”

သူ ခေါင်းညိတ်သည်။

ဘာဂျာကို ဖုန်သုတ်ကာ မှုတ်ကြည့်သည်။ ပထမအကြိမ် စမှုတ်တုန်း ကလို သံသေးသံကြောင်တွေ ထွက်လာသည်။ သို့သော် စိတ်မပျက်မိ၊ လေ့ကျင့် မှုသာလိုကြောင်း သိနေပြီလေ။ ဖေဖေနှင့် ကျွန်တော် အတူတွဲ၍ ဂီတကို ထပ်မံဖန်တီးနိုင်ကြဦးမည်မှာ သေချာပါသည်။

ဖေဖေကကြမ်းပေါ်ထိုင်ချလိုက်သည်။ကျွန်တော်လည်းလိုက်ထိုင်သည်။

“သားနာမည်ကို ဘာဖြစ်လို့ ဘိုဘိုလို့ ပေးခဲ့တာလဲဟင်”

“ဘာဖြစ်လို့လဲ၊ သားက မကြိုက်ဖူးလား”

“ကြိုက်ပါတယ်၊ ဒါပေမဲ့ သားထင်တာက ကာတွန်းဇာတ်ကောင် ဘိုဘိုကို ယူထားတာလားလို့”

“ဟေ... ဘယ်သူပြောလဲ”

“ကျောင်းကလူတွေ အားလုံး အဲသလို ပြောတာပဲ”

“ဘယ်ဟုတ်လိမ့်မလဲ၊ အဲဒါ ဖေဖေ့ရဲ့ အချစ်ဆုံးသူငယ်ချင်း နာမည်ကွ၊ သူက အရမ်းကို ရဲရင့်ပြီး သတ္တိရှိတာ၊ သူက နှလုံးကောင်း ဝမ်းကြီး၊ သားလိုပဲ”

ကျွန်တော် မေမေ့ပုံကို ထပ်ကြည့်ပြီး ပါးစပ်က လွှတ်ခနဲ ထွက်သွားသည်။

“မေမေ့ပုံက ဒီထဲမှာတော့ ခုနဲ့ ကွာလိုက်တာနော်” ဖေဖေ့မျက်နှာမှာ မဲ့ပြုံးလေး ပေါ်လာသည်။

“သားရော အဲသလို ထင်တာလား… အင်းလေ..”

ဖေဖေသည် တရားထိုင်တော့မလို ခန္ဓာကိုယ်ကို တောင့်တောင့်မတ်မတ် ထိုင်ကာ ခြေထောက်တွေကို တင်ပလ္လင်ခွေလိုက်သည်။ သို့သော် တရားမထိုင်ဘဲ သူက ကျွန်တော့်ကို စိုက်ကြည့်သည်။

“မင်းအမေနဲ့ အဖေ ကလောကို လာကြသေးတယ်၊ မင်းဘကြီး မပြောဖူးလား”

ကျွန်တော် လွန်စွာ အံ့သြသွားသည်။

“မပြောဘူး၊ ဘယ်တုန်းကလဲ ဖေဖေ”

“မနှစ်က မင်းမွေးနေ့ မတိုင်ခင်လေးတင်မှာ”

“ဖေဖေတို့ ကလော လာတယ်လား”

ကျွန်တော် မယုံနိုင်သဖြင့် ထပ်ကာထပ်ကာ မေးမိသည်။

“ကလော ရောက်ရဲ့သားနဲ့ သားကို လာမတွေ့ဘူး ဟုတ်လား”

ဒေါသထွက်ခြင်းနှင့် အလိုမကျခြင်း နှစ်မျိုးကို ရောယှက် ခံစားရသည်။ ဘယ်ခံစားချက်က သာသည်ကို မသိ။

“ဘာဖြစ်လို့ လာမတွေ့တာလဲ”

“ဖေဖေတို့ မလုပ်နိုင်ခဲ့ကြဘူး”

“မလုပ်နိုင်ဘူး ဟုတ်လား၊ ဘာမလုပ်နိုင်စရာအကြောင်း ရှိလို့လဲ”

ခုတော့ ဒေါသက အသာရသွားခဲ့ပြီ။ ကျွန်တော် ပေါက်ကွဲပြီး အော်ဟစ်မိသည်။

“သားကို လာတွေ့ဖို့ကိုပေါ့ကွာ၊ မင်းအမေဟာ ကျောင်းရှေ့က လမ်းပေါ်ရပ်ပြီး မုန့်စားဆင်းချိန် မင်း ကျောင်းဝင်းထဲမှာ ရှိနေတာကို ငေးနေတယ်။ ကျောင်း တံခါးဝမှာ မင်းကို လာတွေ့ဖို့ စီစဉ်ထားပေမယ့် ဖေဖေတို့ လှည့်ပြန်လာခဲ့ကြ တယ်၊ အဲဒီနေ့မှာပဲ ရန်ကုန် ပြန်လာခဲ့တယ်”

ကျွန်တော် ကျောင်းဝင်းထဲမှာ ကစားနေတုန်း မေမေက ကျွန်တော်နဲ့ ကိုက်ငါးဆယ် အဝေးမှာ ရှိနေခဲ့တယ် ဆိုတဲ့ အတွေးဟာ နာကျင်စေလွန်းလို့ ကျွန်တော် ဘာဆက်ပြောရမှန်းပင် မသိတော့။

"အဲဒီမတိုင်ခင် နှစ်ကြိမ်ကြိုးစားတာ နှစ်ကြိမ်လုံးရန်ကုန်လေဆိပ်ထိပဲ ရောက်တယ်။ လေဆိပ်ထဲ ရောက်ပြီးပြီ၊ လေယာဉ်တက်ခွင့် လက်မှတ်တွေ ကိုင်ထားပြီးပြီ၊ ဒါပေမဲ့ အဖေတို့ မလုပ်နိုင်ခဲ့ကြဘူး။ နောက်ဆုံးမိနစ် အရောက် မင်းအမေဟာ ဘယ်လိုမှ မရဘူး ဖြစ်ဖြစ်သွားတယ်ကွယ်"

"ဒါပေမ... ဒါပေမဲ့... ဘာဖြစ်လို့လဲ အဖေရာ၊ ကျွန်တော်... ကျွန်တော် သိပ်ပျော်မိမှာကို... ကျွန်တော့်မှာလေ..."

ကျွန်တော့်အသံက တဖြည်းဖြည်း ကျယ်လာ၊ ဆောက်တည်ရာမရ ဖြစ်လာပြန်သည်။

"အဖေ သိပါတယ် သား၊ မင်းအမေက မင်းကို မျက်နှာချင်း ဆိုင်ရမှာသိပ်ကြောက်တာကို မင်း သိရဲ့လား၊ နားရော နားလည်ရဲ့လား ငါ့သားရာ"

"ဟင့်အင်း... နားမလည်ဘူး"

"မိခင်တစ်ယောက်က ငါးနှစ်အရွယ် သူ့သားအရင်းရဲ့ ပါးကို ဓားနဲ့ ထိုးခွဲခဲ့တာလေ။ သူ အဲဒီတုန်းက လုံးဝ အသိစိတ် လွတ်သွားခဲ့တယ်။ ဘာဖြစ်လို့ အဲသလို လုပ်ရတာလဲ ဆိုတာ ဘယ်တော့မှ သူ မရှင်းပြနိုင်ခဲ့ဘူး"

ကျွန်တော် မေမေ့ကို ဒေါသ မထွက်ချင်တော့ပါ။ နောက်ဆုံးမှာ မေမေ့ ကို ပြန်တွေ့ခွင့်ရတာ၊ သူနှင့်အတူ ပြန်နေခွင့်ရတာကိုက ဝမ်းသာလှပါပြီ။ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်တော့်ခန္ဓာကိုယ်အတွင်းမှာ တစ်စုံတစ်ရာသည် ပုံသဏ္ဍာန် ပေါ်ပေါက် ဖြစ်တည်လာသည်ကို လည်း ခံစားနေရသည်။ ကျွန်တော် မဖော်ပြနိုင်သော အမှောင်ဓာတ်ကြီးတစ်ခု။ ဝမ်းနည်း ကြေကွယ်ဖွယ် ဒေါသလား၊ အမျက်ဒေါသ အခြေတည်သည့် ဝမ်းနည်းမှုလား။

ခုနှစ်နှစ်တဲ့။

ကျွန်တော့်အသက်၏ တစ်ဝက်ကျော် အချိန်။

"ဘယ်အပိုင်းကို မင်း နားလည်ရ ခက်နေတာလဲ ပြော"

"အဖေတို့က ကျောင်းရှေ့မှာ ရှိနေတာကို ကျွန်တော် ဘာလို့ မတွေ့ တာလဲ၊ ကျွန်တော် ဘာဖြစ်လို့ ခံစားလို့ မရတာလဲ"

ဖေဖေက ဘာမှ မပြော။

"ဖေဖေက ကျွန်တော့်ကို ဘာဖြစ်လို့ အော်မခေါ်တာလဲ"

"ဘယ်သူ့အတွက်မှ ကောင်းကျိုး မရှိလို့ပေါ့ကွာ"

"ကျွန်တော့်အတွက် ကောင်းမယ်လို့များ မတွေးဘူးလား အဖေရယ်"

ကျွန်တော် ကလန်ကဆန် မေးမိသည်။ ပြောမိသည်။

"မကောင်းဘူးကွ"

သူ တည်တည်ငြိမ်ငြိမ် ဖြေဖို့ ကြိုးစားသော်လည်း မအောင်မြင်။ အသံ တွေ တုန်နေသည်။

မင်းအတွက်လည်း ကောင်းစရာအကြောင်း မရှိပါဘူး"

သူ ဒီလို စိတ်တိုတာမျိုး သူ နောက်ဆုံးအကြိမ် ကလော လာစဉ်က ကျွန်တော် ကြုံခဲ့ဖူးသည်။

"အဖေပြောတာ ယုံစမ်းပါ"

"အဖေက ကျွန်တော့်အတွေးကို ကျွန်တော့်ထက် ပိုသိတယ်လို့ဘာကြောင့်ထင်ရတာလဲ"

ကျွန်တော် စိတ်တိုစွာဖြင့် အော်လိုက်သည်။

"ငါက တကယ် ပိုသိလို့ပေါ့ ငါ့သား"

ဒါ အဖြေ မဟုတ်။ ကျွန်တော် အဖြေ မလိုချင်။ သို့သော် ဒီထက်ပို၍အတိုက်အခံ မလုပ်ရဲလေတော့။ ကျွန်တော်တို့နှစ်ယောက် ကြမ်းပြင်မှာ တိတ်ဆိတ်စွာ ထိုင်နေကြသည်။

"မင်းအမေ နေမကောင်းဘူး ဘိုဘို"

"အဲဒီနောက်ပိုင်း နေမကောင်းဖြစ်တာလား"

"အဲလိုပဲ ပြောရမှာပေါ့"

"ဆရာဝန်နဲ့ မပြဘူးလား"

"အကြိမ်ပေါင်းများစွာ ပြတာပေါ့"

"ဆရာဝန်တွေက ဘာမှ မလုပ်ပေးနိုင်ဘူးလား"

"သူ ဆေးတွေ မပြတ်သောက်နေရတယ်၊ မဟုတ်ရင် ဒီထက် ပိုဆိုးလာ မှာ။

ဒါပေမဲ့ မင်းအမေမှာလေ ဆရာဝန်တွေကရော ဆေးတွေကပါ ပျောက်အောင် ကုမပေးနိုင်တဲ့ ဝေဒနာတွေ ရှိနေတယ်၊ ဆေးတွေက သက်သာအောင်ပဲ လုပ်ပေးနိုင်တာ”

“ဒါ… ဒါဆို အမေ သေတော့မှာလားဟင်”

ထိုအတွေးက ကျွန်တော့်ကို တုန်တက်သွားအောင် ကြောက်လန့် စေသည်။

“မဟုတ်ပါဘူး၊ သူ့ခန္ဓာကိုယ်က ကျန်းမာပါတယ်၊ သူ့စိတ် သူ့ဝိညာဉ်က ခံစားနေရတာပါ”

“အဲဒီအတွက် သူ ဘာလုပ်လဲ”

“ဘာမှ လုပ်မရပါဘူး၊ ကုတင်ပေါ် လှဲရင်း နေရတာပါပဲ။ ကြေကွဲ ဝမ်းနည်းမှု ဆိုတာ ပူတင်းလို၊ တိမ်လို အရာမျိုးကိုး။ ဒါပေမဲ့ လူတစ်ယောက် စုန်းစုန်းမြုပ်သွားနိုင်တဲ့ထိ ပင်လယ်လို အဆုံးအစ မရှိဘူးလေ”

ကျွန်တော် တံတွေးမျိုချလိုက်မိသည်။

ဖေဖေက ဆက်ပြောသည်။

“သူ့အကြောက်ဆုံးအရာကလေ ဒါမျိုး တကျော့ပြန် ထပ်ဖြစ်မှာကိုပဲ”

“ဒါပေမဲ့ ကျွန်တော် မေမေ့ကို ဒေါသထွက်အောင် ဘယ်တော့မှ ထပ် မလုပ်တော့ဘူးလေ ဖေဖေ”

“အဲဒါက အကြောင်း မဟုတ်ပါဘူး”

ဖေဖေ့အသံက ခု ပြန်လည် တည်ငြိမ်လာခဲ့ပြီ။ သို့သော် တင်းမာနေ တုန်းပင်။

“မေမေက ဖေဖေ့ကို ရန်ပြုလို့လား ဖေဖေ”

“ဟင့်အင်း… ဘာဖြစ်လို့လဲ”

“အဲဒီလိုထပ်ဖြစ်မှာကို မေမေက ကြောက်နေတယ်ဆို”

“အဲဒီလို ထပ်မဖြစ်နိုင်ဘူးဆိုတာ ဖေဖေ့အနေနဲ့ သေချာ သိပါတယ်။ ဒါပေမဲ့ မင်းရော ဖေဖေပါ နားမလည်နိုင်တဲ့ အရာကတော့ ဖေဖေတို့ ဘယ် လောက်ပဲ ကြိုးစားကြိုးစား မင်းအမေဆီကနေ ခွာမသွားတဲ့ အကြောက်တရား ပဲ ငါ့သား။ လူတစ်ယောက်ဟာ သူ့ဘဝမှာ ဘယ်တော့မှ မလုပ်နိုင်ပါဘူးလို့ သေချာ တဲ့

ကိစ္စတစ်ခုကို လုပ်လိုက်မိတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ကင်းမဲ့သွားတတ်တယ်၊ ဒါမျိုး နောက်တစ်ခါ ထပ်မဖြစ်ဘူးလို့ မသေချာတော့ဘူး။ မင်းမြင်ရဲ့လား၊ လူအားလုံးတော့ ဒီလို ဖြစ်ချင်မှ ဖြစ်မယ်၊ ဒါပေမဲ့ မင်းအမေကတော့ ဖြစ်သွားခဲ့တယ် ငါ့သား"

"ဒါနဲ့ ဖေဖေ ဘာလို့ သားဆီကို တစ်နှစ် တစ်ခါပဲ လာတာလဲဟင်"

"မင်းအမေကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချလို့ပေါ့ သား ရယ်၊ သူက ရွှေတစ်နေ့ ငွေတစ်နေ့လေ"

"ဖေဖေက မေမေနဲ့အတူ အမြဲတမ်း ရှိနေနိုင်လို့လား"

"သူ လိုအပ်တိုင်း ဖေဖေ ရှိပါတယ်၊ ဘယ်အချိန် ရောဂါထမယ်မှန်း မသိတော့ နီးနီးနားနားမှာပဲ နေရတယ်လေ"

"ဖေဖေက သိပ်ကြင်နာတတ်တာပဲနော်"

"တစ်ယောက်ယောက်ကို ချစ်မိတဲ့အခါ ဒီလိုပဲ ဖြစ်တတ်တာပဲ ငါ့သားရယ်"

တစ်ဆယ်

ကျီးပြိုသံကြောင့် နိုးလာတော့ အရုဏ် တက်လု တက်ခင်။ အိပ်ရာမှ ထလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ကို ကြည့်လိုက်သည်။ ဘုန်းဘုန်းတွေ ဆွမ်းခံ ကြွနေကြပြီ။ အမြွာညီအမက မနက်ဆွမ်းကို ဘုန်းဘုန်းတို့၏ သပိတ်များထဲသို့ ဆက်ကပ် လောင်းလှူနေကြသည်။ တန်းစီနေသော ဘုန်းဘုန်းတို့ကား တစ်မျှော် တစ်ခေါ်။ စက်ဝိုင်းပုံ ဝိုင်းကြီးပတ်ပတ် တန်းစီနေသလားပင် ထင်ရသည်။

ဒီအချိန်ကြီး ဘာလုပ်ရမှန်းမသိသည်နှင့် မေမေ စာရေးနေသော အခန်း၊ သူ့ရုံးခန်းကို တစ်ချက်ဝင်ကြည့်ရန် အတွေးပေါက်လာသည်။ တစ်ခုခုများ တွေ့ရလေမလားပေါ့။ သို့သော် အကြည့်က ကျွန်တော့် ကုတင်ဘေးက သစ်သား သေတ္တာ တစ်လုံးဆီ ရောက်သွားခဲ့သည်။ ဖွင့်ကြည့်လိုက်တော့ အထဲမှာ သားရေဖုံး နှင့် ချုပ်ထားသော ဖိုင်တွေ အထပ်လိုက်။ အစက ဒီသေတ္တာ မရှိခဲ့။ ကြည့်ရတာ ညက တစ်ယောက်ယောက် လာထားသွားခြင်း ဖြစ်မည်။ စပ်စုချင်စိတ်ကြောင့် ဖိုင်နှစ်ဖိုင် ဆွဲထုတ်ကာ ဖွင့်ကြည့်လိုက်သည်။

ရန်ကုန် မတ်လ ၈ ရက်၊ ၂၀၁၅

သားလေး ဘို

သား ဘာတွေလုပ်နေသလဲ ဆိုတာ မေမေ သိချင်လိုက်တာ။ မနေ့က မေမေတို့အိမ်နီးချင်းတွေက ဒင်နာအတွက် ဖိတ်တယ်။ သူက နယူးယောက်ကလေ၊ အမေရိကန်သံရုံးမှာ အလုပ်လုပ်တဲ့လူ။ သူ့မိန်းမက ဖိလစ်ပိုင်ကတဲ့။ သူတို့မှာ ကလေးလေး နှစ်ယောက် ရှိတယ်။ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်၊ ကောင်လေးက သားအရွယ်လောက်ပဲ။

သူ့ကိုမြင်တော့ ဘိုဘို့ကို လွမ်းလိုက်တာလို့ စားနေတုန်း မင်းအဖေက မေမေ့ကို လေသံလေးနဲ့ ပြောတယ်လေ။

သူ ဘာတွေ တွေးနေလဲ မေမေ မသိပါဘူး။ မေမေ့ကို ထိခိုက်နာကျင်စေချင်စိတ်လည်း သူ့မှာ မရှိမှန်း မေမေ ကောင်းကောင်း သိပါတယ်။ သေချာပါတယ်၊ ဒီလိုပဲ လွတ်ခနဲ ပြောလိုက်မိတာပါ။

ဒါပေမဲ့ မေမေလေ အဲဒီ ဒင်နာစားပွဲမှာ ဆက်ထိုင်မနေနိုင် တော့ဘူး သားရယ်။ အိမ်ရှင်ကို တောင်းပန်ပြီး ပြန်လာခဲ့ရတယ်။ ရိုင်းသလို ဖြစ်နေပေမယ့် မေမေလည်း ဘာမှ မတတ်နိုင်ပါဘူး။ စားနေတုန်းတန်းလန်း အဲဒီလို ထပြန်ရတာဟာ ဒါ ပထမဆုံး

အကြိမ်တော့ မဟုတ်ဘူး။ သူများတွေက မေမေ့ကို အကဲပိုတယ်လို့ ထင်နေကြတာ မေမေ သိပါတယ်။ သူတို့ မှားနေကြတာပါ။ မေမေ ဒီလိုမျိုး တစ်ခုခုလုပ်မိတဲ့အခါ မေမေ လုပ်ချင်လို့ လုပ်တာမျိုး မဟုတ် ပါဘူး။ မလုပ်ရင် မဖြစ်ဘူးဆိုတဲ့ စိတ်ရဲ့ စေ့ဆော်မှုအတိုင်း လုပ်ရ တာပါ သားရယ်။

ဒါကို မေမေ့ဆရာဝန်ကတော့ အတိတ်ဓာတ်ပုံကို ပြန်မြင် ယောင်ခြင်း ဖြစ်စဉ်လို့ အမည်တပ်တယ်ကွဲ့။ ဒီနေ့ထိ တစ်နှစ်ကျော် သွားတာတောင် အဲဒီအကြောင်းကို ခုရေးတော့မယ် လုပ်တော့ မေမေ့အတွက် ခက်ခဲနေတုန်းပါပဲ။

နာလွန်းလို့ အော်ငိုနေတဲ့ ကောင်လေးတစ်ယောက်ကို တွေ့မိ တယ်ဆိုရင်ပဲ မေမေ အဲဒီလို ပြန်ဖြစ်လာတတ်တယ်။ တစ်ခါသားတော့ မေမေ လက်ဖက်ရည်ဆိုင် တစ်ခုမှာ ထိုင်နေတယ်။ မေမေနဲ့ ကိုက်အနည်းငယ်အကွာက ချက်ပြုတ်တဲ့နေရာမှာ အဲဒီကလေး လေးက ကစားနေတယ်။ သူ့အဖေက ရေနွေးကို အိုးထဲကနေ ခရားထဲ အထည့်မှာ ရေနွေးက ကလေး ခြေထောက်ပေါ်ဖိတ်ကျသွားတယ်။ အဲဒါ သိပ်ကို နာကျင်စေမှာပဲ။ သူ့ဖြစ်ရပ်က မေမေ့ကို ကလော ပြန်ခေါ်သွားခဲ့တယ်။ အစ်ကိုကြီးရဲ့ အိမ်မှာ မေမေဟာ သားရယ် မိုးမိုးရယ်နဲ့အတူ စားပွဲမှာ ထိုင်နေခဲ့တယ်။ မေမေ အဲဒီမှာ တကယ် ရှိခဲ့တယ်ဆိုတာ ခုတော့ သေချာပြောနိုင်ပါပြီ။

မေမေတို့ ဟင်းရွက်တွေ သင်နေခဲ့ကြတာ။ မေမေ ထိုင်နေတဲ့ ခနော်ခနဲ့ ခွေးခြေလေး၊ ကျပ်ခိုးစွဲနေတဲ့ မီးဖိုခန်း အမိုး။ သားရဲ့အသံ။ ကြက်သွန်ဖြူ ဆီသတ်တဲ့ အနံ့။ သားက ဓားတစ်လက် ကိုင်ပြီး ဆော့နေတယ်။ မေမေ သားကို အော်လိုက်တယ်။ မေမေ ရှေ့ကို ကုန်း၊ စားပွဲကို ကျော်၊ ပြီးတော့...။

ငယ်သံပါအောင် အော်လိုက်တဲ့ မိုးမိုးရဲ့အသံ။ အသံကုန် အော်ငိုနေတဲ့ သား။ စားပွဲပေါ်က… မေမေ့လက်ပေါ်က… သားမျက်နှာ က သွေးစက်တွေ… ဒါတွေကို ထပ်ကာ ထပ်ကာ ထပ်ကာ မြင်ယောင် နေတယ် သား။

မေမေ့ နှလုံးခုန်သံတွေ အရမ်းမြန်လာတယ်။ တစ်ကိုယ်လုံး ပူခြစ်တောက်ပြီး ခေါင်းက ရိပ်ရိပ်ပါအောင် မူးလာတယ်။ မေမေ အဲဒီနေရာမှာပဲ သတိလစ်သွားတယ် ထင်တယ်။

နောက်နေ့တွေမှာတော့ မေမေ့ကို တည်ငြိမ်အောင် လုပ်ပေး နိုင်တာ မင်းအဖေတစ်ယောက်ပဲ ရှိခဲ့တယ်။ မင်းအဖေရဲ့ တိတ်ဆိတ် ငြိမ်သက်တဲ့သဘာဝ၊ မေမေ့အပေါ်ထားတဲ့မေတ္တာ၊ သည်းခံစိတ်ရှည် မှုနဲ့ မေမေ့ကို လိုလေသေးမရှိ ဂရုစိုက်မှုတွေကြောင့်ပေါ့။

မေမေဟာ သံတိုင်နောက်မှာ ရှိမနေပေမယ့် အကျဉ်းသား တစ်ယောက်ပါကွယ်။ သွားချင်ရာသွား၊ လုပ်ချင်တာ လုပ်နိုင်ပေမယ့် မေမေ မလွတ်လပ်ဘူး။

ကိုယ် တည်ထားတဲ့ ထောင်ထဲ ကိုယ့်ဘာသာ ပိတ်မိနေသလို ဖြစ်နေတဲ့အတွက် လွတ်လမ်းလည်း မရှိဘူးပေါ့ သားရယ်။

မေမေ အားလုံးအတွက် ခက်ခဲအောင် လုပ်ခဲ့မိတယ်။

သူ မေမေ့ဒဏ်ကို ဘာလို့ ဒီလောက်ထိ သည်းခံနေတာလဲလို့ မင်းဖေဖေကို မေးမိတယ်။ ထုံးစံအတိုင်း သူ မေမေ မေးတာကို နားမလည်ပါဘူး။ မေမေ ဒုတိယအကြိမ် မေးတယ်။ မေးခွန်းကို ပြည့်ပြည့်စုံစုံ ရှင်းပြတယ်။ သူက ပြောတယ်။ မေမေ့ဒဏ်ကို ခံနေ ရတယ်လို့ သူ ဘယ်တုန်းကမှ မစဉ်းစားဖူးဘူးတဲ့။

သူ မေမေ့ကို တစ်ခါက နယူးယောက်မှာ ထားပစ်ခဲ့ဖူးတယ်။ သူ့တိုင်းပြည်က သူ့ကို လိုအပ်နေတယ်လို့ ထင်မိယောင်မှား ဖြစ်ခဲ့ တာကိုး။ အဲဒီအတွက် သူ ဒီနေ့ထိ နောင်တရနေတုန်းပဲတဲ့။

တကယ်လည်း မင်းဖေဖေ မရှိရင် ဘယ်လိုနေရမှန်း မေမေ မသိပါဘူး။ မင်းဖေဖေဟာ မေမေ့ရဲ့ချည်တိုင်ပဲ။ ကျောက်ဆူးပဲ။ နားခိုရာပဲလေ။

မေတ္တာဆိုတာအပင်လိုပဲလို့မေမေအရင်ကအတော်ကြာကြာ တွေးခဲ့ဖူးတယ်။ အပင်ကို ငယ်တုန်းမှာ အမြစ်တွေ ခြေကုပ် မရသေး ခင်မှာ ပျိုးရ၊ ပြုစုရ၊ ရေ လောင်းရ၊ ပေါင်းသင်ရနဲ့ အရိပ် တကြည့်ကြည့် လုပ်ရတယ်။ မဟုတ်ရင် သေသွားမှာကိုး။ သူ ရှင်သန်ဖို့ လိုအပ်ချက် တွေကို ပေးရတယ်ပေါ့။ ဒါပေမဲ့ တစ်ခါတလေမှာတော့ သစ်ပင်ဟာ ဘယ်သူမှ အားကိုးစရာမလိုဘဲ ထင်ကြေးအားလုံးကို ဆန့်ကျင်ပြီး သူ့အလိုလို ရှင်သန်ပေါက်ဖွား တတ်သေးတယ်ပေါ့။ ခုတော့ မေမေ အိပ်ယာဝင်တော့မယ် သတ္တိခဲလေး ဘိုဘိုရယ်။

ချစ်တဲ့

မေမေ

※ ※ ※

ရန်ကုန်၊ မတ်လ ၉ ရက်၊ ၂၀၁၅

ချစ်ရတဲ့ သားလေး ဘိုဘို...

မင်း ဆယ်မိနစ်လောက် ငြိမ်ငြိမ် ထိုင်နိုင်လား။

မေမေတော့ မထိုင်နိုင်ဘူးကွယ်။ မင်းအဖေကတော့ မနက် တစ်နာရီ၊ ညတစ်နာရီ ပုံမှန် တရားထိုင်နိုင်တယ်။ မေမေကတော့ဆယ်မိနစ်တောင် မရဘူး။ ငြိမ်ငြိမ်လေး ထိုင်၊ ဘာမှမလုပ်၊ ဘာမှ မတွေးဘဲ ဝင်သက်ထွက်သက်ကို ရှုမှတ်နေဖို့ဆိုတာ မေမေ

ကျွမ်း ကျင်တဲ့၊ အားသန်တဲ့ကိစ္စ မဟုတ်ဘူး။ အဲသလိုလုပ်တာက မေမေ့ ကို စိတ်ဖြေလျှော့မပေးနိုင်တဲ့အပြင် ပိုတောင် ကြောက်လာစေ သေးတယ်။ မေမေ့ သတ္တိတွေကို တိုးမလာစေဘဲ ကြောက်စိတ် စိုးရိမ်စိတ်တွေကို တိုးလာစေတယ်။ ပိုပြီး အထီးကျန်လာစေတယ်။

အားလုံးလိုပဲ မင်းအဖေကလည်း တရားထိုင်တာက မေမေ့ နှလုံးသားကို ကုသပေးနိုင်လိမ့်မယ်လို့ ထင်နေရှာတယ်။ သူက အကောင်းမြင်သမားကိုး။ မေမေ့ကို ကုသပေးနိုင်တဲ့အရာ ရှိပ့ါ မလားဆိုတာ မေမေ သံသယဖြစ်မိတယ်။

မေမေဟာ စိတ်ဓာတ်ပြင်းထန်တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့ ဖူးတယ်။ အနည်းဆုံးတော့ မေမေ့ကိုယ် မေမေ အဲသလို ထင်ခဲ့ဖူး တယ်ပေါ့။ ထင်ရှုံနဲ့ လုံလောက်တာတွေ အများကြီး ရှိတယ်လေ။

ခုတော့ မေမေဟာ စိတ်ဓာတ်ခွန်အားရယ်လို့ ဘာမှ မရှိတဲ့ အရုပ်ကြိုးပြတ် မိန်းမတစ်ယောက်ပဲ။တစ်နေ့မှာကောင်းနေပေမယ့် နောက်တစ်နေ့မှာ အိပ်ယာထဲက ထဖို့တောင် ခက်နေတယ်။ အိမ် ထဲက အိမ်ပြင် မထွက်နိုင်တဲ့ ဘဝကိုလည်း ရှက်လှပါပြီ။ မေမေ့စိတ် ဟာ တစ်နေ့နဲ့ တစ်နေ့တောင် မဟုတ်ဘူး။ တစ်ချိန်နဲ့ တစ်ချိန် တောင် မတူဘူး။ တစ်ခုခုမြင်လိုက်တာနဲ့ ဝုန်းကနဲ ထပြီး ဖြစ်တော့ တာပဲ။ ဓားတို့၊ တက္ကစီသမားလက်က အမာရွတ်တို့၊ ကလေးလေး ချီထားတဲ့ မိခင်တို့ စသဖြင့်ပေါ့။

မေမေလေ ကိုယ်ကိုယ်တိုင် လုပ်ထားတဲ့ အကြီးမားဆုံး ပြဿနာ ပုစ္ဆာကြီးထဲမှာ ပိတ်မိနေပြီကွဲ့ သားရဲ့။

အားလုံးထဲမှာ အယုံအကြည် မရှိဆုံးက ကိုယ့်ကိုယ်ကိုယ်ပဲ။ ယုံကြည်မှုဆိုတာ ဘယ်လောက် ကျိုးပျက်လွယ်တယ် ဆိုတာ မေမေ မမေ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပါအဝင်ပေါ့။ ယုံကြည်မှုဟာ ဘယ်လောက် တန်ဖိုးရှိတယ်၊ ဘယ်လောက် လိုအပ် တယ်၊ ဘယ်လောက် ညွှန်းအပ်တယ်။ အမှားက တောင်ပံဖြန့်နေ ချိန်မှာ ဘယ်လောက် မှောင်မိုက်တယ် ဆိုတာကိုရောပေါ့။

အေမီကတော့ လူတိုင်းဟာ သူ့အတွက်တော့ နားလည်ရ ခက် တာချည်းပဲလို့ ပြောဖူးတယ်။ ကိုယ့်ဘဝ ပြဿနာတွေကို ဖြေရှင်းဖို့ ဆိုတာ လူတိုင်းရဲ့ ဘဝပေးတာဝန်ပဲ ဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ ဖြေရှင်းနည်းက လက်လှမ်းမမီဘူးတဲ့။ မေမေ သူ့ကို အမြဲ အတိုက် အခံလုပ်တယ်။ မေမေက ကိုယ့်ကိုယ်ကိုယ် သေချာသိတယ်လို့ ထင်နေတာကိုး။

မေမေ့ မိခင်၊ မင်းအဖွားအကြောင်းလည်း မေမေ ခဏခဏ တွေးတယ်။ သားနဲ့အဖွား ဘယ်တုန်းကမှ မဆုံဖူးကြဘူးနော်။ သူ့ ဒေါသကလည်း နာမည်ကြီးပဲလေ။ ထစ်ကနဲရှိ

ရှုးကနဲ ဒေါသထွက် တာ။ ကလေးတုန်းကတော့ အဲသလို သူ ဒေါသထွက်တာကို လုံးဝ နားမလည်ဘူး။ ဘာဖြစ်လို့လဲပေါ့။ အမေဟာ ဒေါသပေါက်ကွဲပြီ ဆိုတာနဲ့ တစ်ခန်းလုံး အမှောင်ချထားတဲ့ အိပ်ခန်းထဲက ထွက်မလာ တော့ဘူး။ နောက်ပိုင်းတော့ သူ့အခန်းဟာ နာကျင်ခြင်းတွေ ခိုအောင်း နေတယ် ထင်တယ်လို့ မေမေ တွေးမိတယ်။

အင်း... ကိုယ့်အမှားကိုသာမက ကိုယ့်မိဘရဲ့အမှားကိုပါ ထပ်ကျော့ လုပ်မိနေတယ် ဆိုတာ ဘယ်လို ကြမ္မာ၊ ဘယ်လို ကျိန်စာ မျိုးပါလိမ့်နော်။

မေမေ သားနဲ့အတူရှိခဲ့ရင်လေ..

အနမ်းပေါင်းတစ်ထောင်နဲ့

မေမေ

***

ရန်ကုန်၊ အောက်တိုဘာ ၁၀ ရက်၊ ၂၀၁၅

ဘိုဘိုရေ၊ သားရေ...

မင်းဘကြီး မနေ့က ကလောကနေ ရောက်လာတယ်။ မင်း စက်ဘီးစီးတတ်ပြီတဲ့။ ရေလည်း ကူးတတ်ပြီတဲ့။ သူ သားကို သင်ပေး နေတဲ့ အရာတွေ အားလုံးအတွက် မေမေ သူ့ကို ကျေးဇူးတင်တယ်။

ဘာဖြစ်လို့ သားဖေဖေနဲ့ မေမေဟာ သားနဲ့ အတူမနေတာလဲ ဆိုတာကို မေမေ သားကို ရှင်းပြခွင့် ရပ့ါတော့မလား။ ရှင်းပြနိုင်တဲ့ စွမ်းအားရော ရှိပ့ါမလား။

မေမေ့ အတွေးထဲမတော့လေ... မေမေဟာ သားနဲ့ နာရီ၊ မိနစ်၊ စက္ကန့်မလပ် အချိန်တိုင်း၊ နေတိုင်း အတူရှိနေခဲ့တာပါ။ ဒါပေမဲ့ တကယ် တမ်းကျတော့...။

အချိန်တွေ ကုန်လွန်သွားခဲ့ပြီ ဆိုတာ မင်းဘကြီးကို ကြည့်ရင် သိပါတယ်။ မင်းဘကြီးဟာ နား ကောင်းကောင်း မကြားတော့ဘူး။ မျက်စိကလည်း မွဲရှာပြီ။ သူ သားကို ဘယ်လောက်ကြာကြာ စောင့် ရှောက်နိုင်မလဲ ဆိုတာ မေမေ တွေးကြည့်မိတယ်။

အိပ်မက်ကတော့ အမြဲ ဒီအတိုင်းပါပဲ။ မေမေရယ်၊ သားရယ်၊ အစ်ကိုကြီးရယ်၊ မင်းအဖေရယ်၊ ဘုန်းကြီးကျောင်းက ကလေးတွေ ရယ် အားလုံးဟာ ငါးဖမ်းသံဘောလေး တစ်စီးပေါ်မှာတဲ့။ မေမေက ဟင်းချက်နေရင်း ဂရုမစိုက်မိတော့ လှေကလေးကိုမီးစွဲတယ်။ အားလုံး ရေထဲ ခုန်ချကြရတယ်။ မင်း ဘယ်မှာမှန်း၊

မင်းအဖေ ဘယ်မှာမှန်း၊ အစ်ကိုကြီး ဘယ်မှာမှန်း မေမေ မသိဘူး။ လှေဟာ မီးစွဲပြီး ရေထဲ နစ်သွားတယ်။ မေမေက ရေအောက်ကို နက်သထက် နက်အောင် ငုတ်သွားမိတယ်။ မှောင်သထက် မှောင်လာတယ်။ ပြီးတော့ မေမေ သားကို ထာဝရ ဆုံးရှုံးသွားတယ်။ ဒါအားလုံး မေမေ့အမှားကြောင့် တဲ့။ အဲဒီနေရာရောက်တိုင်း အမြဲ လန့်နိုးနေကြ။

အဲဒီအိပ်မက် မက်ပြီးရင် အိပ်မက်က မေမေ့ကို တစ်နေကုန် ခြောက်လှန့်နေခဲ့တယ်။ ကပ်ဆိုးတစ်ခုကို အစပြုမိပြီး ဘယ်လိုမှ ပြန်ပြင်လို့ မရတော့ဘူး ဆိုတဲ့ အသိရဲ့ ရက်စက်လွန်းတဲ့ နိုပ်စက်မှု ထက် ဆိုးတာ လောကမှာ မရှိတော့ပါဘူး။

မေမေတို့ဟာ ဘဝသက်တမ်းအတွင်း အတော်များများကို စုဆောင်းမိခဲ့ကြတယ်။ ငွေတို့၊ ပရိဘောဂတို့၊ စာအုပ်တို့၊ အဝတ် အထည်တို့တင် ဘယ်ကမလဲကွယ်၊ ပြစ်မှုတွေ၊ စိတ်အလို မကျမှု တွေ၊ မပြည့်တဲ့ ဆန္ဒတွေ၊ တကယ် ဖြစ်မလာတဲ့ အိပ်မက်တွေ၊အသွားအပြန် မရှိတဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ အပြစ်ရှိတဲ့ စိတ်တွေကို ရောပေါ့။

အဲဒါအားလုံးကို ဘယ်နေရာမှာ လွှတ်ချရပဲ့။

မေမေ အဖြေမပေးဘဲ မေးခွန်းတွေချည်း ရေးမိနေတာ ဆောရီးပါ သားရယ်။ တခြား တစ်နည်းတစ်လမ်းတော့ ရှိပါစေ ဆုတောင်း တယ်။

သားကို ဘယ်တော့မှ ပြန်မလွတ်တမ်း ဖက်ထားချင်လိုက် တာ။

မေမေ

***

ရန်ကုန်၊ ဒီဇင်ဘာ ၂၁ ရက်၊ ၂၀၁၇

မေမေ့သားချို ချစ်ဘိုဘို...

ပြီးတဲ့တဲ့ အပတ်တွေဟာ မေမေ့အတွက် ခက်ခဲလွန်းတယ် ကွယ်။ မင်းမွေးနေ့နား နီးလာတိုင်း နှစ်စဉ်ဖြစ်ပျက်နေကြလိုပဲပေါ့။

မေမေ မင်းကို ဘာလုပ်လိုက်မိပါလိမ့် ဆိုတဲ့ မေးခွန်း ကိုယ့် ကိုယ်ကိုယ် မပြတ်တမ်း မေးမနေမိတဲ့နေ့ ဆိုတာ မရှိပါဘူး။ ဘယ် သူလုပ်တာလဲ... မေမေလေ၊ တခြား ဘယ်သူမှ မဟုတ်ဘူး။

နင် အမေရိကန်လား- မဟုတ်ဘူး နင် ဗမာလား- မဟုတ်ဘူး။

ငါက အချိန်ကာလ အပိုင်းအခြားပေါ့ ဆိုသလိုမျိုးပေါ့။

အဲဒါဟာ မေမေလား... မေမေ့ရဲ့ တခြားသော အစိတ်အပိုင်း တစ်ခုလား။

အဲဒါ ဘယ်က ရောက်လာတာလဲ၊ ဘယ်မှာ ပုန်းနေခဲ့တာလဲ၊ အဲဒီအဖြစ်အပျက် ဖြစ်ခဲ့ပြီးနောက် ဘယ်ကို ပျောက်သွားခဲ့လဲ၊ ဘယ်တော့ ပြန်ပြီးပေါ်လာဦးမလဲ။

ဒီလိုနဲ့ ငါဟာ ငါမဟုတ် ဆိုတဲ့ ခံစားချက်ရိုင်းကြီး ဝင်လာ တယ်။

ဒါပေမဲ့ အဲဒါဟာ ရှိနေသေးတယ်။ မသေမချင်း ရှိနေတော့ မလား မသိပါဘူး။

အဲဒီအရာဟာ မေမေ့ကို ဘယ်လောက်ထိ အရှက်ရစေတယ် ဆိုတာ မင်း သိခဲ့ရင်လေ။

အရှက်တရားကြောင့် အိပ်ယာထဲ လဲခဲ့တဲ့ ရက်ပေါင်းများစွာ။

အကြောက်တရားကြောင့် မှန်ထဲမှာ ကိုယ့်မျက်နှာ ကိုယ် ပြန် မကြည့်ဝံ့တဲ့ လပေါင်းများစွာ။

မင်းအဖေသာ မရှိရင် မေမေ မခံနိုင်လောက်ဘူး၊ တကယ်တော့ မင်းအဖေ ရှိမနေရင် မေမေ လူ့လောကမှာ ရှိတော့မယ် မထင်ဘူး သား။

မင်းအဖေက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း နေသွားရမှာ မဟုတ်ဘူးတဲ့။ မြွေအရေခွံ လဲသလို ချက်ချင်း ပြောင်းလဲ မပစ်နိုင် ရင်တောင် နေ့စဉ်နေ့တိုင်း ပြောင်းလဲနိုင်ပါသေးတယ်တဲ့။

အင်း... မေမေ ပြောနေတာတွေကို ကိုယ့်ဟာကိုယ်တောင် နားမလည်တာ သားက ဘယ်နားလည်နိုင်ပါ့မလဲကွယ်။

မေမေ လုပ်နိုင်တာကတော့ တစ်နေ့နေ့ သား မေမေ့ကို ခွင့်လွှတ်နိုင်ပါစေလို့ ပြောချင်တာပါပဲ။

မေမေ လုပ်နိုင်တာကတော့…..။

ဒီနေရာတွင် ဆုံးသွားခဲ့သည်။

ဖိုင်တွဲထဲမှာ စာ၏ နောက်ဆုံး စာကြောင်းပင်။

တခြား မှတ်စုဖိုင်တွဲတွေကတော့ နေ့စဉ် ရေးသွင်းသည့် ဒိုင်ယာရီ စာမျက်နှာတွေ ဖြစ်သည်။ တစ်ခါတလေ တစ်မျက်နှာမှာ စာ တစ်ကြောင်း၊ နှစ်ကြောင်း ပဲ ပါသည်။

မေမေ့ကို ခွင့်လွှတ်ပါကွယ်၊ ဒီကိစ္စကို မေမေ မင်းအပေါ်ဘယ်လို များ

လုပ်နိုင်ရက်တယ် မသိပါဘူး၊ တကယ်လို့များ မေမေ မပေးခဲ့ မိရင်.. ဆိုသည့် စာကြောင်းမျိုး။

တချို့မှာတော့ အတော်လေး ရှည်ရှည်ရေးထားသည်။

ကြည့်ရတာ မေမေသည် ကျွန်တော်ကို တစ်နေ့ တစ်ခါ စာရေးပုံပင်။ ခုနစ်နှစ်ဆိုတော့ အင်း... ကျွန်တော် တွက်ကြည့်လိုက်တော့ စာပေါင်း ၂၅၅၅ စောင် ရေးခဲ့တာပါလား။

တချို့နေရာတွေမှာ သရုပ်ဖော်ပုံလေးတွေနှင့်။ ဖယောင်းတိုင် ထွန်းထားသော မွေးနေ့ကိတ်ပုံ၊ ခရစ္စမတ် သစ်ပင်ပုံ၊ သစ်ကိုင်းမှာ နားနေသော ငှက်ကလေး သုံးကောင်ပုံ၊ သုံးယောက်ထိုင် စားပွဲလေးပုံ၊ အားလုံး မှင်နီဖြင့် ဆွဲထားသည်။

ကျွန်တော် ခုတင်ပေါ်ပြန်လှဲချလိုက်သည်။ အကြီးဆုံး ပြဿနာ ပုစ္ဆာ ကြီးကို ကိုယ့်ဘာသာကိုယ် ဖန်တီးလိုက်မိသတဲ့ သူ ရေးထားတာက။ ကျွန်တော် ကတော့ ကိုယ့်ပုစ္ဆာ ကိုယ့်ပြဿနာ ကိုယ် မဖန်တီးနိုင်၊ ကိုယ့်ကိုယ်ကိုယ် သေချာ မသိသေး၍လည်း ဖြစ်ချင် ဖြစ်မည်။

ကျွန်တော် လစ်ဟာ ထုံကြင်၍ နေသည်။ မျက်နှာကြက်မှာ သစ်သား ယပ်ကြီးကို ငေးနေမိသည်။ ပြီးတော့ ရေချိုးခန်းထဲ သွားသည်။

မျက်နှာသစ်သည့် ကြွေဇလုံပေါ်က ရောမမှန်ကြီးပေါ်မှာ ကိုယ့်ကိုယ် ကိုယ် အချိန်ကြာမြင့်စွာ ကြည့်မိသည်။

နီညိုရောင် ရှည်လျား နက်ကျောသော ပြတ်ရုရာ။ မီးခြစ်ဆံခေါင်း လောက် ကျယ်၏။ နှုတ်ခမ်းထောင့်မှ နားရွက်နားထိ ရောက်သည်။ ကျွန်တော့်လို ပင် ထိုအမာရွတ်ကလည်း တစ်နှစ်ထက် တစ်နှစ် ကြီးလာခဲ့သည်။ ကျွန်တော်နှင့် အတူ ကြီးထွားလာ သည်။ ကျွန်တော့် နားရွက်၊ နှာခေါင်း၊ လက်နှင့် ခြေတွေလို ကြီးထွားလာသည်။

ခေါင်းကို ဘယ်ဖက်လှည့်လိုက်လျှင် မှန်ထဲမှာ အမာရွတ်ကို မမြင်ရ၊ ညာဖက် လှည့်ကြည့်လျှင် အမာရွတ်ကား ကျိုးနေသော နှာခေါင်းလို၊ ကွဲနေသော နှုတ်ခမ်းလို မျက်စိထဲ ထင်းကနဲ မြင်လာသည်။ မျက်နှာတစ်ခုလုံးမှာ ထိုအရာသာ ရှိသကဲ့သို့။ မှန်ရှေ့သို့ ကုန်းကာ အနီးကပ် ကြည့်မိသည်။ နှာခေါင်းက ချွန်ချွန်၊ မဟူရာမျက်ဝန်း၊ နှုတ်ခမ်းက ပြည့်ပြည့်၊ ပါးက ရောမ အမာရွတ်ကြီးနှင့်။ မှန်ကို ကြာကြာ ကြည့်လေလေ၊ အမာရွတ်က သေးသွားလေလေ၊ နောက်ဆုံးမှာတော့ အမာရွတ် ဆိုသည်မှာ ကျွန်တော့်စိတ်ထဲက ပေါက်ကရ ထင်နေသော အရာဟု ထင်လာသည်အထိ။ သေသည်အထိ ငေးနေပါစေဦး၊ ထိုအရာကတော့ မည်သည့်

အခါမှ ပျောက်ကွယ်သွားတော့မည် မဟုတ်။

အမာရွတ် မပါသော ဘိုဘို ဆိုတာ မရှိ။ ဘယ်တော့မှ မဖြစ်နိုင်။

အမာရွတ်သည် ဘိုဘို မဟုတ်သော်လည်း ဘိုဘို၏ ပစ္စည်း၊ ဘိုဘို၏ တစ်စိတ်တစ်ဒေသ ဖြစ်တော့သည်။

မေမေ့၏ ပေးစာပေါင်း ၂၅၅ စောင်အကြောင်း စဉ်းစားမိသည်။

မေမေ အိပ်ရာပေါ်မှာ ကုန်ဆုံးခဲ့ရသော နာရီတွေ၊ နေ့တွေ၊ ရက်သတ္တပတ်တွေအကြောင်း စဉ်းစားမိသည်။

ပြတ်ရှမှုလေးတစ်ခုကနေ အမာရွတ်ပေါင်းများစွာ ဖြစ်လို့လာ။ ကျွန်တော့် အမာရွတ်က မြင်ရသော်လည်း မေမေ့ အမာရွတ်တွေက မျက်စိနှင့် မြင်ခွင့်မရ။

အဝတ်တွေ ချွတ်ကာ ရေပန်းကို ဖွင့်လိုက်သည်။ ရေပန်းနှင့် ရေချိုးဖို့၊ အထူးသဖြင့် ရေပူရသော ရေပန်းနှင့် ရေချိုးခြင်းကို ဘယ်တုန်းကမှ မလုပ်ဖူးခဲ့၊ အနည်းဆုံးတော့ လုပ်ဖူးသည်ဟု မမှတ်မိခဲ့။

ရေများက ကျွန်တော့်ခန္ဓာကိုယ်ပေါ် ကျလာသည်။ ရေကို ပူသည်ထက်ပူအောင်၊ နောက်ဆုံး ပခုံးတွေ ရေပူကြောင့် ကျက်လောင်လာသည်အထိ အပူခလုတ်ကို ကျွန်တော် လှည့်နေသည်။

မှန်က မှုန်ဝါးစပြုလာပြီ။ နို့နှစ်ဖြူရောင် ရေခိုးရေငွေ့ တံတိုင်းအောက် မှာ ကျွန်တော့်ပုံရိပ် တဖြည်းဖြည်း မှုန်ဝါးလာလိုက်တာ နောက်ဆုံး ကြည့်စရာ ဘာမှ မကျန်သည့်အထိ။

တစ်ဆယ့်တစ်

ရေချိုးပြီးသောအခါ အဝတ်လဲပြီး ကုတင်ပေါ် တက်သည်။ ပြန်အိပ်ပျော်သွား သည်။ နိုးလာတော့ နေတောင် အတော်မြင့်ပြီ။ သို့သော် မလန်း။ ခေါင်းက တူနှင့် ထုနေသလို ခံစားနေရသည်။ ပြတင်းပေါက်မှ ဝင်လာသော နေရောင်ခြည်က မျက်လုံးတွေကို နာကျင်စေသည်။

မိဘတွေ အခန်းထဲမှာ မရှိကြ။ တစ်အိမ်လုံးအနှံ့ သူတို့ကို လိုက်ရှာသည်။ နောက်ဆုံး ခေါင်မိုးထပ် လသာဆောင်မှာ သွားတွေ့သည်။ လက်ရန်းကို မှီကာ ရပ်နေကြသည့် မိဘနှစ်ပါးက ကျွန်တော့်ဖက်ကို ကျောပေးထားသည်။ ဖေဖေက မေမေ့ကို အသာဖက်ထားပြီး မေမေက ဖေဖေပခုံးပေါ်ခေါင်းလေး မှီထားသည်။ မေမေက ဖေဖေနှင့် ယှဉ်ရပ်နေသဖြင့် ပို၍ သေးသွယ် ပါးလျားနေသလို။

အရက်အတွက် ခုတင်ပေါ်လှဲမနေသော ရှားရှားပါးပါး ရက်တစ်ရက် ကို တွေ့လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာမိပါသည်။ ဒီနေ့ မေမေ မှန်ကို စေ့စေ့ ကြည့်ရဲဖို့ မျှော်လင့်မိပါသည်။ ထိုမှသာ သူ ဘယ်လောက်လှသည် ဆိုတာကို သူ သတိထားမိလိမ့်မည်။

သူတို့နှစ်ယောက်လုံး ရုတ်တရက် ကျွန်တော်ကို သတိမထားမိကြ။

အသာလေးလျှောက်သွားပြီး စားပွဲမှာ ထိုင်လိုက်သည်။ မနက်စာက စားပွဲပေါ်မှာ ပင် ရှိသေးသည်။

ကျွန်တော် ကလေးသို့ ပြန်သွားလျှင် အားလုံးအတွက် ကောင်းမည် လား ဆိုသည်ကို စဉ်းစားမိသည်။ သို့သော် ဒါက ကျွန်တော့်အတွက်တော့ အကြံ ကောင်း မဟုတ်။ လွယ်ကူခြင်း လုံးဝမရှိသော်လည်း ခုချိန်မှာ ဤအိမ်ထက် ပိုနေချင်သော နေရာသည် မရှိ။

ပြီးတော့ ကျွန်တော့်မေမေ ကျွန်တော့်ကို လိုအပ်နေသည်။

မိဘနှစ်ပါးက ဒီဖက် လှည့်လာကြသည်။ သူတို့ ကျွန်တော့်ကို မြင်သွား တော့ ခြေလှမ်းတွေ တုံ့ကနဲ ဖြစ်သွားကြသည်။

"ဟင် သား ဘယ်ကနေ ရောက်လာတာလဲ"

ဟု မေမေက မေးလိုက်သည်။ ကောင်းစွာ အနားရသည့်ပုံပင်။ အရင် ရက်တွေကထက် လန်းဆန်းနေတာကို တွေ့ရသည်။

“ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား”

ဖေဖေက ထပ်မေးသည်။

ဖေဖေ ကျွန်တော်ကို ကြည့်နေပုံအရ ကျွန်တော့်အခန်းထဲမှာ မေမေ့ စာဖိုင်ကြီးတွေပါသော သေတ္တာကို လာထည့်သွားသူမှာ ကေန္တ ဖေဖေပင် ဖြစ်လိမ့်မည်။

“ဟုတ်ကဲ့၊ အမြဲ အိပ်လို့ ပျော်ပါတယ်”

ဖေဖေက သုတ်သီးသုတ်ပြာ ဖြစ်၍ လာသည်။ သူ မြို့ထဲမှာ ကိစ္စအချို့ ရှိသည့်အတွက် ညနေပိုင်းလောက်မှ ပြန်ရောက်နိုင်မည်ဟု ပြောကာ ကျွန်တော် တို့ သားအမိနှစ်ယောက် နေ့ကောင်းရက်သာ ပိုင်ဆိုင်နိုင်ပါစေကြောင်း တောင်းဆု ပြုပြီး သကာလ ကျွန်တော် ဘာမှ မပြောနိုင်ခင် လှေကားမှ သုတ်ခြေတင် ဆင်း သွားတော့သည်။

ခုတော့ လသာဆောင်မှာ မေမေနှင့် ကျွန်တော် နှစ်ယောက်တည်း။ ကျွန်တော့်မှာ စိတ်လှုပ်ရှားလွန်း၍ မေမေ့ကို စေ့စေ့ မကြည့်ဝံ့၊ စကား ရဲရဲ မပြောဝံ့သလို ဖြစ်နေသည်။ မေမေ့ လှုပ်ရှားမှုတွေကို မျက်လုံးထောင့်လေး မှသာ ခိုး၍ ကြည့်ဝံ့သည်။ မေမေက လက်ရန်းဖက် ဦးလှည့်ကာ ဖေဖေ့ကို လက်ပြ နေသည်။

ခုရော အကျဉ်းစံတစ်ယောက်လို မေမေ ခံစားနေရတုန်းလား။

သူ ကျွန်တော်နဲ့ ဒီမှာ တူတူရှိနေမှာလား။ သို့တည်းမဟုတ် ခွင့်ပြုဦးဟု ပြောရင်း အိပ်ရာထက် သို့မဟုတ် သူ့ရုံးခန်းတည်း ကွယ်မြန်းမှာလား။

“မေမေ ဒီနေ့ အလုပ်လုပ်မှာလား”

ကျွန်တော် သတိကြီးစွာထား၍ မေးလိုက်သည်။

မေမေက ဖြေဖို့အတော်လေး အချိန်ယူရသည်။ နောက်ဆုံးမှ ‘ဟင့်အင်း’ ဟု ဖြေလိုက်ရင်း စားပွဲဆီ လျှောက်လာခဲ့သည်။

“မေမေ သားနဲ့ တူတူ ထိုင်မယ်”

ကျွန်တော် ခုံရှည်ပေါ် ပြောင်းထိုင်သည်။ ကျွန်တော့်မျက်နှာပေါ်မှ အမာရွတ်ကို မေမေ မမြင်နိုင်အောင် ခေါင်းကို မလှည့်မိဖို့ သတိထားသည်။

မေမေက ကုလားထိုင် တစ်လုံးပေါ် ထိုင်လိုက်သည်။

ကျွန်တော် မေးချင်တာတွေ၊ ပြောချင်တာတွေက ရင်နှင့်အမျှ။

သို့သော် ကိုယ့်ကိုယ်ကိုယ် အရူးလုပ်နေခြင်းမျှသာပါ။ တကယ်တော့

အမှန်တကယ် ဖြစ်ပျက်ခဲ့သမျှကို ကျွန်တော်တို့ သိပြီးခဲ့ကြပြီ မဟုတ်လား။ မေမေက မျက်နှာပေါ်ဝဲကျနေသော ဆံတစ်မျှင်ကို ဖယ်လိုက်ပြီး မရေ မရာ ပြုံးလို့လာသည်။

“မေမေတို့ ဘာလုပ်ကြမလဲ၊ သားပျော်စေမယ့် အရာ ဘာရှိလဲ”

ဘကြီးဘဆို ခုလိုမေးခွန်းမျိုး ဘယ်တော့မှ မေးလိမ့်မည် မဟုတ်။ ကျွန်တော် ဘာဖြေရမှန်း မသိ၍ ပခုံးသာ တွန့်ပြမိသည်။

“ဟင်… ဘာလုပ်ချင်မှန်း မသိဘူးလား”

ခေါင်းခါပြလိုက်သည်။

“အင်း… မေမေ့ကို ခွင့်လွှတ်နော်၊ မေမေ မေးတာ အရူးမေးခွန်းမျိုးပဲ”

ဘာမှ မပြောဖြစ်ဘဲ တိတ်ဆိတ်သွားသည်။ ဘကြီးနှင့် ဖေဖေ့ထံမှ ခုလို တိတ်ဆိတ်မှုမျိုး ကြုံဖူးသော်လည်း မေမေ့ တိတ်ဆိတ်မှုက တစ်မူထူး၏။

“ကျောင်းမှာ သားအကြိုက်ဆုံး ဘာသာရပ် ရှိလားဟင်”

ဟင်… ဘယ်နဲ့ဟာတုန်း၊ သူ ဒီလိုမေးဖို့ ဘယ်က အကြံထွက်လာလဲ။ ကျောင်းဆိုတာလောက် မပြောချင်တဲ့အရာ လောကမှာ မရှိ။ ဒါကြောင့် ‘မရှိဘူး’ ဟု ခပ်တင်းတင်း ဖြေလိုက်သည်။

“ဟယ်…တစ်ခုမှ မကြိုက်ဘူးလား”

“မကြိုက်ဘူး”

စိတ်ဆိုး၍ ပြောခြင်းမဟုတ်။ ထို့ကြောင့် ထပ်ဖြည့်ပြောသည်။

“သားက ကျောင်းကို မသွားချင်တာ”

သူက ဆာပြီလားဟု မေးသည်။

“ဟင့်အင်း”

“ဟယ်.. ဘာဖြစ်ဖြစ် နိုးပါလားကွယ်”

“ဟုတ်ဘူး”

ကျွန်တော်တို့နှစ်ယောက် တိုင်ပင်မထားဘဲ ရယ်မိကြသည်။ မေမေကကျွန်တော့်ထက် ပိုရယ်သည်။

“ကဲ… ကဲ… ဘယ်လိုမေးရင် ဟုတ်တယ်လို့ ဖြေမှာလဲ… ပြော”

ဘယ်လိုမေးမေး၊ မေးချင်တာ မေး၊ ထထွက်မသွားရင် ပြီးရော။ သူ ရေးထားခဲ့သလို သူ့စိတ်က အစိုးမရဘူး မဟုတ်လား၊ ခုတစ်မျိုး တော်ကြာ တစ်မျိုး လေ။ ခြေတစ်လှမ်း မှားလျှင်ပင် စိတ်က ပြောင်းသွားမှာ ကြောက်မိသည်။

သို့မဟုတ် အတွေးတစ်ခု၊ ပုံရိပ်လွှာတစ်ခုပေါ့။

စားပွဲပေါ်မှာ ခေါင်းတစ်ချောင်း တွေ့လိုက်တာမျိုးပေါ့။

သို့သော် ကျွန်တော် ထိုသို့ မပြောပါ။

“သား ကောင်းကောင်း လုပ်နိုင်တာတွေအကြောင်း မေးပေါ့”

ဟုသာ ပြောလိုက်သည်။ အမှန်လုံးလုံး မဟုတ်သော်လည်း အမှန်၏

တစ်စိတ်တစ်ပိုင်း ဖြစ်သည်ပဲ။

“ကောင်းလိုက်တာ၊ ပြောလေ၊ မေမေ နားထောင်ချင်တယ်”

“မေမေကရော”

မေမေက မျက်မှောင်လေးကြုံ့ ခေါင်းလေးကို တစ်ဖက်သို့ အသာ ငဲ့ကာ ဖြင့် ‘သားလိုပဲ ဖြေရမယ် ထင်တယ်’ ဟု ပြောသည်။

“အင်း… အမှန်ဖြစ်ခဲ့ရင်ပေါ့”

သွားပြီ။ ဘာမှ မစဉ်းစားဘဲ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားခဲ့ပြီ။

မေမေ့ မျက်နှာပေါ်မှ အပြုံးတို့ ကွယ်လေပြီ။

ကလောနားက ခနော်ခနဲ့ မြစ်ကူးတံတားလေးကို ဖြတ်ကူးနေရသလိုခံစားရသည်။ ကျွန်တော် အဲဒီ တံတားလေးကို ဖြတ်ဖို့ အမြဲ ကြောက်မိသည်။ တံတားက ကျွန်တော့်အလေးချိန်ကို ခံနိုင်မည်လော၊ တံတားကိုဟန်ချက်ထိန်း၍ အောင်မြင်စွာ ဖြတ်နိုင်မည်လော ဆိုတာ ဧကန်မုချ မပြောနိုင်၍ ဖြစ်သည်။

"ဘာလို့ အမှန် မဟုတ်ရမှာလဲ သားရဲ့"

မေမေ့အသံက ဒေါသသံ၊ စိတ်အနှောင့်အယှက်ဖြစ်သည့် အသံမျိုး ပေါက်မနေပါ။ သူ အတန်ငယ် အံ့ဩချင် ဩမည်။ နည်းနည်း စိတ်ရှုပ်ချင် ရှုပ်သွားမည်။

"ဘာဖြစ်လို့လဲဆိုတော့..."

ကျွန်တော် ထစ်အထစ်အ ဖြစ်လာပြန်သည်။ ပြောစရာစကားတွေ သို့သော်လည်း မပြောဝံ့။

မေမေ ထရပ်လိုက်ပြီ။

"ဟင်... ဘယ်သွားမလို့လဲ"

ကျွန်တော် ထိတ်ထိတ်ပျာပျာ မေးမိသည်။

"အိမ်သာ... အိမ်သာ... အသည်းလေးရဲ့၊ ခဏနေ ပြန်လာမယ်"

မေမေက ပြောရင်း လှေကားမှ ဆင်းသွားသည်။

ကျွန်တော် သူ ပြန်အလာကို စောင့်နေမိသည်။ ထရပ်လိုက်ပြီးမှ သတိဝင်လာသည်။ ၁၂ နှစ်သားက သူ့အမေ အိမ်သာ သွားတာကို လိုက်သွားလို့ ဖြစ်မတဲ့လား။ လမ်းလျှောက်တတ်စ ကလေးလို မေမေ့ ပြန်အလာကို တွန့်လိမ်ပြီး စောင့်နေမိသည်။

ဟော... မေမေ ပြန်လာပြီ။ မေမေ့မှာ ဓာတ်ပုံတွေ ပါလာသည်။ စားပွဲပေါ်ဓာတ်ပုံတွေ တင်လိုက်သည်။ ပထမဆုံးပုံက မိဘနှစ်ပါး၏ ကြား၊ ဆိုင်ကယ်ပေါ်မှ ကောင်ကလေးတစ်ယောက်။ ဖေဖေ့ခါးကို သူ့လက်နှစ်ဖက်ဖြင့် အားရပါးရ ဖက်ထားပြီး မေမေက သူ့ကို ချစ်မြတ်နိုးစွာ ထွေးပွေ့ထားခြင်း ခံရသော ကောင်ကလေး ကျွန်တော်။

"ဒါ သားလား"

ခေါင်းညိတ်ပြသည်။

ပုံတိုင်းမှာ မေမေနှင့် ကျွန်တော် ပါသည်။ ဖေဖေက တစ်ခါတလေ ပါသည်။ ပုံတစ်ပုံမှာ ကျွန်တော်က လှေကားထစ် တစ်ခုပေါ်ထိုင်နေသော မေမေ့ပေါင်ပေါ်မှာ လှဲနေသည်။ မေမေက ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်ရင်း လွန်စွာ ပျော်ရွှင်နေဟန်။

နောက်တစ်ပုံမှာ ဘုန်းကြီးကျောင်းဝင်း ကွက်လပ်မှာ ဘောလုံး ကန်နေကြပုံ။ ပြီးတော့ ဈေးထဲမှာ သားအမိနှစ်ယောက် လျှောက်နေကြပုံ။ မေမေက ကျွန်တော့်ကို ပခုံးပေါ် တင်ထားသည်။ တစ်ယောက်နှင့် တစ်ယောက် လွန်စွာ ချစ်၊ လွန်စွာ ပေါ့ပါး၊ ပျော်ရွှင်ခဲ့ကြသော သားအမိနှစ်ယောက်။

မေမေသည် ပို၍ပို၍ ပျော်ရွှင်လာပုံကို ဓာတ်ပုံတွေမှာ ထင်းနေအောင် သတိထားမိသည်။

"သား... ဒါတွေကို မှတ်မိလားဟင်"

မေမေက မျှော်လင့်ချက်ကြီးစွာဖြင့် မေးလိုက်သည်။ ကျွန်တော် သူ့ကို စိတ်မဆင်းရဲစေချင်ပါ။

"မှတ်မိတာပေါ့ မေမေရ" ဟု အကြီးအကျယ် ညာလိုက်သည်။

"သားကို မေမေ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လှည့်နေတာရော"

"အင်း... မှတ်မိတယ်"

"မေမေတို့ တူတူဆိုခဲ့တဲ့ သီချင်းတွေကိုရော"

"အင်းပေါ့"

"ရေတံခွန် သွားလည်တာတွေ"

"သေချာပေါက် မှတ်မိတယ်"

"နောက်ရော ဘာမှတ်မိသေးလဲ"

ဘာမှ မမှတ်မိ၊ အစတည်းက မှတ်မှ မမှတ်မိပဲကို။

သို့သော် ထိုသို့ ပြော၍ မဖြစ်။

"မမမိုးမိုးနဲ့ ကစားရတာ"

ကျွန်တော် ရမ်းသန်းဖြေလိုက်သည်။

မေမေက အလုံးကြီးကျသွားသလို ဖြစ်သွားသည်။

"ဟုတ်ပ... မိုးမိုးနဲ့ သိပ်ပျော်စရာကောင်းတာ၊ သား ပျော်စရာတွေ အများကြီးကို မှတ်မိတာပဲ၊ ဝမ်းသာလိုက်တာ"

မေမေက ကျွန်တော့်နား လာထိုင်သည်။ ခြင်းတောင်းထဲမှ ပေါင်မုန့်ကို ယူကာ ကော်ဖီထဲ နှစ်လိုက်သည်။ သူ့အစ်ကိုကြီး အတိုင်းပါပဲ။

"သား တစ်ခုခု စားဦး"

မေမေက ပေါင်မုန့်ကို ညှိုတိုတိုယိုတစ်မျိုး သုတ်ပြီး ကျွန်တော့်ကို ပေးသည်။ မေမေ့အတွက် ကျွန်တော် ယူစားလိုက်သည်။ ကိုက်လိုက်တော့ အထဲ က ယိုက ချောကလက်အရသာ။ စားကောင်းလှသည် မဟုတ်သော်လည်း စားရ၍ ဖြစ်ပါသည်။ ကျေးဇူးပါ မေမေ။

လိမ္မော်ရည်ကို ငှဲ့ပေးသည်။ ပေါင်မုန့် နောက်တစ်ချပ် ချောကလက်ယို သုတ်ပြီး ငှက်ပျောသီးစိတ်ကလေးတွေ တင်ကာ ပေးပြန်သည်။

"သားတို့ ကစားရအောင်"

"အလို... ဘုရားရေ၊ မေမေ ဘာမှ မကစားတာ ကြာ-ကြာလှပေါ့။ သားနဲ့ သူငယ်ချင်းတွေက ဘာတွေ ကစားရတာ ကြိုက်လဲ"

နေ့လယ်နေ့ခင်း ကစားဖို့ ကျွန်တော့်မှာ သူငယ်ချင်း တစ်ယောက်မှ မရှိ ကြောင်း ပြောပြလိုက်ရမလား။ အတန်းထဲက ကောင်လေးတွေက အင်တာနက် ဂိမ်းသာ ကစားသည်။ ကျွန်တော့်ကို တစ်ခါမှ မဖိတ်ခေါ်ခဲ့ကြ။ ကျွန်တော်လည်း ကျွန်တော့်ဖာသာ ကစားသည်ပေါ့။ ဒါကြောင့်-

"မိုဘိုင်းလီးဂန့်"

ဟု ဖြေလိုက်သည်။

"ဟင်... အဲဒါ ဘာတုန်း"

"ဖုန်းနဲ့ ကစားလို့ရတဲ့ ဂိမ်းလေ"

"ဪ... မေမေ မသိဘူး၊ မင်း ဘောလုံးမကစားဘူးလား"

"ကစားတာပေါ့၊ တစ်ခါတလေ အိမ်နောက်ဖေးမှာ ကစားတယ်"

"မင်းဘကြီးနဲ့ရော ဘာကစားတတ်လဲ"

"စစ်တုရင်"

"အဲဒါတော့ မေမေ မကစားတတ်ဘူး၊ သား ဖဲကစားတတ်လား"

"ဟင့်အင်း... တူတူပုန်းတမ်း ကစားမလား။ ဟိုအမြွာညီအမကို လိုက်ရှာ

ခိုင်း၊ သားတို့ ပုန်းမယ်”

မေမေ သဘောကျပုံပင်။ ထို့ကြောင့်သားအမိနှစ်ယောက် စိတ်တူကိုယ်တူ အောက်ထပ်ဆင်းလာကြသည်။ အမြွှာညီအမကလည်း တူတူပုန်းတမ်း ကစားခြင်းကို ကောင်းစွာ သိသည်ပေါ့။ အိမ်ရှင်က ပုန်းမည် ဆိုတော့လည်း သူတို့ကရှာရပေမပေါ့။ သို့သော် ခြံဝင်းထဲ ဆင်းမပုန်းရန်နှင့် အိမ်ထဲမှာသာ ပုန်းရန် သဘောတူကြသည်။ အမြွှာညီအမသည် မီးဖိုချောင်ထဲ ဝင်ရင်း တစ်-နှစ်-သုံး- လေး ကျယ်လောင်စွာ ရေတွက်နေကြသည်။

ခုတော့ မေမေနှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကူကယ် ရာမဲ့ ကြည့်မိသည်။ စားပွဲအောက် ဝင်ပုန်း၊ မဖြစ်နိုင်။ တံခါးနောက်၊ သာတောင် ဆိုးသေး။ ဧည့်ခန်း လိုက်ကာတွေနောက်၊ ဖြစ်နိုင်၏။ သို့သော် ရှာတွေ့ဖို့ အချိန် မကြာလောက်။ လိုက်ကာကြားက ခြေထောက်တွေ ထွက်နေလိမ့်မယ်။ သူတို့ ရေတွက်နေကြပြီ။ ဒုတိယထပ်ခန်းမမှ ဗီရိုကြီးကို မြင်ယောင်လာသည်။ မေမေ့ ကို တက်ခဲ့ဖို့ တိတ်တိတ်လေးခေါ်၊ ဗီရိုတံခါးကို ဖွင့်၊ အထဲကိုဝင်ပြီး စောင်တွေ၊ မိုးကာတွေ၊ ဂျာကင်တွေ နောက်မှာ ပုန်းလိုက်ကြသည်။ ပြီးတော့ ဗီရိုတံခါးကို ပြန်ပိတ်။

ဗီရိုထဲမှာ ပူသည်၊ ကျပ်သည်၊ မှောင်သည်။ မေမေက ငုတ်တုတ်လေး ထိုင်နေသည်မို့ ခေါင်းက ကျွန်တော့်ပေါင်ပေါ် ရောက်နေသည်။ မှောင်လွန်း၍ မေမေ့အရိပ်ကိုပင် မမြင်ရ။

မေမေ့ထွက်သံက ကျွန်တော့်အရေပြားပေါ်မှာ နွေးခနဲ ဖြစ်သွားစေ သည်။ မေမေ တစ်ယောက်တည်း ရင်တုန်နေရတာ မဟုတ်ပါဘူး မေမေရယ်။

ကျွန်တော်တို့သားအမိတင်းတင်းဖက်ကာ ကိုယ်ကိုတတ်နိုင်သမျှ ကွေး၍ ထားကြသည်။ ဗီရိုတံခါး ဖွင့်လိုက်လျှင်ပင် ပစ္စည်းတွေနှင့် ကွယ်နေသည့် ကျွန်တော် တို့ကို မြင်စရာ အကြောင်းမရှိ။

ဟိုညီအမ တက်လာကြပြီ။ အခန်းတွေတည်း လျှောက်ရှာနေသံ ကြားသည်။ ကျွန်တော်တို့ ကြွက်ကလေးလို ငြိမ်သက်စွာ နေကြသည်။ အပေါ် ဆုံးထပ် လသာဆောင်ထိ သူတို့ သွားကြည့်သည်။ ခဏနေတော့ ပြန်ဆင်းသွား ကြသည်။ အောက်ထပ်မှာ ရှာနေကြပြန်ပြီ။

ကျွန်တော် လက်ခေါက်မှုတ်လိုက်သည်။ ရှီကနဲ အသံကြောင့် သူတို့ ပြန်တက်လာကြပြန်သည်။ တစ်ယောက်က ဗီရိုတံခါးကို ဖွင့်ကြည့်သည်။ သို့သော် ကျွန်တော်တို့ကို မတွေ့။ တံခါး ပြန်ပိတ်သွားသည်။ သူတို့ တံခါးဖွင့်လိုက်စဉ် ကျွန်တော် မေမေ့ကို တင်းနေအောင် ဖက်ထားသည်။ မေမေ ဖိထားသော ကျွန်တော့်

ဘယ်ဖက်ခြေထောက်က ထုံနေသော်လည်း ဂရုမစိုက်။

ခု မေမေ အကျဉ်းစံတစ်ယောက်လို ခံစားနေရသေးလား။ အင်း... ခံစားရတယ် ဆိုရင်တောင် မေမေ တစ်ယောက်တည်း မဟုတ်တော့ပါဘူး မေမေရယ်။

အမြွာညီအမက ကျွန်တော်တို့ကို အော်ခေါ်နေသည်။ ကျွန်တော်တို့ ပြန်မထူး။ သူတို့ အောက်ထပ် ဆင်းသွားကြသည်။

မေမေက ကျွန်တော်ကို ညှစ်လိုက်သည်။

"ခုလိုအချိန်တွေသာ ပြန်ရမယ်ဆို မေမေ့အသက်ကို ပေးရဲပါတယ်"

ဟု မှောင်ထဲမှ ရုတ်တရက် ပြောလိုက်သည်။

"သိပါတယ် မေမေရယ်"

"ဒါပေမဲ့ မရနိုင်တော့ဘူး"

"သား သိပါတယ်"

ကျွန်တော် မေမေ့လက်ကို ရှာဖွေနေခဲ့သည်။

ထိုအချိန်မှာ အမြွာညီအမ ပြန်တက်လာပြီး ဗီရိုရှေ့မှာ ရပ်ကာ ကျွန်တော်တို့အကြောင်း တီးတိုးပြောနေသည်။ ဘယ်လိုဖြစ်တာလဲ၊ ဘယ်ပျောက်သွားကြသလဲ၊ ဒီအိမ်ဟာ အစကတည်းက ထူးဆန်းတာ၊ ဒါပေမဲ့ ဒီတစ်ခါတော့ အထူးဆန်းဆုံးပဲ။ ဂျူလီယာကတော့ မဖြစ်နိုင်ဘူး။ တန်တော့ အစွမ်းရှိတာ ကောင်လေးနေမယ်။ သားသား အမြန်ပြန်ရောက်လာပါစေ၊ မဟုတ်ရင် ငါတို့ ဒုက္ခရောက်ပြီ၊ ချက်ရ ပြုတ်ရဦးမယ်၊ ဒုက္ခပါပဲ အစရှိသဖြင့်။

တခိခိ လုပ်နေပြီဖြစ်သော မေမေ့ ပါးစပ်ကို အတင်းပိတ်ထားရသည်။ မဟုတ်ပါက မိသွားလိမ့်မည်။ ကဲ... မရတော့ မေမေက ရယ်ချင်လှပြီ။ ကျွန်တော် တို့ ဗီရိုတည်းမှ ဝုန်းကနဲ ထွက်လိုက်သောအခါ အမြွာတို့နှစ်ယောက် တက်မတတ် ချက်မတတ် ဖြစ်သွားကြသည်။

ဒိုးဆလံ၊တင်းဆလံ၊နောက်တစ်ခေါက်ထပ်မကစားပါရစေနဲ့တော့တဲ့။

"သားတို့ မြို့ထဲ သွားကြမယ်လေ မေမေ"

ကျွန်တော်က မေမေ့ကို အကြံပြုလိုက်သည်။

ထိုအကြံအတွက် မေမေ စိတ်မလှုပ်ရှား။

"မြို့ထဲက ဆူညံ ပွက်လောရိုက် ကျပ်ညပ်နေတာပဲ၊ ဘာလို့ သွားချင်တာလဲ" ဟု မေးသည်။

"ကျွန်တော် အကြွေးဆပ်စရာ ရှိလို့ပါ"

ရန်ကုန်ရောက်စ ပထမဆုံးညကို မည်သို့ ဖြတ်သန်းခဲ့ရကြောင်းနှင့် ခုအိမ်သို့ ဘယ်လိုရောက်ခဲ့ရကြောင်း ဖြစ်ကြောင်းရယ် ကုန်စင် မေမေ့ကို ဇာတ်စုံ ခင်းလိုက်သည်။

တက္ကစီက စထရန်းဟု ခေါ်သော ဟိုတယ်ကြီးရှေ့မှာ ကျွန်တော်တို့ကို ချပေးသည်။ ဒီမှာ တစ်ခုခု အရင်သောက်ကြစို့တဲ့။ တိုက်ပုံအနက်၊ ပုဆိုးလှလှကို ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်က ကျွန်တော်တို့ကို တံခါးဖွင့်ပေး သည်။ ဧည့်ကြိုဌာနက လူတွေအားလုံးက မတ်တပ်ရပ်၊ ဦးညွှတ်ကာ ကြိုဆိုကြ သည်။ အဲယားကွန်းက အေးစိမ့်လှသည်။ ကြက်သီးတွေတောင် ထလာသည်။ နံရံမှာ ရောမ ကိုယ်လုံးပေါ်မှန်ကြီး ကပ်ထားသည်။ ကျွန်တော်တို့နှစ်ယောက် မှန်ထဲသို့ ကြည့်မိကြသည်။ မှန်ထဲ ထင်နေသော ကိုယ့်ပုံရိပ်ကို သူစိမ်းတစ်ယောက် ကို ကြည့်သလို ကြည့်နေကြခြင်းမျိုး ဖြစ်သည်။ ကျွန်တော် မေမေ့ ပခုံးတွေကို ကြည့်သည်။ မျက်လုံးတွေ၊ ပါးစပ်တွေ၊ ကျွန်တော်တို့ နှစ်ယောက် အင်မတန် တူသည်။ အစတည်းက တွေးထားသကဲ့သို့ပင်။ မေမေ့မျက်နှာက မျက်နှာဖုံး တပ်ထားသလို မျက်နှာသေ။ ကျွန်တော် ခေါင်းကို လှည့်လိုက်သည်။ အမာရွတ် က ထင်းကနဲ၊ ကျွန်တော့်မျက်နှာ ဒီလောက် တင်းနေမှန်း၊ အဲဒီလို မျက်နှာပေးမျိုး လုပ်တတ်မှန်းပင် ကိုယ့်ကိုယ်ကိုယ် မသိ။ အမြင်ကပ်လာသည်နှင့် မှန်ထဲသို့ လျှာထုတ်ပြလိုက်သည်။ ပါးရွဲ့ပြသည်။ မျက်စိ မှိတ်ပြသည်။ နှုတ်ခမ်း စူပြသည်။ သွားဖြဲပြသည်။ မေမေက ကြည့်ရင်း တဟီးဟီး ဖြစ်လာသည်။ ကျွန်တော်လည်း ထိုနည်းလည်းကောင်း။ ရယ်သံတွေက ကျယ်သည်ထက် ကျယ်လာခဲ့သည်။

မေမေရယ်၊ ကျွန်တော် မေမေ့ကို ပြောချင်တာကတော့ လောကမှာ ထာဝရ လျောင်ပိတ်ခံထားရတဲ့ အကျဉ်းစံဆိုတာ မရှိပါဘူး။ ထာဝရလျောင်ပိတ် ထားနိုင်တဲ့ နေရာ ဆိုတာလည်း မရှိပါဘူး။

ခု ကြောက်လန့်နေဖို့အကြောင်း ဘာမှ မရှိတော့ပါဘူး။

ကျွန်တော့်မှာရော။

မေမေ့မှာပါပေါ့။

ကိုယ့်ကိုယ်ကိုယ် ကြောက်နေတာ၊ မနှစ်သက်တာမျိုးလည်း နောက်ထပ်

မဖြစ်ပါနဲ့တော့နော်။

ဘယ်သူမှ အဲသလို ဖြစ်မနေသင့်ဘူးလေ။

ဒီအေးခဲနေတဲ့ ဟိုတယ်ကြီးထဲမှာ သူနဲ့တူတူ ငွေကြီး မထိုင်နေချင် ပါဘူး။ ကျွန်တော်က သူနဲ့တူတူ လမ်းပေါ်လျှောက်သွားချင်တာ။ တခြားကလေး တွေနဲ့ မိဘတွေလိုပေါ့။

ဒီလိုနဲ့ ပြန်ထွက်လာခဲ့ကြသည်။ လမ်းလေးတစ်ခုပေါ်မှာ ကျွန်တော့် အသက်လောက် ကလေးနှစ်ယောက် ဘောလုံးကန်နေကြသည်။ ဘောလုံးက ကျွန်တော်တို့ ခြေထောက်နားမှာ လာကျသည်။ မေမေက ဘောလုံးကို နှစ်ချက် သုံးချက် တော့လိုက်ပြီး ကျွန်တော်ကို ပေးလိုက်သည်။ ကျွန်တော် အလွန်အံ့အား သင့်သွားပြီး ကန်မိကန်ရာ ကန်လိုက်ရာ ဘောလုံးက မြောင်းထဲ ကျသွားတော့ သည်။

ရှက်လိုက်တာ၊ ကျွန်တော် မြောင်းထဲမှ ဘောလုံးကို ဆယ်ပြီး ကလေး တွေကို ပြန်ပေးလိုက်သည်။

“ကျောင်းက ဘောလုံးကွင်းမှာဆို သားက ဆရာကြီး” ဟု မေမေ့ကို ပြောဖြစ်အောင် ပြောလိုက်သေးသည်။

မေမေ ကျွန်တော်ကို ကြည့်ပုံက တခြားမိဘတွေ သူတို့သားသမီး အမှန် ပြောတာ ဟုတ်၊ မဟုတ် ကြည့်ပုံမျိုးနှင့် တစ်ထပ်တည်းဟု ကျွန်တော် ထင်မိ သည်။

ဟုတ်ပြီ။

ကျွန်တော် မေမေ့လက်ကို ဆွဲရင်း ရှေ့ဆက် ချီတက်သည်။ လမ်းဆုံ တစ်ခုမှာ ကျွန်တော်တို့ မဟာဗန္ဓုလလမ်းဖက်သို့ ချိုးသည်။ လူတွေ ကျပ်ခဲလို့ နေသည်။ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်လေးတွေသည် လူသွားလမ်း တစ်လျှောက် ခုံတွေ၊ စားပွဲတွေ ခင်းပြီး တန်းစီနေသည်။ သတင်းစာတွေ၊ သရက် သီးတွေ၊ နာနတ်သီးတွေ၊ ဝက်အူလှည့်တွေ၊ သော့ကလောက်တွေ စုံစီနဖာ ရောင်းနေကြသော ဈေးသည်တွေကလည်းအပြည့်။ ကျွန်တော်ကလူစုလူဝေးကို ကြိုက်သည်။ ကလောဈေးနေ့ကိုပင် သတိရမိသည်။

သို့သော် ထိုလူအုပ်ကြီးက မေမေ့အတွက်တော့ လွန်လွန်းအားကြီး နေသည်။ နောက်မီးပွိုင့်တစ်ခုမှာတော့ မေမေက လူရှင်းသော ကိတ်မုန့်ဆိုင်လေး တစ်ဆိုင်သို့ ဦးဆောင်ခေါ်သွားသည်။ ဗနီလာရေခဲမုန့် တစ်ခွက်စီ၊ မေမေ့အတွက် အက်စ်ပရက်ဆို ကော်ဖီ မှာသည်။ ထိုင်ကြသည်။

မေမေက စက္ကူလက်သုတ်ပုဝါကို ဘောလုံးလေးလို လုံးခြေ၍ အနည်း ဆုံး ဆယ်ပေဝေးသော အမှိုက်ပုံးထဲ ပစ်ထည့်လိုက်ရာ စွပ်ကနဲ ဝင်သွားသည်။

"အလဲ့... ကံကောင်းတယ်ပါလား"

ကျွန်တော်က စပ်ဖြဲဖြဲ ပြောလိုက်သည်။

"ဟင်း.. ဟင်း.. ငါက ဘက်စကက်ဘောမယ်ဟောင်းကွ၊ သိရဲ့လား"

မေမေကလည်း ပြောင်ချော်ချော် ပြန်ပြောကာ နောက်ထပ် စက္ကူ တစ်ရွက် လုံးချေကာ ပစ်လိုက်ပြန်၏။ ဝင်ပြန်၏။

သုံးခါဆက်တိုက် ဝင်ပြီးသော် ကျွန်တော် လက်မြှောက် အရှုံးပေးရပြီ။

မေမေက ရယ်သည်။ ကျောင်းက ကာယဗလအချိန်ဆို ဘာတွေ လုပ်ရ လဲဟု မေးသည်။

"စက္ကူလက်သုတ်ပုဝါတွေ လုံးပြီး အမှိုက်ပုံးထဲ ပစ်ရတာတော့ မပါဘူး ခင်ဗျ"

ဟု ဖြေလိုက်သည်။ ရေခဲမုန့်ကား စား၍ ကောင်းလှသည်။ နောက်ဆုံး တစ်ဇွန်းထိ အရသာ ရှိသည်။

"ထပ်ယူဦးမလား သား"

"တော်ပြီ"

မေမေကတော့ နောက်ထပ် အက်စ်ပရက်ဆို တစ်ခွက် ထပ်မှာသည်။ သူ ခံတွင်းလိုက်နေပုံပင်။ ဟော... သူ ရုတ်တရက် မေးလာသည်။

"သား ဘာဆုတောင်းချင်လဲ၊ ဘာလိုချင်လဲ"

"ဟင်... ဘာအတွက် ဘာလိုချင်ရမှာလဲ မေမေ"

"ဘာဖြစ်ဖြစ်"

ကျွန်တော် သူ့မေးခွန်းကို နားမလည်ပါ။

"သား မွေးနေ့တိုင်း မေမေ ဘာမှ မပေးခဲ့ရဘူး၊ ခုတစ်ခုခု လုပ်ပေးချင်တယ်"

မေမေ့စကားက ကျွန်တော်ကို စိတ်ရှုပ်စေသည်။ ဘယ်မွေးနေ့အတွက် လဲ၊ ဘယ်နှနှစ်ပြည့် မွေးနေ့အတွက်လဲ။ ၁၂ နှစ်ပြည့်လား၊ ၁၁ နှစ်ပြည့်လား၊ ၁၀

နှစ်ပြည့်လား၊ ကိုးနှစ်ပြည့်၊ ရှစ်နှစ်၊ ခုနှစ်နှစ်၊ ခြောက်နှစ်။ အဲဒီမွေးနေ့တွေမှာ မေမေသာ အတူရှိခဲ့ရင် သိပ်ပျော်မှာ။ မွေးနေ့လက်ဆောင်လေးတွေကို မေမေနဲ့ အတူ ဖောက်ကြည့်ချင်တာ။ တစ်ခါမှ ဘာမှ မရဖူးပါဘူး။

တစ်ခုခုလုပ်ပေးမယ်တဲ့လား။ ဘယ်က စလုပ်ပေးမှာလဲ၊ မနက်တိုင်းကျောင်းကို တစ်ယောက်တည်း သွားခဲ့ရတဲ့အတွက်လား။ နေ့လယ်ဆို ဘယ်သူမှ လာမကြိုတဲ့ အတွက်လား။ ဘာတွေ လုပ်ပေးမှာလဲ။

"မေမေကလည်း သားမှာ လိုချင်တာ အကုန်ပြည့်စုံပါတယ်"

"မင်း လိုချင်တာ ဘာမှ မရှိဘူးလား"

"ဟင့်အင်း"

မေမေက ပြုံးသည်။

"အဖေတူသားပဲ" ဟု ကင်ပွန်းတပ်သည်။

မေမေပြောတာ အကောင်းလား၊ အဆိုးလား ကျွန်တော် မဝေခွဲတတ်။

ကျွန်တော့်ကို အိမ်ထိလိုက်ပို့သော ဆိုက်ကားဆရာကြီးကို ဘယ်လို ရှာပြီး ပိုက်ဆံပေးမလဲဟု မေမေက မေးသည်။ ရန်ကုန်တစ်မြို့လုံးမှာ ဆိုက်ကား သမားတွေ ဘယ်နှစ်ယောက်တောင် ရှိသလဲ ကျွန်တော် မသိ။ သို့သော် ကျွန်တော် စားခဲ့၊ အိပ်ခဲ့သော လမ်းဘေး စားသောက်ဆိုင်သေးသေးလေး ဘယ်မှာ ရှိမှန်း တော့ သေချာသိသည်။ မဟာဗန္ဓုလလမ်းမှ မြင်နေရသော စေတီတော်တစ်ခု၏ ထောင့်၊ ပန်းခြံလေးတစ်ခုအနားမှာ ဖြစ်သည်။

ကျွန်တော်တို့ ခရီးဆက်ခဲ့ကြသည်။ ထိုနေရာကို ကြာကြာ မရှာလိုက် ရ။ ထွန်းထွန်းကား အလုပ်လုပ်နေသည်။ သူ ကျွန်တော့်ကို တွေ့တော့ မျက်နှာ တစ်ခုလုံး ဝင်းထိန်သွားသည်။ ကျွန်တော်တို့ စားပွဲလွတ်တစ်ခုမှာ ထိုင်လိုက်ကြ သည်။

"တစ်ခုခု မှာလိုက်မယ် မေမေ"

"အင်း... မေမေ့ဖို့ပါ မှာ"

ထွန်းထွန်း ကျွန်တော်တို့စားပွဲသို့ ရောက်လာသည်။

ကျွန်တော့်နားနား ကပ်ပြီး-

"ဟေ့... မင်းအမေ အမေရိကန် ရုပ်ရှင်မင်းသမီးဆိုတာလား"

ဟု တီးတိုးမေးသည်။

"အေးကွ"

"ပိုး... တကယ် လှတာပဲ၊ မင်းသမီးနဲ့လည်း တကယ်တူတယ်။ သူ မင်းကို တွေ့ရတာ ပျော်ရဲ့လား"

"ပျော်တာပေါ့ဟ... အရမ်းပျော်နေတာ"

မေမေကကျွန်တော်ကိုကူညီပေးခဲ့သည့်အတွက်ကျေးဇူးတင်ကြောင်းထွန်းထွန်းကို ပြောနေသည်။ လက်ဖက်ရည်နှင့် အချိုရည် မှာလိုက်သည်။ ထွန်းထွန်းက မေမေ့ကို အရိပ်တကြည့်ကြည့် လုပ်နေသည်။ သူ့မိဘတွေလည်း အတူတူ။ မှာထားတာတွေ လာချရင်း သူ ပြောပြန်သည်။

"ငါမင်းအမေကို ပိုစတာတစ်ခုထဲ တွေ့ဖူးတယ်၊ ငါ့အမေလည်း တွေ့ဖူးသတဲ့"

"အေး... လီယိုနာဒို ဒီကာပရီယိုနဲ့ ရိုက်ထားတဲ့ ပိုစတာ ဖြစ်မယ်"

"ဟုတ်မယ် ဟုတ်မယ်"

လိမ်ညာမှုသည် အခက်အခဲမှ ပေါ်ထွက်လာတတ်သည်ဆိုလျှင် ပုံပြင်ဇာတ်လမ်းတို့သည် စိတ်ကူး ဖန်ဆင်းမှုမှ ပေါ်ထွက်လာခြင်း ဖြစ်ပေမည်။

"မင်းတို့နှစ်ယောက် တိုးတိုး တိုးတိုးနဲ့ ဘာတွေ ပြောနေကြတာတုန်း"

မေမေက မေးသောအခါ-

"ဘာမှမဟုတ်ဘူး"

ပြောရင်း ထွန်းထွန်းနှင့်ကျွန်တော် မထိန်းနိုင်ဘဲ ရယ်မိကြသည်။

"ဟဲ့... ဘာဖြစ်နေကြတာလဲ"

"ဟင့်အင်း... ဘာမှ မဟုတ်ဘူး"

"လက်ဖက်ရည်က ကောင်းတယ်နော်"

"အန်တီ ထပ်ယူဦးမလား"

ထွန်းထွန်းက လီယိုနာဒိုနှင့်ပင် တွဲရိုက်ထားသော မင်းသမီးကြီးကိုစေတနာတွေ ပို့နေသည်။

"တော်ပါပြီ"

"တစ်ခုခု စားပါဦး"

မေမေက ခေါင်းယမ်းပြသည်။ ကျွန်တော်က မသွားချင်သေး၊ ထို့ကြောင့် ဆာပြီဟု ကြိတ်လိုက်သည်။ ယုံချင်ယုံ မယုံချင်နေ။

သူငယ်ချင်း ထွန်းထွန်းက မီးနူး ယူလာပေးသည်။ ဘာဖြစ်ဖြစ်ကွာ။ ထမင်းကြော် မှာလိုက်သည်။ ထမင်းကြော်က ပထမတစ်ခါကထက်ပင် ကောင်းနေသေးသည်။ အရသာ သိပ်ရှိ။

"မေမေ နည်းနည်း စားကြည့်စမ်း"

"အင်း"

အလို... သူ့ဖာသာသူ ယူမစားဘဲ ပါးစပ်ကလေး ဟ၍တောင် ပေးလိုက်သေးသည်။ ကျွန်တော် ခွံ့ကျွေး ဆိုသည့် သဘောပေါ့။ ခွံ့ပါ့ မယ် မင်းသမီးကြီးရယ်။ ကျွန်တော်မျိုး ခွံ့ပါမယ် ခင်ဗျ။

ထမင်း၊ ဟင်းသီးဟင်းရွက်နှင့် ကြက်ဥကြော်ဖတ်ကလေးတွေ ပါအောင် ကော်ယူလိုက်ပြီး မေမေ့ ပါးစပ်ထဲ ဇွန်းဖြင့် ခွံ့လိုက်သည်။

"အေးဟဲ့... ကောင်းတယ်တော့"

ထွန်းထွန်းက ကျေနပ်သွားသည်။ ခဏနေတော့ သူ့မိဘတွေပါ ပါလာသည်။ ဖုန်းလေးကို ကိုင်ထားသည်။ သို့သော် ဘာမှ မပြောဝံ့ကြ။

"ဓာတ်ပုံလေး ရိုက်ထားလို့ ရမလားဟင်"

ထွန်းထွန်းက မဝံ့မရဲလေး မေးသည်။

မေမေက ကျွန်တော့်ကို တအံ့တသြ ကြည့်နေသည်။ ဘယ်လိုလဲပေါ့။

ကျွန်တော်လည်း အံ့အားသင့်မိသော်လည်း 'ဟာ... ရိုက် ရိုက်၊ ရတာ ပေါ့' ဟု ဖြေလိုက်သည်။

ထွန်းထွန်းက ကျွန်တော်တို့နှင့် အတူဝင်ရိုက်သည်။ နောက်တော့ သူ့ အမေ။ နောက်တော့ သူ့အဖေပါ ဝင်ရိုက်သည်။ ကျွန်တော့်ကို ရိုက်ပေးတဲ့။ မေမေ နှင့် သူတို့မိသားစုပုံတဲ့။ ရိုက်ပြီးတော့ ဖေ့စ်ဘွတ်ပေါ် ဂုဏ်ယူဝံ့ကြွားစွာ တင် လိုက်သည်။

ကျွန်တော်တို့ ထွန်းထွန်းကို ငွေတစ်သောင်း ပေးသည်။ ဆိုက်ကား

ဆရာကြီးအတွက်ပေါ့။ ထွန်းထွန်းက မျှားလွန်းသည်ဟုဆိုကာ ငွေငါးထောင် ပြန်ပေးသည်။ ကျွန်တော်တို့ စားထား၊ သောက်ထားတာတွေအတွက် ပိုက်ဆံ ပေး၍ မရ။ မွေးနေ့လက်ဆောင်ဟုပင် သူက ဆိုလိုက်သေးသည်။

"ဟင်... ဘယ်မွေးနေ့တုန်း"

မေမေက အံ့အားသင့်ပြီး မေးလိုက်သည်။

"သူ့ကို မွေးနေ့အကြောင်း စကား သွားမစနဲ့ဟ"

ကျွန်တော် ထွန်းထွန်းကို အမြန်ပြောသည်။ ဘယ်သူမှ ဘာမှ မမေးခင်ပေါ့။

"သူက အသက်ကြီးလာတာကို မကြိုက်ဘူးရယ်"

တစ်ဆယ့်နှစ်

ဒုတိယထပ်မှပင် ဖေဖွေ့အသံကို ကျွန်တော် ကြားနေခဲ့ရသည်။ ကျွန်တော် ထမင်းစားခန်းထဲ ရောက်သည်ထိ သူ ဖုန်းပြောလို့ မပြီးသေး။ သူ ဖုန်းချလိုက်သောအခါ ကျွန်တော့်ကို ပြောသည်။

"ညနေ လေးနာရီ အရေပြားအထူးကုနဲ့ ချိန်းထားတယ်၊ သူ သား ဝေဒနာကို ကူညီနိုင်လိမ့်မယ်။ ဆိုတော့ အချိန်သိပ်မရတော့ဘူး။ နာရီဝက်အတွင်း အိမ်က ထွက်မှ ဖြစ်မယ်"

မေမေက တံခါးဝမှာ ရုတ်တရက် ပေါ်လာသည်။

"ကျွန်မ ခေါ်သွားလိုက်မယ်"

ဖေဖေ အံ့အားသင့်လွန်း၍ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

"မင်း ခေါ်သွားမယ် ဟုတ်လား"

"အင်းလေ"

"အရေပြားအထူးကုဆီကိုလေ"

"ဟုတ်တယ်လေ"

ဖေဖေက ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

"အချစ်... အချစ်ရယ် မင်း သေချာလို့လား"

"ဩော်... ဟုတ်ပါတယ်ဆို"

"ကိုယ် လိုက်ခဲ့ရမလား"

"လိုက်နဲ့"

ဖေဖေသည် မေမေ့ကို ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ကြည့် သည်။ ထိုကိစ္စကို အဆုံးအဖြတ်ပေးရသူက ကျွန်တော် ဖြစ်နေဘိသကဲ့သို့။

"အချစ် သေချာ စဉ်းစားပြီးပြီလား"

မေးရင်းမေးရင်း ဖေဖွေ့အသံက တိုးတိုးသွားသည်။ သံသယက တိုးတိုး လာသယောင်။ ဖြေရင်းဖြေရင်း မေမေ့အသံက သေချာရေရာလာသည်။ ရှင်းလင်း

ပြတ်သားလာသယောင်။

“စဉ်းစားပြီးပြီ”

“တို့မိသားစု သုံးယောက် သွားမယ်လေ၊ ကိုယ် အပြင်မှာ စောင့်နေခဲ့မယ်”

“မလိုက်နဲ့၊ ဒါ ကျွန်မတို့ သားအမိနှစ်ယောက် ကိစ္စ”

မေမေက ယုံကြည်ချက်ရှိစွာ ထိုသို့ ရဲရဲတောက် ကြေငြာပြီး ထမင်းစား ခန်းထဲမှ ထွက်သွားသည်။

ဖေဖေက အခန်းအလယ်မှာ ရပ်ရက် တန်းလန်းကြီး။ သူ ပူပင်နေပုံက ကျွန်တော့်ကို သတိပေးခေါင်းလောင်း ထိုးပေးနေသလို။ ခုသိပ်နောက်ကျသွား ခဲ့ပြီ။ ဖေဖေသည် အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း မျှောက်မီးခဲ ကိုင်မိသလို ဖြစ်နေသည်။

မေမေနှင့်ကျွန်တော် တက္ကစီပေါ် ရောက်ပြီ။ မေမေက ရောင်ပြန် မှန် ဘီလူး ပါသော ရောမ နေကာမျက်မှန်မည်းကြီး တပ်ထားသည်။ မျက်မှန်ကြီးက သူ့မျက်နှာတစ်ဝက်လောက် နေရာယူထားသဖြင့် မျက်မှန်ထဲမှာ ကျွန်တော့်ကိုယ်ကျွန်တော်ပင် ကြည့်၍ ရသည်။ ထိုမျက်မှန်ကြီးက မေမေ့ကို အကျဉ်းစံတစ်ယောက် နှင့် အနည်းငယ် တူစေသည်။

တကယ်တော့ ကျွန်တော် ထိုကိစ္စ၏ တစ်စိတ်တစ်ပိုင်း မဖြစ်ချင်။ ဆရာဝန်ဆီလည်း နည်းနည်းမှ မသွားချင်။ သူနှင့်မှ မဟုတ်၊ ဖေဖေနှင့်လည်း မသွားချင်။ ဘယ်သူနဲ့မှ မသွားချင်။ အမာရွတ်ဟာ အမာရွတ်ပဲ။ ဆရာဝန်က ဘာများ လုပ်ပေးနိုင်မှာ မို့လို့လဲ။ တစ်ခါတလေ အရှမ်းနာတော့ရော ဘာဖြစ်လဲ။ကျွန်တော် တဖြည်းဖြည်းနှင့် ခံနိုင်ရည် ရှိလာပြီပဲ။ ဘယ်ဆရာဝန်မှ ဒါကို မကု နိုင်ပါ။

“မေမေ”

“ဟေ”

“သားတို့ ပြန်ကြမယ်လေ”

“ဟင့်အင်း”

“ဆေးခန်း ကိုယ့်ဖာသာကိုယ် သွားလည်း ရပါတယ်၊ သားက ကလေးမှ မဟုတ်တာ”

မေမေက ခေါင်းယမ်းသည်။

"ပြီးတော့... ပြီးတော့ အဲဒါကလေ နည်းနည်းမှ မနာတော့ဘူး သိလား"

ခေါင်းယမ်းပြတာပဲ မြင်နေရသည်။

ကျွန်တော် ထပ်ပြောချင်သေးသော်လည်း မေမေက ဘာမှ ပြန်ပြောမည့်ဟန် မပေါ်။ ထို့ကြောင့် ကျွန်တော်တို့ ငြိမ်သက်စွာဖြင့် ခရီးနှင်ကျရသည်။

ဒေါက်တာဦးသန့်ထိန်၏ ဆေးခန်းက ဆူးလေဘုရားနှင့် သိပ်မဝေး သော လမ်းသွယ်လေး တစ်ခုထဲမှာ ရှိ၏။

ပြတင်းပေါက် မရှိသော အခန်းကျဉ်းလေးထဲမှာ ကျွန်တော်တို့ထိုင်စောင့် ရသည်။ မေမေကတော့ နေကာမျက်မှန်ကြီးကို အခန်းထဲမှာပင် လုံးဝ မချွတ်။

အခန်းထဲမှာ လူနာတွေ အပြည့်။ ကျွန်တော့်နားက လူကြီး မျက်နှာ သည် ရဲရဲနီကာ ခြောက်ကပ်နေသည်။ သူ့အရေပြားတွေက ယူကလစ်ပင်၏ သစ်ခေါက်တွေလို ကွာထွက်နေသည်။ ကျွန်တော့်အသက်လောက်သာ ရှိဦးမည့် ကောင်မလေး တစ်ယောက်၏ ညာလက်မှာ မီးလောင်ဒဏ်ရာလိုမျိုး တွေ့ရ သည်။ သူ့လက်ချောင်းတွေက သစ်ကိုင်းခြောက်လေးတွေ အလား။

စိတ်ရှုပ်စရာ ကောင်းလှသဖြင့် ကျွန်တော် ထထွက်သွားလိုက်ချင်သည်။

ကြာကြာတော့ မစောင့်လိုက်ရပါ။ ဆရာဝန်ကြီးက မေမေ့ကို ဆီးကြို နှုတ်ဆက်ရင်း သူ့ကျန်းမာရေးအခြေအနေကို မေးမြန်းသည်။ ကျွန်တော့်ကို သူ့ရှေ့က ထိုင်ခုံမှာ ထိုင်ခိုင်းသည်။ မေမေက ကျွန်တော်ဘေးက ခုံမှာ ထိုင်သည်။ ကျွန်တော့်မေးကို သူ့လက်နှင့်ပင့်ပြီး ကျွန်တော့်မျက်နှာကို သူ စူးစမ်းစစ်ဆေးနေ သည်။ သူ့ထွက်သက်မှာ ဆေးလိပ်နံ့လိုလို ရသည်။ အခြေအနေက နှစ်လိုဖွယ် မကောင်းလှ။

"ကြည့်ရတာ မကောင်းဘူး"

ဟု သူက ခေါင်းယမ်းရင်း ပြောသည်။

အံဆွဲထဲမှ ဓာတ်မီးကလေး တစ်လက်ကို ထုတ်ကာ ကျွန်တော့် မျက်နှာကို သူ ထိုးကြည့်သည်။ ပါးစပ်ကိုဟခိုင်းပြီး အတွင်းသို့ ဓာတ်မီးဖြင့် ထိုးကြည့် သည်။ လျှာကို သစ်သားပြားကလေးဖြင့် ဖိထားသည်။

"ဘယ်ကနေ ဘယ်လို ဒီလောက်ကြီးတဲ့ ဒဏ်ရာကြီး ရလာရတာလဲဗျာ"

သူက ခပ်ကျယ်ကျယ်ပင် ပြောလိုက်သည်။

သူ မေမေ့ကို မေးတာလား။ ကျွန်တော် အသက်ရှူ ရပ်သွားသလို ဖြစ်မိသည်။

"ကျွန်တော်… ကျွန်တော်… ကျွန်တော် ဟိုဟာ…"

ကျွန်တော် ဘာမှ သေသေချာချာ မပြောနိုင်ခင်မှာပင် မေမေ့ဆီက စကားသံ ထွက်လာသည်။

"ကျွန်မ အပြစ်ပါ" တဲ့။

ဆရာဝန်က ကျွန်တော့် အမာရွတ်ကို စစ်ဆေးနေရင်း မေးနေကျအတိုင်းမေးလိုက်သည်။

"မတော်တဆ ဖြစ်တာလား"

ကျွန်တော့် တစ်ကိုယ်လုံး ခေါင်းမှ ခြေဖျားထိ ကြက်သီး ဖြန်းဖြန်း ထသွားသည်။ ကျွန်တော် မေမေ့ကို ကမန်းကတန်း ကြည့်မိသည်။

မေမေက လက်နှစ်ဖက်ဖြင့် နေကာမျက်မှန်ကို ချွတ်လိုက်သည်။

"ဟင့်အင်း… မတော်တဆ မဟုတ်ဘူး"

မေမေ့အသံမှာ တဖြည်းဖြည်း တင်းမာ ကျုပ်ဆတ်လာခဲ့ပြီ။ မေမေ့ နှလုံးခုန်သံ ဗရမ်းဗတာ ဖြစ်နေပြီ ဆိုတာကို ကျွန်တော် မြင်နေ၊ ကြားနေ၊ ခံစား နေရသည်။

မေမေက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။

"သူ ငါးနှစ်သားတုန်းကပေါ့"

ခဏနားသည်။

"ကျွန်မ သူ့ပါးကို ဓားနဲ့ လှီးလိုက်တာ"

မထွေးနိုင် မအန်နိုင် ကိစ္စတစ်ခုက အရမ်းကို ပြင်းထန် ဆိုးရွားလာခဲ့လျှင် အနီးသူတစ်ဦးသည် ထိုကိစ္စကို ကြာရှည် လိမ်လည် ဖုံးကွယ် မထားနိုင်ပုံပင်။ လျှင် ဒါကိုတော့ ဘကြီးဘက ကျွန်တော့်ကို တစ်ခါဖူးမှ မပြောပြခဲ့။

ဆရာဝန်က သူ နားကြားများ မှားသလားဟု ယူဆကာ ထပ်မေးသည်။

"ဘယ်လို၊ နေစမ်းပါဦး… ခင်ဗျားက ခင်ဗျားသားရဲ့ ပါးကို…"

"ဟုတ်ပါတယ်"

ဆရာဝန်သည် မေမေ့ကို တစ်လှည့်၊ ကျွန်တော့်အမာရွတ်ကို တစ်လှည့် ငူငူကြီး ကြည့်နေသည်။ သူ့ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ် ပစ်ကျသွားသည်။

ကျွန်တော် ဘာမှ မတွေးနိုင်တော့။ ထရပ်လိုက်ပြီး မေမေ့ကို ကျွန်တော် ထွေးပွေ့ထားမိသည်။ မေမေ့ခေါင်းကို ကျွန်တော်ရင်ဘတ်မှာ အပ်ထားစေပြီး မေမေ့ ဆံပင်တွေကို နမ်းရှိုက်နေမိသည်။

ဟင့်အင်း... ကျွန်တော့် အမာရွတ်ကို ဘယ်ဆရာဝန်မှ မကြည့်စေချင်တော့။

ဟင့်အင်း... ကျွန်တော် ဘာအမာရွတ်ပျောက်ဆေးမှ မလိမ်းချင်တော့။

ဟင့်အင်း... ဘယ်ဆရာဝန်နဲ့ ပြဖို့မှ မသွားချင်တော့။

ဒီအခြေအနေသည် ကျွန်တော်တို့ သားအမိအတွက် ဘယ်လောက်ခက်ခဲသလဲ ဆိုတာ ဆရာဝန် နားလည် သဘောပေါက်ခြင်း ရှိ၊ မရှိ ကျွန်တော် မသိချင်၊ ဂရုလည်း မစိုက်ချင်တော့။

ဘယ်အရာမှ တစ်ဖြောင့်တည်း ရိုးစင်းခြင်း မရှိ၊ ဘယ်သူ့အတွက်မှ ထိုသို့ မရှိနိုင်။

မေမေ့လက်ကို ဆွဲရင်း ဘာတစ်လုံးမှ မပြောဘဲ စမ်းသပ်ခန်းထဲမှ ထွက်၊ လူနာတွေ စောင့်ဆိုင်းနေသည့် အခန်းကို ဖြတ်၊ လမ်းပေါ်ထွက်လာခဲ့ကြ သည်။ တစ်စုံတစ်ရာ သံသရာအတွင်းမှာ အခါအခွင့်ဆိုး ကြုံ၍ဖြစ်စေ ကံကြောင့် ဖြစ်စေ၊ တခြားသူ တစ်ဦးဦး၏ ပယောဂကြောင့် ဖြစ်စေ ဆိုးကျိုးတစ်ခုခုနှင့် အမြဲ ကြုံတွေ့ခဲ့ရသည့် သို့တည်းမဟုတ် မကောင်းတာတစ်ခုခု အလုပ်ခံခဲ့ရသည့် လူတွေ အားလုံးကို ဖြတ်ကျော်ရင်း လျှောက်လာခဲ့ကြသည်။ မေမေက ဘာမှ မပြောနိုင်။ ကျွန်တော် ဦးဆောင်ရာနောက် တကောက်ကောက် လိုက်လာရှာ သည်။

လူတွေ ကျပ်ညပ်နေသည့် ကြားမှ ကျွန်တော် မေမေ့ကို ဦးဆောင်ရင်းထွက်လာခဲ့သည်။ ဖေဖေ ဘွားခနဲ ပေါ်လာသည်။ တံခါးဝတစ်ခုရှေ့မှာ ရပ်နေ သော ဖေဖေ။ ခဏနေတော့ လူကြားထဲမှာ ပျောက်သွားပြန်သည်။ ရပ်ပြီး ဖေဖေ့ ကို အော်ခေါ်လိုက်သည်။ သို့သော် ပြန်မထူး။ ဖေဖေ ပုန်းနေသည်လား။ ဒါမှ မဟုတ် ကျွန်တော်ကပဲ ထင်မိယောင်မှား ဖြစ်နေသလား။

မီးပွိုင့် နီလား၊ စိမ်းလား မကြည့်ဘဲ လမ်းတစ်ခုကို အတင်းဖြတ်ကူးမိ သည်။ ကားတွေ ဟွန်းတီးကြသည်။ ကားပေါ်မှ လူတစ်ယောက်က တစ်စုံတစ်ရာ ကို အော်ဟစ်နေသည်။ ပန်းခြံတစ်ခုထဲ ရောက်သည်အထိ ကျွန်တော်တို့ သုတ်ခြေ

တင်ကြသည်။

ကျွန်တော်က ဆက်သွားချင်သော်လည်း မေမေက ခြေကုန်လက်ပန်း ကျနေပြီ။ ကျွန်တော်တို့ မြက်ခင်းပေါ်ပစ်လှဲလိုက်ကြသည်။ ပင်ပန်းလိုက်တာ။ အသက်အန္တရာယ်မှ လွတ်အောင် မြို့တစ်ဝက်လောက် ပတ်ပြေးလာရသလို ဖြစ်နေသည်။ အဲဒီမှာ သားအမိနှစ်ယောက် ဘေးချင်းယှဉ်ရင်း ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်ကာ လှဲလျောင်းနေကြသည်။ မေမေ့ထံမှ ချွဲသံ၊ အသက်ကို အလုအယက် ရှူနေရသံတွေ ကြားနေရသည်။

မိနစ်တွေ ကုန်လွန်သွားခဲ့သည်။ ကျွန်တော်တို့ သားအမိ နှစ်ယောက် လုံး အသက်ရှူသံတွေ ပြင်းထန်နေဆဲ။

စိတ်ထဲမှာတော့ ကျွန်တော်က ဆရာဝန်ရှေ့မှာ ထိုင်၊ သူ့ ဆေးလိပ်နံ့ ပါသော ထွက်သက်ကို ရှူရှိုက်ရင်း သူ့မေးခွန်းကို ဖြေလိုက်သည့် မေမေ့အသံ ကို ထပ်ကာ ထပ်ကာ ထပ်ကာ ကြားယောင်နေမိသည်။

"ကျွန်မ သူ့ပါးကို ဓားနဲ့ လှီးလိုက်တာ"

"ကျွန်မ သူ့ပါးကို ဓားနဲ့ လှီးလိုက်တာ"

"ကျွန်မ သူ့ပါးကို ဓားနဲ့ လှီးလိုက်တာ"

ထိုပုံရိပ်က ဝေဝါးသွားသည်။ အရာရာ မှောင်အတိ ကျသွားသည်။ တခြားပုံရိပ်တစ်ခုက စိတ်အာရုံတွင်း ထွန်းလင်းလာသည်။ ဘကြီး၊ မေမေနှင့် ကျွန်တော်တို့ ကလောအိမ်က မီးဖိုချောင် ထမင်းစား စားပွဲမှာ ထိုင်နေကြသည်။ မေမေ ထရပ်လိုက်သည်။ ပြီးတော့ ပြန်ထိုင်သည်။ ဘကြီးနှင့် စကားတွေ များနေ သည်။ ကျွန်တော် နားထောင်မနေ။ မေမေ ဒေါသတွေ ထွက်လာပြီ။ ကျွန်တော့်ကို ပြူးကြည့်ရင်းဆတ်ဆတ်တုန်အောင်အော်ထည့်လိုက်သည်။
ကျွန်တော့်နှုတ်ခမ်းနှစ်လွှာကြားမှ ထက်လှစွာသော သတ္တုဓားသွား။ ကျွန်တော့်လျှာပေါ်မှာ ဓားသွား ကနေထိုင်ကောင်းလောက်အောင် အေးစိမ့်နေသည်။ ထို့နောက်မှာတော့ အသည်း ခိုက်အောင် နာကျင်မှု၊ ချိုမြမြ သွေးအရသာတွေ။ ဖေဖေ ပြေးဝင်လာသည်။ ဘကြီးက အရမ်းအော်နေသည်။ စားပွဲကြီး ပြောင်းပြန်ဇောက်ထိုး ဖြစ်၍ သွား၊ ကျွန်တော် ခုံပေါ်က ဦးစိုက်ကျွမ်းပြန် ကျ၊ ခေါင်းနှင့် ကြမ်းဆောင့်။

ခုချိန်ထိ ထိုအခိုက်အတန့်ကို ကျွန်တော် ဘယ်တုန်းကမှ မှတ်မိခြင်း မရှိခဲ့။ ခုတော့ ထိုဖြစ်ရပ်က ခေါင်းထဲသို့ ထပ်ကာ ထပ်ကာ ဝင်၍လာသည်။ ဒုတိယ အကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်။

ချွေးစေးတွေ ပြန်လာသည်။ မျက်နှာက ပူလောင်လာသည်။ အသက်ကို ပြင်းစွာရှူနေသော်လည်း လေ မရသလို ဖြစ်လာသည်။

တစ်-နှစ်-သုံး

တစ်-နှစ်-သုံး

ဂဏန်းတွေ ရေတွက်တာဟာလည်း ခုတော့ ဘာမှ အရာမထင်တော့။

"မေမေ"

ဘာမှ ပြန်မပြော။

သူ့လက်ကို ကိုင်လိုက်သည်။ တစ်ကိုယ်လုံးမှ သွေးတွေ ဆောင့်တိုးနေတာကို လက် သွေးခုန်နှုန်းမှတစ်ဆင့် ခံစားမိသည်။

"သား အိမ်ပြန်ချင်ပြီ"

ဘာမှ မပြော။ ကျွန်တော် ထထိုင်လိုက်သည်။ မေမေ့မျက်စိတွေ စုံမှိတ်လျက်၊ မေမေသတိလစ်နေပြီလား။ ကျွန်တော်တုန်နေအောင်ကြောက်လာသည်။

"မေမေ.. မေမေ.. တစ်ခုခု ပြန်ပြောပါဦး"

ဘာမှ မတုံ့ပြန်။ ကျွန်တော် မေမေ့ခေါင်းကို ပေါင်ပေါ်တင်ထားလိုက်သည်။ ဦးခေါင်းတစ်ခုလုံး ကျက်မတတ် ပူလောင်နေသည်။ ဆံပင်တွေက ချွေးစေး တွေဖြင့် ကပ်လျက်။ အဖျားတက်နေသော ကလေးလို တစ်ကိုယ်လုံး တုန်နေသည်။ မေမေက ကျွန်တော့်ထက် အဆပေါင်းများစွာ ပိုအခြေအနေ ဆိုးလှသည်ပဲ။ ခု မေမေ ဘာဖြစ်နေသည် ဆိုခြင်းကို မသိ။ ဘာလုပ်ပေးရမှန်းလည်း မသိတော့။

ကျွန်တော်တို့သည် ကိုယ့်နှလုံးသား ခံနိုင်ဝန်အင်အားထက် ပိုလွန် သော သတ္တိကို တောင်းခံမိခဲ့ကြပြီလော။

ဆရာဝန် ပြေးပင့်၍ ဖြစ်သည့် အခြေအနေမျိုး မဟုတ်။ မေမေတစ်ယောက် တည်း ထားခဲ့၍ မရ။ ကျွန်တော်တို့နားမှာ စုံတွဲများစွာ ရှိသော်လည်း ကျွန်တော် တို့ကို မည်သူကမှ အရေးမစိုက်။ ကျွန်တော် ကယ်ကြပါဟု အသံကုန် အော်လိုက် သည်။ လူတစ်ယောက် ပြေးလာသည်။ အခြားလူတွေလည်း လိုက်လာသည်။ ခဏနေတော့ ကျွန်တော်တို့နားမှာ လူအုပ်ကြီး ဝိုင်းလာသည်။ ထိုထဲမှ တစ်ယောက် က သူ ဆရာဝန်ပါဟု ဆိုသည်။

ဆရာဝန်ဆိုသူက ကျွန်တော်တို့ နားမှာ ဒူးထောက်ထိုင်သည်။ မေမေ့ ကို လက်သွေးစမ်းသည်။ ခန္ဓာကိုယ်အပူချိန် စစ်ဆေးသည်။ ခုချက်ချင်း ဆေးရုံ သွားမှ ဖြစ်မယ်ဟု ဆိုသည်။

ရုတ်တရက် ဖေဖေ့အသံကို ကျွန်တော် ကြားလိုက်ရသည်။

"သူလိုနေတာ ဆရာဝန်တွေ၊ ဆေးရုံတွေ မဟုတ်ပါဘူး၊ ကျွန်တော် တို့ကိုပါ၊ ကျွန်တော်တို့ သားအဖကိုပါ"

ဖေဖေက ကျွန်တော်ကို ဖက်လိုက်သည်။ ဖေဖေ့ကို တစ်နှစ်မှ တစ်ခါ သာ တွေ့ရသကဲ့သို့ ကျွန်တော် သူ့ရင်ဘတ်ပေါ် မျက်နှာ အပ်ထားလိုက်သည်။ ဖေဖေ ကျွန်တော့်ကို အမြဲတမ်း ထိုသို့ ဖက်ထားနိုင်ဖို့ မျှော်လင့်ပြီးရင်း မျှော်လင့် နေမိသည်။

လူတစ်ယောက်က ကျွန်တော်တို့ကို ဖုန်းဖြင့် ဓာတ်ပုံရိုက်နေသည်။ တခြားတစ်ယောက်က ထိုလူကို အော်ငေါက်ထုတ်လိုက်သည်။

မေမေ သတိပြန်လည်လာပြီ။ လူစိမ်းမျက်နှာ အများအပြားကို သူ ကြောင်ကြည့်နေသည်။ သူ ဘယ်ရောက်နေမှန်းမသိ ဖြစ်နေသည်။ ကျွန်တော် မေမေ့လက်ကို ကိုင်ထားသည်။ ဖေဖေက မေမေ့နားနား ကပ်ပြီး တစ်ခုခု ပြော လိုက်သည်။ ကျွန်တော် မကြားလိုက်။

ဆရာဝန်က မေမေ့ကို သောက်စရာတစ်ခုခု ပေးသည်။ ကလေး တစ်ယောက်က မုန့်တွေ ထုတ်ပေးသည်။ မေမေက ကျေးဇူးတင်စကား ပြောရင်း သူတို့ကို လက်ယမ်းကာ ဖယ်ရှားကြဖို့ အချက်ပေးလိုက်သည်။ လူတွေ ရှဲသွား သည်။ မေမေ ကြိုးစား၍ ထရပ်လိုက်သည်။ သို့သော် မြက်ခင်းပေါ် ပြန်လဲ ကျသွားသည်။

ဖေဖေနှင့် ကျွန်တော် မေမေ့ကို ညင်သာစွာ ထူလိုက်ကြသည်။

သားအဖနှစ်ယောက် မေမေ့ကို တစ်ဖက်တစ်ချက်စီ တွဲရင်း ဖြေးညှင်း သော ခြေလှမ်းများဖြင့် လမ်းပေါ်ဦးတည်နေချိန်မတော့ ကျွန်တော့်မှာ မတ်မတ် ရပ်နိုင်အောင် မနည်း ဟန်လုပ်နေခဲ့ရပြီ တကား။

တစ်ဆယ့်သုံး

နောက်ရက်တွေကို ကျွန်တော် သိသလိုလို မသိသလိုလိုဖြင့် ဖြတ်သန်းခဲ့ရသည်။ မေမေနှင့် ကျွန်တော် သူ့ခုတင်ကြီးပေါ်မှာ တူတူ ဘေးချင်းယှဉ်ရင်း အိပ်၍သာ နေခဲ့ကြသည်။ ကျွန်တော် ဖျတ်ကနဲ နိုးလာတိုင်း မေမေ၏ တိုးတိတ် ညင်သာ သော အသက်ရှူသံ မှန်မှန်ကို ကြားနေခဲ့သည်။ မေမေ့လက်ကို ကိုင်ရင်း ကျွန်တော် ပြန်အိပ်ပျော်-ပျော်သွားသည်။ အခန်းထဲသို့ နေရောင်ခြည်တွေ ကျရောက်၊ ပြန်ပြီး ပျောက်ကွယ်၊ နွေးလာလိုက် အေးလာလိုက်၊ ကျီးတွေ ပြိုလိုက်၊ တိတ်သွားလိုက်။

မျက်လုံး ဖွင့်ကြည့်လိုက်လေတိုင်း ရေတကောင်းနှင့် ငှက်ပျောသီး၊ သရက်သီးများကို ခုတင်ဘေးက ညစားပွဲပေါ်မှာ အဆင်သင့် တွေ့ရသည်။ သို့သော် ဆာလည်း မဆာ၊ ရေလည်း မငတ်။

ကျွန်တော်နှင့် မေမေ ထနိုင်သည့်အခါ ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင် ထူ၍ ရေချိုးခန်းသို့ သွား၊ အပေါ့အပါး သွားပြီးသည်နှင့် စကား တစ်လုံးမှ မဆိုဘဲ ခုတင်ပေါ်ပြန်လဲကျသွားသည်သာ။

ဖေဖေ့အသံဆို၍ ရေနှင့် သစ်သီးများ ယူယူလာတတ်သော သူ၏နူးညံ့ တိတ်ဆိတ်သော ခြေသံများသာ။

ထိုအိပ်စက်ခြင်းကား ကျွန်တော်သိသော အိပ်ခြင်းမျိုးနှင့် လားလားမှ မတူခဲ့။ အနီး အိပ်ခြင်းသည် ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေခြင်းလည်း မရှိ၊ အစလည်း မသိ၊ အဆုံးလည်း မရှိတော့သလို။

ကျွန်တော် အသိဝင်သလိုလို၊ မဝင်သလိုလို၊ သို့သော် ဘာအိပ်မက်မှ မမက်။

သို့သော်လည်း ကျွန်တော့် အတွင်းသဏ္ဍာန်မှာ တစ်ခုခု ဖြစ်နေခဲ့သည်။ ကျွန်တော့်အားအင်တွေ တဖြည်းဖြည်း ပြန်ရလာသလို ခံစားရသည်။ ရေငတ် လာသည်။ ဆာလာသည်။ ကျွန်တော် အိပ်ရာမှ ထလိုက်ပြီ။

အောက်ထပ် မီးဖိုခန်းမှ အသံတွေ ကြားနေရသည်။ အမြွှာညီအမ အသံ မဟုတ်။ ကျွန်တော်တို့မှာ ဧည့်သည် ရှိနေပြီ။

စပ်စုလိုစိတ်ကြောင့် လှေကားမှ ဆင်းလိုက်သည်။ ဖေဖေက ငါးကိုင် နေသည်။ ငါးတွေကို ရေဆေးနေသည်။

သူ့ဘေးမှာ ရပ်နေတာကတော့ ကျွန်တော်ရဲ့ ချစ်လှစွာသော ဘကြီးဘ။

"ဘကြီး.. ဘကြီး"

ကျွန်တော် သူ့ဆီ ပြေးသွားသည်။

ဘကြီးက ကျွန်တော့်ကို ဖက်ထားသည်။

"တင်းတင်းလေး ဖက်ထားပါ ဘကြီးရယ်"

ဘကြီးကသူ့အားရှိသ၍ ကျွန်တော်ကိုတင်းနေအောင် ဖက်ထားလိုက်သည်။

ဘကြီး ဘယ်လိုနေလဲ၊ ရောက်တာ ဘယ်လောက် ကြာပြီလဲ၊ ဘယ် လောက်ကြာအောင် နေမှာလဲ စသဖြင့် ကျွန်တော် သိချင်သည်။ သို့သော် ဘကြီး နှင့် ဖေဖေက ကျွန်တော့်ကို အရင်ဆုံး တစ်ခုခု စားဖို့၊ သောက်ဖို့သာ တညီတညွတ် တိုက်တွန်းကြသည်။ ဖေဖေက အိမ်လုပ် အချိုရည်ကို ရေခဲသေတ္တာထဲမှ ထုတ်လိုက်သည်။ ဘကြီးဘက ကျွန်တော့်နားမှာ ထိုင်သည်။ သူ ကျွန်တော့်ကို တစ်ခုခုပြောရန် စောင့်နေကြောင်း ကျွန်တော် ခံစားရသည်။

ကျွန်တော့်မိဘတွေက ကျွန်တော်ကို ကလော ပြန်ပို့တော့မည်လား။ မေမေ လဲကျသွားတာ၊ သတိလစ်သွားတာ ကျွန်တော့်အပြစ် ဆိုတာ သေချာပါ သည်။ ကျွန်တော်သာ ရန်ကုန် မလာခဲ့လျှင် သူ ကျွန်တော့်ကို အရေပြားအထူးကုထံ ခေါ်သွားမည် မဟုတ်၊ ဒါဆို ခုအဖြစ်အပျက်တွေလည်း ဖြစ်မှာ မဟုတ်။ ရှေ့ လျှောက် ဘယ်လို အဖြစ်ဆိုးမျိုးတွေကို ကျွန်တော် အစပျိုးမိမည်ကို မည်သူမှ မပြောနိုင်။ မေမေ့ကို ထာဝရအကျဉ်းစံ မဖြစ်စေချင်ပါ။ သို့သော် ကျွန်တော် ကလောကိုလည်း မပြန်ချင်ပါ။ ဒီမြို့တော်ကြီးက ဆူညံ ရှုပ်ထွေးပြီး ကလောလို ဆွဲဆောင်မှု မရှိတာ မှန်ပါသည်။ သို့သော် ကျွန်တော် ဒီမှာပဲ နေချင်သည်။

ဘကြီးကို ကျွန်တော် ကြည့်မိသည်။

"ဘကြီး သားကို ပြန်လာခေါ်တာလား"

"မဟုတ်ပါဘူး၊ သားက ဘာလို့ ဒီလို ထင်တာလဲ"

"တကယ်နော် ဘကြီး၊ တကယ် အမှန်ကို ပြောတာနော်"

"တကယ်အမှန်ပေါ့ကွ"

ဖေဖေက ဝင်ပြောလိုက်သည်။

ကျွန်တော့်သံသယတွေကို မြင်သောကြောင့် သူ စားပွဲမှာ ဝင်ထိုင်သည်။

"တစ်ဖက်မှာတော့ ဖေဖေနဲ့ မေမေက မင်း ဖေဖေတို့နဲ့အတူ ရန်ကုန် မှာ နေနိုင်မလားလို့ မေးချင်နေတာ"

ကျွန်တော် အံ့ဩလွန်း၍ ဘာမှ ပြန်မဖြေနိုင်ခဲ့။

"သား ဒီမှာနေမယ်ဆို ဖေဖေတို့ သိပ်ဝမ်းသာမှာပဲ"

ဖေဖေက ကျွန်တော့်အဖြေကို စောင့်၍ နေသော်လည်း ကျွန်တော်ဘာပြောရမှန်း မသိသေး။

ဖေဖေက ဆက်ပြောသည်။

"ဒီနားမှာ အရမ်းကောင်းတဲ့ ကျောင်းရှိတယ်၊ အားလုံး အင်္ဂလိပ်လို သင်တာ၊ အိမ်မှာလည်း အခန်းတွေ အများကြီးနော်"

ဖေဖေက ကျွန်တော် နှုတ်ဆိတ်နေခြင်းအပေါ်အကောက်အယူ မှားဟန်တူသည်။ ကျွန်တော် မနေချင်၍ဟု ထင်နေရှာပုံပင်။

"အင်း... သား အချိန်ယူပြီး စဉ်းစားဦးပေါ့"

"စဉ်းစားစရာ လိုမလား ဖေဖေရယ်"

ကျွန်တော် ဘကြီးကို ကြည့်လိုက်သည်။

ဘကြီးကို ကလောမှာ တစ်ယောက်တည်း ထားခဲ့ရက်ပါ့မလား။ ဘကြီးအတွက် ဘယ်သူ ဈေးသွားပေးမလဲ။ ဘယ်သူ ချက်ပေးမလဲ။ ဘယ်သူ အဝတ်လျှော်၊ မီးပူတိုက်ပေးမလဲ။ ဘယ်သူကသူ့ခြေထောက်တွေကို နှိပ်နယ်ပေးပါ့မလဲ။ ကျွန်တော် မရှိလျှင် ဘကြီး သက်သာမည် မဟုတ်။

"ဘကြီးကရော ဘယ်လိုလဲ"

"အေး.... ဘကြီးလည်း ဒီမှာ နေလို့ရသားပဲ။ သိပ်ပူလာရင်တော့ ကလော ပြန် အပူရှောင်ပေါ့ကွယ်၊ ဘကြီး ကလော ရောက်နေရင်လည်း သားက ကျောင်း ပိတ်ရက်ဆို လာနေပေါ့"

"ဒါပေမဲ့ ဘကြီးက ခရီးသွားရတာ မကြိုက်ဘူးမို့လား" "သားအတွက်ဆို ဘကြီး သွားမှာပေါ့ သားရဲ့"

ဘကြီးက ပြုံးပြုံးကြီး ဖြေရှာသည်။

အပေါ်ထပ်မှ မေမေ့ အသံကို ကြားရပြီး။ ကျွန်တော် လှေကား နှစ်ထစ်

တစ်ခါ ပြေးတက်သွားပြီး အခန်းထဲတောင် မရောက်သေးခင်-

“မေမေရေ ဘကြီး ရောက်နေတယ်ဗျ”

ဟု စီကနဲ ပြောလိုက်သည်။

ကြာမြင့်စွာ နှစ်ခြိုက်စွာ အိပ်စက်လိုက်ခြင်းက မေမေ့အတွက်လည်း ကောင်းပေသည်။ မေမေ့မျက်လုံးတွေကို မြင်လိုက်ရသည့် တစ်ခဏမှာပင် ယနေ့ မေမေသည် လွန်ခဲ့သော ကာလများဆီက အချိန်ကြာမြင့်စွာ အမှောင်ဖုံးရင်း မဟူရာ အကျဉ်းစံကေရီ ဖြစ်ခဲ့သည့် မေမေ မဟုတ်တော့ ဆိုခြင်းကို တမဟုတ် ချင်း ကျွန်တော် သိလိုက်သည်။

သူ၏ ချစ်လှစွာသော အစ်ကိုကြီးကို မြင်လိုက်ရတော့ မေမေ ဝမ်းသာလုံး ဆို့သွားသည်။ ခုတော့ ဘကြီးဘ ကျွန်တော့်ကို ပြောပြခဲ့ဖူးသည့် မေမေ့ ရယ်သံလေးတွေ တအိမ်လုံးမှာ စီစီညံနေခဲ့ပြီ။

မေမေက ဂျာကင်အပါးလေး တစ်ထည် ကောက်စွပ်ရင်း အားလုံး ခေါင်မိုးထပ် လသာဆောင်ကို သွားကြဖို့ အကြံပြုသည်။ နေရောင်အောက်မှာ ရပ်ရင်း မေမေတစ်ယောက် လသာဆောင်မှာ ခေါက်တုန့်ခေါက်ပြန် လျှောက် သည်။ ဝေဝေဆာဆာ ပွင့်နေသော ပန်းကလေးတွေကို ကြည့်သည်။ အရာရာကို ခုမှ မြင်တွေ့ဖူးသည့်အလား။

ပြီးတော့ ကြိုးပုခက်ပေါ် တက်ရင်း ကျွန်တော့်ကို သူ့နား လာလှဲရန် ခေါ်သည်။

ကျွန်တော် ချီတုံချတုံ ဖြစ်နေသည်။ ကြိုးပုခက် ချည်ထားသော သံတိုင် တွေကို ကြည့်သည်။ ပြုတ်ကျရင် ဒုက္ခ။

“မပူနဲ့သားရဲ့ ပုခက်က အရမ်းခိုင်တယ်”

ဖေဖေက ကတိပေးလိုက်သည်။

ကျွန်တော် ကြိုးပုခက်ပေါ်တက်သည်။ ဖေဖေက နောက်ကနေ တွန်း ပေးသည်။ ကြိုးတွေ ပြန့်ကားထွက်သွားသော်လည်း မပြဲ၊ ကျွန်တော်နှင့် မေမေ ကြိုးပုခက်ပေါ်ဖြည်းညှင်းစွာ ဘေးသို့ လွှဲရင်း လှဲနေကြသည်။ ပြာလဲ့ကြင်လင် တိမ်ကင်းစင်နေသော ကောင်းကင်က ကျွန်တော်တို့ အထက်မှာ။ ဖေဖေက အောက်ဆင်းပြီး အအေးတွေ ယူလာသည်။ ဘကြီးက ထိုင်ပြီး ကျွန်တော် တို့သားအမိကို ငေးနေသည်။

မေမေက သူ့လက်မောင်းကို အသာကွေးလိုက်ပြီး လက်ကောက်ဝတ်ကို

လက်ညှိုးထိုးပြသည်။ ကျောက်စိမ်းလေးနှစ်ပွင့် တွဲရရွဲ ဆွဲထားသော လက်ကောက်နီနီ။

“ဒါဘာလဲ သား သိလား”

“အဆောင်လား မေမေ”

မေမေက ခေါင်းငြိမ့်ပြသည်။

“ဒါဆိုကံကောင်းမှုတွေ ယူဆောင်လာမှာပေါ့နော်”

မေမေက လက်ကောက်မှ ကျောက်စိမ်းလေးနှစ်ပွင့်ကို ပွတ်သပ် ကစားရင်း ကျွန်တော်ကို ကြည့်သည်။

“အင်း… ကံကောင်းမှုတွေလေ ခုဆို များလွန်းလို့ မေမေ ဘာလုပ်ရမှန်းတောင် မသိဘူးကွဲ့”

“အဲဒါ ဖေဖေ ပေးထားတာလားဟင်”

“ဟုတ်ဘူး၊ မေမေ ဗိုလ်ချုပ်ဈေးက အဖိုးကြီးတစ်ယောက် ရောင်းတာ ဝယ်လာတာ၊ အားလုံးပေါင်း သုံးခု။ တစ်ခုက ဖေဖေ့အတွက်၊ တစ်ခုက မေမေ့အတွက်၊ တစ်ခုက သားအတွက်ပေါ့၊ သား ဝတ်ချင်လား”

“တတိယတစ်ခုက ဘယ်မှာလဲဟင်”

“မေမေ့ အံ့ဆွဲထဲမှာ၊ မေမေ အဲဒါဝတ်လိုက်မယ်၊ ဒါ သား ယူလိုက်”

“ဘကြီးအတွက်ရော”

“နက်ဖြန် ဘကြီးအတွက် တစ်ခု ထပ်ဝယ်ကြမယ်”

ကျွန်တော် လက်ကို ဆန့်တန်းပေးလိုက်သည်။ မေမေက သူ့အဆောင် လက်ကောက်နီနီကို ချွတ်ကာ ကျွန်တော့် ညာလက်ကောက်ဝတ်မှာ ဝတ်ပေးလိုက်သည်။

မေမေက ဝင်းနေအောင် ပြုံး၍ တစ်စုံတစ်ခု ပြောရန် ဟန်ပြင်သည်။ ကျွန်တော် မေမေ့နှုတ်ခမ်းရှေ့မှာ လက်ညှိုး တင်ပေးလိုက်သည်။ ခုချိန်မှ ကျွန်တော် ဘာကိုမှ မကြားချင်၊ နားမထောင်ချင်တော့ပါ။

အားလုံး ကောင်းသည်။

အားလုံး ကောင်းနေသည်။

အားလုံး ကောင်းပါသည်။

သို့တည်းမဟုတ် ဖြစ်နိုင်သလောက်၊ ဖြစ်တန်စွမ်း ရှိသလောက်တော့ ကောင်းနေခဲ့ပြီ မဟုတ်ပါလား။

စာစရက်။ ။ ၂၅၊ ဒီဇင်ဘာ၊ ၂၀၁၉

စာပြီးရက်။ ။ ၁၃ ဖေဖော်ဝါရီ၊ ၂၀၂၀

WHISPER of WORDS
Subscribe Telegram Channel

https://t.me/TheBookR